www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ






31 OCT 2013

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC .com

# သူရဋ္ဌ

## မဂ္ဂဇင်း


အတွဲ (၁၃) အမှတ် (၁၂)
(၁၃) နှစ်ပြည့်အထူးထုတ်

### အထူးသတိပြုပါရန်

သူရဋ္ဌမဂ္ဂဇင်း(၁၃)နှစ်ပြည့်စာအုပ်နှင့်အတူ လက်ဆောင်စာအုပ်အဖြစ်
ဆရာဦးမောင်မောင်သန်း(ရင်ကိုအေးမြစေသား) ရေးသားသည့်
မြန်မာနှစ် ၁၃၇၆ ခုနှစ် (၁၇–၄–၂၀၁၄ မှ ၁၆–၄–၂၀၁၅ အထိ)
ခုနှစ်ရက်သားသမီးများအတွက် အသက်အပိုင်းအခြားအလိုက်
ဆောင်ရန်၊ ရှောင်ရန်နှင့် အစီအရင်များစာအုပ် ပူးတွဲပါရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘာသာရေးဆောင်းပါးများ


၅။ ကားရှင်၏ကား (ကဗျာ)
**ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၆။ အကြွေး (ကဗျာ)
**ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၇။ မလွဲလမ်းပေါ်ကလမ်းခွဲများ(ကဗျာ)
**ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၈။ ပါရမီဘာဝကထာ ပါရမီဖြစ်စကား
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဒေသချမ္မေသာမိထေရ်)**

၁၉။ ထူးဆန်းသော
ရေးဟောင်းမတ်တစ်ထောင်စေတီ
**မကြွေးလှမြင့်**

၂၁ ဘိုးတော်အောင်မင်းခေါင် တစ်ကျော့ပြန် ကန်တော့ခံ ပွဲတော်အကြိုသို့ ပန်းကန်ပြားပုံစီးပြီး ကြွလာသလော၊ ခမောက်ပုံဆောင်းပြီးလာသလော ပုပ္ပားတောင်နှင့်ပန်းကန်ပြားပုံ
**ကံဝင်း**

၂၄ ပုပ္ပားကမ္ဘာလုံးစေတီမှာ ထွန်းပေါ်ထူးဆန်းသောအဘပုံတော်နှင့် နဂါးခုနစ်ဖော်
**မင်းမြတ်သီဟ(လားရှိုး)**

၂၇ ရေနတ်နဂါး တကယ်ရှိသလား
**ရွှေချိုအောင်(ပေလီ)**

၃၆ မဟာဗောဓိမြိုင်
ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း
**မြဝင်း(ဒသသန)**

၃၈ မဟာဗောဓိပင်နှင့်
ဓမ္မစေတီမင်း၏တမန်တော်များ
**နိုင်ခင်မောင်လေး**

၄၁ ရွှေကံကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် မန္တလေးဗဟိုပြုဒေသစာရီခရီးစဉ်များမှ ထူးခြားမှုများ
**ဘိုဘို(ရွှေကံကူ)**

၅၄ ပထမံဝိဇ္ဇာရေထွက်ရပ်ပေါက်
လောကီပညာနှင့် ကျေးဇူးရှင်
စစ်ကွင်းဆရာတော်ကြီး
**ပထမံဆရာဦးအေးရွှေ**

၆၅ မဟာဗောဓိတစ်ထောင် ဆရာတော်
ဘုရားကြီး၏ခယောင်းလမ်းမှသည်
**သုဓောယျ**

၇၀ ကိုးဆောင်းပုထိုးတော်ကြီး
**မောင်ကျော်ဇော**

၇၈ စေတနာမေတ္တာတရား
ပွားလိုက်ပါရစေ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၈၂ ဗိုလ်ချုပ်အောင်ဆန်း လာရောက်
လေ့လာသည့် ကျောင်းတော်ကြီး
**မိုးမြေသင်း**

၈၆ ညီတော်အာနန္ဒာ၏
ပါရမီတော်ဇာတ်လမ်းများ
**ဝဏ္ဏသီရိ**

၈၉ ညီတော်နောင်တော်ဘုရားပလ္လင်မှ
ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ
အနုလက်ရာဒီဇိုင်းများ
**ပန်းချီထူးလှ(ရေးဟောင်းသုတေသန)**

၉၈ ဘဝကိုအသေသတ်သောစိတ်(၂)
**မေတ္တာရှင်(ရွှေပြည်သာ)**

၁၀၄ အန္တရာယ်နှင့်ပရိတ်တော်
**ဖျာပုံတင်နိုင်ဝင်း**

၁၀၉ လယ်တီဆရာတော်ကြီး၏
အဖိုးတန်ရတနာများ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၁၄ အဘိုးပေးသောဂါထာတစ်ပုဒ်
**ဒုတိယရဲမှူးကြီးဝင်းဦး(ငြိမ်း-ပဲခူး)**

၁၂၂ အဘအောင်မင်းခေါင်၏
(၆၁)နှစ်ပြည့် မဟိဒ္ဓိဓာတ်ပေါင်းပွဲ
အဘအောင်မင်းခေါင် ဘာလဲ၊ ဘယ်လဲ
**မင်းဂွတ်**

၂၂၃ ပရိတ်ရွတ်အမိန့်ပြန်တမ်း
**အောင်သိန်းဝင်း(ပွင့်ဖြူ)**

၂၅၉ စတုဘုမ္မိကမဂ္ဂင် မဟာသတိပဋ္ဌာန်
တရားစခန်းသို့တစ်ခေါက်
**သစ္စာဝါဒီ-ဦးမြင့်အောင်**

၂၆၂ မဟိဒ္ဓိရှစ်ဖော်ရဲ့အမှတ်တံဆိပ်
**အောင်သန်းချစ်**

၂၇၈ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၃)
**ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)**

၃၇၁ သမ္ဗုဒ္ဓေဂါထာတော်ကြီး
**ရတနာခေဝီ**

၃၇၃ မဲနယ်တောင်တန်းမှခမ်းရာတော်
**ဓေါက်တာဓေါန(တောင်ကြီး)**


## သုတရသဆောင်းပါး


၇၅ ဂမ္ဘီရဆန်သောဓာတ်ပုံတစ်ပုံ
**စနေထွန်း(မြစ်သား)**

၁၁၂ ပဋ္ဌာန်းတရားနာကြားရင်း
ဘဝကူးခဲ့သည့်
လူဝင်စား မငြိမ်းငြိမ်းဝေ
**နတ်မောက်လှမြင့်သစ်**

၁၁၉ အသက်ရှည်၊ အဆင်းလှ၊
ခွန်အားကြီးချင်ကြသူများသို့
**မောင်ပွင့်ဉာဏ်(မောရ)**

၁၇၁ ဆရာစန္ဒြအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၁၇၅ မြန်မာမင်းများလက်ထက်က
လယ်ထွန်မင်္ဂလာ
**ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)**

၁၈၁ မွေးမြူရေးခြံများတွင်
ရောဂါပိုးမွှားကင်းရှင်းစေနည်း
**နတ်မောက်မင်းသန့်နိုင်**

၁၉၈ ထန်းသီးကြွေခိုက်
**လှုမ်းထက်**

၂၁၆ ထူးခြားဆန်းပြားသည့်
လက်ပံတောင်းတောင်ဒေသတစ်ခွင်
**မှူးဝေမြိုင်**

၂၂၀ ဗေဒင်ဝိဇ္ဇာ
ပျဉ်းမနားဆရာဦးသန်းမောင်နှင့်
စာရေးဆရာရန်အောင်
**တိုးထက်**

၂၃၅ ဝင်းဂိတ်ခြေရာ
**လှမိုး(ပညာရေး)**

၂၃၈ ခေါင်းတစ်ခြမ်းကိုက်ခြင်း
ကင်းဝေးအောင်
**ရိုရိုဌေး**

၂၄၁ ကျွန်တော်နဲ့ဘိုးတော်အောင်ဇော
**အောင်သန်းချစ်**

၂၅၁ သာလွန်မင်းတရားကြီး၏
ဇာတာတော်
**တင်နိုင်တိုး**

၂၆၆ ရွှေစက်တော်ဆီမှ
"လေ"လာပြီဆိုလျှင်
**အနော်ရတံခါးမှူးမောင်မှူး**

၂၇၅ ကျွဲ၊ နွား အစာအိမ်လေပြည့်ရောဂါ
**ဆလိုင်းငွန်သိန်း(ရမည်းသင်း)**

၂၈၈ ဒေသရိုးရာစကားနှင့်ဓလေ့များ
ကြေးပြား
**ဝင်းမြအောင်(မြိတ်)**

၂၈၉ ထူးခြားအံ့ဩဖွယ်ရာ
သစ်တစ်လုံးထွင်းလှေကြီး
**မှေးမှေး(အင်းတော်)**


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


ကြောင်ကလေးအဆိပ်ဖြေဖို့
ခွေးလေးယားယဉ်ကိုသုံးကြစို့
**သန္ဓါ(ဥပဒေ)**
သံသရာခရီးလျှောက်လှမ်းနေသူ
လုဝင်စား ဦးကျော်ဆန်း
**ကျော်စုကျော်(လှိုင်ကော်)**
မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၅၆)
**မောင်သန်းဆွေ(ထားဝယ်)**
အဆိပ်ပင်ရေလောင်းသူနှစ်ဦး
**ချောင်းဆုံအုန်းသွင်**
ရွှေပြည်အေးစက်လေ့ပိုင်ရှင်
ကိုလှသောင်းအား
အဘအောင်မင်းခေါင်စောင့်ရှောက်ပုံ
**အဏ္ဏဝါလှိုင်း**

## သူရဇ္ဇဝတ္ထုတို

လမုခြောက်ပင် သိုက်နန်းရှင်
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
ကျားအနိဋ္ဌနှင့်ကျားဆရာကြောင်
**သုခစုစံ**
အေဒင်ပင်လယ်ကွေ့မှ
ဆိုမာလီဓားပြစစ်ဆင်ရေး(၂)
**သန့်ဝင်**
ထိုက်သူစံ ခိုက်သူခံကျောက်
**ရှစ်ခွင်ကျော်-ဖောင်တော်သီ**
ကိုယ်တွေ့မို့လို့ ယုံပါသည်
**မောင်လှယဉ်(မော်လမြိုင်)**
ဝစီနိမိတ်
**စိုးထွန်း(ဥပဒေ)**
ထူးဆန်းသောနာရီတစ်လုံး
**နတ်မောက်မင်းသန့်နိုင်**
ရေမှာစံပျော်
ခမ္မစေတီခေါင်းလောင်းတော်
**ငွေလသာ(တွံတေး)**
သားလေးယောက်အလောင်းထမ်း
**အောင်သိန်းဝင်း(ပွင့်ဖြူ)**
တစ္ဆေကြီးကြောင့်
**ဉာဏ်စိန္**
တွေ့ဆုံခဲ့ဖူးသည့်
ထူးခြားသောသူတစ်ယောက်
**နီနီဌေး**
ယောဂီဆာဒူးကြီးနှင့်
ထွက်သက်၊ ဝင်သက်
**ဘဏ္ဍာသိုလ်ဝင်းမြင့်**
တောင်ဇလပ်လမ်းဆုံ
**နန္ဒဗလ(နန်ကသူ)**
အိမ်ပြန်ညှ
**ခင်(တောင်ကြီး)**
အထင်မသေးသင့်သောစွန့်ပစ်ပစ္စည်း
**နေပြည်တော်ကျော်ကျော်စိုး**

၃၅၈ လူနှင့်အရက်
အခြားတစ်ဖက်ကဝင့်ကြွေး
**အေးဇော်ရဲမင်း**
၃၆၂ အစွဲကြီးသူ
**ဟိန်းဇေယျာ**
၃၆၆ ရင်ထဲမှာတော့ တသသ
**ဝေမွန်လင်း**
၃၈၆ ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့်
လိုက်ပါသွားမိသူ
**ဓာတ်ပုံ-မောင်မောင်အေး**
၃၉၀ အိပ်မက်ချင်းဆက်သွယ်ကြသူများ
**ထောင်မှုးကြီးသိန်းဝင်း**
၃၉၈ အကျဉ်းထောင်လောကမှ
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ
**ဗိုတာမြဦး**

## သူရဇ္ဇတိုင်းရင်းဆေး

၁၁၈ ဆင်ငှလည်ပြတ်အတွက်
ဆေးမခက်
**နေပြည်တော်ကျော်ကျော်စိုး**
၁၂၁ ခင်ပုပ်မြစ်ဆေးအစွမ်း
**နေဝင်းဝင်း(လွန်ဆေး)**
၁၄၀ အယားပျောက်ဆေးနည်း
**ကောင်းထက်(ချောင်းနက်)**
၁၅၁ အစွမ်းထက်သောဆေးမြီးတိုများ
**တင်မြင့်(ညောင်ကန်)**
၁၅၂ မြန်မာ့ရိုးရာအဆိပ်ဖြေနည်းများ
အပိုင်း(၂)
**ဦးမင်းဇင်(ရွှေနဝင်း)**
၁၇၇ ထုံးကြွက်တက်ရည်
အစွမ်းထက်သည်
**စစန္ဒာအောင်(ကျောက်ပုံ)**
၂၁၁ လေဖြတ်ခြင်းကို
သဘာဝအစားအစာများဖြင့်
ကာကွယ်ကုသခြင်း
**စွမ်းထက်နောင်**
၂၂၇ ရွှေလက်ခုပ်အုပ်ကာတီး
**ဝေစည်(ရွှေဘို)**
၂၃၄ ဆေးသိပ္ပံအမြင် ဆီးဖြူသီးအသွင်
**ကျော်တင့်ဆွေ**
၂၅၂ ဆီးချိုကြောင့်ဖြစ်သော
အနာများအတွက်
ဆေးစွမ်းကောင်းတစ်လက်
**သမီး-စောငဝါ**
၂၈၇ အဝလွန်သူများအတွက်
အဆီကျဆေး
**နတ်မောက်မင်းသန့်နိုင်**
၃၉၇ အန္တရာယ်ကင်းဝေး သန်ချဆေး
**နေပြည်တော်ကျော်ကျော်စိုး**





## သူရဇ္ဇ ပညာရပ်

၁၃၉ ခရစ္စမတ်နေ့
**မောင်ကျောက်တိုင်**
၁၅၅ ရွှေစဥ်ကိုယ်လေးပေး၍ထပ်တူ
ဤပညာကိုရအောင်ယူ
**သူရိန်ထွန်း(ဝိဇ္ဇာစရဏ၊ မြည်)**
၁၈၆ ပထဝီဇယမဏ္ဍန်နှင့်
ဂန္ဓာရီဝိဇ္ဇာမယပညာ
**တြိရတနာ-ဆရာဇေယျာလင်း**
၂၀၅ မဟာဘုတ်ဒသာတွက်နည်း
**ဦးကြည်ဝင်း(ရွှေစင်)**
၂၁၃ ရာသီခွင်အလိုက်ဘဝဖြစ်စဉ်များ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**
၂၂၄ ပေးဝေခြင်း၊ ပေးချေခြင်း
ဓာတ်ရိုက်၊ ဓာတ်ဆင်ပညာ
**ဒေါ်ခင်စံသူ (B.Sc)**
၂၄၅ အဂ္ဂိရတ်ပညာရှင်သူတော်စင်များ
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၂၆၄ စိတ်စွမ်းအင်စုံထောက်ကြီး
ကရာဇက်ဓါမရဏာလိုဏ်ဂူ
**မနော်သုတေသီ**
၃၃၄ လောကီပညာပဒေသာ(၁)
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၃၃၅ သင့်စွမ်းအင်၊
သင့်ကိုယ်ခံအားကောင်းစေမည့်
ဖုန်းရွှေဗျူဟာ(၁၆၈)
**ဦးအောင်လှိုင်(သုဝဏ္ဏ)**
၃၃၉ ချစ်ခြင်းတရားနှင့်လက္ခဏာ
**ဆရာသိန်းသန်းအောင်**
၃၅၃ အင်းကောင်းတစ်ကွက်နှင့်
တိမ်မြုပ်နေသောအသိသညာများ
အပူအဆများ(၅)
**ဆရာစော(အင်းတစ်ထောင်)**
၃၈၂ လက်တွေ့အသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
**ဆရာဇေယင်းခေါင်**


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## သုရဋ္ဌလက်တွေ့အသုံးချ


၅၂ နေစကြာစမနှင့်လစကြာစမ
**သုခစုစံ**

၅၈ တမလွန်မှမကျွတ်မလွတ်သူများ ကျွတ်လွတ်ပါစေခြင်းအကျိုးငှာ
**မအေးအေး(ထားဝယ်)**

၆၂ လိုချင်တာရ ဣစ္ဆာသယကျင့်စဉ် သို့မဟုတ် သမ္ဗုဒ္ဓေဂါထာတစ်သိန်းအဓိဋ္ဌာန်
**ဘုန်းခေါင်**

၈၅ ပြက္ခဒိန်လွတ်နေ့ရှာနည်းလေးတွေ
**ဝေဒမောင်မောင်**

၉၄ ရွှေကံကူသာသနာပြုမယ်တော်ကြီး၏ ငွေကိုရေလိုသုံးကျင့်စဉ်တော်
**ဘိုဘို(ရွှေကံကူ)**

၉၇ ဗိတုန်းအဆောင်နှင့်အစွမ်းသတ္တိ
**အောင်သိန်းဝင်း(ပွင့်ဖြူ)**

၁၃၇ အောင်စေပိုင်စေ
**ငွေးပုထဲ**

၁၄၁ နာရေးသရဏဂုံတင်ခြင်းနှင့် လှူဒါန်းခြင်းမှာ ဆောင်ရန်နှင့်ရှောင်ရန်
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၄၄ သုရဋ္ဌမဂ္ဂဇင်း၏ နှစ်ပတ်လည် ဒီဇင်ဘာလတွင် အဓိဋ္ဌာန်ဝင်
**သုဓ္ဓ(နဝင်းမြို့)**

၁၈၅ အရယ်လွန်၍ အူတက်သူများကို အရယ်ရပ်အောင်ပြုလုပ်နည်း
**ထွေးသီတင်**

၂၀၀ တံခါးဖွင့်တိုင်းရွှတ်စေချင်
**နတ်မောက်မင်းသန့်နိုင်**

၂၀၁ မြစ်ရေဘယ်လမှာကြီးမှာလဲ
**မြင့်မြတ်စံ(ကသာ)**

၂၂၀ ပိုးလောက်လမ်းမရှိအောင်
**ကောင်းထက်(ချောင်းနက်)**

၂၅၃ နဝင်းကျင့်စဉ်အစီအရင်
**ဒေါ်ခင်စံသူ** (B.Sc)

၂၇၂ ငါးအရိုးမျက်လျှင် အရေးပေါ်အသုံးပြုနိုင်သော နည်းလမ်းများ
**မိုးစက်အဏ္ဏဝါ(ရောဝတီ)**

၂၇၃ ဘေးရန်ကင်းကွာ တစ်နှစ်တာ
**ဇာတိဂုဏ်-မျိုးမြင့်အောင်**

၂၇၆ ဆန်းဗေဒင်ပညာတွင် လျှို့ဝှက်ထားသော ဂုဏ်တော်ပြန် ရတနာဒီပံ ဖယောင်းတိုင်စီရင်နည်း
**ရသဂန္ဓိရ-ကျော်ဝင်းအောင် (ပြည်-ဆည်မြောင်း)**

၂၈၂ ကျွတ်မျှော်မတွယ်ရလေအောင်
**နေပြည်တော်ကျော်ကျော်စိုး**

၂၈၃ သာသနာငါးထောင်အင်းကိုဆောင် လူ့ဘောင်ကျော်ထင်ရှား အင်းအစီအရင်
**နန္ဒအောင်လံ**

၂၈၅ လူတိုင်းအတွက် သက်ရောက်ယတြာ
**ဒေါ်ခင်စံသူ** (B.Sc)

၂၉၈ အဆောက်အအုံအမြန်ပြီးစေသော ပဋ္ဌာန်းဒေသနာတော်
**ညွန့်ဝင်း(နတ်တလင်း)**

၂၉၉ ထူးခြားလှစွာ ကိုယ်ပျောက်စည်းချဂါထာ
**ကောင်းစံသာ(မင်းတုန်း)**

၃၀၁ အောင်စေပိုင်စေ နဝင်းကျေသည့် အဆောင်အင်းများ
**ရောမြေ-ကျော်ဝေ**

၃၂၀ အိမ်နေရာမြေသန့်ရှင်းလိုသော်
**ကောင်းစံသာ (မင်းတုန်း)**

၃၅၁ ပြဿဒါးရက် ခရီးထွက်လျှင် လှူဒါန်းရွတ်ပွားစေချင်
**နတ်မောက်မင်းချစ်နော်**

၃၅၂ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ အထွက်၊အဝင်၊ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင် (ပုသိမ်)**

၄၀၂ ထီ
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၄၀၃ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ**(B.Sc)

၄၀၆ မြတ်သောအသံဖြင့်ပူဇော်ခြင်း သုရဋ္ဌလက်ဆောင်
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၄၁၂ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၄၁၅ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၄၁၈ သုရဋ္ဌမဂ္ဂဇင်းကြီး (၁၃)နှစ်ပြည့် အမှတ်တရ ဂါရဝ
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**


BURMESE CLASSIC .com


**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလဲ့လဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းသန့်ချီ
စိုးအောင်
သုရဋ္ဌစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းအထည်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေကျော်၊ အိမ္ဗန်၊ ဝင်းမြ
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း

စာတည်းအဖွဲ့ရုံးနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁-၂၄၀၆၉၀

**မျှဝေလေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကသား**-ဂါနီ၊ မိလျံနှာ
**ပဲခူး**- သဇင်စာပေ
**ဟသာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည့်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှုထုမေတ္တာ
**အုပ်ရေ** ၁၀၀၀

လက်ကားဖြန့်ဈေး ( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com


# ကားရှင်၏ကား

◉ ကံပုံစံထုတ်၊ ခန္ဓာဘုတ်ကား၊ စက်ရုပ်မျှသာ၊ ကားအရာတည့်၊
သူ့မှာဉာဉ်သုံး၊ ဉာဏ်ဝန်ရုန်းလည်း၊ နှုန်းထားလုပ်ခ၊ ဘာမရ။

◉ လုပ်ခဝေစု၊ ဘာတစ်ခုမျှ၊ သူမရလည်း၊ ဒါသထိုဝန်၊
သူကျေပွန်စွာ၊ စေညွှန်သခင်၊ ခိုင်းတိုင်းဝင်လျက်…။
မြေပြင်ဆိုပြေး၊ ပြေးလိုပြေး၊ ရုန်းပေးနေရရှာ။
တောင်ဆိုလျှင်တက်၊ အထက်ထက်၊ ယက်ကန်ပေးရရှာ။
ဝန်လေးဝန်ပိ၊ အားညှစ်ဖြည့်၊ အိအိ … ကျွိကျွိ … မြည်သံပါ။
ကွေ့လှည့်တိုးဆုတ်၊ ခိုင်းတိုင်းလုပ်၊ မယုတ်မလွန်သာ။
သခင့်မိန့်သံ၊ သို့နာခံရာ၊ ကမ္မဇရုပ်၊ စိတ်ဖြစ်ရုပ်နှင့်၊
သွင်းထုတ် အာဟာရ၊ ဥတုဇများ၊ ပျက်ပြုန်းသွား၊ လုံးပါးပါးနေရှာ။
သခင့်မှာကား၊ ငွေသားကြေးသား၊ ပစ္စည်းများ၊
ကြီးပွားသွားချေပြီ။
ခုအလျှံပယ်၊ နောင်ဝယ်ဖူလုံ၊ ပစ္စည်းစုံ၊ အကုန်စုမိသွားချေပြီ။
လုံးပါးပါးရာ၊ ထိုကားမှာသာ၊ ဆီလာဖြည့်ထိုး၊ သခင်နှိုးလည်း၊ မနိုး
အသက်၊ မဆက်အရှိန်၊ ကံဝင်ထိန်ကာ၊
ငြိမ်ငြိမ်အိပ်စက်၊ တုံးပက်လက်၊ အသက်ကုန်ရရှာ။
ကံလက်လွဲရောင်း၊ လူ့ဝယ်မောင်းစီး၊ ထိုကားကြီး၏၊
ပျက်စီးအသက်၊ တုံးပက်လက်ဖြင့်၊ ငြိမ်သက်ခန္ဓာ၊ နေလေရာတွင်-
- ကားသေကြီးထိပ်၊ ရွှတ်ပရိတ်၊ သပိတ်မသွတ်ပါ…
- ပုခက်ပေါ်တင်၊ ဘေးမှာဝင်၊ ဖယင်မကျူးပါ…
- ဟိုပွဲသည်ပွဲ၊ ခြိမ့်ခြိမ့်သဲ၊ ပျော်ပွဲမကျင်းပါ…
- တ-ဆို တမ်း-ဆို၊ မျက်ရည်ယို၊ မငိုမကြွေးပါ…။

BURMESE CLASSIC .com

ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

# အကြွေး

- ငါ့ခန္ဓာရုပ်၊ အကောင်ပုပ်၊
  သေပြီးနောက်လည်း ပုပ်ရစ်မည်။
- စေတသိက်တွဲ၊ စိတ်လှည့်ဆွဲ၊
  သေပြီးနောက်လည်း ဆွဲရစ်မည်။
- အာရုံလှည့်ဆွဲ၊ စိတ်လိုက်ခွဲ၊
  သေပြီးနောက်လည်း စွဲရစ်မည်။
- ငါ့ရှိကြွေးဟောင်း၊ အများတောင်း၊
  သေပြီးနောက်လည်း လိုက်တောင်းမည်။
- အများတောင်းကြွေး၊ ပြေးရင်းပေး၊
  သေပြီးနောက်လည်း၊ ဆက်ပေးမည်။
  - ပန်ခဲ့သောဆု၊ ပြုထားသောကံ၊ ရုံထားသောမိတ်၊ နောက်ကြောင်းဟိတ်တို့၊ တွဲချိတ်တွဲခုတ်၊ ကြုံတိုင်းလုပ်ကြောင့်၊ ဒုက္ခဆူးပုံ၊ တုတ်ထောက်ခုန်လည်း၊ ခုန်တိုင်းလိုက်ပုံ၊ ပုံတိုင်းခုန်၊ နေကုန်ပါပေါ့လား။

BURMESE CLASSIC .com

- သို့ကြောင့်သာပင်၊ ငါမှာချင်၏။
  ငါ့သိက္ခာဂုဏ်၊ စိတ်နှင့်ဆုံ၊ ဘုံထက်အနံ့၊ ဖြန့်နေအံ့။
  ငါ့ကိုယ်ခန္ဓာ၊ ထင်းပမာ၊ မြေမှာပက်လက် စန့်နေအံ့။
  သစ်သားပုံထင်း၊ ကိုယ်ပုံထင်း၊ မီးသွင်းရာလောင်၊ ပြောင်လတ္တံ့။
- သို့ကြောင့်သာပင်၊ ငါမှာချင်၏။
  ကိုယ်ကောင်အပုပ်၊ မသာရုပ်၊ ဂုဏ်ထုတ်မနေရစ်ကြနှင့်။
  စိတ်ဆောင်ခမွေ့၊ ဂုဏ်မလေ့၊ မမေ့ရစ်ကြနှင့်။

ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



# မလွဲလမ်းပေါ်ကလမ်းခွဲများ

ငါ့ရှေ့မျက်ကွယ်၊ ကြီး လတ် ငယ်၊ သေနယ်ကူးကြပြီ။
အချို့လက်ရှိ၊ နှစ်ဖက်ပြည့်၊ ပြီးထိပါသွားသည်။
အချို့လက်မဲ့၊ နှစ်ဖက်မဲ့၊ မဲ့လျက်ပြန်ရသည်။
အချို့ပြုံးပြုံး၊ တိုးမဆုံး၊ နှုန်းရှင်နှင့်ပင် ပြန်ကြပြီ။
ငါလည်းတစ်နေ့၊ သက်တမ်းစေ့၊ နယ်ရွှေ့ရဦးမည်။
နယ်ရွှေ့သောခါ၊ ငါ့နောက်မှာ၊ ဘာတွေပါမလဲတွေး။
လက်ရှိနဲ့လား၊ လက်မဲ့လား၊ ခွဲခြားမရသေး။
အပြုံးနဲ့လား၊ မဲ့မဲ့လား၊ ခွဲခြားမရသေး။
အပြီးထွက်လား၊ တစ်ဝက်လား၊ ခွဲခြားမရသေး။
ငါသည်ယနေ့၊ နေချိန်စေ့၊ နယ်ရွှေ့ရမည့် ထိုအရေး။

## ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

သို့/
ဆရာဦးအောင်မြတ်
သူရဋ္ဌမဂ္ဂဇင်းအယ်ဒီတာချုပ်

ဆရာခင်ဗျား -

မဟာမြိုင်ခေါင်နန်းပလ္လင်ဓမ္မေသ စခန်းမှ ကျွန်တော် စာရေးလိုက်ပါတယ်။

မဟာဗောဓိမြိုင်ဆရာတော်ကြီးရဲ့ မိုးမိတ်မှာ သီတင်းသုံးတဲ့ အကြောင်းအရာအစုံအလင်ကို ဆရာတို့မဂ္ဂဇင်းက တစ်ဆင့် ဗတ်ရှု သိရှိခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကဗျာဖော်ပြလေ့မရှိတဲ့ ဆရာတို့မဂ္ဂဇင်းရဲ့မူကို ဘေးဖယ်ပြီး ဆရာတော်ဘုရားကြီးရဲ့ကဗျာများကို သရုပ်ဖော်ပုံနဲ့တကွ အထူးအသားပေးပြီး ဖော်ပြပေးတဲ့အတွက် ဆရာတော်ဘုရားကြီးအပေါ်မှာ ဆရာတို့ရဲ့ နိုသေ လေးစားမှုအတွက်လည်း သာဓုခေါ်ပါတယ် ခင်ဗျား။

အခုထည့်ပေးလိုက်တဲ့ကဗျာများက ဆရာတော်ဘုရားကြီး မဟာမြိုင်တော အကျွတ်အလွတ်ကျောင်းမှ ထွက်ခွာတော်မူခင် ကျွန်တော့်ဆီကို အပ်နှံထားတော်မူခဲ့သော(ပုံမနှိပ်ရသေးသော) ကဗျာများဖြစ်ပါတယ်။ ဆရာတို့မဂ္ဂဇင်း မှာ သင့်တော်သောလများမှာ သရုပ်ဖော်ပုံနဲ့တကွ စာမျက်နှာကဗျာအဖြစ် ဖော်ပြပေးစေချင်ပါတယ်။ ဒါမှမဟုတ်လည်း ကြွေရောင်စက္ကူနဲ့ သေသေသပ်သပ်ရိုက်နှိပ်ပြီး မေတ္တာလက်ဆောင် ဓမ္မဒါနအတွက်ဝေပေးဖို့ စီစဉ်မယ်ဆိုလည်း ကောင်းပါမယ်။

ကျွန်တော့်ဆီကို ဒေါက်တာ အိုကေ (ရွှေဘို) ဖုန်း - ၀၇၅ ၂၁၃၇၁ သို့မဟုတ် ဦးသန်းထူး၊ ဒေါ်သောင်းစိန် ကားရှည်းဆိုင် - တန့်ဆည်လမ်းဆုံ (ဖုန်း - ၀၇၅ ၄၉၁၆၈) တို့မှတစ်ဆင့် ဆက်သွယ်လို့ရပါတယ်။

အားလုံး ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။

ဆရာထွေး (ခေါင်နန်းပလ္လင်)

❑





www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

**ဆယ်ဆယ်ချင်းချွတ် အမည်းက ဖြ[illegible]ဖြ ဆွတ်**

**မမွေသက . . .**

- သင့်စိတ်ကိုအပူကဲ၍ အမှောင်ထဲဆွဲကျင့်သော ကိလေသာဆယ်ပါးနှင့် သင့်စိတ်ကို အအေးဖက်၍ ဘေးမဲ့ရာဘက် တက်ရောက်ပို့ပေးသော ပါရမီဆယ်ပါး -

- ဤဆယ်ပါးချင်းတို့၏ စစ်ပွဲကျင်းပပုံများကို ဆက်လက်ပြပါရစေဦး။

**မမွေသက. . .**

- ကိလေသာသည် စိတ်ကို ပူပန်စေတတ်၊ နှိပ်စက်တတ်၏။ သို့တစေလည်း ထိုကိလေသာ အဖော်မပါ ဘယ်နေရာမှာမှ အစွမ်းမပြတတ်ကြပါ။ တစ်ဖန် -

- သံယောဇဉ် စိတ်နှင့်ပူးယှဉ်စိတ်နှင့် အရောတဝင်နေသော ဆယ်ပါး။ သို့ကြောင့် ထိုကိလေသာ သူ့အာဏာအရပ်ရပ် သံယောဇဉ်သို့လွှဲအပ်ပေးလိုက်ရပါပြီ။

- ကိလေသာ တိုက်စားဖို့ ရေလာမြောင်းပေးကား သံယောဇဉ်ဖြစ်သွားပြီ။

- ရေတိုက်စားရာ မြေဖို့ ကုန်းမို့မို့သို့ကား ပါရမီဖြစ်လာပြီ။ တစ်ဖန် -

- ကိလေသာ သံယောဇဉ်များအတွက် ပွဲဝင်ပေးနေရသည်က ဒုစရိုက်တရားဆယ်ပါး -

- စိတ်ကူး ကျူးထိုးကာ သုံးမျိုး- အဘိဇ္ဈာ-ဗျာပါဒ-မိစ္ဆာဒိဋ္ဌိ -

- နှုတ်ထွက်ဖျက်ထိုးက လေးမျိုး- မုသာ-ပိသုဏာ-ဖရုသ-သမ္ဖပ္ပလာပ-

- ကိုယ်ဆက် ဖက်ထိုးက သုံးမျိုး- ပါဏာတိပါတ-အဒိန္နာဒါန-ကာမေသု မိစ္ဆာ-ပေါင်း (၁၀) ပါး။

**မမွေသက . . .**

- ဆယ်ပါး သုံးသွယ် ထိုသုံးဆယ်တို့တွင် -

- အဓိကနေရာမှနေ အုပ်ချုပ်ကြိုးကိုင် ခာတ်ခွက်နှင့်အာရုံ ဆုံကိုင်ပေးနေသူမှာ သံယောဇဉ်သာ -

- သို့ကြောင့် -

- သင်၏ ဤပါရမီဆယ်စခန်းကို ထိုသံယောဇဉ်ဆယ်တန်းဖြင့် လမ်းဖွင့်

## မဟာဗောဓိမြိုင်ဆရာတော်

( ဝ န ဝါ သီ ဦ ဥ ယျ ဓ မ္မ သ ၁ မိ ထေ ရ် )

ရေးသားတော်မူသည်

# ပါရမီဘာဝ ကထာ ပါရမီဖြစ်စကား

၁၀

ဇာ တ် သိ မ်း ပို င် း

BURMESE CLASSIC .com


၁၃နှစ်ပြည့် အထူးထုတ်






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




ကြည့်ကြစို့။

**ဓမ္မသက . . .**

- သင့်အား မြှောက်ပင့်နေသည်မှာ ခနဲ -

- သူဌေးမင်း၊ လူကြီးမင်း စသည့် မြှောက်ပင့်စကား၊ သည်မနက မဟုတ်လား၊ တစ်ဖန် -

- တဏှာ မာန ဒိဋ္ဌိတို့ စသည့် စတည်းချရာ ဒေသကလည်း သည်ခနဲ-

- ပစ္စည်းရှိက- ကာမမျော်၊ မာနမျော်-ဒိဋ္ဌိမျော် လျော်သလောက် အောင်ပြီးသား။ ထိုအခါ ငါ့ကိုယ် ငါ့ဟာ ငါ့ဉစ္စာနှင့် ငါ ငါ့ပစ္စည်း ငါပိုင်တို့ လှိုင်လှိုင်ကြီး ပြိုင်ဝင်လာကြရာ -

- ငါ့လို သူများကောင်းစားလာကြတော့မည်ဆို မစ္ဆရိယ မနာလိုက မှိုတက်လာချေပြီ။

- ငါ့ထက်သာဆို ဣဿာ မနာလိုက မှိုထွက်လာချေပြီ။

**ဓမ္မသက . . .**

- ထို မစ္ဆရိယ ဣဿာ နှစ်ခုစလုံး ခနဲ၌ စုရုံးသည်။

ငါ ငါ့ပစ္စည်း ငါပိုင် သုံးခုတို့လည်း နေ၌သာ စုရုံးသည်။

-သင်းကြောင့် ကိလေသာနောက်မှို အလျှိုအလျှိုပေါ်သည်။

- သင်းကြောင့် သံယောဇဉ်တရားကိုယ် အလျှိုအလျှိုပေါ်သည်။

- သင်းကြောင့် ဒုစရိုက်အဆင့်ဆင့် အိပ်ခန်းဖွင့်၍ အဝင်ခံရသည်။

**ဓမ္မသက . . .**

- သည်လိုဆို သင်ကိုင်ထားသည့် ခနသည် သူပုန်စခန်းလား၊ စစ်တန်းလျားလား။

- သည်လိုဆို သင်ပိုင်ဆိုင်ထားသော ခနသည် ရန်ဘက်လား၊ မိတ်ဆွေလား။

- ထိုကိစ္စ သင် ဖြစ်ခဲ့ပြီးများ ပြန်စစ်ကြည့်၊ သင်ကိုယ်တိုင် သိနိုင်လောက်ပါ၏။

**ဓမ္မသက . . .**

၁။ သင်သည် သင့်ရှေ့က သွားပြနေသော ပါရမီခရီးသွားများကို အားကျ၍ ဖြစ်စေ -

သင်ကိုယ်တိုင် ခနက ဓားပြဖြစ်နေပြီကိုသိ၍ တစ်ဖက်လှည့်လိုက်၍ဖြစ်စေ -

- မစ္ဆရိယသံယောဇဉ်ခြေကုပ်ယူထားသော ထိုခနအလုပ်ကို -

- သဒ္ဓါတပ်စွဲထားသည့် ဤဒါနအလုပ်ဖြင့် ထုတ်ပစ်အံ့။ ဆုံးဖြတ်လျက်က -

- ငါကိုယ် အရှိကို လက်ကချွတ်လွတ်လွတ်စွန့်လိုက်သည်။

- ငါပိုင်အသိကိုလည်း သတိ၊ အသိတို့ဖြင့် စိတ်မှချွတ် ငါစွဲ အမည်းပါလွတ်လိုက်ပြီ။

ထိုအခါ သင့်၌ -

- ခန တစ်ထုပ် လက်ကမဲ့၊ မစ္ဆရိယငုတ်လည်း နဲ့တော့သည်။

- ဒါနအလုပ် လက်မှာမြဲ မစ္ဆရိယလည်း အလုပ်စဲတော့မည်။

**ဓမ္မသက . . .**

- အကယ်တိတိ သင့်မှာ -

- တဏှာလျော့သဖြင့် အပျော်ဖက်၍ ဒါနပွဲ တက် ဖြစ်နေ၍ ဖြစ်စေ-

- မာန ကိုင်သဖြင့် အပြိုင်ဖက်၍ ဒါနပွဲ ထွက် ဖြစ်နေ၍ ဖြစ်စေ -

- ဒိဋ္ဌိ ဖော်သဖြင့် အမျှော်ဖက်၍ ဒါနပွဲ ဆက် ဆက်နေ၍ ဖြစ်စေ -

- ပွဲများကသာ သက်စေ့ကျ - မစ္ဆရိယသံယောဇဉ်က ထက်ရှမြဲ ထက်ရှနေပါသော် -

ထိုသင့်ဒါနက ကုသိုလ်ဖြစ်မျှသာ ခရီးတွင်မည်။ ပါရမီသို့ အဆင့်မဝင်။ သင့်ဒါနဖြင့် ပါရမီပြည့်၊ မပြည့် သင့်မစ္ဆရိယ ယခုနှင့် ယခင်အရှိ ယှဉ်ကြည့်လေ-

- ဒါနနှင့် မစ္ဆရိယ သင့်စိတ်ကို မြင့်ပွဲနှင့်နှိပ်ပွဲ ထိပ်တိုက်ကျဲသောအတွဲ။

**ဓမ္မသက . . .**

- နောက်တစ်တွဲက သီလပါရမီနှင့် ဣဿာသံယောဇဉ်များဖြစ်ကြရာ -

ဣဿာကား ငါသာ ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

ချင်၏။ ငါသာကောင်းစားချင်၏။ ငါနှင့်စာ ဘယ်သူဘာဖြစ်ဖြစ်ဖြင့် စိတ်ကို အညစ်သင် သင်ပေးနေပါသည်။

- သီလကား ဣဿာနှင့် ပြောင်းပြန်။ သို့ကြောင့် -

- ငါ့ကြောင့် အများမဆင်းရဲအောင် ငါ့ထံရှိ ရာဂနှင့် ဒေါသအပေါင်းထိန်းကျောင်းထားမည်။

- ငါ့ကြောင့် အများချမ်းသာလာအောင် ငါ့ထံရှိ အစွဲအမှောင့် သတိဖြင့် အစောင့်ချထားမည်။

- သို့ဖြင့်ပင် သရဏဂုံဖြင့်ထုပ်ပေးလိုက်သောသီလကို ဆရာ့ထံမှ ခံယူလိုက်သည်။

- သို့ဖြင့်ပင် သရဏဂုံကို သတိဖြင့်ဖေး၍ စိတ်အတွေး အပြေးကို ထိန်းပေးနေပြီ။

ထိုစဉ် -

- သင့်စိတ် ချစ်တွေးမုန်းတွေးများဆိတ်နေလျှင် သီလ ဖြူစင်သည် ဆိုရပြီ။ သီလဖြူစင်က သူတကာတို့ ချမ်းသာပျော်ရွှင်စွာနေပါသည်တို့ကို -

- အကြိုက်ဖြင့် လိုက်လံသိမ်းပိုက်ခြင်းပြုမည် မဟုတ်တော့ပါ။

- အမုန်းဖြင့် လိုက်လံ တိုက်ခိုက်ခြင်းလည်း ပြုမည်မဟုတ်တော့ပါ။

-ကြိုက်-မရွံ့ နှစ်ပါးစုံဖြင့် သူတစ်ပါး အပျက်ဖျက်တော့မည် မဟုတ်ပါ။

-သည်အခါ သင့်စိတ်တွင်း ဣဿာဖျာခင်း အလျှင်းမရစေပါ။ သည်မှာလည်း -

- သီလကသာ အသက်နှင့်အမျှ ဣဿာကသာ အလံထူမြဲ ထူပြနေပါသော် -

- သင့်သီလ - ကုသိုလ်ဖြစ်သီလမျှသာ ပါရမီအရာသို့ ဝင်မလာသေးပါ။

**ဓမ္မေသက . . .**

- ပါရမီဆယ်ချက်တွင် ဤဒါနဤသီလတို့သည် ပွဲဦးထွက် တိုက်ကင်း -

- ဘာ့ကြောင့် သင်မေးခဲ့သော်-

- ဒါနနှင့် သီလတို့သည် လူနှင့်တိရစ္ဆာန်တို့၏ နယ်ခြားမျဉ်း ဖြစ်နေသည်က တစ်ကြောင်း -

- ဆိုးကံဖယ် ကောင်းကံဆယ်ခြင်းတက်မှ ဆူလွယ်နပ်လွယ်ဖြစ်လာပါသည်က တစ်ကြောင်း -

- ကိုယ်ကောင်းစားခြင်းနှင့် စိတ်ချမ်းသာခြင်းနှစ်ပါး လက်တွင်းထားရှိမှပြည့်သာမည်က တစ်ကြောင်း။

- မပြည့်သေး အထက်သောင်တင် ပြည့်မီသည်အထိဖြည့်ခွင့်သာသည်က တစ်ကြောင်း -

- ဤအကြောင်းများကြောင့် ယင်းတို့ကို ရှေ့တန်းထားရသည်။ တစ်ဖန် -

- ယင်းတို့သည် အများနှင့် လက်လှမ်းမီဖြစ်နေ၍လည်း ရှေ့တန်းထားရသည်။

၃။ နောက်တစ်တွဲက နိက္ခမပါရမီနှင့် ကာမရာဂ သံယောဇဉ်အတွဲဖြစ်ရာ-

- ကာမရာဂ သံယောဇဉ်က အမဲကြိုက်သမား နွားမြင် လက်ညှိုးတထိုးထိုးမျိုး။

- နိက္ခမက အာရုံကင်းဆိတ်ရာစိတ်ကိုသိပ်၍ ခွေးတိတ်စေသည့်အမျိုး။ ထိုစဉ် သင်သည် -

- ကိုယ်ကို လူသူကင်းရာတောသို့သွင်း ပြင်ပအာရုံများနှင့် ကင်းကင်းထား -

- စိတ်ကိုလည်း ဝီရိယ သတိ အသိတို့ကြားသွင်း အတွေး အပြေးများနှင့် ကင်းကင်းထား -

မလျှော့နှင့် - လျှော့က အတွေးဘယ်ပြေး ဆော့တတ်သည်။

-မပေါ့နှင့် - ပေါ့မိက အတွေးကပင် အရေးဖန် ကိုယ်တောင် ရှာပြန်ပေးရလေဦးမည်။

**ဓမ္မေသက . . .**

- ဤနိက္ခမ၏တာဝန်သည် စိတ်တွင်းပုန်းကာမ လမ်းဆုံးအထိ ဖိချရန်ဖြစ်၏။

- အတွေး အတွေ့မကူ ထိုအတွေးဝီရိယ သတိ အသိတို့နှင့် ဘေးချင်းမယှဉ်နိုင်။

- ဝီရိယ သတိ အသိတို့ကသာနေရာယူ စိတ်လည်းအေး - အပြေးရပ်-အတွေးလည်း ဝင်မကပ်နိုင်။

သို့တစေလည်း -

- ထိုစိတ် တောဝင်ခါစသာ အားငယ်နေသေးသဖြင့် ဝီရိယ သတိ အသိတို့၏ အနားနေ မှင်သေသေရှိနေတတ်သော်လည်း -

- တောအခြေ အနေကြာ နေရာတကာနှင့် သူရင်းနှီးသွားသောအခါ -

- ဝီရိယက ဖိလည်း မအိ - ကတောက်ကဆတ်အသိဖြင့် ဘောက်သီ သိပေးလာတတ်သည်။

- သတိက ဖိလည်းမကြည့် -ဘုန့်ဘောက်အသိဖြင့် ဖေါက်သီ သိပေးလာတတ်သည်။

- အသိက ဖိလည်း မကြည့် - မြောက်ကြွကြွအသိဖြင့် မထိတထိ တထိလာတတ်သည်။

သင့်အတွက် အရေးကြီးဆုံးမှာ မယားနေစ ကြောင်သေမှ စကားအတိုင်း -

- တောဝင်စ သိက္ခာဘက်က စိတ်က လက်ဦးတိုး၍ အပိုးချိုးထားပေးဖို့ပင် -

မလျှော့နှင့် - မပေါ့နှင့် - စကားစစ်ဦး ဘီလူးသို့ တရားမောင်းပြင်းထားပေးဖို့ပင်။

**ဓမ္မေသက . . .**

- သင့်၌ ငါးသေ မသေ ဤနည်းဖြင့် ကြည့်လေဦး။ ယင်းမှာ -

- သင် မြို့၊ ရွာနေစဉ်တုန်းက အထိဆုံးသော အာရုံ - အမိဆုံးသော ခံစားကွက် - အငြိဆုံးသော အစွဲအမက်များ အရွယ်လိုက်၍လည်း ရှိနိုင်၏။ ဉာဉ်စရိုက်လိုက်၍လည်း ရှိနိုင်၏။ ဗီဇနှင့်ပတ်ဝန်းကျင်လိုက်၍ ရှိနိုင်၏။

- ထိုအစွဲဆုံး အမက်ဆုံးထဲမှ တစ်စွဲဆွဲထုတ်ပြီး စားမြုံ့ပြန်ကြည့်လိုက်ပါ။ ထိုစဉ် ငါးကြီးအမြီးလှုပ်၍ ခေါင်းယမ်းပြလာလျှင် သင့်ငါးမသေသေးပါ။

-အမြီးလှုပ်လာခြင်းကား အတိတ်ကာမ ဇပြလာခြင်း -

- ခေါင်းယမ်းခြင်းကား နောင်ဆိုဖြင့် လျှိုဝင်လာခြင်း -

**ဓမ္မေသက . . .**

-သင်သည် ဤစမ်းသပ်နည်းဖြင့် သည်တစ်စွဲက မလှုပ်။ နောက်တစ်စွဲ နောက်တစ်စွဲ ပွဲထုတ်၍ အစွဲငုတ် လှုပ်နှဲ့ကြည့်ပါလေ။ အကယ်တိတိ -

- သင်သည် အာရုံငါးပါးပါးဆိတ်ရာ တောသို့ဝင် သိက္ခာယဉ်ပြင်၍ စိတ်ကို မြှင့်တင်ပေးနေသော်မှ ကာမအာရုံမှစိတ်မထွက် ကလက်မြဲကလက်နေပါသော် -

- သင့်နိက္ခမကား ကုသိုလ်ဖြစ်နိက္ခမမျှသာ ပါရမီဘက်သို့ ခရီးမဆက်လာသေး။

- တောလောက်ရသော တောရရှင်ကား ဖြစ်လာ၏။ နိက္ခမပါရမီရှင်ကား မဟုတ်ချေသေး။

၄။ နောက်တစ်တွဲက ခန္တီနှင့်ပဋိဃသံယောဇဉ် - ထိုစဉ် -

- ပဋိဃသံယောဇဉ်က စိတ်ကိုဖြိုးတေးပြစ်မှား အာယာတထားပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com

- ခန္တီပါရမီက ကောင်းကောင်း၊ ဆိုးဆိုး မတုံ့ပြန်၊ စိတ်ကို အာမခံပေး၍ အချုပ်လွှတ်နေစေသည်။

- အလွှတ်နှင့် အခမ်း လမ်းတွေ က ယက်ယက်ကြီးဆို၍ မရ ပေဘာသာ -

**ဓမ္မသက . . .**

- ချော်သီး၏အရသာသည် သူ့ သဘာဝကပင် အစပ် အချဉ် အလိ ချဉ်နေ၏။

- သင်ကြိုက်၍လည်း လျော့သွား ပိမ့်မည်မဟုတ်၊ သူ့အလုပ်နှင့်သူသာ -

- သည်အကြောင်း ကောင်း ကောင်းသိ - ချော်သီးစားရင်းက ချော် သီးနှင့် ရည်းစားဖြစ်လာလိမ့်မည်မဟုတ်၊ ချော်သီးစားရင်းက ရန်ငြိုးထားမိမည် မဟုတ်။ သည့်အတူ -

- ထန်းလျက်မို့ ချိုသည် - မြေပဲမို့ ဆိမ့်သည် - ကြက်ဟင်းခါးမို့ ခါးသည် များ၌လည်း ဗီဇရှိသဘာဝသတ္တိများ၏ အစွမ်းပြမှုသာဖြစ်နေတော့၍ ချစ်-မုန်း နှစ်ပါး ထားခွင့်မရ။

- ထားလျှင်လည်း ထားမိသူ အရှုံး ဖြစ်ရုံမျှသာပမာ -

- လူတွင် သူတွင်လည်း မျိုးဗီဇ တို့၏သဘာဝသတ္တိအရ လည်းကောင်း၊ နောက်ပါဉာဉ်စရိုက်ဝါသနာများ၏ လှုပ် ရှားမှုအရ လည်းကောင်း လက်ရှိ ကံ - စိတ် - ဥတု - အာဟာရတို့၏ လက် ပေါ်မှနေ သရုပ်ထွက်၍ ပြနေကြရရာ-

- ရာဂကြီးသမား၏ အပို့အကြို များကလည်း သင်မို့လို့မထင်ပါလေနှင့်-

- ဘာတွေ့တွေ့ သူ့ရှိရာဂငွေ့ ဝေ့ ပြနေမည်သာ -

- ဒေါသကြီးသမား၏ အတို့အစ များကလည်း သင့်မို့လို့မမှတ်ပါလေနှင့်-

- ဘာတွေ့တွေ့ သူ့အရှိ ဒေါသ ငွေ့ လှေ့ပြနေမည်သာ -

- မောဟကြီးသမား၏ ပြောတိုင်း ရများကလည်း သင့်မို့လို့ မတွေးပါလေ နှင့်-

- ဘာနင်းနင်း သူ့မောဟ ဖျာခင်း ပေးနေမည်ချည်းသာ -

**ဓမ္မသက . . .**

- သင် သည်သို့ သူ့ဖြစ်ရင် ဆင်း ကြည့်နိုင်ရန်မှာ -

- သင့်အတ္တ အနတ္တနှင့် လဲလှယ် ပြီးမှသာ အတွင်းမြင်နိုင်သည်။

- သင့်ပညတ်သိ ပရမတ်နှင့် မြှုပ် သတ်မိမှသာ ထွင်းသိနိုင်သည်။ သို့ ကြောင့် -

- နိက္ခမနေ ပါရမီအဆင့်သို့ ဝင့် တက်လာသော် -

- ငွပြဋ္ဌိယသံယောဇဉ်ကို ထိုခန္တီ က ကျော်တက်လာနိုင်ပေရော့မည်။

- ထိုစဉ် -

- အကောင်းတိုက်၌ သင့်ဉာဏ် စက်ကလည်း အဆိုးကျ ခံနိုင်ရည် လို တော့သည်သာ -

- အဆိုးကား အကောင်းမှထဖြစ် သော ငြာင်ပြန်မျှသာ -

- အကြိုက်လာအပေး သင့်သွေး မလည်၊ အတိုက်ကျ ခံနိုင်ရည်လိုတော့ သည်သာ။

အကယ်တိတိ -

- သင့်မှာ ခံတော့ခံနိုင်သား။ သို့ တစေလည်း -

- သင့်စိတ်၌ အာယာတအရိပ် က ကျမြကျနေချေသော် -

-သင်သည် ခန္တီမှနေ၍ ပါရမီမြေ- ခြေမချနိုင်သေး။ ယင်းကို စခန်းမဝင်ခင် က အာယာတနှင့် ယခုလက်ရှိ အာယာ တ ဇယားချ၍ကြည့်လေ။

၅။ နောက်တစ်တွဲက သစ္စာပါရမီ နှင့် သီလဗ္ဗတပရာမသသံယောဇဉ်တို့ အတွဲ -

**ဓမ္မသက . . .**

- သစ္စာဆို၍ အတားနှင့်အဆီးကို ဖြိုချပစ်ရာ၌ အမှန်ဆို ဖြို၍ရ၏။ သို့ တစေလည်း ဤပါရမီဖြစ်လမ်း၌ကား လောကီမှန်ဖြင့် မရနိုင်။ သို့ကြောင့် -

ဤ၌ မဂ္ဂင်ယာဉ်ဖြင့်လမ်းဝင်ထား သော ပရမတ္ထသစ္စာရှိ ထွန်းသစ္စာ နှစ်ပါး ကိုသာ အဓိက ညွှန်းဆိုမည်။ ထိုစဉ် -

-သီလဗ္ဗတပရာမာသသံယောဇဉ် က သစ္စာမမြင် မဂ္ဂင်မပါကျင့်နေလျှင် ချမ်းသာသည်ဟု အယူသီး ဒိဋ္ဌိစိတ်သို့ ထည့်ပေးထားလိုက်သည်။

- သစ္စာပါရမီက သစ္စာလေးပါး ထွင်းသိ-သိအထိ စိတ်ကို အားဖြည့်ပေး ထားမည်။

ထိုအခါ -

ထိုသစ္စာသိစိတ် အယူသီးသော အရိပ်ပြယ် သစ္စာ၏အခြယ်အလှယ်ဖြင့် သာနေတော့ရာ -

- အယူသီးတို့ကြားဝင် သစ္စာဆို ၍ ဖွင်နိုင်စွမ်းရှိလာပြီ။

- အယူသီးတို့က ရှေ့ကတား သစ္စာစကားဖြင့် ဖယ်ရှားနိုင်လာပြီ။

- အယူသီးတို့က ပိတ်ဆို့သစ္စာဆို ၍ ဖွင့်နိုင်လာပြီ။

**ဓမ္မသက . . .**

- သင့်ထံရှိ ဤသစ္စာလက်နက် သည် -

- သင့်အဓိဋ္ဌာန်အောင်၊ မအောင် စမ်းသပ်ရာ၌လည်း အသုံးဝင်၏။

- သင် အရေးတစ်ခုခုပေါ် ကျော် ရာ၌လည်း အသုံးဝင်၏။

အကယ်တိတိ -

- သစ္စာဆို၍မှ အယူသီးများ သင့် စိတ်၌ အမြစ်တွယ်နေသေးသော် ပါရမီ မဖြစ်လာသေး -

-သစ္စာဆို၍မှ တစ်ဖက်အယူသီး များ သင့်အပါးမှမခွာ ပါရမီမဖြစ်လာ သေး -

- သစ္စာသည် သင့်၌ အမှန်သိ- မသိ ရှိ - မရှိစမ်းသပ်ကြည့်ရာ၏ လက် နက် -

သစ္စာသည် သင့်ရှိ သမ္မာသိ စိတ် ဓာတ်အင်းအားဖြင့် အတားဖယ်ရှားရာ လက်နက်။

သို့ကြောင့် ဤသစ္စာပါရမီသည် အလောင်းတော်ကိုင် တန်းမြင့်သစ္စာ ဟူ ၍ မှတ်လေ။

၆။ နောက်အတွဲက မေတ္တာပါရမီ နှင့် ဒိဋ္ဌိသံယောဇဉ်တို့အတွဲ -

**ဓမ္မသက . . .**

- ဒိဋ္ဌိသံယောဇဉ်သည် ငါတစ် ကိုယ်ကောင်းဝါဒကို နှလုံးသွေးပင်မမှ သည် တစ်ကိုယ်လုံးသို့ စီးပြေးနေကြ သောသွေးများ - ထိုသွေးများနှင့်ဆက် နွယ်နေကြသည့် သဏ္ဌာန်ပေါ် အဖို့အစ များအထိ သိသိပ်သွင်းပေးထားပြီး စိတ် ကို ငါ အယူအဆထဲ စွဲနစ်စေ၏။

- မေတ္တာပါရမီကား ကိုယ်နှင့်သူ တန်းတူထား တစ်သားတည်းစိတ် မွေး ပေးထားသည်။

- ကိုယ်ကျိုးကို စွန့်ချစေပြီး အများကောင်းစားရေးသို့ စိတ်ရှေးရှုစေ သည် -

- ကိုယ်သာလျှင် အနစ်ခံ အနာခံ အများကျ သာသာစံဖြစ်အောင် ဖန်တီး ပေးစေသည်။ သို့ကြောင့် -

- ငါကောင်းစားရေး ...ခန်းရှင် အတ္တဒိဋ္ဌိက မေတ္တာဝါဒသမားရှိရာ လှည့်မလာတတ် -

- ငါကျိုးစွန့် မေတ္တာရှင်ကလည်း အတ္တသွေးရှင် ရှိရာဆို မဝင်။ သို့တစေ လည်း -

အောင်ပွဲခံနေရာက ဖျာ...ချပ် မျှသာ ခင်းထားရာ -



www.burmeseclassic.com

www.burmeseclassic.com

အရင်ဝင်သူ အောင်ပွဲခံ နောက်ကျသူ နောက်လှည့်ပြန်ပမာ -

-လူတစ်ဦးအကြည့်ကတစ်ကြည့် အထိကလည်းတစ်ထိ၊ အသိကလည်း တစ်သိမျှသာရှိချေရာ မေတ္တာနှင့် ဒိဋ္ဌိ ထိုစိတ်တစ်စိတ် သူချိတ်ကိုယ်ချိတ် လုံ့ချိတ်ကြရပေတော့မည်။

ထိုစဉ် -

- ဒိဋ္ဌိသည် သံယောဇဉ်၌လည်း ပါ၏။ ဒုစရိုက်၌လည်း မိစ္ဆာဒိဋ္ဌိ မနော ဒုစရိုက်အဖြစ် ပါ၏ချည်းဖြစ်ရာ -

-အစည်းအရုံးအားလည်း ကောင်းသည်။ အကုသိုလ်စေတသိက်အမည်လည်းခံသည်။

- အပေါင်းအသင်းကလည်း များသည်။

- သူနှင့်စိတ် ဘဝများစွာလည်း အတူတူ အိပ်ခဲ့ဖူးလှပြီ။ သို့ကြောင့် -

- ထိုဒိဋ္ဌိကား စိတ်၏အတွင်းလူ- စိတ်၏မိတ် - စိတ်ကိုစွမှန်သမျှ လိုက်လံဆောင်ရွက်ပေးနေသူဖြစ်နေချေရာ -

- မမြင်လိုက်နှင့် - မြင်သည်နှင့် ငါအလျှင်ဝင်ပြီးသား။

- မကြားလိုက်နှင့် - ကြားစဉ်၌ပင် ငါက နေရာရပြီးသား။

- မေတ္တာကား ယခုမှ လက်သင်သူတော်ကောင်းများနှင့်ပေါင်းမိမှ စိတ်ကပ်ခွင့်ရ - အရွယ်ပုံမှန် သွေးပုံမှန်လည်ပတ်နေမှ စိတ်အစဉ် ဝင်ပြင်ပေး၍ရဖြစ်နေခြင်းကြောင့် -

- မေတ္တာ နေရာမှန်ရဖို့ တော်တော် ကြိုးစားရဦးမည်။

- အပေါင်းအသင်း ကရုဏာ မုဒိတာ ဥပေက္ခာများလည်း စုဆောင်းရဦးမည်။

- အားကိုး ဗိုလ် ကျွန္ဒြေ မဂ္ဂင် ဘောဇ္ဈင်များကိုလည်း လိုက်လံရှာဖွေရဦးမည်။

သို့တစေလည်း မှားသူနှင့်မှန်သူ- ရေရှည်ကျ မှန်သူကသာ နေရာယူ အောင်ပွဲခံရရိုး ထုံးစံရှိချေရာ -

- မေတ္တာသည် မေတ္တာအင်အားတောင့်တင်းရန်အတွက် -

- သမထစျာန် ဝင်စားရာ၌လည်း အာရုံ၌တည်၍ ငါကို ဖြိုချပေးနေသည်။

- ဝိပဿနာစျာန် ဝင်စားရာ၌လည်း သမာဓိကိုမှီ၍ ငါကိုဖြိုချပေးနေသည်။ ထိုစဉ် -

- သူ့အထိ သူ့အသိက မိနေလျှင်ပင် ဝိတက်စျာန် - ဝိစာရစျာန် အရံဝင်လာပြီ။

-သူ့အထိ သူ့အသိကသာမိ ငါသိသူသိလည်း မရှိတော့ပါ။

- ပီတိ သုခ ဧကဂ္ဂတာကျ အထိသာ စျာန်ရည်လှည့် မေတ္တာလည်း မေတ္တာရှိနေရာရတော့သည်။

**ဓမ္မသက . . .**

- ပါရမီအထုပ်ထမ်း - လူပွဲတန်းသင်လမ်းလျှောက်နေရာ၌ -

- မိဘမေတ္တာ - ဆရာ့မေတ္တာ စသည်များလောက်နှင့် မလုံလောက် - ဘာ့ကြောင့်မေး - မိဘသည် မိမိတို့သားသမီးများအပေါ်၌သာ ကလနားမသတ်ရှိမည်။

- ကိုယ့်သားသမီးနှင့် သူ့သားသမီး ခတ်ဖက်တွေ့လာလျှင်ကား -

ဘောင်ခတ် စည်းခြား တုတ်စိုက်တမံကြီးများပင် ကာခြားလိုက်ကြတော့ရာကျဦး၏။ ရေစီးသာရုံ မြောင်းသာသာရှိ၏။ သည့်အတူ -

- ဆရာသည်လည်း မိမိတပည့်၌ကား မိမိနှင့်တန်းတူထား၍ မိမိတတ်သလို တတ်စေချင်၏။ မိမိတော်သလိုတော်စေချင်၏။ မိမိသိသလိုလည်း သိစေချင်၏။

အကယ်တိတိ -

- ကိုယ့်တပည့် - သူများတပည့်က ဖိမည် ထိမည်ရှိလာသောအခါတွင်ကား -

အဝန်းရေပေါ် အဖျားကောလယ်ကဲ့သို့ ထိုတစ်ဖက်သို့ ပို့ရေ မတက်စေတော့ပါ။ သို့ကြောင့် ပါရမီသို့ အဆင့်တက်ရာရှိ မေတ္တာသည် အတ္တဒိဋ္ဌိဝင်ခွင့်မရစေသော အနန္တမေတ္တာအနန္တသတ္တဝါအာရုံထား မေတ္တာသာ အဆင့်မီပါတော့မည်။

**ဓမ္မသက . . .**

- သင့်စိတ် ဒိဋ္ဌိသံယောဇဉ် ချည်တိုင်ငုတ်မှ ဖြုတ်လွှတ်ပေးမည့် သင့်မေတ္တာသည် ငါဖြတ်၍ သူမျှသာ လက်ကျန်ကပ်ထားသော ပထမမဂ်အဆင့်မရောက်မီ ဤစျာန်ရည်သွင်း၍ ကိုယ်ချင်းစာတတ်လာသော မေတ္တာပင် ဖြစ်ရာ -

အကယ်တိတိ -

- ငါခြင်းတောင်းထဲ စိတ်ထည့်တစ်ဆိတ်ရှိ ငါနှင့်ချည်းမိနေသေးသော် သင့် မေတ္တာ ကုသိုလ်ဖြစ် မေတ္တာမျှသာ စျာန်မလည် ပါရမီ မဖြစ်နိုင်သေး။

ယင်းကို သင်ရှိစိတ် ယခုနှင့်ယခင် ချိန်ခွင်ချိတ်၍ ချိန်ကြည့်လေဦး။

၇။ နောက်အတွဲက ဥပေက္ခာပါရမီနှင့် မာန သံယောဇဉ်တို့အတွဲ -

**ဓမ္မသက . . .**

- ဥပေက္ခာများကလည်း အများသား။ ထိုစဉ် -

-အစဉပေက္ခာက မောဟအဖော်ခေါ်ထားသည့်မသိကျိုးကျွန်ပင်ဖြစ်ရာ -

ပါရမီအထုပ်ထမ်း လူတန်းထဲ လှမ်းဝင်ရာ၌ မလုံလောက်သေး။

- ဤ၌ မေတ္တာ ကရုဏာ မုဒိတာ တို့ထောက်ခံထားသော ဥပေက္ခာသည်သာ ပါရမီသို့လည်း ခရီးဆက်။ အာရုံသုံး ချစ် မုန်းတို့နှင့်လည်း မပတ်သက်လိုချေမည်။

- မာနက လာမစနှင့်။ငါက သည်လိုသည်လိုအစားဖြင့် သင့်စိတ်ကို တစ်ဖက်ပြိုင်များရှိ ထောင်ထားခြားနားခိုင်းနေပြီ။

- ဥပေက္ခာကား -

- တစ်ဖက်က အကြိုက်နှင့်တိုက်လည်း သော-သုတို့ အလိုက်မခံ သိရှုနှင့်ပြန်လွှတ်လိုက်သည်။

- ကိုယ့်ရှိအာရုံ၌သာ စိတ်ကိုတည် တခြားဆီ အလိုက်မခံတော့ပါ။ သို့ကြောင့် -

- ကောင်း-ကြမ်း-အနု ဘာမဆို ဥပေက္ခာပြုလိုက်ပြီ။

- ဘယ်အာရုံက ဘာနှင့်လာတုတု အမှုဖော်မပေး။ ထိုအခါ -

- ဥပေက္ခာကြောင့် စိတ်မလှုပ်၊ ငုပ်တုတ်။

- မာနထောင်က စိတ်ယောင်ငုတ်တုတ်က ထမယောင်ယောင်။

**ဓမ္မသက. . .**

- သင့်၌ ဥပေက္ခာမာစိတ်ကို သူရကိုယ်ရ အလုခံနေရစဉ်အတွင်း အောင့်တင်း ညှင်းခံဖြစ်နေသော်မှလည်း စျာန်ရတသင်း နောက်ခံ မေတ္တာ ကရုဏာ မုဒိတာတို့ ဥပေက္ခာနောက် ကပ်ချဉ်းလာသောအခါ -

- သင့်စိတ်လည်း ဗိုင်းကောင်းကျောက်ဖိ ပိပိရိရိသာ။

- သင့်ကိုယ်လည်း ဆီစိမ်လက်ဖက်ပမာ ပျော့ပျော့အိအိသာ။

**ဓမ္မသက . . .**

- သင့်လက်ထဲက သည်အတွဲကို [illegible] တွင်လည်း -

- ဥပေက္ခာထား [illegible] နှစ် - နှစ်များအထိ [illegible]



www.burmeseclassic.com

www.burmeseclassic.com

- သင့်စိတ်ကား ရာဂလက်ခံ - ဒေါသလက်ခံဖြင့် မာန်ဝင်နေသေးပြန်ဆိုလျှင် ပါရမီဘက် ဥပေက္ခာမှနေ၍ သင်ခရီးမဆက်နိုင်သေး။ သို့ကြောင့် -

- သင့်ဥပေက္ခာ ပါရမီလမ်းစပေါ် တက်တက် သင့်မာနဖြင့် ချင့်စက်ကြည့်လေ။

၈။ နောက်အတွဲက အမိဋ္ဌာန် ပါရမီနှင့် ဘဝရာဂသံယောဇဉ်တို့အတွဲ-

**ဓမ္မေသက . . .**

- သင့်ရှိ ဘဝရာဂသံယောဇဉ် (ဘဝအပေါ် အခင်ကြီးသော ဝဋ်နွယ်) သည် သင် သည်ဘဝမယူမီ ဟိုဘက် ဘဝ နယ်စပ်မျဉ်းပေါ် နေတုန်းကပင် သည်ဘဝသို့ စိတ်နှင့်အတူ ယှဉ်၍။ အကြင်လင်မယားအဖြစ် ပြင်ဆင်ခဲ့ပြီး ဖြစ်ရာ -

သင်ဥပုသ်ဆောင်ဝင်ခိုနေရုံလေးနှင့်လည်း သူတို့ အခင်မပျက်ကြပါ။

သင် ဂုဏ်တော်ဝင် မေတ္တာသိပ်ပုတီးစိပ်ပေးနေရုံလေးနှင့်လည်း သူတို့ အခင်မပျက်ကြပါ။

- သင်၏ကမ္မဋ္ဌာန်း တစ်ချိုထိုင် နှစ်ချီထိုင်ကိုလည်း မော်တောခဲပစ် သလောက်ပင် မထိရောက်။

-သည်မျှ ဘဝအပေါ် အခင်ကြီးလွန်းလှသော ထိုသည်သင် -

- နာလည်း ပြင်ခွင့်မရသည့် ဤ အမိဋ္ဌာန် - -

- ပျင်းလည်း နားခွင့်မရသည့် ဤ အမိဋ္ဌာန် -

- ကိုယ်နှင့် အခင် ဤအမိဋ္ဌာန်ဖြင့် ကြားဝင်ပေးလိုက်ပါ။ ထိုစဉ်-

- အမိဋ္ဌာန်မြဲလာချိန် ကိုယ်လည်း ဣန္ဒြေရ စိတ်လည်း ပီတိသုခနှင့် နေခွင့် ရလာသော် -

- ကုန်းချောကောင်း၊ ပေါင်း လက်စ လင်မယားပင် သဘောထား ပြောင်းပမာ -

- ဘဝခင်ကလည်း စိတ်လာ မယှဉ်

- စိတ်အစဉ်ကလည်း ဘဝခင် အဝင်မခံ။

သူတို့ချင်း မဆက်ဆံကြတော့ပါ။ ဆက်ဆံရသော်မှ မလွဲသာပင် - မကင်းတရားမျှသာ -

**ဓမ္မေသက . . .**

ဤအတွဲ၌လည်း -

- အမိဋ္ဌာန် ရက်ရှည်-ရက်တိုများကသာ အချိန်မှန် အသားကျ အောင် ချက်ပြနေသော်လည်း ဘဝခင် ကာမရာဂသံယောဇဉ်က စီးမြဲစီး - ကြီးမြဲကြီး နေသေးလျှင် -

- သင့်အမိဋ္ဌာန် ကုသိုလ်သို့ကား စာရင်းဝင်မည်။

- အမိဋ္ဌာန်လမ်းစ - ခြေချမိသူ ကဇက်ကား ဝင်မလာသေး မှတ်လေ။

၉။ နောက်အတွဲက ဝိစိကိစ္ဆာသံယောဇဉ်နှင့် ဝီရိယပါရမီတို့အတွဲ -

**ဓမ္မေသက . . .**

-သည်ပွဲကလည်း လားမွေးသော ဝိစိကိစ္ဆာနှင့် ဟုတ်ဟုတ် - မဟုတ်ဟုတ် ဖိသာလုပ် ဆိုသော အကြောက်နှင့်အရဲ ဆန္ဒမဲ့ခဲ့သောပွဲဖြစ်ရာ -

- နေ ထန်းတစ်ဖျား ကာမတော အကြား လားစီး၍ စိတ်ခရီးသွားရာ၌ -

လားအသွားတုံ့လေ ခရီးကျို့လေကြောင့် တိုက်ခိုက်ရန် ဆီးကြိုနေနှင့်ကြသော အာရုံပုံတို့နှင့် အဆုံ-အကြုံနည်းပါးသွားစေရာ ထိုလားက တန်ဖိုးအကြီးသား။

- နေမသက် - လထွက်ချိန် ဓမ္မတောအကြား လားစီး၍ ခရီးသွားရာပါမူ ပေးအပ်ရန် ဆီးကြိုနေနှင့်ကြသော ဓမ္မဂုဏ်တို့နှင့် အဆုံ-အကြုံနည်းပါးတော့မည်ဖြစ်ရာ ထိုလားကား အလကားလား - သို့ကြောင့် -

- သင်သည် လားကဆင်း - မြင်းပေါ် တက် အာဇာနည်မြင်းနှင့် ခရီးဆက်ရတော့မည့်ပမာ ဖြစ်မှဖြစ်ပါ့မလား - တင်းလွန်းမှုနေလေမလား - ခံမှခံနိုင်ပါ့မလား စသည်ဖြင့် အမိဋ္ဌာန်စက်ကို ကဖျက်ယဖျက်လုပ်နေသည့် ဝိစိကိစ္ဆာ ယှဉ်စိတ်ကိုလည်း ရဲတင်းသော ဝီရိယဖြင့် ဖိနှိပ် ကြိတ်ပွတ်ပေးနေရမည်သာ-

ထိုစဉ် -

- စိတ်အတွေးအပြေးကို ကြောင့်ကြထား - စိတ်ယှဉ် ဝီရိယက အလစ်မပေးနှင့်။

- ကိုယ်ထိုင်မကျရာမှ ဖြစ်သော စိတ်မချကို ရဲတင်း ဝီရိယက ဖိပေးထား။

ကြာသော် စိတ်-လက်အံသေ သူ ကိုင်ထားသည့် ဝိစိကိစ္ဆာလည်း ပြေကျ သွားမည်သာ။

- စိတ်ပီတိကျ ကိုယ်ချမ်းသာရာ ရက ထိုဝိစိကိစ္ဆာလည်း ကွာကျသွားပြီ သာ -

**ဓမ္မေသက . . .**

- ကိုယ် မရောက်ဘူးသေးသော လမ်း -

- ထိုလမ်းက ဘယ်လောက်တန်းတန်း - သင့်လားကြီးက အမြီးတယမ်းယမ်း ယမ်းပြနေသည်သာ -

- တစ်ဖန်လည်း -

- ကြိုက်အာရုံနှင့်ဆုံ ငုံထားစဉ် ထိုအာရုံဂုဏ် ကုန်သွားမည်စိုးရိမ်နေချိန် စသည်များ၌လည်း ထိုလားက လမ်းသလားပြနေသည်သာ - သို့ကြောင့်-

- တောင်ကြား - မှောင်ကြား - မှောင်ကြားလမ်း - လားမရှိလျှင်လည်း မဖြစ်။

- လားချည်းမွေး၊ လားစာချည်း ချကျွေးနေရလျှင်လည်း ခရီးကမတွင်-

-သည်သို့သော အခြေအနေတွင် ထိုသည့်သင် လားနေရာ မြင်းအစားထိုးပမာ ဝိစိကိစ္ဆာနေရာ ဝီရိယအစားထိုး၍ ရဲရဲတိုး ရဲရဲဝင် ခရီးတွင်စေမည်သာ -

**ဓမ္မေသက . . .**

- သင်၏ ဤဝီရိယဖြင့် ပါရမီလမ်းစ ခြေယောင်ပြချိန်ကာလတွင်လည်း -

အကယ်တိတိ -

- သင့်စိတ်ကို ဝီရိယကသာ အတင်းဖိ သတိ အသိတို့ မသွင်းမိချေသော် -

- ကိုယ်ထိုင် စိတ်ထိုင်တို့သာ နေရာကျ ပါရမီလမ်းစသို့ကား ခြေမချသာ။

- ဝီရိယအားက တစ်ချက်ပေါ့။ လားကလည်း တစ်ကျော့ဝင်လာနေဦးမည်သာ။

- ဝီရိယကြောင့် ဝိစိကိစ္ဆာ စိတ်သို့ လာရောက် ယှဉ်-မယှဉ်ကိုကား -

- သင့်စိတ်သင်တီးခေါက် နောက်နောက်နှင့် ထောက်ကြည့်လေ။

၁၀။ နောက်ဆုံးအတွဲက ပညာပါရမီဖြစ်နှင့် အဝိဇ္ဇာမင်းညစ်တို့အတွဲ -

**ဓမ္မေသက . . .**

- သည်အတွဲကား လက်သစ်ဇိုလ်နှင့် လက်ဟောင်းမင်းတို့၏ ပွဲသွင်းပင်ဖြစ်ရာ ပွဲကြီးပွဲကောင်း - ထိုစဉ် -

- အဝိဇ္ဇာသည် -

- မေ့ခင်းနှင့် မက်ခင်း နှစ်ပါးတို့ အကြား စိတ်ကိုပို့လွှတ်ထား၍ ခိုင်းစား လေ့ရှိရာ -

- ရံတစ်ခါ တွေဝေငေးမောခြင်းများတွင် တွေ၍ စိတ်ကို မေ့စေပါသည်။

- ရံတစ်ခါ သညာဝင် ပညတ်သိနှင့်ဖက်၍ အာရုံကိုမက်စေပါသည်။

- ရံတစ်ခါ အာရုံနှင့် မမိတပိုင်ဘား ၍ ထိကပါးရိကပါး ကစားစေပါသည်။

www.burmeseclassic.com

- ရုံတစ်ခါ အာရုံကို ဖြန့်ကျဲ၍ ဟိုပြေးဆွဲသည်ပြေးဆွဲလည်း ခိုင်းတတ်သေးသည်။

- သို့တစေလည်း -

- ယင်းအဝိဇ္ဇာက သင်းစိတ်ကို -

- လောဘ တဏှာတို့ကဲ့သို့ မောပန်းရင်ခုန် နှလုံးတုန်အောင် မညှဉ်းဆဲပါ။

- ဒေါသ - တဏှာတို့ကဲ့သို့လည်း သရဲပရဲစီး မီးတောက်အောင် မညှဉ်းဆဲပါ။ ထိုမှအပြန် -

ထိုအဝိဇ္ဇာ မောဟ၏ အတွေ့က မွေ့လောက်အောင် စိတ်ကိုမွေ့စေတတ်ရာ -

ထိုအဝိဇ္ဇာ မောဟ၏ အပေးက အတွေးဖြင့်ပင် စိတ်ကိုအရေးပေးနေပြန်ရာ -

- သင့်စိတ် မောဟမသိပ် မအိပ်တတ်ပါ။

-သင့်စိတ်မောကင်း အလျှင်းမနေတတ်တော့ပါ။

- သည်မျှအထိ မောဟနှင့်ငြိနေသော သင့်စိတ်ကို ပညာသည် သတိနှင့် အသိတို့ကို အလုပ်ပုံအပ် - ဝီရိယကို အလုပ်ကြပ်အရာအပ်၍ ကျော်သပ်ခိုင်းမှ ရတော့မည်။

- သို့ကြောင့်ပင် ပါရမီတို့တွင် ပညာကား နောက်ဝင် ဖျာသိမ်းအဖြစ် ထားရသည်။

**ဓမ္မေသက . . .**

- မောဟက သံယောဇဉ်အဖြစ်ဖြင့် စိတ်နှင့်အရောတဝင်ရှိသည်။

- သတိက စေတသိက်အဖြစ်ဖြင့် စိတ်သို့ဝင်၍ပြင်ဆင်ပေးနိုင်စွမ်းရှိသည်။

- ဝင်သည် ထွက်ပြီ ဆိုသော မှတ်သတိဖြင့် အတွေးနှင့် အပြေးကို ပိတ်ဖိပေးထားသည်။

- ဝင်ဘယ်လို - ထွက်ဘယ်သို့ဆိုသော အောက်မေ့သတိဖြင့်လည်း အရှိဘက် အသိဆက်ပေးထားသေးသည်။

- နောက်လိုက်အသိကား ဝင်တော့သည်လို ထွက်တော့သည်လောက်ဖြင့် ပွင့်စိတ်ကို မြင့်စိတ်ဖြစ်လာစေသည့်အသိ မြေအောင်မြောက်ပေးနေပြန်သည်။

တစ်ဖန် -

- အလုပ်ကြပ် ဝီရိယကလည်း -

- သတိအား ပါးလာလျှင် ဖြည့်ပေး - နားမည်ကြံ ဖိအားပေးဖြင့် နှိုးပေးနေသည်။

- အောက်မေ့သတိ အနေမှန် အသိကား ဧကန်သိ ဖြစ်လာပြီသာ။

တစ်ဖန် အလုပ်ကြပ် ထိုဝီရိယကား -

- ကိုယ်တိုင်ပျင်း တင်ပေး - စိတ်မှိုင်းမိ ဖိပေးခြင်းလည်း သွေးထိုးပေးနေပြန်သည်။

- မောဟနှင့်ငြိ သက်သက်သာသာရှိချင်သော ပွင့်စိတ်ကလေးကား -

- ပျင်းလည်း နေမရ ပျော့လည်း နေမရ သတိပြောတိုင်း သိ, သိပေးနေရပြီ။

- နားလည်းပေ - ကျဉ်လည်းပေ ဝီရိယစေတိုင်းလည်း ပေ - ပေးနေရပြီ။

- ကောင်းလည်း မမှိတ်ရဲ ဆိုးလည်း မမှိတ်ရဲ အသိပေးသမျှ မြင်ပေးနေရပြီ။ မကြာပါ -

- တစ်ထိုင်မှ တစ်ရက်အထိ သတိနောက်ငြိပါနေသော ထိုစိတ် -

- တစ်ရက်မှ တစ်ပတ်အထိ သတိနောက် ကောက်ကောက်လိုက်ပေးနေရသော ထိုစိတ်မောဟ ပြတ်ကျန်နေခဲ့သဖြင့် အမှန်ပေါ် သညာဖော်မပေးရဲသဖြင့် ပညတ်စဲ ရှိသမျှ ငြိသမျှ ကိလေသာတွဲများလည်း အဖော်ကွဲသွားတော့ရာ -

- သွေးအေးပြေးမှ ဖြစ်သော စိတ်အေးပီတိနှင့် ထွေးမိသွားချေပြီ။

- အပူနှင့် အပုပ် နောက်ဆုတ်သွားသော ကိုယ်ကာယ သုခရွှေစင်ဘဝ ရသွားပြီ။

- ခန္ဓာစဉ်နှင့် စိတ်စဉ် သတိ အသိ ဝီရိယတို့ကို ကျေးဇူးတင်လျက်ရှိချေပြီ။

**ဓမ္မေသက . . .**

- ပီတိ သုခတို့ကြောင့် အာရုံတစ်ခုတည်း၌သာ အတူနေခွင့်ရလာသော ထိုကိုယ်နှင့်စိတ် အာရုံကျကိုလည်း သဘာဝမှ သဘော နောကျေအောင် သိနေကြတော့ရာ -

- မိမိတို့ ဘုံခန္ဓာကိုယ်လည်း သဘာဝမှ သဘောနောကျေအောင် သိနေကြတော့ရာ -

- အရိပ်လောက်ကျလည်း အရိပ်ပြ အကောင်ထင် ပြပြစင်ဖြစ်တော့သည်။

- ဗန်းပြခင်းလည်း အတွင်းခင် ဟင်းလင်းမြင် ပြပြစင်ဖြစ်တော့သည်။

**ဓမ္မေသက . . .**

- ဤအတွဲ၌လည်း -

- ထိသိပညာ ဖြစ်ပျက်မြင် ပညာ ရုပ်၊ နာမ်အကြောင်း ကောင်းကောင်း သိပညာ မည်မျှပင် စုံတကာစေသော်မှ အမှားသိ (သစ္စာမြင်အသိ) နှင့် ငြိနေသေးက ပါရမီရှင် မဝင်သေး။

-ဘာဝနာကုသိုလ်လောက်သာရှိသေးဆိုရမည်။ သည်အထိ ထားလိုက်ဦး - ငါအသိသူအသိနှင့် သင့်စိတ်ငြိနေသေးလည်း ပါရမီရှင် မဝင်သေး။

- သည်အထိလည်း ထားလိုက်ဦး။

- သင်္ချာန် နိမိတ် ပညတ်မျှသာ သင့်စိတ်ချိတ်မိနေလျှင်လည်း ပါရမီရှင် မဝင်သေး။

- သည်အထိလည်းထားလိုက်ဦး။

- အာရုံတို့ လာတိုးနေသမျှ အထိ၌ သင့်စိတ်ရှိမနေလျှင်လည်း ပါရမီခွင် မဝင်သေး။

- ယင်းကိုကား သင့်စိတ်သင် စစ်ဆေး သိပလား မေးကြည့်ပေဦး - ဓမ္မေသက။

**ဓမ္မေသက . . .**

- သင့်အား ပြောထားပြီးခဲ့သော ဤပါရမီဖြစ်စကားများသည်ကား -

တစ်ဘဝစတစ်လမ်းသွားတို့ဖြည့်လေ့ရှိသော ဝါးလုံးထိုးတိုက်ပွဲအတွက် ရည်ညွှန်း၏။ ခရုပေါ် ပက်ကျိတက်၍ အိပက်အိပက်ဖြည့်နည်းနှင့်ကား မဆိုင်။ သို့ကြောင့် -

- ပါရမီ အပြည့်ပြ အတည့်ပြပြ ရာတိုင်းတို့၌ အလွန်ဖြင့်ချည်း ဆိုထားသည်။ အပြင်းစား အတင်းစားချည်းသာ ဆိုထားသည်။

အကယ်တိတိ -

- ခရုပေါ်ပက်ကျိတင်၍ဝင်တော့မှဝင် မဝင်သောင်တင်ရာသို့ နားမည် ဆိုသူများအဖို့ကား နက်စောက် ပြန့်ကျယ်သော ကျင်းချိုင့်ကြီးကို အပိုဖို့ရာ၌ ခဲတစ်လုံး - မြေတစ်တောင်းလောင်းလည်း မလောင်းသူနှင့်စာကြည့် တစ်လုံးစာတစ်တောင်းစာဖြင့် ရှိသေးတာပဲ အသိဖြင့် ပါရမီဖြစ်စာရင်းထဲ ထည့်သွင်းရေတွက်ပါလေ။

- သံယောဇဉ်ဖြို၍ ပါရမီတည်ပုံကား ပညာဉာဏ်ထုံ၍ ငုံကြည့်ပါလေ။

- သံယောဇဉ်ကင်း ကျင်းက တလင်းဖြစ် ငြင်းစရာပင် မကျန်ရစ်ခဲ့တော့ပါ။

**ပါရမီဝန်ထမ်း ရဟန်းက ပုံသေ**

**ဓမ္မေသက . . .**

- ဤပါရမီဖြစ်စကားသည် -



www.burmeseclassic.com

www.burmeseclassic.com

- တောဝင် ရဟန်းတစ်ပါး၏ အတားရင်းဆိုင် မြိုင်အတွင်ကပ် မိမိစိတ် အယုတ်မှအမြတ်သို့ ထုတ်ဆောင်းပေးရပုံများကို အဓိကထားပြဆိုထားရာ-

- ရဟန်းမှသာ ပါရမီဖြည့်နိုင်သလား - မဟုတ်ပါ။

- မည်သူမဆို ယုံကြည်ချက်ပြင်းထန်ပြီး လူ့ဘဝနှင့်သာသနာ တစ်ခါလာကြုံတုန်း ငါသည် ဝဋ်သုံးဝဋ် အလွတ်ရုန်းထွက်အံ့ - ဤနေ့မှ အဖွာသယဉာဏ် (ခန္ဓာတွင်း၌ ကျွတ်လိုစိတ်လွတ်လိုစိတ်အားခံရှိနေသောဉာဏ်) အားအခံရှိသူမှာ -

- ရဟန်းလည်း သူဝင်ရောက်ထားရာ အသွင်အပြင်ဖြင့် ဖြည့်ကျင့်နိုင်ခွင့်ရှိ၏။

- လူယောက်ျားလည်း အတွေးခေါ်ဉာဏ် အလံထူ ပါရမီဝင်အဖြစ် အမည်ခံယူခွင့်ရှိ၏။

- လူမိန်းမလည်း ယုံကြည်ချက်အင်အားကို အရင်းခံထားကာ ပါရမီဝင်နေရာ ဝင်ပါနိုင်ခွင့်ရှိ၏။

**ဓမ္မသက . . .**

- သာသနာ့ခေတ်နှင့်စပ်နေသော ဤပရိသတ်လေးမျိုးတို့သည် -

- ယခင်ကလည်း ပါရမီလမ်း သူနိုင်ရာနိုင်ရာထမ်း အစွမ်းပြခဲ့ပြီးကြပြီ။

- ယခုလည်း ဤပါရမီလမ်း ကိုယ်နိုင်ရာနိုင်ရာထမ်း၍ အစွမ်းပြနေကြဆဲ။

- နောင်လည်း ဤပါရမီလမ်း ရှေ့ရှေ့တို့ ခြေစွမ်းကိုအကဲဖမ်း၍ လှမ်းဝင်ရစ်ကြပေလိမ့်ဦးမည်။

- ဤနည်းဖြင့်ပင် -

- ဘုရားရှင်များ၏သာသနာတိုင်းတို့၌ ထိုပရိသတ် လေးမျိုးလေးဖက် ဇောတဒဂ်ဂုဏ်ထူးများထွက်ခဲ့ကြပြီ။ နောင်လည်း လေးမျိုးလေးဖက်ထွက်လတ္တံ့။

- သာသနာသည် ပြတ်သွားပြီးမရှိ - ငုတ်သွားသည်သာ ရှိ၏။

- ထိုအငုတ်က အတက်ထွက်ပေါင်းမြက်အကြားမှခေါင်းပြူထွက်သောအခါ ရှေ့ရှေ့သည် နောက်နောက်တို့၏ တွဲဘက်စက်ခေါင်း ဖြစ်ရစ်လေဦးမည်။

တစ်ဖန် -

- သာသနာသည် သဒ္ဓါအစောင့်ရှိနေ၏။

- လူမှာကား တဏှာအစောင့်ရှိစမြဲ။

-တစ်နေ့ ထိုလူသားများ တဏှာဒီလှိုင်းအကြား ဝန်းကျင်ပျော်ဘက်အဖော်နှင့်ဖက်၍ ထွက်ကစားကြရာမှ -

- ဒီလှိုင်းအပုတ် တစ်ဦးနှင့်တစ်ဦးကုတ်မိခြစ်မိသွားကြလေသောအခါ-

- ဒီလှိုင်းထဲအမြုပ် တစ်ဦးနှင့်တစ်ဦး မြုပ်သတ်အသတ်ခံရသောအခါ -

-အဖော်နှင့်တွဲမှ ဖြစ်သောတဏှာ အဖော်ကြောင့်ပင် အနာရသွားတော့လေရာ -

- ကိုယ့်ဘဝကိုလည်း နာကြည်း-ဘဝကို လှေပုံခုတ် ထုတ်မစီးရဲဖြစ်ကြမည်။

- အဖော်ကိုလည်း နာကြည်း - အဖော်ကိုပမ်းပိုး ကမ်းရိုးလည်းဖျက်လိုလာကြမည်။

- ကာမကိုလည်း နာကြည်း - အမြည်းအဖြစ်ပင် မစားလိုဖြစ်လာကြမည်။

ထိုစဉ် -

- သာသနာ့လက်ကပ်သီး သမ္မာအမည်ခံ အရိယာနတ်ကြီးများ၏အကူကြောင့်လည်းကောင်း -

- ပါရမီလက်ကျန်ထားသော လူသူတော်စင်များ၏ အကူကြောင့်လည်းကောင်း -

- မဂ္ဂင်ယာဉ် တစ်ပတ်ရစ်ကို ပွင့်ပြီး အရိယာကြီးများ ချန်ထားရစ်သည်ကြောင့် လည်းကောင်း -

- မိမိလက်ဝယ်ရှိ တဏှာတုံး ပုံကြမ်းခုတ်-ထိုသဒ္ဓါအငုတ်ကား အတက်ထွက်တော့မည်။

- သို့ဖြင့်ပင် သာသနာတစ်ခုနှင့်တစ်ခုတို့အကြား ပရိသတ်လက်ကျန်များ ပွားကြပြီ။

- သို့ဖြင့်ပင် ရှေ့သာသနာ၏ နောက်နှောင်းများ နောက်သာသနာ အဦးအဖျား၌ ပွင့်ကားလာကြပြီ။

**ဓမ္မသက . . .**

- သင်သည် ပရိသတ်လေးမျိုးနှင့် ပါရမီပွဲတိုးတို့ကို ဤဆိုခဲ့ပြီးသော တဏှာကို မဂ္ဂင်ဖြင့်ငုင်၍ သဒ္ဓါဘက်ကိုဝင် ဇောတဒဂ်ဖြင့် ပါရမီပန်းဝင်လာပုံများကို သင့်မှာရှိသော သတိပညာတို့ဖြင့် သော့ဖွင့်ကြည့်ပြီးပါက -

- ပါရမီ ရဟန်းမှသာ ဖြည့်နိုင်သလားအမေး - သင်ကိုယ်တိုင် အဖြေပေးလေ။

- ပါရမီ ရဟန်းဝတ်မှ သီလရှင်ဝတ်မှ ဖြည့်ခွင့်ရသလားလည်း သင်ပင် အဖြေပေးလေ။

- ဤ၌ -

- ငါတို့ ရန်ကုန်နေစဉ် ပါရမီလမ်း စဝင်ဆဲတုန်းက သတင်းတစ်ပုဒ် ထုတ်ပြဦးမည်။

- ထိုစဉ်က ငါတို့ လူသားမျှသာ ရှိသေးသည်။

- ထိုစဉ်က အချိန်ကား ၁၃၃၆ ခုနှစ်လောက်က ဖြစ်သည်။ ထိုစဉ် -

- ပါရမီဖြည့်ရန်တောဝင်ကြသော ဘုရားသားတော်၊ သမီးတော်များအား ကူပံ့ရန် နယ်ရှိ တောတောင်အသီးသီးတို့၌ အကြိုစခန်းများ ဖွင့်ထားသည်။

- ရန်ကုန်၌ သတင်းထုတ်ပြန်ပေးသည့် ဗဟိုစခန်းလည်း ထားရှိသည်။

တစ်နေ့ ရန်ကုန်မှပေးပို့လိုက်သော ပါရမီဖြည့်တောဝင်ခရီးသည်များစာရင်း တောင်တစ်ခုရှိ အကြိုစခန်းသို့ ရောက်လာချေရာ တာဝန်ခံက လက်ခံယူပြီး စာအိတ်ဖွင့်ဖတ်ကြည့်၏။ အင်း-(၄၂)ဦး တောဝင်ပါကလား။

တစ်ဖန် -

- တစ်ပြည်လုံးမှ သူ့နေရာမှနေ သူ့ဘာသာထွက်လာသော ထို (၄၂) ဦးကို စစ်ကြည့်ပြန်ရာ -

- အင်း-မိန်းမက(၄၀)ယောက်ျားက (၂) ဦးတည်းပါကလား။

- တစ်ဖန် -

- ယင်းတို့ သိက္ခာစဉ်အလိုက် တန်းစဉ်ထားသည့် စဉ်ဂဏန်းကို ဖမ်းကြည့်ပြန်ရာ -

- မိန်းမကား အမှတ်စဉ် (၁) မှ အမှတ်စဉ် (၄၀) အထိ အထက်ကပါလား။

- ယောက်ျားက အမှတ် (၄၁)မှ အမှတ်စဉ် (၄၂) အောက်ကပါကလား။

- သည့်နောက် ထိုအကြိုစခန်း တာဝန်ခံ သူတောင်စင်ကြီးသည် ထိုတောင်နေ ရဟန်းတော်များနှင့် ဆုံမိခိုက် ဤနှစ်ထွက်ထိုစာရင်းကို ထုတ်ပြသည်ဆို၏။ ပါးစပ်မှလည်း လျှောက်ထားသည် ဆို၏။

'ကြည့်ပါဦးဘုရား၊ သည်နှစ်တောဝင်လာသူဦးရေ (၄၂) ဦးမှာ ယောက်ျားက (၂) ဦးထဲပဲ ဘုရား။

- သည် (၂) ဦးကလည်း မပါချင့်ပါချင့်နောက်ဆုံးကဘုရား'

လျှောက်သတတ်။

**ဓမ္မသက . . .**

- ငါတို့ နားဆတ်ဆတ်ကြားခဲ့ဖူးသော ဤသတင်းဖြင့် -

- သင်၏ရဟန်းမှ တောဝင်ပါရမီ



www.burmeseclassic.com

www.burmeseclassic.com

ဖြည့်နိုင်သလားအမေး သင်ပဲတွေးကြည့်လေ။

- တစ်ဖန် ငါတို့ကိုယ်တိုင် နားကြားမျက်မြင် တွေ့ကြုံခဲ့ရသော ရန်ကုန်ရှိ သတင်းတစ်ပုဒ်ကိုလည်း ဤ၌ ထုတ်နုတ်ပြဦးအံ့။

၁၃၄၉ ခုနှစ်က ဖြစ်သည်။ ငါတို့စစ်ကိုင်းတောင် အရှေ့ပရက္ကမချောင် (၂) ဝါဆိုအပြီး မိမိမူလနေရာလည်းဖြစ် တောထွက်ခဲ့ရာ၏ခြေစလည်း ဖြစ်သော ရန်ကုန်ဌာနသို့ပြန်ဝင်လာစဉ် ဒေါ်ခင်ခင်ဆိုသော ဟိန္ဒူသူတော်စင်မကြီးနှင့် သိကျွမ်းခွင့်ရခဲ့သည်။

- သူကလည်း တောင်ပုလုဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ လူဆောင်ခွင့်မှုတင်များနှင့် ပျော်မွေ့နေသူ-

- ငါတို့ကလည်း တောလှော်လှော် တောပျော်ပျော်နေသူ -

- သို့ကြောင့် စာတ်ချင်းတူ ရင်းနှီးကြ၏။ ရင်းနှီးခြင်းနှင့်အတူ သူ့အကြောင်း ကိုယ့်အကြောင်းလည်း တောင်းကြည့်ခွင့်ရလာကြတော့ရာ -

- ထိုဒေါ်ခင်ခင်သည် -

၁။ ဧကာသနိက်ဓုတင် - တစ်နေ့မှာ တစ်ခါစားအကျင့်ဖြင့် ပါရမီဝင်နေသူ။

၂။ ပတ္တပိဏ္ဍိက်ဓုတင် - လက်မနားခွက်မများ မဖက် တစ်ခွက်ဖြင့်သာ ပြီးပြေသူ။

၃။ သ-ပဒါနဓုတင် - တစ်ခွက်၌ပင် ကိုယ့်ဘက်ကစ၍ စတွင်စားနေသူ။

၄။ နေသဇ္ဇိကဓုတင် - မွေ့ရာဗလာဖျာမခင်း ကျောမခင်းဘဲ နေလေသူ။

ဤအကျင့်များကို (၈) ပါးသီလအခြေခံဖြင့် နေ့စဉ် ဆောက်တည်ထားသည် ဆို၏။ သူ့၌ သမီးတစ်ယောက်သာ အဖော်ရှိ၏။ ဘုရားဝတ်ကျောင်းကြီးတစ်ကျောင်း၌လည်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသေး၏။

**ဓမ္မေသက . . .**

- ငါတို့ကိုယ်တိုင် မျက်မြင်နားသွင်း ဤသတင်းကို သင်ရှုကြည့်ခြင်းဖြင့်လည်း ရဟန်းမှ ပါရမီဖြည့်နိုင်သလား။ ရဟန်းသာ ဓုတင်ဆောင်နိုင်သလား အမေး။ သင်ပဲတွေးကြည့်ပေရော့။ သို့ကြောင့် -

- ဤပါရမီဖြစ်စကား သင့်သို့ ထုတ်ဆောက်ပါးရာ၌ -

- သာသနာတော်ကို ရဟန်းကစောင့်၏။ ရဟန်းကိုကား သိက္ခာများကစောင့်၏အတိုင်း သာသနာထိန်းရဟန်းကို အဓိကထား၍ ဤ၌ ဖွင့်ဆိုသည်မှတ်လေ။

- ဘုရင်ကြီး နောက်ပါ အခြံအရံတို့ဖြင့် တိုင်းခန်းလှည့်လာရာ၌ ဘုရင်ကြီးကြွလာပြီပြောလိုက်လျှင် အားလုံးပါသည်သို့ သင်မှတ်ရမည်။

**ဓမ္မေသက . . .**

- ပါရမီသည် နိမ့်ကျသွားသော စိတ်ကို မြှင့်တင်ပေးရာ ဖြစ်၏။

- အယုတ်ကြောင့် ဆုတ်၍ မြုပ်သွားသောဘဝကို ကယ်ဆယ်ရာလည်း ဖြစ်၏။

- အလွှင့်ကြောင့် အဆင့်မမီဖြစ်နေသောလူကျင့်ကို မြှင့်တင်ပေးရာလည်း ဖြစ်၏။

- သို့ကြောင့် -

- ရှင်ဖြစ်စေ၊ လူဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ကိုယ့်အကြောင်းကိုယ်သိ၍ ကိုယ့်အရှိ ကိုယ်တည့်ပေးလိုသူတိုင်း -

- ပါရမီဆယ်ချက် ဓမ္မနှင့်တွဲဖက်၍ ပွဲထွက်သင့်ကြသည်သာ။

- ပါရမီဆယ်ချက် ဓုတနှင့် တွဲပြင်၍ ပွဲဝင်သင့်ကြသည်သာ။

**သုတသာသနာနှင့် ပါရမီဖြစ်စကား**

- ဘုရားရှင်၏ အဆုံးအမတော်ဖြစ်သော သိက္ခာသုံးဆင့် အမြတ်မှနေအမြင့်သို့ လမ်းဖွင့်ရာ၌ -

- အရှင်မြတ်အာနန္ဒာသည် ဘုရားရှင် ဟောကြားခဲ့သမျှ သိက္ခာနှင့်စပ်သော သိမှတ်ဖွယ်ရာများကို တစ်လုံးတစ်ပါးဒမျှ မကျန် နာခံမှတ်သားခွင့်ရခဲ့ပါ၏။

- သို့ကြောင့် -

- သံဃာယနာ တင်သွင်းစဉ် အရှင်မဟာကဿပသို့ လျှောက်ရာ၌ ဧဝံ မေ သုတံ အစချီကာ -

- ဘုရားတပည့် ဤသို့ မှတ်သားခဲ့ရပါ၏ ဟူ၍ အစပျိုးခဲ့ချေရာ -

- ယင်းကား သုတခေတ်ကို ရည်ညွှန်းခဲ့ချေပြီ။ တစ်ဖန် -

- ဘုရားဟောထား ထိုထိုသိက္ခာနှင့်စပ်သော စကားရပ်များအပေါ် မိမိဉာဏ်ဖြင့် လေ့လာစူးစမ်းရာမှ သဘာဝအမှန်ကို လေ့ကျက်မိလေသောအခါ (ဧဝံမေ) ဥပက္ခိတံ တပည့်တော် ဤသို့လည်း သဘောပေါက်ခဲ့ပါ၏ ဟူ၍ အလယ်ထား စကားဆိုပြန်ခဲ့ရာ ယင်းကား -

- စိန္တခေတ်ကို ရည်ညွှန်းခဲ့ချေပြီ။ နောက်တစ်ဖန် -

- ထိုကြားသိ ဆင်ခြင်သိများကို အခြေခံထားလျက်က မိမိခန္ဓာတွင်းသိဖို့ သတိရှေ့သွားပြု စိတ်ဝီရိယ ကြောင့်ကြစိုက်မှုက နောက်တွန်းတွန်း အသိကနောက်ယောင်ခံအမြင်တို့ဖြင့် အသိပေးစေသော သိက္ခာကျင့်စဉ်များ ကျင့်ပွားလိုက်သောအခါ -

- (ဧဝံမေ) ဥပဓာရိတံ - တပည့်တော် ဤသို့လျှင် အရဆောင်ခဲ့ပြီးပါပြီ ဟူ၍ အဆုံးပိတ်စကားဆိုပြန်ခဲ့ရာ ယင်းကား -

- ဘာဝနာခေတ်ကို ရည်ညွှန်းခဲ့ချေပြီ။

- ဤ၌ ဆိုလိုသည်မှာ သိက္ခာသုံးဆင့်တို့ဖြင့် အမြတ်မှအမြင့်သို့ ပင့်တက်တက်ရာတွင် သုတခေတ် အရေးကြီးကြောင်း ဖော်ပြလိုခြင်းပင်။

- သုတခေတ်ကို မိတ်ကောင်းကကိုင်ထားသည်။

- မိတ်ဆွေကောင်းကား မိတ်ဖက်သို့လည်း ဆက်လက်ကိုင်ထားသည်။

- ထိုမိတ်ကောင်းကပင် ဤမိတ်ဖက်အား သုတဖြင့် ရှေ့သို့ လမ်းပြပေးနေသည်။

- သို့ကြောင့် သုတသည် မရှိမဖြစ် မသိမဖြစ်သော သိုက်ဖွင့်သော့တည်း။

- တစ်ဖန် ထိုသုတသာသနာနှင့် ဤပါရမီဖြစ်စကားသည်လည်း -

- သိက္ခာစဉ် တက်ရာ၌ ပါရမီသည် မပါမဖြစ်ချေ။

- ပါရမီစဉ်တက်ရာ၌ ဤစာစဉ်သည်လည်း မပါမဖြစ်ချေ။

- သိက္ခာလက်နက်ဖြင့် တဏှာကိုဖျက် - ပညာပါရမီဘက် အတက်ပြထားခြင်း။

- သဒ္ဓါလက်နက်ဖြင့် တဏှာကိုဖျက် ပညာပါရမီဘက် အထွက်ပြထားခြင်း။

ဤခြင်းနှစ်ခုစလုံး ဤစာစဉ်၌ပင် စုရုံးပါရှိနေခြင်းကြောင့်တည်း။

- ထိုသို့ သိက္ခာ သဒ္ဓါ ဤနှစ်ဖြာတို့ဖြင့် တဏှာကိုဖျက် ပါရမီတက်ရာ၌ ဤအစဉ်၌ ပြသထားသည့်အတိုင်း -

- ဒါနကစ၍ တက်ပါ။ ဒါနပြီးမှ သီလတို့ ဆက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

- ထိုသို့ကား အတိအကျ ညွှန်းဆိုရန် မလွယ်ပါချေ။ မိမိတို့အတွင်းခံ သန်ရာလိုက်၍ -

- အချို့ ပညာကို အလျင်တွေ့ပြီးမှ သဒ္ဒါပွင့်လာကာ ဒါန စသည် အဆင့်သို့ တက်သည်လည်း ရှိကောင်းရှိမည်။

- အချို့လည်း ပညာရှိသူတော်ကောင်းတို့စကား နာခံမှတ်သားရင်းကပင် ဒါနက စတင်ကာ အတားအမျိုးမျိုး ချိုး ရှေ့တိုးရသည်လည်း ရှိကောင်းရှိမည်။

- အချို့လည်း သူတစ်ဖက်တို့အပေါ် ကိုယ်ချင်းစာ တန်းတူထားစိတ်ဝင်ခဲ့မိရာမှ ဒါနသို့ပြောင်း သီလဖောင်းပေးကာ အတားလွှင့် အဆင့်တက်ရသူလည်း ရှိကောင်းရှိမည်။ သို့ကြောင့် -

အို - သူတော်ကောင်း -

ကြပ်တည်းမြေ အညာဒေသ၏ လွင်တီးခေါင်ဝယ် ပေါက်ရောက်ကြီးပွားနေသော လူ့ဆယ်ဖက်စာ ရှားပင်ကြီးမှ ရေသောက်မြစ်နှင့် မြစ်ဆုံအားလုံးကို -

- ပထမ တူးရွင်းငန်းပြားဖြင့် တူး၍ ချွတ်နုတ်ပါ။

- ဒုတိယကျမှ ပေါက်ပြားသုံးပါ။ သည့်နောက်သည့်နောက် များကျလေမှ ရဲတင်း ပေါက်ဆိန် ပေါက်တူး စသည့် လက်နက်များကို ထုတ်သုံးပါ ဟူ၍ အစဉ်လိုက် အတန်းလိုက် ညွှန်ကြား၍ မဖြစ်နိုင်ပါ။ ဘာ့ကြောင့်ဆိုသော် -

- ပေါက်ရာ မြေအခြေအနေက တစ်ပင်နှင့်တစ်ပင် တူညီကြမည် မဟုတ်ခြင်းကြောင့်ပါ။

-ပေါက်ရောက်ပုံ အပင်ကလည်း တစ်ပင်နှင့်တစ်ပင် တူညီကြမည်မဟုတ်ခြင်းကြောင့်ပါ။

- ပေါက်ရောက်နေပုံ အမြစ်ကလည်း တစ်ပင်နှင့် တစ်ပင် တူညီကြမည် မဟုတ်ခြင်းကြောင့်ပါ။

- သို့ဖြစ်ရာ ဆယ်ဖက်စာသော မြစ်ငုတ်နုတ်ချွတ်သူသည် သူကျွမ်းကျင်သောလက်နက်ဖြင့် သူ့ရှေ့တွေ့နေသော ပင်မြစ်ငုတ်၏အခြေအနေသို့လိုက်ကာ -

ကျွတ်မှုသာ လိုရင်း ဟူသော စိတ်ကူးဖြင့် -

- လက်ဝယ်ရှိ လက်နက် ကျစ်ကျစ်ပါပါဆုပ် တစ်နေရာ တစ်ကြောင်းတန်းအတိုင်း တွင်တွင်ဖြောင့်ဖြောင့် ခုတ်နေပိုင်းနေပါသည်။

ထိုအခါ -

- ကြာကောင်း ကြာမည်။ သို့သော် ကျွတ်ဖို့ကားသေချာပါသည်ပမာ-

- ဤဥ်လည်း ပါရမီစဉ်ဆက်မည်သို့တက်ရပါမည်နည်း မေးလာသော် သင်အားသန်သောနေရာမှစ၍ စတင်တက်ပါ ဟူ၍ပင် ဖြေကြားရပါတော့မည်။

- ဤနည်းဖြင့် သင်နှင့်ယှဉ်တက်နေကြသည့် သူတော်ကောင်းအစားစား အကျွတ်အလွတ်ဖြစ်လိုသူများလည်း ရရာလှေ့တက်နှင့် လှေ့တက်နေကြလေပြီ။

- ဤနည်းဖြင့်ပင် ပါရမီမျိုးဆက်လက်ကမ်းယူလျက် တက်လိုကြသည့် နောက်နှောင်းဖွား ဘုရားသားတော်၊ သမီးတော်များလည်း ဤမှာဘက်ကမ်းမှ ဟိုမှာကမ်းဘက်သို့ တန်းတက်နိုင်ကြရန် ပြင်ဆင်နေခဲ့ကြလတ္တံ့။ သို့ကြောင့် -

- အို သူတော်ကောင်း -

- သင့်အား ငါတို့ တိုက်တွန်းလိုသည်မှာ -

- သင်သည်လည်း သင့်၌ရှိသော အခံဓာတ်- သင်တွေ့နေရသောအတိုက်ဓာတ်များနှင့်လိုက်ဖက်သောလက်နက်ဖြင့်ပင် ဒါန အစရှိသည့် ထိုးဝါးထောက်တံများဖြင့် တိုင်း၍တိုင်း၍ -

- ဖြစ်-ပျက် တည်းဟူသော ဘဝရေစီးကြောင်းပေါ်မှာ -

- သင့်အကြည်ခံနှင့် သူ့အာရုံဆိုသော ကမ်းနှစ်ဖက်တို့အကြားမှာ -

- သင့်၌ရှိ စိတ်နှင့် စေတသိက်ဆိုသော လှေဝမ်းဗိုက်ထဲကစွဲများ -

- ထိုအစွဲများကို တူရာတူရာထဲတွဲ၍ခွဲလိုက်သောအခါ -

- ကြိုက်ခြင်း - အလိုလိုက်ခြင်း- သိမ်းပိုက်ခြင်း - ဘာဖြစ်ဖြစ်နှင့် အညစ်မိ မသိခြင်း။

- ဤလေးမျိုးတို့သာ အထက်မှအောက် တစ်ဖန် အောက်မှ အောက်သို့ ယိုစီး ဆင်းပြေးနေကြပါသည်။ ယင်းယိုစီးကြောင်းကြီးများသည် -

- မြင်မိလိုက်လျှင်လည်း ကိုယ်မှဆင်း အတင်းပြေး အတွေးမှ အတွေ့ဝေ့၍ဝေ့၍လှေ့မဆုံးပြီ။

-ကြားမိလိုက်လျှင်လည်း ကိုယ်မှဆင်း အတင်းပြေး အတွေးမှ အတွေ့ဝေ့၍ဝေ့၍လှေ့မဆုံးပြီ။

- သည့်အတူ အနံ့ - အရသာ စသည်များမှလည်း ကိုယ်မှဆင်း အာရုံတွင်း အတင်းပြေး၍ပြေး၍ အတွေးမှ အတွေ့၊ အတွေ့မှ အတွေး အတွေးလိုက်အုပ်လိုက် စီးဆင်းနေခြင်းများကလည်း မည်သည့်အချိန် - မည်သည့်ဘဝ

- မည်သည့်ဘုံဌာနရောက်ရောက် တစ်ထောက်ကလေးမျှပင် နားခွင့်မရကြပြီ။ ယင်းကို -

- အင်း - သည်နေရာမှာတော့ နက်ယောင်ထင်ရ တိမ်ယောင်ပြနေပါပကော။

- အင်း - သည်နေရာမှာတော့ နက်ယောင်မပြ ရေအနယ်ကျနေပါပကော။

- ဤသို့ဤနှယ် ဉာဏ်ဖြင့် ခြယ်၍ ကူးပါလေတော့ ကူးလေတော့။

- ဒါနာဒိ ကေနိပါတေန မိနာမိနာ သိခါ ပတ္တိ။

- ယေယေ ပါရံဘဝေသန္တေ သဗ္ဗသော တိဏ္ဏာ နိဗ္ဗာယိ၊

တွမ္ပိဘော တရ တထေဝ - ဘဝဘဝေန ယဏ္ဏာဝံ။

- ယေယေ - အကြင် အကြင်သူတို့သည် -

- ဒါနာဒိ ကေနိပါတေန - ဒါနအစထားသော ထိုးဝါးထောက်တံကြီးများဖြင့်၊ မိနာမိနာ - တိုင်း၍တိုင်း၍၊ ပါရံ - ကမ်းတစ်ဖက်သို့ ရောက်သွားကြလေပြီ။

- တေတေ - ထိုထိုသူတို့သည်၊ သဗ္ဗသော - ဘယ်အခါမဆို၊ တိဏ္ဏာ - ကူးခပ်ရန်ကိစ္စမှ၊ နိဗ္ဗာယိ - အငြိမ်းစားရသွားကြလေပြီ။

- ဘော - အိုသူတော်ကောင်း၊ တွမ္ပိ - သင်လည်းပဲ -

တထေဝ-ရှေ့ရှေ့ကသွား ထိုထိုကမ်းကူးသမားများနည်းတူ -

- ယဏ္ဏာဝံ (ယံ အဏ္ဏဝံ) - ဤယိုစီးကြောင်းကြီးလေးကြောင်းကို၊ ဘဝဘဝေန - ဘဝအပေါ်ဘဝထပ် ဘဝချင်းအဆက်မပြတ်ဖြင့်၊ တရ - ကူးပါလေတော့။ ။

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်နေ့
အသက်(၆၅)နှစ်မြောက်မွေးနေ့
အကျွတ်အလွတ်ဗုဒ္ဓဝိဟာရ
မဟာမြိုင်

*(မှတ်ချက်။ ။ ကျမ်းများ ပုံကြမ်းရိုက်ရာ၌ ဤကျမ်းက (၃၂) မနုကပ္ပကထာက (၃၃) ဖြစ်ပြီး စတင်ရေးရာ၌ မနုကပ္ပကို စတင်ရေးသဖြင့် နေ့စွဲများစောနေသည်။)* *ပြီးပါပြီ။*

မဟာဗောဓိမြိုင်ဆရာတော်
(ဝနဝါသီဥဒေယျမွေသာမိဂေါ်ပါလ်)



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော
# ရှေးဟောင်းမတ်တစ်ထောင်စေတီ

မကွေးလှမြင့်


မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရှားဖောင်းကန်ကျေးရွာ၏ ရွာဦးထပ် (၃) ဖာလုံခန့်အကွာတွင် တောင်ကုန်းတစ်ခုပေါ်၌ ရှေးဟောင်းစေတီတစ်ဆူအား ဖူးတွေ့ရပါသည်။ စေတီ၏ဘွဲ့တော်ကို မတ်တစ်ထောင်စေတီဟု ဒေသအတွင်းရှိ ရဟန်းရှင်လူအများက ခေါ်ဝေါ်ကြသည်။

ဘုရားသမိုင်းအကျဉ်းမှာ ၁၂၄၄ ခုနှစ်တွင် ရှားဖောင်းကန်ကျေးရွာ ဥတ္တရာရုံကျောင်းဆရာတော် ဦးသောမသည် ဒါယကာ၊ ဒါယိကာမအပေါင်း လှူဒါန်းမှုအစုစုမှရရှိသော 'မတ်စေ့' ပေါင်းတစ်ထောင်ဖြင့် တည်ထားခဲ့သော စေတီဖြစ်ခြင်းကြောင့် 'မတ်တစ်ထောင်စေတီ' ဟု အမည်တွင်ခဲ့ကြောင်း ယခုကျောင်းထိုင်ဆရာတော်ကြီး ဦးသြဘာသက အမိန့်ရှိပါသည်။


မတ်တစ်ထောင်စေတီ တည်ထားသောမြေနေရာအား ရှားဖောင်းကန်ရွာမှ မြေပိုင်ရှင် ဦးသာလှိုင်၊ ဒေါ်မွန်းမေတို့ လှူဒါန်းပြီး သွပ်မိုးပျဉ်ထောင်တစ်ထပ်ကျောင်းဆောင်တစ်ခုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ မတ်တစ်ထောင်စေတီတော်တည်ထားပြီး တစ်နှစ်အကြာ မြန်မာနှစ် ၁၂၄၅ ခုနှစ်တွင် ရှားဖောင်းကန်ကျေးရွာမှ ဖိုးသာမောင်၊ မယ်ဇံငြိမ်းတို့က စေတီတည်ရှိရာ တောင်ကုန်းမြောက်ဘက်တွင် (T) တီပုံသဏ္ဌာန်လိုဏ်ဂူကြီးတစ်ခု တူးဖော်ကြသည်။ ဝင်ပေါက်မှ အတွင်းသို့ (၃၆) ပေ၊ အရှေ့မှ အနောက် (၁၆)ပေ၊ တောင်မှမြောက်သို့ (၂၀) ပေ ကိုးနဝင်းကျေလိုဏ်ဂူကြီး ဖြစ်သည်။ ဆရာတော် ဦးသောမသည် ထိုလိုဏ်ဂူအတွင်း၌ ဝိပဿနာတရားအား ထုတ်ခဲ့သည်။ လိုဏ်ဂူကြီးအပေါ်တွင် မတ်တစ်ထောင်ကြီးနှင့် ပုံတူစေတီငယ်တစ်ဆူတည်ခဲ့၍ တဖြည်းဖြည်း ယိုယွင်းပျက်စီးလာခဲ့သည်။ ဆရာတော်ကြီး ဦးသောမသည်လည်း မြန်မာ့နှစ် ၁၃၀၇ ခုနှစ်တွင် သက်ကြီးရောဂါဖြင့် ပျံလွန်တော်မူသွားခဲ့သည်။

ထို့နောက် ဆရာတော်ဦးသောမ၏ တပည့် ဆရာတော်ဦးကေတုသည် ဥတ္တရာကျောင်းတိုက်တွင် ဆက်လက်သီတင်းသုံးနေထိုင်ခဲ့ရာ ရှေးဆရာတော်ကြီး၏ဆန္ဒအတိုင်း ကျောင်း၊ကန်၊ဘုရားများကို ထိန်းသိမ်းစောင့်ရှောက်ရင်း ၁၃၃၉ ခုနှစ်တွင် ကျေးရွာသူကြီးဦးရာစိုးလက်ထက်တွင် ဝါတွင်းကာလ အဖိတ်နေ့တိုင်း ဆွမ်းဆန်များ အလှူခံ၍ မတ်တစ်ထောင်စေတီအား ဆွမ်းတော်ကြီးတင်ခြင်း မှန်သက်န်းများ ကပ်လှူပြီး ကျောက်ထီးတော် တင်လှူခြင်းများကို



ရှေးဟောင်းမတ်တစ်ထောင်စေတီ





ဂူပေါ်တွင် တည်ထားသော မတ်တစ်ထောင်စေတီ၏ ပုံ

ဆောင်ရွက်ခဲ့သည်။ ၁၃၆၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်တွင် ဆရာတော်ကြီးဦးကေတု သက်ကြီးရောဂါဖြင့်ပျံလွန်တော်မူခဲ့သည်။

ထို့နောက် တဖြည်းဖြည်း မတ်တစ်ထောင်စေတီ၏ မှန်သက်န်းများ ကွာကျပျက်စီး မည်းညစ်လာသဖြင့် ရှားဇောင်းကန်ကျေးရွာနာယကဆရာတော်ကြီးများ ဖြစ်ကြသည့် ဦးသြဘာသ၊ ဦးတိက္ခဉာဏ၊ ဦးပဏ္ဍဝ၊ ဦးဓမ္မသာမိနှင့် ရှင်ဝေပုလ္လတို့က ဦးစီး၍ ရွှေထီးတော်တင်လှူခြင်း၊ ရွှေသက်န်းကပ်လှူခြင်း၊ ရင်ပြင်တော်အား ပေ (၆၀)၊ ပတ်လည် ရင်ပြင်တော် တိုးချဲ့မွမ်းမံပြင်ဆင်ခြင်း၊ လောကနန္ဒာရေကန်တော် တူးဖော်ခြင်း၊ ပထမဆရာတော်ကြီး ဦးသောမ၏အရိုးစေတီအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

မတ်တစ်ထောင်စေတီ၏ ဘက်စုံမွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများကို ၁၃၇၂ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်မှ စတင်ခဲ့ရာ ၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။ ရွှေထီးတော်အား ရှားဇောင်းကန်ကျေးရွာအုပ်စုအတွင်း လှည့်လည်ပူဇော်ကြပြီး တော်သလင်းလပြည့်ကျော် ၁၁ ရက်တွင် မတ်တစ်ထောင်စေတီကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ ကျင်းပခဲ့ပါသည်။

ထူးခြားမှုတစ်ခုမှာ ၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် နံနက် (၅)နာရီ ပဋ္ဌာန်းသိမ်းပြီး ဗုဒ္ဓါဘိသေကအနေကဇာတင်၊ အနုမောဒနာတရားများ နာယူနေစဉ် ဓာတ်ပုံဆရာတစ်ဦးက မတ်တစ်ထောင်စေတီကြီးအား ဓာတ်ပုံရိုက်ယူခဲ့ရာ ပထမဓာတ်ပုံမှာ စေတီကြီး၏ နဂိုမူလရှိရင်းစွဲပုံတော်အတိုင်း ဖူးမြော်ရပြီး ဒုတိယပုံတော်တွင် ငွေဒင်္ဂါးများ ကောင်းကင်မှ ကျလာပုံကို တွေ့ရသဖြင့် ရပ်နီး၊ရပ်ဝေးအလှူရှင်များ ဧည့်ပရိသတ်များ ရင်သပ်ရှုမော အံ့သြခဲ့ကြရပါသည်။ ထိုပုံတော်အား ကူးယူ၍ ပူဇော်ထားကြောင်းထပ်မံသိရှိရပါသည်။

ရပ်ဝေး၊ ရပ်နီး ဗုဒ္ဓဘာသာဝင်များအနေဖြင့် ရှေးဟောင်း မတ်တစ်ထောင်စေတီကြီး ဖူးမြော် ကြည်ညိုကြပါလျှင် မကွေး-တောင်တွင်းကြီး ကားလမ်းအတိုင်း မိုင် (၂၀) ခန့်တွင် အနောက်သို့ ချိုးကွေ့သွားသော မြင်ကွန်းကားလမ်းခွဲကို တွေ့ရမည် ဖြစ်ပါသည်။ မြင်ကွန်းကားလမ်းခွဲအတိုင်း (၂) မိုင်ခန့်အကွာတွင် ရှားဇောင်းကန်ကျေးရွာသို့ ရောက်ရှိမည်ဖြစ်ပြီး ရွာဦးထိပ်တောင်ကုန်းပေါ်တွင် ရှေးဟောင်း မတ်တစ်ထောင်စေတီကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိနိုင်ကြောင်း အသိပေးလိုက်ရပါသည်။

မကွေးလှမြင့်



www.burmeseclassic.com

www.burmeseclassic.com

ဘိုးတော်အောင်မင်းခေါင် တစ်ကျော့ပြန် ကန်တော့ခံ ပွဲတော်အကြီးသို့
ပန်းကန်ပြားပျံစီး၍ကြွလာသလော၊ ခမောက်ပျံဆောင်း၍လာသလော၊

# ပုပ္ပားတောင်နှင့် ပန်းကန်ပြားပျံ

ကံဝင်း


လွန်ခဲ့သောနှစ်ပေါင်း(၃၀)ကျော်ခန့်က ရွှေစက်တော်ဘုရားပွဲမှအပြန်မင်းဘူး မယ်ဘော့ကုန်းရှိ အောင်တော်မူဓာတ်တော်ကျောင်း မဟိဒ္ဓိဆရာတော်ဂုဏ်ဂိုလ်ကျော်များထံ သွားရောက် ဖူးမြော်ကန်တော့ရန် ဝင်ရောက်ခဲ့၏။ သို့သော်တစ်ပါးမှ မဖူးရ၍ စိတ်ပျက်စွာပြန်မည်ကြံစဉ် -

"အောင်မြင့်တို့၊ လှမြင့်တို့ မပြန်နှင့်ဦး။ တို့လာပြီ"

ဆိုပြီး ကျောင်းဆောင်ကြီးအပေါ်ကောင်းကင်သတ်တွေရှေ့မှာ ဘွားခနဲထူးဆန်းစွာပေါ်လာတဲ့ ထူးခြားသော ဖြစ်ရပ်။

အဘိုးထွန်းအောင်က ကျောင်းအပေါ်ထပ်ပြတင်းပေါက်က ဝင်ရောက်၍ ဘိုးတော်ဦးကောဝိဒနှင့် ဆရာတော်နှစ်ပါးက ကြမ်းပြင်နှင့် တစ်တောင်အကွာမှာ ကြွလာတာ ဝမ်းမြောက်စွာဖူးတွေ့လိုက်ရ၏။

ပန်းကန်ပြားပျံ အနီးကပ်မြင်ရပုံ







www.burmeseclassic.com

www.burmeseclassic.com

မယ်ဘော့ကုန်းကနေ လမ်းဘုရားဝင်ဖူးရင်း ပြည်သို့ခရီးဆက်ကြတော့ လမ်းမှာကားပျက်လို့ စိတ်ညစ်နေကြစဉ် အနီးပါးသို့ ကားတစ်စီးဆိုက်ကပ်လာ၏၊ ကားပေါ်မှာ ဆရာတော်ကြီးတစ်ပါးက -

"အောင်မြင့်၊ လှမြင့်တို့ - ကားမောင်းပြီး တော့ာင်းလိုက်ခဲ့"

ဆို၍ အံ့ဩစွာ ကားပေါ်တက်စက်နှိုးလိုက်တာ ကားက ချက်ချင်း ကောင်းသွားပြီး ဆရာတော်ကြီးစီးသွား၊ ကားနောက်က ထက်ကြပ်မကွာလိုက်မောင်းလိုက်တာ ကျောင်းဝင်းထဲရောက်မှ သိရ၏၊ ကမ္ဘာ့ရွှေရင်အေးရွှေဗျိုင်းနားဆရာတော်ကြီး၊


ထို့ပြင် ထူးဆန်းသော အိပ်မက်မက်ပြီး ဈေးဆိုင်တံခါးတွေအဖွင့်မှာ ဆာဒူးဘိုးတော်ကြီးက အဝတ်ဖြူနဲ့ထုပ်ထားတဲ့ အထုပ်တစ်ထုပ် ဆိုင်စားပွဲပေါ်သို့လာပို့ပြီးတော့ ဆာဒူးဘိုးတော်ကြီး မျက်စိရှေ့မှာပင် ပျောက်ခြင်းမလှပျောက်သွား၏။ ဆာဒူးဘိုးတော်ကြီးထားခဲ့သော အထုပ်ကို ဖွင့်ကြည့်လိုက်သောအခါ ရုပ်ပွားတော်နှစ်ဆူဖြစ်၍နေ၏။ ထိုရုပ်ပွားတော်နှစ်ဆူ ဆာဒူးဘိုးတော်ကြီး ပင့်ဆောင်လာသောအချိန်မှစ၍ စီးပွားတက်လာသူ ညီအစ်ကိုနှစ်ဦးက လားရှိုးမြို့မဈေးကြီးအတွင်းက စန္ဒာရတနာရောင်းဝယ်ရေး ရွှေဆိုင်ပိုင်ရှင် ဦးအောင်မြင့်နှင့် ညီဖြစ်သူ ဦးမြတ်လှမြင့်တို့ ဖြစ်ကြ၏။


ဆာဒူးဘိုးတော်ကြီး ပင့်ဆောင်လာသော ရုပ်ပွားတော်မြတ်များအကြောင်းကို ၂၀၁၂ ခု၊ မေလထုတ် သူရဇ္ဇမဂ္ဂဇင်းမှာ စာရေးသူ ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

စာရေးသူ နိဒါန်းအဖွင့်မှာ တင်ပြခဲ့သလို ဘဝမှာ ထူးထူးခြားခြား ကြုံတွေ့ခဲ့ကြသော ဦးအောင်မြင့်နှင့် ညီဖြစ်သူ ဦးမြတ်လှမြင့်တို့ ယခုလည်း ပုပ္ပားမှာ ထူးထူးဆန်းဆန်း ဖြစ်ရပ်ဆန်းတွေ့ကြပြန်၏။

၂၁-၉-၂၀၁၃ နေ့မှာ စာရေးသူထံ ဖုန်းဆက်ကြ၏။ (၆၁) နှစ်မြောက် အဘထွက်ပွဲကန်တော့ကြဖို့ ပုပ္ပားတောင်သို့ ရောက်နေကြကြောင်းနှင့် ပုပ္ပားတောင်မှာ အဘထွက်ပွဲမတိုင်မီ ကောင်းကင်ယံမှာ ပန်းကန်ပြားပျံ တွေ့လိုက်ရသောသတင်း ဖြစ်လေ၏။ တွေ့မြင်ရသူများက -

"မြန်မာပြည် မိုးများလွန်းတာမို့





www.burmeseclassic.com

www.burmeseclassic.com

ခမောက်ပုံ အဘဆောင်းပြီး အဘ ထွက်ပွဲကြွလာတာ"


ဟု ပြောသူက ပြော၏။

တချို့က မြန်မာပြည်မှာ အထူး စည်ကား ပုပ္ပားအဘထွက်ပွဲကို ဂြိုဟ်သားတွေ လာလေ့လာတယ်လို့ ဆိုသူဆို၊ ထူးထူးခြားခြား မီးတောင်အဟောင်း ကြီးပေါ်မှာ တန်ခိုးတော်အနန္တနှင့် အထင်ကရ ဘုရားစေတီတွေ UFO ပန်းကန်ပြားပျံက ဓာတ်ပုံလာရိုက်သည့် ပုံမျိုး မြင်ရသူများ၏ အယူအဆများကို ဦးအောင်မြင့်တို့၊ ဦးမြတ်လှမြင့်တို့ ကြား နေရ၏။

ထိုပန်းကန်ပြားပျံကို တွေ့ရစဉ်က အဘထွက်ပွဲကျင်းပဖို့ ရက်အတန်ငယ် လိုနေသေးသော်လည်း မြန်မာပြည်အနှံ့ အပြားရှိ အဘသားသမီးများ တဖွဲဖွဲကြို ရောက်လာတဲ့အချိန်၊ ကြိုရောက်လာသူ တွေတိုင်းတော့ မတွေ့လိုက်ကြ။ တွေ့ လိုက်ရသူများက ဘိုးတော်ဘုရားကြီး ခမောက်ဆောင်းပြီး ဆင်းလာသလိုလို တအံ့တသြပြောကြပြန်၏။အမှတ်မထင် ဖြစ်ပေါ်လာသော ပုပ္ပားတောင် ကျောင်း ဝင်းကံမှ ပန်းကန်ပြားပျံကို ကင်မရာဖြင့် မှတ်တမ်းတင်နိုင်သူက အလွန်ရှားလေ ၏။ တောင်ကလပ်ကျောင်းဝင်းကံမှာ အချိန်ကြာမြင့်စွာ ပေါ်နေသည်ဆိုလျှင် တော့ ကင်မရာယူချိန်၊ရှာချိန်မရတောင် သူတိုင်းနီးပါး (၁၀)ယောက် (၁)ယောက် လောက်ဖုန်းဖြင့် မှတ်တမ်းတင်ကြမှာ အမှန် ပါ။

ပုပ္ပားဈေးတန်းသတင်းက ပုပ္ပား ရွှေမန်ကျည်းတော ဦးမေဓာဝီကျောင်း ဆရာတော်၏ ဒါယိကာမကြီးသားအမိ ဖုန်းနှင့်ရိုက်ထားနိုင်လိုက်ကြသည် ဆိုသောသတင်းကို လားရှိုးက ရောက် လာတဲ့ဦးမြတ်လှမြင့်တစ်ယောက် သတင်း အစလိုက်၏။ သို့ဖြင့် ဘိုးတော်ဘုရား ကြီး၏ ဘပည့်ဖြစ်သည့် ရွှေမန်ကျည်း တော ဆရာတော် ဦးမေဓာဝီ ကျောင်း သို့ ဆရာတော်အား ကန်တော့ရင်း ပန်းကန်ပြားပျံသတင်းမေးရင်း ကျောင်း သို့ ရောက်တော့ ဆိုက်ဆိုက်မြိုက်မြိုက် ပင် ဘုရားဒါယိကာမကြီး၊ ရဟန်းအမကြီး (နာမည်ဖော်ပြခွင့် မရပါ) ဒေါ်(---)၊ မောင်(---)တို့နှင့် တွေ့ဆုံမေးမြန်းခွင့်ရ ခဲ့၏။

ထိုလူငယ်မှ ရှင်းပြသည်မှာ မန်ကျည်းတောကျောင်းဝိုင်းအတွင်း ကျောင်းပြုပြင်နေရာမှ တောင်ကလပ် ရှင်းရိုက်ကူးရင်း အမှတ်မထင် UFO




ပန်းကန်ပြားပျံလိုလို၊ ခမောက်ပုံလိုလို တွေ့မြင်လိုက်ရလို့ရိုက်ကူးထားကြောင်း၊ အဲဒီနေ့က ၁၈-၈-၂၀၁၃ နေ့ နံနက်ပိုင်း ဖြစ်ကြောင်း၊ ဆရာတော် ဦးမေဓာဝီ၏ ရဟန်းအမကြီးနှင့် တပည့်ဒါယကာ လူငယ်လေးမှရှင်းလင်းပြောပြရင်း ပန်းကန် ပြားပျံလိုလို၊ ခမောက်ပုံသဏ္ဍာန်လိုလိုကို ဦးအောင်မြင့်နှင့် ဦးမြတ်လှမြင့်က သူ့ ဟန်းဖုန်းဖြင့် ကူးယူနိုင်ခဲ့၏။ စာရေးသူ နှင့် လွန်စွာပင် ခင်မင်ကြသည့်အတွက် ဦးအောင်မြင့်နှင့် ဦးမြတ်လှမြင့်တို့သည် အစားကောင်းစားရသည့်အခါ မိတ်ဆွေ ကောင်းကို သတိရသကဲ့သို့ သတင်းထား ရလာသောအခါ စာရေးသူထံသို့ သတင်း အချက်အလက်များနှင့်အတူ ဓာတ်ပုံ မှတ်တမ်းများ ပေးပို့ခဲ့ကြ၏။

မဟိဒ္ဓိဆရာတော်၊ မဟိဒ္ဓိပုဂ္ဂိုလ် ကျော် ဝိဇ္ဇာမိုရ်ကြီးများနှင့် ပဋ္ဌာန်းဆက် ရှိခဲ့ကြ၍ ထူးခြားစွာ ဘဝရပ်တည်နေ ကြသော ညီနောင်နှစ်ဦးတို့၏ ပုပ္ပားမှာ အမှတ်တရ ကြုံတွေ့ခဲ့ရသည့် ပန်းကန် ပြားပျံသတင်းစကားကို (၆၁)နှစ်မြောက် အဘ ဘိုးတော် အောင်မင်းခေါင်၏ တစ်ကျော့ပြန် ကန်တော့ခံ အဘထွက်ပွဲ အောင်ပွဲ အထိမ်းအမှတ်အနေဖြင့် မှတ် တမ်းတင် ရေးသားလိုက်ပါသည်။

ယခုနှစ် အဘထွက်ပွဲမှာ အဘ မိန့်ကြား စကားတစ်ခွန်းကတော့ -

"မြန်မာတွေ မပူနဲ့။ ကူမယ့်သူ လာမယ်"

ဟု ဆိုပါသည်။


*စာကြွင်း ။ ။ ထိုပန်းကန်ပြားပျံ သတင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ကမ္ဘာလုံးစေတီလုံးပတ်ပေါ်၌ ထွန်းပေါ် အဘဘိုးမင်းခေါင်ပုံများနှင့်ပတ်သက်၍ မရှင်းမလင်းသည်များ မေးမြန်းစုံစမ်း လိုပါက ဦးမြတ်လှမြင့်(၀၉-၅၂၃၁၇၃၁)၊ အစ်ကိုဦးအောင်မြင့် (စန္ဒာရတနာရွှေ ဆိုင်၊ လားရှိုး၊ မြို့မဈေးကြီးအတွင်း)နှင့် ပုပ္ပားတောင်ကလပ် ရွှေမန်ကျည်းတော ကျောင်း ဘုရားဒါယိကာမကြီးတို့ထံတွင် မေးမြန်းနိုင်ပါသည်။*

မေတ္တာမှားစွာဖြင့်
ထံဝင်း



www.burmeseclassic.com

www.burmeseclassic.com



အဘ ဘိုးတော် အောင်မင်းခေါင်၏ (၆၁)နှစ်မြောက်အောင်ပွဲထွက်ပွဲကြီးကို ကျွန်ုပ်တို့မိသားစု စီးပွားရေးအခက်အခဲကြောင့် သွားနိုင်ငှင်မည် မထင်ခဲ့ပါ။ လားရှိုးမြို့မှာ ဖြစ်ပေါ်ခဲ့ပြီးသော အကြောင်းတရားများက အကြောင်းအဝယ် အေးခဲစေပါသည်။ သို့သော် နှစ်စဉ်နှစ်တိုင်း သွားနေကျ သွားနိုင်ရောက်နိုင်ပါစေဟု အဘထံ သတိတရ နေ့စဉ် ညစဉ် ဆုတောင်းခဲ့ပါသည်။

ပုပ္ပားကမ္ဘာလုံးစေတီမှာထွန်းပေါ် ထူးဆန်းသော

# အဘပုံတော်နှင့်နဂါးခုနစ်ဖော်

မင်းမြတ်သိန်း(လားရှိုး)



www.burmeseclassic.com

www.burmeseclassic.com




ဆုတောင်းပြည့်လာသည်ဟု ဆိုရပါမည်။ ပွဲတော်ရက်ကြီး နီးလာသောအခါ ကျွန်ုပ်တို့၏ စီးပွားရေးမှာ မထင်မှတ်ဘဲ အဆင်ပြေလာခဲ့ပါသည်။ ဤသို့ဖြင့် ၁၈-၉-၀၁၃ ရက် နံနက်စောစောထ၍ မိသားစုများ စုံစုံညီညီဖြင့် အိမ်မှကားနှစ်စီးဖြင့် ပုပ္ပားတောင်တော်မြတ်မဟာဆီသို့အရောက်သွားခဲ့ကြသည်။ လားရှိုးမြို့မှ ထွက်ခွာလာခဲ့ရာ ပြင်ဦးလွင်မြို့သမီးကြီး ကျောင်းတက်နေသော မြကျွန်းသာဘော်ဒါပညာရေးဝန်ဆောင်ကျောင်းသို့ ဝင်ရောက်၍ အဆောင်နေ သမီးကြီးထံသို့ လိုအပ်သောပစ္စည်းများ ဝင်ရောက်ပေးခဲ့ပါသည်။ ဆက်လက်ပြီး ကျွန်ုပ်တို့ မိသားစုသည် ပြင်ဦးလွင်မှ ပုပ္ပားတောင်တော်မြတ်သို့ ခရီးဆက်လက်ထွက်ခွာလာခဲ့ပါတော့သည်။ ပုပ္ပားနှင့် လားရှိုးခရီးမှာ နီးသလိုနှင့် အလွန်ပင် ဝေးကွာပါသည်။ လားရှိုးမှ မန္တလေးအမြန်လမ်းမကြီး၊ ထိုမှ ကျောက်ပန်းတောင်း၊ တစ်မြို့ဝင်တစ်ရွာထွက် ခရီးဆက်ခဲ့ရာ ကျွန်ုပ်တို့တည်းခိုမည့် ပုပ္ပားတောင်ကလပ် ရွှေမန်ကျည်းတောရိပ်သာသို့ ည (၈း၃၀) ခန့်တွင် ရောက်ရှိပါတော့သည်။ ခရီးက ပင်ပန်း ခပ်နွမ်းနွမ်းဖြစ်လာကြသော်လည်း အဘအောင်ပွဲဆင်ယင်နွဲမည့် ပုပ္ပားမြေမြတ်မဟာရောက်သည်နှင့် အားလုံး လန်းလန်းဆန်းဆန်းဖြစ်သွားကြ၏။

ပုပ္ပားတောင်ခြေ အဘနယ်မြေရောက်သည်နှင့် မိမိတည်းခိုမည့်နေရာမှာ ရေမိုးချိုးပြီး ဘိုးတော်ဘုရား ရှိစဉ်ကာလက ပုပ္ပားတောင်တော်မြတ်ကိုကြည့်ရှုတရားမှတ်ခဲ့ရာ နေရာဖြစ်သောကျောက်ဖျာပေါ်မှနေ၍ မြတ်စွာဘုရားရှင်ကိုဖူးမြော်ကန်တော့၍လည်းကောင်း၊ ဘိုးတော်ဘုရားကြီး၏ ရုပ်တုတော်ကိုလည်းကောင်း ရှိခိုးဖူးမြော်ကန်တော့၍ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုလိုက်၏။ ဤနေ့မှစ၍ (၃) ရက်တိတိ သက်သတ်လွတ်စား၊ တရားထိုင်၊ ဂုဏ်တော်ပုတီးစိပ်ရန် အဓိဋ္ဌာန်သစ္စာပြုပါသည်။ ၎င်းနောက် မိမိနေထိုင်ရာသို့ ပြန်လာခဲ့၏။ နောက်တစ်နေ့နံနက်စောစော ပုပ္ပားတော်တော်မြတ်ဆီသို့ တက်ရောက်၍ သာသနာ့ရေ့ဆောင် အဘဘိုးမင်းခေါင်၏ ကမ္ဘာလုံးစေတီရှေ့တွင် တရားရှုမှတ် ပုတီးစိပ်အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။

အဓိဋ္ဌာန်ဂုဏ်တော်ပုတီးစိပ်ပြီး၍ မှိတ်ထားသော မျက်စိပြန်အဖွင့် ကမ္ဘာ







www.burmeseclassic.com

www.burmeseclassic.com







လုံးစေတီတော်မှာ ပုံရိပ်များ ထူးဆန်းစွာ တွေ့လိုက်ရ၏။ အဘရဲ့မတ်တတ်ရပ် ဘေးတိုက်ရပ်နေပုံသဏ္ဌာန်မျိုး တွေ့ရ၏။ ချက်ချင်းဆိုသလို ဟန်းဖုန်းကိုဖွင့် ဓာတ်ပုံရိုက်လိုက်၏။ နံနက် ခုနစ်နာရီ နှစ်ဆယ်မိနစ်ခန့်တွင် ကျွန်ုပ်၏ ဟန်းဖုန်း ကင်မရာဖြင့် ကမ္ဘာလုံးစေတီတော်မြတ်ကို မှတ်တမ်းတင် ရိုက်ကူးခဲ့ခြင်း ဖြစ်ပါသည်။ မိမိတည်းခိုရာနေရာသို့ရောက်၍ ကင်မရာပုံကို ပြန်၍ကြည့်ရှုလိုက်ရာတွင် သာသနာ့ရှေ့ဆောင် အဘဘိုးမင်းခေါင် ဘိုးတော်ဘုရား၏မတ်တတ်ရပ်နေသော ပုံတော်နှင့် နဂါးခုနစ်ဖော်ပုံတော်ကို ထူးခြားစွာ တွေ့ရှိရပါသည်။ နောက်တစ်နေ့ တောင်ကလပ်ပေါ်သို့ သွားရောက်၍ ၎င်းအချိန်၊ ၎င်းနာရီတွင် ကြည့်ရှုရာ မတွေ့ရတော့ပါ။ ထိုသို့ တွေ့မြင်ရသည်မှာလည်း အမှတ်မထင် ထူးခြားစွာတွေ့ရခြင်းဖြစ်ပါသည်။ သာသနာ့ရှေ့ဆောင် ဘမင်းခေါင်၏ ထွက်ပွဲ ဆင်နွှဲခဲ့သည်မှာ နှစ်ပေါင်း (၆၁)နှစ်၊ (၆၁)ကြိမ်တိုင်ခဲ့ပါပြီ။ ထိုထွက်ပွဲအောင်ပွဲသို့ ကျွန်ုပ်တို့ နှစ်စဉ် ပုပ္ပားတောင် အရောက်သွား ဆင်နွှဲခဲ့သည်မှာ နှစ်ပေါင်း (၄၀)ရှိခဲ့ပါပြီ။ နှစ်စဉ်နှစ်တိုင်း ထူးခြားမှုများ ကြုံတွေ့ခဲ့ရပါသည်။ သည်နှစ်၏ ထူးခြားချက်များကို ဆရာကံဝင်း၏ အကြံပြုချက်နှင့်အတူ ပြည်သူပြည်သား အဘသားသမီးများ သဒ္ဓါတရားပွားကြပါစေမေတ္တာစေတနာတွေ နှင့် သူရဇ္ဇမဂ္ဂဇင်းမှာ တင်ပြအပ်ပါသည်။

မင်းမြတ်သိန်း(လားရှိုး)
(၀၉-၅၂၃၁၇၃၁)





www.burmeseclassic.com

www.burmeseclassic.com

# ရေနတ်နဂါး တကယ်ရှိသလား

### ရွှေချီအောင်(ပလီ)

'ရေနတ်နဂါး တကယ်ရှိသလား' ဟူသည့်မေးခွန်းနှင့် ပတ်သက်၍ စာရေးသူသည် ယနေ့ လူကြီး၊ လူငယ်အတော်များများနှင့် နေရာဒေသတိုင်းတွင် မကြာခဏ ငြင်းခုံပြောဆိုခဲ့ရဖူးသည်။ စာရေးသူက ဗုဒ္ဓဝင်ကျမ်းလာ အထောက်အထားများနှင့် သက်သေတင်ပြ ပြောဆိုဖူးသော်လည်း ယနေ့ခေတ် လူအတော်များများက လက်ခံယုံကြည်ရန် ငြင်းပယ်နေကြကြောင်း ကြုံတွေ့နေရဆဲ ဖြစ်သည်။ သို့သော် ထိုရေနတ်နဂါးတို့နှင့် ပတ်သက်၍ သက်သေခိုင်ခိုင်လုံလုံ တင်ပြနိုင်မည့်နေ့ကို စောင့်စားလျက်ရှိနေခဲ့ပါသည်။

ယခုအခါတွင်မူ ထိုရေနတ်နဂါးတို့အမှန်တကယ်ပင်ရှိနေကြောင်း သက်သေအထောက်အထားဖြင့် တင်ပြနိုင်မည့်အဖြစ်က ကြုံလာပါသည်။ အထူးသဖြင့် ရန်ကုန်မြို့ရှိ တာမွေလေး အလိုတော်ပြည့်ကျောင်းတိုက် ဆရာတော်ကြီး ဒေါက်တာအရိယဝံသ (ပြည်တွင်း-ပြည်ပသာသနာပြု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ပရိယတ္တိသာသနဟိတဓရ) Dr, of Tripitaka (India). Ph,D Philosophy (Italy) နှင့် တွေ့ဆုံမေးမြန်းလျှောက်ထားဖြစ်ပြီးမှသာ ဆရာတော်ထံမှ ပေးပို့ရရှိသည့် VCD တိပ်ခွေရရှိပြီးမှသာ စာရေးသူသည် ဤဆောင်းပါးကို ရေးသား တင်ပြခွင့် ရရှိခြင်း ဖြစ်ပါသည်။

အလိုတော်ပြည့် ဆရာတော်ကြီး ဒေါက်တာ အရိယဝံသသည် သံတွဲမြို့ မြပြင်ရွာ (၉) မိုင်ရှိ ကိုမောင်မောင်၏ Royal Beach Motel သို့ အမတသုခ (မဒေးတောင်) ရှိ 'တိလောကသယမ္ဘူရုပ်တော်မှုဘုရားကြီး' တည်ဆောက်ရေးကိစ္စ၊ ရသေ့တောင် မိုးစည်ကျွန်း ဗုဒ္ဓစက်တော်ရာရှိ သာသနိကအဆောက်အအုံများကိစ္စနှင့် ပတ်သက်၍ ခရီးသွားဟန်လွှဲ ခေတ္တနားနေ သီတင်းသုံးလေ့ရှိပါသည်။ ဆရာတော်ကြီး ရောက်ရှိလေတိုင်း စာရေးသူကလည်း မလွတ်တမ်း အမြဲဖူးမြော်ကြည်ညိုကာ ဆရာတော်ကြီးထံမှ သတင်းစကားများကို နာယူလေ့ရှိသည်။ ထိုအခါ မိုတယ်တွင် ခေတ္တသီတင်းသုံးရင်း စာရေးသူ အပါအဝင် ဦးမောင်မောင်၊ ကိုဘိုကြီး၊ ဦးမောင်မောင်ရင်၊ ဦးမောင်မောင်ဝင်း၊ ဦးသန်းမောင် အစရှိသူတို့အား -

"ရသေ့တောင် ခြေတော်ရာမှာ နဂါးမြုံတယ်၊ နဂါးပွက်ပြတယ်၊ ဒါ အတော့်ကို ထူးခြားတာပဲ"




ထီးတော်တင်လှူရန် တောင်ပေါ်သို့တက်နေစဉ်





အကျွတ်အလွန်စေတီနှင့် ခြေတော်ရာတောင်

www.burmeseclassic.com



အောင်တော်မူစေတီအား ဖူးတွေ့ရစဉ်




ဆရာတော်ကြီး တရားဟောကြားနေစဉ်

ဟု မိန့်တော်မူလေ့ရှိသည်။

ထိုအခါ အချိန်ကောင်းကို စောင့်ဆိုင်းနေရသည့် စာရေးသူမှာ ရေနတ်နဂါးများ တကယ်ရှိကြောင်း ဆောင်းပါးကို တစ်နေ့နေ့တစ်ချိန်ချိန်တွင် ရေးသားတင်ပြခွင့်ရလိမ့်မည်ဟု အားခဲထားနေလိုက်ပါသည်။

အမှန်မှာ နတ်နဂါးများကိုစွသည် စာရေးသူတို့ မြန်မာတွင်သာမက ကမ္ဘာအနှံ့ နိုင်ငံအတော်များများ နဂါးနှင့် ပတ်သက်၍ ဒဏ္ဍာရီဆန်ဆန် ရာဇဝင်သမိုင်းပုံပြင်များ၊ ယုံကြည်လက်ခံမှုများရှိနေကြပါသည်။ အထူးသဖြင့် တရုတ်အမျိုးသားတို့သည် နဂါးကို အထူးပင် ယုံကြည်လေးစား တန်ဖိုးထားလေ့ရှိကြကြောင်း စာရှုသူများ သိထားကြမည်ထင်ပါသည်။ တရုတ်နှစ်သစ်ကူးပွဲတော် ရောက်လေတိုင်း အလွန် ထူးခြားလှပသော အသက်ဝင် သရုပ်ပါလှသည့် 'နဂါးအက' ကို တရုတ်အမျိုးသားတို့က ကျွမ်းကျင်ပိုင်နိုင်စွာ လှုပ်ရှားကပြ သရုပ်ပြကခုန်နေကြသည်မှာ ရင်ခုန်ငေးမောရသည်အထိ ဆန်းကြယ်လှပေသည်။ တရုတ်လူမျိုးတို့၏ ဗုဒ္ဓကျမ်းစာတော်များ ပင့်ဆောင်ရန် အနောက်သို့ ခရီးဆက် စွန့်စား သွား





ခြေတော်ရာသို့ နတ်နဂါးများ လာရောက်ဖူးမြော်နေစဉ် (ပြာသိုလပြည့်နေ့ ၃၀-၁၂-၂၀၀၉၊ နံနက် ၁၀း၁၅ မိနစ်)



www.burmeseclassic.com

www.burmeseclassic.com

ရောက်ကြသည့် 'မျောက်ဝူခုန်း' ၏ တွေ့ကြုံမှုများတွင် ရေနတ်နဂါးတို့ ရေအောက်တိုင်းပြည်သို့ ဆင်းသက်ကာ တိုက်ပွဲဝင် ဖြေရှင်းရသည့် ဗွီဒီယိုဇာတ်ဝင်ခန်းများမှာ အထူးဆန်းကြယ်လှပြီး စိတ်ဝင်စားဖွယ်ရာကောင်းလှပြီး ရိုက်ကူးတင်ပြချက်များမှာ အလွန်ကောင်းလှပေသည်။

စာရေးသူတို့ မူလတန်းကျောင်းသားဘဝက အတန်းပိုင်ဆရာမဖြစ်သော ဒေါ်အေးကြည် (လင်းသာရွာ-ယခုကွယ်လွန်)၏ပြောပြသည့် ရာဇဝင်ပုံပြင်များတွင် မောင်ပေါက်ကျိုင်းခေါ် သတိုးရာဇာနဂါးနိုင်မင်းအကြောင်းပုံပြင်သည် ယနေ့တိုင် အမှတ်ရနေဆဲ ဖြစ်ပါသည်။ ရှေးကာလ အကောင်းပြည်ဝယ် မောင်ပေါက်ကျိုင်းသည် ဒိသာပါမောက္ခဆရာကြီးထံတွင် ပညာသင်ယူခဲ့သည်။ သို့ရာတွင် ဉာဏ်အရာ၌ ထုံထိုင်းသဖြင့် သင်တိုင်းမရဖြစ်နေပေရာ ဆရာကြီးက သူ့ဉာဏ်သိက္ခာ မထိခိုက်စေရန်အတွက် စကားကြီးသုံးခွန်းကို သင်ကြားကာ ပညာတော်သင်အဖြစ်မှ ပြန်လွှတ်လိုက်လေသည်။

'သွားပါများခရီးရောက်၊ မေးပါများစကားရ၊ မအိပ်မနေ အသက်ရှည်' သည့် စကားသုံးခွန်းကို လက်ကိုင်ထား၍ မောင်ပေါက်ကျိုင်းတစ်ယောက် ပြည်တော်ပြန်လေသည်။ဆရာ့စကားအတိုင်း လိုက်နာခဲ့သဖြင့် တကောင်းပြည်တွင် 'နဂါးနိုင်မင်း' ဘွဲ့ဖြင့် နန်းတက်ကာ ရှင်ဘုရင်အဖြစ် စိုးစံခွင့်ရခဲ့သည်ဟု ပုံပြင်ရာဇဝင်လေးကို စာရေးသူတို့ ငယ်စဉ်ကလေးဘဝက ကြားဖူးခဲ့ကြမည်မှာ အမှန်ပင် ဖြစ်ပါသည်။ ဗုဒ္ဓဝင်ကျမ်းစာများတွင် ဘုရားရှင်လက်ထက်တော်က နတ်နဂါးတို့ကို တန်ခိုးတော်ဖြင့် ဆိုဆုံးမကာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်စေခဲ့သည့် အောင်ခြင်းရှစ်ပါးပါ နန္ဒောပနန္ဒနဂါးမင်းအကြောင်း၊ ငါးရာငါးဆယ်ဇာတ်နိပါတ်တော်လာ နတ်နဂါးများအကြောင်းသည် ဘာမန်ကိစ္စမဟုတ်ပါ။ မြတ်ဗုဒ္ဓလက်ထက်တွင် တကယ်ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများဖြစ်၍ မြန်မာဗုဒ္ဓဘာသာဝင် သူတော်စင်များအဖို့ သတိပြုသင့်ကြပါသည်။


ယနေ့ စာရေးသူ တင်ပြရေးသားမည့် 'မြတ်ဗုဒ္ဓ၏ စက်တော်ရာများ' သည် ရေနတ်နဂါးမင်းတို့က ဘုရားရှင်အား တောင်းပန် လျှောက်ထားသဖြင့် ယနေ့တိုင် ပူဇော်ခွင့်ရနေသည့် မြတ်ဗုဒ္ဓ



အလိုတော်ပြည့်ဆရာတော်နှင့်မိသားစု



အလှူရှင်များနှင့်ဆရာတော်အမှတ်တရ



ထီးတော်အား အမွှေးနံ့သာ ပက်ဖျန်းနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



အောင်တော်မူစေတီထီးတော်တင်နေစဉ်



၏ သာသနာ့အမွေတော်အစစ်များ ဖြစ်ကြောင်းကို အထူးပြောရန်လိုလိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာတို့သာမက အခြားကမ္ဘာ့နိုင်ငံများတွင်ပါ ကျောင်းကန်ဘုရားစေတီများနှင့် သာသနိက အဆောက်အအုံများတွင် နဂါးရုပ်များကို လက်ရာပီသစွာနှင့် ထူးထူးခြားခြား တွေ့မြင်နေကြရသည်ကပင် နတ်နဂါးများ တကယ်ရှိကြောင်း သရုပ်ပြသက်သေများပင် ဖြစ်ပါသည်။ မြန်မာတွင် နဂါးရုံဘုရားများကို တည်ထားကိုးကွယ်မှုက သက်သေပင် ဖြစ်သည်။

**နန္ဒောပနန္ဒနဂါးမင်း**

ဗုဒ္ဓမြတ်စွာဘုရားသခင်၏အောင်ခြင်းရှစ်ပါး ပါ နဂါးမင်း နန္ဒောပနန္ဒ၏ အကြောင်းကို ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း အထင်အရှားသိရှိကြပါသည်။ မြတ်ဗုဒ္ဓ၏ငါးရာ့ငါးဆယ်ဇာတ်တော်လာ စမ္ပေယျနဂါးမင်း (စမ္ပေယျဇာတ်)၊ သင်္ခပါလနဂါးမင်း (သင်္ခပါလဇာတ်)၊ ဘူရိဒတ္တဇာတ်၊ ဒဒ္ဒရနဂါးမင်းဇာတ်တော်တို့မှာလည်း အထင်အရှား ပြဆိုထားပါသည်။ ဗုဒ္ဓမြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စံပယ်တော်မူနေစဉ် အနာထပိဏ်သူဌေးက ငါးရာခန့်သော သံဃာတော်တို့ဖြင့် ဆွမ်းဘုဉ်းပေးတော်မူရန်ကြွပါ ဟူ၍ လျှောက်ထားလေသည်။ ထိုစဉ် နောက်နေ့နံနက်၌ မဟာကရုဏာသမာပတ်ဖြင့် ချွတ်အပ်သော ဝေနေယျကို ရှုတော်မူလျှင် နန္ဒောပနန္ဒနဂါးမင်းကြီးကို ဆင်ခြင်တော်မူမိလေသည်။

နန္ဒောပနန္ဒနဂါးမင်းကြီးသည် နတ်မင်းကြီးအလား ကြီးကျယ် ခမ်းနားလှစွာသောစည်းစိမ်ဖြင့် မြင်းမိုရ်တောင်၌နေလေ၏။ လွန်စွာလည်း ဒေါသကြီးလေသည်။ ကချေသည်ကိုယ်လုပ်တော်နဂါးမအပေါင်း ခြံရံလျက် နဂါးစည်းစိမ်ကို ခံစားနေလေသည်။ ဘုရားရှင်သည် နောက်ပါသံဃာတော်အပေါင်းနှင့် နဂါးမင်း၏ အထက်ကောင်းကင်မှ တာဝတိံသာသို့ ကြွချီတော်မူလေသည်။ နဂါးမင်းသည် ဘုရားရှင်အား ပြင်းစွာသော ဒေါသဖြစ်၍ မြင်းမိုရ်တောင်နှင့်တာဝတိံသာကို ရစ်ပတ်ကာ ဖုံးအုပ်ထားလေသည်။ နဂါးမင်း ဖုံးအုပ်ထားသဖြင့် တာဝတိံသာကိုမမြင်ရဘဲရှိနေရာ ရဟန်းတော်တို့က ဘုရားရှင်ထံ နဂါးကို ဆုံးမရန် ခွင့်တောင်းကြသည်။ အရှင်မောဂ္ဂလာန် တောင်းပန်မှသာ ဘုရားရှင်က ခွင့်ပြုတော်မူလေသည်။ အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးသည် နဂါးမင်းထက် ကြီးမားသော ခန္ဓာကိုယ်ကို ဖန်ဆင်း၍ နဂါးမင်းအထက်က ရစ်ပတ်ဖုံးအုပ်ကာ ညှပ်ဖိ၍ နှိမ်နင်းအောင် ဆုံးမတော်မူပြီးမှ ဘုရားရှင်တော် ရှေ့မှောက်သို့ ခေါ်လာကာ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်စေ၍ ဥပါသကာအဖြစ် ခံယူတော်မူစေလေသည်။

**ဘူရိဒတ္တနဂါးမင်း**

ဘူရိဒတ္တနဂါးမင်းသည် သိကြားမင်းဖြစ်လိုသောကြောင့် အမြဲဥပုသ်စောင့်လေသည်။ ထိုအခါ ဗာရာဏသီပြည်အနီးတွင် နေထိုင်သည့် နေသာဒ ပုဏ္ဏားသားအဖကို နဂါးပြည်သို့အလည်ခေါ်လေသည်။ ပုဏ္ဏား ပြန်လိုသော် နဂါးမင်းက ပုဏ္ဏားကို ပတ္တမြားလက်ဆောင်ပေးရာ ပုဏ္ဏားက မယူဆောင်ဘဲ ပြန်ခဲ့သည်။ တစ်နေ့တွင် ပုဏ္ဏားတစ်ယောက်သည် ဆရာရသေ့ထံမှ မန္တန်နှင့်တကွ အလမ္ပာယ်အတတ်ကို ရသဖြင့် ဘူရိဒတ်နဂါးမင်း၏ နဂါးမများရှိရာသို့ ရောက်လာရာ နဂါးမများ ထွက်ပြေးသဖြင့် ပတ္တမြားရတနာကို ရရှိလိုက်လေသည်။ ထိုသူ့ထံမှ ပတ္တမြားကို နေသာဒ ပုဏ္ဏား မြင်သော် ရယူလိုသဖြင့် ဘူရိဒတ်နဂါးရှိရာသို့ လိုက်ပြလေသည်။ ပုဏ္ဏားက ဘူရိဒတ်နဂါးမင်းအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ရာ အစ်ကိုတော် သုဒဿနက အလမ္ပာယ်ဆရာကို လိုက်ရှာရာ ဗာရာဏသီနန်းရင်ပြင်တွင် တွေ့ရှိရလေသည်။ အစ်ကိုတော် သုဒဿနက ရသေ့အသွင် ဖန်ဆင်း၍ နှမဝမ်းကွဲ အဇမုခီကို ဖားယောင်ဆောင်စေကာ အလမ္ပာယ်ပုဏ္ဏားနှင့် နဂါးနှင့် ဖားအလောင်းအစားတိုက်ကြလေသည်။ ဖားအနိုင်ရသဖြင့် အလမ္ပာယ်ပုဏ္ဏားရှုံးလေသည်။ ဘူရိဒတ္တနဂါးမင်းသည် အလမ္ပာယ်ပုဏ္ဏားထံမှ ပြန်လွတ်မြောက်ကာ နဂါးပြည်သို့ ပြန်ကြလေသည်။ ပုဏ္ဏားအား နဂါးပြည်သို့ ခေါ်ဆောင်ကာ သုဘောဂနဂါးက ယစ်ပူဇော်ခြင်းကို ချီးကျူးသဖြင့် ဘူရိဒတ္တနဂါးမင်းက အမြင်မှန်ရအောင် တရားဟောကြားဆုံးမခဲ့လေသည်။

**နဂါးပြည်ရောက် ဝိဓုရသုခမိန်**

ရှေးအခါက ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်တွင် ဓနဉ္စယကောရဗျမင်းကြီးစိုးစံစဉ်အခါက ဝိဓုရပညာရှိ သုခမိန်အမတ်သည် ပညာသတင်း ကျော်စောခြင်းရှိလေသည်။ ဗာရာဏသီပြည်တွင် ပုဏ္ဏားသူကြွယ်လေးဦး ရဟန်းပြု၍



www.burmeseclassic.com

www.burmeseclassic.com

တရားအားထုတ်ကြရာ တစ်ဦးက သိကြားမင်း၊ တစ်ဦးက နဂါးမင်း၊ တစ်ဦးက ဂဠုန်မင်း၊ တစ်ဦးက ကောရဗျ မင်းအဖြစ်သို့ ရောက်ရှိကြလေသည်။ ထိုလေးပါးတို့တွင် မည်သူ၏ သီလက ပိုမြတ်ကြောင်းကို အငြင်းအခုံဖြစ်ကြရာ ဝိဓုရအမတ်ဆုံးဖြတ်ပေးမှသာ ပြေလည်သွားခဲ့လေသည်။ ဝရုဏနဂါးမင်းက ဝိဓုရအမတ်အား ပတ္တမြားကို ပေးအပ်ချီးမြှောက်လေသည်။ နဂါးမင်း နဂါးပြည်သို့ ရောက်သည့်အခါ ပတ္တမြားကို မမြင်သဖြင့် နဂါးမိဘုရား ဝိမလာဒေဝီက စုံစမ်းမေးမြန်းလေသည်။ ထိုအခါ ဝိဓုရ ပညာရှိ၏ပညာသတင်းကို ကြားသိရလေရာ ဝိဓုရအမတ်ကို လက်ဆောင်ပေးအပ်ရန် ပရိယာယ်ဖြင့် ဤသို့ကြံစည်လေတော့သည်။

ဝိမလာဒေဝီ နဂါးမိဖုရားသည် နာမကျန်းဟန်ဆောင်လျက် ဝိဓုရအမတ်၏ နှလုံးသားကိုရမှ အသက်ရှင်နိုင်မည်ဟု လှည့်ဖြားပြောဆိုလေသည်။ ဝရုဏနဂါးမင်းကြီးက သမီးတော် ဣရန္ဒတီနဂါးမင်းသမီးကိုခေါ်၍ ဝိဓုရ၏ နှလုံးသားကို ဆောင်ကြဉ်းပေးနိုင်မည့် ခင်ပွန်းကို အရှာခိုင်းလိုက်လေသည်။ ဣရန္ဒတီသည် ကာဠာဂီရိမျက်စဉ်းတောင်ထိပ်၌ ကခုန်ဖွဲ့သီနေစဉ် ဝေဿဝဏ်နတ်မင်းကြီး၏ တူတော် ပုဏ္ဏကနတ်ဘီလူးစစ်သူကြီးက မြင်တွေ့သွားသဖြင့် နဂါးမင်းသမီးကို စွဲမက်သွားကာ ဝိဓုရပညာရှိ၏နှလုံးသားကို ယူပေးမည်ဟု ကတိပြုလေသည်။

ပုဏ္ဏကနတ်ဘီလူးသည် ဝေဿဝဏ်နတ်မင်းကြီးထံ ခွင့်ပန်၍ ဝေပုလ္လတောင်ထိပ်မှ မနောဟရပတ္တမြားကို ဆောင်ယူလေသည်။ ထို့နောက် ပတ္တမြားကိုပြကာ ကောရဗျမင်းကြီးနှင့် ကြွေအန်ကစားရန် စကားဆိုလေသည်။ မင်းကြီးက မိမိရှုံးလျှင် လောင်းကြေးအဖြစ် မိမိနှင့်တကွမိဖုရား၊ ထီးနန်းတို့မှအပ ကြိုက်ရာယူစေရန် လောင်းကြေးထပ်၍ ကြွေအန်ကစားကြလေသည်။ မင်းကြီးရှုံး၍ ပုဏ္ဏကဘီလူးက ဝိဓုရအမတ်ကိုတောင်းဆိုလေသည်။

ပုဏ္ဏကသည် ဝိဓုရအမတ်အား မင်းမြို့တွင် ချည်နှောင်လျက်သေစေရန် အကြံဖြင့် ကာဠာဂီရိတောင်ထိပ်တွင် အမျိုးမျိုးညှဉ်းပန်းနှိပ်စက်လေသည်။ ဝိဓုရက မေးမြန်းစုံစမ်းသော် နှလုံးသားကို အလိုရှိ၍ ဤသို့ပြုမှုကြောင်း ပြောပြလေသည်။ ဤတွင် ဝိဓုရပညာရှိက နဂါးမိဖုရားကြီး ဝိမလာဒေဝီသည် ဥပါယ်တံမျဉ်ဖြင့် ဆိုခြင်းသာ ဖြစ်သည်။ သူ့တရားကို နာကြားလိုသဖြင့်ဖြစ်ကြောင်း ရှင်းပြရာ နဂါးပြည်သို့ ပို့ဆောင်၍ ဝိဓုရအမတ်ပညာရှိ သုခမိန်၏ တရားကို နဂါးမိဖုရားကြီး နာကြားခွင့်ရလေတော့သည်။ အကျိုးတော်ဆောင် ပုဏ္ဏကလည်း ဣရန္ဒတီနဂါးမင်းသမီးနှင့် လက်ဆက်ခွင့်ရသလို ဝိဓုရ ပညာရှိသုခမိန်လည်း သိန္ဓောမြင်းနှင့်တင်၍ ဆုတော်လာဘ်တော်များရကာ မင်းကြီးထံ ပြန်ပို့ခံရလေသည်။

**ဗုဒ္ဓစက်တော်ရာနှင့်ရေနတ်နဂါးများ**

မြန်မာပြည်ရှိ မြတ်ဗုဒ္ဓဘုရားရှင်၏ သာသနာတော်အမွေအနှစ်စစ်စစ် ခြေတော်ရာများသည် ရေနတ်နဂါးမင်းတို့က မြတ်ဗုဒ္ဓထံ တောင်ပန်လျှောက်ထားသဖြင့် ခြေတော်ရာ တံဆိပ်ခတ်နှိပ်ချပေးထားတော်မူခဲ့ရာ စာရေးသူတို့၏ မြန်မာပြည်ဝယ် ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာအစစ်အဖြစ် ဖူးတွေ့ခွင့်ရနေကြခြင်း ဖြစ်ပါသည်။ မြန်မာပြည်အနှံ့ဒေသအသီးသီးတွင် ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာများ ဖူးတွေ့ကြရသော်လည်း ဘုန်း



ဒေါ်ကေသီနွယ်နှင့် သားကြီး



ဒေါ်ကေသီနွယ်နှင့် သားသမီးများ





www.burmeseclassic.com

www.burmeseclassic.com

တော်ကြောင့် အထင်ရှားဆုံး စက်တော်ရာများမှာ မန်းရွှေစက်တော်ရာ၊ မအီစက်တော်ရာနှင့် မိုးစည်ကျွန်းစက်တော်ရာများ ဖြစ်ကြသည်။ မန်းရွှေစက်တော်ရာတွင် စက်တော်ရာနှစ်ခုရှိပေရာ လက်ဝဲခြေတော်ရာများ ဖြစ်ကြလေသည်။ အောက်စက်တော်ရာမှာ နမ္မဒါမြစ် (မန်းချောင်း) မှ နမ္မဒါနဂါးမင်း တောင်းပန်လျှောက်ထားသဖြင့် မြကျောက်ဖျာထက်တွင် ခတ်နှိပ်သည့် ခြေတော်ရာဖြစ်သည်။မအီစက်တော်ရာတွင်မူ ခြေတော်ရာနှစ်ဆူကို ဖူးတွေ့ရရာ အောက်ခြေတော်ရာသည် လက်ယာခြေတော်ရာအဖြစ် မဏိသေလနဂါးမင်း ကျက်စားခဲ့ရာ ရေအိုင်၏ ကျောက်ဖျာထက်တွင် ချထား ခတ်နှိပ်တော်မူခဲ့ခြင်း ဖြစ်လေသည်။ မိုးစည်ကျွန်းစက်တော်ရာမှာမူ လက်ဝဲခြေတော်ရာဖြစ်၍ နမ္မဒါနဂါးမင်းကြီး တောင်းပန်သဖြင့် နရမ်းမဒါးမြစ်ကမ်းပါးကျောက်ဆောင်ထက်တွင် ခတ်နှိပ်ချထားတော်မူသည့် ခြေတော်ရာပင်ဖြစ်ပါသည်။ ထို့ကြောင့် ခြေတော်ရာအများစုသည် ရေနတ်နဂါးတို့ကို အကြောင်းပြု၍ ခတ်နှိပ်တည်ရှိတော်မူကြသည့် ဗုဒ္ဓဘုရားရှင်၏ စက်တော်ရာများပင် ဖြစ်ကြသည်။

**နတ်နဂါးအစစ်တွေ့ရှိရာ**
**မိုးစည်ကျွန်းစက်တော်ရာ**

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် နောက်တော်ပါ သံဃာတော်ငါးရာဖြင့် မဇ္ဈိမဒေသ တိုင်းမှတစ်ဆင့် သုနာပရန္တတစ်ဝန်း ဒေသစာရီလှည့်လည်ပြီး မဇ္ဈိမဒေသသို့ ပြန်အကြွတွင် နမ္မဒါမြစ်ပေါ်မှ ဖြတ်ကျော်စဉ် နမ္မဒါမြစ်၌နေထိုင်သည့် ရေနတ်နဂါးမင်းကြီးက ဒရိုးဦးကြိုဆိုကာ ပူဇော်၍ နောင်လာနောက်သားတို့ ပူဇော်သမှုပြုနိုင်ရန် လျှောက်ထား တောင်းပန်သည့်အတွက် လက်ဝဲဘက်ခြေတော်ရာကို နမ္မဒါမြစ်ကမ်းနဖူး ကျောက်ဆောင်ရှိ ကျောက်ဖျာကြီးပေါ်တွင် ချထားခတ်နှိပ် ပေးသနားတော်မူခဲ့လေသည်။

ရှေးခေတ် ရခိုင်မင်းအဆက်ဆက်တို့တွင် ရေနတ်နဂါးတို့သည် ပင်လယ်ရေ ကာဆီးလျက် လူသူမနီးအောင် ကြံဆောင်၍ ၎င်းတို့၏ ကုဒ္ဒိပါဒ်တန်ခိုးဖြင့် ကွယ်ပျောက်ကာ စောင့်ရှောက် ကိုးကွယ်ခဲ့ကြလေသည်။

ကောဇာနှစ် ၁၂၄၂ ခုနှစ်ကျမှသာ ခြေတော်ရာကျွန်း တောင်ထိပ်တွင် တရားအားထုတ်နေသည့် လူသူတော်ကြီး ဦးရန်အောင်က အိပ်မက်အရ ဖူးတွေ့ခွင့်ရခဲ့လေသည်။ လူသူတော်ကြီးနှင့် စစ်တွေမြို့မှ သူကြွယ်ကြီး ဦးအောင်ဖြူ၊ သာစည်တောင့်ရွာမှ ဦးလှထွန်းတို့သည် ရွာသားများနှင့်အတူ နမ္မဒါမြစ်ကမ်းဘေးတွင် အကြိမ်ကြိမ်ကြိုးစား၍ ရှာဖွေခဲ့ကြရာ ၁၂၄၂ ခုနှစ်၊ တပေါင်းလဆန်း ဖျားရေ (ဒီရေ) ကြီးရက် ရေပြည့်ချိန်တွင် ချုံနွယ်များဖြင့် ရစ်ခွေဖုံးအုပ်ထားသည့်ကြားမှ ကံအားလျော်စွာ ရှာဖွေတွေ့ရှိ ဖူးမြော်ကြရခြင်း ဖြစ်ပေသည်။

ထို့ကြောင့်ပင် သင်္ဂဇာဆရာတော်ကြီးက ရခိုင်သို့ရောက်ရှိ၍ ခြေတော်ရာကို ရှာဖွေခဲ့ရာ မတွေ့နိုင်ခဲ့သဖြင့် -

'ကံကောင်းလျှင် သင်တို့တွေ့ရလတ္တံ့။ ငါတို့သာ ကံမကောင်း၍ မတွေ့ရပေ'

ဟု မိန့်မှာကြား၍ ပြန်ကြွသွားခဲ့ခြင်း ဖြစ်လေသည်။

မိုးစည်ကျွန်းသည် ဘင်္ဂလားပင်လယ်အော်နှင့် တစ်ဆက်တည်း တည်ရှိနေကာ ကျယ်ပြန့်နက်ရှိုင်းလှ၍ ရေနေသတ္တဝါများ အထူးပေါများသည့်နေရာလည်း ဖြစ်ပေသည်။ မြတ်ဗုဒ္ဓ နမ္မဒါမြစ်သို့ မကြွရောက်မီကပင် ဗုဒ္ဓ၏ ရောင်ခြည်တော်များကို ဖူးတွေ့ရသည့် ရေနတ်နဂါးများက ရေပေါ်သို့တက်လာကာ ဦးခေါင်းများကို ရေပေါ်တွင်ဖော်၍ ဘုရားရှင်ကြွအလာကိုမျှော်၍ ဖူးမြော်နေကြရာနေရာကို 'နဂါးမော်အရပ်' ဟု ယခုတိုင် ခေါ်ဝေါ်လျက်ရှိနေပေသည်။ ထိုနေရာတွင် နဂါးအိုင်ပါရှိနေပြီး ရေမှာ အခြားနေရာများကဲ့သို့မဟုတ်မူဘဲ ရေသဏ္ဌာန်မှာ စိမ်းညို့နေကြောင်း၊ ၎င်းနေရာတွင် ချောင်းပေါက်သုံးခုဆုံသည့် နေရာဖြစ်ကြောင်း၊ နဂါးအိုင်ရှိ ရေ၏ အရောင်မှာ ချောင်းသုံးပေါက်မှစီးလာသည့် ရေအရောင်နှင့် လုံးဝမတူကြောင်း၊ ပင်လယ်ရေနက်ပိုင်းမှ ရေ၏ အဆင်းရောင်ဖြင့် တူညီလှသဖြင့် ပင်လယ်ရေအောက်ကြမ်းပြင်မှတစ်ဆင့် ရေဝင်၊ ရေထွက် တစ်ဆက်တည်းရှိနိုင်ကြောင်းနှင့် ရေနတ်နဂါးများ အမှန်တကယ်ရှိနေကြောင်း၊ ဆရာတော်ကြီးကို ၎င်းတို့နေထိုင်ကျက်စားမှုကို အရိပ်အမြွက်ပြသ၍ ရေပွက်များ၊ ရေဝဲကတော့များ၊ ရေလှိုင်းသံများပေး၍ သိရှိစေကြောင်း စာရေးသူကို အလိုတော်ပြည့်ဆရာတော်ကြီးက မိန့်မှာတော်မူဖူးလေသည်။ ထို့ကြောင့် ရေနတ်နဂါးများ အမှန်တကယ်ရှိနေကြောင်း ဆရာတော်ကြီးက အတိအလင်း မိန့်ကြားတော်မူပါသည်။

အဘယ်ကြောင့်ဆိုသော် အဆိုပါ

•၁၇• အလောင်းတော် သည် သုဇာဘာလျှုဒါန်းသော တမ်သိန်းတန်ရွှေခွက်ကိုနေရဥ္စရာမြစ်ကြောဲ၌မျှောတော်မူခဏ်း •





www.burmeseclassic.com

www.burmeseclassic.com

ဒေသတွင် 'နဂါးမော်ရှာ'၊ 'နဂါးဖောက်ချောင်း'၊ 'နဂါးအိုင်'၊ 'နဂါးမြို့အိုင်' စသည့် နဂါးများနှင့် ပတ်သက်သည့် အခေါ်အဝေါ်များသည် ရှေးအတည်ကာလကပင် သုံးစွဲခေါ်ဝေါ် လျက်ရှိခြင်း၊ နဂါးမော်ရှာသားများသည် ရှေးဘိုးဘွားအဆက်ဆက်ကပင် 'နဂါးဘုရားဖူးလှည့်လည်ပွဲ' ကို ယနေ့တိုင် ဆက်လက် ကျင်းပနေလျက်ရှိခြင်း၊ ပွဲတော်ကာလတွင် ပိတ်ဖြူဖြင့် နဂါးရုပ်ကြီးပြုလုပ်ကာ လှည့်လည်ကပြအလှူခံလေ့ရှိကြခြင်း၊ နဂါးကြီး၏ ခံတွင်းတွင် အလှူခံပုံးပြုလုပ်၍ လှည်လည်စလုတ်အတွင်းသို့ ဘုရားအား လှူဒါန်းရန်အတွက် ရွှေစ၊ ရွှေဆိုင်းများ၊ ငွေစ၊ ငွေစက္ကူများထည့်၍ အလှူပါဝင်ကြခြင်း၊ ဘုရားရှိရာသို့ အတီးအမှုတ်၊ အကအခုန်များဖြင့် သွားရောက်၍ လက်ယာရစ် ပူဇော်ကာ နဂါးရုပ်ကြီးခံတွင်းမှ ရရှိသည့် အလှူခံငွေများဖြင့် ကျွေးမွေးလှူဒါန်း ရေစက်ချ အမျှဝေခြင်း၊ နောက်ဆုံးအစီအစဉ်အဖြစ် ပိတ်ဖြူဖြင့် ပြုလုပ်ထားသည့် နဂါးရုပ်ကြီးအား 'နဂါးလွှတ်သည်' ဟု ဆိုကာ မြစ်ရေအတွင်း ရေချရေမျှော၍ ပူဇော်ပသမှုပြုလုပ်လေ့ရှိကြခြင်းတို့သည် ရှေးအစဉ်အဆက်ဆက်ကပင် ယနေ့တိုင် ပြုလုပ်နေသည်မှာ ထူးခြားသည့် ရိုးရာတစ်ခု ဖြစ်တည်လျက်ရှိနေပေသည်။

နဂါးမော်ရှာသားတို့၏ နဂါးကပွဲမှာ ပိတ်ဖြူဖြင့် ပြုလုပ်ထားသည့် နဂါး၏ ကိုယ်ခန္ဓာအဆစ်အပိုင်းများတွင် တုတ်တံများ တပ်ဆင်ကာ လူကြီး၊ လူငယ်များက ဝှေ့ယမ်းကိုင်တွယ်ကာ ရခိုင်ရိုးရာသီချင်းများဖြင့် သီဆိုတီးမှုတ်၍ နဂါးရုပ်ကြီးကို ဝှေ့ယမ်းလှုပ်ရှားကာ၊ ဝှေ့ကာဝိုက်ကာ လူးလွန့်လှုပ်ရှားကပြပုံတို့မှာ အလွန်ပင် အသက်ဝင်လှကြောင်း၊ တရုတ်တို့၏ နဂါးကပုံနှင့်မတူဘဲ ကွဲပြားခြားနားမှုရှိကြောင်း သိရှိရပါသည်။

**ခြေတော်ရာလာဖူးသည့် ရေနတ်နဂါးများ**

ရှေးအဆက်ဆက်ကပင် မိုးစည်ထွန်းခြေတော်ရာသို့ ရေနတ်နဂါးများ မကြာခဏ လာရောက် ဖူးမြော်လေ့ရှိကြောင်းကို မှတ်တမ်းများအရ မျက်မြင်ကိုယ်တွေ့ ကြုံဖူးသူများ၏ ပြောကြားချက်များအရ သိရှိရပါသည်။ သုံးနှစ်ပြည့်မြောက်သည့် သုံးနှစ်တစ်ကြိမ်ကာလတွင်သော် လည်းကောင်း၊ အလှူအတန်း ကုသိုလ်အထူးအမြတ်များ ပြုလုပ်ကာ သာခုခေါ်၊ အမျှပေးဝေလေတိုင်း သဘာဝတရားအတိုင်းမဟုတ်ဘဲ ထူးခြားသည့် ရေလှိုင်းတံပိုးများ ပေါ်ပေါက်လာကာ စိမ်းညို့လှသည့်အရောင်အကွက်ကြီးများပါသည့်မြွေအသွင်သဏ္ဍာန်ဖြင့်ကြီးမားရှည်လျားသော နတ်နဂါးမြွေကြီးများကို ပရိသတ်များ ထင်ထင်ရှားရှားမြင်တွေ့ရလေ့ရှိသည်။

ထို့ပြင် ဝါတွင်းကာလများတွင် ကိုယ်ဟန်အလွန်ရှည်လျား၍ အရောင်အဆင်းထူးခြားသည့် အဆိပ်အလွန်ပြင်းသည့် မြွေနတ်နဂါးအနွယ်ဝင် အရွယ်အစားမျိုးမျိုးတို့သည် ဗုဒ္ဓ၏ခြေတော်ရာအတွင်းဝယ်ရောက်၍ ထူးခြားငြိမ်သက်စွာ အစာရေစာမစားသုံးကြဘဲ ရက်သတ္တပတ်လုံး ပူဇော်ဥပုသ်ပြု၍ အချိန်စေ့က အလိုအလျောက် ပျောက်ကွယ်သွားလေ့ရှိကြောင်းလည်း သိရှိရပါသည်။ အထူးခြားဆုံးမှာ တစ်ခါတစ်ရံတွင် မြွေနီများသာမက မြွေနှင့်အတူ ဖားများပါအတူရောက်ရှိ၍ ခြေတော်ရာခွက်အတွင်း ငြိမ်သက်စွာ အတူယှဉ်တွဲ ဥပုသ်ပြု လာရောက်လေ့ရှိခြင်းမှာ အလွန်တရာ ထူးခြားလှပေသည်။ အထူးခြားဆုံးမှာ ရခိုင်ပြည်နယ်သည် မိုးများသည့်ဒေသဖြစ်သည့်အလျောက် မိုးများစွာရွာသွန်းလေ့ရှိရာ ခြေတော်ရာအတွင်း မိုးရေများ အနည်းငယ်မျှတင်မနေခြင်းသည် အလွန်အံ့ဖွယ်ထူးခြားလှပေသည်။

**နဂါးကို ကိုယ်တွေ့ကြုံသည့် စစ်တွေမှ ကိုအောင်နိုင်**

ကိုအောင်နိုင်မှာ စစ်တွေမြို့မှဖြစ်ပြီး စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် ကုန်သည်လမ်း၌ အိမ်ဆောက်ပစ္စည်းအရောင်းပိုင်ရှင်တစ်ဦး ဖြစ်သည်။ သူသည် ဘဝတစ်သက်တာတွင် မကြုံစဖူးအောင်ပင် ကံအားလျော်စွာ နဂါးကို ကိုယ်တိုင်ကြုံတွေ့မြင်ခဲ့ဖူးသူတစ်ယောက် ဖြစ်ပါသည်။ မိုးစည်ကျွန်းတွင် ၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်နေ့က ခြေတော်ရာဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိနေချိန်ပင် ဖြစ်သည်။ စစ်တွေမြို့မှ သူငယ်ချင်းများနှင့် စုဝေး၍ စက်လှေဖြင့် ဘုရားပွဲတော်သို့ သွားရောက်ခဲ့ကြသည်။ ခြေတော်ရာကမ်းစပ်အရောက်၌ စက်လှေကိုကပ်၍ သူငယ်ချင်းများက ရှေ့မှတက်သွားနှင့်ကြသည်။ စက်လှေမောင်းသမား ကိုသန်းထွန်းကို စက်လှေအစောင့်ထား၍ ပစ္စည်းအချို့ကိုယူကာ ကိုအောင်နိုင်က ဘုရားပွဲသို့ သွားခဲ့သည်။ ထိုအချိန်က နံနက် (၉) နာရီခန့်ရှိပြီ ဖြစ်ပါသည်။ ထိုစဉ် ရေလှိုင်းများ တဝုန်းဝုန်းရိုက်ခတ်လှုပ်ရှားလာသဖြင့် အခြားစက်လှေတစ်စင်း ထပ်မံဆိုက်ကပ်လာသည်အထင်နှင့် ကိုအောင်နိုင်က နောက်သို့လှည့်ကြည့်မိသည်။ မည်သည့်စက်လှေမျှ ထပ်မံဆိုက်ကပ်ခြင်းမရှိဘဲ လှိုင်းများအလိုလိုကြွထလာခြင်း ဖြစ်လေသည်။

ထိုစဉ် စက်လှေစောင့် ကိုသန်းထွန်း၏ -

"မြွေကြီး၊ မြွေကြီး"

ဟု အော်သံကို ကြားလိုက်ရလေသည်။

စက်လှေမှ ဝါးတစ်ပြန်ခန့်အကွာ၌ ရေလှိုင်းများလှုပ်ခတ်နေပြီး ယောက်ျားကြီး ပေါင်လုံးခန့် တုတ်ခိုင်သည့် မြွေပမာအကောင်ကြီးက လှုပ်ရှားလူးလွန့်တွန့်လိမ်၍ ရေထဲတွင် တဝုန်းဝုန်းဖြင့် လှုပ်ရှားနေလေသည်။ မကြုံစဖူးသဖြင့် မြင်ရသူအပေါင်းတို့မှာ ပါးစပ်အဟောင်းသားဖြင့် မှင်တက်မိနေသလို အံ့သြနေကြသည်။ ကိုသန်းထွန်းကလည်း ရေထဲသို့ လက်ညှိုးထိုး၍ -

"မြွေကြီး မြွေကြီး၊ ကြည့်စမ်းပါဦး"

ဟု ဆိုကာ ကျုံးအော်နေတော့သည်။ လူအများ လာရောက် ပြေးလွှားကြည့်ရှုပြီးနောက် တစ်မိနစ်ခန့်အကြာတွင် ထိုမြွေသဏ္ဍာန်သည် မြစ်အောက်ဘက် ရေနက်ရာသို့ တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။ ထိုအခါမှသာ လှိုင်းများလည်း ငြိမ်သက်သွားလေတော့သည်။

လူအများ တစ်ဆင့်ပြီးတစ်ဆင့် အော်သံကြောင့် ဆိပ်ကမ်းတစ်ခုလုံး ဆူညံသွားပါသည်။ ကိုအောင်နိုင်တွင် ကင်မရာပါရှိသော်လည်း အံ့သြနေခိုက်ဖြစ်၍ ဓာတ်ပုံရိုက်ယူရန် သတိမရလိုက်ပါချေ။ ကိုအောင်နိုင်က အလိုတော်ပြည့် ဆရာတော်ကြီးရှိရာ 'ရှမ်းမဆောင်' သို့ ရောက်ရှိသော် နဂါးပေါ်သည်ကို မိမိမြင်ရကြောင်း လျှောက်ထားလေရာ အလိုတော်ပြည့် ဆရာတော်ကြီးကလည်း သူကိုယ်တိုင် လှမ်းမြင်နေရကြောင်း၊ ပင်လယ်ရေထဲကဖြစ်၍ မြွေမဟုတ်ဘဲ နဂါးဟုခေါ်ကြောင်း၊ မေတ္တာပို့သပေးကြစေလိုကြောင်း မိန့်ကြားတော်မူလေသည်။

**ဒု-ဗိုလ်မှူးကြီးဇော်မြင့်၏ ကိုယ်တွေ့မြင်ပုံ**

ရေနတ်နဂါးကို ဆရာတော်နှင့်အတူ မိုးစည်ကျွန်းတွင် သာသနာ

www.burmeseclassic.com



အဆောက်အအုံများကို အနီးကပ် ကြီးကြပ် ကူညီနေသည့် ဒု-ဗိုလ်မှူးကြီး ဇော်မြင့် (အငြိမ်းစား) က ကိုယ်တွေ့ကြုံမြင်ခဲ့ရသူတစ်ဦး ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်က ဖြစ်ပါသည်။ မိုးစည်ကျွန်း ခြေတော်ရာတွင် သာသနိကအဆောက်အအုံအဖြစ် ကုသိနာရုံကျောင်းကို တည်ဆောက်ပြီးစ ဖြစ်ပါသည်။ ကျောင်းဒကာ ဇနီးမောင်နှံဖြစ်သူတို့ အမေရိကန်နိုင်ငံ ကာလီဖိုနီးယားမှ မြန်မာနိုင်ငံသို့ ရောက်ရှိကာနေသဖြင့် ကျောင်းတော်ကို ရေစက်ချရန် စီစဉ်နေကြချိန်ဖြစ်ပါသည်။ ထိုဇနီးမောင်နှံနှင့်အတူ ဆရာတော်ကြီးနှင့် ဒု- ဗိုလ်မှူးကြီးဇော်မြင့်တို့ ခြေတော်ရာသို့ သွားရောက်ခဲ့ကြသည်။ နောက်တစ်နေ့ နံနက်ပိုင်းတွင် ကျောင်းတော်ရေစက်ချပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ဖြစ်ကြသည်။

ထိုနေ့ ညနေချမ်းအချိန်တွင် မြစ်ကမ်းပါးထိပ်ရှိ ကျောင်းဆောင်တော်လေသာခန်းမတွင် နိုင်ငံခြားနေ ဇနီးမောင်နှံနှစ်ဦးနှင့် ဆရာတော်ကြီးတို့ ဆရာတပည့် စကားပြောနေကြပါသည်။ ဆရာတော်ကြီးက မြစ်ဘက်သို့ ကျောပေးထိုင်နေပါသည်။ ဦးဖိုးစိန်နှင့် ဒေါ်ရွှေရွှေတို့က ဆရာတော်ကြီးရှေ့ရှိ ကြမ်းပြင်ပေါ်တွင်ထိုင်နေကြသည်။ ၎င်းက ဆရာတော်ကြီး ညာဘက်ခြေရင်းနားတွင် ထိုင်ရင်း စကားပြောနေကြသည်။

ထိုအချိန်တွင် ဆရာတော်ကြီးက မြစ်ဘက်သို့ လှည့်ကြည့်ကာ လှိုင်းသံများကို နားစွင့်ရင်း -

"ငြိမ်ငြိမ်နေ၊ ငြိမ်ငြိမ်နေ။ ကြည့်ကြည့်"

ဟု ဆိုပါသည်။

၎င်းတို့ကြည့်နေကြစဉ် ဒု-ဗိုလ်မှူးကြီးဇော်မြင့်လည်း လိုက်ကြည့်ဖြစ်သည်။ ဒီရေပြည့်ချိန်တွင် မြစ်ပြင်ငြိမ်သက်နေရမည့်အစား လှိုင်းသံများကြားရပြီး မြစ်ပြင်လှုပ်ခတ်နေသဖြင့် စောင့်ကြည့်နေဆဲမှာပင် လှိုင်းများပိုကြွလာ၍ တောင်ဘက်မြစ်ဝမှ ခပ်ကွေးကွေးသဏ္ဌာန်ကြီးတစ်ခုကို အားလုံးမြင်တွေ့လိုက်ကြရသည်။

အလိုတော်ပြည့် ဆရာတော်ကြီးက -

"အေး အေး - အဲဒါမင်းတို့ဇနီးမောင်နှံအလှူရှင်တွေကို ပြတာကွ"

မိန့်တော်မူလေသည်။

အလှူရှင်ဇနီးမောင်နှံကလည်း -

"ဆရာတော်ကြီးဘုရား၊ အဲဒါနဂါးပေါ်တာပါလား ဘုရား"

ဟု မေးကြသည်။

ဆရာတော်ကြီးကမူ ပြုံး၍သာနေပါသည်။ အလှူရှင် ဒကာမကြီးက ကင်မရာကို ပြေးယူ၍ စောင့်ကြည့်နေပါသော်လည်း ထပ်မံမတွေ့ရတော့ပေ။

**ပြည်နယ်သမဦးစီးအရာရှိ ဦးစံရွှေ၏ ကိုယ်တွေ့**

ပြည်နယ်သမဦးစီးအရာရှိ ဦးစံရွှေသည် ခြေတော်ရာ ဂန္ဓကုဋိပြာသာဒ်တော်ကြီး ထီးတော်တင် ရေစက်ချပွဲသို့ ရောက်ရှိနေချိန် ဖြစ်ပါသည်။ ၂၀၀၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲနှင့် ဧည့်သည်တော်များတက်ရောက်ပြီး ခြိမ့်ခြိမ့်သဲ စည်ကားစွာ ကျင်းပနေချိန် ဖြစ်သည်။ ထီးတော်တင်ဇာတ်ပွဲအပြင် ပြန်/ဆက်မှ ပြသသည့် ရုပ်ရှင်ပွဲနှင့် ရန်ကုန်မှ အဆိုတော်များ၏ စတိတ်ရှိုးပွဲလည်း ပါဝင်သဖြင့် ရသေ့တောင်တစ်နယ်လုံးမှာ ပရိသတ်များဖြင့် တိုးမပေါက်အောင် စည်ကားနေချိန် ဖြစ်သည်။

ထိုနေ့ နံနက် (၈) နာရီ အချိန်ခန့်တွင် နိုင်ငံတော်ဧည့်သည်တော်ကြီးများ၏ ရဟတ်ယာဉ် ဆင်းသက်ကာ ထီးတော်တင်ရေစက်ချမင်္ဂလာအခမ်းအနားကို ခြေတော်ရာဂန္ဓကုဋိသစ်အတွင်းမှာပင် ကျင်းပပြုလုပ်ဖြစ်ပါသည်။ နံနက်ကိုးနာရီအချိန်တွင် ထီးတော်၊ စိန်ဖူးတော်များကို ပန်းရထားရှိရာသို့ ရွှေ့ပြောင်း သယ်ယူနေချိန်ဖြစ်သည်။ ဆရာတော်ကြီးနှင့်ဧည့်သည်တော်များ၊ အလှူရှင်များမှာ ပြာသာဒ်တော်အတွင်း ပန်းရထားအနီးတွင် စုရုံးနေရာယူနေကြချိန် ဖြစ်သည်။

ထိုစဉ် ပြာသာဒ်တော်ကြီးတောင်ဘက်မြစ်ကမ်းနား လူအုပ်အတွင်းမှ -

"နဂါးပေါ်တယ်၊ နဂါးပေါ်တယ်"

ဟု အော်သံအဆင့်ဆင့် ဆူညံသွားပြီးနောက် လူအများ အုတ်အုတ်ကျက်ကျက် တိုးဝှေ့ကြည့်ရှုကြပါသည်။

ပြည်နယ်သမဦးစီးမှူး ဦးစံရွှေသည် မြစ်လယ်သို့ ကြည့်ရှုလိုက်ရာ လှိုင်းများထကြွကာ ရေသံများဆူညံနေသည်။ ရေအလယ်တွင် မည်းနက်ချောပြောင်နေသည့် ရှည်လျားလှသော အကောင်ကြီးနှစ်ကောင်၏ ပုံသဏ္ဌာန်ကို မြစ်လယ်တွင် ပေါ်လောကြီးစင်းလျက်ရှိနေသည်ကို မြင်တွေ့ရလေသည်။ စိတ်မှန်းဖြင့် ခန့်မှန်းကြည့်ရာ လူတစ်ဖက်ခန့် (၃) လောက်ရှိမည်ဟု ထင်ရပါသည်။ ပေနှစ်ဆယ်၊ သုံးဆယ်ခန့် ရှည်လျားမည်ဟုလည်း ခန့်မှန်းမိပါသည်။ ဦးခေါင်းကို ပီပြင်စွာ မမြင်ရသော်လည်း မြွေဦးခေါင်းသဏ္ဌာန် ခပ်ဆင်ဆင်တူသည်ဟု မှန်းဆမိလေသည်။ ထန်းပင်လုံးလောက်ရှိသည့် ထိုစိမ်းညို့ညို့ ခန္ဓာကိုယ်ပျော့ပျော့နှင့် နဂါးနှစ်ကောင်မှာ မြောက်ဘက်သို့ ဦးလှည့်ကာ ရေကို ဆန်တက်ရင်း လှုပ်ရှားလူးလွန့်မျောပါနေကြသည်။ ထိုနဂါးနှစ်ကောင်သည် တစ်မိနစ်၊ နှစ်မိနစ်ခန့်အကြာတွင် မြင်ကွင်းမှ တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။ ပွဲတော်လာပရိသတ်ကြီးအဖို့ ပြောမဆုံးနိုင်အောင်ပင် ဒေသတစ်ခွင်လုံး ဟိုးဟိုးကျော်သွားခဲ့လေသည်။

**စက်ဘီးပွမှ နဂါးပဏ္ဏာန်းဆက်အလှူရှင် မိသားစု**

ရသေ့တောင်မြို့နယ် မိုးစည်ကျွန်း ခြေတော်ရာတွင် စက်ဘီးပွဲ့နေထိုင်သည့် မိသားစုများဖြစ်သည့် ဦးကဲနက်ရှိန် (မြန်မာ့မီးရထား) အား ရည်စူး၍ ဇနီး ဒေါ်ကေသီနွယ် (ကက်သရင်းရှိန်) နှင့် သားသမီးများဖြစ်ကြသည့် ဦးခိုင်မင်းရှိန်နှင့် ဇနီး ဒေါ်ဆန်းသန်းဌေး မိသားစု၊ ဒေါ်နီလာရှိန်နှင့် ခင်ပွန်း ဦးထွန်းထွန်း မိသားစု၊ ဒေါ်ပုလဲရှိန်နှင့် ခင်ပွန်းဦးကျော်



www.burmeseclassic.com

www.burmeseclassic.com

ကျော်မိုး မိသားစု၊ ဦးညဏ်မင်းရှိန်နှင့် ဇနီးဒေါ်မိုးမိုးသန်း မိသားစု၊ ဒေါ်ရတနာရှိန်နှင့် ခင်ပွန်းဦးမျိုးကျော်မိသားစုတို့၏ ကောင်းမှုတော်အလှူအဖြစ် 'အောင်တော်မူ စေတီတော်' အား လှူဒါန်းတည်ဆောက်ခဲ့ကြသည်။

ထို့အပြင် 'လောကထိပ်ပန်စေတီတော်' အား ဦးသန်းထွဋ်နှင့် ဒေါ်ခင်နှင်းရီ၊ (ဦးကဲနက်ရှိန်)၊ ဒေါ်ကေသီနွယ်တို့အား အမျိုးထား၍ စင်ကာပူနိုင်ငံနေ ဦးကျော်ကျော်မိုး၊ ဇနီးဒေါ်ပုလဲရှိန်၊ သမီးသင်ဇာဝင့်မိုး၊ သားမင်းထက်မိုးတို့မိသားစုက ကောင်းမှုတော်အလှူအဖြစ် လှူဒါန်းတည်ထားခဲ့ပါသည်။ ထိုစေတီတော်နှစ်ဆူအား ဆရာတော်ကြီးက ကောဇာနှစ် ၁၃၇၁ ခု၊ ပြာသိုလပြည့်နေ့ နံနက် (၉) နာရီအချိန်တွင် ဌာပနာသွင်းလျက် ထီးတော်တင်လှူကာ ရေစက်ချ၊ အမျှပေးဝေစေခဲ့ပါသည်။ စေတီတော်နှစ်ဆူအနက် 'အောင်တော်မူစေတီ' မှာ မိခင်က ဒါယိကာမ ပြုလုပ် လှူဒါန်းသည့် စေတီတော်ဖြစ်၍ 'လောကထိပ်ပန်စေတီတော်' မှာ သမီးဖြစ်သူ ဒကာ၊ ဒကာမငါးစု၊ စုစုပေါင်း ခုနစ်စုသော မိသားစုဝင်များက လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ထိုစေတီတော်နှစ်ဆူအား ဆရာတော်ကြီးက တစ်နေ့တည်း တစ်ချိန်တည်း ဌာပနာသွင်း၍ ထီးတော်တင်လှူ ရေစက်ချစေကာ ထိုနေ့နံနက် (၉) နာရီ (၄၅) မိနစ်အချိန်တွင် နဝင်းကိုက်ပြီးစီးအောင် ဆောင်ရွက်တော်မူခဲ့ပါသည်။

ထီးတော်တင်လှူ ရေစက်ချ၊ အမျှဝေပွဲကို စင်ကာပူမိသားစုဝင်များ ဝမ်းပန်းတသာဖြင့် အလှူပြီးမြောက်ခဲ့ကြရာ စကားဖောင်ဖွဲ့ ပြောဆိုရင်း တောင်အောက်သို့ ပြန်ဆင်းလာကြသည်။ အချိန်မှာ နံနက်ဆယ်နာရီခန့်ရှိပြီ ဖြစ်လေသည်။ စောင်းတန်းလှေကားထိပ် အရောက်တွင် 'အောင်ဇတော်မူစေတီ' ဘုရား အလှူရှင် ဒကာမ ကက်သရင်းမိန်က ထိုစဉ်က ပဥ္စင်းဝတ်နေသူ ဦးဇော်မြင့်အား -

"အရှင်ဘုရား၊ အရှင်ဘုရား အဲဒီမှာ မြင်နေရတာဟာ နဂါးပေါ်နေတာလားဘုရား"

ဟု မြစ်ဘက်သို့ ညွှန်ပြကာ မေးလေသည်။

ထိုအခါ တောင်ဘက် စက်သီတာ ရွာမှသည် မြောက်ဘက် ခြေတော်ရာ စောင်းတန်းကြီးကြား မြစ်ပြင်ကျယ်ပေါ်တွင် မြွေလိမ်မြွေကောက်သဏ္ဌာန် ကောက်ကြောင်းကြီးတစ်ခု ပေါ်ထွက်နေလေသည်။ ငါးမိနစ်လောက်ကြာသည်အထိ ကြည့်နေရင်း စောင်းတန်းအဆုံးအထိကြည့်ရှုရင်း ဆင်းလာကြသည်။ 'အကျွတ်အလွတ်စေတီတော်' အောက် ရောက်သည်နှင့် မြစ်ပြင်ကိုကြည့်ကာ ဝိုင်းအော်ကြတော့သည်။

ခြေတော်ရာစောင်းတန်းမြောက်ဘက်အလွန် ဆိပ်ခံဖောင်တံတားရှေ့ရှိ မြစ်ပြင်ကျယ်တွင် မြစ်ရေများဖွေးဖွေးလှုပ်အောင် ပွက်ထနေသည်မှာ နဂါးခေါင်းနှင့် အလွန်တူလှပေသည်။ ဆရာတော်ကြီးအဆောင်ရှိရာသို့ အပြေးသွားကြကာ မြစ်ပြင်ကို အနီးကပ်ကြည့်ရှုကြသည်။ ဗွီဒီယိုကင်မရာနှင့် လှမ်းရိုက်ကြသည်။ တောင်အောက်တွင်ရှိနေသူများ အပြေးအလွှားလာကြည့်ကြသည်။

မြစ်ထဲမှ လှုပ်ရှားမှုပုံရိပ်တို့ကား အကြီးကြီးတစ်ခုတည်း မဟုတ်တော့ဘဲ အရွယ်ငယ်များ ဖြစ်ပေါ်ကာ မြူးထူးပြေးလွှားနေကြလေသည်။ ထိုအရာများကို ကြည့်ကာ လူပရိသတ်များက ဆူညံစွာနှင့် စောင့်ကြည့်နေကြသည်။ ဆရာတော်ကြီးအဆောင်ထက်မှ အလှူရှင်မိသားစုဝင် ဒကာမ သမီးငယ်တစ်ဦးမှာ မျက်ရည်စမ်းစမ်းနှင့်ငိုနေလေသည်။ ထိုသမီးဖြစ်သူမှာ ပဋ္ဌာန်းဆက်အရ နဂါးဝင်စားသူလေးဖြစ်ကြောင်းသိကြသည်။ ထိုသမီးကလေးမှာ ညဦးပိုင်းကတည်းကပင် အိပ်မက်မက်သဖြင့် မိသားစုဝင်များက ကြိုတင်သိနေနှင့်ကြလေသည်။ တစ်ဘဝသံသရာဆီမှ နဂါးပဋ္ဌာန်းဆက်သူငယ်မကလေး၏အဖြစ်ကို ကြည့်၍ ဒဏ္ဍာရီဆန်ဆန် မယုံကြည်နိုင်လောက်သည့် အဖြစ်အပျက်များကိုကြည့်၍ ရင်ထုမနာဖြစ်ကြရလေသည်။

**ကျောက်ဆင်၊ ကျောက်မိကျောင်း၊ ကျောက်ဟသ်ာများ**

သဘာဝအတိုင်း ရှေးရှေးကာလပင် ဖြစ်ပေါ်တည်ရှိနေသည့် ကျောက်ဆင်မှာမူ မြစ်ကမ်းနဖူးတွင် တွေ့မြင်ရသည်။ ဘုရား၏အင်္ဂါထောင့်အရပ်တွင် တည်ရှိပြီး ခြေတော်ရာသို့ ဦးခိုက်နေဟန်ရှိသည်။ ဦးကင်း၊ နှာမောင်း၊ မျက်စိ၊ အစွယ်၊ ရှေ့လက်၊ နောက်ခြေ၊ ကျော၊ ဝမ်း စသည့် အင်္ဂါရပ်များ စုံလင်စွာပါရှိသည်။ မုန်တွင်းပင် ထင်ရှားစွာရှိနေလေသည်။ ကျောက်မိကျောင်းမှာ အဖို၊ အမ နှစ်ကောင်ဖြစ်သည်။ အဖိုမှာ ရှေ့ကဖြစ်၍ အမမှာ နောက်ကတည်ရှိသည်။ ရေလှိုင်းပေါ်တွင် စီးလျက်ကူးလာနေပုံဖြင့် ခြေတော်ရာဘက်သို့ ဦးတိုက်လျက်ရှိပေသည်။ အမ၏ မိကျောင်းခေါင်းသဏ္ဌာန်မှာ ကြည့်လေလေ ပို၍တူလေလေဖြစ်သည်။ ကျောက်ဟသ်ာငှက်များမှာ သာစည်ထောင့်ရွာသို့အသွား လမ်းညာဘက်ခြမ်းကျောက်တန်းကြီးတစ်လျှောက်တွင်ရှိခဲ့သည်ဟု ဆိုပါသည်။ ယခင်က ခုနစ်ကောင်ရှိခဲ့သော်လည်း ကွန်မြူနစ်များ ကြီးစိုးစဉ်ကာလက မသမာသူများ ရိုက်ချိုးဖျက်ဆီးခဲ့ကြောင်း သိရပါသည်။ လောဘဇောတိုက်သူများ သိုက်တူးဖျက်ဆီးကြသည်ဟု ဆိုကြပါသည်။ ခြေတော်ရာအသွား စောင်းတန်းမဆုံးမီ ဂေါပကရုံးရှေ့အရောက် ဘယ်ဘက်ခြမ်းတွင်သာ တစ်ကောင်တည်းကျန်လျက်ရှိနေသေးကြောင်း သိရှိရပါသည်။

ခေတ်ကာလအချိန်အခါကိုလိုက်၍ ရေနတ်နဂါးကို မယုံချင်သူများရှိကြပေလိမ့်မည်။ သို့သော် ခြေတော်ရာဒေသဝန်းကျင်ရှိ ဒေသခံများ၊ ဘုရားပွဲတော်ရောက်ရှိဖူးသူများ၊ ဆရာတော်ကြီးနှင့်တကွ ကိုယ်တွေ့ကြုံမြင်တွေ့ခဲ့ရသူများကတော့ဖြင့် မြင်တွေ့သည့် သက်သေအဖြစ် အထင်အရှားရှိနေကြပါလေသည်။ ဗုဒ္ဓဝင်လာ ကျမ်းဂန်များအရလည်းကောင်း၊ ဗုဒ္ဓခြေတော်ရာ၊ စက်တော်ရာသမိုင်းအသီးသီးရှိ ဖော်ပြချက်အရ လည်းကောင်း၊ ပြည်တွင်း/ ပြည်ပသာသနာပြုအလိုတော်ပြည့်ဆရာတော်ကြီး၏ ကိုယ်တွေ့ကြုံ သိမြင် မိန့်ကြားချက်အရ လည်းကောင်း၊ ဗွီဒီယိုတိပ်ခွေမှတ်တမ်းအရ လည်းကောင်း ရေနတ်နဂါးတို့ တကယ်ပင်ရှိသည်ဟု အတည်ပြု မှတ်တမ်းတင် ရေးသား တင်ပြလိုက်ရပေတော့သည်။

ယုံကြည်မှုမရှိပါက သူရဇ္ဇမဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာဦးအောင်မြတ်ထံတွင် ဗွီဒီယိုအခွေ ကူးယူ၍ ကြည့်ရှုခြင်းသော် လည်းကောင်း၊ အောက်ပါ ဖုန်းနံပါတ်သို့သော်လည်းကောင်း စုံစမ်း မေးမြန်းနိုင်ပါသည်။

ဒေါက်တာအရိယဝံသ
(ဖုန်း - ၀၉၈၅၁၀၅၅၅)
ရွှေချိုအောင် (ပေလီ)

ကျမ်းကိုး -

(၁) ဇိနတ္ထပကာသနီကျမ်း
(၂) ငါးရှောင်းဆယ် ဇာတ်နိပါတ်တော်
(၃) မိုးစည်ကျွန်းခြေတော်ရာသမိုင်း
(၄) ဒေါက်တာအရိယဝံသ၏ ပါဒသုတေသနစာတမ်း
(၅) ရက္ခပူရကြေးမုံကျမ်း



www.burmeseclassic.com

www.burmeseclassic.com

(မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း)

# မြဝင်း(ဒဿန)
## အိမ်အပြန် မျက်နှာပန်းလှစေဖို့

ကျွန်တော် ရေးမှတ်ထားသော တရားမှတ်စုစာအုပ်ကို လှန်လှောကြည့်မိပါသည်။ ထိုမှတ်စုစာအုပ်၌ **'ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏သံဝေဂတရားများ'** ဟူသော ခေါင်းစဉ်ဖြင့်ရေးမှတ်ထားသော တရားမှတ်စုများကို တွေ့ရပါသည်။ ထိုနေ့က ကျွန်တော်သည် ထိုတရားမှတ်စုများကို ပြန်ဖတ်ကြည့်ပါသည်။ ထိုသို့ ဖတ်ကြည့်သောအခါ ဆရာတော်ဘုရားကြီးသည် တပည့်ဒကာများ 'ဘဝ' ကို အလေးအနက် နှလုံးသွင်းတတ်စေရန်၊ အများနားလည်လွယ်စေရန်နှင့် သံဝေဂယူတတ်စေရန် အများနားလည်လွယ်သော ဥပမာများဖြင့် ရေးသားထားသည်ကို တွေ့ရပါသည်။

ကျွန်တော်သည် ထိုနေ့က ထို

။၁။

ကျွန်တော်သည် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကို ပူဇော်သည့်အနေဖြင့် ဆရာတော်ဘုရားကြီး၏ ကဗျာများကို ခံစားဖွင့်ဆိုသောဆောင်းပါး အတော်များများရေးခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ကဗျာအရေးကောင်းသလို စကားပြေလည်း အရေးကောင်းပါသည်။ ဆရာတော်ဘုရားကြီးသည် စကားပြေရေးရာ၌ အများနားလည်လွယ်အောင် ဥပမာများဖြင့် ရေးတတ်ပါသည်။ ဥပမာများမှာလည်း ခက်ခက်ခဲခဲဥပမာများမဟုတ်ပါ။ နေ့စဉ်ဘဝ၌တွေ့နေရသော အဖြစ်အပျက်များကို ထင်ဟပ်သော ဥပမာများဖြစ်ပါသည်။ ဤဥပမာများကြောင့် စာဖတ်သူတို့သည် ဆရာတော်ဘုရားကြီး၏ အာဘော်ကို အလွယ်တကူ သဘောပေါက်ကြလိမ့်မည်ဟု ထင်ပါသည်။

။၂။

တစ်လောက ကျွန်တော်သည် တရားမှတ်စုများကို အထပ်ထပ်အခါခါ ဖတ်မိပါသည်။ ထိုတရားမှတ်စုများကို ဆရာတော်ဘုရားကြီး စီရင်တော်မူသော **'သတိမူသူတို့၏နားရာစခန်းနှင့် သတိမဲ့သူတို့၏သွားရာလမ်း'** စာအုပ်မှ ထုတ်နုတ်ထားပါသည်။ ဤတရားမှတ်စုများမှာ အောက်ပါအတိုင်းဖြစ်သည်။

တစ်နေ့ဝင်လျှင် ကိုယ့်အိမ်ကို ပြန်ကြရစမြဲတည်း။

(က) စီးပွားရှာလေသူ နေဝင်ခါနီးသော်မှ မိမိလက်ထဲ သုံးစရာပစ္စည်းမည်မည်ရရ ပါမသွားလျှင် အိမ်ပြန် မျက်နှာပန်းမလှဖြစ်တတ်သည်။

(ခ) စီးပွားရှာလေသူ နေမဝင်မီကာလ မိမိလက်ထဲသို့ အသုံးချစရာပစ္စည်းစု အထုပ်နှင့်အထည်နှင့်စုပြီးဖြစ်နေပါက အိမ်အပြန် မျက်နှာပန်းလှတတ်သည်။

လူတို့တွင် -

၁။ မွေးကင်းစမှ ဆယ်နှစ်တန်း နေထွက်လာချိန်မျိုးတည်း။

၂။ ဆယ်ကျော်သက်နှင့် ဆယ့်ငါးခြောက်နှစ်တန်းများသည် ဆွမ်းခံဝင်ချိန်တည်း။

၃။ ဆယ့်ရှစ်ဆယ့်ကိုးမှအိမ်ထောင်ကျအရွယ်တန်းသည် နေထန်းတစ်ဖျားတည်း။

၄။ အသက်သုံးဆယ်၊ လေးဆယ် အရွယ်တန်းများကာ မွန်းတည့်လာချေပြီ။

၅။ အသက်ငါးဆယ်၊ ခြောက်ဆယ်ရောက်လျှင်ကား နေစောင်းသွားပြီ။

၆။ အသက် ခုနစ်ဆယ်၊ ရှစ်ဆယ်ရောက်လျှင် နေဝင်ရန် တာစူနေပြီ။

၇။ အသက်ကိုးဆယ်၊ ကိုးဆယ်ကျော်သွားတော့လျှင်ကား တစ်နေဝင်သွားချေပြီ။

သင်သည် အထက်ပါ အချက်ပြ သင်္ကေတများ ပိုင်းခြားမှတ်သား၍ သင့်ကိုယ်သင် စစ်တမ်းကောက်ပါလေ။

(က) ငါသည် နေထွက်စလား၊ ဆွမ်းခံဝင်ချိန်လား။

သို့မဟုတ်

(ခ) ငါသည် နေထန်းတစ်ဖျားရောက်နေပါပေါ့လား။ မွန်းတည့်နေပါပေါ့လား ဟူ၍။

လူတို့သည် -

တစ်နေ့ကုန် တစ်နေ့ခန်း ပင်ပန်း





www.burmeseclassic.com

www.burmeseclassic.com

ကြီးစွာ မိမိတို့နေအိမ်များကို ပစ်ထားခဲ့ပြီး စီးပွားဖြစ်ရာ စက်ရုံ၊ အလုပ်ရုံများသို့သော် လည်းကောင်း၊ ရုံး၊ ကျောင်းများဆီသို့သော် လည်းကောင်း၊ ကုမ္ပဏီ၊ ကားစခန်း၊ ရထားလမ်းများသို့သော် လည်းကောင်း သွားရောက်ကြစမြဲ ဖြစ်ပါသည်။

တစ်ဖန် တောနေတောင်သားများဖြစ်ကြပြန်ကလည်း မိမိတို့နေအိမ်နှင့်ရွာကိုပင် နောက်ကျောခိုင်းခဲ့ရပြီ။ လယ်ယာဥယျာဉ်၊ သစ်တောဝါးတော၊ ဟင်းစိုတော စသည်များသို့။

အချို့က လွယ်အိတ်ကလေးများကို ကိုယ်စီလွယ်လို့၊ အချို့တောင်းပလိုင်းလေးများကို ကိုယ်စီလွယ်လို့ တစ်နေ့တနေ့တစ်နေ့ခန်း စီးပွားဖြစ်မည့်နေရာများသို့ ခြေလှမ်းမှန်မှန်သွားကြရပါ၏။

ထိုသူများ -

တစ်နေ့ကုန်၍မှ မိမိတို့ လက်ထဲကိုယ်စီကိုယ်င ရိက္ခာမရကြသေးလျှင် အပူတပြင်း တက်သုတ်ရိုက် ရှာသင့်ရှာရပါသည်။ နေဝင်ခါနီးလေ ခရီးတွင်လေဖြင့်လည်း လှမ်းသင့်လှမ်းရပါသည်။

အဘယ်ကြောင့်ဆိုသော် -

နေဝင်သွားသဖြင့် အိမ်ပြန်ရောက်သို့မှ လက်ထဲဝယ် စားနပ်ရိက္ခာ မည်မည်ရရပါမလာသော် နက်ဖြန်အတွက်ရေးတက်မအေးဖြစ်ရပါတော့သည်။ သန်ဘက်၊ ဖိန်းနွဲ့ စသည် နောက်ရက်များအတွက်ကား ဆိုစရာပင်မလိုတော့ပါချေပြီ။

ထို့အတူပင်လျှင် -

လူ့မှန်သမျှ နေပြီးလျှင် သေရပါဦးမည်။ စီးပွားရှာလူ ရွာမှသည် သေရွာဖြစ်သော မိမိတို့လာရာလမ်း တန်းတန်းမတ်မတ်ကြီး ဝင်ကြရပါဦးမည်။

ထိုလူသား -

(က) ဒါနဖြင့်အမွေယူ၍ လူ့ဘဝ၊ နတ်ဘဝ၊ ရိက္ခာထုပ် မြုပ်နှံခွင့်ရှိပါလျက်က -

(ခ) သီလဖြင့်အမွေယူ၍ လူ့ဘဝ၊ နတ်ဘဝ၊ ရိက္ခာထုပ်မြုပ်ခွင့်ရှိပါလျက်က -

(ဂ) ဈာန်ကုသိုလ်ဖြင့် အမွေယူ၍ ဗြဟ္မာဘဝ ရိက္ခာထုပ်မြုပ်ခွင့်ရပါလျက်က -

(ဃ) ဉာဏ်ကုသိုလ်ဖြင့် အမွေယူ၍ ရိက္ခာထုပ်မြုပ်ခွင့်ရပါလျက်က -

ထိုသို့ မကြီးစားဘဲ ပေါ့ပေါ့စား၊ ပေါ့ပေါ့နေ၊ သေရွာပြန် မျက်နှာပန်းမလှ။

ထိုသို့မဟုတ်ဘဲ ရောက်ရာအရွယ် ချိန်ဆလျက် ရိက္ခာထုပ် (၄) မျိုးဖြင့် မိမိသန်ရာ ကြိုးစား ရှာဖွေက သေရွာပြန် မျက်နှာပန်းလှ။

အထက်ပါတရားတော်ကို အသေအချာဖတ်ကြည့်လျှင် ဆရာတော်ဘုရားကြီးသည် လူအများနားလည်လွယ်သော ဥပမာများဖြင့် ရေးထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။ တောင်သူလယ်သမားတို့သည် အချိန်ကို ပိုင်းခြားရာတွင် နေကိုကြည့်၍ နေထွက်ချိန်၊ နေထန်းတစ်ဖျား၊ နေဝင်ချိန် စသည်ဖြင့် ပိုင်းခြားတတ်ကြပါသည်။ ဆရာတော်ဘုရားကြီးသည် ထိုအချက်ကို ကောင်းကောင်းကြီး သတိပြုမိသဖြင့် 'ဘဝ' ကို အများနှလုံးသွင်းတတ်စေရန် နေထွက်ချိန်၊ နေထန်းတစ်ဖျား၊ နေဝင်ချိန် စသည်တို့ဖြင့် ပိုင်းခြားပြခဲ့ပါသည်။ ဘဝကို ထိုသို့ပိုင်းခြားပြခြင်းသည် အလွန်ထိမိလှသည်ဟုထင်ပါသည်။

ဤတွင် အကြောင်းတိုက်ဆိုင်၍ ကျွန်တော့်ဦးလေးပြောစကားကို ဖော်ပြပါဦးမည်။ ကျွန်တော့်ဦးလေးက အသက်ရှစ်ဆယ်နီးနေပါပြီ။ ထို့ကြောင့် ဦးလေးက စကားပြောလျှင် -

"တို့က နေညိုချိန်ရောက်နေပါပြီကွာ။ အခုသွားလာလှုပ်ရှားနေတာက နေမကွယ်ခင် သွားနိုင်တုန်း၊ လာနိုင်တုန်း လှုပ်ရှားနေရတာပါ"

ဟု ပြောတတ်ပါသည်။

ကျွန်တော့်ဦးလေးသည် ဆရာတော်ဘုရားကြီး ရေးသော တရားစာများကို ဖတ်ဖူးထားသလား မပြောတတ်ပါ။ ဤသည်မှာ အကြောင်းတိုက်ဆိုင်သဖြင့် ဖော်ပြခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးက **'ဝိတိ၊ ဂါရဝ၊ မြတ်သီလနှင့် ဘဝသချာ'** စာအုပ်၌လည်း ဘဝကို အထက်ပါနည်းအတိုင်း ပိုင်းခြားပြခဲ့ပါသည်။

ဤသို့ဖြစ်ပါသည်။

'အိမ်မှထွက်၍ စီးပွားဝမ်းစာအားထားရာ အချို့ ပလိုင်းကလေးများကို ကိုယ်စီလွယ်လျက်က၊ အချို့ တောင်းပလုံး ခေါင်းပေါ် တင်လျက်က အရှာအဖွေထွက်ခဲ့ကြရာ နေဝင်ခါနီးသော်မှ မိမိတို့အထဲ ပစ္စည်းမည်မည်ရရမရသေးသော် တက်သုတ်ရိုက်ရှာကြရတော့သည်။ ခရီးပြင်းတိုက် လိုက်သင့်လိုက်ရတော့သည်။ နေဝင်သော်မှ မိမိတို့အထဲ ပစ္စည်းတွဲမပါလျှင် အိမ်အပြန် မျက်နှာပန်းမလှဖြစ်ကြရတော့မည်။

သည့်ပမာလျှင် -

လူတို့၏ မွေးကင်းစသည် နေထွက်စနှင့်ညီမျှပြီး အပျိုဖော်၊ လူပျိုဖော်ဝင်၊ အိမ်ထောင်ကျ၊ သားတွဲလောင်း၊ သမီးတွဲလောင်းရများကား နေထန်းတစ်ဖျား၊ ဆွမ်းခံဝင်ချိန်၊ ဆွမ်းလောင်းချိန်၊ နွားလွှတ်ချိန်များ ဖြစ်ကြ၏။

ထိုမှနောက် အိမ်ထောင်ဦးစီး၊ မိကြီး၊ ဖကြီး၊ အဘိုး၊ အဘွား အရွယ်များအထိ ခရီးရောက်လာပါမူကား -

မွန်းတည့်နေပြီ။

မွန်းယိမ်းနေပြီ။

နေစောင်းသွားပြီ။

ထို့မှနောက် -

လူမသုံး၊ သူမသုံး၊ အညွန့်တုံး၊ အမြစ်ခြောက်၊ အိုမင်းမစွမ်းကာလအထိ ခရီးပေါက်လာပါမူကား၊ နေဝင်ခါနီး သေမင်းတံခါးဝ၊ သေမိန့်ကျ အချိန်၏ ကာလဖြစ်ရာ. . .'

ကျွန်တော်သည် ထိုနေ့က အထက်ဖော်ပြပါ တရားမှတ်စုများကို ဖတ်ပြီး ကိုယ်ဘဝကိုယ် မဝံ့မရဲ ပိုင်းခြားကြည့်မိပါသည်။ ထိုသို့ ပိုင်းခြားကြည့်သောအခါ ကျွန်တော့် အသက်အရွယ်သည် နေစောင်းချိန်သို့ ရောက်နေသည်ကို တွေ့ရပါသည်။ ကျွန်တော် သံဝေဂဖြစ်မိပါသည်။ ဆရာတော်ဘုရားကြီးက အိမ်အပြန်တွင် ရိက္ခာထုပ်ပါမှ မျက်နှာပန်းလှသည်ဟု ဟောထားပါသည်။ ဒါနရိက္ခာထုပ်၊ သီလရိက္ခာထုပ်၊ ဈာန်ကုသိုလ်ရိက္ခာထုပ်၊ ဉာဏ်ကုသိုလ်ရိက္ခာဟူ၍ အိမ်အပြန်တွင် ယူသွားရမည့် ရိက္ခာထုပ် (၄) ထုပ် ရှိသည်ဟုလည်း ဟောထားပါသည်။ ကျွန်တော့်မှာ ယူသွားစရာ ရိက္ခာထုပ်ရှိပြီလား။ ရိက္ခာထုပ်မရှိသေးလျှင် ရိက္ခာထုပ်ကို တက်သုတ်ရိုက်ရှာရပါတော့သည်။ မည်သို့ရှာမည်နည်း။ ရှာရမည့်နည်းကိုတွေးနေစဉ် ကျွန်တော့်နားထဲတွင် ဆရာတော်ဘုရားကြီး၏ အသံကို ကြားယောင်လာပါသည်။

*'သင် သေရွာပြန်ရာ၌ ခြေလျင်ပြန်လိုပါသလော။*

*ယာဉ်ရထားဖြင့်ပြန်လိုပါသလော။*

*လက်မဲ့ချည်းပြန်လိုပါသလော။*

*ကိုယ့်ပစ္စည်းကိုဆုပ်ပြီး ပြန်လိုပါသလော။*

*သူတစ်ပါးပစ္စည်းနှင့် အငှားဆုပ်ပြန်လိုပါသလော'*

ကျွန်တော်တို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ရပါတော့မည်။

မြင့်ဦး (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com



# မဟာဗောဓိပင်နှင့် ဓမ္မစေတီမင်း၏တမန်တော်များ

နိုင်ခင်မောင်လေး

ဓမ္မစေတီမင်းသည် အေဒီ ၁၄၇၁ တွင် ဟံသာဝတီထီးနန်းကို ဆက်ခံ၏။ နန်းတက်ပြီးနောက်တစ်နှစ်တွင် ဗောဓိပင်ရှိရာ ဗုဒ္ဓဂယာသို့ တမန်တော် စေလွှတ်ခဲ့၏။ တမန်အဖွဲ့တွင် ရဟန်းတော် (၈) ပါး ပါဝင်၏။ ဟံသာဝတီတွင် သတ္တဌာနတည်ရန်အတွက် အိန္ဒိယရှိ သတ္တဌာနများကို ကြည့်ရှုလေ့လာပြီး မှတ်သားခဲ့ရန် ဖြစ်၏။

မဟာဗောဓိသို့ရောက်သောအခါ ဗောဓိပင်အသေကိုသာ မြင်ရ၏။ မဟာဗောဓိပင်ကို ဓမ္မာသောကမင်း၏ မိဖုရားတစ်ပါးဖြစ်သော(တိဿရက္ခိတ)သီတာဒေဝီကသတ်ခဲ့သည်ဟု ဆို၏။ သို့သော် ယခုလိုဗောဓိပင် အသေမြင်ရသောအခါ ရဟန်းတော်ရှစ်ပါးစလုံး တုန်လှုပ်ချောက်ချားကုန်၏။ ဤအဖြစ်ကိုလည်း ယုံမှားသံသယဖြစ်မိ၏။ သည်ကြောင့် ရဟန်းတော်များက မြတ်စွာဘုရား သဗ္ဗညုတဉာဏ်အထွတ်အထိပ်သို့ ရောက်တော်မူသည့်နေရာသည် ဤနေရာဤအရပ်အမှန်ဖြစ်ပါမူ မဟာဗောဓိပင်သည် အသီးအရွက်အပြည့်အစုံနှင့်ရှိနေသည်

သုရဿမဂ္ဂဇင်း
၁၃နှစ်ပြည့် အထူးထုတ်



www.burmeseclassic.com

www.burmeseclassic.com





ကို မြင်ရပါစေသတည်း မြတ်စွာဘုရား ကိုယ်တော်တိုင် ကဏ္ဍသရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာပြသကဲ့သို့ တစ်စုံတစ်ခုသော ယမိုက်ပြာဋိဟာပြပါစေသတည်း ဟူ၍ အဓိဋ္ဌာန်ပြုကြကုန်၏။

ထိုသို့အဓိဋ္ဌာန်ပြုလတ်သော် ရှေးဦးစွာ မဟာဗောဓိတံတိုင်းတွင် မိုးရွာချ၏။ မိုးစဲသော် တံပိုး၊ လင်းကွင်းအသံကဲ့သို့သော ညိုးညိုးညည်းညည်းအသံများကြားရ၏။ အသံစဲသွားသောအခါ မဟာဗောဓိကို ရတနာ(၇)ပါးဖြင့် ပြီးသော ပြာသာဒ်ကဲ့မြင်ရ၏။ ပြာသာဒ်ထဲတွင် အထူးထူးသောရောင်ခြည်တို့ ကွန့်မြူးနေ၏။

ဤသည်ကိုမြင်တွေ့ရသော ရဟန်းတော်များက ဒုကုဋ်သင်္ကန်းများချွတ်၍ ပူဇော်ကြ၏။ လူတို့သည်လည်း ခေါင်းထုပ်၊ အင်္ကျီများချွတ်၍ ပူဇော်ကြ၏။ သည့်နောက် ရဟန်းတို့က ဓမ္မစေတီမင်း ပေးလိုက်သော ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်ကြ၏။

ထို့နောက် ဓမ္မစေတီမင်း၏ တမန်ရဟန်းတော်များနှင့် လိုက်ပါသွားကြသော ဒါယကာများသည် စန္ဒဒေဝမင်း ပြုလုပ်ခဲ့သော တံတိုင်း၊ မီးတားပလ္လင်များ ပျက်စီးနေသည်ကို ပြုပြင်ခဲ့၏။ ရတနာဃရ စင်္ကြံမရတန စသည်များကိုလည်း ရွှေဇာသတ်အတိုင်း ရွှေကြဲအတိုင်း သတ်ခဲ့ကြကြဲခဲ့ကြ၏။ ဓမ္မစေတီမင်း၊ မိဖုရားနှင့် သားတော် ဗညားရန်တို့ ရှိခိုးကန်တော့နေဟန်ရုပ်များ ထုလုပ်ထားခဲ့ကြ၏။ သတ္တဋ္ဌာနတို့၏ အရပ်ဌာနပုံသဏ္ဌာန်များကိုလည်း မှတ်ထားခဲ့ကြ၏။

ထိုမှ အရှေ့တံခါးက ထွက်၍ မြောက်ဘက်သို့ (၆) ရက်ခန့်သွားသော် အမ္ဗရာပြည်သို့ ရောက်၏။ ယင်းပြည်သည် ပထဝီသီဟမင်း၏နိုင်ငံတွင်ရှိ၏။ ထိုမှ အနောက်သို့ တစ်ဂါဝုတ်ခန့် သွားလျှင် သုပဏ္ဏသုံ၏ မိခင်၊ ဖခင် ဒုကုလနှင့် ပါရိကတို့၏နေရပ်သို့ ရောက်၏။ ယင်းမှ တစ်ဂါဝုတ်ခန့်သွားပြန်လျှင် မိဂသမ္မဒါချောင်းသို့ရောက်၏။ ထိုချောင်းသည် ဂင်္ဂါမြစ်တွင်းသို့ စီးဝင်၏။ ထိုမှ





www.burmeseclassic.com

www.burmeseclassic.com

လေးဂါဝုတ်ခန့်သွားလျှင် ပထဝီသီဟမင်း စံမြန်းရာ တုမ္ပရာ သို့မဟုတ် တုမ္ပရာပြည်သို့ ရောက်၏။ တုမ္ပရာပြည်နှင့် မဟာဗောဓိသည် တစ်ဆယ့်နှစ်ဂါဝုတ်ဝေး၏။

တုမ္ပရာပြည်သို့ ရောက်သောအခါ ဓမ္မစေတီမင်းကြီးပါးလိုက်သည့် လက်ဆောင်ပဏ္ဏာများကို ပထဝီသီဟမင်းအား ဆက်သ၏။ သည့်နောက် ဓမ္မစေတီမှာလိုက်သည့်အတိုင်း ဝင်္ကဘာတောင်ကို မြင်တွေ့လိုကြောင်း လျှောက်၏။ ထိုအခါ ပထဝီသီဟမင်းက စန္ဒရာပြည်ရှိ ဗုဒ္ဓဒါသမင်းအား ဝင်္ကဘာတောင်ကို ပြစေကြောင်း အမိန့်တော်နှင့်တကွ လူလွှတ်၍ ပို့စေ၏။ ဗုဒ္ဓဒါသမင်းလည်း ရဟန်းတော်များ ဆွမ်း၊ ကွမ်းပစ္စည်းလေးပါးတို့ဖြင့် ကောင်းမွန်စွာ လုပ်ကျွေး ပြုစုပြီး ဝင်္ကဘာတောင်သို့ပို့စေ၏။

ရဟန်းတော်များသည် ဝင်္ကဘာတောင်၌ ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီဒေဝီတို့နေခဲ့သည့် ကျောင်းသင်္ခမ်းနေရာတွင် တည်ထားသည့်စေတီ၊ သားတော်ဇာလီ၊ သမီးတော်ကဏှာဇိန်တို့ကို ဇူဇကာပုဏ္ဏားအား လှူသည့်နေရာ၊ ခမည်းတော် သိဉ္စည်းမင်းကြီး လာသောအခါ စစ်သည်ဗိုလ်ပါတို့ကို ဝေဿန္တရာမင်းကြီးငုံ့ကြည့်သောနေရာ၊ ထိုနေရာတို့တွင် တည်ထားခဲ့သည့် ရှေးစေတီတော်များကို ကြည့်ရှုကြည်ညိုခဲ့ကြ၏။ ဝင်္ကဘာတောင်နှင့် မဟာဗောဓိသည် ကိုးဂါဝုတ်ဝေး၏။

ထိုနေရာမှ တောင်စူးစူးသို့သွားလျှင် နဒီကဿပရသေ့တို့နေရာအရပ်ကို တွေ့ရ၏။ ထိုနေရာအနီးတွင် မဟာနာမ ဆိုသောချောင်းရှိ၏။ ထိုမှတစ်ဖန်သွားပြန်လျှင် သုဇာတာသူဌေးသမီး၏ နေရပ်သေနနိဂုံးသို့ရောက်၏။ ထိုမှသွားပြန်လျှင် ဥပကဇီဝကနှင့် မြတ်စွာဘုရားတွေ့ကြသည့်နေရာ၊ ထိုမှ ဥရုဝေဠကဿပ အစရှိသော ရသေ့တစ်ထောင်တို့အားမြတ်စွာဘုရားက တရားဟောရာ ကျောက်တောင်သို့ရောက်၏။ ထိုအရပ်တွင် ရှေးကသမ္မာဒိဋ္ဌိမင်းများဂူလုပ်ခဲ့၏။ နောက်တွင် မိစ္ဆာဒိဋ္ဌိမင်းတို့က နတ်ရုပ်ကိုထွင်း၍ထား၏။ ယင်းဂူ၏ မြောက်ဘက်တွင် ဂယာသီသပူရပြည်ရှိ၏။

ယင်းပြည်၏ အနောက်မြောက်ထောင့်တွင် ရာမကသာကျောက်၊ အရှေ့စူးစူးတွင် ဗြဟ္မစာရီကျောက်၊ အရှေ့မြောက်ထောင့်တွင် မဟာပဗ္ဗတကျောက်များရှိ၏။ ဤသို့ အစီအစဉ်အတိုင်း တည်ရှိနေဟန်ကို မှတ်သားပြီး မဟာဗောဓိသို့ ပြန်ခဲ့ကြ၏။

မဟာဗောဓိသို့ ပြန်ရောက်သောအခါ ရဟန်းတော်ရှစ်ပါး တိုင်ပင်ကြပြန်၏။ သည့်နောက် မြတ်စွာဘုရားသခင်သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဖြည့်၍ သဗ္ဗညုဘုရားရှင်အဖြစ်သို့ရောက်ခဲ့သည်မှန်လျှင် ငါတို့မင်းဓမ္မစေတီသည်လည်း ပူဇော်တော်မူထိုက်လျှင် ဤမဟာဗောဓိပင်သည် ညတွင်းချင်း အသီးအရွက်ပြည့်စုံစေသတည်းဟု အဓိဋ္ဌာန်ပြုပြီး ကျိန်းစက်ကြ၏။

ထိုညသန်းခေါင်ယံတွင် လေပြင်းတိုက်၏။ မိုးကြီးသည်းထန်စွာရွာ၏။ အရှေ့မျက်နှာမှစ၍ အရပ်မျက်နှာအားလုံးသို့ လျှပ်ပြင်းစွာလျှပ်၏။ လျှပ်လျှပ်ပြီးနောက် မဟာဗောဓိတံတိုင်းဝန်းကျင်လည်းလျှပ်၏။

ထိုသို့တန်ခိုးပြာဋိဟာပြုပြီးနောက် မိုးသောက်အိပ်ရာမှနိုးသည်နှင့် မဟာဗောဓိပင်ကို ကြည့်ကြ၏။ သည်အခါ ရဟန်းတော်များအလွန်အံ့အားသင့်သွား၏။ မဟာဗောဓိပင်သည် အသီးအပွင့်များ ပင်လုံးညွတ်မျှ ဝေဝေဆာဆာဖူးပွင့်နေ၏။ ရဟန်းတော်များကြည့်နေရင်းကပင် အသီးများရင့်မှည့်လာ၏။ ယင်းကြွေကျလာသည့် အသီးတို့သည် မြေသို့တစ်ခါတည်းမကျဘဲ ပျားပိတုန်းလို လေမှာ ပျံဝဲနေ၏။ နောက်မှမြေသို့ကျ၏။ ဤသည်ကို မြင်ရသောရဟန်းတို့က ဤနေရာသည် မြတ်စွာဘုရား သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသည့်နေရာမှန်သည်ရှိသော် ဗောဓိပင်၏ ပင်အခက်သည် ငါတို့မဖြတ်ရဘဲ အသီးအရွက်နှင့်တကွ အလိုလိုကျလာစေသတည်းဟု အဓိဋ္ဌာန်ပြုကြပြန်၏။ ထိုအခါ လုံးပတ်နှစ်ထွာ၊ အလျားလေးတောင့်တစ်ထွာရှိသော အခက်တစ်ခု အလိုလိုပြုတ်ကျလာ၏။ ယင်းဗောဓိခက် မြေသို့ရောက်သည်နှင့် အပင်ပေါ်ရှိ အသီးအရွက်အားလုံး တစ်လုံးတစ်ရွက်မှ မကျန်ဘဲ ပျောက်ကွယ်ကုန်၏။ ရဟန်းတော်များနှင့် လိုက်ပါလာသူတို့သည် ဗောဓိပင်အခက်ယူ၍ သက္ကရာဇ် ၈၃၅ ခု၊ ဝါခေါင်လဆန်း ၃ ရက်၊ ကြာသပတေးနေ့တွင် မဟာဗောဓိမှ ထွက်ခွာခဲ့၏။

တစ်ရက်တစ်မွန်းတည့်ခန့်ကြာသော် ရာဇပုတ်သို့ရောက်၏။ ရာဇပုတ်တွင် လမ်းနှစ်သွယ်ရှိ၏။ လက်ဝဲလမ်းအတိုင်းသွားလျှင် ရာဇဂြိုဟ်သို့ရောက်မည်။ လက်ယာလမ်းအတိုင်းသွားပါက မဟေလိမြို့သို့ရောက်၏။ ရဟန်းတော်များ မဟာဗောဓိသို့ ကြွလာစဉ်က ကဿပ ရိနိဗ္ဗာန်စံသည့်နေရာ ဂုရုပါဆိုသောကျောက်ကိုကြည့်ခဲ့ရန် ဓမ္မစေတီမင်းက မှာကြားခဲ့၏။ သည့်ကြောင့် ရဟန်းတော်တို့က လက်ဝဲလမ်းအတိုင်း ထွက်သွားကြ၏။

ထိုသို့သွားလေသော် မဟေသိကပြည်သို့ ရောက်၏။ ရောက်သည်နှင့် မဟေလိမင်းအား ဓမ္မစေတီမင်းပါးလိုက်သည့် လက်ဆောင်ကို ဆက်သ၏။ ကဿပ ပရိနိဗ္ဗာန်ပြုရာ ဂုရုပါသို့သွားလိုကြောင်း လျှောက်၏။ ယင်းနေရာသို့ သွားရာလမ်းသည် ခရီးလည်းကြမ်း၏။ ဝေးလည်းဝေး၏။ ဘေးအန္တရာယ်များ၏။ ထိုနေရာသို့ မသွားရန် မဟာလိမင်းက တား၏။ သို့သော် ရဟန်းတော်များက အတင်းပူဆာသဖြင့် မဟာလိမင်းက ခွင့်ပြုပြီး လမ်းပြတစ်ယောက် ထည့်ပေးလိုက်၏။

လမ်းပြ ခေါ်ဆောင်သွားသည့်အတိုင်းလိုက်သွားရာ တစ်နေရာသို့ ရောက်၏။ အရှင်တို့ သည်နေရာက ဆက်သွားပါဆိုပြီး လမ်းပြပြန်လှည့်သွား၏။ ရဟန်းတော်တို့က မသွားတတ်မလာတတ်နှင့် တွေ့သမျှလူများကို ခရီးလမ်းအကြောင်းမေးမြန်းကြ၏။ အဖြေကလည်း မရေရာသည်က များ၏။ ရောက်နိုင်မည်မထင်ဆိုပြီး ရဟန်းတော်များ ပြန်လှည့်လာကြ၏။ ပြန်လာပြီးနောက် အစီအစဉ်အတိုင်း ဆက်သွားပြန်ရာ ရာဇပုတ်သို့ ရောက်၏။ ထိုမှ နာလိန္ဒရ၊ နာလိန္ဒရမှ ပျာလာရ (ဝါ) ဗျာလာရသို့ ရောက်၏။

ပျာလာရမှ လှေစီး၍သွားပြန်သော် သူရကန်မင်းနေပြည်သို့ရောက်၏။ ရောက်သောအခါ သူရကန်မင်းက ငါ့ကိုအကြောင်းပြု၍ ဟံသာဝတီမင်းက လွှတ်လိုက်သည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်၏။ ရဟန်းတော်များနှင့်တကွ ပါလာသည့် လူသူများကို ကျွေးမွေးလှူဒါန်း၏။ သည့်နောက် မိမိစီးသောလှေဖြင့် လူဆုံသလောက် လိုက်ပါစေပြီး ရဟန်းတော်များအား စစ်တကောင်းအထိ ပို့စေ၏။

စစ်တကောင်းသို့ ရောက်သောအခါ ရဟန်းတော်များနှင့် လိုက်ပါသူများက မိမိတို့ထားခဲ့သော သင်္ဘောဖြင့် ဟံသာဝတီသို့ ပြန်လာ၏။

ခိုင်ခင်မောင်သေး



www.burmeseclassic.com

www.burmeseclassic.com


## ရွှေကံကူလေပွဲသစ်တော်ရုပ်ရှင်တော်မြတ်၏
## ဘိုဘို(ရွှေကံကူ) ၂၀၁၂ -၂၀၁၃ ခုနှစ်
# မန္တလေးဗဟိုပြုဒေသစာရီခရီးစဉ်များမှ ထူးခြားမှုများ

ရွှေကံကူ လေပွဲသစ်တော် ရုပ်ရှင်တော်မြတ်သည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့တွင် ပွင့်ထွန်း ပေါ်ပေါက်တော်မူခြင်း ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးသည် ရုပ်ရှင်တော်မြတ်၏ ဇာတိတိုင်းဒေသကြီး ဖြစ်ပါ၏။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်သည် မန္တလေးမြို့မှ ပထမဦးဆုံး ဒေသစာရီခရီး စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ၂-၁၂-၁၉၉၉ နေ့တွင် စဉ့်ကိုင်မြို့မှ ကိုမင်းသိန်း၊ မဇင်မာချို တို့၏ ပင့်ဆောင် ပူဇော်မှုဖြင့် တစ်ရက် တည်းမှာပင် မန္တလေးမြို့ မဟာမုနိဘုရားကြီး မိုးကောင်းမမ္မာရုံ မန္တလေးမြို့ အောင်တော်မူဘုရားတို့တွင် ဒေသစာရီ ကြွချီတော်မူပြီးသည်၏နောက်ပိုင်း မန္တလေးမြို့မှ ပင့်ဆောင် ပူဇော်မှုများ တဖြည်းဖြည်းနှင့် တစ်ဦးစနှစ်ဦးစ ပေါ်ပေါက်လာခဲ့ပြီး တစ်စထက်တစ်စ ပင့်ဆောင် ပူဇော်သူတို့ များပြား၍လာခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်သည် ၂၀၁၁ ခုနှစ်၊ ၁၁ လပိုင်းတွင် နေပြည်တော်မှစ၍ ရန်ကုန်ကို ဗဟိုပြုသော အောက်မြန်မာပြည်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့ ပါဝင်သော ဒေသစာရီခရီးစဉ်ကို (၆) လကြာ ကြွမြန်းတော်မူခဲ့ပြီး ၁၈-၅-၂၀၁၂ နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှတစ်ဆင့် စဉ့်ကိုင်မြို့ အောင်မြေသို့ ပြန်လည် ကြွမြန်းရောက်ရှိတော်မူပါ







(၂၆-၅-၂၀၁၃) နေ့တွင် ရွှေကံကူ ရုပ်ရှင်တော်မြတ်အား မန္တလေးမြို့ သိပ္ပံလမ်းဆုံ၊ ၆၂လမ်း၊ မြောက်ဖက် ဗိုလ်မှူးကျော်သူရ + ဒေါ်ချောစုယဉ် တို့၏နေအိမ်၌ သက်တော်ထင်ရှား ဘုရားကဲ့သို့ အသားအရေ ကြည်လင် ချောမွေ့သွားဖြင့် ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com




ထူးဆန်းသောအလင်းတန်းကြီး ပေါ်ထွက်ပုံ



မြင်းခြံမြို့မှ ပြန်လည် ကြွမြန်းတော်မူစဉ် ရုပ်ရှင်တော်မြတ်၏နှုတ်ဆက်အပြုံးအား ဖူးတွေ့ရပုံ

သည်။ အောင်မြေတွင် (၄) ရက်တာမျှ နေနားတော်မူပြီးလျှင် ၂၃ - ၅ - ၂၀၁၂ နေ့တွင် ပြည်ဦးလွင်မြို့ ပဒေသာမြို့သစ် ဒေါ်သန်းမေနှင့် သားသမီးတစ်စုတို့မှ ပင့်ဆောင်ပူဇော်ခဲ့ကြသည်။ (ဤမိသားစုသည် ရွှေကံကူရုပ်ရှင်တော်မြတ်ကြီးအား အရင်က သဲ့သဲ့မျှသာကြားဖူးနားဝရှိခဲ့ကြသူများ ဖြစ်ပါသည်။ ၎င်းတို့ ကိုးကွယ်သော စဉ့်ကိုင်မြို့ တရုတ်စုရပ်ကွက်မှ ဆရာကြီးဦးချစ်ခိုင်မှ ၎င်းတို့ကို ခိုးမြောက်လို၍ ရုပ်ရှင်တော်မြတ်၏ အကြောင်းကို ပြောပြပြီး စဉ့်ကိုင်မြို့အောင်မြေသို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ပါသည်။ အောင်မြေသို့ရောက်ရှိသောအခါ ရုပ်ရှင်တော်မြတ်အား ကြည်ညိုစိတ်များဖြစ်ပေါ်လာကြ၍ ပင့်ဆောင် ပူဇော်လိုကြောင်း စာရေးသူအား ပြောကြားရာမှ ရက်ချိန်းရရှိသွားကြကာ ပင့်ဆောင်ခွင့် ရရှိသွားကြသူများ ဖြစ်ပါသည်။

ဦးချစ်ခိုင်မှာ စာရေးသူ၏ရွှေကံကူ ပထမဆုံးဆောင်းပါးတွင် ဖော်ပြပါရှိခဲ့သော -

'ဤဘုရားတွင် လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့မှ ဘွဲ့တော်ဆပ်ကပ်ရန် မလိုအပ်ပါ။ ဘွဲ့တော်အမှန်သည် တစ်နည်းနည်းဖြင့် သူ့အလိုလို ပေါ်ပေါက်လာပါလိမ့်မည်'


ဟု ကြိုတင် ဟောကိန်းထုတ်ခဲ့သူ ဆရာကြီးပင် ဖြစ်ပါသည်။

ယခုကဲ့သို့ ရုပ်ရှင်တော်မြတ် ပဒေသာမြို့သစ်သို့ ကြွရောက်တော်မူခြင်းမှာ ပထမဆုံးအကြိမ်တော့ မဟုတ်ပါ။ ပဒေသာမြို့သစ်သို့ ကြွရောက်တော်မူခဲ့သည်မှာ (၄) နှစ်မြောက်ပင် ရှိခဲ့ပြီ ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ဤနေအိမ်တွင် ပြုံးတော်မူခြင်းနှင့် ရောင်ခြည်တော်များ သိသိသာသာ ထွန်းလင်းတောက်ပတော်မူခြင်းများကို ဖူးမြော်ကြည်ညိုကြရ၍ အိမ်ရှင်မိသားစုနှင့်

www.burmeseclassic.com



မန္တလေးမြို့တိုင်းဒေသကြီးတရားရေး ဒု-ဝန်ကြီး၏နေအိမ်တွင် ရုပ်ရှင်တော်မြတ်အား ရွှေထီး ငွေထီးများဖြင့် ဖူးတွေ့ရပုံ



၂၀၁၃၊ (၃)လပိုင်းတွင် ရွှေကံကူ အောင်မြေရှိ နဂါးနန်းတိုင် အား ငန်းတော်ကျား မြွေကြီး ရစ်ပတ်ပူဇော်စဉ်



ပြင်ဦးလွင်မြို့တွင် တဘက်ပေါ်၌ လက်ဖဝါးတော်ရာ ပေါ်ပေါက်ပုံ




၂၀၁၃၊ (၃)လပိုင်းတွင် ရွှေကံကူ အောင်မြေရှိ ပန်းအိုးအတွင်း ပန်းအရိုးများ စွန်ပစ်ထားစဉ် အရိုးမှ အပင်များတူးဆန်းပြီး ရှင်သန်စွာပေါက်နေပုံ

ဘုရားဖူးဧည့်ပရိသတ်တို့ ဝမ်းသာကြည်နူးခဲ့ဖြစ်ကြရပါသည်။ နောက်တစ်နေ့ နံနက်တွင် ရုပ်ရှင်တော်မြတ်အား လှူဒါန်းထားရှိသော သပိတ်ပေါ်၌တင်ထားသည့် ခမ္မးပွလက်ကိုင်ပဝါပေါ်တွင် ကြီးမားသော လက်ဖဝါးရာကြီး ပေါ်ပေါက်ရှိနေသဖြင့် လူအများတို့ အံ့သြဝမ်းသာခြင်း ဖြစ်ကြရပါသည်။

ထိုနေအိမ်မှ ၂၅-၅-၂၀၁၂ နေ့တွင် နောင်ချိုမြို့ တောင်ရပ်ကွက် အမှတ် (၇၇) နေ ဦးလှတိုး၊ ဒေါ်မှုမိသားစုတို့မှ ဆက်လက် ပင့်ဆောင် ပူဇော်ကြပြန်ပါသည်။ ရုပ်ရှင်တော်မြတ်သည် နောင်ချိုမြို့ကို ၂၀၀၄ ခုနှစ် လားရှိုးခရီးစဉ်တွင် ဖြတ်သန်း ကြွမြန်းတော်မူခဲ့ဖူးခြင်းသာရှိ၍ ယခုတစ်ကြိမ်မှာ ပထမဦးဆုံး ပင့်ဆောင် ပူဇော်ကြခြင်း ဖြစ်ပါသည်။ မြို့ကလေးမှာ မကြီးမား



နေ့လယ်ခင်းအထိ အိပ်တန်းမဆင်းသော ကြက်များ



၂၀၁၃၊ (၃)လပိုင်းတွင် ရွှေကံကူ ...
ပန်းအိုးတင်ထား...
သဘာဝအတိုင်း ...

www.burmeseclassic.com

www.burmeseclassic.com



(၂၅-၅-၂၀၁၃) နေ့တွင်
မန္တလေးမြို့ နန်းတော်ရှေ့ရပ်ကွက် ရှေ့နေကြီး ဦးသိန်းထွန်း+
ဒေါ်ခင်စန်းမြင့် (ပါမောက္ခ၊ မြိုင်းခြံတက္ကသိုလ်) နေအိမ်၌
သက်တော်ထင်ရှားရှိသကဲ့သို့
မျက်နှာတော်နှင့်မျက်လုံးတော်အား ထူးခြားစွာ ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ရုပ်ရှင်တော်မြတ်အား တခမ်းတနား ပင့်ဆောင် ပူဇော်ကြ၍ ၎င်းနေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် ထူးခြားလှစွာ ပြုံးတော်မူ၍ ရောင်ခြည်တော်များ ကွန့်မြူးရာ နေ့၊ ညပတ်လုံး ဘုရားဖူးဧည့်ပရိသတ်တို့ဖြင့် ကျိတ်ကျိတ်တိုးမျှ စည်ကားလှပါသည်။

ဤနေအိမ်တွင် ဖြစ်ပေါ်သော အခြားထူးခြားမှုတစ်ခုမှာ ဤအိမ်တွင် ကြက်များမွေးမြူထားရှိပါသည်။ ကြက်ခြံဖြင့် သိုလှောင်၍ စနစ်တကျ မွေးမြူခြင်းမျိုး မဟုတ်ပါ။ ဝါသနာအလျောက် စီးပွားဖြစ်မဟုတ်ဘဲ အပျော်မွေးမြူထားရှိခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကြက်များသည် ၎င်းတို့၏ သဘာဝအတိုင်း အိမ်ခြံဝင်းအတွင်း၌သာမက အိမ်အဆောက်အအုံအတွင်းပါ ဝင်ထွက်သွားလာ၍ ခုတင်များ၊ စားပွဲများပေါ် တက်ရောက်ခြင်းတို့ပင်ပြုတတ်ပါသည်။

နောက်တစ်နေ့နံနက်တွင် ထိုအိမ်မိသားစုတို့သည်လည်း ရုပ်ရှင်တော်မြတ်အား အရုဏ်ဆွမ်း-နေ့ဆွမ်းများအတွက် ဆောင်ရွက်ရခြင်း၊ မယ်တော်ကြီးနှင့် အန်တီအေးတို့အတွက် ဝေယျာဝစ္စ ဆောင်ရွက်ရခြင်း၊ ဘုရားဖူးကြွရောက်လာကြသော ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးရခြင်း စသည်တို့ကြောင့် ၎င်းတို့နေအိမ်မှ ကြက်များကို သတိမပြုမိကြဘဲရှိပါသည်။

နေ့လယ်(၁၂)နာရီခန့်တွင် ဘုရားဖူးလာရောက်ကြသော ဧည့်သည်များမှ ဆည်းပင်ကြီးပေါ်မှ အိပ်တန်းမဆင်းကြသေးသော ကြက်များကို မြင်တွေ့၍ ကြက်များထင်မှတ်ပြီး မေးမြန်းပြောဆိုကြပါသည်။ ထိုအခါမှ အိမ်ရှင်တို့လည်း ကြက်များ၏ ထူးခြားမှုကို တွေ့မြင်သိရှိကြရပြီး အံ့ဩမဆုံးဖြစ်ကြရပါသည်။ ၎င်းတို့သည် အစဉ်အဆက် ကြက်များ မွေးမြူဖူးခဲ့ပါသည်။ ကြက်များသည် နံနက်လင်းသည်နှင့် အိပ်တန်းဆင်းမြဲဖြစ်ပါသည်။ ဤကဲ့သို့ တစ်ခါမှ မဖြစ်ခဲ့ဖူးပါဟု ပြောပြကြပါသည်။

(နောက်တစ်နေ့ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းတော်မူပြီးသော အချိန်မှ ယနေ့တိုင် (၂၀၁၃၊ ဇွန်လ) ကြက်များသည် နံနက်လင်းသည်နှင့် ပုံမှန်အတိုင်း အိပ်တန်းဆင်းလျက်ရှိသည်ဟု ကြားသိရပါသည်။)

၂၆-၅-၂၀၁၂ နေ့တွင် ဦးလှတိုး၊ ဒေါ်မှုတို့၏ နေအိမ်မှ ဤနောင်ချိုမြို့ ဒေါ်မှာပင် ရဲအုပ် ဦးကျော်ဝင်း၊ ဒေါ်ခင်ညွန့်ဝေတို့၏နေအိမ်မှ နာရီပိုင်း၊ အချိန်ပိုင်းမျှ ပင့်ဆောင် ပူဇော်ခဲ့ကြပါသည်။ ဤမိသားစုသည် ကြိုတင် လာရောက်လျှောက်ထား စာရင်းပေးသွင်းထားကြသူများ မဟုတ်သောကြောင့် ဦးလှတိုး၊ ဒေါ်မှုတို့ထံ မေတ္တာရပ်ခံပြီး ပင့်ဆောင်ပူဇော်ကြရခြင်း ဖြစ်ပါသည်။ ဤနေအိမ်တွင် ခေတ္တအချိန်နာရီပိုင်းမျှသာဖြစ်၍ သိသိသာသာ ထူးခြားမှုများ မဖြစ်ပေါ်ခဲ့ပါ။

ထို့နောက် ၂၇-၅-၂၀၁၂ နေ့တွင် ပြင်ဦးလွင်မြို့ ဉာဏ်တောရပ် ချယ်ရီလမ်းနေ ဦးရဲထွဋ်၊ ဒေါ်ခင်စန်းရီတို့၏ နေအိမ်မှ ပင့်ဆောင် ပူဇော်ကြပြန်ပါသည်။ ဤမိသားစုနေအိမ်တွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ထားရှိစဉ် နေ့ညဉ့်ပတ်လုံး အလင်းရောင်များ ထွက်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် ဤမိသားစုသည် အံ့ဩဝမ်းသာကြရလျက် ရုပ်ရှင်တော်မြတ်အား အထူးပင်



မြင်းခြံမြို့မှ ဆရာတော် ဦးမောလိ ပူဇော်စဉ်



ပြင်ဦးလွင်မြို့တွင် တပ်မတော်အရာရှိတစ်ဦးမှ ပင့်ဆောင် ပူဇော်စဉ်



ရဟန္တာအား ဖူးတွေ့ရသော မြူးမြို့မှ မဝါဝါမင်းနှင့် ရွှေကူသာသနာပြုမယ်တော်ကြီး

www.burmeseclassic.com

ကြည်ညိုစိတ်များ ဖြစ်ပေါ်ကြရပါသည်။ ထို့ကြောင့် လာမည့်နှစ်တွင်လည်း ထပ်မံပင့်ဆောင်လိုကြောင်း ကြိုတင်လျှောက်ထားကြပါသည်။ ဤနေအိမ်တွင်လည်း ဘုရားဖူးပရိသတ်များ အထူးပင် စည်ကားခဲ့ပါသည်။

ထို့နောက် ၂၈ - ၅ - ၂၀၁၂ နေ့မှ ၁ - ၆ - ၂၀၁၂ နေ့အထိ ပြင်ဦးလွင် ပဒေသာမြို့သစ် ဆ/၁၂၃ ဒေါ်သန်းမေ၊ သမီး တိုးတိုး၊ စိုးစိုးနှင့် ဂူးဂူးတို့၏နေအိမ်မှ ဒုတိယအကြိမ် ပင့်ဆောင် ပူဇော်ရာတွင်လည်း ရုပ်ရှင်တော်မြတ်သည် ထူးထူးခြားခြား တန်ခိုးတော်များ မဖူးတွေ့ရသော်လည်း မျက်လုံးတော်ဖွင့်တော်မူခြင်းနှင့် ပြုံးတော်မူခြင်းတို့ ဖူးတွေ့ရပါသည်။ ၃-၆-၂၀၁၂ နေ့တွင် ပြင်ဦးလွင်မြို့ အောင်ချမ်းသာရပ်ကွက် ပန်းတန်းမှ ဒေါ်သန်းသန်းလွင်နှင့် သားသမီးမြေးတစ်စုတို့မှ ပင့်ဆောင် ပူဇော်ခဲ့ကြပါသည်။ ယခင်က ဒေါ်သန်းသန်းလွင်သည် ရွှေကူရုပ်ရှင်တော်မြတ်အား မသိရှိပါ။ သူရဇ္ဇမဂ္ဂဇင်းမှ စာရေးသူ၏ဆောင်းပါးများကို တွေ့ရှိရာမှ စဥ့်ကိုင်မြို့သို့ လာရောက်ပြီး ပင့်ဆောင် ပူဇော်ခွင့် လျှောက်ထားခဲ့ကြသူများ ဖြစ်ပါသည်။ ထိုနှစ်က မန်းကဖေးသို့ ရုပ်ရှင်တော်မြတ်နှင့်အတူ စာရေးသူကိုယ်တိုင်လိုက်ပါသွားခဲ့ပါသည်။ ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်တစ်ဖက်တည်းသာ ပွင့်တော်မူပါသည်။ ရုပ်ရှင်တော်မြတ်ပြန်လည် ကြွမြန်းတော်မူပြီး မကြာမီမှာပင် ရုပ်ရှင်တော်မြတ် သီတင်းသုံးတော်မူခဲ့သော ဘုရားကျောင်းဆောင်၏ခေါင်းရင်းတွင် ပန်းအိုးလွတ်အတွင်း၌ ရွှေကူအောင်မြေတွင် အလိုအလျောက်ပေါက်ရောက်သော ဗောဓိပင်နှင့် လုံးဝ တူညီသည့် ဗောဓိပင်တစ်ပင် ပေါက်ရောက်လာပါသည်။ ယနေ့အချိန်တွင် (၂၀၁၃၊ ၆ လပိုင်း) ထိုဗောဓိပင်မှာ (၃) ပေခန့်အမြင့်ရှိ၍ အောင်မြင် ဖြစ်ထွန်းလျက်တွေ့ရှိရပါသည်။)

ရုပ်ရှင်တော်မြတ်သည် အိမ်တိုင်းနီးပါးမျှ မျက်လုံးတော်ဖွင့်ခဲ့ခြင်းများရှိသော်လည်း ရုပ်သေသဘောမျိုး ပွင့်တော်မူခြင်းသာ ရှိပါသည်။ ယခုတစ်ခေါက် ဒေါ်သန်းသန်းလွင်တို့၏ နေအိမ်တွင် ပင့်ဆောင် ပူဇော်စဥ်မှာတော့ မျက်လုံးတော်နှစ်ဖက်စလုံး ပွင့်တော်မူလာပြီး မျက်ဆံတော်တို့ကိုပါ အရောင်တလက်လက်နှင့် မျက်ရှင်တော်အဖြစ် ဖူးတွေ့ကြရပါသည်။ တစ်ခဏတာမျှ ပွင့်တော်မူခြင်း မဟုတ်ပါ။ အချိန်ကြာမြင့်စွာ သူငယ်အိမ်ရွေ့လျားလျက် သက်ရှိထင်ရှား ဘုရားရှင်ကဲ့သို့ ပွင့်တော်မူခြင်း ဖြစ်ပါသည်။ အိမ်ရှင်မိသားစုနှင့်တကွ ဘုရားဖူးဧည့်ပရိသတ်များစွာတို့ အံ့သြဘနန်း ဖူးတွေ့ကြရကာ ကြည်ညိုမဆုံးနိုင်အောင်ဖြစ်ကြရပါသည်။ မျက်လုံးတော်ဖွင့်တော်မူခြင်းကို ဒေါ်သန်းသန်းလွင် (၀၈၅-၅၀၁၂၃) ၏ သားကလေးမှ အစအဆုံး ဗွီဒီယိုမှတ်တမ်း ရယူထားရှိပါသည်။ လက်တွေ့ ဖူးမြော်ကြည်ညိုလိုပါက ဒေါ်သန်းသန်းလွင်တို့ထံ ဆက်သွယ်၍ ခွင့်ကူးပြီး ပူဇော်ကြည်ညိုနိုင်ပါသည်။

ဤတစ်ခေါက် ခရီးစဥ်တစ်လျှောက်လုံးတွင် ရုပ်ရှင်တော်မြတ်နှင့်အတူ မယ်တော်ကြီးနှင့် အန်တီအေးတို့ လိုက်ပါသွားခဲ့ကြခြင်း ဖြစ်သည်။ ထိုသို့ ရုပ်ရှင်တော်မြတ်မှ မျက်လုံးတော်များ ဖွင့်တော်မူလျက်ရှိစဥ်မှာပင် မယ်တော်ကြီးသည် တရားဓမ္မများနှင့် အထူးပူဇော်မှုပြုရာ ရုပ်ရှင်တော်မြတ်အား လှူဒါန်းသောပန်းများတွင်လည်းမပါဝင်၊ အခြားသော ပန်းရနံ့များနှင့်လည်း လုံးဝကွဲပြားသော၊ အမျိုးအမည်မသိရသော ပန်းရနံ့များ ဘုရားခန်းတစ်ခုလုံးတွင် ထွက်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်အနီးအနားမှလူများပင် သိရှိကြရပါသည်။

ထိုအချိန်မှာပင် အန္တရာယ်ကင်းဆောင်ယူ သိမ်းဆည်းထားရှိရန်အတွက် ရုပ်ရှင်တော်မြတ်အား လှူဒါန်းထားရှိသော ရေသန့်ဘူးများအတွင်း၌ ရွှေတိဂုံ၊ ကျိုက်ထီးရိုးနှင့် ဗုဒ္ဓဂယာမှ စေတီပုထိုးပုံတော်များ ရွှေအရောင်အဆင်းဖြင့် ပေါ်ပေါက်၍လာခဲ့ပါသည်။ (ထိုအချိန်က ရေသန့်ဘူးတွင် ပေါ်ပေါက်သော ကျိုက်ထီးရိုးဟုယူဆခဲ့သော ပုံတော်မှာ သေချာကြည့်လျှင် ကျိုက်ထီးရိုးစေတီတော်ကျောက်တုံးတော်ကဲ့သို့ တစ်ခြမ်းစောင်းမဟုတ်ပါ။ ဘောလုံးကဲ့သို့ လုံးဝန်းလျက်ရှိပါသည်။ ပြင်ဦးလွင်ခရီးစဥ်အပြီးတွင် ထားဝယ်သို့ ကြွမြန်းတော်မူခဲ့ရာ ထားဝယ်မြို့ရှိ ဓာတ်တော်စေတီကို ဖူးတွေ့ကြရသောအခါမှ ရေသန့်ဘူးတွင်



မြင်းခြံမြို့အား ပင့်ဆောင် ပူဇော်စဥ်



မောင်မင်းမင်းထွန်းအိမ်သို့ ပင့်ဆောင်စဥ်

www.burmeseclassic.com

ပေါ်ပေါက်ခဲ့သောစေတီတော်မှာ မာတ်တော်စေတီ ဖြစ်နေကြောင်း သိရှိရပါသည်။)

ဤတစ်ခေါက်တွင် မန်းကဖေး၌ တစ်ပြိုင်နက်တည်း ထူးခြားမှုများကို ကြုံတွေ့ကြရသောအခါ ဒေါ်သန်းသန်းလွင်သည် ဝမ်းသာ ပျော်ရွှင်မဆုံးဖြစ်လျက် နောင်တွင်လည်း ရုပ်ရှင်တော်မြတ်အား အကြိမ်ကြိမ်အခါခါ ပင့်ဆောင် ပူဇော်လိုပါကြောင်း လျှောက်ထားပါသည်။ ထိုညက စာရေးသူသည် မိုးတိမ်ယံ (မိုးကောင်းကင်) အလှူမိနီယမ် လုပ်ငန်းမှ မောင်မင်းမင်းထွန်းတို့၏ ဖခင် ကျန်းမာရေး ပြန်လည် ကောင်းမွန်လာစေရန်အတွက် နောက်တစ်နေ့တွင် ပြင်ဦးလွင်သို့ တက်ရောက်ပြီး ကန်တော့ပွဲလှူရန်ရှိ၍ ဒေါ်သန်းသန်းလွင်အား သက်ကယ် (သက်ငယ်) (၇၂) ညွှန့်ခူးထားရန် ဖုန်းဆက်လိုက်ပါသည်။ ထို့ကြောင့် ဒေါ်သန်းသန်းလွင်သည် ၎င်း၏ အိမ်အနီးမှာပင်ရှိသော သက်ကယ်(သက်ငယ်)ပင်ကို ရိတ်မည်ပြုစဉ် စိမ်းတောက်လျက်ရှိသော မြွေတစ်ကောင်သည် သက်ကယ်(သက်ငယ်)ပင်များကို ရစ်ပတ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ပြင်ဦးလွင်ဒေသသည် မြွေသတ္တဝါကို တွေ့ရခဲပါသည်။ ထို့ကြောင့် ဒေါ်သန်းသန်းလွင်သည် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ကြီးမားမှုကြောင့် နတ်နဂါးတို့ ရောက်ရှိလာခြင်းဖြစ်မည်ဟု ထင်မြင်ယူဆကြောင်းပြောပါသည်။

ထို့နောက် ရုပ်ရှင်တော်မြတ်အား ၄/၅ - ၆- ၂၀၁၂ နေ့တွင် ပြင်ဦးလွင်ခရိုင် သာသနာရေးဦးစီးမှူး ဗိုလ်မှူး (ငြိမ်း) လင်းဇော်ဝင်း+ ဒေါ်အိအိဖွေးတို့ နေအိမ်မှ ဆက်လက် ပင့်ဆောင် ပူဇော်ပါသည်။ ဤနေ့တွင် စာရေးသူသည်လည်း မန္တလေးမြို့ အောင်ပင်လယ် မိုးတိမ်ယံ (မိုးကောင်းကင် - မယ်တော်ကြီးမှ အမည်ပြောင်းပေးသည်။) မောင်နှမများဖြစ်သော မရင်၊ မင်းမင်းထွန်းတို့၏ ခေါ်ဆောင်မှုဖြင့် ပြင်ဦးလွင်သို့ တက်ရောက်ခဲ့ပါသည်။ မန်းကဖေး ဒေါ်သန်းသန်းလွင်မှ သက်ကယ်(သက်ငယ်)နှင့် ကန်တော့ပွဲ စီစဉ်ထားနှင့်ပြီးကြောင်း သိရ၍ မန်းကဖေးသို့ မဝင်တော့ဘဲ ဗိုလ်မှူး လင်းဇော်ဝင်းတို့၏ နေအိမ်သို့ တိုက်ရိုက် သွားရောက်လိုက်ပါသည်။ ထိုနေအိမ်မှာ ပြင်ဦးလွင်မြို့ အယ် လားရှိုးလမ်းမကြီးပေါ်ရှိ ဈေးကြီးအနီးမှ မြောက်ဘက်သို့ လမ်းခွဲအတိုင်း



မောင်မင်းမင်းထွန်းနေအိမ်ပေါ်၌ ပူဇော်ထားရှိစဉ်



ထူးဆန်းသောအလင်းတန်းအား လာရောက်ကြည့်ရှုကြသော ဧည့်ပရိသတ်

လိုက်သွားရပါသည်။ ရဲစခန်းနှင့် မျက်နှာချင်းဆိုင်လောက်တွင် ရှိပါသည်။ ကျယ်ဝန်းသောခြံကြီးအတွင်း၌ ရှေးခေတ်ပုံစံ (၂) ထပ်အိမ်အနီကြီး ဖြစ်ပါသည်။

စာရေးသူတို့ ရောက်ရှိသောအခါ သက်တော်ထင်ရှား ဘုရား၊ ရဟန္တာတို့အား ရည်မှန်း၍ ရုပ်ရှင်တော်မြတ်အား ဆွမ်းများ ဆက်ကပ်ရန် ပြင်ဆင်လျက်ရှိ၍ -

"လူမမာဟာ ဆေးကုဖို့ ဆေးဆရာဆီကိုသွားတဲ့အခါမှာ ထမင်းစားနေချိန်နဲ့ ကြုံကြိုက်ရင် အဲဒီလူမမာဟာ သေချာပေါက် ပြန်လည် ကျန်းမာမယ်လို့ အဆိုရှိတယ်။ အခုလည်း မင်းတို့အဖေ ကျန်းမာရေးအတွက် ပွဲလာလှူတဲ့အချိန်မှာ ဘုရားဆွမ်းကပ်တာနဲ့ ကြုံနေတော့ မင်းတို့အဖေ သေချာပေါက် ပြန်လည် ကျန်းမာလာလိမ့်မယ် မပူပါနဲ့"

ဟု မယ်တော်ကြီးမှ မိန့်ကြားပါသည်။

(ထိုနေ့က ရုပ်ရှင်တော်မြတ်အား ပွဲလှူပြီး မန္တလေးမြို့သို့ ပြန်ရောက်သောအခါ မင်းမင်းထွန်းတို့၏ဖခင်ကြီးကို လန်းလန်းဆန်းဆန်း ထူထူထောင်ထောင်နှင့် တွေ့ကြရပါသည်။)

စာရေးသူလည်း အိမ်ရှင်မိသားစုနှင့်အတူ မယ်တော်ကြီးတို့နှင့်ရော၍ ရုပ်ရှင်တော်မြတ်အား ဆွမ်းများ ဆက်ကပ်ပါသည်။ အိမ်ရှင်မိသားစုသည် စာရေးသူနှင့် လည်းကောင်း၊ မယ်တော်ကြီးတို့နှင့် လည်းကောင်း ယခုမှ တွေ့ဆုံဖူးကြခြင်းဖြစ်သော်လည်း စိမ်းမနေကြပါ။ အနှစ်နှစ်အလလမှ ခင်မင်ရင်းနှီးပြီးသားသူများကဲ့သို့ နွေးထွေးပျူငှာ လိုက်လှဲစွာ ဆက်ဆံကြပါသည်။

တစ်ချိန်က ရှင်မထီးဆရာတော်ကြီးမှ စာရေးသူအား အိပ်မက်ထဲတွင်-

'မင်းတို့ဘုရားက ဆွေမျိုးတွေပြန်ဆုံပေးတဲ့ဘုရားကွ။ သူစိမ်းတွေနဲ့ မတွေ့ရဘူး၊ မင်းတို့ဆွေမျိုးတွေနဲ့သာ တွေ့ကြရမယ်'

ဟူသော မိန့်ကြားချက်မှာ မှန်ကန်လွန်းလှပါ၏။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူများ၊ လာရောက်ဖူးမြော်ကြသူများသည် တစ်ကြိမ်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com

သာ စာရေးသူတို့နှင့် တွေ့ဆုံလိုက်ရသည်နှင့် ဆွေမျိုးရင်းချာသဖွယ်ဖြစ်သွားကြရပြီး မကြာခဏ အဝတ်အထည်၊ စားဖွယ်သောက်ဖွယ်၊ အသုံးအဆောင်တို့ကို လက်ဆောင်များပေးပို့ခြင်းနှင့် မည်သည့်အကြောင်းကိစ္စမဆို ကူညီဆောင်ရွက်ရန် အသင့်ရှိကြောင်းတို့ကို ပြောကြားကြသူများသာ ဖြစ်ကြပါသည်။

ဗိုလ်မှူးလင်းဇော်ဝင်း၏ နေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်ပွင့်ခြင်း၊ ပြုံးတော်မူခြင်း စသောတန်ခိုးတော်တို့ကို ချီးမြှင့်တော်မူပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူလျက်ရှိစဉ် ၎င်းတို့နေအိမ်ကြီးကို အမှတ်တရဓာတ်ပုံ ရိုက်ကူးရာ နေအိမ်ကြီးမှ အလင်းရောင်များထွက်လာလျက်ရှိသည်ကို တွေ့ရှိရ၍ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းတော်မူပြီးသောနေ့တွင် ထိုအိမ်ကြီးကို တစ်ဖန်ဓာတ်ပုံရိုက်ကူးကြည့်ရာ အလင်းရောင်များ မထွက်ပေါ်တော့ဘဲ ပကတိအသွင်အတိုင်းသာ တွေ့မြင်ရတော့ကြောင်း နောင်တွင်သိရှိရပါသည်။

စာရေးသူတို့လည်း ဗိုလ်မှူးလင်းဇော်ဝင်း မိသားစုမှ ဧည့်ခံကျွေးမွေးမှုကို ခံယူပြီး ပွဲများ လှူဒါန်းပြီးသောအခါ ပြင်ဦးလွင်မှ မန္တလေးသို့ ပြန်လည် ထွက်ခွာခဲ့ကြပါသည်။ ရုပ်ရှင်တော်မြတ်သည် ဤနေအိမ်တွင် (၂) ညအိပ် သီတင်းသုံးမည်ဟု သိရပါသည်။ (၆/၇- ၆- ၂၀၁၃ နေ့တွင် ရုပ်ရှင်တော်မြတ်သည် ဒုတိယဗိုလ်မှူးအေးလွင် - ဒေါ်ခင်မာထွေးတို့၏နေအိမ်မှ ပင့်ဆောင် ပူဇော်ပါသည်။ ထိုအချိန်၌ ဒုတိယဗိုလ်မှူးကြီး အေးလွင်သည် ကချင်ပြည်နယ်ရှေ့တန်းစစ်မျက်နှာတွင် ရောက်ရှိနေ၍ ဒေါ်ခင်မာထွေးမှ ညီမများနှင့် ဝိုင်းဝန်း ပင့်ဆောင် ပူဇော်ကြရကြောင်း သိရပါသည်။

၈ - ၆ -၂၀၁၃ နေ့တွင် ရုပ်ရှင်တော်မြတ်သည် ကျောက်မဲမြို့ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းလိန်းရှင်မှ ပင့်ဆောင် ပူဇော်ပါသည်။ ကျောက်မဲမြို့တွင်လည်း ဤတစ်ကြိမ်ကြွရောက်တော်မူခြင်းမှာ ပထမဦးဆုံးပင်ဖြစ်၍ မြို့လုံးကျွတ်နီးပါး လာရောက်ဖူးမြော်ကြရာ အထူးပင် စည်ကား သိုက်မြိုက်လွန်းလှပါ၏။ ပင့်ဆောင်ပူဇော်သူဆရာမကြီးမှာ ဝမ်းသာလွန်း၍ မျက်ရည်ပင်လည်မိသည်အထိ ဖြစ်ပါသည်။ ၉- ၆- ၂၀၁၃ နေ့တွင် ရုပ်ရှင်တော်မြတ်အား ကျောက်မဲမြို့ပေါ်မှပင် ကမ္ဘောဇ ရှမ်းကျောင်းမှ ဆက်လက် ပင့်ဆောင်ပူဇော်ပါသည်။ ဤကျောင်းမှဆရာတော်သည် မန္တလေးမြို့ တောင်စလင်းတိုက်သစ် နိုင်ငံတော်ဗဟိုဝန်ဆောင် တောင်တန်းသာသနာပြု ဗြဟ္မစိုရ် ဝါခင်းကုန်းဆရာတော်ကြီး ဦးတိက္ခ၏ တပည့်ဖြစ်နေ၍ ရုပ်ရှင်တော်မြတ်အား ကြည်ညိုရုံမျှမက ရွှေကံကူသာသနာပြုမယ်တော်ကြီးကိုလည်း အထူးတလည် အလေးထားပါသည်။

ကမ္ဘောဇ ရှမ်းကျောင်းတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပါရှိသဖြင့် စာသင်သား ကိုရင်များသာမက လူဝတ် ကျောင်းသူကျောင်းသားများပါ အများအပြားရှိ၍ တကယ့်ဘုရားပွဲကြီးတမျှ စည်ကား သိုက်မြိုက်လှပါသည်။ ရုပ်ရှင်တော်မြတ်အား စာသင်ကျောင်းမှ ဘုန်းတော်ကြီးကျောင်းသို့ ခမ်းခမ်းနားနား ပင့်ဆောင်ပူဇော်ပါသည်။ ဘုရားဖူးကြွရောက်လာကြသော ဧည့်ပရိသတ်များမှာလည်း တစ်နေကုန် များပြား စည်ကားလွန်းလှပါသည်။ ထိုညက ရုပ်ရှင်တော်မြတ်သည် ရောင်ခြည်တော်များထိန်ငြီးစွာ ကွန့်မြူးတော်မူသည်မှာ ဘုရားခန်းအတွင်းမျှသာမက ကျောင်း၏ခေါင်မိုးထက်သို့တိုင်ထွက်ပေါ်သဖြင့် မြို့သူမြို့သားအများအပြားတို့ သိရှိ ဖူးမြော်လိုက်ကြရပါသည်။

ရှမ်းတို့ဓလေ့ရိုးရာ ရှမ်းဘာသာစကားတို့ဖြင့် ဝတ်ပြုဆုတောင်းကြပြီး ရုပ်ရှင်တော်မြတ်အား လှူဒါန်းသမှုအစုစုတို့ကိုလည်း ဆရာတော်မှ ရှမ်းဘာသာဖြင့်ပင် ရေစက်သွန်းချ အမျှဝေပေးပါသည်။ ရုပ်ရှင်တော်မြတ်ပြန်လည်ကြွမြန်းတော်မူခါနီးတွင် မယ်တော်ကြီးသည် ရုပ်ရှင်တော်မြတ်အား (၇) ရက်သားသမီးအပေါင်းမှ လှူဒါန်းကြသော ဝတ္ထုငွေများမှ ထက်ဝက်ခွဲ၍ မှတ်တမ်းတွင် ခြောက်သိန်းငါးသောင်းကျပ်ဟုရေးသွင်းလိုက်သော်လည်း တကယ်တမ်း ခုနစ်သိန်းကျပ်တိတိကို ဆရာတော်အား ပြန်လည် လှူဒါန်းခဲ့ပါသည်။ ရွှေကံကူသာသနာပြု မယ်တော်ကြီးသည် ကြွရောက်တော်မူရာ မြို့ရွာများတွင် စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများမှ ပင့်ဆောင်ပူဇော်သည့်အခါတိုင်း ဤကဲ့သို့ ပြန်လည် လှူဒါန်းသောအစဉ်အလာရှိပါသည်။ ဝါခင်းကုန်းဆရာတော်ဘုရားကြီးနှင့် ခင်မင်ရင်းနှီးရသော အကြောင်းမှာလည်း မယ်တော်ကြီးသည် ဆရာတော်ဘုရားကြီး၏ တောင်တန်းသာသနာပြုအဖွဲ့သို့ သူနာတင်ယာဉ်၊ ဆေးဝါး၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများနှင့် ဗုဒ္ဓရုပ်ပွားတော်များ၊ ပလ္လင်တော်များ၊ သင်္ကန်းပရိက္ခရာများ စသည်တို့ကို စဉ်ဆက်မပြတ် လှူဒါန်းခဲ့ရုံသာမက ရွှေကံကူအောင်မြေတွင် အလိုအလျောက်ပေါက်ရောက်သော ဗောဓိပင်များကိုပါ လှူဒါန်းလျက်ရှိခြင်းကြောင့် ဖြစ်ပါသည်။

၁၀-၆-၂၀၁၂ နေ့တွင် ရုပ်ရှင်တော်မြတ်သည် ကျောက်မဲမြို့ (၂) ရပ်ကွက် ဦးစောလွင်၊ ဒေါ်ခင်စန်းတို့၏ နေအိမ်သို့ ဆက်လက် ကြွမြန်းတော်မူပါသည်။ ၁၁-၆-၂၀၁၂ နေ့တွင် ပြင်ဦးလွင်မြို့ ဉာဏ်တောရပ်ကွက် ဦးရဲထွဋ်၊ ဒေါ်ခင်စန်းရီတို့၏နေအိမ်သို့ ပြန်လည်ကြွမြန်း (ဤခရီးစဉ်မှာပင် နှစ်ကြိမ်) ရောက်ရှိတော်မူပါသည်။ ထို့နောက် ၁၂/၁၃-၆-၂၀၁၃နေ့တွင် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် (FF-35) နဝရတ်လမ်းနေ ဦးမြင့်ဆွေ၊ ဒေါ်သင်းသင်းစိုးတို့၏ နေအိမ်သို့ ပြန်လည် ကြွမြန်းရောက်ရှိတော်မူပါသည်။ ၁၄-၆-၂၀၁၂ နေ့တွင် တပ်မတော်အုပ်ချုပ်မှုသင်တန်းကျောင်းမှ ဗိုလ်မှူးကြီး မျိုးမြင့်ဦး၊ ဇနီး ဒေါ်အေးအေးမြင့်တို့၏နေအိမ်မှ ဆက်လက် ပင့်ဆောင် ပူဇော်ပါသည်။ ၁၅-၆-၂၀၁၂ နေ့တွင် တပ်မတော်အုပ်ချုပ်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်ဝင်း၊ ဇနီး ဒေါ်အိအိထွေး မိသားစုတို့မှ ဆက်လက် ပင့်ဆောင် ပူဇော်ပါသည်။ ဤနေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် ပြုံးတော်မူလျက်ရှိပြီး ရုပ်ရှင်တော်မြတ်အား ဆွမ်းဆက်ကပ်စဉ် ဗိုလ်မှူးချုပ် ဇော်ဝင်း၏အင်္ကျီတွင် ရွှေကံကူရုပ်ရှင်တော်မြတ်၏မျက်နှာတော်များ ပေါ်ပေါက်ပါသည်။ (၃) ကြိမ်တိတိ ဓာတ်ပုံရိုက်ကူးရာ သုံးကြိမ်စလုံး ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်များ ပေါ်ပေါက်ခြင်းဖြစ်၍ ထူးဆန်းလှပါသည်။

နောက်တစ်နေ့ ၁၆-၆-၂၀၁၂ တွင် ရုပ်ရှင်တော်မြတ်သည် ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ ကိုသန်းတိုးအောင်၊ မခိုင်စွမ်းရည် (၃၄) × (၃၅) လမ်းကြား နှင့် (၆၈) × (၆၉) လမ်းကြား $D_2$ နဝရတ်ရိပ်သာတို့၏ ပင့်ဆောင်ပူဇော်မှုဖြင့် မန္တလေးမြို့သို့ ကြွမြန်းရောက်ရှိတော်မူပါသည်။ ထိုအိမ်တွင် (၂) ရက်တာ စံပယ်ပါသည်။

၁၈-၆-၂၀၁၂ နေ့တွင် ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com

တော် မြတ်သည် မန္တလေးမြို့ အောင်ပင်လယ်ရွာလယ်လမ်းမှ ဦးထွန်းမြတ်နှင့် မေသောင်းညွန့်တို့အား အမှူးထား၍ သားသမီးများဖြစ်ကြသော မရင်၊ မထွေး၊ မောင်မင်းမင်းထွန်းတို့မှ ပင့်ဆောင်ပူဇော်ကြခြင်း ဖြစ်ပါသည်။

ဤမိသားစု ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ဖြစ်ပုံမှာ ဤသို့ဖြစ်ပါသည်။ မောင်မင်းမင်းထွန်းသည် ရွှေကံကူရုပ်ရှင်တော်မြတ်အား မသိရှိခဲ့ပါ။ မန္တလေးမြို့မှာပင် အလူမီနီယမ်လုပ်ငန်းလုပ်ကိုင်လျက်နေရာ ပန်းရန်၊ ဆေးသုတ်၊ လက်သမား၊ အလူမီနီယမ်သမား၊ စတီးသမား၊ ပါကေးသမား၊ မီးသမားတို့သည် အိမ်တစ်အိမ်မှ အလုပ်အပ်လျှင် ဆုံတတ်ကြမြဲဖြစ်၍ ခင်မင်စွာသွားကြလေ့ရှိရာ ထိုသို့ဖြင့် အလူမီနီယမ်သမား မောင်မင်းမင်းထွန်းနှင့် ရွှေကံကူရုပ်ရှင်တော်မြတ်အား ကိုးကွယ်ယုံကြည်သူ၊ စဉ့်ကိုင်မြို့ တရုပ်စုရပ်ကွက်မှ ဆေးသုတ်သမား ကိုမောင်နိုင် (ပလ္လင်တော်လှူဒါန်းကြခြင်း ဆောင်းပါးတွင်ပါဝင်သူ) တို့ ခင်မင်ရင်းနှီးသွားခဲ့သည်။

ထိုအချိန်၌ မောင်မင်းမင်းထွန်းမှာ ငွေကြေးအခက်အခဲအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ ငွေတိုးများက လစဉ်တိုးတက်နေသည်။ ထို့ကြောင့် လက်ရှိနေအိမ် (ရမ္မန်တောင်ရပ်ကွက်အတွင်း) ကို ရောင်းချရန် နည်းမျိုးစုံနှင့် ကြိုးစား၍ နေခဲ့သည်မှာကြာပြီဟု သိရပါသည်။ ထိုအခါ ဆေးသုတ်ဆရာ ကိုမောင်နိုင်မှ [illegible]ကိုးကွယ်သော ရွှေကံကူဘုရားမှာ အနိမိတ်တော် ကြီးမား၍ ဆုတောင်းအဓိဋ္ဌာန်တို့ ပြည့်ဝကြောင်း၊ သွားရောက်ဆုတောင်းလိုသောဆန္ဒရှိလျှင် စဉ့်ကိုင်သို့လာခဲ့ပါ။ ဘုရားသို့လိုက်ပို့ပါမည်ဟု ပြောကြားခဲ့ပါသည်။ မကြာမီ မောင်မင်းမင်းထွန်းသည် ကိုမောင်နိုင်နှင့်အတူ စဉ့်ကိုင်မြို့ အောင်မြေသို့ ရောက်ရှိလာသည်။ မောင်မင်းမင်းထွန်း ကံကောင်းသည်ဟု ဆိုရပါမည်။ ပထမဆုံး အောင်မြေသို့ရောက်ဖူးသောနေ့မှာပင် ရုပ်ရှင်တော်မြတ်ကိုလည်း ဖူးတွေ့ခွင့်ရရှိပြီး မယ်တော်ကြီးနှင့် အန်တီအေးတို့ကိုလည်း တွေ့ဆုံခွင့်ရရှိသွားပါသည်။

မောင်မင်းမင်းထွန်း (၀၉-၄၀၂[illegible]၃၀) သည် ကန်တော့ပွဲနှင့်အတူ [illegible]ဆွမ်းများကိုပါ လှူဒါန်း၍ ၎င်းတို့ [illegible]အိမ်ပိုင်း ဘယ်ရွှေ့ဘယ်မျှ (ပေါက်[illegible]ပို၍) နှင့် အမြန်ရောင်းထွက်[illegible] ဆုတောင်းသွားခဲ့ပါသည်။ ဤသို့ဖြင့် (၂) လခန့် ကြာမြင့်သောအခါ စာရေးသူနှင့် ဆေးသုတ်ဆရာလေး ကိုမောင်နိုင်တို့ စဉ့်ကိုင်မြို့ အုန်းပင်ခြံရပ်မှ လက်ဖက်ရည်အရသာ ထူးခြားကောင်းမွန်လှသော ထွန်းကဖေးတွင် ထိုင်နေစဉ် ည (၈) နာရီခန့်အချိန်တွင် ကိုမောင်နိုင်ထံသို့ ဖုန်းဝင်လာခဲ့ပါသည်။ မင်္ဂလာသတင်းပင်ဖြစ်ပါ၏။ မောင်မင်းမင်းထွန်းသည် ၎င်းအဓိဋ္ဌာန်ဆုတောင်းခဲ့သော ဈေးနှုန်းဖြင့်ပင် အိမ်ပိုင်းတည့်သွားပြီ ဖြစ်ကြောင်း သိရပါသည်။

(ထူးဆန်းပုံမှာ မောင်မင်းမင်းထွန်းတို့အိမ်နှင့်တစ်တန်းတည်းမှာပင် အခြားရောင်းချမည့် အိမ်ဝိုင်းများရှိနေသေးပြီး နေရာ ပို၍ကောင်းပါသေးသည်။ ခေါ်ဈေးမှာ မောင်မင်းမင်းထွန်းအိမ်ဝိုင်းဈေးနှင့်စာလျှင် များစွာနည်းနေပါသည်။ မောင်မင်းမင်းထွန်းသည် ၎င်းနှင့်တစ်တန်းတည်း အိမ်တစ်လုံးကို ပြန်လည်ဝယ်ယူလျှင် ငွေများစွာပိုနေဦးမည် ဖြစ်ပါသည်။)

ထိုသို့ ဖုန်းဝင်လာချိန်၌ စာရေးသူသည် မောင်မင်းမင်းထွန်းအား တစ်ကြိမ်သာ တွေ့ဆုံသေးဖူး၍ မမှတ်မိဘဲရှိနေပါသေးသည်။ ထို့နောက် မောင်မင်းမင်းထွန်းသည် အောင်ပင်လယ်သို့ ပြောင်းရွှေ့လာပြီး ပိုလျှံသောငွေဖြင့် စဉ့်ကိုင်မြို့တွင် ဆိုင်ခန်းငှား၍ ကိုယ်ပိုင်အလူမီနီယမ်ဆိုင် ဖွင့်လှစ်လိုက်ပါသည်။ စဉ့်ကိုင်သည် မြို့နယ်အဆင့်ဖြစ်သော်လည်း စဉ့်ကိုင်လက်အောက်ခံ ပလိပ်မြို့မှုပင် မကြီးမား၍ အလူမီနီယမ်လုပ်ငန်း စီးပွားဖြစ် မရရှိနိုင်ဟု စာရေးသူ တွေးထင်ခဲ့မိပါသည်။ မောင်မင်းမင်းထွန်းသည် စဉ့်ကိုင်မြို့သို့ ရောက်ရှိသည်နှင့် စာရေးသူတို့ထံသို့ နေ့၊ ည နေပူမိုးရွာမရှောင် ထမင်းပို့ခဲ့ပါသည်။ မောင်မင်းမင်းထွန်း၏ အလူမီနီယမ်နှင့် မှန်လုပ်ငန်းသည်လည်း ယနေ့(၂၀၁၃၊ ၆ လပိုင်း) တစ်နှစ်ခွဲမျှအချိန်တွင် ဆိုင်ခွဲနှစ်ဆိုင်ဖြင့် အောင်မြင်လျက်ရှိပြီဖြစ်သကဲ့သို့ စာရေးသူတို့အား ထမင်းပို့ခဲ့သည်မှာလည်း တစ်နှစ်ခွဲကျော်ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။)

နဂိုက နာရီပိုင်းမျှ၊ နေ့တစ်ဝက်မျှသာရရှိမည်ဖြစ်သော်လည်း တစ်ညအိပ်ပူဇော်ခွင့်ရရှိသွားပါသည်။မောင်မင်းမင်းထွန်းတို့ရပ်ကွက်မှာ လူနေစည်ကားမှုမရှိပါ။ ခြံကျယ်ဝင်းကျယ်အိမ်ကြီးအိမ်ကောင်းများမရှိပါ။ မြေကွက်သေးသေးကလေးများတွင် အိမ်သေးသေးနှစ်ထပ်အိမ်ကလေးများ ဖြစ်ကြပါသည်။ ဤအိမ်ဤနေရာတွင် စည်ကားလိမ့်မည်၊ ဘုရားဖူးဧည့်ပရိသတ်များပြားလိမ့်မည်ဟုထင်မထားပါ။ အမှန်တော့ မောင်မင်းမင်းထွန်း၏ဖခင် ဦးထွန်းမြတ်၏ကျန်းမာရေးအခြေအနေ ဆိုးဝါးနေ၍ ဖခင်ကြီးသည် ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ပြီး ကိုယ်တိုင် သက်န်းများ ကပ်လှူနိုင်ရန်အတွက် မောင်မင်းမင်းထွန်းမှ စာရေးသူထံ အပူကပ် မေတ္တာရပ်ခံသောကြောင့် ကြားဖြတ်စီစဉ်လိုက်ရခြင်း ဖြစ်ပါသည်။ စီနီယာအမှန်အတိုင်းသာ သွားမည်ဆိုပါက ဤနေ့ဤရက်တွင် မောင်မင်းမင်းထွန်းတို့ ပင့်ဆောင်ပူဇော်နိုင်ခွင့်ရမည်မဟုတ်သေးပါ။ မောင်မင်းမင်းထွန်းမိသားစုမှာလည်း မယ်တော်ကြီး၊ အန်တီအေးတို့နှင့် ရင်းနှီးမှုမရှိသေး။ ထို့ကြောင့် စာရေးသူအား ရုပ်ရှင်တော်မြတ် ပင့်ဆောင် ပူဇော်သောနေ့တွင် ၎င်းတို့နေအိမ်သို့ လာရောက်ပေးပါရန် ထပ်၍ မေတ္တာရပ်ခံပါသည်။

ထို့ကြောင့် စာရေးသူလည်း ညဦးပိုင်းတွင် ဆေးသုတ်ဆရာ ကိုမောင်နိုင်၊ တပည့်ကလေး ဆိုင်ကယ်ဝပ်ရှော့ဆရာ မောင်အောင်နေလင်းတို့ကို အဖော်ပြု၍ မောင်မင်းမင်းထွန်းတို့နေအိမ်သို့ ထွက်ခဲ့ကြပါသည်။

(၇) နာရီခွဲခန့်တွင် ရောက်ရှိသွားပါသည်။ ရွာပုံစံရပ်ကွက်ပင်ဖြစ်သော်လည်း ဘုရားဖူးဧည့်သည် မကျဲပါးပါ။ အိမ်မှာ ကျဉ်းသဖြင့် လူ(၂၀)ခန့်ဆိုလျှင် ပြည့်သွားပြီ ဖြစ်ပါသည်။ မောင်မင်းမင်းထွန်းသည် ဧည့်သည်များဖြားနေသော်လည်း စာရေးသူအား အလေးအမြတ်ထားကာ ဧည့်ခံပြုစုပါသည်။ (၈) နာရီခွဲခန့်တွင် စာရေးသူတို့ စဉ့်ကိုင်သို့ပြန်မည်ပြုစဉ် ရွှေကံကူသာဝကအရင်းများဖြစ်ကြသော မန္တလေးမြို့ (၁၇) လမ်း၊ (၈၀)×(၇၉) လမ်းကြားနေ ဦးလှဟန်၊ ဒေါ်စိန်စိန်နှင့် နွဲ့နွဲ့ရီတို့ထွက်လာကြပြီး ဒေါ်စိန်စိန်မှာ ရေဖျဉ်းရောဂါ ဖြစ်ပွားနေ၍ စာရေးသူထံ ဆေးကုသခံယူရန်အတွက် လိုက်လာခဲ့ခြင်းဖြစ်၍ ခေတ္တစောင့်ဆိုင်းပေးပါရန် ဖုန်းလာသဖြင့် စာရေးသူတို့လည်း မပြန်ရသေးဘဲရှိပါသည်။ ခဏကြာလျှင် ဦးလှဟန်တို့ ရောက်ရှိလာ၍ စာရေးသူမှ ဒေါ်စိန်စိန်ကို ဆေးကုပေးလိုက်ပါသည်။ (ဆေးဝါးမပါရှိပါ။ သစ္စာရေဖြင့်သာကုသခြင်းဖြစ်ပါသည်။ နောင်တွင် သိရှိရသည်မှာ ဒေါ်စိန်စိန်သည် ထိုရောဂါမှ မကြာမီ သတ်သာ ပျောက်ကင်းသွားပြီ ဟု၍ ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ပြန်မည်ပြုစဉ် မောင်မင်းမင်းထွန်း ရောက်လာပြီး -

"ဆရာ၊ ရောင်ခြည်တော်ထွက်လို့တဲ့။ အပြင်မှာ လူတွေပြောနေကြတယ်။ ကောင်လေးတစ်ယောက်ကစမြင်တာတဲ့။ အဲဒါ လိုက်ကြည့်ပေးပါဦး ဆရာ"

စာရေးသူနှင့် တပည့်များလည်း လမ်းပေါ်သို့ထွက်လိုက်လာခဲ့ကြသည်။ မှန်ပါသည်။ လမ်းပေါ်တွင် ကလေး၊ လူကြီးတော်တော်များများ ရုန်းစုရုန်းစုဖြစ်နေကြပါသည်။

"ဆရာ၊ ဟိုမှာ ဟိုမှာ"

ဟု မောင်မင်းမင်းထွန်းမှ ပြသပါသည်။

စာရေးသူတို့အဖွဲ့ အရှေ့ဘက်မိုးကောင်းကင်သို့ မော့ကြည့်လိုက်ပါသည်။ ဤနေ့သည် နယုန်လကွယ်ညဖြစ်ပါ၍ ကောင်းကင်သည် ကြယ်ရောင်အနည်းငယ်မှအပ မှောင်မည်းလျက်ရှိပါသည်။ အမှောင်နောက်ခံကောင်းကင်ယံ၌ (၁၀) တောင် ခန့်ပတ်လည်ရှိမည့် တိမ်တိုက်ဟု ယူဆရ သော အဖြူရောင်အရာဝတ္ထုသည် တောင်မှ မြောက်သို့၊ မြောက်မှ တောင်သို့ ပေ (၂၀၀) ခန့်အတွင်း ရွေ့လျားလျက်ရှိပါသည်။ တည့်တည့်မတ်မတ် ရွေ့လျားခြင်းမျိုး မဟုတ်ပါ။ သက်တံသဏ္ဍာန်၊ ငယ်သဏ္ဍာန် ရွေ့လျား လျက်ရှိပါသည်။ ကောင်းကင်အမြင့်ကြီးမှ မဟုတ်ပါ။ နိမ့်နိမ့်ကလေးသာဖြစ်၍ လေတံခွန်များဖြစ်နေမလားဟု ထင်မိပါသေးသည်။ တစ်ခါတစ်ရံတွင် အောက်သို့ နိမ့်ဆင်းလာသောအခါ ဖြူဖြူအရာဝတ္ထုမှာ နှစ်ခုဖြစ်လာပါသည်။ ရွေ့လျားနှုန်းမှာလည်း မြန်ဆန်လှပါသည်။ သေသေချာချာကြည့်သောအခါမှ အောက်သို့ ထိုးဆင်းလိုက်ချိန်တွင် ရှည်မျောမျော ကိုယ်လုံးသဏ္ဍာန်ကြီးကို ရိပ်ခနဲရိပ်ခနဲ မြင်တွေ့ရပါသည်။

အမှန်မှာ တိမ်ဖြူသဏ္ဍာန် နဂါးကြီးပင် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ထားရှိသော မင်းမင်းထွန်းတို့၏နေအိမ်မှာ လမ်းအနောက်ဘက်ခြမ်းမှာ အရှေ့ဘက်လှည့် မျက်နှာပြုဖြစ်ပြီး အပေါ်ထပ် အရှေ့ဘက်ထိပ်တွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ထားရှိခြင်း ဖြစ်ပါသည်။ တိမ်တိုက်သဏ္ဍာန်နဂါးကြီးမှာ လမ်းအရှေ့ဘက် အိမ်ခေါင်များထက်မှ ဤအိမ်ရှိရာကို ဗဟိုပြု၍ ရွေ့လျားနေခြင်း ဖြစ်ပါသည်။ နဂါးကြီးသည် ပေ (၂၃၀) ခန့်



ဓွန်းလွှန်းဆရာတော်ဘုရားကြီး ဦးကဝိအား အန်တီအေးနှင့် မယ်တော်ကြီးတို့မှ ဝတ္ထုငွေ လှူဒါန်း



ရုပ်ရှင်တော်မြတ်အား ဖြူးပြီးမှ တပ်မတော်အရာရှိတစ်ဦး ပူဇော်စဉ်

တောင်၊ မြောက်ရွေ့လျားစဉ်၌ မြောက်ဘက်ထိပ်သို့ရောက်လျှင်လည်း ခေတ္တမျှ ကန်တော့နေဟန် ငြိမ်လျက်ရပ်တည်နေပြီး တောင်ဘက်ထိပ်သို့ရောက်လျှင်လည်း ခေတ္တမျှ ကန်တော့နေဟန် ငြိမ်လျက်ရပ်တည်နေပါသေးသည်။

စာရေးသူသည် သေချာစွာကြည့်ရှု လေ့လာပြီးမှ မောင်မင်းမင်းထွန်းအား ဤအရာသည် ရောင်ခြည်တော် မဟုတ်ပါ။ မီးရောင်ကဲ့သို့ပြိုးပြက်လင်းလက်ခြင်းမရှိသောကြောင့် နဂါးကြီးသာဖြစ်သည်ဟု ပြောပြလိုက်ပါသည်။

ဤနဂါးကြီးမှာ တစ်ခဏမျှသာ မဟုတ်ပါ။ အကြာကြီးထွက်ပေါ်လျက်ရှိပါသည်။ တစ်ယောက်စကား တစ်ယောက်နားဖြင့် ကြည့်ရှုသူ ပေါ်များ၍ လာပါသည်။ လမ်းကြားထဲတွင် လူများပြည့်နှက်သွားပါသည်။ စာရေးသူသည် နာရီဝက်မျှ ကြာမြင့်သောအခါ စဥ့်ကိုင်သို့ပြန်ရန်လည်းရှိသေး၍ ရုပ်ရှင်တော်မြတ်ကို တက်ရောက် ကန်တော့ပြီး မယ်တော်ကြီးတို့ကို မောင်မင်းမင်းထွန်းတို့နှင့် ရော၍ နှုတ်ဆက်ကာ ဤနေရာမှ ထွက်ခွာခဲ့ပါသည်။

စာရေးသူမှာ ဆိုင်ကယ်၏နောက်မှ ထိုင်လိုက်ခြင်းဖြစ်၍ နောက်သို့ သမင်လည်ပြန်လှည့်၍ကြည့်ရာ တစ်ပြခန့်သို့ ရောက်သောအခါ ထိုအရာဝတ္ထုမှာ မိုးတိမ်များအမြင့်သို့တိုင် ရောက်ရှိသွား၍ အပေါ်သို့ တက်သွားပြီဟု ထင်မိပါသည်။ ထို့ကြောင့် စာရေးသူသည် ဆိုင်ကယ်ကို နောက်သို့ပြန်လှည့်စေလိုက်ပါသည်။မောင်မင်းမင်းထွန်းတို့ လမ်းထိပ်သို့ ရောက်သောအခါ စောစောကမြင်ခဲ့ရသည့်အတိုင်း တိမ်ဖြူများမှာ နိမ့်နိမ့်ကလေးသာရှိနေပါ၏။ နိမ့်နိမ့်ကလေးသာ ရှိနေပါ၏။ ထို့ကြောင့် စာရေးသူလည်း ကိုသိန်းလင်းနှင့် တရုတ်ကြီးတို့အား လာရောက်ကြည့်ရှုရန် ဖုန်းဖြင့် အကြောင်းကြားလိုက်ပါသည်။ အထက်မြန်မာနိုင်ငံ ရွှေမန္တလေးဂျာနယ်ထုတ်ဝေသူဦးမျိုးမင်း

www.burmeseclassic.com

www.burmeseclassic.com

အား ဖုန်းဖြင့်ဆက်၍ အကြောင်းကြားရန် ရည်ရွယ်သော်လည်း ဖုန်းခေါ်မရဘဲ ရှိပါသည်။ (ထိုညက ကိုမျိုးမင်းတို့လည်း တံခါးဒေါင့်ကိုထွက်၍ ကောင်းကင်ယံမှ ထူးဆန်းသော အလင်းရောင် တိမ်ဖြူသဏ္ဌာန်အလုံးနှစ်လုံးကို လူအများနှင့် ကြည့်ရှု၍နေကြောင်း နောက်တစ်နေ့မှ သိရှိရပါသည်။)

ထို့နောက် စာရေးသူတို့လည်း စဉ့်ကိုင်သို့ ပြန်ခဲ့ကြပါသည်။ လမ်းတစ်လျှောက်တွင် အိမ်တိုင်းအိမ်တိုင်းမှလူတို့လမ်းပေါ်သို့ထွက်၍ ကောင်းကင်ကို မော့ကြည့်နေကြပါသည်။ စောစောက အတိုင်းပင် မောင်မင်းမင်းထွန်းတို့လမ်းမှ တစ်ပြကျော်သည်နှင့် ထိုတိမ်ဖြူသဏ္ဌာန်နှစ်ခုမှာ မိုးကောင်းကင်အမြင့်သို့ရောက်ရှိသွားသည်ကို တွေ့ရပါသည်။ ကွဲပြားမှုမှာ မောင်မင်းမင်းထွန်းတို့ နေအိမ်အနီးတွင် မြင်ရစဉ်က မီးရောင်လုံးဝမပါဝင်ဘဲ အလင်းမဲ့ တိမ်ဖြူသဏ္ဌာန်၊ မီးခိုးငွေ့သဏ္ဌာန်မြင်တွေ့ခဲ့ရသော်လည်း အဝေးသို့ရောက်၍ မိုးကောင်းကင်အမြင့်တွင် မြင်တွေ့ရသောအခါ တိမ်ဖြူသဏ္ဌာန်မဟုတ်တော့ဘဲ ဓာတ်မီးရောင်(လက်နှိပ်ဓာတ်မီး) ဝါကြင့်ကြင့်အလင်းရောင် အဝိုင်းပြောက်နှစ်ခု ဥပမာပြရလျှင် ပိတ်ကားပေါ်သို့ ဓာတ်မီးနှစ်လက်ဖြင့်ထိုးပြီး ဆော့ကစားနေသကဲ့သို့ အလင်းပြောက်နှစ်ခုမှာ အဝေးသို့ ရောက်ရှိမသွားဘဲ ပြေးလွှားလှုပ်ရှား၍နေပါသည်။ တူညီမှုမှာ ထိုအလင်းရောင်နှစ်ခုသည် အဝေးသို့ ရောက်ရှိမသွားဘဲ ထိုနေရာတစ်ဝိုက်တွင် ပြောင်းလဲရွေ့လျားသွားလာနေခြင်းဖြစ်ပါသည်။ သို့သော် မောင်မင်းမင်းထွန်းတို့၏ နေအိမ်အနီးတွင် ပေါ်ပေါက်သော တိမ်ဖြူသဏ္ဌာန် အရာဝတ္ထုနှစ်ခုမှာ ရွေ့လျားသောဧရိယာအကျယ်အဝန်းထက် မိုးကောင်းကင်တွင် ဓာတ်မီးရောင်ကဲ့သို့ ပေါ်ပေါက်သော အလင်းဝိုင်းနှစ်ခု၏ ရွေ့လျားလှုပ်လည်သော ဧရိယာမှာ ကျဉ်းမြောင်းနေခြင်း ဖြစ်ပါသည်။

ဤအချက်ကို ထောက်ရှု၍ သုံးသပ်ရလျှင် ရုပ်ရှင်တော်မြတ်အား လာရောက် ဖူးမြော်သော နဂါးကြီးသည် ပေါ်ပေါက်ရာနေရာတွင် အလင်းရောင်များ မပေါ်ပေါက်သော်လည်း ကောင်းကင်တွင် ၎င်း၏ အရိပ်သည် အလင်းရောင်အဖြစ် ပြောင်းလဲ ပေါ်ပေါက်ခြင်းဖြစ်ကြောင်း မှတ်ယူနိုင်ပါသည်။ သို့သော် မောင်မင်းမင်းထွန်းတို့ နေအိမ်အနီး မြေပြင်နှင့်နီးကပ်စွာ ရွေ့လျားလျက်ရှိသော နဂါးငွေ့သဏ္ဌာန် အရာဝတ္ထုနှစ်ခုမှ ကောင်းကင်ယံတွင် ပေါ်ပေါက်သော အလင်းရောင်ဝိုင်းနှစ်ခုဆီသို့ မီးမောင်းဆလိုက်ကဲ့သို့ အလင်းတန်းဖြစ်ပေါ် ဆက်နွှယ်ခြင်းတော့ မရှိဘဲ အလွတ်ပေါ်ပေါက်ခြင်းသာဖြစ်သည်။

စာရေးသူတို့လည်း (၆၂) လမ်းအတိုင်းပြန်ခဲ့ကြရာ စက်မှုပန်းခြံသို့ အရောက်တွင် ဆိုင်ကယ်များရပ်ပြီး ပြန်လှည့်ကြည့်ရာ မိုးကုပ်စက်ဝိုင်းနှင့်အတူ နိမ့်လျှော၍ ကျန်ရစ်ပါသည်။ စက်မှု (၂) သို့ရောက်သောအခါ လုံးဝမမြင်ရတော့ဘဲ မျက်ကွယ်သို့ ကျရောက်သွားခဲ့ပါသည်။

မောင်မင်းမင်းထွန်းတို့အိမ်ရှေ့တွင် ထိုနဂါးကြီးကို တွေ့မြင်နေရသောအခါက စာရေးသူသည် တကယ်များမှဟုတ်လေစ။ အိပ်မက်များမက်နေသလားဟု ထင်မိပါသည်။ မောင်မင်းမင်းထွန်းနှင့်တကွ စာရေးသူ အပါအဝင် တွေ့မြင်ကြရသူတိုင်း ရင်ထဲတွင် တလှပ်လှပ်နှင့် ဝမ်းသာ၊ ဝမ်းနည်းဖြစ်ကာ ငိုချင်သလိုဖြစ်လာမိပါသည်။ ရိပ်ရိပ်နှင့် ပြေးလွှားလျက်ရှိသည်မှာ မဖော်ပြနိုင်သော ခံစားချက်မျိုးတို့ကို ဖြစ်စေပါ၏။ တစ်ခါတစ်ခါ နိမ့်ဆင်းလာပြီး မောင်မင်းမင်းထွန်းတို့အိမ်အတွင်းသို့ ရောက်လာမတတ် နီးကပ်လာပါသေးသည်။ လမ်းပေါ်တွင် လူများစွာတို့သည် ရောင်ခြည်တော်ထင်မှတ်ပြီး လက်အုပ်ချီပြီး ဆုတောင်းသူ၊ မြေပြင်တွင်ထိုင်၍ကန်တော့ကြသူများဖြင့်ပြည့်နှက်၍လာခဲ့ပါသည်။

စာရေးသူတို့ စဉ့်ကိုင်သို့ ပြန်ရောက်သောအခါ မောင်မင်းမင်းထွန်းမှ ဖုန်းဆက်လာသည်။ လူထုဇေည့်ပရိသတ်ကြီးမှာ ထိန်းမနိုင်သိမ်းမနိုင် များပြားစွာတိုးဝှေ့ပြီး အိမ်အတွင်းသို့ လှိမ့်ဝင်လာကြ၍ ရုပ်ကွက်လူကြီး ရောက်ရှိလာပြီး အရန်မီးသတ်နှင့် ရဲတပ်ဖွဲ့တို့ကို ခေါ်ယူ၍ ရုပ်ရှင်တော်မြတ်အား ရာဇမတ်အကာအရံနှင့် လမ်းပေါ်သို့ထုတ်ကာ အပူဇော်ခံပေးရကြောင်း ပြောပြပါသည်။ ရုပ်ရှင်တော်မြတ်ကို အပြင်သို့ ပင့်ဆောင် ပူဇော်လိုက်သောအခါ နဂါးကြီးသည် ပို၍ ပျော်ရွှင်သွားသည်ဟု ထင်ရပါသည်။ ပိုမိုမြူးထူးလျက်၊ လျင်မြန်စွာ ဆော့ကစားလျက်ရှိပါသည်။ ထိုညက ရုပ်ရှင်တော်မြတ်အား လာရောက် ဖူးမြော်ကြသော ဧည့်ပရိသတ်များမှာ လူပေါင်း (၅၀၀) ထက်မကကြောင်း မောင်မင်းမင်းထွန်းမှ ပြောပြပါသည်။

စာရေးသူသည် ထိုညက အဖြစ်အပျက်တို့ကို အထက်မြန်မာနှင့် ရွှေမန္တလေးဂျာနယ်အုပ်ချုပ်ရေးမှူးထံသို့ မောင်မင်းမင်းထွန်းရိုက်ကူးထားသော ဓာတ်ပုံများနှင့်တကွပေးပို့ခဲ့ရာ ကိုမျိုးမင်းမှ အထက်မြန်မာဂျာနယ်တွင် ဖော်ပြခဲ့ပါသည်။ သို့သော် အချို့သူများက ထိုအလင်းရောင်တို့သည် ဟိုတယ်တစ်ခုမှ ဆလိုက်မီးစမ်းခြင်း ဖြစ်သည် ပြောဆိုကြသဖြင့် ဆလိုက်မီးနှင့် မီးမောင်းကျွမ်းကျင်သူ ပညာရှင်တစ်ဦးအား ကိုမျိုးမင်းမှ မေးမြန်းစုံစမ်းရာ မီးမောင်းနှင့် မီးဆလိုက်တို့သည် ပို့လွှတ်သောနေရာမှ အလင်းရောင် ရောက်ရှိရာနေရာအဆုံးတိုင် ကြိုးတန်းထားသကဲ့သို့ အကြားအလပ်မရှိ အလင်းတန်းဖြစ်ပေါ်နေမည်။ ထိုသို့လာရာ အလင်းလမ်းကြောင်း မရှိလျှင် မီးမောင်း၊ မီးဆလိုက်၊ မီးသီး၊ မီးချောင်းတို့မှ ထွက်ပေါ်သော အလင်းရောင် မဟုတ်နိုင်၊ လုံးဝမဖြစ်နိုင်ပါဟူ၍ ဖြေကြားခဲ့ကြောင်း သိရှိရပါသည်။

ထိုညက ထိုအလင်းရောင်အလုံး အဝိုင်းနှစ်ခုကို မန္တလေးမြို့မှ မြင်တွေ့လိုက်ကြရသူများမှ လူပေါင်းထောင်ချီ၍ရှိခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ပါ။ ထိုကဲ့သို့ ဆလိုက်မီးထိုးသကဲ့သို့ ရိုးစင်းစွာထွက်ပေါ်ခဲ့လျှင်လည်း မည်သူကမျှ ထိုအရာကို အထူးအဆန်းလုပ်၍ စတင်ပေါ်ထွက်စဉ်မှ ပျောက်ကွယ်ချိန်အထိ (၂) နာရီခန့်မျှရပ်ကြည့်ကြမည် မဟုတ်ပါ။

မီးမောင်းများပေါ်ပေါက်သည်မှာ ကြာမြင့်ပြီဖြစ်ပါလျက် ယခုညတွင်မှ စမ်းသပ်ခြင်းသည် ဖြစ်နိုင်ပါမည်လား။ ထိုသို့ စမ်းသပ်ခြင်းကို ဥပဒေဖြင့် တားမြစ်အရေးယူမှုမရှိပါဘဲလျက် နောက်ညများတွင် မည်သည့်အတွက် မစမ်းသပ်ကြတော့ပါသနည်း။ ယခုအချိန်တွင် ဆလိုက်မီးမောင်းများ တွင်ကျယ်စွာ အသုံးပြုနေချိန်ဖြစ်ပါလျက် မန္တလေးမြို့နှင့်တကွ မည်သည့်မြို့တွင်မျှ ထိုအခြင်းအရာမျိုး ဘာကြောင့် ထပ်မံ ပေါ်ပေါက်ခြင်းမရှိတော့ပါသနည်း။ အဖြေမှာ ရှင်းလှပါ၏။ ထိုညက ဖြစ်ပေါ်ခဲ့သော အလင်းရောင်တို့သည် မီးမောင်းမှ ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ သဘာဝလွန်အကြောင်းအရာတို့သာ ဖြစ်ပါ၏။

(ဆက်ရန်)

ဘိုဘို (ရွှေဘို)




www.burmeseclassic.com

www.burmeseclassic.com



သုခစုစံ

# နေ့စကြာစမနှင့်လစကြာစမ



စမပညာရပ်ကို အလွန်ဝါသနာကြီးသော ကျွန်ုပ်သည် ရတတ်သမျှ စမများကို စာအုပ်စာပေများမှ လိုက်လံရှာဖွေ စုဆောင်း သိမ်းဆည်းခဲ့ရာ ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ နေ့စကြာစမနှင့်လစကြာစမကို ကျိုက်လတ်မြို့နယ် ရွှေပေါ်ကျွန်း သာသနာပြုအကျိုးတော်ဆောင် အငြိမ်းစားကျောင်းဆရာကြီး ဆရာဦးလှစိန်ထံမှ ရရှိခဲ့ပါသည်။ နေ့စကြာစမသည် 'နေမင်းပမာ ဗုဒ္ဓဝန္ဒနာ ဘုရားရှိခိုးဂါထာ' ကို စီရင်ထားပြီး လစကြာစမသည် 'လမင်းပမာ ဗုဒ္ဓဝန္ဒနာ ဘုရားရှိခိုးဂါထာ' ကို အစီအရင်ပြုထားခြင်း ဖြစ်ပါသည်။

### နေမင်းပမာ ဗုဒ္ဓဝန္ဒနာ ဘုရားရှိခိုးဂါထာ

သူရိယော သူရဘာဝေန၊
သူရိယော ရံသိမာ ဇိနော၊
သူရိယော ဧကိဘာဝေန၊
သူရိယံ တံ နမာမဟံ။

**အနက် -**

**ယောဇိနော** - ငါးမာရ်ပယ်ဟန့်၊ နိဗ္ဗာန့်သခင်၊ အကြင်ဘုရားရှင်သည်၊ **သူရဘာဝေန** - ကေသရီမျိုး၊ တန်ခိုးတောက်လင်း၊ သားမင်းရာဇာ၊ ကဲ့ပမာသို့၊ လွန်စွာရဲရင့်၊ အမြဲတင့်၍၊ ကဲမြင့်သိစွာ၊ စွမ်းပကားရှိတော်မူသည်၏အဖြစ်ကြောင့်၊ **သူရိယော-** အရောင်အလင်း၊ ပြိုင်ဘက်ကင်းသည့်၊ နေမင်းအတူ၊ ဖြစ်တော်မူပါပေ၏။

**ရံသိမာ** - ရောင်ခြည်တော်ပန်း၊ ရှုမခန်းတို့ဖြင့်၊ အဆန်းတကြယ်၊ တင့်တယ်တော်မူသည်ဖြစ်၍လည်း၊ **သူရိယော** - ရောင်ခြည်တစ်ထောင်၊ အလင်းဆောင်သည့်၊ တောက်ပြောင်ဝင်းဝင်း၊ ရှင်ဧနေမင်းနှင့်၊ ဂုဏ်ချင်းခံယူ၊ အလားတူတော်မူပါပေ၏။

**ဧကိဘာဝေန** - စကြဝဠာ၊ ကမ္ဘာတစ်ပိုက်တွင်၊ ပြိုင်ဘက်သသူ၊ ရှိတော်မမူဘဲ၊ တစ်ဆူတည်းသာ၊ ပွင့်တော်မူလာသည်၏အဖြစ်ကြောင့်၊ **သူရိယော** - နှစ်စင်းမပြိုင်၊ သတင်းလှိုင်၍၊ ရောင်ဆိုင်ထိန်လင်း၊ အရှိန်ပြင်းသော၊ နေမင်းအတူ၊ ဖြစ်တော်မူပါပေ၏။

**သူရိယံ** - ရဲရင့်ရောင်ခြည်၊ မှောင်မသိဘဲ၊ ထူးလည်ပေါ်ထွက်၊ ပြိုင်ဘက်မဲ့ကင်း၊ ဂုဏ်သတင်းကြောင့်၊ နေမင်းတစ်ဆူ၊ ဖြစ်တော်မူသော၊ **တံဇိနံ** - ထိုနေစစ်နေမှန်၊ သူရကန်ဟု၊ သုံးတန်လောက၊ တုမရသည့်၊ လူ့ဘဝထွတ်ထား၊ မြတ်ဘုရားကို၊ **အဟံ** - ခန္ဓာနာမ်ရုပ်၊ သမုတ်ခေါ်ဝေါ်၊ တပည့်တော်သည်၊ **နမာမိ** - ရိုသေညွတ်ဦး၊ အထူးမြတ်နိုး၊ ရှိခိုးပါ၏ အရှင်ဘုရား။

နေမင်းပမာ ဤဂါထာကို ရွတ်ဖတ် သရဇ္ဈာယ်သောအခါ ဗုဒ္ဓဘုရားရှင်ကို အာရုံပြု၍ ဖြည်းဖြည်းမှန်မှန် ရွတ်ဖတ် သရဇ္ဈာယ်ပါ။ နေ့ကာလ၌ အကျိုးတရား ထင်ရှားဖြစ်ပေါ်လာစေရန် နံနက်အိပ်ရာထချိန်၌ ရွတ်ဖတ်ပွားများပါ။ ရွတ်ဖတ်လိုသော အာရုံဆန္ဒဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာသည့် အချိန်တို့၌ ရွတ်ဖတ်နိုင်ပါသည်။

ရရှိနိုင်သော အကျိုးတရားများမှာ သွားလေရာအရပ်ရပ်တို့၌ ရဲရင့် တည်ကြည်သောစိတ်ဓာတ် ဖြစ်ပေါ်လာစေခြင်း၊ နေမင်းကဲ့သို့ အသိဉာဏ်အလင်းဓာတ် ဖြစ်ပေါ်လာစေခြင်း၊ အန္တရာယ်ဟူသမျှတို့ကို ကာကွယ်တားဆီးနိုင်ခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်၏အထောက်အပံ့ဖြစ်စေနိုင်ခြင်း စသော အကျိုးတရားများကို ဖြစ်ပေါ်စေနိုင်ပါသည်။ လေ့လာပါ။ အလေ့ရှိလျှင် လာပါလိမ့်မည်။

### လမင်းပမာ ဗုဒ္ဓဝန္ဒနာ ဘုရားရှိခိုးဂါထာ

စန္ဒိမာ စန္ဒဘာဝေန၊
စန္ဒိမာရံသိမာ ဇိနော။
စန္ဒိမာ ဧကိဘာဝေန၊
စန္ဒိမံ တံ နမာမဟံ။

**အနက် -**

**ယောဇိနော** - ငါးပါးရန်ငုတ်၊ မာရ်အယုတ်ကို၊ တစ်မုဟုတ်ချင်း၊ ပယ်ရှင်းအောင်မြင်၊ အကြင်သို့သော၊ ဘုရားရှင်သည်၊ **စန္ဒဘာဝေန** - ချမ်းသာအေးမြ၊ ဓမ္မောဇကို၊ ဟောပြမိန့်ခြွေ၊ ပေးဝေတော်မူတတ်သော၊ အကြောင်းရင်းကြောင့်၊ **စန္ဒိမာ** - ရှုသူမြင်သူ၊ အပူအေးချမ်း၊ လစန်းသဖွယ်၊ ဖြစ်တော်မူပေ၏။ **ရံသိမာ** - ဘဝင်နှလုံး၊ ရွှင်ပြုံးငြိမ့်ငြိမ့်၊ ပီတိစိမ့်၍၊ နှစ်သက်ဖွယ်ကောင်း၊ ရှုမညောင်းအောင်၊ ညိုမောင်းနီဝါ၊ ဖြူပြာပြိုးပြက်၊ ရိုးရက်ပြက်သန်း၊ ရောင်ခြည်ပန်းရှိတော်မူသည်ဖြစ်၍လည်း၊ **စန္ဒိမာ** - စန်းပုဏ္ဏာမိန်၊ ယုန်အိမ်သော်တာ၊ ပမာမခြား၊ အလားတူစွာ၊ ဖြစ်တော်မူပါပေသည် ဘုရား။

**ဧကိဘာဝေန** - တစ်သောင်းတိုက်စကြဝဠာမှာ ယှဉ်ပြိုင်ဘက်ကင်းကွာ၍ တစ်ဆူတည်းသာ ဖြစ်ပေါ်လာခြင်း ဟူသောအကြောင်းကြောင့်လည်း၊ **စန္ဒိမာ-** နှစ်စင်းမပြိုင်၊ သတင်းလှိုင်သည့်၊ ရောင်ဆိုင်ငွားငွား၊ လရထားသဖွယ်၊ တင့်တယ်တော်မူပါပေသည် ဘုရား။

**စန္ဒိမံ-**ရှုမြင်တိုင်း မက်မပြေ ကျက်သရေဂုဏ်လျှမ်း၊ လယုန်စန်းသို့ ပုံပန်းနမူ၊ အသွင်တူလှပသော၊ **တံဇိနံ-** မာရ်အောင်မြင်ပြီး ထွတ်ထိပ်သ... ထို



www.burmeseclassic.com

www.burmeseclassic.com




နေစကြာစမ




လစကြာစမ

ဘုရားရှင်ကို၊ **အဟံ-** ရုပ်ဝေဒနာ၊ သညာ သင်္ခါရ၊ ဝိညာဏကို၊ အတ္တခေါ်ဝေါ်၊ အပည့်တော်သည်၊ **နမာမိ -** ဦးခေါင်းညွတ်လျှိုး၊ မြတ်နိုးသဒ္ဓါ၊ ရှိခိုးပါ၏အရှင်ဘုရား။

လမင်းပမာ ဤဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်သောအခါ ဗုဒ္ဓကို အာရုံပြု၍ ဖြည်းဖြည်းမှန်မှန် ရွတ်ဖတ် သရဇ္ဈာယ်ပါ။ ဤဂါထာကို ညအချိန်၌ ရွတ်ဖတ်သရဇ္ဈာယ်သင့်ပါသည်။ ရွတ်ဖတ်သောအာရုံဆန္ဒ ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာသည့်အချိန်တို့၌ ရွတ်ဖတ်နိုင်ပါသည်။

ရရှိနိုင်သော အကျိုးတရားတို့မှာ သွားလေရာအရပ်ရပ်တို့၌ လမင်းကို လူအများတို့ နှစ်ခြိုက်ကြည်နူးသလို မိမိ၏ ရုပ်အဆင်းနှင့် အသံကို ကြားရသောအခါ ရန်သူပင် ဖြစ်လင့်ကစား ကြည်နူးမင်သိမ့်မှုကို ရရှိစေပါလိမ့်မည်။ အေးမြကြည်လင်သော စိတ်ဓာတ်အစဉ် တဖွားဖွားဖြစ်စေပါလိမ့်မည်။ ထို့အပြင် အန္တရာယ်ကင်းခြင်း၊ စီးပွားဥစ္စာရှာဖွေရာ၌ လွယ်ကူစေခြင်း၊ မင်္ဂလာဖိုလ်နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်စေနိုင်ခြင်း စသောအကျိုးတရားများကို ဖြစ်ပေါ်စေနိုင်ပါသည်။ လေ့လာပါ။ အလေ့ရှိလျှင် လာပါလိမ့်မည်။

စမပုံတော်တို့ကို မိမိတို့ကိုယ်တိုင် နေ့ကောင်းရက်မြတ်ရွေးချယ်ကာ ရေးဆွဲ၍သော် လည်းကောင်း၊ မိတ္တူကူးယူခြင်းဖြင့် လည်းကောင်း၊ ဗီနိုင်းထုတ်၍လည်းကောင်း ဆောင်ထားနိုင်ပါသည်။ အိတ်ဆောင်အဖြစ်ဆိုလျှင် ပုံသေးကူးယူ၍ အိမ်၊ ဆိုင်၊ ကုမ္ပဏီရုံးခန်း၊ ကောင်တာ ခေါင်းရင်းဘက်တို့တွင် မှန်ပေါင်သွင်း၍ ချိတ်ဆွဲမည်ဆိုလျှင် ပုံကြီးကူး၍ အဆောင်အရွက်ပြုနိုင်ပါသည်။

ပုံတော်တို့ကို ရရှိပြီဆိုလျှင် ငါးပါးသီလ ခံယူ ဆောက်တည်ပြီး ဘုရားဆောင်ရှေ့တွင် ပုံတော်ကို နှုတ်ခမ်းဝတော့ကာ 'နေစကြာစမ' ကို ဘုရားဂုဏ်တော် (၃၇) ခေါက်၊ နေမင်းပမာ ဘုရားရှိခိုးဂါထာ (၃၇) ခေါက်၊ လစကြာစမကို ဘုရားဂုဏ်တော်(၃၇)ခေါက်၊ လမင်းပမာ ဘုရားရှိခိုးဂါထာ (၃၇) ခေါက်ဆိုတာ သိဒ္ဓိတင်ပြီး အဆောင်အဖြစ် ယုံယုံကြည်ကြည် အသုံးပြုရမည် ဖြစ်ပါသည်။

အိတ်ဆောင်ပုံတော်ဆိုလျှင် နှုတ်ခမ်းဝတော့၍ လည်းကောင်း၊ ချိတ်ဆွဲထားသောပုံတော်များဆိုလျှင် ပုံတော်၏ အရှေ့တွင် ထိုင်၍ လည်းကောင်း အဆိုပါ ဂါထာများဖြင့် နေ့စဉ် ရွတ်ဖတ်ပူဇော်သိဒ္ဓိတင်သွားမည်ဆိုလျှင် အတိုင်းထက်အလွန် အချိုပေါ် သကာလောင်း အလွန့်အလွန် အကျိုးများမည် ဖြစ်ပါသည်။ ထိုစမပုံတော်တို့ကို ဘုရားခန်းတွင် ချိတ်ဆွဲမည်ဆိုလျှင် မြတ်စွာဘုရား၏ လက်ယာဘက် (မိမိ၏လက်ဝဲဘက်) ၌ နေစကြာစမကို ထားရှိရပါမည်။ လစကြာစမကို မြတ်စွာဘုရား၏ လက်ဝဲဘက် (မိမိ၏ လက်ယာဘက်) ၌ ထားရှိရပါမည်။

**မှတ်ချက် -**

*စိတ်အားငယ်တတ်၊ ကြောက်ရွံ့တတ်၊ စိတ်ဓာတ်ကျတတ်၊ တွေဝေထုံထိုင်းနေတတ်၊ စိတ်အားပျော့ညံ့သူများတို့သည် အထူးသဖြင့် နေမင်းဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ကာ စမပုံတော်ကို အမြဲတမ်းသွားလေရာဆောင်ထားသင့်ပါသည်။ ရဲရင့်လွန်းသူ၊ တက်ကြွလွန်းသူ၊ ထက်မြက်လွန်းသူ၊ မာကျောလွန်းသူ၊ စိတ်ကြမ်းကိုယ်ကြမ်းရှိသူတို့သည် အထူးသဖြင့် လမင်းဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ် ပူဇော်ကာ စမပုံတော်ကို အမြဲတမ်းသွားလေရာဆောင်ထားသင့်ပါသည်။*

*ကောင်းမှုအကြောင်းမြဲ*
*တောင်းဆုပြည့်ပါစေ*

**သူခင်**



www.burmeseclassic.com

www.burmeseclassic.com

**အဘဘိုးသာအေးနှင့်**
**ချက်ချင်းလက်ငင်း**
**ဝိဇ္ဇာမိုရ်ဖြစ်မည့် ဆေးတော်**

ကုစ္ဆာသယ ဘိုးဘိုးရသေ့ကြီးက စစ်ကွင်းဆရာတော်၏ စွမ်းဆောင်ရည်မြင့်မားသူကို သဘောကျနှစ်မြို့က်သဖြင့် အထူးအခွင့်အရေးပေးသည့်အနေဖြင့် အလိုရှိရာ တောင်းခိုင်းသောအခါ စစ်ကွင်းဆရာတော်ကလည်း အခြားသောမည်သည့်ဆုကိုမျှမတောင်းဘဲ ဆုတစ်ခုတည်းကိုသာ တောင်းလေ၏။ ထိုဆုကား -

"ဘိုးဘိုးကြီး ပေးမယ်ဆိုရင် ချက်ချင်းလက်ငင်း ဝိဇ္ဇာမိုရ်ဖြစ်မယ့်ဆေးကိုသာပေးပါ"

ဟု တောင်းလိုက်လေ၏။

ထိုအခါ ဘိုးဘိုးရသေ့ကြီးကလည်း မိမိ၏ကတိအတိုင်း စစ်ကွင်းဆရာတော်တောင်းသည့်ဆုကိုပေးလေ၏။ ပေးပြီးသည်နှင့် ဘိုးဘိုးကြီးလည်း ပြန်သွားတော့၏။ ထိုဆုကား ချက်ချင်းလက်ငင်း ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်ဖြစ်မည့်ဆေးပင် ဖြစ်၏။ အဆိုပါ ဝိဇ္ဇာမိုရ်ဆေးကား ဆေးတောင့်သေးသေးလေး (၃) တောင့်ပင် ဖြစ်၏။

စစ်ကွင်းဆရာတော်လည်း ထိုချက်ချင်းလက်ငင်းဝိဇ္ဇာမိုရ်ဖြစ်မည့် ဆေးတောင့်(၃)တောင့်ကို ရရှိလေသောအခါ သူ၏အတွေးတို့သည် တစ်မျိုးပြောင်းသွားခဲ့လေ၏။ ထိုပြောင်းလဲလာသည့် အတွေးသစ်ကား -

'ငါသည် အသက်အရွယ်ကလည်း ငယ်သေး၏။ ဆရာတော်ကြီး ဦးကုန္ဒာသဖတို့လို ပထမံလမ်းစဉ်အင်းတွေကို အစဉ်အတိုင်း သောက်ထားတယ်။ ခရီးလည်း အတော်ပဲရောက်နေပြီ ဖြစ်တယ်။ နောက်ပြီး ဘိုးဘိုးရသေ့ကြီးရဲ့ ဤလမ်းစဉ်ပညာကလည်း အမှန်တကယ်ပဲ ထွက်ရပ်ကိစ္စ ပြီးမြောက်နိုင်တဲ့ပညာ ဆိုတာ ငါ့ရဲ့မျက်မြင်ကိုယ်တွေ့ပဲ။ ဒါကြောင့် ငါဟာ ဒီပညာလမ်းစဉ်အတိုင်း ပုံမှန်ဆက်လုပ်သွားမယ်ဆိုရင် ထွက်ရပ်ပေါက်နိုင်တယ်"

"အင်း - ငါ့ရဲ့အဖေကြီးကတော့ အသက်ကလည်းကြီးပြီ။ ဘာကိုမှလဲ မလုပ်နိုင်တော့ဘူး။ လုပ်မယ်ဆိုလည်း လုပ်ဖို့အချိန်ကမရှိတော့ဘူး။ ဒါကြောင့် ဒီချက်ချင်းလက်ငင်း ဝိဇ္ဇာမိုရ်ဖြစ်မယ့်၊ ဆေးဝိဇ္ဇာဖြစ်မယ့် အခွင့်အရေးကို ငါ့အဖေကြီးအတွက်ပေးလိုက်ရင် ကောင်းမှာပဲ'

ဟု စဉ်းစားလိုက်၏။

ထို့ကြောင့် ဆရာတော်သည် စစ်ကွင်းမြို့၌နေထိုင်နေသော အဖဖြစ်သူ ဘိုးသာအေးအား ကျိုက်ထီးရိုးရသေ့တောင်သို့ အမြန်လိုက်ခဲ့ပါရန် လူကြုံနှင့် မှာလိုက်လေ၏။

ထိုအခါ အဘဘိုးသာအေးလည်း ကျိုက်ထီးရိုးရသေ့တောင်သို့ မကြာမတင်မီပင်ရောက်ရှိလာလေ၏။ ထိုအခါ အဖေဖြစ်သူ ခမည်းတော်ကြီးအား ဖြစ်ပျက်ခဲ့သည့် အကြောင်းအခြင်းအရာ အစုံစုံကို ပြောဆိုရှင်းပြပြီးနောက် အဆိုပါ ချက်ချင်းလက်ငင်း ဝိဇ္ဇာမိုရ်ဖြစ်မည့် ဆေးတောင့် (၃) တောင့်အား အဘဘိုးသာအေးသောက်ပါရန် ပေးအပ်လေရာ အဘဘိုးသာအေးကလည်း အဆိုပါ ဝိဇ္ဇာဆေးကို ချက်ချင်းမသောက်ပေ။ စဉ်းစားတွေးခေါ် ဉာဏ်ရှိသူပီပီ အောက်





www.burmeseclassic.com

www.burmeseclassic.com

ပါစကားကို ဆိုလာလေ၏။

"သားမောင်ပဥ္စင်း၊ အခု ခမည်းတော်ကြီးပြောမယ့်ကိစ္စကို သေသေချာချာစဉ်းစားပါ။ ဒီဆေးဟာ ဘိုးဘိုးရသေ့ကြီးက သားမောင်ပဥ္စင်းကို သောက်ဖို့ပေးတဲ့ဆေးပဲ။ အဖေအတွက်ပေးတာ မဟုတ်ဘူး။ တကယ်လို့ ဒီဆေးကို အခု ခမည်းတော်ကြီးသောက်လိုက်လို့ သားပဥ္စင်းအတွက် ဆေးပဲဖြစ်တယ်ဆိုရင် ခမည်းတော်လည်း ဘာမှဖြစ်မှာမဟုတ်ဘူး။ သားမောင်ပဥ္စင်းလည်း ဝိဇ္ဇာမိုရ်ရှ မဖြစ်တော့ဘူး။ အဲဒီလိုများဖြစ်ခဲ့ရင် အလဟဿဖြစ်သွားမယ်။ မြွေပါလည်းဆုံး၊ သားလည်းဆုံးတဲ့အဖြစ်မျိုးတော့ ခမည်းတော်ကြီးအနေနဲ့ မဖြစ်စေချင်ဘူး။ အဲဒီတော့ အခုလိုလုပ်မယ့်ကိစ္စမျိုးဖြစ်နိုင်၊ မဖြစ်နိုင်ကို မင်းရဲ့ဆရာ ဘိုးဘိုးရသေ့ကြီးကို ပြန်လျှောက်ကြည့်ရင်ကောင်းမယ်"

ဟု ဆိုလိုက်လေ၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း အဘဘိုးသာအေးပြောသည့် စကားကို ကြားရသောအခါ အဘဘိုးသာအေးထောက်ပြသည့်အချက်သည် လွန်စွာဖြစ်နိုင်သည့်အချက်ဖြစ်သဖြင့် စစ်ကွင်းဆရာတော်လည်း ဣစ္ဆာသယဘိုးဘိုးရသေ့ကြီးအား ပြန်ပင့်ရလေတော့၏။

စစ်ကွင်းဆရာတော် ပင့်လျှောက်သဖြင့် ဣစ္ဆာသယဘိုးဘိုးကြီးလည်း ကြွရောက်လာလေ၏။ ဣစ္ဆာသယဘိုးဘိုးကြီး ကြွရောက်လာပြီးနောက် စစ်ကွင်းဆရာတော်က ဤဝိဇ္ဇာမိုရ်ရှဖြစ်မည့်ဆေးတောင့်အား သူ၏ ခမည်းတော်ကြီး အဘဘိုးသာအေးကို သူ့အစားတိုက်၍ ရနိုင်၊ မရနိုင် အခြေအနေအရပ်ရပ်တို့ကို မေးမြန်းလျှောက်ထားလေ၏။

ထိုအခါ ဣစ္ဆာသယဘိုးဘိုးရသေ့ကြီးသည် စစ်ကွင်းဆရာတော်အား ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်လိုက်၏။ ဘိုးဘိုးရသေ့ကြီး၏ ခေါင်းတညိတ်ညိတ်လုပ်ခြင်းကား အဓိပ္ပာယ်အများကြီးပါလေ၏။ ထို့နောက် ဣစ္ဆာသယဘိုးဘိုးကြီးက စစ်ကွင်းဆရာတော်အား -

"ဒီထွက်ရပ်ပေါက် ဝိဇ္ဇာမရှေဆေးတောင့်ဟာ မင်းကိုပေးတာ မှန်ပေမယ့် ဒီဆေးကို ဘယ်သူပဲသောက်သောက် သောက်တဲ့သူဟာ ကျွန်ုပ်ဘိုးဘိုးကြီးလိုပဲဖြစ်မယ်"

ဟု ပြောဆိုမိန့်ကြားလိုက်၏။

ထို့ကြောင့် စစ်ကွင်းဆရာတော်လည်း ဘိုးဘိုးရသေ့ကြီး ပြောသည့်အတိုင်း ခမည်းတော်ကြီးဖြစ်သူ အဘဘိုးသာအေးကို ပြောပြလိုက်သောအခါ ဖခင်ဖြစ်သူ ဘိုးသာအေးလည်း ထိုအခါတွင်မှ စိတ်ချလက်ချဖြစ်သွားလေတော့၏။ ထိုအခါတွင်မှ ချက်ချင်းလက်ငင်း ဝိဇ္ဇာဖြစ်မည့် ဆေးတောင့် (၃) တောင့်ကို စိတ်ချလက်ချ သောက်ချလိုက်လေတော့၏။

ဤနေရာတွင် စစ်ကွင်းဆရာတော်၏ စိတ်ဓာတ်ကို ကောင်းစွာ မြင်တွေ့ရနိုင်ပါသည်။ ဆရာတော်သည် သူ့ထက် သူ့ဖခင်ဖြစ်သူကို ဦးစားပေး၏။ မိမိအကျိုးထက် မိဘအကျိုးကိုကြည့်၏။ ချက်ချင်းလက်ငင်း ဝိဇ္ဇာမိုရ်ရှဖြစ်မည့်အရေးကို မည်သည့်ပုဂ္ဂိုလ်မျှလက်လွှတ်ခံမည်မဟုတ်။ မိမိဘာသာ ဦးစွာ ဝိဇ္ဇာဖြစ်အောင်ကြိုးစားမည်။ မိမိကိုယ်တိုင်ဝိဇ္ဇာဖြစ်ပြီးသောအခါတွင်မှ ကျန်သောကိစ္စကို စဉ်းစားမည် ဖြစ်၏။

သို့သော် စစ်ကွင်းဆရာတော်ကား ထိုသို့မဟုတ်ပေ။ မိမိ၏ အရေးကို ဦးစားမပေးပေ။ မိမိ၏အတ္တကိုလည်း ရှေ့တန်းမတင်ခဲ့ပေ။ ဖခင်ကြီးကိုသာ ဦးစားပေး၏။ တစ်နည်းအားဖြင့်ဆိုရပါမူ မိဘကျေးဇူးကို တစ်နည်းတစ်ဖုံအားဖြင့် လည်းကောင်း၊ ကြီးကျယ်ခမ်းနားသောနည်းအားဖြင့်လည်းကောင်း ပေးဆပ်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် ဆရာတော်၏အနစ်နာခံသောကိစ္စ၊ မိမိအရေးကို ရှေ့တန်းမတင်သောကိစ္စကား ထင်ရှားလှပါသည်။



## ပထမံဝိဇ္ဇာရှေ့ထွက်ရပ်ပေါက်လောကီပညာနှင့်

# ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး

၁၂

ပထမံဆရာဦးအေးရွှေ

ဆရာတော်၏ ခံယူချက်ကား ဤဝိဇ္ဇာမရှေ ထွက်ရပ်ပေါက်ပညာကား အမှန်တကယ်ရှိသည်။ ထိုပညာရပ်ဆိုင်ရာလုပ်ကိုင်ရန် နည်းလမ်းများကား အခိုင်အမာရှိသည်။ လက်ရှိလည်း ဤပညာဖြင့် လက်တွေ့မျက်တွေ့ ထွက်ရပ်



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ပြီးသူများ ကိုယ်တွေ့ရှိနေသည်။ ထို့ကြောင့် မိမိ၏ကံ၊ ဉာဏ်၊ ဝီရိယ အစွမ်းတို့ဖြင့် ထိထိရောက်ရောက် အားထုတ် လုပ်ကိုင်ပါက မိမိအနေဖြင့် လုပ်နိုင်သည့်အခြေအနေလည်း ပြည့်စုံစွာရှိနေပါသဖြင့် ကောင်းစွာပင် ထွက်ပေါက်ခြင်းကိစ္စ ပြီးတိုင်၏။ ထို့ကြောင့် ဝိဇ္ဇာမိုရ်ဖြစ်ရန် မိမိဘာသာ အားထုတ်မည်ဟု ဆုံးဖြတ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အိုမင်းမစွမ်းဖြစ်နေသော မိမိ၏ဖခင်ကြီး အဆင်သင့် လွယ်ကူစွာ ဝိဇ္ဇာဖြစ်စေခြင်းသည် ဆရာတော်၏ မွန်မြတ်သော စိတ်ထားကို ဖော်ပြရာလည်းရောက်နေပါသည်။

ထိုမြင့်မြတ်သောစိတ်ဓာတ်၊ စွန့်လွှတ်ဝံ့သောစိတ်ဓာတ်၊ အနစ်နာခံသော စိတ်ဓာတ်တို့ကို ဣစ္ဆာသယဘိုးဘိုးကြီးကလည်း ခေါင်းတညိတ်ညိတ်လုပ်ပြီး အသိအမှတ်ပြုသွားခြင်းပင် ဖြစ်ပါလိမ့်မည်။

ဤသို့ဖြင့် ချက်ချင်းလက်ငင်း ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်ဖြစ်မည့် ဆေးတောင့်သုံးတောင့်ကိုသောက်လိုက်သော စစ်ကွင်းဆရာတော်၏ ဖခမည်းတော်ကြီး အဘဘိုးသာအေးသည်လည်း ဆေးသောက်ပြီး မကြာမတင်မီပင် ပြဿနာပေါ်ပါလေတော့၏။ ထိုပြဿနာကား အဘဘိုးသာအေးသည် ဆေးတောင့်သုံးတောင့်ကို သောက်ပြီးနောက် တစ်ကိုယ်လုံး မည်းပြာသွားလေတော့၏။ အသားများ မည်းပြာသွားသည်မှ သာမန်မည်းပြာသွားခြင်းမျိုး မဟုတ်ပေ။ အိုးမဲတုံးကြီးတစ်တုံးကဲ့သို့ မည်းပြာသွားခြင်း ဖြစ်၏။ ထို့နောက် သတိလည်းမရတော့ပေ။ တုံးကဲ့သို့ဖြစ်သွား၏။ လူသေကဲ့သို့ ဖြစ်သွားလေတော့၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း အဖဖြစ်သူ၏ အခြေအနေကို ကြည့်ပြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားလေတော့၏။ ထို့နောက် မိမိဘာသာလည်း ငါတော့မှားပြီ၊ မှားလေခြင်းဟု ယူကျုံးမရကြီးစွာဖြစ်ရလေတော့၏။ ထို့ကြောင့် စစ်ကွင်းဆရာတော်လည်း ဆရာတော် ဦးဣန္ဒာသဖအား တ,လိုက်လေ၏။

ထိုအခါ ဆရာတော် ဦးဣန္ဒာသဖလည်း ကြွရောက်လာလေ၏။ ဆရာတော်ကြီးလည်း ရောက်လျှင်ရောက်ခြင်းပင် အဘဘိုးသာအေး၏အခြေအနေကို သဘောပေါက်သွားပြီး စစ်ကွင်းဆရာတော်အား -

"မောင်ပဥ္စင်းရဲ့ခမည်းတော်ကြီးဟာ ဘာမှမဖြစ်ပါဘူး။ မူလအင်းခံ၊ဆေးခံအားနည်းပြီး မရင့်သန်သေးလို့ ဒီလိုဖြစ်သွားတာပါ။ ဘာမှစိတ်မပူနဲ့။ ရော့ရော့ - ဒီဆေးကိုသွေးပြီးလူးပေးလိုက်"

ဟု ပြောပြီး လူးဆေးတောင့်အား စစ်ကွင်းဆရာတော်ကို ပေးလိုက်လေသည်။

ထို့ကြောင့်လည်း စစ်ကွင်းဆရာတော်သည် ချက်ချင်းပင် ဆေးကိုသွေးပြီး တုံးဖြစ်နေသော အဘဘိုးသာအေးအား လူးပေးလိုက်၏။ ထိုအခါတွင်မှ အဘဘိုးသာအေး၏ ပြာနှမ်းမည်းညစ်နေသောအသားအရောင်တို့သည် သွေးရောင်လွှမ်းလာလေတော့၏။ မကြာမီပင် မူလအသားအရောင်အတိုင်း ပြန်ရောက်သွားလေတော့၏။ ထို့နောက်တွင် သတိပြန်ရလာလေတော့၏။ ထိုအချိန်တွင်မှစပြီး အဘဘိုးသာအေးလည်း ဝိဇ္ဇာမိုရ်ဖြစ်သွားလေတော့၏။ အဘဘိုးသာအေး ဝိဇ္ဇာဖြစ်သွားသည်နှင့်တစ်ပြိုင်နက် ဆရာတော် ဦးဣန္ဒာသဖက စစ်ကွင်းဆရာတော်အား -

"မောင်ပဥ္စင်း၊ အခြေအနေကအရေးကြီးနေပြီ။ ဒါကြောင့် ရန်ကုန်ကိုအမြန်ပြန်တော့"

ဟု အမိန့်ရှိသဖြင့် စစ်ကွင်းဆရာတော်လည်း ရန်ကုန်သို့ ပြန်ကြွလာရလေတော့၏။ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်တို့၏ဘဝသည် လွန်စွာမှအလုပ်များလှ၏။တာဝန်လည်းကြီးလှ၏။

စစ်ကွင်းဆရာတော်နှင့် အဘဘိုးသာအေးတို့သားအဖသည် နှစ်ဦးစလုံး ဝိဇ္ဇာမိုရ်များချည်းဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး အချိန်ပြည့်တွေ့ချင်သည့်အခါတွင် တွေ့နိုင်ကြသည် မဟုတ်ပေ။ (၁၅) နှစ်လောက်ကြာသည်တိုင်မှ တစ်ကြိမ်သာတွေ့ကြရ၏။ ကိုယ်ကလည်း ကိုယ့်ကိစ္စနှင့်ကိုယ် သူကလည်း သူ့ကိစ္စနှင့်သူ အသီးသီးအလုပ်ရှုပ်နေကြလေ၏။

## ထူးခြားသောဆရာတော်ကြီးတစ်ပါး

တစ်နေ့တွင် စစ်ကွင်းဆရာတော်သည် တောင်တွင်းကြီးဘက်သို့ ခရီးထွက်ခဲ့၏။ ထိုနေရာသို့ ရောက်ရှိပြီးနောက် ရဟန္တာဟု ကျော်ကြားသော ဆရာတော်ကြီးတစ်ပါးအား သွားရောက်ဖူးမြော်ခဲ့၏။

ထိုအခါ အဆိုပါ ရဟန္တာဟုကျော်ကြားသော ဆရာတော်က -

"မောင်ပဥ္စင်း၊ ကျုပ်ဆီကိုလာမယ်ဆိုရင် ညဘက်မလာနဲ့၊ နေ့ခင်းဘက်လာခဲ့ပါ"

မှာလိုက်၏။

ထိုဒေသတွင် စစ်ကွင်းဆရာတော်လည်း ဘုရားတည်ရန် စိတ်ကူးရသည်နှင့် ဘုရားတည်ရန် ငွေရရှိရန် ရည်ရွယ်ပြီး အင်းကို မီးထွန်းလေ၏။ ထိုအခါတွင် ဘိုးသူတော်ကစ်ပါး ရောက်ရှိလာလေ၏။ ထိုဘိုးသူတော်က စစ်ကွင်းဆရာတော်အား -

"ဆရာတော်ဘာများအလိုရှိပါသလဲ"

ဟု လျှောက်ထားသောအခါ စစ်ကွင်းဆရာတော်က မိမိသည် ဘုရားတည်လိုသဖြင့် ငွေ (၃၀၀၀) လောက်လိုချင်ကြောင်း အမိန့်ရှိသောအခါ ဘိုးသူတော်က -

"ဒါဆို ရ,ရပါစေ့မယ်။ နောက်နေ့ဒီသစ်ပင်အောက်ကို ကြွလာခဲ့ပါဘုရား"

ဟု ပြောပြီး ဘိုးသူတော်လည်း ပြန်သွားလေတော့၏။

နောက်တစ်နေ့သို့ ရောက်သောအခါ စစ်ကွင်းဆရာတော်လည်း ဘိုးသူတော်ချိန်းထားသည့်နေရာသို့ သွားခဲ့လေ၏။ ထိုနေရာသို့ ရောက်သောအခါ အဆင်သင့်ပင် ငွေ (၃၀၀၀) ကို ယူပြီး ပြန်လာခဲ့၏။ ထို့နောက် ရဟန္တာဟု ကျော်ကြားသော ပုဂ္ဂိုလ်ကြီးထံ သွားရောက် ဖူးမြော်ပြီး ဘုရားတည်ဖို့ရန်အတွက် ရရှိလာသည့်ငွေ (၃၀၀၀) ကျပ်ကို လှူလေရာ အဆိုပါ ရဟန္တာဟု ကျော်ကြားသောပုဂ္ဂိုလ်က လှူဒါန်းလာသည့်ငွေကိုကြည့်ပြီး -

"မောင်ပဥ္စင်း၊ မင်းအနေနဲ့ အခုယူလာတဲ့ငွေတွေက သိပ်မသန့်ဘူး။ ဒါပေမယ့် မင်းအနေနဲ့ ဒီငွေတွေနဲ့ ဘုရားတည်ချင်တယ်ဆိုရင် တည်ပေးမယ်။ ကဲ - မင်းပြန်တော့"

ဟု မိန့်ကြားလိုက်လေတော့၏။

ထို့ကြောင့် စစ်ကွင်းဆရာတော်လည်း ပြန်ကြွလာပြီး ညပိုင်းသို့ ရောက်သောအခါ အဆိုပါ ရဟန္တာဟု ကျော်ကြားသောဆရာတော်ထံပြန်သွားပြီး ထိုဆရာတော် ဘာများလုပ်နေပါသနည်းဟူသည့် သိချင်စိတ်ဖြင့် ချောင်းကြည့်လိုက်တော့၏။ ထိုအခါတွင်ကား စစ်ကွင်းဆရာတော်လည်း မြင်ရသော မြင်ကွင်းကြောင့် အံ့ဩသွားရလေ၏။

လားလား - အဆိုပါ ဆရာတော်ကြီးသည် တိရစ္ဆာန်များကို တ[illegible]ဟော



www.burmeseclassic.com

www.burmeseclassic.com

နေခြင်းပင် ဖြစ်၏။ ထိုဆရာတော်ကြီး၏ရှေ့တွင် ဆင်များ၊ မြင်းများ၊ ကျားများ မြွေများနှင့် အခြားသောတောတွင်းတိရစ္ဆာန်ပေါင်းစုံကို တွေ့ရှိရလေ၏။ အဆိုပါ တိရစ္ဆာန်များကလည်း ဆရာတော်ကြီး၏တရားကို ကောင်းစွာ နာယူနေကြသည်ကို တွေ့မြင်ရလေသည်။

ထိုအခါတွင် စစ်ကွင်းဆရာတော်သည်း -

'ဩော် - ဒါကြောင့် ငါ့ကို ညဘက်မလာဖို့ပြောလိုက်တာဘဲ'

ဟု တွေးပြီး ကျောင်းသို့ပြန်ကြွလာခဲ့လေ၏။

ဤအဖြစ်အပျက်ကား စစ်ကွင်းဆရာတော်နှင့် ထူးခြားသောဆရာတော်တစ်ပါးတို့ တွေ့ဆုံခဲ့ကြသည့် ထူးခြားသော အဖြစ်အပျက်တစ်ခုပင် ဖြစ်ပါသည်။

**ဆန်းကြယ်သောဝိဇ္ဇာဓရပညာတစ်ရပ်**

တစ်နေ့တွင် စစ်ကွင်းဆရာတော်ကြီးသည် ကျောင်းတွင် သီတင်းသုံးနေစဉ် သူ၏ ဆရာရင်းဒကာရင်းဖြစ်သော တရုတ်လူမျိုးတစ်ယောက် ရောက်ရှိလာလေသည်။ ထိုတရုတ်ကြီးသည် အိမ်ဆောက်ခြင်း၊ ကျောင်းဆောက်ခြင်းလုပ်ငန်းများကို လုပ်ကိုင်သူ ဖြစ်လေ၏။ ထိုတရုတ်ကြီးသည် မိဘများ ကွယ်လွန်သွားသောအခါ ညီအစ်ကိုမောင်နှမအတော်များများ ကျန်ခဲ့လေ၏။ ထို့ကြောင့် မိဘများကျန်ခဲ့သည့် အမွေပစ္စည်းများကို ထုခွဲခဲ့ကြ၏။ ရရှိလာသောငွေများကို ညီအစ်ကိုမောင်နှမများ ခွဲဝေယူကြ၏။ ထိုအခါ အထက်ပါဆရာတော်၏ ဒကာတရုတ်ကြီးသည် သူ့အတွက် ရရှိလာသော စာချုပ်စာတမ်းများ ငွေများကို သေတ္တာထဲထည့်ပြီး သော့ခတ်သိမ်းထားလေ၏။

ထို့နောက် မကြာမီ ထိုတရုတ်ကြီး၏စာချုပ်နှင့် ငွေများအားလုံးကို ခိုးယူခြင်းခံလိုက်ရ၏။ ၎င်းတို့ကို ခိုးယူသွားသူကား အခြားမဟုတ်။ အတွင်းရေးကိုသိသည့် ဓာတ်သိသူခိုးဖြစ်သူ အဆိုပါ တရုတ်ကြီး၏အစ်ကိုပင် ဖြစ်၏။ ထိုသူသည် ငွေများကိုယူပြီး တရုတ်ပြည်မကြီးဘက်သို့ ထွက်ပြေးသွားခြင်းပင် ဖြစ်၏။

ထိုအခါ ပစ္စည်းခိုးခံရသော ညီဖြစ်သူ တရုတ်ကြီးသည် စစ်ကွင်းဆရာတော်ထံသို့ ရောက်ရှိလာပြီး သူ့ငွေများကို အစ်ကိုဖြစ်သူက ခိုးယူသွားပြီး တရုတ်ပြည်မကြီးဘက်သို့ ထွက်ပြေးသွားကြောင်း၊ ထိုငွေများသာ ပြန်မရပါက သူဒုက္ခတွေ့ပြီဖြစ်ကြောင်း ဆရာတော်အား လျှောက်ထားလေ၏။

ထိုသို့ တရုတ်ကြီး ဆရာတော်ထံ ကမန်းကတန်း ကသောကမျောနှင့် ရောက်လာပြီးလျှောက်ထားသည့်အချိန်တွင် ဆရာတော်သည် ဆွမ်းစားနေချိန်ဖြစ်၏။ ထိုသို့ဆွမ်းစားနေရင်းပင် ဆရာတော်က တရုတ်ကြီးအား -

"အခုအခိုးခံရတဲ့ စာချုပ်နဲ့ငွေတွေက မင်းပစ္စည်းကောအမှန်ဖြစ်ပါရဲ့လား"

ဟု မေးလိုက်၏။

ထိုအခါ တရုတ်ကြီးကလည်း သူ့ပစ္စည်းအစစ်အမှန် ဖြစ်ပါကြောင်း ဝန်ခံကတိပြု လျှောက်ထားလေ၏။

ထိုအခါ ဆရာတော်က -

"မင်းပစ္စည်းမှန်ရင် ကိုယ့်ပစ္စည်းပဲ ကိုယ်ယူ၊ သူများပစ္စည်းမယူနဲ့"

ဟု မိန့်ကြားပြီးနောက် ဆရာတော်သည် အနီးရှိ အခြားသော တပည့်များဘက်သို့လှည့်ကာ တရုတ်ကြီးအား ရည်ညွှန်းပြီး -

"သူ့ကို အခန်းထဲထည့်ထားလိုက်"

ဟု ပြောဆို အမိန့်ပေးလိုက်၏။

ထိုအခါ ဆရာတော်၏ တပည့်များလည်း တရုတ်ကြီးအား အခန်းထဲထည့်ကာ အပြင်ဘက်မှ သော့ပိတ်ထားလိုက်လေ၏။

တရုတ်ကြီးအား အခန်းထဲထည့်ပြီး တစ်နာရီခန့်အကြာတွင် အခန်းထဲမှ ဆူဆူညံညံအသံကို ကြားရလေ၏။

"ဟာ - ပစ္စည်းတွေပြန်ရပြီ၊ ငါ့ငွေတွေပြန်ရပြီ၊ ဝမ်းသာလိုက်တာ"

ဟု အော်ပြီး တံခါးကို ထုသည့်အသံကို ကြားရလေ၏။ ထို့ကြောင့် တံခါးကို ဖွင့်ပေးလိုက်သောအခါ တရုတ်ကြီးသည် လက်ထဲတွင် စာချုပ်နှင့် ငွေများကိုကိုင်ပြီး ထွက်လာသည်ကို တွေ့ရှိရလေ၏။ ထိုအခါ အခန်းပြင်ပရှိ ဆရာတော်၏တပည့်များက တရုတ်ကြီးအား-

"မင်း ဒီငွေတွေနဲ့ ပစ္စည်းကို ဘယ်နေရာမှာလိုက်ပြီးယူခဲ့ရတာလဲ"

ဟုမေးမြန်းကြသောအခါ တရုတ်ကြီးက -

"ပြည်မကြီးဘက်မှာ လိုက်ယူခဲ့ရတယ်"

ဟု ပြန်ဖြေလေ၏။

အမှန်ကား စစ်ကွင်းဆရာတော်ကြီး၏ပညာစွမ်းပင် ဖြစ်၏။ ဆရာတော်ကြီးသည် လူကို အိပ်ပျော်စေလေကာ နာမ်ကိုသာလိုက်စေပြီး ခိုးယူသွားသူထံမှ ပစ္စည်းကို ပြန်ယူလာစေခြင်း ဖြစ်၏။ ပစ္စည်းပြန်ရသောအခါတွင်မှ အိပ်ရာမှ နိုးပြီးထလာခြင်း ဖြစ်၏။ ဤကား ဆရာတော်ကြီး၏ ဝိဇ္ဇာဓရလောကီပညာရပ်များထဲမှ ထူးခြားသော အဖြစ်အပျက်တစ်ရပ်အဖြစ် မှတ်တမ်းတင်အပ်ပါသည်။

**ဓာတ်လုံးထိုးသည့်ပုဂ္ဂိုလ်နှင့် ဓာတ်သိမ်းသည့်ပုဂ္ဂိုလ်**

အခြားသော ဆရာတော်ကြီး၏ ထူးခြားသည့်အဖြစ်အပျက်ဆိုင်ရာ မှတ်တမ်းတစ်ခုကို ဆက်လက် ဖော်ပြလိုပါသည်။

စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒောဘာသသည် ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်ရှိ ခေါင်းလောင်းကြီး၏ဘေးတွင်ရှိသော နှစ်ကျိပ်ရှစ်ဆူတန်းဆောင်းကြီး၏ ကပ်လျက်အခန်းတွင် သီတင်းသုံးနေတော်မူစဉ်ကာလ ဖြစ်၏။

တစ်နေ့သ၌ စစ်ကွင်းဆရာတော်ထံသို့ ဆရာတော်နှင့်အလွန်ရင်းနှီးသည့် ကိုယ်တော်တစ်ပါး ကြွရောက်လာလေ၏။ ထိုပုဂ္ဂိုလ်ရောက်လာခြင်းအကြောင်းမှာ စစ်ကွင်းဆရာတော်ထံမှ အကူအညီလာတောင်းခြင်း ဖြစ်၏။ ထိုပုဂ္ဂိုလ်အကူအညီလာတောင်းသည့်ကိစ္စမှာ -

သူ၏ဓာတ်လုံးသည် ကိစ္စပြီးခါနီးပြီဖြစ်ကြောင်း၊ ထိုအတွက် ရွှေကျွေးရမည်ဖြစ်ကြောင်း၊ အဆိုပါ ရွှေကျွေးရန်အတွက် ကူညီပါရန် စစ်ကွင်းဆရာတော်အား အကူအညီ တောင်းလေ၏။

စစ်ကွင်းဆရာတော်ကြီးကလည်း အကူအညီလာတောင်းသော ကိုယ်တော်၏ သီလ၊ သမာဓိ၊ ပညာကို လေးစား ယုံကြည်သည်အတွက်ကြောင့် အကူအညီပေးရန် ဆုံးဖြတ်လိုက်လေ၏။

ထို့ကြောင့် စစ်ကွင်းဆရာတော်လည်း ငွေကြေးတတ်နိုင်သည့် သူ့တပည့်ဒကာများဖြစ်ကြသော ဒီးဒုတ်ဦးဘချိုနှင့်ဘုံဘေဘားမားဦးဘွမ်ဆွမ်တို့အား ထပ်ဆင့် အကူအညီတောင်းကာ ထိုကိုယ်တော်အတွက် လိုအပ်သည့်ရွှေကိုဝယ်ပြီး လှူဒါန်းလိုက်ပါရန် မေတ္တာရပ်ခံ မိန့်ကြားလိုက်သောအခါ ဒီးဒုတ်ဦးဘချိုနှင့် ဦးဘွမ်ဆွမ်တို့ကလည်း ထိုကိုယ်တော် လိုအပ်နေသည် ရွှေတစ်ဆယ်ကျပ်သား ပြည့်မီစေရန်အတွက် တစ်ဦးလျှင် ရွှေ(၅) ကျပ်သားစီ ဝယ်ပြီး အကူအညီလာတောင်းသည့် ကိုယ်တော်အား ကပ်လှူလိုက်လေ၏။

ထို့နောက်. . .

(နောက်လဆက်ဖတ်ပါရန်)

[illegible]



www.burmeseclassic.com

www.burmeseclassic.com

# တမလွန်မှမကျွတ်မလွတ်သူများ ကျွတ်လွတ်ပါစေခြင်းအကျိုးငှာ

မအေးအေး(ထားဝယ်)



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**အာသီသဆန္ဒ**

လူတိုင်းလူတိုင်းသည် တစ်နေ့လျှင် သေခြင်းတရားနှင့် အရင်ဆိုင်ရမည်မှာ မလွဲဧကန်ပင် ဖြစ်သည်။ သေပြီးနောက်လည်း သုဂတိဘဝသို့သာ လူတိုင်း ရလို၊ ရောက်လိုသည်မှာ တူညီသောဆန္ဒပင် ဖြစ်လေသည်။ သို့ရာတွင် ပုထုဇဉ်များဖြစ်သည့်အားလျော်စွာ ဂတိမြဲရန် မသေချာမရေရာကြပေ။ ဥပါဒါန်အစွဲအလမ်းများဖြင့်သာ သေဆုံးကြပြီး တစ္ဆေ၊ ပြိတ္တာ၊ သရဲ စသည့် ဒုဂ္ဂတိဘဝများသို့ အများအပြားရောက်ရှိသွားသည်သာ မြင်နေရ၊ တွေ့ကြုံနေရပေသည်။ ယင်းသို့ ဒုဂ္ဂတိဘဝ၌ မကျွတ်မလွတ်ဆင်းရဲဒုက္ခခံစားနေရသူများ ထိုဆင်းရဲဒုက္ခမှ ကျွတ်လွတ် ထွက်မြောက်၍ သုဂတိဘုံဘဝသို့ ရောက်ရှိရန်အတွက် ကျန်ရစ်သူ မိသားစုများမှ ထိထိမိမိ တိတိကျကျ ကူညီဆောင်ရွက်ပေးကြရန် လိုအပ်လှပါသည်။

သေဆုံးပြီးသူအား ရည်စူး၍ ဆွမ်းသွတ်ခြင်း (၇) ရက်ပြည့်၊ (၁) လပြည့်၊ (၁) နှစ်ပြည့် လှူဒါန်းခြင်းပြုကြသော်လည်း တိတိကျကျ ထိထိမိမိ နည်းလမ်းတကျမရှိကြ၍ ရည်စူးသူ၌ အကျိုးသက်ရောက်မှု မရှိသည်က များသည်။

သို့ဖြစ်၍ ကျွတ်လွတ်ချမ်းသာရပါစေခြင်းအကျိုးငှာ စာရေးသူ၏ အတွေ့အကြုံများကို အခြေခံ၍ ဤစာစုကို စေတနာဖြင့် ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။

**မြို့မယဉ်ငေးသာသနာ့ရိပ်သာ၌ တရားအားထုတ်ခြင်း**

စာရေးသူသည် ထားဝယ်မြို့ မူလယဉ်ငေးသာသနာ့ရိပ်သာဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်ကာလ လွန်ခဲ့သော (၁၆) နှစ်ခန့်က (၄၅) ရက် နှစ်ကြိမ် ရက် (၉၀) အချိန်ပြည့် ကြိုးစား၍ တရားအားထုတ်ခဲ့ပါသည်။ သမထ၊ ဝိပဿနာတရားကျင့်စဉ်များကို နေ့စဉ်ဆရာတော်ထံ တင်ပြ အစစ်အဆေးခံယူရသည်။ ဆရာတော်မှ လိုအပ်သလိုပဲ့ပြင် လမ်းညွှန်တော်မူသည်။

ကမ္မဋ္ဌာန်းဆရာတော်မှ ကျေနပ်သည့်အဆင့်တစ်ခုသို့ ရောက်ရှိခဲ့၍ ဉာဏ်စဉ်တရားကို နာကြားခွင့် ရရှိခဲ့ပါသည်။ မည်မျှပင် ကြာမြင့်အောင် အားထုတ်သော်ငြားလည်း ဆရာတော်ကျေနပ်သည့်အဆင့်သို့ ရောက်ရှိပါက ဉာဏ်စဉ်တရားကို နာကြားခွင့်မရနိုင်၍ တရားခွင်မှထွက်ခွာသွားရသူများလည်း ရှိပါသည်။ ဖွဲ၊ လှံ့လဖြင့် ဆက်လက်အားထုတ်သွားရန်သာ မိမိ၏တာဝန်ဖြစ်သည်။

**သမာဓိအဆင့်ဆင့်အားပြုခြင်း**

အခြေခံ သမထပိုင်းမှ အဆင့်ဆင့်အားပြု၍ ဈာန်သမာဓိ၌ တည်တည်ကြည်ကြည်ရှိလာသည့်အခါ တမလွန်ပရလောကမှမကျွတ်မလွတ်သည့်ပုဂ္ဂိုလ်များသည် ကျွတ်လွတ်ပါစေခြင်းအကျိုးငှာ အများအပြား လာရောက်ကြ၍ ကုသိုလ်၏ အဖို့ဘာဂကို အမျှအတန်းတောင်းခံကြသည်။သေလွန်ပြီးဖြစ်သော သိကျွမ်းသူများနှင့် မသိကျွမ်းသော ပုဂ္ဂိုလ်အများအပြားသည် မကျွတ်မလွတ်သောဘဝဖြင့် သနားစဖွယ် ကြုံတွေ့ခဲ့၍ ကူညီခဲ့ရသည်။

ရုပ်၊ နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်မှု၊ ပျက်မှု ရှုကွက်ဖြင့် ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်အားထုတ်ခြင်းသည်သာလျှင် အဓိကရည်မှန်းချက်ဖြစ်၍ ကြိုးစားပြီး ဉာဏ်တရားနာယူခဲ့သည်။


**မူလယဉ်ငေးဆရာတော်၏မိန့်ကြားချက်**

မိမိ၏ တပည့်အများထဲမှ သမထပေါက်မြောက်သူ တပည့်မတစ်ဦး ပေါ်ထွန်းခဲ့ကြောင်း၊ သူတစ်ထူးအား အလှူအညီပေးလိုသည်ဟု ရှေ့ဆုတောင်းရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းနှင့် ဉာဏ်တရား အမိကပွား၊ အကူအညီလည်းပေးရန် မိန့်ကြားပါသည်။ ဆက်လက်၍ မကျွတ်မလွတ်သူများအား ကျွတ်လွတ်ပါစေခြင်းအကျိုးငှာ ကုသိုလ်ပြု အမျှပေးဝေ၊ အမျှရရှိကြ၍ အချို့ဘုံဗိမာန်များနှင့်တကွ ကောင်းသုဂတိသို့ ရောက်ရှိသွားကြောင်းတွေ့ကြုံရပါသည်။

**ဇောတိကာရုံဆရာတော်နှင့်တွေ့ကြုံခြင်း**

ထားဝယ်မြို့ ဇောတိကာရုံကျောင်းဆရာတော် သက်တော်ထင်ရှားရှိစဉ်ကာလ စာရေးသူသည် ဆရာတော်ထံသို့ အခါအားလျော်စွာ အဖူးအမြော်ရောက်ရှိပါသည်။ ဆရာတော်သည် အကြားအမြင်ရရှိသူဖြစ်၍ မကျွတ်မလွတ်သူများသည် အုပ်လိုက်သင်းလိုက် နေ့စဉ်ညပိုင်းများ၌ လာရောက်၍ အလှူ၏ အဖို့ဘာဂကို အမျှအတန်း တောင်း၍ပြီး နောက်(၃)နာရီခန့်တွင်ပြန်သွားကြကြောင်း ဆရာတော်မှ မိမိလှူဒါန်းခဲ့သည့် အလှူတစ်ခုချင်း ဖော်ပြလျက် အမျှအတန်း ပေးဝေခဲ့ရကြောင်း၊ မိမိတစ်ပါးတည်းသာ မြင်နေရ၊ ကြုံနေရသည်ကို အခြားမမြင်ရသူများအား ပြောကြားရသည်မှာ အရူးတစ်ယောက်နှင့်သာ တူနေတော့ကြောင်းနှင့် ဆရာတော်ကိုယ်တိုင်လည်း အတိတ်ဘဝတစ်ခု၌ ပြိတ္တာဖြစ်ခဲ့ဖူးသည့် ခံစားချက်ဖြစ်စဉ်ကို စာရေးသူအား မိန့်ကြားဖူးပါသည်။ စာရေးသူလည်း မိမိအတွေ့အကြုံနှင့် အကူအညီပေးမှုများကို တင်ပြလျှောက်ထားရာ ကုသိုလ် အထူးရရှိသောလုပ်ငန်း ဖြစ်ကြောင်း အားပေးစကား မိန့်ကြားခဲ့ပါသည်။

**အောင်သာဝရိပ်သာ၌**
**တရားအားထုတ်ခြင်း**

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလတွင် လောင်းလုံးမြို့နယ် မင်းရပ်ကျေးရွာ နန္ဒာသီရိကျောင်းတိုက် အောင်သာဝရိပ်သာ၌ ကန္တီရွှေသိမ်ဆရာတော်ကြီး၏ဥပနိဿယဖြင့် ကမ္မဋ္ဌာနစရိယ မောင်းထောင် မြေဇင်းတောရဆရာတော်၏ တပည့်ဖြစ်သော ရှိမ္ဗကားဆရာတော် (စစ်ကိုင်းတိုင်း)၏ သမထ၊ ဝိပဿနာ ရက် (၆၀) တရားစခန်းကို ဒေါက်တာ ဦးဖေညာဏ်မှ ကူညီစီစဉ်ပေးခဲ့သည်။ ထိုတရားစခန်းသို့ စာရေးသူ အချိန်ပြည့်ဝင်ရောက် တရားအားထုတ်ခဲ့ပါသည်။ နန္ဒာသီရိကျောင်းတိုက်ဆရာတော်လည်း စာရေးသူတို့အတူ အားထုတ်ခဲ့သည်။

ယင်းတရားစခန်းတွင် ဥပစာရသမာဓိ၊ ပဋိဘာဂနိမိတ်တို့ဖြင့် ထူးခြားဆန်းကြယ်သော အတွေ့အကြုံများ ရရှိခဲ့ပါသည်။ ဓမ္မ၏ အရှိန်အစော်ကို ပိုမိုသိကျွမ်းကြည်ညိုရသည်။ အတွေ့အကြုံဓမ္မရသများကိုလည်း 'သမထဝိပဿနာရက် (၆၀) တရားစခန်းအတွေ့အကြုံ' စာအုပ် ၂၀၀၆ ၌ ရေးသား ဖော်ပြထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ဓမ္မဝီရစာစောင် ၂၀၀၇ ၌ စာရေးသူ၏ ဓမ္မရသများကို အခန်းဆက်ဆောင်းပါးအဖြစ် ဒေါက်တာ ဦးဖေညာဏ်မှ ထည့်သွင်းဖော်ပြပေးတာကြောင့်လည်း တွေ့ရှိရပါသည်။

မင်းရပ်ရွာ အောင်သာဝတရားစခန်းကာလ အဝေးတစ်နေရာ၌ တစ်ချိန်က သေဆုံးခဲ့ပြီးဖြစ်သော လက်ထောက်ကမ္မဋ္ဌာန်းဘုန်းကြီး၏ အဘွားဖြစ်သူအား ချေချွတ်ပေးရန် တရားစခန်းသို့ အဆင့်ဆင့် ခေါ်ယူခဲ့သည်။ ခေါ်ယူပြီး နေရာသီးခြားမပေးထားမိ၍ မြေးဖြစ်သူ ဘုန်းကြီးခြေမကို ညအချိန်လာရောက် ဆွဲယူသတိပေးကြောင်း သိရှိရသည်။ သို့ဖြစ်၍ နေရာသီးခြားပေးပြီး မနက်ပိုင်း ဆွမ်းသွတ် အမျှပေးဝေ ချေချွတ်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**အထူးပြုလိုသောကုသိုလ်ဆန္ဒ**

လောက၌ ဆင်းရဲနွမ်းပါး အခက်အခဲဖြစ်နေသူများက စွမ်းနိုင်သူများက ကူညီ ရိုင်းပင်းသည်များကို ကြားသိရလျှင် များစွာ ကြည်နူးပီတိဖြစ်ရပါသည်။ တမလွန်ဘဝမှ အဆပေါင်းများစွာ ဆင်းရဲဒုက္ခခံနေရသူများ ဖြစ်သည်။ အစားဆင်းရဲ အနေဆင်းရဲ အဝတ်ဗလာဖြင့်လည်း တွေ့ရသည်။ ၎င်းတို့အနေဖြင့် အကူအညီများစွာ လိုအပ်နေသည်။

စာရေးသူသည် ယဉ်ငေးတောရ သာသနာ့ရိပ်သာ (သရက်ချောင်းမြို့) ၌ အားထုတ်စဉ်ကာလ အနီးအပါးလှုပ်ရှားသွားလာနေကြသည့် မကျွတ်မလွတ်သူအများစုကိုလည်း အကူအညီပေးခဲ့ရသည်။ ပဲဒက်စ်ပြကျေးရွာ ပဲကျောင်းကြီး တရားစခန်း ဝင်ရောက်စဉ်ကာလ ညသန်းခေါင်ယံအချိန်၌ မကျွတ်မလွတ်သူများသည် အသီးအသီး ချဉ်းကပ်လာကြပြီး ၎င်းတို့၏အမည်နာမများ ပြောဆို၍ ပုံပန်းသဏ္ဌာန်များ ပြသကြပြီး ကုသိုလ်တောင်းခံကြသည်။ထိုအခါ တရားစခန်းဝန်ဆောင်များမှတစ်ဆင့် ရွာအတွင်းရှိ ကျန်ရစ်သူမိသားစုတို့အား စုံစမ်းမေးမြန်း၍ ကုသိုလ်တောင်းခံသူတို့၏ ဆန္ဒအတိုင်း သံဃာဆွမ်းကျွေးသည့်အခါ မည်သည့်ဆွမ်းအမည်ထည့်ရန် သင်္ကန်း၊ ထီး၊ ဖိနပ်နှင့် လူ့ဘဝကျန်ခဲ့သည့် မည်သည့် အသုံးအဆောင်၊ အဝတ်အထည် စသည်များကို လှူဒါန်းပေးကြရန် တိုက်တွန်းနှိုးဆော်ရသည်။ ထိုအခါ ကျန်ရစ်သူ မိသားစုများကလည်း ဝမ်းပန်းတသာ လိုလိုလားလား ကုသိုလ်ပြုပေးကြပါသည်။

အခြားခြားသောအချိန် စာရေးသူ၏ သွားလေရာနေရာ လမ်းတစ်လျှောက်နှင့် သစ်ပင်သစ်ခက် စသည်တို့၌ ပြွတ်ပြွတ်သိပ်သိပ်နေရသူများသည် အနံ့ပေးခြင်း၊ အသံပေးခြင်း၊ သဏ္ဌာန်ပြသခြင်းဖြင့် ချဉ်းကပ်လာသည့်အခါ ကုသိုလ်ကိုဖော်ပြ၍ အမျှအတန်းပေးဝေလိုက်ပါက အဝေးသို့ ရှဲသွားခဲ့ကြသည်။

လူတို့သည် သေလွန်ပြီးနောက် ရောက်နိုင်သော ဂတိများမှာ (၁) ဒေဝဂတိ (၂) မနုဿဂတိ (၃) တိရစ္ဆာနဂတိ (၄) ပေတဂတိ (၅) နိရယဂတိ စသည့် ဘုံတို့ဖြစ်ကြရာ အများအားဖြင့် ဥပါဒါန်အစွဲအလမ်းကြီးသူက များကြ၍ ပြိတ္တာဘုံသို့ရောက်သည်က များသည်။ ပြိတ္တာအမျိုးအစားများသော်လည်း ကျွတ်လွတ်နိုင်သည့် ပြိတ္တာအနွယ်ဝင် တစ္ဆေသရဲ တစ်မျိုးသာလျှင် ချေချွတ်၍ရနိုင်ကြောင်း ဒေသနာတော်စကားရှိသည်။

သေလွန်ပြီးနောက် ပရလောကသို့ရောက်သူများသည် မိမိနှင့်ဘဝတူ အပေါင်းအဖော်များနှင့် အတူတကွသွားလာနေရခြင်း၊ မိမိထက် ကြီးသူများ၏ အထိန်းအချုပ်အောက်တွင် နေရခြင်းတို့ကြောင့် ကျန်ရစ်သူမိသားစု၏ အလှူပြုသည်ကို မသိရှိခြင်း၊ မလာရောက်နိုင်ခြင်း စသည့်သာဓကများစွာလည်း ရှိပါသည်။ အချို့လည်း ကုသိုလ်ရယူရန် စိတ်ပါဝင်စားခြင်းမရှိသည်ကို တွေ့ရ၍ မိမိမှ စိတ်ဖြင့် ဆက်သွယ်ပြီး ၎င်းတို့၏ ချမ်းသာရာရရေးအတွက် ဒါန၏ အကြောင်းအကျိုး၊ ကံကံ၏အကျိုးတို့ကို တတ်စွမ်းသမျှ ပြောဆိုစည်းရုံးပါက မျက်နှာများ ကြည်လင် လက်ခံလာသဖြင့် ဆောင်ရွက်ပေးခဲ့ရသလို အချို့ပုဂ္ဂိုလ်များမှာမူ ရောက်ရာဘဝ၌ပင် အပေါင်းအဖော်မိသားစုများနှင့် ပျော်ရွှင်နေကြပြီး မကျွတ်မလွတ်လို၍ ရှောင်သွားကြသူများလည်းရှိသည်။ လွန်ခဲ့သည့် နှစ်များစွာက သေဆုံးကြပြီး မကျွတ်မလွတ်သောဘဝဖြင့် နေရသူများနှင့် အကြောင်းတိုက်ဆိုင် တွေ့ဆုံရ၍ ချေချွတ်ပေးရခြင်းလည်းရှိပါသည်။

**အခြားဘာသာဝင် ပရလောကသားများအား ချေချွတ်ခြင်း**

စာရေးသူသည် လွန်ခဲ့သည့် (၇) နှစ်ခန့်က ရန်ကုန်မြို့သို့ ရောက်ရှိစဉ် အသိအကျွမ်းတစ်ဦး၏ နေအိမ်အတွင်း၌ မမြင်ရသောတစ်စုံတစ်ဦးသည် နေရာအနှံ့ ရိပ်ခနဲရိပ်ခနဲ သွားလာလှုပ်ရှားနေကြောင်း အသိပေးပြောကြားလာသည်ဖြစ်၍ ၎င်းတို့၏ နေအိမ်ဘုရားခန်းသို့ မမြင်ရသော တစ်စုံတစ်ဦးဆိုသူကို စိတ်ဖြင့် ဆက်သွယ်ခေါ်ယူမေးမြန်း ပြောဆိုရသည်။ အတိတ်ဘဝက ဇနီးမယားအဖြစ် ပေါင်းဖက်ခဲ့ဖူးသည့် ဂါဝန်ဖြူဖြူဖွေးဖွေး လှလှပပအသွင်ဖြင့် ခရစ်ယာန်အမျိုးသမီးတစ်ဦး ဖြစ်နေသည်။ ၎င်းအား ဘဝခြားနေပြီဖြစ်၍ အစွဲအလမ်းမထားရှိတော့ရန်နှင့် ဒါန၏အကြောင်း အကျိုးတရားများကို ဘာသာခြားတစ်ဦး သဘောပေါက် နားလည်ရန် တတ်စွမ်းသမျှ ပြောဆိုခြင်းပြုခဲ့ရာ အဝေးသို့ထွက်ခွာ၍ တဖြည်းဖြည်းပျောက်ကွယ်သွားသည်။ နောက်ပိုင်း လှုပ်ရှားခြင်းမပြုတော့ကြောင်း သိရှိရပါသည်။

၂၀၁၂ ခုနှစ်၊ သင်္ကြန်မကျမီ စာရေးသူသည် ထားဝယ်မြို့ သဗ္ဗာကျေးရွာကားလမ်းမှ အဖော်နှစ်ဦးနှင့်အတူ တစ်ယောက်သွား နှစ်မိုင်ကျော် တောလမ်းခရီးဖြင့် ရေမြောင်းနံဘေး တောင်ခါးပန်းရှိ တောကျောင်းသို့ သင်္ကြန်တွင်း တရားရှုမှတ်ရန် ရောက်ရှိခဲ့သည်။ ဝင်ရောက်ရာ တောလမ်းတစ်လျှောက်၌ 'လာပြီဟေ့၊ လာပြီဟေ့' ဟူ၍ တစ်တောလုံးညံ ပြာသံပေးသည်ကို မိမိတစ်ဦး ကြားနေရသည်။ မိမိရောက်ရှိလာသည်ကို အကြောင်းပြု၍ အမျှအတန်းရယူလိုသူများ၏ အသံပေးခြင်း ဖြစ်သည်။ ကုသိုလ်တရားများကို ထုတ်ဖော်ပြောဆို၍ အမျှအတန်းပေးဝေခဲ့ရသည်။

ညပိုင်း တရားရှုမှတ်ရာ၌ အနီးရှိ ရေမြောင်းသည် တစ်ချိန်သော အတိတ်ကာလက မြစ်ချောင်းအသွင်ဖြင့် အာရုံ၌ ထင်ပေါ်လာပြီး ပေါ်တူဂီလှေ တိမ်းမှောက်သေဆုံးကာ မကျွတ်မလွတ်သည့် ဘာသာခြား ပေါ်တူဂီကြီး၊ ငယ်၊ ရွယ်၊ လတ်အုပ်စုကို မြင်တွေ့ရသည်။ လှေပေါ်၌ မီးဖွားသည့် မီးနေသည်တစ်ဦး ပါဝင်သည်။ ပေါ်တူဂီကလေးငယ်များ စာကျက်စာအံသံများကိုကြားနေရသည်။ ထိုထိုသော ဘာသာခြားများကိုလည်း သဘောပေါက်အောင် ပြောဆိုရသည်။ အမျှအတန်းပေးဝေရသည်။ သဘောမပေါက်သူများလည်း ရှိသည်။ ဘာသာခြားများအားလုံး သဘောပေါက်နားလည်အောင် မပြောဆိုနိုင်ခြင်းသည် စာရေးသူ၏အားနည်းချက်ပင်ဖြစ်သည်။

အခြားခြားသောနေရာများ၌ သေလွန်ပြီးသူ ဘာသာခြားများအား ကူညီဆောင်ရွက်ပေးမှုများလည်း ရှိခဲ့သည်။ ယခုနှစ် ဇွန်လ၌ စာရေးသူသည် ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ခဲ့စဉ် တောင်ကွဲစေတီပတ်ဝန်းကျင်မှ စုဝေးရောက်ရှိလာကြသည့် ပရလောကသားများအား ကုသိုလ်၏အဖို့ဘာဂကို အမျှအတန်းပေးဝေကူညီခဲ့ရသည်။ အတိတ်က ကွယ်လွန်ခဲ့သူတစ်ဦး၏ တောင်းဆိုချက်အရ ကျန်ရစ်သူ မိသားစုတို့အား သေဆုံးသူတို့က လှူဒါန်းလိုသည့် သင်္ကန်းပရိက္ခရာ၊ ဆွမ်းအမည် စသည်တို့ဖြင့် သံဃာတော်အရှင်မြတ်တို့အား နည်းလမ်းတကျ ကုသိုလ်ပြုအမျှအတန်းပေးဝေရန် တိုက်တွန်းခဲ့သည်။ ကျန်ရစ်သူသားသမီးများကလည်း ဝမ်းပန်းတသာ နည်းလမ်းတကျ ဆောင်ရွက်ပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။

စာရေးသူ၏ (၁၆) နှစ်အတွင်း အတွေ့အကြုံများစွာမှ သိသာရုံအနည်းအကျဉ်းကို တင်ပြ ရေးသားခြင်း ဖြစ်သည်။

အရေးကြီးသည်မှာ သေလွန်ပြီး (၇)ရက်ပြည့် ဆွမ်းသွတ်ရာ၌ သေဆုံးသူအား ထိထိမိမိ ဖိတ်ခေါ်၍ နည်းလမ်းတကျ ကုသိုလ်ပြုပေးခြင်းသည် အချိန်တိုအတွင်း ချမ်းသာမှုကို ခံစားရမည်ဖြစ်၍ အကောင်းဆုံးသောလုပ်ရပ်ပင် ဖြစ်သည်။

သို့ဖြစ်၍ ကျန်ရစ်သူမိသားစုများသည် မိမိတို့အစီအစဉ်ဖြင့် သေဆုံးသူတို့အား ရည်စူး၍ အောက်ပါအတိုင်း ထိထိမိမိ နည်းလမ်းတကျ ကုသိုလ်ပြုပေးနိုင်ရန် စေတနာထား၍ တိုက်တွန်းအပ်ပါသည်။

**ထိထိမိမိ တိတိကျကျ ဆောင်ရွက်ရန် နည်းလမ်းတစ်ရပ်**

လူတို့နေရာ၊ ရပ်ကွက်ကျေးရွာအတွင်း အုပ်ချုပ်သူ ရွာလူကြီး၊ အုပ်ချုပ်ရေးမှူးများရှိသည်။ အလားတူ သေဆုံးသွားသူ ပရလောကသားတို့၌လည်း အနီးကပ် အုပ်ချုပ်သူ ရပ်ရွာစောင့်နတ်၊ ရွာရှင်ဘိုးဘိုးကြီးသည် ရှိ၏။ ထိုရပ်ရွာစောင့်နတ်တို့၏ အကူအညီကို တောင်းခံ ဆောင်ရွက်ရမည်။ ရပ်ရွာစောင့်နတ်အိမ်သို့ မည်သူမဆို တစ်ဦးတစ်ယောက်သွားရောက်၍ အုန်းသီး၊ ငှက်ပျောသီးသည့်ပွဲတစ်ပွဲကို တင်ပြီး အကယ်၍ဆောင်ဖြစ်သေးသော် မီး(၃)တိုင်ကို ထွန်းညှိကာ အလှူပေးဆွမ်းကျွေးပြီးမှ ပွဲတင်ပေးမည်ဟု ပြောဆိုလျက် အောက်ပါအတိုင်း ဆက်လက် ပြောဆို အကူအညီတောင်းရမည်။

"ဘိုးဘိုးကြီးခင်ဗျား/ရှင်။ (---) မြို့ (---) ရပ်၊ (---) ရွာ၊ လမ်း (---) အိမ်အမှတ်တွင် နေထိုင်သော ဦး/ဒေါ် (---) အသက် (---) နှစ်၊ (---) နေ့သား/သမီးသည် မည်သည့်နေ့ရက်၌ ကွယ်လွန်ပြီး မည်သည့်သင်္ချိုင်း၌ မည်သည့်ရက်နေ့တွင် သင်္ဂြိုဟ်ပြီး ဖြစ်သည်။ ၎င်းအား ရည်စူး၍ မည်သည့်ရက်နေ့ မည်သည့်နေရာ၌ (၇) ပြည့် အရှက်နေ့ဆွမ်းဖြင့် သံဃာတော်အရှင်မြတ်များအား အလှူဒါနပြုမည်ဖြစ်ပါ၍ ၎င်းအား ခေါ်ယူပြီး ရွာတော်ရှင်ဘိုးဘိုးကြီးကိုယ်တိုင်လည်း အတူတကွ တရားနာကြွရောက်ပါရန် ဖိတ်ခေါ်ပါသည် ခင်ဗျာ/ရှင်"

ဟု လူအချင်းချင်းပြောဆိုသကဲ့သို့ အကူအညီတောင်းခံရပါသည်။ လူနာမည်တူများမရှား၍ အထက်ပါအတိုင်း တိတိကျကျပြောဆိုပေးရန် လိုအပ်ပါသည်။ ထိုအခါ အပေါင်းအဖော် ပရလောကသားများနှင့်အတူ အခြားသို့ထွက်ခွာသွားခြင်း၊ ကြီးသူတို့၏ ထိန်းချုပ်ထားခြင်းတို့မှ ကင်းလွတ်အောင် ကူညီပေးသည်။

အဝေးတစ်နေရာ မြို့၊ ရွာများ၌ သေဆုံးသွားသူအတွက် ရည်စူး၍ ကုသိုလ်ပြုပေးလိုပါက ၎င်းအဝေးတစ်နေရာရှိ အစောင့်အရှောက်နတ်အား မီးတိုင်ထွန်းညှိပြီး တိတိကျကျ ပြောဆိုအသိပေး ဖိတ်ခေါ်ရမည်။ အလှူပေးမည့်နေရာ ရပ်ရွာစောင့်နတ်ကိုလည်း မီးတိုင်ထွန်းညှိအသိပေး ပြောဆိုပါက အစောင့်အရှောက်အချင်းချင်း ဆက်သွယ်၍ ကုသိုလ်ပြုမည့်နေရာသို့ ပို့ပေးကြပါသည်။

အရုဏ်ဆွမ်းမကျွေးမီ ညပိုင်း၌ ရည်စူးသူ လာရောက်နိုင်ရန် နေအိမ်ဝင်းထရံတံခါးပေါက်၏လက်ယာဘက်၌ မီးတစ်တိုင်ထွန်းညှိ၍ ခေါ်သွင်းပါ။ ပြီးနောက် ခြံအတွင်း သင့်တော်သော မြေကြီးပေါ် တစ်နေရာ၌ စက်ဝိုင်းတစ်ခုဝိုင်းပြီး အလယ်တွင် မီးတိုင်တစ်တိုင် ထွန်းညှိ၍ ဤစက်ဝိုင်းအတွင်းနေထိုင်ပါဟု ပြောဆိုနေရာပေးရမည်။ မနက်ပိုင်း တရားမနာမီ ကြိုတင်၍ တရားနာတက်ရောက်နိုင်ရန် အိမ်တံခါးပေါက်လက်ယာဘက်တွင် မီးတစ်တိုင်၊ လှေကား လက်ယာဘက်တွင် မီးတစ်တိုင် ထွန်းညှိပေးပါက ၎င်းလမ်းကြောင်းအတိုင်း တက်လာနိုင်သည်။ သုံးစွဲရမည့် ဖယောင်းတိုင်မှာ (၃၂) တိုင်ထုပ်မှ ဖယောင်းတိုင် ဖြစ်သည်။ နေအိမ်ဘုရားဆောင်၌ (၆) တိုင်ထုပ် ဖယောင်းတိုင် (၃) တိုင် ထွန်းညှိပေးရမည်။

ရည်စူးသူ ကုသိုလ်ရလိုသူက ၎င်း၏ဆန္ဒအတိုင်း သံဃာတော်အရှင်မြတ်များအား မည်သည့်ဆွမ်းအမည်များ၊ မည်သည့်အလှူပစ္စည်းများဖြင့် လှူဒါန်းပေးပါဟု ပြောကြားနိုင်သူများမှ တစ်ဆင့်ပြောကြားလာတတ်သည်။ ၎င်း၏ လူ့ဘဝက ကျန်ရစ်သည့် မည်သည့် လုံချည်၊ အကျႌ၊ အရောင်အဆင်း အကွက် စသည်ကို နေရာခင်းပေးထားရန်လည်း ပြောကြားလာတတ်သည်။ ဤသို့မဟုတ်ပါကလည်း ပန်းအိုးတစ်အိုး ပြင်ဆင်ထားပေးလျှင် ၎င်းပန်းအိုး၌ နေရာယူ၍ တရားနာယူနိုင်ပါသည်။

ဘုရားဆွမ်းတော်ကပ်ရာလည်း သံဃာတော်အရှင်မြတ်များအား ဆက်ကပ်သည့်ဆွမ်းအမည်များအတိုင်း အပြည့်အစုံ ထည့်၍ကပ်ရမည်။ တရားမနာယူမီ အထက်က ဖော်ပြခဲ့သည့်အတိုင်း မည်သည့်နေ့ရက်၊ မည်သည့်နေရာ၊ နေရပ်လိပ်စာ၌ နေထိုင်သော သေဆုံးသူ မည်သူမည်ဝါ၊ အသက်မည်မျှ၊ မည်သည့်နေ့သား/သမီး၊ မည်သည့်နေရာ၌ သင်္ဂြိုဟ်ပြီးသူနှင့်တကွ ရွာတော်ရှင်ဘိုးဘိုးကြီး နယ်ရှင်ပယ်ရှင် အကြီးအမှူးဖြစ်သော နတ်မင်းကြီး (၄) ပါးတို့ တရားနာယူရန် ဤနေရာသို့ ကြွရောက်ပါမည့်အကြောင်း (၃) ကြိမ်တိုင်တိုင် သံဃာတော်အရှင်မြတ်က ဖိတ်ခေါ်ပေးမည်ဆိုပါက ပိုမို ထိရောက် လေးနက်မှုရှိသည်။

ရေစက်သွန်းချ အမျှပေးဝေသည့်အခါ၌လည်း အထက်ဖော်ပြပါအတိုင်း အမည်နာမ၊ နေရာတိတိကျကျ (၃) ကြိမ်တိုင်တိုင် ပြောဆို၍ အမျှပေးဝေရန် ဖြစ်ပါသည်။

ဘုရားဆွမ်းတော်ပွဲနှင့် သောက်တော်ရေချမ်းတို့ကို အိမ်ရှေ့ သင့်တော်သန့်ရှင်းသောနေရာ သို့မဟုတ် ၎င်းတို့ပြောဆိုညွှန်ပြသောနေရာ၌ စွန့်ရမည်။ ထိုစွန့်ပစ္စည်းများကို လက်အောက်ရှိ ပရလောကသားများက လာရောက် သုံးဆောင်ကြသည်။ ဤသို့ဆောင်ရွက်ပေးခြင်းသည် ထိထိမိမိ တိတိကျကျ ဖြစ်သော နည်းလမ်းတစ်ရပ်ပင် ဖြစ်သည်။ ဤတင်ပြချက်ထက် ပိုမိုပြည့်စုံသည်များရှိပါက ကြိုဆိုရမည်သာ ဖြစ်သည်။

သိသူ ဖော်စား၍ မသိသူ ကျော်သွားကြသည်။

**အဆုံးသတ်ခြင်း**

စာရေးသူသည် မိမိ၏ အတွေ့အကြုံများကို အခြေခံပြီး မကျွတ်မလွတ်သူများ ကျွတ်လွတ်ပါစေခြင်းအကျိုးငှာ စေတနာထား၍ ရေးသား တင်ပြခြင်းသာ ဖြစ်သည်။ အရေးအသား ပီပြင်ညီညွတ်ခြင်းမရှိပါက ခွင့်လွှတ်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဤစာစုကို ဓမ္မဒါနပြုလိုသူများ တစ်ဆင့် ကူးယူ၍ လှူဒါန်းနိုင်ပါသည်။

သတ္တဝါအများ ကိုယ်၊ စိတ်နှစ်ပါး ကျန်းမာ ချမ်းသာသည်ဖြစ်၍ လိုရာဆန္ဒ ပြည့်ဝကြပါစေ။

မအေးအေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

သူရဇ္ဇမဂ္ဂဇင်း
၁၃ နှစ်ပြည့် အထူးထုတ်

လိုချင်တာရ ကုသ္ဆာသယကျင့်စဉ်
သို့မဟုတ်
# သမ္ဗုဒ္ဓေဂါထာတစ်သိန်းအဓိဋ္ဌာန်

ဘုန်းခေါင်

တစ်နေ့ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ကိုယ့်မလေ့ ကိုယ့်ယဉ်ကျေးမှု အစဉ်အလာအရ တပို့တွဲလတွင် ထမင်းနဲပွဲကို အစဉ်အလာမပျက် ဆောင်ရွက်ခဲ့ကြပါသည်။ ယခုတပို့တွဲလဆန်းရက်မှာပင် ရာသီဥတုတို့က ဖောက်ပြန်နေသလားမပြောတတ်။ တောင်လေကဆော့နေပါပြီ။ ထန်းပင်များပေါ်ပြီး ထန်းလျက်လှိုင်လှိုင်ထွက်သော မြေလတ်ဒေသတချို့ကတော့ ထန်းဆော်လေဟု ပြောစမှတ်ပြုခဲ့ကြပါသည်။

ယခုနှစ် ပြာသိုလဆုတ် ၁၅ ရက်၊ ပြာသိုလကုန်ရက်မှာ တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့ဆုံကြုံတော့ ရှုံးသူရှုံးသားများနှင့်ဈေးသူဈေးသားများနားရက်မို့ ကျွန်ုပ်၏တပည့်များ ရာသီစာအဖြစ် ထမင်းနဲပို့လာခဲ့ကြပါသည်။ ယနေ့ဆိုလျှင် မနေ့ကထက် တပို့တွဲလဆန်း ၁ ရက်နေ့မှာလည်း ထမင်းနဲပို့ကြတာပိုများပါသည်။

ကျွန်ုပ်၏အကျင့်အတိုင်း တပည့်များပို့လာသည့် မည်သည့်ပစ္စည်းကိုမဆို အချိန်အခါ ကိုက်ညီနေပါက မြတ်စွာဘုရားသခင်အား ဦးစွာပထမ ကပ်လှူရမှ ကျေနပ်သူ ဖြစ်ပါသည်။ နိစ္စဓူဝကျင့်ဝတ်နှင့် အဓိဋ္ဌာန်ကျင့်စဉ်ကို နေ့စဉ်ဝတ်တစ်ခုပြီးမြောက်အောင်ဆောင်ရွက်ရာတွင် ယနေ့တော့ ထမင်းနဲ့ဆွမ်းကိုပဲ ကပ်လှူလိုက်ပါသည်။

ဘုရားခန်းမှ ထွက်လာချိန်တွင် တပည့် (၂)ယောက်၊ (၃)ယောက်တို့မှာ ချိုင့်များ၊ ကျွတ်ကျွတ်အိတ်များ ကိုယ်စီဆွဲပြီး ကျွန်ုပ်အိမ်ထဲသို့ တန်းတန်းမတ်မတ်ဝင်ရောက်လာနေကြပါသည်။ သားသမီးလို မိသားစုနှင့်မခြားသော တပည့်များဖြစ်၍ ကျွန်ုပ်ကို မြင်လိုက်သည်နှင့် အပြုံးကိုယ်စီဖြင့် အားရဝမ်းသာ နှုတ်ဆက်ကြပါတော့သည်။


နောက် -

ကျွန်ုပ်၏ဇနီးကို နှုတ်ဆက်လိုက်ကြပြီး မီးဖိုဆောင်ဘက်ကို ဝင်သွားကြပါသည်။ သူတို့ထွက်လာတော့ ရေနွေးဘူး၊ မုန့်ပန်းကန်နှင့် အချိုပန်းကန်တို့ကို ယူလာပြီး ကျွန်ုပ်ထိုင်နေရာသို့ ပြန်လာကြပါသည်။

နှုတ်မှလည်း -

"ဆရာဒီမနက်အစောစာအတွက် ထမင်းနဲ သုံးဆောင်ပြီး ဆရာ့အကြိုက် လက်ဖက်ရည်ကို သောက်ပါ"

ဟု ပြောလေ၏။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် တပည့်များ ဆန္ဒအတိုင်း မြိန်ရှက်စွာပင် စားသောက်လိုက်ပါသည်။ စားမှုလက်စသတ်ပြီး ရေနွေးကြမ်း (အခါးရည်) သောက်စဉ်တွင် တပည့်တစ်ယောက် ထပ်ရောက်ပါသည်။ ကျွန်ုပ်၏တပည့်များဖြစ်ကြသလို တစ်မြို့တည်းသား ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြ၍ ကျွန်ုပ်ရှေ့ဆုံကြစဉ် ပျော်ရွှင်စွာ စကားဖောင်ဖွဲ့ကြပါလေတော့သည်။

**ထပ်စပ်စုစုမို့ ဖြစ်စဉ်တစ်ခုပေါ်လာခဲ့**

တပည့်တစ်ယောက်က စာသမား၊ တစ်ယောက်က စရဏ၊ အခြားတပည့်များက သမ္မာအာဇီဝအလုပ်ဖြင့် ငွေနောက်လိုက်နေသော စီးပွားရေးကျားတစ်နည်းဆိုလျှင် လောဘကြီးသူများဖြစ်လေသည်။

"ဆရာ၊ ပြီးခဲ့တဲ့ လေး၊ ငါးနှစ်လောက်လို့ထင်တယ်။ ကျွန်တော်တို့ကို သမ္ဗုဒ္ဓေဂါထာတော်အမိဋ္ဌာန်ဝင်ခိုင်းဖူးတယ်နော်"

ဟု တပည့်စာသမားက 'စကားအစ'ဖွင့်လေသည်။

စရဏသမားပီပီ တပည့်တစ်ယောက်က -

"ဆရာ၊ ကျွန်တော်တို့ အခု သမ္ဗုဒ္ဓေဂါထာတော် အမိဋ္ဌာန်ဝင်လို့ရမလား ဆရာ၊ နောက်ပြီး သေချာတဲ့ ဖြစ်စဉ်တစ်ခုကိုလည်း ကျွန်တော်တို့ သိပါရစေခင်ဗျာ"

ဟု တောင်းဆိုပါတော့သည်။

**အတိတ်ကဖြစ်စဉ်များအရိပ်ထင်လာ**

"မင်းတို့ပြောတော့မှ ဆရာတောင် မေ့သလောက်ဖြစ်နေခဲ့တဲ့ တကယ့်ဖြစ်စဉ်တစ်ခုကို မင်းတို့တောင်းဆိုကြတဲ့အတိုင်း ပြောပြပါမယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀) ကျော်က ဖြစ်ရပ်တစ်ခုပါ။ ဆရာနဲ့ တစ်ရပ်ကွက်တည်းမှာ နေခဲ့ကြပြီး လူမှုရေးကအစ စိတ်တူကိုယ်တူ လုပ်ကိုင်ခဲ့ကြတဲ့ မိတ်ဆွေတစ်ယောက်ပါ။

ဆရာက ကျန်းမာရေးနဲ့ (နာမည်ကျော်) ဝင်စင်ကို အစောကြီးယူခဲ့တာ။ ဆရာ့မိတ်ဆွေကတော့ အသက်ပြည့်မှ ပင်စင်တာဝန်နဲ့ မြန်မာပြည် နေရာဒေသအနှံ့ ပြောင်းရွှေ့တာဝန်ယူခဲ့ပြီး အငြိမ်းစားယူပြီးတော့ သားတစ်ယောက်၊ သမီးတစ်ယောက်အိမ်ထောင်ကျရာ ဆရာတို့မြို့မှာ အခြေချပြီးနေဖြစ်ခဲ့ပါတယ်။

ဒါပေမယ်လို့ တစ်ယောက်နဲ့တစ်ယောက် မဆုံဖြစ်ခဲ့ကြပါဘူး။ ဆရာ့မိတ်ဆွေက သူဝါသနာပါပြီး ကျွမ်းကျင်တဲ့ဆေးနဲ့ပတ်သက်ပြီး၊ သနပ်ဖက်ဆေးလိပ် (ရှမ်းဖက်ဆေးလိပ်) ခုံထောင်ပြီး စီးပွားရေးလုပ်ကိုင်ခဲ့ပါတယ်။ စေတနာလွန်ခဲ့တာနဲ့ လူမှုရေးတာဝန်တွေကြောင့် တကယ်တွင်ကျယ်လာခဲ့ပြီးမှ ဆေးလိပ်ခုံပိတ်လိုက်ရတယ်။

အခြေအနေယိမ်းယိုင်လာတော့မှ ဆရာလည်း အငြိမ်းစားယူပြီးကတည်းက တိုင်းရင်းဆေးနဲ့ ခုနစ်နေ့သား၊ ခုနစ်နေ့သမီးတို့အတွက် ဘဝရှေ့ရေးကို ကူညီပေးပြီး ဟောပြောနေတာကို သိရတော့ ဆရာ့ဆီ ရောက်လာခဲ့ပါတယ်။

သူရောက်လာခဲ့လို့ ဆရာဘက်က ဟောပြောပေးနိုင်ခဲ့ပေမယ့်လည်း တစ်ဖက်က ဝိဇ္ဇာစရဏ ဂမ္ဘီရသဘောတရားအနေနဲ့ရော ယတြာအနေနဲ့ပါ ဘာမှကူညီ လုပ်ကိုင်မပေးနိုင်တော့ပါ။ အခါလွန်မှရောက်လာခဲ့လို့ သိရက်နဲ့ ဘာမှ မကူညီနိုင်ခဲ့တာဖြစ်တယ်။

ဒီလိုနဲ့ ဆရာနဲ့မိတ်ဆွေတို့အဆက်အသွယ်မပြတ်ကြတော့ဘူး။ အဲဒီအချိန်က ဆရာမိတ်ဆွေရဲ့ ကံဇာတာအရ အတော်ညံ့နေခဲ့တဲ့အချိန်ပေါ့၊ ဒါပေမယ့် အသက်အရွယ်အရရော ရာထူးဂုဏ်ရှိန်အရပါမကဘဲ မူလသဒ္ဓါစိတ်ကြောင့် ဗုဒ္ဓကိစ္စလို့ ပြောရမယ်ကွ။ မြတ်စွာဘုရားရှင်ရဲ့ အာဝေဏိကဂုဏ်တော်များကို တစိုက်မတ်မတ် ဖောက်ချပြီး ကြည်ညိုလေးစားတတ်သူဖြစ်လေတော့ ဆရာ့အနေနဲ့ ယတြာတစ်ခုပေးခဲ့ပါတယ်။

ဘာယတြာလဲဆိုရင် -

❑ သမ္ဗုဒ္ဓေဂါထာတော်တစ်သိန်းအမိဋ္ဌာန်ဝင်ဖို့ပေးခဲ့ပါတယ်။ ဒါနဲ့ ဘယ်လောက် စိတ်သဒ္ဓါအားကြီးသလဲဆိုရင် အပတ်ရေ ကန့်သတ်မထားဘဲ ဂုဏ်တော်ပုတီး(၁၀၈)လုံးတစ်ပတ်နဲ့ ပုတီးပတ်ကို ရသလောက် စိပ်ပါတော့တယ်။ (၃) လဆိုသောအချိန်မှာ သမ္ဗုဒ္ဓေဂါထာတော်တစ်သိန်း အမိဋ္ဌာန်ပြည့်ခဲ့ပါတော့တယ်။

ဆရာ့မိတ်ဆွေက ဧရာဝတီတိုင်းဒေသကြီးသားပါ၊ သူ့အစ်မကြီးရဲ့နာရေးအတွက် ပြန်သွားခဲ့ပြီး အိမ်ဝိုင်းခြံမြေတို့ကို သာသနာတော်အတွက် ပေးလှူပြီး ဆရာတို့နေတဲ့၊ လက်ရှိသူအခြေချထားတဲ့မြို့ကို ပြန်လာခဲ့ပါတော့တယ်။ ဆရာနဲ့ အဆက်အသွယ်မပြတ်ကြတော့ဘူး။

တစ်နေ့မှာ ဆရာ့မိတ်ဆွေ အိမ်ကို ရောက်လာခဲ့ပါတယ်။

လာရင်းကိစ္စက အောက်ကသယ်ယူလာခဲ့တဲ့ ကုန်များကို ကြိုက်ဈေးနဲ့ အမြန်ဆုံး ထွက်ချင်တာရယ်၊ နောက်တစ်ချက်ကတော့ ဌာနမှာ တာဝန်ထမ်းစဉ်အခါက တပည့်တွေနဲ့တွေ့ခဲ့ကြောင်း၊ သူတို့လည်း ဌာနမှထွက်ခဲ့ကြပြီးဖြစ်လို့ စီးပွားရေး လုပ်ကိုင်နေခဲ့ကြကြောင်း၊ တရုတ်ပြည်ဘက်ကို ကုန်ပို့သွားရမှာဖြစ်လို့ ဆရာလိုက်ခဲ့ပါလို့ခေါ်ကြောင်း တာဝန်ခံမှုကို ပြောပြပါတော့တယ်။

အဲဒီအချိန်က မိတ်ဆွေဟာ ဆရာ့ဆီမှာ ဇာတာကို စစ်ဆေးနေတဲ့အချိန်ပဲကွ။ သူ့ဇာတာစစ်တော့ တခြားအကြောင်းတွေထားခဲ့ပြီး ပြည်ပခရီးကိစ္စကို ပြောချင်တယ်။ ဆရာက သူ့တပည့်များခေါ်လို့ တရုတ်ဘက်ကို လိုက်ရမလားလို့ မေးခဲ့လို့ ကျွန်တော့် သဘောအရရော ဇာတာစစ်ဆေး တွေ့ရှိချက်အရပါ ပြည်ပခရီးသွားရမယ့်ကိန်းရှိနေတာမို့ ဒီနားအိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ထိုင်း၊ တရုတ်၊ လာအို၊ အိန္ဒိယ စတဲ့ နိုင်ငံတွေကို နိုင်ငံရပ်ခြားခရီးလို့ မသတ်မှတ်ချင်ပါဘူး။

အရှေ့ဆို ဂျပန်ပေါ့၊ အနောက်ဆိုရင်လည်း ဥရောပတို့၊ အမေရိကတို့ဆိုတဲ့ ပြည်ပခရီးမျိုးကိုသာ နိုင်ငံခြားခရီးလို့ချင်တာပါ။ ခင်ဗျားရဲ့ ဇာတာအရ ယခု စားနေတဲ့ ထုလဒသာနဲ့ အန္တရဒသာများ၊ ကောဇာဂြိုဟ်အစီးအနင်းများကြောင့် ရှေးကဆရာတို့ရဲ့ ဗေဒင်ကျမ်းများနဲ့ ဝေဒကျမ်းလာစကားများအရ မုချပြည်ပခရီးသွားရပါမယ်။ သွားရရင်လည်း သာမန်လူတွေ သွားလာရသလိုမျိုးမသွားရဘဲ ကမ္ဘာ့သူဌေးကြီးများသွားသလိုမျိုးမဟုတ်ရင် နိုင်ငံ့အကြီးအကဲများသွားကြရသလို အထက်တန်းကျကျသွားရမှာလို့ ပြောချင်ပါတယ်ဆိုတော့ ရင်းနှီးခင်မင်မှုကလည်း ညီအစ်ကိုလိုမျိုးခင်ကြတာကိုတော့ အပြန်အလှန်ငြင်းကြခုံကြနဲ့ပေါ့။ တရုတ်ဘက်ကိုလိုက်မယ့်အစီအစဉ်ကို ဖျက်လိုက်ပြီး ပြည်ပခရီးသွားလိုတဲ့ဆန္ဒအားကြီးသော်လည်း ငွေကြေးက လုံးဝမဖြည့်စုံတာဖြစ်လို့ မျှော်. . . ဆိုတာနဲ့ စောင့်နေမယ်လို့ ပြောခဲ့တာ ဆရာသတိရနေသေးတယ်။

တစ်ချိန်က လွန်စွာ ရင်းနှီးခဲ့တဲ့ မိတ်ဆွေတို့က ငွေကြေးပြည့်စုံကြတော့ ခေတ်ကာလအရ ကုမ္ပဏီထောင်ခဲ့ကြပါတယ်။ အမှတ်မထင်ခေါ်လို့ ရန်ကုန်ကို ဆင်းသွားခဲ့ရပါတော့တယ်။

www.burmeseclassic.com

### စိတ်ကူးအိမ်မက်တို့တကယ်ဖြစ်ပြီ

ကံတရားစီမံမှုအနေကိုပြောရရင် ဇာတာခွင်တွင် ကောဇာဂြိုဟ်အစီးအနင်းများနဲ့ဒသာစားနေမှုကြောင့် ကိန်းကြုံလာခဲ့ရသလို ဘယ်လိုပင်ဖျက်သော်လည်း မပျက်နိုင်တဲ့ လွန်စွာ အစွမ်းအင်အားကြီးမားတဲ့ သမ္ဗုဒ္ဓေတစ်သိန်း ဣစ္ဆာသယအဓိဋ္ဌာန်က ပို့လိုက်ပါတော့တယ်။

သမ္ဗုဒ္ဓေတစ်သိန်းအဓိဋ္ဌာန်ကျင့်စဉ်ကို ဆန္ဒ၊ ဝီရိယ၊ စိတ် (၃) ပါး တညီတည်း အားကောင်းသောအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့မှာ -

- ❑ ရာထူးတက်ခြင်း
- ❑ ဌာနန္တရကောင်းရောက်ခြင်း
- ❑ အစားကောင်းစားရခြင်း
- ❑ အနေအထိုင်ကောင်းခြင်း
- ❑ ငွေကြေးဥစ္စာပြည့်စုံလာခြင်း
- ❑ ပြည်ပခရီး (ထင်ရှားသော ဥရောပအစရှိသည့် နိုင်ငံများ သွားရောက်ခြင်း) ကောင်းစွာ သွားရခြင်း
- ❑ စိတ်သွားတိုင်းကိုယ်ပါခြင်း စတဲ့ ကောင်းခြင်းများစွာတို့ကို ရရှိမည်ဖြစ်ပါတယ်။

ဆရာ့မိတ်ဆွေအနေနဲ့ ထိုင်း၊ ဒိန်းမတ်၊ ပြင်သစ်၊ အာဖရိက၊ ဘယ်လ်ဂျီယံ စတဲ့နိုင်ငံတွေကို တကယ့်သန်းကြွယ်သူဌေးကြီးများ ခရီးသွားသလိုသွားခဲ့ရောက်ခဲ့ရပါတယ်။

တကယ့်အဖြစ်အပျက်မို့ ဆရာ့ကို မင်းတို့တောင်းဆိုကြတဲ့အတိုင်း 'သမ္ဗုဒ္ဓေဂါထာတော်တစ်သိန်းအဓိဋ္ဌာန်' ကို မကျိုးမပေါက်ရလေအောင် ကျင့်ကြံအားထုတ် အဓိဋ္ဌာန်ဝင်ကြတော့"

ဟု အသိပေးပြီး ကျင့်စဉ်ကို ပေးလိုက်ပါတော့သည်။

ဆန္ဒရှိကြသူ မိတ်ဆွေများ၊ သူရဇ္ဇမဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်များ၊ ဂါထာမန္တန်နှင့် သမ္ဗုဒ္ဓေဂါထာတော်ကိုမှ နှစ်သက်က သဒ္ဓါအားကြီးသူများ၊ အကြောင်းအမျိုးမျိုးနှင့် အခက်အခဲကြုံတွေ့နေကြရသူများ အားလုံးအတွက် အဓိဋ္ဌာန်ကျင့်စဉ် အပြည့်အစုံကို ရေးသား ဖော်ပြလိုက်ပါသည်။

### သမ္ဗုဒ္ဓေဂါထာတော်တစ်သိန်း အဓိဋ္ဌာန်ကျင့်စဉ်

#### ၁။ ရက်ရွေးခြင်းနှင့်စတင်ခြင်း

❑ အဓိဋ္ဌာန်ဝင်မည့်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအနေဖြင့် အနီးဆုံး ရက်ရာဇာတစ်ခုတွင် စတင်ပါ။

#### ၂။ အဓိဋ္ဌာန်တင်ခြင်းနည်းလမ်း

(က) တစ်နေ့လျှင် ဂါထာတော်ပုဒ်ရေ တစ်ထောင် (သို့မဟုတ်) (၁၀၈) လုံး ဂုဏ်တော်ပုတီးတစ်ပတ်။

(ခ) တစ်နေ့တာအတွက် သမ္ဗုဒ္ဓေဂါထာတော် အပုဒ်ရေကန့်မထားဘဲ ရသလောက် ရွတ်ဖတ်ပူဇော်ခြင်း။ (ထိုသို့ဆောင်ရွက်ခဲ့လျှင် အပုဒ်ရေကို စနစ်တကျ နေ့စဉ် မှတ်သားထားကြရမည်ဖြစ်ပါသည်။)

(ဂ) နေရာဌာနကို -

၁။ မိမိအိမ်ဘုရားခန်း

၂။ တန်ခိုးကြီးဘုရားတစ်ဆူ

နှစ်သက်ရာတွင်ဆောင်ရွက်နိုင်ပါသည်။

#### ၃။ အဓိဋ္ဌာန်ကာလနှင့်ဒါနခန်း

ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်၊ သစ်သီးဆွမ်း၊ ကန်တော့ပွဲ။ အခြေအနေနှင့် သဒ္ဓါအရ ဆောင်ရွက်နိုင်ပါသည်၊ မပါလည်းဖြစ်ပါသည်။

#### ၄။ အဓိဋ္ဌာန်ကာလတွင်

(က) သာသနာစောင့်နတ်မင်းကြီးများ၊ စတုလောကပါလနတ်မင်းကြီးများ၊ ပါရမီဖြည့်ဖက်များတို့ကို ပင့်ဖိတ်ပါ။

(ခ) ဘုရားကန်တော့ခြင်း၊ သီလခံယူခြင်း၊ အဓိဋ္ဌာန်တင်ခြင်း၊ သစ္စာပြုဆုတောင်းခြင်း၊မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်းတို့ ပြုလုပ်ပါ။

မှတ်ချက် အဓိဋ္ဌာန်တင်ရန်မှာ -

❑ တစ်နေ့ သမ္ဗုဒ္ဓေဂါထာတော်ပုဒ်ရေသတ်မှတ်ပူဇော်ခြင်း (သို့မဟုတ်)

❑ တစ်နေ့ သမ္ဗုဒ္ဓေဂါထာတော်ကို (၁၀၈) လုံး ပုတီးပတ်စိပ်ပါမည်ဟု အဓိဋ္ဌာန်တင်နိုင်ကြပါသည်။

❑ စနစ်တကျ စာရွက်နှင့် နေ့စဉ်မှတ်တမ်းရေးသား၍ မှတ်သားထားပါရန်။

(ဂ) ပြီးဆုံးတိုင်း ပင့်ဖိတ်ထားသူများအား ကုသိုလ်အမျှပေးပြီး နေရပ်ဌာနပြန်ပို့ပါရန်။

သမ္ဗုဒ္ဓေဂါထာတော်ကို အဓိဋ္ဌာန်တင်ရာတွင် ဆန္ဒအလိုက် ရက်သက်မှတ်ပြီး အပြီးဆောင်ရွက်ရန် အဓိဋ္ဌာန်တင်ခြင်းနှင့် ရက်သက်မှတ်ထားခြင်းမရှိဘဲ တစ်သိန်းပြည့်မီအောင် ပူဇော်ခြင်း စသည်တို့ကို ဆောင်ရွက်သူ ယောဂီ၏ စိတ်ဆန္ဒနှင့် ကိုက်ညီကြသလို ဆောင်ရွက်ရာတွင် မပင်မပန်း ဆောင်ရွက်နိုင်ကြရန် အထူးလိုအပ်လှပါသည်။

သမ္ဗုဒ္ဓေဂါထာတော်နှင့်ပတ်သက်ပြီး ကျွန်ုပ် အနည်းငယ် ရှင်းပြလိုပါသည်။

ယနေ့ကာလတွင် သမ္ဗုဒ္ဓေဂါထာတော်အမျိုးမျိုး ပေါ်ထွန်းနေချိန် ဖြစ်ပါသည်။အဓိဋ္ဌာန်ဝင်ကြမည့်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ဝေဝေဝါးဝါး မဖြစ်စေလိုပါ၊ နောက်တစ်ခုကဆိုလျှင်လည်း စာဖတ်သူမိတ်ဆွေများ သိပြီးသားဖြစ်သော်လည်း ငယ်ရွယ်သူညီငယ်၊ ညီမငယ်များ၊ တူ၊ တူမများအတွက် အနည်းငယ်ရှင်းပြလိုပါသည်။

ကျွန်ုပ် သိခဲ့ လေ့လာခဲ့ရဖူးသော သမ္ဗုဒ္ဓေဂါထာတော်များမှာ -

- ❑ အရှေ့ကျွန်းသမ္ဗုဒ္ဓေ
- ❑ အနောက်ကျွန်းသမ္ဗုဒ္ဓေ
- ❑ တောင်ကျွန်းသမ္ဗုဒ္ဓေ
- ❑ မြောက်ကျွန်းသမ္ဗုဒ္ဓေ
- ❑ ယိုးဒယားသမ္ဗုဒ္ဓေ
- ❑ ဘိုးဘိုးအောင်သမ္ဗုဒ္ဓေ
- ❑ ယနေ့ အများ ရွတ်ဖတ် ပူဇော်နေကြသော ရိုးရိုးသမ္ဗုဒ္ဓေဟုပင် ဆိုချင်ပါသည်။

ထိုသမ္ဗုဒ္ဓေမှာ -

*သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊*
*ဒွါဒသဉ္စ သဟဿကေ၊*
*ပဉ္စသတ သဟဿာနိ၊*
*နမာမိ သိရသာမဟံ၊*
*အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊*
*အနန္တာ နိဗ္ဗုတာဇိနာ၊*
*တေသံ ဓမ္မဉ္စ သံဃဉ္စ၊*
*အာဒရေန နမာမဟံ၊*
*နမက္ကာရာ နုဘာဝေန၊*
*ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊*
*အနေကာ အန္တရာယာပိ၊*
*ဝိနဿန္တု အသေသတော။*

(ထိုဂါထာတော်ကိုပင် ဂါထာပုဒ်ရေ၊ ခေါက်ရေအနေဖြင့် တစ်သိန်း အဓိဋ္ဌာန်တင်ရန် ဖြစ်ပါသည်။)


ကျွန်ုပ်အနေဖြင့် အခါအားလျော်စွာ ကျင့်စဉ်အဓိဋ္ဌာန်များ ရေးသားခဲ့ပါသည်။ယုံကြည်စွာဆောင်ရွက်ကြသူများအနေဖြင့်လည်း မိမိတို့ပါရမီအလျောက် ခရီးပေါက်ကြကြောင်း တယ်လီဖုန်းနှင့်တစ်မျိုး၊ လူကိုယ်တိုင်လည်း လာရောက်အသိပေးကြသဖြင့် လွန်စွာ ပီတိဖြစ်ရပါသည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*
ဘုန်းခိုင်



www.burmeseclassic.com

www.burmeseclassic.com



သံပေါင်ပေါ်က အန္တရာယ်ကင်း၊ စမများ

### နောက်ဆုံးအပြီးသတ်အင်ဂျင်နီယာ

ဦးအောင်သန်းထွန်းဟာ ရုပ်တော်မှုဘုရားကြီးကို နောက်ဆုံးအပြီးသတ်ခဲ့ရတဲ့ ဒီဇိုင်းအင်ဂျင်နီယာတစ်ဦး ဖြစ်ပါတယ်။ဦးအောင်သန်းထွန်းဟာ ရုပ်တော်မှုဘုရားကြီး မတည်ခင် ၁၉၈၇ ခုနှစ်လောက်ကတည်းက ဆရာတော်ကြီးနဲ့ စတင်ရင်းနှီးခွင့်ရရှိခဲ့ပါတယ်။ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ ဦးအောင်သန်းထွန်းဟာ မုံရွာမြို့ စည်ပင်သာယာမှာ တာဝန်ထမ်းဆောင်နေချိန်ဖြစ်ပြီး ဗောဓိတစ်ထောင်ကျောင်းတိုက်နဲ့မြေနှုကတ္တရာလမ်းဖောက်ရာမှာ မုံရွာ စည်ပင်သာယာ တာဝန်ခံ အင်ဂျင်နီယာ ဦးဖေသန်းအုန်း၊ အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေတို့နဲ့အတူ

သုတေသယျ

မဟာဗောဓိတစ်ထောင်ဆောင်သရုပ်တော်ဘုရားကြီး၏ခရီးလမ်းမှသည်

# လေးကျွန်းစကြာရုပ်တော်မှုဘုရားကြီး သမိုင်းမော်ကွန်း

၄


ခုတ္တဘာအင်ဂျင်နီယာရဟန်း (၃) ပါးနှင့်အတူ






www.burmeseclassic.com


www.burmeseclassic.com



ဗုဒ္ဓဘာသာအင်ဂျင်နီယာရဟန်း (၃) ပါးနှင့်အတူ




အန္တရာယ်ကင်းပရိတ်ဒေသနာပွဲ





ယူရှိကုဘုရားကြီးတည်ဆောက်ပုံညွှန်းစာအုပ်





ယူရှိကုဘုရားကြီးခေါင်းတော်ပုံစံငယ်များ






www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်သန်းထွန်း (ဒီဇိုင်းအင်ဂျင်နီယာ)




ဦးတင်ထွန်းအောင် (ပန်းတဉ်း)



ဦးမြင့်လှိုင် (သံချည်သံကွေး)



ဦးမြင့်လေး (ရုပ်ပွား)



ဦးမောင်မောင်စိုး (ဗိုက်ဘာ)

...လုပ်အားပေးခဲ့ရလို့ ဖြစ်ပါတယ်။

**...ပိုင်း ဗောဓိတစ်ထောင် အင်ဂျင်နီယာ**

ရုပ်တော်မူဘုရားကြီး (၉) ထပ် ...ဆောက်မှာ ဦးအောင်သန်းထွန်းဟာ ... ရည်ပင်သာယာက အလုပ်ထွက်ပြီး ...ပိုင်စီးပွားရေးလုပ်ငန်းလုပ်နေခဲ့ပါ ...တယ်၊ အဲဒီအချိန်မှာ ဆရာတော်ကြီးက ...အောင်သန်းထွန်းကို လှမ်းခေါ်ခဲ့ပါ ...တယ်၊ ရုပ်တော်မူဘုရားကြီး တည် ...ဆောက်ရာမှာ လိုအပ်တာလေးတွေ ကူ ...ညီဆောင်ပေးဖို့ ဖြစ်ပါတယ်။ အဲဒီ ...အချိန်ကစပြီး ဦးအောင်သန်းထွန်းဟာ ...ရုပ်တော်မူဘုရားကြီးအတွက် ဆရာ ...တော်ကြီးခိုင်းတာတွေကို ကြိုကြားကြိုကြား စပြီးလုပ်ခဲ့ရပါတယ်။ ရုပ်တော်မူဘုရားကြီးပေါ်ကို ပစ္စည်းတွေတင်ဖို့ ကရိန်းကြီးတွေ မသုံးနိုင်သေးတဲ့အချိန်မှာ ဦးအောင်သန်းထွန်းဟာ သူ့မိတ်ဆွေ ကိုသောင်းစိန် (စက်မှုအင်ဂျင်နီယာ) ရဲ့ အကူအညီနဲ့ မော်တာကရိန်းတစ်မျိုးကို တီထွင်တပ်ဆင်ပေးခဲ့ရပါတယ်။ မော်တာကရိန်းရပြန်တော့လည်း လည်ဖို့အတွက် လျှပ်စစ်မီးက ပြဿနာဖြစ်နေပြန်တယ်။ ပစ္စည်းတွေကို အတင်အချလုပ်နေတုန်း မီးပျက်သွားခဲ့ရင် ဒုက္ခပဲ။ ဒါကြောင့် အရေးပေါ်သုံးလို့ရမယ့် မီးစက်က လိုလာပြန်တယ်။ အဲဒီလိုအပ်ချက်ကို ဦးအောင်သန်းထွန်းဟာ ကိုမြင့်သူ (စစ်ကိုင်း၊ ပန့်ပြင်တဲ့သူ)၊ မန္တလေးက ဝပ်ရှော့ဆရာရဲ့အဖေတို့နဲ့ တိုင်ပင်ပြီး မီးစက်တစ်ခု ဖြစ်အောင် ဆင်ပေးခဲ့ပါတယ်။

**တစ်နေ့ကျရင် မင်းဘုရားကြီး မင်းလာပြီး အပြီးသတ်ရမှာ**

မီးစက်နဲ့ မော်တာကရိန်းလည်း ဆင်ပြီးရော ဦးအောင်သန်းထွန်းက -

"တပည့်တော် အလုပ်တွေရှိလို့ ပြန်ပါဦးမယ်ဘုရား"

လို့ လျှောက်ပြန် ပြန်တဲ့အခါ ဆရာတော်ကြီးက -

"မင်း ဒီလိုချည်း ငါ့ကိုထားထား သွားတာပဲ။ တစ်နေ့ကျရင် မင်းဘုရားကြီး မင်းလာပြီး အပြီးသတ်ရမှာပါဗျာ"

လို့ ဦးအောင်သန်းထွန်းကို မိန့်လိုက်ပါတယ်။


**ဦးခေါင်းတော်ကြီး ခေါင်းပေါ်ရောက်ပြီ**

တရုတ်အင်ဂျင်နီယာ မစ္စတာစွန်ကုန်းဟာ ရုပ်တော်မူဘုရားကြီး (၂၇) ထပ်အပြီးမှာ တရုတ်ပြည် ပြန်သွားခဲ့ပါတယ်။ အဲဒီအခါမှာ ရုပ်တော်မူဘုရားကြီးရဲ့ ခေါင်းတော်တည်ဆောက်မှုဟာ ဦးအောင်သန်းထွန်းခေါင်းပေါ်ကို လုံးလုံးလျားလျား ရောက်လာတော့တာပါပဲ။ စောစောပိုင်းကတော့ ဆရာတော်ကြီး လှမ်းခေါ်ရင် သွားလုပ်ပေးလိုက်၊ ပြီးရင် ပြန်ပြီး ကိုယ့်စီးပွားရေး လုံးပမ်းလိုက်နဲ့ သွားချည်လာလှည့် ဆရာတော်ကြီးကို ကူညီခဲ့ပေမယ့် လက်ရှိအခြေအနေမှာ ဆရာတော်ကြီးကို လုံးလုံးလျားလျား မလုပ်ပေးရင်မဖြစ်တော့တဲ့ အခြေအနေမျိုး ဖြစ်လာခဲ့ပါတယ်။




www.burmeseclassic.com


www.burmeseclassic.com




ဦးခေါင်းတော်ပုံစံငယ်ရှေ့ခြမ်း
ဗိုက်ဘာသွန်းလောင်းထားပုံ (ဘေးအမြင်)



ဦးခေါင်းတော်ပုံစံငယ်အတွက်
သံဖရိန်ခွေထားပုံ



ဦးခေါင်းတော်ပုံစံငယ်အချိုးချထားပုံ



ဦးခေါင်းတော်အချိုးပြပုံ

**မင်းကွယ် ငါ့ကိုနောက်ဆုံးအနေနဲ့ ဒါလေးမှ လုပ်မပေးနိုင်ဘူးလား**

ဦးအောင်သန်းထွန်းဟာ သူ့ရဲ့ အကျပ်အတည်းတွေနဲ့ သူ့ရဲ့အခက်အခဲတွေကို အခုလိုပြောပြခဲ့ဖူးပါတယ်။

"ဆရာတော်ကြီးက လူတွေလွှတ်ပြီး အတန်တန်ခေါ်လို့ ဆရာတော်ကြီးဆီ ကျွန်တော်သွားခဲ့ရတယ်။ ကျွန်တော့်မှာလည်း လက်ခံထားတဲ့ အလုပ်တွေက တပိုင်းတစ တိုးလို့တန်းလန်းတွေ။ အဲဒါတွေ ပစ်ထားခဲ့လို့လည်း မဖြစ်နိုင်ဘူး။ အဲဒါတွေကလည်း ကျွန်တော့်မိသားစုရဲ့ စားဝတ်နေရေး မဟုတ်လား။ ဆရာတော်ကြီးခိုင်းတာလည်း ကျွန်တော်က လုပ်ပေးချင်ပါတယ်။ လုပ်လည်းလုပ်ပေးရမှာပါ။ ဒါပေမယ့် ကျွန်တော့်မှာက ဘေးကျပ်နံကျပ်ကြီးလေ"

ဆရာတော်ကြီးဆီ ရောက်တော့ ဆရာတော်ကြီးက ဘယ်လိုများမိန့်လိုက်သလဲဆိုရင် -

"မင်းကွယ်၊ ငါ့ကိုနောက်ဆုံးအနေနဲ့ ဒါလေးမှလုပ်မပေးနိုင်တော့ဘူးလားကွဲ"

ဆရာတော်ကြီးမိန့်လိုက်တဲ့စကားနဲ့ ဆရာတော်ကြီး ပြောလိုက်တဲ့ အသံဟာ ကျွန်တော့်ရင်ထဲမှာ နင့်ခနဲဖြစ်သွားမိတယ်။ ဆရာတော်ကြီးကို ချက်ချင်းပဲ အခုလို လျှောက်တင်လိုက်ပါတယ်။

"ဆရာတော်ဘုရား၊ ဆရာတော်ခိုင်းတာကို တပည့်တော် လုပ်ပေးပါ့မယ်ဘုရား။ ဒါပေမယ့် (၃) လလောက်တော့ စောင့်ပေးပါဘုရား။ တပည့်တော် အခုလုပ်နေတဲ့လုပ်ငန်းတွေကို ရပ်လည်းရပ်ပစ်ရမယ်။ ဖျက်လည်း ဖျက်ပစ်ရပါမယ်ဘုရား"

အဲဒီတော့ ဆရာတော်ကြီးက -

"အေး-ရပါတယ်ကွယ်၊ စောင့်ပေးရမှာပေါ့၊ ဒါပေမယ့် (၃) လထက်စောနိုင်ရင် မင်းစောပြီးလာခဲ့ပါ"

လို့ မိန့်ပါတယ်။

(၃) လကြာတဲ့အခါ ကျွန်တော့်အလုပ်တွေကို အစသတ် အပြီးဖြတ်ပြီး ဆရာတော်ကြီးဆီကို သွားခဲ့ပါတယ်။ ကျွန်တော့်မှာ ဟိုဘက်က ဖောင်ဖျက်ခဲ့ရပြီ။ ဒီဘက်မှာတော့ ခေါင်းတော်ကြီးကို မဖြစ်ဖြစ်အောင်တပ်ဆင်ဖို့က အင်မတန်ကြီးလေးတဲ့ တာဝန်ကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။

**ဖြစ်ပါဘူးကွယ်၊ သက်နိုးဆီးထားလိုက်ရအောင်**

ဒီလို တည်ဆောက်မှုလုပ်ငန်းမျိုးကို မလုပ်ခဲ့ဘူးတော့ အမှားအယွင်းမရှိအောင် လေ့လာမှုတွေ အမျိုးမျိုးလုပ်ရပါတယ်။ ဉာဏ်လည်းထုတ်ရတယ်။ ဦးမျိုးဇော်ထွန်း (အိုဆာကာ-ဂျပန်) ပေးတဲ့ ဂျပန်ပြည်က ကမ္ဘာ့အကြီးဆုံး ရုပ်တော်မှုဘုရားကြီး (ယူရှိကူ၊ ဒိုင်ဘတ်ဘု) တည်ဆောက်ပုံအဆင့်ဆင့် ပုံညွှန်းစာအုပ်ကြီးဟာ တော်တော်အထောက်အကူရပါတယ်။

သံချည်သံကွေးပညာရှင် ဦးမြင့်လှိုင်၊ ရုပ်ပွားပညာရှင် ဦးမြင့်လေးတို့နဲ့ ဆွေးနွေးညှိနှိုင်းပြီး ကွန်ပျူတာနဲ့ ဒီဇိုင်းအမျိုးမျိုး၊ ပုံစံငယ်အမျိုးမျိုး လုပ်ကြည့်ခဲ့ပါတယ်။ ကျွန်တော်တို့တစ်တွေ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ကြိုးစားအားထုတ်နေကြတဲ့အချိန်မှာ လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုသလို ပြောသံဆိုသံ ဝေဖန်သံတွေ ထွက်ပေါ်လာပါတယ်။ ဖြစ်မှဖြစ်ပါ့မလားဆိုပြီး စောင့်ကြည့်နေတဲ့သူတွေရှိသလို မယုံကြည်သူတွေကလည်းရှိသေးတယ်။ ကျွန်တော်တို့ တွေ့ကြုံနေရတဲ့ အခြေအနေမှန်အားလုံးကို ဆရာတော်ကြီးက ကြားသိနေတယ်။

တစ်နေ့သောအခါမှာ ဆရာတော်ကြီးက-

"ဖြစ်ပါဘူးကွယ်၊ သက်နိုးဆီးထားလိုက်ကြရအောင်"

ဆိုပြီး ကျွန်တော်တို့ (၃) ယောက်ကို သက်နိုးဝတ်ပေးခဲ့ပါတယ်။

ကျွန်တော်ရယ်၊ ဦးသန်းစိန်ရယ်၊ ဦးထွန်းဇံရယ် (၃) ယောက်ဟာ နေ့ချင်းညချင်း ဆရာတော်ကြီး ချီးမြှောက်လို့ ရဟန်းတွေဖြစ်သွားကြတယ်။ ဆရာတော်ကြီးက ကျွန်တော်တို့ ရဟန်း(၃)ပါးကိုကြည့်ပြီး ရယ်ရယ်မောမောနဲ့မိန့်လိုက်တဲ့စကားကတော့ -



www.burmeseclassic.com

www.burmeseclassic.com

"ဟော့- တွေ့တယ်မဟုတ်လားကွ။ ဒါဒါမြင့်သွားပြီ။ မင်းတို့ကို ဘယ်သူမှ မပြောတော့ဘူး။ ပြောလို့လည်း မရတော့ဘူး" တဲ့။

ဒါနဲ့ ကျွန်တော်တို့ (၃) ဦးဟာ သင်္ကန်းဝတ်ကြီးတွေနဲ့ ဆရာတော်ကြီးရဲ့ ဆန္ဒအတိုင်း ရုပ်တော်မူကြီး အပြီးသတ် တည်ဆောက်ရေးကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြတယ်။

**လုပ်ငန်းသစ်စတော့မယ်ဆိုရင်**

လုပ်ငန်းသစ်တစ်ခုစတော့မယ်ဆိုရင် ဆရာတော်ကြီးဆီကို သွားလျှောက်တယ်။

'တပည့်တော်တို့ နက်ဖြန်ဘယ်လုပ်ငန်းစပါ့မယ်ဘုရား၊ မေတ္တာပို့ပေးပါ' ဆိုရင် နောက်နေ့မှာ ဆရာတော်ကြီး ကြွလာပြီး ပရိတ်တွေရွတ်ပေးတယ်။ သံပေါင်ကြီးတွေပေါ်မှာ သရဏဂုံစမတွေ ရေးပေးတယ်။

**ကျောက်ဖရုံသီးဆွဲထားလိုက်**

လေတွေမိုးတွေဆင်ကတော့ ကျွန်တော်တို့က တော်တော်စိုးရိမ်မိတယ်။ သံတိုင်တွေ၊သံရက်မတွေနဲ့တည်ဆောက်နေတော့ သံလိုက်စက်ကွင်းကရှိနေတယ်။ ဂဟေဆော်ဖို့ ဂဟေဆော်စက် (၁၄) လုံးကိုလည်း သုံးနေရတာ။ ဒီလို အမြင့်ကြီးမှာ မိုးကြိုးပစ်ခဲ့ရင် တစ်ခါတည်း ကိစ္စချောမှာပဲ။ ဒီတော့ ကျွန်တော်က ဆရာတော်ကြီးကို -

"ဆရာတော်ဘုရား၊ တပည့်တော်တော့ ကြောက်လာပြီ"

လို့ မပွင့်တပွင့် မရဲတရဲလေး လျှောက်တော့ -

"မပူပါနဲ့ကွာ။ ဌာပနာတိုက်ထဲမှာ တစ်တောင်လောက်ရှိတဲ့ မိုးကြိုးသွားထည့်ထားပါတယ်။ မင်းစိတ်ပူရင် ကျောက်ဖရုံသီး (၂) လုံး ဆွဲထားလိုက်"

လို့ အမိန့်ရှိခဲ့ပါတယ်။

**ဒါလေးဝတ်ထား**

တစ်ခါတုန်းက ဆရာတော်ကြီး ဘုရားပေါ်ရောက်လာပြီး အောက်ပြန်ဆင်းခါနီးမှာ -

"ရော့ - ဒါလေးဝတ်ထား"

ဆိုပြီး ပယင်းပုတီးလေးတစ်ကုံး ပေးခဲ့တယ်။

"တပည့်တော် ဘာမှမဖြစ်ပါဘူး ဘုရား"

လို့ ဆိုတော့ -

"ဝတ်ထားပါဆိုကွာ"

လို့ မိန့်ပြီး ပေးပစ်ခဲ့တယ်။

မကြာပါဘူးဗျာ၊ ကျောက်ရိုးပေါ်ကပြုတ်ကျတာ ပန်းရန်မီလိုက်လို့ တော်ပါသေးတယ်။

ဪ - အန္တရာယ်ရှိမှန်းသိလို့ ဆရာတော် ငါ့ကို ပယင်းပုတီးလေးပေးခဲ့တာပဲလို့ ကျွန်တော်သိလိုက်ရပါတယ်။ တစ်ခါတုန်းကလည်း အလုပ်သမားတစ်ယောက် (၁၈) ထပ်ကနေပြီး (၁၇) ထပ်ကို လိမ့်ကျတာ ဘာမှမဖြစ်ခဲ့ဘူးဗျာ။

**နဝကမ္မအလှူငွေတွေ**

တစ်ခါတုန်းက ဆရာတော်ကြီးက ဘယ်လိုအမိန့်ရှိသလဲဆိုတော့ -

"ပရိတ်ခွေ ဖွင့်ပေးပါကွယ်၊ သူတို့က ပရိတ်တရားနာချင်ကြတယ်" တဲ့။

ဒါနဲ့ ကျွန်တော်က ထွန်းမြင့်ကို ပြောတယ်။ မင်းအငှားလိုက်စရာရှိရင် သွား။ မရှိတဲ့အခါ ငါတို့ဆီလာပြီး ပရိတ်ခွေဖွင့်ကွယ်လို့ ပြောတယ်။ ထွန်းမြင့်လည်း ဆရာတော်ပေါင်းစုံ၊ ပရိတ်ပေါင်းစုံဖွင့်တယ်။ ပဋ္ဌာန်းတရားတွေလည်း ဖွင့်ပေးပါတယ်။

ထွန်းဇံက လူနောက်၊ လူကလည်း ဝဝဖိုင့်ဖိုင့်၊ သင်္ကန်းဝတ်နဲ့ဆိုတော့ ဆရာတော်ကြီးကိုက်ပေါက်နေတယ်။ ဘုရားဖူးတွေကလည်း 'ဆရာတော်ဘုရား၊ ဆရာတော်ဘုရား' ဆိုပြီး ကတ္တရာလမ်းပေါ်မှာ ထိုင်ကန်တော့ကြတယ်။

ထွန်းဇံကလည်း ဘုန်းကြီးသံပေါက်အောင် ဆုပေးတတ်တယ်။ သူ့ကို နဝကမ္မဝတ္ထုတွေ လှူလှူသွားကြတယ်။ ဒါနဲ့ နောက်တော့ ငွေဖလားကြီးတစ်လုံး ယူထားရတယ်။ ညနေကျရင် နဝကမ္မရတဲ့ငွေတွေကို ကျောင်းသွားပြီးအပ်တယ်။

**အမြင့်တင်တာ ခုန်ချတဲ့ကောင်တွေ**

ကျွန်တော်တို့ သင်္ကန်းဝတ်နဲ့ အလုပ်လုပ်ရတာ တစ်ဝါတွင်းကျော်သွားတယ်။ ကျွန်တော်တို့က လူထွက်ချင်ကြပြီး လူထွက်ချင်ကြောင်း စကားစလိုက်ရင် ဆရာတော်ကြီးက ကျွန်တော်တို့ကို စကားမပြောတော့ဘူး။

"တပည့်တော်တို့ သင်္ကန်းတွေနဲ့ ငြမ်းတွေပေါ် တက်ရတော့ အဆင်မပြေပါဘူးဘုရား။ မိန်းကလေးတွေလည်းရှိတော့ မသင့်တော်ပါဘူး ဘုရား"

လို့ လျှောက်တော့ -

"မင်းဟာမင်း နေတတ်ရင် မင်းဘာသာလုံခြုံတာပဲ"

လို့ ဆရာတော်ကြီးက မိန့်ပါတယ်။

ဒါနဲ့ မတတ်သာတဲ့အဆုံးမှာ ကျွန်တော်တို့ (၃) ယောက်ဟာ လူထွက်စကားမပြောတော့ဘဲ ပုဆိုး၊ အင်္ကျီတစ်စုံစီယူသွားပြီး -

"တပည့်တော်တို့ သိက္ခာချပါတော့မယ် ဘုရားလို့"

တဲ့တိုးကြီးလျှောက်တယ်။

"ငါကကောင်းစေချင်လို့ အမြင့်တင်တာ ခုန်ချတဲ့ကောင်တွေ။ သွား သိက္ခာချကြ"

လို့ မိန့်လိုက်တဲ့အတွက် ကျွန်တော်တို့ (၃) ယောက် သိက္ခာချပြီး လူဝတ်လဲခွင့်ရခဲ့ကြပါတယ်။

❑

ဦးအောင်သန်းထွန်းဟာ ရုပ်တော်မူဘုရားကြီးကို နောက်ဆုံးအပြီးသတ်ခဲ့ရတဲ့ ဒီဇိုင်းအင်ဂျင်နီယာတစ်ဦး ဖြစ်ပါတယ်။ ဦးအောင်သန်းထွန်းမတိုင်မီ ရုပ်တော်မူဘုရားကြီးကို တာဝန်ခံ ကြီးကြပ် တည်ဆောက်ခဲ့ရတဲ့ ပထမဆုံး အင်ဂျင်နီယာက ဦးဝင်းသိန်း ဖြစ်ပါတယ်။ ဒေသခံပညာရှင်တွေနဲ့ ခေတ်မီစက်ယန္တရားတွေမပါဘဲ အာစီစနစ်ကို သုံးပြီးဆောက်ခဲ့လို့ (၉)ထပ်အရောက်မှာ Steel Structure စနစ် ပြောင်းပြီး (၁၀) ထပ်မှ (၁၅) ထပ်အထိ ဦးဝင်းသိန်းက ကြီးကြပ်တည်ဆောက်ခဲ့ပါတယ်။ (၁၆) ထပ်က (၂၇) ထပ်အထိကိုတော့ တရုတ်အင်ဂျင်နီယာမစ္စတာစွန်ကုန်းက ကြီးကြပ် တည်ဆောက်ခဲ့ပါတယ်။ ဦးခေါင်းတော်နဲ့ မျက်နှာတော်ကို ပုံဖော်တည်ဆောက်တာနဲ့ အသေးစိတ် မွမ်းမံတန်ဆာဆင်ရတဲ့ အပြီးသတ် လုပ်ငန်းအမျိုးမျိုးတွေကို ဦးအောင်သန်းထွန်းက တာဝန်ယူ ဆောင်ရွက်ခဲ့ပါတယ်။

ဦးအောင်သန်းထွန်းနဲ့အတူ သံချည်သံကွေးပညာရှင်၊ ရုပ်ပွားပညာရှင်၊ ပန်းရန်ပညာရှင်၊ လက်သမားပညာရှင်၊ ဖိုင်ဘာပညာရှင်၊ ပန်းတဉ်းပညာရှင်စတဲ့ ပညာရှင်တွေဟာ ရုပ်တော်မူဘုရားကြီး အောင်မြင်စွာ ပြီးဆုံးနိုင်ဖို့အတွက် ဝိုင်းဝန်း ကြိုးပမ်းခဲ့ကြပါတယ်။

*(ဆက်ရန်)*

**သုတေသူ**



www.burmeseclassic.com

www.burmeseclassic.com

# ကိုးသောင်းပုထိုးတော်ကြီး

## မောင်ကျော်ဇော

ကာလကြာမြင့်စွာ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သော ကိုးသောင်းပုထိုးတော်ကြီးကို ၁၉၉၇ ခုနှစ်က စတင်တူးဖော်ပါသည်။ ဤပုထိုးတော်သည် မြောက်ဦးမြို့တွင် ဉာဏ်တော်အကြီးမားဆုံး ဖြစ်ပါသည်။ ဤပုထိုးတော်၏ ဒါယကာမှာ ဘုရင်မင်းတိက္ခာ ဖြစ်ပါသည်။ ဤမင်းသည် ရခိုင်သမိုင်းတွင် အထူးထင်ရှားလှသော ဘုရင်မင်းဘင်၏ သားတော်ဖြစ်ပြီး ရခိုင်ပြည်နယ်တွင် ခရစ်နှစ် ၁၅၅၃ ခုနှစ်မှ ၁၅၅၆ ခုနှစ်အထိ စိုးစံခဲ့ပါသည်။

ကိုးသောင်းပုထိုးတော်ကြီးသည် မြောက်ဦးမြို့ နန်းတော်ကုန်း၏ အရှေ့မြောက်ဘက် အပြင်မြို့ရိုးနှင့် ခံတပ်တို့အနီးတွင် တည်ရှိပါသည်။ ဤပုထိုးတော်ကို တည်ထားသော နေရာသည် မြေပျော့ပိုင်းဖြစ်သဖြင့် နောင်တွင် ပုထိုးတော်၏ အောက်ခြေပိုင်းတစ်ခုလုံး ကျွံကျပြီး ပုထိုးတော်လည်း ပြိုကျပျက်စီးသွားခဲ့ရပါသည်။


ပုထိုးတော်သည် လေးထောင့်စတုရန်းပုံဖြစ်ပြီး အနားတစ်ဖက်စီ (၇၇) မီတာခန့်ရှိပါသည်။ အုတ်ချပ်များကို သဲကျောက်တုံးများနှင့် မျက်နှာချင်းဆိုင်ပူးကပ်ထားသည့်နည်းဖြင့် ပုထိုးတော်ကို တည်ဆောက်ထားပါသည်။ ဤသဲကျောက်တုံးများကို ကုလားတန်မြစ်ညာပိုင်း ကမ်းရိုးတန်းမှရရှိပါသည်။ မြောက်ဦးမြို့ရှိ အားလုံးသော စေတီပုထိုးတို့နည်းတူ ဤပုထိုးတော်သည်လည်း အရှေ့ဘက်သို့ပင် မျက်နှာမူလျက်ရှိနေပါသည်။ ပုထိုးတော်၏ အလယ်ဗဟိုရှိ ဆင်းတုတော်ကိုလည်း အရှေ့ဘက်သို့ မျက်နှာမူလျက် တည်ထားပါသည်။ ပုံ (၁) ကို ရှုပါ။

ပုထိုးတော်ကြီး၏ အပြင်ဘက်မျက်နှာပြင်ကို ပစ္စယာ (၅) ဆင့်ဖြင့် ဖွဲ့စည်းထားပြီး ပစ္စယာတစ်ဆင့်စီတွင် ကျောက်စေတီငယ် (စတူပါ) များကို စီတန်းလျက်တည်ထားပါသည်။ ပစ္စယာများရှိ စေတီငယ် အားလုံးပေါင်းသည် (၁၀၈) ဆူ ဖြစ်ပါသည်။ ပုံ (၂) ကို ရှုပါ။

ပုထိုးတော်ကြီး၏ အလယ်ဗဟိုရှိ ဆင်းတုတော်ကို ဖူးမြော်လိုပါက အရှေ့ဘက်မျက်နှာရှိ လှေကားနှစ်ဆင့်ဖြင့် တက်ရောက်သွားရမည် ဖြစ်ပါသည်။ ပထမအဆင့်လှေကားမှတက်သွားလျှင် ရင်ပြင်ကျယ်ကြီးတစ်ခုသို့ ရောက်ရှိပါမည်။ ဤရင်ပြင်တွင် ပုထိုးတော်ကို ပတ်



ပုံ (၂) ပစ္စယာများရှိ စေတီငယ်များ ဖွဲ့စည်းထားပုံ



ပုံ (၁) ကိုးသောင်းပုထိုးတော်ကြီး လက်ရှိပြန်လည်ပြုပြင်ထားပုံ



www.burmeseclassic.com

www.burmeseclassic.com


ရံထားသော လိုဏ်ပတ်လမ်းတစ်ခု ရှိပါသည်။ အပြင်လိုဏ်ပတ်လမ်းဖြစ်သည်။ ဤကိုးသောင်းပုထိုးတော်ရှိ လိုဏ်ပတ်လမ်းများသည် ရှစ်သောင်းပုထိုးတော်မှ လိုဏ်ပတ်လမ်းများနှင့် သဏ္ဍာန်တူညီပါသည်။ လိုဏ်ပတ်လမ်းများတစ်လျှောက်ကို မူလက သပ်စီပေါင်းဖြင့် မိုးထားခဲ့ပါလိမ့်မည်။ ယခု ကြွင်းကျန်ရစ်သော အပျက်အစီးအပိုင်းအစများကို လေ့လာကြည့်ခြင်းဖြင့် ကိုးသောင်းပုထိုးတော်၏ တည်ဆောက်မှုနည်းပညာကို သိရှိနိုင်ပါသည်။ ဤအပြင်လိုဏ်ပတ်လမ်းနှင့် ဒုတိယအဆင့်ရင်ပြင်မှ အတွင်းလိုဏ်ပတ်လမ်းတို့ကို မြောက်ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်မျက်နှာများတွင် တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားရှိပါသည်။ ပုံ (၃) ကို ရှုပါ။

အရှေ့ဘက်မျက်နှာရှိ ဒုတိယအဆင့်လှေကားမှ တက်သွားလျှင် ဒုတိယရင်ပြင်တော်သို့ရောက်ရှိပါသည်။ ဤရင်ပြင်တွင် ကျောက်သားဖြင့် ထုဆစ်ထားသော ပင်မဆင်းတုတော်ကြီး ရှိသည်။ ဆင်းတုတော်ကြီးကို အပြောက်အမွမ်း၊ ပန်းတက်ပန်းခက်အဆင်အယင်များပါသော ပလ္လင်တော်ပေါ်တွင် တည်ထားခြင်း ဖြစ်ပါသည်။ ဤဆင်းတုတော်ကြီး၏ နောက်ဘက်တွင် ရှစ်မြှောင့်ပုံသဏ္ဍာန်စေတီ ရှိပါသည်။ ဤစေတီကို ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်မွေတော်များ ဌာပနာလျက် တည်ထားခြင်း ဖြစ်ပါသည်။ ပုံ (၄) ကို ရှုပါ။


အတွင်းလိုဏ်ပတ်လမ်းသည် ဤဒုတိယရင်ပြင်တွင် ရှိပါသည်။

စေတီ၊ ပုထိုးတစ်ဆူကို ဗုဒ္ဓဘာသာဝင်တို့ ဖူးမြော် ကြည်ညိုသည့်အခါတိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်ကို ဗဟိုပြုထားလျက် စေတီပုထိုးအား လက်ယာရစ် သုံးပတ်ပတ်၍ ပူဇော်လေ့ရှိကြပါသည်။ ဤထုံးစလေ့ကို ကိုးသောင်းပုထိုးတော်၌ကျင့်သုံးနိုင်စေရန်အတွက် အပြင်နှင့် အတွင်းလိုဏ်ပတ်လမ်းတို့ဖြင့် ပတ်ရံလျက် ဗုဒ္ဓရုပ်ပွားတော်ကို အထက်ရင်ပြင်၏ဗဟိုပြုထား၍ တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

အပြင်လိုဏ်ပတ်လမ်းတစ်လျှောက် ဝဲ လက်ယာနံရံများတွင် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်များကို ရုပ်ကြွနှင့် ရုပ်လုံးများအဖြစ် ခင်းကျင်း ထားရှိ ပူဇော်ထားပါသည်။ ရုပ်ပွားတော်များမှာ ဘယ် [illegible]ပေါ်တွင် ညာခြေတင်၍ ခြေယှက် [illegible]တော်မူဟန် ဘူမိဖဿမုဒြာများ ဖြစ်



ပုံ (၃) ကိုးသောင်းပုထိုးတော်အပြင်လိုဏ်ပတ်လမ်း



ပုံ (၄) ဒုတိယရင်ပြင်ရှိ ပင်မဆင်းတုတော်
(နောက်ဘက်တွင် စေတီတော်ကိုမပြုပြင်မီ အခြေအနေဖြင့် ဖူးတွေ့နိုင်သည်)




ပုံ (၅) အပြင်လိုဏ်ပတ်လမ်း၏အတွင်းဘက်မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၆) အပြင်လိုဏ်ပတ်လမ်းနံရံမှ ဗုဒ္ဓရုပ်ကြွများ



ပုံ (၇) အတွင်းလိုဏ်ပတ်လမ်း



ပုံ (၈) အပြင်လိုဏ်ပတ်လမ်းနံရံ

ကြပါသည်။ ဤကိုးသောင်းပုထိုးတော်၌ ဗုဒ္ဓရုပ်ပွားတော်များအား ခင်းကျင်းထားရှိသည့် အစီအစဉ်မှာ ဉာဏ်တော်အကြီးဖြစ်စေ၊ အသေးဖြစ်စေ၊ ရုပ်လုံးဖြစ်စေ၊ ရုပ်ကြွဖြစ်စေ အားလုံးကို (၉) ဂဏန်းနှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်ထားပါသည်။

ဥပမာအားဖြင့် ယခုလောလောဆယ် တူးဖော်ပြီးစီးထားသော အပြင်လိုဏ်ပတ်လမ်း၏ အခန်း(ခွင်)တစ်ခုတည်း၌ပင်လျှင် ဉာဏ်တော်သက်ရှိအရွယ်အစားအတိုင်းရှိသော ရုပ်ပွားတော်ကိုးဆူ ရှိနေပါသည်။ အထက်၊အောက်ကားပြီး ခါးသိမ်သော ပလ္လင်တော်အသီးသီးပေါ်တွင် ဤရုပ်ပွားတော်များ စံပယ်နေကြပါသည်။ ဒေါင်လိုက်အနေအထားဖြင့် သုံးပိုင်း၊ အလျားလိုက်အနေအထားဖြင့် သုံးပိုင်း ခွဲခြားစီစဉ်ထားပြီး တစ်ပိုင်းစီတွင် ဆင်းတုတစ်ဆူစီရှိနေသဖြင့် စုစုပေါင်းကိုးဆူဖြစ်ပါသည်။ ပုံ (၅) ကိုရှုပါ။

ဤရုပ်ပွားတော်များ၏ နောက်ဘက်တွင် မုခ်ကပ်များအဆင့်ဆင့်ရှိပြီး မုခ်ကပ်တစ်ခုစီတွင် ရုပ်ပွားတော်အငယ်တစ်ဆူစီ ရှိကြပါသည်။ ဤဉာဏ်တော်အငယ် ရုပ်ပွားတော်များကိုလည်း (၉) ဂဏန်းနှင့် ကိုက်ညီအောင် အုပ်စုဖွဲ့ စီစဉ်ထားခဲ့လိမ့်မည်မှာ သေချာနေပါသည်။ ရုပ်ပွားတော်နှစ်ဆူကြားရှိ နံရံတွင် လေးထောင့်အကွက်ကလေးများ ဖန်တီးထားပြီး အကွက်လေးတစ်ကွက်စီတွင် ထိုင်တော်မူ ဗုဒ္ဓရုပ်ကြွတစ်ဆူစီ ရှိပါသည်။ အပိုင်းတစ်ပိုင်းစီတွင် တစ်တန်းလျှင် ရုပ်ကြွ(၅)ဆူဖြင့် အတန်း(၉)တန်းရှိပါသည်။ စုစုပေါင်း (၄၅) ဆူ ဖြစ်ပါသည်။ (၄+၅) = (၉) ဂဏန်းပင် ဖြစ်ပါသည်။

အတွင်းလိုဏ်ပတ်လမ်းမှာ အပြင်လိုဏ်ပတ်လမ်းနှင့် ဖွဲ့စည်းပုံချင်း မတူပါ။ အတွင်းလိုဏ်ပတ်လမ်း၏ လက်ဝဲ၊ လက်ယာနံရံများတွင် ပစ္စယာသုံးဆင့်စီရှိပြီး အဆင့်တိုင်းတွင် ဉာဏ်တော်အသေး ဗုဒ္ဓရုပ်ပွားတော် အရေအတွက်များစွာ စီလျက်ထားရှိပါသည်။ ဤရုပ်ပွားတော်များ၏ အရေအတွက်သည်လည်း မူလက (၉) ဂဏန်းနှင့် ဆက်စပ်နေခဲ့လိမ့်မည်ဟု ယုံကြည်ရပါသည်။ ပုံ (၇) ကို ရှုပါ။

ဤကိုးသောင်းပုထိုးတော်ထက်ရှေးကျသော မြောက်ဦးမြို့ရှိ အခြားစေတီပုထိုးများမှ ဗုဒ္ဓရုပ်ပွားတော်များမှာ အနုပညာလက်ရာအရ ပိုမို သေသပ်ချောမွေ့ပါသည်။ ဤအတွင်းလိုဏ်ပတ်



www.burmeseclassic.com


www.burmeseclassic.com



ဒွါရပါလ(တံခါးစောင့်)အရုပ်များ



ပုံ (၁၁) သီရိလင်္ကာလက်ရာကြေးဆင်းတု



ပုံ (၁၀) မူလတွေ့ရှိရသော စေတီပါငယ်

လမ်းမှ ရုပ်ပွားတော်များမှာ လက်ရာကြမ်းပါသည်။ပုထိုးတော်ကြီးကို အလျင်စလို တည်ဆောက်ခဲ့ရသဖြင့် ရုပ်ပွားတော်များကို သာမန်မျှလောက်ဖြင့် အပြီးထားခဲ့ရဟန်ရှိပါသည်။ ရာဇဝင်များ၏ အဆိုအရ ပုထိုးတော်ကို ခြောက်လအတွင်း အပြီးတည်ဆောက်ခဲ့ရသည် ဆိုသော်လည်း အနည်းငယ်ချဲ့ကားပြောဆိုပုံတော့ ရပါသည်။ ဗုဒ္ဓရုပ်ပွားတော်များမှာ လက်ရာအားဖြင့် မြောက်ဦး အလယ်ခေတ်ဟန် ဖြစ်ပါသည်။

ရုပ်ပွားတော်များ၏ ကိုယ်ခန္ဓာမှာ တုတ်ခိုင်ပါသည်။ ပခုံးကျယ်ပြီး ရင်အုပ်တော်မောက်ဖြိုးပါသည်။ ထင်ရှားသော နို့သီးတော်များရှိပါသည်။ ဦးခေါင်းတော်များ အရွယ်အစားကြီးမားပြီး အရှေ့သို့ အနည်းငယ် ငိုက်ထားဟန် ရှိပါသည်။ မျက်နှာတော်အမူအရာ တည်ငြိမ်ပြီး ခံစားချက်တစ်စုံတစ်ရာကို မဖော်ပြပါ။ မျက်ခုံးတော်နှစ်ဖက်ဆက်လျက်ရှိသည်။ မျက်လွှာတော်ကို မျက်လုံး၏ ထက်ဝက်ချထားပြီး နှုတ်ခမ်းတော်များ ပြည့်ဖြိုးပါသည်။ နားသီးတော်များ ရှည်လျားပြီး ပခုံးတော်သို့ ထိလုနီးပါး ရှိနေကြပါသည်။

ဆင်းတုတော်များ၏ ဆံပင်တော်များဖွဲ့စည်းပုံမှာ တစ်ဆူနှင့်တစ်ဆူ မတူကြပါ။ ထိပ်ထက်မှ ဆံစုတော်တချို့မှာ အဝိုင်းပုံဖြစ်ပြီး တချို့မှာ လေးထောင့်ပုံ ဖြစ်ပါသည်။ သင်္ကန်းတော်များ ပါးလွှာပါသည်။ (ကြာသင်္ကန်း ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

အနားသတ်များ မပြတ်သားပါ။ လက်ယာဘက် ပခုံးတော်ပေါ်တွင် သင်္ကန်းရုံထားပြီး ဘယ်ဘက်ပခုံးတော်မှာ ဟင်းလင်း ဖြစ်ပါသည်။

ဤမျှများပြားသော ဆင်းတုတော်များကို ထုလုပ်ဖို့အတွက် ပန်းပုပညာရှင်၊ ကျောက်ဆစ်ပညာရှင်များစွာ လိုအပ်ခဲ့ပါလိမ့်မည်။ ပညာရှင်အရေအတွက် များပြားသောကြောင့် လက်ရာများလည်း အမျိုးမျိုးအထွေထွေ ဖြစ်နေပါသည်။ ဆင်းတုတော်တချို့မှာမူ အင်မတန်မှ လက်ရာမြောက်လှပါသည်။

ဇဟိုရှိ ရုပ်ပွားတော်မှာ အခြားသော ရုပ်ပွားတော်များထက် အနုပညာလက်ရာ အလွန်ကောင်းမွန်ပါသည်။ ညာဏ်တော်မှာ သက်ရှိလူသားအရွယ်ထက် အတန်ငယ်မျှ ကြီးပါသည်။ ခါးသိမ်သော ပလ္လင်အဝိုင်းပေါ်တွင် စံပယ်တော်မူနေပါသည်။ ပလ္လင်၏ အောက်ဘက်ပိုင်းကို တိရစ္ဆာန်ရုပ်များ၊ အစောင့်နတ်ဘီလူးရုပ်များဖြင့် တန်ဆာဆင်ထားပါသည်။ ရုပ်ပွားတော်ကို မူလ ကသစ်စေးသရိုးကိုင်ပြီး ရွှေချထားခဲ့ဟန် ရှိပါသည်။

ကိုးသောင်းပုထိုးတော်ကို တူးဖော်ရာတွင် ဗုဒ္ဓဆင်းတုတော်များ မဟုတ်သော အခြားအရုပ်များကိုလည်း တွေ့ရှိရပါသည်။ လိုဏ်ပတ်လမ်း၏အချို့သော ကန့်လန့်ဖြတ်နေရာများတွင် ဒွါရပါလ (တံခါးစောင့်) အရုပ်အမျိုးမျိုးကို မြင်တွေ့ရပါသည်။ အဝင်ဝ၏ တစ်ဖက်တစ်ချက် နံရံပေါ်တွင် တစ်ရုပ်စီရှိနေကြပါသည်။ သက်ရှိလူသား၏ အရွယ်အစားခန့်ရှိပြီး စစ်သည်တော်များအသွင် ဝတ်စားထားပါသည်။ တချို့က ဒိုင်း၊ လှံများနှင့် တချို့မှာ ခရုသင်းကိုကိုင်ဆောင်ထားပါသည်။ခရုသင်းကို ဘုရင့်ဘိသိက်အခမ်းအနား၊ ဘာသာရေးအခမ်းအနား စီတန်းလှည့်လည်ပွဲများတို့တွင် မှုတ်ရန် အသုံးပြုပါသည်။ အပြင်လိုဏ်ပတ်လမ်းတွင် တွေ့ရသော ဒွါရပါလရုပ်များမှာ ခက်ထန်သောရုပ်သွင်ကို ဆောင်သည်။ မကောင်းဆိုးရွား နတ်မိစ္ဆာတို့အား ခြောက်လှန့် မောင်းထုတ်ပစ်ရန် ရည်ရွယ်ထားရှိခြင်း ဖြစ်ပါသည်။

ထူးခြားသောအရုပ်များလည်း ရှိပါသည်။ ဂင်တိုတို၊ ခေါင်းကြီးကြီးဖြင့် ဆောင့်ကြောင့်ထိုင်နေဟန်ဖြင့် ဖြစ်ပါသည်။ ဒူးနှစ်ဖက်နှင့် တံတောင်ဆစ်တို့ကို အပြင်သို့ ကားထုတ်ထားပါသည်။ အစောင့်နတ်ဘီလူးရုပ်များဖြစ်ပြီး ပုထိုးတော်၌ မကောင်းမိစ္ဆာများ မတွယ်မကပ်နိုင်အောင် စောင့်ရှောက်ကာကွယ်ပေးရသူများ ဖြစ်ပါသည်။ လက်ဝါးနှစ်ဖက်ကို ပူးယှက်လျက် ရှိခိုးနေဟန် အရုပ်များကိုလည်း တွေ့ရပါသည်။ ဝတ်စားထားသော အဆင်အယင်များကို ကြည့်လျှင် ရွှေနန်းတော်အသိုင်းအဝိုင်း (သို့) သူကောင်းမျိုးများကို နမူနာယူ၍ ထုဆစ်ထားခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

ပစ္စယာအဆင့်ဆင့်ရှိ ရင်ပြင်များကို ကြွေရည် (စဥ့်ရည်)သုတ် ကျောက်ပြားများ အပြည့်ခင်းထားပါသည်။ဘုရင်မင်းဘင် ဘင်္ဂလားကို သိမ်းပိုက်အောင်နိုင်ပြီးနောက်ပိုင်းတွင် စေတီပုထိုးများ၌ ဤအစဥ့်အလာ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ပုထိုးတော်ကြီး၏ အတွင်းပိုင်းကို မူလက အုတ်ကြွပ်ပြားများမိုးပြီး ဤအုတ်ကြွပ်ပြားများ၏အလေးကို ကြီးမားသော သစ်သားတိုင်လုံးများဖြင့် ထောက်ကန်ထားခဲ့ပါသည်။ ဤတိုင်လုံးကြီးများဆွေးမြည့်သွားပြီးနောက် ကျန်ရစ်ခဲ့သောတိုင်တွင်းများကို ပစ္စယာတို့၏ အပြင်ထောင့်များ၌ လည်းကောင်း၊ အဝင်လှေကား၏ တစ်ဖက်တစ်ချက်၌ လည်းကောင်း မြင်တွေ့ရပါသည်။ ရခိုင်ဘုရင့်နန်းတော်၌ တိုင်လုံးကြီးများကို ရွှေချထားသည်ဟု ပေါ်တူဂီဘုန်းတော်ကြီး မန်နရိတ်၏ ဖော်ပြချက်အရ ဆိုလျှင် ဤပုထိုးတော်ရှိ တိုင်လုံးများကိုလည်း ရွှေချထားခဲ့လိမ့်မည်ဖြစ်ကြောင်း မှန်းဆနိုင်ပါသည်။ တူးဖော်စဥ်က ရင်ပြင်ပေါ်တွင် တွေ့ရှိရသော အကျိုးအပဲ့ပေါင်းများစွာတို့အထဲတွင် ဤအုတ်ကြွပ်အမိုးပြားအပိုင်းအစ ထောင်ပေါင်းများစွာကိုလည်း တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်တွင် ဤကဲ့သို့ အုတ်ကြွပ်ပြားမိုးထားသောအခြားဘုရားပုထိုးများ မရှိပါ။

အုတ်ကြွပ်အမိုးပြားများကို သီရိလင်္ကာတွင် ပိုမို ရှေးကျစွာ တွေ့ရှိရပါသည်။ ထို့နောက် ပုဂံနှင့် ဆူခိုထိုင်းတွင် တွေ့ရပါသည်။ ပုထိုးတော်ကြီး၏ခေါင်မိုးသည် မည်သည့်ပုံသဏ္ဌာန်ဖြင့် ရှိခဲ့ကြောင်းကို လက်ရှိမြင်တွေ့နေရသော အထောက်အထားမျှဖြင့် မဆုံးဖြတ်သာပါ။ ပစ္စယာများပေါ်ရှိ စတူပါငယ်များကို ကြည့်၍ ဤပုထိုးတော်ကြီးတစ်ခုလုံး၏ သဏ္ဌာန်ကို မှန်းဆနိုင်ပါသည်။ (ပုံ-၁၀ ကိုရှုပါ) သီရိလင်္ကာနိုင်ငံရှိ ထူပါရာမနှင့် တခြားသော ပုထိုးတော်တို့တွင် ဒါဂဗ္ဘာ/စတူပါပေါ်မှ ခေါင်မိုး၏ အလေးချိန်ကို ဤသို့သောတိုင်လုံးကြီးများဖြင့် ထောက်ခံထားကြောင်း ပါရာဏဝိတာနက ဖော်ပြပါသည်။ ယခုကိုးသောင်းပုထိုးတော်တွင် သီရိလင်္ကာမှ အတုယူ၍ ဤသို့ အုတ်ကြွပ်ပြားခေါင်မိုး တည်ဆောက်ခဲ့ဟန်ရှိပါသည်။

*မှတ်ချက်။ ။ စာအုပ်ပြုစုသူ ဒေါက်တာပင်မလာဂတ်တမင်၏ အယူအဆ ဖြစ်ပါသည်။ မြောက်ဦးမြို့ရှိ နန်းတော်ကုန်းနှင့် မြောက်ဘက်ရှိ ဆွမ်းစားကုန်းတို့၌ အုတ်ကြွပ်ပြားများ မိုးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်၌ အုတ်ကြွပ်အမိုးပြားများကို ဝေသာလီခေတ်ကတည်းကပင် ကိုယ်တိုင်ထုတ်လုပ် အသုံးပြုခဲ့ကြပြီဖြစ်ကြောင်း ဒေသခံ ပညာရှင်များက ထောက်ပြ ပြောဆိုကြပါသည်။*

*ဘာသာပြန်သူ*

ကျောက်သားနှင့် မြေသားမီးဖုတ်ဆီမီးခွက်ရာပေါင်းများစွာတို့လည်း ပုထိုးတော်ကို တူးဖော်စဥ်က ပေါ်ထွက်လာပါသေးသည်။ ဗုဒ္ဓဆင်းတုတော်များအား လူပုဂ္ဂိုလ်တစ်ဦးချင်းက ဆီမီးပူဇော်ရန်အတွက် (သို့) ဘာသာရေးအခမ်းအနားများအတွက် အသုံးပြုရန် ထားရှိခဲ့ခြင်း ဖြစ်ပါသည်။

အုတ်ခွက်ဘုရား အနည်းငယ်ကိုလည်း တူးဖော် တွေ့ရှိရပါသည်။ အုတ်ခွက်ဘုရားများမှာ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်အား အလယ်၌ ထားရှိပြီး အမွှမ်းအမံများဖြင့် အနားသားတစ်ဝိုက်ဝန်းရံထားပုံမျိုး ဖြစ်ပါသည်။ ကြေးဆင်းတုငယ်အများအပြားကိုလည်း တွေ့ရှိရပြီး ယင်းတို့အနက် စိတ်ဝင်စားစရာကောင်းသည်မှာ ရပ်တော်မူ ဗုဒ္ဓဆင်းတုတော်တစ်ဆူ ဖြစ်ပါသည်။ (ပုံ-၁၁ရှုပါ) ဤရပ်တော်မူ ဆင်းတုသည် သီရိလင်္ကာလက်ရာ ဖြစ်ပါသည်။ ၁၆ ရာစုအတွင်းက သီရိလင်္ကာနှင့် ရခိုင်ပြည်နယ်တို့အကြား ဘာသာရေးအရ ဆက်သွယ်မှုရှိခဲ့ကြောင်း နောက်ထပ် အထောက်အထားတစ်ခု ဖြစ်ပါသည်။

မောင်ကျော်ဇော

**ရည်ညွှန်းချက် -**

*ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ ဒေါက်တာပင်မလာဂတ်တမင် ပြုစုသော Burma's Lost Kingdoms (2001)*



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်သော ဓာတ်ပုံတစ်ပုံ

စနေထွန်း(မြစ်သား)

စာရေးသူအနေနဲ့ မဂ္ဂဇင်းအချို့မှာ ဖတ်ခဲ့ရဖူးတာတွေရှိပါတယ်။ အထူးသဖြင့် ဂမ္ဘီရဆန်တဲ့မဂ္ဂဇင်းတွေမှာပါ။ ဘုန်းတန်ခိုးကြီးတဲ့ ဆရာတော်ကြီးအချို့ကို မှတ်တမ်းဓာတ်ပုံရိုက်တဲ့အခါ အခြားအခြားသော ဖလင်ကွက်တွေအနေနဲ့ ရိုက်သမျှပုံတွေမှာ ထင်ပေမယ့် ဆရာတော်ကြီးနဲ့ ပတ်သက်ပြီး ရိုက်တဲ့ပုံအချို့ဟာ ဖလင်ပေါ်မှာ လုံးဝမထင်တာမျိုးတွေပါ။

နောက်ပြီးတော့ ရှိပါသေးတယ်။ ဓာတ်ပုံရိုက်တုန်းက သာမန်ရိုးရိုးရိုက်စဉ်အတိုင်း မှတ်တမ်းတင်အနေနဲ့ ရိုက်တာပါ။ ဒါပေမယ့် ဓာတ်ပုံအဖြစ်ပေါ်ထွက်လာတဲ့အခါမှာ ကိုယ်ရိုက်စဉ်ကလုံးဝမရှိခဲ့တဲ့ အရာဝတ္ထုတချို့က ဓာတ်ပုံထဲမှာ ထင်မှတ်ဘဲ ပေါ်နေတာမျိုးပါ။

တကယ်တော့ ဒါတွေက ဓာတ်ပုံနဲ့ပတ်သက်ပြီး တွေ့ရှိသိမြင်လာရတဲ့ ဂမ္ဘီရဆန်တဲ့ အဖြစ်မျိုးတွေပါ။ ဒီလို ဓာတ်ပုံနဲ့ပတ်သက်ပြီး ဂမ္ဘီရဆန်တဲ့ ဓာတ်ပုံတစ်ပုံကို စာရေးသူအနေနဲ့ ကိုယ်တွေ့ကြုံခဲ့မြင်ခဲ့ရတာလေးတစ်ခုရှိခဲ့ဖူးပါတယ်။

မှတ်မှတ်ရရပြောရရင်တော့ စာရေးသူတို့ရဲ့ စာပေမိတ်ဆွေ ဖြစ်တဲ့ ပြန်/ဆက်ဦးစီးဌာနက ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ကျော့မြတ်ခိုင်ရဲ့ သားလေးမွေးနေ့တုန်းကပါ။ မွေးနေ့ပွဲကို စာရေးသူ အပါအဝင် ဆရာပြား (တမ္ဗဝတီ - ကိုရင်ပြား) နဲ့ ဆရာတင်ထွန်း (တင်ထွန်းလှိုင် - မြစ်သား) တို့ သုံးဦးသွားရောက်ခဲ့တာပါ။

စာရေးသူတို့ရောက်တဲ့အချိန်မှာ မွေးနေ့ပွဲကိုလာကြတဲ့ ပရိသတ်က တော်တော်လေးကို စုံစုံလင်လင်ရောက်နေကြတာကို တွေ့ရပါတယ်။ စာရေးသူတို့ သုံးဦးက လွတ်နေတဲ့ စားပွဲဝိုင်းတစ်ခုမှာ ဝင်ထိုင်နေကြတုန်းမှာပဲ ဒေါ်ကျော့မြတ်ခိုင်က မွေးနေ့ရှင် သားအငယ်ကို ပွေ့ချီထားရင်းနဲ့ စာရေးသူတို့တို့ကို လာပြီးနှုတ်ဆက်ပါတယ်။

စာရေးသူတို့ ကြာဇံဟင်းခါး သုံးဆောင်နေကြတုန်းမှာပဲ သူလည်း တစ်ခါထဲ ဝင်စားဦးမယ်ဆိုပြီး စာရေးသူတို့နဲ့ တစ်ဝိုင်းတည်းဝင်ထိုင်ရင်း စားပါတယ်။ အဲဒီအချိန်မှာ မွေးနေ့ပွဲကို လာရောက်ကြတဲ့ ဧည့်ပရိသတ်တွေကို ဓာတ်ပုံဆရာက တဖျပ်ဖျပ်နဲ့ ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်နေပါတယ်။ စာရေးသူတို့အနေနဲ့ မွေးနေ့ရှင် ကလေးအတွက် အမှတ်တရလက်ဆောင်လေးတွေပေးပြီးတာနဲ့ ဒေါ်ကျော့မြတ်ခိုင်ကို နှုတ်ဆက်ပြီး မွေးနေ့ပွဲကနေ ပြန်ထွက်ခဲ့ကြပါတယ်။

မွေးနေ့ပွဲအပြီး နောက် (၂) ရက်လောက်အကြာမှာ စာရေးသူနဲ့ ညီမတစ်ဝမ်းကွဲက စာရေးသူရဲ့ ဈေးဆိုင်ကိုလာရင်း သူယူလာတဲ့ဓာတ်ပုံတစ်ပုံကို ပြပါတယ်။ ဓာတ်ပုံက ဒေါ်ကျော့မြတ်ခိုင်ရဲ့သားမွေးနေ့တုန်းက အမှတ်တရ ရိုက်



ဓာတ်ပုံထဲတွင် မြင်နေရသော လူပုံသဏ္ဌာန်မြူမြူချစ်ထုံး (၂) ခု



www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့ ဓာတ်ပုံပါ။ ဓာတ်ပုံမှာ မွေးနေ့ပွဲလာတဲ့ ပရိသတ်တွေ မွေးနေ့ရှင်က ညှော့ခံကျွေးမွေးတဲ့ ကြာဆံဟင်းခါးကို သုံးဆောင်နေကြတဲ့ပုံပါပဲ။ ဒါပေမယ့် ဓာတ်ပုံထဲမှာက ထူးခြားတဲ့အရာတွေပေါ်နေလို့ စာရေးသူကြည့်ရအောင်ဆိုပြီး တမင်တကာကို ယူလာပြီးပြတာလို့ဆိုပါတယ်။

မှန်ပါတယ်။ ဓာတ်ပုံထဲမှာသူပြောသလို တကယ်လည်း ထူးခြားနေတဲ့ပုံတွေကို စာရေးသူ မြင်တွေ့နေရပါတယ်။ ထူးခြားမှုကတော့ ကြာဆံဟင်းခါး သုံးဆောင်နေတဲ့ အမျိုးသမီးစားပွဲဝိုင်းတစ်ခုထက်မှာ လူတစ်ယောက် တင်ပျဉ်ခွေထိုင်နေသလို ဖြူဖြူအရိပ်တစ်ခုကို ထင်ထင်ရှားရှားကြီး တွေ့ရမြင်ရတာပါပဲ။

နောက်တစ်ခုထူးခြားတာကတော့ တီဗွီဖန်သားပြင်ထဲမှာ လူတစ်ယောက်ရပ်နေသလို ဖြူဖြူအရိပ်တစ်ခု ပေါ်လွင်နေတာပါပဲ။ စာရေးသူအမြင်ကတော့ ဒီဓာတ်ပုံဟာ သာမန်ထက်တော့ ထူးခြားနေတယ်ဆိုတာကို စိတ်ထဲက အလိုလိုသိလိုက်တာပါပဲ။ ဘာပဲပြောပြော ကံကောင်းရင် စာရေးသူအတွက် စာရေးစရာ ကုန်ကြမ်းတစ်ပုဒ်တော့ ရနိုင်တယ်ဆိုတဲ့အတွေးက စာရေးသူရဲ့ ခေါင်းထဲကို အပြေးအလွှား ဝင်လာပါတယ်။

နောက်တစ်နေ့မှာ ဒေါ်ကျော့မြတ်ခိုင်ရှိရာ ပြန်/ဆက်ဦးစီးရုံးကို သွားဖြစ်ခဲ့ပါတယ်။ ဒေါ်ကျော့မြတ်ခိုင်နဲ့ တွေ့တော့ ဓာတ်ပုံနဲ့ ပတ်သက်ပြီး ဘယ်လိုထင်မြင်ယူဆချက်ရှိလဲ ဆိုတာ သိရအောင် မေးဖြစ်ခဲ့ပါတယ်။

စာရေးသူရဲ့အမေးကို ဒေါ်ကျော့မြတ်ခိုင်က ရိုးရိုးလေးပဲပြန်ဖြေပါတယ်။



မန်ကျည်းပင်ဆိုထက်မှာ မြင်တွေ့ရသော ရက္ခစိုးစင်နှင့် သောက်တော်ရေအိုး ပန်းအိုး

"ကျွန်မလည်း ဓာတ်ပုံထဲမှာ မြင်လိုက်ရမှ အံ့ဩသွားတာကလွဲလို့ ဘာမှ မသိပါဘူး" တဲ့လေ။

စာရေးသူက မြစ်သားမှာမွေးခဲ့တဲ့သူဖြစ်လေတော့ မြစ်သားမြို့ရဲ့မြို့လယ်စာကြည့်တိုက်နဲ့ ပတ်သက်ပြီး တစ်စိတ်တစ်ပိုင်းလောက်ကတော့ မှတ်မိသိရှိနေတာမို့ ကိုယ်သိချင်တာလေးကို ဆက်စပ်ပြီး မေးကြည့်ဦးမှပဲလို့ တွေးလိုက်မိပါတယ်။

တကယ်တော့ ဒီစာကြည့်တိုက်အဆောက်အအုံက စာရေးသူတို့ ဘုန်းကြီးကျောင်းသားဘဝကတည်းက ဒီနေရာမှာ ရှိနေခဲ့တာပါ။ စာကြည့်တိုက်အဆောက်အအုံနှင့်အတူ စာကြည့်တိုက်ရှေ့က မန်ကျည်းပင်ကလည်း ဟိုစဉ်အခါတည်းက တစ်ချိန်တည်းရှိနေတဲ့ သက်ကြီးပင်ကြီးပါ။ စာရေးသူက အသက် (၇၀) ရှိနေပြီဆိုမှတော့ ဘုန်းကြီးကျောင်းသားအရွယ်ကတည်းက ရှိနေခဲ့တဲ့ ဒီအဆောက်အအုံနဲ့ ဒီသစ်ပင်ကြီးဟာ ဘာပဲပြောပြော ဒီမြို့အတွက်တော့ ရှေးဟောင်းအဆောက်အအုံတစ်ခုနဲ့ နှစ်ရှည်သက်ကြီးပင်တစ်ပင်လို့ ပြောမယ်ဆိုလည်း ပြောလို့ရနိုင်မှာ ဖြစ်ပါတယ်။

ဒီတော့ ဒီလို ရှေးဟောင်းအဆောက်အအုံနဲ့ သက်တမ်းရှည်သစ်ပင်ကြီးနဲ့ ပတ်သက်ပြီး ဂမ္ဘီရအမြင်နဲ့ ပြောရရင်တော့ ဒီလိုနေရာမျိုးတွေမှာ မြင်အပ်၊ မမြင်အပ်တဲ့ပုဂ္ဂိုလ်တွေ မှီခိုတွယ်ကပ်နေထိုင်တတ်တဲ့သဘောရှိတယ်ဆိုတာပါပဲ။ ဒီအကြောင်းနဲ့ ဆက်စပ်ပြီး ဒေါ်ကျော့မြတ်ခိုင်ကို မေးကြည့်မိပါတယ်။

"ကျွန်မအနေနဲ့ကတော့ ဒီမှာနေကတည်းက ထူးထူးခြားခြားရယ်လို့ ဘာမှ မတွေ့မမြင်ခဲ့တာအမှန်ပါဘဲ။ ဒါပေမယ့် အဆောက်အအုံရှေ့က မန်ကျည်းပင်ကြီးနဲ့ပတ်သက်ပြီးတော့ ကျွန်မရဲ့ ခင်ပွန်းက ကျွန်မကို သေသေချာချာ အလေးအနက်ထားပြီး မှာကြားခဲ့တဲ့ စကားတစ်ခွန်းတော့ရှိတယ်။ အဲဒါကတော့ ရှေ့က မန်ကျည်းပင်ကြီးမှာ စင်လေးရိုက်ပြီး ပန်းအိုးနဲ့ သောက်တော်ရေအိုးကိုတင်ဖို့၊ နေ့စဉ် ကိုယ့်စားဦးစားဖျားကို ဆွမ်းအဖြစ်နဲ့ မပြတ်အောင် တင်ပေးဖို့ရယ်၊ ပြီးတော့ အလှူအတန်းပြုတဲ့အခါတိုင်း ဒီမန်းကျည်းပင်မှာ မှီတွယ်နေတဲ့ပုဂ္ဂိုလ်ကိုမှန်းပြီး မေတ္တာပို့အမျှဝေဖို့ပါပဲ"

ဒေါ်ကျော့မြတ်ခိုင်ပြောတာနဲ့ စာ

www.burmeseclassic.com

www.burmeseclassic.com

ရေးသူရဲ့ မျက်လုံးအစုံက ရုံးအရှေ့ မန်ကျည်းပင်ကြီးရှိရာကို လှမ်းကြည့်လိုက်မိပါတယ်။ ဟုတ်ပါတယ်၊ ဒေါ်ကျော့မြတ်ခိုင်အနေနဲ့ သူ့ခင်ပွန်းမှာကြားခဲ့တဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာပြီး လုပ်ဆောင်ထားတာကို မြင်နေရပါတယ်။ ဒေါ်ကျော့မြတ်ခိုင်က ဆက်ပြောပါသေးတယ်။

"လေးလေးမြင်တဲ့အတိုင်းပဲလေ။ ကျွန်မခင်ပွန်း မှာတဲ့အတိုင်း လုပ်ထားတာ။ ဒီနေ့အထိ သောက်တော်ရေတို့၊ စားဦးစားဖျားဆွမ်းတို့ ကျွန်မ တင်ပေးထားတာ။ ပန်းဆိုလည်း အညှိုးမခံပါဘူး။ သုံးရက်တစ်ခါလောက် အသစ်လဲပေးဖြစ်တာပါပဲ။ မှတ်မှတ်ရရ ပြောရရင်တော့ တစ်နေ့က ဒီအပင်မှာ ဆွမ်းတင်ရင်းနဲ့ 'ဒီအပင်မှာနေတဲ့ ပုဂ္ဂိုလ်ရှိရင် နက်ဖြန်ခါ သားလေးမွေးနေ့ ဆွမ်းကပ်တဲ့အချိန်မှာ ကျွန်မတို့နဲ့ တရားနာရအောင် ကြွခဲ့ပါ' လို့တော့ ကျွန်မ နှုတ်ကနေဖိတ်လိုက်မိတာတော့ အမှန်ပါပဲ။


တိုက်ဆိုင်မှုလို့ပဲပြောရမလား ထူးခြားမှုကတော့ ရှိခဲ့တာ အမှန်ပါပဲ။ တီဗွီဖန်သားပြင်ထဲမှာပေါ်နေတဲ့ပုံနဲ့ ပတ်သက်ပြီး ဒေါ်ကျော့မြတ်ခိုင်ပြောခဲ့တာ ရှိပါသေးတယ်။

"အဲဒီနေ့က မွေးနေ့အတွက် ကလေးတွေကို ဆွမ်းကပ်တာရော လူပရိသတ်ကို ညစာခံကျွေးမွေးတာပါဆိုတော့ တီဗွီက ညကတည်းက ပိတ်ထားတာ။ တစ်နေ့ကုန်ခင်းလုံး တီဗွီကို ဖွင့်မထားဖြစ်ပါဘူး"တဲ့။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ဒါဟာလည်း သဘာဝလွန်ဖြစ်ရပ်တစ်မျိုးရယ်လို့ သတ်မှတ်မယ်ဆိုရင်လည်း ဖြစ်ကောင်းဖြစ်နိုင်လိမ့်မယ်လို့ ထင်မိပါတယ်။ စာအုပ်ထဲမှာ ဖတ်ခဲ့မှတ်ခဲ့ဖူးတာကတော့ ရုက္ခစိုးဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ...ကြယ်နဲ့ နေတတ်ကြတယ်လို့ ...တာမို့ ဒေါ်ကျော့မြတ်ခိုင်ရဲ့သား ...ပွဲ မှတ်တမ်းဓာတ်ပုံထဲက ဖြူဖြူ ...တွေဟာ ရုံးရှေ့မန်ကျည်းပင်မှာ ...နေတဲ့ ရုက္ခစိုးများ ဖြစ်နေလေ ...လို့ စာရေးသူစိတ်ထဲမှာ တွေးနေ လိုက်မိပါသေးတယ်။

ဒါကလည်း စာရေးသူအနေနဲ့ အကြောင်းမဲ့ပြောတာ မဟုတ်ပါဘူး။ ရုံးရှေ့ မန်ကျည်းပင်နဲ့ ပတ်သက်ခဲ့ဖူးတဲ့ ဖြစ်ရပ်မှန်တစ်ခုကို အဲဒီရုံးက ဝန်ထမ်းငယ်တစ်ဦးက ပြောပြခဲ့တာကို သိရှိခဲ့ရလို့ပါ။

"အရင်တုန်းက ဒီအပင်ကြီးရဲ့ အပေါ်က အကိုင်းအခက်တွေဟာ ဒီရုံး



ပြန်/ဆက်ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်နှင့် သူ၏သားငယ် (မွေးနေ့ရှင်)

အဆောက်အအုံရဲ့ ခေါင်မိုးပေါ်မှာ အုပ်မိုးနေခဲ့တာပါ။ ဒါကို အရင်က ဒီမှာ တာဝန်ကျတဲ့ ဦးစီးမှူးတစ်ယောက်က ကြာရင် ဒီအဆောက်အအုံခေါင်မိုးတွေ ပျက်စီးလိမ့်မယ်ဆိုပြီး မန်ကျည်းပင်ကြီးကို ခုတ်လှဲဖို့လုပ်ခဲ့သေးတယ်။ အလုပ်သမားတွေက အပင်ကြီးကို မလှဲခင် အပေါ်ကကိုင်းတွေကို အရင်ခုတ်ကြတာ။ ကိုင်းတွေခုတ်ရင်းတန်းလန်းမှာပဲ အလုပ်သမားအချင်းချင်း ရန်ဖြစ်ကြရာကနေပြီး သစ်ပင်ကို ဆက်ပြီးမခုတ်လှဲတော့ဘဲ ပြန်သွားကြတာ ဆိုတော့ သစ်ပင်က အခုမြင်တဲ့အတိုင်းပဲ။ အပေါ်က အကိုင်းအခက်တွေ မရှိတော့ဘဲနဲ့ သစ်ပင်ကတုံးကြီးလို ဖြစ်နေခဲ့တာပါ"

ဝန်ထမ်းလေးရဲ့ အပြောကြောင့် မန်ကျည်းပင်ကြီးရဲ့ အပေါ်ကို အမှတ်မထင် မော့ကြည့်လိုက်မိပါတယ်။ သူပြောသလိုပါပဲ၊ မန်ကျည်းပင်ရဲ့ အထက်မှာ အကိုင်းအခက်အလက်တွေက ကြီးကြီးမားမားရယ်လို့ မရှိတော့တာကို မြင်နေရပါတယ်။ ဒါပေမယ့် မန်ကျည်းပင်ကြီး ရဲ့ ပင်စည်လုံးကြီးကတော့ လူကြီးသုံး၊ လေးယောက်လောက်ဝိုင်းဖက်ရင်တောင်မှ လက်ချင်းဆက်မိပါမလားလို့ ထင်ရအောင်ကို ကြီးမားတာကို တွေ့ရပါတယ်။

သစ်ပင်ကြီးက သက်တမ်းတော်တော်ကြီးကိုရှည်နေခဲ့တာမို့ထင်ပါတယ်။ သစ်ပင်ကြီးရဲ့ ပင်စည်ကြီးဟာ လူတစ်ကိုယ်စာဝင်နိုင်လောက်အောင်ကို ကွဲအက်နေတာကို ကြည့်ပြီး သစ်ပင်ကြီးရဲ့ သက်တမ်းကို ခန့်မှန်းနိုင်လိမ့်မယ် ထင်ပါတယ်။ ဘာပဲပြောပြော ဒီလောက် ကြီးရင့်နေတဲ့ သစ်ပင်မှာ မှီခိုနေတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကတော့ ရှိကောင်းရှိနိုင်မှာ အမှန်ပါပဲ။

တိုက်ဆိုင်မှုလို့ပဲပြောရမလားတော့ မသိပါဘူး။ ဒီမန်ကျည်းပင်ကြီးကိုခုတ်လှဲဖို့လုပ်ခဲ့တဲ့ ဦးစီးမှူးဟာ အကြောင်းကိစ္စတစ်ခုခုနဲ့ တာဝန်က ရပ်စဲခံခဲ့ရတယ်ဆိုတာ သိခဲ့ရလို့ပါပဲ။

အပြန်မှာ စာရေးသူအနေနဲ့ ရုံးရှေ့က မန်ကျည်းပင်ကြီးကို အမှတ်တရအဖြစ်နဲ့ မှတ်တမ်းဓာတ်ပုံရိုက်ဖြစ်ခဲ့ပါသေးတယ်။ မန်ကျည်းပင်ကြီးမှာ စင်ရိုက်ပြီး ပန်း၊ ရေချမ်းမပြတ်အောင်တင်ဖို့ ပြောခဲ့တဲ့ ဒေါ်ကျော့မြတ်ခိုင်ရဲ့ခင်ပွန်းက တကယ်တော့ ခေတ်ပညာတတ်ဘွဲ့ရ တိုင်းအား/ကာ ဦးစီးဌာနက အရာရှိတစ်ဦးပါ။

ခေတ်ပညာတတ် ဘွဲ့ရတစ်ဦးအနေနဲ့ ခုလို သဘာဝလွန်ဖြစ်ရပ်တစ်ခုအပေါ်မှာ အလေးအနက်ထားပြီး လုပ်ဆောင်ခိုင်းတာကို ကြည့်ခြင်းအားဖြင့် ဘာပဲပြောပြော ဒီမန်ကျည်းပင်ကြီးနဲ့ ပတ်သက်ပြီး ထူးခြားမှုတစ်ခုကိုတော့ ကိုယ်တိုင် တွေ့ကြုံခဲ့ဖူးလိမ့်မယ်လို့ စာရေးသူအနေနဲ့ မှန်းဆတွေးထွင်နေမိပါတယ်။

တစ်ဦးတစ်ယောက်တည်း တွေးမြင်နေတာထက် စာရေးသူလို သဘာဝလွန်ဖြစ်ရပ်တွေအပေါ်မှာ စိတ်ဝင်စားတတ်တဲ့ စာရှုသူများကိုလည်း စာရေးသူနည်းတူ ခံစားသိမြင်စေချင်တဲ့ စိတ်ဆန္ဒကြောင့် ဒီဂမ္ဘီရဆန်တဲ့ဓာတ်ပုံဆောင်းပါးလေးကို ရေးသားလိုက်ခြင်း ဖြစ်ပါတယ်။

စနေသွန်း (မြစ်သား)

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ အရွတ်အဖတ်များသော ပရိတ်တော်ရှိသည်။ ရွတ်လည်းရွတ်ဖတ်ကြသည်။ သို့သော ထိုပရိတ်အကြောင်းကို သိသူနည်းနေသည်။ အသိနည်းရသည့်အကြောင်းမှာ ထိုပရိတ်သည် ရှစ်လုံးဖွဲ့ဂါထာ နှစ်ဂါထာ ရှိသောကြောင့် ထိုဂါထာကို ပရိတ် သီးခြားမဖော်ပြဘဲ ဝတ်ရွတ်စဉ်စာအုပ်များအတွင်း၌သာ ထည့်သွင်းရွတ်ဆိုနေကြသည်။ ထိုပရိတ်မှာ လမင်းပရိတ်ခေါ် စန္ဒိမသုတ်ဖြစ်၍ သံယုတ်ပါဠိတော်မှ ထုတ်နုတ်ထားခြင်း ဖြစ်၏။

ဗုဒ္ဓဘာသာဝင်တို့ အများစု ရရှိရွတ်ဖတ်နေသော်လည်း ထိုပရိတ်တော်ဖြစ်ပေါ်လာရခြင်းအကြောင်းအရင်းနှင့် အဓိပ္ပာယ်ကို မသိသေးသူများ သိသင့်သည်ဟု ယူဆပါ၍ လည်းကောင်း၊

ဖမ်းပါသည်။ (လ ငပုပ်ဖမ်းသည်ဟု ဆိုကြသည်)။ ရာဟုအသုရိန်နတ်မင်းကြီးသည် ထွန်းလင်းတောက်ပနေသည့် နေ၊ လတို့ကို တွေ့မြင်ရသည့်အခါ၌ မနာလိုမှုဖြစ်လာသည်။ စန္ဒာလမင်း၏ ထွန်းလင်း တောက်ပသော သာယာလှပမှုကို မှေးမှိန်စေသော အညစ်အကြေးငါးမျိုးရှိ၏။ ၎င်းတို့မှာ 'ဆီးနှင်း၊ မြူ၊ တိမ်၊ သုရိန်၊ မီးခိုး' ညစ်မျိုးငါးဝ ဖြစ်ပေသည်။

အသုရိန်နတ်မင်းကြီး၏ခန္ဓာကိုယ်ကား ကြီးမားလှသည်။အရပ်မှာ ယူဇနာလေးထောင့်ရှစ်ရာမြင့်၏။ လက်မောင်းနှစ်ခု၏အကြား ရင်အုပ်မှာ ယူဇနာတစ်ထောင့်နှစ်ရာ၊ ထုအားဖြင့် ယူဇနာပေါင်းခြောက်ရာ၊ ဦးခေါင်းမှာ ယူဇနာကိုးရာ၊ ပါးစပ်မှာ ယူဇနာနှစ်ရာ (တစ်ယူဇနာ- ၆ မိုင် ဖြစ်၏။) ထို့ကြောင့် လနှင့်နေတို့

မြတ်ဘုရားအား ဘုရားတပည့်တော်၏ လက်အစုံမိုး၍ ရှိခိုးခြင်း ဖြစ်ပါစေသတည်း။

ရှင်တော်မြတ်ဘုရားသည် ခန္ဓာစသော ကျဉ်းမြောင်းရာဌာနအပေါင်းမှ ကောင်းစွာမချွတ် လွတ်တော်မူပါပေပြီ။ တပည့်တော်၏ ကိုးကွယ်ရာစင်စစ် ဖြစ်တော်မူပါဘုရား။

(မြတ်စွာဘုရားသည် လနတ်သား၏ တမ်းတတိုင်တည်ချက်ကို သိရှိတော်မူသောအခါ ရာဟုအသုရိန်နတ်မင်းကြီးကို အောက်ပါအတိုင်း မိန့်ကြားတော်မူလိုက်၏။)

*တထာဂတံ အရဟန္တံ၊*
*(စန္ဒိမာ) သရဏံ ဂတော။*
*ရာဟု စန္ဒံ ပမုဉ္စဿု၊*
*ဗုဒ္ဓါ လောကာနု ကမ္ပကာ။*

**ဘုရားရှင်မိန့်ကြားတော်မူသောစကားမှာ**

*အို - ရာဟုအသုရိန်၊ လနတ်သားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို မှီခိုအားထားကိုးစားရာ ဟူ၍ ယုံကြည်ဆည်းကပ်*

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# စေတနာ မေတ္တာတရား ပွားလိုက်ပါရစေ

ထိုပရိတ်တော်၏ တန်ခိုးထက်မြက်ခြင်းကိုလည်း ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်အများ သိရှိကြပြီး မိမိတို့အတွက် လိုအပ်သည့် လူမှုရေးကိစ္စအရပ်ရပ်ဖြစ်သော စီးပွားရေးကိစ္စများ၊ ရာထူးဌာနန္တရ တည်မြဲတိုးတက်ရေး၊ အချုပ်အနှောင်ခံရခြင်း၊ အမှုအခင်းတရားတဘောင်ပြိုင်ဆိုင်နေရခြင်း စသော ကိစ္စရပ်များနှင့် အကျဉ်းအကျပ်ဒုက္ခတွေ့ကြုံနေသူများ၊ အခက်အခဲ ပူပင်သောကရောက်နေသော ဘဝမှ လွတ်ကင်း ထွက်မြောက် ချမ်းသာရောက်ခဲ့ရသူများ၏ ကိုယ်တွေ့များကို စုစည်းလျက် ရွတ်ဖတ်ပူဇော်ရန် အစီအစဉ်ဖော်ပြထားပါ၏။

**စန္ဒိမာသုတ်ဖြစ်စဉ်မှာ**

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ် တစ်ရံရောအခါ ငွေသော်တာစန္ဒာလမင်းအား အသုရာပြည်ကို အုပ်စိုးသော အသုရာနတ်မင်းကြီးသုံးပါးတွင် တစ်ပါးဖြစ်သည့် ရာဟုအမည်ရှိသော အသုရိန်နတ်မင်းကြီးက

သွားရာလမ်းကြောင်း၌ ခံတွင်းကြီးကိုဖွင့်ဟပြီးနေသည်။ လဗိမာန်နှင့်နေဗိမာန်တို့သည် သွားရာလမ်းအတိုင်း သွားနေစဉ် ယူဇနာနှစ်ရာရှိသော ချောက်ကြီးထဲသို့ ကျသွားသကဲ့သို့ ရာဟုခံတွင်းထဲရောက်သွားသည်တွင် လဗိမာန်နတ်သားသည် သေဘေးမှ ကြောက်ရွံ့၍ ဘုရားရှင်ကို အောက်ပါ လမင်းပရိတ်နှင့် ရှိခိုးတိုင်တည်ကန်တော့လိုက်ပါတော့သည်။

**လနတ်သားရွတ်သောလမင်းပရိတ်**

*နမော တေ ဗုဒ္ဓ ဝီရတ္ထု၊*
*ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။*
*သမ္ဗာဓ ပဋိပန္နောသမိ၊*
*တဿ မေ သရဏံ ဘဝ။*

**ဂါထာပရိတ်၏အဓိပ္ပာယ်**

ကြီးမြတ်သောလုံ့လဝီရိယရှိတော်မူသော ရှင်တော်မြတ်ဘုရား၊ ရှင်တော်





www.burmeseclassic.com

www.burmeseclassic.com

**အင်းအရင်ချထားပါ**

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| န | ဗု | ရ | ဝိ | တ္တော | ဗ္ဗ | န | ဗု | ရ | ဝိ | တ္တော | ဗ္ဗ |
| ဝိ | ၁ | မော | သ | ၂ | ပ္ပ | ဝိ | | မော | သ | | ပ္ပ |
| တော | တ္ထု | ဒ္ဓ | မု | ဓိ | သိ | တော | တ္ထု | ဒ္ဓ | မု | ဓိ | သိ |
| တ | သ | ဘ | သ | ပ | န္နော | တ | သ | ဘ | သ | ပ | န္နော |
| ဏံ | ၄ | ဿ | ပ | ၃ | မ္မာ | ဏံ | | ဿ | ပ | | မ္မာ |
| မေ | ဝ | ရ | ဓ | သ္မိ | ဋ္ဌိ | မေ | ဝ | ရ | ဓ | သ္မိ | ဋ္ဌိ |

**အင်းဆန်သွင်းရန်ဂဏန်းသွား**

န မော တော
၁ ၂ ၃
ဗု ဒ္ဓ ဝိ ရ တ္ထု
၄ ၅ ၆ ၇ ၈

တံ ဿ မေ
၂၅ ၂၆ ၂၇
သ ရ ဏာ ဘ ဝ
၂၈ ၂၉ ၃၀ ၃၁ ၃၂

| | | | | | |
|---|---|---|---|---|---|
| ၁ | ၄ | ၇ | ၉ | ၁၂ | ၁၅ |
| ၆ | | ၂ | ၁၄ | | ၁၀ |
| ၃ | ၈ | ၅ | ၁၁ | ၁၆ | ၁၃ |
| ၂၅ | ၂၈ | ၃၁ | ၁၇ | ၂၀ | ၂၃ |
| ၃၀ | | ၂၆ | ၂၂ | | ၁၈ |
| ၂၇ | ၃၂ | ၂၉ | ၁၉ | ၂၄ | ၂၁ |

ဝိ ပ္ပ မု တ္တော သိ
၉ ၁၀ ၁၁ ၁၂ ၁၃
သ ဗ္ဗ ဓိ
၁၄ ၁၅ ၁၆

သ မ္မာ ဓ
၁၇ ၁၈ ၁၉
ပ ဋ္ဌိ ပ န္နော သ္မိ
၂၀ ၂၁ ၂၂ ၂၃ ၂၄

*အင်းအတွင်း ကွက်လပ် (၄) ခု တွင် မိမိလိုရာရေးသွင်းပါ။ ဥပမာ - အမှုနိုင်စေ။ ငွေပြန်ရစေ။ အမှုနိုင်စေ ၁ ၂ ၃ ၄*

...မှတ်သူ ဖြစ်၏။

သင်(အသုရိန်နတ်မင်းကြီး)သည် (...နတ်သား) ကို လွှတ်လိုက်ပါ။ ဘုရား...တို့မည်သည် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါ ...သမျှ သတ္တလောကကို သနားသမှု ...ကြောင့်ကြပြုကာ ဂရုစိုက်၍ စောင့် ...တော်မူကြကုန်၏။

ဘုရားရှင်က ထိုသို့ မေတ္တာရပ်ခံ ... မိန့်ကြားတော်မူသောအခါ အသု...တ်မင်းသည် လနတ်သားကို လွှတ် ...ပြီး ခပ်သုတ်သုတ် ခပ်ပျာပျာနှင့် ...စိတ္တိအသုရိန်နတ်ကြီးရှိရာသို့ သွား ...ထိတ်ထိတ်တလန့်လန့်ဖြစ်ကာ ရပ် ... ဝေပစိတ္တိအသုရိန်နတ်မင်းကြီး ...

"အို- ရာဟုအသုရိန်၊ ဘာကြောင့် ...သော လနတ်သားကို ချက်ချင်း ...လိုက်ရပါသလဲ။ လွှတ်ပြီးတော့ ... ဘာဖြစ်လို့ ထိတ်ထိတ်ပျာပျာ ...ကြောက်လန့်လန့် ဖြစ်နေရပါ ...

ဟု မေးရာ ရာဟုအသုရိန်က -

"အရှင်ဝေပစိတ္တိအသုရိန်၊ အကျွန်ုပ်သည် ဘုရားရှင်၏ အမိန့်တော်ပြန်တမ်းကို ကြောက်ရွံ့လှပါသည်။ လနတ်သားအား အကယ်၍ မလွှတ်ဘဲနေပါလျှင် ကျွန်ုပ်ဦးခေါင်းသည် ခုနစ်စိတ်ခုနစ်မြွာ ကွဲသွားပါလိမ့်မည်။ အသက်ရှင်နေပြန်လျှင်လည်း ကိုယ်၊စိတ်နှစ်ဖြာ မည်သည့်အခါမျှ မချမ်းသာနိုင်ပါ"

ဟု ပြန်ဖြေသည်။

ဤကဲ့သို့ 'နမော တော ဗုဒ္ဓဝိရတ္ထု' အစချီသောဂါထာနှင့် 'တထာဂတံ အရဟန္တံ' အစချီသော ဂါထာတော်တို့သည် ရာဟုအသုရိန်နတ်မင်းကြီးလက်မှ လနတ်သား လွှတ်မြောက်ရသည့် ဂါထာများ ဖြစ်သည်။

ထိုအကြောင်းကို သိရှိကြသော ရှေးပညာရှင်ကြီးများသည် လိုလျှင်ကြံဆ နည်းလမ်းရ ဟူသော စကားစဉ်အရ ဘုရားဟောပါဠိတော်အစစ်များကို အားကိုးအားထားပြုလျက် လူလောကအတွင်း လူမှုရေးနယ်ပယ်တွင် ကျင်လည်နေကြရသော လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နေထိုင်ရေးအဆင်မပြေ၊ အကျဉ်းအကျပ်၊ အခက်အခဲ မပြေလည်

(ဂါထာတော်)

**ရန်အောင်မြင် ဆုတောင်းပြည့်**
**ဗုဒ္ဓယတြာ**

*နမော တော ဗုဒ္ဓ ဝိရတ္ထု၊*
*ဝိပ္ပ မုတ္တောသိ သဗ္ဗဓိ။*
*သမ္မာဓ ပဋ္ဌိပန္နောသမိ၊*
*တဿ မေ. သရဏံ ဘဝ။*

မအောင်မြင်ကြသူများ၊ တရားတဘောင် အချုပ်အနှောင် အမှုအခင်းများကအစ လွတ်မြောက်နိုင်ရေး အဆင်ပြေအောင် နိုင်ကြစေရန် ဤဂါထာ (၂) ဂါထာကို ဘုရားရှင်ထံတွင် ရွတ်ဆိုပူဇော်နိုင်ကြစေရန် ယုံကြည်သူများအတွက် ပြည့်ပြည့်စုံစုံ စေတနာသဒ္ဓါတရားနှင့် ရေးသား ဖော်ပြပေးလိုက်ပါသည်။

❑

ဤဗုဒ္ဓယတြာအား ပြုလုပ်လိုသူများအတွက် ပြုလုပ်ပူဇော်ရန်၊ ရွတ်ဖတ်ရှိခိုးတိုင်တည်ရန်၊ အင်းများတွင် ထည့်သွင်းရန် ဆောင်ရွက်ရမည့် အစီအစဉ်များကို သေချာစွာဖတ်ရှု၍ ပြုလုပ်ကြပါ။ အကျဉ်းအကျပ်၊ အခက်အခဲ [illegible] နာမှုများ၊ ပြဿနာများကို ကြုံတွေ့နေ



www.burmeseclassic.com

www.burmeseclassic.com

## နမောတဿအင်းပူဇော်ရန် အချိန်

| နေ့များ | နံနက်ပိုင်းအချိန် | ညနေပိုင်းအချိန် |
|---|---|---|
| တနင်္ဂနွေနေ့ | နံနက် (၆) နာရီမှ (၈) နာရီ၊ (၂၄) မိနစ် | မွန်းတည့် (၁၀-၄၉) မှ (၁-၁၂) နာရီ |
| တနင်္လာနေ့ | နံနက် (၈) နာရီ၊ (၂၅) မိနစ်မှ (၁၀း၄၈) နာရီ | မွန်းတိမ်း (၁း၁၃) မှ (၃-၃၆) နာရီထိ |
| အင်္ဂါနေ့ | နံနက် (၁၀း၄၉) နာရီမှ (၁း၁၂) နာရီ | နေဝင် (၃း၃၇) မှ (၆) နာရီအထိ |
| ဗုဒ္ဓဟူးနေ့ | နံနက် (၆) နာရီမှ (၈း၂၄) နာရီ | မွန်းတိမ်း (၁း၁၃) မှ (၃-၃၆) နာရီ |
| ကြာသပတေးနေ့ | နံနက် (၈း၂၅) မိနစ်မှ (၁၀း၄၈) နာရီထိ | နေဝင် (၃း၃၇) နာရီမှ (၆) နာရီထိ၊ |
| သောကြာနေ့ | နံနက် (၆) နာရီမှ (၈ း၂၄) နာရီအထိ | မွန်းတည့် (၁၀း၄၉) မှ (၁း၁၂) နာရီ |
| စနေနေ့ | နံနက် (၈း၂၅) မိနစ်မှ (၁၀း၄၈) နာရီထိ | မွန်းတိမ်း (၁း၁၃) မှ (၃း၃၆) နာရီထိ |

ရသူများအားလုံး ဤဗုဒ္ဓယတြာဖြင့် အောင်မြင်ရှင်ပြီး နှလုံးစိတ်ဝမ်းပွင့်လန်း သာယာရှိကြပါစေ။

ရန်အောင်မြင် ဆုတောင်းပြည့် ဗုဒ္ဓယတြာအား အထက်ဖော်ပြပါ ပုဏ္ဏားနတ်သမီးရကိန်းနှင့် မုဆိုးရွှေအိုး ရကိန်းအခါများ၌ မီးထွန်းပူဇော်၍ဘုရား ရှင်ထံမှာ လိုရာဆုတောင်းပါ။

❑

ဗုဒ္ဓယတြာကို ပြုလုပ်မည့်သူသည် ရှေးဦးစွာ ဘုရားရှင်ရှေ့မှောက်တွင် ငါးပါးသီလတော်မြတ်ကို ခံယူဆောက်တည်ပါ။ ဘုရားရှင်အား မိမိ သဒ္ဓါအလျောက် ပန်း၊ သောက်တော်ရေ၊ ဆွမ်း၊ သစ်သီး၊ နံ့သာတိုင်၊ မီးတိုင်များဖြင့် ကပ်လှူပူဇော်ပါ။ ၎င်းနောက် ပူးတွဲပါ (ပထမဆုံး) နမောတဂါထာ၏ အင်းကိုချပါ။ မိတ္တူကူး၍လည်း ပြုလုပ်နိုင်ပါသည်။

ထို့နောက် အောက်ဖော်ပြပါ အမှတ်စဉ်အတိုင်း ပြုလုပ်ဆောင်ရွက်ပါ။

၁။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ သုံးကြိမ် ရွတ်ဆိုပါ။

၂။ ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ- မြတ်စွာဘုရားသည် ကျွန်ုပ်၏ ကိုးကွယ်ရာဖြစ်တော်မူပါပေ၏။ ဘုရားမှတစ်ပါး (တပည့်တော်/တပည့်တော်မ) မှာ ကိုးကွယ်ရာမရှိပါဘုရား။

ဓမ္မော မေ သရဏံ အညံနတ္ထိ - တရားတော်မြတ်သည် ကျွန်ုပ်၏ကိုးကွယ်ရာဖြစ်တော်မူပါပေ၏။ တရားတော်မြတ်မှတစ်ပါး(တပည့်တော်/တပည့်တော်မ) မှာ ကိုးကွယ်ရာမရှိပါ ဘုရား။

သံဃော မေ သရဏံ အညံနတ္ထိ- သံဃာတော်မြတ်သည် ကျွန်ုပ်၏ ကိုးကွယ်ရာမရှိပါဘုရား။

၃။ ဗုဒ္ဓဂုဏောအနန္တော - မြတ်စွာဘုရား၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

ဓမ္မဂုဏောအနန္တော-တရားတော်မြတ်၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

သံဃဂုဏောအနန္တော - သံဃာတော်မြတ်၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

မာတာပီတုဂုဏောအနန္တော-အမိ၊ အဖတို့၏ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

အာစရိယဂုဏောအနန္တော-ဆရာသမားတို့၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

အဆုံးအပိုင်းအခြား မရှိသော အနန္တောအနန္တ ဂုဏ်တော်ငါးပါးကို ကျွန်ုပ်သည် အခါခပ်သိမ်း ရှိခိုးပါ၏။ ပူဇော်ကန်တော့ပါ၏။

၄။အနန္တောအနန္တငါးပါးတို့၏ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိပါ။

ဤမှန်သော သစ္စာစကားကို ကျွန်တော်/ ကျွန်တော်မ ဆိုပါသည်။ ဤသစ္စာစကား၏ တန်ခိုးတေဇော်အာနုဘော်တော်ကြောင့် ကျွန်တော်/ ကျွန်တော်မသည် လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော ကိလေသာတို့ကိုအောင်နိုင်ရပါလို၏။ အသက်ရှည်ရပါလို၏။ ဘုန်းကြီးရပါလို၏။ ကိုယ်-စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရပါလို၏။

၅။ နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ၊ ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ၊ ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

နတ္ထိ မေ သရဏံ အညံ၊ သံဃော. မေ သရဏံ ဝရံ၊ ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇယ မင်္ဂလံ။

အကျွန်ုပ်သည် မြတ်စွာဘုရားမှ တစ်ပါး ကိုးကွယ်ရာ မရှိပါ။ မြတ်စွာဘုရားသာလျှင် ကျွန်ုပ်၏ အမြတ်ဆုံးသော ကိုးကွယ်ရာအမှန် ဖြစ်ပါ၏။ ဤသို့ မှန်ကန်သော သစ္စာစကားဆိုရခြင်းကြောင့် အကျွန်ုပ်ယခုကြုံတွေ့နေရသော အခက်အခဲ၊ အကျပ်အတည်း၊ စိတ်ဆင်းရဲနေရခြင်း၊ ဒုက္ခများမှ လွတ်ကင်းထွက်မြောက်၍ အောင်မြင်ခြင်းမင်္ဂလာ အပေါင်းသည် ဖြစ်ပါစေသတည်း။

အကျွန်ုပ်သည် တရားတော်မြတ်မှတစ်ပါး ကိုးကွယ်ရာ မရှိပါ။ တရားတော်မြတ်သာလျှင် အကျွန်ုပ်၏အမြတ်ဆုံးသော ကိုးကွယ်ရာအမှန် ဖြစ်ပါ၏။ ဤသို့ မှန်ကန်သော သစ္စာစကားကို ဆိုရခြင်းကြောင့် ကျွန်ုပ်ယခုကြုံတွေ့နေရသော အခက်အခဲ၊ အကျပ်အတည်း၊ စိတ်ဆင်းရဲနေရခြင်း၊ ဒုက္ခများမှလွတ်ကင်းထွက်မြောက်၍ အောင်မြင်ခြင်း မင်္ဂလာအပေါင်းသည် ဖြစ်ပါစေ။

အကျွန်ုပ်သည် သံဃာတော်မြတ်မှတစ်ပါး ကိုးကွယ်ရာ မရှိပါ၊ သံဃာတော်မြတ်သာလျှင် အကျွန်ုပ်၏အမြတ်ဆုံးသော ကိုးကွယ်ရာအမှန် ဖြစ်ပါ၏။ ဤသို့ မှန်ကန်သောသစ္စာစကားကို ဆိုရခြင်းကြောင့် ကျွန်ုပ် ယခုကြုံတွေ့နေရသော အခက်အခဲ၊ အကျပ်အတည်း၊ စိတ်ဆင်းရဲနေရခြင်း၊ ဒုက္ခများမှ လွတ်ကင်းထွက်မြောက်၍ အောင်မြင်ခြင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေသတည်း။

၆။ အမှတ်(၅)ကို ရွတ်ဆိုပြီးလျှင် ဆောင်ရွက်မည့် ကာယကံရှင် ပုဂ္ဂိုလ်သည် နမောတဿအင်းစာရွက်ကို မိမိရှေ့တွင်ချထားပြီး ဖယောင်းတိုင်တစ်တိုင်ကို ပန်းကန်ပြားတစ်ချပ်ပေါ်မှာ ထွန်း၍ အောက်ပါ ဂါထာ (၂) ပုဒ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်ရှေ့တော်မှာ ပူဇော်ကန်တော့ပြီး ဆုတောင်းပါ။ (အင်းချပ်နှင့် မီးထွန်းထားသော ပန်းကန်ပြားထိထားပါ။)

**ရွတ်ဆိုရန်**

*နမော တေ ဗုဒ္ဓ ဝီရတ္ထု၊*
*ဝိပ္ပ မုတ္တောသိ သဗ္ဗဓိ။*
*သမ္ပာဓ ပဋိပန္နောသမိ၊*
*တဿ မေ သရဏံ ဘဝ။*

**အသံထွက်ရွတ်ရန်**

နမော တေ ဗုဒ်ဓ ဝီရတ်ထု၊
ဝိပ်ပ မုတ်တောသိ သဗ်ဗဓိ၊
သမ်ပါဓ် ပဋိပန်နော သမိ၊
တပ်သ မေ သရဏံ ဘဝ။

**ဆက်ရွတ်ဆိုပူဇော်ရန်**

ကြီးမြတ်သော လို့လရှိတော်မူသည့် မြတ်စွာဘုရား။ အရှင်ဘုရားအား တပည့်တော်/တပည့်တော်မ (----) နေ့သား/နေ့သမီး၊ မောင်,မ (----) ရှိခိုးပါ၏။ ရှင်တော်ဘုရားသည် ခပ်သိမ်းသော ဘေးဥပဒ်အန္တရာယ်များမှ လွတ်တော်မူပါ၏။

တပည့်တော်/တပည့်တော်မမှာမူကား ဘေးရန်အန္တရာယ် အခက်အခဲတို့ဖြင့် ကျပ်တည်းကျဉ်းမြောင်း စိတ်ဆင်းရဲသောကရောက်နေရပါ၏ အရှင်မြတ်ဘုရား။

ရှင်တော်ဘုရားသည် တပည့်တော်/တပည့်တော်မ (----) နေ့သား/နေ့သမီး မောင်, မ (----) ၏ ကိုးကွယ်အားထားရာဖြစ်တော်မူပါဘုရား။

**ဘုရားရှင်၏ အမိန့်တော်ပြန်တမ်း**

ဘုရားရှင်ကိုယ်စား ကာယကံရှင်ကိုယ်တိုင်ရွတ်သူက ရွတ်ဆိုရပါမည်။

ဘုရားရှင်ကို ရှိခိုးပူဇော် ဆည်းကပ်နေသူမှာ လနတ်သား မဟုတ်။ သင်ကိုယ်တိုင်ဖြစ်၍ ဂါထာထဲမှ (စန္ဒိမာ) နေရာတွင် ကာယကံရှင် (သင့်နာမည်) ကို ထည့်ရွတ်ရမည်။ သင့်အား အကျပ်အတည်း ဒုက္ခရောက်အောင် ပြုလုပ်နေသူမှာ ရာဟုအသုရိန်နတ်ကြီး မဟုတ်ပေ။ သင့်အား မလိုမုန်းထားသူသာဖြစ်၏။ မြတ်ဘုရားရှင်နှင့် ဘုရားရှင်ကိုကိုးကွယ် ဆည်းကပ်သူ ဗုဒ္ဓဘာသာဝင်တို့၏ ရန်သူမှာ မာရ်နတ်ဖြစ်၍ ရာဟုနတ်ကြီးအစား မာရ်နတ်ကို ထည့်ပါ။ ထို့နောက် လနတ်သားအစား သင့်အမည်ကို ထည့်ပြီး ရွတ်ပါ။ သင်ရွတ်ရမည့် ဘုရားရှင်၏ အမိန့်တော်ပြန်တမ်းသည် အောက်ပါအတိုင်း ဖြစ်မည်။

အစီအစဉ်အမှတ် (၆) မှ **နမော တေ ဗုဒ္ဓ ဝီရတ္ထု** ဂါထာတော်ကို ရွတ်ပြီးလျှင် ဆက်လက်ရွတ်ဆိုရမည့် (ဘုရားရှင်၏အမိန့်တော်ပြန်တမ်း)။

**ရွတ်ဆိုရန်**

*တထာဂတံ အရဟန္တံ (သင့်အမည်)*
*သရဏံ ဂတော၊*
*မာရ ဧတံ ပမုဉ္စဿု၊*
*ဗုဒ္ဓါ လောကာနု ကမ္ပကာ။*

(သင့်အမည်)၊ (သင့်အမည်) ခေါ် ဒကာတော်သည်/ဒကာမသည်၊ **အရဟန္တံ** - လူ၊ နတ် ဦးခိုက်ပူဇော်ထိုက်သော၊ **တထာဂတံ** - ငါဘုရားကို၊ **သရဏံ** - ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် ထောက်ရာတည်ရာ ကိုးကွယ်ရာ ဟူ၍၊ **ဂတော** - ရှိသေသိမှတ် ဆည်းကပ်နေ၏။ (မာရ - နှောင့်ယှက်လိုပြား မာရ်နတ်သား၊ **ဧတံ** - ငါ့အား မှီခို (ဒကာမောင်----) ကို/ (ဒကာမ----) ကို နှောင့်ယှက်မပြု မေတ္တာရှု၍ ယခုပင် လွှတ်လိုက်ပါလော့။

**ဗုဒ္ဓါ** - သစ္စာသိမြင် ဘုရားရှင်တို့သည်၊ **လောကာနု ကမ္ပကာ** - ဆင်းရဲရောက်သူ များဗိုလ်လူတို့အား သနားစောင့်ရှောက် ချီးမြှောက်တော်မူတတ်၏။

**တထာဂတံ အရဟန္တံ ဂါထာရွတ်ရန် အသံထွက်**

တထာဂတံ အရဟန်တံ၊
သရဏံ ဂတော၊
မာရ ဧတံ ပမုန်စပ်သု၊
ဗုဒ်ဓါ လောကာနု ကမ်ပကာ။

ဘုရားရှင်၏ အမိန့်တော်ပြန်တမ်းကို ရွတ်ပြီးလျှင် အမျှဝေပါ။

၈။ ယနေ့ယခု အကျွန်ုပ် (---) နေ့သား/ (---) နေ့သမီး လှူဒါန်းရသော ကုသိုလ်ကောင်းမှုအစုစုတို့၏အဖို့ဘာဂတို့ကို သုံးဆယ့်တစ်ဘုံရှိ ဝေနေယျပုဂ္ဂိုလ်များအားလုံး၊ သုခိတ-ဒုက္ခိတပုဂ္ဂိုလ်အားလုံးနှင့် ဘဝအဆက်ဆက်မှ တော်စပ်ခဲ့ဖူးသော အဘိုး၊ အဘွား၊ အမိ၊ အဘများ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများအားလုံး၊ ယခုဘဝတွင် တော်စပ်ခဲ့သော အဘိုး၊ အဘွား၊ မိဘနှစ်ပါးနှင့်တကွ ဆွေမျိုးသားချင်းအားလုံးတို့အားလည်းကောင်း၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး နတ်များအားလုံး၊ စတုလောကပါလနတ်မင်းကြီးလေးပါး၊ သာသနာတော်စောင့်များ၊ သိကြားမင်းနှင့် ငရဲသနင်း ယမမင်းပါမကျန် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်အားလုံးတို့အား အမျှပေးဝေပါသည်။ အကျွန်ုပ်လှူဒါန်းခဲ့သည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို ဤမှန်သော - သစ္စာစကားဖြင့် သစ္စာပြု တိုင်တည်ပါ၏။ ကျွန်ုပ်လှူဒါန်းခဲ့သမျှသော ကုသိုလ်ကောင်းမှုတို့၏ အကျိုးတရားများကို ကျွန်ုပ်နှင့်ထပ်တူထပ်မျှ ရရှိခံစားစံစားနိုင်ကြစေရန် စိတ်စေတနာဖြူစင်စွာဖြင့် သင်တို့အားလုံးကို ရည်မှန်း၍ (အမျှ၊ အမျှ၊ အမျှ) အမျှ (၃) ကြိမ် ပေးဝေလိုက်ပါသည်။ မကြား၊ မသိ မရှိစေရဘဲ အားလုံး သာဓု၊ သာဓု၊ သာဓုဟု ဝမ်းမြောက် ဝမ်းသာလျက် သာဓုအနုမောဒနာ ခေါ်ဆိုကြပါကုန်လော့။ အမျှကိုယ်စီရကြ၍ အပါယ်လေးဘုံမှ လွတ်ကင်း ထွက်မြောက်ပြီးလျှင် မြင့်မြတ်သောဘဝ နေရာဌာနရှိ ဘုံဗိမာန်တို့၌ ရောက်ရှိစံစားနိုင်ကြပါစေကုန်သတည်း။

အင်းကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပူဇော်ရွတ်ဆို၍ ဘုရားရှင်အား ရှိခိုးပူဇော်ကန်တော့ပြီး မိမိအခက်အခဲ အကျပ်အတည်းများကို တိုင်တည်ပြီး ဆုတောင်းပါ။

**'အသုရာ' ဖြစ်၏။**
**'အသူရာ' မဟုတ်ပါ**

မှတ်ချက်။ ။ ရာဟု အသုရာနတ်ကြီးမှာ အသူရာ မဟုတ်ပါ။ အသုရာဖြစ်၏။ အသုရာပြည်ရှိ နတ်တို့သည် တာဝတိံသာနတ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သုရာဟုခေါ်ခြင်း ဖြစ်သည်။ (အ - ဆန့်ကျင်ဘက်၊ သုရာ - တာဝတိံသာနတ်)

သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ၌ မိန့်ဆိုထားသည်မှာ အသုရာနတ်တို့သည် နံ့သာဖျော်ရည်ခေါ် အရက်များကို သောက်စားမူးယစ်နေစဉ် သိကြားမင်း(ဦးမာဃ)နှင့် သုံးကျိပ်သုံးယောက်သော နတ်သားတို့သည် အသုရာနတ်များ အားလုံးမူးမေ့လဲကျနေစဉ်မှာပင် သိကြားမင်း ကြီးမှူးသော မစလရွာသားနတ်များက အသုရာတို့၏ခြေကို ကိုင်ဆွဲကာ မြင်းမိုရ်တောင်ခြေသို့ ပစ်ချလိုက်ကြ၏။ အသုရာတို့သည် မြင်းမိုရ်တောင်အလယ်လောက်အရောက်တွင် သတိပြန်ရလာကြပြီ။ ငါတို့အရက်မသောက်ကြတော့ဘူးဟု အော်ဟစ်ကြသည်။

ထိုအခါမှစ၍ ထိုနတ်တို့အား 'အသုရာ' ဟု ခေါ်ကြသည်။

(အ- မသောက်တော့ + သုရာ- အရက်ကို)

ဆရာဦးစိန်လှိုင် (ကျိုက်သဘီ)





www.burmeseclassic.com

www.burmeseclassic.com




မိုးမြေသင်း

# ဗိုလ်ချုပ်အောင်ဆန်းလာရောက်လေ့လာသည့် ကျောင်းတော်ကြီး


ဓါတ်ပုံ [illegible]

ဗိုလ်ချုပ်အောင်ဆန်း လာရောက်လေ့လာသော ကျောင်းတော်ကြီးမှာ ရေနံချောင်းမြို့မြောက်ဘက် လေးဖာလုံခန့်တွင်ရှိသည်။ ဖောင်းကတော အောင်ရွာနှင့် မြောက်ရွာအကြား သို့မဟုတ် ဖောင်းကတောင်ရွာ တောင်ချောင်းနှင့် မြောက်ရွာချောင်းတို့အကြား ကျယ်ဝန်းသော မြေပြင်ပေါ်တွင် တည်ရှိသည်။ တိတ်ဆိတ်ပြီး အေးချမ်းသည့်နေရာဖြစ်၍ တရားဓမ္မ ကျင့်ကြံအားထုတ်ရန် သင့်လျော်သော နေရာထူး ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း အလယ်တန်းကျောင်းသားဘဝတွင် အစ်ကိုဖြစ်သူ ဦးဘဝင်းနှင့်အတူ ရေနံချောင်းမြို့ ရွှေကြာငုံရပ် အမျိုးသားကျောင်းတွင် ကျောင်းနေစဉ် ဤကျောင်းတော်ကြီးသို့ ခဏခဏရောက်ရှိလာခဲ့သည်။ အစ်ကို ဦးဘဝင်းက အမျိုးသားကျောင်းတွင် ကျောင်းဆရာလုပ်ပြီး အောင်ဆန်းက ကျောင်းနေသည်။ တစ်တန်းတည်းနေ ဖောင်းကတော တောင်ရွာသား ဘိုးခက်



ဗိုလ်ချုပ်အောင်ဆန်း ဖူးမြော်ခဲ့သည့် အောင်ချမ်းသာဘုရားဆင်းတုတော်



အောင်ချမ်းသာဘုရား တံခွန်တိုင်



ရှားပင်အောက်ရှိ ဘီလူး

www.burmeseclassic.com


နှင့် ရင်းနှီးခင်မင်ပြီး ရွာသို့ခဏခဏည အိပ်လာလည်သည်။ ဤကျောင်းကြီးသို့ မကြာခဏ လာရောက်သည်။ ဆရာတော် ဦးသုန် (ဦးသုန္ဒရ) အား ရှိခိုးတန်တော့ပြီး ကျောင်းကြီးပေါ်နှင့် ကျောင်းအောက်၊ ကျောင်းကြီးဝန်းကျင် အနီးအနားရှိနေရာများသို့ အနှံ့လှည့်လာသွားခဲ့ပေသည်။

ဤကျောင်းတော်ကြီးမတိုင်မီက ဖောင်းကတောရွာ၏ တောင်ဘက်တွင် ကျောင်းကြီးတစ်ကျောင်းရှိခဲ့ဖူးသည်။ ထို့နောက် ထိုနေရာမှ ယခုလက်ရှိနေရာသို့ ကျောင်းကြီးကို ပြောင်းရွှေ့ခဲ့သည်။ ဆရာတော်ဦးရွှေတောင်လက်ထက်က ဖြစ်သည်။ သီပေါမင်း ပါတော်မူပြီး (၂) နှစ်အကြာ ၁၈၈၇ ခုနှစ်က ရွှေ့ပြောင်းသည်။ ဖောင်းကတော တောင်ရွာ၊ မြောက်ရွာချောင်းတို့၏ အလယ်တွင်ရှိသည်။ တောင်ရွာမှ ကျောင်းသို့သွားလျှင် တောင်ရွာချောင်းပေါ်မှတံတားကို ဖြတ်၍လျှောက်သွားရသည်။ တောင်ရွာမှ ကျောင်းသို့ ကိုက် (၅၀) ခန့်သာဝေးသည်၊ ဖောင်းကတော မြောက်ရွာမှ ရွာကျောင်းသို့သွားလျှင် မြောက်ရွာချောင်းကို ဖြတ်၍လမ်းလျှောက်သွားရသည်။ ကိုက် (၂၀၀) ခန့်သာဝေးသည်။

ဖောင်းကတောတောင်ရွာတောင်ဘက်နားက ပြောင်းလာသော ကျောင်းကြီးသည် ယခုလက်ရှိ ကျောင်းကြီးထက် ကြီးသည်။ ဦးရွှေတောင် ပျံလွန်တော်မူပြီးနောက် ဆရာတော်ဦးပညာဇောတ ကျောင်းထိုင်သည်။ ဤကျောင်းကြီးမှာလည်း မကြာမီ မီးလောင်သွားသည်၊ ထိုစဉ်က ကျောင်းကြီးကို မီးရှို့သူကိုလည်း သိရသည်။ မီးမှာ ရှို့မီးဖြစ်သည်၊ မီးလောင်ရသည့် အကြောင်းရင်းမှာ ဤသို့တည်း။

ဖောင်းကတောတောင်ရွာ တောင်ဘက် ရေစက်မောင်းဆရာ ဦးဆာမိ၊ ဒေါ်ဆိုင်တို့တွင် သား ကိုဦးမောင်ဆိုသူရှိသည်။ သူ့ဇနီးမှာ ဒေါ်ရွှေချုတ်ဖြစ်ပြီး ကိုယ်သိပ်မကောင်းပါ။

ခရစ်နှစ် ၁၉၁၀ ပြည့်နှစ်၊ မြန်မာနှစ် ၁၂၇၂ ခုနှစ်။ တစ်နေ့ ကိုဦးမောင်က ဆရာတော် ဦးပညာဇောတထံ ငွေကျပ် (၅၀၀၀) ချေးပါရန် လျှောက်ထားသည်၊ ဆရာတော်က ဘုန်းကြီးဖြစ်၍ ငွေမရှိကြောင်း ပြောလိုက်သည်။ ထို့ကြောင့် ငွေမချေး၍ အမျက်ထားသည်။ နောက်(၃)ရက်အကြာ နေဝင်ချိန်တွင် ကျောင်းအောက်မှနေ၍ မီးတုတ်ဖြင့်



အောင်ချမ်းသာဘုရားအနောက်လှေကားအတက်



အောင်ချမ်းသာဘုရားအရှေ့လှေကားအတက်

မီးရှို့သည်။ ကျောင်းကြီးလည်း တဖြည်းဖြည်း မီးစွဲလောင်သည်။ ရွာသူများနှင့် ကလေးများမှာ ဧရာဝတီမြစ်ကမ်းဘက် ပြေးကြသည်။ ရွာသားများမှာ မီးသတ်ရန်သွားရသည်။ သို့သော် မငြိမ်းသတ်နိုင်။ တစ်ကျောင်းလုံး မီးလောင်သွားတော့သည်။ မူလက မည်သူရှို့သည်ကို မသိရ။ နောက်မှတဖြည်းဖြည်းရိပ်မိလာသည်။ဆရာတော်ဦးပညာဇောတလည်း ဒီရွာမှာမနေလိုတော့ကြောင်းပြောပြီး ရေနံချောင်းမြို့ပေါ်လေးဆောင်ကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံးသည်။

ကျောင်းကြီးမီးလောင်သွားသဖြင့် ကျောင်းနှင့်ပတ်သက်သော အထောက်အထားများ မီးထဲအကုန်ပါသွားသည်။ မီးလောင်သွားသဖြင့် ဘုန်းတော်ကြီးမရှိသောကျောင်းသို့ ရေနံချောင်းမြို့ပေါ် ကန်စွန်းခုံကျောင်းမှ ဦးသုန္ဒရ (အများအခေါ် ဦးသုန်) က လာရောက်ပြီး ဒေါ်မြိုင်ကြီး ဆောက်လုပ်လှူဒါန်းသော ကျောင်းလေးပေါ်သို့ သီတင်းသုံးသည်။ ၁၉၁၁ ခုနှစ်တွင် ဆရာတော် ဦးသုန်၏ ရဟန်းအမ ဒေါ်မမနှစ်က ယခုလက်ရှိ ကျောင်းတော်ကြီးကို လှူဒါန်းဆောက်လုပ်သည်။ လက်သမားဗိသုကာများမှာ မန္တလေးမှ လက်သမားအကျော်အမော်များဖြစ်သည်ဟု သိရသည်။ ဒေါ်မမနှစ်က သစ်များ၊ ကျွန်းတိုင်များကို မန္တလေးမှ ဖောင်ဖွဲ့၍ပို့စေသည်။ လက်သမားခကို ရှင်းရသည့်အခါ ငွေဒင်္ဂါးများကို လှည်းဖြင့်တင်ပြီး ရှင်းရသည်ဟု ဆိုသည်။

ကျောင်းကြီးကို မြန်မာနှစ် ၁၂၈၁ ခရစ်နှစ် ၁၉၁၈ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးသည်။ (၈) နှစ်ကြာသည်၊ ၁၂၈၁ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးကြောင်းကို နောင်တွင် ကျောင်းကြီး၏ ကျောင်းထိုင်ဆရာတော် ဦးဝိဇယတ အောက်ပါ



www.burmeseclassic.com

www.burmeseclassic.com


တေးထပ်ဖြင့် ရေးဖွဲ့မှတ်တမ်းတင်ထားခဲ့ပါသည်။

*'ဒွိဂါမေဗွေချက်စ၊ နေတက်လပမာ၊ ဖွေလျှက်ပပြုရှာမည်၊ ကျွန်စွာမှတ်ဦး၊ မိုးပါးနီးဝိဟာရေမှာ၊ ရှိတာလေ ထွန်းတောက်တင့်မှူး၊ ရွာနှစ်ရွာကျက်သရေ၊ လက်လက်ဝေကွန့်ဖူး၊ မက်မပြေ၊ ကွန့်မြူးဖို့၊ ညွန့်ဖူးတဲ့စိတ်တွေ၊ ဒွိအဌာဒွစ်ကေမှာတော့၊ ဖြစ်စေရ ထားဆောက်လုပ်ပေ၊ ကောင်းမှုရှင်မည်နာမေ၊ စည်ခါဝေကျော်လှစ်တဲ့၊ ဒေါ်နှစ်ဟု ခေါ်ကြရှာ၊ များသိစိတ်ငှာ၊ ထက်နတ်မြတ်ဝတီသာတောင်၊ တစ်ရှိန်ဗျာသာခုခေါ်စို့လေး'*

*(၁၂၉၄ ခုနှစ်၊ ဝါဆိုလဆုတ် ၁၅ ရက်၊ တနင်္လာနေ့၊ ၁-၈-၁၉၃၂ တွင် ရေးစပ်သည်)*

ဖောင်းကတောရွာကျောင်းသို့ ဗိုလ်ချုပ်အောင်ဆန်း လာရောက် လေ့လာသည့်နှစ်မှာ ခရစ်နှစ် ၁၉၂၈ နှစ်မှ ၁၉၃၁ နှစ်အထိ ခဏခဏလာလည်ပါသည်။ ဆရာတော် ဦးသုန်လက်ထက်ဖြစ်ပါသည်။ ဦးဝိဇယမှာ ဗိုလ်ချုပ်အောင်ဆန်း (ကျောင်းသား အောင်ဆန်း) လာလည်စဉ်က လက်ထောက်ဆရာတော်လေး ဖြစ်ပါသည်။ ကျောင်းတိုင်များမှာ လေးထောင့်ဖြစ်ပြီး ပတ်လည် (၄) ပေ၊ (၄) လက်မ ရှိသည်။ ကျောင်းခန်းတစ်ခန်း အလျား၊ အနံ၊ အလျား (၁၂) ပေတွင် ကျောင်းတိုင် (၉) တိုင်၊ အနံတွင် ကျောင်းတိုင် (၈) တိုင်၊ စုစုပေါင်း (၇၂) တိုင် ရှိသည်။ ကျောင်းတိုင်ကြီးများကို လေ့လာရာတွင် အောင်ဆန်း အလွန်သဘောကျကြောင်း သိရသည်။ အထက်သို့ တက်ရာတွင် ဆက်ရာရှိသော်လည်း ဆက်ရာကို ထိန်းသည့်အရာများ မတွေ့ရပါ။ ကျောင်းကြီးဆောက်စဉ်က ကျောင်းတိုင်ကြီးတစ်တိုင်ကို ဒင်္ဂါးပြားရေ (၃၀) ပေးရကြောင်း သိရသည်။

ကျောင်းအမိုးကို ဘုံအဆင့်ဆင့်နှင့်တည်ဆောက်ထားပြီး အမိုးကို ကျွန်းပြားလေးများနှင့် မိုးထားသည်။ တောင်ဘက်၌ သစ်သားလှေကားရှိပြီး ကျောင်းကြီးတောင်ဘက်နားတွင် ကုဋိရှိသည်။ ကျောင်းကြီးမြောက်ဘက်လက်ရန်းတွင် အုတ်လှေကားရှိသည်။ တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်လက်ရန်းများကို ကျွန်းသားပွတ်လုံးများနှင့် တပ်ဆင်ထားသည်။ ခေါင်မိုးကျွန်းပြားလေးများ ဆွေးမြည့်နေသဖြင့် ၁၉၉၀ ပြည့်နှစ်က ဖောင်းကတောမြောက်ရွာမှ ဦးအောင်သူ၏ ကောင်းမှုကြောင့် သွပ်မိုးဖြစ်သွားသည်။ဘုံသုံးဆင့်ဖြစ်သွားသည်။ ခေါင်မိုးသွပ် အချပ် (၃၆၀) ကုန်သွားသည်။



ကျောင်းကြီးပေါ်တွင် ဦးသုန်ပုံ၊ ဦးဝိဇယဓာတ်ပုံကြီးများရှိသည်။ လက်ရှိဆရာတော်မှာ ဦးသီလစာရ ဖြစ်သည်။ ဦးသုန်ပျံလွန်တော်မူပြီးနောက် ဦးဝိဇယကျောင်းထိုင်သည်။ ဦးဝိဇယနောက် ဦးသီလစာရမှာ လက်ရှိဆရာတော်ဖြစ်သည်။ ဆရာတော်မှာ အကြောရောဂါကြောင့် တွဲလျှောက်နေရပါသည်။ သက်တော် (၇၅) နှစ်၊ ဝါတော် (၅၅) ဝါရှိသည်။

ယခုကျောင်းကြီးပေါ်ရှိ ဆင်းတုတော်မှာ သိမ်တွင်းရှိ ဆင်းတုတော်ဖြစ်သည်။ ကျောင်းသိမ်မှာ ကျောင်းတော်ကြီး၏အနီး အနောက်မြောက်အရပ်တွင် ရှိသည်။ သိမ်ကြီးကို ပြုပြင်သူအလှူရှင်မှာ ကွယ်လွန်သူ ဦးဘိုးခက်၊ ဒေါ်ကြည်လှတို့ကို အမှူးထား၍ သားသမီး၊ မြေး၊ မြစ်တစ်စုတို့ ဖြစ်ကြောင်း သိရသည်။ ကျောင်းကြီးပေါ် ဘုရားခန်းအတွင်းရှိ ဖန်ပုလင်းထဲ၌ ကျောင်းဆောင်နှင့် ဆင်းတုတော် ဖြစ်သည်။ ဗွီဒီယိုမင်းသား နေထူးနိုင် (ရေနံချောင်း) လှူဒါန်းသည့် ပလတ်စတစ်ဆင်းတုတော်ကိုလည်း ဖူးမြော်ရပါသည်။

ကျောင်းကြီးပေါ်တွင် ကိုလိုနီခေတ်က ရေးဆွဲထားသည့် ပန်းချီပုံများလည်းရှိသည်။ ထာဝရအရာဏ်ဆွမ်းအလှူရှင်ဓာတ်ပုံကြီးကိုလည်း ချိတ်ဆွဲထားသည်။ ထာဝရအရာဏ်ဆွမ်းအလှူရှင်မှာ ဖောင်းကတော မြောက်ရွာ ဒေါ်ခင်ဆင့် ဖြစ်သည်။ နေ့စဉ် ထာဝရအရာဏ်ဆွမ်းလှူခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ ဖြစ်ပါသည်။

ရန်ကုန် အရာဏ်ဦး ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးဇော်ဝင်း လှူဒါန်းထားသည့် အဝီစိရေတွင်းနှင့် ရေစုပ်စက်ကို အဆောက်အအုံနှင့် တွေ့ရှိရပါသည်။ ကျောက်ရေတွင်းလည်းရှိသည်။ ရေတွင်းထဲ ရေစုပ်စက်ချထားသည်။

ကျောင်းတော်ကြီးအရှေ့ဘက်ရှိ ဘုရားမှာ 'အောင်ချမ်းသာဘုရား' ဟုတွင်သည်။ ထိုဘုရား၏ အရှေ့ဘက်တံတိုင်းနားတွင် စေတီတစ်ဆူမှာ 'ရတနာမာန်အောင်မြင်စေတီ' ဟုသမုတ်သည်။ ထိုစေတီကမ္ပည်းတွင်ပါရှိသည့် ကုသိုလ်ရှင်မှာ ရန်ကုန် အရာဏ်ဦး ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဖြစ်သည့် -

*အဖ ဦးဇော်ဝင်း၊ အမိ ဒေါ်ခင်ခင်ငွေး*
*အဒေါ် ဒေါ်လှလှပု၊ ဒေါ်လှစုတို့ကို*
*အမှူးထား၍*
*ဘုရားဒါယိကာမ ဒေါ်ဇာဇာဝင်း*
*ကောင်းမှု။*
*၁၃၆၄ ခု၊ တပို့တွဲလပြည့် ၁၅ ရက်၊*
*တနင်္ဂနွေနေ့၊ ၁၆-၂-၂၀၀၃*

ဟု ရေးထိုးပါရှိသည်။

ကျောင်းတော်ကြီး၏ အနောက်မြောက်ထောင့်အနီးတွင် 'ဇမ္ဗူမျက်ရှင်' ဘုရားရှိသည်။ ဘုရားအရှေ့ဘက်တွင် သိမ်တော်ရှိသည်။ ကျောင်းတော်ကြီး၏ အနောက်ဘက်တွင် သစ်သားဇရပ်ကြီးရှိသည်။ ဧရာဝတီမြစ် ရေကြီးသည့်အခါ မြစ်အနောက်ဘက်ရှိ ရွာများ ရေမြုပ်လျှင် ထိုဇရပ်ကြီးပေါ်နှင့် ဇရပ်အောက်၊ ကျောင်းတော်ကြီးအောက်သို့လာရောက်တည်းခိုကြရာနေရာများ ဖြစ်ပေသည်။ ကျောင်းအနီးဝန်းကျင်တွင် သရက်၊ မာလကာ၊ အုန်း၊ ထန်း၊ မန်ကျည်း၊ ပိတောက်၊ နှံ့ပဲ၊ ရှားပင်၊ တတိုင်းမွှေးပန်းပင်၊ ဆယ်နှစ်ရာသီပန်းပင်များဖြင့် အုပ်ဆိုင်းနေပေသည်။ ဗိုလ်ချုပ်အောင်ဆန်း အမျိုးသားကျောင်းသားဘဝ လာရောက် လေ့လာသော ကျောင်းတော်ကြီး ဖြစ်ပါသည်။

မိုးမြသင်း



www.burmeseclassic.com

www.burmeseclassic.com

# ပြက္ခဒိန်လွတ်နေ့ရှာနည်းလေးတွေ

လူမှုကိစ္စအဝဝလေးတွေကို နေ့စဉ် ဆောင်ရွက်ရာမှာ ရက်တစ်ရက်ဟာ ဘာနေ့လဲ ဆိုတာသိဖို့ လိုအပ်လာလေ့ ရှိပါသည်။ ထိုအခါမျိုးတွင် နှစ် (၁၀၀) ပြက္ခဒိန်ကို ပြေး၍တမ်းတမိတတ်ကြပါသည်။ ပြက္ခဒိန်က အနီးအနား လက်တစ်ကမ်းအကွာတွင် ရှိမနေပြန်လျှင်တော့ မချင့်မရဲနှင့်မောကြရပြန်ပါသည်။ အလုပ်မပြီးမစီးဖြစ်ကြရပြန်သည်။ ထိုသို့သော အခက်အခဲလေးများကို ကျော်လွှားသွားနိုင်မည့် နည်းတိုလေးများကို ... တင်ပြပါရစေ။ သင်သိလိုသော ရက်စွဲတစ်ခု၏ နေ့အမှန်ကို အလွယ် ... ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။

ပထမဦးစွာ (၁၄၄၀), (၂၅၀), (၃၆၁), (၄၆) ဆိုတဲ့ လစောင့်ကိန်းလေး (၁၂)လုံးကို ဆောင်ထားရပါမယ်။ မှတ်ရလွယ်အောင် ပိုဒ်ဖြတ်လေးတွေပေးထားပါ။ လ (၁၂) လအတွက် ကိုယ်ပိုင် ...တ်လေးတွေ ဖြစ်ပါတယ်။ ရက်ထပ်နှစ်များမှာတော့ ဇန်နဝါရီ (၀)၊ ဖေဖော်ဝါရီ (၃) ဖြစ်သွားပါတယ်။ ဒါဆိုရင် တွက်လို့ရပါပြီ။

တွက်နည်းက လွယ်လွယ်လေး ... သိလိုတဲ့ခုနှစ်ရဲ့ နောက်ဆုံးဂဏန်း ...လုံးကိုတည်ပြီး (၄) နဲ့စားပါ။ စားလဒ် ... တည်ကိန်းနဲ့ ပြန်ပေါင်းရပါတယ်။ ...ရင် လစောင့်ကိန်းနဲ့ ဆက်ပြီးပေါင်း၊ ...သိလိုသောရက်နဲ့လည်းပေါင်း၊ အားလုံးပေါင်းလဒ်ကို (၇)နဲ့စားလိုက်ရင် အကြွင်းက နေ့ပါပဲ။ ခုနှစ်က ၂၀၀၀ ကျော်နေရင်တော့ (၁) ပြန်နုတ်ပါ။

၂၀၁၂ ခု၊ ဒီဇင်ဘာ ၁၂ ရက်ကို တွက်ကြည့်ပါမယ်။ နောက်ဆုံးဂဏန်းနှစ်လုံးဖြစ်တဲ့ (၁၂) ကိုတည်ပြီး (၄)နဲ့စားလိုက်တော့ စားလဒ် (၃) ရပါတယ်။ တည်ကိန်းနဲ့ပြန်ပေါင်းတော့ (၁၅) ဖြစ်သွားပါတယ်။ လစောင့်ကိန်းက ဒီဇင်ဘာလအတွက် ၆၊ သိလိုတဲ့ရက်က ၁၂ ရက်။ အားလုံးပေါင်းလိုက်ရင် ၁၅+ ၆+ ၁၂ = ၃၃ ရပါတယ်။ အဲဒါကို (၇) နဲ့စားလိုက်တော့ အကြွင်းက(၅)ပါ။ ခုနှစ်က ၂၀၀၀ ကျော်နေလို့ (၁) ပြန်နုတ်လိုက်ရင် သိလိုတဲ့နေ့ရပါပြီ။ ဗုဒ္ဓဟူးနေ့ပါ။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ကိုတွက်ကြည့်ပါဦးမယ်။ နောက်ဆုံးဂဏန်းနှစ်လုံးဖြစ်နေတဲ့ (၄၈) ကို (၄) နဲ့ စားရပါမယ်။ စားလဒ်က (၁၂)၊ တည်ကိန်းနဲ့ ပြန်ပေါင်းရင် (၆၀) ရပါတယ်။ ဇန်နဝါရီရဲ့ လစောင့်ကိန်းက ရက်ထပ်နှစ်ဖြစ်လို့ (၀) ပါ။ သိလိုသောရက်က (၄) ရက်။ အားလုံးပေါင်းလိုက်တော့ ၆၀+၀+၄ = ၆၄ ရပါတယ်။ (၇) နဲ့စားလိုက်တော့ (၁)ကြွင်းလို့ အဲဒီနေ့ဟာ တနင်္ဂနွေနေ့ပါ။

နောက်တစ်နည်းလေးကြည့်ပါဦး။ ဒီနည်းလေးကတော့ ကိန်းစောင့်ဇယားတစ်ခုလိုပါတယ်။ တွက်နည်းကလည်း လွယ်ပါတယ်။ ဇယားမှာပါတဲ့ နှစ်စောင့်ကိန်း၊လစောင့်ကိန်းလိုတဲ့ရက်တို့ကိုပေါင်းပြီး နေ့ရှာရုံပါပဲ။ ရက်ထပ်နှစ်များမှာတော့ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလများအတွက် (၁)ပြန်နုတ်ရပါတယ်။ ခုနှစ်က ၂၀၀၀ ကျော်သွားရင်လည်း (၁) ထပ်ပြီး နုတ်ပေးရပါတယ်။ အောက်မှာ ကိန်းစောင့်ဇယားလေးကို ပေးထားပါတယ်။

၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ ၁၂ရက်နေ့ကိုပဲ ပြန်ပြီးတွက်ပါမယ်။ တွက်လိုတဲ့နှစ်ရဲ့ နောက်ဆုံးဂဏန်းနှစ်လုံးကိုပဲ သုံးရပါတယ်။ (၁၂) ပါတဲ့စာတိုင်မှာ နှစ်စောင့်ကိန်းက (၁) ပါ။ ဒီဇင်ဘာပါတဲ့စာတိုင်မှာ လစောင့်ကိန်းက (၆) ဖြစ်ပါတယ်။ လိုတဲ့ရက်က ၁၂။ အားလုံးပေါင်းလိုက်တော့ ၁+၆+၁၂ = ၁၉ ရပါတယ်။ ခုနှစ်က ၂၀၀၀ ကျော်နေလို့ (၁) ပြန်နုတ်တော့ (၁၈) ဖြစ်သွားပါတယ်။ (၇) နဲ့စားရင် (၄) ကြွင်းလို့ ဗုဒ္ဓဟူးပါပဲ။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့ကိုလည်း အလားတူ တွက်ကြည့်ပါဦးမယ်။ (၄၈) ပါတဲ့ စာတိုင်ရဲ့အပေါ်တည့်တည့်မှာ (၄)၊ ဇန်နဝါရီပါတဲ့စာတိုင်ရဲ့ အပေါ်တည့်တည့်မှာ (၁)၊ သိလိုတဲ့ရက်က (၄) ရက်။ အားလုံးပေါင်းလိုက်တော့ ၄+၁+၄=၉ ရပါတယ်။ ရက်ထပ်နှစ်ဖြစ်လို့ ဇန်နဝါရီအတွက် (၁) ပြန်နုတ်ရင် (၈) ဖြစ်သွားပါတယ်။ (၇)နဲ့စားရင် (၁) ကြွင်းလို့ တနင်္ဂနွေနေ့ပါပဲ။

မိတ်ဆွေတို့ရဲ့လုပ်ငန်းဆောင်တာများ လွယ်ကူ လျင်မြန်စွာ အဆင်ပြေချောမွေ့ကြပါစေ၊

[illegible]

| ကိန်းစောင့် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
|---|---|---|---|---|---|---|---|
| နှစ် | ၁ | ၂ | ၃ | × | ၄ | ၅ | ၆ |
| | ၇ | × | ၈ | ၉ | ၁၀ | ၁၁ | × |
| | ၁၂ | ၁၃ | ၁၄ | ၁၅ | × | ၁၆ | ၁၇ |
| | ၁၈ | ၁၉ | × | ၂၀ | ၂၁ | ၂၂ | ၂၃ |
| | × | ၂၄ | ၂၅ | ၂၆ | ၂၇ | × | ၂၈ |
| | ၂၉ | ၃၀ | ၃၁ | × | ၃၂ | ၃၃ | ၃၄ |
| | ၃၅ | × | ၃၆ | ၃၇ | ၃၈ | ၃၉ | × |
| | ၄၀ | ၄၁ | ၄၂ | ၄၃ | × | ၄၄ | ၄၅ |
| | ၄၆ | ၄၇ | × | ၄၈ | ၄၉ | ၅၀ | ၅၁ |
| | × | ၅၂ | ၅၃ | ၅၄ | ၅၅ | × | ၅၆ |
| | ၅၇ | ၅၈ | ၅၉ | × | ၆၀ | ၆၁ | ၆၂ |
| | ၆၃ | × | ၆၄ | ၆၅ | ၆၆ | ၆၇ | × |
| | ၆၈ | ၆၉ | ၇၀ | ၇၁ | × | ၇၂ | ၇၃ |
| | ၇၄ | ၇၅ | × | ၇၆ | ၇၇ | ၇၈ | ၇၉ |
| | × | ၈၀ | ၈၁ | ၈၂ | ၈၃ | × | ၈၄ |
| | ၈၅ | ၈၆ | ၈၇ | × | ၈၈ | ၈၉ | ၉၀ |
| | ၉၁ | × | ၉၂ | ၉၃ | ၉၄ | ၉၅ | × |
| | ၉၆ | ၉၇ | ၉၈ | ၉၉ | × | ၀၀ | |
| လ | ဇန်နဝါရီ | မေ | ဩဂုတ် | ဖေဖော်ဝါရီ | ဇွန် | စက်တင်ဘာ | ဧပြီ |
| | အောက်တိုဘာ | × | × | မတ် နိုဝင်ဘာ | × | ဒီဇင်ဘာ | ဇူလိုင် |



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာ၏ပါရမီတော်ဇာတ်လမ်းများ

# ဝဏ္ဏသိရိ

# လက်ဝါးပေါ်က မျက်လုံးတစ်စုံ



ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် ဝိသတိနိပါတ် သိဝိဇာတ်တော်တွင် သိဝိက မည်သော ဆေးဆရာအဖြစ်ဖြင့် ဘုရားအလောင်းတော် သိဝိမင်း၏ မျက်စိအလှူတော်ကို ကူညီဆောင်ရွက်ခွင့်ရခဲ့ပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် သိဝိတိုင်း အရိဋ္ဌပုရမြို့တော်၌ ထီးနန်းစိုးစံသော သိဝိမင်း၏ သားတော်ဖြစ်ခဲ့ပြီး သူ့ကိုလည်း သိဝိမင်းသားဟု အများကခေါ်ကြ၏။ အလောင်းတော် သိဝိမင်းသားအရွယ်ရောက်သောအခါ တက္ကသိုလ်မြို့တော်သို့သွားရောက်၍ မင်းယောကျ်ားတို့ တတ်သင့်တတ်ထိုက်သော အတတ်ပညာများ သွားသင်ယူ၏။ ပညာစုံတတ်မြောက်၍ အရိဋ္ဌပုရမြို့တော်သို့ပြန်လာချိန်တွင် ခမည်းတော်မင်းကြီး နတ်ရွာစံသဖြင့် မှူးမတ်ဗိုလ်ပါ အပေါင်းက သိဝိမင်းသားကို ဘိသိက်သွန်း၍ မင်းမြှောက်ကြလေသည်။

အလောင်းတော် သိဝိမင်းသည် မင်းအဖြစ်သို့ ရောက်ရှိသောနေ့မှာပင် အလှူမဏ္ဍာပ်ကြီး ခြောက်ဆောင်ကို ဆောက်လုပ်၏။ မြို့တော်တံခါးဝလေးခုတို့၌ တစ်ဆောင်စီ၊ မြို့တော်အလယ်၌ တစ်ဆောင်၊ နန်းတော်တံခါးဝ၌ တစ်ဆောင်၊ ဤအလှူမဏ္ဍာပ်ခြောက်ဆောင်တို့တွင် တစ်ဆောင်တစ်ဆောင်၌ အသပြာတစ်သိန်းတစ်သိန်းထိုက်တန်သော လှူဖွယ်ပစ္စည်းမျိုးစုံကို နေ့စဉ်မပြတ် လှူဒါန်းရန် အမိန့်ပေး၏။ လဆန်း ၈ ရက်၊ လဆန်း ၁၄ ရက်နှင့် လပြည့်နေ့များတွင် အလှူရှင် သိဝိမင်းကိုယ်တော်တိုင် အလှူမဏ္ဍာပ်များသို့ သွားရောက် ကြည့်ရှု၍ လိုလေသေးမရှိ လှူဒါန်းကြစေရန် နှိုးဆော် တိုက်တွန်းလေသည်။

တစ်ခုသောနံနက်စောစောအချိန်တွင် အလောင်းတော် သိဝိမင်းသည် ထီးဖြူတော် စိုက်ထူထားသော ရာဇပလ္လင်တော်၌ ထိုင်လျက် မိမိ၏အလှူကို ပြန်လည် စဉ်းစားမိ၏။

"တကယ်တော့ဖြင့် ငါလှူလာခဲ့သည့် လှူဖွယ်ပစ္စည်းတွေက များလည်း များခဲ့ပြီ။ အမျိုးအမည်တွေလည်းစုံလှပြီ။ ငါမလှူရသေးသည့် ပစ္စည်းဟူ၍ပင် မရှိတော့ပြီ။ ဤမျှလောက် အမျိုးအမည်စုံသော၊ ဤမျှလောက် အဖိုးထိုက်သော လှူဖွယ်ပစ္စည်းများကို နေ့စဉ်နေ့တိုင်းလှူလာခဲ့ရသော်ငြားလည်း ငါ့စိတ်ထဲမှာ အားရကျေနပ်မဖြစ်လာသေးပါတကား။ ပစ္စည်းတွေက ကိုယ်ခန္ဓာ၏ အပြင်အပက ပစ္စည်းတွေသာဖြစ်ကြသည်။ အပြင်ကပစ္စည်းတွေ ပေးလှူရုံနှင့် ငါ့စိတ်ထဲမှာ အားရကျေနပ်မှုမဖြစ်သေးပေ။ သည်တော့ အားရကျေနပ်လောက်အောင် ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းဖြစ်သော အတွင်းပစ္စည်းများကို လှူမှဖြစ်ပေတော့မည်။

ဤသို့ စဉ်စားပြီးလျှင် သိဝိမင်းသည် နံ့သာအရည်များ ရောစပ်ထားသော ရေအိုးတစ်ဆယ့်ခြောက်လုံးတို့ဖြင့် ရေချိုး၏။ ပြီးလျှင် မင်းမြောက်တန်ဆာများ အပြည့်အစုံဝတ်ဆင်လျက် ပွဲတော်စာများကို သုံးဆောင်၏။ ထို့နောက် ကကြိုးတန်ဆာပြည့်စုံစွာ ဆင်ယင်ထားသော မင်္ဂလာဆင်တော်ကြီးကို စီး၍ အလှူမဏ္ဍာပ်၌ အရပ်လေးမျက်နှာမှ ရောက်လာကြသော အလှူခံပုဂ္ဂိုလ်တို့အား လိုလေသေးမရှိရအောင် ပေးလှူနေပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုနေစဉ် မျက်မမြင်ပုဏ္ဏာအိုကြီးတစ်ယောက်က တစ်နေရာမှ လှမ်း၍ -

"အောင်ပါစေ အရှင်မင်းကြီး"

ဟု နှုတ်ခွန်းဆက်လိုက်လေသည်။

မဇ္ဈိမဒေသ၏ ထုံးတမ်းအစဉ်အလာအရ ဗြာဟ္မဏနွယ်ဖွား ပုဏ္ဏားတစ်ယောက်က ဤသို့ နှုတ်ခွန်းဆက်လာလျှင် ပြည့်ရှင်မင်းတို့ကလည်း တုံ့ပြန်၍ လိုအပ်သောအရာဝတ္ထုကို ပြောပြပါရန် ပန်ကြားရ၏။ ထို့ကြောင့် သိဝိမင်းသည် ပုဏ္ဏားအိုကြီးရှိရာသို့ ဆင်တော်နှင့်တကွ ချဉ်းကပ်လာခဲ့၍ -

"အို-ပုဏ္ဏားကြီး၊ သင့်မှာအဘယ်လို လှူဖွယ်ပစ္စည်းများ လိုအပ်ပါသလဲ"

ဟု မေးမြန်းလေရာ -

"အရှင်မင်းမြတ်၊ ကျွန်ုပ်မှာ မျက်မမြင်ဖြစ်ပါတယ်။ မျက်မမြင်ဘဝကလွတ်မြောက်နိုင်ဖို့ အရှင်မင်းမြတ်ရဲ့ မျက်စိတစ်လုံးကို လှူတော်မူပါ။ အဲသလိုဆိုလျှင် အရှင်မင်းမြတ်မှာလည်း မျက်စိတစ်လုံး၊ ကျွန်ုပ်မှာလည်း မျက်စိတစ်လုံး ရှိလာလို့ နှစ်ဦးစလုံး အဆင်ပြေပါလိမ့်မယ်ဘုရား"

မျက်မမြင်ပုဏ္ဏားအိုကြီးထံမှ ဤသို့သော လျှောက်တင်သံကို ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်တွင် မျှူးမတ်ဗိုလ်ပါအပေါင်းမှာ အံ့တသြဖြစ်သွားကြရင်း အထိတ်တလန့်ဖြစ်သွားကြရ၏။

သို့ရာတွင် သိဝိမင်းကမူ တုန်လှုပ်ခြင်းလုံးဝမရှိဘဲ -

"အို-ပုဏ္ဏားကြီး၊ လူတစ်ယောက်အတွက် မျက်စိ ဆိုတာ အမွန်မြတ်ဆုံး ကိုယ်အင်္ဂါ ဖြစ်တယ်။ ဒါကြောင့်လည်း လှူဖို့ပေးဖို့ အခဲယဉ်းဆုံးဖြစ်နေတယ်။ ဒီလိုပစ္စည်းမျိုးကိုပေးလှူဖို့ ငါကိုယ်တော်မြတ်စိတ်ကူးနေတုန်းမှာမှ သင်က အလှူခံလာတာနဲ့အတော်ပဲပေါ့။ အသင်ပုဏ္ဏားကြီးက မျက်စိတစ်လုံးကို အလှူခံပေမယ့် ငါကိုယ်တော်ကတော့ အဲဒါလောက်နဲ့ အားမရနိုင်သေးဘူး။ ဒါကြောင့် မျက်စိနှစ်လုံးကို လှူပါ့မယ်။ ကိုင်း - ဒီနေရာမှာ မျက်စိနှစ်လုံးကို ထုတ်လှူဖို့ မဖြစ်နိုင်ဘူး။ ဒါကြောင့် ရွှေနန်းတော်ကို လိုက်ခဲ့ပေတော့ အသင်ပုဏ္ဏားကြီး"

ဤသို့ မိန့်ကြားပြီးလျှင် သိဝိမင်းသည် ရွှေနန်းတော်ထက်သို့ ပြန်တက်တော်မူပြီးလျှင် သိဝိကမည်သောဆေးဆရာကို ဆင့်ခေါ်၍ ဆောင်ရွက်ရန်ကိစ္စကို မိန့်ကြား၏။

ဤအခိုက်မှာပင် ရွှေနန်းတော်မှာ ရှိနေကြသော မျှူးမတ်ဗိုလ်ပါအပေါင်းနှင့်တကွ အရိဋ္ဌပူရမြို့တော်သူမြို့တော်သားအားလုံးက တစ်ဆင့်စကားတစ်ဆင့်ကြားဖြင့် စုပြုံရောက်လာကြပြီး မျက်စိကိုထုတ်၍ မလှူရန် တောင်းပန်ကြ၏။

ဤတွင် သိဝိမင်းက -

"အို - တိုင်းသူပြည်သားအပေါင်းတို့၊ လူတစ်ယောက်ဟာ ပေးလှူဖို့ ဝန်ခံပြီးမှ စိတ်ပြောင်းပြီးတော့ ငြင်းပယ်လိုက်မယ်ဆိုရင် အဲဒီလူဟာ အညံ့ဖျင်းဆုံးလူတစ်ယောက် ဖြစ်သွားလိမ့်မယ်"

ဤသို့ မိမိ၏ ဆုံးဖြတ်ချက်ခိုင်မာပုံကို အတိအလင်း မိန့်ကြားလိုက်သဖြင့် တားမြစ်သူအားလုံးတို့ ခေါင်းငိုက်စိုက်ကျသွားကြရ၏။ ထိုပရိသတ်ထဲတွင် အပါအဝင်ဖြစ်သော မှူးကြီးမတ်ကြီးများသည်ကား တားမြစ်စကားကိုဆက်လက်၍ မလျှောက်တင်နိုင်တော့သော်လည်း ဤသို့ ထူးထူးကဲကဲ ရဲရဲဝံ့ဝံ့လှူရခြင်း၏ ရည်ရွယ်ချက်ကို သိလိုကြသဖြင့် -

"အရှင်မင်းမြတ်၊ ဒါလောက်တောင် မွန်မြတ်တဲ့အလှူကြီးကို ပေးလှူပြီးတော့ ဘယ်လိုအကျိုးတရားတွေကို ခံစားရပါမလဲ"

ဟု မေးမြန်းလျှောက်တင်ကြရာ-

"အို- အမတ်တို့၊ စည်းစိမ်ချမ်းသာကိုရချင်လို့ ငါလှူတာမဟုတ်ဘူး။ သားတွေသမီးတွေကိုလည်း ငါမလိုချင်ဘူး။ မြို့တွေရွာတွေတိုင်းပြည်တွေကိုလည်း ငါမလိုချင်ဘူး။ ရှေးရှေးက သူတော်သူမြတ်များရဲ့ထုံးတမ်းအစဉ်အလာအတိုင်း အလှူပေးရာမှာ မွေ့လျော် ပျော်ပိုက်လွန်းလို့သာ ငါအလှူပေးလာခဲ့တယ်"

ဤသို့ မှူးကြီးမတ်ကြီးများ၏ အမေးစကားကို ဖြေကြားပြီးလျှင် အလောင်းတော် သိဝိမင်းသည် အရှင်အာနန္ဒာလောင်းလျာဖြစ်သော ဆေးဆရာသိဝိကကို အပါးတော်သို့ ခေါ်ယူကာ -

"အချင်း သိဝိက၊ သင်ဟာ ဆေးအတတ်မှာ တကယ်တမ်း တတ်ကျွမ်းသူဖြစ်တယ်။ ငါကိုယ်တော်မြတ်နဲ့လည်း ခင်မင်ရင်းနှီးခဲ့တယ်။ ဒီတော့ ငါကိုယ်တော်မြတ်ရဲ့စကားကို နားထောင်ပါ။ ငါ့မျက်ကွင်းနှစ်ကွင်းထဲက မျက်စိနှစ်လုံးကို ထုတ်ယူပါ။ ပြီးတော့ ဟောဒီက အလှူခံပုဏ္ဏားရဲ့ လက်ထဲကို ထည့်လိုက်ပါ"

ဤသို့ ပြည့်ရှင်မင်းက အမိန့်ချမှတ်လိုက်သော်ငြားလည်း သိဝိကဆေးဆရာကတော့ ချက်ချင်းလက်ငင်း မလိုက်နာသေးဘဲ -

"အရှင်မင်းကြီး၊ ဆင်ခြင်တော်မူပါဦး။ နောင်ရေးနောင်တာငဲ့တော်မူပါဦး"

ဟု လျှောက်တင်နေသဖြင့် -

"သိဝိက၊ ငါကိုယ်တော်မြတ်ပေးထားတဲ့ အမိန့်အတိုင်းသာ လုပ်ပါ။ ဟိုဟိုဒီဒီစကားတွေနဲ့ အချိန်ဆွဲမနေနဲ့"

ဤသို့ တင်းတင်းပြတ်ပြတ် ထပ်မံ၍ မိန့်ကြားလိုက်သဖြင့် ဆေးဆရာသိဝိကမှာ မငြင်းဆန်ရဲတော့ဘဲ မျက်စိနှစ်လုံးကို ထုတ်ယူရန် ပြင်ဆင်ရတော့၏။





www.burmeseclassic.com

www.burmeseclassic.com

မိမိ၏ အသက်သခင် ကျေးဇူးရှင်ကြီးဖြစ်နေ၍ ဆေးဆရာ သိဝိကသည် မင်းကြီး၏ မျက်စိကို ခွဲစိတ်ဓားဖြင့် လှီးဖြတ်၍ မထုတ်ယူနိုင်ပေ။ သို့ဖြစ်၍ အသင့်ယူဆောင်လာခဲ့သော ဆေးတို့ကို ကျောက်ပျဉ်ပေါ်မှာ သွေးပြီးလျှင် ကြာညိုလက်ဖြင့် တို့ယူ၍ သိဝိမင်း၏ မျက်စိတစ်လုံးထဲသို့ထည့်ပေးလိုက်ရာ မျက်စိသည် မျက်ကွင်းထဲမှာ နဂိုရှိရင်းအတိုင်း မနေနိုင်တော့ဘဲ လည်၍လာကာ မင်းကြီးမှာ ဝေဒနာပြင်းထန်စွာ ခံစားနေရသဖြင့် -

"အရှင်မင်းကြီး၊ ဆင်ခြင်တော်မူပါဦး။ ဒီအဆင့်ကနေပြီးတော့ နဂိုအတိုင်းပြန်ဖြစ်အောင်လုပ်ပေးနိုင်ပါသေးတယ်"

"သိဝိက၊ အချိန်ဆွဲမနေနဲ့။ လုပ်စရာရှိတာသာ ဆက်လုပ်"

ဝေဒနာဒဏ်ကို အံကြိတ်သည်းခံရင်း သိဝိမင်းက မိန့်ကြားလိုက်၏။ သိဝိမင်းက ဆေးဆရာသည် ပိုမို၍ အစွမ်းထက်သောဆေးကို ဖျော်ကာ လည်နေသော မျက်စိထဲမှာ မျက်စဉ်းခတ်ပေးလိုက်၏။ ဆေးက အစွမ်းထက်လှသဖြင့် မျက်လုံးသည် မျက်ကွင်းထဲမှ ကြွတက်လာသည်တွင် -

"အရှင်မင်းကြီး၊ ဆင်ခြင်တော်မူပါဦး။ ဒီအဆင့်ကလည်း နဂိုအတိုင်းပြန်ဖြစ်အောင်လုပ်ပေးလို့ရနိုင်ပါသေးတယ်"

"သိဝိက အချိန်ဆွဲမနေနဲ့။ လုပ်စရာရှိတာဆက်သာလုပ်"

မင်းကြီးက အမိန့်ပေးမြဲအတိုင်းသာပေးနေသဖြင့် ဆေးဆရာ သိဝိကသည် အစွမ်းအထက်ဆုံးသော ဆေးရည်ဖြင့် မျက်စဉ်းခတ်ပေးလိုက်ရာ မျက်လုံးသည် မျက်ကွင်းထဲမှကျွတ်ထွက်လာပြီးလျှင် အကြောမျှင်များဖြင့် တွဲလောင်းကျလာ၏။ မျက်စိမှ ထွက်ကျလာသော သွေးများဖြင့် ဝတ်လဲတော်များပင် ရဲရဲနီသွားတော့သဖြင့် -

"အရှင်မင်းကြီး၊ ဆင်ခြင်တော်မူပါဦး။ ဒီအဆင့်ကလည်း နဂိုအတိုင်းပြန်ဖြစ်နိုင်ပါသေးတယ်"

"သိဝိက၊ အချိန်ဆွဲမနေနဲ့။ လုပ်စရာရှိတာ ဆက်သာလုပ်"

အလောင်းတော်သိဝိမင်းကတော့ ဝေဒနာဒဏ်ကိုကြံ့ကြံ့ခံရင်း ပေးမြဲအမိန့်ကိုသာပေးနေသဖြင့် ဆေးဆရာသိဝိကမှာ ဆက်လက်၍ မလျှောက်ဝံ့တော့ဘဲ တွဲလောင်းကျနေသော မျက်လုံးမှ အကြောမျှင်များကို ခွဲစိတ်ဓားထက်ထက်ဖြင့် တိခနဲဖြတ်ပြီးလျှင် သိဝိမင်း၏ လက်ထဲသို့ ထည့်ပေးလိုက်ရ၏။

ဤတွင် အလောင်းတော်သိဝိမင်းသည် လက်ထဲက လှူဖွယ်ပစ္စည်းဖြစ်နေသော မျက်လုံးကို ကျန်နေသေးသော မျက်စိတစ်ဖက်ဖြင့် အားရကျေနပ်စွာ ကြည့်ရှုပြီးလျှင် အလှူခံ ပုဏ္ဏားအိုကို အနားသို့ ခေါ်ယူ၍ -

"အို-ပုဏ္ဏား၊ ဒီမျက်လုံးကို ငါမလိုချင်လို့ပေးတာ မဟုတ်ဘူး။ သဗ္ဗညုတဉာဏ်တော်ကြီးကို ဒီမျက်လုံးထက် ပိုပြီးတော့လိုချင်လို့သာ လှူလိုက်ရပါတယ်"

ဤသို့ မိန့်ကြားလျက် လက်ထဲက မျက်လုံးကို အလှူခံပုဏ္ဏားအို၏ လက်ထဲသို့ ထည့်လှူလိုက်၏။ ပုဏ္ဏားအိုကလည်း ရလာသောမျက်လုံးကို ဟောက်ပက်ဖြစ်နေသော မျက်ကွင်းတစ်ဖက်ထဲ ထည့်လိုက်ရာ မွေးရာပါ ပကတိမျက်စိအတိုင်း ကြည့်နိုင်မြင်နိုင်ဖြစ်သွားလေသည်။

ထိုမှ ဆက်လက်၍ ကျန်နေသေးသော ဝဲဘက်မျက်စိတစ်လုံးကိုလည်း ထုတ်လှူလေသည်။

သို့ဖြင့် နဂိုက မျက်မမြင်ဒုက္ခိတဖြစ်နေခဲ့သော အလှူခံပုဏ္ဏားအိုသည် မျက်စိနှစ်ကွင်းအလင်းရကာ ဝမ်းမြောက်ဝမ်းသာ နန်းတော်ထက်မှ ဆင်းသက်သွား၏။

တကယ်တော့ဖြင့် ထိုပုဏ္ဏားအိုသည် အလှူခံပုဏ္ဏားအစစ် မဟုတ်ပေ။ တာဝတိံသာနတ်ပြည်မှ သိကြားမင်းဖြစ်လေ၏။ ဒိဗ္ဗစက္ခုအဘိညာဉ်အရာတွင် ဧတဒဂ်ဂုဏ်ထူးရသော အရှင်အနုရုဒ္ဓါအလောင်းလျာဖြစ်၏။ အလောင်းတော်သိဝိမင်းမှာ စိတ်အကြံပေါ်လာသည့်အတိုင်း အဟုတ်တကယ် လှူနိုင်မည်၊ မလှူနိုင်မည်ကို စမ်းသပ်လို၍ အလှူခံပုဏ္ဏားအိုယောင်ဆောင်လာခဲ့ခြင်းဖြစ်လေသည်။

မျက်စိအလှူရှင် သိဝိမင်းသည် ဒုက္ခိတဘဝဖြင့် နန်းတော်ထက်၌ သုံးရက်မျှနေပြီးမှ မျက်မမြင်တစ်ယောက်အနေဖြင့် နန်းတော်ထက်မှာ မနေလိုတော့၍ ဥယျာဉ်တော်သို့ပြောင်းရွှေ့လာခဲ့၏။ သူ့အတွက် ရေပူရေချမ်းဆက်သရန် အမှုထမ်းတစ်ယောက်သာ ထားပေးကြရ၏။ ကျင်ကြီးကျင်ငယ်ကိစ္စများအတွက် အိမ်သာသို့သွားနိုင်အောင် ကြိုးတန်းတန်း၍ပေးကြရ၏။

အလောင်းတော် သိဝိမင်းသည် ဥယျာဉ်တော်အတွင်း၌ စိတ်နှလုံးအေးချမ်းစွာစံနေရင်း မိမိ၏ မျက်စိအလှူကို မိမိဘာသာ အားရကျေနပ်စွာ သာဓုအကြိမ်ကြိမ်ခေါ်နေမိ၏။

ဤသို့ နေထိုင်စဉ်မှာပင် အလှူခံပုဏ္ဏားအို အယောင်ဆောင်လာခဲ့သော သိကြားမင်းသည် သိဝိမင်းထံသို့ ချဉ်းကပ်လာ၍ သိဝိမင်းအား မိမိ၏ မျက်စိအလှူနှင့်ပတ်သက်၍ သစ္စာဆိုရန် တိုက်တွန်း၏။ သိဝိမင်းကလည်း သိကြားမင်း၏ တိုက်တွန်းချက်ကိုလက်ခံပြီးလျှင် -

"အို-သိကြားမင်း၊ အဆင့်အတန်းမျိုးစုံ အမျိုးအနွယ်မျိုးစုံက အလှူခံတွေ ကျွန်ုပ်ထံရောက်လာကြပါတယ်။ ရောက်လာသမျှအလှူခံတွေကို ကျွန်ုပ် လုံးဝမငြိုငြင်ပါ။ ဪ- သူတို့ဟာ ငါ့အတွက် ပါရမီဖြည့်ပေးဖို့လာကြတာပါကလားလို့ သူတို့ကိုကျေးဇူးတင်မိပါတယ်။ သူတို့ကို ချစ်ပါတယ်။

အို- သိကြားမင်း၊ အလှူခံပုဂ္ဂိုလ်မျိုးစုံထဲက ပုဏ္ဏားအိုကြီးတစ်ယောက်ကတော့ သူများထက်ထူးပြီးတော့ ကျွန်ုပ်ရဲ့ မျက်စိနှစ်လုံးကို အလှူခံပါတယ်။ အဲသည်လောက် ထူးထူးကဲကဲ အလှူခံတဲ့သူကိုလည်း ကျွန်ုပ်က မုန်းစိတ်မပေါ်ပါ။ သူကိုလည်း ကျေးဇူးတင်ပါတယ်။

အဲဒီစကားနှစ်ခွန်းကတော့ ကျွန်ုပ်စိတ်ထဲမှာ အမှန်တကယ်ရှိနေတဲ့အတိုင်း ထုတ်ဖော်ပြောကြားလိုက်တဲ့သစ္စာစကားဖြစ်ပါတယ်။ ဒီလိုမှန်ကန်တဲ့ သစ္စာစကားကို ဆိုရခြင်းကြောင့် မျက်စိနှစ်လုံး ပြန်လည် ပေါ်ပေါက်လာပါစေသတည်း"

ဤသို့ သစ္စာဆိုလိုက်သည်နှင့် တစ်ပြိုင်နက် သိဝိမင်း၏ ဟောက်ပက်ဖြစ်နေသော မျက်ကွင်းထဲမှာ မျက်စိနှစ်လုံးပေါ်လာကြလေသည်။


သိကြားမင်း ပြန်သွားသောအခါ သိဝိမင်းသည် ရွှေနန်းတော်သို့ ပြန်လည်ဝင်ရောက်ကာ သုစန္ဒက အမည်ရသော ရွှေပြာသာဒ်ထက်သို့ တက်၍စံနေ၏။ မျက်မမြင်ဒုက္ခိတဖြစ်နေရသော မင်းကြီးမှာ မျက်စိနှစ်လုံးပြန်ရလာသည့် သတင်းကောင်းကို ကြားသိရသဖြင့် သိဝိတိုင်းတစ်ခွင်လုံးမှတိုင်းသူပြည်သားတို့သည် လက်ဆောင်ပဏ္ဏာအသီးသီးဖြင့် ဝမ်းမြောက်ဝမ်းသာ လာရောက်၍ဖူးမြင်ကြ၏။ ထိုပရိသတ်ကြီးအား ဘုရားအလောင်းတော် သိဝိမင်းက အလှူဒါန၏ အကျိုးကျေးဇူးကြီးမားပုံ အကြောင်းစုံကို ထုတ်ဖော် ဟောကြားလေ၏။

ဝဏ္ဏ...



www.burmeseclassic.com

www.burmeseclassic.com



ညီတော်၊ နောင်တော်ဘုရားပလ္လင်မှ

# ရွှေခေတ်ရခိုင်ရိုးရာ ②
# စိတ္တလက်ာရအနုလက်ရာဒီဇိုင်းများ

( ရွှေဖေဝင်းလှ(တေဇ)သန် )

ပန်းချီထူးလှ

**မျောက်တစုံချစ်ကြည်ပုံ**

ညီတော်၊ နောင်တော်ဘုရား ကျောက်ဆစ်ပလ္လင်၏ တောင်ဘက် မျက်နှာ လက်ယာဘက်အောက်ပိုင်းမှ မျောက်စုံတွဲကျောက်ဆစ်ရုပ်ကြွကို ကူးယူ ရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခု ပင် ဖြစ်ပါသည်။ ညီတော်၊ နောင်တော် ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲ ခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက်(၄၆)အဖြစ် ဖော်ပြထားပါသည်။ ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနု လက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၄၆) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ပုံ (၄၆) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက် ဆစ်ရုပ်ကြွအမြင့် (၁၈) စင်တီမီတာခန့်၊ အကျယ်(၁၈)စင်တီမီတာခန့်နှင့် ရုပ်ကြွ အထု (၂) စင်တီမီတာခန့် ရှိပါသည်။ မျောက်နှစ်ကောင်မှာ တစ်ကောင် လေး ဖက်ထောက်ပြီး အမြီးထောင်ကာ ဦးခေါင်းကို နောက်ပြန်လှည့်ကြည့်နေပါ သည်။ နောက်တစ်ကောင်မှာ ရပ်၍ ရှေ့ က လေးဖက်ထောက်နေသည့်အကောင် ကို ဖက်ထားသည်။ အမြီးမှာ အောက် သို့ ကျနေပါသည်။ နောက်က မျောက် မျက်နှာရှေ့တွင် ပန်းလိပ်တစ်လိပ်၊ ရှေ့က လေးဖက်ထောက်နေသည့် မျောက် ဦးခေါင်းနှင့် လည်ပင်းနားတွင်လည်း ပန်းလိပ် အထက်တစ်လိပ်၊ အောက်တစ် လိပ်နှစ်လိပ်ကိုတွေ့ရှိရပါသည်။ မျောက် နှစ်ကောင်၏အောက်တွင် ဖောင်းခံ၍ ဖောင်းအောက်တွင် နှစ်ထပ်ပွင့်ဖတ်နှင့် ကြားညှပ်ပွင့်ဖတ်များဖြင့် စီတန်းကာ အလှဆင်ထားပါသည်။ ပုံ (၄၆) ဒီဇိုင်း လက်ရာသည် ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲ တွင် အသင့်အတင့်ကောင်းမွန်သော လက်ရာတစ်ခုပင် ဖြစ်သည်ဟု ပြောရ မည်ပင် ဖြစ်ပါသည်။



ပုံ (၄၆)

**ဒိုင်းကားဖြင့် ကာကွယ် တိုက်ခိုက်နေဟန် ဘီလူး**

ဘီလူးဒီဇိုင်းလက်ရာမှာ ညီတော်၊ နောင်တော်ဘုရားကျောက်ဆစ်ပလ္လင် ၏ တောင်ဘက်မျက်နှာအောက်ပိုင်းမှ ဒိုင်းကာဓားကိုင်၍ ကာကွယ်တိုက်ခိုက် နေဟန် ဘီလူးကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာ တစ်ခုပင် ဖြစ်ပါသည်။ ညီတော်၊ နောင် တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူး ယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလ နေရာကို အကွက် (၄၇) အဖြစ် ဖော်ပြ ထားပါသည်။ ရွှေခေတ် ရခိုင်ရိုးရာ စိတ္တ လက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် လည်း ပုံ (၄၇) အဖြစ် သတ်မှတ် ဖော်ပြ ထားပါသည်။ ပုံ (၄၇) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၂၁) စင်တီမီတာခန့်၊ အကျယ် (၁၅) စင်တီ



ပုံ (၄၇)

မီတာခန့်နှင့် ရုပ်ကြွအထု (၃) စင်တီမီ တာခန့် ရှိပါသည်။ မူရင်းကျောက်ဆစ် ရုပ်ကြွတွင် မကိုဋ် (ဗောင်းတော်) မျက် နှာပြင်ပီပြင်မှုမရှိချေ။ နှာခေါင်းအောက် ပိုင်း ဘယ်ဘက်သွားစွယ်တစ်ချောင်းနှင့် မျက်လုံး၊ မျက်ခုံးအနည်းငယ်သာ ပေါ် လွင်မှုရှိသည်ကို တွေ့ရှိရပါသည်။ ဘယ် ဘက်ခြေဖျားလည်း ကျိုးပဲ့သွားသည်ကို တွေ့ရှိရပါ၏။ ပုံ (၄၇) ဒီဇိုင်းလက်ရာ တွင် ကျိုးပဲ့ပျက်စီးနေသော အစိတ်အ ပိုင်းများကို အစက်လေးများဖြင့် ဖော်ပြ ရေးဆွဲထားပါသည်။

ဘီလူးဆောင်းထားသော ဗောင်း တော်မှာ ခပ်လုံးလုံးကလေးတက်သွား သည်ကို တွေ့ရှိရပါသည်။ နားရွက်နှစ် ဖက်ထောင်နေပါ၏။ မျက်လုံးနှစ်လုံး ခပ်ဝိုင်းဝိုင်းလေး ပြူးထွက်နေပါသည်။ နှာခေါင်းခပ်ရှည်ရှည်နှင့် သွားစွယ်မှာ



www.burmeseclassic.com

www.burmeseclassic.com

အပေါ်မှ အောက်သို့ထွက်၍ အဖျား ဘေးသို့ ကားထွက်နေပါသည်။ သွား စွယ်နှစ်ချောင်းကြားတွင် သွားများကို လည်း တွေ့ရှိရပါသည်။ ပါးသိုင်းမွေးနှင့် မုတ်ဆိတ်မွေး တစ်ဆက်တည်း တွေ့ရှိ ရ ပြီး မုတ်ဆိတ်မွေး အဖျားထိရောက် သည်ကို တွေ့ရှိရပါသည်။ ညာဘက် လက်များကို အောက်သို့နှိမ့်၍ အားယူ ကာ မားချွန်တစ်ချောင်းကိုင်ထားသည် ကို တွေ့ရှိရပါသည်။ ဘယ်ဘက်လက် တွင် ဒိုင်းကာဝန်သွယ်တစ်ခုကိုကုပ်၍ ကိုင်ဆောင်ထားပါသည်။ ခါးတွင် ခါး ပတ်နှစ်ဆင့်ပါရှိပြီး ခါးပတ်ကြိုးနှစ်ဆင့် ပေါ်မှ ကြွန္တြေကာအပြားကို အောက်သို့ အဖျားခပ်ချွန်ချွန်ဖြင့် ချထားပါသည်။ ကြွန္တြေကာအပြားကို အထပ်သုံးထပ်ဖြင့် ပေါင်နှစ်ချောင်းကြားတွင် တွဲလောင်း ချထားပါသည်။ ညာဘက်ခြေထောက် ကို နောက်သို့ဆုတ်၍ ကျားကန်ကာ ဘယ်ဘက်ခြေထောက်ကို ရှေ့သို့လှမ်း ၍ ဒူးကုပ်အားပြုထားသည်ကို တွေ့ရှိ ရပါသည်။ ပုံ (၄၇) ဒိဗိုင်းလက်ရာ ဘီလူး မှာ ခံ့ညားထည်ဝါလှပြီး တိုက်ခိုက်ရေး ကျွမ်းကျင်ဟန် သရုပ်ဖော်ထားသော ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနု လက်ရာဒိဗိုင်း ဘီလူးရုပ်တစ်ရုပ်ပင် ဖြစ် ပါသည်။

**ညောင်ရွက်သဏ္ဍာန်ပန်းအိမ်နှင့်လူရုပ်**

ဤဒိဗိုင်းလက်ရာသည်လည်း ညီ တော်၊ နောင်တော်ဘုရားကျောက်ဆစ် ပလ္လင် တောင်ဘက်မျက်နှာ လက်ယာ ဘက် ခါးအောက်ပိုင်းမှ ကျောက်ဆစ် ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒိဗိုင်း လက်ရာတစ်ခုပင်ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်မှ မူလနေရာကို အကွက် (၄၈) အဖြစ် ဖော်ပြထားပါသည်။ ရှေး ခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနု လက်ရာများထဲတွင်လည်း ပုံ(၄၈)အဖြစ် သတ်မှတ်ဖော်ပြထားပါသည်။ ပုံ (၄၈) ဒိဗိုင်းလက်ရာ၏ မူရင်းကျောက်ဆစ် ရုပ်ကြွအမြင့် (၂၀) စင်တီမီတာခန့်၊ အကျယ် (၂၄)စင်တီမီတာခန့်နှင့် ရုပ်ကြွ အထူ (၁) စင်တီမီတာခန့်ရှိပါသည်။

ပုံ (၄၈) ဒိဗိုင်းလက်ရာမှာ အပေါ် ပိုင်းတွင် ပန်းအိမ်နှစ်ခု အကြီးအငယ် ညောင်ရွက်သဏ္ဍာန်ထည့်ထားသည်ကို တွေ့ရှိရပါသည်။ အပြင်ပန်းအိမ်တွင် အနားကိုအတွန့်ကလေးများဖြင့် ဖော်ပြ ထားပါသည်။ ညောင်ရွက်သဏ္ဍာန် ပန်း အိမ်တွန့်ကို ဖောင်းလုံးနှစ်လုံးဖြင့် တွေ့ ရှိရပါသည်။ ပန်းအိမ်ကြီးအပြင်ဘက် အပေါ်ပိုင်းတွင် ဝိုက်၍ တွေ့ရှိရပါသည်။ အောက်ပိုင်းတွင် သဇင်ပန်းခွေ တစ်ဖက် တစ်ခွေ အပေါ်သို့ အညွန့်တက်နေသည် ကို တွေ့ရှိရပါသည်။ သဇင်ခွေနှစ်ခွေ စလုံးမှာ ပုံစံအတူတူဖြစ်ပြီး ပန်းလိပ်နှစ်ခု ကိုကျောကပ်ပြီး အလယ်ထိပ်မှ ပန်းလိပ် ညွှန့်ရှည်တစ်ခုထွက်နေသည့် ပန်းခက် ပုံစံတစ်မျိုးနှင့် ပန်းလိပ်ညွှန့်လိပ်ဆင့်၍ ပန်းခက်တစ်မျိုးနှစ်မျိုးဖြင့် ဖွဲ့စည်းဖန်တီး ထားသော သဇင်ခက်များကို တွေ့ရှိရ သည်။ သဇင်ခွေအတွင်းဘက်တွင်လည်း နှစ်ဆင့်ပန်းညွှန့်လိပ်ခက်လေးများ တွေ့ ရှိရပါသေးသည်။ ညောင်ရွက်သဏ္ဍာန် ပန်းအိမ်ငယ်အပြင်ဘက်တွင်လည်း ပန်း ခက်ကလေးများပတ်၍ ဖန်တီးထားပါ သည်။ အတွင်းဘက်တွင်လည်း အပေါ် ပိုင်းတွင် ပန်းခက်ကလေးများပါရှိပြီး အလယ်တွင် လူရုပ်တစ်ရုပ် လက်ဦးချိ ကန်တော့နေဟန်တွေ့ရှိရသည်။ အတွင်း ပန်းအိမ်ငယ်ကိုလည်း ဖောင်းနှစ်ဆင့်ဖြင့် တွေ့ရှိရပြီး အပြင်ပန်းအိမ်ကြီးကဲ့သို့ အတွန့်မပါရှိပေ။ ပန်းအိမ်များအောက် တွင် ဖောင်းတစ်ဆင့်ခံထားပြီး ဖောင်းနှစ် ဆင့်ကြားတွင် သုံးထပ်ပွင့်ဖတ်ကြီးနှင့် ကြားညှပ်ပွင့်ဖတ်ငယ်များဖြင့် တန်ဆာ ဆင်ထားပါသည်။ ဤပုံ (၄၈)ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုဒိဗိုင်းလက် ရာသည် လက်ရာမြောက်ပြီး အနုစိတ် သော ဒိဗိုင်းလက်ရာတစ်ခုပင် ဖြစ်ပါ သည်။

**ကြာဖူးကိုင်ရုပ်**

ကြာဖူးကိုင်ဒိဗိုင်းလက်ရာမှာလည်း ညီတော်၊နောင်တော်ဘုရားကျောက်ပလ္လင် တောင်ဘက်မျက်နှာ လက်ယာဘက် ခါး အောက်ပိုင်းထောင့်မှ ကျောက်ဆစ်ရုပ် ကြွကို ကူးယူရေးဆွဲထားသော ဒိဗိုင်း



ပုံ (၄၈)

လက်ရာတစ်ခုပင် ဖြစ်သည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒိဗိုင်း ကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက်(၄၉)အဖြစ် ဖော် ပြထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒိဗိုင်းများထဲ တွင်လည်း ပုံ (၄၉) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ပုံ (၄၉) ဒိဗိုင်းလက် ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၂၃) စင်တီမီတာခန့်၊ အကျယ် (၁၃) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ(၇)စင်တီ မီတာခန့်ရှိပါသည်။ ဦးခေါင်းပိုင်းလည်း ကျိုးပဲ့ ပျက်စီးနေသည်ကို တွေ့ရှိရပါ သည်။ ကြာဖူးကိုင်ရုပ်အပေါ်ပိုင်းတွင် ပန်းအိမ်တစ်ခု တွေ့ရှိရပါသေးသည်။ ပန်းအိမ်အလယ်တွင် ပွင့်ဖတ်ရှည်တစ်ခု ကို မဏ္ဍိုင်ထား၍ လက်ဝဲ၊ လက်ယာပန်း ခက်ကလေးများဖြင့် အစီအရီ ဖန်တီး ထားပါသည်။

ပုံ ၄၉)ဒိဗိုင်းလက်ရာ ကြာဖူးတိုင် ရုပ်တွင် လက်နှစ်ဖက်ကို တံတောင်ဆစ် မှကုပ်၍ လက်ဖျားကို ရင်ဘတ်အောက် တွင်ကပ်ကာ ကြာဖူးတစ်ဖက်တစ်ဖူးကိုင် ၍ ပခုံးပေါ်တင်ထားပါသည်။ တံတောင် ဆစ်နှစ်ဖက်ကိုလည်း ဒူးနှစ်လုံးပေါ်တွင် တင်ထားပါသည်။ လက်တွင် တစ်ဖက် တစ်ကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိ ရပါသည်။ ခါးတွင် ခါးပတ်သုံးဆင့်ပါရှိ သည်ကို တွေ့ရှိရပါသည်။ ခါးပတ်စ နှစ်စကို တင်ပါးနှင့် ခြေဖနောင့်ကြားတွင် သွင်းထားပါသည်။ ခါးပတ်ပေါ်မှ ကြွန္တြေ ကာကို ရှေ့တွင် အပြားလိုက်ချထားပါ သည်။ ကြွန္တြေကာပြားကို သုံးဆင့်ဖော် ထားပါ၏။ ခါးအောက်ပိုင်းခြေချင်းဝတ် အထိ ပုဆိုးဝတ်ထားပါသည်။ ပုဆိုးတို ကန့်လန့်ဖြတ် အစင်းကြောင်းကလေး များဖြင့်တန်ဆာဆင်ထားပါသည်။ ခန္ဓာ ကိုယ်အောက်ပိုင်းကိုပေါင်ကား၍ ဒူးကုပ် ထိုင်ထားပြီး ဖနောင့်ကို တင်ပါးတွင် ကပ်ကာ ခြေဖျားနှစ်ဖက်ကို ဘေးသို့ ကားထုတ်ထားပါသည်။ ပုံ (၄၉) ဒိဗိုင်း လက်ရာများ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တ လက်ာရဒိဗိုင်းများထဲတွင် သင့်တင့်သော ဒိဗိုင်းလက်ရာကောင်းတစ်ခုပင် ဖြစ်ပါ သည်။

**သဇင်ခွေထဲမှတိရစ္ဆာန်နှစ်ကောင်**

ဤဒိဗိုင်းလက်ရာသည်လည်း ညီ တော်၊ နောင်တော်ဘုရား ကျောက်ဆစ် ပလ္လင်တောင်ဘက်မျက်နှာ လက်ယာ ဘက်အောက်ပိုင်းမှ ကျောက်ဆစ်ရုပ်ကြွ



www.burmeseclassic.com

www.burmeseclassic.com




ပုံ (၄၉)

ကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက်(၅၀)အဖြစ် ဖော်ပြထားပါသည်။ ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၅၀) အဖြစ် သတ်မှတ်ဖော်ပြထားပါသည်။ ပုံ (၅၀) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၂၀) စင်တီမီတာခန့်၊ အကျယ် (၃၀) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁) စင်တီမီတာခန့် ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် လက်ယာဘက်ခြမ်း အနည်းငယ်ပျက်စီးနေပါသည်။

ပုံ(၅၀)ဒီဇိုင်းလက်ရာ၏ တိရစ္ဆာန်မှာ ဦးခေါင်းအနေအထားသည် ခွေးလိုဟိုအနေအထားမျိုးတွေ့ရှိရပြီး ခြေ၊ လက်၊ အမြီး၊ ခန္ဓာကိုယ်နောက်ပိုင်းမှာ [illegible]လိုလိုသတ္တာန်မျိုး တွေ့ရှိရပါသည်။ [illegible]များတွင်လည်း ခွာသီးပါရှိပါသည်။ ထို့ကြောင့် ခွေးတူဝက်တူ ဖြစ်မည်လားဟု စဉ်းစားမိပါသည်။ ချေဟု၍ ပြောရမည်ဆိုပြန်သော်လည်း အမြီးကရှည်လွန်းနေသည်ကို တွေ့ရှိရသည်။ တိရစ္ဆာန်နှစ်ကောင်၏ အနေအထားမှာ ဦးခေါင်းချင်းတိုက်လုနီးပါးခွေနေသည်ကိုတွေ့ရှိရပါသည်။ ဘယ်၊ ညာလက်နှစ်ချောင်း [illegible]ထားပြီး ခြေထောက်တစ်ချောင်း [illegible] ဘေးသို့ထုတ်ထားကြပါသည်။ [illegible]တစ်ချောင်းနှင့် ခြေတစ်ချောင်းကို [illegible]ရုပ်ထားပါသည်။ သဇင်ခွေမှာ တိရစ္ဆာန်နှစ်ကောင်စလုံးကို ပတ်ခွေထားသည်ကို တွေ့ရှိရပါသည်။ သဇင်ခက်လေးများမှာ ပုံစံနှစ်မျိုးဖြင့် တွေ့ရှိရပါသည်။ တစ်မျိုးမှာ ပန်းလိပ်နှစ်ခုကိုကျောချင်းကပ်ပြီး ထက်အောက်ဆင့်ထားပါသည်။နောက်တစ်မျိုးမှာ ကျောချင်းကပ်ထားသော ပန်းလိပ်နှစ်ခုပေါ်တွင် ပန်းညွန့်လိပ်ရှည်တစ်ခု ထပ်တင်ထားသည်ကို တွေ့ရှိရပါသည်။ တိရစ္ဆာန်နှင့် သဇင်ခွေများအောက်တွင် ဖောင်းတစ်ဆင့်ခံကာ ဖောင်းအောက်တွင် နှစ်ထပ်ပွင့်ဖတ်နှင့် ကြားညှပ်ပွင့်ဖတ်ကလေးများဖြင့် တန်ဆာဆင်ထားပါသည်။ ပုံ (၅၀) ဒီဇိုင်းလက်ရာသည်လည်း ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် လက်ရာကောင်းတစ်ခုဖြစ်သည်ဟု ပြောရမည်ပင်။

### လေးပစ်နေဟန်ရုပ်

လေးပစ်နေဟန် ဒီဇိုင်းလက်ရာသည်လည်း ညီတော်၊ နောင်တော်ဘုရားကျောက်ဆစ်ပလ္လင်တောင်ဘက်မျက်နှာ လက်ယာဘက်အောက်နားမှ ကျောက်ဆစ်ရုပ်ကြွကိုကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူ ရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၅၁) အဖြစ် ဖော်ပြထားပါသည်။ ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၅၁) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ပုံ(၅၁)ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၁၃) စင်တီမီတာခန့်၊ အကျယ် (၁၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁) စင်တီမီတာခန့်ရှိပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ဖောင်းတော် ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ပုံ (၅၁) ဒီဇိုင်းလက်ရာ၏မျက်နှာအနေအထားမှာသွယ်၍ မူရင်းကျောက်ဆစ်ရုပ်ကြွ၌ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ် ပီပြင်မှုမရှိဘဲ ရေးရေးလေးသာ တွေ့ရှိရပါသည်။ နားတွင် နားတောင်းကြီး ဝတ်ဆင်ထားပါသည်။ ဘယ်ဘက်လက်မှာ လေးနှင့် မြားအဖျားကို ကိုင်ပြီး ကားထားကာ ညာဘက်လက်မှာ လေးကြိုးနှင့် လေးအမြီးကိုဆွဲ၍ ဆုပ်ကိုင်ထားပါသည်။ တံတောင်ဆစ်ကို ကုပ်၍ လေးကြိုးဆွဲထားပါသည်။ ခါးတွင် ခါးကြိုးတစ်ပတ်တွေ့ရှိ၊ ခါးကြိုးပေါ်မှ ကွန္ဒြေကာကို အပြားလိုက် ပေါင်နှစ်ချောင်းကြားတွင် ချထားပါသည်။ ကွန္ဒြေကာကို နှစ်ထပ်တွေ့ရှိရပါ၏။ ခြေထောက်နှစ်ချောင်းကို ရှေ့၊ နောက်ထား၍ ပေါင်ကား၍ရသမျှ ခြေလှမ်းထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်ခြေကို ရှေ့သို့လှမ်း၍ ခြေဖဝါးပြင်ချထားကာ ညာဘက်ခြေကို နောက်ဆုတ် ဒူးကုပ်ကာ ခြေဖဝါးလှပ်ထားသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အောက်ပိုင်း ပုဆိုးဝတ်ထားပြီး ခါးတောင်း ကျိုက်ကာ ပုဆိုးကိုအရစ်ရစ် အစင်းကြောင်းများဖြင့် အလှဆင်ထားပါသည်။ ပုံ (၅၁) ဒီဇိုင်းလက်ရာသည် မြောက်ဦးခေတ်အစောပိုင်း လေးသည်တော်တစ်ဦး၏ ဟန်ပန်အနေအထားကို လေ့လာသုံးသပ်နိုင်ပါသည်။ ဘုရားကုသိုလ်ရှင် နောင်တော်ဘစောဖြူဘုရင်သည်လည်း လေးအတတ်ပညာတွင် ပြိုင်သူရှား၍ တစ်ဖက်ကမ်းခပ် တတ်မြောက်သော လေးဘုရင်ကြီးတစ်ဦးဖြစ်သည်ဟု ရခိုင်သမိုင်းကဆိုပါသည်။ ပုံ (၅၁) ဒီဇိုင်းလက်ရာသည် မြောက်ဦးခေတ်အစောပိုင်း၌ လေးအတတ်ပညာထွန်းကားခဲ့သည့် သကေ်တပင် ဖြစ်ပါသည်။ ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ရှားပါးသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။



ပုံ (၅၀)



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၅၃)

**ဒူးတုပ်ထိုင်နေသောအရုပ်ပိုင်း**


ဤဒီဇိုင်းလက်ရာသည်လည်း ညီတော်၊ နောင်တော်ဘုရားကျောက်ဆစ်ပလ္လင် တောင်ဘက်မျက်နှာ လက်ယာဘက်အောက်ပိုင်း ထောင့်နံရံမှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲခဲ့သောကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၅၂) အဖြစ် ဖော်ပြထားပါသည်။ ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာ ဒီဇိုင်းများထဲတွင်လည်း ပုံ (၅၂) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ပုံ (၅၂) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွမှာ အပေါ်ပိုင်းကျိုးပဲ့သွားပြီး အမြင့် (၁၂) စင်တီမီတာခန့်၊ အကျယ် (၃၅) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၃) စင်တီမီတာခန့်ရှိပါသည်။

ပုံ (၅၂) ဒီဇိုင်းလက်ရာအနေအထားမှာ ဒူးတုပ်ထိုင်နေသည့်အနေအထား တွေ့ရှိရပြီး လက်အနေအထားမှာလည်း ရှိခိုးကန်တော့နေဟန် အနေအထားမျိုး တွေ့ရှိရပါသည်။ တံပက် (ပုဆိုးပိုင်) အစနှစ်စမှာ လက်ဝဲ၊လက်ယာ ဖြန့်ကားနေပြီး လက်ရာမြောက်လှပါသည်။ ပုဆိုးပိုင်းအရင်းကို အစင်းကြောင်းကလေးများဖြင့် ဖော်ပြထားပြီး အဖျားပိုင်းကို ဖောင်းနှစ်ဆင့်ကြားနှင့် အနားသတ်အတွန့်ကြားတွင် နှစ်ထပ်ပွင့်ဖတ်များဖြင့် အလှဆင်ထားပါသည်။ တင်ပါးတွင်လည်း ခါးကြိုးစနှစ်စခေါက်၍ ချထားသည်ကို တွေ့ရှိရပါသည်။ ထဘီဝတ်ဆင်ထားသည့် အနေအထားကို အရစ်ရစ်အစင်းကြောင်းကလေးများဖြင့် တန်ဆာဆင် ဖော်ပြထားပါသည်။ ပုံ (၅၂) ဒီဇိုင်းလက်ရာသည် ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် ပုဆိုးပိုင်၊ လုံချည်ဝတ်ဆင်သည့် အနေအထားကို သူ့ခေတ်နှင့်သူဖော်ပြနေသည့် လက်ရာတစ်ခုပင် ဖြစ်ပါသည်။

**ကိန္နရာရုပ်**

ကိန္နရာရုပ် ဒီဇိုင်းလက်ရာသည်လည်း ညီတော်၊ နောင်တော်ဘုရားကျောက်ဆစ်ပလ္လင်တောင်ဘက်မျက်နှာ လက်ယာဘက်အောက်ဆုံးမှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်း ကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၅၃) အဖြစ် ဖော်ပြထားပါသည်။ ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာ ဒီဇိုင်းများထဲတွင်လည်း ပုံ (၅၃) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ပုံ (၅၃) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ကိန္နရာမျက်နှာနှင့် ဖောင်းတော် ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ခြေထောက်ဖျားများလည်း ပျက်စီးနေပါ၏။ မူရင်းကိန္နရာကျောက်ဆစ်ရုပ်ကြွအမြင့် (၁၅) စင်တီမီတာခန့်၊ အကျယ် (၄၀) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၄) စင်တီမီတာခန့် ရှိပါသည်။

ကိန္နရာရုပ်၏ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါသည်။ ကိန္နရာမှာ ဒူးကလေးကုပ်၍ရပ်ကာ လက်နှစ်ဖက်ပူး၍ ရှိခိုးကန်တော့နေဟန် တွေ့ရှိရပါသည်။ ကိန္နရာတွင် တောင်ပံခြောက်ခုနှင့် အမြီးနှစ်မြီး တွေ့ရှိရသည်။ အပေါ်တောင်ပံနှစ်ခုကိုအပေါ်သို့ထောင်ကာ ဖြန့်ကားထားပါသည်။ ခါးတွင်ခါးပတ်တစ်ခုပတ်ထားပြီး ကက္ကန္ဒြေကာကို အပေါ်ကိုက်ရှေ့တွင် ချထားပါသည်။ ကက္ကန္ဒြေကာမှာ ပွင့်ဖတ်ရှည်ကြီးသဏ္ဌာန်တွေ့ရှိရပြီး အထပ်လေးထပ်ပါရှိပါသည်။ ကက္ကန္ဒြေကာ လက်ဝဲ၊ လက်ယာတွင်လည်း တောင်ပံတစ်ဖက် နှစ်ဆင့် အောက်သို့ ခပ်ငိုက်ငိုက်လေး ချထားသည်ကို တွေ့ရှိရပါသည်။ ခပ်ငိုက်ငိုက်တောင်ပံနှစ်ဆင့်ဘေးတွင် အမြီးဖျားနှစ်ခုကို တွေ့ရှိရပါသည်။ အမြီးဖျားလက်ဝဲ၊ လက်ယာနှစ်ခုစလုံးမှာ အပေါ်သို့ ထောင်ကွနေသည်ကို တွေ့ရှိရပါသည်။ တောင်ပံများနှင့် အမြီးများတွင် အမွေးရှည်များအဖြစ် အစင်းကြောင်းလေးများဖော်ပြထားပါသည်။ ခြေထောက်နှစ်ဖက်မှာ ဒူးမှာ ခပ်ကုပ်ကုပ်လေးကွေးပြီး ရပ်နေသည်ကို တွေ့ရှိရပါသည်။ ပေါင်ရင်းတွင် အမွေးအဖြစ် အကွက်ကလေးများဖော်ထားပြီး ဒူးဆစ်တွင် အပတ်ကလေး တစ်ပတ်ဖြင့် ဖော်ပြထားပါသည်။ ခြေထောက်တစ်ချောင်းစီတွင် ခြေချောင်းကလေး တစ်ဖက်နှစ်ချောင်းစီ တွေ့ရှိရပါသည်။ ပုံ (၅၃) ဒီဇိုင်းလက်ရာ ကိန္နရာရုပ်သည် ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းထဲတွင် ထူးခြားသော ကိန္နရာတစ်ခုပင် ဖြစ်ပါ



ပုံ (၅၂)



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၅၃)

...သည်။

**...န်းလက်ရာများထဲမှလူရုပ်**

ဤဒီဇိုင်းလက်ရာကိုလည်း ပလ္လင် ...ရှေ့ဘက်မျက်နှာ လက်ဝဲဘက် အ...ပေါ်ပိုင်းမှ ကျောက်ဆစ်ရုပ်ကြွကို ကူး...ရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခု...င် ဖြစ်ပါသည်။ ညီတော်၊ နောင်တော် ...ပွင့်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေး...ခဲ့သော ကျောက်ပလ္လင်မှ မူလနေရာ... အကွက် (၅၄) အဖြစ် ဖော်ပြထား...သည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တ...ကာရ အနုလက်ရာဒီဇိုင်းများထဲတွင် ...ည်း ပုံ (၅၄) အဖြစ် သတ်မှတ် ဖော်ပြ...ပါသည်။

ပုံ (၅၄) ဒီဇိုင်းလက်ရာ မူရင်း ...ကျောက်ဆစ်ရုပ်ကြွတွင် လက်ယာဘက် ...း အနည်းငယ် ပျက်စီးနေသည်ကို ...တွေ့ရှိရသည်။ မူရင်းကျောက်ဆစ်ရုပ် ...ကြွအမြင့်(၂၈)စင်တီမီတာခန့်၊ အကျယ် (...) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁) စင်တီမီတာခန့် ရှိပါသည်။ ပုံ (၅၄) ဒီဇိုင်းလက်ရာ၏ အပေါ်ပိုင်းတွင် ထိပ်ဆုံးမှ နှစ်ထပ်ပွင့်ဖတ်ကလေးများနှင့် ကြားညှပ်ပွင့်ဖတ်လေးများဖြင့် စီတန်း၍ အလှဆင်ထားပါသည်။ ထိုပွင့်ဖတ်လေးများ အောက်တွင် ဖောင်းလုံးနှစ်လုံး ကြား၌ ရွှေလုံးပန်းပွင့်ကြီးများကို အစီအရီ တန်ဆာဆင်ထားပါသည်။ ရွှေလုံးကြီးတစ်လုံးစီ၏ထိပ်တွင် အလယ်၌ နှစ်ထပ်ဝတ်ဆံတစ်ခုကို မကျိုင်ထား၍ နှစ်ထပ်ပွင့်ဖတ်ရှည်လေးဖတ်နှင့် ကြားညှပ်ပွင့်ဖတ်ငယ်လေးဖတ် ပေါင်း ပွင့်ဖတ်ရှစ်ဖတ်ဖြင့် တန်ဆာဆင်ထားပါသည်။ ရွှေလုံးပန်းပွင့်ကြီးများအောက်၌ အကြောဖော်ထားသော ပွင့်ဖတ်ငယ်များကို စီတန်း၍ တွေ့ရှိရပါသည်။ အကြောဖော်ပွင့်ဖတ်ငယ်များအောက်တွင်လည်း သုံးထပ်ပွင့်ဖတ်ကြီးများနှင့် ကြားညှပ်ပွင့်ဖတ်ရှည်များဖြင့် အစီအရီ တန်ဆာဆင်ထားသည်။ ထိုပွင့်ဖတ်များအောက်တွင် ဖောင်းလုံးနှစ်လုံးကြား၌ ပန်းအိမ်သဇင်ခွေများထဲတွင် လူရုပ်များကို တွေ့ရှိရပါသည်။

အလယ်၌ နှစ်ထပ်ညောင်ရွက်သဏ္ဍာန် ပန်းခက်ကလေးများနှင့် လူရုပ်ကို တွေ့ရှိရပါသည်။ လူရုပ်ကလေးမှာ လက်နှစ်ဖက်ကိုကား၍ ပန်းခက်တစ်ဖက်တစ်ခက် ကိုင်ဆောင်ထားပါသည်။ အောက်ပိုင်းတွင် ခြေနှစ်ချောင်းကိုထပ်၍နေပါသည်။ ပန်းအိမ်လက်ဝဲ၊ လက်ယာတွင် သဇင်ခွေတစ်ဖက်တစ်ခွေ ကား၍ ဖြာထွက်နေပြီး ထိုသဇင်ခွေများထဲတွင် လူရုပ်တစ်ဖက်တစ်ရုပ်က သဇင်ခွေကိုကိုင်၍ ဒူးကုပ်ရပ်နေသည်ကို တွေ့ရှိရပါသည်။ ထိုလူရုပ်ကလေးများတွင် နားတောင်း၊ ခါးပတ်၊ ကြွေခြေကာများ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ သဇင်ခွေထဲမှ သဇင်ခက်များမှာလည်း ပန်းလိပ်နှစ်လိပ် ကျောချင်းကပ်ထားပြီး ထိပ်တွင် ပန်းညွန့်ရှည်လိပ်တစ်လိပ်တင်ထားသည့် သဇင်ခက်များဖြင့် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၅၄) ဒီဇိုင်းလက်ရာမှာ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် လက်ရာကောင်း ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်သည်။ အထက်ဖော်ပြပါ ဒီဇိုင်းလက်ရာများမှာ မြောက်ဦးခေတ်အစောပိုင်း ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများပင် ဖြစ်ပါသည်။

*(အနန္တောအနန္တငါးပါးကို ထာဝရဦးထိပ်ပန်ဆင် ကန်တော့လျက်)*

ပန်းချီထူးလှ

(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**

၁။ ကိုယ်တိုင်ကွင်းဆင်းမှုမှတ်စု
၂။ ညီတော်၊ နောင်တော်ဘုရား ကျောက်ပလ္လင်ပေါ်မှ ဖော်ပြပါ ကျောက်ဆစ်လက်ရာများ
၃။ ပန်းချီထူးလှ (ရှေးဟောင်းသုတေသန) ရေး ရှေးခေတ်ရခိုင်နတ်ဘီလူးများ
၄။ ရမ်းဗြဲဟောင်းကျောင်း ဆရာတော် ဦးစန္ဒမာလာလင်္ကာရရေး ရခိုင်ရာဇဝင်သစ်ကျမ်း
၅။ မြောက်ဦး ရှေးဟောင်း သုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ မြောက်ဦးဒေသ ရှေးဟောင်းအဆောက်အအုံမှတ်တမ်း



ပုံ (၅၄)



www.burmeseclassic.com

www.burmeseclassic.com

ဘိုဘို(ရွှေကံကူ)

# ရွှေကံကူသာသနာပြုမယ်တော်ကြီး၏ ငွေကို ရေလိုသုံးကျင့်စဉ်တော်

ဤလောကတွင် လောကီနယ်ပယ်ရှိ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်မဆို ငွေအတွက် သွားလာလှုပ်ရှားရုန်းကန်လျက်နေကြရပေသည်။ ငွေသည် လူတို့အတွက် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်ပေသည်။ ငွေသည် လူတို့၏ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းနိုင်စွမ်းရှိပါသည်။ ငွေရှိလျှင် အစားအစာ၊ အဝတ်အထည်၊ ဆေးဝါး၊ လက်ဝတ်ရတနာ၊ အိုးအိမ်တိုက်တာ၊ ယာဉ်ရထား၊ လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေ၊ အခြွေအရံ အစရှိသည်တို့ကို အလွယ်တကူ ရရှိနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အစရှိသောကိစ္စတို့တွင်လည်း ငွေကို လမ်းခင်း၍ ဆောင်ရွက်ကြရသကဲ့သို့ ကုသိုလ်ကောင်းမှုပြုရာမှာပင် ငွေသည် အဓိကနေရာမှာရှိနေပါသည်။ ငွေရှိလျှင် ဒါနအမှုမျှသာမက သီလနှင့် ဘာဝနာတို့ကိုလည်း စိတ်အေးလက်အေးနှင့် ပြုလုပ်နိုင်မည် ဖြစ်သောကြောင့် အူမတောင့်မှ သီလစောင့်နိုင်မည့် ဆိုရိုးစကား ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ငွေကြေးပြည့်စုံခြင်းသည် လက်ငင်းဘဝမှာပင် လောကီစည်းစိမ်ချမ်းသာကို ရရှိစေပြီး နောင်ဘဝသံသရာအတွက် ကုသိုလ်ကောင်းမှုများကိုလည်း မပင်မပန်း ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ သို့သော် အခြားတစ်ဖက်မှ ကြည့်လျှင်လည်း ငွေသည် မာန်ကိုတက်စေပြီး မာနတရားတို့ကို ဖြစ်ထွန်းစေပြန်၏။ ငါလုပ်လျှင်ဖြစ်သည်၊ ဘာမဆိုငါလုပ်နိုင်သည် ဟူသော အတ္တစိတ်တို့လည်း ပေါ်ပေါက်စေပါသည်။ ငွေသည် အရာရာကို ဖန်တီးနိုင်သည်ဖြစ်ရာ ဗုဒ္ဓ၏အဆုံးအမကို မသိရှိသူ၊ မလိုက်နာနိုင်သူများအဖို့ အပျော်အပါး အသောက်အစားများဖြင့် ပျက်စီးရန် လွယ်ကူ၍ အကုသိုလ်တရားများ ကျူးလွန်ရန် လမ်းမကြီးသဖွယ်လည်း ဖြစ်နိုင်ပြန်ပါသည်။

ထို့ကြောင့် လူတို့သည် ငွေကြေးချမ်းသာကြွယ်ဝရန် လိုအပ်သကဲ့သို့ ချမ်းသာကြွယ်ဝသော ငွေကြေးတို့ကိုလည်း အကျိုးရှိသော နေရာများတွင် သုံးစွဲတတ်ရန် လိုအပ်ပေသည်။ မည်သို့ပင်ဖြစ်စေ ကောင်းမှုကုသိုလ်ပြုလုပ်လိုသူတို့အတွက် လည်းကောင်း၊ လောကီအာရုံ ကာမဂုဏ် ခံစားလိုသူတို့အတွက် လည်းကောင်း ငွေသည် အလိုအပ်ဆုံးအရာ ဖြစ်သည်မှာကတော့ သေချာလှပေသည်။ မိမိရရှိပိုင်ဆိုင်ထားသော ငွေတို့ကို ကုသိုလ်ကောင်းမှု ပြုလုပ်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com

သုံးစွဲသူတို့အဖို့မှု ထိုငွေတို့သည် နိဗ္ဗာန်ရောက်စပ်ကြား ဘဝများစွာတို့တွင် မကုန်ခန်းဘဲ ထပ်ကာထပ်ကာ သုံးစွဲနေကြရသည် ဖြစ်သော်လည်း လောကီအာရုံ ကာမဂုဏ်များအတွက်သာ သုံးစွဲသူတို့အဖို့မှု ထိုငွေတို့သည် တစ်ဘဝ တစ်ကြိမ်တစ်ခါ သုံးစွဲရုံမျှနှင့် ကုန်ခန်းသွားကာ နောင်ဘဝများတွင် အကုသိုလ်အကျိုးဆက်များကိုသာ ရရှိခံစားရမည် ဖြစ်ပါသည်။

မည်သည့်အရာမဆို သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး ဖြစ်မည်သာတည်း။ မည်သို့ပင်ဆိုစေကာမူ လူတိုင်းသည် ငွေကို လိုအပ်လျက်ရှိကြပေသည်။ ထို့ကြောင့် လူတို့သည် ငွေရရှိရန် နည်းလမ်းမျိုးစုံဖြင့် ရှာကြံလျက်ရှိကြသည်မှာ ရှေးယခင်မှစ၍ ဤယနေ့တိုင် ဖြစ်ပါ၏။

ရွှေကံကူ သာသနာပြု မယ်တော်ကြီးသည် ငွေရရှိလိုသူ၊ ငွေကိုရေလိုသုံးလိုသူတို့အတွက် '**ငွေကိုရေလိုသုံးကျင့်စဉ်တော်**' ကို ၂၀၁၃ ခု၊ ဇွန်လ ၂၇ရက်နေ့တွင် မန္တလေးမြို့ မြို့တော်စည်ပင်သာယာမှ ပန်းခြံနှင့် ကစားကွင်းများအနီး ဗိုလ်မှူးမြင့်ထွေး(ငြိမ်း)၊ ဒေါ်ရီရီတို့၏ နေအိမ်တွင် ပင့်ဆောင်ပူဇော်သည့် ဗိုလ်မှူးမြင့်ထွေးမှ -

လူတိုင်းလူတိုင်းမှာ ငွေကြေးလိုအပ်ချက်များရှိနေပါသည်။ လူတို့တွင် ငွေကြေးလိုအပ်ချက်များ မပြည့်စုံသောအခါ ကိုယ်စိတ်နှစ်ပါးစလုံး ပင်ပန်းကြရပါသည်။ ထိုအခါ စိတ်မခိုင်သူတို့တွင် အရက်သေစာပျက်ပြားကြရပါသည်။ ထိုသူများမှာ ယခုဘဝနှင့် နောင်သံသရာတွင်ပါ ဒုက္ခများ ကြုံတွေ့ရမည် ဖြစ်ပါသည်။ ကောင်းကစားနည်းလမ်း၊ ဂဏန်းပေးခြင်းမျိုးသည်လည်း သမ္မာအာဇီဝမဟုတ်။ ဝိသမလောဘဖြစ်နေ၍ အကောတိ၊ လောကုတ္တရာ ကောင်းကျိုးမရှိစေပါ။ ထို့ကြောင့် လျော်ကန်သင့်မြတ်သော ဓမ္မလမ်းကြောင်းဖြင့် ငွေရစေသော ကျင့်စဉ်တော် မယ်တော်ကြီးထံတွင်ရှိပါက ခုနစ်ရက်သားသမီးများ အသုံးချသွားနိုင်ရန် ချီးမြှင့်ပေးပါဟု ပြောကြားပါသည်။

ထိုအခါ မယ်တော်ကြီးသည် ခဏစဉ်းစားလိုက်ပြီး -

"ဗိုလ်မှူးပြောတာကောင်းတယ်။ ဒီနေရာက စည်ပင်သာယာက ဆိုတော့ ခုနစ်ရက်သားသမီးတွေ စည်ပင်သာယာကြမယ်။ ပန်းဥယျာဉ်နဲ့ ကစားကွင်း



ခု-ဗိုလ်မှူးကြီးသိန်းစိုးအောင်+ဒေါ်တင်ရီ (၀၉၅၀၉၅၆၁၁) မြောက်ဒဂုံ (၃၆) ရပ်ကွက်၊ အိမ်အမှတ် (၇၉၂) တွင် မတ်လ ၃၁ ရက်၊ ၂၀၁၃ နေ့က ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်စဉ် သစ်ခွပင်ငယ်ကလေးမှ သစ်ခွပန်းများ ထူးဆန်းစွာ ပွင့်လာပုံနှင့် ရွှေကံကူအန်တီဇော်နှင့် မယ်တော်ကြီး



ဆိုတော့ ပန်းဥယျာဉ်ထဲမှာ နေနားနိုင်တဲ့သူတွေ၊ ကစားကွင်းမှာ ကစားကြတဲ့ ကလေးတွေဆိုတာလည်း အပူအပင်ကင်းပြီး ပြည့်စုံချမ်းသာတဲ့ မိသားစုတွေမှ သွားရောက်နိုင်ကြတာဆိုတော့ ဗိုလ်မှူးတို့အိမ်မှာ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူတော်မူနေခိုက်မှာ ဒီကျင့်စဉ်ကို တောင်ခံခြင်းဟာ ပညတ်သဘောအရ အလွန်ကောင်းတဲ့ အတိတ်နိမိတ်ကို ဆောင်နေလို့ ဒီကျင့်စဉ်ကို ပူဇော်ကြတဲ့သူတွေ သေချာပေါက် ကောင်းကျိုးချမ်းသာတွေ ရရှိကြပါလိမ့်မယ်"

ဟု ပြောကြားကာ ကျင့်စဉ်တော်ကို ဤသို့ပြောကြားပါသည်။

**ငွေကိုရေလိုသုံးနိုင်စေသော ကျင့်စဉ်တော်**

၁။ ပထမဦးစွာ ရေအပြည့်ပါသော ရေသန့်တစ်ဘူး ရှာဖွေပြင်ဆင်ထားရမည်။

၂။ ထိုရေသန့်ဘူးတွင် ဖော်ပြပါရှိသော 'ငွေကိုရေလိုသုံးရပါစေ' ဟူသော စာတန်းပါပုံစံကို ကူးယူ၍လည်းကောင်း၊ ဖြတ်ယူ၍ လည်းကောင်း၊ ရေသန့်ဘူးတွင် ကပ်ရပါမည်။

၃။ တစ်ထောင်ကျပ်တန်၊ ငါးထောင်ကျပ်တန်၊ တစ်သောင်းကျပ်တန်၊ ဒေါ်လာနှင့် မိမိအလိုရှိရာ နိုင်ငံခြားငွေတစ်မျိုးမျိုး၊ မည်သည့်ငွေစက္ကူဖြစ်စေ၊ တစ်ရွက်တည်းကိုသာ အသုံးပြုရပါမည်။ ထိုတစ်ရွက်ကို ရေလုံအောင် ပလတ်စတစ်အိတ်ဖြင့်ထည့်၍ ပိတ်ပါ။ ထို့နောက် ရေသန့်ဘူးတွင်ထည့်ပြီး ဘုရားကျောင်းဆောင်တွင်ထားရှိပါ။

၄။ ဩကာသတန်တော့ချိုပြီး ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ကန်တော့ပြီး ငါးပါးသီလခံယူပါ။

၅။ ရေသန့်ဘူးကို လက်နှစ်ဖက်ဖြင့် လက်အုပ်ချီသကဲ့သို့ ကိုင်မြှောက်ပြီး -

'အရှင်ဘုရား၊ တပည့်တော်သည် ဗုဒ္ဓဘုရားရှင်အဆူဆူအပေါင်းတို့အား ရည်မှန်း၍ သုံးတော်ရေများ လှူဒါန်းပါ၏ ဘုရား' ဟူ၍ လှူဒါန်းကပ်လှူပြီး ထိုရေဘူးကို ဘုရားကျောင်းဆောင်ပေါ်သို့ တင်ထားရပါမည်။

၆။ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ -

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

(၂၄) ခေါက်ပူဇော်ရမည်။

၇။ သမ္ဗုဒ္ဓိဂါထာတော် -

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရန္တု သင်္ကပ္ပာ။ ။

(၂၄) ခေါက် ပူဇော်ရမည်။

အထက်ပါ အစီအစဉ်များ အားလုံးပြီးစီးလျှင် မေတ္တာပို့ အမျှဝေ၍ 'ခုနစ်ရက်သားသမီးအပေါင်းတို့သည် ငွေကိုရေလိုသုံးနိုင်ကြပါစေဘုရား။ တပည့်တော်သည်လည်း ငွေကိုရေလိုသုံးနိုင်ရပါစေဘုရား'ဟူ၍ ဆုတောင်းရပါမည်။ ထိုသို့ ပြုလုပ်ပြီးစီးလျှင် အဓိဋ္ဌာန်ကျင့်စဉ်တော် တစ်ကြိမ်ပြီးမြောက်ပြီဖြစ်ပါသည်။

ဤကျင့်စဉ်တော်ကို မည်သည့်တနင်္လာနေ့၊ မည်သည့်အချိန်နာရီမဆို ပြုလုပ်နိုင်၍ ထိုနေ့မှ (၂၈) ရက်ပြည့်သောနေ့တွင် အဓိဋ္ဌာန်ကျင့်စဉ်တော် ပူဇော်မှု ပြီးဆုံးလျှင် ရေဘူးကို စွန့်ရပါမည်။ ထိုရေဘူးတွင်းမှရေဖြင့် မိမိတို့၏ နေအိမ်မိရှိရုပ်ပွားတော် သို့မဟုတ် ဘုရားဆောင်ကို လည်းကောင်း၊ ဂြိုဟ်မြေနံမြေ ဘုရားတစ်ဆူဆူတွင် လည်းကောင်း ရေသပ္ပာယ်၍ -

"တပည့်တော်တွင် မကောင်းသော၊ ညစ်ထေးသောကံကြမ္မာဝဋ်ကြွေးများ ပြေပျောက်ကင်းစင်၍ သန့်စင်ကောင်းမွန် လင်းလက် တောက်ပသောကံများ ဖြစ်ထွန်းရပါလို၏။ ကိုယ်၊ စိတ်နှစ်ပါးစလုံး ကြည်လင်အေးမြရပါလို၏။ ခုနစ်ရက်သားသမီးများလည်း ထို့အတူဖြစ်ကြပါစေဘုရား"

ဟူ၍ ဆုတောင်းပါ။

ရေဘူးအတွင်းမှ ဝတ္ထုငွေကိုလည်း မိမိနေအိမ်မှ ဘုရားကိုဖြစ်စေ၊ မိမိမွေးနံပါရှိသောစေတီ၊ ဘုရားတစ်ဆူဆူတွင်ဖြစ်စေ နဝကမ္မအဖြစ် လှူဒါန်းပါ။ ထိုသို့လှူဒါန်းပြီးလျှင် -

"တပည့်တော်သည် ဗုဒ္ဓသာသနာတော်တွင် လိုရာသုံးရန်အတွက် နဝကမ္မဝတ္ထုငွေ လှူဒါန်းပါ၏ ဘုရား။ နဝကမ္မဟူသည် အလိုရှိရာ လိုအပ်သောနေရာတို့တွင် သုံးစွဲရန်ဖြစ်ပါ၍ တူညီသောအကျိုးအဖြစ် တပည့်တော်နှင့် ခုနစ်ရက်သားသမီးတို့တွင် အလိုရှိသောအခါ၌ လိုအပ်သော ငွေကြေးတို့သည် အလျင်အမြန် ရရှိသုံးစွဲရသောသူများ ဖြစ်ကြရပါစေဘုရား"

ဟူ၍ ဆုတောင်းပါ။ ထို့နောက် မေတ္တာပို့ အမျှဝေပါ။

ဤကျင့်စဉ်တော်ကို တနင်္လာတစ်ရက်တည်း သို့မဟုတ် တနင်္လာနေ့မှ အစပြု၍ (၂) ရက် သို့မဟုတ် (၄) ရက် သို့မဟုတ် (၈) ရက် သို့မဟုတ် (၉) ရက် သို့မဟုတ် (၂၄) ရက် အဓိဋ္ဌာန်ဝင်နိုင်ပါသည်။ သို့သော် (၁)ရက်၊ (၂)ရက်၊ (၄) ရက် ရက်တို့အဓိဋ္ဌာန်ဖြစ်ပါက ကျင့်စဉ်တော်ပူဇော်မှုအစီအစဉ်မှာ နံနက်ပိုင်းတွင် (၂) ကြိမ် ညနေပိုင်းတွင် (၄) ကြိမ် ပြုလုပ်ရမည်ဖြစ်၍ (၈) ရက်၊ (၉) ရက်၊ (၂၄) ရက်၊ (၂၈) ရက် စသော ရက်ရှည်အဓိဋ္ဌာန်များအတွက်မူ တစ်နေ့လျှင် ကျင့်စဉ်တော်ပူဇော်မှုအစီအစဉ်မှာ (၁) ကြိမ်မျှနှင့် လုံလောက်ပါသည်ဟု ရွှေကံကူ သာသနာပြု မယ်တော်ကြီးမှ ကျင့်စဉ်တော်ကို သေသေချာချာ ရှင်းလင်းပြောကြားလိုက်သောအခါ ဗိုလ်မှူးမြင့်ထွေးမိသားစုနှင့် ထိုနေအိမ်သို့ ဘုရားဖူးရောက်ရှိလျက်ရှိသော ဧည့်သည်များတို့သည် ဝမ်းမြောက်အားရစွာဖြင့် ချက်ချင်းလက်ငင်းပင် အဓိဋ္ဌာန်ဝင်ရောက်ရန် ပြင်ဆင်ကြပါတော့သည်။

စာရေးသူထံသို့ မယ်တော်ကြီးမှ ဖုန်းဆက်၍ ဤအဓိဋ္ဌာန်ကျင့်စဉ်တော်ကို ခုနစ်ရက်သားသမီးများ သိရှိနိုင်ရန်အတွက် အချိန်ကျရောက်ပြီ ဖြစ်သည်။ ထို့ကြောင့် တိတိကျကျ သေသေချာချာ ရေးသား ပြုစု၍ သူရဇ္ဇမဂ္ဂဇင်းကြီးသို့ အမြန်ဆုံး ပေးပို့ရန် ညွှန်ကြားပါသည်။ ထို့ကြောင့် စာရေးသူလည်း (၇)ရက်သားသမီးများ ရွှေမရှား၊ ငွေမရှားသာသနာပြုနိုင်ရန်၊ လှူဒါန်းနိုင်ရန်အတွက် ဤကျင့်စဉ်တော်ကို ရေးသား တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

စာရှုသူအဆွေတို့ ဤကျင့်စဉ်တော်ကို တစ်ကြိမ်တစ်ခါမျှဖြစ်စေ ပူဇော်ဖြစ်အောင်ပူဇော်ကြပါဟု စာရေးသူမှ ပန်ကြား တိုက်တွန်းလိုပါ၏။ ဤကျင့်စဉ်တော်သည် ဒါနနှင့် ဘာဝနာကို အခြေခံထားခြင်း၊ မေတ္တာစိတ်ကို အခြေခံထားရှိခြင်းဖြစ်ပါ၍ ပူဇော်သူတို့တွင် လက်တွေ့ရရှိမည်မှာ ဒါနကုသိုလ်နှင့် ဘာဝနာကုသိုလ်တို့ ဖြစ်ပါ၏။ မိမိတို့၏ အတိတ်ကံအကြောင်းတရား ကွဲပြားခြားနားမှုပေါ် မူတည်၍ ကျင့်စဉ်တော်၏ ရလဒ်အကျိုးသွားတို့ကိုလည်း အနည်းနှင့်အများ လက်ငင်းရရှိကြမည်မှာလည်း မလွဲဧကန်ပင်ဖြစ်ပါ၏။

ခုနစ်ရက်သားသမီး အပေါင်းတို့သည် ဤအဓိဋ္ဌာန်ကျင့်စဉ်တော်ကို ပူဇော်၍ ငွေကိုရေလိုသုံးနိုင်သောပုဂ္ဂိုလ်များဖြစ်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။

*(မယ်တော်ကြီးနှင့်စာရေးသူထံသို့ အနယ်နယ်အရပ်ရပ်မှ ဖုန်းဖြင့် ဆက်သွယ်၍ 'ပဋ္ဌာန်းနဂါး' ကျင့်စဉ်တော် 'မေတ္တာ၊ပဋ္ဌာန်း၊သမ္ဗုဒ္ဓေ' ကျင့်စဉ်တော်တို့ကို ဤယနေ့တိုင် နှစ်ရှည် မပျက်မကွက် အဓိဋ္ဌာန်ဝင်လျက်ရှိကြပါသည်။ သိသိသာသာ အကျိုးပေး၍ အောင်မြင်မှုများရရှိပါသည်။ ကျင့်စဉ်တော်အသစ်များ ထပ်မံ ဖော်ပြပေးပါ ဟု တောင်းဆိုခဲ့ကြသည့် ရာပေါင်းများစွာသော လေးစားအပ်ပါသော စာဖတ်ပရိသတ်အပေါင်းတို့အား ရွှေကံကူသာသနာပြု မယ်တော်ကြီးနှင့် စာရေးသူတို့မှ လေးစားစွာဖြင့် မေတ္တာတုံ့ပြန်၍ ဤကျင့်စဉ်တော်ကို ဓမ္မလက်ဆောင် ဝေငှလိုက်ခြင်း ဖြစ်ပါသည်။)*

ဘိုဘို (ရွှေဘိုကျ)



www.burmeseclassic.com

www.burmeseclassic.com

အောင်သိန်းဝင်း

# ပိတုန်းအဆောင်နှင့်အစွမ်းသတ္တိ

'ပိတုန်းတုပ် ထုံးသုတ်' ဟု အဆို သည်။ တိရစ္ဆာန်ပိတုန်းတုပ်က တုံး လျှင် ပျောက်ပါသည်။ ပိတုန်း ပ်ပြေပါသည်။

သို့သော် ယခုတင်ပြမည့် ပိတုန်း တိရစ္ဆာန်အကောင်ပိတုန်း မဟုတ်၊ ဆန်သော လောကီအစီအရင် န်း ဖြစ်သည်။

ပိတုန်းရုပ်တုစီရင်ပုံမှာ လှည်းပန်း င်း ပိတောက်သား ဖြစ်ရမည်။ န်းရုပ်ထုပြီး စအိုနေရာမှ အပေါက် ပြီး ၎င်းအပေါက်အတွင်း ပြဒါး ရသည်။ ထိုသို့ထည့်ပြီးက စအို ကို ပဒိုင်းခက္ကာခေါ် သုံးထပ်ပဒိုင်း ဖြင့်ပိတ်ရသည်။ ပြီးက ပဋ္ဌာန်း-၂၄ ပတီးတစ်ပတ်ပြည့်အောင် ရွတ် သိဒ္ဓိတင်ရသည်။ ဝန်တင်ခိုက်ကျိုး လှည်းပန်းတောင်းရက ပိုစွမ်း၏။ န်းရုပ်ထုလုပ်စီရင်သူမှာ အခြားနေ့ မထုလုပ်ရ။ ကြာသပတေး၊ စနေ သာ ထုလုပ်ရသည်။

ပိတုန်းရုပ်အစီအရင် ရောင်းချ င်း၍ အခြားနေ့များ ထုလုပ်မိပြီး တတ်ကြောင်း သိရသည်။

သရက်မြို့က ပိတုန်းရုပ် ထုလုပ် ကိုခင်ဝင်းလေးခမျာ စက်ဘီးစီး ကားတိုက်မိ၍ ဆေးရုံတက်ယူရ

ပိတုန်းရုပ်ထုလုပ်ပြီးလျှင် သရက် ဆရာတော်တစ်ပါးက စီရင်ပေး သိဒ္ဓိတင်ပေးသည်။

ပိတုန်းရုပ်ကို နံသင့်ဂဏန်း တ်က -

ပ - ဒေါင်း
၅ - ၇
ပ - တောက်
၅ - ၇
ပ - တုန်း
၅ - ၇
ပြ - ဒါး
၅ - ၇
ပ - ဒိုင်း
၅ - ၇
ပ - ဌာန်း
၅ - ၇

ပိတုန်းရုပ် စီရင်ပြီး အိမ်ဘုရား င်တွင် အဝကျယ်ပုလင်းဖြင့် ထည့်၍ ဖန်ပုလင်းထဲသို့ ခရေပန်း၊ စံပယ်ပန်း များ ထည့်ထားရသည်။

မိမိမမြင်ရသော အတိုက်အခိုက် များကို ထိုပိတုန်းက တန်ပြန်တိုက်ခိုက် တတ်သည်။စုန်းတိုက်၊ နတ်တိုက်၊ ကဝေ တိုက်၊ အောက်လမ်းတိုက်၊ ပုဏ္ဏကတိုက်၊ အိမ်တိုက်၊ မြေတိုက် စသည့် အတိုက် အခိုက်များကို ကာကွယ်သည်။ ခုခံတိုက် ခိုက်သည်။ ပိတုန်းရုပ်အစီအရင်ဆောင် ထားသူသည် ငါးပါးသီလလုံခြုံရသည်။ သို့မှသာ အစွမ်းပိုထက်၏။

ထိုအစီအရင်လုပ်ပြီး ပိတုန်းနှိုး ဂါထာကို ပိတုန်းရုပ်လက်ဝါးထဲထည့်ပြီး ရွတ်ဆိုရ၏။

ပိတုန်းနှိုးဂါထာမှာ -

*'ဥုံ - ပိတုန်းမည်းညို အဖိုအမ ဝဲယာ သောင်းသောင်းကျ ကရဏီရ ဗုဒ္ဓ စက် နင်တို့ထက်သည့်ပညာ မနေသာ ပြဆရာပြ ငါ့ရန်သူရှိက တိုက်ဟ'*

ဟု ဆိုရသည်။

ပိတုန်းအစီအရင်ဆုတောင်းမှာ-

*'ဥုံ- မြပိတုန်းရောင် သိဒ္ဓိဆောင် ရွှေရောင်အလား ကြံတိုင်းသွား စေတိုင်း သွား၊ ပြုတိုင်းသွား၊ ပြောတိုင်းသွား၊ ငါ့ အားတန်ခိုး ဆယ်ဆတိုး၊ ရွှေမိုးငွေမိုးရွာ စေသော်'*

ဟု ဖြစ်ပါသည်။

ထိုပိတုန်းအစီအရင်၏ အတိုက် အခိုက်သာဓကတစ်ခု တင်ပြလိုပါသည်။ ကာယကံရှင်၏ ဂုဏ်သိက္ခာ ထိခိုက်မည် စိုး၍ အမည်ကို မဖော်ပြတော့ပါ။

သရက်မြို့ ဆင်းရဲသားအများစု နေထိုင်သောရပ်ကွက်တစ်ခုတွင် လက် လုပ်လက်စား ကျပန်းလုပ်ကိုင်စားသော အိမ်ထောင်စုနှစ်စု အိမ်နီးနားချင်းနှစ်ဦး ရှိသည်။ တစ်ဦးက အမှီအကပ်ကောင်း ၍ ဒီဇယ်၊ ဓာတ်ဆီ သယ်ရောင်း၏။ အဆိုပါလူမှာ နေ့ချင်းညချင်းကြီးပွား၍ မကြာမီ တိုက်နှင့်ခြံဝိုင်းနှင့် ခမ်းခမ်းနား နားနေနိုင်သည်။ ထိုအခါ အိမ်နီးချင်း ဖြစ်သူက ကိုယ့်ထက်သာလို မနာလိုဖြစ် တတ်သော လူ့သဘောသဘာဝအရ မနာလိုဖြစ်မိ၏။ ဝန်တို၏။ ဣဿာမစ္ဆ ရိယတရားပွားမိ၏။

ထို့ကြောင့် မြို့နယ်အုပ်ချုပ်ရေး အကြီးအကဲများကို တိုင်စာမဟုတ်ဘဲ ပစ်စာပို့တော့၏။ ဒီဇယ်၊ ဓာတ်ဆီတရား မဝင် မှောင်ခိုလုပ်နေ၍ ရပ်ကွက်မီးရေး ထင်းရေး စိုးရိမ်ရကြောင်း ပါ၏။ အိမ် နီးချင်းဖြစ်သူကို မြို့နယ်တာဝန်ရှိအကြီး အကဲများက ဆင့်ခေါ် စစ်ဆေးတော့ ၏။ သို့သော် မိမိတစ်ဆင့်ယူရောင်းသူ မှာ လုပ်ငန်းလိုင်စင်ယူ၊ မှတ်ပုံတင်ထား သူဖြစ်နေ၍ ဘာမှအရေးယူခြင်းမခံခဲ့ရ။

မိမိအိမ်ပြန်ရောက်သောအခါ-

'အင်း - ငါလည်း သူတစ်ပါးဒုက္ခ ရောက်အောင် မကြံစည်ခဲ့ဘူး၊ မလုပ်ခဲ့ ဘူး။ ဒါပေမယ့် ငါ့မှာ ရန်သူရှိနေပါရော လား'

ဟု စိတ်မှာတွေးပြီး တင်ပြခဲ့ပြီး သော ပိတုန်းအတိုက်အခိုက်ကိုမန်းမှုတ် လွှတ်ရာ တစ်ဖက်အိမ်ကမိသားစု ကြီး ကြီးရော ငယ်ငယ်ပါ မရှေးမနှောင်းပင် (၃) ဦး သေဆုံးခဲ့သည်။ တစ်ဖက်လူက အိမ်ပေါ်ဇွတ်တက်ပြီး ငိုယို၍ ခြေသလုံး ဖက် တောင်းပန်ကာ မိမိကျူးလွန်မိခဲ့ သောအပြစ်ကို ခွင့်လွှတ်ရန် အတန်တန် တောင်းပန်ခဲ့ဖူး၏။

ထိုအချိန်မှ နောက်ကျောမားဖြင့် ထိုးသော အိမ်နီးနားချင်းဖြစ်မှန်း ရိပ်စား မိတော့၏။

"အေး - ခွင့်လွှတ်ပါတယ်ကွာ။ နောက် ဒါမျိုးအမှုမကျူးလွန်နဲ့တော့ ပေါ့။ ငါကခွင့်လွှတ်ပေမယ့် ငါ့အဆောင် က ခွင့်မလွှတ်တော့ အတိုက်ခံရတာပေါ့ ကွာ"

ဟု ပြောပြခဲ့၏။

ထိုအဖြစ်အပျက် ဖြစ်ပြီးနောက် ပိတုန်းအစီအရင်မှာ နာမည်ကြီးသွားပြီး အတော်အရောင်းသွက်ခဲ့၏။ ကျွန်တော် ပင် အကောင် (၂၀) ကျော် ရောင်းပေး ခဲ့ဖူးသည်။

ထိုပိတုန်းရုပ်အစီအရင်ဆောင်လို ပါက -

ကျွန်တော့် အပေါင်းအသင်းများ ဖြစ်သော ရွှေသောင်း(မြန်မာ့ဂုဏ်ရောင် -သိုင်း) သရက်မြို့ လက်ဝှေ့-သိုင်းနည်းပြ ဆရာကိုးတောင်ကျား(ဇော်ဇော်)၊ မြန်မာ ညီနောင်ကျားငါးကောင်သိုင်း သရက် မြို့တို့ထံ ဆက်သွယ်၍ အဆိုပါ ပိတုန်း အစီအရင်ကို ထုလုပ်နိုင်ပါသည်၊

အောင်သိန်းဝင်း(မှော်ဗေဒ)

www.burmeseclassic.com

(ယခင်လမှအဆက်)

ဤဆင်းရဲသားများသည် မျှစ်ကြော်ဟင်းတစ်ခွက်ဖြင့် ထမင်းနပ်မှန်အောင် မနည်းရုန်းကန်နေကြသူများဖြစ်သည်။ သူတို့သည် လမ်းဘေးခုံရှည်လေးပေါ်တင်ရောင်းသော ငရုတ်ဆီဆော့အချဉ်ဖြင့် နယ်ရောင်းသော ခေါက်ဆွဲသုပ်ကိုသာ စားဖူးသူများ ဖြစ်သည်။

ဆီရွှဲရွှဲဖြင့်ကြော်ထားသော ယခုကဲ့သို့ ခေါက်ဆွဲကြော်ကို မစားဘူးသူကများသည်။ ထို့ကြောင့်လည်း သူတို့အလှူရှင် ကျွန်ုပ်ကို ကျော်ခွပြီး လူယက်နေမိကြခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် သူတို့သည် ဥစ္စာစည်းစိမ်သာ ဆင်းရဲသည်မဟုတ် အသိဉာဏ်ပါ ဆင်းရဲနေကြပြီ ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်သည် သူတို့ကို စိတ်မဆိုးသည့်အပြင် သနားစိတ်ပါ ပိုဝင်မိသည်။ ထို့ကြောင့်လည်း သူတို့ရပ်ကွက်တွင် စာအုပ်များငှားပေးခြင်း၊ တရားပွဲများကျင်းပပေးခြင်းဖြင့် အသိဉာဏ်ကိုပါ လှူနေရသည်။ ကျွန်ုပ်ညီမောင်စိုးတင့်သည် တစ်ခါတစ်ရံ ကျွန်ုပ်ထက် အကြံဉာဏ်ကောင်းထွက်တတ်သည်။ သူက ယခုကဲ့သို့ လာရောက်အကြံပေးသည်။

“ဆရာတော် ထမင်းချက်ကျွေးတာက သူတို့တစ်နပ်ပဲစားရတာ ဘုရား။ တစ်အိမ်ကို ဆန်ငါးပြည်၊ ဆီတစ်ပိဿာလောက် ဝေပေးလိုက်တယ်ဆိုရင် တစ်အိမ်လုံး ခြောက်ရက်လောက် ထမင်းစားလို့ရတယ် ဘုရား။ ဒါကြောင့် နောက်နှစ်ကစပြီး တပည့်တော်ကိုယ်တိုင် ဆင်းရဲသားရပ်ကွက်တွေထဲထိဆင်းပြီး စာရင်း



www.burmeseclassic.com

www.burmeseclassic.com

ကောက်ပြီး ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တွေဝေလိုက်မယ်ဘုရား"

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်ခန့်ကဆိုလျှင် နွမ်းပါးသူအိမ်ထောင်စုပေါင်းရှစ်ဆကျော်ကို ဆန်ဝေနိုင်ခဲ့သည်။ သူတို့လည်း အဆင်ပြေသလို ကျွန်ုပ်လည်း အဆင်ပြေသည်။ကျွန်ုပ်အတွက် အဆင်မပြေခြင်း ဟူသည် လူနင်းခံရမည့်ဘေးမှ လွတ်ကင်းသွားခြင်းပင် ဖြစ်၏။

၂၀၀၉ ခုနှစ်ခန့်က မန္တလေးတွင် ရေကြီးပြီး ရေတွေလျှံလာရာ ဆင်းရဲသားများ အလုပ်ကိုထွက်ပြီး မလုပ်နိုင်တော့သဖြင့် ငတ်ပြတ်ကုန်ကြသည်။ မိုးကလည်း မစဲ၊ ရေတွေကလည်း ရေတွင်း ရေကန်ထဲအထိ ဝင်ကုန်ရော သောက်ရေပါ အခက်အခဲဖြစ်ကုန်သည်။

ရှင်ဒေဝဒတ်ကဲ့သို့ စိတ်ထားရှိသူများက ငါ့မိသားစု အဆင်ပြေပြီးရော ဆိုသောစိတ်ဖြင့် နေနိုင်ကြသော်လည်း သူများအကောင်းစိတ်ထားမျိုးရှိသူများတော့ မနေနိုင်ကြ။ ရသမျှစုပြီး ဆင်ခြေဖုံး ဆင်းရဲသားများထံသို့ ထမင်းထုပ်များ ရေသန့်ဘူးများ၊ အဝတ်အစားများ သွားရောက်လှူဒါန်းကြသည်။ ထိုအချိန်မှာပင် အလကားလိုချင်သောစိတ်၏ ပြယုဂ်လေးများကို တွေ့ရသည်။

မိသားစုတစ်စုသည် ရေဘေးကြုံနေသည်ကား မှန်သည်။ မှားနေသည်က ထမင်းထုတ်ဝေတိုင်း လိုက်ယူနေကြခြင်းပင် ဖြစ်၏။ သူတို့တွင် မိသားစုက ငါးယောက်လောက်သာ ရှိသည်။ ထိုတစ်ရက်တည်းတွင် သူတို့ရထားသောထမင်းထုပ်က ငါးဆယ်လောက်ဖြစ်နေသည်။

ကျန် (၄၅) ထုပ်ကို ဘာလုပ်ပစ်သနည်း။ ဝက်ခြံများတွင်သွားပြီး ဝက်စာအဖြစ် ရောင်းပစ်သည်ဟု ဆိုသည်။ အလကားလိုချင်သောစိတ် အားကြီးလှပေစွ။ ထိုကဲ့သို့ အခွင့်အရေးကို မတရားလိုချင်သူတွေ အဆမတန်များလာလျှင် ပရဟိတသမားတွေ နောက်ဆုတ်သွားကြပေလိမ့်မည်။

အမှန်ဖြစ်သင့်သည်က ထမင်းထုပ်လာဝေလျှင် မိသားစု ငါးယောက်ဆိုလျှင် ငါးထုပ်သာ ယူလိုက်ပါ။ မရသေးဘူးထင်သော အလှူရှင်များက လာပေးလျှင်တောင် ကျွန်တော်တို့ ရပြီးပါပြီ။ တခြားမရသေးတဲ့သူတွေကို သွားပေးလိုက်ပါဟု ပြောပေးသင့်သည်။ ထိုအချိန်မှာပင် အလှူရှင်တစ်ဦးက ရေသန့်ဘူးများကို လိုက်ထရပ်ကားနှင့်တင်ပြီး ဝေရအောင်ရောက်လာသည်။

တစ်အိမ်လျှင် တစ်ဘူး (သို့) နှစ်ဘူး ဝေငှယူလျှင် အညီအမျှရသောက်ခွင့်ရကြပေမည်။ သို့သော် ကားရပ်လိုက်သည်နှင့် ဝိုင်းလုကြရာ ရေသန့်ဘူးများ ချက်ချင်းကုန်သွားသည်။ တချို့အိမ်တွင် ရေသန့်ဘူး ဆယ်ဘူးလောက် ရသော်လည်း တချို့အိမ်တွင် တစ်ဘူးမှမရချေ။

မန္တလေးသို့ တက်မလာနိုင်သောကျွန်ုပ်က ငွေ(၁၅)သိန်းလှမ်းလွှဲပေးလိုက်ပြီး ဦးကောဝိဒကို သွားလှူစေသည်။ တခြား အလှူရှင်တွေ မရောက်သေးသောနေရာလည်း ဖြစ်ရမည်။ သူတို့တကယ် လိုအပ်သော အရာလည်းဖြစ်ရမည်။ ဤအချက်နှစ်ချက်နှင့် ပြည့်စုံသောနေရာတွင် သွားလှူရန်လည်း လှမ်းပြောလိုက်သည်။

ဦးကောဝိဒသည် ကျွန်ုပ်စကားကို လိုက်နာသည်။ လှူမည့်သူများမရောက်

## မေတ္တာရှင်(ရွှေပြည်သာ) ၂

## ဘဝကိုအသေသတ်သောစိတ်





www.burmeseclassic.com

www.burmeseclassic.com

သေးသော ချောင်ဂလောင်ထဲထိ လိုက်လျှပေးသည်။ ခါးထိရောက်နေသော ရေထဲဆင်းပြီး ကယ်ဆယ်ရေးပစ္စည်းများ ဝေငှနေသော ဦးကောဝိဒ၏ဓာတ်ပုံကို အင်တာနက်တွင် တွေ့နေရသည်။

တစ်ကြိမ်တွင် အလကားလိုချင်လွန်းသော အမျိုးသမီးတစ်ယောက်ကြောင့် ဦးကောဝိဒတစ်ယောက် တစ်ချီးတည်းလစ်ခဲ့ရဖူးသည်။ ထိုအမျိုးသမီးသည် အသက်(၄၀)နီးပါးခန့်ရှိသည်။ သူ့အိမ်ရှေ့မြုပ်နေသည်မှာလည်း အမှန်ပင်ဖြစ်သည်။

ဦးကောဝိဒက မေးသည်။

"ဒကာမကြီးတို့ မိသားစုအတွက် အရေးတကြီး အလိုအပ်ဆုံးအရာကို ပြောပါ။ အရင်ဆုံး လှူပေးပါ့မယ်"

"တပည့်တော်မတို့မှာ ဆန်လည်းမရှိဘူး၊ ဆီလည်းမရှိဘူး၊ ခြင်ထောင်လည်းမရှိဘူး ပြီးတော့ ယောကျာ်းလည်းမရှိဘူး"

"ဟင်"

ဟု တစ်ချက်သာ အာမေဋိတ်သံထွက်နိုင်ပြီး ဦးကောဝိဒမှာ ငွေတစ်သောင်း သူမလက်ထဲ ထည့်ပေးကာ အမြန်ထွက်ပြေးရတော့သည်။ သူ့ကိုပါ ယောကျာ်းအဖြစ် အလှူခံထားလိုက်မှာ စိုးရိမ်သောကြောင့် ဖြစ်ပေလိမ့်မည်။ မြန်မာအများစုကား ယောကျာ်းကိုပင် အလကားယူချင်ကြပေသည်တကား။

**သီတဂူဆရာတော်နှင့်ရေချမ်းစင်**

ကြားဖူးသေးသည်။ တစ်ခါတွင် သီတဂူဆရာတော်ကြီးသည် နိုင်ငံခြားသားများကို မြန်မာပြည်အထက်ပိုင်းသို့ လိုက်ပို့ရင်းဖြင့် လမ်းဘေး သစ်ပင်ရိပ်တွင် တွေ့ရသော ရေချမ်းစင်လေးများကို လက်ညှိုးထိုးပြကာ ယခုကဲ့သို့ ပြော၏။

"တွေ့လား၊ မင်းတို့အနောက်နိုင်ငံတွေ သောက်ရေသန့် ရောင်းစားနေတဲ့ အချိန်မှာတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေက သောက်ရေလှူနေကြတယ်လေ။ ကြည့်စမ်း - တို့ဗုဒ္ဓဘာသာမြန်မာတွေ ဘယ်လောက်များ စေတနာသဒ္ဓါတရားကောင်းလိုက်ကြသလဲလို့"

ထိုအခါ အနောက်နိုင်ငံသားများသည် ရေချမ်းစင်လေးကိုကြည့်ပြီး ကိုရွှေမြန်မာစေတနာကို ချီးမွမ်းစကားပြောကြသည်။ သို့သော် နိုင်ငံခြားသားတစ်ယောက်က သောက်ရေခွက်လေးများတွင် ချည်ထားသော သံကြိုးလေးများကို မြင်သွားပြီး ယခုကဲ့သို့ မေးမြန်းသည်။

"သောက်ရေခွက်လေးတွေမှာ သံကြိုးတွေ ဘာကြောင့် ချည်ထားတာလဲဘုရား"

ဆရာတော်ကြီး တစ်ချက်တွေခနဲဖြစ်သွားသည်။သို့သော် ဆရာတော်ကြီးက ဦးနှောက်ပြေးသည်။

"ဩော် - ဒါလား၊ မြန်မာပြည်က မျောက်တွေကလက်ဆော့လို့ပါကွာ"

တကယ်တော့ မျောက်တွေကလက်ဆော့ခြင်းမဟုတ်။ လူတွေကလက်ဆော့ခြင်းသာ ဖြစ်သည်။ လက်ဆော့သူများသည် အလုပ်မလုပ်ဘဲ အလကားလိုချင်သူများပင် ဖြစ်သည်။

ကျွန်ုပ်သည် ဆေးမကုနိုင်သူများကိုလည်း တတ်နိုင်သမျှ ဆေးဖိုးထောက်ပံ့လေ့ရှိသည်။ တစ်ခါတွင် အမျိုးသမီးကြီးတစ်ယောက်ရောက်လာပြီး ယောကျာ်းဖြစ်သူ လေဖြတ်နေတာ မကုသနိုင်လို့ဟုပြောပြီးအကူအညီတောင်းသည်။ ကျွန်ုပ်ကုန်ကျစရိတ်ကို မေးသောအခါ ဆယ်သိန်းဟု ဖြေသည်။

တစ်သိန်းခွဲ၊ နှစ်သိန်းလောက်ဆိုလျှင် ချက်ချင်း ပေးလိုက်ဖို့ပင်။ ဆယ်သိန်း ဆိုသည်မှာ မဖြစ်နိုင်ဟု စိတ်ထဲက အလိုလိုသိနေသည်။ ထို့ကြောင့် ငွေသုံးထောင်ထုတ်ပေးပြီး ဆေးရုံတက်ခိုင်းလိုက်သည်။ ဆေးရုံရောက်မှ ဖုန်းဆက်ပါ။ ဆရာဝန်နှင့် လာတွေ့ပြီး ကုန်ကျစရိတ်များ ရှင်းပေးမည်ဟု ပြောလိုက်သည်။

ဆေးရုံသို့ ကပ္ပိယကြီး ဦးသန်းဝင်းကိုယ်တိုင်သွားပြီး ဆရာဝန်နှင့်တွေ့လိုက်သောအခါ အပြီးအစီး တစ်သိန်းခွဲသာ ကျသည်။ လုပ်ရက်ပေစွ။ ဆွေမျိုးချင်းပင် မထောက်ပံ့ချင်သောကျန်းမာရေးစရိတ်ကျွန်ုပ်က ထောက်ပံ့ပေးနေခြင်း ဖြစ်သည်။

တကယ်ဆိုလျှင် ကျွန်ုပ်ငွေကို သူတို့ငွေလိုသဘောထားပြီး မကုန်သင့်တာ မကုန်အောင် ဝိုင်းဝန်းစောင့်ရှောက်ပေးသင့်သည်။ ကျွန်ုပ်သည် မျက်စိမခွဲနိုင်သူများကိုလည်း ခွဲပေးလျက်ရှိရာ ငါးနှစ်ခန့်အတွင်း ဦးရေခြောက်ထောင်ကျော်ခန့် အလင်းရသွားခဲ့ပြီ ဖြစ်သည်။

နွမ်းပါးသူသာဖြစ်ပါစေ လူမျိုးမရွေး၊ ဘာသာမရွေး ခွဲပေးခဲ့သည်။ နွမ်းပါးသူဟုတ်၊ မဟုတ်ကိုတော့ သေချာစစ်ဆေးမေးမြန်းသည်။

တစ်ခါတွင် မျက်စိခွဲပေးနေသော ဆရာဝန်က မောင်စိုးတင့်ထံ ဖုန်းဆက်သည်။

"ဦးစိုးတင့်တို့၊ သေချာစစ်ဆေးကြည့်ဦးနော်။ နွမ်းပါးသူသာဆိုတယ်။ ကျွန်တော်တို့ဆီမှာ မျက်စိလာခွဲတဲ့လူတစ်ယောက်ကတော့ စီးထားတဲ့ဖိနပ်ကိုက ရှစ်သောင်းခွဲလောက်တန်တယ်"

ဟူ၏။

ထိုသူသည် နွမ်းပါးသူထင်ရန် လက်ဝတ်လက်စားတွေချွတ်၊ အဝတ်အစားလည်း နွမ်းပါးစွာဝတ်လာသောကြောင့် စစ်ဆေးသူများက နွမ်းပါးသူထင်ပြီး ခွဲစိတ်ခွင့်ဖြတ်ပိုင်းပေးလိုက်ဟန်တူသည်။ သို့သော် ထိုသူဌေးသည် ဖိနပ်ကိုတော့ လဲစီးသွားမိဟန်မတူပေ။

၁၆ - ၅ - ၂၀၁၃ နေ့ကလည်း ဦးကောဝိဒထံ ကော့သောင်းမြို့မှ ဖုန်းဝင်လာသည်။ ထိုအချိန်က ကျွန်ုပ်သည်လည်ချောင်းနာနေသောကြောင့် ဖုန်းမပြောပေ။ ထိုအမျိုးသမီးသည် သူ့မျက်လုံးရောဂါကို ဂျပန်နိုင်ငံအထိ သွားရောက် ခွဲစိတ်ကုသခဲ့ပြီ ဖြစ်သည်။ သို့သော် မသက်သာ။

ထို့ကြောင့် ကျွန်ုပ်တို့ထံတွင် လာရောက် ခွဲစိတ်ကုသချင်ကြောင်း ခွင့်တောင်းနေခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ခွဲပေးလျှင် ပြန်မြင်သည်ဟု အတော်ယုံကြည်နေဟန်တူသည်။ မေတ္တာရှင်ဆရာတော် မျက်စိခွဲပေးလျှင် ပြန်မြင်သည်ဟု လူအပြောများသောကြောင့် ကျွန်ုပ်ထံ မျက်စိခွဲချင်နေပုံရသည်။

အမှန်က ဆရာဝန်ကခွဲပေးခြင်းသာ ဖြစ်သည်။ ကျွန်ုပ်က ကုန်ကျစရိတ်လှူခြင်းသာဖြစ်သည်။ ထို့ကြောင့် တခြားမျက်စိဆရာဝန်များကုရှ်မရလျှင် ကျွန်ုပ်၏ ဗဟိုမျက်စိကုဆေးခန်းမှ ဆရာဝန်များလည်း ကုသ၍ရနိုင်မည် မဟုတ်ပါ။

မြင်းခြံမြို့တွင် ဝိသာခါ ဟူသော အမည်ဖြင့် အမျိုးသမီးပရဟိတအဖွဲ့တစ်ဖွဲ့ရှိသည်။ သူတို့သည် စုပေါင်းငွေများဖြင့် ဘာသာရေးအလှူမျိုးစုံ လှူကြသည်။ မြန်မာပြည်မှာ ဝတ်သေဒဲ့ခံသာ





www.burmeseclassic.com

www.burmeseclassic.com

တော့မရှိဘူး။ ဒါပေမယ့် ဆေးမကုနိုင်လို့ သေတဲ့မသာတွေကတော့ အများကြီးပဲ။

မန္တလေးမြို့မှာ နာရေးကူညီမှု အသင်း ခုနှစ်ဆယ်လောက် ရှိပါသည်။ တစ်ရက်ကို လူနှစ်ဆယ်ထက် ပိုမသေ နိုင်ပါ။ တစ်ရက်ကို လူနှစ်ဆယ် သေ သည်ဆိုလျှင်ပဲ ကျန်တဲ့ နာရေးအသင်း ငါးဆယ်က အလုပ်မရှိတော့။

မြန်မာတွေဟာ သဒ္ဓါကောင်း သလောက် အတွေးအခေါ်ပညာနည်း ကြသည်။ သူများလုပ်လျှင် လိုလိုမလိုလို အတုန်ဝိုင်းလုပ်ကြသည်။ တချို့မြို့တွေ ဆိုလျှင် နာရေးအသင်းတွေက များ လွန်းတဲ့အတွက် လူတစ်ယောက်သေ လျှင် သူပို့မယ်၊ငါပို့မယ်ဆိုပြီး အလောင်း လုရတဲ့အဆင့်ရောက်နေတယ်။

နာရေးအသင်းရှိနေပြီ ဆိုလျှင် ကျန်တဲ့လူတွေက ကျန်းမာရေးစောင့် ရှောက်မှုအသင်းလုပ်လိုက်ပေါ့။ နာရေး အသင်းလိုအပ်သလို ကျန်းမာရေးစောင့် ရှောက်တဲ့အသင်းက ပိုတောင် လိုအပ် ပါသေးသည်။ သေပြီးသွားတဲ့လူအတွက် အချိန်းကို ဘယ်လိုနည်းနှင့်ပို့ပို့ရသည်။

နောက်ဆုံး ဖျာလိပ်ပြီးထမ်းသွား သည်း ရတာပဲ။ ဒါပေမယ့် ရောဂါဖြစ်ပြီ ဆိုလျှင်တော့ ပိုက်ဆံမပါဘဲ ဘယ်ဆရာ ဝန် ဘယ်ဆေးရုံကမှ ကုမပေးတော့။

လူတစ်ယောက် ရောဂါဖြစ်နေ သည်၊ ဆေးကုစရာ ငွေမရှိ။ နာရေး အသင်းတွေက ဒီလူသေမယ့်အချိန်ပဲ ထိုင်စောင့်နေကြတော့မှာလား၊ တကယ် ဝိုင်းစားကြည့်ရင် သေပြီးမှ ကူညီတာ ထက် မသေခင် မသေအောင် ဆေးဝိုင်း ကုပေးပြီး ကူညီတာက ပိုအကျိုးရှိပါ သည်၊ ပိုလိုအပ်ပါသည်။

ထိုသြဝါဒကြောင့် ဝိသာခါအမျိုး သမီးအသင်းကြီးသည် နွမ်းပါးသူများ အတွက် အခမဲ့ဆေးကုခန်းကြီးဖွင့်ပြီး ကျန်းမာရေး စောင့်ရှောက်ပေးကြသည်။ ကျွန်ုပ်သည်ပင် တရားပွဲမှရရှိသော (၁၅) သိန်းခန့်ကို ငွေပဒေသာပင်အဖြစ် ထည့် လှူပေးလိုက်သေးသည်။

တစ်ရက်တွင် အဖွဲ့ခေါင်းဆောင် အမေစီမှ ယခုကဲ့သို့ လျှောက်ထားလာ သည်၊

"အခမဲ့ဆေးကုခန်းက အောင်မြင် တယ်ဘုရား။ နွမ်းပါးတဲ့လူနာတွေ တစ် ရာကျော် နှစ်ရာနီးပါးထိ လာကုကြတယ် ဘုရား၊ အခက်အခဲဖြစ်ရတာက ချမ်း သာတဲ့လူတချို့ကပါ လာဆေးကုနေကြ တာပဲဘုရား"

ထိုအခါ ကျွန်ုပ်က စာတန်းတစ်ခု ရေးပေးလိုက်သည်။ ထိုစာတန်းချိတ် လိုက်သောအချိန်မှစ၍ လူချမ်းသာများ ဆေးလာမကုကြတော့ဟု ဆိုသည်။ ထို စာမှာ 'နွမ်းပါးသူများကိုသာ ကုသပေး ခြင်းဖြစ်သည်။ ချမ်းသာပါလျက် ဤနေ ရာသို့ လာရောက် ဆေးကုသခြင်းသည် နွမ်းပါးသူများ၏ အခွင့်အရေးကို ဓားပြ တိုက်ယူခြင်း ဖြစ်သည်'။

၂၀၁၂ ခုနှစ်၊ တစ်လပိုင်းအတွင်း ကပင် ဖြစ်သည်၊ သက်တော်ရှစ်ဆယ် နီးပါးအရွယ်ရှိ တောရွာကျောင်းဆရာ တော်ကြီးတစ်ပါးက ကျွန်ုပ်ကို တွေ့ချင် နေကြောင်း ရဟန်းလူထွက် တပည့် တစ်ဦးက လာလျှောက်သည်။

"ဘာဖြစ်လို့တွေ့ချင်တာလဲ"

"တပည့်တော် ကိုရင်ဘဝက ဉပဇ္ဈာယ်ဆရာတော်ပါပဲ ဘုရား။ ဆရာ တော် စာချဘုန်းကြီးဘဝတုန်းက တစ် ကြိမ်တွေ့ဖူးပါတယ်။ အခု ဆရာတော် ကြီးဟာ တင်ပဆုံရိုး ခွဲစိတ်ကုသမှုမပြု နိုင်လို့ အိပ်ရာထဲမှာ အမြဲလှဲနေရတာ တစ်နှစ်ကျော်သွားပြီ ဘုရား"

"တင်ပဆုံရိုးက ဘာဖြစ်သွားလို့ လဲ"

"တောရွာဆိုတော့ ဆိုင်ကယ်ပဲစီး ရတာဘုရား။ တစ်ရက် အလှူတစ်ခုကို ဆိုင်ကယ်နဲ့အကြွမှာ ဆိုင်ကယ်ပေါ်က ပြုတ်ကျပြီး တင်ပဆုံရိုးအလုံးကွဲသွား တာတဲ့ဘုရား။ ခွဲစိတ်ခကိုက (၁၂) သိန်း လောက်ကုန်မယ်ဆိုတော့ မခွဲနိုင်တာနဲ့ ဒီအတိုင်း ပက်လက်ကြီးပဲ နေနေရတယ် ဘုရား။ အခု ရန်ကုန်ရောက်နေတယ် ဘုရား။ မေတ္တာရှင်ဆရာတော်ကို တွေ့ရ ရင် ကောင်းမှာပဲလို့ တတွတ်တွတ်ပြော နေတာနဲ့ ဆရာတော်ကို လာလျှောက် တာ ဘုရား"

"အေး - (၁၂) သိန်းလောက်ဆို ရင်တော့ ငါတတ်နိုင်ပါတယ်။ ငါ့မှာ လည်း နွမ်းပါးတဲ့ တစ်ပြည်လုံးက လူနာ တွေ စောင့်ရှောက်နေရတော့ အများ ကြီးတော့ မတတ်နိုင်ဘူးပေါ့ကွာ။

ဒီနေ့ည တောင်ဥက္ကလာမှာ တရား ပွဲရှိတယ်။ တရားပွဲအပြီး ညဆယ်နာရီခွဲ လောက်ရောက်မယ်လို့ ဆရာတော်ကြီး ကို လျှောက်ထားလိုက်ပေါ့ကွာ"

ကံကောင်းပါသည်။ ထိုညတရား ပွဲက (၁၄) သိန်းခန့်ရသဖြင့် ဆရာတော် ကြီးတည်းခိုရာ လှိုင်မြို့နယ် (၅)ရပ်ကွက် ရှိ ကြံခင်းစာသင်တိုက်သို့အရောက်သွား လိုက်သည်။ အိပ်ရာပေါ်တွင် ပက်လက် ကြီးနေနေရသော ဆရာတော်ကြီးကို တွေ့လိုက်ရ၍ အတော်စိတ်မကောင်း ဖြစ်သွားမိသည်။

"ဆရာတော်၊ ခွဲစိတ်ခ (၁၂) သိန်း ကို တပည့်တော်လှူပါမယ်ဘုရား။ ဆရာ တော် ဘယ်နေ့ဆေးရုံတက်မလဲဘုရား"

"ပစ္စည်းဖိုးက အတော်ဈေးကြီး ဆိုပဲ ဦးဇဝနရဲ့။ ဒါပေမယ့် ပြည်သူ့ဆေး ရုံကြီးမှာ စုံစမ်းကြည့်လိုက်တော့ တစ်လ ပိုင်း တတိယအပတ်ထဲမှာ ကိုရီးယားက အဖွဲ့တွေ အရိုးအစားထိုးပစ္စည်းတွေလာ လှူမယ်လို့သိရတယ်။ ဒါကြောင့် ဆေးရုံ တက်မှပဲ ဦးဇဝနလှူမယ့်ပိုက်ဆံကို ယူ ပါ့မယ်"

"မှန်ပါ့၊ ဒါဆိုရင် ပစ္စည်းအလှူရှင် တွေလာအောင်စောင့်လိုက်ဦးပေါ့ဘုရား။ ဆေးရုံပေါ်ရောက်တာနဲ့ ဖုန်းဆက်လိုက် ပါ ဘုရား၊ တပည့်တော်ညီက ခွဲစိတ်ခ ကျသင့်ငွေတွေ လာလှူပါလိမ့်ဘုရား။ ဒီအချိန်မှာ တပည့်တော်က ရခိုင်ပြည် နယ်ဘက် ရောက်နေမှာဆိုတော့ ရန် ကုန်မှာမရှိဘူးဘုရား။ လောလောဆယ် ဆရာတော်ကြီး လိုတာသုံးရအောင် နှစ် သိန်းလောက် လှူထားခဲ့ပါမယ်ဘုရား"

ကျွန်ုပ် ရခိုင်သို့ရောက်ပြီး လေး ရက်ခန့်အရမှာပင် မောင်စိုးတင့်ထံမှ ဖုန်းဆက်လာသည်။

"ဆရာတော်၊ ဆရာတော်ကြီးတစ် ပါးကို တင်ပဆုံရိုးခွဲစိတ်ကုသဖို့အတွက် မှာထားခဲ့တဲ့အတိုင်း တပည့်တော် ဆေး ရုံကိုလိုက်သွားတယ်ဘုရား"

"ဒါပေမယ့် နောက်နှစ်ပတ်လောက် ကြာဦးမှာကွ။ အခုအစောကြီးဖြစ်နေပါ လား။ ကိုရီးယားက အလှူရှင်တွေကော ရောက်နေလို့လား"

"အဲဒါပြောမလို့ ဘုရား။ ဆရာ တော်က ခွဲစိတ်ခလှူမယ်လည်း ပြော ရော ဆရာတော်ကြီးကို ဘေးက ဒကာ တွေကမြှောက်ပေးတယ်ထင်တယ်ဘုရား။ မေတ္တာရှင်ဆရာတော်ဆိုတာ နာမည် ကြီးတယ်။ ငွေဘယ်လောက်ကုန်ကုန် ဂရုစိုက်မှာ မဟုတ်ဘူး။ အလှူရှင်တွေ စောင့်မနေနဲ့၊ အကောင်းဆုံး ဆေးရုံသာ တက်ဆိုပြီး မြှောက်ပေးလိုက်တယ်ထင် တယ်ဘုရား။

အဲဒါ အခု သူဌေးတွေတက်တဲ့ လှိုင်သာယာက ပန်းလှိုင်ဆေးရုံကို ရောက်နေတယ် ဘုရား"

"ဟာ - ဘယ်လိုဖြစ်တုန်းတာတုံး ငါတောင် အဲဒီဆေးရုံတစ်ခါမှတက်မ သေးဘူး။ တကယ်တ ကြည့်မြင်တိုင်



www.burmeseclassic.com

www.burmeseclassic.com

အရိုးအကြောဆေးရုံမှာပဲ တက်ရမှာလေ။ တို့က လူဆင်းရဲကိုသာ ကယ်တာ၊ ပန်းလှိုင်ဆေးရုံတက်နိုင်တဲ့ လူချမ်းသာကို ဘယ်ကယ်နိုင်ပါ့မလဲ"

"တို့မှာ တခြားဒုက္ခသည်တွေ၊ ဝေဒနာရှင်တွေအများကြီးကယ်ရဦးမှာ။ တစ်ဦးတည်းနဲ့ တစ်နှစ်စာအကုန်လှူပစ်လိုက်လို့ဘယ်ဖြစ်မှာတုံး၊ ကုန်ကျစရိတ်ကကော ဘယ်လောက်တဲ့လဲ"

"လောလောဆယ် သိန်းလေးဆယ် အရင်သွင်းထားရမယ်တဲ့။ အားလုံးခွဲစိတ်ပြီးသွားရင် နောက်ထပ် သိန်းတစ်ရာထပ်ပေးရမယ်တဲ့ ဘုရား"


"ဆရာတော်ကြီးဆီကို သေချာသွားလျှောက်ပြီး ကိုရီးယားက အလှူရှင်တွေကို စောင့်ဖို့ပြောကြည့်ပါဦးကွာ"

"လျှောက်ပြီးပြီဘုရား။ အဲလိုလည်း လျှောက်လိုက်ရော ဆရာတော်ကြီးက စိတ်မကောင်းဖြစ်ပြီး သတိတောင်လစ်သွားတယ်ဘုရား"

"ဪ - သူ့ခမျာလည်း ကုသမှုခံရတော့မယ်ဆိုပြီး ဝမ်းသာနေတုန်းမှ မကုရသေးဘူး ဆိုတာသိရတော့ တော်တော်စိတ်မကောင်းဖြစ်သွားတယ်ထင်တယ်။ တို့ဘယ်လိုလုပ်ကြမလဲ"

"တခြားအကူအညီတွေလျှော့ပြီး ကုသာပေးလိုက်ကြပါစို့ဘုရား။ တော်ကြာ ဆရာတော်ကြီး ကုသခွင့်မရဘဲ ပျံလွန်တော်မူသွားရင် ဂျာနယ်ထဲမှာ ကျော်မကောင်းကြားမကောင်း အရေးခံရမှာ သေချာတယ် ဘုရား။ မေတ္တာရှင် ရွှေပြည်သာဆရာတော် ဆေးကုပေးမယ်ပြောပြီး ကုသမပေးမှုကြောင့် ဆရာတော်ကြီးတစ်ပါး ပျံလွန်တော်မူခြင်း ဆိုပြီး ခေါင်းစီးကြီးနဲ့ကို အရေးခံရမှာ သေချာတယ်ဘုရား"

"နောက်ဆုံးတော့ သိန်း (၁၄၀)



အကုန်ခံပြီး ဆရာတော်ကြီးကို ခွဲစိတ်ကုသပေးလိုက်ပါသည်။

မှန်ပေသည်။ 'လူ၏ အကြိုက်ဆယ်ခါလိုက်လည်း မလိုက်တစ်ခါရှိခဲ့ပါမူ ကြီးစွာရန်သူ စွဲမှတ်ယူ၏' ဟူသော စကားအတိုင်း အရင်ကဆယ်ခါကောင်းခဲ့သော်လည်း တစ်ခါလောက်မကောင်းသည်နှင့် ရန်သူဟု သတ်မှတ်ပြီး အပုပ်ချတတ်သည်မှာ ပုထုဇဉ်တို့၏ သဘာဝပင်။

အံ့ဩစရာကောင်းသည်မှာ ဆရာတော်ကြီးကို ပြည်သူ့ဆေးရုံမတက်ခိုင်းဘဲ ပန်းလှိုင်ဆေးရုံသို့ တက်ခိုင်းကြသော ဆရာတော်ကြီး၏ တပည့်ဒကာများမှာ ဆေးကုသစရိတ်အတွက် တစ်ပြားတစ်ချပ်မျှ မလှူကြခြင်းပင် ဖြစ်၏။ ကျွန်ုပ်၏ ချွေးနှဲစာ ပရဟိတငွေများကို အလကားလိုချင်သောစိတ်ဖြင့် ဆရာတော်ကြီးကို ဝိုင်းမြှောက်ပေးကြခြင်း ဖြစ်သည်။

သို့သော် ကျွန်ုပ်၏ ထိုအလှူမှာ ကုသိုလ်ရသော်လည်း အကျိုးမရှိခဲ့ပေ။ ခွဲစိတ်ကုသမှုခံယူအပြီး တစ်ပတ်အကြာမှာပင် ထိုဆရာတော်ကြီး ပျံလွန်တော်မူခဲ့သည်။ သက်တော်ရှစ်ဆယ်အရွယ်ဖြစ်၍ ခံနိုင်ရည် မရှိတော့ပါ။ ကျွန်ုပ်သာ ဆရာတော်ကြီးနေရာဆိုလျှင် လူ့ဘဝနေချိန်မရှိတော့သည့်အတူတူ သိန်းတစ်ရာ့လေးဆယ်သောငွေကို အကုန်ခံခွဲစိတ်နေမည် မဟုတ်တော့ပါ။ မိမိအတွက် ကုန်ကျငွေများကို အများအကျိုးအတွက် လှူဒါန်းပြီး ဘာဝနာတစ်ခုခုပွားကာ သေခြင်းတရားကို ရင်ဆိုင်တော့မည် ဖြစ်သည်။

အလကားလိုချင်သော စိတ်ကိုလုံးဝ လက်မခံသော မောင်ဖြူ အမည်ရှိ ဆယ်နှစ်သားအရွယ်ကလေးတစ်ယောက် အကြောင်းကို မဂ္ဂဇင်းတွင် ဖတ်ရသည်။

မောင်ဖြူလေးသည် မိဘမဲ့ ဖြစ်သည်။ နာဂစ်မုန်တိုင်းကြောင့် မိဘနှစ်ပါး ကွယ်လွန်ခဲ့ရသည်။ မောင်နှမသုံးယောက်ကျန်ခဲ့ရာတွင် မောင်ဖြူက အကြီး၊ သူ့အောက်တွင် ညီတစ်ယောက်၊ နှမတစ်ယောက် နေစရာ၊ စားစရာမရှိတော့သဖြင့် သာကေတမှ အဒေါ်က ခေါ်ယူစောင့်ရှောက်ထားသည်။

အဒေါ်ကလည်း ဆင်းရဲသောကြောင့် နေရေးနှင့် စားရေးသာကူညီနိုင်သည်။ ပညာရေးကို မကူညီနိုင်ချေ။ ပညာကို တန်ဖိုးထားသော မောင်ဖြူက စပါးနှံလေးများကို ဖောက်သည်ယူပြီး ရန်ကုန်မြို့ထဲ လှည့်လည်ကာ ငှက်စာရောင်းသည်။

ရလာသော အမြတ်ငွေနှင့် လေးတန်းကို ဆက်တက်သည်။ တစ်ရက်တွင် သူ့ထံမှ ငှက်စာ တစ်ရက်နှစ်ရာဖိုး နေ့စဉ်ဝယ်နေသော ဦးလေးကြီးတစ်ယောက်က -

"မောင်ဖြူ မင်းငှက်စာလိုက်ရောင်းမနေနဲ့တော့။ မင်းပညာသင်စရိတ်အတွက် ဦးလေး ထောက်ပံ့မယ်"

"ကျွန်တော် လက်မခံပါရစေနဲ့ ခင်ဗျာ"

"ဟေ - ဘာဖြစ်လို့တုံးကွ"

"ကျွန်တော်တို့အဘိုးက ကျွန်တော်တို့ကို ဆုံးမထားပါတယ်။ အလုပ်မလုပ်ဘဲ ဘာကိုမှ အလကားမလိုချင်နဲ့တဲ့၊ အလကားလိုချင်တဲ့စိတ်ဟာ ဘဝကို အသေသတ်တဲ့စိတ်တဲ့"

ထိုကဲ့သို့ ပြောဆိုပြီး လှည့်ထွက်သွားသော မောင်ဖြူ၏ ကျောပြင်ကို ကြည့်၍ ပြောမိသော အမျိုးသားကြီးမှာ အံ့သြငေးမောသွားရသည်။ လူ့စိတ်ဆိုသည်မှာ ခက်သည်။ လိုချင်လွန်းသူတို ... မပေးချင်သော်လည်း မလိုချင်သူကိုကား ပေးချင်တတ်ကြသည်။ ထို့ကြောင့် မလိုချင်မှ တကယ်ရ ဟူသော စကားပေါ် ... ထွန်းခဲ့ခြင်း ဖြစ်သည်။

ဆန်းစစ်ကြည့်လျှင် လိုချင်သူများသည် လောဘကို ကျွန်ခံနေကြသူများ ဖြစ်သည်။ လောဘကို အရှုံးပေးနေကြ ... ရသူများ ဖြစ်သည်။ မလိုချင်သူများသည် လောဘကို သခင်လုပ်နိုင်သူများ ဖြစ ... သည်။ လောဘကို အနိုင်ရနေသူများ ဖြစ်သည်။

မိမိလည်း လောဘ၏ကျွန်၊ သူ ... လည်း လောဘ၏ ကျွန်ဆိုလျှင် ဘာ ... လေးစားစရာမရှိ။ မိမိထက်သာ ... သခင်ကိုသာ လေးစားကြည်ညိုချင်ကြ ... သည်။ လှူဒါန်းလိုကြသည်။ မာသာ ... ထရီဇာသည် မိမိအတွက် ပုပ်ရဟန်းမင်း ... ကြီးကလက်ဆောင်ပေးသော ဇိမ်ခံကား ... ကြီးကို ချက်ချင်း ရောင်းပစ်ပြီး မိဘမဲ့ ... ကလေးများအတွက် စားစရာ၊ ဝတ်စရာ ... များ အကုန်ဝယ်ပစ်လိုက်သည်။ နိုဘယ် ... ဆုနှင့်အတူရသော ဒေါ်လာများ ... လည်း အနာကြီးရောဂါသည်များအတွက် ... ဆေးရုံဆောက်ရန် မ,တည်ပေးလိုက် ... သည်။ မာသာထရီဇာသည် ပုထုဇဉ်သာ ... ဖြစ်၏။ ပုထုဇဉ် ဖြစ်သောကြောင့် ... လောဘလည်း အပြည့်ရှိ၏။ သို့သော် ... လောဘကို ကျွန်မခံ၊ သခင်လုပ်ပစ် ... သည်။ လောဘကို အရှုံးမပေးနိုင် ...



www.burmeseclassic.com

www.burmeseclassic.com

ခစ်လိုက်သည်။

လောဘကိုကျွန်ခံနေရသောကမ္ဘာတစ်ဝန်းမှ လူများသည် လောဘ၏ သခင်ဖြစ်နေသော မာသာထရီဇာကို လှူဒါန်းထောက်ပံ့ကြခြင်း ဖြစ်သည်။ ပရဟိတအလုပ်ကို အောင်မြင်အောင်လုပ်လိုလျှင် လောဘကို အနိုင်ယူကာ သခင်လုပ်သင့်သည်။

မည်သူမျှမသိလိုက်ရဘဲ သေသွားသောမသာ (မသိ မသာ) စာရင်းဝင်နိုင်တဲ့ ခေါင်းဆောင်များသည် လောဘကို ကျွန်ခံနေကြသူများ ဖြစ်သည်။ လူသားတိုင်းတွင် ခန္ဓာငါးပါးရှိ၏။ ထိုခန္ဓာငါးပါးတွင် ဝိညာဏက္ခန္ဓာပါဝင်၏။ ဝိညာဏက္ခန္ဓာ၏ ပင်ကိုသဘာဝအရ လူသားသည် ဖြူစင်သော သူတော်ကောင်း ဖြစ်လို၏။

ဖြူစင်သောသူတော်ကောင်းများကို ကြည်ညို၏။ မိမိက လောဘ၊ ဒေါသ ဦးစီးခံရသည့်အတွက် မသူတော်ဖြစ်နေသည့်တိုင်အောင် သူတော်ကောင်းကိုသာ ကြည်ညိုခြင်းမှာ ဝိညာဏက္ခန္ဓာ၏ အစွမ်း ဖြစ်သည်။ ယခုလည်း အမျိုးသားကြီးက ဆွေမတော်မျိုးမစပ် မောင်ဖြူလေးကို ထောက်ပံ့ ကူညီလိုသည်မှာ မောင်ဖြူလေးက လောဘ၏သခင်ဖြစ်နေသောကြောင့်ပင်။

ရိုးရိုးပေး၍မရသောအခါ နောက်ရက်တွင် မောင်ဖြူ့ထံ ငှက်စာဝယ်ရင်း ဖြင့် လက်ဖက်ရည်နှင့် မုန့်ဝယ်ခိုင်းလိုက်သည်။ ဝယ်ပြီးပြန်လာသောမောင်ဖြူကို ငွေတစ်ထောင်ပေးလိုက်သည်။

မောင်ဖြူက ပြန်မေးသည်။

“ဦးလေးက ဘာဖြစ်လို့ကျွန်တော့်ကို ငွေတစ်ထောင်ပေးတာလဲ”

“မင်းကအလကားမလိုချင်ဘူးဆိုလို့ လက်ဖက်ရည်ဝယ်ခိုင်းပြီး၊ ဝယ်ပေးခ ပေးတာပေါ့ကွာ”

“ဒီလောက်နီးနီးလေး သွားပေးရတာ တစ်ထောင်မတန်ဘူးဗျ၊ နှစ်ရာပဲ တန်တယ်။ ကျွန်တော်နှစ်ရာပဲယူမယ်”

ထိုသို့ပြောဆိုပြီး ငွေနှစ်ရာသာယူသွားသည်။

တစ်ရက်တွင် ထိုဦးလေးကြီးက ငှက်စာရောင်းရောက်လာသော မောင်ဖြူလေးကို ယခုကဲ့သို့ ပြောပြနေသည်။

“မောင်ဖြူရေ၊ ဦးလေးတော့ တာဝန်တစ်ခုနဲ့ မန္တလေးကို တစ်လလောက်သွားရမယ်။ ဒါကြောင့် မင်းဆီကတစ်လလောက် ငှက်စာမယူတော့ဘူးကွာ”

မောင်ဖြူတစ်ယောက် ကလေးပီပီ ဟန်မဆောင်နိုင်ဘဲ ငိုင်ကျသွားသည်။ ထိုဦးလေးကြီးသည် သူ့ဆီမှ တစ်ရက်လျှင် ငှက်စာ နှစ်ရာဖိုး ဝယ်နေကျဖြစ်ရာ တစ်လလျှင် ခြောက်ထောင်ဖိုးရှိသည်။ မောင်ဖြူလေး၏ သောကကို ရိပ်မိသွားသော ဦးလေးကြီးက အကြံတစ်ခုပေးသည်။

“ဒီလိုလုပ်ပါလား။ မောင်ဖြူက ဦးလေးကိုယ်စား ငှက်တွေကို ဒီနေရာမှာ နေ့စဉ်လာကျွေးပေးမယ်ဆိုရင် ဦးလေးက တစ်လစာ ငွေခြောက်ထောင်ပေးခဲ့မယ်။ မောင်ဖြူက ဦးလေးကိုယ်စား ငှက်စာကျွေးပေးနိုင်ပါ့မလား”

“ကျွန်တော်ကျွေးပေးနိုင်ပါတယ်”

မောင်ဖြူလေး ငွေခြောက်ထောင် ယူပြီး ပြန်သွားသည်။ အမျိုးသားကြီးကား ခပ်ပေါ့ပေါ့ပင် တွေးလိုက်သည်။ သူလာကျွေးလည်းကျွေးပေါ့။ မကျွေးလည်း သူ့ကို ပညာသင်စရိတ်ထောက်ပံ့ပြီးသား ဖြစ်သွားတာပေါ့။ အမျိုးသားကြီးသည် မန္တလေးတွင် တစ်လကြာနေပြီးနောက် ရန်ကုန်သို့ ပြန်ရောက်လာသည်။ အိမ်ထဲသို့ဝင်ဝင်ချင်း ကပ်လျက်အိမ်မှ အိမ်ရှင်က စာတစ်စောင်နှင့် ငွေခြောက်ထောင်ကို လာပေးရင်း ယခုကဲ့သို့ ပြောသွားသည်။

“ခင်ဗျားဆီကို ငှက်စာလာရောင်းနေကျ ကောင်လေးထက် ပိုငယ်တဲ့ ကောင်လေးတစ်ယောက် လာပေးသွားတာပဲဗျ၊ သေချာဖတ်ကြည့်လိုက်ပါဦး”

စာအိတ်ကို ဖောက်ကြည့်လိုက်သောအခါ ယခုကဲ့သို့ရေးထားသည်ကို တွေ့ရသည်။

သို့/

*ဦးလေး၊ ကျွန်တော် ဦးလေးဆီက ပြန်လာပြီး နောက်တစ်ရက်မှာပဲ ငှက်စာလည်ရောင်းရင်း ချော်လဲလို့ ခြေထောက်တစ်ဖက်ကျိုးသွားပါတယ်။ အခု ဆေးရုံမှာပါ။ ဦးလေးခိုင်းခဲ့တာကို လုပ်မပေးနိုင်တာ ဝမ်းနည်းပါတယ်။ ဦးလေး ပေးလိုက်တဲ့ ငွေခြောက်ထောင်ကို ကျွန်တော့်ညီနဲ့ ပြန်ထည့်ပေးလိုက်ပါတယ်။*

*မောင်ဖြူ*

မောင်ဖြူကဲ့သို့သော စိတ်ဓာတ်မျိုးရှိသည်ဆိုလျှင် ပဲခူးမှ ဒါယိကာမကြီးသည် သူတောင်းစားဘဝသို့ ဘယ်သောအခါမှ ရောက်မည်မဟုတ်ပေ။ အမေရိကန်မှ အမျိုးသမီးတစ်ဦးသည် လက်နှစ်ဖက်လုံးပြတ်နေသော်လည်း လေယာဉ်မောင်းသူဘဝသို့ရောက်အောင် ကြိုးစားနိုင်ခဲ့သည်။

သူ့အမည်မှာ ဂျက်စီကာကောက်(စ်)ဖြစ်သည်။ သူမကို ၁၉၈၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု အရီဇိုးနားတွင် မွေးဖွားခဲ့သည်။ မွေးကတည်းက လက်နှစ်ဖက်စလုံး အရင်းမှပါမလာသူ ဖြစ်သည်။ သို့သော် ဘဝ ဆိုသည်မှာ ကိုယ့်အရှုံးပေးမှသာ ရှုံးခြင်း ဖြစ်သည်။ ကိုယ်က အရှုံးမပေးသရွေ့ ဘယ်သောအခါမှ မရှုံးပေ။

ဂျက်စီကာကောက်(စ်)သည် ဘဝကို အရှုံးမပေးသူ ဖြစ်သည်။ သူမသည် အသက် (၁၄) နှစ်မှစ၍ လက်အတုကို အသုံးမပြုတော့ဘဲ ခြေထောက်ကိုသာ လက်အစား အသုံးပြုတော့သည်။ ခြေထောက်နှင့် စာရေးသည်။ ခြေထောက်နှင့် ထမင်းစားသည်။ ခြေထောက်နှင့် အလှပြင်သည်။ ခြေထောက်နှင့် ကားမောင်းသကဲ့သို့ လေယာဉ်ကိုပါ မောင်းခဲ့သည်။

သူမသည် အတွေးအခေါ်ပညာဘွဲ့ကို အရီဇိုးနားတက္ကသိုလ်မှ ရရှိခဲ့သည်။ ကီးဘုတ်ဖြင့် တစ်မိနစ်ကို စာလုံး (၂၅) လုံးထိ ရိုက်နိုင်သည်။ သုံးနှစ်သင်တန်းတက်ပြီး လေယာဉ်မောင်းလိုင်စင်ကို ၁၀-၁၀-၂၀၀၈ တွင် အရယူနိုင်ခဲ့သည်။ လေယာဉ်ပျံငယ်များကို အမြင့်ပေတစ်သောင်းထိ ပျံသန်းမောင်းနှင်နိုင်သည်။

အမေရိကန်တိုက်ကွမ်ဒိုအသင်း၏ ပထမဦးဆုံး လက်မဲ့ခါးပတ်နက်နှစ်ခုရ အားကစားသမားတစ်ယောက်လည်း ဖြစ်သည်။ အတွေးအခေါ် နှင့် စိတ်ဓာတ်မြှင့်တင်မှုဆိုင်ရာ ဟောပြောခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိ၏။

ယခုအခါ အရီဇိုးနားတွင် ခင်ပွန်းဖြစ်သူနှင့် ပျော်ရွှင်စွာ နေထိုင်လျက်ရှိသည်။ လက်နှစ်ဖက်မပါခြင်းသည် စိတ်ဆင်းရဲစရာ အဆိုးလောကဓံတစ်ခုပင်ဖြစ်၏။ သို့သော် သူမသည် ထိုအဆိုးလောကဓံကို ဘဝ၏ အတက်လှေကားအဖြစ် အသုံးချခဲ့သည်။

ကျွန်ုပ်ထံ ရောက်လာသော တောင်းစားနေသည့် အမျိုးသမီးကား ခြေအစုံ၊ လက်အစုံရှိပါလျက် အဆိုးလောကဓံကို အဆင်းလှေကားအဖြစ်သာ အသုံးချခဲ့သည်။

မေတ္တာရှင် (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

သူရဋ္ဌမဂ္ဂဇင်း
၁၃နှစ်ပြည့် အထူးထုတ်



# အန္တရာယ်နှင့်ပရိတ်တော်

မျာပုံတင်နိုင်ဝင်း

ကျွန်ုပ်တို့ နေထိုင်သော ကမ္ဘာလောကကြီးသည် ဆန့်ကျင်ဘက်ဓာတ်များနှင့် ဖွဲ့တည်နေသောကြောင့် အခါမလပ် ဖောက်ပြန် ပျက်စီးနေလေ၏။

(၁) ပထဝီဓာတ် ဟူသော မာသည့်သဘောနှင့် ပျော့သည့်သဘောတို့ ဆန့်ကျင်စွာ ပေါင်းဖွဲ့ထားခြင်းကြောင့် ထိုဓာတ်သဘောတို့ ထိစပ်တွေ့ဆုံသောအခါ မြေဓာတ်သည် မာလိုက်၊ ပျော့လိုက်ဖြင့် ဖောက်ပြန်ပျက်စီးတော့လေ၏။ ထိုမြေဓာတ်၏ ဖောက်ပြန်မှုကြောင့် ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မြေကျွံခြင်း၊ နွံနစ်ခြင်းစသော မြေနှင့်ပတ်သက်သည့် အန္တရာယ်များ ဖြစ်ကြရ၏။

(၂) တေဇောဓာတ် ဟူသော ပူသည့်သဘောနှင့် အေးသည့်သဘောတို့ ဆန့်ကျင်စွာ ပေါင်းဖွဲ့ထားခြင်းကြောင့် ထိုဓာတ်သဘောတို့ ထိစပ်တွေ့ဆုံသောအခါ မီးဓာတ်သည် ပူလိုက်၊ အေးလိုက်ဖြင့် ဖောက်ပြန်တော့၏။ ထိုမီးဓာတ်၏ ဖောက်ပြန်မှုကြောင့် မီးတောင်ပေါက်ကွဲခြင်း၊ နေပူပြင်းခြင်း၊ ကမ္ဘာ့လေထုပူနွေးခြင်း၊ လေပူများတိုက်ခတ်ခြင်း၊ လေအေးများတိုက်ခတ်ခြင်း၊ ရေခဲခြင်း၊ နှင်းမှုန်တိုင်းများ တိုက်ခတ်ခြင်း စသော မီးဓာတ် (အပူ၊ အအေး) နှင့် ဆိုင်သည့် အန္တရာယ်များ ကျရောက်လာပြန်၏။

(၃) အာပေါဓာတ် ဟူသော စီးဆင်းသည့်သဘောနှင့် ယိုစိမ့်သည့်သဘောတို့ ဆန့်ကျင်စွာ ပေါင်းစည်းထားခြင်းကြောင့် ထိုဓာတ်သဘောတို့ ထိစပ်တွေ့ဆုံသောအခါ ရေဓာတ်သည် စီးဆင်းလိုက်၊ ယိုစိမ့်လိုက်ဖြင့် ဖောက်ပြန်တော့၏။ ထိုရေဓာတ်ဖောက်ပြန်မှုကြောင့် မိုးသည်းထန်ခြင်း၊ မွန်းနစ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ခြောက်သွေ့ခြင်း စသော ရေဓာတ်နှင့် ပတ်သက်သည့် အန္တရာယ်များဖြစ်ပေါ်ရပြန်သည်။

(၄) ဝါယောဓာတ် ဟူသော တိုက်ခတ်ခြင်းသဘောနှင့် တင်းခံခြင်းသဘောတို့ ဆန့်ကျင်စွာ ဖွဲ့စည်းထားခြင်းကြောင့် ထိုဓာတ်သဘောတို့ ထိစပ်တွေ့ဆုံသောအခါ လေဓာတ်သည် တိုက်ခတ်လိုက်၊ တင်းခံလိုက်ဖြင့် ဖောက်ပြန်တော့၏။ ထိုလေဓာတ်ဖောက်ပြန်မှုကြောင့် လေမုန်တိုင်းများ၊ လေနီကြမ်းများ၊ လေဆင်နှာမောင်းများ၊ လေဝဲကတော့များ၊ လေပူ၊လေအေးများ တိုက်ခတ်ခြင်း စသော လေဓာတ်နှင့်သက်ဆိုင်သည့် အန္တရာယ်များ ပေါ်ပေါက်ရပြန်၏။

(၅) အာကာသဓာတ် ဟူသော



www.burmeseclassic.com

www.burmeseclassic.com

ခြားနားခြင်းသဘောနှင့် လစ်ဟာခြင်းသဘောတို့ ဆန့်ကျင်စွာ ပေါင်းစည်းထားသောကြောင့် ထိုဓာတ်သဘောတို့ ထိစပ် တွေ့ဆုံသောအခါ ခြားနားလစ်ဟာဓာတ်သည် ဖောက်ပြန်တော့၏။ ထိုအာကာသဓာတ်ဖောက်ပြန်မှုကြောင့် တောင်များပြိုကျခြင်း၊ မြေသားအက်ကွဲခြင်း၊ လေဟာနယ်များ ဖြစ်ပေါ်ခြင်း၊ လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်ခြင်း၊ ရေဝဲကတော့များ ဖြစ်ပေါ်ခြင်း၊ လေဝဲလေဆင်နှာမောင်းများ ဖြစ်ပေါ်ခြင်း စသော အာကာသဓာတ်နှင့် သက်ဆိုင် နှီးနွှယ်သည့် အန္တရာယ်များ ဖြစ်ပွားရလေသည်။

မှတ်ချက် (၁) တောင်များ ပြိုကျခြင်းအကြောင်းအရင်းမှာ တောင်မြေသားနှစ်ခုအကြားတွင် ကြီးမားသော အာကာသဓာတ်များ ဝင်ရောက်ကာ တောင်မြေသားသားနှစ်ခု ခြားနားသွားခြင်းကြောင့် ဖြစ်သည်။ ၎င်းကို အများက အက်ကြောင်းထသည်ဟု ခေါ်ကြ၏။ ထိုသို့ အက်ကြောင်းထခြင်းကြောင့် တစ်နည်း အာကာသဓာတ် ဝင်ရောက်လာခြင်းကြောင့် မြေသားနှစ်ခုအတွင်း လစ်ဟာမှုဖြစ်ကာ ခြားနားသွားကြပြီး နောက် အခြေပြတ်သော အပေါ်လွှာမြေသားများ လျှောကျ ပြိုကျသွားခြင်းကို မြေလျှောခြင်း၊ မြေပြိုခြင်းဟု ခေါ်၏။ တောင်များပေါ်မှ ပြိုကျလာခြင်းကြောင့် တောင်ပြိုခြင်းဟုလည်း ခေါ်၏။ မြေသားအက်ကွဲခြင်းသည်လည်း မြေသားနှစ်ခုကြားသို့ ကြီးမားများပြားသော အာကာသဓာတ်များ ဝင်ရောက်သွားခြင်းကြောင့် ဖြစ်လာရ၏။

မှတ်ချက် (၂) လေဟာနယ်များ ဖြစ်ပေါ်ခြင်းဆိုသည်မှာ လေထုနေရာအချို့တွင် လေဓာတ်များ လုံးဝနီးနီးချုပ်ငြိမ်းပျောက်သွားခြင်း ဖြစ်သည်။ ထိုနေရာတွင် လေဟူ၍မရှိသလောက်ပင် ထိုသို့ လေဟာနယ်ဖြစ်ပေါ်လာလျှင် အောက်ခံ လေဓာတ် အခုအခံမရှိတော့သဖြင့် လေယာဉ်ပျံများ၊ ငှက်များ၊ မိုးပျံပူဖောင်းများ လေသဘောင်္ဘာများ အောက်သို့ ရုတ်တရက် ပြုတ်ကျတတ်၏။ ကမ္ဘာ့နေရာအချို့တွင် မကြာခဏ ဖြစ်ပွားလေ့ရှိ၏။ ထိုလေဟာနယ်အရပ်သို့ ရောက်သွားလျှင် လေရှူသတ္တဝါတို့ အသက်ရှူကျပ်တတ်၏။ မိုးလေဝသဌာနက ကြေညာလေ့ရှိသော လေဖိအားနည်းရပ်ဝန်း ဆိုသည်မှာလည်း လေထုထဲတွင် အာကာသဓာတ်ဝင်ရောက်လာခြင်းကြောင့် လေဝဲ၊ လေဆင်နှာမောင်းနှင့် မုန်တိုင်းအန္တရာယ်များ ဖြစ်ပွားတတ်၏။

မှတ်ချက် (၃) ရေဝဲကြီးများ ဖြစ်ပေါ်လာခြင်းမှာလည်း ရေထဲသို့ အာကာသဓာတ် ဝင်ရောက်လာခြင်းကြောင့် ရေများက အဘက်ဘက်မှ အရှိန်ဖြင့် ရုတ်တရက် ဝင်ရောက်လာခြင်းကြောင့် လည်ပတ်မှုဖြစ်ကာ စုပ်ဝဲ၊ မှုတ်ဝဲများ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ၎င်းရေဝဲများကြောင့် သင်္ဘောနှင့် လှေများ တိမ်းမှောက် နစ်မြုပ်တတ်၏။

(၆) ဝိညာဏဓာတ် ဟူသော သိခြင်းသဘောနှင့် မသိခြင်းသဘောတို့ ဆန့်ကျင်စွာ ပေါင်းစပ်ဖွဲ့ထားခြင်းကြောင့် ထိုဓာတ်သဘောတို့ ထိစပ်တွေ့ဆုံသော အခါ အသိဓာတ်သည် သိလိုက်၊ မသိလိုက်ဖြင့် ဖောက်ပြန်ကုန်၏။ ထိုအသိဓာတ် ဖောက်ပြန်မှုကြောင့် မြင်သိစိတ်၊ ကြားသိစိတ်၊ အနံ့သိစိတ်၊ အရသာစိတ်၊ ထိသိစိတ်များဖြစ်ပေါ်ကာ ရမ္မက်တဏှာ ကြွလာကြ၏။ ထို့နောက် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်များ ဖြစ်ပေါ်လာကာ သတ္တဝါအချင်းချင်း လုယက်တိုက်ခိုက် ညှဉ်းဆဲသတ်ဖြတ်ကုန်၏။ ဤသို့ဖြင့် အသိစိတ် (ဝါ) ဝိညာဏဓာတ်ကြောင့် အန္တရာယ်များ ဖြစ်ပေါ်လာရ၏။

တစ်ဖန် အလောဘ၊ အဒေါသ၊ အမောဟစိတ်များကြောင့် အန္တရာယ်ဖြစ်ပုံကို ပြဆိုပါဦးမည်။ အလောဘစိတ်ကြောင့် မလိုချင်မှု၊ ပေးစွန့်လိုမှုတို့ ဖြစ်ကာ ဒါနကိုပြု၏။ အဒေါသစိတ်ကြောင့် မေတ္တာသက်ဝင်ကာ သီလကို စောင့်၏။ အမောဟစိတ်ကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်လိုလားကာ ဘာဝနာကို ပွား၏။ ဤသို့သော ဒါန၊ သီလ၊ ဘာဝနာပြုလုပ်ပွားများခြင်းကြောင့် ထိုပုဂ္ဂိုလ်သည် မြင့်မြတ်သော အရိယာပုဂ္ဂိုလ် ဖြစ်လာ၏။ ထိုအခါ လောဘ၊ ဒေါသ၊ မောဟရှိသူများသည် ထိုအရိယာပုဂ္ဂိုလ်ကို စော်ကားမိအံ့။ ၎င်းစော်ကားသူသည် အရိယာူပဝါဒကံ၊ ပဥ္စာနန္တရိယကံ စသော ကြီးလေးသောကံများထိုက်၍ ကြီးမားသော အန္တရာယ်ကို ဖြစ်စေ၏။ ဤကား အလောဘ၊အဒေါသ၊ အမောဟ ဟူသော မြင့်မြတ်သော စိတ်ထားရှိသူကို စော်ကားမိ၍ ဖြစ်ပေါ်တတ်သော အန္တရာယ်များကို ဖော်ပြခြင်း ဖြစ်သည်။

ထို့ကြောင့် ဝိညာဏဓာတ်နှင့် ပတ်သက်၍ မသိခြင်းသဘော-လောဘ၊ ဒေါသ၊ မောဟ(အဝိဇ္ဇာ)ရော သိခြင်းသဘော - အလောဘ၊ အဒေါသ၊ အမောဟ (ဝိဇ္ဇာ) ပါ ထိစပ်တွေ့ဆုံလျှင် အကြောင်းဆိုက်က အန္တရာယ်ဖြစ်ပေါ်တတ်၏။

ထိုဝိညာဏဓာတ်မှဖြစ်ပေါ်သော အန္တရာယ်များအနက် မမြင်အပ်သော သတ္တဝါတို့၏ ဝိညာဏဓာတ်၏စွမ်းအားကြောင့် ဖြစ်ပေါ်သော အန္တရာယ်များကား (မမြင်ရ၍) ပို၍ ကြောက်စရာကောင်းလှ၏။ ကြိုတင်မမြင်မတွေ့နိုင်၍ လူတို့အလွန်ကြောက်လန့်တတ်၏။ နတ်ဆိုး၊ ဘီလူးဘေး၊ သရဲဘေး၊ နဂါးဘေး၊ ဂဠုန်ဘေး၊ စုန်း၊ ဖုတ်၊ ကဝေဘေး၊ ဝိဇ္ဇာမိုရ်ဘေး၊ အောက်လမ်းဘေး၊ မန္တန်ဘေး၊ နက္ခတ်ဘေး စသည်တို့သည် မမြင်ရသော သတ္တဝါတို့မှ ဖြစ်ပေါ်သည့် ဘေးအန္တရာယ်များ ဖြစ်သည်။

အကယ်စင်စစ်ပင် ကျွန်ုပ်တို့၏ ကမ္ဘာကြီးကို ဘေးအန္တရာယ်များဖြင့် ဖွဲ့စည်းထားသည်ဟုဆိုက မမှားနိုင်ချေ။ အဘယ်ကြောင့်မူ ကျွန်ုပ်တို့၏ ကမ္ဘာကြီးကို ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသ၊ ဝိညာဏ ဟူသော ဆန့်ကျင်ဖောက်ပြန်သည့် ဓာတ်ကြီး (၆) ပါးဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းကြောင့် ဖြစ်သည်။ ၎င်းဓာတ်ကြီးများရှိနေသရွေ့ လူသူသတ္တဝါနှင့် သက်မဲ့ပစ္စည်းများအားလုံး ဖောက်ပြန်ပျက်စီး၍ အန္တရာယ်ရှိကြမည်သာ ဖြစ်သည်။ ထိုအန္တရာယ်များသည် ကျွန်ုပ်တို့လူသားများအပေါ်တွင်လည်း များစွာ ကျရောက်ခဲ့၊ ကျရောက်ဆဲဖြစ်သလို နောင်တွင်လည်း ကျရောက်နေဦးမည်သာ ဖြစ်သည်။ ထို့အပြင် ၎င်းအန္တရာယ်များ ပွားသထက်ပွားလာသော တစ်နေ့တွင် ကပ်ကြီးသုံးပါး ဟူသော အလွန်ကြီးမား ကျယ်ပြန့်သည့်အန္တရာယ်ဆိုးကြီးများ ဆိုက်ရောက်လာပေဦးမည်။

ကပ်ကြီး သုံးပါး ဟူသည်ကား (၁) သတ္ထန္တရကပ် (၂) ရောဂန္တရကပ်၊ (၃)ဒုဗ္ဘိက္ခန္တရကပ်ဟူသည့် အလွန်ဆိုးရွားသည့် အန္တရာယ်အကြီးစားများကို ဆိုလိုသည်။

(၁) သတ္ထန္တရကပ် ဆိုသည်မှာ သတ္တဝါအချင်းချင်း သတ်ဖြတ်ကြ၍ ဖြစ်ပေါ်လာသော ကပ်ဘေးဆိုးကြီး ဖြစ်သည်။ တစ်ကမ္ဘာလုံး ပျံ့နှံ့သွားလောက်အောင် အချင်းချင်းသတ်ဖြတ်ကြသည့် အန္တရာယ်ကြီး ဖြစ်သည်။ ဒုတိယကမ္ဘာစစ်လိုမျိုး ဖြစ်၏။ ဒုတိယကမ္ဘာစစ်တွင် အချင်းချင်းပစ်ခတ်သတ်ဖြတ်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com

လူသားချည်း သန်း (၄၀) ခန့် သေဆုံးရသည်ဟု ဆိုပါသည်။ ထိုအထဲတွင် ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည့် တိရစ္ဆာန်များ သေဆုံးရမှု မပါဝင်သေးပါ။ ခြေပြတ်၊ လက်ပြတ်၊ ဒဏ်ရာရသူ လူသူတ္တဝါများ၏ အရေအတွက်အား မည်မျှရှိမည်ကို ခန့်မှန်းကြည့်ပါ။ ဤသို့မျိုး ကမ္ဘာနှင့်ချီ၍ အချင်းချင်းသတ်ဖြတ်သည့် အခြေအနေမျိုးကို သတ္ထန္တရကပ်ဟု ဥပမာပြုနိုင်၏။

(၂) ရောဂန္တရကပ် ဆိုသည်မှာ တစ်ကမ္ဘာလုံးနီးပါး ရောဂါဘယများ ကျရောက်ခြင်း ဖြစ်သည်။ ရောဂါများ ကူးစက်ပြန့်ပွားပြီး အားလုံးနီးပါး ဒုက္ခဝေဒနာခံစားကြရ၏။ သေသူလည်းသေကြ၏။ မကြာမီ နှစ်ကာလများက ဖြစ်ပေါ် ခဲ့သော ကြက်၊ ငှက်တုပ်ကွေး ကူးစက်ရောဂါအရေးကြီးလိုမျိုး ဖြစ်သည်။ ၎င်းကြက်၊ ငှက်တုပ်ကွေးရောဂါပိုးကူးစက်မှုကြောင့် လူ၊ ကြက်နှင့် ငှက်များ မရေမတွက်နိုင်အောင် ရောဂါဒဏ်ခံရ၍ အချို့ သေကုန်၏။ ၎င်းကူးစက်ရောဂါကို အကြောင်းပြု၍ထပ်မံကူးစက်မည်စိုးသောကြောင့် ၎င်းကြက်၊ ငှက်တို့အတွက် ရောဂန္တရကပ်ဘေးဆိုးကြီး ကျရောက်သည်ဟု ဆိုရမည်သာ။

(၃) ဒုဗ္ဘိက္ခန္တရကပ် ဆိုသည်မှာ အစာရေစာ ငတ်မွတ်ခေါင်းပါးသည့် ဘေးဆိုးကြီး ဖြစ်သည်။ ယခင်က မိုးခေါင်ရေရှားရာမှ အီသီယိုပီးယား၊ ဆူဒန် စသော အာဖရိကနိုင်ငံအချို့၌ အငတ်ဘေးကြီးများ ဆိုက်ရောက်ခဲ့ဖူးသည်။ မိုးခေါင်သဖြင့် စိုက်ပျိုးရေမရ သောက်ရေမရ ဖြစ်ကာ လူပေါင်း သန်းနှင့်ချီ၍ ငတ်ပြတ်သေကျေကုန်ကြ၏။ ဤအခြေအနေမျိုး ကမ္ဘာနှင့်ချီ၍ ဖြစ်လာလျှင် ဒုဗ္ဘိက္ခန္တရကပ်ဟု ဆိုရချေတော့မည်။

ကျွန်ုပ်တို့သည် အန္တရာယ်ဖြစ်စေသော ဓာတ်ကြီးများဖြင့် ဖွဲ့စည်းထားသော ကမ္ဘာကြီးတွင် နေထိုင်ကြရသည် ဖြစ်ရာ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ၎င်းဘေးအန္တရာယ်ဆိုးကြီးများ မိမိတို့ထံသို့ ကျရောက်မလာနိုင်ဟု မည်သူမျှအတပ်မပြောနိုင်ချေ။ လူသားပီပီ အန္တရာယ်ဆိုးများကို တွေး၍ ပူပင်ကြောက်လန့်နေမည်မှာ မလွဲပေ။

သို့သော် ဗုဒ္ဓဘာသာဝင်များ အနေဖြင့်မူ အထူးသဖြင့် ကြောက်လန့်စရာ မရှိပေ။ အဘယ်ကြောင့်နည်း။ ဗုဒ္ဓဘုရားရှင်သည် လောကကြီး၏ ဖွဲ့စည်းထားပုံကို သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိထားပြီးဖြစ်ရာ ဖြစ်ပေါ်လာမည့် အန္တရာယ်များမှ ကာကွယ်နိုင်ရန် လူသား အပါအဝင် သတ္တဝါဝေနေယျတို့အတွက် စီမံပေးတော်မူခဲ့ပါသည်။ ဤသည်ကား 'ပရိတ်' ဟူသော အရံအတားတည်း။

ပရိတ်ဆိုသည်မှာ ပရိတ္တ ဟူသော ပါဠိဘာသာမှဆင်းသက်လာသောစကား ဖြစ်၍ အရံအတားဟု အဓိပ္ပာယ်ရပါသည်။ အိမ်၊ ကျောင်း၊ မြို့၊ ရွာတို့ကို လုံခြုံစေရန် ခြံစည်းရိုး၊ တံတိုင်းများကာရံထားသည့် သဘောမျိုး ဖြစ်သည်။ ခြံစည်းရိုးကာထားသောမြို့ရွာများ လုံခြုံ၍ အန္တရာယ်အမျိုးမျိုး လွတ်မြောက်သကဲ့သို့ ဗုဒ္ဓဘုရားရှင်သည် သတ္တဝါတို့အား အန္တရာယ်အမျိုးမျိုးမှ ကာကွယ်နိုင်ရန် တရားတော်များဖြင့် ခြံစည်းရိုးကာပေးခြင်းသဘောမျိုးကို ပရိတ်ဟု ခေါ်ဆိုနိုင်ပါသည်။ ရိုသေသောအားဖြင့် ပရိတ်တော် သို့မဟုတ် ပရိတ်တရားတော်ဟု ခေါ်ဆိုအပ်၏။

ပရိတ်တော်ကို ဗုဒ္ဓဘုရားရှင်သည် သုတ်တော်များအဖြစ် ဟောကြား၍ အရံအတားအဖြစ် သတ်မှတ်၏။ ပရိတ်တော်တွင် စုဏ္ဏိယခေါ် စကားပြေဟန်ပါဠိနှင့် ဂါထာခေါ် ကဗျာဟန်ပါဠိ ဟူ၍ နှစ်မျိုးပါဝင်ဖွဲ့ဆိုထား၏။ မှန်သောသစ္စာတရားများဖြင့် စနစ်တကျဖွဲ့ဆိုထားခြင်း ဖြစ်သည်။အန္တရာယ်ကျရောက်နေသော မြို့ရွာများသို့ ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် ကြွရောက်တော်မူ၍ ပရိတ်တရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပေးတော်မူခဲ့ပါသည်။

အထူးသဖြင့် ဝေသာလီပြည်ကြီး နတ်ဆိုးဘီလူးဘေးတို့ ကျရောက်စဉ်က ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်ချီးမြှင့်ခဲ့သည်မှာ အလွန်ထင်ရှား၏။ ထို့အပြင် ဗုဒ္ဓဘုရားရှင်သည် တပည့်သာဝက ရဟန်းတော်များကိုလည်း အန္တရာယ်မှ လွတ်မြောက်စေရန် ပရိတ်တရားတော်များကို ရွတ်စေတော်မူခဲ့ပါသည်။

ထိုသို့ အန္တရာယ်မှ လွတ်မြောက်ရေးအတွက် ရွတ်ဖတ်သရဇ္ဈာယ်နိုင်ရန် ပရိတ်တော်များကို သုတ်ဒေသနာဖြင့် နေရာများစွာတွင် ဟောကြားတော်မူခဲ့ပါသည်။ ထိုပရိတ်တော်များအနက် အထင်ရှားဆုံး ပရိတ်တော်များမှာ (၁၁) သုတ်ရှိ၍ ၎င်းကို ပရိတ်ကြီး (၁၁) သုတ်ဟု ခေါ်ပါသည်။ ၎င်းပရိတ်ကြီး (၁၁) သုတ်သည် ယခုအခါ ပိဋကတ်ကျမ်းစာထဲတွင် အထင်အရှားရှိနေပါသည်။ ထို့ကြောင့် ပရိတ်ကြီး (၁၁)သုတ်နှင့် သုတ်တော်များတည်ရှိရာ ပိဋကတော်မှ ပါဠိကျမ်းများကို ကျမ်းညွှန်းအဖြစ် ဖော်ပြလိုက်ပါသည်။

၁။ မင်္ဂလသုတ်ပါဠိသည် ခုဒ္ဒကပါဌပါဠိတော် (စာမျက်နှာ ၃၊ ၄)၊ သုတ္တနိပါတပါဠိတော် (စာမျက်နှာ ၃၁၈၊ ၃၁၉) တို့၌ ပါရှိပါသည်။

၂။ ရတနသုတ်ပါဠိသည် ခုဒ္ဒကပါဌပါဠိတော် (စာမျက်နှာ ၄ မှ ၈အထိ)၊ သုတ္တနိပါတပါဠိတော် (စာမျက်နှာ ၃၁၂ မှ ၃၁၅ ထိ) တို့၌ ပါရှိပါသည်။

၃။ မေတ္တသုတ်ပါဠိသည် ခုဒ္ဒကပါဌပါဠိတော် (စာမျက်နှာ ၁၀၊ ၁၁)၊ သုတ္တနိပါတပါဠိတော် (စာမျက်နှာ ၃၀၀ မှ ၃၀၂ ထိ)တို့၌ ပါရှိပါသည်။

၄။ ခန္ဓသုတ်ပါဠိသည် ဝိနည်းစူဠဝါပါဠိတော် (စာမျက်နှာ ၂၄၅)၊ ဇာတကပါဠိတော် ပထမတွဲ (စာမျက်နှာ ၅၃)၊ အင်္ဂုတ္တိုရ်ပါဠိတော် (စာမျက်နှာ ၃၄၈)တို့၌ ပါရှိပါသည်။

၅။ မောရသုတ်ပါဠိသည် ဇာတကပါဠိတော် (စာမျက်နှာ ၃၈) ၌ ပါရှိပါသည်။

၆။ ဝဋ္ဋသုတ်ပါဠိသည် စရိယာပိဋကပါဠိတော် ပထမတွဲ (စာမျက်နှာ ၄၀၅)၊ ဇာတကပါဠိတော် ပထမတွဲ (စာမျက်နှာ ၉) တို့၌ ပါရှိပါသည်။

၇။ ဓဇဂ္ဂသုတ်ပါဠိသည် စရိယာပိဋကပါဠိတော် (စာမျက်နှာ ၄၁၅)၊ သံယုတ္တပါဠိတော်ပထမတွဲ (စာမျက်နှာ ၂၂၀ မှ ၂၂၂ ထိ) တို့၌ ပါရှိပါသည်။

၈။ အာဋာနာဋိယသုတ်ပါဠိသည် သုတ်ပါထိက ပါဠိတော် (စာမျက်နှာ ၃၅၉)၊ ဓမ္မပဒပါဠိတော် ဂါထာအမှတ် (၁၀၉) တို့၌ ပါရှိပါသည်။

၉။ အင်္ဂုလိမာလသုတ်ပါဠိသည် မဇ္ဈိမပဏ္ဏာသပါဠိတော် (စာမျက်နှာ ၃၀၆) ၌ ပါရှိပါသည်။

၁၀။ ဗောဇ္ဈင်သုတ်ပါဠိသည် မဟာဝဂ္ဂသံယုတ်ပါဠိတော် (စာမျက်နှာ ၇၁ မှ ၇၃ ထိ) ၌ ပါရှိပါသည်။

၁၁။ ပုဗ္ဗဏှသုတ်ပါဠိသည် ခုဒ္ဒကပါဌ (စာမျက်နှာ၅)၊ သုတ္တနိပါတပါဠိ တော် (စာမျက်နှာ ၃၁၂) တို့၌ ပါရှိ သည်။

ဗုဒ္ဓမြတ်စွာသည် ပရိတ်ရွတ် တွင် အစွမ်းထက် လေးမြတ်စေ တရားတော်နှင့်အညီ စည်းကမ်းချ များ ပညတ်တော်မူခဲ့ပါသည်။ ၎င်းတို့ ပရိတ်နာယူသူဘက်မှ ပြည့်စုံရမည့် (၃) ချက်နှင့် ရွတ်ဖတ်သရဇ္ဈာယ်



www.burmeseclassic.com

www.burmeseclassic.com

ဘက်မှ လိုက်နာရမည့် အင်္ဂါ (၃)ချက်တို့ ဖြစ်သည်။

နာယူသူဘက်မှပြည့်စုံရမည့်အင်္ဂါ (၃)ချက်မှာ (၁) ပဉ္စာနန္တရိယကံကြီးငါး ပါးမှ လွတ်ကင်းသူ ဖြစ်ရမည်။ (၂) ကံ၊ ကံ၏အကျိုးကို ယုံကြည်သူဖြစ်ရမည်။ (၃)ပရိတ်တရားတော်အပေါ် ထက်သန် စွာယုံကြည်မှုရှိသူ ဖြစ်ရမည်။ ရွတ်ဖတ် သူဘက်မှလိုက်နာရမည့် အင်္ဂါ (၃) ချက် မှာ (၁) ပုဒ်ဖြတ်၊ ပုဒ်ရပ်နှင့် ဌာန်၊ ကရိုဏ်းကျအောင် ရွတ်ဆိုရမည်။ (၂) ရွတ်ဆိုသည့်ပရိတ်တော်များ၏ အနက် အဓိပ္ပာယ်ကို သိထားရမည်။ (၃) လာဘ် လာဘကို မငဲ့ကွက်ဘဲ စေတနာ၊ မေတ္တာ ထား၍ ရွတ်ပေးရမည် ဟူ၍ ဖြစ်ပါ သည်။

၁။ ပဉ္စာနန္တရိယကံကြီးငါးပါးဆို သည်မှာ (၁) မိခင်သတ်သူ၊ (၂) ဖခင် သတ်သူ၊ (၃) ဘုရားရှင်ကို သွေးစိမ်း တည်အောင်လုပ်သူ၊ (၄) ရဟန္တာသတ် သူ (၅) သံဃာကိုသင်းခွဲသူဟူ၍ ဖြစ်ပါ သည်။ ယခုကာလတွင်မူ ဘုရားရှင်မရှိ သော့ အမှတ်(၃)ကံကြီးမှာ ယနေ့ခေတ် တွင် မဖြစ်နိုင်ဟု မှတ်ယူနိုင်ပါသည်။ သို့ သော် ဗုဒ္ဓရုပ်ပွားတော်များ၊ ပုံကားချပ် များ စသည်တို့ကို ရိုက်ချိုး ဖျက်ဆီးမိ သည်ရှိသော် ထိုကံကြီးမျိုး ထိုက်နိုင်ပါ သည်၊ အမှတ် (၅) ကံကြီးမျိုးသည် ရဟန်းတော်များသာ ကျူးလွန်နိုင်ပြီး သာမန်လူဝတ်ကြောင်တို့ မကျူးလွန်နိုင်။ ထိုကံကြီးငါးပါးကို ကျူးလွန်ပြုလုပ်ထား သူသည် ပရိတ်တရားတော်၏ အကျိုး ကျေးဇူးများကို ပြည့်ပြည့်ဝဝ ရရှိခံစားရ မည်မဟုတ်ပေ။

၂။ ကံ၊ ကံ၏ အကျိုးဆိုသည်မှာ ကောင်းမှုများပြုလုပ်လျှင် ကောင်း ကျိုး ခံစားရမည်။ အကုသိုလ် ဆိုးမှု ပြုလုပ်လျှင် ဆိုးကျိုးများ ခံစားရမည် ဟု နှလုံးသားထဲ၌ စွဲမြဲစွာ ယုံကြည် ထားရမည် ဖြစ်သည်။ ဤသို့ မယုံကြည် ခြင်းသည် အကျိုးမရှိ၊ ကောင်း အောင်လုပ်လည်း မကောင်းတာ ဖြစ်မည်၊ အကြောင်းတရားမျှမရှိဘဲ သူဖြစ်ချင် သလို ဖြစ်နေသည်၊ လူနှင့် အရာရာကို ဖန်ဆင်းပေးသူရှိသည်၊ အတ္တဝိညာဉ်ရှိ သည် စသည်ဖြင့် ကံ၊ ကံ၏အကျိုးနှင့် ပတ်သက်ဆိုင်သော အယူဝါဒများကို ယုံ ကြည် စွဲလမ်းနေလျှင်လည်း ထိုပရိတ် တရားတော်၏ အစွမ်းသတ္တိများ မိမိ ထံသို့ ကျရောက်မလာနိုင်။

၃။ ပရိတ်တရားတော်အပေါ် ယုံ



ကြည်ရေးသည် အဓိကကျပါသည်။ အရာရာသည် ယုံကြည်မှုအလိုက် အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဖြစ်စေ ပါသည်။ သဒ္ဓါတရားအပေါ် ယုံကြည်မှု အပြည့်ရှိသူသာ အရာရာကို အောင်မြင် ပိုင်ဆိုင်နိုင်မည့် ဝီရိယ၊ ပညာ စသည့် စွမ်းအားများဖြစ်ပေါ်စေပါသည်။ နာယူ သူအတွက် ဤပရိတ်တရားတော်တို့ သည် ဗုဒ္ဓဘုရားရှင်၏ မုခ္ခပါဌ် (နှုတ် ကပါဌ်) တော်များဖြစ်၍ စိတ်ချရသော အစွမ်းသတ္တိများရှိကြောင်း ယုံကြည်ထား ရမည် ဖြစ်သည်။

၄။ ပုဒ်ဖြတ်၊ ပုဒ်ရပ် ဆိုသည်မှာ ပရိတ်တော်ပါဠိများ ရွတ်ဆိုမှုပြုရာတွင် ခေတ္တမျှ အသံဖြတ်တောက်၍ ရပ်နားရ မည့်နေရာကို ပုဒ်ဖြတ်ဟုခေါ်၍ အနည်း ငယ်ကြာအောင် ရပ်တန့်ရမည့် နေရာကို ပုဒ်ရပ်ဟု သတ်မှတ်ပါသည်။ ပါဠိဂါထာ များကို ရွတ်ဆိုလိုက်၊ ဖြတ်သင့်သည့်နေ ရာ ခေတ္တမျှနားလိုက်၊ ဆက်လက်ရွတ်ဆို လိုက်၊ ရပ်သင့်သည့်နေရာ အနည်းငယ် မျှ ရပ်နားလိုက် စသည်ဖြင့် သုတ်တော် ဆုံးအောင် ရွတ်ဆိုသွားရသည်။ ဌာန်၊ ကရိုဏ်း ဟူသည်မှာ အရပ်စကားဖြင့် 'လျှာသံ၊ အာသံ' ဟုသာ အလွယ်တကူ သိထားရမည်။ သဘောမှာ ပရိတ်တော် ကို ပါဠိသံပီပီသသရွတ်ဆိုရမည့်သဘော ဖြစ်ပါသည်။ ပရိတ်တော်ဂါထာတော်တို့ သည် ပီပီသသ ဌာန်၊ ကရိုဏ်းကျကျ ရွတ်ဆိုမှသာ ထူးခြားသော အသံစွမ်း အားတစ်မျိုး ဖြစ်ပေါ်၍ ကြားရသော တိရစ္ဆာန်များပင် နားလည်နိုင်၏။ နာယူ နေသော နတ်ဒေဝါများလည်း ပီသ သောပါဠိသံကြောင့် အားရကျေနပ်မှုရှိ ကာ မိမိတို့အား အန္တရာယ်အမျိုးမျိုးမှ

ကာကွယ်စောင်မပေးကြမည်ဖြစ်သည်။

၅။ ပရိတ်တော်၏ အနက် အဓိပ္ပာယ် ဟူရာ၌ ပရိတ်တော်များသည် ပါဠိများဖြင့်သာ စီကုံးထားသည်ဖြစ်ရာ ပါဠိစာပေမတတ်က ပရိတ်တော်တို့၏ အဓိပ္ပာယ်ကို သိနားလည်နိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ရွတ်ဖတ်ရန် ပါဠိ ကို သင်ကြားထားရသလို အဓိပ္ပာယ်သိ ရန်အတွက်လည်း နိဿယ၊ မြန်မာပြန် များကို ကျက်မှတ်ထားရ၏။ ပရိတ်ရွတ် ရာတွင် အကျဉ်းအားဖြင့် မြန်မာပြန်ကို ထည့်ရွတ်ရန်မလိုသည့်အတွက် အကျဉ်း မျှဖြစ်စေ အနက်အဓိပ္ပာယ်ကို သိထား ရန် လိုပါသည်။ ထိုသို့ အနက်အဓိပ္ပာယ် ကို အနည်းနှင့် အများ သိရှိထားမှသာ ပရိတ်ရွတ်ဆိုရာတွင် ကောင်းစွာ နှလုံး သွင်းရွတ်ဆိုနိုင်မည် ဖြစ်သည်။

၆။ လာဘ်လာဘကို မငဲ့ကွက်ရေး နှင့် စေတနာ၊ မေတ္တာထားရေးသည် ပရိတ်ရွတ်ဆိုရာတွင် မရှိမဖြစ်သော အကြောင်းအရာများ ဖြစ်သည်။ 'လာဘ ရမှက် ပရိတ်ပျက်' ဆိုသည့်အတိုင်း ပစ္စည်းလာဘ်လာဘ လိုချင်ရမှက်ဇော ဖြင့် ပရိတ်ရွတ်ပါက ရွတ်သူ၌ စေတနာ အာရုံကင်းမဲ့ကာ ပရိတ်ရွတ်သောကံ လည်း မမြောက်တော့ပေ။ ထိုသို့ စေတ နာမဲ့ ရွတ်ဆိုခြင်းကြောင့် ပရိတ်တရား တော်၏ အစွမ်းသတ္တိများလည်း ပျက်စီး ရတော့၏။ ထို့ကြောင့် ပရိတ်ရွတ်ရာတွင် နာယူသူတို့အပေါ် စေတနာ၊ မေတ္တာ ထားရန် အလွန်အရေးကြီးပါသည်။ စေတနာ ဟူသည် ကံမြောက်ခြင်းဟု ဘုရားရှင် ဟောသောကြောင့် ကောင်း သောစေတနာဟူသည် ကောင်းသော ကံကို အထမြောက်စေမည် ဖြစ်သည်။ ထိုစေတနာကို မေတ္တာနှင့်ယှဉ်၍ ရွတ် လျှင်ကား အတိုင်းအထက်အလွန်ပင် အစွမ်းထက်မည် ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် မေတ္တာ၏ သဘော သည် အလွန်စွမ်းအားကြီးသောကြောင့် ဖြစ်သည်။

အကယ်၍ ကိုယ်တိုင်ရွတ်၍ကိုယ် တိုင်နာယူမည်ဆိုပါက အထက်ပါ အင်္ဂါ (၆)ချက်စလုံးနှင့် ပြည်စုံရမည်ဖြစ်သည်။

❑

ပရိတ်ရွတ်ရာတွင် ထိရောက်မှုရှိ စေရန်နှင့် စနစ်ကျစေရန်အတွက် အန္တရာယ်နှင့် အကြောင်းအရာအလိုက် သင့်လျော်ရာ ပရိတ်တော်များကို ရွေး ချယ်၍ ရွတ်ဖတ်ရ၏။ အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ပရိတ်တော်တို့ သက်ဆိုင်မှု လွဲချော်နေပါက ဆိုင်ရာအန္တရာယ်များ ကင်းရှင်းစွာ ပပျောက်နိုင်မည်မဟုတ်ဘဲ ရွတ်မှု၊ နာမှု အကျိုးကျေးဇူးလောက်သာ ခံစားရမည်ဖြစ်သည်။ ထို့ကြောင့် အကြောင်းအရာနှင့်လိုက်ဖက်ညီရန် သတ်မှတ်ထားသည်များကို အထူးလေ့လာ မှတ်သားထားရပါမည်။

**ပရိတ်ရွတ်ရန်ရွေးချယ်ပုံ**

၁။ အလှူဒါနပြုခြင်း၊ အိမ်တက်မင်္ဂလာပြုလုပ်ခြင်း စသည့် ကျက်သရေမင်္ဂလာနှင့် သက်ဆိုင်သည့် အခမ်းအနားများတွင် မင်္ဂလသုတ်ကို ရွေး၍ ရွတ်ရ၊ နာရမည်။

၂။ ရောဂါဘယများ ဖြစ်ပွားခြင်း၊ ကပ်ဆိုး၊ ဘေးဆိုး၊ ဥပဒ်ဆိုးများ ကျရောက်ခြင်း စသည့် ဘေးဆိုးအန္တရာယ်များကျရောက်မည်ဆိုပါက ရတနသုတ်ကို ရွေး၍ ရွတ်ရ၊ နာရမည်။

၃။ နတ်၊ အစိမ်းသရဲများ မေတ္တာပျက်၍ ခြောက်လှန့်ပြုစားခြင်း၊ သတ္တဝါအချင်းချင်း ဒေါသဖြစ်ပွား ဘေးရန်များကြီးထွားလာသောအခါတွင် မေတ္တသုတ်ကို ရွတ်ရ၊ နာရမည်။

၄။ မြွေ၊ ကင်း၊ ခွေးရူး စသော အဆိပ်ရှိသတ္တဝါများ ပေါ်များသောအခါ၊ ကိုက်တတ်ခဲတတ်သော သတ္တဝါတို့၏ အန္တရာယ်မှ လွတ်ကင်းလိုသောအခါ ခန္ဓသုတ်ကို ရွတ်ရ၊ နာရမည်။

၅။ မင်းဘေး၊ သူခိုး၊ ဓားပြဘေး၊ ရာဇဝတ်ဘေး စသည့်ဘေးများမှ လွတ်ကင်းရန်၊ ဖမ်းဆီးချုပ်နှောင်ခံရခြင်းမှ အမြန်ဆုံး လွတ်မြောက်ရန်နှင့် ညွှတ်ကွင်း၊ ထောင်ချောက်အန္တရာယ်တို့မှ လွတ်မြောက်ရန်အတွက် မောရသုတ်ကို ရွတ်ရ၊ နာရမည်။

၆။ မီးဘေးကာကွယ်ရန်နှင့် မီးဘေးကျရောက်စဉ် မီးလောင်မှု ရပ်တန့်ငြိမ်းအေးရန်အတွက် ဝဋ္ဋသုတ်ကို ရွတ်ရ နာရမည်။

၇။ စစ်မက်အန္တရာယ်များမှ ကင်းလွတ်ရန်နှင့် လက်နက်အန္တရာယ်တို့မကျရောက်ရန်အတွက် ဓဇဂ္ဂသုတ်ကို ရွတ်ရ နာရမည်။

၈။ မမြင်အပ်သောသတ္တဝါတို့၏ ဘေးရန်မှ ကာကွယ်ရန်နှင့် ဘီလူး၊ သရဲ သဘက်များ ဝင်ပူးနှိပ်စက်သောအခါ အာဋာနာဋိယသုတ်ကို ရွတ်ရနာရမည်။

၉။ မွေးဖွားမှုအခက်အခဲမကြုံစေရန်နှင့် မီးမဖွားနိုင်ဖြစ်နေသောအခါ အခက်အခဲမှ လွတ်မြောက်ရန်အတွက် အင်္ဂုလိမာလသုတ်ကို ရွတ်ရ၊ နာရမည်။

၁၀။ ကျန်းမာရေးကောင်းစေရန်နှင့် ရောဂါဝေဒနာပြင်းထန်လာသောအခါ ရောဂါမှလွတ်မြောက်ရန် ဗောဇ္ဈင်သုတ်ကို ရွတ်ရ၊ နာရမည်။

၁၁။ ကံဇာတာညံ့ရာမှ ဖြစ်လာမည့် အန္တရာယ်များမှ လွတ်မြောက်ရန်နှင့် ကံကြမ္မာညှိုးနွမ်းသောအခါ ကံဆိုးများပပျောက်ရန်အတွက် ပုဗ္ဗဏှသုတ်ကို ရွတ်ရ၊ နာရမည်။

ပရိတ်ရွတ်ရာတွင် ရွတ်ဖတ်နာကြားသူ၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါများ မေတ္တာသက်ဝင် ဒေါသစင်စေရန်အတွက် မည်သည့်အကြောင်းကြောင့် မည်သည့်ပရိတ်ကို ရွတ်သည်ဖြစ်စေ မေတ္တာသုတ်ကို အမြဲတမ်း ထည့်သွင်း ရွတ်ဆိုလေ့ရှိပါသည်။ ထို့အပြင် ဘုရားဂုဏ်တော်ကိုးပါး (ပါဠိမူတွင် ဂုဏ်တော် ဆယ်ပါးလာ၏။)၊ တရားဂုဏ်တော်ခြောက်ပါးနှင့် သံဃာ့ဂုဏ်တော်ကိုးပါးတို့ကိုလည်း ပရိတ်ရွတ်တိုင်း ထည့်သွင်းရွတ်ဆိုကြ၏။ ထို့အပြင် 'ယံ ဒုန္နိ မိတ္တံ' အစရှိသော အန္တရာယ်ကင်းဂါထာတော်များကိုလည်း စေတနာထား၍ အစဉ်ထည့်သွင်း ရွတ်ဆိုပေးလေ့ရှိပါသည်။

**ပရိတ္တ ပရိကမ္မ**

ပရိတ္တ ပရိကမ္မ ဆိုသည်မှာ ပရိတ်မရွတ်မီ ရှေးဦးစွာ ပြုလုပ်ရမည့် ပြုဖွယ်ကိစ္စများကို ဆိုလိုသည်။

၎င်းတို့မှာ -

၁။ နတ်ပင့်နှင့်တိုက်တွန်းချက် - သမန္တာ စက္ကဝါဠေသုအစရှိသော ဂါထာဖြင့် နတ်ပင့်၍ နတ်ဒေဝါ၊ ဗြဟ္မာများ ပရိတ်တရားတော်နာယူရန် တိုက်တွန်းရ၏။

၂။ ဘုရားရှိခိုးခြင်း - နမောတဿ ဂါထာဖြင့် (၃)ကြိမ် ရွတ်ဆို ဘုရားရှိခိုးရ၏။

၃။ ထပ်မံနတ်ပင့်ခြင်း- ယေသန္တာ သန္တစိတ္တာ အစရှိသော ဂါထာဖြင့် ကျန်ရှိနေသော နတ်များ၊ မြင်အပ်-မမြင်အပ်သောသတ္တဝါများ ပရိတ်တရားနာယူရန် ထပ်မံပင့်ဖိတ်ရ၏။

၄။ အမျှဝေနှင့်တိုက်တွန်းချက် - သဗ္ဗေသု အစရှိသော ဂါထာဖြင့် လူ၊ နတ်၊ ဗြဟ္မာ၊ ပြိတ္တာတို့အား အမျှပေးဝေ၍ နတ်ဗြဟ္မာတို့အား ဘုရားတရားတော်များကို မမေ့လျော့ရန်နှင့် ပရိတ်နာသူအပေါင်းတို့စောင့်ရှောက်ရန် တိုက်တွန်းရပါသည်။

မည်သို့သော အကြောင်းကြောင့် မည်သည့်ပရိတ်ကိုရွတ်ရွတ် အထက်ပါ ပရိတ္တ ပရိကမ္မကို ရှေ့မှအစဉ်အမြဲထား၍ ရွတ်ရ၏။

ပရိတ်ရွတ်ခြင်း၊ နာယူခြင်း တည်းဟူသောလုပ်ငန်းသည် အန္တရာယ်ကင်းလိုသော ဝေနေယျသတ္တဝါတိုင်းအတွက် မရှိမဖြစ်သောပြုဖွယ်ကြီး ဖြစ်ပါသည်။ ပရိတ်တော်သည် ခြံစည်းရိုးသဖွယ် အရံအတားဟု မြတ်စွာဘုရား ဟောကြားထားသောကြောင့် အန္တရာယ်များ မကျရောက်မီက ကြိုတင် ကာကွယ်နိုင်သကဲ့သို့ အန္တရာယ်များ ကျရောက်လာပါကလည်း ရွတ်ဖတ် ဖြေရှင်းနိုင်၏။

ပရိတ် ရွတ်ရာတွင် 'ရွတ်သူ စေတနာ၊ နာသူသဒ္ဓါ' ဆိုသည့်အတိုင်း ရွတ်ဖတ်သူ၏စေတနာကောင်းမှုအပေါ် မူတည်၍သော် လည်းကောင်း၊ နာယူသူ၏ သဒ္ဓါတရား (ယုံကြည်ချက်) အားကောင်းမှုအပေါ် မူတည်၍လည်းကောင်း ပရိတ်တော်တို့သည် အန္တရာယ်ကင်း၍ အကျိုးထူးများကို ခံစားကြရမည် ဖြစ်ပါသည်။ ပရိတ်တော်တို့သည် ဗုဒ္ဓဘုရားရှင်၏ နှုတ်ကပါဌ်တော်များဖြစ်၍ ရွတ်သူကလည်း လေးလေးစားစား ရွတ်ဖတ်သရဇ္ဈာယ်ရမှာဖြစ်သလို နာယူသူတလည်း ယုံယုံကြည်ကြည် နာယူရမည်။

နှုတ်ကပါဌ်တော်ဖြစ်သော ပရိတ်တရားတော်များသည် ဘုရားရှင် ကိုယ်တော်တိုင် အစွမ်းထက်အောင် စီမံထားခဲ့ပြီးဖြစ်ပေရာ ပရိတ်တော်အပေါ်တွင် မည်သို့မျှ သံသယမရှိစေဘဲ ရွတ်သူ၊ နာသူတို့ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ စေတနာ၊ မေတ္တာ၊ သဒ္ဓါတရားတို့ကို ရှေ့ထား၍ ဝေနေယျသတ္တဝါများ အန္တရာယ်ကင်းရေး ရည်သန်၍ ပရိတ်တန်ခိုးတော်များ ရောင်လျှံကွန့်မြူးရေးအတွက် နေ့စဉ် အားထုတ်ကြပါစို့။

ဖျာပုံတင်နိုင်ဝင်း

**မှီငြမ်းကိုးကား -**

၁။ တိပိဋကဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်(ပဥ္စမတွဲ)
၂။ ဆရာသူရိယပဏ္ဍိတ်၏ ခေတ်မီပရိတ်ကြီးမြန်မာပြန်
၃။ မေတ္တာရှင်(ရွှေပြည်သာ)၏ အရှုံးမရှိသောဒဿန
၄။ သီရိမင်္ဂလာပရိတ်တော်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမိန်လှိုင်(ကျိုက်လတ်)

# လယ်တီဆရာတော်ကြီး၏ အဖိုးတန်ရတနာများ


မြန်မာနိုင်ငံ သာသနာ့သမိုင်း၌ 'လယ်တီဆရာတော်ကြီး' ဟူ၍ ကမ္ဘည်းမော်ကွန်း ရေးထိုးခံရသော သုတဗုဒ္ဓ အစ်ဆု ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ဘဝပုံရိပ်မှာ အတုမဲ့ဟုခေါ် ဆိုနိုင်လောက်အောင်ကြီးကျယ်လှသောကြောင့် နှစ်ပေါင်း တစ်ရာကျော် အချိန်ကာလအတွင်း ဆရာတော်ဘုရားကြီးနှင့် စပ်သည်း၍ ထေရုပ္ပတ္တိအဖုံဖုံ, ကျမ်းစာအစုံနှင့် စာတမ်းအထွေထွေများနှင့် ကမ္ဘာကို ဗုဒ္ဓသာသနာမျိုးစေ့ချပေးသောပုဂ္ဂိုလ်၊ ပြည်တွင်း,ပြည်ပသာသနာပြုအဖွဲ့များ၏ ရှေ့ဆောင်ကြီး၊ ကျမ်းပြုဆရာတို့၏ အဓိပတိ၊ မြန်မာစာပေ ဂန္ထဝင်ကျော် ပုဂ္ဂိုလ်ကြီး၊ ပရိယတ္တိရှေ့ဆောင်၊ ပဋိပတ္တိ မီးရှူးတိုင်ကြီး၊ မဟာဓမ္မကထိက အကျော်၊ ခေတ်တစ်ခေတ်၏ ပရဟိတ ရှေ့ဆောင်ကြီး၊ ကဗျာဆရာမဟာကဝိကြီး၊ အင်္ဂလိပ်အစိုးရ ပူဇော်သော အာဒိကမ္မိက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်နှင့် အင်္ဂလန်ဘုရင်မကြီး ပူဇော်သော LL.D စာပေပါရဂူ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို ရရှိတော်မူ၏။

သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ဖြင့် ထက်အောက် ညာကျေ မြန်မာပြည်တွင်သာမက ကမ္ဘာအရပ်ရပ်သို့ဆန့်ကာ ရန်ကိတ္တိကျော်စောခြင်းရှိတော်မူသော ပရိယတ္တိ ဝိသာရဒ ပိဋကတ္တယပါရဂူ အနေကဂန္ထကာရက ဖြစ်တော်မူသည့် မုံရွာမြို့ လယ်တီကျောင်းတိုက်ကြီးကို အာဒိကမ္မိက တည်ထောင် ဖန်ဆင်းတော်မူသော ပထမလယ်တီဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ရှာဖွေ ရေးသား ပူဇော်လိုက်ရပါသည်။


**ဇာတိရပ်မြေ**


စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း ရေဦးနှင့် မုံရွာကားလမ်းပေါ်တွင် တည်ရှိသော ဒီပဲယင်းမြို့နယ် စိုင်ပြင်ရွာ၊ ဒီပဲယင်းမြို့နှင့် ဘုတလင်မြို့

## လယ်တီဆရာတော်ဘုရားကြီး၏ရောဂါပျောက်စမများ


လေကြောစမ


ရှတ်တရက်ဗိုက် အောင့်ပျောက် စမ



အဒေဒဏ်ခံသော စမ



ပညာသင် လွယ်ကူသောစမ


ချောင်းဆိုးပျောက် စမ



လေလည်စေသော စမ


ခံတွင်းပျက်ခြင်းပျောက် စမ


မျက်စေ့ကြည်စေသော စမ


ဖျားသော်သောက်ရန် စမ


အကိုက်အခဲပျောက် စမ


အစာကြေစေသော စမ


ကာယအားဖြစ်စေသော စမ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အကြား ခရီးထောက် စခန်းချ လှည်း
ရာ ရွာကလေး ဖြစ်သည်။ မူလက
ပြင်ရွာ၌ နေထိုင်ခဲ့ပြီး ကတိုးရပ်ဖြစ်
တန်းမြေသို့ ခမည်းတော်ကြီး ဦးထွန်း
နှင့် မယ်တော်ကြီးဒေါ်ကျုံးတို့ ပြောင်း
လာခဲ့ကြသည်။

**ပ်မက်ထူး**

ကတိုးရွာသို့ရောက်ပြီး မကြာမီ
တျုံး၌ ထူးခြားသော ပဋိသန္ဓေတည်
အချိန် တစ်ညဉ့်သောအခါ ဒေါ်ကျုံး
သည် ကောင်းကင်သို့ ပျံတက်သွားရ
သည်ဟု အိပ်မက်ထူးကို မြင်မက်လေ
သည်။

**မွေးဖွားချိန်**

၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း
ရက်၊ အင်္ဂါနေ့၊ ညဉ့်တစ်ချက်တီး
အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်
မူသည်။ မွေးဖွားစဉ်က အိမ်ခေါင်
ထက်သို့ မီးတောက်မီးညွန့်များ တက်
နိမိတ်ကိုယူ၍ စိုင်ပြင်ရွာနှင့် နှစ်မိုင်
တွာသော ဆယ်ကြီးရွာနေ ဗေဒင်
ရာကြီး ဦးကျော်လှထံ သွားရောက်ပြီး
ည်ပေးစေသည့်အခါ 'မောင်တက်
ခေါ်' ဟု အမည်ပေးလိုက်သည်။

ပညာသင်ရန် အိမ်နှင့် နီးသော
ကြီး ဦးနန္ဒ၏ ဖျောက်ဆိပ်ပင်
ကျောင်းမှာပင် မောင်တက်ခေါက်ကို
အပ်နှံခဲ့လေသည်။ ရှင်သာမဏေဖြစ်
သော မောင်တက်ခေါင်၏ရှေ့ လက်
ဥပဇ္ဈာယ်ဆရာတော်မှာ ဖျောက်ဆိပ်
ကျောင်းဆရာတော် ဦးနန္ဒပင် ဖြစ်
ရှင်ဘွဲ့မှာ ရှင်ဉာဏဓဇ ဖြစ်သည်။
ဉာဏနှင့် စာသင်ဖက်၊ စာလိုက်ဖက်
ဆွေ ကိုရင်နှစ်ပါးမှာ ရှင်ကေသရ
ရှင်နေမိန္ဒတို့ ဖြစ်ကြ၏။

ဆရာတော်သည် ကိုရင်ဝတ်၍
နှစ်ခန့်အကြာ မိဘများ၏စီးပွားရေး
ငန်းအဆင်မပြေသဖြင့် ခမည်းတော်
ထွန်းသာက မိမိနှင့်အတူ လယ်မှုကိစ္စ
ဆောင်ရွက်ရန် ပြောဆိုမှုကြောင့် သား
ကောင်းသားမြတ်ပီပီ မိဘကျေးဇူးဆပ်
ဥပဇ္ဈာယ်ဆရာ ဘုန်းကြီးထံ ခွင့်ပန်
လူဝတ်လဲကာ ဖခမည်းတော်နှင့်
အတူ အိမ်ပြန်လိုက်ခဲ့လေသည်။

မောင်တက်ခေါက်တစ်ယောက်
နှင့်အတူ ပင်ပန်းကြီးစွာ လယ်လုပ်
နေရသည် ဟူသော သတင်းစကား
ကြားသိရသော ဖျောက်ဆိပ်ပင်
ကြီး ဦးနန္ဒသည် အလွန်စိတ်ထိခိုက်
သည်။ ဦးနန္ဒသည် မြင်ထင်တိုက်
ဘုန်းကြီး ဦးဓမ္မကို တပည့်ဖြစ်သူ
မောင်တက်ခေါင်အား သင်္ကန်းပြန်ဆီး
ခွင့်ရအောင်တိုက်တွန်းတာဝန်ပေးသည်။

မြင်ထင်တိုက်ဘုန်းကြီးလမ်းညွှန်မှု
ဖြင့် မောင်တက်ခေါင်အား ပင်ပန်းဆင်းရဲ
သော လယ်လုပ်ငန်းမလုပ်စေဘဲ ပညာ
တစ်ခုခုနှင့် အသက်မွေးရမည့်အလုပ်
ရှာပါလား၊ မင်းဗေဒင်ပညာမသင်စေချင်
ဘူးလားဟုမေးမြန်းရာ မောင်တက်ခေါင်
က သင်ယူခွင့်ရပါလျှင် သင်ယူလိုကြောင်း
လျှောက်ထားချက်အရ ဦးဓမ္မက စိုင်ပြင်
ရွာ၏ တောင်ဘက် (၃) မိုင်ခန့် ဝေး
သော ရဲထွက်ရွာ ပိတောက်ပင်တောရ
ကျောင်းဘုန်းကြီး ဗေဒင်အကျော် ဦးဂန္ဓ
မာထံ သွားရောက် အပ်နှံပေးသည်တွင်
မြန်မာနှစ် ၁၂၂၇ ခုနှစ်၌ သာသနာ့ဘောင်
သို့ ဗေဒင်ပညာသင်လိုဆန္ဒဖြင့် တစ်ဖန်
ပြန်ဝင်ခဲ့၍ ရှင်ဉာဏအဖြစ်သို့ ရောက်ရှိ
ပြန်လေ၏။

ရဲထွက်ရွာ၌ ရှင်ဉာဏ ပညာသင်
ယူရင်း ရှစ်လခန့်လောက်ကြာသောအခါ
ပရိယတ်စာပေတို့ကို သင်ယူခွင့်ရခြင်း၊
ပိတောက်ပင်ပောရ၌ အတူနေသီတင်း
သုံးဖော် ရဟန်းသာမဏေတို့၏ ကိလေ
သာငြိမ်းအေးအောင် တရားအားထုတ်
ကျင့်ကြံမှုတို့ကို မြင်တွေ့နေရခြင်း
ကြောင့် စိတ်ငြိမ်အေးချမ်းသော ရဟန်း
သာမဏေတို့၏ဘဝကို စုံမက်တွယ်တာ
လာခဲ့တော့သည်။ ဘုန်းကြီးဦးဂန္ဓမာ
ကလည်း စာပေတတ်သိရုံမျှနှင့် ဗုဒ္ဓ
မြတ်စွာ၏ တရားအမြိုက်အရသာကို
ခံစားနိုင်မည် မဟုတ်ဟု ကောင်းစွာ
ဆင်ခြင်မိသဖြင့် လက်တွေ့ကျင့်ဖွယ်ရာ
အကျင့်စရဏတို့ကိုလည်း တပည့်
ရှင်ဉာဏအား သွန်သင်ပြသပေးတော်
မူ၏။

၁၂၂၈ ခုတွင် အသက်နှစ်ဆယ်
သို့ရောက်လာပြီဖြစ်ရာ မြင့်မြတ်သော
ရဟန်းဘောင်သို့ သွတ်သွင်းရန် ခမည်း
တော် ဦးထွန်းသာ၊ မယ်တော် ဒေါ်ကျုံး
နှင့်ဆွေမျိုးများ တိုင်ပင်၍ ဒေါ်ကျုံး၏
ညီမဖြစ်သူ ဒေါ်ဖိုးနှင့် ခင်ပွန်း ဦးကံစ
တို့က ရဟန်းဒကာခံယူလျက် ၁၂၂၈
ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ ကြာသပ
တေးနေ့တွင် ရှင်ဉာဏ၏ ဥပဇ္ဈာယ်
ဆရာတော်ဦးနန္ဒ၊ မြင်ထင်တိုက်ကျောင်း
ဆရာတော် ဦးဓမ္မသာရနှင့် ကျောင်းမ
တိုက်ဆရာတော် ဦးဂုဏတို့က ဥပမ္ပဒကံ
မြောက် ထောက်ပင့်ချီးမြှင့်တော်မူကြ
သဖြင့် ဝတ်၊ ဥတ်၊ ကမ္မဝါ၊ သိမ်၊ ပရိသ
ဟု သမ္ပတ်ငါးလီ ပြည့်စုံညီရှိ လုံလောက်
ဘိ၍ သတ္တုပုဏ္ဏိယ သာကီသဇာတ်
ဘုရားသားတော်အဖြစ် ရောက်ရှိတော်
မူလေ၏။

ရဟန်းဖြစ်စ ဒုတိယဝါမှစတင်၍
မန္တလေး စံကျောင်းတိုက်တွင် စာသင်
သားဘဝ၊ စာချဆရာဘဝဖြင့် (၁၇) နှစ်
တိုင်တိုင် သီတင်းသုံးခဲ့၏။ ဦးသျှောင်
ဆရာတော်ကြီးများထံမှာ နည်းနာခံခဲ့
သည်။ ပညာတတ်ပုဂ္ဂိုလ်ကြီးများ ဖြစ်
ကြသော ယောအတွင်းဝန် ဦးဘိုးလှိုင်၊
ပညာရှိကြီး ဦးဘား၊ ပိဋကတ်တော်အုပ်
ဦးယံ စသည့် လူပုဂ္ဂိုလ်များထံတွင်လည်း
မြန်မာစာ ရေးသားပုံတို့အတွက် နည်းခံ
ခဲ့သည်။

လယ်တီဆရာတော်သည် ဒီပနီ
ကျမ်းပေါင်း တစ်ရာကျော်ကို ပြုစု ရေး
သားတော်မူခဲ့သည်။ ထိုပြုစုရေးသားခဲ့
သော ကျမ်းပေါင်းများစွာရှိသည့်အနက်
ထဲမှ ပရမတ္ထဒီပနီဋီကာကျမ်းကြီးကို
ပြုစုရေးသား၍ အင်္ဂလန်နှင့် သီဟိုဠ်
ကျွန်း (သီရိလင်္ကာ) တို့သို့ ပို့ဆောင်ခဲ့
သည်။ နိရုတ္တိဒီပနီသဒ္ဒါကျမ်းကြီးကို ပြုစု
ခဲ့သည်။ ဤကျမ်းကြီးနှစ်ဆူသည် ဆရာ
တော်ကြီး တန်းဖိုးအထားဆုံးနှင့် ထိပ်
တန်းအကျဆုံးများ ဖြစ်ပေသည်။ ဝိသုဒ္ဓိ
ပုစ္ဆာတို့၏ ဝိသဇ္ဇနာအဖြေလွှာကျမ်း
သည် လယ်တီဆရာတော်ကြီး၏ ပထမ
ဦးဆုံးကျမ်းစာဖြစ်ပေသည်။ ဆရာတော်
ကြီးရေးသားတော်မူခဲ့သော ကျမ်းစာအုပ်
ပေါင်း တစ်ရာကျော်ရှိခဲ့ရာ အချို့သော
ကျမ်းများမှာ ပရမတ္ထဒီပနီ (၁၂၅၉ခုနှစ်)၊
နိဗ္ဗာနဒီပနီကျမ်း၊ ရူပဒီပနီ၊ ဥတ္တမပုရိသ
ဒီပနီကျမ်း၊ နိဗ္ဗာနဝိသဇ္ဇနာ၊ စတုသစ္စ
ဒီပနီ၊ အာဟာရဒီပနီ၊ ပဋိစ္စသမုပ္ပါဒ်ဒီပနီ
ကျမ်း၊ နိရုတ္တိဒီပနီပါဠိ၊ သမ္မာဒိဋ္ဌိဒီပနီ၊
ကမ္မဋ္ဌာနဒီပနီ၊ အာနာပါနဒီပနီ၊ အနတ္တ
ဒီပနီကျမ်း၊ ဇာတ်ကမ္မဋ္ဌာန်းကျမ်းသစ်၊
ဘာဝနာဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ သရ
ဏဂုံဝိနိစ္ဆယ၊ သဒ္ဒသံခိပ်ကျမ်း၊ ကမ္မဋ္ဌာန်း
ကျမ်းကြီး၊ သောမနဿုပေက္ခာဒီပနီ၊ ဝိန
ယသံခိပ်ကျမ်း၊ သာသနာဒါယဇ္ဇဒီပနီ
ကျမ်း၊ ဆဆက္ကသုတ္တန်နိဿယသစ်၊ ဗုဒ္ဓ
ဘာသာဒီပနီကျမ်း၊ ဝိပဿနာဒီပနီ၊ ဓမ္မ
ဒီပနီကျမ်း စသည်တို့ကို လက်လှမ်းမီ
သမျှ ရေးသား ဖော်ပြလိုက်ပါသည်။

လယ်တီဆရာတော်ကြီးသည်
၁၂၂၈ ခုနှစ်မရောက်သေးမီ ကိုရင်ကြီး
ရှင်ဉာဏဘဝအချိန်အခါက အသတ်
မွေးဝမ်းကျောင်းချောင်ချိစေရန် ရဲထွက်
ရွာတောရကျောင်းဘုန်းတော်ကြီး ဦးဂန္ဓ
မာထံမှာ ဗေဒင်ပညာ၊ နက္ခတ်ဆေး



www.burmeseclassic.com

www.burmeseclassic.com

### ပဋ္ဌာန်းတရားနာကြားရင်း ဘဝကူးခဲ့သည့်

# လှူဝင်စား မငြိမ်းငြိမ်းဝေ

### နတ်မောက်လှုမြင့်သစ်

၂၀၁၃ ခုနှစ်၊ ဧပြီလ သင်္ကြန် ရုံးပိတ်ရက်တွင် စာရေးသူနှင့် သားကြီး ကျော်စွာထက်တို့ နတ်မောက်မြို့နယ် စည်သာရွာ၏ အနောက်မြောက်ယွန်း ယွန်းရှိ အင်ပင်တောရကျောင်း ဆရာ တော် အရှင်ဥဇ္ဇယထံတွင် ဒုလ္လဘရဟန်း ဝတ်ဖြစ်ခဲ့ပါသည်။ ယခုနှစ်သည် စတုတ္ထ အကြိမ်ဖြစ်ပါသည်။ သင်္ကြန်ရက်အတွင်း ဆရာတော်၏ တောရကျောင်းသို့ ဥပုသ်စောင့်သီလယူလာသူများ ဆယ် ဦး၊ ဆယ်ငါးဦးခန့် နေ့စဉ်လိုလိုရှိသည်။

သင်္ကြန်အတက်နေ့၌ နတ်မောက် မြို့၏ အနောက်ဘက် ဇလုတ်ကြီးတဲ တိုက်မှ ဦးပေါက်စ၊ ဒေါ်ဆယ်ပိုနှင့် သမီး လေး မငြိမ်းငြိမ်းဝေတို့ ဆရာတော်၏ ကျောင်းသို့ သီလယူ ဥပုသ်စောင့် လာ ရောက်ရာ စကားစပ်မိပြီး မငြိမ်းငြိမ်းဝေ မှာ လှူဝင်စားဖြစ်ပြီး ဦးပေါက်စ၏ ယခင် ဘဝကမိခင် ဒေါ်ကွက်ကျယ်ဖြစ်ကြောင်း ပြောပြပါသည်။

ဦးပေါက်စသည် ဦးအောင်ခင်၊ ဒေါ်ကွက်ကျယ်တို့၏သားဖြစ်ပြီး ဖခင် ဦးအောင်ခင်မှာ သေသည်အထိ အရက် သောက်၍ သေဆုံးသွားသူ ဖြစ်သည်။ ဒေါ်ကွက်ကျယ်ကို သား ဦးပေါက်စနှင့် ချွေးမ ဒေါ်ဆယ်ပိုတို့က အတူနေပြီး လုပ်ကိုင်ကျွေးမွေးခဲ့ကြသည်။

ဒေါ်ကွက်ကျယ်မှာ အသက်(၃၅) နှစ်မှစ၍ နေ့စဉ်မပျက် သီလခံယူ ပုတီး စိပ်၊ တရားဘာဝနာအမြဲပွားများနေခဲ့ သည်။ အသက်(၇၀)တွင် မျက်စိကွယ် သွားပြီး ဘုန်းကြီးကျောင်းသို့ မသွားနိုင် တော့သောအခါ ဥပုသ်နေ့တိုင်း ဇလုတ် ကြီးကျောင်းဆရာတော် ဦးဉာဏိကကို နေအိမ်သို့ ပင့်ဆောင်ပြီး သီလဆောက် တည်ခဲ့သူ ဖြစ်သည်။ သုံးနှစ်ဆက်တိုက် ရှစ်ရက်သီတင်းနှင့် လပြည့်၊ လကွယ်နေ့ တိုင်း ဆရာတော် ဦးဉာဏိကကို ပင့်၍ သီလဆောက်တည်ခဲ့ရာ နောက်ပိုင်းတွင် ဆရာတော်အား ကာယိကဒုက္ခဖေ သလိုဖြစ်နေပြီဟု ထင်မြင်ယူဆ၍ နေ အိမ်ဘုရားကျောင်းဆောင်ရှေ့မှာပင် သီလတောင်း၊ ဥပုသ်စောင့်ဖြစ်ခဲ့သည်။ ဥပုသ်နေ့များတွင် သား ဦးပေါက်စ ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်ပေးခဲ့ရ လေသည်။

ဒေါ်ကွက်ကျယ်မှာ နေ့စဉ်လို နေအိမ်ဘုရားကျောင်းဆောင်ရှေ့မှာပင် သီလခံယူ၊ ပြီးလျှင် သား ဦးပေါက်စရွတ် ဖတ်ပေးသော ပဋ္ဌာန်းတရားကို နာကြား ရင်း တစ်နေ့ရွှေ၊ တစ်နေ့ငွေ ဆိုသလို ဇရာ၏ ဖိစီးမှုဝေဒနာကို ခံစားရင်း ထမင်းမစားနိုင်။ အစာမဝင်ရေမဝင်တော့ သည်အထိ ကျန်းမာရေးထိခိုက်ဆိုးရွား လာပါသည်။ လေး၊ ငါးရက် အစာမဝင် မြောနေသလိုဖြစ်နေရာ မြန်မာဆေးဆရာ တစ်ဦးက 'လှူနှိုတိုက်ပေး' ဟု နောက်ဆုံး အကြံပြုသဖြင့် အောင်ချမ်းသာတဲတိုက် မှ တွင်းကြီးကျေးရွာသူ မယုထံမှ နို့ရည် အကြမ်းပန်းကန်တစ်လုံး အစက်ချတိုက် ပေးခဲ့ရသည်။ မယုထံမှ နို့ရည်အကြမ်း ပန်းကန်တစ်ဝက်ခန့်၌ ဒေါ်ကွက်ကျယ်

ပညာ၊ ကဗျာလင်္ကာစီကုံးဖွဲ့ဆိုခြင်းပညာ များကိုသင်ကြားရင်းနှင့် တောရဆောက် တည်နေသည့် အရည်ဝါသီပုဂ္ဂိုလ် ဖြစ် သော ဆရာတော်ဦးဂန္ဓမာ၏အဆုံးအမ သွန်သင်လမ်းညွှန်မှုကြောင့် မြန်မာနှစ် ၁၂၂၈ ခုနှစ်မကူးမီအချိန်တွင် ဆရာ တော်ဦးဂန္ဓမာထံ ကန်တော့ရင်းလျှောက် ထားသည်မှာ -

"ဘုရားတပည့်တော်သည် ယနေ့ မှစ၍ ဤလောကီ အသက်မွေးမှု မိစ္ဆာ ဇီဝမှုဖြစ်သော ဝိနည်းတော်နှင့်မလျော် ဘုရားအလိုတော်နှင့် ဆန့်ကျင်၊ လူတို့ ကဲ့သို့ လှည်းစီး၊ နွားမွေး၊ ဆေးကု၊ ဗေဒင် ဟော၊ ဥယျာဉ်စိုက်ပျိုး စသော ကုလ ဒူသန အနေသနတို့ကို ပယ်စွန့်၍ ဂန္ထ ဓူရ၊ ဝိပဿနာဓူရ ဟူသော ဓူရနှစ်ပါး ပရိယတ်၊ ပဋိပတ်ဟူသော နှစ်ဌာနတို့ကို သာ တိုးပွားအောင် ကြံဆောင် လုံ့လ အားထုတ်ကာ သာသနာ့ဘောင်၌သာ မွေ့လျော်နေပါတော့မည်ဘုရား"

ဟု ဥပဇ္ဈာယ်ဆရာတော်ထံ ဝန်ခံ ကတိပေးတော်မူလေသတည်း။

❑

ယခုဖော်ပြသော လယ်တီဆရာ တော်ဘုရားကြီး၏ ရောဂါပျောက်စမ များမှာ ရှင်ဉာဏဘဝတွင် ရဲထွက်ရွာမှ ပိတောက်ပင်တောရကျောင်း ဆရာ တော် ဦးဂန္ဓမာထံပါးမှာ ဗေဒင်ပညာကို သင်ယူရင်း ဆေးပညာ၊ နက္ခတ်ပညာ များပါ ဆည်းပူးလေ့လာခဲ့၊ သင်ယူခဲ့ရ သော ပညာများ ဖြစ်ပေလိမ့်မည်။ အထက်တွင်ဖော်ပြရေးသားသည့် ဆရာ တော်ကြီး၏ ရဟန်းဝိနည်းတော်များနှင့် အညီ ကုလဒူသန၊ အနေသန အလုပ် တို့ကို ပယ်စွန့်၍ ဂန္ထဓူရ၊ ဝိပဿနာဓူရ ဟူသော ဓူရနှစ်ပါး၊ ပရိယတ်-ပဋိပတ် နှစ်ဌာနတို့နှင့် ကျင့်ကြံပွားများအားထုတ် ၍ သာသနာ့ဘောင်၌ မွေ့လျော်နေထိုင် ခဲ့သော လယ်တီဆရာတော်ဘုရားကြီး အား လက်ဆယ်ဖြာစုံ ဦးတင်မိုး၍ ရှိခိုး ပူဇော် ကန်တော့အပ်ပါသည် ဘုရား။

**နိဗ္ဗာန်ရွှေပြည် မြန်းကြွလေပြီ**

၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့ ညဉ့်တစ်ချက်တီး ကျော်အချိန်တွင် မီးရှူးသန့်စင်ဖွားမြင် တော်မူသည်။ လူ့ဘဝတွင် နှစ်ပေါင်း (၇၆) နှစ်နှင့် (၇) လကြာ နေတော်မူခဲ့ သည်။

၁၂၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့၊ ၁၉၂၃ ခုနှစ်၊ ဇွန်လ ၂၇ ရက် နေ့ (၂) နာရီခွဲအချိန်တွင် ဘဝခရီး အပြီးသတ်တော်မူ၍ နိဗ္ဗာန်ရွှေပြည်စခန်း သို့ မြန်းကြွတော်မူခဲ့လေသတည်း။

ဆရာတော်ကြီး၏ ဘွဲ့အမည် တော်များတွင် ရှင်ဉာဏ၊ ရှင်ဉာဏဝံသ ဟု လည်းကောင်း၊ ရှင်ဉာဏာဘိဝံသ ရှင်ဉာဏဓဇ ဟူ၍လည်းကောင်း ဖော် နေကြရာ ဆရာတော်ကြီး၏ဘဝဖြစ်စဉ် ကို စေ့စေ့စပ်စပ် သေသေချာချာ လေ့ လာခဲ့ပါမူ 'ရှင်ဉာဏဓဇ' ဟူသော ဘွဲ့ အမည်တော်သာလျှင် အသင့်လျော်ဆုံး သော ဘွဲ့အမည်တော် ဖြစ်ပေသည်။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

**စာကိုး -**

၁။ ဆရာတော် ဦးစာရိန္ဒ၏ မှတ်စုမှတ်ရာများ

၂။ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ ဘဝဖြစ်စဉ် (ရေးဖွဲ့ပူဇော်သူ) ဦးအောင်မြ (မြတ်ဆုမွန်)



www.burmeseclassic.com

www.burmeseclassic.com



ယခင်ဘဝ ဒေါ်ကွက်ကျယ်မှ ယခုဘဝ လူဝင်စား မငြိမ်းငြိမ်းဝေ



စာရေးသူ ဒုလ္လဘရဟန်းဘဝတွင် လူဝင်စား မငြိမ်းငြိမ်းဝေနှင့် တွေ့ဆုံစဉ်



ယခင်ဘဝက ပဌာန်းတရားရွတ်ပေးခဲ့သော သားဦးပေါက်စနှင့် ယခုဘဝ မငြိမ်းငြိမ်းဝေ

နှုတ်ခမ်းလေးများလှုပ်လာပြီး -

"နို့ရည်လေးက ချိုလိုက်ဆိမ့်လိုက်တာတွယ်၊ ဘယ်ကလဲ"

ဟု မေးလေရာ ချွေးမဖြစ်သူ ဒေါ်ဆယ်ပိုက -

"အောင်ချမ်းသာတဲတိုက် မယု ဆီက တောင်းလာတာပါ အမေ"

ဟု ပြောပြရာ -

"ကျေးဇူးတင်လိုက်တာအေ၊ ဝမ်းသာလိုက်တာ"

ဟု ပြောပြီး နို့ရည်အကြွမ်းပန်ကန် တစ်လုံးကုန်သောအခါ ဒေါ်ကွက်ကျယ်မှ -

"ဟဲ့- ငါ့သားပေါက်စ၊ ပဌာန်းရွတ်ပေးစမ်း။ အမေပဌာန်းတရားနာချင်ပြီ"

ဟု ခိုင်းသဖြင့် ဦးပေါက်စမှ ပဌာန်းရွတ်ဖတ်ပေးသည်ကို နာကြားရင်း နောက်တစ်နေ့အရုဏ်တက်ရောင်ခြည် ထွန်းစတွင် ဒေါ်ကွက်ကျယ်မှာ ဘဝကူးပြောင်းလွန်အနိစ္စရောက်ခဲ့ရပေသည်။

❑

ဦးသိန်းဝင်း(ခ)ဦးသာပြုံး၊ ဒေါ်ယုတို့မှာ တွင်းကြီးကျေးရွာသူဇာတိဖြစ်ပြီး ယခုအခါ နတ်မောက်မြို့နယ် အောင်ချမ်းသာတဲတိုက် (ကန်ကြီးကွက်သစ်အနီး)တွင် နေထိုင်ပြီး သား မောင်ဌေးအောင်၊ သမီးမမာမာ၊ သားမောင်ဌေးအောင်၊ သားကိုမိုးအောင်၊ ကိုကျော်စွာ၊ သမီး မငြိမ်းငြိမ်းဝေ(လူဝင်စား)၊မဝင်းဝင်း မွေးနှင့် သားထွေး မောင်ငြိမ်းသူဟန် တို့ သားသမီး (၈) ဦး မွေးဖွားခဲ့ရာ ယခုလူဝင်စား မငြိမ်းငြိမ်းဝေမှာ ဆဌမမြောက်သမီး ဖြစ်သည်။

မငြိမ်းငြိမ်းဝေမှာ သုံး၊ လေးနှစ်သမီးအရွယ် စကားပြောတတ်စမှာကတည်းက 'ငါ့သားနဲ့ ချွေးမအိမ် လိုက်ပို့' ဟု တစာစာပူဆာပြောခဲ့သည်။ ဦးသိန်းဝင်း၊ ဒေါ်ယုတို့မှာ အမှုမဲ့အမှတ်မဲ့ပင်နေခဲ့မိသည်။

ငါးနှစ်သမီးအရွယ်သို့ရောက်သောအခါ -

"ငါ့တဲတိုက်ကို လိုက်ပို့"

ဟု မိခင်ဒေါ်ယုကိုပြောရာ -

"ဘယ်တဲလဲ၊ သမီးကဘယ်သူလဲ"

ဟု ဒေါ်ယုမှ ပြန်မေးသောအခါ-

"ကိုပေါက်စက ငါ့သား၊ မဆယ်ပိုက ငါ့ချွေးမ"

ဟု ပြောလေတော့သည်။ သို့သော် မယုမှာ ဟုတ်ချင်မှဟုတ်မှာပါဟု ပြီးပြီးပျောက်ပျောက် သဘောထားခဲ့သည်။

ဦးပေါက်စ၊ ဒေါ်ဆယ်ပိုတို့မှ နေအိမ်တဲတိုက်တွင် ဆွမ်းကျွေးသင်္ကန်းကပ်အလှူပြုလုပ်ရာ တရားနာခါနီးတွင် ရွာဦးဆရာတော်မှ -

"ဟဲ့-ဒကာပေါက်စ၊ မင်းအမေကို တရားနာမဖိတ်ဘူးလား"

ဟု မိန့်ရာ -

"ဆရာတော်ဘုရား၊ အမေ ဆုံးတာ (၁၅) နှစ်ရှိပြီလေဘုရား"

ဟု ပြန်လျှောက်ထားခဲ့သည်။

"အေးပါ-ငါသိပါတယ်။ အခု မင်းအမေဟာ အောင်ချမ်းသာတဲတိုက် မယုတို့၊ သိန်းဝင်းတို့ဆီမှာကွ သွားခေါ်ချေ။ ငါ့ကိုအိပ်မက်ပေးပြောတယ်"

ဟု မိန့်တော်မူသဖြင့် သွားရောက်ခေါ်ခဲ့ရာ ယခုဘဝ ဒေါ်ကွက်ကျယ်တို့ ပြန်လည် တွေ့ဆုံကြရလေသည်။

သား ပေါက်စကို လည်းကောင်း၊ ချွေးမ မဆယ်ပိုကို လည်းကောင်း၊ ယခင်ဘဝ မွေးချင်းမောင်နှမများ ဖြစ်သော ဦးရာကြီး၊ ဦးဘိုနီ (ယခု ကွယ်လွန်)၊ မကြည်၊ မဝက်တို့အားလုံးကို မှတ်မိခေါ်ပြောနိုင်လေသည်။ သိတတ်စအရွယ်မှစပြီး ထမင်း၊ မုန့်၊ အဝတ်အစားမပူဆာဘဲ ဘုန်းကြီးကျောင်း၌ ဥပုသ်စောင့်ရန်၊ ပဌာန်းတရားနာရန်သာ ပူဆာတောင်းဆိုလေ့ရှိလေသည်။ ယခင်ဘဝက သားဦးပေါက်စ၊ ချွေးမဒေါ်ဆယ်ပိုတို့တဲတိုက်တွင်သာ ခင်မင်တွယ်တာနေထိုင်သည်က များလေသည်။ စာရေးသူနှင့် တွေ့ဆုံသည့်နေ့ကလည်း ဆရာတော်အရှင်ဥဇ္ဇယ၏ တောရကျောင်းသို့ ဥပုသ်သီလ ဆောက်တည်ရန် ပူဆာတောင်းဆိုသဖြင့် ရောက်လာခဲ့ရခြင်းဖြစ်ကြောင်း သိရပါသည်။

ယခင်ဘဝက ဒေါ်ကွက်ကျယ် ယခုဘဝ မငြိမ်းငြိမ်းဝေသည် ယခု (၁၂) နှစ်သမီးအရွယ် တတိယတန်းကျောင်းသူ ဖြစ်ပါသည်။

ယခင်ဘဝက ဥပုသ်ယူ၊ သီလစောင့်ထိန်းပြီး ပဌာန်းတရားနာကြားရင်း ဘဝကူးခဲ့ရသော ဒေါ်ကွက်ကျယ်သည် သီလတန်ခိုးနှင့် ပဌာန်းတရားနာကြားရခြင်းတန်ခိုးကျေးဇူးတော်ကြောင့် ဘဝကူးသောအခါတွင်လည်း အပါယ်ဘုံမှလွတ်ကင်းကာ လူ့ဘုံဘဝသို့ လူဝင်စား မငြိမ်းငြိမ်းဝေအဖြစ်သို့ ရရှိရပြီး သား၊ ချွေးမ၊ မွေးချင်းမောင်နှမများနှင့် ပြန်လည် ဆုံတွေ့ရကာ ကုသိုလ်တရားများဆက်ပြုနိုင်ရသည်ဟု ယုံကြည်ယူဆမိပါသဖြင့် လူဝင်စား မငြိမ်းငြိမ်းဝေ၏ ဖြစ်ရပ်မှန်ကို တင်ပြရေးသားလိုက်ပါသည်။

သီလတရား တောင်းကျိုးပွား
အများချမ်းသာကြပါစေ

နတ်မောက်လှမြင့်သစ်



www.burmeseclassic.com

www.burmeseclassic.com

(ငြိမ်း) ပဲခူး

# ဒုတိယရဲမှူးကြီးဝင်းဦး

## အသိုးပေးသောဂါထာတစ်ပုဒ်



စာရေးသူသည် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင် ၁၉၇၈ ခုနှစ်မှစ၍ ရဲအရာရှိလောင်းသင်တန်း အမှတ်စဉ် (၁၂) သင်တန်းကို တက်ရောက်ခဲ့ပြီးနောက် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့တွင် အလုပ်သင်တာဝန်ဖြင့် ပထမဆုံးရောက်ရှိခဲ့ပါသည်။ မူလက အရပ်သားဘဝဖြင့် ကျောင်းသွား၊ အိမ်ပြန်၊ မိဘခိုင်းတာလုပ်နှင့်မို့ အပူအပင်သောကကင်းဝေးခဲ့ရပါသည်။ နိုင်ငံတော်၏တာဝန်ကို တိတိကျကျ တာဝန်ပေးအပ်ခြင်းခံလာရသည့်အခါ ယခင်ကလို ပေါ့ပေါ့တန်တန်နေ၍ မရမှန်းကို အလုပ်က သင်ခန်းစာပေး၍ ကောင်းစွာ သိရှိလာရပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာလုပ်ငန်းများ၊ ဥပဒေနှင့်ပတ်သက်သောပညာရပ်များ၊ မှုခင်းဆိုင်ရာစစ်ဆေးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ စာတွေ့သင်ကြားခြင်းထက် လက်တွေ့ သင်ယူခြင်းက ပိုမိုထိရောက်မှုရှိသည်ကိုလည်း သိရှိလာရပါသည်။ ဒါကြောင့်မို့ ညောင်လေးပင်မြို့နယ်ရဲစခန်းတွင် အလုပ်သင်တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မိမိထက်လုပ်သက်အတွေ့အကြုံရှိသူများထံတွင် 'ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး' သကဲ့သို့ သိသင့်သိထိုက်သောအချက်များအား မေးမြန်းစူးစမ်းလေ့လာခြင်းများကို အောက်ကျခံ ဆရာတင်၍ အခြေခံကျကျ ပညာရယူခဲ့ပါသည်။

ကိုယ်တိုင်ကိုယ်ကျသင်ယူသည့်အခါမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့လုပ်ငန်းသည် ခက်ခဲနက်နဲသိမ်မွေ့ပြီး ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်း မှန်ကန်စွာလုပ်တတ်ကိုင်တတ်ရန် အရေးကြီးမှုကိုလည်း သတိပြုမိလာပါသည်။ ဒီလိုနှင့် စာရေးသူ (၂) နှစ်ခန့် လေ့လာပြီးသည့်နောက် စာရေးသူအား ညောင်လေးပင်အချုပ်ထောင်တာဝန်ခံအဖြစ် တာဝန်ပေးအပ်ရန် အကြောင်းပေါ်လာပါတော့သည်။ အကြောင်းမှာ ညောင်လေးပင်အချုပ်ထောင် တာဝန်ခံ ဒုရဲအုပ် အေးထွန်း (ဒုရဲမှူးကြီး-ငြိမ်း-ကျောက်ဆည်) သည် ဖြူးမြို့နယ်သို့ ပြောင်းရွှေ့ရမည် ဖြစ်သဖြင့် အချုပ်ထောင်တွင် တာဝန်ခံလိုအပ်နေခြင်း ဖြစ်ပါသည်။

ညောင်လေးပင်မြို့ရှိ ရဲစခန်း အချုပ်ခန်းမှာ အခြားသော မြို့နယ်၊ ရဲ စခန်းများကဲ့သို့ ရဲစခန်းရုံးနှင့် အချုပ်ခန်း တွဲလျက်တည်ဆောက်ထားခြင်းမဟုတ် ပါ။ ယခင်စတင်တည်ဆောက်စဉ်ကပင် အချုပ်ခန်းကို သီးသန့်ဆောက်လုပ်ခဲ့ ခြင်းကြောင့် အချုပ်ခန်းဟု မခေါ်ဝေါ် ဘဲ အချုပ်ထောင်ဟုသာ ခေါ်ဝေါ်နေ ခြင်း ဖြစ်ပါသည်။ ယခုအခါ စာရေးသူ တို့တာဝန်ထမ်းဆောင်စဉ်က ရဲစခန်းရုံး မှာ မရှိတော့ပါ။ ယခု ရဲစခန်းရုံးသည် ရန်ကုန်-မန္တလေးကားလမ်းကို မျက်နှာ ပြီး ရဲစခန်း၏ တောင်ဘက်ထောင့်တွင် အသစ် ထပ်မံ ဆောက်ထားပါသည်။ အချုပ်ထောင်မှာ စာရေးသူတာဝန်ထမ်း ဆောင်ခဲ့စဉ်အတိုင်းပင် ယခုအချိန်ထိ အသုံးပြုလျက်ရှိကြောင်း သိရှိရပါသည်။ ထိုအချိန်က မြို့နယ်ရဲတပ်ဖွဲ့မှူးမှာ ရဲအ ကြီး သန်းထွန်း (ကွယ်လွန်) မြိတ်မြို့သား ဖြစ်ပြီး စကားဝဲသူ ဖြစ်ပါသည်။ အချုပ် ထောင်တွင် အချုပ်အုပ်တာဝန်လိုအ နေသောကြောင့် ရဲစခန်းရုံးပေါ် ရောက်လာပြီး စာရေးသူနှင့်အတူ တာ ဝန် ထမ်းဆောင်နေကြသူ ဒုရဲအုပ် ခ မောင်ဆွေ (ရဲမှူး-ငြိမ်း)၊ ဒုရဲအုပ်မော လှိုင်(ရဲအုပ်-ငြိမ်း)တို့နှင့် တွေ့ဆုံပါသ မြို့နယ်ရဲတပ်ဖွဲ့မှူးက စာရေး ဒုရဲအုပ်ခင်မောင်ဆွေတို့ကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့နှစ်ယောက် ကိုယ်ပိုင်နံပါတ်ကိုပြော"

ဟုပြောသည့်အခါ စာရေးသူက-

"ကျွန်တော်က လ - ၅၈၁၅၄ ပါ ဆရာ"

ဒုရဲအုပ်ခင်မောင်ဆွေက -

"ကျွန်တော်က လ - ၅၈၂၁၂ ပါ ဆရာ"

ဟု ပြောပါသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးက -

"အေး - အခု တို့အချုပ်ထောင်က အချုပ်အုပ်မရှိလို့မဖြစ်ဘူး။ တရားခံကများတော့ အရာရှိအုပ်ချုပ်မှုဖြစ်မယ်။ နောက်ပြီး ရဲစခန်းရုံးနဲ့ကလည်း သီးသန့်



www.burmeseclassic.com

www.burmeseclassic.com

စီဖြစ်နေတယ်။ အရာရှိနှစ်ဦးထားချင်တယ်။ မင်းတို့နှစ်ယောက်က အပတ်စဉ်တူသူငယ်ချင်းတွေပဲ။ ဝင်းဦးက အချုပ်အုပ်လုပ်၊ ခင်မောင်ဆွေက ဒုအချုပ်အုပ်လုပ်ပေါ့ကွာ"

ဟု တာဝန်ပေးအပ်ခဲ့ပါသည်။

ဤလိုနှင့် မမျှော်လင့်ဘဲ စာရေးသူလည်း ညောင်လေးပင်အချုပ်ထောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

တာဝန်ပေးအပ်မှုကြောင့် စာရေးသူနှင့် ကိုခင်မောင်ဆွေတို့ အချုပ်ထောင်ကို သွားရောက် လေ့လာရပါသည်။ ယခင်ကတော့ ကိုယ့်အမှုမှ တရားခံကိုချုပ်လိုလျှင် အခြားတပ်ဖွဲ့ဝင်များနှင့် အချုပ်ထောင်သို့ ပို့အပ်ချုပ်နှောင်ခဲ့သဖြင့် အချုပ်ထောင်သို့ ရောက်ရှိမှုအကြိမ်နည်းခဲ့ပါသည်။ ယခု မိမိကိုယ်တိုင် တာဝန်ထမ်းဆောင်ရတော့မည်ဖြစ်၍ ကိုယ်တိုင် ဝင်ရောက်လေ့လာရခြင်း ဖြစ်ပါသည်။

ညောင်လေးပင်အချုပ်ထောင်မှာ အပြင်ပတ်လည်တွင် (၁၀)ပေခန့်ရှိအုတ်ရိုးအမြင့်ဖြင့် လေးဖက်လေးတန် ကာရံထားပြီး တောင်ဘက်ခြမ်းတွင်ဝင်ပေါက်တံခါးမကြီးနှင့် ယင်းတံခါးမကြီးတွင်ပင် လူတစ်ဦးဝင်သာရုံ အပေါက်ငယ်တစ်ခု ထပ်မံ ဖောက်ထားပါသည်။ အထက်အကြီးအကဲများလာလျှင်တော့ တံခါးမကြီးကို ဖွင့်ပေးပြီး ကျန်ကင်းစစ်အရာရှိများလာလျှင် ဝင်ပေါက်အသေးမှပင် ခေါင်းငုံ့ဝင်၍ စစ်ဆေးလေ့ရှိပါသည်။ အုတ်နံရံအတွင်းတွင် နှစ်ထပ်အုတ်အဆောက်အအုံတစ်လုံးရှိပြီ၊ အောက်ထပ်၌ ကျားအချုပ်ခန်း (၄) ခန်း၊ မအချုပ်ခန်း (၁) ခန်းရှိပါသည်။ မအချုပ်ခန်းသည် ကျားအချုပ်ခန်း(၁)နှင့် ယှဉ်လျက်ရှိပြီး ကြားတွင် စကြံလမ်း ရှိပါသည်။ အပေါ်ထပ်သို့ ဘယ်ဘက်အတွင်းလှေကားမှတက်ရပြီး အပေါ်ထပ်တွင် ပေ(၂၀)ပတ်လည်ခန့် သံစကာကွက်ကျဲဖြင့် အခန်းတစ်ခန်းရှိပါသည်။ ယခင်က နိုင်ငံရေးအကျဉ်းသားများချုပ်ထားလေ့ရှိသည်ဟု သိရှိရပါသည်။ ယခုအခါ၌ ယင်းအချုပ်ခန်းမရှိတော့ကြောင်း သိရှိရပါသည်။ ထို့ပြင် အပေါ်ထပ်၏အနောက်ဘက်တွင် အချုပ်ထောင်အပြင်သို့ထွက်သည့်တံခါးပေါက်အား သံကြိုးဖြင့်အရှင်လုပ်ထားပြီး ညအခါတွင် သံကြိုးကို ဆွဲတင်ထားသဖြင့် အချုပ်ထောင်အပြင်သို့ ထွက်မရပါ။ စာရေးသူတို့တာဝန်ထမ်းဆောင်စဉ်ကာလကလည်း ၎င်းအပေါက်အား အသုံးပြုခြင်းမရှိပါ။ အောက်ထပ်တွင်သာ အနေများပြီး တရားခံများကို အနီးကပ် စောင့်ကြပ်ကြရပါသည်။

စာရေးသူနှင့် ကိုခင်မောင်ဆွေတို့က တစ်လှည့်စီ အချုပ်ထောင်တွင် အိပ်ကြရပါသည်။ အချုပ်ခန်းအမှတ် (၁) ၏နံရံနှင့်ကပ်လျက်တွင်ရှိသော ခုတင်တွင် အိပ်ခြင်း ဖြစ်ပါသည်။ နှစ်ကြာမြင့်သော အဆောက်အအုံဖြစ်သဖြင့် အနံ့အသက်သန့်ရှင်းမှု မကောင်းပါ။ မိမိဘာသာ ကိုယ့်အားကိုယ်ကိုးဖြင့်သာ ထိန်းသိမ်း ဆောင်ရွက်ခဲ့ရပါသည်။ ကျားအချုပ်ခန်းများတွင် အချုပ်သား (၃၀) နီးပါးခန့်ရှိသဖြင့် အချုပ်ထောင်တွင် စုစုပေါင်း ကျား၊ မ တရားခံ (၁၀၀) ဦးခန့်အမြဲရှိပါသည်။ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ ပိန်းဇလုပ်၊ မဒေါက်၊ တော်ဝိရဲစခန်း၊ ရဲကင်းများမှ တရားစွဲပို့တရားခံများအပြင် တစ်ခါတစ်ရံ ရွှေကျင်၊ ကျောက်တံခါး၊ ဖြူ စသည့်မြို့နယ်များမှလည်း အကြောင်းမညီညွတ် ညအိပ်ရပ်နားလိုလျှင် ညောင်လေးပင်အချုပ်ထောင်၌ပင် လာရောက် ချုပ်နှောင်ကြရပါသည်။

စာရေးသူတို့ရှိစဉ်က မအချုပ်ခန်းတွင် မတရားခံ (၅) ဦးခန့်သာရှိပါသည်။ ထို(၅)ဦးထဲတွင် ထူးထူးခြားခြား မအေးဟုခေါ်သော တရားခံအမျိုးသမီးအား သတိပြုမိပါသည်။ အသက် (၁၇) နှစ်ခန့်ကရင်တိုင်းရင်းသားဖြစ်ပြီး အချုပ်ခန်းထဲတွင် နေရောင်မထိနေခဲ့ရတာ ကြာမြင့်မှုကြောင့် အသားအရေမှာဖြူဖွေးပြီး ချောမောလှပသည့်အသွင် ဖြစ်နေပါသည်။ သတိပြုမိရခြင်းမှာ အချုပ်ခန်း (၁) မှ အချုပ်သားများသည် မအချုပ်ခန်းသို့ လှမ်းကြည့်လျှင် မြင်နေရပြီး မအေးအား စလိုက်ပြောင်လိုက်၊ သမီးရည်းစားစကားလှမ်းပြောမှုကြောင့် ပြဿနာခဏခဏရှင်းပေးနေ၍ သတိပြုမိခြင်းဖြစ်ပါသည်။ မအေး၏အလှကွန်ရက်တွင် အချုပ်သားများသာမကဘဲ မိမိတပ်ဖွဲ့ဝင်များကပါ အချုပ်အုပ်မရှိသည့်အခါများတွင် ထိကပါးရိကပါး ပြောဆိုမှုများကြောင့်လည်း မကြာခဏ ဖြေရှင်းပေးနေရခြင်းဖြစ်၍ စာရေးသူနှင့် ဒုရဲအုပ်ခင်မောင်ဆွေတို့မှာ အချုပ်ထောင်မှ မခွာရဲအောင်ပင်ဖြစ်နေရပါသည်။ အချုပ်ထောင်တွင် ရှေ့ကင်း၊ နောက်ကင်းထားရှိရာ နောက်ကင်းတာဝန်ကျတပ်ဖွဲ့ဝင်များသည် အချုပ်ခန်း၏မြောက်ဘက် အိမ်သာနောက်ကျောနားတွင်ထိုင်၍ စောင့်ကြပ်ကြရပြီး အနံ့အသက်ဆိုးဝါးမှုကြောင့် မအေးကို ချုပ်ထားရာအချုပ်ခန်းရှေ့၌ပင် တဝဲလယ်လယ်ဖြင့် အချိန်ဖြုန်းကြပါသည်။

ဤသို့ ချောချောလှလှလေးက ဘယ်လိုလုပ်ပြီး အချုပ်ထဲရောက်ရသလဲ စူးစမ်းရာတွင် မအေးမှာ ညောင်လေးပင်မြို့နှင့် (၇) မိုင်ခန့်ကွာဝေးသော စစ်တောင်းမြစ်ကမ်းပါးဘေး ရွာတစ်ရွာမှ ဖြစ်ကြောင်း၊ အတန်းပညာ သင်ကြားတတ်မြောက်ခြင်းမရှိဘဲ မိဘများနှင့်ပင် ပဲနှုတ်၊ ကောက်စိုက်လယ်လုပ်ငန်းများတွင် ဝိုင်းကူလုပ်ကိုင်နေသူတစ်ဦးသာ ဖြစ်ကြောင်း သိရှိရပါသည်။ တစ်နေ့သောအခါ အိမ်အနီးနေ မူလတန်းကျောင်းမှ (၅) နှစ်အရွယ်ကလေးငယ်အား မုန့်ဝယ်ကျွေးမည်ဟု ပြောဆိုပြီး တောထဲသို့ ခေါ်သွားခဲ့ကြောင်း၊ တောထဲရောက်သည့်အခါ ၎င်း၏ စိတ်တွေလှုပ်ရှားဖောက်ပြားလာပြီး ကလေးအား ရေအိုင်ငယ်အစပ် ဗွက်ထဲတွင်နှစ်၍ ခြေထောက်ဖြင့် လည်ပင်းသို့နင်းပြီးသတ်ခဲ့ကြောင်း၊ ကလေးပန်ထားသည့် နားကပ်အား ဖြုတ်ယူခဲ့ကြောင်း၊ ကလေးပျောက်သဖြင့် လိုက်လံရှာဖွေရာမှ (၂) ရက်အကြာတွင် ဗွက်ထဲ၌ သေဆုံးနေသည့် ကလေးအလောင်းအား တွေ့ရှိရာမှ လိုက်လံစုံစမ်းရာတွင် မအေးမှ ကလေးငယ်အား လက်ဆွဲ၍ တောထဲသို့ ခေါ်သွားသည်ကို အတန်းဖော်ကလေးတစ်ဦး မြင်၍ မေးသည့်အခါမှ ပေါ်ပေါက်ခဲ့ရကြောင်း၊ မအေးမှာ ကလေးအားသတ်ပြီးနောက် ညစဉ်ညတိုင်း ချောက်ချားမှုရှိခဲ့ကြောင်း၊ ယူထားသော ကလေးနားဆွဲအား ပြန်ပေးရန် တစ်စုံတစ်ဦးမှ တိုက်တွန်းနေကြောင်း၊ ညတိုင်း အိပ်မရကြောင်း သိရှိရပါသည်။

နောက်ပိုင်း ထပ်မံသိရှိရသည်မှာ အမှုအား စစ်ဆေးသူ ဒုရဲအုပ်သိန်းရွှေက ကလေးအလောင်းကို စတွေ့သည်နှင့် ကလေးဆံပင်တစ်ပင်အားနုတ်ပြီး -

"ကဲ-သမီး၊ ဦးတို့နဲ့လိုက်ခဲ့။ သမီးကို သတ်တဲ့သူ အမြန်ဖော်ပေးရမယ်"

ဟု ပြောဆိုပြီး ကလေးဆံပင်အားရဲစခန်းရှေ့ကုက္ကိုပင်တွင်ထားခဲ့ကြောင်း ထိုသို့ အမိန့်ပေးခဲ့မှုကြောင့် မအေးမှာ သတ်ပြီးသည့်အချိန်မှစ၍ အိပ်မပျော်စားမဝင်နှင့် နောက်ဆုံးတွင် အမှုအားဝန်ခံဖြောင့်ချက်ပေးခဲ့ကြောင်း သိရှိရပါသည်။ မအေးကတော့ ဝန်ခံဖြောင့်ချက်ပေးပြီးဖြစ်၍ အမှုအား ရင်ဆိုင်ဖြေရှင်းရန် အချုပ်ထောင်အတွင်း အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းနေဆဲကာလဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

တစ်နေ့သောအခါ မအေးချုပ်ခန်းဘက်မှ -

"ဟီး ဟီး အမလေး၊ ကျွန်မဘာမှလဲ မျိုချလို့မရဘူး။ လည်ပင်းမှာတစ်ဆို့ကြီး။ လုပ်ကြပါဦးရှင်"

ဟု အော်သံကြားသဖြင့် စာရေးသူလည်း အပြေးအလွှား သွားရောက်ကြည့်ရှုရာ အချုပ်သား၊ တပ်ဖွဲ့ဝင်တို့၏ အချစ်တော် မအေး ဖြစ်နေသည်ကိုတွေ့ရှိရပါသည်။

စာရေးသူက -

"ဟဲ့- မအေး၊ ဘယ်လိုဖြစ်တာလဲ"

ဟု မေးရာ မအေးမှာ ဘာမှမပြောဆိုနိုင်ဘဲ ခေါင်းကိုသာ တွင်တွင်ယမ်းနေပါတော့သည်။ မအေးအား ပွေ့တက်ထားသူ အချုပ်သား အမျိုးသမီးတစ်ဦးက -

"ဘယ်လိုပြောရမှန်း မသိပါဘူး ဆရာရယ်၊ ကောက်ကာငင်ကာဖြစ်တာပဲ။ အစာစားတဲ့အခါကျမှ မျိုချလို့မရဘူး။ လည်ပင်းထဲမှာ တစ်ဆို့ကြီးနဲ့ နေရတာလည်း တစ်မျိုးကြီးပဲလို့ပြောပြီး ငိုတော့တာပဲဆရာ။ ကျွန်မတို့လည်းဘာမှမလုပ်တတ်ဘူးဆရာ။ ဆေးခန်းပြရင်ကောင်းမလားမသိဘူး"

ဟု ပြောပါသည်။

စာရေးသူက မအေးအား -

"မအေး၊ သူပြောတဲ့အတိုင်း ဟုတ်သလား"

ဟု မေးရာ မအေးက နှုတ်ဖြင့်မပြောဘဲ ခေါင်းသာညိတ်ပြီး ပင်ပန်းစွာဖြင့် အသက်ရှူနေသည်ကို တွေ့ရပါသည်။

စာရေးသူအနေနှင့်လည်း ရုတ်တရက်ကြီး ဖြစ်လာသဖြင့် စဉ်းစားတွေဝေနေဖြစ်နေပါသည်။ အစာကြောင့်လည်း မဖြစ်နိုင်ပါ။ အချုပ်အတွင်းပေးသည့် အစားအစာများ၊ ဆေးများကို စာရေးသူတို့ကိုယ်တိုင် စိစစ်ပြီး ပေးနေတာကြောင့် အစာကြောင့် မဖြစ်နိုင်ဟု ယူဆသည်။ စာရေးသူလည်း နောက်ဆုံးရရှိသည့်အကြံကို အကောင်အထည်ဖော်ရန်အတွက် -

"တဲ့ - မအေးဘာမှမပူနဲ့၊ ငါ့အဘိုးပေးခဲ့တဲ့ ဂါထာတစ်ပုဒ်ရှိတယ်။ အဲဒါနဲ့ ငါမန်းပြီးတိုက်မယ်။ မထူးခြားတော့လည်း ဆေးရုံသွားကြတာပေါ့"

ဟု ပြောလိုက်ပါသည်။

စာရေးသူသည် ငယ်စဉ်အခါက ဝေါမြို့နယ် အောင်ပန်းညိုကျေးရွာတွင် အဘိုး၊ အဘွားများနှင့်အတူ နေခဲ့ရပါသည်။ အဘိုးထံသို့ ငါးအရိုးစူးသူ၊ အာခေါင်နာသူများက ရေမန်းလာတောင်းရာ အဘိုးဖြစ်သူမှာ ရေအိုးစင်မှ ရေတစ်ခွက် ခပ်ယူပြီး ဂါထာမန်း၍ ပေးလိုက်သည်ကို တွေ့ဖူးခဲ့ပါသည်။ စာရေးသူက အဘိုးအား ဘာဂါထာလဲဟုမေးရာ ငါးအရိုးစူးတာ ပျောက်တယ်ဟု ပြောပြီး အဘိုးက အောက်ပါဂါထာတစ်ပုဒ်အား ရွတ်ပြခဲ့ဖူးပါသည်။

**ဥုံ - ကပ္ပိယံ ကရောဟိ၊**

**ကပ္ပိယံ ဘန္တေ**

**ကျဆရာကျ၊ ကျေဆရာကျေ ဖွဟ**

ဟု ဖြစ်ပါသည်။

စာရေးသူအနေဖြင့် ဂါထာလေးမှာ ဆိုလို့ကောင်း၍ မှတ်သားထားခဲ့ပြီး တစ်ခါမှ အသုံးမပြုခဲ့ဘူးပါ။ ယခုအခါတော့ အဘိုး၏ဂါထာအား သုံးခွင့်ရပြီဟု အခွင့်သာသဖြင့် ရေတစ်ခွက်အားခပ်ယူပြီး အချုပ်ထောင်အပေါ် ထပ်သို့တက်၍ ဆောင့်ကြောင့်ထိုင်လျက် ဘုရားအာရုံပြု၊ အဘိုးအာရုံပြုလျက် ဖော်ပြပါဂါထာအား (၃၇)ခေါက်မန်း၍ ရွတ်ဆိုလိုက်ပါသည်။ ထို့နောက် ဂါထာမန်းထားသည့် ရေအား မအေးထံသို့ ယူလာပြီး -

"ကဲ - မအေး၊ ယုံကြည်စိတ်ချစွာနဲ့သောက်လိုက်။ ဆရာလည်း အဘိုးပေးထားတဲ့ဂါထာနဲ့ မန်းတာပဲ။ ပျောက်ချင်လည်းပျောက်မှာပေါ့"

ဟု ပြောပြီး ရေမန်းပေးလိုက်ရာ မအေးလည်း မဆိုင်းမတွပင် သောက်လိုက်ပါသည်။



စာရေးသူလည်း မအေးရောဂါ မပျောက်ရင် ဘယ်လိုလုပ်ရပါ့မလဲဟု စဉ်းစားရင်း မိမိအိပ်သည့် ခုတင်ပေါ်တွင် တုံးလုံးလှဲ့စဉ်းစားနေပါသည်။

စိတ်အထင် (၅) မိနစ်ခန့်ကြာမည် ထင်ပါသည်။ မိန်းမအချုပ်ခန်းဘက်မှ ချောင်းအဆက်မပြတ်ဆိုးသံကြားပြီးနောက် -

"ဆရာရေ အမြန်လာပါဦး၊ ဘာကြီးလဲ မသိဘူး"

ဟု အော်ပြောသံကြောင့် စာရေးသူလည်း အမြန်ထသွားမိလိုက်ပါသည်။ ကြည့်လိုက်ရာ မအေးမှာ ချောင်းဆိုးရာမှ ပါးစပ်ထဲကထွက်လာသော လက်မလက်သည်းခွံခန့် မည်းမည်းအရာတစ်ခုအား လက်ဝါးထဲထည့်ပြီး ကြည့်ရှုရာ ဆံပင်ခြည်ထွေးတစ်ခု ဖြစ်နေသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရပါတော့သည်။ အချုပ်ခန်းအတွင်းရှိ ကျန်အချုပ်သားအမျိုးသမီးများပါ အားလုံး အံ့ဩစွာနှင့် ဝိုင်းကြည့်ရှုကြပါသည်။ ဘယ်လိုလုပ်ပြီး ဒီဆံပင်ခြည်ထွေးက မအေးလည်ပင်းထဲရောက်ရသနည်း။ သူကိုယ်တိုင်တော့ တမင်သက်သက်မျိုချမည်မထင်ပါ။ ဒါဖြစ်လျှင် မည်သူက မနာလိုလို့ လုပ်တာလား စသည်စသည်တို့ဖြင့် တွေးစရာများ ဖြစ်လာပါသည်။

ထိုသို့ မအေးလည်ပင်းထဲမှ ဆံခြည်ထွေးတွေ့ရှိမှုကြောင့် စာရေးသူ၏ ကွယ်လွန်သွားပြီ ဖြစ်သော အဘိုးအား မျက်စိအာရုံတွင် မှန်းဆပြီး ဂါရဝပြုကန်တော့လိုက်မိပါသည်။ မအေးကလည်း ယခင်ကလို ညှိုးညှိုးငယ်ငယ်ပုံစံမဟုတ်တော့ဘဲ အချုပ်ခန်းအတွင်းမှနေ၍ စာရေးသူအား လက်အုပ်ချီလျက် -

"ကျေးဇူးတင်လိုက်တာ ဆရာ။ ဆရာ့ရေမန်းသောက်ပြီး ဒီဆံပင်ခြည်ထွေးထွက်သွားမှပဲ နေသာထိုင်သာရှိတော့တယ်။ ကျွန်မဘယ်လိုကျေးဇူးဆပ်ရမှန်း မသိတော့ဘူး ဆရာရယ်"

ဟု ပြောပြီး ကန်တော့ပါသည်။

စာရေးသူလည်း တယ်ဟုတ်တဲ့ ဂါထာပါလားဟု နှလုံးသွင်းပြီး အဘိုးဖြစ်သူ ဦးစံထူးအား အကြိမ်ကြိမ်အခါခါ စိတ်ထဲမှ ရိုသေစွာ ကန်တော့မိလိုက်ပါတော့သည်။

*(ညောင်လေးပင် အချုပ်ထောင်တွင် တာဝန်ထမ်းဆောင်စဉ် အဖြစ်မှန်အား ခံစားရေးဖွဲ့ထားပါသည်။)*

ဒုတိယခဲ့မှူးကြီးဝင်းဦး (ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com

# ဆင်ငှူလည်ပြွတ်အတွက် ဆေးမခက်

## နေပြည်တော်ကျော်ကျော်စိုး

မိုးကုတ်နဲ့ မိုင်းရှူးဆိုတဲ့ ရတနာမြေတွေမှာ သဘာဝပေါက်ပင်တွေနဲ့ ဝေဒနာမျိုးစုံတွေကို ကုပေးခဲ့တာ နှစ်ပေါင်း အတော်ကြာပါတယ်။ တောင်တန်းဒေသတွေရဲ့ သဘာဝပေါက်ပင်တွေဟာ နေပြည်တော်မှာ မရှိတာကြောင့် ဆေးကုခြင်းထက် စာရေးခြင်းအလုပ်ကိုသာ စိတ်နှစ်မြှုပ်ပြီး လုပ်ကိုင်နေခြင်းပါပဲ။ မိုးကုတ်နဲ့ မိုင်းရှူးလို လူတွေကို ပြည့်ပြည့်ဝဝ ကုသနိုင်စွမ်းမရှိတော့ပါဘူး။

သဘာဝပေါက်ပင်တွေကို အလွယ်အားဖြင့် ဆေးမြီးတိုလို့ ခေါ်ကြပါတယ်။ အဲဒီဆေးမြီးတိုနဲ့ ကုဖို့ ရောက်လာသူဆိုတာ နှစ်မျိုးနှစ်စားရှိပါတယ်။

တစ်မျိုးက ဆေးရုံ၊ ဆေးခန်းတွေဆိုတာ ငွေကုန်ကြေးကျ အလွန်များတဲ့အခါ ငွေကြေးမတတ်နိုင်လို့ ဟုတ်လိုဟုတ်ငြားပျောက်လိုပျောက်ငြား လာကုတာရယ်။ နောက်တစ်မျိုးက ငွေတွေသိန်းပေါင်းအတော်များများနဲ့ ပုံအောပြီးကုတဲ့အခါ ဆေးရုံ၊ ဆေးခန်းတွေမှာ ရောဂါမသက်သာဘဲ နောက်ဆုံးအနေနဲ့ ပျောက်လိုပျောက်ငြား လာကုတာရယ်ဆိုပြီး နှစ်မျိုးရှိပါတယ်။

မိုင်းရှူးရတနာမြေနဲ့ လားရှိုးမှာ သေကောင်းပေါင်းလဲတွေကို ကုသအောင်မြင်ခဲ့ပါတယ်။ ဆေးကလည်း စွမ်း၊ စေတနာကလည်း ကောင်း ဆိုတော့ အားနှစ်ခုပေါင်းတဲ့အခါ အောင်မြင်မှုရတာပါပဲ။ ဒါပေမယ့် ကျွန်တော်က အခမဲ့စေတနာအဖြစ် ကုသပေးနေတဲ့အခါ အချို့ ကျေးဇူးတင်စကားတောင် ပြောဖော်မရတာတွေလည်း ကြုံရတတ်ပါတယ်။ ဒါက အနည်းစုပါ။ ပုထုဇဉ်တို့သဘာဝ လာဘ်လာဘကို မျှော်ကိုးတာမဟုတ်ပေမယ့် ကျေးဇူးတင်စကားလေးတော့ ကြားချင်တာ အမှန်ပါ။ 'အနာသိရင် ဆေးရှိတယ်' ဆိုတဲ့စကားကို မိုးကုတ်နဲ့ မိုင်းရှူးမှာ ကျွန်တော်ရဲရဲပြောလေ့ရှိတယ်။ ဆေးပင်တွေအားကိုးရှိနေတာကိုး၊ ပြောရဲတာပေါ့။ (ကိုယ်ရည်သွေးတာမဟုတ်ပါဘူး။)

ကနန်းကျင်း ခွန်ကိုးလူးမှာ လက်ထောက်မန်နေဂျာလုပ်နေတဲ့ ဦးစိုင်းယုံက သူ့သူငယ်ချင်းရဲ့ မိန်းမဟာ ဘီပိုးဝင်နေကြောင်း၊ ကုလို့ရရင် ကုပေးပါဆိုပြီး ပြောလာတော့ ကျွန်တော်က ပိုက်ဆံမကုန်စေရဘူး ခေါ်ခဲ့ပါဆိုပြီး ပြောလိုက်ပါတယ်။ ဘာလို့လဲ ဆိုတော့ ဘီပိုးကိုသတ်တဲ့ဆေးဆိုတာ မိုင်းရှူးမှာ ကျွန်တော့်အတွက် အလွန်ပေါတာကိုး။ ကုပေးသူတွေလည်း များလှပြီဆိုတော့ ရဲရဲအာမခံခြင်းပါ။

အဲဒီလူးမှာ ဦးစိုင်းယုံဟာ ကျွန်တော်နဲ့ တွဲလုပ်နေတာ ဆိုတော့ တစ်ဦးနဲ့ တစ်ဦး ပွင့်လင်းကြပါတယ်။ ကျွန်တော်ကုပေးနေတာတွေကိုလည်း ဦးစိုင်းယုံ မြင်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ဆီအကူအညီတောင်းခြင်းပါ။

နောက်နေ့မှာ -

"ဦးကျော်စိုးရေ၊ ကျွန်တော့်သူငယ်ချင်းက မြန်မာဆရာတစ်ဦးပင်ပြီး ကုနေတယ်ဗျာ။ အဲဒီဆရာကို အားနာလို့ နေပါစေတော့လို့ ပြောလိုက်တယ်ဗျ"

လို့ အကြောင်းပြန်ပါတယ်။

ဒါနဲ့ ကျွန်တော်လည်း -

"စိတ်မကောင်းလိုက်တာ ဦးစိုင်းယုံရာ။ နောက် (၆) လလောက်ဆိုရင် အဲဒီအမျိုးသမီး အသည်းပျက်စီးပြီး ဖျဉ်းစွဲလာတော့မှာဗျ။ ဖျဉ်းစွဲလာပြီး နှစ်ခါလောက် ဖျဉ်းဖောက်ပြီးရင် သေသွားတော့တာ"

လို့ စိတ်မကောင်းစွာ ပြောမိပါတယ်။ အမှန်လည်း (၆) လအရမှာ အောက်မိုင်းရှူးဆင်းပြီး ဖျဉ်းဖောက်ပါတယ်။ နောက်တစ်ခါ ဖောက်အပြီးမှာတော့ ဆုံးပါးသွားခဲ့ရပါတယ်။ အဲဒီမှာ ကယ်ခွင့်မရလိုက်တာကို အကြာကြီး စိတ်မကောင်းဖြစ်ကာ တနုံ့နုံ့ခံစားနေမိပါတယ်။ ဒါက လူတွေအပေါ်ထားတဲ့ ကျွန်တော်ရဲ့ စေတနာစိတ်ရင်းပါ။ ကြုံဖူးသူတွေ သိကြပါတယ်။

အခုနေပြည်တော်ရောက်တဲ့အခါ နေပြည်တော်ရဲ့ သဘာဝပေါက်ပင်တွေကို လေ့လာနေရပါပြီ။ လူတွေကို ကူညီချင်စိတ်ကြောင့်ပါပဲ။ အဲဒါကြောင့် ဗဟုသုတအတော်လေးရှိတဲ့ ညီဖြစ်သူ မောင်မြတ်ထွန်းဆီ သွားလည်ရင်း ဆေးနည်းလေးတွေ မေးရမြန်းရ၊ စုဆောင်းရပါတယ်။ အခြားနီးစပ်သူတွေဆီမှာလည်း မြန်မာ့ဆေးနည်းလေးတွေ စုဆောင်းရပါတယ်။

တစ်နေ့မှာ မောင်မြတ်ထွန်းက -

"အစ်ကိုလေး၊ ဆင်ငှူလည်ပြွတ်နာ သိသလား"

လို့ မေးပါတယ်။

"သိတာပေါ့ မောင်မြတ်ထွန်းရာ၊ ငါငယ်ငယ် မြင်းခြံဆေးရုံမှာတက်နေတုန်းက ဆင်ငှူလည်ပြွတ်အနာပေါက်နေတဲ့ အသက် (၄၀) လောက် လူတစ်ဦးကိုမြင်ဖူးတယ်။ ကုပ်ပိုးမှာ ပေါက်တာ ကြောက်စရာကြီးပါပဲကွာ"

"ဟုတ်တယ် အစ်ကိုလေးရဲ့၊ ဆင်ငှူလည်ပြွတ်နာဟာ လည်ပင်းတို့၊ ကုပ်ပိုးတို့မှာ ပေါက်တာ။ စီးကျနာသဘောပဲ၊ ဆေးမတွေ့ရင် အတော်ကြောက်စရာကောင်းတာ။ ကျွန်တော့်ဆီမှာ ငန်းစ... က ကျောင်းလာတက်နေတဲ့ ကလေးရဲ့ လည်ပင်းမှာ ဆင်ငှူလည်ပြွတ်နာပေါက်ပါလေရောဗျို့။ ဒါနဲ့ ကျွန်တော့်အမေတော အစ်ကိုလေးတို့အဘိုး ဦးရွှေမင်းကို အိမ်မှာ ရေနွေးသောက်ပြီး ဆေးနည်းမေးရ တယ်ဗျ"

"ရလိုက်သလား"

"ရတာပေါ့အစ်ကိုလေးရာ။ ဆေးနည်းက မခက်ပါဘူးဗျာ။ မန်းကျည်းစေ့တွေလှော်ရတယ်။ လှော်ပြီး အခွံတွေချွတ်ရတယ်။ အဲဒီအခွံမည်းမည်းလေးတွေက ဆေးဗျ။ အထဲက အသားဖြူဖြူတွေ လွှင့်ပစ်ရုံပဲ။ မာလွန်းတော့ ဒီမှာ စားလေ့စားထမရှိကြဘူး။ အဲဒီအခွံတွေကို ကျွမ်းနေအောင်လှော်ရပါတယ်။ ဆိုရရင် ပြာချတာပေါ့ဗျာ။ အဲဒီမန်ကျည်းစေ့ခွံပြာနဲ့ အုန်းဆီ ဖျော်လိမ်းရတာပဲ၊ အဲဒီဆေးဟာ ဆင်ငှူလည်ပြွတ်လောက်တော့ နင်နေငါသွား အချိန်တိုအတွင်း ပျောက်တဲ့ဆေးဗျ။ အစ်ကိုလေးအဘိုးရဲ့ ဆေးနည်းမှတ်ထားဦး"

ဆိုတော့ ကျွန်တော် စာအုပ်လေး ထုတ်ပြီး မှတ်လိုက်ရပါတယ်။

ချမ်းမြေ့ပါစေ

နေပြည်တော်ကျော်ကျော်စိုး

(မောင်မြတ်ထွန်း၊ မရီရီဝင်းသို့ ကျေးဇူးတင်လျက်)



www.burmeseclassic.com

www.burmeseclassic.com

## ကြည်ညိုလေးစားဖွယ်ရာ ဖြစ်ရပ်တစ်ခု

၁၉၇၁ ခုနှစ်လောက်ဆီက ကျွန်တော် မော်လမြိုင် ဒီဂရီကောလိပ်မှာ နောက်ဆုံးနှစ်စာမေးပွဲ ဖြေအပြီး အထက်အညာကို စာမတတ်သူပပျောက်ရေးလှုပ်ရှားမှု အ-သုံးလုံးလုပ်အားပေး သွားခဲ့တုန်း ဖြစ်ရပ်တစ်ခုကို မကြာကြာ သတိရမိပါတယ်။ ကျွန်တော်တို့ သွားရတဲ့နေရာက ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်ထဲက အက်တောကျေးရွာအုပ်စုကို ဖြစ်ပါတယ်။ (တန့်ဆည်နယ်က အညာသားတွေနဲ့ တွေ့တဲ့အခါ ကျွန်တော်က တန့်ဆည်ကို ဒယ်လို့ ခေါ်လိုက်တော့ သူတို့ အံ့အားသင့်ကြပါတယ်။) အက်တောကျေးရွာအုပ်စု တစ်အုပ်စုလုံးရဲ့ရွာလူကြီးဟာ အသက် (၉၀)နီးပါးရှိပြီး အားလုံးက သူ့ကို ဘိုးမြန် လို့ ခေါ်ကြပါတယ်။

ကျွန်တော်တို့ လုပ်အားပေး ကျောင်းသားတွေ တန့်ဆည်မြို့ပေါ် တက်ဖို့ ဘိုးမြန်နဲ့ လှည်းကြုံလိုက်စီးတဲ့ အခါတိုင်း ဘိုးမြန်ဟာ ရွာအပြင်က သုသာန်ကိုရောက်ရင် လှည်းကိုရပ်ပြီး သုသာန်ထဲဝင်သွားတာ တွေ့ကြရပါတယ်။ ဘိုးမြန်ဘာဆင်းလုပ်တာလဲလို့ လှည်းမောင်းသားကိုမေးတော့ သူ့မိဘ အုတ်ဂူတွေကို ဆင်းပြီးကန်တော့တာလို့ ပြောပါတယ်။ မြို့ကနေ ပြန်လာတဲ့အခါ ရွာအဝင်မှာလည်း အခုလိုပဲ ဆင်းပြီး ကန်တော့တယ်လို့ သူပြောပြတဲ့အတိုင်း ကျွန်တော်တို့မျက်မြင်တွေ့ကြရပါတယ်။ ရွာကိုဝင်ထွက်တိုင်း အခုလို မိဘတွေရဲ့ အုတ်ဂူကိုဆင်းပြီး ကန်တော့တာဟာ နေ့ပူပူ မိုးရွာရွာ တစ်ခါမှပျက်ကွက်တာ မရှိဘူးလို့လည်းသိရပါတယ်။ ကျွန်တော့် တစ်သက်မှာ အမြဲအမှတ်ရနေတဲ့



(မောရ)

# မောင်ပွင့် ညုက်

## အသက်ရှည်၊ အဆင်းလှ၊ ခွန်အားကြီးချင်ကြသူများသို့



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပ်တစ်ခုပါပဲ။

ဘိုးမြှန်ဟာ အသက် (၉၀) သာဆိုတယ်၊ ကိုယ်လုံးတုတ်တုတ်ခိုင်ခိုင် သန်သန်မာမာနဲ့ ဖျတ်ဖျတ်လတ်လတ် ရှိပါတယ်။ ဆွေမျိုးသားချင်းတွေကြားမှာရော ကျေးရွာအုပ်စုတစ်ခုလုံးမှာပါ အားလုံးက လေးစား ကြည်ညိုရလောက်အောင် သြဇာညောင်းပါတယ်။ ဒါတွေဟာ ကွယ်လွန်သူမိဘတွေရဲ့ ဂုဏ်ကျေးဇူးကို အမြဲအမှတ်ရပြီး ရှိခိုးကန်တော့မှုကြောင့်လို့ ကျွန်တော် အသေအချာ ယုံကြည်မိပါတယ်။

*အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎ*
*ပစာယိနော။*
*စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု*
*ဝဏ္ဏော သုခံ ဗလံ။*
(ဓမ္မပဒ-၁၀၉)

*To one ever eager to revere*
*and serve the elders,*
*These four blessings accrue;*
*Long life and beauty, happi -*
*ness and power.*

*'မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့၊ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း ဟူသော အကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏'*

ဘုရားစကားမှားတယ်လို့ မရှိပါ။ လူ့သက်တမ်းတိုလာတာဟာ လူတွေမှာ ဂါရဝတရား နည်းပါးလာတာကလည်း တစ်ကြောင်း ဖြစ်မယ်ထင်ပါတယ်။ လူတိုင်းဟာ အသက်ရှည်ချင်၊ အဆင်းလှချင်၊ ချမ်းသာချင်၊ ခွန်အားကြီးချင်ကြသူချည်းပါပဲ။ အဲသလို အသက်ရှည်ချင်ရင်၊ အဆင်းလှချင်ရင်၊ ချမ်းသာချင်ရင်၊ ခွန်အားကြီးချင်ရင် မိမိထက် အသက်၊ ဂုဏ်သိက္ခာ၊ ဝါကြီးသောပုဂ္ဂိုလ်များကို တလေးတစား ပြောဆိုဆက်ဆံကြရပါမယ်။ ရှိခိုးကန်တော့ကြရပါမယ်။

ခုပြောခဲ့တဲ့ဖြစ်ရပ်နဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတဲ့ဖြစ်ရပ်တစ်ခုကိုလည်း တွေ့ဖူးပါသေးတယ်။ ကျွန်တော် (၁၅) နှစ်သားလောက်က ဖြစ်ပါတယ်။ ကျွန်တော်တို့ရွာမှာ တစ်နေကုန်မူးနေတတ်တဲ့ အိမ်နားနီးချင်း ဆံပင်ညှပ်သမားတစ်ယောက် ရှိပါတယ်။ တစ်နေ့မှာ အဲဒီလူဟာ မူးရူးပြီး ဓားဆွဲလို့ လမ်းမကနေ အိမ်ပေါ်က သူ့အမေကို သတ်မယ်ဆိုပြီး ဆဲဆိုခေါ်ချနေပါတယ်။

အမေအိုဟာ အိမ်ပေါ်ကနေ ဖိုးရိုးဖားရားပြေးဆင်းလာပြီး လမ်းမပေါ်မှာ ဒူးထောက်လို့ သားဖြစ်သူကို အခုလို ရှိခိုးတောင်းပန်ပါတယ်။

"အမေ့ကို မသတ်ပါနဲ့ သားရယ်၊ အမေ သေရမှာ မကြောက်ပါဘူး။ ငါ့သား ကံကြီးထိုက်မှာစိုးလို့ပါကွယ်'

စဉ်းစားကြည့်စမ်းပါ။ ကိုယ်သေရမှာကို မကြောက်ဘဲ ကိုယ့်ကိုသတ်မယ့်သူ အပြစ်ဖြစ်မှာကို စိုးရိမ်နေတတ်တာ မိဘမေတ္တာကလွဲလို့ တခြားဘာများရှိဦးမှာလဲ။

ဒါကိုမြင်တော့ ကျွန်တော့်ဖခင်က ကျွန်တော့်ကို အခုလိုပြောပါတယ်။

"နင့်အမေဟာ မကောင်းတဲ့မိန်းမ ဖြစ်နေပစေဦး၊ နင်ဘာမှ အပြစ်မပြောရဘူး။ အမေဟာ အမေပဲ"

ကံကြီးထိုက်တယ်ဆိုတာ အာနန္တရိယကံကို ကျူးလွန်တာ။ ကျူးလွန်တဲ့အတွက် ဒုက္ခရောက်ရတာကို ဆိုလိုပါတယ်။

ပဉ္စာနန္တရိယကံ- ပဉ္စ+အာနန္တရိယ+ကမ္မ

အာနန္တရိယကံ - သေသည်၏ အခြားမဲ့၌ အဝီစိငရဲလားစေသော အကုသိုလ်ကံကြီး။

(အမိကိုသတ်ခြင်း၊ အဖကိုသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ ဘုရားရှင်၌ သွေးခြည်ဥအောင်ပြုခြင်း၊ သံဃာသင်းခွဲခြင်း ဟူ၍ ငါးပါးရှိသည်။)

*'ဂုဏ်ကျေးဇူးတွေ တိုင်းတာ နှိုင်းယှဉ်လို့မရလောက်အောင်ကြီးမားတာရယ်၊ ကျေးဇူးသိပြီး အောက်မေ့ပူဇော်သူတို့ကို အတိုင်းမရှိချမ်းသာစေနိုင်တာရယ်၊ ကျေးဇူးကန်းပြစ်မှားသူတွေကို အတိုင်းမသိ ဆိုးကျိုးဒုက္ခဖြစ်စေတတ်တာရယ်တို့ကြောင့် 'အနန္တ' လို့ ဂုဏ်ပြုသတ်မှတ်ခြင်းခံရတဲ့ပုဂ္ဂိုလ် (၅) မျိုး ရှိပါတယ်။ အနန္တငါးပါးလို့ ခေါ်တာပေါ့'*

*ဘုန်းရယ်၊ ကံရယ်၊ ကုသိုလ်ရယ်*
*ဓမ္မဘေရီအရှင်ဝီရိယ*
*(တောင်စွန်း)*

အခုခေတ်လူငယ်တွေဟာ ပညာတတ်တွေ၊ အလုပ်အကိုင်တွေနဲ့ ဖြစ်လာတဲ့အခါ မိဘတွေဟာ ငါတို့လောက် မသိမတတ်ပါဘူးလို့ ယူဆပြီး 'အမေတို့၊ အဖေတို့ ဘာသိလို့လဲ၊ မသိဘဲလာ မပြောပါနဲ့' စသည်ဖြင့် ပြန်ပြောတတ်ကြပါတယ်။ 'ဝစီဘေဒ ထိတိုင်းရှ' ဆိုတာ ကိုယ့်ပါးစပ်ကပြောလိုက်တဲ့စကားအတိုင်း ကိုယ်ပြန်ပြီးခံရတတ်တာကို ပြောတာပါ။

နှုတ်ထွက်စကားလေးတစ်ခွန်းဟာ ဦးတည်ပြောဆိုလိုက်တဲ့သူရဲ့ ဂုဏ်ကိုလိုက်ပြီး အင်မတန်ကြီးလေးတဲ့ အပြစ်ကို ဖြစ်စေနိုင်ပါတယ်။

တစ်ခါက ရဟန္တာရဟန်းမတစ်ဦးဟာ ဘုရားရှင်ပြင်မှာ ဝေဒနာကြောင့် ချောင်းဟန့်ရာကနေ သလိပ်နည်းနည်း ထွက်ကျသွားခဲ့ပါတယ်။ သူကိုယ်တိုင်လည်း မသိလိုက်ဘဲနဲ့ တခြားကိုထွက်ခွာသွားပါတယ်။ အတော်ကြာမှ ဒီနေရာကို ရောက်လာတဲ့ မိန်းကလေးငယ်တစ်ယောက်က သလိပ်ဖတ်ကိုမြင်ပြီး ဘယ်ပြည့်တန်ဆာမက ဘုရားရှင်ပြင်မှာ သလိပ်ထွေးသွားသလဲ မသိပါဘူး ဆိုပြီး ရေရွတ်လိုက်ပါတယ်။ ဒီဝစီအကုသိုလ်ကြောင့် မိန်းကလေးဟာ ကာလရှည်ကြာစွာ ငရဲမှာခံခဲ့ရပြီး လူဖြစ်တဲ့ဘဝပေါင်းများစွာမှာလည်း ပြည့်တန်ဆာ ဖြစ်ရပါတယ်။ ဂေါတမဗုဒ္ဓထံတော်မှောက် ကျွတ်တမ်းဝင်ရမယ့် နောက်ဆုံးဘဝမှာတောင် ပြည့်တန်ဆာပဲ ဖြစ်ရပါတယ်။

သာသမီးတွေရဲ့ နှုတ်လှန်ပြောဆိုတာကိုခံနေကြရသူတွေ အများစုဟာ သူတို့ကိုယ်တိုင် ငယ်စဉ်က မိဘတွေကို နှုတ်ကြမ်းအာကြမ်းနဲ့ ခံပြောခဲ့သူတွေ ဖြစ်နေတာကို တွေ့ရတတ်ပါတယ်။ အဲသလို လူမျိုးတွေကို လူကြီးမိဘတွေက 'ဝဋ်ဆိုတာ မနေဘူးနော်၊ နင်တို့သားသမီးတွေနဲ့ကျမှ နင်တို့သိမယ်'လို့ ဆိုတတ်ကြပါတယ်။ နောက်တစ်ခုက အမိယုတ်သား နှုတ်သရမ်း၊ အဖယုတ်သား လက်သရမ်း ဆိုတာလို ကိုယ့်အပြောအဆို၊ အနေအထိုင် မယဉ်ကျေးတာကြောင့် ကိုယ့်မိဘတွေပါ ယုတ်မာတဲ့စာရင်းထဲဝင်သွားနိုင်ပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ ဘုရားရှင်ရဲ့ တပည့်သားများပီပီ ကိုယ်နှုတ်နှလုံး သုံးပါးစလုံး ယဉ်ကျေးကြပြီး လူငယ်လူရွယ်တွေရဲ့ စံနမူနာကောင်းဖြစ်အောင် နေထိုင်ကြရမှာ ဖြစ်ပါတယ်။

စာဖတ်သူများ အသက်ရှည်ကျန်းမာပြီး အဆင်းလည်းလှကာ ချမ်းသာကြပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။

မောင်ပွင့်ဉာဏ် (ဓနေ...)

www.burmeseclassic.com

www.burmeseclassic.com

# ခင်ပုပ်မြစ်ဆေးအစွမ်း

မြန်အောင်မြို့နယ် ညောင်မြစ်ဆွဲ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ခဲ့စဉ်က ဖြစ်သည်။ အုပ်ချုပ်ရေးမှူးရုံးတွင် ညောင်မြစ်ဆွဲကျေးရွာအုပ်စု ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်း အသေးစား ပုဂ္ဂလိက ချေးငွေချေးအသင်းမှ စာရင်းကိုင် ဦးစိုးအေးနှင့် တွေ့ရသည်။ ဦးစိုးအေးနှင့် စကားလက်ဆုံကျစဉ် ခင်ပုပ်မြစ်အကြောင်း ပြောဖြစ်ကြသည်။

ဦးစိုးအေးသားကြီး၏ ကျောကုန်းတွင် အနာတစ်ခုပေါက်ကာ တဖြည်းဖြည်း ကြီးထွားလာပြီး နောက်ဆုံးပေါက်သွားခဲ့သည်။ ပြည်တစိုစိုနှင့် အနာပြဲကာ အမြစ်များပင် ထွက်နေခဲ့သည်။ ဆေးခန်းပြ ဆေးထိုးဆေး၊ ဆေးသောက်၊ ဆေးလိမ်းလုပ်နေရသော်လည်း ပျောက်ကင်း သက်သာမှု မရှိခဲ့။ ပြည်သွားရနိုးနိုး၊ ရန်ကုန်သွားရကောင်းနိုး မိသားစု တိုင်ပင်နေကြချိန် အခါသင့်အခွင့်သာ ဆိုရလောက်အောင် မိသားစုတိုင်ပင်နေစဉ် တစ်ရွာတည်းနေ ဒေါ်ခင်သောင်း ပေါက်ချလာသည်။ ဦးစိုးအေး သားဖြစ်သူ၏ ကျောကုန်းက အနာကိုလည်းမြင်တွေ့၊ မိသားစုအကျပ်ရိုက်နေတာကိုလည်း မြင်တွေ့သွားခဲ့သည်၊ ဒေါ်ခင်သောင်းသည် မပြောမဆိုနှင့် အိမ်ပေါ်မှထပြန်သွားပြီး နာရီဝက်ခန့်အကြာတွင် တစ်မိုက်ခန့်ရှိ အပင်အမြစ်တစ်ခုကို လက်ဝယ်ကိုင်ကာ အိမ်သို့ ပြန်ရောက်လာသည်။

"မောင်စိုးအေး၊ ရော့ - ဒါကို ရေစင်စင်ဆေး၊ ကျောက်ပျဉ်မှာ သွေးပြီး သားရဲ့အနာပတ်လည်ကို နှစ်ရက်တန်သည်၊သုံးရက်တန်သည် လိမ်းကြည့်ပါ။ ထူးခြားပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ အစ်မ"

သားဖြစ်သူ၏ ဝေဒနာအတွက်၊ ဆေးကြေးရေးအတွက် သောကပွေနေသော ဦးစိုးအေးမှ မေးမြန်းစပ်စုခြင်း မလုပ်ဖြစ်။ ဇနီးဖြစ်သူက ဒေါ်ခင်သောင်းပေးသော ဆေးမြစ်ကို ရေစင်စင်ဆေး၊ ကျောက်ပျဉ်ကိုလည်း ရေစင်စင်ဆေးကာ ဆေးမြစ်ကို သွေး၍ရလာသော ဆေးရည်ကို သားဖြစ်သူ၏ အနာပတ်ပတ်လည်ကို ချက်ချင်းလိမ်းပေးသည်။

နောက်တစ်နေ့မနက် အနာအခြေအနေကို ကြည့်သည့်အခါ အနာဖေးများခြောက်ကာ ပြည်အထွက်ရပ်ပြီး အကိုက်အခဲလည်း အတော်ပင် သက်သာနေသည်ကို သိရမြင်ရသည်။ ဆေးမြစ်အစွမ်းအစပြသည်မို့ ဝမ်းသာအားရ (၇) ရက် ဆက်လိမ်းပေးသည်။ သုံးရက်ခန့်တွင် အမြစ်များပြုတ်ကျကုန်သည်။ နောက်ရက်များတွင် အနာများ ကျက်ကာ ပျောက်ကင်းသွားခဲ့သည်။

နောက်ထပ် ရောဂါပျောက်ကင်းသူတစ်ဦးမှာ မြန်အောင် ရေနံမြေ လျှပ်စစ်ဌာနမှ ဌာနမှူး ဦးသာဂဒိုး၏ ဇနီးဖြစ်သည်။ စမ်းသပ်စစ်ဆေးချက်များအရ ရင်သားကင်ဆာဖြစ်နေ၍ ခွဲစိတ်ဖြတ်တောက်ရန်၊ ဓာတ်ကင်ရန် ရက်ချိန်းပေးထားပြီး ဖြစ်သည်။ ကံကောင်းထောက်မစွာပင် ခင်ပုပ်မြစ်အကြောင်းကြားသိပြီး သွေးလိမ်းခဲ့ရာ ပျောက်ကင်းချမ်းသာရာ ရခဲ့သည်။ ရင်သားကင်ဆာဖြစ်၍ အချိန်မီ သိရှိကာ ခင်ပုပ်ဆေးမြစ် သွေးလိမ်း ပျောက်ကင်းကြသူများတွင် ညောင်မြစ်ဆွဲအုပ်စု ရွာသစ်ကုန်းကျေးရွာနေ ဦးကျော်ဝင်း၏ သမီးတစ်ဦး၊ မြန်အောင်မြို့ အမှတ် (၆) ရပ်ကွက်နေ ဦးတင်ရွှေ (ကွယ်လွန်) ၏ သမီးတစ်ဦးတို့ ပါဝင်သည်။

အခြားတစ်ဦးမှာ ညောင်မြစ်ဆွဲ ကျေးရွာအုပ်စု ကြက်ခြေနီတပ်ဖွဲ့ဝင် မောင်ဝေထက်လင်း ဖြစ်သည်။ သူ၏နားနှစ်ဖက်အောက်တွင် မော်နာကဲ့သို့ အဖုကြီး တစ်ဖက်တစ်လုံး ပေါက်နေသည်၊ ထုံး၊ နနွင်းများ လိမ်းကျံထားသည်မှာ ဝါထိန်နေသည်။ ဦးစိုးအေးက မြင်တွေ့ မေးမြန်း စပ်စုကာ သူ၏အိမ်မှ ခင်ပုပ်မြစ်ကို တူးယူစေလျက် လိမ်းခိုင်းလိုက်သည်။ နောက်သုံးရက်ခန့်အကြာ ဦးစိုးအေးရှိရာ ညောင်မြစ်ဆွဲအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ မောင်ဝေထက်လင်း လာရောက် ပြသသည့်အခါ အဖုကြီးများ လုံးဝမရှိတော့။

❑

ဒေါ်ခင်သောင်းနှင့် ဦးစိုးအေးတို့က ဂင်ဘုတ်မြစ်ဟုသာ ပြောကြသည်။ ကြားသိမှတ်သားခဲ့သော ကျွန်တော်က မြန်မာအဘိဓာန်အကျဉ်းချုပ် အတွဲ(၁) တွင် ရှာဖွေရတော့သည်။ မြန်မာအဘိဓာန်အကျဉ်းအတွဲ (၁) စာအုပ်တွင် ဂင်ဘုတ် ဆိုသည်မရှိ။ ခင်ပုပ်နှစ်မျိုးသာ တွေ့ရသည်။ ခင်ပုပ်တစ်မျိုးမှာ ငှက်အမည်။ နောက်ခင်ပုပ်တစ်မျိုးမှာ စဖိုပြာရောင်အခေါက်ရှိ နွယ်ပင်ကြီးတစ်မျိုး၊ ခင်ပုပ်ကြီး၊ ခင်ပုပ်နွယ် ဟူ၍လည်းတွင်သည်ဟု ဖော်ပြထားသည်။ ရေးတော့ အမှန် ဖတ်တော့အသံဆိုသည့်အတိုင်း ရေးသည့်အခါ ခင်ပုပ်ဟုရေးပြီး ပြောဆိုသုံးနှုန်းသည့်အခါ ဂင်ဘုတ်ဟု အသံထွက်ကြခြင်း ဖြစ်သည်။

ခင်ပုပ်မြစ်ကို ညောင်မြစ်ဆွဲ ကျေးရွာအုပ်စု ပျဉ်ထောင်တွင်းရွာနေ ဒေါ်ခင်သောင်းက ကယားပြည်နယ် ဖရူးဆိုးမြို့နယ်ရှိ တောင်ယာခင်းတစ်ခုမှ ရခဲ့သည်ဟု သိရသည်။ ဒေါ်ခင်သောင်း၏သားတစ်ဦးမှာ တပ်မတော်သားတစ်ဦးဖြစ်ပြီး ကယားပြည်နယ် ဖရူးဆိုးမြို့နယ် ရွှေတန်းစခန်းတွင် တာဝန်ကျစဉ်ကာလ တောင်ယာလုပ်ကိုင်သူ ကယားအဘိုးအို၏ တောင်ယာတဲတွင် ဝင်ထွက်သွားလာကူညီလုပ်ကိုင်ရင်း ရင်းနှီးခင်မင်ခဲ့သည်။ သားဖြစ်သူ တာဝန်ကျရာလိုက်သွားသူ ဒေါ်ခင်သောင်းသည် ကယားအဘိုးအိုတဲသို့ ရောက်ခဲ့သည်။ မြန်အောင်မှ ပါလာသည့် ဒေသထွက် စားဖွယ်လက်ဆောင်များပေးရင်း နှုတ်ဆက်သည့်အခါ ကယားအဘိုးအိုက ဘာမှပေးစရာမရှိသဖြင့် ခင်ပုပ်မြစ်များကို ပေးလိုက်သည်။ အဖုအကျိတ်ကင်ဆာအနာများဖြစ်ပွားပါက သွေးလိမ်းရုံနှင့် ပျောက်ကင်းသည်။ အသုံးပြုပါဟု တံပြန်လက်ဆောင်ပေး၍ အမိမြေသို့ ယူလာပြီး နေအိမ်ခြံဝင်းအတွင်း စိုက်ပျိုးထားခဲ့သည်။ ဦးစိုးအေးက သူ၏သားဖြစ်သူ အနာပျောက်ကာမှ ဒေါ်ခင်သောင်းထံက မျိုးပွားရယူစိုက်ပျိုးထားခြင်း ဖြစ်သည်။

အဆိုပါ ခင်ပုပ်ပင်မျိုးကို ညောင်မြစ်ဆွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ စာရေးဝန်ထမ်း ကိုမြင့်သိန်း၏ နေအိမ်ခြံဝင်းအတွင်းမှာလည်း တိုက်တိုက်ဆိုင်ဆိုင် တွေ့ရပြန်သည်။ အပင်က နွယ်ပင်အမျိုးအစား၊ ပင်လုံးက ခဲတံအလုံးအရွယ်မျှရှိသည်။ နှစ်စဉ် ဧပြီလတွင် အပွင့်များပွင့်သည်။ ပွင့်ဖတ်တစ်လွှာတည်းရှိပြီး ထွက်လာသော ညှာတံတစ်လျှောက် မောက်၍ ပွင့်သည်။ အပွင့်မှာ အဖြူရောင်ဖြစ်ပြီး ပွင့်သည့်အခါ သီကုံးထားသည့်ပမာ တန်းစီပွင့်သည်။ အနံ့က သင်းပျံ့ပျံ့မျှရှိသည်။ အပင်ပုံစံ၊ အပွင့်ပုံစံ တူညီနေသည်။ ဒေါ်ခင်သောင်းနှင့် ဦးစိုးအေးတို့ တိုက်ဆိုင်စိစစ်ကြည့်ပြီးနောက် ခင်ပုပ်ပင်ဖြစ်ကြောင်း အတည်ပြုခဲ့ကြသည်။ သို့ဖြစ်၍ ခင်ပုပ်ပင်သည် မြန်အောင်မြို့နယ်တွင် ပေါက်ရောက်ရှင်သန်ဖြစ်ထွန်းမှုရှိသည်ဟု သုံးသပ်မိပါသည်။

ရောဂါဝေဒနာ ဖြစ်ပွားလာပါက ကြားသိပါက အသုံးပြုနိုင်ရန် လမ်းညွှန် ပြနိုင်ရန် စာနာမေတ္တာများစွာဖြင့် ရေးသား တင်ပြအပ်ပါသည်။

ခေသဝင်းဝင်း ([illegible])



www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်ရဲ့ အပူပိုင်းဒေသက အိုအေစစ်လို့ တင်စားခေါ်ဝေါ်ကြတဲ့ ပုပ္ပားဒေသ တောင်ကလပ်မှာ နှစ်စဉ် ခမ်းနား ကြီးကျယ်စွာ ကျင်းပကြတဲ့ ပွဲတော်ကြီး (၃) ပွဲ ရှိပါတယ်။

ပထမပွဲတော်ကတော့ အားလုံး သိထားကြတဲ့ အဘအောင်မင်းခေါင် (ခ) ဘိုးမင်းခေါင်ရဲ့ ထွက်ရပ်ပေါက်ခရီး ကြွမြန်းတဲ့ အထိမ်းအမှတ်အဖြစ် ပေါင်းစုကာ ပူဇော်လှူဒါန်းကြတဲ့ အောင်ပွဲကြီး ဖြစ်ပါတယ်။

ဒုတိယပွဲတော်ကတော့ အဘရဲ့ အောင်ပွဲအပြီး မကြာမီမှာ ဆက်လက်ကျင်းပကြတဲ့ တန်ဆောင်မုန်းလပြည့် ဆီးပေါင်းခတဲ့ ပွဲတော်ကြီးပဲ ဖြစ်ပါတယ်။




# အဘအောင်မင်းခေါင်၏(၆၁)နှစ်ပြည့် မဟာဒွိဓာတ်ပေါင်းပွဲ

မင်းဂွတ် အဘအောင်မင်းခေါင် ဘာလဲ၊ ဘယ်လဲ

တတိယပွဲတော်ကတော့ မြန်မာ နှစ်သစ်ကူး အတာသင်္ကြန်ရက်များပဲ ဖြစ်ပါတယ်။ အဲဒီပွဲကတော့ ပုပ္ပား အမေမယ်ဝဏ္ဏရဲ့ပွဲ ဆိုပြီး သတ်မှတ် ပူဇော် ကျင်းပကြပါတယ်။

အခုတင်ပြခဲ့တဲ့ ပွဲတော်ကြီး (၃) ပွဲကတော့ ပုပ္ပားဒေသရဲ့ ထူးခြား ထင်ရှားတဲ့ ပွဲတော်များပဲ ဖြစ်ပါတယ်။

❑

ကျွန်ုပ်အနေနဲ့ လွန်ခဲ့တဲ့ (၁၇) နှစ်ခန့်က ရန်ကုန်တိုင်းဒေသကြီးမှာ တည်ရှိတဲ့ ဘုရား၊ စေတီတွေမှာ လှည့်လည် အမိဋ္ဌာန်တွေဝင်ဖြစ်ခဲ့ပြီး ၁၉၉၉ ခုနှစ် နှစ်ဦးပိုင်းမှာ ပုပ္ပားတောင်ကလပ်သို့ စတင် ရောက်ရှိ အမိဋ္ဌာန်ဝင်ဖြစ်ခဲ့ပါတယ်။ ပုပ္ပားကနေပြီး တစ်ပြည်လုံးမှာ ရှိတဲ့ တော၊ တောင်၊ ဘုရားတွေမှာ အလျဉ်းသင့်သလို လှည့်လည် အမိဋ္ဌာန်တွေဝင်ဖြစ်ခဲ့ပါတယ်။

ပုပ္ပားတောင် အဘအောင်ပွဲကို တော့ (၄၉) ကြိမ်မြောက်မှာ စတင် ရောက်ရှိ ပူဇော်ဖြစ်ခဲ့ပြီး (၅၄) ကြိမ်မြောက်ကစလို့ ခုနှစ်ရက်သားသမီးတွေ





www.burmeseclassic.com

www.burmeseclassic.com



ါန်းတဲ့ငွေနဲ့ အဘရဲ့ (၆"×၈") ဆိုဒ် တော်တွေနဲ့အတူ (၁၆ ချိုး ဆိုဒ်သေး) တ်ကမ်းစာအုပ်ငယ်တွေကို ဓမ္မဒါန ဖြစ် ဓာတ်ပဋ္ဌာန်းဖြန့်ဝေခဲ့တာ ဒီနှစ် ) နှစ်ပြည့်မှာ (၈) နှစ်ပြည့် (၈ ကြိမ် တ်) ရှိခဲ့ပါပြီ။

အဘရဲ့အောင်ပွဲရက် နီးလာရင် နဲ့ ပတ်သက်တဲ့ အကြောင်းအရာ တ် အရင်နှစ်တွေက ဆရာနွယ်ဦး င် စီစဉ် တည်းဖြတ်တဲ့ 'နေလ' ဂမ္ဘီရ ယ်ကြီးမှာ နှစ်စဉ် ရေးသား တင်ပြ ာ်ဖြစ်ခဲ့ပါတယ်။

အခု ဒီနှစ် (၆၁) ကြိမ်အောင်ပွဲ တိုင်မီ တစ်ရက်မှာ သူရဇ္ဇမဂ္ဂဇင်း ရဲ့ အဖွဲ့ဝင်အယ်ဒီတာတစ်ဦးဖြစ်တဲ့ ကျော်မင်းထွဋ်နဲ့ ပန်းဆိုးတန်းတစ်နေ ဆုံဖြစ်ပါတယ်။

အဲဒီမှာ ကိုကျော်မင်းထွဋ်က -

"ဆရာမင်းဂွတ်၊ အဘပွဲရက်နီး ပြီ၊ အဘနဲ့ပတ်သက်တဲ့အကြောင်း တွေ ဆောင်းပါးရေးပြီး သူရဇ္ဇကို ပါလား"

လို့ တွန်းအားပေး တောင်းဆိုလာ ကြောင့် အခုလို သူရဇ္ဇမဂ္ဂဇင်းကြီး ထမဆုံး ပါဝင်ရေးသားဖြစ်ခဲ့တဲ့ တ် ကျွန်ုပ်ကိုယ်တိုင်လည်း ဝမ်း ဂုဏ်ယူမိသလို ကိုကျော်မင်း သူရဇ္ဇအဖွဲ့သားများကိုလည်း ဘမှာပါလို့ ပြောပါရစေ။

❑







www.burmeseclassic.com

www.burmeseclassic.com

**အဘခေါင်နဲ့စတင်တွေ့ရှိခြင်း**

ကျွန်ုပ် ငယ်စဉ် ကလေးဘဝ (၁၂)နှစ်၊ (၁၃) နှစ်အရွယ်မှာ ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးစေတီလမ်း ချော်တွင်းကုန်းမှတ်တိုင်အနီးရှိ ချမ်းမြေ့ရိပ်သာကျောင်းမှာ နေထိုင်ကြီးပြင်းခဲ့ရပါတယ်။

ဒါကြောင့် ကျွန်ုပ်ငယ်ဘဝအစမှာ ဓမ္မနဲ့ စတင်ထိတွေ့ခွင့်ရခဲ့တာ ဝိပဿနာပဲ ဖြစ်ပါတယ်။ ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ကြီးရဲ့အုပ်ချုပ်မှုအောက်မှာ နေထိုင်ခဲ့ရလို့ မြတ်ဗုဒ္ဓရဲ့ဓမ္မများကိုသာ သင်ကြား နာယူ မှတ်သားခဲ့ရပါတယ်။

အဲဒီလိုနေခဲ့ရာမှ ၁၉၈၈ ခုနှစ်နောက်ပိုင်း မိမိဘဝလမ်းကြောင်းမှာ ရိပ်သာမှ ပြင်ပကို ရောက်ရှိ ဖြတ်သန်းရသောအခါ လောကီဂမ္ဘီရဆန်းကြယ်ဖြစ်ရပ်များကို စတင် စိတ်ဝင်စား လေ့လာမိပါတယ်။

ကျွန်ုပ်ဟာ လောကီနယ်မှာ လောကဓံ (၈) ပါးရဲ့ အထုအထောင်းရိုက်ပုတ်မှုများကို ကျင်လည်ကျက်စားရင်း ၁၉၉၈ ခုနှစ်တွင် ပဲခူး ဒေးစွန်းပါတောင်ခြေရှိ 'တတိယမျက်လုံး ဓမ္မသာလာ' ကို ရောက်ရှိကာ နေထိုင်စဉ် အဘရဲ့ မနောပေး စေညွှန်းချက်အရ ၁၉၉၉ ခုနှစ် နှစ်ဦးမှာ အဘ၏ ဓာတ်ပန္နက်ဌာနချုပ်ဖြစ်တဲ့ ပုပ္ပားတောင်ကလပ်ကို ရောက်ရှိခဲ့ပါတယ်။

**အဘအောင်မင်းခေါင်၏နောက်သို့ ခြေရာခံလိုက်ခြင်း**

ကျွန်ုပ်ဟာ ဂန္ဓာရီအဓိဋ္ဌာန်ဓမ္မခရီးများထွက်ခဲ့ရာ ပထမဓမ္မခရီးစဉ်မှာ အဘ ပထမံဘိုးဘိုးအောင်ရဲ့ ဓာတ်နဲ့ (၃)နှစ်ခန့် လျှောက်လှမ်းခဲ့ရပါတယ်။ ထိုစဉ်က ဝတ်စုံမှာ အပေါ်ဖြူ အောက်ဖြူ ဖြစ်တယ်။

အဘဘိုးဘိုးအောင်ရဲ့ ဓာတ်ဖြင့် လျှောက်လှမ်းနေရာမှ ၂၀၀၁ ခုနှစ် သာမညတောင်မှာ အဓိဋ္ဌာန်ဝင်နေစဉ် အဘဘိုးဘိုးအောင်မှ အဘအောင်မင်းခေါင်ထံ လက်လွှဲအပ်နှံလိုက်တဲ့အတွက် အဖြူဝမ်းဆက်မှ အညိုဝမ်းဆက်ပြောင်းကာ ဂန္ဓာရီခရီးများ ဆက်လျှောက်ဖြစ်ခဲ့ပါတယ်။

အဲဒီလို လျှောက်လှမ်းခဲ့ရာမှာ ကျွန်ုပ်ကို ကူညီ စောင့်ရှောက် လမ်းညွှန်ပေးခဲ့တဲ့ အဘဝိဇ္ဇာကြီးများမှာ အဘ ပထမံဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်၊ ရက်ကန်းစင်တောင်ဆရာတော် ဦးဩဘာသ၊ မဟိန္ဒရာဘိုးဘိုး၊ ဗားမဲ့ဆရာတော် စတဲ့ သူတော်စင်ပုဂ္ဂိုလ်မြတ်တွေပဲ ဖြစ်ပါတယ်။

*(ယခု အဓိကတင်ပြနေသည်မှာ အဘအောင်မင်းခေါင်နှင့်ပတ်သက်သည်များဖြစ်နေ၍ အဘ၏အကြောင်းအရာများကိုသာ ဦးစားပေး ရေးဖွဲ့ တင်ပြပေးသွားပါမည်။)*

ကျွန်ုပ်ရဲ့ ဂန္ဓာရီဓမ္မခရီးစဉ်များမှာ အဘအောင်မင်းခေါင် သာသနာပြု နေထိုင်ခဲ့တဲ့ နေရာဒေသများကို အဓိကထားပြီး သွားရောက် အဓိဋ္ဌာန်ဝင် လေ့လာမေးမြန်း မှတ်သားဖြစ်ခဲ့သည်ကများပါတယ်။

အဲဒီလို အဘအကြောင်း စုံစမ်းကာ မှတ်တမ်းတင်ခဲ့စဉ်က တွေ့ကြုံခဲ့ရတဲ့လူတွေဟာ အဘရဲ့ အထ္ထုပ္ပတ္တိအကြောင်းအရာတွေကို မိမိထင်ရာမြင်ရာ အတ္တနောမတိဖြင့် ကောင်း၊ ဆိုး နှစ်ဖြာကို ဝေဖန်ကြတဲ့နေရာမှာ မလိုသူဟာ မလိုသလို နှိမ့်ချ ပုတ်ခတ် စွပ်စွဲပြီး လိုတဲ့သူများကလည်း အပိုစကားနဲ့ မြှောက်ပင့် ပြောဆိုတတ်တဲ့သဘောရှိနေတာကို တွေ့မြင်ကြားသိခဲ့ရပါတယ်။

ကျွန်ုပ်အနေနဲ့ကတော့ အဲဒီလူမျိုးနှစ်စားထဲမှာ ကြားမှနေပြီး အဘရဲ့ အထ္ထုပ္ပတ္တိနဲ့ အဘရဲ့ ရည်ရွယ်ချက်၊ အဘရဲ့ ပါရမီဖြည့်ဘဝခရီးစဉ်တွေကို အမှန်ကန်ဆုံးနဲ့ အနီးကပ်ဆုံး မိမိကိုယ်တွေ့ဖြစ်စဉ်များနှင့်အတူ အခြားသူများရဲ့ ကိုယ်တွေ့မှတ်တမ်းများကို ရှာဖွေစုစည်းကာ သူရဇ္ဇပရိသတ်ကြီး အမှန်အတိုင်း သိစေဖို့အတွက် တင်ပြလိုက်ခြင်း ဖြစ်ပါတယ်။

ပရိသတ်ကြီးအနေနဲ့ ဘယ်အရာမဆို ကိုယ်ပိုင်ဉာဏ်ဖြင့် နှိုင်းချိန်စဉ်းစားခြင်း၊ စုံစမ်းလေ့လာခြင်း၊ ကိုယ်တွေ့လိုက်စားခြင်းများကိုပြုပြီးမှသာ အမှားအမှန်ကို ဝေဖန်စေလိုပါတယ်။

'လူပြောသူပြော ရော၍ပြော၊ သဘောဉာဏ်မမီ၊ အတည်ကျကျ ဘယ်အခါမှ ရကြ မရှိပြီ'

ဆိုတဲ့ စကားလို အများက ဖြူလို့ ဖြူလိုက်ကြပြီး မည်းရင် မည်းလိုက်ကြမယ်ဆိုရင် မိမိတို့ရဲ့ဘဝမှာ ဘယ်တော့မှ တိကျမှန်ကန်တဲ့လုပ်ငန်းများ၊ ဆရာကောင်းများ၊ တရားထူးတရားမြတ်များ တွေ့ကြရမှာမဟုတ်တဲ့အပြင် သာသနာနဲ့သတ္တဝါတွေအတွက် စေတနာကောင်းနဲ့ ဆောင်ရွက်နေကြတဲ့ သူတော်စင်ပုဂ္ဂိုလ်များကို မှားသောအမြင်နဲ့ ထိပါးပုတ်ခတ် ပြစ်မှားမိကြရင် မီးခဲကို ကိုင်မိတဲ့မျောက်လို ဆွေ့ဆွေ့ခုန် ပူလောင်ကာ လောကအပြစ်ဒဏ်ကို သံသရာမှာ ခံကြရမှာ မလွဲပါဘူး။

ဒီနေ့ခေတ်အခါမှာ အဘအောင်မင်းခေါင်ရဲ့သားတပည့် အမည်ခံကာလူပုဂ္ဂိုလ်၊ ရဟန်းဝတ်ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာဂိုဏ်းဆရာများဟာ သာသနာပြုအမည်ခံကာ မိုးတွင်းကာလ မှိုပေါက်သလို ပေါ်များလျက် ရှိနေပါတယ်။

လိမ်သူ၊ ညာသူ၊ မှန်ကန်သူနဲ့ အသွင်တူ၊ အမြင်တူ၊ အပြောအဟောလည်း တူနေတဲ့အတွက် အမှန်ဟာ ဘယ်လို၊ အမှားဟာ ဘယ်ပုံ ခွဲခြားသိစေလိုတဲ့အတွက် အဘရဲ့ (၆၁) နှစ်ပြည့်အောင်ပွဲမှာ ပူဇော် တင်ပြလိုက်ရပါတယ်။ သူရဇ္ဇပရိသတ်ကြီးလည်း ဝမ်းမြောက်ကျေနပ်ကြမှာပါ။

**ယုံချင်ယုံ၊ မယုံချင်နေ**

အဘရဲ့အကြောင်းအရာတွေကို ရေးဖွဲ့တင်ပြရာမှာ ရာဇဝင်၊ မဟာဝင်တို့မှာ မပါတဲ့ အကြောင်းအရာများဖြစ်နေလို့ 'မယုံဘူး' ဆိုသောသူများကို ယုံရမယ်လို့ မပြောလိုပါ။

ကျွန်ုပ်အနေနဲ့ ယခု ရေးဖွဲ့တင်ပြမယ့် အဘရဲ့အကြောင်းအရာများမှာ-

❑ အဘ ပုပ္ပားတောင်ကလပ်မှာ ရှိစဉ်ကာလက အဘကိုယ်တိုင် မိန့်ကြားခဲ့တဲ့ စကားများ -

❑ မန္တလေးတောင် မိုးထိတိုက် နတ်စလင်းကျောင်းဓာတ်စခန်းမှာ ဓာတ်စီးပြီး မိန့်ခဲ့တဲ့ စကားများကို အခြေခံထားကာ ရေးဖွဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။

**အဘကိုယ်တိုင်ပြောခဲ့တဲ့ အဘရဲ့အတိတ်ဘဝဇာတ်ကြောင်း**

မန္တလေးတောင်အနီးမှာရှိတဲ့ မိုးထိတိုက် နတ်စလင်းကျောင်း ဓာတ်နန်းတော်မှာ အတိတ်က ဝိဇ္ဇာဝင်ဇာတ်လမ်းကို အဘက ဒီလို မိန့်ကြားခဲ့ပါတယ်။

ငါဟာ ဂေါတမမြတ်ဗုဒ္ဓ မပွင့်ခင်ကတည်းက ပါရမီဖြည့်ဖို့အတွက် ယခု ရွှေတိဂုံဘုရားတည်ရှိတဲ့ သိင်္ဂုတ္တရကုန်းတော်ပေါ်မှာ ဒိဗ္ဗစက္ခုရှင်ရသေ့ကြီးအဖြစ်နဲ့ နေခဲ့ကြောင်း၊

အဲဒီအချိန်ကစတင်လို့ လောကီအဘိညာဉ်ဝိဇ္ဇာအတတ်နဲ့ မဟာဂန္ဓာရီဝိဇ္ဇာမယအတတ်ပညာတို့ကို သိမြင်ပေါက်ရောက်ကာ မိုရ်ချင်တိုင်းမိုရ်နေခဲ့ကြောင်း မိန့်ကြားခဲ့ပါတယ်။

အချိန်ကာလကိုပြောရရင် -

ဘိုးတော် အဥ္ဇနမင်းကြီး ကြွင်းတဲ့ မဟာသက္ကရာဇ် ၈၇ နှစ်မှာ



www.burmeseclassic.com

www.burmeseclassic.com

တ္တာရကုန်းတော်ပေါ်မှာရှိတဲ့ လမုပင် သန္ဓေတွယ်တဲ့ သန္ဓေသူ မယ်လမု တောက်ယူကာ သမီးအဖြစ်နဲ့ ကျွေး စောင့်ရှောက်ထားခဲ့ပါတယ်။

အဲဒီလိုနဲ့ သမီးတော် မယ်လမု နှစ်အရွယ်ရောက်တဲ့အခါ ဒိဗ္ဗစက္ခု ရသေ့ကြီးထံ နေ့စဉ် အခစားဖူးမြော် တော့လာတဲ့ သိကြားမင်းနဲ့ ယှဉ်ပါး သမီးတော် မယ်လမု ကိုယ်ဝန်ရရှိ ဥက္ကလာပ ဆိုတဲ့ မင်းသားကို ဖွား ခဲ့ပါတယ်။

ဥက္ကလာပမင်းသား အရွယ် ရောက်တဲ့အခါ ဒိဗ္ဗစက္ခုရှင်ရသေ့ကြီးနဲ့ ကြားမင်းတို့ တိုင်ပင်ကာ သာသနာပြု တောင်းမင်းမြတ်ဖြစ်အောင် ကူညီ မြှင့်တင် စောင့်ရှောက်ပေးခဲ့တယ် အဘနွတ်မှ မိန့်တော်မူခဲ့ပါတယ်။

အဲဒီနောက် မြတ်ဗုဒ္ဓ ဂေါတမ သခင် ပွင့်တော်မူလာတဲ့အခါ ဒိဗ္ဗ ရှင်ရသေ့ကြီးမှ သာသနာတော် တွင်းသို့ ဝင်ရောက်ခဲ့ပြီး မိထွေးတော် တမီ သက်နီးလှူတဲ့အခါ 'အဇိတ သာမဏေ' ဆိုတဲ့ အမည်နဲ့ မြတ်ဗုဒ္ဓထံ ဗျာဒိတ်ခံယူတော်မူခဲ့တယ်လို့ မိန့် ခဲ့ပါတယ်။

*(မှတ်ချက်-ထိုအဇိတသာမဏေ သည် မည်သည့်အမျိုးအနွယ်၊ မည်သူ၏ စသည်ဖြင့် ထင်ရှားတော်မမူဘဲ တရအနေဖြင့် ဗျာဒိတ်ခံယူတော် သည်။*

*အချို့သော စာစောင်တို့၌ အဇာ သတ်၏သားဖြစ်သည်ဟူ၍ ဆိုသည်။ ရာတွင် မိထွေးတော်ဂေါတမီ သင်္ကန်း န်းသော အချိန်ကာလတွင် အဇာ သတ်၌ သာမဏေဖြစ်နိုင်သော သား ရွယ် မရှိနိုင်သေးကြောင်း ဇမ္ဗူမိတ် တိတ်-ရိုက် ဗုဒ္ဓဝင်တတိယတွဲနောက် တွင် ပါရှိသော 'အနာဂတဝင်' ကျမ်း ဖြတ်ပိုင်းခြား၍ထားသည်။)*

မြတ်ဗုဒ္ဓ ခန္ဓပရိနိဗ္ဗာန်စံသွားတဲ့ အခါ သာသနာတော်မှထွက်ကာ ရသေ့ ဘွင်ကို ပြန်ယူပြီး ဒိဗ္ဗစက္ခုရှင်ရသေ့ ညီနဲ့ပဲ တောထွက်တော်မူပါတယ်။

အဲဒီလိုရသေ့အဝတ်နဲ့တောထွက် တော်မူပြီးတဲ့နောက် မြန်မာနှစ် ၁၀၁ ရောက်တဲ့အခါ စူဠသမ္ဘဝ၊ မဟာ သမ္ဘဝညီနောင်နှစ်ယောက်ရဲ့သားဖြစ်လို့ ဘောင် (၀၁) အဘနှစ်ယောက်ရှိတဲ့ တ် ဒွတ္တဘောင်အမည်ရှိတဲ့ မင်း ကို ဒိဗ္ဗစက္ခုရသေ့ကြီး အမှူးရှိတဲ့ ဦးသော သူမြတ်တို့က ထီးသစ်နန်း တည်စိုက်ပေးကာ သာသနာပြုမင်း







ဖြစ်အောင် ကူညီ စောင့်ရှောက်ပေးခဲ့ ကြောင်း -

အဘနွတ်မှ မိန့်ကြားခဲ့ဖူးပါတယ်။

အဲဒီဒွတ္တဘောင်မင်းကြီးရဲ့လက် ထက်မှာ ကပ္ပာလင်္ကာရအမည်ရှိတဲ့ ဝိဇ္ဇာ မယ်ကျမ်းကြီးကို ကြေးပုရပိုက်ပေါ်မှာ လက်နဲ့မရေးဘဲ မနောမယိဒ္ဓိတန်ခိုးနဲ့ ရေးသားခဲ့တယ်လို့ မိန့်တော်မူခဲ့ပါတယ်။

သက္ကရာဇ် ၁၀၁ ခုနှစ်လောက်က ရေးသားခဲ့တဲ့ အဲဒီကပ္ပာလင်္ကာရကျမ်း ကြီးဟာ သက္ကရာဇ် ၆၉၁ ခုနှစ် သုပညာ နဂရဆိန္ဓမင်းကြီး လက်ထက်ရောက်မှ လူတို့ရဲ့နယ်ပယ်ကို တစ်စိတ်တစ်ဒေသ ပျံ့နှံ့ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

**ကပ္ပာလင်္ကာရကျမ်းနိဂုံးမှ**

ရှေးက သီရိခေတ္တရာပြည်လို့ ခေါ်ခဲ့တဲ့ ယနေ့ပြည်တို့ရဲ့ အရှေ့ဘက် နှစ်ယူဇနာရှိတဲ့အရပ်မှာ ဆင်ဦး



www.burmeseclassic.com

www.burmeseclassic.com

တူတဲ့ ကျောက်ဂူကို ဒိဗ္ဗစက္ခုရသေ့ကြီး နေခဲ့တဲ့နေရာလို့ ရှေးသူဟောင်းတို့ အဆက်ဆက်ဆိုခဲ့ကြပါတယ်။

အဲဒီဂူရဲ့ အနီးမှာရှိတဲ့ တောမှာ သက္ကရာဇ် ၆၁၉ ခုနှစ်မှာ 'သုပညာနဂရ ဆိန္န' အမည်ရှိတဲ့မင်းရဲ့ ရာဇသကြန် အမတ်ကြီးဆောက်တဲ့ကျောင်း ရှိနေပါတယ်။

ဒီကျောင်းမှာ ဥတ္တမသီရိမထေရ် နေပါတယ်။ နှစ်ပေါင်းများစွာကြာတဲ့ အခါ ကျောက်ဂူပြိုခဲ့ရာမှ ကျောက်သေတ္တာနဲ့ ကြေးပုရပိုက်ဟာ ပေါ်လာခဲ့ပါတယ်။ ကျောင်းကို ယူဆောင်ကာ ချဉ်ရှည်နဲ့ပွတ်ဆေးကြည့်တဲ့အခါ အံ့ဖွယ် ထူးခြားစွာ အက္ခရာတွေ ပေါ်လာပါတယ်။

အဲဒီအက္ခရာတွေကို ကြေးပုရပိုက်ကနေ ထုတ်နုတ်လို့မပြီးခင်မှာ လေပြင်းတိုက်ခတ်လာပြီး မိုးကောင်းကင်မှာလည်း တိမ်ညိုများ ဖုံးလွှမ်းလာကာ မိုးကြိုးထစ်ချုန်းသံများ မြည်လာပြီး ညဥ့်သန်းခေါင်ယံအချိန်လို အမှောင်ထုဖုံးလာကာ အဲဒီကြေးပုရပိုက်လည်း ပျောက်ကွယ်သွားပါတယ်။

ရှင်ဥတ္တမသီရိမထေရ်ဟာ တစ်ပိုင်းတစ်စရခဲ့တဲ့ကျမ်းကို ကြေးပုရပိုက်မှ ပေထက်သို့ ဂါထာမဖက် စုဏ္ဏိယသက်သက်နဲ့ ကူးထားခဲ့ပါတယ်။

အဲဒီကျမ်း နှစ်ပေါင်းများစွာ တိမ်မြုပ်နေခဲ့ရာမှ တောင်တွင်းအကျော် အတုလဆရာတော် ခင်ကြီးဖျော် လက်ထက်ရောက်မှ ပုဒ်ပါဌ်အက္ခရာပြင်ဆင်ကာ အနက်မြန်မာပြန်ဆိုခဲ့ပါတယ်။

**ပါရမီဖြည့်ဘဝခရီး**

အဘဟာ သီရိခေတ္တရာပြည် ဒွတ္တဘောင်မင်းကြီးလက်ထက်မှာ ဒွတ္တဘောင်မင်းကြီးကို အကြောင်းပြုကာ သာသနာတော်ကို ကူညီစောင့်ရှောက်ခဲ့ပါတယ်။

အဲဒီနောက် သီရိဓမ္မာသောကမင်းကြီးလက်ထက်မှာ လည်းကောင်း၊ ဒုဋ္ဌဂါမဏိမင်းကြီးလက်ထက်မှာ လည်းကောင်း၊ ဝဋ္ဋဂါမဏိမင်းကြီးလက်ထက်မှာ လည်းကောင်း အဘဟာထင်ရှားတဲ့ အမည်ကို မခံယူဘဲ ဒိဗ္ဗစက္ခုရှင်ရသေ့ကြီးအဖြစ်နဲ့ အတွင်းလမ်းကနေ ကူညီစောင့်ရှောက်ခဲ့ကြောင်း မိန့်ကြားတော်မူခဲ့ပါတယ်။

အထက်ဖော်ပြပါ မင်းများလက်ထက်မှာ အဘဟာ အထင်အရှား သာသနာတော်အတွင်းသို့မဝင်ဘဲ မထင်ရှားတဲ့အသွင်နဲ့ အတွင်းလမ်းကနေ ကူညီစောင့်ရှောက်ခဲ့တယ်ဆိုတာကို ရှင်းပြရရင် အဲဒီမင်းများ သာသနာပြုရာမှာ မတိမ်းစောင်းရလေအောင်၊ အေးဥပဒ်အန္တရာယ်များကနေ ကင်းလွတ်အောင်၊ အစစအရာရာ အဆင်ပြေ အောင်မြင်အောင် တန်ခိုးအားနဲ့ကူညီစောင့်ရှောက်တာကို ဆိုလိုပါတယ်။

အဘဟာ ပုဂံခေတ်ကာလမှာ -

□ အနော်ရထာမင်းကြီးရဲ့ သာသနာပြုဆောင်ရွက်ချက်များ၊

□ ကျန်စစ်မင်းကြီးရဲ့ သာသနာပြုဆောင်ရွက်ချက်များ၊

□ မဏိစည်သူမင်းကြီးရဲ့ သာသနာပြုဆောင်ရွက်ချက်များမှာ သာသနာတော်သို့ ဝင်တော်မူပြန်ကာ 'ရှင်အရဟံ' အမည်နဲ့ ကူညီစောင့်ရှောက်ခဲ့တယ်လို့ မိန့်ကြားတော်မူပါတယ်။

*(မှတ်ချက် - ရှင်အရဟံမထေရ်အား ရာဇဝင်ဆရာတို့သည် ရဟန္တာမထေရ်ဟု မှတ်တမ်းတင်ကြသော်လည်း ကျန်စစ်မင်းကြီးလက်ထက်တွင် စီရင်ရေးသားသော 'နမောတဿရုပ်ရှင်လမ်း' ဖြစ်သော အင်္ဂုရတ်ကျမ်း၌ ရှင်အရဟံမထေရ်ကို ဈာန်ရပုဂ္ဂိုလ်ဟုသာ အတိအလင်း ဖော်ပြထားပေသည်။*

*၎င်းနမောတဿ ရုပ်ရှင်လမ်းဖြစ်သော အင်္ဂုရတ်ကျမ်း၌ ကျန်စစ်မင်းကြီးသည် ရှင်အရဟံမထေရ်အား လောကီဝိဇ္ဇာမယအတတ်ပညာဖြင့် စီမံထားသော ပြဒါးရှင်လုံးကို စီမံပေးပါရန် လျှောက်ထား တောင်းပန်ရာ ရှင်အရဟံမထေရ်သည် စကြဝဠာတတ်တိုင်း၌ နတ်ကြီးငါးပါးတို့ ဘုရားရှိခိုးသော နမောတဿကို ကူးယူ၍ နက္ခတ်အင်းဖြင့် စီမံသော ပြဒါးရှင်လုံးတစ်ခုကိုလုပ်၍ ကျန်စစ်မင်းကြီးအား ပေးထားသည်ဟု ပါရှိလေသည်။*

*၎င်းနောက် သမီးတော် ရွှေအိမ်စည်နှင့် အိန္ဒိယမှ သင်္ဘောဖြင့် ကုန်ရောင်းလာသော ပဋ္ဋိက္ကရားမင်းသားတို့ ယှဉ်ပါးလာရာ ထိုပြဒါးရှင်လုံးကို သမီးတော်က ခိုးယူ၍ ပဋ္ဋိက္ကရားမင်းသားအား ပေးလိုက်ကြောင်း၊ ထို့ကြောင့် ပဋ္ဋိက္ကရားမင်းသားသည် ထိုပြဒါးရှင်လုံးကို ငုံ၍ ကောင်းကင်ခရီးဖြင့် ပျံသန်းနိုင်ကြောင်း ပါရှိလေသည်။)*

အဲဒီလို လောကီအတတ်ပညာတွေကို စီမံပြုလုပ်တာကိုထောက်သော အားဖြင့် ရှင်အရဟံဟာ အာသဝေါကင်းတဲ့ ရဟန္တာမဟုတ်ကြောင်း ထင်ရှားပါတယ်။

အဲဒီကျမ်းမှာ -

*□ ဈာနရှင်ပျံ၊ ထေရ်အရဟံသည် ဈာန်ယာဉ်ပျော်မွေ့၊ ဖော်ရသေ့ဖြင့် ဘုန်းပော့မြတ်စွာ၊ သာသနာကို ရှည်ပါစေဟု၊ အကြောင်းပြု၍ ကရုဏာမေတ္တာ၊ ထားခဲ့ရှာသည် ကျမ်းမှာအစ နမောက. . .*

လို့ စီကုံးထားခဲ့ပါတယ်။

ဒီကျမ်းအရ ပြောရရင် အဘ အောင်မင်းခေါင် မိန့်ကြားခဲ့တဲ့ စကားတွေကို ယုံကြည်သင့်ပါတယ်။

အဲဒီနောက် အဘဟာ ရှေးက ဟံသာဝတီ တလိုင်းပြည်လို့ ခေါ်ခဲ့တဲ့ ယခု ပဲခူးမှာ ဓမ္မစေတီမင်းကြီးအဖြစ်နဲ့ ကိုယ်တိုင် သာသနာပြုခဲ့တယ်လို့ မိန့်ကြားခဲ့ပါတယ်။

အဲဒီ ဓမ္မစေတီမင်းကြီးဟာ ပိဋကတ်သုံးပုံနဲ့တကွ ဗေဒင်သုံးပုံကျမ်းအစ်ကို အာဂုံရ တစ်ဖက်ကမ်းပေါက်ရောက်တော်မူကာ ပိဋကတ္တယပါရဂူ၊ ဗေဒတ္တယပါရဂူဖြစ်တော်မူပြီး နောက်ဆုံးမှာ ထွက်ရပ်သို့ ကြွမြန်းတော်မူတယ်လို့ တလိုင်းရာဇဝင်မှာ ဆိုပါတယ်။

အမှန်စင်စစ် ဓမ္မစေတီမင်းကြီးဟာ မင်းအဖြစ်ကို ရောက်တော်မူမှ ဝိဇ္ဇာမယအတတ်နဲ့ ပြည့်စုံတာ မဟုတ်ဘဲ နဂိုကတည်းက တတ်မြောက်ထားပြီးသား ဖြစ်ပါတယ်။

အဲဒီဘဝက ကျေးဇူးရှင်ဖြစ်ခဲ့တဲ့ မိဖုရား စောပုမယ်ကို အင်းဝဘုရင်က သိမ်းယူသွားတဲ့အခါ ကယ်တင်ဖို့အတွက် ရှင်ဓမ္မရေ၊ ရှင်ဓမ္မဉာဏ ညီနောင်နှစ်ပါးတို့ရဲ့ အသွင်ကိုယူကာ အင်းဝဘုရင် ကိုးကွယ်တဲ့ ဖားမဲ့ဆရာတော်ထံမှာ ပညာလာသင်တဲ့အနေနဲ့ ရောက်လာကြပါတယ်။

ဖားမဲ့ဆရာတော်ထံမှာ လျှို့ဝှက်စွာနေကြပြီး နန်းတော်သို့ဆွမ်းခံဝင်တာ မိဖုရား စောပုမယ်နဲ့ ဥပါယ်တံမျဉ် တွေ့ဆုံချိန်းပြီး နန်းတွင်းမှ ခိုးယူကယ်တင်ကာ စီမံထားတဲ့ လောင်းလှေနဲ့ အောက်ပြည် ဟံသာဝတီ ပဲခူးသို့ ပြေးကြပါတယ်။

ပဲခူးရောက်တဲ့အခါ မောင်တော် ဟံသာဝတီဘုရင်နဲ့ အတူနေပါတယ်။ မောင်တော်ဗညား ကွယ်လွန်တဲ့အခါ မိဖုရား စောပုမယ် ဘုရင်မကြီးအဖြစ် ရောက်တော်မူပါတယ်။ ကျေးဇူးရှင်များ ဖြစ်ကြတဲ့ ရှင်ဓမ္မရေ၊ ရှင်ဓမ္မဉာဏ (သို့) ဓမ္မစေတီ၊ ဓမ္မပါလ သာမဏေနှစ်ပါးကို နန်းဦးမှာထားပြီး ကိုးကွယ် ဆည်းကပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မကြီး ရှင်စောပုဟာ မင်းဖြစ်ထိုက်သူကို မင်းအဖြစ် တင်မြှောက်ဖို့အတွက် အဓိဋ္ဌာန်နဲ့ ပွဲတော်အုပ်နှစ်ခုမှာ တစ်ခုကို မင်းဝတ်တန်ဆာထည့်ကာ တစ်ခုမှာ ဆွမ်းဟင်းလျာထည့်ပြီး ဓမ္မစေတီနဲ့ ဓမ္မပါလ သာမဏေနှစ်ပါးထံ ဆက်သွတ်တော်မူကာ မိမိတို့ကြိုက်ရာကို ယူဆောင်စေပါတယ်။

အဲဒီနောက် သာမဏေနှစ်ပါးမှ ပွဲတော်အုပ်ကိုဖွင့်ကြလေရာ ဓမ္မစေတီအတွက် မင်းဝတ်တန်ဆာရပြီး ဓမ္မပါလအတွက် ဆွမ်းဟင်းများ ရရှိပါတယ်။

ဒီအကြောင်းကို ဘုရင်မကြီး ရှင်စောပု သိတဲ့အခါမှာ ဓမ္မစေတီရှင်သာမဏေအား လူဝတ်လဲစေကာ သမီးတော်နဲ့ ထိမ်းမြားပြီး ထီးနန်းကို လွှဲအပ်တော်မူပါတယ်။ ဓမ္မစေတီသာမဏေကနေ မင်းအဖြစ်သို့ ရောက်တဲ့အခါ ဓမ္မပါလကို မင်းဆရာအဖြစ်နဲ့ ...ဦးမှာထားတော်မူပါတယ်။

ဓမ္မစေတီ မင်းဖြစ်တာနဲ့ပတ်သက်ပြီး ဓမ္မဉာဏ (ခ) ဓမ္မပါလက မကျေနပ်...တာ ဘိုးသူတော်အဂ္ဂနဲ့ တိုင်ပင်ပြီး ဓမ္မစေတီမင်းကို လုပ်ကြံဖို့ ကြိုးပမ်းလာပါတယ်။

သူတို့ရဲ့အကြံအစည်ကို ဓမ္မစေတီမင်းကြီး သိကာ ဘဝသံသရာမှာ နစ်မွန်း...လို့ နောင်သံသရာ ဖြစ်လေရာဘဝတိုင်း ငါကယ်တင်မည် ဆိုတဲ့ သစ္စာအဓိဋ္ဌာန်ဖြင့် ဓမ္မပါလနဲ့ ဘိုးသူတော်...တို့ရဲ့ အတတ်ပညာများကို ဖျက်ဆီးပစ်လိုက်ပါတယ်။

အခုတင်ပြခဲ့တဲ့ အကြောင်းအရာတွေကို ကသာမြို့ ပန်းထိမ်တန်းရပ်...ောင်ပန်း ဆီစက်ပိုင်ရှင် ဦးကိုကြီး၊ ...ကြည်တို့အိမ်မှာ ၁၃၀၀ ပြည့်နှစ်က ...သာလာစခန်းဖွင့်ခဲ့စဉ်က အဘအောင်မင်းခေါင်ကိုယ်တိုင် အတိတ်...လမ်းကို မိန့်ကြားတော်မူခဲ့ပါတယ်။

*မှတ်ချက် - ဓမ္မစေတီ၊ ဓမ္မပါလ သာမဏေနှစ်ပါးတို့ဟာ မည်သည့်မျိုးရိုး...နွယ်မှ ဆင်းသက်လာခဲ့သည်၊ မည်...၏ သားဖြစ်သည် ဟူ၍ မည်သည့်...ဝင်မှ အတိအလင်း မပါရှိပေ။*

*ဤကဲ့သို့ ဇာတ်မြုပ်နေရခြင်းမှာ ...ရှင်ရသေ့ကြီးဘဝမှ သာသနာပြု...ကြီးအတွက် အကြောင်းကိစ္စအား ...ရုပ်ခွဲကူး၍လာခြင်းကြောင့် ...ပျောက်နေခြင်း ဖြစ်လေသည်။*

*ဓမ္မစေတီမင်းကြီးသည် ပိဋကတ်...ကျင်၍ သံဃာတော်များကို ပိဋကတ်စာပေပို့ချပေးခြင်းပြုတော်မူသည်။*



*ဓမ္မစေတီမင်းကြီးလက်ထက်မှာ သာသနာတော်မစင်ကြယ်သဖြင့် ရဟန်းအားလုံး လူဝတ်လဲစေပြီး သီဟိုဠ်သို့ ပို့တော်မူကာ ကလျာဏီမြစ်ရေသိမ်မှာ ကံအသစ်ထပ်၍တင်ခြင်း၊ ပဲခူး ဟံသာဝတီ တလိုင်းပြည်တွင် သိမ်အသစ်များ သမုတ်ခြင်း စသော သာသနာသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့သည်။*

*(ကလျာဏီကျောက်စာ)*

စာကြွင်း ။ ။ ဓမ္မစေတီမင်းကြီးလက်ထက်တွင် သီဟိုဠ်(သီရိလင်္ကာ)သို့ ကြွတော်မူခဲ့သော ရဟန်းတော်တို့အထဲတွင် ပါဝင်သော ရှင်ဗုဒ္ဓဃောသမထေရ်သည် ဝါရှုရီဓမ္မသတ်ကို မြန်မာဘာသာ ပြန်ဆိုခဲ့ပြီး ဓမ္မစေတီတရားစီရင်ထုံးကို 'ဓမ္မစေတီဖြတ်ထုံး'လို့ ပြုစုထားကြောင်း ရာဇဝင်မှာ ဆိုထားပါတယ်။

**အဘအောင်မင်းခေါင် ဆိုတာ**

ဒီနေ့ခေတ်အခါမှာ အဘအောင်မင်းခေါင်၊ အဘဘိုးမင်းခေါင် ဆိုပြီး အဘဟာ ကျော်စောထင်ရှားလျက် ရှိပါတယ်။ အချို့က အဘကို သက်တော် (၅၀၀) ကျော်ပြီ၊ တချို့ (၁၀၀၀) ကျော်ပြီ ဆိုပြီး အမျိုးမျိုး ဝေဖန် ရေးသားပြောဆို ငြင်းခုံလျက် ရှိနေကြပါတယ်။

အချို့ကလည်း အဘကို အင်းဝမင်းခေါင်ဘဝက ထွက်ရပ်ပေါက်သွားတဲ့ အင်းဝမင်းခေါင်ကြီးဆိုပြီး ထင်မှတ်ပြောဆိုနေကြပါတယ်။

အမှန်စင်စစ်ပြောရရင် အင်းဝမင်းခေါင်နဲ့ အဘအောင်မင်းခေါင်ခေါ်ဘိုးမင်းခေါင်ဟာ ပုဂ္ဂိုလ်တစ်ဦးစီသာ ဖြစ်ပါတယ်။

အင်းဝမင်းခေါင်ဟာလည်း ဝိဇ္ဇာမယအတတ်ပညာလိုက်စားကာ နောက်ဆုံးမှာ နန်းပေါ်ကပျောက်သွားလို့ 'မင်းပျောက်ကြီး' ဆိုပြီး အချို့ရာဇဝင်ဆရာတွေက မှတ်တမ်းတင်ကြပါတယ်။

ယခု အများဆည်းကပ်ကိုးကွယ်ပူဇော်နေတဲ့ ပုပ္ပားတောင်ကလပ်မှာ စံမြန်း သီတင်းသုံးတော်မူခဲ့တဲ့ အဘဘိုးတော် အောင်မင်းခေါင်ကြီးဟာ လူသားစင်စစ်ကေန်မဟုတ်ဘဲ လူ့လောကနတ်နယ်မှာ ဒြပ်အထည်အမျိုးမျိုးပြောင်းလဲကာ သာသနာပြု ပါရမီဖြည့်နေတဲ့ အလောင်းတော် နတ်သား၊ နတ်ဝိဇ္ဇာကြီးတစ်ဦးသာ ဖြစ်ပါတယ်။

**အဘဘဝဇာတ်ကြောင်းပြန်**

၁၃၀၇ ခုနှစ်၊ ပြာသိုလ ပုပ္ပားတောင်ကလပ်မှာ အဘရဲ့နှုတ်မှ -

"ငါဟာ ရုပ်ကို မသုံးဘူး၊ နာမ်ကို သုံးတယ်။ ငါဟာ ဥက္ကလာပမင်းကြီးလက်ထက်ကစပြီး မိုရ်ချင်တိုင်းမိုရ်နေခဲ့တာ။ အလောင်းတော်နတ်သားလည်း ငါပဲ၊ သိကြားလည်း ငါပဲ၊ ဘိုးဘိုးအောင်လည်း ငါပဲ၊ ဘိုးမင်းခေါင်လည်း ငါပဲ"

လို့ ဖွင့်ဟ မိန့်ကြားခဲ့ပါတယ်။

အဲဒီလို ဝန်ခံ မိန့်ကြားတဲ့အတိုင်းလည်း ယုံကြည် ကိုးစားထိုက်တဲ့ ဂုဏ်ကျေးဇူးများ၊ သတ္တိထူးများ ရှိပါတယ်။

'ရုပ်မသုံးဘူး၊ နာမ်သုံးတယ်'

ဆိုတဲ့ စကားအတိုင်းလည်း ယခုဆောင်ယူထားတဲ့ ရုပ်ကြီးဟာ အဘအောင်မင်းခေါင်ရဲ့ရုပ်အစစ်မဟုတ်ဘဲ ပုပ္ပားတောင်အနီး ကျောက်ပန်းတောင်းနဲ့ မိတ္ထီလာကြားမှာရှိတဲ့ တောင်ဦးဆိုတဲ့ ရွာကြီးကနေ အတွင်း (၇) မိုင်ခန့်ရှိတဲ့ စင်မြင့်ရွာမှ အဘအမည် ဦး...အမိအမည် ဒေါ်မင်းသစ်တို့ရဲ့သား ...အမည် ဦးမင်းအောင်၊ ...



www.burmeseclassic.com

www.burmeseclassic.com

ဦးအာစိဏ္ဏရဲ့ရုပ်အခွံကိုယူကာ ဆောင်ထားခြင်းသာ ဖြစ်ပါတယ်။

ယခု မြင်တွေ့နေရတဲ့ ခေါင်းတုံးငေါ၊ တိုက်ပုံ၊ ပုဆိုးကွက်တုံးကြီးနဲ့ ရုပ်အခွံကြီးကို ၁၂၅၀ ပြည့်နှစ်မှစပြီးဆောင်ယူထားတယ်လို့ မိန့်ကြားဖူးပါတယ်။

**ဦးအာစိဏ္ဏ၏ရုပ်ကို ဆောင်ယူသွားပုံ**

ဘုန်းတော်ကြီး ဦးအာစိဏ္ဏရဲ့ ရုပ်ကိုဆောင်ယူသွားပုံကို တင်ပြရရင် -

ဦးအာစိဏ္ဏ သက်တော် (၃၅)နှစ်အရွယ်မှာ ရောဂါဝေဒနာများ စွဲကပ်ပြီး အသည်းအသန် နေမကောင်းဖြစ်ကာ (၃) ရက်ခန့် မေ့မြောသွားပါတယ်။ အဲဒီလို မေ့မြောသွားပြီး (၄) ရက်မြောက်နေ့မှာ ကောင်းမွန် ကြည်လင်စွာ ပြန်လည်သတိရကာ မကြာမီမှာ အကောင်းပကတိဖြစ်ပြီး ရောဂါဝေဒနာများ ပျောက်ကင်းသွားပါတယ်။

ရောဂါများ ပျောက်သွားပေမယ့် ရှေးယခင်ကလို စကားများများမပြောတော့ဘဲ အမြဲစဉ်းစားနေတဲ့လက္ခဏာတွေ့ရပါတယ်။ အဲဒီလို (၂) လ၊ (၃)လလောက်နေပြီး အဘက သူ့ရဲ့ ဆွေမျိုးမိဘများကို ခေါ်ပြောတာက -

"ငါ့တူကလေးတွေ ရှင်ပြုစရာရှိတယ်။ ငါအောက်ပြည်ကိုသွားဦးမယ်"

လို့ မိန့်ကြားပြီး ထွက်ခွာသွားပါတယ်။

ထွက်ခွာသွားတာ (၃)နှစ်ခန့်ကြာပြီးနောက် တစ်ဖန် စင်မြင့်ရွာကိုပြန်လာတဲ့အချိန်မှာ အဘရဲ့ထူးခြားချက်များကို တွေ့မြင်ရပါတယ်။

တောထဲမှာ ယုန်ကလေးများကို လက်ဖျောက်တီးပြီးခေါ်ရင် လာတာတွေ့ရပါတယ်။ သမင်၊ ဒရယ်၊ ချေ စတဲ့ တောတိရစ္ဆာန်များ အဘရဲ့ထံပါးမှာ ခစားတဲ့အနေနဲ့ လာရောက်ကြတာ တွေ့မြင်ရပါတယ်။

သိပ်မကြာမီမှာ -

"ငါအထက်ကိုသွားဦးမယ်"

လို့ ပြောကာ ထွက်ခွာသွားပြန်တယ် ဆိုတာ အဘရဲ့ လက်ရှိ ရုပ်ကြီးရဲ့ မိဘဆွေမျိုးများထံမှ တစ်ဆင့်စကားပြောကြားတာကို မှတ်သားရဖူးပါတယ်။

*(မှတ်ချက်။ ။ ဦးအာစိဏ္ဏဟာ ရောဂါဝေဒနာနဲ့ မေ့မြောနေစဉ်မှာ ဦးအာစိဏ္ဏရဲ့နာမ်စိတ်ဟာ ဇာတရား အတိုင်း ဘဝတစ်ပါးပြောင်းသွားပြီ ဖြစ်ပါတယ်။*

*နောက်တစ်ဖန် ပြန်လည် သတိရ ပြီး ထလာတဲ့အချိန်မှစပြီး အလောင်း တော်နတ်သား နတ်ဝိဇ္ဇာကြီးဝင်နေပြီ ဖြစ်လို့ အလောင်းတော် (ဝါ) အဘ အောင်မင်းခေါင်ရဲ့နာမ်ဓာတ်သာ ဖြစ် ပါတော့တယ်။)*

အဲဒီလို ဦးအာစိဏ္ဏရဲ့ရုပ်ခွံကို ယူဆောင်ပြီး အောက်နယ်ဘက် သွားပါ တယ်။ အောက်နယ်မှ ပြန်လာပြီး အထက်နယ်သို့လျှောက်လာရာ -

စစ်ကိုင်းမြို့ သစ္စာရဘုရားအနီး ခဝဲတောင်၌ လည်းကောင်း၊

မန္တလေးမြို့ နန်းတော်ကျုံးအတွင်း မင်္ဂလာတံခါးအနီး၌ လည်းကောင်း၊

ထီးချိုင့်ညောင်ပင်သာရွာ၌လည်း ကောင်း၊

ရွှေလည်နယ် မိုးမှောင်ကျတောင် သီတာချောင်၌ လည်းကောင်း၊

တရုတ်ပြည်မြောက်ပိုင်း မန်ချူ ရီးယားနယ်၌ လည်းကောင်း၊

ရုရှားပြည်၌ လည်းကောင်း၊

အိန္ဒိယပြည်၌ လည်းကောင်း၊

အသီးသီး (၃) နှစ်စီ၊ (၄) နှစ်စီ စသည်ဖြင့် နေထိုင်ပြီး ဓာတ်ပန္နက်များ ကို ချပျိုး စိုက်ထူကာ နောက်ဆုံးတွင် မြန်မာပြည်တွင်းသို့ ပြန်ဝင်ကာ ကချင် တောင်၊ နန့်စီးအောင်၊ နမ္မားခရုချောင်း ဒေသများသို့ ရောက်ရှိကာ အနာဂတ် သာသနာရေးများကို ကြိုတင်စီမံဆောင် ရွက်တော်မူပါတယ်။

အဘဟာ စင်မြင့်ရွာမှ ထွက်ခွာ သွားပြီးတဲ့နောက် ထီးချိုင့် ညောင်ပင် သာရွာ ရောက်တဲ့အခါ သင်္ကန်းဝတ်ကို ချွတ်ပြီး လူဝတ်အသွင်ပြောင်းကာ မင်း ခေါင် ဆိုတဲ့အမည်ကို ခံယူပါတယ်။

အရပ်ရပ်နယ်ပယ်ဒေသများ လှည့်လည်ပြီး နမ္မားခရုချောင်းကို ၁၂၉ ပြည့်နှစ်မှာ ရောက်တော်မူပြီး နမ္မား (၁၀) နှစ် သီတင်းသုံးတော်မူကာ ပု တောင်ကလပ်ကို ၁၃၀၀ ပြည့်နှ တပေါင်းလမှာ ရောက်တော်မူပါတယ်။

အဘအောင်မင်းခေါင်ကြီးအား အင်္ဂလိပ်လက်ထက်က အစိုးရများ စုံထောက်များဖြင့် စုံစမ်းထောက်လှမ်း လျက် ရှိပါတယ်။

အဘ-တောင်ကလပ်သို့ ရော တဲ့အခါ ကျောက်ပန်းတောင်းက ထောက်ပုလိပ်များက-

"ဘိုးတော်၊ ဘယ်အရပ်သား

လို့ မေးတဲ့အခါ-

"စင်မြင့်ရွာက"

လို့ ဖြေပါတယ်။









www.burmeseclassic.com

www.burmeseclassic.com

"အဖေ၊ အမေနာမည် ဘယ်လို ခေါ်သလဲ"

လို့ မေးတဲ့အခါ-

"အဖေ ဦးမောင်ပု၊ အမေ ဒေါ်မင်းသစ်"

လို့ ဖြေဆိုပါတယ်။

အဲဒီနောက် မကြာခင်မှာပဲ အဘ ပုပ္ပားတောင်ကလပ်သို့ရောက်နေကြောင်းကို အဘရဲ့ညီအစ်ကိုမောင်နှမ ဆွေမျိုးများ သိသွားကြကာ လာရောက်ပြီး ငိုယိုလျက် ခေါ်ကြပါတယ်။

အဲဒီလိုခေါ်တဲ့အခါ အဘက -

"မဟုတ်ဘူးလေ။ ငရဲကြီးတတ်တယ်၊ ငရဲကြီးတတ်တယ်"

လို့ ပြောနေပါတော့တယ်။

အဲဒီအခါ အဘအနားမှာနေတဲ့ တပည့်ကြီး ဦးစံဘ ဆိုသူက -

"အဘဘုရား၊ အခု အဘကိုလာခေါ်ကြတဲ့ စင်မြင့်ကဆိုသူတွေနဲ့ ဆွေမျိုးတော်တယ်ဆိုတာ မှန်ပါသလား"

လို့ မေးလျှောက်တဲ့အခါ-

"အို - ဟုတ်တာလည်း ဟုတ်တာပေါ့၊ မဟုတ်တာလည်း မဟုတ်ဘူးပေါ့"

လို့ ဖြေဆိုပါတယ်။

အဲဒီအဖြေမှာ စင်မြင့်ရွာသား ဦးမောင်ပု၊ ဒေါ်မင်းသစ်တို့ရဲ့ သားကြီး ဦးအာစိဏ္ဏရဲ့ရုပ်ခန္ဓာ ဟုတ်ပေမယ့် နာမ်ခန္ဓာမဟုတ်ကြောင်း ဖြေဆိုခြင်းဖြစ်ပါတယ်။

**အလောင်းတော်နတ်သားလည်း ငါပဲ**

ဝိဇ္ဇာဓိုရ်များဟာ ရုပ်ကူးခြင်းအမျိုးမျိုးရှိပါတယ်။ အချို့မှာ ရုပ်ကို နှုတ်အောင် ထုံကူးကြပါတယ်။ နာမ်ခန္ဓာကိုနိုင်နင်းလိမ္မာတဲ့ နာမ်ဓိုရ်ဝိဇ္ဇာများကတော့ ရုပ်ခန္ဓာကိုမပြုပြင်ဘဲ သူ့သဘောအလိုက်ထားကာ အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောတရားများကို မလွန်ဆန်ဘဲ သဒ္ဓါရသဘောတရားအတိုင်း ထားကြပါတယ်။

လက်ရှိ ရုပ်ခန္ဓာညှိုးနွမ်းပျက်စီးသွားတဲ့အခါ ဘဝတစ်ပါး ကူးပြောင်းသွားပြီးတဲ့ ရုပ်သစ် ရုပ်နုကိုရှာကာ ယူဆောင်ထားတတ်ကြပါတယ်။ ဥပမာပြောရရင် သူတစ်ပါးဝတ်ပြီး စွန့်ပစ်ထားတဲ့အကျႌကို ကောက်ယူဝတ်ထားသလိုဖြစ်ပါတယ်။

ဒီနည်းဒီပုံမဖြစ်နိုင်ဘူးလို့ မမှတ်ထင်သင့်ပါဘူး။ စန္ဒဂုတ်ဇာတ်မှာ သာမန်လူတောင်မှ နာမ်ခန္ဓာပြောင်းသွားပြီးတဲ့ ဘုရင်ရဲ့ရုပ်အိမ်တွင်းဝင်ပြီး (၃) နှစ်တိုင်တိုင် ဘုရင်ယောင်ဆောင်ကာ ထီးနန်းထိုင်နေခဲ့တာကို သတိပြုဖို့လိုပါတယ်။

ဒါကြောင့် 'ရုပ်ကိုမသုံးဘူး၊ နာမ်ကိုပဲ သုံးတယ်' ဆိုတဲ့ အဘရဲ့စကားအတိုင်း အမိဝမ်းတွင်းမှ သက်ဆင်းဖွားမြင်လာတဲ့လူမျိုး မဟုတ်ဘဲ ဝိဇ္ဇာမယ တန်ခိုးမဟိဒ္ဓိဖြင့် သူတစ်ပါးရဲ့ရုပ်ခန္ဓာကို ဆောင်ယူထားတဲ့အတွက် အဘရဲ့ ပဋိသန္ဓေ ပွင့်မျိုးရိုးဇာတိကို ဖော်ပြဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး။

ဥက္ကလာပမင်းကြီးလက်ထက် ဒိဗ္ဗစက္ခုရှင်ရသေ့ကြီးဘဝမှစကာ ယခုပုပ္ပား အဘအောင်မင်းခေါင်ဘဝတိုင်အောင် ဘဝမခြားဘဲ နတ်ဝိဇ္ဇာတို့ရဲ့တန်ခိုးဖြင့် ရုပ်ပြောင်းရုပ်ကူးပြီး သာသနာပြုနေခြင်း ဖြစ်ပါတယ်။

အဘအောင်မင်းခေါင်ရဲ့ မျိုးရိုးဇာတိအစစ်အမှန်ကို ဖော်ထုတ်ရမယ်ဆိုရင် -

ပါရမီတန်ခိုး၊ သိဒ္ဓိတန်ခိုး၊ ပညာတန်ခိုးအမျိုးမျိုးတို့နဲ့ ပြည့်စုံတော်မူတဲ့ အလောင်းတော်နတ်သားဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်ကြီးတစ်ဦးလို့သာ မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။ 'အောင်မင်းခေါင်' ဆိုတဲ့ အမည်ကို ၁၃၀၀ ပြည့်နှစ် နှစ်ဆန်းလောက်မှစပြီး 'အောင်' နှင့် 'ခေါင်' နှစ်မည်ပေါင်းကာ အောင်မင်းခေါင် ဆိုတဲ့ အမည်ကို ခံယူခဲ့တာ ဖြစ်ပါတယ်။

**သိကြားလည်း ငါပဲ**

အဘပြောတဲ့ 'သိကြားလည်းငါပဲ' ဆိုတာက တာဝတိံသာနတ်ပြည်မှာ စံမြန်းနေတဲ့ သိကြားမင်းကို ဆိုလိုတာ မဟုတ်ပါဘူး။

ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ စတဲ့ လောကီအဘိညာဉ်၊ မဟာဂန္ဓာရီသာမကေဝိဇ္ဇာအတတ်ပညာတန်ခိုးတို့နဲ့ ပြည့်စုံပြီး သိခြင်း၊ ကြားခြင်းမှာ လိမ္မာတဲ့အတွက် သိကြားလို့ ဆိုခြင်း ဖြစ်ပါတယ်။

အဘဟာ သိခြင်း၊ ကြားခြင်းနဲ့ ပြည့်စုံတယ် ဆိုတဲ့အတိုင်းလည်း သူတစ်ပါးရဲ့စိတ်ကို လျင်မြန်စွာ သိပါတယ်။ ပစ္စုပ္ပန်ကြံစည်နေဆဲစိတ်ကို မဆိုထားနဲ့ အတိတ်ကာလ ငယ်စဉ်က တွေးတောကြံစည်ခဲ့တာတွေ၊ လုပ်ကိုင်ခဲ့တာတွေ၊ အိပ်မက်ခဲ့တာတွေ အားလုံးကို လျင်မြန်စွာ အဘက သိတော်မူပါတယ်။

ဒါကြောင့်မို့ အဘရဲ့အနီးမှာနေတဲ့သူတွေဟာ မကောင်းမှုဒုစရိုက်တွေကို လုပ်ဖို့မဆိုနဲ့၊ စိတ်ကူးနဲ့တောင် မကြံစည်ရဲကြပါဘူး။

လောကီရေးရာကိစ္စများနဲ့ ပတ်သက်ပြီးတော့လည်း မြန်မာပြည်ကို ဂျပန်တွေမဝင်မီက ဂျပန်စကားတွေ ကြိုပြောကာ အတိတ်ပြထားခဲ့ပါတယ်။

"ဟော့- အဘိမ္မော့အိုကြာယူခဲ့"

ဆိုတဲ့ ဂျပန်စကားများကို ဂျပန်မဝင်မီ (၃) နှစ်ခန့်မှစ၍ ကြိုပြောနှင့်ပါတယ်။ အဲဒီစကားပြောစဉ်က ဘယ်သူမှ နားမလည်ခဲ့ကြပေမယ့် ဂျပန်များဝင်လာမှ အဲဒီစကားအဓိပ္ပာယ် ပေါ်လွင်ထင်ရှားပါတော့တယ်။

အခြား ကြီးကျယ်တဲ့ ကိစ္စတွေ၊ အံ့ဖွယ်အကြောင်းများကိုလည်း အဘက ကြိုတင်မိန့်ကြားခဲ့တာတွေလည်း အများကြီးရှိပါတယ်။

ဒါကြောင့်မို့ သိခြင်း၊ ကြားခြင်း၊ မြင်ခြင်းများမှာလိမ္မာတော်မူလို့ 'သိကြားလည်း ငါပဲ' ဆိုပြီး မိန့်ကြားခဲ့တာ ဖြစ်ပါတယ်။

**ဘိုးဘိုးအောင်လည်း ငါပဲ၊**
**ဘိုးမင်းခေါင်လည်း ငါပဲ**

ဒီနေ့ မြန်မာပြည်မှာ 'ဘိုးဘိုးအောင်၊ ဘိုးဘိုးအောင်' လို့ ကျော်စောထင်ရှားကာ ပဋ္ဌာန်းဆက် (၇) ရက်သားသမီးတွေရဲ့ ကြည်ညိုလေးစားမှုကို ခံယူနေတဲ့ ပုဂ္ဂိုလ်ကြီးမှာ အဘအောင်မင်းခေါင်ပင် ဖြစ်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးတည်းက အမည်နှစ်မျိုးခံယူကာ ဘာသာသာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

ဝိဇ္ဇာလောကမှာ 'အောင်' အမည်ပါတဲ့ ဝိဇ္ဇာတွေအများအပြားရှိပါတယ်။ သို့ပေမယ့် 'ဘိုးဘိုးအောင်' ဆိုတဲ့အမည်ကို ခံယူရသူမှာ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ပါရမီဂုဏ်၊ ဂုဏဝုဍ္ဎိအားဖြင့် အကြီးဆုံးသောပုဂ္ဂိုလ်ဟာ 'ဘိုးဘိုးအောင်' ဆိုတဲ့ ဂုဏ်ထူးဝိသေသ ရရှိပါတယ်။

ဒီအမည်ပညတ်မှာ ရှင်ဦးသညာ မဟုတ်ဘဲ အထက်မှာ တင်ပြခဲ့တဲ့ ဂုဏ်ထူးဝိသေသတို့နဲ့ ပြည့်စုံတဲ့အတွက် 'ဘိုးဘိုးအောင်' ဆိုတဲ့ အမည်ကို ခံယူရခြင်း ဖြစ်ပါတယ်။

ငယ်နာမည် မောင်အောင်ဘဝကနေ နောင်ကြီးပြင်းလာပြီး ဝိဇ္ဇာဓိုရ်ဘဝရောက်လို့ 'ဘိုးဘိုး' တပ်ကာ မှည့်ခေါ်တဲ့ အမည် မဟုတ်ပါဘူး။


ဒါဟာ ဝိဇ္ဇာလောကရဲ့စည်းကမ်း ဥပဒေတစ်ရပ် ဖြစ်ပါတယ်။

ငယ်နာမည် မောင်အောင်ဘဝကနေ ဝိဇ္ဇာဖြစ်လာကြတဲ့ 'အောင်' အမည်



www.burmeseclassic.com

www.burmeseclassic.com



ခံပုဂ္ဂိုလ်များမှာ -

❑ ဗန်းမော်မှ ထွက်တဲ့အတွက် ဗန်းမော်အောင်၊

❑ တောင်ငူမှ ထွက်တဲ့အတွက် တောင်ငူအောင်၊

❑ ပထမံအတတ်ပညာနဲ့ ထွက်တဲ့အတွက် ပထမံအောင် ဆိုပြီး အသီးသီးခေါ် ဆိုကြပါတယ်။

'ဘိုးဘိုးအောင်' ဆိုတဲ့ အမည်နဲ့ ပတ်သက်လို့ လူအများ ထင်မြင်ယူဆနေတာက -

အမရပူရမြို့တော် ဘိုးတော်ဦးဝိုင်းလက်ထက်မှာ ပထမံအတတ်ပညာနဲ့ ထွက်ရပ်ပေါက်သွားကာ စကြာမင်းကလေးအား တယ်တင် ခေါ်ဆောင်သွားတယ်လို့ ကျော်စောထင်ရှားတဲ့ -

❑ ပထမံအောင်၊

❑ ပြည်ရသေ့အောင် ဆိုပြီး အမည်နှစ်မျိုးရတဲ့ ပုဂ္ဂိုလ်ကို 'ဘိုးဘိုးအောင်' လို့ မှတ်ထင် ယူဆနေကြပါတယ်။

အမှန်စင်စစ်ပြောရရင် အဲဒီပထမံအောင် ခေါ်တဲ့ ပြည်ရသေ့အောင်ဟာ အဘ ဘိုးတော် အောင်မင်းခေါင်ကြီးရဲ့ အန္တေဝါသိကတပည့်ကြီး ဖြစ်ပါတယ်။

ပထမံအောင်နဲ့ အဘအောင်မင်းခေါင်တို့နှစ်ဦးရဲ့ အတိတ်ဘဝက ဆက်စပ် ပတ်သက်ခဲ့ပုံကို တင်ပြရရင် -

'ပထမံ ပြည်ရသေ့အောင်' ဟာ အင်းဝမိုးညှင်းမင်းတရားလက်ထက်မှာ ဗားမဲ့ဆရာတော်လို့ ကျော်စောထင်ရှားကာ လောကီ၊ လောကုတ္တရာ နှစ်ဖြာအတတ်ပညာတို့နဲ့ ပြည့်စုံကာ မင်းအကိုးကွယ်ခံရတဲ့ မင်းဆရာတော်တစ်ပါး ဖြစ်ခဲ့ဖူးပါတယ်။

အဲဒီလို မင်းဆရာတော်အဖြစ်နဲ့ နေစဉ်မှာ အဘအောင်မင်းခေါင်ဟာ အကြောင်းကိစ္စတစ်ခုကြောင့် ဓမ္မစေတီနဲ့ ဓမ္မဓရ ဆိုပြီး အမည်နှစ်မျိုးနဲ့ တပည့်အဖြစ် လာရောက်နေဖူးပါတယ်။

ဗားမဲ့ဆရာတော်ဟာ အဲဒီဘဝက ဝိဇ္ဇာမယအတတ်ပညာရဲ့ အပြီးအဆုံးကို မရောက်ခဲ့ဘဲ ဘိုးတော်ဦးဝိုင်းလက်ထက်ရောက်မှ အဘအောင်မင်းခေါင်ရဲ့ ကူညီစောင့်ရှောက်မှုနဲ့ ကိစ္စပြီးခဲ့တယ်လို့ အဘ နှုတ်မှမိန့်ကြားခဲ့ဖူးပါတယ်။

ဒါကြောင့် ပြည်ရသေ့အောင်ခေါ် ပထမံဘိုးဘိုးအောင်နဲ့ အဘအောင်မင်းခေါင်တို့ဟာ အပြန်ပြန်အလှန်လှန် ဆရာတပည့်ဖြစ်ခဲ့ဖူးတယ်ဆိုရင် မမှားပါဘူး။

ဒါပေမယ့် ယနေ့အချိန်မှာ အဘအောင်မင်းခေါင်ကြီးဟာ ပထမံပြည်ရသေ့အောင်နဲ့တကွ များစွာသော ဝိဇ္ဇာပြည်အပေါင်းတို့ရဲ့ -

❑ ဦးစီးဥက္ကဋ္ဌ သဗ္ဗသိဒ္ဓိ ဝိဇ္ဇာဓရပါကဋတေဇ၊

❑ တိပိဋကဓရ ပိဋကတ္တယဆောက၊

❑ နာနာနယ သိပ္ပကောဝိဒ၊

❑ ဓမ္မ စေတီယယရ ပရစိတ္တ ဝိဇာနန၊

❑ ဘာသန္တရ ဗဟုသုတ ပါမောက္ခမဏာရလောဗ၊

❑ မေတ္တာယျ ဗုဒ္ဓင်္ကုရ လောကဦးသျှောင် အဘ ဘိုးတော် အောင်မင်းခေါင်ကြီး ဖြစ်ပါတော့တယ်။

ဘိုးဘိုးအောင်ခေါ် အဘအောင်မင်းခေါင်ဟာ အလောင်းတော်ကြီး ဖြစ်တဲ့အတွက် သာသနာနဲ့ သတ္တဝါတွေအတွက် ရုပ်အမျိုးမျိုး၊ အမည်အမျိုးမျိုးနဲ့ ပရိယာယ်အမျိုးမျိုးဆင်ကာ ကယ်တင်စောင့်ရှောက်လျက်ရှိပါတယ်။

အဘဝိဇ္ဇာသူတော်စင်ကြီးများမှာ ဂုဏ်ပကာသနကို လိုလားတော်မမူကြတဲ့အတွက် ထုတ်ဖော် ပြောဆိုခြင်း မပြုကြပါဘူး။

သူတို့ရဲ့တန်ခိုးပါဝါအင်အားရှိတာကို လူတွေသိမှာ စိုးရိမ်လို့ စိတ်မနှံ့သူအသွင်ပုံဖမ်းကာ နေထိုင်သွားလာတတ်ကြပါတယ်။

ဒါကြောင့်မို့ သူတော်စင်ဝိဇ္ဇာကြီးများအပေါ် မှာ -

❑ လူကိုမကြည့်နဲ့၊ မှုကိုကြည့်။
အပြောကို မကြည့်နဲ့၊
မနောကိုကြည့်။
ရုပ်ကိုမကြည့်နဲ့၊
အလုပ်ကိုကြည့်ကြပါ -

လို့ ပြောကြားရင်း အဘဝိဇ္ဇာကြီးများကို အထင်မှားကာ မျက်စိမလည်ကြစေဖို့သတိစကားပြောလိုက်ရပါတယ်။

**ခေါင်လေးခေါင် ဆိုတာ**

ခေါင်လေးခေါင်အကြောင်းနဲ့ပတ်သက်ပြီး ရှင်းပြရရင် -

ခေါင်လေးခေါင် ဆိုတာ . . .

အင်းဝမင်းခေါင်၊ ဓမ္မစေတီမင်းခေါင်၊ တိမ်ကြားမင်းခေါင်၊ ပုပ္ပားမင်းခေါင်. . .

စတဲ့ ဝိသေသများအရ အားလုံးမှာ အဘအောင်မင်းခေါင် တစ်ပါးတည်းဖြစ်ပါတယ်။

အဘအောင်မင်းခေါင်ရဲ့ မဟာဒိဗ္ဗစိတ်ရုပ်ကြီးမှ ထွက်ပေါ်လာတဲ့ သိုက်ထွက်မိန့်ခွန်းတော်မှာ -

'တို့လူမျိုးက မြွေလို အရေလဲနေနိုင်တယ်။ ငါရုပ်ကိုမသုံးဘူး၊ နာမ်ကိုပဲသုံးမယ်။ ဆင်ခြေရာ၊ မြင်းခြေရာ၊ နွားခြေရာမှတ်ထားကြ။ အုန်းပင်၊ ထန်းပင်၊ သရက်ပင်လိုပေ့။

'မင်းတို့ဆရာများ ဥက္ကလာဦးစေတီတည်ကြ။ မြဘွေကြမ်းသူခွေတဲ့ ထိမ်သပြေသား သည်ကိန်းဘယ်သူချေပ့မယ်။ မင်းစနေသား မြို့ရှေ့တောင်က မောင်အောင်မြတ် ကျန်ပါသေးရဲ့။ မယုံလျှင် မောင်ညိုသွေး မေးပါတော့လေး'

ပေါက်ပုဂ္ဂိုလ်ဝိဇ္ဇာ ဆိုတာ ခြေရာဖျောက်သွားမယ်၊ ငါ့ခြံထဲစိုက်မှ ငါ့သစ်ပင်မှတ်ထားကြ"

အဘအောင်မင်းခေါင်စပ်ဆိုခဲ့တဲ့ ပျို့၊ကဗျာ၊ လင်္ကာ၊ သိုက်တဘောင် စသည်တို့ကိုလေ့လာကြည့်ပါက ဒုတိယ အင်းဝမင်းခေါင်ဖြစ်ကြောင်း ထင်ရှားပါတယ်။

အဲဒီခေတ်ရဲ့ စာပေရေစီးကြောင်းကို ပြန်လည် သုံးသပ်ကြည့်ရင် အင်းဝခေတ်ဟာ ပျို့၊လင်္ကာခေတ် ဖြစ်ပါတယ်။

တောင်ငူခေတ်ကို ရတုခေတ်လို့ စာပေလိုက်စားသူတွေက နားလည်ထားကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အင်းဝခေတ် ရဟန်းကဗျာတို့မှာ-

ကျောင်းသင်္ခမ်း၊ ဘုရားပရဝဏ် အတွင်းမှနေပြီး ဇာတ်တော်များကိုမှီးကာ ပျို့အမည်ရှိ လင်္ကာဝတ္ထုရှည်ကြီးများ ရေးသားကြပါတယ်။

တောင်ငူခေတ်မှာ နဝဒေး၊ နတ်ရှင်နောင်တို့ဟာ စစ်ချီရတုများကို ဖွဲ့ဆိုကြပါတယ်။ သူတို့ဟာ စစ်ထွက်များဖြစ်ကြလေရာ စစ်မြေပြင်မှနေပြီး ရတုတဗျာများကို သီကုံးကြပါတယ်။

အဘအောင်မင်းခေါင်ဟာ အင်းဝဒုတိယမင်းခေါင်ဘုရင်တစ်ပါး ဖြစ်ပါတယ်။

သက္ကရာဇ် (၇၂၆-၇၂၉) သတိုးမင်းဖျားဟာ အသင်္ခယာစောယွန်းရဲ့ သမီးတော် စိုးမင်းကိုယ်တော်ကြီးနဲ့ တကောင်းမင်းရိုး သတိုးဆင်ထိန်းတို့ရဲ့ သားတော် ဖြစ်ပါတယ်။ မိဖုရားမှာ မင်းကြီးစွာစော်ကဲရဲ့နှမတော် စောဥမ္မာ ဖြစ်ပါတယ်။ ဥဇနာပြောင်နဲ့ စစ်ကိုင်းမင်းတို့ကို လုပ်ကြံပြီး နန်းတက်ပါတယ်။

သက္ကရာဇ် ၇၂၆ ခုနှစ်မှာ အင်းဝကို တည်ပါတယ်။

ကျေဦးအင်း၊ ကျောက်မော်အင်း၊ အင်းတူအင်း၊ ဥန္နအင်းတို့ကိုဖို့ကာ ရေသိမ်းခင်းပေးခြင်းဖြင့် မြေကို ခိုင်မာအောင်ပြုပါတယ်။ 'အင်း' တို့ရဲ့အဝမှာ တည်လို့ 'အင်းဝ' လို့ ခေါ်တွင်ပါတယ်။

အင်းဝမင်းဆက်ဟာ ပထမ၊ ဒုတိယ၊ တတိယ သုံးဆက်တိုင်အောင် ထီးပြိုင်နန်းပြိုင်ပြုကြပြီး နောက်ဆုံး (၉၁၃-၉၁၆) အင်းဝမိုးဗြဲနရပတိပြေးတဲ့ အခါ စစ်ကိုင်းစည်သူကျော်ထင် အင်းဝရွှေနန်းကိုတက်ပြီး မင်းပြုပါတယ်။ အဲဒီမင်းလက်ထက် ပညာအရည်အချင်းနဲ့ ပြည့်စုံသူ စကားတောင်စားအမတ်ကို ဟံသာဝတီသို့ စေလွှတ်ပါတယ်။ စည်သူကျော်ထင်ဟာ သက္ကရာဇ် ၉၁၆ ခုနှစ် ဟံသာဝတီ ဆင်ဖြူများရှင် အင်းဝကို တိုက်ခိုက် သိမ်းယူလိုက်လို့ နန်းကျသွားပါတယ်။ အင်းဝ ဒုတိယမင်းခေါင်ဟာ သားတော်ကို- မဟာသူရ အမည်နဲ့ မင်းမြှောက်ပြီး နန်းတစ်ခုတည်းမှာ မင်းနှစ်ပါး ထီးဖြူဆောင်းပြီး မင်းပြိုင်ပြုကြပါတယ်။

အဲဒီမင်းလက်ထက်မှာ ပညာရှိတွေကို မြတ်နိုး ချီးမြှောက်တော်မူပါတယ်။ မြန်မာစာပေ ပရိယတ္တိ၊ ပျို့၊ ကဗျာ၊ လင်္ကာရေးမှုတို့ ထင်ရှားတိုးပွားလာပါတယ်။

ထင်ရှားတဲ့ပုဂ္ဂိုလ်တို့မှာ -

ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော် ရှင်အဂ္ဂသမာဓိတို့ ဖြစ်ကြပါတယ်။ အင်းဝခေတ်ဟာ ပျို့လင်္ကာခေတ် ဖြစ်ပါတယ်။

အင်းဝ ဒုတိယမင်းခေါင်ဟာ ဟံသာဝတီပြည့်ရှင် ဓမ္မစေတီ နန်းစံ (၉) နှစ်မှာ မင်းဖြစ်တော်မူတဲ့အတွက် ဓမ္မစေတီမင်းနဲ့ (၁၂) နှစ်လုံးလုံး ထီးပြိုင်နန်းပြိုင်ဖြစ်ပါတယ်။

အဘအောင်မင်းခေါင်နဲ့ဓမ္မစေတီမင်းတို့ဟာ ထီးပြိုင်နန်းပြိုင်ဖြစ်ကြရုံမျှမက နှစ်ပါးစလုံး ထွက်ရပ်ပေါက်လမ်း ကြွမြန်းတော်မူတဲ့အတွက် 'ဓမ္မစေတီမင်းခေါင်' လို့ ခေါ်တွင်လာပါတယ်။

အင်းဝ ဒုတိယမင်းခေါင်ဟာ သက္ကရာဇ် ၈၄၂ ခုနှစ်မှာ သီရိသုဓမ္မာ ရာဇာဓိပတိဘွဲ့တော်ဖြင့် ရာဇာဘိသိက်ခံယူတော်မူပါတယ်။ သက္ကရာဇ် ၈၆၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်နေ့ နန်းစည်းစိမ် (၂၁) နှစ်မှာ အင်းစမအတတ်နဲ့ ထွက်ရပ်လမ်း ကြွမြန်းတော်မူပါတယ်။

အဲဒီအခါ ငလျင်ခုနစ်ရက်တိုင်တိုင်လှုပ်ကာ ဘုရားဆင်းတုတော်များလည်း ထွက်ကြွတော်မူတယ်လို့ ကျော်စောပါတယ်။

အင်းဝဒုတိယမင်းခေါင်ဟာ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတော်မူပါတယ်။ အတတ် (၁၈) ပါးဟာ မတတ်တာ မရှိပါဘူး။ အထူးသဖြင့် လေးအတတ်နဲ့ မြင်းစီးအတတ်ကို ပိုမိုပြီး ကျွမ်းကျင်တော်မူပါတယ်။

မြင်းစီးအတတ်ကို ကျွမ်းကျင်စွာ စီးပြနိုင်တဲ့အတွက် 'တိမ်ကြားမင်းခေါင်' လို့ နာမဝိသေသပြုပြန်ပါတယ်။

'ခေါင်လေးခေါင်' ဆိုတဲ့ နာမဝိသေသများကို အထက်ပါစာပိုဒ်များလေ့လာ ဖတ်ရှုခြင်းအားဖြင့် အင်းဝဒုတိယမင်းခေါင် တစ်ပါးတည်းမှ 'ပုပ္ပားအဘအောင်မင်းခေါင်' အဆုံးအထိ ရုပ်ကိုမသုံး၊ နာမ်ကိုသုံးကာ ထွက်ရပ်ကြွမြန်းပြီး ယနေ့တိုင် နာမ်ဖြင့် သာသနာပြုလျက်ရှိပါတယ်။

အဘအောင်မင်းခေါင်ဟာ ပုပ္ပားတောင်ကလပ်မှာ သီတင်းသုံး နေထိုင်တာဟာ အကြောင်းမဲ့သက်သက် နေထိုင်တာ မဟုတ်ဘဲ တိမ်မြုပ်ဖုံးကွယ်နေတဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများနဲ့တကွ သာသနာတော်ကြီး 'ကလပ်ပေါ်မှာတင်ထားတဲ့ မနောမယပတ္တမြားရတနာကြီး' ကဲ့သို့ ထင်ရှားပေါ်လွင်ပြီး ကမ္ဘာ့အလယ်မှာ စံပြုတိုင်းပြည်ကြီးဖြစ်လျက် ဗုဒ္ဓဝါဒကမ္ဘာကို လွှမ်းမိုးပြီး သာသနာ့အလင်းရောင်ကြီး ဖြန့်ချိနိုင်ဖို့အတွက် တောင်ကလပ်မှာ နန်းထိုင်တော်မူခဲ့ခြင်း ဖြစ်ပါတယ်။

အဘအောင်မင်းခေါင်ကိုယ်တိုင် တောင်ကလပ်မှာ ကမ္ဘာလုံးစေတီတည်ပြီးတဲ့နှစ် ၁၃၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ညနေ (၄) နာရီ၊ (၁၀)မိနစ်မှာ ရုပ်ဟောင်းစွန့်ခွာလို့ ထွက်ရပ်စခန်းသို့ ကြွမြန်းခဲ့ပါတယ်။

အဘအောင်မင်းခေါင်ရဲ့ ထွက်ရပ်စခန်း ကြွမြန်းတဲ့သတင်းကို -

၁၃၁၄ ခု၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ (၁၆-၉-၅၂)၊ အင်္ဂါနေ့မှာ ထုတ်ဝေတဲ့ 'အရေးပေါ်' သတင်းစာကြီး အတွဲ (၁)၊ အမှတ် (၄၃) မှာ 'ဘိုးမင်းခေါင် ထွက်ရပ်ပေါက်သွား' ဆိုတဲ့ စာလုံးမည်းကြီးနဲ့ ဖော်ပြခဲ့ပါတယ်။

အဲဒီ 'အရေးပေါ်' သတင်းစာကြီးမှာ ဖော်ပြထားတဲ့ အဘရဲ့သတင်းကို ပဌာန်းဆက်များ ရှင်းရှင်းလင်းလင်း ဖတ်လို့ရအောင် သတင်းစာပါအတိုင်း ထုတ်နုတ် ရေးသားပေးလိုက်ပါတယ်။

### အောင်မင်းခေါင်

မြန်မာပြည်အရပ်ရပ်တွင် ကမ္ဘာကပ်ရန်အေးစေရန်အတွက် သာသနာ့ဓာတ်တိုင်ခေါ် ဗျာဒိတ်ပေးရုပ်ပွားတော်များ စိုက်ထူခဲ့သော ပုပ္ပားတောင်မြတ်တောင်ကလပ်တွင် သီတင်းသုံးနေသည့် ဘိုးတော်အောင်မင်းခေါင်သည် ၁၃၁၄ ခု၊ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့၊ ညနေ (၄) နာရီအချိန်တွင် လက်ရှိဥတုဇရုပ်ကလာပ်မှ အသစ်ဖြစ်သော ဘဝ၏ ရုပ်ကလာပ်ကို ကူးပြောင်းလဲယူလိုက်ပြီဖြစ်ကြောင်း။

### သိုက်ဝင်ဝိဇ္ဇာတဲ့

အောင်မင်းခေါင်သည် သိုက်ဝင်ဝိဇ္ဇာကြီးဖြစ်ကြောင်းနှင့် အောင်မင်းခေါင်ဂိုဏ်းဝင်များက ယူဆနေကြသည့်အပြင် မြန်မာပြည်ကို နောင်တစ်ခေတ်တွင် အုပ်ချုပ်မည့် ဓမ္မရာဇာဝိဇ္ဇာမိုရ်စကြာမင်းလောင်းဟုလည်း ယုံကြည်နေကြကြောင်း။

### လာသည့်လမ်း

'အသာအယာ မှောင်ရိပ်ကို နင်းပါလို့ မင်းတိတ်တိတ်လာ' ဟူသော တဘောင်အရ ဘိုးတော် အောင်မင်းခေါင်သည် မြစ်ကြီးနားနယ် မိုးမှောင်ကျတောင်မှလာပြီး ပုပ္ပားတောင်တွင်နေ၍ သာသနာ့ဓာတ်တိုင်များစိုက်ထူနေသည်ဟု အယူရှိကြကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

အောင်မင်းခေါင်သည် ထွက်ရပ်ပေါက်သောဝိဇ္ဇာဖြစ်၍ ၎င်းမှာ မသေဘဲ ခန္ဓာအိမ်သာ ပြောင်းလဲပြီး အသက်ရှင်နေကြောင်း၊ မကျွေးလျှင်လည်း ဘာမှမစားဘဲ တစ်လ, နှစ်လနေကာ သူများကဝတ်ပေးမှဝတ်ကြောင်း၊ စကားမပြောဘဲ သုံး,လေးလနေသည့်အပြင် အချိန်ကျလျှင် နတ်များ, ဝိဇ္ဇာများနှင့် စကားပြောလေ့ရှိသည်ဟု ဆိုကြောင်း။

**ထွက်ရပ်ပေါက်သွားပြီ**

'မြူခိုးရစ်မှောင် နဂါးရစ်တောင် မင်းခေါင် ကျောက်၍လာလိမ့်မည်' ဟူသော တဘောင်အရ လည်းကောင်း၊ 'တိမ်ကြားမင်းခေါင်, တိမ်ကြားမင်းခေါင်နဲ့ လာမယ့်လာတော့ ငှက်ပျောတောက' ဟူသော စနည်းအရ လည်းကောင်း ယခုအခါ ပုပ္ပားတောင် တည်းဟူသော ငှက်ပျောတောမှ နဂါးရစ်တောင်ခေါ် မန္တလေးတောင်သို့ ခန္ဓာအိမ်လဲ၍ တည်မြဲသော ခန္ဓာအိမ်သစ်ဖြင့် ထွက်ရပ်ပေါက်သွားပြီဟု ယူဆနေကြကြောင်း။

**တပည့်များ**


ဘိုးတော်အောင်မင်းခေါင်ဂိုဏ်းဝင်များမှာ ထိုသတင်းကို ကြားရသည်နှင့်တစ်ပြိုင်နက် အရပ်ရပ်မှ ကြေးနန်းရော စာပါ ပေးပို့ကြသည့်အပြင် ယခုအခါ နယ်ပေါင်းများစွာမှ တပည့်ပေါင်းများစွာတို့ လျှင်မြန်စွာ လာရောက် ဖူးမြော်ယျှော်ရှိကြောင်းဖြင့် သတင်းတစ်ရပ်ရရှိကြောင်း။

. . . စသည်ဖြင့် 'အရေးပေါ်' သတင်းစာကြီးမှာ ရေးသား ဖော်ပြထားပါတယ်။

ဒီနေ့ခေတ်ကာလမှာ -

အဘအောင်မင်းခေါင် ထွက်ရပ်စခန်းကြွမြန်းတဲ့နေ့ဖြစ်တဲ့ နှစ်စဉ် မြန်မာလို တော်သလင်းလပြည့်ကျော် ၂ ရက်နေ့မှာ မြန်မာပြည် တစ်ပြည်လုံးမှာရှိတဲ့ အဘရဲ့သားသမီးတွေဟာ တော်သလင်းလပြည့်အမီ တောင်ကလပ်ကို ရောက်ရှိလာကြပြီး အဓိဋ္ဌာန်ဝင်ခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ (၁၀၈) ဖီး ငှက်ပျောသီးများနဲ့ အောင်ပွဲထိုးပူဇော်ကြခြင်း၊ ဘုရားစေတီ ထီးတော်နှင့် စိန်ဖူးတော် အသစ်လဲလှယ် ပူဇော်ကြပြီး အဘရဲ့ ဓာတ်ပုံ၊ လက်ကမ်းစာအုပ် စတဲ့ အဘနဲ့ ပတ်သက်တာတွေကို အမှတ်တရအဖြစ် ဓမ္မဒါန ပြုကြပါတယ်။

တစ်ပြည်လုံးမှာပြန့်နေတဲ့ အဘရဲ့ သားသမီးတွေ ပြန်လည် ဆုံတွေ့ကြရလို့



ကြည်နူးဝမ်းမြောက်ရတဲ့ အခါတော်နေ့လည်း ဖြစ်ပါတယ်။

အဘအောင်မင်းခေါင်ဟာ မေတ္တာအနန္တကြီးမားသူဖြစ်ပြီး ကမ္ဘာသူကမ္ဘာသား (၃) ရက်သားသမီးအပေါင်းနဲ့ သတ္တဝါများအားလုံးအပေါ် အယုတ်၊ အလတ်၊ အမြတ်မရွေး မေတ္တာပေးဝေကာ ကြည့်ရှု စောင့်ရှောက် ကယ်တင်လျက်ရှိပါတယ်။

ပုပ္ပားတောင်ကြီးဟာ ကမ္ဘာတည်သရွေ့ တည်ရှိနေမှာဖြစ်သလို အဘရဲ့ မေတ္တာဓာတ်ဟာလည်း သတ္တဝါများအပေါ်မှာ ကမ္ဘာတည်သရွေ့ အချိန်မရွေး၊ နေရာမရွေး ဖြန့်ဝေပေးလျက် တည်ရှိနေမှာ ဖြစ်ပါတယ်။

အဘရဲ့မေတ္တာ၊ အဘရဲ့စေတနာကို ကောင်းစွာ နားလည် သဘောပေါက်ပြီး မနောတည်ကြည် သဒ္ဓါဖြူသူဟာ ဗုဒ္ဓမြတ်စွာသာသနာကို ကောင်းစွာပြုရမှာ ဖြစ်ပါတယ်။

ဒီလောက်ဆိုရင် အဘအောင်မင်းခေါင်နဲ့ ပတ်သက်ပြီး အဘဟာ ဘာလဲ၊ဘယ်လဲ ဆိုတာ သဘောပေါက်နားလည်လောက်ပါပြီ။

**အဘအောင်မင်းခေါင်သည်**
**အလောင်းတော်ဖြစ်ကြောင်း သုံးသပ်ချက်**

အဘရဲ့ ဝိဇ္ဇာဝင်သမိုင်းကြောင်းကိုဖတ်ကြရသူ အများစုမှာ အရိမေတ္တေယျအလောင်းတော် လူ့ပြည်ရောက်ရှိနေကြောင်းကိုဖတ်ရတဲ့အခါ စာရေးသူအား ဝေဖန် အပြစ်တင် ကဲ့ရဲ့လိုသူများ ရှိကြပါလိမ့်မယ်။

အဲဒီလို ဝေဖန် ပုတ်ခတ် တိုက်ခိုက်အပြစ်ပြောလိုကြသူများအားလုံးကို ဒီသူရဋ္ဌမဂ္ဂဇင်းကြီးရဲ့စာမျက်နှာထက်ကနေ ရှင်းလင်း တင်ပြလိုက်ပါတယ်။

အရိမေတ္တေယျ အလောင်းတော်ဟာ ယခုအခါမှာ တချို့က တုသိတာနတ်ပြည်မှာ ရှိပါတယ်၊ အချို့က လူ့ပြည်မှာရှိတယ် ဆိုပြီး အမျိုးမျိုး ဝေဖန်ပြောဆိုနေကြပါတယ်။ ပါရမီဖြည့်ပြီးတဲ့ အလောင်းတော်တို့တံထွာ ဓမ္မတာသဘောအရ တုသိတာနတ်နန်းမှာပဲ စံမြန်းနေဆဲပဲ ဆိုပါစို့။

အလောင်းတော်ဟာ တုသိတာနတ်ပြည်မှာပဲ အမြဲစံမြန်းနေတော်မူလိမ့်မယ်လို့ မြတ်ဗုဒ္ဓ မိန့်တော်မမူခဲ့ပါဘူး။ တုသိတာနတ်နန်းမှာ စံမြန်းနေတဲ့ အလောင်းတော်ဟာ ဒီလူ့ပြည်ကို မလာဘူးလို့ ဘယ်သူအတပ်ပြောနိုင်မှာလဲ။

နိပါတ်၊ မဟာဝင်၊ ဒီပဝင်တို့မှာ သာသနာ့ဝန် ထမ်းဆောင်နိုင်မယ့် နတ်ဗြဟ္မာတို့အား သူတို့ရဲ့ သက်တမ်းမကုန်မီမှာ သာသနာစောင့်ရဟန္တာ၊ နတ်ဗြဟ္မာတို့ရဲ့ တောင်းပန်ချက်အရ နတ်သက်ခြွေပြီး လူ့ပြည်ဆင်းကာ သာသနာတော်ကို စောင့်ရှောက် ကူညီခဲ့ဖူးတဲ့ သက်သေသာဓကများ မြောက်မြားစွာရှိပါတယ်။

အဘအောင်မင်းခေါင်ရဲ့ ပါရမီဖြည့် ဘဝလမ်းကြောင်းများကို ဝေဖန်သုံးသပ် စစ်ဆေးတဲ့အခါ ပါရမီရင့်ကျက်ပြီးတဲ့ အလောင်းတော်တို့ရဲ့ ဓမ္မတာသဘောတရားအတိုင်း လူသာမန်တို့ကျင့်ကြံအားထုတ်နိုင်ခဲ့တဲ့ သာသနာ့ပြုဆောင်ရွက်ချက်များကို အားလုံးသိမြင်



www.burmeseclassic.com

www.burmeseclassic.com

ပြစ်တဲ့အတွက် ဒီလို ဝေဖန်ပိုင်းဖြတ် င့်ပါတယ်။

ရှေးက အလောင်းတော်တို့ရဲ့ ဓမ္မ သဘောအရ တင်ပြရမယ်ဆိုရင် -

ကဿပဘုရားရှင် သာသနာတစ် ခန့်မှာ ဒီနေ့ခေတ်အခါလို လူအများ ဗြဟ္မစိုရ်တရားပျက်ကာ လောဘ၊ သ၊ မောဟ အကုသိုလ်တရားများ လွှမ်းလျက် ကုသိုလ်တရားဘက်အား နေကြတဲ့အချိန်ကာလမှာ ဂေါတမ ရားအလောင်းတော်ဖြစ်တဲ့ သိကြား ဟာ လူ့အသွင် မုဆိုးဟန် ဖန်ဆင်း မာတလိကို ခွေးနက်ကြီးအသွင် ဖန် စေကာ သာသနာတော်ရဲ့အညစ် ကြေးတွေကို ဆေးကြောစင်ကြယ်စေ တယ်လို့ မဟာကဏှဇာတ်မှာ အတိ လင်း ဟောထားတာ ရှိပါတယ်။

ဒါကြောင့်မို့ နောင်တော်ဘုရား ဘို့ရဲ့ သာသနာတော်ကို ရင့်ကျက်ပြီး ယ်အလောင်းတော်များက စောင့် က်ကူညီရမြဲ ဓမ္မတာဖြစ်တဲ့အတွက် တမမြတ်ဗုဒ္ဓရဲ့ သာသနာတော်ကို င့်ရှောက်ဖို့ ညီတော် အရိမေတ္တေ အလောင်းတော်ဟာ ယခုအခါ လူ့ လူ့နယ်သို့ရောက်နေပြီလို့ ပဋ္ဌာန်း ဆွေတော်မျိုးတော်များအား အလင်း အသိပေး ကြေညာလိုက် တယ်။

ဒါပေမယ့် သာသနာစောင့်ရှောက် ကူညီပုံနဲ့ နည်းလမ်းစည်းကမ်းများမှာ ဇာတ်ကိုယ် တီထွင်ကာ ကိုယ့်နည်း နဲ့ကိုယ် ဆောင်ရွက်ကြတာဖြစ်လို့ တမ အလောင်းတော် သိကြားမင်း ပြုလုပ်မှာမဟုတ်ဘဲ မိမိရဲ့ မူစနစ်နဲ့ သာ သာသနာအရေးများကို လုပ် င်သွားမှာ ဖြစ်ပါတယ်။

ဂေါတမဘုရားအလောင်းတော် သိကြားမင်းဘဝနဲ့ ကဿပဘုရား ရဲ့သာသနာကို ကူညီစောင့်ရှောက်ခဲ့ အရိမေတ္တေယျအလောင်းတော် တဲ့ အဘဘိုးတော်အောင်မင်းခေါင် ဟာ နတ်ဝိဇ္ဇာမိုရ်ဘဝဖြင့် ဂေါတမ ရှင်ရဲ့သာသနာကို ကူညီ စောင့် လျက် ရှိပါတယ်။

ဒါကြောင့် အလောင်းတော် နတ် ကြီးဖြစ်တဲ့ အဘအောင်မင်း အပါအဝင် သာသနာစောင့်ဝိဇ္ဇာ နတ်ကြီးများရဲ့ ကူညီစောင့် မှုကို ခံယူလိုတဲ့သူတွေဟာ-

- သံးပါးသရဏဂုံ၊ အမြဲထုံ၍
ငါးပုံရှစ်ဝ၊ မြတ်သီလကို
မြဲကြ ကိုယ်မှာ၊ တည်ကြပါမှ
မပါကပ်တွင်း၊ ကျန်ခဲ့ကြွင်းလိမ့်
- ယက်သဲ့ကြားငါးတင်၊ တင်တဲ့ငါး
ကြောင်စား၊
အကြွင်းငါးကို၊ ဘုရားကယ်
ထိုဝယ်စကား၊ လူအများတို့
မကြည်မယုံ၊ မရှိကုန်လင့်။

**ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ**

- တရားကို လူကစောင့်မှ
တရားက လူကိုပြန်၍စောင့်မည်။
- တရားစောင့်မှ သူတော်ကောင်း
ပီသမည်။
- သူတော်ကောင်းပီသသောသူတို့
အားသာလျှင် သာသနာတော်အ
တွင်း၌ ချမ်းသာခြင်းသုခကို ခံစား
ကြရပေလိမ့်မည်။

ဒီလောကကြီးအတွင်းမှာ လူ အများ တရားပျက်တဲ့အခါ လောက ပါလနတ်မင်းကြီးများက ကြမ်းတမ်းတဲ့ နတ်ဘီလူးတွေကို လူ့ပြည်သို့ စေလွှတ် ကာ သုတ်သင်ရှင်းလင်းလျက်ရှိပါတယ်။

သာသနာစောင့်နတ်မင်းကြီးတွေ က ကမ္ဘာလောကကြီး အေးချမ်းသာယာ ဖို့နဲ့ သာသနာတော်ကြီး သန့်ရှင်းစင်ကြယ် စွာ အရှည်တည်တံ့ကြာမြင့်စေဖို့အတွက် အစဉ်စောင့်ရှောက်လျက်ရှိကြကြောင်း မြတ်ဗုဒ္ဓက ပန္နာသပါဠိတော် ဗြာဟ္မဏ မဟာသာလသုတ်မှာ ထုတ်ဖော် ဟော ကြားတော်မူခဲ့ပါတယ်။

ဒါကြောင့်မို့ လူတွေအနေနဲ့-

- တရားစောင့်ကြပါ။
- ဗြဟ္မစိုရ်တရားပွားများကြပါ။

လောကပါလနတ်မင်းကြီးတွေဟာ ကြမ်းတမ်းတဲ့ နတ်ဘီလူး၊ သရဲ သဘက် တွေကို လူ့လောကနယ်သို့ စေလွှတ် လျက် မကောင်းသူကို ပယ်ကာ ကောင်း သူတွေကို ကယ်လျက်ရှိနေပြီဖြစ်တယ် ဆိုတာကို သူရဇ္ဇမဂ္ဂဇင်းကြီးရဲ့စာမျက်နှာ ထက်ကနေ အောင်စည်တီးကာ ကြေ ညာမောင်းခတ်လိုက်ရပါတယ်။

**မြတ်သော ဆုပတ္ထာန**

ကျွန်ုပ် စာရေးသူ မင်းဂွတ်သည် **'အဘအောင်မင်းခေါင် ဘာလဲ၊ ဘယ်လဲ'** ဝိဇ္ဇာဝင်သမိုင်းဆောင်းပါးအား စေတနာ သဒ္ဓါထက်သန်စွာဖြင့် စီရင်ရေးသား ပြုစု တင်ပြရသော ကာမာဝစရ မဟာ ကုသိုလ်ကံတို့ရဲ့ စွမ်းအားသတ္တိ အာနု ဘော်တို့ကြောင့် ဖြစ်လေရာဘဝတိုင်းတို့ ၌ ဝိဇ္ဇာဉာဏ်(၆)ပါး၊ အဘိညာဉ်(၆)ပါး၊ သမာပတ်(၈)ပါးတို့ကို အောင်မြင် ပြီးစီး ရ၍ အမျိုးဘာသာ သာသနာတော်မြတ် ကို ထိန်းသိမ်း စောင့်ရှောက်နိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် အမှန်ဧကန် ဖြစ်ရ ပါလို၏။

ထို့ပြင်တစ်ဝ -

ကျွန်ုပ်သည် ပကတိသာဝက ဗောဓိဉာဏ်' ကိုရရန် ရည်မှတ်၍ ဒါန အစရှိသော ပါရမီ (၁၀) ပါး အကြောင်း တရားတို့ကို ကာယကံမြောက် ကိုယ်၊ စိတ်နှစ်ဖြာချမ်းသာစွာဖြင့် ဆည်းပူးဖြည့် ကျင့်နိုင်ရပြီးလျှင် သာသနာငါးထောင် အကုန်၌ နိမ္မိတ ဗုဒ္ဓရောင်တော်ပျံ မြတ် စွာဘုရား ပွင့်တော်မူသောအခါ မမေ့ မလျော့ ဖူးတွေ့ရပြီး အရိမေတ္တေယျ ဘုရားရှင် ကံ့ကော်ပတ္တမြားပလ္လင်၌ ဦးစွာ ပထမ ဖူးတွေ့ရ၍ -

- ဒုက္ခသစ္စာ၊
- သမုဒယသစ္စာ၊
- နိရောဓသစ္စာ၊
- မဂ္ဂသစ္စာ

တည်းဟူသော သစ္စာ (၄) ပါး တရားမြတ်တို့ကို သိမြင်နိုင်သော အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရရှိ၍ ဝဋ်ဘဝခန္ဓာချုပ်ဆုံး အေးငြိမ်းရာ မဟာ အသင်္ခတ နိဗ္ဗာနဓာတုသို့ ပရိနိဗ္ဗာန် စံဝင်အေးငြိမ်းရပါစေသတည်းဟု မြတ် သော ဆုပတ္ထနာကို ပြုအပ်ပါသတည်း။

ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော် များအားလုံး အရိမေတ္တေယျ မြတ်ဗုဒ္ဓ အား ဖူးတွေ့ တရားနာကြား၍ ခေမာ သောင်ကမ်းသို့ ဆိုက်ရောက်နိုင်ကြပါ စေ။

**စာကြွင်း -**

အဘအောင်မင်းခေါင်၏ (၆၁) နှစ်ပြည့်အထိမ်းအမှတ် (၆"×၈") ဆိုဒ်ပုံ တော်များနှင့် လက်ကမ်းဓမ္မစာအုပ်ငယ် များကို ဖုန်း-၀၉၄၃၁၀၆၅၆၇ သို့ ဆက် သွယ်၍ 'အခမဲ့' လာရောက် ပင့်ဆောင် ပူဇော်နိုင်ပါသည်။

မေတ္တာဖြင့်
မင်းဂွတ်

**ကျမ်းညွှန်း -**

- အရှင်ဇောတိပါလ
ဝိဇ္ဇာဝင်သမိုင်း
- အရှင်ဇောတိပါလ
နဂါးရစ်တောင်သမိုင်း
- သမထဦးအောင်မြတ်
အဘအောင်မင်းခေါင်
- ဂန္ဓာရီခရီးမှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



# (ကျိုက်လတ်) ဆရာဦးစိန်လှိုင်

## လမုချောက်ပင် သိုက်နန်းရှင်

**တကယ့်ဖြစ်ရပ်မှန်**

ပရလောကနှင့်ပတ်သက်ပြီး မကြုံဘူးသေး၍ မယုံကြည်သူများအား ကိုယ်တွေ့ကြုံမှ ယုံခဲ့ရသော တကယ့်အဖြစ်အပျက် ဖြစ်ရပ်မှန်တစ်ခုကို သက်ရှိထင်ရှားရှိနေသော ကာယကံရှင်(ပင်စင်စားကျောင်းဆရာကြီး၏ ကိုယ်တွေ့) ပြောပြချက်များအတိုင်း ရေးသားတင်ပြလိုက်ပါသည်။

**အချိန်ကာလ-** ၁၉၈၂ ခုနှစ်၊ မတ်လအတွင်း။

**ဖြစ်ပျက်ခဲ့သော နေရာဒေသ-** ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်ဇီးဖြူကုန်း ကျေးရွာ။

**သဲကျွန်းရန်နေရာ-** ကျိုက်လတ်မြို့အပိုင် တဲ့တဲ့ကူး ကျေးရွာ၏ အထက်နားမြစ်အတွေ့ရှိသောင်ပြင်။



www.burmeseclassic.com

www.burmeseclassic.com

**ကိုယ်တွေ့ကြုံခဲ့ရသူများ-** ဦးလှငြိမ်း၊ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး၊ ဇီးဖြူကုန်းကျေးရွာ။ ဦးကျော်လှ၊ ဒု-ဥက္ကဋ္ဌ၊ မိဘဆရာအသင်း၊ ဇီးဖြူကုန်းကျေးရွာ၊ သဲကျုံးရန်သမ္ဗန်ကို ကူညီသူ။

**သဲကျုံးသူလှငယ်နှစ်ဦး-** မောင်ဦး၊ မောင်ဝင်းစိန်။

❑

ကျွန်တော်၏ မိဘများ ဇာတိဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ဇီးဖြူကုန်းကျေးရွာရှိ အခြေခံမူလတန်းကျောင်း၌ ကျောင်းအုပ်တာဝန် ထမ်းဆောင်ခဲ့စဉ်က တွေ့ကြုံခဲ့ရသော ဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။

၁၉၈၂ ခုနှစ် ကာလအချိန်က ကျောင်းမှာ သွပ်မိုး၊ ဝါးထရံကာ၊ မြေကြီးတုန်းကျောင်း ဖြစ်ပါသည်။ မြေကန်းဖြစ်သည့်အလျောက် နွေရာသီ ပူအိုက်နေသည့်နေပူရှိန်ကြောင့် မြေကြီးများကွဲအက်လာသည်။ ထိုအကွဲကြောင်းများအတွင်း မြွေ၊ ကင်းနှင့် အခြား ပိုးမွှားတိရစ္ဆာန်များ လာရောက် ခိုအောင်းနေနိုင်ပါသည်။

ထိုမြေကြီးအကွဲကြောင်းအတွင်းသို့ မြွေနှင့် ပိုးမွှားတိရစ္ဆာန်များ မဝင်နိုင်စေရန် မိဘဆရာအသင်းမှ လူကြီးများ၊ ရွာမိရွာဖများနှင့် စည်းဝေးတိုင်ပင်ခဲ့ကြရာ မိဘဆရာအသင်းလူကြီးများက ထိုမြေကြီးကုန်းပေါ်မှ သဲနုန်းများထပ်မံလောင်းဖို့ရန် အကြံပြုကြသဖြင့် ကျေးရွာမှ လူငယ်နှစ်ဦးအား သဲကျုံးရန် ငှားရမ်းခဲ့ကြပါသည်။ သဲသယ်ယူရန်အတွက် စပါး (၁၇၅) တင်းပါ သမ္ဗန်ကို မိဘဆရာအသင်း၏ဒု-ဥက္ကဋ္ဌဦးကျော်လှက အခမဲ့ အကူအညီပေးသည်။

သဲကျုံးရန်နေ့ရက်အား ရေထဦးရက်တွင် သွားရောက်ကြရန် သတ်မှတ်ကြ၏။ သဲကျုံးသွားမည့်နေ့ နံနက်စောစော၌ ငှားရမ်းထားသော လူငယ်နှစ်ဦးအား ကျွန်တော်က မိချောင်းအိုင်ချောင်းဝအထွက် တစ်ဖက်ကမ်းရှိ (တဲတဲကူးရွာ) အထက်နား မြစ်အကွေ့သောင်မှသဲများကို ကျုံးယူလာရန် မှာကြား၍ လွှတ်လိုက်ပါသည်။

ထိုနေ့ ညနေ (၆) နာရီခန့်တွင် သဲကျုံးသွားသောသမ္ဗန်မှာ သဲများကို ကျွန်တော် မှာလိုက်သည့် [illegible] သောင်မှမဟုတ်ဘဲ ၎င်း[illegible] ဖက်ကမ်း ဖားလှယ်ချတ်နေရာရှိ သဲချောက်ပင်သောင်မှ ကျုံးယူ[illegible]ခဲ့ကြောင်း၊ သဲများမှာ ဝင်းဝါနေ၍ ရွှံ့မှုန်များကင်းဖြစ်နေကြောင်းနှင့် ၎င်းသဲများမတွေ့မီ အပေါ်ယံသဲကိုတူးစဉ် ပန်းခက်များပါသည့် မြေအိုးအစအနအကွဲများ တွေ့ကြောင်း၊ သဲကျုံးသည့်ရှိ အချို့၊ သမ္ဗန်ထွက်စဉ် ဦးစိုက်၍ နစ်မလိုဖြစ်သည့်အတွက် သဲအချို့ကို ဝေါပြားနှင့် ကလော်ချ[illegible]ကြောင်း၊ အမြန်ခရီးတွင် အသွား[illegible]ကြောင်းပြောပြကြသည်။

ရွာသို့ သမ္ဗန်ရောက်လာသည့် အချိန်မှာ နေဝင်ခါနီးဖြစ်သည့်အတွက် သမ္ဗန်အား ကျွန်တော်[illegible] ရှိသော ဖြူမြောင်းအတွင်း[illegible]သို့သွင်း



www.burmeseclassic.com

www.burmeseclassic.com

ထားခိုင်းပြီး မြောင်းအနီးရှိ သစ်ပင်တွင် ကြိုးနှင့် ခိုင်ခံ့စွာ ချည်နှောင်စေခဲ့သည်။ ကျွန်တော်ကိုယ်တိုင်လည်း သမ္မန်၏ပဲ့ပိုင်း အမြီးနှစ်ခုကြားမှာ ထိုးဝါးတစ်လုံးကို ခိုင်ခိုင်မာမာ စိုက်ထားခဲ့ပါသည်။

နောက်တစ်နေ့ နံနက်စောစော ထိုလူငယ်နှစ်ဦး သဲတင်ရန် သမ္မန်သို့လာကြရာ သမ္မန်မှာမြောင်းအတွင်းမရှိတော့ကြောင်း ကျွန်တော့်အား လာရောက်ပြောဆိုကြ၍လိုက်ကြည့်၏။ မနေ့ညနေက သမ္မန်ကိုထားသည့်အခါ သမ္မန်မှာ လျှောကျနိုင်သည့် အနေအထားမျိုး မဟုတ်။ သမ္မန်၏ အမြီးနှစ်ခုအကြား စိုက်ထားခဲ့သော ထိုးဝါးမှာလည်း စိုက်ထားစဉ်ကအတိုင်းပင် အနေအထား မပျက်။ သို့သော် သမ္မန်မှာ မြောင်းအတွင်း လုံးဝမရှိတော့ပါ။

ပျောက်သွားသောသမ္မန်ကို လိုက်လံရှာဖွေရန် စီစဉ်နေကြဆဲအချိန်မှာပင် ကျွန်တော်တို့ရွာအောက်ဘက်ရှိ ဆင်ကူးကျေးရွာမှတက်လာသော လှေတစ်စင်းက သဲသမ္မန်တစ်စီး ဆင်ကူးဘုန်းကြီးကျောင်းတံတားရှေ့အနားတွင်တွေ့ခဲ့ကြောင်း သတင်းပေးသဖြင့် သဲကျုံးသူလူငယ်နှစ်ဦးအား ကျွန်တော်က သတင်းရရှိရာနေရာသို့ စေလွှတ်လိုက်ပါသည်။ ထိုအချိန်က ရေတက်ချိန်ဖြစ်နေရာ ရေမှာ ကျွန်တော်တို့ရွာအထက်ပိုင်းသို့ စီးဝင်နေပါသည်။

တစ်နာရီသာသာခန့် ကြာသော အချိန်တွင် လူငယ်နှစ်ဦး ပြန်ရောက်လာပါသည်။ သမ္မန်မှာ နောက်ပြန် အောက်ဘက်သို့ မျောပါနေသည်ကို တွေ့မြင်ရကြောင်း၊ သူတို့ သမ္မန်အနားသို့ ရောက်ခါနီးတွင် ဝေါခနဲမြည်ပြီး အိုးထည်နစ်နစ်မြုပ်သွားကြောင်းကို ပြောပြကြပါသည်။

သို့နှင့် ကျွန်တော်လည်း သမ္မန်ပိုင်ရှင် ဦးကျော်လှထံသွား၍ အကျိုးအကြောင်းပြောပြရာ ဦးကျော်လှက သမ္မန်ပြန်ဖော်ရန်မှာ အခက်အခဲမရှိနိုင်ကြောင်း၊ ရေထဲတွင် နစ်သည့်ပစ္စည်းတစ်ခုကို ဆွဲတင်ရန်မှာ အလွန်လွယ်ကူကြောင်း၊ စပါးအပြည့်ဖြင့် ထိုကဲ့သို့နစ်သည်ကို ပြန်ဖော်နိုင်ခဲ့ကြောင်း၊ စိတ်ပူစရာမလိုကြောင်း ကျွန်တော့်အား ပြောပြီး သမ္မန်ပြန်ဖော်ရန် လိုအပ်သော ကြိုးများနှင့် ရွာသား လေး၊ ငါးယောက်ကိုခေါ်၍ သမ္မန်နစ်မြုပ်ရာသို့ ကျွန်တော်တို့လူစု ထွက်လာခဲ့ကြသည်။

သမ္မန်နစ်ရာသို့ ရောက်ကြသောအခါ ဦးကျော်လှက ရေငုပ်သန်သူ ဦးတိုး (ယခု - ကွယ်လွန်) နှင့် ဦးငွေအောင် (ခ) ဦးခွေးညိုတို့နှစ်ဦးအား ရေထဲသို့ငုပ်၍ ဦးကြိုးတစ်ချောင်း၊ ပဲ့ကြိုးတစ်ချောင်း ချည်တုပ်ထားရန် မှာကြားလိုက်ပါသည်။ ကြိုးချည်ပြီး ရေထဲမှပြန်တက်လာသူ ကိုငွေအောင်အား ကျွန်တော်က သမ္မန်အနေအထားကို မေးကြည့်ရာ သူက သမ္မန်အနေအထား ကောင်းကြောင်း၊ သမ္မန်ဦးမှာ ကမ်းဘက်သို့ ဦးတည်နေကြောင်း၊ သမ္မန်ဦးရှိ ဦးကြိုးမှာလည်း ပြတ်ခြင်းမရှိဘဲချည်ထားသည့်အတိုင်း ကွင်းလိုက်ပင်ဖြစ်နေကြောင်း ပြောပြသည်။ ထို့နောက် ဦးကြိုး၊ ပဲ့ကြိုးနှစ်ချောင်းအား တစ်ဖက်လျှင် လူငါးယောက်စီဖြင့် ဆွဲတင်ကြရာ သမ္မန်မှာ ကမ်းဘက်သို့ တက်လာခြင်းမရှိဘဲ ဆွဲရင်းဖြင့်ပင် တဖြည်းဖြည်း ရေလယ်ကြောင်းသို့ ရောက်ရှိသွားပါတော့သည်။ ရေမှာလည်း တဖြည်းဖြည်း ပြန်ကျလာပြီဖြစ်သောကြောင့် ရေနည်းလာသဖြင့် ကြိုးများကို နီးရာသစ်ပင်တွင် ချည်နှောင်ပြီး ပြန်ခဲ့ကြရပါတော့၏။ နံနက်(၁၁)နာရီခန့်ရှိပြီဟု ထင်ပါသည်။

ထိုနေ့ညနေပိုင်း ရေပြည့်ချိန်တွင် တစ်ဖန်ပြန်၍ဆွဲကြပြန်ရာ သမ္မန်မှာ ရှေ့တိုးရမည့်အစား ရှေ့မတိုးဘဲ နောက်ဘက်သို့ ရုန်းနေသဖြင့် တစ်ဖက်ကမ်းချောက်ဘက်သို့ ရောက်ရှိသွားပါတော့သည်။ သို့ဖြင့် တစ်ဖက်ကမ်းရှိ သစ်ပင်များတွင် ဦးကြိုး၊ ပဲ့ကြိုးများချည်ပြီး ရွာသို့ပြန်ခဲ့ကြ၏။

ထိုနေ့ညနေပိုင်း နေဝင်စအချိန်တွင် ကျွန်တော် ဦးကျော်လှအိမ်သို့သွား၍ သမ္မန်ဖော်ရန် တိုင်ပင်ဆွေးနွေးကြရာ ဦးမြင့် ဆိုသူက ထုံးစံအတိုင်း ကန်တော့ပွဲ၊ လက်ဖက်၊ အမွှေးရည်များပေး၍ဖော်ကြည့်ရန် အကြံပြုပါသည်။ အပန်းမကြီးသည့်ကိစ္စဖြစ်၍ အကြံပြုချက်အတိုင်း ပြုလုပ်ရန် ဆုံးဖြတ်ပြီး နောက်တစ်နေ့နံနက်တွင် ဦးမြင့်က လင်ပန်းတစ်ချပ်ဖြင့် ကန်တော့ပွဲပြင်၍ စပါး(၂၅)တင်းပါ လှေဦးဖုံးပေါ်သို့ ကန်တော့ပွဲကိုတင်လိုက်ရာ ကန်တော့ပွဲမှာ လှေဝမ်းအတွင်းရှိ ကပ်ပေါ်သို့ တစ်ဦးတစ်ယောက် တွန်းချလိုက်သလို လျှော ကျသွားပါသည်။ သို့သော် ကန်တော့ပွဲမှာ ပျက်သွားခြင်းမရှိ။ ၎င်းကန်တော့ ပွဲအတွင်းတင်ထားသော အမွှေးရည်ခွက်မှာ လုံးဝမှောက်သွားခြင်း မရှိပါ။

သမ္မန်နစ်ရာသို့ရောက်သည့်အခါ ဆိုင်ရာပိုင်ရာပုဂ္ဂိုဟ်များအား တောင်းပန်လျက် မြုပ်နေသောသမ္မန်မှ ကြိုးများကို ရန်ကုန်သို့ကုန်ပို့နေသော စပါးတင်းနှစ်ထောင်ခန့်ဝန်ပါသည့် မော်တော်ဖြင့် တွဲချည်လျက် ရွာဘက်သို့ ခုတ်မောင်းခိုင်းလိုက်သည်။ သို့သော် မော်တော်စက်မှ မီးခိုးများမည်းမှောင်လာသည်အထိ မောင်းသော်လည်း မော်တော်မှာ ထိုနေရာမှ လုံးဝရှေ့သို့မောင်းလို့မရဘဲ ကျောက်ချထားသလို ဖြစ်နေသဖြင့် မော်တော်နှင့်ဆွဲယူခြင်းကို လက်လျှော့ပြီး ထုံးစံအတိုင်း ကြိုးချည်ထား၍ ပြန်ခဲ့ကြရပါသည်။

ထိုနေ့ညနေ မိုးချုပ်စအချိန်တွင် ကျွန်တော်သည် ဦးကျော်လှအိမ်သို့သွားခဲ့ပါသည်။ ဦးကျော်လှအိမ်သို့ ရောက်ခါနီး ဦးကျော်လှအိမ်နှင့် တစ်ခြံကျော်တွင်ရှိသော ဦးကျော်လှ၏ညီမအိမ်ရှေ့အရောက်တွင် ထိုအိမ်အတွင်းမှ အမျိုးသမီးငယ်တစ်ဦးထွက်လာပြီး ကျွန်တော့်နောက်မှ လိုက်ပါလာခဲ့ပါသည်။ ရန်ကုန်မှ အလည်လာနေသော ဧည့်သည်အမျိုးသမီးဟု နောင်မှသိရသည်။ ဦးကျော်လှအိမ်သို့ ကျွန်တော် ရောက်ပြီး ဘုရားဆောင်အရှေ့ ဧည့်ခန်းတွင် ထိုင်မိသောအခါ ထိုအမျိုးသမီးငယ်လည်း ဘုရားဆောင်အရှေ့မှာ ဝင်ရောက်ထိုင်လျက် ဘုရားကို ကန်တော့ပါသည်။

ထို့နောက်တွင် ထိုအမျိုးသမီး၏နှုတ်မှ သူသည် လမုချောက်ပင်သိုက်မှ သိုက်စောင့်တစ်ဦးဖြစ်၍ ပြောစရာရှိသောကြောင့် ထိုအမျိုးသမီးကို ဝင်ရောက် ပူးကပ်ရခြင်းဖြစ်ကြောင်း၊ မြုပ်နေသောသမ္မန်ကို ပြန်မဖော်လိုသဖြင့် သူတို့ကနှောင့်ယှက်ထားကြောင်း၊ ထိုသမ္မန်ထဲမှာ သူတို့၏ပစ္စည်း ရွှေမှုန့်များပါလာကြောင်း၊ သဲလာကျုံးသောလူငယ်နှစ်ဦးက သဲထင်မှတ်ပြီး ယူလာခဲ့ခြင်းဖြစ်ကြောင်း၊ သူတို့သဲသယ်ပြီးထွက်လာစဉ်ကတည်းက သမ္မန်ကို နှစ်မြုပ်မည်ဟု ကြံရွယ်ကြောင်း၊သို့သော်လည်း ကလေးနှစ်ဦးကို သနားသဖြင့် ရွာအထိ လိုက်ပို့ပြီးမှ သူတို့၏ ရွှေမှုန်တွေကို သမ္မန်နှင့် ပြန်သယ်သွားမည်။ ၎င်းသမ္မန်အတွက် အစားပြန်ပေးမည် ဖြစ်ကြောင်း ပြောပါသည်။

သို့သော် ကျွန်တော်က သူ့အားဤသို့ ခွင့်မပြုနိုင်ကြောင်း၊ ဒီသမ္မန်အတွက် ပိုင်ရှင်ကို ငွေမလျော်နိုင်ကြောင်း။ ဒီသမ္မန်ပြန်မရပါက ငွေကို ပြန်မလွှတ်နိုင်ကြောင်းပြောဆို၍ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

# အောင်စေပိုင်စေ

ဌေးပုလဲ

လျင်မြန်သော အရှိန်အဟုန်နှင့် တိုးတက်နေသောကမ္ဘာကြီးကို ရင်ပေါင် တန်းနိုင်အောင် ကြိုးစားအားထုတ်ကြ ရမည်။ ဖွံ့ဖြိုးတိုးတက်ခြင်းကို မျက်ခြည် မပြတ်စေဘဲ ထင်သာမြင်သာအောင် ရှု မြင်သုံးသပ် ဝေဖန်ပိုင်ခြားနိုင်ရမည်။ နေ့ စဉ်လုပ်ကိုင်နေကြရသောအလုပ်များကို အကြမ်းအားဖြင့် ခွဲခြမ်းစိတ်ဖြာကြည့် သောအခါတွင် စီမံချက်ရေးဆွဲပြီး ကြို တင်ပြင်ဆင် လုပ်ကိုင်ရသော လုပ်ငန်း များ အခါအခွင့်ကြုံသလို အချိန်အခါမီ လျင်လျင်မြန်မြန်လုပ်ကိုင်ရသော လုပ် ငန်းများ၊ အချိန်အခါကောင်း ရက် ကောင်းနေ့မွန်ကို ရွေးချယ်ပြီး လုပ်ကိုင် ကြရသော လုပ်ငန်းများ ဟူ၍ တွေ့ရှိနိုင် ပါသည်။

လုပ်ငန်းကိစ္စတိုင်းကို ပျော်ရွှင်စွာ လုပ်ကိုင်လိုကြသည်။ ရည်မှန်းထားသည် [illegible]တ် အောင်မြင်လိုကြသည်ကား လူ သားတို့၏ သဘာဝတရားတစ်ခုပင် ဖြစ် [illegible] စွန့်ဦးတီထွင် လုပ်ကိုင်နိုင်ရမည်။ ကံ၊ ဉာဏ်၊ ဝီရိယအလွန်စောမိခြင်း၊ ပျင်းရိ ဖင့်နွဲ့ခြင်း၊ သုံးသပ်မှုနည်းပါးခြင်း၊ ပူး ပေါင်းညှိနှိုင်းမှုနှင့် အပြန်အလှန်ပေါင်းစပ် မှုနည်းပါးခြင်း၊ ဆုံးဖြတ်ချက်မခိုင်မာခြင်း၊ စူးစမ်းလေ့လာမှုအားနည်းခြင်း စသည် တို့ကြောင့် အောင်မြင်မှုနည်းကြသည်ကို တွေ့မြင်နိုင်သည်။ အချိန်နှင့်အမျှ တိုး တက်ရွေ့လျားပြောင်းလဲနေသော ပတ် ဝန်းကျင်၏အခြေအနေကို မြင်အောင် ကြည့်၍ ချိတ်ဆက်ပေးနိုင်ရန် လိုအပ် သည်။

အချိန်အခါကောင်းကို ရွေးချယ် ပြီး ကြိုတင်စီမံလုပ်ကိုင်ရသော လုပ်ငန်း များအတွက် အောင်မြင်ရေးနည်း ကောင်းကို တင်ပြလိုပါသည်။ ဥပမာ ကုမ္ပဏီသစ်ဖွင့်လှစ်ခြင်း၊ စတိုးဆိုင်သစ် ဖွင့်လှစ်ခြင်း၊ တိုက်သစ်သိမ်းမင်္ဂလာပြု လုပ်ခြင်း စသည်တို့ ဖြစ်သည်။ ခြုံငုံ၍ ပြောရလျှင် အချိန်အခါကောင်းကို ရွေး ချယ်သတ်မှတ်ပြီး လုပ်ကိုင်ရသော လုပ် ငန်းများ အားလုံးပျော်ရွှင် ကြည်မွေ့စွာ ဖြင့် အောင်မြင်မှုရရှိအောင် လုပ်ကိုင်

| ဆောင်ပုဒ်လင်္ကာ | ဆန်း/ဆုတ်ရက် | နေ့ | မှတ်ချက် |
|---|---|---|---|
| တစ် - ပူး | ၁ | သောကြာ | မြန်မာလ (၁၂)လအားလုံး ကို ဇယားပါ အတိုင်း မှတ်ယူပါလေ |
| နှစ် - ဆင် | ၂ | ဗုဒ္ဓဟူး | |
| သုံးတွင်ကား ကျား | ၃ | တနင်္လာ | |
| လေးရက်ကား ကြွက် | ၄ | ကြာသပတေး | |
| ငါးရက် နဂါး | ၅ | စနေ | |
| သတ္တ အင်္ဂါ | ၇ | အင်္ဂါ | |
| ရှစ်မှာ ဂဠုန် | ၈ | တနင်္ဂနွေ | |

[illegible]တော်၏ ဂိုဏ်းဆရာအာဏာဖြင့် သူ့ကို ချုပ်နှောင်ထားလိုက်ပါသည်။ သူမက လည်း သူမကို ပြန်လွှတ်ပေးပါရန်နှင့် သမ္ဗန်ကိုလည်း ပြန်မယူရန် ငိုယိုတောင်း ပန်တောင်းဆိုပါသည်။ သို့သော် သူ့ကို ကျွန်တော်က ပြန်မလွှတ်သဖြင့် အခြေ အနေမှာ တဖြည်းဖြည်းတင်းမာလာပါ သည်။

ထိုစဉ် ဦးကျော်လှတို့ အိမ်သား အားလုံးမှ သူမ ပြန်လွှတ်ပေးလိုက်ပါရန် [illegible] သမ္ဗန်အတွက်လည်း ပေးလျော်စရာ [illegible]ကြောင်း၊ သူတို့အနေဖြင့် ကျေနပ် [illegible]ကြောင်း ဝိုင်း၍တောင်းပန်ကြသဖြင့် [illegible]ပြန်လွှတ်ပေးလိုက်ပါတော့သည်။

နောက်တစ်နေ့နံနက် မကျေပွဲ [illegible] ထပ်မံ၍ သမ္ဗန်ကို ဖော်ကြပြန် [illegible]နှစ်ချောင်းကို ဆွဲလိုက်သည်နှင့် [illegible]တ်နက် ရေထဲမှ ဘွားခနဲ ပေါ် [illegible]တော့သည်။ ကျွန်တော်တို့အား [illegible]ခမ်းသာအားရဖြင့် ကြိုးများအား [illegible]လိုက်သောအခါ သမ္ဗန်၏ ဘေး [illegible]သားသာ ဖြစ်ပါတော့သည်။ ကျန်တစ်ခြမ်းအား ကြိုးစား၍ ဖော်ကြ သော်လည်း ငုတ်ရိုက်၍ထားသကဲ့သို့ နေရာတွင်မြဲနေသောကြောင့် အားလုံး က လက်လျှော့လိုက်ကြပါတော့သည်။

ရရှိခဲ့သော သမ္ဗန်တစ်ခြမ်းအား ဦးကျော်လှကိုယ်တိုင် လှေစပ်ခဲ့ရာ မကြာမီမှာပင် တစ်ဆယ့်နှစ်တောင်ခန့် ရှိသော လှေတစ်စင်းနှင့် ငါးတောင်ခန့် လှေကလေးတစ်စင်း ရရှိခဲ့သည်။ လှေ အကြီးအား ထိုစဉ်က တစ်နေ့လျှင် လှေ ငှားခ ငါးကျပ်ဖြင့် ငှားစားခဲ့ရာ မနား တမ်းငှားခဲ့ရပါသည်။

ရေထဲတွင်ကျန်သော သမ္ဗန်တစ် ခြမ်းမှာ ယနေ့ထိတိုင် မည်သူတစ်ဦးတစ် ယောက်မျှ ရသွားသည်ဟု မကြားရပါ။ သို့သော် ၎င်းသမ္ဗန်တစ်ခြမ်းမှာ ထိုနေ ရာမှာ မရှိတော့ဘဲ ပျောက်ဆုံးသွားခဲ့ ပါကြောင်း။

ထိုချောင်းတစ်လျှောက် အမြဲ တမ်းကွန်ပစ်နေသော ရွာသားများသည် ထိုနေရာအနှံ့ ကွန်ပစ်ခဲ့သော်လည်း ဘာ တစ်ခုမှ မတွေ့ရှိ၊ မရခဲ့ပါဟု ပြောကြ ပါသည်။

လမုခြောက်ပင်နေရာမှာ ဒေးဒရဲ မြို့နယ် ခနုံးချောင်းကျေးရွာနှင့် နီး၍ ကျိုက်လတ်မြို့မှ မော်တော်နှင့်သွားလျှင် (၁၅) မိနစ်ခန့် မြစ်ထဲတွင် မောင်းရ၏။ မြစ်၏အကွေ့လက်ဝဲဘက်ကမ်းထိပ်တွင် တည်ရှိသည်။ ကျိုက်လတ်မြို့နှင့် အနီး အနားရွာများက လမုခြောက်ပင်ဟု မခေါ်ကြဘဲ 'ခြောက်ပင်၊ ခြောက်ပင် ကွေ့' ဟူ၍ ခေါ်ကြသည်။ ထိုခြောက် ပင်ကွေ့ထိပ်တွင် သောင်ကြီးရှိသည်။ မော်တော်၊ သင်္ဘောများ ထိုကွေ့ကို ရှောင်မောင်းကြရသည်။ ၎င်းသောင်နှင့် မားလွှယ်ခုတ်တွင် တဲတဲကူးကျေးရွာ၏ အထက်ဘက် မြစ်အကွေ့သောင် (ကျိုက်လတ်မြို့နယ်အပိုင်) မှ သဲကို ဆရာကြီး ဦးလှငြိမ်းက ရွာမှလူငယ်နှစ် ဦးကို ကျုံးခိုင်းခြင်း ဖြစ်သည်။ သူတို့က လမုခြောက်ပင်သောင်မှ ကျုံးယူလာကြ ခြင်း ဖြစ်သည်။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

နိုင်ရန် တင်ပြလိုသည်။

ဘာသာတရား အဆုံးအမနှင့် လျော်ညီအောင် ကျင့်ကြံနေထိုင်လုပ်ကိုင်ရန်လည်း လိုအပ်၏။ ရိုးရာဓလေ့အရ ရှောင်ရန်၊ ဆောင်ရန်တွေကိုလည်း ရှောင်ရန်၊ ဆောင်ရန် လိုအပ်သည်။ ခေတ်မီနည်းပညာများကိုလည်း အခြေအနေနှင့် အချိန်အခါနှင့် လျော်ညီအောင် အသုံးပြုတတ်ရန် လိုအပ်ပေသည်။

ရိုးရာဓလေ့အယူအဆအရ ရှောင်ရန် နေ့ရက်အချိန်အခါတွေကလည်း များလှပါပေ၏။ မြေသစ်လုပ်ကိုင်သော ကိစ္စတစ်ခုဆိုလျှင်ပင် လဆန်း၊ လဆုတ် မြေခံ၊ (၁၀)ပါးမြေခံ ဟူ၍ နှစ်မျိုးရွေးချယ်ရပေတော့မည်။

ထို့အတူ မဟာရက်ကြမ်းကြီး၊ မဟာရက်ကြမ်းကလေး၊ ရက်ပုပ်၊ ရက်ယုတ်မာ၊ တာနေ့ာရက်၊ ရှမ်းရက်၊ သမားဖြူရက်၊ သမားညိုရက်၊ လတွင်းကျရက်၊ လဒဏ်သင့်ရက်၊ ဝါရမိတ္တူပြဿဒါး စသည်စသည်ဖြင့် ရှောင်ရန်ရက်တွေကလည်း ရေး၍မကုန်နိုင်အောင် ရှိတော့သည်။ လုံးဝကင်းလွတ်ရွေးချယ်နိုင်ရန်ကား မလွယ်ပေ။ ထို့ကြောင့်ပင် ရက်မင်း၊ ရက်ထွန်း၊ ရက်ရာဇာကျသောရက်များကို ရွေးချယ်ပြီး အလုပ်ကိစ္စပြုလုပ်လျှင် အောင်မြင်မှုရရှိနိုင်သည်ဟု ယုံကြည်ကြ၏။

ယခုတင်ပြလိုသည်မှာ ရက်မင်း၊ ရက်ထွန်း၊ ရက်ရာဇာကျသောရက်များထက်ပင် အောင်မြင်ခြင်းကို ဆောင်နှင်းနိုင်သော အမြိတ္တစုတ်ရက်အကြောင်းပင် ဖြစ်သည်။ အမြိတ္တစုတ်ရက်ရသော နေ့ရက်ကို လုပ်ငန်း စတင်လုပ်ကိုင်လျှင် ကောင်းစားခေါင်ထိပ် အောင်နိမိတ်နှင့် ပြည့်စုံပြီး ဘေးရန်ကင်းကွာ အောင်ကြောင်းသာ၍ အောင်မင်္ဂလာဖြစ်မည်ဟု တင်ပြလိုပါသည်။

အမြိတ္တစုတ်ရက် ရွေးချယ်နည်းကို တင်ပြပါဦးမည်။

*တစ်-ပူး၊ နှစ်-ဆင်၊*
*သုံးတွင်းကား ကျား၊*
*လေးရက်ကား ကြွက်၊*
*ငါးရက် နဂါး၊*
*သတ္တ အင်္ဂါ၊ ရှစ်မှာ ဂဠုန်*
*ဆန်း ဆုတ်ကြုံ၊*
*မှတ်ကုန် အမြိတ္တစုတ်။*

ဖော်ပြပါ လင်္ကာတိုလေးသည် အမြိတ္တစုတ်ရက်ရွေးလင်္ကာ ဖြစ်သည်။ အလွတ်ရအောင် ကျက်မှတ်ထားသင့်၏။

အထက်ဖော်ပြပါ ဇယားကိုကြည့်လျှင် အမြိတ္တစုတ်ရက်ရွေးနည်းကို နားလည်နိုင်ပေမည်။ ထိုဇယားကို ပုံကြီးချဲ့ရေးကူးပြီး မြင်သာသောနေရာတွင် ချိတ်ဆွဲထားလျှင် အမြိတ္တစုတ်ရက် ကျရောက်မည့်ရက်ကို အလွယ်တကူ သိရှိနိုင်ပါသည်။

ဆက်ပြီး ပြောလိုပါသည်မှာ -

ထေရဝါဒ ဗုဒ္ဓဘာသာကို ယုံကြည် ကိုးကွယ် ဆည်းကပ်ကြသောသူများသည် သရဏဂုံကို မပျက်မယွင်းအောင် တည်မှီရပါမည်။ သရဏဂုံ (၃) ပါးကို ဆည်းကပ်ကိုးကွယ်ပြီး ငါးပါးသီလကို ခံယူဆောက်တည်ရပါမည်။ လုပ်ငန်းသစ်လုပ်ကိုင်တော့မည့် နေ့ရက်အချိန်မှစပြီး ရွတ်ပွားနှလုံးသွင်းပူဇော်ရမည့် အောင်ဂါထာကို တင်ပြလိုပါသည်။ အနက်အဓိပ္ပာယ်ကိုလည်း နားလည်စေရပါမည်။ ပီပီသသလည်း ရွတ်ဆိုနိုင်ရမည်။ ယုံယုံကြည်ကြည်လည်း ရွတ်ဆိုပူဇော်လျှင် အောင်မြင်နိုင်ပါသည်။

၁။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု
သဗ္ဗဒေဝတာ
သဗ္ဗဗုဒ္ဓါ နုဘာဝေန၊ သဒါသုခီ
ဘဝန္တု မေ။

၂။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု
သဗ္ဗဒေဝတာ
သဗ္ဗဓမ္မာ နုဘာဝေန၊ သဒါသုခီ
ဘဝန္တု မေ။

၃။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု
သဗ္ဗဒေဝတာ
သဗ္ဗသံဃာ နုဘာဝေန၊ သဒါ
သုခီ ဘဝန္တု မေ။

အထက်ဖော်ပြပါ အောင်မြင်ရေးဂါထာသုံးပုဒ်ကို မိမိအတွက် မိမိကိုယ်တိုင် ရွတ်ဆိုပူဇော်လျှင် ဂါထာတစ်ပုဒ်စီ၏အဆုံးဖြစ်သော (မေ) ကို ပီပီသသ ရွတ်ပါ။ တစ်ပါးသူ၏ ကိုယ်စား မိမိက ရွတ်ဖတ်ပူဇော်ပေးရလျှင် (မေ)ဆိုသောနေရာရာတွင် (တေ) ဟု ပီပီသသ ရွတ်ဆိုပေးရမည်။

ယုံကြည်မှု ခိုင်မာအောင် ဂါထာ၏ အနက်အဓိပ္ပာယ်များကို တင်ပြပါဦးမည်။

၁။ ခပ်သိမ်းသော ချမ်းသာကြီးပွားစေကြောင်း ကောင်းမြတ်သော မင်္ဂလာသည် ဖြစ်ပါစေသတည်း။ ခပ်သိမ်းသော နတ်ကောင်းနတ်မြတ်အပေါင်းသည် စောင့်ရှောက်ပါစေသတည်း။ ခပ်သိမ်းသော ဘုရားရှင်တို့၏ ဂုဏ်တော်ကို အာရုံပြုပြီး ပူဇော်ရသော စေတနာ အာနုဘော်ကြောင့် ကျွန်ုပ်အား အခါခပ်သိမ်း ကိုယ်၊ စိတ်နှစ်ပါးချမ်းသာစွာဖြင့် အောင်မြင်ခြင်းတွေဖြစ်ပါစေကုန်သတည်း။

၂။ ခပ်သိမ်းသော ချမ်းသာကြီးပွားစေကြောင်း ကောင်းမြတ်သော မင်္ဂလာသည် ဖြစ်ပါစေသတည်း။ ခပ်သိမ်းသော နတ်ကောင်းနတ်မြတ်အပေါင်းသည် စောင့်ရှောက်ပါစေသတည်း။ ခပ်သိမ်းသော တရားတော်တို့၏ ဂုဏ်တော်ကို အာရုံပြုပြီး ပူဇော်ရသော စေတနာ အာနုဘော်ကြောင့် ကျွန်ုပ်အား အခါခပ်သိမ်း ကိုယ်၊ စိတ်နှစ်ပါး ချမ်းသာစွာဖြင့် အောင်မြင်ခြင်းတွေ ဖြစ်ပါစေကုန်သတည်း။

၃။ ခပ်သိမ်းသော ချမ်းသာကြီးပွားစေကြောင်း ကောင်းမြတ်သော မင်္ဂလာသည် ဖြစ်ပါစေသတည်း။ ခပ်သိမ်းသော နတ်ကောင်းနတ်မြတ်အပေါင်းသည် စောင့်ရှောက်ပါစေသတည်း။ ခပ်သိမ်းသော သံဃာတော်တို့၏ ဂုဏ်တော်ကို အာရုံပြု ပူဇော်ရသော စေတနာ အာနုဘော်ကြောင့် ကျွန်ုပ်အား အခါခပ်သိမ်း ကိုယ်၊ စိတ်နှစ်ပါး ချမ်းသာစွာဖြင့် အောင်မြင်ခြင်းတွေ ဖြစ်ပါစေကုန်သတည်း။

ဘာသာရေးအရ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်း၊ အောင်ဂါထာဖြင့် ရွတ်ပွားပူဇော်ခြင်း၊ ရိုးရာဓလေ့အရ ရက်ကောင်းရက်မြတ်ကို ရွေးချယ်ခြင်း၊ ခေတ်မီနည်းပညာနှင့် အတွေးအမြင်များကို အသိဉာဏ်ပညာတို့နှင့် ပေါင်းစပ်ပေးခြင်း ဟူသော အခြေခံအကြောင်းတရားများနှင့်အညီ ကံ၊ ဉာဏ်၊ ဝီရိယအရင်းပြု၍ ကြိုးစားအားထုတ်လုပ်ကိုင်လျှင် ရည်မှန်းချက်အတိုင်း မုချမလွဲမသွေ အောင်မြင်နိုင်ပါသည်။

ကောင်းကျိုးမင်္ဂလာ အောင်မြင်ကြီးပွားနိုင်ပါစေကြောင်း စေတနာကောင်းနှင့် ရေးသားလိုက်ရပါသည်။

ရွှေပုည



www.burmeseclassic.com

www.burmeseclassic.com

# ခရစ္စမတ်နေ့

## မောင်ကျော်တိုင်



ဒီဇင်ဘာလ ၂၅ ရက်နေ့သည် ပြက္ခဒိန်ထဲတွင် မင်နီဖြင့်ရိုက်ထားလေ့ရှိသည်။ တစ်ကမ္ဘာလုံးသည် ထိုနေ့ကို ခရစ်တော်မွေးနေ့အဖြစ် ရက်ကောင်းခါမှန်သတ်မှတ်၍ အလုပ်ရုံများ၊ စက်ရုံများ၊ ရုံးများ ပိတ်ထားကြသည်။ ခရစ်ယာန်နိုင်ငံ မဟုတ်သော်လည်း မြန်မာနိုင်ငံသည် ဒီဇင်ဘာလ ၂၅ ရက်နေ့ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားသည်။ ခရစ်ယာန်များသာမက လူမျိုးစုံ ပျော်ရွှင်မြူးထူးသောနေ့မြတ်ကြီး ဖြစ်သည်။

ၑင်းပြင် ဒီဇင်ဘာလ ၂၅ ရက်သည် ခရစ်တော်မွေးနေ့ဖြစ်လာရသော အကြောင်းရင်းကား စိတ်ဝင်စားဖွယ်ကောင်းလှသည်။

လွန်ခဲ့သော အနှစ် (၃၀၀) ခန့်က နယူးအင်္ဂလန်သည် ဗြိတိသျှပိုင် ဝေးလံသော ကိုလိုနီအဖြစ်ရှိစဉ်က မက်ဆာချူဆက်နမ်တွင် မြေပိုင်ကြီးတစ်ယောက် ဖြစ်နီးသည် ခရစ္စမတ်ပွဲတော် ကျင်းပရန် လုံးပမ်းနေ၏။ တောထဲမှ ထင်းရှူးပင်ငယ်တစ်ပင်ကို ခုတ်ယူ၍ နွင်းခဲတွေပေါ်မှ ဆွဲလာပြီး အိမ်တွင် စိုက်ထူ၏။ သစ်ပင်ကို ဖယောင်းတိုင်မီးများဖြင့်ထွန်းညှိပြီး ခရစ္စမတ်ပွဲတော်ကြီးကို ကျင်းပရန် စလေတော့သည်။ သားသမီးများကလည်း ထိုခရစ္စမတ်သစ်ပင်ကို ချာချာလည်၍ ဝိုင်းကြီးပတ်ပတ် သီဆိုကခုန်နေကြသည်။

သို့သော်လည်း ထိုအချိန်က အင်္ဂလန်တွင် လွှမ်းမိုးနေသော မျက်နှာထားတင်းတင်းနှင့် ပရမတ်ဂိုဏ်းဝင် (ပြူရစ်တန်) ဘုန်းတော်ကြီးများသည် ထိုခရစ္စမတ်နေ့ ကျင်းပနေသော မိန်းမကြီးကို ရွာလူကြီးများရှေ့သို့ တရွတ်တိုက် ဆွဲခေါ်သွားကြပြီးနောက် ငေါက်မင်းကြိမ်းမောင်းကြသည်။ ထို့နောက် အဝတ်တုတ်တစ်ခုနှင့် ကျောတစ်ရာ၊ ရင်တစ်ရာခတ်၍ မြို့ရပ်သို့ ရွာတွင်းမှ နှင်ထုတ်လိုက်ကြသည်။ ဤခေတ်ဤအခါက ထိုသို့ ရွာက ဝိုင်းပယ်၍ ကြဉ်လိုက်ခြင်းသည် ကြီးလေးလှသော အပြစ်ဒဏ် ဖြစ်ပေသည်။

မည်သည့်ပြစ်မှုကြောင့် ရွာမှ ပစ်ပယ်ပြီး နှင်ထုတ်လိုက်ကြသနည်း။ အပြစ်ကား ခရစ်ယာန်မပီသသော ဒိဋ္ဌိတို့အလုပ်ဖြစ်သည့် ခရစ္စမတ်နေ့ပွဲတော် ကျင်းပသောကြောင့်ပင် ဖြစ်ပေသည်။ သမ္မာကျမ်းဆိုမှ သမ္မာကျမ်းကိုသာ ယုံကြည် ကိုးကွယ်သော ရှေးပရမတ်ဘုန်းတော်ကြီးများသည် ခရစ္စမတ်နေ့ကို ရှုတ်ချကြသည်။ ဘုန်းတော်ကြီးများသည် တရားခံမွှပေါသည့်အခါတိုင်း ဒေါသသံဖြင့် ခရစ္စမတ်နေ့ကျင်းပခြင်းကို ကန့်ကွက် ပြစ်တင်ကြသည်။ ခရစ္စမတ်နေ့ ကျင်းပခြင်းသည် ဒိဋ္ဌိအယူ၍ဖြစ်၍ ထာဝရဘုရားကို စော်ကားခြင်းသာ ဖြစ်သည်ဟု ယူဆကြသည်။ ထို့ပြင် ခရစ္စမတ်နေ့ကျင်းပသူကိုပင် ဒဏ်ငွေချရန်နှင့် ရှုတ်ချရန်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ဖူးသည်။

ရက်စက် ကြမ်းကြုတ်လှသော ကာရွှန်းမဝဲလ် အင်္ဂလန်နန်းကို စိုးစံသော အချိန်ကလည်း အလားတူ ဥပဒေကို ထုတ်ပြန်ခဲ့သည်။

ဤမျှကျပ်တည်းပြင်းထန်စွာ ခရစ္စ



www.burmeseclassic.com

www.burmeseclassic.com

# အယားပျောက်ဆေးနည်း

ဤနည်းမှာ အယားအမျိုးမျိုးရှိသည့်အနက် တစ်ကိုယ်လုံး အဖုအပိမ့်မပေါ်ဘဲ သွေးပွက်၊ သွေးဆူ၍ယားခြင်းကို ပျောက်စေသောနည်း ဖြစ်ပါသည်။

ဖြစ်ပွားပုံမှာ -

မေလ ၂၉ ရက်နေ့က စာရေးသူ ခြံဥယျာဉ်ထဲသွားရာ တူတော်မောင် မောင်ဝင်းမင်းသန်းနှင့်တွေ့ရာ မောင်ဝင်းမင်းသန်းက -

"ဦးရေ၊ ကျွန်တော့်မှာ တစ်ကိုယ်လုံးယားနေလို့ ညကမအိပ်ရဘူး။ အဲဒါဘာဆေးလုပ်ရမှာတုံး"

ဟု မေးလာရာ စာရေးသူက သူ၏တစ်ကိုယ်လုံးကိုကြည့်ရာ အဖုအပိမ့်လုံးဝ မတွေ့ရသဖြင့်-

'အင်း - ဒါကတော့ အင်ပျဉ်ထတာ မဟုတ်ဘူး။ ခန္ဓာကိုယ်ထဲက သွေးကြောင့် ယားတာ ဖြစ်ရမယ်'

ဟု တွေးထင်မိပါသည်။

ထို့ကြောင့် စာရေးသူ၏ဖခင်ကြီး (ယောက္ခမကြီး) အသုံးပြု ပြောကြားသော ဆေးနည်းကို သတိရမိပါသည်။ ထို့ကြောင့် တူမောင်ဝင်းမင်းသန်းအား-

"အေး - မောင်ဝင်းမင်းသန်းရေ၊ ဟိုင်ငါ့ရဲ့ယာထဲက တဲအနီးမှာ ထန်းလက်ခြောက်တွေ ရှိလေရဲ့။ အဲဒီထဲက တစ်ရွက်ကိုယူပြီး မီးရှို့၊ မီးလှုံလိုက်ပါ"

ဟု ဆိုရာ မောင်ဝင်းမင်းသန်းလည်း ချက်ချင်းသွားယူကာ မီးရှို့၍ တစ်ကိုယ်လုံး မီးပူအောင် မီးလှုံ၍ အလုပ်ဆင်းသွားပါတော့သည်။

စာရေးသူ ညနေ (၄) နာရီခန့်တွင် ခြံထဲသို့သွားရာ မောင်ဝင်းမင်းသန်းနှင့်တွေ့သောအခါ သူက -

"ဦးရေ၊ မနက်က မီးလှုံပြီး ခဏကြာတော့ အယားပျောက်သွားပြီ။ ကျေးဇူးတင်ပါတယ်"

ဟု ပြောပါသည်။

ထို့ကြောင့် အင်ပျဉ်ထခြင်းမဟုတ်။ အဖုအပိမ့်မထသော တစ်ကိုယ်လုံး အယားရောဂါရလာပါက ထန်းရွက်ခြောက်ကို မီးရှို့၍မီးလှုံပါလို့ လက်တွေ့နည်းကို ဖော်ပြလိုက်ရပါသည်။

ထိုအယားပျောက်ဆေးနည်းပြောပြခဲ့သော တောင်တွင်းကြီးမြို့နယ် ချောင်းနက်အရှေ့ရွာမှ ဆေးဆရာကြီး ဦးတင်ရှိန်အား ကျေးဇူးတင်ပါသည်။ ဦးတင်ရှိန်ကား မရှိတော့ပါ။ ဦးတင်ရှိန် ကောင်းရာသုဂတိသို့ လားရောက်ပါစေဟူ၍ ဆုတောင်းရင်း ကျေးဇူးဆပ်ကန်တော့အပ်ပါသည်။

*အားလုံးကျန်းမာချမ်းသာကြပါစေ*

ကောင်းထက်(ချောင်းနက်)

---

မတ်နေ့ ကျင်းပမှုကို ကန့်ကွက်ရှုတ်ချနေခြင်းသည် အဘယ်ကြောင့်နည်း။ အကြောင်းကား ထိုပြူရီတန်ခေါ် ပရမတ်ဂိုဏ်းဘုန်းတော်ကြီးများသည် ခရစ္စမတ်နေ့ဖြစ်သော ဒီဇင်ဘာလ ၂၅ ရက်တွင် ခရစ်တော်မွေးဖွားခြင်း မဟုတ်သည်ကို သိသောကြောင့်တည်း။

ခရစ်တော် ကွယ်လွန်တော်မူပြီးနောက် အနှစ် (၂၀၀) အတွင်း သူခမိန်တို့သည် ခရစ်တော်မွေးနေ့နှင့် ပတ်သက်၍ အကျောက်အကန် အငြင်းပွားကြသည်။ အချို့က မေလ ၂၀ ရက်နေ့ဖြစ်သည်။ အချို့က ဧပြီလ ၁၉ ရက်နေ့ဖြစ်သည်ဟု အဆိုအငြင်းထွက်လာသည်။ ကေစီဆရာတို့က ထို ၂ ရက်စလုံးသည် ရှေးဟောင်းအစွဲအလမ်းသာဖြစ်သဖြင့် အမှန်မှာ နိုဝင်ဘာလ ၁၇ ရက်နေ့ ဖြစ်သည်ဟု ကြေညာသည်။

ခရစ်တော်၏ ဇာတိချက်ကြွေဖြစ်သော ဘက်သဲလ်ဟမ်တွင်မူင် ခရစ္စမတ်နေ့ကို (၁) နှစ်အတွင်း (၃)မျိုး၊ (၃)ချိန် ကျင်းပကြသည်ကို တွေ့ရသည်။ အချို့အုပ်စုက ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပ၍ အချို့က ဇန်နဝါရီလ ၆ ရက်တွင် ကျင်းပပြီး အချို့ကမူ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျင်းပကြသည်။ အဘိဆီးနီးမားတွင်ကား မတ်လမှတစ်ပါး ကျန်လတိုင်းတွင် ခရစ္စမတ်နေ့ ကျင်းပကြသည်။

ခရစ်နှစ်ကို ခရစ်တော် ကွယ်လွန်တော်မူပြီးနောက် နှစ်ပေါင်း (၈၀၀)အထိ မွေးနေ့မှစ၍ မရေတွက်ခဲ့ပေ။ အင်္ဂလန်တွင် ခုနှစ်သက္ကရာဇ်ကို တွက်ရာတွင် ၇ ရာစုမှ ၁၃ ရာစုထိ ခရစ္စမတ်နေ့က မှစ၍ နှစ်ကိုရေတွက်သည်။ သို့သော် ၁၄ ရာစုတွင် အင်ဂလိကန်ချာချ်က မတ်လ ၂၅ ရက်နေ့မှစ၍ သက္ကရာဇ်ကို ရေတွက်ခဲ့ရာ ၁၇၅၂ ခုထိပင် ဖြစ်သည်။ ၁၇၅၂ တွင် ပြက္ခဒိန်ကို ပြုပြင်ရာ ဇန်နဝါရီ ၁ ရက်နေ့မှစ၍ ရေတွက်သည်။ ထို့ကြောင့် ဒီဇင်ဘာ ၂၅ ရက်နေ့မှစ၍ ရေတွက်သော သက္ကရာဇ်သည် ၁၄ရာစုထိ တရားဝင်ဖြစ်၏။ သို့သော်လည်း ဇန်နဝါရီ ၁ ရက်နေ့မှစ၍ ရေတွက်သော အလေ့ကား ရှေးပဝေသဏီကပင်ဖြစ်ပေသည်။

ရောမ ကောင်းစားစဉ်က ရောမသားတို့သည် ဒီဇင်ဘာလတွင် 'ဆေတန်' ဟူသော ကောက်ပဲသီးနှံစောင့်နတ်ကြီးအား မြန်မာတို့ ပုပ္ပားကြီးကို ပ,သသကဲ့သို့ ပူဇော်ပသပွဲ ကျင်းပလေ့ရှိသည်။ ဒီဇင်ဘာလသည် ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးစလဖြစ်သဖြင့် နောင်နှစ်တွင် ကောက်ပဲသီးနှံကောင်းစေခြင်းအလို့ငှာ 'ဆေတန်' နတ်အား ပူဇော်ပသခြင်း ဖြစ်ပေသည်။ အိမ်များကိုလည်း ကောက်ပဲသီးနှံအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် အစိမ်းရောင်သုတ်လိမ်းခြင်း၊ သစ်ပင်ပန်းပင်များကို စိုက်ထူဆင်ယင်ခြင်းပြုလေ့ရှိပြီးလျှင် လက်ဆောင်ပဏ္ဏာများကိုလည်း ပေးကမ်းကြသော အစဉ်အလာရှိခဲ့သည်။

ထို့နောက် ရောမတွင် ခေါင်းပြောင်ကွန်စတင်တိုင်းဘုရင်ကြီး နန်းတက်လာပြီးလျှင် ခရစ်ယာန်ဘာသာသည် နိုင်ငံတော်ဘာသာဖြစ်ကြောင်း ကြေညာ၏။ ဤသို့ ကြေညာသည်နှင့် တစ်ပြိုင်နက် ခရစ်တော်၏မွေးနေ့ကိုလည်း 'ဆေတန်' ပူဇော်သည့်နေ့တွင်ပင် ကျင်းပရန် အမိန့်ထုတ်လုပ်ခြင်းဖြင့် ပွဲတော်နှစ်ခုကို တစ်ခုတည်း ပူးပေါင်းပေးလိုက်လေသည်။

ခရစ်တော်၏ မွေးနေ့သည် မည်သည့်နေ့ပင်ဖြစ်စေ ထိုခရစ္စမတ်နေ့ကား တစ်ကမ္ဘာလုံး၏ အပျော်ဆုံးနေ့ကြီးတစ်နေ့ဟုကား ဆိုနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်ယာန်ဘာသာဝင်လူများစုမဟုတ်သော ကျွန်ုပ်တို့ မြန်မာနိုင်ငံသည်ပင် ဒီဇင်ဘာ ၂၅ ရက်သည် ရုံးပိတ်ရက်ဖြစ်သဖြင့် လကုန်ခါနီး ကျန်သမျှ ငွေကလေးနှင့်ပင် ပျော်ရွှင်ကြပေသေးသည် မဟုတ်ပါလား။

ကောင်းကျောက်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# နာရေးသရဏဂုံတင်ခြင်းနှင့်လှူဒါန်းခြင်းမှာ ဆောင်ရန်နှင့်ရှောင်ရန်

လောကတွင် မသေသောသတ္တဝါ ဟူ၍မရှိသဖြင့် သတ္တဝါရယ်ဖြစ်လာလျှင် တစ်နေ့မှာ သေကြရမည်ဆိုတာသေချာလှပါသည်။ မသေမပျောက်ဘဲအမြဲတမ်းတည်နေသောသတ္တဝါ ဟူ၍ မရှိနိုင်ပါ။ လူဆိုတာက ကိုယ့်အသိုင်းအဝိုင်းနှင့် ကိုယ့်အိမ်ထောင်စုနှင့်ကိုယ် ဖွဲ့စည်းနေထိုင်ကြသူများ ဖြစ်သည်။ အိမ်ထောင်စုတွေထဲက ဘယ်သူမှ မသေဘဲနေကြရမှာ မဟုတ်ပါ။ တစ်နေ့ကျ အကုန်သေဆုံးကြရမှာပါ။ အရင်သေနှင့် နောက်သေ ဒီလောက်ပဲ ခြားနားမှုရှိပါသည်။ ဒါကြောင့် 'တို့ဟာ တစ်နေ့ကျလျှင် တစ်ဦးကိုတစ်ဦး စွန့်ခွာပြီးသေဆုံးကြရမည့်သူ တွေချည်းပါလား။ ငါလည်း တစ်နေ့သေရလိမ့်မည်' ဟု ဒီလိုအမြဲဆင်ခြင်နေသင့်ပါသည်။ တစ်ဦးဦးက သေဆုံးသွားသည်ဆိုလျှင်လည်း ကျန်ရစ်တဲ့သူတွေက ပူဆွေးငိုကြွေးမှုတွေမပြုသင့်ပါ။ ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းတာပဲ အဖတ်တင်ပါမည်။ ကိုယ့်အတွက်လည်း အကျိုးမရှိ၊ သေသွားသူအတွက်လည်း အကျိုးမရှိ။ စိုးရိမ်ပူဆွေးမှုကို နည်းနိုင်သမျှ နည်းအောင်ထိန်းပြီးတော့ သေသူအတွက် အသုဘကို နေ့ချင်းပြီး ဒါမှမဟုတ် (၃) ရက်ခန့်ထားပြီး ကိစ္စပြီးစီးအောင်သင်္ဂြိုဟ်မှုကို ပြုသင့်ပါသည်။ သေပြီးတဲ့နောက် (၃) ရက်မြောက်နေ့ကစပြီး သေဆုံးသွားသူကို ရည်ညွှန်းလှူဒါန်းရမည်ဟု အဋ္ဌကထာမှာ ဆိုထားပါသည်။ ရက်လည်ဆွမ်းတွေဘာတွေဆိုတာက ရှေးရိုးစဉ်လာအရ လုပ်နေကြတာ ဖြစ်ပါ၏။ စာလာပေလာ မဟုတ်ပါ။

ဘာကြောင့် (၃) ရက်မြောက်နေ့ကျမှစပြီး ရည်ညွှန်းလှူဒါန်းရမည်ဟု ဆိုထားသလဲဆိုတော့ ပထမနေ့၊ ဒုတိယနေ့တွေမှာ အလောင်းကို သင်္ဂြိုဟ်ရမည့် ကိစ္စကလည်းရှိသေးသည်။ အတူနေသောလူတစ်ယောက်သေဆုံးသွားသည်ဆိုတော့ ကျန်ရစ်တဲ့သူတွေမှာ စိတ်ထိခိုက်မှုကလည်း အနည်းနှင့်အများ ခံစားနေရမည်။(၃)ရက်မြောက်ကျတော့





www.burmeseclassic.com

www.burmeseclassic.com

အလောင်းကလည်း မရှိတော့၊ အိမ်မှာလည်း ရှင်းသွားပြီ၊ ကျန်ရစ်သူတွေကလည်း စိတ်ကိုတော်တော်ထိန်းလာနိုင်ပါပြီ။ ဒီတော့ စိတ်ကို ကြည်ကြည်လင်လင်ထားပြီး လှူဒါန်းလို့ဖြစ်နိုင်လောက်ပါပြီ။ အမျှအတန်းပေးဝေနိုင်ပါသည်။ ထို့ကြောင့် (၃) ရက်မြောက်နေ့မှစပြီး ရည်ညွှန်းလှူဒါန်းရမည်ဟု အဌကထာ ဆရာက ဆိုထားပါသည်။

သုံးရက်မြောက် အသုဘချမည့် နေ့တွင် မချခင် ကြိုတင်၍ သရဏဂုံ တင်ရန် သံဃာတော်များကို မိမိတို့တတ်စွမ်းသရွေ့ပင့်ပြီး သေသူကို သရဏဂုံ တင်ရန်ကိစ္စအား ဆောင်ရွက်ကြသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများတို့သည် ရတနာ့မြတ်သုံးပါးဆိုလျှင် သိကြသူများပါသည်။ သရဏဂုံဆိုလျှင် ဘာလဲဟု မေးသူများများကို တွေ့ဖူးပါ၏။ ဘာသာရေးအသိနည်းသူများဖြစ်ကြပါလိမ့်မည်။

သရဏဂုံ၏ အဓိပ္ပာယ်မှာ ပါဠိဘာသာ သရဏ ဂမန၊ မြန်မာလို သရဏဂုံခေါ်သည်။

သရဏ + ဂမန = (သရဏဂုံ)

ရတနာ့မြတ်သုံးပါးတည်းဟူသော သရဏဂုံသုံးပါးသည် သတ္တဝါတို့၏စိတ်ထိတ်လန့်ခြင်း၊ ကိုယ်ဆင်းရဲခြင်းဒုက္ခများ၊ အပါယ်သို့ လားရောက်ရခြင်းဒုက္ခများ အစရှိသည့်ဘေးရန်များ၊ ဆင်းရဲဒုက္ခများ အားလုံးကို ဖျက်ဆီးတတ်၏။

သရဏဂုံသုံးပါးသည် စစ်မှန်သော ကိုးကွယ်ရာ အပဏ္ဏက ပဋိပဒါ မချွတ်ယွင်း မမှားနိုင်သောအကျင့် ဖြစ်သောကြောင့် ကောင်းကျိုးကိုသာဖြစ်စေသော၊ ဆင်းရဲခြင်းကို ပယ်ဖျောက်တတ်သော ကုသိုလ်တရား ကုသိုလ်စိတ် ဖြစ်၏။

ထို့ကြောင့် သတ္တဝါတို့၏ဘေး ဟူသမျှကို ပယ်ဖျောက်တတ်သော၊ သတ္တဝါတို့၏ ကိုးကွယ်ရာ (လောကီ၊ လောကုတ္တရာနှစ်ဖြာတွင် ကောင်းကျိုးချမ်းသာဖြစ်စေနိုင်သဖြင့် အားကိုးခြင်း၊ ဘေးရန်ဟူသမျှ ကာကွယ်ခြင်း)၊ လဲလျောင်းရာ (ယုံကြည့်မှုအပြည့်ရှိ၍ လဲလျောင်းဖို့ရာ)၊ ပုန်းအောင်းရာ(ဘေးဒုက္ခမရောက်အောင် ပုန်းအောင်းဖို့ရာ)၊ မှီခိုရာ (အမှီသဟဲပြုဖို့ရာ)၊ အားထားရာအမှန်ဖြစ်သော ရတနာ့မြတ်သုံးပါးသည် သရဏမည်၏။ ဂနမ - ယုံကြည်စွာ ဆည်းကပ်ခြင်း၊ အသိအမှတ်ပြုခြင်းကို ဂမနဟု ခေါ်၏။

သရဏဂုံကို တစ်ကြိမ်ဆောက်တည်ထားလျှင် ရတနာ့မြန်သုံးပါးအပေါ်၌ ယုံကြည် ကိုးကွယ် ဆည်းကပ်စိတ် မပျောက်သမျှ ကာလပတ်လုံး တည်နေ၏။

သရဏဂုံ ပျက်စီးခြင်း နှစ်မျိုးရှိသည်။

၁။ ရတနာ့သုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်မှု မရှိတော့ခြင်း။
၂။ သေဆုံးသွားခြင်း။

ပထမအချက်ကြောင့် သရဏဂုံ ပျက်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်သွား၍ သံသရာတွင် အပြစ်များ၏။ သေဆုံးသွားခြင်းကြောင့် သရဏဂုံပျက်လျှင် အပြစ်မရှိပေ။

ယခုအခါ သေဆုံးသွားသော ပုဂ္ဂိုလ်များကို သရဏဂုံတင်သည်ဆိုပြီး ပြုလုပ်နေကြ၏။ အမှန်တကယ်မှာ ထိုသို့ပြုလုပ်နေကြသူများသည် ဘာသာရေးအားနည်းနေသူ၊ အစဉ်အလာ သူများလုပ်သလိုလိုက်လုပ်နေခြင်း ဖြစ်နိုင်သည်။ သေသေချာချာစဉ်းစားကြည့်ပါလျှင် သေဆုံးသွားသူ၏ စိတ်မရှိတော့သော ဥတုဇရုပ်အလောင်းကြီးသည် အဘယ်မှာ သရဏဂုံတည်နိုင်ပါမည်နည်း။ အသက်ထင်ရှားရှိနေစဉ် မသေမီက သရဏဂုံမညစ်ညူးအောင်၊ မပျက်စီးအောင်ဆောက်တည်ထားမှသာ အကျိုးများပေမည်။ သို့သော် သေဆုံးသူကို ရည်းစူး၍ အလှူဒါနပြုလုပ်ကြသူများမှာ မိမိတို့ကိုယ်တိုင် ရဟန်းသံဃာတော်များထံမှာ သရဏဂုံခံယူဆောက်တည်ကြပါလျှင် ကောင်းမှုအစုစု ပြုလုပ်ရခြင်းကြောင့် အကျိုးတရားများ ရရှိနိုင်ပေသည်။

အချို့သော ပုဂ္ဂိုလ်များသည် အသုဘချသည့်အခါ မလုပ်သင့်သော အလုပ်ကို ပြုလုပ်နေကြသည်။ အသုဘရှင်များက သံဃာတော်များကို ပင့်ဆောင်၍ အသုဘနှင့်အတူ သုသာန်အထိ လိုက်ပါပို့ဆောင်ရအောင် ပင့်တတ်ကြပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် ကောင်းသောအလုပ်မဟုတ်ပါ။ လူတွေက ဆင်ခြင်သင့်ပါသည်။ ရတနာ့မြတ်သုံးပါးမှာ တစ်ပါးအပါအဝင်ဖြစ်သည့် သံဃာရတနာများကို 'မတပရိဝါရ' မသာရဲ့ အခြံအရံအနေနှင့် ရှေ့ကဖြစ်ဖြစ်၊ နောက်ကပဲဖြစ်ဖြစ် လိုက်ပို့စေခြင်းမှာ မကောင်းပါ။

ဝိနည်းပညတ်ချက် ရှိပါသည်။ သံဃာတော်များကို အသုဘချစဉ် ပင့်ဆောင်ခြင်းသည် ကွယ်လွန်သူအတွက် ကောင်းမှုကုသိုလ်ရရှိစေဖို့ ဝတ္ထု၊ ပစ္စည်းများ လှူဒါန်းရန်အတွက်ပါ ဆိုလျှင် သံဃာတော်များ သီတင်းသုံးတော်မူရာ ကျောင်းဝိဟာမှာ သွားရောက်လှူဒါန်းပါက ပိုမိုသင့်လျော်ကောင်းမွန်လိမ့်မည် ဖြစ်ပါသည်။

အသုဘမှာ သံဃာတော်များကို ပင့်ဖိတ်ခြင်းသည် အများအားဖြင့် စည်စည်ကားကား ဖြစ်စေချင်သောကြောင့်လည်းကောင်း၊ တစ်နည်းပြောရလျှင် ပကာသနဂုဏ်လိုချင်၍ လုပ်သည်ဟု အသုဘပို့ဆောင်သူတော်တော်များများက ဝေဖန်ပြောဆိုကြပါသည်။

မြို့တော်တော်များများမှာ အသုဘကို သုသာန်သို့ လိုက်ပါပို့ဆောင်ရန် သံဃာတော်များကို ပင့်ဖိတ်တော့မည်ဆိုပါလျှင် မပင့်ဖိတ်မီအောက်ပါအချက်များကို ကြိုတင်၍ သေသေချာချာ စဉ်းစားကြပါရန် လေးလေးစားစား မေတ္တာရပ်ခံ တောင်းပန်ပါသည်။

၁။ အသုဘချမည့်အချိန်သည် နေ့လယ် (၁၂) နာရီမှ (၃) နာရီအတွင်း ဖြစ်တတ်ပါသည်။ သံဃာတော်များ ဆွမ်းစားပြီးစအချိန်၊ အချို့ သက်တော်ရှည် ဆရာတော်ကြီးများ ဆွမ်းစားပြီး ခေတ္တကျိန်းစက်ချိန်၊ စာသင်သံဃာတော်များ စာလိုက်၊ စာအံနေချိန် ဖြစ်နေသည်။

၂။ အသုဘပို့ရမည့်အချိန်မှာ နွေအခါ နေ့လယ် နေပူပူအချိန်၊ မိုးတွင်းအခါများတွင် မိုးရေထဲမှာ ရွှဲရွှဲစိုစို၊ ပင်ပင်ပန်းပန်း သံဃာတော်များ ဒုက္ခရောက်ကြရ၏။

၃။ သံဃာတော်များ အချို့ခြေကျင်၊ အချို့မှာ ဆိုက်ကားဖြင့်၊ အချို့မှာ ကားနှင့် အသုဘကိုပို့ဆောင်ကြရသည်။ ကျောင်းမှ သုသာန်သို့၊ သုသာန်မှ ကျောင်းသို့ အသွား၊ အပြန် ဆိုက်ကားခ၊ မော်တော်ကားခ၊ ငွေကြေးအကုန်အကျများရှိလာသည်။

၄။ အသုဘပို့ရန်သံဃာတော်များ ကြွမလာကြသေး၍ အသုဘပို့ဆောင်ကြမည့် လူပရိသတ်များမှာ အသုဘအိမ်ရှေ့၊ အမိုးအကာနှင့် အရိပ်အာဝါသမရှိသော နေပူကျဲကျဲ၊ မိုးရွာလျှင် မိုးရေရွှဲရွှဲစွတ်စွတ်စိုစိုနှင့် မတ်တတ်ရပ်စောင့်နေကြရသည့်ဒုက္ခများကို သိရှိနားလည်သင့်ပါသည်။

ခြွင်းချက်။ ။ သံဃာတော်များကို အသုဘပို့ဆောင်ရန် ပင့်ဖိတ်ခြင်း မပြုသင့်ပါဟု ဆိုသော်လည်း ရဟန်းဒကာ၊ ရဟန်းဒကာမ၊ သိမ်ကျောင်းဒကာ၊ ဒကာမများကွယ်လွန်ပါက သူတို့၏ရဟန်းပွင်း



www.burmeseclassic.com

www.burmeseclassic.com

များက တစ်ပါးချင်း မိမိသဘောဆန္ဒနှင့် လိုက်လံပို့ဆောင်ခြင်းကို မဆိုလိုပါ။

မိမိ၏ ဆွေမျိုးသားချင်း တစ်ဦးဦး သေဆုံးပါက ကျန်ရစ်သူမိသားစုများမှ သေဆုံးသူအား ရည်မှန်း၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြရာ၌ မြတ်ဗုဒ္ဓ ဒေသနာတော်နှင့်အညီ စနစ်တကျ ပြုလုပ်တတ်ရန် လိုအပ်ပေသည်။ သေဆုံးသူကို သင်္ဂြိုဟ်ခြင်းကိစ္စများ ပြီးဆုံးပြီးနောက် ကွယ်လွန်သူ သုံးရက်မြောက်နေ့မှစ၍ ကွယ်လွန်သူအား ရည်စူး၍ အောက်ပါ အစီအစဉ်အတိုင်း ကောင်းမှု ကုသိုလ်များကို ပြုလုပ်ပေးရမည်။

**လှူဖွယ်ဝတ္ထုများကို ရွေးချယ်ခြင်း**

မြတ်စွာဘုရားရှင် အမှူးပြုသော ရဟန်းသံဃာတော်များအား ရေ၊ ဆွမ်း၊ သင်္ကန်းကပ်လှူရမည်။ (မတတ်နိုင်ပါက ခြုံသုတ်ပဝါ၊ လက်သုတ်ပဝါ၊ အိပ်ရာခင်း) တတ်နိုင်လျှင် ခုတင်စသည့် မိမိ အတတ်အားသရွေ့ လှူဖွယ်ပစ္စည်းများကို ရွေးချယ်လှူနိုင်သည်။ အချို့မှာ သေဆုံးသွားသူ၏အဝတ်အထည်များကို ချုပ်ပြီး လှူဒါန်းနိုင်သည်။ အရေးကြီးသည်မှာ သံဃာတော် အရှင်သူမြတ်တို့အတွက် သင့်အပ်လျောက်ပတ်သော သုံးဆောင်ခြင်းငှာထိုက်သော လှူဖွယ်ပစ္စည်းမျိုးသာ ဖြစ်ရမည်။

**လှူဖွယ်ဝတ္ထုသန့်ရှင်းစင်ကြယ်ခြင်း**

လှူဒါန်းမည့်လှူဖွယ်ဝတ္ထုများမှာ တရားသဖြင့် သန့်ရှင်း စင်ကြယ်သည့် ပစ္စည်း ဖြစ်ရပါမည်။

**အလှူခံပုဂ္ဂိုလ်၏ပြည့်စုံခြင်း**

အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်ရာတွင် သီလစင်ကြယ်သည့် ပုဂ္ဂိုလ်မျိုးကို ရွေးချယ်ရမည်။ ဒုသီလကို ရွေးချယ်လှူမိပါက ကုသိုလ်အကျိုး အရနည်းပြီး ထိရောက်မှုရှိမည်မဟုတ်ပါ။ အကောင်းဆုံး ဖြစ်သည့်ရဟန်းသံဃာကိုပင်ဖြစ်စေ ... သားတော် သံဃာတော်များအား ... ရည်မှန်း၍ သံဃိကဒါနမြောက် ... လှူဒါန်းခြင်းပင် ဖြစ်၏။ မိမိ ... ကိုယ်တိုင်ကလည်း သီလစင်ကြယ်မှ ... ၍ကောင်း၊ ပို၍မြတ်ပါသည်။

**လှူဖွယ်ဝတ္ထုများကို လှူဒါန်းခြင်း**

လှူဖွယ်ဝတ္ထုပစ္စည်းများကို သံဃာ ... တော်များထံ ဆက်လက် လှူဒါန်း ... ပါ တစ်ခုချင်းကိုယ်တိုင်ဆက် ... ဆက်ကပ်သည့်အခါတိုင်း ဒီအလှူသည် ကွယ်လွန်သွားသူနှင့်တကွ ဘဝအဆက်ဆက်မှဆွေမျိုးများအတွက် ဖြစ်ပါစေ။ ဤကုသိုလ်ကြောင့် ချမ်းသာ သုခရကြပါစေဟု ဆိုပြီး 'အလှူရေစက်ကို ရှေးဦးစွာပထမ' ဆက်ကပ် လှူဒါန်းရသည်။ နောက်မှ ကျန်သော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ရ၏။

ဤသို့ အလှူဒါနပြုလုပ်၍ အနုမောဒနာတရားများနာပြီးလျှင် မိမိတို့ ကိုယ်တိုင်ကပင် ကွယ်လွန်သွားသူနှင့်တကွ ဘဝဟောင်းက ဆွေမျိုးသားချင်းများကို အမျှအတန်းများပေးဝေရသည်။

**အလှူဒါနပြုလုပ်ခြင်း၏ အကျိုးခံစားရခြင်း**

ကွယ်လွန်သူအတွက် အလှူဒါန ပြုလုပ်ပေးသော်လည်း ကွယ်လွန်သူသည် လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ၊ တိရစ္ဆာန် အသူရကာယ်ဘဝများသို့ ရောက်ရှိနေပါက မိမိအတွက် ရည်စူးပြုလုပ်သော ကုသိုလ်အကျိုးကို မခံစားရပါ။ ၎င်းပြင် ရေခြား၊ မြေခြားတွင် သွားဖြစ်နေသည့် ပြိတ္တာများလည်း အကျိုးမခံစားရ။ မိမိအတွက် ရည်စူးပြုလုပ်သော ကုသိုလ်ကို ကြားနိုင်၊ မြင်နိုင်သော အနီးအပါးတွင်ရှိသည့် ပြိတ္တာများသာ ရရှိခံစားနိုင်ကြသည်။

ပြိတ္တာများသည် လူ့ဘဝက မိမိပိုင်ရှင်အနေနှင့်နေခဲ့သောအိမ်နှင့် မိမိဆွေမျိုးများ၏အိမ်များကို ကိုယ့်အိမ် အမှတ်နှင့်လာတတ်ကြပြီး ၎င်းတို့အား ရည်စူး၍ ပြုလုပ်မည့် ကုသိုလ်ကောင်းမှု အမျှအတန်းပေးဝေမှုများကို မျှော်လင့်တောင့်တနေလျက် လှည့်ပတ်သွားလာနေကြရ၏။ ပြိတ္တာတို့သည် လူ့ဘဝတုန်းက ကိုယ်တိုင်လည်း မလှူရက်၊ မလှူခဲ့၊ သူတစ်ပါးတို့ ပေးလှူခြင်းကို ပိတ်ပင်တားမြစ်ခဲ့ခြင်းများကြောင့် ပြိတ္တာဘုံတွင် စည်းစိမ်ချမ်းသာမရှိ၊ အမြဲတမ်း ဆာလောင်ငတ်မွတ်နေသောစားရမဲ့သောက်ရမဲ့ဘဝမျိုးသာ ဖြစ်နေကြရသည်။

၎င်းတို့ကို ရည်ညွှန်းပေးလှူနေသည့် ကုသိုလ်ဒါန၏ အကျိုးနှင့်သာမျှတနေကြရ၏။ လက်ရှိ ကွယ်လွန်သွားကြရသော မိမိတို့၏ ဆွေမျိုးများမှာ ပြိတ္တာဘဝသို့ မရောက်စေကာမူ ဘဝသံသရာအတွင်း မိမိတို့၏ဆွေမျိုးသားချင်း ပြိတ္တာများမရှိသည့်နေရာဌာနဟူ၍ မရှိသောကြောင့် ဘဝအဆက်ဆက်က တော်စပ်ခဲ့သော ဆွေမျိုးပြိတ္တာများမှာ အလှူဒါန၏ ကုသိုလ်အကျိုးကို ခံစားကြရပေသည်။

ရဟန်းသံဃာတော်များ ဆိုသည်မှာ ကုသိုလ်ကောင်းမှုပြုလုပ်သည့်နေရာတွင် အမြတ်ဆုံး၊ အကောင်းဆုံး အလှူခံဖြစ်သောကြောင့် သံဃာတော်များကို လှူသောအလှူသည် ပြိတ္တာများအတွက် လှူသောခဏမှာပင် အကျိုးပေးသလို ကြာရှည်စွာ အကျိုးစီးပွားကိုလည်း ရွက်ဆောင်နိုင်၏။ ချက်ချင်းအကျိုးပေးပုံမှာ ရေအလှူကို ဆက်ကပ်ပြီး အမျှပေးဝေနေသောခဏမှာ ပြိတ္တာများအတွက် ရေကန်များ ဖြစ်ပေါ်လာပြီး ရေချိုး၊ ရေသောက်ကြရသောကြောင့် ပူလောင်ပင်ပန်း၍ ရေဆာခြင်းများ ပ,ပျောက်ပြီး အေးငြိမ်းချမ်းမြေ့ကြကုန်၏။

ဆွမ်းလှူပြီး အမျှဝေသောခဏမှာပင် ၎င်းတို့မှာ ကောင်းမွန်သောအစားအသောက်များ စားသောက်ကြရ၍ ရုပ်ဆင်းအင်္ဂါ ကြည်လင်ကြကုန်၏။ ဆာလောင်ငတ်မွတ်ခြင်းများ ပျောက်ကင်းကြကုန်၏။ သင်္ကန်းနှင့်တကွ အခြားလှူဒါန်းသောပစ္စည်းများ လှူဒါန်းပြီး အမျှပေးဝေသော ခဏအတွင်းမှာပင် ပြိတ္တာတို့မှာ အဝတ်များ၊ အိပ်ရာနေရာများ စသည့် အသုံးအဆောင်ပစ္စည်းများသည် လှူဖွယ်ဝတ္ထုအလိုက် ထူးထူးခြားခြား ဖြစ်ပေါ် ရရှိကြ၏။

ပြိတ္တာများကို ရည်မှန်း၍ လှူဒါန်းရသည့် ကုသိုလ်ဒါနမျိုးသည် အကျိုးကြီးမားသော ဒါနကုသိုလ်ဖြစ်၍ အလှူရှင်ပုဂ္ဂိုလ်မှာလည်း များစွာ အကျိုးခံစားရရှိပါသည်။ အလှူရှင်တို့မှာ မိမိလှူဒါန်းမှုကြောင့် ရရှိသော မူလကုသိုလ်အကျိုးများအပြင် ချမ်းသာရာရခြင်းကြောင့် ရရှိသော ကုသိုလ်အကျိုးများကိုလည်း ထပ်မံ ရရှိပြန်ပါသည်။

ထို့ကြောင့် ဤသို့သောအလှူဒါနမျိုးကို မိမိတို့အိမ်တွင် လည်းကောင်း၊ ကျောင်း၊ ဇရပ်တွင် လည်းကောင်း ပြုလုပ်သင့်၏။ ကျောင်း၊ ဇရပ်များတွင် လှူဒါန်းမည် ဆိုပါက ဆွေဟောင်းမျိုးဟောင်းပြိတ္တာများကို ကျောင်း၊ ဇရပ်များသို့ ကြိုတင် ဖိတ်ခေါ် ထားရသည်။

အထူးသဖြင့် သတိပြုရန်မှာ ကုသိုလ်ကောင်းမှုပြုလုပ်ပြီးတိုင်း အမျှပေးဝေပါ။

*(ခုနစ်နေ့ သားသမီးများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာများ ပြည့်စုံစွာရရှိပါစေ)*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

# သူရဇ္ဇမဂ္ဂဇင်း၏ နှစ်ပတ်လည် ဒီဇင်ဘာလတွင် အစဉ်ဖွာနှစ်ဝင်



## သုဒ္ဓ(နဝင်းမြို့)

□ *မေတ္တာဆိုတာ*
*စိတ်ကောင်းတဲ့ပုဂ္ဂိုလ်ရဲ့*
*သန္တာန်မှာသာ*
*မေတ္တာကတည်တယ်။*

(အရှင်ဝါသေဋ္ဌာဘိဝံသ
သပြေကန်ဆရာတော်ကြီး)

ဆရာတော်ကြီး၏ ဩဝါဒစကားကို မမေ့နိုင်ပါ။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါလျှင် ကျွန်ုပ်အနေဖြင့် မေတ္တာအား မေတ္တာစိတ်ဖြစ်အောင် မိမိကိုယ်ကို မေတ္တာ+သစ္စာကျင့်စဉ်ကို အားထုတ်ရာတွင် သစ္စာကြီးကြီးနှင့်အခိုင်ချည်ပြီး မေတ္တာကြိုးပါ ပိုပြီး ခိုင်မာမည်ဟု ယုံကြည်၍ပင် ဖြစ်ပါသည်။ ကြိုးစားရပါသည်။

ကျွန်ုပ်သည် ကြိုးစားပြီး စာရေးလာခဲ့သည် နှစ်ကာလစွာ ဆယ်စုအလီလီကျော်ဖြတ်လာခဲ့ပြီ ဖြစ်ပါသည်။ ဆန္ဒ၏ စေ့ဆော်မှုအရ သူရဇ္ဇမဂ္ဂဇင်းကြီး၏ နှစ်ပတ်လည်ဖြစ်သော ဒီဇင်ဘာလ (မြန်မာလအလို နတ်တော်လ) ဖြစ်ပါသည်။ သံဒိဋ္ဌဂြိုဟ်သွားပြက္ခဒိန်ကိုကြည့်လိုက်တော့ ကျွန်ုပ်မှာ စာရေးချင်စိတ်က ပိုကဲလာခဲ့ပြန်ပါတော့သည်။

ဦးစွာ တင်ပြလိုပါသည်။ ယခု ကျွန်ုပ်ရေးသားသည့် အကြောင်းတို့သည် ဝါစဉ်ကြီးများနှင့် ပညာရှင်တို့ကို မရည်ရွယ်ပါ။ ငယ်ရွယ်သူ ညီငယ်၊ ညီမငယ်များနှင့် ယခုမှ နက္ခတ်အကြောင်း၊ ဗေဒအကြောင်း တစေတစ်စောင်း လေ့လာနေကြသူများအတွက် သုတအနည်းအပါးတော့ ရနိုင်ကောင်း၏ဟု ယူဆပြီး ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာသည် စကြဝဠာတစ်ခုတွင် ပါဝင်နေပေရာ နေစကြဝဠာထဲမှ ဂြိုဟ်ကမ္ဘာ ဖြစ်ပါသည်။ အဇ္ဈာကောင်းကင်ကြီးတွင် မြန်မာတို့၏ နက္ခတ်ပညာအရ နက္ခတ် (၂၇) လုံးနှင့် အတွင်းတာရာ (၉) လုံးတို့ကို ပြပါသည်။ (အပြင်တာရာများ၊ အလွတ်တာရာများ၊ နဂါးငွေ့တန်းများတို့လည်းရှိပါသေးသည်)

မိုးကောင်းကင်ကိုကြည့်လိုက်မည်ဆိုလျှင် ဒီဇင်ဘာထဲတွင် ပြိဿရာသီ၌ ကြတ္တိကာ၊ ရောဟဏီ၊ မိဂသီ စသည့် နက္ခတ်တို့ကို မြင်တွေ့ရမည်ဖြစ်ပါသည်။ ထိုဒီဇင်ဘာလကို မြန်မာတို့၏ ဆယ့်နှစ်လအမည်နာမကို ပြော႕လျှင် ယခုနှစ်မှာ နတ်တော်လ ဖြစ်နေပါသည်။

ထူးခြားဖြစ်ရပ်တို့ကို နေ့စဉ်ဂြိုဟ်သွားပြက္ခဒိန်တွင်ကြည့်ပါက ထင်ရှားသိလာရပါသည်။ မြန်မာလဖြစ်သော နတ်တော်လဆန်း ၁ ရက်သည် အင်္ဂါနေ့ဖြစ်ပါသည်။ လပြည့်မှာလည်း အင်္ဂါဖြစ်နေပါသည်။ နတ်တော်လကွယ်ရက်သည် အင်္ဂါနေ့နှင့် လကုန်၊ လကွယ်ဖြစ်နေခြင်း၊ နောက်တိုက်ဆိုင်မှုတစ်ခုမှာဆိုလျှင် ဒီဇင်ဘာ၏ လကုန်ရက် ၃၁ ရက်သည် နတ်တော်လကွယ် ၁၄ ရက် ဖြစ်နေကြသဖြင့် လကုန်ရက်တူညီခြင်းတို့ကို တွေ့ရမြင်ရပါသည်။

အင်္ဂဝိဇ္ဇာနယ်ပယ်မှ သူရဇ္ဇဟုဆိုလိုက်သည်နှင့် တနင်္ဂနွေဟု သိရှိပြီးဖြစ်ပါသည်။ တနင်္ဂနွေဟု သိရသည်နှင့် ရဲစွမ်းသတ္တိ၊ ကျန်မာခြင်း၊ အဘ၊ ပြည့်ရှင် စသည့် တနင်္ဂနွေ၏ ပရိယာယ်ကို သိရပြန်ပါသည်။ အစ၊ အလယ်၊ အဆုံး သုံးပါးစလုံးတွင် အင်္ဂါစ၊ အင်္ဂါပြည့်၊ အင်္ဂါကွယ်သည့်အတွက် အင်္ဂါအားသည်အားအပြည့်ရှိနေပါသည်။

အင်္ဂါနေ့ (၃) ထပ် ကြုံနေသည့်အတွက် ပထမံပညာအလိုအရ သိဒ္ဓိမဟာဒ္ဓိပြီးမြောက်စေ၏ဟု ပြဆိုထားပြန်သည်ကို တွေ့ရသိရပါသည်။ တနင်္ဂနွေကို လောကာဒိပနီ၊ သာရတ္ထဒိပနီ၊ စန္ဒသူရိယ၊ ဂတိဒီပနီ စသောကျမ်း) တို့တွင် အောက်ပါအတိုင်း ပရိယာယ်တို့ဖြင့် ပြသထားလေသည်။

□ အာဒိစ္စ၊ သူရိယ၊ သူရ၊ သတရံသီ၊ ဒိဝါကရ၊ ဝေရောစန၊ ဒိနကရ၊ ဥဏှရံသီ၊ ပဘင်္ကရ၊ အံသုမာသီ၊ ဒိနပတိ၊ တပန၊ ရဝိ၊ ဘာဏုမာ၊ ရံသိမာ၊ အာဘာကရ၊ ဘာဏု၊ သဟဿရံဟု (၁၉) မျိုးဖြင့် ပြဆိုထားပါသည်။

ထိုထိုသောပညာနယ်မှ ပြဆိုထားချက်များရှိနေသဖြင့် သူရဇ္ဇမဂ္ဂဇင်းနှစ်ပတ်လည်လ ဒီဇင်ဘာ၏အလယ် ၁၅ ရက်နေ့တွင် ကောင်းကင်ပြင်ကို ကြည့်လိုက်ကြရအောင်ပါ။ ထိုသို့ကြည့်မည်ဆိုလျှင် (မျက်မြင်အနေအထား နက္ခတ်များကို ပုံဖြင့် သီးခြားဖော်ပြပေးထားပါသည်) ထိုမြင်တွေ့နေရသော မိဂသီနက္ခတ်သည် အများသိရှိပြီးဖြစ်သော လိပ်တာရာ၏ လိပ်၏ ဦးခေါင်းဖြစ်နေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ မိဂသီနက္ခတ်နှင့်ပတ်သက်ပြီး မြန်မာ့ပညာရှိကြီးများက သံပေါက်ဖြင့် -

□ 'မိဂသီမှာ သုံးလုံးသာ ဝေါဟာလိပ်ခေါင်းဆို'ဟု စပ်ဆိုခဲ့ပါသည်။ စာပေများတွင် မိဂသီကိုပင် -

၁။ လိပ်ခေါင်းကြယ်၊

၂။ ကြယ်ဦးဆောင်း၊

၃။ ကြယ်အုပ်ဆောင်း

စသည်ဖြင့် ရေးကြသေးသည်။

□ လိပ်၏ လက်ဝဲကြယ်ကို အဒြနက္ခတ်ဟု ခေါ်ပါသည်။ 'လိပ်လက်ခေါ်ကြအဒြ၊ ဇကတစ်လုံးဆို' ဟု သံပေါက်ရှိပါသေးသည်။

ရာမရကန်တွင် ထိုလိပ်တာရာနှင့်ပတ်သက်ပြီး 'မိဂသီတောင်မှာ ဧရာ ရင်ဆိုင်ထမ်း ရေမှုတ်ထမ်းလို့ အခန်းကိုနယ်ဖြန့်၊ မြင်တိုင်း လန့်ရသည်၊ ပြဗ္ဗာ



www.burmeseclassic.com

www.burmeseclassic.com

သန်သွင်သို့' ဟု ဆိုထားသလို နက္ခတ်လင်္ကာများတွင် 'မောင်ရင်တနိုင်း၊ ဆိုင်းနှင့်ဆိုကြ၊ သိက္ကတာရာ၊ သင်္ချုံသုံးလုံး ဟု ပြဆိုပြန်ပါသည်။

ဒီဇင်ဘာလမည်သော နတ်တော်လ၏ဝိသေသလက္ခဏာများမှာ အချို့ကို ပြဆိုပြီးဖြစ်၍ ကျွန်ုပ် ရေးသားလိုသော အဓိကအကြောင်းကို ဆက်လက် ရေးသားပါမည်။

တစ်မျိုးတစ်ဖုံ ထူးခြားနေသည့် ဒီဇင်ဘာလ (နတ်တော်) တွင် ဝိဇ္ဇာရေ ဂမ္ဘီရပညာနယ်မှကျင့်စဉ် သို့မဟုတ် အဓိဋ္ဌာန်ဝင်မည်ဆိုလျှင် ကျွန်ုပ်တို့လူသားတွေ နံနက်မိုးလင်းမှ အိပ်ရာဝင်ချိန်အတွင်း မျက်စိဖွင့်နားစွင့်ပြီး လိုက်ရှာနေကြရသော လာဘ်များစွာ တစ်နည်းဆိုရလျှင် သိဒ္ဓိအရာတို့ကို ကိုယ်တိုင်ကိုယ်ပိုင်ရစေနိုင်ခြင်းတို့ကြောင့် ယခုစာစုကို ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အတွက် အေးငြိမ်းရာအမှန် ပြည်နိဗ္ဗာန်ကို မဝင်ဆန့်ခင်မှာ ဘဝတိုင်းတို့တွင် ဘုန်းသမ္ဘာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ပညာကြီးခြင်း၊ ရတနာကောင်းခြင်းမင်္ဂလာများစွာတို့ကို မက်မောကြပါသည်။

ဆရာကောင်း၊ မိတ်ကောင်းဆွေကောင်းနှင့် တွေ့ဆုံရသောသူများအနေဖြင့် နည်းမှန်လမ်းမှန်ကို အတုယူရခြင်း၊ နည်းကမ်းကိုလိုက်နာခြင်း၊ လုံ့လဝီရိယစိုက်ခြင်းတို့ဖြင့် မိမိလိုရာဆန္ဒပြည့်ဝကြမည်ပင် ဖြစ်ပါသည်။

ဆရာသခင်တို့ ထားရစ်ခဲ့သော ကျင့်စဉ်တို့ကို မိမိဆန္ဒပြင်းပြစွာဖြင့် ကြိုးစား အားထုတ်ကြမည်ဆိုလျှင် အတိတ်က ပါလာခဲ့သော ကုသိုလ်ကံနှင့် ပစ္စုပ္ပန်ကုသိုလ်ကံတို့ ကံချင်းဆက်ပြီးကောင်းကျိုးမင်္ဂလာအဖြာဖြာတို့ ရရှိမည်ဖြစ်ပါသည်။


ဤနေရာတွင် 'နတ်တော်လကျင့်စဉ်'ဟု အမည်ပေးပြီး အောက်တွင် နည်းလမ်းအပြည့်အစုံကို ရေးသားဖော်ပြပေးလိုက်ပါသည်။

**၁။ ကျင့်စဉ်အဓိဋ္ဌာန်စတင်ရမည့်ရက်**

နတ်တော်လဆန်း ၁ ရက်၊ အင်္ဂါနေ့။

**၂။ ကျင့်စဉ်အဓိဋ္ဌာန်ကာလ**

နတ်တော်လကုန်အထိ (တစ်လလုံး)







**၃။ ကျင့်စဉ်ကာလဒါနခန်း**

၁။ အောင်သပြေ
၂။ မွှေးနံ့ပန်း
၃။ အုန်းညွန့်
၄။ ဆွမ်းကပ်လှူခြင်း (သဒ္ဓါအားရှိသလိုကပ်လှူပါ။)
၅။ သောက်တော်ရေ
၆။ အလင်းတိုင်
၇။ နံ့သာတိုင်တို့ ကပ်လှူပါ။

**၄။ ကျင့်စဉ်ကာလတွင်ဖိတ်ကြားရန်**

(က) စတုလောကပါလနတ်မင်းကြီးများ
(ခ) ဝိဇ္ဇာလေးပါး
(ဂ) ပါရမီဖြည့်ဖက်များ

**၅။ ကန်တော့ခန်း**

❑ ဘုရားကန်တော့ခြင်း
❑ သီလခံယူခြင်း
❑ ဆုတောင်းခံခြင်း

**၆။ ကျင့်စဉ်ကာလဆောင်ရွက်ရခြင်းများ**

အောက်တွင် ဖော်ပြထားရှိသော ဂါထာများကို ရွတ်ဖတ်ပူဇော်ရန် -

**(က) နေသူရိန်နှစ်ဂါထာကိုရွတ်ဖတ်ရန်**

*ဥုံ - နေသူရိန် ဒေဝသူရိန္ဒော၊ ဘဂဝန္တော ဣန္ဒိသရော၊ ဒသမလော အစိန္တိယော စက္ကမာစရ နေသူရိန်။*

*ဥုံ - နေသူရိန် ဒေဝသူရိန္ဒော၊ ဘဝန္တော သူရိယရော၊ ဒသဗလ ဣန္ဒိ ရာဇစက္ကမာစရေ နေသူရိန်။*

❑ တစ်ဂါထာကို (၁၀) ခေါက်စီ ရွတ်ဖတ်ပါရန်

(ခ) အောက်ပါ ဂါထာတော်ကို ပုတီးစိပ်ပါရန် -

**(ဒိဝါတပတိဂါထာတော်)**
**သဗ္ဗဘယမင်္ဂလာဂါထာ**

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရန္တု သင်္ကပ္ပာ။ ။

ဂါထာတစ်ပုဒ်ကို ပုတီးတစ်လုံးချ စနစ်ဖြင့် (၁၀၈) လုံး ဂုဏ်တော်ပုတီး တစ်ပတ်စိပ်ပါရန်။

**၇။ ဆက်လက်ဆောင်ရွက်ရန်**

က။ သစ္စာပြုဆုတောင်း
ခ။ မေတ္တာပို့သခြင်း
ဂ။ ကုသိုလ်အမျှပေးဝေခြင်း၊
ဃ။ ပင့်ဖိတ်ထားသူများအား နေရပ်ဌာနပြန်ပို့ပါ။
င။ ကပ်လှူထားသောဆွမ်းကို ဆွမ်းမှစွန့်၍သတ္တဝါနေယျတို့အတွက် အာဟာရဒါနအဖြစ် စွန့်ကြပါ။
စ။ သောက်တော်ရေကို မဟာပထဝီ မြေစောင့်နတ်မင်းကြီးအား သက်သေထား၍သွန်ပါ။ (စွန့်ပါ။)

ဤကျင့်စဉ်အဓိဋ္ဌာန်ကို ဆောင်ရွက်ကြသော ယောဂီမိတ်ဆွေတို့ကို အသိပေးထားလိုပါသည်။

အဓိဋ္ဌာန်စတင်သည့်ရက်မှစပြီး လဆန်း ၉ ရက် ရောက်ရှိသောနေ့မှ စတင်ပြီး (လပြည့်နေ့) လဆန်း ၁၅ ရက် နေ့အထိ ခုနစ်ရက်တိတိတွင် အဖျက်အဆီး လွန်စွာအားကြီးသဖြင့် အဓိဋ္ဌာန်ကျင့်စဉ်ကို မကျိုးမပေါက်ရလေအောင် အထူးသတိပြုကြလေစေလိုပါသည်။

ကျွန်ုပ် ဖြတ်သန်းခဲ့သော ကာလတစ်ခုအတွင်း ဤနတ်တော်လတွင် ကျင့်စဉ်များထဲမှ ထူးခြား ထက်မြက်သောကျင့်စဉ်အဓိဋ္ဌာန်တစ်ခုဖြစ်ပါသည်။ ကျင့်စဉ်အဓိဋ္ဌာန်အောင်မြင်ကြပြီး ရတနာခုနစ်ပါးနှင့် သန်းပေါင်းများစွာ ကြွယ်ဝချမ်းသာကြပါစေ။

*ပညာတိုးပွား၍အကျိုးများကြပါစေ*

သုဒ္ဓ(နဝင်းမြို့)



www.burmeseclassic.com

www.burmeseclassic.com

# သုခစုစံ

# ကျားအနီ့ရှနှင့် ကျားဆရာကြောင်

ကျမ်းနှင့်ပြောင်းပြန်

ထိုနေ့က မှတ်မှတ်ရရ ဘဘဘိုကလေးတင့်အောင် ဦးဆောင်သော စာရေးဆရာ(၃)ဦးသည် ကျွန်ုပ်တို့မြို့၏ အ - ထ - က (၁) စာသင်ကျောင်းတွင် စာပေဟောပြောပွဲပြုလုပ်မည့်နေ့ဖြစ်၏။ ဟောပြောပွဲအချိန်မှာ နေ့လယ် (၁၂) နာရီတိတိဖြစ်ပြီး ဟောပြောမည့်ဆရာများမှာ ဘဘဘိုကလေးတင့်အောင်၊ ဆရာကြီး လယ်တွင်းသားစောချစ်နှင့် ဆရာကြီးချစ်နိုင် (စိတ်ပညာ) တို့ ဖြစ်၏။ ကျွန်ုပ်သည် ထိုစာပေဟောပြောပွဲသို့ သွားရောက် နားထောင်မည်ဟု အားခဲထား၏။

ထိုနေ့နံနက်ပိုင်းက ကျွန်ုပ်သည် ကမ္ဘာသစ်လက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ ရွှေနဝလီကောက်သောအလုပ်ကို လုပ်ကိုင်လျက်ရှိသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့၏ ဇာတ်လိုက်ကျော်ကြီးဖြစ်သော (ထီပေါက်ဗိုက်ပေါက်ဆရာကြီး) ဗေဒင်ဆရာကြီး ဦးစိုးတင့်သည် လက်ဖက်ရည်ဆိုင်သို့ သူ၏ စီးတော် (ဆိုင်းဘုတ်နှစ်ခုတပ်ထားသော) စက်ဘီးလေးဖြင့် ရောက်လာ၏။ သူသည် စက်ဘီးကို နေရာချလိုက်ပြီး ဆိုင်းတွင်းသို့ ဝင်လာရာ ကျွန်ုပ်ကလှမ်းနှုတ်ဆက်လိုက်ပြီး စားပွဲအောက်မှ ထိုင်ခုံကိုဆွဲထုတ်ကာ ဦးစိုးတင့်အား နေရာထိုင်ခင်းပေးလိုက်၏။

"ထိုင် ဦးစိုးတင့်၊ လက်ဖက်ရည်မှာလိုက်မယ်နော်"

"လက်ဖက်ရည် မမှာနဲ့ကွာ။ ငါ ထမင်းကြော်စားမယ်။ ပဲပြုတ်နဲ့ထမင်းကြော် တစ်ပွဲပေးပါဟေ့"

ဦးစိုးတင့်သည် စားပွဲထိုးလေးလာချပေးထားသော ထမင်းကြော်ကို မြိန်ရေရှက်ရေဖြင့် ခပ်မြန်မြန်ခပ်သုတ်သုတ် စားနေ၏။ ပြီးလျှင် ရေနွေးတစ်ခွက်ငှဲ့ကာ တဖူးဖူးမှုတ်သောက်နေပြန်၏။ ပြီးနောက် ကျွန်ုပ်အား ဆိုင်းမဆင့်ဗုံမဆင့်-

"ဇော်သန့်၊ ယောက်ျားလေးတွေဟာ ကဿလား၊ အနိဋ္ဌလား ငါ့ကိုဖြေပြစမ်းပါဦး"

"ဗျာ- ကျွန်တော် ဗေဒင်သင်တန်းတွေတက်ထားတုန်းက ယောက်ျားလေးဟာ ကဿ၊ မိန်းကလေးဟာ အနိဋ္ဌ ဖြစ်တယ်လို့ သင်ထားဖူးတယ်။ အဲဒီတော့ ယောက်ျားလေးဟာ ကဿပဲပေါ့"

"အေး - ယောက်ျားလေးဟာ ကဿ ဆိုပေမယ့် တကယ့်တကယ်ကျတော့ ယောက်ျားလေးတွေဟာ အနိဋ္ဌဖြစ်နေတယ်ကွ။ မင်းစဉ်းစားကြည့်လေ၊ အရက်သောက်တာလည်း ယောက်ျားလေးတွေ၊ အပျော်အပါးလိုက်စားတာလည်း ယောက်ျားလေးတွေ၊ လောင်းကစားတွေလုပ်တာလည်း ယောက်ျားလေးတွေ၊ လူသတ်မှုကျူးလွန်တာလည်း ယောက်ျားလေးတွေ၊ မဟုတ်ကဟုတ်က မလိမ့်တပတ် ဗရုတ်သုတ်ခလုပ်တတ်ကိုင်တတ်တာလည်း အများစုဟာ တို့ယောက်ျားလေးတွေပဲကွ။ အဲဒါကြောင့် ယောက်ျားလေးတွေဟာ ကဿ မဟုတ်တော့ဘူး။ အနိဋ္ဌတွေဖြစ်နေပြီ။ ဒါကြောင့်မို့ နတ်ပြည်မှာ နတ်သားက နည်းပြီး နတ်သမီးတွေများနေတာပေါ့ကွာ"

"အင်း - ဦးစိုးတင့်ပြောတာဟုတ်သလိုလိုပဲ။ ကဿဖြစ်တဲ့ရသေ့၊ ရဟန်း၊ လူသူတော်တွေကလည်း လူနည်းစုပါပဲလေ"

"ယောက်ျားလေးတွေဟာ အနိဋ္ဌဖြစ်ကြောင်းကို ငါအချက်နဲ့အလက်နဲ့ ရှင်းပြပါမယ်ကွာ။ ငါဘလိုင်းကြီးပြောတာ မဟုတ်ပါဘူး။ တို့ယောက်ျားလေးတွေဟာ မင်းပြောသလို ကဿနော်၊ ဟုတ်



www.burmeseclassic.com

ဦး ကျွှလို့ပဲခဏထားလိုက်။ တို့လူသား တွေမှာ အမြတ်တနိုး အထွတ်အမြတ် ထားတဲ့နေရာဟာ ဦးခေါင်းမဟုတ်လား"

"ဟုတ်တာပေါ့ ဦးစိုးတင့်ရ။ ဦးခေါင်းဟာ လူတိုင်းလူတိုင်းအတွက် အထွတ်အမြတ်ထားရာနေရာပဲပေါ့"

"အေး - ဟုတ်ပြီ။ ခန္ဓာကိုယ်မှာ ဦးခေါင်းကို ကျွှ၊ အနိမ့်ခွဲရင် ကျွှပေါ့၊ မင်းသိပြီးသားပါ။ ဟုတ်ပြီ - ဆံပင် အရောင်က အမည်းရောင်၊ အမည်း ရောင်ဟာ ကျွှနဲ့အနိမ့်ခွဲရင် အနိမ့်ပေါ့။ လည်း မင်းအသိပါပဲ။ အဲဒီတော့ ဦးခေါင်းကျွှနဲ့ ဆံပင်အမည်းအနိမ့်တွေ ကြလေတော့ ကျွှနဲ့ အနိမ့် ဆိုတော့ အနိမ့်ဖြစ်သွားတော့တာပေါ့။ အဲဒီတော့ ကျွှလို့ သတ်မှတ်ထားတဲ့ တို့ယောက်ျား လေးတွေဟာ အနိမ့်ကြီးကို ဦးထိပ် ပန်ဆင်ထားသလို ဖြစ်နေတော့ ကျွှနဲ့ အနိမ့်တွေ့ကြပြန်ရောပေါ့ကွာ။ ကျွှနဲ့ အနိမ့်တွေ့ကြတာဆိုတော့ တို့ယောက်ျား လေးတွေဟာ အနိမ့်ဖြစ်သွားပြီပေါ့။ မင်း သဘောပေါက်လား"

"အင်း - ရှင်းတော့ရှင်းပါတယ်၊ ဟုတ်သလိုလိုတော့ရှိသားပဲ။ အဲဒါဆို ယောက်ျားလေးတွေဟာ ဆံပင်ဖွေးဖွေး ဖြူသွားတော့မှပဲ ကျွှဖြစ်တော့မှာပေါ့။ အဲဒီတော့မှပဲ ကျွှပြန်ဖြစ်သွားတာပေါ့။ ဟုတ်လား ဦးစိုးတင့်"

"ဟုတ်ပါ့ဗျာ ဟုတ်ပါ့။ ဦးခေါင်း ဟာ ကျွှ၊ ဆံပင်အဖြူရောင်ဟာ ကျွှ၊ ကျွှလို့ သတ်မှတ်ထားတဲ့ တို့ယောက်ျား လေးတွေဟာ ကျွှကို ဦးထိပ်ပန်ဆင် ထားသလိုဖြစ်ပြီး ကျွှနဲ့ ကျွှတွေ့ကြပြန် တော့ ကျွှပဲဖြစ်သွားတာပေါ့။ အဲဒီ တော့ တို့ယောက်ျားလေးတွေဟာ ဆံပင် တွေ ဖွေးဖွေးဖြူနေပြီ ဆိုရင်တော့ ကျွှ အစစ်အမှန်ဖြစ်ပြီ။ အသောက်အစား တွေ၊ အပျော်အပါးတွေ၊ လောင်းကစား တွေ လျော့လျော့နည်းနည်းလာကြတာ တွေ၊ ဘာသာရေးဘက်ကို စိတ်ဝင်တ စားလုပ်ကိုင်လာကြတာတွေကိုတွေ့တွေ့ နေရတော့ ယောက်ျားလေးတွေဟာ ဆံပင်ဖွေးဖွေးဖြူတော့မှပဲ ကျွှအစစ်ဖြစ် ပေတော့တယ်ကွာ။ တို့ယောက်ျားလေး တွေဟာ ဆံပင်ဖွေးဖွေးဖြူတော့မှပဲ



တောက်လျှောက် ဆိုးခဲ့၊ မိုက်ခဲ့၊ ပွေခဲ့၊ ရှုပ်ခဲ့တာတွေမောသွားပြီ။ အထိနာခဲ့ကြ ပြီး အရှိန်တွေကုန် ရပ်တန့်သွားကြတော့ တာ။ အသက်တွေကြီးပါသော်လည်း ဆံပင်ကို အနက်ရောင်တွေ ဆိုးနေသေး ရင်တော့ အဲဒီလူဟာ ကျွှအစစ်မဖြစ် သေးဘူးနော်။ အနိမ့်ပဲဖြစ်နေမှာ"

"ဟား ဟား ဟား - ဦးစိုးတင့် အယူအဆက ကျွန်တော်တို့ ယောက်ျား လေးတွေဟာ ဆံပင်တွေနက်နေသေး သရွေ့ အနိမ့်ပဲပေါ့။ ဆံပင်တွေနက်နေ သရွေ့ လူကောင်းသူကောင်း မဖြစ်နိုင် သေးဘူးပေါ့ အဲဒီသဘောဖြစ်နေပြီ"

"အေးပေါ့၊ အဲဒီသဘောပဲပေါ့။ တို့ ယောက်ျားလေးတွေဟာ မယားကြီးငုတ် တုတ်ရှိလည်း နောက်တစ်ယောက်ကို လိုက်ပွဲကယ်ရီထပ်ဆွဲချင်နေကြတယ်။ အသက် (၇၀) ကျော်လည်း သေးသေး လေးတွေကို တပ်မက်နှစ်သက်နေကြ သေးတယ်။ ဘုရားလူကြီးဂေါပကတွေ ဖြစ်နေပေမယ့်လည်း ဘောလုံးပွဲတွေ လောင်းကောင်းတုန်း၊ ခွက်ပုန်းတွေခုတ် ကောင်းနေကြတုန်း၊ ဟိုတယ်တွေမှာ အချိန်ပိုင်းသွားတည်းနေကြတုန်း၊ တချို့ ယောက်ျားလေးတွေများ သူများမယား

www.burmeseclassic.com

www.burmeseclassic.com

တောင်မထားဘူးကွာ။တော်တော်ကိုဆိုးကြပါတယ်။ ယောက်ျားလေးအယောက်တစ်ရာမှာ တစ်ယောက်တောင် လူကောင်းသူကောင်းဖြစ်ဖို့အနိုင်နိုင်ကွ။ ပုထုဇဉ်ပဲ ဒီလောက်တော့ရှိမှာပေါ့ဆိုပြီး တစ်ဇဉ်ထဲ(တည်း)ဇဉ်နေကြတယ်။ အန္ဓပုထုဇဉ်ကနေ ကလျာဏပုထုဇဉ်ဖြစ်အောင်ကြိုးစားကြမှ လူတော်လူကောင်းတွေဖြစ်လာတော့မပေါ့။ မဟုတ်ဘူးလား"

"အင်း - ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်"

ဦးစိုးတင့်က ရေနွေးတစ်ခွက်ကို ငှဲ့သောက်နေ၍ ကျွန်ုပ်က ခေတ္တခဏစောင့်နေလိုက်၏။ ကျွန်ုပ်ကလည်း ခွက်ထဲမှ ပေါ့ဆိမ့်လက်ဖက်ရည်ကို တစ်ကျိုက်မော့သောက်လိုက်ပြီး အရသာခံလိုက်၏။

ထို့နောက် ဦးစိုးတင့်က စကားဆက်လိုက်၏။

"အေး - မိန်းကလေးတွေက ဣဋ္ဌလား၊ အနိဋ္ဌလားလို့မေးရင် မင်းကမိန်းမဟာ အနိဋ္ဌပဲလို့ ပြန်ဖြေမှာပဲ။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ သင်ထားရတာတော့ မိန်းမဟာအနိဋ္ဌပဲလေ"

"အင်း- မိန်းမတွေဟာ အနိဋ္ဌဆိုပေမဲ့ တကယ်ကျတော့ မိန်းမတွေဟာ ဣဋ္ဌကွ။ ဘာဖြစ်လို့လဲဆိုတော့ မင်းစဉ်းစားကြည့်လေ။ မိန်းမ ဆိုတာ မင်းတို့သတ်မှတ်ထားသလို အနိဋ္ဌ။ ဟုတ်ပြီ အဲဒါကို ခဏထားလိုက်ဦး။ ဦးခေါင်းဟာ ဣဋ္ဌ၊ ဆံပင်အမည်းဟာ အနိဋ္ဌ၊ ဣဋ္ဌနဲ့ အနိဋ္ဌ တွေ့တော့ အနိဋ္ဌ။ အနိဋ္ဌလို့ သတ်မှတ်ထားတဲ့ မိန်းကလေးတွေဟာ အနိဋ္ဌကို ဦးထိပ်ပန်ဆင်ထားကြတော့ အနိဋ္ဌနဲ့အနိဋ္ဌတွေ့ပြီး ဣဋ္ဌဖြစ်သွားတော့တာ ပေါ့။ မိန်းမတွေဟာ ဣဋ္ဌဖြစ်လို့နတ်ပြည်မှာ နတ်သမီးတွေ ပေါနေတာပေါ့ကွ။ နတ်သားတစ်ပါးဟာ ဘယ်တစ်ဖက်ညာတစ်ဖက် နတ်သမီးငါးရာစီဟာ အနည်းဆုံးပဲလေ။ လမ်းဘေးမှာ အရက်မူးလဲနေတဲ့မိန်းမ၊ ဖဲဝိုင်းမှာရဲဖမ်းလို့မိသွားတဲ့မိန်းမ၊ သူတစ်ပါးယောက်ျားတွေကိုကြာခိုပြီးလိုက်ဖျက်ဆီးနေတဲ့မိန်းမ၊ သူများအိမ်ဝင်ဖောက်ထွင်းခိုးတဲ့မိန်းမ၊ ပစ္စည်းလုပြီးလူသတ်တဲ့မိန်းမ ဒါတွေဟာ အလွန်ကြားရခဲတဲ့ကိစ္စတွေပဲ။ မိန်းမတွေဟာ ဣဋ္ဌဖြစ်မှန်းသိသာပါတယ်ကွာ။ ဥပုသ်နေ့ ဘုန်းကြီးကျောင်းမှာ သီလယူတဲ့သူတွေကိုကြည့်လိုက် မိန်းမတွေဟာအများဆုံးပဲ။ ဓမ္မသဘင်တရားပွဲတွေမှာကြည့်လိုက် မိန်းမတွေဟာ အများဆုံးပဲ။ ဒါတွေဟာ ထင်ရှားတဲ့ဥပမာတွေပေါ့ကွာ။ ဒါဆို မင်းသဘောပေါက်ပါပြီ။ မိန်းမတွေဟာ ဣဋ္ဌဖြစ်မှန်း သိသာထင်ရှားပါတယ်ကွာ"

"အင်း- ဦးစိုးတင့်ပြောတော့မှပဲ ယောက်ျားတွေဟာ အနိဋ္ဌ၊ မိန်းမတွေဟာ ဣဋ္ဌ၊ ဇောက်ထိုးဇောက်ထိုးတွေတော့ဖြစ်ကုန်ပါပြီ။ ဟုတ်သလိုလိုလည်း ရှိ တော့ရှိပါတယ်"

"ဒါကတော့ ငါတွေ့ရှိထားတဲ့ ငါ့အယူအဆပဲ။ မင်းဘာသာ လက်ခံရင်လည်းလက်ခံ၊ လက်မခံရင်လည်းရတယ် မင်းသဘောပဲ။ ဖြစ်နိုင်၊ မဖြစ်နိုင် ကိုယ့်ဘာသာကိုယ် သေချာစဉ်းစားကြည့်ပါကွာ"

ဦးစိုးတင့်၏ စကားအဆုံး ကျွန်ုပ်သည် လက်နှစ်ဖက်ကို ပိုက်လိုက်ကာ ထိုင်ခုံနောက်ကျောကိုမှီလိုက်ပြီး သူ၏ အယူအဆများကို အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်နေမိ၏။ သူ၏ အယူအဆများကဟုတ်သလိုလိုလည်းဖြစ်နေသည်။ သို့သော် ဗေဒင်ကျမ်းများမှ အယူအဆများနှင့် ဆန့်ကျင်ဘက်ဖြစ်နေ၏။

ထိုအခိုက် ကျွန်ုပ်၏ ပေါင်ပေါ်သို့ ကြောင်တစ်ကောင်သည် ခုန်တက်လာ၏။ ကမ္ဘာသစ် လက်ဖက်ရည်ဆိုင်တွင် မွေးထားသောကြောင် ဖြစ်၏။ ၎င်းဆိုင်တွင် ကြောင်အဝါရောင်တွေချည်း (၁၀) ကောင်ရှိ၏။ ကျွန်ုပ်သည် ပေါင်ပေါ်သို့ ခုန်တက်လာသော ကြောင်လေး၏ ခန္ဓာကိုယ်ကို ပွတ်သပ်ပေးနေလိုက်၏။ ထိုအချိန်တွင် နောက်ထပ်ကြောင်အဝါတစ်ကောင်သည် ကျွန်ုပ်ထိုင်နေရာခုံအောက်ခြေသို့ ရောက်ရှိလာပြန်၏။ ကျွန်ုပ်က ကြောင်ချစ်သူဖြစ်သောကြောင့် ထိုဆိုင်မှ ကြောင်တော်တော်များများသည် ရင်းနှီးနေပြီး ကျွန်ုပ်ထိုင်ရာခုံဆီသို့ မကြာမကြာ ရောက်ရောက်လာတတ်မြဲ ဖြစ်လေ၏။ ကျွန်ုပ်သည် ခုံခြေထောက်ကိုလာရောက်ပွတ်သပ်နေသော ကြောင်ကလေး၏ ဦးခေါင်းကိုလည်း ဘယ်လက်ဖြင့်လှမ်း၍ ပွတ်သပ်ပေးနေလိုက်ပြန်၏။

ဦးစိုးတင့်သည် ကျွန်ုပ်နှင့်ကြောင်နှစ်ကောင်မြင်ကွင်းကို လှမ်းကြည့်နေ၏။ သူသည် အချိန်ကြာကြာစိုက်ကြည့်နေရင်းမှ -

"ဟာ - ကြောင်နှစ်ကောင် ကြောင်နှစ်ကောင်၊ သတိရပြီ သတိရပြီ။ ဇော်သန့်၊ ငါ မင်းကို 'ကြောင်နှစ်ကောင်' ခေါက်ဆွဲဆိုင်အကြောင်း ပြောပြဖူးသေးလား"

"ဟင့်အင်း၊ ကြောင်နှစ်ကောင် ခေါက်ဆွဲကြော်ဆိုင်အကြောင်း ကျွန်တော့်ကို တစ်ခါမှမပြောဖူးပါဘူး။ ဘာလဲ၊ ဟိုကားဂိတ်နားက ကြောင်နှစ်ကောင် ခေါက်ဆွဲကြော်ဆိုင်ကိုပြောတာလား"

"အေးပေါ့ကွ၊ အဲဒီကြောင်နှစ်ကောင်ဆိုတဲ့နာမည်က ငါပေးထားတာကွ။ လွန်ခဲ့တဲ့ အနှစ် (၂၀)ကျော်လောက်ကပေါ့ကွာ။ ငါ အဲဒီအကြောင်း မင်းကိုမပြောမိသေးဘူး။ အခုမှ ကြောင်နှစ်ကောင်ကိုမြင်ပြီး တိုက်တိုက်ဆိုင်ဆိုင်သွားသတိရတာ။ အဲဒီကြောင်နှစ်ကောင်ဆိုင်က အရင်တုန်းကနာမည်က 'ရွှေငါး' တဲ့ကွ။ အဲဒီမှာ ရွှေငါးက လုံးဝမရောင်းရလို့ ငါကနေ 'ကြောင်နှစ်ကောင်' လို့လည်း ပြောင်းပေးလိုက်ရော ရောင်းကောင်းလိုက်တာမှကွာ ယနေ့ထိပါပဲ။ မင်းအမြင်ပဲလေ။ အဲဒီအကြောင်းကို ငါ မင်းကို ပြောပြဦးမယ်"

"ဟုတ်တယ် ဟုတ်တယ်၊ စိုးတင့်ပြောတာအမှန်ပဲ။ အဲဒီအကြောင်းကိုလည်း ငါလည်း ကောင်းကောင်းသိတယ်။ ဟိုးအရင် ဆိုင်စဖွင့်ဖွင့်ချင်းကတော့ 'ဦးကောက်ကြီး' ခေါက်ဆွဲဆိုင်ဆိုပြီး ဆိုင်းဘုတ်အရင်တပ်ထားတာ။ အဲဒါပြီးတော့မှ 'ရွှေငါး' ခေါက်ဆွဲနှင့် ထမင်းဆိုင်ဆိုပြီး ဆိုင်းဘုတ်တပ်တာ။ ရွှေငါးပြီးတော့မှ စိုးတင့်ပေးလိုက်တဲ့ 'ကြောင်နှစ်ကောင်' ခေါက်ဆွဲနှင့် ထမင်းဆိုင်ဟုတ်တယ်၊ စိုးတင့်နာမည်ပြောင်းပေးပြီးမှ ဆိုင်ကတစ်ဟုန်ထိုးရောင်းအားတက်လာတာ။ ဟုတ်တယ်၊ ဟုတ်တယ်"

ဘေးဝိုင်းမှ အသက် (၇၀) နီးပါးအဘိုးကြီးတစ်ဦးက ကျွန်ုပ်တို့ဝိုင်းကိုလှမ်းပြောလိုက်ခြင်း ဖြစ်၏။ ဦးစိုးတင့်က အသံအာကျယ်အာကျယ်ပြောဆိုတတ်၍ ဘေးဝိုင်းမှ ကျွန်ုပ်တို့ ပြောဆိုနေကြသော စကားအစ၊ အဆုံးကို ကြားရပြီး ဝင်ရောက်ပြောဆို ထောက်ခံလိုက်ခြင်းဖြစ်၏။

ထို့နောက် ဦးစိုးတင့်သည် ကျွန်ုပ်အား ထိုကြောင်နှစ်ကောင်ခေါက်ဆွဲကြော်ဆိုင်နာမည်ပေးပုံ အစ၊ အဆုံးကိုဟန်နှင့်ပန်နှင့် အာပေါင်အာရင်းသန်သန် သေသေချာချာ ပြောပြနေပါတော့သည်။ သူအားလုံးပြောဆိုပြီးသောအခါ (၁၁) နာရီတောင် နည်းနည်းကျော်သွားပြီဖြစ်၍ ကျွန်ုပ်သည် ကျသင့်ငွေများကိုအမြန်ရှင်း၊ စကားစကိုဖြတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဦးစိုးတင့်ကို နှုတ်ဆက်ကာ ကမ္ဘာသစ်လက်ဖက်ရည်ဆိုင်မှ စာပေဟောပြောပွဲကျင်းပရာ အ-ထ-က (၁) ကျောင်းတော်ကြီးဆီသို့ စက်ဘီးဖြင့် သုတ်ခြေတင်ကာ သွားခဲ့ပါတော့သည်။

**ရွှေငါးမှကြောင်နှစ်ကောင်**

ဦးအန်းကူတစ်ယောက် ဆိုင်အဝတွင် ခွေးခြေခုံတစ်လုံးပေါ်၌ တင်ပျဉ်ခွေထိုင်နေကာ ခါးကိုအနည်းငယ်ရှေ့သို့ကိုင်းပြီး စားပွဲပေါ် လက်နှစ်ဖက်ကို ထောက်ကာထောက်တင်ထား၍ ရီဝေသော မျက်လုံးများဖြင့် ဆိုင်အပြင်တစ်နေရာကို ငေးကြည့်နေပြီး အတွေးများစွာနှင့် ငိုင်တင်ကဲဖြစ်ကာ ခေါင်းစားနေပါသည်။

ဆိုင်နှစ်ဆိုင်သည် နေရာချင်းကသည်း မကွာခြား။ တစ်နေရာစီမဟုတ်၊ ဘေးချင်းယှဉ်ကပ်လျက်ဖြစ်၏။ ရောင်းသည့်ဈေးနှုန်းတွေကလည်း အတူတူ။ ခေါက်ဆွဲကြော်လက်ရာချင်းကလည်း ဘာမှမည်မည်ရရမကွာခြား။ ဟိုဘက်က ဆိုင်ထက်မသာတောင် သူတို့လက်ရာအောက်ကိုတော့မလျော့။ သူ့လက်ရာကို သူကောင်းစွာသိသည်။ ဘာမှမရှိသော်ငြားလည်း ကောင်းကောင်းမွန်မွန် ကြော်ချက်နေသည်ပဲ။ ဘာကြောင့် အရောင်းအဝယ်မှာ ခပ်ထိုင်းထိုင်းဖြစ်နေရသနည်း။ ဟိုဘက်ခေါက်ဆွဲကြော်ဆိုင်ကို ကြည့်လိုက်လျှင် လူတွေက တရုန်းရုန်း အမြဲတမ်းစည်ကားနေတတ်သည်။ သူ့ဆိုင်ကျတော့ ခြောက်ကပ်ကပ်ရှိလှန်းသည်။

ဟိုးအရင် သူ့အဖေဦးကောက်ကြီးလက်ထက်က ဒီလိုအရောင်းအဝယ်မပါးဘဲ ချမ်းချမ်းရောင်းကောင်းခဲ့သည်။ နောက်ဦးခေါင်က အသက်ကြီးလာ၍ အနားယူသွားသောအခါ သူက ဆက်လက်၍ လက်လွှဲပြီး ဦးစီးကာ ဆိုင်ကိုဆက်ဖွင့်သည်။ သူဆက်ရောင်းသောအခါကျမှ အရောင်းအဝယ်က သိသိသာသာကျဆင်းခြင်း ဖြစ်၏။

'မင်းဦးစီးပြီးလုပ်ရင် ဆိုင်နာမည်ပြောင်းပြီးလုပ်သင့်တယ်'

ဟု ဝိုင်းအကြံပေးကြ၍ ဗေဒင်ဆရာတစ်ဦးက 'ရွှေငါး' ဟု အမည်ကိုပြောင်းပေးလိုက်ရာ ယခင် 'ဦးကောက်ကြီး ခေါက်ဆွဲဆိုင်'ဆိုင်းဘုတ်ကိုချပြီး ဆရာ ဦးမြသောင်းထံ သွား၍ 'ရွှေငါးခေါက်ဆွဲနှင့် ထမင်းဖြူဆိုင်' ဟု ရေးသားကာ ဆိုင်းဘုတ်ကို ပြန်တင်ထားခဲ့သည်။

သို့ပါသော်လည်း ထူးမခြားနား ပတ်ပျိုးပင်ဖြစ်နေပါသည်။ အရောင်းအဝယ်ကပါးမြဲပင် ဖြစ်၏။ သည်ကိစ္စကို ဘယ်လိုပြေလည်အဆင်ပြေအောင် ဖြေရှင်းရမည်နည်းဟု သူခေါင်းမီးတောက်အောင် အဖြေရှာနေခြင်း ဖြစ်၏။

"ဘာတွေတွေးနေတာလဲ ဦးအန်းကူရဲ့"

"ဪ - အေး၊ ဘာရယ်တော့ မဟုတ်ပါဘူးကွာ။ ငါ့ဆိုင်အရောင်းအဝယ်ပါးနေလို့ ဟိုတွေးဒီတွေးစဉ်းစားနေတာပါ"

ဗေဒင်ဆရာပေါက်စ ကိုစိုးတင့်က ဦးအန်းကူဝိုင်းရှိ သစ်သားခွေးခြေခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ရင်း -

"ဟုတ်တယ်၊ ကျွန်တော်လည်း သတိထားမိတယ်။ ဟိုဘက်က 'ကျားကြီး' ခေါက်ဆွဲဆိုင်က ကြည့်လိုက်ရင် လူကပြည့်ပြည့်နေတယ်။ ဦးအန်းကူဆိုင်ကျတော့ ကြည့်လိုက်ရင် ခပ်ပါးပါးပဲ။ အရသာက ဟိုဘက်ဆိုင်နဲ့ ဘာမှမထူးခြားပါဘူး။ ကျွန်တော် တစ်ခါဝယ်စားကြည့်ဖူးပါတယ်။ လက်ရာကအတူတူပါပဲ။ နည်းတာ၊ များတာလည်း အတူတူပါပဲ။ အဲဒါ ဘာကြောင့် ဦးအန်းကူရဲ့ဆိုင်က အရောင်းအဝယ်ပါးနေရတာလဲ သိလား"

"မသိဘူးကွ၊ အဲဒါကို ငါအခုထိုင်စဉ်းစားနေတာ။ အဖြေက ရှာလို့ကိုမရပါဘူးကွာ"

"အဲဒီအဖြေကို ကျွန်တော် သိတယ် ဦးအန်းကူရဲ့။ ကျွန်တော် အခု ဦးအန်းကူဆိုင်မှာ ခေါက်ဆွဲကြော်ပါဆယ်လာဝယ်ရင်း ကြုံလို့ပြောပြသွားမယ်။ အခုလိုသိရတာကလည်း ကျွန်တော်က ဗေဒင်ပညာကို လေ့လာလိုက်စားနေလို့ တွေးခေါ်ပြီးသိရတာပါ။ ကျွန်တော် အခု အိမ်မှာ ဗေဒင်စဟောနေပြီ။ တစ်လောက ရန်ကုန်မှာ ဇေယျသိဒ္ဓိ ဦးစိုးမင်းဆီသွားပြီး ဗေဒင်သင်တန်းသွားတက်ထားသေးတယ်။ဒီလို ဒီလို ဦးအန်းကူရဲ့၊ ဦးအန်းကူရဲ့ ဆိုင်နာမည်ကို ဟိုဘက်က 'ကျားကြီး' ဆိုင်နာမည်က ဆပွတ်ခိုပြီး အနိုင်ဓာတ်မိနေတာ အဲဒါကြောင့်မို့ပါ"

"ဘာလဲကွ၊ ဆပွတ်ခိုတယ်ဆိုတာက"

"ဆပွတ် ဆိုတာ ဒီလိုပါ။ နေ့နံတစ်ခုကနေ ရေတွက်လိုက်ရင် ခြောက်ခုမြောက်ဂြိုဟ်ကို ဆိုလိုတာ။ ကျွန်တော်တို့ပညာရပ်မှာ 'သူ့ကိုနိုင်လို ဆ,ကိုခို' ဆိုတဲ့ ပညာခန်းရှိတယ်။ နေ့နံတစ်ခုကို သူ့ရဲ့ ခြောက်ခုမြောက်ဂြိုဟ်က နိုင်တယ်။ ဦးအန်းကူဆိုင်နာမည် 'ရွှေငါး' က ဗုဒ္ဓဟူးနံ၊ အဲဒီဗုဒ္ဓဟူးကို ဘယ်သူကနိုင်လဲဆိုတော့ ဗုဒ္ဓဟူးကနေ ရေလိုက်ရင် ခြောက်ခုမြောက်ဟာ တနင်္လာပဲ။ 'ကျားကြီး' ဆိုတာက တနင်္လာပဲလေ။ ဦးအန်းကူရဲ့ 'ရွှေငါး' က ဗုဒ္ဓဟူးနံ၊ ဗုဒ္ဓဟူးရဲ့ဆပွတ်က တနင်္လာ။ သူတို့ဆိုင်နာမည်က 'ကျားကြီး' ဆိုတော့ ဆပွတ် တနင်္လာနှစ်ထပ်တောင်မိနေသေးတယ်။ ဒီတော့ ဦးအန်းကူရဲ့ 'ရွှေငါး' က ခံရပြီပေါ့။ သေပြီပေါ့ဗျာ။ 'ကျားကြီး' ဆိုတဲ့နာမည်က 'ရွှေငါး' အပေါ်ကို ဆပွတ်နှစ်ထပ်တောင်စီးနေတာဆိုတော့ ဦးအန်းကူဘက်က ရှုံးပြီ၊ ထိပြီပေါ့။ အဲဒါပဲ အဖြေက။ ဦးအန်းကူရဲ့ ရွှေငါးဆိုင်နာမည်က နှိမ်ခံရသလိုဖြစ်သွားတာ။ ဆိုင်ချင်းကကပ်ရပ်ဆိုတော့ ဓာတ်တွေက ပိုထိကုန်တာပေါ့ဗျာ"

"ဪ-ဒီလိုလား။ ငါတို့ကတော့ ဗေဒင်ပညာတွေဘာတွေဘယ်သိပါ့မလဲကွ။ ဗေဒင်ဆရာတစ်ယောက်က 'ရွှေငါး' လို့ ပေးဆိုလို့ ငါလည်း ဆိုင်းဘုတ်ကောက်တင်ထားလိုက်တာ။ ဪ - ဖြစ်တတ်ပါပေတယ်"

"နောက် ဦးအန်းကူ သဘာဝအတိုင်း စဉ်းစားကြည့်လေဗျာ။ ကျားကြီးနဲ့ ရွှေငါးတွေ့ရင် ရွှေငါးပဲခံရတော့မှာပေါ့။ ကျားကြီးက ရွှေငါးကိုစားသွားမှာပေါ့။ ဟိတ်ဓာတ်ချင်းက ကွာတယ်ဗျ။ ဒါတော့ ဦးအန်းကူ သဘောပေါက်မှာပါ။ အဲဒီတော့ ဦးအန်းကူဆိုင်ကို နာမည်သာ ပြောင်းပစ်လိုက်ပေတော့၊ ဒါမှ ဦးအန်းကူဆိုင်ရောင်းအားတက်လာမှာ"

"ဆိုင်နာမည်က ထပ်ပြောင်းရဦးမှာလားကွာ။ ခဏခဏမပြောင်းချင်ဘူးကွ"

"ဪ - ဦးအန်းကူရယ်၊ ကိုယ့်ဆိုင် ရောင်းအားတက်ဖို့က အဓိကပဲလေ။ နာမည်ပြောင်းပစ်မှ ကောင်းမှာမို့လို့ ပြောင်းခိုင်းရတာပါ။ စိတ်ချ ကျွန်တော် တာဝန်ယူတယ်။ ဦးအန်းကူဆိုင်ရောင်းအားပြန်တက်အောင် ကျွန်တော် နာမည်ကောင်းကောင်းပြောင်းပေးမယ်။ ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့သာ အပ်လိုက်စမ်းပါဗျာ။ ကျွန်တော်လုပ်ပေးနိုင်ပါတယ်"

"တယ်အာမခံရဲလှချေလား စိုးတင့်ရ၊ မင်းတကယ်ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com

"တကယ်တကယ် ဦးအန်းကူစိတ်ချ။ ဦးအန်းကူဆိုင် ကျွန်တော့်နာမည်ကို သုံးကြည့်လိုက်၊ လုံးဝကို ပြောင်းပြန်လှန်လိုက်သလို ပြောင်းလဲသွားလိမ့်မယ်။ မဟုတ်ရင် ကျွန်တော့်ကို လူရှေ့သူရှေ့မှာ ဆွဲသာထိုးဗျာ"

အပိုင်ကွက်ကို အခိုင်အမာ အသေအချာရရှိပိုင်ဆိုင်ထားသူတစ်ဦး၏ အမူအရာဖြင့် ကိုစိုးတင့်က ရဲရဲဝံ့ဝံ့ အာမခံပြောဆိုလိုက်ရာ ဦးအန်းကူတစ်ယောက် အားရကျေနပ်သွားကာ ဘဝင်ခွေ့သွား၏။ ထို့ကြောင့် ဗေဒင်ဆရာပေါက်စ ကိုစိုးတင့်အား သူ့ဆိုင်နာမည်အသစ်ကို ရွေးချယ်ပေးရန် အပ်နှံလိုက်လေ၏။ ကိုစိုးတင့်လည်း ခေါက်ဆွဲကြော်ဖိုးကျသင့်ငွေကိုရှင်းကာ အိမ်သို့ပြန်သွားပါတော့သည်။

နောက် (၃) ရက်မြောက်နေ့တွင် ဗေဒင်ဆရာကိုစိုးတင့်သည် ဦးအန်းကူ၏ ရွှေငါးခေါက်ဆွဲကြော်ဆိုင်သို့ရောက်လာ၏။ သူရွေးချယ်ထားသော နာမည်သစ်ကို ရေးထားသည့် ဗလာစာရွက်ခေါက်လေးအား ဆိုင်အဝတွင် ထိုင်နေသော ဦးအန်းကူလက်ထဲသို့ လှမ်းထည့်ပေးလိုက်၏။ ဦးအန်းကူက စာရွက်ခေါက်လေးအား သိလိုဇောဖြင့် အလျင်အမြန်ဖြန့်ကြည့်လိုက်၏။

'ကြောင်နှစ်ကောင်'

ဦးအန်းကူ၏နှုတ်မှ ခပ်တိုးတိုးအသံထွက်သွား၏။ ပြီးနောက် ကိုစိုးတင့်အား လှမ်းကြည့်လိုက်ပြီး -

"ဟ-မင်းနာမည်ကလည်း တိရစ္ဆာန်ထဲကကို မထွက်ဘူး။ ကြောင်နှစ်ကောင်တဲ့"

"သြော် - ဦးအန်းကူကလည်း၊ တိရစ္ဆာန်နာမည်ဖြစ်ဖြစ်ဘာဖြစ်ဖြစ်လေ။ ဦးအန်းကူဆိုင် ရောင်းအားကောင်းဖို့က အရေးကြီးတယ် မဟုတ်လား။ သုံးကြည့်လိုက်စမ်းပါဗျာ။ လက်တွေ့တွေ့လာရပါလိမ့်မယ်။ အပြောမဟုတ်ဘူး၊ အပြောမဟုတ်ဘူး"

"မင်း- 'ကြောင်နှစ်ကောင်' လို့ ဘယ်လို ဘယ်လိုရွေးချယ်ပေးလိုက်တာတုံး။ ငါ့ကို ရှင်းပြပေးလို့ရရင် ရှင်းပြစမ်းပါဦးကွ"

"ဦးအန်းကူက မဟာဘုတ်ပညာအရ (၄) ကြွင်း တနင်္လာ၊ ရာဇဖွား။ ဒါကြောင့် တနင်္လာနဲ့စပြီး တနင်္လာနဲ့ပိတ်တဲ့နာမည်ကို ရွေးပေးလိုက်တာ။ အဲဒါထက် ပိုအရေးကြီးတာက ကျွန်တော်တို့မြန်မာစကားမှာ 'ကျားဆရာကြောင်၊ ကြောင်ဆရာ ကြွက်' ဆိုတာရှိတယ်ဗျ။ အဲဒါ ဦးအန်းကူ ကြားဖူးလား"

"အေး- အေး၊ အဲဒါတော့ ကြားဖူးတယ်ကွ"

"ဒါပဲလေ၊ ဟိုဘက်ဆိုင်က 'ကျားကြီး' ဆိုတော့ ကျားပေါ့ဗျာ။ ကျားရဲ့ဆရာက ကြောင်ဆိုတော့ ကျွန်တော်က ကြောင်တောင် တစ်ကောင်မဟုတ်ဘူး၊ ကြောင်နှစ်ကောင်လို့သုံးပစ်လိုက်တယ်။ ကြောင်မှာက နှစ်မျိုးရှိတယ်လေ။ ဒါကြောင့်မို့ ကြောင်နှစ်ကောင်လို့ ရွေးပေးလိုက်တာ။ ကြောင်က နှစ်မျိုးရှိတာ ဦးအန်းကူ သိလား"

"ဟေ - အဲဒါတော့ မသိဘူးကွာ"

"ဦးအန်းကူကလည်း ကြောင်က နှစ်မျိုးရှိတယ်လေ။ အထီးနဲ့ အမလေ။ ဒါတောင်မသိဘူး"

"သြော် - ကြောင်ကနှစ်မျိုးဆိုလို့ ဘာများလဲလို့၊ မင်းဟာက အထီးနဲ့အမကိုကွ။ ဟား ဟား ဟား တော်တော်ရယ်ရတဲ့ကောင်"

"အဲဒီတော့ ဦးအန်းကူ ဒီ 'ကြောင်နှစ်ကောင်' ဆိုတဲ့ နာမည်ကို သုံးလိုက်တာနဲ့ ဟိုဘက်ဆိုင်က ကျားက တပည့်ဖြစ်သွားပြီ။ ဦးအန်းကူရဲ့ကြောင်နှစ်ကောင်က ဆရာကြီးဖြစ်သွားပြီပေါ့။ အဲဒီတော့ ဦးအန်းကူဆိုင်က အနိုင်ဓာတ်ပြန်ရသွားပြီ။ ဦးအန်းကူဆိုင် ရောင်းကောင်းဖို့သာ ပြင်ထားပေတော့။နောက်မှ ရောင်းကောင်းလွန်းလို့ ပင်ပန်းလိုက်တာကွာ၊ ပင်ပန်းလိုက်တာကွာလို့ လာညည်းပြမနေနဲ့"

ဟု ပင်ပန်းနွမ်းလျ ခြေကုန်လက်ပန်းကျနေသောပုံစံလုပ်ပြီး ပြောလိုက်ရာ ဦးအန်းကူက -

"ဟိတ်ကောင်၊ ပိုက်ဆံရလို့ကတော့ ဘယ်လောက်ပင်ပန်းပင်ပန်း ပင်ပန်းပလေ့စေကွာ"

ဟုပြန်ပြောလိုက်လေတော့သည်။

ထိုနေ့တွင်ပင် စိတ်မြန်လက်မြန်ရှိသော ဦးအန်းကူသည် 'ရွှေငါး' ဆိုင်းဘုတ်ကိုချကာ မြို့ထဲရှိ ပန်းချီဆရာကြီး ဦးခင်ထွန်းထံ 'ကြောင်နှစ်ကောင်'အမည်သစ်ဖြင့် ဆိုင်းဘုတ်အပ်နှံခဲ့လေသည်။ ဆရာဦးခင်ထွန်းကလည်း ဆိုင်းဘုတ်၏ ဟိုဘက်ခြမ်း၊ ဒီဘက်ခြမ်းတစ်ဖက်စီတွင် ကြောင်ထီးလေးတစ်ပုံနှင့် ကြောင်မလေးတစ်ပုံကို လက်ရာမြောက်မြောက်အသက်ဝင်လွန်းလှအောင် သရုပ်ဖော်ပုံကိုပါ ရေးဆွဲထည့်ပေးလိုက်ပါသည်။ ဆိုင်းဘုတ်ရေးပြီးပြီးချင်း တစ်ပတ်အတွင်းတွင်ပင် ဦးအန်းကူတစ်ယောက်'ကြောင်နှစ်ကောင် ခေါက်ဆွဲနှင့် ထမင်းဖြူ' ဟု ရေးထားသော ဆိုင်းဘုတ်အသစ်ကို ပြောင်းလဲတင်လိုက်ပါတော့သည်။

မှန်ပါသည်။

ကိုစိုးတင့်က 'ကြောင် နှစ်ကောင်' လို့ပြောင်းပေးလိုက်ပြီး တစ်လပင်မပြည့်တတ်သေးပါ။ ဦးအန်းကူ၏ ဆိုင်သည် သိသိသာသာကြီးပင် ရောင်းအားတက်လာသည်ကို မြို့သူမြို့သားများပင် အံ့ဩသင့်ရလောက်အောင် လူတွေတရုန်းရုန်း စည်စည်ကားကားဖြင့် စားသောက်နေကြသည်ကို မျက်မြင်ဒိဋ္ဌတွေ့နေရပါတော့သည်။ ဦးအန်းကူလည်း ယောက်မသံ၊ ဒယ်အိုးသံတဂွမ်းဂွမ်းဖြင့် မနားရအောင် ကြော်လှော်ချက်ပြုတ်နေရသည်မှာ ချွေးတလုံးလုံးဖြင့် မီးဖိုထဲမှ မထွက်ရတော့။

ရောင်းကောင်းရသည့်အကြောင်းအရင်း၏ မူလအစမှာ ထိုမြို့လေးသို့ အရင်ကလုံးဝမရှိခဲ့ဘူးသော 'စက်မှုလယ်ယာဦးစီးဌာန'သည် တာဝန်အရ ရောက်ရှိလာကြ၏။ ဝန်ထမ်းပေါင်း (၅၀)ကျော် ခန့်ပါ၏။ ထိုဌာနမှ ဦးစီးမှူး (မအူပင်သား) သည် ဖြစ်ချင်တော့ ဦးအန်းကူနှင့် တက္ကသိုလ်တွင် ကျောင်းနေဖက်ဖြစ်နေ၏။ ထိုမြို့လေးသို့ တာဝန်ကျပြီး ဦးအန်းကူနှင့် အဆက်အသွယ်ရသွားကာ ဦးစီးမှူးက သူကိုယ်တိုင်လည်း ဦးအန်းကူဆိုင်တွင် အားပေးရင်း သူ၏တပည့်ဝန်ထမ်းများစွာကိုလည်း 'ကြောင်နှစ်ကောင်'ဆိုင်တွင်သာစားသောက်ရမည်ဟု ညွှန်ကြားထားသဖြင့် စက်မှုလယ်ယာဝန်ထမ်းပေါင်း (၅၀) ကျော်တို့သည် ဝင်ငွေရှိနေသော အချိန်အခါများတွင် လည်းကောင်း၊ လကုန်လခထုတ်ရပ်များတွင်လည်းကောင်း အုပ်စုလိုက်လာ၍ အားပေးကြရာ ဆိုင်ထဲတွင် ထိုင်စရာခုံများပင် မရှိတော့၍ နောက်မှရောက်လာကြသော ဝန်ထမ်းအုပ်စုသည် ပထမအုပ်စု စားသောက်ပြီးချိန်သို့ ရောက်အောင် အချိန်ဖြုန်းသည့်အနေဖြင့် ဈေးကြီးထဲ ဟိုကြည့်ဒီကြည့် ဈေးတစ်ပတ်ပတ်ပြီးမှ သာ (ပထမအုပ်စုတွေ ပြန်သွားမှသာ) နေရာထိုင်ခင်းရကြလေတော့သည်။

ထိုအခြေအနေများကြောင့်ပင် ဦးအန်းကူသည် ဆိုင်၏ဘေးဘက်ကွက်လပ်ကို အမိုးထပ်မိုးကာ စားပွဲခုံများထပ်ဖြည့်ထားရသည့် အနေအထားအထိ ရောင်းအားတိုးတက်လာခဲ့ပြီ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

တင်မြင့်(ညောင်ကန်)

# အစွမ်းထက်သော ဆေးမြီးတိုများ

ဆေးရုံ၊ ဆေးခန်းများနှင့် မနီးမဝေးဒေသများတွင် ဆေးမြီးတိုများသိရှိထားခြင်းအားဖြင့် အချို့သော ရောဂါဝေဒနာများ သက်သာ ပျောက်ကင်းနိုင်ပါတယ်။ လက်တွေ့ ခံစားခဲ့ရတာကို မျှဝေပေးတဲ့ စေတနာဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ်က စာရေးသူဟာ ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံမှာ ကထိက (ဌာနမှူး) တာဝန်ယူစဉ်က ဖြစ်ပါတယ်။ ကျောင်းသား (၂) ဆောင်၊ ကျောင်းသူ (၂) ဆောင်အုပ်ချုပ်ရတဲ့ (အဆောင်မှူး) တာဝန်ယူခဲ့စဉ်ကပါ။ စာရေးသူအနေနှင့် မကြာမကြာသွားရောက်စစ်ဆေးရပါတယ်။ တစ်ရက်မှာ ငါးကြော်ချက်ကျွေးတဲ့နေ့မှာ ဟင်းစစ်ဆေးရင်း လျှာမှာ အရိုးစူးခဲ့ပါတယ်။ ချက်ချင်းနာကျင်မှုမရှိဘဲ (၂) ရက်လောက်ကြာတော့ အဆိပ်တက်ပြီး လျှာတစ်ခုလုံးရောင်လာပြီး တံတွေးတောင် မျိုမချနိုင်ပါ။ ချက်ရည်တောက်တောက်ကျခဲ့ရပါတယ်။ နေပြည်တော်-ပျဉ်းမနားရှိ နား၊ နှာခေါင်း၊ လည်ချောင်းဆရာဝန်ကြီးထံ သွားတော့ ရန်ကုန်ဆေးရုံကြီးကို ချက်ချင်းသွားဖို့ ပြောပါတယ်။ အရေးပေါ်ဌာနသို့ စာရေးပေးလိုက်မယ်လို့လည်း ပြောပါတယ်။

စာရေးသူ ဘယ်လိုမှမသွားနိုင်ပါ။ တာဝန်လွှဲဖို့ရော ငွေပါ အခက်အခဲရှိပါတယ်။ ဒီအချိန် ကင်ပွန်းတန်းမှ ကိုမြင့်အောင်ပြောခဲ့တဲ့စကားကို သတိရလိုက်ပါတယ်။ သူ့ခြေထောက်မှာ သံစူးတာ အထက်ထိပေါက်သွားတာ ဦးပဥ္စင်းပွဲ့ပေးတော ကောင်းကောင်းပျောက်ခဲ့တယ် ဆိုတာပါ။ စာရေးသူလည်း ရန်ကုန်မသွားတော့ဘဲ ဦးပဥ္စင်းပွဲ့ထံသွားပါတယ်။

ဦးပဥ္စင်းပွဲ့က စာရေးသူတို့စိုက်ပျိုးရေးသိပ္ပံနဲ့ကပ်လျက် မြို့ပတ်လမ်းသာခြားတဲ့ ဓမ္မာစရိယကျောင်းတိုက်မှာ သတင်းသုံးပါတယ်။ ဦးပဥ္စင်းပွဲ့က ဆေးနီမှုန့်လေး လျှာပေါ်ဖြူးပေးလိုက်ပါတယ်။ နာကျင်မှုဝေဒနာ သက်သာပြီး ည(၇) နာရီမှာ အိပ်ပျော်သွားခဲ့ပါတယ်။ နံနက် (၄း၀၀) နာရီထိုးတော့ နိုးတဲ့အခါ ကျွန်တော့်လျှာဟာ အကောင်းပကတိဖြစ်နေပါတယ်။ လျှာပေါ်မှာတော့ စပါးလုံးသာသာရှိတဲ့ ငါးအရိုးတစ်ခုကို တွေ့ရပါတယ်။

စာရေးသူလည်း ဝမ်းသာလွန်းလို့ ဦးပဥ္စင်းပွဲ့ထံ လှူဖွယ်ပစ္စည်းများနှင့် အရက်ဆွမ်းဆက်ကပ်ပြီး လှူဒါန်းခဲ့ပါတယ်။ ဦးပဥ္စင်းပွဲ့က -

"ဒကာကြီး ငါးကိုနိုင်တာ ငါးဖျံပဲ။ နိုင်ရာနိုင်ရာနဲ့ ကုရတာပေါ့"

လို့ အမိန့်ရှိပါတယ်။

နောက်တစ်ခုကတော့ ၁၉၇၅ ခုနှစ်က ဖြစ်ပါတယ်။ စာရေးသူရဲ့သမီးငယ် (၂) လသားအရွယ် ဦးခေါင်းမှာ အပူဖုကြီးတစ်လုံး ကွမ်းသီးလုံးခန့်ပေါက်ပါတယ်။ ဦးခေါင်းအရေခွံဟာ ထူတဲ့အတွက် အပ်နဲ့ထိုးဖောက်ပေးမယ့် မရနိုင်ပါ။ ဒါကိုမြင်တဲ့ စာရေးသူရဲ့ အဒေါ်ဒေါ်တင်မေက သူ့လက်ဖဝါးထဲမှာ ထုံးနဲ့ ပျားရည်ကို ခပ်ပျစ်ပျစ်ဖျော်ပြီး အဖုလေးကို ဝိုင်းပြီး လူးပေးလိုက်ပါတယ်။ နောက်တစ်နေ့မှာတော့ အနာအဖုအလုံးဟာ သွေးများ၊ ပြည်များ အလိုလိုပန်းထွက်ပြီး ပျောက်သွားပါတော့တယ်။ သွေးစုနာလို့လည်း ခေါ်ကြပါတယ်။ ဒီနည်းကတော့ တွေ့ကြုံသမျှ ကူညီဆောင်ရွက်ပေးခဲ့လို့ ပျောက်ကင်းသွားကြသူတွေ မနည်းတော့ပါ။

တတိယ အတွေ့အကြုံတစ်ခုကတော့ ရွှေဘိုစိုက်ပျိုးရေးအထက်တန်းကျောင်းမှာပါ။ ၁၉၈၄ ခုနှစ်က တပည့်မောင်ကျော်လင်း ဆင်အင်းရွာသား စာမေးပွဲဖြေနေတဲ့အချိန် နှာခေါင်းသွေးတွေ အရမ်းထွက်ကျတာ ရွှေဘိုဆေးရုံမှ ဆရာဝန်ကြီးထံ သွားပြပါတယ်။ လောလောဆယ် ဂွမ်းများများဆောင်ထားခိုင်းကာ မန္တလေးဆေးရုံကြီးကို လွှတ်ပါတယ်။

စာရေးသူ ရွှေဘိုစက်မှုလယ်ယာဌာနက မိတ်ဆွေဦးစိန်မောင် ပြောပြတဲ့နည်း တစ်နည်းကို သတိရသွားပါတယ်။

"ဒီလို လုပ်ကွာ၊ မင်းငါပြောသလို အခုပဲ လုပ်ကြည့်၊ တာဝန်မလေးပါဘူး၊ မင်းဝေဒနာမပျောက်တော့လည်း တစ်မျိုးစီစဉ်တာပေါ့"

ဆိုပြီး စာရေးသူဟာ ရွှေဘိုမြို့နှင့် (၁၀) မိုင်လောက်ဝေးတဲ့အရပ် လျှပ်စစ်မီးကလည်း မရတော့ ရေနံဆီမီးအိမ်ဆောင်ထားရပါတယ် ။ အလွယ်တကူရှိတဲ့ ရေနံဆီအဖြူကို လက်ဖက်စားဇွန်းတစ်ဇွန်းထည့်ပြီး ဖယောင်းမီးနဲ့ ခပ်နွေးနွေး အပူပေးလိုက်ပါတယ်။ ပူနေတဲ့ဇွန်းကို လက်နှင့်တို့ကြည့်လို့ အေးသွားပြီဆိုတော့မှ -

"ကဲ - အဲဒါကို သောက်ချလိုက်"

ဆိုတော့ မောင်ကျော်လင်းလည်း သောက်ပြီး သူ့ဖခင်နှင့်အတူ စာရေးသူတို့ ဧည့်ခန်းမှာ (၁)နာရီလောက် ရေနွေးကြမ်းသောက်ရင်း ထိုင်စောင့်ကြည့်တော့ -

"ဆရာ ကျွန်တော့်နှာခေါင်းသွေး မထွက်တော့ဘူး၊ ပျောက်သွားတယ် ဆရာ။ ဝမ်းသာလိုက်တာ"

ဆိုပြီး စာရေးသူကို ထိုင်ကန်တော့သွားပါတယ်။ စာမေးပွဲလည်း ဖြေလို့အောင်သွားပါတယ်။

ရေးစရာ၊ အတွေ့အကြုံပေးစရာလေးတွေ အများကြီးရှိပါသေးတယ်။

*တိုက်ဆိုင်ပါက အသုံးချကျန်းမာကြပါစေ*

တင်မြင့် (ညောင်ကန်)

---

ဤတွင် 'သာမဏောန သာမဏော၊ ဂေါနေန ဂေါဏော - သာမဏော ရှိရာ သာမဏေလာ၊ နွားရှိရာ နွားလာ' ဟုဆိုသည့် အဆိုအတိုင်း စားသောက်သူ အများအပြားရှိရာနေရာကို ရောက်ထပ်စားသောက်သူများ ထပ်မံ၍ရောက်ရောက်လာကြရသော မာတ်သဘာဝကြောင့် ဦးအန်းကူ၏ ဆိုင်ရောင်းအားသည် ကိုစိုးတင့် ပြောခဲ့သလိုပင် ပြောင်းပြန်လှန်လိုက်သလို တစ်ဟုန်ထိုး ပြောင်းလဲ တိုးတက်သွားပါတော့သည်။

မီးဖိုထဲတွင် ချွေးတလုံးလုံးနှင့် ဒယ်သံ၊ ယောက်မသံတဂွမ်းဂွမ်းဖြင့် အချိန်ပြည့်လိုလို ကြော်ချက်နေရပြီဖြစ်သော ဦးအန်းကူသည် တစ်ခါတစ်ရံ ရံဖန်ရံခါ လာလာစားသောက်တတ်သော ဗေဒင်ဆရာပေါက်စ ကိုစိုးတင့်၏ ခေါက်ဆွဲဖိုးပိုက်ဆံကို လုံးဝမယူတော့ဘဲ ကျေးဇူးပြုခဲ့သည်မှာ ယနေ့ထိတိုင်ပင်ဖြစ်ပါတော့သည်။

*ကောင်းမှုအကြောင်းပြု*
*တောင်းဆုပြည့်ပါစေ*

သူခရာ

www.burmeseclassic.com



အပိုင်း(၂)

# မြန်မာ့ရိုးရာအဆိပ်ဖြေနည်းများ

ဦးမင်းဇင်(ရွှေနဝင်း)

ဤသို့ ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းမလက်မည်း စသည့်ကင်းအမျိုးမျိုးတို့၏သဘောသဘာဝနှင့် နေထိုင်ကျက်စားသွားလာပုံတို့ကို စာဖတ်ပရိသတ်များ သိထားပြီဆိုလျှင် ကင်းအမျိုးမျိုးတို့၏ အန္တရာယ်မှ ကင်းရှင်းအောင်ကြိုတင်ကာကွယ်နိုင်ပြီး အကယ်၍ မတော်တဆ ကင်းထိုးကင်းကိုက်မိ၍ အဆိပ်တက်ခဲ့သော် -

**မြန်မာ့ရိုးရာကင်းဆိပ်ဖြေနည်းများ**

က။ ကင်းကိုက်၊ ကင်းထိုး၊ ပင့်ကူကိုက်သည့် ဒဏ်ရာကို ဆီ၊ ထောပတ် စသည်တို့ မထိမိ၊ မလိမ်းမိစေရန် ရှေးဦးစွာ အထူး သတိပေးလိုပါသည်။

ကင်းဆိပ်၊ ပင့်ကူဆိပ်တို့သည် ဆီ၊ ထောပတ် စသည်တို့နှင့် ထိမိ၊ လိမ်းမိခဲ့လျှင် ပို၍ အဆိပ်ပြန့်မြန်ပြီး တစ်ခဏချင်းပင် ဒဏ်ရာမှာ ရောင်ကိုင်းကွဲအက်လာသည်ဖြစ်၍ အထူးသတိပြုကြပါ။

ခ။ ကင်းဆိပ်ထဲတွင် အပြင်းထန်ဆုံး ကင်းခြေများကိုက်ခဲ၍ အဆိပ်တက်ခဲ့သော် ကင်းဆိပ်သည် အပူဓာတ်ပြင်း၍ ကင်းကိုက်သောဒဏ်ရာကို လက်ဖြင့်စမ်းကြည့်လျှင်ပူရှိန်နေသည်ကို တွေ့ရပါမည်။

ပြီးလျှင် ကိုက်သည့်နေရာသည် ထုံ၍လာပြီး နာကျင်ကိုက်ခဲ၍ မီးစနှင့်ထိုးထားသလို ပူနေတတ်သည်။

မှတ်ချက်။ ။ ကင်းခြေများကိုက်လျှင် ကိုက်ခဲ့သည့်အစွယ်ရာ (၂) ပေါက်၏ အကွာအဝေးကိုကြည့်ပြီး ကင်းခြေများအကောင်အကြီး၊ အသေးကို မှန်းဆနိုင်ပါသည်။

ကင်းမြီးကောက် ထိုးလျှင်တော့ အစွယ်ရာ (၁) ပေါက်သာ တွေ့ရမည်ဖြစ်သည်။

ကင်းခြေများအဆိပ်ကို တန်ပြန်၍ ကုသသည့်နည်းမှာ -

ကင်းခြေများအသေကောင်ကိုရလျှင် အခြောက်လှန်းထားပြီး အမှုန့်ပြု၍ ဖန်ပုလင်းထဲတွင် ထည့်၍ လေလုံစွာသိမ်းထားပါ။

ကင်းခြေများ ကိုက်မိခဲ့လျှင် ၎င်းကင်းခြောက်အမှုန့်ကို ရှူပေးပါက ကိုက်သောဒဏ်ရာမှာ သွေးများစိမ့်၍ ထွက်လာလိမ့်မည်။ ရသမျှညှစ်ထုတ်ပေးပါ။

ပြီးလျှင် ရေကန်စွန်းရွက်သတ္တုရည် (ရေထဲတွင်ပေါက်နေသည့် ကန်းစွန်းရွက်ကို ယူပါ) ဖြင့် ဒဏ်ရာကို သေချာစွာ ဆေးကြောပြီး ၎င်းရေကန်စွန်းရွက်ကြိတ်ဖတ်ဖြင့် ဒဏ်ရာကို အုံထားပေးလျှင် တစ်ခဏချင်း ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက်။ ။ မြွေ၊ ကင်း စသည်တို့ကိုက်သောအခါ ကိုက်သောဒဏ်ရာနေရာမှ သွေးများ ယိုစိမ့်ထွက်လာရန် အလွန် အရေးကြီးပါသည်။ (အဆိပ်သည် အထက်သို့သိပ်မတက်ဘဲအောက်ဘက်သို့ သက်ဆင်းလာသည့် သဘောဖြစ်ပါသည်။)

အကယ်၍ သွေးမဆင်းဘဲအစွယ်ရာလောက်သာ မြင်တွေ့၍နေပါလျှင် အဆိပ်သည် အထက်သို့တက်နေသည့် သဘောဖြစ်ပြီး ကုသရ အလွန်ခက်ပါသည်။

ဂ။ ရှောင်ချိုး (သို့) တေဇောဒကချိုးတို့ကို သံပရာရည်ဖြင့်စိမ်ထားသည့်ဆေးရည်ဖြင့် ဒဏ်ရာအထက်မှ ဖြူဆုံးကို စုတ်လုပ်၍ အထက်မှအောက်သို့ စုတ်ဆေးပေါက်ပေးပြီး ကွမ်းရွက် တစ်ရွက်၊ နှစ်ရွက်ကို မီးကင်၍ သံပရာစိမ်ဆေးရည်ကို ကွမ်းရွက်အချော်ဘက်တွင် သုတ်လိမ်းကာ ဒဏ်ရာတစ်ဝိုက်ကို ကွမ်းရွက်အုပ်၍ကပ်ထားပေးပါ။ မကြာမီ ကွမ်းရွက်ခြောက်သွေ့သွားမည်။ ကွမ်းရွက်ခြောက်လျှင် တစ်ဖန်အသစ်ပြန်ကပ်ထားပေးပါ။ မကြာမီ အဆိပ်ပြေလာမည်။

ဃ။ ကင်းအဆိပ်အားလုံးကို နိုင်သည့်ဆေးများမှာ -

၁။ ဥပသကာမြစ်ကို သွေး၍လိမ်းပေးပြီး ဝမ်းတွင်းသို့လည်း သုံး၊လေးကြိမ်ခန့် ဟင်းစားဇွန်း (၁) ဇွန်းခန့်သွေး၍ တိုက်ပါ။

၂။ ကင်းဂမုန်းကို ထုထောင်း၍ ကိုက်သည့်ဒဏ်ရာတွင် အုံထားပေးပါ။ သတ္တုရည်ကိုလည်း ဒဏ်ရာအထက်မှ လိမ်းပေးပါ။

၃။ မဟာကာကြံဆစ်ရွက်ကို ထုထောင်း၍ ဒဏ်ရာတွင် အုံပေးထားပါ။ ၎င်းအရွက် သုံး၊ လေးရွက်ကို နှစ်ကြိမ်၊ သုံးကြိမ်ခန့် ဝါးစားပေးပါ။

၄။ ကသစ်မြစ်၊ ကစော့မြစ်၊ ကြောင်ပန်းမြစ် ရရာတစ်ခုခုကို သွေးလိမ်းပေးပါက ကင်းဆိပ်ဟူသမျှ နိုင်ပါသည်။

၅။ ကိုက်သည့်အစွယ်ရာပေါ်တွင် မန်းကျည်းစေ့ကို အဖြူသားပေါ်အောင် သွေးပြီး ၎င်းအဖြူသားနှင့်ကပ်ထားပါ။ (အထက်တွင် ဖော်ပြပြီး ဖြစ်ပါသည်)။

၆။ ပင့်ကူဂမုန်းဥကိုလည်း သွေး၍ လိမ်းပေးနိုင်သည်။

၇။ ကင်းခြေများကိုက်သည့် ဒဏ်ရာပေါ်သို့ ဖားပြုပ်တစ်ကောင်ကို ဖမ်းယူပြီး ၎င်းဒဏ်ရာပေါ်သို့ တင်ပေးထားလျှင် နာရီဝက်အတွင်း ကင်းဆိပ်များသည် ဒဏ်ရာမှ သွေးနှင့်အတူ စိမ့်ထွက်လာပြီးသက်သာလာမည်။ ဖားပြုပ်သည် ကင်းခြေများကိုနိုင်သည့်ဓာတ်သတ္တိရှိပါသည်။

၈။ ကင်းခြေများအကိုက်ခံရလျှင် ကိုက်သည့်ဒဏ်ရာတွင် သဘော်သီးအစေးနှင့် လူနို့ရည် ဆတူရောစပ်၍ သုတ်လိမ်းပေးပါက မိနစ်ပိုင်းအတွင်း အဆိပ်ပြေသွားမည်။ ကိုက်လျှင်ကိုက်ချင်း လိမ်းပေးပါက မည်သည့်ဝေဒနာမျှ မခံစားရဘဲ သက်သာသွားမည် ဖြစ်သည်။

အကယ်၍ လူနို့ရည်အလွယ်တကူ မရလျှင်လည်း သဘော်သီးအစိမ်းကို



www.burmeseclassic.com

www.burmeseclassic.com

ထိပ်ဘက် အညာပိုင်းမှဖြတ်ပြီး ၎င်း သဘော်သီးထိပ်ဖြတ်စနှင့် ကင်းခြေများ၊ တင်းမြီးကောက်ကိုက်သည့်ဒဏ်ရာကို တပ်ပေးပါက အဆိပ်ပြေစေပါသည်။

၉။ ကင်းဖြူလေးကိုက်မိလျှင် ထုံးတို့ပေးခြင်း၊ မန်ကျည်းစေ့ကပ်ပေးခြင်းနှင့်ပင် ကိစ္စပြီးပါသည်။ သိပ်ပြဿနာမရှိလှပါ။

၂။ (ခ) ပင့်ကူမျိုးစိတ်ပေါင်းများစွာရှိကြသော်လည်း အချို့သောမျိုးစိတ်အနည်းငယ်တွင်သာ ပြင်းထန်သည့်အဆိပ်များ ရှိကြပါသည်။

ဥပမာ ကြက်ပင့်ကူဟု ခေါ်သည့် တောပင့်ကူအမျိုးအစား ဖြစ်ပါသည်။ ၎င်းတို့သည် တောတောင်များထဲတွင် တွင်းအောင်း၍နေထိုင်ကြပြီး လူတို့ ခုတ်ယူမျှောချလာသော ဝါးဖောင်၊ သစ်ဖောင်၊ ကြိမ်စည်း စသည်တို့တွင် ခိုကပ်၍ ပါလာပြီး လူများနေထိုင်ရာဒေသများသို့ ရောက်ရှိလာတတ်ကြပါသည်။

ပီ. ဗီ. ဗီ ဟု ကြက်ပေါက်စလေးများကဲ့သို့အော်မြည်သံပေးတတ်သည်။ ၎င်းပင့်ကူမျိုးကိုက်မိလျှင် အလွန်အဆိပ်ပြင်းပြီး ကိုက်သည့် ဒဏ်ရာနေရာတွင် မီးစနှင့်ထိုးသကဲ့သို့ ပူလောင်စွာ ခံစားရကာ ရောင်ကိုင်းကွဲအက်၍ မနေနိုင်အောင် ခံစားရပါသည်။

လက်ချောင်းလေးကိုကိုက်မိခဲ့လျှင် လက်မောင်းရင်းအထိ ရောင်ကိုင်းလာပါသည်။ ခြေချောင်းဆိုလျှင်လည်း ထိုနည်းတူ အဆိပ်တက်လာပါသည်။

အကယ်၍ ကံဆိုးပြီး သစ်လုပ်သား၊ ဝါးလုပ်သားများ အလုပ်လုပ်ကိုင်ရင်း 'ပေါင်ကြား၊ ငယ်ပါ' ကိုများ ကိုက်မိလိုက်လျှင် တစ်ခါတည်းနှင့် ကိစ္စတုံးသွားနိုင်သည်။ အထူးသတိထားရပါသည်။

ထိုထက် အဆိပ်ပြင်းသည်မှာ ပင့်ကူနက်မျိုး ဖြစ်ပါသည်။ ၎င်းကို မုဆိုးမပင့်ကူဟုလည်း ခေါ်ပါသည်။ ပင့်ကူနက်အကိုက်ခံရလျှင် ဆေးမမီဘဲ ချက်ချင်း သေဆုံးတတ်ကြသဖြင့် အိမ်ရှင်မများ အမြန်အော်တိုမုဆိုးမများ ဖြစ်သွားကြသောကြောင့် ခေါ်ဆိုခြင်း ဖြစ်မည်ထင်ပါသည်။

အဆိပ်ဘုရင် (Phoneutria) မျိုးစုဝင် ဘရာဇီးအမဲလိုက်ပင့်ကူမျိုး ပီဖီရာ (P-fera) ပင့်ကူသည် ကမ္ဘာပေါ်တွင် ရှိရှိသမျှသော ပင့်ကူတွေထက် အဆိပ်အပြင်းဆုံး အဆိပ်ဘုရင်ပင့်ကူမျိုး ဖြစ်ပါသည်။

သူတို့ရဲ့အဆိပ် (၀. ၀၀၆ မီလီဂရမ်) လောက် ဘိန်းစေ့ငယ်လေး၏ ပမာဏထက် သေးငယ်စေသော ၎င်း၏ အဆိပ်သည် ကြွက်ကြီးတစ်ကောင်ကို သေစေနိုင်လောက်အောင်ပင် ပြင်းထန်ပါသည်။

၎င်းမျိုးစိတ်များမှလွဲ၍ အခြားပင့်ကူမျိုးစိတ်များသည် သာမန်အဆိပ်အနည်းငယ်မျှသာရှိကြပြီး ၎င်းတို့ကိုက်မိလျှင်လည်း စပ်ဖျဉ်းဖျဉ်းဖြစ်ပြီး အနည်းငယ် ရောင်ရမ်းခြင်းလောက်သာ ဖြစ်တတ်ကြပါသည်။ အသက်အန္တရာယ်ကို မပေးတတ်ကြပါ။

**ပင့်ကူဆိပ်ဖြေဆေးနည်းများမှာ**

၁။ မည်သည့်ပင့်ကူမျိုးကိုက်သည်ဖြစ်စေ၊ အကိုက်ခံရပြီး အဆိပ်တက်၍ ရောင်ကိုင်းနေလျှင် ထိုဒဏ်ရာနေရာတွင် ဆီ၊ ထောပတ် စသည်တို့နှင့် ထိတွေ့ လိမ်းကျံခြင်း လုံးဝမ ပြုလုပ်ရပါ။

၂။ အဆိပ်ပြင်းထန်သည့် ပင့်ကူအကိုက်ခံရလျှင် ပင့်ကူဝမုန်းဥကို ထုထောင်း ကြိတ်ခြေ၍ အရည်ကို ရောင်ကိုင်းနေသည့်နေရာများတွင် လိမ်းပေးပြီး ဥကြိတ်ဖတ်တို့ကိုကိုက်သည့်ဒဏ်ရာတွင် အုံစည်းထားပေးပါ။ အဆိပ်ကိုပြေစေပါသည်။

ပင့်ကူဝမုန်းဥပင်၏ အရွက်မှာ စလူရွက်ကဲ့သို့ သုံး၊ လေးရွက်ထွက်နေပြီး အမြင့် တစ်ပေ၊ နှစ်ပေခန့်ရှည်ပါသည်။ မြေထဲမှ ဥကို တူးကြည့်လျှင် တကယ့်ပင့်ကူပုံသဏ္ဌာန်အတိုင်း ခေါင်းပိုင်းနှင့် ကိုယ်ထည်တွဲဆက်နေပြီး အမြစ်ပွားလေးများက ပင့်ကူ၏ ခြေ၊ လက်များ သဖွယ်တွေ့ရပါသည်။ ထို့ကြောင့် ပင့်ကူဝမုန်းပင်ဟု ခေါ်ဆိုပါသည်။

ဒါမှ ရှာမရခဲ့လျှင် နေရာအတော်များများတွင် ပေါက်တက်သော မဟာကာကြံဆစ်ပင်အရွက်ကို ကြိတ်ခြေ၍ သုံးနိုင်ပါသည်။

၃။ ရှောင်ချိုး (သို့) တေဇောဒက ခတ်ချိုးကို သံပရာရည်နှင့် သွေးပြီး ကိုက်သည့်ဒဏ်ရာနှင့် ဒဏ်ရာတစ်ဝိုက်ကို မကြာခဏ လိမ်းပေးပါ။

ပင့်ကူအဆိပ်ကြောင့် အကိုက်ခံရသည့် ခန္ဓာကိုယ်အစိတ်အပိုင်းသည် ရောင်ကိုင်းပြီး ပူလောင်နေပါက ဗီနီကာရည်ကို ရောင်ကိုင်းပူလောင်နေသည့်နေရာများတွင် နိုင်နိုင်သုတ်လိမ်းပေးပြီး ကွမ်းရွက်ကို မီးကင်၍ နေရာစေ့အောင် ကပ်ပေးထားပါ။ ကွမ်းရွက်မီးကင်ပြီး ကွမ်းရွက်အချောဘက်မှ ဗီနီကာအရည် သုတ်ပြီး ကပ်ပေးပါ။

နနွင်းမှုန့်ကိုလည်း အထက်မှာ ဖော်ပြခဲ့သည့်အတိုင်း ရောင်ကိုင်းနေသည့်နေရာများတွင် ကွမ်းရွက်မီးကင်၍ ကပ်ပေးပြီး နနွင်းမှုန့်ခဲပေးပါက အရောင်ကျလာပြီး အဆိပ်ပြေလာမည်။

အရောင်ကျလာပြီး အဆိပ်ပြေလာလျှင် စတင်အကိုက်ခံရသည့်အစွယ်ပေါက်နေရာတွင် မီးလောင်အရည်ကြည်ဖုလို အရည်ကြည်အိတ်ကလေး စုလာမည်ကို တွေ့ရမည်။

၎င်းအရည်ကြည်အိတ်လေးသည် ပင့်ကူအဆိပ်များ ခတ်ပြယ်၍ ပြန်ပြီး ထွက်လာခြင်း ဖြစ်သည်။ ၎င်းအဖုလေးကို အပ်သန့်သန့်ဖြင့် အသာလေးဖောက်ထုတ်ပစ်လိုက်ပါ။ ပြီးလျှင် ရှောင်ချိုးနှင့် သံပရာရည်ကိုသွေး၍ လိမ်းထားပေးပါ။

စာရေးသူ ကိုယ်တွေ့ အကောင်းဆုံး အဆိပ်ဖြေဆေးမှာ စိန်နီမြင်းသွားအစစ်ဖြင့် ဖော်စပ်ပေါင်းတိုက်ယူထားသည့် 'တေဇောဒက ပေါင်းဆေးရည်ခတ်ဆေး'ပင် ဖြစ်ပါသည်။

မဂ်မအဆိပ်တို့ကို လွန်စွာနိုင်နင်းပါသည်။ အစွမ်းထက်လှပါသည်။

သို့သော် ယနေ့အချိန်ကာလတွင် စိန်နီမြင်းသွားအစစ်အမှန်ရဖို့ လွန်စွာခဲယဉ်းလှပါသည်။ ရလျှင်လည်း ဈေးမှာ စိန်နီမြင်းသွား (၁) ကျပ်သားလျှင် (၂) သိန်းဝန်းကျင် ဈေးပေါက်နေပါသည်။ ဒါတောင် ယခင်လက်ဟောင်း စိန်နီမြင်းသွားကို သိပ်ပြီး မမီချင်ပါ။

(ဤနေရာတွင် တေဇောဒက ပေါင်းဆေးရည်ချက်နည်းကို ဆောင်းပါးရှည်သွားမည် ဖြစ်သဖြင့် မဖော်ပြတော့ပါ။ နောက်မှ သီးသန့်ဆောင်းပါးတစ်ပုဒ်ရေးသား၍ ချက်နည်းနှင့် အဆိပ်များကိုနိုင်နင်းပုံ ကိုယ်တွေ့များကို စေတနာထားပြီး တင်ပြပေးပါမည်။)

ဥပမာ (၃) ပျား၊ ပဒု(ပျားတူ)၊ ကင်း၊ ပင့်ကူတို့ကဲ့သို့ အဆိပ်ရှိသော အခြားဇီဝမျိုးကွဲတစ်မျိုးမှာ တောက်တဲ့ အာနီနှင့် တက်တူကောင်တို့ ဖြစ်ပါသည်။

တောက်တဲ့ရိုးရိုးသည် ၎င်းတို့၏ ချေး (မစင်) တွင်သာ အဆိပ်ခတ်ပြင်းသော်လည်း တောက်တဲ့အာခေါင်နီမျိုးစိတ်သည် ၎င်းသွားနှင့် ကိုက်မိလျှင် အဆိပ်တက်၍ အဆိပ်ပြင်းပါသည်။

ထိုအတူ တက်တူဟု ခေါ်သော ပုတ်သင်အသေးစားလေးများနှင့်



www.burmeseclassic.com

www.burmeseclassic.com

သဏ္ဌာန်တူသည့် သတ္တဝါတစ်မျိုးသည်လည်း ကိုက်မိလျှင် အဆိပ်ပြင်းတတ်ပါသည်။ ၎င်းတို့သည် သစ်ပင်၊ ဝါးပင်၊ ချုံပုတ် စသည်တို့တွင် သဘာဝအတိုင်း အစာရှာဖွေ စားသောက် နေထိုင်တတ်ကြပါသည်။

အဆိုပါ တောက်တဲ့အနီ၊တက်တူကောင်တို့ ကိုက်၍အဆိပ်တက်ခဲ့သော် ကင်းဆိပ်၊ ပင့်ကူဆိပ်ဖြေနည်းများအတိုင်း ဖြေပေးနိုင်ပါသည်။

ဥပမာ (၄) စားသုံးမိလျှင် အဆိပ်ဓာတ်ကို ဖြစ်စေသော အခြားသော သတ္တဝါတို့မှာ ဒေါင်းနှင့် ငါးပူတင်းငါးများတို့ဖြစ်သည်။ ၎င်းတို့သည် သည်းခြေတွင် ပြင်းထန်သောအဆိပ်များ စုဝေး၍ နေပါသည်။

သို့ဖြစ်ပါ၍ ဒေါင်းနှင့် ငါးပူတင်းငါးများကို စားသုံးခြင်းကို ရှောင်ပါ။ အကယ်၍ မရှောင်နိုင်၍ အသားကိုစားသုံးမည်ဆိုလျှင် ၎င်းတို့၏ကလီစာနှင့်တကွ သည်းခြေကို အထူးဂရုစိုက်၍ ဖယ်ရှားပြီးမှ စားသုံးကြပါ။

ဒေါင်းသည်းခြေတွင် ဒေါင်းအဖို၏သည်းခြေက ပို၍ အဆိပ်ဓာတ် ပြင်းထန်ပါသည်။ အကြောင်းမှာ ဒေါင်းအဖိုကြီးများသည် အရောင်စုံထွက်၍ လှပလှသော ဒေါင်းမြီးကွက်ကြီးများ၏ အရောင်အသွေးတောက်ပြောင်နေခြင်းသည် ၎င်းသည်းခြေဓာတ်၏ သတ္တိကြောင့်ပင် ဖြစ်ပါသည်။ ဒေါင်းအဖို၏ သည်းခြေသည် အလုံးပိုကြီးပြီး အဆိပ်ဓာတ်လည်း အလွန်ပြင်းထန်ပါသည်။ အချို့ကျောက်မျက်ရတနာအတုလုပ်သူများသည် ကျောက်စိမ်းအညံ့ကို ၎င်းဒေါင်းဖိုသည်းခြေရည်ဆိုး၍ အပူပေးအရောင်သွင်း၍ တန်ဖိုးမြင့်အောင်လုပ်ဆောင်ကြပါသည်။

ငါးပူတင်းသည်လည်း အမျိုးအစားကွဲတို့ များပြားစွာရှိကြပါသည်။ အချို့မျိုးစိတ်များသည် အဆိပ်နည်းပါး၍ အချို့မျိုးစိတ်များသည် အဆိပ်လွန်စွာပြင်းကြပါသည်။

ငါးပူတင်းသည်းခြေအဆိပ်သည် အာရုံကြောအဆိပ်မျိုး ဖြစ်သည်။ ၎င်း၏ အဆိပ်သည် ဆိုင်ရာနိုက်အဆိပ်ဓာတ်ထက် အဆပေါင်း (၁၂၀၀) ခန့် ပို၍ ပြင်းထန်ပါသည်။

ငါးပူတင်းတစ်ကောင်၏ သည်းခြေအဆိပ်သည် လူအယောက် (၃၀) ကို သေစေနိုင်သည်အထိ ပြင်းထန်လှပါသည်။

သို့သော်လည်း ငါးပူတင်းငါးသည် အဆိပ်ပြင်းသလောက် ၎င်း၏အသားမှာ လေးပင်၍အရသာရှိသောကြောင့် ရသတဏှာကို မဖြတ်နိုင်ကြသောသူများသည် အန္တရာယ်မကြောက်ဘဲ စားသုံးနေကြပါသည်။

တရုတ်၊ ဂျပန်ကဲ့သို့သော အာရှနိုင်ငံများတွင် ငါးပူတင်းငါးကို လွန်စွာနှစ်သက်စွာ စားသုံးကြ၍ နှစ်စဉ် ငါးပူတင်းအဆိပ်ဖြစ်၍ သေဆုံးကြသူများရှိကြပါသည်။ ဖြေဆေးမရှိပါ။

သို့သော် သူတို့နိုင်ငံများတွင် ငါးပူတင်းငါးကို ချက်ပြုတ်စီမံရသော စားဖိုမှူးကြီးများသည် အထူးကျွမ်းကျင်၍ လိုင်စင်လက်မှတ်ရသည့် စားဖိုမှူးများသာ ငါးပူတင်းငါးကို ချက်ပြုတ်ခွင့်ရှိကြပါသည်။ အခြားမည်သည့်စားဖိုမှူးကိုမျှ ချက်ခွင့်မပေးပါ။

ဒါတောင် တစ်ခါတစ်ရံ ငါးပူတင်းအဆိပ်ဖြစ်တတ်ကြပေသေးသည်။ ထို့ကြောင့် ဒေါင်းသည်းခြေနှင့် ငါးပူတင်းသည်းခြေတို့သည် လွန်စွာ အဆိပ်ပြင်းထန်၍ ဖြေဆေးမရှိ၊ ဆေးမမီသော အဆိပ်မျိုး ဖြစ်သည်ဟု အမြဲသတိပြုရန် လိုအပ်ပါသည်။

ဥပမာ (၅) ရေသတ္တဝါများထဲတွင် ပင်လယ်ရေတန်း ဂျယ်လီဖစ် (Jelly Fish) ခေါ် ရေခူ၏အမျှင်တန်းအဆိပ်သည်လည်း ၎င်းနှင့် လူ့ခန္ဓာကိုယ် ထိမိခဲ့လျှင် မီးလောင်ဖုကဲ့သို့ ဖြစ်ပေါ်လာပြီး လွန်စွာနာကျင်ပါသည်။

၎င်းရေတန်းအဆိပ် ထိမိခဲ့လျှင် အကောင်းဆုံးနည်းမှာ ပထမဦးစွာ ဒဏ်ရာကို ဗီနီကာရည်ဖြင့် ဆေးပေးပါ။ ဗီနီကာရည်သည် ရေတန်း၏ အဆိပ်ကို ထိန်းချုပ်ပေးထားပါသည်။ သာမန် ရေချိုနှင့်မဆေးရပါ။ ရေချိုထိလျှင် ရေတန်းအဆိပ်ပိုအပုံ့မြန်ပြီး ပို၍ နာကျင်လာတတ်သည်။ သတိပြုပါ။

ပြီးလျှင် လိပ်ခွံကိုရအောင် ရှာပြီး လိပ်ခွံကိုသွေး၍ ဒဏ်ရာများကို လိမ်းပေးပါက လျင်မြန်စွာ သက်သာပျောက်ကင်းသွားမည် ဖြစ်သည်။ အကြောင်းမှာ ပင်လယ်လိပ်များသည် ရေတန်း (ခေါ်) ရေခူ၏အဆိပ်ကိုနိုင်ပါသည်။ ၎င်းရေခူများကို လိပ်များသည် အစာအဖြစ် ကြိုက်နှစ်သက်စွာ စားသောက်ပစ်ကြပါသည်။

တစ်ဖန် ရေချို ငါးကျည်း၊ ငါးစင်ရိုင်းစူးမိလျှင် အကောင်းဆုံးနည်းမှာ ရှောင်ချိုး (သို့) တေဇောဒကချိုးကို သံပရာရည်ဖြင့်စိမ်ထားသည့်ဆေးရည်သည် လွန်စွာထိရောက်လှပါသည်။

ထို ငါးကျည်း၊ ငါးစင်ရိုင်း စူးမိလျှင် အကောင်းဆုံးနည်းမှာ ရှောင်ချိုး (သို့) တေဇောဒကချိုးကို သံပရာရည်ဖြင့်စိမ်ထားသည့်ဆေးရည်သည် လွန်စွာထိရောက်လှပါသည်။ ၎င်းဆေးရည်ကို ဂွမ်းနှင့်စွတ်၍ ထည့်ပေးပါက ချက်ချင်းအဆိပ်ပြေ၍ သက်သာသွားပါမည်။

မန်ကျည်းစေ့ကို အဖြူသားပေါ်အောင်သွေးပြီး ကပ်ပေးပါကလည်း အဆိပ်ပြေပါသည်။ ကျောက်ချဉ်ကို သံပရာရည်နှင့်သွေးပြီး လိမ်းပေးပါကလည်း သက်သာပါသည်။ ရရာ၊လွယ်ရာကို သုံးကြပါ။

အထက်ဖော်ပြပါ ရေးသားတင်ပြချက်များသည် ဇင်္ဂမအဆိပ်အုပ်စုမျိုးဝင် သတ္တဝါဇီဝမျိုးစုံ၊ မျိုးကွဲတို့၏အဆိပ်များကို မြွေဆိပ်မှလွဲ၍ တတ်နိုင်သမျှ စုံလင်အောင် ၎င်းသတ္တဝါတို့၏ အဆိပ်ဖြေသည့် မြန်မာ့ရိုးရာ အဆိပ်ဖြေနည်းများကို စာဖတ်သူပရိသတ်များ အကျိုးများစေရန် ရည်ရွယ်၍ တင်ပြရေးသားလိုက်ပါသည်။

၎င်းနည်းများအတိုင်း လိုက်နာကျင့်သုံးကြပါက အမှန်တကယ် အကျိုးများစေရန် ရည်ရွယ်၍ တင်ပြရေးသားလိုက်ပါသည်။

၎င်းနည်းများအတိုင်း လိုက်နာကျင့်သုံးကြပါက အမှန်တကယ် အကျိုးရှိကြပါမည်ဟု ထပ်လောင်း ပြောကြားအပ်ပါသည်။

ထိုဇင်္ဂမအဆိပ်မျိုးထဲမှ -

**မြွေဆိပ်သဘာဝ၊ အဆိပ်ဖြေနည်း** နှင့် -

ထာဝရအဆိပ်မျိုးထဲမှ -

**မှိုတောက်ခြင်း အဆိပ်ဖြေနည်း** များကို -

ရှေ့လများတွင် သီးသန့်ဆောင်းပါးတစ်ပုဒ်စီ ပြည့်စုံစွာ ရေးသား တင်ပြပါမည်ဟု စာဖတ်ပရိသတ်ကြီးအားလေးစားစွာ ပန်ကြားလိုက်ပါသည်။

လူသားတိုင်း -

ဇင်္ဂမထာဝရဟု ဆိုအပ်သော အဆိပ်၊ ကိလေသာ ကာမတဏှာဟု ဆိုအပ်သော အဆိပ်အမျိုးမျိုးတို့မှ ကင်းဝေးပြီး ကိုယ်၊ စိတ်နှစ်ဖြာ ချမ်းသာသုခနှင့် ပြည့်စုံကြပါစေ။

ဦးမင်းဇင် (ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com

(ဝိဇ္ဇာစရဏ၊ ပြည်)

# သူရိန်ထွန်း

## ရှေ့စဉ်ကိုယ်လေးပေး၍ထပ်တူ ဤပညာကိုရအောင်ယူ

ပရမတ်တရားတို့သည် ပြောင်းလွဲဖောက်ပြန်မှုမရှိသောကြောင့် လောတသစ္စာ မည်ပါသည်။ ရုပ်သစ်၊ နာမ်ဟောင်းတို့ ခန္ဓာပြောင်းကာ ကျင်လည်နေရသော (၃၁) ဘုံတွင် ပညတ်တရားများ လွှမ်းမိုးနေသော်လည်း ထိရောက်သော အကျိုးတရားများမှာ ပရမတ္ထတရား၏ စွမ်းဆောင်ချက်များသာ ဖြစ်ကြပါသည်။ ထိုထိုသော ပရမတ္ထသစ္စာတို မသိရှိနားမလည်နိုင်သေးသမျှ တိကျသေချာသော အကျိုးတရားတို့သည် ပျောက်ကွယ်လျက်သာရှိပါလိမ့်မည်။ အကျိုးတရားတို့ သဘောသက်ရောက်မှုမှုသာ ထုတ်လုပ်နိုင်စွမ်းရှိသော ပညတ်တို့ကြားတွင်သာ ရှာဖွေ၍ ကျင်လည်နေကြပါမည်။ ပရမတ္ထသစ္စာ၏အခြေအမြစ်ဖြစ်သော မဟာဘူတခေါ် မဟာဘုတ်လေးပါးတို့သည် ဖောက်ပြန်မှုမရှိ သူ့သဘောသူသာလျှင်ဆောင်ရွက်မှု ရှိကြပါသည်။ ထို့ကြောင့်ပင် 'သဘောသဘာဝ ဓာရေဓာတု' ဟူ၍ ရှင်တော်ဗုဒ္ဓဟောကြားခဲ့ခြင်း ဖြစ်ပါသည်။ ပညတ်တရားတို့မှာ အခြေအနေ အချိန်အခါကို လိုက်၍ ပြောင်းလဲမှုအမျိုးမျိုး ရှိပါသည်။ သို့သော် ပရမတ်တရား၏ မူလဂုဏ်သတ္တိ ပျောက်ကွယ်ပျက်စီးခြင်း မရှိ။ ထက်မြက်ခြင်းနှင့် ညံ့ဖျင်းခြင်းတို့သာ ကွာခြားပါမည်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဓာတ်လေးပါးသည် ပရမတ္ထသစ္စာဖြစ်၍ ပြောင်းလဲမှုမရှိပါ။ ထိုပြောင်းလဲမှုမရှိသော ဓာတ်တို့ကို ပညတ်ပေါ်တွင်သာ ကောက်ယူ ဆုံးဖြတ်ပြီး ဝေဖန်ရေးသားနေကြသဖြင့်



အမှန်တရားများ ပျောက်ကွယ်ကာ ဓာတ်များကို ကျယ်ဝန်းရှုပ်ထွေး၍လူများ အသိဉာဏ် မမီနိုင်သောအဆင့်သို့ ပို့ဆောင်နေကြပါသည်။ သို့ပါသောကြောင့် ပရမတ္ထသဘောအားဖြင့် ရှင်းလင်း လွယ်ကူစွာ ကြံစည်ကြိုးစားပေါက်မြောက်စေရန်ရည်သန်၍ ဤဆောင်းပါးကို ရေးသား တင်ပြလိုက်ပါသည်။

၁၉၈၈ ခုနှစ်လောက်မှစတင်ပြီး စာရေးသူနေထိုင်ရာ ပြည်မြို့မှ ဓာတ်မိတ်ဆွေတစ်ဦးနှင့် သူတော်အချင်းချင်း သိတင်းလွှဲ့လွှဲ့ဆိုသည့်အတိုင်း စတင်တွေ့ဆုံ ခင်မင်သိကျွမ်းခဲ့ပါသည်။ ထိုမိတ်ဆွေ၏အမည်မှာ ဦးမောင်လှဖြစ်၍ ဇာတိမှာလည်း ပြည်မြို့နယ် ပေါင်းတလည်အုပ်စု နှောကုန်းကျေးရွာမှ ဖြစ်ပါသည်။ စာရေးသူထက် အသက်ကိုးနှစ်ကြီးပါသည်။ သူ၏ ဖခင်မှာ သူငယ်စဉ်ကပင် အင်္ဂရိတ်ထိုးပါသည်။ မျိုးရိုးရှိသည်ဟု ဆိုရပါမည်။ စာရေးသူနှင့် စတင်သိကျွမ်းစအချိန်တွင် သူ၏ အင်္ဂရိတ်ထိုးသက်မှာ နှစ်ပေါင်း (၂၀) ခန့်အတွေ့အကြုံရှိနေပါသည်။ ထိုအချိန်တွင် စာရေးသူမှာ ဓာတ်ပညာကို လေ့လာလိုက်စားဆဲ သက်တမ်းဆယ်နှစ်ခန့်သာရှိပါသည်။

ထူးခြားသည့် စာရေးသူ၏ စရိုက်လက္ခဏာမှာ အများ လက်ခံ ကျင့်သုံးနေသည့် အယူအဆ အကြောင်းတရားများကို လက်ခံ၍ ကျင့်သုံးလိုက်နာခြင်း ငယ်စဉ်မှာပင်မရှိခဲ့ပါ။ ဥပမာ လူလားမြောက်စအရွယ် အသက် (၂၀) နှစ်ဝန်းကျင် လှပချင်သည့်အရွယ်တွင်ပင် လူငယ်အများကြိုက်နှစ်သက်ကြသော ခေတ်ကာလပေါ် အသစ်အဆန်းများကို အများကဲ့သို့ စာရေးသူ ကြိုက်နှစ်သက်ခြင်းမရှိပါ။ ဝတ်စားဆင်ယင်မှုမှာ စတစ်ကော်လာနှင့်အင်္ကျီအဖြူလက်ရှည်အပေါ်မှ တိုက်ပုံအင်္ကျီဝတ်လျက် အမြဲတွေ့ရပါမည်။ အများနှင့်မတူအောင်

www.burmeseclassic.com

စတန့်ထွင်ခြင်းမဟုတ်ပါ။ အကျီအဲဖြူလက်ရှည်မှာ တစ်ပုံစံတည်း (၇) ထည်ရှိပါသည်။

စာရေးသူ၏ ဉာဉ်မှာ အများလက်ခံ ကျင့်သုံးတတ်သော အကြောင်းတရားများကို လက်မခံနိုင်ခြင်း ဖြစ်ပါသည်။ ထိုသို့ လောကကြီးကို ပြောင်းပြန်ကြည့်တတ်၊ လက်ခံကျင့်သုံးတတ်သော၊ အလွန်နက်နဲ ဆန်းပြား၍ သိနိုင်ခဲ၊ ပေါက်မြောက်နိုင်ခဲသော အင်္ဂါရတ်ပညာကို လေ့လာ လိုက်စားမိသောအခါ အင်္ဂါရတ်ဝါသနာရှင်အများစု၏ အတွေးအခေါ် အယူအဆနှင့် စာရေးသူမှာ အရှေ့နှင့် အနောက်၊ အထက်၊ အောက် ဖြစ်နေပါသည်။ အများလက်ခံ၍ ကြိုးစား ရှာဖွေနေကြသည်မှာ သူပြောငါပြောပညတ်တရားများထဲတွင်သာ တဝဲလည်လည်ရှာဖွေရင်း ဘဝတစ်ခုလုံးကုန်ဆုံးသွားကြပါသည်။ စာရေးသူထက် အသက်အရွယ်ကြီးရင့်သော ဓာတ်မိတ်ဆွေအများအပြားပင် အမှန်တရားကို မတွေ့ရှိ မအောင်မြင်ဘဲ သက်တမ်းကုန်၍ ဘဝနိဂုံးချုပ်သွားကြပါသည်။

ဥပမာတစ်ခုအနေဖြင့် ပြည်မြို့တွင် အင်္ဂါရတ်ဆရာကြီးတစ်ဦးအဖြစ်သိထားကြသော ပုဂ္ဂိုလ်တစ်ဦး၏ သေမည့်နှစ် နောက်ဆုံး စာရေးသူအားပြောခဲ့သည့် ပရမတ္ထသစ္စာမှာ 'နာသည် ဓာတ်တေဇောအစစ် ဖြစ်ကြောင်း' ထိုဆရာကြီး၏ အင်္ဂါရတ်ထိုးသက်မှာ စာရေးသူ၏ အသက်ထက်ပင်ကြီးပါသည်။ ကျမ်းပေါင်းစုံလည်းအာဂုံဆောင်ထားပါသည်။ မီးဖြင့် နှစ်ပေါင်း(၆၀)ကျော် ပြုလုပ်ဆောင်ရွက်လာသောကြောင့်လားမသိ အနာကင်းပြီး အသက်ရှည်ပါသည်။ ထိုဆရာကြီး သေဆုံးချိန်တွင် အသက်မှာ (၉၆) နှစ် ဖြစ်ပါသည်။ အင်္ဂါရတ်မီးဖြင့် ကင်းကွာသည်မှာ သေအံ့ဆဲဆဲ လပိုင်းမျှသာရှိပါသည်။ နှစ်ပေါင်း (၆၀) ကျော် မီးမပြတ်ခဲ့ပါ။ ထိုကဲ့သို့ ကြိုးပမ်းအားထုတ်သွားသူတစ်ဦး၏ နောက်ဆုံးအမှန်တရားဟု စာရေးသူအား ပြောဆိုဆုံးမခဲ့သည်မှာ 'မီး၏ပရမတ္ထသစ္စာမှာ ရေဖြစ်ပါသည်' ဟု ဆိုပါသည်။ နာဟု ခေါ်ဆိုပညတ်သော ခဲပုတ်ဓာတ်သည် ပရမတ္ထသဘာဝအားဖြင့် အာပေါဓာတ်၊ ရေဓာတ် ဖြစ်ပါသည်။ ထို့ကြောင့်ပင် နာယကဗ္ဗီဓာတ်ကျမ်းတွင် -

*မြေ၏ လက္ခဏာ ကက္ခဋ္ဌာနှင့် ပတ္တိဋ္ဌာန ဟူတုံကလည်း ကျိုက မီးလယ် မကွယ်မလျော့ ခိုင်မာသောကြောင့် မှတ်လော့မြေဓာတ်၊ မချွတ်အာပေါ၊ သူ့သဘောကား၊ ကျိုသောအခါ၊ ချော်သာထွက်ကြ၊ ပက္ခရဏာတည်း၊ ဓာတ်တေဇောကား ဓာတ်တစ်ပါးကို၊ ကျွမ်းငြားလောင်ဘိ၊ ရင့်စေဘိ၏၊ ဓာတ်ဝါယောကား၊ လျှပ်သောလက္ခဏာ၊ မှန်ကုန်ရာလျက် ဝိတ္တမမျိုး၊ တန်ခိုးအားဖြင့် ကောင်းကင်ပြန်သွား ဓာတ်လေးပါးတို့၊ ခွန်အားကိုယ်စီ -*

ဟူ၍ ပြဆိုပါသည်။

ပထဝီဓာတ်နှင့် အာပေါဓာတ်တို့မှာ မြေနှင့် ရေဖြစ်သောကြောင့် ရုပ်ဓာတ်များ ဖြစ်ကြပါသည်။ ဆောင်ရွက်မှုနှစ်မျိုးစီရှိပါသည်။ ပထဝီမှန်လျှင် ခက်မာမှုနှင့် နူးညံ့မှုနှစ်မျိုးဆောင်၍ အာပေါမှာ ယိုစီးမှုနှင့် ဖွဲ့စည်းမှုနှစ်မျိုးသာရှိပါသည်။ အခြားသဘောကို မည်သည့်အခါမျှ မဆောင်ပါ။ ထို့ကြောင့် ဓာတ်ကျမ်းများတွင် သီတတေဇော ယုန်ရုပ်ကို ပညတ်ပြု၍ လမင်းကိန်းဟု ညွှန်ပြပါသည်။ အန္တော့ဆိုသည့် ပညတ်တရားမှာ ဓာတ်မီးကို ဆိုသောကြောင့် ဥဏှတေဇောနှင့် သီတတေဇော နှစ်မျိုးပါဝင်ပါသည်။ ပထဝီဓာတ်ကို အာပေါဓာတ်နှင့်ပေါင်းစပ်ပြုပြင်မှုသည် နောက်ဆုံး သီတတေဇောဟု ပရမတ္ထသစ္စာကောလီဓာတ်တွင်သာ သက်ရောက်မှုဆုံးပါသည်။ ဥဏှတေဇောဓာတ်မပါ၍ အကျိုးမဖြစ်နိုင်ပါ။

ထို့ကြောင့် သရေခေတ္တရာ ပြည်မြို့မှ ထွက်ရပ်ပေါက်ရသေ့ ဆရာအောင်က-

*'ယုန်နှင့်ဒေါင်းစက်၊ ပေါင်း၍နက်က၊ နဂါးစက်ကား ပြယ်လိမ့်မည်။ အများထက်ကား ကြွယ်လိမ့်မည်'*

ဟု ရကန် (၁၄) ပုဒ်တွင် ဆိုခဲ့ခြင်းဖြစ်ပါသည်။

စာရှုသူများ သဘောထင်နိုင်ကြစေရန် ပမာဆောင်သော အကြောင်းများဖြစ်၍ လိုရင်းသို့မရောင်နိုင်ဘဲ ရေးသားတင်ပြမိသည်ကို သည်းခံခွင့်လွှတ်ကြပါရန်။

တင်ပြလိုသည်မှာ အင်္ဂါရတ် မိတ်ဆွေကြီး ဦးမောင်လှ တွေ့ကြုံခဲ့ရသည့် ဓာတ်တို့၏ ဆန်းပြားမှု ပရမတ္ထသစ္စာအကြောင်းပင် ဖြစ်ပါသည်။ စာရေးသူနှင့် တွေ့ဆုံစအချိန်တွင် ဦးမောင်လှ မေးမြန်းခဲ့သည်မှာ ဓာတ်လမ်းကို ကြိုးပမ်းနေသူအားလုံး သိသင့်သော ပရမတ္ထဖြစ်ပါသည်။ အင်္ဂါရတ်သမားအားလုံး ပြောဆို ကြံစည်နေကြသည့်အကြောင်းတရားတို့တွင် ရုပ်တရား၊ နာမ်တရားများ ပါဝင်သော်လည်း တိတိကျကျ ညွှန်ပြနိုင်ခြင်းမရှိ။ တစ်ကြောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်နေပါသည်။ သို့ပါ၍ နာမ်နှင့် ရုပ်ကို အင်္ဂါရတ်နည်းအားဖြင့် ဂယနဏခွဲခြားပြနိုင်လျှင် သိချင်ပါသည်ဟု မေးပါသည်။

နာမ်နှင့်ရုပ် မှားယွင်းရှုပ်ထွေးမှုမရှိအောင် အလွယ်ကူဆုံး ဥပမာမှာ အဖိုဓာတ်ဖြစ်သော နာမ်ဓာတ် လူဟုပင်ဆိုပါစို့။ ယောကျ်ားပေါင်းများစွာတို့တွင် တစ်ဦးတလေ ဖောက်ပြန်ပြီး ကိုယ်ဝန်ဆောင် သားသမီးမွေးဖွားသည်ကို တွေ့ဖူး၊ ကြားဖူးပါသလားဟု မေးရာ မတွေ့ဘူး၊ မကြားဘူးပါ။ ဤလောကတွင် ရှိလည်း မရှိနိုင်ပါဟု ဖြေပါသည်။ အဖိုဓာတ်ဖြစ်သောကြောင့် ဝါယောဓာတ်နှင့် တေဇောဓာတ်နှစ်မျိုးတို့၏ သဘောသာ ဆောင်ရွက်ပါသည်။ အမဓာတ်ဖြစ်သော အာပေါဓာတ်၊ ပထဝီဓာတ်တို့၏ ဆောင်ရွက်မှု ဖြစ်တည်တိုးပွားစေခြင်း စသောသဘောကို မည်သည့်အခါမျှ မဆောင်ရွက်နိုင်ပါ။ သို့ပါ၍ ဉာဏ်တွင် စွဲထင်မှားယွင်းမှု မရှိရလေအောင် အတိုအရှင်းဆုံး နာမ်နှင့်ရုပ်ခွဲခြားမှတ်သားရန်မှာ ‌ေ ယာကျ်ားမှန်လျှင် မည်သည့်အခါမျှ သားသမီးမမွေးပါဟု တရားသေ မှတ်သားထားရန် ရှင်းလင်းပြခဲ့ပါသည်။

ဓာတ်(၉)ပါးတွင် တေဇောဓာတ်နှင့် ဝါယောဓာတ်တို့သည် နာမ်ဓာတ်အဖိုဓာတ်ဖြစ်ကြ၍ အာပေါဓာတ်နှင့် ပထဝီဓာတ်တို့သည် ရုပ်ဓာတ်၊ အမဓာတ်များ ဖြစ်ကြပါသည်။ ဓာတ်(၉)ပါးတွင် ပထဝီဓာတ်လေးပါး၊ အာပေါဓာတ်တစ်ပါး၊ဝါယောဓာတ်နှစ်ပါးနှင့် တေဇောဓာတ်တစ်ပါးဟူ၍ တိကျသောဓာတ် (၈) ပါးရှိပါသည်။

*'မီးသည် လေနှင့်မြောက်ကုန်သင့်၍ နိုင်းချင့်အဟုတ် နာမ်သမုတ်၏။ ပထဝီ အာပေါရုပ် ဟုတ်ဟောသည်။ ရှိသော ထုံးစံမှီကာ ကြံလော့'*

ကဏ္ဍရာသီဓာတ်ကျမ်းအဆို ဖြစ်ပါသည်။

ပြဒါးဓာတ်မှာမူကား အရည်သဘောဖြစ်၍ မီးဖြင့်ထိတွေ့လျှင် ဝါယောသဘောဆောင်၍ လွင့်ပျောက်ပါသည်။ ထိုပြဒါးကို နည်းပညာ မီးပညာတို့ဖြင့် မကုန်ခန်းအောင် ပြုလုပ်နိုင်ခဲ့ပါလျှင် ပထဝီအဖြစ် တည်နိုင်ပါသည်။ သို့သော် တေဇောဓာတ်ဦးဆောင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပထဝီ၏လက္ခဏာအလုံးအခဲဖြစ်တည်ခြင်းတစ်မျိုးသာရှိပါသည်။ အခြားပထဝီသဘောကို မဆောင်ပါ။ ထို့ကြောင့်ပင်နာမ်မမည်၊ ရုပ်မမည်သည့်အတွက်လောကနိယာမနှင့် တသီးတခြား ရပ်တည်မှုရှိပါသည်။ ဖြစ်တည်မှုကို ရပ်တန့်ထားနိုင်ပါသည်။ ရင့်ရော်ခြင်းမှ နုပျိုခြင်းသို့ ပြန်သွားသော လောက၏ ဆန့်ကျင်ဘက်ဓာတ်ဖြစ်၍ ဓာတ်လေးပါးစာရင်းမဝင်ပါ။ အလွန်ဆန်းကြယ်သော ဂုဏ်သတ္တိစွမ်းအင်များရှိပါသည်။ ထို့ကြောင့်ပြဒါးကိုအလုံးအခဲရရှိရန်အတွက် ရဟန်းရှင်လူအများ ကြိုးစားရာတွင် ပညတ်ကို ရှေ့တန်းတင်၍ ကြံစည် ကြိုးစားနေကြသဖြင့် တစ်သောင်းတစ်ယောက်မယောက်ဇကန်ဟု ရှင်မထီးဆရာ ရေးသားခဲ့သည်နှင့်အညီ အနှစ်တစ်ရာတွင်တစ်ယောက်ဆိုသလို ထွက်ရပ်သွားနိုင်သောပုဂ္ဂိုလ်ရှားပါနေရခြင်းဖြစ်ပါသည်။

အဂ္ဂိရတ်ပညာကို စိတ်ဝင်စား၍တောင် ဝင်ရောက်လာသော ပုဂ္ဂိုလ်အပေါင်းမှာ ရွှေဖြစ်ရန် စတင်၍ ကြံစည်ကြိုးစားရင်း အဂ္ဂိရတ်လောကသို့ ခြေစုံဖစ်ဝင်ကာ သေဆုံးသည့်တိုင် ကြိုးပမ်းသွားသည့် တိဟိတ်ပုဂ္ဂိုလ်ဝီရိယရှင်များဖြစ်ကြပါသည်။ သူပြောငါပြော လုပ်သတ်ရင့်ဆရာကြီးများ၏မစားရဝခမန်းပြောဆိုမှုများကို မှတ်သားလိုက်နာ၍ပါရမီလိုလို၊ ပဋ္ဌာန်းဆက်လိုလို မရေရာသော မှန်းဆမှုများဖြင့် တေဇောဓာတ်ဖြစ်သော ပြဒါးကို ရွှေဆိုသည့် ပထဝီဓာတ်ဖြစ်ရန် ကြိုးပမ်းနေကြသည်မှာ အဓိဓာတ်ဖြစ်သော ယောက်ျားသားမွေးရန် အားထုတ်နေကြခြင်း ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ ဟောကြားခဲ့သည့် 'သဘောသဘာဝဓာရေတိ' ဆိုသည်နှင့်အညီ ဤဘဒ္ဒကမ္ဘာတွင်မူ ပရမတ္ထသစ္စာတရား မပြောင်းလဲနိုင်ပါ။

ဦးမောင်လှ၏ ဖခင်မှာ ငယ်ရွယ်စဉ်မှာပင် အဂ္ဂိရတ်ကို ဝါသနာစွဲ၍ပြတ်ကြံစည်ကြိုးစားခဲ့ပါသည်။ သီလဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းတို့ဖြင့်လည်း ဓာတ်လမ်းအောင်မြင်စေရန်ရည်သန်၍ မကြာမကြာဆောက်တည်ကျင့်ကြံခဲ့ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း(၆၀) ခန့်လောက်က ပြည်မြို့၏ ကျက်သရေဆောင် ရွှေဆံတော်ဘုရားတွင်အဓိဋ္ဌာန်ကြီးဝင်ပါသည်။ ထိုအချိန်တွင်ဦးမောင်လှ၏ဖခင်မှာ အသက် (၄၀) ခန့်ရှိ၍ ငယ်ရွယ်နုပျိုချိန် ဖြစ်ပါသည်။

ရွှေဆံတော်ဘုရားသို့ အဓိဋ္ဌာန်ဝင်ရင်း ဂန္ဓာရီဆရာကြီးတစ်ဦး ရောက်ရှိလာပါသည်။ ထိုဆရာကြီးမှာ အသက်အရွယ်အားဖြင့် (၇၀) ခန့်ဟု ခန့်မှန်းရပါသည်။ ဦးမောင်လှဖခင်နှင့်အတူ အဓိဋ္ဌာန်ဝင်ရင်း အဂ္ဂိရတ်ဝါသနာပါမှန်းသိသဖြင့် ဓာတ်တရားများကို ညွှန်ကြားဆုံးမပါသည်။ ဦးမောင်လှ၏ ဖခင်မှာလည်း ငယ်ရွယ်သူပီပီ ဆရာကြီး၏ဝေယျာဝစ္စများကို စေတနာထား၍ဆောင်ရွက်ပေးသည်ကို အကြောင်းပြု၍တူသားရင်းပမာ ဆရာကြီးမှ သံယောဇဉ်ဖြစ်၍ ဓာတ်လမ်းများ ပေါက်မြောက်နိုင်ရန် စာဖြင့်ရေးကာ မှတ်သားစေလျက်ပြုလုပ်ဆောင်ရွက်ရန် ညွှန်ကြားပြီး မပြီးဆုံးသေးသော ၎င်းပုဂ္ဂိုလ်၏ဂန္ဓာရီခရီးကို ဆက်လက် ထွက်ခွာသွားပါသည်။ ထိုအချိန်မှစ၍ ဆရာကြီး ညွှန်ကြားခဲ့သည့်အတိုင်း နာမ်ဓာတ်များကို ဖွဲ့မီးမပြတ်ဆိုက်ပါတော့သည်။

ထိုအချိန်တွင် ဦးမောင်လှမှာ ပေါင်းတလည်မြို့နယ် နှောကုန်းရွာတွင် လယ်ယာလုပ်ကိုင်နေသည်ဖြစ်၍ ဆန်စက် ပေါ်များ၍ စပါးခွံ (ဖွဲ) အခမဲ့လိုသလောက်ရနိုင်သော ဦးမောင်လှ၏နေအိမ်ခြံဝင်းထဲတွင် ဖွဲကျင်းချကာ နှစ်ပတ်လည် ဖွဲမီးဆိုက်ခိုင်းသဖြင့် လယ်ယာလုပ်ကိုရင်းပင် ဖွဲမီးဆိုက်ပေးခဲ့ရပါသည်။ ဦးမောင်လှ၏ဖခင်မှာ ပြည်မြို့မှာနေ၍ မကြာခဏ လာရောက်ကာ ဖွဲမီးဆိုက်သောဓာတ်တို့ကို အအေးခံပြီး ဖွင့်ကြည့်ကာ စိတ်တိုင်းမကျသော လုံးများကို မီးဆက်လက်ဆိုက်စေ၍ စိတ်တိုင်းကျသောလုံးများကို အိမ်သို့ယူဆောင်သွားကာ ဖားဖိုဖြင့်ထိုးခြင်း၊ လေဖိုတင်ခြင်းများ ပြုလုပ်နေပါသည်။ ဦးမောင်လှဖခင်မီးဆိုက်ခိုင်းသော နာမ်ဓာတ်ဆိုသည်မှာအများသိကြသည့် ဓာတ်ကြီး (၉) ပါးထဲမှ ဝါယောဓာတ်နှင့် တေဇောဓာတ်တို့ဖြစ်ပါသည်။

၎င်းဓာတ်ကိုးပါးတို့အား အချို့ကျမ်းများ၊ စာပေများတွင် ဓာတ်မကိုးပါးဟု ရေးသားကြပါသည်။ အလုံးအခဲဖြစ်သောကြောင့် ရုပ်ဓာတ် ဓာတ်မဟု ဆိုလိုဟန်ရှိပါသည်။မမှန်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုဓာတ်ကိုးပါးတွင် ဓာတ်လေးပါး ပါဝင်နေသည့်အတွက် ဖြစ်ပါသည်။ ဓာတ်ကြီးကိုးပါးဟုသာ ပညတ်သင့်ပါသည်။ ထိုကဲ့သို့ မီးဆိုက်၍ပေးနေစဉ်မှာပင် ဦးမောင်လှ၏ ဖခင်မှာ မကျန်းမမာဖြစ်၍ အခြေမဟန်တော့သဖြင့် ရွာတွင်နေသော ဦးမောင်လှကိုခေါ်ကာ (ဓာတ်လုံးမှာ ပြီးခါနီးပြီဖြစ်ကြောင်း) ဆက်လက်၍ လုပ်ဆောင်ရန်များကို မှာထားပြီး ဓာတ်လုံးနှင့်မှတ်သားထားချက်မှတ်စုစာအုပ်အပ်ပြီး ကွယ်လွန်သွားပါသည်။

ဦးမောင်လှသည် ဖခင်မှာကြားခဲ့သည့်အတိုင်း ဓာတ်လုံးကို ဆက်လက်မီးတင်၍ သိဒ္ဓိရောက်၊ မရောက် စမ်းသပ်နည်းအရ ၎င်းဓာတ်လုံး လုံခွန်တွင်ဘော်ထည့်၍ ထိုးကြည့်ရာ အခေါက်ရွှေပကတိဖြစ်နေကြောင်းတွေ့ရပါသည်။ ဤကဲ့သို့ နှစ်ကြိမ်မျှ ဘော်ကို ကျင်းပြီးအခေါက်ရွှေစျေးဖြင့် ရောင်းခဲ့ရပါသည်။

ဤကဲ့သို့ လုံခွံကျင်းရုံမျှဖြင့် ရွှေဖြစ်နေ၍ မည်သူ့ကိုမျှမပြောဘဲ တစ်ဦးတည်း ပီတိဖြစ်နေခိုက် တစ်နေကုန် လေဖိုတင်ပြီး ညနေစောင်းတွင် လုံထဲမှဓာတ်လုံးကိုထုတ်ကာ ခံတွင်းတွင်ငုံ၍ထားပါသည်။ အိမ်ရှေ့မျက်နှာစာ၌ ညနေစောင်းနေညိုချိန်တွင် ပါးစပ်ထဲမှဓာတ်လုံးကိုထုတ်ကာ နေရောင်တွင်သေချာစွာကြည့်ပြီး ပီတိစိတ်တို့ဖြင့်ဓာတ်လုံးကို ခံတွင်းသို့ ပြန်ထည့်ရာ ရှေ့သွားဖြင့် အမှတ်တမဲ့တိုက်မိပြီး ဓာတ်လုံး လက်မှလွတ်ကျသွားပါသည်။ မြေပြောင်ပြောင်တွင် ရှာ၍ မတွေ့တော့ပါဟု ဦးမောင်လှမှ စာရေးသူအား ပြောပါသည်။

၎င်းဓာတ်လုံး လေဖိုတင်ခဲ့သောလုံခွံတွင် ပြဒါးအစိမ်းထည့်၍ မီးလိမ္မာစွာ ပြန်ဖမ်းသဖြင့် ဘော်သွေးဘော်သားပြဒါးတစ်လုံးရပါသေးသည်။ ပထမဓာတ်လုံးကဲ့သို့ ကျင်း၍ ရွှေမဖြစ်သေးပါ။ ၎င်းဓာတ်လုံးကိုလည်း ပြည်မြို့တောရထဲမှ အဂ္ဂိရတ်ထိုးသော ပါတ်ကွိုင်ဆရာတော်မှ ရွှေဈေးနှစ်ဆပေး၍ဝယ်သောကြောင့် ရောင်းလိုက်ပါသည်။ သူ့ဖခင်ပြုလုပ်ခဲ့သည့်နည်းအတိုင်း ကြိုးစားလုပ်ဆောင်သည်မှာ အနှစ် (၂၀) ခန့် ရှိပါပြီ။ ယခုအထိ အောင်မြင်မှု မတွေ့ရသေးပါကြောင်း။ ဦးမောင်လှ၏ ဓာတ်ဆန်းကြယ်မှုကို စာရှုသူများ သိရှိဝေဖန်နိုင်ပါရန် စာရေးသူက ရေးသား တင်ပြအပ်ပါသည်။ ဦးမောင်လှမှာ သက်ရှိထင်ရှားကိုးသောင်းရပ်ကွက် ပြည်မြို့တွင် ကျန်းမာစွာဖြင့်ရှိပါကြောင်း။

သူရိန်ထွန်း (ဝိဇ္ဇာစရဏ၊ ပြည်)



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

**ပါရှန်ပင်လယ်ကွေ့အလွန်မှဖြစ်ရပ်**

**MT.SANHO JEWELLY သင်္ဘော**

သင်္ဘောအမျိုးအစားက ဆီနှင့် ဓာတုဗေဒအရည်တင်သည့်သင်္ဘောဖြစ်သည်။CHEMICAL TANKER ဟုလည်းခေါ်ကြသည်။ GRT ခေါ် ကုန်တန်ချိန်အပြည့်တင်နိုင်သည်က (၁၁၅၀၀) တန်။ ထိုသင်္ဘောသည် မက်သနောနှင့် ဓာတုဗေဒအပြင်းစားကုန်များကိုသာ တင်သည်။

သင်္ဘော၌ တာဝန်ထမ်းဆောင်နေသည့်လူမျိုးများမှာ ကပ္ပတိန်၊ ကုန်းပတ်အရာရှိချုပ်၊ အင်ဂျင်နီယာချုပ်၊ ပထမအင်ဂျင်နီယာ စသော ကြီးလေးကြီးသည် ကိုရီးယားလူမျိုး၊ တခြားအရာရှိများနှင့် ဘိုစင် စုစုပေါင်း (၈)ယောက်က ကိုရီးယား၊ အင်ဒိုနီးရှားအရာရှိ (၃) ယောက်၊ အောက်ပိုင်း ဆီလောင်း၊ အေဘီ၊ ရိုးရိုးသင်္ဘောသား၊ စားပွဲထိုး စသည့် သင်္ဘောသားများက မြန်မာ (၁၁) ယောက်နှင့် ချက်ကြီးခေါ် ထမင်းချက်သည့် မြန်မာ ဖြစ်သည်။

သင်္ဘောသည် စင်ကာပူမှ ဓာတုဗေဒအရည်အပြင်းစားများ တင်ဆောင်လာပြီး အိန္ဒိယအနောက်ဘက်ကမ်းခြေမွန်ဘိုင်းမြို့အောက်နားမှ ကန်ဒလာဆိပ်ကမ်း၌ ကုန်ချပြီး အီရန်နိုင်ငံမှာ မက်သနောဝင်တင်သည်။ အီရန်မှ မက်သနောကုန်အား တိုင်ပေနိုင်ငံ ကောင်ရှန်းဆိပ်ကမ်းသို့ ပို့ပေးရမည် ဖြစ်သည်။

ALL STATION STAND BY...

ဘာသာပြန်ရသော် -

"သင်္ဘောသားအားလုံး သင်္ဘောထွက်တော့မည်။ မိမိတာဝန်ကျရာနေရာ၌ အဆင်သင့်ရှိနေပါ"

ဟူ၍ ဖြစ်သည်။

အင်ဂျင်ခန်းသို့ တစ်နာရီကြိုတင်၍ သင်္ဘော ဆိပ်ကမ်းမှ ထွက်ခွာမည်ဖြစ်ကြောင်း NOTICE ပေးထားပြီး ဖြစ်

သန့်ဇင်

# အောင်ပင်လယ်ကွေ့မှ ဆိုမာလီဓားပြစစ်ဆင်ရေး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သည်။ အင်ဂျင်ပိုင်ပန့်၊ အင်ဂျင်အအေးပေးသည့် ရေချိုပန့်၊ လောင်စာဆီပန့်၊ ဘိလ့်လာပန့်များ စတင်မောင်းနှင်သည်။ ပင်မအင်ဂျင်ကြီးအား လေး၊ ငါးပတ်လှည့်ပြီးနောက် စက်နှိုးလျှင် အဆင်သင့်ဖြစ်စေရန်ပြင်ဆင်ထားလိုက်သည်။ လေအားဖြင့်နှိုးသည့်အင်ဂျင်ဖြစ်၍ လေအိုးထဲသို့ လေပေါင်အပြည့်ဖြည့်သည်။

ဒါတွေက တာဝန်ကျ အင်ဂျင်နီယာများနှင့် ဆီလောင်းများ၏အလုပ်။ ဆိပ်ကမ်းမှ သင်္ဘောဘေးနားသို့ ပိုင်းလော့အား ခေါ်ဆောင်လာသော ကားလေး ရောက်လာသည်။ သင်္ဘောပေါ်သို့ ပိုင်းလော့တက်လာပြီး ကုန်းပတ်အရာရှိချုပ်၊ ဘိုစင်နှင့် အေဘီ၊ OS ခေါ်ရိုးရိုးသင်္ဘောသားတို့က သင်္ဘောဦးပိုင်းကြိုးရစ်စက်မှာ အဆင်သင့်။ သင်္ဘောပဲ့ပိုင်းမှာ ဒုတိယအရာရှိနှင့် အေဘီတစ်ယောက်၊ OS သင်္ဘောသားတစ်ယောက်က အဆင်သင့်။ ကပ္ပတိန်၏ အမိန့်ကို စကားပြောစက်များမှတစ်ဆင့် နားထောင်နေကြ၏။ ပိုင်းလော့က သင်္ဘောအား ဆိပ်ကမ်းမှခွာဖို့ အချက်ပေးလိုက်သောအခါ ကပ္ပတိန်မှ သင်္ဘောဦးပဲ့ရှိ အရာရှိများအား ကြိုးဖြုတ်ရန် ထပ်ဆင့်အမိန့်ပေးလိုက်သည်။

သင်္ဘောညာဘက်ဘေးမှ တပ်သင်္ဘော (ခေါ်) တွန်းသင်္ဘောများက သင်္ဘောကြီးအား ကြိုးဖြင့်ဆွဲ၍ ဆိပ်ကမ်းမှကွာသွားအောင် ဆွဲနေကြသည်။ ဆိပ်ကမ်းမှထွက်ပြီး ရေကြောင်းပြဗွိုင်များ ရှင်းသွားတော့မှ ပိုင်းလော့ ဆင်းသည်။ ယူအေအီးအကွေ့ကို လွန်၍ ပါရှန်ပင်လယ်ကွေ့အထိ တစ်ရက်ခန့်မောင်းရဦးမည် ဖြစ်သည်။

သင်္ဘောဦးတည်ရာလမ်းကြောင်းသည် အိန္ဒိယနိုင်ငံအနောက်ဘက်ကမ်းရိုးတန်းအတိုင်းဆင်းပြီး သီရိလင်္ကာရောက်သော် ဘယ်ကွေ့၊ စုမားတြားရောက်တော့ မလ္လကာရေလက်ကြားအတိုင်း စင်ကာပူကိုဖြတ်ပြီးနောက် တောင်တရုတ်ပင်လယ်အတိုင်း မြောက်ဘက်သို့ ဆက်မောင်း၊ ဖိလစ်ပိုင်နိုင်ငံ လူဇုံကျွန်းထိပ်လွန်လျှင် ထိုင်ဝမ်(တိုင်ပေ)ကျွန်းသို့ရောက်ပြီ ဖြစ်သည်။ ဤလမ်းကြောင်းမှာ စိုးရိမ်စရာဆို၍ လူဇုံကျွန်းအရှေ့ဘက်ရှိ အနောက်ဘက် ပစိဖိတ်သမုဒ္ဒရာ၌ လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်း ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ် အစပျိုးနေခြင်းပင်တည်း။ ထိုဒေသမှမုန်တိုင်းများသည် အစပျိုးမိလျှင် ပျက်ပြယ်သွားခြင်းမရှိဘဲ မုန်တိုင်းကြီးအဖြစ်သို့ အားကောင်းလာပြီး ဖိလစ်ပိုင်နိုင်ငံကိုဖြတ်၍ ထိုင်ဝမ်(တိုင်ပေ)ကျွန်းသို့ ဦးတည်နေတတ်ခြင်းကြောင့် ဖြစ်သည်။ စင်ကာပူဖြတ်ပြီးတော့မှ ထိုမုန်တိုင်းအားချိန်၍ သင်္ဘော၏ အမြန်နှုန်းကို လျှော့တန်လျှော့၊ တင်သင့်လျှင် တင်ရမည်။ ယခုအချိန်မှာတော့ ပြဿနာမရှိသေး။ဓားပြရန်ကလည်း စိုးရိမ်စရာမရှိ။ ဆိုမာလီကျွန်းကမ်းရိုးတန်းနှင့်ပါရှန်ပင်လယ်ကွေ့သည် မိုင် (၁၀၀၀) ကျော် ကွာဝေးသည် မဟုတ်ပါလား။

## ပုံမှန်လုပ်ငန်းများဆောင်ရွက်လျက်

MT.SANHO JEWELLY ဆီတင်သင်္ဘောကြီးသည် မက်သနေ့တန်ချိန်အပြည့် တင်ဆောင်၍ ပါရှန်ပင်လယ်ကွေ့ထဲ၌ မောင်းနှင်နေသည်။ ပင်လယကွေ့ထဲဖြစ်သဖြင့် လှိုင်းလေငြိမ်သက်၍ ပင်လယ်ပြင်သည် သင်ဖြူးခင်းထားသကဲ့သို့ ညီညာနေသည်။ ရေပြင်အားသင်္ဘောဦးမှ ထိုးခွဲမောင်းနှင်နေသဖြင့် သင်္ဘောဘယ်၊ ညာနှစ်ဖက်မှာ ရေလှိုင်းနှစ်ဖြာခွဲထွက်လာသလို ပန်ကာ၏လည်နှုန်းအရှိန်ကြောင့် ငါးအသေးအမွှားလေးများ လွင့်စဉ်လာသည်ကို ရေပျော်ငှက်စင်ရော်တို့က ဝမ်းသာအားရ ထိုးဆိတ်စားသောက်ကြသည်။ တဂစ်ဂစ်အသံများဖြင့် အော်ဟစ် ဆူညံနေသည်မှာ ကြည့်၍ကောင်းသေးတော့သည်။

ညနေပိုင်း အလုပ်ချိန်ပြီးကြတော့ ခင်မင်ရာလူအချင်းချင်းစုဖွဲ့ပြီး ဘီယာသောက်ကြသည်။ မသောက်တတ်သည့်သူတွေက နားနေခန်း၌ ဗီဒီယိုကြည့်ကြ၏။ ကိုရီးယားများ၏ ဓလေ့တစ်ခုမှာ ထမင်းစားပြီးမှ ဘီယာသောက်ကြခြင်းဖြစ်သည်။ မစားသေးဘဲနှင့် ဘယ်တော့မှ မသောက်ကြ။ ကိုရီးယားဆန်အရက်ဆိုဂျူအရက်အား နှစ်နှစ်ခြိုက်ခြိုက်သောက်ကြသည်။ မြန်မာသင်္ဘောသားတွေကတော့ သူတို့နှင့် ရောနှောပြီးသောက်လေ့သောက်ထမရှိကြ။ တစ်ခါတစ်ရံ ပါတီပေးတော့မှသာ အတူတူသောက်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကိုရီးယားများသည် မူးလာလျှင် ရစ်တတ်သောကြောင့် ဖြစ်သည်။

"ကိုချက်ကြီး၊ ဘာဟင်းချက်လဲ"

AB မောင်မျိုးနောင် ထမင်းစားခန်းထဲဝင်လာပြီး ထမင်းချက်သန်းဇော်အား မေးသည်။

"ထုံးစံအတိုင်း ကြက်ပေါ့ကွာ"

"ကိုချက်ကြီး၊ ကျုပ်မျက်နှာကို သေသေချာချာကြည့်စမ်းပါ"

"ဘာဖြစ်လို့လဲ။ မင်းမျက်နှာက ဗေလုဝနဲ့ ကင်းကောင်စပ်ကျထားတဲ့ရုပ်ဆိုတော့. . . ဟင်းဟင်း- ချောပါတယ်ကွာ"

ချက်ကြီးက AB မျိုးနောင်အား ရိသဲ့သဲ့ပြော၏။

"မဟုတ်ဘူးဗျ။ ကျုပ်မျက်နှာက တဖြည်းဖြည်းနဲ့ ကြက်နဲ့တူလာပြီ။ ခေါင်းမှာ အမောက်တောင်ပေါက်နေပြီလား မသိဘူး။ မနက်အိပ်ရာထပြီ ဆိုရင် တောင်ပံခတ်ပြီး တွန်ချင်တဲ့စိတ်တွေတောင် ဖြစ်လာတယ်။ နေ့တိုင်း ကြက်ပဲဆိုတော့ လူတွေလည်း ကြက်ရုပ်ပေါက်လာပြီ"

AB မျိုးနောင်က ချက်ကြီးအား ရိနေခြင်း ဖြစ်သည်။

"မင်းရုပ်က ကြက်နဲ့ မတူပါဘူးကွာ။ မာမာစံနဲ့ တူတာပါ။ ဟင်း-မပြောလိုက်ချင်ဘူး။ သင်္ဘောပေါ်ကို ကောင်မလေးတွေတက်လာရင် မင်းအခန်းမှာချည်းပဲ"

ချက်ကြီးသည် AB မျိုးနောင်အား မကျေမနပ်ဖြစ်နေသည်မှာ ကြာပြီ။

ဖိလစ်ပိုင်မှာ ဆိပ်ကမ်းမကပ်မီ ကျောက်ချတုန်းက သင်္ဘောပေါ်သို့ ကောင်မလေးတွေ တက်လာကြသည်။ ရုပ်ချောချောလေးတွေစုပြီး သူ့အခန်းသို့ ခေါ်သွားသည်။ ချက်ကြီး ကိုရီးယားတွေအတွက် ထမင်းပြင်ပေးပြီး၍ အခန်းပြန်ရေမိုးချိုးပြီးတော့ သူ့အခန်းရှေ့မှာ ဖိလစ်ပိုင်မနှစ်ယောက် ရပ်နေသည်။ အသက်ကြီးကြီး၊ ရုပ်ဆိုးဆိုးတွေမို့ ချက်ကြီး စိတ်ပျက်သွားသည်။ ကောင်မလေးတွေ သင်္ဘောပေါ်တက်လာတုန်းက သူတွေ့လိုက်ရ၏။ ချောချောလေးတွေဖြစ်သောကြောင့် မီးကုန်ယမ်းကုန်ကြလိုက်မည်ဟု စိတ်ကူးယဉ်နေမိသည်။ လူကသာ ခေါင်းဖြူစွယ်ကျိုး အသက်ကြီးပြီ ဖြစ်သော ချက်ကြီးသန်းဇော်သည် သင်္ဘောပေါ်မှာ ကဲ၍ကောင်းတုန်းပင်။

ခုတော့ -

AB မျိုးနောင်က ကောင်မလေးတွေ ရွေးခေါ်သွားပြီး ကိုရီးယားတွေကို သွားရောက် ဆက်သနေလိုက်သည်မှာ အမြင်ကတ်ဖို့ကောင်းလှသည်။

မျိုးနောင်က ချက်ကြီးချက်သော ကြက်သားဟင်းအား မစားဘဲ ကြာဇံကြော်၍ ထမင်းနှင့် စားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောလိုင်းများမှမြန်မာချက်ကြီးတချို့သည် နိုင်ငံခြားသား ကိုရီးယားများအတွက် ကောင်းကောင်းချက်ပြုတ်ပြင်ဆင်ပေးတတ်ကြပြီး မြန်မာများအတွက်တမူ ထုံးစံအတိုင်း ဖြစ်သလိုပင်တည်း။

"စားချင်စား၊ မစားချင်နေ"


ဟု ဘုပြောပြီး ပြယ်သလို ချက်ပေးတတ်ကြ၏။ ကိုရီးယားတွေနှင့် ပိုင်အောင်ပေါင်း၊ ရိက္ခာပို့သောဆိပ်ကမ်းမှ ကိုယ်စားလှယ်နှင့် လက်ဝါးချင်းရိုက်၍ လည်းကောင်း၊ ကိုရီးယားကပ္ပတိန်နှင့် ပေါင်းပြီး ကပ္ပတိန်ပေးသည့် ဒေါ်လာ (၂၀၀)၊ (၃၀၀) အားမက်၍ ကပ္ပတိန်နှင့် ချက်ကြီး ပေါင်းခိုးနေသော ဖြစ်ရပ်များ အခါခါ ကြုံတွေ့ခဲ့ရဖူးပါသည်။ မိမိဝိတ်ဆံရဖို့၊ မိမိအနေချောင်ဖို့အတွက် နိုင်ငံခြားသား အထက်အရာရှိအား မျက်နှာလုပ် ကပ်ပါးရပ်ပါးပြုတတ်ကြသော ချက်ကြီးသန်းဇော်လို သင်္ဘောသားများလည်း ရှိတတ်ကြပါသည်။

ထမင်းစားပြီးနောက် ည (၈)နာရီဂျူတီဝင်ရမည့်သူက ခေတ္တခဏနား၍ ညဉ့် (၁၂) နာရီ ဂျူတီဝင်ရမည့်သူတွေက တစ်ရေးတစ်မောအိပ်ကြသည်။ ညဂျူတီများ၌ BRIDGE ခေါ် ထိန်းချုပ်ခေါင်းနှင်ခန်းမှာ ကုန်းပတ်အရာရှိတစ်ယောက်နှင့် အေဘီသင်္ဘောသားတစ်ယောက် တာဝန်ကျပြီး အင်ဂျင်ခန်း၌ အင်ဂျင်နီယာတစ်ဦးနှင့် ဆီလောင်းတစ်ဦး တာဝန်ကျသည်။

သင်္ဘောကြီးသည် တစ်နာရီ ရေမိုင် (၁၂) မိုင်နှုန်းဖြင့် ရေလှိုင်းပြင်ကိုခွဲပြီး တရိပ်ရိပ်ပြေးသွားနေသည်။ မကြာမီ သူအေအီးနိုင်ငံအကွေ့ကိုဖြတ်တော့မည်။ ထိုနေရာ၌ ရေနံတင်သင်္ဘောများ အဝင်အထွက်ရှုပ်ပြီး ရေလမ်းကြောင်းကျဉ်းသဖြင့် တာဝန်ကျအရာရှိနှင့် AB သင်္ဘောသားသည် ဂရုစိုက်ရသည်။ တတိယအရာရှိသည် ရေဒါမှာပေါ်နေသည့် အစက်အပြောက်များကိုကြည့်ပြီး သင်္ဘောများအသွားအလာကို ဂရုစိုက်ရသည်၊ အန္တရာယ်ကင်းသည့် ရေလမ်းကြောင်းကိုရွေးရသည်။ ညဘက်ဖြစ်၍ ရေဒါကိုသာ အားကိုးရသည်။ မနက် (၃) နာရီထိုးလျှင် ပါရှန်ပင်လယ်ကွေ့ထဲ ဝင်ထွက်တော့မည်။

AB တစ်ယောက် စကားသံတိုးတိုးလေး ထွက်လာသည်။

"ဒုက္ခပါပဲကွာ၊ ငါ့မိန်းမက မွေးတော့မှာ။ ငါ့ကောင် ရွှန်းရောက်ရင်ဆင်းဖို့ သူကြီးကိုပြောပြီးပြီ။ ဆိုမာလီအဖမ်း



SAMHO JEWELRYသင်္ဘောကိုကယ်တင်ရန်အတွက်
ကိုရီးယားရေတပ်သင်္ဘောက နောက်မှလိုက်နေစဉ်




ဆိုမာလီပင်လယ်ဓားပြများ အပိုင်စီးထားသော သင်္ဘောအား ကယ်တင်ရန်
ကိုရီးယားရေတပ်မှ အမြန်ရေယာဉ်ဖြင့် ချဉ်းကပ်နေစဉ်




SAMHO JEWELRYသင်္ဘောအား ကယ်တင်ရန် ကိုရီးယားစစ်သင်္ဘောမှ ချဉ်းကပ်လာစဉ်



www.burmeseclassic.com

www.burmeseclassic.com



SAMHO JEWELRYသင်္ဘောအား ရေတပ်ကွန်မန်ဒိုများ စတင် တိုက်ခိုက်ပြီ




ပင်လယ်ဓားပြတို့ လက်နက်ချပြီ



တိုက်ခိုက်မှုပြီးဆုံးပြီးနောက် အသက်ရှင်ကျန်ရစ်သူ ဓားပြများ

ခံရရင်တော့ သွားပါပြီ။ ဘယ်တော့မှ လွတ်မလဲမသိဘူး"

AB ကိုစိုးကြီးမှာ မျက်ရည်လေး စမ်းစမ်းနှင့်ပြောရှာသည်။

ဖော်ကြီးက -

"သူ့ဟာသူမွေးတာ ခင်ဗျားသွား မွေးပေးလို့ရမဘောား။ ဒီမှာ ဆိုမာလီတက် လာလို့ စိတ်ညစ်ရတဲ့အထဲ"

"မင်းက မိန်းမမရှိတော့ ကိုယ်ချင်း ဘယ်စာမလဲ။ ငါ့မိန်းမက သားဦးကွ။ သားလေးမွေးမှာလို့ ဆရာဝန်က ပြော တယ် ဟီးဟီး. . ."

AB ကိုစိုးကြီးမှာ ပြောရင်း မျက် ရည်တွေကျလာသည်။

"ရှူး - တိုးတိုး၊ အားလုံး စကား မပြောကြပါနဲ့။ အပြင်မှာ ခြေသံတွေ ကြားရတယ်၊ ဒီကိုလာနေကြပြီ ထင် တယ်"

ကပ္ပတိန် လှမ်းဟန့်လိုက်မှ အား လုံးငြိမ်သွားသည်။

"ဂျောက်. . . ဂျောက်. . . ဂျလက် . . . ချောက်"

တံခါးကို အပြင်မှ လှည့်ဖွင့်နေ သည်။ သင်္ဘောတံခါးများက အတွင်းမှ သော့ချထားလျှင် ဖွင့်၍မရတော့ပါ။

"ဝုန်း. . . ဒိုင်း. . . ဝုန်း. . ."

သူတို့ အပြင်မှ တံခါးကို ထုရိုက် ကန်ကျောက်နေကြသည်။ အခိုင်အမာ ပြုလုပ်ထားသော ရေလုံသံတံခါးကြီးဖြစ် သောကြောင့် တံခါးကပွင့်မလာ။ နောက် ဆုံး လက်လျှော့သွားကြသည်။ အသံ တွေ ပြန်ငြိမ်သွားသည်။ တက်မခန်းထဲ၌ သင်္ဘောပဲ့ပိုင်း ကြိုးရစ်စက်များအတွက် ကြိုးခွေအသစ်တွေ သိမ်းထားသည်။ ထို ကြိုးများအား ယူလိုသော် တက်မခန်း မျက်နှာကြက်ပင်မအထပ်မှာ လူတစ် ယောက်စာအပေါက်တစ်ခုရှိသည်။ ထို အပေါက်အဖုံးအား ဝက်အူခေါင်းဖြင့် ရစ်၍ ပိတ်ထားသည်။ တက်မခန်း၏ ညာဘက်မှာ အခန်းတစ်ခန်း ရှိသည်။ ထိုအခန်းမှာ သင်္ဘောမီးလောင်လျှင် မီးငြိမ်းသတ်ရန် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့အိုးများထားသောအခန်း ဖြစ် သည်။

"ဂျလောက်. . . ဂျောက်. . . ဂျ လော်က်. . ."

"သူတို့ MAIN DECKပေါ် ရောက် နေကြပြီ။ ဟာ - ကြိုးပေါက်အဖုံးကို အပေါ်က ဖွင့်နေပါလား"

စက္ကင်းမိတ်က လှမ်းကြည့်ရင်း ပြောသည်။ထိုအဖုံးအား ပိတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com

နတ်ခေါင်းသည် ချောင်နေသောကြောင့် အဖုံးသည် အပြင်မှ ဆွဲမ,လိုက်တိုင်း ဟ၍ဟ၍လာသည်။ နတ်ခေါင်းပြုတ်ထွက်သွားလျှင်တော့ အဖုံးပွင့်တော့မည် ဖြစ်ပါသည်။ နတ်ခေါင်းက လှုပ်ပါများလာ၍ ပြုတ်လုပြုတ်ခင်ဖြစ်လာသည်။

"အားလုံးကာဗွန်ဒိုင်အောက်ဆိုဒ်အခန်းထဲပြေးကြ"


သင်္ဘောသားတချို့တစ်ဝက် ကာဗွန်ဒိုင်အောက်ဆိုဒ်အိုးများထားရှိရာအခန်းထဲသို့ ပြေးဝင်သွားကြသည်။ အခန်းထဲမှ မီးချောင်းအားလည်း ပိတ်ထားလိုက်ကြ၏။ မကြာမီ ကြိုးများဆွဲတင်သော MAN HOLE အပေါက်သည် နတ်ခေါင်းပြုတ်၍ ပွင့်သွားပါတော့၏။ ဆိုမာလီဓားပြများက ပိန်ပိန်သေးသေးတွေဖြစ်သောကြောင့် တစ်ယောက်ပြီး တစ်ယောက် သေနတ်လွယ်ပြီး ထိုအပေါက်မှ တွယ်ဆင်း၍ ကြိုးပုံပေါ် ခုန်ချကြသည်။ ကြိုးခွေပုံပေါ်မှ တက်မခန်းထဲ ရောက်လာကြသည်။ သင်္ဘောသားများအားလုံး ဓာတ်ငွေ့အိုးများကြားပုပ်နေကြသည်။ မီးပိတ်ထား၍ အခန်းမှာ မည်းမှောင်နေသည်။ တော်ရုံဖြင့်မမြင်နိုင်ပါ။ သေသေချာချာ စေ့စေ့စပ်စပ်ကြည့်မှသာ မြင်နိုင်မည် ဖြစ်သည်။ ဆိုမာလီ (၄) ကောင် ဓာတ်ငွေ့အိုးများထားရာအခန်းထဲသို့ ဝင်လာသည်။ ဟိုကြည့်ဒီကြည့်ဖြင့် ရှာဖွေနေသည်။ အလင်းထဲမှအမှောင်ထဲသို့ ရုတ်တရက်ဝင်လာသဖြင့် သူတို့ မတွေ့ပါ။ ဆိုမာလီဓားပြတွေ တစ်ယောက်ချင်းစီ ပြန်ထွက်သွားသည်။

"အဟွတ်. . ."


စပြီ။ ပြဿနာကောင် ဇော်ကြီး။ အသတ်မထင် နှာချေဆတ်လိုက်မိ၏။ နောက်ဆုံးဆိုမာလီကောင်သည် အခန်းသို့ ခြေလှမ်းပြင်ပြီးမှ နောက်ပြန်လှည့်ပြီး ဝင်လာ၏။ အသံလာရာဘက် ဓာတ်ငွေ့အိုးများကြားသို့ ရောက်လာသည်။ အနီးကပ်ကြည့်သောကြောင့် တွေ့သွားပါလေတော့သည်။

"အားလုံးထွက်ခဲ့ကြ၊ လက်တွေခေါင်းပေါ်တင်ထား၊ ထွက်ပြေးရင် ပစ်သတ်မယ်"

ဆိုမာလီကောင်က သင်္ဘောသားများအား အမိန့်ပေးရင်း အပြင်ဘက်သို့လည်း အော်ပြောလိုက်သည်။ တက်မခန်းတံခါးအား ဖွင့်လိုက်ပြီဖြစ်၍ အပြင်ဘက်မှ ဓားပြကောင်တွေပါ ရောက်လာသည်။ အားလုံး တန်းစီ၍ သင်္ဘော



ပစ်ခတ်ခံထားရသော SAMHO JEWELRY သင်္ဘောအား ကျည်ဆန်ရာဗရပွဖြင့် တွေ့ရစဉ်





သင်္ဘောအား၊ ကယ်တင်ပြီးနောက် ကိုရီးယားစစ်သားများကို သင်္ဘောဦးခန်းတွင် တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောအား ကယ်တင်စဉ် တိုက်ခိုက်ခံရ၍ သေဆုံးသွားသော ဓားပြများ



ဆိုမာလီပင်လယ်ဓားပြများ၏ကိုယ်စားလှယ် ဆိုမာလီလူမျိုး မိုဟာမက်ရှီဘင်အား ဖမ်းလာစဉ်

သားအိပ်ခန်းများမှတစ်ဆင့် အပေါ်ဆုံး BRIDGE သို့ သွားကြရသည်။ ထိုအချိန်မှာ အီရန်ငါးဖမ်းရေယာဉ်မှ အီရန် (၅) ယောက်သည် သင်္ဘောသားများအခန်းထဲမှ ကက်ဆက်၊ တီဗွီ၊ လက်တော့၊ ကွန်ပျူတာ၊ ရေခဲသေတ္တာ၊ အဝတ်အစား၊ အသုံးအဆောင်၊ အံဆွဲထဲမှ ဒေါ်လာများမှအစ မွှေနှောက်ယူနေကြသည်။ အီရန်ငါးဖမ်းသင်္ဘောနှင့် ဆိုမာလီဓားပြများပေါင်း၍ ပါရှန်ပင်လယ်ကွေ့အဝမှာ ဓားပြလာတိုက်ခြင်း ဖြစ်သည်။ အီရန်တွေက သင်္ဘောပေါ်မှ ပစ္စည်း၊ ငွေ အားလုံးမ,ပြီး ငါးဖမ်းသင်္ဘောဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ ကိုရီးယားများက AB ဇော်ကြီးကို မိုးမွှန်အောင်ဆဲပါတော့၏။

သင်္ဘောသားများအားလုံး BRIDGE (အပေါ်ဆုံးထပ်မှ သင်္ဘောထိန်းချုပ်မောင်းနှင်ခန်း) မှာ စုဝေးကြရသည်။ ဆိုမာလီဓားပြခေါင်းဆောင်သည် အင်္ဂလိပ်လို မတတ်။ အင်္ဂလိပ်လိုတတ်သည့် ဆိုမာလီဓားပြတစ်ကောင်က ဘာသာပြန်ပေးသည်။ ပိန်သေးသေးဆိုမာလီတစ်ကောင်က လူနှင့် လက်နက်နှင့်မမျှသော RPG ဒုံးပစ်လောင်ချာကြီးအား ပခုံးမှာထမ်းလျက်လမ်းသလားနေသည်။

**သတင်းပို့ခြင်း**

MT.SANHOJEWELLY သင်္ဘောပါရှန်ပင်လယ်ကွေ့မှ မထွက်ခွာခင်မှာ ရေဒီယိုကြေးနန်း FAX စက်မှ ကြေးနန်းစာတစ်စောင် ဝင်လာသည်။ ကိုရီးယားရေတပ်မှ ပါရှန်ပင်လယ်ကွေ့ထဲမှာ ဆိုမာလီဓားပြများရန်မှ ကာကွယ်ရန် ကင်းလှည့်နေသော ရဟတ်ယာဉ်တင် ကင်းလှည့်စစ်သင်္ဘောတစ်စင်းကပို့သော ကြေးနန်း ဖြစ်သည်။ အရေးပေါ်အခြေအနေမှာ ဆက်သွယ်ဖို့နှင့် သူတို့သင်္ဘော ပင်လယ်ကွေ့ထဲမှာရှိသည့်အကြောင်းဖြစ်သည်။

သင်္ဘောကြီး စက်ရပ်သွားသည်။ ဆိုမာလီနှစ်ကောင် အင်ဂျင်ခန်းထဲဆင်းသွားပြီး ပင်မအင်ဂျင်ကြီး အရေးပေါ်စက်ရပ်ခလုတ်အားနှိပ်ပြီး စက်ရပ်လိုက်ခြင်းဖြစ်သည်။ BRIDGE ပေါ်မှာလည်း လူတစ်ယောက်မှမတွေ့၍ ဒေါသဖြစ်ပြီး သေနတ်နှင့်ပစ်ခတ်ထားသည်မှာ မွစာကြဲ၍နေသည်။ အပျက်အစီးတွေကြားထဲမှ လူ(၂၂)ယောက် စုဝေးနေကြတုန်း သူကြီး (ကပ္ပတိန်) သည် ရေကြောင်းပြရေပုံစားပွဲနားမှာ မယောင်မလည်ရှိနေသည်။ ဤသည်ကို အထာပေါက်သော ကိုရီးယားနှင့် မြန်မာသင်္ဘောသားများက သူကြီးကို ကာပေးထားကြသည်။ ဆိုမာလီကောင်တွေက သင်္ဘောသားများ၏ပစ္စည်းများအား ငါးဖမ်းသင်္ဘောပေါ်သို့ သယ်ချနေသော အီရန်ကောင်များကို လှမ်း၍အော်ဟစ်ပြောဆိုနေကြသည်။ ဒါကို အခွင့်ကောင်းယူပြီး သူကြီး ဂြိုဟ်တုဖုန်းအား စင်ပေါ်မှ ဖြုတ်လိုက်သည်။ ကိုရီးယား ရေတပ်စစ်သင်္ဘောအား လှမ်း၍ဆက်သွယ်၏။

"ဖရီးဂိတ် ၉၈၁၊ ဖရီးဂိတ် ၉၈၁၊ ကြားလျှင် အကြောင်းပြန်ပါ။ SANHO JEWELLY က စကားပြောနေပါတယ်။ အရေးပေါ်အခြေအနေ"

စက္ကန့်ပိုင်းအတွင်း အကြောင်းပြန်လာသည်။

"SANHO JEWELLY ဘာပြဿနာရှိလဲ ပြောပါ"

"ငါတို့သင်္ဘော ဆိုမာလီဓားပြတွေ အပိုင်စီးခြင်းခံထားရပါတယ်။ ကယ်လို့ရရင် ကယ်ပါ"

"ငါတို့သင်္ဘော ယူအေအီးထိပ်မှာ ရှိတယ်။ မင်းတို့သင်္ဘော POSITION တို ပြောပါ"

"အရှေ့လောင်ဂျီတွဒ် ၆၅... မြောက်လတ္တီကျု ၂၀ - ၅"

"ရပြီ၊ သင်္ဘောကို တတ်နိုင်သ... လောက် အရှိန်လျှော့မောင်းပါ။ ငါတို့ မင်းတို့ဆီကို ဦးတည်လာနေပြီ"

"ငါတို့သင်္ဘောကို ဆိုမာလီကမ်း... ရိုးတန်းကိုမောင်းရမယ်လို့ ပြောတယ်။ အမြန်ဆုံးကယ်ပါ၊ ကျေးဇူးတင်ပါတယ်"

သူကြီးနှင့် ကိုရီးယားစစ်သင်္ဘော... တို့ ကိုရီးယားဘာသာဖြင့် တိုးတိုးဆက်... သွယ်ပြီး အမြန်ဆုံး ဖုန်းချလိုက်ရသည်။ ကိုရီးယားသူကြီးသည် စက်ချုပ် (အင်... ဂျင်နီယာချုပ်) အား ကိုရီးယားချင်း တိုး... တိုးမှာနေသည်။ အင်ဂျင်အား တစ်ခု... လုပ်ပြီး အရှိန်လျှော့ဖို့ပြောသည်။ စက်... ချုပ်က သဘောပေါက်ပါသည်။

အီရန်ငါးဖမ်းသင်္ဘောသားများ... သည် လိုချင်သည့်ပစ္စည်း၊ ငွေများအား... ယူ၍ သင်္ဘောကြီးဘေးမှ ခွာသွားသည်။

ဆိုမာလီဓားပြခေါင်းဆောင်က-

"မင်းတို့သင်္ဘော ဆိုမာလီကမ်းရိုး... တန်းကို မောင်းတော့"

"ဟုတ်ကဲ့ပါ၊ ဒါဆိုရင် ငါတို့အင်... ဂျင်နီယာတွေနဲ့ ဆီလောင်းတွေ အင်ဂျင်... ခန်းထဲကိုပြန်ဆင်းမှဖြစ်မယ်"

"ကောင်းပြီ၊ နောက်တော့မှ ငါတို့... လာကြည့်မယ်။ အင်ဂျင်ကို အမြန်နိုး... မောင်းတော့"

အင်ဂျင်နီယာချုပ်နှင့် စက်ခန်း... သင်္ဘောသားများ အင်ဂျင်ခန်းအတွင်း... သို့ ဆင်းခဲ့ကြသည်။ ပင်မအင်ဂျင်ကြီး... အား ပြန်နှိုးသည်။

အင်ဂျင်နီယာချုပ်က -

"ငါ Main Engine ကိုအကြော... အမျိုးမျိုးပြပြီးရပ်မယ်၊ Exhaust Valve... တွေကိုဖြုတ်မယ်။ အချိန်ဆွဲထားရမယ်...



www.burmeseclassic.com

www.burmeseclassic.com

...မှ စစ်သင်္ဘောက မီလာမှာ။ အားလုံး ...လည်သဘောပေါက်တယ်နော်"

"ဟုတ်ကဲ့ပါ C/E"

*(မှတ်ချက် - Exhaust Valve ဆိုသည်မှာ အင်ဂျင်အတွင်းမှ ပေါက်ကွဲလောင်ကျွမ်း၍ထွက်လာသောမီးခိုးငွေ့များအား ထုတ်ပေးသော အဆို့ရှင်ကို ခေါ်သည်။)*

မကြာမီ ဆိုမာလီ (၃) ကောင် အင်ဂျင်အခန်းအတွင်းရှိ Control Room (ထိန်းချုပ်ခန်း) သို့ ဝင်လာကြသည်။ အင်ဂျင်နီယာချုပ်က အင်ဂျင်ကြီး၏ မြန်နှုန်းကို တဖြည်းဖြည်းတင်သည်။ ဆိုမာလီ (၃) ကောင်မှာ စားပွဲပေါ် တွင်တွေ့သည့် ကိုရီးယားစီးကရက်ဘူးကိုဖွင့်၍ တစ်ယောက်တစ်လိပ်စီသောက်ပြီး အင်ဂျင်နီယာချုပ်အား ကြည့်နေကြသည်။

"Bridge ကြားလား၊ တယ်လီဂရပ်ကို ကိုင်ပါ။ Engine Speed တင်မယ်"

Bridge မှ ချက်ချင်းဆိုသလိုပင် တယ်လီဂရပ်ကို စ၍ရွှေ့သည်။ သင်္ဘောကြီးများ၏ အင်ဂျင်အမြန်နှုန်းက ချက်ချင်းတင်၍မရ။ တစ်ဆင့်ချင်းသွားရ၏။ တယ်လီဂရပ်မှာက အရှေ့သို့သွားခြင်း၊ နောက်ပြန်ဆုတ်ခြင်း (၂) မျိုး ရှိသည်။ ထို (၂) မျိုးကို Dead Slow Ahead, Slow Ahead Half Ahead, Full Ahead နှင့် Run Away ဆိုသည့် Sea Speed ရောက်အောင်တင်သည့် အမှတ်အသားများပါသည်။ ထိုအမှတ်အသားများ၌ Half Ahead နှင့် Full Ahead ကြားမှာ Critical Speed ခေါ် အင်ဂျင်ကြီးတုန်ခါလာသည့်အပတ်ရေရှိသည်။ ထိုနေရာသို့ရောက်လျှင် အင်ဂျင်အမြန်နှုန်းအား မြန်မြန်လေးတင်ရ၏။ အဘယ်ကြောင့်ဆိုသော် အင်ဂျင်ကြီးတစ်ခုလုံး တုန်ခါလာပြီး စက်ခန်းတစ်ခုလုံးခါလာ၍ ဖြစ်သည်။

**အင်ဂျင်နီယာများ ပညာပြပြီ**

ဒါက ပင်လယ်ကူးသင်္ဘောကြီးတိုင်းမှာ တပ်ဆင်ထားသည့် အင်ဂျင်ကြီးများ၏ စက်မှုနည်းပညာအစိတ်အပိုင်း ဖြစ်သည်။ ဘာပြဿနာမှ မရှိပါ။ သို့ပေမယ့် ဤအကြောင်းကို ဆိုမာလီများ မသိကြ။ ဒီတော့ အင်ဂျင်နီယာချုပ်က ပညာပြတော့သည်။ နောက်မှ စစ်သင်္ဘောမီလာရန် အချိန်ဆွဲရမည်ကိုး။ အင်ဂျင်ကြီးတုန်ခါလာမည့် အပတ်ရေဖြစ်သော Critical Speed မှာ ခပ်ကြာကြာလေးထားလိုက်သည်။ အင်ဂျင်ကြီးနှင့်အတူ စက်ခန်းတစ်ခုလုံး တုန်ခါလာသည်။ ဆိုမာလီဓားပြများ မျက်လုံး ပြူးကျန်၏။

"CHIEF ENDINEER၊ ဘာဖြစ်တာလဲ။ စက်ခန်းကြီးခါနေပြီ"

"သွားပြီ။ အင်ဂျင်အမြန်နှုန်းတင်လို့ မရတော့ဘူး။ စက်ဘာဖြစ်သွားလဲ မသိဘူး။ ငါတို့ ရပ်ပြီး စစ်ဆေးမှဖြစ်မယ်"

ဆိုမာလီတစ်ကောင်က အပေါ်သို့ ဖုန်းလှမ်းဆက်သည်။ ကွိကွိကွကွနှင့် ဆိုမာလီလိုပြောကြပြီးနောက် စက်ချုပ်သို့ လှမ်းပြောသည်။

"အင်ဂျင်ကိုရပ်ပြီးကောင်းအောင်လုပ်ပါ။ မြန်မြန်လုပ်"

"မြန်မြန်လုပ်လို့မရဘူး။ အနည်းဆုံး (၆) နာရီလောက်ကြာမယ်"

"ရတယ်၊ လုပ်တော့"

စက်ချုပ်အင်ဂျင်ကို ဆွဲရပ်လိုက်သည်။ အင်ဂျင်ကြီး ပူနေ၍ အေးသွားအောင် စောင့်ရမည်ဟု ဆို၏။ အင်ဂျင်သင်္ဘောသားများ ထိန်းချုပ်ခန်းအတွင်းမှာ ကော်ဖီဖျော်သောက်ကြသည်။ ဆိုမာလီ (၃) ကောင်အတွက်ပါ ဖျော်ပေးလိုက်သည်။ ဆိုမာလီဓားပြများ သဘောကျသွား၏။ သူတို့ ကော်ဖီသောက်ရင်း လက်ဟန်ခြေဟန်ဖြင့် စကားပြောကြသည်။ မင်းတို့ကို ဘာအန္တရာယ်မှမပေးပါ။ ပိုက်ဆံရလျှင် ပြန်လွှတ်ပေးမည့်အကြောင်း အေးအေးဆေးဆေးနေဖို့ သူတို့က ပြော၏။

အင်ဂျင်နီယာများနှင့် ဆီလောင်းများက အင်ဂျင်ကြီး၏ Exhaust Valve တစ်လုံးအား အေးအေးဆေးဆေးပင် ဖြုတ်ကြသည်။ ပထမအင်ဂျင်နီယာက ဖစ်တာအား အလုပ်လုပ်လျှင်သုံးဖို့ ကွင်း၊ ခွ၊ ချိန်းဘလောက်၊ တူ အစရှိသည့် ပစ္စည်းကိရိယာများ ယူခိုင်းသည်။

"ဖစ်တာ၊ Tools တွေကို No.6 UNIT နားမှာ ချထားပါ။ THIRD ENGINEER၊ အင်ဂျင်ထဲက ရေဖောက်ဖို့လုပ်။ SECOND-E က FUEL VALVE တွေ ကို ပိတ်လိုက်တော့"

ဖစ်တာက မလုပ်ချင်လုပ်ချင်ဖြင့် ပေကတ်ကတ်လုပ်နေသည်။ ဤဖစ်တာသည် အသက်ကလည်းကြီး၊ အလုပ်ကလည်း မလုပ်ချင်၊ အလွန်ပျင်း၍ အလွန်ကတ်သောသူ ဖြစ်သည်။ သူ့အား စက်ချုပ်က ကြည့်မရသည်မှာ ကြာပြီ။ အလုပ်ကတ်လွန်း၍ နောက်ဆုံးအကြိမ်သတိပေးခြင်းခံထားရသူ ဖြစ်သည်။ မြန်မာပြည်ပြန်လျှင် သူ့အား ကုမ္ပဏီမှ နေ...က်တစ်ကြိမ်ခေါ်တော့ဟု သတင်းထွက်နေသည်။

Exhaust Valve ကြီးသည် (၄)ပေခန့်ရှည်၍ တန်ဝက်ခန့် အလေးချိန်ရှိသည်။

စက်-၂ (Second Engineer) နှင့် ဆီလောင်း ဟိန်းဇာ အင်ဂျင်ကြီးပေါ် ခွထိုင်ပြီး ဆီပိုက်များအား ခပ်အေးအေးပင် တစ်ချောင်းချင်းဖြုတ်နေကြသည်။

အောက်မှာ ရပ်ကြည့်နေသူများက လိုအပ်သည်များကို လှမ်းပေး၊ လှမ်းယူပြုနေကြသည်။

"စက်-၃၊ စက်-၃"

ဆီလောင်း ဟိန်းဇာက နံပါတ် (၁၃) ခွအား တောင်းခြင်း ဖြစ်သည်။

ဖစ်တာသည် THIRD ENGINEER အား သွားခေါ်လာသည်။

"ခင်ဗျားကို (၁၃) ခွကို တောင်းတာ။ ဘာဖြစ်လို့ စက်-၃ ကို ခေါ်လာတာလဲ"

"မသိဘူးလေ၊ မင်းက စက်-၃ ကို ခေါ်ခိုင်းတာမှတ်လို့ ခေါ်လာတာ"

"အဲဒီစက်-၃ ကို ခင်ဗျားသမီးနဲ့ ပေးစားလိုက်။ တကယ်ပဲ၊ လူကြီးပြီး ဘာမှသုံးစားလို့မရဘူး။ ဒီလောက် အရေးကြီးနေတဲ့အချိန်မှာ"

"မင်းကဘာစကားပြောတာလဲ"

"ခင်ဗျားဘာပြောတယ်ထင်လဲ။ ခင်ဗျား ဖစ်တာလစာယူထားတာ အင်ဂျင်ပေါ်တက်ပြီး ခင်ဗျားဖြုတ်ရမှာ။ ခုတော့ ခင်ဗျားက သံဂဟေဆော်ဖို့ပဲ တတ်တယ်။ တခြားအလုပ်ဘာမှမလုပ်ချင်ဘူး"

ဆီလောင်း ဟိန်းဇာသည် ချက်ကောင်းရသည်နှင့် လူပျင်းလူကတ် ဖစ်တာအား နှစ်ပြားမတန်အောင် ပြောပစ်လိုက်သည်။ ပင်လယ်လုပ်သက်ရင့်နေသော အသက်ကြီးကြီး သင်္ဘောသားများသည် အလုပ်ကတတ်ခြင်း၊ ပညာပြခြင်းများလုပ်တတ်ကြ၏။ ဤသည်ကို အမြင်ကတ်နေသော ဆီလောင်းက ပိုးစိုးပက်စက်ပြောနေခြင်း ဖြစ်သည်။

"တော်ကြတော့၊ ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ကြ။ ဖစ်တာ၊ ဖြုတ်ထားတဲ့ PIPE တွေအတွက် PACKING အသစ်တွေပြန်ရိုက်။ သွားတော့၊ ဝပ်ရှော့ထဲမှာလုပ်"

စက်-၁ အမိန့်ပေးလိုက်မှ ဖစ်တာ မကျေမနပ်ဖြင့် ထွက်သွားသည်။

ပင်လယ်ကူးသင်္ဘောတွေမှာ ...



www.burmeseclassic.com

www.burmeseclassic.com

မျိုးတွေ ရှိတတ်ပါသည်။

Exhaust Valve ကြီးက ဘာမှမဖြစ်။

အကောင်းကြီးကိုဖြုတ်ပြီး သန့်ရှင်းရေးလုပ်၍ ပြန်တပ်ခြင်း ဖြစ်သည်။ (၆) နာရီခန့် ကြာသွားသည်။ ဆိုမာလီ (၃) ကောင်မှာ စိတ်မရှည်၍ ပြန်တက်သွားကြသည်။

"အင်ဂျင်ပြန်နှိုးမယ်။ BRIDGE ကို ဖုန်းဆက်"

ပထမအင်ဂျင်နီယာက အပေါ်သို့ ဖုန်းဆက်လိုက်သည်။ ပြီးတော့ အင်ဂျင်ကြီးအား နှိုး၍ ထုံးစံအတိုင်း Critical Speed မှာ အကြာကြီးထားလိုက်သည်။ အင်ဂျင်ကြီးခါလာပြန်သည်။ ဤကဲ့သို့ ခါလာလျှင် BRIDGE က သိပါသည်။ သူတို့အပေါ်မှာလည်း တုန်ခါခြင်းကိုခံစားရ၍ ဖြစ်သည်။ သူကြီးနှင့်အရာရှိတွေက အထာပေါက်ကြသည်။ အင်ဂျင်ခန်းက ပညာပြပြီး အချိန်ဆွဲနေပြီ ဆိုသည်ကို သိကြ၏။

သူကြီးက ဆိုမာလီ ဓားပြခေါင်းဆောင်ကို ပြောသည်။

"ဘယ်လိုလုပ်ကြမလဲ။ မင်းတို့တွေ အင်ဂျင်ကြီးကို ချက်ချင်းဆွဲရပ်လိုက်တာ အင်ဂျင်ထိသွားပြီ။ ကောင်းအောင်ပြင်ရတော့မယ်"

"ကောင်းအောင်ပြင်ပါ။ ငါတို့ ဆိုမာလီကမ်းရိုးတန်းကိုရောက်မှဖြစ်မယ်"

သူကြီးက အင်ဂျင်ခန်းသို့ ဖုန်းဆက်ပြီး ကိုရီးယားလို ပြောပြန်သည်။ အင်ဂျင်ခန်းအတွင်းမှာတော့ ပြဿနာက စ,ပြီ ဖြစ်သည်။

"Chief Engineer ၊ မင်းသင်္ဘောပါရှန်ကွေ့ထဲက ထွက်လာတုန်းက အကောင်းကြီး။ ခုကျမှ တစ်မျိုးပြီးတစ်မျိုး ပြဿနာတက်နေတာ ဘာသဘောလဲ။ မင်း ငါတို့ကို ပညာပြနေတာလား"

အင်ဂျင်ခန်းထဲမှာရှိသည့် ဓားပြ (၃) ကောင်ထဲမှ အရွယ်ကြီးကြီးတစ်ကောင်က မကျေမနပ်ဖြင့် ပြော၏။

သူ့ပုံစံက ဒေါသထွက်နေသည့်ပုံစံမျိုး ဖြစ်သည်။

"ငါဘယ်သိမလဲ။ စက်ကြီးကဖြစ်ချင်နေတာပဲ၊ ငါလုပ်တာမှ မဟုတ်ဘဲ"

ကိုရီးယားစက်ချုပ်က သူတို့လူမျိုးထုံးစံအတိုင်း စူးစူးဝါးဝါးပြောသည်။

"ဖြောင်း. . . ခွပ်"

"အား"

ထိုဆိုမာလီဓားပြမှာ လက်မြန်ပုံရသည်။ စက်ချုပ်အား သေနတ်ဒင်ဖြင့် ဖြတ်ရိုက်လိုက်သည်။ စက်ချုပ်နားထင်မှာ တစ်လက်မခန့် ကွဲသွားပြီး သွေးများဖြာထွက်လာသည်။ မျက်နှာမှာ ရိုက်လိုက်သည့်ဒဏ်ကြောင့် ဖူးရောင်ထလာ၏။

"မင်းတို့ သင်္ဘောသားတွေကို မနှိပ်စက်ပါနဲ့"

ပထမအင်ဂျင်နီယာက ဝင်ပြောသောအခါ-

"မင်းတို့သင်္ဘောပေါ်ကို ငါတို့လေ့လာရေးခရီးထွက်လာတာ မဟုတ်ဘူး၊ ဓားပြတိုက်နေတာ။ ငါတို့ လူမသတ်ချင်ပေမယ့် ပညာပြနေရင်တော့ စံနမူနာအနေနဲ့ သတ်ပြရလိမ့်မယ်"

ဆိုမာလီဓားပြကောင် အတော်ဒေါပွနေပြီ ဖြစ်သည်။

"မဟုတ်ပါဘူးကွာ၊ စက်ကတုန်ခါပြီးဖြစ်နေတာ မင်းတို့လည်းအမြင်ပဲဟာ။ သင်္ဘောသားတွေကိုတော့ အန္တရာယ်မပြုပါနဲ့။ ငါတို့တောင်းပန်ပါတယ်"

ပထမအင်ဂျင်နီယာ၏ လေပြေထိုးစကားသံကြောင့် ဒေါပွနေသော ဆိုမာလီကောင် ပြန်ငြိမ်သွားသည်။

အင်ဂျင်စက်ကြီးအား ပြန်ရပ်လိုက်သည်။ အင်ဂျင်ကြီးကို အေးသွားအောင်စောင့်ရင်း ထမင်းစားကြရသည်။ ပြီးတော့ Exhaust Valve အကောင်းနောက်တစ်လုံးကို ဖြုတ်ကြပြန်သည်။ ထုံးစံအတိုင်း သန့်ရှင်းရေးလုပ်ပြန်သည်။ နောက်ထပ် (၆) နာရီကြာသွားသည်။

ဆိုမာလီဓားပြများတက်လာသည့်အချိန်မှ ယခုအချိန်ထိ သင်္ဘောရပ်ထားတာ စုစုပေါင်း နာရီ (၁၄) နာရီရှိပြီဖြစ်သည်။

ဤသို့ဖြင့် Exhaust Valve (၃)လုံးအား အကြောင်းအမျိုးမျိုးပြပြီး ဖြုတ်လိုက်၊ တပ်လိုက်လုပ်ရာ စုစုပေါင်း နာရီ (၂၀) ကြာသွားသည်။ အားလုံးပြီးသွားတော့ စက်နှိုး၍ ပြန်မောင်းသည်။ သို့သော် စက်ကြီးမကောင်းတော့၍ အင်ဂျင်အပတ်ရေ (၅၀) အထိပဲ တင်လို့ရတော့မည်ဟု အကြောင်းကြားလိုက်၏။ ဆိုမာလီဓားပြခေါင်းဆောင်ဖြစ်သူက ရသလောက်နှင့် မောင်းပါဟုဆိုလာသည်။ တကယ်တမ်းမောင်းလျှင် ပင်လယ်ကွေ့မှ ဆိုမာလီကမ်းရိုးတန်းခရီးသည် နှစ်ရက်ခွဲသာကြာမည်။ ယခု အချိန်ဆွဲနေသဖြင့် (၆) ရက်ခန့် ကြာနိုင်သည်။

ဤသို့ဖြင့် ဓားပြများအပိုင်စီးထားသည်မှာ (၄) ရက်ခန့်ရှိပြီ ဖြစ်သည်။ နောက်(၂)ရက်ဆိုလျှင် ဆိုမာလီကမ်းရိုးတန်းသို့ ရောက်တော့မည်။ စစ်သင်္ဘောမှ ကယ်တင်မည့်အစီအစဉ်မှာ ဘာမှထူးခြားမလာသေး၍ သင်္ဘောသားများ စိုးရိမ်စပြုလာသည်။ ဆိုမာလီဓားပြများကတော့ သားကောင်ကြီးကြီး ရလာသောမုဆိုးများနှယ် ပျော်ရွှင်လျက် စားကြသောက်ကြ၊ သင်္ဘော BOND STORE ခေါ် အရက်၊စီးကရက်၊ဘီယာသိုလှောင်ခန်းမှ ဘီယာ၊အရက်တွေ ထုတ်သောက်လိုက်ကြ၊ မူးရူးကြဖြင့် မြူးနေကြသည်။ တင်ဆောင်လာသည့်ကုန်စည်ကလည်း မက်သနော၊ သင်္ဘောကလည်း တန်ဖိုးကြီးသည့် ဂျပန်သင်္ဘော ဆိုတော့ သူတို့အတွက် မြက်မြက်လေးရမည်မို့ ကျေနပ်နေကြသည်။

တကယ်တမ်းမှာတော့ . . .

ကိုရီးယားရေတပ်မှ ကင်းလှည့်သင်္ဘော ၈၉၁ သည် ပင်လယ်ကွေ့ထဲမှထွက်ပြီး တောက်လျှောက် MT.SANHO JEWELLY နောက်သို့လိုက်နေသည်။ ကိုရီးယားနိုင်ငံရှိ ရေတပ်ဌာနချုပ်သို့ အကြောင်းကြားပြီးပြီ ဖြစ်သည်။ ဌာနချုပ်က အဖြစ်အပျက်အား တောင်ကိုရီးယားအစိုးရသို့ တင်ပြသောအခါ တောင်ကိုရီးယားသမ္မတကြီးနှင့် အစိုးရအဖွဲ့ဝင်များ အစည်းအဝေးထိုင်ကြ၏။ သင်္ဘောအား ကယ်သင့်၊ မကယ်သင့်၊ ကယ်ခဲ့လျှင် သင်္ဘောသားများအသက်အန္တရာယ် မည်သို့ဖြစ်လာမည်နည်း။ မကယ်ဘဲ လွှတ်ပေးခဲ့သော် ဆိုမာလီဓားပြများက ငွေမတရားတောင်းတော့မည်။ သင်္ဘောကုမ္ပဏီသည် ပေးနိုင်က ပြဿနာမရှိ။ မပေးနိုင်ခဲ့သော် ကိုရီးယားနိုင်ငံသားများ ဆိုမာလီတွင် အကျဉ်းကျခံနေရမည်။ နှိပ်စက်ခံရမည့် ကာလ ပမာဏ အပိုင်းအခြားလဲ မသိ။

တောင်ကိုရီးယား အစိုးရသည် သူ့နိုင်ငံသားများအား နိုင်ငံရပ်ခြားတွင် ဒုက္ခရောက်တော့မည်ကို နည်းနည်းမှ မလိုလားပါ။ ပင်လယ်ကွေ့ထဲမှထွက်လာပြီး ဓားပြတိုက်ခံရသောသင်္ဘောနောက်သို့လိုက်ရင်း အိုမန်နိုင်ငံကမ်းရိုးတန်းသို့ ရောက်တော့ တခြားနိုင်ငံများမှ ကင်းလှည့်သင်္ဘောများဖြင့်ပေါင်းမိ၍ သင်္ဘော (၄) စီး ဖြစ်သွားသည်။ အမေရိကန် ရေတပ်၊ ဗြိတိန်ရေတပ်၊ အိုမန်ရေတပ်များမှ ရဟတ်ယာဉ်တင်ကင်းလှည့်သင်္ဘောများ ဖြစ်သည်။

**ဖရီးဂိတ်မေခလာ ၉၈၁**

MT.SANHOJEWELLY သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com

သည်း မိုင် (၅၀) ခန့်သာကွာသော နေအထားသို့ရောက်လာသည်။ စစ်သင်္ဘော(၄)စီးက အပိုင်စီးခံသင်္ဘောနှင့် ချိတ်ကာလိုက်နေကြသည်။ မကြာမီ တောင်ကိုရီးယားစစ်သင်္ဘောသို့ ရေတပ်ဌာနချုပ်မှ FAXဝင်လာ၏။ တောင်ကိုရီးယားသမ္မတကြီး၏အမိန့်ဖြင့် သင်္ဘောသားများအား ရအောင် ကယ်ရမည် ဟူ၍ ဖြစ်သည်။ ကိုရီးယားစစ်သင်္ဘော No.981 နှင့် အခြားစစ်သင်္ဘော (၃) စီးတို့ ညှိပြီး ထိုစစ်သင်္ဘောများ အဒေင်ပင်လယ်ကွေ့သို့ ဝင်ရောက်သွားကြသည်။

နောက် (၂) ရက်ဆိုလျှင် အပိုင်စီးသင်္ဘောသည် ဆိုမာလီကမ်းရိုးတန်းသို့ ရောက်တော့မည်။ သင်္ဘောကြီးက တော့ တစ်နာရီ ရေမိုင် (၅) မိုင်နှုန်းဖြင့် ရွေ့ရွေ့သွားလျက်။ ဆိုမာလီဓားပြများ ရောက်ခါနီးပြီဖြစ်၍ သောက်စားမူးပြီး ပျော်ရွှင်နေကြသည်။ သင်္ဘောသားများကတော့ ကမ်းနှင့်နီးလာလေ စိတ်တို့က ဒီရေအလားတိုးလာကြသည်၊ သူကြီး အပါအဝင် ကိုရီးယားသင်္ဘောသား (၈) ယောက်မှာ သူတို့လင့်ထားသလို စစ်သင်္ဘောမှ လာ ကယ်တင်ခြင်းမရှိ၍ စိတ်ဓာတ် ခြေပစ်လက်ပစ်ဖြစ်ကုန်ကြသည်။ မြန်မာသင်္ဘောသားများနှင့် အင်ဒိုနီးရှားသင်္ဘောသားတွေက ဖြစ်လိုရာဖြစ်ပါစေတော့ဟု သဘောထားကာ စိတ်ကို ဖြေချထားလိုက်တော့သည်။

မနက် (၄) နာရီ။

SECOND MATE နှင့် CHEIF OFFICER တို့ ဂျူတီချိန်းကြသည်။ ဆို မာလီ (၁၃) ကောင်အနက် (၅)ယောက် အိပ်ရာမှ ထလာကြသည်။ (၈) ယောက်က BRIDGE မှာ ပိုးလိုးပက်လက်အိပ်နေကြသည်။ အိပ်ရာမှထလာသည့် (၅) ယောက်ထဲမှ တစ်ယောက်က RPG ဒုံးပစ်လောင်ချာအား ပြတင်းပေါက်ပေါ်တင်ပြီး မတ်တတ်ရပ်လျက် အိပ်ငိုက်နေသည်။ SECOND MATE (ဒု-အရာရှိ) နှင့် အငယ်သင်္ဘောသား (၂) ယောက် တို့ကိုကြည့်ပြီး ခေါင်းချင်းဆိုင်နေကြသည်။ သူတို့သင်္ဘောအနောက် မိုင်(၂၀) ခန့်အကွာမှာ အစက်အပြောက်လေးတစ် ထက်ကြပ်မကွာလိုက်လာသည်ကို တွေ့ရသည်။ သင်္ဘောတစ်စီးဖြစ်သည်။

မနက်ဖြန်ဆိုလျှင် ဆိုမာလီကမ်းရိုးတန်းသို့ရောက်မည် ဖြစ်သည်။ ရေဒါပေါ်မှာပေါ်နေသော အစက်အပြောက်သည် စစ်သင်္ဘောဖြစ်ပါစေတော့ဟု ဆုတောင်းမိကြသည်။ ဆိုမာလီဓားပြများကတော့ ရောက်ခါနီးပြီဖြစ်၍ ခပ်အေးအေးပင်။ SECOND MATEသည် အရုဏ်ဦးအလင်းရောင် ပန်းသွေးဖျော့ဖျော့ အရှေ့ဘက်မိုးကုပ်စက်ဝန်းသို့ မှန်ပြောင်းဖြင့် ကြည့်သည်။

နံနက် (၄း၄၀) နာရီ။

မှန်ပြောင်း၏ ပုံရိပ်မှာ သင်္ဘောတစ်စီးပုံရိပ်ပေါ်လာသည်။ အသေအချာကြည့်လိုက်တော့ စစ်သင်္ဘောတစ်စီး။ ခဏအတွင်းမှာပင် ထိုသင်္ဘောမှ ရဟတ်ယာဉ်တစ်စီး ပျံတက်လာသည်ကို တွေ့ရသည်။ ရဟတ်ယာဉ်သည် မှန်ပြောင်းမြင်ကွင်း၌ တဖြည်းဖြည်းနှင့်ပိုပြင်လာသည်။ သင်္ဘောနှင့် နီး၍နီး၍လာပြီ။ ဆိုမာလီတွေက သတိမထားမိကြ။

BRIDGE ပေါ်မှာက ကုန်းပတ်သင်္ဘောသားတွေ အကုန်လုံးစုနေကြရသည်။ အင်ဂျင်ခန်းထဲမှာ အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာ၊ ဆီလောင်းများအကုန်ရှိနေကြသည်။ ကပ္ပတိန်က အားလုံးကို မှာထားသည်။ အလုပ်လုပ်သည့်ဝတ်စုံ(ဘွိုင်လာဆု)အသစ်လိမ္မော်ရောင်အား ဝတ်ခိုင်းထားသည်။ ဆိုမာလီများနှင့် ကွဲကွဲပြားပြားဖြစ်စေရန် ဖြစ်သည်။

ရဟတ်ယာဉ်သည် BRIDGE နှင့် မလှမ်းမကမ်းသို့ ရောက်လာသည်။ ဆိုမာလီများသတိမထားမိကြသေး။ သူကြီး ရိပ်မိသွားသည်။ သင်္ဘောသားများအား အချက်ပြ၍ ကျယ်ကွယ်မျက်ကွယ်သို့ ရွှေ့ခိုင်းသည်။ အဘယ်ကြောင့်ဆိုသော် ရဟတ်ယာဉ်မှ စက်သေနတ်ကိုင်သည့် စစ်သားသည် RPG ကိုင်ပြီး အိပ်ငိုက်နေသည့် ဆိုမာလီကောင်အား သေသေချာချာ ချိန်နေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

"ဖောက် . . . ဖောက် . . . ဖောက်"

"ဒိုင်း . . . ဒုတ် . . . ဒုတ် . . ဒုတ်"

RPG အား ပြတင်းပေါက်ပေါင်ပေါ်တင်ပြီး မတ်တတ်ရပ်လျက် အိပ်ငိုက်နေသော ဆိုမာလီကောင်သည် ကျည်ဆန်ရာဗရပွဖြင့် အရုပ်ကြိုးပြတ်လဲကျသွားသည်။ပြတင်းပေါက်မှန်လည်း ကွဲကြေသွား၏။ ပြီးတော့ မီးခိုးဗုံးများ တစ်လုံးပြီးတစ်လုံး BRIDGE ပေါ်သို့ ရောက်လာသည်။

ထိန်းချုပ်မောင်းနှင်မျှော်စင် BRIDGE မှာ မီးခိုးလုံးကြီးများဖြင့်မည်းမှောင်သွားသည်။ သင်္ဘောသားများအားလုံး မြေပုံဆွဲသည့်စားပွဲခုံအောက်မှာ ပုဝပ်နေကြသည်။ ရဟတ်ယာဉ်မှာ BRIDGE ပေါ်ပြီး စက်သေနတ်ဖြင့် အချက်ပေါင်းများစွာ လှည့်ပတ်ပစ်နေသည်။

ဆိုမာလီများက ပြန်ပစ်ဖို့နေနေသာသာ ရေဒါခုံ၊ ထိန်းချုပ်ခုံများအား အကာအကွယ်ပြု၍ ပုဝပ်နေကြသည်။ ထိုအချိန်မှာ ဆိုမာလီတစ်ကောင်သည် သူကြီးလက်ကို ဆွဲယူပြီး တံခါးပေါက်ရှိရာသို့ တွန်းထုတ်သွားသည်။ ဓားစာခံပြုလုပ်ခြင်းပင်တည်း။ ရဟတ်ယာဉ်ပေါ်မှ စက်သေနတ်ပစ်သူသည် တံခါးပွင့်လာ၍ စက်သေနတ်ဖြင့်ပစ်ရာ ကံဆိုးရာသော ကပ္ပတိန်မှာ ခြေထောက်၊ ပေါင်နှင့် လက်မောင်းအား သေနတ်ကျည်ဆန် (၄) ချက်ထိ၍ လဲကျသွားပါတော့သည်။

**ကိုရီးယားကွန်မန်ဒိုများနှင့် ဆိုမာလီဓားပြတို့၏ တိုက်ပွဲငယ်**

ထိုအချိန်မှာပင် -

စစ်သင်္ဘောမှ အမြန်ရေယာဉ်ငယ် (၂) စီးဖြင့် ကိုရီးယားကွန်မန်ဒိုအယောက် (၂၀) သည် သင်္ဘောပဲ့ပိုင်းမှ သင်္ဘောပေါ်သို့ တက်လာကြသည်။ သူတို့သည် ဓာတ်ငွေ့ကာမျက်နှာဖုံးများ၊ ကျည်ကာအင်္ကျီများ အပြည့်အစုံဖြင့် ဝတ်ဆင်၍လာကြခြင်း ဖြစ်လေသည်။ ရဟတ်ယာဉ်မှ တရစပ် ပစ်ခတ်နေ၍ ဆိုမာလီဓားပြများအားလုံး BRIDGE မှာ ပုန်းကွယ်နေကြစဉ် ကွန်မန်ဒိုများသည် BRIDGE တံခါးဝသို့ ရောက်လာကြ၏။ ရုတ်တရက် တံခါးအား တွန်းဖွင့်၍ဝင်လာပြီး ဆိုမာလီကောင်များအား မရပ်မနား ပစ်ခတ်ပါတော့သည်။

ထိုအချိန်မှာ အလင်းရောင်သည် လည်း လင်းလာပြီဖြစ်၍ မဲမဲသဲသဲ ဆိုမာလီကောင်များနှင့် လိမ္မော်ရောင်ဝတ်စုံဝတ်ထားသော သင်္ဘောသားများ ခွဲခြား၍ရပြီ ဖြစ်သည်။ ကွန်မန်ဒိုများ စတင်စီးနင်းတိုက်ခိုက်ပြီ ဆိုသည်နှင့် အင်ဂျင်ခန်းအတွင်းမှ ပထမအင်ဂျင်နီယာသည် ပင်မစက်ကြီးအား ရပ်ပစ်လိုက်သည်။ မီးစက်ကိုပါ ရပ်လိုက်သောကြောင့် သင်္ဘောတစ်စီးလုံး အမှောင်ဖုံးသွား၏။ ပြီးတော့-

"မင်းတို့ကျည်ဆန်လွတ်ရာမှာ ပုန်းကြ။ ငါလည်းသွားပုန်းတော့မယ်"

စက်ချုပ်က ပြောပြောဆိုဆိုဖြင့် လေအိုးကြီးများအနောက်ကြားထဲမှာ သွားဝပ်နေသည်။ ဆီလောင်း ဟိန်းဇာနှင့် ပထမအင်ဂျင်နီယာက မီးစက်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အောက် ပိုက်လုံးများကြားမှာ ပုန်းနေသည်။ ကျန်သည့် အင်ဂျင်ခန်းဝန်ထမ်းများကလည်း အသီးသီးကျည်ကွယ်ရာ ချောင်များမှာ ပုန်းနေကြသည်။ လွန်ခဲ့သည့်နှစ်ရက်ခန့်ကတည်းက BRIDGE မှာရှိသောသင်္ဘောဦးတည်လမ်းကြောင်းအား အလိုအလျောက်ထိန်းညှိပေးသည့် ဂျိုင်ရိုခေါ် သည့်စက်သည် ပျက်သွား၍ မြန်မာကုန်းပတ်သင်္ဘောသားသုံးယောက်သည် တက်မခန်းထဲ၌ တက်မကြီးအား လူ၏ထိန်းချုပ်မှုဖြင့် ထိန်းညှိပေးနေရသည်။ ကွန်မန်ဒိုများ သင်္ဘောပေါ်တွင် ဝင်စီးတော့ BRIDGE မှာ သင်္ဘောသား (၁၅)ယောက်၊ စက်ခန်းထဲမှာ(၄)ယောက်နှင့် တက်မခန်းမှာ မြန်မာသင်္ဘောသား (၃) ယောက် ရှိနေကြသည်။

တကယ်တမ်းကျတော့ ဆိုမာလီ ဓားပြများမှာ သေနတ်ကိုင်၍ ဓားပြသာ တိုက်နေကြသည်၊ သတ္တိက တစ်ပြားသားမှ မရှိ။ သူတင်ကိုယ်တင် ရင်ဆိုင်တိုက်ခိုက်ကြသောအခါ ဆိုမာလီ (၅) ကောင်က သေနတ်များပစ်ချပြီး အတွင်းတံခါးဖွင့်၍ အောက်ထပ်သို့ ဆင်းပြေးသွားကြတော့သည်။ ကျန်သည့်ကောင်တွေက သေနတ်ပစ်ချပြီး တောင်းပန်နေကြသည်။ သို့သော် သူတို့သည် ကမ္ဘာ့ကုန်သည်သင်္ဘောများအား ဒုက္ခပေးနေသည်မှာကြာခဲ့ပြီဖြစ်သောကြောင့် ကမ္ဘာ့ချဉ်ဖတ်များဖြစ်နေကြ၍ ကိုရီးယားကွန်မန်ဒိုများက လုံးဝမညှာတော့။

"ပစ်. . . ပစ်. . . အသေသာပစ်"

"ဖောက်. . . ဖောက်. . . "

"ဒိုင်း. . . ဒိုင်း. . . "

BRIDGE ပေါ်မှာ သေနတ်သံတွေ မိုးမွှန်နေသည်။ (၅) မိနစ်ခန့်သာကြာသည်။ ယမ်းမိုးငွေ့တို့စဲသွားသောအခါ သင်္ဘောသားများ ပုန်းနေရာမှ ထွက်လာကြသည်။ သူကြီးမှာ ထိမှန်ထားသော သေနတ်ဒဏ်ရာကြောင့် ညည်းညူနေသည်။ ကွန်မန်ဒိုခေါင်းဆောင်စစ်ဗိုလ်က သင်္ဘောဘေးမှာ ပျံသန်းနေသောရဟတ်ယာဉ်အား အချက်ပြသည်။ စကားပြောစက်နှင့်လည်း ပြော၍ ပုခက်ကြိုးချပေးရန် ပြောသည်။ ရဟတ်ယာဉ်မှ ကယ်ဆယ်ရေးပုခက်ကြိုး ကျလာသည်။ သူကြီးအား ပုခက်ကြိုးပေါ်သို့ တင်ပေးလိုက်သည်။

ရဟတ်ယာဉ်ပေါ်မှာ အရေးပေါ်သူနာပြုအကူအညီနှင့် သွေးထွက်မလွန်အောင်လုပ်ပေးပြီး စစ်သင်္ဘောပေါ်သို့ ပို့ပေးမည်ဖြစ်သည်။ ကိုရီးယားသင်္ဘောသားများက သေဆုံးနေသော ဆိုမာလီအသေကောင်များအား ခြေထောက်ဖြင့် ကန်သည့်သူက ကန်ကြသည်၊ ဆဲဆိုပြီး တံတွေးဖြင့်ထွေးသူက ထွေးကြသည်။ ကွန်မန်ဒိုများ ဝင်ရောက် စီးနင်းပြီး အားလုံးငြိမ်သွားသောအခါ ကုန်းချုပ်မှ စက်စခန်းသို့ စကားပြောစက်ဖြင့် အပေါ်သို့ တက်လာဖို့ လှမ်းပြောသည်။ စက်ချုပ်တို့ (၄) ယောက် BRIDGE သို့ တက်လာကြသည်။

ကိုရီးယားကွန်မန်ဒိုခေါင်းဆောင် စစ်ဗိုလ်က -

"ပွဲပြီးသွားပြီ။ သင်္ဘောသားတွေ လူစစ်ယံ။ အကုန်လုံး ဒီအပေါ်ကိုတက်လာခိုင်းပါ"

"နေဦး၊ တက်မခန်းထဲမှာသင်္ဘောသား (၃) ယောက်ကျန်သေးတယ်"

ကုန်းချုပ်မှ စိုးရိမ်တကြီးပြော၏။

ကွန်မန်ဒိုခေါင်းဆောင်က -

## သင်္ဘောသားတို့ စိုးရိမ်စိတ်ပြယ်

"ဓားပြတွေဝင်စီးတုန်းက ဘယ်နှယောက်လဲ"

"အားလုံး (၁၃) ယောက်"

တပ်ကြပ်ကြီးတစ်ယောက်က ဆိုမာလီအလောင်းများကို လိုက်စစ်သည်။ အလောင်းက (၈) လောင်းနှင့် သေနတ်က (၁၃) လက်၊ RPG က တစ်လက်။

"ဒါဆိုရင် ဆိုမာလီ (၅) ကောင် အောက်ကိုဆင်းပြေးသွားတာဖြစ်မယ်။ ဒီကောင်တွေကို ရှာရမယ်"

"အရင်ဆုံး တက်မခန်းထဲမှာ သင်္ဘောသား (၃) ယောက်ကို ရှာပါဦး"

ကုန်းချုပ်က ကွန်မန်ဒိုများအား ပြော၏။

"ကျွန်တော်တို့က သင်္ဘောအခန်းဖွဲ့စည်းပုံကို မသိဘူး။ ဒီတော့ လိုက်ပြမယ့်သူတစ်ယောက်တော့ လိုတယ်"

စစ်ဗိုလ်ပြောတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။

ကုန်းချုပ်သည် အားလုံးကိုကြည့်လိုက်ပြီး-

. . . . . . . . . . . . .

". . . . ထွက်ခဲ့တော့"

တံခါးဖွင့်၍ ဇော်ကြီးတို့ (၃) ဦး ထွက်လာသည်။ ထုံးစံအတိုင်း ဇော်ကြီး ဝတ်ထားသော ဘွိုင်လာဆူအောက်ပိုင်းသည် စိုနေသောအကွက်ကြီးဖြင့် သေးစော်နံနေ၏။

"သတ္တိကလည်း ကောင်းပ။ အရေးအကြောင်းဆို ကြောက်သေးက အရင်ပါပြီ။ နံစော်နေတာပဲ"

ဇော်ကြီးကိုကြည့်ပြီး ကိုရီးယား စစ်သားများက ဝိုင်းရယ်ကြသည်။ သူ တို့ (၃) ယောက်အား စစ်သား (၃) ယောက်က BRIDGE သို့ လိုက်ပို့ပေး သည်။ ပုန်းနေသော ဆိုမာလီ(၅)ကောင် အား ရှာရဦးမည်။ မကြာမီ စစ်သား(၃) ယောက် ပြန်ရောက်လာသည်။

"OLIER ဘယ်ကစ,ရှာရမလဲပြော ပါ"

တပ်ကြပ်ကြီးက မေး၏။

"အောက်ထပ် ညာဘက်ခန်းတွေ ကနေ ဘယ်ဘက်အထိ ပတ်ရှာမယ် မတွေ့မှ အပေါ်ထပ်ကို တက်မယ် အောက်ထပ်က ငါတို့အင်ဂျင်သင်္ဘော သားတွေနေတဲ့အခန်း၊ အပေါ်ထပ်က အောဘီနဲ့ အိုအက်(စ်)သင်္ဘောသားတွေ နေတာ"

"အပေါ်ထပ်တွေကကော"

"အင်ဂျင်နီယာတွေနဲ့ ကုန်းပတ် အရာရှိတွေနေတာ"

စစ်သား (၅) ယောက်သည် ဟိ ဇာအား ဝန်းရံပေးထားပြီး တပ်ကြပ်ကြီး က ရှေ့ဆုံးမှနေကာ ပထမအခန်းအား ခြေထောက်နှင့်ကန်ဖွင့်၍ လက်နှိပ်ဓာတ် မီးဖြင့် ထိုးရှာ၏။ ချေမှုန်းရေးရိုင်ဖယ်က ပစ်ခတ်ရန် အဆင်သင့်။ မတွေ့။

သင်္ဘောညာဘက်အောက်ဆုံးထပ် မှ တစ်ခန်းချင်းရှာသည်။

ဘယ်ဘက်သို့ကွေ့၍ အခန်းများ အား ဖွင့်ရှာသည်။ မတွေ့ပါ။

"ဒီကောင်တွေ အင်ဂျင်ခန်းထဲများ ပြေးဝင်လာသေးလား"

တပ်ကြပ်ကြီးက မေးသည်။

"မလာဘူး။ ငါပုန်းနေရင်းချောင်း ကြည့်နေတာ၊ တစ်ကောင်မှ ဝင်မလာ ဘူး"

"ဒါဆိုရင် အပေါ်ထပ်ကို တက် မယ်"

အပေါ်ထပ်မှာ ချက်ကြီး (ထမင်း ချက်၊ ရိုးရိုးသင်္ဘောသား၊ အောဘီသင်္ဘော သား၊ ဘိုစင်) တို့နေသောအထပ် ဖြစ် သည်။ တစ်ခန်းချင်းဝင်ရှာသောအခါ-

AB တင်မောင်ဝင်းအခန်း၌ လက် နှိပ်ဓာတ်မီးရောင်အောက်တွင်ကား ဆို မာလီဓားပြ ငမည်း (၅) ကောင်သည် ပုံ၍ဝပ်နေကြသည်။

"ထွက်၊ အကုန်ထွက်။ လက်တွေ ခေါင်းပေါ်တင်ထား။ ထွက်ပြေးလို့ မရ တော့ဘူး။ ပြေးတာနဲ့ အသေပစ် မယ်"



www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ကြီးက ကြိမ်းမောင်း၍ အနေးပြင်ဘက်ထွက်ခိုင်းသည်။ ဓားပြ (၅)ကောင် ကုပ်ချောင်းချောင်းဖြင့်ထွက်လာကြသည်။ ဓားပြများသည် သူတို့နိုင်နေတုန်းမှာ တကယ့်သူရဲကောင်းကြီးများလိုမာ သေနတ်ကြီးတကားကားဖြင့် ဟိန်းထိုက်ဟောက်လိုက်လုပ်နေကြရာမှ ခုတော့ တကယ့်သိုးငယ်လေးများပမာဖြစ်ကုန်ကြတော့သည်။

"ဒီကောင်တွေကို BRIDGE ကိုခေါ် သွားရမယ်။ သူတို့အဖွဲ့သားတွေဘာဖြစ်နေလဲဆိုတာ ပြရမယ်"

စစ်သားတစ်ယောက်က ဆိုမာလီဓားပြ (၅) ကောင်အား တစ်ကိုယ်လုံးရှာသပ်ရှာသည်။ လက်နက်နှင့်တူတာဘာမှ အပ်တိုတစ်ချောင်းမျှမတွေ့ရသောအခါ လက်မြှောက်ခေါင်းပေါ်တင်ခိုင်းပြီး အပေါ်ဆုံးထပ်သို့ မောင်းထုတ်သွားသည်၊ အပေါ်ဆုံးထပ် BRIDGE သို့ရောက်သောအခါ -

"သေသေချာချာကြည့်ထား၊ မင်းတို့အမျိုးတွေ ဘယ်လိုပုံစံဖြစ်နေသလဲဆိုတာ"

ဓားပြ (၅) ကောင်မှာ ကျည်ဆန်ဒဏ်ရာဖြင့် အတုံးအရုံးသေနေကြသောဆိုမာလီ (၈) ကောင်ကိုကြည့်ပြီး သွေးပျက်နေကြသည်။ မျက်နှာလေးတွေ ဆီးပျက်လောက်နှင့် ငိုသည့်သူက ငိုသည်။ သူတို့ကို မသတ်ရန် ပြောသည်။

"ဒီကောင်တွေကို အပြင်ထုတ်ပြီး ကြိုးတုပ်ထား၊ မလှုပ်နိုင်အောင်လုပ်"

ကွန်မန်ဒိုစစ်ဗိုလ်က အမိန့်ပေးလိုက်သောအခါ သင်္ဘောသားများက သင်္ဘောမှ အလံချည်သောကြိုးများဖြင့် တုတ်တုပ်တုပ်တော့သည်။ ဆိုမာလီ (၅) ကောင်စလုံး မလှုပ်နိုင်တော့။

စစ်ဗိုလ်က သေနတ်တစ်လက်နှင့် အသုံးဓားမြှောင်ကြီးချပေးသည်။

"မင်းတို့ထဲကလုပ်ချင်တဲ့သူထွက်။ ဒီကောင်ကို သတ်ချင်ရင်သတ်။ သေနတ်နဲ့ပစ်ပစ်၊ ဓားနဲ့ထိုးထိုး၊ လုပ်။ သေချား အေးတယ်"

မြန်မာနှင့် အင်ဒိုနီးရှားသင်္ဘောသားများ ထွက်မလာကြ။ မြန်မာများသည် ကိုယ်ခံရင်သာရှိမည်၊ ကိုယ်ကပြန်လက်စားချေဖို့ကျတော့ မလုပ်ရက်။ သည်းခံခြင်းကြီးသော ရွှေမြန်မာများပါပေတကား။ ကိုရီးယားကုန်းချုပ်က တုတ်ကြီးကောက်ချောင်းရှာလေသည်။

"ရှိမားလာမား- မင်းတို့ကြောင့် ငါ့သင်္ဘောလည်း ရစရာမရှိအောင်ပျက်စီးသွားပြီ။ တွေ့ကြသေးတာပေါ့ကွာ"

CHEIF MATE (ကုန်းချုပ်) မှာ BRIDGE မှ ကွန်ပျူတာများ၊ ရေဒါတစ်လုံး၊ ဂျိုင်ရို CONTROL ခုံပေါ်ရှိ အချို့သော ထိန်းချုပ်ကိရိယာများ သေနတ်ကျည်ဆန်မှန်၍ ရစရာမရှိအောင်ပျက်စီးနေသဖြင့် ဒေါသဖြစ်ပြီး ဆိုမာလီ (၅) ကောင်အား ခွေးကို ရိုက်သလိုရိုက်ပါတော့သည်။ သူရိုက်နေသည်ကိုကြည့်ပြီး စစ်သားများက ဝိုင်းရယ်ကြ၏။

ဘိုစင်ကဝင်ဆွဲတော့မှ အရိုက်ရပ်သည်။ ဆိုမာလီ(၅)ကောင်မှာ ဖူးရောင်ကွဲပြဲကုန်၏။ သူကြီးကို ရဟတ်ယာဉ်နှင့်တင်ခေါ် သွားပြီး ဒူဘိုင်းဆိပ်ကမ်းကိုခေါ် သွားကြ၏။ ဒူဘိုင်းမှ စစ်လေယာဉ်နှင့် ကိုရီးယားသို့ ခေါ် သွား၏။ မီးစက်ပြန်နှိုးပြီး ပင်မအင်ဂျင်ကြီးပါ နှိုးလိုက်သည်။ ဆိုမာလီဓားပြတွေရှိတုန်းက ပန်ကာအပတ်ရေနည်းနည်းမောင်းနေရာမှ အားလုံး အန္တရာယ်ကင်းရှင်းသွားပြီဖြစ်၍ သင်္ဘောအား ပုံမှန်ပြန်၍မောင်းသည်။ စစ်သင်္ဘောသည် မလှမ်းမကမ်းမှ စောင့်ရှောက်လိုက်ပါလာသည်။

ဆိုမာလီဓားပြများ သင်္ဘောပေါ်မှ ပစ်ခတ်ဖမ်းဆီးခြင်းခံရသည်ကို ရိပ်မိသော ဓားပြများ၏ မိန်းမ၊ ဆွေမျိုးများက မော်တော်ဘုတ်နှစ်စီးဖြင့် သင်္ဘောနောက်မှ လိုက်လာကြသည်။ သင်္ဘောပေါ်မှ စစ်သားများအား တွေ့သွားကြပြီးနောက် မလှမ်းမကမ်းမှာလည်း စစ်သင်္ဘောအား တွေ့သွားကြသောအခါ ပြန်လှည့်ပြေးသွားကြသည်။ စစ်သင်္ဘောက အရှိန်မြန်သဖြင့် သင်္ဘောအား ဖြတ်တက်ပြီး ရှေ့မှသွားနှင့်သည်။ သင်္ဘောပေါ်မှာလည်း ကွန်မန်ဒိုစစ်သားများရှိ၍ စိတ်ချသွားသည်။ အိုမန်ကမ်းလွန်မှာ စောင့်နေမည်ဟု မှာသွားသည်။ ဆိုမာလီ (၅) ကောင်အား ဆေးခန်းထဲမှာချုပ်ထားသည်။ အသေ (၈) ကောင်အား အသားငါးများသိုလှောင်သော အအေးခန်းထဲမှာ ထည့်ထားရသည်။

**ဂုဏ်ပြုခံသင်္ဘောသားများ**

ကိုရီးယားနိုင်ငံ ရဟတ်ယာဉ်တင်ကင်းလှည့်စစ်သင်္ဘောသည် MT.SANHO JEWELLY မှ ခွာခဲ့ပြီး တစ်ရက်ခန့်အကြာ၌ အာရေးဗီးယန်းပင်လယ်ထဲတွင် ငါးဖမ်းသင်္ဘောတစ်စီးအား တွေ့ရှိ၏။ ဤနေရာသည် မည်သည့်ငါးဖမ်းသင်္ဘောမျှ ငါးမဖမ်းသောနေရာ ဖြစ်သောကြောင့် မသင်္ကာ၍ ရပ်ခိုင်းလိုက်သည်။ ငါးဖမ်းသင်္ဘောပေါ် တက်ပြီး စစ်ဆေးသောအခါ အီရန် (၅) ကောင်အား တွေ့ရသည်။ သင်္ဘောပေါ်မှာ တီဗွီ၊ အောက်စက်၊ ရေခဲသေတ္တာတွေ၊ ကွန်ပျူတာလက်တော့များနှင့် သင်္ဘောသားအသုံးအဆောင်ပစ္စည်းများအား တွေ့ရ၏။ ဘယ်သူ့ပစ္စည်းတွေလဲ မေးတော့ ရေရေရာရာ မဖြေနိုင်ကြ။ စစ်ဆေးရင်းဖြင့် အဖြေပေါ်လာသည်။

M T S A N H O JEWELLYသင်္ဘော အား ဆိုမာလီဓားပြများတက်စဉ်က ကြုံရပါတွေ။ သူတို့ဝေစုက သင်္ဘောပေါ်ရှိ ပစ္စည်းနှင့် ငွေများ ဖြစ်သည်။ သူတို့အား ငါးဖမ်းသင်္ဘောပေါ်မှာပဲ ထားခဲ့ပြီး စစ်သားများ စစ်သင်္ဘောပေါ်သို့ပြန်တက်လာကြသည်။ စစ်သင်္ဘောအား မောင်းထွက်လာပြီး ခပ်လှမ်းလှမ်းရောက်တော့မှ အမြောက်ဖြင့် ပစ်ခတ်၍ ဖောက်ခွဲနှစ်မြှုပ်လိုက်ပါတော့သည်။

ငါးဖမ်းသင်္ဘောသည် တစ်စစီပေါက်ကွဲ မီးလောင်၍ နစ်မြုပ်သွားပါ



www.burmeseclassic.com

www.burmeseclassic.com

တော့၏။ အီရန် (၅) ကောင်လည်း မီးလောင်နေသည့် သင်္ဘောအစအနများကြားမှာ တစ်စစီဖြစ်ကုန်ကြသည်။ ပင်လယ်ပြင်မှာ ဒုက္ခပေးနေကြသည့် လူဆိုးသူခိုးတို့၏သွားရာလမ်းပေတည်း။ စစ်ဆင်ရေးပြီး၍ သင်္ဘောထွက်လာပြီး (၅) ရက်အကြာမှာ အရှင်ဖမ်းမိထားသော ဆိုမာလီဓားပြ (၅) ကောင်အား အိုမန်ကမ်းလွန်တွင် စောင့်နေသော ကိုရီးယားစစ်သင်္ဘောသို့ ခေါ်ဆောင်သွားကြပါသည်။

ကိုရီးယားကွန်မန်ဒိုတပ်ဖွဲ့ခေါင်းဆောင်စစ်ဗိုလ်က-

"မင်းတို့ သင်္ဘောသားတွေဟာ ယခုစစ်ဆင်ရေးမှာအောင်မြင်မှုရအောင် ကူညီခဲ့ကြလို့ ငါတို့ကိုရီးယားရေတပ်မတော်က ချီးကျူးဂုဏ်ပြုတဲ့အနေနဲ့ ဒီပစ္စည်းလေးတွေကို အမှတ်တရဂုဏ်ပြုလက်ဆောင်အဖြစ် လက်ခံပါ"

သင်္ဘောသားများအား စစ်ဦးထုပ်တစ်လုံးနှင့် စစ်တံဆိပ်တစ်ခုစီ လက်ဆောင်ပေးသည်။ သူတို့တွေ ရဟတ်ယာဉ်တင်ကင်းလှည့်သင်္ဘောပေါ် သို့ပြန်သွားကြသည်။

MT.SANHOJEWELLY သင်္ဘော ၏ ထိန်းချုပ်မျှော်စင် BRIDGE သည် ကျည်ဆန်ရာဗရပွဖြင့် ရစရာမရှိအောင် ပျက်စီးနေ၍ သင်္ဘောကျင်းမှာ တင်ပြီး ပြင်ဆင်ရဦးမည်။ ဒူဘိုင်းဆိပ်ကမ်းကို သွားတော့ သင်္ဘောကိုလက်မခံ။ ဆိပ်ကမ်းသို့ အကပ်မခံ။ နောက်တစ်ခါ အိုမန်ဆိပ်ကမ်းသို့ သွားပြန်တော့လည်း ဆိပ်ကမ်းအကပ်မခံ။ သို့အတွက်ကြောင့် သင်္ဘောမှာ အိုမန်နိုင်ငံနှင့် ဒူဘိုင်းနိုင်ငံကြား ခေါက်တုံ့ခေါက်ပြန်ဖြစ်နေသည်။ ဘယ်သွားရမည်မသိ။

တကယ်တော့ အာဖရိကအရှေ့ဖျား လူဆိုးလူမိုက်နိုင်ငံအား အာရှအရှေ့ဖျားနိုင်ငံတစ်ခု၏ ရေတပ်မှ တိုက်ခိုက်နှိမ်နင်းလိုက်၍ ထိုအာရှနိုင်ငံမှ သင်္ဘောအား လက်ခံလိုက်သော် အကြမ်းဖက်စစ်သွေးကြွသမားများ ကလဲ့စားချေမည်ကို စိုးရိမ်နေကြခြင်းပဲ ဖြစ်ပါသည်။ နောက်ဆုံး တောင်ကိုရီးယားမှ စစ်တပ်အရာရှိတစ်ဦး ရောက်လာပြီး ညှိနှိုင်းမှ အိုမန်နိုင်ငံ မူစကပ်ဆိပ်ကမ်းမှာအကပ်ခံသည်။ သင်္ဘောအား ဒေါက်ကျင်းတင်၍ ပျက်စီးသွားသည်များကို ပြင်ဆင်ရ၏။ သင်္ဘောသားများ စုဝေးပြီး တိုင်ပင်ကြသည်။

"ငါတို့တော့ ဒီသင်္ဘောကို ဆက်မစီး ၊ချင်တော့ဘူး။ အိမ်ပြန်ချင်ပြီ"

**အိမ်ပြန်ချင်ပြီ**

"လူတွေအများကြီး သေထားတဲ့ သင်္ဘောကို ဆက်မလုပ်ချင်တော့ဘူး"

အင်ဒိုနီးရှားသင်္ဘောသားများက သူတို့၏ဆန္ဒကို တင်ပြသည်။

"ငါတို့လည်း မင်းတို့လိုပါပဲ။ ဆက်လုပ်ဖို့ စိတ်ကုန်သွားပြီ။ အိမ်ပဲပြန်ချင်တယ်"

မြန်မာသင်္ဘောသားများ၏ ဆန္ဒဖြစ်သည်။ ကိုရီးယားတွေလည်း စိတ်ဓာတ်ကျနေကြသည်။ ဒီတော့ အားလုံး၏ သဘောတူညီမှုဖြင့် ကုမ္ပဏီအား အကြောင်းကြားလိုက်သည်။ လူစားလဲပေးဖို့ ဖြစ်သည်။

ဆိုမာလီဓားပြ အလောင်း (၈) လောင်းအား အအေးခန်းထဲမှာ ထည့်ထားရသည်။ ဒီအလောင်းများအား တိုင်ပေနိုင်ငံ ကောင်ရှန်းဆိပ်ကမ်းအထိ သယ်သွားရမည် ဖြစ်သည်။ အသေဖမ်းမိထား၍ အသေစာရင်းပြရဦးမည်။ သင်္ဘောဒေါက်ကျင်းတင်နေစဉ် ရက်ပိုင်းအတွင်း လူသစ် (၂၂) ယောက် ရောက်လာသည်။ ထုံးစံအတိုင်း ကိုရီးယား၊ မြန်မာ၊ အင်ဒိုနီးရှားသင်္ဘောသားများ ဖြစ်၏။

တကယ်တော့ ပင်လယ်သမုဒ္ဒရာပြင်ကြီးအားဖြတ်သန်း၍ ကုန်စည်သယ်ပို့နေသော သင်္ဘောကြီး၊ ငယ်များပေါ်တွင် တာဝန် ထမ်းဆောင်နေရသည်မှာ လွယ်ကူလှသည် မဟုတ်ပါ။

လှိုင်းဒဏ်၊ လေဒဏ်၊ မုန်တိုင်းဒဏ်၊ သင်္ဘောချို့ယွင်းမှု၊ သင်္ဘောမီးလောင်ပေါက်ကွဲမှု၊ ပင်လယ်ဓားပြတို့၏ ဒုက္ခပေးမှုတို့ဖြင့် ဘေးအန္တရာယ်များက တန်းစီနေကြသည်။ ဤအခက်အခဲများအား ရင်ဆိုင်ကျော်လွှားပြီး သက်စွန့်ကြိုးပမ်း အလုပ်လုပ်နေကြရသူများမှာ ပင်လယ်ကူးသင်္ဘောသား ရွှေမြန်မာများပင် ဖြစ်ပါသည်။

ဆိုမာလီဓားပြများ ဒုက္ခပေး၍ ဆိုမာလီနိုင်ငံကမ်းရိုးတန်းအနီးမှာ ကျောက်ချရပ်နားပြီး ထောင်ကျသကဲ့သို့ ခံစားရလျက် အနေဆင်းရဲ၊ အစားဆင်းရဲပြီး အနှိပ်စက်ခံခဲ့ရသည့်ကာလ လေး၊ ငါးလမှ ရှစ်လလောက်အထိ ဒုက္ခတွေ့ခဲ့သည့် မြန်မာသင်္ဘောသားတွေ ရှိခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၌ သတင်းတစ်ပုဒ်ဖတ်လိုက်ရပါ၏။ ဆိုမာလီလူမျိုးတစ်ဦးကို အမေရိကန်နိုင်ငံမှ ဖက်ဒရယ်တရားသူကြီးတစ်ယောက်က ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံစေရန် ပြစ်ဒဏ်ချမှတ်လိုက်ခြင်း ဖြစ်သည်။

ထိုဆိုမာလီလူမျိုးသည် တကယ်တော့ ဓားပြများ၏ ကိုယ်စားလှယ် ဖြစ်သည်။

မိုဟာမက်ရှီဘင်ဆိုသော ဆိုမာလီလူမျိုးသည် ဓားပြများထက် လည်ဝယ်ပါးနပ်သူ ဖြစ်သည်။ အင်တာနက်ကို ကျွမ်းကျင်စွာ အသုံးချတတ်၏။ ပြန်ပေးဆွဲခံရသည့်သင်္ဘော၊ လူများ၏ နောက်ခံကိုယ်ရေးအချက်အလက်များအား အင်တာနက်မှတစ်ဆင့် ရှာဖွေ၍ အင်တာနက်အသုံးပြုပြီး ပြန်ပေးငွေရရှိရေးအတွက် သက်ဆိုင်ရာ မိသားစု၊ ကုမ္ပဏီများနှင့် အဓိက ဆက်သွယ်ခဲ့သူ ဆရာကြီး ဖြစ်သည်။

အဆိုးဝါးဆုံးကိစ္စမှာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ အမေရိကန်နိုင်ငံသား (၄) ဦး လိုက်ပါလာသော ရွက်လှေအား ပြန်ပေးဆွဲပြီး ထို (၄) ဦးကို သတ်ဖြတ်သည့်ပြဿနာ ဖြစ်သည်။ အမေရိကန်စစ်ဘက်မှ တာဝန်ရှိသူတွေက စေ့စပ်ဆွေးနွေးဖို့ ကြိုးပမ်းခဲ့သော်လည်း ဆိုမာလီဓားပြများက သတ်ပစ်လိုက်ကြသည်။

မိုဟာမက်ရှီဘင်သည် ထိုကဲ့သို့ သတ်ပစ်ခြင်းခံရသည့် အမေရိကန်လူမျိုး (၄) ဦး၏ မိသားစုများထံမှ ပြန်ပေးငွေ ရရှိနိုင်ရန်အတွက် တောင်းဆိုခဲ့သူ ဓားပြတို့၏ကိုယ်စားလှယ်ကြဲရာပါ ဖြစ်သည်။ ဓားပြများက ဓားပြတိုက် ပြန်ပေးဆွဲ သာသိသည်၊ ပြန်ပေးငွေမည်သို့တောင်းရသည်၊ ဘယ်ရွှေ့ဘယ်မျှတောင်းရမည်ကို နားမလည်ပါ။

ရှီဘင်ကဲ့သို့ လူလည်တွေက ဝင်ရောက် ဆောင်ရွက်ပေးပြီး ပွဲခေါ်ထ ငါးသောင်း၊ တစ်သိန်း အစရှိသည်ဖြင့် ယူ၍ လူလည်လုပ်နေခြင်း ဖြစ်သည်။

သင်္ဘောသားတွေကတော့ ထိုသို့သောအပြစ်ရှိသူအား လျှပ်စစ်ကုလားထိုင်ပေါ်မှာ သေဒဏ်အပြစ်ပေးသည်ကို မြင်တွေ့လိုကြသည်။

ယခုအချိန်မှာတော့ အေဒင်ပင်လယ်ကွေ့မှ ဆိုမာလီဓားပြတို့၏ အန္တရာယ်သည် လျော့ပါးသွားပြီ ဖြစ်တော့သတည်း။

ၥ



www.burmeseclassic.com

www.burmeseclassic.com

# ဆရာစန္ဒြအမှတ်တရ

## တင်အောင်(စက်မှုတက္ကသိုလ်)

၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်။

ကျွန်တော်သည် မင်္ဂလာဒုံရှိ တောတိုက်ရိပ်သာတွင် တရားရိပ်သာ ဝင်နေသည်။ ထိုစဉ် ဆရာစန္ဒြ တစ်ဖြစ်လဲ ဆရာတော် ဦးစန္ဒိမာကို ဖူးတွေ့ရသည်။ ဆရာတော် အဘယ်ကြောင့် ဘုရားသားတော်လုပ်ရသနည်းဆိုသည့် အချက်သည် စိတ်ဝင်စားဖွယ်ကောင်းသည်။ ဆရာတော်သည် ထိုအချိန်၌ ဝါတော်(၉)ဝါရနေပေပြီ။ ဆရာတော်၏ အဖေ၊ အဘိုး၊ အဘွားများရှိစဉ်က မိဘများသည် စာပေနယ်မှပုဂ္ဂိုလ်များဖြစ်၍ အိမ်တွင်စာအုပ်များစွာရှိသည်။ စာအုပ်များထဲတွင် ဇိနတ္ထပကာသနီ မည်သော ဗုဒ္ဓဝင်စာအုပ်ကို ဖတ်ခဲ့ရသည်။ ထို့ကြောင့် ဘုရားကိုအလွန်ကြည်ညိုသည်။

"ငါ နေမကောင်းတာမဟုတ်ဘူး၊ နေကောင်းတယ်။ ငါကသေတော့မှာ"

ဆရာစန္ဒြ ရုတ်တရက် လန့်သွားသည်။

"ရောဂါရှိရင် ဆေးရှိပါတယ်။ မသေနိုင်ပါဘူး။ အခုမှ အသက်ငယ်ငယ်လေးရှိပါသေးတယ်"

ဟု အားပေးစကားပြောရသည်။

ထိုအခါ သူက -

"နင်ဘာသိလို့တုံး၊ ငါ မကြာဘူးသေမှာ။ ငါ့ကို မိဘများက တစ်ဦးတည်းသောသမီးဆိုပြီး အလွန်ချစ်ကြတယ်။ သူတို့အသက် (၇၀)ကျော်ကြပြီ။ သူတို့သေသွားရင် ဒီသမီးလေးကို စိတ်ချရအောင်ဆိုပြီး သူတို့သဘောတူတဲ့ လူကြီးတစ်ယောက်နဲ့ အတင်းလက်ထပ်ပေးခဲ့တယ်"

ယောကျ်ားမှာ အသက်ကြီးသော်လည်း အလွန်သဘောကောင်းသည်။ ရိုးသားသည်။ စီးပွားရေးလည်းကောင်းသည်။ ဆိုင်ကနားနှင့် ပြည့်စုံသူတစ်ယောက်ဖြစ်သည်။ သို့ရာတွင် ထိုအမျိုးသမီးက အိမ်ထောင်ပြုချင်သော စိတ်မရှိ။ ဗုဒ္ဓဘာသာဖြစ်၍ အမြဲတမ်း ပုတီးစိပ်နေသည်။ စိတ်နှလုံးထိခိုက်ပြီးနောက် မစားချင်မသောက်ချင်မနေချင်ဖြစ်လာသည်။ မစားမသောက်သောအခါ နှလုံးအားနည်းလာသည်။ နောက်နှစ်လမျှကြာသောအခါ ထိုအမျိုးသမီးသည် နှလုံးခုန်ရပ်၍ သေသွားရှာသည်။ အစသော် ဆရာစန္ဒြသည် မယုံကြည်ခဲ့ချေ။ စိတ်ညစ်လို့ သေတာ လောကကြီး၌ မရှိဟု ထင်ခဲ့သည်။ နောက်မှ စိတ်ဓာတ်ဆိုသည်မှာ အလွန်အရေးကြီးကြောင်း သိလာသည်။ စိတ်မချမ်းသာလျှင် သူဌေးလည်း သေနိုင်သည်၊ ရှင်ဘုရင်လည်း သေနိုင်သည်ဟု နားလည်လာရပေသည်။



တာတွင် မိဿလဂ်ရာသီ သခင်ဂြိုဟ် အင်္ဂါသည် ၂-တန့် ပြိဿရာသီတွင် ရှိသည်။ ၉-တန့် အိမ်ရှင်လည်းဖြစ်၊ ဘာသာရေးဂြိုဟ်ဖြစ်သော ၉-တန့်အိမ်ရှင် ကြာသပတေးသည် လဂ်အိမ်ရှင် အင်္ဂါဂြိုဟ်ကို သမသတ်မြင်နေသည်။ ထို့ကြောင့် ငယ်စဉ်မှစ၍ ဘုရား၊ တရားကို အလွန်ကြည်ညိုသည်။ မိဘ၊ ဆရာသမားတို့ကို ရိုသေစွာ နာထောင်သည်။ ဘုရားများ၊ ရဟန္တာများ မိုးကောင်းကင်ကြွလာသည်ကို မကြာခဏ အိပ်မက်မြင်မက်သည်။ ထို့ကြောင့် ပို၍ ကြည်ညိုလာသည်။ တတ်နိုင်သမျှ သီလကို လုံခြုံအောင်ဆောက်တည်သည်။ သက်သတ်လွတ် မကြာခဏစားသည်။ ငယ်စဉ်ကပင် ခြေလေးချောင်းသား မစားချေ။

ဆရာစန္ဒြ ရန်ကုန်ရောက်စက ကျောင်းရှိ နှစ်ခန်းတွဲတိုက်တွင်ငှား၍ နေသည်။ ၎င်းတွင် ဆန်းကြယ်သော အဖြစ်တစ်ခုကြုံခဲ့ရသည်။ တစ်ဖက်ခြမ်းမှ အသက် (၃၀) ခန့်ရှိသော အမျိုးသမီးသည် မည်သည့်အချိန်ကြည့်ကြည့် အိမ်ခန်းတွင်ထိုင်၍မှိုင်နေသည်။ စိပ်ပုတီးကိုင်ထားသည်။ ၎င်းကဲ့သို့မြင်ပါများသောအခါ ဆရာစန္ဒြက ကူညီချင်စိတ်ဖြင့် -

"အစ်မကြီးနေမကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

ဆရာစန္ဒြ၏ဆောင်ပုဒ်မှာ ဘုရားဟောသည့်အတိုင်း 'တရားစောင့်သောသူကို တရားက ပြန်စောင့်သည်'ပင် ဖြစ်သည်။ ရှစ်တန်းမှစ၍ ဥပုသ်နေ့တိုင်း စောင့်သည်။ ဆရာသမားများပြောသည့်အတိုင်း ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်သည်။ ဤကဲ့သို့ 'သူတော်ကောင်းတရားပွားများလျှင် တရားကိုစောင့်က တရားက ပြန်၍စောင့်မည်' ဆိုသည့်အတိုင်း ဆရာစန္ဒြမှာ လက်တွေ့အကျိုးရခဲ့သည်။ လက္ခဏာဆရာဖြစ်လာသောအခါတွင် အလွန်အောင်မြင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၃၇ ခုနှစ်က ဖြစ်သည်။ တက္ကသိုလ်မှ ဘီအေ အောင်မြင်ပြီးသော ကိုနု ဆိုသူက သူဘီအေအောင်၍ ပေးအပ်ထားသော အောင်လက်မှတ်ကို သည်ဘီအေပညာမှာ ဘာမှသုံးမရ။ ကျွန်ပညာဖြစ်သည်ဆိုပြီး တက္ကသိုလ်ကျောင်းအုပ်ကြီးထံပြန်၍ ပေးအပ်လိုက်ကြောင်း သတင်းစာတွင် ပါခဲ့သည်ဟု အဖေဦးရန်အောင် ပြောပြဖူးသည်။ ထိုခေတ်က တက္ကသိုလ်က ဘွဲ့ရမှ မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင်ဖြစ်နိုင်သဖြင့် လူတိုင်း အထင်ကြီးသည်။ ထိုခေတ်က 'ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည်တို့စာ၊ ဗမာစကားသည် တို့စကား၊ သခင်မျိုးဟေ့ တို့ဗမာ၊ အရေးတော်ပုံအောင်ရမည်' ဟု မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော ကျောင်းသားလူငယ်တစ်စု၏ တို့ဗမာအစည်းအရုံးခေါ် သခင်အသင်းကို လူတိုင်းအားကျသည်။

ဆရာစန္ဒြသည် (၁၀)တန်းအောင်လျှင် ကျောင်းထွက်ပြီးသောအခါ မန္တလေးတွင် သခင်ထိပ်တင်ကိုယ်တော်ကြီးနှင့်အတူ တို့ဗမာအစည်းအရုံး ဒုတိယညီလာခံ မြင်းခြံမြို့တွင် ကျင်းပသောအခါ သခင်ဖြစ်လာပြီး ထိပ်တင်ကိုယ်တော်ကြီးနှင့်အတူ မန္တလေးမှ ကိုယ်စားလှယ်နှစ်ယောက်အဖြစ် တက်ရောက်ခဲ့သည်။ ဂျပန်ခေတ် ရောက်သောအခါ ဗမာအစိုးရအဖွဲ့ဖွဲ့ရာတွင် သခင်လေးမောင်က သယ်ယူပို့ဆောင်ရေးဝန်ကြီးဖြစ်ရာ ဆရာစန္ဒြ (သခင်စန်းမောင်) က သယ်ယူပို့ဆောင်ရေးအရာရှိ ဖြစ်လာသည်။

ထိုစဉ်က အင်းလျားကန် ကေဘင်ကျွန်းတွင် သင်တန်းနှစ်လတက်ရသည်။ ထိုအခါက သခင်နုမှာ နိုင်ငံခြားရေးဝန်ကြီးဖြစ်၍ သူ၏တိုက်နှင့်နီးနီးပင် ဖြစ်သည်။ သင်တန်းအတူတူတက်ရသော မြို့မကျောင်းမှ ဆရာတင့်သည် သခင်နုကို အလွန်ခင်မင်သူဖြစ်သဖြင့် သခင်နုရှေ့ရေးသိရအောင်ဆိုပြီး လက္ခဏာဝါသနာပါသူ ဆရာစန္ဒြကို ခေါ်သွားသည်။ ထိုအချိန်က သခင်နုသည် စာရေးဆရာဖြစ်သည်။ ဘုရား၊ တရားကြည်ညို၍ ငါးပါးသီလမြဲသည်။ နိုင်ငံခြားရေးဝန်ကြီး ဖြစ်သည်။ ယခင်က အင်္ဂလိပ်အစိုးရမှ ဖမ်းဆီးထောင်ချခဲ့သည်။ စာရေးဆရာဖြစ်တာ ဘယ်လက္ခဏာ၊ ဝန်ကြီးဖြစ်တာ ဘယ်လက္ခဏာ၊ အဖမ်းခံရတာ ဘယ်လက္ခဏာကြောင့်ဟု လက္ခဏာကြည့်၍ ဟောသလို အဖြစ်အပျက်ကိုသိလျှင်လည်း ဘယ်လက္ခဏာကြောင့် ဘာဖြစ်သည်ကို အပြန်အလှန် သိနိုင်သည်။

သခင်နု၏ လက္ခဏာပုံလမ်းကြောင်းများ စက္ကူတစ်ရွက်တွင် ဆရာစန္ဒြ အစုံအလင်ဆွဲပြီး ယူသွားသည်။ သခင်နုထံရောက်တော့ ဆရာတင့်က မိတ်ဆက်ပေးပြီး လက္ခဏာကောင်းကောင်းဓာတ်ကြောင်း ပြောပြသည်။ သခင်နုသည် သူ့လက္ခဏာနှင့် ဆွဲခဲ့သောလက်ဝါးပုံလက္ခဏာလမ်းကြောင်းများကို ကြည့်ပြီး တူလှသဖြင့် အလွန်အံ့ဩသွားသည်။ လွတ်လပ်ရေးရပြီးသောအခါ သခင်နု ဝန်ကြီးချုပ်ဖြစ်လာသည်။ သခင်စန်းမောင်က ဆရာစန္ဒြဖြစ်လာသည်။

မြို့မဆရာတင့်က သခင်နုထံခေါ်သွားပြန်သည်။ ထိုစဉ်က တစ်နိုင်ငံလုံး၌ သောင်းကျန်းသူများဆူပူထကြွနေသည်။ သို့ရာတွင် သခင်နု၏လက္ခဏာကောင်းနေသည်။ ထို့ကြောင့် စိုးရိမ်စရာ မရှိ။ သောင်းကျန်းသူတို့ကို နိုင်မည်ဟု ပြောခဲ့သည်။ ၎င်းနောက် ၁၉၄၉ ခုနှစ် မေလ ၂၆ ရက်ထုတ် အင်္ဂလိပ်သတင်းစာ နယူးတိုင်းအော့ဖ်ဘားမားတွင် တိုင်းပြည်ကောင်းပြီး သောင်းကျန်းသူရန်ရှင်းသွားမည်ကို အင်္ဂလိပ်ဗေဒင်နည်းဖြင့် စုံလင်စွာ တွက်ခဲ့သည့်အတိုင်း အေးငြိမ်းသွားသည်။ ဦးနုထံမှ သတင်းစာတွင် တင်ကြိုဟောသည့်အတိုင်း မှန်ကန်ကြောင်း ထောက်ခံစာရေး၍ ချီးမြှင့်လေသည်။ ကျေးဇူးရှင်တစ်ဦးအနေဖြင့် ဆရာစန္ဒြက နေ့စဉ် မေတ္တာပို့ဆုတောင်းပေးသည်။

၁၉၈၁ ခုနှစ်၊ စက်တင်ဘာလနေ့တစ်နေ့ -

ဆရာစန္ဒြသည် အသက် (၄၀) ရှိလူငယ်တစ်ယောက်၏ လက္ခဏာကို ကြည့်နေသည်။ ထိုလူငယ်သည် နာရီပိုင်းအတွင်း ကားတိုက်မှုဖြင့် သေကိန်းပျောက်ကိန်းရှိနေ၏။ ဆရာစန္ဒြသည် ဗေဒင်၊ လက္ခဏာဟောတိုင်းယတြာ[...] လေ့မရှိပေ။ ထိုလူငယ်အား သေဘေး[...] လွတ်စေရန် ယတြာပေးလိုက်သည်။ [...] လူငယ်စီးလာသောကားကို ဆရာ[...] အိမ်တွင် ခေတ္တထားခဲ့စေပြီး ရွှေတိ[...] ဘုရားသို့ လမ်းလျှောက်သွားစေ[...] ယတြာလုပ်ခိုင်းသည်။ ထိုလူငယ်သ[...] ဆရာစန္ဒြအိမ်မှ ထွက်သွားပြီးကတည်း[...] ပေါ်မလာတော့ပေ။

ဆရာစန္ဒြသည် တမျှော်မျှော်[...] စောင့်နေရှာသည်။ (၇) ရက်ပြည့်သော[...] နေ့တွင် ထိုလူငယ်၏ညီအစ်ကိုမောင်[...] များသည် ဆရာစန္ဒြထံ ရောက်လာ[...] သည်။

ရောက်လာရခြင်း၏အကြောင်း[...] ဆရာစန္ဒြထံ လက္ခဏာလာမေးသူသ[...] ရွှေတိဂုံဘုရားသို့သို့အသွား မြေနီကု[...] တပင်ရွှေထီးရုပ်ရှင်ရုံအနီးအရှေ့ ပလ[...] ဖောင်းပေါ်တွင် မော်တော်ကားတစ်[...] ဖြင့် တိုက်မိကာ ကွယ်လွန်သွားရှာ[...] သည်။ ထိုလူငယ်စီးလာသောကား[...] လိုက်ရှာရာမှ ဆရာစန္ဒြထံ ရောက်[...] ကြခြင်း ဖြစ်သည်။ ထိုနေ့သည် ထို[...] ငယ် ကွယ်လွန်သည့် (၇)ရက် ရက်လ[...] နေ့ ဖြစ်လေသည်။

ဆရာစန္ဒြသည် ထိုသတင်းကြ[...] ပြီးနောက် တရားအလွန်ရသွားသ[...] ဆရာစန္ဒြသည် (၁၅) နှစ်သားမ[...] သူတစ်ပါးအသက်မသတ်ပါဟု အဓိဋ္ဌာ[...] ပြုရင်း သက်သတ်လွတ်စားခဲ့သ[...] အသက် (၆၀) ကျော်လျှင် ရဟန်း[...] မည်ဟု အဓိဋ္ဌာန်ပြုခဲ့သည်။ သို့ရာ[...] သားသမီးများမှာ ငယ်သေးသ[...] အောင့်အည်းနေခဲ့သည်။ လူ့ဘဝတ[...] တစ်နေ့မှ ပျော်ပိုက်သည်မရှိ။ ယခုအ[...] သူတို့အတွက်လည်း စိတ်ချရပြီဖြစ်သော[...] ကြောင့် ရဟန်းပြုတော့မည်။ ရဟန်း[...] သောအခါ မည်သူမျှအတွေ့မခံဘဲ[...] ရန် ဆုံးဖြတ်ထားသည်။ ထို့ကြော[...] အမှတ် (၃၀၆)၊ ပြည်လမ်းရှိတိုက်ကြီး[...] အမြန်ရောင်းပြီး ရဟန်းပြုခဲ့လေသ[...]

ဆရာစန္ဒြကို ၁၂၇၃ခု၊ တ[...] လဆန်း ၄ ရက်၊ အင်္ဂါနေ့၊ နံနက် [...] နာရီခွဲ (၂၀-၂-၁၉၁၂) တွင် ဝါ[...] ကုန်သည် ဦးခ၊ ဒေါ်ခတို့မှ မလှိုင်မြို့[...] မွေးဖွားသည်။ ငယ်နာမည်မှာ စံ[...] ဖြစ်သည်။ ဖေဖော်ဝါရီလ ၂၀ ရက်[...] တွင်မွေးသောကြောင့် (၂) ဂဏန်းသ[...] ဖြစ်သည်။ ထို့ကြောင့် အဖေနာ[...] အမေနာမည်နှစ်ခုတူနေခြင်း ဖြစ်[...] အဖေ ဦးရန်အောင်၏ မွေးသ[...]ရာ[...]



www.burmeseclassic.com

www.burmeseclassic.com

၂၇-၁၂-၁၉၀၄၊ အားလုံးပေါင်းလျှင် ၉+၃+၁၄=၂၆ = ၈ ဖြစ်သည်။ ဆရာစန္ဒြမှာ ၂၀-၂-၁၉၁၂၊ အားလုံးပေါင်းလျှင် ၂+၂+၁၃=၁၇=၈ ဖြစ်သည်။ ရှစ်ဂဏန်းရသောသူများသည် ပညာဖြင့်ထင်ပေါ်ကျော်ကြားကြသည်။ ဆရာမင်းသိခ်၏ မွေးသက္ကရာဇ်မှာလည်း ၂၅-၆-၁၉၃၉၊ ၇+၆+၂၂=၃၅ = ၈ ဖြစ်လေ၏။

ဆရာရှစ်နှစ်သားတွင် ဖခင်သည် ပလိပ်ရောဂါဖြင့် ဆုံးသွားသည်။ အဖေဆုံးပြီးနောက် အမေသည် ရွာများသို့ ဆန်များကို အကြွေးလိုက်ရောင်းသည်။ အများအားဖြင့် ကြွေးတွေဆုံးသည်။

ထို့ကြောင့် အမေက -

"ငါ့သားကြီးရင် ဘယ်တော့မှ ငွေမချေးနဲ့။ အကြွေးမပေးနဲ့။ ရိုးသားသူနည်းတယ် မှတ်ထား"

ဟု ပြောသည်။

ဆရာ ကြီးလာသောအခါ အမေ့စကားကို နားမထောင်ဘဲ သူတစ်ပါးကို ငွေချေးသဖြင့် များစွာဆုံးရှုံးခဲ့ရသည်။

ဆရာသည် ငယ်စဉ်က မကြာခဏ ကိုရင်ဝတ်သည်။ မလှိုင်မြို့မှ (၆)ဖာလုံဝေးသော ဇီးပင်ကန်ကျောင်းတွင် ကိုရင်ဝတ်စဉ် ကိုးနှစ်သားကပင် ဗေဒင်ပညာကို ဆရာတော်က သင်ပေး၏။ ခြောက်တန်းကို မလှိုင်မြို့မှ အောင်ပြီး ဆယ်တန်းကို မန္တလေးမြို့မှဘီတီအမ်ကျောင်းမှ အောင်သည်။

ဆရာ အောင်သောနှစ်တွင်ပင် နေရှင်နယ်ကျောင်းမှ ဒေါ်အုန်း အောင်သည်။ ဒေါ်အုန်းသည် အမ်အေတန်းထိ အောင်ပြီးလျှင် 'အမ်အေ - ဒေါ်အုန်း' အမည်နှင့် စာပေများရေးကာ မန္တလေးတက္ကသိုလ်တွင် ပါမောက္ခဖြစ်လာသည်။ ဆယ်တန်းအောင်ပြီး အင်းဝရှိ နေရှင်နယ်အလယ်တန်းကျောင်းတွင် ဆရာလုပ်သည်။ ဆရာသည် ရှစ်တန်းမှစဉ် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်သည်။ ဂုဏ်တော်ကိုးပါးကို နေ့စဉ် ပုတီးစိပ်သည်။ ၁၉၃၈ ခုတွင် ဆရာ ရန်ကုန်သို့ ရောက်သည်။ အဖေ ဦးရန်အောင်အိမ်တွင် တည်းသည်။ ကုလား-ဗမာရိုက်ပွဲ ဖြစ်သည်။ အဖေ၏ 'အညာသားကလေး' ဝတ္ထုထွက်လာသည်။ ဆရာသည် လက္ခဏာစာအုပ်များကို အမြဲလေ့လာသည်။ ဆရာသည် ပန်းချီဆွဲဝါသနာ၏။ ပန်းချီပညာကို မန္တလေး၌ မြန်မာပြည်တွင် ထိပ်တန်းပန်းချီဆရာ ဦးဘသက်ထံတွင် သင်ခဲ့သည်။ ဦးဘသက်သည် အဖေနှင့် ညီအစ်ကို ဝမ်းကွဲတော်သည်။ ၁၉၄၈ ခုနှစ်တွင် မန္တလေးမြို့၌ ပန်းချီကျောင်းဖွင့်သောအခါ ကျောင်းအုပ်ကြီး ဖြစ်လာသည်။ သမ္မတအိမ်တော်တွင် ထားသည့် တန်ဖိုးကြီးလှသော ဆီဆေးပန်းချီကားများမှာ ဦးဘသက်၏ လက်ရာများသာ ဖြစ်သည်။ ဆရာသည် ဝန်ထမ်းလုပ်နေစဉ် ဆရာ၏ မိတ်ဆွေများက အိမ်သို့လာ၍ လက္ခဏာမေးကြသည်။ ဆရာ၏ မိဘဆွေမျိုးရိုးသည် လက္ခဏာဆရာ မဟုတ်သဖြင့် အလွန်ရှက်သည်။ သို့ရာတွင် ဆရာသည် စွန့်စား၍ မလုပ်ရဲ။ စဉ်းစားနေရသည်။ ၁၉၄၉ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ လိုင်စင်ခေတ်ဖြစ်၍ လူတွေငွေပေါနေသည်။

ဆရာသည် ၁၉၅၂ ခု၊ ဇန်နဝါရီ ၈ ရက်မှ စက်တင်ဘာလကုန်အထိ အိန္ဒိယပြည်တွင် ဗေဒင်၊ လက္ခဏာ ပညာသင်ရန် သွားခဲ့သည်။ ဆရာသည် ဗေဒင်၊ လက္ခဏာဆရာ မဖြစ်မီကပင် အိန္ဒိယပြည် ဗန်ဂလိုမြို့မှထုတ်ဝေသော ဗေဒင်မဂ္ဂဇင်းကို လစဉ်ဖတ်ရှုသည်။ ဆရာသည် ဗန်ဂလိုတွင်ရှိနေစဉ် နဒီဗေဒင်၏ အံ့ဩဖွယ်ရာများကို တွေ့ခဲ့ရသည်။ ဆရာသည် ပရော်ဖက်ဆာ ဆီဝါရမ် (ကမ္ဘာကျော် ဗေဒင်ဆရာ) ထံမှလည်း ဗေဒင်ပညာ သင်ယူခဲ့သည်။ ဆရာသည် လက္ခဏာဆရာဖြစ်သောအခါ သူ၏နာမည် ကြွေရည်သုတ် ဆိုင်းဘုတ်ကို မဒရပ်တွင် လုပ်ခဲ့သည်။ အနံ(၃)ပေ၊ အရှည်(၆)ပေ ဖြစ်သည်။ အင်္ဂလိပ်စာဖြင့်တစ်ဖက်၊ မြန်မာစာဖြင့်တစ်ဖက် အပြာရောင် အောက်ခံတွင် စာလုံးများကို အဖြူရောင်ရေးထားသဖြင့် အလွန်ထင်ပေါ်သည်။

ဆရာသည် ၁၉၅၃ ခုနှစ်၌ မြဘုရားရှိရာ ဘန်ကောက်မြို့သို့ ခရီးထွက်ခဲ့၏။ မြဆင်းတုတော်မှာ အလွန်ကောင်းလှသော ကျောက်စိမ်းတုံးကြီးကို ထုလုပ်ထားသော ကျောက်စိမ်းဆင်းတုတော် ဖြစ်သည်။ ဘန် - ဝါးတဲ၊ ကောက် - ကိုးလုံး၊ ဝါးတဲကိုးလုံးဖြင့် စတည်ခဲ့သောမြို့ဖြစ်၍ 'ဘန်ကောက်'ဟု ခေါ်ခြင်းဖြစ်လေသည်။



ဆရာစန္ဒြသည် ၁၉၆၃ ခုနှစ်၌ အဖေ စာပုံနှိပ်တိုက်ဖွင့်ထားရာ အမှတ် (၂၄၁)၊ အရှေ့ရွှေဂုံတိုင်လမ်းအိမ်သို့ ရောက်လာသည်။

ဆရာစန္ဒြက ပုံနှိပ်တိုက်ကိုကြည့်ပြီး -

"ဆရာ၊ ပုံနှိပ်တိုက်အဆောက်အအုံက အစောင့်အရှောက်ရှိတယ်၊ သူတို့နေစရာတစ်ခုပေးပါ"

အဖေက -

"ဘာလုပ်ပေးရမှာလဲ"

"အိပ်စရာ ခုတင်လေးနဲ့ သီးသန့်နေရာလေးလုပ်ပေးပါ"

အဖေသည် ဆရာစန္ဒြပြောသည့်အတိုင်း လုပ်ပေးထားရသည်။ ထိုသို့မလုပ်မီက ပုံနှိပ်တိုက်ရှိ ဝန်ထမ်းများ မကြာခဏရန်ဖြစ်ခြင်း၊ ဝန်ထမ်းများ အရက်သောက်လာလျှင် ခြေကျိုးလက်ကျိုးချော်လဲခြင်းများဖြစ်တတ်လေသည်။ ဆရာစန္ဒြသည် အဖေထံတွင်ရှိသော မဟိန္ဒရာသူတော်စင်ရုပ်တုကြီးကို ကြည့်ပြီး -

"ဒီရုပ်တုက ရုပ်ရှင်တော်ပဲ၊ မျက်လုံးတော်က အရှင်ပဲ။ ဒီရုပ်တုက ဆရာအသက်(၈၀)ကျော်ရင် အကြီးအကျယ်မ,စသွားလိမ့်မယ်"

ဆရာစန္ဒြ ပြောသည့်အတိုင်း မှန်ကန်သွားလေသည်။

ဆရာစန္ဒြအနီးတွင် ကျွန်တော်ရှိစဉ် ဆရာ၏ကျင့်စဉ်များကို သိခဲ့ရလေသည်။ ဆရာသည် ငယ်စဉ်ကပင် အသက်ရှည်စေလိုသဖြင့် ကောင်းသည်ဆိုသောဆေးနည်းများ၊ အကျင့်များကို ရှာဖွေစုဆောင်းခဲ့သည်။ ဆရာ့ထံတွင် ဗုဒ္ဓအာယုဝဍ္ဍနကျမ်းရှိသည်။ နှစ်ပေါင်းတစ်ရာနီးပါးရှိ၍ စာရွက်ကလေးများပင် ရိနေသည်။ အလွယ်ဆုံးဆေးနည်းမှာ ရိုးရိုးနနွင်း ငါးဆယ်သား၊ နနွင်းခါး ငါးဆယ်သားရော၍ အမှုန့်ပြုပါ။ လောက်စာလုံးသေးသေးခန့် အလုံးလေးတွေလုပ်၍ ခြောက်အောင် နေလှန်းပါ။ ယင်းဆေးလုံးများကို နံနက်တိုင်း တစ်လုံးစား၍ ရေသောက်ပါ။ ထို့ပြင် ပျားရည်ကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း အတူတူသောက်ပါ။ ဆောင်းရာသီတွင် ရေနွေးနှင့်သောက်နိုင်သည်။ (၉၆) ပါး ရောဂါပျောက်သည်ဟု ဆရာပြောခဲ့သည်။ ဆရာသည် ထိုဆေးသောက်ခဲ့သည်။

ကမ္ဘာ့သမိုင်းတွင် လုပ်ငန်းတစ်ခုဖြင့် ကမ္ဘာကျော် အောင်မြင်သည့်ပုဂ္ဂိုလ်များအနက် ဆရာကြီးကိုင်ရှဲသည် လက္ခဏာပညာဖြင့် ကမ္ဘာကျော်ခဲ့သည်။ ဆရာကြီးကိုင်ရို၏စာအုပ်များကို ဖတ်ရှုလေ့လာတတ်မြောက်သော ဆရာသည် ဆရာကြီးကိုင်ရိုအား မိဘသဖွယ် အနန္တကျေးဇူးရှင်အဖြစ် အိမ်ခေါင်းရင်းတွင် ဆရာကြီးကိုင်ရို၏ ဓာတ်ပုံကြီးကို ချိတ်ဆွဲထားပြီး ညစဉ် ကန်တော့၍ အိပ်လေသည်။

ဆရာစန္ဒြ ပြောခဲ့သည်မှာ -

'ဤကမ္ဘာကြီးတွင် ဣဿာ၊ မစ္ဆရိယနှစ်ပါး ရှိနေသမျှ ဘယ်တော့မှ ငြိမ်းချမ်းမှု၊ သာယာမှုမရနိုင်'

ဣဿ - မနာလိုစိတ်၊ မစ္ဆရိယ-ဝန်တိုစိတ်။ ကမ္ဘာကြီးဆူပွက်နေသည်မှာ ဤတရားနှစ်ပါးကြောင့် ဖြစ်သည်။ အမြဲတမ်း ကမ္ဘာကြီးတစ်မနေရာတွင် စစ်ပွဲတွေရှိနေသည်။ ရှေးပေါက်ကဘာသာရေးကို ဘာသာဝင်တိုင်း လေးစားသည်။ သူတော်ကောင်းတွေများသည်။ ယခုခေတ်တွင် ဘာသာရေးဘေးချိတ်ထားသည်။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ 'ငါရလျှင်ပြီးရော၊ မည်သူသေသေ ငတေမာပြီးရော' လူတွေ ၂ားနေ၏။ လူ့ဘဝ ဆိုသည်မှာ စီးပွားရေးစစ်ပွဲအမြဲနွှဲရသည်ဆိုသည်မှာ မှန်လှသည်။ လောကကြီးမှာ မှန်တာလုပ်၍မရ။ မီးစင်ကြည့်က,ရသည်။ ဆရာသည် ဟိုလူရှိခိုးရ၊ ဒီလူရှိခိုးရသောအလုပ်မျိုး အလွန်မုန်းသည်။ ထို့ကြောင့် ဆရာသည် အစိုးရအလုပ်ကို ကြာရှည်မလုပ်ဘဲ ဗေဒင်လက္ခဏာဆရာဖြစ်လာရသည်။

လူ့ဘဝတွင် တင်ကြိမ် မိမိကိုယ်ကို သတ်သေချင်စိတ်ဖြစ်တတ်သည်။ ဆရာသည် နမ္မတူမြို့တွင် အလုပ်အဆင်မပြေ၍ ငယ်စဉ်က သတ်သေချင်စိတ်ဖြစ်ခဲ့သည်။

ဆရာသည် မန္တလေးမြို့မှ ရတနာပုံမောင်စု သီချင်းဆို၍ တယောထိုးသော ရည်းလေးခိုဓာတ်ပြားကို အလွန်နှစ်သက်သည်။ တူရိယာထဲတွင် တယောကို အကြိုက်ဆုံးဖြစ်၏။ တူရိယာသံသည် နှလုံးကို အေးစေသည်။ စိတ်ကို ကြည်နူးစေသည်။ ဆရာ့အိမ်ရှိ မှန်ဗီရိုထဲတွင် တယောက်တစ်လက်ကို တွေ့ရသည်။

ဆရာသည် လက္ခဏာဆရာလုပ်စဉ် သတင်းစာများတွင် ငလျင်လှုပ်သည့်အကြောင်း၊ ကမ္ဘာစစ်ကြီးပြီးမည့်အကြောင်းမှစ၍ ဟောပြောမည်။ အသတ်ခံရမည်၊ ကားမှောက်မည်၊ လင်မယားကွဲမည်။ မြေကိုက်မည် စသည်ဖြင့် အတိအကျဟောပေးခဲ့သည်။ တစ်ကြိမ်တွင် လက္ခဏာလာမေးသူ အမေရိကန်အမျိုးသမီး ခြောက်ဆယ်ခန့်ကို လက္ခဏာဗေဒင်အကြောင်း၊ ဗုဒ္ဓဘာသာအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ဟောပေးရသည်။ တစ်ခါဟောလျှင် တစ်ရာရပြီး (၃) ကြိမ်ဟောခဲ့ရသည်။

ဆရာသည် ရန်ကုန်ရောက်သော ၁၉၄၈ ခုနှစ်မှစ၍ နံနက်(၃)နာရီ အိပ်ရာမှထသည်။ တရားထိုင်ခြင်း၊ ပရိတ်တော်တို့ ရွတ်ဖတ်ခြင်းဖြင့် တစ်နာရီခွဲကြာလမ်းလျှောက်ပြီးလျှင် အရုဏ်ဆွမ်းချက်ပြီး ဆွမ်းတော်တင်လေ့ရှိသည်။ ဆွမ်းတော်ကို သကြားဖြင့်ကပ်သည်။ သကြားဖြင့်တင်လျှင် သောကပျောက်ခြင်း၊ ကံကကောင်းခြင်းတို့ကို ဖြစ်သေသည်။ လိမ္မော်သီးကြီးများနှင့် ဆွမ်းဟော်တင်သည်။ လိမ္မော်သီးသည် လာဘ်ပွင့်စေသည်။ ရေတော်များကို ကြေးခွက်များဖြင့်ကပ်သည်။ ရေတော်များကို တစ်နာရီတစ်ကြိမ်လဲပေးသည်။

ဆရာသည် ဆရာကြီးပီမိုးနင်း၏ တိုးတက်ရေး၊ ကြီးပွားရေးစာအုပ်များကို ဖတ်ရှုလိုက်နာသူဖြစ်သည်။ ဆရာပီမိုးနင်း၏ စာအုပ်တွင် သင်သည် သူတစ်ပါးထက် ကြီးပွားချင်လျှင် မြန်မာလူမျိုးချင်း မပြိုင်ပါနှင့်။ အင်္ဂလိပ်၊ အမေရိကန်လူမျိုးများထက်သာအောင် လုပ်မည်ဆိုပြီး ပြိုင်ကြည့်ပါ။ မြန်မာလူမျိုးထက် အသာလေးကျော်လွန်အောင် မြင်လိမ့်မည်။ ဆရာသည် နက္ခတ်ဗေဒင်ကို ငယ်စဉ်ကပင် ဝါသနာပါသဖြင့် နက္ခတ်တွေအားလုံးကို ကောင်းကင်၌ ကြည့်ရှုလေ့လာသည်။ ဆရာသည် အလွန်အသန့်ကြိုက်သဖြင့် မိမိသောက်သောရေအိုးကို ကိုယ်တိုင်ဆေးကြော၍ ထည့်သည်။ ဆရာသည် ကျန်းမာရေးနှင့် ညီညွတ်စေရန် ခေါင်းအုံးမပါဘဲ စောင်ပါးတစ်ခုကို ခေါက်ပြီး အိပ်လေ့ရှိသည်။ ဆရာသည် နံနက်ပိုင်း မြေကြီးပေါ်တွင် လမ်းလျှောက်ရာ၌ ဖိနပ်စီးလေ့မရှိပေ။ နံနက်တွင် လက်ဖက်ရည်နှင့် ကော်ဖီ ဆတူရောကာ ဆားအနည်းငယ် (ရွှေစေ့ခန့်) ထည့်၍ သောက်လေ့ရှိသည်။ (၆) နာရီထိုးသည်နှင့် သူ၏ အလုပ်ခန်းကိုသန့်နေအောင်ရှင်းသည်။ အမွှေးရည်များဖျန်းသည်။ ဆရာ၏လက္ခဏာတွင် ဆရာကြီးကိုင်ရှိုင်ကဲ့သို့ ဂမ္ဘီရကြက်ခြေနှစ်ခုပါသည်။ ဆရာသည် ဗေဒင်ဟောရာတွင် ပြည်မြို့ နာမည်ကျော် ဗေဒင်ဆရာကြီး မေဓာဝီ ဦးစံညွန့်ရေးသော 'ဝိသုဒ္ဓာရီဒသာဟောနည်းကျမ်း' ကို လက်စွဲပြုသည်။ ဆရာ၏ ဘာသာရေးဆရာများမှာ ဇီးပင်ကြီးဆရာတော် ဦးပညာ၊ ပြည်မြို့ဆရာတော် ဦးဝိဇ္ဇာဗလ (ရွှေဗျိုင်းနားဆရာတော်)၊ မြင်းခြံမြို့ စွန်းလွန်းဆရာတော်နှင့် ကျောက်ဆည်မြို့ ဝေဘူဆရာတော်တို့ ဖြစ်ကြသည်။

ဆရာစန္ဒြ၏ အမိကကျင့်စဉ်မှာ လိုရာပြည့်စေဂါထာတော်ကို ညတိုင်းငါးပါးသီလယူ၍ ရေတစ်ခွက်၊ ဖယောင်းတိုင်တစ်တိုင် မီးပူဇော်ပြီး (၃၇) ကြိမ်ဖြစ်စေ၊ (၁၀၈) ကြိမ်ဖြစ်စေ မိမိစေတနာရှိသလောက် အသက်ကြီးလျှင် သက်စေ့ဖြစ်စေ ပုတီးစိပ်၍ ဆုတောင်းက အံ့ဩလောက်အောင်ပြည့်စုံသည်။ တောင့်တလိုက်တိုင်း အသေးအဖွဲ့ဆိုလျှင် ချက်ချင်း ပြည့်စုံသည်။ ဘုရားကို အလွန်ယုံကြည်လျှင်ယုံကြည်သလောက် အကျိုးပေးသည်။

ယင်းဂါထာတော်မှာ -

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော ဘာတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရန္တု သင်္ကပ္ပာ။ ။

တင်အောင်(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာမင်းများလက်ထက်က လယ်ထွန်မင်္ဂလာ

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

လူတို့တွင် ဝတ်မှု၊ နေမှု ဟူသော ကိစ္စနှစ်ရပ်မှာ အရေးအကြီးဆုံးဖြစ်သည်။ အထူးသဖြင့် စားမှုက ပို၍အရေးကြီးပေသည်။ လူ့လောကတွင် အရေးအကြီးဆုံးသောအရေးဖြစ်သဖြင့် ကျမ်းဂန်များတွင် အာဟာရ ပရိယေသန မူလကဒုက္ခဟူ၍ ဖော်ပြပါရှိသည်။ ဆိုလိုသည်မှာ စားသောက် အာဟာရရှာဖွေခြင်းသည် အရေးအကြီးဆုံးသော အခြေခံဒုက္ခဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။

လူမျိုး ဟူသည် မည်သည့်လူမျိုးဆို ထုံးတမ်းအစဉ်အလာကို နှစ်သက်ကြသည်။ လိုက်နာလိုကြသည်။ ခေတ်အမျိုးမျိုး မည်သို့ပင်ပြောင်းလဲစေကာမူ ထုံးတမ်းစဉ်လာကို မပစ်ပယ်လိုကြပေ။ ထုံးတမ်းစဉ်လာကို ပစ်ပယ်လျှင် နိုင်ငံ စနောင့်စနင်းဖြစ်တတ်သည်။ အရှိအသေပျက်တတ်သည်။ ထို့ကြောင့် စကားပုံများတွင် 'ထုံးဟောင်းကိုလည်း မပစ်နှင့်၊ ထုံးသစ်ကိုလည်း မထွင်နှင့်' ဟူသော ပေါရာဏစကားရှိသည်။

ရှေးမင်းတို့ ကျင့်ဆောင်သောတရားတို့တွင် အပရိဟာနိယတရားခုနစ်ပါးလည်း ပါဝင်သည်။ အပရိဟာနိယတရားဟူသည် နိုင်ငံတိုးတက်စည်ပင်ရာသောတရားများဖြစ်၍ မြန်မာလူမျိုးတို့ ရာဇဝင်တစ်လျှောက်လုံး ဘုရင်ကစပြီး ဆင်းရဲသားအထိ လိုက်နာခဲ့ကြသော ရှေးအစဉ်အလာများ ဖြစ်ကြသည်။

လယ်ထွန်ပွဲကို ပိဋကတ်ကျမ်းများတွင် ဝပ္ပမင်္ဂလာ ဟူ၍လာရှိသည်။ မြန်မာတို့က လယ်ထွန်မင်္ဂလာ ဟူသောစကားလုံးသုံးနှုန်းခဲ့ကြသည်။ လယ်ထွန်မင်္ဂလာကို မဇ္ဈိမဒေသဝင် သာကီဝင်မင်းမျိုးတို့ မပျက်မကွက်လုပ်လေ့ရှိသည်။ မြန်မာမင်းတို့သည် သာကီဝင်မင်းမျိုးမှ ဆင်းသက်လာသည်ဟု ခံယူကြသဖြင့် အစဉ်အလာမပျက် မင်းအဆက်ဆက် ကျင်းပခဲ့သည်မှာ သီပေါမင်း နန်းကျ





www.burmeseclassic.com

www.burmeseclassic.com

သည်အထိ ပွဲမပျက်ခဲ့ဟု သိရှိရသည်။

**လယ်ထွန်မင်္ဂလာ ကျင်းပရသည့် ရည်ရွယ်ချက်**

မြန်မာမင်းတို့သည် စားသောက်မှု အာဟာရရှာဖွေခြင်းသည် အရေးအကြီး ဆုံးအခြေခံလည်း ဖြစ်သည်ကို သဘော ပေါက် နားလည်သဖြင့် အာဟာရဖြစ် အောင် လုပ်ဆောင်ရာတွင် ဆင်းရဲသား တို့နှင့်အတူတကွ မိမိလည်းလယ်သို့ဆင်း ၍ထွန်မည် ဟူသော ရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ အားပေးထိုက်သော ကိစ္စကို ဂုဏ်ရှိအောင် အားပေးခြင်းအား ဖြင့်လည်းကောင်း မိမိကိုယ်တိုင်က ကြီး မှူးဆောင်ရွက်၍ ညီညာဖြဖြ လေးစား လိုက်နာကြမည်ကို ရည်မျှော်၍ လည်း ကောင်း၊ ကိုယ်တိုင် လယ်ထွန်ခြင်း၊ နန်း တွင်းသူများကို ရွှံ့ညွန်သို့ဆင်း၍ကောက် စိုက်စေလိုသော ရည်ရွယ်ချက်များဖြင့် လယ်ထွန်မင်္ဂလာသဘင်ကို ဆင်ယင် ကျင်းပခဲ့ခြင်း ဖြစ်သည်။

လယ်ထွန်မင်္ဂလာကို မင်္ဂလာ သဘင်တစ်ခု ပြုလုပ်၍ တိုင်းသူပြည် သားတို့အား စိတ်ပါဝင်စားစေလျက် ကောင်းသောကုန်သွယ်ခြင်း၊ လယ်လုပ် ခြင်း ဟူသော သမ္မာအာဇီဝမှုကို ပြီး မြောက်စေသည်။ မြန်မာမင်းတို့သည် မိမိလယ်ထွန်သကဲ့သို့ တိုင်းသူပြည်သား တို့အားလည်း လယ်ထွန်ကြရမည် ဟူ၍ အမိန့်တော်ထုတ်ပြန်တော်မူသည်။

**လယ်ယာလုပ်ငန်းခွင်အတွက်ပြင်ဆင်ပုံ**

လယ်ထွန်မင်္ဂလာပွဲကို ဇေဋ္ဌနက္ခတ် နှင့် စန်းယှဉ်သော နယုန်လပြည့်နေ့ကို သတ်မှတ်၍ ကျင်းပရပါသည်။ သို့ဖြစ်၍ လယ်ထွန်သီချင်းကို -

'မိုးယံမှာ လေကြယ်ဇေဋ္ဌ၊ သိတ ကူတာရိန်၊ နှင်းနန်းနယ်ချိန်၊ ထိန်ထိန် ရံဝန်း စသည်နှင့်လေး'

ဟူ၍စပ်ဆိုထားသည်။

မိုးဦးကျစ လယ်များလုပ်ချိန်နှင့် ကိုက်ညီသော နက္ခတ်များကို ရွေးချယ် သတ်မှတ်ထားခြင်း ဖြစ်သည်။ ကောက် ပဲသီးနှံကို စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ကြမ္မာဘတ် ဟူးရားဖျို ဟူးရာညို၊ သမား ဖျို သမားညိုတို့က လာမည့်နှစ်တစ်နှစ် လုံးဟာ လပေါင်းများစွာကပင် တင်ကြို တွက်ချက်ထားရသည်။ ယင်းသို့ တွက် ချက်ရာတွင် ဥတုရာသီမည်သို့ဖြစ်မည်၊ ကောက်ပဲသီးနှံ မည်သို့ဖြစ်မည်။ ကိန်း ခန်းအလျောက် မြေသြဇာများမည်သို့ ဖြစ်မည်။ ပျိုးကြရန် ချိန်ခါ၊ ကောက်ပဲ စိုက်ချိန်ခါ၊ ရက်ငင်သင့်, မငင်သင့်၊ လ ထပ်သင့်,မထပ်သင့် စသော အကြောင်း အရာများကို ပညာရှိတို့ အစုံအညီ ညှိ နှိုင်း တွက်ချက် သဘောတူ အတည်ဖြစ် စေသည်။ ထို့နောက် သာသနာပိုင် ကြီး မှူးသော သာသနာပြုအဖွဲ့သို့ တင်ပြပြီး လျှင် သာသနာပိုင်အဖွဲ့က ထပ်မံအတည် ပြု သဘောတူညီမှုယူရသည်။ ပြီးလျှင် မင်းဧကရာဇ်ထံ တင်သွင်းရသည်။

အကယ်၍ ပညာရှိများ ဝိဝါဒ ကွဲပြားမှုရှိခဲ့လျှင် သာသနာပိုင်က ဆုံး ဖြတ်ရသည်။ မင်းဧကရာဇ်ထံ ရောက်ရှိ ပြီးနောက် လွှတ်တော်က ရွက်ဆောင် ရန်ရှိသည်များကို ဆက်လက် ဆောင် ရွက်ရသည်။ ရဟန်းသံဃာတို့နှင့်တကွ တစ်နိုင်ငံလုံးရှိ တိုင်းသူပြည်သား၊ လယ် သမားတို့ကလည်း အသေအချာ စောင့် မျှော် နားထောင်ကြပြီးနောက် ပညာရှိ တို့ တွက်ချက် ထုတ်ပြန်လိုက်သည့် အတိုင်း ယုံယုံကြည်ကြည် လိုက်နာကြရ သည်။ ယင်းစာတမ်းကို နောင်အခါ သင်္ကြန်စာဟူ၍ ခေါ်ဆိုခြင်း ဖြစ်သည်။

**လယ်ထွန်မင်္ဂလာကျင်းပပုံ**

ဘုရင်မင်းမြတ်သည် နိုင်ငံတော် ၏ လယ်သမားကြီးတစ်ဦးအဖြစ် ခံယူ ရပါသည်။ အမှန်တကယ်လည်း ရွှံ့ညွန် များထဲသို့ဆင်း၍ လယ်ထွန်ရပါသည်။ နန်းတွင်းသူများသည် လယ်ထဲသို့ဆင်း ၍ကောက်စိုက်ကြရသည်။ မင်းဧကရာဇ် လယ်ထွန်ရာတွင် ပုဆိုးကို ခါးတောင်း ကျိုက်၍ စစ်ဝတ်တန်ဆာဝတ်ဆင်ပြီး လျှင် ရွှေနှင်တံကိုကိုင်၍ ကိုယ်တိုင်ထွန် ရပါသည်။ မိုးပြင်းထန်စွာ ရွာသွန်းနေ ပါသော်လည်း ပွဲသဘင်ကို မပျက်ဘဲ ဆောင်ရွက်ရသည်။ တောင်သူလယ် သမားများဆောင်းသော ခမောက်ကို ဆောင်းရသည်။

မန္တလေးမြို့အရှေ့ဘက် အောင် ပင်လယ်ကန်ရိုးကြီးအနီး သရက်ကုန်းရွာ နှင့် ကန်ကော်ရွာအကြားရှိ လယ်ပြင် ကြီးမှာ လယ်ထွန်မင်္ဂလာကျင်းပရာဌာန ဖြစ်သည်ဟု သိရှိရသည်။ လယ်ထွန် မင်္ဂလာပြုလုပ်မည့်ကွင်းပြင်ရှိ လယ်များ ကို ရှေးဦးစွာသန့်ရှင်းအောင် ပြုပြင်ထား ရသည်။ မင်းဧကရာဇ် လယ်ထွန်မည့် လယ်တော်ကြီးကို ခြောက်သွေ့ကောင်း မွန်စေရသည်။ လယ်ထွန်မင်္ဂလာရက် မတိုင်မီ တောရွာများ ပျော်ရွှင်စေရန် စင်တော်ကြီး စသော ရုပ်သေးပွဲများနှင့် အရပ်ရပ် အတီးအကများ ကျင်းပနေရ သည်။ယာယီနန်းတော်ကိုလည်းဆောက် လုပ်ရသည်။ ထွန်းမည့် လက်ကွက်ကြီး ကို ခားထမ်းထားသော ရဲမက်တော်များ ဒူးတုပ်၍ ပတ်လည်တပ်ချထားသည်။ ယင်းနောက် လုံကိုင်သူရဲတော်များ အထပ်ထပ်ချထားသည်။ ထပ်မံ၍အပြင် ယင်းအပြင်မှ ဆင်တပ်ကို ချထားသည်။

ရှင်ဘုရင်၏နောက်မှ လယ်ထွန် ကြရမည့် အိမ်ရှေ့မင်း၊ အိမ်ရှေ့မင်း နောက်မှ လွှတ်တော်ဓမ္မရာဇာခံ မင်း သားကြီးများ၊ ယင်းနောက်မှ မင်းသား လတ်များ၊ မင်းသားလတ်များနောက်မှ မြင်းမှူးမင်းသားများ၊ ၎င်းနောက်မှ မှူး တော်မတ်တော်များ၊ ၎င်းနောက်မှ သူဌေးသူကြွယ်ကြီးများ၊ ၎င်းနောက်မှ လမိုင်းဆိုင်ရာလယ်သမားကြီးများ အစဉ် သင့်ရှိရသည်။

ဘုရင်သည် ရှေ့မြောက်တပ် နောက်မြောက်တပ်ခင်း၍ စစ်ဝတ်တန် ဆာများကို ဝတ်စားကြရသည်။ လယ် ထွန်ပွဲတော်အတွက် တီးမှုတ်ရန် ဆိုင်း တော်များ ခင်းကျင်းထားသည်။ လယ် တော်နှင့် ကွာလှမ်းသော အထောက်အ ထားသင့်သော နေရာများတွင် ဆင်၊ မြင်း စသော ရဲမက်တော်များချထားရသည်။ ယာယီနန်းတော်သို့ မင်း၊ မိဖုရားများ ရောက်ရှိလာသောအခါ လယ်ပြင်တွင် ရှေ့ဆုံးက တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူ သော နွားလားဥသဘကြီးများကို ရွှေ ထွန်တုံးများနှင့် ပြင်ဆင်ထားသော ရွှေ ထွန်ကြီးနှင့်တကွ အားသွန်ဗလသန်စွမ်း သော မှူးမတ်များက နွား၏ နဖားကို ကိုင်ထားသည်။

ဘုရင်သည် ရွှံ့ထဲသို့ဆင်း၍ ရွှေ ထွန်ပေါ်သို့တက်တော်မူသည်။ အိမ်ရှေ့ မင်းနှင့်တကွ မင်းသားများမှာ ငွေထွန် မှူးတော်မတ်တော်များမှာ သံထွန် သူဌေးသူကြွယ်နှင့် လယ်သမားများမှာ ပကတိ သစ်သားထွန်များပေါ်သို့ တက် ကြရသည်။ ဆိုင်းတော်များမှ လယ်ထွန် မင်္ဂလာသီချင်းကို သာယာစွာ တီးမှုတ် ကြရသည်။ စည်တော်များကလည်း ဆော်ရှမ်းကြရသည်။ အဆိုတော်များက သီဆိုကြရသည်။ မင်းဧကရာဇ်နှင့်တကွ လယ်ထွန်ပွဲဘွင် ပါဝင်သူများသည် ထွန် ရေးထွန်က မှန်အောင် လှည့်ပတ် ထွန် ယက်ကြရသည်။ လယ်ပြင်ကြီးတစ်ခုလုံး တွင် တောရွာများက ရောက်ရှိလာကြ သော တောင်သူလယ်သမားယောက်ျား မိန်းမများ၊ ကလေးသူငယ်များ မရေ များပန်းခပ်မျှစည်ကားလျက်ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေထီးများမှ ရွှေရောင်တို့သည် နေရောင်အောက်တွင် တလျှပ်လျှပ်တောက်နေသည်။ သဘင်အတီးအကများကလည်း ပတ်ဝန်းကျင်အနှံ့အပြားတွင် တီးမှုတ်ကပြလျက်ရှိသည်။

မင်းခမ်းမင်းနား အဝတ်တန်ဆာဆင်တို့ဖြင့် လည်းကောင်း၊ ဝေါတော်ယာဉ်များ၊ ထမ်းစင်များ၊ ရွှေထီးများမှ ရွှေရောင်တို့ဖြင့် လည်းကောင်း ပြိုးပြိုးပြက်ပြက်တောက်ပ၍ ကျက်သရေကိုဆောင်စေသည်။ ရဲမက်တော် ဗိုလ်မင်းအမင်း စီးနင်းစောင့်ကြပ်လျက်ရှိသော ဆင်မြင်းတို့၏အဆင်တန်ဆာ၊ တပ်မတော်မှ သဘင်တန်ဆာတို့၏ အရောင်အဝါများသည် လယ်ပြင်ကြီးတစ်ခုလုံးကို လွှမ်းဖုံးလျက် တိုင်းသူပြည်သားတို့ကို ပျော်ရွှင်စေသည်။ အားတက်စေသည်။ လယ်ထွန်နေသော ရှင်ဘုရင်၊ အိမ်ရှေ့မင်း၊ မင်းသားများကို ထီးတော်ဆောင်များက ရှံ့ထဲလိုက်၍ ဘုရင်အတွက် ထီးဖြူ၊ အိမ်ရှေ့မင်းနှင့် မင်းသားများအတွက် ရွှေထီးများကိုမိုး၍ လိုက်ကြရသည်။

**ညောင်ရမ်းမင်းတရားလက်ထက် လယ်ထွန်မင်္ဂလာမှတ်သားချက်**

ညောင်ရမ်းမင်းတရားကြီး လက်ထက်တွင် ဝန်ကြီး နေမျိုးမဟာဓမ္မသည် လယ်ထွန်မင်္ဂလာကိစ္စတို့နှင့် စပ်လျဉ်း၍ သံတော်ဦးတင်ခဲ့သည်။ ယင်းသံတော်ဦးတင်ချက်တွင် လယ်ယာကိုင်းကျွန်းလုပ်ငန်းများကို မင်းအစိုးရတို့ မည်မျှအခွင့်အရေးပေးပုံ၊ ကောက်စပါးအမျိုးမျိုးတို့၏ ခွဲတမ်းဝေါဟာရများ၊ ကောက်ပဲသီးနှံစိုက်ပျိုးပုံစနစ်၊ တိုင်းသူပြည်သားလယ်လုပ်သားတို့၏ အခြေအနေများ ပါဝင်နေသည်ကို မှတ်သားရသည်။

ညောင်ရမ်းမင်းတရားလက်ထက် သက္ကရာဇ် ၉၆၉ ခု၊ (ခရစ်နှစ် ၁၆၀၇) တွင် မင်းတရားကြီးက သေနာပတိနေမျိုးဓမ္မအား စည်ကြီးတီး၍ အမိန့်တော်ပြန်ရခြင်း၊ မောင်းကြီးတီးစေသည့် အကြောင်းအရာ၊ စီးဆင်တွင်ရဲကတင်၍ အမိန့်တော်ပြန်ရသည့် အကြောင်းရင်းကို မေးမြန်းတော်မူရာ သေနာပတိနေမျိုးမဟာဓမ္မက ပြန်လည် လျှောက်တင်ရသည်။ ယင်းပြန်လည်လျှောက်တင်ချက်တွင် လယ်ယာနှင့် ပတ်သက်သော အကြောင်းအရာများ ပါဝင်နေသည်ကို တွေ့ရှိရသည်။ ယင်းတင်လွှာတွင် ဝါဆိုလဆန်း (၅) ရက်နေ့သည် မဟာဗောဓိမဏ္ဍိုင်က မိဂဒါဝုန်သို့ သုံးလှူထွက်ထား အစိန္တေယျ လောကဆရာ ပထမဝါကပ် ကြွတော်မူသော ရက်ကိုအစွဲပြုကြောင်း၊ နယုန်၊ ဝါဆိုလသည် မိုးဦး, ဝါခေါင်၊ တော်သလင်းသည် မိုးလယ်, သီတင်းကျွတ်၊ တန်ဆောင်မုန်းလကို မိုးနှောင်းဟု ဆိုကြောင်း နယုန်လပြည့်နေ့သည် ဘုရားလောင်း သိဒ္ဓတ်ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြုရန် လယ်တော်သို့ ထွက်စံကြောင်း၊ ဝါဆိုလဆန်း (၅) ရက်နေ့ကစ၍ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ ရှစ်လတိုင်တိုင် စပါးမျိုးကြဲ၊ ကောက်စိုက်ရေသွင်း၊ ရေထုတ်၊ မြေသွေ့၊ စပါးမှည့်၍ ကောက်ရိတ်ချိန်၊ ကျီသို့သွင်းချိန် ဖြစ်သောကြောင့် ကျီစပါးဝင်ပြီးမှ တရားမှု၊ စကားမှုထိုထို, တိုင်းနေပြည်သားထိုထို, အခေါ်အချအမှုထိုထို ဆောင်ရွက်ရသည်ကို ရည်ရွယ်၍ စည်ကြီးတီးရကြောင်း ပါရှိသည်။

ဆိုလိုသည်မှာ ဝါဆိုလမှ တပို့တွဲလတိုင် ရှစ်လတိတိမှာ လယ်သမားတို့ လယ်ယာလုပ်ငန်းခွင်သို့ ဝင်ကြရသဖြင့် အလုပ်ရှုပ်၍ ထိုကာလအတွင်း ရုံးတော်က လယ်သမားတို့ကို အဆင့်အခေါ် မပြုလုပ်ရဟု မိန့်တော်ပြန်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ညောင်ရမ်းမင်းသည် လယ်ယာလုပ်ငန်းကို အားပေးသော မင်းတစ်ပါး ဖြစ်သည်ဟု ဆိုနိုင်သည်။

*(ဆက်လက်ဖော်ပြမည်)*

ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး**


၁။ ဦးမောင်မောင်တင်၊ 'ရွှေနန်းသုံးဝေါဟာရအဘိဓာန်'၊ ရန်ကုန်၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၇၅။

၂။ ရွှေပြည်ဦးဘတင်စာစု


စုစန္ဒာအောင်(ကျောက်ပုံ)

# ထုံးကြက်တက်ရည် အစွမ်းထက်သည်

ထိကရုန်းပင်သည် ရေထိကရုန်းနှင့် ကုန်းထိကရုန်း ဟူ၍ နှစ်မျိုးရှိပါသည်။ စာရေးသူတို့အရပ်ဒေသတွင် ပေါက်ရောက်သောထိကရုန်းသည် ကုန်းထိကရုန်း အမျိုးအစားဖြစ်ပါသည်။ ထိကရုန်းပင်သည် မြေပြင်၌ တွားသွားပေါက်တတ်သော ဆူးပါရှိသည့် ဆေးဖက်ဝင်အပင် တစ်မျိုး ဖြစ်ပါသည်။ ကျေးလက်ဒေသနေ တောင်သူလယ်သမားများသည် ထိကရုန်းပင်များနှင့် ရှောင်ကွင်း၍မရပေ။

အကြောင်းမှာ ယာထဲကိုင်းထဲမှာ အလုပ်လုပ်ကိုင်ရင်း ထိုအပင်များနှင့်ထိခိုက်မိတတ်သောကြောင့် ဖြစ်ပါသည်။ ၎င်းအပင်များနှင့် ထိခိုက်မိလျှင်လည်း ဆူးများက ခြေထောက်နှင့် လက်တို့မှာ စူးဝင်မှာ မလွဲပေ။

အခြားသောဆူးများ လူတို့၏ခန္ဓာကိုယ်ထဲသို့ စူးဝင်လျှင်တော့ အလွယ်တကူထွင်လို့ ရနိုင်ပေမယ့် ထိကရုန်းဆူး စူးဝင်လျှင်တော့ အလွယ်တကူ ထွင်လို့ မရနိုင်ပါ။ ပြီးတော့ ၎င်းဆူးများသည် အဆိပ်ရှိသောကြောင့် ယားပြီး တချို့ဆိုလျှင် ယားလို့ကုတ်မိရာမှတစ်ဆင့် ပြည်တည်နာများ ဖြစ်လာသည်အထိ ဝေဒနာခံစားရတတ်ပါသည်။

သို့ကြောင့် ထိကရုန်းဆူးစူးဝင်ခဲ့လျှင် အလွယ်တကူထွက်သွားစေရန်နှင့် အဆိပ်ပြေစေရန်နည်းတို့ကို တင်ပြပါမည်။

နည်းမှာ -

ဖောက်ထုံးကို ထုံးကြက်တက်ရည် ပြုလုပ်ပါ။ ထို့နောက် ထိကရုန်းဆူးစူးဝင်သွားသောနေရာများကို ထူထူသုတ်လိမ်းထားလိုက်ပါ။ နှစ်ကြိမ်၊ သုံးကြိမ်မျှ သုတ်လိမ်းပေးခြင်းဖြင့် ဆူးထွက်သွားပြီး ဆူးအဆိပ်များလည်း ပြေပျောက်သွားပါလိမ့်မည်။

ထိကရုန်းဆူးစူးလျှင်ထွက်သွားစေရန်နှင့် အဆိပ်ပြေသွားစေရန် ပြောပြသူ တောင်သူကြီးဦးအောင်မျိုးအား ကျေးဇူးတင်ရှိပါသည်။

စုစန္ဒာအောင် (ကျောက်ပုံ)



www.burmeseclassic.com

www.burmeseclassic.com

"ကိုဘိုကြီး၊ ကျွန်တော်နဲ့ ခရီးဖော် လိုက်ခဲ့ဗျာ"

"ဘယ်ခရီးစဉ်လဲ ကိုစိန်မြ"

"ဘောနီ၊ ရွှေညောင်ပင်၊ ကုက္ကိုင်း၊ ပွဲတမော့"

"ပဲခူးရိုးမတောင်ခြေကရွာတွေပဲ။ ဘယ်နှရက်ကြာမှာလဲ"

"သုံး၊ လေးရက်လောက်ပါ"

ကိုစိန်မြက ဒိုက်ဦးစားသောက် ကုန်စက်ရုံများစီမံကိန်းရဲ့ ဆောက်လုပ်ရေး(၁၄)ကို အုတ်၊ သဲ၊ ကျောက်ကန်ထရိုက်သွင်းတဲ့ လုပ်ငန်းရှင်တစ်ယောက်ပါ။ သူကုန်ကြမ်းထုတ်လုပ်ရာ လုပ်ကွက်တွေဆီ ခရီးဖော် ဒါမှမဟုတ် သူ့လုံခြုံရေးအတွက် အဓိကထားခြင်းပဲ ဖြစ်ပါတယ်။ မောင်ဘိုကြီး မရောက်ဘူးတဲ့ အရပ်ဒေသလည်းဖြစ်လို့ အလွယ်တကူပဲ ခေါင်းညိတ်လိုက်ပါတယ်။

ဆောင်းလယ်ကာလဖြစ်လို့ ရိတ်သိမ်းပြီးလယ်ကွင်းတွေကိုဖြတ်၊ ကန်သင်းတွေကို ကျော်ခွပြီး ဖြတ်လမ်းအတိုင်း သွားရတာကြောင့် ခရီးတိုပေမယ့် နေပူဒဏ်ကြောင့် ပင်ပန်းလှပါတယ်။

မိုးတွင်းဆိုရင်တော့ ကျေးရွာချင်းဆက်လမ်းတွေ တစ်ဆင့်သွားရတာကြောင့် ခရီးတာ ဝေးကွာပေမယ့် ပင်ပန်းမှုမရှိကြောင်း ကိုစိန်မြ ပြောပြလို့ သိရပါတယ်။

ကိုစိန်မြခရီးစဉ်ရဲ့အဓိကရည်ရွယ်ချက်ကတော့ သူကန်ထရိုက်ပေးသွင်းရတဲ့ အုတ်၊ သဲ၊ ကျောက်တွေကို ဆောက်လုပ်ရေးက ဆိုင်းငံ့ထားတာဟာ နှစ်နဲ့ချီပြီး ကြာမြင့်လာလို့ အရင်းတွေမြုပ်၊ ပစ္စည်းတွေ ထားသိုစရာမရှိအောင် တောင်လိုပုံနေတဲ့အတွက် လုပ်ကွက်တွေကို ကိုယ်တိုင်ဆင်းပြီး ကုန်ကြမ်းတွေ ဆက်မပို့သေးဘဲ ယာယီရပ်ဆိုင်းထားဖို့ပဲ ဖြစ်ပါတယ်။

ကိုစိန်မြရဲ့ကုန်ကြမ်းလုပ်ကွက်တွေဟာ ပြန့်ကျဲနေလို့ ကျင်းသားတွေ ရွာမှာမတွေ့ရင် လုပ်ကွက်ရှိရာ လျှိုမြောင်ချောင်အတွင်းပိုင်းကျကျဝင်ပြီး သွားရောက် တွေ့ဆုံရတာလည်း ရှိပါတယ်။

ဘောနီမှာတစ်ညအိပ်ပြီး နောက်တစ်နေ့ခရီးစဉ်မှာတော့ ရွှေညောင်ပင်ရွာအနောက်ဘက် ခပ်လှမ်းလှမ်းတောင်ခြေလုပ်ကွက်တစ်နေရာမှာ ခြံဝင်းခတ်ပြီး သေသေသပ်သပ် ဆောက်လုပ်ထားတဲ့တဲအိမ်လေးမှာ အမောပြေ အနားယူခိုက် တဲရှင်ကို မြင်တွေ့ရတဲ့အခါမှာ မောင်ဘိုကြီးရဲ့ အဖော်လိုက်ပါတဲ့ ခရီးစဉ်ဟာ တန်ဖိုးရှိတဲ့ခရီးစဉ်အဖြစ် သတ်မှတ်လိုက်ပါတယ်။

"ခင်ဗျား ဘိုကြီး မဟုတ်လား"

မောင်ဘိုကြီးက -

"ဟုတ်ကဲ့"

လို့ဖြေပြီး အတန်ကြာ ဘယ်သူဘယ်ဝါပုံဖော်နေပါတယ်။ မမှတ်မိလို့ပါ။

"ဟေ့ကောင်၊ ငါသန်းကျော်လေကွာ"

သန်းကျော်ဆိုမှ ငယ်ရုပ်ပြန်ဖမ်းမိပြီး အတင်းပွေ့ဖက် နှုတ်ဆက်လိုက်ပါတယ်။ ဟုတ်ပါတယ်။ တစ်လမ်းတည်းမျက်နှာချင်းဆိုင်အိမ်က ပခုံးဖက်ပေါင်းသင်းလာတဲ့ အချစ်ဆုံးငယ်သူငယ်ချင်းပါ။ မောင်ဘိုကြီး တပ်ထဲဝင်သွားသလို သန်းကျော်လည်း အိမ်ထောင်ကျပြီး ရွှေညောင်ပင်ရွာကိုပြောင်းသွားတာကြောင့် အဆက်အသွယ်ပြတ်ပြီး နှစ်အစိတ်လောက်ကြာမှ မထင်မှတ်တဲ့ နေရာမမျှော်လင့်တဲ့အချိန် ပြန်တွေ့ရခြင်း

# ရှစ်ခွင်ကျော်-ဖောင်တော်သီ

## ထိုက်သူစံ ဒိုက်သူခံကျောက်







www.burmeseclassic.com

င်လို့ ဝမ်းသာအားရဖြစ်ရပါတယ်။

သူငယ်ချင်း သန်းကျော်ဟာ မီး ေးလုပ်ငန်း၊ ကြက်၊ ဘဲ၊ ဝက်တစ်နိုင် ေမွေးမြူရေးအပြင် ကျောက်စရစ်ခဲနဲ့ သဲ ငန်းလုပ်ငန်းပါ တွဲထားလို့ အထင်ကြီး ေမယ့် ပိန်လှီမွဲခြောက်တဲ့ အသားအ ေ သွေးနွမ်းပြီး အရွယ်ကျတဲ့ မျက်နှာ ကြောင့် စီးပွားရေးကျဆင်းနေတယ်လို့ န်းမိပါတယ်။

ကြုံတောင့်ကြုံခဲ ပြန်လည်ဆုံတွေ့ င်းလည်းဖြစ်၊ စီးပွားရေးလုပ်ငန်းတွေ ပ်စရာရှိကြောင်းလည်းပြောပြကာ အရေးကြီးပစ္စည်းတစ်ခုလည်းပြစရာရှိ ယ် ဆိုတာကြောင့် နောက်တစ်နေ့မှာ နံမြန်နဲ့ဆုံတွေ့မယ့်နေရာကို ချိန်းပြီး ငယ်ချင်း သန်းကျော်တဲမှာ တစ်ည ဖြစ်ပါတယ်။

သူငယ်ချင်းသန်းကျော် နှုတ်ထွက် ဆိုခြင်းမရှိသေးပေမယ့် လူပျို က်သားနှစ်ယောက်လုံး အိမ်မှုကိစ္စ ပ်တွေ အောက်ခြေသိမ်း လုပ်ကိုင် း အိမ်သူသက်ထား မမြင်မတွေ့ရ နေတာလား၊ သေလွန်သွားတာ း ပဟေဠိဖြစ်လို့နေပါတယ်။

တောထဲတောင်ထဲဆိုပေမယ့် မရှိ ်နဲ့ စေတနာထားချက်ပြုတ်ကျွေး ဘင်ပါရဲ့၊ နေ့ခင်းစာရော ညစာပါ င်းမြိန်လှပါတယ်။

ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ငယ်မူပြန်ပြောဆိုရင်း တစ်နေ့ အချိန်ကုန်လွန်ပြီး ညဦးပိုင်းရောက် အခါ -

"မင်း ငါ့ကို အရေးတကြီးပစ္စည်း ပြစရာရှိတယ်ဆို"

လို့ အစပျိုးလိုက်တယ်ဆိုရင်ပဲ သူ ချင်း သန်းကျော်ဟာ ဘုရားဆောင် ပေါ်မှာ တရိုတသေ သိမ်းဆည်းထားတဲ့ ကတ်စက္ကူဘူးလေးယူပြီး မောင်ဘိုကြီး ကို ပေးရင်း -

"မင်းက နယ်တကာစုံလာတဲ့သူ ဆိုတော့ ပြောရဦးမယ်။ အဲဒီဘူးကို ဖွင့် ကြည့်။ အထဲကပစ္စည်းဘာပစ္စည်းလဲဆို တာ ပြောစမ်းကွာ"

မောင်ဘိုကြီး စက္ကူဘူးကိုဖွင့်၊ အထဲက ဂွမ်းထုပ်လေးကို ဖြေကြည့်တဲ့ အခါ အိပ်မြှောင်ဥသာသာ လုံးဝန်းတဲ့ ကျောက်တစ်လုံးဖြစ်နေပါတယ်။ ခန့်မှန်း လို့ရပြီးဖြစ်ပေမယ့် စစ်၊ မစစ်သေချာသိ လိုလို့ အနီး၊ အဝေး၊ အလင်း၊ အမှောင် နဲ့ အသေးစိတ်ကြည့်တဲ့အခါ ကြောင် ကျောက်အရှင်ရယ်လို့ အဖြေထုတ်နိုင် လိုက်ပါတယ်။

မောင်ဘိုကြီး စစ်မှုထမ်းတဲ့ ကာလ ဖားကန့်နယ်မြေမှာ တာဝန်ကျစဉ်က ကျောက် ပညာရှင်တစ်ဦးနဲ့ ရင်းနှီးလို့ ပြသပြီး ဗဟုသုတအဖြစ် ပါ ပညာပေး ရှင်းလင်းပြ တာကြောင့် သန်းကျော် ပြတဲ့ကျောက်ကို အဖြေ ထုတ်နိုင်ခြင်းပါ။

ကျောက်အရောင် အသွေးက ဆန်ဆေးရည် ပျစ်ပျစ်၊ ထမင်းရည် ကျဲ ကျဲ အဖြူရောင်ပါ။ အ လင်းမှာ ထောင်ကြည့်ရင် အလင်းဖောက်ကြောင်း သိရပါတယ်။ ကျောက် အလယ်ဗဟိုမှာ အ စက်လေး တစ်စက်ရှိပြီး ပတ်လည်မှာအမျှင်တန်း တွေရှိပါတယ်။ ထူးခြားတာက အစက်လေးဟာ စေ့စေ့ ငုငုနဲ့ အချိန်ပေးကြည့်မယ်ဆိုရင် ကြောင် မျက်စိ အမည်းစက်လိုပဲ သေးလိုက်၊ ကြီးလိုက်ဖြစ်နေပါတယ်။ နောက်ထူး ခြားမှုတစ်ခုက အဲဒီ အစက်ကလေးဟာ အပေါ်၊ အောက်၊ ဘေး၊ ဘယ်နေရာ ကကြည့်ကြည့် ကြည့်တဲ့ဘက်မှာ တည်ရှိ နေပါတယ်။

'ကြောင်ကျောက်ရရှိသူဟာ သူနဲ့ ထိုက်တဲ့သူဆိုရင်တော့ နေ့ချင်းညချင်း ကျောက်အောင်သလို၊ ထီပေါက်သလို



www.burmeseclassic.com

စီးပွားလာဘ်လာဘတွေ တစ်ဟုန်ထိုးဝင်လာတတ်သလို သူနဲ့မထိုက်တဲ့သူလက်ထဲရောက်သွားပြီဆိုရင်တော့ သန်းကြွယ်သူဌေးကြီးဖြစ်နေပါစေ ကုန်းကောက်စရာမရှိအောင် ဆင်းရဲမွဲတေပြီး မိသားစုတွေပါ သေကျေပျက်စီးတတ်တယ်'

ကနဦး မောင်ဘိုကြီးကို ပညာပေးတဲ့ ကျောက်ပညာရှင်ရဲ့ အဆိုအမိန့် မောင်ဘိုကြီးနားစည်ကို တိုးဝင်လာပါတယ်။

"မင်းဒီကျောက်ဘယ်ကရလဲ"

"ငါ့ကျောက်စရစ်လုပ်ကွက်ထဲက"

"ရပုံရနည်းလည်းပြောပါဦး"

"သူ့ပုံစံက ပုတ်သင်ဥလို၊ အိမ်မြှောင်ဥလိုလုံးဝန်းနေတာရယ်၊ အရောင်က ကြည်နေတာရယ်ကြောင့် ရွေးထုတ်ပြီး ရေဆေးစဥ်မှာ တုန်ခါနေတာ သတိထားမိတယ်။ ထူးပါတယ်ဆိုပြီး သိမ်းထားတာ"

"ဒီကျောက်ရတာ ဘယ်လောက်ကြာပြီလဲ"

"လာမည့်သကြိန်ဆိုရင် သုံးနှစ်ပြည့်ပြီ"

"နှစ်လလောက်ပဲ လိုတော့တာပေါ့"

"အေး"

"ထူးတာပြောမယ်။ ဘာကျောက်ဆိုတာ ငါ့ကိုပြောဦးလေကွာ"

"မင်းဟာ ကြောင်ကျောက်အရှင်ပဲ"

"အေး - ဟုတ်တယ်၊ နားလည်တဲ့လူ ဆယ်ဦးလောက်တောင် ရှိပြီနဲ့တူတယ်။မင်းပြောသလိုပဲ၊ ကြောင်ကျောက်အရှင်တဲ့"

"အကျိုးပေးမယ်၊မပေးဘူးဆိုတာကော မပြောကြဘူးလား"

"ပြောတာပေါ့ ဘိုကြီးရာ"

လို့ အစချီပြီး သူစူးစမ်းလေ့လာမှုအားလုံး အိတ်သွန်ဖာမှောက် ပြန်လည်ပြောပြပါတယ်။ ဖားကန့်က ကျောက်ပညာရှင် ပြောပြတဲ့ စကားလုံးတွေနဲ့ တစ်ထပ်ထဲပါ။

သူငယ်ချင်းသန်းကျော် ခေါင်းထဲမှာ စွဲနေတာက နောက်လာမယ့် နှစ်လသကြိန်အလွန်မှာ မယုံကြည်နိုင်လောက်အောင် ကြွယ်ဝချမ်းသာမယ်ဆိုတဲ့ မျှော်လင့်ချက်ပါ။

စွဲလမ်းမှုပဲလား၊ ကြောင်ကျောက်အရှင်ရဲ့ အစောင့်အရှောက်တွေကပဲသတိပေးတာလားမသိ သန်းကျော် အိပ်မက်မက်ပါတယ်။ တစ်မျိုးတည်းကို သုံးကြိမ်မက်တာအပြင် သန်းကျော်မိန်းမကိုပါ ထပ်တူပေးတဲ့ အိပ်မက်ပါ။

အိပ်မက်ထဲမှာ ဒိုက်ဦးမြို့ပေါ်တက်၊ မြေကွက်ဝယ်၊ တိုက်ကြီးဆောက်၊ သားတွေရှင်ပြု၊ အလှူကြီးမှ ထမင်းရည်ချောင်းစီးမောင်းတီးလှူတဲ့ ဝက်ဝက်ကွဲအလှူကြီးလှူရတဲ့ အိပ်မက်ပါပဲ။

လက်တွေ့အခြေအနေကတော့ နေရိပ်လိုလို့ နေပူကစောင့် ဆိုပေမယ့် နေဆယ်စင်းလို အလျှံညီးညီးတောက်လောင်နေတဲ့အပူက စောင့်ရခြင်းမျိုးပါ။

သုံးနှစ်တာကာလအတွင်း စရန်ငွေယူပြီးပေးသွင်းရမယ့် မီးသွေးဖိုဟာ အချိန်အခါမဲ့မိုးကြောင့် ဖိုထဲရေဝင် ပျက်စီးကုန်ပါတယ်။ ချောင်းကမ်းပါးပေါ်တင်ပြီး ဝယ်လက်စောင့်နေတဲ့ သဲကျင်းတွေ ချောင်းရေလျှံပြီး မျှောပါသွားပါတယ်။ ရောင်းထုတ်မယ့်ဆဲဆဲ ဝက်တစ်အုပ်တစ်မကြီး အနာကျသေဆုံးကုန်ပါတယ်။ အဆိုးတကာ့အဆိုးဆုံးကတော့ သန်းကျော်မိန်းမ ကောက်ကာငင်ကာ ငှက်ဖျားမိပြီး ဆေးကုမခံရဘဲ သေဆုံးသွားခြင်းပါ။

မထိုက်လို့ ခိုက်နေတဲ့သဘောပါ။ အဖြူ၊ အမည်း၊ အမှား၊ အမှန်ခွဲခြားပြဖို့ ပေးသင့်တဲ့အကြံဉာဏ်ပေးဖို့ မောင်ဘိုကြီးဘက်က ပျက်ကွက်ရင် သူငယ်ချင်းကောင်း မပီသရာရောက်တယ်လို့ ခံယူမိပါတယ်။

"သူငယ်ချင်း သန်းကျော် - မင်း ငါ့ကို အသိပေးတာလား၊ အကြံဉာဏ်တောင်းတာလား"

"မင်းနဲ့ ငါပြောရမယ့်လူတွေလား။ အကြံပေးတာဆိုရင် ငါလက်ခံရမှာပေါ့"

"မင်းတကယ်ပြောတာနော်"

"အေးပါ'

"မင်း မနက်ဖြန် မင်္ဂလာဆောင်က ကျွေးတဲ့ ဒံပေါက်ကိုစောင့်ပြီး အငတ်ခံမှာလား။ ဒီနေ့ အိမ်မှာရှိတဲ့ ငါးပိရည်နဲ့ စားမလား"

"ဟား၊ ဟား"

"မရယ်နဲ့၊ ငါအကောင်းပြောတာ"

"အင်းပါ၊ ဆက်ပြောပါ"

"ဒီကျောက်ရပြီးကတည်းက မင်းနဲ့မထိုက်လို့ ခိုက်နေပြီ။ မင်းအလှည့်မရောက်ဘူးလို့ပြောလို့ရမှာလား။ သေလွန်ပြီးမှ မင်းအိပ်မက်ထဲကအတိုင်း ဖြစ်လာတော့ကော မင်းဘာလုပ်လို့ရမှာလဲ"

"ဘိုကြီး၊ ပွင့်ပွင့်လင်းလင်းပြောကွာ။ မင်းဘာလုပ်ချင်လဲ"

"ရောင်းပစ်ပေါ့ကွ"

သန်းကျော် တွေဝေသွားပါတယ်။ ခွန်းတုံ့မဆိုတဲ့အတွက် ဆန္ဒမရှိပုံပါ။

"မင်းမရောင်းချင်ဘူးပေါ့"

"စောင့်ကြည့်ချင်တယ်။ နှစ်လ[...]
လိုတော့တာကွာ"

"သေမင်းနဲ့ မင်းစာချုပ်ချုပ်ထား[...]
လို့လား။ အဲဒီနှစ်လမတိုင်ခင် ငါပြော[...]
သလိုဖြစ်သွားရင် မင်းကျောက်က ဘာ[...]
အသုံးဝင်တော့မှာလဲ။ ငါသေရင်သေ[...]
သားတွေ ချမ်းသာရင်ပြီးရောဆို[...]
သဘောလား။ မသေချာတဲ့အလ[...]
မလုပ်ချင်စမ်းပါနဲ့ကွာ။ မင်းနဲ့မထိုက်[...]
ခိုက်နေတာပေါ့ကွာ။ မင်းသားတွေ[...]
လက်ထဲရောက်ရင်ကော မင်းအိပ်မက်[...]
အတိုင်းမဖြစ်ဘဲ ခိုက်သွားပြီဆိုရင် မင်း[...]
ဘာတတ်နိုင်မှာလဲ"

"ရောင်းတော့ကော ဘယ်သူ[...]
ဝယ်မှာလဲ ဘိုကြီးရာ"

သန်းကျော် လက်ခံပြီ ဆို[...]
သဘောပါ။ သေမှာကိုတော့ လူတိုင်း[...]
ကြောက်တတ်ကြပါတယ်။

"ငါ ကိုစိန်မြကို စပ်ကြည့်မယ်[...]
သူလည်း အထိုက်အလျောက် နားလည်[...]
ပါတယ်။ တကယ်လို့ သူမဝယ်ဘူး[...]
လည်း သူ့မှာအဆက်အသွယ်ရှိပါတယ်"

"ဒါဖြင့်စပ်ကြည့်ကွာ"

"မင်းဘယ်လောက်လိုချင်လဲ"

"ငါ လတ်တလော ပေးဆပ်[...]
ကြွေးပူနှစ်သောင်းကျော်ရှိပါတယ်"

"ငါသုံးသောင်းနဲ့ဈေးခေါ်မယ်"

လို့ ပြောပြီး စကားဖြတ်လို[...]
ပါတယ်။

နောက်နေ့မှာတော့ မောင်ဘို[...]
ဟာ ကိုစိန်မြနဲ့ချိန်းဆိုရာ ရွှေညော[...]
ရွာကို သန်းကျော်နဲ့ သွားတွေ့ပါတယ်[...]

ကိုစိန်မြဟာ သန်းကျော်[...]
ကျောက်ကို အလင်း၊ အမှောင်၊ အ[...]
ဝေး၊ အသေးစိတ်ကြည့်ပြီး အပြုံးပေ[...]
တဲ့ မျက်နှာနဲ့ -

"ဒါကြောင်ကျောက်အစစ်ဘဲ"

လို့ အစချီပြီး ကိုစိန်မြဟာ [...]
ထွက်မယ့် မနက်ငါးနာရီကျော်လော[...]
မှာ လုပ်ငန်းခွင်တစ်နေရာရောက်[...]
ခါ ကြောင်ကျောက်တစ်လုံးပြတဲ့[...]
တွေ့မှာဖြစ်ကြောင်း၊ ထိုက်သင့်တဲ့[...]
ဝယ်ဖို့အကြောင်း၊ ကျောက်လက်ဝယ်[...]
ရင် လုပ်ငန်းတွေအဆင်ပြေချော[...]
ကြွယ်ဝချမ်းသာမှာ ဖြစ်ကြောင်း[...]
စင်ကြယ် သူတော်စင် ပုဂ္ဂိုလ်တစ်[...]
အိပ်မက်ပေးတဲ့အကြောင်း ဖောက်[...]





www.burmeseclassic.com

www.burmeseclassic.com

ခုပြောပြပါတယ်။

တိုင်းရက်တဲ့ ပက္ကလာ မိုးရွာတာနဲ့ အဆင်သင့်ပါ။

"ကိုသန်းကျော်"

"ဗျာ"

"ကျွန်တော်ကိုရောင်းဗျာ"

"ကိုစိန်မြဘယ်လောက်ပေးမှာလဲ"

မောင်ဘိုကြီး ဝင်ထောက်ပေးလိုက်ပါတယ်။

"ကိုစိန်မြက နားလည်တတ်ကျွမ်းကျင်လူပဲဗျာ။ သန်းကျော်အခြေအနေကျွန်တော့်ထက် ကိုစိန်မြ ပိုသိပါတယ်။ သူလည်း မနစ်နာစေချင်ဘူး"

"ကျွန်တော်တစ်ခုစဉ်းစားမိတယ်။ ကြောင်ကျောက်အရှင်ကိုရရှိတဲ့လူဟာ ထိုက်ရင် စီးပွားပျက်ပြီး အသက်ပါဆုံးရှုံးတတ်တယ်ဆိုတာပါ"

"စမ်းကြည့်ပါဗျာ၊ မဟုတ်တော့ သည်းပြန်ရောင်းထုတ်လိုက်ပေါ့။ အရင်းရှုံးလောက်ပါဘူး။ ပြီးတော့ ကိုစိန်မြလည်း ပုဂ္ဂိုလ်ကအိပ်မက်ပေးထားတာပဲ။ ခင်ဗျားလက်ထဲရောက်တာနဲ့ အကျိုးပေးမှာပါ။ အဲဒီတော့ သန်းကျော် သူငယ်ချင်း မင်းက ပစ္စည်းပိုင်ရှင်။ မင်းလိုချင်တဲ့ ဈေးပြောလိုက်"

"ငါမပြောတတ်ပါဘူး ဘိုကြီးရာ။ မင်းပဲပြောလိုက်ပါ"

"ကဲ - ကိုဘိုကြီးလည်း မပြောနဲ့၊ ကိုသန်းကျော်လည်း မပြောနဲ့နေဦး"

လို့ ပြောပြီး ကိုစိန်မြက သူ့လွယ်အိတ်ထဲက ငွေစက္ကူတွေထုတ်ရေတွက်ပြီး -

"တစ်သိန်းပေးမယ်။ ဒီမှာ ပါတဲ့ ငါးသောင်း အရင်ယူ။ ကျန်သုံးသောင်း ကိုသန်းကျော်လိုက်ယူ"

အရောင်းအဝယ်တည့်လို့ စကားပြီးပြီး ကိုစိန်မြဟာ သူဆက်ရမယ့် ခရီးစဉ်ကို ဖျက်ပြီး ရောက်ကြောင်းပြန်လှည့်ခဲ့ပါတယ်။ အပြန်ခရီးမှာတော့ မောင်ဘိုကြီးတို့ သုံးယောက်သားခြေလှမ်းတွေဟာ အမြန်မြင့်နေသလိုပါ။

ကျိုက်စကောရွာမှ ကိုစိန်မြ ခြံမြေအားနဲ့ စုပုံထားတဲ့ အုတ်၊ သဲ၊ ကျောက်တွေ ဘယ်နေရာ ဘာပစ္စည်းရှိတယ်ဆိုတာ မောင်ဘိုကြီး အားလုံးအသိပါ။ မြင်းဆုံးတွေ့ရတဲ့ ကျင်းတစ်ထောင်လောက်ပုံထားတဲ့ ကျောက်စရစ်ပုံကြီးမမြင်ရတော့ပါဘူး။ သဲကျင်းတွေ ပုံထားတဲ့ နေရာမှာလည်း ကုန်တင်ကားကြီး လေးစီးစီတင်ထိုးပြီး လုပ်သားတွေနဲ့ တင်နေပါတယ်။ ကိုစိန်မြရင်ထဲမှာ တဒိန်းဒိန်း မြည်နေမှာပါ။

'အုတ်၊ သဲ၊ ကျောက်ရောင်းသည်'

ကိုစိန်မြအိမ်ရှေ့ အထပ်သားမှာ ထုံးနဲ့ရေးထားတဲ့ ဆိုင်းဘုတ်လေးပါပဲ။ အိမ်ရှေ့မှာလည်း စလွန်းကားဖြူလေးနှစ်စီးရပ်ထားသလို အိမ်ထဲမှာလည်း ဧည့်သည်တွေနဲ့ပါ။

ကိုစိန်မြကို သူတော်စင်ပုဂ္ဂိုလ်ကြီး ပေးတဲ့ အိပ်မက် သွေးထွက်အောင်မှန်နေပါပြီ။

❑

ပြက္ခဒိန်နှစ် တစ်နှစ်ဖြတ်သန်းပြီးချိန်မှာတော့ ရန်ကုန်စတိုင် တိုက်အိမ်ကြီးဆောက်၊ တီအီး-၁၁ ကုန်တင်ကားကြီး (၃) စီးနဲ့ ငွေကြေးကြွယ်ဝမှု သိန်းထောင်ပေါင်းများစွာ လက်ဝယ်ပိုင်ဆိုင်မှုအပြင် ရန်ကုန် စော်ဘွားကြီးကုန်း အိမ်ဆောက်ပစ္စည်းနှင့် အုတ်၊ သဲကျောက်ပွဲရုံတွေနဲ့ ချိတ်ဆက်မိလို့ ပစ္စည်းတွေ အရောင်းသွက်သလောက် အသပြာငွေကြေးတွေလည်း ဝင်လာမစဲ တသဲသဲပါပဲ။

ကိုစိန်မြရဲ့ ချမ်းသာကြွယ်ဝမှုအတွက် ဝမ်းသာအားရ မုဒိတာပွားရသလောက် ငယ်သူငယ်ချင်း သန်းကျော်အတွက် ဝမ်းနည်းကြေကွဲမှုများစွာခံစားရပါတယ်။ ချမ်းသာကြွယ်ဝဖို့ လက်တစ်ကမ်းအလိုမှာ ဆင်းရဲတွင်းထဲ ဆွဲချသူအဖြစ် ကိုယ့်ကိုယ်ကိုယ် ခံစားမိပါတယ်။

တစ်နှစ်ကျော်ကာလကိုရောက်တဲ့အခါ မောင်ဘိုကြီး အလုပ်အကိုင်နဲ့ ရန်ကုန်ကို မိသားစုလိုက် ပြောင်းရွှေ့နေထိုင်ပါတယ်။

ရန်ကုန်ရောက်ပြီးနှစ်နှစ်ခန့်အကြာ ကိုစိန်မြလက်ထဲ ကြောင်ကျောက်အရှင်လေး လက်ဝယ်ရောက်ရှိပြီး သုံးနှစ်အကြာ နေ့စဉ်ထုတ်သတင်းစာတစ်စောင်ရဲ့ နာရေးကြော်ငြာတစ်ခုထဲမှာ လင်မယားနှစ်ယောက် သေဆုံးတဲ့သတင်းဖတ်ရင်း မောင်ဘိုကြီး သတိလွတ်သလို အံ့ဩတုန်လှုပ်တဲ့ဝေဒနာ ခံစားလိုက်ရပါတယ်။

ကိုစိန်မြ (၄၄) နှစ်၊

ဒေါ်မာမာဝေ (၄၇) နှစ်

ဦးစိန်မြအတွက် ဝမ်းနည်းပူဆွေးရမှာလား၊ သူငယ်ချင်း သန်းကျော်အတွက် ဝမ်းသာကြည်နူးရမှာလား ခွဲခြားတတ်တော့ပါ။

ခုစ်ခွင်ကျော်-ဘောင်[illegible]

## မွေးမြူရေးခြံများတွင် ရောဂါပိုးမွှားကင်းရှင်းစေနည်း

ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ ဆိတ်မွေးမြူရေး၊ နွားမွေးမြူရေး စသည့် မွေးမြူရေးခြံများတွင် ရောဂါပိုးမွှား ကင်းရှင်းစေသည့် နည်းလမ်းလို့ဝှက်ချက် သိရှိခဲ့ရသဖြင့် တင်ပြအပ်ပါသည်။

ရောဂါပိုးမွှားအတော်များများသည် လေထဲမှ ပြန့်ပွားတတ်သည်ကို လူတိုင်းသိပါသည်။

ကြက်မွေးမြူရေးခြံများတွင် ကြက်ပိုး၊ ကြက်သန်း၊ ကြက်မွှား၊ ကြက်နာမျိုးသည်လည်းကောင်း၊ နွားခြံများတွင် ခွာနာပိုး၊ လျှာနာပိုး၊ ဒေါင့်သန်းရောဂါပိုး စသဖြင့် ပုံ့နှံ့ကူးစက်လွယ်သည့်အပြင် မှက်၊ ခြင်၊ ယင် စသော ပိုးမွှားများကိုက်သဖြင့် နွားများ အိပ်မရဘဲ အမြီးတဖျတ်ဖျတ်နှင့် ထလိုက်၊လှဲလိုက်ဖြစ်နေရတတ်ပါသည်။

ထိုသို့ထိုသို့ အမျိုးမျိုးသော မွေးမြူရေးခြံများတွင် ရောဂါပိုးမွှားနှင့် မှက်၊ ခြင်၊ ယင်များ ကင်းဝေးစေသည့် နည်းစနစ်မှာ အလွယ်အသာ ပြုလုပ်နိုင်သည့် မှိုင်းတိုက်ခြင်းနည်းစနစ်ပင်ဖြစ်ပါသည်။

မှိုင်းတိုက်ရာတွင် နည်းစနစ်မှန်ဖို့သာ လိုပါသည်။ တွေ့ကရာ အမှိုက်သရိုက်များနှင့် မှိုင်းတိုက်ခြင်းသည် မီးခိုးအူရုံမျှဖြစ်ပြီး တိရစ္ဆာန်များ ကာဗွန်ငွေ့ရှူရသည်နှင့်သာတူသည်။ သို့အတွက် အောက်ပါအတိုင်း မှိုင်းတိုက်ပေးရပါမည်။

အညာဒေသနှင့်မြေလတ်ပိုင်းတွင် ကုန်းတမာပင်များ ပေါများစွာ ပေါက်ရောက်ပြီး နွေကာလတွင် ကြွေကျသော တမာရွက်ခြောက်များကို လှည်းကျင်း၍ ဆာလာအိတ်ခွံများထဲသို့လှောင်ယူထားရပါမည်။

၎င်းတမာရွက်ခြောက် (၄) ပြည်တွင် ပရဆေးဆိုင်မှ ကန့်ဝါ တစ်ကျပ်သားထည့်ပြီး မီးခိုးအူအောင် မီးရှို့ မှိုင်းတိုက်ပေးပါ။ တမာရွက်နှင့် ကန့်မီးခိုးတို့၏ အစွမ်းထက်မြက်မှုကြောင့် မှက်၊ ခြင်၊ ယင်နှင့် အခြားသော အင်းဆက်ပိုး၊ ရောဂါပိုးများ ကင်းဝေးလွင့်စဉ်ပျောက်သွားစေပါသည်။ လက်တွေ့ ပြုလုပ်ကြည့်ပါလေ။

နတ်မောက်မင်းသန့်ခိုင်



www.burmeseclassic.com

www.burmeseclassic.com

(မော်လမြိုင်)

# မောင်လှယဉ်

## ကိုယ်တွေ့မို့လို့ ယုံပါသည်



ကျွန်ုပ်ခုနစ်တန်းကျောင်းသားဘဝက ကိုယ်တွေ့အဖြစ်ပါ။ ထိုအချိန်က ကျွန်ုပ်တို့လက်ဖက်ရည်ဆိုင်ထိုင်တတ်နေပါပြီ။

တစ်နေ့ ကျွန်ုပ်တို့ သူငယ်ချင်းသုံးဦး လက်ဖက်ရည်သောက်ရင်း စကားပြောနေကြသည်။ ကျွန်ုပ်နှင့် လှဦးက အရာရာကို လက်တွေ့မြင်မှ ယုံကြည်ကြသည်။ သန်းထွေးအောင်က ဘာသာရေးလည်းလေးစားသူ၊ မိဘ,ဆရာသမားကိုလည်းရိုသေသူ၊ တစ္ဆေသရဲ၊ နတ်၊ စုန်း၊ ကဝေတို့ကိုလည်း အလွန်ယုံကြည်သူ ဖြစ်လေသည်။

"မင်းတို့ တစ္ဆေသရဲ၊ နတ်၊ စုန်း၊ ကဝေတို့ကိုမယုံကြည်ကြသူတွေဆိုတော့ မင်းတို့ကို ငါတစ်နေ့လက်တွေ့ခေါ်ပြမယ်။ ဒီတော့မှ မင်းတို့ယုံကြမှာမဟုတ်လား"

"လုပ်လိုက်လေ သန်းထွေးအောင်ရ။ တို့နှစ်ယောက်က လက်တွေ့သမားဆိုတော့ လက်တွေ့မြင်ရရင် မင်းကိုလက်ဖက်ရည်နဲ့မုန့် အဝကျွေးမယ်ကွာ။ လက်တွေ့မပြနိုင်ရင် မင်းက တို့ကို အဝကျွေးရမယ်။ စိန်ခေါ်ရဲလား"

"စိန်လိုက်လေကွာ"

ဟိုတုန်းက ကျွန်ုပ်တို့ငယ်ကြသေး၍ ဝမ်းတေဘယ်(လ်)မလုပ်တတ်သေး။ ဒါကြောင့် လက်ဖက်ရည်တစ်ဝိုင်းပဲ စိန်ခေါ်လိုက်ခြင်း ဖြစ်ပါသည်။

"မင်းတို့နှစ်ယောက်ကို ငါ့အရပ်မှာ နတ်ကတဲ့နေ့ကျရင် လက်တွေ့ခေါ်ပြမယ်။ ဒါမှမင်းတို့ယုံကြမှာ"

"လုပ်လိုက်လေ ကြာသလားလို့။ မင်းခေါ်ပြမှာက ဘာနတ်ပွဲလဲကွ။ ဟိုတချို့ရပ်ကွက်တွေမှာ နတ်ကနားပေးပြီး နတ်ကတော်ယောကျ်ားလျာတွေညာစားနေတဲ့နတ်ပွဲမျိုးလားသန်းထွေးအောင်။ ဒီအီးယောင်ဝါးနတ်ကတော်တွေကတဲ့နတ်ပွဲမျိုးဆိုရင် အချိန်ကုန်ခံပြီးခေါ် မနေပါနဲ့ကွာ။ တို့ကြည့်မှာမဟုတ်ဘူးနော်"

လှဦးက သန်းထွေးအောင်ကို ခနဲ့တဲ့တဲ့ပြော၍ ရယ်လိုက်လေသည်။

"အေးပေါ့ လှဦးရာ။ ကြည့်ကြသေးတာပေါ့"

"သန်းထွေးအောင်၊ မင်း တို့ကို ခေါ်ပြမယ့်နတ်ပွဲက ဘာနတ်ပွဲလဲကွ"

"ငါနေတဲ့ မောင်ငံရပ် နတ်မျှော်တန်းလမ်းမှာ နှစ်စဉ်ကျင်းပနေတဲ့ ရေငန်ပိုင်ရှင်ကြီးနတ်ပွဲလေကွာ"

ဟုတ်ပါသည် ကျွန်ုပ်တို့မော်လမြိုင်မြို့တွင် နှစ်စဉ် ကြီးကြီးကျယ်ကျယ်ကျင်းပသည့် ရေငန်ပိုင်ဦးရှင်ကြီးနတ်ကနားပွဲ နှစ်ပွဲရှိသည်။ မြို့နယ်၊ ရပ်ရွာ နှစ်စဉ် အန္တရာယ်ကင်းစေရန် ကနားပွဲပေးကြခြင်းဖြစ်သည်။ တစ်ပွဲက မော်လမြိုင်မြို့ မောင်ငံရပ် နတ်မျှော်တန်းလမ်းတွင် ကျင်းပပြီး မြို့လုံးကျွတ် ရေငံပိုင်ဦးရှင်ကြီးပူဇော်ပွဲ၊ မော်လမြိုင်တစ်မြို့လုံးသို့ အန္တရာယ်ကင်းလိုက်လှည့်သည့်ပွဲဖြစ်ပြီး သည်နတ်ပွဲကိုတော့ ကျွန်ုပ်ကြည့်ဖူးပါသည်။

ပျော်စရာ၊ထိတ်လန့်စရာအရသာခံစားရသည့်ကနားပွဲ ဖြစ်သည်။ ကျွန်ုပ်သဘောအကျဆုံးက နတ်ကျား ဖြစ်ပါသည်။ နတ်ကျားသည် ကလေးတွေကိုလိုက်၍ ကလေးတွေပြေးကြသဖြင့် လဲသူလဲ ကွဲပြဲသူကွဲ ပြဲသူပြဲကြနှင့် ပျော်စရာလည်းကောင်း၊ ကြောက်စရာလည်းကောင်းသည့်ပွဲတော်ဆိုက မမှားပါ။

သီတင်းကျွတ် ကျောင်း(၁၀)ရက်ပိတ်ထား၍ ညဘက် ကျွန်ုပ်တို့ မျောက်န္တုံးအောင်ဆော့ကြတော့သည်။ ဖိုးလမင်းကြီးကလည်း ကြယ်စုံဝင်းရံ၍ ကောင်းကင် အထိန်ထိန်သာနေသည်။ သည်ညမှာ ကျွန်ုပ်တို့ ညဉ့်နက်ပိုင်းအထိ ဆော့နေကြ၍ မိဘများက တော်ပါတော့ဟု ပြောယူရသည်။ မိဘတွေဘယ်လိုပဲပြောပြော ဂရုမထားဘဲ ဆက်ကစားနေကြတာ ညဉ့်တစ်နာရီလောက်မှ လူစုခွဲပြီး ကိုယ့်အိမ်ကိုယ်ပြန်အိပ်ကြတော့သည်။

ညဉ့်နက်မှအိပ်ရ၍ ကျွန်ုပ် အိပ်ကောင်း၍နေသည်။ နေမြင့်နေပြီ ဖြစ်သော်လည်း မထနိုင်သေး၍ ဆက်အိပ်နေတုန်း အမေ့ရဲ့ခေါ်သံကို လိုက်ရသည်။

"ဟဲ့ - သားတင်ထွန်းနိုင် ထတော့လေ၊ ဘယ်အချိန်ရှိနေပြီလဲ။ ဒီမှာ သားသူငယ်ချင်း သန်းထွေးအောင် ရောက်နေတယ်"

သန်းထွေးအောင်လာသည်ဆို၍ မထချင်ထချင်ဖြင့် ထလာရသည်။ အိပ်ချင်မပြေသေး၊ နာရီကြည့်လိုက်တော့ (၈) နာရီကျော်နေပြီ ဖြစ်သည်။

"တင်ထွန်းနိုင် ပျင်း၊ အိပ်လှချေလားကွ။ ရှစ်နာရီတောင်ကျော်နေပြီ"

"ဟကောင်ရ၊ အပျင်းကြီးတာမဟုတ်ဘူး။ ညက မိန်းကလေးသူငယ်ချင်းတွေနဲ့ ထုပ်ဆီးတိုးတမ်းကစားကြတာ (၁) နာရီထိုးသွားလို့ပါကွာ"

ကျွန်ုပ် မျက်နှာသစ်ပြီး ထွက်လာတော့ သန်းထွေးအောင် အပြစ်တင်နေ၍ ရှင်းပြလိုက်ရသည်။

"အကျီသွားဝတ်ကွာ၊ လက်ဖက်ရည်ဆိုင်သွားရအောင်"

"ငါ့မှာ ပိုက်ဆံတစ်ပြားမှမရှိဘူး သူငယ်ချင်း။ အမေ့ဆီတောင်းလည်း ပေးမှာမဟုတ်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းမှာ ပိုက်ဆံမရှိမှန်း သိပါ
ယ် ကုဋေရှစ်ဆယ်သူဌေးသားရယ်။
ကျီသာဝတ်ချေပါ။ ငါ့မှာ ငွေနှစ်ကျပ်
ပါတယ်။ ဟော့ကောင် တင်ထွန်းနိုင်၊
သုံးဦး လောင်းထားတာ မှတ်မိသေး
ားကွ"

"ဘာလောင်းထားလဲ၊ ငါမေ့နေပြီ
ူငယ်ချင်း"

"မင်းကွာ တောက်။ မင်းရယ်၊ ငါ
ယ်၊ လှဦးရယ် ကျောင်းရှေ့လက်ဖက်
ည်ဆိုင်မှာ နတ်တို့တစ္ဆေတို့ကိစ္စလောင်း
ားကြတာလေ။ မှတ်မိပြီလား ခွေး
ကောင်"

"ဪ - မှတ်မိပြီ မျောက်နာ။
ရယ်၊ လှဦးရယ်က မယုံတဲ့သူတွေ၊ မင်း
လက်တွေ့ပြလို့ကတော့ တို့ယုံရမှာ
ပေါ့ သန်းထွေးအောင်ရယ်။ ဝမ်းတေ
ယ်(လ်)လက်ဖက်ရည်ကြေးလေကွာ။
ယ်တော့လက်တွေ့ပြမှာလဲကွ"

"ဒီညနေပဲ သူငယ်ချင်း၊ ဒီညနေ
တို့ နတ်မော်တန်းလမ်းမှာ ရေငန်ပိုင်
ဦးရှင်ကြီး နတ်ကနားပွဲစပြီကွ။ အဲဒီမှာ
မင်းတို့ကို လက်တွေ့ပြရမယ်။ ညနေ
လေးနာရီလောက် ငါ့အိမ်လာခဲ့ကြကွာ။
အိမ်မှာပဲ ထမင်းစားပေါ့။ ဒီကအပြန် ငါ
လှဦးကို ဝင်ပြောသွားမယ်"

"အေး - ဝင်ပြောသွားကွာ။ ငါ
အမေ့ကို ပြောပြီးလာခဲ့မယ်"

သန်းထွေးအောင် လက်ဖက်ရည်ဖိုးရှင်းပေးပြီး ကျွန်ုပ်တို့ဆိုင်မှထွက်လာခဲ့ကြသည်။ ကျွန်ုပ်အိမ်ပြန်ရောက်ရောက်ချင်း အမေ့ကို ခွင့်တောင်းလိုက်ပါသည်။ ညီမလေးကလည်း သူလိုက်ချင်သည် ဆိုလာသည်။ အမေကလည်း သူမတွေ့ဘူး၍ ခေါ်သွားဖို့ ပြောလေသည်။

"ဟုတ်ကဲ့ အမေ၊ ညီမလေးကို သားခေါ်သွားပါ့မယ်။

❑

ကျွန်ုပ်တို့ မောင်နှမနှစ်ဦး သန်းထွေးအောင်၏အိမ်သို့ ညနေ (၃) နာရီလောက် အမှတ်(၁)ဘတ်(စ်)ကားစီး၍ သွားကြသည်။ သန်းထွေးအောင်အိမ်ရောက်တော့မှ လှဦးလည်း ရောက်နေတာကို တွေ့ရသည်။

"ဪ - သမီးငယ်လည်း ပါလာတာကိုး။ သမီးတို့မေမေကောနေကောင်းရဲ့လားကွယ်၊ သမီး အခုဘယ်နှတန်းရောက်ပြီလဲ"

"မေမေ နေကောင်းပါတယ် ကြီး



www.burmeseclassic.com

ကြီး။ သမီး အခုခြောက်တန်းပါ ကြီးကြီး"

"အေး - ကြိုးစားပေါ့ သမီးရယ်။ ခဏစောင့်နော်၊ ထမင်းဟင်းလည်း ကျက်တော့မှာပါ။ အိမ်ရှေ့မှာ သမီးသူငယ်ချင်းတွေကိုစောင့်နေနော်။ ထမင်းခူးပြီးရင် ကြီးကြီးခေါ်လိုက်မယ်"

ကျွန်ုပ်တို့သူငယ်ချင်းသုံးယောက် အိမ်ရှေ့ခန်းတွင် ရောက်တတ်ရာရာ စကားပြောနေကြသည်။ ခဏကြာတော့ သန်းထွေးအောင်၏ ညီမနှစ်ဦး ရောက်လာပြီး ညီမလေးနှင့် ဆူညံစွာ စကားပြောနေကြသည်။ နောက်ဖေးခန်းမှ ကြီးကြီးခေါ်သံကြား၍ ကျွန်ုပ်တို့ တစ်ပြုံကြီးဝင်သွားပြီး ထမင်းစားကြသည်။ အချိန်စောသေး၍ အိမ်မှာပဲ အေးအေးဆေးဆေးစကားပြောနေကြလေသည်။ ကလေးအုပ်စုကတော့ သူတို့နေရာဦးထားသည့်နေရာကို သွားကြပြီဖြစ်သည်။ နတ်ဆိုင်းသံကြားမှ ကျွန်ုပ်တို့သုံးဦး နတ်ပွဲရှိရာသို့ ထွက်ခဲ့ကြသည်။

"မင်းတို့လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ပိုက်ဆံကောပါရဲ့လား လှဦး။ တင်ထွန်းနိုင်ကတော့ ဘိုင်ကျနေလို့ ပါမှာမဟုတ်ဘူး"

"ပါးပါးလေးပါကွာ။ တို့ပဲတိုက်ရမလား၊ မင်းပဲတိုက်ရမလားဆိုတာကြည့်စမ်းပါဦး သန်းထွေးအောင်ရာ"

သူတို့နှစ်ဦး စကားနိုင်လုရင်း ရေငန်ပိုင်ဦးရှင်ကြီးနတ်ကနားပေးမည့် နတ်နန်းရှိရာသို့ ထွက်လာခဲ့ကြသည်။ နတ်နန်းပတ်ဝန်းကျင်တွင် ပရိသတ်တွေ ကျပ်ခဲနေသည်။ ညီမလေးတို့တစ်သိုက်ကတော့ လူအုပ်ကြားထဲတွင် အကျအန ထိုင်နေကြတာကို တွေ့ရလေသည်။ ကျွန်ုပ်တို့သုံးဦးလည်း မြင်သာသည့် နောက်နားကရပ်နေကြသည်။

မြန်မာ့နတ်ဆိုင်းဝိုင်းကြီးက နတ်ဒိုးသံများ တီးနေသည့်အတွက် ကျွန်ုပ်တို့ စိတ်မှာ မြူးကြွနေသည်။ တချို့ကလေးများ၊ ဖိုးကချင်လေး၊ မကချင်လေးတို့က အပြင်ဘက်တွင် ကခုန်နေကြသည်မှာ ပျော်စရာပင်ကောင်းနေတော့သည်။ နတ်ထိန်းများက နတ်နန်းတွင် အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖယောင်းတိုင်များ ထွန်းညှိနေကြသည်။ မကြာမီ ကျွန်ုပ်တို့ မျှော်လင့်နေသည့် နတ်ဝတ်နတ်စားနှင့် လူခပ်ရွယ်ရွယ်တစ်ဦး နတ်နန်းရှေ့သို့ရောက်လာလေသည်။ ကျွန်ုပ်က သူ့ကိုမြင်ဖူးပါသည်ဟုကြည့်၍ ဇဝေဇဝါဖြစ်နေပါသည်။

"တင်ထွန်းနိုင်၊ အခုဦးရှင်ကြီးနတ်ဝင်မယ့် အစ်ကိုကြီးကို သေသေချာချာကြည့်။ မင်းသိတဲ့အစ်ကိုကြီးပဲကွ"

သန်းထွေးအောင် ပြောလာ၍ သေသေချာချာကြည့်ပြီး စဉ်းစားလိုက်တော့ပေါ် လာသည်။

"ကိုသက်နိုင်ကြီးကွ၊ တို့အစ်ကို သူငယ်ချင်း မဟုတ်လားကွ"

"ဟုတ်တယ်လေကွာ"

"တို့နတ်မျှော်တန်းမှာ နှစ်စဉ်က နေတာက နတ်ကတော်တွေ မဟုတ်ကြဘူးကွ။ နတ်ကတော်တွေ လာကရင်လည်း လက်မခံဘူး။ ရပ်ကွက်သူရပ်ကွက်သားတွေကပဲ ကကြရတာ။ ကချင်တိုင်းလည်း ကလို့မရဘူးမောင်။ အိပ်မက်ရသူတွေကသာ ကလို့ရတာ။ အိပ်မက်ရလို့ မကချင်ပါဘူးလို့ ငြင်းလို့မရဘူး။ ရေငန်ပိုင်ဦးရှင်ကြီးအိပ်မက်ပေးခံရသူက ဦးရှင်ကြီး ကရတယ်၊ စီးတော်ကျားအိပ်မက်ရသူက စီးတော်ကျား အဖြစ် ကရတယ်။ ကျန်တဲ့အသိုင်းအဝိုင်းနတ်တွေကလည်း ဒီအတိုင်းပဲကွ။ အိပ်မက်မရဘဲနဲ့ ဝင်ကလို့လည်းမရဘူး။ လိမ်ပြီးဝင်ကလို့ကတော့ ဒုက္ခတွေ့တာပဲကွ။ အိပ်မက်ရပြီး မကဘဲနေရင်လည်း ခံရတာပဲ တင်ထွန်းနိုင်"

သန်းထွေးအောင်၏ပြောစကားကို ကျွန်ုပ်နားထဲသို့မဝင်။ ကျွန်ုပ်မျက်လုံးအစုံက နတ်ဝတ်နတ်စားဝတ်ဆင်ထားသော ကိုသက်နိုင်ကိုသာ ကြည့်နေမိတော့သည်။ ဆိုင်းဝိုင်းကြီးကတော့ နတ်ဒိုးသံ မြိုင်မြိုင်ဆိုင်ဆိုင် တီး၍နေသည်။ ကိုထက်နိုင်သည် နတ်ထိန်းပြောသည့် စကားကို နားထောင်ပြီး နတ်ထိန်းကမ်းပေးသည့် သပြေခက်ကို ယူကာ ရေငန်ပိုင်ဦးရှင်ကြီးရုပ်တုကို ကန်တော့လေသည်။ နတ်ထိန်းတို့က လိုနေတာကိုလုပ်ကိုပေးနေသည်။ မကြာခင်မှာတော့ ကိုသက်နိုင်ကိုယ်မှာတုန်လာပြီး နတ်ဝင်လာသည်ကို တွေ့ရလေသည်။

နတ်ထိန်းက နတ်နန်းပေါ်မှ စောင်းကိုယူပြီး ရေငန်ပိုင်ဦးရှင်ကြီးထံသို့ လှမ်းပေးလိုက်သည်။

"ဟော့-သန်းထွေးအောင်၊ ကိုသက်နိုင်ကြီး စောင်းတီးမယ်ထင်တယ်ကွ။ စောင်းကြီးကိုပိုက်ထားတယ်"

"အေး-ကြည့်နေ၊ ထူးခြားတာတွေ တွေ့ရတော့မယ် တင်ထွန်းအောင်"

ကျွန်ုပ်လည်း ဆက်မမေးတော့ဘဲ ကြည့်နေလေသည်။ လှဦးကလည်း မျက်လုံးအပြူးသားနှင့်ကြည့်နေသည်ကို တွေ့ရလေသည်။လူတစ်ဦးက ဆွမ်းတင်သည့်စင်ကို ကိုင်ထားသည်။ စင်အမြ... က လေးပေသာသာလောက်ရှိပြီး လ... မောင်းလုံးလောက် ဝါးတစ်လုံးကိုမြေ... စိုက်ထားသည်။ ထိပ်ပိုင်းကို လေးစိ... ခွဲပြီး ကားထားကာ ဝါးခြမ်းလေးများ... ရက်ထားသည့် တစ်ပေခွဲသာသာ ဆွမ်း... တင်ကျူထရံကွက်ကို နှီးဖြင့်ချည်ထား... လေသည်။

လေးပေကျော် ဝါးခြမ်းပြားစင်... ကလေးပေါ်တွင် ခြေတစ်ဖက်ချိတ်ထာ... လှုလှုပပထိုင်နေပြီး သာယာနာပျော်... ဖွယ်ကောင်းသည့်စောင်းသံကို တီးခတ်... နေလေသည်။ ပရိသတ်တို့မှာ စောင်းသံ... ကို နှစ်မျောနေကြသည်။ ဂီတကျွမ်းကျင်... သူများက ယမုံနာပတ်ပျိုးတီးနေသည်ဟု... ပြောကြလေသည်။

"စီးတော်ကျားဝင်လာပြီဟေ့"

ကလေးတစ်စု အော်ပြောလိုက်... သည့်အသံကို ကြားလိုက်ရ၍ ဆိုင်းဝိုင်း... ဘက်သို့ ကြည့်လိုက်သော်လည်း ဘာ... မရှိသေးဘဲ အပြင်ဘက်တွင် ရုတ်ရုတ်... သဲသဲဖြင့် ပြေးသူပြေး၊ ရှုသူရှုနေစဉ် လူ... တစ်ဦးသည် အပေါ်ပိုင်းဗလာ၊ လုံချည်... ခါးတောင်းကျိုက်ပြီး ဆိုင်းဝိုင်းရှေ့... နောက်ကျွမ်းပစ်၍ ဝင်လာပြီး ခုန်ပေါက်... ကနေလေသည်။

ကျွန်ုပ်တို့ဘက်သို့ ကြည့်ပြီး ကျား... လို မာန်ဖီနေတာကို တွေ့ရ၍ မြင်ဖူး... သည်ဟု သေသေချာချာကြည့်လိုက်ရာ... ဆိုက်ကားဆရာ ကိုစီးနား ဖြစ်နေသော... သည်။ ထိုကိုစီးနားသည် အမြင့်သုံးပေ... လောက်ကပင် ခုန်ချရန် ကြောက်တတ်... သူ ဖြစ်သည်။ အခုတော့ သည်လူ... ရှေ့ကျွမ်း၊ နောက်ကျွမ်းကို လေး... လောက်မြင့်အောင်ထိုးနေပြီး ကျား... မာန်ဖီလိုက်လျှင် တကယ့်ကျားပုံစံပေါက်... နေလေသည်။ ကလေးတစ်စုကတော့... ပျော်နေကြသည်။ ကျားက ခုန်ထ... လိုက်၊ သူတို့ကပြေးလိုက်နှင့် လဲကျ... ကျ၊ ကွဲပြဲသူကကွဲပြဲနှင့် ဆူညံနေသော... သည်။

စီးတော်ကျားကို လူတွေက အ... သီးဆက်နေကြသည်မှာ ကြည့်၍... ကောင်းနေပြန်သည်။ ကိုယ်တိုင်ဘော... ဆက်၍မရ၊ နတ်ကျားထိန်းကတစ်ဆင့်... ဆက်ရလေသည်။ အခွံနွှာပြီး အ... သတ်ထားသည့် အုန်းသီးကို ပြလို... လျှင် အပေါ်သို့ ခေါင်းဆတ်ပြက ... ပေလောက် မြှောက်ပေးလိုက်လျှင် ... ကျားက ခုန်ပျံပြီး ဦးခေါင်းနှင့်ခွဲလို... သည်။ အလယ်တည့်တည့်မှ ...



www.burmeseclassic.com

www.burmeseclassic.com

ထွေးသီတင်

# အရယ်လွန်၍ အူတက်သူများကို အရယ်ရပ်အောင်ပြုလုပ်နည်း

ယခုရေးသားတဲ့အကြောင်းအရာ [illegible]တော့ ကျွန်မရဲ့ကိုယ်တွေ့ဖြစ်ရပ် [illegible]တစ်ခု ဖြစ်ပါတယ်။

ကျွန်မ ငယ်စဉ်အခါတုန်းက ရွာမှ [illegible]ကွဲတစ်ယောက်အိမ်ကို အလည် [illegible]ခဲ့ပါတယ်။

ညီမဝမ်းကွဲက သူတို့ရွာက [illegible]ကြောင်းကို ကျွန်မတို့ကို ပြောပြပါ [illegible]။

သူတို့ရွာမှာ ကောက်စိုက်ဖို့သွား [illegible]ခါမှာ ချောင်းတစ်ဖက်ကို လှေနဲ့ [illegible]ရပါတယ်။ အဲဒီအခါမှာ လှေထဲ [illegible] ကောက်စိုက်သမများမှာထိုင်နေတဲ့ [illegible]သလို လှေရဲ့ဦးဘက်မှာ မတ်တတ် [illegible]လိုက်တဲ့သူများလည်း ရှိပါတယ်။ [illegible]ပိုင်ရှင်က ကောက်စိုက်သမများကို [illegible] အကြို အပို့လုပ်ဖို့အတွက် သူ့ရဲ့ [illegible]ပ်သမားတစ်ယောက်ကိုခိုင်းစေပါ [illegible]။

တစ်နေ့မှာတော့ လှေရဲ့နောက်ဘက်က အလုပ်သမားက လှေကိုထွက်ဖို့အတွက် ထိုးဝါးနဲ့ လှေကို တွန်းထုတ်လိုက်ပါတယ်။ အဲဒီအခါမှာ လှေက အရှိန်နဲ့ နောက်ဘက်ကို ရောက်သွားတော့ လှေဦးမှာ မတ်တတ်ရပ်နေတဲ့ ကောက်စိုက်သမတစ်ယောက်က နောက်ဘက်ကို ပက်လက်လန်ပြီး လဲကျသွားပါတယ်။

အဲဒီကောက်စိုက်သမလဲကျပုံကို ညီမကလုပ်ပြပါတယ်။ သူလုပ်ပြတဲ့အမူအရာကိုကြည့်ပြီး ကျွန်မရယ်မိပါတယ်။

အတော်ကြာတဲ့အထိ ကျွန်မ ရယ်နေပါတယ်။ ရယ်တာရပ်လို့မရဖြစ်နေပါတယ်။ ကျွန်မရဲ့ဘေးနားမှာရှိနေတဲ့ အမေနဲ့ အစ်ကိုက စိုးရိမ်ပြီး ကျွန်မရဲ့ ရင်ကိုဖိပြီး ဝိုင်းနှိပ်ပေးကြပါတယ်။ ဒါပေမယ့် ကျွန်မရယ်တာက ရပ်လို့မရဘူး ဖြစ်နေပါတယ်။

ကျွန်မလည်း ရယ်တာမရပ်တဲ့အတွက် ကြောက်လန့်သွားပြီး ငိုချလိုက်မိပါတော့တယ်။

ကျွန်မ ငိုလိုက်တယ်ဆိုရင်ပဲ ရယ်တာက လုံးဝကိုရပ်သွားပါတော့တယ်။

ကလေးများ စုပြီးကစားကြတဲ့အခါ အော်ဟစ်ပြီး ပျော်လွန်းလို့ ရယ်ကြရင် ရှေးလူကြီးများက ပြောလေ့ရှိပါတယ်။

"သတိထားကြနော်။ ရယ်လွန်းရင် ငိုရတတ်တယ်"

ယခု ကျွန်မလည်း ရယ်တာမရပ်တော့ ကြောက်လန့်ပြီး ငိုလိုက်မှပဲ ရယ်တာရပ်သွားပါတော့တယ်။

ရယ်လွန်းတဲ့သူများကို သိပ်မရယ်ကြနဲ့၊ အူတက်တတ်တယ်လို့ လူကြီးများပြောလေ့ရှိပါတယ်။

ဒါကြောင့် ရယ်တာမရပ်သူများ (အူတက်) သူများကိုတွေ့ခဲ့ရင် ဘေးမှနေပြီး သတိပေးလိုက်ပါ။

"ငိုချလိုက်ပါ" လို့။

ထွေးသီတင်

BURMESE CLASSIC .com

[illegible]သွားလျှင် ဆက်သူတို့ ကျန်းမာရေး [illegible]ောင်းမွန်ပြီး စီးပွားတက်သည်ဟု ယူ [illegible]ကြသည်။

သည်ည အုန်းသီးဆက်သူများ၏ [illegible]ကြားမှာ လက်မလည်အောင် ခေါင်း [illegible]တိုက်ပေးနေရ၊ ပါးစပ်နှင့် ကိုက်ခွဲပေး [illegible]လေသည်။ ဦးခေါင်းနှင့်တိုက်ပေး [illegible]သော်လည်း ကိုစီးနားဦးခေါင်းဘာ [illegible]ဖြစ်တာ ကျွန်ုပ်အံ့သြနေမိသည်။

ထိုစဉ် အုန်းသီးတစ်လုံးကို နတ် [illegible]ထိန်းက ပစ်ပေးလိုက်ရာ နတ်ကျား [illegible]နဲ့တိုက်လိုက်၍ အုန်းသီးခြမ်းသည် [illegible]သို့ လွင့်စဉ်သွားပြီး လူတွေကြား [illegible] ကျသွားလေသည်။ အုန်းသီးခြမ်း [illegible] လူအုပ်ကြားထဲက မိန်းကလေး [illegible]ရဲ့ ငိုသံကို ကြားလိုက်ရသည်။

ကျွန်ုပ်တို့သုံးယောက်လည်း ဘယ် [illegible]လေးများထိသွားသလဲလို့ကြည့်လိုက် [illegible] ထိသွားသူက ကျွန်ုပ်ညီမလေး ဖြစ် [illegible]လေသည်။

ကျွန်ုပ်တို့သုံးဦး လူတွေကြားထဲသို့ [illegible]၍ ညီမလေးကို ခေါ်ထုတ်လာပြီး အလင်းရောင်ရှိရာတွင်ကြည့်လိုက်ရာ ချိုစောင်းတွင် နှစ်လက်မလောက်ကွဲသွားပြီး ကျလာသည့်သွေးတွေက ညီမလေးအင်္ကျီပေါ်တွင် ရွဲစိုနေသည်။ ငိုနေတာကို ချော့နေရင်း လက်ကိုင်ပဝါဖြင့် အနာကို အုပ်ပေးလိုက်မှ သွေးကျနည်းသွားလေသည်။

ညီမလေးကို ဆေးခန်းခေါ်သွားမည်လုပ်တုန်း နတ်ထိန်းတစ်ဦးရောက်လာပြီး ဘိုးဘိုးခေါ်နေသည်ဆို၍ ညီမလေးကို ချီပြီး ကျွန်ုပ် လိုက်သွားလေသည်။

ကျွန်ုပ် ဘိုးဘိုးဦးရှင်ကြီးအနားရောက်တော့ ကျွန်ုပ်ကို ပြုံး၍ကြည့်နေပါသည်။ ကျွန်ုပ် ဘိုးဘိုးမျက်နှာကို ကြည့်လိုက်တော့ ကိုသက်နိုင်ပုံပြောင်းနေတာကို တွေ့ရသည်။ ဘိုးဘိုးဦးရှင်ကြီးက ကျွန်ုပ်ညီမလေးခေါင်းကို လက်နဲ့သပ်ပေးလိုက်ပါသည်။

"ဘာမှမဖြစ်ပါဘူးကွာ၊ ငါ့မြေးကြီးက မယုံဘဲကိုကွယ်"

ကျွန်ုပ် ဘာဆိုဘာမှ ထပ်မပြောနိုင်တော့ချေ။ မျက်မြင်ကိုယ်တွေ့မို့သာ။

"တင်ထွန်းနိုင် မြင်အပ်၊မမြင်အပ်တဲ့ လောကသားပုဂ္ဂိုလ်တွေ တကယ်ရှိနေကြတယ်ဆိုတာ မင်းတို့ယုံပြီ မဟုတ်လား သူငယ်ချင်း။ မင်းကို အဘိုးပြောလိုက်တဲ့စကားက ကွက်တိပဲနော်။ 'ငါ့မြေးကြီးကမယုံဘဲကိုးကွယ့်' ဆိုတာလေ။ ကြားထဲက မင်းညီမလေး အချောင်နာသွားရတာပေါ့ကွာ"

ကျွန်ုပ်သည် ဆိတ်ဆိတ်နေ ဝန်ခံခြင်းဖြင့် နေလိုက်ရပါသည်။ အိမ်ပြန်ရောက်လျှင် အမေ၏ အဆူအရိုက်ခံရမှာ ကျိန်းသေသလို နောက်တစ်နေ့ သန်းထွေးအောင်ကို လှဦးနှင့် ကျွန်ုပ် လက်ဖက်ရည်တိုက်ဖို့ ပိုက်ဆံရှာရဦးမည် ဖြစ်ပါသည်။

(ကျွန်ုပ် (၇) တန်းကျောင်းသားဘဝကကိုယ်တွေ့ခံစားခဲ့ရတာကို အရင်းအတိုင်း ရေးဖွဲ့ပါသည်။)

ကောင်းကျိုးလိုရာပြည့်ပါစေ
မောင်လှယဉ် (မော်လမြိုင်)



www.burmeseclassic.com

# ပထဝီဇယမန္တန်နှင့် ဂန္ဓာရီဝိဇ္ဇာမယပညာ

△ တို့ရတနာ-ဆရာဇေယျာလင်း



ပထဝီဇယမန္တန်ဟု ဆိုလိုက်လျှင် ထိုမန္တန်ကို မြင်ဖူး၊ တွေ့ဖူးသည်, မတွေ့ဘူး၊ မမြင်ဘူးသည် အပထား၍ ကြားဖူးနားဝ နားယဉ်ပါးလေ့ရှိကြသည်ကများပါသည်။ သို့သော် ထိုပထဝီဇယမန္တန်ကို သိသူ၊မြင်ဖူးသူနည်းပါးသကဲ့သို့ ဆောင်ယူရွတ်ပွားလေ့ရှိသူလည်း နည်းပါသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းမှာ ပထဝီဇယမန္တန်သည် အခြားသော မိရိုးဖလာ အစဉ်အဆက် ဆောင်ယူလေ့ရှိသော ဂါထာမျိုး၊ အများသူငါ အသိများပြီး ဆောင်ယူလေ့ရှိသော ဂါထာမန္တန်မျိုး မဟုတ်သည့်အပြင် ထိုပထဝီဇယမန္တန်တွေကို တွေ့သိဖူးပါကလည်း မန္တန်မှာ ဂါထာပိုဒ် (၁၄) ပိုဒ်ဖြင့် ဖွဲ့စည်းထားသောကြောင့် အတန်ငယ်ရှည်ကြာ၍ ရွတ်လေ့ရှိသူများပင် ရွတ်ဖတ်သည့်အလေ့ အတန်ပြတ်လပ်သွားပါက မေ့လျော့သွားတတ်ကြသောကြောင့်ပင်။

သို့သော် ဗုဒ္ဓမြတ်စွာဘုရားရှင်နှစဉ်ဘဝ ငါးရာ့ငါးဆယ်နိပါတ်တော်ဇာတကဝတ္ထုများမှ သဗ္ဗဒါဌဇာတကဝတ္ထုတွင် ထည့်သွင်းဟောကြားခဲ့သောမန္တန်ဖြစ်သဖြင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအဖို့ ဤမန္တန်ကို မစိမ်း။ ကြားဖူးနားဝရှိကြ၊ ယဉ်ပါးနေကြခြင်း ဖြစ်ပေသည်။ အဆိုပါ ငါးရာ့ငါးဆယ်နိပါတ်တော်လာ ဒုကိနိပါတ်ဝင် သဗ္ဗဒါဌဝတ္ထု၌ ဘုရားရှင်သည် ဤပထဝီဇယမန္တန်အကြောင်းကို ထည့်သွင်း ဟောကြားတော် မူခဲ့လေသည်။

ဇာတ်လမ်းအကျဉ်းမှာ -

ရှေးအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် ပညာရှိပုရောဟိတ်အမတ်တစ်ဦးဖြစ်ခဲ့ပြီး ပထဝီဇယမန္တန်ကို ဆောင်နိုင်သူ ဖြစ်ခဲ့လေသည်။ ထို့ကြောင့် တစ်နေ့သောအခါသမယ၌ တိုင်းပြည်အနီး လူသူကင်းရှင်းသော တောစပ်ထဲတွင် အလောင်းတော် ပုရောဟိတ သည် တစ်ခုသော ကျောက်ဖျာထက်၌ထိုင်ကာ ပထဝီဇယမန္တန်ကို ရွတ်ဖတ်လေသည်။ ထိုစဉ်အခါ ထိုကျောက်ဖျာ၏ အောက်တွင်းထဲ၌ မြေခွေးတစ်ကောင် ရှိနေခဲ့လေသည်။ ထိုမြေခွေးသည်လည်း လွန်ခဲ့သောဘဝဟောင်းက ပထဝီဇယမန္တန်ကို တတ်မြောက်ခဲ့ဖူးသောကြောင့် အလောင်းတော် ပုရောဟိတ်၏ ပထဝီဇယမန္တန်ရွတ်ဖတ်သံကို ကြားသောအခါ မန္တန်ကို ပြန်လည်မှတ်မိသွားပြီး အာဂုံဆောင်နိုင်ခဲ့လေသည်။

သို့နှင့် ဘုရားလောင်းပုရောဟိတ်အမတ် ပြန်သွားသောအခါ ထိုမြေခွေးသည် ကျောက်ဖျာထက်သို့ တက်ကာ ပထဝီဇယမန္တန်ကို ရွတ်ဖတ်လေတော့သည်။ ထိုအခါ ပထဝီဇယမန္တန်၏ အာနုဘော်ကြောင့် တောတွင်းရှိရှိသမျှ တောသုံးထောင်ကို အစိုးရသော ကေသရာဇာခြင်္သေ့မင်း၊ ကိုယ်ခန္ဓာကြီးမားသလောက် ခွန်အားကြီးမားသော ဆင်များ၊ ကျား၊ ကျားသစ်၊ ဝံ စသော တောကောင်ကြီးများမှစ၍ သားရဲတိရစ္ဆာန်အပေါင်းတို့သည် ထိုမြေခွေးထံ လာရောက် ဝပ်တွားခစား ရှိခိုးကြရလေသည်။

ဤတွင် မြေခွေးသည် စိတ်ကြီးဝင်သွားပြီး မြေခွေးမတစ်ကောင်ကို မိဖုရားအဖြစ် တင်မြှောက်ကာ တောကောင်သားရဲတိရစ္ဆာန်တို့၏ မင်းအဖြစ် ခံယူလိုက်လေတော့သည်။ ထို့အပြင် မြေခွေးသည် ထိုသို့ တိရစ္ဆာန်အပေါင်းအား အစိုးရရှိမှုနှင့် မတင်းတိမ်နိုင်ဘဝင်သွေးကြွကာ တောကောင် အားလုံးကို စုရုံးခေါ်ငင်လျက် ဗာရာဏသီပြည်အား ဝန်းရံလျက် ဗာရာဏသီမင်းထံ 'တိုင်းပြည်ကိုပင် အပ်မည်လော၊ စစ်ပင်ခင်းမည်လော' ဟု ရာ ပို့လိုက်လေသည်။

ထိုအခါ ဗာရာဏသီပြည် အုန်းအုန်းကျွတ်ကျွတ်ဖြစ်လျက် တိုင်းပြည်သားလူအများတို့ တုန်လှုပ်ချောက်ချားခြင်း ဖြစ်ကြလေသည်။ ဗာရာဏ မင်းလည်း စိုးရိမ်ထိတ်လန့်ခြင်းဖြစ် အလောင်းတော်ပုရောဟိတ်အမတ် ထိုအရေးအား ဖြေရှင်းရန် တိုင် လေသည်။

www.burmeseclassic.com

ထိုအခါ အလောင်းတော် ပုရောဟိတ်ပုဏ္ဏားလည်း မြို့ရိုးထက်သို့ တက်ကာ မြေခွေးအား မည်သို့စစ်တိုက်ခြင်း ပြုမည်နည်းဟု မေးမြန်းလေသည်။

ထိုအခါ မြေခွေးသည် ဆင်တို့၏ ကျောကုန်းထက်၌ ခြင်္သေ့ကိုတည်နေစေကာ ထိုခြင်္သေ့ထက်၌ထိုင်လျက် မာန်ဟုန်စွာဖြင့် ခြင်္သေ့ကို ဟိန်းဟောက်စေလျက် တောကောင်များကို စေစားကာ မြို့ရွာတွင်းဝင် တိုက်ခိုက်စေမည်ဟု ဆိုလေသည်။

မြေခွေး၏ စကားကို ကြားလျှင် ဘုရားလောင်း ပုရောဟိတ်သည် ထိုတိုင်ခင်ကပင် တိုင်းသူပြည်သား လူများတို့ကို ဝါဂွမ်းဖတ်၊ အဝတ် စသည်တို့ဖြင့် နားများကို ကြိုတင် ပိတ်ဆို့ထားစေခဲ့ပြီးဖြစ်၍ မြေခွေးအား ပရိယာယ်ဆင်၍ ပြောသည်မှာ -

"သင်သည် ယုတ်ညံ့သော တိရစ္ဆာန်မျိုး ဖြစ်ပါလျက် သင်ကဲ့သို့ ယုတ်ညံ့သောတိရစ္ဆာန်က တောသုံးကောင်ကို အစိုးရသော ကေသရာဇာ ခြင်္သေ့မင်းကို စေခိုင်းဟိန်းဟောက်စေခြင်း ပြုနိုင်သည်မှာ မဖြစ်နိုင်ရာ"

ဟု မြေခွေး မခံချင်အောင်ပြောသည်တွင် မြေခွေးလည်း မခံချင်သဖြင့် သူနေထိုင်နေသော အောက်မှ ခြင်္သေ့ကို ဟိန်းဟောက်ရန် ခြေဖြင့် ကန်ကျောက်၍ အချက်ပြ အမိန့်ပေးလိုက်သည်တွင် ခြင်္သေ့လည်း ကြီးစွာသော အသံဖြင့် (၃) ကြိမ် ဟိန်းလိုက်လေတော့သည်။ ထိုအခါ ခြင်္သေ့နောက်မှ ခံလင့်ထားသော ဆင်များနှင့် တောကောင်များအားလုံး ကြောက်ရွံ့ထိတ်လန့်ကာ ခြေဦးတည့်ရာ ပြေးလွှားကြသည်တွင် ဆင်ပေါ်မှ ပြုတ်ကျသကဲ့သို့ မြေခွေးသည်း မြေပေါ်သို့ကျသဖြင့် ဆင်များနှင့် အခြားသောတောကောင်များအနင်းခံရ၍ ထိုနေရာ၌ပင် သေကျေပျက်စီးခြင်းသို့ ရောက်လေတော့သည်။

ဤကား ငါးရာ့ငါးဆယ် နိပါတ်တော် သဗ္ဗဒါဌဇာတကဝတ္ထုတော်၌ ပထဝီဇယမန္တန်တော်နှင့် ပတ်သက်၍ ဘုရားရှင်ဟောကြားခဲ့သည့် ဇာတ်လမ်းအကျဉ်းဖြစ်ပေသည်။

ဤဇာတကဝတ္ထုတော်သာခကေ ကို ကြည့်လျှင် ပထဝီဇယမန္တန်တော် ရွတ်ဖတ်ရခြင်း၏အကျိုး တန်ခိုးအာနုဘော်ကား တိရစ္ဆာန်ဖြစ်သော မြေခွေး ပင်လျှင် ဘုန်းတန်ခိုးကြီးစေလျက် တောအလုံးကို အစိုးရသည်အထိ ဖြစ်စေခဲ့ပေသည်။

အကျဉ်းအားဖြင့် ပထဝီ ဆိုသည်မှာ မြေအပြင်ကို ဆိုလိုပြီး ဇယ- ဇေယျော ဟူသည် အောင်မြင်ခြင်းဟု ဖွင့်ဆိုလေရာ ပထဝီဇယမန္တန် ဟူသည် မြေအပြင်အလုံးကို အစိုးရ အောင်မြင်စေနိုင်သောမန္တန်ဟု ဆိုရမည် ဖြစ်ပေသည်။ သို့ဖြစ်ရာ ပထဝီဇယမန္တန် ဟူသည် သာမန်လူတို့၊ ဂန္ဓာရီဝိဇ္ဇာမယ ပညာရှင်တို့ ကြံစည်တွေးတောရရှိသော ဂါထာမန္တန် မဟုတ်ဘဲ ဗုဒ္ဓဟောကြား နိပါတ်တော် ကျမ်းဂန်လာ နောက်ခံ သမိုင်းကြောင်း ကောင်းစွာဖြင့် ဆင်းသက် ပေါ်ပေါက်လာသောမန္တန် ဖြစ်ပေသည်။ ဤသို့ နောက်ခံသမိုင်းကြောင်း ကောင်းခြင်းဖြင့် ပေါ်ပေါက်လာသော ဘုရားရှင်ကိုယ်တိုင် ဖော်ထုတ် ဟောကြားခဲ့သည့် ပထဝီဇယမန္တန်တော်ကား အောက်ပါအတိုင်း ဖြစ်ပါလေသည်။

## ပထဝီဇယမန္တန်တော်

၁။ *ဩြော်င်း ပထဝီ ဇယံ သဗ္ဗံ၊ အနေက အန္တရာယိကံ၊*
*ဇာယံပစ္စေကဗုဒ္ဓါစ၊ ဇယံပရိမဟေသယော။*

၂။ *ဇယံဟာရော ဟရိဒေဝေါ၊ ဇယံဗြဟ္မာ ဓေတရဋ္ဌော၊*
*ဇယံနာဂေါစ ဝိရုဠ္ဟော၊ ဝိရူပက္ခော စ စန္ဒိမာ။*

၃။ *ဝိက္ကန္တော ဝေနေ တေယျောစ၊ ကုဝေရော ဝရုဏောပိစ။*
*အဂ္ဂဝါရုဏော ပဇ္ဇုန္နော၊ ကုမာနော စတုပါလကော။*

၄။ *အဋ္ဌာရသ မဟာဒေဝါ၊ သုခိတာစ ပသိဒ္ဓိယော၊*
*အသီတိ မဟာသာဝကာ၊ သဗ္ဗ ဇယံ ဒဒန္တုမေ။*

၅။ *ဇေယျောစမ္ဗောစ၊ သံယောစ၊ ဒသဗလောစ ဇေယျကော။*
*ဧတေန သစ္စဝဇ္ဇေန၊ ဇေယျာသုခိ ဘဝန္တုမေ။*

၆။ *နရာဒေဝါစ ဗြဟ္မဏော၊ ယက္ခာ နာဂါစ ဂရုဠာ၊*
*တေပိ ဒိတွာ ပိယာမယှံ၊ ပုတ္တံမမေ ဝသိနေဟာ။*

၇။ *ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓါစ၊ အရဟာ အဂ္ဂသာဝကာ၊*
*သဗ္ဗကရောန္တုမေ မေတ္တံ၊ သဗ္ဗေ တိဋ္ဌန္တုမတ္တကေ။*

၈။ *တေသံ မေတ္တာနုဘာဝေန၊ သဗ္ဗေ ရောဂါသုသီတလာ၊*
*သဗ္ဗေဘယာဝိနဿန္တု သဗ္ဗေနဿန္တု ပန္နဂါ။*

၉။ *ဣမဿ စက္ကဝါဠေစ၊ ဗဟူအနန္တ ပါဏိနော။*
*အနန္တစက္ကဝါဠေစ၊ ဗဟူအနန္တ ပါဏိနော။*

၁၀။ *ဣမေ သတ္တာ အဝေရာစ၊ အညမည့ံ ပိယာဟောန္တု၊*
*ဣမေသတ္တာ အဝေရာစ၊ အညမည့ံ သုခါဟောန္တု။*

၁၁။ *နေရယိကာ တိရစ္ဆာနာ၊ ပေတာ အသုရကာ ယမာ၊*
*ဣမေ သဗ္ဗေယထာသတ္တာ၊ ဒုက္ခာ မုစ္စန္တုတတ္တကာ။*

၁၂။ *ဒသကောဋိ ဒကာဇာစ၊ ထလဇာစ နဝကောဋိယော၊*
*သံသေဒဇော ပပါတိကာ၊ ဒီဃာယုကာဘဝန္တုတေ။*

၁၃။ *ဥဒ္ဒံယာဝ ဘဝဂ္ဂါဟ အဓောယာဝ အဝီစိတော၊*
*သမန္တာစက္ကဝါဠေသု၊ ယေသတ္တာ ပထဝီစရာ။*

၁၄။ *အဗျာပဇ္ဈာ နိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။*
*သဗ္ဗေသတ္တာ အဝေရာစ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။ ။*

ယနေ့ခေတ်၌ ပထဝီဇယမန္တန် မူကွဲလေးများ အနည်းငယ်စီ ကွဲလွဲမှုလေးများရှိနေပါသည်။ အထူးသဖြင့် မန္တန်၏ အစကို အချို့က 'ဩြော်င်း ဇယံ ပထဝီသဗ္ဗ' ဟု လည်းကောင်း၊ 'ဩြော်င်း ဇေယျ ပထဝီ သဗ္ဗံ အနေကယာယ' စသဖြင့် မူကွဲလေးများရှိနေသည့်အပြင် မန္တန်စာသားအချို့လည်း အနည်းငယ်စီ ရှိတတ်ပါသည်။ သို့သော် ဂါထာအက္ခရာဝလီစာသားများ အထားသို ရေးဟန် မူကွဲ အသုံးအနှုန်းတို့သာ ခြားနားသော်လည်း မန္တန်၏ မူရင်းတရားကိုယ် သဘောအဓိပ္ပာယ်များကား အတူတူသာဖြစ်ပါသည်။ ဤသို့ရေးရခြင်းမှာ ဤဆောင်းပါးပါ ကျွန်ုပ် ရေးသား တင်ပြထားသော ပထဝီဇယမန္တန်နှင့် မိမိတို့ ဆောင်ယူထားသော ပထဝီဇယမန္တန်မူတို့ ကွဲလွဲနေသည်ကို တွေ့က သို့လော သို့လော သံသယစိတ်ဝင်ကြမည်စိုး၍ ဖြည့်စွက် ရှင်းလင်း တင်ပြခြင်း ဖြစ်ပါသည်။ ဤမန္တန်မူနှင့် အနည်းငယ် ကွဲလွဲနေကာမူ မိမိတို့ဆောင်ယူနေကျအတိုင်း ဆက်လက်ဆောင်ယူနိုင်ပါသည်။ အမှား

www.burmeseclassic.com

အပြစ်မရှိပါ။ ကျွန်ုပ်အနေဖြင့် ဤပဌာနဇယမန္တန်မှုကွဲအမျိုးမျိုးအား ကောင်းစွာလေ့လာကြည့်ခဲ့ပြီး ဖြစ်ပါသည်။ ဤနေရာ၌ ဆောင်းပါးလေးအံ့စိုး၍ နှိုင်းယှဉ်မဖော်ပြခြင်း ဖြစ်ပါသည်။ ဤပဌာနဇယမန္တန်မှုမှာမူ ကျွန်ုပ်ကိုယ်တိုင်လည်း ဆောင်ယူ ရွတ်ပွားနေသောမူ ဖြစ်ပါသည်။

**ပဌာနဇယမန္တန်ပါဠိအနက်**

၁။ **အနေက အန္တရာယိကံ** - တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်ကို ပြုတတ်သော၊ **ပဌာနဇယံ** - ကြွင်းမဲ့ ဥဿုံ အလုံးစုံသော မြေအပြင်၌ အောင်မြင်ဖွယ် ဟူသမျှ တစ်စမကြွင်း ရန်ခပင်းကို **ဩဟောင်း** - ကောင်းကျိုးလျှမ်းတောက် ချမ်းသာရောက်အောင် မျက်မှောက်ထင်ထင်အောင်မြင်ပါစေသတည်း။ **ပစ္စေက ဗုဒ္ဓါစ** - ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်လည်း၊ **မေ** - အကျွန်ုပ်အား၊ **ဇယံ** - အောင်ဆုကို၊ **ဒဒန္တု** - ပေးတော်မူပါစေကုန်သတည်း။ **မဟေသယောစ** - မြတ်သော သီလက္ခန္ဓ စသည့် ကျေးဇူးဂုဏ်အထူးကို ရှာမှီးတော်မူကုန်ပြီးသော ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိက ဘုရားသခင်၊ အရှင်အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ရဟန္တာမြတ်တို့သည်လည်း၊ **ပရိ** - ထက်ဝန်းကျင်မရှိသောအားဖြင့်၊ **မေ** - အကျွန်ုပ်အား၊ **ဇယံ** - အောင်ဆုကို၊ **ဒဒန္တု** - ပေးတော်မူကြပါစေကုန်သတည်း။

၂။ **ဟာရာ** - ဟာရနတ်သည်လည်းကောင်း၊ **ဟိရဒေဝေါ** - ဟာရိနတ်သည်လည်းကောင်း၊ **မေ** - အကျွန်ုပ်အား၊ **ဇယံ** - အောင်ဆုကို၊ **ဒဒန္တု** - ပေးတော်မူကြပါစေကုန်သတည်း။ **ဗြဟ္မာ** - ဗြဟ္မာသည်လည်းကောင်း၊ **ဓတရဋ္ဌော** - ဓတရဋ္ဌနတ်မင်းသည် လည်းကောင်း၊ **မေ** - အကျွန်ုပ်အား၊ **ဇယံ** - အောင်ဆုကို၊ **ဒဒန္တု** - ပေးကြပါစေကုန်သတည်း။ **နာဂေါစ** - မဟာနာဂနတ်မင်းသည် လည်းကောင်း၊ **ဝိရုဠှောစ** - ဝိရုဠှကနတ်မင်းသည် လည်းကောင်း၊ **ဝိရူပက္ခောစ** - ဝိရူပက္ခနတ်မင်းသည် လည်းကောင်း၊ **စန္ဒိမာပိ** - လနတ်သားသည် လည်းကောင်း။

၃။ **ဝိဋ္ဋုနှောစ** - အထူးထူးသော နတ်တို့ကို အစိုးရသော သိကြားမင်းသည် လည်းကောင်း၊ **ဝေနေတေယျောစ** - ဝိနဘာနတ်သမီး၏ သားတော်ဖြစ်သော နတ်မင်းသည် လည်းကောင်း၊ **အဂ္ဂိစ** - မီးနတ်သားသည်လည်းကောင်း၊ **ဝါရုဏောစ** - လေနတ်သားသည်လည်းကောင်း **စတုလောကပါလောစ** - လောကပါလနတ်သား လေးယောက်သည် လည်းကောင်း၊ **မေ** - အကျွန်ုပ်အား၊ **ဇယံ** - အောင်ဆုကို၊ **ဒဒန္တု** - ပေးကြပါစေကုန်သတည်း။

၄။ **သုခိတာ** - ချမ်းသာအောင်ဆောင်နိုင်ကုန်သော၊ **အဋ္ဌာရသမဟာဒေဝါ** - တစ်ကျိပ်ရှစ်ပါးကုန်သော နတ်မင်းကြီးတို့သည်လည်းကောင်း၊ **ပသိဒ္ဓိ** - အထူးထူးအပြားပြား စီးပွားချမ်းသာကို ပြီးစေတတ်ကုန်သော၊ **အာသီတိမဟာသာဝကာစ** - ရှစ်ကျိပ်ကုန်သော မဟာသာဝက ရဟန္တာအရှင်မြတ်တို့သည် လည်းကောင်း၊ **မေ** - အကျွန်ုပ်အား၊ **သဗ္ဗဇယံ** - အောင်ဆုဟူသမျှကို၊ **ဒဒန္တု** - ပေးတော်မူကြပါစေကုန်သတည်း။

၅။ **ဓမ္မောစ** - ဆယ်ပါးသောတရားတော်သည် လည်းကောင်း၊ **သံဃောစ** - သမုတ်ပရမတ် နှစ်ရပ်သောသံဃာတော်တို့ လည်းကောင်း၊ **ဇေယျကော** - ရန်ဟူသမျှကို အထူးအောင်မြင်တော်မူပေ၏။ **ဒသဗလောစ** - ကာယဉာဏ်တော်အားဆယ်ဖော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည်လည်း၊ **ဇေယျကော** - ရန်မျိုးဥဿုံအလုံးစုံကို ချက်ကုန်မကြွင်း ခုတ်စဉ်းဖျက်ခြေ အထူးအောင်မြင်တော်မူပါပေ၏။ **တေနသစ္စဝဇ္ဇေန** - ဤသို့ ဟုတ်တိုင်းမှန်ရာ ဆိုရပါသော သစ္စာစကား အကျိုးအားကြောင့်၊ **မေ** - အကျွန်ုပ်အား၊ **ဇေယျာသုခီ** - အောင်ကြောင်းမင်္ဂလာ ချမ်းသာသုခအဝဝတို့နှင့် ပြည့်စုံရသည်။ **ဘဝန္တု** - ဖြစ်ကြပါစေကုန်သတည်း။

၆။ **နရာစ** - လူတို့သည် လည်းကောင်း၊ **ဒေဝါစ** - နတ်တို့သည် လည်းကောင်း၊ **ဗြဟ္မာနောစ** - ဗြဟ္မာတို့သည် လည်းကောင်း၊ **ယက္ခာစ** - ဘီလူးတို့သည် လည်းကောင်း၊ **နာဂါစ** - နဂါးတို့သည် လည်းကောင်း၊ **ဂရုဠာစ** - ဂဠုန်တို့သည် လည်းကောင်း၊ **တေပိ** - ထို လူ, နတ်, ဗြဟ္မာ, ဘီလူး, နဂါး, ဂဠုန်တို့သည် လည်း **ဓိတ္တာ** - မြင်သည်ရှိသော်၊ **မယှံ** - အကျွန်ုပ်အား၊ **ပီယာ** - ချစ်ခင်မြတ်နိုးကြကုန်သည်၊ **ဟောန္တု** - ဖြစ်ပါစေကုန်သတည်း။ **ပုတ္တံ** - မိမိတို့၏သားကို၊ **သိနေဟာက္ကာဝ** - ချစ်ခင်ကြကုန်သကဲ့သို့၊ **မမ** - အကျွန်ုပ်အား၊ **ပီယာ** - မြတ်နိုးချစ်ခင်ကြကုန်သည်။ **ဟောန္တု** - ဖြစ်ပါစေကုန်သတည်း။

၇။ **ဗုဒ္ဓါစ**-မြတ်စွာဘုရားတို့သည် လည်းကောင်း၊ **ပစ္စေကဗုဒ္ဓါ**- ပစ္စေကဗု[ဒ္ဓါ] တို့သည် လည်းကောင်း၊ **အဂ္ဂသာဝကာ**- အဂ္ဂသာဝကတို့သည် လည်းကော[င်း] **သဗ္ဗေ** - အလုံးစုံကုန်သော ဘုရား၊ ပစ္စေ[က] ကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝကတို့သ[ည်] **မေ** - အကျွန်ုပ်အား၊ **မေတ္တံ** - ချစ်ခြ[င်း] မေတ္တာကို၊ **ကရောန္တု** - ပြုတော်မူပါ[စေ] ကုန်သတည်း။ **သဗ္ဗေ**-အလုံးစုံကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာ ဝကတို့သည်၊ **မေ** - အကျွန်ုပ်၏၊ **မ[ုဒ္ဓ]ကေ** - ဦးခေါင်းထက်၌၊ **တိဋ္ဌန္တု** - [...] တည်တော်မူကြပါစေကုန်သတည်း။

၈။ **တေသံ** - ထိုဘုရား၊ ပစ္စေ[က] ဗုဒ္ဓါ၊ ရဟန္တာ၊ သာဝကတို့၏၊ **မေ[တ္တာ]နုဘာဝေန** - မေတ္တာဓာတ် တန်ခိုးတေ[ာ်] အာနုဘော်တို့ကြောင့်၊ **သဗ္ဗေ** - အလုံး[စုံ] ကုန်သော၊ **ရောဂါ** - ကိုးဆယ့်ခြောက်[...] ရောဂါတို့သည်၊ **သုသီတလာ**- အေ[း] ငြိမ်အေးကြကုန်သည်။ **ဟောန္တု** - ဖြစ်[ပါ] စေကုန်သတည်း။ **သဗ္ဗေ**- အလုံးစုံ[ကုန်] သော၊ **ဘယာ**-ကြောက်မက်ဖွယ်ဘေး[...] သည်၊ **ဝိနဿန္တု** - ပျောက်ကွယ်ကြပါ[စေ] ကုန်သတည်း။ **သဗ္ဗေ**- အလုံးစုံကုန်သော **ဥပဒ္ဒဝါ**- ကပ်၍နှိပ်စက်တက်ကုန်သော ဥပဒ္ဒဝေါတို့သည်၊ **နဿန္တု** - ပျက်စီး[...] ပါစေကုန်သတည်း။

၉။ **က္ကမိသ္မိံစက္ကဝါဠေ** - ဤစ[...] ဝဠာ၌၊ **ဗဟု** - များစွာကုန်သော၊ **အ[...] ပါဏိနောစ** - အဆုံးအပိုင်းအခြား[...] ကုန်သော သတ္တဝါအပေါင်းတို့သ[ည်] လည်းကောင်း၊ **အနန္တစက္ကဝါဠေ** - အ[...] အပိုင်းအခြားမရှိသော စကြဝဠာတို့[...] အပေါင်းတို့၌၊ **ဗဟု** - များစွာကုန်သော **အနန္တပါဏိနောစ** - အဆုံးအပိုင်းအခြား မရှိကုန်သော သတ္တဝါအပေါင်းတို့သ[ည်] လည်းကောင်း၊

၁၀။ **ဣမေသတ္တာ** - ဤဆိုအပ[...] သော သတ္တဝါအပေါင်းတို့သည်။ **အ[...] မညံ** - အချင်းချင်း၊ **အဝေရာ**- ရန်မ[...] ကုန်သည်ဖြစ်၍၊ **သုခါစ** - ကိုယ်စိတ်[...] ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံကြ[...] သည်၊ **ဟောန္တု** - ဖြစ်ကြပါစေ[ကုန်] သတည်း။

၁၁။ **နေရယိကာစ** - ငရဲသာ[း] သည် လည်းကောင်း၊ **တိရစ္ဆာနာစ** - တိရစ္ဆာန်တို့သည်လည်းကောင်း၊ **ပေ[တ္တာ] စ** - ပြိတ္တာတို့သည်လည်းကောင်း၊ **အသု[ရ] ကာစ** - အသူရကာယ်တို့သည် လ[ည်း] ကောင်း၊ **ယမာစ**-ငရဲသနင်း ယမမင်[း] သည် လည်းကောင်း၊ **ယထာ** - [...]



www.burmeseclassic.com

www.burmeseclassic.com

သို့သော အခြင်းအရာအားဖြင့်၊ **ဇာတာ**- ဖြစ်ကုန်သော၊ **သဗ္ဗေ**-အလုံးစုံကုန်သော၊ **ဣမေ သတ္တာ** - ဤဆိုအပ်ပြီးသော အပေါင်းတို့သည်၊ **သန္တိ** - ရှိကြကုန်၏။ **တတ္ထကာ** - ထိုမျှလောက်ကုန်သော သတ္တဝါအပေါင်းတို့သည်၊ **ဒုက္ခာ**-ဆင်းရဲ အပေါင်းမှ၊ **မုစ္စန္တု** - ကင်းလွတ်ကြပါစေ ကုန်သတည်း။

၁၂။ **ဒသကောဋိဒကာဝေဝ** - ရေ နေ ဆယ်ကုဋေကုန်သော သတ္တဝါအ ပေါင်းတို့သည် လည်းကောင်း၊ **ထလဇာ နဝကောဋိယောစ** - ကုန်းနေ ကိုးကုဋေ သော သတ္တဝါအပေါင်းတို့သည် လည်း ကောင်း၊ **သံဒေသဇော ပါတိကာစ** - အညှိ၌ဖြစ်သော သတ္တဝါ၊ ကိုယ်ထင်ရှား ဖြစ်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ **တေ** - ထိုဆိုအပ်ကုန်ပြီး သော သတ္တဝါအပေါင်းတို့သည်၊ **ဒီဃာ ယုကာ** - အသက်ရှည်ကြကုန်သည်၊ **ဘဝ န္တု** - ဖြစ်ပါစေကုန်သတည်း။

၁၃။ **သမန္တာ**- ထက်ဝန်းကျင်အရပ် မှ **စက္ကဝါဠေသု** - အဆုံးအပိုင်းအခြား မရှိကုန်သော စကြာဝဠာတိုက်အပေါင်း တို့၌၊ **ဥဒ္ဓံ** - အထက်၌၊ **ယာဝဘဝဂ္ဂါစ** - နေဝသာ နာသညာယတနဘဝဂ်တိုင် အောင်လည်းကောင်း၊ **အဓော** - အောက် ၌ **ယာဝအဝီစိတောစ** - အဝီစိငရဲဘုံတိုင် အောင် လည်းကောင်း၊ **ယေသတ္တာ** - အကြင်သတ္တဝါအပေါင်းတို့သည်။ **ပထဝီ စရာ** - မြေ၊ ရေနှစ်ပြင် ထက်ကောင်း ကင်၌ ကျင်လည်လှည့်သွား ကျက်စား ကြကုန်၏။

၁၄။ **သဗ္ဗေ** - အလုံးစုံကုန်သော၊ **တေသတ္တာ** - ထိုသတ္တဝါအပေါင်းတို့ သည်၊ **သဗ္ဗဟိ** - အလုံးစုံကုန်သော၊ **ဥတိတိ** - အဆွေမျိုးတို့နှင့်၊ **သဟာ**-တကွ၊ **အဗျာပဇ္ဇာစ** - စိုးရိမ်ကြောင့်ကြ မရှိကြ ကုန်သည် လည်းကောင်း၊ **နိဒုက္ခာစ** - ဆင်းရဲဒုက္ခ မရှိကြကုန်သည် လည်း ကောင်း၊ **ပဋ္ဌပဒ္ဒဝါစ** - ဥပဒ္ဒဝေါမရှိကြ ကုန်သည် လည်းကောင်း၊ **အဝေရာစ** - အတွင်းရန်မရှိကြကုန်သည်လည်းကောင်း၊ **သောန္တု** - ဖြစ်ပါစေကုန်သတည်း။

အထက်ပါ ပထဝီဇယမန္တန်ဂါထာ များ၌ မတိမ်းမယိမ်း ကွဲပြားနေတတ်ကြ သော်လည်း အဓိပ္ပာယ်အစစ် အနှစ် အရသာမှာမူ ကွာခြားသဖြင့် မိမိတို့ ဆောင်ယူနေကျ မန္တန်မူများကိုလည်း ဆက်ကပ် ဆောင်ယူနိုင်ပါသည်။ သို့ရာ တွင် ဤမန္တန်၏အနက်ကို ပြန်ဆိုရာ၌မူ ဂါထာမန္တန်ကျမ်း အတော်များများ မန္တန် အပိုင်း (၅) ၏ အနက်အဓိပ္ပာယ် ပြန်ဆို ချက် ကြွင်းကျန်နေတတ်ကြသည်ကို လည်းကောင်း၊ ထိုဂါထာအမှတ် (၅) ပိုဒ် ကို ပါဠိအနက် ပြန်ဆိုချက်ပါသည့်တိုင် 'ဧတေန သစ္စဝဇ္ဇေန ဇေယျာသုခိဘဝန္တု မေ' ဟူသော ဂါထာစာသားအနက်ပြန် ဆိုချက်များ ကျန်ရှိနေကြောင်း တွေ့ရပါ သည်။ လက်လှမ်းမီရာ ဤပထဝီဇယ မန္တန်ပါသော ဂါထာမန္တန်စာအုပ်များ၌ လေ့လာကြည့်ကြပါလေကုန်။ သို့အား လျော်စွာ ယခုဤဆောင်းပါး၌ ဤပထဝီ ဇေယမန္တန်၏ ပါဠိအနက်ပြန်ဆိုချက်ကို ပြည့်စုံအောင် ထည့်သွင်း ဖော်ပြလိုက် ပါသည်။

ဤမန္တန်၏ အကျိုးတန်ခိုးသိဒ္ဓိ သည်ကား အထူးပြောရန်မလို။ သဗ္ဗဒါဠ ဇာတ်တော်၌ လူမပြောနှင့် အဟိတ် တိရစ္ဆာန်ပင်လျှင် ဤမန္တန်အာနုဘော် ကြောင့် တိရစ္ဆာန်အပေါင်းတို့လို အစိုး ရသောမင်းအဖြစ်ကို သိရခဲ့သေးသည်။ သီလ၊ သမာဓိ ပြည့်စုံသော လူတို့ ရွက် လျှင်ကား အထူးဆိုဖွယ်ပင်မရှိ။ ယုံကြည် စွာဖြင့် အက္ခရာမပျက် အနက်ထင်မြင် အောင် ရွတ်ဖတ်ပါက မန္တန်အကျိုး တန်ခိုးအာနုဘော်ကို မုချခံစားရပါလိမ့် မည်။

ဤဆောင်းပါး ရေးနေစဉ်၌ပင် မိတ်ဆွေအငြိမ်းစားတိုင်းမှူးကြီးဝင်းနိုင် နှင့် တွေ့ဆုံခဲ့ရာ သူ၏ပြောပြချက်အရ ပထဝီဇယမန္တန်ကို အမှတ်မထင်ရရှိခဲ့ သည့်အချိန်မှစ၍ သူစစ်ဆင်ရေးသွား တိုင်း မပြတ်ကြိုးစား၍ ပထဝီဇယမန္တန် ကို ရွတ်ခဲ့သည်ဟု ဆိုသည်။ မန္တန်အနက် ကိုတော့ သူမသိ။ သို့နှင့် စစ်ဆင်ရေး တစ်ခုတွင် ရွာတစ်ရွာသို့အဝင် မထင် မှတ်သောနေရာ၌ ရန်သူကသူတို့ခရီးစဉ် သတင်းရ၍ ရသွားခဲ့သည်။ ထို့ကြောင့် သူကဲ့သို့ အဆင့်မြင့်ရာထူးရှိသူ စစ်ဘက် အရာရှိအား အပိုင်းပိုင်းမိုင်းထောင်ဖြို ခွင်းရန် ကြံစည်ခဲ့ကြပါသည်။ မိုင်းမှာ ဆွဲမိုင်းဖြစ်ပါသည်။ မိုင်းကိုလည်း မထင် လောက်အောင် ရွာအဝင်နားတွင်ဆင် ထားကြပါသည်။ ဗိုလ်မှူးကြီး ဝင်းနိုင် သည် တစ်လမ်းလုံး အခြေအနေပေး အချိန်ရသလောက် ပထဝီဇယမန္တန်ကို ကြိုးစား ရွတ်ဖတ်လာခဲ့ပါသည်။ သို့နှင့် မကြာလိုက်ပါ။ မိုင်းရှိသောနေရာကို သူ ဖြတ်ပြီး ရွာဝသို့ဝင်လိုက်သည်နှင့် မိုင်း ပေါက်ကွဲသံကြီးကို ပြင်းထန်စွာ သူကြား လိုက်ရပါသည်။နောင်အခါကျမှ သတင်း ပြန်ရသည်ကား မိုင်းခွဲသူများသည် မိုင်း ဆင်ထားသောနေရာသို့ ဖြတ်စဉ်က သူ နှင့်သူ့အဖွဲ့ကိုမမြင်ဟု ဆိုပါသည်။ သူတို့ ကျော်သွားပြီးမှ နောက်ကလာသော ဆိတ်အုပ်ကို စစ်သားများဟု မြင်ကြပြီး အမြင်မှား၍ မိုင်းကိုဆွဲလိုက်ခြင်း ဖြစ် သည်ဟု ပြန်သတင်းကြားခဲ့ရသည်ဆိုပါ သည်။ ဤအဖြစ်အပျက်မှာ ၂၀၀၇ ခုနှစ် က ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။ ပထဝီ ဇယမန္တန်ကြောင့် သူအသက်ဘေးမှ မကြာခဏလွတ်ခဲ့ပုံ၊ ထူးဆန်းသော အခြင်းအရာများနှင့် ကြုံတွေ့ခဲ့ရပုံများ ကို သူကိုယ်တိုင်လည်း မကြာခင် ရေး သားမည် ဖြစ်သဖြင့် ကျွန်ုပ်အနေဖြင့် ဤမျှသာ ဖော်ပြလိုက်ပါသည်။

ဤပထဝီဇယမန္တန်သည် ဂန္ဓာရီ ဝိဇ္ဇာမယလောကီပညာဖြင့် စီရင်တတ် မည်ဆိုလျှင် သိဒ္ဓိပြီးမြောက် ထွက်ရပ် ပေါက်သည်အထိ သိဒ္ဓိအကျိုးတန်ခိုး အာနုဘော်နှင့် ပြည့်စုံသော မန္တန်တော် ကြီး ဖြစ်ပါသည်။ ရှေးအခါက ဂန္ဓာရီ ဝိဇ္ဇာမယလောကီပညာ ထွက်ရပ်ဂိုဏ်း များစွာရှိသည့်အနက် မေတ္တာဂိုဏ်းဟု လည်းကောင်း၊ မန္တန်ဝိဇ္ဇာဂိုဏ်းဟု လည်း ကောင်းအမည်တွင်သည့် ထွက်ရပ်ဂိုဏ်း တော်ကြီးတစ်ဂိုဏ်းရှိခဲ့ဖူးလေသည်။ ထို ဂိုဏ်းတော်ကြီးသည် အထက်တွင် ဖော်ပြ ခဲ့သော ပထဝီဇယမန္တန်တော်သည် သဗ္ဗ ဒါဠိသဇာတ်တော်လာ ဘုရားရှင် ဟော ကြားခဲ့သော မန္တန်အစစ် ဖြစ်သည်ဟု ယုံကြည်လက်ခံကြလေသည်။ ထိုမန္တန် ဝိဇ္ဇာဂိုဏ်းဝင်များသည် ပထဝီဇယမန္တန် တော်၌ ဂါထာ(၁၄)ပိုဒ်အား အင်းကွက် (၁၄) ကွက်အဖြစ် စီမံပြုလုပ်စီရင်ကာ အင်းကို သောက်၍ ပညာဆိုတတ်ခြင်း များပြုလုပ်ခဲ့ကြပါသည်။ မန္တန်ဝိဇ္ဇာဂိုဏ်း ကြီးသည် ပယောဂများ၊ အတိုက်အခိုက်၊ သူပြုလူပြု၊ စုန်းတိုက်၊ နတ်တိုက်၊ အာရုဒ္ဓနတ်ဆိုး၊ ဘီးလူးဆိုးများကို ဤပထဝီ ဇယမန္တန်တော်ဖြင့် လည်းကောင်း၊ ဤ မန္တန်ဖြင့်စီရင်သောအင်းများကို အသုံး ပြု၍သော် လည်းကောင်း နှိမ်နင်းခြင်း၊ ကုသပေးခြင်းများပြုခဲ့ရာ အလွန်ပင် အစွမ်းထက်လှသည်ဟုထင်ရှားခဲ့သည့် ထွက်ရပ်ဂိုဏ်းကြီးတစ်ခု ဖြစ်ပေသည်။ ထိုမန္တန်ဝိဇ္ဇာဂိုဏ်း၏ ပထဝီဇယမန္တန်ပါ ဂါထာ (၁၄) ပိုဒ်ကို အင်း (၁၄) ကွက် အဖြစ် စီရင်ဆောင်ရွက်ရာတွင် အသုံး ပြုသော အင်းကွက်အင်းသွားနမူနာပြ ဂဏန်းအင်းကွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

| | | | | | |
|---|---|---|---|---|---|
| | ၁ | ၈ | ၁၅ | ၂၈ | |
| ၃၁ | ၁၄ | ၂၇ | ၂ | ၉ | ၁၆ |
| ၂၀ | ၇ | ၃၂ | ၂၉ | ၂၄ | ၃ |
| ၁၃ | ၃၀ | ၂၁ | ၂၆ | ၁၇ | ၁၀ |
| ၆ | ၁၉ | ၁၂ | ၂၃ | ၄ | ၂၅ |
| | ၂၂ | ၅ | ၁၈ | ၁၁ | |

BURMESE CLASSIC .com

ပထဝီဇယမန္တန်တော်၌ ဂါထာအပိုဒ် (၁၄) ပိုဒ်ပါရှိရာ ဂါထာတစ်ပုဒ်လျှင် အက္ခရာဝလိဂါထာစာသား (၃၂) လုံးစီပါရှိသဖြင့် အထက်ပါအင်းအသွားနမူနာပြဂဏန်းအင်းကွက်အတွင်း ဂဏန်းနံပါတ်စဉ်အတိုင်း (၃၂) ကွက်ကိုသောက်၍ ပညာစဉ်တက်ကြပါသည်။ ဤပထဝီဇယမန္တန်အင်းများကို စီရင်သောအခါ စီရင်မည့်နေရာ၊ ဓာတ်ခန်းကို ရာဇမတ်ကာလျက် ပတ်လည်ကို သိမ်ဝင်ချည်၊ ပရိတ်ချည်တို့ဖြင့် စည်းပြုလုပ်ရပါမည်။ နေရာဌာနအားဖြင့် လူသူမနီး ဆိတ်ငြိမ်သောနေရာမျိုး ဖြစ်ရပါမည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့အား ကန်တော့ပွဲသုံးပွဲနှင့် ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်း၊ အမွှေးနံ့သာ၊ တံခွန်၊ ကြက်လျှာအစုံအလင်ဖြင့် လှူဒါန်းရပါမည်။ ပြီးလျှင် နတ်ကြီးများကို ကန်တော့ပွဲ (၁၈) ပွဲ (နတ်မင်းကြီးတစ်ကျိပ်ရှစ်ပါးနှင့် သိကြားမင်းအား ရည်စူးပါသည်) ပေး၍ (မတတ်နိုင်လျှင် ငါးပွဲပေး၍) နတ်ကြီးများတို့ ပင့်ခေါ်ရပါမည်။

**မန္တန်ဝိဇ္ဇာဂိုဏ်းပင့်**

ကသစ်ရိပ်သာ၊ ကမ္ဗလာနှင့် ဒေဝရာတိ၊ သဟာသိရောင်၊ အမြင့်ဆောင်လျက်၊ ရွှေတောင်ရာဇေ ဂီရိဆွေဝယ်၊ လေးထွေရောင်စုံ၊ မြင်းမိုရ်လည်းကာ၊ စောင့်စည်းလာသည်။ ဓတရာလွှမ်းပတ်၊ ဓတရဋ္ဌ၊ ဂန္ဓဗ္ဗမျိုး၊ ထူးဝိသေသ၊ စောင်မစေချင်၊ တောင်ခွင်လက်ယာ၊ ကြော်ငြာဝှမ်းဆူ၊ ဝိရူဠှတွင်၊ နတ်ဘုရင်လည်း နောက်ခွင်ပစ္ဆိမာ၊ ရပ်မျက်နှာ၌၊ နာဂအပေါင်း၊ ဝတ်ညောင်းဖွမျူး ဝိရူပက္ခ၊ မြောက်ရပ်ကမူ၊ ကုဝေရမင်း၊ စိုးပိုင်ခြင်းဖြင့်၊ ထံရင်းညွှတ်ခ၊ ယက္ခကုမ္ဘဏ်၊ နတ်မွန်စုံဖူး၊ မင်းလေးဦးနှင့် ကွန့်မြူးတူညီ၊ နတ်ဒေဝီနှင့် တညီများစွာ၊ နတ်တကာတို့ သုံးဖြာလောက၊ နိုင်းမမျှသား၊ ဗုဒ္ဓငါးဆူ၊ ထွတ်ဘုန်းလူကို၊ ကြည်ဖြူစေဟနာ၊ ကိုးကွယ်ပါ၏။ မခြားနေ့ည၊ သင်တို့အား လည်း၊ မေတ္တာမျှလျက်၊ အမျှပေးဝေပြုခဲ့ပေ၍၊ ဒေဝသနင်း နတ်မင်းဘုန်းလူ၊ မ, တော်မူလော့၊ ဆုယူမေတ္တာ၊ ဆိုသစ္စာကြောင့်၊ အပေါင်းများစွာ နတ်တကာတို့ လျှင်စွာအဆော၊ ရောက်စေသော်။

(သုံးခေါက်ရွက်ရန်)

ဤသို့ ပထဝီဇယမန္တန်(၁၄)အင်းကိုစီရင်ပြီးသော် တစ်နေ့လျှင် ခုနစ်အင်းကျသောက်ရပါသည်။ (၁၄) အင်းကုန်အောင်သောက်မိသော် ပယောဂအမျိုးမျိုးကို နိုင်နင်းခြင်း၊ ကုသနိုင်ခြင်း၊ နတ်အပေါင်းတို့ ချစ်ခင်ခြင်း၊ နတ်များကိုခေါ်နိုင်ခြင်း၊ ဝင်စေ, ထွက်စေနိုင်ခြင်းများအပြင် မိမိ၏သီလ၊ စရဏအကျင့်အားလျော်စွာ သိဒ္ဓိအမျိုးမျိုးတို့ ပေါက်မြောက် ရရှိစေနိုင်ပါသည်။ မန္တန်ဝိဇ္ဇာဂိုဏ်း၏ သတိပေးချက်တစ်ရပ်မှာ ဤပထဝီဇယမှော်အင်းများစီရင်နေစဉ်ရက်များအတွင်း မိန်းမအဖျက်များပေါ်တတ်သည်ဟု ဆိုပါသည်။ မိန်းမအဖျက်များကို သတိပြုရပါမည်။ အင်းများချနေစဉ် မိန်းမအသံကြားသော် လှည့်မကြည့်ရ။ လှည့်ကြည့်မိက မှော်ပျက်တတ်သည်။ အစီအရင်မအောင်မမြင်ဖြစ်တတ်သည်ဟု ဆိုပါသည်။

ဤမန္တန်ဝိဇ္ဇာဂိုဏ်း၏ ပညာတတ်စဉ်မှာ အချို့က အထက်ပါအတိုင်း အင်းဖြင့် ပညာမတက်ဘဲ မိမိမွေးနေ့လည်းဖြစ်၍ ရက်ကောင်းရက်မြတ် နက္ခတ်ခပါဒ်ကောင်း ကြုံကြိုက်သောနေ့မှစ၍ အထက်ပါအတိုင်း ကန်တော့ပွဲများဖြင့် ပြင်ဆင်ခင်းကျင်းပြီး မန္တန်ဝိဇ္ဇာဂိုဏ်းပင့်ဖြင့် နတ်များကို ပင့်ဖိတ်ပြီးနောက် သီလခံယူကာ အထက်ပါ ပထဝီဇယမန္တန် (၁၄) ပိုဒ်တို့ဖြင့် (၄၅) ရက်တိုင်တိုင် မိမိတို့ စားသောက်သမျှ သက်သတ်လွတ်အစာအာဟာရ၊ သောက်ရေတို့တွင် မန္တန်ဖြင့် အမြဲ ရွတ်ဆိုစားသောက်ခြင်း၊ မေတ္တာဘာဝနာစီးဖြန်းခြင်း၊ ဂုဏ်တော်ပုတီးများစိပ်ခြင်းပြုလုပ်လျက် ဂိုဏ်းပညာသို့တက်ကြပါသည်။ အထက်တွင် ဆိုခဲ့သကဲ့သို့ ဤပထဝီဇယမန္တန်ကို မဏ္ဍိုင်ပြုလျက် စီရင်အပ်သော အဆိုပါ မန္တန်ဝိဇ္ဇာဂိုဏ်းငါ မေတ္တာဂိုဏ်း၏ ဂိုဏ်းတက်စဉ်သည် ပယောဂအရာနှင့်အခြားနေရာများ၌ထက်မြက်ရုံမျှမက ထွက်ရပ်လမ်းအထိ ပေါက်မြောက်နိုင်သောဂိုဏ်းထက်သို့ ပညာရပ် ဖြစ်ပါသည်။ ပထဝီဇယမန္တန်တော်ကြီးသည် ထွက်ရပ်ဂိုဏ်းကြီးတစ်ခု၏ ဂိုဏ်းတက်စဉ်ပညာရပ်၌ အဘယ်ကြောင့် အဓိကမဏ္ဍိုင်မန္တန်ကြီးတစ်ခုဖြစ်ရသည်ကို ကျွန်ုပ် ဉာဏ်မီသမျှ လေ့လာ ဆန်းစစ်ကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရပါသည်။

ဦးစွာ ပထဝီဇယမန္တန်၏ ဖွဲ့စည်းပုံကို လေ့လာကြည့်သောအခါ လေးလုံးတစ်ပါဒ၊ ရှစ်ပါဒ ဂါထာတစ်ပုဒ် (ဂါထာတစ်ပုဒ်လျှင် အက္ခရာဝလိစာသား ၃၂ လုံး) နှုန်းဖြင့် ဂါထာတစ်ပုဒ်ပေါင်း (၁၄) ပုဒ်ဖြင့် ဖွဲ့စည်း တည်ဆောက်ထားကြောင်း တွေ့ရပါသည်။

မန္တန်၏အနက်အဓိပ္ပာယ်အရ ဤပထဝီဇယမန္တန်၏လုပ်ဆောင်ချက်များကို အပိုင်းလေးပိုင်းခွဲ၍ ခွဲခြားတွေ့မြင်ရပါသည် ယင်းတို့မှာ -

၁။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အဂ္ဂသာဝက၊ မဟာသာဝကတို့မှ အစပြု၍ တန်ခိုးရှင်နတ်များထံမှ အောင်ရာအောင်ကြောင်း အောင်ဆုတောင်းထားသည်ကို တွေ့ရသည်။ ဤအချက်ကို မန္တန်၏ ဂါထာအမှတ် (၁) မှ ဂါထာအမှတ်(၄)အထိ ဂါထာများတွင် ဘုရား ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ အသီတိမဟာသာဝက၊ နတ်မင်းကြီးများ၊ ဟာရဟာရိ၊ ဝရုဏ၊ ကုမာရရေနတ်၊ မီးနတ် စသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ထံမှ အောင်ဆုတောင်း အောင်ဆုယူထားကြောင်းတွေ့ရ၏။ ဆုတောင်းဆုယူခြင်း -

၂။ ဆယ်ပါးသော တရားတော်များ၊ သမုတ်ပရမတ်နှစ်ရပ်သော သံဃာတော်များ၊ ကာယဉာဏတော်အား ဆယ်ဖော်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်တို့၏ အောင်ခြင်းမင်္ဂလာနှင့် ပြည့်စုံပုံကို တိုင်တည်သစ္စာပြုလျက် အောင်ကြောင်းမင်္ဂလာ ကိုယ်၊ စိတ်နှစ်ဖြာ သုခချမ်းသာအပေါင်းတို့နှင့် ပြည့်စေကြောင်း ဆုတောင်းဆုယူပြန်ထား၏။ တစ်နည်းအားဖြင့် သစ္စာပြုအောင်ဆုယူခြင်း၊ (ဂါထာအမှတ် (၅) ၌ ကြည့်ပါလေ။)

၃။ တစ်ဖန် မေတ္တာခံယူခြင်းဖြင့် သုခချမ်းသာရစေရန် ဆုတောင်းထား၏။ မန္တန်၏ ဂါထာအမှတ် (၆) မှ (၈) အထိ ဂါထာတို့၌ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ရဟန္တာအရှင်မြတ်တို့၏ မေတ္တာတို့ကို လည်းကောင်း၊ လူ, နတ်, ဗြဟ္မာ, နဂါး, ဂဠုန်, ကုမ္ဘဏ်၊ ယက္ခ အစရှိကုန်သော ဣဒ္ဓိမတန်ခိုး ကြီးမားသော သတ္တဝါတို့၏ မေတ္တာကို လည်းကောင်း ခံယူလျက်



www.burmeseclassic.com

www.burmeseclassic.com

ဆိုထိုသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂမဟာသာဝက၊ မဟာသာဝက၊ ရဟန္တာအရှင်မြတ်တို့၏ မေတ္တာတို့ကိုလည်းကောင်း၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ မေတ္တာ တန်ခိုးတော် အာနုဘော်တို့ကြောင့် အလုံးစုံသော (၉၆) ဖြာ အနာရောဂါ၊ ဘေးဘယာ၊ ဥပဒ္ဒဝေါတို့ ပျက်စီးပျောက်ပျက်ပါစေသတည်း။ ထိုဘေးအပေါင်းတို့မှ ကင်းကွာလွတ်မြောက်ချမ်းသာရာရောက်ရပါစေသတည်းဟု ဆုတောင်းထားကြောင်း တွေ့ရပြန်၏။

၄။ ထိုမှတစ်ဖန် အထက်တွင် မေတ္တာခံယူခဲ့သကဲ့သို့ သတ္တဝါအပေါင်းတို့အပေါ် မေတ္တာရေအေး မျှဝေပေးထားကြောင်းကိုလည်း တွေ့ရ၏။ ထိုအကြောင်းကို ဂါထာအမှတ် (၉ မှ ၁၄) အထိ ဂါထာအပုဒ် (၆) ပိုဒ်ဖြင့် ဤကြေဝဠာနှင့် ရှိရှိသမျှအဆုံးအပိုင်းအခြားမရှိ အနန္တစကြေဝဠာ အနန္တသတ္တဝါအပေါင်း၊ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟု ဆိုအပ်သော အပါယ်လေးဘုံသားအပေါင်း၊ ကုန်းနေကိုးကုဋေ ရေနေ ဆယ်ကုဋေသော သတ္တဝါအပေါင်း၊ အညို၌ဖြစ်သောသတ္တဝါ၊ ကိုယ်ထင်ရှားဖြစ်သောသတ္တဝါ၊ အထက်ဘက်၊ အောက်အဝီစိတိုင်အောင် ရှိရှိသမျှ သတ္တဝါအပေါင်း၊ မြေပြင်၊ ရေပြင်၊ ထက်ကောင်းကင် ကျင်လည်ကျက်စား ရှိရှိသမျှ သုခိတ၊ ဒုက္ခိတသတ္တဝါအပေါင်းအားလုံးတို့အား အချင်းချင်းလည်း ရန်မျိုးကြစေကြောင်း၊ စိုးရိမ်ကြောင့်ကြမရှိကြစေကြောင်း၊ မိမိတို့ချစ်ခင်မြတ်နိုးအပ်သော မိသားစု၊ ဆွေမျိုးဉာတိမိတ်သင်္ဂဟအပေါင်းတို့နှင့်အတူတကွ ဆင်းရဲဒုက္ခ မျိုးကြစေကြောင်း၊ အားလုံးဒုက္ခဆင်းရဲအပေါင်းတို့မှ လွတ်ကင်းချမ်းသာကြစေကြောင်း စသည်ဖြင့် ကောင်းမြတ်သော စေတနာဖြင့် မေတ္တာပို့၊ မေတ္တာဝေပေးဝေထားကြောင်း တွေ့ရပါသည်။

သို့ဖြစ်ရာ အထက်ပါတွေ့ရှိချက်အရ ဤပထဝီဇယမန္တန်တော်ကြီးသည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ရဟန္တာကြီးများ၊ တန်ခိုးကြီးသော နတ်မြတ်နတ်ကောင်း၊ နတ်အပေါင်းတို့၏ တန်ခိုးတေဇော်အာနုဘော်နှင့် မေတ္တာမြတ် မေတ္တာဓာတ်တို့ကြောင့် လည်းကောင်း၊ သစ္စာပြု သစ္စာဆိုထားသည့် သစ္စာ၏တန်ခိုးတော်အာနုဘော်ကြောင့် လည်းကောင်း၊ အနန္တစကြေဝဠာအနန္တသတ္တဝါ၊ သုခိတ၊ ဒုက္ခိတသတ္တဝါအပေါင်းတို့အပေါ် ထားရှိသော မေတ္တာဘာဝနာ၏ တန်ခိုးအာနုဘော်ကြောင့် လည်းကောင်း ဤမျှ သိဒ္ဓိတန်ခိုးအကျိုးကြီးမား များပြားစွာ ဖြစ်ပေါ်စေလျက် သိဒ္ဓိများပြီးမြောက်ထွက်ရပ်သည်အထိ စွမ်းဆောင်နိုင်သော မန္တန်ကြီးဖြစ်သည်ဟု ဆင်ခြင်သုံးသပ်မိပါသည်။ ဤမန္တန်ကြီး၏ ဂါထာအပိုဒ် (၉) မှ (၁၄) အထိ ဂါထာတော်များ၏ မေတ္တာပို့သထားပုံမှာ လွန်စွာပင် စုံလင်ပြည့်စုံလှသောကြောင့် ကျွန်ုပ်သည် ယနေ့အထိ မေတ္တာဘာဝနာ စီးဖြန်းရာ၌ ဤမန္တန်ကြီးပါ မေတ္တာပို့ဂါထာများအတိုင်း မေတ္တာပို့သနေပါသည်။

ဤသို့ မေတ္တာခံယူ မေတ္တာပို့မှုအားကောင်းစွာပါဝင်သော မန္တန်တော်မြတ်ဖြစ်ခြင်းကြောင့် ဤမန္တန်ဝိဇ္ဇာဂိုဏ်းဝင်များ၊ ပညာတက်စဉ်များတက်နေစဉ်နှင့် မှော်ဝင်သိဒ္ဓိ ပြီးမြောက်သွားသောအခါ ပယောဂများ၊ နတ်များကို စေပိုင်ရုံမျှမက ပီယသိဒ္ဓိဘက်၌လည်း လွန်အားကောင်းလာသောကြောင့် အလွန်ငယ်ရွယ်သူများနှင့် သစ္စာကတိ တည်ကြည်ပုံမရသော၊ မထိန်းနိုင်သောသူများကို ထိုမန္တန်ဝိဇ္ဇာဂိုဏ်းတော်က လက်ခံလေ့မရှိ၊ ဂိုဏ်းပညာစဉ်တက်ပေးခြင်းမရှိဟု ဆိုပါသည်။ ဤမန္တန်ဝိဇ္ဇာဂိုဏ်းကြီး၏ ဤပထဝီမန္တန်ဖြင့် ဂိုဏ်းတက်စဉ်မှာ မန္တန်ပင်ကိုသဘာဝကပင် မေတ္တာခံယူ၊ မေတ္တာပို့ခြင်းဘက်၌ အလေးသာသဖြင့် ဤမန္တန်ကို ပင်တိုင်ထား၍ ပညာယူ၊ ပညာတက်ရသောကြောင့် ဤမန္တန်ဝိဇ္ဇာဂိုဏ်းကြီးကို မေတ္တာဂိုဏ်းဟုလည်း ခေါ်ဆိုကြလေ့ရှိခဲ့ခြင်း ဖြစ်ပေသည်။

ထို့အပြင် ဤပထဝီဇယမန္တန်ဖြင့် မှော်တက်စဉ် အင်းအစီအရင်နှင့် ပတ်သက်၍ ပထဝီဇယျအင်းမှော်လင်္ကာကိုလည်း ရှေးဆရာမြတ်တို့ ထားရစ်ခဲ့ကြကြောင်း အောက်ပါအတိုင်း တွေ့ရပါသည်။

## ပထဝီဇေယျအင်းမှော်လင်္ကာ

*သုံးလူ့ချစ်ရှင်၊ ရွှေတော်ပြင်ထပ်၊ ဦးတင်မြောက်ချီ၊ ပဥ္စသီဖြင့်၊ ဇော်ဂျီဝိဇ္ဇာ၊ ဆရာလေးပါး၊ ကဝိအားလည်း၊ ဖြူထွားသောဆန်၊ အုန်းကြံတသွန်၊ စွန်ပလွံမက၊ ဓာတ်လေးဝဖြင့်၊ ပါပသူရဋ္ဌ၊ အမြိတ္တ၊ ကောလီ၊ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇ၊ ရက်လချပြီး၊ လေးဝဓာတ်နေ၊ မီးရေလေမြေ၊ ရေလေမြေမီး၊ လေမြေကြီးနှင့် မြေမီးရေလေ၊ စည်းချပေး၍ လောကမြန်မြောက်၊ မီးသို့ရောက်အောင်၊ ဆယ့်ခြောက်နှစ်လီ၊ ပါဒရီကို၊ သိင်္ဂီထန်းရွက်၊ ဖြူပျော့ညက်တွင်၊ မှတ်ပျက်မကွာ၊ အက္ခရာကို သေချာရေးပြီး၊ သက်စေ့မီးမှာ၊ ဖုတ်ပြီးခါလျှင်၊ ပြာကို ရေနှင့်ဖျော်သဖြင့် လျှင်၊ ချီးမြှင့်လက်ကိုင်၊ ဆောင့်ကြောင့်ထိုင်၍၊ ဂုဏ်လှိုင်မြတ်လှ၊ နေ့ကစ၍၊ မြဲလှကပ်ဆက်၊ သူ့အသက်ကို သတ်လျက်မလျာ၊ သူ့ဥစ္စာကိုစိုးရာအကျင့်၊ အသင့်မမှန်၊ ဆိုရန်စကား၊ ငါးပါးသေရည်၊ သောက်သည့်အကျင့်၊ အကျင့်ပါပြီး ရှင်ပင်ဆီတွင်၊ မြောက်ချီ သစ္စာ၊ အက္ခရာကို ကိုယ်မှာသွင်းထား၊ ဘုရားတရားသံဃာ ရတနာ ဇော်ဂျီတပသီဝိဇ္ဇာ၊ လေးဖြာသူမြတ်၊ မြဲစောင့်ကြပ်၍၊ ဆယ်ရပ်မျက်နှာ၊ မလာရန်မျိုး၊ ထိတ်ကြိုးခြေချင်း၊ တွင်းလှောင်မြေမြှုပ်၊ တုတ်၊ အုတ်၊ ခဲ၊ လုံ ပြင်းထန်မီးပေါက်၊ အမြောက်စိန်ပြောင်း၊ မျက်စောင်းသူယုတ်၊ စုန်း၊ ဖုတ်၊ ပြိတ္တာ၊ နတ်မိစ္ဆာနှင့် ကုန်းမှာရေနေ၊ များထွေရန်ဘေး၊ ရှောင်ကင်းဝေးလျက်၊ သားမြေးကျေးကျွန်၊ ခြွေရံဥစ္စာ များစွာ ရွှေ ငွေ တက်သစ်နေသို့၊ မြင့်လေသမျှ၊ မိန်းမ, ယောကျ်ား မင်းပုဏ္ဏားတို့၊ ထံပါးမျက်မှောက် မေတ္တာရောက်၍၊ ချစ်ကြောက်ရှိသော၊ မြတ်လေးထွေဖြင့်၊ လိုလေရာရာ၊ တတ်ပညာလည်း၊ လွယ်ကာကျင်ဘက်၊ ရှည်သောသက်ဖြင့်၊ မပျက်ဒါန၊ စောင့်သီလဖြင့်၊ ဘဝဖြောင့်မှန်၊ အဆုံးစွန်လည်း၊ နိဗ္ဗာန်မချွတ်၊ ရောက်လတ်သောဟု၊ ပန်ထွာပြုလျက်၊ ထိုရွှေခွက်ကို၊ ကိုယ်လက်မကိုင်၊ဆရာကိုင်ပြီး၊ဂုဏ်လှိုင်ပညာ၊ သင်ဆရာကား၊ ရောဂါဘေးခဏ၊ ရန်မာန်ရောက်ကြောင်း၊ မကောင်းသောကံ၊ ငါမကြံပြီ၊ ရွှေဆီရပ်လျက်၊ မှော်ရွှေခွက်ကို၊ လက်ဖြင့်ကိုင်ယူ၊ တိုက်တော်မူပ၊ ဆိုပြီးမှလျှင်၊ ကောင်းစွ ကောင်းစွ ဆိုသမျှကို မြဲမချွတ် ပြီးမည်မှတ်ဟု၊ ရစ်ပတ်လက်ယာ၊ လှည့်သုံးခါဖြင့် မဟာဇေယျတု၊ ရွတ်မူသံညှင်း၊ အာခံတွင်းတွင် ထည့်လောင်းချင်သည်၊ ဤတွင် ပထဝီဇေယျမှော်ရင်းတည်း။ ။*

ဤသည်တို့ကား ပထဝီဇယမန္တန်မြတ်အား အင်းစမပညာရှင်တို့ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာတွင် အန္တိမဂုဏ်မြောက်ထွက်ရပ်ပေါက်သည့်အထိ ကြံဆစီရင်အသုံးပြုပုံအဖုံဖုံကို နမူနာသာဓကပြဆိုရုံမျှ ဖော်ထုတ်တင်ပြလိုက်ခြင်းသာဖြစ်ပါသည်။ ထို့အပြင် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်တစ်ခုဖြစ်သော ဝိဇ္ဇာမယသိဒ္ဓိဆေးဝါးအတတ်ပညာရှင်တို့ကလည်း ယင်းတို့၏ ဝိဇ္ဇာမယသိဒ္ဓိဆေး



www.burmeseclassic.com

www.burmeseclassic.com

ဝါးအစီအရင်များတွင် ဤပထဝီဝိဇ္ဇာမယ မန္တန်တော်ကို ထည့်သွင်း အသုံးပြု စီရင်ကြလေ့ရှိကြောင်းတွေ့ပါသည်။ သို့သော် ဂန္ဓာရီဝိဇ္ဇာမယဆေးအတတ်ပညာနယ်တွင် ပထဝီဇယမန္တန်တော်ကို ဗြောင်းဇေယျဂါထာမန္တန်၊ ဗြောင်းဇေယျပထဝီဂါထာမန္တန်ဟု ညွှန်းဆိုသုံးနှုန်းလေ့ရှိကြပါသည်။

**ပထဝီဇယမန္တန်တော်နှင့် ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာ**

ဦးစွာ ဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာ ဟူသည် ဝိဇ္ဇာမယအတတ်ဖြင့် စီရင်အပ်သော ဆေးဝါးအစီအရင်များ၊ နတ်မှော်ဆေးဝါးများကို အသုံးပြုလျက် အမှောင့်ပယောဂမှန်သမျှ ကဝေ (၉၉)၊ ဇော်ဂနီ၊ ဇော်ဂနက်၊ မောက်လုံး၊ မောက်ပြား စသော အဆင့်မြင့် စုန်းကဝေများ၊ နတ်များကို ခေါ်နိုင်၊ ဝင်စေ၊ ထွက်စေနိုင်၊ ကာကွယ်ကုသနိုင်ရုံမျှမက သိဒ္ဓိဆယ်ပါး ပြီးမြောက် ထွက်ရပ်ပေါက်သည်အထိ ဆောင်ကြဉ်းနိုင်စွမ်းရှိသော ပညာရပ်ဖြစ်ပါသည်။

မြန်မာ့ရိုးရာ ဇာတ်သဘင်တေးများ၌ ဇော်ဂျီထွက်ခန်း၊ ဇော်က,ကခန်းတို့၌ ဆိုလေ့ရှိသော *'ဇော်ယောင်ဂျီယောင်၊ ဆေးကြိတ်တဲ့တောင်၊ ဇော်ယောင်တောင်ဝေ့၊ လိုလိုရာပေး'* ဟူသော ဇော်သီချင်းပါ ဇော်ဂျီမျိုးများမှာ ဤဂန္ဓာရီဝိဇ္ဇာမယလောကီပညာများတွင် ဝိဇ္ဇာမယသိဒ္ဓိဆေးအတတ် အမှန်ထွန်းကားခဲ့လေသလားဟု တွေးရန်ရှိပါသည်။ ယခုမျက်မှောက်ကာလ၌ကား ဤဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ ဆေးအတတ်ပညာသည် အလွန်မှေးမှိန်အားနည်းလာပါပြီ။ ထို့ကြောင့်လည်း ကျွန်ုပ်သည် အလျဉ်းသင့်သလို ဤပညာကို ကြိုးစားဖော်ထုတ်ပေးနေမိပါသည်။ ဤဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ ဆေးအတတ်ပညာနယ်တွင် ပထဝီဇယမန္တန်တော် (ဝါ) ယင်းတို့အခေါ် ဗြောင်းဇေယျ သို့မဟုတ် ဗြောင်းဇေယျပထဝီဂါထာလို အသုံးပြုစီရင်အပ်သော ဝိဇ္ဇာမယသိဒ္ဓိဆေးအစီအရင်များအနက်မှ ဦးစွာ ဖော်ထုတ်တင်ပြလိုသော ဆေးဝါးအစီရင်မှာ ပထမသဏ္ဍာဒေဝသိဒ္ဓိဆေးကြီး အမည်ရှိဆေးအစီအရင်တစ်မျိုး ဖြစ်ပါသည်။

**(၁) ပထမသဏ္ဍာဒေဝသိဒ္ဓိဆေးကြီး**

ဤဆေးတော်ကြီးကိုဖော်နည်းမှာ ဦးစွာ နံ့သာနီ၊ နံ့သာဖြူ၊ အကျော်စမွာ၊ ကရမက်၊ ကြာမျိုးငါးပါးဝတ်ဆံ၊ ပုန်းညက်ပွင့်၊ သရဖီပွင့်၊ ခရားပွင့်၊ ကံ့ကော်ပွင့်၊ ကုံကုမံ၊ ပန်းဥ၊ ကန့်ပလူ၊ ဥပသကာ၊ ရိုးတုံ၊ ချောင်းကြား၊ ကတိုးဖုံးမသိန်၊ သစ်ကြံပိုး၊ တွင်းနက်ကြီး၊ တွင်းနက်ငယ်၊ ပဲနံ့သာ ဤဆေးစုကို မနမ်းမရှူစေရ၊ သန့်ပြန့်စွာထားရမည်။တစ်ဖန် ဆယ့်နှစ်ရာသီ ပန်းပေါင်း၊ နက်ပေါင်း၊ ဂမုန်းပေါင်း၊ ဝါပေါင်း၊ ကြီးပေါင်း၊ ညွန့်ပေါင်း၊ သုံးဆယ်စီထည့်။ ထို့အပြင် လောဇန်၊ ကတိုး၊ ဆတ်သွားဖူး ၎င်းဆေးစုကို အညီအမျှစုပြီး မူလပထမ စုထားသော ဆေးများနှင့်ရော၍ ကြိတ်ရမည်။ ဆေးကြိတ်သောနေ့ကို အခါကောင်း ရက်ကောင်းရွေး၍ကြိတ်။ ဆေးကြိတ်သည့်ကာလ ကန်တော့ပွဲလေးပွဲ ပြင်ရမည်။ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်လေးတိုင်စီ၊ မုန့်အချိုအချဉ်၊ ယိုမျိုးစုံ၊ နွားနို့၊ ကြံသကာ၊ ထန်းလျက်၊ ပေါက်ပေါက်၊ ပန်း၊ အမွှေးနံ့သာတိုင်များ အစုံအလင်ပါရမည်။ ဆေးကြိတ်ရာတွင်ပါသော လူ၊ ဆရာအားလုံး ငါးပါးသီလခံယူ၊ အဘိဓမ္မာတရားတော်တို့ကို သံဃာတော်များထံမှ နာယူပြီးမှ ဆေးကြိတ်ကြရမည်။ ဆေးမကြိတ်မီ နတ်ခေါ် မန္တရားများဖြင့် နတ်များကို ပင့်ခေါ်ထားရမည်။ ဆေးကြိတ်ပြီးလျှင် ထိုဆေးကြိတ်ဖတ်တို့ဖြင့် သိကြားမင်းနတ်ရုပ်ပြုလုပ်ပြီးလျှင် ကောင်းမွန်၍ သန့်ပြန့်သောနေရာတွင်ထားလျက် ဗြောင်း - ဇေယျပထဝီဂါထာ (ပထဝီဇယမန္တန်)ဖြင့် (၁၀၈)အုပ်၊ တစ်ကျိပ်ရှစ်ပါးဂါထာဖြင့် (၁၀၈) အုပ် သိကြားနတ်ရုပ်ကို လက်အုပ်ချီ၍ ပူဇော်ရပါမည်။ ပြီးလျှင် ထိုသိကြားနတ်ရုပ်ကို ပြန်၍ ကြိတ်။ ထို့နောက် ဆေးများကို နေဝန်း၊ လဝန်းကဲ့သို့ ဝိုင်းဝိုင်းလုပ်၍ ထိုဆေးပြားအဝိုင်းများပေါ်တွင် အင်္ဂါရသအင်းကို ရေးချပြီးလျှင် ရွှေကြုတ်၊ ငွေကြုတ်တို့ဖြင့် အမွှေးနံ့သာများရောထည့်ကာ မွှေးကြိုင်စွာ သိမ်းဆည်းရပါမည်။ ဤစီရင်တွင် ပါဝင်ညွှန်းဆိုထားသော အင်္ဂါရသအင်းနမူနာကား ဖော်ပြပါအတိုင်း ဖြစ်ပေသည်။

ဤပထမသဏ္ဍာဒေဝသိဒ္ဓိဆေးအစီအရင်ကိုကြည့်လျှင် ပထဝီဇယမန္တန်တော်ကြီးကို ဆေးအကျူးမန္တန်အဖြစ် ကောင်းစွာ ထည့်သွင်း သုံးစွဲစီရင်ထားကြောင်း တွေ့ရပါသည်။ တစ်ဖန် ဤပထဝီဇယမန္တန်ခေါ် ဗြောင်းပထဝီဇယမန္တန်ကို ဆေးအပတ်ဓိန်းအကျူးမန္တန်တစ်ခုအဖြစ်ထည့်သွင်းအသုံးစီရင်ထားသည်။ ဒုတိယမြောက်ဝိဇ္ဇာမယသိဒ္ဓိဆေးအစီအရင်အဖြစ် အင်္ဂါရသဒေဝသိဒ္ဓိဆေးကြီးအမည်ရှိ နတ်မှော်ဆေးအစီအရင်ထူးတစ်ခုအားဆက်လက်ဖော်ပြလိုပါသည်။

**(၁) အင်္ဂါရသဒေဝသိဒ္ဓိဆေးကြီး**

ဤဆေးကြီးအတွက်လိုအပ်သော ဆေးဝါးပစ္စည်းအမည်များမှ ကြီးပေါင်းသုံးဆယ်၊ ပျံပေါင်းသုံးဆယ်၊ ဂမုန်းပေါင်းသုံးဆယ်၊ နတ်ပေါင်းသုံးဆယ်၊ အထက်သမိုင်းပေါင်း သုံးဆယ်၊ အောက်သမိုင်းသုံးပေါင်း သုံးဆယ်၊ ကြီးပေါင်းပွင့်သုံးဆယ်၊ ပျားစွဲကန်သမိုင်းပေါင်းသုံးဆယ်၊ ဝင်ပေါင်းသုံးဆယ်၊ ကြိတ်ပေါင်းသုံးဆယ်၊ ရွှတ်အိတ်ပေါင်းသုံးဆယ်၊ ပန်းညွန့်ပေါင်းသုံးဆယ်၊ ဆူးရှိသောညွန့်ပေါင်း သုံးဆယ်၊ ပြင်နတ်ပေါင်းသုံးဆယ်၊ အတွင်းနတ်ပေါင်းသုံးဆယ်၊ နတ်တင်ပန်းသုံးဆယ်၊ တိုက်ပေါင်းသုံးဆယ်၊ လမ်းကူးနွယ်ကိုးပါး၊ ချောင်းကူးနွယ်ကိုးပါး၊ မိုးကြိုးပစ်သစ်သား၊ ရထားတိုက်သစ်ပင်၊ စစ်တုံ၊ လင်းလေကြီး၊ ထင်းသေစုန်း၊ သစ်တက်လေးမွှေ၊ ရေညှိ၊ မိုးကြိုးသွား၊ မြေဥ၊ တောင်သို့လုလင်၊ လုလင်ကျော်၊ တောင်လုံးကျော်၊ အင်တိုင်ကျော်ထင်၊ ဧကရာဇ်၊ ဘုမ္မရာဇာ၊ ရာဇဝင်၊ ဆယ့်နှစ်ရာသီပန်းပေါင်း၊ နံ့သာမျိုးငါးပါး၊ ကြာမျိုးငါးပါး၊ တန်ဆာကတိုး၊ ဖုံးမသိန်၊ ပန်းဥ၊ ကန့်ပလူ၊ ပဲနံ့သာ၊ ဂမုန်းကတိုး၊ သဇင်ဥ၊ ပုန်းညက်ပွင့်၊ သရဖီပွင့်၊ စံကားပွင့်၊ ချရားပွင့်၊ ဇော်ဆွတ်ပွင့်၊ ဆတ်သွားဖူးပွင့်၊ မဉ္ဇူပွင့်၊ ရင်ခတ်ပွင့်၊ သစ်ဘီလူး၊ ကျွတ်ပေါင်း (၃၁)၊ ပြတ်ပေါင်း (၃၁)၊ နွယ်လမောင်း (၃၁)၊ လမ်းလယ်တွင် ယှက်၍ လိမ်နေသည့် နွယ်ကိုးပါး၊ နရွဲပုံ၊ ရှားပုံ၊ ကျွတ်ပုံ၊ ငုက်ပျောပုံ၊ ဗျိုင်းတင်ပုံ၊ သစ်ခေါင်းခွပုံ၊ မိုးနံ့ပုံ၊ သပြေပုံ၊ တလိမ်ပုံ၊ ကြက်မောက်ပြန်ပုံပေါင်းများကို အမှုစီ စုကြိတ်ပြီး ထိုဆေးထဲသို့ တောင်ထိပ်မှာ ပေါက်သည့် သပြေ၊ထိမ်၊ကုက္ကို၊ညောင်၊ကသစ် သခွတ်၊ သဖန်း၊ ကံ့ကော်၊ အုန်း ဤဆေးကိုးပါးကို ဥပုသ်သီတင်းနေ့၌ အနည်း ငါးပါးသီလခံယူပြီး ပွဲစုံစွာထိုး၍ ကြိတ် ကန်တော့ပွဲများကို အရှေ့အရပ်မှာ ရှိ ရမည်။ ဆေးကြိတ်နေစဉ် ဣတိအာ သမာ အစချီ ဂါထာကို မပြတ်ရွတ် ထို့နောက်ရရှိသောဆေးများကို အင်္ဂါ နတ်ရုပ်များ (နတ်မင်းကြီးတစ်ကျိပ် ပါး)ကို လုပသေသပ်စွာ ပြုလုပ်ရ



www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ၃ | ^ | ၇ | / |
| ၆ | > | ၅ | Λ |
| ၅ | Λ | ၆ | > |
| ၇ | / | ၃ | ^ |

**အဋ္ဌာရအင်း**

တစ်ဖန် အထက်ပါနတ်ရုပ်များကို ဗြောင်း - ဇေယျပထဝီဂါထာ (ပထဝီဇယမန္တန်) ဖြင့် (၁၀၈) အုပ်၊ မေတ္တာသုတ်၊ အာဋာနာဋိယသုတ်များကို တတ်နိုင်သမျှ ရွတ်ပေးရပါမည်။ ထို့နောက် ဆေးများကို နှစ်စု,စုပြီးလျှင် ဆေးတစ်စု၌ ဆေးဒန်း၊ ဆေးတစ်စု၌ ကန့်ထည့်ပြီးလျှင် ဆေးကြိတ်ရပါမည်။ ထိုဆေးစီရင်ခြင်း၏ နောက်အဆင့်တွင် အမိကရ အစ်ပင်ကြီးအဖျားတွင် လင့်စင်ထိုး၍ ကန်တော့ပွဲနှင့် သက်သတ်လွတ်ဆွမ်း၊ ထောပတ်၊ နွားနို့၊ အုန်းသီး၊ ကြံသကာ၊ ထန်းလျက်၊ ကောက်ညှင်း၊ နှမ်းဆီ၊ မုန့်၊ မုန့်နို၊ ယိုမျိုးစုံတို့ သန့်ပြန့်စွာ ပြုလုပ်ရပါမည်။ ထို့နောက် ပွဲအားလုံးကို ပထမသက္ကဒေဝသိဒ္ဓိဆေး (အထက်တွင် ဖော်ပြခဲ့ပြီး) ဖြင့် ပက်ဖျန်းပေးရပါမည်။ ထို့ပြင် ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင် (၁၈) တိုင်တို့ကိုလည်း ထိုပထမသက္ကဒေဝသိဒ္ဓိဆေးထည့်၍ ပြုလုပ်ရပါမည်။ ကန်တော့ပွဲအရေအတွက် စုစုပေါင်း(၁၀)ပွဲ ပြုလုပ်ရမည် ဖြစ်ပါသည်။ ထို့ပြင် ပန်းပေါက်ပေါက်၊ အမွှေးနံ့သာများ ပူဇော်လျှင် နတ်ကြီးများကို ပင့်ဖိတ်ရမည်။ ထို့နောက် ရဟန်းသံဃာတို့ ပင့်၍ မေတ္တာသုတ်၊ ဂုဏ်တော် (၃) (ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်များ) နှင့် အဘိဓမ္မာတရားတို့ကို သံဃာတော်တို့ထံမှ နာယူရမည်။ ထို့နောက် နတ်များကို ဗလိနတ်စာကျွေးပြီး ဆေးကို ဗြောင်းဇေယျပထဝီ (ပထဝီဇယမန္တန်) ဂါထာဖြင့် (၁၈) အုပ် စုတ်ရမည်။ ထို့အပြင် ဆုတောင်းဂါထာများဖြင့် ဆုတောင်းပြီးလျှင် သူရဿတီ အမည်ရှိသော နတ်မင်းကြီး ငါးပါးဂါထာ စုတ်ရမည်။ ထို့နောက် အောင်ခြင်း ဂါထာတစ်ထောင်၊ ဂုဏ်တော် တစ်ထောင်၊ ရတနသုတ်တို့ကို အားသမျှ စုတ်ပေးရပါမည်။ ထို့နောက် နတ်ကနားပွဲပြုလုပ်ပြီး ယောက်ျား၊ မိန်းမတို့ကို ပထမသက္ကဒေဝသိဒ္ဓိဆေးဖြင့်ပက်ဖျန်း၍ မိမိလိုရာနတ်ခေါ်၍ သွင်းပါလေ။ နောက်ဆုံး ဆေးကို သိမ်ဝင်အောင် စီစဉ်ဆောင်ရွက်ပြီးသော အခါ ယောက်ျား၊ မိန်းမတို့ကို ကိုယ်လိုရာနတ်တို့ကို သွင်း၏။ ဝင်စေဆိုဝင်စေ၏။ သွားစေဆိုသွား၏။ အာဏာစေပိုင် အဋ္ဌာရသဒေဝနတ်မှော်ဆေးအစီအရင်ကြီး ဖြစ်ပါသည်။

ဤနတ်မှော်ဆေးအဋ္ဌာရသဒေဝသိဒ္ဓိဆေးကြီး၏အကျိုးကား ဤဆေးကြီးဖြင့် ပွဲစုံစွာပေးပြီး အဋ္ဌာရသအင်းပုံကို ငယ်ထိပ်အလယ်မှာထိုး။ (အင်းပုံစံကို အထက်၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။) နဖူးတွင် 'ဒေဝသိဒ္ဓိ' ဟူ၍ ထိုးရမည်၊ လက်မောင်းတစ်ဖက်တစ်ချက်၌ 'သတ္တဗာ' ဟုထိုး။ ရင်တွင် 'ပဋ္ဌဒေဝ' ဟူ၍ထိုး၊ ကျောတွင် 'ရက္ခဒေဝ' ဟူ၍ထိုး။ မေးမှာ 'သဒ္ဒက္ကတ္တိ'ဟူ၍ထိုး။ နှုတ်ခမ်းနှင့်လျှာအလယ်တွင် 'သုည' ထိုးရပါမည်။ ဆေး၏အကျိုးကား အောက်၌နေကုန်သောနတ်ငယ်၊ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ မြေဖုတ်တို့မှစ၍ နတ်အပေါင်းတို့ မပြတ် ပူဇော်လာကုန်၏။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲပြီး အကျင့်စရဏအားကောင်းပါက ရေပေါ်၌ပင် သွားလာနိုင်၏။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက် တ,တိုင်းပြည့်၏။ မြေထဲ၊ ရေထဲ၌ရှိသည့် ဥစ္စာပစ္စည်းများ၊ စုန်း၊ ဖုတ်၊ တစ္ဆေ၊ နတ်၊ ပြိတ္တာတို့ကို တွေ့လိုမြင်လိုသိလိုပါက အဋ္ဌာရသဒေဝသိဒ္ဓိဆေး၌ စိန်၊ ကျောက်နီ၊ လာ၊ မြ၊ ဂေါ်မုတ်၊ ဥဿဖရား၊ ကျောက်နီ၊ ရတနာ(ကိုး)နှစ်ပါးရော၍ကြိတ်ပြီး မျက်စိကိုကွင်း၍ကြည့်။ သိလိုသမျှ မြင်လိုသမျှ အကုန်မြင်ရ သိရ၏။ ဒိဗ္ဗသောတ အကြားဓာတ်ကို လိုလျှင် အထက်ပါ ရတနာခုနစ်ပါးရောထားသည့် အဋ္ဌာရသဒေဝသိဒ္ဓိနတ်ဆေးတွင် ပထမသက္ကဒေဝသိဒ္ဓိဆေး ထပ်ထည့်ပြီး ဆေးကို စကားတတ်သည့် ကျေးငှက်အတောင်နှင့်တို့၍ နားကြပ်ပေးက သိလို ကြားလိုသမျှတို့ကို နတ်တို့ကလာ၍ ပြောကြားပေးကြကုန်၏။ သူတထူးက ကိုယ့်ကို မကောင်းကြံလျှင် ကြိုသိရခြင်း၊ စုန်းမျိုး (၇)ပါးတို့ကို ကိုယ်တိုင်လာစေလိုပါက 'နတ်အပေါင်းတို့၊ စုန်းမကို ငါဆုံးမလိုသည် - ခေါ်ချေ' ဟုပြောလိုက်က နတ်တို့က ခေါ်လာပေးသဖြင့် စုန်းတို့ လာတွေ့ရခြင်း၊ (၃၇) မင်းနတ်တို့အား မည်သည့်အရပ်သို့သွား၊ မည်သူကို မည်သို့ပြော၊ မည်သို့လုပ်ချေဟု စေ၍ရ၏။ နတ်စေပိုင်အာဏာတည်၏။ သီလမြဲရန်၊ သစ္စာကတိတည်ကြည်ရန်သာ လို၏။ ဂုဏ်တော်ကိုမပြတ်ပွားလေက အာဏာ တန်ခိုးတိုးသည်ထက်တိုး၏။ နတ်များကို ခေါ်သောအခါ, စေသောအခါ အောက်ပါဂါထာတော်ဖြင့်ခေါ်၍ ထိုက်သင့်သော ဗလိနတ်စာကျွေးပြီး စေခိုင်းလျှင် ပို၍ ထိရောက်၏။ နတ်တို့ လိုလိုလားလား ကူညီမစ၏။

*ကတ်အာယသမာ၊ ရက္ခဒေဝါ ပီယံ*
*မမ၊ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်။*
*ဗြောင်း - ဘဒ္ဒန္တာ၊ အိုနတ်များတို့၊*
*အတိသရ ဉာဏ ဉာဏံ၊ ဒေဝဝရာ*
*ဝရံ၊ သာမံ သာမိ သိန္နေသိန္နေ၊*
*ဘုဋ္ဌာဟိ၊ ဘုဋ္ဌာဟိ။*

**(နတ်ကျွေးနတ်ခေါ်မန္တန်)**

အထက်၌ ဖော်ပြခဲ့ပြီးသော 'ပထမသက္ကဒေဝသိဒ္ဓိဆေးကြီး'နှင့် 'အဋ္ဌာရသဒေဝသိဒ္ဓိဆေးကြီး' များကို လေ့လာကြည့်၍ ထိုနတ်မှော်ဆေးတော်ကြီးနှစ်မျိုးလုံး၌ 'ဗြောင်း-ဇေယျပထဝီဂါထာ' ခေါ် 'ပထဝီဇယမန္တန်'တော်ကို အဓိကမကျိုင်ပြု ထည့်သွင်း သုံးစွဲ စီရင်ထားကြောင်း တွေ့ရပေသည်။ သို့ဖြစ်ရာ အချုပ်အားဖြင့် ဆိုရလေသော် ပထဝီဇယမန္တန်တော်ကြီးသည် ဘုရားရှင်ဟောကြားခဲ့သော နိပါတ်တော်ကျမ်းဂန်လာ နောက်ခံသမိုင်းကောင်းစွာဖြင့် ပေါ်ပေါက်လာသော နိပါတ်ဝင် မန္တန်ကြီးဖြစ်သည့်အပြင် ဂါထာမန္တန်အဖြစ် သာမန် ဆောင်ယူရွတ်ပွားခြင်းဖြင့်သော် လည်းကောင်း၊ အင်းစမအတတ်ပညာဖြင့် အဆုံးတိုင် စီရင်နိုင်လေက သိဒ္ဓိပြီးမြောက် ထွက်ရပ်ပေါက်သည်အထိ စွမ်းဆောင် ကြိုးစားခြင်းဖြင့် လည်းကောင်း၊ ဝိဇ္ဇာမယဆေးအတတ်ဖြင့် နတ်မှော်ဝင်ဆေးများအဖြစ် စီရင်ဆောင်ယူခြင်းဖြင့် လည်းကောင်း၊ အကျိုးအနန္တကြီးမားကျယ်ဝန်းလှစွာ ရရှိစေနိုင်သော မန္တန်ကြီးဖြစ်သဖြင့် ယုံကြည်ကိုးစားအားထား ဆောင်ယူသင့်သောမန္တန်ကြီးဖြစ်ကြောင်း ဤမဂ္ဂဇင်း၏ စာဖတ်ပရိသတ်အပေါင်းနှင့် အများပြည်သူအပေါင်းတို့ သိကြ၊ ဆောင်ယူနိုင်ကြစေရန် ထုတ်ဖော်တင်ပြအပ်သည်။

*အနန္တစကြဝဠာအနန္တသတ္တဝါတို့*
*ချမ်းသာကြပါစေ*
*မေတ္တာများဖြင့်*

တိုရတနာ-ဆရာဇေယျာသင်း



www.burmeseclassic.com

(ဥပဒေ)
# စိုးထွန်း
# ဝစီနိမိတ်

ဝစီနိမိတ်ကို မကြည်ရှန်က အကြောင်းတရားနှစ်မျိုးနဲ့ သိနေတယ်။ တစ်မျိုးက သူ့နာမည် မကြည်ရှန်လို့ ဖြစ်ပေါ်လာရတဲ့အကြောင်း၊ နောက်တစ်မျိုးက သူကိုယ်တိုင် နှုတ်နဲ့ပြောလိုက်တဲ့ ကိစ္စတစ်ခုက ဘဝတစ်ခုမှာ တကယ်ကို ဖြစ်နေတာ တွေ့နေရလို့ပါပဲ။ ဒါကြောင့် 'ဝစီဘေဒ ထိတိုင်းရှ' ဆိုတဲ့စကားနဲ့ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း နိမိတ်ထွန်းတဲ့ကျွန်းလို့ လူတွေ သတ်မှတ်ထားကြတယ် မဟုတ်လား။ ဒီလက်ယာတောင်ကျွန်းမှာ နိမိတ်မှာ တယ်ပြီး အရေးကြီးပါလားလို့ သူကတော့ လက်တွေ့ကြုံခဲ့တဲ့သူကိုး။

မကြည်ရှန်က ဘာသာခြားတစ်ဦးပါ။ ဒါပေမယ့် သူက ခေတ်ပညာတတ်၊ စာပေပေါင်းစုံလည်း ဖတ်တဲ့သူ။ အဲဒါကြောင့် ကမ္ဘာ့ဘာသာကြီး (၄) ဘာသာကို သူကတီးမိခေါက်မိရှိနေပါတယ်။ သူ့အမေက ဗုဒ္ဓဘာသာ၊ အဖေက ခရစ်ယာန်။ ဒီနှစ်ဦးက မွေးပြီး အားများတဲ့ဘက်ပါသွားရင်းက ခရစ်ယာန်ဘာသာကိုးကွယ်တာပဲရှိပါတယ်၊ ဗုဒ္ဓဘာသာနဲ့ မစိမ်းပါဘူး။ အမေ့ဘက်က ဆွေမျိုးမှန်သမျှ ဗုဒ္ဓဘာသာဝင်တွေကိုး။

သူနေတဲ့ ပိတောက်မြိုင်ရွာမှာ တောင်ဘက်က မြန်မာဘုန်းတော်ကြီးကျောင်း၊ မြောက်ဘက်မှာ ဘုရားရှိခိုးကျောင်း။ ရွာတစ်ဝက်က ဗုဒ္ဓဘာသာ၊ နောက်တစ်ဝက်က ခရစ်ယာန်။ အဖေ့ဘက်က ဆွေမျိုးတွေ နှစ်သစ်ကူးတာပဲဖြစ်ဖြစ်၊ ခရစ္စမတ်ပွဲလုပ်တာပဲဖြစ်ဖြစ် အိုးခွက်ပန်းကန်တွေ လိုလာရင် မြန်မာဘုန်းတော်ကြီးကျောင်းမှာသွားပြီး ငှားကြတယ်။ တပို့တွဲလ ထမနဲထိုးတဲ့ လူငယ်တွေဆိုလည်း ကရင်လေးတွေက ရှေ့ဆုံးက။ အဲဒါကြောင့် နှစ်ဘာသာချစ်ကြည်ရေး အဆင်အပြေဆုံးရွာကိုပြပါဆိုရင် ပိတောက်မြိုင်ရွာက စံပြပါပဲ။

ဒီနေရာမှာ မကြည်ရှန်က စာတိုပေစတွေဖတ်ရင်း လယ်တီဆရာတော်ဘုရားကြီးရဲ့ဆုံးမစာကို စိတ်နဲ့တွေ့တာနဲ့ သူ့မှတ်စုမှာ အပိုဒ်တစ်ပိုဒ်ကူးထားလိုက်ပါတယ်။

*ဓားပြသေမင်း၊ သူတပ်နင်းက၊ မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီးဖြစ်လုနီးပြီ။ ရီးတီးယားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြီငြီ၊ ဆင်းရဲပိုလျက်။*


**ကျေးဇူးတော်ရှင်**
**လယ်တီဆရာတော်ဘုရားကြီး၏ဆုံးမစာ**

တကယ်တော့ လယ်တီဆရာတော်ဘုရားကြီးရဲ့ဆုံးမစာက အရှည်ကြီးရှိပါတယ်။ ဒီအပိုဒ်ကလေးကိုထွင်းပြီးဘာဖြစ်လို့ကြိုက်ရသလဲဆိုရင် တိုက်ရိုက်ကြုံတွေ့နေရတဲ့ သူ့ဘဝထဲမှာ ဒီဖြစ်ရပ်ကလေးက ကဗျာနဲ့ တော်တော်လေးကိုက်ညီနေလို့ပါပဲ။ ခရစ်ယာန်မှာက နောက်ဘဝမရှိဘူး။ နောက်ဘဝဆိုတာ ဗုဒ္ဓဘာသာတွေရဲ့ ဘာသာရေးအယူအဆလေ။ အခုတော့ နောက်ဘဝရှိတယ်ဆိုတာကို သူက လက်ခံရမလိုဖြစ်နေပါတယ်။

ဗုဒ္ဓဘာသာနဲ့မစိမ်းတဲ့ မကြည်ရှန်က ဗုဒ္ဓဘာသာမှာ သေပြီးတဲ့နောက်



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်တဲ့ ဂတိ(၅)မျိုးရှိတာလည်း သူက စာပေအသိနဲ့ သိနေတယ်။ မြန်မာလူမျိုးတွေသေရင် ပထမက ဒေဝဂတိ - နတ်ပြည်ခြောက်ထပ်ဗြဟ္မာနှစ်ဆယ်မှာ နတ်ဗြဟ္မာတွေဖြစ်ခြင်းက တစ်ပါး။ ဒုတိယက မနုဿဂတိ- လူ့ပြည်မှာလူပြန်ပြီးဖြစ်တာကတစ်ပါး။ တတိယက တိရစ္ဆာနဂတိ - တိရစ္ဆာန်မှာဖြစ်ရခြင်းတစ်ပါး။ စတုတ္ထက နိရယဂတိ - ငရဲဘုံမှာ ငရဲသားဘဝနဲ့ဖြစ်ရခြင်းတစ်ပါး။ ပဥ္စမက ပေတဂတိ - ပြိတ္တာဘုံမှာ ပြိတ္တာဖြစ်ရခြင်းက တစ်ပါးဆိုပြီး ငါးမျိုးရှိတာလည်း သူက ဗုဒ္ဓစာပေတွေဖတ်ပြီးသိနေတယ်။

ဗုဒ္ဓဘာသာဝင်တွေက သေခါနီးစက္ကန့်ပိုင်းအလိုမှာ မရဏာသန္နဇောက အလွန် အရေးကြီးကြောင်း၊ ထိုမရဏာသန္နဇောက စက္ကန့်ပိုင်းအတွင်း စိတ်ထားမှန်ရင် လူ့ဘုံ၊ နတ်ဘုံရောက်နိုင်ပြီး စိတ်ထားမှားသွားခဲ့ရင် အောက်အပါယ်လေးဘုံကိုရောက်ပါလိမ့်မယ်။ အပါယ်လေးဘုံဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံလို့ သူက စာတွေဖတ်ရင်း သိနေတယ်။

မကြည်ရှန်တို့ ခရစ်ယာန်မှာက ကောင်းတာတွေလုပ်ခဲ့ရင် ဘုရားသခင်က ကောင်းကင်နိုင်ငံတော်ကို ခေါ်သွားမယ်။ မကောင်းတာလုပ်ရင် ငရဲကျလိမ့်မယ်။ နောက်ဘဝဆိုတာ မရှိဘူး။ လူကနေ တိရစ္ဆာန်မဖြစ်ဘူး။ တိရစ္ဆာန်ကနေလည်း လူမဖြစ်ဘူး။ အဖဘုရားသခင်ကို ယုံကြည်တယ်ဆိုရင် ဘာဆိုဘာမှ ကိုးကွယ်စရာမလိုဘူး။ နတ်တွေလည်း ကြောက်စရာမလိုဘူး။ အမြတ်ဆုံးက ဘုရားသခင်ပဲ။ ဒါက သူကိုးကွယ်တဲ့ ဘာသာတရား။

ခက်နေတာက မကြည်ရှန် ကူးထားတဲ့ ကဗျာပိုဒ်ကလေးက ပြဿနာတက်နေတယ်။ ဒီကဗျာထဲက 'အပါယ်' လို့ ရည်ညွှန်းတဲ့ စာပိုဒ်ထဲကအတိုင်း အပြင်မှာ လူကနေ တိရစ္ဆာန်ဖြစ်တဲ့ အဖြစ်ဆန်းကို မကြည်ရှန်ကကြုံတွေ့နေတာကိုး။ ဝေးဝေးလံလံ မဟုတ်ပါဘူး၊ မကြည်ရှန်နေတဲ့ ပီတောက်မြိုင်ရွာထဲက မကြည်ရှန်ခြံထဲက အဖြစ်အပျက်လေး တစ်ခုပါ။

မကြည်ရှန်ရဲ့ဘာသာအရဆိုရင် လူကနေ တိရစ္ဆာန် ဘယ်လိုမှဖြစ်လို့မရပါဘူး။ ဒါပေမယ့် လက်တွေ့မှာ တကယ်ဖြစ်နေတယ်။ လူကနေ တိရစ္ဆာန်ဖြစ်နိုင်တဲ့ဘာသာက ဗုဒ္ဓဘာသာတွေမှာပဲရှိပါတယ်။ မျက်စိနဲ့ပါ မကြည်ရှန်က မြင်နေရတော့ ဗုဒ္ဓဘာသာရှုထောင့်က သုံးသပ်ချက်ဟာ တယ်မှန်ပါလားလို့ မကြည်ရှန် လက်ခံလိုက်ရတာပေါ့။

မကြည်ရှန်က ရှေးရှေးက ဘာကုသိုလ်ကောင်းမှုတွေ ရှိခဲ့တာလဲတော့ မသိ။ သူ့ကိုမွေးတဲ့အချိန်မှာ သူ့မိဘစပါးကျီတွေမှာ စပါးတွေ တောင်လိုပုံနေလို့ မကြည်ရှန်လို့ မှည့်လိုက်တယ်။ နာမည်ရှင်တောင် သုံးတန်းရောက်တဲ့အထိ သူ့ကို ဒီနာမည် ဘာကြောင့်ပေးမှန်းမသိပါဘူး။

တစ်နေ့မှာ-

"အမေ အမေ၊ သမီးကို ဆရာမက နင့်နာမည်က ရှန်လို့ပါနေတယ်။ နင့်အဖေ၊ အမေက တရုတ်လူမျိုးတွေလားလို့ မေးတယ်။ သမီးနာမည်ကို ဘာဖြစ်လို့ မကြည်ရှန်လို့ မှည့်တာလဲဟင်"

"ဟဲ့ - နင့်ကိုမွေးတဲ့နှစ်မှာ လယ်ကွက်တိုင်း စပါးအောင်တယ်။ ကြိုတင်ပေးထားတဲ့ စပါးဖိုးငွေတွေလည်း မတောင်းရဘဲ လာပေးတယ်။ စပါးကျီတွေဆိုတာ ပြည့်လျှံနေတာပဲ။ စပါးကျီတွေ မကာလို့ အိမ်က ထမင်းစားဆောင်တစ်ဆောင်လုံး စပါးတွေလှောင်ရတယ်တဲ့။ ကျီပြည့်ကျီလျှံချိန်မှာ နင့်ကိုမွေးလို့ မကြည်ရှန်လို့မှည့်တာ။ ဘာတရုတ်သွေးမှ မပါပါဘူး"

ဒီလိုရှင်းပြလိုက်မှ နာမည်မှည့်ရခြင်းရည်ရွယ်ချက်ကို သူက ဂယနဏာသိရတော့တယ်။ ဒီနာမည်က ပညတ်သွားရာ ဓာတ်သက်ပါသလို အိမ်ထောင်ကျတော့လည်း မကြည်ရှန် မတောင့်မတ မကြောင့်မကြပါဘဲ။ စားနိုင်သောက်နိုင်၊ လှူနိုင်တန်းနိုင်၊ ပေးကမ်းနိုင်သလို မကြည်ရှန်လယ်ဆိုတာ ဘာရန်သူမျိုးငါးပါးမှ မဖျက်။ အထွက်က ကောင်းမှကောင်း။

ဒါပေမယ့် သူ့လယ်ဘေးက ဦးကြီးမြင့်လယ်ကတော့ နှစ်တိုင်းရှုံး၊ လုပ်တိုင်းကွဲ။ မိုးမှာမအောင်မြင်လို့ ဆောင်းမှာပြောင်းပြီး လုပ်ကြည့်တယ်။ စပါးနှံတွေတော့ အကောင်းသား။ ရိတ်မယ့်အချိန်လည်းရောက်ရော အခါမဲ့မိုးက ရွာချလိုက်တာ ကုန်ပါလေရော။ ဒီလိုနဲ့ လယ်ရောင်း၊ ကျွဲရောင်း၊ နွားရောင်းကနေ လယ်ကူလီဘဝကို ရောက်သွားတယ်။ အခုတော့ မကြည်ရှန်လယ်မှာ သူက ပင်တိုင်အလုပ်သမား။

မကြည်ရှန်ရဲ့လယ်မှာ ပင်တိုင်အလုပ်သမား ဖြစ်နေတော့ ကိုယ့်လူကိုကိုယ်က ကြည့်ရှုတဲ့အနေနဲ့ ငါးပိပေး၊ ဆားပေးကနေ ကြိုတင်ငွေကလည်း ထုတ်ပြီးရင်းထုတ်တာပါပဲ။ လုပ်အားအပြင် ချေးတဲ့စပါးတွေကလည်း တစ်လပြီးတစ်လထပ်နေတယ်။ ပေးစရာ အပြင် ချေးစပါးက တင်း (၂၀) ကျော်နေပါပြီ။ ဒါတောင် ရပ်သွားတယ်လို့ မ ဘူး။ ကလေးတွေ ငတ်နေလို့ တစ်တင်း လောက်ချေးပါတဲ့။ ပေးရတာတွေ များလာတော့ မကြည်ရှန်လည်း စိတ်တိုလာတယ်။

"ဟဲ့ - နင်ချေးတာ တင်း(၂၀)အပြင် အခု တစ်တင်းတိုးလာပြန်ပြီ။ ချေးသမျှတွေ ပြန်ဆပ်ဖို့ စိတ်ကူးရှိသေးရဲ့လား။ နင့်ဟာက ဟိုရှေ့လာမယ့်နှစ်အတွက် နှိမ်ပါ ဆိုတော့ အဲဒီနှစ်လည်း ရောက်ရော နင့်မှာ စားစရာမရှိဖြစ်ဦးမယ်။ နင်တော့ နောက်ဘဝမှာ ငါ့အိမ်မှာ နွားအဖြစ်နဲ့ ကြွေးတွေဆပ်မှာလား ပြောပါဦး"

ဟု စိတ်တိုတိုနဲ့ မရည်ရွယ်ဘဲ ပြောလိုက်တဲ့ မကြည်ရှန်ရဲ့စကား။ ဒီလိုပြောလည်း ဦးကြီးမြင့်က စိတ်မဆိုးပါဘူး။ သူကလည်း ချေးပြီး ဘယ်တော့မှ ပြန်ဆပ်တဲ့လူမှ မဟုတ်တာ။ ဒီတော့ ဘယ်လာနာပါ့မလဲ။ သူကလည်း အား ကျမခံ -

"အေးဟဲ့၊ နင်ပြောသလို နွားဘဝနဲ့ ဆပ်ဖြစ်ချင်လည်း ဆပ်ရမှာပေါ့ လောလောဆယ် တစ်တင်းလောက်ချေး ပါဟာ။ နောက်ကို နင့်ဆီမှာ ဘယ်တော့မှ ထပ်ပြီးမချေးတော့ပါဘူး။ ငါတကယ် ပြောတာပါ။ ငါလည်း မျက်နှာပူပူနဲ့ချေး ရတာပါ။ သားသမီးအတွက်ဖြစ်နေလို့ ပါ။ ချေးပါဟယ်၊ ဒီတစ်တင်းက နောက် ဆုံးပါပဲ"

ဒီလိုနဲ့ ပြောပြောဆိုဆို စပါးတစ် တင်းပေးလိုက်ပါတယ်။ ဦးကြီးမြင့်ဘ ကလည်း စပါးကို စက်မှာတောင်သွား ပြီး ကြိတ်ဖို့ ပိုက်ဆံမရှိပါဘူး။ သစ်သား ဆုံနဲ့ မိသားစုတွေ တစ်လှည့်စီထောင်းပြီး ဆန်ဖွပ်ကြရတယ်။ ရွာမှာ အဆင်မပြေ တာတွေများအားကြီးတော့ ကြိုတင်ငွေ ထုတ်ပေးတဲ့လုပ်ငန်းရှင်နဲ့ ရိုးမတောထဲ ထင်းခုတ်လိုက်သွားတယ်။ လုပ်ငန်းရှင် က ခုတ်သမျှကို တစ်ဝက်ပေးမယ်လို့ ပြောထားတာနဲ့ အားတက်သရော ခုတ် လိုက်တာ (၂) ရက်နဲ့ လှည်းတစ်စီးစာ ရလိုက်တယ်။ နောက်တစ်လှည်းစာခုတ် မှ ကိုယ့်အတွက်ရနိုင်မယ်လို့ လောဘ ဇောလေးက ကပ်နေတော့ အရဲစွန့်ပြီး တောနက်ထဲအထိတိုးပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အသွားမတော်တော့ တစ်လှမ်း သလို မြွေပေါက်လို့ သေပါလေရော။ သွားဖော်တွေက အချိန်တန်လို့ ပြန် တော့မှ တောနင်းပြီးရှာကြရတယ် ။ တွေ့ချိန်မှာ အသက်မရှိတော့ပါ ခရီးသွားဖော်တွေက အစိမ်းသေ နေလို့ ရောက်ရာအရပ်မှာပဲ မီး ရှို့လိုက်ကြတယ်။ ရသမျှပြာတွေ အိုးတစ်လုံးနဲ့မြှုပ်လိုက်ပြန်တယ်။ စုလာရင် ကြည့်နိုင်အောင် သူ နဲ့ ပုဆိုးကိုတော့ ကျွတ်ကျွတ်အိတ် ည့်ပြီး ပြာအိုးဘေးမှာ မြှုပ်လိုက် ။ မှတ်တိုင်တစ်ခုကိုတော့ မိသားစု ရင် ‌ တွေ့နိုင်အောင် စိုက်ထားပါ ။

ဦးကြီးမြင့်တစ်ယောက်က 'ဒီတစ် ဟာ နောက်ဆုံးပါပဲ' ဆိုတဲ့စကား မကြည်ရှန်ဆီက စပါးတစ်စင်းချေး နဲ့ အခုတော့ ဘဝပါ ဇာတ်သိမ်း သွားပါပြီ။

ဦးကြီးမြင့်သေချိန်မှာ မကြည်ရှန် ကြီးက ဇီးကြီးနဲ့။ ဗိုက်ကြီးက ဆမတန်ပူနေလို့ နွားဆရာက အမြွာ စ်ကောင်ပေါက်လိမ့်မယ်လို့ ကြိုတင် ကိန်းထုတ်ထားတယ်။ နှစ်ပတ် ချိန်မှာ ဟောကိန်းအတိုင်း နှစ် ကောင်ပေါက်ပါတယ်။ တစ်ကောင်က ထီးလေး၊ တစ်ကောင်က နွားမလေး။

ဦးကြီးမြင့်မျက်နှာမှာ သမင်ဖြူအ တ်က နဖူးမှာတစ်ကွက်၊ ပါးနှစ်ဖက် တစ်ကွက်စီရှိလေရဲ့။ အခု နွားထီး တ နီညိုရောင်။ ဒါပေမယ့် နဖူးမှာ ဖြူတစ်ကွက်၊ ပါးနှစ်ဖက်မှာက တစ် တ်စီ။ ဘာလို့သွားပြီးတူနေရတာလဲ။ တ မကြည်ရှန်အတွေး။ ဒီလို တိုက် င်တာ ငါပြောသလိုဖြစ်နေတာလား ရင်လည်းထိတ်သွားတယ်။ ဒီအတွေး စိတ်ကူးနေတုန်း မကြည်ရှန်က ည တ်မှာ ထူးထူးဆန်းဆန်းအိပ်မက်မက် တယ်လေ။

"ဟဲ့- ကြည်ရှန်၊ နင်ပြောသလို ငါ့ နောက်ဘဝမှာ နွားအဖြစ်နဲ့ ကြွေး ဆပ်မှာလား ဆိုတာလေ။ ငါကလည်း တ်မယ်လို့ ပြောခဲ့တယ်။ အခု ငါ တယ် နွားဖြစ်နေပြီ။ နင့်တင်းကုပ်ထဲ က ပေါက်တဲ့ နွားနှစ်ကောင်မှာ နီညို ရောင်နွားက ငါပဲ။ ငါ့ကို လယ်ထဲမှာ တ်သလောက်ခိုင်းပါဟာ။ ကြီးလာ သာ သားသတ်ရုံမပို့ပါနဲ့။ လူ့ဘဝ န်းက ငါက သားသတ်ရုံသွားကြည့် သားလို့ လန့်နေတာဟ"

ဒီအိပ်မက်ရတုန်းက မကြည်ရှန် တစ်ယောက် သွေးလေချောက်ချားလို့ မက်တယ်ပဲ ထင်တာပေါ့။ ဒါပေမယ့် နွားတင်းကုပ်သွားတိုင်း နီညိုရောင်နွား ပေါက်စက တဖြဲဖြဲနဲ့အော်ပါလေရော။ တစ်ခါလည်း မဟုတ်။ သုံးလေးကြိမ်ကြုံ တာဆိုတော့ နည်းနည်းတော့သတိထား မိလာတယ်။ သွားနိုင်လာနိုင်ဖြစ်လာတဲ့ အခါ ဦးကြီးမြင့် ထိုင်လေ့ရှိတဲ့မန်ကျည်း ပင်အောက်ကို ဒီနွားလေးက ရောက် ရောက်လာတယ်။ ဒီအထိလည်း မကြည် ရှန်က လက်မခံသေးပါဘူး။ သူ့ဘာသာ မှာ အခုလိုဝင်စားတယ်ဆိုတာ ရှိမှမရှိ တာ။ ဒီတော့လည်း ယုံဖို့ခက်နေမှာပေါ့။

မယုံသလိုယုံသလို တွေးနေချိန်မှာ ဦးကြီးမြင့်သမီးက ရောက်လာတယ်။ မျက်နှာက ညှိုးညှိုးငယ်ငယ်။ သူက -

"ဒေါ်လေးအိမ်ကို စပါးချေးရ အောင်လာတာ မဟုတ်ပါဘူး"

ဆိုတဲ့စကားနဲ့ အိမ်ပေါ်တက်လာ တယ်။ အိမ်ပေါ်ရောက်လာနဲ့ -

"ဒေါ်လေးအိမ်ကနွားမကြီး သား ပေါက်တယ်ဆို"

"အေး- ဟုတ်တယ်။ နွားထီးလေး တစ်ကောင်၊ နွားမလေးတစ်ကောင်"

"အဲဒီနွားထီးက နီညိုရောင်လေး မဟုတ်လား။ နဖူးနဲ့ ပါးမှာ အဖြူကွက် တွေ ပါသလား"

"အေး - ပါတယ်"

"အီးဟီးဟီး - ဟုတ်ပါပြီ။ အဖေ ပါပဲ။ ကျွန်မတို့ကို အိပ်မက်ပေးတယ် လေ။ ဒေါ်လေးအိမ်မှာ ငါနွားဖြစ်နေ တယ်။ နွားမကြီးက နှစ်ကောင်ပေါက် တယ်။ တစ်ကောင်က အမ၊ အထီးက ငါပဲတဲ့။ နင်တို့ ငွေလေးဘာလေးစုမိရင် ပြန်ဝယ်ထားပါ။ ဒေါ်ကြည်ရှန်ကိုလည်း သူများတွေမရောင်းဖို့ ကြိုတင်ပြောထား ဦးဟ။ ထင်းခုတ်မသွားခင် ငါရတဲ့ငွေထဲ က စုထားတာရှိတယ်။ အိမ်ခေါင်းရင်း က ကျောက်ခဲကြီးကိုဖယ်ပြီး တူးလိုက်။ ငွေနှစ်ထောင်ကို အိုးကလေးနဲ့ ထည့် ထားတယ်။

ဒီလိုမက်တာ ဒေါ်လေးရဲ့။ အဖေ ပြောတဲ့ငွေက တူးပြီးယူပြီးပါပြီ။ ဒေါ် လေးဆီက နွားပေါက်, မပေါက်, အ ကွက်ပါ, မပါ သိချင်လို့ လာမေးတာပါ။ ဒေါ်လေးမှာ နွားတွေပေါလို့ ရောင်း တော့မယ်ဆိုရင် ခုပေါက်တဲ့ နွားနီလေး ကို ချန်ထားပါရှင်။ ကျွန်မတို့ ငွေစုပြီး ဝယ်ဖြစ်အောင် ဝယ်ပါမယ်"

လို့ မျက်ရည်လည်ရွဲနဲ့ပြောပြီးမှ ပြန်ထွက်သွားတာပါ။

အခုတော့ အိပ်မက်က သူတစ်ဦး တည်း မဟုတ်၊ ဦးကြီးမြင့်သမီးအိပ်မက် နဲ့ပါ တိုက်ဆိုင်နေသလို အိပ်မက်ထဲက ညွှန်ပြတဲ့အတိုင်း စုထားတဲ့ငွေနှစ်ထောင် လည်း လက်တွေ့ရခဲ့ပြီ။ ဒီလောက်သေ ချာနေမှတော့ လူကနေ နွားဘဝ ဝင်စား တယ်ဆိုတာ မယုံလို့ကို မဖြစ်တော့ပါ ဘူး။ ဦးကြီးမြင့်ကလည်း ကရင်တိုင်းရင်း သား၊ ကိုးကွယ်တာက ခရစ်ယာန်ဘာ သာပါ။ ဒါပေမယ့် မြန်မာတွေရဲ့ဘာသာ ရေးမှာ သေခါနီး မရဏာသန္ဓေဇောထဲက စိတ်ထားမှားလိုက်တာနဲ့ အပါယ်ဘုံ ရောက်တာဖြစ်မယ်လို့ မကြည်ရှန်က စာပေအသိနဲ့ ဝေဖန်ကြည့်နေတယ်။

မကြည်ရှန်က သေသွားတဲ့ ဦးကြီး မြင့်အကြောင်း စဉ်းစားကြည့်နေတယ်။ သက်ရှိထင်ရှားရှိစဉ်က ဘုရားကျောင်း လည်းမသွား၊ ဘာသာရေးနဲ့ ပတ်သက် လို့ အဟုတ်အဟတ် ဘာမှမရှိခဲ့။ ဘာ သာမဲ့လို့နေတဲ့သူ။ ဒါပေမယ့် ကရင်ပွဲ ဖြစ်ဖြစ်၊ မြန်မာပွဲဖြစ်ဖြစ် ထမင်းချက် ဟင်းချက်ကိုတော့ အခမဲ့လုပ်ပေးတယ်။ ကောင်းတဲ့အရာဆိုလို့ ဒီတစ်ကွက်တော့ ရှိလေရဲ့။

လယ်တီဆရာတော်ကြီးကဗျာထဲ ကလို 'တရားမကြွယ် အထုပ်ငယ်လျက်' ဆိုသလို ကုသိုလ်ကတော့ စေတနာ့ဝန် ထမ်းအချက်အပြုတ်ပဲရှိပါတယ်။ ဟော- အခုတော့ ရိုးမတောကြီးထဲမှာ ပြာဖြစ် သွားပါပြီ။ ဒါကြောင့် 'ပြာပုံအပြီး ဖြစ် လုနီးပြီ' ဆိုတာ တယ်မှန်ပါလားလို့တွေး နေတယ်။ သူ့ဘဝက သေခါနီးမှာ ကြွေး တွေယူတာ သတိရ၊ စုထားငွေကို စိတ် ရောက်၊ တရားကလည်း မရှိ ဆိုတော့ 'အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်း ဟိုက်ဟိုက်၊ တရှိုက်ငင်၊ တငြင်ငြိုငြို' ဖြစ် နေတာ အမှန်ပဲဟု မကြည်ရှန်က ကဗျာ လေးကို အံ့ဩနေပါတယ်။ လက်ရှိ အချိန်မှာ မကြည်ရှန်က ဘယ်ဟာတွေ ကလွဲနေပြီး ဘယ်ဟာတွေက သွေးထွက် အောင်မှန်နေတယ်ဆိုတာ ကွဲကွဲပြားပြား ဆင်ခြင်တတ်နေပါပြီ။

*(ကျေးရွာရှင် လယ်တီဆရာတော် ဘုရားကြီး၏ ဆုံးမစာတစ်ပိုဒ်နှင့် လက် တွေ့ဖြစ်ရပ်မှန်အား နာမည်များလွှဲ၍ ဖော်ပြပါသည်။)*

*(ကဗျာရှင်မှီးမောင်မောင်အတွက် အမှတ်တရ)*

စိုးထွန်း(ဥပဒေ)




www.burmeseclassic.com

www.burmeseclassic.com

# ထန်းသီးကြွေခိုက်

**လျှမ်းထောက်**

'ကျွန်တော် တွေ့ခဲ့ဖူးသော မမေ့နိုင်သည့် လူတစ်ယောက်' ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်စောင်သာ ရေးနိုင်လျှင် ကျွန်တော့်ဖခင်၏ညီအငယ်ဆုံးဖြစ်သော ဦးလေး ကိုဘကြိုင် အကြောင်းကို ရေးရမည်ဟု ထင်ပါသည်။ မှန်ပါသည်။ ဦးလေးကိုဘကြိုင်သည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ ကျွန်တော် မူလတန်းကျောင်းသားဘဝက မင်းဘူးမြို့ အစိုးရအထက်တန်းကျောင်းမှ အင်္ဂလိပ်-မြန်မာ (၁၀) တန်းစာမေးပွဲ အောင်မြင်ခဲ့ပြီး ထိုစဉ်ကာလက နာမည်ကြီး ဖူးကားသစ်ကုမ္ပဏီတွင် တောအုပ်ကြီးအဖြစ် အမှုထမ်းခဲ့သည်။ ကျွန်တော် မှတ်မိသလောက် ငယ်ငယ်ရွယ်ရွယ်နှင့် ငှက်ဖျားရောဂါဝေဒနာ စွဲကပ်ခဲ့သဖြင့် ရာထူးမှ နုတ်ထွက်၍ ကျွန်တော်တို့မိသားစုနှင့်အတူလာရောက်နေထိုင်ခဲ့ကာ ငှက်ဖျားရောဂါဝေဒနာနှင့်ပင် ကွယ်လွန်သွားခဲ့သည်။



မှန်ပါသည်။ ဦးလေး ကိုဘကြိုင်သည် ကျွန်တော့်အတွက် ဒဏ္ဍာရီတစ်ပုဒ် ဖြစ်ပါသည်။ သူပြောပြသည့် သူ၏ကသာသစ်တောကြိုးဝိုင်းကြီးအတွင်းမှ သဘာဝလွန် လောကီလွန် ဖြစ်ရပ်ဆန်းများအား ကျွန်တော် ယနေ့အထိ မမေ့နိုင်ပါ။ သူပြောပြသည့် တောခြောက်မှုဖြစ်ရပ်နှင့် သစ်ပျံ ဟူသော ဖြစ်ရပ်ဆန်းနှစ်ခုမှာမူ အထူးစိတ်ဝင်စားဖွယ်ကောင်းလှ၏။

တောခြောက်ခြင်းမှာ မိုးသားတိမ်တိုက် ကင်းစင်နေသည့်ကြားမှ ငြိမ်သက်တိတ်ဆိတ်နေသည့် တောအတွင်း လေတိုက်ခတ်ခြင်းမရှိဘဲ တဝေါဝေါအော်မြည်လာသောအသံများဆူဆူညံညံထွက်လာသည့်ဖြစ်ရပ် ဖြစ်သည်။ သစ်ပင်၊ သစ်ကိုင်းများ လှုပ်ရှားခြင်းမရှိ သည်းထိတ်ရင်ဖိုဖွယ်ရာအသံများထွက်ပေါ်လာပြီး ရုတ်တရက်ပျောက်သွားခြင်းသာ ဖြစ်ရာ အဘယ်ကြောင့် ဤကဲ့သို့ အများအခေါ် တောခြောက်သည်ဆိုသော ဖြစ်ရပ် ဖြစ်ပွားသနည်း။ မည်သူမျှ ရှင်းရှင်းလင်းလင်း သဘာဝကျသော၊ အများလက်ခံနိုင်သောအဖြေကို မပေးနိုင်။ သဘာဝတရား၏လျှို့ဝှက်ချက်ဟူ၍သာ အကြောင်းပြခဲ့ကြသည်။

သစ်ပျံ ဟူသော ထူးခြားဖြစ်စဉ်မှာလည်း သစ်တောအမှုထမ်းများ လောကနှင့် သစ်ဝါးခုတ်သောတောင်သူများသုံးသောဝေါဟာရ ဖြစ်၏။ သစ်ပင်ကြီးတစ်ပင်အား ခုတ်လှဲစဉ် သဘာဝအရ ယင်းသစ်ပင်သည် ခုတ်လှဲသည့် ပတ်ဝန်းကျင်တွင်သာ လဲကျရမည်ဖြစ်သော်လည်း တစ်ခါတစ်ရံ ခုတ်လှဲသော သစ်ပင်အချို့သည် ခုတ်လှဲသည့်နေရာမှ ကိုက်ပေါင်းများစွာ ကွာဝေးသော တောတွင်းသို့ လွင့်ပျံကျသွားလေ့ရှိရာ အများကမူ သစ်ပျံ ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ ခုတ်လှဲသောသစ်ပင် အဘယ်ကြောင့် အဝေးသို့ လွင့်ပျံကျသွားသည်ကို ရှင်းလင်းနိုင်ခြင်းမရှိခဲ့ပေ။

ကျွန်တော် မူလတန်းကျောင်းသားဘဝက ပဟေဠိတစ်ပုဒ်ဖြစ်ခဲ့ရသော တောခြောက်သည့် ထူးခြားဖြစ်စဉ်နှင့် သစ်ပျံဟူသော လောကီလွန်ဖြစ်ရပ်ဆန်းမှာ ကျွန်တော့်အား ထာဝစဉ် သတိရစေသာဖြစ်ရပ် ဖြစ်တော့သည်။

ဤနေရာတွင် အကြောင်းသင့်သဖြင့် ဤဖြစ်ရပ်ဆီနှင့် ပတ်သက်သော နောက်ဆက်တွဲဖြစ်ရပ်ကို ဖော်ပြလိုပါသည်။

လွန်ခဲ့သော နှစ်လခန့်က ကျွန်တော့်ငယ်သူငယ်ချင်းဖြစ်သူ ကိုမြင့်ဆွေဝင်း (သစ်တောဌာန ညွှန်ကြားရေးမှူးချုပ်-အငြိမ်းစား) နှင့်ဆုံမိကြသည်။ ကျွန်တော်တို့ နှစ်ယောက်သည် ငယ်စဉ်ကရေးဖြစ်ဟောင်းများ၊ တက္ကသိုလ်ကျောင်းသားကြီးဘဝတုန်းက ကြုံဆုံခဲ့ရသည့် အကြောင်းများကို ပြောနေစဉ် ကျွန်တော်ငယ်စဉ်ကမှတ်သားခဲ့သည့် တောခြောက်မှုအဖြစ်ဆန်းနှင့် သစ်ပျံအဖြစ်ဆန်းတို့အကြောင်း ကျွန်တော်က စတင်ပြောမိသည်နှင့် ကျွန်တော့်သူငယ်ချင်းကိုမြင့်ဆွေဝင်းမှာ အံ့အားသင့်လျက်ရှိပြီး သူအလုပ်သင်သစ်တောဝန်ထောက်ဘဝကကြုံတွေ့ခဲ့ရသော သစ်ပျံနှင့်တောခြောက်မှု သဘာဝလွန် ဖြစ်ရပ်များကို အထောက်အထား ခိုင်ခိုင်မာမာနှင့် ပြောပြခဲ့သည်။ ပထမဆုံး အံ့ဖွယ်သရဲ တောခြောက်မှုကို သူနှင့်သူမိတ်ဆွေ အလုပ်သင် သစ်တောဝန်ထောက် သုံးဦးနှင့် အမှုထမ်းများ၊ သစ်တောဌာန လက်နက်ကိုင်ဝန်ထမ်းများနှင့် မြန်မာ့တပ်မတော်မှ တပ်မတော်သား တပ်စိတ်တစ်စိတ်တို့ ပါဝင်သည်ဟု ဆိုသည်။

သူကြုံတွေ့ရသော ဖြစ်ရပ်သည် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းအတွင်း အထက်ဖော်ပြပါ လူအများရှေ့တွင် သေသေချာချာ မျက်ဝါးထင်ထင် ကြုံရခြင်းဖြစ်ရာ အမြင်အာရုံလွဲခြင်း အကြားအာရုံလွဲခြင်း မဖြစ်နိုင်။ လူတစ်ယောက်တစ်ယောက်တည်းမဟုတ်ဘဲ တဝေးကြီးကြုံရခြင်းဖြစ်ရာ အံ့ဖွယ်သရဲ သဘာဝလွန်ဖြစ်ရပ် ဖြစ်သည်ဟု ဆိုရမည် ဖြစ်သည်။

ကျွန်တော့် သူငယ်ချင်းကိုမြင့်ဆွေဝင်းမှပင် ကချင်ပြည်နယ် သစ်တောဦးစီးဌာနမှူးကြီးတာဝန်ကို ထမ်းဆောင်ခဲ့စဉ်ကလည်း သူလက်အောက်အရာရှိများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အလုပ်သမားများပါ တောခြောက်မှုကို ကြုံတွေ့ခဲ့ရသည်သာမက သစ်ပင်များ



www.burmeseclassic.com

www.burmeseclassic.com





င်းသတ်စဉ် သစ်ပုံကို မျက်ဝါးထင် ထင်ကြုံရကြောင်းကို ပြောပြခဲ့ရာ ယနေ့ သိပ္ပံပညာဖြင့် သဘာဝကျကျ ရှင်းမပြ နိုင်သောဖြစ်စဉ်များ ဖြစ်ပါသည်။

ကျွန်တော့်ငယ်သူငယ်ချင်း ကိုမြင့် ဆွေဝင်းနှင့် ဦးလေး ကိုဘကြိုင်တို့သည် မဟုတ်မမှန် လုပ်ကြံပြောဆိုကြမည့် သူများ မဟုတ်ပေ။ သို့ဖြစ်၍ သဘာဝ တရား၏ လျှို့ဝှက်ချက်များဟု ဆိုရမည် ဖြစ်သည်။

ယခု တောခြောက်မှုကို ကချင် ပြည်နယ်၌ ဒုတိယကမ္ဘာစစ်ကြီးအတွင်း က မျက်ဝါးထင်ထင် ကြုံတွေ့ခဲ့ရသူမှာ ကမ္ဘာကျော် သတင်းစာဆရာ၊ စာရေး ဆရာ ဝဲ(လ်)ဖရက်-ဂျီဘားချက် (Wilfred G- Burchett) ဖြစ်ပါသည်။ သူသည် သြစတြေးလျလူမျိုး ထင်ရှားသော စစ် သတင်းထောက်တစ်ယောက် ဖြစ်သည်။ ကမ္ဘာကျော် လန်ဒန်တိုင်းသတင်းစာ၊ လန်ဒန်ဒေးလီးအန်(စ်)ပရက်(စ်)သတင်း စာ စသော သတင်းစာကြီးများ၏ သတင်း ထောက် ဖြစ်သည်သာမက ဂျပန်နိုင်ငံမှ မိုင်မိယူရီသတင်းစာနှင့် အေပီသတင်း ဌာနသတင်းထောက်အဖြစ် ဒုတိယကမ္ဘာ စစ်ကြီးအတွင်း စစ်မျက်နှာအရပ်ရပ်တွင် သတ်စွန့်ဆံဖျား အမှုထမ်းခဲ့သူ ဖြစ်၏။ ဒုတိယကမ္ဘာစစ်၏ ပစိဖိတ်စစ်မျက်နှာ၊ တရုတ်-ဂျပန်စစ်ပွဲ၊ အင်ဒိုချိုင်းနားစစ်ပွဲ၊ ကိုရီးယားစစ်ပွဲ၊ လာအို၊ ဗီယက်နမ်စစ်ပွဲ များတွင် ကိုယ်တိုင်ကိုယ်ကျ စွန့်စွန့်စား စား သတင်းယူခဲ့သူ ဖြစ်သည်။ ကမ္ဘာ့ သမိုင်းတွင် နာမည်ကျော်ခဲ့သော ၁၉၅၄ ခုနှစ် ဂျီနီဗားငြိမ်းချမ်းရေးကွန်ဖရင့်၊ ဘန် ဒေါင်းကွန်ဖရင့် စသော ကွန်ဖရင့်ကြီးများ တွင် တက်ရောက် သတင်းယူခဲ့သော သတင်းထောက်တစ်ဦးဖြစ်ခဲ့ပြီး ဒုတိယ ကမ္ဘာစစ်ကြီးကာလနှင့် စစ်ပြီးခေတ် ကာလတွင် အရှေ့တောင်အာရှမှ နိုင်ငံ ရေးစစ်ရေးခေါင်းဆောင်များနှင့် အများ အား လက်ပွန်းတတီး တွေ့ဆုံခဲ့ရသော သတင်းထောက် သတင်းစာဆရာကြီး တစ်ဦးဖြစ်ရကား သူ့အား ကမ္ဘာကျော် သတင်းစာဆရာကြီးများဖြစ်သော အင်္ဂလိပ်လူမျိုး ဂျွန်ရိဂ့် ဂျွန်ဂန်သာတို့နှင့်အတူ တန်း တူအား၍ လေးစားခြင်းခံရသူ ဖြစ်၏။

ကမ္ဘာကျော် သတင်းစာဆရာကြီး မစ္စတာဘားချက်သည် ဗြိတိသျှနယ်ချဲ့ သမားသည် အားမတန် မာန်လျှော့ကာ မြန်မာနိုင်ငံမှ အောင်မြင်စွာ ဆုတ်ခွာနေ သောအချိန်တွင် ကျွန်တော်တို့ မြန်မာ ပြည်သို့ ရောက်လာသည်။ ထိုစဉ်ကာလ က မြန်မာနိုင်ငံမှာ မီးဟုန်းဟုန်းတောက် နေသည့်အခြေအနေသို့ ရောက်နေပြီ ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့သမားသည် ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများကို ထောင်သွင်းထား၍ ဂျပန်ကျွန်ဖြစ်အောင် လုပ်နေသည့်အခြေအနေရောက်နေလေ သည်။ သို့ဖြစ်၍ မစ္စတာဘား ချက်သည် ဖက်ဆစ်ဆန့်ကျင်ရေးမျိုးချစ်အုပ်စုများ နှင့် တွေ့ခွင့်မရသော်လည်း ယမ်းငွေ့ တလူလူကြားက မြန်မာပြည်သူလူထု အခြေအနေမှန်ကို သိခဲ့သည်။ ဂျပန်ပြေး ဘုရင်ခံ ဆာဒေါ်မန်စမစ်ကိုလည်း တွေ့ ခွင့်ရခဲ့သဖြင့် ဗြိတိသျှတို့သည် သူတို့ဝါဒ ကို ပြောင်းလဲခြင်းမရှိလျှင် သူတို့၏ နေမဝင်သောအင်ပါယာကြီးမှာ တစ်စစီ ပြိုကွဲမည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့ သူ ဖြစ်၏။ သူသည် မြန်မာပြည်သူများ ဘက်မှ ထာဝစဉ် ရပ်တည်ခဲ့သူဖြစ်ရာ သူသည် ကျွန်တော်တို့ စာဖတ်ပရိသတ် နှင့် မိတ်ဖွဲ့ပေးရန်မလိုသော မြန်မာအလို တော်ရိ သတင်းစာဆရာတစ်ဦး ဖြစ်ပါ သည်။

သူရေးသော Treck Back From Burma စာအုပ်ကို ကွယ်လွန်သူ စာရေး ဆရာကြီး မောင်နေဝင်းက 'မီးလျှံတွင်းမှ မြန်မာပြည်' ဟု မြန်မာဘာသာပြန်ဆိုပြီး ထုတ်ဝေခဲ့ပြီး ဖြစ်၏။ အခြားစာအုပ်ဖြစ် သော Mekong up-stream စာအုပ်ကို ဆရာမောင်နေဝင်းကပင် 'မဲခေါင်ရေ ဆန်' အမည်ဖြင့် မြန်မာဘာသာပြန်ဆို ထုတ်ဝေပြီး ဖြစ်ပါသည်။ သူ့အကြောင်း ဆောင်းပါးအချို့ကိုလည်း ကျွန်တော် ကလောင်အမည် မမှတ်မိသော စာရေး ဆရာကြီးများက မဂ္ဂဇင်းများ၊ ဂျာနယ် များတွင် ဆောင်းပါးများရေးခဲ့ကြပြီး ဖြစ် ပါသည်။ မစ္စတာဘားချက်၏အကြောင်း ကို ရှည်လျားစွာ စကားပလ္လင်ခံနေရခြင်း မှာ အကြောင်းရှိပါသည်။

သူနှင့် သူ့မိတ်ဆွေဖြစ်သူ သတင်း ထောက်တစ်ဦးတို့သည် မြန်မာနိုင်ငံမှ ဆုတ်ခွာခဲ့စဉ် ကချင်ပြည်နယ် ရှင်ဘွေ ယန်ကျေးရွာအနီးတွင် သည်းထိတ်ရင်ဖို ဖွယ်ကောင်းသော တောခြောက်မှုဟု ယူဆစရာ ဖြစ်ရပ်ဆန်းနှင့် ကြုံရပုံကို ရေးသား ဖော်ပြလိုသောကြောင့် ဖြစ်ပါ သည်။ ထိုဖြစ်ရပ်ဆန်းကို မစ္စတာဘား ချက်သည် (Booms Over Burma) 'ယမ်းငွေ့တလူလူ' ဟူသော စာအုပ်တွင် အသေးစိတ် ရေးသား ဖော်ပြခဲ့ပါသည်။ ထိုဖြစ်စဉ်ကို မြန်မာဘာသာ ပြန်ဆို၍ အောက်ပါအတိုင်း ဖော်ပြပါသည်။

'ညနေပိုင်းအချိန်သို့ ရောက်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သောကြောင့် ကောင်းကင်ပြင်တွင် မည်းမည်းချိပ်ချိပ် မိုးရိပ်မိုးသားများ အုံ့မှိုင်းလာခြင်းနှင့်အတူ လေပြင်းက လည်း တဝီဝီအော်မြည်၍ တိုက်ခတ်လာခဲ့သည်။ ညနေပိုင်းရောက်လျှင် ကချင်ပြည်နယ်နှင့် ဟူကောင်းချိုင့်ဝှမ်း ဒေသတွင် ဤကဲ့သို့ ရာသီမျိုးမှာ မိုးရွာသွန်းလိမ့်မည်မှာ မလွဲတမ်းဖြစ်ပါသည်။ ယခုလည်း မိုးသားမိုးရိပ်များ တစ်ခဲနက်ဆင်လာလေတော့သည်။

ထိုအတွင်း လေသည် ခပ်စောစောကထက် ပိုမိုပြင်းထန်လာလေသည်။ အချိန်အနည်းငယ်အတွင်း လေပြင်းနှင့်အတူ မိုးကြီးသည်းထန်စွာရွာချလာတော့သည်။ လေပြင်းနှင့် မိုးပြင်းသည် အပြိုင်းကြီးမားသည့်အလား ထောက်ထားညှာတာခြင်း[illegible]ကင်းစွာဖြင့် တရကြမ်းရွာချလေသည်။ လေပြင်းဒဏ်ကြောင့် သစ်ကိုင်းသစ်ခက်များ မကြာခဏကျိုးပဲ့ကာ လမ်းပေါ်သို့ ကျရောက်လာလေသည်။ လမ်း၏ ဝဲ၊ ယာ တစ်ဖက်တစ်ချက်ရှိ သစ်ပင်ဝါးပင်ကြီးများသည် ဘယ်၊ ညာ ယိမ်းထိုး၍ တစ်ပင်နှင့်တစ်ပင်ရိုက်ခတ်လျက် တဖြန်းဖြန်းအသံထွက်လာပြီး လေပြင်း၏အသံမှာ တဝီဝီအော်မြည်လျက်ရှိနေသည်။

ကျွန်တော်၏ မိတ်ဆွေ သတင်းထောက် မစ္စတာနော့ကမူ မကြာမီ ရှင်ဘွေယန်ကို ရောက်ပါလိမ့်မည်ဟု အားပေးသည်။ ကျွန်တော်တို့အဖို့ ရှင်ဘွေယန်ကို မြေပုံပေါ်တွင် တွေ့ကြဖူးရာ အတော်အသင့်ကြီးသောရွာကြီးတစ်ရွာ ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။ ဤရွာသည် မြေပုံ၌သာရှိခြင်းမှာ မှန်၏။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံရှိ ထိုဒေသထိုအပိုင်းတွင် အသိအမှတ်ပြုထားခြင်းခံရသော နောက်ဆုံးနေရာ ဖြစ်သောကြောင့်ဟု ကျွန်တော့်မိတ်ဆွေ မစ္စတာနော့က ရှင်းပြပါသည်။

ရှင်ဘွေယန်အလွန်တွင် နာမည်ကျော်ကြားလှသော နာဂတောင်တန်းတည်ရှိနေပေသည်။ လေစဲသွားပြီး မိုးလည်းလုံးဝတိတ်သွားကာ ရာသီဥတုရုတ်တရက်ကြည်လင်လာ[illegible]တော့၏။မိနစ်အနည်းငယ်အတွင်း ရှင်ဘွေယန်ရွာသို့ ရောက်တော့၏။ ရှင်ဘွေယန်မှာ တဲကလေး လေးတဲသာရှိသောရွာဖြစ်နေသည်။ ဗြိတိသျှနယ်စပ်အရာရှိများအတွက် ဆောက်ထားသောတဲများသာ ဖြစ်၏။

နေမင်းသည် နာဂတောင်တန်းနောက်ကွယ်သို့ ငုပ်လျှိုးသွားခဲ့ရာ ညနေ (၅) နာရီခန့်ရှိသော်လည်း ပိန်းပိတ်အောင် မှောင်လာသည်။ သို့ဖြစ်၍ ကျွန်တော်တို့ နှစ်ယောက်သည် ညစာစားခဲ့ပြီး တဲကြီးတစ်တဲတွင် အနားယူလိုက်ကြသည်။

ညသန်းခေါင်ခန့်တွင် ရေခဲတမျှအေးသော လေတသုန်သုန်တိုက်လာပြီး ရှင်ဘွေယန်ရွာ၏ ခပ်လှမ်းလှမ်း တောအုပ်အတွင်းမှ တော်လည်းသောအသံ (သို့) ထိတ်လန့် ချောက်ချားဖွယ်သော စူးစူးရှရှအသံကြီး ရုတ်ခြည်း ပေါ်လာသဖြင့် ကျွန်တော်နှင့် မစ္စတာနော့တို့ အိပ်ရာမှ နိုးလာကြ၏။ ကျွန်တော်တို့ စူးစိုက်နားထောင်မိကြသည်။ လေပြင်းမုန်တိုင်းတိုက်သည့်အသံမဟုတ်သည်က သေချာနေသည်။ ကျွန်တော်တို့သည် နားထင်ကြောများ တင်းလာသည်အထိ နားစွင့်မိသည်။ ထိုသည်းထိတ်ဖွယ်ရာ အသံကြီးသည် ကျွန်တော်တို့ တည်းခိုနေသောတဲများနှင့်နီးသထက်နီးလာကာ ကျယ်သထက်ကျယ်လာသည်။ ပတ်ဝန်းကျင်တစ်ခုလုံးကို သိမ့်သိမ့်တုန်နေသည်ဟုထင်ရလောက်အောင် ကြက်သီး[illegible] ညင်းများထလောက်အောင် ကျယ်လော[illegible] ဆူညံသော်လည်း လေမုန်တိုင်းတိုက်[illegible] မဟုတ်သည်က သေချာသည်။ ထိုအ[illegible] ကြီးသည် ကျွန်တော်တို့တဲအား ဖြ[illegible] ကျော်သွားပြီးနောက် ပတ်ဝန်းကျင်[illegible] ခွင်လုံး အပ်ကျသံကြားရလောက်အော[illegible] ငြိမ်သက်သွားသည်။ ကျေးငှက်သံမျ[illegible] လည်း မကြားရ။ ဒေသခံများပြော[illegible] သည့်တောခြောက်ခြင်း ဆိုသည်လော[illegible] သို့မဟုတ် တောတွင်းလေမုန်တိုင်[illegible] အဖျားခတ်သွားခြင်းလော။ နံနက်လ[illegible] ချိန်တွင်မူ သစ်ကိုင်းများကျိုးကျနေသ[illegible] ကို တွေ့ရ၏။ ယမန်နေ့ညနေပိုင်[illegible] မိုးသက်လေပြင်းကျစဉ် ကျိုးကျခဲ့သော[illegible] သစ်ကိုင်းများလော။ သို့မဟုတ် ကျွ[illegible] တော်တို့ကြားရသော အသံကြီးသ[illegible] လေမုန်တိုင်းအဖျားခတ်ခြင်းလော [illegible] မရခဲ့ပေ။

လျှမ်းထ[illegible]

Ref:

*Bombs Over Burma.*

*By. Burchett*

## နတ်မောက်မင်းသန့်နိုင်
# တံခါးဖွင့်တိုင်း ရွတ်စေချင်

ကျွန်ုပ်တို့သည် နေ့စဉ်လိုလို တံခါးများဖွင့်နေကြရပါသည်။ ထိုတံခါးများသည် ဝင်ရန်နှင့် ထွက်ရန်အတွက် ဖွင့်ခြင်း ဖြစ်သည်။ အလင်းရောင်ဝင်ရန် ဖြစ်သလို၊ မိုးရေများ၊ လေပြင်း၊ ဖုန်များ မဝင်ရန်လည်း ထိုတံခါးများကို ပိတ်ရပြန်ပါသည်။ လူအဝင်၊ အထွက်၊ ပစ္စည်းအဝင်၊ အထွက်၊ လာဘ်အဝင်၊ လာဘ်အထွက် စသည်ဖြင့် တံခါးများသည် အနှစ်ချုပ်သော့ခ်ိအားဖြင့် ဝင်ရန်၊ထွက်ရန်ပင် ဖြစ်ပါသည်။

ဝင်လာမစဲ တသဲသဲ ဆိုသလို တံခါးများမှ လာဘ်လာဘ၊ ပစ္စည်းဥစ္စာ၊ ငွေကြေး၊ မင်္ဂလာသတင်း၊ ကောင်းခြင်းသတင်း၊ ဝမ်းမြောက်ပျော်ရွှင်ဖွယ်များ ဝင်လာဖို့လိုပါသည်။ ထိုသို့ဝင်လာစေရန်အတွက် တံခါးများဖွင့်တိုင်းဖွင့်တိုင်း အောက်ပါ ဂါထာလေးကို မပျက်မကွက် ရွတ်ပွားဖွင့်ကြရန် တင်ပြအပ်ပါသည်။ အထူးသဖြင့် မင်္ဂလာနံနက်ခင်းတွင် နေအိမ်တံခါး၊ ဈေးဆိုင်တံခါးများဖွင့်သည့်အခါ မပျက်မကွက် ရွတ်ပွားဖွင့်ပါ။ (၉) ရက်အတွင်း ထူးခြားသိသာစွာ လာဘ်လာဘတို့ တသဲသဲမစဲဘဲဝင်လာမည်ကို လက်တွေ့သိရပါမည်။ ဂါထာမှာ တို[illegible] လွယ်လွယ်လေးပင် ဖြစ်ပါသည်။

❑ အဘနိပ္ဖန္နော လာဘော[illegible]
သိလောကောစ မဟောသိနော[illegible]
တဒေဝ ဝစနံ သစ္စံ၊
ဝန္ဒေ တံ လောကနာယကံ၊
ဧတေန သစ္စေန ပုညေန၊
ဟောတု မေ လာဘဝဍ္ဎနံ။

(အနက်မြန်မာပြန်-သီလစသည်[illegible] ရှာဖွေမှု၍ မဟောသီတွင် ရှင်တော်မြ[illegible] ဘုရား၏ အများကြည်ဖြူ လှူပူဇော်[illegible] ပစ္စည်းလာဘ်လာဘသည်လည်းတော[illegible] လောကမာတ်ဘုံ၊ လုံးစုံပျံ့သင်း၊ တေ[illegible] စောခြင်းသည်လည်းကောင်း၊ မကုန်ခ[illegible] နိုင်၊ ဖြိုးလိုင်ပြီးပြည့်စုံပါ၏။ ထိုစကာ[illegible] သည်မှန်၏။ လောကသုံးပါး၏အကြီး[illegible] မှူးဖြစ်သော ထိုမြတ်စွာဘုရားကို ရှိခိုး[illegible] ၏။ ထိုသစ္စာစကားနှင့် ရှိခိုးပြုသည့် ဖြ[illegible] ကောင်းမှုကြောင့်လည်းကောင်း၊ တပ[illegible] တော်အား · လာဘ်လာဘစီးပွားဥ[illegible] ငွေကြေးမနတို့ တိုးပွားခြင်း ဖြစ်ပါ[illegible] သတည်း။)

*ကြီးပွားကြပါ[illegible]*

နတ်မောက်မင်းသန့်[illegible]



www.burmeseclassic.com

www.burmeseclassic.com

မြင့်မြတ်စံ (ကသာ)

# မြစ်ရေဘယ်လမှာကြီးမှာလဲ

"တောက်တဲ့ မိုးလား၊ တောက်တဲ့ လေလား၊ တောက်တဲ့ မိုးလား၊ ဝေး-ဘေး-ဟေး၊ မိုးတဲ့ကွ၊ မိုးရွာတော့မှာ"

မြေးငယ်လေးများ အော်ဟစ်ပြေးသွားတဲ့အသံကိုကြားလိုက်ရတော့ ရှေးလူကြီးသူမတွေ စကားထာတစ်ပုဒ်အနေနဲ့ တင်စားပြောဆိုနေကြတဲ့ 'မိုးလေချိန်သိ သစ်နန်းနေသည့် ပညာရှိ' လို့ ပြောဆိုကြတာလည်း ပြောဆိုထိုက်ပါပေသည်။ ထို့အတူ မြစ်ရေငယ်မည်၊ မြစ်ရေကြီးမည်ကိုလည်း သိရှိနေကြတဲ့ သတ္တဝါအချို့ကိုလည်း စာရေးသူအနေနှင့် ဗဟုသုတအဖြစ် တင်ပြလိုပါသည်။

**စာသူငယ်များကို ကြည့်၍ လေ့လာ၍ ရေကြီးမည်၊ ရေငယ်မည်ကို လေ့လာခြင်း။** စာသူငယ်များသည် ရေကြီးမည်၊ ရေငယ်မည်ကို စောစောက ကြိုတင်သိသကဲ့သို့ ရေကြီးမည်ဆိုလျှင် အမြင့်မှာဆောက်လုပ်ကြပြီး၊ ရေငယ်မည်ဆိုလျှင် အနိမ့်မှာ ဆောက်လုပ်ကြသည်။ ၎င်းစာသူငယ်ဆောက်လုပ်သည့် စာပေါင်းသိုက်များ၏ အနိမ့်၊ အမြင့်ကို ကြည့်၍ ဒီနှစ်ရေကြီးမည်။ ဒီနှစ်တော့ ရေငယ်မည်ဟု ရှောင်ရန်၊ ဆောင်ရန်များကိုလည်း ကြိုတင် လုပ်ဆောင်ထားလေ့ရှိပါသည်။

၎င်းအပြင် သစ်ပင်ချုံနွယ်များကို ရစ်သောပျားအုံများကို ကြည့်၍လည်း ရေကြီးမည်၊ ရေငယ်မည်ကို သိနိုင်ပါသေးသည်။ ပျားအုံများ နိမ့်ရာစွဲလျှင် ရေငယ်၍ မြင့်ရာစွဲလျှင် ရေကြီးမည်ကို သိနိုင်ပါသေးသည်။

တံငါသည်များ ပြောပြချက်အရ စာရေးသူ စိတ်အဝင်စားဆုံးကတော့ ငါးနှင့် ပီလာ(ဗီလာ)သတ္တဝါများပင် ဖြစ်ပါသည်။ ပီလာ(ဗီလာ)သတ္တဝါသည် ရေမည်မျှတက်မည်ကို အသေအချာသိသော သတ္တဝါတစ်မျိုး ဖြစ်သည်။ ပီလာ(ဗီလာ)ကောင်များ မျိုးပွားရေးအတွက် ဥများကို မြစ်ကမ်းဘေးရှိ သစ်ပင်၊ သစ်ငုတ်၊ ချုံနွယ်များတွင် ကပ်တွယ်၍ဥထားပါသည်။ ၎င်းဥများမှ အကောင်ငယ်လေးများ ပေါက်ဖွားရေးအတွက် ရေစွတ်မိလျှင်လည်း မပေါက်နိုင်ပါ။ ရေမြုပ်သွားပြန်လျှင်လည်း မပေါက်နိုင်ပါ။ ထို့ကြောင့် ပီလာ(ဗီလာ)များသည် ရေ၏ အတက်၊အကျကို ကြိုတင်တွက်ဆမိသဖြင့် ဥများကို ရေနှင့် ကွက်တိဖြစ်အောင်ဥကြသောကြောင့် ပီလာ(ဗီလာ) ဥကိုကြည့်ပြီး ဒီနှစ် ရေဘယ်လောက်တက်မည်ကို သိရှိရပါသည်။

ဆက်လက်ပြီး ငါးများရဲ့သင်္ကေတ အမှတ်အသားကို တင်ပြပါရစေ။ ငါးများဟာ နောက်ရေလာ၊ မလာကို ကြိုတင်သိတတ်သောသတ္တဝါများဖြစ်ကြပါသည်။ နောက်ရေလာဦးမယ်ဆိုလျှင် ဦးစွာပထမ တက်လာသောရေနှင့်အတူ ပါလာသောငါးများသည် ရေကျသွားသောအခါ အင်း၊အိုင်၊ ချောင်း၊ မြောင်းလေးထဲတွင် နေရစ်ခဲ့ကြပြီး နောက်ရေမလာဘူးဆိုလျှင်တော့ ငါးသတ္တဝါများဟာ တစ်ခါတည်း ပါသွားကြပါသည်။ အင်း၊ အိုင်ထဲမှာ ငါးကျန်လျှင် နောက်ရေလာဦးမည်။ ငါးမကျန်လျှင်တော့ နောက်ရေမလာနိုင်ကြောင်း ငါးများကို ကြည့်ပြီး ပြောဆိုလေ့ရှိပါသည်။

တစ်ဆက်တည်း ယခု စာရေးသူ တင်ပြချင်တာက 'ဘယ်လတွေမှာ ရေကြီးမလဲ' ဆိုတဲ့ တွက်နည်းလေးပါ။ ဒီတွက်နည်းလေးကို ဆရာဦးသာဒွေး (သာဂဒူး) မှ လွန်ခဲ့တဲ့ ၂၀၁၀ ခုနှစ်၊ ဇွန်လက စာရေးသူကို ရေးသား တွက်ချက်ပြခဲ့တာပါ။မှန်လည်းမှန်တာကြောင့် အများပြည်သူများ ဗဟုသုတဖြစ်စေရန် သူရဇ္ဇမဂ္ဂဇင်းမှ ရေးသား တင်ပြလိုက်ပါသည်။ တွက်နည်းက လွယ်သလောက် တိကျမှန်ကန်ပါသည်။


ဧ ၊ ကံ ၊ ရှာ ၊ သား ၊ မြစ် ၊ နား ၊ လမ်း ၊ စ

၁ ၊ ၂ ၊ ၄ ၊ ၆ ၊ ၅ ၊ ၇ ၊ ၄ ၊ ၃

ဧ - တနင်္ဂနွေ ၁ ဖြစ်သည်။
ကံ - တနင်္လာ ၂ ဖြစ်သည်။
ရှာ - ဗုဒ္ဓဟူး ၄ ဖြစ်သည်။
သား - သောကြာ ၆ ဖြစ်သည်။
မြစ် - ကြာသပတေး ၅ ဖြစ်သည်။
နား - စနေ ၇ ဖြစ်သည်။
လမ်း - ဗုဒ္ဓဟူး ၄ ဖြစ်သည်။
စ - အင်္ဂါ ၃ ဖြစ်သည်။

၎င်းနောက် (၁၂) ရာသီခွင်ကို အောက်ပါအတိုင်းဆွဲပါ။ ပြီးရင် နှစ်ဆန်းတစ်ရက်နေ့က ဘာနေ့လဲလို့ ကြည့်ပါ။

ဥပမာ -




၁၃၇၅ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့သည် ဗုဒ္ဓဟူးနေ့ ဖြစ်သောကြောင့် တန်ခူးလအကွက်မှစ၍ ဗုဒ္ဓဟူးနေ့နံဖြစ်တဲ့ရှာ (၄) ဂဏန်းကို စရေးပြီး လက်ာအတိုင်း လက်ယာရစ် သုံးပတ်ပြည့်အောင်ချသွားပါ။ (၄) ဂဏန်းသုံးလုံးထပ်သောလများတွင် ရေကြီးမည်ဟု မှတ်ယူရပါမည်။

အထက်ပါတွက်ကိန်းကိုကြည့်ခြင်းအားဖြင့် တန်ခူးလ၊ ဝါခေါင်လ၊ နတ်တော်လများတွင် မြစ်ရေကြီးမည်ဟု တွက်ချက်ရပါသည်။ ဤတွက်နည်းကို တွက်ချက်ပြသခဲ့သော ဆရာကြီးဦးသာဒွေး(သာဂဒူး)အား ဤစာဖြင့် ကျေးဇူးဆပ်ပါသည်။

သတ္တဝါအားလုံး
ရွှင်လန်းချမ်းမြေ့ကြပါစေ

မြင့်မြတ်စံ (ကသာ)



www.burmeseclassic.com

www.burmeseclassic.com

မနေ့က အမိဋ္ဌာန်ရက်(၉၀)အောင်မြင်စွာ ပြည့်မြောက်ခဲ့ပြီဖြစ်၍ အဘဦးဘိုးမောင် ပီတိအပြည့်နှင့်ပင် အထက်အမိန့်များ နာခံရန် သူ့နေရပ်ဌာနေ နတ်မောက်မြေသို့ ယနေ့ပင် ပြန်ရန် ပြင်ဆင်ခဲ့သည်။ ပုပ္ပားတောင်ပေါ် အမိဋ္ဌာန်သည် အတော်ကြီးပင် ခက်ခဲပင်ပန်းလှသည်။ သို့သော် အဘဦးဘိုးမောင်သည် အထက်မှ ညွှန်ကြားရာ အမိန့်၊ ဓာတ်ကျရာအရပ်ဒေသသို့ ဂန္ဓာရီခရီးလျှောက်လှမ်းမြဲသာ ဖြစ်သည်။

သက်သတ်လွတ်၊ ဆားဟင်း၊ ဟင်းရွက်စုံ၊ သစ်သီးစုံ၊ မီးလွတ်တွေလည်း စားခဲ့၊ ကျင့်ခဲ့သည်သာ။ ထူးခြားမှုများကို အဘဦးဘိုးမောင် သူကိုယ်သူမသိ။ ပတ်ဝန်းကျင် တပည့်သားမြေးတွေက သိနေမြင်နေကြသည်။

အလွန်အမင်း မကျန်းမာသူကို အဘဦးဘိုးမောင်မှ ခေါင်းသပ်၊ ကျောသပ်နှင့် -

"အကောင်းကြီးပါကွ။ ဘာရောဂါမှ မရှိပါဘူး"

ဟု ပြောလိုက်ရာ နောက်နေ့တွင် ထိုသူမှ ထထိုင်၊ ထပြေး၊ ကျန်းမာ... ဒေါင်ဒေါင်မြည်သွားသည်။ အမှန်... ထိုသူသည် ရှာမရသောရောဂါ... ဝေဒနာ အံကြီးအကျယ် ခံစားခဲ့ရ... အရှေ့တိုင်းဆေး၊ အနောက်တိုင်းဆေး... ခဲ့ပြီ။ ဆရာစုံခဲ့ပြီ။ ဝေဒနာကိုသာ... ကြိတ်မှိတ်ခံစားရင်း တစ်နေ့ရွှေ့ တစ်... ငွေဆိုသလို သေမည့်ရက်၊ ဝင်... မည့်ရက်ကို အိပ်ရာထဲမှ စောင့်... သည့် အခြေအနေ။ ထိုသို့သောအ... အနေမှာ အဘဦးဘိုးမောင်မှ 'အကော... ကြီးပါ။ ဘာရောဂါမှ မရှိပါဘူး' ... ခေါင်းသပ်၊ ကျောသပ်ပြောလိုက်သ... နှင့် တကယ်ပင် ရောဂါကင်း ကျန်း... ခြင်းအပြည့်ဖြစ်သွားရာ မြင်သူ၊ ကြား... တိုင်း၊ ဆွေမျိုးအသိုင်းအဝိုင်းအား ၎င်း... ဘိုးဘိုးအောင်၏ညီ ဘိုးဘိုးမောင်ဟု... ထင်ကြေးပေးပြောဆိုသည်အထိပင်။

ကျန်းမာရေး ဒေါင်ဒေါင်မြည်... သူများကို အဘမှ -

"ကျန်းမာရေးဟာ လာဘ်တစ်...

# နတ်မောက်မင်းသန့်နိုင်
## ထူးဆန်းသောနာရီတစ်လုံး



ခေါင်းပေါင်း၊ အင်္ကျီ၊ ပုဆိုး၊ လွယ်အိတ်၊ ကွမ်းအစ်ပါမကျန် ယောဂီအညိုရောင် ဝတ်ခဲ့သည်မှာပင် ဆယ်နှစ်မျှရှိခဲ့ပေပြီ။ အဘလက်ဆွဲတောင်ဝှေးသည်ပင် ဝါဖန့်ဖန်မှ ယောဂီအညိုရောင်သို့ ပြောင်းခဲ့ချေပြီ။

ဂန္ဓာရီလမ်းကို အဘလိုက်ခဲ့သည်မှာ အနှစ် (၄၀) ကျော်ခဲ့ပြီ။ အသက်သုံးဆယ်အရွယ်မှစတင်၍ အဘဘိုးဘိုးအောင်ကို ယုံကြည်စွာ ဆည်းကပ်ခဲ့ပြီး အမိန့်နာခံ ကျင့်ကြံ အားထုတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ဒီလာဘ်ကို အရေးမ မလေးမစားမလုပ်နဲ့။ မင်းကျန်းမာ လိုက်စား ဂရုစိုက်နော်”

ဟု ပြောခဲ့ရာ ထိုသူကမယုံ။ ထိုသူ ည် ဆေးတစ်လုံးမှ မထိုးခဲ့ဘူးသော၊ မစားဘူးသော ကျန်းမာရေးပြည့်စုံ သို့သော် တစ်လအတွင်းမှာပင် သူသည် အူအတက်ရောင်သဖြင့် တ်ကုသမှု ခံယူခဲ့ရလေသည်။

အထူးထင်ရှားလှသည်မှာ အဘ ထိုင်ရာ တိုးချဲ့ရေးကွက်သစ်လေး ည် အလွန်ရေရှားသည်။ လျှပ်စစ်မီး င်းလည်း မရှိ။ အဘရပ်ကွက်မှာ ရေ မ်းရောင်းသော ကိုဖိုးထူးတို့ လင်မ ရှိသည်။ တစ်နေ့ ကိုဖိုးထူးတို့ င်မယားမှ ဘာစိတ်ကူးပေါက်သည် အဘကို လင်မယားနှစ်ယောက် ရေတစ်ထမ်းစီထမ်းလာပြီး လှူ သည်။

အဘမှ -

“မင်းတို့ ချမ်းသာသွားရင်ရော ဒီလို လှူမှာလားကွ”

ဟု မေးရာ -

“အဘရယ် သိပ်လှူမှာပေါ့။ လှူ မှာပေါ့”

ဟု လင်မယား နှစ်ယောက် ဝမ်းသာအယ်လဲပြောကြသည်။ တစ်နှစ်ခန့်မှာပင် ကိုဖိုးထူးတို့လင်မယား ထီဆုကြီးပေါက်ပြီး ရပ်ကွက်တစ်ခုလုံးကို မီးလိုင်းဆွဲပေးလှူခဲ့သည်။ ထို့နောက် ရပ်ကွက်ရုံးထဲတွင် ရေတွင်းတူးလှူသည်။ ဤသည်မှာ လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ဖြစ်ပြီး ထိုအချိန်မှစ၍ အဘကို ရပ်ကွက်သူ ရပ်ကွက်သားများမှ ထူးခြားသူတော်စင် အဖြစ် ပိုမိုသိသွားသည်။

အဘ ဦးဘိုးမောင်သည် လွန်ခဲ့သည် နှစ်ပေါင်း (၄၀) ခန့်မှစပြီး မြန်မာပြည် တစ်နံတစ်လျား ဂန္ဓာရီလှည့်လည် အဓိဋ္ဌာန်ဝင်ခဲ့သည်မှာ နေရာအတော်နှံ့ခဲ့ပြီ။ ရွှေဘုန်းပွင့်၊ ရွှေတိဂုံ၊ ဆူးလေ၊ ကျိုက်ထီးရိုး၊ ရွှေဆံတော်၊ မြသလွန်၊ စက္ကတိန်း၊ မဟာမုနိ၊ ရွှေနတ်ကယ်တောင်၊ ပုပ္ပားတောင်ကလပ်၊ မဟာမြိုင်၊ ပြည်ကြီးတော အတော်ပင်နှံ့ခဲ့သည်။ ယခုအကြိမ်သည် အကြိမ်(၉၀)မြောက်ပြီး ပုပ္ပားတောင်တော်တွင် တတိယအကြိမ် အဓိဋ္ဌာန်ဝင်ခဲ့ခြင်း ဖြစ်သည်။ အဘကို အထက်က ပုဂ္ဂိုလ်များမှ အမြဲစောင့်ရှောက်ပြီး လိုအပ်သလို လမ်းညွှန်အမိန့်ပေးခဲ့သည်။ အထက်ပုဂ္ဂိုလ်တို့ညွှန်ကြားသလို အဘမှလည်း ဝမ်းမြောက်ပျော်ရွှင်စွာ ကျင့်ကြံအားထုတ်ခဲ့သည်သာ ဖြစ်သည်။ ဤသည်မှာ အဘဦးဘိုးမောင်နှင့်ပတ်သက်ပြီး စာရှုသူတို့ အရိပ်အမြွက်သိထားစေရန် မိတ်ဆက်ပေးခြင်းဖြစ်ပါသည်။

အဘ၏ လက်တွေ့ဖြစ်ရပ် ရိုးရိုးလေးနှင့်ဆန်းပုံတစ်ခုကို တင်ပြရေးသားရပါလျှင် -

❑

ပုပ္ပားတွင် ပထမအကြိမ် အဓိဋ္ဌာန်အောင်၍ ပြန်လာခဲ့စဉ်က ဖြစ်သည်။ ကျောက်ပန်းတောင်းဘူတာမှ ရထားစီးရမည်ဖြစ်၍ ညနေ (၅)နာရီကတည်းက စောင့်နေခဲ့ရသည်။ ညနေခြောက်နာရီခွဲခန့်တွင်မှ ရထားကြီးဆိုက်လာပြီး ရိုးရိုးတန်းရထားတွဲတွင် အဘတက်လိုက်သွားသည်။ အင်တောကျယ်ဘူတာရောက်တော့ ခုနစ်နာရီထိုးခဲ့ပြီ။





www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် အဘရှေ့ မျက်နှာချင်းဆိုင်ထိုင်ခုံသို့ မွန်မွန်ရည်ရည် လူလတ်ပိုင်းတစ်ဦး လာထိုင်သည်။ အဘမှ မျက်စိစုံမှိတ်ပြီး ဂုဏ်တော်ကို စိတ်မှာ ပွားနေရာမှ ဆတ်ခနဲဖြစ်သွားပြီး မျက်စိဖွင့်ကြည့်လိုက်သည်။ ထိုလူက အဘမျက်နှာကို မျက်တောင်မခတ် စူးစိုက်ကြည့်လိုက်ရာ ထိုသူမှာ မျက်လွှာချကာ အဘခြေရင်း ဝပ်စင်းဆင်းထိုင်ပြီး -

"ခွင့်လွှတ်ပါ အဘ။ ကျွန်တော် အဘကို မထီမဲ့မြင်လုပ်တာ မဟုတ်ပါဘူး။ အဘလို သူတော်စင်သူတော်ကောင်းဟာ စိတ်ဆိုးမှာ၊ ဒွေယူမှာ မဟုတ်ဘူးဆိုတာသိလို့ ကျွန်တော် စမ်းမိတာပါ။ ခွင့်လွှတ်ပါခင်ဗျ"

"အဘက မင်းကို အပြစ်မှ မယူတာ။ ခွင့်လွှတ်စရာလည်း မလိုပါဘူးကွယ်။ မင်းဘဝနဲ့မင်း မင်းကျင်လည်သလို နေပါ၊ လုပ်ပါ။ အေး - ဒါပေမယ့် ပိုပြီးဝဋ်ဒုက္ခကြီးမှာပေါ့။ အထက်ပုဂ္ဂိုလ်များရဲ့ ဒဏ်ခတ်ခြင်းတော့ မင်းမှာ အနည်းနဲ့ အများခံစားရမှာပဲကွယ့်။ ဒါကိုတော့ မြဲမြဲမှတ်သွားပေါ့။ အေးလေ- ဝသီတို့၊ ဉာဉ်တို့ဆိုတာ ပျောက်ခဲဘိခြင်းကိုး။ အတိတ်ဘဝမှာ ပေွခဲ့နောက်ခဲ့သူဟာ ပစ္စုပ္ပန်လက်ရှိဘဝမှာလည်း အဲဒီဉာဉ်က တပ်ပါနေတတ်တာပါ။ ဒါ လောကမေ့တာပဲ ဆိုရမှာပေါ့လေ။ ကဲဆို၊ မင်းဘာဖြစ်ချင်တာလဲ။ ဘာကိစ္စလဲ ပြော"

"ဒီလိုပါ ခင်ဗျာ၊ ကျွန်တော်က နာရီပြင်ဆရာတစ်ဦးပါ။ ကျွန်တော့်မိတ်ဆွေတစ်ဦးက ဆီကိုဖိုက်နာရီတစ်လုံး ပြင်ဖို့ အပ်ပါတယ်။ နာရီထဲကပစ္စည်းကလေးတစ်ခုက ဝယ်မရဖြစ်ပြီး ကျွန်တော့်ဆီမှာ (၃) လလောက် ကြာနေပါတယ် အဘ။ မိတ်ဆွေကလည်း ကောင်းပြီ ဆိုမှ သူ့နာရီကို ပေးပါ။ အေးအေးဆေးဆေးလုပ်ပါလို့ပဲ ပြောပါတယ်။ တစ်နေ့မှာ မိတ်ဆွေက ရန်ကုန်ကို သွားစရာအလုပ်ကိစ္စတစ်ခုရှိတယ်။ သူ့ကားနဲ့ လိုက်ခဲ့ပါလားလို့ခေါ်တာနဲ့ ကျွန်တော်လိုက်သွားခဲ့တယ်။ ဟိုက်ဝေးမှ ဒရိုင်ဘာခေါ်လာပါတယ်။

ကားတစ်စီးလုံးမှာ ဒရိုင်ဘာရယ်၊ ကျွန်တော်တို့ နှစ်ယောက်ရယ်၊ ခရီးဆောင်အိတ်နှစ်လုံးရယ်ပဲပါတယ်။ ကားကလည်း ပါဂျဲရိုး ဗိမ်ခံကားသစ်ကြီး။ သူ့ဒရိုင်ဘာကလည်း ဘာမောင်းသလဲ မပြောနဲ့။ မြားခွင်းလိုက်သလို ရှိုးရှိုးနဲ့ နေအောင်မောင်းတာပဲ။ ပြည်မြို့ရောက်တော့ စားသောက်ဆိုင်တစ်ခုမှာ ဝင်ပြီး ဘီယာသောက်၊ ခေါက်ဆွဲဝင်စားကြတယ်"

"ပြည်ကအထွက် ဆယ်မိုင်လောက်မှာ မင်းတို့ကားတိမ်းမှောက်ပြီး မင်းမိတ်ဆွေနဲ့ ဒရိုင်ဘာ နေရာမှာတင် ပွဲချင်းပြီး သေတယ်ပေါ့။ မင်းကတော့ ဆေးရုံပေါ်ရောက်ပြီး မသေဘူးပေါ့။ ဟုတ်တယ်မဟုတ်လား"

"ဟာ - အဘ ဒါတွေသိနေတယ်ပေါ့"

"ဒီထက်သိတာလေး အဘပြောရရင် မင်းကိုယ်မင်းမသိဘဲဖြစ်နေတာပါကွာ။ မင်းဝေးရာသွားပါတော့။ ဟုတ်ပြီလား"

"တကယ်ပဲလား အဘ။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မယုံဘဲဖြစ်နေပါတယ်"

"ယုံပါကွာ၊ အဘမှသာဝါဒကင်းခဲ့တာ အနှစ်လေးဆယ်ကျော်ပါပြီကွာ။ မင်းလွတ်ရာကျွတ်ရာ သွားပါတော့။ ဟုတ်ပြီလား"

"ဒါဆိုရင် ကျွန်တော်ဟာ လေနှင်ရာလွင့်ရမယ့်ဘဝရောက်နေပြီပေါ့နော်။ ဟုတ်လား အဘ"

"အဲဒါတော့ အဘအတပ်မပြောနိုင်ဘူး။ မင်းရဲ့ကောင်းမှုမကောင်းမှုတွေ ဆင်ခြင်ကြည့်ပေါ့ကွယ်"

"ကျွန်တော် ကောင်းမှုတော့များခဲ့ပါတယ်။ မကောင်းမှုပြုခဲ့တာတွေလည်း ရှိပါတယ် အဘ။ ဒါဆိုရင် အဘ ကျွန်တော့်ကို တစ်ခုကူညီပါ အဘ"

"ပြောလေကွယ်။ အဘဘာကူညီရမလဲ။ မင်းအတွက် ကုသိုလ်ကောင်းမှု လုပ်ပေးရမှာလား"

"မဟုတ်ပါဘူး အဘ။ ဟောဒီ ဆီကိုဖိုက်နာရီလေးကို ကျွန်တော့်မိတ်ဆွေရဲ့ မိသားစုဆီ ပြန်ပို့ပေးဖို့ပါပဲ။ လိပ်စာက (---) ပါ အဘ"

"ကူညီမှာပေါ့ကွယ်။ ထားခဲ့ပေါ့။ အဘရောက်အောင်ပို့ပေးပါ့မယ်"

ထိုလူသည် အဘရှေ့ထိုင်ခုံပေါ်တွင် နာရီလေးတင်ထားခဲ့ပြီး ရထားပြတင်းပေါက်မှ ကျွမ်းထိုးဆင်းချသွားလေတော့သည်။

❑

နတ်မောက်သို့ ရောက်သောအခါ အဘ ဦးဘိုးမောင်သည် နာရီလေးကို သူနှင့် ပုတီးစိပ်ဖက် နာရီပြင်ဆရာဖြစ်သူ ကိုတရုတ်ကြီး ဆိုသူကို ပြသသည်။

ကိုတရုတ်ကြီးမှ နာရီလေးကို နားနား... ကပ်၍ စက်သံကို နားထောင်ပြီး -

"တော်တော်ကောင်းတဲ့ နာရီပဲ... ဦးဘိုးမောင် ဘယ်လိုရတာလဲ။ ကောက်... တွေ့လာတာလား"

"လမ်းကြုံရလာတာ။ ဝိဥာဏ်မှာ... စာမရှိတာသိရဲ့နဲ့။ ရထားပေါ်မှာ လာ... ပေးတာ"

ဟု ဆိုကာ အဘမှ ကိုတရုတ်ကြီး... အား ရထားပေါ်တွင် တွေ့ကြုံခဲ့ရသည့်... အဖြစ်အပျက်ကို ပြောပြလိုက်သည်။

"ဒီတော့ ဦးဘိုးမောင် ဒီနာရီလေး... ကို ဘယ်လိုလုပ်ပေးရမလဲ"

"ဘာမှမလုပ်ပါဘူးကွာ။ ငါ့အထင်... လွဲမလား၊ မှန်မလားမသိဘူး။ ဒီနာရီ... ထဲမှာ စက်မပါလောက်ဘူးကွ"

"ဗျာ - မဖြစ်နိုင်ဘူး ဦးဘိုးမောင်... စက်ပါလို့သွားနေတာပေါ့ဗျ။ ကျွန်တော်... နာရီပြင်စားလာတာ ဆံဖြူသွားကျိုး... ပါပြီဗျာ။ စက်ပါပါတယ်"

"ကဲပါလေ၊ ခမ္မမိဋ္ဌာန်ကျကျသိ... အောင် နာရီစက်ဖုံးကို ဖွင့်ကြည့်လို... ကွာ"

ကိုတရုတ်ကြီးနှင့် ၎င်း၏ တပည့်... သုံးယောက်တို့ နာရီလေး၏ စက်ဖုံး... အတော်ခက်ခက်ခဲခဲဖွင့်ယူရသည်။ မ... မလုပ်သည်မှာ ကြာပြီဖြစ်ဟန်တူသည်... နာရီစက်ဖုံးအပိတ်ကို ဖွင့်လှပ်၍ ကြ... လိုက်သောအခါ ကိုတရုတ်ကြီးနှင့် ၎င်း... ၏ တပည့်သုံးဦးတို့ -

"ဟာ"

"ဟင်"

"ဟယ်"

"အို"

နှင့် မျက်လုံးပြူးမျက်ဆန်... ပါးစပ်အဟောင်းသားနှင့် အံ့သြတုန်... သွားကြရလေသည်။ တကယ်ပင် နာ... အိမ်အတွင်း ဘာစက်မှမပါဘဲဖြစ်... သောကြောင့်ပင်။

❑

တစ်ပတ်ခန့် ရှိသောအချိန်... အဘ ဦးဘိုးမောင်သည် ယောဂီလွယ်... အိတ်ထဲထည့်ထားသော ထိုနာရီလေး... ကို ထုတ်ယူကြည့်လိုက်ပြီး ပြုံးလိုက်... သည်။

အကြောင်းမှာ နာရီလေး မ... တောပဲ ခုံညင်းဖိုးကျောက်ခဲလေးတစ်... ဖြစ်နေပြီ ဖြစ်သောကြောင့်ပါတည်း။

နတ်မောက်... 



www.burmeseclassic.com

www.burmeseclassic.com

ဦးကြည်ဝင်း(ရွှေစင်)

# မဟာဘုတ်ဒသာတွက်နည်း

ဇာတာခွင် ဟောကြားမှုတွင် သောတ္တရီဒသာနှင့် အဋ္ဌောသသိရီဒသာ ဖြင့် ဟောကြားမှုရှိသကဲ့သို့ မြန်မာ့ ဘာဘုတ်ပညာတွင်လည်း မဟာဘုတ် သာဟောနည်းရှိပါသည်။

မဟာဘုတ်ဒသာဟောနည်းတွင် ဦးစွာ ဂြိုဟ်(၈)လုံးပိုင်သောရက်များ သိထားရမည် ဖြစ်ပါသည်။

ဂြိုဟ်(၈)လုံးပိုင်ဆိုင်ရက်များ -

| | | |
|---|---|---|
| တနင်္ဂနွေဂြိုဟ် | ၂၀ | ရက် |
| တနင်္လာဂြိုဟ် | ၄၉ | ရက် |
| အင်္ဂါဂြိုဟ် | ၂၆ | ရက် |
| ဗုဒ္ဓဟူးဂြိုဟ် | ၅၆ | ရက် |
| စနေဂြိုဟ် | ၃၃ | ရက် |
| ကြာသပတေးဂြိုဟ် | ၆၂ | ရက် |
| ရာဟုဂြိုဟ် | ၃၉ | ရက် |
| သောကြာဂြိုဟ် | ၆၉ | ရက် |
| စုစုပေါင်းရက် | ၃၅၄ | ရက် |

လူတစ်ဦးသည် မည်သည့်ဂြိုဟ် သာစားနေသည်ကို အောက်ပါဥပဒေ အတိုင်း တွက်ချက်ရပါမည်။

၁။ ရှေးဦးစွာ ဗေဒင်မေးလာသူ၏ မူလမဟာဘုတ်ခွင်ချပါ။ သက်ရောက်ဂြိုဟ်တွက်ချက်ရပါမည်။

၂။ ဗေဒင်လာမေးသူ၏ မွေးနေ့၊ မွေးရက်မှစ၍ ယခုရောက်နေသော လနှင့် ရက်ထိ ရေတွက်ပါ။

၃။ ထိုမွေးလ၊ မွေးရက်မှ ယခုရောက်နေသော လ၊ ရက်ထိ ရေတွက်ထားသော ရက်စုစုပေါင်းမှ သက်ရောက်နေသော ဂြိုဟ်၏ရက်မှစ၍ ဂြိုဟ်ရှစ်လုံးပိုင်ရက်များကို နုတ်ပါ။

၄။ မနုတ်နိုင်သော ဂြိုဟ်သို့ရောက်သောအခါ ထိုမနုတ်နိုင်သော ဂြိုဟ်သည် ဗေဒင်မေးလာသူစားနေသော ဒသာဂြိုဟ် ဖြစ်ပါသည်။

ဥပမာတွက်ပါမည်။

၁၃၀၇ ခု၊ ကဆုန်လပြည့်ကျော် ရက်၊ ကြာသပတေးနေ့ မွေးဖွားသူ သည် မည်သည့် မဟာဘုတ်ဒသာ နေသည်ကို တွက်ပြပါမည်။

ယခုရောက်နေသောရက်၊ ၁၃၇၃၊ ပြာသိုလဆန်း ၆ ရက်။

အမှတ်စဉ် (၁) တွင် ဖော်ပြထားသည့်အတိုင်း ဦးမြ၏မူလမဟာဘုတ်နှင့် သက်ရောက်ဂြိုဟ်ကို ရှာပါ။

## မူလမဟာဘုတ်တွက်နည်း

```
၇ | ၁၃၀၇ | ၁၈၆
      ၇
     ၆၀
     ၅၆
    ----
     ၄၇
     ၄၂
    ----
      ၅
```

## သက်ရောက်ဂြိုဟ်ရှာပုံ

```
                ၁၃၇၃
ဦးမြ၏အသက်     ၁၃၀၇
              ------
                 ၆၆
```

မွေးလကျော်ပြီဖြစ်၍ ၆၆+၁ = ၆၇ နှစ်

```
၈ | ၆၇ | ၈
    ၆၄
   ----
    ၃ အကြွင်း
```

## မူလမဟာဘုတ်ခွင်

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

ဂြိုဟ်ရှစ်ခွင်တွင် မွေးနေ့ဂြိုဟ်မှစ၍ နာရီလက်တံအတိုင်း (၃)ခွင်မြောက် ရေးပါ။ သောကြာဂြိုဟ်တွင်ကျပါသည်။

| | | |
|---|---|---|
| | | |
| သောကြာ | | |
| | ကြာသ<br>ပတေး | |

သောကြာဂြိုဟ်သက်ရောက် ဖြစ်ပါသည်။

အမှတ်စဉ် (၂) ညွှန်ကြားချက်အတိုင်း မွေးလ၊ မွေးရက်မှ ယခုရောက်နေသော လနှင့်ရက်အထိ ရေတွက်ပါ။

ကဆုန်လပြည့်ကျော် ၂ ရက်မှ

| | | |
|---|---|---|
| ကဆုန်လကုန်အထိ | ၁၄ | ရက် |
| နယုန်လ | ၂၉ | ရက် |
| ဝါဆိုလ | ၃၀ | ရက် |
| ဝါခေါင်လ | ၂၉ | ရက် |
| တော်သလင်းလ | ၃၀ | ရက် |
| သီတင်းကျွတ်လ | ၂၉ | ရက် |
| တန်ဆောင်မုန်းလ | ၃၀ | ရက် |
| နတ်တော်လ | ၂၉ | ရက် |
| ပြာသိုလဆန်း ၆ ရက်ထိ | ၆ | ရက် |
| စုစုပေါင်း | ၂၂၆ | ရက် |

အမှတ်စဉ် (၃)ဥပဒေသအတိုင်း-

မွေးလ၊ မွေးရက်မှ ယခုရောက်နေသော လနှင့် ရက်အထိရေတွက်ထားသောစုစုပေါင်းရက်မှ သက်ရောက်ဂြိုဟ် ဒသာရက်မှစ၍ ဂြိုဟ်အတိုင်းနုတ်သော်-

```
၂၂၆  ရက်
 ၆၉  ရက်သောကြာဂြိုဟ်
-------(သက်ရောက်ဂြိုဟ်)
၁၅၇
 ၂၀  တနင်္ဂနွေဂြိုဟ်
----
၁၃၇
 ၄၉  တနင်္လာဂြိုဟ်
----
 ၈၈
 ၂၆  အင်္ဂါဂြိုဟ်
----
 ၆၂
 ၅၆  ဗုဒ္ဓဟူးဂြိုဟ်
----
  ၆
```

စနေဂြိုဟ်ပိုင်ရက်များ မနုတ်လောက်တော့ပါ။ သို့ဖြစ်ပါ၍ စနေဂြိုဟ်ဒသာရက်အတွင်းသို့ (၆)ရက်ဝင်ရောက်နေပြီး ဖြစ်ပါသည်။ စနေဂြိုဟ် ဒသာစားနေပါသည်။

(မဟာဘုတ် ဒသာဟောနည်းကို ဆက်လက် ရေးသားပါဦးမည်။)

ဦးကြည်ဝင်း(ရွှေစင်)



www.burmeseclassic.com

www.burmeseclassic.com

လောကကြီးတွင်ဖြစ်ပျက်နေသော အဖြစ်အပျက်ဟူသမျှတို့သည် တစ်ခါတစ်ရံ၌ စိတ်ကူးယဉ်ပုံပြင်များထက်ပင် ဆန်းကြယ်နေတတ်ကြပေသည်။

ထိုသို့ ဆန်းကြယ်လှသော အဖြစ်အပျက်များကို လူတိုင်းလူတိုင်း သူ့နည်းသူ့ဟန်ဖြင့် ကြုံတွေ့ကောင်း ကြုံတွေ့မိကြပါလိမ့်မည်။ ကြုံတွေ့နိုင်ကြစေရန်လည်း စာရေးသူတို့ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထူးဆန်းအံ့ဩဖွယ်ရာများက နေရာအနှံ့တွင် လေ့လာ၍ မကုန်နိုင်အောင်ရှိနေကြပါသည်။

ယခုလည်း စာရေးသူ တင်ပြလိုသော အံ့ဩဖွယ်ရာ၊ စိတ်ဝင်စားစရာကောင်းလှသော အကြောင်းအရာလေးတစ်ခုသည် စာရေးသူတို့ မြန်မာနိုင်ငံ၏ ရေအောက်တစ်နေရာ၌ရှိနေခဲ့ပါသည်။ ထိုရေအောက်မှာရှိနေရခြင်းအကြောင်းရင်းကို မြန်မာပြည်သူပြည်သားအားလုံး ဗုဒ္ဓဘာသာအနွယ်ဝင်အားလုံး သိရှိပြီးဖြစ်ပါလေ၏။

ထိုသည်ကား -

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဓမ္မစေတီမင်း လှူဒါန်းခဲ့သော ကြေးချိန် (၁၈၀၀၀၀)၊ အဝ (၈) သောင်း၊ ဇောက် (၁၂) တောင်ရှိသော ခေါင်းလောင်းကြီးအား ခရစ်နှစ် ၁၆၁၂ခုနှစ်တွင် သန်လျင်မြို့စား ဇေဗြိကာသည် ဒဂုံမှ သန်လျင်သို့ သယ်ဆောင်သွားခဲ့ရာ ဒေါပုံမြစ်ဝတွင် ဖောင်ကွဲ၍ ခေါင်းလောင်းကြီး ရေထဲ နစ်မြုပ်ခဲ့ရသည့်အကြောင်းပဲ ဖြစ်ပါ၏။

ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး တချို့သောသူများက ခေါင်းလောင်းကြီးနှင့်ပတ်သက်၍ လွမ်းမောတမ်းတဆဲ ရှိနေကြသလို တချို့သောသူများက ပုံပြင်တစ်ပုဒ်သဖွယ် သံသယရှိနေကြလေသည်။

ထို့ကြောင့် အထောက်အထား သမိုင်းကြောင်း ခိုင်လုံစွာရှိနေသော ထိုခေါင်းလောင်းကြီးအကြောင်းကို ဆေ
သား တင်ပြလိုစိတ် ဆန္ဒပြင်းပြခဲ့ရ
ထို့အတူ ခေါင်းလောင်းတော်ကြီးအား
ပြန်လည်ဆယ်ယူနိုင်ရေးအတွက် ကြိုး
ပမ်းခဲ့ကြသူတွေလည်းရှိနေကြောင်း
အများပြည်သူအပေါင်းအား သိစေချင်
ပြန်သည်။ သို့အတွက် ထိုစာမူလေး
ရေးဖြစ်ခဲ့ပါသည်။

**စာမူလေးရေးဖြစ်ခဲ့ပုံ**

ဆရာချစ်စံဝင်း ရေးသား ပြု
သော 'ဓမ္မစေတီခေါင်းလောင်းကြီး
လျို့ဝှက်ချက်များ' စာအုပ်ကို ဖတ်မိရာ
ထိုစာမူလေး ဖြစ်ပေါ်လာရပါသည်။

**ဓမ္မစေတီခေါင်းလောင်းတော်ကြီး ဖြစ်ပေါ်လာပုံ**

ဟံသာဝတီ(ပဲခူး)၊ သထုံ၊ မုတ္တမ
အစရှိသော အရပ်များကို အနော်ရထာ
မင်းကြီးသည် ပထမမြန်မာနိုင်ငံ
ထူထောင်ရာတွင် တိုက်ခိုက် သိမ်းယူ
၏။ ထိုသို့ တိုက်ခိုက်သိမ်းယူခဲ့ပြီးနောက်
ပိုင်းတွင် ပဲခူးမြစ်၏ အနောက်ဘက်
အရပ်ကို မွန်တိုင်းရင်းသားတို့က ဥသာ
ဟူသောအမည်ဖြင့် လည်းကောင်း မြစ်
အရှေ့ဘက်ကို ပဲခူး ဟူသောအမည်ဖြင့်




သူရဇ္ဇမဂ္ဂဇင်း
၂၀၁၃ ခုနှစ် ဒီဇင်ဘာလ (၁၃)နှစ်ပြည့်အထူးထုတ်

www.burmeseclassic.com

www.burmeseclassic.com

သည်းကောင်း မြို့ပြတည်ထောင်ခဲ့ကြ ၏။

ကျန်စစ်သား အစရှိသော စစ်သူ ကြီးများသည် ဥဿာပဲခူးသို့ ဝင်ရောက် ကျော်သည့် ယိုးဒယားစစ်သည်များ ကို သွားရောက် တိုက်ခိုက် ကူညီခဲ့၏။ ဥဿာပဲခူးသည် ပုဂံ၏ လက်အောက် တွင် အနှစ် (၂၀၀) မျှ နေခဲ့ရ၏။ ပဲခူး သည် အောက်ပြန်အောက်ရွာ၏ ပုဂံပင် ဖြစ်သည်။

ပုဂံနရပတိစည်သူမင်းသည် တိုင်း ခန်းလှည့်လည်ရာတွင် အောက်ပြည် အောက်ရွာသို့ရောက်ခိုက် မုတ္တမမြို့ကို တည်၍ အလိမ္မာအမတ်အား မြို့စားခန့် ခဲ့၏၊ တစ်ဖန် နရသီဟပတေ့ တရုတ် ပြေးမင်းလက်ထက်သို့ရောက်သောအခါ မုတ္တမစား ငရွှေပုန်ကုန်၍ ရာဇသင်္ကြန် ကိုယ်တိုင် တိုက်ခိုက် နှိမ်နင်းပြီး ရှေး အလိမ္မာမြို့စား၏မြေးကို အလိမ္မာအမည် နှင့်ပင် မြို့စားခန့်ခဲ့၏။ ထိုအချိန်တွင် ပဲခူး ဟံသာဝတီ၌ ငပမွန်သည် တရဖျား ဟူသောအမည်ဖြင့် မင်းပြုနေသည်။

ခရစ်နှစ် ၁၂၈၂ တွင် မဂဒူးသည် မုတ္တမမြို့စား အလိမ္မာအမတ်ကို လုပ်ကြံ ၍ ဝါရီရူ ဟူသောအမည်ဖြင့် မင်းပြု၏။ မုတ္တမဝါရီရူမင်းနှင့် ပဲခူးဟံသာဝတီမှ တရဖျားမင်းတို့သည် အချင်းချင်း သမီး ပေး၍ မိတ်ဆက်ကြပြီး ပုဂံကို စတင် အန်တုခဲ့ကြသည်။

နောင်တွင် ဝါရီရူမင်းသည် ပဲခူး တရဖျားမင်းကို လုပ်ကြံ၍ ပဲခူး၌ မြို့စား တစ်ဦးကို ခန့်ထားကာ မုတ္တမမှနေ၍ ရာမညတစ်တိုင်းလုံးကို ဝါရီရူမင်း အုပ် ချုပ်လေသည်။

ဝါရီရူမင်းမှ မွန်မင်းဆက် ရှစ်ပါး မြောက်ဖြစ်သော ဆင်ဖြူရှင် ဗညားဦး လက်ထက်တွင် ဗညားဦးသည် နေပြည် တော်ကို မုတ္တမမှနေ၍ ပဲခူး ဟံသာဝတီ သို့ ပြောင်း၏။ ဗညားဦး ကွယ်လွန်သော် သားတော် ရာဇာဓိရာဇ် မင်းပြု၏။ ရာဇဓိရာဇ်လက်ထက်မှစ၍ အင်းဝနှင့် ဟံသာဝတီ အကြိမ်များစွာ စစ်ဖြစ်ကြ လေသည်။ ဝါရီရူမင်းဆက်တွင် ရာဇာ ဓိရာဇ်သည် အထက်မြက်ဆုံး မွန်ဘုရင် တစ်ပါး ဖြစ်၏။ ကိုယ်တိုင်လည်း ဆင်စီး၊ မြင်းစီး၊ စစ်ဆင်စစ်ထိုးကျွမ်းကျင်၍ ရာဇာဓိရာဇ်တွင် အမတ်ဒိန်၊ မဏိရွတ်၊ ဖြတ်ဇ၊ လဂွန်းအိမ်၊ သမိန်ဗရမ်း စသော သူရဲကောင်းအမှုထမ်းများ များစွာရှိ၏။

ရာဇာဓိရာဇ်တွင် ဗညားဓမ္မရာဇာ၊ ဗညားရံနှင့် ရှင်စောပုဟူသော သားသမီး သုံးယောက် ထွန်းကား၏။ ရာဇာဓိရာဇ် အရိုက်အရာကို ဗညားဓမ္မ ဆက်ခံ၏။ ထို့နောက် ညီတော် ဗညားရံ ဆက်ခံ သည်။

ရာဇာဓိရာဇ်၏သမီးတော်ဖြစ်သူ ရှင်စောပုသည် ခမည်းတော်ရှိစဉ်ကပင် တူတော် သမိန်စည်သူနှင့် စုံဖက်၍ သမီး ကြီး နဲ့တကာတော်၊ သမီးလတ် နဲ့တကာ သင်နှင့် သားတော် သမိန်ပရူးတို့ကို ဖွား မြင်၏။ ရှင်စောပု (၂၅) နှစ်အရွယ်တွင် သမိန်စည်သူ နတ်ရွာစံ၍ မောင်တော် ဗညားရံနှင့်ပင် နေ၏။ ရှင်စောပုမင်း





www.burmeseclassic.com

www.burmeseclassic.com

သမီးအသက် (၂၉) နှစ်တွင် ဗညားရံ သည် မွန်-ဗမာချစ်ကြည်ရေးကို မျှော်ကိုး၍ နှမတော်ကို အင်းဝဘုရင် ဆင်ဖြူရှင် သီဟသူထံ ဆက်သရာ ရှင်စောပုသည် 'သီရိတရိဘဝနာဒီတျာပဝရ အတုလအဂ္ဂမဟာဓမ္မရာဇာမဟာဒေဝီ' ဘွဲ့ဖြင့် အင်းဝနေပြည်တော်၌ မိဖုရားကြီးအရာကို ရပေသည်။

ရှင်စောပုသည် သီဟသူ၊ မင်းလှငယ်၊ ကလေးကျေးတောင်ညို၊ ပခန်းတရဖျား၊ မိုးညှင်းမင်းတို့နှင့် မင်းငါးဆက်တိုင် အင်းဝ၌ မိဖုရားဖြစ်၏။ မိုးညှင်းမင်းလက်ထက်တွင် မိဖုရား ရှင်စောပုသည် အင်းဝ၌ မပျော်ပိုက်သဖြင့် မွန်ရဟန်းနှစ်ပါးတို့နှင့် ဟံသာဝတီသို့ တိတ်တဆိတ် ထွက်ပြေးခဲ့လေသည်။ မွန်ရဟန်းနှစ်ပါးမှာ အရှင်ဓမ္မဓရနှင့် အရှင်ဓမ္မဉာဏတို့ ဖြစ်သည်။ အရှင်ဓမ္မဓရသည် ငယ်စဉ်ကပင် အင်းဝ၌ စာပေသင်ကြား၍ ရဟန်းဘဝသို့ရောက်သူ ဖြစ်၏။ အရှင်ဓမ္မဉာဏသည် တရားဟောကောင်း၏။ ဉာဏ်ရည်ထက်မြက်၏။

ရဟန်းနှစ်ပါးနှင့် မိဖုရားရှင်စောပုတို့သည် မြစ်ကြောင်းဖြင့် နေ့အခါ မှိုအောင်း ပုန်းကွယ်၍ လည်းကောင်း၊ ညအခါတွင် လှေဖြင့်စုန်၍ လည်းကောင်း ခရီးနှင်ခဲ့ကြလေသည်။ ထိုသို့ခရီးနှင်လာရာတွင် အင်းဝမှလည်း အလုံးအရင်းနှင့် လိုက်လာကြသည်။ သို့သော် အရှင်ဓမ္မဓရသည် လောကီဆိုင်ရာ အင်းအိုင်၊ လက်ဖွဲ့တို့၌ ကျွမ်းကျင်သဖြင့် နောက်မှလိုက်လာသော အင်းဝတပ်များ မီလုမီခင်ဖြစ်ပါက အင်းများကို စီရင်ပြီး ရေတွင် ပစ်ချလိုက်ပါက ရှေ့မှပြေးနေသောသူတို့လှေသည် အင်းဝသားတို့၏ မြင်ကွင်းမှ အလိုလိုပျောက်သည်ဟုသိရ၏။

ရှင်စောပု မိဖုရားကြီး ဟံသာဝတီသို့ ရောက်သော် မောင်တော် ဗညားရံက ဝမ်းမြောက် ဝမ်းသာ ကြိုဆို၍ နှမတော်အား နန်းတွင်း၌သာ နေစေ၏။

မောင်တော် ဗညားရံ မရှိသည့်နောက် မြန်မာနှစ် ၈၁၄ ခုနှစ်၊ ခရစ်နှစ် ၁၄၅၂ တွင် ရာဇာဓိရာဇ်၏ သမီးတော် ရှင်စောပုသည် ဟံသာဝတီ၌ ဘုရင်မကြီးဖြစ်လာသည်။ ရှင်စောပု၏ ခမည်းတော်၊ မောင်တော်၊ အစ်ကိုတော်၊ သားတော်နှင့် ခင်ပွန်းအားလုံးတို့သည် ဘုရင်များသာဖြစ်သဖြင့် မြန်မာ့သမိုင်းတွင် ထူးခြားကာ သူကိုယ်တိုင်လည်း မြန်မာ့သမိုင်းတွင် တစ်ပါးတည်းသော ဘုရင်မကြီး ဖြစ်လေသည်။

ရှင်စောပုသည် ဘုရင်မကြီး ဖြစ်လာသောအခါ မိမိ အင်းဝမှ ထွက်ပြေးခဲ့စဉ်ကကူညီခဲ့သော အရှင်ဓမ္မဓရကို လူထွက်စေ၍ သမီးတော်နှင့် ထိမ်းမြားပေးပြီး ဓမ္မစေတီအမည်ဖြင့် အိမ်ရှေ့အရာကို ပေးလေသည်။

ဘုရင်မကြီး ရှင်စောပုသည် (၁၂) နှစ် နန်းစံပြီးနောက် အသက်အရွယ်ကြီးရင့်လာခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အလွန်အမင်း ကြည်ညိုရင်းစွဲရှိပြီး ဟံသာဝတီနှင့် အင်းဝနန်းတော်တို့တွင် တွေ့ကြုံခဲ့ရသော ဖြစ်ရပ်အစုံစုံကို သံဝေဂယူကာ ဟံသာဝတီထီးနန်းကို သမက်တော် ဓမ္မစေတီမင်းအား လွှဲအပ်၍ မိမိသည်ကား ဒဂုံမြို့ ရွှေတိဂုံစေတီတော်၏ အနောက်တောင်ဘက်တွင် ရှင်စောပုမြို့ကိုတည်ထောင်ကာ ရွှေတိဂုံစေတီတော်ကြီးအား ကြည်ညိုအားထားရင်း မြန်မာနှစ် ၈၃၃ ခုတွင် နတ်ရွာစံလေသည်။

ရှင်စောပု ဘုရင်မကြီး ရွှေတိဂုံစေတီတော်ကြီးအား ဝတ်ပြုရှိခိုးသည့် အာရုံခံတန်ဆောင်း၏ အုတ်မြစ်ကို မဟာဝိဇယစေတီတော်ကြီး တည်ထားစဉ်က တွေ့ရှိခဲ့၏။ ယခုတိုင် ယင်းအာရုံခံတန်ဆောင်းအုတ်မြစ်သည် မဟာဝိဇယစေတီတော်ကြီး၏ အောက်တွင် တည်ရှိနေပါသည်။

ဓမ္မစေတီမင်းသည် ဟံသာဝတီထီးနန်းကို ရာဇာဓိပတိ ဟူသော အမည်ဖြင့် ခရစ်နှစ် ၁၄၇၁ ခုနှစ်တွင် မင်းပြု၏။ ဓမ္မစေတီမင်းသည် ရဟန်းလူထွက်ဘုရင်တစ်ပါးဖြစ်သည်နှင့်အညီ ကျမ်းဂန်စာပေ တတ်မြောက်သိကျွမ်းသူ ဖြစ်၏။ သာသနာတော်ကိုလည်း စောင့်ရှောက်၏။ ဘုရားပုထိုးများစွာတည်၏။ ဝတ်ဖြူလဲ၍ သံဃာတော်များကို စာပေသင်ကြားပို့ချ၏။ ဓမ္မစေတီမင်းသည် ဗေဒင်ကျမ်းဂန်နှင့်တကွ ပိဋကတ်သုံးပုံကို ကုန်စင်အောင် တတ်မြောက်လေသည်။

ဓမ္မစေတီမင်းသည် ဟံသာဝတီရှိ ရဟန်းမထေရ်တို့အား သီရိလင်္ကာကို စေလွှတ်ကာ သိက္ခာသစ်တင်စေ၏။ ဟံသာဝတီမှ ရဟန်းများသည် သီဟိုဠ်ကျွန်း ကလျာဏီမြစ်၌ မဟာဝိဟာရဝါသီဂိုဏ်းမှ ဆရာတော်သံဃာတော်များထံတွင် ရဟန်းအဖြစ် ထပ်မံ ခံယူပြီး ဟံသာဝတီသို့ ပြန်လာခဲ့ကြသည်။

ရဟန်းတော်များ ဟံသာဝတီသို့ ပြန်ရောက်သောအခါ ကလျာဏီသိမ်ကို တည်၍ ကလျာဏီကျောက်စာကို ရေးထိုးခဲ့၏။ နိုင်ငံအတွင်းရှိ ရပ်ဝေး၊ ရပ်နီး ရဟန်းများအား ကလျာဏီသိမ်တွင် ရဟန်းအသစ် ခံယူတော်မူခဲ့သည်။ ဤသို့ဖြင့် ဓမ္မစေတီမင်းသည် သာသနာတော်သန့်ရှင်းရေးကို ဆောင်ရွက်ခဲ့သည်။

ဓမ္မစေတီမင်းလက်ထက် သီဟိုဠ်ကျွန်းပြန်ဆရာတော်များထဲတွင်ပါသော အရှင်ဗုဒ္ဓဃောသမထေရ်သည် ဝါရီရုမင်းသတ်ကို မြန်မာဘာသာပြန်ဆို၏။ ထို့ပြင် ဓမ္မစေတီမင်းကြီးသည် တရားစီရင်ထုံးများကို စုဆောင်း၍ ဓမ္မစေတီဖြတ်ထုံးကို စီရင်ရေးသားတော်မူ၏။

မြန်မာ့သမိုင်းတွင် တရုတ်သ... ကောင်း စလုံကျော်ခေါင်နှင့် စီးချင်းထိုးသော မွန်သူရဲကောင်း သမိန်ဗရမ်းသည် ဓမ္မစေတီမင်း၏ မွန်ပညာရှိ အမတ်တ... ဦး ဖြစ်လေသည်။

ဓမ္မစေတီမင်းသည် စာတတ်ပေ... တတ် ရဟန်းလူထွက် ဘုရင်တစ်ပါးဖြ... သည့်အားလျော်စွာပင် ဘုရင်မကြီး ရှင်စောပု ရွှေတိဂုံစေတီတော်ကြီးအား အလွန်အမင်းကြည်ညိုလွန်းသဖြင့် သ... တရားထက်သန်စွာ လှူဒါန်းခဲ့သော ဝတ္တကမြေများကို အများဝေနေ... အပေါင်းတို့ ချမ်းသာစေသောငှာ ... တော်မူခဲ့၏။

ထိုသို့ ဝတ္တမြေချဲ့တော်မူသည်... ပြေပျောက်စေရန် ဓမ္မစေတီမင်းသည် မိမိ၏ ကိုယ်အလေးချိန်နှင့် ရှင်စော... ဘုရင်မကြီး၏ ကိုယ်အလေးချိန် နှစ်... ပေါင်းနှင့်ညီသောရွှေကို ရွှေမျက်ပါးခ... ၍ ရွှေတိဂုံစေတီတော်ကြီးအား ခြေ... တော်မှအထက်ထီးတော်တိုင် ရွှေသ... ကပ်လှူလေသည်။

ထိုမှုနှင့် မကျေနပ်နိုင်သေးသော ဓမ္မစေတီမင်းသည် အဝ (၈) တော... အဇောက် (၁၂) တောင်ရှိ၍ အလေး... ပိဿာ (၁၈၀၀၀၀) ရှိသော ကြေးခေါ... လောင်းကြီးကို ခရစ်နှစ် ၁၄၇၆ ခု... တွင် သွန်းလုပ်ပြီး ရွှေတိဂုံစေတီတော်... လှူဒါန်းခဲ့လေသည်။

ထိုသို့သော ဓမ္မစေတီမင်း... ကုသိုလ်တော်ခေါင်းလောင်းကြီးကို တိုင်... တစ်ပါးသား သန်လျင်မြို့စား ဇေင်ဘ... သည် ခရစ်နှစ် ၁၆၁၂ ခုနှစ်တွင် ဒဂုံ... သန်လျင်သို့ ဖောင်ဖြင့် ခိုးယူထွက်ပြေး... ရာ ဒေါပုံမြစ်ဝအရောက်တွင် ဖောင်... ၍ ခေါင်းလောင်းကြီး ရေထဲသို့ ကျခဲ့... သည်။

ဇေင်ဘာသည် ခေါင်းလောင်းကြီး... အား ဆယ်ယူရန် မကြိုးစားဘဲ ဒေါပုံ... အတွင်း၌ပင်ထားခဲ့လေသည်။

ဤသို့ဖြင့် ဓမ္မစေတီခေါင်းလော... ကြီးသည် နှစ်ပေါင်းများစွာ ဒေါပုံ... အတွင်း စံပျော်၍နေရရှာလေသည်။

သို့သော် ၉-၃-၁၉၉၈ ... ၁၈-၆...



www.burmeseclassic.com

www.burmeseclassic.com

...နေ့များတွင် ဆရာမကြီး ဒေါ်ခင် ...သိန်း ဦးဆောင်သောအဖွဲ့မှ ထိမ္မ...ခေါင်းလောင်းကြီးအားရှာဖွေခြင်း ...ခက်ခဲစွာ ပြုလုပ်ခဲ့ကြပါ၏။

ထို့အတူ တခြားအဖွဲ့သားများ ...သည်း အားကြိုးမာန်တက် ရှာဖွေခဲ့ ...ကြပါ၏။

ထိုစွမ်းဆောင်ချက်များကို စုံလင် ...သိရှိနိုင်ရန် ဆရာချစ်စံဝင်း ရေးသား ...သော'ဓမ္မစေတီခေါင်းလောင်းကြီး၏ ...မှတ်ချက်များ' စာအုပ်တွင် ဖတ်ရှု ...နိုင်ပါသည်။

ယခု ဆရာမကြီး ဒေါ်ခင်အေး သိန်း၏ ခွင့်ပြုချက်ဖြင့် ဆရာမကြီး၏ ...ဆောင်ရွက်ချက်များအား အနည်းငယ် ...သား တင်ပြလိုက်ပါသည်။

**...ဆရာမကြီးဦးဆောင်၍ ခေါင်းလောင်း ...ကြီးအား ရှာဖွေရန် အကြောင်းဖန်လာပုံ**

ထိုနေ့က ၁၉၉၇ ခုနှစ်၊ ဇွန်လ ၂၂ ...ရက်နေ့ ဖြစ်သည်။ အိမ်ခြေလေးဆယ် ...ရွာတွင် ဖြစ်ပါ၏။ ဒေါ်ခင်အေးသိန်းတို့ ...ရွာကိုရောက်နေခိုက် ည (၁၀) နာရီ ...ကျော်အချိန်တွင် တွံတေးမှအတူလိုက် ...လာသော လူငယ်တစ်ဦး ဝူးဝူးဝါးဝါး ...အော်လေသည်။ ထိုအခါ ဆရာမ ...ကြီးက စုန်းပူးတာလား၊ သရဲပူးတာလား ...ပူးတာလဲဆိုပြီး ဘုရားကျောင်း ...ဆောင်ပေါ်မှ သောက်တော်ရေကိုယူ၍ ...ဖျန်းလိုက်ရာ ထိုလူငယ်က -

"ဓမ္မစေတီ၊ ဓမ္မစေတီ"

ဟူ၍ အော်သည်ဟု ဆိုပါသည်။

ထို့နောက် -

"စပိန်၊ စပိန်"

ဟုလည်း ဆိုကာ ဘာသာခြား ...စကားတစ်မျိုးဖြင့် စကားတွေပြောသည် ...ဟု ဆိုလေသည်။ ထိုလူငယ်ပြောသမျှကို ...တိပ်ခွေနှင့်ဖမ်းထားသည်ဟု ဆိုပါသည်။ ...တိပ်ခွေထဲမှစကားများကို နားလည် ...သူတို့နှင့်ဘာသာပြန်ကြည့်ရာ လူငယ်ကို ...ပူးသောပုဂ္ဂိုလ်မှာ စပိန်လူမျိုးတစ်ဦး ...ဖြစ်သည်။ သူသည် စပိန်နိုင်ငံသို့ ပြန်လို ...သည်၊ သူနှင့်အတူ တခြား စပိန်ငါး ...ယောက်ရှိသေးသည်။ သူတို့ စပိန်ပြန် ...ရေးကို ကူညီပါက ခေါင်းလောင်းကြီးကို ...ပေးမည်ဟု ပြောတာဖြစ်ကြောင်းတို့ ဖြစ် ...သည်။

ထိုကက်ဆက်ခွေကို ဓမ္မစေတီ ...ခေါင်းလောင်းရှာဖွေရေးကော်မတီဥက္ကဋ္ဌ ...ကျော်ဝင်းလက်သို့ အပ်နှံခဲ့ရာ စပိန် ...သံရုံးသို့ ပေးပို့ကြည့်သည့်အခါ တိပ်ခွေ ...ထဲမှစကားများက ရှေးစပိန်စကားများ ...ဖြစ်မှန်ကြောင်း အကြောင်းပြန်လေ ...သည်၊ ဝင်ပူး၍အပြောခံရသော လူငယ် သည် (၁၅) နှစ်ရှိပြီး အမည်မှာ မောင်ဝင်းထွန်းနိုင် ဖြစ်သည်ဟု ဆိုပါသည်။

ထို့နောက် ဆရာမကြီးသည် ဒိုက်ဦးမှအပြန်တွင် သူမကိုးကွယ်သောရသေ့ကြီး အဘဦးသံသိပ္ပံထံ ရည်စူး၍ ဆုတောင်းမှုကိုပြုသည်ဟုဆို၏။ ထိုမှတစ်ဖန် တောင်သုံးလုံးဘိုးသံထံသို့ ဝင်ကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ဓမ္မစေတီခေါင်းလောင်းကြီးရှာဖွေရန်အတွက် လျှောက်ထားချင်ပါသည်။ မည်သို့ လုပ်ဆောင်ရမည်ကို အဘ ညွှန်ကြားပေးပါဟု ပြောသောအခါ ဘိုးသံက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပြီး (၅) မိနစ်မျှအကြာ -

"ငါ့သမီး၊ အဘိုးကတော့ မလိုက်နိုင်ဘူး။ ဆူးလေ၊ ဗိုလ်တထောင်၊ မော်ဘီ၊ ရွှေတိဂုံနဲ့သန်လျင်နတ်ကြီးငါးပါးအတွက် ဗိုလ်တထောင်ဘုရားမှာ ပွဲထိုးပြီး ဓမ္မစေတီခေါင်းလောင်းကြီး တည်ရှိရာတွင် ပန်းဆိုင်းများအဖြစ်ပေါ်ပါစေသတည်းလို့ ဆုတောင်းပြီးရင် ပန်းပေါက်ပေါက်တွေကြဲ၊ အဲဒီပန်းပေါက်ပေါက်များစုဝေးပြီး ပန်းဆိုင်းများ ဖြစ်ပေါ်ပါလိမ့်မယ်။ အဲဒီပန်းဆိုင်းများပေါ်လာတဲ့ မနီးမဝေးမှာ ခေါင်းလောင်းတော်ကြီးရှိလိမ့်မယ်"

ဟု ပြောကြားသည်ဟု ဆိုလေသည်။

ဘိုးသံ၏မိန့်မှာချက်ကိုရပြီးသည်နှင့် ဆရာမကြီး ဒေါ်ခင်အေးသိန်းသည် သင့်တော်မည့် မိတ်ဆွေများနှင့် ဆက်သွယ်၍ သက်ဆိုင်ရာက ခွင့်ပြုချက်ရသောအခါ ဘိုးသံမှာသည့်အတိုင်း ပန်းများ၊ ပေါက်ပေါက်များကို ဝယ်၍ ဒေါပုံမြစ်ထဲတွင် ပန်းပေါက်ပေါက်များကြဲချခဲ့လေသည်။

နံနက်ပိုင်း၌ကြဲချခဲ့ပြီး နေ့ခင်း (၁) နာရီအချိန်တွင် ပဇွန်တောင်ချောင်းဝမှ သင်္ဘောဖြင့် ထွက်၍ ကြဲချထားသော ပန်းပေါက်ပေါက်များကို လိုက်လံကြည့်ရှုမှတ်တမ်းတင်ရာ တစ်နေရာတွင် ပန်းပေါက်ပေါက်များသည် ပန်းဆိုင်းကြီးများ သဖွယ် ဝိုင်းကာဝိုင်းကာ ပေါ်နေသည်ဟု သိရပါ၏။

ပန်းဆိုင်းများ မြစ်ပြင်တွင်ပေါ်နေမှုအခြေအနေကိုကြည့်၍ ဒေါ်ခင်အေးသိန်းသည် သူ၏ အမြင်အာရုံဖြင့် ခေါင်းလောင်းကြီးတည်ရှိသည့်နေရာကို ခန့်မှန်း၍ ရပြီဖို့ ခေါင်းလောင်းကြီးအား ရှာဖွေခွင့်ပေးပါရန် မြို့တော်စည်ပင်အား ခွင့်တောင်းခဲ့လေသည်။

မြို့တော်စည်ပင်မှ ၁၁-၆-၉၈ ရက်စွဲပါ စာအမှတ် ၁၄၃၄/မြင်ပ/ စည်ပင်/ယာ(အဲ)ဖြင့် ဒေါ်ခင်အေးသိန်းအား ဒေါပုံမြစ်ဝတွင် ဓမ္မစေတီခေါင်းလောင်းတော်ကြီးအားရှာဖွေရန်အတွက် ခွင့်ပြုစာထုတ်ပေးခဲ့၏။

ထိုသို့ တရားဝင်ခွင့်ပြုချက်ကို ရရှိသည်နှင့် ဒေါ်ခင်အေးသိန်းသည် ခေါင်းလောင်းကြီးဆယ်ယူရေးအတွက် ရင်းနှီးသော မိတ်ဆွေများကို အလျင်အမြန်စုစည်းသည်။ ထုံးတမ်းအစဉ်အလာ ဓလေ့များအတိုင်း ဆောင်ရွက်မည့် ပုဂ္ဂိုလ်များ စုစည်းကာ စက်လှေသမ္မန် ရေငုပ်သမား စသည်တို့အား လိုက်လံငှားရမ်းရလေသည်။

မိမိအနှစ်နှစ်အလလက စုဆောင်းထားသောရွှေတိုရွှေစများကို ထုခွဲရောင်းချ၍ ခေါင်းလောင်းကြီးရှာဖွေရေးအတွက် စရိတ်စိုက်ထုတ်ပြီး မိမိကိုယ်တိုင် အဖွဲ့ခေါင်းဆောင်တာဝန်ကိုယူ၍ အဖွဲ့ဝင် (၁၈) ဦးပါဝင်သောအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

၉-၃-၉၈ မှ ၁၈-၆-၉၈နေ့အထိ ခေါင်းလောင်းတော်ကြီးအား ရှာဖွေခြင်းကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြပါ၏။

ထိုသို့ ရှာဖွေကြရာတွင် အလျား (၁၂) ပေ၊ အနံ (၁၀) ပေရှိ ကုန်းကမူကြီးအား ဓမ္မစေတီခေါင်းလောင်းကြီးဖြစ်နိုင်သည့်အနေအထားကို တွေ့ရပါလျက် မိုးသက်မုန်တိုင်းများကျလာခြင်း၊ ရေငုပ်၍ ရှာဖွေ မှတ်သားထားသော အမှတ်အသား ပြုလုပ်ထားသည့် တိုင်များ ပျောက်ဆုံး၍ အစကနေပြန်ရှာကြရခြင်း၊ ရေငုပ်သမားများနှင့် ပတ်ဝန်းကျင်အနှောင့်အယှက်များကြောင့် အလုပ်မှာ ထင်သလောက် မတွင်ကျယ်နိုင်ခဲ့ပေ။

**ရေငုပ်လုပ်သားကိုအောင်ကျော်၏ အတွေ့အကြုံ**

ရေငုပ်လုပ်သား ကိုအောင်ကျော် ရေထဲဆင်းသွားပြီး (၅) မိနစ်ခန့်အကြာ ကြိုးလှုပ်ယမ်းအချက်ပြလာသည်။ စက်လှေပေါ်မှလည်းပြန်တက်လာရန် အချက်ပြလိုက်၏။ ကိုအောင်ကျော် လှေပေါ် ရောက်လာသောအခါ လှေပေါ်မှာရှိသော ဒေါ်ခင်အေးသိန်းနှင့်အဖွဲ့က -

"ဘာဖြစ်လို့လဲ၊ ဘာတွေ့လို့လဲ"

ဟု ဝိုင်းမေးကြလေသည်။

ကိုအောင်ကျော်က သူရေငုပ်ရှာဖွေနေစဉ် သူ့ခန္ဓာကိုယ်သည် လေဖြင့် အစုပ်ခံရသလိုဖြစ်ပြီး လေစုပ်သည့်ဘက်သို့ ပါသွားသည်။ ထိုသို့ပါသွားပြီး ကုန်းကြီးတစ်ခုမှာသွားကပ်နေသည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဒေါ်ခင်အေးသိန်းနှင့်အဖွဲ့က လေဖြင့်အစုပ်ခံရတာတော့မဖြစ်နိုင်။ ရုတ်တရက် မြောင်းကြီးတစ်ခုထဲသို့ကျသွားတာကို လေအစုပ်ခံရတာဟု ထင်တာ ဖြစ်နိုင်သည်။ ထိုမြောင်းကြီးနှုတ်ခမ်းတွင် ကုန်းကြီးတစ်ခုရှိနေမည်။ ကုန်းကြီးရှိနေပါက ထိုကုန်းကြီးသည် ဓမ္မစေတီခေါင်းလောင်းကြီး ဖြစ်ပေမည်ဟု စဉ်းစားကြကာ ကိုအောင်ကျော်နှင့် အခြားရေငုပ်လုပ်သားတစ်ဦးဖြစ်သော ကိုထွန်းနိုင်အား ပြန်၍ရေငုပ်စေပါသည်။

ထိုသို့ပြန်ငုပ်စေရာတွင် ကိုအောင်ကျော်နှင့် ကိုထွန်းနိုင်တို့အား ပင်မရေငုပ်တပ်မှ တာဝန်ရှိသူ တပ်ကြပ် ကိုထွန်းထွန်းဦးက -

"ခင်ဗျားတို့ ရေအောက်မှာ မြောင်းရှိ မရှိ အဓိကထားပြီး ရှာပါ။ မြောင်းတွေ့ရင် ကုန်းတွေ့၊ မတွေ့ရှာပါ။ ကုန်းကမူတွေ့ရင် ခင်ဗျားတို့နှစ်ယောက် အဲဒီကုန်းကို တိုင်းထွာပါ"

ဟု မှာကြားလေသည်။

ကိုအောင်ကျော်နှင့် ကိုထွန်းနိုင်တို့ ရေအောက်သို့ ဆင်းသွားကြပြန်ပါ၏။ လေပေါ်ကအဖွဲ့လည်း အသက်ပင်မရှူနိုင်ဖြစ်နေရသည်။ ထိုစဉ် ရေအောက်မှ ချိုင့်ကိုတွေ့ကြောင်း အချက်ပြ၏။ ထို့နောက် ကမူကိုတွေ့ကြောင်း အချက်ပြကာ ရေထဲတွင် (၁၀)မိနစ်ကြာနေပြီး နှစ်ယောက်စလုံး ရေပေါ်သို့ ပြန်တက်လာကြလေသည်။

သူတို့ရေထဲတွင် တိုင်းထွာ မှတ်သားထားသော ကြိုးများကို ပြန်လည်တိုင်းထွာကြည့်ကြရာ ကုန်းကမူ၏အမြင့်သည် (၁၂) ပေ ရှိသည်ကို တွေ့ရ၍ မြောင်းကြီးက ပေ (၃၀) ရှိသည်ကို တွေ့ရလေသည်။ မြောင်းဆိုတာထက် ထိုအရာသည် ဒယ်အိုးပုံချိုင့်ကြီးဖြစ်သည်ဟု ကိုအောင်ကျော်က ဆို၏။ ဒယ်အိုးပုံချိုင့်ကြီး၏နှုတ်ခမ်းဝတွင် (၁၂)ပေအမြင့်ရှိ ကုန်းကမူကြီးရှိနေကြောင်းကို ဆက်လက် ပြောကြားလေသည်။

ပြောဆိုဆွေးနွေးပြီး ငါးမိနစ်ခန့်နားကာ ကိုအောင်ကျော်ကို ထိုကုန်းကမူအား ပြန်၍တိုင်းခိုင်းပါ၏။ ပေ (၄၀) ရှိသော ကြိုးစကိုလည်း ထည့်ပေးလိုက်၏။ (၁၀) မိနစ်ခန့် ရေငုပ်ပြီး ကိုအောင်ကျော် ပြန်တက်လာတော့ ကုန်းကမူကြီး၏ အောက်ခြေသည် ပေ (၃၀) မျှရှိ၍ အမြင့်သည် (၁၂)ပေမြင့်ကြောင်း ထပ်မံအတည်ပြု ပြောကြားလေသည်။

စက်လှေပိုင်ရှင် ဦးစိုးနိုင်က ယခင်က ဤမြစ်ပြင်တစ်လျှောက်တွင် ဤမျှလောက် ရှည်လျားသော ကုန်းကမူကို မတွေ့ဘူးကြောင်း၊ ယခုတွေ့ရှိမှုသည် ထူးခြားမှုရှိသည်ဟု ဆိုပါ၏။ ထို့နောက် ထိုကုန်းကမူကြီးနေရာတွင် အုတ်ခဲ(၂)ခုကို ချထား၍ ရေအောက်အမှတ်အသားပြုကာ ရေပေါ်မှာ အဖြူ အနီ သဘော်ဆေးသုတ်ထားသော ဝါးပိုးလုံးကြီးဖြင့် ချည်၍ အမှတ်အသားပြုထားခဲ့ပါ၏။

ဒေါ်ခင်အေးသိန်းနှင့်အဖွဲ့သည် ၂၂-၄-၁၉၉၈ ရက်နေ့တွင် ပြန်ရှာကြပြန်သည်။ ကံအားလျော်စွာ ယခင်နေ့က မှတ်သားထားသော အမှတ်အသားများကို ပြန်လည်တွေ့ရသည်။ မှတ်သားထားသောအမှတ်အသားများကို မတွေ့တာကများနေ၍ ယခုတွေ့ရတော့ ကံကောင်းသည်ဟု ဆိုရပေမည်။

ထို့နေ့တွင် အသင့်ယူဆောင်လာသော အရှည် ပေ(၂၀)ရှိသည့် ကျပ်လုံးသံချောင်းကို ကိုအောင်ကျော်နှင့် ရေငုပ်သမား ကိုလူဝင်းတို့က ရေထဲသို့နှစ်၍ ကြမ်းပြင်မြေသားတွင် စိုက်လိုက်သည်။ မြေကြီးထဲသို့ (၈)ပေဝင်သွားသောအခါ သံချောင်းနှင့် အမာခံပစ္စည်းကြီးတို့ ထိမိကြ၏။ ထိုပစ္စည်းကြီးသည် ဓမ္မစေတီခေါင်းလောင်းကြီးဟု ယူဆကြသည်။

ခေါင်းလောင်းကြီးသည် မြေကြီးထဲတွင် (၈) ပေ နစ်နေပြီး မြေပေါ်တွင် ကုန်းကမူကြီးအဖြစ် (၁၂)ပေရှိနေသည်ဟု ယူဆကြသည်။ ထိုကုန်းကမူကြီးကို ပထမဆုံးတွေ့ရှိသူ ကိုအောင်ကျော်ကို ဂုဏ်ပြုသောအားဖြင့် အောင်ကျော်ကုန်းဟု အမည်ပေးခဲ့ကြ၏။

ထိုစဉ်က ထိုကုန်းနေရာကို မှတ်သားထားသော အမှတ်အသားမှာ ဗိုလ်တထောင်ဆိပ်ကမ်း ကရိန်းတိုင်ကြီးများနှင့် သန်လျင်မိုက်ခရိုဝေ့ဖ်တိုင်က မျဉ်းတစ်ကြောင်း၊ ရွှေခင်းသာရဟတ်ကြီးနှင့် ဒလမြို့နယ် ကစ္စမိုင်းရှိ သစ်ပင်မြင့်ကြီးများက မျဉ်းတစ်ကြောင်း ယင်းမျဉ်းနှစ်ကြောင်းဆုံရာတွင် ထိုကုန်းကမူကြီး ရှိသည်။

ထိုသို့ အမှတ်အသားပြုပြီး အဖွဲ့သားအားလုံး ထမင်းစားကြပြီး ညနေတွင် ပြန်လည်တိုင်းထွာရန် အနားယူကြသည်။ သို့သော်လည်း အနောက်ဘက်မှ မိုးသက်မုန်တိုင်းကျလာသဖြင့် ညနေတွင် လုပ်ငန်းမစနိုင်ဘဲ ရပ်နားခဲ့ရ၏။

မုန်တိုင်းက တစ်နာရီ မိုင်(၄၀)နှုန်းတိုက်ခတ်ရာ ဘယ်လိုမှ အလုပ်ဆက်လုပ်၍မရသဖြင့် (၂)ရက်နားကြရသည်။

ထို့နောက် ဒေါ်ခင်အေးသိန်းသည် ရွှေတိဂုံစေတီတော်ကြီးနှင့် ... သက်၍ အမှုတစ်ခုကို ရင်ဆိုင်ခဲ့ရ... ခေါင်းလောင်းတော်ကြီးအား ဆက်... ဖြစ်တော့ဘဲ ရပ်နားခဲ့လေသည်။

အထက်ပါ အကြောင်းအရာမျ... သည် ဒေါ်ခင်အေးသိန်း ခေါင်းဆော... သောအဖွဲ့မှ ဓမ္မစေတီခေါင်းလော... တော်ကြီးအား ကြိုးစားပမ်းစား ရှာဖွေ... ကြသည့် အကြောင်းအရာများပဲ ဖြစ်... သည်။

ထိုဓမ္မစေတီခေါင်းလောင်းတော်... ကြီး ပြန်လည် ဆယ်ယူနိုင်ရေးအတွက်... အခြားအဖွဲ့များ၏ ကြိုးပမ်းမှုများလည်း... အံမခန်းရှိရပါ၏။ အကျယ်တဝင့် သိ... နိုင်ရန် ဆရာချစ်စံဝင်း ရေးသားသော 'ဓမ္မစေတီခေါင်းလောင်းကြီး၏ လျှို့ဝှ... ချက်များ' စာအုပ်တွင် ဖတ်ရှုစေချင်... သည်။

ဤသို့ဖြင့် ရွှေတိဂုံစေတီတော်... မြတ်ကြီးအား ဓမ္မစေတီမင်း လှူဒါန်း... သည့် ဓမ္မစေတီခေါင်းလောင်းတော်ကြီး... အကြောင်းကို ယုံမှားသံသယရှိနေသူ... များအတွက် အထောက်အထား အထ... အကားများဖြင့် တင်ပြခွင့်ရသလော... ရေးသား တင်ပြလိုက်ရပါသည်။

ဤမျှ ထူးဆန်းအံ့ဩဖွယ်ကောင်း... လောက်အောင် နှစ်ပေါင်းများစွာ ရေ... စံပျော်လျက်ရှိသည့် သမိုင်းအမွေအနှ... ဖြစ်သော ဓမ္မစေတီမင်း၏ ကောင်း... တော် ဓမ္မစေတီခေါင်းလောင်းတော်ကြီး... သည် မြန်မာနိုင်ငံအတွင်းရှိ ဒေါ်ပုံမြစ်... ရေအောက်ကြမ်းပြင်မှ ရွှေတိဂုံကုန်း... တော်သို့ တစ်နေ့နေ့တစ်ချိန်ချိန်တွင်... နေရာမှန်ဌာနေမှန်ကို ပြန်ရောက်နိုင်လိမ့်... မည်ဟု မျှော်လင့်မိပါ၏။

ဤစာမူဖြစ်မြောက်ရေးအတွက်... ရေးသားခွင့်ပြုခဲ့သော ဆရာမကြီး... ဒေါ်ခင်အေးသိန်းအား အထူးပင်... ကျေးဇူးတင်ရှိပါ၏။

ဆရာမကြီး၏စိတ်ဓာတ်နှင့်သတ္တိ... ကို လေးစားဂုဏ်ပြုရင်း ဓမ္မစေတီခေါင်း... လောင်းကြီးအား အားကြိုးမာန်တက်... ရှာဖွေခဲ့ကြသော ရှာဖွေရေးအဖွဲ့ဝင်... အားလုံးတို့အား ယခုစာမူဖြင့် လေးစား... စွာ ဂုဏ်ပြုလိုက်ပါသည်။

*(စာဖတ်ပရိသတ်အပေါင်း ကျန်း... ရွှင်လန်း စိတ်မပင်ပန်းဘဲ လိုရာဆ... အားလုံး ပြည့်စုံကြပါစေ)*

ငွေလသာ (ရွှေတော...)



www.burmeseclassic.com

www.burmeseclassic.com



# လေဖြတ်ခြင်းကို သဘာဝအစားအစာများဖြင့်ကာကွယ်ကုသခြင်း

စွမ်းထက်နောင်

လေဖြတ်ခြင်း ဆိုသည်မှာ သွေးကြောများအတွင်း အဆိပ်အတောက်များ အဆီများ၊ အညစ်အကြေးများ ယူမှုကြောင့် သွေးဖြန့်ဖြူးမှုနှင့် ပတ်မှုကို ပိတ်ဆို့ပြတ်တောက်စေ ဦးနှောက်သို့ အောက်ဆီဂျင်မရောက် ဖြစ်ပွားသောရောဂါ ဖြစ်သည်။ ပေါ်ကုသမှုပြုလုပ်ရမည့် အန္တရာယ် ဆုံးသောရောဂါများတွင် အပါ ဖြစ်ပါသည်။ အသက်အန္တရာယ် နီးစပ်နေခြင်းကြောင့် ချက်ချင်းကုသ ခံယူရမည် ဖြစ်ပါသည်။ ဦးနှောက် သွေးကြောများမှတစ်ဆင့် အောက် ဂျင်ပေးပို့မှု ပြတ်တောက်ခြင်းကြောင့် ဖြတ်ရောဂါဖြစ်ရပါသည်။ ဦးနှောက် အဓိကစွမ်းအင်အာဟာရဖြစ်သော အောက်ဆီဂျင်ပြတ်တောက်မှု ဖြစ်ပါက ဦးနှောက်၏ အာရုံကြောများ ပုံမှန် လုပ်မလုပ်တော့၍ ကိုယ်လက်အင်္ဂါ ခြင်းစကားပြောဆိုရန် ခက်ခဲခြင်း စသည့်လက္ခဏာများ စတင်ဖြစ် တတ်ပါသည်။

လေဖြတ်ခြင်း အမျိုးအစားများကို အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။

၁။ ဦးနှောက်သွေးကြောများအတွင်း သွေးခဲများ ပိတ်ဆို့လေဖြတ်ခြင်း (ISCHEMIC STROKES)

၂။ ဦးနှောက်သွေးကြောများ ပြတ်၍ ဦးနှောက်အတွင်း သွေးယိုစိမ့်မှုဖြစ်ပြီး လေဖြတ်ခြင်း (HEMORRHA -GIC STROKES)

၃။ အပျော့စားရှေ့ပြေးလေဖြတ်ခြင်း (TRANSIENT ISCHEMIC ATTA- CK) (TIA)

ဦးနှောက်သို့ သွေးပို့သည့် သွေးလွှတ်ကြောအတွင်း၌ သွေးခဲများပိတ်ဆို့ခြင်း ဆိုသည်မှာ ခန္ဓာကိုယ်အတွင်းဖြစ် နေသည့် သွေးခဲကလေးသည် သွေး ကြောင်းတစ်လျှောက် မျောပါလာ ဦးနှောက်သွေးကြောတစ်ခုခုသို့ ရောက်ရှိစဉ် ပိတ်ဆို့သွားခြင်း ဖြစ်၏။

ဒုတိယအမျိုးအစားမှာ သွေးကြောအတွင်း သွေးခဲပိတ်ဆို့မှုကြောင့် သွေး၏ဖိအားကို မထိန်းချုပ်နိုင်။ သွေးကြောများမှမခံနိုင်သဖြင့် ဦးနှောက်သွေးကြောပြတ်ပြီး ဦးနှောက်အတွင်း သွေးယိုစိမ့်မှုဖြစ်ရခြင်း ဖြစ်ပါသည်။

တတိယအမျိုးအစား ဖြစ်သည့် အပျော့စား အသေးစား လေဖြတ်ခြင်းသည် ခေတ္တခဏတိုတောင်းသည့်အချိန်ကာလ ငါးမိနစ်ခန့် ကြိုတင်ရှေ့ပြေးလေဖြတ်ခြင်း ဖြစ်သည်။ မျက်နှာ၊ လက်၊ ခြေထောက် ထုံကျဉ်ခြင်း စသည့် လက္ခဏာများမှာဖြစ်တတ်ပြီး မကြာမီ ပြန်ကောင်းတတ်ပါသည်။ ထိခိုက်ပျက်စီးမှုနည်းပါးသော်လည်း မကြာမီ အကြီးစား လေဖြတ်နိုင်သည့်ရှေ့ပြေးလက္ခဏာများ ဖြစ်သဖြင့် ကြိုတင်ကုသမှုကို ခံယူသင့်ပါသည်။

လေဖြတ်ရာတွင် ဦးနှောက်သို့ သွေးသွားလာမှုရပ်ဆိုင်းသွားခြင်းကြောင့် ဦးနှောက်၏ လုပ်ငန်းဆောင်တာအချို့ ပျက်ယွင်းပြီး ဦးနှောက်ကလာပ်စည်းများ ပိတ်ဆို့သွားပါသည်။ ထိုကလာပ်စည်းများ၏ လုပ်ငန်းသဘာဝနှင့် ပိတ်ဆို့သည့်ပမာဏအပေါ်တွင် မူတည်ပြီး ရုတ်တရက်အမြင်မကြည်လင်တော့ခြင်း၊ စကားမပြောနိုင်ခြင်း၊ ပြောသည့်စကားကို နားမလည်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခြေ၊လက်များ မလှုပ်ရှားတော့ခြင်း၊ ခန္ဓာကိုယ်တစ်ခြမ်းအကြောများသေသွားခြင်းသည်မှစ၍ အသက်ဆုံးရှုံးခြင်းအထိ ဖြစ်ပေါ်နိုင်ပါသည်။

သာမန်လူများထက် လေဖြတ်ရန် အန္တရာယ်ရှိသူများ၊ လေဖြတ်ရန်အလားအလာရှိသူများမှာ အသက် (၅၅) နှစ်အထက်ရှိသူ ယောကျာ်းဖြစ်ခြင်း၊ မျိုးရိုးဗီဇရှိခြင်း၊ သွေးတိုးရောဂါရှိခြင်း။ ရှေ့ပြေးလေဖြတ်ရောဂါဖြစ်ခဲ့သူဖြစ်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဆီးချိုရောဂါရှိခြင်း၊ ဝလွန်းသူများ၊ အသားစားကြူးသူများ၊အရက်အလွန်အကျွံသောက်သူများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ ပဋိသန္ဓေတားဆေးသုံးစွဲသူများ၊ သွေးအတွင်းကိုလက်စထရောမြင့်မားသူများ ဖြစ်ကြပါသည်။

ယောကျာ်းများသည် မိန်းမများ

Hemorrhagic Stroke



Hemorrhage/blood leaks into brain tissue

Ischemic Stroke



Clot stops blood supply to an area of the brain



www.burmeseclassic.com

www.burmeseclassic.com

ထက် လေဖြတ်ရောဂါ ပို၍ဖြစ်တတ်ပါသည်။ ကြိုတင်ရှေ့ပြေးလေဖြတ်ခြင်းနှင့် လေဖြတ်ရောဂါလက္ခဏာများ သိရှိခြင်းဖြင့် လေဖြတ်ခြင်းကို ကြိုတင် ကာကွယ်နိုင်သည်။ လေဖြတ်ရောဂါကို ကာကွယ်နိုင်ရန် ကျန်းမာစွာ နေထိုင်စားသောက်တတ်သည့်ဘဝနေထိုင်မှုပုံစံကို စတင်တည်ဆောက်ရပါမည်။

လေဖြတ်ရန် အန္တရာယ်ရှိသူများ၊ အလားအလာရှိသူများ လိုက်နာဆောင်ရွက်သင့်သည့် အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မိမိ၏ သွေးဖိအား၊ သွေးပေါင်ချိန်ကို သိရှိပြီး သင့်တော်သည့် သွေးပေါင်ကို ထိန်းသိမ်းထားနိုင်ခြင်း၊ ဆေးလိပ်မသောက်ခြင်း၊ ကိုလက်စထရောလျှော့ချခြင်း၊ ဆား၊ အဆီလျှော့စားခြင်း၊ သင့်တော်မျှတသည့်အာဟာရများပါဝင်သော အစားအစာများကို ရွေးချယ်စားသုံးခြင်း၊ အရက်သောက်သုံးမှုလျှော့ချခြင်း၊ ဆီးချိုရောဂါရှိပါက မှန်ကန်စွာ ကုသမှုခံယူခြင်း၊ လေ့ကျင့်ခန်းပုံမှန်အားကစားပြုလုပ်ခြင်း၊ အောက်ဆီဂျင်ပိုရရန် အသက်ရှူလေ့ကျင့်ခန်း (YOGA) ပြုလုပ်ခြင်း၊ တရားထိုင်ခြင်း၊ စိတ်ဖိစီးမှုမရှိရန် နေထိုင်ခြင်း၊ ဆေးဝါးများ သုံးစွဲမှုကို ရှောင်ကြဉ်ခြင်း၊ ရေသန့်တစ်နေ့အနည်းဆုံး(၈) ခွက်သောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

လေဖြတ်ရောဂါသည် ကမ္ဘာတစ်ဝန်းတွင် တတိယလူအများဆုံးသေဆုံးခဲ့ရသည့်ရောဂါ ဖြစ်ပါသည်။ လေဖြတ်သူများ၏ (၂၅) ရာခိုင်နှုန်းသည် သွေးကြောပိတ်ဆို့ခြင်းကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။ လေဖြတ်ခြင်း၏ ရှေ့ပြေးလက္ခဏာများကိုသိထားလျှင် လေဖြတ်ခြင်းကြောင့် သေဆုံးမှုများနှင့် ဒုက္ခိတမသန်မစွမ်းဘဝဖြင့် နေထိုင်ရသူများ လျော့သွားမည် ဖြစ်ပါသည်။

**ရှောင်ကြဉ်ရမည့်အစားအစာများ**

နီရဲသောအသားများ၊ စည်သွတ်ဘူးများ၊ ကာရှည်ခံရန် ပြုပြင်ထားသည့် အစားအစာများ၊ အဆီများသော အစားအစာများ၊ ပြန်ကြော်စာများ၊ အငန်များသော အစားအစာများ၊ ထောပတ်၊ ဆော်ဒါ၊ အသားကင်၊ ကျပ်တိုက်အသား၊ ငါးခြောက်၊ ဝက်ဆီနှင့် ဝမ်းတွင်းကလီစာများဖြစ်သော အသည်း၊ ကျောက်ကပ်၊ နှလုံး၊ ဦးနှောက်တို့ ဖြစ်ပါသည်။

**စားသုံးသင့်သည့်အစားအစာများ**

ခရမ်းချဉ်သီး၊ ဒန့်သလွန်သီး၊ မုန်လာဥနီ၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ် စသည့် ဟင်းသီးဟင်းရွက်များ၊ သင်္ဘောသီး၊ နာနတ်သီး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ သစ်တော်သီး၊ စပျစ်သီး၊ သံပရာသီး၊ ရှောက်သီး၊ စတော်ဘယ်ရီသီး၊ ပြောင်းဖူး၊ ရုံးပတီသီး၊ တရုတ်နံနံပင်၊ ငရုတ်ကောင်း၊ ဟင်းနုနယ်၊ ငရုတ်သီး၊ အာလူး၊ ပဲပုပ်၊ ရွှေဖရုံသီး၊ ကန်စွန်းဥများဖြစ်သည်။ ဟင်းခတ်အမွှေးအကြိုင်အဖြစ်သုံးသော ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ နနွင်း၊ သစ်ကြံပိုး၊ ချင်းတို့သည် လေဖြတ်ရောဂါကို ကာကွယ်နိုင်သည့် မီးဖိုဆောင်သုံးပစ္စည်းများ ဖြစ်ပါသည်။

သွေးကြောများသည် အသက်အရွယ်ကြီးလာသည်နှင့်အမျှ မာကျောတောင့်တင်းလာပါသည်။ သွေးကြောအတွင်းနံရံတွင်လည်း အဆီခဲကလေးများတွယ်ကပ်တတ်သဖြင့် ကျဉ်းမြောင်းလာကြသည်။ ထိုသို့ ကျဉ်းမြောင်းမာကျောနေသည့် သွေးကြောများအတွင်းသို့ သွေးရောက်ရှိရန် နှလုံးက ပိုပြီးအားစိုက်ညှစ်ရသည်။ ထိုအခါ သွေး၏ဖိအားများလာပြီး ဦးနှောက်သွေးကြောများ ပြတ်ထွက်၍ လေဖြတ်တတ်ပါသည်။

(၁၃)နှစ်ကြာလေ့လာသုတေသနပြုအရ လေဖြတ်ရောဂါသည် အသက်အရွယ် ကြီးမြင့်ခြင်း၊ ဆေးလိပ်သောက်





ခြင်းနှင့်သက်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ အသက်အရွယ်ကြီးမြင့်မှုကြောင့် လေဖြတ်ခြင်းကို အစားအစာဆင်ခြင် စားသောက်ခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ငါးများ စားသုံးရာတွင် ဆီဖြင့် ကြော်စားခြင်းသည် မကောင်းမွန် ကြောင်းနှင့် ပြုတ်စားခြင်းနှင့် ချက်ပြုတ်အပူပေးစားသုံးခြင်းမှာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ အသက် (၆၅)နှစ်အထက်လူကြီးများကို ငါးပြုတ် စားသုံးစေခြင်းဖြင့် လေဖြတ်ခြင်းရောဂါ (၃၀) ရာခိုင်နှုန်း ပိုမို လျော့နည်း ကြောင်း၊ လတ်ဆတ်သော သစ်သီးဟင်း ရွက်များ၊ ငါးဆီများ စားသုံးခြင်းသည် လည်း လေဖြတ်ရောဂါကို ကာကွယ်နိုင် ကြောင်း သိရှိရပါသည်။

လေဖြတ်ခြင်းသည် နှလုံးသွေး ကြောရောဂါနှင့်လည်း ဆက်စပ်နေ သဖြင့် လေဖြတ်ခြင်းများနှင့် မတွေ့ကြုံ စေရန် ခန္ဓာကိုယ်၏ ကျန်းမာရေး ကောင်းမွန်ရန် လိုအပ်ပါသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော ကျန်းမာ အသက်ရှည်မှုအခြေခံအကြောင်းတရား လေးရပ်တွင် အာဟာရလည်း အရေး ပါသည်။ သို့သော် နေ့စဉ်အာဟာရများ မှီဝဲရာတွင် မဆင်မခြင် အရသာရှိရာ အလိုလိုက်၍ စားသောက်ခြင်းသည် ရောဂါများကို ဖိတ်ခေါ်ရာရောက် သည်။ ကျန်းမာစွာ နေထိုင်စားသောက် တတ်သည့် ဘဝနေနိုင်မှုပုံစံကို စတင် တည်ဆောက်ကြပါရန် တိုက်တွန်း သားအပ်ပါသည်။

လေဖြတ်ရောဂါကို ကြိုတင်ကာ ကွယ်သည့် သဘာဝဆေးဖက်ဝင် အစား အစာနှင့် အပင်များကို သီးခြား ရေး ဖော်ပြသွားပါမည်။ မိမိကျန်းမာရေး မိမိကိုယ်တိုင် စောင့်ရှောက်နိုင်ကြပါ

စွမ်းထ



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်လှိုင်(သုဝဏ္ဏ)

# ရာသီခွင်အလိုက် ဘဝဖြစ်စဉ်များ

**Sagittarius (the Archer)**

ဓနုရာသီဖွား (လေးသမား)

နိုဝင်ဘာ (၂၃) ရက်မှ ဒီဇင်ဘာ (၂၁) ရက်အတွင်း မွေးဖွားသူများ

အတွေးအခေါ်ဆိုင်ရာ အတွေ့အကြုံ ပညာဗဟုသုတနှင့် ခရီးသွားလာခြင်းများကို ဖော်ပြသည်။ ရာသီရုပ်အား လေးမြားရှင်အဖြစ် သတ်မှတ်ပါသည်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားတွေးခေါ်တတ်သောဉာဏ်ရှိခြင်းကို ဖော်ပြပါသည်။ ထိပ်တန်း ဟူသော အောင်မြင်မှုတို့၏ အမြင့်ဆုံးနေရာသို့ ရောက်ရှိရန် အမြဲတစေ မနားမနေ ကြိုးစားနေတတ်ခြင်းကို ကိုယ်စားပြုသည်။ ဘဝခရီးလမ်းအား ကိုယ်တိုင်တွင်၍ သွားတတ်သူများ (ကိုယ့်ထူးကိုယ်ချွန်) ကြိုးစားသူများ ဖြစ်သည်။ စိတ်ခံစားမှုတစ်ခုတည်းအပေါ် ဦးစားမပေးတတ်ဘဲ ခံစားမှုနှင့် လက်တွေ့လုပ်နိုင်မှုအကျိုးဆက်တို့အပေါ် ပိုင်းခြားနိုင်သူဖြစ်သည်။

ဓနုရာသီဖွားများသည် မနာလိုမုန်းထားစိတ်၊ ငြိုးမာန်ဖွဲ့စိတ်ကင်းစင်သူများ ဖြစ်ကြသည်။ ပြောစရာရှိသည်များကို ရှေ့နောက်မစဉ်းစားဘဲ တိုက်ရိုက် (မကွယ်မဝှက်) ပြောချတတ်သော်လည်း အရင်းခံစိတ်မှာတော့ ရိုးသားဖြူစင်မှု ရှိသည်။ ထိုသို့သော ရာသီဖွားများအား ကြမ်းတမ်းစွာကိုင်တွယ်၍ မရနိုင်ပါ။ အကြင်နာ ကရုဏာ ရှေ့ထား၍ ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာ စည်းရုံး၍ ပြောဆို ဆက်ဆံနိုင်ပါသည်။

၎င်းရာသီဖွားများ၏ကွေ့ကောက် ကောက်ကျစ်မှုမပါရှိသော အပြောအဆို အပြုအမူများက စိတ်ပိုင်းဆိုင်ရာနှင့် တွေးခေါ်ဆင်ခြင်မှုများ၌ အဆင့်အတန်း မြင့်မားလာစေရန် မြှင့်တင်ပေးလျက်ရှိသည်၊ ထိုသို့သော အရည်အသွေးများက လေးသမားရာသီရုပ်ပိုင်ရှင်အတွက် ပစ်မှတ်အား မလွဲစတမ်း ထိမှန်အောင် ပစ်နိုင်စွမ်းသည့်အခြေအနေများကို ဖန်တီးပေးပါသည်။

ဓနုရာသီဖွား အမျိုးသားရော အမျိုးသမီးပါ စကားပြောရာ၌ တုံးတိတိ ပြတ်ပြတ်ပြောဆိုတတ်ကြသည်။ သို့သော် လောကအတွင်း ရှင်သန်ရပ်တည်ရာ၌ အများ၏ ယုံကြည်လက်ခံမှု အပြည့်အဝ ရရှိပိုင်ဆိုင်ထားသူများ ဖြစ်သည်။ ၎င်းတို့ ဆောင်ရွက်သည့် အမှုကိစ္စတိုင်း၌ ရိုးသားမှုကို အခြေခံထားတတ်ကြပါသည်။ ဟန်ဆောင်မှု၊ အယောင်ဆောင်မှုမှန်သမျှကို မုန်းတီးသူများပင် ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာအားဖြင့် ၎င်းရာသီဖွားများကို ခွဲခြားရာ၌ အခက်အခဲမရှိ အလွယ်တကူ သိရှိနိုင်သည်။ တင့်တယ်သော ဦးခေါင်းတည်ဆောက်ပုံနှင့် အရပ်အမောင်း (သာမန်ထက်) မြင့်မားတတ်ကြသည်။ နဖူးကျယ်တတ်သည်။ နှစ်လိုဖွယ်၊ ခင်မင်ဖွယ်ကောင်းသော ပွင့်လင်းသည့် စရိုက်လက္ခဏာရှိသည်။ မိတ်ဆွေအပေါင်းအဖော်များအကြား မာန်ဝင့်မော်ကြွားခြင်းမရှိဘဲ အတွေးအခေါ် အမြော်အမြင်ရှုထောင့်အမျိုးမျိုးမှ အပြန်အလှန် (ဖလှယ်) ဆွေးနွေးတတ်သည့်သဘောရှိသည်၊ လျှင်မြန်ဖျတ်လတ်မှုရှိသည်။

ဓနုရာသီဖွားတို့၏အခြေခံသဘာဝအရ လိုရင်းကို တိုရှင်းစွာ ပြီးပြတ်အောင် လုပ်ဆောင်တတ်ကြသည်။ငယ်ရွယ်သူများဖြစ်ပါက အများအားဖြင့် နဖူးပေါ် ဆံစများ ဝဲကျနေတတ်သည်။ ငယ်ရွယ်သူဖြစ်သည့်အလျောက် မိမိလက်နှစ်ဖက်လှုပ်ရှားမှုအပေါ် (လမ်းသွားရာ၌) သတိမမူတတ်ဘဲရှိတတ်သည်။

၎င်းရာသီဖွားများသည် ပင်ကိုသဘာဝအရ အငြိမ်မနေတတ်သူများ ဖြစ်ကြသည်။ နေထိုင်ရာ၌ ငြိမ်သက်နေမှုနှင့် ထိုင်နေရခြင်းကို လွန်စွာ မုန်းတီးတတ်ကြသည်။ သာမန်လူများအဖို့ ဓနုရာသီဖွားဟုတ်၊ မဟုတ် သိသာပေါ်လွင်စွာ ခွဲခြားသိရှိနိုင်ပါသည်။ အသေးအဖွဲကိစ္စပင်ဖြစ်စေ လမ်းသွားသည့်ပုံစံမှာ တစ်နေရာရာသို့ ခရီးသွားတော့မည့်ဟန်ပေါက်နေတတ်သည်။ တိရစ္ဆာန်များအပေါ် ကြင်နာသနားတတ်ကြသည်။ မြင်းစီး၍လည်းကောင်း၊ မိမိအိမ်မွေးခွေးအား ကြိုးဆွဲ၍လည်းကောင်း လမ်းလျှောက်ထွက်တတ်ကြ၏။ လမ်းပေါ်တွင် ဒဏ်ရာရ၍ လဲကျနေသော ခွေးတစ်ကောင်အား တွေ့ခဲ့ပါကလည်း တရေးတယူ ဂရုပြုတတ်သည့်အနေဖြင့် မိမိမောင်းလာသောကားကိုပင် ခေတ္တရပ်၍ ဆင်းကြည့်တတ်ကြသည်။ ၎င်းရာသီဖွားတို့၏ စရိုက်လက္ခဏာအရ အန္တရာယ်ရှိသည့် အမှုကိစ္စမှန်သမျှတို့အပေါ် စိတ်ဝင်စားတတ်ကြသည်။ အားကစားတစ်ရပ်ရပ်တွင် လည်းကောင်း၊ မိမိလုပ်ငန်းတွင် လည်းကောင်း၊ ဝါသနာတစ်ခုခုတွင် လည်းကောင်း စိတ်ဝင်တစား စူးစူးစိုက်စိုက်ရှိတတ်သည်။

တချို့သော လေသူရဲများတွင် (အထူးသဖြင့် အရဲစွန့်အတင့်ရဲသူ) လေသူရဲများ၌ ဓနုရာသီဖွားများကို တွေ့ရတတ်သည်။ မိမိတို့၏ ရိုးသားဖြောင့်မတ်စွာ ပြောဆိုလုပ်ကိုင်မှုများကြောင့် (မထင်မှတ်သော) နောက်ဆက်တွဲ အကျိုးသက်ရောက်မှု (ပြဿနာ) ဖြစ်ပွားတတ်သည်။ အရာရာကို အရှိအတိုင်း အမှန်အတိုင်းပြောဆိုတတ်သည့်သဘာဝကြောင့် နားထောင်ရသူအဖို့ နားဝင်ဆိုးတတ်သည်။ ၎င်းရာသီဖွားတို့အနေဖြင့် မိမိတို့ရင်တွင်းရှိခံစားချက်နှင့် နှုတ်ခမ်းဝမှထွက်လာသည့်စကားများ တစ်ထပ်တည်းရှိတတ်သည်။

၎င်းရာသီဖွားများသည် ချစ်ခင်သူ ပေါများတတ်သည်။ အားငယ်နေသူ၊ ကျရှုံးနေသူများအပေါ် အားပေးကူညီတတ်သည်။ တစ်ခါတစ်ရံ အကြောင်းအမျိုးမျိုးကြောင့် နှုတ်ဆိတ်နေတတ်ကြသော်လည်း စိတ်အတွင်း၌ အတွေးပေါင်းစုံဖြင့် အလုပ်များနေတတ်သည်။ ပျော်ပျော်နေတတ်ကြသူများ ဖြစ်သော်လည်း မဟုတ်မခံစိတ်ကြောင့် ရံဖန်ရံခါ ဒေါသပေါက်ကွဲတတ်ကြသည်။ မိမိ၏ အထက်အရာရှိ သြဇာညောင်းသူများကိုပင် အယူအဆ (သဘောကွဲလွဲမှုကြောင့်) ဆန့်ကျင်ပုန်ကန်ရဲကြသည်။ တစ်နေရာတစ်ဌာန၌ မလုပ်မဖြစ်လျှင် နောက်တစ်နေရာ၌ အစပြုရန် ကြိုတင်ပြင်ဆင်ထားတတ်ကြသည်၊ အခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com

အကျပ်အတည်းတစ်စုံတစ်ရာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ပါက ထွက်ပြေးခြင်း (သို့) အကူအညီတောင်းခံခြင်းလည်း လုံးဝမပြုတတ်ကြဘဲ ရင်ဆိုင်ဖြေရှင်းတတ်ကြသည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ တစ်ခုတည်းအပေါ် တစ်သမတ်တည်း (အာသီသ) မထားဘဲ လုပ်ငန်းမျိုးစုံ (ကြုံသလို) လုပ်တတ်ကြသည်။ ခရီးရှည်သွားလာရခြင်း၊ စွန့်စားမှုပါသော အလုပ်လုပ်ရခြင်းကို နှစ်သက်တတ်သည်။ အသက်အရွယ်ကြီးရင့်လာသည့်တိုင် ပင်ကိုအာရုံခံစားနိုင်စွမ်းအားကောင်းမှုကြောင့် ဖြစ်လာလတ္တံ့သောပြဿနာအဝဝကို ကြိုတင် မှန်းဆနိုင်စွမ်းရှိကြသည်။

ဓနုရာသီဖွားတို့၏ အာရုံဆိုင်ရာဆတ်ဆတ်ထိမခံနိုင်သော ခန္ဓာကိုယ်အစိတ်အပိုင်းများမှာ တင်ပါးဆုံ၊ အဆုတ်၊ အသည်း၊ လက်မောင်းနှင့် လက်ဖျံ၊ ပခုံးနှစ်ဖက်တို့ပင် ဖြစ်သည်။ ၎င်းရာသီဖွားတို့၌ ဆေးခန်း၊ ဆေးရုံ တက်ရောက်ကုသမှုခံရသည့် အလေ့အထ လွန်စွာနည်းပါးတတ်သည်။ ကျန်းမာရေး (အများအားဖြင့်) ကောင်းမွန်လေ့ရှိကြသည်။ မနက်ဖြန်တိုင်းသည် မနေ့ကထက် ပိုမို ကောင်းမွန်လိမ့်မည်ဟု ယုံကြည် မျှော်လင့်တတ်ကြသည်။

ဓနုရာသီဖွားတို့သည် လောင်းကစား တစ်ခုမဟုတ်တစ်ခု ဝါသနာရှိတတ်ကြသည်။ ကမ္ဘာ့လောင်းကစားမြို့ကြီးဖြစ်သည့် အမေရိကန်ပြည်ထောင်စုမှ လက်(စ်)ဗီးဂတ်(စ်)မြို့သည် ဓနုရာသီဖွား ကျား၊ မတို့အား အမြဲဆွဲဆောင်လျက်ရှိနေပါသည်။ အဆိုပါ မြို့ကြီး၌ သကြားခဲအား ယင်အုံသလို ပွတ်ခဲနေသူများသည် ဓနုရာသီဖွားများပင် ဖြစ်သည်။ ၎င်းပြင် အလျော်အစား၊ ငွေကြေးများသော စတော့ရှယ်ယာဈေးကွက်နှင့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ ထိုလုပ်ငန်းများ၌လည်း ပါဝင်ပတ်သက်နေတတ်ကြသည်။မိမိနှင့်သက်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ အရာရာကိုစူးစမ်းသိမြင် (စပ်စုလိုစိတ်) ရှိတတ်ကြသည်။ ဗဟုသုတကြွယ်ဝတတ်ကြသည်။

**ဓနုရာသီဖွား (အမျိုးသား)**

၎င်းရာသီဖွား အမျိုးသားတို့၏ နံဘေး၌ လူအများစုပြုံဝိုင်းရံလျက်ရှိနေတတ်သည်။ အချစ်ရေးနှင့်ပတ်သက်၍ သစ္စာစောင့်သိတတ်ကြသည်။ သို့သော်လည်း တစ်ဖက်သားအမျိုးသမီးတို့အနေ



ဖြင့် ၎င်းရာသီဖွား အမျိုးသားအပေါ် နားလည်မှုလွဲတတ်ကြသည်။ ရိုးသားပွင့်လင်းမှုအပေါ် အခြေခံသည့် ဓနုရာသီဖွား၏ စရိုက်လက္ခဏာအရ ပွင့်လင်းစွာ (ပြောင်ကျကျဖွင့်ချမှု) အပေါ် အမျိုးသမီးအများစုမှ မနှစ်သက်တတ်ကြပေ။ လျို့ဝှက်မှုမှန်သမျှအပေါ် ဖော်ထုတ်တတ်ကြသည်။ ပွင့်လင်းရိုးသားစွာ ဆက်ဆံတတ်သည့် ဓနုရာသီဖွားတို့အနေဖြင့် ကိုယ်၊ စိတ်၊ နှလုံး၌ ပညာရှိဆန်ဆန် အတွေးအခေါ်များ၊ ဆုံးဖြတ်မှုများသာ ထားရှိတတ်သည်။ ကံအကြောင်းမလှ၍ ကျရှုံးခြင်းနှင့် ကြုံတွေ့ရသော်လည်း ချက်ချင်းလက်ငင်း ပြန်လည်ရုန်းထကာ ရပ်တည်နိုင်အောင် ကြိုးစားတတ်ကြသည်။

**ဓနုရာသီဖွား (အမျိုးသမီး)**

၎င်းအမျိုးသမီးများနှင့် တစ်မျိုးတစ်ဖုံ ပတ်သက်မိသော သင့်အနေဖြင့် သင်ကြားလိုသော အကြောင်းအရာများကို ကြားရလိမ့်မည် မဟုတ်ပေ။ တစ်လောကလုံးအား အမှန်အတိုင်း အရှိအတိုင်း တိတိကျကျ ရှုမြင်တတ်ကြ၏။

ဓနုရာသီဖွားအမျိုးသမီးများသည် အလွန် လွတ်လပ်စွာ နေထိုင်လိုသူများဖြစ်သည့်အလျောက် တစ်ကိုယ်တည်းနေထိုင်ရဲသည့်သတ္တိရှိကြသည်။ ကျားဖြစ်စေ၊ မ,ဖြစ်စေ မိသားစုအနှောင်အဖွဲ့မှ ရုန်းထွက်တတ်ကြသည်။ ထိုအခြေအနေမျိုးသည် ခရီးသွားလာရခြင်းကိုစွမြားမြောင်သည့် အမျိုးသမီးများ၌ အများဆုံးတွေ့ရတတ်သည်။ ရုပ်ရှင်ရုံ (သို့) မိတ်ဆွေအပေါင်းအသင်းများဆီသို့သွားရောက် လည်ပတ်ရာတွင်လည်း တစ်ဦးတည်း သွားလေ့ရှိတတ်သည်။ သို့သော်လည်း သူမ(တို့)အား ကာကွယ် စောင့်ရှောက်ခြင်းကို လိုလားနှစ်သက်တတ်ကြသည်။

အမျိုးသားတစ်ဦးဦးနှင့် အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး အစရှိသည်တို့၌ ယှဉ်ပြိုင်စရာအကြောင်းရှိလာပါက လက်မြှောက် အရှုံးပေးခြင်း မရှိတတ်ပေ။ ၎င်းရာသီဖွားအမျိုးသမီးတို့သည် မိတ်ဆွေအပေါင်းအသင်းအပေါ် ဝဲ့ကွက်၍ အချစ်ရေးတွင် အမှားပြုလုပ်တတ်သလို အချစ်ရေးကြောင့်လည်း မိတ်ဆွေ အပေါင်းအသင်းအပေါ်၌အမှားပြုလုပ်တတ်ကြသည်။ ၎င်းရာသီဖွားအမျိုးသမီးနှင့် ထိတွေ့ပတ်သက်ရသူ သင့်အဖို့ ခေါင်းရှုပ်စရာကိစ္စများ ဒုနှင့်ဒေး ကြုံတွေ့ရနိုင်ပါသည်။ စိတ်ပိုင်းဆိုင်ရာခံစားမှုနှင့် အတွေးအခေါ်များတစ်ထပ်တည်းကျနေတတ်၍ ပြောလျှင်ပြောသည့်အတိုင်း (အပြောနှင့်အလုပ်ညီစွာ) တိတိကျကျလုပ်တတ်ကြသည်။

ပွင့်လင်းရိုးသားမှုအပေါ် အခြေခံ၍ တုံးတိတိ ခပ်ပြတ်ပြတ် ပြောဆိုတတ်ခြင်းကြောင့် တစ်ဖက်သား၏ နားလည်မှုလွဲခြင်း မကြာခဏခံရတတ်သည်။

အသွင်သဏ္ဌာန်အားဖြင့် ကြမ်းတမ်းခက်ထန်သည်ဟုထင်ရသော ဓနုရာသီဖွား အမျိုးသမီးတို့၏ နှလုံးသားသည် အချစ်ရေးကဲ့သို့သောအကြောင်း တစ်ခုခု၏ ပူလောင်မှုကြောင့် အရည်ပျော်သွားတတ်ပါသည်။

အကယ်၍ မိခင်များ ဖြစ်ပါ[illegible] သားသမီးများ၏ ချစ်ခင်တွယ်တာမှု[illegible] အပြည့်အဝရရှိပါမည်။ မိခင်ဖြစ်သူ[illegible] စရိုက်လက္ခဏာများအတိုင်း သားသမီးများမှ အမွေဆက်ခံသွားလေ့ရှိသည်။

**ဓနုရာသီဖွား (ကလေး၊ သားသမီး)**

ဒီဇင်ဘာလအတွင်း မွေးဖွား[illegible] ဓနုရာသီဖွားကလေးများသည် ဆံ[illegible] နက်မှောင်တတ်ပြီး ဂီတဆိုင်ရာ အ[illegible] အတီးအမှုတ်တို့၌ဝါသနာပါတတ်သည်[illegible] ပျော်ပျော်နေတတ်ကြသည်။ ရယ်[illegible] ရှိပါကလည်း မျက်ရည်ထွက်သည်[illegible] အားရပါးရ ရယ်မောတတ်ကြသည်[illegible] အသက်အရွယ် ကြီးပြင်းလာလေ[illegible] မိသားစုအနှောင်အဖွဲ့မှ ရုန်းထွက်[illegible] လိုကြသည်။

၎င်းရာသီဖွားတို့၏ အခြ[illegible] သဘောလက္ခဏာအရ အရာရာ[illegible] စူးစမ်းသိမြင်လိုကြသည်။ တစ်နေ[illegible] အချိန်များအား (နံနက်မိုးလင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



…ပြုမေးခွန်းထုတ်၍ ညအိပ်ရာဝင်ချိန် …တစ်ခုပြီးတစ်ခု ဆက်တိုက် သိမြင် …ခြင်း) ဖြင့် ကုန်ဆုံးသွားတတ်သည်။ …တက်အရွယ် ငယ်ပင်ငယ်ငြားသော် …ည်း ကမ္ဘာအနှံ့ စွန့်စားစွာ ခရီးထွက် …လာ စူးစမ်းလိုစိတ်ရှိနေကြသည်။

ရှေးလူကြီးများ၏ အဆိုအရ ဓနု …သီဖွား ကလေးများသည် နုနယ်စဉ် …လ၌ သင်ခြေလှမ်းသည့်အတိုင်း …တ်လှမ်းတတ်ပြီး တဖြည်းဖြည်း ရင့် …တ်လာချိန်၌ သင့်နှလုံးသားအတိုင်း … ရှုမြင်သဘောထားတတ်သည့်စိတ် …ာမည်ဟု သိရှိရသည်။ ဓနုရာသီ … ကျား (သို့) မ ကလေးများသည် …ောင်းပျော်များဖြစ်ကြပြီး ကျောင်း …ခန်းစာများအပြင် အခြားသောအ …အကြုံ ဗဟုသုတများကိုပါ စူးစမ်း …လာတတ်ကြသည်။

ငှင်းရာသီဖွား ကလေးများသည် …သာရေးတွင် အထူး စိတ်ပါဝင်စား …တ်ကြသည့်အလျောက် နောင်တစ် … ရင့်ကျက်(ကြီးပြင်း)လာချိန်၌ သီလ … ဘုန်းတော်ကြီး၊ သာသနာပိုင် နိုင်ငံ …သာသနာပြုအထူးအဖွဲ့၏ အကြီးအ …များအဖြစ် တာဝန်ပေးအပ်ခြင်းခံရ …ည့်သူများဖြစ်လာလေ့ရှိတတ်ပါသည်။ …ရာရာကို အကြောင်းအကျိုးညီညွတ် … ဝေဖန်သုံးသပ်နိုင်သည့်သူများအဖြစ် …သက်ထက်ဆုံး ရပ်တည်သွားကြပါ …သည်။

## …ရာသီဖွား (သူဌေး)

ငှင်းရာသီဖွားသူဌေးတို့၏ လက် …ောက်တွင် အလုပ်လုပ်ရသော သင့် …နေဖြင့် အလုပ်စတင်ဝင်ရောက်ပြီး …မဆုံးအပတ်မှာပင် ခေါင်းရှုပ်စရာ …နှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။ …င်ရယ်ရမလို (သို့) ငိုရမလိုဖြစ်သည် …ထိ ဘာလုပ်ရမှန်းမသိသောအနေအ …နှင့် ရင်ဆိုင်ရပါမည်။ တစ်ခါတစ်ရံ …ည်း နွေးထွေးစွာ လက်ကမ်းကြိုဆို … သင့်အား မြှောက်ပင့် ချော့မော့ကာ …ပေးတတ်သလို တစ်ခါတစ်ရံ၌ …ည်း သင့်လှုပ်ရှားမှုနှင့် လုပ်ရည်ကိုင်…ကို တစေ့တစောင်း စောင့်ကြည့် …ခတ်လျက် ရှိနေတတ်သည်။

ဓနုရာသီဖွား၏ အလုပ်သမားတို့ …နေဖြင့် မထင်မှတ်ဖွယ် အဖြစ်အပျက် …ခုနှင့် ရင်ဆိုင်ကြုံတွေ့ ဖြေရှင်းပြီး …လည်း နောက်ထပ် ဘာဖြစ်လာ … ဆိုသည်ကို ကြိုတင် မတွေးဆရဲ တတ်ကြပေ။

ငှင်းရာသီဖွား သူဌေးတို့သည် အမှန်တရားအပေါ် ယုံကြည်ကိုးစားသည့်အလျောက် မည်သို့သော အခြေအနေမျိုးတွင်ဖြစ်စေ အမှားအယွင်းမပြုလုပ်မိရန် သတိကြီးကြီးထားတတ်သူများ ဖြစ်သည်။ တစ်ဖက်သတ် ငြင်းခုံပြောဆိုခြင်းအပေါ် လုံးဝလက်မခံတတ်ပေ။ မိမိလျှောက်လှမ်းရာလမ်းတစ်လျှောက် ပြင်စရာရှိသည်အားလုံးအား ပြုပြင်သွားတတ်သည်။ စိတ်ဝင်စားဖွယ်ကောင်းပြီး စွန့်စားရသောကိစ္စမှန်သမျှ၌ ပါဝင် ဆောင်ရွက်တတ်သည်။ မိမိ၏ လက်အောက်ငယ်သား ဝန်ထမ်းများအားလည်း ငှင်းသဘောထားများအတိုင်း ဖြစ်စေချင်ကြသည်။ ဝန်ထမ်းများ၏ ဘဝရှင်သန်ရပ်တည်မှုများ မှန်ကန်အဓိပ္ပာယ်ရှိကြစေရန် လက်ဆင့်ကမ်းအမွေပေးသည့်သဘောထားပင် ဖြစ်သည်။

ဓနုရာသီဖွားသူဌေးတို့သည် လူ့အလွှာ၊ အသိုင်းအဝန်းအမျိုးမျိုး ဖြစ်ကြသော ဘဏ်ဥက္ကဋ္ဌများ၊ အထင်တရနိုင်ငံရေးသမားများ၊ ကာနေဗယ်ပွဲတော်လာလူထုပရိသတ်များ၊ သတင်းထောက်များ၊ ဝန်ကြီးများ၊ ဆရာဝန်များ၊ ရွှေ့နေများမှအစ ပေါင်ချိန်စက်ဖြင့် စီးပွားရှာသူ လောင်းကစားသမားများ၊ ရေပိုက်ပြင်သူများ၊ လက်သမားများ၊ ရေဒီယိုသတင်းကြေညာသူများ၊ ဗိသုကာပညာရှင်များ၊ တက္ကသိုလ်ကောလိပ်မှ ပါမောက္ခများအစရှိသူတို့အား မျက်နှာလိုက်ခြင်း၊ အဆင့်အတန်းခွဲခြားခြင်းမရှိဘဲ လိုက်လျောညီထွေစွာ သူ့နေရာနှင့်သူ တရင်းတနှီး ပြောဆိုဆက်ဆံတတ်ကြသည်။ မိမိနှင့် ထိတွေ့ပတ်သက်လာသည့် မည်သူကိုမဆို မိမိ၏သဘောထားပေတံ မည်သို့မည်ပုံရှိသည်ကို ထုတ်ဖော် ပြောကြားတတ်ကြသည်။

## ဓနုရာသီဖွား (အလုပ်သမား)

ငှင်းရာသီဖွားအလုပ်သမားတို့အနေဖြင့် အနာဂတ်တွင် ဖြစ်ပျက်ပေါ်ပေါက်လာမည့်ကိစ္စမှန်သမျှအား ဘုရားသခင်အပေါ်တွင်သာ မူတည်သည်ဟု သဘောပိုက်ထားကြသူများ ဖြစ်သည်။ အကောင်းဆုံးကို မျှော်လင့်၍ အရာရာကို လုပ်ကိုင်တတ်ကြသူများပင် ဖြစ်သည်။ အများအားဖြင့် ဘုရားသခင်၏ မျက်နှာသာပေးမှုကိုခံရသူများ ဖြစ်ကြသည်။

ဓနုရာသီဖွားများသည် ဘယ်အရာကိုမဆို တစ်ဝက်တစ်ပျက် မလုပ်တတ်ကြပေ။ လမ်းတစ်ဝက်မှပြန်မလှည့်တတ်ကြပေ။ အိမ်ထောင်ပြုခြင်းကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချရန် တုံ့ဆိုင်းနေတတ်ကြသည်။ မိမိကိုယ်မိမိ ယုံကြည်သည့်စိတ်ရှိသူများ ဖြစ်ကြသည်။ အများအားဖြင့် မိမိကိုယ်မိမိပျော်အောင်နေထိုင်တတ်သည့်အစွမ်းရှိကြပါသည်။ တစ်ခါတစ်ရံ၌ ဓနုရာသီဖွားများသည် မတော်တဆ (သို့) လုံးဝဂရုမစိုက်တတ်သည့် အပြုအမူများပြုတတ်ကြသည်။ ရံဖန်ရံခါ စိတ်အတွင်းကျိတ်၍ တစ်ယောက်တည်း အလုပ်များနေတတ်ပြီး တစ်ခါတစ်ရံ၌လည်း မည်သည့်အရာကိုမျှ သံသယမရှိဘဲ လွတ်လပ်ပေါ့ပါးနေတတ်သည်။ ဥပဒေသစည်းကမ်းချက်များနှင့် နည်းနာပုံစံတို့၏ နောက်ကွယ်၌ ဘာတွေရှိနေသည်၊ ဘယ်အကြောင်းကြောင့် ငှင်းစည်းကမ်း၊ ဥပဒေ၊ ညွှန်ကြားချက်များ ပေါ်ပေါက်ထုတ်ပြန်ရသည် ဆိုသည်ကို အဖြေမှန်သိရှိလိုကြသည်။ အလုပ်သမားဘဝတွင် ရှိနေ (ဖြစ်နေ) ရသော်လည်း အတွေးအခေါ် အကြံအစည် လေးနက်သူများ ဖြစ်ကြသည်။ ချီးမြှောက်အားပေးမှုကို လိုလားကြသည်။ ငှင်းတို့၏ ကျွမ်းကျင်လိမ္မာမှုအပေါ် အသိအမှတ်ပြုလိုကြသည်။ ငှင်းရာသီဖွား အလုပ်သမားများသည် နှုတ်ဆိတ်လေလေ အကြံကြီးလေလေပင် ဖြစ်သည်။

ငှင်းရာသီဖွားများသည် ကံဇာတာအခြေအနေအရ ဆုံးရှုံးခံဘဝအဖြစ် မွေးဖွားခြင်းခံခဲ့ရသော်လည်း ငှင်းတို့အား တစ်စုံတစ်ရာ လှည့်စားခြင်းအပေါ် လုံးဝလက်သင့်မခံတတ်ကြပေ။ ငွေကြေးကြွယ်ဝချမ်းသာခြင်း မရှိကြသော်လည်း အရိုပ်ပြလျှင် အကောင်မြင်တတ်သည့် အတင်းပါးသူများ ဖြစ်ကြသည်။ တစ်ခါတစ်ရံ အမှတ်ဒေါသကြီးတတ်ကြသော်လည်း ရေရှည် ပလောင် မပေါက်ကွဲအောင် ထိန်းသိမ်းနိုင်ကြသည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားဆန်းပြားသည့် လက်ပံတောင်းတောင်ဒေသတစ်ခွင်

မျိုးဝေမြိုင်

စာရေးသူသည် သတင်းဂျာနယ်လောကတွင် ကျင်လည်နေခဲ့သည်မှာ နှစ်အတော်ကြာပြီ ဖြစ်သည်။ နယ်မြေတစ်ခုတွင် သတင်းတစ်ခုပေါ်ပေါက်လာတိုင်း ရုံး၏ခိုင်းစေချက်များနှင့် စာရေးသူကိုယ်တိုင် သတင်းဦးများ သွားရောက်ယူခဲ့ရသည်။ ထိုအချိန်များတွင် တချို့သောဒေသများ၌ ခေတ်စနစ်နှင့် မကိုက်ညီဘဲ ထူးခြားဆန်းပြားသည့်ကိစ္စများကို ကြားသိ မှတ်တမ်းတင်ခွင့် ရရှိခဲ့သည်။ နယ်မြေတစ်ခုသို့ ရောက်ရှိတိုင်း ယင်းနယ်မြေ၏သတင်းကိုယူရင်း တစ်ဖက်ကလည်း ဂမ္ဘီရဆန်သော အဖြစ်ပျက်များကို စုဆောင်းခဲ့သည်။

မိမိကိုယ်တိုင်က ထူးခြားဆန်းပြားမှုများကို နှစ်သက်ခုံမင်သူဖြစ်သည့်အားလျော်စွာ ၎င်းတို့ကို မှတ်တမ်းတင် အင်တာဗျူးများလုပ်ခဲ့ဖူးသည်။ တကယ့်လက်တွေ့နည်းသရုပ်အထိ သတင်းထောက်ဉာဉ်ပီပီ လိုက်လံ မေးမြန်းခဲ့ဖူးသည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ပြီး ပဋိပက္ခဖြစ်ပေါ်ခဲ့သည့် မုံရွာ လက်ပံတောင်းတောင်စီမံကိန်းကို





လူတိုင်းသိကြမည် ဖြစ်လေသည်။ ယင်း သတင်းသည် ကမ္ဘာကျော်သည်အထိ ကျော်ကြားခဲ့သည်။ သတင်းထက် စာ ဖတ်သူတို့ကို တင်ပြချင်သည့်အချက်က ထူးခြား ဆန်းကြယ်သော ဂမ္ဘီရအပိုင်း တစ်ခုပင်။

ယခု ရေးသားသော စာများမှာ ယင်းတောင်ကြောတစ်ဝိုက်ရှိ ကိုယ်တိုင် ကြုံတွေ့ဖူးသော ဒေသခံများ၊ သက်ကြီး ဝါကြီး ဆရာတော်ကြီးများကို မေးမြန်း ပြီး ရေးသားလိုက်ခြင်း ဖြစ်သည်။

မုံရွာမြို့ ချင်းတွင်းမြစ်အနောက် ဘက်တွင် လက်ပံတောင်းတောင် အ အဝင် သဘာဝသတ္တုကြီးများ ကိန်း အောင်းနေသည့် တောင်ကြီး (၃၃) လုံး ရှိသည်။ ယင်းတောင်များကို ယခုအခါ တရုတ်နိုင်ငံရှိ ပညာရှင်များက ကြေး ထုတ်လုပ်သည့် စီမံကိန်းကို ဆောင်ရွ လျက်ရှိသည်။

ယင်းစီမံကိန်းစတင်ဆောင်ရွ ချိန်ကတည်းက လုပ်ငန်းခွင်ဝင်နေသ တရုတ်နိုင်ငံသားတချို့နှင့် မြန်မာနိုင် သားတချို့ အသက်ဆုံးရှုံးရသည်မျာ နေ၏။ အဘယ့်ကြောင့်ဆိုသော် ဒေသ များ၏ ပြောကြားချက်အရ တ တောင်များသည် နတ်ကြီးသည်ဟု သည်။

လက်ပံတောင်းတောင်ရှိ စီမံ သွားရာလမ်းတစ်ခုတွင် ယခင်က လ လယ်၌ လူနှစ်ယောက်ဖက်စာမန်ကျည် ပင်ကြီး ရှိသည်။ ယင်းမန်ကျည်းပင် ဂျပန်တို့ လမ်းဖောက်စဉ်အချိန်က လဲမရသဖြင့် မန်ကျည်းပင်ကို ဝိုက် ကွက်ကြားလမ်းဖောက်ခဲ့သည်။

သည်ဘက်ခေတ်တွင် တရုတ် စီမံကိန်း စတင်လုပ်ဆောင်ချိန်တွ ယင်းကို မယုံကြည်ဘဲ မန်ကျည်းပင် ရအောင် ဖြိုလဲကြတော့သည်။


ပထမ မန်ကျည်းပင်ကို မြေ စက်နှင့် ထိုးကော်ချိန်တွင် မြေထိုး မှာ ပက်လက်လန်ထွက်သွားသ ယင်းသို့ ပက်လက်လန်သည့်အတွ ဗမာတချို့က မဖြိုရဲကြ။ တရုတ် ငန်းရှင်များက အမိန့်နှင့် အတင်းအ ဖြိုလှဲခိုင်းသည့်အတွက် ဖြိုလှဲကြရသ


မန်ကျည်းပင်ဖြိုလဲသည့် အ ဖိုးမောင်းသည့် ယာဉ်မောင်းမျာ တစ်ဦးပြီးတစ်ဦး ရောဂါရှာဖွေမ သေဆုံးကုန်ကြသည်။ ယင်းကို ကြည်သော တရုတ်နိုင်ငံသားတ လောင်းကြေးစားကြေးနှင့် ဘတ်



www.burmeseclassic.com

www.burmeseclassic.com





ကိုယ်တိုင်တက်မောင်းပြီး အတင်းအကြမ်းရအောင် ဖြိုလှဲရာ မန်ကျည်းပင်ပင်ပြိုလဲပြီး သူသည်လည်း နောက်ပိုင်းတွင် အမည်ဖော်မရသည့်ရောဂါနှင့် ရောဂါနှင့် သေဆုံးသွားခဲ့ရသည်။ ထို့ကြောင့် ယင်းဘက်တစ်ကြော နတ်ကြီးသည်ဟု ဒေသခံများက ယုံကြည်လျက်ရှိနေကြသည်။

လက်ပံတောင်းတောင် (၃၃) လုံးတွင် နန့်ရင်းတောင်မှာ နတ်ကြီးကြောင်း ဒေသခံများက ပိုမို ယုံကြည်ကြသည်။ ယင်းသို့ ယုံကြည်ရခြင်းမှာလည်း အကြောင်းရင်းရှိသည်။

ဂျပန်ခေတ် တောင်ပေါင်း (၃၃) လုံးရှိသည့်အနက် နန့်ရင်းတောင်တစ်လုံးတည်းကို ဦးတင်ဦး အစိုးရလက်ထက်က ပေးဝယ်ခဲ့ဖူးသည်။ သို့သော်လည်း ဂျပန်ကို မရောင်းချခဲ့ဟု ဆိုသည်။

ယင်းနန့်ရင်းတောင်တွင် အရိမေတ္တေယျဘုရားပွင့်ချိန်တွင် လှူဒါန်းရန်အတွက် ရွှေလောင်းလှေ (၉) လောင်း၊ ငွေလောင်းလှေ (၉) လောင်း၊ မြပုခက်၊ ကျောက်မျက်ရတနာများပုခက်နှင့် ရွှေ ငွေ၊ ကျောက်သံပတ္တမြားများဖွက်ထားခြင်း ဖြစ်သည်ဟု ဒေသခံများက ပြောကြသည်။

ဂျပန်တို့ ယင်းတောင်ကို ကွန်ပျူတာဖြင့် ကြည့်ရှုသည့်အခါတွင် ကွန်ပျူတာတွင် သတ္တုကြောသိုက်ထက် ယင်းရွှေသည်းအရိပ်အယောင်များကို တွေ့ကြရသည်။ ဂျပန်များ ယင်းတောင်ကို သရေကျပြီး မြေတူးစက်များနှင့် ခိုးလုပ်ကြသည်။

ဂျပန်အဖွဲ့တစ်ဖွဲ့သည် ယင်းတောင်ကို အဝေးမှ မှန်ဘီလူးနှင့်ကြည့်ရာ နန့်ရင်းတောင်ကို နဂါးနှစ်ကောင်ပတ်ထားသည်မှာ မည်သည့်နေရာက အမြီးဆုံး၊ မည်သည့်နေရာက ခေါင်းဆုံးမှန်း မခွဲခြားတတ်ဟု ယင်းခေတ်က ကျောင်းထိုင်ဆရာတော်ကို လျှောက်ဖူးသည်။

အတင့်ရဲသော ဂျပန်တို့သည် နန့်ရင်းတောင်ကို ညဘက်တွင် သံပိုက်လုံးများနှင့် မြေသားများကို တူးထုတ်ကာ ထိုင်ကျင်းတူးပြီး ယင်းပစ္စည်းများကို ရှာကြသည်။ သို့သော်လည်း ပိုက်လုံးများမှာ အဆက်ပြတ် ကျိုးထွက်သွားသည်၊ အတွင်းထိရောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိကြပေ။

နန့်ရင်းတောင်ကို ဂျပန်တို့က အဝေးမှ မှန်ဘီလူးဖြင့် ကြည့်ချိန်တွင် မထင်မှတ်ဘဲ နဂါးကဲ့သို့ အကောင်ကြီးနှစ်ကောင် တောင်ကိုပတ်ထားကြောင်း၊ ဘယ်နေရာသည် နဂါးခေါင်း၊ ဘယ်နေရာသည် နဂါးအမြီးဟုပင် မခွဲခြားလောက်အောင် ကြီးမားကြောင်း ပြောဆိုခဲ့ဖူးသည်။

သို့သော်လည်း ယင်းတောင်သည် အစောင့်ရှောက် ကြီးမားပြီး နတ်ကြီးသည်ဟု ဒေသခံတချို့က ယူဆကြသည်။ ယခုခေတ် တရုတ်လက်ထက်မှာပင် ယင်းစီမံကိန်းဆောင်ရွက်မှုကြောင့် လူအသေပျောက်များရှိနေသေးသည်။

စီမံကိန်းကို တရုတ်နိုင်ငံသားများ လွှဲပြောင်းယူချိန်တွင် လုပ်ငန်းစတည်ချိန်ကတည်းက အန္တောင့်အယှက်များ အဖျက်ဆီးများနှင့် ကြုံတွေ့ကြရသည်။

ပြီးခဲ့သည့်နှစ် ယင်းတောင်တွင် မြေကော်ကားကို ဘီလူးကဲ့သို့ အကောင်ကြီးနှစ်ကောင် မ,နေသည်ကို တရုတ်အချို့ တွေ့မြင်ရသည့်အတွက် အတော်ပင် ကြောက်လန့် တုန်လှုပ်ခဲ့ဖူးသည်။ သို့သော်လည်း ယင်းကိစ္စများကို အပြင်သို့ ပေါက်မထွက်အောင် ကြိုးစားထားကြသည်။

နောက်ပိုင်းတွင် နားလည်တတ်ကျွမ်းသူများနှင့် တရုတ်တို့ တိုင်ပင်ကာ ကန်တော့ပွဲများပေးပြီး လုပ်ငန်းများ လုပ်ကိုင်ကြရသည်။ ယခုအချိန်အထိ တစ်ပတ်တစ်ခါ ကန်တော့ပွဲများထိုးပြီး လုပ်ငန်းများ လုပ်ဆောင်နေကြရသည်။

ကန်တော့ပွဲပေးသည့်အခါ ပထမဆုံးအချိန်က ကန်တော့ပွဲကို (၁၀၈) ပွဲ ပေးကြရသည်။ နောက်ပိုင်းတွင်မှသာ ကန်တော့ပွဲကို (၃) ပွဲလောက်နှင့် ဆက်ထိုးဖြစ်နေသည်။

နားလည်တတ်ကျွမ်းသည့် ရှေးလူကြီးတစ်ဦး၏အဆိုအရ ယခုလက်ရှိ လုပ်နေသော တောင်သည် အနှောင့်အယှက်များ အလွန်များပြားကြောင်း၊ တချို့တရုတ်ဆိုလျှင် အသက်ပင် ဆုံးရှုံးရသည့်အတွက် ရဟတ်ယာဉ်များဖြင့် တရုတ်ပြည်သို့ပင် ပြန်လည် သယ်ဆောင်သွားကြကြောင်း သိရသည်၊

နေဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

(ပွင့်ဖြူ)

# အောင်သိန်းဝင်း

## သားလေးယောက် အလောင်းထမ်း

(၁)

ကျွန်တော်တို့ ကျေးလက်တောရွာများတွင် အယူတစ်ခုရှိပါသည်။ သားလေးယောက်မွေးသော မိသားစုတွင် ခိုက်တတ်သည်။ ၎င်းမိသားစုထဲမှ ကံနိမ့်သူ၌ ခိုက်တတ်သည်ဟု အဆိုရှိသည်။ သားလေးယောက်မွေးက အလောင်းထမ်းဟု ခေါ်သည်။

ထိုသားလေးယောက်ထဲမှ တစ်ဦးဦးကို ရွာဦးဘုန်းကြီးကျောင်းဆရာတော်ထံ ရောင်းရသည်။ ဆရာတော်က ဝတ္ထု (၁၀၀၀)၊ (၂၀၀၀) အဆင်သင့်သလို ပေးဝယ်ရသည်။ ၎င်းသားရောင်းရငွေနှင့်ပင် ဆရာတော်အားဆွမ်းချက်ကပ်ကြသည်။ ဘုန်းကြီးသားဖြစ်သွားပြီဟု ယူဆရ၏။

အဆိုပါ သားလေးယောက် အလောင်းထမ်းအဆိုကို ကျွန်တော် လက်ခံသည်။ ခိုက်သည်ဆိုသော အယူအဆကိုလည်းထောက်ခံသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် တွေ့ကြုံဖူးသော မိသားစုများ အနည်းနှင့်အများ ခိုက်သည်ကို တွေ့ကြုံဖူး၍ ဖြစ်သည်။ အခြားသူများလည်း ကြုံဖူးကောင်းကြုံဖူးကြမည်။ ကျွန်တော့်လို ကျမ်းတစ်စောင်ပေတစ်ဖွဲ့ ရေးသားမပြုကြ၍သာ မသိကြခြင်း ဖြစ်ပေသည်။

(၂)

ကျွန်တော် ယခု လက်ရှိ နေထိုင်သော အောင်လံမြို့နယ် ကျောက်ပန်းတောင်းရွာတွင် ဦးကျော်အောင်၊ ဒေါ်မြရင်တို့၌ သား (၄) ယောက်၊ အငယ်ဆုံးသမီးတစ်ယောက်ရှိသည်။ ကြီးစဉ်ငယ်လိုက်ရေတွက်ပြသော် ခင်မောင်ဝင်း၊ မြစိုး၊ ဝင်းနိုင်၊ ညီညီအောင်နှင့် နှမ မိပြုံးခေါ် စန်းစန်းအောင်တို့ ဖြစ်ပါသည်။ ဦးကျော်အောင်မှာ ကျောက်ကပ်ရောဂါနှင့် အောက်တစ်ပိုင်းဖော့ရောင်နှင့်သေသည်။ အသက်သိပ်မကြီးလှသေး။

ဒေါ်မြရင်မှာမူ ပန်းနာရင်ကျပ်ရောဂါနှင့် သေသည်။ အကြီးဆုံးသား ခင်မောင်ဝင်းကလည်း အမေ့ရောဂါ အမွေ ပန်းနာရင်ကျပ်နှင့်ပင် သေသည်။ ဇနီး မငွေးနှင့် သားတစ်ယောက်၊ သမီးတစ်ယောက် ကျန်ရစ်ခဲ့သည်။

သားလတ်မြစိုးမှာလည်း မြို့လှကအပြန် ဗွက်ကြီးချောင်း သဲသောင်ခုံ၌ ပိုးထိ (မြွေပွေးကိုက်) သေခဲ့သည်။ ဇနီး မိစန်းအေးနှင့် သားတစ်ယောက် နှစ်ယောက်ကျန်ခဲ့သည်။

အငယ်ဆုံးနှမ မိပြုံးယော ရွှေပန်းတောသား ကျော်လေးက သူများကို ဓားဖြင့်ခုတ်ကာ ထွက် တိမ်းရှောင်နေ၍ တရားခံပြေးကြ ခံရပြီး မိပြုံးမှာ ငယ်ငယ်ရွယ်ရွယ် တစ်ခုလပ်ဖြစ်နေသည်။

(၃)

ကျောက်ပန်းတောင်ရွာ အ ဘက် ဗွက်ကြီးချောင်းတောင်ဘက် လှရွာတွင် ဦးကြည်ထွန်း၊ ဒေါ်မြ တို့၌ သားလေးယောက်၊ သ ယောက်ရှိသည်။ ကြီးစဉ်ငယ် စောဝင်း၊ အောင်လွင်၊ မြင့်အော အောင်အောင်နှင့် အငယ်ဆုံးနှမ





www.burmeseclassic.com

www.burmeseclassic.com

ခင်မာထွန်း ဖြစ်သည်။

သားအငယ်ဆုံး အောင်အောင် ကလေးဘဝတွင် ရေနံဆီမီးခွက်နှင့် ကစားရင်း ခါးဝတ်အကျီကို မီးစွဲ ည်။ ကလေးမို့ မသိတော့ စွတ်ပြေး ည်၊ ထိုအခါ မီးက အရှိန်ရပြီး ပို င်တော့၏။ ဘေးမှလူကြီးများက အော် ဟန့်တားသော်လည်း မရ။ ကြောက်ကြောက်နှင့်စွတ်ပြေးလေ မီးက င်လေဖြစ်၏။ နောက်ဆုံး ပစ်လဲ ဘေးက မီးကိုဝိုင်းငြိမ်းရ၏။ တစ် လုံး မီးလောင်ဒဏ်ရာများနှင့် ဆေး သွားရန် ပြင်ဆင်နေခိုက် ကလေး သေဆုံးသွားခဲ့သည်။

ဦးကြည်ထွန်းက တောင်သူလည်း သည် ။ တစ်ဖက်က ကားလည်း င်ထားသည်။ သူ့ကားနံပါတ်မှာ /၁xxx ဖြစ်သည်။ မြို့လုနှင့် အောင်လံ သွားကုန်/ ပြန်ကုန်ခရီးသည် နေ့စဉ် ပြေးဆွဲနေသည်။ ကားဒရိုင်ဘာ လှအုန်းနှင့် စပယ်ယာက သူ့သား အောင်လွင်၊ မြို့လုသားနှစ်ယောက် သိန်းလှကြီးနှင့် မြင့်စိန် ဖြစ်သည်။

မြို့လုရွာတောင်ဘက် ညောင်အိုင်ရွာက ဦးမြင့်ကြည်ကလည်း ကားထောင်ထားသည်။ သူ့ကားနံပါမှာ က/၉xxx ဖြစ်သည်။ ကားဒရိုင်ဘာ မြင့်အေးနှင့် စပယ်ယာ သိန်းလှိုင်၊ သန်းဝင်းတို့ ဖြစ်သည်။

သူတို့ ကားသမားအချင်းချင်းမှာ မတည့်။ လမ်းလု၊ ကုန်လုရင်း ရန်ဖြစ်ဖူးသည်။ အကြံတူရန်သူများဖြစ်ကြသည်။

တစ်နေ့ ဦးကြည်ထွန်း၏ကားက ကုန်အပြည့်၊ လူအပြည့်နှင့် မြို့ဆင်းလာသည်။ အောင်လွင်က ကားဘေးက တွယ်စီးသည်။

ထိုအခိုက် ရေပေါ်အရှေ့ဘက် တဲကုန်းနားအရောက် မြို့မှဦးမြင့်ကြည် ကားတက်လာသည်ကို ရုတ်တရက်တွေ့လိုက်ရ၏။ထိုအခါ အောင်လွင်က မတည့်သော ကားလာနေသည်ကိုမြင်၍ ကားပေါ် အပြေးအလွှားတွယ်တက်၏။ မရ၊ နောက်ကျခဲ့ပြီ။

ဒရိုင်ဘာ မြင့်အေးက အမြန်မောင်းလာပြီး ကားချင်းပွတ်ဆွဲ၍ ကားနှစ်စင်းကြားပိညှပ်ကာ အောင်လွင်ခမျာ နေရာတင် ပွဲချင်းပြီးသေဆုံးရရှာပြီ။

မြင့်အေးလည်း ကားမဆင်မခြင် မောင်းမှုနှင့် ထောင်ကျခဲ့ပြီ။

(၄)

နောက်တစ်ဦးမှာ ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် လက်ခုပ်ရွာက ကျွန်တော့် အမေ၏ မောင်အလတ် ကျွန်တော့်





www.burmeseclassic.com

www.burmeseclassic.com

# ပိုးလောက်လမ်းမရှိအောင်

ကောင်းထက်(ချောင်းနက်)

တစ်နေ့က တီဗွီထိုင်ကြည့်မိရာ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားအောင် ကာကွယ်ပုံကို တွေ့ရပါသည်။ ထိုရောဂါကာကွယ်ရန်အတွက် ရေအိုင်၊ ရေအိုး၊ ညောင်ရေအိုး၊ ပီပါ၊ ရေအုတ်ကန်များတွင် ပိုးလောက်လမ်းများ မရှိအောင် နေ့စဉ် ရေသန့်လဲပေးရမည်ဟု ပါရှိပါသည်။ ရေအိုး၊ ပန်းအိုး၊ ညောင်ရေအိုးများမှာ ရေသွန် ရေလဲရန် လွယ်ကူသော်လည်း ရေပီပါ၊ ရေစည်ပိုင်း၊ ရေအုတ်ကန်ကြီးများမှာ နေ့စဉ် ရေသွန်၊ ရေလဲရန် မလွယ်ကူပါ။

ရေရှားပါးသော မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ တောရွာများတွင်ကား စဉ့်အိုးကြီးများ (ရာဝင်အိုး)၊ အုတ်ကန်ကြီးများဖြင့် ရေသိုလှောင်ထားကြပါသည်။ အချို့ကလည်း မိုးရေက ရေချွေးကျိုသောက်ရန်ကောင်းမွန်သဖြင့် ရေနှစ်ပေါက် (တစ်နှစ်လုံး) ရရန် အုတ်ကန်အကြီးကြီးများဖြင့် ရေသိုလှောင်ကြပါသည်။ ထိုကဲ့သို့ ရေများများသိုလှောင်နိုင်သော ရာဝင်အိုး၊ အုတ်ကန်ကြီးများတွင် ပိုးလောက်လမ်းမတက် မရှိနိုင်အောင် အောက်ဖော်ပြပါနည်းကို အသုံးပြုနိုင်ပါသည်။

ဒီနည်းကို စာရေးသူငယ်ငယ်ကပင် သိရှိခဲ့သော်လည်း မရေးဖြစ်ပါ။ တစ်နေ့ကတော့ တောင်တွင်းကြီးမြို့ပေါ်နေ အထက်တန်းပြဆရာ ဦးလန်းကလည်း သူ၏လက်တွေ့နည်းကို ပြောပြပြီး စာရေးသူအား ပိုးလောက်လမ်းမတက်နိုင်နည်းကို စာရေးဖော်ပြရန် တိုက်တွန်းဖူးပါရဲ့။ သို့သော် စာရေးသူ၏အသိနှင့်တူနေ၍ 'အင်း - ဒီနည်းကို လူတိုင်းသိမှာပါပဲ' ဟု ထင်ကာ မရေးဖြစ်ခဲ့ပါ။

ဤသို့ဖြင့် တစ်နေ့ကမှ တီဗွီထဲက 'ပိုးလောက်လမ်းများမရှိအောင် ပြုလုပ်ကြပါ' ဟု တိုက်တွန်း နှိုးဆော်ချက်ပါတွေ့ရသဖြင့် ဒီနည်းကို ရေးသား ဖော်ပြဖြစ်ခြင်း ဖြစ်ပါသည်။

ပြုလုပ်နည်းမှာ -

ရေတစ်ပီပါ၊ ရာဝင်စဉ့်အိုးတစ်လုံးစာအတွက် အုတ်ခဲထက်ပိုင်းကျိုးတစ်ခု ကို မီးရဲနေအောင်ဖုတ်ပါ။ ထိုပူနေရဲနေသော အုတ်ခဲကျိုးကို ထိုရေထဲသို့ထည့်ထားလိုက်ပါ။ ထိုရေတွင် ပိုးလောက်လမ်းမတက်နိုင်ပါ။ ထို့ကြောင့် ရေများလျှင် များသလို အုတ်ခဲကျိုး အဆတိုး၍ထည့်ပါ။ ရေအုတ်ကန်ကြီးလျှင်ကြီးသလို အုတ်ခဲမီးဖုတ်များများထည့်ပါ။ ပိုးလောက်လမ်း မတက်မရှိနိုင်သော အလွယ်နည်းကို ရေများများလှောင်ထားသူများ၊ ရေသွန်ရေလဲရန် အခက်ကြုံသူများအတွက် အကြံပြုတင်ပြလိုက်ရသည် ခင်ဗျား။ လက်တွေ့ စမ်းသပ်ကြည့်ပါ။

*အားလုံးကျန်းမာချမ်းသာကြပါစေ*

ကောင်းထက်(ချောင်းနက်)

ဦးကြီး ဦးထွန်းဆိုင်တို့မိသားစု ဖြစ်သည်။

ဦးထွန်းဆိုင်၌ သား (၄) ယောက်ရှိသည်။ သမီးမိန်းကလေး မမွေးပါ။ မရှိ။

ကြီးစဉ်ငယ်လိုက် စိန်သောင်း၊ ကျောက်ခဲ၊ စိန်ဝင်း၊ ကျော်ဝင်းစိန်တို့ဖြစ်သည်။

ကျွန်တော်ငယ်ငယ်က ဖြစ်သည်။ သီတင်းကျွတ်အခါ၌ ကျွန်တော်တို့ရွာကလူများ လှည်းများဖြင့် စ နွားကူးနံ့သာကျောင်းတော်ရာဘုရားပွဲသွားကြသည်။ ကျွန်တော်တို့မိသားစုလည်း ပါသည်။ ဘုရားပွဲ၌ ညပိုင်း ရုပ်ရှင်ရုံထဲတွင် ရုပ်ရှင်ပြသည်။ ထိုနေ့က ရုပ်ရှင်ဇာတ်ကားမှာ ကျားခင်စိန်ဖြစ်သည်။ ရုပ်ရှင်ပြ၍ အရှိန်ကောင်းတုန်း ရုပ်ရှင်ခေါင်မိုး၌ ဝါယာရှော့ဖြစ်ပြီး မီးစွဲလောင်၏။ မီးပွားများ ခေါင်မိုးပေါ်က လူကြားထဲကျမှ မီးလောင်ကြောင်း သိကြ၏။

လူအများ သေရေးရှင်ရေး လုယက်တိုးဝှေ့ ပြေးကြ၏။ တချို့ ရုံဘေးက ထရံများ ကန်ကျောက် တွန်းလှဲပြေးကြ၏။ ကျွန်တော့်အမေလည်း ကလေးပွေ့ချီ ပြေးထွက်ခဲ့၏။ ရုံအတွက် ကျွန်တော့်ကို လွတ်ကျ၍ သူများနင်းမည်စိုး၍ ကျောပေါ်က ဗန်းမော်စောင်ကြီးခွာချခဲ့ပြီး ကပျာကယာ ကောက်ပြေးခဲ့ရကြောင်း ပြောဖူးခဲ့သည်။ ကလေးတစ်ယောက် အမေ့ရှေ့က ကြောက်အားလန့်အားနှင့်ပြေးရင်း ပွဲခင်းလုံခြုံရေးရဲကင်းရှေ့တည်ထားသော ရေနွေးအိုးကြီးဝင်တိုက်၍ မှောက်လျက်လဲ ရေနွေးပူလောင်သွားကြောင်း တွေ့ရ၏။ အနီးသွားကြည့်တော့မှ အမေ့တူ ကိုစိန်သောင်းဖြစ်မှန်းသိ၍ ဘေးလူအကူအညီနှင့် တွဲမ,ပြီး လှည်းဝိုင်းခေါ်ခဲ့ရသည်။

ဦးကြီးဇနီး ဒေါ်ညိုမှာလည်း မိုးရာသီ မန်ကျည်းရွက်ခူးရင်း မန်ကျည်းပင်ပေါ်မှ ခြေချော်ပြုတ်ကျ၍ မကွေးတိုင်းဒေသကြီးဆေးရုံကြီးပေါ်တက်ပြီး အတွင်းလူနာအဖြစ် (၄) လခန့် ဆေးကုသမှု ခံယူခဲ့ရသည်။ သေကံမရောက် သက်မပျောက်ခဲ့ပါ။

ဤသည်တို့ကား ကျွန်တော် လက်လှမ်းမီသမျှ တင်ပြခြင်းသာ ဖြစ် သည်။ အခြားအတွေ့အကြုံများလည်း ထိုနည်းလည်းကောင်းပင်။ စာရှည်မည် စိုး၍ အနည်းအကျဉ်းမျှသာ ရေးသား ခြင်း ဖြစ်သည်။

ဘုရားဟော ဒေသနာတော်အရ အကြောင်းကြောင့် အကျိုးဖြစ်သည်။ အကြောင်းမကောင်းက အကျိုးမကောင်း၊ ကောင်းတာလုပ်ရင် ကောင်းကျိုးရမည်၊ မကောင်းတာလုပ်ရင် မကောင်းကျိုး ခံစားရမည်။ အကြောင်းကင်း၍ အကျိုး မဖြစ် ဆိုသောစကားကို အကြွင်းမဲ့ ယုံကြည်ပါသည်။

သို့သော် အကြောင်းတိုက်ဆိုင်၍ လား၊ ခိုက်သည်လား ဆိုသည်ကို တွေ့ ကြုံဖူးသူတိုင်း သိကြမည်။ ကျွန်တော့် အနေနှင့်တော့ သားလေးယောက် အလောင်းထမ်း ဆိုသော စကားကို ကြည့်ရမလိုလို။

အောင်သိန်းဝင်း (မြ



www.burmeseclassic.com

www.burmeseclassic.com

...တစ်ချိန်က တကယ်ဖြစ်ခဲ့ပါသည်။ ...အချိန်အားဖြင့် တိတိကျကျဆိုရ... -

၁၉၅၆ ခု၊ ဩဂုတ်လ လဆန်းစ ...ဖြစ်၏။ အမှတ် (၁၂၆)၊ မဥ္ဇူလမ်း ...ကိုရှိ နာမည်ကျော် ဗေဒင်ဆရာ ...နားဆရာဦးသန်းမောင်၏ ဗေဒင် ...ခန်းသို့ စာရေးဆရာ ရန်အောင် ...ရောက်လာသည်။

ဆရာရန်အောင်က ခရီးရောက် ...တွင် -

"ကျွန်တော် သေမယ့်နှစ်ကို ...ဖြစ်နေလို့ပါဗျာ။ လမ်းကြုံလို့ ...တာပါ။ ကျွန်တော် သေမယ့်

သို့ မျက်စိလည်လမ်းမှားပြီးရောက်လာသည့်အခါတိုင်း ဆရာရန်အောင်က သူ၏သေရေးရှင်ရေးပြဿနာကို အမြဲဆွေးနွေးလေ့ရှိသောကြောင့် ဤတစ်ကြိမ်မှာလည်း ဤပြဿနာကိုသာ စကားပလ္လင်ခံပြီး ဆွေးနွေးလေတော့သည်။

"မနုရောက် စနေကို ဟောတာပါ။ အခုမှ စနေဗြိစ္ဆာရောက်သေးတယ် ဆရာ။ မသေချင်ပါနဲ့ဦး"

ဟု ပျဉ်းမနားဆရာ ဦးသန်းမောင်က ခပ်ပြုံးပြုံးနှင့် ပြန်ပြောလိုက်သောအခါ-

"ဟုတ်လား၊ ကျွန်တော်က စနေဗြိစ္ဆာအရောက်ကို ဟောသလားလို့

လို့သာ ယူဆနိုင်ပါတယ်။ သေတာတတော့ ဇာတာရှင်ရဲ့အခြေအနေအရပေါ့။ ဇာတာဂြိုဟ်ရယ်၊ ဂြိုဟ်နေအကောင်း၊ အဆိုးကိုလည်း ချိန်ဆရပါသေးတယ်။ ကျွန်တော် အကြံပေးချင်တာက ဥပါဒါန်ကြောင့် ဥပဒ်ရောက်တော့ မဖြစ်ပါစေနဲ့။ မနု စနေကို မစွဲလမ်းစေချင်ဘူး။ သေတတ်တဲ့အချိန်အခါမျိုး ကြုံလာရင် မသေအောင် ကြိုးစားကာကွယ်ဖို့ပဲ ရှိတယ်"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ရှင်းပါတယ်၊ ရှင်းပါတယ်"

# ဗေဒင်ဝိဇ္ဇာ ပျဉ်းမနားဆရာဦးသန်းမောင် နှင့် စာရေးဆရာရန်အောင်

တိုးထက်



...ချိန်ကာလ ဗြိစ္ဆာကို စနေရောက်လား၊ ...ရောက်မှလား"

ပျဉ်းမနားဆရာဦးသန်းမောင်ထံ ...လွန်ခဲ့သည့် (၅) နှစ်ခန့်က ဆရာ ...အောင် ရောက်လာပြီး သူသေမည့် ...ကို အတိအကျဟောရန် ပြောဖူး ...ဖြင့် ထိုစဉ်အခါက ဗေဒင်လက္ခဏာ ...ဟောစာတမ်းတစ်စောင်ကို ပျဉ်းမနား ...ဆရာ ဦးသန်းမောင်က ရေးပေးခဲ့ပြီး ဖြစ် ...သည်။ ဆရာရန်အောင်လက်ထဲရှိ ...သက်လမ်းကြောင်းကို ဖြတ်သွားသော ...နေငယ်တစ်ခုနှင့် ဗြိစ္ဆာလဂ်၏ ၂-တန့် ...လက်ယာစတု ရောက်သောအခါ ...၏ ၈-တန့် မရဏာအိမ်ကို သမသတ် ...ချိန်နှင့် ညှိနှိုင်းပြီး အသက် (၅၄) ...ဟုတ် (၅၅) တွင် သေတတ်သည်ဟု ...ဟောစာတမ်းရေးပေးခဲ့ရာ သေရမည်ကို ...စိတ်ကူးယဉ်နေသော ဆရာရန်အောင် ...သည် ဗေဒင်ဟောချက်အရ သူသေမည့် ...ကို ယိုးမယ်ဖွဲ့ပြီး စာလုပ်ရေးလာ ...သည်မှာ မကြာခဏပင် ဖြစ်၏။ သူ ...သေမည်ကို အကြောင်းပြုပြီး ဝတ္ထု ...ဆောင်းပါးများ ရေးဖွဲ့ခဲ့သည်မှာလည်း ...မြောက်အမြားရှိပေပြီ။

ပျဉ်းမနားဆရာဦးသန်းမောင်ထံ

သံသယဖြစ်နေတာ။ ဆရာ့ဟောစာတမ်းကိုလည်း ပြန်မရှာအားပါဘူး။ ဘယ်ထားမိမှန်းမသိဘူး။ ဒါဖြင့် ကျွန်တော် မသေသေးဘူးပေါ့"

ဟု ပြုံးပြုံးရွှင်ရွှင်နှင့်ပင် ပြန်၍ငေါ့သည်။

"ဟုတ်ကဲ့၊ မနုကို စနေ မရောက်သေးပါဘူး"

"မနုကို စနေ ဘယ်တော့ရောက်မလဲ။ နီးပြီလား"

"တစ်နှစ်ကျော် လိုပါသေးတယ် ဆရာ။ ၁၃၁၉ ခု၊ တပို့တွဲလဆုတ် ၅ ရက်နေ့မှရောက်ပါလိမ့်မယ်။ ခုနှမှာ (၂) နှစ်၊ (၆) လ ကြာဦးမယ်"

"ဒါနဲ့ တစ်ချိန်က ဒီလိုပြောတယ်။ စနေဟာ နှစ်ပေါင်း (၃၀) တစ်ကြိမ် အစီးအမြင်ကြုံတတ်တာမို့ အသက်(၉၀) နေရတဲ့လူဆိုရင် သေဘေးက (၃)ကြိမ် လွတ်ခဲ့ပြီလို့ ယူဆရမှာပေါ့"

"ဟုတ်ပါတယ်။ ဟုတ်သားပဲ"

"ဒီလဆိုရင် မရဏာအိမ်ကို စနေ အစီးအမြင်ကြုံတိုင်းသေမယ်လို့ တထစ်ချ မဟောနိုင်ဘူးပေါ့"

"မဟောနိုင်ပါဘူး။ သေမယ်လို့ တထစ်ချ မဟောနိုင်ပါ။ သေတတ်တယ်

ငှင်းနောက် သူတို့နှစ်ဦး ဟိုစကား ဒီစကားများကို စပ်မိစပ်ရာ အချီအချ ပြောကြဆိုကြပြီး နာရီဝက်ခန့်ကြာသော အခါ ဆရာရန်အောင်သည် ရယ်မောကြည်နူးရင်း ထွက်ခွာသွားလေသည်။

❑

၁၉-၈-၅၆ ခု၊ နံနက် (၉) နာရီတွင် ပျဉ်းမနားဆရာဦးသန်းမောင်သည် သူ၏အလုပ်ခန်းသို့ ရောက်လျှင်ရောက်ချင်းပင် ဘေးအခန်းမှ မိတ်ဆွေက ဦးသန်းမောင်အား ဇာတာတစ်စောင် လှမ်းပေးရင်း -

"မနေ့ညနေက လူတစ်ယောက်လာပြီး ဇာတာတစ်စောင်ပေးသွားတယ်"

"ဘယ်သူလဲ။ ဘယ်တော့လာယူမယ်ပြောတုံး။ ဟောစာတမ်းရေးဖို့လား"

"ဟုတ်ကဲ့ ဆရာ၊ ဘယ်သူမှန်းတော့ မသိဘူး။ နားလေးတဲ့လူက ပေးသွားတယ်လို့သာ ပြောလိုက်ပါလို့ ပြောသွားတယ်"

"ဒါဆို စာရေးဆရာ ရန်အောင် ဖြစ်ပါလိမ့်မယ်။ ဒီပြင် ဘာပြောသွားသေးတုံး"



www.burmeseclassic.com

www.burmeseclassic.com

"ဇာတာရှင်ရဲ့ သေမယ့်နှစ်ကို သိချင်တယ်လို့ ပြောသွားတယ် ဆရာ"

ဇာတာလာပေးသွားသူမှာ ဆရာရန်အောင် ဟုတ်၊ မဟုတ်ကို ပျဉ်းမနားဆရာဦးသန်းမောင်လည်း အတပ်မပြောနိုင်ပါ။ သို့သော် နားလေးနေသူဆိုသဖြင့် သူသာဖြစ်လိမ့်မည်ဟု တွေးထင်မိသည်။ ဇာတာကိုကြည့်တော့ ဇာတာရှင်မှာ ယောကျ်ားဇာတာလည်း မဟုတ်ပေ။ မိန်းမဇာတာ ဖြစ်နေသည်။ ဖွဲ့ထားသော ဇာတာခပ်ဟောင်းဟောင်းကို ပျဉ်းမနားဆရာဦးသန်းမောင်က ဖတ်ကြည့်ပြီး အောက်ပါအတိုင်း သူ၏ ဗေဒင်မေးလက်ခံစာအုပ်ထဲတွင် ရေးသွင်း မှတ်ထားလိုက်ပါသည်။

၁၂၅၃ ခု၊ နယုန်လဆန်း ၂ ရက် တနင်္လာနေ့ နံနက် (၄) ချက်တီးကျော်၊ ၄ နာရီ ၃ ပါဒ် ၁၄ ဗီဇနာ ၂ ပြန် ၈ ခရာ မေထုန်သိဟ်စန်းလက်စီး နက္ခတ် ၅ လုံး ၂ ပါဒ် ၂၂ ယဋ္ဌိ ၈၅ ဝိယဋ္ဌိ ၃၀ အနုယဋ္ဌိ ၃၁ ဖဝါး (မချစ်စိန်) (မချစ်စိန်၏ဇာတာ)

ဇာတာအပ်သူသည် ရက်ချိန်းအတိအကျမပေးခဲ့ချေ။ (၂) ရက်၊ (၃) ရက်အတွင်း လာယူမည်ဟုသာ သိရသည်။ သို့အတွက် (၃) ရက်အတွင်း ပျဉ်းမနားဆရာဦးသန်းမောင်၏ ရေးပေးလေ့ရှိသော ဟောစာတမ်းမူအတိုင်း စီးပွားရေး၊ ပေါင်းသင်းရေး၊ အလုပ်အကြံအစည်၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ ဘေးရန်ခရီးနှင့် ယတြာကို နံပါတ်စဉ်ပြီး ရေးထားလိုက်လေသည်။ သို့သော် ဇာတာအပ်ထားသူသည် ဟောစာတမ်းကို (၁) လ၊ (၂) လ၊ (၃) လ၊ (၄) လထား၍ (၅) လ၊ (၆) လကြာသည့်တိုင်အောင် လာမယူခဲ့ချေ။ ထိုဇာတာအပ်သွားသူ၏ ပုဂ္ဂိုလ်ကိုလည်း မသိရသေး။ ထိုအချိန်က ပျဉ်းမနားဆရာဦးသန်းမောင်သည် ရန်ကုန်တွင် တစ်လခန့်သာ အလုပ်လုပ်ပြီး ရမည်းသင်းသို့ ခေတ္တပြန်လေ့ရှိရာ ရမည်းသင်းသို့ လေးခေါက်ပြန်ပြီးသည့်အချိန်အထိ ထိုဟောစာတမ်းကို အပ်သူက မရွေးသေးသဖြင့် ရန်ကုန်သို့ ပြန်ရောက်လေတိုင်း ဘေးအခန်းသို့ အပ်ထားသော ဟောစာတမ်းကို ပြန်ယူပြီး သိမ်းထားရ၏။ သို့နှင့်ပင် (၈) လခန့်ကြာသွားခဲ့သည်။ ကေန္တ အဓိပ္ပာယ်ဟောစာတမ်း လာအပ်သူသည် ဆရာရန်အောင်ပင် ဖြစ်လိမ့်မည်ဟု ဦးသန်းမောင် မှတ်ချက်ချထားလိုက်တော့သည်။

၂၂-၄-၅၇ နေ့တွင် စာရေးဆရာရွှေတည်လျှောင်သည် ဦးသန်းမောင်ထံ အ ·ရေးတကြီး ရောက်လာပြီး မြဝတီမဂ္ဂ ·င်း အယ်ဒီတာတစ်ဦး၏ ဇာတာကို ဟောစာတမ်းရေးပေးရန် လာအပ်သည်။ ဆရာရွှေတည်လျှောင် မပြန်မီ ဦးသန်းမောင်က-

"ဆရာရန်အောင်ကိုတွေ့ရင်ပြောလိုက်စမ်းပါဗျာ။ အပ်ထားတဲ့ဟောစာတမ်း လာယူပါဦးလို့"

ဟု အမှာတ်တရမှာလိုက်သည်။

ဟော. . . သူလာပါပြီ။

နောက်တစ်နေ့ ဩဂုတ်လ ၂၃ ရက်နေ့ နံနက် (၁၁) နာရီ (၄၅) မိနစ်၌ စာရေးဆရာရန်အောင်တစ်ယောက် ပျဉ်းမနားဆရာဦးသန်းမောင်ထံ ရောက်လာပါပြီ။

"ဘယ့်နှယ်- ဟောစာတမ်းအပ်ထားပြီး ဆရာ ဘာပြုလို့ လာမယူတုံး။ စာတွေသိပ်ရေးနေတယ်ထင်တယ်"

"စာရေးတာလည်း ရေးတာပေါ့ ဆရာရယ်။ ကျွန်တော် ဆရာ့ဆီကိုလာပါတယ်။ ကျွန်တော်လာတိုင်း တံခါးပိတ်ထားတာတွေ့ရလို့ မဝင်ရတာပါ"

"ဩော်- ဒီလိုလား။ ကျွန်တော့်မှာ ဆရာ့ဇာတာနဲ့ ဟောစာတမ်း မပျောက်အောင် သတိထားပြီးသိမ်းနေရပါတယ်"

ယင်းသို့ပြောရင်း ပျဉ်းမနားဆရာဦးသန်းမောင်က စားပွဲအံဆွဲထဲတွင် သေချာစွာသိမ်းထားသော ဇာတာနှင့်ဟောစာတမ်းကို ထုတ်ပေးလိုက်ရာ ဆရာရန်အောင်သည် စာအိတ်ကိုဖွင့်ပြီး ဟောစာတမ်းကိုအနည်းငယ်ဖတ်ကြည့်သည်။ ပြီးနောက်-

"ဟော- ဟော ဆရာ၊ စာရေးဖို့အတွက်တော့ ပေါ်ပြန်ပြီ။ ဆရာ့ဟောစာတမ်း ဆရာပြန်ဖတ်စမ်းပါဦး။ နံပါတ် (၄) ကျန်းမာရေးကို ဖတ်ပါ"

ဟု ပြောရင်း ဟောစာတမ်းအား ဦးသန်းမောင်ထံ ပေးသဖြင့် ဦးသန်းမောင်လည်း သူ့အဟောကို သူပြန်ဖတ်ရာ ဗေဒင်ကို အခြေခံမူနှင့် ဟောထားသော ပျဉ်းမနားဆရာဦးသန်းမောင်အဖို့ အောက်ပါအတိုင်း အံ့ဩဖွယ်ထွက်သော အရေးအသားကို တွေ့ရပါသည်။

"၄။(ကျန်းမာရေး) မေထုန်လဂ်၏ ၈-တန့် မရဏအိမ်ကို ကောဇာ စနေကြိုဟ်သည် ၃-တန့်အမြင်နှင့် အထူးမြင်နေပေရာ ၁၃၁၉ ခု၊ တပို့တွဲလဆုတ် ၅ ရက်နေ့သို့ ရောက်ပါမှလွတ်မည်။ဤအတွင်း ကျန်းမာရေးစိတ်မချရချေ။ ရောဂါဥပဒ်ဘေးကြုံတတ်သဖြင့် သက်အားကို သတိပြုရပေ စသည် ဖြစ်၏။

ပျဉ်းမနား ဆရာဦးသန်း သည် ၎င်းအဟောကို အသံထုတ် ဖတ်ပြရာ ဆရာရန်အောင်က-

"ဆရာက ရောဂါဥပဒ် အ ဘေးကို ဟောတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ဇာတာရှင်ဟာ ကဆုန် တည်းက ဗုဒ္ဓဂယာကို ဘုရားဖူးအ လမ်းခရီးမှာ ဝမ်းရောဂါနဲ့ သေဆုံး ဆရာရဲ့"

"ဗျာ - ဟုတ်လား"

ပျဉ်းမနားဆရာဦးသန်းမောင် ဩသွားသည်။

"ဆရာနဲ့ ဘာတော်တုံး"

"ဘာမှမတော်ပါဘူး။ ဆရာ ဟောမလဲဆိုတာ သိချင်လို့ ဇာတာ သေပြီး (၂) လနီးပါးကြာမှ ဗေဒင် မေးတာပါ။ အခု ဆရာဟောတာ နေပြီ မဟုတ်လား။ အဲဒီဇာတာရှင် သမီးဟာ အမျိုးသမီးကလောင်ရှင် ရေးဆရာမကြည်ဦးရဲ့မိခင် စာရေး နန်းညွန့်ဆွေရဲ့ယောက္ခမပေါ့ ဆရာ"

ဟု အဖြစ်မှန်ကို ဖော်ကောင် ကာ ဟက်ဟက်ပက်ပက်ရယ်နေ တော့သည်။

"ဆရာ့နှယ်၊ ဖြစ်မှဖြစ်ရလေ ဒီလိုမှန်း အစကတည်းက ကြို ထားရရင် ဒီဇာတာရှင် မရှိတော့ မရေးရပါလားဗျာ"

ဟု ပျဉ်းမနားဆရာဦးသန်း က စိတ်မကောင်းစွာပြန်ပြောလေ ကွယ်လွန်သူဇာတာရှင်မှာ စာရေး ကြည်ဦး၏မိခင်ဖြစ်သဖြင့် ယနေ့ ရှင်တော် ဇာဂနာ (ကိုသူရ) ၏အ ဖြစ်ပေသည်။

၎င်းနောက် ဆရာရန်အောင် ဟောစာတမ်းအတွက် ငွေဆယ်တ ချပ် ထုတ်ပေးသည်။ ပျဉ်းမနားဆ သန်းမောင်က မပေးပါနှင့်ဟုတား

"မဟုတ်ပါဘူး၊ ယူပါ။ ကျွန် က ပညာကို ချီးကျူးတာပါ။ ကျွန် က ပေးတာလည်း မဟုတ်ပါဘူး တော့်တပည့်က ပေးတာပါ"

ဟု ပြောပြီး ဆရာရန်အောင် အတင်းပေးသည်။

ပျဉ်းမနားဆရာဦးသန်းမောင် ဆရာရန်အောင် ချီးမြှင့်သော ဆယ်ကို နောက်ဆုံးတွင် လ ခံလို



www.burmeseclassic.com

www.burmeseclassic.com

### အောင်သိန်းဝင်း(ပွင့်ဖြူ)

# ပရိတ်ရွတ်အာမိန့်ပြန်တမ်း

အောင်လံမြို့နယ် သံချိုက်ရွာဦး ကျောင်းဆရာတော် ဦးတိလောကာ၏ ပရိတ်ရွတ်ပြီး အမိန့်ပြန်တမ်းမှာ ထူးထူး ခြားခြားရှိသည်။ ဌာန်ကုန်သည်။ မာန်ပါ သည်။ အာဂအာသံပြင်းသည်။

ကျွန်တော်သည် နှစ်ဦးပရိတ်၊ အိမ်တက်ပရိတ် အတော်များများ နာဖူး သည်။ သို့သော် ဦးတိလောကလောက် သည့်စုံဟု ထင်သည်။ ဦးတိလောက သည် ရှေးဆရာတော်ကြီး ဖြစ်သည့် အလျောက် ပရိတ်ရွတ်ဖတ်ရာတွင် ပါဠိ ကျင်သား မှန်ကန်သည်။ အသံထွက်ပီသ သည်။ ပုဒ်ဖြတ်ပုဒ်နဟုတ်သည်။

ပရိတ်ရွတ်အပြီး ကမ္မဝါမဖတ်မီ ဆရာတော်၏ အမိန့်ပြန်ပုံမှာ-

"ဤအိမ်၌ဖြစ်စေ၊ အိမ်ဥပစာ၌ ဖြစ်စေ၊ အိမ်အရံ၌ ဖြစ်စေ၊ အိမ်အရှေ့၊ အိမ်အနောက်၊အိမ်တောင်၊အိမ်မြောက် ၌ ဖြစ်စေ၊ လူတို့ဆောက်လုပ်ထားအပ် သော ထုပ်၊ လျောက်၊ ဒိုင်း၊ မြား၊ တိုင် ဝင်၊ သွပ်ပြား၊ အင်္ဂတေ၌ ဖြစ်စေ၊ လူတို့သုံးဆောင်သော ခုတင်၊ ညောင် စောင်း၊ ခေါင်းပေါင်း၊ ခေါင်းအုံး၊ မွေ့ရာ၊ စောင်၊ ခြင်ထောင်၊ ကန့်လန့်ကာ၌ ဖြစ် သော လူကို မူးအောင်ဝေအောင်၊ ဖျားနာ အောင်၊ ခေါင်းကိုက်အောင်၊ နှလုံးတုန် လှုပ်အောင်ပြုတတ်သော အစိမ်း၊ သရဲ၊ သင်းကွဲပြိတ္တာ၊ တစ္ဆေ၊ မြေဖုတ်၊ ဘီလူး၊ ဂန္ဓဗ္ဗနတ်မိစ္ဆာများရှိတာ အိမ်ရှင်မိသားစု နှင့်တကွ ယနေ့ကြွရောက်လာကြကုန် သော တရားနာပရိသတ်တို့က ရှိတာကို နှစ်သက်သလား၊ မရှိတာကို နှစ်သက် သလား"

သုံးကြိမ်မေး၍ သုံးကြိမ် ဖြေရ သည်။

"မရှိတာကို နှစ်သက်ပါတယ် ဘုရား"

ပြီးက -

"ဤအိမ်၌ရှိကုန်သောသူတို့သည် အလျှအတန်းကုသိုလ်ကောင်းမှု အမြဲပြု ၏။ ၎င်းရှင်တို့သည် လူသူတော်ကောင်း တို့နှင့် တစ်ဝန်းတစ်ရံတည်း။ တစ်အိမ် တည်း မနေအပ်။ ဤအိမ်၌ရှိသူတို့က သဘောမတူ မနှစ်သက်။ တရားနာရန် ကြွရောက်လာကြသော တရားနာပရိ သတ်တို့ကလည်း သဘောမတူ မနှစ် သက်။ ယခုကြွရောက်လာကြကုန်သော သံဃာတော်များကလည်း သဘောမတူ မနှစ်သက်။ သို့အတွက်ကြောင့် အရပ် (၄) မျက်နှာကို အစိုးရသော ဓတရဋ္ဌ၊ ဝိရုဠှက၊ ဝိရူပက္ခ၊ ကုဝေရ၊ ဟူ ဆိုအပ် သော နတ်မင်းကြီး (၄) ပါးထံ သင့်တင့် လျောက်ပတ်သောနေရာကို တောင်းခံ ၍ ထိုအရပ်၌နေခြင်းငှာ သင့်၏။ ၎င်းရှင် တို့သည် ချမ်းသာစွာနေစေ။ ဘုရား အမိန့်၊ တရားအမိန့်၊ သံဃာအမိန့်။

ဤသံဃာတော်များရွတ်ပြီး၊ ရွတ် ဆဲ၊ ရွတ်လတ္တံ့သော ပရိတ်တရား ကမ္မ ဝါစာအပေါင်းတို့သည် ဤပရိတ်ချည်၊ ပရိတ်ဆီ၊ ပရိတ်သဲ၊ ပရိတ်ဂန်း၌ ကိန်း အောင်းပါစေသတည်း။ မွှေ့လျော်ပါစေ သတည်း"

ဟု ယပ်နှင့်ရိုက်၍ သုံးကြိမ်သုံးခါ ဆိုပါသည်။ ပြီးက ပဋ္ဌာန်း ၂၄ ပစ္စည်း နှင့် စည်းချခြင်း၊ စက်ကြီးတစ်ဆယ့်သုံး ပါးရွတ်ဆိုခြင်းများပြုသည်။

ပသို့ဆိုစေ ဆရာတော်ဦးတိလော က၏ လုပ်နည်းလုပ်ဟန်များကို ဒကာ၊ ဒကာမတို့က သဘောတူသည်၊ နှစ်ခြိုက် သည်၊ အားပေး လက်ခံကြသည်၊ ယုံ ကြည်သည်။

ယခုအချိန်၌ ဆရာတော်မှာ မရှိ ပြီ။ သက်တော် (၇၅) နှစ်၊ ဝါတော် (၅၅) ဝါတွင် ပျံလွန်တော်မူခဲ့ပြီ။

သံချိုက်ရွာ ဒကာ၊ ဒကာမများက တော့ ဆရာတော်၏အသံ၊ ဆရာတော် ၏ဟန်ကို ယနေ့တိုင် ကြားယောင် မြင် ယောင်နေဆဲပင်။

အောင်သိန်းဝင်း(ပွင့်ဖြူ)

---

ဆရာရန်အောင်ကိုကြည့်၍ ဤသို့တွေး တိုက်မိသည်။

ဪ- ဆရာရန်အောင်၊ ဆရာ ရန်အောင်၊ သူကောဇာစနေသည် ဓနု သို့ရောက်သောအခါ သူ၏ လဂ်မှ ၈- ဘာနုံ မရဏအိမ်ကို သမသတ်မြင်မိ၍ ကိုရာ ထိုအခါ သူသေမည် (အသက် အန္တရာယ်ရှိသည်) ဟု ကျွန်တော်တော သာခဲ့၏။ စနေဂြိုဟ်သွားကို သူကိုယ် တိုင် သဘောကျနေသလား မသိ။ မရ ဏအိမ်ကို စနေမြင်သဖြင့် သေဆုံးပြီး သောဇာတာရှင်ကို သေတတ်သည်ဟု ကျွန်တော် ဟောဆိုမည့် အရေးအသား ကို သူဖတ်ချင်သဖြင့် ငွေတစ်ဆယ်တင် ပြီး မေးကြောင်း ထင်ရှားနေပေသည်။ ဟုတ်ပါသည်။ ဇာတာရှင်သည် ၁၉၅၆ ခု၊ မေလထဲတွင် သေဆုံးပြီး ဖြစ်သည်။ ဆရာရန်အောင်သည် ဇူလိုင်လ ၁၈ ရက် နေ့တွင် ကျွန်တော့်ထံသို့ သေပြီးသူ ၏ဟောစာတမ်း ရေးပေးရန် တောင် ဘက်ခန်းသို့ တစ်ဆင့် ဇာတာကို ပေး သွားပြီး ၁၉၅၇ ခု၊ ဧပြီလ ၂၃ ရက် နေ့မှ ဟောစာတမ်းကိုလာယူလေသည်။ ဪ- စာရေးဆရာပီသသော စာရေး ဆရာပါကလား။

ပျဉ်းမနားဆရာဦးသန်းမောင်သည် အထက်ဖော်ပြပါ အဖြစ်အပျက်ကို ၁၉၅၈ ခု၊ နိုဝင်ဘာလထုတ် မြတ်ရတနာ စာစောင်တွင် 'ဆရာရန်အောင်ထံမှ ဇာတာတစ်ခု' ဟူသော အမည်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ပါသည်။ သူရေးသောဆောင်းပါး၏နိဂုံးတွင်-

"ကျွန်တော့်အား စာရေးကွက်ပေး သွားသော ဆရာရန်အောင်သည် ကျွန် တော်၏ 'ဆရာရန်အောင်ထံမှ ဇာတာ တစ်ခု' ဆောင်းပါးကို ဖတ်ရသောအခါ အဘယ်မျှ ဝမ်းမြောက်ကြည်နူးပြီး ကျွန် တော့်ထံ အမြန်ရောက်လာဦးမည်ကို မြင်ယောင်သေးတော့သည်"

ဟူ၍ ဖြစ်သတည်း။

တိုးထက်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်စိုးသု (B.Sc)

# ပေးဝေခြင်း၊ ပေးချေခြင်း တတ်ရိုက်၊ တတ်ဆင်ပညာ



၂၀၀၈ ခုနှစ်၊ ဧပြီလထုတ် သူရဇ္ဇမဂ္ဂဇင်းမှာ ဆရာဒလမင်းခေါင် ရေးခဲ့တဲ့ 'နဝင်းပညာရပ်၏ အယူအဆသဘောတရားများဆောင်းပါး'နဲ့ သူရဇ္ဇမဂ္ဂဇင်း (၉)နှစ်ပြည့်အထူးထုတ်မှာ 'ဆောင်ပန်း၊ နှင်းကြမ်း၊ အညွန့်၊ အခက်၊ ချည်မန်းကွင်းနှင့် ပြီးပြည့်စုံသော နဝင်းယတြာ' ဆိုပြီး နဝင်းနဲ့ပတ်သက်လို့ ပြည့်ပြည့်စုံစုံ ရေးသား တင်ပြခဲ့ပါတယ်။ ကျွန်မလည်း ဆရာ့ထံမှာ နဝင်းပညာနဲ့ ပတ်သက်ပြီး တော်တော်များများ လေ့လာသင်ယူခဲ့ပါတယ်။ နဝင်းထိုင်ခြင်းအကျိုးကျေးဇူးက များလှပါပေတယ်။ ဒါ့အပြင် နဝင်းဆောင်ရွက်ပေးတဲ့ဆရာက ကိုယ်ကျင့်တရားကောင်းရင် ပိုလို့အစွမ်းထက်ပါပေတယ်။ လူတစ်ယောက်မှာ နဝင်း (၉) လုံးရှိကြောင်း ဆရာရေးသားခဲ့ပါတယ်။ ပြန်လည်တင်ပြမယ်ဆိုရင် -

**ပထမနဝင်း (၃) လုံး ဆိုတာ -**

၁။ နေ့စဉ်အစားအစာ၊

၂။ နေ့စဉ်ဝမ်းမှန်မှန်သွားတာ၊

၃။ နေ့စဉ်ဆီးမှန်မှန်သွားတာ၊

**ဒုတိယ နဝင်း (၃) လုံး -**

၁။ စားရန်၊ သောက်ရန် ရှိရမယ်။

၂။ အိုးအိမ်အဆောက်အဦးအိပ်ရန်နေရာရှိရမယ်။

၃။ ဦးစီးဦးဆောင်မှုရှိရမယ်။

**တတိယ နဝင်း (၃) လုံး -**

၁။ ကျေးဇူးပြုနိုင်ရမယ်၊ ကျေးဇူးဆပ်နိုင်ရမယ်။

၂။ ပူးတွဲရာ လူအများရဲ့ အကျိုးကိုပြုရမယ်။

၃။ ကိုယ်ကျိုးရှိမှု၊ ကိုယ်ကျိုးပြုမှုရှိရမယ်။

သာမန်လူတွေကတော့ ပထမနဝင်းနဲ့ ဒုတိယနဝင်း (၆) လုံးသာရှိမယ်။ မဟာလူသားဖြစ်ရင်တော့ နဝင်း(၉)လုံးရှိမယ်လို့ ဆရာက ရေးသားခဲ့ပါတယ်။

နဝင်းပညာရပ်အယူအဆမှာတော့ နဝင်း (၃) မျိုး ရှိပါတယ်။ (၁) အပြင်နဝင်း၊ (၂) အတွင်းနဝင်း၊ (၃) စိတ်နဝင်းတို့ ဖြစ်ပါတယ်။

အပြင်နဝင်း ဆိုတာကတော့ [illegible] နဝင်းကို ခေါ်တယ်။ ချည်မန်းကွင်း [illegible] ကွင်းနဲ့-နဝင်းထိုင်ခြင်းကို အပြင် န[illegible] လို့ခေါ်တယ်။ အပြင်နဝင်းအကြောင်း[illegible] ဆရာက သူရဇ္ဇမဂ္ဂဇင်း (၉) နှစ်[illegible] အထူးထုတ်မှာ မခြွင်းမချန် ရေးသာ[illegible] ပါတယ်။ အတွင်းနဝင်းလို့ခေါ်တဲ့ ပေး[illegible] ခြင်း၊ပေးချေခြင်းအကြောင်းကို ရေး[illegible] တင်ပြလိုပါတယ်။ နဝင်းနဲ့ ပတ်သ[illegible] ဆရာ့ထံမှသင်ယူခဲ့တာတွေကို တင်[illegible] ပြန်လည်ကာ ဉာဏ်မီသလောက် [illegible] သလောက် စာဖတ်ပရိသတ်သိအေ[illegible] ရေးသားရခြင်း ဖြစ်ပါတယ်။ ပေးဝေ[illegible] ပေးချေခြင်းပညာရပ်မှာလည်း လူ[illegible] အလွယ်တကူ ဆောင်ရွက်နိုင်တဲ့ [illegible] ဖြစ်ပါတယ်။ တကယ် အကျိုးကျေ[illegible] လည်း ခံစားရမှာ ဖြစ်ပါတယ်။ [illegible]

| အကြွင်း | နေ့သား/သမီး | အဖွား | ဘုရားလှူရန်၊ ဆောင်ရန် ပန်း၊ အညွန့် | ဘုရားလှူရန်၊ အများကျွေးရန် အစားအစာပေးဝေခြင်း | မိမိကိုယ်တိုင်စား[illegible] ပေးချေခြင်း |
|---|---|---|---|---|---|
| တနင်္ဂနွေသားသမီးများ | | | | | |
| ၁ ကြွင်း<br>၂ ကြွင်း<br>၄ ကြွင်း | တနင်္ဂနွေ<br>တနင်္ဂနွေ<br>တနင်္ဂနွေ | ဘင်္ဂဖွား<br>အထွန်းဖွား<br>အဓိပတိဖွား | သီဟိုဠ်ညွန့်၊သီးညွန့်<br>သီဟိုဠ်သား၊<br>သီးသားအရွက် | သီဟိုဠ်စေ့၊ သဘော်သီး၊<br>သရက်သီး၊ သံပရာရည် | ဆီးသီး၊ ဆီးဖျော်ရည်<br>စမူဆာ၊ စတော်ဘ[illegible]<br>ဆီကြော်မုန့် |
| ၆ ကြွင်း<br>၀ ကြွင်း | တနင်္ဂနွေ<br>တနင်္ဂနွေ | သိုက်ဖွား<br>ပုတိဖွား | မေမြို့၊ ပျဉ်းမ<br>ညွန့်၊ အရွက်၊<br>အသား | ပေါင်မုန့်၊ ပေါက်စီ<br>ပန်းသီး၊ ပေါက်ပေါက် | လိမ္မော်ရည်၊ လိမ္မော်<br>သီး၊ ရှောက်သီးသုပ်<br>ရေခဲမုန့်၊ လက်ဖက်[illegible] |
| ၃ ကြွင်း<br>၅ ကြွင်း | တနင်္ဂနွေ<br>တနင်္ဂနွေ | ရာဇဖွား<br>မရဏဖွား | ကံ့ကော်၊ ငွေပန်း | ကိတ်မုန့်၊ ကျောက်ကျော<br>ကြံရည်၊ ကြာဆံကြော်<br>ကော်ဖီ | ဒံပေါက်၊ ဒိန်ချဉ်၊<br>နွားနို့၊ နာနတ်သီး[illegible]<br>ထောပတ်သီး၊ ထမင်း[illegible] |



www.burmeseclassic.com

www.burmeseclassic.com

မွေးနံအထက်(၃)လုံးနဲ့ မဟာဘုတ်နဲ့ ညှိပြီး အထက် (၃) လုံးကို ဘုရားလှူ၊ အများကို ပေးဝေ၊ အောက် (၃) လုံးကို မိမိကိုယ်တိုင်စား ပေးချေခြင်း ပြုရပါမယ်။ မွေးနံအောက် (၃) လုံးကို စားရင် ကျန်းမာရေးကောင်းတယ်။ အပေါ် (၃) လုံးကို မစားရဘူး။ အညွန့်အခက်ကို ဆောင်ရမယ်။နေ့သားအလိုက်၊ အကြွင်းအလိုက် အလွယ်တကူ သိရှိနိုင်ရန် ရေးသား တင်ပြလိုက်ရပါတယ်။

**ပေးဝေခြင်း၊ ပေးချေခြင်း အကျိုးပြုပုံ**

၁။ အမှုအခင်း ရင်ဆိုင်ရမည်ဆို

| အကြွင်း | နေ့သား/သမီး | အဖွား | ဘုရားလှူရန်၊ ဆောင်ရန် ပန်း အညွန့် | ဘုရားလှူရန် အများကျွေးရန် အစားအစာပေးဝေခြင်း | မိမိကိုယ်တိုင်စားရန် ပေးချေခြင်း |
|---|---|---|---|---|---|
| **တနင်္လာသားသမီးများ** | | | | | |
| ၂ ကြွင်း<br>၃ ကြွင်း<br>၅ ကြွင်း | တနင်္လာ<br>တနင်္လာ<br>တနင်္လာ | ဘင်္ဂဖွား<br>အထွန်းဖွား<br>အဓိပတိဖွား | ထန်းညွန့်၊<br>ထန်းသား၊<br>ထိမ်သား | ဒံပေါက်၊ ဒိန်ချဉ်<br>နွားနို့၊ နာနတ်သီး<br>ထောပတ်သီး၊ ထန်းသီး | လိမ္မော်သီး၊ လိမ္မော်ရည်<br>ရေခဲမုန့်၊ ရှောက်သီးသုပ် |
| ဝ ကြွင်း<br>၁ ကြွင်း | တနင်္လာ<br>တနင်္လာ | သိုက်ဖွား<br>ပုတိဖွား | သီဟိုဠ်ညွန့်<br>သီးညွန့်၊ အရွက် | သီဟိုဠ်စေ့၊ သဘော်သီး<br>သရက်သီး၊ သံပရာရည် | ပေါင်မုန့်၊ ပေါက်စီ<br>ပန်းသီး၊ ပေါက်ပေါက် |
| ၄ ကြွင်း<br>၆ ကြွင်း | တနင်္လာ<br>တနင်္လာ | ရာဇဖွား<br>မရဏဖွား | ဇော်စိမ်း၊ ဇော်လုံး<br>ဆီးညွန့် | ဆီးသီး၊ ဆီးဖျော်ရည်<br>စမူဆာ၊ စတော်ဘယ်ရီ | အုန်းသီး၊ အုန်းယို<br>အာလူး၊ အုန်းရည် |
| **အင်္ဂါသားသမီးများ** | | | | | |
| ၃ ကြွင်း<br>၄ ကြွင်း<br>၆ ကြွင်း | အင်္ဂါ<br>အင်္ဂါ<br>အင်္ဂါ | ဘင်္ဂဖွား<br>အထွန်းဖွား<br>အဓိပတိဖွား | အုန်းညွန့်<br>အုန်းပန်း | အုန်းသီး၊ အုန်းယို၊<br>အာလူး၊ အုန်းရည် | ပေါင်မုန့်၊ ပေါက်စီ<br>ပန်းသီး၊ ပေါက်ပေါက် |
| ၁ ကြွင်း<br>၂ ကြွင်း | အင်္ဂါ<br>အင်္ဂါ | သိုက်ဖွား<br>ပုတိဖွား | ထန်းညွန့်<br>ထိမ်သား၊<br>ထိမ်သား | နွားနို့၊ ဒံပေါက်<br>ဒိန်ချဉ်၊ နာနတ်သီး<br>ထောပတ်သီး | သီဟိုဠ်စေ့၊ သဘော်သီး<br>သရက်သီး၊ သံပရာရည် |
| ၅ ကြွင်း<br>ဝ ကြွင်း | အင်္ဂါ<br>အင်္ဂါ | ရာဇဖွား<br>မရဏဖွား | ရွှက်လှ<br>ရွှေပန်း | လိမ္မော်သီး၊ လိမ္မော်ရည်<br>ရှောက်သီးသုပ်၊<br>လက်ဖက်သုပ်၊ ရေခဲမုန့် | ကိတ်မုန့်၊ကျောက်ကျော<br>ကြံရည်၊ ကော်ဖီ |
| **ဗုဒ္ဓဟူးသားသမီးများ** | | | | | |
| ၄ ကြွင်း<br>၅ ကြွင်း<br>ဝ ကြွင်း | ဗုဒ္ဓဟူး<br>ဗုဒ္ဓဟူး<br>ဗုဒ္ဓဟူး | ဘင်္ဂဖွား<br>အထွန်းဖွား<br>အဓိပတိဖွား | ကံ့ကော်ညွန့်၊<br>ငွေပန်း | ကိတ်မုန့်၊ ကြံရည်<br>ကျောက်ကျော<br>ကော်ဖီ | သီဟိုဠ်စေ့၊ သဘော်သီး၊<br>သရက်သီး၊ သံပရာရည် |
| ၂ ကြွင်း<br>၃ ကြွင်း | ဗုဒ္ဓဟူး<br>ဗုဒ္ဓဟူး | သိုက်ဖွား<br>ပုတိဖွား | အုန်းညွန့်<br>အုန်းပန်း | အုန်းသီး၊ အုန်းယို<br>အာလူး၊ အုန်းရည် | ထန်းသီး၊ ဒံပေါက်၊<br>ဒိန်ချဉ်၊ နွားနို့၊ နာနတ်သီး၊<br>ထောပတ်သီး |
| ၁ ကြွင်း<br>၆ ကြွင်း | ဗုဒ္ဓဟူး<br>ဗုဒ္ဓဟူး | မရဏဖွား<br>ရာဇဖွား | မေမြို့၊<br>ပျဉ်းမ | ပေါင်မုန့်၊ ပေါက်စီ<br>ပန်းသီး၊ ပေါက်ပေါက် | ဆီးသီး၊ ဆီးဖျော်ရည်<br>စမူဆာ၊ စတော်ဘယ်ရီ |



www.burmeseclassic.com

www.burmeseclassic.com

| အကြွင်း | နေ့သား/သမီး | အဖွား | ဘုရားလှူရန်၊ ဆောင်ရန် ပန်း၊ အညွန့် | ဘုရားလှူရန် အများကျွေးရန် အစားအစာပေးဝေခြင်း | မိမိကိုယ်တိုင်စားရန် ပေးချေခြင်း |
|---|---|---|---|---|---|
| **ကြာသပတေးသားသမီးများ** | | | | | |
| ၅ ကြွင်း<br>၆ ကြွင်း<br>၁ ကြွင်း | ကြာသပတေး<br>ကြာသပတေး<br>ကြာသပတေး | ဘင်ဖွား၊<br>အထွန်းဖွား၊<br>အဓိပတိဖွား | ဇော်စိမ်း၊<br>ဇော်လုံး၊<br>ဆီးညွန့် | ဆီးသီး၊ ဆီးဖျော်ရည်<br>စမူဆာ၊ စတော်ဘယ်ရီ<br>ဆီးယို | နွားနို့၊ ဒံပေါက်၊ ဒိန်ချဉ်<br>ထောပတ်သီး၊ နာနတ်သီး |
| ၃ ကြွင်း<br>၄ ကြွင်း | ကြာသပတေး<br>ကြာသပတေး | သိုက်ဖွား၊<br>ပုတိဖွား | ကံ့ကော်ညွန့်<br>ငွေပန်း | ကိတ်မုန့်၊ ကျောက်ကျော<br>ကော်ဖီ၊ ကြံရည် | အုန်းသီး၊ အုန်းယို၊<br>အာလူး၊ အုန်းရည် |
| ၂ ကြွင်း<br>၀ ကြွင်း | ကြာသပတေး<br>ကြာသပတေး | မရဏဖွား၊<br>ရာဇဖွား | သီဟိုဠ်ညွန့်<br>သီးညွန့် | သင်္ဘောသီး၊ သီဟိုဠ်စေ့<br>သရက်သီး၊ သံပရာရည် | လက်ဖက်သုပ်၊ လိမ္မော်<br>သီး၊ လိမ္မော်ရည်၊<br>ရေခဲမုန့်၊ ရှောက်သီးသုပ် |
| **သောကြာသားသမီးများ** | | | | | |
| ၆ ကြွင်း<br>၀ ကြွင်း<br>၂ ကြွင်း | သောကြာ<br>သောကြာ<br>သောကြာ | ဘင်ဖွား<br>အထွန်းဖွား<br>အဓိပတိဖွား | ရွက်လှ၊<br>ရွှေပန်း | လိမ္မော်ရည်၊ လိမ္မော်သီး<br>ရေခဲမုန့်၊ ရှောက်သီးသုပ်<br>လက်ဖက်သုပ် | အာလူး၊ အုန်းသီး<br>အုန်းယို၊ အုန်းရည် |
| ၄ ကြွင်း<br>၅ ကြွင်း | သောကြာ<br>သောကြာ | သိုက်ဖွား<br>ပုတိဖွား | ဇော်စိမ်း<br>ဇော်လုံး၊<br>ဆီးညွန့် | ဆီးသီး၊ ဆီးဖျော်ရည်<br>စမူဆာ၊ စတော်ဘယ်ရီ<br>ဆီးယို | ကိတ်မုန့်၊ ကြံရည်၊<br>ကော်ဖီ၊ ကျောက်ကျော |
| ၁ ကြွင်း<br>၃ ကြွင်း | သောကြာ<br>သောကြာ | ရာဇဖွား<br>မရဏဖွား | ထန်းညွန့်၊ ထိမ်<br>သား၊ ထန်းသား | နွားနို့၊ ဒံပေါက်၊ ဒိန်ချဉ်<br>နာနတ်သီး၊ ထောပတ်သီး | ပေါက်စီ၊ ပေါင်မုန့်<br>ပန်းသီး၊ ပေါက်ပေါက် |
| **စနေသားသမီးများ** | | | | | |
| ၀ ကြွင်း<br>၁ ကြွင်း<br>၃ ကြွင်း | စနေ<br>စနေ<br>စနေ | ဘင်ဖွား၊<br>အထွန်းဖွား၊<br>အဓိပတိဖွား | မေမြို့ပန်း၊<br>မျဉ်းမညွန့် | ပေါင်မုန့်၊ ပေါက်စီ၊<br>ပန်းသီး၊ ပေါက်ပေါက် | ကိတ်မုန့်၊ ကော်ဖီ၊<br>ကျောက်ကျော၊<br>ကြံရည် |
| ၅ ကြွင်း<br>၆ ကြွင်း | စနေ<br>စနေ | သိုက်ဖွား<br>ပုတိဖွား | ရွက်လှ<br>ရွှေပန်း | လိမ္မော်သီး၊ လိမ္မော်ရည်<br>ရှောက်သီးသုပ်၊ ရေခဲမုန့် | ဆီးသီး၊ ဆီးဖျော်ရည်<br>ဆီးယို၊ စမူဆာ၊<br>စတော်ဘယ်ရီ |
| ၂ ကြွင်း<br>၄ ကြွင်း | စနေ<br>စနေ | ရာဇဖွား<br>မရဏဖွား | အုန်းညွန့်၊<br>အုန်းပန်း | အုန်းသီး၊ အုန်းယို<br>အုန်းရည်၊ အာလူး | သင်္ဘောသီး၊ သရက်<br>သီဟိုဠ်စေ့၊ သံပရာ |

လျှင် ပေးဝေခြင်းကို ဘုရားလှူ၊ အများကိုကျွေး၊ မိမိကပေးချေခြင်းကို စားရမည်။

၂။ အကြီးအကဲ၊ ဆရာသမား၊ မိတ်ဆွေများထံမှ ချစ်ခင်မှု ကူညီမှု ရရှိရန် ပေးဝေခြင်းကို လက်ဆောင်ပေးကန်တော့ပါ။ မိမိက ပေးချေခြင်းကို စားပါ။

၃။ ပြည်တွင်း/ ပြည်ပ ခရီးသွားမည်ဆိုလျှင် ပေးဝေခြင်းကို ဘုရားလှူ၊ လူအများအားကျွေး၊ မိမိကပေးချေခြင်းကို စားရမည်။ ဘုရားကပ်ပြီးတဲ့ အစာကို မိမိမစားရ။ အိမ်သားတွေစားလို့ရသည်။ အရေးကြီးတဲ့အချက်ကတော့ ပေးဝေခြင်းကို မိမိက မစားမိစေဘဲ ပေးချေခြင်းကို သူတစ်ပါးအား မကျွေးမိပါစေနှင့်။ နဝင်းချိန်၊ ဆပွတ်ချိန် ဟူ၍ အချိန်အခါ မရွေးဘဲ လုပ်နိုင်ပါသည်။

❑

အထက်ပါဇယားကို ဖတ် ဘုရားလှူရန်၊ အများကျွေးရန် (ဆော ခြင်း)၊ မိမိကိုယ်တိုင်စား၍ (ပေးချေ တို့ကို အလွယ်တကူ သိရှိနိုင်ပြီး ထို သလို သုံးစွဲနိုင်ပါတယ်။

ဆရာကျေးဇူးအောက်မေ့

ဒေါ်ခင်စံသူ



www.burmeseclassic.com

www.burmeseclassic.com

စေစည်(ရွှေဘို)

# ရွှေလက်ခုပ် အုပ်ကာတီး

*ရွှေလက်ခုပ် အုပ်ကာတီး*
*ပျော်သီးမှည့်မှည့်စားရအောင်*
*(မြန်မာ့ရိုးရာသံချပ်)*

ငှက်ပျောသီးကို လူတိုင်းစားဖူးကြပါသည်။ ကျေးလက်တောရွာများ၏ သာမှု၊ နာမှု၊ လှူရေးတန်းရေး၊ ဒုမင်္ဂလာ၊ သုမင်္ဂလာများတွင် ငှက်ပျောသီးသည် ESSENTIAL ဟု ပြောရပါလိမ့်မည်။ တန်ဆောင်ပွဲထဲမှာ ငှက်ပျောဖီးဆိုင်၊ နတ်တင်ပြန်တော့ အုန်းပွဲ၊ ငှက်ပျောပွဲ၊ ရှင်လောင်းလှည့်အပြန်တွင် ငှက်ပျောသီးမှည့်များကို ထန်းလျှော်တောင်းထဲခွေထည့်ပြီး မောပန်းလာသော ကာလသားကာလသမီး၊ လူပျို၊ အပျိုတွေကို ငှက်ပျောသီးမှည့် ဝေငှ၏။ မောင်ရှင်လောင်းထမ်းစင်ထမ်းသူကို ငှက်ပျောသီးပို့ပြီးပေးရ၏။နွားများကို ကကြိုးတန်ဆာဆင်ပြီး ချူသံတလွင်လွင်မြည်သံနှင့် လှည်းဖြင့် အလှူလိုက်ကြသူများကို ငှက်ပျောအဖီးလိုက်ဝေကြရ၏။ ဒါကိုပင် 'ဟ-ဟို လှည်းကို ငှက်ပျောဖီးကြီးလုံးပေးပါဟဲ့' ဟု စကြနောက်ကြ၏။ အလှူမဏ္ဍပ်အတွင်းတွင် မဏ္ဍပ်အမိုးအတွင်း၌ ငှက်ပျောခိုင်များ ကြိုးဖြင့်ချည်ထား၏။ ငှက်ပျောခိုင်များနှင့်အတူ ရေအိုးများ၊ 'ကနုတ်' (ဝါးကို တစ်ထွာခန့်ဖြတ်ပြီး ချောမွေ့နေအောင်သပ်ထားသောဝါးချောင်းလေးများ)ကို အချောင်း(၅၀)ဆံ့သည့် ထန်းရွက်ကျည်တောက်ဘူးကလေးများထဲထည့်ပြီး ချိတ်ထားကြပြန်၏။ စာရေးသူ၏ အဘိုးသည် အလှူရှိတိုင်း 'ကနုတ်' ကို သူတစ်ယောက်တည်းလုပ်ပေး၏။ အဘွားက ထန်းရွက်ဖြင့် 'ကနုတ်' ထည့်သော ပလုပ်ကလေးတွေလုပ်ပေး၏။

အလှူတရားနာပြီးလျှင် ဘုန်းကြီးတစ်ပါးလျှင် ကနုတ်တစ်ဘူး၊ ရေအိုးတစ်လုံး၊ ငှက်ပျောတစ်ခိုင်ကတော့ အမြဲပါ၏။ သင်္ကန်းနှင့် နဝကမ္မသာ အလှူတစ်လှူနှင့် တစ်လှူ ကွာပေမည်။ ငှက်ပျောတစ်ခိုင်ကတော့ အလှူတိုင်းကလှူကြ၏။ တွဲဖက်အဖြစ် ကနုတ်ဘူးနှင့် ရေအိုးတစ်လုံးကလည်း ပါလိုက်သေး၏။

ယနေ့ ခေတ်မီ တိုးတက်လာကြသဖြင့် ကနုတ်ဆိုတာ ဘာလုပ်ရတာလဲဟု မေးကြရပေတော့မည်။ တစ်ရှူးပေပါလှူကြ၏။ ရေသန့်ပုလင်း၊ ဖျော်ရည်ပုလင်းတွေ အစားထိုးလာကြ၏။ ရှေးက ပရိတ် (အန္တရာယ်ကင်းပရိတ်သကြ်န်အတက်နေ့တွင် သံဃာတော်များ ရွတ်ကြပါသည်။) ရွတ်လျှင် ထန်းလျက်ခဲနှင့် မန်ကျည်းမှည့်လှူ၏။ ယနေ့တော့ ဖျော်ရည်ပုလင်းပေါ့။

စာရေးသူတို့ငယ်စဉ်က ရွှေပေါက်ပင်ကျောင်းမှ ဦးကြီးတော်သော ဘုန်းကြီး ဦးကေတုသည် အလွန်တန်ခိုးကြီး၏။ ကျမ်းပြုဆရာတော် ဖြစ်၏။ သူ့တွင် ဒုမင်္ဂလာ၊ သုမင်္ဂလာကြွလျှင် နောက်ကဖိနပ်ကိုင်ပြီးလိုက်သော ဘိုးသူတော်ပေါအိ ဆိုတာရှိ၏။ ဘုန်းကြီးက မဏ္ဍပ်ရှေ့ရောက်လျှင် ဖိနပ်ချွတ်ပြီးမှ မဏ္ဍပ်တွင်းဝင်၏။ ဘိုးသူတော်က ဘုန်းကြီးဖိနပ်ကို ကောက်ယူပြီး ခါးကြားထိုးထား၏။ အလွန်အစအနောက်သန်သော ကိုချစ်စိန်က ပေါအိကို လက်ဖက်၊ မုန့်များကျွေးပြီး ဖိနပ်တစ်ဖက်ကို အသာလေး နှိုက်ယူထားလိုက်၏။ ဖိနပ်တစ်ရန်လုံးယူတာမဟုတ်တာကြောင့်၊ နောက်ပြီး အစားငမ်းနေသောကြောင့် ဖိနပ်တစ်ဖက်ပျောက်သွားမှန်း သူမသိလိုက်ရှာပါ။

အလှူရေစက်ချတရားပြီးလျှင် ပြောသံနှင့်အတူ ဆရာတော်က သံဃာစင်ပေါ်မှ ဆင်းလာ၏။ ဘိုးသူတော်ပေါအိက မဏ္ဍပ်ပေါက်မှ စောင့်နေပြီး ဆရာတော်ကို ခါးကြားမှ ဖိနပ်ဖြုတ်ပြီး ချပေးလိုက်၏။ တစ်ဖက်တည်းပေါ့။ ဆရာတော်က -

"ဟဲ့ - ဘိုးသူတော် ဖိနပ်က နှစ်ဖက်လုံးချလေဟဲ့"

ဟု မိန့်လေသော် -

"ကိုယ်တော်၊ ကိုယ်တော်ကျောင်းက လာတုန်းကတည်းက ဒီတစ်ဖက်တည်းစီးလာခဲ့တာပါ ဘုရား"

လို့ ဇွတ်လျှောက်ပါသည်။

မနေသာတော့သော ကိုချစ်စိန်က ပြေးထည့်ပြီး သူယူထားသော ဖိနပ်တစ်ဖက်ကို ဘုန်းတော်ကြီးရှေ့ချပေးလေသော်မှ -

"အဲဗျ - ကျောင်းကျန်နေခဲ့တဲ့ ဖိနပ်တစ်ဖက်ကိုခွေးချီလာတာဖြစ်မှာပဲ"

ဆိုသဖြင့် အစအနောက်သန်သော ကိုချစ်စိန်ခမျာ ခွေးဖြစ်ရပါလေ၏။

ငှက်ပျောအကြောင်းဆက်ပါတော့မည်။ မြန်မာနိုင်ငံတွင် ငှက်ပျောမျိုးများ စွာရှိပါသည်။ ဖီးကြမ်း၊ ဆင်အံ၊ ရခိုင်၊ သီးမွှေး၊ ရွှေငှက်ပျော၊ (ရွှေနီငှက်ပျော)၊ နံ့သာပု၊ စာကလေး၊ ငှက်ပျောချဉ်၊ မရမန်၊ ထောပတ်၊ သူငယ်စာ၊ ဗျပ်ပြည့်ငှက်ပျော၊ ချက်ကြီးငမွဲ၊ စာဥ၊ ဆိတ်နို့၊ မယ်တော်လက်သည်း၊ ရေသီလံငှက်ပျော၊ ဖူးလွတ်ငှက်ပျော၊ ဆင်ချိတိုင်ငှက်ပျော၊ ဝက်မလွတ်ငှက်ပျော၊ ငှက်မနားငှက်ပျော၊ ငှက်ပြာငှက်ပျော စသည်ဖြင့် အမျိုးပေါင်းများစွာရှိပါသည်။

၁၉၆၄ ခုနှစ်လောက်က နိုင်ငံခြားမှ အော်ပရာအဖွဲ့တစ်ဖွဲ့ မန္တလေးသို့ လာရောက်ကြပါသည်။ ထုံးစံအတိုင်း မြန်မာယွန်းထည်၊ဆင်စွယ်ဖြင့်လုပ်သော ပုတီး၊ နားတောင်း၊ လက်ကောက် စသည် ရွှေချည်၊ ငွေချည်ထိုး၊ လွန်းရာကျော်ချိတ်တို့ပြသကြရာ WONDERFUL! အကြိမ်ကြိမ်သာ ပြောကြ၏။ ဝယ်ဖို့စိတ်ကူးရှိပုံမရကြ။

ဈေးချိုပတ်ပြီး ရွှေတစ်ချောင်းမြောင်းဘေးက ကိုင်းတန်းဈေးရောက်လေသော်မှ 'ဘိုးတော်ကြောင်က အကြိုက်ဖြစ်သောကြွက်ကို တွေ့သကဲ့သို့' ငှက်ပျောသီးများကို အခိုင်လိုက်ဝယ်ကြပါလေ၏။ သူတို့လေယာဉ်ပေါ်တွင် ငှက်ပျောခိုင်များသာ ပါသွားပါ၏။ ထိုခေတ်က လူထုသတင်းစာတွင်ပင် ထိုအကြောင်း လူထုဦးလှကရေးခဲ့ပါ၏။

ငှက်ပျောပင်သည် စိုက်ပြီးသည့်နောက်တစ်နှစ်ဆိုလျှင် အသီး (အဖူး) ထွက်ပါသည်။ သူငယ်စာငှက်ပျော(ဆေးဖက်ဝင်ပါသည်).ပင်သည် တစ်နှစ်နှင့်ခြောက်လလောက်ကြာမှ အဖူးထွက်ပါ၏။

ငှက်ပျောပင်စိုက်လိုလျှင် စိုက်ပျိုးမည့် ငှက်ပျောသားတက် (အပင်ပေါက်စ) ကို အရွက်အလက်များ အကုန်ဖြတ်လိုက်ရ၏။ ငှက်ပျောခေါင်း (ရုက္ခဗေဒအလိုအားဖြင့် ပင်စည်) တွင် ပေါက်နေသော အမြစ် (ရေသောက်မြစ်များ)အားလုံးကို ပြောင်စင်အောင် ဓားဖြင့် လှီးဖြတ်လိုက်ရ၏။ ဤသည်ကြောင့် -

*ငှက်ပျောစိုက်လိုက*
*ငါ့ဖင်ကိုပြောင်အောင်ရိတ်*
*ငါ့ခေါင်းကို ကတုံးတုံးပ*



www.burmeseclassic.com

www.burmeseclassic.com

အခါလည်လျှင်
ကျေးဇူးဆပ်ပါမယ်
ဟု ဆိုရိုးရှိပါသည်။

အကယ်၍ ငှက်ပျောရွက်အားလုံးကို မဖြတ်ပါက အပင်အတက်နှေးပါသည်။ ငှက်ပျောရွက်သည် ရေငွေ့ပြန်သောအရွက်မျိုးဖြစ်၍ (ရေသောက်မြစ်မှ အစာရေစာမပို့သေးမီ) ညှိုးရော်သွားပါလိမ့်မည်။ ငှက်ပျောမြစ်အားလုံးကို ပြောင်စင်အောင်ရိတ်ပါမှ အမြစ်သစ်များ အမြန်ထွက်လာပြီး ငှက်ပျောပင်လိုအပ်သည့် အစာနှင့်ရေ အမြန်ဆုံးပို့ပေးပါသည်။ အမြစ်များကို မရိတ်ဘဲစိုက်ပါက ထိုအမြစ်များက ကျိုးကြေပြီး ရေပို့အစာပို့မလုပ်နိုင်တော့ပါ။ အမြစ်သစ်ကလည်း အမြန်မထွက်နိုင်ပါ။

**ငှက်ပျောဖူး**

ရုက္ခဗေဒအမည် = MUSA
အင်္ဂလိပ် = PLANTAIN- BUD

ငှက်ပျောဖူးကို လူတိုင်းနီးပါး မြင်ဖူးကြပါလိမ့်မည်။ပုလင်းကိုပင် ငှက်ပျောဖူးပုလင်းဟု ပုံသဏ္ဌာန်လိုက်၍ ခေါ်ပါသေး၏။

ဥတုဘောဇနကျမ်းအလိုအားဖြင့် ငှက်ပျောဖူးသည် ချို၏။ ဖန်၏။ ကြေခဲ၏။ အဆီမရှိ။ အေး၏။ လေသည်းခြေကိုနိုင်၏။ ရတ္တပိတ်နာ၊ အားအင်ကုန်ခန်းသောအနာတို့ကို နိုင်၏ဟု ဆိုပါသည်။

ငှက်ပျောဖူးတိုင်းတော့ မချိုပါ။ ဝက်မလွတ်ငှက်ပျော (အညာသီးမွှေး) အပင်မှအဖူးသည် အလွန်ခါးပါသည်။ အပင်က နိမ့်နိမ့်လေးဖြစ်သောကြောင့် ငှက်ပျောခိုင်သည် မြေကြီးနှင့်ထိလုခမန်း (နီး) ဖြစ်သဖြင့် ဝက်ဖြတ်သွားလျှင်ပင် မလွတ်ပါ။ ဆင်အံငှက်ပျောဖူးသည် ချိုပါ၏။

**သဘာဝဓမ္မအလင်းပြကျမ်းအလို**

ငှက်ပျောသည် အကြောင်းဇာတ ငြိမ်းရန် သီတတေဇောဓာတ်စာ အရသာအားဖြင့် ဖန်၏။ အကျိုးသွားမှာ ဆီးနည်း၊ ဓာတ်ချုပ်၊ လေချုပ်၊ သွေးချုပ်စေ၏။

**ဓာတ်ခွဲသော်**

ရေငွေ့ (၉၀. ၂) ရာခိုင်နှုန်း၊ ပရိုတိန်း (၁. ၅) ရခိုင်နှုန်း၊ အဆီ (၀. ၂) ရာခိုင်နှုန်း၊ သတ္တု (၁. ၂) ရာခိုင်နှုန်း၊ ဖိုင်ဘာ (၁. ၉) ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒြိတ် (၅. ၀၀) ရာခိုင်နှုန်း၊ ထုံးဓာတ် (၀. ၀၃) ရာခိုင်နှုန်း၊ မီးစုန်းဓာတ် (၀. ၀၅) ရာခိုင်နှုန်း၊ သံဓာတ် (၀. ၁) ရာခိုင်နှုန်းဟု မှတ်သားရပါသည်။

သံဓာတ်များစွာ ပါကြောင်းကို ငှက်ပျောဖူးလှီးလိုက်တာနှင့် သိနိုင်ပါသည်။ ငှက်ပျောဖူးသည်၊ ကန်စွန်းရွက်ကို လှီးသကဲ့သို့ လက်များကို ပေစေ၊ မည်းစေပြီး စေးစေးကပ်ကပ်ရှိပါသည်။

**စားသုံးကြပုံ**

ဝက်မလွတ် ငှက်ပျောဖူးမှလွဲ၍ ကျန်သော ငှက်ပျောဖူးများကို ပါးပါးရိတ်ရိတ်လှီးပြီး ဆန်မှုန့်နယ်ပြီး ကြော်စားနိုင်ပါသည်။ ငှက်ပျောဖူးဆီပြန်ဟင်း (ပုစွန်ခြောက်များများနှင့်) ချက်စားကြပါသည်။

**ပတ္တမြားချဉ်**

ငှက်ပျောဖူး(ဝက်မလွတ်ငှက်ပျောမပါ) ကို ဓားပြတ်ပြတ်နှင့် ပါးပါးရိတ်ရိတ်လှီးပြီး စောင်းလျားသီးပါးပါးလွှာကာ ဆားသင့်ရုံထည့်ပြီး နယ်လိုက်လျှင် အရောင်အလွန်လှသော ပတ္တမြားချဉ်ကို ရပါသည်။ ငှက်ပျောဖူး၊ ဆားနှင့် စောင်းလျားသီးတို့ကို နှစ်ညခန့် လေလုံလုံသိပ်ထားလျှင် အနံ့အရသာအရောင်အဆင်းပါ လှသော၊ ကောင်းသော ပတ္တမြားချဉ်ကို ရပါသည်။ ရေနွေးကြမ်းပန်းကန်လုံးတစ်လုံးနှင့် ထည့်ရောင်းသော ပတ္တမြားချဉ်ကို (၁၀၀)ကျပ်ပေးရပါသည်။စောင်းလျားသီးနှင့်သိပ်ပါက အစာအိမ်ရောဂါရှိသူများမသင့်ပါ။

**မန်ကျည်းမှည့်ပတ္တမြားချဉ်**

စောင်းလျားသီးအလွယ်တကူမရနိုင်ပါက မန်ကျည်းမှည့်ကို ရေနှင့်ဖျော်ပြီး ငှက်ပျောဖူးလှီးစများကို ဆားသင့်ရုံထည့်ပြီး သိပ်နိုင်ပါသည်။ အရောင်က ပတ္တမြားရောင်ပဲ ဖြစ်ပါသည်။ ချိုချိုလေးနှင့် ချဉ်ပါသည်။ စောင်းလျားသီးကဲ့သို့ အချဉ်မပြင်းပါ။ လူတိုင်းနှင့်သင့်ပါသည်။

အညာကျေးလက်မှ အလှူမင်္ဂလာများတွင် ငှက်ပျောဖူးကို ဆီးဖြူသီးထောင်းပြီးသား၊ ဆားတို့နှင့်နယ်ကာ အချဉ်သိပ်ပြီး ကျွေးမွေးကြပါသည်။ အရောင်မထွက်ပါ။ ဆီးဖြူသီးက ဆီးဖြူသီးအရောင်၊ ငှက်ပျောဖူးကလည်း ငှက်ပျောဖူးအရောင်ပင် ဖြစ်ပါသည်။ ငှက်ပျောဖူးရှားပါက ရခိုင်ငှက်ပျောပင်ပေါက်ကလေးများကို ဓားထက်ထက်ဖြင့် နုပ်နုပ်စဉ်းပြီး စောင်းလျား/ဆီးဖြူတို့နှင့် အချဉ်သိပ်ပါသေး၏။ ခံတွင်းမြိန်စေသောအချဉ်တစ်မျိုး ဖြစ်ပါသည်။

စာရေးသူ၏ သမီးချွေးမ မဥမှာသည် ငှက်ပျောဖူးအချဉ်ကို စားပြီး အလွန်သဘောကျနှစ်ခြိုက်လှသဖြင့် မုန့်ဟင်းခါးချက်သောအခါ ငှက်ပျောဖူးနှင့် အတက်ဆန်းပြီး ချက်လေရာ စားမဖြစ်အောင်ခါးသဖြင့် မုန့်ဟင်းခါးတစ်အိုးလုံး သွန်ပစ်လိုက်ရပါ၏။

**ငှက်ပျောဖူး**

ရုက္ခဗေဒအမည် = MUSASPP.
အင်္ဂလိပ် = BANANA

**မြန်မာဆေးကျမ်းအလိုအားဖြင့်**

ဓာတ်သစ်ရသာ၊ ငှက်ပျောမှာကား၊ ရသာဖန်ချို၊ အကျိုးဆိုသော်၊ ကိုယ်တွင်းပထဝီ၊ ပျက်သည်မည်၏။ တြဲ လှီပေကပ်၊ အားမဲ့လတ်မူ၊ မပြတ်စားစေ စာမကြေလည်း၊ ထည့်ထန်းလျက်အချို ဖက်ရှင့်။ ဝမ်းပျက်တစ်တန်၊ ရှိချေပြန် သော်၊ ပေးရန်ဓာတ်ငုပ်၊ ကျင်ဝမ်းချုပ်တ ရှုတ်တရက်သား ကင်းကွာလျော့သွ မြေပထဝီ၊ အားကိုညီအောင်၊ ဆော သည့်တစ်သွယ်၊ နာ-သူငယ်တို့၊ အကယ် ကျောခေါင်း၊ အပူအောင်းက၊ ချွေးမ လည်း ‘သီးလှသူငယ်စာ’ ပေးလေရာ ဟု ဓာတုရသလေးစောင်တွဲတွင် လာ ပါသည်။

ငှက်ပျောသီးအစိမ်းကို ပါးပါးလွှာ ပြီး ထုံးရည်စိမ်ကာ ငှက်ပျောကြော် ကြော်ပြီး အသင့်စားရန် ရောင်းနေကြ ပါသည်။ အထက်အညာကျေးလက်များ တွင် လေတိုက်သဖြင့် ငှက်ပျောပင် ငှက်ပျောခိုင်များ မရင့်သေးမီ အပင်သ သွားပါက ထိုငှက်ပျောစိမ်းများကို ပြု ပြီး အခွံခွာကာ ထန်းမထန်းလျက်အ (တင်လဲရည်) ဖြင့်တို့ပြီး စားကြ အချို့ဆိုလျှင် ငှက်ပျောပြုတ်များကို အ ခွာဓားဖြင့် ပါးပါးလွှာပြီး ပဲမှုန့်၊ ... ထောင်း၊ နှမ်းလှော်တို့ ထည့်ကာ ... မပါသော ကြက်သွန်ဖြူဆီကျော် ... သုပ်စားကြ၏။

ငှက်ပျောသီးအစိမ်းရော အ... ပါ-

၁။ ထန်းသီး - ထန်းရည်
၂။ ပေသီး - ပေရည်
၃။ နို့ချဉ်
၄။ လက်လုပ်ချဉ်များနှင့် တွဲ... မစားသင့်ပါ။ အဆိပ်ဖြစ်တတ်ပါသ...

‘ရွှေလက်ခုပ်အုပ်ကာတီး ... သီး မှည့်မှည့်စားရအောင်’ ဆိုသ... ငှက်ပျောသီးမှည့်ကို စားကြည့်ကြ...

ဆေးအဘိဓာန်၏ အလိုအ... ငှက်ပျောသီးမှည့်သည် လေသ... ငြိမ်းစေ၏။ သည်းခြေကို မွေ့လျော်... တတ်၏။ ဓာတ်တို့ကို ချမ်းသာ... ဆောင်တတ်၏ဟု ဆိုပါသည်။

**ဥတုဘောဇနကျမ်းအလိုအားဖြင့်**



www.burmeseclassic.com

www.burmeseclassic.com

ငှက်ပျောသီးမှည့်သည် ချို၏။ အေး၏။ ဝမ်းမီးချက်ပြီးနောက်လည်း ချို၏။ နှုတ်ကိုမြိန်စေတတ်၏။ သုက်ကို၊ အသားကို ပွားစေတတ်၏။ မျက်စိနာ ကိုနိုင်၏။

**အာယုဗ္ဗေဒကျမ်းအရ -**

ငှက်ပျောသီးမှည့်သည် ချို၏။ ငြိမ်းငယ် အေး၏။ ဖန်၏။ လူကိုဝစေတတ်၏။ သွေးသည်းခြေနာနှင့်သင့်၏။ နှလုံးကိုကြည်လင်စေတတ်၏။ နှုတ်ကို မြိန်စေတတ်၏။ သုက်ဓာတ်ကို လည်းကောင်း၊ မွတ်သိပ်ခြင်း၊ ဆာလောင်ခြင်း၊ ရေငတ်ခြင်းတို့ကို လည်းကောင်း ပယ်ဖျောက်စေနိုင်၏။

**ဩဇာရိကကျမ်းအလို**

ငှက်ပျောသီးအမှည့်သည် သလိပ်နာ ပိုးနာကို နိုင်၏။ ဖျားနာကို နိုင်၏။ ဝမ်းမီးကိုတောက်စေတတ်၏။ နှလုံးကို ခိုင်သက်စေတတ်၏။ ဆီးကိုရွှင်စေတတ်၏၊ ဝမ်းချုပ်၏။ ငှက်ပျောမြစ်၊ ငှက်ပျောခေါင်းသည် လေသည်းခြေကိုနိုင်၏။ အားကိုဖြစ်စေတတ်၏၊ ကြေခဲ၏။

ငှက်ပျောသီးကိုစားပြီးနောက် ရေအေးကိုမသောက်ကောင်း။ဝမ်းကိုက်နာ၊ အစာမကြေနာတို့ ဖြစ်တတ်၏။ ငှက်ပျောသီးကိုစား၍ အစာမကြေလျှင် ထောပတ်ကိုစားပါ။ သို့တည်းမဟုတ် ဆားကိုမျိုပါ။ သို့တည်းမဟုတ် ထောပတ်ကို ဆားအနည်းငယ်ခတ်၍ မျိုပါဟု ဆိုပါသည်။

ငှက်ပျောသီးအားလုံးတို့တွင် ဖီးကြမ်းငှက်ပျော၊ ငှက်ပြာငှက်ပျော (ငှက်ပြာငှက်ပျောသည်ပင်လျှင် ဖီးကြမ်းမျိုးနွယ်ဖြစ်ပါ၏။) သူငယ်စာငှက်ပျောတို့သည် ဘေးထွက်ဆိုးကျိုးနည်း၏။ နန်းတွင်းသမားတော်ကြီးဦးပို၏ ဩဇာရိတ ခုမကျမ်းတွင် အာဟာရဓာတ်ချို့တဲ့ သော ဖီးကြမ်းငှက်ပျောမှည့်မှည့်ကို ဓာတ်စာပေးပါ၏။ အာကာသပျက်လျှင် ဖီးကြမ်းသီးမှည့်မှည့်ပျော့ပျော့ကို နှမ်းဆီ ဆီစစ်နှင့် ကြော်ပြီးစားစေ၏။ သူငယ် စာငှက်ပျောကို နှမ်းဆီ၊ ပျားရည်တင်လဲ တို့ဖြင့် သမအောင်မွှေပြီး စတုမဓုကဲ့သို့ (အားဆေးအဖြစ်) သုံးဆောင်လေ့ရှိကြ၏။

ငှက်ပျောပင် အားလုံးတို့သည် (ဝက်မလွတ်မှလွဲ၍) အပင်ရှည်များဖြစ်ကြ၏။ အရပ်အခေါ်အားဖြင့် ငှက်ပျောခေါင်းဟု ခေါ်ကြသော်လည်း အမှန်မှာ ပင်စည်ဖြစ်ပါ၏။ ငှက်ပျောနှင့်ပတ်သက်ပြီး လူရွှင်တော်နှစ်ယောက် ပြက်လုံးကို သတိရမိ၏။

ပထမလူ -

'ငါ့ကွာ၊ ငယ်ငယ်တုန်းက ငှက်ပျောသီး ဘယ်အပင်ကသီးမှန်းမသိဘူး'

ဒုတိယလူ -

'ဟ - ဒါဖြင့် အခုတော့ သိပြီလား'

ပထမလူ -

'သိတာပေါ့ကွ။ ဗုဒ္ဓသရဏံအပင်ကြီးမျိုးကသီးတာကိုး'

ရှင်သူငယ်ငှက်ပျောခေါ် ဂမုန်းရှင်သူငယ်ခေါ် ငှက်ပျောတစ်မျိုးရှိပါသေးသည်။ ငှက်ပျောပင်ကြီးများက ငှက်ပျောဖူးထွက်ပြီး အောက်သို့ငိုက်ကျသော်လည်း ရှင်သူငယ် (သျှင်သူငယ်) ငှက်ပျောကတော့ အပေါ်သို့ ထောင်ပြီး သီးပါလေ၏။ အရွက်မှာ ငှက်ပျောရွက်နှင့်တူသော်လည်း ငှက်ပျောရွက်လောက် မကြီးပါ။ အရွက်၏ အောက်ဘက်က ခရမ်းရောင်လေးသန်းနေပါ၏။ ရှင်သူငယ်ငှက်ပျောရုံကြီးမှ အကြီးဆုံးအပင်က အခိုင်ထွက်လျှင် ဘေးသားတက်လေးများပါ အခိုင်ထွက်သည်မှာ အံ့ဩဖွယ်ဖြစ်ပါ၏။

ငှက်ပျောတံခွန် (ခေါ်) တံခွန်ကုတ္တားငှက်ပျောကတော့ အသီးလုံးလေးတွေက လက်မလောက်ပဲရှိပြီး ငှက်ပျောတစ်ခိုင်မှာ ငှက်ပျောအဖီးပေါင်း (၁၀၀) ကျော်အထိ ပါရှိတတ်ပါသည်။ ငှက်ပျောပင်ရှည်မျိုးဖြစ်ပြီး ငှက်ပျောခိုင်က အရှည်ကြီးသီးလို့ ငှက်ပျောပင်လောက်နီးနီးရှည်ပြီး မြေကြီးနှင့် တစ်ထွာလောက်ကွာသည်အထိ ရှည်ပါသည်။ ငှက်ပျောပင်စိုက်၊ သဲဖြူခင်း၊ ရာဇမက်ကွက်ကာတဲ့ အခမ်းအနားတွေနှင့် ဗုဒ္ဓပူဇနီယပွဲတွေမှာ အလှပူဇော်ဖို့လောက်ပဲကောင်းပါသည်။ ထူးဆန်းသော ငှက်ပျော ဆိုပြီး သတင်းစာထဲပါ ပါလာတတ်ပါသည်။

နောက်ဆုံးဖက်ဝင်ငှက်ပျောတစ်မျိုးက တောငှက်ပျောခေါ် အင်းကြင်းဆင့်ပင်ပဲ ဖြစ်ပါသည်။ ဗုဒ္ဓသရဏံပင်လောက်ပဲရှိပြီး ငှက်ပျောဖီးကလည်း လက်မလောက်ပဲရှိပြီး ငှက်ပျောသီး (၆) လုံးမှ (၁၀) လုံးအထိပါရှိပါသည်။ ငှက်ပျောသီးလုံးလေးများမှာ ကြွက်သွားလေးလို သေးသေးတာတာ ဖြစ်ပါ၏။ အနာအမျိုးမျိုးနှင့် သင့်သောလိမ်းဆေးအဖြစ် အင်ကြင်းမြစ်ကို သွေးလိမ်းကြပါသည်။

**ငှက်ပျောအူ**

အင်္ဂလိပ် = PLANTAIN STEMS

တစ်ဖတ်ချင်း ခွာကြည့်လိုက်လျှင် ဇာစကလေးလို ဖြစ်နေ၏။ မုန့်ဟင်းခါး ချက်စားရာတွင် သုံးကြ၏။ အချို့အရပ်ဒေသတွင် ဟင်းချိုဟင်းခါးချက်စားကြ၏။ အညာဒေသတွင် ရခိုင်၊ ဖီးကြမ်း ငှက်ပျောအူကို နုပ်နုပ်စဉ်းပြီး ဆားနှင့် နယ်ပြီးမှ ဆီးဖြူသီးအစိမ်းထောင်း သို့မဟုတ် စောင်းလျားသီးပါးပါးလှီးထားတာများနှင့် သမအောင်နယ်ပြီး အလှူမင်္ဂလာများမှာ ဝက်သား၊ သားပြွမ်းဟင်းနှင့် တွဲဖက်၍ ကျွေးကြ၏။

**စိုက်ပျိုးပုံ**

ငှက်ပျောပင်သည် ရေရရှိပါက မည်သည့်ဒေသမဆို စိုက်ပျိုး၍ရပါမည်။ ဝက်မလွတ်ငှက်ပျောကတော့ ရေအလွန်ကြိုက်ပါသည်။ ငှက်ပျောစိုက်သူများက-

"ဝက်မလွတ် မဟုတ်ပါဘူးကွာ။ လက်မလွတ်ငှက်ပျောပါ။ ရေလောင်းရလွန်းလို့ လက်နဲ့ ရေတွင်းက ရေငင်တဲ့ ဝါးကို မလွှတ်ရတော့ပါဘူး"

ဟု တင်စား ပြောကြပါသည်။

ယနေ့ တိုးတက်သောခေတ်တွင် ဝက်မလွတ်ငှက်ပျောကို ဧကပေါင်းများစွာစိုက်ပြီး ရေစုပ်စက်များနှင့် ရေပေးပြီး စိုက်ကြပါသည်။

ဖီးကြမ်းငှက်ပျောမှာ ရေသိပ်မလိုပါ။တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ်လောက် ရေပေးတာနှင့် လုံလောက်ပါ၏။

ငှက်ပျောသားတက်(အပင်ပေါက်) ရလိုပါက ငှက်ပျောပင်စည် (ငှက်ပျောခေါင်းကို) တွင်းတိမ်တိမ်တူး၍ စိုက်ပါ။ ငှက်ပျောဖီးလှလှနှင့် အဖီးများများသီးလိုလျှင် မြေတွင်းကို နှစ်ပေခန့်အထိ နက်နက်တူးပြီးမှ စိုက်ပါ။ အလွန်ချောသော ငှက်ပျောသီး (အလုံး) များနှင့် အဖီးများစွာပါသော ငှက်ပျောခိုင်ကိုရပါလိမ့်မည်။

**စားသုံးရာတွင် သတိယုဉ်**

တန်ဆေး၊ လွန်ဘေး ဆိုသကဲ့သို့ သင့်တင့်မျှတစွာသာလျှင် စားသုံးသင့်ပါသည်။ ဖီးကြမ်း သို့မဟုတ် ငှက်ပြာ သို့မဟုတ် သူငယ်စာကို ထမင်းစားပြီး တိုင်းစားပါက အားကိုဖြစ်စေပါ၏။ ရွှေနီငှက်ပျော၊ နံ့သာပု၊ သီးမွှေး၊ တရမန်၊ ဆင်အံတို့ကိုမူ သတိကြီးစွာယှဉ်၍စားသုံးပါ။ အဆင်းလှသလောက်၊ အနံ့မွှေးသလောက် (များများစားခဲ့လျှင်) ဝမ်းကို ဥပဒ်ပေးပါလိမ့်မည်။

ရွှေလက်ခုပ်အုပ်ကာတီးပြီး
ပျောသီးမှည့်မှည့်စားကြပါစို့။

ဝေစည် (ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

# ဉာဏဝိန္ဒ

## တရွှေကြီးကျောင်း

ကျွန်ုပ်သည် တစ်ခါတစ်ရံ ရေနံချောင်းမြို့ မြို့မမြောက်ရပ် မြို့မဈေးကြီးမြောက်ဘက်ရှိ ရတနာမဥ္ဇူမြတ်စွာဘုရားရင်ပြင်ပေါ်သို့ ညပိုင်းတွင် သွားရောက်၍ ဘုရားဖူးပြီး ကမ္မဋ္ဌာန်းတရားရှုပွားနေတတ်၏။

ရတနာမဥ္ဇူမြတ်စွာဘုရား ရင်ပြင်ပေါ်၌ ညပိုင်းတွင် ဘုရားဖူးသူများ၊ အမိဋ္ဌာန်ပုတီးစိပ်သူများ၊ ကမ္မဋ္ဌာန်းတရားပွားများနေသူများ အများအပြားရှိနေတတ်၏။

ရတနာမဥ္ဇူမြတ်စွာဘုရားနှင့် မြို့မဈေးကြားရှိ အရှေ့၊ အနောက်လမ်းကြီးမှာ အင်္ဂလိပ်ကိုလိုနီအစိုးရလက်ထက်က ဂလပ်(စ်)လမ်း (Glass street) ဟု ခေါ်၍ ဂျပန်ခေတ် မြန်မာနိုင်ငံတော်အစိုးရလက်ထက် ၁၉၄၄၊ စက်တင်ဘာလ ၈ ရက်နေ့တွင် နိုင်ငံတော်အစိုးရအမိန့်ပြန်တမ်းနှင့် ရွှေရည်လမ်းဟု ပြောင်းလဲခေါ်ဝေါ်စေခဲ့၏။

ရေနံချောင်းမြို့၏တောင်၊မြောက် လမ်းမကြီးကိုလည်း ကင်းဂျော့(ဂျ်)လမ်း (King George) မှ 'တို့ဗမာလမ်း' ဟု လည်းကောင်း။ ကလီဒိုးနီးယားလမ်း (Calidonia Street) ကို 'ဈေးကြီးလမ်း' ဟု လည်းကောင်း၊ အမ်း(မ်)စထရောင်းနှင့် အီဒင်လမ်း (Armstrong & Edin Street) ကို 'ခေတ်သစ်လမ်း' ဟု လည်းကောင်း ပြောင်းလဲ ခေါ်ဝေါ်စေခဲ့၏။

ဖဆပလအစိုးရ တက်ပြီးနောက်ပိုင်းတွင်ကား 'ရွှေရည်လမ်း' ကို 'ရတနာမဥ္ဇူဘုရားလမ်း' ဟု လည်းကောင်း၊ 'တို့ဗမာလမ်း' ကို 'လမ်းမတော်' ဟု လည်းကောင်း၊ 'ဈေးကြီးလမ်း' ကို 'ကုန်သည်လမ်း' ဟု လည်းကောင်း၊ 'ခေတ်သစ်လမ်း' ကို 'ဂုဏ်မသိမ်လမ်း' ဟု လည်းကောင်း ခေါ်ဝေါ်ခဲ့ရာ ယခုတိုင် ထိုအတိုင်းပင် ခေါ်ဝေါ်ကြလေ၏။

ကျွန်ုပ်သည် ရတနာမဥ္ဇူဘုရားလမ်း အမှတ် (၉၂၀)၊ ရွှေလဝင်း ရောင်းဝယ်ရေးပိုင်ရှင် ဦးလှတင် - ဒေါ်သောင်းသောင်းတို့၏ သားအကြီးဆုံး ဩရသဖြစ်သည့်အားလျော်စွာ အိမ် (၁၄) အိမ်နှင့် လမ်းကြား (၂) လမ်းကျော်ရှိ ရတနာမဥ္ဇူမြတ်စွာဘုရားရင်ပြင်တော် ပေါ်သို့ ငယ်စဉ်ကပင် မကြာခဏ ရောက်ရှိခဲ့သည်ဖြစ်ရာ အညာကျေးလက်ဒေသ အပြောနှင့်ပြောရလျှင် ဆွေဘုရားမျိုးဘုရားပင် ဖြစ်သည်ဟု ဆိုရမည် ဖြစ်လေ၏။

ဆွေဘုရားမျိုးဘုရား ဖြစ်သည့်အားလျော်စွာ အိမ်ထောင်ကျပြီးနောက် မိမိ၏ အိမ်ထောင်စုနှင့် မည်သည့်ရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်သည်ဖြစ်စေ၊ ရတနာမဥ္ဇူမြတ်စွာဘုရားရင်ပြင်ပေါ်သို့ မကြာခဏ သွားရောက် ဖူးလေ့ရှိခဲ့လေ၏။

တစ်နေ့သောညဦးပိုင်းတွင် ကျွန်ုပ်၏သူငယ်ချင်းတစ်ဦးဖြစ်သူ ဦးဝမ်းမောင်၏ သားများဖြစ်ကြသော ဇော်တူးနှင့် ဇော်ဖိုး ညီအစ်ကိုနှစ်ဦးနှင့် ရတနာမဥ္ဇူမြတ်စွာဘုရားရင်ပြင်တော်တောင်ဘက်ထိပ်တွင် ရတနာသုံးပါးနှင့် စပ်လျဉ်းသည့်စကားများကို ပြောဆိုနေကြလေ၏။

"ကျွန်တော်က သူရဇ္ဇမဂ္ဂဇင်းမှာ ဆရာဦးမောင်မောင်သန်းရေးတဲ့ သမထအာနာပါနနည်းပေါ့။ ဝင်လေ 'အရဟံ'၊ ထွက်လေ 'ဗုဒ္ဓေါ'နဲ့ မှတ်တာကနေ စမှတ်တာပေါ့။ သမထကနေ ဝိပဿနာလမ်းပေါ်ရောက်အောင်တော့ သွားရမှာပေါ့"

ဇော်တူးက ကျွန်ုပ်ကို ပြောပြနေရာ ဇော်ဖိုးက -

"ဝိပဿနာဆိုတာ တကယ့်မဟာကုသိုလ်ပဲလေ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကြီးကို ရနိုင်တဲ့လမ်းကြောင်းက ဒီ တစ်ကြောင်းပဲဥစ္စာနော"

ထိုအခါ ဇော်တူးက -

"လယ်တီဆရာတော်ဘုရားကြီး မိန့်တော်မူခဲ့သလို သမာဓိသာသနာကြီးကို ထူထောင်နေရင်း ပညာသာသနာ ရောက်လာရမှာပေါ့ ဦးဉာဏ်"

"သမထပဲလုပ်လုပ်၊ ဝိပဿနာပဲ လုပ်လုပ် နိဗ္ဗာန်ကို ဦးတည်ထားဖို့ ဒီဦး





www.burmeseclassic.com

www.burmeseclassic.com

သည်ချက်ကို ဘာကြောင့်မှ မရွေ့လျား ပြောင်းလဲစေဖို့ ဒါက အရေးကြီးတာ ေမာင်တို့ရာ"

ကျွန်ုပ်၏ စကားမဆုံးခင်မှာပင် ဘုရားရင်ပြင်တော်ပေါ်သို့ တက်လာသော လူမျိုးခြား ဘာသာခြားတစ်ဦး ဖြစ်သူ မောင်မောင်မြင့်က ကျွန်ုပ်ကို နှုတ်ဆက်လိုက်လေ၏။

"ဟား - ဆရာဦးကျော်စိန်ဝင်း၊ တွေ့တာကြာပြီနော်။ ဘုရားဖူးလာတာလား။ ဆရာ အရမ်းကို ဝလာတာပါလား"

"အာ - ဟုတ်ကဲ့၊ ကိုမောင်မောင်မြင့် ဘုရားဖူးရင်းပါပဲ။ ဒီမှာရှိပါတယ်၊ ကျွန်တော်က အပြင်သိပ်မထွက်ဖြစ်လို့ပါ"

"ကဲ-ခွင့်ပြုပါဦး၊ ကျွန်တော်ဘုရားသွားဖူးလိုက်ပါဦးမယ်"

"ဩော်-ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ကျွန်ုပ်က ကသောကမျော 'ဟုတ်ကဲ့' လိုက်စဉ်မှာပင် ကိုမောင်မောင်မြင့် ဘုရားထဲသို့ ဝင်ရောက်သွား၏။

"ဟ - ဇော်ထူး၊ သူက ဘုရားကို ခုလိုအမွေးတိုင်တွေ၊ ဖယောင်းတိုင်တွေနဲ့ နေ့တိုင်း လာဖူးနေကျလား"


"ဟုတ်တယ် ဦးဉာဏ်၊ နေ့တိုင်းပဲ ပုံမှန်ပဲ။ ကမ္မဋ္ဌာန်းလည်းထိုင်တယ်။ သမထလား၊ ဝိပဿနာလားတော့ မသိဘူး။ လူတွေကလည်း သူတို့မိသားစု ဗုဒ္ဓဘာသာဝင်စစ်စစ်တွေ ဖြစ်လာတာကို အံ့ဩလို့ မဆုံးကြဘူးလေ။ တော်ကြာနေ သူ့အမေကြီးနဲ့ သူ့နှမတွေလာကြဦးမှာ။ အဲဒါနေ့တိုင်းနော်။ မိုးရွာရွာ၊ လေတိုက်တိုက်၊ နှင်းကျကျ ဒီဝတ်ကို အပျက်မခံကြဘူး"

ကျွန်ုပ်က ဇော်ထူးကို မေးလိုက်သည်တွင် ဇော်ဖိုးက သွက်လက်စွာ ဝင်ဖြေလိုက်ခြင်း ဖြစ်လေ၏။ ကျွန်ုပ်ကပင် ဆက်လက်၍ -

"သူတို့မိသားစု ဘာကြောင့် ဘာသာပြောင်းလာတယ်ဆိုတာ သိကြလား"

ကျွန်ုပ်က မေးလိုက်သည်တွင် ဇော်ဖိုးက ရင်ပြင်တော်အကာအုတ်တံတိုင်းကို မှီရပ်ရာမှ ကိုယ်ကိုမတ်လိုက်ရင်း-

"အဲဒါ ကျွန်တော်တို့ သိချင်နေကြတာ ဦးဉာဏ်ရ။ ဒါပေမယ့် ဒါ သူတို့ကို မေးလို့လည်း မကောင်းဘူးလေ"





www.burmeseclassic.com

www.burmeseclassic.com

ကွမ်းယာထုပ်ကို ဖြေပြီး ကွမ်းတစ်ယာကို ပါးစပ်တွင်းထည့်ရင်း ဇော်တူးက -

"အဲဒါဘာကြောင့်ဆိုတာဦးဉာဏ်ကောသိလား"

"သိတာပေါ့ကွာ၊ ငါက မြို့မမြောက်၊ သူတို့က မြို့မတောင်းကြားထဲက ကမ္ဘောဇ လမ်းတစ်လမ်းခြားတာဥစ္စာ"

"ဘာဖြစ်လို့လဲဟင်၊ ဘာသာပြောင်းလာကြတာ"

ဇော်တူးရောဇော်ဖိုးပါ နှစ်ယောက်စလုံးက သိလိုစိတ်ဖြင့် မေးလိုက်ကြ၏။ ကျွန်ုပ်က အတိုဆုံး အဖြေပေးလိုက်၏။

"တစ္ဆေကြီးကြောင့်"

"တစ္ဆေကြီးကြောင့် ဟုတ်လားဦးဉာဏ်"

ဇော်တူးရောဇော်ဖိုးပါ အူကြောင်ကြောင်ပုံစံတွေနှင့် မေးခွန်းထုတ်လိုက်ကြလေ၏။

"အေး - ဟုတ်တယ်၊ တစ္ဆေကြီးကြောင့် သူတို့ဟိုဘာသာကိုးကွယ်ရာကနေ ဗုဒ္ဓဘာသာဖြစ်လာကြတာ"

"လုပ်ပါဦး ဦးဉာဏ်။ ဘယ်တစ္ဆေကြီးကြောင့် ဘယ်လိုဖြစ်ပြီး ဘယ်လိုဘာသာပြောင်းလာကြတာလဲ ဆိုတာလေး"

"အေး - သူတို့အဖေ ဦးစိန်လှဆုံးသွားပြီးပေါ့ကွာ"

"ဟာ-ဦးဉာဏ်ကလည်း၊ ဦးစိန်လှဆုံးတာကြာကြာလှပေါ့"

ဇော်တူးက ကျွတ်ကျွတ်အိတ်အတွင်း ကွမ်းတံတွေးထွေးထည့်ရင်းကပြောလိုက်၏။

"ဩော်- ဦးစိန်လှကြီးက သေပြီးတစ္ဆေဖြစ်ပြီး ခြောက်တာလှန့်တာနဲ့ကြောက်လန့်ပြီး ဗုဒ္ဓဘာသာဖြစ်လာတာလား"

ဇော်ဖိုးက စပ်ဖြဲဖြဲနှင့် သရော်သံလေးပေးကာ မေးလိုက်၏။

"မင်းပြောတဲ့အဆင့်က နိမ့်လွန်းပါသကွာ၊ ဇော်ဖိုးရာ"

ကျွန်ုပ်က စကားကို အစမသတ်ဘဲ ရင်ပြင်တော်ရှေ့ လှေကားမှ လမ်းပေါ်သို့ဆင်းသွားရာ ဇော်နှစ်ညီနောင်တို့ ကျွန်ုပ်ကို အူကြောင်ကြောင်ပုံစံလေးများနှင့် ကြည့်နေကြလေ၏။

ကျွန်ုပ်ကား ဂရောဂရီးနှင့် တံတွေးဟက်ကာ လမ်းဘေးဆင်း၍ တံတွေးထွေးပြီး ဘုရားရင်ပြင်တော်ပေါ်သို့ ပြန်တက်လာခဲ့၏။

"ဦးဉာဏ်ကလည်း ဒီပေါ်ကထွေးချလိုက်။ ပြီးတာဥစ္စာ"

"ဟာ - ဒီလိုအလွယ်လုပ်လို့ရှိရင် ဘာသာရေးအရလည်း အကုသိုလ်ဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေးအရလည်း ငါဘယ်လူပီသတော့မလဲကွာ။ မင်းကလည်း သိရက်သားနဲ့ ဇော်ဖိုးရာ"

"အာ-အာ ဟုတ်သားပဲ၊ ဆောရီး ဆောရီး ဦးဉာဏ်။ ကျွန်တော်မှားသွားပါတယ်"

"ဘယ်ဟာမှသတိလက်လွတ်မဖြစ်နေနဲ့လေကွာ၊ အပ္ပမာဒေန သမ္ပာဒေထ က ဘာအတွက်မဆို သတိရှိနေဖို့ သတိပေးတော်မူခဲ့တာလေ။ အကြိမ်ပေါင်း (၁၆၄၂၅) ကြိမ်တောင် တို့များရဲ့ သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက သတိပေးထားခဲ့တာလေကွာ။ သတိ ဆိုတာ လွန်တယ်၊ ပိုတယ်မရှိဘူး မောင်ရာ"

"ဘာ-အကြိမ်ပေါင်းတစ်သောင်းခြောက်ထောင်ကျော်လဲဗျ"

ဘုရားဖူးရန် တက်လာသည့် ကိုရွှေသန်းဆိုသူက ကျွန်ုပ်တို့အနီးရပ်လိုက်ပြီး မေးလိုက်လေ၏။

"ဩော် - သဗ္ဗညုတ ဉာဏ်တော်ရှင် ဗုဒ္ဓမြတ်စွာဘုရားသခင်က အပ္ပမာဒေန သမ္ပာဒေထ - အာရုံခြောက်ပါးတွေ့ဆုံငြားတိုင်း ရှုမှတ်မြဲ သတိတရားဖြင့် ပြည့်စုံကြပါစေ ဆိုပြီး နေ့စဉ် နေ့တိုင်း ဒုလ္လဘတရား (၅) ပါးနဲ့ သတိပေးဟောကြားတော်မူတယ်ဆိုတော့ (၄၅) ဝါပတ်လုံးဆိုတော့ အကြိမ်ပေါင်း တစ်သောင်းခြောက်ထောင်လေးရာ့နှစ်ဆယ့်ငါးကြိမ်ပေါ့ဗျာ။ ဒါပြောတာပါ"

"ဩော် - ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ဒါအရေးကြီးလို့သာ ဘုရားရှင်က နေ့စဉ်သတိပေးတော်မူတာပေါ့နော်။ အေးဗျာ၊ ကျေးဇူးပဲ ဆရာကျော်ရေ။ ကျွန်တော့်ဘုရားသွားဖူးလိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ကိုရွှေသန်းဘုရားအတွင်း ဝင်သွားလေ၏။

"ကဲ- ဦးဉာဏ် လုပ်ပါဦး၊ တစ္ဆေကြီးကြောင့်ကို"

ဇော်ဖိုးက လောဆော်လိုက်လေ၏။

"ဦးစိန်လှ ကွယ်လွန်အနိစ္စရောက်ပြီး တစ်နှစ်ကျော်လောက်အထိ ဘာတစ္ဆေမှပေါ်မလာဘူး။ အိမ်ထောင်ဦးစီးကွယ်လွန်ပြီး အိမ်ထောင်စုတစ်စုရဲ့ ထုံးစံအတိုင်းပဲ အရင်ကလို သွက်လက်ဖျတ်လတ်မနေဘဲ အားလုံးထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေကြတာပေါ့လေ။

သူ့မိသားစုကလည်း သူတို့န[...] အယူဝါဒထုံးတမ်းစဉ်လာအတိုင်း ကွယ်လွန်သူအတွက် လုပ်ပေးစရာရှိတာတွေ လုပ်ပေးကြပေါ့လေ။ ဘာမှဖျိုးဖျိုးဖျတ်ဖျတ်ကလေးမှ ဦးစိန်လှ မကျွတ်မလွတ်ဘူးဆိုတာ အရိပ်အယောင်လေးမှ မ[...] ဘူးပေါ့လေ။ အိမ်သူအိမ်သားအားလုံးက အေးအေးဆေးဆေးပါပဲ။

သူတို့ရဲ့နဂိုအယူအဝါဒ ထုံးတမ်းစဉ်လာတွေအတိုင်း ဦးစိန်လှအတွက် လုပ်ပေးစရာရှိတာတွေ လုပ်ပေးထားကြတော့ ဦးစွန်လှရဲ့တမလွန်ဘဝမှာ အားလုံး အဆင်ပြေပြေ ချောချောမွေ့မွေ့ရှိနေဦးမှာပဲ ဆိုပြီး အားလုံးစိတ်အေးလက်အေးပေါ့လေ။

ဒီလိုပဲနေလာကြတာ၊လုပ်ကိုင်စားသောက်လာကြတာ အားလုံးအဆင်ပြေပြေပါပဲ။ ထူးခြားမှုဘာမှမရှိပါဘူး၊

"ကဲကဲ- တစ်နှစ်ကျော်ပြီ ဦးဉာဏ်ရာ ထူးခြားတော့ဗျာ။ မြန်မြန်အချေ[...] သိချင်ပြီ"

ဇော်ဖိုးက လောဆော်လိုက်၏။

ဇော်တူးက အားနာဟန်နှင့် -

"ဇော်မိုးကလည်းကွာ"

ဟု မာန်လိုက်၏။

"အေး-ထူးခြားတာက မင်းတို့မ[...] မိမှာပါ။ တို့ တကယ့် မေတ္တာရှင်ဆရာတော်ကြီး. . ."

"တောင်တန်းသာသနာပြုဆရာတော်ကြီး အရှင်ဦးဥတ္တမသာရ"

ဇော်ဖိုးက ဆရာတော်ကြီး၏ [...]တော်ကို ကသောကမျောဝင်ပြောလိုက်၏။

"အင်း - အဲဒီဆရာတော်ကြီး [...]နံချောင်းကို ကြွလာတာ မှတ်မိတယ် မဟုတ်လား"

"ပထမအခေါက်လား၊ ဘယ်အခေါက်လဲ ဦးဉာဏ်"

ဇော်တူးက မေးလိုက်၏။

"ဒုတိယအခေါက်ပေါ့ကွာ။ အဲ[...] ဆရာတော်ကြီး ဒီကိုကြွလာလို့ မြို့[...]ကို ရောက်တဲ့အချိန်ပဲ ဆိုပါတော့ ဦးစိန်လှရဲ့သမီးအငယ်ဆုံးလေး ဆန်[...] ဆန့်ငင်နဲ့တက်ရော။ ဒီကလေးမလေး[...] ဘာရောဂါမှရှိတာမှ မဟုတ်တာ။ အား[...]လုံးကျန်းမာရေးအကောင်းကြီးဟာ[...] ဦးစိန်လှတို့အိမ်က ဆရာဝန်အိမ်နဲ့[...]နီးတော့ ဆရာဝန်ခေါ်ပေါ့။ ဆရာ[...] ကလည်း ဦးစိန်လှတို့နဲ့ အိမ်နီးချင်း [...] ကတည်းက ရင်းနှီးတဲ့သူတွေကိုး။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ရောက်လာလို့ ကလေးမလေးကို စမ်းသပ်မယ်လည်းလုပ်ရော ကလေးမလေးက ခေါက်ခနဲ ထထိုင်ပြီး မောင်ဆရာဝန်၊ ငါ့ကို ဘာမှစမ်းသပ်မနေနဲ့။ ဘာမဖြစ်ဘူး။ သမီးလည်း အကောင်းပဲ။ ငါဝင်လာတာ မောင်ဆရာဝန်ပါ သက်သေရအောင် တက်ချင်ယောင်ဆောင်လိုက်တာဆိုပြီး ဦးစိန်လှအသံနဲ့ ဦးစိန်လှက ဆရာဝန်ကိုခေါ်နေကျအတိုင်းခေါ်ပြီး ပြောတာကိုး"

"ဆရာဝန်က တန်းယုံတာပဲလား ဦးညဏ်"

ဇော်တူးက မေး၏။

"ဟ - ဆရာဝန် ဆိုတာ ဘယ်အရမ်းယုံပါ့မလဲ"

"ဟဲဟဲ - ချဲတွက်နေတဲ့ ဆရာဝန်တွေကျတော့ကော"

ဇော်ဖိုးက သူ့ထုံးစံအတိုင်း ဝင်သောလိုက်၏။

"ဇော်ဖိုးရာ၊ ဒါကတော့ လောဘထိမ်သလ္လာဖုံးနေရှာတော့ အဲ - ကန်းနေတယ်လို့ပဲဆိုပါတော့မောင်ရာ"

"ကဲပါ၊ ဦးစိန်လှအကြောင်း ဆက်ဦး"

ဇော်တူးက လောလိုက်ပြန်၏။

"အဲအဲ - အဲဒီမှာတင် ဆရာဝန်က ဦးစိန်လှရဲ့ သမီးငယ်အနေနဲ့ပဲ စကားပြောတာပေါ့လေ"

'ဟဲ့ - နင်ကများ၊ ငါ့ကို မောင်ဆရာဝန်လေးဘာလေးနဲ့ နင်စိတ်ကောကောင်းသေးရဲ့လား' ပေါ့လေ။

ဒီတော့ ကလေးမလေးက ဦးစိန်လှအသံနဲ့ -

'မောင်ဆရာဝန်၊ မင်း ငါ့အသံမှတ်မိဘူးလား၊ မင်းတို့မင်္ဂလာဆောင်တုန်းက. .'

ဆိုပြီး ဆရာဝန်မင်္ဂလာဆောင်တုန်းက သူနဲ့ဆရာဝန်ပဲ သိတဲ့ကိစ္စတစ်ခုကို ပြောလိုက်တော့ ဆရာဝန်လည်း အူကြောင်ကြောင်ဖြစ်သွားတာပေါ့။ ဒီကိစ္စက သူတို့နှစ်ယောက်ပဲ သိတာ။ ဘယ်သူ့ကိုမှ ပြောမထားတဲ့ကိစ္စ။ ဒီမှာတင် ဆရာဝန်လည်း မယုံလို့မရတော့ဘူးလေ။

'ဦးလေး၊ အခု ဘယ်လိုဖြစ်နေလို့လဲ၊ ဘာလုပ်ချင်လို့လဲ'

ဆိုပြီး ဆရာဝန်က မေးတော့ ကလေးမလေးက ဦးစိန်လှလေသံနဲ့ -

'မောင်ဆရာဝန်၊ မင်းက ဗုဒ္ဓဘာသာဝင်ပဲကွာ။ ငါက ဘာသာခြားပါ။ အခု ငါ လမ်းပေါ်မှာလျှောက်သွားပြီး စားစရာမရှိ၊ ဝတ်စရာမရှိ၊ နေစရာမရှိနဲ့ အတော်ဒုက္ခရောက်နေတာပါကွာ။ အဲ-မင်းတို့အခေါ်တော့ တစ္ဆေကြီးပေါ့ကွာ။ အဲဒါ အခုငါ့မိတ်ဆွေတစ္ဆေတစ်ယောက်က အကြံပေးတာနဲ့ အခုလို ငါ့သမီးအငယ်ကို ဝင်စီးရတာကွ။ ပြောစရာရှိလို့၊ အကူအညီတောင်းချင်လို့ပေါ့ကွာ'

လို့ ပြန်ပြောတော့ ဦးစိန်လှရဲ့ဇနီးက -

'ကျွန်မတို့ ရှင့်အတွက် လုပ်ပေးတာတွေ အများကြီးလေ။ အဲဒါတွေ ရှင်မရဘူးလား'

ဆိုတော့ ဦးစိန်လှက ရယ်ပြီး -

'ဟားဟား - အဲဒီထုံးစံတွေနဲ့လုပ်သမျှ ငါသာမဟုတ်ဘူး၊ ငါတို့ဘာသာတူတွေ ဘာမှမရ၊ ဘယ်သူမှမရဘူး။ အခုလည်း ငါ့မိတ်ဆွေ တစ္ဆေတစ်ယောက်က ဗုဒ္ဓဘာသာကနေဖြစ်လာတာ။ သူ့မှာက မိသားစုမရှိတော့ မိသားစုရှိတဲ့ငါ့ကို အကူအညီတောင်းတာ။ သူရော ငါရော တချို့တစ္ဆေတွေပါ ဒီဘဝက ကျွတ်ဖို့လွတ်ဖို့ အခု ငါအကူအညီတောင်းတာကို ငါ့မိသားစုက လုပ်ပေးကြပါ'

ဆိုတော့ ဆရာဝန်ကပဲ -

'ဦးစိန်လှ ပြော၊ ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ'

ဆိုတော့ ဦးစိန်လှအသံနဲ့ ကလေးမလေးက -

'အခု တို့မြို့ကို မေတ္တာရှင်ဆရာတော်ကြီး တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ ကြွလာတော့ အဲဒါ တို့အတွက် အခွင့်ကောင်းပဲတဲ့ ငါ့မိတ်ဆွေတစ္ဆေကပြောတယ်။ ဆရာတော်ကြီးကို အိမ်မှာပင့်ပြီး ငါ့မိသားစုက ဆွမ်းတို့ သင်္ကန်းတို့ ဆေးဝါးနဲ့ ဆရာတော်ကြီးလိုအပ်မှာတွေကိုကပ်။ ပြီးတော့ ငါတို့တွေကို အမျှဝေ။ ဆရာတော်ကြီးကိုယ်တိုင်လည်း မေတ္တာပို့၊ အမျှဝေပေးရင် ငါတို့ကျွတ်ကြမယ်။ စားစရာဝတ်စရာတွေရကြမယ်။ အဲဒါလုပ်ပေးဖို့ပါ'

လို့ ပြောတာပေါ့။

ဦးစိန်လှမိသားစုလည်း ဦးစိန်လှ ပြောသလို လုပ်ပေးပါ့မယ်။ အခုချက်ချင်း ဆရာတော်ကြီးကို အကျိုးအကြောင်း လျှောက်ထားပြီး နောက်နေ့ ဒီကိစ္စ ဖြစ်စေရမယ်လို့ ကတိပေးလိုက်ကြတာပေါ့လေ။ ဆရာဝန်ကလည်း သူလည်း ကုသိုလ်ပါဝင်ပါ့မယ်လို့ ကတိပေးလိုက်ကြတာပေါ့။ ဒီလိုလည်း ကတိပေးလိုက်ရော -

'ကျေးဇူးပဲ။ မနက်ဖြန် ငါဒီလိုပဲ လာခဲ့မယ်'

ဆိုပြီး ထွက်သွားတာပေါ့။ ဒီတော့ ကလေးမလေးလည်း အကောင်းပကတိပါပဲ။

❑

ဦးစိန်လှရဲ့ဇနီးနဲ့ သားသမီးတွေရော ဆရာဝန်ပါ ဆရာတော်ကြီးကိုသွားလျှောက်ကြတော့ ဆရာတော်ကြီးက ကျေကျေနပ်နပ် ရွှင်ရွှင်ရွှင်ရှုရှုပါပဲ ဒုက္ခိတသတ္တဝါတွေကို ကယ်ချွတ်ပေးဖို့ ဝန်ခံတော်မူလိုက်ပါတယ်။

"ဆရာတော်ကြီးက တကယ့်မေတ္တာရှင်ကြီးပဲ ဥစ္စာ"

ဇော်တူးက လေးလေးကြီး ဝင်ပြောလိုက်၏။

"နောက်နေ့ ဆရာတော်ကြီး ကြွလာတော့ ဦးစိန်လှက သူ့သမီးငယ်မှာ ဝင်စီးနေနှင့်ပြီပေါ့။ ဆရာတော်ကြီးကို ရှိခိုးနေတာများ အရမ်းကို ရိုရိုသေသေနဲ့ သေသေချာချာကို ထိခြင်း (၅) ပါးနဲ့ အညီ ရှိခိုးနေလိုက်တာ အကြာကြီးပဲတဲ့။

ဆရာတော်ကြီးကို ဆွမ်းကပ်၊ သင်္ကန်းကပ်၊ လိုအပ်တဲ့အသုံးအဆောင်တွေ၊ ဆေးဝါးတွေကပ်ပြီး အမျှဝေတော့ ဦးစိန်လှအသံနဲ့ သူ့သမီးအငယ်လေးက ဝမ်းသာအားရ သာဓုခေါ်ပြီး ဆရာတော်ကြီးကို လျှောက်တယ်လေ။

'အရှင်ဘုရားတဲ့ ဒီအိမ်ထဲကို ဝင်ခွင့်မရသေးတဲ့ တပည့်တော်နဲ့ ဘဝတူတစ္ဆေတွေ အပြင်မှာ စားချင်ကြလွန်းလို့ အော်ဟစ်ဆူညံနေကြပါပြီဘုရား။ အရှင်ဘုရားကိုယ်တိုင်ကျွေးမွေးတော်မူမှ သူတို့စားနိုင်ကြမှာပါဘုရား။ သနားသဖြင့် အရှင်ဘုရား အိမ်အပြင်မှ တစ္ဆေများကို ကျွေးမွေးပေးတော်မူပါဘုရား'

ဆိုတော့ -

ဆရာတော်ကြီးကိုယ်တိုင် ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ၊ မုန့်တွေ အိမ်ရှေ့မှာ ကြပက်ကျွေးတော်မူရတာပေါ့လေ။

နောက်တော့ ဆရာတော်ကြီးကို ဦးစိန်လှ ဝင်ပူးနေတဲ့ သမီးလေးက အသေအချာ ကန်တော့ပြီး တပည့်တော် အထက်နတ်ပြည်ကို သွားခွင့်ရပါပြီဘုရား။ သရဏဂုံတည်ခွင့်၊ (၅) ပါးသီလဆောက်တည်ခွင့်ရလို့ပါဘုရား၊ လှူဖွယ်ပစ္စည်းတွေ စုံလင်တာကြောင့် တပည့်တော်ရဲ့နတ်ဘဝမှာလည်း အားလုံးပြည့်ပြည့်စုံစုံပါပဲဘုရား"

ဆို လျှောက်ထားပြီး မိသားစုကို



www.burmeseclassic.com

www.burmeseclassic.com

# ဆေးသိပ္ပံအမြင် ဆီးဖြူသီးအသွင်

ကျော်တင့်ဆွေ

SANS သက္ကတဘာသာဖြင့် ထုတ်ဝေထားသောသည့် အာယုဗေဒဆေးကျမ်းများ၌ INDIAN GOOSEBERRY ဆီးဖြူသီးကို ရသာယနအသက်ရှည်ဆေးဝါးဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုလာခဲ့သည်ကိုတွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံတွင်လည်း အိမ်သုံးဆေးဝါးများ၊ လူနာများအတွက် အသင့်သုံး ရောင်းတန်းဆေးဝါးများကို ဖော်စပ်၍ ရောင်းချလျက် ရှိပေသည်။

**ရုက္ခဗေဒကျမ်းဝင်များ**

ဆီးဖြူသီး၏ အင်္ဂလိပ်အမည်မှာ EMBLIC MYROBALAN ဖြစ်ပါသည်။ GENUE မျိုးစုအနေဖြင့် EMBLICAတွင် ပါဝင်ပါသည်။ SPECIES မျိုးစိတ် OFFICINALLS တွင် ပါဝင်ပါသည်။ FAMILY မျိုးရင်းသည် EUPHORBIACEAE တွင် ပါဝင်လျက် ရုက္ခဗေဒ အမည်ရင်းမှာ EMBILCA OFFICINALIS GAERTN ဖြစ်ပါသည်။ မြန်မာပြည်အထက်ပိုင်းနှင့် သမအအေးပိုင်းဒေသများတွင် ပေါက်လျက်ရှိပြီး သဘာဝပေါက်ပင်အဖြစ်လည်း မြန်မာပြည်အနှံ့အပြားတွင် တွေ့ရှိနိုင်ပါသည်။

**အိန္ဒိယနိုင်ငံသုတေသနတွေ့ရှိချက်များ**

အိန္ဒိယနိုင်ငံ KERALE တွင် တိုင်းရင်းဆေးဖက်ဝင်များကို သုတေသနပြုရာတွင် ဆီးဖြူသီးလည်း ပါဝင်ကြောင်းကို တွေ့ရှိရပါသည်။ အဆိုပါတွေ့ရှိချက် အချက်အလက်များကို စာဖတ်ပရိသတ်များ သိရှိလေ့လာနိုင်စေရန် 'ဆေးသိပ္ပံအမြင် ဆီးဖြူသီးအသွင်' ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ကို ရေးသား တင်ပြထားပါသည်။ အဆိုပါ သုတေသနပြုချက်စာတမ်းတွင် ဖော်ပြထားချက်မှာ ဆီးဖြူသီးတွင် ANTI-INFLAMMATORY ရောင်ရမ်းမှုကို လျော့ကျစေသော အာနိသင်များအပြင် သွေးအတွင်းကိုလက်စထရောကိုကျဆင်းစေနိုင်သော အာနိသင်ကို တွေ့ရှိခဲ့ခြင်းပင် ဖြစ်ပါသည်။ နောက်ထပ် တွေ့ရှိထားသော သုတေသနပြုချက်များမှ အဖြေတစ်ရပ်မှာ အသည်းရောဂါများဖြစ်ပွားမှုကို ဟန့်တား ကာကွယ်ပေးစေနိုင်သော အာနိသင်ထူးများ ပါဝင်ကြောင်းကိုလည်း ဆက်လက်၍ ဖော်ပြထားပေသည်။

**ANTI-VIRAL ACTIVITY**
**(ဗိုင်းရပ်ကုဆေးမျှော်လင့်ချက်များ)**

ဆက်လက်၍ သုတေသနပြုလေ့လာချက်တစ်ချက်ကို ဆက်လက်ဖော်ပြရလျှင် ANTI-VIRAL ACTIVITY အဖြစ် ဆီးဖြူသီးကို ဆေးသိပ္ပံသုတေသနပြုစနစ်အရ မက်သနောဖြင့် ထုတ်ယူထားသော ဆေးအနှစ်များသည် (HIV) ခုခံအားကျဆင်းသောရောဂါဗိုင်းရပ်စ်ပိုး၏ REVERSE TRANSCRIPTA-SE အပေါ်တွင် ဟန့်တားပေးမှုအာနိသင်ရှိသောကြောင့် ဆေးသိပ္ပံအနာဂတ်တွင် ဆေးဖက်ဝင်အပင်များမှ ကမ္ဘာကျော် ဖို၊ မရောဂါဆိုးကြီး ဖြစ်သည့် AIDS ရောဂါကို ကုသရာတွင် အသုံးဝင်မှုများ ရရှိစေနိုင်သည်။ ဆေးသိပ္ပံဆရာဝန်ကြီးအများစုမှာ ပျောက်ကင်းမှု၊ အားထားမှုဖြင့် စောင့်ကြိုနေကြပေသည်။

**ပါဝင်သောဓာတုဒြပ်ပေါင်းများ**

ဆီးဖြူသီးထဲတွင် အဓိကအားဖြင့် TANNINS များ၊ POLYPHENOLS, FLAVONIDE, VITC တို့ ပါဝင် ဖွဲ့စည်းထားသော ဓာတုဒြပ်ပေါင်းများကို တွေ့ရှိထားကြောင်းကို အစီရင်ခံစာတွင်ဆက်လက် ဖော်ပြထားပေသည်။

**သုတေသနတွင်ဖော်ပြထားချက်များ**

ဆီးဖြူသီးတွင် ANTI-MICROBIAL ACTIVITY အချို့သော ဗက်တီးရီးယားသတ်စွမ်းရည်များနှင့် FUNGUS ဖန်ဂတ် (မှိုပိုးများ) ကို တိုက်ဖျက်နှိမ်နင်းသော အာနိသင်ရှိကြောင်းကို တွေ့ရှိရလေသည်။ ဆီးဖြူသီးအနှစ်ပြုလုပ်ထားသော ဆေးရည်သည် သတ္တုဓာတ်များတွင်းထွက်ဓာတ်ဆားများ၏ အဆိပ်အတောက်တို့ကို ပြေပျောက်စေမှု အာနိသင်များလည်းတည်ရှိပေသည်။ အင်ဒ်အောက်ဆီဒင့် ဓာတ်တိုးဆန့်ကျင်မှုတွင် ဆီးဖြူသီး၏ EMBLICANIN A နှင့် B ပါဝင်ပါသည်။ ထို့အပြင် VIT.C ပမာဏမှာ ကြွယ်ဝပါသည်။ စံချိန်စံညွှန်းအရ (၁၀၀) ဂရမ်တွင် ဗီတာမင်စီ (၂၀၇) မီလီဂရမ်ပါဝင်ကြောင်းနှင့် PEDUNCULAGIN တို့ ပါဝင်ခြင်းကြောင့် ဖြစ်နိုင်သည်ဟု ဆေးသိပ္ပံသုတေသနသဘောထားမှတ်ချက်တွင် ဖော်ပြထားပေသည်။ ဆက်လက်၍ ဖော်ပြထားချက်မှာ အရောင်လျော့ကျစေသောအာနိသင်များ ဆီးဖြူပင်၏ အရွက်တွင် တွေ့ရှိထားခြင်းပင် ဖြစ်ပါသည်။

**ဆေးသိပ္ပံပညာ၏ အာဟာရဓာတ်များ**

ဆီးဖြူသီး (၁၀၀)ဂရမ်တွင် ကယ်လိုရီ (၅၈)၊ ပရိုတင်း (၀. ၇) ဂရမ်၊ အဆီ (၀. ၅) ဂရမ်၊ ကာဗွန်ဟိုက်ဒရိတ် (၁၄. ...) ဂရမ်၊ ကယ်လ်ဆီယမ် (၂၉. ၀) ... သံဓာတ် (၀. ၅) မီလီဂရမ်၊ ဗီတာမင် ... (၃၃)အိုင်ယူ၊ ဗီတာမင် $B_1$ (၀. ၀၃) မီလီဂရမ်၊ ဗီတာမင် $B_2$ (၀. ၀၄) မီလီဂရမ်၊ နိုင်ယာစင် (၀. ၂) မီလီဂရမ်၊ ဗီတာမင် ... (. ၂၇၆) မီလီဂရမ် အစရှိသည်တို့ ပါဝင်ကြောင်းကို ဖော်ပြထားပေသည်။

ကျော်တင့်ဆွေ

---

လည်း ရတနာသုံးပါးကို ဆည်းကပ်ကြဖို့၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ဖို့ ပြောဆိုနှုတ်ဆက်ပြီး ထွက်သွားရော။

အဲ - ထူးတာက သူလည်းထွက်သွားရော တစ်အိမ်လုံး မွှေးကြိုင်နေခဲ့တာ တစ်လလောက်ကြာအောင်ကို မွှေးနေတာတဲ့"

"ဦးညဏ်ရေပြိတ္တာဘဝမှာတောင် ဗုဒ္ဓဘာသာဝင်ကနေ မတော်တဆဖြစ်လာတဲ့ ပြိတ္တာနဲ့ မိတ်ဆွေဖြစ်ကြရလို့ ဦးစိန်လှ ဆိုတဲ့ ပြိတ္တာကျွတ်သွားရတာနော၊ နို့မို့ ကျွတ်ဖို့ဘယ်လွယ်မလဲ"

ဖော်တူးက ကျေနပ်မှုအပြည့်ဖြင့် ပြောလိုက်၏။

"မင်းပြောတာ အမှန်ပဲ ဖော်တူး။ ကလျာဏမိတ္တသမ္ပဒါက အမြဲလိုအပ်နေတာပေါ့ကွာ၊ ဦးစိန်လှမိသားစု ဗုဒ္ဓဘာသာဝင်တွေဖြစ်လာကြတာ ဦးစိန်လှတစ္ဆေကြောင့်၊ ဦးစိန်လှ ကျွတ်ရလွတ်... အထက်နတ်ပြည်သွားခွင့်ရောက်ခွင့်ရ... သူ့မိတ်ဆွေတစ္ဆေကြောင့် ဒီတော့ ... လုံးကောင်းခွင့်ရသွားတာကတော့ ... ကန်တဲ့ အယူဝါဒဖြစ်တဲ့ ရတနာသုံး... ဂုဏ်ကျေးဇူးကြောင့်ပေါ့မောင်တို့ရာ"

ချမ်းသာကြ...



www.burmeseclassic.com

www.burmeseclassic.com

# ဝင်းဂိတ်ခြေရာ

## လှမိုး(ပညာရေး)

ကျွန်တော်သည် ၂၀၀၉ ခုနှစ်၊ ...တင်ဘာလတွင် ထုတ်ဝေသော ...ဒ္ဒမိုးမဂ္ဂဇင်းတွင် 'ဝင်းဂိတ်၏ ပျောက် ...နေသော ရတနာသိုက်' အမည်ဖြင့် ...ဆောင်းပါးတစ်စောင် ရေးသား ဖော်ပြခဲ့ ...သည်။ ဤဆောင်းပါးကို ဖတ်ရှုခဲ့သော ...န်တော့်ကျောင်းနေဖက် ဦးစိန်ရိုး (...ငြိမ်းစား၊ လ-ဝ-ကတိုင်းအရာရှိ) ...သည် သူအနှစ်နှစ်အလလ စုဆောင်း ...ထားသော ဝင်းဂိတ်နှင့် ပတ်သက်သည့် ...အုပ်များ၊ သတင်းမှတ်တမ်းများ၊ ဗွီဒီ ...ယိုအခွေများနှင့်အတူ ဒုတိယကမ္ဘာစစ် ...ကြီးအတွင်းက ဝင်းဂိတ်၏ ခြေရာကိုနင်း

စစ်ပညာသမိုင်းပညာရှင်များ၊ သုတေသီများနှင့် သတင်းမီဒီယာများက တညီတညွတ် ကင်ပွန်းတပ်ခြင်းခံရသော၊ မေ့လျော့ခြင်းခံနေရသည့် မြန်မာနိုင်ငံ စစ်မျက်နှာတွင် ဗိုလ်မှူးချုပ်ဝင်းဂိတ် (နောင်အခါ ဗိုလ်ချုပ်ဝင်းဂိတ်ဖြစ်လာသူ) ၏ ခရီးဝေးဖောက်ထွင်းတိုက်ခိုက်မှု သေနင်္ဂဗျူဟာကို ယုံယုံကြည်ကြည်နှင့် ကျင့်သုံးခဲ့သူ အမေရိကန်ပြည်ထောင်စုသားဗိုလ်မှူးချုပ် မဲရီ(လ်)တို့အား လေးစားခဲ့ပါသည်။

မှန်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့ပြီး သုံးနှစ်၊ လေးနှစ်နီးပါးသည်



...သော ဗိုလ်မှူးချုပ် မဲရီ(လ်)၏ လူဆိုး ...မိုက်များ (The Marauders) ဟု ...တင်းမီဒီယာများက ကင်ပွန်းတပ် ...ထားသော ခရီးဝေးထိုးဖောက်ချီတပ် ...များအကြောင်း ရိုက်ကူးထားသည့် ...ဒီယိုအခွေနှင့် စာအုပ်စာတမ်းများကို ...ရမ်းခဲ့ပါသည်။ ဤစာအုပ်စာတမ်း ...များကို ဖတ်ရှုခဲ့ရာမှ ကျွန်တော်သည် ...'ဝင်းဂိတ်ခြေရာ' ဆောင်းပါးကို ရေး ...ခဲ့ခြင်း ဖြစ်ပါသည်။

အမှန်အတိုင်း ဝန်ခံရလျှင် ကျွန် ...တော်သည် ဒုတိယကမ္ဘာစစ်အတွင်းက

မဟာမိတ်တို့အဖို့ ဥရောပတိုက်တွင် ဒုတိယစစ်မျက်နှာဖွင့်နိုင်ရေး၊ အာဖရိကတိုက်မြောက်ပိုင်းမှ ဂျာမန်တပ်မတော်များကိုမောင်းနှင်တိုက်ထုတ်ရေး၊ ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ဂျပန်ဘုရင့်ရေတပ်မတော်အား မောင်းနှင်တိုက်ထုတ်ရေး၊ တရုတ်နိုင်ငံမှ ဂျပန်တပ်များကို တိုက်ထုတ်နိုင်ရေးတို့ကိုသာ စီစဉ်ဆောင်ရွက်ခဲ့ရသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံအား ပြန်လည်သိမ်းပိုက်နိုင်ရေးကိုမူ မေ့လျော့နေခဲ့ကြသည်။ သို့ဖြစ်၍ စစ်သမိုင်းသုတေသီများက မြန်မာနိုင်ငံစစ်မျက်နှာ

အား 'မေ့လျော့နေသောစစ်မျက်နှာ' ဟူ၍ ၎င်းမြန်မာနိုင်ငံအား ပြန်လည်သိမ်းပိုက်နိုင်ရန် ပြင်ဆင်နေသည့် ဗြိတိသျှစစ်သေနာပတိ ဗိုလ်ချုပ်ကြီး စလင်း၏ အမှတ်(၁၄)အိန္ဒိယတပ်မတော်ကိုလည်း 'အမေ့ခံတပ်မတော်' ဟု ကင်ပွန်းတပ်ခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း လူလူသူသူဖြစ်လာသော ကျွန်တော်အဖို့ မြန်မာနိုင်ငံစစ်မြေပြင်တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်အများကို လည်းကောင်း၊ မြန်မာ့တပ်မတော်၏ တော်လှန်ရေးတိုက်ပွဲများကို လည်းကောင်း အတော်အသင့်သိခွင့်ရခဲ့သည်။ ဗိုလ်ချုပ်ဝင်းဂိတ်နှင့် ဗိုလ်မှူးချုပ် မဲရီ(လ်)တို့၏ ခရီးဝေးဖောက်ထွင်းတိုက်ခိုက်မှုများနှင့် ထိုတပ်ဖွဲ့ဝင် ခြင်ဒစ်နှင့် မဲရီ(လ်)၏ လူဆိုးလူမိုက်တပ်ဖွဲ့ဝင်များ၊ ထိုတပ်ဖွဲ့ဝင်များတွင် ပါဝင်ခဲ့သော မြန်မာလူမျိုးနှင့် မြန်မာတိုင်းရင်းသား





www.burmeseclassic.com

www.burmeseclassic.com

အညတရ ရဲဘော်တို့၏ အနိုင်မခံ အရှုံးမပေးသောစိတ်ဓာတ်၊ လာမယ့်ဘေးပြေးတွေ့သောစိတ်ဓာတ်၊ အသက်ကို ဖက်ရွက်ပမာသဘောထား၍ ရင်ကို မြေကတုတ်လုပ်ခဲ့မှုများကို အထူးလေးစားပါသည်။ သို့ဖြစ်၍ ဤဆောင်းပါးကို ဆက်၍ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ဗိုလ်ချုပ်ဝင်းဂိတ်အကြောင်း အနည်းငယ် ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

ဝင်းဂိတ်သည် ကျွန်တော်အတွက် ဒဏ္ဍာရီတစ်ပုဒ် ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်မီးကြီး ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ကူးစက်မလာခင်ကပင် ဝင်းဂိတ်အကြောင်း အကျွမ်းတဝင်သိနေပြီးဖြစ်၏။ ထိုစဉ်ကာလက ဗြိတိသျှအစိုးရဝါဒဖြန့်ချိရေးဌာန (ပြန်ကြားရေးဌာန) မှ ထုတ်ဝေသော ကမ္ဘာရုပ်စုံဂျာနယ်တွင် ဝင်းဂိတ်၏ ဓာတ်ပုံနှင့်တကွ သူ့ပြောက်ကျားတပ်ဖွဲ့အကြောင်း သတင်းဆောင်းပါးများ ပါဝင်လာသည်။ ထိုစဉ်က သူသည် အဘီဆီးနီးယားနိုင်ငံ (ယခု အီသီယိုပီးယားနိုင်ငံ) တွင် အဘီဆီနီးယားနိုင်ငံသား ပြောက်ကျားတပ်ဖွဲ့များကို ခေါင်းဆောင်၍ ထိုနိုင်ငံအတွင်း ကျူးကျော် ဝင်ရောက်ခဲ့သည့် ဖက်ဆစ်၊ အီတလီတပ်သားများကို မောင်းထုတ်နိုင်ခဲ့သည်။ ထိုစဉ်က ဖက်ဆစ်မဟာမိတ်နိုင်ငံဖြစ်သော နာဇီဂျာမနီနှင့် ဖက်ဆစ်အီတလီနိုင်ငံတို့မှာ ဒုတိယကမ္ဘာစစ်ကြီးကို အောင်နိုင်ရန်သေချာနေသောအချိန်ဖြစ်သည်။ နေမဝင်အင်ပါယာကြီးကို နှစ်ပေါင်းများစွာ စိုးမိုးအုပ်ချုပ်ခဲ့သော အင်္ဂလန်နိုင်ငံမှာ စစ်မျက်နှာတိုင်းတွင် အောင်မြင်စွာ ဆုတ်ခွာနေရသည့်အချိန် ဖြစ်သည်။ ဤသို့သောအချိန်တွင် ဝင်းဂိတ်၏ ပြောက်ကျားတပ်ဖွဲ့သည် သူတို့ထက် အင်အား အဆမတန်ကြီး၍ လေတပ်အမြောက်အများ၊ သံချပ်ကာတပ်များဖြင့် ထိုးစစ်ဆင်နေသော အီတလီ တပ်မဟာအား အဘီစီနိုင်ငံ (ယခု အီသီယိုပီးယားနိုင်ငံမှ) မောင်းထုတ်နိုင်ခဲ့သည်မှာ အံ့ဖွယ်သရဲဖြစ်ခဲ့ရသည်။

ဝင်းဂိတ်သည် အများနှင့်မတူ တစ်မူထူးသူတစ်ယောက် ဖြစ်သည်။ စစ်ဗိုလ်တစ်ယောက်အနေဖြင့်လည်း အခြားစစ်ဗိုလ်များနှင့်မတူ တစ်မူထူးသူဖြစ်၏။ လူထူးလူဆန်း၊ စစ်ဗိုလ်ထူးစစ်ဗိုလ်ဆန်းဖြစ်သကဲ့သို့ သူ့အတွေးအခေါ် အယူအဆများကလည်းဆန်းသည်။ ပင်ကိုဉာဏ်ကလည်း ထက်မြက်၏။ သူ့အား အခြားတပ်မှူးကြီးများက နှိမ်ကြသည်။ အပေါင်းအသင်းရခဲခက်သည်။ လူ့ခွစာဟု ဆိုကာ ခပ်ရှောင်ရှောင်နေကြသည်။ သို့သော် သူသည် ပစ်တိုင်းထောင် ဖြစ်၏။

သူ၏ ခရီးရှည်ထိုးဖောက်တိုက်ခိုက်နည်း၊ ပြောက်ကျားစစ်ဆင်နည်း၊ တောတွင်းချီတက်တိုက်ခိုက်နည်းများသည် ထိုစဉ်ကာလကမူ သမားရိုးကျနည်းများ မဟုတ်ကြပေ။ ခေတ်တစ်ခေတ်ကျော်နေသဖြင့် သူ၏ စစ်နည်းဗျူဟာကို စစ်ပညာအကဲခတ်သူများ၊ စစ်သမိုင်းပညာရှင်များက နားမလည်နိုင်ကြ။ သူ့စစ်ဗျူဟာသည် စိတ်ကူးယဉ်ဆန်သည်။ တကယ်စစ်ပွဲကြီးများ ဆင်နွှဲရာတွင် အသုံးမဝင်နိုင်ဟု ယူဆကြ၏။ သို့သော် မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှတစ်ခွင်တွင် ဂျပန်ဘုရင့်တပ်မတော်၏ လှိုင်းတံပိုးအောက် မရှုမလှုရောက်ခဲ့ရသော မဟာမိတ်စစ်သားတို့အဖို့ စိတ်ဓာတ်ရေးရာအရ မြှင့်တင်ပေးရန် လိုအပ်လာသည်။

မြန်မာနိုင်ငံမှ မိုင်ပေါင်း (၉၀၀) ကျော် ခွာစစ်ပြုလာခဲ့ရသော ဗြိတိသျှတပ်သားများသည် အိန္ဒိယသို့ရောက်ကြသောအခါတွင် ကာယ၊ ဉာဏအားဖြင့် ခံနိုင်ရည်စွမ်းရည်မရှိ အလွန်တရာ အားအင်ကုန်ခန်းနေသော အခြေအနေသို့ ရောက်လာခဲ့ရ၏။ အဆိုးဝါးဆုံးမှာ စိတ်ဓာတ်ကျဆင်းခြင်းပင် ဖြစ်၏။ မြန်မာနိုင်ငံတိုက်ပွဲစဉ်အချို့တွင် ဂျပန်တို့၏ စွမ်းရည်သတ္တိ၊ ကြံ့ခိုင်မှု၊ ရဲဝံ့မှု၊ ရက်စက်မှုနှင့် တောတွင်းစစ်သေနင်္ဂဗျူဟာကျွမ်းကျင်မှုကို လက်တွေ့တွေ့ကြရသော မဟာမိတ် တပ်မတော်သားများအဖို့ စိတ်ဓာတ်ကျဆင်းခဲ့ကြရ၏။ တိုက်ပွဲစဉ်များတွင် စစ်သည်တော်များအတွက် စိတ်ဓာတ်သည် အရေးအကြီးဆုံးဖြစ်သည်။ မဟာမိတ်တပ်သားများအတွက် စိတ်ဓာတ်မြှင့်တင်ရန် အားဆေးလိုအပ်နေသည်ဟု မဟာမိတ်စစ်အာဏာပိုင်များက ယူဆမိကြသည်။ တစ်နည်းအားဖြင့်ဆိုရသော် သင့်တော်သောနေ့တွင် ပြုလုပ်ကြရမည်။ မြန်မာနိုင်ငံအား ပြန်လည်သိမ်းပိုက်ရေးထိုးစစ်တွင်း မဟာမိတ်တပ်သားများသည် ဂျပန်တို့နည်းတူ တောတွင်းတိုက်ပွဲများတွင် စွမ်းစွမ်းတမံ တိုက်ပွဲဝင်နိုင်ကြောင်းကို လက်တွေ့ပြသရန် လိုအပ်သည် ဟူ၍လည်း မဟာမိတ်စစ်အာဏာပိုင်များက ယူဆထား၏။

ဝင်းဂိတ်ကမူ တိုက်ရည်ခိုက်ရည်ပြည့်ဝသော အမြဲတမ်း စစ်သည်တော်များအား စနစ်တကျ ပြောက်ကျားစစ်ဆင်နည်းကို လေ့ကျင့်ပေးမည်ဆိုလျှင် သာမန်အရပ်သားပြောက်ကျားတပ်သားများထက် ပို၍အသုံးဝင်မည်ဟု မှတ်ယူထားသူ ဖြစ်၏။ သူ၏ လက်နက်တိုင်ပြောက်ကျားတပ်ဖြင့် ရန်သူ့နယ်မြေအတွင်း ခရီးဝေးထိုးဖောက်တိုက်ခိုက်ရေးသေနင်္ဂဗျူဟာကို ဂရုပြုမိသူ၊ စိတ်ဝင်စားသူများမှာ ဗြိတိသျှ ဝန်ကြီးချုပ်ချာချီနှင့် မဟာမိတ်စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ဝေဗယ်တို့ ဖြစ်ကြ၏။

ဝင်းဂိတ်ကမူ မြန်မာနိုင်ငံအား ပြန်လည်သိမ်းတိုက်ပွဲစဉ်တွင် သမားရိုးကျနည်းဖြင့် စစ်ဆင်ရေးသည် အောင်မြင်ရန်မလွယ်။ ဂျပန်ဘုရင့်တပ်မတော်၏ နောက်ပိုင်းသို့ ခရီးရှည်ချီတက်၍ ပြောက်ကျားနည်းဖြင့် ရန်သူတို့၏ ရိက္ခာစခန်းများ၊ စစ်လက်နက်ပစ္စည်း၊ လှောင်ရုံများ၊ ဆက်သွယ်ရေးစခန်းများ၊ မီးရထားလမ်းများ၊ တံတားများအား ဖောက်ခွဲ ဖျက်ဆီးခြင်းဖြင့် ရှေ့တန်းရောက်နေသော ဂျပန်တပ်မတော်များ





www.burmeseclassic.com

www.burmeseclassic.com

စိတ်ဓာတ်ကျဆင်းစေနိုင်သည်ဟု ယူဆထားသူ ဖြစ်၏။ သူ၏ ထူးခြားသော သေနင်္ဂဗျူဟာကို စမ်းသပ်ရန် ဗြိတိသျှစစ်အာဏာပိုင်များ၊ မဟာမိတ်စစ်အာဏာပိုင်များက သဘောတူခဲ့ကြသည်။

သို့ဖြစ်၍ ဝင်းဂိတ်၏ ခရီးဝေးထောက်ထွင်းတိုက်ခိုက်နည်းကို စမ်းသပ်စီစဉ်ခဲ့သည်။ ဝင်းဂိတ်သည် သူ၏ ဗျူဟာကို စမ်းသပ်ရန် ဗြိတိသျှအိန္ဒိယတပ်မတော်အရာရှိအရာခံ၊ အကြပ်၊ တပ်သားများကို ရွေးထုတ်၍ ခြင်းဒစ် (ခြင်္သေ့) တပ်ဟု အမည်ခံကာ စနစ်တကျ တောတွင်းပြောက်ကျားချီတက်တိုက်ခိုက်နည်း၊ ရန်သူစခန်းများအား အလစ်ဝင်ရောက်တိုက်ခိုက်နည်း၊ ရန်သူတို့၏ရိက္ခာသိုလှောင်ရုံများ၊ လမ်းပန်းများအား ဖောက်ခွဲဖျက်ဆီးသည့်နည်းများကို လေ့ကျင့်ပေးခဲ့သည်။

၁၉၄၃ ခု၊ ဖေဖော်ဝါရီလတွင်း ... ကြောင်းတစ်ကြောင်းလျှင် စစ်သည် ... (၄၀၀) ခန့်စီပါဝင်သော ဝင်းဂိတ်၏ အထူးတပ်များသည် အာသံစစ်မျက်နှာ ... ဗြိတိသျှစစ်ကြောင်းများကိုကျော်၍ မြန်မာနိုင်ငံအတွင်းရှိ ဂျပန်တို့၏ ခံစစ်ကြောင်းနောက်သို့ မိုင်ပေါင်း (၂၀၀) အထိ ထိုးဖောက် တိုက်ခိုက်ခဲ့ကြသည်။ ... ခြင်းဒစ်တပ်ဖွဲ့ဝင်များသည် မိမိတို့ ... သီးခြားစစ်ကြောင်းအလိုက် လွတ်လပ်စွာ လှုပ်ရှားရင်း မီးရထားလမ်းများ၊ ... တံတားများကို ချိုးဖောက်ဖျက်ဆီးနိုင်ကြသည်၊ ရန်သူတို့၏ ရိက္ခာပို့ဆောင်ရေး ယာဉ်များကို ခြုံခိုတိုက်ခိုက်နိုင်ခဲ့သည်။ ... သူတို့၏ အစောင့်အနေနှင့်ပါသော ... များကို ဝင်ရောက်စီးနင်း၍ ဂျပန်တပ်သား အမြောက်အမြားကို သုတ်သင်ခဲ့ကြ၏။ ဂျပန်တပ်သားအမြောက်အများကို သုတ်သင်နိုင်ခဲ့ကြ၏။ ခြင်းဒစ်စစ်ကြောင်းများအား အိန္ဒိယရှိ ဌာနချုပ်နှင့် ကြိုးမဲ့ဆက်သွယ်မှုအဆက်အသွယ်ပြုလုပ်၍ ရိက္ခာ ... ခဲယမ်းမီးကျောက်များကို လေကြောင်းမှချပေးခဲ့သည်။

သို့သော် ခြင်းဒစ်စစ်ကြောင်းများသည် ကြာရှည်လှုပ်ရှားနိုင်ခြင်း မရှိခဲ့။ ... သူတပ်များသည် သူတို့နောက်သို့ ... ခိုစ်ပ်တိုက် အမဲလိုက်သလိုလိုက်ခဲ့သဖြင့် ရန်သူကို ခုခံကာကွယ်ရင်းဆုတ်ခဲ့၏၊ ဤခရီးဝေးထိုးဖောက်တိုက်ခိုက်သည် ဗြိတိသျှတပ်သားများအတွက် စိတ်ဓာတ်မြှင့်တင်လိုက်သော အားဆေးတစ်ခွက် ဖြစ်၏။ ဤခြင်းဒစ်တပ်ဖွဲ့၏ စွန့်စားမှုနှင့် ရန်သူတို့အား ပခုံးချင်းယှဉ်နိုင်မှုကို အားကျသူမှာ မြစ်ကြီးနားခွင်တွင် ချန်ကေရှိတ်၏ တရုတ်တပ်များကို ဦးဆောင်၍ ဂျပန်တို့အား တိုက်ခိုက်နေသည့် အမေရိကန်ပြည်ထောင်စုသား ဗိုလ်ချုပ်ကြီးစတီးဝဲ(လ်) ၏ ညာလက်ရုံး အမေရိကန်ပြည်ထောင်စုသား ဘရီဂေးဒီးယားဂျင်နရယ်ဖရင်(စ်)ဒီးမရီး(လ်)ဖြစ်သည်။

သူ့အဖွဲ့မှာ ဝင်းဂိတ်၏ ရန်သူနောက်ထိုးဖောက်၍ ပြောက်ကျားနည်းဖြင့် တိုက်ခိုက်ခြင်းဖြင့် မြစ်ကြီးနားအား သိမ်းပိုက်ရန်တိုက်စစ်ဆင်နေသော စတီးဝဲလ်၏ တပ်များကို အကူအညီပေးရန် အမေရိကန်ပြည်ထောင်စု စစ်အာဏာပိုင်အဖွဲ့မှ အထူးတပ်များအဖြစ် ဖွဲ့စည်းပေးခဲ့သောအဖွဲ့ဖြစ်၏။ သူ့အဖွဲ့ဝင်တို့မှာ တပ်အသီးသီးမှ လူဆိုး၊ လူကြမ်း၊ လူခွစာ၊ လူရွတ်များကို စုဆောင်း၍ ဖွဲ့စည်းပေးထားသောတပ်ဖွဲ့ကြီး ဖြစ်၏။

ထိုစဉ်ကာလက မရီး၏ တပ်ဖွဲ့ကြီး ဖွဲ့စည်းထားမှုကို ထိပ်တန်းလျှို့ဝှက်ချက်အဖြစ်ထားခဲ့သည်။ ထိုတပ်ဖွဲ့တွင် တပ်ရင်းသုံးရင်းပါဝင်ခဲ့၏။ ၎င်းတပ်ရင်းတစ်ရင်းဆီသို့ တရုတ်တပ်ရင်း (၂) ရင်းကျစီ ပူးပေါင်းကာ တပ်ရင်းကိုးရင်းစုပေါင်းစပ်ပေါင်းကာ တပ်မဟာသုံးခုဖြစ်သွား၏။ ထိုတပ်မတော်သားများကို နောင်အခါ သတင်းမီဒီယာများက 'မရီး၏လူဆိုး၊ လူမိုက်များ' ဟု ကင်ပွန်းတပ်ခဲ့ကြ၏။

အမှန်အားဖြင့် မရီး၏ တပ်ဖွဲ့ကြီးကို မြန်မာနိုင်ငံသို့ စေလွှတ်ရန် အကြံပြုခဲ့သူမှာ အမေရိကန်ပြည်ထောင်စုတပ်မတော်စစ်ဦးစီးဌာနမှ စစ်သေနာပတိ ဗိုလ်ချုပ်ကြီး မာရှယ် ဖြစ်သည်။ တရုတ်-မြန်မာ-အိန္ဒိယစစ်မျက်နှာအတွင်း ဂျပန်တို့၏ နောက်ပိုင်းမှစစ်ဆင်ရေးကို ဗိုလ်ချုပ်ကြီး မာရှယ်သည် စိတ်ဝင်စားသူဖြစ်၏။ အထူးသဖြင့် ဝင်းဂိတ်၏ပြောက်ကျားစစ်သည် သမားရိုးကျစစ်ဆင်ရေးကို အထောက်အကူပြုနိုင်ပေလိမ့်မည်ဟု စွဲစွဲမြဲမြဲ ယုံကြည်ထား၍ အမေရိကန်ပြည်ထောင်စုတပ်မတော်တပ်ဖွဲ့ကြီးတစ်ဖွဲ့ကို ဝင်းဂိတ်တပ်ဖွဲ့နှင့် ပူးပေါင်း၍ တရုတ်-မြန်မာ-အိန္ဒိယနယ်စပ်ဒေသတွင် စစ်ဆင်ရေးပြုလုပ်ရန် စီမံလာခဲ့သည်။ အထူးသဖြင့် ဤစစ်မျက်နှာသို့ စေလွှတ်မည့်အဖွဲ့သည် အိန္ဒိယနိုင်ငံ လီဒိုမြို့မှ တရုတ်နိုင်ငံသို့ ဖောက်လုပ်လျက်ရှိသည့် လီဒိုလမ်းမကြီးအား ကာကွယ်ရေး၊ ယင်းဒေသနှင့် မြစ်ကြီးနားခွင်တွင် စစ်ဆင်နေသော စတီးဝဲလ်၏ တရုတ်တပ်များအား တစ်ဖက်တစ်လမ်းမှ ကူညီနိုင်ရန် ရည်ရွယ်၍ ထိုတပ်ဖွဲ့ကို စေလွှတ်ရန် ပြင်ဆင်ခြင်း ဖြစ်သည်။

ထိုတပ်ဖွဲ့တွင် အရာရှိအရာခံ၊ အကြပ်တပ်သား (၂၈၃၀) ပါဝင်သည်ဟု သိရ၏။ ထူးခြားသည့်အနေအထားမှာ ဤတပ်ဖွဲ့ဝင်များအနက် အရာရှိအရာခံ အကြပ်တပ်သား (၉၃၀) တို့မှာ တောင်ပစိဖိတ်ကျွန်းစုများတွင် ဂျပန်တို့နှင့် ကျားကုတ်ကျားခဲတိုက်ခိုက်ခဲ့ကြသော ရဲဘော်ရဲဘက်များဖြစ်ပြီး ကျန်တပ်သား (၁၉၀၀) ခန့်မှာလည်း ကရေဘီယန်ဒေသတွင် တောတွင်းပြောက်ကျားစစ်ကို ဆင်နွှဲခဲ့သည့် အရာရှိအရာခံ၊အကြပ်တပ်သားများ ဖြစ်သည်။ မူလရည်မှန်းချက်အရ ထိုတောတွင်းပြောက်ကျားအတွေ့အကြုံရှိခဲ့သောတပ်ဖွဲ့ကို ဝင်းဂိတ်နှင့် တွဲဖက်လိုက်ခြင်းဖြင့် ထူးခြားပြောင်မြောက်သော ပြောက်ကျားတပ်ဖွဲ့ကြီး ဖြစ်လာမည်ဟု အမေရိကန်ပြည်ထောင်စုစစ်ဦးစီးအဖွဲ့နှင့် ဗိုလ်ချုပ်ကြီးမာရှယ်တို့က ယူဆထား၏။

ယင်းအဖွဲ့သည် ၁၉၄၃ ခု၊ နိုဝင်ဘာလတွင် အိန္ဒိယနိုင်ငံသို့ ရောက်လာခဲ့သည်။ ထိုတပ်ဖွဲ့မှူး ဗိုလ်ချုပ်မရီး(လ်)ကလည်း ဝင်းဂိတ်၏ ခရီးဝေးတိုက်ခိုက်ရေးသည် တရုတ်-မြန်မာ-အိန္ဒိယစစ်မျက်နှာရှိ မဟာမိတ်တပ်ပေါင်းစု ပါဝင်သော အရာရှိအရာခံ၊ အကြပ်တပ်သားများ၏ စိတ်ဓာတ်ကို မြှင့်တင်နိုင်မည့် အားဆေးကြီးဖြစ်သည်ဟု ယူဆထားခဲ့ပြီး ပထမအကြိမ် ဂျပန်တပ်ဖွဲ့၏ နောက်ပိုင်းသို့ ဖောက်ထွင်းဝင်ရောက်ခဲ့သော ဝင်းဂိတ်၏ ခြင်းဒစ်တပ်ဖွဲ့ဝင်များ၏ အတွေ့အကြုံကို မှတည်၍ ရန်သူ့လက်ချက်ဖြင့် အသေအပျောက်နည်းနိုင်သမျှနည်း၍ အောင်ပွဲခံနိုင်ရန် ကြိုးစားရမည်ဟု ခံယူထား၏။

မည်သို့ပင်ဖြစ်စေကာမူ ပထမအကြိမ် မြန်မာနိုင်ငံအတွင်း ထိုးဖောက်ဝင်ရောက်ခဲ့သော ဝင်းဂိတ်တပ်များသည် ဂျပန်တို့ ခံစစ်ကြောင်းများ၏နောက်သို့ မိုင်ပေါင်း (၂၀၀) ကျော်အထိ ဖောက်ထွင်း ဝင်ရောက်၍ မီးရထားလမ်းများ၊ တံတားများကို ဖျက်ဆီးနိုင်သည်သာမက ရန်သူတို့၏ ရိက္ခာပို့ဆောင်ရေးယာဉ်များကို ခြုံခိုတိုက်ခိုက်နိုင်ကြ၏။

မရီး(လ်)ကလည်း သူ့တပ်ဖွဲ့ကို အာသံပြည်နယ်တွင် ဝင်းဂိတ်တပ်ဖွဲ့ဝင်

www.burmeseclassic.com

ရိုရိုရွေး

# ခေါင်းတစ်ခြမ်းကိုက်ခြင်း ကင်းဝေးအောင်

ခေါင်းတစ်ခြမ်းကိုက်ရောဂါကို 'မိုင်ဂရိန်း' လို့ ခေါ်ပါတယ်။ မိုင်ဂရိန်းဆိုတဲ့ စကားဟာ ဂရိဘာသာစကားမှ ဆင်းသက်လာတာဖြစ်ပြီး အဓိပ္ပာယ်ကတော့ 'ခေါင်းတစ်ခြမ်း' ဖြစ်ပါတယ်။ လူတိုင်းလိုလို ခေါင်ကိုက်ဖူးပါတယ်။ ဒီလောကကြီးမှာ ခေါင်းမကိုက်ဘူးသူမရှိအောင် ရှားပါးပါတယ်။ ခေါင်းကိုက်ရောဂါအမျိုးမျိုးရှိတဲ့အနက် ခေါင်းတစ်ခြမ်းကိုက်ရောဂါဟာ အဖြစ်များပါတယ်။

ခေါင်းတစ်ခြမ်းကိုက်ရောဂါစတင်ဖြစ်ပွားချိန်မှာ ခေါင်းတစ်ခြမ်းကို တင်းကျပ်စွာ ဆုပ်ဆွဲထားသလို နာကျင်ကိုက်ခဲမှုဝေဒနာကို စတင် ခံစားရပါတယ်။ ထိုမှတစ်ဆင့် နားထင်ကြောများတင်းလာပြီး နာကျင်ကိုက်ခဲခြင်း၊ မျက်ရိုးများနှင့် ဇက်ကြောများ နာကျင်ကိုက်ခဲကာ ဦးခေါင်းတစ်ခုလုံးသို့ ကူးစက်သွားပါတယ်။ ခေါင်းကိုက်ရာမှာ တချို့သောသူများဟာ (၂) နာရီမှ (၄) နာရီ လောက် ခံစားရပြီး အချို့မှာ (၂) ရက်ခန့် ကြာမြင့်အောင် ကိုက်ခဲတတ်ပါတယ်။ ခေါင်းကိုက်တဲ့အခါမှာ ညာဘက်အခြမ်း (သို့) ဘယ်ဘက်အခြမ်းမှ စတင်ကိုက်ခဲလာပါတယ်။ ခေါင်းကိုက်ဝေဒနာကို ခံစားရပြီးနောက်ပိုင်းမှာ ပြင်းထန်တဲ့ ခေါင်းကိုက်ခြင်းကို ခံစားရပါတယ်။ ဝေဒနာပျောက်တဲ့အခါမှာလည်း တဖြည်းဖြည်းဝေဒနာလျော့သွားပြီး ပျောက်သွားတတ်ပါတယ်။ အချို့မှာမူကား စပြီးခေါင်းကိုက်ကတည်းက ပြင်းထန်တဲ့ ဝေဒနာကို ခံစားရတဲ့အတွက် အလုပ်မလုပ်နိုင်တော့ဘဲ လဲလျောင်းနေရတဲ့ အဆင့်မှာရှိပါတယ်။ ခေါင်းကိုက်ရောဂါ ခံစားနေရသူများဟာ ခံစားနေရတဲ့ ဝေဒနာမှ သက်သာ ပျောက်ကင်းအောင် အကိုက်အခဲပျောက်ဆေးများကို သုံးစွဲကြပါတယ်။ မကြာခဏ ခေါင်းကိုက်တတ်သူများဟာ အကိုက်အခဲပျောက်ဆေးကို ခဏခဏ သုံးစွဲရတဲ့အတွက် နောက်ဆက်တွဲဆိုးကျိုးများကို ခံစားရတတ်ပါတယ်။ အချို့သောသူများဟာ ညဘက်တွင် ကောင်းစွာ အိပ်မပျော်သည့်အတွက် အိပ်ရေးမဝဖြစ်ကာ ခေါင်းကိုက်ခြင်းဝေဒနာကို ခံစားရတတ်ပါတယ်။ အပြင်းအထန် ခေါင်းကိုက်ဝေဒနာကို ခံစားရပြီဆိုရင် ခေါင်းကိုက်ခြင်း အကြောင်းရင်းကိုသိဖို့ ဆရာဝန်နဲ့ သွားရောက်ပြသရမှာ ဖြစ်ပါတယ်။

ခေါင်းတစ်ခြမ်းကိုက်ခြင်းအကြောင်းရင်းများ

- စိတ်ပင်ပန်းခြင်း၊ စိတ်ဖိစီးမှုများခြင်းနှင့် ဒေါသထွက်ခြင်း စတဲ့ စိတ်နဲ့ပတ်သက်တဲ့ ခံစားချက်ကြောင့် ဖြစ်ခြင်း။ စိတ်ခံစားမှုပြင်းထန်တဲ့အတွက် ခန္ဓာကိုယ်အတွင်းရှိ ကြွက်သားများတင်းခြင်း၊ ကျုံ့ခြင်းတို့ ဖြစ်လာပါတယ်။ ဤအပြောင်းအလဲများကြောင့် ခေါင်းတစ်ခြမ်းကိုက်ခြင်းဖြစ်ပါတယ်။
- ဒ့ါအပြင် သွေးကြောများ သွေးသွားလာမှု အပြောင်းအလဲတို့ကြောင့် အကျဉ်း၊ အကျယ် ပြောင်းလဲလာပါတယ်။ ဦးနှောက်အတွင်းရှိ သွေးကြောများကျဉ်းသွားတဲ့အတွက် ဦးနှောက်အတွင်းမှာ အောက်ဆီဂျင် အလုံအလောက် မရတော့ပေ။ သွေးကြောများကျယ်လာတဲ့အခါမှာ ခေါင်းတစ်ခြမ်းကိုက်ဝေဒနာကို ခံစားရပါတယ်။
- ဦးနှောက်အတွင်း အဖုအကျိတ်များရှိခြင်း၊ ဦးနှောက်အတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် အဖုအကျိတ်ရှိနေရင်ဖြစ်စေ၊ သွေးကြောများပေါက်လို့ သွေးခဲနေရင်ဖြစ်စေ ခေါင်းတစ်ခြမ်းကိုက်တတ်ပါတယ်။
- ဦးနှောက်ရောင်ရမ်းခြင်း။
- လုပ်နေကျအလုပ်ထက် ပိုမိုအားစိုက်ပြီးလုပ်ရတဲ့အတွက် ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်သွားရင်လည်း ဒီဝေဒနာ ခံစားရပါတယ်။
- ညဘက်တွင်-သုံး၊ လေးရက်ခန့်ဆက်တိုက်အိပ်ရေးပျက်ခြင်း။

---

များနည်းတူ တောတွင်းချီတက်နည်း၊ ချုံခိုတိုက်ခိုက်နည်း၊ ရန်သူ၏ အဆက်အသွယ်များ ပျက်ပြားအောင် ဖောက်ခွဲဖျက်ဆီးသည့်နည်း စသည်တို့ကို လေ့ကျင့်စေခဲ့သည်။ သက်ဆိုင်ရာမှ တာဝန်ပေးသောနေ့တွင် ဝင်းဂိတ်၏ တပ်ဖွဲ့ဝင်ခြင်ဒစ်များနှင့်အတူ မြန်မာနိုင်ငံအတွင်း ဒုတိယအကြိမ် ထိုးဖောက်ချီတက်ရမည်ဟု မျှော်လင့်ထား၏။ သို့သော် အမေရိကန်ပြည်ထောင်စုစစ်ဦးစီးအဖွဲ့သည် မရီး(လ်) ၏ 'လူဆိုးလူမိုက်များ' တပ်ဖွဲ့အား ဗိုလ်ချုပ်ကြီးစတီးဝဲ(လ်) ၏လက်အောက်သို့ လွှဲပြောင်းပေးခဲ့ပြီး မြစ်ကြီးနားခွင်ရှိ ဂျပန်တပ်များ နောက်တွင် ပြောက်ကျားစစ်ဆင်ရေးပြုရန် တာဝန်ပေးခဲ့သည်။

သို့ဖြစ်၍ ဝင်းဂိတ်ခြေရာကိုနင်းလိုသော မရီး(လ်)နှင့် သူ့တပ်ဖွဲ့သည် မြန်မာနိုင်ငံမြောက်စွန်း တောတောင်အထူထပ်ဆုံး၊ ငှက်ဖျားအထူထပ်ဆုံး၊ အန္တရာယ်အများဆုံးခွင်တွင် ပြောက်ကျားစစ်ဆင်နွှဲရန် တာဝန်ယူခဲ့ရခြင်း။ သူ့တာဝန်မှာ ဤအန္တရာယ်ထူပြောသောနယ်မြေတွင် မိုင် (၅၀၀) ကျော် ဖြတ်သွားရမည်ဖြစ်သည်။ ပေ (၆၀၀၀)ကျော်မြင့်သော တောင်တန်းကြီးများနံရံတွင် ဝန်တင်းလာများ သွားနိုင်အောင် လမ်းခုတ်ထွင်းပေးရမည်ဖြစ်ပြီး နောက်ဆုံးတာဝန်မှာ မြစ်ကြီးနားအရောက်ချီတက်ရမည် ဖြစ်သည်။

မရီး(လ်)၏ခရီးဝေးထိုးဖောက်တပ်ဖွဲ့စတင်ထွက်သည့်နေ့မှစ၍ မိုးစတင်ရွာသွန်းသည်။ သူ့'လူဆိုးလူမိုက်'တပ်ဖွဲ့ဝင်များသည် ဒေသခံ ကချင်အမျိုးသားများ၏အကူအညီနှင့် တိုက်ပွဲကြီး(၄)ပွဲအပါအဝင် တိုက်ပွဲငယ်(၁၇)ပွဲ တိုက်ခိုက်ခဲ့ပြီး ရန်သူဂျပန်တပ်သား အမြောက်အမြား ကျဆုံးစေခဲ့ရ၏။ မရီး(လ်)၏ လူဆိုးလူမိုက်တပ်ဖွဲ့သည် နောက်ဆုံးတွင် မြစ်ကြီးနားမြို့အနီး ချဉ်းကပ်နိုင်ခဲ့ပြီး ... သိမ်းတိုက်ပွဲ ဆင်နွှဲခဲ့နိုင်သည်။ သို့သော် မရီး(လ်)မှာ မြစ်ကြီးနားရောက်သည်... အားပြတ်၍ အိပ်ရာထဲလဲခဲ့ရပြီး သူ့... သားများ၏ (၅) ပုံ (၂) ပုံခန့်မှာ ကျဆုံး... ရသည်ဟု ဆိုကြပါကြောင်း။

လှမိုး (ပညာ...)

Ref:

*The Marauders.*

*By.C.Ogburn*



www.burmeseclassic.com

www.burmeseclassic.com

- အအိပ်လွန်ခြင်း။
- အစားအသောက်နှင့် မတည့်ခြင်း။ အစားအသောက်ထဲမှာ သွေးကြောကျယ်စေတဲ့ ပရိုတင်းဓာတ်တစ်မျိုးကြောင့်လည်း ခေါင်းတစ်ခြမ်းကိုက်တတ်ပါတယ်။
- မျိုးရိုးကြောင့်ခေါင်းကိုက်ခြင်း။
- စိတ်ကျရောဂါဖြစ်ခြင်းကြောင့် ခေါင်းမကြည်လင်ဖြစ်ခြင်းမှ အစပြုကာ ဉာဏ်ရောဂါဖြစ်ခြင်း စတဲ့ အချက်များကြောင့် ဖြစ်ပါတယ်။

ခေါင်းတစ်ခြမ်းကိုက်ခြင်းဟာ တချို့ ခေါင်းမကိုက်မီကြိုတင်သတိပေးခြင်း ပြလက္ခဏာများရှိပြီး တချို့မှာမရှိ ကြိုတင်သတိပေးခြင်းလက္ခဏာများ -

- ခြေ၊ လက်တို့လေးသွားပြီး ကျဉ်လာခြင်း။
- ချွေးစေးများထွက်လာခြင်း။
- ခေါင်းမကြည်လင်ဖြစ်ကာ ဂနာမငြိမ်ဖြစ်ခြင်း။
- မျက်လုံးထဲမှာအလင်းရောင်ဖြာထွက်သကဲ့သို့မြင်ခြင်း။

**င်းတစ်ခြမ်းကိုက်ရောဂါ ဘယ်လိုဖြစ်သလဲ**

ခေါင်းတစ်ခြမ်းကိုက်ရောဂါဟာ မှာပေါ်ရှိ လူမျိုးအသီးသီးမှာ ဖြစ်ပွားများလာတဲ့အတွက် ဆေးပညာ တေသီများက လေ့လာခဲ့ကြပါတယ်။

ရှေးယခင်တွေ့ရှိချက်ကတော့ -

ဦးနှောက်နဲ့ ဦးနှောက်ကို ကာရံတဲ့ အမြှေးများဆီသို့သွားတဲ့ သွေးကြောများ ကျယ်လာခြင်းကြောင့် ခေါင်းခြမ်းကိုက်ခဲနာကျင်ခြင်းဖြစ်ကြောင်း ရှိခဲ့ကြပါတယ်။

ဆက်လက်ပြီး လေ့လာတဲ့အခါ တေသီများရဲ့ လတ်တလော တွေ့ရှိချက်မှာ -

'ဦးနှောက်မှာဖြစ်ပေါ်နေတဲ့ လျှပ်စီးလှိုင်းမှုဟာ ရောဂါခံစားနေစဉ်မှာ နှောက်ရဲ့အပေါ်ဘက်ဆီကို ရွေ့လျားပြီး ထိုမှ ဦးနှောက်အရင်းပိုင်းရှိ နာမှုကို သိရှိခံစားနိုင်တဲ့ နေရာသို့ ရောက်ရှိသွားပြီး တိုက်ရိုက် လှုံ့ဆော် ခြင်း (သို့) ထိုနေရာတစ်ဝိုက်ရှိ သွေး များကို နှိုးဆွပေးခြင်းကြောင့် ခေါင်းတစ်ခြမ်းကိုက်ခြင်း ဖြစ်တယ်လို့ ပြန် ကြေညာထားပါတယ်။

ဒါ့အပြင် ခန္ဓာကိုယ်အတွင်းမှာရှိ ဆီရိုတိုနင် ဆိုတဲ့ ဓာတ်ပေါင်းဟာ ဦးနှောက်အတွင်းရှိ သွေးကြောများရဲ့ အကျဉ်း၊ အကျယ်ကို ပြောင်းလဲစေနိုင်ပါတယ်။ ခေါင်းမကိုက်မီ သွေးကြောများ ကျဉ်းတဲ့အချိန်မှာ ဆီရိုတိုနင်ဓာတ်များကို သွေးထဲမှာ အမြောက်အမြား တွေ့ရှိပါတယ်။ သွေးကြောများကျယ်သွားပြီး ခေါင်းကိုက်ချိန်မှာ ဆီရိုတိုနင်ဓာတ် ပမာဏဟာ သွေးထဲမှာ ကျဆင်းသွားပြီး ဆီးထဲသို့ အမြောက်အမြား ရောက်ရှိသွားတာ တွေ့ရှိရပါတယ်။

ဦးနှောက်အတွင်း၌ လျှပ်စီးလှိုင်းများကြောင့် ခေါင်းကိုက်ခြင်းဝေဒနာကို ခံစားရတဲ့အတွက် လျှပ်စီးလှိုင်းများ ထကြွစေတဲ့ အကြောင်းရင်းကို သုတေသီတို့ ဆက်လက် လေ့လာခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

**ဦးနှောက်အတွင်း၌ လျှပ်စီးလှိုင်းများ ထကြွစေတဲ့အကြောင်းရင်းများ**

- စားသောက်တဲ့ အစားအစာများ။
- စိတ်ဖိစီးမှုများ။
- ခန္ဓာကိုယ်အတွင်း၌ ဟော်မုန်းဓာတ် အပြောင်းအလဲများရှိခြင်းတို့ကြောင့် ဖြစ်ပါတယ်။

**ခေါင်းတစ်ခြမ်းကိုက် အများဆုံးဖြစ်တဲ့ အရွယ်**

ခေါင်းတစ်ခြမ်းကိုက်ခြင်းဟာ ငယ်ရွယ်တဲ့ကလေးအရွယ်မှာလည်း စတင်ဖြစ်ပေါ်နိုင်ပြီး အသက် (၃၀)မှ(၄၀)ဝန်းကျင်အရွယ်ဟာ ခေါင်းတစ်ခြမ်းကိုက် အများဆုံးဖြစ်တတ်တဲ့အရွယ် ဖြစ်ပါတယ်။ အချို့မှာ ဆယ်ကျော်သက်အရွယ်မှာပင် စတင် ခေါင်းတစ်ခြမ်းကိုက် ကိုက်ခဲတတ်ပါတယ်။ ထိုရောဂါရှင်မှာ မျိုးရိုးထဲတွင် ဤရောဂါမျိုးဖြစ်ပွားသူရှိကြောင်း တွေ့ရှိရပါတယ်။ အပျိုဖော်၊ လူပျိုဖော်မဝင်မီအထိ ယောကျ်ားလေးများက ခေါင်းတစ်ခြမ်းကိုက်ရောဂါ အဖြစ်များပါတယ်။ ဒါပေမယ့် အသက် (၂၀) အရွယ်လောက်မှာ အမျိုးသမီးလေးများဟာ ခေါင်းကိုက်ခြင်း ပိုမိုဖြစ်ပွားလာကြောင်းတွေ့ရှိရပါတယ်။ အမျိုးသမီးလေးများဟာ ခေါင်းကိုက်ခြင်း ပိုမိုဖြစ်ပွားလာကြောင်း တွေ့ရှိရပါတယ်။ အမျိုးသမီးလေးများဟာ ဓမ္မတာလာပြီးနောက် ခန္ဓာကိုယ်အတွင်းမှာ ဟော်မုန်းဓာတ် အပြောင်းအလဲများကြောင့် ယောကျ်ားလေးများထက် ပိုမို ခေါင်းကိုက်ခြင်း ဖြစ်ပါတယ်။ အချို့တလည်း ဓမ္မတာမလာမီ ခေါင်းကိုက်တတ်သလို တစ်ချို့မှာတော့ ဓမ္မတာလာနေစဉ်နဲ့ ဓမ္မတာလာအပြီး ခေါင်းကိုက်တတ်ပါတယ်။

တချို့အမျိုးသမီးများဟာ ကိုယ်ဝန်ဆောင်ချိန်၊ နို့တိုက်ချိန်နဲ့ သွေးဆုံးချိန်များတွင် ဟော်မုန်းအပြောင်းအလဲရှိ၍ ခေါင်းကိုက်တတ်သဖြင့် ခေါင်းတစ်ခြမ်းကိုက်ရောဂါ ခံစားနေရသူများရဲ့ သုံးပုံနှစ်ပုံဟာ အမျိုးသမီးများ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ပဋိသန္ဓေတားဆေးသောက်သုံးသူများဟာလည်း ဟော်မုန်းအပြောင်းအလဲရှိတဲ့အတွက် ခေါင်းတစ်ခြမ်းကိုက်တတ်ပါတယ်။

**ခေါင်းတစ်ခြမ်းကိုက်စဉ် ဖြစ်ပေါ်လာတဲ့ ဝေဒနာများ**

- ပို့အန်ခြင်း၊ အစာမကြေဖြစ်ခြင်း။
- အလင်းရောင်မကြည့်နိုင်ခြင်း။
- ဆူညံသောအသံများကို မကြားနိုင်ခြင်း။
- ခေါင်းမူးပြီး ခေါင်းမထူနိုင်အောင်ဖြစ်ခြင်း။
- အစားအစာအနံ့မခံချင်ခြင်း။

**ခေါင်းတစ်ခြမ်းကိုက်ပြီး ဖြစ်ပေါ်လေ့ရှိသောလက္ခဏာများ**

- ကြွက်သားများ ညောင်းညာကိုက်ခဲခြင်း။
- စိတ်မကြည်မလင်ဖြစ်ခြင်း၊ ခန္ဓာကိုယ်နုံးခွေနေခြင်း။
- ဆီးရွှင်ရွှင်သွားခြင်း စတာတွေဖြစ်တတ်ပါတယ်။

**မသင့်တင့်သော အစားအစာများကို စားသုံးခြင်းကြောင့် ခေါင်းကိုက်ခြင်း**

အစားအစာစားသုံးရာတွင် မိမိခန္ဓာကိုယ်နဲ့ သင့်တင့်တဲ့ အစားအစာကို ရွေးချယ်စားသုံးရမှာ ဖြစ်ပါတယ်။ မသင့်တင့်တဲ့ အစားအစာများကို စားသုံးရင် ခေါင်းတစ်ခြမ်းကိုက်ခြင်း ဖြစ်တတ်ပါတယ်။ တချို့ အစားအစာတွေထဲမှာ သွေးကြောကိုကျယ်စေတဲ့ တိုင်ယာမင်း (Tyramine) ခေါ် ပရိုတင်းဓာတ်တစ်မျိုး ပါဝင်ပါတယ်။ သွေးကြောကျယ်စေတဲ့အတွက် ထိုအစားအစာများကိုစားရင် ခေါင်းတစ်ခြမ်းကိုက်တတ်ပါတယ်။

အဲဒီအစားအစာတွေကတော့ -

- ဒိန်ခဲ၊ ချိစ်၊ ချောကလက်၊ မြေပဲ၊ အရက်၊ အချဉ်ဓာတ်ပါတဲ့အသီးများ၊ အချဉ်ဖောက်ထားတဲ့အစားအစာများ ဖြစ်ပါတယ်။
- တာရှည်ခံရန် ပြုပြင်ထားတဲ့ အစားအစာများ -



www.burmeseclassic.com

www.burmeseclassic.com

- ဝက်အူချောင်း၊ ကြက်အူချောင်း၊ ဝက်ပေါင်ခြမ်း၊ တာရှည်ခံသည့် အသားပြားခြောက်၊ ဟင်းခတ်မှုန့် လွန်ကဲသောအစားအစာ။

တရုတ်ဟင်းလျာအစားအစာများဟာ ဟင်းခတ်မှုန့် လွန်ကဲစွာ ပါဝင်ပါတယ်။ ဟင်းခတ်မှုန့် လွန်ကဲစွာပါတဲ့ အစားအစာကိုစားမိရင် ဖောချွေးများပြန်ခြင်း၊ ဇက်ကြောတောင့်တင်းပြီး မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ပြီး အော့အန်ချင်ခြင်းတို့ ဖြစ်တတ်ပါတယ်။

**ကဖင်းဓာတ်ပါသည့် အစားအစာကို စားသုံးခြင်း**

- လက်ဖက်ရည်၊ ကော်ဖီ၊ ချောကလက်ဖျော်ရည်နှင့် ရေဆူရန်ကာဗွန်ဓာတ်ထည့်ထားတဲ့ အစားအစာများဟာ ကဖင်းဓာတ်ပါတဲ့အတွက် စားသုံးသူများမှာ ခေါင်းတစ်ခြမ်းကိုက်ခြင်း ဖြစ်စေပါတယ်။

**အဆီဓာတ်များစွာပါဝင်တဲ့ အစားအစာကိုစားသုံးခြင်း**

အဆီဓာတ် လွန်ကဲစွာ စားသုံးရင် မအီမလည်ဖြစ်ပြီး ခေါင်းတစ်ခြမ်းကိုက်ခြင်းဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် အဆီဓာတ်ပါဝင်တဲ့ အစားအစာကို လွန်ကဲစွာ မစားသင့်ပါ။

**အစားလျှော့စားခြင်း၊ အစာမစားဘဲနေခြင်း**

အထက်ပါအကြောင်းများကြောင့် ခေါင်းတစ်ခြမ်းကိုက်ရောဂါဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ဦးနှောက်အတွက် လိုအပ်သော အာဟာရရရှိရန် အချိန်မှန်မှန် ပုံမှန်အစားအသောက်စားသင့်ပါတယ်။

**ဆေးလိပ်သောက်ခြင်းကြောင့် ခေါင်းကိုက်ခြင်း**

ဆေးလိပ်ထဲမှာပါဝင်တဲ့ နီကိုတင်းဓာတ်ဟာ ဦးနှောက်သွေးကြောကလေးများကို အကျဉ်း၊ အကျယ်ပြောင်းလဲပေးနိုင်ပါတယ်။ ဒါကြောင့် ဆေးလိပ်သောက်သူများဟာလည်း ခေါင်းတစ်ခြမ်းကိုက်ခြင်း ဖြစ်တတ်ပါတယ်။

ဒါ့အပြင် ခေါင်းတစ်ခြမ်းကိုက်ခြင်းမှာ အစားအသောက်၊ ရာသီဥတုအပြောင်းအလဲ၊ လေဖိအားအပြောင်းအလဲနှင့်တကွ နေရာဒေသအပြောင်းအလဲများကြောင့်လည်းဖြစ်နိုင်ပါတယ်။ တချို့မှာမူကား စူးရှသောရနံ့၊ မွှေးအီသောရနံ့တို့ကြောင့်လည်း ခေါင်းတစ်ခြမ်းကိုက်ခြင်း ဖြစ်တတ်ပါတယ်။

**စားသုံးသင့်သည့်အစားအစာများ**

- လတ်ဆတ်သော အသား၊ ငါး။
- အဆီထုတ်ထားသော လတ်ဆတ်တဲ့နွားနို့။
- ပဲတောင့်ရှည်၊ စားတော်ပဲ၊ ဗိုလ်စားပဲ၊ မုန်လာဥနီ၊ သခွားသီး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ဂေါ်ရခါးသီး၊ အာလူး။
- လိမ္မော်သီး၊ ပန်းသီး၊ သစ်တော်သီး၊ မာလကာသီး၊ မက်မန်းသီး၊ ငှက်ပျောသီး။
- ကဖင်းဓာတ် ထုတ်ထားသည့် ကော်ဖီ၊ လက်ဖက်ရည်နှင့် ဖျော်ရည်မျိုးစုံ။
- လတ်ဆတ်သော အစိမ်းရောင် ဟင်းသီးဟင်းရွက်။
- သစ်ရွက်၊ သစ်သီးမှရသော ဆီအမျိုးမျိုး။

**ဆေးဝါးမပါသောကုသနည်းများ**

- အသက်ရှူလေ့ကျင့်ခန်းယူခြင်း။

အသက်ကို ပြင်းပြင်းရှူသွင်းပါ။ ထို့နောက် အသက်ကို ပြင်းပြင်းရှူထုတ်ပါ။ ဤသို့ အသက်ပြင်းပြင်းရှူသွင်းခြင်းကြောင့် အဆုတ်ထဲသို့ အောက်ဆီဂျင်ဓာတ်များ ကောင်းစွာ ဝင်ရောက်လာပြီး ထိုမှတစ်ဆင့် သွေးကြောများနှင့် ကြွက်သားများဆီသို့ ရောက်ရှိသွားပါတယ်။ ထိုအောက်ဆီဂျင်နှင့် စွန့်ထုတ်အညစ်အကြေးများကို လဲလှယ်ပေးလိုက်သဖြင့် အညစ်အကြေးများကိုသယ်ဆောင်သွားခြင်းကြောင့် ကြွက်သားများ ပိုမိုသန့်စင်ကာ ပေါ့ပါးသွားတဲ့အတွက် ခေါင်းကိုက်ခြင်းကို သက်သာစေပါတယ်။

- ယောဂလေ့ကျင့်ခန်းယူခြင်း

ခန္ဓာကိုယ်ကို ဈာန်ဝင်စားသကဲ့သို့ အာရုံဖြင့်ထိန်းချုပ်ပေးခြင်းကြောင့် ကြွက်သားတင်းခြင်း လျော့သွားကာ ခေါင်းကိုက်ခြင်းကို သက်သာစေပါတယ်။

**ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခု လေ့ကျင့်ခြင်း**

ခေါင်းတစ်ခြမ်းကိုက်တတ်သူများဟာ ကိုယ်လက်လှုပ်ရှား အားကစားနည်းတစ်ခုခုကို နေ့စဉ် ပုံမှန်ဆောင်ရွက်သင့်ပါတယ်။

အိပ်ရာထပြီးတစ်ကြိမ်၊ ညအိပ် ဝင်ခါနီးတစ်ကြိမ် သို့မဟုတ် ညနေတ ကြိမ် စုစုပေါင်း တစ်နေ့ နှစ်ကြိမ် ပုံမှန်ကစားပေးသင့်ပါတယ်။

**သင့်တင့်သောလေ့ကျင့်ခန်းများ**

- လမ်းလျှောက်ခြင်း။

လမ်းလျှောက်ခြင်းမှာ မှန် လျှောက်ခြင်း၊ မြန်မြန်လျှောက်ခြ စက်နဲ့လမ်းလျှောက်ခြင်း အသီးသီး နက် မိမိနဲ့ အဆင်ပြေမယ့်နည်းကို ချယ်နိုင်ပါတယ်။

- စက်ဘီးစီးခြင်း၊ ရေကူး အခြေခံ လေ့ကျင့်ခန်းယူခြင်း
- လေ့ကားထစ်တက်ခြင်း၊ အိမ် ကိစ္စပြုလုပ်ခြင်း စတဲ့ သိပ်မ ထန်တဲ့ လေ့ကျင့်ခန်းများ ပြု ရင် ခန္ဓာကိုယ်သွက်လက်ပေ ပြီး ခေါင်းကိုက်ခြင်း သတ် ပျောက်ကင်းစေနိုင်ပါတယ်။

**အသုံးများသောခေါင်းကိုက်ပျောက် များ**

ယခင်က ခေါင်းကိုက်တယ် အကိုက်အခဲပျောက်ဆေးများကို အ ပြုပြီး ယာယီ အကိုက်အခဲ သတ် လောက်မျှသာ သောက်သုံးကြပါ ယခုမူ ခေါင်းတစ်ခြမ်းကိုက်ရောဂါ ဆေးများ ပေါ်ပေါက်လာပြီဖြစ်လို့ ကျယ်စွာ အသုံးပြုလာကြပြီဖြစ်ပါ ဆရာဝန်ရဲ့ ညွှန်ကြားချက်နဲ့ သော သင့်တဲ့ ဆေးတွေကတော့ -

- Triptans
- Ergotamine
- Dihydroergotamine တို့ တယ်။

အထက်ပါဆေးတွေဟာ တစ်ခြမ်းကိုက်ရောဂါပျောက်ဆေး မယ့် ဆရာဝန် ညွှန်ကြားချက် သောက်ရမှာဖြစ်လို့ ဆရာဝန်နဲ့ မှ အညွှန်းအတိုင်း သောက်ရ အထက်ပါအတိုင်း သင့်တင့်တဲ့ အစာစာမယ်၊ လေ့ကျင့်ခန်းယူမယ် ဆေးများ သောက်သုံးမယ်ဆိုရင် လှတဲ့ ခေါင်းတစ်ခြမ်းကိုက်ဝေဒ ကြီး သက်သာပျောက်ကင်းသွား ကောန် ဖြစ်ပါလိမ့်မယ်။

*Ref:*


*Migraine.*

*From Internet.*



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်အောင်တေဇ ပြုပြင်ပြီး တွေ့ရတဲ့ [illegible]စေတီ

အောင်သန်းချစ်

# ကျွန်တော်နဲ့ဘိုးတော်အောင်တေဇ

ပညာရွှေတောင်စာအုပ်တိုက်က [illegible]တဲ့ 'အောင်တေဇသဘော်နစ်မြုပ် [illegible]က' ခေါင်းစဉ်နဲ့ ကိုယ်တွေ့ကြုံခဲ့ရသူ [illegible]ဘင်းရေးတဲ့စာအုပ်ကို ဖတ်ရင်း [illegible]ဘင်းရဲ့ အမှာစာထဲက -

'အထူးသဖြင့် ဗုဒ္ဓတရားတော်ကို သက်ဝင်ယုံကြည်မှု ပိုမိုလာပြီး သက်နီး ဝတ်လိုစိတ်များ ပေါ်ပေါက်လာသဖြင့် ပြီးခဲ့သည့်သင်္ကြန်ရက်အတွင်း ဝါးခယ်မ မြို့ ဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်တွင် (၇) ရက်ပဋ္ဌင်းတက်ခဲ့ရာမှ ဘာသာတရား၏ အဆီအနှစ်ကို သိရပေသည်။ လောကီရေးရာလုပ်ရာမှ ပိုသောအချိန်များတွင် ဘာဝနာပွားခြင်းများပြုလာသည်။ လုပ်ဖော်ကိုင်ဖက်အလုပ်သမားခေါင်းဆောင်များနှင့် အသိမိတ်ဆွေများကို ဘာသာရေး လေ့လာ လိုက်စားရန် တိုက်တွန်းခြင်းများ ပြုသည်။'




စစ်ကိုင်းမှာ သီတင်းသုံးစဉ် ရင်းဆိုက်ကားကိုသာ ဘိုးတော်အောင်တေဇ သုံးခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com


ဆိုတဲ့ စာပိုဒ်ကို ကျွန်တော် အကြိမ်ကြိမ်ဖတ်ရင်း ဘိုးတော်အောင်တေဇနဲ့ ကျွန်တော်တို့ ဇနီးမောင်နှံရဲ့ ပဋ္ဌာန်းဆက်ကို ပြန်တွေးမိလာတယ်။


ဘိုးတော် အောင်တေဇလို့ ဘာကြောင့်မှည့်ခေါ်ခဲ့ရသလဲဆိုတာကတော့ မြန်မာ့ပင်လယ်ပြင်မှာ အောင်တေဇ သင်္ဘောနစ်မြုပ်စဉ်က အသက်ကယ် ဖောင်လေးနဲ့မျောပါရင်း အသက်မသေဘဲ ကျန်ရစ်ခဲ့တဲ့ ကံထူးသူဖြစ်လို့ပါ။ အောင်တေဇနစ်မြုပ်တာကို အစကပြောပြမှ ဇာတ်ရည်လည်ပါလိမ့်မယ်။

၁၉၆၁ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ ညနေမှာ ရန်ကုန်ဆိပ်ကမ်းကနေ အောင်တေဇသင်္ဘော စတင် ထွက်ခွာခဲ့တယ်။ ဇွန်လ ၆ ရက်နေ့ ကျိုက္ခမိကို ဝေလီဝေလင်းအချိန်ရောက်သွားတော့ ရေကြောင်းပြတက်လာပြီး မော်လမြိုင်ဆိပ်ကမ်းမှာ ကပ်ပေးတယ်။ ဇွန်လ ၇ ရက် နံနက်(၉)နာရီခွဲနောက်ပိုင်းမှာ မော်လမြိုင်ကနေ အောင်တေဇသင်္ဘောထွက်ခွာပြီး စင်ကာပူဆီ ဦးတည်ခုတ်မောင်းခဲ့တယ်။ ညနေ(၆)နာရီခန့်မှာ သင်္ဘောလူးစပြုလာပြီး စောင်းသွားတော့တယ်။ သင်္ဘောက (၄၅) ဒီဂရီလောက်အထိ စောင်းနေတာကြောင့် သင်္ဘောအလယ်၊ အထက်နဲ့ နောက်ပိုင်းတွေမှာသာ ခရီးသည်တွေ တွယ်ကပ်နေကြရတော့တယ်။ သင်္ဘောနစ်မြုပ်စပြုချိန်မှာ ပင်လယ်ထဲမျောနေတဲ့အသက်ကယ်ဖောင်တစ်ခုကို ဦးဘဝင်း တွယ်မိခဲ့တယ်။ သူနဲ့အတူ အမျိုးသားတစ်ဦးရယ်၊ အမျိုးသမီးတစ်ဦး စုစုပေါင်း သုံးဦး အသက်ကယ်ဖောင်လေး ကျဉ်းကျဉ်းကျပ်ကျပ်မှာ အတူလိုက်ပါခဲ့ရတယ်။ သင်္ဘောနစ်မြုပ်ပြီး နှစ်ရက်ကျော် သုံးရက်ဖြစ်တဲ့ ဇွန်လ ၉ ရက်နေ့ရောက်မှ ကယ်ဆယ်ခံရပြီး ဦးဘဝင်းတို့သုံးဦး မော်လမြိုင်ဆေးရုံပေါ် ရောက်ခဲ့ကြရတယ်။

အောင်တေဇသင်္ဘော နစ်မြုပ်ရာမှာပါဝင်ခဲ့ပြီး သေဘေးက လွတ်မြောက်ခဲ့တဲ့ ဦးဘဝင်းက အရက်သမားဘဝကို ကျောခိုင်းပြီး သက်န်းဝတ်တော့တယ်။ ဒါကြောင့် လည်း ဦးဘဝင်းရဲ့ ရဟန်းဘွဲ့ ဦးဝိမလအစား ဘိုးတော်အောင်တေဇလို့ လူအများက ကင်းပွန်းတပ်ခဲ့ကြတယ်။

ကျွန်တော်တို့ဇနီးမောင်နှံကတော့ ဆရာတော် ဦးဝိမလကို ၁၉၇၄ ခုနှစ်က ရွှေတိဂုံစေတီရင်ပြင်မှာ စတင်ဆုံခဲ့ကြရတယ်။ မြဝတီမဂ္ဂဇင်းက အယ်ဒီတာ


ပျက်ယွင်းပြိုကျနေတဲ့ မှုသမင်္ဂလာစေတီ



ဘိုးတော်အောင်တေဇဓာတ်နန်း






www.burmeseclassic.com

www.burmeseclassic.com



၂၀၀၁ ခုနှစ်က ချီးမြှင့်ခဲ့တဲ့ ဘိုးတော်အောင်တေဇပုံ





ဘိုးတော်အောင်တေဇ (ဦးဝိမလ)

ဆရာမောင်ကျော်သာ (ဦးအုန်းကျော်)နဲ့ ရွှေတိဂုံစေတီပေါ်တက်ရင်း ဆရာမောင်ကျော်သာက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဆွမ်းချိုင့်ဝင်ယူတယ်။ ဘုန်းကြီးကျောင်းသားလေးက ဦးဝိမလရင်ပြင်ပေါ် တက်သွားပြီလို့ပြောရင်း ရေ ထားတဲ့ဆွမ်းချိုင့်ပြန်ပေးလိုက်တယ်။

ကျွန်တော်တို့ စေတီတော်ကြီးကို လက်ယာရစ်တစ်ပတ်ပတ်ကြခိုက် ထူးခြားခြား အိန္ဒိယနဲ့ တရုတ်လူအုပ်ကြီး ပါလာတဲ့ ဘုန်းကြီးတစ်ပါးကို မြင်ရတယ်။ ဆရာမောင်ကျော်သာရဲ့ ရှိခိုးကြ ရှိခိုးကြ ဆိုတဲ့ ဩဝါဒအတိုင်း ကျွန်တော်တို့ဇနီးမောင်နှံကထိုင်ပြီး တရိုတသေ ကန်တော့ခဲ့ကြတယ်။ ဘုန်းကြီးက ခေတ္တရပ်ပြီး ကျွန်တော်တို့ဇနီးမောင်နှံရဲ့ ဦးခေါင်းတွေကို လက်ဖဝါးနဲ့ဖိပြီး အတန်ကြာ ခေါင်းညိတ်ပြရင်း -

"ကိုအုန်းကျော်က ဆွမ်းချိုင့်ပြန်ယူလာပြီကိုး"

"ဟုတ်ပါတယ်၊ မန္တလေးက မိတ်ဆွေတွေ ဆရာတော်ကို ဖူးရအောင် ခေါ်လာခဲ့တာပါ"

"အေးလေဗျာ၊ အခုတွေ့ပြီးပြီပဲ"

စကားဆုံးတာနဲ့ ဘုန်းကြီးက လူအုပ်ကြီးခြံရံပြီး ဆက်လျှောက်သွားတယ်။

ကျွန်တော်လည်း -

"ဆရာ ဦးအုန်းကျော်၊ အဲဒီဘုန်းကြီးက ဘယ်သူလဲ"

"ခင်ဗျားတို့ သဘောလောကမှာ ရေပန်းစားတဲ့ ဘိုးတော် အောင်တေဇလေ"

ဟုတ်ပါတယ်။ အောင်တေဇ သဘောနစ်မြုပ်စဉ်က သေကံမရောက် သက်မပျောက်ဘဲ ဘာသာရေးဘက် ရောက်သွားတဲ့ ဘိုးတော် အောင်တေဇ သတင်းကို ကျွန်တော်ကြားခဲ့ဖူးပါတယ်။ ပိုပြီးအမှတ်တရဖြစ်နေတာကတော့ နဂါးဒေါ်ဦးကို မန္တလေးထောင်က လွှတ်မယ့်နေ့နံနက်က မန္တလေးမှာမတွေ့ဘူးတဲ့ သံဃာတစ်ပါး ဒေါ်ဦးအိမ်ရှေ့ရောက်လာပြီး -

"ဟေ့ဒကာတို့၊ ဒီညနေ ဒကာမကြီး ဒေါ်ဦးကို ထောင်ကလွှတ်မယ်။ သွားကြိုဖို့ ပြင်ဆင်ထားကြ"

ဧည့်တစိမ်းဖြစ်နေတာရယ်၊ အလိမ်အညာ အလှူခံလို့ထင်တာရယ်ကြောင့် ဘယ်သူကမှ ပြန်မဖြေခဲ့ကြပါ။ သံဃာဧည့်စိမ်းကတော့ ပြောပြီးတာနဲ့ ဆက်လျှောက်သွားခဲ့တယ်။ ညနေ (၃) နာရီထိုးတော့ ထောင်တာဝန်ခံအရာရှိထံက ဒေါ်ဦးကို လွှတ်မှာမို့ လာကြိုကြဖို့ ဖုန်းဝင်လာတယ်။ အားလုံးဝမ်းပန်းတသာနဲ့ သွားကြိုခဲ့ကြတဲ့အပြင် မနက်က သံဃာဧည့်စိမ်း ကြွလာပြီး ကြိုတင် သတင်းပေးခဲ့တာကိုပါ တအံ့တဩ ပြောနေခဲ့ကြတယ်။ ဒေါ်ဦးကတော့ မန္တလေးလေးပြင်လေးရပ် ဘုန်းကြီးကျောင်းတိုင်း အရောက်သွားပြီး ၎င်းသံဃာကို ရှာခိုင်းခဲ့တယ်။ နောက်ဆုံးမှာတော့ စစ်ကိုင်းမြို့က မင်္ဂလာစေတီပျက်ကြီးမှာ သတင်းသုံးနေတဲ့ ဘိုးတော်အောင်တေဇ (ဦးဝိမလ) ကို တွေ့မှ ရန်ကုန်ကနေ စစ်ကိုင်းက ဘုရားပျက်ကြီးနားမှာ သတင်းသုံးနေပြီး ဒေါ်ဦးလွှတ်မယ့်သတင်းကို ကြိုတင်လာရောက်အကြောင်းကြားပေးတဲ့ သံဃာဖြစ်မှန်း သိကြရတော့တယ်။ ဒေါ်ဦးဝန်းကျင်မှာ အဲဒီနေ့ကစပြီး ဘိုးတော်အောင်တေဇ (ဦးဝိမလ) သတင်းက မွှေးနေပါတော့တယ်။

တိုက်ဆိုင်တာလားတော့ မသိပါ။ ကျွန်တော့်ဇနီး ဆိုင်တာဝန်ခံအဖြစ် အမှုထမ်းနေတဲ့ အနောက်မြောက်မြို့နယ် (ယခု အောင်မြေသာစံမြို့နယ်) မေယဂီရိရပ် အမှတ် (၂) စားသုံးသူ သမဝါယမဆိုင်မှာ အမတော်ဝင်းထိက လုပ်သားပြည်သူတွေဈေးဝယ်ရပါတယ်။ အထူးသဖြင့် ဆီ၊ ဆန်၊ ရေနံဆီ၊ ရွှေဝါဆပ်ပြာတောင့်တို့လို မသုံးမဖြစ် အခြေခံပစ္စည်းတွေကို ဈေးနှုန်းချိုချိုသာသာနဲ့ တစ်ပတ်တစ်ကြိမ် ခွဲတမ်းအတိုင်းရောင်းပေးပါတယ်။

တစ်နေ့မှာတော့ အမတော်ဝင်းထဲက ပန်းရန်မိသားစု သမဝါယမဆိုင်မှာ ကုန်ဝယ်လာရင်း -

"ဒေါ်ခင်မေချစ်ရယ်၊ ဖြစ်နိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်အောင်တေဇဓာတ်နန်း



ဘိုးတော်အောင်တေဇဓာတ်နန်း

ဆန်နဲ့ ဆီလေးကို တစ်လစာ တစ်ခါ တည်း ရောင်းပေးပါ"

"ကျီဝင်း၊ အမတော်ဝင်း၊ အောင်သုခ အိုးတော်လုပ်တန်းနဲ့ (၁၉) လမ်းနေတဲ့လူအားလုံးအတွက် မြို့နယ်က ခွဲတမ်းချပေးပြီး တစ်ပတ်တစ်ကြိမ်ရောင်းခိုင်းလို့ပါ။ အိမ်ထောင်စုတိုင်းကို တစ်လစာ တစ်ခါတည်း ရောင်းပေးချင်ပါတယ်။ ကျွန်မတို့ နားချိန်ပိုရတာပေါ့။ အထက်ကအမိန့်အတိုင်း ရောင်းနေရလို့ပါ။ ဒါနဲ့ ရှင်တို့က ဘယ်သွားပြီး အလုပ်ဆင်းနေကြတာလဲ"

"စစ်ကိုင်းက စေတီပျက်ကြီးတစ်ဆူကို ရန်ကုန်က ဦးဝိမလ လာပြင်နေတယ်။ အဲဒီမှာ တစ်မိသားစုလုံးအလုပ်သွားလုပ်နေကြတာပါ။ စစ်ကိုင်းကနေ တစ်ပတ်တစ်ခါ ပြန်လာပြီး အခုလို ကုန်ဝယ်နေရတော့ အလုပ်တစ်ရက်စာပျက်တဲ့အပြင် လမ်းစရိတ်လည်း ထောင်းတာပေါ့ဗျာ"

ကျွန်တော့်ဇနီးလည်း တစ်နေ့လုပ်တစ်နေ့စားလေးတွေရဲ့ဘဝကို သဘောပေါက်နေသူဖြစ်တာကြောင့် -

"ကဲပါလေ - ဘယ်သူမှတော့ မသိစေနဲ့၊ တစ်လစာရောင်းပေးလိုက်မယ်။ စေတီတော်ကြီး ပြင်ပြီးရင်တော့ အကြောင်းကြားပါ။ ဦးဝိမလက ကျွန်မတို့နဲ့ ခင်ပါတယ်"

❑

စေတီကြီးပြုပြင်နေခိုက် ကုန်လာထုတ်ရင်း သူတို့ကိုယ်တွေ့ထူးထူးဆန်းဆန်းဖြစ်ရပ်တွေကို ကျွန်တော်တို့ ကြားကြရတယ်။ ဦးဝိမလ ရန်ကုန်ကြွသွားခိုက် အနီးနားရွာထဲက ကြက်တစ်ကောင်ကို အမတော်ဝင်းသားက ဖမ်းပြီးချက်စားခဲ့တယ်။ ဆရာတော် စစ်ကိုင်းပြန်ရောက်ရောက်ချင်း ကြက်ခိုးတဲ့လူငယ်ကို ခေါ်ပြီး -

"အခုကျူးလွန်ပြီးတာတော့ ထားလိုက်တော့၊ နောင်မကျူးလွန်နဲ့။ မင်းတို့လုပ်နေတာ ဘုရားပြင်တဲ့လုပ်ငန်း၊ ကြက်ခိုးပြီး သတ်စားတာက အဒိန္နာဒါနာ ပါဏာတိပါတကံပါ ကျူးလွန်တာကွ။ နောက်တစ်ကြိမ်ကျူးလွန်ရင် ငါခွင့်မလွှတ်ဘူး။ တခြားပန်းရံတွေပြောင်းငှားမယ်"

လို့ ဆရာတော်က ဆုံးမခဲ့တာကို တအံ့တသြကြုံခဲ့ကြရတယ်။ စစ်ကိုင်းမှာ ကြက်ခိုးစားတာကို ရန်ကုန်ကနေ သိနေတာ မဟုတ်ပါလား။

ဒါ့အပြင် တစ်ညမှာ ဈေးဝယ်ဖို့ ခပ်သုတ်သုတ်ပြေးသွားတဲ့ ကလေးမလေးတစ်ယောက် ခလုတ်တိုက်လဲပြီး လက်ထဲက အကြွေစေ့တွေ လွင့်ထွက်ကုန်လို့ မှောင်နဲ့မည်းမည်း ယောင်အအဖြစ်နေတုန်း ဦးဝိမလ ရောက်လာပြီး ပြန့်ကြဲနေတဲ့ အကြွေစေ့တွေအားလုံးကို တစ်စေ့မကျန် နေရောင်အောက်မှာလို ခပ်သွက်သွက်ကောက်ပေးတာနဲ့ ကြုံခဲ့ရတယ်။

အထူးခြားဆုံးကတော့ ၂၀၀၁ ခုနှစ်က ကျွန်တော် သင်္ဘောကဆင်းပြီး မြန်မာပြည်ပြန်ခါနီး ဘန်ကောက်မြို့မှာ ကပ္ပတိန် ဦးအေးထွဋ်တို့ ဇနီးမောင်နှံနဲ့ ဆုံတော့ -

"ဦးဝိမလ(ဘိုးတော်အောင်တေဇ) တော့ ဂျပန်ကို ကြွသွားပြီ။ ရော့ - ခင်ဗျားကို ဆရာတော် ချီးမြှင့်ခဲ့တဲ့ ဆရာတော့်ပုံတော်"

ဆိုပြီး ကျွန်တော့်အတွက် ဘိုးတော်အောင်တေဇ ဓာတ်ပုံပေးခဲ့ပါတယ်။

ဆရာတော် နှစ်ရှည်လများ သီတင်းသုံးရင်း ပြုပြင်တည်ဆောက်ခဲ့တဲ့ မင်္ဂလာမဟာစေတီရဲ့ မူလဒကာက ပထမအင်းဝဘုရင် ရွှေနန်းကြော့ရှင်ပါ။ ပြန်လည်... ပြင်ပြီးစီးသွားတဲ့ မင်္ဂလာမဟာစေ... ထီးတင်ပွဲကိုတော့ နိုင်ငံတော်ကော်... ဝင်တွေရော၊ တပ်မတော်(ရေ)က အ... စားဗိုလ်မှူးကြီး တင်သိန်းလူနဲ့ ဇနီး... ရယ်၊ အဲဒီခေတ် အာဏာလက်ရှိပုဂ္ဂိုလ်... ကြီးတွေကိုယ်တိုင် ဦးဆောင်ခဲ့ကြတယ်...

ဦးဝိမလ (ဘိုးတော်အောင်တေဇ)... က မြန်မာပြည်မှာ သာသနာပြုရုံမ... ဂျပန်နိုင်ငံကို ၂၀၀၁ ခုနှစ်မှာ ကြွသွား... အရှေ့အာရှတစ်လွှားမှာ သုံးနှစ်နဲ့တိုး... ကြာ သာသနာပြုခဲ့ပြီး စစ်ကိုင်းကို ပြ... ကြွခဲ့တယ်။ ဘိုးတော်အောင်တေဇဓာတ်... နန်းနဲ့ မဟာစေတီကို လက်ရှိစော... ရှောက်ပေးနေတဲ့ ဦးသိန်းတန် (၈၂) နှ... လက်အပ်နှံမှာကြားပြီး ဘိုးတော်အောင်... တေဇ အမေရိကန်ပြည်ထောင်စုကို ကြ... သွားတော့တယ်။ ၂၀၀၅ ခုနှစ်၊ ဇူလိုင်... ၁၇ ရက်နေ့က လော့စ်အိန်ဂျယ်လိစ်မြို့... မှာ ဆရာတော် ပျံလွန်ခဲ့ပါတယ်။

ကျွန်တော်တို့ မိသားစုကတော့... ဘိုးတော် အောင်တေဇမှသည် အ... ဘိုးမင်းခေါင်နဲ့ပါ သာသနာပြုခဲ့ကြ... တယ်။ ဒါကြောင့် လောကီ၊ လောကုတ်... အကျိုးများခဲ့ကြပါတယ်။ အခုထိလည်း... အဘတို့ အဆုံးအမနဲ့လည်း နေထိုင်... ဆောင်ရွက်ရင်း မပူမပင် မကြောင့်မကြ... နေနိုင်ကြပါတယ်။

ဘိုးတော်အောင်တေဇဓာတ်နန်း... ရော မင်္ဂလာမဟာစေတီမှာပါ ဆုပန်... ကြရင် စစ်ကိုင်းတံတားဟောင်းဆုံး... နဲ့ စစ်ကိုင်းမြို့ကတွေ့သူတိုင်းကို မဟာ... စေတီဘယ်မှာလဲလို့ မေးရင် ညွှန်ပြကြ... လိမ့်မယ်။ တံတားဟောင်းကနေ မိနစ်... (၂၀)ခန့် လမ်းလျှောက်လိုက်ရင်း မင်္ဂလာ... မဟာစေတီကို ရောက်ပါတယ်။

အောင်သန်းချို...



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးဆက်တွန်းလင်း

# အဂ္ဂိရတ်ပညာရှင်သူတော်စင်များ



ကမ္ဘာ့အဂ္ဂိရတ်ပညာလမ်း
တွင် အလျှို့ဝှက်ဆုံးသော
မှာ သူတော်စင်(ဝါ)ပညာ
တို့၏ကဏ္ဍပင် ဖြစ်လေသည်။
ဘယ်တမ်း ပြောရမည်ဆိုလျှင် ဤ
သည် လုပ်ငန်းကြီး၏အခြေခံအစ
မဟုလည်း ဆိုရပေမည်။

အဂ္ဂိရတ်သဘောတရားအရ ဆို
ပညာရှင်သည် အညံ့စားသတ္တုကို
မြင့်သတ္တုသို့ ပြောင်းလဲစေပြီး
မဟုတ် ပြဒါးရှင်လုံးကို ဖြစ်စေ၏။
စားသတ္တုကို ပြဒါးရှင်လုံးဖြင့် ထိ
ခြင်းဖြင့် ရွှေဖြစ်စေနိုင်၏။ အဆိုပါ
ဓာတ်ကို ထုတ်ပေးနိုင်သော အရာ
အဘယ်နည်း။

လက်တင်ဘာသာသို့ ပထမဦးဆုံး
ဆိုသောကျမ်းမှာ (LIBER DE CO-
POSITIONE ALCHEMIAE) ကျမ်း
၏။ ထိုကျမ်းတွင် မင်းသား ခါလစ်နှင့်
ယာန်သူတော်စင်ကြီးတို့၏စကား
ခန်းကို အမေး၊ အဖြေပုံစံဖြင့် ဖော်
ထား၏။ ဖော်ပြထားပုံမှာ အောက်ပါ
အတိုင်း ဖြစ်၏။

မူလဓာတ် ဆိုသည်မှာ တစ်ခု
ဖြစ်ပြီး ၎င်းတွင် တစ်စုံတစ်ရာထပ်
၍လည်းမရ၊ ထုတ်နုတ်၍လည်း
၎င်းသည် မူလဓာတ် ဖြစ်၏။

၎င်းကို အမည်အမျိုးမျိုးဖြင့် ခေါ်
ကြ၏။

တစ်ချိန်တည်းမှာပင် လူလည်းသိ
ဝှက်ထားသောအမည်ဖြင့် မော်
ရှင်က သူ၏မော်ပညာကိုစေခဲ့၏။
ကို အမည်မျိုးပေါင်းများစွာ ခေါ်တွင်
၏၊ သိနိုင်ရန်နည်းလမ်းမှာ ပိတ်ဆို့
သူတော်စင်ပညာရှင်အတွက်သာ
တံခါးဖွင့်ထားလေသည်။ သူတို့
ကြိုးစားပမ်းစား ရှာဖွေကြပြီး
ဆုံးတွင် တွေ့ရှိသွားကြ၏။ တွေ့
သည့် ပညာအစိတ်အပိုင်းကိုလည်း
တ လေးစား မြတ်နိုးတန်ဖိုးထား
ပညာမဲ့များမှုကား ဤအကြောင်း
မတွေးခေါ်ကြပေ။ ဤပညာရပ်
ဘာတစ်ခုမှုနားမလည်ကြပေ။

မပြောင်းလဲမီက ၎င်း၏အနံ့သည်
၍ မနှစ်သက်ဖွယ်ရာဖြစ်၏။ သို့
နောက်ပိုင်းတွင် ၎င်းသည် မွှေး
၍ သူတော်စင်၏အဆိုနှင့် ကိုက်ညီ
၊ အမှန်အားဖြင့် ဤအရည်သည်
အနံ့ကို သေဆုံးပြီးသော သက်မဲ့
ကိုယ်မှ ရရှိခြင်းဖြစ်၏။ အမှန်မှာမူ
အနံ့သည် စက်ဆုပ်ဖွယ်ဖြစ်ပြီး
သချိုင်းဂူအနံ့ဖြစ်နေ၏။

ပညာရှင် သူတော်စင်က မိန့်ဆို
ခဲ့၏။

'သင်ရှာဖွေနေသောအရာကို နွား
ချေးပုံတွင် တွေ့ရှိပါက ယူငင်ရပေမည်။
၎င်းအရာသည် တန်ဖိုးကြီးပေး၍ ဝယ်ယူ
ရသော်လည်း အသုံးမကျဘဲ အတုဖြစ်
နေတတ်၏။ ဤစကားလုံးများသည်
သင့်အတွက် အသပြာတစ်ပြားတစ်ချပ်
မျှ မသုံးစွဲမိပါစေနှင့်'

သူတော်စင် ပညာရှင်ကြီး ပြော
သကဲ့သို့ပင် သင်ရှာဖွေနေသောအရာကို
သူဌေးသူကြွယ်တွင်လည်းကောင်း၊ ဆင်း
ရဲသားတွင်လည်းကောင်း၊ ရက်ရောသူ၊
စေးနှဲသူတို့၌လည်းကောင်း၊ အလုပ်လုပ်
သူနှင့် အလုပ်မလုပ်ဘဲ ထိုင်နေသူတွင်
လည်းကောင်း၊ နောက်ချေးပုံတွင် လည်း
ကောင်း စွန့်ပစ်တက်နင်းခြင်းကိုခံရ၏။
လူအများသည် ထိုအရာကို နောက်ချေး
ပုံတွင် မွှေနှောက်ရှာဖွေပြီး အလိမ်ခံ
လိုက်ရ၏။

အချုပ်အားဖြင့် သူတော်စင်၏
အကြောင်းအရာသည် တစ်ခုတည်းဖြစ်
သော်လည်း အမည်အမျိုးမျိုးကွဲပြားနေ
၏။ ၎င်းသည် အနံ့ဆိုး၏။ တစ်ပြား
တစ်ချပ်မှလည်း မကုန်ကျရပေ။ ၎င်းကို
နေရာတိုင်း၌ တွေ့ရှိနိုင်
၏။ နွားချေးပုံများထဲမှ
တွေ့ရှိနိုင်၏။ သို့သော်
နွားချေးပုံများကို မွှေ
နှောက် ရှာဖွေခြင်းဖြင့်
မတွေ့ရှိနိုင်ပေ။

လက်တင် အဂ္ဂိရတ်
ပညာက ဤခံယူချက်များကို
ပင် ယူထား၏။

ပြဒါးရှင်လုံး၏ သဘာဝ (သို့) ရုပ်
ဓာတ်သည် မည်သည့်တန်ဖိုးမျှမရှိပေ။
၎င်းကို နေရာတိုင်းတွင် တွေ့ရှိနိုင်၏။
၎င်းသည် မြေတွင်းမှထွက်သော ပြဒါး
ရည်မျှသာ ဖြစ်၏။ အချို့ပညာရှင်များ
က ပြဒါးရည်ကို အိမ်သာများတွင် တွေ့
ရှိနိုင်သည်ဟု ဆို၏။ အကြောင်းမှာ ၎င်း
ကို နေရာတိုင်းတွင် တွေ့ရှိနိုင်သော
ကြောင့် ဖြစ်၏။ ပညာမဲ့များက ပညာရှိ
စကားကို နားမလည်ဘဲ ကျင်ကြီးများ
ကြားတွင် ပြဒါးကို ရှာဖွေ၏။ မောရီနပ်
၏ သင်္ကေတဝါဒကို ၁၇ ရာစု နှစ်အထိ
လက်ခံနေကြဆဲ ဖြစ်၏။

ရုပ်ဝတ္ထု ဆိုသည်မှာ ဆင်းရဲ ချမ်း
သာမရွေး လူတိုင်းပိုင်ဆိုင်နိုင်ပြီး နေရာ
တိုင်းတွင် တွေ့ရှိနိုင်၏။ မည်သူမျှ မသိ
စေကာမူ အားလုံးမြင်တွေ့နိုင်၏။ ၎င်း
ကို နားမလည်သည့် ရိုးရိုးလူတန်းစား
က စက်ဆုပ်ကြ၏။ ၎င်းကို ရွံ့တုံးရွံ့ခဲ
လောက်မျှ တန်ဖိုးမထားသော်လည်း
နားလည်သူက ရွှေထက် တန်ဖိုးထားကြ
၏။

သို့ရာတွင် မောရီနပ်၏ စကားလုံး
များကို မည်သို့မည်ပုံ အဓိပ္ပာယ်ပြန်ဆို
ရမည်နည်း။ လက်ရေးစာမူတွင် အဂ္ဂိ
ရတ်ပညာရှင်က ရှင်းလင်းစွာ သတိပေး
ထားသော်လည်း ပေါ့ဆသည့်လက်တင်
အဂ္ဂိရတ်ဆရာက ခါလစ်မင်းသား၏ညွှန်
ကြားချက်ကို လိုက်နာကာ အနံ့အသက်
ဆိုးဝါးသော၊ မူးမေ့စေတတ်သောအနံ့
အားလုံးကို ပြာချခြင်း၊ ပေါင်းတိုက်ခြင်း
ပြုခဲ့၏။ ထိုအထဲတွင် ကျင်ကြီး၊ ကျင်



www.burmeseclassic.com

www.burmeseclassic.com

ငယ်ပါမကျန် ပါဝင်လေ၏။

အဆိုပါ ဆိုးဝါးသောအနံ့ကြောင့် အခြားသော အင်္ဂရုတ်ပညာရှင်များကလည်း ဟသ်ပဒါးအစရှိသော ဆာလမိုဒ်ကွန်ပေါင်းများကို အလားတူ ပြုလုပ်ကြ၏။ အကြောင်းမှာမူ ကန့်သည် မီးနှင့် တွေ့ထိသောအခါ မွှန်ပြီးဆိုးဝါးသော အနံ့တစ်မျိုးထွက်စေ၏။

ပို၍ သိရှိနားလည် သုတပညာ ကြွယ်သော ဒဿနပညာရှင်ကမူ အဓိပ္ပာယ်ကို နက်နက်နဲနဲ ထိုးထွင်း၍ ရှာဖွေခဲ့၏။ မောရိနပ်သည် အခြေခံဓာတ် (၂) ပါးဖြစ်သော ကန့်နှင့် ပြဒါးကို ဖော်ပြနေကြောင်းတွေ့ရပြီး ထိုဓာတ် (၂) ပါးသည် ရုပ်ဝတ္ထုအားလုံးတွင် ပါရှိနေသည်ကိုလည်း သိရှိရ၏။

အင်္ဂရုတ်စာပေများတွင်တွေ့ရှိနေကျဖြစ်သည့်အတိုင်း မောရိနပ်နှင့်ခါလစ်မင်းသားတို့၏ အပြန်အလှန်ပြောကြားချက်များကို တစ်နည်းတစ်လမ်းဖြင့် ပြန်ဆိုနိုင်ပေသည်။ သို့ရာတွင် ၎င်းတို့ (၂)ဦးသည် အင်္ဂရုတ်အကြောင်းကိုပင် ဆွေးနွေးသလော သို့တည်းမဟုတ် အခြားအကြောင်းရပ်တစ်ခုခုကိုပင် ဆွေးနွေးသလော မဆိုနိုင်ပေ။ တပည့်ဖြစ်သူ၏ မေးမြန်းချက်ကို ဖြေကြားသည့်အနေဖြင့် မင်းသား၏ အဖြေကို မောရိနပ်က အတော်ကြာကြာ စဉ်းစားပြီးမှ ပြန်ပြောလိုက်၏။

"အရှင်မင်းသား၊ ဤအရာသည် ဘုရားသခင်၏အလိုတော်ဖြင့် ဖန်ဆင်းမှုတွင် သတ်မှတ်ထားပြီး ဖြစ်၏။ ဘုရားသခင်၏ ဖန်ဆင်းမှု ဟူသမျှသည် ၎င်းမပါဘဲ ဘာတစ်ခုမှ မရပ်တည်နိုင်ပေ"

ဟု ဖြေ၏။

ထို့နောက် မေးမြန်းသောအခါ ထပ်၍ဖြေပြန်၏။

"သင့်အား အတိုချုံး၍ ငါဖြေအံ့။ ဤအရာသည် သင့်ထံ၌ရှိသောအရာဖြစ်၏။ သင်သည် ၎င်း၏ သတ္တုတွင်းဖြစ်၏။ သင့်ကိုယ်ထဲတွင် ထိုအရာကို တွေ့နိုင်၏။ သင့်ထံမှ ထုတ်နုတ်၍ ယူနိုင်၏"

"အင်္ဂရုတ်ပညာရှင်သည် သူ့ကိုယ်ထဲမှ မူလဓာတ်ကို ထုတ်နုတ်ယူနိုင်ရန် ဖြစ်နိုင်ပါသလား"

ဤသဘောတရားကို ကျမ်းတစ်ခုလုံး၏ အနှစ်သာရအဖြစ် လက်ခံလိုက်မည်ဆိုပါက မောရိနပ်၏အင်္ဂရုတ်ပညာသည် ဓာတုမျက်နှာစာတစ်ခုတွင် ဖုံးကွယ်ထားရပေလိမ့်မည်။

**အင်္ဂရုတ်ဖိုနှင့် ပေါင်းအိုး**
**(The Vessel and The Funance)**

အင်္ဂရုတ်လုပ်ငန်းတစ်လျှောက်လုံးတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို ရှေးဦးကတည်းကပင် မာရိယာပရိဖက်တီဆာက လွန်စွာ အရေးထားခဲ့၏။ အင်္ဂရုတ်ကျမ်းများတွင် ကိရိယာတန်ဆာပလာများကို ပုံဖြင့် ဖော်ပြထားသည်မှာ အင်္ဂရုတ်ဖိုနှင့် ပေါင်းအိုးမှ အစပြု၍ဖြစ်၏။

ယေဘုယျအားဖြင့် အင်္ဂရုတ်ဖိုကို ဖော်ပြထားပုံမှာ လွတ်လွတ်လပ်လပ် တည်ဆောက်ထားသော အဆောက်အအုံ ဖြစ်၏။ အဆောက်အအုံတွင် လေပေါက်များပါ၏။ အမိုးကို ထိပ်လုံးအမိုးများဖြင့် တည်ဆောက်ထား၏။ လောင်စာကို ထိုအုတ်အမြင့်၏အောက်တံခါးမှ ထည့်သွင်းပေးရ၏။ ဤသို့ဖြင့် မီးကို လိုသလို ပြုပြင်နိုင်ပေသည်။ အုတ်အဆောက်အအုံ၏ ခေါင်မိုးပေါ်၌ ပြာပူတစ်ထပ်ခင်းထားရ၏။ ချက်ရမည့် ရုပ်ဝတ္ထုထည့်ထားသော ပေါင်းအိုးကို အနည်းငယ်မြှုပ်ထားရ၏။ ဤနည်းဖြင့် ပေါင်းအိုးသည် မီးနှင့် တိုက်ရိုက်မထိတွေ့ရပေ။ သို့သော် နူးညံ့သော အပူရှိန်က ဆက်တိုက်ထိတွေ့နေ၏။ အင်္ဂရုတ်ပညာရှင်တစ်ဦး၏ စကားအရ -

သဘာဝကိုအတုခိုးလိုလျှင် တောင်တန်းနှင့်ပုံသဏ္ဌာန်တူသော အင်္ဂရုတ်ဖိုကို အသုံးပြုရမည်။ ဤသို့ဖြင့် အတွင်းမှ အပူရှိန်သည် အစဉ်စွဲမြဲ တောက်လောင်နေလိမ့်မည်။ အတွင်း၌လှိုက်နေသော အပူသည် ပေါင်းအိုးကို ထာဝစဉ် အပူပေးနေလိမ့်မည် ဖြစ်၏။

အာကာသဘူတကိုအခြေခံသော အပူသည် သတ္တုတွင်းသို့ ထိုးဖောက်ဝင်ရောက်သောအခါ ၎င်းသည် နူးညံ့သော်လည်း စွဲမြဲ၏။ စဉ်ဆက်မပြတ်သော အပူဓာတ်ကိုဖြစ်စေ၏။ အလားတူပင် လုံခွက်၊ လုံ၊ ပေါင်းခွက်၊ ပေါင်းအိုးတို့သည် အင်္ဂရုတ်ဖို၏မီးနှင့် တိုက်ရိုက်မတွေ့ထိရပေ။ ဤလိုအပ်ချက်နှင့်အညီ အင်္ဂရုတ်ဖိုကို တည်ဆောက်ရပေမည်။

ထို့ကြောင့် အင်္ဂရုတ်ပညာရှင်သည် ၎င်းတို့သုံးစွဲသည့် ပေါင်းခံကိရိယာများနှင့် ပတ်သက်လျှင် အလွန်တိကျသေချာပေသည်။ သို့ရာတွင် လုပ်ငန်းနှင့်ပတ်သက်လျှင်မူကား ပေါင်းအိုးပေါင်းခံပစ္စည်းနှင့် အခြားအချက်အလက်များကို အလွန်ပင် လျှို့ဝှက်ထားလေသည်။ အစဦးပိုင်းခေတ်များက တဲရာကော်တာနှင့် ပြုလုပ်သည့် ပေါင်းအိုးများကို အသုံးပြုခဲ့ကြသော်လည်း နောင်သောအခါတွင် အလုံပိတ် ဖန်ကိရိယာများကို အသုံးပြုခဲ့ကြ၏။

လက်တင်အင်္ဂရုတ်လုပ်ငန်းတွင်[illegible] ဖန်ကိရိယာများ သုံး၏။ ဖန်ထည်ကိ[illegible] ယာတွင် ထိပ်ဝကျဉ်းပြီး အောက်ပိုင်း[illegible] ကျယ်သော ဖန်အိုးများကိုသာ အသုံးပြု[illegible] ကြ၏။ ၎င်းတို့သည် အဝကျဉ်းသဖြင့် အလုံပိတ်ရန် လွယ်ကူ၏။ ထိုခေတ်က[illegible] အင်္ဂရုတ်ပညာရှင်များက ထိုဖန်အိုးကို[illegible] ဒဿနပညာရှင်၏ 'ဥ' ဟု ခေါ်ကြ[illegible] ဥနှင့်တူ၍ဖြစ်၏။ သူတို့သည် ပေါင်းအိုး[illegible] လုံတို့ကို ခေါ်ဆိုရာတွင် ဥ(egg)ဟူသော[illegible] ဝေါဟာရကို အဘယ်ကြောင့် ရွေးချယ်[illegible] ကြသနည်း။ ရှေးခေတ် ယဉ်ကျေးမှုများ[illegible] စွာတွင် ဥ (egg) သည် ထိတွေ့နိုင်သော[illegible] အရာတစ်ခုဖြစ်ပြီး ၎င်းဥထဲတွင် အသက်[illegible] ဓာတ်၊ မျိုးဗီဇဓာတ်ပါရှိသောသဘော[illegible] နှင့် ခိုင်းနှိုင်းထားခြင်း ဖြစ်၏။ ၎င်းသည်[illegible] ဖန်ဆင်းမှုတွင် ရှေးအကျဆုံးပုံစံ ဖြစ်[illegible]

ဟိန္ဒူတို့၏ အယူအဆအရ[illegible] လျှင် အရာခပ်သိမ်းသည် စကြဝဠာ[illegible] ဥအတွင်းမှ ဖြစ်ပေါ်ရသည် ဆို၏။ [illegible] အထဲတွင် ဗြဟ္မာမင်းက နေထိုင်၏။ [illegible] ဗြဟ္မာသည် အဆိုပါဥခွံကို ၎င်း၏တ[illegible] သိဒ္ဓိဖြင့် ဖောက်ခွဲပြီးနောက် ကောင်း[illegible] ဘုံကို လည်းကောင်း၊ ကမ္ဘာမြေကိုလ[illegible] ကောင်း၊ ပင်လယ်ပြင်ကို လည်းကော[illegible] စကြဝဠာ၏ အခြားအရာဝတ္ထုများ[illegible] လည်းကောင်း အားလုံးကို ဖန်ဆင်း[illegible] သည်ဟု ဆို၏။

ရှေးခေတ် ဂရိစာပေများတွင် [illegible] အချိန်က စကြဝဠာဥကိုဖြစ်စေ၏။ [illegible] ဥမှ Erosကို ဖြစ်စေ၏။ ထိုအီး[illegible] (Eros)များက ချာ့ (Chas) အရှုပ်အ[illegible] ပြဿနာများကို စုစည်းစေ၏။ အင်္ဂ[illegible] ပညာရှင်များအနေဖြင့်မူ အဆိုပါသ[illegible] တဥကို သိရှိကြပြီး ဖြစ်၏။ ထိုထက်[illegible] သင့်လျော်သောအခြေအနေမှာ [illegible] ကြက်မ၏ ရင်ငွေ့အပူကြောင့် ထိုဥ[illegible] အကောင်ငယ်သည် သက်ရှိအဖြ[illegible] ရောက်ရှိရခြင်း ဖြစ်၏။

**အင်္ဂရုတ်လုပ်ငန်းတွင် အသုံးပြုသော[illegible]**
**(သို့) အပူရှိန် (The Fire)**

အင်္ဂရုတ်ဖိုထဲမှ မီး၏ အပူ[illegible] သည် မှန်ကန်သောအမျိုးအစားပ[illegible] ဖြစ်ရမည်။ သို့မှသာ ဓာတ်ပြော[illegible] အတွက် လိုအပ်သော၊ နူးညံ့၍ [illegible] တိုက်ဖြစ်သောအပူငွေ့ကို ရရှိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

မည်။ ဤဖြစ်ရပ်သည် 'ဒဿနဆန်သောဥ'၏ အတွင်း၌ ဖြစ်ပေါ်ရပေသည်။ နောင်ကာလကြာပြီးနောက် အဂ္ဂိရတ်ကျမ်းများက ဆွေးနွေးဖော်ပြကြ၏။ သို့သော် မီးနှင့်ပတ်သက်၍ ပြောရာတွင်မူ အမြဲတမ်းတစ်ခုတည်းကိုသာ ဆိုလိုသည်မဟုတ်ပေ။ အဂ္ဂိရတ်ဖို၏ အောက်ခြေတွင် ယေဘုယျမီးရှိပေသည်။

ပြာနှင့်အတူရှိနေသောအပူ (သို့) သဲနှင့်အတူရှိနေသောအပူများကိုလည်း ဆိုလိုပေသည်။ ဤတွင် မီး (သို့) အပူရှိန်နှင့် ပတ်သက်၍ အဂ္ဂိရတ်ပညာတွင် ကျယ်ဝန်းလှ၏။ များစွာသိထားရန် လိုအပ်၏။ Rotiational Fire ဆိုသည်မှာ လုပ်ငန်းတစ်ခု မပြီးမချင်း အချိန်မှန်ပုံမှန်ပေးထားရသည့်မီး ဖြစ်ပါသည်။ သို့မှသာ လုပ်ငန်းစဉ်ခရီးတစ်လျှောက်တွင် မီးသည် အမြဲတမ်းရှိနေမည် ဖြစ်၏။

(Secret Fire) မြင့်မြတ်သောမီးဆိုသည်မှာလည်း ဒဿနဆန်သောမီးကို ဆိုလိုခြင်း ဖြစ်၏။ ထိုမီးသည် ယေဘုယျမီးနှင့် မတူဘဲ ကွဲပြားခြားနားကြောင်း ဖော်ပြထား၏။ ထိုထက်ပို၍ အား ဘာတစ်ခုမှ မဖော်ပြပေ။

များသောအားဖြင့် အဂ္ဂိရတ်ပညာရှင်များသည် ကျမ်းတွင်ပါရှိသည့် စကားများကို တိုက်ရိုက် အဓိပ္ပာယ်ဖြင့်သာ နားလည်ရန် ကြိုးစားကြပြီး အဓိပ္ပာယ်အစစ်အမှန်ကို သိရှိရန် မကြိုးစားကြဘဲ နွားချေးပုံထဲတွင်သာ တွေ့တွေ့သမျှသောအရာတို့ကို တွင်တွင်သာရှာဖွေခြင်းပြုခဲ့ကြ၏။

ဤကိစ္စနှင့် ပတ်သက်၍ ကျော်ကြားလှသည့် အီတာလျံကဗျာဆရာက ဤသို့ဆို၏။

နားလည်ရန်ခက်ခဲကြောင်း ဝန်ခံပြီးသည့်နောက် ထိုမီးများသည် သက်ရှိကို မဖြစ်စေနိုင်ပါက သက်မဲ့ဖြစ်သော နွားချေးကိုတော့ ဖြစ်စေနိုင်လိမ့်မည်။ သို့မဟုတ် ပြာကိုဖြစ်စေလိမ့်မည်။ သို့တည်းမဟုတ် ဒဿနဆရာ ပြောလိုသည့်အရာတစ်ခုခုဖြစ်ပေလိမ့်မည်။

ဤလုပ်ငန်းကို အစမှအဆုံးအထိ ထိန်းချုပ်သောမီးသည် မည်သည့်မီးဖြစ်သနည်း။ ၎င်းသည် ဓာတ်သတ္တုအမျိုးအစားဖြစ်စေခြင်း၊ ပြောင်းလဲစေခြင်းနှင့် ညီမျှသောမီး ဖြစ်၏။ စဉ်ဆက်မပြတ်ဖြစ်ရ၏။ အငွေ့ပြန်ခြင်းမရှိစေရ။ လွန်ကဲပူလျှင် အငွေ့ထွက်စေနိုင်၏။ ၎င်းတွင် ကန့်ဓာတ်ပါရှိသည်။ ရုပ်ဝတ္ထုကြောင့် အရောင်တောက်ခြင်းမဟုတ်။ ၎င်းသည် အရာအားလုံးကို ဖျက်ဆီး၏။ အရည်ပျော်စေ၏။ စုဝေး၍ခဲစေ၏။

ကမ္ဘာမြေ၏ ရည်ရွယ်ချက်မှာ အနှစ်သာရကို တွေ့ရှိရန်ဖြစ်၏။ ကုန်ကျစရိတ်မရှိ (သို့) အလွန်နည်းပါး၏။ ထိုဓာတ်တို့ အားပေးသောမီးသည် တည်ငြိမ်သောမီး ဖြစ်ရမည်။ ထိုသို့ တည်ငြိမ်သောမီးဖြစ်မှသာ တည်ငြိမ်သောမီးတောက်ဖြစ်ပေမည်။သို့မှသာ ထိုလုပ်ရပ်သည် အောင်မြင်၍ အခိုးအငွေ့စုခြင်းလည်း ဖြစ်နိုင်ပေသည်။ အခြားသော အဂ္ဂိရတ်ပညာရှင်များကလည်း ဤအတိုင်းပင် သတိပေးကြ၏။

အဆိုပါ လျှို့ဝှက်သောမီးဆိုသည်မှာ မီးသွေးမီးနှင့်ဘာမှမဆိုင်ပေ။ နောက်ချေးမီးနှင့်လည်း မဆိုင်ပေ။ သို့သော် ၎င်းမရှိလျှင်လည်း ဘာမှမရနိုင်ပေ။ အကြောင်းရင်းမှန်မှာမူ ကမ္ဘာမြေကို သဘာဝမီးက အုပ်စိုးပြီးထားခြင်း ဖြစ်၏။ ကျွန်ုပ်တို့သည် ထိုထက်ပို၍ မည်သို့ပြုရာအံ့နည်း။

သို့ဖြစ်လျှင် (Philosophical Fire) ဒဿနမီး ဟူသောဝေါဟာရသည် အဂ္ဂိရတ်ပညာရှင်တို့အနေဖြင့် ဘာကိုဆိုလိုပါသနည်း။ စောစောပိုင်းတွင် တွေ့ခဲ့ရသည့်အတိုင်း ဘားနဒ်သည် generation of metal ဟူသည့် သတ္တုအစဉ်အဆက်သဘောတရားကိုပြောစဉ်က အရိပ်အမြွက်ပြခဲ့၏။ သူက ဤသို့ရှင်းပြခဲ့၏။

အာကာသနယ်ပယ်မှ ဝင်ရောက်လာသောအပူသည် ကမ္ဘာမြေသို့ရောက်ချိန်တွင် ၎င်း၏ အင်အားအများစုကို ဆုံးရှုံးခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် အကြွင်းအကျန်မျှသာဖြစ်သောအပူသည် သတ္တုတွင်းထဲသို့ ထွင်းဖောက် ဝင်ရောက်ရ၏။

သတ္တုပြောင်းလဲမှုတွင် အာကာသအပူသည် သတ္တုပေါ်သို့ တိုက်ရိုက် ကျရောက်၍ ပြောင်းလဲရခြင်း မဟုတ်ပေ။ သတ္တုသည် ကြားခံပစ္စည်းမျှသာဖြစ်ပြီး ၎င်းတွင်ပါဝင်သောဓာတ်များကို အားနည်းသောအာကာသအပူက တငွေ့ငွေ့ ပြောင်းလဲစေခြင်းသာ ဖြစ်၏။ သတ္တုများတွင် ကိုယ်ပိုင်အပူရှိသည်ဟု ထင်ရပေသည်။ အကြောင်းမှာမူ ၎င်းတို့သည် အပူကို စုပ်ယူနိုင်သောကြောင့် ဖြစ်၏။ ဤအခြေအနေတွင် ဖူကာန်နေး၏စကားများက ရှင်းလင်းပေသည်။

ကျွန်ုပ်တို့သည် ဓာတ်ကြီး (၄) ပါးတွင် ပါဝင်သည့် မီးဓာတ်ကိုပြောနေခြင်းမဟုတ်ဘဲ ငုပ်နေသောအပူအကြောင်းကို ပြောခြင်းသာ ဖြစ်၏။ ရုပ်ဝတ္ထု၏ ကိုယ်ပိုင်လျှို့ဝှက်သောအပူဖြစ်၏။ တစ်နည်းဆိုရပါမူ အဂ္ဂိရတ်ကျမ်းပြုသူများက လူပိန်းများနားမလည်အောင် လျှို့ဝှက်ဖုံးကွယ်၍ထားခဲ့သောအပူ(မီး)သာ ဖြစ်၏။

သို့ရာတွင် ယခုနောက်ပိုင်း သိရသည့်အတိုင်း အဂ္ဂိရတ်ပညာတွင် ရှင်းလင်းချက်များသည် တသံတည်း တညီတညွတ်တည်း မဟုတ်ပေ။ နောက်တစ်ကြိမ်တွင် ဖူကာန်နေးက တစ်မျိုးဆိုပြန်၏။ သူတော်စင်၏မီးဆိုသည်ကို မီးအိမ်မှမီးဟု ဆိုပြန်၏။ Lampas ဟူသောဝေါဟာရသည် ဂရိဝေါဟာရ ဖြစ်ပြီး အဓိပ္ပာယ်မှာ မျက်နှာပြင်အထက်သို့တက်လာသောအမြှုပ်ဟုလည်းအဓိပ္ပာယ်ရ၏။ ဖူကာန်နေး၏ အဆိုအရ ဒုတိယဝေါဟာရသည် သတ္တုအပြင်ခွံ၏သဘာဝတွင် မီးအိမ်၏အပူပါရှိသည်ဟုဆို၏။

Fire of The Sages ဟု ခေါ်တွင်သောအတွင်းအား ဟူသည် ဖူကာန်နေး၏ အဆိုကို နားလည်နိုင်ရန် ခက်ခဲပေသည်။ ထိုအခါ မူလက အတွင်းထဲ၌အောင်းနေသော သတ္တိစွမ်းအားသည် မျက်နှာပြင်သို့ တက်လာ၏။

ဖူကာန်နေးထက် (၁၀) နှစ်ခန့်စော၍ ပေါ်ပေါက်ခဲ့သော တာအိုအဂ္ဂိရတ်၌ အစဉ်အလာက ဤစကားများကို ထားရစ်ခဲ့၏။

အနှစ်သာရမရှိသော ခန္ဓာကိုယ် (သုက်ပိုးတွင်ပါဝင်သောအဓိကအရာ)၊ အသက်မရှိသော (အခိုးအငွေ့မျှသာဖြစ်သောအနှစ်သာရ) ၎င်းသည် လောင်စာဆီမပါသောမီးအိမ်နှင့်တူ၏။ အသက်မပါသော လောင်စာဆီဖြစ်လျှင် သို့မဟုတ် လောင်စာဆီမပါသော အသက်ဖြစ်လျှင် အသက် ဟူ၍ မဖြစ်နိုင်ပေ။ ဆိုလိုသည်မှာ သွေးအားနှင့် လေအားပင် ဖြစ်၏။

လေအား လုံလောက်စွာရှိလျှင် ကာယကံရှင်သည် လောင်စာအဆီကို ထပ်ထည့်နိုင်၏။ မီးအိမ်ထဲသို့ လောင်စာဆီထပ်ထည့်ရန်အတွက်၊ အနှစ်သာရကို အခိုးအငွေ့ဖြစ်စေရန်အတွက် တရုတ်အဂ္ဂိရတ်ပညာရှင်များက ဝိသေသအသက်ရှူနည်းကိုတီထွင်ထားခဲ့၏။ မျိုးစေ့၏အနှစ်သာရတွင် ယန်မီးဓာတ်အနည်းငယ်ကို မွေးထားခဲ့၏။ အဂ္ဂိရတ်(၂)မျိုး၏ သင်္ကေတများအရ ဖူကာန်နေးသည် သူ၏ ကျမ်းတွင် မည်သည့်အဂ္ဂိရတ်ပညာကို ရည်ညွှန်းပါသနည်း မသိနိုင်ပေ။ ဖြစ်နိုင်သည်မှာ ရှေးခေတ် တရုတ်အဂ္ဂိရတ်ပညာရှင်များကဲ့သို့ပင် လိင်ပိုင်းဆိုင်ရာစွမ်းအင်ကို အခြေပြုထားသော စိတ္တကမ္မနည်းစနစ်ကို ဖော်ပြရန် သူသည် ...



www.burmeseclassic.com

www.burmeseclassic.com

ဝေါဟာရကို သုံးခြင်းဖြစ်ပါသလော။ ဤအနုမာနအသစ်၏ အဓိပ္ပာယ်အရ သူ၏ရေးသားချက်ကို ပြန်လည်၍ အဓိပ္ပာယ်ဖော်နိုင်၏။

## အဂ္ဂိရတ်ပညာဆိုင်ရာအရောင်များ

အဂ္ဂိရတ်ပညာ၏ ရှုထောင့်ပေါင်းများစွာတို့သည် ဒေါင်းမြီးကွက်များနှင့် အလားတူပေသည်။ ဒေါင်းမြီးတွင်ရှိသော အရောင်မျိုးစုံသည် အဂ္ဂိရတ်လုပ်ငန်းဆိုင်ရာ ပေါင်းဖိုများ၊ လုံများထဲမှ အရောင်စုံအသွေးစုံသတ္တုများနှင့် အလားသဏ္ဌာန်တူပေသည်။ အဂ္ဂိရတ်ပညာရှင်တို့၏ ယုံကြည်ချက်မှာ ထိုသတ္တု၏ အရောင်ထွက်ပေါ်မှုအစဉ်သည် စမ်းသပ်မှုလုပ်ရတ်လုပ်ငန်းစဉ်၏ အောင်မြင်မှုကို ပြဆိုခြင်း ဖြစ်၏။ ရှေးဟောင်းအာရပ်ကျမ်းတစ်ခု၌ ဤသို့ဆိုထား၏။

ဤလုပ်ရတ်လုပ်ငန်းစဉ်တွင် အသုံးပြုသောကျောက်တို့၌ အရောင်မျိုးစုံရှိပေသည်။ အမှန်အားဖြင့် ထိုအရောင်များမှာ အဖြူ၊ အနီ၊ အနီရဲရဲ၊ အဝါ၊ အဝါတောက်တောက်၊ အပြာနုနှင့် အစိမ်းရောင်တို့ ဖြစ်၏' ဟု ဆိုထား၏။ ရှေးခေတ်အဂ္ဂိရတ်သမားများသည် သတ္တု၏အပေါ်ယံအရောင်ပြောင်းလဲမှုကိုကြည့်၍ သူတို့၏ လုပ်ငန်းအခြေအနေကို သိနိုင်၏။ ၎င်းကိုကြည့်ခြင်းဖြင့် အောင်မြင်သောလုပ်ရတ်၏ ပြောင်းလဲမှုဖြစ်မည်၊ မဖြစ်မည်ကို သိနိုင်၏။ တစ်ဖက်တွင်မူ သတ္တုနှင့် အရောင်ကိုကြည့်ခြင်းဖြင့် ၎င်းတို့၏ လုပ်ငန်းသည် ဂြိုဟ်သဘောတရားနှင့် ကိုက်ညီမှုရှိ မရှိကိုလည်း သိနိုင်၏။

အရောင်နှင့် ဂြိုဟ်များ၏ ဆက်စပ်မှုသည် ရှေးခေတ်ဂရိသမိုင်းပညာရှင် ဟီရိုဒိုတပ် (၄၈၄ ~ ၄၃၀ Bc) ကို လှုံ့ဆော် အားပေးခဲ့၏။ ၎င်းလှုံ့ဆော်မှုကြောင့် အင်တာဘာနာမြို့တော်ကို တံတိုင်း (၇) ထပ် ဝိုင်းပတ်ပြီး အထက်ပါအရောင် (၇) မျိုးကို ခြယ်သခဲ့၏။ အမြင့်ဆုံးတံတိုင်းမှ အတွင်းသို့ဝင်လိုက်လျှင်ရောင်စဉ် (၇) မျိုးသည် အဖြူ၊ အနက်၊ ခရမ်း၊ အပြာ၊ လိမ္မော်၊ ငွေရောင်နှင့် ရွှေရောင်တို့ ဖြစ်ပေသည်။

အရောင်နှင့်သတ္တုတို့၏ ဆက်စပ်မှုကို ဖော်ပြသည့်ကျမ်းမှာ ဟာရန်၏ ဆိဗီးယားကျမ်း ဖြစ်၏။ လက်တင်အဂ္ဂိရတ်ပညာ၌ အရောင်ကို ပြဆိုရာတွင် အဆင့် (၃) ဆင့် ခွဲထား၏။ အဆိုပါအရောင်လုပ်ငန်း (၃) ဆင့်မှာ အနက်ရောင်လုပ်ငန်း၊ အဖြူရောင်လုပ်ငန်း၊ အနီရောင်လုပ်ငန်းတို့ ဖြစ်၏။ ဤအရောင် (၃) မျိုး၏ ရှေ့နောက်အစဉ်ကို ယေဘုယျအားဖြင့် လက်ခံထားကြ၏။ ရှေးဦးအဆင့်ကို နိုက်ဂရီဒိုဟုခေါ်ပြီး ၎င်းသည် အရှုပ်အထွေးတို့၏ အမှောင်ထုဖြစ်၏။ ထို့နောက်တွင် သေဆုံးခြင်း၊ ထို့နောက်တွင် သန့်စင်ခြင်း၊ ဆေးကြောခြင်းနှင့် ဖြူစင်စေခြင်းတို့ ဖြစ်၏။ ဤသို့ဖြင့် အယ်ဘီဒိုဟု အမည်ရ၏။ စမ်းသပ်သည့်သတ္တုသည် နီမြန်းလာပါက ရူဘီဒိုဟုခေါ်လေ၏။

အနောက်တိုင်းယဉ်ကျေးမှုအရဆိုလျှင် အနက်ရောင်သည် အမှောင်ထုနှင့် သေခြင်းကို ဆိုလို၏။ အနီရောင်သည် မီးတောက်မီးလျှံနှင့် ချစ်ခြင်းမေတ္တာကို ဆိုလို၏။ အခြေခံအရောင် (၃) မျိုးတွင် အခြားအရောင်များကို ထပ်ထည့်ပြီး အဂ္ဂိရတ်လုပ်ငန်း၏ အဆင့် (၂၁) ဆင့်သည် အရောင်များနှင့် သဘောတူညီသည်ဟု ဆို၏။ အင်္ဂလိပ်ကဗျာဆရာလောကမှ အထင်ရှားဆုံး ကဗျာဆရာ ဂျော့ရစ်ပလီ (၁၅ ရာစု) သည် အဂ္ဂိရတ်ပညာရှင်လည်း ဖြစ်၏။ ၎င်း၏စာထဲတွင် ဖားပြုပ်တစ်ကောင်သည် ပုတ်သင်ညိုကဲ့သို့ အရောင် (၁၅) မျိုး ထွက်နေသည်ကို တွေ့ရ၏ဟု ဆိုခဲ့၏။

အဂ္ဂိရတ်လုပ်ငန်းကို ဂမ္ဘီရခရီးရှည်တစ်ခုအဖြစ် ဖော်ပြရလျှင် အချို့သော ဝေဖန်သူများက နိဂရိဒိုနှင့် ဝိညာဉ်အခြေအနေဆင်တူပုံကို ဖော်ပြထား၏။ ၎င်းကို စပိန်ဂမ္ဘီရပညာရှင် ခရုက ၎င်းကို နာမ်၏ မှောင်မိုက်ခြင်းဟု ခေါ်၏။ ၎င်းသည် အထောက်အထားပြုစရာ အနုမာနတစ်ရပ်မျှသာဖြစ်၍ သက်သေပြရန် လွန်စွာ ခဲယဉ်းလှ၏။

## ပြဒါးရှင်လုံး (The philosopher's stone)

ကာလီယိုပါထရာနှင့် ဇိုဇီမော့တို့၏ အဂ္ဂိရတ်ပညာဆိုင်ရာအခြေခံရည်ရွယ်ချက်မှာ အသက်ရှည်ဆေးကို ပြုလုပ်ရန်သို့တည်းမဟုတ် အပြစ်မကင်းသည့်သတ္တုကို ခြောက်ပြစ်ကင်းသတ္တုအဖြစ် ပြောင်းလဲစေနိုင်သည့် သိဒ္ဓိဝင်ရေစင်တစ်ခုကို ပြုလုပ်ရန်ပင် ဖြစ်၏။

ဂျဗီး၏ အစ္စလာမ်အဂ္ဂိရတ်ပညာအရ အညံ့စားသတ္တုများကို အကောင်းဆုံးသတ္တုဖြစ်အောင် ပြောင်းလဲစေသည့် အသက်ရှည်ဆေးအမျိုးမျိုးကို ပြုလုပ်ခဲ့၏။ အစ္စလာမ်ဓလေ့ထုံးထမ်းမှ ဆင်းသက်လာသော ရှေးခေတ်လက်တင်အဂ္ဂိရတ်ပညာတွင် အသက်ရှည်ဆေး (၂)မျိုးသာရှိ၏။

အလယ်ခေတ် သိပ္ပံပညာရှင်အာနေးက အိုပတ်ကိုသုံးခြင်း၏ ရည်ရွယ်ချက်မှာ အဖြူရောင် (သို့) အနီရောင် အသက်ရှည်ဆေး ပြုလုပ်ရန်ပင်ဖြစ်လေသည်။ အသက်ရှည်ဆေး (၂)မျိုးတွင် ပထမအသက်ရှည်ဆေးမှာ ပြဒါးကို ငွေအဖြစ်ပြောင်းစေ၏။ ဒုတိယအသက်ရှည်ဆေးမှာ ပြဒါးကို ရွှေဖြစ်စေ၏။ ဆေးနှစ်မျိုးလုံး၏ အသက်ရှည်ဆေး (၁) ဆသည် ပြဒါးအဆ (၁၀၀) ကို ပြောင်းလဲစေခြင်း ဖြစ်၏။

သို့သော် အာနေး ညွှန်ပြသည့်အတိုင်း အသက်ရှည်ဆေးသည် အဖြူဖြစ်စေ၊ အနီဖြစ်စေ ၎င်းသည် မဟာဩသဓဆေးတစ်ပါး ဖြစ်၏။ ၎င်းသည် အခြားအခြားသော ဆေးအားလုံးထက်သာလွန်၍ အာနိသင်ရှိ၏။ ရောဂါဟူသမျှကို အချိန်တိုကာလအတွင်းပျောက်ကင်းချမ်းသာစေ၏။ ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်၏။ အသက်ကြီးရွယ်အိုများအား နုပျိုလန်းဆန်းစေ၏။ ဇရာဒုက္ခလခေါ် အိုမင်းမစွမ်းခြင်း၏ ရောဂါမှန်သမျှကို ပျောက်ကင်းစေ၏။

ရော်ဂျာဘေကွန် ရေးသားခဲ့သည့် အလယ်ခေတ်ကျမ်းတစ်စောင်ဖြစ်သည့် ကျမ်း (THE SPECULUM ALCH EMIAE) ကျမ်း၌ အသက်ရှည်ဆေး အဖြူ အနီထုတ်လုပ်နည်းကို အကြမ်းဖျဉ်း ပြဆိုထား၏။ မည်သည့်သတ္တုကိုမဆို ပြောင်းလဲစေပြီး ပြဒါးတစ်ခုတည်းကိုသာ ရွှေနှင့်ငွေကို ပြောင်းလဲစေခြင်း မဟုတ်ပေ။ ၎င်းသည် အာနေးဖော်ပြသည့် နည်းနာများထက် အာနိသင်ကြီးမား၏။ ၎င်းဆေး (၁) ဆကို သတ္တုအဆ (၁၀၀၀)နှင့် ရောစပ်နိုင်၏။ ထိုသတ္တုသည် သန့်စင်နေရမည်။ သို့မှသာ ထိုလုပ်ရတ်သည် အောင်မြင်မည်ဟု အာမခံနိုင်မည်ဖြစ်၏။

သို့သော် ထိုကျမ်းသည် အသက်ရှည်ဆေး၏ ဆေးဖက်ဝင်ဂုဏ်သတ္တိကို မဖော်ပြပေ။ ကာလကြာညောင်းသော အခါ အဂ္ဂိရတ်ပညာရှင်၏ ယုံကြည်ချက်မှာ အဂ္ဂိရတ်ပညာ၏ နောက်ဆုံးပန်းတိုင်သည် အသက်ရှည်ဆေးနှင့် ပြဒါးရှင်လုံးသာ ဖြစ်၏။

အစဉ်အလာက ခိုင်ခဲ့လာသော အခါ ထိုအရာနှစ်ခု၏ အာနိသင်တလည်း ပို၍ပို၍ ကြီးမားလာ၏။ အဆိုပါ အသက်ရှည်ဆေးသည် သာမန်ရောဂါကို ကုသသည့်ဆေးမဟုတ်ဘဲ အချိန်ကာလ၏ ထိုးဖောက်ဝင်ရောက်မှုကို ခံကာကွယ်ဟန့်တားနိုင်သည့်ဆေးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စဉ်ဖြစ်ရပ် ဒဏ္ဍာရီများအရ သိရသည်မှာ ဇရာဒုဗ္ဗလအရွယ်များသည် ထိုအသက်ရှည်ဆေးကို မှီဝဲလိုက်ပါက လက်ရှိ ဇရာကျနေသော သွားများနှင့် ဆံပင်များနေရာတွင် သွားအသစ်များနှင့် အနက်ရောင်ဆံပင်များ ပြန်လည် ပေါ်ထွက်လာလေ၏။ နောက်စာတ်လမ်းတစ်ခုကလည်း ဤသို့ဆို၏။ အသက်ရှည်ဆေးရည်ကို သောက်သူသည် အမတ (ဝါ) မအို၊ မနာ၊ မသေခြင်းသို့ ဆိုက်ရောက်သည်ဟု ဆို၏။

ထိုအခါ ဤကံကောင်းသူများက အသက်အတိုင်းအတာရှည်သည်နှင့်အမျှ ချပ်ရောစိတ်ပါ သစ်လွင်လန်းဆန်းပြီး အသစ်အသစ်သော ဦးနှောက်အတွေးများဖြင့် (ဝါ) ဉာဏ်ပညာများဖြင့် လူ့အသိုက်အဝန်း၊ လူ့လောကကို အကျိုးပြုနေလေသည်။ ဤကံကောင်းသူများတွင် ပြဒါးရှင်လုံး၏ အစွမ်းအားဖြင့် အဆုံးမရှိသော စည်းစိမ်ချမ်းသာကို ရရှိနိုင်သည့် အဓိကအရာကို ရရှိထားခြင်းဖြစ်၏။

ရှေးခေတ်အခါက သိဒ္ဓိမြောက်သည့် ပြဒါးရှင်လုံးဟူ၍ မပေါ်သေးမီက ဆန္ဒသိဒ္ဓိကိုပြီးစေသော ဆေးမှုန့်အနည်းငယ်ကို ဖယောင်းလုံးတွင်ထည့်၍ ခဲနှင့်ဆာစပ်ကာ လုံထဲတွင်ဖုတ်ရ၏။ ထိုလုံကိုဖွင့်၍ ခရမ်းရောင်အပူရှိန်နှင့်ထိတွေ့စေရ၏။ ခဏကြာသောအခါ ခဲ၏နေရာတွင် ရွှေနှင့် ငွေတို့ ပေါ်လာ၏။ ဖယောင်းလုံးထည့်ရခြင်းမှာ ကျိုချက်ရာတွင်လွယ်ကူစေပြီး ဓာတ်ကိုပြုပြင်ရာ၌လည်း အထောက်အပံ့ဖြစ်သောကြောင့် သုံးရခြင်း ဖြစ်၏။ သို့ရာတွင် ၎င်းတို့၏ ရေးသားချက်များကိုကြည့်ခြင်းဖြင့် အဂ္ဂိရတ်ပညာရှင်တို့၏ အမြင်သည် သာမန်အားဖြင့် ချမ်းသာကြွယ်ဝမှုကို လိုလားသူများအမြင်နှင့် ဆန့်ကျင်ဘက် ဖြစ်၏။ ပြဒါးရှင်လုံးလမ်းစဉ်သို့လိုက်ခြင်းသည် သည်းလမ်းတစ်ခုအဖြစ်မဟုတ်ဘဲ ပန်းတိုင်တစ်ခုအဖြစ်လိုက်ခြင်း ဖြစ်၏။

သဘာဝ၏ဖွဲ့စည်းမှုဖြစ်သဖြင့် ထိုပြဒါးရှင်လုံးသည် မြင့်မြတ်သောသဘာဝလည်းရှိ၏။ ထို့ကြောင့် ၎င်းကို ရှုတ်ချခြင်း နှိမ်ချခြင်းမပြုနိုင်ပေ။ ဓာတ်ပြောင်းလဲမှုကိုရရှိပြီးသည့် အဂ္ဂိရတ်ပညာရှင်သည် လေး ငါးကြိမ်ထက်ပို၍ လုပ်စရာမလိုပေ။ ဤသို့လုပ်လျှင် ဤသို့ဖြစ်သည်ဟူသည့်အမြင်ကို ကိုယ်တိုင်သိမြင်လို၍လည်းကောင်း၊ သူတစ်ပါးတို့ကို လည်းကောင်း သိစေလို၍ ဖြစ်၏။ အဂ္ဂိရတ်ပညာရှင်သည် အညံ့စားသတ္တုမှ ရွှေနှင့်ငွေသို့ပြောင်းလဲစေနိုင်သည်ဆိုခြင်းကို အမှန်တကယ် ယုံကြည်ပါသလား။ သို့တည်းမဟုတ် ၎င်းတို့၏သဘောတရားသည် ဝိညာဏပိုင်းဆိုင်ရာ ပြောင်းလဲမှုမျှသာ ဖြစ်ပါသလား။

ဂျဗီးနှင့် သူ၏ ခေတ်ပြိုင်ပုဂ္ဂိုလ်များဖြစ်သည့် ဇိုဇီမော့နှင့် အာနေးတို့က ဓာတ်ပြောင်းလဲမှုသည် ဖြစ်နိုင်သည်ဟု ယုံကြည်ကြ၏။ အကြောင်းမှာမူ ထိုခေတ်ထိုအချိန်က သိပ္ပံယဉ်ကျေးမှုသည် ထိုသဘောတရားကို လက်ခံထားသောကြောင့် ဖြစ်၏။ သို့သော် အဂ္ဂိရတ်ပညာရှင်သည် သံနှင့် နာတို့ကိုတော ရွှေ ငွေဖြစ်စေရန် မကြိုးစားတော့ပေဘူးလားစသည့် ပဟေဠိများထွက်ပေါ်လာ၏။

အစ္စလာမ်နှင့် တရုတ်ယဉ်ကျေးမှုများနည်းတူ ဟယ်လင်နစ်ယဉ်ကျေးမှုတွင် အဂ္ဂိရတ်ပညာ၏ဓာတုနှင့်ဝိညာဏပိုင်းဆိုင်ရာ ရည်ရွယ်ချက် (၂) ရပ်ရှိ၏။ ထို (၂) ရပ်တွင် မည်သူက မည်သူထက်ပို၍ အားကြီးသည်ကို နားလည်ရန် ခက်ပေသည်။ မကြာမီက ပေါ်ပေါက်လာသော သဘောတရားတစ်ရပ်အရဆိုလျှင် အဂ္ဂိရတ်ပညာသည် အခြားဘာမှမဟုတ်ပဲ အခိုင်အမာဖုံးကွယ်ထားသည့် သတ္တုဗေဒ၏နောက်ကွယ်၌ လုံအောင်ဖုံးအုပ်ထားသော နာမ်နှင့် ဝိညာဏတို့ကို လွတ်မြောက်စေရန် ဖန်တီးသည့်ပညာဖြစ်၏။ ထုံးတမ်းစဉ်လာ၏ ဓာတု (သို့) အကြိုဓာတုသဘောတရားကို ယုံကြည်ခြင်းလည်း ဖြစ်ပေသည်။

အခြားအခြားသောကျမ်းများမှာလည်း ဓာတုဗေဒဆိုင်ရာ တီထွင်ဆန်းသစ်မှုများနှင့်ပတ်သက်သောအကြောင်းအရာ အချက်အလက်များကို တွေ့ရပေသည်။ ထို့ကြောင့် အနောက်တိုင်းအဂ္ဂိရတ်၏ ပညာရှင်များဖြစ်သည့် မာရီယာ၊ ပရော်ဖက်တီဆာ၊ ဇိုဇီမော့၊ ဂျဗီး၊ အာနေး၊ ဗာစီဗက်တိုင်းနှင့် နီကိုလတ်ဖလာမေးတို့၏ဓာတုအသိဉာဏ်မှာ အပေါ်ယံမျှသာမဟုတ်ဘဲ နက်နဲစွာ သိရှိထားပြီး ဖြစ်ကြပေမည်။

တစ်ချိန်တည်းမှာပင် အဂ္ဂိရတ်ပညာရှင်များသည် ထိုမျှမက ခက်ခဲနက်နဲသော အကြောင်းရပ်များကို သိရှိနားလည်ခဲ့ကြောင်း ထင်ရှားပေသည်။ သူတို့သည် သတ္တုပြောင်းလဲခြင်းသဘောတရားများသာမက အသက်ရှည်ဆေးနှင့်ဆိုင်ရာ အံ့ဖွယ်များ၊ စွမ်းအားများကိုလည်း သိရှိပြီးဖြစ်၏။ ဤကိစ္စမှာ ဓလေ့ထုံးတမ်းဘာသာရေးအားလုံးတို့အတွက် လုံးဝအံ့သြဖွယ်ရာ မဟုတ်ပါပေ။ အသိဉာဏ် အလင်းရောင်ကိုရရှိခြင်း၊ ဝိဇ္ဇာဉာဏ်နှင့် ထာဝရအသက် အမတတို့ကို ရရှိပေလိမ့်မည်။

**အဂ္ဂိရတ်ပညာ၏ သဘောတရားနှင့် လက်တွေ့ (Oratory and Laboratory)**

ဟိန်းရစ်ကူးနပ် (၁၅၆၀ - ၁၆၀၅) ပြုစုခဲ့သည့် (AMPHITHE ATRE OF ETERNAL WISDOM) ကျမ်း၌ ဖော်ပြထားသည်မှာ -

ဧရာမဟောပြောခန်းကြီးအလယ်တွင် ဘုရားခန်းရှေ့၌ ဒူးထောက်၍ ဝတ်ပြု ဆုတောင်းနေသော ကြည်ညိုသည့် အဂ္ဂိရတ်ဆရာတစ်ဦး၏ ပုံကိုပြသထား၏။ သူ၏နောက်အခန်း၏ မျက်နှာချင်းဆိုင်ဘက်၌ ဧရာမအဂ္ဂိရတ်ဖိုကြီးတစ်ခုရှိ၏။ ထို့အပြင် ၎င်းနှင့် ပတ်သက်သည့် အသုံးအဆောင် အနည်းငယ်ရှိပြီး တူရိယာများလည်းရှိ၏။ ဟောပြောခန်းနှင့် ဓာတ်ခွဲခန်းသည် အဂ္ဂိရတ်ပညာ၏ ခွဲခြား၍မရသော အပိုင်း (၂) ပိုင်းလည်း ဖြစ်၏။

အဂ္ဂိရတ်ပညာရှင်သည် ရှေးခေတ် ဓာတုပညာရှင် မဟုတ်ပေ။ ရုပ်ဓာတ်တို့၏ သဘောတရားကို လက်ရေးကျမ်းများမှ ဖတ်ရှု၍ စိတ်ဝင်စားနေသော ဓာတုပညာရှင်မျိုး မဟုတ်ပေ။ အဂ္ဂိရတ်ဆရာသည် ဘာသာရေးကို အထူးကိုင်းရှိုင်းသူဖြစ်၏။ ဘုရားရှင်ကိုလည်း စကြဝဠာတစ်ခုလုံး၏ မူလပိုင်ရှင်အဖြစ် ယုံကြည် သတ်မှတ်ထား၏။ ခေတ်အဆက်ဆက်၏ အဂ္ဂိရတ်ကျမ်းများတွင်လည်း ဤယုံကြည်ချက်ကားအလိုလျောက်ပါရှိလာခဲ့ပြီးဖြစ်၏။

မည်သည့် ဘာသာဝင်ပင် ဖြစ်ပါစေ တာအိုဝါဒ၊ ခရစ်ယာန်ဝါဒ၊ အစ္စလာမ်ဝါဒ စသည့် အမျိုးမျိုးအစားစားကွဲပြားသော်လည်း အဓိက အကြောင်းမဟုတ်ပေ။ အခြေခံအားဖြင့် ထိုယုံကြည်ချက်သည် ဂျီနိုတစ်ဇင်ပုံစံတစ်ခုဖြစ်၏။ ဝိညာဉ်ဆိုင်ရာ အရာဝတ္ထုများနှင့် ပတ်သက်၍ သာလွန်သောသုတကို ရှာဖွေခြင်းနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ဘာသာရေးအယူသီးမှုများမှ လုံးဝကွဲပြားသည့် အယူအဆများသာ ဖြစ်ပေသည်။

ရည်ရွယ်ချက်မှာ မျိုးစေ့ကိုထာဝရရှင်သန် လွတ်မြောက်စေခြင်း ဖြစ်သည်။ လူသား၏ မျိုးစေ့ကို ထာဝရရှင်သန်စေ၍ အားအင်ပြည့်ဖြိုး လွတ်မြောက်မှုရှိစေရန် ရည်ရွယ်ပေသည်။ ဤပန်းတိုင်သို့ရောက်ရှိရန် အဂ္ဂိရတ်ပညာရှင်သည် သဘာဝလောကတွင် ထောင်၍ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရပေမည်။ စကြဝဠာကို အုပ်စိုးသောစည်းဝါးနှင့် လျှို့ဝှက်အင်အားကို ရှာဖွေရမည်ဖြစ်၏။ သဘာဝ၏ ပြောင်းလဲမှုကို လေ့လာခြင်း၊ လက်တွေ့စမ်းသပ်ခြင်းဖြင့် ကာယကံရှင်သည် လောကကြီး၊ လောကငယ်တို့၏ အကြောင်းကို ထိုးထွင်း သိမြင်နိုင်ပေသည်။ ဤဝါဒသည် လျှို့ဝှက်နည်းလမ်း၏ အခြေခံကို ပေးစွမ်းပေမည်။ ၎င်းတွင် ကာယစွမ်းအားနှင့် ဖွံ့စည်းမှု၊ ယိုစီးမှုအကြောင်း ပါဝင်လေသည်။ ထိုအကြောင်းအရာများကို လက်တင်အင်္ဂါရတ်ပညာထက် တရုတ်နှင့် အိန္ဒိယအင်္ဂါရတ်ပညာတို့တွင် ပို၍ တွေ့မြင်ရ၏။ လက်တင်အင်္ဂါရတ်ပညာရှင်များက မကြာခဏ မိန့်ဆိုသည်မှာ အင်္ဂါရတ်ပညာသည် သာမန်ဓာတုပညာရပ် မဟုတ်ဟုဆို၏။ ထရီဗက်မှ ဘားနဒ်က ဤသို့ ရေးသားခဲ့၏။

'အမှန်အားဖြင့် ကျွန်ုပ်ကလည်း ယုံကြည်၏။ ဤကိစ္စအတွက် ဘုရားသခင်ကလည်း ကျွန်ုပ်ကို ချစ်ခင်လိမ့်မည်။ တင်စား၍ ရေးသည်ဖြစ်စေ၊ ရိုးရိုးစင်းစင်းရေးသည်ဖြစ်စေ ဆံပင်၊ ကျင်ငယ်၊ သွေး၊ သုက်ပိုး၊ ဆေးဖက်ဝင်ပင်၊ ဟင်းသီးဟင်းရွက်၊ ဓာတ်သတ္တုများ၊ အပင်များ၊ ဓာတ်သတ္တုကျောက်များ၊ ဆားများ၊ ကျောက်ချဉ်များ၊ ကြေးနီဓာတ်ပေါင်းများ၊ မှင်များ၊ ဒုတ္တာများ၊ လက်ချား၊ မဂ္ဂနီဆီယမ်၊ အခြားကျောက်များနှင့် ရေတို့၏ အကြောင်းကို ရေးသားခြင်းဖြင့် ကျွန်ုပ်အား ချစ်ခင်နှစ်သက်ကြမည်ဟု မျှော်လင့်ပါသည်'

ဤအကြောင်းအရာများနှင့် ပတ်သက်၍ ရေးသားချက်များမှာ နည်းပါးနေပြီး လက်တွေ့စမ်းသပ်လုပ်ဆောင်မှုများမှာလည်း နည်းပါးသည်ကို တွေ့ရ၏။ သူက ထပ်မံ၍ ပြောသည်မှာ -

'သင်တို့သည် အတုအယောင်ဆရာများထံမှ ဝေးဝေးပြေးကြလော့။ ၎င်းတို့၏လုပ်ရပ်များဖြစ်သော အငွေ့တိုက်ခြင်း၊ စုပေါင်းခြင်း၊ ဓာတ်ဖြိုခွဲခြင်း၊ ပေါင်းစပ်ခြင်း၊ ပေါင်းတိုက်ခြင်း၊ ဖော်စပ်ခြင်း၊ ဓာတ်ခွဲထုတ်ခြင်း၊ ဆက်စပ်ခြင်းနှင့် အခြားသော ပရိယာယ်များကို သူတို့ဘာသာလုပ်ပါစေလော့'

ဟု ဆိုထားပါသည်။

ဤနေရာ၌ အင်္ဂါရတ်ဆရာအတုအယောင် ဆိုသည်မှာ လောင်ကျွမ်းမှုကိုသာ နားလည်ပြီး ရုပ်ဝတ္ထုတို့၏အတွင်း၌ ခိုအောင်းနေသော ဓာတ်တို့၏ စွမ်းအင်များကို မသိနားမလည်သည့်သူများဖြစ်၏။ ဤဝေါဟာရကို ပါရာဆဲဆပ်ခေတ်မှ စတင်၍ သုံးခဲ့ဟန်တူ၏။ အင်္ဂါရတ်ဒဿနမပါသောဤပုံစံကို အင်္ဂါရတ်ပညာရှင်များက အင်္ဂါရတ်သမားတုသမားယောင်အတတ်ပညာဟု ခေါ်ကြ၏။

## အိုပတ်၏ လိင်ဆိုင်ရာသဘောတရား (Sexuality in the Opus)

ယန်နှင့်ယင်၊ ကန့်နှင့် ပြဒါးစသည်တို့သည် ဤစကြဝဠာ၏ ဆန့်ကျင်ဘက်သဘောတရားများ ဖြစ်၏။ ယန်သည် အဖိုဓာတ်ဖြစ်၍ ယင်သည် အမဓာတ်ဖြစ်၏။ ဤစကြဝဠာသည် ဤဆန့်ကျင်ဘက်ဓာတ်များ၏ အပေးအယူညီမျှမှုဖြင့် ရပ်တည်နေရ၏။ ဆန့်ကျင်ဘက်ဓာတ်များရှိပါမှ ၎င်းတို့၏အားပြိုင်မှုဖြင့် ဘဝရပ်တည်မှုတို့ ဖြစ်ရ၏။

စကြဝဠာတွင် လှုပ်ရှားနေသော သက်ရှိသက်မဲ့အားလုံးတို့အား အင်္ဂါရတ်ပညာရှင်က လိင်ခွဲခြားသတ်မှတ်သည်။ ဖိုဓာတ်၊မဓာတ်တို့၏ဆက်ဆံမှုကိုလည်း ပွင့်လင်းသော လိင်ပညာဆိုင်ရာဝေါဟာရများဖြင့် ဖော်ပြထား၏။ သတ္တုတွင်းထဲတွင် ဖြစ်ပေါ်နေသော သတ္တုဓာတ်ကို မိခင်၏သားအိမ်တွင် ဖြစ်ပေါ်နေသော သန္ဓေသားနှင့်သဘောချင်းတူညီစေ၏။

ဤသို့ဖြစ်ရခြင်းမှာလည်း နေနှင့် လတို့၏ လိင်ပိုင်းဆိုင်ရာ ကူးလူးဆက်စပ်မှုကြောင့်ဖြစ်ရသည် ဟုဆို၏။ အဆိုပါ နေနှင့် လနှစ်ခုစလုံးပင် တစ်ခုတည်းသော မူလပစ္စည်းမှ ဖြစ်ပေါ်ရခြင်းဖြစ်၍ ၎င်းကို ဒဿနပေါင်းစပ်နည်းဟုခေါ် ၏။ Strum, Ceterus, Sperm and Coitus စသည့် ဝေါဟာရများကို ပွင့်လင်းစွာ သုံးစွဲထားခြင်းဖြင့် ဖိုဓာတ်၊ မဓာတ်တို့၏ သဘာဝဖြစ်စဉ်ကို ဖြစ်လာစေ၏။

လက်တင် အင်္ဂါရတ်ပညာတွင် သတ္တုပြောင်းလဲသည့် အဆင့်ဖြစ်စဉ်ကို ဖော်ပြကို ဖော်ပြရာ၌ ဖိုမဆက်ဆံခြင်း၊ သန္ဓေယူခြင်း၊ သန္ဓေအောင်ခြင်း ဟူသော ဝေါဟာရများကို သုံးစွဲထားခြင်းဖြင့် ထိုဖြစ်စဉ်၏အဆင့်များကို ကောင်းစွာ သဘောပေါက် နားလည်စေလေသည်။ အဆိုပါ လျှို့ဝှက် ပေါင်းစပ်ခြင်းသည် အိုပတ်သဘောတရား၏ အဓိကခံယူချက်ဖြစ်၏။ ၎င်းသည် အင်္ဂါရတ်ပညာပေါ်ဦးစကတည်းကပင် ရှိလာခဲ့ခြင်း ဖြစ်၏။ အစောဆုံး အီဂျစ်အင်္ဂါရတ်ခေတ်မှာပင် မီးဖို(ပေါင်းဖို)နှင့် လုံ(ပေါင်းအိုး) ကို မိခင်၏ သားအိမ်နှင့် တူသည်ဟု တင်စားထား၏။

ထို့ပြင် 'ကညာစင်ကမ္ဘာမြေအား ကညာစင်၏ယောနိတွင် တွေ့မြင်နိုင်သည်' ဟု ဆိုခြင်း ဖြစ်၏။

ဤအရေးအသားကို အခြားသော ပညာရှင်များက လိင်မှော်ပညာပုံစံဖြင့် မရေးသင့်ဟု ဆိုကြ၏။ နေနှင့် လတို့၏ ဆက်သွယ်ပုံကို ဆန်းစစ်ရန်လိုပေသည်။ ယခုအချိန်အထိ ၎င်းကို နည်းလမ်း (၃) မျိုးဖြင့် ဖော်ပြနေကြ၏။ ၎င်းနည်းလမ်းတို့မှာ -

၁။ ဆန့်ကျင်ဘက်သဘောတရားနှစ်မျိုး၏ ပေါင်းစပ်မှုကို ကြည့်ရမည်။ ၎င်းနှစ်မျိုးမှာ ကန့်နှင့်ပြဒါး ပုံသေနှင့်လွင်ပျံ သဘောတရား စသည်ဖြင့် ဆန့်ကျင်ဘက်အစုံရှိကြ၏။ ၎င်းတို့သည် 'ဒဿနဆန်သော' (လုံ)အတွင်း၌ပင် ရောယှက်လျက်ရှိကြ၏။

၂။ ခန္ဓာထဲ၌ပင် နာမ်နှင့်ဝိညာဏတို့ရှိနေကြပြန်၏။ ထိုနာမ်နှင့်ဝိညာဏ (အငြိမ်နှင့် အလှုပ်သဘောတရား) စသည်တို့သည်လည်း ဆန့်ကျင်ဘက်သဘောတရားများ ဖြစ်ကြ၏။

၃။ သိစိတ်၏ စေ့ဆော်မှု၊ သိရှိမှုတို့သည် မသိစိတ်၏ မေ့လျော့မှု မသိမှုနှင့် ရောထွေးနေသည်။

တာအိုအင်္ဂါရတ်ပညာတွင် စွမ်းအင်နှစ်ရပ်ပေါင်းစပ်မှုကို တွေ့ရ၏။ ၎င်းတို့မှာ ဝိညာဏစွမ်းအင်နှင့် လိင်စွမ်းအင်တို့ ဖြစ်၏။ အနောက်တိုင်းအင်္ဂါရတ်ပညာတွင် 'လျှို့ဝှက်မီး' ဟူသော ဝေါဟာရဖြင့်ခေါ်ဝေါ်သည့် အပူတစ်မျိုးတွေ့ရ၏။ ၎င်းအပူကို လုပ်ရက်မပြီးမချင်း ထိန်းသိမ်းထားရ၏။ အပူမပြတ်အောင် မထိန်းသိမ်းပါက လုပ်ငန်းမအောင်မြင်၍ နောက်တစ်ကြိမ် အသစ်ပြန်စရပေမည်။

အလားတူပင် တာအို၌ နူမာခေါ် အသက်ရှူလေကို ခန္ဓာကိုယ်တွင်း၌ လည်စေခြင်းဖြင့် လိင်အနှစ်သာရကို ဖြစ်စေ၏။ ကြောင်းကျိုးဆီလျော်စွာပင် လက်တင်အင်္ဂါရတ်ပညာကို စိတ္တကာယနည်းစနစ်ဟု ခေါ်ဆိုနိုင်၏။ လိင်အင်အားကိုလည်း မြင့်မားစေ၏။ အင်္ဂါရတ်ပညာသည် အခြားသော သုတအားထက် သာလွန်ပြီး ၎င်းကို ရုပ်ပေါ်ထောင် သိပ္ပံပညာဟုလည်း ခေါ်ဆိုနိုင်ပေသည်။

ဆရာဝေဖြိုး(?)ထွန်းလင်း

(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

# သာလွန်မင်းတရားကြီး၏ဇာတာတော်

စာကောင်းပေကောင်းများ ရှာဖွေဖတ်ရှုရာတွင် တစ်ခါတစ်ရံ မြန်မာ့သမိုင်းတွင် တန်ဖိုးမဖြတ်နိုင်သည့် အဖိုးတန်သမိုင်းအချက်အလက်ကလေးများကို ရရှိတတ်ပါသည်။ တစ်ခါက ညောင်ရမ်းခေတ်သွင်းစာတစ်စောင်တွင် ညောင်ရမ်းမင်း၏ မွေးနေ့ရက်စွဲနှင့် ဇာတာကို အမှတ်မထင် တွေ့ရဖူးပါသည်။

ညောင်ရမ်းမင်း ဟူသည် ညောင်ရမ်းမင်းဆက်ကို စတင် တည်ထောင်သော ဘုရင့်နောင်မင်း၏ သားတော်ရင်သစ္စာကို ဆိုလိုခြင်း ဖြစ်ပါသည်။ ညောင်ရမ်းမြို့စားမင်းသားအဖြစ်မှ နိုင်ငံတော်တစ်ဝန်း စည်းရုံးသိမ်းသွင်းကာ ညောင်ရမ်းမင်းဆက်ကို တည်ထောင်ခဲ့သူ ဖြစ်သည်။ ညောင်ရမ်းမင်းဆက်တွင် ညောင်ရမ်းမင်းမှစ၍ အနောက်ဘက်လွန်၊ သာလွန်၊ ပင်းတလဲမင်း၊ ပြည်မင်း၊ နရာဝရ၊ မင်းရဲကျော်ထင်၊ စနေမင်း၊ တနင်္ဂနွေမင်း၊ ဟံသာဝတီရောက်မင်းတို့အထိ မင်း (၁၀) ဆက်ရှိပါသည်။

တစ်ကြိမ်တွင် ညောင်ရမ်းမင်းသည် ဗန်းမော် သိန္နီနယ်များ မငြိမ်သက်ရှိသဖြင့် ကိုယ်တော်တိုင် ချီတက်တိုက်ခိုက်ရန် သင့်၊ မသင့်ကို မင်းဆရာတော်အား မေးမြန်းလျှောက်ထားခဲ့သည်၊ မင်းဆရာတော်က ညောင်ရမ်းမင်း၏ ဇာတာကို ပြန်စစ်ဆေးပေးပါသည်၊ ဆရာတော်၏ သွင်းစာတွင် ရွှေမြေ့ရှင် မူလဇာတာ' ဟု ဆိုကာ ညောင်ရမ်းမင်း၏ ဇာတာကို ရည်ညွှန်းဖော်ပြထားကြ၏။ ယင်းသွင်းစာအရ ညောင်ရမ်းမင်းသည် ၂၃၊ မေ၊ ၁၅၅၆ (၉၁၈ ခု၊ နယုန်လပြည့်နေ့) တွင် ဖွားမြင်သူဖြစ်ကြောင်း သိရှိကြရခြင်း ဖြစ်သည်။

ဇာတာတော်ပုံရာဇဝင်ကျမ်းတွင် မင်းအချို့၏ဇာတာများ ပါဝင်ပါသည်။ ညောင်ရမ်းခေတ်ဇာတာများကို ဖော်ပြရာတွင် အနောက်ဘက်လွန်မင်း၊ ပင်းတလဲမင်းနှင့် ပြည်မင်းတို့သုံးပါး၏ ဇာတာသာ ပါဝင်ပါသည်။ ကျန်မင်းများ၏ ဇာတာကို ရှာဖွေမရသဖြင့် ကျမ်းပြုစုစဉ်က မပါဝင်ခဲ့ခြင်း ဖြစ်ဟန်ရှိပါသည်။

မြန်မာမင်းများအနေဖြင့် ဇာတာရှိမည်မှာ အမှန်ဖြစ်ပါသည်။


စာပေဟောင်းများ ရှာဖွေ ဖတ်ရှုရင်း သာလွန်မင်း၏ ဇာတာကို တွေ့ရှိရပါသည်။ သာလွန်မင်းကို မင်းကောင်းမင်းမြတ်တစ်ပါးအဖြစ် လက်ခံထားကြပါသည်။ ရာဇဝင်ကျမ်းတစ်စောင်တွင် -

*'တိုင်းကားပြည်ရွာကို အသာယာကြီး သာယာ ငြိမ်းချမ်းအောင် သူ့ထက်အလွန်အကဲဖြစ်သော သတိ၊ ဝီရိယ၊ သမာဓိ၊ ခန္တီ၊ ကရုဏာ၊ မေတ္တာ၊ ဉာဏ်စသော နှလုံးရည်တို့ဖြင့် အုပ်ချုပ်စိုးမိုးတော်မူသောကြောင့် သာလွန်မင်းတရားကြီး (ဝါ) မင်းမြတ်သာလွန် ဟူသော အမည်တော်သည် ကိုယ်တော်၏ အရိုး၊ အသားတို့ ဖောက်ပြားဆွေးမြည့်သော်လည်း ယနေ့တိုင် အမည်တော် ဆွေးမြေ့ခြင်းမရှိ။ ပညာရှိသူတော်ကောင်းတို့၏ နှုတ်ဖျား၌ ထင်ရှားစွာ တန့်နားတည်နေတော်မူလေသတည်း'*

ဟူ၍ တွေ့ရှိရပါသည်။

သာလွန်မင်း၏ ဇာတာတွင် ကရကင်္ဋလဂ်၊ မေထုန်စန်း၊ တနင်္ဂနွေဂြိုဟ်က ပြိဿရာသီ၊ အင်္ဂါ ဗုဒ္ဓဟူးကြာသပတေး သောကြာဂြိုဟ်များက မိဿရာသီ၊ စနေဂြိုဟ်က မိန်ရာသီနှင့် ရာဟုက ကုမ်ရာသီတွင် ရပ်တည်လျက် တွေ့ရှိရပါသည်။ ပညာရှင်များ၊ သုတေသီများ လေ့လာနိုင်ကြရန် သာလွန်မင်း၏ ဇာတာကို အောက်တွင် ဖော်ပြထားပါသည်။

**သာလွန်မင်းတရားကြီး၏ဇာတာတော်**




ငယ်မည် မောင်ကြီး (သခင်ကြီး)၊ ဘွဲ့ သီရိသုဓမ္မရာဇာမဟာဓိပတိ၊ ထင်ရှားသောအမည် သာလွန်မင်းတရားကြီးကား ၉၄၆ ခု၊ တနင်္ဂနွေနေ့၌ ဖွားမြင်တော်မူ၏။ (၁၉) နှစ်မျှ နန်းစည်းစိမ်စံစားတော်မူရ၏။ သက်တော် (၆၃) နှစ်တွင် နတ်ရွာစံတော်မူသည် ဟူ၍ ဖြစ်ပါသည်။

ဇာတာကို လေ့လာကြည့်သောအခါ လဂ်၏ အနေအထားအရ နေ့လယ်ပိုင်း နေမွန်းတည့်ဝန်းကျင်တွင် ဖွားမြင်သူ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သာလွန်မင်းကြီးလက်ထက်တွင် စစ်ကိုင်းကောင်းမှုတော်စေတီတော်ကြီး တည်ထား ကိုးကွယ်ခဲ့ရာ ယနေ့တိုင် ထင်ရှားပါသည်။ ခရစ်နှစ်ရက်စွဲဖြင့် တွက်ချက်ကြည့်သောအခါ သာလွန်မင်း၏ မွေးနေ့ရက်စွဲကို ၃၁၊ မေ၊ ၁၅၈၄ ဟု တွေ့ရှိရပါသည်။

သာလွန်မင်းကြီး လက်ထက်တွင် နက္ခတ်ဗေဒင်ပညာရှင် အကျော်အမော် အဇာဂရုပုဏ္ဏား ပေါ်ပေါက်ခဲ့ပါသည်။ အဇာဂရုပုဏ္ဏားသည်ပင် ဇာတာတော်ပုံရာဇဝင်ကို ပြုစုခဲ့သူ ဖြစ်ကြောင်းလည်း ဆိုကြသည်။ သာလွန်မင်း၏ ဇာတာကို တွက်ချက်ခဲ့သူမှာလည်း အဇာဂရုပုဏ္ဏားပင် ဖြစ်ဟန်ရှိပါသည်။

အဇာဂရုပုဏ္ဏားသည် သာလွန်မင်း၏ နောက်ဆုံးနတ်ရွာစံချိန်ကို တွက်ချက်ခဲ့သူ ဖြစ်ကြောင်းလည်း ဆိုကြပါသည်။ မည်သို့ဆိုစေကာမူ သာလွန်မင်း၏ ဇာတာကို တွေ့ရှိရသဖြင့် မွေးနေ့ရက်စွဲကို ခန့်မှန်းတွက်ချက်နိုင်ပေရာ များစွာ အကျိုးများလှပါသည်။

တင်နိုင်တိုး

ကျမ်းကိုး -

၁။ တွင်းသင်းမဟာရာဇဝင်သစ် (ညောင်ရမ်းဆက်)
၂။ မင်းမြတ်သာလွန် (မာယ)



www.burmeseclassic.com

www.burmeseclassic.com

# ဆီးချိုကြောင့်ဖြစ်သောအနာများအတွက် ဆေးစွမ်းကောင်းတစ်လက်

သမီး-စောငုဝါ



ဂဠုန်လက်သည်းပင် (အရွက်ချွန်မျိုး



ဂဠုန်လက်သည်းပင် (အရွက်ဝိုင်း

ဆီးချိုရောဂါ ခံစားရပြီဆိုလျှင် ဝေဒနာရှင်များအနေနှင့် ရောဂါနှင့် မတည့်၍ အစားအသောက် အတော်များများအား ရှောင်ရသဖြင့် အစားဆင်းရဲခြင်းဒုက္ခ ကြုံတွေ့ရသည့်အပြင် ထိခိုက်မိပါက အနာများ မကျက်နိုင်တော့ဘဲ တချို့မှာ တော်တော်ဆိုးဝါးလာပါက ဖြတ်တောက် ကုသရသည်အထိ ကြုံတွေ့ရပါသည်။ သို့ဖြစ်ပါ၍ ဆီးချိုရောဂါ ဝေဒနာရှင်များအတွက် ဆီးချိုကြောင့်ဖြစ်သောအနာများ သက်သာ ပျောက်ကင်းနိုင်သည့် ဆေးနည်းကောင်းကို တင်ပြလိုပါသည်။

ဤဆေးနည်းကို ကြားသိရချိန်မှာ ကျေးဇူးရှင် ဖခင်ကြီး အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဦးစောလင်း (စောငုဝါ-ပျဉ်းမနား) အား လွန်စွာမှ သတိရ လွမ်းဆွတ်မိပါသည်။ ဖခင်ကြီး သက်ရှိထင်ရှားရှိစဉ်က အများပြည်သူ အကျိုးရှိနိုင်မည့် အစွမ်းထက် ဆေးနည်းကောင်းများကို လစဉ် သုရဿမဂ္ဂဇင်းကြီးမှာ ရေးသား ဖော်ပြပေးနေသူ ဖြစ်ပါသည်။ ယခုအချိန်တွင် ဖခင်ကြီး မရှိတော့ပါသော်လည်း ဖခင်ကြီး၏စာပေအမွေကို တတ်စွမ်းသမျှ ဆက်ခံရင်း သမီး-စောငုဝါမှ လိုအပ်သူများ အသုံးပြုနိုင်အောင် ရေးသား တင်ပြအပ်ပါသည်။

စာရေးသူတို့ပျိုးခြံသို့ နေပြည်တော် ဘူးခွဲမှ ဦးသန်းဝင်းနှင့် ဒေါ်ခင်နောင်ဝင်းတို့မိသားစု ပျိုးပင်တချို့လာဝယ်ရင်း ပျိုးခြံတွင် စိုက်ပျိုးထားသော ဂဠုန်လက်သည်းပင်ကို တွေ့ရှိရာမှ ၎င်းအပင်မှာ ဆီးချိုကြောင့်ဖြစ်သော အနာများအတွက် အလွန်ကောင်းကြောင်း ပြောပြပေးပါသည်။ သူ၏မိတ်ဆွေနှစ်ဦးမှာ ဆီးချိုဝေဒနာရှင်များဖြစ်ကြောင်း၊ တစ်ဦးမှာ ခြေထောက်တွင် အနာဖြစ်၍ ခြေချောင်းလေးများ ဖြတ်တောက်လိုက်ရပြီး နောက်တစ်ဦးမှာတော့ ဆေးနည်းအချိန်မီသိလိုက်ရ၍ မဖြတ်တောက်ရဘဲ အနာများပင်ကျက်နေပြီဟု ဆိုပါသည်။

ဆေးအဖြစ် အသုံးပြုပုံမှာ ဂဠုန်လက်သည်းအရွက် (အချွန်မျိုး) အား လက်တစ်ဆုပ်ခန့်ကို ရေဖြင့် သုံးခွက်တစ်ခွက်တင်ကျို၍ ရေအစား သောက်ပေးရသည်ဟု ပြောပြပါသည်။ ထို့ပြင် အရွက်ကို ကြော်၍ပဲစားစား၊ အစိမ်းပဲဝါးစားစား နည်းအမျိုးမျိုးဖြင့် အသုံးပြု၍ရကြောင်းလည်း ရှင်းပြပါသည်။

နောက်ထပ် ဆီးချိုဝေဒနာရှင် မိတ်ဆွေတစ်ဦးမှာလည်း ဖိနပ်စီးရင်း ဖိနပ်ပေါက်ရာမှ အနာဖြစ်သွားကြောင်း၊ အနာမှာ တော်တော်နှင့်မကျက်နိုင်ဘဲ ပြည်တစိုစိုဖြစ်နေသည့်အပြင် ခြေသလုံးယား၍ လက်သည်းဖြင့် ကုတ်ခြစ်မိရာ ကုတ်ခြစ်မိသည့်အရာအတိုင်း အနာထပ်ဖြစ်၍ပြည်များပင်လိုက်လာကြောင်း၊ ထိုအခါ ဂဠုန်လက်သည်းရွက်အစွမ်းကို သိရှိရ၍ကျိုသောက်ရာ အနာများကျက်၍ ယခုအခါ သက်သာပျောက်ကင်းနေပြီဖြစ်ကြောင်း ထပ်မံ ပြောပြပေးပါသည်။

ဂဠုန်လက်သည်းအပင်မှာ အ[illegible] ချွန်မျိုးနှင့် အရွက်ဝိုင်းမျိုး ဟူ၍ န[illegible] ရှိပါသည်။ အလှပင်အဖြစ် တော်[illegible] များများ စိုက်ပျိုးကြပါသည်။ ယခု [illegible] အနာများအတွက် ဆေးအဖြစ်သုံး[illegible] မျိုးမှာ အရွက်ချွန်မျိုး ဖြစ်ပါသည်။ [illegible] ဖွေရန် လွယ်ကူ၍ သုံးစွဲရမခက်ခဲ[illegible] ဤဂဠုန်လက်သည်းအရွက်ဆေးန[illegible] လိုအပ်သူများ အသုံးပြုနိုင်ရန်အ[illegible] ရေးသား ဖော်ပြအပ်ပါသည်။

စေတနာရှေ့ထား၍ စိတ်[illegible] လက်ရှည် ရှင်းပြပေးပါသော ဦးသ[illegible] နှင့် ဒေါ်ခင်နောင်ဝင်းအား [illegible] အထူးတင်ရှိပါသည်။ အနာနှင့်ဆေး[illegible] ၍ သက်သာပျောက်ကင်းနိုင်ကြ[illegible]

သမီး[illegible]



www.burmeseclassic.com

www.burmeseclassic.com

# နဝင်းကျင့်စဉ်အစီအရင်

နဝင်းကျင့်စဉ်အစီအရင်နဲ့ ပတ်သက်ပြီး ၂၀၀၀ ပြည့်နှစ်၊ ဖွန်လတွင် ဆရာထံမှ သင်ယူခဲ့ရပါတယ်။ နဝင်းနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကိုလည်း ပြည့်ပြည့်စုံစုံသင်ပေးခဲ့ပါတယ်။ နဝင်းနဲ့ ပတ်သက်ပြီး ဆရာ ဆုံးမပြောကားကို အမြဲကြားယောင်မိပါတယ်။

'နဝင်းပွဲအောင်မြင်မှုဆိုတာ ဆရာနဲ့ ကိုယ်ကျင့်တရားကတော့ အရေးကြီးဆုံးပဲ။ စေတနာအခြေခံပြီးလုပ်ပေးရင် စေတနာအကျိုးကို ခံစားရမှာပါ။ လိုချင်လောဘတက်ပြီး ကိုယ်ကျိုးသာကြည့်မယ်ဆိုရင်တော့ အဲဒီဆရာတွေဟာ နဝင်းကန်းတာ၊ နဝင်းကျိုးတာ၊ နဝင်းလောင်တာတွေခံစားရမယ်လို့ အမြဲပြောပါတယ်။ ဆရာကိုယ်တိုင်လည်း တပည့်တွေနဝင်းလာထိုင်ရင် သဒ္ဓါကြေးနဲ့လည်း လုပ်ပေးခဲ့ပါတယ်။ ကျွန်မကိုလည်း မကြာခဏဆိုသလို နဝင်းထိုင်ပေးခဲ့ပါတယ်။ နဝင်း(၃)မျိုး အပြင်နဝင်း၊ အတွင်းနဝင်း၊ စိတ်နဝင်းစီးခြင်း ပညာရပ်တွေကိုလည်း တတ်သိနားလည်အောင် သေချာစွာ သင်ကြားပေးခဲ့ပါတယ်။ လိုက်နာရန်၊ ဆောင်ရန်၊ ရှောင်ရန်တွေကိုလည်း အခါကြုံတိုင်း ပညာပေးခဲ့ပါတယ်။ ဗေဒင်မေးတဲ့ ပရိသတ်အပေါ်မှာလည်း စေတနာထားနိုင်အောင် ကြိုးစားဖို့ အမြဲဆုံးမခဲ့ပါတယ်။ ဆရာ့ကျေးဇူးကား ကြီးမားလှပါတယ်။ ဒါကြောင့် ဆရာသင်ပေးခဲ့သမျှ ကျွန်မ သိသလောက် တတ်သလောက်ကို ဗေဒင်ဝါသနာပါတဲ့ စာဖတ်ပရိသတ်အတွက် လင်ဆင့်ကမ်းပေးခြင်းသာ ဖြစ်ပါတယ်။

ဆရာဟာ စာဖတ်ပရိသတ်၊ ဗေဒင်မေးတဲ့ပရိသတ်အပေါ် အင်မတန်မှ စေတနာထားပြီး သိသမျှကို မျှဝေချင်တဲ့ စိတ်အပြည့်အဝရှိတဲ့သူဖြစ်ပါတယ်။ ဆရာ့တပည့်ဖြစ်တဲ့ ကျွန်မကလည်း ကျွန်မသင်ခဲ့ရတာတွေကို မျှဝေပေးခြင်းသာ ဖြစ်ပါတယ်။ အမှားတစ်စုံတစ်ရာ ပါခဲ့ရင်လည်း ပညာရှင်ကြီးတွေ၊ စာဖတ်ပရိသတ်တွေက ခွင့်လွှတ်ပေးစေချင်ပါတယ်။ ငါသိ၊ ငါတတ်လုပ်ပြီး လူတတ်ကြီးလုပ်ပြီး ရေးသားခြင်းမျိုး မဟုတ်ပါ။ ဆရာ့ရဲ့စာတွေကို မဖတ်ရတဲ့နောက်ပိုင်း ဆရာချန်ခဲ့တဲ့ ပညာရပ်တွေကို ဆရာ့ကို ချစ်ခင်တဲ့ စာဖတ်ပရိသတ်တွေအတွက် ကြိုးစားပြီး ရေးလိုက်ရခြင်း ဖြစ်ပါတယ်။

ယခုတင်ပြမယ့် နဝင်းကျင့်စဉ်အစီအရင်ကတော့ (၇) ရက်သားသမီးတိုင်း မည်သူမဆို ကျင့်ကြံအားထုတ်နိုင်တဲ့နည်းလမ်းကောင်းတစ်ခုပါပဲ။ တကယ်ကျင့်မယ်ဆိုရင် အောင်မြင်မှုရမှာ ကျိန်းသေပါတယ်။ ဆရာကတော့ နဝင်းကျင့်စဉ်နဲ့ ပတ်သက်ပြီး ကြိမ်ဖန်များစွာ ကျင့်ခဲ့တယ်လို့ သိရပါတယ်။ နေ့သားအလိုက် ကျင့်ရမည့် အဓိဋ္ဌာန်၊ မျက်နှာမူရာအရပ်တို့ကို သိရှိရန် ဖော်ပြပေးလိုက်ပါတယ်။

| နေ့သား | ထိုင်ရမည့်နေရာထောင့် | မျက်နှာမူရမည့် အရပ်မျက်နှာ |
|---|---|---|
| တနင်္ဂနွေ | အင်္ဂါထောင့် (အရှေ့တောင်) | ရာဟုထောင့် (အနောက်မြောက်) |
| တနင်္လာ | တနင်္ဂနွေထောင့် (အရှေ့မြောက်) | စနေထောင့် (အနောက်တောင်) |
| အင်္ဂါ | ဗုဒ္ဓဟူးထောင့် (တောင်ဘက်အရပ်) | သောကြာထောင့် (မြောက်အရပ်) |
| ဗုဒ္ဓဟူး | တနင်္လာထောင့် (အရှေ့အရပ်) | ကြာသပတေးထောင့် (အနောက်အရပ်) |
| ကြာသပတေး | သောကြာထောင့် (မြောက်အရပ်) | ဗုဒ္ဓဟူးထောင့် (တောင်အရပ်) |
| သောကြာ | ရာဟုထောင့် (အနောက်မြောက်) | အင်္ဂါထောင့် (အရှေ့တောင်) |
| စနေ | ကြာသပတေး (အနောက်အရပ်) | တနင်္လာထောင့် (အရှေ့အရပ်) |

တနင်္ဂနွေသားတစ်ယောက် နဝင်းကျမ်းစဉ် ကျင့်တော့မယ်ဆိုရင် ဘုရားစေတီတစ်ဆူဆူတွင် အင်္ဂါထောင့် (အရှေ့တောင်ထောင့်)မှ ထိုင်ပြီး ရာဟုထောင့်အနောက်မြောက်အရပ်ဘက်သို့ မျက်နှာမူ၍ထိုင်ရပါမယ်။ အမွှေးတိုင်(၉) တိုင်၊ ဖယောင်းတိုင် (၉)တိုင် ဘုရားရှင်အား ပူဇော်ပြီး ရုပ်၊ နာမ်ခန္ဓာငါးပါးကို မြတ်စွာဘုရားအား လှူရပါမယ်။ အကယ်၍ သက်သတ်လွတ်စားသူ ဖြစ်ပါက သူတစ်ပါးအသက်နဲ့တည်ဆောက်ထားတဲ့ အသားကို မစားသည်မှာ ဘယ်နှနှစ်စောင့်ထိန်းခဲ့ပါသည်။ ဒါမှမဟုတ် ငါးပါးသီလထဲမှ တစ်ပါးပါးကို အထူးစောင့်ထိန်းခဲ့ပါသည်ဟု သစ္စာပြုပါ။ အနန္တောအနန္တငါးပါးနှင့်ခင်ပွန်းကြီး(၁၀) ပါးအား ပြစ်မှားမိခဲ့သမျှ ဝန်ချ တောင်းပန်ကန်တော့ပါ။ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များ၊ ပိုင်ရာဆိုင်ရာပုဂ္ဂိုလ်များတို့ကို မေတ္တာပို့ပါ။ ဘာဝနာပွားတော့မယ်ဆိုရင် ဒီကုသိုလ်တွေကို သာခုခေါ်ကြဖို့လည်း မေတ္တာနဲ့ အကြောင်းပြုလိုက်ပါ။ ယခုပြုလုပ်မည့် ကုသိုလ်အားလုံးအတွက် ကိုယ်စားပြုပြီး ကျင့်ကြံပွားများပေးပါတယ်လို့ တိုင်တည်လိုက်ပါ။ တိုင်တည်ပြီးတာနဲ့ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး သီလ မိမိစွမ်းနိုင်တဲ့သီလကို ဆောက်တည်ပါ။ 'နမောတဿ' ပုတီးတစ်ပတ် စိပ်ပါ။ ဂုဏ်တော်ကိုးပါး ပုတီး (၉) ပတ် စိပ်ပါ။ အားလုံးပြီးရင် မေတ္တာပို့၊ အမျှဝေပါ။ အရေးကြီးတာကတော့ စည်းမချပါနဲ့။ အဓိဋ္ဌာန်ကို (၉)ရက်တိတိ ဝင်ပါ။ မပျက်ရပါဘူး။ ထူးခြားတဲ့ ပုဂ္ဂိုလ်တွေကတော့ (၉) ပါး သီလဆောက်တည်၊ ထမင်းတောင်မှ ဂုဏ်တော်တစ်ပါး ထမင်းတစ်လုတ်နဲ့ ဂုဏ်တော်ကိုးပါး ထမင်းကိုးလုတ်ပဲ စားတယ်လို့ ဆရာ ပြောဖူးပါတယ်။ တချို့ပုဂ္ဂိုလ်တွေဆိုရင် ဘုရားတစ်ဆူ (၉) ရက်နဲ့ ဘုရားကိုးဆူ (၈၁)ရက်အဓိဋ္ဌာန် ဝင်ကြတယ်လို့လည်း သိရပါတယ်။ ဒီကျင့်စဉ်ကျင့်သူအဖို့မှာလည်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ပညာရေးတွေသာမက အရာရာမှာ ထူးခြားအောင်မြင်မှုတွေရမှာ မလွဲဧကန်ပါပဲ။

ဆရာ့ကျေးဇူး
အထူးအောက်မေ့လျက်

ဒေါ်ခင်စံသူ (B.Sc)

www.burmeseclassic.com

စာရေးသူဟာ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လထုတ် သုရဋ္ဌမဂ္ဂဇင်းမှာ ပီတာမြဦး ရေးသားတဲ့ ဂမ္ဘီရဘိုးအေ ဆိုတဲ့ ဝတ္ထုကလေးကို ဖတ်ရှုခဲ့ရပါတယ်။ အဲဒီထဲပါတဲ့ ဇာတ်ကောင်ကတော့ ဘိုးတော်တင်ဦးအကြောင်းပဲ ဖြစ်ပါတယ်။ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ဖြစ်လို့ ဘိုးတော်တင်ဦး ဆိုသူဟာ အပြင်မှာ အမှန်တကယ်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ စာရေးဆရာ ပီတာမြဦးက ဆောင်းအတွင်းမှာ ကြုံခဲ့သလို စာရေးသူက အပြင်





www.burmeseclassic.com

ဘောကမှာ ဒီပုဂ္ဂိုလ်နဲ့ တွေ့ဆုံဖူးပါတယ်။

ထိုစဉ်က ဘိုးတော်တင်ဦးဟာ မ်းချောင်းမှာ နေထိုင်ခဲ့ပါတယ်။ အရင်ကတော့ ဘယ်မှာနေမှန်းမသိပါ။ စာရေးသူနဲ့တွေ့ဆုံချိန်မှာတော့ စမ်းချောင်းမှာ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက စာရေးသူတို့ရဲ့အလုပ်ဌာနမှာ နိုင်ငံခြားသွားဖို့ ကြာခဏအခွင့်အလမ်းပေါ်ပါတယ်။ ဒါပေမယ့် တစ်ယောက်ကို စေလွှတ်မယ့်နေရာမှာ သုံးယောက်လောက် ရွေးထားပါတယ်။ အဲဒီထဲကမှ လူတွေ့စစ်ဆေးပြီး တစ်ယောက်ကိုသာ ရွေးချယ်ပါတယ်။ တစ်ခါတစ်ရံမှာတော့ အလုပ်ချက်ချင်းပေါ်လာလို့ လူရွေးထားတဲ့ လူတွေထဲက တစ်ယောက်၊ နှစ်ယောက်ကို ချက်ချင်းခေါ်တာမျိုးလည်း ရှိပါတယ်။ အဲဒီအချိန်က နိုင်ငံခြားသွားရတဲ့လူတွေဟာ မျက်နှာပွင့်ပြီး ဂုဏ်ရှိသလို ပြန်လာရင် ကားပါလာတာမို့ သိန်းဆုအတော်များများပေါက်တဲ့သူတွေနဲ့ တူပါတယ်။ အရွေးခံရတဲ့လူတွေက တကယ့်ကို ကံထူးရှင်ပါပဲ။

အဲဒီအချိန်မှာ စာရေးသူ အပါအဝင် ငါးယောက်ခန့်ကို နိုင်ငံခြားစေလွှတ်ဖို့ ရွေးထားပါတယ်။ ဒါကြောင့် စာရေးသူတို့အုပ်စုဟာ အင်္ဂလိပ်စာသင်တန်းတစ်ခုမှာ စကားပြောသင်တန်းတက်နေခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ဘိုးတော်တင်ဦးဟာ ဗေဒင်အတော်မှန်ပြီး အခြားဗေဒင်ဆရာများနှင့်မတူအောင် ထူးထူးခြားခြားဟောတယ်ဆိုပြီး အတော်ကျော်စောနေတဲ့အချိန်ပါ။

၂

စာရေးသူတို့ ငါးယောက်အနက်မှာ အမျိုးသမီးနှစ်ယောက်နဲ့ အမျိုးသားသုံးယောက် ပါဝင်ပါတယ်။ ရွေးမှာက နှစ်ယောက်ပါ။ အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်ဖြစ်ဖို့ များတယ်လို့ ခန့်မှန်းထားပါတယ်။ စာရေးသူကတော့ အိမ်ထောင်သည်ဖြစ်ပြီး ကလေးအမွှာနှစ်ယောက်ရှိတာ ဖြစ်လို့ သွားရမယ်ဆိုရင်တောင် ကလေးတွေကို စိတ်မချလို့ သိပ်ပြီးမတက်ကြွပါဘူး။ ဒါပေမယ့် အမျိုးသား(၃)ယောက်ကတော့ အရမ်းကိုတက်ကြွနေပါတယ်။ စာရေးသူလည်း သူတို့နဲ့ အင်္ဂလိပ်စကားပြောသင်တန်းမှာ ဆုံတော့ သူတို့အထဲက တစ်ဦးက -

"ငါတို့အထဲက ဘယ်သူအရွေးခံရမလဲဆိုတာ သိချင်လိုက်တာ"

"အချိန်တန်ရင် သိမှာပေါ့"

လို့ စာရေးသူက ပြန်ပြောတဲ့အခါ ကျန်တစ်ဦးက -

"ဟုတ်တယ်၊ အချိန်တန်ရင် သိမှာပဲ။ သူမဟုတ်ရင် ငါပေါ့"

# ရိရိမြေး
## တွေ့ဆုံခဲ့ဖူးသည့် ထူးခြားသောသူတစ်ယောက်



လို့ ခပ်တည်တည်နဲ့ နောက်လိုက်တယ်။ ဒါလည်း အမှန်အကန်ပါပဲ။ သူလည်း ရွေးချယ်ခံထားရသူဆိုတော့ 'ငါပေါ့' ဆိုတဲ့ အသုံးအနှုန်းသုံးပိုင်ခွင့်ရှိပါတယ်။

ဒါပေမယ့် အားလုံးကတော့ တဟားဟားနဲ့ပေါ့။ ဒီတော့ နောက်တစ်ယောက်က -

"နင်တို့ ဘယ်သူအရွေးခံရမလဲ သိချင်ရင် ဗေဒင်သွားမေးပါလား"

"ဗေဒင်ဟောတာ ဘယ်သူအမှန်ဆုံးလဲ"

"ငါကြားတာတော့ ဗေဒင်မှန်တာ ဘိုးတော်တင်ဦးလို့ ငါ့အစ်ကိုက ပြောတယ်။ သူနဲ့လည်း အတော်ရင်းနှီးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ငါ့ကိုတောင် ဘိုးတော်တင်ဦးဆီမှာ သွားပြီး ဗေဒင်မေးပါလားလို့ ပြောသေးတယ်"

"ဒါနဲ့ နင်သွားမေးဖြစ်လား"

"တကယ်တော့ ငါလည်း တစ်ယောက်တည်း ဗေဒင်သွားမေးမလို့ဘဲ။ ဒါပေမယ့် နင်တို့ကို သစ္စာဖောက်သလိုဖြစ်မှာစိုးလို့"

"ဘာဆိုင်လို့လဲ "

စာရေးသူတို့အုပ်စုဟာ ပြောမနာ ဆိုမနာအုပ်စုမို့ သူ့ကိုဝိုင်းဆဲခဲ့ကြတယ်။

အဲဒီအခါမှာ ကျန်တစ်ယောက်က -

"ဟဲ့- ငါလည်း ဘိုးတော်တင်ဦးကို ကြားဖူးတယ်။ အဲဒီဘိုးတော်က ဗေဒင်ဟောတာတောင် အဆန်းတဲ့"

"ဟဲ့-ဘယ်လိုဆန်းတာလဲ"

"ကိုယ်မေးချင်တဲ့မေးခွန်းကို စာရွက်ပေါ်မှာရေးပြီး မေးရသတဲ့။ သူက အပ်ချလောင်းဆိုပြီး စာရွက်ကို ရိုက်လိုက်တာနဲ့ စာရွက်အဖြူမှာ အဖြေထွက်ပေါ်လာတယ်လို့ ပြောတယ်"

"နင်ကတော့ဖြီးပြီ"

"အေး-ဟုတ်တယ်၊ ဒီလူရွှေးပွဲမှာ လူတွေ့စစ်ဆေးရင်လည်း အပ်ချလောင်းဆိုပြီး ဖြန်ဖြီးလိုက်"

"ဟဲ့ - ငါက ငါကြားဖူးတာပြောတာ။ ဒါပေမယ့် အပ်ချလောင်းတော့ မပါဘူး။ စာရွက်ကို ဗုန်းခနဲရိုက်တာပဲ"

"အေးလေ - ဘာပဲဖြစ်ဖြစ် အဲဒီလို စာရွက်ကိုရိုက်ရုံနဲ့ အဖြေပေးထားတဲ့စာတွေပေါ်လာရောလား"

အခြားတစ်ယောက်က စိတ်ဝင်စားစွာနဲ့ မေးလိုက်တယ်။

"ဟုတ်တယ်၊ ဒီလိုပေါ်လာတယ်လို့ ပြောတာပဲ။ ငါလည်း လက်တွေ့တော့ မမြင်ဖူးဘူး"

"မဖြစ်နိုင်ပါဘူးကွာ။ ဒီလို သိပ္ပံခေတ်ကြီးမှာ နင်တို့ပဲ သူများလိမ်တိုင်း ယုံကြ၊ ငါကတော့ မယုံဘူး"

ဒီစကားပြောဝိုင်းမှာ မယုံတဲ့လူကလည်း တူးတူးခါးခါးပေါ်လာခဲ့တယ်။

"အေးလေ - ငါတို့က သိပ္ပံသမားတွေပဲ။ ဒီလိုဖြစ်တယ်ဆိုတာ မျက်လှည့်၊ လက်လှည့်တွေပဲ"

နောက်တစ်ယောက်ကလည်း ဒီလို ထောက်ခံပြန်တယ်။

ဒီတော့ စာရေးသူတို့ ငါးယောက်မှာ နှစ်ယောက်က ဘိုးတော်တင်ဦးအကြောင်းကြားပြီး ဗေဒင်မေးလိုသူ၊ နှစ်ယောက်က ဒီဘိုးတော်ကို မယုံသူ၊ စာရေးသူက ဘယ်ဘိုးတော်အကြောင်းမှလဲ မကြားခဲ့ဖူးသူ။ ပြောရရင်တော့ သူတို့ကြားက အလယ်လူပါ။

ဒီလိုနဲ့ စာရေးသူတို့ စကားဝိုင်းမှာ အုပ်စုနှစ်စု ကွဲသွားခဲ့ပါတယ်။ ဒီတော့ စာရေးသူက မနေနိုင်တော့ဘဲ -

"ကဲ - သူငယ်ချင်းတို့၊ နင်တို့အားလုံးလည်း ဘိုးတော်တင်ဦးကို မတွေ့ဖူးကြဘူး၊ ကြားဖူးတဲ့သူကလည်း ကြားဖူးတာပြောတာ။ ငါကလည်း နင်တို့ယုံဖို့၊ မယုံဖို့မပြောဘူး။ ဒါပေမယ့် သိပ္ပံသမားတွေဟာ အကြောင်းတစ်ခုပေါ်လာရင် စုံစမ်းရမယ်၊ လေ့လာရမယ်၊ ယုံသင့်ရင်တော့ ယုံရမယ်"

"ဒါဆိုဘယ်လိုလုပ်ကြမလဲ"

"ကြာတယ်ကွာ၊ ဘိုးတော်တင်ဦးကို ဗေဒင်သွားမေးကြည့်ကြမယ်"

"ဟုတ်တယ်၊ ကိုယ်တိုင်တွေ့မှ ဆုံးဖြတ်ကြတာပေါ့"

ဒီလိုနဲ့ စာရေးသူတို့ စကားဝိုင်းကလေးဟာ အဆုံးသတ်ခဲ့ကြပါတယ်။ စာရေးသူတို့အုပ်စုထဲက ကိုမြင့်က သူ့အစ်ကိုနဲ့ ခင်မင်ရင်းနှီးတယ်လို့ ပြောတဲ့အတွက် ဘိုးတော်တင်ဦးနဲ့တွေ့ဖို့ သူ့ကို စာရေးသူ ထိုတာဝန်ပေးခဲ့ပါတယ်။ အဲဒီတုန်းကတည်းက စာရေးသူဟာ စမ်းချောင်းမှာနေတာပါ။ ဘိုးတော်တင်ဦးကလည်း စမ်းချောင်းမှာနေတာဖြစ်လို့ သူတို့အားလုံးဟာ စာရေးသူရဲ့အိမ်မှာ စုရပ်အဖြစ်ချိန်းဆိုခဲ့ပါတယ်။ နောက်ပြီး သူငယ်ချင်း ကိုမြင့်က ကက်ဆက်ခွေ C.60 ပါကင်ပိတ်ဝယ်ထားပါလို့ ပြောလို့ အဲဒီကိုမသွားခင် ကက်ဆက်ခွေတစ်ပါကင် ဝယ်ပေးထားလိုက်ပါတယ်။

အဲဒီနေ့က မှတ်မှတ်ရရ တနင်္ဂနွေနေ့ပါ။ ဆေးရုံနားရက် တနင်္ဂနွေနေ့မှာ စာရေးသူရဲ့နေအိမ်ကို သူတို့အားလုံး နံနက်ကိုးနာရီလောက်မှာ ရောက်ခဲ့ပါတယ်။

ဟောခန်းကိုရောက်တော့ ဘယ်အချိန်ကတည်းကရောက်နေတဲ့ ဗေဒင်မေးတဲ့လူတွေ များနေတာကြောင့် ဝရန်တာမှာနေပြီးစောင့်နေခဲ့ရပါတယ်။ တစ်သုတ်ပြီးတစ်သုတ်ဟောနေတာ အချိန်တွေအကြာကြီးမို့ ပျင်းအောင်စောင့်နေရပါတယ်။ စာရေးသူတို့ရဲ့ရှေ့ကအသုတ်ဟောနေတဲ့အချိန်မှာ သူငယ်ချင်းရဲ့အစ်ကိုက အဲဒီပါကင်အသစ်ကို ဖောက်ပြီး စာရေးသူတို့အုပ်စုကို တစ်ယောက်တစ်ခွေပေးထားတယ်။ အဲဒီတုန်းက ဘာ့ကြောင့်ပေးမှန်း မသိခဲ့ပါ။

ဒီတော့ စာရေးသူက -

"အစ်ကို၊ ဒီကက်ဆက်ခွေကဘာ လုပ်ဖို့လဲ"

လို့ မေးလိုက်တော့ -

"အချိန်ကျရင် သိမှာပါ"

လို့ ပြန်ပြောခဲ့တယ်။

မကြာခင် အချိန်အတွင်းမှာ စာရေးသူတို့အလှည့်ရောက်လာပါပြီ။

နံနက်(၉)နာရီက ရောက်ခဲ့တာ အခု နေ့လယ် (၁၂) နာရီထိုးနေပြီ၊ စာရေးသူတို့အုပ်စုမှာ ဗိုက်တော်တော်ဆာနေကြပါပြီ။

ဒါနဲ့ သူငယ်ချင်းရဲ့အစ်ကိုက -

"ဘိုးတော်၊ သူတို့က ဗေဒင်မေး ချင်လို့ ကျွန်တော် ခေါ်လာခဲ့တာ"

"ဩော် - အေး၊ အေး"

ဆိုပြီး တစ်စုံတစ်ခုကို စဉ်းစား သလိုလုပ်ပြီး -

"ဩော် - မင်းခေါ်လာတဲ့ကလေး တွေ ဗိုက်ဆာနေပြီ ဟုတ်လား၊ ခေါက် ဆွဲကြော်စားကြမလား"

စာရေးသူတို့က ဘာမှမပြော မယ့် သူငယ်ချင်းရဲ့အစ်ကိုက -

"ဟုတ်တယ်၊ ဗိုက်ဆာနေပြီ ဆ ရဲ့။ ခေါက်ဆွဲကြော်ရော ဘီလပ်ရေ လုပ်ပါဦး ဘိုးတော်ရယ်"

သူတို့ချင်းက ဘယ်လောက် နီးသလဲတော့ မပြောတတ်ပါ။ သူင ချင်းအစ်ကိုက အဲဒီလိုပြောလိုက်တော့

"အေးအေး - ငါ့သားသမီး ကတောင်းဆိုတော့ အဘက တွေး ပေါ့"

လို့ ပြန်ပြောလိုက်တယ်။ အဲ ပြောပြီးတော့ သူဟာ တင်ပျဉ်ခွေ နေရာက လက်တစ်ဖက်ကို ဘေး တန်းပြီး -

"ကဲ - ကလေးတွေက ခေါ် ကြောစားချင်လို့တဲ့"

လို့ ပြောပြီး လက်ကို ပတ် အနေအထားအတိုင်း ဆန့်ထား တယ်။ ပြောပြီး တစ်မိနစ်အ သတင်းစာနဲ့ထုပ်ပြီး သင်အုကြီး ထားတဲ့ ခေါက်ဆွဲကြော်တစ်ထုပ် လာပါတယ်။ နောက်တစ်ခါ လ ပြန်ရော။ ဟော-နောက်တစ်ထုပ် ပြန်ရော။ ဒီလိုနဲ့ ခေါက်ဆွဲကြော်သုံး ရောက်လာပါတယ်။

အဲဒီခေတ်တုန်းကတော့ ( နှစ် ပတ်ဝန်းကျင်) ခေါက်ဆွဲ ရင် ဖက်ထဲထည့်ပြီး သတင်းစ တယ်။ ပြီးရင် အသင့်ဆွဲလို



www.burmeseclassic.com

www.burmeseclassic.com

အကြီးချည်လားတယ်။ တစ်ထုပ်ကို ဖျပ်ပါ။ ခေါက်ဆွဲကြော်သုံးထုပ်။ တော့ အဲဒီလိုပဲ လက်ဆန့်တန်းလိုက် ဘီလပ်ရည်ပုလင်းတစ်လုံးစီ စုစု င်း (၆) လုံး ရောက်လာပါတယ်။

"ကဲ၊ ကဲ - ငါ့သားကြီးကပဲ ခေါက် ကြော်တွေကို ပန်းကန်ပြားနဲ့ထည့်ပြီး လိုက်ပါ"

လို့ပြောတယ်။

ခေါက်ဆွဲကြော်တွေကို တစ်ထုပ် ယောက်နှုန်းနဲ့ ပန်းကန်ပြား (၆) ချပ် မှာ ထည့်လိုက်ပါတယ်။ ခေါက်ဆွဲ ကြော်က အငွေ့တထောင်းထောင်းနဲ့။ တ်ပြီးတော့ ဘီလပ်ရည်ပုလင်းကို ဖွင့်ပြီး တစ်ယောက်တစ်လုံးပေး က်ပါတယ်။ စာရေးသူတို့အဖွဲ့က နာလို့ ခေါက်ဆွဲကြော်ကိုတော့ ပါဘူး။ ဘီလပ်ရည်ကိုတော့ မယုံရဲ နဲ့ တစ်ငုံသောက်လိုက်ပါတယ်။ ကို မယုံဘူးလို့ပြောတဲ့ သူငယ်ချင်း -

"အရည်ဆိုပြီး သောက်မနေနဲ့ဦး။ ဆိပ်အပင်းဖြစ်နေဦးမယ်"

လို့ တိုးတိုးလေးကပ်ပြီး သတိပေး ပြောလိုက်တယ်။

အဲဒါကို ဘိုးတော်တင်ဦးက သိ ယ်။

"ကလေးတို့ အဘကျွေးတာစား ဘာမှအဆိပ်အပင်းမဖြစ်ပါဘူး။ ဖြစ် ရဲတိုင်ပြီး အဘကို ဖမ်းခိုင်းပါ"

လို့ လှမ်းပြောလိုက်တယ်။

စာရေးသူဖြင့် အားနာလိုက်တာ ပါရော။ အားလုံး စားသောက်ပြီး -

"ကဲ - ဗေဒင်မေးချင်တဲ့သူတွေ ဟိုက စာရွက်ယူပြီးတော့ မေးချင် မေးခွန်းမေးပါ"

လို့ ပြောလိုက်တယ်။

ဒါနဲ့ စာရေးသူတို့အုပ်စုဟာ နိုင်ငံ အရီးရှိသလား၊ ရှိရင်ဘယ်တော့သွား လဲ။ ဟိုရောက်ရင် အဆင်ပြေမပြေ အားဝယ်နိုင်၊ မဝယ်နိုင် စတဲ့ မေးခွန်း ကို မတိုင်ပင်ဘဲ တူညီစွာမေးခဲ့ကြပါ ယ်။ စာရေးသူတို့ဟာ မေးခွန်းရေး တဲ့ စာရွက်ကလေးကို ခေါက်ပြီး တော်တင်ဦးဆီကို သွားပေးပါတယ်။ တော်တင်ဦးက ရောက်လျှင်ရောက် စာအိတ်ကိုမကြည့်ဘဲ -

"မေးခွန်းလေးခုမေးထားတယ်"

လို့ ပြောလိုက်တယ်။

"ပြီးတော့ ဒါဟာ စာရွက်အလွတ်နော် ဟုတ်ပြီလား"

သူ့ရှေ့မှာရှိတဲ့ A4စာရွက်အလွတ် တစ်ရွက်ကို မှောက်လိုက်၊လှန်လိုက်လုပ် နေပါတယ်။ စာရေးသူလည်း သူဘာ လုပ်ပါလိမ့်။ လက်လှည့်လား၊ မျက်လှည့် လားဆိုပြီး သူလုပ်ပုံကို စိတ်ဝင်တစားနဲ့ ကြည့်နေခဲ့ပါတယ်။

နောက်တော့ အဲဒီစာရွက်ကို ကြမ်းပြင်ပေါ် တင်ပြီး ဗုန်းခနဲနေအောင် ရိုက်လိုက်လို့ -

"အမေ့"

လို့ ယောင်ယမ်းပြီး အော်လိုက် မိပါတယ်။

အဲဒီအခါမှာ ခုနကပြခဲ့တဲ့ စာရွက် အလွတ်မှာ စာမျက်နှာတစ်ခုလုံးပြည့်နေ ပါတယ်။ စာရေးသူဟာ အလွန်အံ့သြ ပြီး ကြည့်နေမိခဲ့ပါတယ်။ အဲဒီအခါမှာ ပေါ်လာတဲ့စာတွေကို ဖတ်ကြည့်လိုက် တော့ စာရေးသူ မေးထားတဲ့ မေးခွန်း အတိုင်း အစီအစဉ်တကျ ရေးထားပြီး အဖြေများ ပါပါလာပါတယ်။

အဖြေများကတော့ -

နိုင်ငံခြားခရီးမရှိပါ။

မရှိတဲ့အတွက် ဆက်ဖြေရန် မလို ပါ။

ဘယ်မှမရောက်တဲ့အတွက် ဒီမေး ခွန်း ဖြေရန် မလိုပါ။

ကားကိစ္စလည်း ဖြေရန်မလိုပါတဲ့။

ဖြစ်ပုံက စာရေးသူတစ်ယောက် တည်း ဒီလိုမဟုတ်ပါ။ အားလုံးက ဒီ အဖြေအတိုင်းချည်းပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ စာရေးသူတို့ ငါးယောက်စလုံး ရဲ့ မေးခွန်းဟာ တူနေလို့ပါပဲ။

ဒီမှာတင် ဘိုးတော်တင်ဦးကပြော ပါတယ်။

"ကလေးတို့အုပ်စုထဲမှာ အဘကို မယုံတဲ့သူတွေ ပါတယ်၊ မယုံတယ်ဆိုသူ လည်း ပါတယ်၊ မယုံတဲ့သူတွေကို အဘ ပြောချင်တယ်။ အဘရဲ့ ပညာဟာ သဘာဝလွန်ဖြစ်ရပ်တွေဖြစ်လို့ မယုံတဲ့ သူ များပါတယ်။ ဒါကို အဘက ဗွေမယူ ပါဘူး။ အဘရဲ့ပညာဟာ ဆန်းကြယ်တဲ့ ဂမ္ဘီရပညာရပ်များပဲ ဖြစ်ပါတယ်။ ဗီဇ မျိုးစေ့လည်း ပါမယ်။ ဒါကိုကျင့်ကြံမယ် ဆိုရင် အဘလိုပေါက်မြောက်အောင်မြင် နိုင်ပါတယ်"

"ဘယ်လိုကျင့်ရမှာလဲ အဘ"

"ဒါကတော့ အလျဉ်းသင့်မှ ပြော ကြတာပေါ့။ အခုတော့ အဘလည်း မအားသေးဘူး"

မအားသေးဘူးသာ ပြောပေမယ့် စာရေးသူတို့မျက်စိအောက်မှာ မြင်တွေ့ ရတဲ့ လက်ဖွပ်တို့၊ ဘုရားရုပ်ပွားတော် သေးသေးကလေးများကို ဘယ်လိုကိုင် ပြီး ကွဲကောသီး၊ အုန်းသီးထဲကို သွင်း လိုက်သလဲတော့ မသိပါဘူး။ ဘိုးတော် မန်းမှုတ်ပြီးနောက်မှာ အဲဒီပစ္စည်းလေး တွေဟာ ကွဲကောသီး၊ အုန်းသီးတွေထဲ ရောက်သွားခဲ့တယ်။ အဲဒါကို ကွဲကော သီးနဲ့ အုန်းသီးကို ခွဲပြီးပြတယ်။ မျက် လှည့်လား၊ တကယ့်ပညာရပ်လား ဆို တာတော့ စာရေးသူတို့ ဒီအပိုင်းကို မကျွမ်းကျင်လို့ မသိပါဘူး။

ဒါပေမယ့် အဲဒီပစ္စည်းလေးတွေ ဟာ အဲဒီအသီးတွေထဲကို ရောက်နေ တာ တွေ့ခဲ့ရပါတယ်။ အဲဒီအပိုင်းပြီး တော့ စာရေးသူတို့လက်ထဲမှာကိုင်ထား တဲ့ ကက်ဆက်ခွေကလေးတွေနဲ့ အစွမ်း ပြတော့တာပါပဲ။

အဲဒီ ကက်ဆက်ခွေဟာ C.60 ဟီတာချီအမျိုးအစားကက်ဆက်ခွေပါ။ သူငယ်ချင်းရဲ့အစ်ကိုက စာရေးသူကို ဝယ်ခိုင်းလို့ စာရေးသူကိုယ်တိုင် ကက် ဆက်ခွေရောင်းတဲ့ဆိုင်က ပါကင်ပိတ် ဝယ်ထားတဲ့၊ ဘာမှမသွင်းရသေးတဲ့ ကက်ဆက်ခွေအသစ်စက်စက်ပါ။ ဘိုး တော်ရဲ့ဟောခန်းရောက်မှ ပါကင်ဖွင့်ပြီး တစ်ယောက်တစ်ခုပေးထားခြင်းပဲ ဖြစ် ပါတယ်။

စာရေးသူမှာ ဒီကက်ဆက်ခွေနဲ့ ဘိုးတော်ဘယ်လိုလုပ်ပါလိမ့်လို့တွေးဝင် နေခဲ့ပါတယ်။

"ကဲကဲ - ညီလေး၊ မင်းကို ပေး ထားတဲ့ ကက်ဆက်ခွေကို ဘိုးတော်ကို ပေးလိုက်ပါ"

လို့ သူငယ်ချင်းရဲ့အစ်ကိုက ပြော လိုက်တယ်။

ဒီတော့ သူငယ်ချင်းက သူ့ကိုပေး ထားတဲ့ ကက်ဆက်ခွေကလေးကို ဘိုး တော်ထံ ပေးလိုက်ပါတယ်။ အဲဒီအခါ မှာ ဘိုးတော်က အဲဒီကက်ဆက်ခွေကို ယူပြီး မျက်စိမှိတ်လိုက်တယ်။ သူ့နှုတ် မှလည်း ဂါထာတစ်ပုဒ်ရွတ်သလို ခပ်ရွ ရွရွတ်ဆိုနေခဲ့တယ်။ ဘာရွတ်မှန်းတော့ မသိပါဘူး။ နောက်မှ သိရတာတော့ တရားဟောနေတာလို့ ပြောပါတယ်။ အဲဒီလိုလုပ်ပြီးတော့ ကက်ဆက်ကို သူ့ ရဲ့လက်ဖဝါးနဲ့ ဖြန်းခနဲအသံမြည်အောင် ရိုက်လိုက်ပါတယ်။

"ကဲ - ရော့"

ဆိုပြီး ပြန်ပေးပါတယ်။

အဲဒီလိုနဲ့ စာရေးသူတို့ ငါးဦးစလုံး



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ ကက်ဆက်ခွေတွေကို လက်ဝါးနဲ့ရိုက်ပေးခဲ့ပါတယ်။

အဲဒါနဲ့ စာရေးသူက သူငယ်ချင်းရဲ့ အစ်ကိုကို -

"အစ်ကို၊ အဲဒါဘာလုပ်တာလဲ"

လို့ မေးတော့ -

"အဲဒါ ကက်ဆက်ခွေထဲကို သူ့အသံသွင်းတာတဲ့"

"ဟင်-အသံသွင်းတာဟုတ်လား"

လို့ တအံ့တသြမေးလိုက်တော့ -

"ဟုတ်တယ် ညီမ၊ အဲဒါဘိုးတော်က သူ့အသံသွင်းပေးလိုက်တာ။ ဘာတွေသွင်းပေးသလဲဆိုတာ သိချင်ရင် အိမ်ရောက်တော့ ဖွင့်ကြည့်ပေါ့။ အဲဒါ ညီလေးရဲ့သူငယ်ချင်းအားလုံးကို ပြောတာ"

လို့ ပြောလိုက်ပါတယ်။

အဲဒါကတော့ အိမ်ရောက်မှ သိမယ့်ကိစ္စပါ။ စာရေးသူတို့ဟာ မေးခွန်းရေးလိုက်တဲ့အမေးတွေက တူနေတော့ ဘိုးတော်ရဲ့အဖြေဟာလည်း အတူတူဖြစ်နေပါတယ်။ ထူးဆန်းတာက စာရေးသူတို့ အားလုံးမှာ နိုင်ငံခြားသွားရမယ်လို့ ဘယ်သူ့ကိုမှ ဟောမထားခြင်းဘဲ ဖြစ် ပါတယ်။

အဲဒီအဖြေတွေဖတ်ပြီးတော့ -

"ဟာ- အဖြေတွေကလည်း အတူတူပါလား"

"အေးလေ - တို့ငါးယောက်ထဲက တစ်ယောက်နှစ်ယောက်ကတော့ ကျိန်းသေသွားရမှာဆိုတော့ အခု အဖြေက ဘယ်လိုလဲကွာ"

"အခုအဖြေအတိုင်းဆိုရင် တစ်ယောက်မှ မသွားရဘူးပေါ့"

"အေးကွာ၊ ဒီအဓိပ္ပာယ်ဖြစ်နေပြီ"

"ဟေ့ကောင်တွေ၊ ဒါတော့မဖြစ်နိုင်ဘူး"

"ဒါက ကိုလံဘိုစီမံကိန်းပေးတဲ့အခွင့်အရေးလေကွာ"

"ဘာမှမပြောပါနဲ့။ ဒီတစ်ခါတော့ ငါတို့နဲ့တွေ့မှ ဘိုးတော်တင်ဦးဟောကိန်းရှုံးတော့မှာပဲ"

"အေးကွာ၊ ငါတို့ထဲက တစ်ယောက်ယောက် နိုင်ငံခြားကိုသွားရရင်တော့ ဘိုးတော်ဆီကို ဒီစာရွက်ကိုင်ပြီး သွားပြောမယ်"

"ဟဲ့ - ဘာတွေပြောမှာလဲ၊ ခုနက တိုက်ထားတဲ့ ဘီလပ်ရည်ကို အားနာပါဦး"

"မဖြစ်ဘူးဆိုရင်ပြောရမှာပဲ"

"စိတ်လျှော့ပါ သူငယ်ချင်းရယ်၊ မသေသောဆေးသမား၊ မှန်သော ဗေဒင်ဆရာဘယ်ရှိပါ့မလဲ"

"ဟယ် - မသေသောဆေးသမား၊ မမှားသောရှေ့နေပါဟယ်"

"အခုဟာက ရှေ့နေမှမဟုတ်ဘဲ၊ ဗေဒင်ဆရာလေ။ မမှန်တာလည်းရှိမှာပေါ့။ ဗေဒင်သုံးပုံမှာ တစ်ပုံကကွယ်ထားတယ်မဟုတ်လား"

"အောင်မာအောင်မာ၊ ဂမ္ဘီရပညာရှင်ကြီးက"

စာရေးသူက သူ့ကို စေ့စေ့ကြည့်လိုက်ရာ သူငယ်ချင်းလည်း နှုတ်ပိတ်သွားခဲ့ပါတယ်။ ဒီလိုနဲ့ စာရေးသူကို အိမ်ပြန်ပို့ပေးခဲ့ပါတယ်။ အိမ်ရောက်တယ်ဆိုရင်ပဲ သူငယ်ချင်းရဲ့ အစ်ကိုက -

"ညီမရဲ့အိမ်မှာကက်ဆက်ရှိလား"

"ရှိပါတယ် အစ်ကို"

"ဒါဆို ဘိုးတော်တင်ဦး အသံသွင်းပေးလိုက်တာ နားထောင်ရအောင်"

"အင်း - ကောင်းပါတယ် အစ်ကို"

စာရေးသူလည်း ကက်ဆက်ကိုဖွင့်ပြီး စာရေးသူကိုပေးထားတဲ့အခွေလေးကိုထည့်ပြီး ခလုတ်နှိပ်လိုက်တဲ့အခါ -

"ဦးအောင်တင်နှင့်ဇနီးဒေါ်ရီရီမွေးတို့ နာယူရန် ဒီတရားကိုဟောပါတယ်"

လို့ အစချီပြီး ဓမ္မစကြာတရားနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို ဟောသွားပါတယ်။

"ဟယ်-ထူးဆန်းလိုက်တာ၊ အိမ်မှာနေခဲ့တဲ့ ယောကျ်ားနာမည်လည်း သိတာပဲကို"

စာရေးသူ အတော် အံ့အားသင့်သွားပါတယ်။ ဒီလိုပဲ အခြားသူငယ်ချင်းတွေမှာလည်း သူ့နာမည်နဲ့သူ တရားတစ်ပုဒ်နဲ့တစ်ပုဒ် မတူအောင် ဟောထားပါတယ်။

"မင်းတို့က မယုံတော့ ယုံအောင် တရားဟောပေးလိုက်တာပဲ"

လို့ သူငယ်ချင်းရဲ့အစ်ကိုက ပြောလိုက်တယ်။ မယုံတဲ့သူငယ်ချင်းကတော့ စိတ်မလျှော့သေးဘဲ -

"နိုင်ငံခြားသွားရမယ့် နာမည်စာရင်းထွက်လာရင်ထပ်သွားဦးမယ်" တဲ့။

ဒါပေမယ့် သူငယ်ချင်းလည်း ခုလေသမျှ သဲရေကျပါပဲ။ အဲဒီအသုတ်မှာ စာရေးသူတို့ ငါးယောက်စလုံး ဘယ်သူမှ အရွေးမခံရဘူး။ အဲဒီကိုလံဘိုစီမံကိန်းကပေးတဲ့ အစီအစဉ်ပျက်သွားခဲ့ပါတယ်။

ဘိုးတော်ဟာ အလိမ်အညာဆိုပြီး ၁၉၇၈ ခုနှစ်မှာ အဖမ်းခံခဲ့ရပါတယ်။ ဖမ်းတဲ့အချိန်မှာ အကောင်းကြီးက
လေဖြတ်သွားလို့ လူအချို့က ထမ်းသွား
ရတယ်လို့ ပြောသံကြားလိုက်ရပါတယ်။
ဟုတ်၊ မဟုတ်တော့ မသိပါ။ စာရေးသူနဲ့
အဲဒီအခါက တွေ့ဆုံခြင်းဟာ ပထမဆုံး
အကြိမ်နဲ့ နောက်ဆုံးအကြိမ်ပါပဲ။

သူနဲ့နီးစပ်တဲ့သူတွေက ပြောတာ
ကတော့ -

"ဘိုးတော်တင်ဦးဟာ ရုက္ခစိုးမှော်
အောင်ထားတာတဲ့"

ဒါလည်း ဟုတ်၊ မဟုတ် မသိပါ
အများစုပြောတဲ့စကားပါ။

ဘိုးတော်တင်ဦးကို အကြောင်း
ပြီး သူငယ်ချင်းရဲ့အစ်ကိုဟာ ရုက္ခ
မှော်ကျင့်ကို ကျင့်ခဲ့ပါတယ်။ အဲ
အကြောင်းကိုတော့ နောက်လများ
ဆက်လက်ရေးသားပါမယ်။ လောက
မှာ လူတော်တွေ အများကြီးရှိပေမယ့်
တချို့က ကျော်စောပြီး တချို့ကျ
မထင်မရှားဘဝနဲ့ သေဆုံးသွားခဲ့ကြ
တယ်။

ဘိုးတော် တင်ဦးဟာ ပဉ္စလ
လား၊ မျက်လှည့်လားဆိုတာ မသိခဲ့
မယ့် လက်ဝါးနဲ့ရိုက်လိုက်တာနဲ့ စာ
တွေပေါ်လာတာတို့ဟာ မျက်လှည့်
လုပ်လို့ရပေမယ့် စာရေးတဲ့အချိန်
အများကြီးစောပြီးနေပါတယ်။

ဒါ့ပြင် ကက်ဆက်မှာ အသံသွ
မယ်ဆိုရင်လည်း ရီကောတာမှာ ခ
ဖွင့်ကူးမှ ရတာပါ။ တရားတစ်ပ
ဟောမယ်ဆိုရင် C.60 ဟာ တစ်
ခန့် အချိန်ယူရပါတယ်။ တစ်နာရီ
ရတဲ့တရားဟာ လက်နဲ့ ရိုက်လိုက်
အချိန်ကလေးအတွင်း ဘယ်လိုဝင်
ပါလိမ့်။ အခုလို တိုးတက်နေတဲ့အ
တောင် အနည်းဆုံး ဆယ်မိနစ်
ငါးနစ်ခန့်လောက် အချိန်ပေးရပါ
ဒါတောင် အမြန်ကူးစနစ်နဲ့ကူးမှ။

သိပ္ပံသမားတွေလိုက်လို့ မ
ဂမ္ဘီရပညာတွေပါလို့ ဂန္ဓာရီဖြ
ပြောဖူးပါတယ်။ ဘိုးတော်တင်
ပတ်သက်ပြီး အမှန်အကန်လား
အဖန်လားဆိုတာ ဉာဏ်မမီလို့
လို့ပဲ ရိုးစင်းစွာ ဝန်ခံပါတယ်။

ဒါပေမယ့် လွန်ခဲ့တဲ့ တစ်
က -

တွေ့ဆုံခဲ့ဖူးတဲ့ ထူးခြားဆန်း
တဲ့ လူတစ်ယောက်လို့ ဆိုချင်ပါ



www.burmeseclassic.com

www.burmeseclassic.com

# စတုဘုမ္မိကမဂ္ဂင် မဟာသတိပဋ္ဌာန်တရားစခန်းသို့တစ်ခေါက်

သစ္စာဝါဒီ-ဦးမြင့်အောင်


လွန်ခဲ့သောရက်ပိုင်းက ဟင်္သာတ ဗိုလ်မြတ်ထွန်းလမ်း ရွှေကူရပ်ရှိ စတုမ္မိကမဂ္ဂင် မဟာသတိပဋ္ဌာန်ကျောင်း တိုက်တရားစခန်းပွဲသို့ စာရေးသူ သွားရောက် ကြည်ညိုခဲ့သည်။ ခံ့ညားထည်ဝါသော ကျောင်းမုခ်ဦးမှ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ရင်ထဲအေးမြသွားသည်၊ ဘုရားရိပ်၊ တရားရိပ်၊ တရားရိပ်သည် အေးမြလှပါပေ၏တကား။

ကျောင်းအတွင်း ဝင်လိုက်တော့

ပထမရွှေမင်းဝံ ငှက်တွင်းချောင်
ဆရာတော်ဘုရားကြီး

ထေရဝါဒ ဗုဒ္ဓသာသနာတော် ရောင်ဝါနေသို့ ထွန်းကားလှရာ မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ထေရ်မွန်သံဃာအစဉ်အဆက်တို့ ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြရာ၌ သာသနာ့ခြံစည်းရိုးကို မကျိုးမပေါက် အရှည်ခံ့ တည်တံ့အောင် တံတိုင်းကြီးများသဖွယ် ကာရံ စောင့်ရှောက်ခဲ့ကြ





စစ်လွင် ခံ့ညားသော သာသနိကအဆောက်အအုံများဖြင့် ကျောင်းတိုက်၏ ကြီးပွားတိုးတက်မှုသည် ကျောင်းထိုင်ဆရာတော်၏ သာသနာပြုစွမ်းပကားကြီးမားမှု၏ ပြယုဂ်သက်သေအဖြစ် သာသနာတော်၏ ဘုန်းကံ၊ သာသနာပြုရှင်၏ဘုန်းကံကို ထင်ရှားသိသာနေသည်။

ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာဒီပ၏သာသနာပြုဆောင်ရွက်ချက်ကြောင့် ဓမ္မသဘင်များ တရားစခန်းပွဲများ ဖြစ်မြောက်လာရာ ဒုတိယအကြိမ်မြောက် စတုဘုမ္မိကမဂ္ဂင်တရားစခန်းပွဲ၌ တရားဓမ္မအားထုတ်နေကြသော တရားစခန်းဝင် ယောဂီများကို အားကျဖွယ် တွေ့မြင်ရသည်။ တရားစခန်းပွဲသို့ စတုဘုမ္မိကမဂ္ဂင်တရား ဟောကြား ညွှန်ပြရန် ကြွရောက်တော်မူလာသော သာသနဓဇ ဓမ္မာစရိယ ဝိနယဓိဒ္ဓူ၊ ကမ္မဋ္ဌာနာစရိယ ကြည်သာယာဆရာတော် ဘဒ္ဒန္တကုမာရထေရ်မြတ်အား တွေ့ဆုံ ဖူးမြင်ခွင့်ရရာ ဆရာတော်က စတုဘုမ္မိကမဂ္ဂင်ကျမ်းကြီး ပေါ်ထွန်းခဲ့ရပုံနှင့် အဓိသီလသိက္ခာသာသနာ၊ အဓိစိတ္တသိက္ခာသာသနာ၊ အဓိပညာသိက္ခာသာသနာအကြောင်း အမှတ်ကျင့်ပွားပုံတို့ကို မိန့်ကြားချီးမြှင့်တော်မူရာ နာကြားမှတ်သားခွင့်ရသည်တို့ကို ပူဇော်တင်ပြလိုပါသည်။

**စတုဘုမ္မိက မဟာသတိပဋ္ဌာန်**
**ငှက်တွင်းဂိုဏ်းတည်**
**ပညာဒီပ ကဝိဓဇ ဒီသာပါမောက္ခ**
**တိပိဋကာလင်္ကာရ**



ဟင်္သာတမြို့ စတုဘုမ္မိကမဂ္ဂင် မဟာသတိပဋ္ဌာန်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တပညာဒီပ တရားစခန်းဝင်ယောဂီများအား တရားပြတော်မူပုံ



www.burmeseclassic.com

www.burmeseclassic.com

သည့် သံဃာ့ဂိုဏ်းကြီး(၉)ဂိုဏ်းရှိသည့်အနက် သာသနာ့တံတိုင်း စတုဘုမ္မိက မဂ္ဂင်မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်းကြီး၏ အာဒိကမ္မိက အမွန်အစ စတင်တည်ထောင်ခဲ့သည်ကား ပထမရွှေမင်းဝံ ငှက်တွင်းချောင်းဆရာတော်ကြီး ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးကို ကြည်ညိုလေးမြတ်လှသောကြောင့် ရတနာပုံ မန္တလေးနေပြည်တော် ပထမမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာ တင်မင်းတုန်းမင်းတရားကြီးက ပညာဒီပကဝိမဇ္ဈိဒိသာပါမောက္ခ တိပိဋကာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ပူဇော်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းဘက်သို့ ကြွရောက် သီတင်းသုံးတော်မူရာ ငှက်ငယ်တို့နေရာတွင်းများစွာရှိသောကြောင့် ငှက်တွင်းချောင်းဟုတွင်ရာအရပ်တွင် ထိုချောင်း၌ ကြေးမျှင်မင်းသမီး၊ ထိပ်စုကြီးမင်းသမီးတို့ ပင့်လျှောက်၍ ကျောင်းဆောက် လှူဒါန်းသောကြောင့် သီတင်းသုံးတော်မူပြီး ၁၂၄၇ ခုနှစ် အင်္ဂလိပ်တို့ အထက်မြန်မာပြည်ကို သိမ်းယူပြီး သီပေါမင်းနှင့်တကွ မင်းသမီးများပါ အိန္ဒိယပြည်သို့ ခေါ်ဆောင်သွားရာတွင် တိုင်းပြည်မငြိမ်မသက်ဖြစ်နေသောကြောင့် ဆရာတော်ဘုရားကြီးသည် နောက်ပါတပည့် သံဃာ၊ လူ၊ ကပ္ပိယများနှင့် ငှက်တွင်းချောင်မှ ခွာ၍ အောက်ပြည်သို့စုန်ကာ တစ်မြို့ဝင်တစ်မြို့ထွက် ရေလမ်းခရီးအတိုင်းကြွရောက်၍ သာသနာပြုတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး သာသနာပြုတော်မူခဲ့ရာတွင် တပည့်သာဝကများစွာ ပေါ်ထွန်းခဲ့ရာ သာသနာပြုပုဂ္ဂိုလ်ကျော် ဓမ္မကထိက ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ အစဉ်အဆက် ပေါ်ထွန်းခဲ့ပါသည်။ ငှက်တွင်းဂိုဏ်းဝင်တို့ ဆောက်တည်ရသောသီလမှာ အာဇီဝဋ္ဌမကသီလဖြစ်ပြီး ဒုစရိုက်(၁၀)ပါးကို မလွန်ကျူးမိအောင် စောင့်ထိန်းကြရသည်မှာ ငှက်တွင်းဂိုဏ်း၏ ထူးခြားချက် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ကျမ်းစာ၊ အဆုံးအဖြတ် ဝိနိစ္ဆယတို့ကို ပြုစုတော်မူခဲ့ရာ ကျမ်းပေါင်း(၂၅)ကျမ်း ပြုစုစီရင်ခဲ့ကြောင်း သိရပါသည်။ ဤကား ကျေးဇူးတော်ရှင် ငှက်တွင်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းမျှကို



လေးမြတ်ကြည်ညိုဖွယ် ပူဇော် တင်ပြခြင်း ဖြစ်ပါသည်။

❑

ကျေးဇူးတော်ရှင် ငှက်တွင်းဆရာတော်ဘုရားကြီး၏ တပည့်သာဝကအစဉ်အဆက်တို့တွင် သာသနာပြု အရှင်မြတ်တစ်ပါးဖြစ်သော ဓမ္မဂုဏ်ရည် စာပေဆုနှင့် ဗုဒ္ဓစာပေဆုရှင်ဖြစ်တော်မူသော သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ ပြည်သာယာဆရာတော် ဘဒ္ဒန္တကုမာရက စာရေးသူ သိလိုသော မေးမြန်း လျှောက်ထားချက်တို့ကို ဓမ္မကထာအဖြစ် ချီးမြှင့်ခဲ့ပုံတို့အား တင်ပြပါမည်။

**လျှောက်ထားချက် (၁)**

အရှင်ဘုရားတို့ သတိပဋ္ဌာန်ငှက်တွင်းဂိုဏ်းက တရားဓမ္မတွေကို တရားစခန်းမှာပြတဲ့အခါ အဘယ်နည်းဖြင့် ဟောကြားပြပါသလဲ အရှင်ဘုရား။

**ဖြေ -**

စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်းကြီး တည်ထောင်တော်မူသွားတဲ့ ရွှေမင်းဝံငှက်တွင်းဆရာတော်ဘုရားကြီးက မြတ်ဗုဒ္ဓရဲ့ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်(၄)ပါးထဲက အထူးအားဖြင့် ကာယာနုပဿနာ (၁၄) ပိုင်းထဲက (က) ပဋိကူလမနသိကာရပဗ္ဗနည်း (ခ) ဓာတုမနသိကာရပဗ္ဗနည်းဆိုပြီး သမထ၊ ဝိပဿနာနှစ်ပါးနှင့် ဟောကြားပါတယ်။

**လျှောက်ထားချက် (၂)**

ပဋိကူလမနသိကာရပဗ္ဗနည်းဖြင့် ပွားများပုံကို မိန့်ပါဦး ဘုရား။

**ဖြေ -**

ပဋိကူလ ဆိုတာ ရွံရှာဖွယ်၊ စက်ဆုပ်ဖွယ်ကို မနသိကာရ နှလုံးသွင်းခြင်းဆိုတဲ့အတိုင်း ခန္ဓာကြီးရဲ့ အမြဲမပြတ်တရစပ် ယိုစီးနေတဲ့အတွက် အလွန်ဝဲ စက်ဆုပ်ဖွယ်ကောင်းပုံကို ပရိညာ (၅) ချက်၊ ပညာ (၅) ရပ်တို့နှင့် အထပ်ထပ် ဆင်ခြင်ပုံကို ပွားများရပါတယ်။ ဘုရားရှင်ကလည်း ကြီးစွာသော သံဝေဂဉာဏ် ရရန် ကာယဂတာသတိကို ပွားရမယ်လို့ မိန့်တော်မူပါတယ်။

**လျှောက်ထားချက် (၃)**

ကာယဂတာသတိကောဋ္ဌာသပွား တော့ ဘယ်လောက်ကြာအောင် ပွား များရမှာလဲ ဘုရား။

**အဖြေ -**

ဘုရားရှင်ကတော့ တစ်ကြိမ် အကြိမ်တစ်ရာ၊ အကြိမ်တစ်သောင်း အကြိမ်တစ်သိန်းပွားများကြဖို့ တိုက်တွန်း တော်မူပါတယ်။

**လျှောက်ထားချက် (၄)**

ပွားများတော့ ဘာအကျိုးတရား တွေရလာမှာလဲဘုရား။

**ဖြေ -**

နှုတ်နဲ့ပွားတော့ စိတ်နဲ့ပွား ခြင်းရဲ့အကြောင်း ဖြစ်တယ်တဲ့။ စိတ် ပွားများဆင်ခြင်ခြင်းဟာ အသုဘလ ဏာနဲ့ ဓာတ်တရားတို့ရဲ့ လက္ခဏာ ခြင်းရဲ့အကြောင်းဖြစ်ပြီး အဲဒီလက္ခ (၂) ပါး ထင်လာပြီဆိုရင် မဂ်ဖိုလ် အကြောင်းအထောက်အပံ့ ဖြစ်ပါတ လို့ မြတ်စွာဘုရားကလည်း ဟော မူပါတယ်။ နောက်တစ်ခါ ဓမ္မပဒမှာ တာရှိသေးတယ် ဒကာကြီး။ ဒီ ( ကောဋ္ဌာသကမ္မဋ္ဌာန်းကို ပွင့်တော်မူ တဲ့ ဘုရားရှင်အားလုံးဟာ မစွန့်လွှ မပစ်ပယ်ခဲ့ကြပါဘူး။ (၃၂) ကောဋ္ဌာ လုံးကိုမဆိုထားနဲ့။ ဆံပင် စတဲ့ ကော သတစ်စု တစ်ခုမှာပဲ ရှုမှတ်ပွားမျာ ရဟန္တာဖြစ်တော်မူကြတဲ့ပုဂ္ဂိုလ်အ ဟာ မရေတွက်နိုင်ပါဘူးတဲ့။

ဒီမိန့်ဆိုချက်ကို ထောက် ကာယဂတာသတိကမ္မဋ္ဌာန်းပွားမျာ ရဲ့ အကျိုးကျေးဇူးတွေက အံ့မခန်း

ဒီကမ္မဋ္ဌာန်း မပွားများမီ ထင်ရှားရှိတဲ့ ဒီခန္ဓာငါးပါး၊ ရုပ် တရားကို ငါ၊ သူ၊ လူ၊ ယောကျ်ား စသဖြင့် ထင်မြင်ယူဆပြီး အစွဲပြ ပြီး အချိန်ပြည့်ဆိုတာလို ဖြစ်နေ တယ်။ ခန္ဓာကိုယ်ကို (၃၂) ပိုင်း တော့ ခွဲခြမ်းကြည့်လိုက်တော့ ငါ မရှိပါလား၊ သား၊ သမီး၊ ယော



www.burmeseclassic.com

www.burmeseclassic.com

[illegible]ဆိုတာ မရှိပါလား။ စင်စစ်တော့ ဆံပင်၊ မွေးညှင်း စတဲ့ အစုအဝေးမျှသာ ရှိတာပါလားလို့ နှုတ်ကပွားရင်း ဉာဏ်ပညာနဲ့ ထင်ရှားစွာ မြင်လာပါတယ်။ သိမြင်လာရင် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ထင်မြင်ယူဆတဲ့ သက္ကာယဒိဋ္ဌိ အစွဲတွေ နည်းပါးလာပါတယ်။

ဒီအချိန်မျိုးမှာ ဝိပဿနာရှုနည်း ဘက်ကူးပြီး ရှုမှတ်ပွားများခဲ့ရင် သက္ကာယဒိဋ္ဌိအစွဲတွေ ကုန်စင်လို့ သောတာပန်အရိယာဖြစ်ပါပြီ။

**လျှောက်ထားချက် (၅)**

ဓာတုမနသိကာရပပွနည်းဖြင့် ဝိပဿနာအလုပ်အားထုတ်ပုံ ရှင်းပြပါဦး ဘုရား။

**ဖြေ -**

မြတ်ဗုဒ္ဓက ခန္ဓာကိုယ်ကို နွားတစ်ကောင်နဲ့ ဥပမာပေးပါတယ်။ နွားသတ်သမားတစ်ယောက်ဟာ နွားတစ်ကောင် သတ်ဖို့ အိမ်တိုင်မှာ ချည်ထားပါတယ်။ ဘာချည်သလဲဆိုရင် နွားကို ချည်ထားတာပါ။ ရေတိုက်ရင်လည်း နွားရေတိုက်တာပါ။ အစာကျွေးရင်လည်း နွားအစာကျွေးတာပါ။

အချိန်တန်လို့ ရွာအပြင်ထုတ်ပြီး အရိပ်ကောင်းတဲ့ သစ်ပင်မှာ ချည်ထားလည်း နွားချည်ထားတယ်ပဲ ပြောရမှာပါပဲ။

သတ်ပြီး ခွဲခြမ်းစိတ်ဖြာပြုလုပ်ပြီဆိုပါစို့။ အသားတစ်ပုံ၊ အရိုးတစ်ပုံ၊ အသွေးအသားတစ်ပုံ၊ ကလီစာတွေကို တစ်ပုံ (၄) ပုံပုံပြီးတော့ ဈေးမှာသွားရောင်းရင် နွားရောင်းတယ်မပြောတော့ပါဘူး။ အသားရောင်းတယ်လို့ပဲ ပြောတော့မှာပေါ့။ ပေါင်းထားတုန်းကတော့ နွားပါ။ ခွဲခြားစိတ်ဖြာလိုက်တော့ နွားဆိုတာမရှိသလို ခန္ဓာမှာလည်း ပေါင်းထားတော့ လူရယ်လို့ ခေါ်ကြပေမယ့်-

၁။ ကြမ်းတမ်းခက်မာတဲ့ - ပထဝီဓာတ်၊
၂။ ဖွဲ့စည်းယိုစီးတဲ့ - အာပေါဓာတ်၊
၃။ ပူတဲ့အေးတဲ့ - တေဇောဓာတ်၊
၄။ တွန်းကန်လှုပ်ရှား - ဝါယောဓာတ်၊

ဓာတ်ကြီး (၄) ပါးနဲ့ခွဲလိုက်တော့ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာ မရှိပါဘူး။ ဆံပင်အစ ကျင်ငယ်တိုင်အောင် ခွဲကြည့်ရင် အဲဒီဓာတ်ကြီး(၄)ပါးနဲ့ ဝဏ္ဏ အဆင်းဓာတ်၊ ဂန္ဓ အနံ့ဓာတ်၊ ရသ အရသာဓာတ်၊ ဩဇာ အဆီအစေးဓာတ်၊ ဓာတ်ငယ် (၄) ပါးပေါင်းလိုက်ရင် ဓာတ် (၈) ပါး၊ အဲဒီဓာတ် (၈) ပါးပေါင်းတာကိုပဲ လောကကလူတွေက ဆံပင်လို့ သမုတ်ထားတာပါ။

ခန္ဓာရဲ့သဘောကိုကြည့်ရအောင်ပါ။ (၁) နာရီကျော်ကြာထိုင်လိုက်တာနဲ့ ခန္ဓာထဲကြည့်လိုက်ပါ။ အာရုံပြုလိုက်ပါ။ သက်သာတဲ့ခန္ဓာမဟုတ်ပါဘူး။ ခါးထဲက ကိုက်လာပြီ၊ ပူလာပြီ၊ ခြေထောက်တကိုက်လာပြီ၊ ထုံလာပြီ ဆိုပါစို့။ ခါးကပူလာတယ်ဆိုရင် ခါးနဲ့ ပူတာနဲ့ အတူတူလား၊ တခြားစီလားကြည့်ပါ။

ခါးဆိုတာ သမုဒယသစ္စာ၊ မျက်စိနဲ့ကြည့်ရင် ခါးဆိုတဲ့ပုံသဏ္ဌာန်ကြီး မြင်ရတယ်။ သဏ္ဌာနပညတ်ပါ။ ဘယ်နှမျိုးပေါင်းထားသလဲစိုက်ကြည့်ပါ။ ဉာဏ်နဲ့သုံးသပ်ပြီးကြည့်ပါ။

၁။ အရေပြားပါးပါးလေး၊
၂။ အောက်နားက အရေထူ၊
၃။ အမြှေး (ကြက်သွန်အခွံလေးလို အမြှေး)
၄။ အဆီ၊
၅။ အသား၊
၆။ အကြော၊
၇။ အရိုး၊
၈။ ရိုးတွင်းခြင်ဆီ၊
၉။ အရိုးထဲသွားနေတဲ့ အသွေးအသား၊

အနည်းဆုံး (၉) မျိုးပေါင်းထားတာပါ။ ဉာဏ်နဲ့စိစစ်လို့ တွေ့တာပါ။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုရင် မှန်တယ်ပေါ့။

အဲဒီအပေါင်းမှာ ပုံသဏ္ဌာန်ထွက်လာတဲ့အတွက် အတ္တဆိုတဲ့ ငါပုဂ္ဂိုလ်သတ္တဝါ အဲဒီအပေါ်မှာ လာကပ်တာ။ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ သမူဟအပေါင်းနဲ့ သက္ကာယပုံသဏ္ဌာန်မှာ လာကပ်တာပါ။ အဲဒါတွေခွာမှ ငါဆိုတာ ကွာမှာပါ။

ဒီတော့ ခါးကပူလိုက်တာဆိုတော့ အခု ခါးမှ မတွေ့တော့ဘဲ ဘယ်သူကပူတာလဲ၊ ခါး ဆိုတာ သမူဟပညတ်၊ သဏ္ဌာယပညတ်၊ ခါးပူတာဆိုရင်ပညတ်ပေါ် ရောက်သွားမယ်။

ပူတာဆိုတာ ဘာလဲ။ ဒုက္ခလက္ခဏာပါ။ နာတယ်၊ ကျဉ်တယ်၊ ကိုက်တယ်၊ ခဲတယ်ဆိုတာ ဒုက္ခရဲ့သဘောပါ။ ဉာဏ်နှစ်ပါးပါ။

အရေထူအပေါင်း စတဲ့ (၉) ပါးတရားက ရုပ်တရားမှန်သိတာ နာမရူပပရိစ္ဆေဒဉာဏ်ပါ။ ပူ၍နှိပ်စက်ခြင်းကို သုံးသပ်တာက သမ္မသနဉာဏ်ပါ။ ပူ၍နှိပ်စက်ခြင်း၊ တောင့်၍နှိပ်စက်ခြင်း၊ တွန်းကန်၍ နှိပ်စက်ခြင်း။ ဥပမာ ပူ၍ နှိပ်စက်ခြင်း၊ ခါးကပူတယ်ပေါ့။ ပူတယ်ဆိုတာ တေဇောဓာတ်ရဲ့သဘာဝလက္ခဏာပါ။ တေဇောဓာတ်ရဲ့ ဖောက်ပြန်တဲ့လက္ခဏာပါ။ အဲဒါပိုင်ရင် တေဇောဓာတ် ရုပ်တစ်လုံးပိုင်သွားပါပြီ။ သူကြောင့် ပင်ပန်းနေတဲ့၊ ဆင်းရဲနေတဲ့ ဝိပရိဏာမလက္ခဏာမြင်ရင် ဒုက္ခသဘောပိုင်သွားပါပြီ။ ခုနက ကောဋ္ဌာသ (၈) ခုဓာတ်သဘော။

တကယ်တော့ ဓာတ်ဆိုတာ သဘောပါ။ အတုံးအခဲ၊ အစိုင်အခဲ ကိုင်ပြစရာမရှိပါဘူး။ အမှန်အမှားလည်းမရှိပါဘူး။ သဘောသက်သက်မျှပါ။ ဒါကို ကင်းဆိတ်တယ်လို့ ဆိုတာပါ။ ကင်းဆိတ်တယ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါမရှိဘူး။ ဖြစ်ပြီးရင်ပျက်တဲ့သဘောပါ။

❑

ဆရာတော်မိန့်ကြားသော ကာယာနုပဿနာ (၁၄) ပိုင်းမှ ပဋိကူလမနသိကာရပပွနည်းနှင့် ဓာတုမနသိကာရပပွနည်းတို့တွင် သမထ၊ ဝိပဿနာ နှစ်ပါးပွားများပုံကို ရှင်းလင်း ဟောကြားသော ဓမ္မကထာကို နားကြားရလေရာ စာရေးသူမှာ လွန်စွာ နှစ်သက်အားရလျက် ရင်ထဲတွင် ဓမ္မပီတိလှိုင်းထကာ ကြည်နူးနှစ်သက်မှုအတိ ဖြစ်ခဲ့ရပါသည်။

ထိုအခိုက်မှာပင် တရားစခန်းဝင် ယောဂီတို့အား တရားပြ ဟောကြားနေသော ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ပညာဒီပကက -

'ယောဂီတို့ မြတ်စွာဘုရားရှင်က သုတ္တန်ပိဋကတ် အင်္ဂုတ္တရပါဠိတော် (မြန်မာပြန်) အမတဝဂ်မှာ ဒီလို ဟောကြားခဲ့ပါတယ်။

ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်၊ မွေးညှင်း စသော ကိုယ်၌ဖြစ်သော အစုအပေါင်းကို အောက်မေ့ခြင်း၊ ကာယဂတာသတိကို မသုံးဆောင်ကုန်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်ရသည်မည်ကုန်၏။ ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်၊ မွေးညှင်း စသော ကိုယ်၌ဖြစ်သော အစုအပေါင်းကို အောက်မေ့ခြင်း ကာယဂတာသတိကို သုံးဆောင်ကုန်၏။ ထိုသူတို့အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရသည် မည်ကုန်၏။

ကျောင်းတိုက်မှအပြန် စာရေးသူ၏စိတ်အစဉ်တွင် စတုဘုမ္မိကမဂ္ဂင်မဟာသတိပဋ္ဌာန် တရားဓမ္မသံစဉ်တို့သည် လှိုင်းခတ်လျက် ချမ်းမြေ့ခြင်းအတိဖြစ်ခဲ့ရပေ၏တကား။

*စတုဘုမ္မိကမဂ္ဂင်မဟာသတိပဋ္ဌာန်တရား ကျင့်ပွားနိုင်ကြပါစေ*

[illegible]

[illegible]




www.burmeseclassic.com

www.burmeseclassic.com

အောင်သန်းချစ်

# မဟိဒ္ဓိရှစ်ဖော်ရဲ့အမှတ်တံဆိပ်






ဘိုးမင်းခေါင်အမှတ်တံဆိပ် (နေ)


မဟိဒ္ဓိရှစ်ဖော်ကို သိသူတွေရှိသလို မကြားဘူးသူတွေလည်း ဒုနဲ့ဒေးပါ။ တကယ်တော့ ပုဂ္ဂိုလ်တွေအကြောင်း စကားစပ်မိတိုင်း ကြားနေကျအမည်တွေ ဖြစ်ပါတယ်။ ဓမ္မစေတီမင်းခေါင်၊ အင်းဝမင်းခေါင်၊ ပုပ္ပားမင်းခေါင်၊ နံ့ဘားမင်းခေါင်စတဲ့ ခေါင်လေးခေါင်လို့ လူသိများတဲ့ အဘဘိုးမင်းခေါင်၊ ပထမံဘိုးဘိုးအောင်၊ ဘုန်းဘုန်းကြီးရှင်မထီး၊ ဦးဝိဇ္ဇာဓရသောဘိ မထေရ်ဆရာတော်ဦးပေါက်ဆိန်၊ ဆံရှည်ကိုယ်တော် ဦးတောဠည်၊ ရက်ကန်းစင်တောင်ဆရာတော်ဦးဩဘာသ၊ ဘရာ





ပထမံဘိုးဘိုးအောင်အမှတ်တံဆိပ် (လ)





ဘုန်းဘုန်းကြီးရှင်မထီးအမှတ်တံဆိပ် (ထီး)





ဘရာကျော်ဆရာတော်အမှတ်တံဆိပ် (လေးနှင့်မြား)



www.burmeseclassic.com

www.burmeseclassic.com



ရက်ကန်းစင်တောင်ဆရာတော်အမှတ်တံဆိပ်
(ရက်ကန်းစင်)



ဆံရှည်ဆရာတော်
ဦးကောဝိဒအမှတ်တံဆိပ် (သပိတ်)



ဆရာတော်ဘိုးပေါက်ဆိန်အမှတ်တံဆိပ်
(ပေါက်ဆိန်)



စစ်ကိုင်းသီလာမုခချောင်
ရှင်နာရဒအမှတ်တံဆိပ် (ရေအိုး)

ကျော်ဆရာတော် ဦးဒေဝ သဒ္ဓမ္မကိတ္တိ၊ သက်တော်ရှည်ဘုန်းဘုန်းကြီး စစ်ကိုင်းသီလာမုခချောင် ရှင်နာရဒတို့က မဟိဒ္ဓိ ရှစ်ဖော် ဖြစ်ကြပါတယ်။

အဘဘိုးမင်းခေါင်ရဲ့ အမှတ်တံဆိပ်က နေပါ။ ဒါကြောင့် ဒေါင်းရုပ်ကို သုံးပါတယ်။ နေရဲ့သင်္ကေတက ဒေါင်းရုပ်ဖြစ်ပါတယ်။

အဘဘိုးဘိုးအောင်က လတံဆိပ်ပါ။ယုန်ရုပ်လေးဟာ လစန္ဒာရဲ့သင်္ကေတဖြစ်ပါတယ်။ ရှင်မထီးဘုန်းဘုန်းကြီးရဲ့ အမှတ်တံဆိပ်ကတော့ ထီးဖြစ်ပါတယ်။ ဆရာတော် ဦးပေါက်ဆိန်ရဲ့ အမှတ်တံဆိပ်ကတော့ ပေါက်ဆိန်နှစ်လက်ကို ကြက်ခြေခတ်ပြထားပါတယ်။ ဆံရှည်ဆရာတော်ကြီး ဦးကောဝိဒကတော့ သပိတ်အမှတ်တံဆိပ်ပါ။ ရက်ကန်းစင်တောင်ဆရာတော်ဦးဩဘာသကလည်း မြင်းသုတိုင်း အဓိပ္ပာယ်ပေါက်လောက်တဲ့ ရက်ကန်းစင်သင်္ကေတ ဖြစ်ပါတယ်။ ဘုရားကျော်ဆရာတော်ဦးကိတ္တိရဲ့သင်္ကေတက လေးနဲ့မြားပါ။ သက်တော်ရှည်ဘုန်းဘုန်းကြီး ရှင်နာရဒရဲ့ အမှတ်တံဆိပ်ကတော့ ရေအိုး ဖြစ်ပါတယ်။

ဘုရားကျောင်းကန်တွေမှာ သက်တော်ရှည်ဘုန်းဘုန်းကြီးရဲ့သားသမီးတွေက အလုပ်တိုစွဆောင်ရွက်ပြီးတိုင်း ရေအိုးနှစ်လုံးကို ထမ်းပိုးမှာလျှိုပြီး ထားခဲ့လေ့ရှိပါတယ်။

ဒါကြောင့် နေ (ဒေါင်းရုပ်)၊ လ (ယုန်ရုပ်)၊ လေးနဲ့ မြား၊ ပေါက်ဆိန်နှစ်လက်၊ သပိတ်၊ ရက်ကန်းစင်၊ ရေအိုးနဲ့ ထီး စတဲ့ သင်္ကေတတွေတွေ့ရင် မဟိဒ္ဓိရှစ်ဖော်ရဲ့ အမှတ်တံဆိပ်တွေအဖြစ် အဓိပ္ပာယ် ဖော်ဆောင်နိုင်လောက်ကြပါပြီ။

မဟာမြိုင် ဖွဲ့စည်းပုံမှာ မဟိဒ္ဓိရှစ်ဖော်ဟာ (ကျွန်တော်တို့ဝေါဟာရနဲ့ပြောရင်) ပေါလစ်ဗျူရိုတွေ ဖြစ်ကြပါတယ်။ အဲဒီမဟိဒ္ဓိရှစ်ဖော်အောက်မှာ ဗဟိုအလုပ်အမှုဆောင်(ကျွန်တော်တို့ဝေါဟာရ)ထားရှိပါတယ်။ဗဟိုအလုပ်အမှုဆောင်ပုဂ္ဂိုလ်တွေကိုတော့ နှစ်စဉ်ရွေးချယ်တင်မြှောက်ပါတယ်။ တပေါင်းလပြည့်နေ့တိုင်း ဝိဇ္ဇာညီလာခံကြီးကျင်းပလေ့ရှိပါတယ်။ အခါအားလျော်စွာလည်း ညီလာခံခေါ်တတ်ပါသေးတယ်။

ဒါ့အပြင် တိုင်းအလိုက်တာဝန်ကျပုဂ္ဂိုလ်တွေကိုလည်း နှစ်စဉ်သတ်မှတ်ပေးပါသေးတယ်။ ပုဂ္ဂိုလ်တွေရဲ့ဖွဲ့စည်းပုံက ကျွန်တော်တို့ လူသားတွေနဲ့ မတူပါ။ မဟိဒ္ဓိရှစ်ဖော်ရဲ့အထက်မှာ မဟာနာယကဆရာတော်ကြီး(၂)ပါးနဲ့ဘိုးဘေားကိုယ်တော်ကြီး (၄) ပါးလည်း ရှိနေပါသေးတယ်။

အောင်သန်းခိုင်

www.burmeseclassic.com

# မနောသုတေသီ
# စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်၏
# မရဏာလိုက်ဂူ



စိတ်စွမ်းအင် စိတ်တန်ခိုးဖြင့် ရာဇဝတ်မှုများကို ဖော်ထုတ်ပေးခဲ့သော ကရာဇက်ဟာ လူတစ်ဦးချင်းရဲ့လတ်တလောမှုခင်းများကိုသာမက ရှေးခေတ်က လူမျိုးစုတစ်စုလုံး ကျူးလွန်ခဲ့သော လူ့အသက်များကို စတေးပြီး ယစ်ပူဇော်မှုကိုလည်း ဖော်ထုတ်ပေးခဲ့တယ်။

သမိုင်းသုတေသီ မနုဿဗေဒသုတေသီများဟာ ရှေးဟောင်းလူသားတို့ရဲ့သမိုင်းကို လေ့လာရာမှာ ကျောက်ဖြစ် ရုပ်ကြွင်းတွေ၊ အိုးကွဲတွေ၊ အရိုးတွေကို လေ့လာပြီး ရှေးခေတ်လူသားတို့ရဲ့ ယဉ်ကျေးမှုနဲ့ဓလေ့များကို ဆက်စပ်ဖော်ထုတ်ကြတယ်။ ရှေးဟောင်း ဓလေ့ယဉ်ကျေးမှုထဲမှာ ဘာသာရေးဝတ်ပြုမှုများ၊ ယဇ်နတ်ပူဇော်မှုများကို ပြုလုပ်လေ့ရှိတယ်။ လူ့အသက်ကိုသတ်ပြီး ယဇ်နတ်ပူဇော်တာဟာ ခုခေတ်အမြင်နဲ့တော့ ရာဇဝင်မှုကြီးကို ကျူးလွန်တာမို့ ရာဇဝတ်မှုကြီး ဖြစ်လာပါတယ်။

၁၉၅၃ ခု၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ ပါမောက္ခတင်ဟက်ရဲ့ ပရစိတ်ပညာဌာနကို ဒေါက်တာ ဗောလ်ခေါ့ ရောက်လာတယ်။ ဒေါက်တာ ဗောလ်ခေါ့ဟာ အာဖရိကတိုက် ဂျိုးနက်ဘတ်တက္ကသိုလ်ကဌာနမှူးလည်း ဟုတ်တယ်၊ အာဖရိက မနောသုတေသနအသင်းရဲ့ ဥက္ကဋ္ဌလည်း ဟုတ်တယ်။ ပါမောက္ခ ဒေါက်တာတင်ဟက်ရဲ့ စားပွဲပေါ်မှာ ဒေါက်တာဗော်ခေါ့ ယူလာတဲ့ ရှေးဟောင်းပစ္စည်း ကျောက်ခဲလေးတွေ ထည့်ထားတဲ့ သေတ္တာရယ်၊ အရိုးစလေးတွေရယ်ရှိနေတယ်။

အဲဒီအချိန်မှာ ကရာဇက်ဟာ အခန်းထဲဝင်လာပြီး စားပွဲနားရောက်လာတဲ့အခါ အရိုးစတွေဆီ သူ့မျက်စိရောက်သွားတယ်။ ကရာဇက်ဟာ အိပ်မက်ထဲလမ်းလျှောက်လာသလို လျှောက်လာပြီး ဘာမပြောညာမပြောနဲ့ အရိုးစကို ကောက်ကိုင်လိုက်တယ်။ ပါမောက္ခတွေက သူ့ကိုဘာမှမပြောရသေး၊ မမေးရသေးဘူး။ ဒီအရိုးစတွေဟာ အာဖရိကတိုက် ဘာဆူတိုလင်းဒေသမှာရှိတဲ့ လူသားစားမရဏာလိုက်ဂူထဲမှာ တွေ့တော့ ထူးခြားတယ်ထင်လို့ ပါမောက္ခဗောလ်ခေါ့က ပြောပြတယ်။ ဒါတွေကို ကရာဇက်က ဘာမှမသိသေးဘူး။

ဒပ်(ချ်)စိတ်စွမ်းအင်စုံထောက်ကြီး ကရာဇက်က အရိုးစကိုကောက်ယူလိုက်ပြီး လက်ထဲမှာ ဆုပ်ထားလိုက်တယ်။ အဲဒီလိုဆုပ်ထားလိုက်ရင် ဒီပစ္စည်းရဲ့ နောက်ကြောင်းတွေကို အာရုံခံကြည့်ဖို့ အထောက်အကူရတယ်၊ လွယ်ကူစေတယ်လို့ ကရာဇက်က ယုံကြည်တယ်။

ကရာဇက်ဟာ အထက်တန်းပညာတွေလည်း မသင်ခဲ့ရဘူး၊ သမိုင်းတွေကိုလည်း မလေ့လာခဲ့ဖူးဘူး။ သာမန်လူတစ်ယောက်ပဲ။ ဒါပေမယ့် အရိုးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားရင်းနဲ့ ဒီအရိုးရဲ့ဖြစ်စဉ်သမိုင်းတွေဟာ ကရာဇက်ရဲ့အမြင်အာရုံမှာ ဗွီဒီယိုကား ကြည့်ရသလို ထင်ထင်ရှားရှား ပေါ်လာတယ်။ ကရာဇက်ဟာ အမြင်အာရုံတွေ ထက်မြက်ထင်ရှားသည်ထက်ထင်ရှားအောင်လို့ မျက်လုံးနှစ်လုံးကို တအားမှိတ်ထားလိုက်တယ်။ အရိုးစရဲ့အတိတ်ကအဖြစ်အပျက်တွေဟာ ရှုခင်းတွေအဖြစ်နဲ့ တစ်ကွက်ပြီးတစ်ကွက်ပေါ်လာတယ်။ တစ်ကွက်နဲ့တစ်ကွက် ဆက်စပ်မှုတွေပေါ်လာတယ်။ ကရာဇက်ကလည်း သူ့အာရုံထဲမှာပေါ်လာတဲ့ ရှုကွက်ရှုခင်းတွေကို သူမြင်ရတဲ့အတိုင်း ပါးစပ်က တတွတ်တွတ်ပြောပြနေတယ်။ ရုပ်ရှင်ဇာတ်လမ်းလိုတော့ အချိတ်အဆက် မိမိပြောတာမျိုးမဟုတ်ဘူး။ သူ့အမြင်ကို သူမြင်ရ... အတိုင်း မြင်ကွင်းတစ်ကွက်စီကို တ... လုံးချင်း တတွတ်တွတ်ပြောနေတာ ... တယ်။

ဒီလို ကရာဇက်ပြောနေတာ... ကို ပါမောက္ခ ဒေါက်တာတင်ဟက်... ပါမောက္ခ ဗောလ်ခေါ့တို့က မှန်တယ်... လည်း မပြောဘူး၊ မဟုတ်ဘူးလို့လည်း... မပြောဘူး။ ကရာဇက်ပြောတာကို... အသာလေး နားထောင်နေကြတယ်... သဘောကတော့ သူတို့က ဟုတ်တယ်... လို့ ထောက်ခံလိုက်ရင် ကရာဇက်... ထောက်ခံမှုကို နင်းပြီးပြောမှာစိုး... ပါမောက္ခနှစ်ဦးစလုံးရဲ့ ဆန္ဒ... အရိုးစရဲ့အကြောင်းလည်း ...ချင်တ...



www.burmeseclassic.com

www.burmeseclassic.com

ရာဇက်ရဲ့ စိတ်စွမ်းအင်တိကျမှုကို ည်း သိချင်တယ်ဆိုတဲ့ ရည်ရွယ်ချက် နှုတ်ဆိတ်ပြီး နားထောင်နေတာပါ။

ကရာဇက်က သူ့အမြင်အာရုံတွေ သိတတန်းကြီးကို ပြောပြနေတယ်။

“တိရစ္ဆာန်တစ်ကောင်ရဲ့ပုံသဏ္ဌာန် တွေ့ရတယ်။ ဒီအရိုးဟာ တိရစ္ဆာန် နဲ့ပက်သက်နေတယ်။ ဒီတိရစ္ဆာန်ကြီး ဟိုးရှေးခေတ်ကရှိခဲ့ဖူးတဲ့အကောင် ပဲ။ သမိုင်းမတင်မီကရှိခဲ့တဲ့ တိရစ္ဆာန် ပဲ။ ဒီတိရစ္ဆာန်ကြီးဟာ လူပေါ်ခါစ သားတွေနဲ့ နီးစပ်တယ်။ ဒီခေတ်က တွေဟာ ကျပ်တို့ခန္ဓာကိုယ်မျိုးမဟုတ် ဆင်တွေလည်းတွေ့ရတယ်။ ဟော- ခဲ့လူရိုင်းတွေမြင်ရတယ်။ လူပုလူရိုင်း ဖြစ်တယ်။ ဒီလူရိုင်းတွေဟာ အသား သည်းတယ်၊ အာဖရိကတိုက်သားတွေပဲ ဆင်ရတယ်။ လူရိုင်းတွေဟာ ဒီလိုဏ် ကြီးထဲမှာ ဘာသာရေးဝတ်ပြုကိုးကွယ် ပြုကြတယ်။ သူတို့ယုံကြည်တဲ့ ရှေး ဟောင်းကိုးကွယ်မှုတစ်မျိုးပေ့ါ။ လိုဏ်ဂူ ကြီးရယ်၊ လျှိုကြီးတစ်ခုရယ် မြင်ရတယ်။ တွေကို လျှိုချောက်ကြီးထဲ ပစ်ချကြ တယ်။ ဒါဟာ ဒီလူရိုင်းတွေရဲ့ယစ်ပူဇော် ပဲ။ လူတွေကိုသတ်ပြီး ယစ်ပူဇော်ကြ တာ။ သူတို့ဟာ နီဂရိုးတွေပဲ။ လူတွေဟာ တန်းလိုက်ရပ်နေကြတယ်။ လူလေး၊ ရာလောက်ရှိမယ်။ နီဂရိုးရှေးဟောင်း တွေ တီးမှုတ်နေကြတယ်။ ခုခေတ် က်ဖီတသံနဲ့ ဆင်တူတယ်။ လူတွေကို တ်တဲ့ယဇ်ပလ္လင်ကိုလည်း မြင်ရတယ်။ ချို့လူရိုင်းတွေကို ဒီယစ်ပလ္လင်ပေါ်မှာ တ်တယ်။ဒါတွေဟာ ခရစ်တော်မပေါ် ရှေးခေတ်ကပါ။ အဲဒီခေတ်က စ္ဆာန်တွေဟာ ခုခေတ်မှာ မရှိတော့ ဘူး၊ မျိုးတုန်းနေပါပြီ”

ဒေါက်တာတင်ဟက်နဲ့ ဒေါက် ာ ဗောလ်ခေ့ါတို့က ကရာဇက်ပြော သည်ကိုသာ နားထောင်နေကြတယ်။ ခါတစ်ရံ တစ်ဦးကိုတစ်ဦး ကြည့် က်ကြတယ်။ ကရာဇက်ပြောတာ မှန် ယ်ပေ့ါ။ တစ်ခါတလေတော့လည်း လိုက်ကြတယ်။ ဘယ်နည်းနဲ့မှ ကရာ ရဲ့ဉာဏ်ပညာနဲ့ မသိနိုင်ဘူး၊ မ[illegible]း ဘူးပေ့ါလို့ဆိုလိုတဲ့ အဓိပ္ပာယ်နဲ့ ပြုံး က်ကြတာ ဖြစ်တယ်။ ကရာဇက်ရဲ့ စွမ်းအင်အမြင်အာရုံကို ထောက်ခံ က်တာ ဖြစ်တယ်။

ကရာဇက်က သူ့အမြင်အာရုံထဲ ပေါ်လာတာကို တသိတသန်းကြီး ပြီးနောက် ဆက်လက် လေ့လာဖို့ ကရာဇက်ကို အရိုးတွေပေးလိုက်တယ်။ ကရာဇက်ဟာ သူ့အိမ်မှာအေးအေးဆေး ဆေး အာရုံယူကြည့်ဖို့ ပေးလိုက်တာပါ။

နောက်တစ်ပတ် ကြာတဲ့အခါမှာ ကရာဇက်က သူထပ်ပြီးအာရုံခံကြည့်လို့ တွေ့မြင်ရတဲ့အချက်တွေကို ပြောပြပြန်တယ်။

“ဒီအရိုးဟာ တိရစ္ဆာန်တစ်ကောင်ရဲ့ အရိုးအငယ်စားလေး ဖြစ်တယ်။ သမိုင်းမတင်မီခေတ်က တိရစ္ဆာန်ပဲ။ ခုခေတ်မှာ ဒီတိရစ္ဆာန်မျိုး မရှိတော့ဘူး။ ဒီတိရစ္ဆာန်ဟာ အာဖရိကအနောက်ပိုင်းက အကောင်ပဲ။ ဒီအကောင်ရဲ့အရိုးပဲ။ ဒိပြင်လိုဏ်ဂူကြီးတစ်ခုလည်း ရှိတယ်။ ဒီဂူကြီးရဲ့အနီးမှာ လျှိုကြီးတစ်ခုရှိတယ်။ ဂူရဲ့နောက်ဘက်မှာရှိတယ်။ အသူတစ်ရာနက်တဲ့ ချောက်ကြီးပဲ။ အဲဒီချောက်ကြီးနဲ့ ပေ(၃၀)ကွာလောက်မှာ ထူးဆန်းတဲ့ ကျောက်တုံးကြီးတစ်တုံး ရှိတယ်။ နီဂရိုးတွေဟာ ဒီကျောက်တုံးကြီးနားမှာ ရပ်နေကြတယ်။ သူတို့ဟာ အသားမည်းနီဂရိုးတွေပဲ။ သူတို့ဟာ ကျောက်တုံးကြီးအနီးမှာ ရပ်နေကြတာဟာ ဒီယစ်ပူဇော်ပွဲကို ခေါင်းဆောင်နေတဲ့ သူတို့ခေတ်က ဘုန်းကြီးတွေပေ့ါ။ သူတို့မှာ ဘာသာရေးအာဏာစက်ရှိတယ်။ သူတို့ပြောတဲ့ အတိုင်း ယစ်ပူဇော်ရတယ်။ သူတို့စကားကို ကျန်လူရိုင်းတွေက နားထောင်ရတယ်။ ဒီဘာသာရေးခေါင်းဆောင်တွေ ရှေ့မှာ တခြားလူရိုင်းတွေကို ခေါ်သွားတယ်။

ဒီလူရိုင်းတွေကို လက်နောက်ပြန်ကြိုးတုတ်ထားတယ်။ ဒီလူရိုင်းတွေကို ကျာပွတ်နဲ့ ခေါင်းနဲ့ လည်းပင်းကို ရိုက်နှက်ခေါ်လာကြတာ ဖြစ်တယ်။ ဒီလူရိုင်းတွေကို မီးပုံထဲပစ်ထည့်လိုက်ကြတယ်။ မီးလောင်ရက်တန်းလန်းနဲ့ ချောက်နှုတ်ခမ်းပေါ်မှာပြေးလွှားနေကြတယ်။ ဒီယစ်ပူဇော်ပွဲမှာ နီဂရိုးတွေလည်း ပါတယ်၊ သူတို့ထက်ရိုင်းတဲ့လူတွေလည်းပါတယ်။ နီဂရိုးတွေထက် အသားပိုလတ်သူ၊ ဖြူသူတွေလည်း အနည်းအကျဉ်း တွေ့ရတယ်။ အဲဒီအသားဖြူတွေက လှံနဲ့ ဒိုင်းတွေကို ကိုင်စွဲထားတယ်။

ဒီအသားဖြူတွေဟာ အရပ်လည်း ပိုမြင့်တယ်။ မျက်နှာပေါက်ကလည်း ပိုပြေပြစ်တယ်။ ခေါင်းမှာလည်း သားရေတွေ မဆောင်းဘဲ အမောက်လိုအုပ်ဆောင်းတွေ ဆောင်းထားတယ်။ ဒီပွဲက ရိုးရိုး လူသတ်ပွဲမဟုတ်ဘူး။ ဘာသာရေး ယစ်ပူဇော်ဖို့ စနစ်တကျ ရိုးရာဓလေ့ ပုံစံနဲ့ လုပ်ရတာ။ သူတို့ကိုးကွယ်မှု နေ့ထူးနေ့မြတ်မှာ ကျင်းပတာ။ လူတွင်မကဘူး၊ တိရစ္ဆာန်တွေကိုလည်း သတ်ပြီး ယဇ်ပူဇော်ရတယ်။ အသတ်ခံရသူတွေရဲ့ လည်ချောင်းသွေးကို ခေါင်းဆောင်တွေနဲ့ ကျန်လူရိုင်းတွေက သူတို့ကိုယ်ပေါ်မှာ လိမ်းကြတယ်။ နတ်မိစ္ဆာတွေရန်ကို ကာကွယ်နိုင်တယ်လို့ ယုံကြည်ကြတယ်”

ကရာဇက်ပြောသမျှကို ရေလည်အောင် နားထောင်ပြီးတဲ့အခါ ဧည့်သည် ပါမောက္ခဗောလ်ခေ့ါက -

ကရာဇက်ရဲ့အမြင်အာရုံတွေဟာ အုံ့သြဖွယ်ကောင်းကြောင်း၊ အာဖရိကတွင် ဤလူရိုင်းများရှိခဲ့ကြောင်း၊ ကရာဇက်တွေ့မြင်သော ယစ်ပူဇော်ရာ လိုဏ်ဂူကြီးနဲ့ ချောက်ကြီးမှာ အာဖရိကအနောက်ပိုင်း ဘာဆူတိုနယ်တွင်ရှိပြီး လူသားစား မရဏလိုဏ်ဂူကြီးလို့ နာမည်ကျော်ကြားနေကြောင်း ပြောပြပါတယ်။

ကရာဇက်မြင်တွေ့ရသော အသားဖြူလူမျိုးများမှာ အာဖရိကတိုက်ကို ရောက်နေသော် ပါရှားလူမျိုးများဖြစ်ဟန် တူကြောင်း၊ အခြားလိုဏ်ဂူများထဲတွင် ကျောက်ခေတ်က ရေးခဲ့သော လိုဏ်ဂူပန်းချီကားများအရ ရှေးခေတ်က ပင် ပါရှားလူမျိုးများဟာ အာဖရိက ရောက်ဖူးကြောင်း ဖော်ပြလျက်ရှိနေတယ်လို့ ပါမောက္ခဗောလ်ဒေ့ါက မှတ်ချက်ချတယ်။

ပါမောက္ခဗောလ်ခေ့ါဟာ အာဖရိကမှာနေပြီး အာဖရိကသမိုင်းနဲ့ အာဖရိကယဉ်ကျေးမှုဓလေ့တွေကို သုတေသနပြုနေတဲ့သူဖြစ်လို့ ကရာဇက် ပြောတာတွေဟာ ယုတ္တိရှိတယ်လို့ ပြောနိုင်တာဖြစ်တယ်။ ဒီလို ယဇ်ပူဇော်မှုတွေဟာ ဒီမရဏလိုဏ်ဂူကြီးထဲမှာ ပြုလုပ်ခဲ့ကြတယ်ဆိုတာလည်း ဗောလ်ခေ့ါက သိပြီးသားဖြစ်တယ်။ ဒါကြောင့် ကရာဇက်ကို ရာဇဝတ်မှုဖော်ထုတ်ဖို့အတွက် ရဲတွေကသာအားကိုးကြတာ မဟုတ်ဘူး။ ရှေးဟောင်းသုတေသနပြုရာမှာလည်း ကွင်းဆက်ပြတ်နေတဲ့ သမိုင်းအချက်အလက်တွေကို ကရာဇက်ဟာ သူ့အမြင်အာရုံနဲ့ ရှာပေးနိုင်သူလို့ ကျော်ကြားနေတာ ဖြစ်ပါတယ်။

မနောသုတေသီ

ကျမ်းညွှန်း -
CROIST



www.burmeseclassic.com

www.burmeseclassic.com

ယခုတစ်လော သတင်းစာများ၌ နွားလှည်းပြိုင်ပွဲများအကြောင်း ပါလာသည်။ ရွှေစက်တော်လေဟု ကျွန်ုပ်တို့နယ်သားများက ခေါ်ဆိုလေ့ရှိသည့် တောင်လေပြန်လျှင် မိမိနယ်ကို ပြန်လိုသည်။ ဇာတိ စလင်းကို လွမ်းပါသည်။ ဖခင်ကြီးပျော်သော မင်းဘူးလည်း လွမ်းပါသည်။ ငယ်စဉ်က ပျော်သော မင်းဘူးသည် ကျွန်ုပ်အား ချစ်ကြပါသည်။ မင်းဘူးသည် ကျွန်ုပ်အား အမြဲထွေးနွေးစွာ ကြိုဆိုသည်။ အာသောမာဝဟု ရေးသားထားသော 'ကုက္ကလံ' မြောက်ကို လှည့်ချိန်တွင် ကုန်တင်လှေကြီးဖြင့် ငွေရှာသူ အညာသားတို့ အညာကိုပြန်ချိန်လည်း ဖြစ်သည့်အချိန်သည်လည်း ကျွန်ုပ်တို့နယ်၌ ရွှေစက်တော်ဘုရားပွဲချိန် ထိုအချိန်ကို ရောက်လျှင် လွမ်းပါသည်။

မောင်မျိုးသည် မောင်တောမှ ၁၉၆၈ခု၊ အောက်တိုဘာလတွင် မင်းဘူးလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနခရိုင်မှူးရုံး လက်ထောက်ခရိုင်မှူးအဖြစ် ပြောင်းရလေသည်။ ခရိုင်မှူးကြီးမှာ အသိအကျွမ်း ပေါလေသည်။ မောင်မျိုးကလည်း မင်းဘူးတွင် ကြီးပြင်းသူဖြစ်၍ အပေါင်းအသင်းများပါသည်။

တစ်နှင့် နှစ်ပေါင်းသော် သုံးဖြစ်သည် ဆိုသော နိယာမသည် မောင်မျိုးအတွက် မှန်လေသလားမသိ။ မင်းဘူးမြို့ ရှင်ပင်စက္ကုတဲစေတီတော် ဘုရားပွဲတော်လုပ်မည်။ဘုရားပွဲတော်ဖြစ်မြောက်ရေးကော်မတီတွင် ခရိုင်မှူးက ဦးဆောင်ရသည်။ မောင်မျိုးက လှည်းပြိုင်ပွဲ၊ မြန်မာခိုင်းနွားအလှပြိုင်ပွဲဖြစ်မြောက်ရေးတွင် တာဝန်ယူရသည်။ မင်းဘူးမြောက်ပိုင်းမှ ဦးမြဟန်က လှေပြိုင်ပွဲအတွက် တာဝန်ယူရသည်။ ဤသည်တို့မှာ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မင်းနောင်၏ လမ်းညွှန်ချက် ဖြစ်သတည်း။

သို့နှင့် မောင်မျိုး ဒိုင်ချုပ်ဖြစ်ရတော့သည်။ မောင်မျိုးအဖေမှာ မင်းဘူးတွင် အခွန်ဝန်နှင့် မြို့မဝန်ထောက် (စစ်ကဲတန်း)ဘဝနှင့် အငြိမ်းစားယူခဲ့ပါသည်။ မြန်မာခိုင်းနွားမွေးမြူရေးတွင် ဝါသနာပါသူဖြစ်သဖြင့် ၁၉၅၁ ခု လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ကြီးပွားတိုးတက်ရေးဘုတ်အဖွဲ့က ကြီးမှူးကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာခိုင်းနွားအလှပြိုင်ပွဲနှင့် လှည်းပြိုင်ပွဲကို ကြီးကြပ်ဆောင်ရွက်ပေးရသူဖြစ်သည်။ ထို့ကြောင့် မြို့ပေါ်ရှိ လူကြီးများ ဆော်ဩချက်အရ မောင်မျိုးမှာ တာဝန်ယူရပါတော့သည်။ တော်လှန်ရေးကောင်စီအစိုးရတက်ပြီးကတည်းက နွားလှည်းပြိုင်ပွဲ၊ လှေပြိုင်ပွဲများကို ပထမဦးစွာ ဘုရားပွဲတော်တွင် ထည့်ခွင့်ပြုခြင်း ဖြစ်၏။ မြို့ကလည်း အားပေး၏။ မင်းဘူး စက္ကုတဲ၊ မကွေး မြသလွန်၊ ဇလွန် မြသပိတ် ဟူ၍ ဘုရားများရှိရာတွင် နွားလှည်းပြိုင်ပွဲ၊ လှေပြိုင်ပွဲများ အကြီးအကျယ် ပြုလုပ်လေ့ရှိ၏။

ဤနေရာတွင် လောင်းကစားမှုများ ပါတတ်သောပြိုင်ပွဲများဖြစ်လျက် အဘယ်အတွက် ဘုရားပွဲများတွင် ထည့်ရပါသနည်း ဆိုသော် နွားလှည်းပြိုင်ပွဲသည် အရှေ့တောင်အာရှတွင် ရိုးရာအားကစားပြိုင်ပွဲတစ်ခုအဖြစ် တည်ရှိပါသည်။ အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှား အိန္ဒိယ စသောနိုင်ငံများတွင် ကျေးလက်အားကစားအသွင်ဖြင့်တွေ့မြင်ရပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ို့နိုင်ငံတွင် ဒုန်းပြေးပြိုင်မှုသာရှိ ၏လည်း ကျွန်ုပ်တို့နိုင်ငံတွင်မူ နွား းပြေးရာတွင် စည်းကမ်းဥပဒေသတ် ်ချက်များရှိသဖြင့်၊ သူတို့နိုင်ငံထက် သည်ဟု ဆိုနိုင်ပါသည်။ ခိုင်းနွား ည် စက်မှုထွန်းကားသော၊ စက်မှုလယ် စနစ်ဖြင့် စိုက်ပျိုးနေသော နိုင်ငံများ ိုင်းနွားနှင့် မကင်းကြသေးပါ။ မြန်မာ့ ယ်ယာသုံးခိုင်းနွားများသည် အကြမ်း ခံသည်၊ ဖွံ့ရှိသည်။ ခိုင်းနွားများ ထွန်းကားစေရန် အလှုပြိုင်ပွဲ၊ နွားလှည်းပြိုင်ပွဲတို့ကို ထည့်သွင်း၍ မြန်မာခိုင်းနွားမျိုးစစ်မျိုးမှန်များ ထွန်းကားစေရန် ခွင့်ပြုခြင်း ဖြစ်ပါသည်။

ဖခင်ကြီး၏ နွားတွေက မရှိသော်လည်း သူ့လက်စွဲနွားနှင့်ကျော်ဦးကံထွန်းရှိပါသေးသည်။ နောက်တစ်ခါ စလင်းအိမ်က စပါးကျီထဲတွင် သမာဓိဒိုင်ရုပ်ကြီးရှိပါသေးသည်။ လက်များနှင့် ခေါင်းက အရေးကြီးပါသည်။ သူ့ကို ပြန်ပြင်ရသည်။ ဘကံထွန်းနှင့် စိတ်ကြိုက်ပြင်ရသည်။ ဘကံထွန်းနှင့် ဆင်ဝေါင်းရွာမှ သူကြီး ဘကြီးဦးထွန်းခင်ကို အဖွဲ့ထဲထည့်ရသည်။ မွေးမြူရေးနှင့် ကုသရေးဌာနမှ ဦးမောင်မောင်လည်း ပါရသည်။ မုန်တောင်သီးကုန်းမှ ဦးထွန်းရွှေ၊ မိဘော့ကုန်းရွာမှ ဦးအေး၊ ငဘဲမြို့နယ် လေးအိမ်စုမှ ကိုလှဒင်တို့ ညီအစ်ကိုလည်း မှာရသည်။ စကုမြို့ပေါ်မှ ပညာရှင်များလည်း ထည့်ရ၏။ နွားလှည်းပြိုင်ပွဲဆိုသည်မှာ (၃) လခန့် ကြိုပြီးလုပ်မည့်အကြောင်း ကြေညာရသည်။လက်ကမ်းပိုစတာများဝေရသည်။ ယခု မောင်မျှုးလုပ်ရမည့် လှည်းပြိုင်ပွဲမှာ တစ်လသာကြိုတင်သိရသည်။မလွန်ဘက်က လှည်းများလာရန် လိုသည်။ မုန်းနားဘက်မှ လှည်းများကလာမည်ဆိုသည်။ လေးအိမ်စုမှ ကိုလှဒင်တို့ကလည်း ဇင်ပြွန်း၊ ဆူးပဒေါင်းခွင်၊ စည်သာ၊ ရှမ်းတပ်ကြီး၊ ကန်နီကန်တုတ်၊ လက်ပံတံခါး စသည့်ရွာများကလည်း လာမည်ဟု ဆိုသည်။ မောင်မျှုးက စကားလုံးထွင်ရသည်။ ဆင်မောင်းပြိုင်ပွဲကို လာရောက်သူတိုင်း ပြိုင်ရပါမည်ဟု မှာရလေသည်။ တော်လှန်ရေးကောင်စီအစိုးရတက်ပြီးသည့်နောက်

# အနောက်တံခါးမှူးမောင်မှူး

## ရွှေစက်တော်ဆီမှ "လေ" လာပြီဆိုလျှင်




မင်းဘူးခရိုင်တွင် လှည်းပြိုင်ပွဲပြုလုပ်ခွင့်ရသည်မှာ ယခုအကြိမ်သည် ပထမဦးဆုံး ဖြစ်သည်။ လှည်းပြိုင်ပွဲဆိုလျှင် အလောင်းအစားပါတတ်သည်ဖြစ်၍ ထိုအမည်အစား တောင်သူပျော်ပွဲရွှင်ပွဲ လှည်းမောင်းကျွမ်းကျင်မှုကို ပြိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com



**ကိုလိုနီခေတ်မြို့အုပ်ကြီး၏နွားနှင်ကျော် ဦးကံထွန်း (မင်းဘူး-စကုမြို့နယ်) နွားပြေးရဲအောင်ကြည်နှင့် နွားလိုက်ရွှေမင်းသား၊**

သဘောအရ ဆင်မောင်းကို ထည့်ရပါသည်။

ဆင်မောင်း ဆိုသည်မှာ လှည်းယဉ်(၂)စီး၊ အရွယ်တူ၊ ပစ္စည်းတူ (၂)စီးကို ယှဉ်၍စနစ်တကျဖြုတ်ထားပါသည်။ ယှဉ်ပြိုင်မည့်အဖွဲ့တွင် နွားနှင်နှင့်အကူ (၁) ဦးပါရမည်။ ပြိုင်ပွဲဝင်မည့် နွားတစ်ရှဉ်းလည်း ပါရပါမည်။ လွှတ်ဒိုင်က မောင်းတီးသည်နှင့်တစ်ပြိုင်နက် လှည်းများကို ဘီးများမှစ၍ဆင်ရပါမည်။ လှည်းဆင်ရာတွင် အင်္ဂါအစုံပါအောင် ဆင်ရပါမည်။ မည်သည့်ပစ္စည်းမှမကျန်ရစ်စေရ။ ပြီးပဟာဆိုပြီး လှည်းပေါ်တက်ရာ မောင်းရာတွင်၊ ဖိနပ်၊ ခေါင်းပေါင်း၊ နှင်တံ စသည် ကျကျန်သော် အရှုံးဟု စည်းကမ်းလုပ်ရ၏။

ခရိုင်မှူးအခန်းမှာ ဘုရားလူကြီးများနှင့် အစည်းအဝေးလုပ်ရ၏။ မောင်မှူးအခန်းမှာ နွားလှည်းပြိုင်ပွဲအတွက် အစည်းအဝေးလုပ်ရ၏။ အစည်းအဝေးလုပ်ရာတွင် ရုံးတွင်းလက်ဖက်ရည်ဆိုင်မှ အစားအသောက်များ မှာယူကျွေးမွေးရ၏။ သူငယ်ချင်း ရုံးလုလင် ကိုလှဉာဏ်က မှာပေး၏။ စာရင်းဖွင့်ထားပြီးရှင်းရ၏။ ဆိုင်ရှင် ကိုချောက စာရင်းမှတ်ပုံမှာ ခရိုင်မှူးခန်းကမှာသမျှကို ဘုရားပွဲဟု မှတ်ပေးသော်လည်း၊ မောင်မှူးအခန်းမှ မှာသမျှကိုမူ 'နွား' ဟု ထစ်လုံးတည်းသာ မှတ်သဖြင့် လူဝင်မှုစင်စစ်မှ နွားဖြစ်ရပါကြောင်း။

မြန်မာနွားအလှပြိုင်ပွဲအတွက်စည်းမျဉ်းချရာတွင် မွေးမြူရေးနှင့်ကုသရေးဌာနမှ ခြေအင်္ဂါ၊ လက်အင်္ဂါ၊ ရင်အုပ်စသည့် အင်္ဂါအစိတ်အပိုင်းများအလိုက် အမှတ်ပေးမှုကို လက်ခံကြသည်။ နွားတွင် နံတို၊ အရောင်အဆင်းတွင် ဗိုက်ကြား၊ နွားပြာရှိသည့်နွားများကို ပယ်ရမည်ဟု သတ်မှတ်ကြသည်။ မြန်မာနွားကျမ်းကို လေ့လာထားကြသော ဦးထွန်းခင်မှာ ကျွန်ုပ်ဖခင်၏လူ ဩဇာရှိသူဖြစ်၍ နွားပြိုင်ကွင်းစီမံမှု၊ အုပ်ချုပ်မှုကို တာဝန်ယူသည်။

ငယ်သူငယ်ချင်း (လဝကရုံး) မှ ဖိုးလှဉာဏ်ကို အဖွဲ့၌ ဆော်ဩရေးတွင် သုံးရသည်။ အသံချဲ့စက်စပီကာအော်လံသည် ဖိုးလှဉာဏ်ပါးစပ်နှင့် ကိုက်လှသည်။ စာရင်းအင်းကို ထောက်ရှာပင်နေ သူငယ်ချင်း လဝကရုံးတာဝန်ခံစာရေးကြီး ဖိုးမြသောင်းက တာဝန်ယူရသည်။ နွားလှည်းပြိုင်ပွဲအတွက် စည်းကမ်းသတ်ရသည်။ မောင်မှူးမှာ ဖခင်ကြီး၏ မှတ်တမ်းများ ရှာရသည်။ မှတ်တမ်းအရ ကူးယူဖတ်ကြား အဖွဲ့ဝင်များ သဘောထားယူ၍ အတည်ပြုရသည်။ သို့ဖြင့် မှတ်တမ်းတင် သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ ပြိုင်ပွဲဝင်နွားတို့၏သတ်မှတ်ချက် စသည်တို့သည် ပေါ်လာသည်။

စလင်းမှယူလာသော သမာဓိဒိုင်ရုပ်ကြီးကိုလည်း ပြင်ဆင်ရသေးသည်။ ခေါင်းပိုင်းကို ပြင်ရသည်။ လည်ပင်းမှ ဆင်းလာသော အတံသည် ချောမွေ့စွာ ခလုတ်ထဲသို့ ကျစေရန် ပြင်ရသည်။ လက် (၂) လက် အရှည်တူညီရသည်။ အလေးချိန်လည်း တူညီအောင် လုပ်ရသည်။ ချိန်ခွင်လက်တံကဲ့သို့ ပြုလုပ်ရသည်။ သမာဓိဒိုင်မှာ ပန်းဝင်ဒိုင်တွင် ထားရသည်။ လက်တံ (၂) ခုကို ကြိုးနှင့် တန်းထားပြီး ပန်းဝင်လာသည့် လှည်းမှ နွားမှ တိုးသည့်အခါ လက်တံကကျ

သည်။ အရင်တိုးသော လက်တံတ… ဖက်မှ အရင်ကျ၍ ပန်းဝင်ရာ မည်သ… လှည်းက အရင်ဝင်ကြောင်းကို သမာ… ဒိုင်မင်းက ဆုံးဖြတ်ပေးသည်။ သမာ… ဒိုင်မင်းက ပန်းဝင်သည့်လှည်းကို လ… ညိုးညွှန်ပြသည်။ ဒိုင်မင်းကို ပြုပြင်ရာ… ဂရုပြုရသည်။ ပြင်ဆင်သူများ… ကန်တော့ပွဲထိုး၍ပြုပြင်ရ၏။

မြန်မာ့ရိုးရာ နွားလှည်းပြိုင်ပွဲ… ၁၉၅၁ ခုနှစ်တွင် ရန်ကုန်မြို့ ကျိုက်က… မြင်းပြိုင်ကွင်းတွင် လယ်ယာစိုက်ပျိုး… သစ်တောရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး… နှင့် ကျေးလက်ဖွံ့ဖြိုးရေးကော်ပိုရေးရှ… မှ ကြီးမှူး၍ မြန်မာခိုင်းနွားများအ… ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာနွားလှည်းပြိုင်ပွဲ… ကျင်းပခဲ့ပါသည်။ ထိုစဉ်က မင်းဘူးခ… မှ သီးကုန်းမုန်တောင်ရွာမှ ဦးထွန်း… မင်းဘူးမှ ဦးကံထွန်းတို့သည် ပါဝင်ယှ… ပြိုင်ခဲ့ပြီး ဆုများရရှိခဲ့သည်။

သူတို့အား ခေါ်ယူ၍ ဆွေးနွေး… သည်။ ဘကံထွန်းက သူပါလာသော… စာအုပ်ကို ထုတ်လိုက်ပါသည်။ ထို… အုပ်မှာ ကျွန်ုပ်ဖခင်၏စာအုပ် ဖြစ်… သည်။

"အမောင်၊ ဒီစာအုပ်ကို ဘိုး… ထိုက်ဆီကခဏယူလာခဲ့ရတယ်။ မြန်… နွားအင်္ဂါလက္ခဏာတွေကို အမောင့်ဖခ… ပြုစုခဲ့တာပ။ ခု အများရှေ့မှာ လိုက်… ဆောင်ရွက်ရန် ဖတ်ပြပါမယ်၊ မှတ်ယူ… ပါကုန်"

ဟု ဆို၍ ဖတ်ကြားလေရာ … ဖတ်ကြားသည့်အတိုင်း အတိုချုံး၍ … သား မှတ်တမ်းတင်ရပါသည်။ မူ… လက်ရေးမူကို သုတေသီတို့ လေ့လာ… ပါက ကျွန်ုပ်ထံတွင် လေ့လာနိုင်… ကြောင်း။

"မြန်မာခိုင်းနွားအလှပြိုင်ပွဲအတွ… မြန်မာနွားကျမ်းအရ -

၁။ နွားအမွေးအရောင် ခွဲခြား… သတ်မှတ်ရာ၌ အဆင့်အလိုက်ရှိသည်… နွားရွှေနီ၊ နွားဝါ၊ နွားဖြူ၊ နွားနက်၊ နွား… ညို၊ နွားသံရောင်၊ နွားထန်းသီးမှည့်… အဆင်း၊ နွားပြာစိမ်း၊ နွားပြာရင့်မွေး… နွားနီနွားနှန်း၊ နွားပြာနွားနှန်းများ… သတ်မှတ်၏။ (နွားစံပယ်၊နွားစာဥတို့မှာ… နွားဖြူထဲတွင် ထည့်သွင်းထားသည်။)

နွားဝါအရင်နှင့်၊ နွားနီမှင်ကွ… နွားနီရိုးတို့မှာ အမွေးမှန်ဖြစ်၍ … ကောင်းလျက် ခိုင်းတိုင်းရ၏။ နွား… နွားသံရောင်၊ နွားထန်းသီးမှည့်၊ … မွေး၊ နွားဝါကောက်ရိုးတို့မှာ အမျိုးမ…



www.burmeseclassic.com

www.burmeseclassic.com

...န်ကဆန်ပြုတတ်၏။ စိတ်မခိုင်ဟု ...သည်။

၂။ ပါးစပ်နှင့်နှာတို့တွင် အာပေါင် ...ယ်၍ နှာသီးကြီးမူ အစားအသောက် ...း အစားကောင်းမည်၊ အာပေါင် ...င်း၍ နှုတ်သီးငယ်မူ အစားသောက် ...ကောင်း၊ အားမရှိ ချုချာမည်။

၃။ မျက်စိတွင် ကြွက်ဖြူ၏မျက် ...ကဲ့သို့ရှိလျက် မျက်တောင်တို့ ကောင်း ...မူ စိတ်တည်သည်။ ဆင်၏မျက်လုံး၊ ...နှမျက်လုံးတို့ကဲ့သို့ရှိလျှင် စိတ်ထား ...ကြောင့် ကလန်ကဆန်ပြုလေ့ရှိသည် ...ု တျမ်းက ဆိုသည်။

၄။ နားရွက်ကြီးမူ ထုံပေသော ...ကျင့်ရှိ၏။ နားရွက်ငယ်သောနွားတို့ ...ခိုင်းကောင်း၏။ နွားချိုနှင့်ပတ်သက် ...ရှည်တို၊ မတုတ်၊ ဘေးကိုမကွေ့၊ ခတ် ...ာ်မတ်ရှိသော် ကောင်းသည်။ တစ် ...ာ်တုပ်၍ တစ်ဖက်က ထောင်သော် ...ယ်လူးဟု ခေါ်သည်။

၅။ နွားလည်ပင်းမှာ မတိုမရှည် ...ခင်လည်နှင့်တူလျက် အထိုက်အ ...ောက် တုတ်တုတ်ခိုင်ခိုင်ရှိစေရမည်။ ...ကဲ့သို့လည်ရှိသောနွားတို့မှာ လှည်းကို ...မ်းနိုင်၍ ဝန်ကိုဆွဲနိုင်ကြသည်။ လည် ...ါက်အောက်ကျသော နွားလည်ပင်း ...ို 'ဝက်လည်ပင်းပေါက်နွား' ဟု ခေါ် ...သည်။ ထမ်းပိုးထမ်းမကောင်း၊ လှည်း ...န်းနိမ့်သောကြောင့် ဖြစ်၏။ နွား၏ ...ကျောနှင့်တစ်တန်းတည်းရှိသော လည် ...ပါက်ရှိနွားတို့မှာ ကြည့်၍ကောင်း၏။ ...ည်းထမ်းကောင်း၍ နွားပြေး၊ နွားလိုက် ...ဖြစ် ပြိုင်ပွဲဝင်ရန် လေ့ကျင့်ကြသည်။

၆။ နွား၏လည်ပင်းနှင့်တစ်ဆက် ...ည်းရှိသော ဘို့၏အောက်မှအရိုးကို အုံးတားဟုခေါ်၏။ အုံးတားကျယ်သော နွားမှာ ဆွဲအားရှိလျက် အုန်းတားငယ်သောနွားမှာ ဆွဲအားမကောင်းသောကြောင့် လုပ်ငန်းတွင် အသုံးမတည့်လှ။

၇။ အုံးတား၏အထက်တွင် နွားဘို့ရှိသည်။ နွားဘို့များသည် ဘယ်လဲ၊ ညာထောင့်ရှိတတ်သည်။ ဘယ်လဲသော နွားတို့သည် စိတ်ဓာတ်ကောက်သည်။

၈။ ဘို့နှင့် အုံးတားတို့၏ အောက်တွင် ရင်ဒူးခေါ် ရင်ဘတ်ရှိသည်။ ရင်ဒူးမှာ အုန်းသီးပမာရှိသော် အသည်းကောင်းသည်၊ ပြေးနိုင်သည်၊ အားကောင်းသည်၊ အမောခံနိုင်သည်။

၉။ နွားကိုယ်လုံးသည် မြင်းကိုယ်လုံးသဏ္ဌာန်ရှိရပါမည်။ ထိုသဏ္ဌာန်ရှိမှ နွားစားသောက်မှုမှန်သည်။ အပိုအလိုမရှိ၊ အသားအရေမှန်၊ ဝဖြိုးမှုရှိခြင်း ဖြစ်၏။ ဝမ်းခေါင်းပိုက်ကြီး၍ အဝလွန်သော နွားတို့မှာ အစားလွန်သောဓလေ့ရှိရာတွင် သွားလာစဉ် ဝမ်းသက်တတ်သော သဘောရှိသဖြင့် လူတို့ကို ညစ်ပေစေတတ်သည်။

၁၀။ကိုယ်၏နောက်ပိုင်းအဆုန်ကို နွားချိတ်ခုန်ဟု ခေါ်၏။ ထိုချိတ်ခုန်ကားကျယ်ဝန်းမှ အကျောက်အကန်ကောင်းလျက်ဆွဲအားကောင်းသည်။ ကျဉ်းသော နွားတို့မှာ ထင်သလို ခရီးမပေါက်၊ အကျောက်အကန်တွင် အားနည်းသောကြောင့် ဖြစ်၏။

၁၁။ ချိတ်ခုန်၏နောက်ဆုံးပိုင်းကို အမြီးဟု ခေါ်သည်။ အမြီးသည် လုံးသွယ်ပြီး၊ မြီးဆံကောင်းသောနွားတို့မှာ စိတ်ထက်လျက် ခိုင်းစေရာတွင် ပေါ့ပါး၏။ အမြီးကြီးမားထူသော နွားများဓလေ့မှာ ထုံပေလျက် ရိုက်မောင်းမှသွားတော့၏။

၁၂။ နွား၏ လက်၊ ခြေထောက်တို့မှာလည်း လက်၊ ခြေတို၍သေးသော နွားများကို ဝက်ရိုးရှိသောနွားဟု နွားကျမ်း၌ ဆိုသည်။ ခရီးရှည်သွားရန် မကောင်း၊ ခြေ၊ လက် အားမရှိ။

၁၃။ နွားခွာအထက်တွင် မြစ်တွေး ဖြစ်၏။ မြစ်တွေးရှည်က ဝက်ရိုးနွားများကဲ့သို့ ခရီးရှည်သွားလျှင် မကောင်း။

၁၄။ နွားရှေ့လက်တို့သည် ဖြောင့်စင်းစွာရှိရပါမည်။ ခွင်လျှင် ပဒပ်လက်ဟု ခေါ်သည်။ ပြေးပါက ခွာချင်းခတ်၍ အနာရစေသောကြောင့် နွားဝယ်သူများက ရှောင်၏။"

ဘကံထွန်းဖတ်သမျှ မှတ်စုလုပ်လျက် ဒိုင်အဖွဲ့အားပေးရန် ဆောင်ရွက်ရ၏။

မြန်မာနွားအလှပြိုင်ပွဲတွင် အထက်ပါအချက်များအပြင် အရေးကြီးသော အချက်မှာ ငွေအင်္ဂါ ဖြစ်၏။ မြင်းများ၌ ငွေဆိုး၊ ငွေကောင်းရှိသကဲ့သို့ နွားများ၌လည်းရှိပါသည်။

ရှေ့ဦးစွာ နွား၏ဦးချို (၂) ခုကြားရှိ ငွေရှိရပါမည်။ ထိုငွေမှာရှိရိုးဖြစ်၍ အပြစ်မဆိုသော်လည်း ထိုငွေ အောက်သို့ဆင်း၍ မျက်စိကြားတွင်တည့်ရှိလျှင် 'မျက်ကြားငွေ' ဟု ခေါ်တွင်ပြီး ထိုငွေပါ နွားဝယ်မိပါက စီးပွားဥစ္စာပျက်တတ်သည်ဟု ဆိုသည်။

နွား၏ ကျောမှ ငွေသည် ကျောအလယ်တွင်ရှိက ရှိရိုးငွေဟု သတ်မှတ်သည်။ ငွေသည် ရှေ့နားရောက်လျှင် သို့မဟုတ် ငွေသည် ဘို့နားတွင်ကပ်လျက်ရှိလျှင် 'ငွေထီးရိုး' ဟု ခေါ်သည်။ ထိုငွေမျိုးရှိနွားကို ပိုင်ဆိုင်သူတို့မှာ မင်းစိုးရာဇာများ၏ မ,စမှုကို ခံရ၏။ မင်း၊ ရဟန်းတို့လက်ဝယ်ရောက်သည်က များသည်။

နွား၏လက်တွင် အဖြူသေးသေး အမှတ်ပါက 'အိမ်မြှောင်' ဟု ခေါ်၏။ တစ်လက်မခန့်ရှိလျှင် 'တောက်တဲ့' ဟု ခေါ်၏။ ထိုငွေမျိုးပါနွားကို ဝယ်သူသို့မဟုတ် လက်ရောက်သူတို့မှာ ခိုက်ရန်ပွားခြင်း၊ ဥစ္စာပစ္စည်း နည်းပါးခြင်း၊ အသက်အန္တရာယ်ရှိခြင်းတို့နှင့် ကြုံရတတ်သည်။

ဝမ်းဗိုက်မှ အဖြူကျားသည် အထက်သို့လက်နောက်၌လည်းကောင်း ပေါင်ရှေ့မှာသော် လည်းကောင်း တက်၍သွားသည့်အကျားကို 'ဘဲတောင်' ဟု



အိန္ဒိယနိုင်ငံရှိ ကျေးလက်နွားလှည်းပြိုင်ပွဲတစ်ခု (ဓာတ်ပုံ-အင်တာနက်)



www.burmeseclassic.com

www.burmeseclassic.com

ခေါ်၏။ ထိုထက် တက်၍ သွားသော် 'တလားခံ' ဟု ခေါ်၏။

ကျောမှာ ဖြူ၍၊ လက်နောက်နှင့် ပေါင်ရှေ့တိုင်အောင်ဆင်းသောအကျား မျိုးတို့ကို 'တလားဖုံး' ဟု ခေါ်သည်။ တလားဖုံးနှင့် တလားခံ ဆိုသည်မှာ လူသေကို သင်္ဂြိုဟ်ရာတွင် ခလောက်၌ လူသေသေတ္တာကို ထည့်ပြီး သေတ္တာအောက်ကခံသည်ကို တလားခံ၊ အထက်ကထားသောအရာကို တလားဖုံးဟုခေါ်သည်။ တလားဖုံး၊ တလားခံရှိသောနွားများကို ရှောင်ကြသည်။

နွားကြံစုံ ဆိုသည်မှာ၊ ဘို့ကျား၊ ဖင်ကျား၊ ဦးခေါင်းကျား၊ အမြီး၊ ခွာ (၄) လုံးတို့ဖြူသည်ကို ဆိုသည်။

ရှေ့လက်ဖြူ၍နောက်ခြေထောက်က မဖြူ၊ နောက်ခြေဖြူ၍ ရှေ့လက်မဖြူလျှင် ဝယ်သူတို့က အပြစ်ဆိုလေ့ရှိသည်။

ခေါင်းမှာကြား၊ ဘို့မှာအဖြူ၊ ချိတ်ခုန်တွင် အဖြူ၊ အမြီးစွတ်အဖြူ၊ ခြေလေးချောင်းဖြူသော နွားတို့ကို ခြောက်ကွင်းဟု ခေါ်၏။ ထိုကဲ့သို့ရှိသော နွားမျိုးကို အိမ်တွင်ထားရှိပါက အခြားဗေဒင်ဆိုးရှိသောနွားတို့အတွက် ပိုင်ရှင်တွင် ကျရောက်မည့်ဘေးဒဏ်အန္တရာယ်အပေါင်းတို့သည် ပြေပျောက်နိုင်သည်။


ပထမနေ့ ဆွေးနွေးပွဲတွင် မြန်မာခိုင်းနွားအလှပြိုင်ပွဲအတွက် စည်းမျဉ်းများ ချမှတ်၍ အကဲဖြတ်ဒိုင်အဖွဲ့ကို ဖွဲ့စည်းပေးရပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးမောင်မောင်က ဦးဆောင် တာဝန်ယူပါသည်။

ဒုတိယနေ့ဆွေးနွေးပွဲတွင် နွားလှည်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နွားများအတွက် အတန်းအစား ခွဲခြားသတ်မှတ်ရန်အတွက် -

၁။ ဆွဲစပ်ကလေး
၂။ ဆွဲစပ်ကြီး
၃။ ပဉ္စမတန်း
၄။ စတုတ္ထတန်း
၅။ တတိယတန်း
၆။ ဒုတိယတန်း
၇။ ပထမတန်း

ဟု အဆင့်ခွဲကာ ယှဉ်ပြိုင်ရန် ဖြစ်၏။ နွားများကို တန်းခွဲပေးခြင်းမှာ စကားများတတ်သည်။ အတန်းနှင့် နွားအမျိုးအစား ခွဲခြားရာတွင် -

သွားမစုံသောနွားတို့ကို အတန်းအစားခွဲ၍ ပြေးစေရသည်။ နွားတို့၏ ကိုယ်လုံးဒေါက်တိုင်း၍ ဆွဲစပ်ကလေး၊ ဆွဲစပ်ကြီးတန်းတွင် ပြေးစေရန်။



ဖခင်ကြီး၏လက်ရေးမူ

သွားမစုံလင့်ကစား စွမ်းပကားရှိသဖြင့် အထက်တန်းသို့ တက်ရောက်ပြိုင်ခွင့်ပြုရန်။

ဆွဲစပ်ကလေး၊ ဆွဲစပ်ကြီးတန်းတို့တွင်နိုင်သောနွားတို့မှာ ပဉ္စမတန်းတက်၍ ပြိုင်ရန် ဆုံးဖြတ်သည်။ အတန်းခွဲမှုနှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက အယူခံနိုင်ကြောင်းဟု ဆုံးဖြတ်သည်။

နွားပြိုင်ပွဲအတွက် တာကို ပေ (၅၀၀) သတ်မှတ်ပါသည်။ ပြိုင်ပွဲဝင်မည့် လှည်းများလေ့ကျင့်မောင်းလိုသော် တာတက်ကြေးပေးရန် သတ်မှတ်ချက်ပြုရသည်။ ပြိုင်ပွဲအတွက် ဝင်ကြေးကို ထောက်ခံရာ၌ ဖြတ်ပိုင်းပေးမည်။ ဖြတ်ပိုင်းကို လှည်းထမ်းပိုး၌ ကပ်ထားရမည်ဟု စည်းကမ်းပြုရသည်။

အတန်းခွဲရာတွင် ပြိုင်ပွဲဝင်မည့် နွားများနှင့် လှည်းတို့ကို ပရိသတ်ရှေ့၌ တာပေါ်တွင် တန်းစီလျက်ပြကြရသည်။ မည်သည့်အထက်တန်းတွင် ဝင်ရောက် ပြေးခဲ့ဖူးကြောင်း၊ အထက်တန်း ဟု ကြောင်းကို စိတန်းပြသော နွားမော သမားတို့မှထံမှ ကန့်ကွက်လွှာကို လ ရမည်။ အဖွဲ့မှတင်ပြချက်ကို နွားမျာ ခြေစစ်၍ စိစစ်ရမည်။

ခြေစစ်ရန် စံချိန်မှာ -

ဖခင်ကြီး၏ မှတ်တမ်းအရ -

တန်းခွဲပြီးနောက် အတန်းလို ယှဉ်ပြိုင်ပြေးရန် မဲချရပါမည်။ နွား စနစ်အရ ပြိုင်ရမည် ဖြစ်၏။ ဆု ပထမ၊ ဒုတိယ၊ တတိယ၊ အတန်း လိုက်ပေးရန် သတ်မှတ်ထား၏။

ပြိုင်ပွဲအရ ပိုမိုစည်ကားစေ ဆိုလျှက် တစ်ကောင်ချင်း ပြိုင်ပွဲ လိုပါသည်ဟု အကဲဖြတ်အဖွဲ့က ဆို သည်။ အကဲဖြတ်အဖွဲ့အဆိုကို စည် ရပါသည်။ တစ်ကောင်ချင်းပြိုင် အငြင်းပွားလေ့ရှိသည်။ မကြာခဏ ခိုက်ရန်ပွားသည်ဟုဆို၏။ ထိုအကြော ကို မောင်မှုံကပြောရာ ဘဦးထွန်း

ဖြတ်ပိုင်းနမူနာ

| (မူလလက်ခံ) | ၁၉၆၈ ခု နွားပြိုင်ပွဲ | ဖြတ်ပိုင်း | ၁၉၆၈ ခု နွားပြိုင်ပွဲ |
|---|---|---|---|
| နံပါတ် | ၁ | နံပါတ် | ၁ |
| နွားအမည် | စံမတူ | နွားအမည် | စံမတူ |
| ပိုင်ရှင် | မောင်စိန် | ပိုင်ရှင် | မောင်စိန် |
| နေရပ် | နန်းတော်ကျွန်း | နေရပ် | နန်းတော်ကျွန်း |
| အတန်း | ဆွဲစပ် | အတန်း | ဆွဲစပ် |
| ဝင်ကြေး | ၃/ | ဝင်ကြေး | ၃/ |



www.burmeseclassic.com

www.burmeseclassic.com

ဒု တာဝန်ယူသည်ဟု ဆိုသည်။ မိဘေ ... နှမ ဦးအေးကလည်း တာဝန်ယူသည် ... ဆိုသည်။ ထို့ကြောင့် နွားတစ်ကောင် ... အပြေးပြိုင်ပွဲ ထည့်သွင်းရသည်။ ... သော် နွားအရှည်းလိုက်ပြိုင်ပွဲများပြီးစီး ... သော်လျှင် ပြုလုပ်စေရန် ပြောရသည်။ ပြိုင်ပွဲကို ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်းဟု ခွဲခြား သတ်မှတ်ပြိုင်စေရန် ဆုံးဖြတ်ကြသည်။

အတန်းခွဲရာ၌ -

ပထမတန်းနွား နွားဒေါက်(အရပ်) (၂) တောင် ထွာ (၁၀) သစ်၊

ဒုတိယတန်းနွား နွားဒေါက် (အရပ်) (၂) တောင် ထွာ (၈) သစ်၊

တတိယတန်းနွား နွားဒေါက် (အရပ်) (၂) တောင် ထွာ (၆) သစ်၊

၁။ လွှတ်ဒိုင်၏တာဝန်

က။ လွှတ်ဒိုင်သည် ယှဉ်ပြိုင်မည့် နွားများကို တာထိပ်တွင် သတ်မှတ်ထား သောနေရာ၌ ညီညာအောင် တားထား စေပြီးလျှင် နွားရှည်းများညီလျှင် ပြိုင်ပွဲ ဝင်နွားနှင်များကို သတိပေးပြီး အဝင်ဒိုင် မှ အလံလှဲ တာမှထွက်ရမည်။ အလံမလှဲ မီ ထွက်သွားပါက ပြန်ခေါ်၍ သတိပေး ပြီး တာပြန်လွှတ်ရမည်။ (အလံမသုံး လိုပါက မောင်းတီးလွှတ်နိုင်သည်။)

၂။ မှန်ဒိုင်များတာဝန်

က။ ပထမမှန်ဒိုင်၊ ဒုတိယမှန်ဒိုင် တွင်ရှိ ဒိုင်လူကြီးတို့မှာ မိမိတို့ကြည့်၍ တည်းဖြတ်ရမည့်တာအတွင်း (ပမှန်ဒိုင် ကွပ်ပဲရမည့်တာမှာ လွှတ်ဒိုင်မှတာလွှတ် သည့်နေရာမှစ၍ မိမိတို့ ပထမမှန်ဒိုင်

(ခ) ကဆုံတို

(ဂ) ခွာတစ်လုံးတည်းထောက်၍ ခွာ သုံးချောင်းတစ်ကြိမ်တည်း ကျခြင်း

(ဃ) ရှေ့သကျ နောက်ဒုန်း။

(င) ရှေ့စုံကျ နောက်ခုန်။

(စ) ခြေမချိုး၊ လက်မချိုး၊ခြေထွက်၊ လက်ထွက်။

အချက်များကိုကြည့်လျက် ထို အချက်များပါလျှင် ကျောက်သင်ပုန်း ပေါ်တွင် မြေဖြူတို့၌ အမှတ်ပေးရသည်။

**အဝင်ဒိုင်၏တာဝန်ဝတ္တရားများ**

က။ မည်သည့်နွားက ရှေးဦးစွာ ပန်းဝင်သည်ကို သမာဓိရပ်က ညွှန်ပြ သည့်အတိုင်း မှတ်တမ်းတင်ရသည်။ ပထမမှန်၊ ဒုတိယမှန်ဒိုင်များ၏ ကျောက် သင်ပုန်းများပါ အမှတ်ကိုကြည့်ပြီး မည် သည့်နွားက ပထမမှန်တွင် အမှတ်မည် မျှ၊ ဒုတိယမှန်တွင် အမှတ်မည်မျှရှိသည် ကိုကြေညာရသည်။ ထို့နောက် အောက် ပါအတိုင်း စိစစ်ပြီး ဆုံးဖြတ်ရမည် ဖြစ် ၏။

| ... ရန်တာ | အတန်း | စံချိန် | မှတ်ချက် |
|---|---|---|---|
| ... ၅၀၀ | ပထမတန်း | ၂၅ စက္ကန့် | |
| | ဒုတိယတန်း | ၂၇ စက္ကန့် | |
| | တတိယတန်း | ၂၉ စက္ကန့် | |
| | စတုတ္ထတန်း | ၃၀ စက္ကန့် | |
| | ပဉ္စတန်း | ၃၂ စက္ကန့် | |
| | ဆွဲစပ်နွား | ၃၄ စက္ကန့် (ကြီး) ၃၆ (ကလေး) | |

၁။ (၃) ကြိမ် သို့မဟုတ် (၃) ကြိမ် အထက်များ၍ အမှတ်ရသောနွားကို (သုံးကြိမ်သုံးလား မောင်းရန်မလို) ထိုပွဲ တွင် အပြီးအရှုံးပေးရန်။

၂။ ပြိုင်နေသော နွား (၂) ရှည်း စလုံးမှာ သုံးကြိမ်အများပါလာပါက (၂) ရှည်းစလုံးပယ်ရန်။

၃။ ပြိုင်ရာတွင် ပထမလား (ပထမ အကြိမ်ပြေး) တွင် (၂) မှတ်ပါ၍ ရှေ့က ပန်းဝင်သော်လည်း၊ ဒုတိယအကြိမ်တွင်၊ ရှေ့မှပန်းဝင်၍ အမှတ်မပါသော် ချွတ် လားတက်ရပါမည်။

၄။ ထိုနည်းတူစွာ ပထမလားတွင်

စတုတ္ထတန်းနွား နွားဒေါက် (အရပ်) (၂) တောင် ထွာ (၄) သစ်ဟု သတ်မှတ်ပါသည်။

နွားရှည်းလိုက် ဒုန်းပြိုင်ပွဲကို နောက် ... နေ့တွင် ထည့်သွင်းရန် သဘောတူ ကြသည်။

အကဲဖြတ်ဒိုင်ကို (၁၈) ဦးထားရန် ဒိုင်များအတွက် ဉာဏ်ပူဇော်ခ စသည် ... တို့ တွက်ကြရသည်။ လှည်းပြိုင်ပွဲတစ် ... တွင် ဒိုင် (၆) ဦး လိုသည်။

၎င်းတို့မှာ-

၁။ လွှတ်ဒိုင် တစ်ဦး။

၂။ ပထမ မှန်ဒိုင် နှစ်ဦး၊ တစ်ဦးလျှင် ကျောက်သင်ပုန်း၊ မြေဖြူ ကိုယ်စီ နှင့် ဝါရင့်နွားနှင်များ၊

၃။ ဒုတိယမှန်ဒိုင် နှစ်ဦး ကျောက် သင်ပုန်း၊ မြေဖြူကိုယ်စီနှင့် ဝါရင့် နွားနှင်များ

၄။ ပန်းဝင်ဒိုင်တစ်ဦး (သမာဓိဒိုင်မင်း ရပ်) အနီးနေ၍ မည်သည့်လှည်း ပန်းဝင်သည်ကို ဆုံးဖြတ်သည်။ အရှုံး၊ အနိုင်ကို ကြေညာရန် တာဝန်ရှိ။ (အလံ သို့မဟုတ် မောင်းတစ်လုံး)

များရှိသော အလံတိုင်အတွင်းတာ) (ဒုတိယမှန်ဒိုင်၏တာမှာ ပထမမှန်ဒိုင် များစောင့်ကြည့်သည့်နေရာ အလံတိုင် မှ ပန်းဝင်သည့်နေရာအတွင်းရှိ တာ) မိမိတို့ကြည့်ရမည့် နွားတစ်ရှည်းပြေးလာ သည်ကို ခြေစစ်ရသည်။ အမှားပါက ကျောက်သင်ပုန်းပေါ်တွင် တစ်မှတ်ခြစ် ၍ မှတ်တမ်းတင်သည်။ မိမိနေရာမှ ကျော်သော် ကျောက်သင်ပုန်းကို အိတ် ထဲထည့်ရသည်။ အဝင်ဒိုင်မှ စေလွှတ်သူ

| | | |
|---|---|---|
| တာလွှတ် | (ပ) မှန်ဒိုင် | (ဒု) မှန်ဒိုင် ပန်းတိုင် (သမာဓိရပ်) |
| × | × | × ပေ (၅၀၀) တာလွှတ်ဒိုင် |
| | (ပ) မှန်ဒိုင် | (ဒု) မှန်ဒိုင် ပန်းဝင်ဒိုင် |

ဒိုင်များ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

လာသောအခါ ကျောက်သင်ပုန်းကို ပေး လိုက်ရမည်။

**မှန်ဒိုင်လူကြီးများ လိုက်နာရန်**

၁။ နွားပြေးသမင် (ခေါ်) လေးဖက်

၂။ နွားလိုက် အသ(ဂ)

**ခွာလုံးရေမှတ်သားရန်မှာ -**

(က) သုံးချောင်းထောက်ပြေးခြင်း

အမှတ်မပါ။ ရှေ့မှပန်းဝင်သော်လည်း ဒုတိယအကြိမ်တွင် ရှေ့မှနေ၍ အမှတ် (၂) မှတ်ပါသော် ချွတ်လားတက်ရပါ မည်။

၅။ နွားနှင်မှာ ခေါင်းပေါင်းကျ ခြင်း၊ နှင်တံကျခြင်း၊ လှည်းစီးကုန်းပြတ် ခြင်း၊ ထမ်းပိုးကြီးကြိုးပြတ်ခြင်း၊ လှည်း



www.burmeseclassic.com

www.burmeseclassic.com

# ငါးအရိုးမျက်လျှင် အရေးပေါ်အသုံးပြုနိုင်သောနည်းလမ်းများ

( ဧ ရ ာ ဝ တီ )

**မိုးစက်အဏ္ဏဝါ**

အရိုးများသော ငါးဟင်းများကို စားသုံးရာတွင် အခန့်မသင့်လျှင် ငါးအရိုးမျက်(စူး)ခြင်း ဖြစ်တတ်ပါသည်။ ဤကဲ့သို့ဖြစ်ခဲ့လျှင် အင်မတန်မှ အခံရခက်၏။ ကလေးငယ်များတွင် ငါးအရိုးမျက်(စူး)ခြင်းအဖြစ်များသော်လည်း လူကြီးများတွင်လည်း တစ်ခါတစ်ရံ ဖြစ်တတ်၏။ သို့ဖြစ်၍ အရိုးများသော အသား၊ ငါးများကို စားသုံးလျှင် သတိနှင့် စားသုံးဖို့ အထူးလိုအပ်ပြီး ငါးအရိုးမျက်(စူး)လျှင် အရေးပေါ် အသုံးပြုနိုင်သော ငါးအရိုးကျနည်းများကို စာဖတ်ပရိသတ်အတွက် ဗဟုသုတအလို့ငှာ ရေးသား ဖော်ပြပေးလိုက်ရပါသည်။

**ငါးအရိုးမျက်(စူး)ခဲ့လျှင် အရေးပေါ်အသုံးပြုနိုင်သောနည်းလမ်းများ**

၁။ 'ဉ ်လက်ပံပင်ခွကြား တင်ကျီးနား၊ ဟဲ့မျက်တဲ့ငါးရိုး၊ ထွက်ဆရာထွက် ကျဆရာကျ'

ဟူသော ဂါထာကို (၇) ခေါက် မန်း၍ လက်ဝါးဖြင့် ငါးအရိုးမျက်သော နေရာကို (၇) ချက် အသက်အောင့်၍ ဆွဲ (သပ်) ချပေးပါ။ မကြာမီ အရိုးကျသွားပါလိမ့်မည်။ ဂါထာကို ယုံယုံကြည်ကြည်နှင့်ရွတ်ဆိုရန် လိုအပ်ပေသည်။

၂။ ထမင်းဖြူကို မိမိမျိုသာရုံ လက်ဖြင့်ဆုပ်၍ မဝါးဘဲ မျိုချပါ။ နှစ်ဆုပ်၊ သုံးဆုပ် မျိုချလိုက်လျှင် ထမင်းနှင့်အတူ ငါးအရိုးများကျသွားပါလိမ့်မည်။

၃။ အိမ်မွေးကြောင်၏လက်တစ်ဖက်ကိုကိုင်ပြီး ငါးအရိုးမျက်သော လည်ချောင်းနေရာသို့ အထက်မှ အောက်သို့ (၇)ချက် အသက်အောင့်၍ ဆွဲချပေးပါ။

ငါးဟင်းကို အလွန်ကြိုက်နှစ်သက်သော စာရေးသူသည် ငယ်စဉ်က မကြာခဏ ငါးအရိုးစူးတတ်လေသည်။ ထို... ရိုးစူးတိုင်း ဤနည်းဖြင့်ပင် သက်... ပျောက်ကင်းခဲ့ရပါသည်။

၄။ ခေါင်းဖြီးရာတွင် အသုံး... သော ဘီး၏အသွားများဖြင့် ငါး... မျက်သောလည်ချောင်းနေရာမှအော... သို့ (၇)ချက် အသက်အောင့်၍ ဆွဲ(သ... ချပါ။ ဤနည်းဖြင့်လည်း ငါးအရိုးမျာ... ကျစေပါသည်။

အထက်ဖော်ပြပါ နည်းများ... စာဖတ်ပရိသတ်များ လိုအပ်လျှင် ... နှင့်သင့်လျော်သောနည်းကို ရွေးချ... သုံးပြုနိုင်ရန် ရေးသား တင်ပြလိုက်... သည်။

ဤအသုံးပြုနည်းများကို ပြော... ပေးခဲ့သော ဧရာဝတီတိုင်းဒေသ... ဘိုကလေးမြို့နယ် ပြူးစခန်းကျေး... ကျေးရွာဖြစ်သော မယ်တော်... ဒေါ်စန်းမြင့်အား ဤဆောင်းပါး... ဂါရဝပြုအပ်ပါသည်။

*လောကုတ်၊ လောကီနှစ်လီအ...*
*ပွားတိုးစည်ပင်နိုင်ကြပါစေ...*
*ထာဝစဉ်ဆန္ဒပြု...*
မိုးစက်အဏ္ဏဝါ(ရောဘ...

---

ကပ်ကျခြင်း မရှိစေရ။ ဤသို့သော အချက်များ ဖြစ်ပေါ်ခဲ့သော် ထိုလှည်းကို အရှုံးပေးစေ။

၆။ လမ်းကူးပြေးခြင်း၊ တာကိုမဝင်အခြားသို့ပြေးခြင်း စသည်တို့ဖြစ်သော် ထိုပြိုင်သည့်လှည်းကိုအရှုံးပေးရမည်။

လှည်းပွဲလာ ပရိသတ်များထဲမှ ထီးဆောင်းသူပါလာသော် ထီးမဆောင်းရန်ပြောရမည်။ မကျေနပ်က ကြေးတင်၍ အယူခံနိုင်သည်။

**ပြိုင်ပွဲဝင်နွားနှင်တို့လိုက်နာရန်မှာ**

၁။ အရက်သေစာ သောက်စားခြင်း မပြုရန်။

၂။ မိမိပြိုင်ပွဲဝင်စဉ် လှည်းနွားတို့တွင် ကြိုးပြတ်ခြင်း၊ စီးကုန်းပြတ်ခြင်း၊ ဘီးကျွတ်ခြင်း၊ လှည်းဝန်ရိုးကျိုးခြင်း၊ ထမ်းပိုးကျိုးခြင်း၊ တံပိုးကျင်ကျိုးခြင်း မရှိစေရ။

၃။ မိမိမောင်းသော လှည်းကို အမှန်အကန်ပြေးစေရန် အနိုင်မောင်းနှင်ရပါမည်။

၄။ တာလွှတ်ဒိုင်က တာစည်းပေါ်တွင်တား၍ အသင့်ထားပြီးနောက် အဝင်ဒိုင်က အလံရိုက်သောအခါ အလံအောက်ကျမှသော် လည်းကောင်း သို့မဟုတ် မောင်းတီးသံကြားမှ တာထွက်ရမည်။

၅။ မိမိနွားကို အပြေးအားယုတ်စေရန် မဆွဲရ။

၆။ အမှန်အကန်သာဆိုရမည်။ ထိုအချက်တို့ကို ဖောက်ဖျက်ပါက ပြိုင်ပွဲမှ ထုတ်ပစ်ရမည်။

နွားနှင်ကောင်းဆုကို ငါးပွဲအထက်နိုင်သူများထဲမှ ရွေးချယ်ပေးမည်။ နွားပြေးလမ်းကို ဘကြီးဦးထွန်းခင်၊ မိဘော့ကုန်း ဦးအေးနှင့် နွားနှင်ကျော် ဦးကံထွန်းတို့က တောင်လှည်းကောက်အနီးရှိကွင်းတွင် တည်ဆောက်ပါသည်။

နွားလှည်းပြိုင်ပွဲတော်နေသောမင်းဘူးနယ်သားတို့မှာ ဝမ်းပန်းတသာရှိပါသည်။ စည်ကားပါသည်။ နွားနှင်တစ်ဦးက ကျွန်ုပ်အား မချေမငံလာရောက်စကားပြောမည်ပြုရာ ဖြောင်း ဟူသော အသံနှင့်အတူ ထိုသူ၏ ဦးခေါင်းမှာ မဏိကွမ်းစားသွားသည်ကို မြင်ရပါသည်။

ကျွန်ုပ်၏ဘေးမှ ဆင်ခေါင်း... ဘကြီးဦးထွန်းခင်က -

"ဟော့ - ဘယ်သူမှတ်လဲ၊ တို့... တော်ကြီးသားကွ"

ဟု ကြိမ်းဝါးလိုက်ပါသည်။

အခြားဘာပြဿနာမှထပ်မ... ပွဲငြိမ်သွားသည်။ ထိုနှစ်က လှည်း... လည်း စည်ကားပါသည်။ လှေပွဲထ... စည်ကားပါသည်။ စကုထေရ်ကြီး... ပွဲမှာလည်း လှည်းပွဲပါသည်။ တော... တော်ရာဘုရားပွဲလည်း လှည်းပွဲဝ... သည်။

ခုချိန်ခုခါဆိုလျှင် တောင်သူ... ပျော်ကြပြီထင့်။ မြန်မာ့နွားကောင်... လှတွေ တိုးပွားပါစေ။ စက်မှုလယ်... ထွန်းကား၍ မြန်မာ့ခိုင်းနွားမျိုး... ရှင်သန်စေချင်ပါသည်။

*ကျွန်ုပ်ချစ်သော မင်းဘူး...*
*အမြဲ ထွေးနွေးစွာ ကြိုနေပါသည်...*

အနောက်တံခါးမှူးမော...

၁။ Agriculrural and Rual Deve... ment Coporation (A.B.D.C)



www.burmeseclassic.com

www.burmeseclassic.com



# ဗေဒင်ဆရာ

## ဗေဒင်ပညာ

### ပါမောက္ခ ဆရာမြင့်

|  |  |  |
|---|---|---|
| ၁ တနင်္ဂနွေ<br>အရှေ့မြောက် ၆ | ၂ တနင်္လာ<br>အရှေ့ ၁၅ | ၃ အင်္ဂါ<br>အရှေ့တောင် ၈ |
| ၆ သောကြာ<br>မြောက် ၂၁ |  | ၄ ဗုဒ္ဓဟူး<br>တောင် ၁၇ |
| ၈ ရာဟု<br>အနောက်မြောက် ၁၂ | ၅ ကြာသပတေး<br>အနောက် ၁၉ | ၀ (၇) စနေ<br>အနောက်တောင် ၁၀ |

ကိစ္စများမြောင် လူတို့ဘောင်ဝယ် ထူမှုရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး သည် စသည်တို့ဖြင့် ရေးပေါင်းများစွာ ကြောင်းခြင်းရာများတို့မှာ ပြည့်နှက်၍ နေပေတော့၏။ တစ်ခါတစ်ရံ မည်သည့် ရေး'ကို ဦးစားပေးဖြေရှင်းရမည်ကိုပင် ခွဲရခက်သည်အထိဖြစ်တတ်ကြရလေ ၏၊ တချို့ကိစ္စများတွင် မူလအကြောင်း အရာကိုသာမက အခြားသောအကြောင်း အရာများကိုပင် ကူးစက်ဆက်နွယ်သွား သည်ကိုလည်း တွေ့မြင်ကြရပေမည်။ အဘယ်သူမျှ ဖော်ပြခဲ့ပြီးသော ဗဟုကိစ္စ များကို ပြီးပြည့်စုံစွာ နားလည်သိရှိနိုင် စွမ်းရှိမည်မထင်ပါ။

ထိုဗဟုကိစ္စခေါင်းစဉ်များမှ ကျန်း မာရေးနှင့် စပ်ယှဉ်သော ဗဟုသုတတစ် မျိုးကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ရေးသား တင်ပြမည်ဖြစ်ပါသည်။ ကျွန်ုပ် တင်ပြမည့် အကြောင်းအရာများမှာ လူ တိုင်းလူတိုင်းအတွက် တစ်နှစ်တာကာလ အတွင်း ရှောင်ကြဉ်ရမည့် အာဟာရစား သုံးခြင်းနှင့် မသင့်မြတ်သော အာဟာရ ကို စားသုံးမိ၍ ရောဂါဝေဒနာခံစားရ သောအခါ အဖြေဓာတ်စာစားသုံးနည်း ပင် ဖြစ်ပါသည်။ သတ္တဝါတိုင်း၏ အသက်ရှည်ရာ အနာမဲ့ခြင်းသည် အာ ဟာရကိုစွဲ၍ မူတည်သည်သာ ဖြစ်၏။ ဤဓာတ်ခိုက်၊ ဓာတ်ဖြေပညာရပ်ကို နှစ် ပေါင်း (၃၀) ကျော် လေ့လာ စောင့် ကြည့်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်း ဆေးပညာ ဆရာဖြစ်သင်တန်းဆင်း လက်မှတ်ရပြီးသည့်နောက်ပိုင်းတွင် အထူး ရှုပြုလေ့လာခဲ့ရာ ယခုအခါ၌ ခုနစ် ရက်သားသမီးတို့အတွက် အထောက် အပံ့ဖြစ်စေနိုင်ပြီဟု ယုံကြည်မိပါသော ကြောင့် ရေးသားတင်ပြခြင်းဖြစ်ပါသည်။

ဤနည်းပညာသည် မည်သည့် ဘေးထွက်ဆိုးကျိုးကိုမျှ ဖြစ်ပေါ်ခြင်းမရှိ နိုင်ပါ။ ကျယ်ပြန့်လွန်းလှပြီး သိရှိနား လည်ရန် ခက်ခဲစေသော ဂါထာ၊ ပါဠိ အသုံးအနှုန်းများကို ရှောင်ရှားလျက် လူတိုင်း လွယ်ကူစွာ သိရှိနားလည်မှတ်မိ စေနိုင်သော စကားပြေသက်သက်ဖြင့် သာ ရေးသားပါမည်။ ဆေးပညာ၊ ဗေဒင်ပညာတို့နှင့် ရင်းနှီးကျွမ်းဝင်ခြင်း မရှိသူများပင်လျှင် သိရှိနားလည်စေရန် အတွက် အဋ္ဌလင်္ဂြိုဟ်ခွင်၊ ဂြိုဟ်သက် နှင့် နေ့နံများကို ရေးသားရမည် ဖြစ်ပါ သည်။ သို့မှသာ တွက်ချက်သောအခါ တွင် စိတ်တွက်ဖြင့် လွယ်ကူစွာ ပြီး မြောက်မည် ဖြစ်၏။ တနင်္ဂနွေအစ စနေ အဆုံး နေ့ (၇)မျိုးတို့တွင် ဗုဒ္ဓဟူးနေ့ မွန်း လွဲပိုင်းကို ရာဟုနေ့သားသမီးဟု ဖြည့် စွက်၍ နေ့(၈)နေ့၊ ဂြိုဟ်(၈)လုံးဟု သတ် မှတ်ကြရပါမည်။ ဖော်ပြထားသော အဋ္ဌလင်္ဂြဖြင့် ဂြိုဟ် (၈) လုံး၊ နေ့ (၈)မျိုး သက်ဆိုင်ရာဂြိုဟ်သက်များနှင့် အရပ် မျက်နှာတို့ကို သိရှိနိုင်ပါမည်။

အထက်တွင် ဖော်ပြထားသော အဋ္ဌလင်္ဂကိုကြည့်၍ မိမိသည် မည်သည့် နေ့သား၊ မည်သည့်နေ့သမီး ဖြစ်သည်၊ မည်သည့်အရပ်မျက်နှာတွင်ရှိသည်၊ မိမိ တို့၏ ဂြိုဟ်သက်သည် မည်မျှရှိသည်တို့ ကိုကြည့်၍ မှတ်သားထားကြရမည် ဖြစ် ပါသည်။ ထိုသို့ သိရှိကြပြီးသောအခါ အလွန်လွယ်ကူသော အောက်ပါတွက် နည်းကို အသုံးပြု၍ တွက်ကြည့်လိုက် ပါ။

မိမိတို့ ယခုရောက်ရှိနေသော အသက်ကို တည်ပါ။

|  |  |  |  |
|---|---|---|---|
| ၁ | အင်္ဂ | ↘ | အဖန်ဖြင့်ဖြေ |
| ၂ | အဖန် | ↘ | အခါးဖြင့်ဖြေ |
| ၃ | အခါး | ↘ | အချဉ်ဖြင့်ဖြေ |
| ၄ | အချဉ် | ↘ | အဆိမ့်ဖြင့်ဖြေ |
| ၅ | အဆိမ့် | ↘ | အချို့ဖြင့်ဖြေ |
| ၆ | အချို | ↘ | အစပ်ဖြင့်ဖြေ |
| ၇ | အစပ် | ↘ | အငန်ဖြင့်ဖြေ |
| ၁ | အငန် | ↘ | အဖန်ဖြင့်ဖြေ |
| ၂ | အဖန် | ↘ | အခါးဖြင့်ဖြေ |
| အကြွင်းများ | ခိုက်သော အရသာများ |  | ခိုက်သော ဓာတ် ကို ဖြေနိုင်သော အရသာများ |



www.burmeseclassic.com

www.burmeseclassic.com

ငင်းတွင် မိမိတို့၏ မွေးနေ့အရ သက်ဆိုင်ရာ ဂြိုဟ်သက်ကို ပေါင်းထည့်ပါ။

ငင်းနောက် (၁) နုတ်ပေးပါ။ တည်ကိန်း ဖြစ်လာ၏။

တည်ကိန်းကို (၇) ဖြင့် စားပါ။ ရလဒ်ကို ပယ်၍ အကြွင်းကိုသာ ယူပါ။

ထိုအကြွင်းသင်္ချာများအရ အောက်တွင်တွဲလျက်ဖော်ပြထားသော အရသာရှိသည့်အာဟာရအစားအစာများသည် ရောဂါရစေနိုင်သော ခိုက်ဓာတ်များ ဖြစ်ကြ၏။

မိမိတို့ ရောက်ရှိနေသော အသက်အရ (၁) နှစ်တာကာလအတွင်း မည်သည့် အရသာရှိသည့် အာဟာရ အစားအစာများသည် (ဓာတ်ခိုက်) ဖြစ်နေကြောင်းကို မိမိတို့အကြွင်းအရ သိရှိရမည် ဖြစ်၏။ အကယ်၍ မလွှဲမရှောင်သာ စားသုံးခဲ့မိသည် ဖြစ်အံ့။ အထက်ပါဇယားတွင် ပြသထားသော (ဓာတ်မြေ) အရသာရှိသည့် အာဟာရအစားအစာများကို သင့်တင့်မျှတစွာ စားသုံးစေခြင်းဖြင့် ရရှိလာသော ရောဂါဝေဒနာများကို လျော့ပါး ပျောက်ကင်းစေမည် ဖြစ်ပါသည်။ ဤသည်ပင်လျှင် ရှေးပညာရှင်ကြီးများ ပြောဆိုခဲ့သော 'အစာလည်းဆေး၊ ဆေးလည်းအစာ' ဟူသည့် စကားတစ်ရပ်ကို မှတ်တမ်းဝင်ခဲ့စေခြင်း ဖြစ်ပါသည်။

အငန်ဓာတ်ခိုက်သော် အဖန်ဖြင့် အဖန်ဓာတ်ခိုက်သော် အခါးဖြင့်ဖြေ၊ အခါးဓာတ်ခိုက်သော် အချဉ်ဖြင့်ဖြေ၊ အချဉ်ဓာတ်ခိုက်သော် အဆိမ့်ဖြင့်ဖြေ၊ အဆိမ့်ဓာတ်ခိုက်သော် အချိုဖြင့်ဖြေ၊ အချိုဓာတ်ခိုက်သော် အစပ်ဖြင့်ဖြေ၊ တစ်ဖန် တစ်ပတ်လည်သောအားဖြင့် အစပ်ဓာတ်ခိုက်သော် အငန်ဖြင့်ဖြေစသည်ဖြင့် ဓာတ်ခိုက်၊ ဓာတ်ဖြေတို့ကို လွယ်ကူရှင်းလင်းစွာ သိရှိနိုင်ကြပါမည်။ အကြွင်း (၁) အရသာခိုက်လျှင် အကြွင်း (၂) အရသာဖြင့်ဖြေ၊ အကြွင်း (၂) အရသာခိုက်လျှင် အကြွင်း (၃)အရသာဖြင့်ဖြေ စသဖြင့်လည်း မှတ်ယူနိုင်ပါသည်။ အောက်ပါ လင်္ကာတိုကလေးကို ကျက်မှတ်ထားရုံမျှဖြင့် ကိစ္စပြီးတော့၏။

'ငန်၊ ဖန်၊ ခါး၊ ချဉ်၊ ဆိမ့်လျှင်
ချို၊ စပ်၊ ခိုက်ဖြေဓာတ်'

အထက်ပါ လင်္ကာတိုကလေးကို မည်သူမဆို တစ်ခဏအတွင်းမှာပင် အလွတ်ကျက်မှတ်နိုင်ပါမည်။ ထိုအခါ မိမိတို့ရောက်ရှိနေသော အသက်ဖြင့် တွက်ကြည့်ပြီးလျှင် ရှောင်ရန်၊ ဆောင်ရန်များကိုပါ သိနိုင်တော့၏။ လေ့ကျင့်ပါက အားလုံးကို စိတ်တွက်ဖြင့် လွယ်ကူစွာ သိရှိနိုင်ကြောင်း သိမြင်လာပါလိမ့်မည်။ နက်နဲကျယ်ပြန့်စွာ သိရှိလိုသူများအနေဖြင့် နရသုခိ၊ နရတန်ဆောင်စသော ကျမ်းရင်းများတွင် လေ့လာနိုင်ပါသည်။ ဆေးပညာရပ်ဖြင့် မရင်းနှီးဘူးသေးသော ပုဂ္ဂိုလ်များအတွက် ဥပမာတစ်ခု ထုတ်နုတ်၍ ထွက်ပြပါမည်။

၂၀၀၉ ခုနှစ်က ကျွန်ုပ်၏ ဇာတိမြေဖြစ်သော မကွေးမြို့သို့ ရောက်ဖြစ်ခဲ့ပါသည်။ ကျွန်ုပ်နှင့် ရင်းနှီးလှသော သူငယ်ချင်းတစ်ယောက်သည် တညင်းသီးပြုတ်နှင့် လက်ဖက်သုပ်တို့ကို စားပြီးနောက် ဆီးအောင့်၊ ဗိုက်နာ ပြင်းထန်စွာဖြစ်သဖြင့် ဆေးရုံသို့ပို့လိုက်ရသည်ဟု ပြောပါသည်။ အဘယ်မျှစားသနည်းဆိုသော် လက်ဖက်သုပ်တစ်ပန်းကန်နှင့် တညင်းသီးပြုတ် (၁၀) လုံးကုန်သည်ဟု ဆို၏။ သူသည် တနင်္လာသားဖြစ်ပြီး အသက် (၅၈)နှစ်ရှိကြောင်းကို ကျွန်ုပ်က သိထား၏။ စိတ်တွက်ဖြင့်တွက်ကြည့်ရာ ဓာတ်ခိုက်အရသာရှိသည့် အာဟာရ စားသုံးမှုဖြစ်နေတော့သည်။

၅၈ - ကျော်မင်းဦး၏အသက်
+ ၁၅ - တနင်္လာသား၏ဂြိုဟ်သက်
၇၃ - ပေါင်းရကိန်း
- ၁ - ပုံသေနုတ်ကိန်း
၇၂ - တည်ကိန်း
၇၂ ÷ ၇ = (ရလဒ် ၁၀-ပယ်)
အကြွင်း (၂)

'ငန်၊ ဖန်၊ ခါး၊ ချဉ်၊ ဆိမ့်လျှင် ချို၊ စပ်၊ ခိုက်ဖြေ'ဓာတ်အရ (၂)ကြွင်းသဖြင့် ဖန်သောအရသာရှိသည့် အစားအစာ အာဟာရတို့သည် ရောဂါရစေသော ဓာတ်ခိုက်ဖြစ်နေသည်ကို တွေ့ကြရမေမည်။ ကျွန်ုပ်သည် သူ၏ မိသားစုအား အဖြေဓာတ်ဖြစ်သော တမာရွက်များကို ထောင်းထု၍ အရည်ညှစ်ယူစေပါသည်။ လက်ဖက်ရည်ပန်းကန်တစ်လုံးစာခန့်ကို ရသောအခါ ပုလင်းဖြင့် ထည့်စေ၍ ကျွန်ုပ်တို့အားလုံး ဆေးရုံသို့လိုက်သွားကြပါသည်။ အသက်မမီတော့ပါ။ လမ်းမှပင်လှည့်၍ပြန်ခဲ့ကြရပါသည်။ ကျွန်ုပ်အနေဖြင့် လုံးဝစိတ်မချမ်းမသာဖြစ်သလို များစွာလည်း နောင်တရမိ၏။

ဤမျှလွယ်ကူသော တွက်နည်းကို ကျွန်ုပ်၏ ချစ်သူငယ်ချင်းအား တစ်ကြိမ်တစ်ခါသော်မျှ မပြောဖြစ်ခဲ့။ တွေ့ခဲ့ကြရသည့်အခါတိုင်းလည်း အခြားသော အကြောင်းအရာများကိုသာ ပြောဖြစ်ခဲ့ကြ၏။ သူသည် ကျွန်ုပ်အား လေးစားခင်မင်သူဖြစ်၏။ မကွေးမြို့ အ-ထ-က (၁)တွင် ပညာသင်ဖက် ဖြစ်ခဲ့ကြဖူး၏။ အကယ်၍သာ သူသိပြီးဖြစ်ခဲ့ပါလျှင် ထိုသို့ စားချင်မှစားဖြစ်ပေမည်။ အကယ်၍ စားမိခဲ့သည်ဖြစ်သော်လည်း အဖြေဓာတ် ကိုရှာနိုင်သဖြင့် ဤသို့ ဆိုးရွားမြန်ဆန် လှသော အခြေအနေသို့မရောက်တန် ရာ။ တတ်ကျွမ်းနားလည်သော သက် ဆိုင်ရာ ဆေးပညာရှင်များ၏ ကယ်မမှုကို ခံယူနိုင်ရန် အချိန်... လောက်စွာ ရရှိနိုင်မည်ဟု ယူဆမိ... သည်။ ကျွန်ုပ်သည် ထိုစဉ်ကပင်လျှင် ဤဆောင်းပါးအား ရေးဖြစ်အောင် ရေး... မည်ဟု ဆုံးဖြတ်ခဲ့သော်လည်း ယခုမှ... ရေးဖြစ်ပါတော့သည်။

ဤဓာတ်ခိုက်၊ ဓာတ်ဖြေပညာ... အသုံးပြုရာ၌ ပိုမိုထိရောက်စေရန်... အတိမ်းအစောင်းနည်းပါးစေရန် လိ... ပါးနပ်မှု လိုအပ်ပါသည်။ ဥပမာအား... (၁)ခုကြွင်းသော (အငန်) ဓာတ်ခိုက်... ရောဂါဝေဒနာရသော် (၂)ခုကြွင်း... သည့် (အဖန်) ဓာတ်ဖြင့် ဖြေရမည်... သိရှိရပေပြီ။ ထပ်မံ စဉ်းစားရန်မှာ -

အအေးငန်ဓာတ်ခိုက်လျှင် အ... ဖန်ဖြင့်ဖြေ၊ အပူငန်ဓာတ်ခိုက်လျှ... အအေးဖန်ဖြင့်ဖြေ၊ အအေးဖန်ဓာတ်... ခိုက်လျှင် အပူခါးဖြင့်ဖြေ၊ အပူဖန်ဓာတ်... ခိုက်လျှင် အအေးခါးဖြင့်ဖြေ၊ အအေး... ဓာတ်ခိုက်လျှင် အပူချဉ်ဖြင့်ဖြေ၊ အပူ... ဓာတ်ခိုက်လျှင် အအေးချဉ်ဖြင့်... အအေးချဉ်ဓာတ်ခိုက်လျှင် အပူဆိမ့်... ဖြေ၊ အပူချဉ်ဓာတ်ခိုက်လျှင် အအေး... ဆိမ့်ဖြင့်ဖြေ၊ အအေးဆိမ့်ဓာတ်ခိုက်လျှ... အပူချိုဖြင့်ဖြေ၊ အပူဆိမ့်ဓာတ်ခိုက်လျှ... အအေးချိုဖြင့်ဖြေ၊ အအေးချိုဓာတ်ခိုက်... လျှင် အပူစပ်ဖြင့်ဖြေ၊ အပူချိုဓာတ်ခိုက်... လျှင် အအေးစပ်ဖြင့်ဖြေ၊ အအေး... ဓာတ်ခိုက်လျှင် အပူငန်ဖြင့်ဖြေ၊ အပူ... ဓာတ်ခိုက်လျှင် အအေးငန်ဖြင့်ဖြေ။

အထက်ပါအတိုင်း စဉ်းစား... ဖြစ်၏ ထိုအခါ ပိုမိုထိရောက်သော... ညီမှုဖြစ်လာစေပါမည်။ ဥပမာ အ... ဓာတ်ကိန်းဝပ်နေသော အဆိမ့်အ... ရှိသည့် သီဟိုဠ်စေ့ကို စားမိ၍ ရော... သော် အအေးဓာတ် ကိန်းဝပ်နေ... အချိုအရသာရှိသည့် ကြံရည် (... မပါ)၊ သကြားဖျော်ရည်တို့ကို ... ရန် ဖြစ်၏။ အအေးဓာတ်ကိန်းဝ... သည့် အဆိမ့်အရသာရှိသော ...



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲ၊ နွား အစာအိမ်လေပြည့်ရောဂါ

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အတက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲဆောင်ရွက်မည်ဆိုသော်လည်း မြန်မာနိုင်ငံရဲ့ တောတောင်သဘာဝ အခြေအနေ၊ ပထဝီအနေအထား၊ တောင်သူလယ်သမားများရဲ့ စီးပွားရေးအခြေအနေ စတဲ့ အကြောင်းအမျိုးမျိုးတွေကြောင့် လယ်ယာတွေကို ထွန်ယက်တဲ့ လုပ်ငန်းတွေမှာ ဒီနေ့အထိ ကျွဲ၊ နွားတွေကိုပဲ အဓိကအားထားကာ ဆောင်ရွက်နေရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျွဲ၊ နွားတွေ ကျန်းမာရေးကောင်းဖို့ အရေးကြီးပါတယ်။ ကျွန်တော်ဟာ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနမှာ (၃၃) နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယနေ့ ပင်စင်ယူတဲ့အချိန်မှာလည်း ကျွဲ၊ နွားတိရစ္ဆာန်တွေကို ဆေးကုတဲ့ လုပ်ငန်းနဲ့ပဲ အသက်မွေးဝမ်းကျောင်းလျက်ရှိပါတယ်။ ခိုင်းကျွဲ၊ နွားတွေကို အားပြီးသုံးမယ်ဆိုရင် တစ်မနက်ခင်းကို သုံးထောင်ကျပ်မှ ငါးထောင်ကျပ်အထိ ပေးပြီး ထွန်ယက်ရပါတယ်။ မိမိတို့ရဲ့ ခိုင်းကျွဲ နွားတွေ ကျန်းမာရေးကောင်းမှ လုပ်အားကို မထိခိုက်ရဘဲ အချိန်နဲ့အခါနဲ့ ထွန်ယက်နိုင်မှာ ဖြစ်ပါတယ်။ အခုလို မိုးရာသီမှာ ကျွဲ၊ နွားတွေ အဖြစ်အများဆုံးရောဂါတစ်ခုကတော့ အစာအိမ်လေပြည့်ဖောင်းတဲ့ရောဂါ ဖြစ်ပါတယ်။ ဒီရောဂါဟာ အစာစားနေပြီဖြစ်တဲ့ ကျွဲ၊ နွားအားလုံးကို ဖြစ်စေနိုင်ပါတယ်။

ရောဂါသဏ္ဌာန်လက္ခဏာတွေကတော့ ကျွဲ၊ နွားရဲ့ ဘယ်ဘက်ဝမ်းဗိုက်ပိုင်းကိုကြည့်လိုက်ရင် ဗိုက်ကြီးပြည့်ဖောင်းပြီးကားနေတာ တွေ့ရမှာဖြစ်ပါတယ်။ ပါးစပ်ကလည်း သွားရည်ကျတတ်ပါတယ်။ ဆီးချုပ်ရင်တော့ ပိုပြီးဆိုးတတ်ပါတယ်။ ဝမ်းလည်းချုပ်တတ်ပါတယ်။ ရောဂါဖြစ်ပြီဆိုကတည်းက ကျွဲ၊ နွားဟာ စားမြုံ့မပြန်တော့ပါဘူး။ တဖြည်းဖြည်းကြာလာရင် လဲပြီး အသက်ရှူကျပ်လာတတ်ပါတယ်။ ဒီကို အခြေအနေမျိုးမှာ အချိန်မီ ဆေးမကုဘူးဆိုရင် ကျွဲ၊ နွားတွေ အသက်ဆုံးရှုံးသွားနိုင်ပါတယ်။ တချို့အရပ်ဒေသက တောင်သူတွေကတော့ နှံကောင်စားမိလို့ နှံတောက်တယ်လို့ ပြောကြပါတယ်။ တကယ်တော့ မဟုတ်ပါဘူး။ မြက်နုတွေ၊ အနှံပေါက်ခါစတွေ အစားများပြီး အစာအိမ်အချဉ်ပေါက်သွားတာပါ။ အစာအိမ်ထဲမှာ လေတွေဖြစ်ပေါ်လာပြီး လေတွေပြည့်ဖောင်းသွားတာပါ။ ဒီလိုရောဂါဖြစ်တာကိုတွေ့ကြုံရပြီ ဆိုရင်တော့ ပထမဦးဆုံး ကျွဲ၊ နွားကြီးတွေကို ပဲဆီ သို့မဟုတ် နှမ်းဆီ (၅၀) ကျပ်သား တစ်ခါတည်း တိုက်ထားလိုက်ပါ။ နောက် ချင်း (၅) ကျပ်သား၊ ဆင်တုံးမနွယ်တစ်တောင်ကို နုပ်နုပ်စဉ်းလိုက်ပါ။ ဆား (၂၅)ကျပ်သား ထည့်ပါ။ ရေသုံးပုလင်း (ရေသန့်ဘူးခွံဖြင့်) ထည့်ပြီး တစ်ပုလင်းကျန်အောင်ကျိုလိုက်ပါ။ သုံးခွက်တစ်ခွက်တင်ပေ့ါ။ အအေးခံပြီး တိုက်လိုက်ပါ။ အားလုံး တစ်ခွက်စာဖြစ်ပါတယ်။ ဒီဆေးနည်းဟာ ဒီနေ့အထိ ကျွန်တော့်ရဲ့ ပွဲတွေ့ဆေးတစ်လက်ပါပဲ။ ဆေးတိုက်ပြီး (၁၅) မိနစ်လောက်နေရင် ကျွဲ၊ နွားကို ဖြည်းဖြည်းမောင်းပေးပါ။ မိနစ် (၃၀) တစ်ကြိမ် မောင်းပေးပါ။ မကြာခင်မှာ ဆီး၊ ဝမ်း၊ လေတွေထွက်သွားပြီး နေကောင်းသွားပါလိမ့်မယ်။ သတိထားရမှာက ကောင်းသွားပြီဆိုပြီး အစာတွေ များများမကျွေးမိပါစေနဲ့။ အကောင်းဆုံးကတော့ ဒီလိုရောဂါမျိုးပေါ်တွေ့ကြုံရပြီဆိုရင် နီးစပ်ရာတိရစ္ဆာန်ဆေးကုဆရာဝန်ကို သွားခေါ်ပါ။ ဆရာမလာခင် အထက်ပါ ဆေးနည်းတွေကို အသုံးပြုထားမယ်ဆိုရင် အကောင်းဆုံးဖြစ်ပါလိမ့်မယ်။

*ကျွဲ၊ နွားကျန်းမာ ပြည်ချမ်းသာ*

ဆလိုင်းငွန်သိန်း(ရမည်းသင်း)

---

…သိပ်ဥ၊ ကျွဲနို့ခဲ စသည်တို့ကိုစား၍ ရောဂါရသော် အပူဓာတ်ကိန်းဝပ်နေသည့် အချိုအရသာရှိသော ထန်းလျက်၊ ပျားရည် စသည်တို့ကို ပေးသွင်းရန်ဖြစ်၏။ တစ်ဖန် အအေးဓာတ် ကိန်းဝပ်ပြီး ခါးသောအရသာရှိသည့် ဘိန်းကို သုံးဆောင်မှုများ၍ မထူနိုင်မထနိုင်ဖြစ်သော် အပူဓာတ်ကိန်းဝပ်ပြီး ချဉ်သောအရသာရှိသည့် အရက်အားပေးသွင်းရန်ဖြစ်၏။ အပူဓာတ်ကိန်းဝပ်ပြီး ခါးသောအရသာရှိသည့် နနွင်းကို အစားများသဖြင့် ကိုယ်လက်မအီမသာဖြစ်သော် အအေးဓာတ် ကိန်းဝပ်ပြီး ချဉ်သောအရသာရှိသည့် မက်လင်ချဉ်၊ ကင်ပွန်းချဉ်၊ ကျေ⋯ာ်ချဉ်စသည်တို့ကို ပေးသွင်းရန်ဖြစ်၏။ ပေးသွင်းရာ၌လည်း ရောဂါအခြေအနေကိုလိုက်၍ သင့်တင့်မျှတစွာ ချိန်ဆပေးသွင်းရမည်ဖြစ်၏။ ဤမျှဆိုလျှင် ကျန်သောဓာတ်ခိုက်၊ဓာတ်ဖြေများတွင်လည်း လိမ္မာကျွမ်းကျင်နိုင်ပြီ ဖြစ်ပါသည်။ မူလကျမ်းရင်းကြီးများတွင် တွေ့ရန်းဓာတ်တိုင်ဖြစ်သော 'ဆောင်၊ ခိုက်၊ ပျက်၊ ငုပ်၊ လွန်၊ ဆုံး၊ ချုပ်' တို့ဖြင့် ကျယ်ပြန့်စွာလာရှိသော နည်းပညာ၏ ဇာနှစ်သာရပိုင်းကို လွယ်ကူစွာ သိရှိနိုင်စေရန် အကျဉ်းချုံး၍ တင်ပြခြင်း ဖြစ်ပါသည်။

အစပ်လွန်လျှင် ငန်သောဆားကိုလျက်ခြင်း၊ အချဉ်စားများသွား၍ သွားကျိန်းလျှင် ဆိမ့်သောပဲဆန်ကိုဝါးခြင်း၊ ဟင်းများငန်သော် အဖန်ဓာတ်ဖြစ်သည့် မီးသွေးခဲကိုထည့်ခြင်း၊ ငှက်ပျောဖူးအဖန်ကို အခါးဖြစ်သော သင်္ဘောရွက်ဖြင့် ပြုတ်၍ သုပ်စားခြင်း၊ ဟင်းများတွင် အခါးဓာတ်များသော် အချဉ်ဓာတ်ဖြစ်သည့် သံပရာရည်ဆမ်းခြင်း၊ အဆီအဆိမ့်အစားများ၍ အီသော် ထန်းလျက်၊ ငှက်ပျောသီးမှည့်စားရခြင်း၊ အချိုလွန်ကဲသော် ချင်း၊ ငရုတ်ကောင်းခတ်ပေးရခြင်းစသော ကိစ္စရပ်များမှာပင်လျှင် ဓာတ်ခိုက်၊ ဓာတ်ဖြေပညာပါဝင်နေသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

ငွေအားဖြင့် လည်းကောင်း၊ ပစ္စည်းအားဖြင့် လည်းကောင်း များစွာရင်းနှီးမြှုပ်နှံမှုမပြုရဘဲ မိမိတို့နှင့်တကွ ပ⋯ဝန်းကျင်ရှိ ခုနစ်ရက်သားသမီးတို့အား မေတ္တာဓာတ်ကို အရင်းခံ၍ ကူညီကယ်မ ကုသိုလ်ရယူနိုင်သော နည်းပညာတစ်ရပ်အဖြစ် လက်ဆင့်ကမ်းခြင်းဟုလည်း ဆိုနိုင်ပါသည်။

မြောက်မြားလှစွာသောလူ့အကျိုးပြု ဗဟုသုတများစွာထဲမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှ အကျိုးဝင်ပေသည်ဟု သတ်မှတ်ချက်လျှင်ပင် များစွာ ဝမ်းမြောက်ပီတိဖြစ်ခြင်းသို့ ရောက်ရပါသည်ဟုလည်း ဆိုရမည်ဖြစ်ပါသည်။

*မွန်မြတ်လာဘာ၊ ကိုယ်ကျန်းမာ*

*ကြည်သာရွှင်ပျ၊ အေးစေသော်*

ဇော်ဂျီကျော်-မျိုးမြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com

# ဆန်းဗေဒင်ပညာတွင် လျှို့ဝှက်ထားသော
# ဂုဏ်တော်ပြန်ရတနာဒီပံဖယောင်းတိုင်စီရင်နည်း

ရေသဂင်္ဂါ-ကျော်ဝင်းအောင် (ပြည်-ဆည့်မြောင်း)

ဗေဒင်ပညာမျိုးစုံကို နှံ့စပ်သေချာစွာ လေ့လာသုတေသနပြုလျက်ရှိသော ဆရာကြီးဒလမင်းခေါင်သည် ဗေဒင်ပညာရပ်တို့ကို ရှာဖွေလေ့လာသူတိုင်းအားထားရသော သုတေသီတစ်ဦးဆိုပါက မမှားပါ။ ထိုကဲ့သို့ စေ့စပ်သေချာနှံ့စပ်စွာ လေ့လာ သုတေသနပြုနေသူတစ်ယောက် ကွယ်လွန်သွားသည့်သတင်းကြားရသည်မှာ အလွန်ဝမ်းနည်းစရာကောင်းလှသည့်အပြင် သုရဇ္ဇမဂ္ဂဇင်းကြီးနှင့် စာပေလောကတွင်ပါကြီးမားသော ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်သည်။ ရှင်တော်မြတ်ဘုရားဟောကြားခဲ့သော တရားတော်အတိုင်း သတ္တဝါဟူသမျှ ဖြစ်ပြီး ပျက်ရမည့် ဓမ္မတာကိုသာ လက်ကိုင်ထားပြီး ဖြေသိမ့်ရသည်။

ထို့အတူ ဆရာကြီးဒလမင်းခေါင်လေ့လာ ဖော်ထုတ်ခဲ့သော ဆန်းဗေဒင်ဆရာကြီးများ၏ သမားကိုင် ဂုဏ်တော်ပြန်စာမမီးထွန်းဖယောင်းတိုင်အကြောင်းကို စာရေးသူသည် လက်လှမ်းမှီသမျှလေ့လာ ရေးသား တင်ပြခဲ့ဖူးပါသည်။ ယခင် ရေးသား တင်ဆက်ခဲ့သော ဂုဏ်တော်ပြန်မီးထွန်းဖယောင်းတိုင်နည်းမှာ စာမများဖြင့် စီရင်ရသောကြောင့် ခက်ခဲနက်နဲကြောင်း ဝန်ခံပါသည်။ သို့သော်လည်း ဤခက်ခဲနက်နဲခြင်းမှ ကင်းလွတ်ပြီး အလျင်အမြန် အလွယ်တကူ စီရင်နိုင်သော ဂုဏ်တော်ပြန်စာလုံးအတိုင်းရေးသားစီရင်နည်းကို ထပ်မံဖော်ပြလိုက်ပါသည်။ သုရဇ္ဇမဂ္ဂဇင်းစာတည်းချုပ်နှင့် အဘ ဆရာကြီး ဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) နှင့် ဆရာကြီးဒလမင်းခေါင်(ကွယ်လွန်)တို့၏ စာဖတ်ပရိသတ်အပေါ် ထားရှိသော စေတနာ၊ မေတ္တာတရားတို့ကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှ ကျေးဇူးဆပ်သောအားဖြင့် ရေးသား ဖော်ပြပေးလိုက်ရခြင်း ဖြစ်ပါသည်။

ယခု ရေးသားမည့် ဂုဏ်တော်ပြန်စီရင်နည်းမှာ ဆန်းဗေဒင်ကို လေ့လာလိုက်စားသော ဒုတိအဆင့်ရှိ တပည့်များကိုဖြန့်ဝေပေးသောပညာရပ် ဖြစ်ပါသည်။ သို့သော် စာရေးသူသည် ဆန်းဗေဒင်ပညာကိုခုံမင်နှစ်သက်သော်လည်း ထိုအချိန်က ကလေးငယ် ကျောင်းသားဘဝသာဖြစ်၍ ဉာဏ်မမီသောကြောင့် မသင်ကြားခဲ့ရပေ။ ထိုသို့ မသင်ကြားခဲ့ရသော်လည်း အစ်ကိုသဖွယ်၊ ဦးလေးသဖွယ် ခင်မင်ရသော ဆရာသမားဖြစ်သူက တစ်ချိန်ချိန်တွင် လိုအပ်လာပါက အသုံးပြုနိုင်စေရန် ယတြာပညာများစွာကို မှတ်၍တစ်ဖုံ၊ နှုတ်ငုံဆောင်၍တစ်နည်း စာရေးသူကို ပြင်းပြင်းထန်ထန်လေ့ကျင့် သင်ကြားစေပါသည်။

ဆရာသည် စာရေးသူ ငယ်ရွယ်စဉ်က ဘာသာတရားကိုင်းရှိုင်းမှုများကိုသဘောကျ၍သာ သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ ရှောင်ရန်၊ ဆောင်ရန်များလည်း စာရေးသူတွင် ပြည့်စုံနေသောကြောင့် ဘုရား၊ တရား၊ သံဃာ့ဂုဏ်တော်ကျေးဇူးကြောင့် သင်ကြားရရှိခဲ့ခြင်းဆိုပါက မမှားပါ။ တစ်နည်းဆိုရသော် အနန္တငါးပါးကိုရိုသေခြင်း၊ ကိုင်းရှိုင်းခြင်းတို့ကြောင့် ရရှိလာသောပညာရပ်ဆိုပါက မမှားပါ။ စာရေးသူကို ဦးစွာပထမပြောပြ သင်ကြားပေးသောနည်းမှာ ဂုဏ်တော်ပြန်ယတြာဖယောင်းတိုင်နည်းပင် ဖြစ်ပါ သည်။

ထိုဖယောင်းတိုင်ကို တချို့ဆရာများက 'မဟာဒီပံလိုရာသုံး'ဟူ၍လည်း ခေါ်ဝေါ်ကြောင်း ပြောပြပါသေးသည်။ ထိုဖယောင်းတိုင်သည် စီရင်ရာလွယ်ကူသလောက် ထိရောက်မှုပြင်းထန်ထက်မြက်ပါသည်။ စီရင်သူ၏ သီလ၊ သမာဓိ၊ စရဏအားထုတ်မှုပေါ် မူတည်လျက် အကျိုးဖြစ်ထွန်းစေပါသည်။ စီရင်သူသည် ကျွဲသား၊ နွားသား၊ ခွေးသား၊ မြွေသား၊ လူသား စသည်တို့ကို ရှာသက်ပန်မစားသူဖြစ်ရခြင်း၊ မူးယစ်စေသောအရက်သေစာ၊ လင်ရှိသားမယားကို ကျူးလွန်သော ကာမေသုမိစ္ဆာကံကို ထာဝရ ရှောင်ကြဉ်နိုင်ရမည်။ အနည်းဆုံး စီရင်ချိန်အတောအတွင်း သက်ပယ်သက်သတ်လွတ်စားသုံးနိုင်ရပါမည်။ အနန္တငါးပါးအပေါ် ကျူးလွန်စော်ကားခြင်းကင်းသူဖြစ်ရမည်။ စသော စည်းကမ်းချက်များလိုပါက အချိန်မရွေး စီရင်နိုင်သည်။ စီရင်ရန်အတွက် သန့်ရှင်းစင်ကြယ်သော ဖယောင်းတိုင် (၃၂) တိုင်စက္ကူထုပ်တစ်ထုပ်နှင့် သိမ်(၉)သိမ် သို့မဟုတ် သိမ်တွင် (၉)ကြိမ်တိုတိဝင်ထား သော အပ်အကြီးတစ်ချောင်းသာ လို သည်။ အဓိဋ္ဌာန်ရက်ရှည်တည်ဆောက် နေသူများ အဓိဋ္ဌာန်ပြီးလျှင်ပြီးချင်း ဤဖယောင်းတိုင်နည်းကို စီရင်သုံးစွဲကြ ပါ။ အလွန်ထူးခြားသည်ဟု ဆရာသ မှ ဗဟုသုတအဖြစ် ပြောပြပါသည်။

ဤနေရာတွင် ယခင်သုရဇ္ဇမဂ္ဂဇင်း တွင် ဖော်ပြပြီးသော စာမဖယောင်း တိုင်နှင့် ကျင့်စဉ်တွင် ဂုဏ်တော်ပြ ဂါထာများကို ဖော်ပြပါရှိခဲ့သော်လည် ယခုစာဖတ်ပရိသတ်အတွက် ဂုဏ်တော် ပြန်ဂါထာကို ဆက်လက် ဖော်ပြလိုက် သည်။ ထိုဂုဏ်တော်ပြန်ဂါထာကို ... သယ မစိုးရိမ်ဂါထာဟု လည်းကော ရဟန္တာရှစ်ဆူဂါထာဟူ၍ လည်းကော ခေါ် ဆိုမှုမှုကွဲများ ရှိကြပါသေးသည် စာဖတ်သူ နားမရှုပ်စေရန် ရှင်းပြရ ဖြစ်ပါသည်။ ၎င်းဂုဏ်တော်ပြန်ဂါထာ စီရင်အသုံးပြုပုံများမှာ -

၁။ က္က၊ ရ၊ ဠော၊ ဂ၊ ဏ္ဍ၊ ရ ...
(အတိုက်အခိုက်အတွက်အသုံး ... ရန်)

၂။ တိ၊ ဟံ၊ စ၊ တော၊ ရော၊ ထံ ...
(ပီယသက်သက်အတွက် အသုံး ... ပြုရန်)

၃။ ပိ၊ သ၊ ရ၊ လော၊ ပု၊ သ ...
(ရောင်းရေးဝယ်တာများအတွက် အသုံးပြုရန်)

၄။ သော၊ မွာ၊ ဏ၊ က၊ ရိ ...
ဒွေါ (ယက္ခနဲ့ နတ်အဆော ... အတွက် အသုံးပြုရန်)

၅။ ဘ၊ သ၊ သ၊ ဝိ၊ သ၊ ...
(မြေနတ်နှင့် မြေကိုင်ဝေဒနာ ... အတွက်အသုံးပြုရန်)

၆။ ဂ၊ မ္ဘု၊ မ္ဘ၊ ဒ္ဓ၊ ခ၊ ဝ၊ ဂ ( ...
အခဲအတွက် အသုံးပြုရန်)

၇။ ဝါ၊ ဒွေါ၊ နွော၊ အ၊ မွ ...
(ရလိုမှုဟူသမျှအတွက် အသုံးပြု ... ရန်)

၈။ အ၊ ဝ၊ သု၊ နု၊ သ ...



www.burmeseclassic.com

www.burmeseclassic.com

(ရလိုမှုဟူသမျှအတွက် အသုံးပြုရန်)

ထိုအသုံးပြုပုံများမှာ အာစရိယ အရာသာ ဖြစ်ပါသည်။ တချို့မှုကွဲ ရှိကြပါသေးသည်ဟု ပြောပြပါ သည်။ ဂုဏ်တော်ပြန်ဂါထာကို ရွတ်ဆို ရန်အတွက် ဂုဏ်တော်ပြန်ဂါထာ သုံးထွက်ပုံများရေးပေးလိုက်ပါသည်။

၁။ အိရစ်ဇာဂတ်တရတ်သာ
၂။ တိဟံစတောရောထိန်
၃။ ပိသရလောပုသဗု
၄။ သွန်မာနကရိတ်ထဒ်ဒေါ
၅။ ဘသသဝိသဒေဘ
၆။ ဂန်ဘုံပဒ္ဓမ၀ဂ
၇။ ဝတ်ဒေါနော်အန်မမဝါ
၈။ အဝိသုနုသာနုတိ

ထိုဂုဏ်တော်ပြန်ဂါထာကို တစ်ပုဒ် ပုတီးတစ်လုံးကျဖြင့် ပုတီးစိပ်ပါက ပုဒ်ရှိသည့်အတွက် တစ်နေ့ကို ပုတီး ပတ်နှုန်းစိပ်ကြသူများလည်း ရှိပါ သည်။ ဂုဏ်တော်ပြန်ဂါထာမှာ မြတ်စွာ ရှင်၏ ဂုဏ်တော်ကိုးပါးကို ဂုဏ် ပြန်အဖြစ် သိဒ္ဓိရှင် မဟိဒ္ဓိရှင်ကြီး စီရင်ထားသော ပုတီးစိပ်ဟု ကြားသိ သည်။ ဂုဏ်တော်ပြန်ဂါထာကို ပေါ်မှအောက်သို့၊ အောက်မှအပေါ် သို့ အပြန်အလှန်ဖတ်ရှုကြည့်ပါက မူရင်း မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါး ဖြစ်လာသည်ကို အံ့သြဖွယ် တွေ့မြင်ရပါ မည်။ ထိုအကြောင်းများကြောင့် ဂမ္ဘီရ ဆန်စွာ ဖြစ်ပေါ်လာတာလားဟု သုံး သပ်မိပါသည်။ ထိုဂမ္ဘီရဆန်သောဂုဏ် တော်ပြန်ပုတီးဂါထာကို ဗဟုသုတဖြစ် စေရန်အတွက် အောက်တွင် ဖော်ပြပေး လိုက်ပါသည်။

ကဲ - စာဖတ်သူတွေတွေ့ကြပြီ မဟုတ်လား။ အပေါ်မှအောက်သို့အစဉ် အတိုင်းဖတ်ရှုပါက ဂုဏ်တော်ပြန်ဂါထာ ဖြစ်လာပါသည်။ အလွန်ဂမ္ဘီရဆန်လွန်း လှသည်။ ထို့ကြောင့် ယခုဂုဏ်တော်ပြန် ဖယောင်းတိုင်ပြုလုပ်နည်းကို အထင် မသေးပါနှင့်။ အမြင်မသေးပါနှင့်။ စိတ် ထဲက မပြစ်မှားပါနှင့်။ ဘုရားရှင်မှတစ် ပါးမရှိသော ဂုဏ်တော်များဖြစ်၍ ဓမ္မ အန္တရာယ်သင့်နိုင်ပါသည်။ ဂုဏ်တော် ပြန်ဖယောင်းတိုင် ပြုလုပ်မည်ဆိုပါက မိမိအသုံးပြုလိုသော ဂုဏ်တော်ပြန်ဘေး အကွက်ရှိ အသုံးပြုပုံရည်ညွှန်းချက်ကို သဘောပေါက်ရမည်။ မိမိဘာအတွက် လုပ်မည်။ ဘယ်အကြောင်းအရာအ တွက်ဆိုတာ တိကျဖို့လိုပါသည်။ စီရင် သူသည် ယခင် ရေးသားခဲ့သော စာမူ အတိုင်းပါ စည်းကမ်းချက်အတိုင်း ဖြစ် သည် စီရင်မည့်သူသည် -

၁။ ဘုရားတွင် ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာတိုင် ထွန်းလှူခြင်း၊
၂။ ငါးပါးသီလ ခံယူဆောက်တည် ခြင်း (ရေချိုးသန့်စင်ပြီး သန့် ရှင်းသော အဝတ်ကိုဝတ်ပါ။)
၃။ (၃၁) ဘုံရှိ ဝေနေယျသတ္တဝါ အားလုံးနှင့် မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်အားလုံးကို ကုသိုလ်ဒါန အမျှပေးဝေပါ။
၄။ ဤပညာကို တီထွင်ကြံဆခဲ့ သော သိဒ္ဓိရှင်မဟိဒ္ဓိရှင်များကို အမျှပေးဝေပါ။

ပြီးပါက ဘုရားဆောင်ရှေ့တွင် စီရင်ပါ။ ဖယောင်းတိုင်ပေါ်တွင် သိမ်ဝင် အပ်ဖြင့် အောက်ပါ နမူနာအတိုင်း ရေး သွင်းပါ။ ကိုးရက်အတွက် ကိုးတိုင်ပြုလုပ် ရမည်။ ပြုလုပ်ပြီးလျှင် မူရင်းဂုဏ်တော် ကိုးပါးကို ဖယောင်းတိုင်လက်ထဲထည့် ပြီး (၄၉)ခေါက်ရွတ်ပေးပါ။ ဒါဆို စီရင် တာ ပြီးဆုံးပါပြီ။ စီရင်သူ ရွတ်တာဖတ် တာ ဝါသနာရှိရင် ဝဏ္ဏသုတ် (ငုံးမင်း ပရိတ်) ကို ကိုးခေါက်လောက် ရွတ်ပေး ပါ။ ရွတ်နိုင်လေကောင်းလေဖြစ်သည်။

အထက်မှာဖော်ပြထားတဲ့အတိုင်း စီရင်ဆောင်ရွက်သွားလျှင် ဘာမှမှားစရာ အကြောင်းမရှိတော့ပါ။ စီရင်လုပ်ကိုင် ဆောင်ရွက်သူ၏ သီလပေါ်မူတည်ပြီး ပေါက်မြောက်စွာ အကျိုးပေးပါသည်။ ကွယ်ပျောက်လုနီးပါး ဖြစ်နေသော ဂုဏ် တော်ပြန်ယတြာဖယောင်းတိုင်စီရင်နည်း တစ်မျိုးဖြစ်ပါသည်။ ယုံကြည်စွာ စနစ် တကျ ဆောင်ရွက်ကြည့်ပါ။ အကျိုးထူး ပါသည်။ ဤကဲ့သို့ ဂမ္ဘီရဆန်သော ပညာ ရပ်များ ဖော်ထုတ် ရေးသားရခြင်း ကြောင့် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာ ဖြင့် ဂမ္ဘီရဆန်သော ကောင်းကျိုးပြု အတတ်ပညာများ မသင်ကြားရဘဲ တွေ့ကာမြင်ကာကြားကာမျှဖြင့် တတ် မြောက်ရပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ဘဝတိုင်တို နှင့် ရောက်ရပါလို၏ဟု ဆုတောင်းရင်း။


*(ဤပညာသင်ကြားပေးသူအစ်ကို ဦးလေးသဖွယ် ခင်မင်ရသော ရွက်ပုန်း သီး ပညာရှင် ဆရာ ဦးစန်းမောင်မှာ သေသည်၊ ရှင်သည် မသိရသော်လည်း လွန်ခဲ့သော နှစ်ပေါင်း (၃၀)နီးပါးခန့်က ရရှိထားသောပညာကို ရှိခိုးဦးခိုက်ကာ ရေးသား တင်ပြပါသည်။)*

ရသဂမ္ဘီရ-ကျော်ဝင်းအောင်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ဣ | ရ | ဟ္မာ | ဂ | တ္တ | ရ | သာ |
| ၂ | တိ | ဟံ | စ | တော | ရော | ထိ | နံ |
| ၃ | ပိ | သ | ရ | လော | ပု | သ | ဗု |
| ၄ | သော | မွာ | ဏ | က | ရိ | တ္ထာ | ဒ္ဓေါ |
| ၅ | ဘ | သ | သ | ဝိ | သ | ဒေ | ဘ |
| ၆ | ဂ | မ္မု | မ္မ | ဒူ | ဒ | ဝ | ဂ |
| ၇ | ဝါ | ဒ္ဓေါ | နွော | အ | မ္မ | မ | ဝါ |
| ၈ | အ | ဝိ | သု | နု | သာ | နု | တိ |

**မွေးနံ့သင့်ဂဏန်းများ**

တနင်္ဂနွေသားသမီး ၁ ဂဏန်း
တနင်္လာသားသမီး ၂ ဂဏန်း
အင်္ဂါသားသမီး ၃ ဂဏန်း
ဗုဒ္ဓဟူးသားသမီး ၄ ဂဏန်း
ကြာသပတေးသားသမီး ၅ ဂဏန်း
သောကြာသားသမီး ၆ ဂဏန်း
စနေသားသမီး ၇ ဂဏန်း






www.burmeseclassic.com

www.burmeseclassic.com

**သင်္ချိုင်းဇရပ်မှာ တစ်ညတာ**

လမ်းဘေးတစ်ဖက်တစ်ချက်တွင် စီတန်း၍ပေါက်နေကြသော ကုက္ကိုပင်ကြီးများကြောင့် သုသာန်သို့သွားရာ လမ်းတစ်လျှောက်မှာ အမှောင်ထုက စိုးမိုးထားသည်။ ယခုအချိန်မှာ မိုးက တဖြိုးဖြိုးတဖြောက်ဖြောက်နှင့်ရွာလိုက်၊ တိတ်လိုက်ဖြစ်နေ၏။ မိုးတိတ်သွားချိန်မှာထွက်ပေါ်လာတတ်သောကြယ်ရောင် ဖွေးဖွေးလေးတွေက ကုက္ကိုကိုင်းတွေကြားမှတိုးထွက်ကာ လမ်းပေါ်ကို ကွက်တိကွက်ကျားကျနေ၏။ သို့သော် အမှောင်ထုက ကြီးစိုးလာသောအခါမှာ တော့ ဘာတစ်ခုမှ သဲကွဲစွာမမြင်တွေ့ရ တော့ဘဲ အရှင်ဝိဝေကမှာ တောင်ထွေး



www.burmeseclassic.com

www.burmeseclassic.com

# တရားအားထုတ်သူ တစ်ယောက်အကြောင်း(၃)

### ထုံးတောင်-အရှင်ဇမ္ဗူပိယ(ပြောင်)

ဆောက်ပြီး မှန်းဆလျှောက်လာရသည်။

ရွှေမှာ သုသာန်နယ်မြေအစပ်ကို ရောက်တော့မည် ဖြစ်၏။ သုသာန်ဝင်း မရောက်ခင် လမ်းဘေးတစ်နေရာမှာ ရှိသော တဲအိမ်လေးနှစ်လုံးကို အမှောင် ထုအောက်မှာ တွေ့ရ၏။ တဲအိမ်အမည် ခိုင်ရုံဆောက်လုပ်ထားသောဝါးလုံးတိုင် ငုတ်နဲ့နဲ့များအပေါ်မှာ ဘိလပ်မြေအိတ် ခွဲတွေမိုးထား၏။ ဘေးပတ်ပတ်လည်မှာ ဘိလပ်မြေအိတ်ခွံတွေ ကာရံထား၏။ ထိုသို့ ဘိလပ်မြေအိတ်ခွံဖြူညစ်ညစ် အရောင်တွေကြောင့်လည်း ညမိုက် အမှောင်ထုအောက်မှာ တဲအိမ်တွေရှိ နေမှန်း သိနိုင်ခြင်း ဖြစ်သည်။

ဒီတဲနှစ်လုံး ပိုင်ရှင်တွေကိုတော့ အရှင်ဝိဝေက မျက်မှန်းတန်း သိနှင့်ပြီး ဖြစ်၏။ လူသူလေးပါးကြားမှာ ဝင်ဆံ့ခွင့် မရကြရှာသောကိုယ်ရေပြားရောဂါသည် မိသားစု ဖြစ်၏။ ပေါင်းစု၍နေကြသော ကြောင့်သာ မိသားစုဟု မှတ်ယူလိုက် သော်လည်း မည်သို့တော်စပ်ကြသည် ကိုတော့ အရှင်ဝိဝေက မခန့်မှန်းနိုင်ပါ ။ သူတို့အုပ်စုမှာ ယောကျ်ားကြီးနှစ် ယောက်၊ မိန်းမကြီးတစ်ယောက်၊ မိန်းမ ငယ်ငယ်တစ်ယောက်နှင့် လေး၊ ငါး နှစ်အရွယ် ကလေးတစ်ယောက်တို့ ဖြစ်

ပေ။ အရှင်ဝိဝေကမှာ ရွှေ့ကို ခြေလှမ်း (၂၀) ခန့်လျှောက်လိုက်လျှင် သချိုင်း အပေါက်ဝကိုရောက်ပြီ ဖြစ်၏။ သုသာန် နယ်မြေအဖြစ် ဝါးလုံးတန်းများ ကာရံ ထားပြီး ဆူးခက်အနည်းငယ်ကပ်ထား ၏။ သချိုင်းထဲသို့ဝင်ရာ အပေါက်ဝဘေး နားမှာ လူသွားလမ်းမြောင်လေးရှိပြီး လူ နေတဲအိမ်ကလေးတစ်လုံးကို သပ်သပ် ရပ်ရပ် ဆောက်လုပ်ထားသည်။

အရှင်ဝိဝေက တဲအိမ်ရှေ့ကိုသွား ပြီး နားစွင့်ကြည့်လိုက်သည်။ အတွင်းမှ မီးရောင်မှိန်ပျပျနှင့် ဘုရားရှိခိုးသံသဲ့သဲ့ ကြားရ၏။ သုသာန်စောင့်အဘိုးကြီးဦးမြ သိုးတို့ဇနီးမောင်နှံ ဘုရားရှိခိုးနေကြတာ ဖြစ်သည်။ အရှင်ဝိဝေက ဘုရားရှိခိုးသံ ကို နာယူရင်း တဲရှေ့မှာ ခေတ္တရပ် စောင့်နေလိုက်သည်။ ဘုရားရှိခိုးသံဆုံး သွားမှ ခပ်တိုးတိုးသာဓုခေါ်ရင်း ချောင်း ဟန့်သံပေးလိုက်သည်။ အတွင်းမှ သုဘ ရာဇာကြီး ဦးမြသိုးက -

"ဦးပဥ္စင်းလား"

"ဟုတ်တယ် ဒကာကြီး"

"တဲထဲကိုဝင်ဦးမလား၊ သောက် ရေတွေဘာတွေကော ပါရဲ့လား"

"မဝင်တော့ဘူးဒကာကြီး၊ ဦးပဥ္စင်း ပြောထားတဲ့အတိုင်း ဇရပ်ပေါ်မှာအဆင်

သင့်ရှိရင် သွားတော့မယ်"

"ဒါဆို တပည့်တော် ထိုက်ပါပြီ တော့ဘူး။ အရှင်ဘုရား အသုံးအဆောင် မှာန်းရှုဖို့ နေ့လယ်ကရောက်လာတဲ့ အလောင်းကို အုတ်ဂူမသွင်းသေးဘဲထား တယ်။ ဇရပ်ပေါ်က အခေါင်းထဲမှာ ရှိ တယ်။ အခေါင်းအဖုံးကိုလည်း ဖွင့်ထား ပေးတယ်။ ပုပ်စော်တော့တော်တော်နံ နေပြီ"

"ကျေးဇူးတင်ပါတယ် ဒကာကြီး ရယ်"

"ကဲ- ဒါဆို ကြွ၊ ကြွ။ ကြောက်ရင် တော့ တပည့်တော်ကို အော်ခေါ်လိုက်"

အရှင်ဝိဝေက သူတို့တဲရှေ့မှခွာပြီး သုသာန်တွင်းသို့ သတိနှင့်တဖြည်းဖြည်း တိုးဝင်လာခဲ့သည်။

သုသာန်စောင့်အဘိုးကြီး ဦးမြသိုး တို့ဇနီးမောင်နှံကို အရှင်ဝိဝေက အမှန် တကယ် ကျေးဇူးတင်ပါသည်။ ဘဝပေး အခြေအနေအရ သုဘရာဇာများဖြစ်နေ ကြရသော်လည်း ဘုရား၊ တရားမှန်းအထူး သိ၏။ သံဃာကို အထူးတလည် ကြည် ညိုတတ်၏။ တစ်ပါးသူကို ကူညီချင်စိတ် ရှိ၏။ ရွှေ့မှတဲနှစ်လုံးက ကိုယ်ရေပြား ရောဂါသည်များကိုလည်း သူတို့လင် မယားကပင် စောင့်ရှောက် ကူညီပေး



သည်။ ထူးဆန်းသည်မှာ လူကြီးများ အားလုံး ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ရောဂါကိုယ်စီရှိကြသော်လည်း ကလေး ငယ်မှာ ဘာရောဂါမှမရှိဘဲ သန့်သန့်စင် စင် ချစ်စရာကောင်းနေတော့၏။ နံနက် မိုးလင်းသည်နှင့် အားလုံး တဲကထွက်၍ မြို့ထဲမှာလှည့်လည်တောင်းရမ်းကြ၏။ ညနေစောင်းမှ ပြန်လာကြပြီး သုသာန် ထဲကဇရပ်မှာ စုပေါင်းစားသောက်ကြ ကာ တဲထဲမှာ ညအိပ်ကြသည်။ ထိုလူ အုပ်စုကိုကြည့်ပြီး ဘဝ၏ ဝဋ်ကြွေးသား ကောင်များအဖြစ် အရှင်ဝိဝေက သံဝေဂ ရမိပါသည်။

ညဉ့်အတော်နက်လာပြီဖြစ်၍ တဲ များအတွင်းမှမီးရောင်ကို မတွေ့ရတော့



www.burmeseclassic.com

www.burmeseclassic.com

ထားသည်။ ရုပ်ရည်ရူပကာကြမ်းတမ်း ခက်ထန်သော်လည်း နူးညံ့သောသူတို့၏ စိတ်နေစိတ်ထားကို အရှင်ဝိဝေက မှန်းဆ၍ရပါသည်။ ရုပ်ဆိုးပြီး ခပ်ပြတ်ပြတ် မှန်မှန်ပြောဆိုတတ်သောကြောင့် မြို့လူထုက သူတို့ကို ရွံကြောက်ကြီးဖြစ်နေကြသော်လည်း ဒီမြို့မှာနေပါက တစ်နေ့နေ့တစ်ချိန်ချိန်မှာ သူတို့နှင့် မဖြစ်မနေ ဆက်ဆံကြရမည်သာ ဖြစ်လေသည်။

ယခုပင်ကြည့်ပါ။ မြို့ပေါ်မှအချမ်းသာဆုံး၊ စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်းတွေနှင့် ပြည့်စုံသည် ဆိုသော သူဌေးကြီးတစ်ယောက်မှာ သုသာန်အလယ်က ဇရပ်ပေါ်၌ ဦးမြသီး၏လက်ကို ဝကွက် အပ်နှံထားခံခဲ့ကြရပြီ မဟုတ်ပါလော။

မြေတွေ ဘယ်လောက်ပိုင်ပိုင်၊ တိုက်တာ၊ ကား၊ ပစ္စည်းဥစ္စာရတနာများ မည်မျှရှိနေပါစေ သေသွားတော့လည်း မြေထဲမှာ အားလုံးရောနှောသွားရတာ ဖြစ်၏။ လူ့ဘဝ ဆိုတာ ပုခက်နဲ့စပြီး ခေါင်းထဲမှာ လမ်းဆုံးကြရတာ ဖြစ်၏။ ပုခက်နှင့် တဖြည်းဖြည်း ဝေးလာလေ ခေါင်းထဲရောက်ဖို့ နီးလာလေ ဖြစ်၏။ မသေသေးခင် ပေါင်းသင်းဆက်ဆံနေကြရသော်လည်း သေရင်တော့ ခေါင်းထဲရောက်ကြတာပဲ ဖြစ်၏။ မသေခင်မှာ အိမ်ထဲ၊ ကျောင်းထဲ သွားသွားလာလာ စားသောက်နေကြရပေမယ့် သေသွားတော့ အပြင်ကိုထုတ်၊ သုသာန်ကိုပို့ ပစ်ကြ၏။ စက်ဆုပ်စရာ ဒီခန္ဓာကလည်း မကြာခင် ပုပ်စော်နံလာမှာ ဖြစ်သည်။

အမှန်တော့ မသေခင် အသက်ရှင်စဉ်ကပင် ဒွါရပေါက်မျိုးစုံတို့မှထွက်ကျလာသော အပုပ်နံ့တွေ၊ ရွံစဖွယ် အညစ်အကြေးတွေ အချိန်နှင့်အမျှ ထွက်ကျနေတာ ဖြစ်၏။ သို့သော် အပုပ်နံ့ မထွက်အောင်၊ ချွေးစော် ညှီစော် မနံအောင် ဆပ်ပြာရေမွှေး၊ အမွှေးနံ့သာမျိုးစုံတို့နှင့် တိုက်ချွတ်၊ ဆေးကြော၊ ဆွတ်ဖျန်း လိမ်းကျံနေကြရတာ ဖြစ်သည်။

အသက်ရှင်စဉ်မှာ ပြုပြင်နေလို့ရသည့်အတွက် သက်သာရာရကြသော်လည်း သေသွားသည့်အခါမှာတော့ သဘာဝခန္ဓာက ရွံစရာ၊ မသတီစရာ၊ အညစ်အကြေး၊ အပုပ်အသိုးမျိုးစုံတို့ ထွက်ကျပြီး ပိုးလောက်တို့ပျော်စံရာ နေအိမ်ကြီးဖြစ်တော့၏။ သည်တော့လည်း အိမ်ထဲမှာ မည်သူကမျှ မထားချင်။ သုသာန်တစပြင်ကိုထုတ်ပြီပေါ့။ ဘယ်သူကမှ ချစ်လှချည်၊ မခွဲနိုင်ပါဘူးဆို၍ သင်္ချိုင်းမှာ တစ်ညလိုက်မအိပ်ပေ။

ဂုဏ်ရှိ၊ ဂုဏ်မဲ့၊ ချမ်းသာ၊ ဆင်းရဲပုဂ္ဂိုလ်အစုစု နောက်ဆုံးတော့ ဒီနေရာကို ရောက်လာကြမှာ ဖြစ်၏။ အကျီတစ်ထည်၊ လုံချည်တစ်ထည်နှင့် ပိုက်ဆံ ကြေးပြားတစ်ပြား၊ နှစ်ပြားကလွဲပြီး အဖိုးတန်ပစ္စည်းဆိုလို့ ဘာတစ်ခုမှ သူတို့ ယူဆောင်ပြီးလာနိုင်ကြတာ မဟုတ်ပေ။

တရားကိုပစ်ထား၊ သတိမထားကြ၍သာ လောကတစ်ခွင်မှာ ငါနှင့်ငါသာ နိုင်းယှဉ်စရာတွေလုပ်နေကြတာဖြစ်၏။ တရားသဘောကို အမှန်တကယ် စဉ်းစားကြည့်ပါက ခံမင်စရာ၊ ယုံချင်စရာ၊ ခင်တွယ်စရာ၊ ကြင်နာစရာ ဘာမှမရှိပေ။

သို့သော် တရားမမြင် မဆင်ခြင်နိုင်သရွေ့တော့ လောကီအာရုံ ကာမဂုဏ် စုံမြိုင်တောမှာ မမောနိုင်မပန်းနိုင် နေ့ရှိသရွေ့ ပျော်မွေ့နေကြတာပဲ ဖြစ်၏။

ထိုသို့ မမွှန်ယှဉ်သော ဆင်ခြင်သုံးသပ်မှုကို အရှင်ဝိဝေက စဉ်းစားမိပြီး ပင့်သက်တစ်ချက်ကို ခပ်ပြင်းပြင်း ရှူရှိုက်လိုက်သည်။ ရဲစိတ်ဝင်သွားပြီး ရှေ့က အမှောင်ထုထဲသို့ တိုးဝင်လိုက်၏။ သုသာန်နယ်မြေသည် ပိန်းပိတ်အောင် မှောင်နေသော အမှောင်ထဲ၌ ငြိမ်သက်စွာ လဲလျောင်းနေ၏။ စိတ်ချောက်ချားစဖွယ် တိတ်ဆိတ်နေ၏။ လကွယ်ညသန်းခေါင်ယံ တောအုပ်အလယ်မှာ ရောက်နေသလို သိမ်ငယ်စိတ်တွေ ဝင်လာ၏။

သစ်ပင် သစ်ရွက်တွေကလည်း မလှုပ်ရှား။ ကျေးငှက်သတ္တဝါတို့၏ မြည်ကြွေးသံတိတ်နေ၏။ တမလွန်ကို ကူးပြောင်းသွားကြသော အထီးကျန်သူများ၏ အုတ်ဂူ မြေပုံတို့ကလည်း မလှုပ်မချောက်။ အမှန်တော့ သုသာန်ဟူသည် တရားမမွှန်နှင့် မမြင်တတ်သူများအတွက် ကြောက်စရာ၊ လန့်စရာကောင်းသော်လည်း ဆင်ခြင်တတ်သူများအနေနှင့်မူ တရားသံဝေဂရစရာချည်းပင်။

ရဟန်းတော် အရှင်ဝိဝေက လက်နှိပ်ဓာတ်မီးကိုထိုးပြီး သင်္ချိုင်းအလယ်လောက်က ဇရပ်ဘက်ကိုရောက်အောင် လျှောက်သွားသည်။ လက်နှိပ်ဓာတ်မီးရောင်ကြောင့် သင်္ချိုင်းတွင်းမှ သစ်ပင်ကြီးငယ်တွေ၊ အုတ်ဂူတွေ လှုပ်ရှားယိမ်းထိုးပြီး သရဲတစ္ဆေ လက်တံတွေလို ကစားနေကြ၏။ မြေပုံမှတ်တိုင်တွေ၊ အုတ်ဂူပျက်တွေကလည်း ထိုးထိုးထောင်ထောင် ကြောက်စဖွယ်အာရုံတွေကိုဖန်လာပြန်၏။

အရှင်ဝိဝေကမှာ ကြောက်စိတ် မဝင်အောင်သတိကပ်ဆင်ခြင်ရင်း ဇရပ်ရှေ့ကို အရောက်လှမ်းသွားလိုက်သည်။ ဇရပ်ရှေ့က လှေကားအရောက်မှာ ရုံးတစ်ချက်တိုးဝှေ့သံနှင့် ပြင်းထန်သော ပုပ်အဲ့အဲ့အနံ့က ကြက်သီးတွေ ပြီး ခြေလှမ်းကို တုံ့ခနဲ ရပ်သွားစေ စိတ်ထဲမှာ အော်ဂလီဆန်ကာ အန် စိတ်တွေပေါ်လာသည်။ ဇရပ်ပေါ် အခေါင်းအဖုံး ဖွင့်ထားသော ရုပ် လောင်းကြီးက သူ့သဘောသူဆော အပုပ်နံ့တွေ ထောင်းထောင်းထအော ထုတ်လွှတ်နေပြီ ဖြစ်သည်။

အရှင်ဝိဝေက၏အလုပ်မှာ ဇ ပေါ်တက်ပြီး ထိုအခေါင်းကြီးရှိရာ သွားရမည်။ ပြီးတော့ အခေါင်းထဲ ရှိသော ပုပ်ပွခါစရုပ်အလောင်းကို ပြီး အသုဘကမ္မဋ္ဌာန်းရှုပွားဖို့ ဖြစ် ယခုတော့ သုသာန်ဇရပ်ပေါ်မရော ခင်မှာပင် ကြောက်ရွံ့စိတ်တွေ ဖွားပေါ်လာပြီး ဇောချွေးတွေပြန် သည်။ ထိုအခိုက် သုသာန်ထောင့် နေရာမှ ခွေးအူသံ စူးခနဲ ကြား ကြက်သီးမွေးညင်းတွေထောင်ထလာ သည်။ လက်နှိပ်ဓာတ်မီးကို ပိတ်လိုက် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထု ဖုံးလွှမ်းသွား၏။

ကြောက်ရွံ့စိတ်သည် ဆုတ် သော ဒေါသစိတ်ပင် ဖြစ်၏။ တ သော ဒေါသ၊ မာန်မာနတွေနှင့် လောကအလယ်မှာ ခန့်ထည်ခဲ့စဉ် 'ငါ့ဒေါသ' ကိုပင် အခြောက်တိုက် ယူ မာန်ဝင့်ခဲ့သော အရှင်ဝိဝေက တော့ ညမိုက်အမှောင်တွင်းက သုသာ အလယ်မှာ ဒေါသက သူ့ကို အနိုင် နေပြီလား။ ခြေဦးကို နောက်ပြန်လ မပြေးမိအောင် ဝင်သက်၊ ထွက်သ ခပ်ပြင်းပြင်းရှူရှိုက်ပြီး သတိသမ္ပ ကို ပြန်လည် စုစည်းလိုက်၏။ ကြော ရွံ့စိတ်ကြောင့် တုန်လှုပ်နေသော ကိုယ်ကို သတိ၊ ပညာဖြင့် ထိန်းချုပ် ၏။ အသိတရားမှာ သတိကပ်သွား နှင့် တစ်ပြိုင်နက် ထင်ထင်ရှားရှား နေသော ကြောက်ရွံ့စိတ်ကို ဉာဏ် စူးစိုက်၍ရှု၏။ နှစ်ပေါင်းအတော် ရှုမှတ်ပွားများခဲ့သော သတိပဋ္ဌာန်တ ၏ စွမ်းရည်က ခြေလွှတ်လက်လွ မတတ်ဖြစ်နေသောခန္ဓာကိုယ်ကို ချုပ်နိုင်စွမ်းရှိလာပြီဖြစ်သည်။ ကြော ရွံ့စိတ်၏အရှိန်ကြောင့် တုန်လှုပ် သောရုပ်ခန္ဓာကြီးကို ပြန်လည် တည လာအောင် ဇရပ်လှေကားရင်း



www.burmeseclassic.com

www.burmeseclassic.com

တ်ရပ်ပြီး အရှင်ဝိဝေက သတိပဋ္ဌာန် ရားကို ပွားများအားထုတ်လိုက်သည်။

ထိုသို့ အားထုတ်နေရင်းမှာပင် ယ်တီဆရာတော်ဘုရားကြီး မိန့်တော် သော 'ခွေးတိုးမခံ၊ ဝက်တိုးမခံ မာဓိ' ဆိုတာကို အမှတ်ရနေသေး ည်။ အသိနှင့် သတိကို ထပ်တူထပ်မျှ မှတ်ဆက်အောင် ပွားများအားထုတ် ခြင်းမရှိပါက ယိုင်နဲ့နဲ့သမာဓိက ခြေ ကို နောက်ပြန်ပြေးအောင် တွန်းလှတ် တော့မည်။

သုသာန်အလယ်မှာ ညအချိန် စ်ပါးတည်း အားကိုးရာမရှိ။ ဘေးပတ် ည်မှာ ဝန်းရံနေသော အုတ်ဂူတွေ၊ ပ်မှတ်တိုင်တွေ၊ ဇရပ်ပေါ်မှာ လူသေ လောင်းတစ်လောင်း၊ သည်းအူပြတ်မျှ ော်ဂလီဆန် ကြောက်စဖွယ် အပုပ်နံ့၊ ည်းမှောင်နေသောပတ်ဝန်းကျင်၊ ဒီလို ခြေအနေမျိုးမှာ သပိတ်ကိုလွယ်လျက် ောင်ဝှေးကိုထောက်ပြီး သုသာန်ဇရပ် စ်ခုရှေ့မှာ ကိလေသာစစ်ပွဲကို သူနိုင် ယ်နိုင် တိုက်ခိုက်နေသော ရဟန်း စ်ပါး။

တကယ်တော့ ကြောက်စရာ ပတ် ကျင်အာရုံတွေကို ကြောက်တတ် သော၊ သံသရာအဆက်ဆက် စွဲကပ်ပါ ခဲ့သော၊ ကုရာနတ္ထိ ဆေးမရှိသော လေသာကိုယ်တွင်းနာကို သတိပဋ္ဌာန် ရှုကြောင့် မိမိသန္တာန်မှာ ထင်ဟပ် သည့် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ော စသော ဗိုလ်ငါးပါးဖြင့် ခံစစ်ဆင် င်း အလူးအလဲ တိုက်ပွဲဆင်နွဲနေရ း ဖြစ်သည်။ မကြာခင်မှာ အညီ ဖြစ်ပြီး အားရှိစပြုလာပြီဖြစ်သော ဗောဓိပက္ခိယတရားတို့၏ တန်ပြန်တိုက် ကြောင့် ကြောက်ရွံ့စိတ်တွေ ငုပ်လျှိုး ပျောက်ကွယ်သွား၏။ အရှင်ဝိဝေက၏ မှာ ပြန်လည် တည်ငြိမ်စပြုလာပြီ သည်။

ပတ်ဝန်းကျင်ကို ပြန်လည် နားစွင့် အကဲခတ်လိုက်သည်။ အားလုံးက အတိုင်းပင် တိတ်ဆိတ်နေဆဲ။ ဖြောက်ဖြောက်ကျနေသော မိုးဖွား များကြောင့် သုသာန်ဇရပ်ပေါ်ကို တက်လိုက်၏။ ဇရပ်ပေါ်ရောက် တော့ ဇရပ်အလယ်ကောင်မှ လူသေ ောင်ထည့်ထားရာ အခေါင်းကြီးကို တ်မီးနှင့် လှမ်းထိုးကြည့်လိုက်သည်။ အလယ်က ခုတင်ပုလေးအပေါ် အခေါင်းကြီးရှိ၏။ အရှင်ဝိဝေက မှတ်သတိမလွတ်စေဘဲ အခေါင်းကြီး ကို ဖြည်းညင်းစွာကပ်သွားသည်။

စိတ်ပညာသဘောတရားအရ မိုင်ကုန်အောင်ကြောက်ပြီးသွားလို့ ကြောက်စိတ်တွေ နောက်ထပ် မဖြစ်တော့တာလား သို့မဟုတ် သတိပဋ္ဌာန် သမာဓိကြောင့် ကြောက်စိတ်တွေငြိမ်ဝပ်နေတာလား မသိ။ လူသေအခေါင်းကြီးနားကို ကပ်သွားသော အရှင်ဝိဝေကမှာ ကြောက်ရွံ့စိတ်တွေကင်းနေတာကတော့ အမှန်ပင်။ သုဘရာဇာကြီး ဦးမြသီး အဖုံးဖွင့်ပေးထားသော အခေါင်းကြီးဘေးမှာရပ်မိသည်နှင့် အရှင်ဝိဝေက အခေါင်းအတွင်းက အလောင်းကောင်ကြီးကို ဓာတ်မီးနှင့် ရဲရဲတင်းတင်းပင်ထိုးကြည့်လိုက်သည်။ ဝေါခနဲ ထပျံလာကြသော ယင်ကောင်မည်းမည်းကြီးတွေနှင့် စူးခနဲ အပုပ်နံ့ကြောင့် အရှင်ဝိဝေက၏ဦးခေါင်းမှာ ဘေးသို့ ချာခနဲ ယမ်းခါသွား၏။ အရှင်ဝိဝေက နှာခေါင်းကို သင်္ကန်းစနှင့် အုပ်လိုက်ပြီး အလောင်းကောင်၏ မျက်နှာကြီးကို ဓာတ်မီးနှင့် သေသေချာချာထိုးကြည့်သည်။

မြို့ပေါ်မှာ အချမ်းသာဆုံးသူဌေးကြီးတဲ့လား။ ခြေရုံသင်းပင်းတွေ တစ်မြို့နယ်လုံးရှိတယ်တဲ့။ အသက်ကလည်း နေမယ်ဆိုက နေနိုင်တဲ့ (၆၀) အရွယ်ရှိသေးသည်ဆိုပဲ။ ယခုတော့ ပုပ်အက်စပြုလာသော ရုပ်ခန္ဓာကြီးက အခေါင်းထဲမှာ ပြည့်ကျပ်နေ၏။ နှာခေါင်းတွေအပေါ်ကို တိုတက်ပြီး လန်ထွက်နေ၏။ ပွင့်အန်နေသော ပါးစပ်ပေါက်မှာ သွားတွေ ကျိုးတိုးကျဲတဲနှင့်စေ့နေ၏။ ပါးစပ်ဝမှာ ပုရွက်ဆိတ်တွေ၊ ယင်ကောင်တွေ အုံခဲနေ၏။ ဖူးရောင်ညိုမည်းနေသော မျက်နှာကြီးမှာ သွေးပြည်ပုပ်တို့ဖြင့် ဖောင်းကားပေါက်ကွဲပေတော့မည်။

အရှင်ဝိဝေက ဓာတ်မီးဖြင့် ခန္ဓာကိုယ်အနှံ့ထိုးကြည့်လိုက်သည်။ ဩော်-အကျီပင် မရှိတော့ပါလား။ မနက်ဖြန်မနက်စောစော အုတ်ဂူသွင်းမှာမို့ အခေါင်းကိုဖွင့်ပြီး သုဘရာဇာကြီးက ချွတ်ယူထားတာ ဖြစ်မည်။ ထိုသို့ အဝတ်အစားများကို သူစောင့်ရှောက်ထားသော သုသာန်ရှေ့က ကိုယ်ရေပြားရောင်းသည်တွေဝတ်ကြရ၏။ ခါးမှာတော့ ခပ်နွမ်းနွမ်း ပုဆိုးလေးတစ်ထည် ပတ်ပေးထားလို့ တော်သေး၏။ ဖောင်းကားစူထွက်နေသောဝမ်းဗိုက်ကြီးမှာ ညိုမည်းပြီး မကြာမီပေါက်ကွဲတော့မည့် ချိန်ကိုက်ဗုံးတစ်လုံးလို ဖြစ်နေ၏။

ဒီတစ်ညတော့ အရှင်ဝိဝေက အသုဘကမ္မဋ္ဌာန်းရှုဖို့ သုဘရာဇာကြီး ဦးမြသီးက အသုဘရှင်များကို မေတ္တာရပ်ပြီး ဇရပ်ပေါ် တင်ပေးထားခြင်း ဖြစ်သည်။ မနက်ဖြန်မနက် အခေါင်းအဖုံးပိတ်ပြီး အုတ်ဂူသွင်းတော့မည်ဖြစ်ရာ အဝတ်အစားပါသည်၊ မပါသည် အရေးမကြီးတော့ပါလား။ မနက်ဖြန် အုတ်ဂူသွင်းရာမှာလည်း ဦးမြသီးကိုယ်တိုင်ဆောင်ရွက်ဖို့ အသုဘရှင်တို့က ဝကွက်အပ်ထားခဲ့ပြီး ဖြစ်၏။

မြို့ကြီးတစ်မြို့ပေါ်မှ အထင်ကရသူဌေးကြီးတစ်ဦး၏ နောက်ဆုံးခရီးက ဒါပဲလား။ သူ၏ ဇနီး၊ သားသမီး၊ မိတ်ဆွေသင်္ဂဟတွေကတော့ မြို့ထဲက သူတို့စံအိမ်မှာ တင့်တယ်စွာ ခံစား၊ စံစားနေကြဦးမည်။ စံအိမ်ရှင် အိမ်ဦးနတ်သူဌေးကြီးကတော့ မြို့ပြင်သုသာန်ဇရပ်ပေါ်မှာ ရဟန်းတစ်ပါးကို အသုဘကမ္မဋ္ဌာန်းဖွင့်လှစ်ပြဖို့ စွန့်ပစ်ခံရသော အပုပ်ကောင်ဘဝကိုရောက်သွားပါရောလား။

အရှင်ဝိဝေကမှာ ကြောက်ရွံ့စိတ်၊ ရွံရှာစိတ်တွေ ပျောက်ကွယ်နေပြီး လူ့ဘဝ၏ အသုံးမကျ အနှစ်မပါ ဗလာခန္ဓာကြီးကိုကြည့်၍ သံဝေဂတွေ တဖွားဖွားဖြစ်နေသည်။ ဓမ္မသံဝေဂတရားတွေကို ကိုယ်တွေ့၊ စာတွေ့တရားများနှင့် တိုက်ဆိုင်၍ ဉာဏ်ရှိသမျှ စဉ်းစားဝေဖန်သုံးသပ်ကြည့်နေမိ၏။ တကယ်တော့ သုသာန်ကိုလာပြီး ဓူတင်ဆောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ဒါပဲဖြစ်၏။

အရှင်ဝိဝေက၏ သုသာန်ဓူတင်ဆောင်ရခြင်း အဓိက ရည်ရွယ်ချက်မှာ မရဏာနုဿတိကမ္မဋ္ဌာန်းနှင့် အသုဘကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်ကြည့်ဖို့ဖြစ်သည်။ ဒီအတွက် အဓိကကျသော ကမ္မဋ္ဌာန်းအာရုံအဖြစ် လူသေအလောင်းတစ်လောင်းကို မိမိ၏စိတ်မှာ အာရုံထင်ထင်ရှားရှား မြင်ဖူး၊ တွေ့ဖူးထားဖို့လို၏။ ယခုလို ညအမှောင်မှာ သုသာန်အလယ် ဇရပ်ပေါ်က တွေ့ဖူးထားသော ကမ္မဋ္ဌာန်းအာရုံသူသေအလောင်းကောင်ကို ကာလရှည်ကြာ ပျောက်ပျက်မသွားဘဲ စွဲထင်နေပေမည်။ ထို့ကြောင့် သုဘရာဇာကြီး ဦးမြသီး၏ အကူအညီယူ၍ သူဌေးကြီး၏ရုပ်အလောင်းကိုမှ အသုဘရှုပွားနိုင်အောင် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ရဟန်းတော်အရှင်ဝိဝေက သူဌေးကြီးဆိုသူ၏ရုပ်အလောင်းကို စူးစူးစိုက်စိုက် သေချာစွာရှု၏။ ဖယောင်းတိုင်ထွန်း၍ ရှုချင်သော်လည်း လေတဟူးဟူးကြောင့် မီးခြစ်ပင် ခြစ်မရပေ။ လက်နှိပ်ဓာတ်မီးထိုး၍သာ အလောင်းကို ခြေဆုံးခေါင်းဆုံး အပြန်အလှန် ရှုပွားနေရ၏။ ထို့နောက် ဓာတ်မီးကိုပိတ်၊ မျက်စိကိုမှိတ်ထားသည့်တိုင်အောင် အလောင်းကောင်ကြီး၏ ရုပ်သဏ္ဌာန်က အရှင်ဝိဝေက၏ စိတ်အာရုံမှာ စွဲထင်မှုသည်




www.burmeseclassic.com

www.burmeseclassic.com

# ကျွတ်၊ မျှော့မတွယ်ရလေအောင်

လူတွေရဲ့ သွေးကို စုပ်တတ်တဲ့ ကျွတ်၊ မျှော့၊ မှက်၊ ခြင်၊ ဖြုတ် စတဲ့ ပိုးကောင်မွှားကောင်တွေဟာ လူတွေရဲ့ အန္တရာယ်တွေပါပဲ။ မိုးကုတ်ပတ္တမြားမြေရဲ့ ရေသေအိုင်တွေမှာ အများအားဖြင့် ကျွက်နဲ့ မျှော့တွေ အတော်ပေါပါတယ်။

တောင်မင်းတောင်ကြီးဝန်းကျင်နဲ့ ပြောင်ခေါင်းလမ်းတစ်လျှောက်မှာကျတော့ မိုးရာသီဆိုရင် ကျွတ်တွေ အလွန်ပေါတယ်။ မြက်တော၊ ချုံတောကြားက လမ်းကို သွားလို့ကတော့ ဘယ်ကနေရောက်လာမှန်းမသိတဲ့ ကျွတ်တွေကပ်ပါလာပြီး သွေးစုပ်ခံရတတ်တယ်။ စပ်ဖျဉ်းဖျဉ်းနေလို့ကြည့်လိုက်ရင် ကျွတ်တွေ တွယ်နေတာတွေ့ရတတ်ပါတယ်။ ဒါဆိုဖြုန်းခနဲ ခပ်ဆတ‌ဆတ်ကလေးရိုက်ချလိုက်ရင် ကွာကျသွားတတ်ပါတယ်။

အဲဒီသွေးစုပ်သတ္တဝါတွေဆိုတာ တိုင်းပြည်အနှံ့ရှိကြပါတယ်။ အထူးသဖြင့် လယ်လုပ်တဲ့ဒေသများမှာ ကျွတ်တွေ၊ မျှော့တွေ ပေါတတ်ကြပါတယ်။ အဲဒီကျွတ်တွေ၊ မျှော့တွေဟာ လုပ်ငန်းခွင်အနှောင့်အယှက်ဖြစ်စေတတ်တာ အမှန်ပါ။ ဘယ်သူမှမနှစ်မြို့ကြပါဘူး။ အဲဒီကျွတ်နဲ့ မျှော့ကိစ္စကို နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကွက် အင်ကြင်းပန်းစာပေမှာ အလည်ရောက်နေခိုက် သူငယ်ချင်းဖြစ်သူ မွှတ်တားနဲ့ ပြောဖြစ်ကြပါတယ်။

"ကိုရင်ရေ ကျုပ် ဝက်တွေမွေးတုန်းက ဝက်မကြီးနဲ့ သားပေါက် (၈) ကောင်ရှိတော့ကာ အဲဒီဝက် (၉) ကောင်စာအတွက် နေ့တိုင်းဗေဒါတွေသွားခူးရတယ်။ ကျုပ်ကန်စွန်းရွက်လည်းကျွေးဖူးတယ်။ ပိန်းရွက်တို့၊ ဝက်ကျွတ်ပင်တို့လည်း ကျွေးဖူးတယ်။ ဗေဒါပင်လောက် အသားတိုးတာ မတွေ့ရဘူး။ ဗေဒါကျွေးမှပဲ ဝက်တွေ ခဏလေးနဲ့ ကြီးထွားလာတာ။

ဗေဒါဆိုလို့ လွယ်လွယ်လေးရတယ်မထင်နဲ့။ ပေါင်လည်လောက်ရှိတဲ့ ရေသေအင်းတွေထဲဆင်းပြီး ဆွဲရတာ။ အဲဒီမှာ ကိုရင်ပြောတဲ့ မျှော့တွေ၊ ကျွတ်တွေဆိုတာ ပေါသလားမမေးနဲ့ တဖြုန်းဖြုန်းနဲ့ ရိုက်ချနေရတာ အလုပ်ဖင့်တာပေါ့ ကိုရင်ရယ်။

ဆင်းပြီးဆိုကတည်းက ပုဆိုးကို တင်းတင်းဝတ်၊ ခါးတောင်းကို မြှောင်အောင်ကြိုက်ပြီး ဆင်းရတာ။ ဘာလို့လဲဆိုတော့ ဒီကောင်တွေက ဒူးရပေါက်ထဲ ဝင်တတ်ကြတယ်လေ။ အဲဒါကြောင့် ကြိုတင်ကာကွယ်ရတာ။ ဒူးရပေါက်ထဲဝင်လို့ ဒုက္ခရောက်ရတဲ့ပုံပြင်တွေလည်း ကိုရင် ကြားဖူးမှာပါ။

ကျုပ်လိုပဲ တဲကြီးကုန်းက ကိုမျိုးတင့်ကလည်း ဗေဒါလာလာခူးတယ်။ သူလည်း ဝက်တွေရှိတယ်လေ။ သူ့ကျတော့ မျှော့တွေ၊ ကျွတ်တွေ တွယ်တာ မတွေ့ရဘူးဗျ။ ကျုပ်မှာတော့ မျှော့တွေ၊ ကျွတ်တွေ ရိုက်နေရတာ အလုပ်တစ်ခုဖြစ်နေတယ်။ ကျုပ်ကျတော့တွယ်တယ်။ သူ့ကျတော့ မတွယ်ဘူးဆိုတော့ အဆန်းဖြစ်နေတာပေါ့ဗျာ။ ဒါနဲ့ တစ်နေ့မှာ ကျုပ်က မေးတယ်။ ကျွတ်တွေ၊ မျှော့တွေကို ဘာဆေးနဲ့ကာကွယ်တာလဲလို့ပေါ့။

အဲဒီမှာ ကိုမျိုးတင့်က ဘာဆေးမှ မဟုတ်ဘူး၊ ရေထဲမဆင်းခင် ရေနံဆီ (ဒီဇယ်) ကို ပေါင်ရင်းအထိ လိမ်းထားလိုက်ပါ။ ကျွတ်တွေ၊ မျှော့တွေ လုံးဝမကိုက်တော့ပါဘူးတဲ့ဗျ။

ဒါနဲ့ နောက်နေ့ကျတော့ ရွာထိပ်က မခင်ဝင်းစက်သုံးဆီဆိုင်မှာ ကျွတ်ကျွတ်အိတ်နဲ့ ရေနံဆီနည်းနည်းဝယ်တောင်းသွားပါတယ်။ ရေထဲဆင်းခါနီးမှာ အောက်ခြေကနေပြီး ပေါင်ရင်းအထိ လိမ်းပြီးမှ ဆင်းပါတယ်။ ရေနံဆီအနံ့ကြောင့် ဘယ်ကျွတ်၊ဘယ်မျှော့မှမတွယ်တော့ပါဘူး။ လွယ်လွယ်လေးနဲ့ မသိတော့လည်းခက်နေတာပေါ့ဗျာ။ နောက်တော့ ဒီဇယ်ဆီပုလင်းလိုက်ဝယ်ထားပြီး ကျွတ်ကျွတ်အိတ်လေးနဲ့ နေ့စဉ်ဆောင်သွားရတာပေါ့ဗျာ။ အဲဒီကစပြီး ကျွတ်၊ မျှော့အန္တရာယ်ကင်းသွားတော့တာပါပဲ"

"ဒါထက် ဝက်တွေအဖြစ်မြန်အောင် ဗေဒါကျွေးနည်းလေးလည်း ပြောပြပါဦး"

"ဗေဒါတွေသန့်သွားအောင် ရေဆေးပေါ့ဗျာ။ ပြီးရင် ရိတ်ရိတ်လှီးရပါတယ်။ မလှီးချင်ရင် ဟင်းလှီးဓားနဲ့ တောက်တောက်စဉ်းလည်းရတယ်။ ပြီးရင် ဆန်ကွဲပုပ်အသင့်အတင့် ထည့်ရတယ်။ ဆန်ကွဲပုပ်က ဆန်ကွဲကို ကြိုတင်ရေစိမ်ပြီး အပုပ်ခံထားရတာ။ အိုးနဲ့စိမ်ရပါတယ်။ ပြီးတော့ ဖွဲထည့်ရပါတယ်။ စားကျင်းထဲထည့်လိုက်ပြီဆိုလို့ကတော့ ခေါင်းမဖော်စတမ်း စားကြတော့တာပါပဲ။ သိပ်မကြာဘူး၊ အကောင်ကြီးတွေဖြစ်လာတော့တာပဲ။ ကျွန်တော် အဲဒီဝက်တွေနဲ့ဘဝနာလန်ထူခဲ့ရတာပါ"

လို့ ပြောပြတယ်။

မန္တလေးမြို့ထဲမှာရော၊ ဝန်းကျင်မှာရော၊ တောင်သမန်အင်းမှာပါ ဗေဒါတွေ အလွန်ပေါလှပါတယ်။ အဲဒီဗေဒါတွေ မြင်တော့ မျှော့တွေ၊ ကျွတ်တွေ ပြေးမြင်မိသလို မြို့စွန်တစ်နေရာမှာ ဝက်မွေးချင်စိတ်လည်းပေါက်မိတာအမှန်ပါ။

*ဦးမွှတ်တားကို ကျေးဇူးတင်လျက်*
*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

---

သွားပြီ ဖြစ်သည်။

ထိုသို့ အလောင်းကောင်ကြီးကို ကမ္ဘာ့န်းအာရုံတစ်ခုအနေဖြင့် စူးစူးစိုက်စိုက် ရှုပွားနေစဉ်မှာ ပတ်ဝန်းကျင်အာရုံတွေ၊ စိတ်ပျံ့လွင့်မှုတွေ ပျောက်ကွယ်နေတာ သူသတိထားမိသည်။ သို့သော် ခါတ်မီးမှိတ်၍ ပတ်ဝန်းကျင်မှ အာရုံတွေ ပြန်၍ဝင်လာသည့်အခါမှာတော့ အပုပ်နံ့တွေ၊ ခြင်တဝီဝီသံတွေ၊ ခွေးအူသံတွေကို ပြန်လည် ကြားလာရ၏။ မတ်တတ်ရပ်ရတာကြာ၍ ညောင်းညာလာပြီလည်း ဖြစ်၏။ ဒီဇရပ်အပေါ်မှာတော့ အပုပ်နံ့က တော်တော်ဆိုးရွားနေပြီ။ ထိုင်၍အားထုတ်လို့ဖြစ်မည်မထင်တော့ပေ။ ပတ်ဝန်းကျင်ကို နားစွင့်အကဲခတ်လိုက်တော့ မိုးတိတ်သွားပြီး ကြယ်ရောင်လရောင်မှိန်ပျပျကို တွေ့ရ၏။

အရှင်ဝိဝေက တောင်ဝှေးကို ထောက်ပြီး ဇရပ်ပေါ်မှ ဆင်းလာခဲ့၏။ ဘုန်းကြီး အုတ်ဂူနားကိုသွားမည်။ ဘုန်းကြီးအုတ်ဂူက သုသာန်၏ အနောက်မြောက်ထောင့်နားမှာ ရှိသည်။ နဘူးချုံနွယ်တွေ၊ ဆူးပုပ်ချုံနွယ်တွေက ဘုန်းကြီးတစ်ပါး၏အုတ်ဂူပြာသာဒ်ကို ဝင်းထရံခတ်ပေးထားသလိုဖြစ်နေ၏။ ဘေး ပတ်လည်မှာတော့ ဝါးရုံပင်တွေရှုပ်နေ ပြီး ညောင်ပင်ကြီးတစ်ပင်က အုတ် ပြာသာဒ်ကို မိုးပေးထား၏။ ထိုနေရာ သည် သင်္ချိုင်းမြေ၏အဆုံးစွန် ဖြစ်၏။ သင်္ချိုင်းမြေ၏အနောက်ဘက်နှင့်မြောက် ဘက်မှာ လယ်ကွင်းတွေရှိ၏။ ယခုလို မိုးနှောင်းကာလမှာ စိုပြည်စိမ်းလန်းနေ သော စပါးပင်တွေက စပါးနံ့တွေထွက် ပြုလာပြီ ဖြစ်သည်။

(ဆက်ရန်)

ထုံးတောင်-အရှင်ဓမ္မပီယ(ဒါမြောင်)



www.burmeseclassic.com

www.burmeseclassic.com

နန္ဒအောင်လံ

# သာသနာငါးထောင် အင်းကိုဆောင် လှူဘောင်ကျော်ထင်ရှား အင်းအစီအရင်

*'အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်၊ မှော်ပျံ၊ စုန်း၊ နတ်၊ ဆယ့်နှစ်ရက် ပတ်ပတ်နှောက်ခွေ ကဝေသာရ'*

ကုန်းဘောင်ခေတ်အနှောင်းပိုင်း အဆိုကျော် ဆရာကြီး ဦးကြင်ဥ ရေးစပ်သည့် တေးထပ်တွေ၊ ဇာတ်စာ၊ ဇာတ်စာတွေထဲမှာ အဋ္ဌာရသ (၁၈) ပါး၊ အာလအတတ်(၆၄)ရပ်နှင့်မကင်းသော၊ အထူးအားဖြင့် မြန်မာ့လောကီဂမ္ဘီရ ပညာရပ်များနှင့်မကင်းသော အင်းအကြောင်း၊ ဆေးအကြောင်း၊ အဂ္ဂိရတ်အကြောင်းများ ပါလာတတ်ပါသည်။

*'ကြိုဟ်ဇီဝပေါ်၊ ဉာဏ်တော်ဆပွား၊ ဒွေးစားလာဘ၊ ပါယ်လေးဝနူတ်၊ ဗုဒ္ဓဇကော၊ တစ်ခုရောလျက်၊ သွားလောမျဉ်းကွက်၊ ဗိုလ်တက် ဗိုလ်ဆင်းအတွင်းအင်းဆန်၊ ဂုဏ်ကိုးတန်နှင့် စားလဒ်ကားတည် ရင်း၊ အကြွင်း သရဏဂုံ ချစ်မျိုးစုံသည် ရန်မှုန်မြူမှု မသန်းတည်း'*

စသည့် အရေးအဖွဲ့တွေဆိုတာလည်း မြန်မာ့လောကီပညာစစ်စစ်ဖြစ်သည့် အင်းအစီအရင်ပုံတွေကို ရေးစပ်ခဲ့ကြတာပဲ မဟုတ်လား။ ရှေးကဆရာစဉ်ဆရာဆက်၊ ပညာစဉ်ပညာဆက်၊ ဆေးစဉ်ဆေးဆက်၊ သမားစဉ်သမားဆက်၊ ဘိုးစဉ်ဘောင်ဆက် ပညာအုပ်သခိုက် အင်းပညာရပ်များ အခိုင်အမာပါရှိကြရစမြဲပင်။ ဝိဇ္ဇာအမွေခံတွေဆိုတော့လည်း အင်းကောင်း၊ ဆေးကောင်း၊ အစီအရင်ကောင်းတွေ ရကြတယ် ဆိုပါတော့။

ကဝေသာရကျမ်း၊ သရဖူကျမ်း၊ အင်းအင်္ဂုတ္တိုရ်ကျမ်း၊ လောကီအင်္ဂုတ္တိုရ်ကျမ်း၊ ဝိဇ္ဇာသိပ္ပအင်္ဂုတ္တရကျမ်း စသည်ဖြင့် လောကီလမ်းအဖုံဖုံ ကျမ်းအစုံစုံတွေကလည်း သူ့ရှာနဲ့သူအရပ်၊ သူ့လျာနဲ့ သူ့ပါးစပ်ဆိုသလို တစ်ကျောင်းတစ်ပါထာ တစ်ရွာတစ်ပုဒ်ဆန်းမဟုတ်လား။

*'ဝဇနာ သချာပြ၊ ထင်စွာပနံစုံ၊ မြင်လာရကြံပုံကို၊ မှန်အကုန်စုထား၊ ဂဏန်းရသူ့အလို ဗသျှဖြိုဟ် ကိန်းမြှောက်လို့ပွား၊ ငါးထောင်ပြည့်သာသနာ၊ သွေ့မက္ကာထုတ်ငြား၊ ဂဏာနာနုတ်ထားလို့ ထုတ်အလားသေသာ နဝမံ ကိုးကွက်အင်းတွင် တိုးဆက်သွင်း ထပ်ဖြည့်လိုက်ပါ။ တည်ရင်းနှင့် ထည့်သွင်းကာလျှင် လှည့်လက်ရာကုန်စေ့က ငါးထောင်ပြည့် ထွက်ပေါ်လာ အင်းသိုက်မှန်စွာ ပေနိမိတ်နဲ့ရွှေစိတ်ဖြာတယ် ဖေဝိဇ္ဇာလက်သုံးပဲ့လေး။ ။*

ဒါသည်ပင် ကျွန်တော့်အဘိုး၏ လက်သုံးအစီအရင်တစ်ခုဟု ဆိုပါလျှင် ယုံနိုင်ကြပါမည်လားမသိ။

"ဒီအင်းက တစ်အင်းဆိုတစ်အင်း အကျိုးရှိတယ်။ ဒီအင်းတစ်အင်းတစ်အင်း စီစဉ်ဖို့ရာကလည်း မလွယ်ပါဘူး ငါ့မြေးရယ်။ သည်အင်းသုံးတော့ အလုံးစုံပြီးတယ်။အသုံးပြုသူတွေလည်း အကျိုးများတယ်။ ဒါကြောင့် ဒီအင်းကို ရှေးဆရာများက ဣစ္ဆာသယအင်း၊ သာသနာ (၅၀၀၀) အင်း၊ ဝိဇ္ဇာလက်သုံးအင်းလို့ အမျိုးမျိုးခေါ်တာပေါ့ကွယ်"

အင်းအကြောင်းပြောတိုင်း အဘိုးက သူ့လက်တွေ့ဆုံး ဒီသာသနာ(၅၀၀၀) အင်းအကြောင်းကိုသာ ထပ်တလဲလဲ ရှင်းပြလေ့ရှိပါ၏။ အင်းဆိုတာ လောကီဂမ္ဘီရပညာရပ်တစ်ခုဆိုတာလောက်နှင့် မပြီး။ ရှေးဆရာသူမွန် ပညာဝန်တို့ ရေးစပ်ထုတ်ခဲ့တဲ့ တေးထပ်တစ်ပုဒ်လုံး အကုန် ဂဃနဏ ရှင်းပြတတ်ပါသည်။

"တေးထပ်ရဲ့အဓိပ္ပာယ်က ဒီလိုကွယ့်။ ငါ့မြေးအလိုရှိတဲ့ အဓိပ္ပာယ်အတိုင်း နံသင့်ကောက်ရမယ်လို့ ပြောသာကွယ့်။ ဥပမာ 'မောင်လှ ရန်ကင်းစေ' ဆိုပါစို့။ နံသင့်ကောက်တော့ (၅၊ ၄၊ ၈၊ ၂၊ ၃) ဆိုတဲ့ ဂဏန်းတွေရလာမယ်။ အဲဒီဂဏန်းတွေအားလုံးပေါင်းတော့ (၂၂) ရမယ်။ အဲဒီပေါင်းရဂဏန်း (၂၂) ကို (၈) နဲ့ မြှောက်ရမယ်လို့ ပြောသာ။ ပြီးရင် တစ်ခါ သာသနာ (၅၀၀၀) ကို တည်ထားပြီး စောစောက (၈) နဲ့မြှောက်လို့ရတဲ့ဂဏန်း (၁၇၆) ကို နုတ်ရမယ်လို့ ဆိုလိုတာပေါ့။ (၄၈၂၄) ဆိုတဲ့ ကိန်းဂဏန်းတစ်ခုကျန်လိမ့်မယ်။ အဲဒီအကျန်ဂဏန်းဖြစ်တဲ့ (၄၈၂၄) ဆိုတဲ့ကိန်းက ပထမအင်းဆန်ပဲကွယ့် ငါ့မြေး။ အဲဒီ ပထမ အင်းဆန်ဖြစ်တဲ့ (၄၈၂၄) ကိုပဲ အသုံးပြုလိုတဲ့သူရဲ့ မွေးနံရှိရာ အကွက်ကနေပြီး စချ၊ အဲဒီပထမအင်းဆန်ကိုပဲ တစ်ခါ နံသင့်ကောက်ပြီး ပေါင်းလို့ရထားတဲ့ဂဏန်းဖြစ်တဲ့ (၂၂) ရောပြီး လက်ယာရစ်အတိုင်း ခရုပတ်အင်းသွားနည်းနဲ့ အင်းကွက်ထဲသွင်းသွားရမယ်။ ကိုးကွက်မြောက်အလယ်ကွက်မှာ သာသနာ (၅၀၀၀) အမြဲတမ်းကျနေကျအင်းဖြစ်တယ်။ ဒါမှ ဒီအင်း အင်းမှန်ဖြစ်

**ဥပမာတွက်ပုံ**

မောင် လှ ရန် ကင်း စေ (လိုသောအဓိပ္ပာယ်စကား)

၅ + ၄ + ၈ + ၂ + ၃

အားလုံးပေါင်းသော် (၂၂) ရမည်။

ထို (၂၂) ကို (၈) ဖြင့်မြှောက်က

(၁၇၆) ရ၏။

သာသနာ (၅၀၀၀) ကို တည်၍

၎င်း (၁၇၆) ကို နုတ်ပါက (၄၈၂၄) ရမည်။

၎င်းသည်ပင် ပထမအင်းဆန် ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အလယ်ကွက်မှာ သာသနာ (၅၀၀၀) မကျန်ရင် မဟုတ်ကို မဟုတ် တော့ဘူး။ ငါ့မြေး‌ရဲ့ စီရင်နည်းမှန်ရင် အင်မတန်အကျိုးများသာ။ ဒါ အဘ လက်တွေ့ပဲ။ ငါ့မြေး နားရှင်းအောင် အဘ ကျမ်းရင်းအတိုင်း ဥပမာတစ်ခု

နံသင့်ကောက်ပေါင်းရဂဏန်း= ၂၂
(၈) ဖြင့်မြှောက်ရဂဏန်း= ၁၇၆
သာသနာ ၅၀၀၀
(-)၁၇၆

၄၈၂၄ (ပထမအင်းဆန်)
(+)၂၂

၄၈၂၆ (ဒုတိယအင်းဆန်)
(+)၂၂

၄၈၆၈ (တတိယအင်းဆန်)
(+)၂၂

၄၈၉၀ (စတုတ္ထအင်းဆန်)
(+)၂၂


၄၉၁၂ (ပဥ္စမအင်းဆန်)
(+)၂၂

၄၉၃၄ (ဆဋ္ဌမအင်းဆန်)
(+)၂၂

၄၉၅၆ (သတ္တမအင်းဆန်)
(+)၂၂

၄၉၇၈ (အဋ္ဌမအင်းဆန်)
(+)၂၂

သာသနာ ၅၀၀၀၀ (နဝမအင်းဆန်)




ကြာသပတေးသားဖြစ်၍ ကြာသပတေးထောင့်က စတင်၍ အင်းဆန်သွင်းရပါသည်။

**မှတ်ချက်။ ။ မည်သည့်နံသင့်ကောက် ပေါင်းရဂဏန်းမဆို (၈)ဖြင့်ပင်မြှောက်ရမည်မှာ ပုံသေဖြစ်ပါသည်။**

ပြမယ်။ လိုက်ကြည့်ထား ကြားလား

ထိုပထမအင်းဆန် (၄၈၂၄) တွင် တည်ရင်းဂဏန်း (၂၂) ထပ်ပေါင်းလျှ ဒုတိယအင်းကွက်ကိုချ။ ထိုဒုတိယအင်း ဆန် (၂၂) ဖြင့် ထပ်ပေါင်း၍ တတိယ အင်းကွက်ကိုချ။ ဤနည်းအတိုင်း လ ယာရစ် ခရုပတ်ချသွားပါက အလယ် ကွက်တွင် (၅၀၀၀) သာသနာပြန် ရောက်လာပေမည်။ ပုံစံတွင် ကြည့် တွက်ပြီးချကြည့်ပါ။

ဒါ အဘိုးတို့ ပညာရှင်ေ လောကမှာ အသုံးတွင်တဲ့ ဘဝအထော အကူပြု နည်းကောင်းတစ်ခု ဖြစ်ပါ တကယ်လည်း အသုံးဝင်ပါ၏။ အကျိ များပါ၏။ တန်ခိုးထွားပါ၏။ သို့အတွ အဘိုးက ဒီအင်းသုံးလျှင် အကျိုးအ သင်တွေ ရလေ့ရှိတယ်ကွဟု မ မကြာပြောဖူးပါသေး၏။

မကောင်းသောဘေး၊ မကော သောဒဏ်၊ မကောင်းသော ကံကြ မကောင်းသော ဂြိုဟ်ဇာ မကောင်း ဥဿုံအလုံးစုံတို့မှ ရာသက်ပန် လွ ကင်းခြင်း၊ နေ၊ လသဖွယ် စည်းစိ ကြွယ်၊ ကိုယ်ဝယ်နေ့တိုင်း ရရှိခြင်း သူတကာ သတ္တဝါလည်း မြင်က မိမိ ကြောက်ရွံ့ခြင်း၊-သိဒ္ဓိရာဇာ လူတ လည်း မြင်လျှင်မြင်တိုင်း ချစ်ခင်ခြ ကိုင်ရာဆေး၊ ရေးရာအက္ခရာဖြစ်ခြ လယ်ဆယ်ချောင်း ဆေးဆယ်လက် ခြင်း၊ ဆင်နက်ထဲ ဆင်ဖြူဝင်သတဲ့ ထင်ရှားခြင်း၊ တောင်ပေါ်မှာ အလံစိ ဘိသကဲ့သို့ အောင်မြင်ကျော်ကြားခြ လောက၌ နေတစ်ဆူလတစ်ပါး ထ ရှားကျော်ကြားခြင်း၊ ရတနာရွှေ အိမ်တိုက်၊ မြုံ၊ ကား (၁၁) ပါးသော လောကီစည်းစိမ်ဥစ္စာရတနာများ ပို ဆိုင်ဝင်ရောက်ခြင်း၊ စိန်၊ ကြောင်၊ နီလာ သန္တာ၊ ပုလဲ၊ ဂေါ်မုတ်၊ ဥဿဖရား ပတ္တမြား၊ မြ အစရှိသော ရတနာ(၇)ပါး နဝရတ် (၉) ပါးတို့ ဝင်လာမစဲ တသဲသဲ ဝင်လာခြင်း၊ ဘုရားအစရှိသောအရိယာ နွယ်ဝင် သူတော်စင် သူတော်ကောင်း အပေါင်းတို့၏ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်၊ ဘုန်း ရှင်၊ ကံရှင်၊ ပါရမီရှင်၊ ပညာရှင်များ၏ ကူညီမိုင်းမမှုများကိုရရှိခြင်း၊ အလိုရှိတိုင်း တောင်းတတိုင်း ပြီးစီးအောင်မြင်ခြင်း စသော အကျိုးကျေးဇူးများ ရရှိခံစားရ သည်ဟူ၍။

နန္ဒအောင်

www.burmeseclassic.com

www.burmeseclassic.com

# လူတိုင်းအတွက် သက်ရောက်ယတြာ

အောင်စံသူ (B.Sc)

၁။ တနင်္ဂနွေသက်ရောက်

**တနင်္ဂနွေသားသမီးများအသက် -** ၁၊ ၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁ နှစ်။

**တနင်္လာသားသမီးများအသက် -** ၈၊ ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀ နှစ်။

**အင်္ဂါသားသမီးများအသက် -** ၇၊ ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇ နှစ်။

**ဗုဒ္ဓဟူးသားသမီးများအသက် -** ၆၊ ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈ နှစ်။

**ကြာသပတေးသားသမီးများအသက်-** ၄၊ ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄ နှစ်။

**သောကြာသားသမီးများအသက် -** ၂၊ ၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂ နှစ်။

**စနေသားသမီးများအသက် -** ၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅ နှစ်။

'သုဂတော လောကဝိဒူ' ပုတီး (၁၀) ပတ်စိပ်ပါ။ ရွတ်ပါ။

သီဟိုဠ်၊ ရွက်လှ ဆောင်ပါ။ အိမ်ဘုရားတွင် ရှောက်သီးသုပ် ကပ်လှူပါ။ ဘုရားထီးတင်တာကြုံလျှင် ငွေလှူပါ။ မိဘ၊ ဆရာသမား၊ ရဟန်းသံဃာကို အဝတ်အထည်၊ မျက်နှာသုတ်ပဝါ ဆောင်လှူပေးပါ။ အာဟာရဒါနလှူဒါန်းပါ။ ဘုရားစေတီမှာ သန့်ရှင်းရေးပြုလုပ်ပါ။ မုန့်လုံးရေပေါ်ဝေပေးပါ။ ရဟန်းသံဃာတော်အား ဘဲသားဟင်းနှင့် အုန်းထမင်းလှူပေးပါ။ ငွေကြေးအခက်အခဲကြုံရပါက ငါး (၆) ကောင် ရှင်နိုင်သောရေတွင် လွှတ်ပါ။ ခိုစာကျွေးပါ၊ အလုပ်အကိုင်အတွက် အုန်းဆံခြေသုတ်ခုံ ဘုရားမှာလှူပါ။ ထီထိုးချင်ရင်တော့ ၄၊ ၆၊ ၈ များများပါတာထိုးပါ။

၂။ တနင်္လာသက်ရောက်

**တနင်္ဂနွေသားသမီးများအသက်-** ၂၊ ၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂ နှစ်။

**တနင်္လာသားသမီးများအသက် -** ၁၊ ၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃ ၈၁ နှစ်။

**အင်္ဂါသားသမီးများအသက် -** ၈၊ ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ နှစ်။

**ဗုဒ္ဓဟူးသားသမီးများအသက် -** ၇၊ ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇ နှစ်။

**ကြာသပတေးသားသမီးများအသက်-** ၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅ နှစ်။

**သောကြာသားသမီးများအသက်-** ၃၊ ၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃ နှစ်။

**စနေသားသမီးများအသက်-** ၆၊ ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆ နှစ်။

ဂုဏ်တော်ကိုးပါး ပုတီး (၉) ပတ်စိပ်ပါ၊ ရွတ်ပါ။ ကံ့ကော်၊ ထန်း ဆောင်ပါ။ အိမ်ဘုရားတွင် ကိတ်မုန့်၊ နွားနို့ ကပ်လှူပါ။ အကြံအစည်ပြုလိုက ပြန်စွန့်စားပါ။ လိုရာဆုတောင်းပါ။ သိမ်၊ ကျောင်းဇရပ်၊ အဆောက်အအုံလှူခြင်း ပြုပြင်ခြင်း၊ သက်ကြီးဝါကြီး ဆရာတော်များအား ထီး၊ ဖိနပ်လှူပါ။ မိမိမွေးနေ့တွင် အလှူလုပ်ခြင်း၊ သက်သတ်လွတ်စားခြင်း ပြုလုပ်ပါ။ ဤအသက်အပိုင်းခြားတွင် ငွေမဝင်ဘဲ လာဘ်ပိတ်နေပါက





www.burmeseclassic.com

www.burmeseclassic.com

မိမိမွေးနေ့တွင် (၉) နာရီ မှ (၁၀း၃၀) နာရီအတွင်း မွေးနံထောင့်တွင် ထီးဖြူအသေး(၁၅)လက် + ကနုတ္တဒဏ်ထီးဖြူ (၁) လက်ကို အရှင်ကောဏ္ဍညရဟန္တာ မထေရ်ကြီးအား ရည်မှန်းလှူဒါန်းပူဇော်ပါ။ လိပ်စာကျွေးပါ။ အုတ်ခဲလမ်းခင်းပေးပါ။ အကျိုးပေးဂဏန်း ၀၊ ၂၊ ၇၊ ၉။ စိတ်ရောဂါသည်တွေကို အာလူးကြော်ကျွေးပါ။

## ၃။ အင်္ဂါသက်ရောက်

**တနင်္ဂနွေသားသမီးများအသက်** - ၃၊ ၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃ နှစ်။

**တနင်္လာသားသမီးများအသက်** - ၂၊ ၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂ နှစ်။

**အင်္ဂါသားသမီးများအသက်** - ၁၊ ၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁ နှစ်။

**ဗုဒ္ဓဟူးသားသမီးများအသက်** - ၈၊ ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀ နှစ်။

**ကြာသပတေးသားသမီးများအသက်**- ၆၊ ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈ နှစ်။

**သောကြာသားသမီးများအသက်**- ၄၊ ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄ နှစ်။

**စနေသားသမီးများအသက်** - ၇၊ ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇ နှစ်။

'ဗုဒ္ဓေါ ဘဂဝါ' ပုတီး (၁၀) ပတ်စိပ်၊ ၂၄-ပစ္စည်းရွတ်၊ မေတ္တာသုတ်ရွတ်ပါ။ ပိတောက်သား ပစ်တိုင်းထောင် (၂) ရုပ်ဆောင်ပါ။ သည်းခံပါ။ ခွင့်လွှတ်ပါ။ မွေးနေ့တွင် ဥပုသ်စောင့်ပါ။ သက်သတ်လွတ်စားပါ။ အနန္တောအနန္တငါးပါးနှင့် သက်ကြီးဝါကြီးများအား မကြာခဏ ကန်တော့ပါ။ ငွေပဒေသာပင်လှူပါ။ တံခွန်ကုက္ကားနှင့် မုလေးပွား စနေ၊ ကြာသပတေးထောင့်တွင် လှူပါ။ ရွှေရင်အေး၊ အဖျော်ရည်၊ မကြာခဏ လှူပါ။ အကြံအစည်အောင်မြင်ရန် အိမ်ဘုရားတွင် ပေါင်မုန့်ထောပတ်သုတ် (သကြားမထည့်ရ) ကပ်လှူပြီး 'သိဒ္ဓိပေးသနားပါ' ပြောပြီး ပြန်စွန့်စားပါ။ အရာရာအဆင်ပြေရန် မွေးနေ့ နံနက် (၉) နာရီမှ (၁၀း၃၀) နာရီအတွင်း အိမ်ဘုရားတွင် နို့ထမင်း ကပ်လှူပါ။ ငွေပုံသကူ ပစ်ပါ။ ခွေးစာကျွေးပါ။ နေပူခံကျောက်ပြားလှူပါ။

## ၄။ ဗုဒ္ဓဟူးသက်ရောက်

**တနင်္ဂနွေသားသမီးများအသက်**- ၄၊ ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄ နှစ်။

**တနင်္လာသားသမီးများအသက်** - ၃၊ ၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃ နှစ်။

**အင်္ဂါသားသမီးများအသက်**- ၂၊ ၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂ နှစ်။

**ဗုဒ္ဓဟူးသားသမီးများအသက်** - ၁၊ ၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁ နှစ်။

**ကြာသပတေးသားသမီးများအသက်**- ၇၊ ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇ နှစ်။

**သောကြာသားသမီးများအသက်**- ၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅ နှစ်။

**စနေသားသမီးများအသက်** - ၈၊ ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈ နှစ်။

နမောဗုဒ္ဓဿ ပုတီး(၁၀)ပတ်စိပ်ပါ။ နမောတေဂါထာ၊ မေတ္တာသုတ်ရွတ်ပါ။ မေမြို့၊ ထန်း၊ ပိတောက်သားဆောင်ပါ။ သံဃာတော်များအား အရုဏ်ဆွမ်းကပ်လှူပါ။ မြတ်စွာဘုရားရှင်အား နံနက်အရုဏ်တက်တွင် မျက်နှာသစ်တော်ရေ ကပ်လှူပါ။ ဘုရားကျောင်းဆောင်သန့်ရှင်းရေးလုပ်ပါ။ ကျန်းမာရေးညံ့သူအား ငွေလှူပါ။ သံဃာတော်၊ မိဘ ဆရာသမားများ ရွှေရင်အေးလှူပါ။ မွေးနေ့နံနက် (၉) နာရီ မှ (၁၀)နာရီအတွင်း တန်ခိုးကြီးဘုရားရုပ်ပွားတော်၏မျက်နှာတွင် ရွှေသင်္ကန်းကပ်လှူပေးပါ။ ကလေးတွေကို သကြားလုံးဝေပေးပါ။ ငွေပုံသကူ ပစ်ပါ။ ခိုစာ၊ ဝါးစာကျွေးပါ။ ငါး (၈) ကောင်လွှတ်ပါ။ အိမ်ဘုရားတွင် နာနတ်သီး၊ ပန်းသီးကပ်လှူပါ။

## ၅။ စနေသက်ရောက်

**တနင်္ဂနွေသားသမီးများအသက်** - ၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅ နှစ်။

**တနင်္လာသားသမီးများအသက်** - ၄၊ ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄နှစ်။

**အင်္ဂါသားသမီးများအသက်** - ၃၊ ၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃ နှစ်။

**ဗုဒ္ဓဟူးသားသမီးများအသက်** - ၂၊ ၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂ နှစ်။

**ကြာသပတေးသားသမီးများအသက်**- ၈၊ ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀ နှစ်။

**သောကြာသားသမီးများအသက်**- ၆၊ ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈ နှစ်။

**စနေသားသမီးများအသက်** - ၁၊ ၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁ နှစ်။

'အရဟံအောင်သိဒ္ဓိ' ပုတီး (၁၀) ပတ်စိပ်၊ ရွတ်၊ အုန်း၊ သီဟိုဠ်ဆောင်[illegible] သတ်မည့်ငါး (ဈေးထဲမှ ငါးအရှင်) [illegible] ရှင်နိုင်သောရေတွင် လွှတ်ပေးပါ။ [illegible] ဘေးမဲ့လွှတ်ပါ။ ကျန်းမာရေးညံ့သူ[illegible] ဆေးဝါး၊ ဓာတ်စာ လှူပေးပါ။ [illegible] အင်္ဂါမသန်စွမ်းသူ၊ မျက်စိမမြင်သူကို [illegible] အာဟာရ လှူပေးပါ။ မွေးနေ့[illegible] (အပတ်စဉ် (သို့) လစဉ်) စနေထောင့်[illegible] ထီးနီ (၁၀) လက်၊ တံခွန်အနီ[illegible] အသေးလုံး (၁၀) လုံး ဖယောင်းတိုင်[illegible] (၁၀) တိုင်လှူပေးပါ။ ဆရာသမား [illegible] အား နာရီလှူပေးပါ။ သူတစ်ပါးအသ[illegible] သတ်ခြင်းကိုအထူးရှောင်ပါ။ အိမ်ဘု[illegible] တွင် သီဟိုဠ်စေ့၊ အုန်းယိုကပ်လှူပြီး [illegible] စွန့်စားပါ။

## ၆။ ကြာသပတေးသက်ရောက်

**တနင်္ဂနွေသားသမီးများအသ**[illegible] ၆၊ ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ [illegible] ၇၈၊ ၈၆ နှစ်။

**တနင်္လာသားသမီးများအသက်**- [illegible] ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁ [illegible] ၇၇၊ ၈၅နှစ်။

**အင်္ဂါသားသမီးများအသက်**- ၄ [illegible] ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈ [illegible] ၈၄ နှစ်။

**ဗုဒ္ဓဟူးသားသမီးများအသက်**- ၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉ [illegible] ၇၅၊ ၈၃ နှစ်။

**ကြာသပတေးသားသမီးများအသ**[illegible] ၁၊ ၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇ [illegible] ၇၃၊ ၈၁ နှစ်။

**သောကြာသားသမီးများအသ**[illegible] ၇၊ ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃ [illegible] ၇၉၊ ၈၇ နှစ်။

**စနေသားသမီးများအသ**[illegible]



www.burmeseclassic.com

www.burmeseclassic.com

၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂ နှစ်။

'အရဟံ ဇိနော' ပုတီး (၁၀) ပတ် စိပ်ပါ။ ရွတ်ပါ။ အိမ်ဘုရားတွင် အုန်း ထမင်းလှူပါ။ အကြံအစည်အောင်မြင် ဆီးယို၊ ဆီးဖျော်ရည် ဘုရားကပ်။ ပြန်စွန့်စားပါ။ မုန့်လုံးရေပေါ် ဝေပေးပါ။ ဘုန်းဘွားရိပ်သာတွင် ငွေလှူပါ။ ကိုယ်ဝန် ဆောင်သည်အား မမွေးခင်နှင့် မွေးပြီး အနှီးပိတ်၊ နို့မှုန့်၊ ငွေလှူပေးပါ။ (၃) ပတ် ဆက်တိုက် လှူပေးပါ။ လမ်းဘေးခွေး လေခွေးလွင့်များကို အစာကျွေးပါ။ ငှက်ပျောသီးနှင့် အိုးစည်ထုပြီး ဆောင်ပါ။ (၇) ကောင်လွှတ်ပါ။ သံဃာတော်ကို ဆွမ်းဟင်းခါးလှူပေးပါ။ တနင်္ဂနွေ၊ အင်္ဂါ ထောင့်တွင် အုန်း (၆) ညွှန့်၊ ဇော်စိမ်း (၈) ညွှန့်လှူပါ။

ရာဟုသက်ရောက်

**တနင်္ဂနွေသားသမီးများအသက်-** ၇၊ ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇ နှစ်။

**တနင်္လာသားသမီးများအသက် -** ၆၊ ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆ နှစ်။

**အင်္ဂါသားသမီးများအသက် -** ၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅ နှစ်

**ဗုဒ္ဓဟူးသားသမီးများအသက် -** ၄၊ ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄ နှစ်။

**ကြာသပတေးသားသမီးများအသက်-** ၂၊ ၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂ နှစ်။

**သောကြာသားသမီးများအသက်-** ၈၊ ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈ နှစ်။

**စနေသားသမီးများအသက် -** ၃၊ ၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃ နှစ်။

'လောကဝိဒူ' ပုတီး (၁၀) ပတ်စိပ်ပါ။ ၂၄-ပစ္စည်းရွတ်ပါ။ ခရေသားဆောင်ပါ။ ကြေးခေါင်းလောင်းတွင် ဓာတ်ပုံ ... ခေါင်းလောင်းကို ကြေးခက်ရင်းနှင့် ... လိုရာဆန္ဒပြုပါ။ ဘုရားစေတီတွင် ခေါင်းလောင်းထိုးပါ။ ရေသန့်ဘူးလှူပေး ... မိဘ၊ ဆရာသမားကို အဝတ်အစား လှူပါ။ သံဃာတော်ကို သင်္ကန်း၊ ပန်ကာ လှူပါ။ မြတ်စွာဘုရားရှင်၏ ရင်ဘတ် တော်တွင် ရွှေသင်္ကန်း ကပ်လှူပူဇော်ပါ။

အိမ်ဘုရားတွင် ကြံရည်၊ ကရေကရာ ကပ်လှူပြီး ပြန်စွန့်စားပါ။ ကလေးငယ် တို့အား ပျော်ပွဲရွှင်ပွဲလုပ်ပေးခြင်း၊ အစား အသောက်ကျွေးခြင်း၊ ကစားကွင်းပို့ပေး ခြင်းများ ပြုလုပ်ပေးပါ။

၇။ သောကြာသက်ရောက်

**တနင်္ဂနွေသားသမီးများအသက်-** ၈၊ ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀ နှစ်။

**တနင်္လာသားသမီးများအသက် -** ၇၊ ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉ နှစ်။

**အင်္ဂါသားသမီးများအသက် -** ၆၊ ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆ နှစ်။

**ဗုဒ္ဓဟူးသားသမီးများအသက် -** ၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅ နှစ်။

**ကြာသပတေးသားသမီးများအသက်-** ၃၊ ၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃ နှစ်။

**သောကြာသားသမီးများအသက်-** ၁၊ ၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁ နှစ်။

**စနေသားသမီးများအသက် -** ၄၊ ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄ နှစ်။

'ဗုဒ္ဓေါဇိနော' ပုတီး (၁၀) ပတ် စိပ်ပါ။ ရွတ်ပါ။ စံပယ်ပန်း ဘုရားလှူ ဆောင်ပါ။ အိမ်ဘုရားတွင် စူပါကော်ဖီမစ်၊ ပဲပေါက်စီဘုရားကပ်ပြန်စွန့်စားပါ။ တံတားအို၊ တံတားပျက်၊ လမ်းအို၊ လမ်းပျက်ပြုပြင်ပါ။ ညောင်ထောက်ပါ။ ဘုရားဖူးခရီးသွားမည့်သူကို ခရီးစရိတ် လှူပါ။ တရားဓမ္မနှင့်ပတ်သက်သော စာအုပ်၊ စာပေလှူ။ ကလေးသူငယ်များ အတွက် စာရေးကိရိယာ၊ စာအုပ်လှူပါ။ ရိပ်သာဝင်သူကို ကုသိုလ်ပြုပေးပါ။ ငါး သက်စေ့လွှတ်ပါ။

ယခုမိမိရောက်နေသော အသက်တွင် ကုသိုလ်ပါသော ယတြာများ ပြုလုပ်ပေးခြင်းအားဖြင့် အဆိုးတွေ ပြေပျောက်ပြီး အကောင်းတွေ ရရှိခံစားရပါလိမ့်မည်။ ထို့ကြောင့် မိမိတတ်စွမ်းသရွေ့ ပြုလုပ်ဆောင်ရွက်ကြပါ။

*ဆရာ့ကျေးဇူး*
*အစဉ်အောက်မေ့လျက်*

ဒေါ်ခင်စံသူ (B.Sc)

# နတ်မောက်မင်းသန့်နိုင်
# အဝလွန်သူများအတွက်
# အဆီကျဆေး

ကျွန်တော်၏ ဦးကြီးဖြစ်သူ စွဲ၍ စားခဲ့ဖူးသော ဆေးနည်း ဖြစ်ပါသည်။ တိုင်းရင်းဆေးခန်းမှူးမှာ ဦးကြီးနှင့် ရင်းနှီးခင်မင်သူ ဖြစ်သဖြင့် နောက်ဆုံးတွင် ဆေးမပေးတော့ဘဲ ဤဆေးနည်းကို ကိုယ်တိုင် ဖော်စပ်စားရန် ဆေးနည်း ရေးပေးလိုက်ခြင်း ဖြစ်ပါသည်။ လွန်ခဲ့သော (၇) နှစ်ခန့်က ရေးပေးသောဆေး နည်း ဖြစ်ပါသည်။

ဦးကြီးမှာ ၎င်းဆေး (၂) လခန့် စွဲစားခဲ့ရာ အမှန်ပင် အဆီကျ၊ အသားကျစ်၊ ပေါ့ပါးလန်းဆန်း၊ အသက်ရှည် အဆင်ပြေခဲ့ရပါသည်။ ဦးကြီးကဲ့သို့ အဝလွန်သူများ ကိုယ်တိုင်ဖော်စပ် အသုံးပြုလိုသူများ၊ လိုသူများသုံးစွဲနိုင်ရန် တစ်ဆင့် ရယူတင်ပြပါသည်။

ကြစုသီး၊ ကန့်ချုပ်နီ၊ ချင်းခြောက်၊ ယမ်းစိမ်း၊ အိပ်မွေ့သီး၊ သစ်ဆိမ့်သီး၊ ဆီးဖြူသီး၊ နံ့သာနီ၊ နနွင်းမှုန့်။

ဆေးအမည် (၉) ပါး၊ (၁၀) ကျပ်သားစီ အလေးချိန်အညီအမျှကို အမှုန့်ပြု၍ ပျားရည်စစ်စစ်နှင့် ဆေးလုံး၍ရအောင် ရောထည့်နယ်ပြီး ဆီးစေ့ခန့် အလုံးများ လုံးထားရပါသည်။ တစ်နေ၊ နှစ်နေလှန်းပြီး ဆေးလုံးလေးများ တစ်လုံးနှင့်တစ်လုံး ပူးကပ်မှုမရှိတော့မှ ဖန်ပုလင်းတွင် ထည့်ပိတ်ထားပါ။

တစ်နေ့(၃)ကြိမ်၊ တစ်ခါသောက် (၂) လုံး ရေအေးဝဝသောက်ရပါသည်။ အထက်ပါ ဆေးတစ်ဖုံနှင့်ပင် လက်တွေ့ အဆီကျ အသားကျစ် ပေါ့ပါးလာပါမည်။

ကိုယ်တိုင် ဖော်စပ်လိုသူများ မန္တလေးပရဆေးဆိုင်များတွင် ဆေးအမည်များ အလွယ်တကူ ဝယ်ယူရရှိပြီး အမှန်ကြိတ်၍ရပါသည် ခင်ဗျား။

*ကျန်းမာချမ်းသာကြပါစေ*

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



# ကြေးပြား

## ဝင်းမြအောင်(မြိတ်)

၁၉၈၃ ခုနှစ် မြိတ်မြို့ကို ရောက်ခါစက ကဗျာတစ်ပုဒ် စပ်ဖူးပါတယ်။ ကဗျာအမည်က 'မြိတ်မြို့က ကြေးပြား' ဖြစ်ပါတယ်။ ခုတစ်လော (၅၀၀၀) တန် ငွေစက္ကူတွေလည်း အတုတွေတဲ့။ ဘဏ်တွေမှာတောင်ရောက်နေသတဲ့ ဆိုတော့ . . . ဆိုတော့ . . . (၅၀၀၀) တန် ငွေစက္ကူအတု လက်ဝယ်ရောက်ပြီဆိုရင် သုံးမရတဲ့ပိုက်ဆံ (ငွေ) ဖြစ်သွားတာပေါ့။ ဒါပေမယ့် မြိတ်မြို့က ကြေးပြားကမှ သုံးလို့ရသေးတယ်လို့ ဆိုရမှာပါ။

*မြိတ်မြို့မှာ လူအစုက*
*ဝိုင်းပြုလို့ခေါ်ကြတယ်။*
*ငွေ သို့မဟုတ် ပိုက်ဆံကို*
*ထိုက်တန်စွာအရေးထားလို့*
*ကြေးပြားတဲ့ကွယ်။ ။*
*ဪ - အဲဒီအခေါ်စကားဟာဖြင့်*
*အတော်များတယ်မထင်လိုက်ပါနဲ့*
*တိုက်ဆိုင်ကြည့်ဝင်ငွေရယ်*
*ထွက်လွယ်တဲ့အသုံး။ ။*
*စကားနောက်တရားပါသလို*
*အများတကာကို ငွေမချစ်လို့*
*နေရစ်ပါ ပစ်ခွာပြေးတယ်*
*ကြေးပြားကမုန်း။*

| မြိတ်စကား | ပုဂံစကား |
|---|---|
| တလား | အသုဘခေါင်း |
| တွတ်တီ | မီးလွှာသိမ်းသူ |
| မျက်စိမွေ့သည် | မူးဝေသည် |
| အုတ်အေ့မစေ့သူ | မရေမရာမသေချာသူ |
| လောင်သည် | ဆော့သည် |
| အိရောင်ဝါး | ဘာမှမဟုတ် |
| ကော်က်ငင်သည် | သိမ်းဆည်းသည် |
| ရောကောသောကော | အရောရောအထွေးထွေး |
| နှာခေါင်းချေးစေးသည် | ကပ်စေးနှဲသည် |
| ပိဖျော် | ငါးပိသုတ် |
| ပိရှာ | တို့စရာ |
| သော | သွား |
| မန်းစား | ထမင်းစား |
| ဖိ(ထားဝယ်) | မိန်းမထဘီ |
| မလိုရ | မလိုဘူး |
| လုံချည် | ပုဆိုး |
| သားလောင် | ပုဆိုး |
| ချဲတောက်တဲ့ | ကိုယ်တုံးလုံး |

အဲဒီတုန်းက ငွေရှာတာ ရတော့ရတယ်။ ကြေးပြား ဆိုတဲ့အတိုင်း ဘာမှတန်ဖိုးမရှိသလိုဘဲ။ အသုံးမခံဘူး ဆိုတဲ့သဘောပါ။ အခုတော့ (၅၀၀၀) တန်ကအတုဆိုတော့ လုံးဝ လုံးဝ သုံးမရတော့ဘူးပေါ့။ အဲဒီလို သုံးမရတဲ့ပိုက်ဆံကဘုမသိဘမသိ ပြည်သူလူထုတွေလက်ထဲ ရောက်လာတယ်။ ငွေစက္ကူကိုမပြောနဲ့၊ ရိုးရိုးစက္ကူကိုတောင် မလုပ်တတ်တဲ့ပြည်သူလူထုလက်ထဲလည်း (၅၀၀၀) တန်ရောက်ရော အတုကြီးဖြစ်လို့ သုံးမရတော့ဘူးဆိုရင် ဘယ်လောက်ခံစားလိုက်ရမလဲ စဉ်းစားသာကြည့်ပေရော့ပေါ့ဗျာ။

အဲ- ရှိစေတော့၊ရှိစေတော့။ ပြောချင်တာက (၅၀၀၀) တန် မဟုတ်ပါဘူး။ ကြေးပြားအကြောင်းပါ။ အခုလည်း (၅၀၀၀) တန်နဲ့ ကြေးပြားဆက်စပ်သွားလို့ပါ။ အဲဒါပေမယ့် မြိတ်မြို့က ကြေးပြားကမှ သုံးလို့ရသေးတယ်လေ။ သူကဓလေ့စကားအရ ငွေ သို့မဟုတ် ပိုက်ဆံကို ကြေးပြားလို့ ခေါ်ကြတာပါ။ ကျွန်တော်တောင်မှ အနေကြာလာတော့စားသောက်ဆိုင်မှာ တစ်ခုခုစားသောက်ပြီးရင် 'ကဲ-လာဟေ့၊ (ကြီးပြား)ကြေးပြားရှင်းရအောင်' လို့ အကျင့်ပါပြီး ပါးစပ်ကခေါ်မိတာမျိုး ကြုံရပါတယ်။ အဲဒီလို မြိတ်စကားနဲ့ ပုဂံစကားကို ငတ်ရင်ဝင်စား၊ ဆပ်လီဆပ်ဖွဲ့နဲ့ဇတော့၊ ဈေးပြေး၊ နိဗောင်ဒုတ် ဆိုပြီး သူရဇ္ဇမဂ္ဂဇင်းမှာ ရေးခဲ့ပြီးပါပြီ။ ယခု ကျန်တာလေးတွေကို ဆက်လက် ဖော်ပြပေးပါ့မယ်။

စသည်တို့ ဖြစ်ကြပါတယ်။

ကဲ - အခုတော့ မြိတ်စကားနဲ့ ပတ်သက်လို့ တော်တော်ပြည့်စုံသွားပါပြီ။ နောက်ပိုင်းမှာ မြိတ်နဲ့ ဆက်စပ်နေသော ပင်လယ်ထဲကအကြောင်းတွေကို တင်ပြပေးပါ့မယ်။ ဝါးတန်းလေ့၊ ဝါးလပ်လေ့၊ ကင်းမွန်မီးထွန်းလေ့တို့အကြောင်း ဖြစ်ပါတယ်။ အခု တင်ပြခဲ့တာက မြိတ်မြို့က ကြေးပြားအကြောင်း ဖြစ်ပါတယ်။

အခုပေါ်လာတဲ့ (၅၀၀၀) တန်အတု
တော့ မိမိတို့လက်ဝယ်ကိုရောက်လာ
ဆိုရင် သေချာပေါက် ဒုက္ခရောက်ပြီ
ပြောရမှာပါ။ မြိတ်မြို့က ကြေးပြား
တော့ ဓလေ့စကားအရ ကြေးပြား
သာခေါ်တာ၊သုံးလို့ရသေးတယ်ဆို
တန်ဖိုးသတ်မှတ်သလောက် တန်ဖိုးရှိ
သေးတယ်။အခုပေါ်နေတဲ့ (၅၀၀၀)
အတုဆိုတာ ဘယ်လိုဟာကို အတု
တာလဲ သိအောင် လုပ်ထားဖို့လို
ဆုတောင်းတိုင်းသာပြည့်မယ်ဆိုရင်
(၅၀၀၀)တန်အတု မိမိလက်ထဲ မရော
ပါစေနဲ့လို့ ဆုတောင်းရမှာ ဖြစ်ပါတ
ဘာဖြစ်လို့လဲဆိုတော့ (၅၀၀၀)တန်အ
ဆိုတာ ကြေးပြား၊ ကြေးပြား ဆို
(၅၀၀၀) တန်အတု ဖြစ်လို့ပါပဲ။

*ငါလည်း (၅၀၀၀) တန်အတု*
*က ကင်းဝေးပါစေ။*

*ပြည်သူလူထုလည်း (၅၀၀၀)*
*အတုဘေးက ကင်းဝေးကြပါစေ။*

ဝင်းမြအောင်(မြိ



www.burmeseclassic.com

www.burmeseclassic.com

## ထူးခြားအံ့ဩဖွယ်ရာ

# သစ်တစ်လုံးထွင်းလှေကြီး

မွေးမွေး(အင်းတော်)


စာရေးသူသည် သစ်တစ်လုံးထွင်းလှေကြီးရှိရာ တံခွန်တိုင်ရွာသို့ နှစ်စဉ်ရောက်ဖြစ်ပါသည်။ ထိုရွာတွင် စာရေးသူ၏ သူငယ်ချင်းများ ရှိသောကြောင့် သွားရောက်ခြင်း ဖြစ်ပါသည်။ သူငယ်ချင်းများမှ ထိုလှေရှိရာ တံခွန်တိုင်ဘုန်းတော်ကြီးကျောင်းသို့ လိုက်ပြသဖြင့် ထွင်းလှေကြီးအား မြင်ဖူးခြင်း ဖြစ်ပါသည်။ လှေကြီးအား မြင်လိုက်သည်နှင့် အကောင်တစ်ကောင်အား မြင်လိုက်ရသကဲ့သို့ ရင်ထဲတွင် တစ်မျိုးကြီးခံစားမိပါသည်။ သစ်တစ်ပင်တည်းကို ထွင်း၍ပြုလုပ်ထားသဖြင့် ပို၍ အံ့ဩဖွယ်ဖြစ်မိပါသည်။ လှေဦးမှ လူရပ်နေလျှင် လူနှစ်ရပ်စာခန့်မြင့်သဖြင့် ဤမျှကြီးမားသောသစ်ပင်ကြီးကိုလည်း အံ့ဩမိပါသည်။ လှေနှင့်အတူ ထူးခြားသော အရာမျိုးစုံကိုလည်း တံခွန်တိုင်ဘုန်းတော်ကြီးကျောင်းတွင် တွေ့မြင်နိုင်ပါသည်။ နှစ်ပေါင်းတစ်ရာကျော်ရှိ ရှေးဟောင်းပစ္စည်းများကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။



လှေအမြီးပိုင်း

သစ်တစ်လုံးထွင်းလှေကြီးတည်ရှိရာနေရာမှာ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် တံခွန်တိုင်ရွာတွင် တည်ရှိခြင်း ဖြစ်ပါသည်။

သစ်တစ်လုံးထွင်းလှေကြီးခုတ်ထွင်ပြီး သယ်ဆောင်ခဲ့သော ခုနှစ်သက္ကရာဇ်ကိုမူ တိကျရေရာစွာမသိကြသော်လည်း မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက် ၁၂၃၀ပြည့်နှစ်မှ ၁၂၄၄ ခုနှစ်အထိ ခုနှစ်ရွာဂိုဏ်းအုပ်ဆရာအဖြစ် ခန့်အပ်ခြင်းခံရသော တံခွန်တိုင်ကျောင်းတိုက်ဆရာတော် ဦးအာသဘ (ဦးချိန်) လက်ထက်တွင် ဝန်းသိုမြို့နယ် မော်ခါး ရွှေမှူးသည်




ထွင်းလှေ



www.burmeseclassic.com


www.burmeseclassic.com



လှေဝန်းပိုင်း



နတိယထွင်းသောလှေ



လက်လှည့်အပ်ချုပ်စက်



နှစ်တစ်ရာကျော်ရှိ ဓား



ရှေးကျသော ယွန်းအုပ်များ



လှေထိုးသားရုပ်တုပုံ



လှေထွင်းရာတွင် အသုံးပြုသော သီးများ

www.burmeseclassic.com

မိုင်းသုံတောင်မှ ကျွန်းသစ်တစ်လုံးကို ခုတ်ချကာ ဆင်ဖြင့် လည်းကောင်း၊ ကျွဲနွားများဖြင့် လည်းကောင်း ဆွဲချပြီး လှူဒါန်းခဲ့သည်ဟု သိရှိရပါသည်။

တံခွန်တိုင်ရွာသားများသည် မိုင်းသုံတောင်တွင် ကျွန်းသစ်တစ်ပင်တည်းမှ လှေနှစ်စင်းကို အကြမ်းထွင်ခဲ့ပြီး မဲဇာချောင်းသို့ စုန်ဆင်းသယ်ဆောင်လျက် တံခွန်တိုင်ရွာဆိပ်ကမ်းသို့ရောက်မှသာ အတွင်း အချောကိုင်ထွင်းပြီး အသုံးပြုခဲ့ကြပါသည်။

လှေထွင်းပုံမှာ မိမိလိုချင်သော လှေပုံစံ၏ သင့်တော်ရာ မျက်နှာပြင်ကို ရွေးချယ်ပြီး လွှ၊ ခွန်၊ ရွေဓားမကြီးတို့ဖြင့် ခုတ်ထစ်လျက် မျက်နှာပြင်ကို ဦးစွာညီအောင် ပြုပြင်လိုက်ပြီးသောအခါ မျက်နှာပြင်၏အတွင်းသို့ ခွန်၊ ရွေဓားမကြီး၊ ရွေပ်ကြီးတို့ဖြင့် ခုတ်ထွင်းရပါသည်။

ထိုမှတစ်ဆင့် လှေ၏အပြင်ဘက်ခံ ဝမ်းဗိုက်ဦး၊ ပဲ့တို့ကို လိုချင်သောပုံစံခုတ်ချပြီး အကြမ်းထည် ပြီးသွားသောအခါတွင် နောက်မြီးကို ကော့တက်လာစေခြင်း၊ အလယ်နံရံနှစ်ဖက်ကို ဘေးသို့ကားစေခြင်းငှာ သံကြိုးတို့ဖြင့် ဦးခေါင်းဘက်နှင့် နောက်မြီးတစ်ဖက်တစ်ချက်တွင် ချည်နှောင်ပြီးလျှင် လှေ၏အလယ်အတွင်းနံရံနှစ်ဖက်ကိုဒေါက်များထောက်စေလျက် လှေဝမ်းဗိုက်အတွင်းတွင် မီးဖိုဖိုလိုက်သောအခါ ကျွန်းသား၏ အရေများ အဆီများဆူတက်လာကာ အသားသည်လည်း ပျော့ပျောင်းလာပါသည်။ ထိုအခါမှ မီးဖိုကို ဖယ်ရှားပြီး အတွင်းဒေါက်များကို တဖြည်းဖြည်း ရိုက်ကားစေခြင်း၊ အတွင်းသားများကို ထွင်းစေခြင်းတို့ဖြင့် သစ်တစ်လုံးတည်းကို ထွင်းသော 'စေတီ' ဟူသော လှေကြီး၏ အချောကိုင် ပြီးမြောက်ခဲ့ပါသည်။

မော်ခါးရွှေမှုံမှ လှူဒါန်းခဲ့သော ကျွန်းသစ်တစ်ပင်တည်းမှ စေတီ၊ မင်းကျော် ဟူသော လှေကြီးနှစ်စင်း ခုတ်ထွင်းခဲ့ရာတွင် သီပေါမင်းလက်ထက် ၁၉၄-၄၅ ခုနှစ်တွင် ကချင်-ဗမာစစ်ပွဲဖြစ်သောအခါ ကချင်များမှ စစ်သုံးလှေဟု ထင်မှတ်သောကြောင့် ကျွန်းသစ်အခေါင်းသားကို ထွင်းထားသော မင်းကျော် ဟူသောလှေကြီးကို ဓားနှင့်ခုတ်ပြီး မီးရှို့ဖျက်ဆီးခဲ့လေသည်။

မီးရှို့ဖျက်ဆီးခံလိုက်ရသော မင်းကျော်ဟူသောလှေကြီး၏ အလျား၊ အနံကို မသိရသော်လည်း ယခု ကျန်ရှိနေသေးသော စေတီ ဟူသော လှေကြီး၏



ရှေးဟောင်းဘုရားများရုပ်ပွားတော်များ



ရှေးဟောင်းစေတီများမှ ရှေးခေါင်းလောင်းများ



ရှေးဟောင်း မီးအိမ်များ




နှစ်ပေါင်းတစ်ရာကျော်ရှိ ပန်းချီလက်ရာများ



www.burmeseclassic.com

www.burmeseclassic.com




ဗုဒ္ဓပနှာတိုက်တွင်းမှရရှိသော ဘုရားစေတီများ



ရွှေကျောက်သင်ပုန်းများ



သစ်ထွင်းသေတ္တာကြီး



ရွှေရွှေမှုန်ကြီးများ အုံးသော ခေါင်းအုံး




သစ်ထွင်းသေတ္တာကြီး၊



ထွင်းသေတ္တာများ



ရှေးဟောင်းကင်မရာ



ရှေးဖုံးကျည်များ



www.burmeseclassic.com

www.burmeseclassic.com




တော်တော်လေးရဲ့အထက်မှာ ကောင်းတာ ...လမင်းသစ္စာ

# လမင်းသစ္စာ

လေးဖက်နာသောက်ဆေးနှင့် သက်ရင်းရှောက်ပေါင်းဒဏ်ကြေ လိမ်းဆေးရည်

၀၆၁၀ YR ၀၀၇၀၆၆


၀၇၁၀ YR ၀၀၇၁၈၁

...တက်၊ အဆစ်အမြစ်ကိုက်ခဲ၊ ဒူးနာ၊ ခါးနာ၊ အရိုးကျိုးပေါင်းတက်၊ လေးဖက်နာနှင့် ဂေါက်ရောဂါဖြစ်လျှင်...


**လမင်းသစ္စာ** .... ဆေးကိုလိမ်း

**လမင်းသစ္စာ** .... ဆေးကိုသောက်.... ပျောက်

...မင်းသစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး-အမှတ် (၁၉၃/၄ဘီ)၊ ဗဟိုလမ်း၊ စမ်းချောင်း၊ ဖုန်း-၀၉-၅၁၃၁၆၄၇၊၀၉-၅၀၈၁၆၀၉၊ ၀၁-၅၂၃၄၇၈
...ရာများ-ကောင်းမြတ်သစ္စာကုသခန်း၊ မြောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်၊ ဗဟိုလမ်း၊ စမ်းချောင်း (ဖွင့်ရက်-အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး)။
...ဆုမေတ္တာ၊ ကိုလှစိုး၊ အာရောဂျ၊ ဦးမြင့်ဆွေ၏သားများ၊ မိဘမေတ္တာ။၁၅လမ်းနှင့် ကန္နားလမ်း-ကိုဝင်းမြင့်+မဒေဘဘီ။ မင်္ဂလာဈေး-သုခချမ်းသာ၊
...သက်နိုင်၊ NEO ၊ စံမတူ၊ မင်းသား အာရောဂျ ၊ အောင်။ သံလျင်-သီဟ၊ မြို့မသုခ။
...တ္တာဦး ဖိုးမွားလေးဆေးဆိုင် ။ တောင်ကြီး-လင်းဆေးဆိုင်။
...သုယ် ဘဂဝသစ်၊ ကျော်၊ အောင်ရတနာ၊ ကောင်းသန့်ဆေးဆိုင် (ဈေးချို)၊ ဗန္ဓုလဆေးဆိုင် (ဈေးချို)
...မြန်မာပလာဇာ)

မြေတိုင်းကိရိယာများ



နှစ်တစ်ရာကျော်ရှိ ပေတံနှင့် ထမ်းပိုးများ

အလျားသည် (၅၇) ပေရှိပြီး အနံမှာ (၆) ပေ၊ (၅) လက်မ ရှိပါသည်။ ဤစေတီ မည်သောလှေကြီးသည် ပျဉ်များဖြင့် စပ်လှေ မဟုတ်ဘဲ သစ်တစ်လုံးတည်းကို ထွင်း၍ ပြုလုပ်ထားသဖြင့် အံ့ဩဖွယ်ကောင်းလှပါသည်။ တစ်ဆက်တည်းမှာပင် ထွင်းသေတ္တာများ၊ ရှေးဟောင်းရုပ်ပွားတော်များ၊ နှစ်တစ်ရာကျော်ရှိ ဆရာခ၏ ပန်းချီလက်ရာများ၊ ရွှေမှုံကြီးများအုံးသော ခေါင်းအုံး၊ ရှေးကျသော ယွန်းထည်ပစ္စည်းများ၊ ရှေးဟောင်းကျောက်သင်ပုန်းများ၊ ကျည်အိုးများ၊ ဌာပနာတိုက်တွင်းမှရရှိသောစေတီများ၊ နှစ်တစ်ရာကျော်ရှိ ပေတံများနှင့် ထမ်းပိုးများ၊ လက်လှည့်အပ်ချုပ်စက်နှင့် မြေတိုင်းကိရိယာတို့ကို တွေ့မြင်နိုင်ပါသည်။

ဗဟုသုတဖြစ် လာရောက်ကြည့်ရှုလိုပါက အင်းတော်မြို့မှ မန်လည်ရွာသို့ (၁၀)မိုင်ခန့်သွားရပြီး မန်လည်မှတစ်ဆင့် တံခွန်တိုင်ရွာသို့ (၂) မိုင်ခန့်သွားလျှင် ရောက်ပါသည်။

မွှေးမွှေး (အင်းတော်)



www.burmeseclassic.com

www.burmeseclassic.com


အရှေ့တိုင်းဆေးပညာသမိုင်းတွင် သမားတော်ကြီးဆရာဇီဝကကို လူတိုင်းလိုလို သိကြပါသည်။ ကြားဖူးနားဝရှိကြပါသည်။ ဆရာဇီဝကသည် မဇ္ဈိမဒေသတွင် ဗုဒ္ဓဘုရားရှင်လက်ထက်တော်အခါက ထင်ရှားကျော်ကြားသည့် သမားတော်ကြီး ဖြစ်ပါသည်။

ကျွန်တော်သည် သမားတော်ကြီး ဆရာဇီဝကကို အလွန်အားကျပါသည်။ ဆရာဇီဝက၏ ပညာရပ်များမှာ ဆေးပညာတစ်မျိုးတည်း မဟုတ်။ ဆေးပညာ ထိုထိုသောပညာရပ်များမှ ဆင့်ကဲဆင့်ပွား ပေါ်ထွန်းခဲ့သည့် အာယုဗ္ဗေဒ၊ သဘာဝဓမ္မ အစရှိသည့် ဆေးပညာရပ်များ ဖြစ်ပါလိမ့်မည်။ ထိုထိုသော ဆေးပညာရပ်များနှင့် နက္ခတ်ရာသီကိုကြည့်၍ ဆေးနည်းဓာတ်စာကုထုံးပြုသော ပုဂ္ဂလပညတ်ဓာတ်ကျမ်း စသည်တို့ကိုပါ ပေါင်းစပ်ကုသပါက အနာရောဂါဝေဒနာများ သက်သာ ပျောက်ကင်းနိုင်လောက်အောင် အားကိုးပြုနိုင်လိမ့်မည်ဟု ကျွန်တော် ယူဆပါသည်။

သို့သော် ထိုထိုသော ဆေးပညာများကို ကျွန်တော် ဝါသနာပါလှသော်လည်း ဘဝပေးအခြေအနေအရ လေ့လာသင်ယူမှု မပြုနိုင်ခဲ့ပါ။ ကျွန်တော်ပြုနိုင်ခဲ့သည်မှာ သမားတော်ကြီး ဆရာဇီဝက၏အကြောင်း ပါဝင်သော စာအုပ်စာတမ်းများ စသည်တို့ကိုသာ အိပ်ခန်း

# တက္ကသိုလ်ဝင်းမြင့်

## ယောဂီဆာဒူးကြီးနှင့် တွက်သက်၊ ဝင်သက်



ကို အထောက်အကူပြုသော ဆက်နွယ်နေသည့်အခြားလောကီပညာရပ်များပါ ပါဝင် ပေါင်းစပ်ပြီးမှ ကုထုံးဆေးချက်ပိုင်နိုင်စွာဖြင့် ကုသသဖြင့် ဆရာကြီးကုသော လူနာမှန်သမျှ အနာရောဂါဝေဒနာ သက်သာပျောက်ကင်းခြင်း ဖြစ်သည်ဟု ကျွန်တော် ယူဆမိပါသည်။

ဆရာဇီဝကတို့ခေတ်တုန်းက အဂ္ဂိဝေသန သံဟိတာဆေးကျမ်း၊ စရကသံဟိတာဆေးကျမ်း၊ သုသုတဆေးကျမ်း၊ အဋ္ဌင်္ဂဟာဒယသံဟိတာဆေးကျမ်း၊ အဋ္ဌင်္ဂဟာဆေးကျမ်း အစရှိသည်တို့မှာ သမားတော်တိုင်း လက်စွဲပြုကြသည့် ကျမ်းကြီးများ ဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံတွင်လည်း နန်းတွင်းခေတ်မှ ယနေ့ခေတ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

...တွင်း အမှတ်တရ အမြတ်တနိုးထား ...ခဲ့ပါသည်။

တစ်ခါတစ်ရံ ထိုစာအုပ်များကို ...ည့်၍ ကျွန်တော် အတွေးနယ်ချဲ့မိပါ ...ည်။ မဇ္ဈိမဒေသတွင် ဈာန်၊ ကသိုဏ်း၊ ...နုပါနရှုသော ယောဂီဆာဒူးကြီး ... ယခုခေတ်တိုင်ရှိနေကြောင်း စာ ...စာပေများတွင် ဖတ်ရှုရပါသည်။ ...ာဂီဗဟုသုတ ကြွယ်ဝသူများထံက ...ည်း ကြားသိရပါသည်။ ထိုထိုသော ...ာဂီဆာဒူးကြီးများသည် အချို့လည်း ...ယ်ပိုင်းလောက်သာ ဝတ်ထားကြပြီး ...ချို့မှာ အဖြူရောင်ဝတ်ရုံရှည်များနှင့် ခံ့ညားစွာ ဝတ်ဆင်ကြသည်ဟုလည်း သိရှိရပါသည်။ သို့ဆိုလျှင် အဖြူရောင်ဝတ်ရုံရှည်ကို မည်သို့ဝတ်ဆင်သည်လဲ။ ဆရာဇီဝကလိုပင် ဝတ်ဆင်ကြလေသလား၊ တစ်ဦးနှင့်တစ်ဦး အနည်းငယ်တော့ မတူကွဲပြားလေမည်လား စသည်ဖြင့် အတွေးနယ်ချဲ့နေမိပါသည်။

စိတ်စွဲလမ်းမှု လွန်ကဲ၍လားမသိပါ။ တစ်ညတွင် ကျွန်တော် အိပ်မက်တစ်ခုမက်ပါသည်။

မြင်ကွင်းတစ်ခုလုံး မှောင်မိုက်နေရာမှ အသံတစ်ခုသည် ကျွန်တော့်နားထဲသို့ ရောက်ရှိလာပါသည်။

'မင်းကမေ့တာကိုး၊ အရင်နှစ်ဘဝတုန်းက မင်းလည်း ငါတို့လိုဝတ်ခဲ့တာပေါ့။ မင်းဟာ ငါ့တပည့်ဖြစ်ခဲ့ဖူးတယ်'

ဟိန္ဒူယောဂီကြီးတစ်ဦး၏ အသံဖြစ်ကြောင်း ကျွန်တော် အလိုလို သိရှိသွားပါသည်။


မကြာမီ မြင်ကွင်းက လင်းလာပါသည်။

ရေစပ်တစ်နေရာတွင် ကျွန်တော်ရပ်နေပါသည်။ ကျွန်တော့်ရှေ့တွင် ငြိမ့်ညောင်းစွာတသွင်သွင်စီးဆင်းနေသော ချောင်းတစ်ခုရှိသည်။ ချောင်းတစ်ဖက်ကမ်း၌ သစ်ပင်ကြီးများ အုပ်ဆိုင်းနေသော တောအုပ်လေးတစ်ခုရှိပါသည်။ တောအုပ်လေး၏ရှေ့ ချောင်းကမ်းပါးဘက်မှ သစ်ပင်ကြီးသုံးပင်၏ အောက်တွင် ယောဂီကြီးသုံးဦး မလှုပ်မယှက်ထိုင်နေကြပါသည်။ ဆံပင်ရှည်ကြီးများကို ဦးခေါင်းထိပ်တွင် သျှောင်ထုံးဖွဲ့ထားပါသည်။ ဥပဓိရုပ်ရည်အလွန်ကောင်းကြပါသည်။ ဆံပင်သျှောင်ထုံးကလည်း ဖြူဖြူဆွတ်ဆွတ်၊ ဝတ်ရုံရှည်များကလည်း ဖြူဖြူဖွေးဖွေးနှင့် တစ်ကိုယ်လုံးကို လွှမ်းခြုံနေကြပါသည်။

ကျွန်တော်က မတ်တတ်ရပ်လျက်နှင့်ပင် ထိုသုံးဦးကို တစ်ဦးစီ လက်အုပ်ချီလိုက်ပါသည်။ အလယ်က ပုဂ္ဂိုလ်ကခေါင်းကို အနည်းငယ်ဆတ်၍ ကျွန်တော့်ကို အသိအမှတ်ပြုလိုက်ပါသည်။

ထို့နောက် ကျွန်တော်အိပ်မက်က လန့်နိုးထလာပါသည်။

မကြာမီကာလများတွင် ကျွန်



www.burmeseclassic.com

တော် တက္ကသိုလ်တက်ရောက်ရသည်။ တက္ကသိုလ်များစာကြည့်တိုက်သည် ကျွန်တော့်အတွက် မိတ်ဆွေကောင်းဖြစ်ခဲ့ပါသည်။ ဘာသာရေးစာအုပ်များ၊ စိတ်ပညာ၊ ပထဝီဝင်ပညာ၊ သိပ္ပံပညာ၊ နက္ခတ်တာရာပညာရပ်များစွာကို ကျွန်တော် ဖတ်ရှုလေ့လာရသဖြင့် စာပေနယ်တွင် အလွန်ပျော်မွေ့ခဲ့ရပါသည်။

တစ်နေ့တွင် စာရေးဆရာကြီး ပီမိုးနင်း ရေးသားခဲ့သည့် 'ဟိန္ဒူယောဂီထွက်သက်၊ဝင်သက်ကြီးပွားအောင်မြင်ရေးကျမ်း'ကို တွေ့ရသဖြင့် အလွန်ပျော်မွေ့သွားပြီး အစအဆုံးဖတ်ရှုမိပါတော့သည်။ အချို့ မှတ်သားထိုက်သည့် အချက်အလက်များကို မှတ်စုထုတ်၍ မှတ်ပါသည်။ ထိုအတိုင်း လိုက်နာကျင့်သုံးနိုင်လျှင် အစွမ်းထက်မြက်သည့် လူတစ်ယောက် ဖြစ်လာနိုင်သော်လည်း ထိုအတိုင်း ကျွန်တော် လိုက်နာကျင့်သုံးမှု မပြုနိုင်ခဲ့ပါ။

တက္ကသိုလ်က ဘွဲ့ရ၍ အလုပ်ထဲရောက်သောအခါ အရပ်တကာနယ်တကာ ပြောင်းရွှေ့ရသဖြင့် ကျွန်တော့်မှတ်စုများလည်း ဘယ်ရောက်ကုန်မှန်းမသိတော့ပါ။ ကျက်မှတ်ထားသော အချက်အလက်များလည်း တစ်စတစ်စ မေ့လျော့ကုန်ပါတော့သည်။

သို့သော် စွဲစွဲလမ်းလမ်းမှတ်သားနေမိသော အချက်တစ်ခုကိုတော့ ယနေ့တိုင် မှတ်မိနေပါသေးသည်။

ကျွန်တော်တို့အသက်ရှူထုတ်ရာ နှာသီးဖျားမှ လေဝင်၊ လေထွက်စနစ်ကို ကျွန်တော်တို့ လူအတော်များများ သတိမထားမိသောအချက်ရှိပါသည်။ လေဝင်၊ လေထွက်ပြုရာ၌ နှာခေါင်းပေါက်နှစ်ဖက်စလုံးမှ တစ်ပြိုင်နက် လေဝင်၊ လေထွက်ပြုနေသည်ဟု မှတ်ယူလေ့ရှိကြပါသည်။ မိမိကိုယ်မိမိ စူးစမ်းမှုမပြုမိကြ၍ ထိုသို့ ထင်မြင်ကြခြင်း ဖြစ်ပါသည်။ စူးစမ်းကြည့်ပါက လွယ်ကူစွာပင် သိမြင်နိုင်ကြမည် ဖြစ်ပါသည်။

ဆရာဝန်များ၊ ဆေးပညာရှင်များ၊ သမားတော်များကတော့ ထိုအချက်ကို ကောင်းစွာ သိကြပါသည်။

လက်ဝဲနှင့် လက်ယာ နှာခေါင်းပေါက်နှစ်ခုရှိရာ လေဝင်၊ လေထွက်ကို တစ်လှည့်စီပြုကြပါသည်။ အကြမ်းဖျင်းအားဖြင့် တစ်နာရီလျှင်တစ်ကြိမ်ပြောင်းလွှဲ၍ အလှည့်ကျ ရှူသွင်း၊ ရှူထုတ်ပြုလုပ်ပါသည်။ မိမိတို့၏ လက်ဖမိုးကို နှာခေါင်းနားကပ်စမ်းကြည့်ပါက အလွယ်တကူပင် သိမြင်နိုင်ပါသည်။ လက်ဝဲနှာခေါင်းပေါက်နှင့် တစ်နာရီခန့်ရှူသွင်း၊ ရှူထုတ်ပြီးပါက လယ်ယာနှာခေါင်းပေါက်နှင့် တစ်လှည့်ရှူသွင်း၊ ရှူထုတ်ပြုလုပ်ပါသည်။ ထိုအတိုင်း တစ်လှည့်စီ ရှူသွင်း၊ ရှူထုတ်ပြုလုပ်နေသည်မှာ သဘာဝပင်ဖြစ်ပါသည်။ သို့သော် လက်ဝဲမှ လက်ယာကူးပြောင်းချိန် လက်ယာမှ လက်ဝဲကူးပြောင်းချိန် ကြားကာလတွင်တော့ လက်ဝဲဘက်ရော လက်ယာဘက်ပါ နှစ်ဖက်စလုံး ရှူသွင်း၊ ရှူထုတ် တစ်ပြိုင်နက် ပြုလုပ်ပါသည်။ သို့သော် ထိုကာလသည် သိပ်မကြာလိုက်ပါ။ မိနစ်ပိုင်းလေးမျှသာ ဖြစ်ပါ သည်။

ညအိပ်သောအခါတွင်တော့ ဘယ်ဘက်စောင်းအိပ်လျှင် ညာဘက် နှာခေါင်းပေါက်ကအသက်ရှူပါသည်။ ညာဘက်စောင်းအိပ်လျှင် ဘယ်ဘက် နှာခေါင်းပေါက်က အသက်ရှူပါသည်။ ဆေးပညာတွေ့ရှိချက်မှာ ညာဘက်စောင်းပြီး အိပ်ပျော်သွားသူသည် အောက်တွင်ပိနေသော ညာဘက်နှာခေါင်းက တဖြည်းဖြည်းတင်းလာသဖြင့် နှာခေါင်းက အလိုအလျောက် စေ့ဆွန်းလိုက်မှုကြောင့် အိပ်ပျော်လျက်ကပင် ခန္ဓာကိုယ်ကို ဘယ်ဘက်သို့ အလိုအလျောက်စောင်းလိုက်ပြန်ပြီး ဆက်လက်အိပ်သွားသည်ဟု ဆိုပါသည်။ ထို့ကြောင့်ပင် အိပ်ရေးလည်းမပျက်၊ ခန္ဓာကိုယ်လှုပ်ရှားရ၍ နံနက်အိပ်ရာထတွင် ကြွက်တက်မှုဝေဒနာမှကင်းဝေးရကြောင်း သိရှိရပါသည်။

သို့သော် ထိုအချက်များက ယေဘုယျ ပုံမှန်သဘောသဘာဝဖြစ်ပါသည်။ ကျန်းမာရေးမကောင်းသူများဆိုလျှင်တော့ ထိုသို့မဟုတ်ဘဲ ထူးခြားမှုများ ဖြစ်ပေါ်တတ်ပါသည်။ သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ မိမိကိုယ်ကိုမိမိ လေ့ကျင့်ယူပါကလည်း လေ့ကျင့်သည့်အတိုင်း ဖြစ်လာတတ်ပါသည်။

ဟိန္ဒူယောဂီပညာအရ လဆန်းရက်များတွင် အိပ်ရာထစ၌ လက်ဝဲနှာခေါင်းဖြင့် အသက်ရှူနေပါက ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အစစအရာရာ အထူးကောင်းမွန်သည်။ ကံကောင်းသည်ဟု ဆိုပါသည်။ လဆုတ်ရက်များတွင် အိပ်ရာထစ၌ လက်ယာနှာခေါင်းဖြင့် အသက်ရှူနေပါက အလားတူ ကောင်းကျိုးချမ်းသာများ ဖြစ်ထွန်းနိုင်ပါသည်။ ပြောင်းပြန်ဖြစ်ပါက ကံမကောင်းနိုင်ဟု ဆိုပါသည်။ ဤသည်မှာ ယေဘုယျကို ပြောခြင်းဖြစ်ပါသည်။ လဆန်း (၁) ရက်၊ (၂) ရက်၊ (၃) ရက်တွင် လက်ဝဲဘက်ကစ လဆန်း(၄)ရက်၊ (၅) ရက်၊ (၆) ရက်တွင် လယ်ယာဘက်ကစ စသည်ဖြင့်လည်း အသေးစိတ်သဘောတရားများရှိနေပါသေးသည်။

ဆေးပညာအမြင်နှင့်ကြည့်လျှင် နောက်တစ်နေ့မနက် အိပ်ရာမှနိုးထချိန်တွင် လက်ဝဲနှာခေါင်းဖြင့်အသက်ရှူစေရန် သို့မဟုတ် လက်ယာနှာခေါင်းဖြင့် အသက်ရှူစေရန်ကို ညအိပ်ရာဝင်စဉ်၌ ချိန်ဆပြီး လက်ဝဲ၊ လက်ယာ လိုအပ်သလို စောင်းအိပ်ပါက မိမိရည်မှန်းသလိုလည်း ဖြစ်လာနိုင်ပါသည်။

ဟိန္ဒူယောဂီပညာအရ လက်ဝဲနှာခေါင်းက လေဝင်၊လေထွက်ပြုနေစဉ် ကောင်းမှုကုသိုလ်များ၊ ကောင်းသော အလုပ်များ ပြုလုပ်ရန် ဖြစ်ပါသည်။ လက်ယာနှာခေါင်းက လေဝင်၊လေထွက်ပြုနေစဉ် မကောင်းမှုများ ပပျောက်စေရန်၊ ဘေးအန္တရာယ်ကို တားဆီးကာကွယ်ရန် ဖြစ်ပါသည်။ နှာခေါင်းပေါက်နှစ်ဖက်လုံးက လေဝင်၊လေထွက်ပြုနေစဉ်အတွင်း စိတ်ပိုင်းဆိုင်ရာအလုပ်၊ အသက်ရှည်ရာ အနာမဲ့ကြောင်းအလုပ်၊ တရားဘာဝနာအလုပ်များ ပြုလုပ်က အထူးအောင်မြင်နိုင်ပါသည်။

ဟိန္ဒူယောဂီပညာသည် ထို... မက အလွန်ပင် ကျယ်ဝန်းနက်ရှိုင်းလှ... သည်။ သို့သော် အထက်ပါအချက်များ... လောက်နှင့်ပင် မိမိတို့၏နေမှု၊ စား... လုပ်ငန်းဆောင်ရွက်မှု၊ တရားဘာဝနာ... အားထုတ်မှုများကို ကောင်းစွာ ဆော... ရွက်နိုင်ကြပါပေသည်။

ကျွန်တော့်ဘဝတွင် အခက်အခဲ... များ၊ အကျပ်အတည်းများ တွေ့ရသည့်... အခါ အခြားသော နည်းလမ်းများနှင့်... ကျင့်သုံး ဆောင်ရွက်သည်လည်း ရှိ... သည်။ ယောဂီနည်းဖြင့် ဖြေရှင်းဆော... ရွက်သည့်အခါလည်းရှိပါသည်။

တစ်ဖက်လူကို မိမိပြောစကား... အောင်မြင်စေဖို့၊ မိမိအပေါ် မေတ္တာ... စေတနာရှိစေဖို့ မိမိ၏လေဝင်၊လေထွက်... ရှိသောဘက်တစောင်းလောက်တွင် ထို... သူရှိနေစေရန် မိမိက နေရာယူကာ ပြော... ရပါမည်။ တစ်ဖက်လူသည် မိမိရန်သူ... ဖြစ်ပါက မိမိ၏လေဝင်၊လေထွက်လုံး... မရှိသောဘက်တွင် ထိုသူကိုထား၍ ... ဆိုင်ရပါမည်။

သို့သော် အရေးကြီးသည်မှာ ... မားသော စိတ်စွမ်းအင်ကို ရရှိအတွက်...



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်က ဖြူစင်ကြည်လင်သော တ်အပြည့်အဝရှိရပါမည်။ လောဘ၊ ဒေါသများနှင့် စိတ်ကိုရောပွမ်းမထားရ သူတော်ကောင်းတရားရှိရပါမည်။ ရားကိုနတ်စောင့်သည်ဟုဆိုပါသည်။ ရားမျှတသောစိတ်ဖြင့် ဆောင်ရွက်မှ အထက်ပါနည်းလမ်းများက အစွမ်း က်မြက်နိုင်ပါသည်။ တစ်ဖက်လူ၏ လေဝင်၊ လေထွက်ပြုနေသည့်ဘက်ကို ယ်က မသိနိုင်ပါ။ ထို့ကြောင့် ကိုယ့် က်က သူတော်ကောင်းတရားနှင့်ပြည့် မေတ္တာနှင့်ပြည့်ဝသောစိတ်ဖြစ်ဖို့ အပ်ပါသည်။

ကျန်းမာရေးမကောင်းသော လူ များကို ပြုစုစောင့်ရှောက်ခြင်း၊ ဆေး ဓာတ်စာပေးခြင်း၊ ဆေးကုသခြင်း ပြု က လူမမာ၏လေဝင်၊လေထွက်ရှိနေ သောဘက်ကို မိမိက လွယ်ကူစွာ စမ်း နိုင်ပါသည်။ ထိုသူ၏ လေဝင်၊ လေ က်ရှိသောဘက်တွင် မိမိကရပ်တည် မိမိ၏ လေဝင်၊ လေထွက်ရှိသော က်တွင် ထိုသူ့ကိုထား၍ ပြုစုကုသ က အထူးအောင်မြင်နိုင်ပါသည်။

ကျွန်တော်အလုပ်အကိုင်အတွက် တွေ့စစ်ဆေးမှုများ ဖြေဆိုသည့်အခါ နည်းလမ်းများကို ကျင့်သုံးပါသည်။ တွေ့စစ်ဆေးမှု ဖြေဆိုရန် အလှည့်ကျ မိမိထိုင်ခုံမှထ၍သွားရာ၌ လေဝင်၊ လေထွက်ရှိသောဘက်က ခြေကို စတင် သွားပါသည်။ ဖြေဆိုရမည့်အခန်းဝ ရောက်သောအခါ လေဝင်၊ လေထွက် သောဘက်က လက်ဖြင့် မိမိမျက်နှာ ကိုင်ပြီးမှ အခန်းတွင်းသို့ဝင်ရောက် သည်။ အားလုံးအဆင်ပြေသည်ကို ကြုံရပါသည်။

ကျွန်တော့်ဘဝတွင် အသည်း ယားယားရင်တဖိုဖိုဖြစ်ရသည့် ဖြစ်ရပ် ခုရှိခဲ့ပါသည်။

မန္တလေးရွှေမြို့တော်ကြီးတွင် ဖြစ် သည်။

အလုပ်ကိစ္စဖြင့် ခရီးထွက်ရင်း မန္တ တွင် တစ်ညတာရပ်နား၍ ဘုရား သည့်ခရီး ဖြစ်ပါသည်။ ၁၉၈၇ ခုနှစ် က်က ဖြစ်ပါသည်။

ကျွန်တော်က သပ်ရပ်စွာဝတ်စား ပါသည်။ လက်တွင် လေးထောင့်ပုံ ရေလက်ကိုင်အိတ်ထူထူတစ်ခုကို လေ့ရှိပါသည်။ လက်ကိုင်အိတ်ထူ ရခြင်းမှာ ငွေများများပါ၍မဟုတ် ဝန်ထမ်းဖြစ်၍ ငွေများများမကိုင် ဒိုင်ယာရီတစ်အုပ်၊ ဗဟုသုတမှတ် သားဖွယ်တွေ့လျှင် ရေးမှတ်နိုင်ရန် စာ အုပ်ငယ်တစ်အုပ်၊ ခရီးစဉ်တွင်သုံးရန် ငွေ စက္ကူအနည်းငယ်အထပ်လိုက်လေးနှင့် တက္ကွ ရုံးဌာနဆိုင်ရာ စာရွက်စာတမ်း များ၊ ခရီးသွားသောအခါ အသင့်ယူ ဆောင်သည့် မှန်သေးသေးတစ်ချပ်၊ ဘီး တစ်ချောင်း လက်ကိုင်ပဝါ၊ ကွမ်းယာ ထုပ်၊ စီးကရက်၊ မီးခြစ် စသည်များ ကြောင့် လက်ကိုင်အိတ်မှာ ထူထူဖောင်း ဖောင်းဖြစ်နေရပါသည်။

သို့သော် မသိသူများကတော့ အထင်ကြီးကြပေလိမ့်မည်။ ဈေးချိုတော် ကြီးအနီး လမ်းဆုံလမ်းကွေ့တစ်နေရာ ဖြစ်ပါသည်။

လမ်းဘေးပလက်ဖောင်းပေါ် မှာ သွားနေသည့်ကျွန်တော့်ဘေးမှ ဦးထုပ် ဆောင်းလျက် စက်ဘီးစီးသည့်လူတစ် ယောက် ဖြတ်စီးသွားရင်း ကျွန်တော့်ကို ကြည့်သွားပါသည်။ ထို့ကြောင့် ကျွန် တော်လည်း လမ်းလျှောက်နေရင်း ထိုသူ ကို ဂရုပြုမိလိုက်ပါသည်။

ခဏလေးနေသောအခါ ထိုသူက လမ်းတစ်ဖက်ယာဉ်ကြောမှ ပြန်ကွေ့ ဝိုက်လာပြီး ကျွန်တော်နှင့်တည့်တည့်သို့ ရောက်လာသောအခါ တစ်ဖက်ယာဉ် ကြောမှ ကျွန်တော်ရှိရာဘက်သို့ ပြန် ကွေ့ဝိုက်လာပြီး စက်ဘီးကိုခြေထောက် ၍ ရပ်လိုက်သည်။

ထိုသူက စက်ဘီးပေါ်က မဆင်း ဘဲ ခြေထောက်၍ရပ်လျက်က ကျွန် တော့်ကို အကဲခတ်ပါသည်။

ကျွန်တော်က ကျွန်တော့်ကို သိ ကျွမ်းပြီး ကျွန်တော်က မမှတ်မိသည့် မိတ်ဟောင်းဆွေဟောင်းလားအထင်ဖြင့် ယဉ်ကျေးမှုအလို့ငှာ ထိုသူ့ကို ပြုံးကြည့် လိုက်ပါသည်။

"ညီလေး၊ မတွေ့ရတာကြာပြီ နော်"

ထိုသူမှာ ကျွန်တော့်ထက် အသက် ကြီးပုံရှိပါသည်။ ကျွန်တော့်ကို ရင်းရင်း နှီးနှီး ပြုံးရွှင်စွာ ညီလေးဟု ခေါ်၍ နှုတ် ဆက်သဖြင့် ကျွန်တော်ကလည်း ကိုယ် က မမှတ်မိဘူးဆိုလျှင် သူ့ကိုအားနာရာ ရောက်သည့်အတွက် မှတ်မိနေသည့်ပုံ ဖြင့်-

"အစ်ကိုကြီးက ဘယ်ကလာ သလဲ"

ဟု မေးလိုက်ပါသည်။

သူက စက်ဘီးပေါ်ကဆင်း၊ စက် ဘီးဒေါက်ထောက်ပြီး ကျွန်တော့်ရှိရာ ပလက်ဖောင်းပေါ် တက်လာပါသည်။ ကျွန်တော့်လက်ထဲက လက်ကိုင်အိတ် ကိုလှမ်းကြည့်ပြီး ပြုံးရွှင်စွာဖြင့် -

"ငါ့ညီအိတ်ကြီးကလည်း ထူလှ ချေလားကွ၊ ဘာတွေလဲ"

ဟု မေးလိုက်ပါသည်။

ထိုအခါမှ ကျွန်တော် သူ့ကိုမှား၍ နှုတ်ဆက်မိလေခြင်းဟု သိလိုက်ပါသည်။ ကျွန်တော့် မိတ်ဆွေအသိအကျွမ်းများ တွင် ထိုသို့ လက်ကိုင်အိတ်ကိုကြည့်၍ နှုတ်ဆက်သူတစ်ယောက်မှမရှိပါ။ ဒီလူ ပုံမှားရိုက်ပြီပဲဟု သိလိုက်မိပါသည်။

အမှန်တွင် သူသည် စက်ဘီးနှင့် လာသော်လည်း တစ်ယောက်တည်း မဟုတ်ပါ။ သူ့တွင် နောက်က လမ်း လျှောက်လာသော အဖော်နှစ်ယောက် ပါရှိပါသည်။ ကျွန်တော်က သတိမပြုမိ ပါ။ သူ့အဖော်နှစ်ယောက်က သူ့တပည့် များ ဖြစ်ဟန်တူပါသည်။ ကျွန်တော်နှင့် သူ စကားပြောနေကြစဉ် သူ့အဖော်နှစ် ယောက်က ကျွန်တော်၏ နောက်တွင် မယောင်မလည်ရပ်နေကြခြင်း ဖြစ်ပါ သည်။ သူကအချက်ပေးလျှင် ထိုအဖော် များက ကျွန်တော့်အိတ်ကို လုယူပြေးရန် ကြံစည်ထားပုံရပါသည်။

ကျွန်တော့်မှာ အကျင့်တစ်ခုရှိပါ သည်။ ရန်သူနှင့်တွေ့လျှင် ဣန္ဒြေမပျက် မူလအရယ်အပြုံးများအတိုင်းပင် ဆက် ၍နေတတ်ပါသည်။ စိတ်ထဲကတော့ လွတ်လမ်းကို ကြံစည်တတ်ပါသည်။ သူက မကြမ်းသေးသရွေ့ ကိုယ်ကလည်း မှင်သေသေဖြင့် ပြုံးရွှင်စွာ ပြန်လည် ဆက်ဆံလေ့ရှိပါသည်။ ခပ်ကြမ်းကြမ်း ပြန်လည် ခုခံရတော့မည်ဆိုလျှင်လည်း တစ်ဖက်လူကို ကြိုတင်၍ မထင်မှတ် မရှောင်လွှဲနိုင်အောင် အရယ်အပြုံး မပျက်နှင့်ပင် အလစ်အငိုက်ရုတ်တရက် ခပ်ကြမ်းကြမ်း တုံ့ပြန်တိုက်ခိုက်တတ်ပါ သည်။

သို့သော် ထိုနည်းနှင့် ကျွန်တော် မတုံ့ပြန်ပါ။

ထိုသူက ကျွန်တော့်လက်ကိုင် အိတ်ကို ဘာတွေလဲဟု မေးပြီး ကျွန် တော့်နောက်ဘက်ကိုကြည့်၍ ပြုံးနေ သဖြင့် ကျွန်တော် မသိမသာ အကဲခတ် လိုက်သောအခါမှ ကျွန်တော့်နောက် တွင် လူနှစ်ယောက်ရှိနေသည်ကို တွေ့ လိုက်ရပါသည်။ ပတ်ဝန်းကျင်လမ်းသွား လမ်းလာများက သံသယ ဖြစ်စေရန် ထို သူတွေကလည်း အသိအကျွမ်းများ ဆုံ တွေ့၍ နှုတ်ဆက်သည့်ပုံစံဖြင့် ပြုံးရယ် နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအကျပ်အတည်းမှလွတ်မြောက်ရန် ကျွန်တော် တတ်သည့် ပညာ မနေသာ သိမ်မွေ့စွာ ဖြေရှင်းရပါတော့မည်။

အလေ့အကျင့်ရှိထားသဖြင့် ကျွန်တော့်နှာခေါင်းမှ လေဝင်၊ လေထွက်ကို လက်ဖြင့် စမ်းမကြည့်ဘဲနှင့် ကျွန်တော်သိပါသည်။

ရှေ့က နှုတ်ဆက်သူကို လေဝင်၊ လေထွက်ရှိနေသော ညာဘက်တွင်ထားကာ နောက်က အသင့်ရပ်နေသူများကို လေဝင်၊ လေထွက်ရှိမနေသော ဘယ်ဘက်တွင်ထားပြီး ကျွန်တော် နေရာယူကာ ထိုသူ၏အမေးကို ပြုံးရယ်စွာ ဖြေကြားလိုက်ပါသည်။

"အစ်ကိုကြီးကလည်း၊ လက်ကိုင်အိတ်က ထူမှာပေါ့၊ ဒီမှာကြည့်လေ"

ဟု ဆိုကာ ဇစ်ကိုဆွဲ၍ ဖွင့်ပြလိုက်ပါသည်။

"ဟာ - ငါ့ညီကလည်း၊ ဒိုင်ယာရီစာအုပ်တွေချည်းပါလား။ပိုက်ဆံလည်း မပါခဲ့ပါလား"

ဟု ဆိုကာ သူ့လူတွေကို ကြည့်လိုက်ပါသည်။

ထို့နောက် ထိုသူက ကျွန်တော့်ကို နှုတ်ဆက်၍ စက်ဘီးပေါ် ပြန်တက်စီးကာ ထွက်ခွာသွားပါတော့သည်။

"သွားပြီ ညီလေး၊ နောက်မှတွေ့မယ်ကွာ"

ဟိုနှစ်ယောက်မှာလည်း ဘယ်ပျောက်သွားမှန်း မသိတာပါ။ ထိုအခါမှ ကျွန်တော်သက်ပြင်းချနိုင်ပါတော့သည်။

စတင်နှုတ်ဆက်သည့်သူကို ကိုယ့်အပေါ် မေတ္တာသက်ဝင်ပြီး ကိုယ့်အလိုကိုလိုက်ပါလာအောင် လေဝင်၊ လေထွက်ရှိသောဘက်တွင် ထားလိုက်ပါသည်။ သူက အချက်ပေးလျှင် ရန်လုပ်မည့်အဖော်နှစ်ယောက်ကို ရန်ပြုလိုစိတ်ပျောက်သွားအောင် လေဝင်၊ လေထွက်မရှိသောဘက်တွင်ထား၍ ကျွန်တော်မသိမသာ နေရာယူလိုက်ခြင်းပင် ဖြစ်ပါသည်။

ခရီးစဉ်တွင်သုံးရန် ဘဏ်ထုတ်ငွေစက္ကူအသစ်လေးများမှာ ဒိုင်ယာရီနှင့်မှတ်စုစာအုပ်ကြားတွင် အထပ်လိုက်ကလေးရှိနေသော်လည်း သူတို့ခေါင်းဆောင်က သေချာကြည့်ပြီးမှ မြင်မသွားခြင်းကြောင့် ကျွန်တော် သက်ပြင်းများစွာချမိလိုက်ပါတော့သတည်း။

တက္ကသိုလ်ဝင်းမြင့်

# အဆောက်အအုံအမြန်ပြီးစေသော ပဋ္ဌာန်းဒေသနာတော်

ညွန့်ဝင်း(နတ်တလင်း)

ဘုန်းကြီးကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ ဘုရားစေတီ၊ စာသင်ကျောင်း၊ လူနေအိမ်၊ ဂိုဒေါင်၊ ဈေးသည် စသည်ဖြင့် အဆောက်အအုံ ကြီး၊ ငယ်များ တည်ဆောက်မည်။ ဤတွင် တည်ဆောက်သော အဆောက်အအုံ ချောမောစွာ ပြီးစီးသွားသည်များလည်း ရှိပါသည်။ အချို့မှာ အချိန်အပိုင်းအခြားတစ်ခုအတွင်း ဆက်လက် တည်ဆောက် ပြီးစီးသွားပြီး အချို့မှာ လုံးဝမပြီးစီးတော့ဘဲ အဆောက်အအုံပျက်ဘဝကို ရောက်သွားရသည်များလည်းရှိသည်။

ထိုသို့ ပြီးစီးအောင် မဆောက်နိုင်သော အဆောက်အအုံများကို လေ့လာကြည့်လျှင် အဆောက်အအုံပိုင်ရှင်မကျန်းမာခြင်း၊ ထိခိုက်သေမှုများဖြစ်ခြင်း၊ လက်သမား ပန်းရန်သမားမမြဲခြင်း၊ ပိုင်ရှင်၏စီးပွားရေး အခြေအနေအရ ရပ်ဆိုင်းရခြင်း စသော အကြောင်းများကို တွေ့ရ၏။

မည်သည့်အကြောင်းကြောင့်ပင် ဖြစ်စေ အဆောက်အအုံမပြီးစီးဘဲ ချွတ်ယွင်းချက်မဖြစ်စေရန် ကျေးဇူးတော်ရှင် နတ်တလင်းမြို့ ခေမာသီဝံဆရာတော်ကြီးနည်းကို မျှဝေလိုပါသည်။ ၎င်းနည်းမှာ ပုတီးစိပ်ခြင်း၊ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ခြင်း၊ သစ္စာဆိုခြင်းနှင့် မေတ္တာပို့ အမျှဝေခြင်းဖြင့် အဆောက်အအုံအမြန်ပြီးစေသောနည်းဖြစ်ပါသည်။ စာရေးသူကိုယ်တိုင်အဆောက်အအုံတစ်ခုဆောက်လုပ်စဉ် ကြန့်ကြာမှုရှိခဲ့ရာ ဆရာတော်ကြီး၏နည်းအတိုင်း ဆောင်ရွက်လိုက်သောအခါမှ အဆင်ပြေ အောင်မြင်ခဲ့ပါသည်။

အလားတူ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်မှ ဆရာတော်ကြီးသည် ပဋ္ဌာန်း (ပစ္စယနိဒ္ဒေသ) ကို တစ်ရက်တစ်ခေါက် ပုံမှန်ရွတ်ဖတ်ခဲ့ရာ အမွေးနံ့သာများရခြင်း၊ နတ်များပဋ္ဌာန်းတရားလာ ရောက်နာကြားခြင်း၊ကျောင်းအိုကျော[...] ဟောင်းကြီးများမှ ကျောင်းသစ်ကျော[...] ကောင်းများရရှိခဲ့ခြင်း စသော အကျိုး[...] များ ရရှိခဲ့ကြောင်း သိရသည်။

နတ်တလင်းမြို့ သကျမဟာမြ[...] မုနိဘုရားကြီး၊ သာသနာ့ရိပ်သာကျော[...] တိုက်၊ အာသောကာရုံကျောင်းတို[...] ကဥ္စနာပုံကျောင်းတိုက်တွင် နှစ်စဉ်အ[...] မစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများ ပုံမှ[...] လုပ်ခဲ့ရာ တည်ဆောက်သမျှ ကျော[...] ဇရပ်၊ ဘုရားအားလုံး ပြီးစီး အောင်[...] သည်ချည်းဖြစ်ကြောင်း စာရေးသူ[...] တွေ့ ဖြစ်ပါသည်။

ပဋ္ဌာန်းဒေသနာတော်မြတ်[...] အဆောက်အအုံဆောက်လုပ်သည့်[...] သာမက အခြားလိုအင်ဆန္ဒများကို[...] ပြည့်ဝစေနိုင်သော 'ကုသ္စာသယ လို[...] ဒေသနာတော်' ဖြစ်ပါသည်။ စာ[...] ယနေ့အထိကျင့်သုံးလျက်ရှိသော ပ[...] ရွတ်ဖတ်ပူဇော်နည်းကို စာရှုသူမ[...] မေတ္တာဖြင့် ဝေငှပေးပါမည်။ ဤန[...] ဆရာတော်ကြီးများ မိန့်ကြားခဲ့[...] အဖိုးတန်နည်း ဖြစ်ပါသည်။

၁။ ပဋ္ဌာန်း (ပစ္စယနိဒ္ဒေသ) [...] တစ်နေ့လျှင် အနည်းဆုံး တစ်[...] ရွတ်ဖတ် ပူဇော်ရမည်။

၂။ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်[...] မိမိလိုအင်ဆန္ဒအတွက် သစ္စာဆို[...]

၃။ ထို့နောက် (၃၁)ဘုံသ[...] လုံးကို မေတ္တာပို့ အမျှဝေရမည်။

ဤသို့ ပုံမှန်ပြုလုပ်သ[...] ပဋ္ဌာန်းဒေသနာတော်၏ တန်[...] ဘော်ကြောင့် ကောင်းကျိုးလိုရာ[...] သမျှ ပြည့်စုံအောင်မြင်မည် ဖြစ်[...] အသိပေး တင်ပြလိုက်ရပါသည်။

ဆရာတော်ကြီးများအားရှိခိုးဦးခို[...]

ညွန့်ဝင်း(နတ်တ[...]



www.burmeseclassic.com

www.burmeseclassic.com

(မင်းတုန်း)

# ကောင်းစံသာ

## ထူးခြားလှစွာ ကိုယ်ပျောက်စည်းချဂါထာ



တစ်နေ့သ၌ စာရေးသော ခုံငယ်တစ်ခုပေါ်တွင် စာရေးနေသော ကျွန်ုပ်ထံသို့ ကျွန်ုပ်နေထိုင်သည့် အိမ်ခြေရင်းတွင် ခြံစည်းရိုးမျှသာခြား၍ နေထိုင်သော ပညာရေးဝန်ထမ်းအငြိမ်းစား ကျောင်းအုပ်ဆရာကြီး အသက်(၇၁)နှစ်ရှိပြီဖြစ်သော ဆရာကြီးဦးကျော်သောင်းသည် လက်ဝါးလောက်သာရှိသည့် စာရွက်တစ်ရွက်ကိုင်ကာ ရောက်ရှိလာပြီး-

"မောင်မြင့်အောင်ကို အကူအညီတစ်ခုတောင်းချင်လို့လာတာ။ အခုမအားသေးရင်လည်း အားတဲ့အခါဟော ဒီစာရွက်ထဲက ဂါထာကို အနက်အဓိပ္ပာယ်ပြန်ပေးပါဦး။ ငါက ဒီဂါထာကို ပါဠိသာရတာ၊ အနက်အဓိပ္ပာယ်သိတာ မဟုတ်ဘူးကွယ့်"

ဟု မတ်တတ်ရပ်ရာမှ ပြောလေတော့၏။ စာရွက်ကိုလည်း လှမ်းပေးလေ၏။

ကျွန်ုပ်လည်း ထိုစာရွက်ကို လှမ်းယူလိုက်ပြီး -

"အခုချက်ချင်းတော့ မအားသေးဘူးလို့ဘဲ ပြောရမလိုဖြစ်နေတယ် ဦးလေး။ အားတဲ့အခါ အနက်ပြန်ပေးပါ့မယ်"

ဟု အားတုံ့အားနာစွာ ပြန်ပြောလိုက်ရာ -

"အေးပါကွာ၊ သိပ်အရေးမကြီးပါဘူး။ မင်းအားတဲ့အခါ ရေးထားပါ။ အကူအညီတောင်းချင်တယ်ဆိုတာဒါပါပဲ။ ငါသွားဦးမယ်ဟေ့"

ဟု ပြောပြောဆိုဆို အိမ်ပေါ်မှ ဆင်းသွားလေတော့၏။

နောက်နှစ်ရက်လောက်ကြာသော အခါ ဦးကျော်သောင်းပေးခဲ့သော ဂါထာပါဠိများကို မှန်၊ မမှန် စိစစ်ပြီး အနက်အဓိပ္ပာယ်ကိုပါရေးသားပြီး အိမ်အရောက်သွားကာ -

"ဦးလေး အကူအညီတောင်းတဲ့ ဂါထာပါဠိရဲ့အနက်ရေးပြီးသွားပြီ။ ဟောဒီမှာ"

ဟု ပြောဆိုကာ ရေနွေးကြမ်းထိုင်သောက်နေသောသူ၏ လက်ထဲထည့်လိုက်၏။

ဦးကျော်သောင်းက -

"ဒီဂါထာနဲ့ ပတ်သက်ပြီး မောင်မြင့်အောင်ကို ပြောစရာရှိတယ်။ အချိန်ရရင် ဟောဒီကုလားထိုင်မှာ ခေတ္တထိုင်ဦးကွာ"

ဟု ပြောဆိုသဖြင့် ကျွန်ုပ်လည်း အနည်းငယ် စိတ်ဝင်စားသွားကာ -

"ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော်အချိန်ရပါတယ်"

ဟု ပြောဆိုပြီး အနီးရှိ ပက်လက်ကုလားထိုင်တွင် အသာအယာထိုင်လိုက်၏။ ထို့နောက် -

"ဒီဂါထာကို ဦးလေးအလွတ်ရပြီး အားကိုးသမှုနဲ့ နေ့စဉ်၊ ညစဉ် ရွတ်ဖတ်နေတာတော့ ကြာပြီကွ။ ဦးလေးစိတ်ထဲမှာလည်း ဒီဂါထာကို မရွတ်ဘဲနေလို့မရဘူး။ ပြီးတော့ ဒီဂါထာကို ရွတ်ပြီးသွားရင် ဦးလေးစိတ်ထဲ လုံခြုံသွားတယ်လို့ အောက်မေ့ ခံစားမိတယ်"

ဟု ဦးကျော်သောင်းက ပြောတော့ ကျွန်ုပ်အဖို့ စိတ်ဝင်စားမှုတိုးလာပြီး -

"ဒီဂါထာကိုဘယ်သူထံကရတယ်၊ ဘာလို့ခေါ်တယ်၊ ဘယ်နေရာမှာ အသုံးတည့်တယ်ဆိုတာလေးလည်း ပြောပြနိုင်ရင် ပြောပြပေးပါဦး"

ဟု တောင်းခံသောအခါ -

"ဒီဂါထာကို ပေးတဲ့သူကတော့



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးရဲ့ အစ်ကိုရင်း အခု ရန်ကုန် အင်းစိန်မြို့နယ်ထဲမှာနေထိုင်တဲ့ ဦးသန်းလွင်ဆီကပဲကွယ်။ သူကတော့ ဒီဂါထာကို ရွတ်ရင် ကိုယ်ပျောက်သတဲ့။ ဘေးရန်လုံခြုံစေဖို့ စည်းချအနေနဲ့ ရွတ်ရသတဲ့။ နေ့စဉ် ည၊ နံနက် (၉) ခေါက်မှန်မှန်ရွတ်ရမတဲ့။ တတ်နိုင်ရင်တော့ ပုတီးပတ်ရေကို အဓိဋ္ဌာန်ဝတ်တစ်ခုထားပြီး စိပ်ပါတဲ့။ အလွန်ထူးခြားတဲ့အကျိုးကျေးဇူးတွေကို အကာလိကော - အခါမလင့် ခံစားရလိမ့်မယ်လို့ပြောဖူးတယ်"

ဟု ဦးကျော်သောင်းက ပြောပြလေတော့၏။

ထို့နောက် ကျွန်ုပ်က -

"ဦးလေးရဲ့ဂါထာကို အနက်ပြန်ကြည့်လို့ ထွက်ပေါ်လာတဲ့ အဓိပ္ပာယ်နဲ့ အခုပြောတာနဲ့ဆိုတော့ အတော်လေး တိုက်ဆိုင်ပါတယ်။ ဖြစ်လည်းဖြစ်နိုင်ပါတယ်။ လက်တွေ့အနေနဲ့ ဦးလေးကိုယ်တိုင် ထူးခြားတဲ့ ဖြစ်စဉ်လေးကော ရှိပါသလား"

ဟု ထပ်ဆင့်၍ မေးခွန်းထုတ်မိပြန်လေ၏။

ထိုသောအခါ ဦးကျော်သောင်းသည် ဂါထာနှင့်ပတ်သက်၍ သူ၏ကိုယ်တွေ့ခံစားရပုံနှင့် အစ်ကိုဖြစ်သူ ဦးသန်းလွင်၏ထံမှကြားသိခဲ့ရပုံတို့ကို အောက်ပါအတိုင်း ရှည်လျားစွာ ပြောပြပါလေတော့၏။

"ဦးလေးအနေနဲ့တော့ နေ့စဉ် မနက် (၉) ခေါက်၊ ည (၉) ခေါက်ရွတ်တဲ့အတွက် လူဆိုး၊ သူခိုးဘေး မကြုံရဘူး။ နှောင့်ယှက်တာမခံရဘူး။ အဆိပ်ရှိတဲ့သတ္တဝါရန်ဘေး မကြုံရဘူး။ စုန်း၊ နတ်၊ ပယောဂဖမ်းစားခဲ့ရတာမျိုးလည်း တစ်ကြိမ်တစ်ခါမှ မကြုံရဘူး။ ပြီးတော့ ဘယ်သောအခါမှ အိပ်မက်ဆိုးမမက်ဘူးလို့ ပြောရမယ်။ ငါ့အစ်ကို အထက်အညာ ထီးချိုင့်၊ ကသာတို့မှာ နေစဉ်ကာလတုန်းကပေါ့ကွာ။ အမှတ်မထင်ဆိုသလို သွားရင်းလာရင်းနဲ့ ရဟန်းဝိနည်းကိုလည်း အလွန်လေးစားပြီး အကျင့်သီလကောင်း၊ စရဏအားကောင်းတဲ့ ဆရာတော်တစ်ပါးနဲ့ ဆရာရင်းဒကာရင်း အနေနဲ့ အလွန်တရာမှ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးတယ်။ အဲဒီဆရာတော်ဟာ မုံရွာမြို့နယ်ထဲက တောလက်ကျေးရွာတစ်ရွာမှာ သီတင်းသုံး ကျောင်းထိုင်တော်မူတယ်။ အဲ-အချိန်အားဖြင့်ဆိုရင်တော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀) ကျော်လောက်ကပေါ့။ အဲဒီဆရာတော်ဟာ ဒီဂါထာကို စွဲစွဲမြဲမြဲ သက်ထက်သန်သန် တစိုက်မတ်မတ် ပုတီးစိပ်တော်မူတယ်။ တရားဘာဝနာလည်း ရှုမှတ်လေ့ရှိတယ်။ ဒါကြောင့် ဆရာတော်ဟာ ကြည်ညိုသူ ဒကာ၊ ဒကာမ ပေါများပြီး သြဇာတိက္ကမအလွန်ကြီးတော်မူတယ်။ ဒီတစ်ခါ မနာလိုဝန်တိုဖြစ်ကြတဲ့သူတွေက အဲဒီခေတ်က အုပ်ချုပ်တဲ့အစိုးရဆီကို မဟုတ်မမှန်လုပ်ကြံပြီး သူပုန်သူကန်များနဲ့ အဆက်အသွယ်ရှိပြီး သူတို့ကို ချီးမြှောက် ထောက်ပံ့နေပါကြောင်း စာရေးပြီးတင်တဲ့အခါ ရဲတွေက ဖမ်းဆီးပြီး ဆရာတော်ကို အချုပ်ခန်းထဲ ထည့်ထားလိုက်တယ်။ ဆရာတော့်ကလည်း အာဏာပိုင်အလိုကျ ရှော့ရှော့ရှူရှူပဲလိုက်သွားပြီး အချုပ်ခန်းထဲ ကြွတော်မူတယ်။ ဒကာ၊ ဒကာမတွေက ငိုယိုတောင်းပန်ပြီး သက်ဆိုင်ရာအာဏာပိုင်တွေကိုပြောပေမယ့်မရဘူးဆိုဘဲ။ အစောင့်အကြပ်ကိုလည်း တင်းတင်းကျပ်ကျပ်ထားရှိတယ်။

အဲ - တစ်နေ့တော့ ဆရာတော်ဟာ သော့ခလောက်အတန်တန်ခတ်ထားတဲ့ အချုပ်ခန်းထဲက အပြင်ရောက်ကာ စင်္ကြံလျှောက်နေတယ်။ ဒီတစ်ခါ စောင့်ကြပ်သူတွေ အတော်ကိုထိတ်လန့်တုန်လှုပ်သွားတယ်။ သူတို့ကိုလည်း အပြစ်မယူဖို့အကြောင်း၊ အထက်က အမိန့်အရ မလုပ်မဖြစ်လို့ လုပ်ရတဲ့အကြောင်း၊ သူတို့ကိုသနားပါရင် အချုပ်ခန်းထဲ ပြန်ဝင်ဖို့အကြောင်း တောင်းပန်ရှိခိုးပြီး လျှောက်ထားတော့မှ ဆရာတော်လည်း အချုပ်ခန်းထဲ ပြန်ဝင်ပြီးနေတော်မူတယ်။ အလွန်ထူးခြားတယ်လို့ ပြောရမှာပေါ့။ နောက်တော့ တရားရုံးတင် စစ်ဆေးတဲ့အခါ အပြစ်မရှိကြောင်း ထင်ရှားလို့ ဆရာတော်ကို လွှတ်ပေးလိုက်တယ်။ အဲဒီဆရာတော်က ဦးလေးရဲ့အစ်ကိုဦးသန်းလွင်ကို ဒီဂါထာတစ်ဆင့် ချီးမြှင့်တော်မူတယ်။ ဆရာတော်ကိုယ်တိုင်ကတော့ အချုပ်ခန်းထဲက အလိုအလျောက် အပြင်ရောက်နေတာတွေကို အမိန့်မရှိပေမယ့် စောင့်ကြပ်သူတွေက တစ်ဆင့် တစ်နယ်လုံး-ဟိုးဟိုးကျော်သွားအောင် ထင်ရှားသွားတော့တယ်။

ဒီဂါထာကို အိပ်လျောင်းရာက (၉)ခေါက်ရွတ်ရင် မိမိခန္ဓာကိုယ်အတွက် လုံခြုံတယ်။ ထိုင်ပြီး မိမိအိမ်ကို လက်ညှိုးထိုး (၉) ခေါက်ရွတ်ရင် မိမိတစ်အိမ်လုံး လုံခြုံတယ်။

တစ်ရွာလုံး၊ တစ်ရပ်လုံး၊ တစ် လုံးလုံခြုံစေချင်ရင်တော့ မတ်တတ် ပြီး လက်ညှိုးနဲ့ ထိုးဝေ့ကာ (၉) ခေါ ရွတ်ရမယ်။ ရန်သူနဲ့ပက်ပင်းရင်ဆိုင် ကြုံလာတဲ့အခါ ဒီဂါထာကို အထပ် အခါခါ ရွတ်ပွားမယ်ဆိုရင် ရန်သူ မတွေ့နိုင်တော့ဘူး။ ကိုယ်ပျောက် တယ်ဆိုပါတော့။ ဒါကြောင့် ဒီဂါထာ ကိုယ်ပျောက်ဂါထာလို့ ခေါ်ရ ဘေးရန်လုံခြုံစေဖို့ စည်းချရတဲ့အတွ စည်းချဂါထာလို့လည်း ခေါ်ရတယ် ကွာ"

ဦးလေး ဦးကျော်သောင်း ပြော သော အကြောင်းအရာများကား တ ဖြစ်ရပ်မှန်တို့ ဖြစ်၏။ ရတနာမြတ်သုံး တို့၏တန်ခိုးတေဇော်အာနုဘော်တို့ အတိုင်းအတာမရှိ ကြီးမား တကယ် ယုံကြည်၍ တကယ်အား ကာ တကယ်လုပ်လျှင် ရလာ အကျိုးတရားမှာ တကယ်ထင်ရှား လက်တွေ့လုပ်ဖြစ်ဖို့သာလို၏။

ကျွန်ုပ်အဖို့ ရတနာသုံးပါး ကျေးဇူးများနှင့်ပတ်သက်၍ ခြွင်း မရှိ အကြွင်းမဲ့ ယုံကြည်သကဲ့သို့ တွေ့မှာလည်း ကိုယ်တိုင်ဒိဋ္ဌ ခံစား ပေါင်း များပြားလှသောကြောင့် သု မဂ္ဂဇင်းစာတော်ဖတ်ပရိသတ်အ တို့အားလည်း မျှဝေခံစားနိုင်ပါ စိတ်ရည်သန်၍ တစ်ဆင့်ဖောက်သည် လိုသော ကိုယ်ပျောက်စည်းချဂါထာ အောက်ပါအတိုင်းဖြစ်ပါတော့သ

**ကိုယ်ပျောက်စည်းချဂါထာ**

**ပါဠိ + အနက်**

အသမံ သဗ္ဗသတ္တာနံ၊
တာဏံ လေဏံ ပရာယ
သံသာရ ဘယဘီတာနံ၊
လေဏာနဂ္ဂံ နမာမဟံ။

**သံသာရ ဘယဘီတာနံ**- သံ ဘေးကို ကြောက်လန့်ကြကုန် **သဗ္ဗသတ္တာနံ** - သတ္တဝါအားလုံး **အသမံ** - တုဖက်စရာမရှိသော မှီခိုပုန်းအောင်းရာဖြစ်ပေသော လဲလျောင်းရာဖြစ်ပေသော၊ ပရာ နိဗ္ဗာန်သို့တိုင် ပို့ဆောင်တော်မူ **လေဏာနဂ္ဂံ** - ပုန်းအောင်းလဲ ရာတို့တွင် အမြတ်ဆုံးဖြစ်တော် ဘုရားရှင်ကို၊ **အဟံ** - အကျွန်ုပ် **နမာမိ** - ရှိသေညွတ်လျှိုး ရှိခိုး

ကောင်းစံသာ (မ



www.burmeseclassic.com

www.burmeseclassic.com

ရောမြေ-ကျော်ဝေ

# အောင်စေပိုင်စေနဝင်းကျော်သည့်အဆောင်အင်းများ

စာရေးသူသည် ငယ်စဉ်က ညီနှစ်ယောက်နှင့်အတူ မူလတန်းကျောင်းကို အတူတက်ခဲ့ကြပါသည်။ စာရေးသူ၏ ဖခင်ကြီးကို မြန်မာ့မီးရထားဌာန (LOCO,SHED,CLASS) စာရေးကြီး ဦးထွန်းရှိန်က ခင်မင်သဖြင့် သူ၏ ကိုယ်ပိုင်အိမ်ဖြစ်သော (---) ရပ်ကွက်တစ်ခုအတွင်း မိသားစုလိုက်နေစေပါသည်။ ၎င်းနေအိမ်သည် သစ်သားအိမ်နှစ်ထပ်အိမ်ကြီးဖြစ်သလို မျိုးမှန်သော သစ်၊ ကျွန်း၊ ပျဉ်းကတိုးများနှင့် ဆောက်လုပ်ထားသဖြင့် အလွန်မှခိုင်ခဲ့ပါသည်။ နေအိမ်ကြီး၏အပေါ်ထပ်တွင် စာရေးကြီး ဦးထွန်းရှိန်တို့ဇနီးမောင်နှံ နေထိုင်ကြပါသည်။ စာရေးသူတို့မိသားစု (၅)ယောက်က အောက်ထပ်တွင် နေထိုင်ပါသည်။ စာရေးသူ၏မိခင်ကြီးသည် ၎င်းနေအိမ်ကို စတင်ရောက်ရှိသည့်နေ့ကစပြီး အိမ်အတွင်း၊ အပြင်နှင့် အိမ်အောက်များပါမကျန် သန့်ရှင်းရေးပြုလုပ်ပါသည်။

တစ်နေ့တွင် စာရေးသူသည် ကလေးပီပီ အိမ်အောက်တွင် လူတစ်ယောက်ဝင်သွားသည်ကို တွေ့လိုက်ရပြီး ပြန်ထွက်မလာသဖြင့် အိမ်အောက်သို့ ဝင်ကြည့်ရာတွင် လူကိုမတွေ့ရတော့ပါ။ အိမ်၏အောက်ဘက်တွင် တစ်ပတ်လျှင် တစ်ခါ သန့်ရှင်းရေးပြုလုပ်ထားသဖြင့် မြေကြီးများက ပြောင်လက်၍နေပါသည်။ အပ်ကျလျှင်ပင် အလွယ်တကူ ကောက်၍ရနိုင်ပါသည်။ အိမ်အောက်၏ အရှေ့တိုင်ထောင့်ဘက်တွင် သေသပ်လှပသော ဘုရားပုံတော်နောက်ကျောဘက်တွင် အကွက်ချ၍ အင်းများရေးဆွဲပြီး ပစ်ထားသည်ကို တွေ့ရပါသည်။ စာရေးသူသည် ဆော့ကစားတတ်သော အရွယ် ကလေးပီပီ ၎င်းဘုရားပုံပါအင်းကို အိတ်ထဲသို့ထည့်ပြီး မေ့မေ့လျော့လျော့ဖြင့် ညီနှစ်ယောက်တို့နှင့် တူတူပုန်းတမ်း ကစားကြပါသည်။ ထိုအချိန်က မူလတန်းကျောင်းများသည် အဖိတ်နေ့၊ ဥပုသ်နေ့ကို ဦးစားပေး၍ ကျောင်းပိတ်ပေးပါသည်။

အမေက အဝတ်များ လျှော်ဖွပ်ရာတွင် ကျွန်တော်၏အိတ်ကပ်ထဲမှ ဘုရားပုံတော်အင်းစာရွက်ကို တွေ့သောအခါ-

"ဟဲ့- ကျော်ဝေ၊ နင့်အကျႌအိတ်ကပ်ထဲက ဘုရားပုံတော် ဘယ်ကရသလဲ"

ဟု မေးပါသည်။

ကျွန်တော်ကလည်း-

"အိမ်အောက်ထဲက ရတာပါ အမေ"

ဟု ပြောသောအခါ အမေသည် စိုးရိမ်ပူပန်သည့်မျက်နှာအနေအထားသို့ ပြောင်းလဲသွားပြီး ဘုရားကျောင်းဆောင်ပေါ်သို့ ခဏတင်ထားလိုက်ပြီး-

"ဟဲ့- ကျော်ဝေ၊ နင်ယူမဆော့နဲ့နော်။ အလတ်ကောင် စိန်ဝင်းနဲ့ အငယ်ကောင် ပေါက်စတို့လည်း မဆော့ကြနဲ့"

ဟု ပြောပြီး အမေသည် အဝတ်များကိုလှန်းကာ မီးဖိုချောင်အတွင်းသို့ ဝင်သွားပါသည်။

အဖေသည် (၁၁) နာရီခွဲလောက်မှ အလုပ်က ထမင်းစားပြန်လာပါသည်။ အမေသည် ထမင်းဝိုင်းတွင် ကျွန်တော်ကောက်ရသော ဘုရားပုံတော်ပါ အင်းကတ်ထူစာရွက်လေးကို ဘုရားကျောင်းဆောင်ပေါ်မှ အဖေ့ကို ယူပြပါသည်။

"ကိုစိုးမောင်ရေ၊ ဒီအိမ်ကို ကျွန်မတို့ရောက်တာ မနာလိုတဲ့လူတွေတော့ ရှိနေပြီ။ ရောက်တာမှ တစ်ပတ်ပဲရှိသေးတယ်၊ ကျွန်မတို့ကို အင်းနဲ့တိုက်ထုတ်နေပြီ"

ဟု ပြောသောအခါ အဖေက-

"မစိုးရိမ်ပါနဲ့ မငွေးရီရယ်၊ ငါ ဒီအင်းကို ဆရာလာရင် ပြပြီး လွှင့်ပစ်လိုက်ပါ့မယ်"

ဟုပြောပြီး ထမင်းကို သွက်လက်စွာစားပြီး လုပ်ငန်းခွင်သို့ ပြန်သွားလေတော့သည်။

အဖေသည် ထိုအင်းကို စာရေးကြီးဦးထွန်းရှိန်ကို ပြသောအခါ ဦးထွန်းရှိန်က-

"ဒီအင်းက ဘုရားပုံနဲ့ တိုက်ထားတဲ့ အတိုက်အင်းလို့တော့ ထင်တယ်။ ကိုအုံးမောင်တို့ကိုတိုက်တာတော့ ဟုတ်မယ်မထင်ပါဘူး။ ကျုပ်တို့ကိုတိုက်တဲ့အင်းပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအိမ်က အိမ်ပိုင်ရှင် ကျုပ်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် တစ်ဦးတစ်ယောက်က လုပ်တာပါ။ အင်းပစ်တာနဲ့ ခင်ဗျားတို့မိသားစုပြောင်းလာတာနဲ့ကကြုံနေတော့ ထင်စရာပေ့ါ။ ဒီအင်းကို ဘယ်သူတွေ့တာလဲ"

ဟု စာရေးကြီးမှ မေးသောအခါ အဖေက-

"ကျွန်တော့်သား ကျော်ဝေ အိမ်အောက်မှာ တံမြက်စည်းလှည်းရင်းနဲ့ တွေ့တာပါ ဆရာ"

ဟု ပြောသောအခါ စာရေးကြီး ဦးထွန်းရှိန်သည် ကျွန်တော်တို့ညီအစ်ကို သုံးဦးကိုခေါ်ပြီး-

"မင်းတို့ညီအစ်ကိုတွေ တစ်နေ့မုန့်ဖိုးဘယ်လောက်ရလဲ"

ဟု မေးသောအခါ စာရေးသူ၏ ညီငယ် မောင်ပေါက်စ (ခေါ်) မောင်စံဝင်းက-

"ငါးပြား၊ ဆယ်ပြား"

ဟု ပြောပါသည်။

ဦးထွန်းရှိန်သည် သူ၏ အိတ်ကပ်ထဲမှ တစ်ကျပ်တန်တစ်ရွက်ကိုထုတ်ပေးပြီး -

"ရော့ - မင်းတို့ညီအစ်ကို သုံးယောက် တစ်ယောက်ကို တစ်မတ်သုံး။ ပိုတဲ့တစ်မတ်ကို ငါ့ပြန်ပေး"

ဟု ပိုက်ဆံသုံးတတ်အောင် သင်ပေးပါသည်။

ထိုအချိန်က တစ်မတ်ဆိုသည်မှာ (၂၅) ပြားကို ခေါ်ဆိုခြင်းပါ။ မုန့်ပြားလေးတစ်ခုမှ (၅) ပြားသာ ပေးရပြီး အကြော်တစ်ခုမှ(၁၀)ပြားသာပေးရသော ခေတ်ပါ။ ဆီးထုပ်၊ ဆီးပြားများ အလွန်ပေါသောခေတ်ပါ။ ကျွန်တော်တို့က ပိုက်ဆံတစ်ကျပ်ရလျှင် ညီအစ်ကိုသုံးယောက်စလုံး ပျော်ကြပါသည်။ အဖေက အားနာသဖြင့် -

"ဆရာရယ်၊ အဲဒီလောက် မပေးပါနဲ့။ ကလေးတွေ အကျင့်ပျက်ပါတယ်"

ဟု ပြောသောအခါ-

"ကိုအုံးမောင်ကလည်း၊ ခင်ဗျားကလေးတွေက အကျင့်မပျက်ပါဘူးဗျာ။ အားလုံးလိမ္မာကြပါတယ်။ ကျွန်တော်က ခင်ဗျားကလေးတွေကို ပိုက်ဆံသုံးတတ်အောင် သင်္ချာနည်းတစ်ခုအနေနဲ့ သင်ပေးနေတာပါဗျာ"

ဟု ပြောပြီး နေ့စဉ် ကျွန်တော်တို့ ညီအစ်ကိုသုံးဦးကို တစ်ဦးလျှင် တစ်ကျပ်စီပေးနေကျပင်။ အဖေ့ကို စာရေးကြီး ဦးထွန်းရှိန်က ကိုအုံးမောင်ဟု ခေါ်ဆိုခြင်းမှာ အဖေ၏ အလုပ်ဝင်နာမည်က ဦး၊ ဦးအုံးမောင်၊ အမည်ရင်းက ဦးစိုးမောင်ပင်ဖြစ်သည်။ အလုပ်တွင်းနာမည်ကတွင်စေပြီး လူသိများခြင်း ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ အင်းကိုစွန့်ပတ်သက်ပြီး ဆက်လက်ရေးပြရပါဦးမည်။

တစ်နေ့တွင် ကျွန်တော်၏အဖေနှင့် စာရေးကြီး ဦးထွန်းရှိန်တို့သည် သမန်းကုန်းဆရာတော်ကြီးထံသို့ သွားရောက်ပြီး ၎င်းအင်းချပ်ကို ပြပါသည်။

ဆရာတော်ကြီးက-

"ဒါ အောက်လမ်းအတတ်ပညာနဲ့ ပြုလုပ်ထားတဲ့အင်းပဲ။ မင်းတို့အိမ်ကလူတွေက ကံမြင့်ပေလို့သာပေါ့။ တစ်ဦးတစ်ယောက်ကို သေစေအောင်ပြုလုပ်ထားတာ။ မင်းတို့ ဘာဂါထာတွေဆောင်လို့ အောင်နေတာလဲ"

ဟု ပြောသောအခါ ဖခင်ကြီးက-

"တပည့်တော် သိကြားမင်းက အသူရာကိုနိုင်တဲ့ဂါထာတော်ကို ဆောင်ပါတယ် ဘုရား"

စာရေးကြီးဦးထွန်းရှိန်ကလည်း-

"တပည့်တော်က ဝကိုးလုံးအောင်ဂါထာတော်ကို အမြဲရွတ်ပါတယ်ဘုရား"

ဟု ဆိုသောအခါ ဆရာတော်ကြီးသည် ဖခင်ကြီးနှင့် စာရေးကြီးတို့၏မျက်နှာများကို သေချာစွာ အကဲခတ်သလို ကြည့်ပြီး-

"ဒကာတို့အိမ်သူတွေကကော"

ဟု ဆိုသောအခါ ဖခင်ကြီးက-

"တပည့်တော်ဇနီးက စက်ကြီးတစ်ဆယ့်သုံးချက်ကို ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးပြီး ရွတ်ပါတယ် ဘုရား"

"အေးအေး- ကောင်းတယ်ကွယ့်။ ဘုရား၊ တရား၊ သံဃာ ဆိုတာ မြဲမြံသူတို့အတွက် အကျိုးပေးက မြန်တယ်ကွယ့်။ မင်းတို့ဆရာတပည့်နှစ်ယောက်ကို အင်းမပြောနဲ့၊ စုန်းကဝေတွေတောင်ဖမ်းခြင်း, ပြုစားခြင်းလုပ်လို့ မရပါဘူးကွယ်"

ဟု ဆရာတော်ကြီးသည် ပြောဆိုပြီး ဗလာစာအုပ်တစ်အုပ်ထဲမှ ရေးကူးထားသော စာရွက်တစ်မျက်နှာ၏ အင်းပုံစံတူ(၃)ပုံကို ဂါထာမတူ၊ အတွင်းစာ (၃၂) လုံး အလယ်လေးကွက်တွင် အောင်စေပိုင်စေများ ပါရှိပြီး ကူးယူ၍ ကတ်ထူပြားဖြင့်ဆောင်ပြီး သရဏဂုံ(၃)ပါးကို အင်းတစ်ချပ်လျှင် (၉) ခေါက်ရွတ်စေပြီး ဂုဏ်တော် (၉) ပါးကို အင်းတစ်ချပ်လျှင် (၉) ခေါက် ရွတ်ဖတ်ပြီး ပုတီး (၁၀၈) ပတ်စိပ်ရာတွင် ဘုရားကျောင်းဆောင်ရှေ့၌အင်းများကို နံနက် (၉) နာရီ၊ (၉) ရက်၊ (၉) လပိုင်းတွင် ဖယောင်းအလင်း (၉) တိုင်ဖြင့် ပူဇော်ပြီးမှ အင်းက သိဒ္ဓိမြောက်မည်ဟုပြောပြီး ပေးလေသည်။ အထူးသတိပြုရန်မှာ အင်းပြုလုပ်စဉ် (၉) ရက်အတွင်း ဥပုသ်သီလဆောက်တည်ပြီး သက်လွတ်စား၍ ကံငါးပါးကို လုံခြုံရမည်ဟု ဆရာတော်ကြီးက အထူးမှာကြားပါသည်။ အောင်စေပိုင်စေ အပါအဝင် အင်းတစ်ချပ်လျှင် အင်း (၃၆) ကွက် ပါရှိသည်။ အင်း (၃) ကွက်ပေါင်းလျှင် အကွက်ပေါင်း (၁၀၈) ကွက် ရှိပါသည်။

၎င်းအဆောင်အင်း (၃) ကွက်၏ အကျိုးရှိပုံမှာ-

၁။ ဝကိုးလုံး အောင်စေပိုင်စေ အင်းအဆောင်သည် စာမေးပွဲ ကျောင်းသားကျောင်းသူ၊ ရုံးဝန်ထမ်းများအတွက် ဖြေဆိုရာတွင် အောင်မြင်လိုသော အဆောင်ကောင်းတစ်ခုပင်။

၂။ ဝကိုးလုံးနဝင်းအင်းအဆောင်သည် ခရီးသွားခရီးလာ၊ ရေလမ်း၊ ကုန်းလမ်း၊ လေလမ်းတို့အတွက် အခက်အခဲ အန္တရာယ်အသွယ်သွယ်ဘေးမှ ကင်းဝေးစေသော အဆောင်ကောင်းတစ်ခုပင်။

၃။ သိကြားမင်းက အသူရာကိုနိုင်သော အဆောင်အင်းသည် ရန်သူမျိုးငါးပါး ဟူသော အန္တရာယ်ဘေးဆိုးအပေါင်းကို ကာကွယ်စေသော အဆောင်ကောင်းတစ်ခုပင် ဖြစ်ပါသည်။

ယုံကြည်စွာဖြင့် အဆောင်အဖြစ်ထားလိုသူတို့အတွက် အင်းပုံစံ (၃) ပုံနှင့် ဂါထာ (၃) ပုဒ်ကိုလည်း အလွယ်တကူ ကျက်မှတ်စေရန် ရေးသားဖော်ပြလိုက်ပါသည်။ စာရေးသူ၏ဖခင်ကြီးမှတ်တမ်းစာအုပ်များထဲမှ အမှတ်မထင် တွေ့ခဲ့ရသော အင်းစာရွက်များနှင့် ဂါထာများကို ဝါသနာပါသူတို့အတွက် ပေးဝေငှခြင်းဖြင့် ဟင်္သာတမြို့နယ် နိဗ္ဗာန်တိုက်နယ်သမန်းကုန်းကျောင်းဆရာတော်ကြီးကို ရှိခိုးဦးခိုက် ပူဇော်ခြင်းဖြင့် ကိုးနဝင်းအင်း (၃) အင်းအစီအရင်ကို နိဂုံးချုပ်လိုက်ရပါတော့သည်။

### (၁) ဝကိုးလုံးအောင်ဂါထာတော်


ဒေဝါနံ နန္ဒနော၊ ဒေဝေါ
ဒေဝ ဒေဝ၊ နနန္ဒိနော်
ဝေဒဒိနေန၊ ဝေဒေန
ဝေဒိဝေဒေန၊ ဝေဒိနော။

### (၂) ဝကိုးလုံးနဝင်းဂါထာတော်

ဝရပုဒွေ၊ ဝရဓမ္မော
ဝရသံဃော၊ ဝရိသရော
ဝရစေတော၊ ဝရံဒေတု
ဝရေဟိမေ၊ ဝရံ ဝရံ။


ပုံ (၁) အင်း

ဝကိုးလုံးအောင်စေပိုင်စေအဆောင်





ပုံ (၂) အင်း

ဝကိုးလုံးနဝင်းကျေအောင်စေပိုင်စေ




ပုံ (၃) အင်း

သိကြားမင်းက အသူရာကိုနိုင်သော




### (၃) သိကြားမင်းက အသူရာကိုနိုင်သောဂါထာ

ဝေဒါသာကု၊ ကုသာဒါဝေ
ဒါယသာတ၊ တသာယဒါ
သာသာဒိကု၊ ကုဒိသာသာ
ကုတကုဘု၊ ဘုကုတဘု။

ရောမြေ-ကျော်



www.burmeseclassic.com

www.burmeseclassic.com

# ကြောင်ကလေးအဆိပ်ပြေဖို့ ခွေးလျှေးယားယဉ်ကိုသုံးကြစို့

လူတွေကို အကျိုးပြုပြီး လူတွေရဲ့ အချစ်တော်သတ္တဝါတွေထဲမှာ ကြောင်သည်း အပါအဝင် ဖြစ်ပါသည်။

အိမ်တွေမှာ မိသားစုဝင်တွေရဲ့ အချစ်တော်အဖြစ် ကြောင်လေးများကို မွေးထားတတ်ကြသည်မှာ စာရေးသူတို့ အိမ်လည်း အပါအဝင် ဖြစ်ပါသည်။ ကြောင်မွေးထားခြင်းဖြင့် ကြွက်ဘေးအန္တရာယ် ကင်းရှင်းခြင်းကိုတော့ သက်ငင်း အကျိုးကျေးဇူး ရပါသည်။ ဒါကြောင့်လည်း အိမ်တွေမှာ ကြောင်တို့ မွေးကြခြင်း ဖြစ်ပါသည်။

စာရေးသူတို့အိမ်မှာ မွေးထားတဲ့ ကြောင်လေးကတော့ အထီးလေးဖြစ်ပြီး အဝါနှင့်အဖြူစပ်ကျားလေးဖြစ်လို့ ချစ်ဖို့ကောင်းလှပါသည်။ မအေခွဲစမှာ ယူလာခြင်းဖြစ်လို့ ရောက်စမှာတော့ 'ညောင်ညောင်'နှင့် မိခင်ကို အော်မြည်တမ်းတနေပါသည်။ စာရေးသူတို့လည်း ကိုယ့်မိသားစုဝင်လေးလို့ ဂရုတစိုက် တယုတယ ပွေ့ပိုက်ထားပြီး သူကြိုက်တတ်သည့် အစာလေးများကို ကျွေးကာနေ အမြဲယက်ကျွေးလို့ တဖြည်းဖြည်းနှင့် ကြောင်လေးလည်း နေသားကျလာခဲ့ပါသည်။

စာရေးသူတို့အညာဒေသများဟာ အခြားဒေသများထက်ပင် အဆိပ်ရှိသတ္တဝါများ ပေါများလှပါသည်။ ကင်းမြီးကောက်မည်း၊ ကင်းခြေများ၊ ကင်းမြီးကောက်နှင့် မြွေသတ္တဝါမျိုးစုံလည်း တွေ့ရပါသည်။ အထူးသဖြင့် ပူပြင်းခြောက်သွေ့သော နွေရာသီကုန်ပြီးစ မိုးဦးတစ်ပြိုက်၊ နှစ်ပြိုက်ကျပြီးစများတွင် ထိုအကောင်များ ခိုအောင်းရာနေရာများမှ ထွက်လာကြခြင်းကြောင့် အထူးဂရုစိုက်သတိထားကြရပါသည်။

လူတွေ့တော့ ကိုယ်သွားတဲ့နေရာကို မီးအလင်းရောင်နှင့်သွားပြီး ဂရုစိုက်ဖို့ရပေမယ့် ခွေး၊ ကြောင်တွေကတော့ သူတို့သွားချင်ရာကို လျှောက်သွားတတ်ကြတာကြောင့် သွားရင်းလာရင်း သူတို့ထက် အင်အားကြီးတဲ့၊ အဆိပ်ရှိတဲ့သတ္တဝါတွေရဲ့ ရန်ပြုခြင်းကို ခံကြရတတ်ပါသည်။

အန္တရာယ်တစ်ခုခုကြုံလာတာနှင့် တစ်ပြိုင်နက် အိမ်မွေးတိရစ္ဆာန်အများစုဟာ အားတင်းပြီး ကိုယ့်သခင်ရှိရာနေရာ၊ ကိုယ့်အသက်ကို ကယ်တင်ပေးနိုင်မယ့်နေရာကို အပြေးပြန်လာတတ်ကြတာ သဘာဝပါ။

ပြီးခဲ့တဲ့လကုန်ပိုင်းလောက်က စာရေးသူတို့ အိမ်မှာမွေးထားတဲ့ ကြောင်ထီးလေး သူ့သဘာဝအရ ညအခါအစာရှာ အလည်ထွက်ရင်းနှင့် အဆိပ်ရှိမြွေတစ်ကောင်၏အန္တရာယ်ပြုခြင်းကိုခံလိုက်ရသည် ထင်ပါသည်။ အန္တရာယ်တစ်ခုကို ရင်ဆိုင်တွေ့ရ၍ ပုံမှန်သံမဟုတ်ဘဲ ကြောက်ရွံ့သောအော်မြည်သံမြည်တမ်းရင်း အိမ်ပေါ်ကို ပြေးတက်လာပါသည်။

အိမ်ပေါ်ကို ရောက်ရောက်ချင်း ကြောင်လေးမှာ ဝေဒနာကြောင့် သူ့အိပ်တတ်တဲ့နေရာမရောက်ခင်မှာပင် လဲကျသွားပါသည်။ မိသားစုလည်း ထိတ်သွားပြီး ကြောင်လေးကို ပွေ့ကိုင်ကြည့်တော့ အသက်ရှူနေသေးပြီး အဆိပ်ရှိမြွေနှင့် သူတစ်ပြန်ကိုယ်တစ်ပြန် ကိုက်ခဲကြပြီး အထိနာလာပုံရပါသည်။

စာရေးသူတို့အိမ်က ဆူညံသံကြောင့် အိမ်ဘေးကပ်လျက်က အဘွားလှမှိုရောက်လာပြီး သူ့လက်ထဲမှာပါလာသည့် အစေ့လေးတွေကို ငရုတ်ဆုံမှာ ထောင်းခိုင်းပါသည်။ ရလာတဲ့ကြိတ်ဖတ်တွေကို ရေနဲ့ဖျော်ပြီး ကြောင်လေးရဲ့ ပါးစပ်ထဲကို ဖြလို့လောင်းချခိုင်းပါသည်။ အချို့ကြိတ်ဖတ်တွေကိုတော့ ကြောင်လေးရဲ့ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေပေါ် ဖိသိပ်ပေး၊ အုံပေးခိုင်းပါသည်။

အစတော့ ပါးစပ်ထဲလောင်းချတဲ့ ဆေးရည်တွေကို လက်မခံဘဲ ပြန်ထွက်လာပါသည်။ ကြောင်လေးမှာ မောပန်းထိတ်လန့်ခြင်းကြောင့် လဲကျသွားခြင်းဖြစ်ပြီး အသက်ရှူနေသေး၍ စာရေးသူတို့လည်း စိတ်ရှည်ရှည်နှင့် ကလေးများဆေးတိုက်သလို ဆေးကိုဇွန်းထဲမှာထည့်၍ သူ့ပါးစပ်ဖြဲ အာခေါင်တွင် ကပ်ပြီး တိုက်လိုက်မှ ဆေးဝင်သွားပါတော့သည်။

အဘွားလှမှိုက -

"ဒီလောက်ဝင်သွားရင် တော်တော့။ နောက် (၁) နာရီလောက်နေမှ တစ်ခါထပ်တိုက်၊ မသေတော့ပါ ဘူး"

လို့ ပြောပြီး ပြန်သွားပါတယ်။

ဆေးဝင်သွားပြီးနောက် ကြောင်လေးမှာ ဆေးနှင့်သူ့ခံစားနေရတဲ့ဝေဒနာတွေ့နေလို့ထင် အသက်ကို ပြင်းပြင်းရှူပြီး မှိန်းနေပါသည်။ စာရေးသူတို့လည်း နောက် (၁) နာရီခြားရှိသောအခါ ခုနကလိုပဲ ထပ်တိုက်လိုက်ပါသည်။

ဒီတစ်ခါတိုက်ပြီးအကြာမှာတော့ ကြောင်လေးမှာ အသက်ရှူပုံ ပုံမှန်ဖြစ်လာပြီး မျက်စိလည်းပွင့်လာပါသည်။ ဒီအခါမှပဲ စာရေးသူတို့လည်း သက်ပြင်းချနိုင်ပါတော့သည်။

နောက်တစ်နေ့မနက်တွင်တော့ ကြောင်လေးမှာ ထူထူထောင်ထောင်ဖြစ်လာပါသည်။ အရင်လို ပြေးပြေးလွှားလွှားမဟုတ်ပေမယ့် သွားနိုင်လာနိုင်ပါသည်။ အဘွားလှမှိုဆီ သွားပြောတော့ အဲဒီဆေးအစေ့လေးတွေ ထပ်ပေးလိုက်ပြီး ဒီနေ့မနက် (၁) ခါ၊ ည (၁) ခါ လောက် တိုက်လိုက်လျှင် ပူစရာမလိုတော့ပါဘူးလို့ပြောတာနှင့် စာရေးသူတို့လည်း ဂရုစိုက်လုပ်ပေးလိုက်တာ ခုဆိုလျှင် ကြောင်လေးမှာ သွက်လက်ရွှင်လန်းနေပြီ ဖြစ်ပါသည်။

ဒီလိုအချိန်တိုအတွင်းမှာ ကြောင်လေးကို အဆိပ်ပြေပေးနိုင်တဲ့ အဲဒီအစေ့လေးတွေအကြောင်း အဘွားကို မေးကြည့်တော့ ခုလိုပဲ ပြည့်စုံစွာ သိရှိခဲ့ရပါသည်။

ထိုမည်းမည်းအစေ့များ (အစေ့ပေါ်မှာ အဖြူစက်တစ်စက် ပါရှိ) သည် ခွေးလျှေးယားစေ့များ ဖြစ်ပါသည်။ သူ့တွင် အယဉ်နှင့် အရိုင်း (၂) မျိုးရှိပြီး ဆေးအဖြစ်သုံးသောအစေ့မှာ အယဉ်စေ့များ ဖြစ်ကြောင်း သိရပါသည်။ သူ့သဘာဝအတိုင်း တောထဲမှာလည်းတွေ့ရတတ်ပြီး အယဉ်၊ အရိုင်း ခွဲသိဖို့တော့လိုပါသည်။ အရိုင်းမျိုးကို ထိမိပါက မနေနိုင်အောင် ယားယံမှုကို ခံစားရတတ်ပါသည်။

အသီးမှာ အတောင့်ရှည်များ ဖြစ်ပြီး အခိုင်လိုက်သီးပါသည်။ အတောင့်တစ်တောင့်လျှင် အစေ့ (၈) စေ့လောက်ထိပါတတ်ပါသည်။ ခွေးလျှေးယားအယဉ်မှာ ဆေးဖက်ဝင်ခြင်းကြောင့် အချို့ တမင်ပင် စိုက်ပျိုးကြပါသည်။ အကြောင်းမှာ သုက်ကိုပွားစေခြင်း၊ အားကိုဖြစ်စေခြင်း၊ အကြောအားတိုးစေခြင်း စသော အကျိုးများကြောင့် အမျိုးသားများနှင့်ဆိုင်သောဆေးဖုံများတွင် အဓိကပါဝင်ပစ္စည်းအဖြစ် အသုံးပြုကြပါသည်။

ဘယ်လိုပဲ အခြားအကျိုးထူးတွေ ရှိဦးမလဲတော့မသိပါ။ကြောင်ကို အဆိပ်ပြေစေတာတော့ လက်တွေ့ဖြစ်ခြင်းကြောင့် စာဖတ်သူများ သိရှိအသုံးပြုနိုင်ရန် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

သဒ္ဒါ (ဥမ္မာ)



www.burmeseclassic.com

www.burmeseclassic.com

# သံသရာခရီးလျှောက်လှမ်းနေသူ လူဝင်စား ဦးကျော်ဆန်း

ကျော်မှုကျော်(လှိုင်ကော်)

သတ္တဝါများသည် အတိတ်မှပြု လုပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ ကြောင့် သံသရာနယ်ပယ်အတွင်း ဘဝ မျိုးစုံ ကျင်လည်နေကြ၏။ စင်စစ် မည် သည့်သတ္တဝါမဆို နိဗ္ဗာန်သို့မရောက် သေးသမျှကာလပတ်လုံး ကံဇာတ်ဆရာ တဏှာယောကျ်ား၏ တည်ဆောက်မှု အတိုင်း ကုသိုလ်၊ အကုသိုလ်အကျိုး ခံစားရစမြဲပင်။

အကြောင်းတရား ကင်းသော အကျိုးတရားမရှိပါပေ။ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ သတ္တဝါများမှာ အတိတ်အကြောင်းတရားငါးပါးဖြစ်သည့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရနဲ့ ကံ တို့ကြောင့် လက်ရှိဘဝ ရရှိပါသည်။ အကြောင်းနှင့်အကျိုး အလျဉ်မပြတ် နေ၍ သံသရာရှည်ခြင်း ဖြစ်သည်။

သတ္တဝါ ဟူသည် အို၊ နာ၊ သေ၊ ဘေးမလွတ်။ သို့ဖြင့် သူတို့ မစုတိမီ (သေခါနီး) မရဏာသန္နဇောကပ်ချိန် မိမိ ပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်ကံ များက ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံသုံးပါးတွင် တစ်ပါးပါး မလွဲမသွေ ထင်မြင်လာ၏။ ထို့နောက် စုတိစိတ် (သေဆုံး)သည်နှင့် တစ်ပြိုင်နက် ကာလ မခြား တစ်ဆက်တည်း ပဋိသန္ဓေစိတ် ဘဝင်စိတ်တို့သည် ကံကပေးသောအာရုံ ကိုယူ၍ ဘဝသစ်ဖြစ်ပေါ်၏။ အလျဉ်း သင့်ရာ ကံတစ်မျိုးမျိုးက နောက်ဘဝ အတွက် ပဋိသန္ဓေစိတ်ပေးချေသည်။

သတ္တဝါများကား သေလွန်ပြီး နောက် ဘဝပြတ်စဲမှုမရှိဘဲ တစ်ပါးသော လောက၌ ဘဝတစ်ခုအနေနှင့် ဆက် လက် ရပ်တည်နေ၏။

ထေရဝါဒဗုဒ္ဓဘာသာတွင် ပထ[ma] ဈာန်လမ်းက အားထုတ်လျှင် ရှေးဘ[ဝ] ကိုသိနိုင်သည့် ပုဗ္ဗေနိဝါသအဘိညာဉ် တွေ ရနိုင်သလို ဘဝဟောင်းမှ သေ[ပြီး] ဘဝသစ်မှာ ဖြစ်ပေါ်နေမှုတွေ မြင်နိုင် သော ဒိဗ္ဗစက္ခုအဘိညာဉ် ရနိုင်သည်။

ကမ္ဘာ့ဒေသနေရာအနှံ့အပြားတွင် ဘဝဟောင်းမှအဖြစ်အပျက်ကို အော[င်] မေ့သော လူဝင်စားများစွာ ရှိပါသည်။ အချို့လူဝင်စားတို့က ယခင်ဘဝ မှ မိဘ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ မြေး၊ မော[င်] နှမ၊ ဆွေမျိုးသားချင်း ပစ္စည်းများ[ကို] လွမ်းလွမ်းဆွတ်ဆွတ်မှတ်မိနေတတ်[ကြ] သည်။ အချို့က တိရစ္ဆာန်၊ ပြိတ္တာဖြစ်[ခဲ့] သည်ကိုပင် ပြန်ပြောင်းပြောတတ်[ကြ] သည်။





ယခုဘဝက ဦးကျော်ဆန်း၏မိသားစု

သံသရာခရီးသည် ရှည်လျား[၏]... သံသရာခရီးသွားထဲမှ ဘဝဟောင်း... အဖြစ်သနစ်ကို သိရှိသော လှိုင်ကော် မြို့နယ် လောခလေးကျေးရွာတွင် ... ထိုင်သည့် ဦးကျော်ဆန်း (အငြိမ်းစား... ၏ အတိတ်စာမျက်နှာ ဖွင့်လှစ်မိသည်။

❑

ကျောက်ပန်းတောင်းမြို့နှင့် (၁... မိုင်ခန့်ဝေးသောအရပ်ဒေသ၌ လိုင်သာ... ပင်ပုကျေးရွာတစ်ရွာတည်ရှိသည်။ ... ခြေ (၁၀၀) ကျော်ရှိပြီး အများစု... လယ်ယာလုပ်ငန်းဖြင့် အသက်မွေး... ကြသည်။

လိုင်ပင်သာပုကျေးရွာတွင် လယ် ယာလုပ်ငန်းနှင့် အသက်မွေးမြူသော ဦးတုတ်နှင့် ဒေါ်ချစ်တို့၌ သားသမီး... ထွန်းကားခဲ့၏။ သားသမီးငါးဦးအနက် မောင်လှမောင်းမှာ ပဉ္စမမြောက် သား ရတနာ ဖြစ်သည်။

မောင်လှမောင်း အသက် (၃)... အရွယ်တွင် တီတီတာတာပြော... လွန်းသဖြင့် ဆွေမျိုးသားချင်းများ... အချစ်တော်ဖြစ်ခဲ့သည့်သူ။ မိခင်ဒေါ်... ကလည်း မောင်လှမောင်းရဲ့နား...



www.burmeseclassic.com

ရွှေနားကပ်ကလေးဆင်မြန်းပေးထား၏၊ တင့်တင့်တယ်တယ် လှလှပပဖြစ်စေချင်တဲ့ မိဘမေတ္တာကိုး။

သို့သော် အချစ်တော် မောင်လှမောင်း သက်ဆိုးမရှည်ပေ။ မောင်လှမောင်း အသက် (၃) နှစ်ကျော်ကျော်၌ ခွေးကိုက်ခံရသည်။ ခွေးကိုက်ဒဏ်ရာမှ ပျောက်သေး၊ ဝက်သက်ပေါက်ကာ အပြင်းဖျားတော့သည်။ မောင်လှမောင်းကို ဆေးဝါးများဖြင့် ကုသပါသော်လည်း မသက်သာ။ အခြေအနေမဟန်သည့်အဆုံး မောင်လှမောင်းရဲ့ နားကပ်လေးကို ဒေါ်ချစ် ဖြုတ်ယူရရှာပြီ။ မောင်လှမောင်းတစ်ယောက် နောက်တစ်ရက်ညနေပိုင်း တွင် ကွယ်လွန်ခဲ့သည်။

မောင်လှမောင်း ကွယ်လွန်ပြီး (၁၀) လအကြာ ဦးကျော်မောင်နှင့် ဒေါ်သိန်းရင်တို့မှ မောင်ကျော်ဆန်းကို ဖွားမြင်သည်။ (ဦးကျော်မောင်မှာ ဦးဘုတ်၏ ညီအရင်း ဖြစ်ပါသည်။) မောင်ကျော်ဆန်း အသက်(၃)နှစ်ကျော်အရွယ်၌ ဇာတိဿရဉာဏ်ပြလာသည်။


"မေမေ၊ သားရဲ့နားကပ်လေးသွားယူခဲ့အောင်နော်။ ဟို. . . ဟို မေမေ ဒေါ်ချစ်ဆီမှာ သားရဲ့နားကပ်ရှိတယ်"

"အယ်"


ဒေါ်သိန်းရင်၏နှုတ်ဖျားမှ ရုတ်တရက် အာမေဋိတ်သံထွက်သွားသည်။ မောင်ကျော်ဆန်းက ဦးဘုတ်နှင့်ဒေါ်ချစ်၏ သားသမီးများ ဖြစ်ကြသော ကိုလှသောင်း၊ ကိုအုန်းမြင့်၊ မသန်းမြ၊ မသန်းနှင့် သူ့နာမည် မောင်လှမောင်း ဖြစ်ကြောင်း ပြောပြနိုင်ခဲ့သည်။

မောင်လှမောင်း ဝင်စားတယ်ဟူသောစကားက ဒေါ်ချစ်ထံသို့ ပေါက်ကြားသွားသည်။ ဒေါ်ချစ်မှာ သူ့သား မောင်လှမောင်း ဝင်စားတာ ဟုတ်၊ မဟုတ် အမျိုးအစားမတူ ရွှေနားကပ် (၅) ခု နှင့် ကလေးအင်္ကျီများကို ယူလာကာ မောင်ကျော်ဆန်းအား ရွေးခိုင်းသည်။ မောင်ကျော်ဆန်း ယခင်ဘဝက ရွှေနားကပ်နှင့်သူဝတ်ခဲ့တဲ့အင်္ကျီနှစ်ထည်ကို မှန်ကန်စွာ ရွေးယူလေသည်။ ထူးခြားမှုတစ်ခုကလည်း မောင်ကျော်ဆန်း၏လက်ယာဘက်ပေါင်တွင် ဘဝဟောင်းက ခွေးကိုက်ဒဏ်ရာအမှတ်အသားပမာ အညိုကွက်ကြီးထင်းထင်း ပါရှိနေခြင်းဖြစ်သည်။

လူ့ဘဝမှာ ရခဲ၏။ သတ္တဝါများ အပါယ်ဘုံ၌သာ ထူးထွေများပြားလှပြီး



သာသနာ့ဘောင်၌ပျော်မွေ့နေသောဦးကျော်ဆန်း (မောင်လှမောင်းတစ်ဖြစ်လဲ ဆရာတော် ဦးကောနေယျ)



မောင်လှမောင်း တစ်ဖြစ်လဲ ဦးကျော်ဆန်း ဦးကျော်ဆန်း စံပြလုပ်သားဆုရရှိစဉ်က အမှတ်တရ

လူဖြစ်ဖို့ရာ လွန်စွာ ခဲယဉ်းကြောင်းကို မြတ်ဗုဒ္ဓက -

"ချစ်သားရဟန်းတို့၊ ငါဘုရားရဲ့ လက်သည်းဖျားပေါ်မှာတင်ထားတဲ့ မြေမှုန့်နဲ့ မဟာပထဝီမြေကြီးက မြေမှုန့် ဘယ်အရာက များပါသလဲ"

ဟု မေးတော်မူရာတွင် မြတ်စွာဘုရား၏လက်သည်းဖျားပေါ်မှာရှိသော မြေမှုန့်က နည်းပါးပြီး မဟာပထဝီမြေကြီးပေါ်မှ မြေမှုန့်က သာလွန်များပြားကြောင်း ရဟန်းတို့ ပြန်လည် လျှောက်ထားကြသည်။

ထိုအခါ မြတ်ဗုဒ္ဓက -

"ချစ်သား ရဟန်းတို့၊ ဤဥပမာနည်းတူ လူ့ဘဝ စုတိပျက်ကြွေလို့ သေလွန်ကြရတဲ့အခါ လူပြန်ဖြစ်သူဟာ ငါဘုရားရဲ့လက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်လိုပဲ အလွန်တရာနည်းပါးတယ်။ အပါယ်ဘုံတွေမှာသာ မဟာပထဝီမြေကြီးပေါ်က မြေမှုန့်လို အလွန်တရာ များပြားလှတယ်"

ဟု မိန့်တော်မူလေသည်။

ကံသတ္တိက ဆန်းကြယ်၏။ အံ့သြဖွယ်ကောင်း၏။ ဆန်းကြယ်အံ့သြဖွယ်ကောင်းသည့် မိမိပြုလုပ်သော ကံသတ္တိမှာ အရိပ်ပမာ အမြဲလိုက်ပါနေသည်။ လူတိုင်း ကာယကံ၊ ဝစီကံ၊ မနောကံတို့ စောင့်ထိန်းပြီး ကုသိုလ်တရား တိုးပွားအောင် ဆောင်ရွက်ကြရမည်။

ကံသုံးပါးကို စောင့်ထိန်းမှု အလျဉ်းမရှိဘဲ အကုသိုလ်ဒုစရိုက်များကို ပြုလုပ်လျှင် အပါယ်ဘုံမှလွဲလို့ တခြားမရှိပါ။ ယခုဘဝ ရုပ်နာမ်ခန္ဓာမစဲမီ ဘဝသစ်၌ မွန်မြတ်သော ပဋိသန္ဓေစိတ်ဖြင့် သုဂတိဘုံသို့ရောက်ရန် ဒါန၊ သီလ၊ ဘာဝနာ တရားများ ဖြည့်ကျင့်သင့်အပ်၏။

သြော်-နှစ်တွေကြာညောင်းခဲ့ပြီ။ ကျွန်ုပ်တို့လည်း အေးငြိမ်းချမ်းသာသော မြတ်နိဗ္ဗာန်သို့ မရောက်သေးသရွေ့ သံသရာခရီး၌ ဘဝမျိုးစုံနှင့် ကျင်လည်ကျက်စားကြရဦးမည်ပဲ။

သံသရာခရီး လျှောက်လှမ်းသူတွေထဲမှ မောင်လှမောင်း တစ်ဖြစ်လဲ လူဝင်စား ဦးကျော်ဆန်းမှာ ရိုးသားဖြောင့်မတ်၍ အလုပ်ကြိုးစားသူပင်။ ၁၉၈၁ ခုနှစ်တွင် နိုင်ငံတော်မှ ချီးမြှင့်သည့် စံပြလုပ်သားတတိယအဆင့် ဆုတံဆိပ်ရရှိခဲ့ပါသည်။

ယခုအခါ သံသရာခရီးလျှောက်လှမ်းသူ လူဝင်စား ဦးကျော်ဆန်းသည် လှိုင်ကော်မြို့နယ် လောမလေးကျေးရွာ ဓမ္မစကြာဘုန်းတော်ကြီးကျောင်း၌ ဆရာတော် ဦးကောနေယျ ဘွဲ့တော်ဖြင့် ဝိပဿနာ၊ ဘာဝနာများကို ကျင့်ကြံကြိုးကုတ် အားထုတ်လျက်ရှိချေသည် တကား။

ကျော်စုကျော် (လှိုင်ကော်)

**ကျမ်းကိုး -**

တက္ကသိုလ်ရှင်သီရိ (ဓမ္မာစရိယ) ဘီအေ၏ 'လာခြင်းကောင်း၍ ပြန်ခြင်းချမ်းမြေ့ပါစေ'

www.burmeseclassic.com

အပိုင်း(၁)

အေးသည်။

အတော့်ကိုအေးသည်။

ခပ်သော့သော့လေပြည်တစ်ချက်တွင် တစ်ကိုယ်လုံး၌ အသားရယ်လို့ပေါ်နေသောမျက်နှာက အအေးဓာတ်ကြောင့် ဖျဉ်းခနဲဖြစ်သွားသည်။

ရုတ်တရက် ခြောက်သွေ့သွားသော နှုတ်ခမ်းများကို လျှာဖြင့် အသာအယာသပ်လိုက်ရင်း မှန်မှန်လျှောက်နေသောခြေလှမ်းများကို ခပ်သွက်သွက်ပြင်လျှောက်လိုက်သည်။

လက်အိတ်စွပ်ထားသော်လည်း အပေါ်ထပ် ဂျာကင်အင်္ကျီအိတ်ထဲသို့ လက်ကို အတင်းထိုးထည့်မိသည်။ တောင်ပေါ်ဒေသ၏ဆောင်းရာသီသည် သူ့ကို အတော်အခက်ကြုံစေပါသည်။

ဤဒေသသို့မလာမီ အတင်း သူ့လက်ကိုဆွဲကာ အနွေးထည်များ၊ ဂျာကင်များ၊ ဆွယ်တာများ ငြင်းပယ်နေသည့်ကြားက ဝယ်ပေးလိုက်သော ကေသီ့ကို ကျေးဇူးတင်မိသည်။

ကျေးဇူးတင်စိတ်နှင့်အတူ အာရုံပုံရိပ်ဝယ် သူ၏ရုပ်ပုံလွှာလေးက ထင်ဟပ်လာသောအခါ (သူ့အထင်) နှလုံးခုန်သံနည်းနည်းမြန်သွားသည်။

ကေသီသည် သူနှင့်တွေ့စဉ်းကပင် သူ၏ ရင်ခုန်သံများကို ကမောက်ကမဖြစ်စေတတ်သော တစ်ဦးတည်းသော မိန်းကလေး ဖြစ်ပါသည်။

လူရှင်းရှင်းနှင့် တောင်ပေါ်တက်ကားလမ်းမအတိုင်း ကေသီ့အကြောင်းရင်ခုန်စွာ တွေးရင်း အချမ်းဓာတ်ကို အန်တုကာ ပတ်ဝန်းကျင်ကိုမေ့နေသော သူ့အား ခပ်လှမ်းလှမ်းအကွေ့တစ်နေရာမှ ကားဟွန်းသံတစ်ခုက လှန့်နှိုးလိုက်ပါသည်။

ဩော် - တပ်က ကျောင်းပို့တဲ့ကားတောင် ဆင်းလာပြီပဲဆိုကာ ကား လမ်းမအတိုင်း လျှောက်နေရာမှ ဧည့် ရိပ်သာဘေး တောင်ပေါ်ကို ဖြတ်တ နိုင်သော မြေနီလမ်းကလေးသို့ ချိုးဝ လိုက်သည်။

သူတာဝန်ကျရာ တောင်ပေါ်မြ ကလေး၏တောင်ထိပ်မြေပြင်ညီဝယ် သ တာဝန်ထမ်းဆောင်နေသည့် ဆေးရုံနှ တပ်မတော်တပ်ရင်းတစ်ခုသာ ရှိ သည်။

အခုလည်း တပ်မှ ကျောင်းသာ လေးများကို လိုက်ပို့သော ကျောင်းကာ ပင် ဆင်း၍လာချေပြီ။

နာရီကြည့်စရာမလို။ မနက် ( နာရီ၊ (၁၅) မိနစ် ဆိုတာ အလိုလို

သုရဋ္ဌမဂ္ဂဇင်း စာကြည့်တိုက်

# နန္ဒဝလ (နန်တသူ)

## တောင်ဇလပ်လမ်းဆုံ





www.burmeseclassic.com

www.burmeseclassic.com

သိုက်သည်။

မနက်ပိုင်း (၈) နာရီပင်ကျော်နေသော်လည်း ချင်းမိခင်တောင်တန်းကြီးသည် မှိုခိုလျက်ရှိသော ရင်သွေးများကို အနွေးဓာတ်ပေးရန် နေမင်းကြီး၏ စွမ်းအားများကို ခွင့်မပြုသေး။ ချစ်ခင်ပိုက်သွေးစွာ အအေးဓာတ်ကိုပေးလျက်ချော့သိပ်နေဆဲ။

နှင်းရည်တို့ဖြင့် စွတ်စိုနေသော မြေနီလမ်းကလေးမှ မြေရနံ့ခပ်သင်းသင်းတစ်ခုရမိသလို သူခံစားရသည်။ ပြင်းပြင်းရှူထုတ်လိုက်သော ထွက်သက်နှင့်အတူ ပါးစပ်တွင်းမှ အငွေ့လေးများ ထွက်လာသည်။

ထိုအခါ ငယ်ငယ်ရွယ်ရွယ်နှင့် နမိုးနီးယားဖြစ်ကာ အသက်ဆုံးသွားသော ညီမလေးကို သွားသတိရမိပြန်သည်။

သူထက်(၈)နှစ်လောက်ငယ်သော ညီမလေးအား သူတို့နယ်မြို့လေး၏ ဆောင်းမနက်တိုင်းတွင် 'ကိုကို နဂါးကြီးလုပ်ပြမယ်' ဟုပြောကာ အငွေ့များကို မှုတ်ထုတ်ပြနေကျ။

ထိုင်တတ်ခါစ တီတီတာတာချော့မြှူနိုင်သည့်အရွယ်လေးမှာပင် ညီမလေး ရက်တွေဆက် ချောင်းဆိုးသည်။ တစ်ခါတစ်ခါဆို ရင်ဘတ်ထဲမှ ရှီရှီနှင့် အသံတွေကြားရသည်။

အသိပညာနည်းသော အဖေနှင့်အမေက ကောင်းနိုးရာရာ ဘေးမှပြောသောဆေးများ၊ အရွက်များ၊ လူးဆေးများနှင့် ကုကြသည်။

တစ်နေ့ ကျောင်းက သူပြန်လာတော့ ထုံးစံအတိုင်း ညီမလေးကိုချော့မြှူဖို့ ကြိုးစားလိုက်သည်။


ခါတိုင်းဆိုပါလျှင် ချော့မြှူတိုင်း လက်ကလေးနှင့် လှမ်းပုတ်တတ်သော ညီမလေးက သူ့ကို ဂရုပင်မစိုက်အား။ မျက်လုံးပြူးကြီးများနှင့်ကြည့်လျက် ရှိနေသည်။

နီစွေးပြောင်တင်းနေသောခါတိုင်း နှုတ်ခမ်းများနှင့်မတူ၊ အညိုရောင်သန်းနေသော ညီမလေး၏ နှုတ်ခမ်းများ၊ အကျီပါးပါးလေးကိုပင် လှုပ်ခါလောက်အောင် မြန်ဆန်နေသော အသက်ရှူနှုန်းတို့က သူ့မျက်ဝန်းမှ မျက်ရည်များကို အလိုလို စီးကျစေတော့သည်။

ဘေးမှတတ်ကျွမ်းနားလည်သူများက ဆေးရုံပြေး၊ ဆေးရုံပြေးဟုအော်ကြတော့ သူတို့တစ်မိသားစုလုံး ညီမလေးကိုပိုက်ကာ ဆေးရုံပြေးကြသည်။ ဟိုရောက်တော့ ဆရာဝန်ကြီး အစည်းအဝေးသွားသည် ဆိုသည့်စကားက သူတို့မိသားစု၏ ရင်ဝကို ဆောင့်ကန်ခံရသကဲ့သို့ ဆီးကြိုနေလေသည်။

တာဝန်ကျ ဆရာမများက တတ်နိုင်သမျှ အစွမ်းကုန် ကြိုးစားခဲ့ပါသော်လည်း ချစ်စရာ ညီမလေးကို သူလက်လွှတ်ဆုံးရှုံးလိုက်ရသည်။

ညီမလေးကို သတိရတိုင်း စာဖိ



www.burmeseclassic.com

www.burmeseclassic.com

ကျက်ဖြစ်ခဲ့သည်။

သူ တစ်နေ့ ဆရာဝန် ဖြစ်ကိုဖြစ်ရမည်။

ထိုမှသာ ညီမလေးကဲ့သို့ ကလေးငယ်ပေါင်းများစွာ၏အသက်ကို ကယ်တင်နိုင်ပေတော့မည် မဟုတ်ပါလား။

"ဒကာလေး၊ ရေနွေးဝင်သောက်ပါဦးလား"

ဟူသောအသံက သူ့ကို အတိတ်ကာလမှ လှန့်နိုးလိုက်သည်။

ရောက်သည်မှာမကြာသေးသော်လည်း ဝဲ၍လေးသောအသံများကိုစတင်ယဉ်ပါးနေချိန်ဝယ် မြန်မာသံပီပီသသကို ကြားလိုက်ရ၍ လည်းကောင်း၊ ဘာသာခြားတို့ များပြားလှသောဒေသတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးကို တွေ့လိုက်ရ၍ လည်းကောင်း သူနည်းနည်းတော့ စိတ်ဝင်စားသွားသည်။

ခဏ တုံ့ခနဲဖြစ်၍ ဝင်သင့်၊ မဝင်သင့် စဉ်းစားနေသောသူ့ကို ဘုန်းတော်ကြီးက ဆက်၍-

"ဖိနပ်လား။ ချွတ်စရာမလိုသေးပါဘူး။ ခု ဒီနေရာကို ကျောင်းနယ်မြေသတ်မှတ်ဖို့ လျှောက်ထားဆဲပါပဲ။ စီးဝင်ခဲ့ ဒကာလေး"

ဟု ဆိုလေသည်။

စကားမဲ့စွာ ခုံတန်းတွင် အသာအယာထိုင်မိတော့ ဘေးခုံတန်း၏အခြားဘက်စွန်းတွင် လာထိုင်ကာ ရေနွေးခွက်ကိုငှဲ့ပေးရင်း -

"ဘုန်းကြီး မနေ့ကတည်းကလှမ်းမြင်လိုက်တာ။ ခေါ်မလို့ဟာ၊ ဝေးသွားလို့။ ဘယ်ဌာနကလဲ။ ဒကာလေးပြောင်းလာတာ မကြာသေးဘူး ထင်တယ်"

ဟု ဘုန်းတော်ကြီးကပဲ စကားစပေးလေသည်။

စာပြီး စာသာ ကြိုးစားခဲ့၍ ဘာသာရေးဆိုင်ရာအပိုင်းတွင် မိရိုးဖလာကိုးကွယ်မှုသာရှိသောသူ့အတွက် ရဟန်းသံဃာများနှင့် ဆက်ဆံရသည်မှာ အနည်းငယ် အခက်အခဲရှိပါသည်။

ကြိုးစား၍ -

"တပည့်တော်က ဒီဆေးရုံမှာ တာဝန်ကျတဲ့ လက်ထောက်ဆရာဝန်ပါဘုရား။ ဇာတိကတော့ ပြည်မြို့နားကပါဘုရား"

ဟု ပြန်လျှောက်ဖြစ်သည်။

ဘုန်းတော်ကြီးကလည်း သူ့ဇာတိမှာ နတ်မောက်မြို့က ဖြစ်ကြောင်း၊ ယခုရဟန်းဘောင်ဝင်ပြီးနောက် တောင်တန်းသာသနာပြုနေသော နတ်မောက်သား ဆရာတော်လေးများနှင့် တွေ့ကာ ဤတောင်ပေါ်ကစေတီတွင် အစောင့်မရှိ၍ စောင့်ရှောက်ပေးရန်ရောက်နေသည်မှာ (၆)လကျော်ရှိနေပြီဖြစ်ကြောင်း၊ နောက်နောင် အမြဲ ဝင်ရောက် အနားယူနိုင်ကြောင်း ပြောဆိုလေသည်။

ဘုန်းတော်ကြီးအား နှုတ်ဆက်၍ ဆေးရုံသို့သွားရန် ကျောင်းရှေ့မှ ဖြတ်လျှောက်သွားစဉ် ပြတင်းဝတွင် ပြတင်းပေါင်ကိုကွယ်၍ ချောင်းကြည့်နေသော မျက်ဝန်းတစ်စုံကို အမှတ်မထင် တွေ့လိုက်ရသည်။

တောက်ပနေသော သူမကလေး၏မျက်ဝန်းလေးများကို သူ သဘောကျမိသည်။

လှမ်း၍ပြုံးပြလိုက်တော့ အတွင်းဘက်သို့ လှစ်ခနဲပျောက်ကွယ်သွားတော့သည်။

## အပိုင်း(၂)

ပွမ်ခနဲ အော်၍ တပ်က ကျောင်းကြိုကားကြီး သူတို့ဆေးရုံရှေ့က ဖြတ်အသွားတွင် သူ အိမ်ပြန်ရန် ဆေးရုံကအထွက် ဖြစ်ပါသည်။

လက်ထောက်ဆရာဝန် (၃) ဦး တစ်ယောက်တစ်နေ့ အလှည့်ကျ ထိုင်နေသော မြို့ထဲရှိ ဆေးခန်းလေးသို့ ဒီကနေ့ သူသွားထိုင်ပေးရမည့်အလှည့်ဖြစ်သည်။

ဆေးရုံရှေ့လမ်းကလေးအတိုင်း သွက်သွက်ဆင်းလိုက်ပြီး သူနာပြုသင်တန်းကျောင်းဘေးလမ်းကိုဖြတ်လျှောက်ရင်း ခပ်လှမ်းလှမ်း တောင်စွန်းလေးတွင် တည်ထားသော ငြိမ်းချမ်းရေးစေတီကို လှမ်း၍ လက်အုပ်ချီကာ ကန်တော့လိုက်သည်။

ထိုစေတီကလေး၏ ဝေယျာဝစ္စများ ဆောင်ရွက်ရန် သာသနာပြုဆရာတော်လေးများက မနက်ကတွေ့ခဲ့သော တောထွက်ဖြစ်ဟန်တူသည့် ဘုန်းတော်ကြီးကို အနားတွင် အဆောက်အအုံလေးဆောက်ကာ တာဝန်ပေးထားခြင်းဖြစ်ပေလိမ့်မည်။

ဘုန်းတော်ကြီး ဆို၍ ဖျတ်ခနဲ မနက်ကတွေ့လိုက်ရသော မျက်ဝန်းနက်ပိုင်ရှင်ကလေးမလေးကို သတိရမိသည်။

သူ့မှာလည်း ကလေးတွေ၊ အထူးသဖြင့် မိန်းကလေးတွေကိုမြင်လျှင် လွန်ခဲ့သော (၁၅) နှစ်ကျော်က လက်လွတ်ဆုံးရှုံးခဲ့ရသော ညီမလေးကို မမေ့နိုင်သေး။

မြို့ထဲသွားမည်ဖြစ်၍ ဘုန်းတော်ကြီးရှိရာ စေတီဘက်သို့ မလိုက်ဘဲ မြို့ထဲဘက်လမ်းကို ချိုးထွက်လိုက်သည်။

အဆင်းဖြစ်၍ အရှိန်နှင့် သွက်သွက်ဆင်းလာ၍မှမကြာမီ လမ်းခုလတ်တွင် အသက် (၁၁)နှစ်၊ (၁၂)နှစ်အရွယ် ကောင်လေးသုံး၊လေးဦးလောက် လမ်းမအလယ်တွင် တစ်စုံတစ်ခုကို ဝိုင်းအုံ၍ အလုပ်ရှုပ်နေကြသည်ကို တွေ့လိုက်ရသည်။

အနားရောက်သွားချိန်ဝယ် တွေ့လိုက်ရသည်မှာ မျက်ဝန်းနက်နှင့်ကလေးမလေး။

ဟုတ်ပါသည်။ မနက်က သူ အမှတ်မထင်တွေ့ကာ ပြုံးပြလိုက်စဉ် လှစ်ခနဲ ပျောက်ကွယ်သွားသော ကလေးမလေးသည် ကောင်လေးများ၏အလယ်တွင် ညာလက်ကို ဘယ်လက်ဖြင့် ကိုင်ရင်း ဆို့နင့်စွာ ငိုကြွေးလျက် ရှိပါသည်။

တစ်ခုခုဖြစ်နေသည်ကို သိချင်စွာဖြင့် ကလေးငယ်များနားကပ်ကာ -

"သားတို့၊ သမီးတို့ ဘာဖြစ်နေကြတာလဲ"

ဟု အမေးတွင် မြင်ကွင်းကို သေချာစွာတွေ့လိုက်ရသည်။

သမီးငယ်လေးသည် ချင်းတောင်ဒေသတွင် ကလေးများ ဆော့ကစားရန်နှင့် ထင်းများ၊ပစ္စည်းအတိုအစများသယ်ရန် လက်ဖြစ်ပြုလုပ်ထားတတ်သော သစ်သားလှည်းကလေးပေါ်တွင် ထိုင်လျက် ငိုနေရှာပါသည်။

သေချာစွာကြည့်မိတော့မှ သူမ၏ ညာဘက်ခြေထောက်. . . ဟုတ်ပါသည်။

"ဘုရားရေ"

ဟုပင် နှုတ်မှ သနားစွာ ရေရွတ်မိပါတော့သည်။

သူကလေးသည် ညာခြေတစ်ဖက်သိမ်နေသော ဒုက္ခိတမကလေးပါလား။

အနားရောက်လာသော သူ့ကို ကလေးတစ်ယောက်က အားကိုးတကြီး -

"စီမွှိုင်းပါ၊ စီမွှိုင်းပါ၊ သူ့လက်ဘီးနဲ့ညပ်သွားလို့"

ဟု စကားသံဝဲဝဲကလေးနှင့်လှမ်းပြောပါသည်။

ဤဒေသသို့ရောက်သည်မှာ ရက်သတ္တပတ်တစ်ခုမျှပင် ရှိသေးသော်လည်း သူ့ကို ဆရာဝန်မှန်းသိကာ 'ဦးဆရာကြီး' ဆိုသော အမိပွာယ်ရသည့် စီမွှိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပါး ဟူသောစကားလုံးကိုသုံးလိုက်သော ကလေးငယ်၏ခေါင်းကလေးကို အသာအယာပွတ်လိုက်ပြီး ကလေးမလေးနားကို ထိုင်ချလိုက်သည်။

"သားတို့က အလှည့်ကျ တွန်းပေးတာပါ ဦးဦး။ ဒါပေမယ့် သူက အားနာတယ်ဆိုပြီး ဘီးကို လက်နဲ့ကိုင်ကိုင်တွန်းနေတာ။ အဲဒါ သားတို့ကလည်းအတွန်း၊ သူကလည်း အကိုင်နဲ့ ညပ်သွားတာပါ"

ဟု ငိုမဲ့မဲ့အသံကလေးနှင့် ပြောနေသော ကလေးငယ်ကို လှမ်းကြည့်မိတော့ မနေ့ညကပင် သူ့အား ထမင်းစားဖိတ်၍ သွားစားခဲ့ရသော မြို့နယ်တရားသူကြီး၏သားကလေးဖြစ်မှန်း သတိထားမိသည်။

ရှိုက်ငိုနေသော ကလေးမလေးကို သူပွေ့ချီကာ ကလေးတစ်သိုက်လုံးအားလည်း သူနှင့်အတူ ဆေးခန်းသို့ခေါ်သွားလိုက်သည်။

ကလေးမလေးအား ဆေးထည့် သောက်ဆေးပေးပြီး ကလေးငယ်တစ်ဖွဲ့လုံးကိုလည်း အနားမှာရှိသော မုန့်ဆိုင်မှ မုန့်များ ဝယ်ကျွေးလိုက်သည်။

ညနေ ဆေးခန်းသိမ်းတော့မှ တောင်ပေါ်သို့တစ်ခေါက် ကလေးမလေးကိုပွေ့ချီရင်း ဘုန်းတော်ကြီးဆီပြန်ပို့ပေးခဲ့သည်။

အားကိုးတကြီး လည်ပင်းကိုဖက်ကာ လိုက်ပါလာသော ကလေးမလေးကိုချီရင်း တောင်ပေါ်တက်ရတာကို သူ မမောနိုင်။

သူနှင့် အပြီးအပိုင်ခွဲခွာသွားသော ညီမလေး ပြန်လာသကဲ့သို့ ခံစားရပါတော့သည်။

ထိုအချိန်မှစ၍ သူ၏တစ်နေ့တာ လုပ်ငန်းထဲတွင် ဘုန်းတော်ကြီးကျောင်းသို့ နေ့စဉ် သွားရောက်ခြင်း၊ ရံဖန်ရံခါ ပိုးပိုးလေးအား ကျောင်းပို့၊ ကျောင်းကြိုပြုလုပ်ပေးခြင်း၊ ပိုးပိုးနှင့် သူငယ်ချင်းတစ်စုအား စာပြပေးခြင်း၊ ပုံပြင်များ ပြောပြခြင်း စသည့် လုပ်ငန်းစဉ်များ ပါဝင်လာပါတော့သည်။

## အပိုင်း(၃)

ထိုနေ့က သူ တယ်လီဖုန်းရုံးမှ ကေသီ့ထံသို့ ဖုန်းသွားပြောသည်။

အနည်းဆုံး တစ်ရက် သို့မဟုတ် နှစ်ရက်တစ်ခါတော့ ကေသီ့ထံ ဖုန်းခေါ်ဖြစ်သည်။

သူတာဝန်ကျရာအချိန်ကာလက တယ်လီဖုန်းဆိုတာ ပေါပေါများများမရှိသေး။ တစ်မြို့လုံး တယ်လီဖုန်းရုံး (အိပ်ချိန်း) မှာ သွားပြောရသည်။

ချစ်သူရည်းစားများပီပီ သာကြောင်းမာကြောင်း၊ သတိရကြောင်း၊ အလုပ်အကြောင်းတချို့ သူကပြော၍ ကေသီကလည်း သတိရကြောင်း၊ လွမ်းကြောင်း၊ ကျန်းမာရေးဂရုစိုက်ရန်အကြောင်း၊ သူတာဝန်ယူနေရသော သူ့ဖခင်၏ ကျောက်မျက်ပြခန်းများအကြောင်း၊ လိုအပ်သောပစ္စည်းများရှိပါက မှာကြားရန်အကြောင်း တဝကြီး ပြောလိုက်ရသည်။

ဖုန်းပြောအပြီးဝယ် ဆေးခန်းထိုင်ရန်အလှည့်ကျသောနေ့ဖြစ်၍ ဆေးခန်းသို့ ခြေလှမ်းသွက်သွက်လှမ်းမိသည်။

သို့သော် ဆေးခန်းတွင် လူနာမရောက်သေးပါ။

ရေတစ်ခွက်သောက်ပြီး ဆရာဝန်ထိုင်ရန်ခုံတွင်ထိုင်ကာ စိတ်က ကေသီ့ထံ ရောက်သွားပြန်သည်။

ကေသီ။

သူနှင့် ကေသီတို့၏ ဘဝအကျိုးပေးက ကွာလှပါသည်။

သူက သာမန်လက်လုပ်လက်စား မိသားစုမှ ထူးချွန်စွာ (၁၀) တန်းကို အောင်မြင်ခဲ့သောအချိန်။ အောင်သည်တောင်မှ သူတို့နယ်သား ကျူရှင်ဆရာကြီးတစ်ဦးက နယ်ကျောင်းတွင် အရည်အချင်းရှိသော်လည်း ရုန်းကန်နေရသော သူ့ကို နွေရာသီ ပညာဒါနလာသင်ရင်း တွေ့သွားကာ ရန်ကုန်သို့ခေါ်သွားပြီး အစစအရာရာ တာဝန်ယူမှုကြောင့်သာ မဟုတ်လျှင် သူ မတွေးရဲတော့ပါ။

ကျောက်မျက်လုပ်ငန်းပိုင်ရှင်ကြီး၏ တစ်ဦးတည်းသော မိတဆိုးသမီးလေး ကေသီကလည်း (၁၀) တန်းစာမေးပွဲအတွက် အနီးကပ် ကြီးကြပ်ရန် Guide တစ်ဦးလိုအပ်နေချိန်၊ ဆရာကြီး၏ ဆက်စပ်ပေးမှုကြောင့် ကေသီ၏ Guide အဖြစ် သူတာဝန်ယူခဲ့ရသည်။

ဉာဏ်ကောင်းသော်လည်း စာကျက်ပျင်းသော၊ Guide မှန်သမျှ မနိုင်သော ကေသီတစ်ယောက် သူနှင့်ကျမှ စွဲစွဲမြဲမြဲဖြစ်ကာ (၁၀) တန်းကို ဂုဏ်ထူးလေးဘာသာနှင့် အောင်မြင်သွားသောအခါ Guide လောကတွင် သူလည်း နာမည်တစ်လုံးရလာတော့သည်။

သို့နှင့် သူ၏ဆေးကျောင်းကာလများအားလုံးသည် အားလပ်ချိန်များတွင် Guide လုပ်ခြင်းဖြင့် လုံလောက်မှုတစ္စာ ကျော်ဖြတ်နိုင်လာခဲ့သည်။

ဤသည်ကား ဆရာကြီးနှင့် ကေသီတို့၏ ကျေးဇူးများကြောင့်ဟု သူ အမြဲ မှတ်ယူထားပါသည်။

ကေသီကလည်း ကွန်ပျူတာမှ ကွန်ပျူတာ ဆိုကာ ကွန်ပျူတာတက္ကသိုလ်တက်သွားသော်လည်း မကြာခဏဆိုသလို သူ့ထံ အကြောင်းအမျိုးမျိုးပြ ရောက်လာတတ်သည်။

သူကပင်တစ်ပြန် အဆင်းရော အချင်းပါ ပြောဖွယ်ရာမရှိသော ကေသီကို အစပိုင်းတွင် ရှက်နေမိသည်။

အဆင့်အတန်း၊ အနေအထားများက ကွာခြားလွန်းလှသည် မဟုတ်ပါလား။

သို့သော် ကေသီ မရောက်လာသောနေ့များတွင် ဘာကြောင့်ရယ်မသိ၊ နွမ်းလျနေတတ်၍ ကေသီ ကြိုတင်ချိန်း၍ဖြစ်စေ၊ မမျှော်လင့်ဘဲဖြစ်စေ သူ့ဆီကို ရောက်လာတိုင်း နှလုံးသားက မတည်မငြိမ်နှင့် ခြေမကိုင်မိလက်မကိုင်မိဖြစ်ရပြန်သည်။

ပွင့်လင်းရိုးသားသော ကေသီ၏ လမ်းကြောင်းပေး အမူအရာများကို သက်ပြင်းခိုးချကာ ရှောင်ရှားရင်း နှလုံးသားကို ဦးနှောက်က အမြဲ စီးချင်းထိုးကာ အနိုင်ရခဲ့သည်။

ထိုအခြေအနေကို ဖောက်ထုတ်လိုက်သူက ဦးကျော်မောင်။ ကေသီ၏ ဖခင် ကျောက်မျက်လုပ်ငန်းပိုင်ရှင်ကြီးက ဖြစ်ပါသည်။

တစ်ဦးတည်းသောသမီးလေးဖြစ်၍ (၁၀) တန်းကာလ စတင် သင်ကြားစဉ်က အမြဲမပြတ်ဆိုသလို သူတို့ကို စောင့်ကြည့်နေကြောင်း သတိထားမိသောကြောင့် အနေကျပ်မိသေးသည်။

သူနှင့် မကြာခဏ စကားလာပြောရင်း နောက်ဆုံး ဦးကျော်မောင်က သူ့ကို သားလေး၊ ကိုရဲလေး စသည်ဖြင့် မိသားစုရင်းပမာ တန်ဖိုးထားလာတော့သည်။

တစ်ခုသောညနေခင်း သူ Guide အိမ်မှာ ပြန်အထွက်တွင် ခြံရှေ့၌ ကေသီတို့အိမ်မှကားက ရောက်နှင့်နေသည်။

ခါတိုင်းလည်း ကေသီ လာကြိုတတ်၍ မအံ့သြဘဲ ကားနားကပ်သွားတော့မှ ကားပေါ်တွင် ပါသည်က ဦးကျော်မောင်။

"သား ကိုရဲ၊ ကားပေါ်တက်"

ဆိုတော့ အနည်းငယ် တွန့်ဆုတ်စွာ တက်လိုက်မိသည်။

သည်လိုနှင့် အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com

ရှိသော ဆိုင်တစ်ခုတွင် သူနှင့်ဦးကျော်မောင် ထိုင်ဖြစ်သည်။

ဦးကျော်မောင်က အပြောသမား၊ သူကတော့နားထောင်သမားသက်သက်မျှသာ။ အဆုံးသတ်ရလျှင် ယနေ့အချိန်အခါအထိ ဦးကျော်မောင်တည်ဆောက်ခဲ့သော၊ ရရှိခဲ့သော စည်းစိမ်များသည် ရိုးသားမှုကို အရင်းခံကာ ကံ၊ ဉာဏ်၊ ဝီရိယတို့ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိတဆိုးလေးလည်းဖြစ်သော ကေသီသည်သာ သူ့ဘဝဖြစ်၍ ကေသီလမ်းမှားသွားမည်ကို လွန်စွာ စိုးရိမ်ကြောင်း၊ ယခုကဲ့သို့ ကေသီ့ဘဝ တည်တည်ငြိမ်ငြိမ်နှင့် အေးအေးချမ်းချမ်းရှိအောင် အစစအရာရာ တည့်မတ်ပေးနေပါသော သူ့ကို ကျေးဇူးတင်ကြောင်း ပြောလေသည်။

မျက်နှာချင်းဆိုင်ကြီး ခိုးမွှမ်းနေ၍ မနေတတ်အောင်ဖြစ်ကာ ခေါင်းငုံ့နေသော သူ့အား ရုတ်ခြည်း မော့ကြည့်အောင်ပင် ဦးကျော်မောင်၏နောက်ထပ်စကားတစ်ခွန်းက ဖြစ်စေပါသည်။

"မောင်ရဲမှာ ချစ်သူရှိလား"

ဟူသော စကားပင်။

ရုတ်တရက် ဆွံ့အကာ ဘာပြောရမှန်းမသိသော သူ့ကို ဦးကျော်မောင်က ထပ်မေးသည်။

"ရည်းစားရှိလား မေးတာလေ မောင်ရဲရဲ"

ဆိုတော့ -

"မ. . . မ. . . ရှိပါဘူး"

ဟု ပြန်ဖြေလိုက်ရသည်။

"ဟုတ်ပါတယ်။ ဦးလည်း စုံစမ်းပြီးပါပြီ။ တကယ်တော့ မောင်ရဲနားမှာ ခင်ခင်မင်မင်ရှိတာဆိုလို့ သမီးတစ်ယောက်တည်းရှိတာပါလေ။ ဟုတ်ပါပြီ။ သမီးကိုကော မောင်ရဲ ဘယ်လိုသဘောရသလဲ"

ဟု ထပ်မေးပြန်သည်။

ဆိုလိုရင်းကိုအနည်းငယ်သဘောပေါက်လာသလိုရှိသော်လည်း သူခေါင်းမဖော်ရဲပါ။

"ရှင်းရှင်းပြောမယ်ကွာ။ မင်းတို့နှစ်ယောက် ပွင့်ပွင့်လင်းလင်းသာမရှိကြတာ၊ တစ်ဦးကိုတစ်ဦး အင်မတန်သံယောဇဉ်ကြီးကြတယ်ဆိုတာ ဦးသိထားပါတယ်။ အဲဒီတော့ ဦးကပဲ မင်းကိုပွင့်ပွင့်လင်းလင်းပြောချင်တယ်။ မင်းနဲ့သမီးကို မင်းတို့နှစ်ဦးလုံး အဆင်ပြေတဲ့တစ်နေ့ နေရာချထားပေးချင်တယ်"

ထိုနေ့က ဝမ်းအသာဆုံးနေ့၊ သို့သော် ဝမ်းသာသမျှကို မဖော်ပြရဲဆုံးနေ့၊ လူနှင့်စိတ်နှင့် ဘယ်လိုမှဟပ်မရအောင် ပျော်သောနေ့။ နောက်ဆုံး ဦးကျော်မောင်နှင့် သူနှင့် လမ်းခွဲပြီးသည်အထိ ဘာစကားတွေပြောမိမှန်းတောင် မသိတော့အောင် အပျော်လုံးများသာဆို့နေတော့သည်။

"ဆရာ၊ ဆရာ"

ခပ်အုပ်အုပ်ခေါ်လိုက်သံကြောင့် အတိတ်ရေယဉ်ကြောတွင် မျောကာ အပြုံးများနှင့် ပီတိဝေနေသောသူ ဖျတ်ခနဲ ပစ္စုပ္ပန်သို့ ခုန်ကူးဖြစ်သွားသည်။

"ဩော် - ဟုတ်ကဲ့၊ ကြွပါ။ ဘယ်သူ့ဘာဖြစ်လို့ပါလဲ"

ဟု ဆေးခန်းထဲဝင်လာသော ရုပ်ရည်သန့်သန့်နှင့် အသက် (၄၀) အရွယ် အမျိုးသမီးတစ်ယောက်ကို မေးလိုက်သည်။

"ဆရာ့ကို မေးစရာလေးရှိလို့ပါ ဆရာ။ ကျွန်မက ဒီတပ်ရင်းကိုပြောင်းလာတဲ့ တပ်ရင်းမှူးကတော်ပါ။ ကျွန်မ သမီးလေး အသည်းရောင်အသားဝါဘီ ရောဂါကာကွယ်ဆေးထိုးတာနဲ့ပတ်သက်လို့ မေးချင်လို့ပါ"

ဟု ဆိုလေသည်။

ထိုနေ့က အသည်းရောင်အသားဝါဘီရောဂါကာကွယ်ဆေးထုတ်လုပ်ပုံ၊ အမျိုးအစား၊ ကိုယ်ခန္ဓာအတွင်း ကိုယ်ခံစွမ်းဖြစ်ပေါ်စေပုံတို့ကို အတော့်ကို အကျယ်တဝင့် ရှင်းပြလိုက်ရသည်။

အားလုံးရှင်းပြပြီးချိန်ဝယ် ဆေးရုံမှ လူနာတစ်ဦး ခွဲစိတ်မည်ဖြစ်၍ လက်ထောက်ဆရာဝန်များအားလုံးလာရောက်ရန် ခေါ်ဆိုခြင်းခံရသည်။

ထိုတပ်ရင်းမှူးကတော်ကားနှင့်ပင် ပေ (၁၀၀၀) ကျော်မြင့်သော ဆေးရုံသို့ ခြေကျင်တက်စရာမလိုဘဲ အဆင်ပြေသွားသည်။ ခွဲစိတ်မှုပြီးတော့ တပ်ရင်းမှူးကိုယ်တိုင် လိုက်လာပြီး သူတို့ခွဲခန်းဝင်သော အဖွဲ့သားအားလုံးကို လက်ဖက်ရည်ပွဲနှင့် ဧည့်ခံပါတော့သည်။

## အပိုင်း(၄)

ဆေးခန်းအတွင်း၌ လူနာများနှင့် စကားပြောနေစဉ်တွင် ဆေးခန်းရှေ့သို့ တကျွိကျွိ ပုံမှန်မြည်နေသော အသံတစ်ခုချဉ်းကပ်လာသည်ကို သတိပြုမိသည်။

ပိုးလေး၏ လှည်းကလေးကို အဆင်သင့်သောအခါတွင်မှ ဆီထိုးပေးရပေဦးမည်။

မကြာမီတွင်ပင် ပိုးလေးကို တစ်ဖက်ဖက်စချက်ကိုစိတ်ပွဲလျက် သူမနှင့်အတူဖက် များဖြစ်သော တရားသူကြီး၏သားငယ် မင်းမင်း၊ ချင်းကလေး ဘွိုင်သယ်နှင့် ဆန်ကျုံးတို့ ဆေးခန်းပေါ် တက်လာကြ၏။ ကျန်သော လက်ထောက်ဆရာဝန်အစ်ကိုနှစ်ယောက် မြို့နယ်ခွဲဆေးရုံ အသီးသီးသို့ ပြောင်းရွှေ့သွားပြီးကတည်းက ဆေးခန်းကလေးကို သူတစ်ဦးသာ နေ့စဉ်ထိုင်ပေးဖြစ်ခဲ့သည်။

ထို့ကြောင့် ပိုးပိုးတို့တစ်သိုက်ကလည်း မနက်စောစော ကျောင်းမတက်ခင် ကြိုစု၍တစ်ကြိမ်၊ ညနေကျောင်းဆင်းလျှင် တစ်ကြိမ် တစ်နေ့နှစ်ကြိမ် သူ့ထံသို့ အမြဲ ဝင်ရောက်လာတတ်သည်။

ညီမလေးကို စိတ်စွဲနေ၍လားတော့ မသိ၊ သူကိုယ်၌ကလည်း ကလေးများကို ချစ်ပါသည်။

ယခုလည်း အစိုးရအလုပ်ကို (၃) နှစ်သာလုပ်မည်ဆို၍ ချင်းတောင်ကို ခန့်ခန့်ချင်း ရောက်လာပါသော်လည်း အကယ်၍များ တစ်သက်လုံးသာလုပ်မည်ဆို၍ ဘွဲ့လွန်သင်တန်းများတက်ခွင့်ရမည်ဆိုပါလျှင် ကလေးအထူးကုစာမေးပွဲကို ဖြေဆိုသွားဖြစ်မည် ထင်ပါသည်။

ယခုလည်း (၃)နှစ်ပြည့်၍ အလုပ်ထွက်ခွင့်ရပါက နိုင်ငံခြားသို့ထွက်၍ ကလေးအထူးကုတက်ဖြစ်အောင်တက်မည်ဟု ရည်စူးထားပါသည်။

"ဦးဦး ဆေးရုံဘယ်တော့သွားမှာလဲ"

ဟု ပိုးလေးက မေးလိုက်သည်။

"ဦးဒီနေ့ဆေးရုံပေါ် မတက်တော့ဘူး ပိုးပိုးရေ။ ဦးဦး ဗိုလ်ခွာရွာဘက်ကိုသွားရမှာ။ ပြီးလို့မှရင်တော့ ဆေးရုံပေါ်သွားမှာပေါ့"

ဟု ပြန်ဖြေဖြစ်သည်။

"စီမ့်ရှင်းပါ၊ ဗိုလ်ခွာမှာ ဘာသွားလုပ်မှာလဲ"

ဟု သွက်လက်သော ချင်းကလေး ဘွိုင်သယ်က မေးသည်။

"သားသားသိအောင် ပြောရရင် လတ်တလော ပျော့ခွေအကြောသေလူနာတစ်ဦးတွေ့လို့ သွားစစ်ဆေးမလို့သားရဲ့"

ဟု သူက ပြန်ဖြေသည်။

"ဦးဦးဆရာ၊ လတ်တလော ပျော့ခွေအကြောသေရောဂါဆိုတာ ဘာလဲဟင်"

ထိုသည်က မင်းမင်း၏အမေး

"ပိုလီယိုရောဂါကို သားသိတယ်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား။ ခြေထောက်တွေပျော့ပြီး လမ်းမလျှောက်နိုင်တာလေ။ အေး-အဲဒီ ပိုလီယိုရောဂါဖြစ်သွားရင် တစ်သက်လုံး မစွမ်းမသန်တော့ဘူးကွယ့်"

ထိုစဉ်ခဏမှာပင် ပိုးကလေးက မသိမသာ ခေါင်းကို ငိုက်စိုက်ချထားသည်ကို သူသတိပြုလိုက်မိသည်။

ကလေးများ စိတ်ဝင်စားနေ၍ သူက စကားကို ဆက်ပြောလိုက်ပါသည်။

သို့သော် ပိုးလေးဘေး လွတ်နေသော ထိုင်ခုံနေရာတွင် ထိုင်လိုက်ရင်း လက်တစ်ဖက်က ပိုးလေး၏ပခုံးကို ပွေ့ဖက်လိုက်ပါသည်။

ပိုးလေး အားမငယ်စေလိုပါ။

"အသက်(၁၅)နှစ်အောက်ကလေး တစ်ဦး လွန်ခဲ့တဲ့ နှစ်ပတ်အတွင်းမှာ လတ်တလော ပျော့ခွေအကြောသေဖြစ်သွားတယ်ဆိုရင် နှစ်ရက်အတွင်းမှာ သူ့ရဲ့ မစင်နမူနာ နှစ်ကြိမ်ယူပြီး အအေးလမ်းကြောင်းစနစ်နဲ့ အမျိုးသားဓာတ်ခွဲခန်းကိုပို့ရတယ် သားတို့ရဲ့။ အဲဒီဓာတ်ခွဲခန်းကမှ ပိုလီယိုပိုး ရှိ မရှိ စစ်ဆေးပြီး အကြောင်းပြန်ပေးတာပေါ့ကွယ်။ ပိုလီယိုရှိတယ်ဆိုရင်တော့ ဆက်တိုက် ကျန်တဲ့ကလေးတွေ မကူးအောင် ဆက်လုပ်ရကြရတာပေါ့ကွယ်"

"စိမ့်ဝိုင်းပါ။ အသင်းတော်ကဆရာက ပြောတယ်။ သားတို့ကိုထိုးပေးနေတဲ့ ကာကွယ်ဆေးတွေက ပိုက်ဆံပေးစရာ မလိုဘူးဆို"

ဒီတစ်ခါတော့ ဆန်ကျုံးက မေးလေသည်။

"ဟုတ်တယ် ဆန်ကျုံးရဲ့။ နိုင်ငံတကာက အလှူရှင်တွေ၊ သူဌေးတွေက သားတို့လို တစ်ကမ္ဘာလုံးက ကလေးလေးတွေ ရောဂါတွေကင်းဝေးဖို့ လှူဒါန်းကြတာလေ"

"သမီးလေပိုက်ဆံတွေအများကြီး ရှိနေသာရင်ကောင်းမှာပဲနော် ဦးဦး"

ဒီတစ်ခါတော့ ပိုးပိုးလေးက သူ့မျက်နှာကို မော့ကြည့်ရင်း ဆိုသည်။

"ဘာလုပ်ဖို့လဲ ပိုးရဲ့"

ဟု ဆိုသောအခါ-

"ကလေးလေးတွေ ပိုလီယိုဖြစ်မှာစိုးလို့ ကာကွယ်ဆေးတွေလှူချင်လို့"

ဟု ဖြေလေသည်။

ပိုးပိုးကို ရင်ခွင်ထဲသို့ ခပ်တင်းတင်း ဆွဲဖက်ထားလိုက်မိပါတော့သည်။

**အပိုင်း(၅)**

ကြားကြားချင်းတော့ ကိုယ့်နားပင် ကိုယ်မယုံ။

နောက်ပြောင်သည်ဟုဆိုရအောင်ကလည်း ပြောနေသူက နောက်ပြောင်တတ်သောအဆင့် မဟုတ်။ နောက်ပြောင်ရလောက်အောင်လည်း မရင်းနှီး။

တပ်ရင်းမှူးက ဆေးခန်းရှေ့ ကားကိုထိုးရပ်လိုက်ရင်း ကားခေါင်းခန်းထဲမှနေ၍ လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

"ဆရာရေ ဆရာက ဦးကျော်မောင်သမီးရဲ့မိတ်ဆွေဆို၊ လွန်ခဲ့တဲ့နာရီဝက်လောက်က ဦးကျော်မောင်တို့သားအဖ ကလေးလေးဆိပ်ကနေ တောင်ပေါ်တက်လာကြပြီ။ ဆရာ့ကို ကလေးက ထွက်လာမှပြောပါ။ မဟုတ်ရင် မဖြစ်ဖြစ်အောင် လာကြိုနေမှာစိုးလို့လို့ ပြောတယ်"

ရုတ်ခြည်း ဘာပြန်မေးရမည်ပင် မသိအောင် အံ့ဩစိတ်နှင့် သူမှင်တက်သွားမိသည်။

"ဦးကျော်မောင်နဲ့ ကျွန်တော်က ဟိုးလွန်ခဲ့တဲ့ (၁၀) နှစ်လောက်ကတည်းက ရင်းနှီးခဲ့တာ ဆရာရဲ့။ မိတ်ဟောင်းဆွေဟောင်းတွေပေါ့"

တပ်ရင်းမှူးက ပြောပြောဆိုဆို သူ့အား နှုတ်ဆက်ကာ ထွက်သွားသည်။

ဟုတ်ပါသည်။ ကေသီတို့လာမည်ကို ကြိုသာသိလျှင် မဖြစ်ဖြစ်တဲ့နည်းနှင့် သူ ကလေးမြို့လေဆိပ်ကိုတော့ ရောက်အောင်သွားကြိုမည် ဖြစ်ပါသည်။

ခုလည်း လူနာပြတ်သည်နှင့် ဆေးခန်းကိုပိတ်ကာ မြို့အဝင်ရှိ တောင်တန်းသာသနာပြုဆရာတော်ကြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရသောနေ့တွင် တည်ထားသော လွတ်လပ်ရေးစေတီဆီသို့ ခြေဦးလှည့်ကာ သွားကြိုနေမိပါသည်။

တောင်တက်လမ်းကလေးအတိုင်း ကွေ့ပတ်ဂျ၊ဂျတက်လာသော ကားလေးသည် အရှိန်နှင့် ကျော်ဖြတ်လာပါသော်လည်း စေတီရင်ပြင်မှ လှမ်းမြင်နေရသော သူ့အတွက် ရောက်ခဲလှသည်ဟု ထင်မိပါသည်။

ကားရောက်မလာမီ ကိုက်တစ်ထောင်အကွာလောက်ကပင် သူ လမ်းပေါ် ထွက်နေခဲ့သည်။

သူ့ကိုတွေ့၍ ကားရပ်ပြီးပြီးချင်း ကားပေါ်က ဆင်းလာသည်က သူ၏ ကေသီ။ ကားတံခါးကိုဖွင့်၍ လှစ်ခနဲ ပြေးထွက်လာသော ကေသီ့ကို မြင်မြင်ချင်းပင် သူ့ရင်သည် ထုံးစံအတိုင်း လှိုက်မော ပျော်ရွှင်သွားခဲ့ပါသည်။

သူ့လက်ကိုဆွဲ၍ ကားပေါ်ကို ခေါ် အသွားတွင် ကားရှေ့ခန်းမှ ဦးကျော်မောင်က ရင်းနှီးစွာ-

"အံ့ဩနေသလား ကိုရဲ။ ဦးနဲ့ ဒီက တပ်ရင်းမှူးက မိတ်ဆွေတွေဖြစ်နေတာ ကြာပြီ။ မိတ်ဆွေဆိုတာထက် ဦးရဲ့ကျေးဇူးရှင်လို့တောင်ဆိုရမှာပါလေ။ သူတို့ ဘယ်ကိုပြောင်းပြောင်း ဦးကလိုက်လည်လေ့ရှိတယ်။ သူတာဝန်ကျတဲ့နေရာလေးတွေမှာလည်း အလှူလေးတွေ လိုက်လုပ်တတ်တယ်။ ခုတော့ ဒီမြို့ကတော့ သူရော ကိုရဲပါ ရှိတာဆိုတော့ ဦးပိုလှူဖြစ်မှာပေါ့ကွယ်"

ဟု ဆိုလေသည်။

တပ်မတော်တပ်ရင်းရှိရာ တောင်ပေါ်သို့ ကားလေးနှင့်ပတ်တက်ရင်း သူ့လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ကေသီ့ကို သူ နေ့စဉ် ဆေးရုံသို့ တက်နေကျလမ်းကလေးအကြောင်းရှင်းပြနေမိသည်။

ကွေ့တစ်ခုတွင် ကားသမားသည် တစ်စုံတစ်ခုကိုတွေ့သည့်အလား ဟွန်းကို လေး၊ ငါးချက်လောက် တီးလိုက်သည်။

ကေသီ့ထံရောက်သောအာရုံကို ရှေ့ပို့လိုက်သောအခါ ပိုးလေးတို့အုပ်စု။ ပိုးလေးကို လှည်းပေါ် တင်ရင်း တစ်နေရာကို ချီတက်ကြမည့်ပုံပင်။ ထိုနေ့က ကျောင်းပိတ်သောနေ့ဖြစ်၍ သူတို့ဘယ်သွားကြမည်ဆိုတာကို မသိပေ။

သူတို့အုပ်စုကို ကားကကျော်နေစဉ် ကားသမားကို 'ခဏ'ဟု သူတောင်းဆိုလိုက်သည်။

မှန်ကိုချရင်း -

"သားတို့၊သမီးတို့ ဘယ်သွားမလို့လဲ။ သေချာကြည့်သွားကြနော်"

ဟု ပြောလိုက်သည်။

"မင်းမင်းတို့အိမ်မှာ မုန့်လုပ်စားလို့ သွားစားမလို့ ဦးဦး"

ဟု ပိုးလေးက လှမ်းဖြေသည်။

နှုတ်ဆက်ပြီး ထွက်လာတော့ ကေသီက-

"အဲဒီ ကလေးလေးက ဘာလို့ လှည်းကလေးပေါ်မှာ ရောက်နေရတာလဲဟင် ကိုရဲ"

ဟု မေးသည်။

"ခြေထောက်တစ်ဖက် မသန်လို့ ကေသီ"

ဟု ပြန်ဖြေဖြစ်သည်။

"ပိုလီယိုလားဟင် ကိုရဲ"

ဆိုတော့ -

"မဟုတ်ဘူး ကေသီ။ ကိုရဲလည်း



www.burmeseclassic.com

www.burmeseclassic.com

သူ့အဘိုး ဘုန်းတော်ကြီးကို မေးကြည့်လိုက်လို့ သိရတာ။ ပိုးလေး ငယ်ငယ်က သူ့အဖေတို့ အမေတို့က ကျောက်တွင်းတစ်ခုမှာ အလုပ်လုပ်ကြတယ်တဲ့။ တစ်ရက် လက်နက်ကိုင်အဖွဲ့တစ်ခုက ဝင်အပစ်မှာ ကလေးမလေးရဲ့အဖေနဲ့အမေက ပွဲချင်းပြီး သေသွားပြီး ကလေးက ပေါင်တစ်ဖက် ကျည်မှန်သွားတယ်တဲ့လေ"

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော ဦးကျော်မောင်ထံမှ ရုတ်တရက် -

"ဘာ"

ဆိုသောအသံကြောင့် ကားပေါ်ပါသူအားလုံး လန့်သွားကြသည်။

"ကိုရဲ ပြန်ပြောစမ်းပါဦး။ အဲဒီ ကလေးမလေးက သေနတ်မှန်လို့ ခြေမသန်တာ၊ ဟုတ်လား"

"ဟုတ်ပါတယ် ဦး၊ ဆေးရုံမှာ အတော်ကုလိုက်ရတယ်လို့ ဆိုပါတယ်။ သားနဲ့ ချွေးမ သတင်းကြားလို့ ဘုန်းကြီးဝတ်နေတဲ့ အဖေကြီးက လိုက်သွားပြီး မြေးကလေးကို ခေါ်လာတာပါ။ ခုလည်း ဟိုးက စေတီကလေးမှာ မြေးအဘိုးနှစ်ယောက် အစောင့်သဘောမျိုး နေကြရပါတယ်"

"ဦး. . . ဦးကို ဒဲဒီနေရာ ပို့ပေးပါနော်။ ဩော်- ရပါတယ်လေ။ မောင်းမောင်၊ တပ်ကိုသာ မောင်းပါ။ ကိုဝင်းမောင်လွင်နဲ့ပါ တွေ့ပြီးမှ သွားကြတာပေါ့" ကိုဝင်းမောင်လွင်မှာ တပ်ရင်းမှူး၏အမည် ဖြစ်ပါသည်။

ဒုဗိုလ်မှူးကြီး ဝင်းမောင်လွင်နှင့် ဇနီး အပါအဝင် တပ်မိသားစု တော်တော်များများက တပ်ရင်းဧည့်ဂေဟာရှေ့က ကြိုနှင့်သည်။

ဦးကျော်မောင်သည် ကားပေါ်က ဆင်းဆင်းချင်း ဒိပြင်စကားကိုမပြောနိုင်။

"ကိုလွင်၊ ဟိုတုန်းက ကျွန်တော် ကုန်းပိုးထားတဲ့ ကလေးလေးကို ဘယ်သူလာခေါ်သွားတာလဲဟင်"

ဟု မေးလိုက်သည်။

ဆိုင်းမဆင့်ဗုံမပါ မေးလိုက်သောကြောင့် ရုတ်တရက် ကြောင်သွားပြီး သေချာစဉ်းစားကာ -

"အင်း - သူ့အဘိုး ဆိုလားပဲဗျ။ သင်္ကန်းဝတ်နဲ့ဆိုလား၊ ရသေ့ဝတ်နဲ့ဆိုလားပဲ"

"ဟုတ်ပြီ ကိုလွင်ရေ၊ ကျုပ်တို့ပြန်တွေ့ပြီဗျ။ ကဲ- သွားကြရအောင်ဗျာ။ ခင်ဗျားလည်း ကားပေါ်တက်။ လာလာ"

ဟု အတင်းဆွဲခေါ်နေ၍-

"နေပါဦး ကိုကျော်မောင်ရယ်၊ ဘာတွေ ဖြစ်ကုန်တာလဲ ရှင်းစမ်းပါဦး"

ဟု တပ်ရင်းမှူးက ပြန်ပြောသော အခါတွင်မှ-

"အဲဒီ ကလေးမလေးကို ကျွန်တော် ခုပဲတွေ့လာခဲ့တာဗျ၊ ခုပဲတွေ့လာခဲ့တာ။ ကျွန်တော့်အသက်သခင်လေးကို တွေ့လာခဲ့တာ"

ဟု စိတ်လှုပ်ရှားစွာဆိုလေသည်။

"ဘာတွေဖြစ်ကုန်တာလဲ ဖေဖေရယ်"

ဟု ကေသီက ဝင်မေးသည်။

"နောက်တော့ ရှင်းပြမယ်။ လာပါ ကိုလွင်ရဲ့၊ တက်စမ်းပါ။ ခင်ဗျားပါပါမှ အားလုံး အဆင်ပြေမှာ"

ဟု ဆိုကာ ကားပေါ် အတင်းဆွဲတက်နေသောကြောင့် အားလုံး ကားပေါ် တက်ခဲ့ရသည်။

တပ်ရင်းမိသားစုကတော့ ဘာတွေဖြစ်ကုန်မှန်းမသိ ကြောင်တက်တက်နှင့် ကျန်ရစ်ခဲ့သည်။

## အပိုင်း(၆)

အမှန်တော့ ကျောက်လုပ်ကွက်တွေကို ဦးကျော်မောင် ကိုယ်တိုင်ဆင်းလေ့ မရှိ။

ရန်ကုန်မှာသာထိုင်၍ ယုံကြည်ရသော သက်ဆိုင်ရာ မန်နေဂျာအဆင့်ဆင့်နှင့်သာ လွှဲထားဖြစ်ခဲ့တာများသည်။

ဒီတစ်ခေါက်တော့ မျက်နှာလွှဲရသော မန်နေဂျာ ကိုညဏ်တစ်ယောက် ဆိုင်ကယ်မှောက်၍ ခြေထောက်ကျိုးသွားသည်ဟု ကြားရ၍ သတင်းမေးရန် ရောက်လာခဲ့သည်။

ရောက်လက်စနှင့် တစ်ပါတည်း ကျောက်ကွက်အားလုံးကို ဆင်းကြည့်မည် ဆိုတော့ ကိုညဏ်က တားလေသည်။

ခုတစ်လော မကြာခဏဆိုသလို လက်နက်ကိုင်တစ်ဖွဲ့က ကျောက်တွင်းတွေနားမှာ လှုပ်ရှားနေသည်။ တစ်ခါတစ်ရံ ကျောက်ကွက်ထဲလာ၍ ဟိုဟာတောင်း၊ ဒီဟာတောင်း တောင်းတတ်သည်။သူ့ခြေမကျိုးခင်က တစ်ရက်တည်း တစ်ဖွဲ့တည်းမှ လေး၊ ငါးကြိမ် လာလာတောင်းနေ၍ မပေးနိုင်ကြောင်း ပြောလိုက်၍ ကျေနပ်ပုံမရ စသည်ဖြင့် အကျိုးအကြောင်း ပြောကာ တားသေးသည်။

သို့သော် ဦးကျော်မောင်ကိုယ်တိုင်ကလည်း မိမိလုပ်ကိုင်နေသောလုပ်ငန်းများကို တစ်ခါမှပင် မရောက်ဘူးသော သူဌေး မဖြစ်ချင်။ ရောက်တုန်းရောက်ခိုက် တစ်ရက်လောက်တော့ သွားစစ်ဆေးချင်သေးသည်။

အောက်ခြေတွင် ဘာတွေလုပ်နေကြသည်ကို သိချင်သေးသည်။

နောက်ဆုံး ကိုညဏ်က ညမအိပ်ရန် တောင်းဆိုပြီး အမြန်ဆုံးသွား၊ အမြန်ဆုံးပြန်ရန် တောင်းဆိုသည်။

သူဌေးကိုယ်တိုင် ရောက်လာ၍ ဝန်ထမ်းများအားလုံး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကုန်ကြသည်။

ထမင်းချက်ကိုထွေးတို့လင်မယား ဆိုလျှင် ပျာပျာသလဲနှင့် တစ်နှစ်အရွယ် ကလေးငယ်လေးကို ကျောပိုးလျက် ...ခံကြသည်။

ကျောက်ကွက်များအတွက် ... အပ်ချက်များ၊ လုပ်သားများအတွက် ဖြည့်ဆည်းပေးရန် စသည်တို့ကို ... ကျော်မောင် သိရှိပြီး ပြန်ရန်ပြင်နေ... တွင် ကိုထွေးတို့မိသားစု ဦးကျော်မော... ရှိရာတဲသို့ ပြေးလာကြသည်။

"ဆရာ၊ ဟိုကောင်တွေ အုပ်လိုက်... ဝင်လာတယ်။ စခန်းထိပ်က ဖိုးစိတ်... ရိုက်နှက်ပြီး သူဌေးရောက်နေတယ်... ဘယ်တဲမှာလဲလို့ မေးနေကြတယ်... လို့ရရင် ပြေးပါတော့ ဆရာ"

ဟု အမောတကော ပြောလာ... သည်။

ဦးကျော်မောင် တဲကထွက်... ကြသောအခါ လက်နက်ကိုင်အဖွဲ့... အော်ဟစ်သံများကိုပင် လှမ်း၍ကြား... ရပေပြီ။

မလွတ်တော့။

"ဆရာ၊ ဟိုခုတင်အောက်က ... တောင်းစုတ်တွေကြားမှာသာ ပုန်း... တော့။ ကျွန်တော်လမ်းကြောင်းလွှဲ... မယ်"

ဟု ကိုထွေးက ဆိုသည်။

ဦးကျော်မောင် ခုတင်အောက်... ပုတ်တောင်းစုတ်များအကြားတွင် ... ရာယူအပြီးတွင် ကိုထွေးအမျိုးသ... အိပ်ပျော်နေသောကလေးငယ်... ပေါ်တင်၍ သိပ်လိုက်သည်။

သူတို့မိသားစုပဲရှိနေသယော... ဖမ်းလိုက်ခြင်း ဖြစ်သည်။

ခုတင်အောက်ကနေ စ... သံတွေကို အတိုင်းသားကြား...

ဘယ်လိုတောင်းပန်တော... ကိုထွေးပြောတာကို သူတို့ မယုံ...



www.burmeseclassic.com

www.burmeseclassic.com

...ကြ၏။ ကလေးအိပ်နေသောခုတင်
အောက်ကို သူတို့ အာရုံမကျကြ။

နောက်ဆုံး ကိုထွေးကို သူတို့ မဲ...တော့သည်။

ပြန်သွားသည်ဆိုလျှင် ကွင်းခေါင်...ခေါင်မှာ တွေ့ကိုတွေ့ရမည်။ ခုမတွေ့ရ...င်းသည် တစ်နေရာမှာ ပုန်းနေတာပဲ...ဖြစ်မည်ဆိုတာ ရိပ်စားသည်။

ကိုထွေးက အသားသာ အနာခံ...သည် ဖွင့်မပြော။ ပြန်သွားပါပြီဟု ဇွတ်...ငြင်းသည်။

ယောကျ်ားမရတော့ မိန်းမဘက်...ကိုလှည့်သည်။

လင်မယားနှစ်ယောက်လုံး သစ္စာ...ရှိစွာ ဖွင့်မပြောကြပါ။

နောက်ဆုံး အရွယ်ရှိသေးသော...အမျိုးသမီးကို ကိုထွေးရှေ့မှာတင်...တော်မတရားကျင့်ဖို့ ကြံကြသည်။

မယားထိ ခါးကြည့် ဆိုသလို...ထွေး မခံနိုင်စွာ ထ၍လုံးတော့သည်။

သေနတ်သံနှစ်ချက်နောက်တွင်...င်မယားနှစ်ယောက်လုံး အသက်ပေး...သွားခဲ့ရတော့သည်။

တဲကို မီးတင်ပြီး ပြန်ထွက်သွား...ချိန်တွင် ဦးကျော်မောင် ခုတင်အောက်...က ထွက်လိုက်သည်။

တဲအမိုးတစ်ခုလုံး မီးစွဲလောင်နေ...ပြီ၊ တဲထဲမှထွက်ရန် ပြင်နေချိန်တွင်...ကလေး. . . ကလေးမလေးကို သတိရ...သွားသည်။

ကလေးကို ပွေ့ချီ၍ စောင်တစ်ခု...နှင့်ပတ်ကာ ကျောတွင်ပိုးလိုက်သည်။

တဲပြိုမကျခင်အချိန်တွင်ပင် ဦး...ကျော်မောင် အလွတ်ရုန်းလာနိုင်ခဲ့သည်။

သို့သော် ကံကြမ္မာက မျက်နှာ...သာ မပေးသေး။

"ဟိုမှာပြေးပြီ"

ဆိုသော စကားသံ ကြားရပြီး...သေနတ်ဖောက်သံများကြားရကာ ပြေး...လိုက်လာကြသည်။

ဘယ်မှာလမ်း၊ ဘယ်မှာချုံဟုပင်...တွေးနိုင်တော့။ ခြေဦးတည့်ရာသာ...ပြေးရတော့သည်။

ဘေးနားက ကျည်တွေ တဗွီဗွီ...ဖြတ်သွားသည်ဟု ခံစားနေရသည်။

ရုတ်တရက် ညာဘက်ကျောတွင်...ခံစားလိုက်ရပြီး ကလေး၏စူးစူး...ငိုသံကို ကြားလိုက်ရသည်။ ခြေ...အောက်အောက်တွင် ဘာမှမနင်းမိတော့...လို ဟာခနဲ ဖြစ်သွားသည်။

"လက်နက်ကိုင်တပ်ဖွဲ့တွေ စခန်းထဲဝင်လာတယ်၊ လူတွေကို ရိုက်နှက်နေတယ်လို့ သတင်းရကတည်းက ဦးတို့က နယ်မြေရှင်းလင်းရေးအဖွဲ့နဲ့ လိုက်လာတာ။ စခန်းထဲရောက်တော့ တဲတွေက မီးလောင်ပြီး သေဆုံးနေတဲ့သူတွေကိုလည်း တွေ့ရတယ်။ တောဘက်မှာသေနတ်သံတွေကြားတော့ အမြန်ဆုံး ရှင်းလင်းဖို့ လိုက်ကြရပြန်တယ်။ နောက်ဆုံး ချောက်ထဲမှာ ကလေးငိုသံကြားတော့ ဆင်းကြည့်လိုက်တာ ခေါင်းကိုထိခိုက်မိပြီး သတိလစ်နေတဲ့ ဦးကျော်မောင်ကို တွေ့လိုက်ရတယ်။ ကလေးမလေးကို ကျောပိုးလျက်သားပေါ့။ ကျည်ဆန်က ကလေးမလေးရဲ့တင်ပါးကိုဖောက်ပြီးမှ ဦးကျော်မောင်ကို မှန်သွားပုံရတယ်"

"ဟုတ်တယ် ကိုရဲရေ၊ ကလေးမလေးကို ဖောက်ဝင်သွားလို့ အားပျော့ပြီး ဦးကျောရိုးဆစ်ဘေးမှာ ဆက်မဖောက်တော့ဘဲ ရပ်သွားခဲ့တာလေ။ ဒေသဆေးရုံမှာ ကျည်ဆန်ကို ခွဲထုတ်နိုင်ပေမယ့် ချောက်ထဲအကျမှာ ရိုက်မိတဲ့ ခေါင်းကဒဏ်ရာကြောင့် ရန်ကုန်ကို အားချင်း ပြန်ပို့ပေးခဲ့ရတာပေါ့။ ဦးသတိရတော့ ရန်ကုန်ဆေးရုံကြီး ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်ဆောင်မှာလေ"

တပ်ရင်းမှူးကြီး၏ စကားကို ဦးကျော်မောင်က ဆက်ပြောသည်။

"ကလေးမလေးကလည်း အာရုံကြောမကြီးကို ထိခိုက်သွားပြီး ကျန်တဲ့သွေးကြောတွေကို ပြန်ချုပ်လိုက်နိုင်လို့ အသက်မသေတော့ဘူးပေါ့။ မိဘမရှိတော့တဲ့ ကလေးမလေးကို အဲဒီအချိန်မှာတုန်းက ကလေးမရသေးလို့ ကျွန်တော်တို့က မွေးစားဖို့ကြံပါသေးတယ်။ ဒါပေမယ့် စစ်ဆင်ရေးထွက်သွားရလို့ ပြန်လာတဲ့အခါကျတော့ အဘိုးက လာခေါ်သွားတယ်လို့ သိရတာပါပဲ"

"ဘုန်းကြီးလည်း သတင်းကြားကြားချင်း လိုက်လာပြီး သမီးလေးကို ခေါ်ပြန်ခဲ့တာပါပဲ။ အမှန်ဆို သစ်တစ်ပင်ဝါးတစ်ပင်ရိပ်မှာ တရားအားထုတ်ဖို့ စီစဉ်ပြီးသားပါ။ ကလေးမလေးသံယောဇဉ်ရယ်၊ ကိုယ့်တာဝန်ဝတ္တရားတွေကရှိပြန်တော့ သူကလေးအတွက်ပဲ စဉ်းစားရင်း ခု ဒီကိုရောက်လာတော့တာပါပဲ"

သူကတော့ တကယ့်ကို နားထောင်သမားသက်သက်သာ။ ကမ္ဘာကြီးက ကျဉ်းပါတယ်ဟု ဆိုရမှာလား၊ ရေစက်တွေဟုဆိုရမှာလားတော့ မသိတော့ပါ။

## အပိုင်း(၇)

ကားထွက်ခါနီးအချိန်တွင်မှ -

"ပိုးသယ်ရေ၊ ပိုးသယ်ရေ"

ဆိုသော ခေါ်သံလေးကို ကြားလိုက်ရသည်။

အားလုံး လှည့်ကြည့်မိကြတော့ ဘွိုင်းဘွိုင်းကို တွေ့လိုက်ရသည်။ လက်ထဲတွင်လည်း တောင်ဇလပ်ပန်းနီနီတွေနှင့်။

ကားပေါ်ပါသွားမည်ဖြစ်သော ပိုးလေးရော ကျန်ခဲ့မည့် မင်းမင်း၊ ဘွိုင်းဘွိုင်းနှင့် ဆန်ကျုံးလေးတို့အားလုံးမှာ မျက်ရည်စတွေကိုယ်စီရှိနေကြသည်။

လူကြီးများဖြစ်ကြသော သူတို့ တပ်ရင်းမှူးဇနီးမောင်နှံတို့ပင် စိတ်မကောင်းကြ။

ဘုန်းတော်ကြီး တစ်ဦးတည်းပင် အရာရာကို တရားအမြင်နှင့် ရှုမှတ်နေဟန် တည်ကြည်စွာရှိနေသည်။

"ငါတို့ကို မမေ့သွားပါနဲ့နော်"

ဟု တောင်ဇလပ်ပန်းကလေးများကို လှမ်းပေးရင်း ချင်းကလေးများက ငိုကြသည်။

ပိုးပိုးလေးလည်း ငိုနေသည်မှာ အသံပင် မထွက်တော့။

မင်းမင်းကသာ -

"ငါ့အဖေကို နင်တို့ရှိတဲ့မြို့ကို ပြောင်းခိုင်းမယ် သိလား ပိုးပိုး"

ဟု အံကြိတ်ရင်း ပြောနေလေသည်။

ဦးကျော်မောင်က ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တပ်ရင်းမှူးတို့ရှေ့တွင်ပင် စာချုပ်စာတမ်းနှင့် ပိုးပိုးကိုမွေးစားလိုက်သည်။

ကြားရသူတိုင်းက ကံကြမ္မာ၏ ဇာတ်လမ်းဇာတ်ကွက်ဆန်ဆန်လှည့်စားတတ်မှုကို အံ့သြနေကြသည်။

ပိုးပိုးလေးက မလိုက်ချင်။ ပထမ ငြင်းသေးသည်။ ကေသီက အနားကပ်ကာ တတွတ်တွတ် စည်းရုံးလိုက်သော အခါတွင်တော့ နောက်ဆုံး ခေါင်းညိတ်သွားတော့သည်။

တစ်သက်လုံးထမ်းထားရသော အထုပ်ကြီးတစ်ခုကို နေရာချလိုက်ရသကဲ့သို့ ဦးကျော်မောင်သည်လည်း ပီတိတွေဝေလျက်ရှိသည်။

ထွက်ခွာသွားသောကားကို လက်ပြရင်း သူတို့တိုးလေးရေရွတ်မိလိုက်ပါသည်။

"ပျော်ပါစေ ပိုးပိုးရေ"

နန္ဒဝသ (နန်ကာဒး)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com



သူရဇ္ဇမဂ္ဂဇင်း
၂၀၁၃ ခုနှစ် ဒီဇင်ဘာလ (၁၃)နှစ်ပြည့်အထူးထုတ်

www.burmeseclassic.com

ထိုနေ့ညဦးက လရောင်သည် လင်းလင်းတောက်တောက် မရှိခဲ့ပါ။ လဆန်းရက်ဖြစ်သည့်အပြင် ကောင်းကင်တွင် တိမ်များက အဆုပ်အဆုပ်ဖြစ်ကာ နေခဲ့ကြသဖြင့် လောကကြီးတစ်ခုလုံးသည် လရောင်ဖျော့ဖျော့နှင့် ကြယ်ရောင်မှိန်တုတ်တုတ်တို့သာ ကြီးစိုးနေခဲ့ကြကြောင်း စန်းဖြူ ကောင်းကောင်းကြီး မှတ်မိနေခဲ့မိပါသည်။ စန်းဖြူ တောင်ပေါ်ယာတဲမှပြန်လာခဲ့သောအချိန်သည် အတော်ပင် မှောင်ရီပျိုးနေပြီ ဖြစ်ပါသည်။ အခါတိုင်း၌ ယခုလိုအချိန် အိမ်သို့ရောက်နေခဲ့ပြီ ဖြစ်သော်လည်း နေ့လယ်မှ စတင်၍ တောင်ပေါ်ယာတဲ၌ အလုပ်ရှုပ်နေခဲ့ရသောကြောင့် နောက်ကျပြန်ခဲ့ရခြင်း ဖြစ်ပါသည်။


တောင်ယာတွင် စိုက်ထားသော သီးနှံပင်တို့သည် ယခင်နှစ်များကဲ့သို့ မဟုတ်ဘဲ မြေကြွက်နှင့် ပွေးကောင်များက ဖျက်ဆီးကြလွန်း၍ ထောင်ချောက်များလိုက်ထောင်နေခဲ့ရခြင်း ဖြစ်ပါ၏။ တောင်ယာ၌ ယနေ့ည ထိုသို့ပြင်ဆင်ထားခဲ့ပါမှ မနက်ဖြန်မနက်တွင် ထိုအကောင်များကို ထုတ်ယူနိုင်မည် ဖြစ်ပါသည်။ မြေကြွက်ကြီးများသည် သဘာဝအလျောက် ပေါများလှသော အစာရေစာတို့ကြောင့် တစ်ကောင်လျှင် ငါးဆယ်ငါးနိုးပါး အလေးချိန်စီးတတ်ကြလေ၏။ မြေကြွက်များကို အမြည်းအဖြစ် သုံးလိုသောဆိုင်များက စန်းဖြူအား တိုးတိုးတိတ်တိတ်မှာလေ့ရှိကြမြဲ ဖြစ်လေသည်။

ပွေးကောင်များကိုမူ အရေဆုတ်၊ အူ၊ အသည်းထုတ်၍ ကောက်ရိုးမီးနှင့် မြှိုက်ထားပေးလိုက်လျှင် ကလေးမိခင်တို့ အလုအယက် ဝယ်ယူလေ့ရှိကြပါလေသည်။ စန်းဖြူတို့ငယ်စဉ်ကလည်း ထိုပွေးကောင်များကို အမေက ဆီနှင့် ကြွပ်ကြွပ်နေအောင် ကြော်ကျွေးခဲ့ဖူးပါ၏။ မြန်မာဆေးပညာအလိုအရဟုပင် ပြောရမည်လား၊ စန်းဖြူတို့၏မနုတောင်ရိုး ရိုးရာဆေးနည်းဟုပင် ပြောရတော့မည်လား။ ထိုပွေးကောင်တို့ကို ကလေးတို့အားကျွေးပေးခြင်းဖြင့် သူငယ်နာရောဂါကင်းစင်သည် ဆိုပါ၏။ မွေးရာပါ မိခင်ဝမ်းတွင်းမှဖြစ်ခဲ့သော သူငယ်နာရောဂါတို့ကိုပင် ပျောက်ကင်းစေနိုင်သည် ဟူ၍ ယုံကြည်ယူဆကြလေသည်။ မည်သို့ပင်ဖြစ်စေ ထိုအရာအားလုံးသည် စန်းဖြူအတွက် အပိုရတတ်လေ့ရှိသော ဝင်ငွေတစ်မျိုး ဖြစ်ပါလေ၏။

တောင်ပေါ်မှ သူဆင်းလာခဲ့စဉ်က မှောင်စစအချိန်ဖြစ်သော်လည်း တောင်အောက်ခြေဘက်သို့ ရောက်လာသောအခါတွင် လကွေးကွေးကလေးသည် အနောက်ဘက် ကောင်းကင်အစပ်တွင် မေးတင်နေနေကြောင်း လှမ်းမြင်လိုက်မိပါလေသည်။ စန်းဖြူတို့ရွာသို့ ရောက်ရန် ဤအချိန်၌ ရထားသံလမ်းအတိုင်း လျှောက်သွားခြင်းသည်သာ ဘေးရန်အကင်းဆုံး ဖြစ်လေ၏။ ထိုရထားသံလမ်းသည် ရွာဘက်ဆီသို့ ဦးတည်သွားခဲ့ပြီး ရွာနံဘေးမှ ဖြတ်ထွက်၍ တစ်ဖက်တောအုပ်ဆီသို့ ဝင်ရောက်သွားသောအနေအထားဖြစ်လေသည်။ ရထားသံလမ်းအတိုင်းသွားလျှင် အလျားရှည်လွန်းလှ၍ လင်းလက်နေချိန်များတွင် သူ ရထားလမ်းအောက်ဘက် တောကြားချုံကြား ဖြတ်လမ်းမှ ပြန်မြဲသာဖြစ်ပါ၏။ သူ့စိတ်တွင်း၌ ရထားလမ်း၏ဇလီဖားတုံးများကို လှမ်းရခြင်းသည်လည်း ပင်ပန်းသည်ဟု ထင်မိပါသည်။

ခြေထောက်များကို သတိရှိရှိဖြင့် ဘယ်နှင့်ညာ ညီညီလှမ်းလျှောက်ပါမှ ဇလီဖားတုံးတို့ကို မိမိရရနင်းချနိုင်မည် ဖြစ်ပါ၏။ သို့မဟုတ်ပါဘဲ နမော်နမဲ့ ငေးချင်ရာငေး၍ လှမ်းချင်ရာလှမ်းနေခဲ့ပါက ခြေထောက်အနင်းများသည်နှင့် ခလုတ်တိုက် ခြေခွင်မှောက်ထိုးလဲမည်သာ ဖြစ်ပါသည်။ အမေနှင့် အဘတို့ မကြာခဏ သူ့ကိုပြောကြသော 'အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်' ဆိုသည်မှာ ဤသည်ကိုပင် ပြောဟန်တူပါ၏။ ထို့ကြောင့် အခါတိုင်း ညနေဘက်ပြန်လျှင် သီချင်းဆိုကာအော်ကာ ငေးချင်ရာငေး ကြည့်ချင်ရာကြည့်၍ချုံကြိုချုံကြား စိန်နားပန်တောများ ဖြတ်၍ပြန်ရသော ဖြတ်လမ်းအတိုင်း ပြန်လေ့ရှိခဲ့ပါလေသည်။

ယခုညနေတွင် မှောင်စပြုနေသည့်အပြင် ပြန်ရမည်ကလည်း မိမိ





www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးတည်းဖြစ်နေ၍ ချုံတောတိုး၍ မပြန်ချင်ဘဲရှိနေပါ၏။ မတောက်တဆ သစ်ကိုင်းကြား ချုံကြားတို့မှ မြွေပါးကင်းပါးတို့၏ အန္တရာယ်ကိုလည်း ရှောင်လိုပါသည်။ ကံကုသိုလ်နိမ့်နေ၍များ အမှောင်ရိပ်ကြား ဘွားခနဲတွေ့နိုင်တတ်သော တစ်စုံတစ်ရာ လူလည်းမဟုတ်၊ တိရစ္ဆာန်လည်းမဟုတ်၊ ပြောရပါလျှင် နာနာဘာဝဝိနာဘာဝ ပေတအစရှိသည်လိုမျိုးတို့ကို ကြိုတင်တွေးတောကြောက်လန့်နေမိသည်လည်း ဖြစ်ပါ၏။

ရှေးရှေးလူကြီးတို့က ထိုတစ်စုံတစ်ရာများသည် ယခုကဲ့သို့ နေဝင်ဖျိုးဖျ ဆည်းဆာပျောက်ချိန်မျိုးတို့မှ စတင်၍ ညဥ့်သန်းခေါင်သန်းလွဲတို့ထိ ပျော်ပါးမြူးထူးတတ်ကြကြောင်း ပြောပြထားခဲ့ကြဖူးပါလေသည်။ ဤလမ်းဤခရီးသည် စန်းဖြူကဲ့သို့သော တောင်ပေါ်ယာခင်းပြန်လူတို့အတွက် သွားနေကျလာနေကျဖြစ်သော်လည်း လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က စန်းဖြူငယ်ငယ်ပင်ရှိခဲ့သေးသော အချိန်တွင် အလွန်ကြောက်ရွံ့ဖွယ်ကောင်းသော အဖြစ်အပျက်တစ်ခုဖြစ်ခဲ့ဖူးပါလေ၏။ ထိုစဉ်က ထိုအဖြစ်အပျက်သည် ရပ်ဝေး၊ ရပ်နီးဒေသအားလုံးတို့ထိ ပျံ့နှံ့ကျော်ကြားခဲ့သော အဖြစ်ဆိုးကြီး တစ်ခု ဖြစ်ခဲ့ရပါလေသည်။

ထိုစဉ်က လူစီးတွဲငါးတွဲပါသော ရထားကြီးတစ်စင်းသည် ဤနေရာ၌ လမ်းချော်ကာ တိမ်းမှောက်ခဲ့ဖူးပါလေ၏။ မည်သို့ကစ၍ မည်သို့ဖြစ်ခဲ့ကြောင်း မပြောနိုင်ကြသော်လည်း အချို့သူတို့၏ အဆိုအရ စက်ရှိန်တင်၍ပြေးလာခဲ့သော ရထားသည် တစ်နေရာတွင် တုံ့ခနဲဖြစ်ကာ ကားများဘရိတ်ဆောင့်အုပ်လိုက်သကဲ့သို့ ဖြစ်သွားရပြီး နောက်မှပါလာသော လူစီးတွဲများသည် လွင့်ပျံ့ခုန်ထွက်ကုန်ကြလျက် တိမ်းမှောက်ခဲ့ကြပါတော့၏။ လူပေါင်း ရှစ်ဆယ်ကျော်တစ်ရာနီးပါးမျှ သေကျေပျက်စီးကြလျက် အတော်ပင်ဆိုးဆိုးဝါးဝါးဖြစ်ခဲ့ဖူးကြောင်း ဒေသခံအားလုံးတို့သိရှိခဲ့ကြပါလေသည်။

ထိုသည်နှင့် မပြီးနိုင်သေးဘဲ ချောက်ချောက်ချားချားရှိကြသော လူသူတို့၏ ပြောကြဆိုကြ ထိတ်လန့်ကြသည်တို့ကိုလည်း အမြဲကြားနေကြရပါလေ၏။ တစ်ဦးချင်းတစ်ယောက်ချင်းတို့၏အပြောများဖြစ်ကြ၍ ကြားရသည်တို့ကလည်း အထိတ်တလန့်ဖြစ်စရာများပင် ဖြစ်ကြလေသည်။ ကိုယ်ကိုယ်တိုင် မဟုတ်သော်လည်း ပြောပြကြသူများ၏ အပ်ကျမပ်ကျ ပြောဆိုမှုများကြောင့် ကိုယ်တိုင် အခြောက်အလှန့်ခံရသည်လိုမျိုး အကြားနှင့်ပင် လန့်နေခဲ့ကြသည်တို့က ရှိခဲ့ကြကြောင်း အမှန်အကန်ပင် ဖြစ်ပါ၏။ တစ်ခါတစ်ရံ စန်းဖြူ၏ သူငယ်ချင်းများပင် ကြုံခဲ့ကြရသည်များလည်း ရှိခဲ့ဖူးပါလေသည်။

တစ်ခါကလည်း -

"တကယ်ကွာ စန်းဖြူ ငါ့တစ်သက်နဲ့တစ်ကိုယ် တစ္ဆေသရဲဆိုတာမျိုး ယုံခဲ့တဲ့ကောင်မဟုတ်ဘူး။ ခုတော့ကွာ အဟုတ်ကို အသေအချာကြီး တွေ့ခဲ့ရတာ"

ဟူ၍လည်းကောင်း -

"ငါ့ကိုထားပြီး ဒီကောင်လေ ပြေးလိုက်တာများ ရှေ့ဆုံးကမောင်။ ငါက နေဦး၊ အသေအချာကြည့်ပါရစေဦးဆိုတာတောင် မရဘူး"

"မင်းက ဒီလောက်ထင်ထင်ရှားရှားကြီးတွေ့နေရတဲ့ဟာကို။ နေဝင်စအချိန်မှာကွာ စန်းဖြူရာ။ မင်းတို့လည်း စဉ်းစားကြည့်၊ အဲဒီရထားသံလမ်းပေါ်မှာ အနီရောင်တောက်တောက်ဝမ်းဆက်ဝတ်ပြီး ဒေါက်ဖိနပ်နဲ့ သားရေဇစ်အိတ်လေးလွယ်လို့ လမ်းလျှောက်လာခဲ့တာ။ ဆံပင်ကလည်းတွန့်တွန့်ကောက်ကောက်နဲ့။ အဲဒါမျိုး ငါတို့ရွာဘက်မှာ ဘယ်နားရှိလို့တုံး။ အဝေးကမြင်ရတာနဲ့တင် မျက်နှာကြီးက ဖွေးဖွေးဆွတ်ဆွတ်ကြီးနဲ့"

"ငါက မျက်နှာချေတွေလိမ်းပြီး ရှိုးထုတ်ပြနေတဲ့ရွာကကောင်မလေးတစ်ယောက်ယောက်လားလို့ပါကွ"

"မင်းကတော့ ရွာက ကောင်မလေးတွေကြားရင် ဝိုင်းအရိုက်ခံရတော့မယ့်ပုံမျိုးပြောနေတယ်။ အဲသလို ခေတ်ဆန်တဲ့အသွင်အပြင်မျိုးဝတ်ပြီး ဇလီဖားတုံးပေါ် ဒေါက်ဖိနပ်နဲ့လမ်းလျှောက်ပြီး ဟန်ရေးပြနေတဲ့ ကောင်မလေးမျိုး ငါတို့ရွာမှာ ရှိနိုင်သလား။ အဖော်မပါ ဘာမပါ နေဝင်ရိုးရီ တောထဲက ရထားလမ်းမှာ။ အမလေး - တွေးရင်းနဲ့တောင် ကျောချမ်းတယ်။ နီးလာခါမှ ဟိုစာအုပ်ထဲရေးထားသလို မျက်နှာမှာ နှာခေါင်းမပါ၊ မျက်စိမပါ၊ ပါးစပ်မပါဘဲ အသားပြင် အပြားလိုက်ကြီးနဲ့ဖြစ်နေမှ လိပ်ပြာလွင့်နေဦးတော့မယ်"

"ကြည့်ရတာ၊ အသားကတော့ ဖြူဖြူလေးလိုပါပဲကွာ မင်းကလည်း"

"ဟေ့ကောင်၊ အသားဖြူတာ မဟုတ်ဘဲ ဖြူဖပ်ဖပ်လူရှင်မဟုတ်တဲ့ မျက်နှာဆိုရင်ကော။ မင်းကတော့ ဟုတ်နေပြီ။ စာလည်းမဖတ်၊ ဗဟုသုတလည်း မသိနဲ့။ လူလား၊ သရဲလား မင်းခွဲတတ်လို့လား"

"အေးလေ၊ အဲဒါကြောင့် ငါက သေချာကြည့်ပါဦးမယ်လို့ဆိုနေတုန်းရှိသေး၊ မင်းကပြေးပြီ။ အဲဒါနဲ့ ငါလည်း လိုက်ပြေးခဲ့ရတာပေါ့"

"နေပါဦး၊ ငါမေးပါဦးမယ်။ အဲသလိုပြေးကြရင်း မင်းတို့နောက်လှည့်ကြည့်မိကြသေးလား"

"အေး - ဟုတ်တယ်၊ ငါကြည့်မိတယ်။ ငါ့ရှေ့က ပြေးတော့ ဒီကောင် လိုက်လာလား၊ မလိုက်လာဘူး လှည့်ကြည့်တော့ ပျောက်သွားသလိုပဲ"

"ဒါ. . ဒါဆို အဟုတ်ပဲ သရဲပေါ့"

ထိုအခါမှ ဒူးတဆတ်ဆတ်တုန်နေသော ရွာက ကောင်မလေး ရှိုးပြနေသည်ဟုထင်သော သူ့သူငယ်ချင်းကြည့်ပြီး စန်းဖြူတို့ကာလသားသူငယ် တစ်သိုက် ဟားတိုက်ရယ်ခဲ့ကြဖူးပါလေ၏။ ကိုယ်တွေ့မဟုတ်ကြ၍လည်း သူငယ်ပီပီ စိတ်ထဲသိပ်မထားမိကြဘဲ ထိုအတိုင်းပင် မေ့မေ့ပျောက်ပျောက်ဖြစ် သွားခဲ့ကြပါလေသည်။

တစ်ခါကလည်း ရွာမှအဒေါ်ကြီး တစ်ဦး မိုးတွင်းကာလ တောထဲသို့ [illegible] နုတ်၊ မျှစ်ချိုးထွက်ရာမှ အပြန်တွင် [illegible] ရထားမှောက်ဖူးသော နေရာအနီးသို့ [illegible] ရောက်၌ လူများစွာတို့ စုစုဝေးဝေးကြီး ဖြစ်နေကြသည်ကို တွေ့လိုက်ရသည် [illegible] ပါ၏။ ထိုအဒေါ်ကြီးသည် မကြုံစဖူး လူစိမ်းသူစိမ်းများ တစ်စုတစ်ဝေးကြီးဖြစ် နေသည်ကို စိတ်ဝင်တစားရှိမိ၍ -

"ဘာလုပ်နေကြတာလဲဟင်"

ဟူ၍ သွားမေးလိုက်လေသည်။

မြင်တွေ့ရသော လူတို့မှာ ကြီးကြီး ငယ်ငယ်ရွယ်ရွယ်လတ်လတ်နှင့် အစုံ စုံဖြစ်နေကြပြီး ဝတ်ဆင်ထားကြသော အဝတ်အစားတို့မှာလည်း ယောက်တိုင်းစေ့ စုတ်ပြတ်ပေါက်ပြဲနေကြပါလေ၏။ ထိုကဲ့သို့ တစ်ယောက်လည်းမဟုတ်၊ နှစ်ယောက်လည်းမဟုတ်ရှိနေသော လူများ အဝတ်အစားများ ဆွေးရိနေကြသည်ကို တွေ့နေရသဖြင့် -

"ဟဲ့-နင်တို့အဲသလောက်တောင် ဆင်းရဲကြသလား။ ဘာလို့များ အဲဒီအဝတ်အစားအစုတ်အပြဲတွေကို ဝတ်နေကြရတုံးကွယ်"

ထိုအဒေါ်ကြီးမှာ ပင်ကိုဗီဇ [illegible] ပင်လျှင် စကားတွတ်တွက်ပြောတတ် ဆိုတတ်သောအကျင့်ကရှိသည်ဖြစ် [illegible] မကျေမနပ်ဖြစ်လာမိပါလေသည်။ [illegible] သာမေးနေသော်လည်း ထို [illegible] အချင်းချင်းသာ ပေးဟယ်၊ ယူဟယ်





www.burmeseclassic.com

www.burmeseclassic.com

ရှည်းများကို ပြောင်းဟယ်ရွှေ့ဟယ်တို့ အလုပ်ရှုပ်နေကြပြီး လှည့်ပင်မကြည့် ကြဘဲရှိနေသည်ဆိုပါ၏။ မနေနိုင် သော ထိုအဒေါ်ကြီးမှ သူမေးလိုက် သောလေသံ တိုးညင်းနေ၍ ထိုအုပ်စု တစ်ထွေးကြီးတို့ မကြားသည်ဘဲဖြစ်ရ ည်ဟူ၍ အနီးသို့ ပိုတိုးကပ်သွားပြီကာ-

"ဒီမှာ ဒီမှာ ငါမေးနေတယ်လေ၊ နင်တို့ဒီမှာဘာလုပ်နေကြတာတုံး။ ငါ ရွာမှာဆို ဒီလောက်စုတ်တဲ့ အဝတ် သူမှ မဝတ်ကြတော့ဘူး။ နင်တို့ လို့ ဝတ်ထားကြတုံး။ မြင်လို့ကို ကောင်းကြတော့တာ"

အနီးသို့ တိုးကပ်သွားသော်လည်း အဒေါ်ကြီးကို မည်သူတို့ကမျှ လှည့် မကြည့်လာကြ။ ဖွျူဖပ်ဖွျူရော်အသား အရေများ၊ ဘယ်ညာမကြည့်သောမျက် အိမ်များ၊အရယ်အပြုံးမရှိသောမျက် သကြီးများဖြင့် ယောက်ယက်ခတ် ရှုပ်ရှားနေကြသည် ဆိုပါ၏။

ထိုအဒေါ်ကြီးကလည်း အရိပ်သုံး နားလည်သည့်သဘောမျိုးရှိဟန်မတူ ရှေ့သို့ဆက်၍ဇွတ်တိုးပြီး ယောက်ျား တစ်ယောက်၏လက်မောင်းအကျႌစ ပြောပြောဆွဲဆွဲနှင့်လုပ်လိုက်ရာ အကျႌစ သည် -

"ဗြိ"

ဟူ၍ အသံထွက်သွားခဲ့ပြီးကာ ပြိုင်နက်တည်း လူပေါင်းများစွာတို့ -

"အား. . . အား၊ ဝေါဝရော"

ဟူသော ကြောက်မက်ဖွယ်ရာ ရှည်ကြီးများ ကျယ်လောင်စွာ ထွက် ခဲ့ပြီး ချက်ချင်းလိုပင် သူ့ရှေ့ရှိလူ သည် ပျောက်ခြင်းမလှပျောက်သွား ကြကုန်တော့၏။ မယုံနိုင်စရာ ပြောင် လင်းခါနေသော ကွက်လပ်ကြီးတစ်ခု သာ သူ့ရှေ့တွင် တွေ့လိုက်ရပါလေ သည်။ ထိုအဒေါ်ကြီးသည် ထိုအခါမှ သက်ရှူများပင် ရပ်မတတ်အောင် ဖျပ်သွားခဲ့ရပြီးလျှင် ရွာရှိရာဘက် သို့ ထဘီစွန်တောင်ဆွဲလျက် ပြေးပြန် ခဲ့ပါလေတော့၏။ ထိုအဒေါ်ကြီး ယူခဲ့သောမှိုများ၊ ချိုးယူခဲ့သောမျှစ် လည်း ပြေးလာသည့်လမ်းတစ် လျှောက် ပျံ့နှံ့ကြလွင့်ကျရစ်ခဲ့လျက်ရှိခဲ့ ကြောင်းနှင့် ရွာရောက်သောအခါ ယောင်ချောက်ချားဖြစ်ကာ အပြင်း ခဲ့ကြောင်း ကြားသိဖူးခဲ့ပါလေသည်။

ထိုမှနောက်ပိုင်းတွင်ကား ထို အဒေါ်ကြီး၏ ပစိပစပ် တရစပ် ပြောဆို တ်သောအကျင့်လည်း ပျောက်သွား ခဲ့ကြောင်း တစ်ရွာလုံးက သိနေခဲ့ကြ သည်ပဲ ဖြစ်ပါ၏။ သို့သော်လည်း တစ် ကြိမ်ဖြစ်လိုက်၊ မေ့သွားကြလိုက်၊ တစ်ခါ ပြန်ကြုံကြရလိုက်၊ ဟုတ်သလိုလို၊ မဟုတ်သလိုလို ပြောကြလိုက်ဖြင့် နှစ် ပေါင်းပင် အတန်ကြာခဲ့ကြပြီ ဖြစ်လေ သည်။ ထိုနေရာ၌ ထိုသို့ မကြာခဏ အမျိုးမျိုး ကြားနေကြရခြင်းသည် မကောင်းသောနေရာဖြစ်နေ၍ ဖြစ် ကြောင်း၊ ရထားမှောက်စဉ်က မကျွတ် မလွတ်ဖြစ်နေခဲ့ကြရသော ထိုသူများ ကြောင့်သာ ဖြစ်ကြောင်း သုံးသပ်ပြလေ့ ရှိပါ၏။

ထိုအဒေါ်ကြီးအကြောင်းကြားရ စဉ်ကလည်း ရှေ့မီနောက်မီလူတို့က ထို သူတို့သည် ကြာ၍ ဆွေးမြည့်နေကြကုန် ပြီဖြစ်သော်လည်း ထိုနေရာမှ မထွက်ခွာ နိုင်ကြသေးပါကြောင်း ဆိုလိုသည်ဟု ယူဆကြပြန်ပါလေသည်။ ထို့ကြောင့် စန်းဖြူတို့ကဲ့သို့ လူငယ်လူရွယ်များ အနေနှင့် မတွေ့ကောင်းတွေ့ကောင်း ကြုံလာရသည့်အခါမျိုးတွင် ထိုသူတို့ကို အမျှအတန်း ပေးဝေကြစေလိုကြောင်း၊ အမျှရကြသည်ယူနိုင်ကြသည် ဆိုပါက ကောင်းရာ မွန်ရာရောက်နိုင်ကြလေ့ရှိ ကြောင်း ပြောဆိုမှာကြားထားကြလေ့ ရှိ လေသည်။

❑

ယခုလို ကြိုတင်မရည်ရွယ်ထား မိပါဘဲလျက် နောက်ကျသွားခဲ့ရသော အခါ မပြန်မဖြစ်စတမ်း ဤရထားလမ်း ကို ဖြတ်သန်း၍ ပြန်ရပါဦးမည်ဖြစ်တော့ ၏။ မတွေးတော့ဟူ၍ စိတ်ကို ငြိမ်သက် စေလျက် ဖြည်းဖြည်းနှင့်မှန်မှန် ဇလီဖား တုံးများကို နင်းလျှောက်လာခဲ့မိပါသည်။ မကြောက်စေရဟု ကိုယ့်ကိုယ်ကိုယ်အား တင်းရင်း လှုံ့အပ်ပါက အမျှဝေပေးလိုက် ရန်ကိုလည်း ကြိုတင်တွေးထားမိလိုက် ပါ၏။

လျှောက်နေရင်းမှ သူချမ်းသလိုလို ဖြစ်လာခဲ့ပါသည်။ တစ်ချက်တစ်ချက် ကျောထဲမှ စိမ့်လာခဲ့သလို ကြက်သီးထ လာခဲ့သလိုခံစားမိရ၍ -

"ငါအကျႌပါးသွားလို့ထင်တယ်"

စန်းဖြူ ယူဆမိသည်က အကျႌပါး သွား၍ ဆောင်းဝင်စကာလ၏ အအေး ဓာတ်ကြောင့် ကြက်သီးထကာချမ်းခြင်း ဖြစ်မည်ဟူ၍ ဖြစ်ပါ၏။ သို့ပါသော် လည်း အခါတိုင်းရှေ့ ကြ်များက ဤသို့ ပင် ဝတ်ဆင်ခဲ့သည်ပဲ ြစ်ကာ ယခုကဲ့သို့ မချမ်းမိဘူးပါပဲလျက်နှင့် ယနေ့၌ တစ်မျိုး ဖြစ်နေခဲ့ပါလေသည်။ တောင်ယာပြန် လာပြီးလျှင် တစ်ကိုယ်လုံး ညစ်ထေးပေ ကျံလျက် ချွေးသံတရွှဲရွှဲတို့ဖြစ်နေသော ကြောင့် ချမ်းဖို့ရန်ဝေးစွ။ အိမ်ရောက် သည်နှင့် ရေတဗွမ်းဗွမ်းချိုးချပြီး ထမင်း ပူပူလွေးပစ်ရန်သာ အာသီသရှိလေ သည်။

"အေးလေ၊ ဒီနှစ်ဆောင်းအဝင် စောလို့ဖြစ်မှာပါ"

အဘပြောတတ်သည်က ဆောင်း အဝင်စောသောနှစ်ဖြစ်လျှင် သစ်ပင်သစ် ရိပ်တို့၏ စိမ့်သောဓာတ်တို့ကလည်း ပို ၍အေးစေတတ်သည်ဟူပါ၏။

"ငါပြန်တာလည်း နေရောင် ပျောက်မှပြန်ခဲ့ရတာကိုး။ အေးလေ၊ မြန်မြန်လျှောက်ရင်းနဲ့တော့ သွေးပူပြီးနွေး သွားမှာပေါ့"

ထိုသို့တွေးရင်း လျှောက်နေဆဲ မှာပင် နောက်တစ်ဖန် ကျောဘက်ဆီ မှ စိမ့်ခနဲဖြစ်သွားမိပြန်ပါ၏။ ထို့ကြောင့် ဇလီဖားတုံးကို ကျော်နေသော ခြေလှမ်း၏အရှိန်ကို ထပ်၍မြှင့်တင်ကာ မြန်မြန် လျှောက်လိုက်မိပါသည်။ အလင်းအား ပြယ်လာစ ညမှောင်ရီပြီဖြစ်၍ မမြင် မကန်းနှင့် ခလုတ်တိုက်လဲပြိုမည်ကို လည်း သတိထားမိရပြန်လေသည်။ တောင်ယာသုံး ဘွတ်ဖိနပ်စုတ်၏ မာ ကျောကျောအနေအထားကြောင့် ထို့ ထက် အမြန်နှုန်းကို တိုး၍လည်းမရနိုင် တော့ပါပေ။ စန်းဖြူ၏ပခုံးပေါ်မှ ပေါက် ပြားနှင့်လွယ်ထားသောပလိုင်း၏အလေး ချိန်တို့ကလည်း ကြာလေလေ ပိုလေး လာသလိုလို ဖြစ်နေပါလေသည်။

"တော်သေးတာပေါ့၊ အောက် ဘက်ဖြတ်လမ်းကသာ တိုးဝှေ့သွားရင် ခု လောက်ဆို ဆူးချုံကြားထဲက သွားနေရ မှာ။ ဘာမှမမြင်ရ၊ မတွေ့ရနဲ့။ ခုတော့ ကြည့်စမ်း၊ ရထားလမ်းကြီးတစ်ခုလုံး လရောင်ကလေးမှုန်မွှားမွှားအောက်မှာ ရှင်းလို့လင်းလို့ ဖြူးဖြောင့်နေတာပဲ။ ဘာဆိုဘာအန္တရာယ်မှမရှိနိုင်ဘူး"

မည်သို့ပင်ဖြစ်စေ ရထားလမ်း အတိုင်း လျှောက်နေလိုက်ရုံနှင့် ရွာသို့ ဒုတ်ဒုတ်ထိရောက်သွားတော့မည်ပဲ ဖြစ် သည်ဟု တွေးထားလိုက်ပြီး စိတ်ထဲမှာ တစ်မျိုးတစ်မည် ဖြစ်လာတော့မည်ကို ဖြေဖျောက်ထားလိုက်မိပါ၏။ သို့သော် ယနေ့ညမှ ထူးဆန်းစွာ ကြက်သီးမွေး ညင်းများ ရှရှရှရှနှင့်ဖြစ်လာနေကြ သည်က မည်သို့ကြောင့်ပါလဲ။ သူ့ကိုယ် သူတော့ အံ့ဩသလိုဖြစ်လာမိပါသည်။

တဖြည်းဖြည်းနှင့် မာမာကျော



www.burmeseclassic.com

www.burmeseclassic.com

ကျော ဘွတ်ဖိနပ်၏ တဂတ်ဂတ်အသံကို အဖော်ပြု၍ သူလျှောက်လာလိုက်သည်မှာ ခရီးတစ်ဝက်ကျိုးခဲ့ပြီ ဖြစ်ပါ၏။ မှတ်မှတ်ရရ လူပြောသူပြောများလှသည့်နေရာသို့လည်း ရောက်ခဲ့ရပြီ ဖြစ်ပါသည်။ တွေးမိရုံနှင့်ပင် နဖူး၌ချွေးတို့က အပြိုက်ပြိုက်ဖြစ်လာခဲ့လေ၏။

"ဘယ်လိုဖြစ်တာလဲ၊ လူကသာချမ်းသလိုလိုနဲ့ ချွေးတွေက ရွှဲလာနေတယ်"

ကြောက်စိတ်ကြောင့် ထွက်လာသော ကြောက်ချွေးများတော့ မဟုတ်နိုင်ဟု ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်ပြီး သတ္တိကိုလည်း ထုတ်ထားမိလိုက်ပါပေသည်။ အမှုဝေတတ်ရန်လည်း သတိထားထားမိပါ၏။

"နေမကောင်းချင်တာ ဖြစ်မယ်။ အမေ့ဆေးခါးခါးကြီးတစ်ခွက်လောက်သောက်လိုက်ပြီးရင်တော့ ကောင်းသွားမှာပါ"

ခလုတ်မထိခင် အမိတထားလိုက်သည့်သဘောနှင့် အမေ့ဆေးခါးခါးကြီးအား ကြို၍တွေးတောလိုက်မိပါ၏။ အမေကျွေးနေကျ ဆေးခါးခါးကြီးသည် ဥတုသုံးပါးခံ ရာသီမရွေးသော ဆေးတော်ကြီး ဖြစ်ပါ၏။ ဆေးရုံ၊ ဆေးခန်းဝေးသောသူတို့ ဒေသသုံးဆေးမျိုးလည်း ဖြစ်ပါသည်။ အမိကဆေးအမည်မှာ ဒေသပေါက် ဆေးခါးပင်၏ အမှုန့်ဖြစ်ကာ ဆားလှော်၊ နနွင်း၊ ကျပ်ခိုးတို့က ရေလဲနှင့်ပေါင်းစပ်ပါဝင်တတ်လေသည်။ အဖျားကြီး၍ တက်ဖျား၊ ကျဖျားဖြစ်ပါက ရှိန်းခို၊ သံပူမီးဖုတ်ရည်တို့က ထပ်ထည့်လိုက်ပါလေသေးသည်။ ထိုဆေးအရသာကို မည်သို့သော လောကအရသာတို့နှင့်မျှ နှိုင်းယှဉ်ပုံခိုင်းပြောပြ၍ မရနိုင်မှန်း စန်းဖြူ အသိဆုံး ဖြစ်ပါ၏။ သောက်ပြီးလျှင်တော့ အဖျားမှန်သမျှလုံးဝမနေနိုင်ကြစတမ်း ပြေးကြသော ဆေးမျိုးလည်းဖြစ်ပါလေသည်။

ဟိုဟိုဒီဒီ တောင်စဉ်ရေမရ လျှောက်စဉ်းစားရင်း ခြေလှမ်းမှန်မှန်နင်းနေမိဆဲ -

"တူ. . . ဂျုန်း. . . ဂျုန်း. . . ဂျက်ဂျက်. . . တူ. . ."

ရုတ်တရက် သူ့နောက်ကျောဘက်ဆီမှ ချက်ချင်းလိုလို ထွက်လာသောအသံကြောင့် နောက်ပြန်လှည့်ကြည့်လိုက်မိပါ၏။

"ဟင်"

စန်းဖြူ အံ့သြသွားရ၏။ အခါတိုင်းတို့၌ သူတို့ကြားနေကျရထားသည် ဒီဇယ်ရထားသံဖြစ်သော်လည်း ယခုတွေ့လိုက်ရသော ရထားသည် ရှေးခေတ်က ၁လက သုံးခဲ့သော စက်ခေါင်းမောင်းသံလိုမျိုး ဖြစ်ပါ၏။ ရထားခေါင်းပတ်ဝန်းကျင်၌လွင့်ပျံ့လိုက်ပါလာကြသော ကျောက်မီးသွေးအမှုန့်တို့၏အနေအထားမှာလည်း မီးရှူးမီးပန်းများကဲ့သို့ တဖွားဖွားနှင့် ဝေ့ဝဲနေကြကုန်ပါသည်။ တကယ်ဆိုလျှင် ထိုရထားပုံစံသည် သူတို့ ငယ်ငယ်က ဆော့ကစားခဲ့ကြသော ဂျုန်းဂျုန်းဂျက်ဂျက်အော်သံမျိုးအတိုင်း အော်မြည်လျက်လာနေခဲ့ခြင်းဖြစ်ပါလေတော့၏။

"ဒီရထားအော်သံမျိုးမကြားရတာဘဲ ကြာလှပေါ့ဟာ"

သူရထားလာရာဘက်လှည့်ကြည့်နေဆဲ ရထားသည် လျှင်မြန်စွာနှင့် အနီးရောက်လာခဲ့လေသည်။

"ဟ - ဆန်းလိုက်တာ၊ ဒါပေမယ့် ဒီလိုအချိန် ဒီလိုရထားမျိုး ငါတို့ရွာနားဖြတ်လေ့ဖြတ်ထမှမရှိတာ"

စန်းဖြူတို့ရွာအနီးသို့ ဖြတ်သွားတတ်သော ရထားတို့မှာ ဒီဇယ်ရထားများသာဖြစ်ပြီး မနက်ငါးနာရီဝန်းကျင်နှင့် ညနေ နှစ်နာရီဝန်းကျင်တို့၌သာ ဖြတ်လေ့ရှိပါသည်။ ယခုလိုနေဝင်ဖျိုးဖျအချိန်မျိုး ဖြတ်သန်းသော ရထားကို ယခင်က ကြုံလည်းမကြုံဘူးခဲ့၊ မြင်လည်း မမြင်ဘူးခဲ့ပါပေ။ ပို၍ ထူးခြားနေသည်မှာ ထိုရထားသည် မထင်မှတ်သော အမြန်နှုန်းနှင့် ပြေးလာလိုက်သည်မှာ အံ့သြစရာကောင်းလွန်းလှပါလေသည်။ ရုတ်ခြည်းပင် အနီးကပ်လာလေတော့သဖြင့် -

"ဟာ - ဒုက္ခပါပဲ"

သူဇလီဖားဘေးလွတ်ရာ အားကုန် ခုန်ချလိုက်မည်ဟုပြင်လိုက်ပါသော်လည်း မလွတ်နိုင်တော့ဘဲ ရထားသည် ဖျတ်ခနဲအနားရောက်လာခဲ့ပါလေတော့၏။ လင်းထိန်နေသော ရထားရှေ့မီး၏ စူးရှသော အလင်းရောင်အောက်တွင် ရုတ်တရက် ဘာလုပ်ရတော့မည် မသိတော့သော စန်းဖြူသည် ပလိုင်းတောင်း၊ ပေါက်ပြားတို့ဖြင့် ရှုပ်ရှက်ခတ်လျက် ရထားအား တောင့်တောင့်ကြီးပင် ကြောင်ကြည့်မိနေလျက်သား ဖြစ်သွားရပါလေတော့၏။

"ဟင် - ဘယ်လိုကြီးလဲဟ"

ဖြစ်ရမည်က သူ့အား ထိုရထားကြီးက ပစ်တိုက်လိုက်ပြီးမှ ဖြတ်သွားရမည်ပဲ ဖြစ်ပါသည်။ ယခုတော့ သူသည် ရထားအရှိန်ကြောင့် ပစ်လဲ၍

လည်း မသွား၊ လမ်းပေါ်သို့ လိမ့်[...]
သွားခဲ့ခြင်းလည်း မရှိ၊ သူ့ခန္ဓာကို[...]
တစ်ခုလုံးသည် လက်ရှိအနေအထ[...]
ရပ်နေလျက် ရထားကြီးကသာ သူ[...]
ဖောက်ထွင်းသွားနေခဲ့ပါလေတော့သည်[...]

ရထားခေါင်းတွဲကြီး မီးရှိန်အပြ[...]
နှင့် ခုတ်မောင်းသွားရာနောက်သို့ [...]
စီးရထားတွဲတို့ကလည်း ဆက်တိုက်လို[...]
ပါကာ သူ့အားဖြတ်ကျော်သွားနေလ[...]
ရှိပါလေ၏။လူစီးတွဲတို့သည် ဝါကြင်[...]
မီးလုံးအရောင်များဖြင့် လင်းနေလ[...]
လူကြီးများ၊ ကလေးငယ်များ၊ အမျိုးသ[...]
များ၊ အမျိုးသားများဖြင့် လူပေါင်း[...]
အသံပေါင်းစုံတို့ကလည်း ထွက်[...]
လျက်ရှိနေကြပြီး သူ့ကိုဖြတ်သွား[...]
ကြပါလေသည်။ ထိုအထဲ အိပ်စင်[...]
တွင် အိပ်နေသောလူများကိုလည်း [...]
နေရခဲ့ပါ၏။ အချို့တွဲတို့၌ သံသေ[...]
မည်းမည်းများ၊ ထင်းရှူးသေတ္တာဟော[...]
ဟောင်းများ၊ ခြင်းတောင်းစုတ်စုတ်မျာ[...]
ဖြင့် ကျပ်ညပ်တင်ထားကြပြီးကာ [...]
အများ၏စကားပြောသံ၊ အမျိုးသမီး[...]
၏ရယ်မောသံ၊ ကလေးများငိုသော[...]
သံ၊ သီချင်းညည်းနေသောအသံ၊ [...]
နေခေါ်နေကြသောအသံတို့က သူ[...]
ရထားကြီးဖြတ်ကျော်သွားနေချိန်[...]
လျှောက်လုံး ဆက်တိုက် ကြားနေ[...]
နေရပါလေတော့၏။ အချို့သူတို့ [...]
သောက်နေဆဲ၊ အစားစားနေဆဲ၊ [...]
မည်ပြုဆဲ၊ ထမည်ပြုဆဲတို့ကိုပါ နှိုက်[...]
ချွတ်ချွတ် သူတွေ့နေရသောအခါ [...]
ကိုယ်သူ လန့်လာမိလေသည်။ နော[...]
ဆုံးပိတ် နှုတ်ခမ်းမွေးကားကားနှင့် [...]
ဗိုလ်တွဲဖြတ်သွားခဲ့ပြီးသောအခါထိ [...]
သည် မလှုပ်မယှက်ရပ်နေမိဆဲ ဖြစ်[...]
၏။

မကြုံစဖူး သူ့ခန္ဓာကိုယ်ကြီးအ[...]
ရထားကြီးတစ်စင်းက ဖောက်ထွ[...]
မောင်းနှင်ဖြတ်သွားခဲ့သည်ဆိုခြင်းအ[...]
သူမယုံကြည်နိုင်ဘဲရှိနေခဲ့ပါလေ[...]
သည်။

"ငါ. . . ငါ လူမဟုတ်တော့[...]
ထင်တယ်"

သူရထားတိုက်၍ ဘဝပြောင်း[...]
လေပြီလား။ ကိုယ့်လက်ကိုယ် ဆိ[...]
ကြည့်သောအခါ နာသလိုလိုရှိသေ[...]
လည်း သူကိုယ်သူ မယုံရဲဘဲရှိနေပါ[...]

"ငါ. . . ဝိညာဉ်ဖြစ်သွားပြီလာ[...]

သူကြားဖူးသည်က လူမဟု[...]
သော ဝိညာဉ်တို့သည် မည်သည့်အ[...]
လူ၊ တိရစ္ဆာန်တို့က တိုးဝင်လာကြ[...]
ဖြစ်စေ အဆီးအတားမရှိစေ[...]



www.burmeseclassic.com

www.burmeseclassic.com

သန်းနိုင်ကြသည် ဟူပါ၏။ ဝိညာဉ်တို့၏ သဘောမှာ အခိုးအငွေ့များ၊ ပုံသဏ္ဍာန် မှုန်မှုန်များကဲ့သို့၊ မီးခိုးတန်းများကဲ့သို့ ပုံသဏ္ဍာန်မျိုးဖြင့် ရှိတတ်ကြ၍ ထိုသို့ ဖြတ်သန်းနိုင်ကြခြင်း ဖြစ်ကြောင်း သူ ကြားဖူးခဲ့ပါသည်။

စန်းဖြူ သူ့ကိုယ်သူ ငုံ့ကြည့်ရင်း ဇဝေဇဝါဖြစ်လာခဲ့ပါ၏။ အကယ်၍ သူဘဝပြောင်းခဲ့ရိုးမှန်ခဲ့ပါလျှင် သူ၏နဂို မူလ ခန္ဓာကိုယ်အဟောင်းတော့ အနီး အနား၌ ရှိနေရပါလေမည်။ ထိုအတွေးဖြင့် ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်သော်လည်း မတွေ့ဘဲဖြစ်နေရပြန်ပါသည်။

"ဟို - ငါ့ကိုတိုက်တော့ ရထား အရှိန်ကြောင့် ငါ့တစ်ကိုယ်လုံး တစ်စစီဖြစ်သွားပြီထင်တယ်"

စိတ်အတွင်းတစ်မျိုးဖြစ်သွားရပြီးကာ ရွာဘက်ဆီသို့ အမြန်ပြေးပြန်လာခဲ့မိပါလေတော့၏။ ရွာအလယ်လမ်း အတိုင်း ဒုန်းစိုင်း၍ ပြေးဝင်လာခဲ့ပြီး အိမ်အောက်သို့ရောက်သည်နှင့် ပလိုင်း တောင်းနှင့် ပေါက်ပြားကို လှေကားခုံ ပေါ်ပစ်ချလိုက်ပြီးကာ အမြန်ပင် ပြေး တက်လိုက်မိပါလေ၏။ စန်းဖြူ စိတ်ကူး မိသည်က သူသာ လူဖြစ်နေသေးသည် ဘဝမပြောင်းသေးဟု ဆိုပါက သူ့အော်သံကို အမိ၊ အဖတို့ကြားကြပါလေမည်။

"အဘ၊ အမေ"

သူ ကမန်းကတန်းဖြင့် လှေကား ကို ထစ်ကျော်နင်း၍ အမြန်တက်လာ မိ၏။ နှုတ်မှလည်း အဆက်မပြတ် အော်ခေါ်လျက်တက်လာခြင်း ဖြစ်ပါသည်။ သို့သော် အိမ်ပေါ်မှ တုံ့ပြန်ထူးသော အမိ၊ အဖတို့၏အသံကို မကြားရဘဲရှိ နေ၍ စိတ်တို့က ထူပူသွားမိပါလေ၏။ သူအိမ်ပေါ်ရောက်သောအခါ အိမ်လယ် ခေါင်တွင် မီးအိမ်တစ်လုံးဆွဲချိတ်လျက် အဘသည် ကွမ်းသီးထိုင်ညှပ်နေပြီး အမေသည် အဘအနီး၌ပင် အင်္ကျီတစ် ထည်ကို ဖာထေးချုပ်လုပ်နေကြောင်း တွေ့လိုက်ရလေသည်။ အေးဆေးစွာ ရှိနေကြပါလျက် သူ့အသံကို မကြား သလို၊ သူ့အရိပ်ကို မမြင်သလိုဖြစ်နေ ကြလေသော မိဘများကို ကြည့်ရင်း စန်းဖြူ ဝမ်းအနည်းကြီးဝမ်းနည်းလိုက် မိပါလေသည်။ ရင်ထဲမှ မချိတင်ကဲဖြစ် သွားရလျက် သူသည် ဘဝတစ်ပါး ပြောင်းသွားခဲ့ရပြီဖြစ်၍ မတွေ့မမြင် မကြားရသော အခြေအနေသို့ ရောက် သွားရလေပြီလားဟူ၍ အကျယ်လောင် ဆုံးသော ဝမ်းခေါင်းသံကြီးဖြင့် -

"အဘ၊ အမေ"

ဟု ခေါ်လိုက်မိတော့၏။ မိဘနှစ်ပါးတို့သည် ထိုအခါ ရုတ်ခြည်းပင် ခေါင်းမော့ကြည့်လာပြီး -

"ဟော-စန်းဖြူ သားပြန်ရောက် လာပြီလား၊ မိုးချုပ်လိုက်တာရော်"

"အင်း-အမေတို့၊ အဘတို့ သား ပြောတာခေါ်တာကို ကြားနေရတယ် ဟုတ်လား၊ မြင်ကောမြင်ရတယ်နော်"

အဘသည် သူ့ကို မျက်မှောက် ကျုတ်၍ကြည့်လာပြီး -

"ဟာ - ဒီကောင် ဘာဖြစ်နေတာ တုံး၊ ငါတို့က နားရှိတာပဲကြားတာပေါ့။ မျက်စိလည်းပါတယ်လေ မြင်တာပဲ"

"ဒါနဲ့များ ဘာဖြစ်လို့ သား အိမ် အောက်ကနေ အော်နေခေါ်နေတာကို ပြန်မထူးပေးဘဲနဲ့နေရတုံးလို့"

"ဩော်-ငါ့သားရယ်၊ အိမ်အောက် ကနေအော်နေတာကို အမေတို့က ဘယ် လိုလုပ်ကြားမှာတုံး။ မိုးကဒီလောက်ရွာ နေတာကို"

ထိုအခါမှပင် မိုးကြီးသည်းစွာရွာ နေကြောင်း သူသတိပြုမိပါလေတော့ ၏။ သူ့တစ်ကိုယ်လုံးလည်း မိုးများရွှဲနေ ကြောင်းတွေ့မိလိုက်ရပါလေသည်။ ဤ သို့ဆိုပါက အဘနှင့် အမေသည် မိုးသံ လေသံများ ဆူညံနေ၍သူ့အော်ခေါ်သံ များကို မကြားမိကြခြင်းဘဲ ဖြစ်ပါလေ မည်။ ထိုအတိုင်းဖြစ်လျှင် သူမသေသေး၊ ဘဝတစ်ပါးသို့ မပြောင်းသွားသေးဟု စိတ်ချသွားလိုက်မိပါလေသည်။

"သိလား အမေ၊ သားပြန်လာ တော့ လမ်းမှာလေ ဂျုန်းဂျုန်းဂျက်ဂျက် နဲ့ ရထားကြီးတစ်စင်းက သားကိုတည့် တည့်ကြီးဝင်တိုက်တာ။ မဟုတ်ဘူး၊ ဝင် တိုးသွားခဲ့တာ။ တကယ်ဆို အဲသလို လည်း မဟုတ်သေးဘူး။ ဟိုလေ သား ကိုယ်ကြီးထဲကို ဖြတ်ပြီးမောင်းသွားလိုက် တာ။ အဲဒါ သားဘာမှမဖြစ်သွားဘူး သိလား"

မိဘတို့ကို သူ့ကိုမော့ကြည့်နေကြ ရာမှ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြန်၏။ သူ့စကားကို ယုံ ကြဟန်မတူပါပေ။

"တကယ်ပြောတာ အဘရဲ့။ တကယ့်ကိုလေ သားကရပ်နေမိတာ သားကိုယ်ထဲကို ဝုန်းခနဲဖြတ်ဝင်သွားပြီး တတူတူနဲ့အော်မောင်းသွားလိုက်ပုံများ ရုပ်ရှင်ပြနေသလိုပဲ သိလား။ ရထားတွဲ ကြီးသားကိုယ်ထဲဖြတ်နေတဲ့တစ်လျှောက် လုံး တွဲတိုင်းရဲ့အလယ်အူကို ဖောက်ပြီး သားက မြင်နေရတယ်။ အားလုံးကိုပဲ အရမ်းကို အံ့သြစရာကောင်းလိုက်တာ"

မိဘတို့သည် သူ့ကိုကြောင်၍ ကြည့်နေကြ၏။ ပြီးမှ အမေက ဟိုလှည့် ဒီလှည့်ဖြင့်-

"ဟိုလေ ငါ့သား၊ ခြေဆေးလက် ဆေး၊ ရေမချိုးနဲ့တော့။ ပြီးရင် အမေတို့ ရေမန်းသောက်ရအောင်"

"ဟာ - အမေကလည်း ဗိုက်ဆာ နေပါတယ်ဆို၊ ထမင်းအရင်စားရမှာ ပေါ့။ ဘာလို့ရေမန်းသောက်ရမှာလဲဆို"

"မဟုတ်ပါဘူး စန်းဖြူရဲ့။ သား အမေက သားထမင်းဆာလွန်းလို့ ကယောင်ကတမ်းဖြစ်နေပြီထင်ပြီးပြော မိနေတာပါ"

"တကယ်ပါ အဘသိလား၊ ရထား ကြီးကလေ မီးတွေလည်းလင်းနေပြီး"

"လာလာ - ထမင်းခူးလိုက်တော့ မယ်။ စားပြီးမှပဲ ခြေတွေလက်တွေဆေး တော့ ပင်ပန်းလွန်းတော့ ကြောင်တောင် တောင်ဖြစ်နေတာပဲဖြစ်မှာ"

သူ စကားပင် ဆက်ပြော၍ မရ တော့ဘဲ အမေက ပြောပြောထထဖြင့် သူ့ရှေ့မှ မီးဖိုခန်းဆီသို့ ထွက်သွားပါ တော့၏။ သူပြောသည်ကို ယုံကြည်ကြ ဟန် မတူပါ။ သူဘယ်လိုဆက်ပြောရ မည်မသိအောင်ပင် ဖြစ်သွားရပါလေ၏။ မနက်ဖြန် သူ့သူငယ်ချင်းတို့ကို ထပ်၍ ပြောပြလျှင်ကော ယုံကြပါမည်လား။ သူ့အိပ်မက်မက်ခဲ့ခြင်းတော့ လုံးဝမဟုတ် နိုင်ပါပေ။ အဘပြောသလို အဆာလွန် ၍ ကယောင်ကတမ်းဖြစ်ခြင်းပေပဲလား။ အမေ့ပြောသလို ပင်ပန်းလွန်း၍ကြောင် တောင်တောင်ဖြစ်နေခြင်းပဲလား။ ထို သို့ဖြစ်လျှင် ပေါက်တတ်ကရများကို ကြုံ တတ်တွေ့တတ်သည်မျိုးပင်ပဲလား။ သူ ပြန်စဉ်းစားကြည့်နေမိပါလေသည်။

မလွဲမသွေ သေချာသည်က သူ မကြာမီလေးတင်ကပင် ထိုရထားကြီး မောက်ခဲ့သောနေရာကို ဖြတ်ပြန်လာခဲ့ မိခြင်း ဖြစ်ပါ၏။ မနက်ဖြန်တွင် သူ၏ သူငယ်ချင်းများကို ဤအကြောင်းများ သေချာစွာ ပြောပြရဦးမည် ဖြစ်ပါသည်။

"မနေ့ညနေကလေကွာ၊ ငါ ရထားလမ်းတစ်လျှောက် လမ်းလျှောက် ပြန်လာနေတုန်း ရထားကြီးတစ်စင်းက လေ ဂျုန်းဂျုန်းဂျက်ဂျက်မြည်သံကြီးနဲ့"

အစချီ၍ ဖြစ်ပါလေသည်။

ယခုအခါမှ သူ့အလန့်တကြား သတိရလိုက်မိပါသည်။ ထိုစဉ်က တစ် ခဏ အမျှဝေရန် မေ့နေခဲ့ပါလေတော့ ၏။

ခင် (တောင်ကြီး)

www.burmeseclassic.com

www.burmeseclassic.com

# အိမ်နေရာမြေသန့်ရှင်းလိုသော်

## ကောင်းစံသာ(မင်းတုန်း)

တစ်နေ့သ၌ ကိုမြင့်ဌေး ဆိုသော လူတစ်ယောက် အိမ်ပန္နက်ရိုက်ရန် ကောင်းသောနေ့၊ ရက်၊ နာရီတို့ကို သိချင်သဖြင့် ကျွန်ုပ်ထံ ရောက်ရှိလာပြီး-

"ဆရာ၊ ကျွန်တော် တပေါင်းလထဲမှာ အိမ်ဆောက်ချင်လို့ ကောင်းတဲ့ရက် ရွေးပေးပါဦး"

ဟု ပြောဆိုလာ၏။

ထိုအခါ ကျွန်ုပ်သည် ကိုမြင့်ဌေး၏မွေးသက္ကရာဇ်တို့ကို မေးမြန်းပြီး တွက်ချက်ကာ စာရွက်တစ်ရွက်ဖြင့် ရေးပြီးနောက် -

"ရော့ - ကိုမြင့်ဌေး၊ အကုန်လုံး အပြည့်အစုံရေးထားပြီးပြီ။ လိုတာရှိလည်း ပြောပေါ့ဗျာ"

ဟု ပြောလည်းပြော၊ လှမ်းလည်း ပေးလိုက်၏။ ကိုမြင့်ဌေးသည် ကျွန်ုပ်ပေးလိုက်သောစာရွက်ကို စေ့စေ့စပ်စပ်ဖတ်ရှုနေ၏။ ဖတ်ရှုပြီးသောအခါ -

"အားလုံး ပြည့်စုံပါတယ် ဆရာ။ ကျွန်တော်တစ်ခုပြောချင်ပါသေးတယ်။ အဲဒါကတော့ ကျွန်တော် အခုဆောက်မယ့်အိမ်နေရာကို မြေနေရာမသန့်ဘူး ဘာဘူးညာဘူးနဲ့ ပြောသံသဲ့သဲ့ကြားနေရတယ်။ ဒါတွေကို ကျွန်တော်ကတော့ အယုံအကြည်သိပ်မရှိပါဘူး။ ဒါပေမယ့် ကျွန်တော့်ဇနီးက တော်တော့်ကို အယုံအကြည်ရှိတယ် ဆရာ။ အဲဒါ ဘယ်လိုလုပ်ပြီး အဆင်ပြေအောင်လုပ်ရမလဲလို့ တွေးနေမိတယ်။ ဆရာ ကူညီနိုင်ရင် ကူညီပါဦး"

ဟု အကူအညီတောင်းလာ၏။

ထိုအခါ ကျွန်ုပ်က -

"ဒီလိုလုပ်ပေါ့ ကိုမြင့်ဌေးရာ၊ ဘုန်းကြီးလေး၊ ငါးပါးလောက်ပင့်ပြီး ပရိတ်ရွတ်၊ ကမ္မဝါဖတ်ပေးလိုက်ပေါ့ မဟုတ်ဘူးလား"

လို့ အကြံပေးလိုက်ရာ ကိုမြင့်ဌေးသည် ခေါင်းကိုကုတ်လိုက်ပြီး -

"အင်း- ပြောရမှာတောင် ခပ်ရှက်ရှက်ပဲ ဆရာ။ ကျွန်တော့်မှာ ငွေကြေးအခက်အခဲရှိနေတယ်။ ဖြစ်နိုင်မယ် မထင်ဘူး ဆရာရဲ့"

ဟု သူ၏အခက်အခဲကိုဆိုလာပြန်၏။ ကျွန်ုပ်လည်း အခြားနည်းလမ်းတစ်ခုကို ရှာဖွေရပြန်၏။

"ကောင်းပြီလေ။ ငွေကြေးအကုန်အကျလည်း သက်သာ၊ မြေနေရာလည်း သန့်ရှင်းစေမယ့် နည်းကောင်းတစ်ခုကို ကျုပ်ပေးမယ်ဗျာ။ ခင်ဗျားလုပ်နိုင်ရင်လည်းလုပ်ပေါ့"

ကျွန်ုပ်က ဤသို့ပြောလာသောအခါ ကိုမြင့်ဌေးက -

"ဒါဆိုရင် သိပ်ကောင်းတာပေါ့ ဆရာရယ်။ ပြောပါဦး ဆရာ၊ မခက်ခဲဘူးဆိုရင် ကျွန်တော်လုပ်ပါ့မယ်"

ဟု လိုလိုချင်ချင် တောင်းခံလာတော့ ကျွန်ုပ် ဝမ်းသာအားရဖြစ်ပြီး-

"ခင်ဗျားအိမ်ဆောက်မယ့်နေရာကို နွားနဲ့ထွန်ပြီး မြေကိုညှိထားပြီးပြီ ဆိုရင် ပန္နက်မရိုက်ခင် အိမ်နေရာရဲ့အလယ်မှာ ဖျာတစ်ချပ်ခင်းရမယ်။ စားပွဲတစ်လုံးချရမယ်။ စားပွဲပေါ်မှာ ကန်တော့ပွဲတစ်ပွဲတင်ပြီး ဖယောင်းတိုင်(၅)တိုင်နဲ့ အမွှေးတိုင်(၅)တိုင် ထွန်းညှိရမယ်။ ပြီးရင် ဆန်ပန်းပေါက်ပေါက်လည်း ပါရမယ်။ အားလုံးပြည့်စုံတဲ့အခါ ဦးသုံးကြိမ်ချပြီး ငါးပါးသီလခံယူဆောက်တည်ပေတော့။ ပြီးရင် နာညတြဂါထာကို (၉) ခေါက်ရွတ်။ ရွတ်ပြီးရင် အခုကျုပ်ပေးမယ့် မြေသန့်ဂါထာကို (၃) ခေါက်ရွတ်ရမယ်။ ပြီးရင် မေတ္တာပို့၊ အမျှဝေပြီး ဆန်ပန်းပေါက်ပေါက်ကို အိမ်ဆောက်မယ့်မြေနေရာအနှံ့ ကြဲပက်ပေတော့။ ဒါပြီးရင် ပန္နက်ရိုက်ပေတော့ရပြီ။ ကိုမြင့်ဌေး လုပ်နိုင်ပါ့မလား"

ဟု ပြောလိုက်လျှင် ကိုမြင့်ဌေးသည် တက်ကြွရွှင်လန်းစွာဖြင့် -

"ဆရာ၊ ဒါလောက်တော့ ကျွန်တော် လုပ်နိုင်ပါတယ် ဆရာ။ လုပ်ဖြစ်အောင်လုပ်မယ်"

ဟု ပြောလေတော့၏။

ထို့နောက် ကျွန်ုပ်လည်း စားပွဲအံဆွဲထဲမှ စာရွက်ခေါက်ကို ထုတ်ယူလိုက်ကာ -

"ကိုမြင့်ဌေးကိုကျုပ်ဖတ်ပြဦးမယ်။ မရှင်းတာရှိလည်းမေးပေါ့ဗျာ"

### အိမ်ပန္နက်မရိုက်မီ ရွတ်ဖတ်ရန် မြေသန့်ဂါထာ

*ဩောင်း နမော ပထဝီဇလသုန္ဒရီ သဗ္ဗည ဇောမိမဏ္ဍလံ။*

*ဇေယျော ဇေယျတု မင်္ဂလံ၊ မာရကမ္မံ သိဒ္ဓိကမ္မံ အပဟံဝန္တာမိ။*

*ဤ ဇမ္ဗူဒီပါ၊ တောင်ကျွန်းသာမှ၊ ရုက္ခမူလာ၊ အာကာသစိုး၊ ဗိဿနိုးနှင့်၊ တန်ခိုးကြီးမြတ်၊ သူရဿတီ၊ စန္ဒီပရမီ သွာ၊ မဟာပိန္နဲ၊ ယောရမန္တ၊ မဏိမေခလာ၊ မဟာဝဿဝရော၊ တာနေဒယက္ခ ကမ္ဘာ့ဏ်စသည့်၊ ထိုမှံများစွာ၊ နတ်တကာ တို့၊ ကောင်းစွာရှေးရှု၊ ကျွန်မူအပြီး ရောက်စေသော်။*

*ဤ ဇမ္ဗူဒီပါ၊ သာသည့်အထွတ် ဘဒ္ဒကပ်ဟု၊ မည်မှတ်တွင်ဘိ၊ ကြီးဘိ သေဋ္ဌနင်း၊ ရှင်နတ်မင်းတို့၊ ကောင်းခြင်း ချိန်ခါ၊ ရွေးချယ်ပါ၍၊ မြေမှာသတ်မှတ် ဤသည့်ရပ်၌၊ ဆောက်လုပ်မည့်အိမ် ငါတို့အိမ်ကို၊ ဆောက်လို၍သာ၊ တိုင် ကြားပါ၏၊ မြေမှာ လိပ်ကုန်း၊ သစ်စုန်း သစ်ဆွေး၊ မီးသွေးတိုင်ဟောင်း၊ ရွှေ ကျောင်းဆောက်ဖူး၊ လမ်းဦးလမ်းမ၊ တ သချိုင်း၊ လုတ်တိုင်းပြုဖူး၊ ဝက်ရူးနုန ဖြစ်ရာအဟောင်း၊ မြေမကောင်းလျှင် ပြောင်း၍ထားပါ၊ နတ်တကာတို့၊ မှ ရာအချက်၊ ပန္နက်ချရာ၊ မြေပထဗျာတွ သေချာကြီးကုတ်၊ (နေ့သားနှင့်နေ့သ ဆောက်လုပ်ပြီးသော်၊ အိမ်ကြီးပေါ် လယ်ယာကိုင်းကျွန်း၊ ဆင်မြင်းကျွဲန ဆန်ရေစပါး၊ စိန်ရွှေပတ္တမြား၊ လွှ များ၍၊ ဒါနသီလာ၊ ဘာဝနာတ အခါခါပွားပြီး၍၊ သက်ကားရာကျေ ရှည်စေသော်။*

*တီတီတွတ်တွတ်၊ မရွတ်တ သော်၊ ယွင်းချွတ်ချော်လည်း၊ ပြစ်သော မမြင်၊ ချစ်စိတ်ဝင်၍၊ နတ်ရှင်စားတော် ခေါ်လှည့်ပါလော့။ ဇဟိ ဇဟိ ဘုဥ္ဇာ ဘုဥ္ဇာဟိ၊ သောင်းရံဇမ္ဗူ၊ တောင်ကျွ ငူတွင်၊ ဝှန်းဆူဘုန်းဟော့၊ ဂုဏ်ပေ ကြွေ့သား၊ အရှေ့နေထွက်၊ အနော နေဝင်၊ တောင်တွင် တံငါကွန်တိုင် ခိုင်တာရှည်၊ တည်နေအုပ်စိုးတော် ကုန်သော ဒေဝဒေဝါ နတ်တကာ မှတ်ရာအချက်၊ ပန္နက်ချလျှင်း၊ ဤ တလင်း၌၊ ချွတ်ယွင်းတိမ်းစောင်း မကောင်းကို၊ ထောင်းထောင်းဖြိုဖ ဘေးရန်ပျက်အောင်၊ နတ်စက်ဝင် မူကြပါ၊ ဂုန်လော့။*

"ဒမြေသန့်ဂါထာကတော့ အဲ ဗျာ။ ရော့- ယူသွားပေတော့"

"ကျေးဇူးပါပဲ ဆရာ။ ကျွန် ကို ခွင့်ပြုပါဦး"

ကောင်းစံသာ (မင်း



www.burmeseclassic.com

www.burmeseclassic.com


ဆီး၊ဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၁၁၁ Y ၀၀၉၃၇၃ (ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက - ၅၈/၀၅၁၃)




"မင်္ဂလာပါဆရာကြီး"ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟော့ ဘယ်သူတုန်းကွယ့်"။ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ"ဆိုမှ ငယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ဩော် မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ။ ချည့်နဲ့နဲ့ နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး စားမကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ တော်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟော့ . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး၊ ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ။ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်။ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာ ကတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့် ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘော်သီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်မသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့။ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲ လေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်။ "ဒါပေါ့လေ ပုထုဇဉ်ရဲ့စရိုက်ကိုက သတိလက်လွှတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်း ကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နိုးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူ့ရဲ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ လေး ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ် တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြယုဂ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင် လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါး တဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး ညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေးပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးထွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်ထားနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ။ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ်" "ကျန်းမာချမ်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ် ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး။ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်းစေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟော့ မောင်ထွန်းကျော် ကျန်းမာစိုပြည် လို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှုများနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး "ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၅)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄။


www.burmeseclassic.com

www.burmeseclassic.com

**စွန့်ပစ်ပစ္စည်း**

ကမ္ဘာမြေကြီးပေါ်မှာ ဖြစ်တည်နေသမျှကာလပတ်လုံး လူတွေ၊ တိရစ္ဆာန်တွေ၊ စက်ရုံအလုပ်ရုံတွေ၊ ယာဉ်အမျိုးမျိုးတွေ၊ သစ်ပင်မြက်ပင်ချုံပင်နွယ်ပင်တွေအားလုံးဟာ စွန့်ပစ်ပစ္စည်း ဆိုတာ ရှိတယ်။

လူတွေ၊ တိရစ္ဆာန်တွေက ကျင်ကြီးကျင်ငယ် စတာတွေ စွန့်တယ်။ စက်ရုံ၊ အလုပ်ရုံတွေက ရေဆိုးရေညစ်တွေ၊ ဓာတုအခိုးအငွေ့တွေ စွန့်ထုတ်တယ်။ ယာဉ်အမျိုးမျိုးတွေကလည်း ညစ်ညမ်းတဲ့အခိုးအငွေ့တွေ စွန့်ထုတ်တယ်။ သစ်ပင်မြက်ပင်ချုံပင်နွယ်ပင်တွေကလည်း ရွက်ဟောင်းတွေ၊ ပွင့်ဖတ်တွေ စွန့်ထုတ်တယ်။ မိမိတို့အသုံးမပြုတော့တဲ့အရာဖြစ်တဲ့ အညစ်အကြေးတွေကို စွန့်ထုတ်ကြခြင်းပါ။ ဒါက အကြမ်းအားဖြင့် သာမကအနေနဲ့ပြောခြင်းပါ။

မြတ်စွာဘုရား အင်္ဂုတ္တရနိကာယ်မှာ ခန္ဓာကိုယ်ကထွက်သမျှ ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး၊ နှပ်၊ သလိပ် စတဲ့ စွန့်ပစ်ပစ္စည်း အညစ်အကြေးတွေဟာ မကောင်းသောအနံ့ရှိတယ်၊ နှစ်လိုဖွယ် မရှိလို့ ဟောထားတော်မူပါတယ်။

မှန်ပါတယ်။ ခန္ဓာကိုယ်က မလိုလို့ စွန့်ပစ်လိုက်မှတော့ အညစ်အကြေးမို့ စွန့်တာလေ။ အညစ်အကြေးဆိုတာ ဘယ်မှာ အနံ့ကောင်းနိုင်မလဲ။ ရွံရှာစက်ဆုပ်ဖွယ်အတိဖြစ်သွားတော့တာပေါ့။

စွန့်ပစ်ပစ္စည်း ဆိုတာ မြို့တွေ၊ ရွာတွေ၊ အိမ်တွေကလည်း နေ့စဉ်နဲ့အမျှ

ပြန်ရတယ်။ ပလတ်စတစ်တွေပြန်လည်စုပေါင်းရင် ပလတ်စတစ်ပစ္စည်းအသစ်တွေ ပြန်လုပ်လို့ရတယ်။ ဖက်တွေ၊ သစ်ရွက် သစ်ကိုင်းတွေက မြေသြဇာပြန်ဖြစ်တယ်။

တရုတ်ပြည်မှာဆိုရင် အမှိုက်တ[illegible] အုပ်စုခွဲပြီး စနစ်တကျ ပစ်တာကြော[illegible] နို့ဆီဘူးခွံ စတဲ့ သံစတွေစုပေါင်းတဲ့အ[illegible] တိုင်းပြည်အတွက် လယ်ထွန်စက်တော[illegible] တော်များများ ပြန်ထုတ်နိုင်ကြောင်း ကျွန်တော်ငယ်ငယ်က ဖတ်ဖူးတယ်။ သုတပဒေသာမှာ ထင်ပါရဲ့။

နွားချေး၊ ကျွဲချေး၊ မြင်းချေးတွေ ဆိုတာ စွန့်ပစ်ပစ္စည်းပေမယ့် စိုက်ပျိုး[illegible]



(stamp)

ဒီစာစုကိုရေးဖို့ ကြံစည်နေခဲ့တာကြာပါပြီ။ ၂၀၁၂ သုရဇ္ဇအထူးထုတ်မဂ္ဂဇင်းဖတ်ရင်း စာမျက်နှာ (၄၂၈) ပါ ဦးသိန်းထွန်း (ကြော်ငြာ) ၏ 'နှင်းခူမင်းမူ နေလျှင် နံနက်စောစော စွန့်ထုတ်သည့် ဆီးဖြင့်ကုသပါက ပျောက်ကင်းကြောင်း' ကို ရေးထားတဲ့ ဆောင်းပါးတိုကလေးကို ဖတ်ရပါမှ အထင်မသေးသင့်တဲ့ စွန့်ပစ်ပစ္စည်းအကြောင်း ရေးပြဦးမှပဲဆိုပြီး ရေးဖြစ်ပါတော့တယ်။

ဆီး ဆိုတာ ဆေးကုရာမှာခေါ်တဲ့ ယဉ်ကျေးတဲ့အခေါ်အဝေါ်ပါ။ ဆီးဝမ်းမှန်ရဲ့လား၊ ဆီးက ဘာအရောင်ရှိသလဲ စသည်ဖြင့် ကုသတဲ့ ဆရာဝန်က မေးလေ့ရှိပါတယ်။ ကျင်ကြီး၊ ကျင်ငယ်ဆိုတဲ့ ဝေါဟာရကျတော့ ဘာသာရေးနယ်ပယ်မှာ ရဟန်းသာမဏေတွေ သုံးပါတယ်။ သေး၊ အပေါ့၊ ရှူးရှူး စတဲ့ ဝေါဟာရတွေကျတော့ ရပ်ထဲရွာထဲမှာသုံးကြတာပါ။ အချို့ဒေသကျတော့ အခင်းကြီး၊ အခင်းငယ်လို့သုံးတာလည်း ကြုံရပါတယ်။ အဲဒီ အခင်းကြီး၊ အခင်းငယ် ဆိုတဲ့ ဝေါဟာရဟာလည်း အတော်ယဉ်ကျေးပါတယ်။

စွန့်ထုတ်နေကြပါတယ်။ အဲဒီစွန့်ထုတ်လိုက်တဲ့ အမှိုက်တွေဟာ အကုန်လုံး အကျိုးမဲ့မဖြစ်ပါဘူး။ သုံးတတ်ရင် အမှိုက်ထဲက ရွှေ ဆိုတဲ့ စကားအတိုင်း စက္ကူစုတ်တွေကို ပျော့ဖတ်ပြန်လုပ်ရင် စက္ကူပြန်ရတယ်။ သံတိုသံစတွေကို စုပေါင်းအသုံးပြန်ချရင် သံထည်ကြီးတွေ

လုပ်ငန်းတွေမှာ မရှိမဖြစ် သဘာဝမြေ[illegible] သြဇာတစ်မျိုးပါ။ ဘေးထွက်ဆိုးကျိုး[illegible] လုံးဝ မရှိပါဘူး။ ခေတ်မီမြေသြဇာတွေ[illegible] မပေါ်မီ ရှေးအစဉ်အလာအား[illegible] တောင်သူတိုင်းအားထားရတဲ့ မြေသြဇာ



www.burmeseclassic.com

ယခုခေတ်မှာလည်း သုံးစွဲနေဆဲရှိပါတယ်။

ရှေးအခါက ယွန်းထည်တွေမှာ အထဲမှာ အကြွမ်းရက်ထားတဲ့ နှီးသား ... နွားချေးနဲ့ ဦးစွာ သုတ်လိမ်းရတယ် ... သိရပါတယ်။ အဲဒါကြောင့် အပြော ... ပြီး အတွင်းစိတ်ပုပ်တဲ့လူကို 'အပေါ် ... ရွှေမှုန်ကြဲ၊ အထဲ နွားချေးခံ'လို့ စကား ... ခဲ့ခြင်း ဖြစ်ပါတယ်။ အခုခေတ်မှာ တော့ သုံးဟန်မရှိတော့ပါဘူး။ ခေတ်မီ ... တက်ခဲ့ပါပြီ။

လေးကောင်ဂျင်လောင်းကစားပြု ... တဲ့အခါ ဂျင်သီးကို တိုက်ပန်းကန်ထဲ ... လှည့်ပြီး ယွန်းကွမ်းအစ်အဖုံးနဲ့သာ အုပ်လေ့ရှိကြပါတယ်။ အဲဒီလို ယွန်း ကွမ်းအစ်အဖုံးနဲ့ အုပ်ထားရင် ခေတ်မီ ... ဖောက်ထွင်းမှန်ရော အင်းအိုင်၊ ခါးလှည့် ... တက်ဖွဲ့၊ မန္တရားအစွမ်းရော၊ ခွက်ဖောက် ... ဆေးအစွမ်းရော ဘယ်အရာမှ အထဲကို ... ဖောက်ထွင်းမြင်နိုင်စွမ်းမရှိဘူးလို့ ကြား ... ပါတယ်။ အဲဒါက နွားရဲ့စွန့်ပစ်ပစ္စည်း နွားချေးကို အထဲမှာ သုတ်လိမ်းထားတဲ့ အစွမ်းကြောင့်လို့ ဆိုပါတယ်။ နွားချေး ... တန်ဖိုးရှိလှပါတယ်။

မိုင်းရှူးရတနာမြေပေါ် ပေါက်လာတော့ မိုင်းရှူးရတနာမြေမှာ မြန်မာနိုင်ငံ အနှံ့က လူတွေ ခြောက်သိန်းလောက် စုပုံခဲပြွတ်နေတာမို့ အဲဒီလူတွေစားဖို့ သီးနှံတွေ အများအပြား စိုက်ပျိုးကြပါတယ်။

အဲဒီလို စိုက်ပျိုးဖို့ ကျွဲ၊ နွား၊ မြင်းရှိတဲ့အိမ်တွေမှာ ကျွဲ၊ နွား၊ မြင်းတွေရဲ့ချေးတွေကို သူထက်ငါ အလုအယက်ဝယ်ယူကြရပါတယ်။ ထော်လာဂျီတစ်စင်းကို တစ်သိန်းအထိတောင် ပေးဝယ်ကြရတာပါ။ တိရစ္ဆာန်မွေးမြူသူတွေ ရွှေဖြစ်ကြပါတယ်။ အမှိုက်နေ ရွှေဖြစ်ကြခြင်းပါ။

တရုတ်နိုင်ငံနဲ့ ကျွန်တော်တို့နဲ့နယ်နိမိတ်ချင်းစပ်လျက်ရှိတဲ့ ယူနန်ပြည်နယ်ဟာ သံတောင်တွေများပြီး သံချက်စက်ရုံတွေ များတာကြောင့် မြေတွေဟာ အများအားဖြင့် တောင်ကတုံးတွေပါ။ တောင်ကတုံးတွေများတာကြောင့် လောင်စာထင်းအလွန်ရှားပါတယ်။ လောင်စာပြဿနာကို မိမိတို့ စွန့်ပစ်တဲ့ စားကြွင်းစားကျန်များ၊ ဟင်းသီးဟင်းရွက်နွှာစာများ၊ ဆီးများ၊ ဝမ်းများ၊ တိရစ္ဆာန်အညစ်အကြေးများ စတဲ့ စွန့်ပစ်ပစ္စည်းတွေကို အလုံကန်လုပ်ပြီး မီသိန်းဓာတ်ဖောက်ရပါတယ်။ အဲဒီ မီသိန်းဓာတ်ငွေ့နဲ့လောင်စာပြဿနာကို ဖြေရှင်းရတာပါ။ အဲဒါက မော်စီတုန်းခေတ်ကပါ။ မီသိန်းဓာတ်ဟာ အတော်နံစော်ပေမယ့် လောင်စာပြဿနာကို အမှိုက်အညစ်အကြေးနဲ့ဖြေရှင်းတဲ့နည်းပါ။ဒီကိစ္စကို လူထုဒေါ်အမာက 'ဘဝချင်းမတူသည့် တရုတ်ပြည်' ဆိုတဲ့ စာအုပ်မှာ ဖော်ပြခဲ့ဖူးပါတယ်။

တိရစ္ဆာန်တွေရဲ့ချေးမှာ လင်းနို့ချေးဟာ မြေဩဇာအကောင်းဆုံးလို့ဆိုကြပေမယ့် လင်းနို့ဂူ ဆိုတာ လူတွေနဲ့ အလှမ်းဝေးတာကြောင့် ခက်ခဲလှပါတယ်။

ကျွန်တော်ငယ်စဉ် မြင်းခြံမှာ စာသင်နေစဉ်က မြို့အနောက်ဘက်က ဧရာဝတီမြစ်ရဲ့ နုန်းမြေနုဆေးစိုက်ခင်းတွေဆီ မကြာခဏ အညောင်းပြေလမ်းလျှောက်ရင်း ရောက်လေ့ရှိတယ်။ ဆေးရွက်ကြီး၊ ဗာဂျီးနီးယားစီးကရက်ဆေး၊ ခရမ်းချဉ်၊ မြေပဲ၊ ပဲမျိုးစုံ၊ စိမ်းစားဥ၊ ဖရဲသီး စတာတွေလည်း အနည်းငယ်စိုက်ပျိုးကြပါတယ်။

အဲဒီမှာ ဆေးရွက်စိုက်ခင်းတွေကို

# နေပြည်တော်ကျော်ကျော်စိုး

## အထင်မသေးသင့်သော စွန့်ပစ်ပစ္စည်း



www.burmeseclassic.com

လူချေး၊ လူသေး ရောသမမွှေပြီး ပင်ခြေတွေကို လောင်းပေးရပါတယ်။ အဲဒီလို လောင်းတဲ့ရက်တွေဆိုရင် နှာခေါင်းပိတ်ပြီး ပြေးရတော့တာပဲ။ ဆေးပင်အတွက် အကောင်းဆုံးမြေသြဇာလို့ ဆိုပါတယ်။ လေကောင်းလေသန့်မရတဲ့နေ့တွေပါ။

ဆေးရွက်ပင်တွေကလည်း သူတို့ကြိုက်တဲ့အစာ ကျွေးလိုက်တာနဲ့ စိမ်းမှောင်ပြီးထလာတော့တာပါပဲ။ အလွန်ကောင်းတဲ့ မြေသြဇာပါလားလို့ အောချယူရပါတယ်။ ဒီလောက်များတဲ့မစင်တွေ ဘယ်ကရသလဲဆိုတော့ မြင်းခြံထောင်က ရတာတဲ့။ ဟုတ်သားပဲ။ မြင်းခြံထောင်ကြီးဟာ နည်းတာမှတ်လို့ အကြီးကြီးပါပဲ။နေ့စဉ် မစင်တွေ လိုသလောက် ရနိုင်တာကိုး။

မိုင်းရှူးမှာ ကျွန်တော် မန်နေဂျာ တာဝန်ယူ အုပ်ချုပ်စဉ်က ကွင်းဆင်း မန်နေဂျာ အားထောင် ဆိုတာ ရှိတယ်။ သူက တရုတ်ပြည် ယူနန်နယ်သားပါ။ သူက ပြောပြဖူးတယ်။

"ငါတို့တရုတ်ပြည်မှာနေတုန်းက စိုက်ခင်းတွေလောင်းဖို့ ချေးပုံးတွေ ရှေ့နောက်ထားပြီး ထမ်းပိုးနဲ့ထမ်းရတယ်။ အဲဒီလို ချေးပုံးတွေထမ်းရင်း ပေါက်စီ စားသွားကြရတာ။ ငါတို့တွေ ချေးကိုမရွံတတ်ဘူး။ ထမင်းစားပြီး ချေးဖြစ်တာပဲကွာ။ ဘာရွံစရာရှိလဲ။ ဗမာတွေကျတော့ ချေးကို ရွံလိုက်တာကွာ၊ အံ့ရောပဲ။ တို့ဆီမှာ ဒီလူတွေဘယ်လိုလုပ်မလဲ"

လို့ ဆိုပါတယ်။

ပြောလည်း ပြောလောက်စရာပါပဲ။ နေပြည်တော် အောင်သုခကျေးရွာ (ယခင် ဆိတ်နံ့တုန်း) က ကျွန်တော့်ညီမကြီးရဲ့ယောက်ျား တင်မောင်လတ်ဆိုရင် အိမ်မှာ အများဆန္ဒအရ ရေလောင်းယင်လုံအိမ်သာတည်ထားပေမယ့် သန့်စင်တဲ့အခါ ရေမသုံးဘဲ တုတ်ခနောင်းပဲ အမြဲသုံးပါတယ်။

ကျွန်တော်က -

"တင်မောင်လတ်ရာ၊ မင်းဟာ တုတ်သုံးမယ့်အစား တစ်ရှူးစက္ကူလိပ် သုံးပါလားကွ"

လို့ ပြောတော့ -

"စက္ကူသုံးလို့ မတော်တဆပေါက်သွားရင် ဘယ်လိုလုပ်မလဲ အစ်ကိုလေးရဲ့၊ လက်တွေပေကုန်မှာပေါ့" တဲ့ဗျာ။

ဒီအထိ ရွံတတ်တာပါ။ ခရီးသွားတော့မယ်ဆိုရင် တင်မောင်လတ်ဟာ ဝါးခြမ်းတွေ၊ တုတ်ခနောင်းလေးတွေ လုပ်ပြီး ခရီးဆောင်အိတ်ထဲ ထည့်လေ့ရှိတယ်။ ရောက်ရာအရပ်မှာ သန့်စင်ရေးကိစ္စ ဖြေရှင်းဖို့ပါပဲ။ ဒီလိုလူမျိုးကလည်း ရှာမှရှားထင်ပါရဲ့။ ဘိုထိုင်အိမ်သာတွေဘာတွေ တက်ရလို့ကတော့ အတော်အခက်ကြုံမှာပါ။

နွားချေး၊ ကျွဲချေး၊ မြင်းချေး၊ ကြက်ချေး၊ ဝက်ချေး၊ လူချေး စတဲ့စွန့်ပစ်ပစ္စည်းအညစ်အကြေးတွေတိုင်း မကောင်းတဲ့အနံ့ရှိပေမယ့် သုံးတတ်ရင် အင်မတန်မှ အသုံးဝင်လှပါတယ်။ အမှိုက်ကနေ ရွှေဖြစ်နိုင်ကြပါတယ်။

နွားနက်ကျင်ငယ်ရေနဲ့ ဆီးဖြူသီး၊ ဖန်ခါးသီးကို စိမ်သောက်ရင် ရောဂါအတော်များများပျောက်နိုင်ကြောင်းလည်း ဖတ်ရပါတယ်။ ဗုဒ္ဓဟောကြားခဲ့ကြောင်း သိရပါတယ်။

မယဒေဝလင်္ကာသစ်နဲ့ကျော်ကြားတဲ့ မန်လည်ဆရာတော်ကြီးဟာ ကျန်းမာရေးမကောင်းရှာပါဘူး။ သူ့ကျောင်းမှာ နွားနက်ကြီးတစ်ကောင်မွေးထားပြီး နံနက်တိုင်း ဆရာတော်ကြီးက ခွက်တစ်ခုကိုင်ကာ -

"ကဲ - သမားတော်ကြီး၊ ဆေးရည်စွန့်ပါဦး"

လို့ တောင်းလေ့ရှိသတဲ့။

နွားနက်ကြီးကလည်း လိမ္မာတော့ သူ့သေးကို ပေါက်ထည့်ပေးလေ့ရှိတယ်လို့ဆိုပါတယ်။အဲဒါကြောင့် ဆရာတော်ကြီးက နွားနက်သေးကို ညွှန်းတဲ့ တေးထပ်တစ်ပုဒ် စပ်ဆိုပါတယ်။

*'သီတာရေနွားနက်ဓာတ်*
*ဆားစွက်ခတ်သောက်ပါ*
*ဖျားငှက်ပြတ်ပျောက်ကွာတယ်*
*နောက်မလာပျက်ပြုန်း*
*မန်လည်မြို့ နဂရာပေါ်မှာ*
*ဆရာတော်စွဲသည့်လက်သုံး*
*ဆ,နဝုဘေးယုတ်မာ*
*ဝေးဆုတ်ခွာဖျက်မှုန်း*
*ဆေးဗုဒ္ဓါအထက်ဆုံးဟာမို့*
*တစ်သက်လုံးသုံးသင့်ပြီ*
*အနံ့မှာငွေ့ငွေ့လှိုင်းသော်လည်း*
*နေ့နေ့တိုင်းသုံးသင့်တော့သည်။*
*ရွှေ့ရွှေ့မဆိုင်း နှလုံးကြည်အောင်*
*ပြုံးရယ်ရယ်မျက်နှာထားရယ်နဲ့*
*ခွက်ဖလားမှောက်ထည့်ကာ*
*သောက်ကွယ့်မကြာ။*
*မကြောက်နဲ့ အတန်ကြာလျှင်*
*မနံ့ပါပြီဘူးကွယ့်လေး။ ။*

လို့ စပ်ဆိုထားပါတယ်။

ဆိုလိုတာက နွားနက်သေးကို နံနက်တိုင်း ခံယူပြီး ဆားခတ်သောက်ရင် ငှက်ဖျားအပြင် (၉၆) ပါးသောရောဂါ ဝေဒနာတွေ မကပ်ငြိနိုင်ဘူးလို့ ဆိုထားခြင်းပါပဲ။ အကျင့်လုပ်ပြီး နေ့စဉ်သော[illegible] ရင် မနံတော့ဘဲ အနံ့ယဉ်သွားကြောင်း[illegible] ကိုလည်း ညွှန်းဆိုပါတယ်။

ဒါက နွားနက်ရဲ့စွန့်ပစ်ပစ္စည်း[illegible] တဲ့ နွားသေးကို ညွှန်းဆိုထားခြင်းပါ။ [illegible] တို့ အလွယ်ခေါ်ကြတဲ့ အဲဒီ သေးဆို[illegible] အရာ အသုံးဝင်ပုံလေးတွေကို ရေးပြ[illegible] တာပါ။ အဲဒါကြောင့် သေးနိဒါန်း[illegible] လိုက်ခြင်း ဖြစ်ပါတယ်။

**မြွေသေကို ရှင်စေသောဆေး**

ကျွန်တော်တို့ ပြန်ကပြေး [illegible] ကျောင်းရဲ့ ပတ်ဝန်းကျင်မှာ မြွေတွေ[illegible] အောင်းနေထိုင်နိုင်တဲ့အနေအထား[illegible] ရှိတာကြောင့် မြွေကြီးကြီးမားမားမဟု[illegible] သော်လည်း အသင့်အတင့်အရွယ် [illegible] တွေ ထွက်လာတတ်ပါတယ်။

မြွေသတ္တဝါကို တစ်ယောက်[illegible] မြင်လိုက်လို့ကတော့ အဲဒီမြွေပြေးနိုင်[illegible] လွတ်တာပါ။ 'မြွေ မြွေ' လို့ အော်လို[illegible] တာနဲ့ 'တစ်ယောက်တစ်ချက် ကျော[illegible] သားလက်' ဆိုတဲ့အတိုင်း ကြုံရာတု[illegible] တစ်ယောက်တစ်ချက် ဝိုင်းရိုက်လို[illegible] တယ်ဆိုရင်ပဲ အဲဒီမြွေစိစိညက်ည[illegible] ကြေပြီး မလှုပ်နိုင်တော့ပါဘူး။ တွေ့[illegible] မြွေ အတော်ကံဆိုးတာပါ။

ဆော့တဲ့နေရာမှာ ဝိဇ္ဇာဘွဲ့[illegible] လောက်တဲ့ ဘုန်းကြီးကျောင်းသား[illegible] ဟာ မြွေသေကို ဒီအတိုင်းထားခဲ့[illegible] မရှိပါဘူး။ အများအားဖြင့် မြွေကို ပုံစံ[illegible] အောင် တုတ်နဲ့ခွေပါတယ်။ ပြီးတာ[illegible] မြွေခွေကို သေးနဲ့ဝိုင်းပန်းပြီးထားခဲ့[illegible] တာ ထုံးစံပါ။ မြွေသေဟာ သေးအိုင်[illegible] ကျန်ရစ်တာပါ။ အတော်ကြာ ရှင်၊ မ[illegible] ပြေးကြည့်လေ့ရှိတယ်။

ကျွန်တော်တို့ ကလေးတွေ[illegible] အယူရှိတယ်။ အဲဒါက မြွေသေကို သေ[illegible] နဲ့ ဝိုင်းပန်းရင် အဲဒီမြွေပြန်ရှင်တယ်[illegible] အယူရှိကြတာပါပဲ။ အဲဒါကြောင့် ရှ[illegible] အောင် သေးနဲ့ဝိုင်းပန်းပြီးထားခဲ့ခြင်း[illegible]

အမှန်တကယ် ခေါင်းစိစိညက်[illegible] ညက်ကြေအောင် အရိုက်ခံရတဲ့ မြွေ[illegible] တော့ ဘယ်ရှင်မှာလဲ။ ဦးခေါင်းမထိ[illegible] ဒဏ်ရာလောက်ရပြီး မေ့မြောနေတဲ့မြွေ[illegible] ကျတော့ သေးရဲ့ဓာတ်ကြောင့် သတိပြ[illegible] လည်လာကာ အဲဒီနေရာက ထွက်ခွာ[illegible] သွားတာပါပဲ။ မရှင်ရင် တုတ်နဲ့ကော်ပြ[illegible] လွှင့်ပစ်ကြပါတယ်။

အဲဒါကို ကျွန်တော်တို့က [illegible] အသက်ပြန်ဝင်တယ်လို့ ယူဆကြခြင်း[illegible] ဒဏ်ရာတွေ သေးနဲ့ပန်းတဲ့အခါ သေး[illegible] ဒဏ်ကျေလွယ်တာကြောင့် ဒဏ်ကျေပြ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်လှုပ်ရှားနိုင်ခြင်းပါ။ ကလေးဘုန်းကတော့ ဒီအသိဘယ်ရှိမှာလဲ။ မြွေသေကို သေးနဲ့ပန်းရင် ပြန်ရှင်တယ်လို့သာ အကြမ်းအားဖြင့် ကလေးအသိနဲ့ သိကြတာကိုး။

သေးဆိုတာ မြွေသေကို ရှင်စေတယ်လို့ ကျွန်တော်တို့တွေ သိကြတယ်။ အခြားအကောင်တွေဖြစ်တဲ့ ပုတ်သင်ညို၊ တက်တူ၊ ကင်းလိပ်ချော စတာတွေတော့ စမ်းသပ်လေ့မရှိကြပါဘူး။ အချို့ ဘက်ဆော့သူတွေကျတော့ ဘာကောင်မဆိုဖြစ် ကြုံရာရိုက်သတ်လေ့ရှိတာ ထုံးစံပါ။

## ပြိုင်စံရှားကစားနည်း

ကမ္ဘာမှာ ပြိုင်ပွဲတွေအမျိုးမျိုးရှိတယ်။ အိုလံပစ်ပွဲတော်မှာဆိုရင် ကစားနည်းပြိုင်ပွဲ (၁၀၀) ကျော်ရှိမယ် ထင်ပါတယ်။ အိုလံပစ်ပြိုင်ပွဲစာရင်းမဝင်တဲ့ ကစားနည်းတွေဆိုတာလည်း နိုင်ငံတိုင်းမှာ ရှိနေပါတယ်။ များမှများပါ။ အကောင်းအဟောင်းတွေ ရှိနေကြသလို အသစ်အသစ်တွေလည်း တီထွင်ကစားနေကြပါတယ်။

ဥပမာအားဖြင့် မြန်မာနိုင်ငံရဲ့ ခြင်းအလုံခတ်ပွဲဆိုရင် ကမ္ဘာ့စာရင်းမဝင်ဘူး။ အဆင့်မြင့်တယ်၊ လှပတယ်၊ သာယာသားပါတယ်၊စည်းလုံးညီညွတ်ခြင်းကို အဓိပ္ပာယ်ဆောင်တယ်။ ကျန်းမာရေးအတွက် အများကြီး အထောက်အကူပြုတယ်။ တတ်ဖို့လည်း လွန်စွာခက်ခဲတယ်။ စည်းနဲ့ဝါးနဲ့ဆိုင်းချက်နဲ့ ဟန်ရေးလှလှခတ်ပြလို့ရတယ်။ ကစားစရာကွင်းကျယ်ကျယ်လည်း မလိုဘူး။ အားအင်တွေလည်းမစိုက်ထုတ်ရဘူး။ သက်သောင့်သက်သာနဲ့ အလွန်အညောင်းပြေတဲ့ အားကစားနည်းပါ။ သို့သော်လည်း ခက်ခဲနက်နဲမှုကြောင့် ထင်ရဲ့၊ ကမ္ဘာ့စာရင်းမဝင်ပါဘူး။ရှေးက မန္တလေး ဘုရားကြီးကွင်းမှာ နှစ်စဉ် ပြိုင်ပွဲလုပ်လေ့ရှိတယ်။

ဘယ်နိုင်ငံမှာ ဘယ်ကစားနည်းတွေ ဘယ်လောက်ဆန်းပါစေ၊ ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားတွေရဲ့ ကစားနည်းတစ်ခုကိုတော့ ဘယ်နိုင်ငံမှ တွေ့မြင်နိုင်ကြမှာ မဟုတ်ပါဘူး။ အဲဒါက သေးအပြေးပြိုင်ခြင်းပါပဲ။

ပြိုင်ပွဲဝင်မယ့် ကျောင်းသားတွေဟာ ညီညီညာညာ တန်းစီပြီး ရှေ့ကိုသေးငေါ့ပန်းကြခြင်းပါ။ အဝေးဆုံးကို ငေါ့ပန်းနိုင်တဲ့ကျောင်းသားက လောင်းကြေးထည့်ထားတဲ့ သားရေကွင်း၊ လောက်စာလုံးတွေကို အကုန်ရပါတယ်။

ကဲ - ဘယ်လောက်ဆန်းကြယ်တဲ့ ကစားနည်းပါလဲ။ ဘယ်မှာရှာရှာ မတွေ့နိုင်တဲ့ ကစားနည်းပါ။ ပြိုင်ပွဲဝင်တဲ့ ကျောင်းသားဟာ လက်နဲ့ကိုင်ပြီး အားကုန်ညှစ်ပန်းရတာပါပဲ။ အဲဒီလို ပြိုင်ပွဲလုပ်ဖို့ ပြိုင်ပွဲဝင်နိုင်ဖို့ဆိုတာ လွယ်တော့တယ်မလွယ်လှပါဘူး။ အပေါ့သွားချင်စိတ်ရှိမှသာ ပြိုင်ပွဲဝင်နိုင်ခြင်းပါ။ အပေါ့မသွားချင်သူကတော့ ပွဲကြည့်ပရိသတ်ပါ။

လောက်စာလုံးကြေး၊ သားရေကွင်းကြေးမဟုတ်တောင် အိပ်ရာထမှာအပေါ့သွားကြရင် အလကားကြေးတောင် ပြိုင်ချင်ပြိုင်ကြတာကလား။ အဲဒီလောက်ဆော့ကြတဲ့ ဘုန်းကြီးကျောင်းသားတွေပါ။

ရှားရှားပါးပါး ပြိုင်ပွဲဝင်ရင် အဲဒီခေတ်ကဘုန်းကြီးကျောင်းသားတွေ ဂင်းနစ်စံချိန်ဝင်လောက်ပါတယ်။

## အနာတရဖြစ်ခဲ့သော်

မျောက်မူးလဲလို့ ခေါ်လောက်တဲ့ ဘုန်းကြီးကျောင်းသားတွေဟာ အဆော့မျိုးစုံကြတဲ့အခါ မကြာမကြာ ထိရှမိတာတွေရှိတယ်။ ထိမိခိုက်မိလို့ ဒဏ်ရာရပြီး သွေးထွက်တယ်ဆိုရင် သေးနဲ့ပန်းလို့ရတဲ့နေရာဆိုရင် ချက်ချင်းသေးနဲ့ပန်းကြတယ်။ ကိုယ့်ဟာကိုယ်ပန်းကြတာပါ။

သေးနဲ့ပန်းပြီး တံတွေးဆွတ်ကာ လက်မနဲ့ဖိနှိပ်လိုက်ရင် သွေးတိတ်သွားတော့တာပါပဲ။ ဒါဟာ ကလေးတို့ဘာသာဘာဝ ဆေးကုကြတဲ့နည်းပါ။

သေးဟာ စွန့်ပစ်ပစ္စည်း ဖြစ်ပေမယ့် ဘယ်လောက်စွမ်းတယ်ဆိုတာသိလို့လုပ်ကြတာမဟုတ်ပါဘူး။ အနာဖြစ်ရင် သေးနဲ့ပန်းရတယ်ဆိုတဲ့ ဘုန်းကြီးကျောင်းသား အစဉ်အဆက် သုံးကြတဲ့ နည်းမို့ လုပ်ကြခြင်းပါ။

ကိုယ့်ဟာကိုယ် ပန်းလို့မရတဲ့နေရာမျိုးဆိုရင် သူများကို အကူအညီတောင်းပြီး ပန်းခိုင်းရတယ်။ ကိုယ့်မှာသေးကုန်နေလို့၊ သေးပန်းပြီးလို့ရှိရင်လည်း ကိုယ့်ဆီက မထွက်နိုင်တာမို့ သူများကို ပန်းခိုင်းရတာလည်း ရှိတယ်။ ခိုင်းတဲ့ကျောင်းသားကလည်း တွန့်ဆုတ်ခြင်းမရှိဘဲ ရိုင်းပင်းကူညီလေ့ရှိတယ်။ ဒါက ဘုန်းကြီးကျောင်းသားတို့ရဲ့သဘာဝပါ။

အဲဒီလို သေးပန်း[ ]လို့ သွေးတိတ်သွားပြီဆိုတာနဲ့ အဲဒီကျောင်းသားဟာ အဲဒီဒဏ်ရာကိုမေ့သွားခဲ့ပြီး ထုံးစံအတိုင်း မျောက်ရှုံးအောင် ပြန်ဆော့လေ့ရှိကြတယ်။ ဒီလိုနဲ့ ဒဏ်ရာအနာတရတွေ ပျောက်ကြရတာ ဘုန်းကြီးကျောင်းသားတိုင်းလိုလိုပါပဲ။

အတော်အတန်ဒဏ်ရာအနာတရလောက်တော့ သေးနဲ့ပန်းပြီး ကုကြရတာဟာ ကျွန်တော်တို့ငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝတုန်းက ဂုဏ်ထုံးတစ်ခုပါ။

အဲဒါတွေကို ကြီးမှ ပြန်စဉ်းစားမိပြီး သေးလို့ခေါ်တဲ့ဆီးဟာ အတော်အသုံးဝင်တာပါလားလို့တွေးမိခဲ့ပါတယ်။ ခန္ဓာကိုယ်က စွန့်ထုတ်တဲ့ စွန့်ပစ်ပစ္စည်းဟာ ခန္ဓာကိုယ်အတွက် ပြန်လည်အသုံးချလို့ရတာပါပဲ။

## မိုးကုတ်ကျောက်တွင်းသမားများ

ကျွန်တော် အသက်(၂၀)အရွယ်မှာ မိုးကုတ်ကိုရောက်ပါတယ်။ မိုးကုတ်ရောက်တော့ ကျောက်တူးရတာလောက် စိတ်ကူးယဉ်လို့ကောင်းတာ ဘာမှမရှိဘူး။ သူကလည်း ထီထိုးရသလိုမျိုးပါပဲ။ ဒါပေမယ့် ထီထက် အများကြီး နီးစပ်တဲ့လုပ်ငန်းဆိုတော့ ကျွန်တော် အတော်သဘောကျတာပါ။ ဒါကြောင့်လည်း တွင်းသမားဘဝနဲ့ အချိန်ကုန်ရခြင်းပါ။

တွင်းအလုပ်လုပ်တယ်ဆိုတာ ကံပေးမှရတာမို့ တကယ်ဖြူစင်တဲ့လုပ်ငန်းပါပဲ။ ဒါပေမယ့် ဘယ်အလုပ်နဲ့မှမတူဘဲ အလွန် ပင်ပန်းလှပါတယ်။ ရာသီဥတုအေးလို့သာ တော်တော့တယ်။ အောက်ပြည်လိုသာ ပူမယ်ဆိုရင်တော့ တစ်စစီများ ပြုတ်ထွက်ကုန်မလား မသိပါဘူး။

လုပ်ရတဲ့အလုပ်က ကျောက်တုံးကျောက်ခဲကြီးတွေနဲ့ နပန်းလုံးပြီးလုပ်ရတဲ့အလုပ် ဆိုတော့ ထိခိုက်ဒဏ်ရာရတယ်ဆိုတာ အဆန်းမဟုတ်ဘူး။ အတော်အတန်ထိမိခိုက်မိလို့ကတော့ သေးနဲ့ပန်းပြီး အဝတ်နဲ့စည်းထားလိုက်တာပါပဲ။ အချို့ကျတော့ ဖြစ်ဖြစ်ချင်း သေးနဲ့ပန်းတယ်။ ပြီးရင် ခွေးလျှေးယားအယဉ်မျိုးအရွက်နဲ့ခြေပြီး အရည်ညှစ်ထည့်၊ အဖတ်နဲ့အုံပြီး စည်းထားလိုက်တာပါပဲ။ ဒီလိုနဲ့ ထိခိုက်ရှနာတွေပျောက်ရတယ်။ သိပ္ပံနည်းကျကုဖို့ဆိုတာက တွင်းတောဆိုတာ ရွာနဲ့အလှမ်းဝေးတဲ့ တောတွေထဲမှာဆိုတော့ လက်လှမ်းမမီနိုင်ကြပါဘူး။ ဒီလိုပဲ အရေးပေါ်လုပ်လိုက်ကြတာပါ။

ထိခိုက်ဒဏ်ရာကြီးတယ်၊ တွင်းဖိခံရတယ်၊ ခဲညှပ်ခံရတယ် ဆိုရင်တော့ အဲဒီလူကို အပမမှီအောင်, အနာဝင်း



www.burmeseclassic.com

www.burmeseclassic.com

မထည့်အောင် ကြိုတင်ကာကွယ်တဲ့ အနေနဲ့ ဆေးနဲ့ စတီသဘောပန်းရပါတယ်။ ပြီးမှ အခြေအနေပေါ် မူတည်ပြီး ထမ်း စင်နဲ့ ထမ်းသင့်တာ ထမ်းပြီး သယ်ရပါတယ်။ ရွာရောက်မှ သင့်ရာဆရာနဲ့ ကုသကြရပါတယ်။

ဖြစ်တယ်ဆိုရင် ဖြစ်ဖြစ်ချင်း မမေ့ကြတာက ဆေးနဲ့ပန်းဖို့ပါပဲ။ ဒါကို တွင်းသမားလောကအနေနဲ့ နားလည်ပြီးသားပါ။ ဆေးနဲ့ပန်းလိုက်တာနဲ့ မကောင်းဆိုးဝါး မကပ်နိုင်တော့ဘူးလို့ ရှေးကတည်းက အယူရှိကြပါတယ်။

လူဟာ ကံနိမ့်မှ တွင်းထိခိုက်တာပါ။ အဲဒီလို ကံနိမ့်ချိန်မှာ လူရဲ့လိပ်ပြာအလန့်ကိုစောင့်ပြီး မကောင်းဆိုးဝါးဝင်စီးတတ်ပါတယ်။ ထိခိုက်ရှနာဖြစ်လို့လန့်သွားတဲ့အချိန်မှာ မကောင်းမိစ္ဆာကို ကာကွယ်နိုင်ဖို့ ဆေးနဲ့ပန်းကြခြင်းပါပဲ။ ဆေးဆိုတဲ့ စွန့်ပစ်ပစ္စည်းဟာ အညစ်အကြေးပေမယ့် သူ့နေရာနဲ့သူ တန်ဖိုးရှိပါတယ်။

**လုံ့ထိုးက,ကြားမှာ**

လုံ့ထိုးက,ကြားဆိုတာ မိုးကုတ်အနောက်ပိုင်း ကျောက်ဖျာရွာကနေ သပိတ်ကျင်းမြို့ကိုသွားတဲ့ မြင်းလမ်းမှာရှိတယ်။ အဲဒီမြင်းလမ်းဟာ လှည်းခေတ်၊ လှေခေတ်လို့ပြောလို့ရတဲ့ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ကားတွေ မပေါ်များမီအထိ အသုံးပြုခဲ့ကြတယ်။

ကုန်စည်ကူးသန်းကြသူတွေဟာ ကုန်စည်ကို မြင်းနဲ့တင်ပြီး သပိတ်ကျင်းမြို့ကနေ တောလမ်းက သယ်ကြရတာပါ။က,ကြားဆိုတဲ့အတိုင်းပဲ အဲဒီက,ကြားဟာ တောင်နိမ့်နှံရုံနှစ်ဖက်ကြားကနေ သွားရတာ။ အနေအထားက ရန်သူတွေအတွက် အတော်အဆင်ပြေတယ်။အဲဒါကြောင့် အဲဒီက,ကြားကနေ ကုန်ဝယ်သွားတဲ့လူတွေကို တောကြောင်တွေက ဓားပြစောင့်တိုက်လေ့ရှိတယ်။ က,ကြားဟာ လူတစ်ရပ်မျှသာမြင့်တာမို့ လှံ့လက်တစ်ကမ်းအတော်ပါပဲ။

အဲဒီ ကကြားမှာ ရှေးအစဉ်အလာတည်းက ဓားပြတိုက်ကြလေတော့ ခုခံကာကွယ်လို့ တစ်ဖက်နဲ့တစ်ဖက်ခုတ်ကြထစ်ကြနဲ့ သေဆုံးခဲ့ရတာတွေရှိခဲ့ဖူးတယ်။ အဲဒါကြောင့် လုံ့ထိုးက,ကြားလို့ နာမည်တွင်ခဲ့တယ်။

သေဆုံးခဲ့သူတွေဟာ မကျွတ်မလွတ်ကြဘဲ အဲဒီနားမှာပဲ တဝဲလည်လည်နဲ့ လှည့်ပတ် နေထိုင်ဟန်ရှိတယ်။ ဂျပန်ခေတ်မှာကတော့ ခေတ်အခြေအနေမကောင်းတာကြောင့် နေ့မှာအိပ်ပြီး ညမှာ တိတ်တဆိတ် မြင်းမောင်းရတဲ့ အခြေအနေကို ရောက်လာခဲ့တယ်။

သပိတ်ကျင်းနဲ့ကျောက်ဖျာဆိုတာ မိုင် (၅၁) နီးပါး ကားလမ်းမိုင် ရှိတယ်။ တောဖြတ်လမ်းဆိုရင် မိုင် (၄၀)လောက်တော့ရှိမယ် ထင်ပါတယ်။ မြင်းရဲ့ကျောပေါ်မှာ ဝန်တင်အပြည့်နဲ့မို့ သက်သက်ညာညာ လမ်းမှာ တစ်နေ့အိပ်ပါတယ်။ ဆိုရရင် (၂) ည မောင်းရတယ် ဆိုပါတော့။

ညမောင်းရတာ ဆိုတော့ တစ်ဦးတည်း မဟုတ်ပါဘူး။ ကျောက်ဖျာက ဘွားငြိမ်းရဲ့ခင်ပွန်း ဦးပန်းရယ်၊ ဒေါ်စောလှခင်ပွန်း ဦးစံရယ် အဖော်ညှိညှိပြီးမှ သွားလေ့ရှိကြတာ။ ဦးပန်း ဆိုတာက လူကောင်ထွားတယ်။ ရှမ်းနီဆိုတော့ စိတ်ကလည်းဆတ်တယ်။ အဆဲသန်သန်နဲ့ လူကြမ်းတစ်ယောက်ပါ။ ဦးစံကတော့ သာမန်အလုံးအထည်ပါ။ ဒါပေမယ့် သူလည်း ကိုယ်လုံးပညာ ခေါ် ရှမ်းသိုင်းတတ်ထားသူပါ။ နှစ်ဦးစလုံး ဓားလွယ်ကိုယ်စီနဲ့ပါပဲ။ သူလိုကိုယ်လို ဓားကိုင်၊ လှံကိုင်သူလောက်တော့ မမှုကြပါဘူး။

လရောင်ရှိပေမယ့် အများအားဖြင့် သစ်ပင်ဝါးပင်များကြားမှာ လမ်းကရှိလေတော့ မှုန်ဝါးဝါးသာ မြင်ကြရပါတယ်။ သူတို့နှစ်ဦး ကပိုင်ချောင်းရိုးကို ဖြတ်ကျော်ပြီး တောအုပ်တစ်ခုကို ဖြတ်ကျော်နေကြခြင်းပါ။

"အိုက်စံရေ၊ ရှေ့မှာ လုံ့ထိုးက,ကြားရောက်တော့မယ်။ သတိထားကွ"

လို့ ဦးပန်းက သတိပေးရာ ဦးစံဟာ ဓားရိုးပေါ် လက်ကအလိုလိုရောက်သွားပြီး ဖြစ်နေတယ်။ ခေတ်ပျက်နေတဲ့ အချိန်မှာ ဓားပြမတွေ့ဘူးလို့ မပြောနိုင်ပါဘူး။ ဒီက,ကြားဟာ လူတွေ့ရင်တွေ့၊ မတွေ့ရင် သရဲတစ္ဆေနှောင့်ယှက်နေကျ က,ကြားပါ။

နေ့လယ်နေ့ခင်း ဆိုရင်တော့ မျောက်တွေ အုပ်စုနဲ့သောင်းကျန်းတဲ့ နေရာပါ။ အဲဒီ က,ကြားကနေပြီး တွင်းလုပ်ရပ်ကွက်ဖြစ်တဲ့ သရက်ပင်ပြန့်၊ ကပိုင်ချောင်းရိုး၊ ကပိုင်မြိုင်ကြီးဆိုတာတွေ ကို ဖြတ်ကျော်သွားကြရစမြဲပါ။

မိန်းကလေးတွေ ကျောက်တွင်းတွေရှိရာ အဲဒီလုပ်ကွက်တွေကို ကနယ်ဆေးသွားမယ်ဆိုရင် တစ်ဦးစနှစ်ဦးစ မသွားရဲကြပါဘူး။ အုပ်စုဖွဲ့ တုတ်ကိုင်ပြီးမှ သွားကြရတာပါ။ တစ်ဦး၊ နှစ်ဦး သွားလို့ကတော့ မျောက်တွေက ဝိုင်းကိုက်လေ့ ရှိကြတယ်။ ယောကျ်ားကိုတော့မကိုက်ရဲကြပါဘူး။ လုံ့ထိုးက,ကြားဟာ အဲဒီလို နာမည်ဆိုးတွေနဲ့ကျော်ကြားတာပါ။

ဦးပန်းက မြင်း (၃) ကောင်၊ ဦး က မြင်း (၂) ကောင်၊ စုစုပေါင်း မြင်း (၅) ကောင်ဟာ အောက်ပြန့်ကနေ ထိုးက,ကြားကို စပြီးတက်တယ်ဆိုရင် ရှေ့ဆုံးမြင်းဟာ နှာတွေမှုတ်ပြီး တွ ဆုတ်တွန့်ဆုတ်လုပ်နေပါတယ်။ အဲ ကြောင့် နောက်မြင်းတွေလည်း အတူ တန့်ပြီး လန့်ကုန်ကြတယ်။ ခွာတွေခု ပြီး တရှူးရှူးတရှဲရှဲနဲ့ပေါ့။

"အိုက်စံ၊ မြင်းတွေနောက်ပြန် ပြေးအောင် မင်းအဲဒီကထိန်းထား၊ ပိ ထားနော်၊ ဟော့ကောင်- မပြေးစေနဲ့"

လို့ပြောကာ မြင်းတန်းဘေးက ရှေ့ဆုံးကို အမြန်ရောက်အောင်ပြေး မြင်းဇက်ကြိုးကို အမိအရ ဆွဲလိုက် တယ်။ ပါးစပ်ကလည်း လူကြမ်းဆိုတော့ မကြားဝံ့မနာသာ ခပ်ကြမ်းကြမ်း အော် ဟစ်ဆဲဆိုနေပါတယ်။ ပြီးမှ ရှမ်းဘော ဘီတစ်ဖက်ပင့်တင်လိုက်ပြီး မြင်းရဲ့မျက် နှာကို ဆေးနဲ့ပန်းတော့တာပါပဲ။ အတွ ကြောက်ရွံ့ ထိတ်လန့်နေတဲ့ မြင်း တစ်ခါတည်းငြိမ်ကျသွားပါတယ်။ ဦးပ က မြင်းဇက်ကိုကိုင်ပြီး လုံ့ထိုးက,ကြား ကနေ ဆွဲထုတ်လာပါတယ်။ အပေါ် ရောက်တော့ မြင်းတွေ ပုံမှန်အနေအ ထားရောက်ပါပြီ။ အဲဒီကျမှ ဦးပန်း မြ တန်းနောက်ကို ပြန်ရောက်လာပါတယ်။

သူတို့ ဒီက,ကြားမှာ ခုတစ်ခါ ကြုံတာ မဟုတ်ပါဘူး။ ငါးခေါက်သွား ရင် တစ်ခေါက်တော့ နှောင့်ယှက်နေ ပါ။ နှောင့်ယှက်တိုင်းလည်း မကောင်း ဆိုးဝါးလို့ခေါ်တဲ့ သရဲတစ္ဆေတွေကို ဆ ပဲ ဆေးနဲ့ပန်းပြီး တွန်းလှန်နေကျပါ ကလည်းကြမ်း၊ ဆေးကလည်း စွမ်း က သရဲတစ္ဆေတွေ ခံနိုင်ဟန်မရှိပါ ဒါက ဦးစံ ပြောပြထားခြင်းပါ။ ဦးပ ကို ကျွန်တော် မမီလိုက်ပါဘူး။ ဒါ သာကေတွေ အနယ်နယ်အရပ်ရပ်မှာ ကြပါလိမ့်မယ်။

**ဓာတ်တော်ကုန်း**

ဓာတ်တော်စေတီတော်ကြီး တ ရှိရာကုန်းကို ကျွန်တော်တို့က ဓာ တော်ကုန်းလို့ ခေါ်ကြပါတယ်။ ဒီစေတီ တော်ကြီးဟာ ဘယ်ခေတ်ဘယ်အခါက ဘယ်သူတည်ခဲ့တယ် ဆိုတာ ဘယ်သူမှ မသိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီ စေတီတော်ကြီး ပြန်လည် ပေါ်ပေါက် လာတာကလည်း စိတ်ဝင်စားစရာ အလွန်ကောင်းလှပါတယ်။

အဲဒီအချိန်က ကျွန်တော် မြန်မာနိုင်ငံတော် တိုင်းတစ်ပါးလက်



www.burmeseclassic.com

www.burmeseclassic.com

အောက်ရောက်နေတဲ့ အချိန်ကာလပါ။ ဓာတ်တော်ကုန်းလို့ခေါ်ကြတဲ့ကုန်းဟာ မြန့်ယောင်ယောင် ကုန်းပြင်ကျယ်ကြီးပါ။ သစ်ပင်ဝါးပင်ချုံပင်တွေ ပိတ်ဖုံးနေပါတယ်။ အဲဒီကုန်းကြီးကိုပတ်ပြီး သပိတ်ကျင်း - မိုးကုတ်ကားလမ်းကို အင်္ဂလိပ်တွေက ဖောက်ထားတာပါ။ ကုန်းကြီးကို ဝေယံကွေ့ပတ်ဝိုက်ပြီးတွေ့ရတယ်။ အဲဒီကုန်းကြီးဟာ မိုးရာသီမှာ မြူတွေအလွန်ထွက်တာမို့ ကျောက်ဖျာ၊ သစ်ဆိမ့်ကုန်း၊ အောက်ကျောက်ကြမ်း၊စခန်းကြီး၊အထက်ကျောက်ကြမ်း စတဲ့ ရွာတွေ မြူအမြဲလာရှာကြတဲ့နေရာပါ။

နွေရာသီတစ်ညမှာ အဲဒီကုန်းကြီး တစ်ခုလုံး နီရဲပြီးလင်းထိန်နေတာကို အောက်ကျောက်ကြမ်းရွာကလူတွေမြင်နေကြရပါတယ်။ အားလုံးက ကုန်းကြီး မီးလောင်နေတယ်ထင်ကြတာပါ။ ထူးဆန်းတော့ တစ်ရွာလုံး ထွက်ကြည့်ကြတယ်။

မီးလောင်ရင် မီးလောင်သံ၊ ဝါးပေါက်သံတွေ ကြားရတယ်။ ခုဟာက တိတ်တိ ငြိမ်သက်ပြီး လင်းထိန်နေတာပါ။ ခုခေတ် လျှပ်စစ်မီးအနီရောင်တွေ ထွန်းထားသလို အနီရောင်အလင်းက ကောင်းကင်အထိ လင်းထိန်နေတာပါ။

စခန်းကြီးပြီးရင် ဓာတ်တော်ကုန်း၊ ဓာတ်တော်ကုန်း လွန်တာနဲ့ သစ်ဆိမ့်ကုန်းရွာ၊ သစ်ဆိမ့်ကုန်းရဲ့တောင်ဘက်မှာ အောက်ကျောက်ကြမ်းရွာ ဆိုတော့ မြင်ကွင်းက အဝေးကြီးမဟုတ်ဘူး။ လျှိုကြီးတစ်ခု ကျော်ဖြတ်လိုက်တာနဲ့ ကုန်းကိုရောက်ပါတယ်။ တောင်တန်းဒေသမို့ တွေ့ဝိုက်နေခြင်းပါ။

အချိန်အတော်ကြာ နီရဲလင်းထိန်နေအပြီးမှာ တဖြည်းဖြည်း အနီရောင်တွေ မှေးမှိန်ပျောက်ကွယ်သွားပါတော့တယ်။ ဒါဟာ မီး မဟုတ်ဘူး။ စေတီကောင်းတစ်ခုခုက ဓာတ်တော်တွေကွန့်မြူးတာဖြစ်နိုင်တယ်လို့ လူကြီးသူမတွေက သုံးသပ်ကြပါတယ်။

ဒီကိစ္စကို နောက်နေ့မှာ ကျောက်ဖျာကျောင်းဆရာတော်ကြီး ဦးသီလကို သွားလျှောက်ကြပါတယ်။ ဦးသီလဟာ ကျောင်းဆရာတော်ကြီးပါ။သီလ၊သမာဓိ အရာမှာ ကျော်စောပြီး ပရိတ်ရွတ်ရင် ရေတောင်ဆူတယ်လို့ ပြောစမှတ်ပြုကြပါတယ်။ကျပ်ပြင်၊ ကောင်းဦးဘ၊ ပန်းမ၊ ဘောလုံးကြီး၊ ဘောလုံးလေး၊ ဆင်ခွာ၊ ကျောက်ကြမ်းကြီးက ပလောင်အများစုက လာရောက် ဆည်းကပ်ကိုးကွယ်ကြပါတယ်။ ရဟန်းအချင်းချင်းလည်း လေးစားကြည်ညိုကြပါတယ်။ အနီးတစ်ဝိုက်ရွာတွေကလည်း ဝိုင်းဝန်းဆည်းကပ်နေကြတဲ့အချိန်ပါ။

အောက်ကျောက်ကြမ်းက ဒကာတွေ လျှောက်ထားတဲ့အခါ ဆရာတော်ကြီးဟာ ကျောက်ဖျာကျောင်းကကျောင်းသားကိုရင်တွေ၊ ရွာကလူတွေခေါ်ပြီး မီးလင်းတဲ့ကုန်းကြီးကို ချုံတောတွေ ခုတ်ထွင်ရှင်းလင်းစေပါတယ်။

အဲဒီကုန်းကြီးရဲ့မြောက်ဘက်ပြန့်မှာ မြေပုံမို့မို့ကြီးတွေ့တာနဲ့ ပေါက်ပြားတွေနဲ့ ဝိုင်းဝန်းတူးကြတဲ့အခါ အုတ်ချပ်ကျိုးတွေ စတင်တွေ့ရှိပါတယ်။ ဆရာတော်ကြီးက ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်နိုင်ကြောင်းပြောပြီး ဆက်တူးကြတဲ့အခါ အောက်ဌာပနာတိုက်ကို တွေ့ရတော့တာပါပဲ။

အဲဒီလို တွေ့ကြရတဲ့အခါ စနစ်တကျ အောက်ဌာပနာပစ္စည်းတွေကို ကျောက်ဖျာကျောင်းကို သယ်ယူထိန်းသိမ်းထားခဲ့ပါတယ်။ အဲဒီအထဲမှာ ထူးဆန်းတာက ငှက်ပျောဖူးဖန်ပုလင်းထဲမှာ ထည့်ထားတဲ့ မုန်ညင်းစေ့အရွယ် ဓာတ်တော်တွေပါပဲ။ ဖန်ပုလင်းဆိုတာ ရှေးတုန်းက အတော်ရှားပါးတဲ့ပစ္စည်းဖြစ်ပြီး နိုင်ငံခြားကလာတာပါ။ အဲဒီ ဖန်ပုလင်းထဲမှာ ဓာတ်တော်တွေထည့်ပြီး ချိပ်နဲ့ ပိတ်ထားခြင်းပါပဲ။

ထူးဆန်းတာက ဓာတ်တော်တွေဟာ ဖန်ပုလင်းရဲ့အောက်ခြေမှာမနေဘဲ အပေါ်ပုလင်းဝဆီ စုပုံခဲ့ပြွတ်ကာနေကြတာပါ။ အဲဒီတုန်းက နေတဲ့ ကျောင်းသား ကိုရင်တွေဟာ ဓာတ်တော်တွေ အောက်ပြန်ကျအောင် ပြန်လှုပ်ချကြပါတယ်။ လှုပ်ချတော့လည်း ကျကုန်ကြတာပါပဲ။ ဒါပေမယ့် သတိရလို့ ပြေးကြည့်လိုက်ရင် ဓာတ်တော်တွေဟာ ပုလင်းဝမှာ ပြန်တက်နေတာကိုပဲ တွေ့ရလေ့ရှိပါတယ်။

အဲဒါကြောင့် ယခုလက်ရှိစေတီတော်ကြီး ပြန်လည် မတည်ဆောက်မီ မြတ်စွာဘုရားရဲ့ဓာတ်တော်များ၊အတွင်း အောက်ဌာပနာများကို ကျောက်ဖျာကျောင်းမှာ အပူဇော်ခံထားရှိခဲ့ပါတယ်။ ဓာတ်တော်တွေ၊ ဌာပနာတော်တွေကို လာဖူးသူတို့နဲ့ စည်ကားနေခဲ့ပါတယ်။

စေတီတော်ကြီး တည်ပြီးတဲ့အခါ ဓာတ်တော်တွေကိုအစွဲပြုပြီး ဓာတ်တော်စေတီလို့ အများက ခေါ်ကြပါတယ်။ စေတီတော်ကြီးဟာ ရောင်ခြည်တော် လွှတ်လေ့ရှိတာမို့ ကြုံကြိုက်သူတွေ ဖူးခွင့်ရကြပါတယ်။

အင်္ဂလိပ်ခေတ်မှာ ပြန်လည်တည်ဆောက်ခဲ့တဲ့ အဲဒီစေတီတော်ကြီးနဲ့ကုန်းကို ကျောက်ဖျာကျောင်းဆရာတော်ကြီး ဦးသီလက ပြန်လည် တည်ဆောက်ခဲ့တဲ့အတွက် ကျောက်ဖျာကျောင်းက ပိုင်ဆိုင်ပါတယ်။ နီးတာက စခန်းကြီးရွာနဲ့ သစ်ဆိမ့်ကုန်းရွာပါ။ ဦးစံက အဲဒီတုန်းက ကိုရင်ကြီးပါ။ ကုန်းတော်ကြီး ရှင်းလင်းရာမှာ၊ စေတီတော်တည်ရာမှာ သူပါခဲ့တာမို့ သူပြန်ပြောပြလို့ သိရခြင်းပါ။ ဒေါ်သီရိ ကိုင်တဲ့ ဓမ္မရုပ်စုံမဂ္ဂဇင်းမှာ ဓာတ်တော်ဘုရားသမိုင်းဖော်ပြပြီးသားပါ။ ဦးစံရဲ့ဓာတ်ပုံပါ ကျွန်တော် ဖော်ပြခဲ့ပါတယ်။

## ရေအားလျှပ်စစ်နဲ့ဘိုးကံလှ

ဓာတ်တော်အကြောင်း ဖော်ပြမှ ပြီးပြည့်စုံမှာမို့ ဖော်ပြရခြင်း ဖြစ်ပါတယ်။ အဲဒီ ကုန်းတော်မှာ ဓာတ်တော်စေတီကြီးနဲ့ စေတီရဲ့တောင်ဘက်ကပ်လျက် ဥပုသ်ဇရပ်သေးသေးလေး ရှိပါတယ်။ ခေတ်အဆက်ဆက် ရဟန်းအနေကျဲတာမို့ ဇရပ်ကလေးလည်း စုတ်ပြတ်နေပါပြီ။

အဲဒီ ဇရပ်လေးမှာ တောထွက်ရဟန်းတစ်ပါး လာရောက် သီတင်းသုံးနေထိုင်တဲ့အခါ အဲဒီ ရဟန်းတော်ကို ကြည်ညိုတဲ့ မိုးကုတ်မြို့ ရှမ်းစုရပ်က ဦးကံလှ၊ ဒေါ်လုံးတင်မိသားစုတို့က ကုန်းတော်ကြီးကို ရေအားလျှပ်စစ်မီး တပ်ဆင် ပူဇော်လှူဒါန်းကြမှာ ဖြစ်ပါတယ်။

ကျွန်တော်လည်း အဲဒီအချိန်က ဓာတ်တော်ကုန်းကို မကြာမကြာရောက်တဲ့အချိန်ပါ။ ကိုဘစိုးနဲ့ ကပိုင်မြိုင်ကြီးတွင်းမှာ ဖောက်တွင်းလုပ်နေတဲ့အချိန်ဆိုတော့ ဓာတ်တော်ကုန်းရဲ့ မြောက်ဘက်အခြေ လူသွားလမ်းက သွားရတာပါ။ ဒီတော့ ဆက်စပ်နေခြင်းပါပဲ။

ရေကို သရက်ပင်ပြန့်လုပ်ကွက်ဆီ သွယ်တန်းထားတဲ့ ရေမြောင်းက ယူပါတယ်။ ဦးစွာ ကုန်းထိပ်မှာ ရေကန်ကြီးတည်ပြီး အဲဒီရေကန်ကြီးရဲ့ဖိအား နဲ့ ရေဒလက်ပန်ကာကို လည်စေပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှာ ဖြစ်ပါတယ်။

ဦးကံလှကို ကျွန်တော်က ဘိုးကံလှလို့ ခေါ်ပါတယ်။ ကျွန်တော် မိုးကုတ်ရောက်စ မြို့လယ်ရပ်မှာနေစဉ်ကတည်းက အကျွမ်းတဝင် ခင်မင်ပါတယ်။

ဘိုးကံလှဟာ တရုတ်အစစ်ပါ။ ကျောက်ပြဿဒ်သူ ဒေါ်လုံးတင်နဲ့ အိမ်ထောင်ကျကာ မိုးကုတ်ရှမ်းစုမှာ နေခြင်း



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ကားတွေထောင်ထားပြီး ဝပ်ရှော့လုပ်ငန်း ကျွမ်းကျင်ပါတယ်။

မြို့လယ်ရိပ်သာရဲ့ ရက် (၁၀၀) တရားပွဲလုပ်တိုင်း သူ့ကားကြီးတွေနဲ့ ပိတ်စွယ်လယ်ဦးက တရားနာလာသူတွေကို အစဉ် ကားကုသိုလ်ယူပြီး ကြိုပို့လုပ်ပေးနေသူပါ။သူ့သားတွေလည်း ကားမောင်းကျွမ်းကြပါတယ်။ သားကြီး ကိုခင်မောင်ဌေးဆိုရင် ကျွန်တော်နဲ့ ညီအစ်ကိုလိုနေကြတာပါ။ဦးကံလှဟာ စိတ်ရင်းကောင်းပြီး အစဉ်အမြဲပြုံးနေတတ်သူမို့ လူချစ်လူခင်ပေါ်များပြီး ထင်ပေါ်လှပါတယ်။ ကျွန်တော့်ကိုလည်း သားလို ချစ်ခင်ပါတယ်။

ကျွန်တော် ကျောက်ဖျာမှာနေတော့ အနေဝေးကုန်ကြပါတယ်။ ဓာတ်တော်မှာ ပြန်ဆုံတော့ ဘိုးကံလှ (၇၀) ကျော်အရွယ်ဖြစ်နေပြီး လေဖြန်းထားမှုကြောင့် လက်အနည်းငယ်တုန်နေပါပြီ။ ဇရာဆိုတဲ့အရာက ဖိစီးနေပါပြီ။ ဆံပင်၊ မုတ်ဆိတ်တွေ ဖြူနေပါပြီ။ ဒါပေမယ့် အလုံးအထည်ကတော့ မကျသေးပါဘူး။

ရေအားလျှပ်စစ်စက်ရုံတည်တယ်။ ပြီးတော့ မီးကြိုး၊ မီးချောင်းတွေ သွယ်ပါတယ်။ အသင့်ဖြစ်ပြီဆိုတော့မှ ရေကန်က ရေကိုဖွင့်ပြီး နော်ဇယ်ခေါင်းနဲ့ ထိုးကာ ရေယက်ပန်ကာကို လည်စေပါတယ်။ ရေယက်ပန်ကာကြီး မွှတ်နေအောင်လည်ပါတယ်။ ဒိုင်နမိုကို မဂျိုင်းသေးပါဘူး။

အဲဒီလို လည်နေတဲ့ ရေယက်ပန်ကာရဲ့ရှပ်တန်းကို ဘိုးကံလှက ဆတ်ခနဲ လက်တစ်ဖက်နဲ့ ဖမ်းဆုပ်လိုက်တဲ့အခါ လက်ရဲ့ညှစ်အားကြောင့် ရေယက်ကြီး ရပ်သွားပါတယ်။ ရှပ်တန်းကို ဖမ်းထားခြင်းပါ။

"ကျော်စိုးရ ဒါဆို မီးမထွက်သေးဘူးကွ"

လို့ ပြောပါတယ်။

"ဘာဖြစ်လို့လဲ ဘိုးကံလှရဲ့"

"ငါ့လက်နဲ့ဖမ်းလို့မရတော့မှ မီးထွက်မှာ"

"ဟုတ်ပ့ါမလား ဘိုးကံလှရယ်"

"ကဲ - မင်းသိသွားအောင် ဖမ်းကြည့်ကွာ"

ဆိုပြီး ရှပ်တန်းကို လွှတ်ပေးလိုက်တယ်။ ရေယက်ပန်ကာကြီးကို နော်ဇယ်ပိုက်ထိုးမှုကြောင့် မွှတ်နေအောင် ပြန်လည်ပါတယ်။ ဒါနဲ့ ကျွန်တော်ဟာ ရှပ်တန်းကို ဖမ်းဆုပ်ပါတယ်။ ဘယ်လိုဆုပ်ဆုပ် မရပ်တာကြောင့် လက်နှစ်ဖက်နဲ့ ဆုပ်ပြန်ပါတယ်။ မရပါဘူး။ ဒါနဲ့ ကျွန်တော်နဲ့အတူပါတဲ့ ကိုဘစိုးက ဆုပ်ပြန်ပါတယ်။ ကိုဘစိုးဟာ ကျွန်တော့်ထက် အများကြီး အားကောင်းသူပါ။ သူလည်း လက်လျှော့ရပြန်တယ်။ ဒါနဲ့ တစ်ယောက်ပြီးတစ်ယောက် အဲဒီ ရှပ်တန်းကို ဆုပ်ပြီးဖမ်းကြတာ တစ်ဦးမှမအောင်မြင်ကြပါဘူး။ ဘိုးကံလှကတော့ ကြည့်ပြီး သဘောကျနေတာပါ။

အဲဒီကျမှ ဘိုးကံလှရဲ့အားကို သဘောပေါက်ကြပါတယ်။ ကျွန်တော်တို့ထက် အများကြီးအားကောင်းနေတာပါ။

"မင်းတို့ကွာ၊ လူငယ်တွေလုပ်နေပြီးတော့ကွာ"

လို့ ထိန်းထိန်းသိမ်းသိမ်းပြောပြီး ပြုံးနေပါတယ်။

ဒါနဲ့ ကျွန်တော်က-

"မီးလင်း၊ မလင်း ပူလီကြိုးတင်ကြည့်ပါလား ဘိုးကံလှ"

လို့ ပြောတော့ ဘိုးကံလှက -

"ဒီနော်ဇယ်ခေါင်းက နည်းနည်းကြီးနေတယ်။ ဒီထက်သေးတဲ့ နော်ဇယ်ခေါင်းလည်း ပါတယ်။ အဲဒါနဲ့မှ မီးထွက်မှာ။ မယုံရင် ကျုပ်စမ်းပြမယ်"

ဆိုပြီး ဒိုင်နမိုကိုဂျိုင်းတဲ့ ပူလီကြိုးကို တင်လိုက်ပါတယ်။ အဲဒီမှာ လည်ပတ်နှုန်း သိသိသာသာ ဝပ်ထွက်သွားပြီး လည်ပတ်နှုန်းကျသွားပါတယ်။ ဒိုင်နမိုလည်ပတ်အားကို ရေအားက မရုန်းနိုင်ပါဘူး။ အဲဒီမှာ အားလုံး စိတ်ဝင်တစားကုန်းပေါ်လှမ်းကြည့်ကြတယ်။ မီးစက်ရုံက မီးသီးရယ်၊ ကုန်းပေါ်က မီးသီးတွေရယ်ဟာ ခရမ်းချဉ်သီးမှည့်ပမာနီနီလေးတွေသာ လင်းနေပါတယ်။ ဘိုးကံလှကတော့ အတွေ့အကြုံရင့်သူမို့ ရယ်မောနေတာပါ။

"ကဲ - ကျုပ်မပြောဘူးလား။ မီးမထွက်သေးပါဘူးလို့၊ ပြောသားပဲ။ ကဲ- ရေပိတ်ပြီး နော်ဇယ်လဲကြရအောင်"

လို့ ပြောပြီး ရေပိတ်ကာ နော်ဇယ်ပေါက်သေးသေးနဲ့ ပြန်လဲပါတယ်။ နော်ဇယ်ခေါင်း ဆိုတာ မီးသတ်ပိုက်ခေါင်းလိုဟာမျိုးပါ။ အသေး ဆိုတော့ ထိုးအားပိုပြင်းမှာဖြစ်ပါတယ်။ လဲပြီးတာနဲ့ ရေဘားဖွင့်ပါတယ်။ ရေယက်ပန်ကာမွှတ်နေအောင်လည်ပါတယ်။ ဘိုးကံလှဟာ ရှပ်တန်းကို လက်နဲ့ဆုပ်ပြီး အကြိမ်ကြိမ် ဖမ်းကြည့်နေပါတယ်။ အချိန်ဟာ ညအမှောင်သန်းနေပါပြီ။ ဖမ်းဆုပ်လို့လည်း မနိုင်တော့ပါဘူး။

"ကဲ - ဒီတစ်ခါ မီးထွက်ပြီ။ ဖမ်းဆုပ်လို့ မနိုင်တော့ဘူး။ ပူလီကြိုးတင်ကြည့်ကွာ"

ဆိုပြီး သူ့တပည့်ကို ခိုင်းပါတယ်။ ပူလီကြိုးတင်လိုက်တယ်ဆိုရင်ပဲ မီးစက်ရုံ ထိန်ထိန်လင်းသွားသလို ကုန်းတော်ကြီးနဲ့ ဓာတ်တော်စေတီကြီးလည်း မီးတွေထိန်သွားပါတော့တယ်"

"ဟေး. . . မီးလင်းပြီကွ"

ဆိုတဲ့ ကျွန်တော်တို့တွေရဲ့အော်မြူးသံ ဆူညံသွားပါတော့တယ်။ အဲဒီမှာ ကျွန်တော် အဓိက သတိထားလိုက်မိတာက အသက် (၇၅) နှစ်ရှိပြီဖြစ်တဲ့ ဘိုးကံလှဟာ အရွယ်သာ အိုပေမယ့် အားအင်ပြည့်ဝနေဆဲရှိတာကို အဆန်းတကြယ် တွေ့မြင်ရခြင်းပါပဲ။

ခွန်အားကြီးခြင်းဆိုတာဟာလည်း ရတောင့်ရခဲတဲ့ ဆုလာဘ်တစ်ခုပါ။ ကြီးမားတဲ့ခွန်အားကို ဘိုးကံလှ ဘယ်ပုံဘယ်နည်းနဲ့ ထိန်းသိမ်းထားပါလိမ့် ဆိုတာကို သိချင်လှပါတယ်။

လူဆိုတာ အိုမင်းလာရင် ရုပ်ရည်ကျဆင်းမယ်၊ ခွန်အားတွေကျဆင်းမယ်၊ မှတ်ဉာဏ်တွေ ကျဆင်းမယ်၊ ကျန်းမာရေးတွေ ကျဆင်းမယ်။ ဒါဟာ ထုံးစံပါ။ ဘိုးကံလှကျတော့ ခွန်အား လုံးဝမကျဆင်းတဲ့အပြင် နေ့စဉ် ကျောက်ထုံး ကျောက်ခဲကြီးတွေ ထမ်းသယ်နေရတဲ့ ကျွန်တော်တို့ထက် အားခွန်ဗလများပြားသာနေတာ အံ့ဩစရာပါ။ သူ့မှာ ထူးခြားတဲ့ ဝှက်ချက်အနေနဲ့ တရုတ်ဆေးကောင်း တစ်လက်ရှိမယ်လို့ ယုံကြည်လိုက်မိပါတယ်။

ဆေးဝါသနာပါတဲ့ကျွန်တော်ဟာ ဘိုးကံလှဆီက အဲဒီနည်းကို တောင်းယူရအောင်တောင်းမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

**ဘိုးကံလှရဲ့တရုတ်အားဆေး**

ဓာတ်တော်ကုန်းတော်ကြီးရဲ့ ဆေး... အားလျှပ်စစ်လှူဒါန်းရေစက်ချပွဲကြီး... ဦးကံလှ၊ ဒေါ်လုံးတင်တို့ရဲ့မိသားစု... က ရှာနီးချုပ်စပ်က မိတ်ဆွေများ၊ ရပ်... ရပ်ဖများ၊ ကျောက်ပြသဒ်ရှိဆွေမျိုး... စသည်ဖြင့် များစွာဖိတ်ကြားပြီး တော... မွန်စွာ ကျွေးမွေးဧည့်ခံပြီး ကျင်း... တယ်။

ဘိုးကံလှရဲ့သားကြီး ကိုခင်မောင်ဌေးဟာ ကျွန်တော်နဲ့ ညီအစ်ကိုလို ချစ်ခင်ကြတော့ ဘိုးကံလှရဲ့ခွန်အား... ကြီးမားပုံကို ပြောပြဖြစ်ပါတယ်။ အဲဒီ... ကိုခင်မောင်ဌေးက သူ့အဖေအကြောင်း... တစ်စိတ်တစ်ဒေသ ပြောပြပါတယ်။

"ကျွန်တော်တို့ကကလေးတွေ... ထားတော့ကာ ကျွန်တော်တို့ညီအစ်...



www.burmeseclassic.com

www.burmeseclassic.com

တွေက ကားမောင်းကြတယ်။ အဖေက ဝပ်ရှော့မှာ ခုထိ ဦးစီးလုပ်ကိုင်နေတုန်းပဲ။ နားပါလို့ ဘယ်လိုပြောပြော မရပါဘူး။ ဂျစ်ကားဂီယာဘောက်ချရင်၊ ဂီယာဘောက်တင်ရင် အခုထိ တစ်ယောက်တည်း ချတယ်၊ တင်တယ်။ ဒီလောက်လေးတဲ့ဝိတ်ကို တင်နိုင်သေးတယ်။ အဲဒါကို ကျွန်တော် အံ့သြတာ။ ဂီယာဘောက်တင်တာဟာ ပက်လက်လှန်အနေအထားနဲ့ မ,တင်ရတာ။ အလွန်ခက်ခဲ ပင်ပန်းတဲ့အလုပ်ပါ။ ကျန်တာတွေ ဒီလောက် မခက်ခဲဘူး။ သူ့အတွက်တော့ ဂီယာဘောက်တင်တာ ထမင်းစားရေသောက်လောက်ပဲ သဘောထားတာ။ တိုကျော်စိုး မယုံမရှိနဲ့၊ ကျွန်တော်တို့တောင် သူ့လောက် အားမကောင်းဘူး"

"ယုံပါတယ် ကိုခင်မောင်ဌေးရယ်၊ ဘယ်သူမှ မဖမ်းနိုင်တဲ့ ရှုပ်တန်းလည်ပတ်မှုကို လက်တစ်ဖက်တည်းနဲ့ ဖမ်းဆုပ်ပြီး ဖမ်းထားနိုင်တာတွေ့လို့ ထူးဆန်းလွန်းလို့ မေးကြည့်တာပါ"

လို့ ပြောရပါတယ်။ ဒါနဲ့ ကိစ္စအဝဝတွေပြီးလို့ ဘိုးကံလှ ကုန်းတော်ကြီးရှိ ညောင်ပိန္နဲပင်ကြီးရဲ့ ပါးပျဉ်းပေါ်မှာ ထိုင်ပြီး နားနေချိန်မှာ အခွင့်ကိုမျှော်နေတဲ့ ကျွန်တော်ဟာ လက်လွှတ်မခံဘဲ ငယ်စဉ်တုန်းကလို ပွေ့ဖက် နှုတ်ဆက်ပါတယ်။ ပြီးမှ ဘေးမှာ ပူးကပ်ပြီးထိုင်ပါတယ်။ မေတ္တာအရင်းခံရှိပြီးသား ဘိုးကံလှကတော့ ပီတိနဲ့ ပြုံးနေတာပါ။

"ဘိုးကံလှ၊ ဘိုးကံလှက သိပ်အားကောင်းတာပဲ။ အားကောင်းတဲ့ တရုတ်ဆေးနည်းရှိရင် ကျွန်တော့်ကို ပေးပါလား။ ကျွန်တော်လည်း ဘိုးကံလှလိုကြီးသည်အထိ အားကောင်းချင်တာ"

ဆိုတော့ ဘိုးကံလှက ရယ်မောနေပါတယ်။ ပြီးမှ -

"အင်း - ခက်တယ်ကွ။ မောင်ရင်တို့ဗမာလူမျိုးတွေက ကျုပ်သောက်တဲ့ဆေးကို သောက်ကြမှာ မဟုတ်ဘူး"

"ဘိုးတောင်မှ သောက်သေးတာပဲ ကျွန်တော်လည်း သောက်မှာပေါ့"

"တကယ်လား"

လို့ရယ်ရယ်မောမောမေးပါတယ်။

"တကယ်ပါ ဘိုးရဲ့"

ဆိုလေမှ -

"ဆေးက ဝယ်စရာလည်း မလိုဘူး၊ ဖော်စရာလည်း မလိုဘူး။ ပိုက်ဆံလည်း တစ်ပြားမှမကုန်တဲ့ဆေးဆိုတော့ လူတိုင်းသောက်နိုင်တဲ့ဆေးပါ"

လို့ ပြောပြီး တစ်ထားလိုက်ပြန်ပါတယ်။ ပြီးတော့ ကျွန်တော့်ကိုကြည့်ပြီး ပြုံးနေပြန်ပါတယ်။ ပိုက်ဆံတစ်ပြားမှ မကုန်တဲ့ဆေး ဆိုတော့ ပိုပြီး စိတ်ဝင်စားသွားတယ်။ ဟုတ်တယ်လေ၊ ပိုက်ဆံတစ်ပြားမှမကုန်ဘဲ လူတိုင်း လက်လှမ်းမီတယ်ဆိုမှတော့ အဲဒီဆေးနည်းမရချင်ဘဲ ရှိမလား။

"ဘာဆေးမို့လဲ ဘိုး"

"ဆေးကတော့ မနက်အိပ်ရာထတဲ့အချိန်မှာ ကိုယ့်ဟာကိုယ်ပေါက်တဲ့ သေးကို ဖန်ခွက်တစ်ခွက်စာ ခံထားပြီး ပြန်သောက်တဲ့နည်းပဲကွ။ ကျုပ်ကတော့ ကျုပ်မိဘဘိုးဘွားတွေညွှန်ခဲ့လို့ ငယ်စဉ်ကတည်းက နေ့စဉ်သောက်ခဲ့တာ ခုထိပဲ။ အချို့ကျတော့ အရွယ်တင်တယ်၊ အချို့ကျတော့ ရောဂါစင်တယ်၊ ကျုပ်ကျတော့ ခွန်အားဗလ ငယ်စဉ်တုန်းကအတိုင်းပဲ။ လုံးဝ မကျဘူး။ မောင်ရင် အမြင်ပဲလေ။ အဲဒါ မောင်ရင်အလေ့အကျင့်လုပ်ပြီး သောက်ချင်ရင် သောက်ပေါ့။ ကိုယ့်သေးကိုယ်ပြန်သောက်တာပဲ၊ ဘာရွံစရာရှိတာမှတ်လို့။ သောက်နေကျတော့လည်း အဆန်းမဟုတ်တော့ပါဘူး"

လို့ အံ့သြဖွယ်ပြောပြပါတယ်။

ကျွန်တော့်ဘဝမှာ အိပ်ရာထပေါက်တဲ့သေးကို ဖန်ခွက်တစ်ခွက်စာ ပြန်သောက်ရင် ရုပ်ရည်တင်ခြင်း၊ ရောဂါကင်းရှင်းခြင်း၊ ခွန်အားဗလမပျက်စီးခြင်း ဆိုတဲ့ ကောင်းကျိုးတွေကို ရနိုင်ကြောင်း ဦးစွာပထမ ကြားခဲ့ရခြင်းပါ။ လက်တွေ့တော့ မလိုက်နာနိုင်ခဲ့ပါဘူး။

အဲဒီအချိန်က ကျွန်တော် အိမ်ထောင်ကျပြီးပါပြီ။ အသက် (၃၀)ကျော်စအရွယ်ပါ။ ၁၉၇၈ ခုနှစ်လောက်က ဆိုပါတော့။ ဘိုးကံလှနဲ့ စပြီးခင်တာက ၁၉၆၈ခုနှစ်ကပါ။ ဘိုးကံလှဟာ အသက် (၈၀) ကျော်အထိ သာသနာတော်ရဲ့ အကျိုးတွေ သယ်ပိုးဆောင်ရွက်သွားခဲ့တဲ့ပုဂ္ဂိုလ်တစ်ဦးပါ။ ယဉ်ကျေးသိမ်မွေ့ပြီး သဘောမနောဖြူစင်သူမို့ လူချစ်လူခင်ပေါများလှပါတယ်။

ကျွန်တော် မိုင်းရှူးရောက်တော့ ဘိုးကံလှရဲ့သားကြီး ကိုခင်မောင်ဌေးနဲ့ ဇနီး မစန္ဒာတို့ကို တွေ့ရပါတယ်။ သူတို့က ကျောက်ကုန်သည်တွေလုပ်ကြတာပါ။ ကိုခင်မောင်ဌေးဟာလည်း အသက် (၆၀) ကျော်သည်အထိ အားခွန်ဗလ ကောင်းဆဲပါ။ သူ့ဆီက ဆေးနည်းကောင်းတစ်ခု ရလိုက်ပါတယ်။ သူက ကျွန်တော့်အရင် မိုးကုတ်ပြန်သွားပြီး ခုတော့ တရုတ်ပြည် ယူနန်နယ်ထဲမှာ ကျောက်ဆိုင်သွားဖွင့်ထားပါတယ်။ မိုးကုတ်မှာလည်း ကိုခင်မောင်ဌေးနဲ့ ဆုံရပါတယ်။ သူက ကျွန်တော့်ထက် (၅)နှစ်လောက် ကြီးပါတယ်။ ဒါက ဆက်နွှယ်လို့ပါ။

**ဂျပန်စစ်ဗိုလ်ကြီးရဲ့ မအိုဆေး**

ကဗျာဆရာကြီးများဖြစ်တဲ့ မြန်မာစာပေလောကမှာ သြဇာရှိတဲ့ပုဂ္ဂိုလ်ကြီးများမှာ ပါဝင်တဲ့ ဇော်ဂျီတို့၊ မင်းသုဝဏ်တို့ ဆိုတာ ဂျပန်ခေတ်မှာကတည်းက အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာကြီးများ ဖြစ်နေကြပါပြီ။

အဲဒီ ဂျပန်ခေတ်မှာ ဆရာကြီးမင်းသုဝဏ်နဲ့ ဂျပန်စစ်ဗိုလ်စာရေးဆရာတို့ ခင်မင်ရင်းနှီးကြပါတယ်။ ဝါသနာတူလို့ကတော့ စာပေလောကမှာ လူမျိုး၊ ဘာသာ၊ အရွယ် ခွဲခြားမှုမရှိပါဘူး။ ရာထူးဂုဏ်သိန် ချမ်းသာ၊ ဆင်းရဲလည်း မခွဲခြားပါဘူး။ အလွန်ချစ်ခင်ပြီး တစ်သားတည်းနေလေ့ ရှိကြပါတယ်။

ဂျပန်စာရေးဆရာနဲ့ ဆရာမင်းသုဝဏ်တို့လည်း ဝါသနာတူတော့ကာ လက်ပွန်းတတီး နေထိုင်ကြပါတယ်။ မြန်မာတွေက ဂျပန်တွေကို တော်လှန်တဲ့အခါ မြန်မာ-ဂျပန်ရန်သူဖြစ်ပြီး တိုက်ကြခိုက်ကြနဲ့ မြန်မာပြည်က မျက်နှာပန်းမလှဘဲ ပြန်လည်ဆုတ်ခွာသွားရတာပါ။

ဆရာမင်းသုဝဏ်လည်း မိမိနဲ့ရွယ်တူဖြစ်တဲ့ စာရေးဆရာကို သတိတရရှိလှပါတယ်။ တော်လှန်ရေးအစိုးရခေတ်မှာ ဂျပန်တွေကို စစ်အတွင်းက အရိုးရှာဖွေခွင့်ပေးတာကြောင့် ကျဆုံးသူတို့ရဲ့ ကျန်ခဲ့တဲ့ သားသမီး၊ မြေး၊ မြစ်တွေ၊ မိတ်ဆွေတွေက စစ်အတွင်းက ကျဆုံးခဲ့တဲ့ မိမိတို့ရဲ့ မိဘဘိုးဘွားတွေရဲ့အရိုးကို ပြန်လည်ရှာဖို့ အုပ်စုနဲ့ ရောက်လာခဲ့ကြပါတယ်။ မြေပုံညွှန်းအတိုင်း ပြန်လည်ရှာဖွေကြတဲ့အခါ အများအားဖြင့် တွေ့ကြရပါတယ်။

အဲဒီအရိုးရှာအဖွဲ့နဲ့အတူ ဆရာကြီးမင်းသုဝဏ်ရဲ့ မိတ်ဆွေစာရေးဆရာလည်း ပါလာပါတယ်။ ရောက်တယ်ဆိုရင်ပဲ ဆရာကြီးမင်းသုဝဏ်ကိုမေးပြီး ရောက်လာခဲ့ပါတော့တယ်။ နှစ်ယောက်သား ဝမ်းသာလိုက်ကြတာ ပြောစရာမရှိဘူးဆိုရမှာပါ။

ဒါပေမယ့် ဆရာကြီးမင်းသုဝဏ်က အတော်အိုစာနေပါပြီ။ ဂျပန်စာရေးဆရာကတော့ အရွယ်တင်ပြီး နုပျိုနေဆဲပါ။ ဒီလောက် အိုစာသွားတာကို ဂျပန်စာရေးဆရာက အတော်အံ့သြနေတာပါ။ မအိုဘဲအရွယ်တင်လှတဲ့ ကိုရွှေ…



www.burmeseclassic.com

www.burmeseclassic.com

ကြီးကိုလည်း ဆရာကြီးက အံ့ဩနေပါတယ်။ အဲဒီမှာ ဆရာကြီးမင်းသုဝဏ်က ရုပ်ပျိုကိုယ်နုတဲ့ မအိုဆေးနည်းကို တောင်းပါတယ်။ အဲဒီမှာ ဂျပန်စာရေးဆရာက ပြောပါတယ်။

"ခင်ဗျားတို့ မြန်မာတွေဟာ ဗုဒ္ဓဘာသာတွေဆိုတော့ ကျွန်တော့်ဆေးကို သောက်ရဲမယ်မထင်ဘူး"

"ဆေးပဲဆရာရယ်၊ ဘာဖြစ်ဖြစ် သောက်ရမှာပေါ့"

လို့ ဆရာကြီးမင်းသုဝဏ်က ပြောပါတယ်။

"ခင်ဗျား တကယ်သောက်မယ်လို့ ကတိပေးမှ ကျွန်တော်ကပေးမှာ။ တကယ်သောက်မှာနော်"

လို့ ကတိတောင်းပါတယ်။ အဲဒီမှာ ဆရာကြီးကလည်း ဆေးနည်းမရမှာ စိုးတာကြောင့် -

"သောက်ပါ့မယ် ဆရာရယ်။ သောက်ပါ့မယ်။ ဘာဆေးဖြစ်ဖြစ် သောက်ပါ့မယ်"

လို့ ကတိပေးလိုက်ပါတယ်။

အဲဒီကျမှ ဂျပန်စာရေးဆရာက ဆေးနည်းကို ပေးပါတယ်။

"ဆေးနည်းက မခက်ပါဘူး ခင်ဗျား။ မနက်စောစော အိပ်ရာထမှာ ပေါက်တဲ့သေးကို ဖန်ခွက်တစ်ခွက်စာ နေ့တိုင်းသောက်ပေးပါ။ ခင်ဗျားရဲ့ တွန့်နေတဲ့ပါးရေတွေပြန်တင်းပြီး အရွယ်နုပျိုလာပါလိမ့်မယ်။ ကျုပ်ကတော့ ငယ်ငယ်ကတည်းက သောက်ခဲ့တာ မြင်တဲ့အတိုင်းပဲလေ"

လို့ ဆေးနည်းပေးပါတယ်။

ဒါက ဆရာကြီးမင်းသုဝဏ်ကိုယ်တိုင် ဓမ္မစာစောင်တစ်ခုမှာ ရေးပြခဲ့တဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ အဲဒီအချိန်တုန်းက ခုခေတ်လောက် တိုးတက်ဖွံ့ဖြိုးမှု မရှိသေးတာကြောင့် ဗဟုသုတအနေနဲ့ လစဉ်ထုတ်မဂ္ဂဇင်းအနည်းငယ်နဲ့ ဓမ္မစာစောင်အနည်းငယ်ကို လစဉ်ဝယ်ယူဖတ်ရှုနေကျပါ။ ဘယ်ဓမ္မစာစောင်ဆိုတာတော့ အတိအကျမမှတ်မိတော့ပါဘူး။ သို့သော်လည်း ဘိုးကံလှညွှန်တဲ့ တရုတ်ဆေးနည်းကို ဂျပန်တွေကလည်း သုံးစွဲနေတာပါလားလို့ သိလိုက်တာကြောင့် အမှတ်တရရှိနေခြင်းပါ။

တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဗီယက်နမ်ဆိုတဲ့ လူဝါအုပ်စုဟာ တရုတ်မျိုးနွယ်စုကနေ ပွံ့ထွက်ဟန်ရှိပါတယ်။ ဓလေ့၊ စရိုက်၊ ရုပ်ရည်တွေဆင်ကြပါတယ်။

ဒီအပေါ်လို့ခေါ်တဲ့ ကျင်ငယ်ရည်ကို သောက်သုံးရင် ခန္ဓာကိုယ်ကို အကျိုးပြန်ပြုတယ်ဆိုတာ တရုတ်ရော ဂျပန်ပါ ရှေးအစဉ်အလာအားဖြင့် ရှိခဲ့ဟန်တူပါတယ်။

ဒီဆေးနည်းကို နာမည်ကျော်စာရေးဆရာကြီးကို ကိုယ်တိုင်တောင် ရေးပြီးညွှန်းတာမို့ အမှတ်ထင်ထင်ရှိနေခြင်းပါပဲ။ ဒါက ဒုတိယမြောက်သိရခြင်းပါ။

**အာရပ်သူဌေးများ**

တော်လှန်ရေးအစိုးရလက်ထက်မှာ မြန်မာ့ရုပ်မြင်သံကြား စတင်ထုတ်လွှင့်တာပါ။ ကမ္ဘာ့တိုးတက်တဲ့နိုင်ငံတွေမှာ လွှင့်နေတာတော့ ကြာပါပြီ။

ပထမမှာ မြန်မာသတင်းသက်သက်သာလွှင့်ပါတယ်။နောက်ပိုင်း ဆက်သွယ်ရေးဂြိုဟ်တု နိုင်ငံတကာသတင်းပါ ထုတ်လွှင့်လာပါတယ်။ အဲဒီတုန်းက အီသီယိုးပီးယားမှာ အငတ်ဘေးကပ်ကြီး ဆိုက်နေပုံတွေ မကြာမကြာ ဂြိုဟ်တုသတင်းမှာ မြင်ရပါတယ်။ စိတ်မကောင်းဖွယ်ပါဘဲ။

တစ်နေ့ ဂြိုဟ်တုသတင်းတစ်ပုဒ်မှာ ပုလင်းထဲက အရည်တွေကို အာရပ်သူဌေးတွေ ငုံ့သောက်နေပုံကို ပြပါတယ်။ အဲဒါက အရွယ်တင်အောင်၊ ကျန်းမာအောင်၊ အသက်ရှည်အောင် အိပ်ရာထန်နက်စောစော မိမိပေါက်တဲ့ ကျင်ငယ်ရေကို မိမိပြန်သောက်နေတဲ့အကြောင်း၊ အာရပ်နိုင်ငံတွေမှာ ခေတ်စားနေတဲ့အကြောင်းကို သတင်းအဖြစ် ကြေညာခြင်းပါ။

ဒါကို မြင်ရတော့ ဘိုးကံလှကို ပြေးပြီးသတိရလှပါတယ်။ တရုတ်ဆေးနည်းဟာ အာရပ်ကမ္ဘာက အာရပ်ကုလားတွေအထိတောင် ပျံ့နှံ့သွားပြီပဲ လို့ တွေးမိလိုက်ပါတယ်။

သတင်းအထူးအဆန်းတွေဆိုရင် စိတ်တက်ထဲစွဲနေတာမို့ မမေ့ပါဘူး။ အိမ်ရောက်တော့ အာရပ်သူဌေးတွေ ကျင်ငယ်သောက်တဲ့အကြောင်း ဂြိုဟ်တုသတင်းကို မဒမ်ကျော်စိုးကို ပြောပြပါတယ်။ အဲဒီမှာ မဒမ်ကျော်စိုးက -

"ခင်ဗျားက ခုမှသိသလား။ (-) နိုင်ငံမှာ နိုင်ငံခြားကလာတဲ့ သံတမန်တွေကို အေးမြတဲ့ရေတစ်ခွက်စီနဲ့ ဧည့်ခံတယ်။ အဲဒီရေကို သောက်လိုက်တာနဲ့ လူတွေဟာ ပေါ်ပါးလန်းဆန်းတက်ကြွသွားလေ့ရှိသတဲ့။ သောက်သုံးတဲ့လူတွေဟာ အထူးအဆန်းဖြစ်ကြရပါတယ်။ အဲဒါကြောင့် မေးကြည့်တဲ့အခါ မူကြို ကျောင်းက ကလေးငယ်များရဲ့ ကျင်ငယ်ရေကို ပြန်လည် သန့်စင်ထားတာလို့ ပြောပြသတဲ့။ ကျင်ငယ်ရေဟာ အဲဒီအထိ တန်ဖိုးရှိတာ ကျွန်တော်သိနေတာ ကြာပေါ့"

လို့ ကျွန်တော့်ကိုပြန်ပြီး ဆရာလုပ်ပါတယ်။ သူပြောပြတဲ့ နိုင်ငံကလည်း အာရပ်ကမ္ဘာထဲမှာဆိုတော့ အလွန်မှူတာကိုး ဟုတ်မှာပေါ့လို့ပဲ ကျွန်တော်က ပြန်လည်မှတ်ချက်ပြုရပါတယ်။ သို့သော်လည်း သူပြောပြတဲ့ အကြောင်းအရာကို မသိတာအမှန်ပါ။ ဘယ်မှာဖတ်ထားတယ် မသိပါဘူး။

**ငွေးပင်ကဦးလောပြောင်း**

မိုးကုတ်အနောက်ပိုင်း ကျောက်ဖျာရွာရဲ့ တောင်ဘက်မှာ ငွေးပင်ရွာရှိပါတယ်။ အဲဒီရွာမှာ တရုတ်တွေရှိတယ်။ တရုတ်တွေဟာ အလုပ်ကိုအစုံလုပ်ကြပါတယ်။ ကျောက်တွင်းတူးတယ်။ ခြံစိုက်တယ်။ ကြက်၊ ဝက်မွေးတယ်။ မြင်းမွေးတယ်။ အရက်ချက်တယ်။ ဈေးရောင်းတယ်။ တရုတ်စကားပုံရှိတယ်။ 'အလုပ်လုပ်ရမှာ မကြောက်ဘူး။ ငတ်မှာပဲကြောက်တယ်' ဆိုတဲ့စကားပုံပါ။ သူတို့စကားပုံနဲ့အညီပါပဲ။ အလုပ်ကို အစုံလုပ်ကြပါတယ်။ ပိုက်ဆံရတဲ့အလုပ်ဆိုရင် သမ္မာအာဇီဝကျစွာ အကုန်လုပ်ကြပါတယ်။ ကျွန်တော်တို့ ရှမ်း-ဗမာတွေကတော့ ကျောက်အလုပ်ကလွဲရင် အပိုအလုပ်ဘာမှမလုပ်ချင်ကြပါဘူး။

သူတို့က စိုက်ခင်းအလုပ်တွေလုပ်တယ်။ ထွက်ကုန်ကို မြင်းတွေနဲ့ လှည့်ရောင်းတယ်။ ကြက်၊ ဘဲတွေ များများမွေးပြီး ကောင်းကောင်းစားကြတယ်။ သူတို့ အညံ့ဆုံးဟင်းဟာ ဘဲသားပါပဲ။ အလုပ်ကို ကောင်းကောင်းလုပ်သလို အစားကိုလည်း ကောင်းကောင်းစားကြတယ်။ ဖြစ်သလို ချဉ်ရေဟင်း၊ ငရုတ်သီးထောင်း ဆိုတာ သူတို့မှာ မရှိဘူး။ အဲဒီလိုလည်း လုံးဝစားလေ့ မရှိကြပါဘူး။ ဒါကို အနီးဆုံးနေရတဲ့ ငွေးပင်ရွာသားတွေ ပိုသိကြ ပါတယ်။

အဲဒီ တရုတ်မိသားစုတွေထဲမှာ ဦးလောပြောင်း မိသားစုကတော့ ထူးခြားတော်နဲ့ခင်တယ်။ ဘာလို့လဲဆိုတော့ ဦးလောပြောင်းက ကျောက်ဖျာမှာ တည်းလာရောင်းလေ့ရှိလို့ပါပဲ။ တိုဟူးတို့ ကုတ်က ဝမ်းတဖိုးလို့ ခေါ်ပါတယ်။ အင်္ဂလိပ်တွေ တိုဟူးကို ဝမ်းဒါးဖူးလို့ ခေါ်တာကို အလွယ်တကူ ဝမ်းတဖိုးလို့ ခေါ်ကြခြင်းပါ။ ဝမ်းတဖိုးဟာ အ...



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့အချိန်မှာ အချိန်ကို အလကား မထားဘဲ အစားထိုးတဲ့အနေနဲ့ လုပ်ရောင်းခြင်းပါ။ ထာဝရမဟုတ်ပါဘူး။

ဦးလောပြောင်းရဲ့ ဝိသေသက လက်ချောင်းတွေ မာကျောတုတ်ခိုင်နေခြင်းပါ။ သူ့လက်ချောင်းတွေ မာကျောတုတ်ခိုင်နေတာကြောင့် ကိုင်ကြည့်သောအခါ အတော်မာကျော်တာ တွေ့ရပါတယ်။ အလုပ်အလွန်လုပ်လွန်းလို့ ဒီလိုဖြစ်နေတာလားလို့ မေးကြည့်တော့ ဦးလောပြောင်းက ပြောပြပါတယ်။

"မဟုတ်ဘူးဗျ၊ အလုပ်ဆိုတာ ခင်ဗျားတို့၊ ကျွန်တော်တို့ နေ့စဉ်လုပ်နေကြရတာလေ။ ဒီလို မဖြစ်ပါဘူး။ ဒီလို မာကျောအောင် ကျွန်တော်တို့ ငယ်စဉ်က လေ့ကျင့်ခဲ့ရတာ။ လူငယ်တွေဆိုတာ သိုင်းတတ်ချင်ကြတယ်လေ။ အဲဒီလို သိုင်းသင်တဲ့အခါ လက်သီးမာအောင်၊ လက်ချောင်းမာအောင် လေ့ကျင့်ခန်းတွေ လုပ်ရတယ်။ အဲဒီလိုလုပ်ပြီးတိုင်း ဒဏ်ကျေပြီး မာကျောအောင် လက်ကို သေးနဲ့ပန်းပြီး ဆုပ်နယ်ကြရတယ်။ အမြဲတမ်းလေ့ကျင့်တဲ့အခါ အဲဒီလို မာကျောတျစ်လျစ်တဲ့လက်ကို ရပါတယ်။ လက်မာကျောနေတော့ လက်ချောင်းတွေ အားကောင်းတယ်။ အလုပ်ကြမ်း ဘယ်လိုလုပ်လုပ် လက်မပေါက်တော့ပါဘူး"

လို့ ပြောပြတယ်။ ဦးလောပြောင်းပြောပြတာနဲ့ ကိုဘစိုးပြောပြတာ တူညီနေပါတယ်။ ကိုဘစိုးဟာ ဦးဖိုးစိန်ရဲ့ ဘထွေးဖြစ်တဲ့ ဦးစိုင်းဖူနဲ့ အချိန်အတော်ကြာနေခဲ့ဖူးပါတယ်။အဲဒီလိုနေတဲ့အချိန်မှာ ဦးစိုင်းဖူက သူစော်ဘွားစစ်သားဖြစ်စဉ် သိုင်းလေ့ကျင့်ရတာတွေ ပြောပြလေ့ရှိတယ်လို့ ဆိုပါတယ်။

အဲဒီလိုလေ့ကျင့်ရာမှာ လက်တွေ့ဒဏ်ကျေပြီး မာကျောကျစ်လျစ်နေအောင် မိမိတို့ပေါက်တဲ့သေးနဲ့ လက်ကိုပြန်ပန်းပြီး နယ်ခဲ့ရတယ်လို့ ဆိုပါတယ်။

စွန့်ပစ်ပစ္စည်းဖြစ်တဲ့ သေးဟာ အညစ်အကြေးပေမယ့် ဒဏ်ကိုကျေစေနိုင်တယ်လို့လည်း ဦးလောပြောင်းနဲ့ ကိုဘစိုးတို့ ပြောပြလို့ သိရပါတယ်။

**ကျောက်ကုန်သည်ရဲ့မျက်စဉ်း**

ရောဂါပိုးဆိုတာ ကူးစက်လွယ်တဲ့ ရောဂါပိုးတွေရှိတယ်။ ရှေးတုန်းက ပလိပ်ရောဂါ၊ ကျောက်ကြီးရောဂါ၊ ဝမ်းရောဂါတွေဟာ ကူးစက်မြန်ပြီး လူတွေအတော်သေပျောက်ခဲ့ကြပါတယ်။ လူတွေနဲ့ ဝေးရာ တောနက်ထဲရောက်အောင် ပြေးရှောင်ခဲ့ကြရပါတယ်။

ဆေးပညာ တိုးတက်လာတဲ့ ခုခေတ်ကြီးမှာတော့ အလွန်ဆိုးဝါးတဲ့ ကပ်ရောဂါတွေ မရှိတော့ပေမယ့် တုပ်ကွေးရောဂါ၊ ဝမ်းရောဂါ၊ မျက်စိနာရောဂါဆိုတာလေးတွေလောက်တော့ ရှိနေပါသေးတယ်။ ဝမ်းရောဂါဆိုရာမှာလည်း ဆေးဝါးခေတ်မမီသေးတဲ့ခေတ်ကလို လူကိုသေစေနိုင်တဲ့အထိတော့ မဖြစ်ကြတော့ပါဘူး။ ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်း သာမန်မျှသာဖြစ်ကြတာပါ။

မိုင်းရှူးရတနာမြေမှာနေရစဉ်ကတော့ လူတွေစုပုံပြီး နေကြရတာမို့ ကူးစက်ပြီဆိုရင် မိုင်းရှူးတစ်ခွင် ပြုပြစင်အောင် ကူးစက်လေ့ရှိပါတယ်။တုပ်ကွေးရာသီဆိုရင် အားလုံးနီးပါး အလှည့်ကျဆိုသလို တန်းစီပြီး ကူးစက်လေတော့ လုပ်ငန်းမှာ အနှောင့်အယှက်ဖြစ်ရပါတယ်။

ကျွန်တော် ကျောက်ဖျာမှာနေစဉ်က လူတွေအနေသန့်ပါလျက်နဲ့ ယားနာရောဂါ ကူးစက်လိုက်တာ တစ်မြို့နယ်လုံးနီးပါးပါပဲ။ အဲဒီယားနာရောဂါနဲ့ မန္တလေးကိုသွားတဲ့အခါ ကျွန်တော်တည်းခိုတဲ့ မန္တလေး (၂၂) လမ်း၊ ပုဏ္ဏားကန်ရပ်က ကိုသောင်း၊ မမိတို့ မိသားစုတွေဆီ ကူးပါတယ်။ အဲဒီကနေ မန္တလေးတစ်ခွင် ပြုပြစင်အောင် ကူးတော့တာပါပဲ။ အဲဒါကြောင့် သူတို့မှာလည်း အဲဒီယားနာ အတော်ကုယူလိုက်ရပါတယ်။

"ကျော်စိုးရာ၊ နောက်တစ်ခါလာရင် ရောဂါယူမလာပါနဲ့။ လူတော့ကြိုက်သလောက်လာပါ"

လို့တောင် ပြောစမှတ်ဖြစ်ရပါတယ်။ တုပ်ကွေးဆိုတာမျိုးက ရာသီဥတုအကူးအပြောင်းမှာ ဖြစ်တတ်တာမို့ အာဂန္တုရောဂါလို့ သတ်မှတ်ကြပါတယ်။ အလွန်ကြီးမပြင်းထန်လှပါဘူး။ ယားနာကျတော့ လူကြားသူကြားမရှောင် တဖြင်းဖြင်းကုပ်နေရတာမို့ ရှက်ဖို့အလွန်ကောင်းတာပါ။ အဲဒီယားနာဟာ ဂင်မဇင်းလို့ခေါ်တဲ့ ရေအဆ (၂၀) ရောရတဲ့ ကြွက်သတ်ဆေးရည်နဲ့လိမ်းပြီး နှိမ်နင်းမှ ပျောက်ကင်းပါတော့တယ်။ အတော်ကြောက်စရာကောင်းတဲ့ နေမထိထိုင်မသာ ယားလွန်းတဲ့ ဝဲရောဂါတစ်မျိုးပါ။

နောက်တစ်ခါဖြစ်တာက တစ်မြို့နယ်လုံး မျက်စိနာရောဂါတွေ ဖြစ်ကြတာပါပဲ။ မျက်စိနာကူးစက်ခြင်းပါ။ မိုးကုတ်ဘက်မှာ မျက်စိတွေနာကြသတဲ့ဆိုတော့ ကျွန်တော်တို့ ကျောက်ဖျာရွာက လူတွေ ခပ်ပေ့ါပေါ့ပါပဲ။

"ငါတို့နဲ့အဝေးကြီးတဲ့"

ဟုတ်ပါတယ်။ အဝေးကြီးပါပဲ။ ဒါပေမယ့် အဲဒီဝေဒနာရဲ့အမည်ကို ဘယ်ကောင်က ဘယ်လိုအမည်ပေးလိုက်တယ် မသိပါဘူး။ ဒစ္စကိုမျက်စိနာတဲ့ဗျ။ အဲဒီခေတ်က ဒစ္စကိုဆိုတဲ့ စကားလုံးကလည်း ခေတ်စားနေတာဆိုတော့ မျက်စိနာတာတောင်မှ ခေတ်မီမီ ဒစ္စကိုမျက်စိနာလို့ပေးတာ ခေတ်နဲ့လိုက်လျောညီထွေလို့ ဆိုရမလိုပါပဲ။

မကြာလိုက်ပါဘူးဗျာ။ ငါတို့နဲ့ အဝေးကြီးပဲဆိုတဲ့လူတွေ မျက်စိတွေနာလာကြတော့တာပါပဲ။ လူဆိုတာ တစ်ဦးတည်းနေလို့မှ မရတာ။ မြို့က ကျောက်ကုန်သည်တွေ ရွာမှာအမြဲဝင်ထွက်သွားလာနေမှတော့ မျက်စိနာရောဂါပိုးတစ်ဦးမဟုတ်တစ်ဦးဆီက ကူးစက်မှာ သေချာတာပေါ့။ ရွာတံခါးအလုံပိတ်ထားလို့မှ မရတာ။

အဲဒီမှာလူတွေ ဆရာဝန်ဆီ ပြေးတဲ့လူကပြေး တိုင်းရင်းနည်းနဲ့ ကုသူကကု၊ ဆေးမြီးတိုနဲ့ကုသူကကုနဲ့ အတော်ဗျာများကုန်ကြပါတယ်။ ကျွန်တော့်ဆီ မကူးစက်သေးပါဘူး။ တယ်ဟုတ်တဲ့ ငါပါလားဆိုပြီး ကိုယ့်ကိုယ်ကိုချီးကျူးနေရပါတယ်။ ငါတို့နဲ့ အဝေးကြီးဆိုတဲ့ လူတွေကို ကျွန်တော်က သောနေပါတယ်။ ဟာသလုပ်နေတာပေ့ါဗျာ။ မျက်စိကြီးတွေ နီရဲရောင်ရမ်းပြီး အတော်အနေခက်မယ့်ပုံပါ။

အဲဒီဒစ္စကိုမျက်စိနာဆိုတာကြီးက ရွာကလူတွေ လူစေ့နီးပါးဖြစ်ပြီးမှ ကျွန်တော့်အလှည့်ရောက်လာတော့တာကိုး။ ကိုယ့်ဖြစ်မှ အတော်အခံရခက်မှန်း သိလာပါတယ်။

နာမည်ကြီး၊ တန်ဖိုးကြီးမျက်စဉ်းတွေ ဝယ်ခတ်နေတာ လုံးဝမသက်သာပါဘူး။ မျက်စိအုံရောင်ရမ်းပြီး နာကျင်ကျိန်းစပ်နေပါတယ်။ မျက်ရည်ပူတွေ၊ မျက်ချေးတွေကလည်း အမြဲထွက်နေပါတယ်။ အိပ်ရာထဆိုရင် မျက်စိတောင် ဖွင့်လို့ မရဘူး။ မျက်ချေးခြောက်တွေ ရေနဲ့ နူးနပ်ပြီးပြီးမှ ဖွင့်လို့ရတယ်။ ရွံစရာလည်းကောင်း၊ ဝေဒနာကလည်းပြင်းတော့ အိပ်ရာထဲ အနေများပါတယ်။ အတော်နဲ့မပျောက်ပါဘူး။ ရက်အတော်ကြာလာပါတယ်။ တစ်နေ့မှာ ကျောက်ကုန်သည်တစ်ယောက် ကျွန်တော့်ဆီ ရောက်လာပြီး မေးပါတယ်။

"ကိုကျော်စိုး ဘယ်လိုလဲ၊ ခင်ဗျားဟာ ရက်ကြာနေပြီဗျ။ သူများပျောက်တဲ့ မျက်စဉ်း ခင်ဗျားက မပျောက်ဘူးဆိုတော့ မြို့ကအချို့လူတွေ ကုသလို့



www.burmeseclassic.com

www.burmeseclassic.com

ဗျာ"

လို့ ဆိုပါတယ်။

"ဘယ်လိုကုတာလဲဗျာ၊ လုပ်ပါဦး"

"ဆေးနည်းက မခက်ပါဘူး။ ပန်းကန်သန့်သန့်ထဲ သေးနည်းနည်းပေါက်ထည့်လိုက်ဗျာ။ ပြီးရင်အဲဒီသေးခပ်လိုက်ခင်ဗျားမျက်စိနာမခံနိုင်ပါဘူး။ မြို့ကလူတွေ ပျောက်ကြတာ လက်တွေ့ဗျ"

လို့ ပြောသွားပါတယ်။ ပျောက်ချင်နေတဲ့သူဆိုတော့ အဲဒီကျောက်ကုန်သည် (အမည်မမှတ်မိ) လည်း မျက်စိအောက်က ပျောက်ကရော ချက်ချင်းပဲ အပေါ့အနည်းငယ်ပန်းကန်ထဲထည့်ပြီး မျက်စဉ်းခတ်ပါတယ်။ အနည်းငယ်ခတ်ပါတယ်။

အားရအောင်ခတ်ပြီးတော့ တစ်ရေးအိပ်လိုက်ပါတယ်။ အချိန်က နေ့လယ်ပါ။ အိပ်ရာကလည်းထကရော မျက်စိကျိန်းစပ်နာကျင်တဲ့ဝေဒနာလုံးဝမရှိတော့ပါဘူး။ ကျောက်ကုန်သည်ကို ကျေးဇူးတင်လိုက်တာ အရမ်းပါပဲ။ နောက်ရက်မနက် အိပ်ရာအထမှာ မျက်စိဝေဒနာ ရှင်းသွားခဲ့ရပါပြီ။ ဝမ်းသာလိုက်တာကတော့ ပြောစရာမရှိပါဘူး။

မျက်စိနာတာနဲ့ လူတွေဟာ အလုပ်ပျက်အကိုင်ပျက်ဖြစ်ကြရတာပါ။ ဟိုမျက်စဉ်းကောင်းတယ်ဆို ဝယ်ခတ်၊ ဒီမျက်စဉ်းကောင်းတယ်ဆို ဝယ်ခတ်နဲ့ မပျောက်ခဲ့တဲ့ မျက်စိနာဟာ ဘာမဟုတ်တဲ့ခန္ဓာကိုယ်က စွန့်ထုတ်တဲ့အပေါ့ဆိုတဲ့ အညစ်အကြေးနဲ့ကျမှ အလွယ်တကူပျောက်ရတာဟာလည်း အံ့သြစရာပါ။ သူများအပြောမဟုတ်ပါဘူး။ ကိုယ်တိုင်ကြုံခဲ့ရတာပါ။ အဲဒီကျမှ တယ်ဟုတ်ပါလားလို့ အထင်တကြီးရှိခဲ့ရပါတယ်။

ဝေဒနာနဲ့ရင်းပြီးမှ ရထားတဲ့ အဲဒီမျက်စဉ်းဆေးနည်းကို မျက်စိနာသူတွေ တွေ့ကြုံတိုင်း ညွှန်လေ့ရှိပေမယ့် အချို့မခတ်ရဲကြပါဘူး။ အချို့လည်း ခတ်ကြပါတယ်။ ပျောက်တဲ့လူတွေရှိသလို မပျောက်တဲ့လူတွေလည်း တွေ့ရပါတယ်။

မြန်မာ့ဆေးမြီးတိုတွေလိုနေမှာပါ။ ဆေးမြီးတိုဆိုတာ လူနာနဲ့စပ်ရင် ယူပစ်သလို ပျောက်တတ်ပေမယ့် လူနာနဲ့မစပ်ရင် ရောဂါအရာမယွင်းပါဘူး။ ဒီတစ်ယောက်ပျောက်ပေမယ့် နောက်တစ်ယောက် ပျောက်ချင်မှပျောက်တာပါ။ ဆေးမြီးတိုနဲ့ တထစ်ချ ဧကန်ပျောက်ရမယ်လို့ တွက်ဆလို့ မရတတ်ပါဘူး။

ကျင်ငယ်ရေလို့ခေါ်တဲ့ သေးကို မျက်စဉ်းခတ်ခြင်းဖြင့် မျက်စိကို ဒုက္ခပေးတာ မတွေ့ရပါဘူး။ အရမ်းလည်း မစပ်ပါဘူး။ ခေတ်မီ ဆေးဝါးတွေနဲ့ ကုသလို့ အဆင်မပြေဖြစ်နေတယ်။ မျက်စိကို တစ်ခုခုနဲ့ထိမိလို့ ဒဏ်ဖြစ်နေတယ်။ မျက်သားတွေတက်ပြီး ယားယံနေတယ်။ မျက်စိနာချင်တယ်ဆိုရင်တော့ ပန်းကန်သန့်သန့်မှာ မိမိအပေါ့ကို စတီလောက်စွန့်ထည့်ပြီး ခေတ္တအအေးခံလိုက်ပါ။ ပြီးရင် ဝါဂွမ်းသန့်သန့်နဲ့ယူပြီး မျက်စိထဲ ညှစ်ထည့်ပေးပါလို့ တိုက်တွန်းပါရစေ။

**နောက်ဆုံးဆေး**

၂၀၀၃ ခုနှစ်မှာ မိုင်းရှူးရတနာမြေရှိ မင်းသီဟသန်း ကျောက်မျက်ကုမ္ပဏီမှာ မန်နေဂျာတာဝန်ထမ်းဆောင်နေရာကနေ ခဲတောင်ရှိ အဖွဲ့အစည်းတစ်ခုပိုင် ကျောက်မျက်ကုမ္ပဏီကို မန်နေဂျာအဖြစ် ကူးပြောင်းတာဝန်ထမ်းဆောင်ရပါ တယ်။

မန်နေဂျာဟောင်းဆီကနေ ငွေကြေးနဲ့ စာရင်းဇယားတွေ၊ ကုမ္ပဏီရဲ့ တာဝန်တွေကို လွှဲပြောင်းလက်ခံရပါတယ်။ အဲဒီကုမ္ပဏီမှာ အသိရယ်လို့ တစ်ဦးမှ မရှိပါဘူး။ တာဝန်ထမ်းဆောင်ရင်း လက်အောက်ကဝန်ထမ်းတွေနဲ့ သိကျွမ်းရတာပါ။

အဲဒီအထဲမှာ ကျင်းဆင်းစာရင်းတွေ၊ အလုပ်ဆင်းစာရင်းတွေ၊ ကျား၊ မဝန်ထမ်းတွေရဲ့ လခစာရင်းတွေကိုင်တာက ဂိုဒေါင်မှူး ဘိုဆန်းပါပဲ။ ဘိုဆန်းရဲ့ စာရင်းတွေဟာ အလွန်အရေးပါပါတယ်။ သူ့စာရင်းတွေကို ကျွန်တော်က စစ်ဆေးပြီး အတည်ပြုပေးရတာပါ။ ပစ္စည်းအဝင်အထွက် ကိုက်ညီမှုရှိ/မရှိ၊ ကျင်းဆင်းပျက်သူ၊ မှန်သူ၊ အလုပ်ဆင်းပျက်သူ၊ မှန်သူ၊ နေ့စဉ်စစ်ဆေးရပါတယ်။ ပျက်တဲ့ရက်တွေကို ခံစားခွင့်မပေးပါဘူး။ ခေါင်းကိုက်၊ ဇက်လေး၊ နှာစေး၊ ချောင်းဆိုး၊ ဗိုက်နာ စတဲ့အကြောင်းပြချက်တွေကလည်း များမှများပါ။ အဲဒါမျိုးတွေကို အပျင်းဖျားလို့ သတ်မှတ်ရပါတယ်။ ခံစားခွင့်မပေးပါဘူး။ ဆေးမှူးရဲ့အတည်ပြုချက်နဲ့ အမှန်တကယ်ဖျားနာတယ်ဆိုမှ ခံစားခွင့်ပေးပါတယ်။ အဲဒီကိစ္စတွေမှာ ဘိုဆန်းရဲ့တင်ပြချက်လည်း အရေးပါပါတယ်။ အဲဒါကြောင့် ဘိုဆန်းနဲ့လည်း ရင်းနှီးပါတယ်။

ဘိုဆန်းဟာ အသားညိုညိုနဲ့ပါ။ ပခုက္ကူနယ်က ဆိုတော့ အညာသားလို့ ဆိုရမှာပါပဲ။ ဘိုဆန်းဟာ (၁၀) တန်းအထိ ပညာသင်ခဲ့တယ်ဆိုတော့ စာရင်းကို သေသေသပ်သပ်လုပ်နိုင်ပါတယ်။ သူတို့ရွာက ဧရာဝတီမြစ်ရိုးဘေးက ရွာကလေးပါ။ အတော်တောကျတယ်လို့ ဆိုပါတယ်။

ကျွန်တော်ဟာ အဲဒီတုန်းက မြတ်ကြေးမုံမဂ္ဂဇင်းအတွက် အင်တိုက်အားတိုက်ရေးနေချိန်ပါ။ သဘာဝပေါက်ပင်တွေနဲ့ ဆေးကုပြီး ဆေးဆောင်းပါးလေးတွေ တစ်ဖက်တစ်လမ်းက ရေးနေချိန်ဆိုတော့ ဘိုဆန်းက သူတို့ရွာမှာဖြစ်ပျက်ခဲ့တဲ့ နောက်ဆုံးဆေးအကြောင်းကို စိတ်ဝင်စားဖွယ် ပြောပြပါတယ်။

သူတို့ရွာလေးဟာ ခေတ်မီဆေးဝါးနဲ့ လက်လှမ်းမမီသေးဘဲ အစဉ်အလာအားဖြင့် ကုခဲ့တဲ့ မြန်မာဗိန္ဒောဆရာကြီး ဦးဖိုးသုံးကိုသာ ကျန်းမာရေးအတွက် အားကိုးအားထားပြုနေရတာပါ။ ဦးဖိုးသုံးမှာ လက်ရင်းတပည့်တစ်ဦး ရှိပါတယ်။ သူက ကိုသာမောင်တဲ့။ အသက်ကြီးပြီဖြစ်တဲ့ ဦးဖိုးသုံးရဲ့ပညာတွေကို လက်ဆင့်ကမ်းသင်ယူနေသူပါ။

သခါရသဘောအရ ဦးဖိုးသုံး ကွယ်လွန်တဲ့အခါ ရွာမှာ ကိုသာမောင်က ဗိန္ဒောဆရာဖြစ်လာပါတယ်။ ရွာမှာ ကျန်းမာရေးကိစ္စအဝဝကို ဆရာလေး ကိုသာမောင်ကိုသာ အားကိုးအားထားပြုလာရပါတယ်။ ကိုသာမောင်ကလည်း ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုတာလိုပါပဲ။ ဆရာကြီးလို အစွမ်းထက်လှပါတယ်။

တစ်နေ့မှာ ကိုငွေရဆိုသူက အရေးတကြီး ဆရာလေးကိုသာမောင်ကို လာပင့်ပါတယ်။ သူ့မိန်းမ ငါးရောင်းရာက အပြန်မှာ သွေးတွေအန်နေလို့ဆိုကိုး။ သူ့မိန်းမအမည်က မပုတိုတဲ့။ နာမည်နဲ့ လိုက်လျောညီထွေမှုမရှိဘဲ အရပ်က ကလန်ကလားရယ်။

ဒါနဲ့ ကိုသာမောင် ဆေးလွယ်အိတ်လွယ်ပြီး ပါသွားပါတယ်။ ဖြစ်ပုံကို မေးပြီး ဆေးတိုက်ပါတယ်။ သူ့ဆေးချက်က မတိုးဘူးဖြစ်နေပါတယ်။ သွေးက မကြာမကြာအန်နေဆဲပါ။ ဒီအတိုင်း ဆက်အန်နေမယ်ဆိုရင် မပုတိုသွေးခန်းပြီး သေတော့မှာ အမှန်ပဲ။ဆေးချက်မထိတာကြောင့် ကိုသာမောင် ချွေးပြန်လာရပါပြီ။ ဒါနဲ့ ဆရာကြီး ဦးဖိုးသုံးမှာခဲ့တဲ့ နောက်ဆုံးဆေးကို ပြေးပြီးသတိရပါတယ်။

ဒါနဲ့ပဲ ကိုငွေရကို -

"ကိုငွေရ၊ ဒီဆေးတွေနဲ့တော့ မရဘူး။ အိမ်ပြန်ပြီး ဆေးပြေးယူလိုက်ဦးမယ် ခဏစောင့်ပါ"

လို့ပြောပြီး အိမ်ပြန်ပြေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ ပုလင်းထဲ အပေါ့စွန့်ထည့်ပြီး အဲဒီ ပုလင်းနဲ့ ခပ်မြန်မြန်ပြန်သွားပါတယ်။ ရောက်တာနဲ့ ဝေဒနာခံစားပြီး ခပ်မြော့မြော့ဖြစ်နေတဲ့ မပုတိုကို တစ်ဖန်ခွက်စာ တိုက်လိုက်ပါတယ်။

ဆန်းကြယ်လိုက်ပုံများ ပြောပါတယ်။ မပုတို သွေးအန်ရပ်ပြီး အိပ်ပျော်သွားခဲ့ပါတယ်။ အဲဒီမှာပဲ ကိုသာမောင် အိမ်ကိုပြန်ပြီး သုတ်ခြေတင်ခဲ့ပါတယ်။ သောကကြောင့် ချွေးတောင်ပြန်နေပါတယ်။

သူထင်တာက မပုတို ဒီနေ့ညမှာ သေလောက်တယ်လို့ တွက်ထားမိတာပါ။ အန်လိုက်တဲ့သွေးကလည်း နည်းတာလို့။ မတော်လို့ သေသွားရင် သူ အပြည်ပျက်ရမှာလေ။ အဲဒါကြောင့် ရင်တထိတ်ထိတ် နားတစွင့်စွင့်နဲ့ ညတစ်ညလုံး သောကနဲ့ ဖြတ်ကျော်ရပါတယ်။ သူ့ ထိပ်ပြာတွေမလုံးဘူးဖြစ်နေတယ်။

ဒီလိုနဲ့ မိုးလင်းတဲ့အခါ ကိုသာမောင်ဟာ မပုတိုရဲ့အခြေအနေကို သိချင်တာကြောင့် အိမ်ရှေ့က မသွားရဲဘဲ အိမ်ရဲ့အခြေအနေကို အိမ်နောက်ဖေးက သွားချောင်းကြည့်ပါတယ်။ မသာများပြင်နေပြီလားပေါ့။

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် မပုတိုရဲ့ယောကျ်ား ကိုငွေရနဲ့ ပက်ပင်းတိုးပါတယ်။ ကိုသာမောင် မျက်နှာဘယ်ထားရမှန်းကိုမသိဘူး။ ပူထူပြီး အရမ်းရှက်သွားပါတယ်။

"ဆရာလေး၊ ဘာလာချောင်းနေတာလဲဗျ"

"ဟို. . . ဟို. . . မပုတို. . . မပုတို အခြေအနေ ဘယ်လိုနေလဲ။ သေများသေပြီလားလို့ လာချောင်းကြည့်တာပါဗျာ။ ဟဲဟဲဟဲ"

လို့ ရယ်သွမ်းသွေးပြီး ပြန်ပြောပါတယ်။

"ဟောဗျာ၊ မပုတိုက ဆရာလေးကလို့ ပျောက်သွားပြီလေ။ အခု ငါးရောင်းထွက်သွားပြီ ဆရာလေးရဲ့။ အဲဒါ မပုတိုက သူငါးရောင်းပြန်လာမှ ဆရာလေးကို လာကန်တော့ပါမယ်တဲ့။ ကျွန်တော်လည်း ခဏနေ မြစ်ထဲပိုက်သွားချဦးမယ် ဆရာ"

လို့ ပြောတာကြောင့် သူ့ရဲ့ဝမ်းသာမှုက အထွတ်အထိပ်ကိုရောက်သွားပါတော့တယ်။ ဆရာကြီး ဦးဖိုးသုံးကိုလည်း စိတ်ထဲက ကျိတ်ပြီးကန်တော့နေမိပါတယ်။

'ငါ့တပည့် လူမမာဟာ ဆေးချက်တိုးတော့ဘဲ နောက်ဆုံးအဆင့်ရောက်နေပြီဆိုရင် နောက်ဆုံးအသက်ကယ်တဲ့ ဆေးကတော့ ဆီးပဲကွယ့်။ လူနာမသိအောင် ကိုယ့်ဟာကိုယ် ဆီးစွန့်ပြီး ရဲရဲသာတိုက်လိုက်။ သေကံမရောက် သက်မပျောက်ဘဲ ပြန်ထလာလိမ့်မယ်'

ဆိုတဲ့စကားကို ကြားယောင်နေမိပါတယ်။ ဒါက သူတို့ရွာလေးက ဆရာလေး ကိုသာမောင် ကုတဲ့အထဲက အခက်ခဲဆုံးလူမမာပါ။ ဒါကို ဗဟုသုတအဖြစ် ဘိုဆန်းကို ပြောပြခဲ့ခြင်းပါ။

ဆီးလို့ ဆေးအခေါ်အဝေါ်အရ ခေါ်ကြတဲ့သေးဟာ အစွမ်းထက်ကြောင်း၊ အထင်မသေးသင့်ကြောင်း ဘိုဆန်းက ပြောပြခြင်းပါ။ ဒါကို မှတ်မှတ်ရရရှိနေပါတယ်။

## သုံးတတ်ရင်

ကျင်ကြီးကို ချေး၊ မစင်၊ ဝမ်း၊ အလေး၊ အခင်းကြီး၊ နောက်ဖေး၊ အညစ်အကြေး စသည်ဖြင့် ခေါ်ကြသလို ကျင်ငယ်ကိုလည်း သေး၊ ဆီး၊ အပေါ့၊ အခင်းငယ်၊ နောက်ဖီ၊ ရှူရှူး စသည်ဖြင့် ခေါ်ကြပါတယ်။ ဒေသအလိုက် အခေါ်အဝေါ်တွေ များစွာ ရှိနေကြဦးမှာပါ။ မည်မျှ အခေါ်အဝေါ်တွေများပါစေ၊ အသံတွေကွဲသော်လည်း အကြောင်းကတော့ အတူတူဖြစ်ပါတယ်။ မြန်မာ့ဝေါဟာရတွေက နေရာဒေသ၊ အဆင့်အတန်းလိုက်ပြီး ဝေါဟာရတွေကွဲပြားသွားခြင်းပါ။

အဲဒီ ကျင်ကြီး၊ ကျင်ငယ်ဟာ သုံးတတ်ရင် ဆေးအဖြစ် အလွန်ပဲ အသုံးဝင်ပါတယ်။ ကျွန်တော်ဟာ အပင်တွေနဲ့ လူတွေကို ကုလေ့ရှိပါတယ်။ မိုးကုတ်တို့ မိုင်းရှူးတို့ဆိုတာ အမြဲစိမ်းသစ်တောကြီးတွေရှိတော့ ဆေးဖက်ဝင်အပင်တွေ ပေါများကြွယ်ဝလှပါတယ်။ သူ့ရောဂါနဲ့ သူ့အပင် အံဝင်ခွင်ကျရှိပါတယ်။

သို့သော်လည်း အပင်နဲ့ ဝေဒနာ အံမဝင်တာတွေလည်း ရှိပါတယ်။ ဒါကို ကျွန်တော် လက်တွေ့ကြုံရတာပါ။ မိုးကုတ်အနောက်ပိုင်း ကျောက်ဖျာကနေ မိုးကုတ်မြို့ရှိ အိမ်ကို ပြန်ရောက်တော့ မဒမ်ကျော်စိုးက -

"ခင်ဗျားရဲ့သမီးသွားဖုံးတွေ သွေးစိမ့်နေတယ်။ အဲဒါကုပေးလိုက်ဦး"

လို့ ဆိုတာနဲ့ ဆေးရရေးအတွက် ကျွန်တော် ကျောက်ဖျာကို တစ်ခေါက်ပြန်ပြေးရပါတယ်။ တောင်အတက်အဆင်းတွေနဲ့ (၁၃) မိုင်ဝေးတဲ့ခရီးကို စက်ဘီးနဲ့သွားခြင်းပါ။ တစ်နာရီခွဲ၊ နှစ်နာရီနီးပါး မနားတမ်း ခရီးနှင်ရပါတယ်။

ရောက်တယ်ဆိုရင်ပဲ လေလုံသံဘူးထဲ မစင်အနည်းငယ်ပါထည့်ပြီး မီးခိုပြာထဲထည့်ကာ မီးပြင်းတိုက်ပါတယ်။ တစ်မီးကုန်တဲ့အခါ ပြာပူထဲကဘူးကို ထုတ်ပြီး ခဏအအေးခံရပါတယ်။ ဖွင့်ကြည့်တော့ မစင်ဟာ မီးသွေးခဲ ဖြစ်နေပါပြီ။

အဲဒီ မီးသွေးခဲကို ဆုံနဲ့ထောင်းပြီး ပိတ်ပါးနဲ့ အမှုန့်ချပါတယ်။ ပြီးမှ လေလုံဘူးထဲထည့်ပြီး မိုးကုတ်ကို ပြန်ပါတယ်။

ညအိပ်ရာဝင်ခါနီး ဆေးမှုန့်နဲ့သိပ်ပေးလိုက်ပါတယ်။ သွားဖုံးရိပြီး သွေးစိမ့်တဲ့ဝေဒနာ ပျောက်ကင်းသွားတော့တာပါပဲ။ ပျောက်တော့မှ သမီးက သူ့အမေကိုမေးပါတယ်။ အမေကလည်း ဝေဒနာပျောက်ပြီမို့ အမှန်အတိုင်း ပြောပြလိုက်ပါတယ်။

"တော်ပြီ၊ နောက်တစ်ခါဖြစ်ရင် အဖေ့ဆေးကို မသုံးရဲတော့ဘူး"

လို့ သမီးက ဆိုပါတယ်။

သမီးဇောနဲ့ မောလို့မောရမှန်းတောင် မသိအောင် ဖော်ရတဲ့ဆေးပါ။ ဒါပေမယ့် သမီးလေးနေခြည်စိုး ဝေဒနာပျောက်လို့ ပီတိဖြစ်ရပါတယ်။ အဲဒီတုန်းက သမီးက အပျိုဖြန်းအရွယ်လေးပါ။ ခုတော့ (၃၀) ကျော်စပြုပါပြီ။ မြေးလေး ထက်မြက်ဟန်ရှိန်တောင် (၅) တန်း ရောက်နေပါပြီ။

အဲဒီဆေးမှုန့်ဟာ ပါးစပ်မှာဖြစ်တဲ့ ရေစီးကမ်းပြိုလို့ခေါ်တဲ့ဝေဒနာ ပျောက်တယ်။ ပြီးတော့ စအိုဝမှာဖြစ်တဲ့ ဘရင်ဂျီနာ၊ လိပ်ခေါင်းနာတို့ကိုလည်း အုန်းဆီစစ်စစ်နဲ့ ဖျော်လိမ်းရင် ပျောက်ပါတယ်။ အူကျဝေဒနာကိုလည်း အုန်းဆီနဲ့ပဲ ဖျော်လိမ်းရတာပါ။

ကျွန်တော်တို့ ကျောက်ဖျာက စိုးမြင့်ဟာ ငယ်စဉ် လူပျိုပေါက်ဘဝမှာ ဝိတ်ရူးရူးပြီး အုတ်နီခဲတွေ သင်္ကန်းစုတ်နဲ့ထုပ်ပြီး အုန်းဆံတံမြက်စည်းရိုးနဲ့ ဝိတ်မ,ပါတယ်။ မန္တလေးမှာ တန်းကျောင်းတက်စဉ်က ဘုန်းကြီးကျောင်းမှာနေပြီး တက်တာပါ။ မန္တလေးမှာ မ,တာပါ။ အဲဒီလို မ,တဲ့အခါ နည်းစနစ်မမှန်တော့ အူကျလာတာပါပဲ။ ဒါကို ဆရာတော်ဆီ လျှောက်ပါတယ်။

အဲဒီအခါ ကျောင်းထိုင်ဆရာတော်က ဆေးမှုန့်မည်းမည်းပေးပြီး အုန်းဆီနဲ့ ဖျော်လိမ်းခိုင်းတော့ ပျောက်ပါတယ်။ ဘုန်းကြီးဆီ ဆေးနည်းတောင်းတော့ ဘုန်းကြီးက မပေးပါဘူး။ နောက်ဖြစ်ရင် လိမ်းဖို့ဆိုပြီး စက္ကူနဲ့ ထုပ်ထုပ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင် ၏ (ကျိုက်လတ်)

# လောကီပညာ ပဒေသာ(၁)

လူ့လောကအတွင်းရှိရှိသမျှသော တိုင်းပြည်ပေါင်းစုံ၊ နိုင်ငံကြီးငယ်ပေါင်းစုံတို့မှ လူမျိုးပေါင်းစုံတို့သည် မိမိတို့ လူမျိုးအလိုက်၊ မိသားစုအားလုံး အသက်ရှင်နေထိုင်ကြစေရန် အဓိက အရေးကြီးဆုံး အရေး (၃) ပါးကို ဂရုစိုက် ကြိုးပမ်းဆောင်ရွက် လုပ်ကိုင်နေကြရသည်။ ထိုအရေးသုံးပါးကား စား၊ ဝတ်၊ နေ၊ ရေးဖြစ်၏။ ထိုသို့ ကြိုးပမ်းဆောင်ရွက်နေကြရင်း လက်ရှိဘဝအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များကို ဂရုစိုက်လုပ်ကိုင်နိုင်ရန်အလို့ငှာ လောကီပညာအရပ်ရပ်များကို တီထွင်ကြံဆ ကြိုးစားသင်ယူ လေ့လာဆည်းပူး စုဆောင်း မှတ်သားကြရသည်။

လောကီပညာ ဆိုသည်မှာ လူသားအားလုံးတို့၏ စားဝတ်နေရေးတို့တွင် လိုအပ်သည့် အရေးကိစ္စဟူသမျှတို့ကို ဖြည့်ဆည်းပံ့ပိုး ကူညီဆောင်ရွက်ပေးနိုင်သောအမှုကိစ္စများဖြစ်၏။ စာပေအတတ်ပညာ၊ နှုတ်မှု၊ လက်မှု၊ စက်မှုပညာရပ်များ၊ ဆေးဝါးနှင့် သက်ဆိုင်သော ကျန်းမာရေးပညာရပ်များနှင့် ဘေးဥပဒ်အန္တရာယ်အပေါင်းကို ကာကွယ်တားဆီးနိုင်သော၊ ကုသနိုင်သော ပညာရပ်များအထိ ကျယ်ပြန့် များပြား စုံလင်လှပေသည်။

မည်သည့်လောကီပညာဖြစ်စေ၊ သက်ရှိထင်ရှားရှိနေကြသော လူသားများအတွက် မည်သူမဆို မိမိတို့ ဝါသနာပါရာ၊ စိတ်ပါဝင်စားရာကို လုပ်ဆောင်နေကြ၊ သင်ယူနေကြရသည်။ ရှေးအဆက်ဆက်မှသည် ယနေ့ခေတ်သစ်အထိ လောကီနှင့်ဆိုင်ရာ ပညာပေါင်းစုံတို့ကို လေ့လာသင်ယူ ဆည်းပူးနေကြရသည်။ အထူးသဖြင့် လူမျိုးတိုင်း ရှေးအစဉ်အဆက်ကရှိခဲ့သော ရိုးရာအလိုက် အဖိုးတန်ပညာများကို ယနေ့ခေတ် လူငယ်များဆီသို့ လက်ဆင့်ကမ်းအမွေပေးနေရသည်။ အချို့သော အဖိုးတန်လောကီပညာများမှာ တစ်စတစ်စနှင့် ပျောက်ကွယ်နေကြပြီဖြစ်ရာ ထိုသို့ပျောက်ကွယ်လုနီးပါးဖြစ်နေသည့်လောကီပညာများ မပျောက်ပျက် မတိမ်ကောစေရန်နှင့် ယနေ့ မျိုးဆက်သစ် လူငယ်လူရွယ်များ လေ့လာ ဆည်းပူး၍ ပညာများတိုးပွားရရှိစေခြင်းငှာ ပညာလိုလားစိတ်ဝင်စားကြသောခေတ်လူငယ်များအတွက် ဖြန့်ဝေ ရေးသားလိုက်ရပါသည်။ လိုသူများသုံးကြစေဖို့သာ ဖြစ်ပါ၏။

**လက်ဖက်မန်းဂါထာ (ပီယသျှိ)**

*ဥုံ ဗုဒ္ဓေါ ဇာတုရူပေါ ချုပ်၊ ဥုံ ဓမ္မော ဇာတရူပေါ ချုပ်။ ဥုံ သံဃော ဇာတရူပေါ ချုပ်၊ ချုပ်ဆရာချုပ် သွာ ဟာ။*

လက်ဖက်ကို ၎င်းဂါထာနှင့် (၇) အုပ်မန်းပြီးစားပါ။ (ပီယသျှိကောင်း၏)

**ချစ်သူကိုခေါ်လျှင်လာသော ပန်းမန်းဂါထာမန္တန်**

မိမိ နှစ်သက်ရာ ပန်း (၃) ပွင့်ကို အောက်ပါ ဂါထာမန္တန်နှင့် (၇) အုပ် ရွတ်မန်းပါ။

*ဥုံ တိတ္ထံ တိတ္ထံ ထွနမော၊ ဥုံ သူရ ဿတီမယ်၊ ဒေဝီမည်လျှ အို-နမ၊ သား၏အသွင်၊ စိတ်ကထင်၍၊ ရင်ခွင်ပိုက်ပွေ့ လိုက်စေသော်။*

ယင်းကဲ့သို့ ပန်း(၃)ပွင့်ကို ဂါထာမန္တန်နှင့် မန်းပြီးနောက် ဘုရားအား တစ်ပွင့်လှူ၊ နတ်အား တစ်ပွင့်တင်ပြီးလျှင်၊ ကျန်တစ်ပွင့်ကို မိမိကိုယ်၌ ဆောင်ထားရမည်။

လက်ညှိုးညွှန်၍ မိမိအလိုရှိသောသူကို စိတ်က တောင့်တပါလျှင် ကျိန်းသေလာ၏။ လိုရာပြောက အောင်မြင်၏။ ပီယသိဒ္ဓိအတွက် အထူးကောင်းလှ၏။

(သို့သော် - သစ္စာရှိဖို့တော့ သတိပြုပါလေ)

**ထုံးမန်းဂါထာ**

ထုံးတစ်မတ်သားနှင့် နှမ်းဆီတစ်မတ်သားဖျော်ပြီးလျှင် အောက်ပါဂါထာနှင့် (၇)အုပ်မန်းပါ။

*ဥုံ-သွေ့သွေ့ဘတ်၊ သနပ်ပတ် သွေ့ သွားဟာ။*

(၇) အုပ်မန်းပြီးလျှင် လက်ဝါးတွင် ပွတ်ပြီး -

*ဥုံ ဗုဒ္ဓေါနာထောဝင် ဆရာဝင်၊*

*ဥုံ ဓမ္မော နာထောဝပ် ဆရာဝပ်။*

ရွတ်၍ လက်ဝါးကို ပွတ်ပြီး လက်ဝါးကိုပြပါ။ (ပီယသျှိကောင်း၏။)

**ခြေရာမန်းဂါထာမန္တန်**

မိမိနှစ်သက်သော ချစ်သူ၏ ခြေရာမြေကို အောက်ပါ ဂါထာမန္တန်နှင့် (၇) အုပ်မန်းပါ။

*ဥုံ နမော ဗုဒ္ဓါ ဓမ္မာ သံဃာညံ၊ ကပ် ကပ် ကပ် ပဲ့၊ ဥုံ ပက္ခဝိပရိတ် ကပ် ကပ်။*

အညွှန်း။ ။ ထိုသို့ မန္တန်မန်းပြီး ခြေရာမြေကို မိမိပုဆိုးဖြင့်ထုပ်၍ မိမိအနီးအနားတွင်ထားပါက ချစ်သူရောက်လာလိမ့်မည်။ လိုရာကိစ္စပြောပါ။ သစ္စာတော့ရှိပါလေ။ အထူးဂရုပြုပါ။

**ခွေးမဟောင်သောဂါထာမန္တန်**

လက်လေးသစ်မျှရှိသော တုတ်တစ်ချောင်းလုပ်၍ -

*ဥုံ စိတ္တံ ပန္နမ ဟိတ်*

ဂါထာနှင့် အသက်အောင့်ပြီး တုတ်ကို (၇) အုပ်ရွတ်ပြီး ၎င်းတုတ်ကို ခါးမှာ ညှပ်သွား။ ခွေးမဟောင်နိုင်။

တစ်ပွဲတိုးဖြစ်၍ နောက်တစ်အိမ်ရောက်လျှင် ထပ်မန်းပြီးမှ သွားပါ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

---

ပေးလိုက်ပါတယ်။

အဲဒီဆေးမှုန့် မိုးကုတ်ကို ပါလာတော့ ကျွန်တော်က တောင်းကြည့်တဲ့အခါ မြင်မြင်ချင်းပဲ ဆေးနည်းကို အလိုလိုသိလိုက်ပါတယ်။ ကြားဖူးနားဝရှိပြီးသားမို့ပါ။ ကျွန်တော် သိထားတာက ရေစီးကမ်းပြိုလောက်ပါ။ တစ်ယောက်စကား တစ်ယောက်နားနဲ့ အတော်စုံစုံ သိလာပါတော့တယ်။

မသုံးတတ်ရင် ချေး၊ သုံးတတ်ရင် ဆေးလို့ ဆိုရမှာဖြစ်ပါတယ်။ အဲဒီ ချေးဆိုတဲ့ မစင်ဟာ အခြားသောသုံးနည်းတွေလည်း များစွာရှိဦးမယ်ထင်ပါတယ်။

အညစ်အကြေးတွေအကြောင်းရေးလို့ ယုတ်နိမ့်တဲ့စာစုလို့ မမှတ်ယူစေလိုပါ။ အထင်မသေးသင့်တဲ့ စွန့်ပစ်ပစ္စည်းများမို့ပါပဲ။

*(ဦးသိန်းထွန်း (ကြော်ငြာ) အား ဂါရဝပြုလျက်)*

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

# သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေပညာ ၁၆၁


ဦးအောင်လှိုင်(သုဝဏ္ဏ)

**၅၁။ အစောင့်အရှောက် ရုပ်တုများအား တိုင်တည်ခြင်း**



အစောင့်အရှောက်ရုပ်တုများအဖြစ် ကိုယ်စားပြုသည့် ခြင်္သေ့၊ ကျား၊ ကြံ့ဆင်၊ ကျားသစ်ရုပ်တုများအား သက်ဝင်အောင် ထုလုပ်၍ အသုံးပြုရပါသည်။

အထက်ပါသတ္တဝါရုပ်တုများအား ၎င်းတို့၏ ခွန်အားကြီးမားခြင်း၊ ရဲစွမ်းသတ္တိပြည့်စုံခြင်းနှင့်ရန်စွယ်မှန်သမျှအား ခက်ထန်ကြမ်းတမ်းစွာ ချေမှုန်းနိုင်ခြင်းတူသည့် ဂုဏ်ရည်များနှင့် ပြည့်စုံပုံပေါ်အောင် ထုလုပ်ပေးရန် ဆိုလိုပါသည်။ အဆိုပါအစောင့်အရှောက်ရုပ်တုများ၏ လည်ပင်းအား အနီရောင်ဖဲကြိုးဖြင့်ချည်၍ စွမ်းအင်မြှင့်တင်ပေးရန် လိုပါသည်။ ထိုအခါ ရုပ်တုများ၌ ကောင်းကင်ဘုံ၏ စွမ်းအင်များ စွဲကပ်ကာ ပိုမို အစွမ်းထက်လာစေပါမည်။ မိမိ၌ ကံစွကြီး/ငယ် ဖြေရှင်းရန်ရှိလာပါက အဆိုပါရုပ်တုများအားတိုင်တည်၍ အောင်မြင်စွာ ဖြေရှင်းနိုင်ပါမည်။





It's fine to have some furniture in your hall to slow down chi, but don't let clutter pile up_display only a few decorative items.

**၅၂။ အိမ်၏အဝင် (အိမ်ဦးခန်း) ၌ အတားအဆီး အပိတ်အပင်မရှိစေရန် ရှင်းလင်းထားခြင်း**

အိမ်သို့ဝင်ဝင်ချင်း အိမ်ဦးခန်း၌ သတင်းစာများစုပုံနေခြင်း၊ မိုးကာအင်္ကျီ၊ ထီးနှင့် အခြားတိုလီမိုလီပစ္စည်းအစုအပုံများ လုံးဝမထားရှိဘဲ အမြဲတစေ ရှင်းလင်းနေရန် လိုပါသည်။ ထိုသို့ အမှတ်မထင်ထားရှိမိပါက မိမိအတွက် ကောင်းနေသောကံဇာတာများ မမျှော်လင့်ထားသော ပြဿနာ၊ အနှောင့်အယှက်ခံနေရသူများကို လေ့လာရာ၌ ၎င်းတို့အိမ်ရှိ အိမ်ဦးခန်းမှ ပစ္စည်းအစုအပုံများကြောင့် ကံဆိုးခြင်းများနှင့် ကြုံတွေ့ရသည်ကို တွေ့ရှိရသည်။ ၎င်းအစုအပုံ အရှုပ်အထွေးများ ရှင်းလင်းပြီးသည်နှင့်တစ်ပြိုင်နက် ကောင်းသော ချီဓာတ်များ ပြန်လည် ဝင်ရောက်လာပြီး ယခင်ကဲ့သို့ ကံကောင်းခြင်းများ ရရှိလာပါမည်။ အကယ်၍ ပစ္စည်းအစုအပုံများအား စွန့်ပစ်နိုင်ခြင်းမရှိသေးပါက နမူနာပုံပါအတိုင်း အဝင်ဝ (အိမ်ဦးခန်း) ၌ ပန်းအိုးချထားလျက် ပစ္စည်းများအား ထည့်စရာ (တောင်း) တစ်ခုခုဖြင့်သပ်ရပ်စွာထားရှိပါ။ သပ်ရပ်စွာထားရှိသော်လည်း အနည်းငယ်သာရှိနေသင့်သည်။ ထိုအခါ သပ်ရပ်သေသပ်၍ အနည်းငယ်သာရှိနေသောပစ္စည်းများကြောင့် ချီဓာတ်များ ဖြည်းညင်းစွာ ဝင်ရောက်လာပါမည်။

**၅၃။ ဧည့်ခန်းအတွင်း ဖုန်းရွှေနှင့်အညီ စွမ်းအင်မြှင့်တင်ခြင်း**


ဧည့်ခန်းနေရာသည် ဖုန်းရွှေပညာရပ်နှင့်အညီ စွမ်းအင်မြှင့်တင်ပေးရန် အကောင်းဆုံးနေရာတစ်ခု ဖြစ်သည်။ လွယ်ကူရိုးရှင်းသောနည်းအဖြစ် ပန်းများ၊ တိရစ္ဆာန်ရုပ်ပုံများ၊ ပန်းချီ ဒီဇိုင်းရုပ်တုများဖြင့် ကျက်သရေမင်္ဂလာတိုးအောင် လုပ်ပေးနိုင်ပါသည်။ လူတိုင်းသည် အလိုဆန္ဒနှင့် မျှော်လင့်ချက်များ ပြည့်ဝအောင် နေ့စဉ် ကြိုးစားအားထုတ်လျက်ရှိသည်။ တရုတ်ဖုန်းရွှေပညာအရ





www.burmeseclassic.com

www.burmeseclassic.com



လိုအင်ဆန္ဒ၊ မျှော်လင့်ချက်များအား အောက်ပါအတိုင်း (၈) မျိုး ခွဲခြားထားသည်။

၁။ မိမိချစ်ခင်တွယ်တာသော မိသားစုနှင့် အမြဲတစေ အနီးကပ်ရှိနေခြင်း၊
၂။ စီးပွားရေးလုပ်ငန်းများ အောင်မြင်လိုခြင်း၊
၃။ မျိုးရိုးအစဉ်အဆက် ကောင်းမွန်မြင့်မြတ်လိုခြင်း၊
၄။ အတိတ်နိမိတ်ကောင်းသော အမည်နာမဖြင့်ထင်ပေါ်ကျော်ကြားလိုခြင်း၊
၅။ ကျန်းမာရေးကောင်းမွန်၍ ပျော်ရွှင်သောဘဝဖြင့် ရပ်တည်လိုခြင်း၊
၆။ အသိဉာဏ်၊ ပညာ၊ ဗဟုသုတနှင့် ပြည့်စုံလိုခြင်း၊
၇။ စီးပွားဥစ္စာကုံလုံကြွယ်ဝလိုခြင်း၊
၈။ သြဇာရှိန်ဝါ ကြီးမားသူတို့၏ အထောက်အပံ့၊ အစောင့်အရှောက် ခံယူလိုခြင်းတို့ပင် ဖြစ်သည်။

အထက်ပါ လိုအင်ဆန္ဒများအား ကံကောင်းခြင်းဖြင့် ပြီးပြည့်စုံစေရန် ဧည့်ခန်းအတွင်း စွမ်းအင်မြှင့်တင်ပေးရခြင်း ဖြစ်သည်။ ဧည့်ခန်းထားရှိသော ရုပ်တု၊ ရုပ်ပုံကားချပ်နှင့် ဒီဇိုင်းများ၏ အနေအထားအပေါ် မူတည်၍ ဓာတ်ကြီး (၅) ပါး တစ်ခုချင်းစီ၏ ကိုယ်စားပြုရာအရပ်ထောင့်အလိုက် ဧည့်ခန်းအတွင်းရှိနေသည့် မိမိအပေါ် စွမ်းအင်များက သြဇာသက်ရောက်နေပါမည်။ ဥပမာအားဖြင့် အနောက်တောင် (သို့) အရှေ့မြောက် အရပ်ကိုယ်စားပြုရာ မြေဓာတ်နှင့်ဆိုင်သည့်ထောင့်၌ မိမိအတွက် ကျက်သရေမင်္ဂလာရှိစေမည့် (သို့) မျှော်လင့်ချက်ပြည့်စေမည့်ရုပ်တုအား မြေ (သို့) ကြွေဖြင့် ပြုလုပ်ထားရှိပေးပါ။ သင့်အတွက် ကံအကောင်းဆုံးဖြစ်စေသော အရပ်ထောင့်က တံခါးဝနှင့် အမြဲတစေထောင့်ဖြတ်ကျနေသောနေရာတွင် ရှိသည်ကို သတိပြုပါ။ အကယ်၍ ဧည့်ခန်းအတွင်း နံရံ၌ ကြည့်မှန်ထားလိုပါက တံခါးဘက် အလင်းမပြန်စေရန် သတိပြုပါ။ နံရံပေါ်ရှိ ကြည့်မှန်ကြောင့် တံခါးပေါက်အား အလင်းပြန်စေခဲ့ပါက ကောင်းသော ချီဓာတ်များ အလျင်အမြန် ပြင်ပသို့ ထွက်သွားပါလိမ့်မည်။

**၅၄။ တောက်ပသော အလင်းရောင်ဖြင့် ယန်စွမ်းအင် မြင့်တက်လာခြင်း**

အိမ်အတွင်း လှပသောအနုပညာလက်ရာများအား ဖုန်းရှေ့ရှုထောင့်နှင့်အညီ စီစဉ်ထားရှိတတ်ရန် အရေးကြီးပါသည်။ အိမ်၏ဝန်းကျင်တစ်ဝိုက် စူးရှသော အလင်းရောင်မဟုတ်ဘဲ (သို့) မှုန်ဝါးသောအလင်းရောင် မဟုတ်ဘဲ ရှင်းလင်းစွာ တောက်ပနေပါက အမြဲတစေ ကံကောင်းသောနိမိတ်ကို ရရှိနေပါမည်။ နေ့ပိုင်းအချိန်များတွင် အိမ်အတွက် နေအလင်းရောင်အား ကောင်းစွာ ရရှိမှုကြောင့် ယန်စွမ်းအင်ကို မြင့်တက်စေပြီး ညပိုင်းအချိန်များ၌ အမှောင်ထုကြီးစိုး၍ ညဥ့်နက်လေလေ လရောင်၏ အားကောင်းစွာ ထိန်လင်းပေးမှုကြောင့် ယင်စွမ်းအင်ကို မြင့်တက်စေပါသည်။

**ညပိုင်းအချိန်၌ ယင်နှင့်ယန် စွမ်းအင်နှစ်ရပ် မျှတစေခြင်း**

ညပိုင်းတွင် ယင်နှင့်ယန် မျှတစေရာ၌ ညကို ကိုယ်စားပြုသော ယင်ဓာတ်က (ညပိုင်းတွင်) ယန်ထက် အနည်းငယ် သာလွန်နေသင့်ပြီး နေ့ပိုင်း၌ ယင်ထက် ယန်ဓာတ်က အနည်းငယ်ပိုနေရမည့်သဘောကို ဆိုလိုပါသည်။ ညပိုင်းတွင် ယင်ဓာတ်သက်သက်ချည်း စိုးမိုးခြင်း၊ နေ့ပိုင်းတွင် ယန်ဓာတ်သက်သက်ချည်းစိုးမိုးခြင်း မရှိစေသင့်ပါ။

တစ်ဖန် နေ့ပိုင်းတွင် ယင်ဓာတ်လွန်ကဲခြင်း၊ ညပိုင်းတွင် ယန်ဓာတ်လွန်ကဲခြင်းလည်း မဖြစ်သင့်ပါ။

အိမ်တစ်အိမ်အတွက် နေ့ပိုင်းရော ညပိုင်းပါ ယန်ဓာတ် လိုအပ်ပါသည်။ ညပိုင်းတွင် ယင်ဓာတ်စိုးမိုးမှုမရှိစေရန် အိမ်ဝန်းကျင်တစ်ဝိုက် ဝင်းခြံအတွင်း မီးထွန်းပေးခြင်း၊ ဘုရားမီးပူဇော်ထားခြင်းဖြင့် ယန်ဓာတ်ကိုရစေပါသည်။ အကယ်၍ နေ့ပိုင်းတွင် ယင်ဓာတ်လွန်ကဲစွာ တိတ်ဆိတ်နေပါက တေးသီချင်းသံ ပျံ့လွင့်နေအောင် ကက်ဆက်ဖွင့်ပေးခြင်းဖြင့်လည်း ယန်ဓာတ်ကို ရစေပါသည်။ အထူးသဖြင့် အိမ်အဝင်ဝလမ်းကြောင်းတစ်လျှောက် နေ့ရောညပါ အလင်းရောင် လုံလောက်စွာ ရစေခြင်းဖြင့် ယန်ဓာတ်ကို ရစေပါသည်။

**၅၅။ မိမိနေထိုင်ရာဝန်းကျင်တစ်ဝိုက် သဘာဝအသံများ ကြားနေရခြင်းဖြင့် ယန်စွမ်းအင် လုံလောက်စွာရရှိခြင်း**



မိမိအိမ်အနီးတစ်ဝိုက် နေ့စဉ်ကြားရတတ်သော ငှက်အော်သံ၊ ခွေးဟောင်သံ၊ ကြောင်အော်သံများသည် ယန်စွမ်းအင်ရရှိခြင်းအတွက် အခြေခံအရင်းအမြစ်များပင် ဖြစ်သည်။ တိတ်ဆိတ်ငြိမ်သက်နေဟန်ရှိသော အိမ်နှင့် အိမ်ဝန်းကျင်သည် သုသာန်တစပြင်ကဲ့သို့ ယင်ဓာတ်လွန်ကဲနေပြီး (အထူးသဖြင့်) နေ့ပိုင်းဖြစ်ပါက မကောင်းသော ချီဓာတ်ကို ဖြစ်စေပါသည်။ နေ့ပိုင်းအချိန်များတွင် အိမ်အတွက် နေ၏အလင်းရောင်နှင့်အတူ သဘာဝအသံများရှိနေသင့်သည်။ အိမ်အတွက် သဘာဝအသံများကြားရန် ဖန်တီးသည့်အနေဖြင့် သံစဉ်ညီညာသောဆည်းလည်းတပ်ပေးခြင်းက လေတိုက်ချိန်၌ သာယာသောအသံကိုကြားရပါမည်။ ထိုသဘာဝအသံများက လိုအပ်သော ယန်ဓာတ်ကို ဖြည့်စွက်ပေးပါသည်။

နေ့ပိုင်းတွင် အိမ်သာ...




www.burmeseclassic.com

www.burmeseclassic.com

လေမှုမရှိသည့်အခါများ၌ တိတ်ဆိတ်ငြိမ်သက်၍ ယင်ဓာတ်လွန်ကဲနေတတ်သည်။ ကလေးသူငယ်များက ကျောင်းတက်နေချိန်၊ မိခင်၊ ဖခင်တို့က ရုံးသွားချိန်ဖြစ်သောကြောင့် အိမ်သားများမရှိဘဲ အသံတိတ်မနေစေရန် အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်တို့ မွေးထားခြင်းဖြင့် ၎င်းတို့၏ သဘာဝအသံကြောင့် ယန်ဓာတ်ကို ထိန်းထားနိုင်ပါမည်။ ခွေး၊ ကြောင်မွေးလိုခြင်း မရှိသူများအတွက် အိမ်၌ လူ (လုံးဝ) မရှိခိုက် ရုပ်/သံ၊ ကက်ဆက်၊ ရေဒီယို တစ်ခုခုဖွင့်ထားပေးသင့်ကြောင်း ဖုန်းရွှေပညာရှင်တို့က အကြံပြုထားသည်။

**၅၆။ အိမ်အတွင်း ချီဓာတ် လှည့်လည်စီးဆင်းစေရန် လမ်းကြောင်းဖန်တီးခြင်း**



Flow of chi

အိမ်အတွင်း ပရိဘောဂပစ္စည်းများအား စီစဉ်ထားရှိရာတွင် ကြီးမားလေးလံသော ပစ္စည်းများအား ကျယ်ဝန်းသောထောင့်နေရာ၌ ထားရှိပြီး အိမ်သားများ လမ်းလျှောက်ရင်း ခလုတ်တိုက်မိစေရန် လမ်းလုပ်ထားရပါမည်။ ချွန်ထက်သောအနုစားပစ္စည်းများဖြစ်သည့် ပန်းအိုးများအား ဆိုဖာထိုင်ခုံများအနီး မထားရှိရ။ နမူနာဓာတ်ပုံအတိုင်း စီစဉ်တကျ ထားနိုင်ခြင်းဖြင့် ချီဓာတ်စီးဆင်းမှု အားကောင်းလာပါသည်။

အိမ်အတွင်းရှိ ပရိဘောဂ၊ မီးတိုင်၊ အလှစိုက်ပန်းအိုးများက အခန်းတိုင်းဝင်ရာလမ်းတစ်လျှောက်၌ စနစ်တကျ (လမ်းလွတ်စွာ) ရှိနေခြင်းကြောင့် ချီဓာတ်ကို အလျင်အမြန် မစီးဆင်းစေဘဲ ငြိမ်းညင်းစွာဖြင့် အခန်းများအနှံ့သို့ ဝင်ရောက် စီးဆင်းစေပါသည်။

**၅၇။ အိမ်အတွင်း အိပ်ဆောင်စွမ်းအင်ဖြစ်အောင် မြှင့်တင်ခြင်း**

အိမ်အတွင်း အိပ်ဆောင်စွမ်းရည်



Chi pockets


အဖြစ် ယန်ဓာတ် မပြတ်မလပ်အောင် သတိပြုထိန်းချုပ်ရပါမည်။ အိမ်အတွင်း ထိုင်၍ မိမိတို့ ဝါသနာပါရာ ကိစ္စတစ်ခုခုနှင့်ပတ်သက်၍ စကားစမြည်ပြောခြင်း၊ စကားပြောဆိုလျက် စားသောက်ကြခြင်းတို့ဖြင့် အသံများကြောင့် ယန်ဓာတ်ကို ရစေပါသည်။ အိမ်အတွင်း လူအင်အားနည်းခြင်းကြောင့် ယန်ဓာတ်မလုံလောက်ပါက ရုပ်/သံစက်ကို အိပ်ခန်း၏အလယ်ကောင်တွင်ထား၍ ဝန်းကျင်တစ်ခုလုံးအား အသံဖြင့် စွမ်းအင်မြှင့်ပေးနိုင်ပါသည်။

**၅၈။ အခန်းအတွင်း ပရိဘောဂများထားရှိပုံအနေအထားအား မကြာခဏ ပြောင်းလဲပေးခြင်း**



အခန်းအတွင်း ပရိဘောဂများအား ဖုန်းရွှေနှင့်အညီ မိမိစိတ်တိုင်းကျ တစ်နေရာတည်းတွင်ထားရှိခြင်းမပြုဘဲ ဖုန်းရွှေနှင့်အညီ နေရာရွှေ့ပြောင်းပေးသင့်သည်။ အဆိုပါပစ္စည်းများအား တစ်ထောင့်တစ်နေရာတည်း၌ ကြာရှည်ထားရှိခြင်းအားဖြင့် မကောင်းသောစွမ်းအင်များ ခိုအောင်းနေတတ်ပါသည်။


မိမိအနေဖြင့် နေရာမရွှေ့ပြောင်းလိုသော်လည်း မကောင်းသောစွမ်းအင်များ ထွက်ခွာ၍ ကောင်းသော စွမ်းအင်များ အသစ်တစ်ဖန် အစားထိုး ဝင်ရောက်နိုင်ရန် မဖြစ်မနေ နေရာရွှေ့ပေးသင့်ပါသည်။ ပရိဘောဂပစ္စည်းများ နေရာပြောင်းရွှေ့ခြင်းကို အနည်းဆုံး တစ်



နှစ် တစ်ကြိမ်ခန့် လုပ်ပေးသင့်သည်။ ပြောင်းရွှေ့ရာတွင် မူလထားရှိရာအခန်းမှ အခြားအခန်းသို့ အစုံလိုက် (တစ်တွဲတည်း) ပြောင်းရွှေ့ပေးရပါမည်။ ထိုအခါ မိမိအတွက် နှစ်စဉ်နှစ်တိုင်း စွမ်းအင်သစ်များ ရရှိပါမည်။

**၅၉။ နှစ်စဉ်နှစ်တိုင်းအရပ်ထောင့်အလိုက် အစားထိုး မွမ်းမံပြင်ဆင်ခြင်းဖြင့် စွမ်းအင်မြှင့်တင်ခြင်း**

မိမိအိမ်အတွက် အလွန်သေးငယ်သော အစီအစဉ်ကလေးတစ်ခုကပင် အကျိုးကျေးဇူးကြီးမားစွာဖြင့် စွမ်းအင်သစ်များကို ရရှိစေသည်။ အထူးသဖြင့် သင့်အတွက် နှစ်အလိုက် ကံကောင်းခြင်းဖြစ်စေသော အရပ်ထောင့်အား စွမ်းအင်မြှင့်ပေးခြင်းဖြင့် မမျှော်လင့်ထားသော ကံကောင်းခြင်းများ ဝင်ရောက်





www.burmeseclassic.com

www.burmeseclassic.com


လာပါမည်။ ဥပမာအားဖြင့် ၂၀၀၇ တွင် သင့်အတွက် ကံကောင်းစေသောအရပ်က အနောက်တောင်ဖြစ်ပါက ၎င်းအရပ်၌ အဆောက်အအုံတည်ဆောက်ခြင်းဆိုင်ရာ ပြင်ဆင် မွမ်းမံမှုတစ်ခုလုပ်ပေးပြီး စွမ်းအင်မြှင့်နိုင်ပါသည်။ ၂၀၀၇ ခုနှစ်၌ သင့်အတွက် ကံမကောင်းနိုင်သောအရပ်ထောင့်မှာ အရှေ့မြောက်နှင့် အနောက်အရပ်ဖြစ်ပြီး ၂၀၀၈ ၌ မကောင်းသောအရပ်မှာ တောင်အရပ်ဖြစ်သောကြောင့် ၎င်းအရပ်ထောင့်များနှင့် ပတ်သက်သမျှ အစစ သတိပြုရပါမည်။ မိမိအတွက် ကံကောင်းစေသောအရပ်ထောင့်ကိုသာ ပြင်ဆင် မွမ်းမံ၍ စွမ်းအင်မြှင့်တင်နိုင်ပြီး မကောင်းသောအရပ်ထောင့်၌ ပြင်ဆင် မွမ်းမံ အစားထိုးခြင်း လုံးဝ မပြုလုပ်ရ။ အကယ်၍ လုပ်မိပါက ကံကောင်းခြင်းများ လက်ဝယ်ရှိနေရာမှ လက်လွတ်ဆုံးရှုံးသွားနိုင်ပါသည်။

**၆၀။ အစာအာဟာရ (သို့) ဆေးဝါးနှင့်တူသောနေ့စဉ်နေရောင်ခြည်စွမ်းအင်ရရှိခြင်း**

အိမ်ရှိမိသားစုဝင်အားလုံးအတွက် နေ့စဉ် နေရောင်စွမ်းအင်(မဖြစ်မနေ)ရရှိရန် လိုအပ်ပါသည်။ နေရောင်စွမ်းအင်အား တစ်အိမ်လုံးလွှမ်းခြုံစေသည်အထိ ရရှိလိုပါက နေရောင်အား အလွယ်တကူ ဖမ်းယူနိုင်သည့် သလင်းကျောက်ဖြတ်စ (အတုံးကလေး) များကို သုံးရပါမည်။ နမူနာပုံပါ သလင်းကျောက်ဖြတ်စများဖြင့် စီမံထားသော နေရောင်ခြည်ဖမ်းပစ္စည်းအား နံနက်ပိုင်းတွင် အရှေ့အရပ်၊ မွန်းလွဲပိုင်းတွင် အနောက်အရပ်တို့၌ ချိတ်ဆွဲထားပေးရပါမည်။ ၎င်းသလင်းကျောက်ဖြတ်စများက နေရောင်ခြည်အား အလင်းခွဲဖြာထွက်စေလျက် အိမ်အတွင်း သက်တံရောင်စုံအဖြစ် ဖန်တီးပေးပါမည်။ သက်တံရောင်စုံအဖြစ် ဖန်တီးရာ၌ နံနက်စောစော နေရောင်ခြည်က နုပျိုလန်းဆန်းမှုအရှိဆုံးသော ယန်ဓာတ်ကို ပိုမိုထုတ်ပေးနိုင်ပါသည်။ မွန်းလွဲပိုင်းနောက်ပိုင်းမှရရှိသော ယန်ဓာတ်ထက် သာလွန်သော ယန်ဓာတ်ကို ရရှိရန် အလင်းဖြာထွက်မှုအားကောင်းသည့် ကြည်လင်သောသလင်းကျောက်ကို အသုံးပြုရပါမည်။



**၆၁။ ထမင်းစားခန်းအတွင်းကြည့်မှန်ထားရှိခြင်း**



မိသားစုထမင်းစားခန်းအတွင်းနံရံ၌ ကြည့်မှန်ချိတ်ဆွဲထားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ အဆင်ပြေချောမွေ့ပြီး မိသားစုစားအိုးအတွက် အမြဲတစေ စားရေရိက္ခာမပြတ်စတမ်း ပေါများကြွယ်ဝနေစေမည့်ကောင်းသောနိမိတ်ကို ရစေပါသည်။ တရုတ်လူမျိုးတို့၏ ယုံကြည်မှုအရ ဆင်းရဲသည့်မိသားစုပင်ဖြစ်စေ ထမင်းစားစားပွဲအား ရောင်ပြန်ဟပ်စေရန် ကြည့်မှန်ချိတ်ဆွဲပေးခြင်းကြောင့် နေ့စဉ် စားသောက်နေထိုင်မှုအတွက် မပူပင်မကြောင့်ကြရဘဲ ဆက်လက် တိုးတက်ကြီးပွားရေးအတွက် ကြိုးစားနိုင်သည်ဟု ဆိုသည်။ စားပွဲပေါ်၌ အစားအသောက်၊ အသီးအနှံတို့အား ပန်းကန်၊ ဇလုံတို့ဖြင့် ထည့်၍ တင်ထားပေးရပါမည်။ စားပွဲပေါ်ရှိနေသောအနေအထားအတိုင်း ကြည့်မှန်ထဲတွင် ပေါ်နေခြင်းကြောင့် စားသောက်ဖွယ်ရာများ အမြဲတစေ နှစ်ဆတိုးနေသည့်သဘောကို ဖြစ်စေပါသည်။



**ဖယောင်းတိုင်မီးထွန်း၍ ယန်ဓာတ်ကို နှ... ဆွဲခေါ်ယူခြင်း**

ထမင်းစားပွဲပေါ်တွင် ယန်ဓာ... သက်ရောက်မှုရှိစေရန် (နမူနာပုံပါအ... တိုင်း)ကျောက်စရစ်ခဲလေးများ အော... ခံထား၍ ဖယောင်းတိုင်မီးထွန်းကာ စာ... ပွဲပေါ်တင်ထားပေးပါ။ ထိုသို့ထားရှိ... ခြင်းဖြင့် ကျောက်စရစ်သည် မြေဓာ... ကို ကိုယ်စားပြုပြီး ဖယောင်းတိုင်မီး... မီးဓာတ်ကို ကိုယ်စားပြုပါမည်။ ထို... ထမင်းစားစားပွဲရှိ မိသားစုဝင်အား... အား ယန်ဓာတ်မှ ဩဇာသက်ရောက်... ထမင်းစားခန်းတစ်ခုလုံးအား ကံကော... ခြင်းနိမိတ်အဖြစ် သက်ဝင်လှုပ်ရှားစေ... သည်။

**နံရံကပ်မှန်၏အနေအထား**

ထမင်းစားခန်းအတွင်းထားရှိ... နံရံကပ်မှန်အား ကြီးပွားတိုးတက်မှု... ဆောင်စေရန် အတော်အတန် ကြီး... သည့်အရွယ် ရွေးချယ်ထားရှိရပါမည်... မှန်ကြီးမှသာ ထမင်းစားပွဲပေါ်ရှိ စာ... သောက်ဖွယ်အစုံနှင့် မိသားစုဝင်အ... ပါဝင်၍ ရောင်ပြန်ဟပ်နိုင်ပါမည်။ ... ထားရှိပုံသည် ထမင်းစားပွဲနှင့် မြင့်... နိမ့်လွန်းခြင်းမရှိစေရ။ စားပွဲရှိ စား... များနှင့် လူအကုန်မြင်ရသည့်အ... ထားတွင် ထားရပါမည်။ ထမင်းစား... အတွင်းရှိမှန်အား ပင်မတံခါးဘက်... အလင်းမပြန်စေရ၊ ပင်မတံခါးအား ... မှန်မှအလင်းပြန်စေပါက ထမင်းစား... အတွင်းမှ ကောင်းသောချီဓာတ်များ... ပြင်သို့ ထွက်သွားနိုင်သည်ကို သ... ရပါမည်။ ၎င်းပြင် ထမင်းစားခန်းအ... မှ ကြည့်မှန်အား ရေချိုးခန်း၊ အိမ်... လေကား၊ မီးဖိုချောင်တို့ဘက်သို့ အ... ပြန် (ရောင်ပြန်ဟပ်ခြင်း) လုံးဝ မ... သင့်ပါ။

ဦးအောင်လှိုင်(...



www.burmeseclassic.com

www.burmeseclassic.com



The cross on Ellen's Jupiter mount indicates her potential to attract good friends and teachers.

# ဆရာသိန်းသန်းအောင်
# ချစ်ခြင်းတရားနှင့်လက္ခဏာ

## Ellen ၏လက်ဝါးပြင်

Ellen ၏ လက်ဝါးပြင် ကြာသပတေးဂြိုဟ်ခုံပေါ်၌ လုပသော ကြက်ခြေခတ်တစ်ခု ပါရှိသည်။ Ellen သည် ယခင်က ဒဿနိကဗေဒ၊ ရုပ်လွန်ပညာ၊ စိတ်ပညာရပ်တို့နှင့်ဆိုင်သော စာအုပ်များအား အငမ်းမရဖတ်ခဲ့သူ ဖြစ်သည်။ သူမအနေဖြင့် အသွင်တူသူတစ်ဦး သူမဘဝထဲသို့ ဝင်ရောက်လာစေလိုသည်။ တစ်နေ့တွင် လက္ခဏာပညာ လိုက်စားသူ အမျိုးသားမိတ်ဆွေတစ်ဦးနှင့် ဆုံတွေ့ခဲ့သည်။ ထို့နောက် Ellen နှင့် သူမ၏ မိတ်ဆွေတို့ ပူးပေါင်း၍ လက္ခဏာပညာသင်ကျောင်းတစ်ခု ဖွင့်လှစ်နိုင်ခဲ့သည့်ပြင် စိတ်ဝေဒနာများအား ယောဂကျင့်စဉ်၊ တရားထိုင်ခြင်းတို့ဖြင့် ကုသနိုင်မည့်နည်းလမ်းများကိုပါ လေ့လာလိုက်စားခွင့် ရခဲ့ကြသည်။


## ကြာသပတေးဂြိုဟ်ခုံပေါ်၌ကြယ်ပါရှိခြင်း

ကြာသပတေးဂြိုဟ်ခုံပေါ်၌ကြယ်ပါရှိခြင်းသည် ထူးထူးခြားခြား အောင်မြင်မှုရတတ်သည့်သဘော၊ ရည်မှန်းချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည့်သဘောကို ကိုယ်စားပြုသည်။ တစ်ခါတစ်ရံ ကြာသပတေးဂြိုဟ်ခုံပေါ်၌ ကြယ်ပွင့်ပါရှိပုံကို နှဖူး၌ တတိယမျက်လုံးပါရှိပုံနှင့် ရည်ညွှန်းဖော်ပြနိုင်ပါသည်။ အဆိုပါလက္ခဏာရှင်များအဖို့ မိမိနှင့်အနီးကပ်ရင်းနှီးသူများ၏ချစ်ခင်ခြင်းခံရတတ်သည်။



A star jupiter indicates that you can accomplish your goals.

## ကြာသပတေးဂြိုဟ်ခုံပေါ်၌ ဆော်လမွန်လက်စွပ်ပါရှိခြင်း




A ring of Solomon shows intuitive understanding of human pyschology.

ကြာသပတေးဂြိုဟ်ခုံပေါ်၌ဆော်လမွန်လက်စွပ်ပါရှိပါက ပြဿနာအရပ်ရပ်အပေါ် ပညာဉာဏ်ဖြင့် ကိုင်တွယ်ဖြေရှင်းတတ်ခြင်း၊ လူအများ၏ လိုအပ်ချက်နှင့် အဆင်မပြေမှုများအား ဖြည့်ဆည်းအကူအညီပေးခြင်းရှိပါမည်။ ၎င်းပြင် မိမိ၏ထိုးထွင်းဉာဏ် (ပင်ကိုသဘာဝရ) အားကောင်းခြင်းကြောင့် ပြောဆိုဆက်ဆံရေးကိစ္စများ၌ နားလည်မှုပိုရှိသူဖြစ်ပါသည်။

## ကြာသပတေးဂြိုဟ်ခုံပေါ်၌ Apexပါရှိခြင်း

ကြာသတေးဂြိုဟ်ခုံအလည်တည့်တည့်၌ Apex ပါရှိနေပါက တစ်ဖက်သား (လူအများ) ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ပေးနိုင်ခြင်း၊ နှစ်လိုဖွယ်ညှိနှိုင်းယူဆွဲဆောင်နိုင်ခြင်း၊ ကံကောင်းခြင်းများကို ရရှိစေခြင်းသဘောကို ကိုယ်စားပြုသည်။




(A) Ideal apes on Jupiter.




(B) Apex toward thumb.


Apex သည် ကြာသပတေးဂြိုဟ်ခုံအတွင်းပိုင်းနှင့် လက်မရှိရာဘက်သို့ ဦးတည်နေပါက ကိုယ်ကျိုးကြည့်တတ်သူ၊ ရည်ရွယ်ချက်ကြီးသူ၊ တစ်ဖက်သား၏ ခံစားချက်အပေါ် နားမလည်ပေးတတ်သူ ဖြစ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com


**စနေဂြိုဟ်ခုံပေါ်၌ Truth Line ပါရှိခြင်း**



The truth line shows a receptivity to others.

စနေဂြိုဟ်ခုံပေါ်၌ Truth Line ခေါ် ဖြောင့်တန်းသည့် ဒေါင်လိုက်လမ်းကြောင်းတစ်ခုပါရှိခဲ့ပါက တစ်ဖက်သား၏ ရှုထောင့်(အမြင်)များအပေါ် နားလည် လက်ခံပေးနိုင်သူ ဖြစ်ကြောင်း ဖော်ပြနေပါသည်။

**ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်၌ အမာရွတ်သဏ္ဌာန် အစင်းကြောင်း (၃) ခု ပါရှိခြင်း**



The healing stigmata indicate that you find great pleasure in giving comfort.

Healing Stigma ဆိုသည်မှာ ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်ရှိ အမာရွတ်သဏ္ဌာန် အစင်းကြောင်း (၃) ခု (သို့) ဒေါင်လိုက်မျဉ်းတို့ (၃) ကြောင်းကို ဆိုလိုသည်။ အဆိုပါ လက္ခဏာရှင်များအား ကုသမှုနှင့်ဆိုင်သော ပညာရှင်အသိုင်းအဝန်း၌ အများဆုံး တွေ့ရှိရသည်။ Healing Stigma ပါရှိခြင်းဖြင့် စိတ်ပိုင်း၊ ရုပ်ပိုင်း၊ စိတ်ခံစားမှုအပိုင်းနှင့် စိတ်ဝိညာဉ်ရေးရာကိစ္စများတွင် မိမိအတွက်သာမက အများအတွက်ပါ ကျေနပ်ပျော်ရွှင်စေလိုသူများ ဖြစ်နေပါမည်။

**သိစိတ်ကို ကိုယ်စားပြုဖော်ပြသည့် လက်ချောင်းများ**



The fingers show an ability to communicate the characteristics of the mounts.

လက်ချောင်းများသည် ဂြိုဟ်ခုံတို့၏ ထူးခြားသော ဂုဏ်ရည်လက္ခဏာများနှင့် ဆက်နွယ်မှု မည်မျှရှိသည်ကို ကိုယ်စားပြုဖော်ပြသည်။ လက်ချောင်းအရွယ်အစား (အရှည်) အလိုက် သက်ဆိုင်ရာပုဂ္ဂိုလ်၏ခံစားချက်အမှန်ကို ဖော်ထုတ်ပေးနိုင်ပါသည်။

**လက်ချောင်းအရှည်ကိုကြည့်၍ ဆုံးဖြတ်ခြင်း**

လက်ချောင်းအတို၊အရှည်တို့ကို တိုင်းတာရာ၌ အခြေခံစည်းမျဉ်းအဖြစ် အင်္ဂါဂြိုဟ်ခုံ(အဖို)နှင့် အင်္ဂါဂြိုဟ်ခုံ(အမ)တို့ကြား ဖံနေရာအကျယ်အဝန်းနှင့် စနေဂြိုဟ်ကိုယ်စားပြု လက်ချောင်း (လက်ခလယ်)တို့၏ အရွယ်အစားတို့အား နှိုင်းယှဉ် တိုင်းတာပေးရပါမည်။

အင်္ဂါဂြိုဟ်ခုံ အဖိုနှင့် အမ ပါဝင်သည့် Mars galaxy သည် သက်ဆိုင်ရာပုဂ္ဂိုလ်၏ ပြုမူလုပ်ရှားနိုင်စွမ်းအား ဆက်စပ်ကိုယ်စားပြုပြီး စနေဂြိုဟ်ကိုယ်စားပြုလက်ချောင်း (လက်ခလယ်) က သက်ဆိုင်ရာ လက္ခဏာရှင်၏ စဉ်းစားတွေးခေါ်နိုင်သည့် အဆင့်အတန်းအား ကိုယ်စားပြုသည်။

အကယ်၍ စနေဂြိုဟ်လက်ချောင်း၏အရွယ်စား (အရှည်) က Mars galaxy (အင်္ဂါဂြိုဟ်ခုံအဖို၊ အမကြားနေရာ) ထက် ပိုမိုကြီးနေပါက လက္ခဏာရှင်အနေဖြင့် လက်ချောင်းရှည်သူ ဖြစ်ပါမည်... ဖော်ပြပါ အနေအထားနှင့် ဆန့်ကျ... ဘက်ဖြစ်ပါက လက်ချောင်းတိုသူ ဖြစ်... မည်။ အကယ်၍ အတိုင်းအတာနှစ်... စလုံး ညီမျှနေပါက (လက်ချောင်းမျ... တိုခြင်း၊ရှည်ခြင်းမရှိပါက) လက်ချော... အရွယ်အစား(အရှည်)မျှတသူ ဖြစ်... မည်။

**ရှည်သောလက်ချောင်းများ**



Long fingers indicate a tenden... to be deliberate and reflective.

စနေဂြိုဟ်လက်ချောင်း၏ အရွ... အစားသည် Mars galaxy ၏ အရွ... အစားထက်ကြီးနေပါက အပြုမူပိုင်း... ပတ်သက်၍ ကြိုတင်စဉ်းစားစီစဉ်တ... ခြင်းကို ဖော်ပြပြီး ရှည်လျားသော လ... ချောင်းများက အလျင်အမြန် မဆုံးဖြ... နိုင်ခြင်း၊ တစ်ခါတစ်ရံ အခွင့်အရေး... လက်လွှတ်ဆုံးရှုံးတတ်ခြင်းသဘော... ဖော်ပြသည်။

**တိုသောလက်ချောင်းများ**




Short fingers indicate a tende... to be impulsive and impatie...

စနေဂြိုဟ်လက်ချောင်း (လ... ခလယ်)၏ အရှည်ထက် Mars gal... ၏ အရွယ်က ပိုမိုကြီးနေပါက စဉ်း... တွေးခေါ်မှုအား လက်တွေ့ပြုမူလု... မှုများက လွှမ်းမိုးသွားနိုင်ပါသည်။ ... တောင်းသော လက်ချောင်းများ...





www.burmeseclassic.com

www.burmeseclassic.com



alanced fingers


Long fingers


Long fingers

ိတ်ရှည်းသည်းခံမှုမရှိခြင်း၊ စိတ်လက် ာန်ပါလုပ်တတ်ခြင်းသဘောကို ဖော် ပြပါသည်။ ထိုအခါ အပြောအဆို အပြု အမူပိုင်း၌ အများနှင့် သဟဇာတမဖြစ် နိုင်သည့်သဘော၊ အများ၏ခံစားချက် အမှန်ကို မသိရှိဘဲ ထိခိုက်နာကျင်စေ တတ်သည့်သဘောကိုဖော်ပြပါသည်။

**ဆန့်ကျင်ဘက်သဘာဝနှစ်ခု အပြန်အလှန်ဆွဲငင်ခြင်း**

**Susan နှင့် Andraw တို့၏လက်ချောင်းများ**

Andraw ၏လက်ချောင်းများက တိုတောင်း၍ ဇနီးဖြစ်သူ Susan ၏ လက်ချောင်းများက ရှည်လျားနေပါသည်။ သူတို့နှစ်ဦး လက်ထပ်ပြီးခါစက တည်းကပင် မတူညီသော စရိုက်လက္ခဏာများကြောင့် မကြာခဏ စကားများခဲ့ဖူးကြသည်။ Susan ရော Andrew ပါ (နှစ်ဦးစလုံး) ရုပ်ရှင်ကြည့် ဝါသနာပါသူများ ဖြစ်သည်။ သို့သော် ရုပ်ရှင်ကြည့်တိုင်း အမြဲတစေ ဇာတ်လမ်းပထမအစပိုင်းကို လွတ်နေကျ ဖြစ်သည်။ ရုပ်ရှင်သွားရန် Andrew က ကားထဲ၌ရှိနေစဉ်အတွင်း Susan က ရေချိုးနေဆဲဖြစ်သည်။ ထိုသို့သော မနှစ်သက်ဖွယ် (စိတ်မရှည်စရာ)များ တဖြည်းဖြည်းများလာသည်နှင့် ပြဿနာကြီးကျယ်လာကာ အိမ်ထောင်ရေးထိခိုက်နိုင်သည့် စိုးရိမ်မှုတ်အထိရောက်ရှိခဲ့ဖူးသည်။ တစ်ဦးက လောလွန်းနေပြီး တစ်ဦးက ဖင့်နွှေးခြင်းအကျင့်ရှိနေခြင်းက နှစ်ဦးစလုံး အစွန်းရောက်နေကြောင်း ၎င်းတို့၏ လက်ချောင်းအတို၊ အရှည်များက ဖော်ပြနေပါသည်။ ထို့အတွက် Susan ရော Andrew ပါ တစ်ဦးနှင့် တစ်ဦး လိုသလိုဖေးမနားလည်ပေးခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် (လက်ချောင်းများအရွယ်ပုံမှန်အလယ်အလတ်)ဖြစ်အောင် ကြိုးစားအားထုတ်သင့်ပါသည်။

ဆရာသိန်းသန်းအောင်


Andrew


Susan

**Andrew's shout fingers are in sharp contrast to the long fingers of his wife. Susan.**



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့ (၃၆)

# အလုံဘိုးတော်ကြီး

မောင်သန်းဆွေ(ထားဝယ်)

### လမ်းခရီး

ဘိုးတော်ကြီးပွဲသို့ သွားရောက်လိုပါက မုံရွာမြို့မှ ကားဖြင့် လည်းကောင်း၊ ရေဦး-ဘုတလင်လမ်းမှ ကားဖြင့် လည်းကောင်း သွားနိုင်သည်။ ထို့ပြင် ချင်းတွင်းမြစ်ကြောင်းမှလည်း ရောက်ရှိနိုင်သည်။

### ပွဲတော်ရက်

အလုံဘိုးတော်ကြီး နတ်ပွဲသည် တပေါင်းလပြည့်ကျော် ၉ ရက်နေ့မှ စတင်၍ ၁၄ ရက်နေ့အထိ ကျင်းပသော ပွဲတော် ဖြစ်သည်။ သို့သော်လည်း ထိုရက်များမတိုင်မီကတည်းကပင် နတ်ပွဲအခမ်းအနားသည် စတင်ကျင်းပနေပြီဖြစ်၏။ လပြည့်ကျော် ၉ ရက်နေ့တွင် အပြင်နန်းတွင် ကျင်းပနိုင်ရန်အတွက် တပေါင်းလပြည့်နေ့မှပင် စတင်ပြီး နတ်ပွဲနှင့်ပတ်သက်နေသောသူတို့သည် နှစ်စဉ် ဆောင်ရွက်နေကျ လုပ်ငန်းများကို ပြုလုပ်ကြရသည်။

### ၁။ တပေါင်းလပြည့်နေ့

ဘိုးတော်ကြီးတရားအားထုတ်နိုင်ရန်အတွက် သီတင်းကျွတ်လပြည့်နေ့ကတည်းကပင် အလုံမြို့တစ်ဖက်ကမ်းရှိ ရွှေတောင်ဦးတောင်သို့ မင်းခမ်းမင်းနားနှင့် ပို့ထားခဲ့ပြီး ဖြစ်သည်။ ဘိုးတော်ကြီးပွဲကျင်းပရန် အချိန်နီးကပ်လာမှ အလုံတစ်ဖက်ကမ်းသို့ သွားရောက်ပင့်ဆောင်ကြသည်။ ထိုသို့ သွားရောက်ပင့်ဆောင်ရာတွင်လည်း မင်းခမ်းမင်းနားနှင့်ဖြစ်သည်။ ရှေ့ဆုံးမှ သိုင်းကိုင်နှစ်ဦး၊ ထိုနှစ်ဦးနောက်တွင် ကျိုင်းကိုင်နှစ်ဦး၊ ဓားနှင့်ယပ်ထိန်းနှစ်ဦး၊ ထီးဖြူမိုးနှစ်ဦးနှင့် ရွှေထီးမိုးနှစ်ဦးတို့ အစီအစဉ်အတိုင်း နေရာယူကြရသည်။ ထိုသို့ ပင့်ဆောင်ခဲ့သော ဘိုးတော်ကြီးကို မင်းမှုထမ်းများ စောင့်ကြိုနေသည့် မင်းစောင့်အရပ် (ယခုမင်းထောင့်အရပ်)မှတစ်ဆင့် ပင့်ယူပြီးလျှင် ကွန်းထောက်နန်းသို့ ပို့ဆောင်သည်။

### ၂။ လပြည့်ကျော် ၁ ရက်နေ့

ထိုနေ့တွင် အဖွင့်ကနား သို့မဟုတ် ထောင်ထွက်ကနားပေး၍ အပူဇော်ခံသည်။ကနားပေးသည့်နေရာမှာ အတွင်းနန်း ဖြစ်သည်။ ထိုနေ့တွင် ချိုးရေတော်သုံးပွဲ ကျင်းပသည်။ ရိုးရာသက်ဆိုင်သူများက ပန်းများ၊ ဆန်များ လာရောက်ဆက်သကြသည်။ ပြန်လည် စွန့်ကြလိုက်သည့် ပြန်ပန်းနှင့် စားတော်ဆန်တစ်ဆုပ်ကို ရိုးရာပ,သသူတို့ ရရှိကြသည်။

### ၃။ လပြည့်ကျော် ၂ ရက်နေ့

ထိုနေ့တွင် ဘိုးတော်ကြီး၏သမီး

(အလုံဘိုးတော်ကြီးအဆက်)

### နန်းတည်နေရာ

အလုံဘိုးတော်ကြီး၏ နန်းသည် မုံရွာမြို့၏ မြောက်ဘက် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ဘိုးတော်ကြီး၊ ဘွားတော်ကြီးနှင့် စာရေးတော်ကြီးတို့၏ ပုံတော်များသည် အလုံမြို့ မုံတိုင်းရပ်ကွက်ရှိ အတွင်းနန်းတွင် တည်ရှိသည်။ ပွဲတော်ရက်ကျရောက်မှသာ ပုံတော်များကို နန်းတော်ဈေးရပ်ကွက်ရှိ အပြင်နန်းသို့ ပင့်ဆောင်သွားကြသည်။





www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးဖြစ်သူ နာဂသိင်္ဂီ သို့မဟုတ် ကြီးခေါင်ရှင်မ အမှုတော်ထမ်းခဲ့ရာ ယာကြီးကုန်းအရပ်သို့ သွားရောက်ပြီး ကန်တော့ကြသည်။ ထိုအရပ်တွင် သမီးတော်ကြီးသည် ရန်သူ၏မြားဒဏ်ဖြင့် ကွယ်လွန်ခဲ့ရသည်။ နတ်ကွန်းသည် တောင်ကန်ရွာဟောင်းအစွန်တွင် တည်ရှိပြီး တောင်ကန်ရှင်မဟု အသိများကြသည်။ ထိုနတ်ကွန်းတွင် ရေလဲ၊ ပန်းလဲခြင်း၊ ကန်တော့ပွဲဆက်ခြင်း၊ စားတော်တိုက်ခြင်း ပြုလုပ်ကြသည်။ စားတော်တိုက်ရာတွင် ကောက်ညှင်းပေါင်း၊ အမြီး၊ ခေါင်းအစုံအလင်ပါပြီး အကြေးပါသည့် ငါးကြော်၊ ငှက်ပျောသီး၊ အုန်းသီး၊ လက်ဖက်တို့ ပါဝင်ရသည်။ ထိုနေရာသို့ ရေစင်ခံလာသည့် ရိုးရာပ,သသူများကို ဧည့်ခံသည်။

## ၄။ လပြည့်ကျော် ၃ ရက်နေ့

ဘိုးတော်ကြီးအား မုန့်ဆီကြော်ဆက်သရန်အတွက် အတွင်းနန်းတွင် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ကြသည်။ ဆန်နှင့်ကောက်ညှင်းများထောင်းပြီး မုန့်လုပ်ရန် စီစဉ်မှုပြုကြသည်။

## ၅။ လပြည့်ကျော် ၄ ရက်

နံနက်ပိုင်းမှစတင်ပြီး မုန့်ဆီကြော်ကြော်ကြသည်။ ညနေ ၅ နာရီလောက်မှစပြီး စလွန်းတောင်သို့ထွက်ရန် ရိုးရာသက်ဆိုင်သူများက ဆန်ယူလာ၍ပေါင်းပြီး ဆက်သကြသည်။ ထိုသို့ ဆက်သသူတို့အား နတ်မတင်ရသေးသည့် မုန့်ဆီကြော်အချပ်ကြီးတစ်ချပ်စီ အတွင်းနန်းမှ သက်ဆိုင်သူတို့က ပြန်ပေးသည်။

## ၆။ လပြည့်ကျော် ၅ ရက်နေ့

ထိုနေ့တွင် အစဉ်အလာတိုင်း အဆောင်ကိုင်များပါသည့် ကျွဲ,ကသော လှည်းများနှင့်ထွက်တော်မူသည်။ ရှေးယခင်က ကျွဲလှည်းကိုးစီးကို အသုံးပြုခဲ့သော်လည်း ယခုအခါ စရိတ်ကြီးမြင့်လာသဖြင့် နှစ်စီးသာ အသုံးပြုတော်သည်။ ညပိုင်းတွင် အပူဇော်ခံသည်။

ဘသူကြွယ်နှင့်အတူ စလွန်းတောင်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရာ စလွန်းရွာ၌ကွယ်လွန်ခဲ့သော ရဲမက်ကြီးသည် ယခုအခါ လဘို့ရှင်တော်အဖြစ် စလွန်းတောင်တွင် စံစားနေသည်။ ထိုနတ်ကိုလည်း ပ,သပွဲများ ပြုလုပ်ကြသည်။

## ၇။ လပြည့်ကျော် ၆ ရက်နေ့

ထိုနေ့တွင်လည်း စလွန်းတောင်ပေါ်တွင် ကန်တော့ခံသည်။ ထိုနေရာသည် ချင်းတွင်းမြစ်အတွင်းသို့ မြင်းနှင့်ခုန်ချခဲ့သည့်နေရာ ဖြစ်သည်။

## ၈။ လပြည့်ကျော် ၇ ရက်နေ့

နံနက်ပိုင်းတွင် မင်းမိဖုရားဘဝက မြေးတော်များနှင့် နေထိုင်ခဲ့သည့် စပြေးရွာရှိ ကွန်းထောက်နန်းသို့ကူး၍ အပူဇော်ခံသည်။

## ၉။ လပြည့်ကျော် ၈ ရက်နေ့

ဘိုးတော်ကြီး လူ့ဘဝက စစ်စခန်းချရာအရပ်ဖြစ်သည့် စပြေးတောင်သို့ တက်ပြီး စစ်အထိမ်းအမှတ်အဖြစ် မီးကျည်မီးပန်းလွှတ်ပွဲ ပြုလုပ်ကာ အပူဇော်ခံသည်။ အရေးပြားဝေဒနာရှိသူများပြုလုပ်ပါက ပျောက်ကင်းသည်ဟုယုံကြည်ကြသည်။ မီးခြစ်ဆံတစ်ဆံကို မီးခြစ်ပြီး မီးခြစ်ဘူးကို မီးရှို့ကာ တောင်အောက်သို့ပစ်ချခြင်းကို မီးကျည်မီးပန်းလွှတ်သည်ဟုခေါ်သည်။ လာရောက်ဆက်သသည့် စားတော်ဆန်ဆေးရည်နှင့် သပြေငုတ်ကို သွေးလိမ်းပါကလည်း အရေးပြားဝေဒနာ ပျောက်ကင်းနိုင်သည်ဟု ယုံကြည်ကြသည်။

ထိုတောင်ပေါ်ရှိ ရွှေကျောက်ဆောင်နန်းတွင် မြေးချစ်တစ်ဦးဖြစ်သည့် မောက်ကျောက် သို့မဟုတ် ရွှေကျောက်ဆောင်နတ်နှင့် မြေးတော် မဖြူလွ(ခေါ်) မငွေတောင်နတ်တို့ကလည်း ရိုးရာတို့၏ ပ,သမှုကို ခံယူကြသည်။

## ၁၀။ လပြည့်ကျော် ၉ ရက်နေ့

ထိုနေ့နံနက် ၈ နာရီခွဲအချိန်ခန့်တွင် အခြွေအရံပရိသတ်အမြောက်အများနှင့် မြို့တော် ဗဒ့်နတ်နန်း အပြင်နန်းသို့ ဝင်ရောက်လာသည်။ ထိုနေ့သည် အစည်ကားဆုံးနေ့ဖြစ်၏။ ထိုနေ့ညမှစပြီး နတ်ညီလာခံစတင်သည်။ နတ်ပွဲလာသူများက ဘိုးတော်ကြီးနှင့် ဘွားတော်ကြီးအား ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စပ်လျဉ်းပြီး လျှောက်ထားလိုလျှင် လျှောက်ထားနိုင်ကြသည်။ ညီလာခံမစမီ ဒိုးတီးကြရသည်။ ဒိုးသုံးကြိမ်တီးပြီးမှ ညီလာခံစသည်။ ညပိုင်းတွင် ရိုးရာကပွဲ ပြုလုပ်သည်။

## ၁၁။ လပြည့်ကျော် ၁၀ ရက်နေ့

ညပိုင်းတွင် ဒိုးသုံးကြိမ်တီးပြီး နတ်ညီလာခံပြုလုပ်သည်။ မီးပုံပွဲလည်း ပြုလုပ်ကြသည်။ ခုနစ်ရက်သားသမီးများအတွက် မီးဖိုကြီးကို ပတ်ကာ လှည့်ကြရသည်။ မီးပွားထင်းပွားကျခြင်း သို့မဟုတ် အရေပြားပေါ်တွင် အစက်အပြောက်ဖြစ်ပြီး ယားယံခြင်း ပျောက်ကင်းစေရန်အတွက် ဖြစ်သည်။ ထိုသို့လှည့်ပတ်ပြီး ကကြစဉ် နတ်ဒိုးကို တီးပေးထားသည်။

## ၁၂။ လပြည့်ကျော် ၁၁ ရက်နေ့

သူကြီး (၁၁) တိုက်မှ လာရောက်ကန်တော့ကြခြင်းကို ခံယူတော်မူသည်။

## ၁၃။ လပြည့်ကျော် ၁၂ ရက်နေ့

ထိုနေ့တွင်လည်း နတ်ချော့ပွဲပြုလုပ်ကြသည်။

## ၁၄။ လပြည့်ကျော် ၁၃ ရက်နေ့

ထိုနေ့တွင် သံဃာတော် (၃၇) ပါးအား ဆွမ်းလောင်းပွဲပြုလုပ်သည်။ ဆွမ်းလောင်းပွဲတွင် ဟင်းငါးမျိုးပါရသည်။ သို့သော် ဝက်သားနှင့် အမဲသားကို အသုံးမပြုရပေ။

## ၁၅။ လပြည့်ကျော် ၁၄ ရက်နေ့

ထိုနေ့သည် အလုံဘိုးတော်ကြီးပွဲ၏ နောက်ဆုံးနေ့ဖြစ်သည်။ နံနက် (၈) နာရီခန့်တွင် အပြင်နန်းသို့ထွက်ခဲ့သည့်အတိုင်း သိုင်းကိုင်၊ ကျိုင်းကိုင်တို့


www.burmeseclassic.com

www.burmeseclassic.com

ပါသည့် မင်းခမ်းမင်းနားနှင့် အတွင်းနန်းသို့ ပြန်လည် ကြွဝင်တော်မူသည်။ ဘိုးတော်ကြီး၏ အမှုထမ်းများက ဆောင်ရွက်ရ၏။

**၁။ အိပ်ဖန်စောင့်အမှုထမ်း**

တပေါင်းလပြည့်ကျော် ၅ ရက်နေ့မှ ပွဲပြီးသည့်နေ့ဖြစ်သည့် ၁၄ ရက်နေ့အထိ မိမိတာဝန်ကျသည့်နေ့တွင် အိပ်ဖန်စောင့်ကြရသည်။ ထိုအမှုထမ်းများသည် အလုံမြို့နယ်တစ်ဝိုက်မှ ဖြစ်ကြသည်။

**၂။ ရေကြည်တော်ဆက်အမှုထမ်း**

ထိုအမှုထမ်းတို့က ဘိုးတော်ကြီးအတွက် ရေအိုးနှင့် ရေကြည်တော်လာရောက် ဆက်သကြရသည်။ ထိုအမှုထမ်းတို့အား မုန့်ဆီကြော်အသစ်များကို ပြန်လည် ပေးကမ်းသည်။

**၃။ စားတော်ကျအမှုထမ်း**

ထိုအမှုထမ်းများသည် ဘိုးတော်ကြီးအား ဆက်သထားသည့် စားတော်စာကျများကိုပါ စားသုံးရသူများ ဖြစ်ကြသည်။ ဆက်သခြင်းမပြုရသေးသည့် အစားအစာများကို နတ်ပွဲတွင် မစားရပေ။

**၄။ ငါးစားအမှုထမ်း**


မိမိတို့တွင်ပါလာသော ငါးကြော်များကို ဘိုးတော်ကြီးအား ဆက်သ တင်မြှောက်ပြီးမှစားရသည့် အမှုထမ်းများလည်း ရှိကြသည်။ ထိုအမှုထမ်းများသည် အရာတော်မြို့နယ်မှဖြစ်ကြသည်။

**၅။ နေပူခံအမှုထမ်း**

ထိုအမှုထမ်းတို့သည် နန်းသို့လာကြသည့်အခါ ချက်ချင်း နန်းပေါ်သို့ တက်ခွင့်မရကြ။ နေပူပူတွင် ရပ်နေကြရသည်။ နောက်ကျောနေပူလာမှ ခေါင်းဆောင်လုပ်သူက နန်းပေါ်သို့ စတင်တက်ရသည်။ ထိုအခါမှ ကျန်လူများလည်း နန်းပေါ်သို့ တက်ရောက်ခွင့်ရပြီး ဆက်သရန်ရှိသည်များကို ဆက်သနိုင်ကြသည်။

**၆။ လှည်းဦးချအမှုထမ်း**

အလုံမြို့၏ မြောက်ဘက်နယ်နှင့် အရာတော်မြို့နယ်မှ ရိုးရာသက်ဆိုင်သူများသည် လှည်းနှင့်လာကြရပြီး လှည်းဦးတွင် ရေအပြည့်နှင့် ရေအိုးတင်လာရသည်။ နန်းသို့ရောက်သောအခါ 'ဘိုးတော်ကြီးခင်ဗျား၊ ကျေးတော်မျိုးကျွန်တော်မျိုးများ လှည်းဦးချ ကန်တော့ပါသည် ခင်ဗျား' ဟု ပြောဆိုပြီး လှည်းထမ်းပိုးကို မြေကြီးပေါ်သို့ ပစ်ချရသည်။ ရေများဖိတ်စဉ်ခြင်း မရှိပေ။



အလုံဘိုးတော်ကြီးပွဲ

တပေါင်းလပြည့်ကျော် ၅ ရက်နေ့တွင် အတွင်းနန်းမှ အပြင်နန်းသို့ အထွက်တွင် လည်းကောင်း၊ လပြည့်ကျော် ၉ ရက်နေ့တွင် အတွင်းနန်းသို့ ပြန်အဝင်တွင် လည်းကောင်း၊ လမ်းနံဘေးမှ လူအများက လှည်းပေါ်သို့ လက်ဖက်ထုပ်နှင့် ပစ်ပေါက်ကြရသည်။ လှည်းပေါ်မှ လိုက်ပါလာသူများက ငွေဖလားနှင့်ခံရသည်။ ဖလားအတွင်းမဝင်ပါက ကောက်စားကြရသည်။

အလုံဘိုးတော်ကြီး နတ်ပွဲသည် တပေါင်းလပြည့်ကျော်တွင် ဖြစ်သော်လည်း ဝါဆို၊ ဝါခေါင်လများတွင်လည်း ဘိုးတော်ကြီးနန်း၌ အခမ်းအနားများ ပြုလုပ်ရသည်။

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ကနားပေးပွဲ ကျင်းပသည်။ (၃၇) မင်းအတွက် ဖြစ်သဖြင့် စားပွဲသောက်ပွဲများပါသည်။ ဝါခေါင်လဆန်း ၇ ရက်နေ့တွင် ဘုန်းတော်ကြီး (၃၇) ပါးအား နတ်ဆွမ်းလောင်းပွဲ ပြုလုပ်သည်။ ဆွမ်းလောင်းရာတွင် ဟင်းငါးမျိုးပါရသည်။ သို့သော် အမဲသားနှင့် ဝက်သားကိုမူ အသုံးမပြုကြပါ။ ဝါခေါင်လဆန်းစရက်နေ့တွင် မင်းဇံရပ်ရှိ သက်တော်ရှည်၊ သက်တော်ရာဘုရားများအား နတ်ဆွမ်းလောင်းလှူခြင်း ပြုလုပ်သည်။

သီတင်းကျွတ်လဆန်း ၇ ရက်နေ့တွင် တောတော်ခုတ်ပွဲ ကျင်းပသည်။ ဗဒ္ဒိတွင်နန်းဆောက်စဉ်ကာလက တောရှင်းသည့် အထိမ်းအမှတ်အဖြစ် ကျင်းပခြင်း ဖြစ်၏။ သူကြီး (၁၁) တိုက်မှ တောရှင်းလာသူတို့အား နှစ်စဉ်ကျွေးမြဲဖြစ်သည့် ရိုးရာထမင်းဟင်းနှင့် ကျွေးမွေးသည်။ ပုစွန်ငါးပေါင်းကြော်၊ ပဲဟင်း၊ ငရုတ်သီးတောင့်လုံးကြော်၊ ချဉ်ပေါင်ရွက်သုပ်ဟင်းသည် နှစ်စဉ်ကျွေးမြဲဖြစ်သည့် ရိုးရာဟင်း ဖြစ်သည်။ ချဉ်ပေါင်ရွက်ကို ကြိုတင်အခြောက်လှန်းထားပြီး မြေပဲ၊ နှမ်းတို့နှင့်သုပ်ရသည်။

ထိုသို့ တောခုတ်သည့်နေရာသို့ ဘိုးတော်ကြီးသည် မင်းခမ်းမင်းနားနှင့် ထွက်တော်မူသည်။ အခမ်းအနားကို နံနက် ၈ နာရီကစပြီး ၁၂ နာရီတွင် ပြီးဆုံးသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဘိုးတော် တရားအားထုတ်ရာ အလုံမြို့တ[...] ဖက်ကမ်းရှိ ရွှေတောင်ဦးတောင်သို့ နံနက် ၈ နာရီတွင် လိုက်ပါပို့ဆောင်ကြသည်။ ထိုသို့လိုက်ပို့ရာတွင်လည်း မင်းခမ်းမင်းနားနှင့်ပင် ဖြစ်၏။ ရွှေတောင်ဦးတောင်သို့ရောက်လျှင် ဘိုးတော် တရားအားထုတ်ရာဂူ၌ စားတော်တိုက်သည်။ စားသောက်ဖွယ်ရာများနှင့် ဘိုးတော်[...] အား တင်မြှောက်ပ,သကြသည်။ အခ[...] ပါသည့် ငါး၊ ငရုတ်သီးချက်၊ ဘူးချ[...] မှန်ရောင်ဟင်းချို (ဂေါ်ဖီရွက်ကို ဟင်း[...] ချက်၍ကြည်လောင်လောင်ဖြစ်နေသော ဟင်းချို) တို့သည် နှစ်စဉ်ကျွေးမွေးသည့် ရိုးရာဟင်းများ ဖြစ်သည်။ ထိုဟင်းများနှင့် လိုက်ပါပို့ဆောင်သူတို့အား နံနက်စာ ကျွေးမွေးဧည့်ခံပြီး အခမ်းအနား[...] သိမ်းသည်။

(ဆက်[...])

မောင်သန်းဆွေ (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

# အဆိပ်ပင်ရေလောင်းသူနှစ်ဦး

ချောင်းဆုံအနန်းသွင်

'ပါမောက္ခဒေါက်တာထွင့်ထိပ်
(၉၆)ပါး ရောဂါအထူးကုဆရာဝန်ကြီး'

ဆရာဝန်ကြီး၏ အခန်းဝတွင် အထက်ပါ ဆိုင်းဘုတ်ကို ချိတ်ထားသည်။ အခန်းရှေ့ ဆိုင်းဘုတ်ရှေ့တွင် ကျယ်ဝန်းသောအခန်းကြီးရှိသည်။ အခန်းတွင် ခပ်ရှင်ရုံမှာထားသလို ကုလားထိုင်များ ချထားသည်။ ကုလားထိုင်အားလုံး လူပြည့်နေသည်။ လူနာ (၁၀၀) နှင့် အဖော်များပါ ထိုင်နိုင်သည်။ အချိန်တိုင်း လူနာ (၁၀၀) ရှိသည်။ မလျော့။ နောက်ဆုံးမှ တောင်းပန်ပြီး ဝင်မည်ဆိုသူများလည်း ရှိသေးသည်။ သို့သော် တစ်ခါမမျှမရကြ။ လာသမျှထက်ကို လက်မခံမဟုတ်။ ဘကယ်(၁၀၀)ထက် ပိုလက်မခံ။ အခြားသွားစရာရှိသေးလို့။

စမ်းသပ်ခက (၁၅၀၀၀)၊ တုံကင်မှောင်ခိုခက (၅၀၀၀)။ အလွတ်စာရင်းပေး၍ကတော့ အမြဲ 'ပြည့်နေပြီ' ဟုသာ အဖြေရသည်။ လူနာအတိုင်း အဆက်အသွယ်ယူပြီး တုံကင်မှောင်ခိုယူရသည်။ သေးယောက်တစ်တွဲ အခန်းထဲဝင်ရသည်။ မတွဲရလျှင်၊ ပြောပြနိုင်လျှင် အဖော်မဝင်ရ။

"တုံကင်နံပါတ်ကိုး ဦးဖြူ၊ တုံကင်နံပါတ်တစ်ဆယ် ဦးနီ၊ ဆယ့်တစ်ဒေါ်ရွှေ ဆယ့်နှစ် ဒေါ်မြ"

အခန်းဝမှ သူနာပြုဆရာမလေး ခေါ်သဖြင့် ဝင်သွားကြသည်။ ဦးဖြူနှင့် ဦးနီမှာ အသက် (၈၀) ခန့် ရွယ်တူ။ သို့သော် အချင်းချင်း မသိကြ။

"ဘာဖြစ်သလဲ"

ထုံးစံအတိုင်း ဦးဖြူကို ဆရာဝန်ကြီးက မေးသည်။

"ဘာမှမဖြစ်ပါဘူး။ (၄၅) ရက် အလုပ်လုပ်ဖို့ရှိလို့ သင့်တဲ့ဆေးဝါးနဲ့ အစားအစာညွှန်ကြားပေးဖို့ပါပဲ ဆရာဝန်ကြီး"

ဦးဖြူက ပြန်ဖြေသည်။

ဆရာဝန်ကြီးက သွေးစမ်း၊ မျက်လုံးဖြဲ၊ ပါးစပ်ဖြဲ၊ ရင်ဘတ်ဖြဲ (အင်္ကျီ) အားကြပ်ထောက်ပြီး လက်ထောက်ဆရာဝန်ကို ဆရာဝန်သင်္ကေတဖြင့် ပြောသည်။ လက်ထောက်ဆရာဝန်က အီးစီးဂျီရိုက်ခြင်း စသည့် ချက်ချင်းအဖြေရနိုင်သော စစ်ဆေးမှုအတွက် စာရေးပြီး သူနာပြုဆရာမလေးနှင့် ထည့်ပေးလိုက်သည်။

"ဘာဖြစ်သလဲ"

ဦးနီကိုလည်း မေးသည်။

"ဘာမှမဖြစ်ပါဘူး။ (၄၉) ရက် အလုပ်လုပ်ဖို့ သင့်တဲ့ ဆေးနဲ့ ဓာတ်စာ ညွှန်ကြားပေးပါ"

ဟု ပြန်ဖြေသည်။

ဆရာဝန်ကြီး မျက်ခုံးတွန့်သွားသည်။ ဘာမှတော့မပြော။ ဦးဖြူအတိုင်းပင် -

နှစ်ဦးစလုံးစစ်ပြီးတော့ စားရမည့် အစာ၊ အသား၊ ငါးနှင့် အသီးအရွက် (၁၅) မျိုးစီလောက် အသင့်ပုံနှိပ်စာလုံးဖြင့် ရေးသားသည့် စာတစ်ရွက်တွင် ကြက်ခြေနှင့် အမှန်သင်္ကေတခြစ်ပြီး ဝယ်ရမည့် ဆေးစာရွက်နှင့်အတူ ပေးလိုက်သည်။ သောက်နည်းကို ဆေးရောင်းသူက ပြောသည်။

ရုပ်နှင့် နာမ်တို့သည် အဆိပ်ပင်နှင့် တူ၏။ ထိုအဆိပ်ပင်သည် အဆိပ်သီး (၄)လုံး သီးသည်။ ပထမအလုံးသီးပြီးသည်နှင့်အတူ ဒုတိယနှင့် တတိယ အလုံးကို တစ်ပြိုင်နက်သီး၏။ စတုတ္ထအလုံးသီးသည်နှင့် (၄)လုံးစလုံး တစ်ပြိုင်နက်ကြွေ၏။ ပထမအသီးကား မွေးခြင်း၊ ဒုတိယနှင့် တတိယအသီးကား အိုခြင်းနှင့်နာခြင်း၊ စတုတ္ထအသီးကား သေခြင်း။ ရုပ်နှင့်နာမ်ကို ရထားသူသည် 'မွေး၊ အို၊ နာ၊ သေ' အဆိပ်သီး(၄)လုံးကို ရထားသည်နှင့် တူ၏။

ဦးဖြူသည် ဝိပဿနာ (၄၅)ရက် တရားစခန်းဝင်ရန် ဆရာဝန်ဆီသွားပြီး ကျန်းမာရေးအတွက် ဆေးဝါးဓာတ်စာ ညွှန်ကြားချက်တောင်းခံခြင်း ဖြစ်သည်။ ပစ္စည်းဥစ္စာအတန်ချမ်းသာသဖြင့်လည်း ထိုဆရာဝန်မျိုးထံသွားနိုင်ခြင်းဖြစ်သည်။

ဦးနီက ဦးဖြူထက် နှစ်ဆမက ချမ်းသာသည်။ သူက ဘိုးတော်ကို ယုံကြည်သည်။ သူတို့အဖွဲ့က တစ်လတစ်ကြိမ် ဘိုးတော်ဓာတ်စီးသည်။ ရှိုးရှိုးဆိုလျှင် ရိုးရိုးဟောကြားသွားသည်။ အထူးမ,ရမည့်သူရှိသော် (အခါကြုံသော်) ထူးဆန်းသည့် အစွမ်းတစ်ခုကိုပြပြီး ထိုသူအား ကျင့်စဉ်ပေးသည်။

ယခု ဦးနီကို ပေးပြီး (၄၉)ရက် အပြင်းအထန်ကျင့်ရမည်။ အောင်မြင်လျှင် ရလဒ်က ဒီဘဝမှာ လို-တ-ရ။ သေလျှင် နတ်ပြည်ရောက် ဟူ၍ ဖြစ်သည်။ ဦးနီသည် ယခုထက် များစွာ ပိုချမ်းသာလိုသေးသည်။ နောက်ဘဝများတွင်လည်း နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်များကိုသာ အမြဲစံစားနေလိုသည်။ ထိုကျင့်စဉ်ကိုကျင့်နိုင်ဖို့အတွက် အားပြည့်နေအောင် ဆရာဝန်ထံ သွားခြင်း ဖြစ်သည်။

အဆိပ်ပင်ရှင်သန်နေသမျှ အဆိပ်သီးစားနေရမည်။ အဆိပ်သီးစားပြီး ဒုက္ခဆက်မသွားလိုလျှင် အဆိပ်ပင်ကို သတ်ပစ်ရမည်။ အဆိပ်ပင်ကို သတ်နိုင်သော လက်နက်သည် 'ဝိပဿနာတရား' သာဖြစ်သည်။ ထိုလက်နက်ဖြင့် တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် မသေမချင်းသတ်။ တစ်နေ့ မုချသေမည်။ ထိုလက်နက်ကို ကိုင်စွဲပြီး တိုက်ပွဲဝင်ရမည့်သူမှာ ထိုအဆိပ် (ရုပ်+နာမ်) ပင် ဖြစ်သည်။ အဆိပ်ပင်သန်မှ တိုက်ပွဲအောင်မည်။ ထို့ကြောင့် အဆိပ်ပင်သန်ဖို့ ရေလောင်းရမည်။

ဦးဖြူက အဆိပ်ပင်ကို သတ်ဖို့ အဆိပ်ပင် ရေလောင်းသည်။

လူ့စည်းစိမ်၊ နတ်စည်းစိမ်အလိမ်အညာချမ်းသာတို့ဖြင့် လိမ်ညာပြီး မွေး-အို- နာ-သေ အဆိပ်သီးကျွေးနေသော အဆိပ်ပင်ကြီး အဆက်မပြတ် ရှင်သန်ကြီးထွားပြီး အဆက်မပြတ် အဆိပ်သီးစားနေရဖို့အတွက်လည်း အဆိပ်ပင်ကို ရေလောင်းရပါသည်။

ဦးနီက အဆိပ်ပင် အလျှဉ်မပြတ် ရှင်သန်ဖို့ အဆိပ်ပင် ရေလောင်းသည်။

သူတို့နှစ်ဦးသည် အဆိပ်ပင်ရေလောင်းကြသူချင်း တူသော်လည်း ရည်မှန်းချက်ပန်းတိုင်ကမူ မတူကွဲပြား ခြားနားလှပါပေ၏တကား။

ချောင်းဆုံအနန်းသွင်




www.burmeseclassic.com

www.burmeseclassic.com

# အလှူဝါလှိုင်း

## ရွှေပြည်အေးစက်လှေပိုင်ရှင် ကိုလှသောင်းအား အဘအောင်မင်းခေါင်တောင့်ရောက်ပုံ



ကိုလှသောင်းသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် နေထိုင်သည်။ ကိုလှသောင်း၏ အဓိကစီးပွားရေးမှာ 'ရွှေပြည်အေး' အမည်ဖြင့် စက်လှေထောင်ပြီး ပုသိမ်-ငပုတော၊ ကျောက်ကလပ်-ခမောက်မော်သို့ အသွား/အပြန် ပြေးဆွဲလေသည်။ ရေလမ်းခရီးဖြင့် လုပ်ကိုင် စားသောက်ရသဖြင့် အန္တရာယ်များသည်။ အထူးသဖြင့် ကျောက်ကလပ် - ခမောက်မော်သို့ရောက်လျှင် ပင်လယ်နှင့်နီးသဖြင့် ရေလှိုင်းကြီးများဒဏ်ကို ခဏခဏခံစားရ၏။ မျှော်လင့်မထားသော ရာသီဥတုကြောင့် ပင်လယ်လေ တိုက်ခတ်လာပါက လေနှင့်အတူ လှိုင်းလုံးများ မြင့်တက်လာလေသည်။ မြစ်တွင်းသွား စက်လှေသေးသေးလေးသည် လှိုင်းနှစ်ခုကြားတွင် ပျောက်ကွယ်သွားပြီး လှိုင်းအပေါ်တက်လာသောအခါ တာဝတိံသာလောက် အမြင့်သို့ရောက်နေပြန်သည်။

အားကိုးရာတော့ ပုပ္ပားအောင်မင်းခေါင်ကို ကိုးကွယ်လေသည်။ စက်လှေ စတင်ဝယ်စဉ်ကပင် အဘပုံတော်ကို ထုလုပ် ကိုးကွယ်ခဲ့ပါသည်။ လှသောင်း၏ နဂိုဗီဇမှာလည်း ဝိဇ္ဇာဖြစ်ချင်သည်။ ဂန္ဓာရီလမ်းလိုက်ဖူးသည်။ ပုတီးစိပ်၏။ တရားထိုင်၏။အဘအောင်မင်းခေါင်အား ယုံကြည်ကြည်ညိုသောတပည့်တစ်ဦး ဖြစ်သည်။ သာပေါင်းမြို့၏အနောက်ရိုးမထဲတွင်ရှိသော တောင်ညိုတောင်တွင် အဓိဋ္ဌာန်ဝင်သည်။

တောင်ညိုတောင်သည် ထူးခြားသောတောင်တစ်လုံး ဖြစ်ပါသည်။ ဝိဇ္ဇာများညီလာခံကျင်းပသောနေရာဖြစ်သဖြင့် သာမန်လူတို့ ညတက်ရောက်ခွင့်မပြုပေ။ တောင်ပိုင်ကြီးမှာ အမျိုးသမီး ဖြစ်ပါသည်။ အလွန်စိတ်ထက်သော တောင်ပိုင်ဖြစ်သည်။ အမှားမခံပါ။ အမှားကျူးလွန်မိပါက တောင်းပန်၍မရပါ။ အသေဆိုးနှင့် သေရသည်။

တစ်ခါက ဘုရားဖူးအဖွဲ့တစ်ဖွဲ့ လာရောက်ဘုရားဖူးသည်။ တစ်ယောက်က တောင်ပေါ်သို့မတက်ဘဲ တောင်ခြေတန်ဆောင်းထဲတွင် ကျန်နေရစ်သည်။ ကျန်အဖွဲ့များ တောင်ပေါ်သို့ တက်သွားကြ၏။ တောင်ပေါ်သို့ အုပ်စုလိုက်တက်ပြီး ဘုရားဖူးနေစဉ် တောင်အောက်ခြေမှ အော်သံကြား၍ ဆင်းကြည့်ကြသောအခါ ကျန်ရစ်သူတစ်ယောက် နှာခေါင်းပွဲလျက် မျက်လုံးထွက်ပြီး မေ့နေသည်။ သတိရသောအခါ သူ့ကို မျောက်ကုတ်... သည်ဟုပြော၍ သေဆုံးသွားလေသည်။

တောင်ပိုင်ကြီးမှာ တောင်ပေါ်တွင်... မစင်စွန့်မခံ။ တံတွေးထွေးမခံ။ လုံး... ညစ်ပတ်၍မရပေ။ ဆီးသွားချင်လျှင်... တောင်အောက်ရောက်မှ သွားရသည်... မေ့ပြီး တံတွေးထွေးခြင်း၊ ဆီးသွားခြင်းပြု... ပါက ကျားတက်လာပြီး ကိုက်လေတော့... သည်။ ဤမျှကြမ်းသော တောင်ညိုတ... စောင့်ရသော တောင်ပိုင်ကြီးကား ... တွင် မျောတောင်သို့သွားနေရ၏။ အ... ဖြစ်သူက လာ၍ စောင့်ပေးရ၏။ ...



www.burmeseclassic.com

အမိဌာန်ဝင်ဖို့လာတာ။ စည်းမဖောက်ရဘူး။ ကိုယ့်အလုပ်ကို လုပ်ကြရမယ်။ ဆရာ့စကားကို နားထောင်ရင် ဘာအန္တရာယ်မှမရှိဘူး။ နားမထောင်လို့ ခံရရင် အသက်နဲ့လဲရမှာ။ ဆရာလည်း မတတ်နိုင်ဘူး"

ဟု သေသေချာချာမှာလေသည်။

တောင်ညိုဘုရားတွင် (၇) ရက် အမိဋ္ဌာန်ဝင်မည်။ ညဘက်တွင် (၉) နာရီမှ (၁၀)နာရီထိ ပုတီးစိပ်မည်။ တံတွေးမတွေးရ၊ ဆီးမသွားရ၊ စကားမပြောရ။ တောင်အောက်ရောက်မှ သာမန်လိုနေကြရမည်။ ဒီမှာ အမိဋ္ဌာန်ဝင်ရခြင်း၏ ရည်ရွယ်ချက်ကတော့ ဂန္ဓာရီခရီးအစ၏ ပထမစာမေးပွဲစစ်ခြင်း ဖြစ်သည်။

ပထမရက်တွင် ကိုလှသောင်း တစ်ယောက် တောင်ညိုတောင်ပေါ်သို့ လိုက်သွားသည်။ (၄) ယောက်အဖွဲ့ တည်းတွင် အငယ်ဆုံးဖြစ်သည်။ လူပျို



ရောက်သောအခါ အစ်ကိုက မျောတော သွားပြီး ညီမဖြစ်သူက တောင်ညို လာ လေသည်။ အထက်က အမိန့်ချမှတ်ရ ခြင်းမှာ နေ့တွင် လူတွေဖူးနိုင်စေရန် ခွင့် ချက်တတ်သော အစ်ကိုကြီးနှင့် နေရာ ပေစောင့်ရခြင်း ဖြစ်သည်။

ကိုလှသောင်းတို့အဖွဲ့(၄)ယောက် တောင်ညိုရောက်လာကြသည်။ ဆရာ ဖြစ်သူက အထက်ပါ အကြောင်းအရာ များကို ကြိုတင် အသိပေးပြောထားလေ သည်။

"ငါတို့ ဒီတောင်ညိုဘုရားမှာ

www.burmeseclassic.com

လူလွတ်ဖြစ်သည်။ ဆရာကြီးပြောသော အကြောက်တရားဖြင့်ပြည့်နေသော ဤ တောင်ပေါ်တွင် ခြေချမိလေပြီ။ သာမန် ပကတိမျက်စိဖြင့် မမြင်ရသော ဥစ္စာ စောင့်များ၊ အလွန်ဆိုးသော တောင် စောင့်များ၊ တောင်ပိုင်များသည် သူစိမ်း တစ်ရံများ တောင်ပေါ်သို့ တက်လာ သဖြင့် စောင့်နေကြသည်။ သူတို့ဘာလို့ ဘာကြတာလဲ ဆိုတဲ့ သံသယအသိဖြင့် အလစ်မပေးဘဲ စောင့်နေလေသည်။

တောင်ပေါ်တွင် လေပြည်လေနု လေးက တိုက်၏။ ဘုရားဆည်းလည်းသံ လည်း တချွင်ချွင်နှင့်အသံပေး၍နေလေ သည်။ တခြားဘာတစ်ခုမှမတွေ့ရပေ။ တောင်ညိုဘုရားတစ်ဆူတည်လက်စကို တွေ့ရသည်။ ဒေါင်းမင်းဘုရား၊ မြဘုရား တို့ရှိကြသည်။ ဒေါင်းမင်းဘုရားမှာ ဂူ ဘုရား ဖြစ်သည်။ အရပ်(၄)မျက်နှာ၊ ဂူပေါက်(၄)ခုရှိသည်။ ဂူပေါက်နှစ်ခုကြား တွင် တရားထိုင်ရန် လိုဏ်ဂူတစ်ခုစီရှိ သည်။ လူ(၄)ယောက် လိုဏ်ဂူ(၄)ခု အကိုက်ဖြစ်သည်။ အတွင်းစကြံလမ်းရှိ ပြီး အလယ်တွင် ဘုရား (၄) ဆူ ရှိသည်။

လှသောင်းက ငယ်ငယ်၊ သိပ္ပံ ကျောင်းသားလေးဆိုတော့ နာနာဘာဝ ဝိနာဘာဝ ဥစ္စာစောင့်တွေကို မယုံကြည် ပေ။ မမြင်ရလျှင် မယုံပေ။ မယုံပေမယ့် ကြောက်တော့ ကြောက်တတ်သည်။ ဆရာကြီးပြောတော့ တောင်ပိုင်က ဆိုးတယ်တဲ့။ ခုတော့ ဘာမှမတွေ့ရပါ လားဟု စိတ်ထဲတွင်ဖြစ်ပေါ်နေလေ သည်။ (၉) နာရီမှစ၍ ပုတီးစိပ်၏။ တရားထိုင်၏။ သမာဓိရလာသောအခါ ဘုရားအပြင်ဘက်မှာထိုင်နေသော ဥစ္စာ စောင့် (၂) ယောက်ကို မြင်ရလေသည်။

အာရုံထဲမှာ မြင်ရတာ ဆိုတော့ စွဲနေလို့ပါဟု ထင်မိ၏။ နောက်တော့ ဆရာကြီးမှ ဥစ္စာစောင့် (၂) ယောက် လာကြောင်း ပြောသဖြင့် မိမိအမြင် သည် အာရုံကြောင့်စွဲလို့မဟုတ်ဘူး ဆို တာ သိရသည်။။ ဒီလိုနှင့် ပထမနေ့ပြီး သွားသည်။ ဘာမှမထူးခြားပါ။

ဒုတိယနေ့တွင် တောင်ပေါ်တက် ရန် အသင့်ဖြစ်နေပြီ။ အပေါ့-အလေး သွားထားပြီးပြီ။ အပေါ်ဘုရားမီးထွန်း ရန် ဖယောင်းတိုင်၊ အမွှေးတိုင်ယူလာ ပြီ။ ခုထိုင်ရန် လုံချည်(၁)ထည် အပို ထည့်လာသည်။

"ကဲ-တပည့်တို့ တောင်ပေါ်တက် မယ်။ အပေါ်မှာ တံတွေးမထွေးရ၊စကား မပြောရ၊ အပေါ့အလေးမစွန့်ရ။ (၁) နာရီ တရားအားထုတ်မယ်။ ကျန်နေလို့ ကျားကုတ်ရင် တာဝန်မယူဘူး။ စည်း မဖောက်ရ၊ အပြစ်မလုပ်ရ"

ဟု မှာလေသည်။

လှသောင်းလည်း ဆရာ့စကားကို နားထောင်ရင်း ဒုတိယည၏အမိဋ္ဌာန်ကို ဝင်ရောက်လေသည်။ တရားထိုင်လို့ လည်း ကောင်းပါသည်။ ဂုဏ်တော်(၉) ပါးကို ပုတီးစိပ်သည်။ ဖယောင်းတိုင်မီး ငြိမ်းသွားလေပြီ။ လေတိုက်၍ မီးထွန်း မရပါ။ အမှောင်ထုထဲဝယ် (၁)နာရီကြာ အောင် တရားထိုင်ရလေသည်။ ဆရာ ကမှာသည်။ ကျန်ခဲ့လျှင် ကျားကုတ်မယ် တဲ့။ အိပ်ပျော်သွားလို့မဖြစ်။ တရားထိုင် ကောင်းကောင်းနှင့် ထိုင်လိုက်တာ သမာဓိအတော်တည်ငြိမ်လာလေသည်။

ပုသိမ်က ကိုသိန်းရွှေကြီး လိုက် လာပါ့လား။ ဟော- ခာတ်မီးကို အပေါ် ထောင်ထိုးတယ်။ ပါးစပ်ကလည်း ပွစိ ပွစိနဲ့ ပြောနေတယ်။

'ဟေ့-လှသောင်း၊ ငါလိုက်လာပြီ။ ငါပြောတာကြားလား' တဲ့။

ဟော- ခာတ်မီးကို လက်ဖြင့် (၃) ချက်ခေါက်တယ်။

'ငါခေါက်တာ ကြားလား။ ဟေ့- လှသောင်း၊ ငါခေါက်တာ ကြားကွာ'

လို့ ပြောတယ်။

ဟော- ဆရာလည်း (၁)နာရီပြည့် လို့ ဘုရားကို(၃)ပတ်လှည့်နေပြီ။ ငါ လည်း ထမှ ဟု သတိဝင်လာပြီး ဆရာ့ နောက်မှ လိုက်လှည့်သည်။ ဟော - ကိုသောင်းကြီး ခုထိမထသေးပါ့လား။ တခေါခေါနဲ့ အိပ်နေတာလား။ ငါလက် ဆွဲနိုးဦးမှ။ ကျန်ခဲ့လို့ ကျားကိုက်ရင် ပြဿနာပဲ။ ကိုသောင်းကို လက်ဆွဲနိုးပြီး လိုဏ်ဂူမှဆွဲထုတ်၏။ သူလည်း သတိရ လာပြီး စကြံလမ်းတွင် လိုက်ပတ်သည်။ လက်ယာရစ် (၃) ပတ်ပြည့်သောအခါ တောင်အောက်သို့ ဆင်းကြလေသည်။

တောင်အောက်ရောက်မှ အပေါ့ အလေးသွားကြ၊ စကားပြောကြနှင့် အတွေ့အကြုံများကို ဆွေးနွေးကြလေ သည်။

"ကဲ- ကိုသောင်း၊ ပြောစမ်း။ ဘာ တွေမြင်ခဲ့၊ တွေ့ခဲ့သလဲ"

ကိုသောင်း ဘာမှပြန်မပြောနိုင် ပါ။ ဘယ်ပြောနိုင်မှာလဲ၊ အိပ်နေတာကိုး။ ပြီးလို့ အတင်းဆွဲထုတ်လိုက်ရသည်။

"ဘာမှ မထူးခြားပါဘူး ဆရာ"

"ဘယ်ထူးခြားမှာလဲ။ မင်းအိပ် ပျော်နေတာ မဟုတ်လား"

"ပထမ ထိုင်လို့မရဘူး ဆရာ ပုရွက်ဆိတ်တွေဘယ်ကရောက်လာတယ် မသိဘူး၊ တအားကိုက်တာ။ ပွတ်နေ နေရာရွှေ့ရနဲ့ အချိန်ကုန်သွားတာ။ တ ဝက်လောက်ကျတော့ တရားထိုင်လို့ ကောင်းလိုက်တာ။ မှေးခနဲ ပျော်သွား တယ်"

"မင်းအိပ်တာ အကြောင်းမဟုတ် ဘူး။ ကျန်ခဲ့ရင် ကျားကိုက်တတ်တယ် မေတ္တာများများပို့။ မင်းနားမှာကပ်နေတဲ့ ဥစ္စာစောင့်တွေက မင်းကို စမ်းနေတာ"

ကိုသောင်း တော်တော်ကြော သွားသည်။ ကိုသောင်းပြီးတော့ လှ သောင်းကို မေးတယ်။

"လှသောင်း၊ ပြောစမ်း။ မင်းဘာ တွေမြင်လဲ"

"ဆရာ၊ ပုသိမ်က ကိုသိန်းရွှေ လိုက်တာတယ်"

"အေး- မင်းမြင်တာပြော"

"ကိုသိန်းရွှေက ခာတ်မီးနဲ့ အ ပေါ်ကို ဝိုင်းပြတယ်။ ငါ့ခာတ်မီးရော မြင်ကွာလို့လည်း ပြောတယ်"

"အေး - ပြီးတော့ကော"

"ခာတ်မီးကို လက်နဲ့ခေါက်တယ် (၃) ချက်ခေါက်တယ်"

"ကိုသောင်း - ကြားလား၊ လှ သောင်းပြောတာ။ မင်းစိတ်က နည်း နည်းဖောက်ချင်နေတယ်၊ စိတ်ကော ထား။ သမာဓိကလည်းကျဲတယ်။ ထမင်းချ ကျန်သေးလား။ မကျန်ရင် ထမင်းချ ထား"

ဟု မှာလေသည်။

မကြာမီ လှသောင်းပြောသ ကိုသိန်းရွှေတစ်ယောက် ဆိုက်ဆိ မြိုက်မြိုက် ရောက်လာပါတော့သည်။

"ကိုသိန်းရွှေကြီး လာတယ်"

ဟု ဝိုင်းဝန်း နှုတ်ဆက်ကြသည်။ ကိုသိန်းရွှေကြီးကို ထမင်းကျွေးပြီး လှ သောင်း၏သမာဓိရင့်ကျက်လာပုံကြော ကိုသိန်းရွှေရောက်မယ် ဆိုတာ ကြ ကြောင်း ပြောပြလေသည်။

"လှသောင်း မှတ်ထား။ ဝိဇ္ဇာ တာ ကြုံသိရမယ်။ ဆက်ကြိုးစား၊ ကြား လား"

"ဟုတ်ကဲ့ပါ"

ကိုသိန်းရွှေရောက်လာသဖြင့် ( ယောက်ဖြစ်သွားလေသည်။ ဂူက ( ယောက်စာသာရှိသဖြင့် ဂူထဲတွင် ထိ လို့မရပါ။ အပြင်မှာပဲ တန်းစီ၍ တ ထိုင်ရလေသည်။ လှသောင်းတို့ အပြင် နောက်ထပ် ဘုရားဖူးတစ်



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာကြသည်။ ထိုဘုရားဖူးအဖွဲ့ထဲတွင် ထူးခြားသော လူတစ်ယောက် ပါလာလေသည်။ လူက ပုတုတု၊ ဂင်တိုတို၊ မျက်နှာမှာလည်း ကျောက်ပေါက်မာတွေနဲ့။ လှသောင်းက အငယ်ဆုံးမို့ အပျော့ကို နှိုက်လေသည်။

"ညီလေး၊ နာမည်ဘယ်လိုခေါ်သလဲ"

"လှသောင်းပါ"

"ဒီမှာဘာလို့လာကြတာလဲ"

"အဓိဋ္ဌာန်ဝင်တာပါ"

"ဘယ်နှရက်လဲ"

"(၇) ရက်ပါ"

"ခု အဓိဋ္ဌာန် ဘယ်နှရက်ရှိပြီလဲ"

"(၃) ရက်စေ့ပါပြီ"

"ဒါဆိုရင် တော်တော်မြင်နေပြီပေါ့"

"ဟဲဟဲ - ဒီလောက်လည်း မဟုတ်သေးပါဘူး"

"ဒီနားမှာ ငှက်သိုက်တို့ ဝက်သိုက်တို့ရှိတယ်။ ဒီထူးထူးဆန်းဆန်းတွေမြင်ရရင်လည်း အဘကိုပြောစမ်းပါ"

"ဘာသိုက်မှ မမြင်ဘူး"

လှသောင်း ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။ နောက်မှသိရတာက ဒီလူကြီးက သိုက်ဆရာဟု သိလိုက်ရ၏။ ဘုရားဖူးဖို့ရောက်လာတာမဟုတ်။ သိုက်တူးဖို့ ရောက်လာခြင်း ဖြစ်သည်။ လှသောင်း စကားမကျွံပါ။ စကားမများပါ။ ဒါပေမယ့် ဒီသိုက်ဆရာကြောင့် ရသေ့တစ်ပါး သေဆုံးရရှာသည်။

အဖြစ်က ဒီလိုပါ။ တောင်ပေါ်တွင် စကြာဘုရားတည်ရန် အုတ်ဖုတ်နေသော ရသေ့တစ်ပါးရှိသည်။ တရားထွင့်ရင်း အဓမ ဒေါ်ကြီးမေ၏ အကူအညီတောင်းခံခြင်းကြောင့် အုတ်ဖုတ်သူတို့ကို ကြီးကြပ်ပေးရလေသည်။ ခုနကပြောသော သိုက်ဆရာက ရသေ့လေးနှင့်ပေါင်းပြီးထီးဘုရားကိုခေါ် သွားသည်။ ထီးဘုရားကအပြန် သိုက်ရှိမည့်နေရာ၊ ထူးခြားမှုရှိသောနေရာများကို ရသေ့လေးအား မေးလေသည်။ ရသေ့လေးက ရိုးရိုးအအဆိုတော့ သိုက်ဆရာမှန်းမသိ၍ သူသိသောထူးခြားမှုတွေကို လိုက်ပြလေသည်။ နေ့လယ်(၁)နာရီလောက် ပြန်ရောက်လာကြသည်။ လှသောင်းတို့ဆရာအဖွဲ့ (၅) ယောက်လည်း ထမင်းစားပြီး တစ်ရေးတစ်မော အိပ်နေကြသည်။

မကြာမီ အော်သံကြားရလေ၏။ ရသေ့လေးနေသောကျောင်းမှာ လူစုလူဝေးနှင့် ဖြစ်နေသည်။ ဘုရားဖူးအဖွဲ့၊ အုတ်ဖုတ်လုပ်သားတို့ ဖြစ်ကြသည်။ မကြာမီ လူတစ်ယောက် ကိုလှသောင်းတို့ထံ ရောက်လာပြီး လက်အုပ်ချီ၍-

"ဆရာကြီးတို့၊ ရသေ့လေး အဖျားတက်နေတယ်။ မေးခိုင်နေပြီ။ လာကြည့်ပေးပါဦး"

ဟု ဆိုလေသည်။

လှသောင်းတို့ (၅) ယောက်စလုံး လိုက်သွားကြသည်။ ရသေ့လေး မနက်ကမှ ကျောက်ထီးဘုရားသွားတာ မြင်လိုက်သည်။ ခုချက်ချင်း ဖျားတာ မြန်လိုက်တာ ကိုယ်တွေချစ်ချစ်တောက်ပူနေသည်။ ရွာကလည်း မနီးပါ။ ဆရာကလည်း မရှိပါ။

ဆရာကြီးက လှသောင်းကို ပြောတယ်။

"ကွမ်းရွက်ကို (၉)ကွက်အင်းဆွဲလိုက်။ စမတွေထည့်၊ ကြီးလေးကြီးရုံ အလယ်မှာ အောင်ဓာတ် (၁) ကိုထည့်၊ လက်ဝါးချင်းရိုက်လိုက်။ သိဒ္ဓိတင်ပြီး သတ္တုရည်ရအောင် ညှစ်ပြီး ရသေ့ကို တိုက်လိုက်"

ဟု ပြောလေသည်။

ဆရာအဖွဲ့သည် ဆေးကုလာတာ မဟုတ်။ ဆေးကုစရာဘာမှမရှိ။ ကွမ်းရွက်ရှိသဖြင့် ရှိတာနှင့်ကုပေးခြင်း ဖြစ်သည်။ လှသောင်းတစ်ယောက် လက်ဝါးဖြန့်ပြီး ကွမ်းရွက်တင်သည်။ ကွမ်းရွက်ပေါ်တွင် ခဲတံဖြင့် မျဉ်းဆွဲသည်။ (၉) ကွက်ရသည်။ မြင်းသွားဖြင့် စ-ဓ-ဗ-ဝ ကို ရေးသည်။ 'က'၊ 'ယ'၊ 'ဏ'၊ 'ဠ' ကို ရုံသည်။ အလယ်မှာ (၁) ကိုရေးပြီး သိဒ္ဓိတင်လိုက်သည်။ လက်ဝါးနှစ်ခုကိုရိုက်ပြီး သိဒ္ဓိပြီးမြောက်ကြောင်း အချက်ပြလိုက်၏။

ကိုသောင်းကြီးက ကွမ်းရွက်ကို ညှစ်ပြီး အရည်ထွက်မကျပါ။ ကွမ်းရွက်အရည်နှင့်ရေရောပြီး ဇွန်းထဲသို့ထည့်ပြီး ရသေ့လေးကို တိုက်ကြလေသည်။ မေးခိုင်နေသဖြင့် ပါးစပ်ဟ၍မရပေ။ ကိုသောင်း ပါးစပ်ကိုဖြဲ၍ သွားကြားထဲမှ ကွမ်းရွက်ရည်ကို ဝင်အောင်တိုက်လေသည်။

ရေနှင့်ရောနေသော သိဒ္ဓိဝင်ကွမ်းရွက်ရည်သည် တချို့ဖိတ်ကုန်၏။ တချို့ ပါးစပ်ထဲသို့ စီးကျဝင်သွားလေသည်။ မကြာမီ ရသေ့လေးလှုပ်လာသည်။ ဝုန်းဆို ထထိုင်ပြီး ပါးစပ်ထဲမှ အင်းဆန်ပါ ကွမ်းရွက်ရည်ကို ထွေးထုတ်လေတော့သည်။ နှုတ်မှလည်း မနားတမ်းပြောလေသည်။

"သူ့ကိုမကယ်ပါနဲ့။ ဆရာအဖွဲ့ကို လေးစားပါတယ်။ သူ့ကိုတော့ ခွင့်မလွှတ်နိုင်ဘူး"

ဟု သေဆုံးမည့် ရသေ့လေးကို ပူး၍ တောင်ပိုင်ကြီးကပြောနေပါသည်။ ထူးခြားတာက ပူးလျှင် တခြားသူကို ပူးပါလား။ ဘာလို့ လူနာကိုပူးရတာလဲ။ တောင်ပိုင်ကြီး၊ ဆိုးတဲ့တောင်ပိုင်ကြီး။ ဟော - တွေ့ပြီ။ သူ့အယူအဆ၊ သူ့ဆုံးဖြတ်ချက်များသည် ကြားရသူအဖို့ စိတ်မသက်သာစရာပါ။

"တောင်ပိုင်ကြီးရယ်၊ ဒီတစ်ခါတော့ ခွင့်လွှတ်ပေးလိုက်ပါ။ တောင်းပန်ပါတယ်"

"ခွင့်မလွှတ်နိုင်ဘူး။ သိုက်တူးမယ့် သိုက်ဆရာကို လိုက်ပြတယ်။ စည်းဖောက်တယ်။ သူ့အသက်ကို ယူရမယ်"

"ဒီရသေ့လေးက ဘုရားတည်ဖို့ အုတ်ဖုတ်နေတာ။ ဒီတောင်မှာလည်း သာသနာပြုနေတာပါ။ ဒီကောင်းကွက်လေးတွေကိုငဲ့ညှာပြီး ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါ"

"ခွင့်မလွှတ်ဘူး။ ဒီတောင်မှာ စောင့်ဖို့ တစ်ယောက်လိုနေတာနဲ့ အတော်ပဲ။ ဆရာတို့လည်း သူ့ကို မကယ်ပါနဲ့"

"ဆရာဆိုတာ လူနာရဲ့အသက်ကို ကယ်ရတာပါပဲ။ တောင်ပိုင်ကြီးလည်း ခွင့်လွှတ်ပေးလိုက်ပါ။ တခြားအပြစ်တွေပေးပါ"

"လုံးဝခွင့်မလွှတ်ဘူး၊ စည်းကျော်လာရင်တော့ သတ်ပစ်ရမှာပဲ"

တောင်ပိုင်ကြီးကို လုံးဝ တောင်းပန်လို့ မရပါ။ ရသေ့လေးကို သတ်ပစ်တော့မည်။ လိုနေသောအစောင့်ကို ချထားတော့မည်။ နာနာဘာဝဝိနာဘာဝကို မယုံသော လှသောင်းတစ်ယောက် လက်တွေ့ကြုံပြီ မဟုတ်လား။ ဒီသိုက်ဆရာတော့ ဘယ်ရောက်နေသလဲ မသိ။ လိုက်ပြမိသောရသေ့လေးကတော့ သေပွဲဝင်ရတော့မည်။ လူသေကို ကြောက်သော လှသောင်းတစ်ယောက် သေမယ့်သူ့ကိုမကြည့်ရဲ၊ နားနေယောအဆောင်သို့ ပြန်လာလေ၏။ ဩော် - မိမိလည်း တော်တော်ကံကောင်းတာပဲ။ ပထမဆုံး ဆုံရ၊ တွေ့ရ၊ စကားပြောရတာက ငါပဲ။ သိုက်ဆရာမှန်းလည်းမသိဘာမသိနဲ့ ရမ်းပြောရတာ၊ တော်သေးတယ်။ ငါစကားမများလို့၊ ငါသာ စကားများရင် ငါ့ကိုလည်း တောင်ပိုင်ကြီးက သတ်မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com

ကြောက်လိုက်တာ။ ဒူးတွေတောင်တုန်လာပြီ။

ဆရာနှင့် ကိုသောင်းတို့လည်း လက်လျှော့၍ ပြန်လာကြလေသည်။ ကိုသောင်းကြီးက တောင်ပိုင်ကြီး၏ ဆိုးသော ဆုံးဖြတ်ချက်ကို မကျေနပ်ပေ။ တစ်ခါတလေ လူဆိုတာ မှားတတ်တာပဲ။ ဘာလို့ခွင့်မလွှတ်နိုင်ရတာလဲဟု ဗျစ်တောက်ဗျစ်တောက်နှင့်ပြောနေလေသည်။ သမာဓိရနေသော လှသောင်းက -

"ကိုသောင်းကြီး၊ ရသေ့လေးတော့ ညနေ (၄) နာရီတိတိမှာသေလိမ့်မယ်"

"ဟာ - ဒီကလေးကလည်းမဟုတ်တာတွေပြောပြန်ပြီ။ ဒီမှာ ဆေးကုလို့မရလို့ စိတ်ညစ်နေရတာ"

အမှန်စင်စစ်ပင် ညနေ (၄) နာရီတိတိတွင် ရသေ့လေး ဆုံးလေသည်။ အလောင်းကို စင်လုပ်၍ စောင်ပတ်ပြီးတင်ထားလေသည်။ တောင်ပိုင်ဆိုတာ တကယ်ရှိသည်၊ တကယ်လည်းသတ်ပစ်သည်ဆိုတာ လက်ခံယုံကြည်လာသည်။

လှသောင်းတို့၏ ဆရာက ပြောသည်။

"ဒီတောင်က အမှားမခံဘူး။ ဝိဇ္ဇာလမ်းလိုက်တဲ့ပုဂ္ဂိုလ်တွေ ဒီမှာစာမေးပွဲစစ်ရတာပဲ။ ဒီစာမေးပွဲကျရင်တော့ ဝိဇ္ဇာအနွယ်ပဲဖြစ်ရတော့တယ်။ ဝိဇ္ဇာမဖြစ်နိုင်ဘူး။ အခု ငါတို့အဖွဲ့က (၅) ယောက်လာတယ်။ ဒီနေ့ (၇) ရက်ပြည့်ပြီ။ ငါတို့အဓိဋ္ဌာန်စခန်း အောင်မြင်ခဲ့တယ်။ ငါတို့ပြန်ကြမယ်"

"ဆရာကြီးက ဝိဇ္ဇာလမ်းကို ပေါက်မြောက်နေတဲ့ပုဂ္ဂိုလ် ဆိုတော့ ဘယ်သူ့ကို ဆရာတင်တာလဲ"

"ငါတို့ဆရာက ပေါက်ဆရာ(၆၉) ပါးရှိတယ်။ ငါတို့ကတော့ အကုန်ဆရာတင်တာပဲ။ အထူးသဖြင့် အဘအောင်မင်းခေါင်ကို ကိုးကွယ်တယ်။ အဘက စောင့်ရှောက်တယ်"

"အဘအောင်မင်းခေါင်ကို သားညက တွေ့လိုက်တယ်"

"ဟုတ်တယ်။ ညဉ့်(၁)နာရီကနေ (၄) နာရီအထိ ဒီတောင်မှာ ဝိဇ္ဇာတွေ အစည်းအဝေးလုပ်ကြတယ်"

"ဝိဇ္ဇာတွေလည်း လူတွေလို အစည်းအဝေးလုပ်ကြရတာပဲလား"

"နတ်လည်း နတ်သဘင်အစည်းအဝေးရှိတယ်။ ဝိဇ္ဇာလည်း အစည်းအဝေးကျင်းပကြတယ်။ လှသောင်း၊ မင်းကို အဘအောင်မင်းခေါင် စောင့်ရှောက်တယ်။ ဒီကအပြန် မင်းမိန်းမရလိမ့်မယ်။ မင်းယူတဲ့မိန်းမက လက္ခဏာဆရာမ ဖြစ်လိမ့်မယ်"

"ဆရာကြီးပြောတာ မှတ်ထားပါ့မယ်။ ကျွန်တော့မှာ ယူစရာမိန်းမ မရှိသေးဘူး၊ ရည်းစားမရှိသေးဘူး"

"ဟား ဟား ဟား"

အားလုံးဝိုင်းရယ်ကြသည်။

"လှသောင်း လှသောင်း၊ ကိုယ့်အစွမ်းအစမရှိမှန်း ခုမှသိတော့တယ်"

ဟု စ,ကြလေသည်။

ပုသိမ်သို့ သင်္ဘောစီးပြီး ပြန်လာကြလေသည်။ ပုသိမ်ရောက်သောအခါ လှသောင်းတစ်ယောက် သူ့မိဘများပေးစားသောမိန်းမကိုယူရလေသည်။ ဆရာကြီးပြောသော မိန်းမရကိန်းမြင်တာကတော့ မှန်သွားတာပေ့ါ။

ယောက္ခမလုပ်သူ ဇနီးသည်၏ မိဘများက စက်လှေတစ်စီးထောင်ပေးသည်။ စက်လှေမှာ ပုသိမ်-မော်တင်စွန်း အသွား/အပြန် ပြေးဆွဲရသည်။ ပထမဆုံး စက်လှေဖြစ်သဖြင့် စက်လှေပေါ်တွင် သူကိုးကွယ်သော အဘအောင်မင်းခေါင်ပုံကို ထုလုပ်စေပါသည်။ အဘကို စက်လှေဖြင့် သွားလေရာအမြဲပါစေချင်သည်။ ရုပ်တုကို အင်္ဂတေဖြင့်ထုလုပ်စေပါသည်။ ပုံမှာ အကြမ်းထည်ပြီးသွားသည်။ ခေါင်းတွင် ဆံပင်ပုံထည့်ရာ ပုပ္ပားအောင်မင်းခေါင်ပုံများမှာ ဆံပင်ညှပ်ထားသည်။ ဆံပင်တိုတိုဖြစ်သည်။ လှသောင်း၏စိတ်ထဲတွင် သူ့အာရုံထဲမှာ မြင်တွေ့ရတာကဆံပင်အရှည်ဖြစ်သည်။ စုချည်မထားပါ။ ဖြန့်ပြီးနောက်သို့ချထားသည်။ ပန်းပုဆရာက ပုပ္ပားအောင်မင်းခေါင်ပုံကိုကိုင်၍ ဆံပင်တိုတိုထည့်ချင်သည်။ လှသောင်းက အရှည်ထည့်ချင်သည်။ ရှေ့မဆက်နိုင်ဘဲ ရပ်ထားရလေသည်။

လှသောင်း စဉ်းစားသည်။ အဘ၏လက်ရှိပုံသည် ဆံပင်အတိုလား၊ ဆံပင်အရှည်လား၊ ငါဘယ်သူ့ကိုမေးရမှာလဲ။ ဘယ်ဟာ မှန်တယ်၊ မှားတယ် ဆိုတာ ဘယ်သူမှ ဆုံးဖြတ်ပေးမယ့်သူမရှိ။ ခေါင်းမှာချာချာလည်နေသည်။ ခုချိန်တွင် ပုပ္ပားမှာ အဘမရှိတော့ပါ။ မေးရန် ရုပ်/နာမ် မရှိတော့ပါ။

အဘသည် နာမ်လောကတွင်ရှိနေသေးသည်။ သာပေါင်းမြို့ တောင်ညိုဘုရား၏ အဓိဋ္ဌာန်ဝင်စဉ်က အဘကို အာရုံဖြင့် မြင်ဖူးတွေ့ရသည်။ ဒါဆိုလျှင် ငါတိုင်တည်မယ်ဟု အကြံရလေသည်။ လက်အုပ်ချီပြီး စိတ်ထဲမှ အဘကို တမ်းတလိုက်ပါသည်။

"အဘ အောင်မင်းခေါင်ခင်ဗျား သားတော် တိုင်တည်ပါ၏။ သားပြောသမျှ ကြားသိနိုင်ပါစေ။ သားသည် သင်္ဘောပေါ်တွင် အဘ၏ပုံတူ ထုလုပ်ကိုးကွယ်ချင်ပါသည်။ အဘ၏ လက်ရှိပုံတွင် ဆံပင်အရှည်လား၊ အတိုလား မသိပါ၊ မဝေခွဲတတ်ပါ။ သားစိတ်ထဲမှာ ဖြစ်ပေါ်နေသောသံသယကိုပယ်ဖျောက်ပေးပါခင်ဗျား"

အချိန်က ညနေဆည်းဆာချိန်ဖြစ်သည်။ သင်္ဘောမှာ ပုသိမ်သီတာဦးဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည်။ စက်လှေပေါ်တွင် ဖယောင်းတိုင်မီးလေးထွန်းညှိထားသည်။ ဧရာဝတီမြစ်ရေက အချိန်နှေးကွေးစွာဖြင့် စီးဆင်းနေလေသည်။ ရေတက်ရက်ဖြစ်၍ ပင်လယ်မှ ရေများအထက်သို့ ပြန်ဆန်တက်လာသည်။ အပေါ်မှ ရေများကလည်း ရေစီးနှေးပြီး ရပ်သွားတော့သည်။ မကြာမီ ရေပြောင်းပြန်စီးတော့မည်။မြစ်ထဲမှာမျောနေသော ဗေဒါများကလည်း အစုလိုက်အပြုံလိုက် ရေစီးရာမျောနေရာမှ ရေစီးရပ်သဖြင့် ထုနှင့်ထည်နှင့် စုပြုံနေလေသည်။

ထိုအချိန်တွင် အဘိုးအိုတစ်ဦးသည် ပုသိမ်မြို့ဘက်မှ ဆင်းလာသည်။ ကုန်းပေါင်မှတစ်ဆင့် လှသောင်း၏စက်လှေထဲသို့ ရောက်လာလေသည်။

"သားရေ၊ အဘ ဟိုဘက်ကမ်း သွားချင်လို့ကွယ်"

"အဘရေ၊ ဒီစက်လှေက မောင်းမယ့်သူမရှိဘူး။ အဘသွားချင်ရင် ကူး... လှေနဲ့သွားပါ ခင်ဗျား"

"မင်းစက်လှေပေါ်မှာလည်း အ... ပုံတွေ ထုလုပ်နေပါ့လား။ မင်း ဘာ... ခက်အခဲရှိနေလို့လဲကွယ့်။ အဘ... ကူညီရမလဲ"

"အဘအောင်မင်းခေါင်ရဲ့ လက်ရှိ ဆံပင်ပုံကို သိချင်တာ။ အတိုလား အရှည်လားမသိလို့ ရုပ်တုထုလုပ်... ရပ်ထားရတယ်"

"မင်းကလည်း၊ ဘာခက်တာမှ... လို့၊ ဒီမှာ အဘကိုကြည့်၊ အဘဆံ... အတိုင်း ထုလိုက်ပေါ့ကွ"

လှသောင်းတစ်ယောက် အံ့... အံ့သြသွားလေသည်။ ဘယ်က ... လာမှန်းမသိသော အဘိုးအို... ရာရာစစ ငါကိုးကွယ်တဲ့ အ... မင်းခေါင်ထိုင်သလို ထိုင်... တယ်၊ ... ကျယ်လက်စကဝတ်... ပင်နီတိုက်...



www.burmeseclassic.com

www.burmeseclassic.com

# ပြဿဒါးရက်ခရီးထွက်လျှင် လှူဒါန်းရွတ်ပွားစေချင်

| ပြဿဒါးနေ့ကြုံ | ဘုရားလှူရန် | ရွတ်ပွားရန် |
|---|---|---|
| တနင်္ဂနွေနေ့ | ဒန်းညွန့် (၉) ညွန့် | ရိုဝိဝါရေတေဇောတာတု (၉) ကြိမ် |
| တနင်္လာနေ့ | အုန်းညွန့် (၉) ညွန့် | စန္ဒဝါရသို့နက္ခမိ (၉) ကြိမ် |
| အင်္ဂါနေ့ | ကံ့ကော် (၉) ညွန့် | အင်္ဂါဝါရေစနိဗ္ဗုတာ (၉) ကြိမ် |
| ဗုဒ္ဓဟူးနေ့ | ဆီးညွန့် (၉) ညွန့် | ဗုဒ္ဓဝါရမိုသမ္ဗုဒ္ဓေါ (၉) ကြိမ် |
| ကြာသပတေးနေ့ | ဝါးညွန့် (၉) ညွန့် | ဩကြန္တေ့ာရုရုဝါရသို့ (၉) ကြိမ် |
| သောကြာနေ့ | ပေါက်ညွန့် (၉) ညွန့် | သေကြဝါရမိုဝိဇာလိ (၉) ကြိမ် |
| စနေနေ့ | သီးညွန့် (၉) ညွန့် | သောရီဝါရေမွေစက္ကေ (၉) ကြိမ် |

ပြဿဒါးရက်ကို ကျွန်ုပ်တို့သည် ခရီးသွားရန် လုပ်ငန်းအစပြုရန် ရှောင်လေ့ရှိပါသည်။ မရှောင်၍လည်း မရပါ။ လက်တွေ့ဆိုးကျိုးနှင့် အခက်အခဲများ ကြုံတွေ့ခဲ့ဖူးကြသောကြောင့်ပင်။

သို့သော် သာရေး၊ နာရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစသည်ဖြင့် အရေးပေါင်းများစွာထဲမှ မလွဲမရှောင်သာ ပြဿဒါးရက် ခရီးထွက်ရတော့မည်ဆိုလျှင် အောက်ပါပြဖွယ် ယတြာအစီအရင်လေး လုပ်ဆောင်သွားပါက အပျက်အစီး အခိုက်များ လွင့်ပြယ်ပျောက်စေနိုင်ပါကြောင်း တင်ပြပါသည်။

ဖော်ပြပါဇယားကို ကြည့်ခြင်းအားဖြင့် အမြစ်နံကို ဘုရားတွင်လှူရသည်ကို သဘောပေါက်ကြမည်ထင်ပါသည်။ အပန်းမကြီး၊ ကုသိုလ်လည်းရ၊ ထိရောက် အောင်မြင်စေသော ရှေးဆရာသခင်တို့၏ပညာရပ်ကို လက်ဆင့်ကမ်း တင်ပြရေးသားလိုက်ပါသည်။

*အောင်မြင်ကြီးပွားကြပါစေ*

နတ်မောက်မင်းချစ်နော်

---

အုပ်ထားသည်။ အောက်က လုံချည်က အပြာကွက်အရောင်ခပ်ဖျော့ဖျော့လေး ဝတ်ထားသည်။ မျက်နှာအမူအရာမှာ မီးရောင်အောက်တွင် မသဲမကွဲ ဝိုးတဝါးလေးမြင်ရသောမြင်ကွင်းမှာ အဘနှင့်တူသလိုလို မြင်ရသည်။ ဆံပင်ကို သေသေချာချာကြည့်လိုက်တော့ အတိုမဟုတ်ပါ။ ဆံပင်အရှည်ဖြစ်သည်။ မိန်းမတွေဆံပင်ရှည်သလို ခါးအထိမရောက်ပါ။ တစ်ထွာတစ်မိုက်ခန့်ရှည်ပြီး နောက်သို့ မြန်ထားလေသည်။

လှသောင်း စဉ်းစား၏။

အဘ အောင်မင်းခေါင်လား။ ဘယ်သူလဲ။ အဘဆိုလျှင် ဦးတိုက်မည်။ အဘကို တောင်းစရာတွေ အများကြီး။ မေးစရာတွေ အများကြီး။ ဝိဇ္ဇာနှင့်တွေ့ဖို့ မလွယ်။ ဟော- အခုတက်လာတာ က ဝိဇ္ဇာဆိုရင် တော်သေးတာပေါ့။ ဝိဇ္ဇာ မဟုတ်ဘဲ ဘယ်ကအဘိုးကြီးတက်လာမှန်းမသိဘာမှန်းမသိ ရမ်းယုံလို့မှမရဘူး။ ဦးချဖို့ဆိုတာ အတော်ဝန်လေးနေသည်။

စက်လှေပေါ်သို့ တက်လာသော အဘသည် ကမ်းဘက်မှထပြီး မြစ်ဘက်ခြမ်းသို့ ထသွားလေသည်။ စက်လှေနံရံနားသို့ ရောက်သောအခါ -

"အဘက ဟိုဘက်ကမ်းကို သွားရမှာ။ မင်းကလိုက်မပို့တော့လည်း ကိုယ့်ဘာသာပဲ သွားတော့မယ်"

ပြောပြောဆိုဆို စက်လှေနံရံမှ မြစ်ထဲသို့ ဆင်းသွားလေတော့သည်။ မြစ်ထဲတွင် ဗေဒါပင်များကြား ရေပေါ်မှ မြက်ခင်းပေါ် လမ်းလျှောက်သလို ဧရာဝတီမြစ်ကို ဖြတ်သန်း၍ ထွက်ခွာသွားပါတော့သည်။

လှသောင်းတစ်ယောက် -

"အဘ၊ အဘ"

ဟု ခေါ်ရင်း အဘ၏ကျောပြင်ကို ကြည့်ပြီး ကျန်ရစ်ပါတော့သည်။

အဘကလည်း နောက်သို့လှည့်မကြည့်တော့ပါ။ တဖြည်းဖြည်း ဝေး၍ဝေး၍သွားရင်း ညအမှောင်ထုအောက်တွင် ပျောက်ကွယ်သွားပါတော့သည်။

လှသောင်း နောင်တရနေသည်။ 'ငါ အဘအောင်မင်းခေါင်ကို တ,တယ်၊ ဖိတ်ခေါ်တယ်။ ကြွလာတဲ့အဘကို အဘမှန်းမသိဘူး။ ဝိဇ္ဇာကို ဝိဇ္ဇာမှန်းမသိတာနာတာပဲ' ဟု နောင်တရနေလေတော့သည်။ သို့သော် မိမိလိုချင်သောအဖြေကို ရလိုက်သဖြင့် ပျော်ရွှင်နေပါတော့သည်။

နောက်နေ့တွင် ပန်းပုဆရာကို လက်စသတ်ခိုင်းလိုက်၏။ ယခု အဘ၏ ဆံပင်ပုံမှာ အရှည်ဖြစ်ကြောင်း ကောင်းကောင်းကြီး သိသွားလေတော့သည်။

သူကိုးကွယ်သောအဘသည် စက်လှေပေါ်တွင် အမြဲ လိုက်ပါစောင့်ရှောက်နေပါတော့သည်။ အလုပ်အကိုင် အဆင်ပြေ၍ စီးပွားတိုးတက်ပြီးလျှင် ဘုရားဒကာ၊ ကျောင်းဒကာကြီး ဖြစ်နေပါတော့သည်။

အဏ္ဏဝါသိုင်း



www.burmeseclassic.com

www.burmeseclassic.com



# အထွက်၊ အဝင်၊ ခပါဒ်၊ နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များ ရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ် ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ၁၄ | ၁နွေ | ၁၅<br>၁၆ | ၉း၂၆း၃၃ | □ ဝရ<br>△ ဥပါဒ် |
| ၂ | ● ၁၅ | ၂လ်ာ | ၁၆<br>၁၇ | ၈း၄၅း၄၂ | * အမြိတ္တ<br>* လာဘ |
| ၃ | နတ်တော် ၁ လဆန်း | ၃ဂါ | ၁၇<br>၁၈ | ၇း၃၀း၀၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၄ | ၂ | ၄ဟူး | ၁၈<br>၁၉ | ၆း၀၀း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၅ | ၃ | ၅တေး | ၁၉<br>၂၀<br>× | ၄း၃၀း၀၀<br>၂၁း၂၂း၃၀ | △ မိတ္တု<br>△ ကာဏ<br>* အမြိတ္တ |
| ၆ | ၄ | ၆ကြာ | ×<br>၂၁ | ၈း၄၅း၄၃ | □ ဝရ<br>△ ဥပါဒ် |
| ၇ | ၅ | စနေ | ၂၁<br>၂၂<br>၂၃ | ၁း၀၇း၃၀<br>၂၃း၃၇း၃၀ | * အမြိတ္တ<br>* လာဘ<br>* သိဒ္ဓိ |
| ၈ | ၆ | ၁နွေ | ၂၃<br>၂၄ | ၂၂း၀၇း၃၀ | △ မိတ္တု<br>△ ကာဏ |
| ၉ | ၇ | ၂လ်ာ | ၂၄<br>၂၅ | ၂၀း၅၇း၀၉ | * သိဒ္ဓိ<br>□ ဝရ |
| ၁၀ | ၈ | ၃ဂါ | ၂၅<br>၂၆ | ၂၀း၀၇း၄၅ | △ ကာဏ<br>* အမြိတ္တ |
| ၁၁ | ၉ | ၄ဟူး | ၂၆<br>၂၇ | ၁၉း၄၀း၂၀ | □ ဝရ<br>△ ဥပါဒ် |
| ၁၂ | ၁၀ | ၅တေး | ၂၇<br>၁ | ၁၉း၃၆း၀၀ | * အမြိတ္တ<br>* လာဘ |
| ၁၃ | ၁၁ | ၆ကြာ | ၁<br>၂ | ၂၀း၁၆း၃၃ | △ ဥပါဒ်<br>△ မိတ္တု |
| ၁၄ | ၁၂ | စနေ | ၂<br>၃ | ၂၁း၀၆း၁၂ | * လာဘ<br>* သိဒ္ဓိ |
| ၁၅ | ၁၃ | ၁နွေ | ၃<br>၄ | ၂၂း၁၈း၅၇ | △ မိတ္တု<br>△ ကာဏ |
| ၁၆ | ၁၄ | ၂လ်ာ | ၄ | မပြောင်း | * သိဒ္ဓိ |
| ၁၇ | ○ ၁၅ | ၃ဂါ | ၄<br>၅ | ၀း၂၆း၁၁ | △ မိတ္တု<br>△ ကာဏ |
| ၁၈ | နတ်တော် | ၄ဟူး | ၅<br>၆ | ၂း၃၇း၀၅ | * သိဒ္ဓိ<br>□ ဝရ |
| ၁၉ | ၂ | ၅တေး | ၆<br>၇ | ၄း၅၃း၂၀ | △ ကာဏ<br>* အမြိတ္တ |
| ၂၀ | ၃ | ၆ကြာ | ၇<br>၈ | ၇း၃၃း၂၀ | □ ဝရ<br>△ ဥပါဒ် |
| ၂၁ | ၄ | စနေ | ၈<br>၉ | ၁၀း၀၂း၁၁ | * အမြိတ္တ<br>* လာဘ |
| ၂၂ | ၅ | ၁နွေ | ၉<br>၁၀ | ၁၂း၂၆း၄၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၂၃ | ၆ | ၂လ်ာ | ၁၀<br>၁၁ | ၁၄း၃၄း၁၇ | * လာဘ<br>* သိဒ္ဓိ |
| ၂၄ | ၇ | ၃ဂါ | ၁၁<br>၁၂ | ၁၆း၀၀း၀၀ | △ မိတ္တု<br>△ ကာဏ |
| ၂၅ | ၈ | ၄ဟူး | ၁၂<br>၁၃ | ၁၆း၅၇း၅၆ | * သိဒ္ဓိ<br>□ ဝရ |
| ၂၆ | ၉ | ၅တေး | ၁၃<br>၁၄ | ၁၇း၂၉း၂၉ | △ ကာဏ<br>* အမြိတ္တ |
| ၂၇ | ၁၀ | ၆ကြာ | ၁၄<br>၁၅ | ၁၇း၃၆း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၂၈ | ၁၁ | စနေ | ၁၅<br>၁၆ | ၁၇း၁၈း၀၀ | * အမြိတ္တ<br>* လာဘ |
| ၂၉ | ၁၂ | ၁နွေ | ၁၆<br>၁၇ | ၁၆း၃၈း၄၃ | △ ဥပါဒ်<br>△ မိတ္တု |
| ၃၀ | ၁၃ | ၂လ်ာ | ၁၇<br>၁၈ | ၁၅း၃၇း၀၉ | * လာဘ<br>* သိဒ္ဓိ |
| ၃၁ | ● ၁၄ | ၃ဂါ | ၁၈<br>၁၉ | ၁၄း၁၅း၀၀ | △ မိတ္တု<br>△ ကာဏ |

၂၀ - နက္ခတ် = ၄၅ ယဋ္ဌိ ⎤
× - နက္ခတ် = ၃၀ ယဋ္ဌိ ⎥ ဖြင့် တွက်သည်
၂၁ - နက္ခတ် = ၄၅ ယဋ္ဌိ ⎦

* - အဝင်နက္ခတ်　　○ - လပြည့်နေ့
□ - ခပါဒ်နက္ခတ်　　● - လကွယ်နေ့
△ - အထွက်နက္ခတ်

၁၇-၁၂-၂၀၁၃ ညနေ ၁၅း၅၁း၂၆ နာရီ၌ လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ
ဦးအောင်ဇော်မိုး (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

ဆရာစော(ချမ်းမြေ)

# အင်းကောင်းတစ်ကွက်နှင့် (၅)

## တိမ်မြုပ်နေသောအသိသညာများအယူအဆများ

အဘ ဗားမဲ့ဆရာတော် ချန်ထားရစ်ခဲ့သော ပုရပိုက်တစ်ထုပ်ကား အထုပ်ဖြေကြည့်ရာမှ တွေ့မြင်လာရသော အသွားမြင်ကွင်းများကို တစ်ကန့်စီတစ်ကန့်စီဖြင့် ဆစ်ပိုင်းပြီး ဖော်ထုတ်တင်ပြပေးလာခဲ့ရာ စက်များအကြောင်း၊ ကြောပုံဆောင်အင်းများအကြောင်းနှင့် ကြောအသွားများအထိရောက်ရှိခဲ့ပါပြီ။ ထိုအကြောင်းအရာများကို အကျဉ်းမျှရေးသား ဖော်ပြနိုင်ခဲ့ပါသည်။

မည်သည့်ကျမ်းများမှာမျှမရှိသေးသော အသိသညာ (အသိပညာမဟုတ်) များဖြစ်နေသဖြင့် ထိုအသိသညာများကို ဗားမဲ့လက်တွေ့ကျမ်းများမှာရှိသော အင်းကွက်များကို ညွှန်ပြလျက် စာမျက်နှာမိတ်များနှင့်အတူ ခိုင်ခိုင်လုံလုံ တင်ပြပေးနိုင်ခဲ့ပါပြီ။

ယခုဆောင်းပါး၌ အင်းကွက်တစ်ကွက်၏ အသွားများကို ကြည့်ရှုမှုဖြင့် ထိုအင်းကွက်၏ အဆင့်အတန်းအား ထိုင်းတာအကဲဖြတ်နိုင်သော နည်းလမ်းများကို တင်ပြပေးပါမည်။ ဆရာ့ဆရာများ လက်ဆင့်ကမ်း လမ်းညွှန်ပေးခဲ့ကြသော တစ်စွန်းတစ်စနည်းလမ်းများနှင့် ကျွန်ုပ်၏ ကိုယ်ပိုင်အတွေ့အကြုံ သုံးသပ်မှုတို့ ပေါင်းစပ်ကာ ဖော်ထုတ်ထားပါသည်။ တိမ်မြုပ်ပျောက်ကွယ်နေသော အသိပညာများနှင့် အယူအဆများ ဖြစ်ကြပါသည်။

ဤသို့ဆိုလိုက်သဖြင့် အထူးအဆန်းအသိသညာများ၊ အယူအဆများဟု မထင်ပါနှင့်။ စာဖတ်သူများ သိပြီးသောအရာများသာ ဖြစ်ပါသည်။ ကျွန်ုပ်က စနစ်တကျ အမည်ပေး မှတ်တမ်းတင်ခြင်းမျှသာ ဖြစ်ပါ၏။ အင်းပညာလောကတန်းမှ အင်းပညာပါရဂူအဆင့်အထိ လက်သုံးထားရမည့် အခြေခံအကျဆုံးသော အသိသညာများနှင့် အယူအဆများဖြစ်ပြီး ရိုးရှင်းကြပါသည်။ လွယ်ကူကြပါသည်။ ထိုရိုးရှင်းလွယ်ကူခြင်းသာ ခိုင်မာသော အတွေးအမြင်များကို ဖြစ်စေသဖြင့် သီးခြားခေါင်းစဉ်တပ်ပြီး ဆောင်းပါးတစ်ပုဒ်အဖြစ် တင်ဆက်လိုက်ပါသည်။ အင်းကောင်းတစ်ကွက်၏ ဂုဏ်အင်္ဂါရပ်များအား သုံးသပ်ရာတွင် ထိုအသိသညာအယူအဆများကို ထည့်သွင်းသုံးသပ်ရသဖြင့် တိတိကျကျဖြစ်အောင် ရေးသား ဖော်ပြပေးထားပါသည်။

အင်းကောင်းတစ်ကွက်၏ ဂုဏ်အင်္ဂါများကို အကဲဖြတ်နိုင်ခြင်းဖြင့် ထိုအင်းကွက်အား တည်ဆောက်ပေးခဲ့သော အင်းပြုပုဂ္ဂိုလ်၏ ပညာအား၊ သမာဓိအား၊ လုံ့လအား၊ ဝီရိယအား ဟူသော အား(၄)ပါးကို ကျွန်ုပ်တို့ ခန့်မှန်းသိမြင်နိုင်ပါသည်။ ထိုအင်းကွက်ကို မိမိက အသုံးပြုသောအခါ ယုံကြည်မှုသဒ္ဓါများ ပို၍ သက်ဝင်ယုံကြည်နိုင်စေပါသည်။ ထိုယုံကြည်သက်ဝင်မှုသည်ပင် ပြီးမြောက်ခြင်းကို ဖြစ်စေပါသည်။

**တိမ်မြုပ်နေသောအသိသညာ (Concepts) အချို့**

**၁။ မှန်ထောင်ခြင်း (Reflection)**

မြန်မာ့ရိုးရာ အင်းပညာရပ်တစ်ခွင်တစ်ပြင်လုံး၌ရှိနေသောလုပ်ထုံးတစ်ခု ဖြစ်ပါသည်။ အသုံးချအပိုင်းမှာ မလိုအပ်သော်လည်း တည်ဆောက်မှုအပိုင်းနှင့် အကဲဖြတ်သုံးသပ်မှုများအပိုင်း၌ လိုအပ်ပါသည်။ ရှေးခေတ်က မှန်ထောင်ခြင်းဟု သုံးနှုန်းခဲ့ကြပြီး ယခုခေတ်မှာတော့ Reflection ဟုပြောလျှင် ပို၍ နားလည်လွယ်ကြပါသည်။ မှန်ထောင်ခြင်း (၂) မျိုး ရှိပါသည်။

(က) အတွင်းမှန်ထောင်ခြင်း


(ခ) အပြင်မှန်ထောင်ခြင်း

ဟူ၍ ဖြစ်ပါသည်။


**(က)အတွင်းမှန်ထောင်ခြင်း (Internal Reflection)**

အင်းကွက်များ ပုံစံဖော် တည်ဆောက်ရာတွင် ဤအသိသညာကို သုံးပါသည်။

ပုံ(၁)




ပုံ(၂)



ပုံ (၁) နှင့် ပုံ (၂) တို့၌ အစက်မျဉ်းများသည် အင်းကွက်တစ်ကွက်စီ၏ မဏ္ဍိုင်များ ဖြစ်ကြပါသည်။ အင်းကွက်တစ်ကွက်စီ၌ မဏ္ဍိုင်တစ်ခုစီသာ ရှိ၏။ ထိုမဏ္ဍိုင်တစ်ခုစီ၌ မှန်ထောင်ပြီးကြည့်လျှင် အင်းကွက်၏ ဝဲ၊ ယာအစိတ်အပိုင်းများအတူတူပင်ဖြစ်ကြောင်း တွေ့ရမည်။ ခေါက်ချိုးညီ (Symmetric) ဖြစ်ကြသည်။ ဤကဲ့သို့ မဏ္ဍိုင်တစ်ခုတည်းသာရှိသောအင်းများသည် အင်းကောင်းတစ်ကွက်၏ ဂုဏ်အင်္ဂါရပ်များကို ဖော်ဆောင်ရာတွင် အားနည်းကြသဖြင့် သူချည်းသက်သက် တစ်ပင်တိုင်အင်းအဖြစ် အသုံးမပြုကြပါ။ မဏ္ဍိုင် (၄) ခုရှိသော စတုန်ရန်းအင်းများ၊ စက်ဝိုင်းအင်းများနှင့် ပေါင်းစပ်လျက် အသုံးပြုကြရပါသည်။ ဥပမာအားဖြင့် ရတနာဒီပံမီးထွန်းအင်းများ ဖြစ်ကြပါသည်။

ပုံ(၃)




ပုံ (၃) ဖြင့် ပြထားသော အင်းကွက်၌ မဏ္ဍိုင် (၄) ခုရှိသည်ကို တွေ့ရမည်။ မည်သည့်မဏ္ဍိုင်၌မဆို မှန်ထောင်ကြည့်ပါက တူညီနေသောပုံတစ်ခြမ်းအား တွေ့မြင်ရပါမည်။ ခေါက်ချိုးညီစေသော မဏ္ဍိုင် (၄) ခု ရှိပါသည်။ ဤကဲ့သို့သော အင်းကွက်အမျိုးအစားများသည် အင်းကောင်းတစ်ကွက်၏ ဂုဏ်အင်္ဂါများကို ဖော်ဆောင်ပေးနိုင်ကြသဖြင့် အားကောင်းသော အင်းကွက်အမျိုးအစားများ ဖြစ်ကြပါသည်။ ထို့ကြောင့် မည်သည့်အင်းများနှင့်မျှမပေါင်းစပ်ဘဲ သူချည်းသက်သက် တစ်ပင်တိုင်



www.burmeseclassic.com

www.burmeseclassic.com




အင်းအဖြစ် အသုံးပြုကြပါသည်။

စကြာအသွားရှိနေသော ကြောအင်းများသည်။ ဤကဲ့သို့ မဏ္ဍိုင် (၄) ခုရှိသော အင်းများ၌သာ ဖြစ်ပါသည်။

**(ခ) အပြင်မှန်ထောင်ခြင်း (External Reflection)**

အသွားများကို ပုံဖျက်ကြည့်ခြင်းဖြင့် ထိုအသွားများ၏ခိုင်မာမှုကို တိုင်းတာသောနည်းတစ်ခု ဖြစ်ပါသည်။ ထို့ပြင် အုပ်စုဖွဲ့အင်းများတည်ဆောက်ရာ၌ ဤအပြင်မှန်ထောင်ခြင်းကို အသုံးချပါသည်။ အင်းဆန်အသွားများဖြင့် ဖော်ပြရန် ဖြစ်သော်လည်း မှန်ထောင်ခြင်းသဘောတရားကို ပိုမိုပြီး မြင်သာစေရန် အင်္ဂလိပ်အက္ခရာများဖြင့် သရုပ်ပြလိုက်ပါသည်။ သရုပ်ပြပုံတစ်ခုစီ၌ မူလပုံတစ်ခုအား ဘေးတိုက်တစ်ကြိမ်၊ ထက်အောက်တစ်ကြိမ်၊ မှန်ထောင်ပြီး ရလာသော ပုံရိပ်များကို ပြထားပါသည်။

မှန်ထောင်ခြင်းသည် မူလပုံအား ဘက်ချင်းပြောင်းပြန်ဖြစ်စေပါသည်။ တစ်နည်းဆိုသော် ပုံပျက်သွားစေပါသည်။ ဤသည်မှာ မှန်ထောင်ခြင်း၏ ဂုဏ်သတ္တိတစ်ခု ဖြစ်ပါသည်။ ရလာသော ပုံအသစ်သည် မူလပုံ၏ ပုံရိပ် (image) တစ်ခု ဖြစ်ပါသည်။

ဘေးတိုက်မှန်ထောင်ခြင်းမှ ရလာသော ပုံရိပ် (၁) နှင့် ထက်အောက်မှန်ထောင်ခြင်းမှ ရလာသော ပုံရိပ် (၂) တို့သည် ယေဘုယျအားဖြင့် မတူညီကြပါ။ ပုံ (၄) ကို ကြည့်ပါ။ ပုံရိပ်များ မတူညီကြသည်ကို တွေ့ရပါမည်။ ဤကဲ့သို့ မတူညီသည့်ပုံရိပ်များရစေသော မူလပုံသည် သာမန်ပုံသာ ဖြစ်၏။ အင်းအသွားဆိုလျှင်လည်း သာမန်အသွားသာ ဖြစ်ပါသည်။ မှန်ထောင်ပုံဖျက်ခြင်းကို ခံနိုင်ရည်မရှိသောကြောင့် ဤပုံဤအသွားမျိုးကို မခိုင်မာဟု သတ်မှတ်ပါသည်။

မှန်ထောင်ခြင်း (၂) မျိုးမှ ရလာသောပုံရိပ်များသည် ယေဘုယျအားဖြင့် မတူကြကြောင်း သိကြရပါပြီ။ သို့သော် တူသော ပုံရိပ်များလည်း ရှိကြောင်း ပုံ (၅) တွင် သရုပ်ပြထားပါသည်။ မှန်ထောင်နှစ်မျိုးဖြင့် ပုံဖျက်ခြင်းကိုခံနိုင်ရည်ရှိသောကြောင့် မူလပုမူလအသွားကို ခိုင်မာသောပုံ၊ ခိုင်မာသောအသွားဟု သတ်မှတ်ပါသည်။

မှန်ထောင်ခြင်း (၂) မျိုးမှ ရလာသောပုံရိပ်များသည် အချင်းချင်းတူညီနေရုံမျှမက မူလပုံလည်းပြန်ရသောပုံများရှိကြောင်း ပုံ (၆) ဖြင့် ပြထားပါသည်။ မှန်ထောင်ခြင်းဖြင့် လုံးဝပုံမပျက်သော အမျိုးအစားများ ဖြစ်သည်။ ဤပုံဤအသွားများကို ခိုင်မာသော အသွားများဟု သတ်မှတ်ပါသည်။ အဆင့်ခွဲမည်ဆိုက အခိုင်မာဆုံးအသွားများ ဖြစ်ပါသည်။

ခိုင်မာသော အသွားများနှင့် အခိုင်မာဆုံးအသွားများရှိကြသည့်အင်းများကို အုပ်စုဖွဲ့အင်းများ တည်ဆောက်ရာ၌ သုံးပါသည်။ အသေးစိတ်ကို အုပ်စုဖွဲ့အင်းများအကြောင်း ဖော်ပြသောအခါ ရေးသားပါမည်။

ယခု ဆက်လက်ပြီး အင်းတစ်ကွက်၏ အသွားများ ခိုင်မာမှုကို နမူနာအင်းကွက်တစ်ခုဖြင့် ကျွန်ုပ်တို့ အကဲဖြတ်ကြည့်ပါမည်။ ကျွန်ုပ်တို့၏အင်းပညာခရီး အစအဦးအမွန်ကာလကပင် ကျွန်ုပ်တို့ ရင်းနှီးကျွမ်းဝင်ခဲ့ရသော သရဏဂုံ (ဂုဏ်မဟုတ်ပါ) အင်းမြတ်ပင် ဖြစ်၏။

အင်းဆန်များမှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဖြစ်ပြီး အင်းသွားမှာ မြင်းသွားဖြစ်ကြောင်း အားလုံးသိကြပါသည်။ အင်းဆန်း (၈) လုံးရှိသောကြောင့် ပဆစ်ကွက် (၈) ကွက်ကိုသာ သုံးနိုင်ပြီး ဗဟိုကွက်လွတ်နေပါသည်။ထိုဗဟိုကွက်၌ ထည့်သွင်းရသော နေ့နံများ၊ စာမများကို အင်းစောင့်ဟု ခေါ်ပါသည်။

ပုံ (၇) သည် နမူနာပြအင်းကွက်ပုံဖြစ်ပြီး ပုံ (၈) သည် ထိုအင်းကွက်၏ အင်းဆန်များကို နံပါတ်တပ်ပြထားပုံ


ပုံ(၇)

| | | |
|---|---|---|
| ဗု | ရ | ဿ |
| ဂ | | ဒ္ဓံ |
| သ | မိ | ဏံ |

ပုံ(၈)

| | | |
|---|---|---|
| ၁ | ၄ | [illegible] |
| ၆ | | [illegible] |
| ၃ | ၈ | [illegible] |


ပုံ(၉)



ဖြစ်ကာ ပုံ (၉) သည် အင်းဆန်များ၏ အသွားလမ်းကြောင်းကို ပြထားသော ဖြစ်ပါသည်။ ထိုပုံ (၉) မှ အသွားကို ကျွန်ုပ်တို့အပြင်မှန်ထောင်ခြင်းဖြင့် ခိုင်မာမှုအား စစ်ဆေးအကဲဖြတ်ရပါမည်။

ပုံ (၁၀) မူလအသွားကို ဘေးတိုက်မှန်ထောင်ကြည့်ရာမှ ရလာသော ပုံရိပ် (၁) နှင့် ထက်၊ အောက်မှန်ထောင်ကြည့်ရာမှ ရလာသော ပုံရိပ် (၂) အချင်းချင်း ထပ်တူကျနေရုံမျှသာ မူလအသွားနှင့်လည်း တစ်ထပ်တည်း

ပုံ(၁၀) သရဏဂုံအင်းအသွား






www.burmeseclassic.com

www.burmeseclassic.com

နေပါသည်။

ဤအခင်း၌ သုံးထားသောအသွား သည် အခိုင်မာဆုံးအသွား ဖြစ်ပါသည်။ (မှန်ထောင်သော်လည်း ပုံမပျက်။)

ဤအသွားကိုပင် အတွင်းမှန်ထောင်ခြင်းဖြင့် အကဲဖြတ်လျှင်လည်း မှန်ကြိုင် (၄) ခုစလုံး၌ ခေါက်ချိုးညီနေသောအသွားကို တွေ့ရပါသည်။ (လုပ်ဆောင်ကြည့်ပါ။)

ဆက်လက်ပြီး တိမ်မြုပ်နေသော နောက်ထပ် အသိသညာတစ်ခုဆီသို့ သွားပါမည်။

**၂။ ထောင့်မတ်ကျလှည့်ခြင်း** (90 Degree Rotations)

ဤလုပ်ထုံးသည်လည်း အသွားတို့၏ ခိုင်မာမှုကို ပုံဖျက်ကြည့်ခြင်းအားဖြင့် စစ်ဆေးသော နောက်ထပ်နည်းတစ်ခု ဖြစ်၏။ အသွားများကို ထောင့်မတ်ကျလှည့်ပြီး ပုံပျက်၊ မပျက်အား စစ်ဆေးပါသည်။

လက်ယာဘက်သို့ဖြစ်စေ၊ လက်ဝဲဘက်သို့ ဖြစ်စေ၊ ထောင့်မတ်ကျ ဘယ်နှကြိမ်လှည့်လှည့် မူလပုံစံမပျက်သော အသွားများသည် ခိုင်မာသော အသွားများ ဖြစ်ကြပါသည်။ ဤဂုဏ်သတ္တိမျိုးမှာ စက်ဝိုင်းများနှင့် 'ဝ' များ၌သာရှိ၏။ တစ်နည်းအားဖြင့် အဝန်းအဝိုင်းသဘာဝများ၊ စကြာသဘောတရားများမှာသာ ရှိ၏။

အသွားများ၏ ခိုင်မာမှုများကို သရုပ်ပြပုံများဖြင့် ရှင်းပြပါမည်။

ပုံ (၁၁)

မူလ

(၄) ကြိမ်

(၁) ကြိမ် (၃) ကြိမ်

(၂) ကြိမ်

ပုံ (၁၁) တွင် လက်ဝဲရစ်ထောင့်မတ်ကျ လှည့်ခြင်းများကို ပြထားပါသည်။ (၁) ကြိမ်၊ (၂) ကြိမ်၊ (၃) ကြိမ်၊ လှည့်သည်အထိ မူလပုံပြန်မရ၊ ပုံပျက်သည်။ ဤပုံ၌အသွားများသည် သာမန်ပုံ သာမန်အသွားမျှသာ ဖြစ်၏။ (၄-ကြိမ်လှည့်မှ မူလပုံပြန်ရ၏)

ပုံ (၁၂) မူလ

(၄) ကြိမ်

(၁) ကြိမ် (၃) ကြိမ်

(၂) ကြိမ်

ပုံ(၁၂) (၂)ကြိမ်လှည့်နှင့် (၄)ကြိမ်လှည့်တို့တွင် မူလပုံကို ပြန်ရသည်။ မူလပုံကို နှစ်ကြိမ်၍ရသည်။ သာမန်ပုံသာမန်အသွားများထက် ပို၍ ခိုင်မာသည်။ ဒုတိယအဆင့် အခိုင်မာဆုံး ဖြစ်၏။

ပုံ (၁၃) မူလ

(၄) ကြိမ်

(၁) ကြိမ် (၃) ကြိမ်

(၂) ကြိမ်

ပုံ (၁၃) အဘဘိုးဘိုးအောင်၏ အမှတ်တံဆိပ်ဟု ဆိုနိုင်သော 'ဝ' ဖြင့် ပြထားပါသည်။

ဘယ်နှကြိမ်လှည့်လှည့် ပုံမပျက်သော အခိုင်မာဆုံးပုံ၊ အခိုင်မာဆုံးအသွားဖြစ်ပါသည်။

စာဖတ်သူ -

ရှေ့နားလေးမှာတင် ဖော်ပြပေးခဲ့သော သရဏဂုံအင်းမှ အသွားအားယခုကဲ့သို့ပင် ထောင့်မတ်ကျ အကြိမ်ကြိမ်လှည့်ကြည့်စေချင်ပါသည်။ 'ဝ' ၏ ဂုဏ်သတ္တိများ အပြည့်အဝပါရှိနေသည်ကို တအံ့တသြ ရှုမြင်ရပါလိမ့်မည်။

**၃။ အချိုးညီခြင်း** (Equality of Ratios)


အချိုးညီခြင်းသည် အသွားတစ်ခု၏ ဂုဏ်အရည်အချင်းတစ်ခု ဖြစ်၏။ ပုံဖျက်ကြည့်ရန်မလိုဘဲ ပကတိအတိုင်းရှုမြင်နိုင်သော ဂုဏ်အရည်အချင်း ဖြစ်သည်။ အချိုးညီခြင်းအဆင့် (၃) ဆင့်ရှိ၏။

(က) နှစ်ချိုးညီခြင်း၊
(ခ) လေးချိုးညီခြင်းနှင့်
(ဂ) ရှစ်ချိုးညီခြင်း

သို့မဟုတ် ဥဿုံညီခြင်းတို့ ဖြစ်ပါသည်။

ထုံးစံအတိုင်း နမူနာများဖြင့် ပြပါမည်။

**ပုံ (၁၄) အချိုးညီခြင်း**




ပုံ (၁၄) ပုံ၏ဗဟိုကိုဖြတ်လျက် ကြိုက်ရာမျဉ်းတစ်ကြောင်းဆွဲလိုက်ပါ။

ထိုအခါ ပုံသည် (၂) ပိုင်းပြတ်သွားပါသည်။ ဝါ (၂) အချိုးဖြစ်သွားပါသည်။

တစ်ချိုးစီ၌ပါရှိနေသော ပုံ၏ အစိတ်အပိုင်းများသည် တူညီနေကြကြောင်းအား ပုံသုံးပုံစလုံး၌ တွေ့ရမည်။ ဤပုံ၌အသွားများကို နှစ်ချိုးညီသည်ဟု သိနိုင်ပါသည်။ (မှန်ထောင်ခြင်းနှင့် မတူပါ။)

**ပုံ (၁၅) လေးချိုးညီခြင်း**



ပုံ (၁၅) ထောင့်မတ်ကျမျဉ်းဖြောင့်နှစ်ကြောင်းအား ပုံ၏ဗဟို၌ ထားလျက် (လေးပိုင်း) လေးချိုး ချိုးပြထားပါသည်။ တစ်ချိုးတစ်ချိုးစီ၌ပါသော ပုံ၏ အစိတ်အပိုင်းတူညီနေကြပါသည်။ ဤပုံ၌အသွားမျိုးကို လေးချိုးညီသည်ဟု သိနိုင်ပါသည်။ (မှန်ထောင်ခြင်းနှင့် မူမတူပါ။)

**ပုံ (၁၆) ဥဿုံညီခြင်း**



ပုံ (၁၆) ပုံ၏ဗဟိုကိုဖြတ်လျက်



www.burmeseclassic.com

www.burmeseclassic.com

မျဉ်းဖြောင့်များဖြင့် တူညီသော အပိုင်း (၈) ပိုင်း ပိုင်းပြထားပါသည်။ တစ်ပိုင်းစီ တစ်ပိုင်းစီ၌ ပါဝင်သော ပုံ၏အစိတ်အပိုင်းများ တူညီနေကြပါသည်။ ဤပုံဤအသွားများကို ဥသံ့ညီသည်ဟု သိနိုင်ပါသည်။

အင်းတစ်ကွက်၌ တစ်ချိုးမျှမညီသော သာမန်အသွားများကို ဖော်ထုတ်ရရှိရန်မှာ လွယ်ပါသည်။ ထိုမှတစ်ဆင့် နှစ်ချိုးညီအောင်၊ ထို့ထက်ပို၍ လေးချိုးညီအောင် ထို့ထက် ထို့ထက်ပို၍ ဥသံ့ညီအောင် အသွားများကို ဤအချိုးညီခြင်းအဆင့်များဖြင့် အကဲဖြတ်ခြင်းသည် အင်းပြုစုသူက အင်းအပေါ်ထည့်သွင်းထားသော ပညာအား၊ သမာဓိအား၊ လုံ့လအား၊ ဝီရိယအားတို့ကို အကဲဖြတ်ခြင်းလည်း မည်ပါသည်။

စာဖတ်သူ -

ယခင် ဖော်ပြခဲ့သော သရဏဂုံအင်းမှ အသွားများကို ယခုကဲ့သို့ပင် အချိုးညီခြင်းဂုဏ်အင်္ဂါရပ်အား ပြန်လည်၍ သုံးသပ်အကဲဖြတ်ကြည့်ပါဦး။ အံ့သြဖွယ်ရာ ဥသံ့အချိုးကို တွေ့ရှိရပါလိမ့်မည်။

❑

တိမ်မြုပ်နေသော အသိသညာများအပိုင်း ပြီးပါပြီ။ ဆက်ပြီး တိမ်မြုပ်နေသော အယူအဆများကို တင်ပြပေးပါဦးမည်။ မြန်မာ့အင်းပညာ၏အခြေခံအကျဆုံး အယူအဆများ ဖြစ်ကြပြီး အင်းပညာ မူလတန်းအဆင့်မှ အင်းပညာ ပါရဂူတန်းအထိ ဤအယူအဆများ တောက်လျှောက်ပါဝင်နေပါသည်။

ကျွန်ုပ်တို့ လိုရာပန်းတိုင်သို့ ရောက်ရှိရန်အတွက် ကျွန်ုပ်တို့၏အင်းများ၌ အခြေခံအားဖြင့် အချက်နှစ်ချက် လိုအပ်ပါသည်။ ထိုနှစ်ချက်မှာ ရှင်သန်ခြင်းနှင့် စွမ်းအားကြီးခြင်းတို့ ဖြစ်ပါသည်။

အင်းကွက်တစ်ကွက်ရှင်သန်ဖို့နှင့် စွမ်းအားကြီးဖို့ရန် အတွေးအမြင်အယူအဆများကို သဘာဝမှ လည်းကောင်း၊ ဗုဒ္ဓ၏အဘိဓမ္မာများမှ လည်းကောင်း ကျွန်ုပ်တို့ ရယူကြရပါသည်။ ဗုဒ္ဓ၏ အဘိဓမ္မာများဖြင့် တင်ပြလျှင် သာမန်လူပြိန်းများနှင့် စိမ်းနေနိုင်သဖြင့် သဘာဝမှ ရယူပုံကိုသာ တင်ပြပေးပါ မည်။

ကျွန်ုပ်တို့၏ စကြဝဠာအပါအဝင် နေ၊ လ၊ နက္ခတ်၊ တာရာများ အားလုံးသည် -

၁။ အဝန်းအဝိုင်းပုံများရှိကြ၏။

၂။ မိမိတို့၏ ပတ်လမ်းများအတိုင်း တစ်ပတ်ပြီးတစ်ပတ် လည်ပတ်လျက် ရှင်သန်နေကြ၏။

၃။ လက်ယာရစ်များဖြင့် လည်ပတ်ကြ၏။

၄။ နေစကြဝဠာ၏ဗဟိုချက်သည် နေပြိုဟ် ဖြစ်သည်။ စွမ်းအင်အကြီးမားဆုံးနေရာဖြစ်သည်။

သဘာဝမှ တွေ့မြင်နေရသော ဤအသိအမြင်များကို ကျွန်ုပ်တို့၏အင်းများ၌ အသုံးပြုပါသည်။

**၁။ ရှင်သန်ခြင်းအယူအဆ**

နေ၊ လ၊ နက္ခတ်၊ တာရာများသည် မိမိတို့၏ ပတ်လမ်းများအတိုင်း တစ်ပတ်ပြီးတစ်ပတ်လည်ပတ်ကာသွားနေကြခြင်းဖြင့် ရှင်သန်နေကြ၏။ ပတ်လမ်း၏ အဆုံးသည်ပင် အစဖြစ်ပြီး အစသည်ပင် အဆုံးဖြစ်ကာ တစ်ပတ်လည်၏။ တစ်ပတ်လည်သောကြောင့် အကြိမ်ကြိမ်လှည့်ပတ်နိုင်ပြီး ရှင်သန်၏။ တစ်ပတ်လည်အောင် မသွားနိုင်လျှင် ပုံပျက်ပြီး မရှင်သန်နိုင်တော့။

အင်းများတွင်လည်း အင်းဆန်များ၏အသွားရှိ၏။ ရထားသွား၊ ဗိုလ်သွား၊ မြင်းသွား မည်သည့်နည်းများဖြင့် သွားသည်ဖြစ်စေ အဆုံးမှအစသို့ ပြန်လည်၍ တစ်ပတ်လည်အောင်သွားရ၏။ သို့မှသာ ရှင်သန်ခြင်းဂုဏ်သတ္တိရှိ၏။ တစ်ပတ်လည်အောင် မသွားနိုင်လျှင် မရှင်သန်နိုင်။ ဥပါဒ်၊ ဋ္ဌီ၊ ဘင် သက်တမ်း တစ်ခုစာသာ သက်တမ်းရှည်၏။

အသွားများတစ်ပတ်လည်သော အင်းများသည် သက်တမ်းရှည်သည့် (ပုံမှန်) အင်းများ ဖြစ်ကြပြီး အသွားများ တစ်ပတ်မလည်သောအင်းများမှာ သက်တမ်းတို၏။ တစ်ပွဲထိုးအင်းများအဖြစ်သာ သုံးနိုင်၏။

ဤကား ရှင်သန်ခြင်းအယူအဆ ဖြစ်ပါသည်။

**၂။ အဝန်းအဝိုင်းအယူအဆ**

အက်တမ်များမှ အစပြု၍ နေ၊ လ၊ နက္ခတ်၊ တာရာ၊ စကြဝဠာအဆုံး အားလုံးသည် အဝန်းအဝိုင်းပုံများသာ ဖြစ်ပါသည်။ တစ်ခုမျှ ထောင့်ချိုးထားသည်မရှိပါ။ 'ဤအဝန်းအဝိုင်းပုံစံများကြောင့်ပင် တက်တမ်းရှည်တည်ရှိကြပြီး စွမ်းအားကြီးမားကြသည်။' ဤအချက်ကို သဘာဝတရားက ကျွန်ုပ်အား အသံတိတ်ပြောပြနေ၏။

ထိုအဝန်းအဝိုင်းများ၏ဂုဏ်သတ္တိကို ကျွန်ုပ်တို့၏ အင်းများ၌ သုံး၏။ ကျွန်ုပ်တို့အင်းများ၌ အက္ခရာများနှင့် ကိန်းဂဏန်းများအားလုံးသည် အဝန်းအဝိုင်းပုံရှိသည့် 'ခရာဝန်း' များ ဖြစ်ကြသည်။

ကျောက်ထက် အက္ခရာတင်ကြသောခေတ်များ၌ ရေးထွင်းမှုအခက်အခဲများကြောင့် အက္ခရာများ၊ ကိန်းဂဏန်းများသည် ထောင့်ချိုးထားသော 'ခရာထောင့်'များ ဖြစ်ခဲ့ကြဖူးသော်လည်း ပေထက်အက္ခရာတင်ကြသော ခေတ်များမှစ၍ 'ခရာဝန်း'ကို သုံးခဲ့ကြပါသည်။

သည်ကနေ့ ကျွန်ုပ်တို့၏ မြန်မာစာရေးထုံးမှာလည်း အက္ခရာများ၊ ကိန်းဂဏန်းများအားလုံးသည် 'ခရာဝန်း'များသာ ဖြစ်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အင်းများ၌ 'ခရာဝန်း'ကိုသာ သုံးပါသည်။

ဤကား အဝန်းအဝိုင်းအယူအဆဖြစ်ပါသည်။

**၃။ လက်ယာရစ်အယူအဆ**

မူလလမ်းကြောင်းမှ လက်ယာဘက်သို့ ဦးတည်ဘက်ပြောင်းသွားခြင်းကို လက်ယာရစ်ဟု ခေါ်ပါသည်။ နေ၊ လ၊ နက္ခတ်၊ တာရာများအားလုံးသည် ကျွန်ုပ်တို့ကို လက်ယာရစ်လှည့်ပတ်နေကြ၏။ (နေ၊ လ၊ နက္ခတ်တို့၏ အသွားကိုကြည့်လျှင် မြောက်အရပ်သို့ ဦးခေါင်းထား၍ ကြည့်ရပါသည်။) စာဖတ်သူကိုယ်တိုင် မြောက်အရပ်သို့ ဦးခေါင်းထားလျက် နေ၊ လ၊ နက္ခတ်တို့၏ အသွားအတိုင်း မျက်နှာမူကာ သူတို့နှင့်အတူ လိုက်သွားကြည့်ပါ။ ဤကမ္ဘာမြေပြင်အား လက်ယာဘက်မှာ ထားလျက် လက်ယာရစ် လှည့်ပတ်နေသည်ကို တွေ့ရပါလိမ့်မည်။

နေ၊ လ၊ နက္ခတ်တို့၏ စွမ်းအားကြီးသော လက်ယာရစ်အသွားကို ကျွန်ုပ်တို့၏ အင်းပညာ၌ သုံး၏။ အက္ခရာများ၊ ကိန်းဂဏန်းများ၏ အရေးအဆွဲများ၌လည်းကောင်း၊ အင်းဆန်များ၏ အသွားများ၌လည်းကောင်း လက်ယာရစ် လှည့်ပတ်နေသည်ကို တွေ့ရပါလိမ့်မည်။

'အက္ခရာများ၊ ကိန်းဂဏန်းများအားလုံး၏ အရစ်အဆွဲသည် လက်ယာရစ်များသာ ဖြစ်၏။' ပုံသဏ္ဌာန်အားဖြင့် လက်ဝဲရစ်ဖြစ်နေလျှင်တောင် လက်ယာရစ်ဖြစ်အောင် ဖော်ထုတ်ကြ၏။ ပစောက်ကဲ့သို့သော အက္ခရာ လက်



www.burmeseclassic.com

www.burmeseclassic.com

ဝဲရစ်ဆွဲက တစ်ချက်တည်းဖြင့် ပြီးပါ ယက် လက်ယာရစ်ပါလာအောင် နှစ်ချက်ဆွဲ၏။ ဤမျှအထိ လယ်ယာရစ်ကို အလေးထား၏။ ကျောင်းသင်ရေးထုံးများ၌လည်း ဤအတိုင်းပင် ဖြစ်၏။ သသလည်း လက်ယာရစ်၊ ဝလုံးလည်း လက်ယာရစ်၊ အားလုံး လက်ယာရစ် ဖြစ်ကြ၏။

'အင်းဆန်အသွားများတွင်လည်း လက်ယာရစ်များ ဖြစ်ကြ၏။' ဝင်စေလိုလည်း လက်ယာရစ်၊ ထွက်စေလိုလည်း လက်ယာရစ်၊ ဆန္ဒပြည့်ဝဖို့ရန် စွမ်းအားကြီးသော လက်ယာရစ်ကို သုံးပါသည်။

အရာအားလုံး၌ ဆန့်ကျင်ဘက်များရှိကြသည့်သဘာဝအတိုင်း လက်ယာရစ်အင်းများရှိသကဲ့သို့ လက်ဝဲရစ်အင်းများလည်း ရှိကြပါသည်။ ထိုလက်ဝဲရစ်အင်းများကို အထွက်ကိုလိုလျှင် သုံးသောအင်းများဟု များသောအားဖြင့် အမှတ်များနေကြပါသည်။ မဟုတ်ပါ။ လက်ဝဲရစ်အင်းသည် လက်ဝဲရစ်အင်းမျှသာ ဖြစ်ပြီး အထွက်အင်း မဟုတ်ပါ။ လက်ဝဲရစ်အင်းများသည် လက်ယာရစ်အင်းများ၏ အစွမ်းသတ္တိများ အစွန်းမရောက်စေရန် ထိန်းချုပ်ပေးသည်။ လက်ယာရစ်များ၏ အစွမ်းသတ္တိနယ်ပယ်ကို ကျယ်ပြန့်စေ၏။

လက်ယာရစ်အင်းများကို 'အဖို'ဟု သတ်မှတ်ခဲ့ကြပြီး လက်ဝဲရစ်အင်းများကို 'အမ' ဟု သတ်မှတ်ခဲ့ကြပါသည်။ ပေါင်းမိဖြည့်ဖက်များဖြစ်ကြ၏။ အစွမ်းထက် အင်းအစီအရင်များနှင့် သိဒ္ဓိမြောက်ကျင့်စဉ်များတွင် အဖို၊ အမတွဲ၍ အသုံးပြုကြပါသည်။ သာမန်ကိစ္စများ၌ပင် တွဲ၍ မသုံးကြပါ။

လက်ယာရစ်အင်းများ၌ လက်ယာရစ်အသွားများ အများဆုံးဖြစ်ရမည်ဟူသော စည်းမျဉ်းနှင့် လက်ဝဲရစ်အင်းများ၌ လက်ဝဲရစ်များ အများဆုံးဖြစ်ရမည်ဟူသော စည်းမျဉ်းများသည် ဤလက်ယာရစ်အယူအဆမှ ဖြစ်ပေါ်လာသောစည်းမျဉ်းများဖြစ်ကြ၏။ အင်းတစ်ကွက်တည်း၌ လက်ယာရစ်များ၊ လက်ဝဲရစ်များအညီအမျှ ပါဝင်နေပါက အစွမ်းအားပြယ်သည်။ တစ်ခု၏အားကို တစ်ခု၏အားများက ချေဖျက်သည်။

ဤကား လက်ယာရစ်အယူအဆ ဖြစ်ပါသည်။

**ဗဟိုချက်အယူအဆ**

ကျွန်ုပ်တို့ နေစကြဝဠာ၏ ဗဟိုချက်သည် နေဂြိုဟ်ဖြစ်သည်။ စွမ်းအားအကြီးဆုံး ဖြစ်၏။ ကမ္ဘာအပါအဝင် ဂြိုဟ်များအားလုံးသည် နေကို ဝန်းရံလှည့်ပတ်လျက် တည်ရှိနေကြ၏။

ဂြိုဟ်များ၏ စွမ်းအားအလိုက် ပတ်လမ်းအကွာအဝေးများ မတူညီကြ။ နေနှင့် အနီးဆုံး (ဝါ) ဗဟိုနှင့် အနီးဆုံး ဂြိုဟ်များသည် ပို၍ စွမ်းအားမြင့်ကြပြီး ပို၍ လျင်မြန်စွာ လှည့်ပတ်နေကြ၏။ နေနှင့်အဝေးဆုံးဂြိုဟ်များမှာ စွမ်းအားအနည်းဆုံးဂြိုဟ်များ ဖြစ်ကြပြီး နှေးကွေးစွာ လှည့်ပတ်နေကြ၏။

ကျွန်ုပ်တို့၏ အင်းများ၌လည်း ဗဟိုများရှိ၏။ နည်းလျှင်တစ်ခု၊ များလျှင် လေးခုရှိ၏။ အင်းကွက်၏အတွင်းဘက် အကျဆုံး ပဆစ်ကွက်များသည် စွမ်းအားအမြင့်ဆုံးဗဟိုများ ဖြစ်ကြပြီး အင်းကွက်၏ ထောင့်စွန်း ပဆစ်ကွက်လေးကွက်သည် ဗဟိုမှ အဝေးဆုံးမှ ပဆစ်ကွက်များ ဖြစ်ပါသည်။

ဗဟိုမှတူညီစွာကွာဝေးနေကြသော ပဆစ်ကွက်များ (လေးကွက် သို့မဟုတ် ရှစ်ကွက်) သည် စွမ်းအားတူကြသည်။ ဤစွမ်းအားတူကြသော ပဆစ်ကွက်များအစုကို စက်များဟု ခေါ်ပါသည်။

စွမ်းအားနိမ့်သော ပဆစ်ကွက်များမှ စွမ်းအားမြင့်သော ဗဟိုများဆီသို့ ဦးတည်ဝင်ရောက်သွားသော အသွားများကို အဝင်ဟု သတ်မှတ်ပြီး စွမ်းအားမြင့်သော ဗဟိုများမှ စွမ်းအားနိမ့်သော ပဆစ်ကွက်များဆီသို့ ဦးတည်သည့် အသွားများကို အထွက်ဟု သတ်မှတ်ပါသည်။


❑

ယခုဖော်ပြခဲ့သမျှသည် အစီအရင်များမပါ၊ အသုံးချမှုမပါ၊ အင်းဆန်ဂါထာများမပါ၊ အသွားတစ်မျိုးတည်းကိုသာ မီးမောင်းထိုးပြထားသည့် တကယ့်ပညာရပ်အနှစ်သာရများ ဖြစ်ပါသည်။

ရှေ့၌ ကျွန်ုပ်တို့ လေ့လာအကဲဖြတ်ခဲ့သော သရဏဂုံအင်းမြတ်မဟာအား ယခုဖော်ပြပေးခဲ့သည့် အသိသညာများ၊ အယူအဆများဖြင့် ထပ်မံ၍ 'အင်းကောင်းတစ်ကွက်၏ ဂုဏ်အင်္ဂါရပ်များကို ကြည့်ကြစို့။

၁။ အင်းဆန်၏အဆုံး 'မိ' သည် အင်းဆန်အစ 'ပု' သို့ မြင်းသွားဖြင့်ပင် တစ်ပတ်ပြန်လည်၏။ တစ်ပတ်ပြည့်သဖြင့် အကြိမ်ကြိမ်လည်ပတ်နိုင်၏။ ထို့ကြောင့်

ပု ရ ဗ္ဗာ
ဂ ဒ္ဒိ
သ မိ ဏာ



ရှင်သန်ခြင်းဂုဏ်သတ္တိ ရှိ၏။ (မြင်းသေမြင်းကိုက်)

၂။ အသွားများ အားလုံးသည် လက်ယာရစ်များ ဖြစ်၏။

၃။ အသွားများသည် အရွက် (၈) ရွက်ပါသော ရှစ်ရွက်ကြောပုံကို ဆောင်၏။ (ပုံကိုကြည့်ရှုဖြင့် မြင်ရမည်။)

၄။ အသွားများအား အတွင်းမှန်ထောင်ခြင်းနှင့် အပြင်မှန်ထောင်ခြင်းတို့ ပြုသော်လည်း မပြောင်းလဲ။

၅။ ၉၀ ဒီဂရီ (ထောင့်မတ်) ဘယ်နှကြိမ်လှည့်လှည့် မပြောင်းလဲ။

၆။ ဥဿုံညီအချိုးရှိ၏။

၇။ တစ်ပင်တိုင်စကြာအသွားရှိ၏။ (စကြာအသွားများအကြောင်း အသေးစိတ် ရေးသောအခါ ဖော်ပြမည်။)

စာဖတ်သူ -

ဗားမဲ့ဆရာတော်နှင့် ဓမ္မစေတီမင်းတို့ထက်စောစွာ ရှေးအတီတေကာလကပင် ပေါ်ပေါက်နေပြီဟု ယူဆရသော ဤသရဏဂုံအင်းမြတ်မဟာအား စတင်ဖော်ထုတ် အသုံးပြုခဲ့သော အင်းပြုပုဂ္ဂိုလ်အကျော်အမော်၏ ပညာအား၊ သမာဓိအား၊ လုံ့လအား၊ ဝီရိယအားများကို ကျွန်ုပ်တို့အားလုံး အံ့အံ့ဩဩ ချီးချီးပပ ဦးညွှတ်ကြရပေလိမ့်မည်။

ရိုးရှင်းသော အသိသညာများ၊ အယူအဆများကပင် ထက်မြက်ပြီး စွမ်းအားပြည့်ဝသော ပညာရပ်များကို ဖြစ်တည်စေပါ၏။

*စာဖတ်သူအပေါင်း၊ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများဖြင့် ထာဝရ တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေ*

*အနန္တငါးပါးနှင့်တကွ*
*ဗားမဲ့ဆရာတော်အား*
*ဦးထိပ်ထားလျက်*

ဆရာစော (အင်းတစ်သောင်း)

www.burmeseclassic.com

www.burmeseclassic.com



ငွေတွင်းကုန်းရွာလေးသည် အိမ်ခြေ (၃၅၀) နီးပါးရှိ၏။

စပါးစိုက်၊ ပဲစိုက်၊ ဂျုံစိုက်လုပ်ငန်းဖြင့် အသက်မွေးကြသည်။ ကြိုးစားရိုးသားကြသဖြင့် စီးပွားရေးကောင်းကြသည်။ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းချစ်ချစ်ခင်ခင်လည်းရှိသည်။ ပျော်ပျော်ရွှင်ရွှင်ဖြစ်ခဲ့၏။

သို့ဖြစ်ငြား ရွာအနောက်ပိုင်းနှင့်တောင်ပိုင်းမှာ အရက်ဆိုင်နှစ်ဆိုင် ပေါ်လာပြီးနောက် လူငယ်၊ လူလတ်၊ လူကြီး သောက်တတ်စားတတ်လာသည်။

အရက်ဆိုင်နှစ်ဆိုင်လုံး အရောင်းအဝယ်ကောင်း၏။

အလုပ်ကို အခကြေးငွေဖြင့်လုပ်ကြသည်ထက် လုပ်ငန်းရှင်က အရက်ကောင်းကောင်းတိုက်ပြီး ခိုင်းသောအခြေအနေရောက်ခဲ့၏။

အလုပ်အတွက် လုပ်အားခငွေကြေးမရလျှင်ရှိပါစေ အရက်သောက်ရလျှင် လုပ်သူကိုင်သူများလာသည်။

ရွာလယ်ပိုင်းမှ ကိုကျော်မြင့်သည် တောင်သူကြီး ဖြစ်သည်။ ကိုယ်တိုင်မသောက်တတ်မစားတတ်ငြား လူမှုရေးနားလည်၏။ လုပ်ငန်းကျွမ်းကျင်၏။

မနက်စောစော ဝက်သားနှစ်တွဲဝယ်ထားသည်။ ရေဖြင့် ပွက်ပွက်ဆူအောင် ပြုတ်ထားသည့် ဝက်ရိုးကို ချဉ်ရည်ချက်သည်။

အိမ်ဝင်းထဲ မြေပြင်မှာ စပါးခုနစ်ရာကျော် ရှစ်ရာနီးပါး ပုံထားသည်။ အမှိုက်သရိုက်ခဲမှော်များ စက်လှေ့သန့်စင်မည်။ ပြီးနောက် စပါးအားလုံး စပါးကျီသွင်းမည်။

မနက်နေထန်းတစ်ဖျားမှာ အလုပ်စတင်သည်။

လှေ့စက်စတင်ခုတ်သည်။ အမှုန်အမွှားအမှိုက်များ လွင့်ပျံ့နေပြီ။ ပခုံးတစ်ဖက် ပုဆိုးဟောင်းများစည်းလျက် တစ်ယောက်တစ်လက် ဝင်ရောက် လုပ်ကိုင်ကြသည်။

လူငယ်၊ လူလတ် နှစ်ဆယ်ကျော်မည်။

ညနေ လေးနာရီမှာ စက်လှေ့ပြီးသည်။ စပါးများကို ထန်းခေါက်တောင်းများကိုယ်စီထမ်းလျက် ကျီသွင်းကြသည်။

အားလုံး တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်နေပြီ။

မန်းကျည်းပင်ကြီးနှစ်ပင်အောက်မှာ အရက်အိုးနှင့် ဝက်ရိုးချဉ်ရည်ပန်းကန်များက အဆင်သင့်။

ထန်းခေါက်တောင်းချ တစ်ခွက်တစ်ဖလားဝင်သောက် အလုပ်ဆက်လုပ်။

ကိုကျော်မြင့်က စိတ်တိုင်းကျသောက်ခွင့်မပြုသေး။ သည်အထဲက ဝက်ရိုးချဉ်ရည်ဟင်းမှာ လိုက်မနိုင်၊ ထည့်မနိုင်။

သောက်လိုက်၊ ထမ်းလိုက်. . .။

ဘက်ထရီမီးချောင်းများ အိမ်ဝိုင်းတစ်ခုလုံးလင်းနေပြီ။

ည (၉) နာရီကျော်မှာ စပါးအားလုံး စပါးကျီသွင်းပြီးပြီ။ ထည့်ပြီးပြီ။ ကိုကျော်မြင့် တိုက်ပိတ်နေချိန် အရက်ဝိုင်းကြီး စပြီ။

ငရုတ်၊ ကြက်သွန်၊ ခရမ်းချဉ်သီးမဆလာနိုင်နိုင်ဖြင့် ဝက်သားသုပ်ပန်းကန်ပြားများ၊ ဝက်ရိုးချဉ်ရည်ပန်းကန်လုံးများ။

အရက်ပုလင်းလွတ်တွေများခဲ့၏။

စားကြရင်း၊ နောက်ကြရင်း ဖွန်းပန်းကန်များ ဆူဆူညံညံ၊ စကားသံများလုံးလုံးထွေးထွေး။

ညသန်းခေါင်ကျော်မှ ဝိုင်းပြီးသည်။

အားလုံး အိမ်မပြန်နိုင်ကြတော့။ မန်ကျည်းပင်ကြီးနှစ်ပင်၏အောက်မှာ အရက်ပုလင်းများနှင့်အပြိုင် တုံးလုံးပ... လက်လူတွေ။

ဘက်ထရီမီးချောင်းများမှာ ... ကောင်ကြီးငယ်တို့ တဖျတ်ဖျတ်တိုးဝ... အုံခဲလျက်။

သတ်မှတ်နှုန်းထားဖြင့်ပေးရမည့် ... ကုန်ကျစရိတ်၊ လုပ်အားခ။

ဝက်သားနှစ်တွဲဖိုး၊ အရက်... ကိုကျော်မြင့် စိတ်တွက်တွက်နေသည်... မဆိုးလှ။ သည်အတိုင်းဆို အများကြီး... သက်သာသည်။

ငွေကြေးပေးစရာမလို။

လုပ်မည့်ကိုင်မည့်လူလည်း ... ခဲ့၏။

ကိုကျော်မြင့် ပြုံးမိသွားသည်။

သားသမီးများအားလုံး အိပ်... သွားကြပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်မြင့် မအိပ်နိုင်သေး။

အရက်ပုလင်းခွံများ ကောက်ရဦးမည်။ အိုးခွက်ပန်းကန်များ သိမ်းရဦးမည်။

❑

ငွေတွင်းကုန်းရွာသားများ အရက်ကြိုက်ခဲ့ကြ၏။

အရည်စည်ကြီးများသယ်လို့မနိုင်ဖြစ်လာသည်။ ဗိုက်ပူပူ၊ ပါးဖောင်းဖောင်းလေးများဖြင့် မြင်တွေ့နေရပြီ။

သို့စင်လျက် ငွေတွင်းကုန်းသားတို့ အသောက်မလျှော့၊ အစားမလျှော့။

ရွာလယ်ပိုင်း ကိုကျော်မြင့်အိမ်နှင့် ဘစ်လမ်းခြား ကိုပြုံးအိမ်ရှိသည်။

ကိုပြုံးက အသက်နှစ်ဆယ်ကျော်သူလတ်ပိုင်း စိတ်သဘောကောင်းလျက် ပျော်ပျော်နေသူ။

ကိုပြုံးမိန်းမက ကိုပြုံးထက် အသက်နည်းနည်းပိုကြီးသည်။

ကိုပြုံး သောက်သောက်စားစားနေသည်ကို မကြိုက်ငြား ကိုပြုံးကိုမနိုင်။ ဆွေမျိုး ကိုကျော်မြင့်ကို အကူအညီတောင်း၏။ ကိုပြုံးမိခင်ကြီးကိုတိုင်၏။

ကိုပြုံးက အခြားအခြားသောဆုံးမစကားများကို နာခံ၏။ အရက်နှင့်ပတ်သက်လျှင်မရ။

ကိုကျော်မြင့်လျှော့ရ၏။ မိခင်ကြီးသည်း လျှော့ရ၏။

ကိုပြုံးမိန်းမလည်း လျှော့ရ၏။

ကိုပြုံး အရက်သောက်သည်ဖြစ်ငြား စီးပွားရေးအထိအပါးမခံ၊ စီးပွားရေးအကျမခံ အလုပ်မပျက်။

စီးပွားရေးကောင်းသည်။ စီးပွားတက်သည်။

နွားခြံရှိသည်။

တစ်နှစ်ပြီးတစ်နှစ် လယ်မြေတိုးချဲ့ဝယ်နိုင်သည်။

အဲသည့်အတွက် ကိုပြုံး သောက်စားနေမှုကို မကြိုက်ငြား၊ သဘောမတွေ့ငြား၊ မနှစ်သက်လင့်ကစား ကြည့်သာနေရတော့၏။

ပြီးနောက် ကိုပြုံးက လူချစ်လူခင်များသည်။ သူငယ်ချင်းကောင်းရှိသည်။ ကိုပြုံးအချစ်ဆုံးသူငယ်ချင်းက ကိုလှရွှေဖြစ်သည်။

ရွာဦးဆရာတော်ကျောင်း စာသင်ဖက်၊ ပွဲလမ်းသဘင်အတူသွားအတူလာ၊ လူပျိုဘဝ တစ်အိပ်ရာတည်း အတူအိပ်ခဲ့ကြသူများ။

အိမ်ထောင်ပြုကြတော့လည်း တစ်နှစ်တည်း အပြိုင်ပြုခဲ့ကြသူတွေ။

ကိုလှရွှေက သောက်သောက်စားရှိငြား ကိုပြုံးနှယ်မဆိုး အတိုင်းအဆရှိသူ ဖြစ်သည်။

ကိုပြုံးကိုလည်း မလွန်အောင် ထိန်းပေးသူလည်း ဖြစ်ပါ၏။

သူငယ်ချင်းနှစ်ယောက် ဝါသနာလည်း တူကြသည်။ နွားကိုချစ်ခဲ့ကြသည်။ နွားအပြိုင်မွေးကြသည်။

အိမ်ခြံပေါက်ခိုင်းနွားများရှိသည်၊ လုပ်ငန်းခွင်သုံးနိုင်ရန် လေ့ကျင့်ပေးကြရသည်။

ကိုလှရွှေက နွားကိုင်ကောင်း၊ နွားကျင်းကောင်းသည်။ ကိုလှရွှေလက်ထွက်နွားဆိုလျှင် တစ်ရွာလုံး စိတ်ချသည်။ ကြိုက်ကြသည်။

ကိုပြုံးမှာ ကိုလှရွှေကျင်းပေးထားသော ခိုင်းနွားတစ်စုံရှိ၏။ တစ်မိုးမျှသာ ခိုင်းရသေးသည်။

ရွှေနီနှင့် ရွှေဝါ ဖြစ်သည်။ ကိုပြုံးအရိပ်တကြည့်ကြည့်ဖြစ်ခဲ့၏။ တယုတယလည်းထား၏။ ဈေးကောင်းပေးဝယ်သူရှိငြား ကိုပြုံး မရောင်း။

ငွေတွင်းကုန်းရွာ၏ အရှေ့ဘက်မှာ ဆည်မြောင်း နှစ်မြောင်း ရှိသည်။ ကိုပြုံးနှင့် ကိုလှရွှေတို့ပိုင် လယ်များက ဆည်မြောင်းနှစ်မြောင်းကြားမှာ ဖြစ်၏။ ရေယူရာမှာလွယ်သည်။ လယ်ကောင်းများလည်းဖြစ်သည်။


ဒေသက ဆည်မြောင်းကို မူးလို့ခေါ်သည်။ ဆည်မြောင်းပေါင်ကို မူးရိုးလို့သိကြ၏။

သူငယ်ချင်းနှစ်ယောက် လယ်လုပ်ကြတော့လည်းအတူတူ။ စိုက်ချိန်၊ ရိတ်သိမ်းချိန် တူညီခဲ့ကြ၏။

# အေးဇော်ရဲမင်း

## လူနှင့်အရက်

## အခြားတစ်ဖက်က ဝင့်ကြွေး





www.burmeseclassic.com

www.burmeseclassic.com

ကိုပြုံးက အစအနောက်သန်သည်။ အပျော်များသည်။ ကိုလှရွှေက ကောင်းစွာ သည်းခံသည်။ အမှတ်အတေးမရှိ။

ကိုလှရွှေလယ်ထွက်ပိုလျှင် ကိုပြုံးမကြိုက်။

"မင်းကောင်းကောင်းကြိုးစားလုပ်စမ်းပါကွာ။ ဆည်ရေသောက်ချင်းအတူတူ မင်းလယ်က မြေတောင်ပိုကောင်းသေး၊ နွားခြံရှိတော့ နွားချေးလည်း ပိုချနိုင်တဲ့ဟာ"

လို့ ကိုလှရွှေပြောတတ်မြဲ၊ ဆိုတတ်မြဲ။

❑

သည်နေ့ ကိုပြုံး ပိုကြွပိုမြောက်နေ၏။ ပိုပြီးလည်းသောက်ထား၏။

ကိုပြုံး လယ်မပြီးသေး။

ကိုလှရွှေတို့ ဝင်ကူရ၏။ အိမ်နီးချင်းထွန်နှစ်ရှဉ်း၊ ကိုလှရွှေက ထွန်တစ်ရှဉ်း၊ ကိုပြုံးကထွန်တစ်ရှဉ်း အားလုံးထွန်းလေးရှင်းဝင်ရ၏။

မနက်လင်းစမှထွန်ဝင်ခဲ့ကြသည်။ နေကကျဲကျဲတောက်ပူပြီ။

အောက်ရေက အမြုပ်တစီစီနှင့် ရေနွေးရေပူ။

ထယ်ရေးစပ်အောင်၊ အချိန်မီစိုက်နိုင်အောင် ကြိုးစားနေကြရသဖြင့် မနားနိုင်ကြ။ နားဖို့သတိမရကြ။

ကိုပြုံးက သူ့အချစ်တော် အိမ်ခြံပေါက် ရွှေနီ၊ ရွှေဝါတို့နှင့် ထွန်နေသည်။

လူတွေက မနားချင်ကြငြား နွားများက နားချင်ကြပြီ။

အိမ်နီးချင်းထွန်နှစ်ရှဉ်းမှ နွားလေးကောင်ကစပြီး ရေထဲမှဝပ်ချလိုက်ကြသည်။ မထကြ၊ မောင်းလို့မရတော့။

နောက် ကိုလှရွှေ နွားတစ်ရှဉ်း ရေမှဝပ်ချ၍ ကြိုးကို ထွန်ကိုင်းမှချည်ပြီး ကိုလှရွှေ ကန်သင်းရိုးပေါ် တက်သည်။

"နွားတွေနားကြပါစေ။ တို့လည်း ထမင်းစားရအောင်။ ကိုပြုံးလည်း နားပေ့"

လို့ ကိုလှရွှေလှမ်းပြောသည်။

အိမ်နီးချင်းနှစ်ယောက်တို့လည်း ကန်သင်းရိုးပေါ် တက်လာသည်။

ကိုပြုံးကမနားသေး။

တဟဲ့ဟဲ့အသံပေးလျက် သူ့ရွှေနီနှင့် ရွှေဝါကို မောင်းနေသည်။

"ငါ့သားတွေကမှ အားကိုးထိုက်တဲ့သားရတနာအစစ်ဟ"

လို့လည်း ကိုပြုံး ဂုဏ်ယူဝင့်ကြွားနေပြန်သည်။

"အေးကွ။ လူ့သာရှုံးတာ၊ ဘုန်းမရှူးဘူးဆိုတာ ငပြုံးလိုကောင်ဖြစ်မှာဟ။ သူ့ရွှေနီ၊ ရွှေဝါနှစ်ကောင်ကလည်း ပြောတိုင်း တင့်တယ်ပေတယ်။ ကြွားထိုက်ပါပေရဲ့"

လို့ အိမ်နီချင်းတစ်ယောက်က ဆိုလိုက်၏။

ကိုပြုံးဟန်က နားမည့်ပုံမရှိ။ ပိုတက်ကြွစွာ မောင်းနေဆဲ။ ထွန်နေဆဲ။ ရွှေနီနှင့် ရွှေဝါကလည်း အားကောင်းမောင်းသံ ထွန်ကိုဆွဲနေဆဲ။

ထွန်နောက်မှာ ကပ်ပါလာသော ထွန်ချေးများကို ထွန်မြှောက်ချလျက် တဟဲ့ဟဲ့အသံပေးပြီး ကိုပြုံးဆက်မောင်းနေ၏။

ကန်သင်းရိုးတစ်ဖက်မှာ လွန်စွာကြီးမားသော ကုက္ကိုပင်ကြီး ရှိနေ၏။ ကုက္ကိုပင်အောက်ကိုဝင်ပြီး ရေဘူးဆွဲလျက် ကိုလှရွှေ ရေကို အငမ်းမရ မော့သောက်နေသည်။ ပြီးနောက် အနီးကိုရောက်လာသော အိမ်နီးချင်းနှစ်ယောက်ဆီ ရေဘူးလှမ်းပေး၏။ ကုက္ကိုပင်အခြေမှ ထမင်းထုပ်ကိုလှမ်းယူသည်။

ထမင်းအိုးကိုပတ်ထားသောပုဆိုးဟောင်းကို ကိုလှရွှေ ဖြေနေသည်။ ကြိမ်ခြင်းထဲမှ သံပန်းကန်ပြားကို လှမ်းဆွဲသည်။

"ဟာကွာ"

ဆိုသော ကိုပြုံး၏အသံကို ကြားလိုက်ကြရ၏။

ကိုပြုံး၏ရွှေနီနှင့်ရွှေဝါနှစ်ကောင် ရေထဲမှ ဝပ်ချနေပြီ။ ကိုပြုံးက လက်ထဲမှ ကြိမ်နှင့် တဖြန်းဖြန်းရိုက်ငြား ရွှေနီနှင့် ရွှေဝါ မထတော့။

ရွှေနီ၊ ရွှေဝါနှစ်ကောင် ပါးစပ်ဟ အသက်ရှူနေကြသည်။

နေပူပူ၊ ရေပူပူနားခွင့်မရ။ ရွှေနီ၊ ရွှေဝါ ပင်ပန်းကြပြီ။

မထနိုင်ကြတော့။

ကိုပြုံး တောက်တစ်ချက်ခေါက်သည်။

"အဟုတ်ကြတော့ ရွှေနီ၊ ရွှေဝါလည်း တို့နွားတွေလိုပါကွာ"

ဆိုသော အိမ်နီးချင်းတစ်ယောက်က မှတ်ချက်ပြုသည်။

ကိုပြုံး ထိုမှတ်ချက်ကို ကောင်းစွာကြားလိုက်သည်။

ကိုပြုံး ရှက်သွားသည်။ လက်ထဲမှ ကြိမ်နှင့် အားကုန်ရိုက်ငြား ရွှေနီနှင့် ရွှေဝါက မထ။

"ဟဟ- မလုပ်ပါနဲ့ဟ။ မင်းလည်း ထမင်းလာစားတော့။ နားပါစေဟ"

ဆိုသော ကိုလှရွှေစကားကို ကိုပြုံးမကြား။

ကိုပြုံးလက်ထဲမှ ကြိမ်ကို လွှတ်ချသည်။ ကြိုးကို ထွန်ကိုင်းမှာ ချည်သည်။ ခါးမှ အရက်ဘူးကို ကိုပြုံးဆွဲမော့သည်။ တစ်ရှိန်ထိုးမော့ပြီး အရက်ဘူးကို လွှင့်ပစ်လိုက်၏။

ပြီးနောက် ကိုပြုံးမထင်မှတ်သော ထင်မှတ်ထားခြင်းမရှိသော အလုပ်ကို လုပ်သည်။ ရက်စက်လှစွာ၊ အသိဉာဏ်ကင်းမဲ့လှစွာ။

ကိုပြုံး ပုဆိုးကိုပြင်ဝတ်ပြီး ရွှေနီ ဝပ်ချရာပြေးထွက်၏။

"ကိုင်းကွာ ကိုင်းကွာ မထနဲ့ဦး သေလိုက်စမ်း၊ အရှက်ခွဲဦးကွာ"

ဟု ဆိုလျက် ရွှေနီ့ခေါင်းကိုဆွဲ လယ်ရေထဲနှစ်သည်။

ရွှေနီက မရုန်းနိုင်။ မကြာလိုက် ရွှေနီခေါင်းစိုက်သွားပြီးနောက် ကိုပြုံး ရွှေဝါဘက်ကူးသည်။

လက်ထဲမှ ထမင်းပန်းကန်ပြား ပြီး ကိုလှရွှေ အပြေးဆင်းငြားမမီ။ ရွှေ ခေါင်းကိုနှစ်နေပြီ။

ကိုလှရွှေက ကိုပြုံးကို တွန်းလိုက် ပြီး ရွှေဝါခေါင်းကို ဆွဲမတင်သည်။ ရွှေ ခက်ခဲစွာ အသက်ရှူနေသည်။သို့ဖြစ် မရတော့၊ ရွှေဝါခေါင်းစိုက်ကျသွားသည်။

ပက်လက်လန်သွားသောကိုပြုံး ဆွဲထူသည်။

"လုပ်ရက်လိုက်တာကွာ"

လို့ ကိုလှရွှေပြောသည်။

ကိုပြုံးကြားပုံမရှိ။ အချိန်ကြာ ကြောင်နေသည်။မည်သည့်စကား မပြော။

နောက် ရွှေနီနှင့် ရွှေဝါကို ကိုပြုံးငိုသည်။

ကိုပြုံးငိုပြီ။

❑

ကိုပြုံးအရက်ပြတ်သွား၏။

ကိုပြုံး ငေးငေးငိုင်ငိုင် ပြုံး ရှင်မရှိ။ အလုပ်ကိုပိုပြီးလုပ်လာသ

ရွှေနီနှင့် ရွှေဝါသည် ကိုပြုံး ဆုံးနွားများဖြစ်၏။

ရွှေနီရွှေဝါတို့ချည်သောခ ငုတ်များဘေးမှာ ကိုပြုံး ထိုင်နေ သည်။

ကိုပြုံးပိုင်နွားများက အ လေး၊ ဆယ်နီးပါးရှိ၏။ နွားခြံက



www.burmeseclassic.com

www.burmeseclassic.com

သည်။ သုံးခန်းပတ်လည် ထန်းရွက်မိုး နွားတဲဆောက်ထားသည်။

ကိုပြုံးနွားခြံထဲဝင်လျှင် အရင်က နွားများ တိုးဝှေ့လာကြပြီး ယခုနွားများက ကိုပြုံးနှင့်ဝေးရာ ဝရုန်းသုန်းကား ထွက်တတ်သည်မှာ အံ့သြစရာ။

ကိုပြုံး အစာချကျွေးသည့်ပင် နွားများကမလာ။ တိုးတိုးတိုက်တိုက်ဝင်စားသူမရှိ။ မနီးမဝေးကရပ်နေတတ်သည်။

လယ်ကန်သင်းရိုးများ ပြင်နေကြသည်။

ကန်သင်းရိုးလုံမှ လယ်ရေတည်သည်။ မြေခဲများကို သံတူးရွင်းဖြင့်လှန်ရသည်။ တစ်ခဲပြီးတစ်ခဲဆင်းတင်ရ၏။

ကန်သင်းတင်ခြင်းကပင်ပန်းလွန်းသည်။

ကိုပြုံးက သူ့လယ်မှာ ကန်သင်းတင်သည်။ ကိုလှရွှေပါ ကူသည်။ ကိုလှရွှေလယ်များက မနှစ်ကထင်တာ။ သို့မို့ ပြင်ရန် မလိုသေး။ အနည်းအကျဉ်းမျှသာ ပြင်စရာရှိသည်။ ကိုပြုံး လယ်ပြီးမှ ကိုလှရွှေလယ်ပြင်ရမည်။

ကိုပြုံး မြေခဲများ တစ်ခဲပြီးတစ်ခဲလှန်၏။

ကိုလှရွှေက တစ်ခဲပြီးတစ်ခဲတင်သည်။ နေပူပူမှာ သံတူးရွင်းနှင့် မြေထိသံကြီး၏။ မီးပွားပင်လွင့်ထွက်ပုံရသည်။

ကိုလှရွှေရယ်စရာစကားဆိုပြား ကိုပြုံးမရယ်။ မဆိုစလောက်ကလေး ပြုံးသည့်အခါရှိ၏။

နေ့ (၁၁) နာရီဝန်းကျင်မှာ ကန်သင်းတင်ခြင်းနားသည်။

ညနေ (၃) နာရီမှ ပြန်တင်ကြမည်။

ကိုပြုံးက သံတူးရွင်းကို ထမ်းလာသည်။ ကိုပြုံးဘေးမှကပ်လျက် ကိုလှရွှေ လျှောက်လာသည်။

မူးရိုးလေးက ကားငယ်တစ်စီး မောင်းနိုင်အောင်ကျယ်၏။

မူးရေက တောင်နှင့် မြောက် သွင်သွင်စီးလို့နေပါ၏။ ရေက ကြည်သည်။ မိုးတွင်းရေများနှယ် နောက်ကျိခြင်းမရှိ။

ရေကလည်း တငြိမ့်ငြိမ့်စီးသည်ဆိုရုံသာ။ ရေစီးကြမ်းခြင်းမရှိ။ မူးတံတားကိုဖြတ်သည်။ တံတားအခြေမှာ မူးဆင်းအုတ်လှေကားရှိနေ၏။

ကိုပြုံးတို့လို ကန်သင်းပြင်သူ ယောကျ်ားသားသုံး၊ လေးယောက် မူးထဲမှာ ရှိနှင့်နေသည်။ အုတ်လှေကား အောက်ဆုံးထစ်မှာ အမျိုးသမီးတစ်ယောက်အဝတ်လျှော်နေသည်။

သံတူးရွင်းကိုချလျက် ကိုပြုံးရေထဲ ခုန်ချသွားသည်။

ကိုလှရွှေက လှေကားတစ်ထစ်ချင်းဆင်းသည်။ အေးမြသောရေကို လက်ဖြင့်ပက်လျက် မျက်နှာသစ်ပြီး ရေထဲဆင်းသည်။ ရေချိုးခြင်း စတင်သည်။

ကန်သင်းတင်ချိန် မျက်နှာတည်ပြား ရေထဲမှာ ကိုပြုံးမြူးသည်။

ရေအနက်က ခါးမျှသာဖြစ်ပြား ကိုပြုံးရေငုပ်သည်။ အရင်ရေချိုးရောက်နေသူများ၏ ခြေကိုဆွဲလျက် အလန့်တကြားလုပ်သည်။ စသည်။ နောက်သည်။

ရေငုပ်ကြသည်။

ပြီးနောက် မူးရိုးပေါ်တက် ရေပြင်ကို ဒိုင်ဗင်ထိုးချပျော်နေသည်။ ရေထဲမှာ ငုပ်ပြီး အုန်းပင်ထောင်သည်။

အုန်းပင်ထောင်သည်ဆိုသည်က ခေါင်းကို ရေအောက်မှာထားလျက် ခြေထောက်နှစ်ချောင်းကို ရေပြင်အထက် မိုးပေါ်ထောင်ထားခြင်း ဖြစ်သည်။

ကိုပြုံး သည်မျှပျော်ခြင်းကို ကိုလှရွှေ မတွေ့ခဲ့၊ မမြင်ခဲ့။

ကိုပြုံး ခါးဝတ်ပုဆိုးက အုန်းပင်ထောင်ချိန် ရေအောက်မှာသာရှိသဖြင့် အမြင်မတော်။

ယောကျ်ားသားများချည်းသာဆိုလျှင် တော်သေး၏။

အောက်ဝါးတစ်ရိုက်ခန့်အကွာ အဝတ်လျှော်နေသော အမျိုးသမီးတစ်ယောက်ရှိသဖြင့် ကိုလှရွှေအားနာသည်။

ကိုပြုံးကို အုန်းပင်မထောင်ရန် ကိုလှရွှေကပ်ပြောပြား ကိုပြုံး နားမထောင်။

တဟီးဟီးတဟားဟားလုပ်နေ၏။ ပိုပြီး ရေငုပ်လျက် ကိုလှရွှေခြေထောက်များကို ဆွဲပြေးနေသည်။

အတူရေချိုးနေသူများ မူးရိုးပေါ်တက်ကြပြီ။ ကိုလှရွှေလည်းတက်ချင်ပြီ။

"နေပါဦးကွ၊ အခုမှ ရေကချိုးလို့ကောင်းတုန်း"

လို့ ကိုပြုံး ဆိုသည်။

ကိုပြုံးပုံက တက်မည့်ပုံမရှိ။

"မင်းချိုးရစ်တော့ကွာ"

ဟု ဆိုလျက် ကိုလှရွှေက စိတ်မရှည်စွာ ရေထဲမှတက်သည်။ မူးရိုးပေါ် အခြားလူများနှင့် ရွာဘက်ဝင်ရန် ပြင်သည်။

မကြာပါ။ အဝတ်လျှော်နေသော အမျိုးသမီးထဲကအသံထွက်လာ၏။

"လာကြပါဦး၊ မောင်ပြုံးရေနစ်လို့ပါ။ ကူကြပါဦး"

ဆိုသော အော်သံကို ကြားလိုက်ရသည်။

ကိုလှရွှေတို့ပြန်ပြေးလာကြသည်။

ရေပြင်မှာ မောင်ပြုံးကို မတွေ့ရ။ မောင်ပြုံး စနေနောက်နေသလားဟု စောင့်ကြည့်ကြသေး၏။

မောင်ပြုံးက ရေပြင်ပေါ် ပေါက်လာခြင်းမရှိ။

ကိုလှရွှေတို့ ရေထဲပြေးဆင်းရှာကြရ၏။ အောက်ထိဆင်းကြည့်သည်။ မောင်ပြုံးကိုမတွေ့။

"ရွာထဲက လူတွေထွက်ခဲ့ကြပါ၊ မောင်ပြုံး ရေနစ်နေလို့ပါတော့"

ဟု အမျိုးသမီးက မူးရိုးပေါ်မှ အကြိမ်များစွာအော်သည်။

မူးရိုးနှင့်ရွာက မဝေးပါ။

ကြားသမျှ ယောကျ်ား၊ မိန်းမ ထွက်လာသည်။ မူးထဲဆင်းဖြန့်ရှာသည်။ အောက်ဝေးဝေးထိ လိုက်ကြ၏။

မောင်ပြုံးကိုမတွေ့။

ရေက အနက်ကြီးမဟုတ်။ အချိန်ကလည်း မကြာသေး။

ကိုလှရွှေ တံတားအောက်ဝင်သည်။

"တွေ့ပြီဟေ့"

လို့ ကိုလှရွှေအားလုံးကြားအောင် အော်သည်။ ကိုလှရွှေရှိရာ တံတားအောက်ကို အားလုံးရောက်လာ သည်။

မောင်ပြုံးကို ရေအောက်တံတား တိုင်ဖက်လျက် တွေ့ကြရသည်။

မောင်ပြုံး အသက်မရှိတော့။

တံတားတိုင်ကို ကြောက်အားကြီးစွာ ဖက်ထားသဖြင့် မောင်ပြုံးလက်များက တော်တော်နှင့်ဖြုတ်မရ။

ကိုလှရွှေပင် ထမ်းလျက် မူးရိုးပေါ် တင်ပေးသည်။

မူးရိုးပေါ်မှာ ငွေတွင်းကုန်းတစ်ရွာလုံးရောက်နေပြီ။

ရေတိမ်တိမ်မှာ ကိုပြုံး ရေနစ်ရခြင်းကို မယုံနိုင်ကြ။ မျက်ဝါးထင်ထင်မြင်ကြရသဖြင့်သာ ယုံကြရ၏။

ကိုပြုံးအချစ်တော် ရွှေနီနှင့် ရွှေဝါ နွားနှစ်ကောင်သေသည်မှာ လပိုင်းမျှသာ ရှိသေး၏။

ရွှေနီ၊ ရွှေဝါ နွားနှစ်ကောင်ကို ကိုလှရွှေ မြင်ယောင်နေသည်။

မကောင်းကံအတွက် ဝဋ်ကြွေးက မြန်လှပါဘိခြင်း။



www.burmeseclassic.com

www.burmeseclassic.com

မင်းကွန်းဆရာတော်ဘုရားကြီး၏ မေတ္တာဘာဝနာပွားများခြင်းကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်တိုင်း ဆရာမဒေါ်နီလာသည် သာမန်အနေအထားဖြင့် ကြားနာလေ့ရှိသည်။ သာမန်အနေအထားဟု ဆိုရခြင်းမှာ ဆရာတော်၏ မေတ္တာအသံတော်ကို တီဗွီမှ လွှင့်ထုတ်ပြသနေသော်လည်း တီဗွီရှေ့တွင် တကူးတက ပုဆစ်တုပ်ထိုင်၍ နာကြားခြင်း မဟုတ်ပေ။ မနက်ပိုင်းတွင် စားသောက်ရေးအတွက် ချက်ပြုတ်ရင်း နာယူရခြင်းဖြစ်ချေသည်။ မေတ္တာဘာဝနာ၏အကျိုးပေးမှု၊ လေးနက်မှုတို့အား စာတွေ့အားဖြင့် ဖတ်ဖူးရုံသာရှိသည်။ မည်ကဲ့သို့ မေတ္တာပို့ရမည်၊ မေတ္တာအပို့ခံရသူများအဖို့ ဘယ်လိုအကျိုးကျေးဇူးခံစားရမည်ကို ထဲထဲဝင်ဝင် မသိရှိသလို သိရှိအောင်ပင် မကြိုးစားခဲ့ပေ။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်သည့်အတိုင်း မနက်တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် မှန်မှန်ဘုရားရှိခိုးဖြစ်သည်။

ဒုက္ခမေတ္တာဘာဝနာ(၄)နည်းကို ဆရာတော်ဘုရားကြီးရွတ်ဖတ်၍ မေတ္တာပို့သသံအား ဆရာမဒေါ်နီလာ ကြားဖူးလေသည်။ ဆရာတော်ဘုရားကြီးသည် မိမိမတွေ့မမြင်ဘူးသောပုဂ္ဂိုလ်တို့အား ဘာကြောင့် မေတ္တာပို့ရပါသနည်းဟု တစ်ခါတစ်ရံ တွေးမိသည်။

ဒုက္ခမေတ္တာဘာဝနာ(၄)နည်းတွင်-

(က) ကြောက်တတ်၊ မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

(ခ) မြင်အပ်၊ မမြင်အပ် နှစ်ရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

(ဂ) ဝေးနေ၊ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

(ဃ) ဘဝဇာတ်ဆုံး၊ မဆုံးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

ဟု ဖော်ပြထားရာ (ခ) နှင့် (ဃ) ဖော်ပြချက်တို့အား လက်ရှိ လူ့လောကတွင် အကောင်အထည်မရှိ၍ မေတ္တာပို့လွှတ်ရာတွင် အလဟဿ အချည်းနှီး




www.burmeseclassic.com

www.burmeseclassic.com

ဘ ဉာဏ်မမီသူများအဖို့ တွေးထင်ပေသည်။ ထိုသို့ တွေးထင်ဖူးသူများထဲတွင် ဆရာမဒေါ်နီလာလည်း တစ်ယောက်အပါအဝင် ဖြစ်ပေသည်။ မိမိသင်ကြားမည့် ဘာသာရပ်ကိုသာ အလေးထားလေ့လာခဲ့သည်။ မျက်မှောက်ခေတ်တွင် ထုတ်ဝေလျက်ရှိသော ဂျာနယ်စာစောင်များကိုသာဖတ်ဖြစ်သည်။ ဗုဒ္ဓစာပေတွင် သေခါနီး အစွဲကြောင့် မကျွတ်မလွတ်သူများ၊ ပြိတ္တာဘဝရောက်ရသူများ အကြောင်း ပုံပြင်သာမက သက်သေဓာတ်တော်တို့တွင် အတိအလင်း ဖော်ပြထားပေသည်။ ထိုကဲ့သို့ ဘုံဘဝမျိုးစုံမှ သူများ၊ ပြိတ္တာဘုံဘဝရောက်ရှိနေသူများအား ကယ်တင်နိုင်ရန်၊ ရောက်ရှိဘဝထက် တစ်ဆင့်ထက်တစ်ဆင့်မြင့်သော ဘုံဘဝသို့ရောက်နိုင်ရန် မိမိတို့ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်အဖြာဖြာကို ဝေငှခြင်းဖြင့် အမျှအတန်းပေးဝေရပေသည်။ မိမိပေးဝေသော အမျှအတန်းအား သာဓုခေါ်ဆိုနိုင်သည့် ဘုံဘဝမှာ ပြိတ္တာဘုံတစ်ဘုံသာရှိပေသည်။ သို့တိုင် အမျှပေးဝေသည့် အချိန်၊ နေရာတွင် ထိုပြိတ္တာရှိနေမှသာ ပေးဝေသောအမျှကို သာဓုခေါ်ဆိုနိုင်ပေမည်။

ဆရာမဒေါ်နီလာသည် မြင်အပ်၊ မမြင်အပ်နှစ်ရပ်များစွာသတ္တဝါနှင့် ဘဝဇာတ်ဆုံး၊ မဆုံးများစွာ သတ္တဝါတို့အကြောင်း စာတွေ့မဟုတ်ဘဲလက်တွေ့သိခဲ့ရသည့် အဖြစ်အပျက်မှာ -

❑

ဒေါ်နီလာသည် သန်လျင်သူဖြစ်သော်လည်း လုပ်သက်(၁၀)နှစ်တိုင်တိုင် မိမိမွေးရပ်တွင် တာဝန်ထမ်းဆောင်ခြင်း မပြုရသေးဘဲ သုံးခွမြို့နယ်ရှိ ရွာကြီးတစ်ရွာတွင် အထက်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ရသည်။ အသက်အရွယ်မှာ ကြီးသည်ဟုမဆိုနိုင်သော်လည်း ကျောင်းဆရာမ ဟူသော ပညာဂုဏ်ကြောင့် အမည်အရှေ့တွင် 'ဒေါ်' တပ်၍ ခေါ်ကြပေသည်။ အသက်မှာ (၃၀) နှစ်ခန့်ရှိပြီး အသားညိုပေသည်။ ထိုရွာကြီးမှာ အိမ်ခြေငါးထောင်ကျော်ရှိပြီး အထက်တန်းကျောင်းတွင် ဒေါ်နီလာသည် ပင်ကိုက သွက်လက်ဖျတ်လတ်သဖြင့် ကျောင်းအုပ်ဆရာမကြီး၏ အထူးအားကိုးခြင်းခံရပေသည်။ ဤကျောင်းသို့ရောက်ရှိခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့လေပြီ။

တစ်နေ့တွင် ကျောင်းအုပ်ဆရာမကြီးရုံးခန်း၌ ရွာမှလူကြီးအချို့နှင့် တွေ့ဆုံကြလေသည်။ ကျောင်းအုပ်ဆရာမကြီးက စတင် မိတ်ဆက်ပေးသည်။

"ဒါက ကျွန်မတို့ကျောင်းက ဆရာမဒေါ်နီလာ၊ ဒါက ဦးလှမောင် ဘုရားကြီးပြုပြင်ရေးကော်မတီက ဥက္ကဋ္ဌ၊ ဒါက အဖွဲ့ဝင် ဦးဝင်း၊ ဦးစန်းလှ"

ဆရာမ ဒေါ်နီလာက -

"ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ်"

ဟု ပြောလိုက်ရာ ဥက္ကဋ္ဌဆိုသူ ဦးလှမောင်က -

"ဆရာမတို့ကျောင်းတောင်ဘက်က စေတီကြီးပြန်လည်ပြုပြင်ဖို့ရယ်၊ စေတီဘေးက ဆရာတော်ကျောင်းမှာ ပဋ္ဌာန်းပွဲ ကျင်းပဖို့ရယ်။ အဲဒါ ငွေကောက်ခံပေးဖို့၊ ကူညီပေးဖို့ပါ"

ဟု ပြောလိုက်သည်တွင် ဆရာမဒေါ်နီလာ၏ မျက်စိထဲဝယ် ထိုစေတီအား ပြန်မြင်လာသည်။ ချုံနွယ်များ ပိတ်ဆို့နေသဖြင့် စေတီအား ကောင်းစွာ မဖူးတွေ့ရပေ။ ထုံးသင်္ကန်းပျက်ပြယ်၍ အတွင်းကျောက်သားများပင်ပေါ်နေပြီး ရောက်စတုန်းက အတူနေ အခန်းဖော် ဆရာမ၏ပြောပြချက်အရ ရှေးဟောင်းသမိုင်းဝင်စေတီဖြစ်ကြောင်းကို သိထားသည်။ စေတီဘေးမှ ဘုန်းကြီးကျောင်းကိုတော့ သတိရမိသေးသည်။ ဤကျောင်းသို့ရောက်ပြီးအချိန် ဆရာတော်ထံ ဝတ္တုလှူဖွယ် သွားရောက်ဆက်ကပ်စဉ်က ဖြစ်ပေသည်။ ဘုန်းကြီးကျောင်းကြီးမှာ ယခုခေတ်တွင် ဆောက်လုပ်ထားသောလက်ရာ မဟုတ်ပေ။ ရှေးခေတ်လက်ရာ သစ်သားကျောင်းကြီး ဖြစ်သည်။

ကျောင်းအုပ်ဆရာမကြီးက -

"အခုရက်ပိုင်း ကျွန်မခရီးသွားဖို့ ရှိနေတော့ ဆရာမဒေါ်နီလာကပဲ အစစအရာရာ အကူအညီပေးစေချင်တယ်"

ဟု ပြောလိုက်သည်။

ဆရာမဒေါ်နီလာသည် ဆရာမကြီး၏ မေတ္တာရပ်ခံချက်အား ငြင်းပယ်ရန် မဖြစ်နိုင်သည်က တစ်ကြောင်း၊ မိမိကိုယ်တိုင်ကပင် ထိုစေတီတော်ကြီးအတွက် အလှူငွေကောက်ခံပေးလိုသော ဆန္ဒကြောင့် လည်းကောင်း တာဝန်ကို ကျေနပ်စွာ လက်ခံလိုက်ပေတော့သည်။

❑

သစ်ပင်ထိပ် လော်စပီကာမှ ထွက်ပေါ်လာသော မဟာပဋ္ဌာန်းဒေသနာတော်သည် တစ်ရွာလုံးသို့ လွှမ်းခြုံလျက်ရှိသည်။ ဘုန်းတော်ကြီးကျောင်းတွင် ပဋ္ဌာန်းပွဲ ရွတ်ဖတ်နေစဉ်မှာပင် ရှေးဟောင်းစေတီ ပရိဝုဏ်အတွင်း စားပွဲခုံပေါ်ဝယ် ကန်တော့ပွဲပေးလျက် အလင်းတိုင် (၅) တိုင်ဖြင့် ပူဇော်ထားသည်။ ပဋ္ဌာန်းပွဲ စတင်သည့်နေ့မှာပင် စေတီတစ်ဝိုက် သန့်ရှင်းရေး လုပ်ဆောင်ရန် ကန်တော့ပွဲပေးရခြင်း ဖြစ်သည်။ စေတီ





www.burmeseclassic.com

www.burmeseclassic.com

အား စောင့်ရှောက်ကုန်သောပုဂ္ဂိုလ်များ၊ အစောင့်အရှောက်များ၊ မှီတင်းနေထိုင်ကြကုန်သော မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များအား တိုင်တည်၍ မြေသန့်ရှင်းမှုကို ကူညီပေးပါရန် ပန်ကြားသောအားဖြင့် ကန်တော့ပွဲပေးရခြင်း ဖြစ်သည်။

ဆရာမ ဒေါ်နီလာသည် စေတီတော်ကြီးအတွက် အလှူခံရန် သန်လျင်မြို့သို့ ပြန်ခဲ့လေသည်။ သန်လျင်မြို့ နာရီစင်မှတ်တိုင်မရောက်မီ သုံးခွကားပေါ်မှ ဆင်းလိုက်ပြီး ပိတောက်လမ်းသို့ ဝင်လာသည်။ ထိုစဉ် အသားဖြူဖြူ ပိန်ပိန်သွယ်သွယ် လူရွယ်တစ်ဦး ကပ်၍ လိုက်လာပြီး -

"အစ်မကြီးက သုံးခွက လာတာ မဟုတ်လား။ရှော့-ခင်ဗျ၊ စေတီအတွက် အလှူငွေပါ။ အဘက လှူခိုင်းလို့ပါ"

ဟု ပြော၍ လိပ်ထားသော ငွေစက္ကူကို ပေးအပ်လေသည်။

ဆရာမ ဒေါ်နီလာ ခပ်ကြောင်ကြောင်ဖြစ်သွားကာ လှမ်းယူလိုက်သည်။ ငွေကိုလည်း မရေတွက်မိပေ။ ကျေးဇူးတင်စကားကိုလည်း ဆိုရမှန်းမသိခင် ထိုလူရွယ်သည် ဆိုက်ရောက်လာသော ဟိုင်းလတ်ကားဆီသို့ အပြေးလိုက်ကာ တက်ရောက်သွားပေတော့သည်။ (အဘဘိုးမင်းခေါင်၏ခိုင်းစေချက်အရ သာသနာကိစ္စ လိုက်ပါ ဆောင်ရွက်သူများ အကြောင်းကို သီးသန့်ရေးပါဦးမည်။)

ဆရာမဒေါ်နီလာသည် စာရင်းသွင်းမှတ်ရန် နာမည်မသိသော်လည်း အဘကောင်းမှုဟု ကမ္ပည်းထိုးရန် ဆုံးဖြတ်လိုက်သည်။ ငွေမှာ ကျပ်ငါးသောင်းတိတိ ဖြစ်ပေသည်။ ဒေါ်နီလာသည် 'အဘ' ဟူသည်ကို မည်သူမှန်းမသိ။ ငွေလှူခြင်းကို ထူးဆန်းသည်ဟု ထင်မိပေသည်။ မိမိအား သုံးခွမှလာသူဖြစ်ကြောင်းကိုမူ စီးလာသည့် ကားကိုကြည့်၍ သိနိုင်ပေလိမ့်မည်ဟုလည်း တွေးမိသည်။ သို့ဖြင့် အိမ်သို့ ပြန်ရောက်လာပေသည်။ အိမ်အတွင်း ဝင်ရောက်လိုက်သည်နှင့် မမျှော်လင့်သောသူနှင့် လူစိမ်းတစ်ဦးကို တွေ့ရသည်။

"ဟာ - ကိုကိုကြီး၊ ဘယ်တုံးက ပြန်ရောက်တာလဲ။ ကြာဦးမယ်ဆို"

ဆရာမဒေါ်နီလာက သူ့အစ်ကိုကြီးဖြစ်သူကို ဝမ်းသာအားရ မေးလေသည်။ မောင်နှမနှစ်ဦးတည်းသာ မွေးခဲ့သဖြင့် အလွန်ချစ်ခင်ကြသည်။ ကိုကိုကြီးသည် ညီမဖြစ်သူအား ရယ်မောပြီး

"မပြန်ရသေးပါဘူးဟ၊ အခု တို့သင်္ဘောက သီလဝါမှာကပ်လို့ အိမ်ခဏပြန်ခဲ့တာ"

ဟု ပြောဆိုလေသည်။

ဒေါ်နီလာလည်း ကုသိုလ်လည်းရ၊ ဘေးအန္တရာယ်လည်းကင်းအောင် အလှူခံလေသည်။

"ကိုကိုကြီးနဲ့ ဒီကအစ်ကိုတို့ဆီ အလှူခံရဦးမယ်။ သမီးတို့ကျောင်းဘေးကစေတီပြုပြင်ချင်လို့ အလှူငွေထည့်နော်"

ပြောရင်း လက်ညှိုးတစ်ချောင်းထောင်ပြလိုက်သည်။

"တစ်ကျပ်တော့ မလုပ်ပါနဲ့ ညီမရယ်။ တစ်ထောင်လား"

ဟု ကိုကိုကြီးက နောက်ပြောင်လိုက်သည်။

ဒေါ်နီလာသည် ထိုင်ရာမှ ထ၍ သူ့အစ်ကိုကြီး၏နားနားကပ်၍ ပြောလိုက်သည်။

"အေးပါ၊ အေးပါ - ညီမလေးသဘောအတိုင်းပေါ့"

ဒေါ်နီလာသည် ငွေစာရင်းတွင် (၁)သိန်း (၂)ဦး၏ အမည်ကို ဝမ်းသာစွာ မှတ်လိုက်ပေတော့သည်။

ဆရာမဒေါ်နီလာသည် သန်လျင်ရှိ ဆွေမျိုးများ၊ သူငယ်ချင်းများအိမ်သို့ အလှူငွေကောက်ခံပြီး နောက်တစ်နေ့တွင် သုံးခွမြို့သို့ ပြန်ခဲ့ပေသည်။ သန်လျင်တွင် ရက်ကြာကြာမနေရခြင်းမှာ ကျောင်းတွင် အဆောင်သစ်ဆောက်လုပ်မည့်ကိစ္စအတွက် တာဝန်ရှိသောကြောင့် ဖြစ်ပေသည်။

ကျောင်းသည် သုံးခွမြို့တွင် ရှိသည် မဟုတ်၊ မြို့နှင့် အတော်အတန် အလှမ်းကွာဝေးသည်။ သုံးခွမြို့မှ ဆိုင်ကယ်ကယ်ရီဖြင့် (၄၅)မိနစ်ကြာ စီးရသည်။ သန်လျင်မှ ကျောင်းသို့ မွန်းမတိမ်းမီ ရောက်ရှိလေသည်။

ဆရာဒေါ်နီလာသည် ရောက်လျှင်ရောက်ချင်း အခန်းဖော် ဒေါ်တင်တင်အား လူရွယ်တစ်ဦး၏ အလှူအကြောင်းကို ပြောပြလေသည်။ မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့် နားထောင်လေသည်။ ဆရာမဒေါ်နီလာသည် မဟုတ်မမှန်ပြောမည်မဟုတ်ဟု ယုံကြည်သော်လည်း ယခုလိုအချိန်တွင် ငွေကျပ်ငါးသောင်းကို မည်သူလာလှူနိုင်ပါမည်နည်းဟု တွေးမိပေသည်။

မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်နေသည်မှာ (၃)ရက်မြောက်သောနေ့ ဖြစ်သည်။ ဆရာမဒေါ်နီလာသည် အိပ်မက်လိုလို၊ တကယ့်အဖြစ်အပျက်လိုလို ခံစားသိနေရသည်မှာ သားအမိနှစ်ဦးနှင့် တွေ့ဆုံစကားပြောနေရခြင်း ဖြစ်လေသည်။

အမေဖြစ်သူ မိန်းမကြီးက -

"ဆရာမရယ်၊ ပဋ္ဌာန်းတွေရွတ်နေတော့ နေလို့မရတော့ဘူး။ အဲဒါ ဆရာမတို့အဆောင်မှာ ပေးနေပါလား"

ဆရာမဒေါ်နီလာ အဆောင်တွင် အခန်းလွတ်တွေရှိသည်ကို ဖျတ်ခနဲ တွေးမိသည်။ ၎င်းနောက် မိမိအား တာဝန်ခံအဖြစ် အပ်ထားသော်လည်း ကျောင်းအုပ်ဆရာမကြီး၏ သဘောတူ ချက် လိုအပ်သည်ကို ရုတ်ခြည်းစဉ်းစား မိလိုက်သည်။

သို့ဖြင့် -

"ဆရာမရဲ့ သဘောတစ်ခုတည်း တော့နေလို့မရဘူး။ ကျောင်းအုပ်ဆရာမ ကြီးလာရင် ပြောကြည့်နော်"

ဆရာမဒေါ်နီလာက ပြောလိုက် ရာ မည်သည့်စကားမျှ ပြန်လည်ပြော ခြင်းမရှိဘဲ ကလေးအား လက်ဆွဲ၍ ထွက်သွားလေသည်။

ဆရာမဒေါ်နီလာလည်း အိပ်မက် မှ နိုးလာသကဲ့သို့ အိပ်နေခြင်းမှ နိုး ပေသည်။ စားပွဲပေါ်မှနာရီအားကြည့် နံနက် (၃) နာရီရှိကြောင်း သိရသည် အခန်းဖော် ဒေါ်တင်တင်မှာ အိပ် ကျလျက်ရှိပေသည်။ နှိုး၍ပြောပြရလျှင် ကောင်းလေမည်လားဟု တွေးမိသည် အားနာစရာကောင်းသည်ဟုဆင်ခြင် အိပ်ရာတွင် မှိန်းနေလိုက်ပေသည်။

မိုးလင်းသည်နှင့် ဒေါ်တင်တင် အား အိပ်မက်အကြောင်း ခရေစေ့တွင်း ကျ ပြောပြလေသည်။ ဒေါ်တင်တင် သည် ထိုကျောင်းသို့ ရောက်နေသည် ဒေါ်နီလာထက် နှစ်ပိုကြာသူ ဖြစ်သည် ဒေါ်တင်တင်က အိပ်မက်အကြောင်း နားထောင်ပြီး -

"မိန်းမက အသားမည်းတယ် ပိန်ပိန်၊ ညာဘက်လက်က လက်ဖျံတို တယ်၊ ပုံမှန်မဟုတ်ဘူး။ သူ့ကလေး ပိန်ရှည်ရှည်၊ လမ်းလျှောက်ရင် ထော့ ထော့နင်းနဲ့ မဟုတ်လား နီလာ"

ဒေါ်နီလာသည် မိန်းမကြီး လက် ဖျံတိုနေခြင်းနှင့် ထော့နင်းထော့နင်း လမ်းလျှောက်သွားသော ကလေး ကို အမှတ်ရသည်။

"ဟုတ်ပါ့၊ ဟုတ်ပါ့ ဒေါ်တင် ရေ။ ပြောပါဦး သူတို့အကြောင်း

ဆရာမ ဒေါ်နီလာက အ



www.burmeseclassic.com

www.burmeseclassic.com

သုံးဆယ် သိချင်၍ မေးလေသည်။

"ဒီရွာရဲ့ အနောက်မှာ ချောင်းရှိတာ သိတယ်မဟုတ်လား။ မိုးတွင်းကြီး လှေနဲ့အလာမှာ လှေမှောက်ပြီး ဆုံးသွားတာလို့ပြောတာပဲ။ သားအမိနှစ်ယောက် အလောင်းကို စေတီနဲ့ ခပ်လှမ်းလှမ်းမှာ မြှုပ်လိုက်ကြတယ်လေ။ ကြာပြီဆိုတော့လည်း ကျွန်မလည်း နာမည်တွေဘာတွေ မေ့နေပါပြီ"

ဒေါ်တင်တင်ပြောပြသည်ကို နားထောင်ပြီး ပဌာန်းရွတ်တာ သူတို့အဖို့ ပုလောင်ပြီး နေစရာမရှိလို့ နေစရာလာတောင်းသည်ဟု ဆရာမဒေါ်နီလာ တွေးမိသည်။ ထိုအိပ်မက်အကြောင်းကို ဆရာမဒေါ်တင်တင်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ မပြောခဲ့ပေ။

❑

အိပ်မက်တွင်တွေ့ခဲ့ရသော မိန်းမကြီးနှင့်ကလေးမတို့မှာ ဆရာမဒေါ်တင်တင်ပြောခဲ့သလို မှန်ပါက ပြဿနာမရှိနိုင်သော်လည်း မမှန်မကန်ဖြစ်နေပါက လန်ကြုတ်လုပ်ကြံပြောသည့် ဆရာမဟုရွာတွင် သိက္ခာကျဆင်းသွားမည်။ အရှက်ရစေမည် ဖြစ်သည်။ ထိုမိန်းမကြီးနှင့် ကလေးမတို့သည် ဆရာမဒေါ်နီလာကိုသာ အိပ်မက်ပေးသည် မဟုတ်ပေ။ ကျောင်းဆောင်အသစ်ဆောက်လုပ်နေသည့် လက်သမားခေါင်းဆောင် ကိုသာအောင်ကိုလည်း နားပူနားဆာသွားလုပ်ပြန်သည်။ ကိုသာအောင်တို့လက်သမားအုပ်စုသည် ကျောင်းတွင်းမှာပင် စတည်းချနေထိုင်၍ အလုပ်လုပ်ကိုင်ကြသည်။ ပဌာန်းရွတ်ဖတ်ဆဲကာလမှာပင် ဖြစ်လေသည်။ အချိန်မှာ ည(၈)နာရီကျော်ခန့် ဖြစ်သည်။ ကိုသာအောင်သည် စားသောက်ပြီးစီး၍ ပက်လက်ကုလားထိုင်တွင်ထိုင်ရင်း မှိန်းနေပေသည်။

"ဦးလေးကြီး၊ ကျွန်မတို့ နေဖို့ အဆောင်ပေးပါ"

ကိုသာအောင်သည် သူ့အား လာရောက် နောက်ပြောသည်ဟု ထင်မှတ်၍ ခပ်လှမ်းလှမ်းရှိ ကွပ်ပျစ်ပေါ်တွင် လဲလျောင်းနေသူ ကိုမှတ်ကြီးဆိုသူအား လှမ်း၍ -

"မှတ်ကြီးရေ ဒီမှာအဆောင်လာတောင်းနေတယ်ဟေ့"

အခေါ်ခံရသူ မှတ်ကြီးသည် လှဲနေရာမှ ခေါင်းထောင်၍ ကိုသာအောင်ဆီ လှမ်းကြည့်လိုက်ပေသည်။ ကိုသာအောင် တစ်ဦးတည်း ထိုင်နေတာ တွေ့ရသည်။ ဘယ်သူမှမရှိ။

"ဘယ်သူလာလို့ ဘာတွေပြောနေတာလဲ"

မှတ်ကြီးဆိုသူက လှမ်းအော်လိုက်သည်။

ထိုအခါ ကိုသာအောင်က အသံလာရာသို့ လှည့်ကြည့်လိုက်ရာ သားအမိနှစ်ဦး သူ့အား ကျောခိုင်းထွက်သွားသည်ကို တွေ့ရသည်။ သို့ဖြင့် -

"မှတ်ကြီး မင်းကန်းနေလား၊ ဟိုမှာ မတွေ့ဘူးလား"

ကိုသာအောင်က လှမ်းအော်ပြောလိုက်သည်။ မှတ်ကြီးလည်း ဇဝေဇဝါဖြင့် အသာပြန်မှိန်းနေလိုက်ရပေသည်။

❑

မိန်းမကြီးနှင့် ကလေးမတို့အား တွေ့ဆုံခဲ့သည်မှာ ကိုသာအောင်အဖို့ သာမန်ဟုပင် ထင်ထားခဲ့ပေသည်။ ထိုဖြစ်ရပ်ကို မေ့ပျောက်ထားခဲ့သည်။ ဒုတိယအကြိမ်တွေ့ဆုံခြင်းက ကိုသာအောင်အဖို့ အလုပ်ကို ဒုန်းစိုင်းလုပ်စေခဲ့သည်။ ထို့ပြင် ရွာအတွင်း အုတ်အော်သောင်းတင်းဖြစ်ခဲ့ရသည်။ ယနေ့တိုင် ပြောစမှတ် ကျန်ရစ်သည်။ ဒုတိယအကြိမ်တွေ့စဉ်က အဖြစ်အပျက်မှာ ဤသို့ဖြစ်ပေသည်။

ပဌာန်းရွတ်ဖတ်ခြင်းနောက်ဆုံးညဖြစ်ပေသည်။ ကိုသာအောင်သည် အလုပ်ပင်ပန်းသဖြင့် ယမကာမှီဝဲကာ အပန်းဖြေနေသည်။ မြေပဲလှော်စားရင်း၊ သောက်ရင်း အချိန်ကုန်မှန်းမသိ ကုန်သွားရာ ည၉နာရီပိုင်း ရောက်လာပေသည်။ အမူးလွန်ကဲနေသဖြင့် မျက်လုံးကောင်းစွာမဖွင့်နိုင် အိပ်လို့မရနိုင်သေး။ မျက်စိအမြင်မှာ ဝေဝါးနေသည်။ တိတ်ဆိတ်သောညတွင် လမ်းလျှောက်လာသည့် ခြေသံရှပ်တိုက်သံကို ကြားရသည်။ မူးမူးဖြင့် -

"ဟိတ် - ဘယ်သူလဲ"

အာလေးလျှာလေးနှင့် မျက်လုံးကိုဖြဲ၍ ကြည့်လိုက်သည်။ တွေ့မြင်ရသည်မှာ မယုံကြည်စရာ၊ ရေစိုရွှဲနေသော မိန်းမကြီးနှင့် ကလေးမတစ်ဦးကို အချိန်မတော် ညကြီးမင်းကြီးတွင်တွေ့ရသည်။

မိန်းမကြီးက အသံအေးအေးဖြင့်-

"ငါ့ကို အဆောင်ပေးပါ"

"ဘာ. . . ဘာ"

"ငါ့ကိုအဆောင်ပေးပါ"

ကိုသာအောင် ထိတ်လန့်သွားသည်။ မူးတော့မူးနေဆဲပင်။ ကိုသာအောင်သည် အသံကုန်ဟစ်၍ တပည့်ဖြစ်သူ မှတ်ကြီးအား ခေါ်လိုက်သည်။

"ဟေး - မှတ်ကြီး လာပါဦး"

ကိုသာအောင်၏အသံသည် တစ်ကျောင်းလုံးဆီသို့ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်ပေသည်။ အိပ်ပျော်နေသော မှတ်ကြီးသည် ယောင်ယောင်မှားမှား ဖြစ်ကာ နှစ်တစ်လက်မတုတ်ကိုကိုင်၍ သူ့ဆရာထံလာလေသည်။

"ဘာလဲ ကိုသာအောင်၊ ဘာဖြစ်တာလဲ"

ရောက်ရောက်ချင်း အမောတကော မေးလိုက်သည်။

ကိုသာအောင်သည် မျက်လုံးအဝိုင်းသားဖြစ်ပြီး လက်ညှိုးထိုး၍သာ ပြနေသည်။ စကားမပြောနိုင်သေးပေ။ ဆရာမဒေါ်နီလာအပါအဝင် အဆောင်နေသူ ဆရာမများပါ ကိုသာအောင်ဆီလာကြလေသည်။

"ရေတိုက်၊ ရေတိုက်"

ဆရာမတစ်ဦးအသံကြောင့် မှတ်ကြီးက ရေခပ်၍ သူ့ဆရာအား သောက်စေလေသည်။

"ဟင်း"

ကိုသာအောင် သက်ပြင်းချပြီး ဖြည်းညင်းစွာ ပြန်လည်ပြောပြပေသည်။

"နှစ်ကြိမ်တွေ့တော့ ကျွန်တော်လည်း လန့်သွားတာပေါ့။ အခုတွေ့တဲ့ပုံက နှစ်ဦးစလုံး ရေတွေရွှဲနစ်လို့ဗျာ။ ရေထဲကတက်လာတဲ့အတိုင်းပဲ၊ အခုပြောရင်း ကြက်သီးထတယ်ဗျာ။ ကျွန်တော့်ကို အဆောင်ပေးပါတဲ့ခင်ဗျာ"

ကိုသာအောင် ပြောနေသည့် အကြောင်းအရာ မှန်ကန်ကြောင်းကို ဆရာမဒေါ်နီလာနှင့် ဒေါ်တင်တင်တို့ နှစ်ဦးသာ သိပေလိမ့်မည်။ ကိုသာအောင် ပြောပြပြီးသည်နှင့် ဆရာမနှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိတော့သည်။ ထိုရွာကြီးတွင် ရေစိုသရဲမခြောက်လှန့်သည်ဟု ပြောစမှတ်တွင်နေပေသည်။

ထိုအဖြစ်အပျက်ဖြစ်သွားပြီးနောက်ပိုင်း ဆရာမဒေါ်နီလာသည် မေတ္တာဘာဝနာကို စူးစူးစိုက်စိုက် ပွားများလေ့ရှိနေပေတော့သည်။

ဟိန်းဒေဝသာ



www.burmeseclassic.com

www.burmeseclassic.com

၁၉၇၇ ခုနှစ် ဝန်းကျင်လောက်က ဖြစ်သည်။

ထိုစဉ်အခါက ကိုအောင်ထွန်း သည် မင်းသိန်း မဖြစ်သေး။

ကျွန်တော်နှင့်တွဲမိသည်က စာရေးဆရာမောင်ရွှေစွန်နှင့် ပတ်သက်ပြီး ကိုအောင်ထွန်းကို သိကျွမ်းခင်မင်ခွင့်ရ





www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည့်လေ။

အဖြစ်က သည်လို။

❑

ကျွန်တော် နေထိုင်ရာ ကံဘဲ့ဘုတာရုံလမ်းရှိအိမ်သို့ တစ်နေ့မနက် စာရေးဆရာ မောင်ရွှေစွန်နှင့်အတူ အရပ်မြင့်မြင့်၊ ကိုယ်နေဟန်ထားကျစ်ကျစ်လျစ်လျစ်နှင့် စပို့ရှပ်အင်္ကျီလက်တောင်းတိုကျပ်ကျပ်၊ နှုတ်ခမ်းမွှေးစစနှင့် ဆံပင်အလယ်ခွဲလျက် ရုပ်ရှင်မင်းသားဝင်းဦးစတိုင်လ်မျိုးနှင့် မျက်နှာစိမ်းတစ်ဦး ရောက်ရှိလာရာမှ အစပျိုးရမည် ထင်ပါသည်။

ဆရာမောင်ရွှေစွန်က -

"ဝေမွန်၊ အခု ကိုယ် (၃) ရပ်ကွက် (၁၀) လမ်းထဲကို ပြောင်းလာပြီ။ ကိုယ့်အိမ်ကို မောင်ရင်သိရအောင် တစ်ခါတည်း လိုက်ခဲ့"

သူငယ်ချင်း တစ်ယောက်လို၊ အစ်ကိုတစ်ယောက်လို ခင်ရသူမို့ မငြင်းသာဘဲ အဝတ်အစားလဲကာ လိုက်ဖြစ်ခဲ့သည်။

"ဝေမွန်ရေ၊ ဒါက ကိုယ့်သူငယ်ချင်း။ သူငယ်ချင်းဆိုတာတောင် ငယ်သူငယ်ချင်းစစ်စစ် ကိုအောင်ထွန်းတဲ့။ ဟော့ကောင် အောင်ထွန်း၊ ဒါက ငါပြောပြောနေတဲ့ ဆရာညိုဝင်းရဲ့သား ပန်းချီဆရာဝေမွန်"

ကိုရွှေစွန်က မီးရထားသံလမ်းတစ်လျှောက် လမ်းလျှောက်ရင်း ကျွန်တော်တို့နှစ်ဦးကို မိတ်ဆက်ပေးသည်။

ကိုအောင်ထွန်းဆိုသူက -

"မောင်ရင့်သာကိုယ်မမြင်ဘူးတာပါ။ နာမည်တော့ ကြားဖူးရင်းနှီးဖူးပြီးသား။ မောင့်ရင့်အဒေါ် အင်းစိန်က မမအေးကြည်ရဲ့ စံပါရှူးပဲဟင်းက တစ်သက်မမေ့စရာ စွဲလမ်းခဲ့ရတဲ့လက်ရာ"


ဟု ပြောရင်း ရယ်ကျဲကျဲ။

သူ၏အသံ၊ သူ၏ဟန်ပန်က ထူးခြားသလိုလိုတော့ အရှိသား။

သည်လိုနှင့် ကိုရွှေစွန် နေထိုင်ရာ (၃) ရပ်ကွက် (၁၀) လမ်းအိမ်ကိုရောက်တော့မှ ကိုရွှေစွန်ငှားနေသည့်အိမ်က တခြားအိမ်ဟုတ်ရိုးလား။ မိမိ၏ ဆရာ

# ဝေမွန်လင်း

## ရင်ထဲမှာတော့ တာသသ





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့ဖူးသော ကျောင်းဆရာ ဦးသန်းလွင်၏အိမ်။ ဆရာကလည်း ကျွန်တော့်မြင်တော့ ဝမ်းသာအားရ -

"ဟာကောင်ကြီး၊ ဒါမင်းသူငယ်ချင်းဆိုတော့ ပိုကောင်းတာပေါ့။ ဆရာလူရွေးတာ မှန်သွားပြီ"

ဆိုပြီး ကျေနပ်ပုံရသည်။

ကိုရွှေစွန်က သည်အိမ်ကိုပြောင်းသာပြောင်းခဲ့ရသည်။ ဇနီးနှင့် သားသမီးတွေ မပါသေး။ ကလေးနှင့် မိန်းမက ဇာတိရပ်ရွာ ရှမ်းပြည်နယ် ကျောက်မဲသို့ အလည်အပတ်ရောက်နေသည်ဟု ဆိုသည်။

"ဟေ့ကောင်၊ မင်းနဲ့ ငါ အတူတူနေရအောင်။ အခုလမ်းအလယ်မှာအိမ်ခန်းတစ်ခန်းအားနေတယ်။ မင်းငှားကွာ၊ တို့သူငယ်ချင်းတွေ အတူနေရအောင်"

ဆိုတော့ ကိုရွှေစွန်ပြောသည့် အိမ်ခန်းကို သွားကြည့်ဖြစ်သည်။

အိမ်ခန်းလေးက မဆိုး။ လေးပင်သုံးခန်း။ ခေါင်းရင်းခန်းမှာက အိမ်ရှင်လင်မယား။ ခြေရင်းခန်းမှာက မြို့မှလာပြီး အလုပ်လုပ်နေသော အပျိုကြီးနှင့် ညီမ (၂) ယောက်။ မိမိတို့နေရမှာက အလယ်ခန်း။ ခန်းဖွင့် (၁၂) ပေခန့်ရှိပြီး ရှေ့၊ နောက်က (၃၅) ပေခန့်။ မိမိမှာက ဇနီးသည် ချိုလှဲ့ရီနှင့် သမီး မသော်တာသာရှိသေးတာမို့ နေဖို့ထိုင်ဖို့ အဆင်ပြေသည်။ ချောင်ချောင်ချိချိရှိလှသည်မို့ အိမ်ရှင်နှင့် စကားပြောဖြစ်ကြတော့ အိမ်ရှင်က မိမိရေးဆွဲနေသော မြဝတီမဂ္ဂဇင်းပုံနှိပ်တိုက်မှ စာစီဖိုမင်ကြီးဖြစ်နေပြန်တော့ တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ အစစအရာရာ အဆင်ပြေပြီး နောက် (၃) ရက်ခန့်အကြာမှာတော့ အိမ်ပြောင်းလာဖြစ်သည်။

သည်ရောက်လာတော့ သိရသည်က မိမိတို့အရင်ရောက်နေသည်က ဇမ္ဗူတလူစာပေက ကိုဉာဏ်လှိုင် ဆိုတော့ သည်တောင်ဥက္ကလာပ (၃) ရပ်ကွက် (၁၀) လမ်းထဲက လမ်းအစွန်ဆုံးမှာ ဆရာကိုဉာဏ်လှိုင်၊ ပြီးတော့ ကျွန်တော့်အိမ်၊ လမ်းထိပ်မရောက်တစ်ရောက်မှာက မောင်ရွှေစွန်။

အဲသည်အချိန်တုန်းက စာပေလောကကြီးတစ်ခုလုံးကလည်း မိုးကောင်းချိန်မို့လားတော့ မဆိုနိုင်။ ကျွန်တော်တို့ ဝင်ငွေကလည်း လွတ်ပြီးကောင်းနေကြသည်။ အပြင်သွားလျှင် ဘလက်တက်စီ နာရီနှင့် ငှားစီးကြသလို အရက်ဘားမျိုးစုံမှာ ပျော်မွေ့ကြပြီး ညအိမ်ပြန်ရောက်ချိန်တိုင်း ရေချိန်လွန်လာကြသည့်အဖြစ်။

ထိုစဉ်က သိုင်းဝတ္ထုတွေနှင့် နာမည်ကြီးနေသော စာရေးဆရာ မင်းသွေးကို ကျွန်တော်ကပဲ လမ်းထိပ်က တိုက်ခန်းအလွတ်ကိုငှားဖို့ တိုက်တွန်းပြန်ရာ မကြာမီ အိမ်ထောင်ကျခါစ စာရေးဆရာ မင်းသွေးတို့ လင်မယားရောက်ရှိလာကြပြီမို့ စာပေသမားတစ်စုတစ်လမ်းတည်းမှာ အမှုးစုံချိန်တင်ကြသည့်အဖြစ်။

ကျွန်တော်တို့ရှိရာသို့ ဒေသခံစာရေးဆရာ မြင့်ဝင်းနီက နေ့စဉ်လိုလိုလာတတ်သလို မင်္ဂလာဒုံမှ စာရေးဆရာ တက္ကသိုလ်ညွန့်ဝင်းနှင့် တပ်ကြပ်ကြီးမောင်ကိုကလည်း ကျွန်တော်နှင့် ပတ်သက်ပြီး မကြာခဏ လာတတ်သည်မို့ ကျွန်တော်တို့အဖွဲ့ ဝင်းမေတ္တာလက်ဖက်ရည်ဆိုင်မှာ နေ့စဉ် မနက်တိုင်း စကားဝိုင်းဖွဲ့ပြီး စာအကြောင်းပေအကြောင်း ပြောဖြစ်ခဲ့ကြသည်ကို အမှတ်ရနေမိသေးသည်။

ကိုအောင်ထွန်းခမျာမှာတော့ နားထောင်သူသက်သက်။ ခပေါင်းစီးကရက်ကို တစ်မီးပြီးတစ်မီး ဆက်ကာ ရှိုက်ဖွာရင်း လက်ဖက်ရည်ကျဆိမ့်တစ်ခွက်နှင့် ခေါင်းတညိတ်ညိတ်။

မိမိတို့စာပေသမားတစ်စုကို တစ်လမ်းလုံးက စိတ်ဝင်စားကြသည်။ စိတ်မဝင်စားလည်း ခံနိုင်ရိုးလား။

မနက်ပိုင်း အိမ်ကထွက်လာပြီဆိုတော့ ကြော့ကြော့မော့မော့။ ညနေပိုင်းအိမ်ပြန်ဝင်တော့ ပုဆိုးစွန်တောင်ဆွဲပြီး သိုင်းကွက်နင်းပြီး တေးတကျော်ကျော်။

မနက်မိုးလင်းလျှင်တော့ မိမိတို့ ခေါင်းမဖော်ရဲကြတော့။

ရှေ့မျက်နှာ နောက်ထားပြီး ညကဘာမှမဖြစ်ခဲ့သလို လမ်းထဲက လူတွေရဲ့ပြုံးစေ့စေ့အကြည့်ကိုတော့ နံနက်တိုင်း ခံယူရစမြဲ။

ဒီလိုအခြေအနေမျိုးမှာ ကိုအောင်ထွန်းတစ်ယောက်ကတော့ မိမိတို့ကို အားကျလို့လားပဲမဆိုနိုင်။ စာတွေတကုပ်ကုပ်နှင့် ရေးနေပါ၏။ အမိဋ္ဌာန်တွေလည်း ဝင်ပါ၏။ သက်သတ်လွတ်လည်း စားပါ၏။ ပါးစပ်ကလည်း နှုတ်တရွရွ ဆိမန်းမန်းသည့်နှယ် တလှုပ်လှုပ်။

မိမိတို့အဖွဲ့ကို အသောက်အစားဆင်ခြင်ဖို့ အမြဲတစေ သတိပေးတတ်သည်။ ကိုအောင်ထွန်းက အိပ်တော့ ကိုရွှေစွန်အိမ်၊ စားတော့ ကျွန်တော့်အိမ်။ ဒါမှမဟုတ် ဆရာမြင့်ဝင်းနီအိမ် ကြ

သလိုစားပြီး များသောအားဖြင့် ဝင်း

မေတ္တာလက်ဖက်ရည်ဆိုင်မှာ အချိန်ဖြုန်း

ဖြစ်တာက များသည်လေ။

ကိုအောင်ထွန်းနှင့် မိတ်ဆွေ

အပေါင်းအသင်း ဖြစ်ခွင့်ကြုံရတာက မိ

အတွက် တစ်ခုတော့ အကျိုးအမြတ်

ဖြစ်ပါ၏။

ပွင့်ပွင့်လင်းလင်းပြောရလျှင် ထို

စဉ်က မိမိတို့တစ်သိုက်မှာ ဘာသာရေး

နှင့်ပတ်သက်၍ အင်မတန် အားနည်း

သည်ဟု ဆိုနိုင်မလား မပြောတတ်

ဘုရားရောက်လျှင် ရှိခိုး။ ဘုန်းကြီးတွေ့

ကန်တော့တာလောက်သာရှိသည်၊ သိ

ပြီး အလေးအနက် မရှိလှ။ မိရိုးဖလာ

ဗုဒ္ဓဘာသာမို့သာ ဗုဒ္ဓဘာသာဟု ပြော

ကောင်းရုံလောက်သာ။

ကိုအောင်ထွန်းနှင့် ပေါင်းသင်းမိ

တော့မှ သေချာ ဘုရားဝတ်ပြုတတ်လာ

သည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်

တော်၊ သံဃာဂုဏ်တော်တွေ အလွတ်

ကျက်မှတ်လာနိုင်သလို စနစ်တကျအား

ပြုပြီး ပုတီးစိပ်တတ်လာသည်ကတော့

ပြောမပြတတ်လောက်အောင် အကျိုး

ကျေးဇူးများခဲ့ရသလို ဉာဏ်အလင်းရောင်

တလက်လက်တောက်ပလာသည်ဟု

ဆိုနိုင်ပါ၏။

တစ်နှစ်ခန့်အကြာ ကိုအောင်

ထွန်းတစ်ယောက် ရန်ကုန်မြေကို စွန့်ခွာ

ပြီး တောင်ကြီးသို့ ခရီးရှည်ကြီးထွက်

သွားသည်။ ထိုညက ရန်ကုန်ဘူတာကြီး

စကြံအတွင်း ဆရာမောင်ရွှေစွန်၊ ဆရာ

မြင့်ဝင်းနီ၊ ကာတွန်းအနီငွေ (ဆုပြ

ချယ်)၊ တက္ကသိုလ်ညွန့်ဝင်းတို့က

ကိုအောင်ထွန်းကို လိုက်ပါပို့ဆောင်ရင်း

မိုးလင်းခဲ့ရသည့်အဖြစ်ကို မမေ့နိုင်သေး

ကိုအောင်ထွန်းထွက်သွားပြီး ထဲ

နှစ်ကျော်ကျော်လောက်အကြာမှာတော့

ကျွန်တော်တို့ စာပေလောက ကျဆုံးခန်း

နှင့် ရင်ဆိုင်ရတော့သည်။ စက္ကူ

စာအုပ်မထုတ်နိုင်၊ ထုတ်နိုင်သော်လည်း

စာအုပ်တွေက အရှုံးပြနှင့် ကပ်ဘေးကြီး

ဆိုက်ရောက်ချိန်ဆိုတော့ မိမိတို့လော

သားတွေလည်း ဇာတ်သမားခေါင်း

သည့်နှယ် ဟိုရောက်သည်ရောက်။

❑

ကိုအောင်ထွန်းတစ်ယောက်

တော့ မင်းသိခ်ရယ်လို့ ဖြစ်လာခိုန်

တော့ မိမိတို့ဘဝတွေက အလဲလဲ

ပြီ။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ မိမိအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာချိန်မှာတော့ မိမိမှာ စားပြီးသောက်ပြီး ကလေးနှစ်ယောက် အဖတ်တင်လျက်။

"မောင်ရင့်အခြေအနေ သိပ်မဟန်ဘူးလို့ကြားလို့ ကိုယ်ကလာတာ"

ကိုအောင်ထွန်းက သူ့အသံသြဇာဝါပါဖြင့် နှုတ်ဆက်စကားဆိုသည်။

မင်းသိခ်ရယ်လို့ အောင်မြင်ကျော်ကြားသည့် စာရေးဆရာတစ်ယောက်က အပေါင်းအသင်းပေါ် စိတ်နေစိတ်ထားပြောင်းလဲမသွားဘဲ အခုလို တကူးတကရောက်လာသည်ဆိုတော့ မိမိမှာ မဖော်ပြနိုင်သော ဝမ်းသာကြည်နူးမှုက လှိုက်လှိုက်လှဲလှဲ ခံစားရသည်။

ဇနီးသည် ချိုလဲ့ရီကို -

"အိမ်ရှင်မကြီး၊ ညည်းဈေးသွားပြီးပလား"

"အခုပဲသွားတော့မလို့။ကိုအောင်ထွန်းကြီး ဘာစားချင်လဲ"

ဟု ဇနီးသည်က ခင်မင်ရင်းနှီးစွာပြန်ပြောတော့ -

"ကဲ - ဈေးဆွဲခြင်းယူခဲ့။ မောင်ရင်ငါနဲ့ ငါ့နှမ ဈေးသွားမယ်။ မောင်ရင်အိမ်ကစောင့်နေ"

ပြောပြောဆိုဆို ကိုအောင်ထွန်းနှင့် ချိုလဲ့ရီတို့ ဈေးသွားကြသည်။ မိမိနေထိုင်ရာ ကံဘဲ့သုတေသနဝင်းမှ ကံဘဲ့ဘူတာဈေးကို ဆိုက်ကားဖြင့် သွားကြခြင်း ဖြစ်သည်။

တစ်နာရီကျော်ကျော်လောက်ကြာတော့ ကိုအောင်ထွန်းနှင့် ဇနီးသည်တို့ ဈေးမှပြန်လာကြသည်။ ဈေးခြင်းတောင်းထဲမှာ အသီးအရွက်အစုံအလင်၊ ဒန်ဇလုံတစ်လုံးနှင့်အတူ အုန်းသီး၊ ငှက်ပျောသီးများလည်း ပါလာသည်။

ကိုအောင်ထွန်းက အိမ်ရှေ့ကွပ်ပျစ်လေးပေါ် ထိုင်ပြီး -

"မောင်ရင့်အိမ်အခြေအနေကို ချိုလဲ့ရီ ပြောပြလို့ ကိုယ်သိသင့်သလောက်သိပြီးပြီ။ ထားတော့။ အခုကိုယ်ပြောချင်တာက မောင်ရင့်အခြေအနေကို ကိုယ်တတ်နိုင်သလောက် ကူညီမှုဖြစ်တော့မယ်။ သူငယ်ချင်းကောင်း၊ မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ မောင်ရင်ယုံယုံ၊ မယုံယုံ ကိုယ်ပြောတဲ့အတိုင်းလုပ်ကြည့်ပါ။ သည်းခံပြီး (၉) ရက်တော့ စောင့်ခံရမယ်။ ဒီအတောအတွင်း သက်သတ်လွတ်လည်း စားရမယ်။ အမိဋ္ဌာန်ပုတီးလည်း စိပ်ရမယ်။ အခု မောင်ရင့်အတွက် ကိုယ်လုပ်ပေးစရာရှိတာ လုပ်ပေးခဲ့မယ်။ ငွေကြေးကူညီတယ်ဆိုတာကြာရှည်မခံတဲ့အကူအညီပါ။ အခုကိုယ်လုပ်ပေးမယ့်အကူအညီက တစ်ဘဝစာအကူအညီလို့မှတ်။ ဟုတ်ပြီလား"

သည်မှာတင် ကိုအောင်ထွန်းတစ်ယောက် အုန်းသီး၊ ငှက်ပျောသီးတွေကို ရေဆေးသန့်စင်သည်။ အုန်းသီးကလည်းလှမှလှ ရွှေရောင်ကိုဝင်းလို့။ ရခိုင်ငှက်ပျောသီးအလုံးထွားထွားကြီး ငါးဖီးကိုဒန်ဇလုံထဲမှာ နေရာတကျထားသိုပြီး ပွဲအုန်းကို လှပစွာတင်ပြီး သပြေပန်း၊ ရွှေပန်း၊ ငွေပန်း၊ စံပယ်ပန်းတွေနဲ့ နေရာတကျ ဆင်ယင် အမွှေးနံ့သာရည်ပက်ဖျန်းကာ ဘုရားကို ပွဲကပ်ဖို့ပြင်သည်။

သည်အချိန်မှာတော့ ကိုအောင်ထွန်းဟန်ပန်က သူငယ်ချင်းမိတ်ဆွေနှယ်မဟုတ်တော့ပြီ။ တကယ့်ကို ဂိုဏ်းဆရာကြီးတစ်ဦးနှယ် မိမိကို အသံသြဇာပါပါဖြင့် အမိန့်တွေပေးနေသည်။

"မောင်ရင် ဘုရားကို ကိုယ်ပြောတဲ့အတိုင်း လိုက်ဆိုပြီး ပွဲကပ်၊ ငါးပါးသီလခံယူ၊ မေတ္တာပို့၊ အမျှဝေပြီး သက်သတ်လွတ် (၉) ရက်စား၊ ဂုဏ်တော်ကိုးပါးပုတီး ဂုဏ်တော်အစအဆုံး တစ်မိုဒ်ကို (၁) လုံးချနဲ့ (၉) ပတ်စိတ်၊ (၉) ရက်ပြီးတာနဲ့ မောင်ရင် မထူးခြားဘူးဆိုရင် ကိုယ့်မှာပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာအကုန်လုံးလာခွာကွာ။ ကိုယ့်ကတိအတိုင်း မောင်ရင့်ကို ပေးလိုက်မယ်။ ဒီအဓိဋ္ဌာန်ဝင်တဲ့အခါမှာတော့ စည်းမပေါက်စေနဲ့။ အရက်မသောက်နဲ့၊ ကာမေသုမိစ္ဆာစာရကံ လုံအောင်ထိန်း၊ ဒီလောက်ပါပဲ။ သိပ်ပြီး မခက်ခဲပါဘူး။ မောင်ရင်လုပ်ကြည့်"

ထိုနေ့က စိတ်ထဲမှာတော့ ကြည်လင်သန့်စင်လို့နေသည်။ တစ်သက် တစ်ခါမှ မလုပ်ဘူးသည့်အလုပ်ဆိုတော့လည်း တစ်မျိုးတော့ ထူးခြားသလိုခံစားရသည်။ ဘာပဲပြောပြော အလုပ်အကိုင်အဆင်မပြေချိန်၊ လူကလည်း အားလပ်နေသည်ဆိုသော ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ အကျိုးမယုတ်သည့်ကိစ္စဆိုတော့ ကိုအောင်ထွန်းပြောသည့်အတိုင်း လုပ်ကြည့်သည်။

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ သက်သတ်လွတ်စားခြင်းအလေ့အထမရှိခဲ့သူမို့ အတော်လေး အခက်တွေ့သလို အထူးလည်း သတိထားရသည်မို့ ပင်ပန်းလှသည်။ ပုတီးစိပ်ရာမှာလည်း စိပ်ခါစမို့လားမသိ အချိန်က ဘုရားဝတ်ပြုချိန်ပါ တွတ်ပါက နှစ်နာရီနီးပါးခန့် ကြာမြင့်သည်ကို ကြိတ်မှိတ်ပြီး သည်းခံနေရသည်။

နေ့စဉ် ည (၉) နာရီထိုးပြီဆိုတာနှင့် ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ မှန်မှန်ကြီးလုပ်လာရာ (၅)ရက်မြောက်နေ့မှာတော့ တစ်ကြိမ်တစ်ခါမှ မပတ်သက်ဘူးသောနယ်မြို့တစ်မြို့မှ နာမည်ကြီးဆေးတိုက်ပိုင်ရှင်တစ်ဦး မိမိထံသို့ မေးစမ်းပြီးရောက်လာသည်။

လာရောက်သည့် အကြောင်းရင်းကလည်း သူတို့ဆေးတိုက်မှ ထုတ်လုပ်သည့်ဆေးကို ရန်ကုန်မြို့ (၃) နေရာလောက် ဆိုင်းဘုတ်ထောင်ကြော်ငြာလိုသည်။ ယခင်အပ်နေကျ ပန်းချီဆရာကသူတို့လိုချင်သည့်အချိန် မီအောင်မပေးနိုင်သည့်အတွက် မိမိထံ ညွှန်းလိုက်သဖြင့် ရောက်လာခြင်း ဖြစ်ကြောင်းကို ပြောပြပြီး အလုပ်အပ်နှံသည်။

ကြုံလို့ပြောရဦးမည်။

ထိုခေတ်ထိုအချိန်က ငွေနှစ်ဆယ်လောက်ရှိလျှင် မိမိတို့မိသားစု ညမနက်ထမင်းကောင်း၊ ဟင်းကောင်းစားနိုင်သည့်အချိန်မျိုးမှာ လုပ်ငန်းစရန်အဖြစ်ငွေတစ်သောင်းပေးခဲ့သည်။ ငါးဆယ်ကျပ်တန်အသစ်ကျပ်ချွတ်တွေ (၂) အုပ်။

မိမိတစ်သက်တာ မမျှော်လင့်ခဲ့သည့်ငွေ။ ငွေရှစ်ထောင်၊ တစ်သောင်းလောက်ဆိုလျှင် ထိုခေတ်ထိုအချိန်က စကိုဒါလိုကားမျိုး၊ မော့စ်ဗစ်လိုကားမျိုး၊ အော်စတင်လိုကားမျိုး ဝယ်စီးနိုင်သလိုတောင်ဥက္ကလာ (၃) ရပ်ကွက်လိုနေရာမျိုးမှာတောင် ပေ (၄၀ × ၆၀) သစ်သားအိမ် ရေ၊ မီးအပါ ဝယ်ယူနိုင်သည့် အခါမယမျိုးမို့ ချိန်ထိုးကြည့်မည်ဆိုလျှင် အင်မတန်ကို များပြားလှသည့် ငွေကြေး၊ တကယ့်ကို မယုံနိုင်စရာ။

သည်အလုပ်ကို လက်ခံပြီး (၉) ရက်မြောက်နေ့မှာတော့ တကယ့်ကို မဟာပြဿနာ။ မိမိပင်တိုင်ရေးဆွဲနေသော မြဝတီမဂ္ဂဇင်းတိုက်မှာ ကားလွှတ်ပြီး ခေါ်ခိုင်းသည်။ စီမံခန့်ခွဲမှုဦးသန်းညွန့်မှ ခေါ်ခြင်း ဖြစ်သည်။

ရောက်သွားတော့ ဆရာဦးသန်းညွန့်က -

"ကဲ - ညီရေ၊ တကယ့်ကို အရေးပေါ်ပဲ။ မနက်ကို ပြန်ကြားရေးဝန်ကြီး မြဝတီတိုက်ကို လာစစ်မယ်။ ဆိုင်းဘုတ်အသစ်ဆွဲရမယ်။ စံပြလုပ်သားတွေ၊ ဆိုရှယ်လစ်လုပ်သားကောင်းတွေရဲ့ အမည်ဇယားတွေ ဆွဲရမယ်။ ဆိုဒ်ကတော့ ပေ (၈) ပေ × (၄) ပေ ဆိုင်းဘုတ် (၄) ချပ်ဆွဲရမယ်။ အချိန်ကတော့ မနက်အမြီး



www.burmeseclassic.com

www.burmeseclassic.com

အဆင်သင့်ဖြစ်အောင် မောင်ရင်တာဝန်ယူ။ လိုတဲ့ငွေကိုထုတ်၊ လိုသလောက်ထုတ်၊ ကျသလောက်တောင်း၊ အချိန်မီပြီးအောင် တာဝန်ယူ။ အဲဒါ အထက်က ညီ့ကို by name နဲ့တာဝန်ပေးတာ"

အမိဋ္ဌာန်နောက်ဆုံးနေ့မှာမှ တိုက်ဆိုင်နေသည်။ အမိဋ္ဌာန်ကလည်း အဆုံးသတ်တော့မည်။ ပျက်လို့ကမဖြစ်။ ဒါပေမယ့် ရရှိမည့်ငွေကြေးကလည်း မက်မောစရာ မငြင်းရက်နိုင်။

လိုအပ်သော ပစ္စည်းပစ္စယများ ဝယ်ယူပြီး ကူညီလုပ်ကိုင်မည့်သူများ အရေးပေါ် လိုက်လံခေါ် ယူ စုဆောင်းရသည်။ ပစ္စည်းစုံ၊ လူစုံသောအချိန် မြဝတီတိုက်ကိုရောက်တော့ ညနေ (၅) နာရီထိုးပြီ။

မြဝတီတိုက်မှ ဒုအယ်ဒီတာချုပ် ဆရာတက္ကသိုလ်လှကြွယ်မှ လိုအပ်သော အစားအသောက်များ စီစဉ်ပေးရာ တစ်ချိန်တစ်ခါက မိမိအင်မတန်နှစ်ခြိုက်မက်မောခဲ့သော ယမကာ (၂) ပုလင်းက ဆော်ဒါ၊ ရေခဲနှင့်အဆင်သင့်၊ ခါတိုင်းလိုဆို သောက်မည်မှန်သော်လည်း၊ အခုတော့ မိမိမှာ အမိဋ္ဌာန်ကြီးနှင့်မို့ သောက်လည်း သောက်လိုလှသည်။ လုပ်လာခဲ့သည့် အမိဋ္ဌာန်ရက်တွေကိုလည်း နှမြောနေမိသည်မှာ အမှန်။

သည်လိုနှင့် (၈) ပေ × (၄) ပေဝါး ထပ်သားကြီးများကို ကော်ပတ်စား၊ ပေါ်လစ်သုတ်၊ ဗားနစ်ထပ်နဲ့ အချိန်က ည (၉) နာရီထိုးသွားပြီ။ ရေးဆွဲဖို့ရာ လုပ်ငန်းက မစနိုင်သေး။ ဆေးတွေခြောက်မှ ရေးလို့ရမည်။ ဘုတ်တစ်ချပ်ကို ရေးချိန် (၃) နာရီနှင့်တွက်က (၄) ချပ်ဆိုတော့ အချိန်က (၁၂) နာရီခန့်ကြာမည်။ အခု ည (၉) ကိုးနာရီဆိုတော့ မနက်မိုးလင်းချိန်မှာ ဘယ်လိုမှ မပြီးနိုင်ဆိုတာ စိတ်မှန်းနှင့်မှန်းကြည့်သည်။

ဖြစ်နေတာက နောက်ဆုံး အမိဋ္ဌာန်ပုတီးစိပ်ဖို့က အချိန် (၂) နာရီခန့် ကုန်မည်ဖြစ်သဖြင့် ပုတီးစိပ်ကိုပဲ ဖျက်ရမလား၊ အလုပ်ကိုပဲပြီးအောင်လုပ်ရမလားဆိုသော အတွေးက ဒွိဟဖြစ်လို့နေသည်။

တစ်စုံတစ်ယောက်က မိမိနားကပ်ပြောနေသလို စိတ်ထဲကထင်နေသည်။ အသံလည်း ကြားနေရသလို၊ ထူးဆန်းနေသည်။ ကိုယ့်အမိဋ္ဌာန်မပျက်စေနဲ့၊ ပြီးအောင်ဆက်လုပ်ဟု ညွှန်ကြားနေသံကြားရသလို ခံစားနေရသည်မို့ နောက်ဆုံး ဖြစ်ချင်ရာဖြစ်ဆိုပြီး အလုပ်တွေကို ပစ်ထားပြီး ပုတီးစိပ်ခြင်းကိစ္စကို စိတ်အနှောင့်အယှက်များ ဘေးချိတ်ပြီး အေးချမ်းတည်ငြိမ်စွာ အမိဋ္ဌာန်ကိစ္စဆုံးခန်းတိုင်အောင် စိတ်တုံးတုံးချပြီး လုပ်ပစ်လိုက်သည်။ ပြီးစီးချိန်မှာ ည (၁၂) နာရီ (၁၀) မိနစ်ရှိသွားပြီ။

သည်တော့မှ မိမိတာဝန်ယူထားသည့်အလုပ်ကို စတင်ဖို့ရာ ဆေးတွေ၊ စုတ်တွေ၊ ကွန်ပါတွေ၊ မျဉ်းကြိုးတွေနဲ့ လုပ်ငန်း စတင် သက်ဝင်လှုပ်ရှားလိုက်သည်။ မတတ်နိုင်၊ ပြီးချင်သည့်အချိန်ပြီး၊ မပြီးလည်း ပြီးသလောက်ပေါ့ဟု စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးစွာတွေးရင်း ဇယ်ဆက်သလို တစ်ခုပြီးတစ်ခု အဖော်များနှင့် တက်သုတ်ရိုက် ရေးဆွဲပါတော့သည်။

အဖော်ပါလာသူ မယားညီအစ်ကို ကျောင်းဆရာ ကိုသန်းကိုကလည်း ဇယားချခြင်း၊ ဆေးဖြည့်ခြင်းများ [illegible] သည်မို့ အလုပ်က သွက်လက်လို့နေသည်။ အိပ်ချင်စိတ်လည်းမရှိတော့။ ပြီးဖို့သာ လောနေသည်။

သည်လိုနှင့် ကျောက်တံတားရဲစခန်းမှ ကင်းသံချောင်းသံ (၅) နာရီ ခေါက်ချိန်မှာတော့ -

တကယ့်ကို မယုံနိုင်စရာ-

ဇယား (၄) ချပ်နှင့်အတူ ဆိုင်းဘုတ်ကြီးပါ အများအယွင်းကင်းစင်စွာနှင့် ချောချောမောမော ရေးဆွဲလို့ပြီးသွားသည်။ တစ်ချပ်တစ်ချပ်ကို ဘယ်နှနာရီနှုန်းနှင့် ပြီးသွားသည်ကိုပင် သတိမထားမိလိုက်။

ပြောရလျှင် ပုံမှန်ဘယ်လိုပင်ရေးရေး (၈) ပေ× (၄) ပေတစ်ချပ် အနည်းဆုံးရေးဦးတော့ အချိန် (၃) နာရီခန့်ကြာမည်ကို မိမိလုပ်ငန်းအတွေ့အကြုံအရ သိထားသော်လည်း အခုတကယ်ပြီးသွားပြီမှ ပြောမယုံ ကြုံဖူးမှပဲလို့ ပြောရမလားမဆိုနိုင်။

သည်မှာတင် မိမိ၏စိတ်သန္တာန်မှာ အတွေးတစ်ခု အသိတစ်စုံတစ်ရာ လင်းလက်သလို ခံစားရသည်။ ဘုရားဂုဏ်တော် (၉) ပါးကို အမိဋ္ဌာန်တင်ပြီး စိတ်ကြည်လင်သန့်ရှင်းစွာ တစိုက်မတ်မတ် မပျက်မကွက် ကြိုးစားအားထုတ်မှု၏ ရလဒ်ကောင်းတစ်ခုဟုပင် ဆိုချင်ပါသည်။ မိမိဖြစ်ပေါ်နေသော အကျပ်အတည်းများက လွတ်မြောက်အောင် ကူညီမိုင်းမမည့် ပုဂ္ဂိုလ်များ၊ ဤအကျိုးကျေးဇူးတစ်ရပ်ကြောင့် လွယ်လင့်တကူ ချောမောစွာ လုပ်ငန်းအဆုံးသတ်ခဲ့ရ သလို ထိုက်တန်သော ငွေကြေးထက် မက ရခဲ့သည်မို့ မိမိဘယ်လောက် ဝမ်း မြောက်နေသည်ကိုတော့ ပြောမပြတတ် အောင်ပင် ဖြစ်ပါ၏။ ဘဝတစ်သက် တာ မမေ့ရက်နိုင်စရာအဖြစ်တစ်ခုဟု ပင် ဆိုချင်ပါ၏။

သည့်နောက်ပိုင်းမှာတော့ ဘာသာရေးနှင့်ပတ်သက်ပြီး မိမိ၏စိတ်ရင်း အမှန်ဖြင့် ပိုပြီးအချိန်ပေးလုပ်ဆောင် ခဲ့နိုင်ပါ၏။ ဘေးဆိုးကပ်ဆိုးအသွယ်သွယ် မှလည်း လွတ်မြောက်ခဲ့ပါ၏။ အကျပ် အတည်းများကိုလည်း ကျော်လွှားနိုင်ခဲ့ ပါ၏။ သဒ္ဓါတရားတွေလည်း ပိုမို ဖူးပွင့် လန်းဆန်းလာခဲ့ပါ၏။ မိတ်ဆွေကြီး ကိုအောင်ထွန်း၏ ကျေးဇူးတရားက မိမိအတွက် ရေးပြလို့လည်းမပြီး။ ပြော လို့မကုန်။ ပြောရလျှင်တော့ တကယ့် မိတ်ဆွေကောင်းတစ်ဦးကို ဘဝတစ် သက်တာမှာ ကြုံဆုံခွင့်ရလိုက်သည်မို့ အကျိုးကျေးဇူးကားကြီးပေစွ။

အခုတော့ -

ကိုအောင်ထွန်း ခေါ် ဆရာကြီး မင်းသိင်္ခသည် တမလွန်ခရီးရှည်ကြီး ထွက်ခွာသွားပြီ ဖြစ်သော်လည်း တစ်စုံ တစ်ခုသော အတိုင်းအတာဖြင့် ကူညီ စောင်မ လမ်းညွှန်မှုက မိမိတစ်သက် တာအတွက် စားလို့မကုန်၊ လှူ၍မခန်း ဝမ်းစာအပြည့် ဖြည့်တင်းနိုင်ခဲ့ပြီမို့

မှန်သောစကားကို ဆိုရပါမ လား။

ကိုအောင်ထွန်းတစ်ယောက်မြင့် မြင့်မြတ်သောဘဝမှာ ခံစား စံစား အေးချမ်းသာယာပါစေကြောင်း ဆု ကောင်းတောင်းလျက် မိမိပြု ကောင်းမှုကုသိုလ်အစုစုကို နေ့စဉ် အမျှ ဝေရင်း ကျေးဇူးတရားကို ရင်ဝယ်ပိုက် သတိရလျက် ဆရာမင်းသိင်္ခတစ်ယောက် ကောင်းကင်ဘုံအထက်မှ ကြားနိုင်ပါစေ လို့ ရင်တွင်းမှ တီးတိုးစကားဆိုရင်း။

ဆရာမင်းသိင်္ခရဲ့ကျေးဇူးကို ဆပ် ခွင့်မကြုံလိုက်ရဘဲ ကျေးဇူးကြွေးများ မိ အပေါ် တင်ကျန်ရစ်နေသည်ကိုတော့ နောင်တရလို့မဆုံး တမြေ့မြေ့ခံစားနေ ပါသည်ဆိုတာ သူတစ်ယောက်မသိ ရှာတော့။

ဩော် -ရင်ထဲမှာတော့ တသသ

ချစ်သောမိတ်ဆွေသူငယ်ချင်း

ဝေမှ



www.burmeseclassic.com

www.burmeseclassic.com

# ရတနာဒေဝီ

## သမ္ဗုဒ္ဓေဂါထာတော်ကြီး



သမ္ဗုဒ္ဓေဂါထာတော်ဟု ဆိုသည်နှင့် မြန်မာဗုဒ္ဓဘာသာတိုင်းက အရှေ့ကျွန်းသမ္ဗုဒ္ဓေ၊ မြောက်ကျွန်းသမ္ဗုဒ္ဓေ၊ တောင်ကျွန်းသမ္ဗုဒ္ဓေ၊ အနောက်ကျွန်းသမ္ဗုဒ္ဓေ ဟူ၍ မူမတူကွဲပြား သမ္ဗုဒ္ဓေလေးမျိုးကို အမှတ်ရကြမှာပါ။ စာရေးသူကတော့ ဇမ္ဗူလက်ယာတောင်ကျွန်း နိမိတ် ဩဘာထွန်း ဟူသည့် အောင်အတိတ်နှင့် ဘုရားအဆူဆူ ပွင့်ထွန်းတော်မူရာမြေမြတ်မဟာမှ တောင်ကျွန်း



www.burmeseclassic.com

www.burmeseclassic.com

သမ္ဗုဒ္ဓေကိုသာ ရွတ်ဖတ်ပူဇော်ပါသည်။ မြန်မာပြည်သား ဗုဒ္ဓဘာသာဝင်အများစု ကလေး၊ လူကြီးများ အားလုံး တောင်ကျွန်းသမ္ဗုဒ္ဓေဂါထာတော်ကိုသာ (၆)နှစ်လောက်အရွယ်မှစ၍ အလွတ် ရွတ်ဖတ်ပူဇော်နေတတ်ကြပေပြီ။

စာရေးသူကိုလည်း (၆)နှစ်အရွယ်မှာပင် ကြီးတော်ဖြစ်သူက နှုတ်တိုက်သင်ကြားပေးခဲ့၍ သရဏဂုံသုံးပါး၊ အနန္တော အနန္တငါးပါး၊ သမ္ဗုဒ္ဓေဂါထာ စသည်ဖြင့် ရွတ်ဖတ်တတ်နေပါ၏။ စာရေးသူ၏ အစ်ကိုဖြစ်သူ ဗိုလ်မှူးဖေသောင်း (လေယာဉ်မှူးကြီး/ အထွေထွေမန်နေဂျာ-မြန်မာ့လေကြောင်း)သည် အရာရှိငယ်အဖြစ် တာဝန်ကျခဲ့ပါသည်။ လူကြီးများ ခရီးစဉ်ရှိ၍ဖြစ်စေ၊ တာဝန်ထမ်းဆောင်စဉ် ခရီးစဉ်ရှိ၍ဖြစ်စေ၊ တာဝန်ဖြင့်ဖြစ်စေ၊ မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအိုမြို့များသို့ လာရောက်ပြီး တိုက်လေယာဉ်နှင့် ရဟတ်ယာဉ်တို့ကို မောင်းနှင်ခဲ့ရပါသည်။ လေယာဉ်များ အကြောင်းအမျိုးမျိုးကြောင့် ပျက်ကျပြီး လူပါသေတတ်ကြ၍ စာရေးသူက လူတတ်ကြီးလုပ်ကာ အစ်ကိုဖြစ်သူအား ဆရာကြီးလုပ်ခဲ့ပါ၏။

"ကိုကို - ရှေ့တန်းပဲထွက်ထွက်၊ တပ်မှာပဲဖြစ်ဖြစ် လေယာဉ်မောင်းရမယ်ဆိုရင် ရတနာသုံးပါး ကန်တော့ပြီး သမ္ဗုဒ္ဓေဂါထာကို ယုံယုံကြည်ကြည်ရွတ်ပါ။ ကိုကို သမ္ဗုဒ္ဓေဂါထာ ရတယ်မို့လား"

"ရပါတယ် အိအိရဲ့။ ကိုကို့ညီမ မှာသလိုပဲ သမ္ဗုဒ္ဓေကိုရွတ်ပါ့မယ်"

"လုံးဝ မမေ့နဲ့နော် ကိုကို"

ထိုစဉ်က ကချင်ပြည်နယ်သားများနှင့် အုပ်ချုပ်သူတို့ အမြင်မှားအထင်မှားကြောင့် သံသယစိတ်များဖြင့် တိုက်ပွဲဝင်နေကြချိန်ပါ။ ကြည်းကြောင်းမှာ မိုင်းထောင်၊လူဖမ်းတတ်သလို လေယာဉ်များကိုလည်း ပစ်ချတတ်ပါသည်။ လေယာဉ်ကွင်းမှအတက်မှာ လောင်ချာများ၊ သေနတ်များနှင့် ပစ်တတ်ပါ၏။ ရေကြောင်းမှာလည်း သင်္ဘောမီးရှို့၊ ခရီးသည်တွေထံမှ ရွှေ၊ ငွေများ ယူသွားတတ်ကြပါသည်။ နယ်မြေခံများ အေးချမ်းစွာ မနေကြရ၊ ခေါင်းပြားအောင်မအိပ်ကြရပါ။ မီးအားစက်ရုံကို ဗုံးခွဲ၊ ရွာထဲဝင်တိုက်နှင့် ဒုက္ခရောက်ကြရပါသည်။ ယခုခေတ်လို လက်ကိုင်ဖုန်းလည်း မပေါ်သေး၍ ဆက်သွယ်ရန် စာတိုက်ကိုသာ အားကိုးကြရပါသည်။

ကျွန်မတို့ ကျောင်းမဆင်းခင် ရဟတ်ယာဉ်တစ်စီး ကျောင်းပေါ် နှစ်ကြိမ်၊ သုံးကြိမ်ဝဲနေပါသည်။ အသေအချာကြည့်တော့ ကိုကိုပါလာတာမို့ လက်ပြကာ အားရဝမ်းသာ နှုတ်ဆက်ရပါ၏။ ကျောင်းသာဆင်းစေချင်ပါတော့သည်။ ညနေ ကိုကို အိမ်လာမှာမို့ပါ။ ဧည့်ခန်းထဲမှာ မောင်နှမဝမ်းကွဲတွေစုပြီး ဆူညံနေကြပါပြီ။

"အိအိ - ဟိုတစ်လောက ကိုကို တာဝန်နဲ့ ရန်သူစခန်းတွေဘက် ရဟတ်ယာဉ်နဲ့ရောက်ခဲ့တယ်။ ကံဆိုးတော့ စက်နှစ်လုံးစလုံးရပ်ပြီး ရဟတ်ယာဉ်က မထိန်းနိုင်အောင် ဇောက်ထိုးကြီးဆင်းချသွားတော့တာ။ အရာရှိငယ်လည်း မျက်နှာပျက်နေတာပေါ့။ ကိုကိုကတော့ လေယာဉ်မှူးမို့လား။ စက်နှစ်လုံးကို နှိုက်ကြည့်တာ အိအိမှာတာ သတိရပြီး သမ္ဗုဒ္ဓေရွတ်တာ အမြီးအမောက်ကို မတည့်ပါဘူးဟာ။ပါးစပ်ထဲရောက်လာတဲ့အပိုဒ်ကလေးကိုပဲ ထပ်ကာထပ်ကာရွတ်ပြီး ဘုရား,တနေရတော့တာ။ အောက်ကိုငုံ့ကြည့်လိုက်လည်း ရန်သူကအမြောက်တွေ၊ သေနတ်တွေနဲ့ ချိန်ထားကြပြီ။ ဒီတစ်ခါ အသေပဲလို့ မှတ်တာကွ။ ဘယ်ဘက်ကနေ အင်ဂျင်စက်သံမြည်လာပြီး စက်ကမရပ်တော့ဘူး။ ကိုကိုလည်း အားတက်သွားပြီး စက်ကိုလက်ကနှိုက်ကြည့်၊ ပါးစပ်ကလည်း သမ္ဗုဒ္ဓေဂါထာရွတ်တော့တာ စက်နှိုးလာတော့ လူက အားတက်လာပြီလေ။ ဂါထာကိုလည်း အစအဆုံး ရွတ်နိုင်လာတော့တာ"

"ကိုကိုတို့ ရဟတ်ယာဉ် တစ်ဖက်စောင်းကြီး မိုးပေါ် ထိုးတက်သွားတာကို ကြည့်ပြီး ရန်သူတွေလည်း အံ့အားသင့်သွားကြတာလား မသိဘူး။ သေနတ်နဲ့လည်းမပစ်ဘူး။ ကိုကိုတို့အန္တရာယ်ကင်းကင်းနဲ့ သတ်မှတ်နယ်မြေထဲ ပြန်ဆင်းနိုင်ခဲ့ကြတယ်။ တပ်က လူကြီးတွေရောသူငယ်ချင်းတွေပါ ကံကြီးလွန်းလို့ ပြန်ရောက်လာတာလို့ ဆိုကြတယ်။ အရေးကြုံတော့ အိအိသတိပေးတာကို အမှတ်ရမိတာလေ"

"အမလေး - ကိုကိုရယ်၊ ဘာမှမဖြစ်လို့တော်သေးတာပေါ့။ မဟာဇနကအဖေနဲ့ ဦးလေးတို့ စစ်ထိုးကြတယ်။ ညီက သူ့ကို မတရား ဖမ်းဆီးချုပ်နှောင်ခဲ့တာ သူ ဘုရင်ကို ပုန်မကန်ဘူးဆိုပြီး ဘုရားကို အာရုံပြုပြီး သစ္စာဆိုတယ်။ သမ္ဗုဒ္ဓေဂါထာကိုတစ်ထောင်ပြည့်အောင် ရွတ်ဖတ်ပူဇော်တော့ ခြေတွေ၊ လက်တွေကို ချည်နှောင်ထားတဲ့ သံကြိုးတွေ ထောင်းထောင်းပြတ်ပြီး အစ်ကိုက အနိုင်တိုက်ခဲ့တယ်။ ဒါကြောင့် ကိုကို့ကို ရွတ်ဖို့ သတိပေးတာပေါ့ ကိုကိုရဲ့"

"အေးပါကွာ၊ ကိုကို့ဘဝမှာ လေယာဉ်ကို ဇောက်ထိုးမိုးမျှော်လည်းပျံဖူးတယ်။ လေယာဉ်ဆီပြတ်ခင် တပ်ကို အရောက်လည်းမောင်းပြီးပြန်ခဲ့ဖူးတယ်။ ရိက္ခာချ၊ ဗုံးကြဲတဲ့အလုပ်တွေ အလုပ်တွေ လုပ်တော့လည်း တစ်ခါမှ လေယာဉ်က စက်မချုပ်ယွင်းခဲ့ဘူး။ အဲဒီအခေါက်ကတော့ တစ်သက်တာ တစ်ဘဝစာ မှတ်မှတ်ရရလို့ကို ပြောရတော့မှာပဲ"

"တကယ့်ကို ကံကြီးတာပဲနော်။ သမ္ဗုဒ္ဓေဂါထာဟာ အမြီးအမောက် မတည့်ဘဲ ရွတ်နေတာတောင် အစွမ်းထက်နေရင် နေ့တိုင်းပူဇော်လို့ကတော့ ပြောစရာမရှိအောင် စွမ်းမှာပဲ ကိုကို။ လူကြီးတွေက ဂါထာကို တစ်ထောင် ပြည့်အောင်ရွတ်တယ်တဲ့။ အိအိက ... ခေါက်ပဲ ရွတ်တာ၊ အခေါက်တစ်ထောင် ပြည့်အောင် ကြိုးစားရတော့မယ်"

"ကိုကိုလည်း အချိန်ရသလော... သမ္ဗုဒ္ဓေဂါထာကို ယုံယုံကြည်ကြည် ... တိုင်းရွတ်နေပါပြီ။ သမ္ဗုဒ္ဓေဂါထာ... က ကိုကို့အသက်ကိုကယ်ခဲ့တာမို့လား"

စာရေးသူ၏ အစ်ကို ကိုယ်တိုင် ရှေ့တန်းမှာ ကြုံခဲ့ရသည့် အဖြစ်အပျက် တစ်ခုပါ။ ယခု အစ်ကိုဖြစ်သူပင် ကွယ် လွန်သွားပါပြီ။ အဆူဆူပွင့်တော်မူ... သော ဘုရားရှင်တိုင်း ဟောပြတော်မူ... ကြသည်ဟု သိရပါသည်။ ဘုရား... နှုတ်ကပါဠိတော်များသည် တန်ခိုး... မားလွန်းသလို တန်ဖိုးလည်းအနန္တ... လှပါ၏။ ဓမ္မစကြာတရားတော်၊ ပဋ္ဌာန်း အကျယ်၊ ပရိတ်ကြီး (၁၁) သုတ်... ဘုရားဟောဂါထာတို့၏ အစွမ်းမှာ ... ခန်းရှိလှပါတော့သည်။ ဘုရားရှင်အ... သည် သတ္တဝါတို့အပေါ် ကြီးမားလှ... မဟာကရုဏာတော်ကို ထီးသဖွယ် ... မိုး၍ ထားတော်မူခဲ့ကြပါ၏။ အန္တရာ... အသွယ်သွယ် ကင်းဝေးနိုင်ကြ... ယုံကြည်စွာ ရွတ်ပွား ပူဇော်သင့်... သည်။

သမ္ဗုဒ္ဓေဂါထာအစွမ်းနှင့်အန္တရာ... အသွယ်သွယ်ကို ဖြတ်သန်းကျော်... ကြပါစို့။

ရတာ...



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကိုးဆူစေတီတော်နှင့် ခြေတော်ရာစံကျောင်း


ဒေါက်တာဒေါ်နု (တောင်ကြီး)

# မဲနယ်တောင်တန်းမှခမ်းရာတော်

**မဲနယ်တောင်တန်းကြီး**

ဟိုပုံးမြို့နယ် အရှေ့အရပ်မှ အရှေ့တောင်ဘက် ဆီဆိုင်မြို့နယ်အထိ တောင်၊ မြောက်သွယ်တန်းလျက်ရှိသော တောင်ကြောကြီးမှာ ထုံးကျောက်တောင်တန်းကြီး ဖြစ်သည်။ အချို့သော တောင်ထွတ်တို့သည် ပင်လယ်မျက်နှာပြင်အထက် ပေငါးထောင်ကျော် မြင့်မားကြသဖြင့် တောင်ခိုးများဝေ၍ မြူခြေများဆိုင်းလျက်ရှိပါသည်။ တောင်တန်းကြီး၏ အရှေ့ဘက်အခြေတွင် ပွန်ချောင်းသည် မြောက်မှ တောင်သို့ စီးဆင်းနေပြီး မိုင်းပွန်မြို့နယ်နှင့် ဟိုပုံးမြို့နယ်၊ မောက်မယ်မြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၏ နယ်နိမိတ်အနားသတ်မျဉ်းကြောင်းအနေဖြင့် စီးဆင်းလျက်ရှိပါသည်။ မဲနယ်တောင်တန်းကြီး၏ အနောက်ဘက် မြေပြန့်လွင်ပြင်တွင် ဟိုပုံးမြို့နယ်မှ ဆီဆိုင် - လွိုင်ကော်သို့ ဆက်သွယ်ထားသော ကားလမ်းမကြီး တည်ရှိပါသည်။

ဟိုပုံး-မိုင်းပွန်သွားကားလမ်းမကြီးပေါ်ရှိ ရွာသစ်လမ်းခွဲမှဝင်လျှင် မဲနယ်တောင်၏မြောက်ဘက်အစွန်တွင် တည်ရှိသော စံငေါ်ကျေးရွာအုပ်စုသို့ ရောက်ရှိပါမည်။ စံငေါ်နှင့် စအွန်ရွာကို ဆက်သွယ်ထားသော မြေလမ်းမကြီး၏ဘေး



နံ့ကောင်ရွာရှိ ကျောင်းပုတ်ကို စတင်တည်ထောင်ပြီး ဖဝါးတော်ကို ဖူးမြင်ခြင်းခံရသော ဆရာတော်ဦးဣန္ဒာ




ရွှေချထားသော ဘယ်ဘက်ဖဝါးတော်




www.burmeseclassic.com

www.burmeseclassic.com



ဘုရားကိုးဆူစေတီ၏ထီးတော်ကို
အနီးကပ် ဖူးမြင်ရပုံ



ခြေတော်ရာစံကျောင်းအထက်ရှိ
ထီးတော်၏အနီးကပ်မြင်ကွင်း



ခြေတော်ရာစံကျောင်းတော်အတွင်းမှ
ဂန္ဓကုဋိတိုက်တော်



ကျက်သရေတိုက်အတွင်း ဖူးမြော်ခဲ့ရသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ



ခြေတော်ရာကိန်းဝပ်မည့်ပလ္လင်တော်ပေါ်တွင် ယာယီစံပယ်တော်မူနေသော ဗုဒ္ဓရုပ်ပွားတော်



ငွေစေတီပလ္လင်တော်တွင် ရေးသားထားသော
အနေကဇာတင်သည့်ရက်စွဲ


တွင် ဒုံကောင်ရွာဘုန်းတော်ကြီးကျောင်း တည်ရှိပါသည်။ မူလက ထိုကျောင်းကို သာစည်ကျောင်းဟု အမည်ပေးခဲ့သော်လည်း ဒေသခံများနှုတ်တွင် စွဲမလာခြင်းကြောင့် ပအိုဝ့်အခေါ် ကျောင်းပုတ် အမည်ဖြင့်သာ လူသိများလျက်ရှိပါသည်။ ယခင်က လွိုင်မောက်ခွန်တောင်ခြေရှိ ကျွဲလူးအိုင်အနီးတွင် ကျောင်းကို ဆောက်လုပ်ခဲ့၍ ကျွဲလူးအိုင်ကျောင်း (ပအိုဝ့်ဘာသာ ကျောင်းပုတ်) ဟုပင် ခေါ်ဝေါ်ခဲ့ကြပါသည်။

ကျောင်းကို ကနဦး ထူထောင်သူ ဆရာတော် ဦးကုန္ဒာသည် တောရကမ္မဋ္ဌာန်းကျောင်း ထူထောင်လိုသဖြင့် ဒုံကောင်ကျေးရွာနှင့် မလှမ်းမကမ်း... ဆိတ်ငြိမ်ရာအရပ်ကို တမင် ရွေးချယ်... ခြင်း ဖြစ်ကြောင်း ကျောင်းဒကာများ... ပြောပြပါသည်။ ဦးကုန္ဒာသည် စ... အားကောင်းမွန်သည့် ဆရာတော်... ပါး ဖြစ်သည်နှင့်အညီ ကျောင်း... ကျောင်း၏တောင်ဘက်အရပ်တွင်... ရှိသော လွိုင်မောက်ခမ်း (လွယ်... တောင်) တောင်ပေါ်ရှိ ရှေးဟော... ဘုရားပုထိုးတော်တွင် နေ့စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



ငွေစေတီထီးတော်အနီးကပ်မြင်ကွင်း၊



ငွေစေတီတော်မှ ဂန္ဓကုဋိတိုက်အတွင်း၊
စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်



ငွေစေတီတော်ခြေတော်ရင်း၊ရှိ
ဘုရားကျောင်းဆောင်၏အနုစိတ်လက်ရာ



ဘုရားဆောင်တော်အတွင်း ကိန်းဝပ်စံပယ်နေတော်မူသော ငွေစေတီတော်



ရှေးအတိတ်တဘောင်အရ
ပအို့ဝ်တိုင်းရင်းသားတို့ကို ချီးမြှင့်ပေးခဲ့သော
သနပ်ဖက်(အရွက်)အား ရွှေချ၍
ခြေတော်ရာစံကျောင်းတွင် လှူဒါန်းထားပုံ



ငွေစေတီသို့အသွား လမ်းတွင်ဖူးမြော်ခဲ့ရသော စံငေါ်ကျောင်းတော်မှ စေတီပုထိုးများ



www.burmeseclassic.com

www.burmeseclassic.com



ကနီဇာတိ
စေတီဒကာ ဦးတင်မောင်
လှူဒါန်းထားသော
ဉာဏ်တော် (၁၃) ပေရှိ ငွေစေတီတော်



www.burmeseclassic.com

www.burmeseclassic.com




ကျောင်းပုတ်၏ ဒုတိယဆရာတော်
အရှင်ဉာဏိက



ကျောင်းပုတ်ကျောင်း၊ ဆွမ်းစားကျောင်းဆောင်နှင့် အနောက်ဘက်တောင်ကုန်းပေါ်မှ
ဘုရားကိုးဆူစေတီနှင့် စက်တော်ရာစံကျောင်းတော်



စက်တော်ရာနှင့်ငွေစေတီ ကိန်းဝပ်တော်မူရာ
သာစည်ကျောင်း ခေါ် ကျောင်းပုတ်



ခြေတော်ရာစံကျောင်းတော်



စံပေါ်ရွာဘုန်းကြီးကျောင်း

ထိုင်လေ့ရှိပြီး စေတီပုထိုးဟောင်းများကို ပြုပြင်ခြင်း၊ နေ့စဉ် ဆွမ်းတော်ကပ်ခြင်းများကို ဝတ္တရားမပျက် ဆောင်ရွက်လျက်ရှိရာ တစ်ညသောအခါ၌ ဆရာတော်တရားထိုင်လေ့ရှိရာ စေတီဟောင်းခြေတော်ရင်းသို့ ကြယ်ကြွေသည့် ရောင်စဉ်တန်း ကျရောက်သည်ဟု ဆိုသည်။

ထိုညတွင် ဆရာတော် ဦးကုန္ဒာကို အိပ်မက်ပေးသည်။ အိပ်မက်အရ ဒုံကောင်ရွာမှ ကျောင်းဦးဘုရားဒကာများကို ယမန်နေ့ညက ကြယ်ကြွေရောင်စဉ်တန်းခရာနေရာကို တူးစေသောအခါ အလျား တစ်တောင့်တစ်ထွာရှိ ဘယ်ဘက် ခြေဖဝါးတော်တစ်ဆူကို ဖူးတွေ့လိုက်ရပါတော့သည်။ ဆရာတော် ဦးကုန္ဒာက အဆိုပါ ကျောက်သားခြေဖဝါးတော်ကို အထက်သို့ ပင့်ဆောင်လိုက်သောအခါ အောက်မြေသားပေါ်တွင် ခြေတော်ရာ ကျန်ရစ်သည်ကို ဖူးတွေ့ခဲ့ရသည်ဟု ဆိုသည်။

ဆရာတော် ဦးကုန္ဒာသည် ပေါ်တော်မူလာသည့် ခြေဖဝါးတော်အား ကျောင်းပုတ်သို့ ပင့်ဆောင်လာပြီး ဘုရားကိုးဆူစေတီတော်အနီးတွင် စက်တော်ကျောင်းဆောင် တည်ဆောက်၍ ကိုးကွယ်ထားပါသည်။ ယခုအခါတွင် ဟိုပုံးကိုရင်လေးဟု သာသနာပြုရာတွင် ထင်ရှားကျော်ကြားလာသော ဦးပဥ္ဇင်းအရှင်ပေါရိသကိုယ်တိုင် ဦးဆောင်၍ မူလခြေတော်ရာအနီးတွင် ရွှေတိဂုံပုံတူ စေတီတော်တစ်ဆူ တည်ဆောက်ရန် စီစဉ်နေကြောင်း သိရှိရပါသည်။ စာရေးသူတို့ရောက်ရှိရာ စက်တော်စံကျောင်း




www.burmeseclassic.com

www.burmeseclassic.com



မှ အရှေ့တောင်ဘက်သို့ မျှော်ကြည့်လိုက်လျှင် ရှိုင်မိုင်းတော်ပေါ်သို့ တက်ရောက်နိုင်ရန် မြင့်မားသော တောင်တက်လမ်းမကြီးကို ဖောက်လုပ်လျက် ရှိသည်ကို မြင်တွေ့ခဲ့ရပါသည်။ စေတီတော်ကြီး ထီးတော်တင်လှူပွဲ ပြီးမြောက်ပါက စက်တော်ရာ ဖူးမြော်မည့် ဘုရားဖူးများ ဝင်လာမစဲ တသဲသဲ ရောက်လာမည့် အထွတ်အမြတ်နေရာတစ်ခု ဖြစ်လာပေတော့မည်။

၁၉၇၂ ခုနှစ်တွင် မဲနယ်တောင်ပအိုဝ့်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် စငေါ်ရွာနှင့် စအွန်ရွာကို ဆက်သွယ်သော ကားလမ်းကို စတင် ဖောက်လုပ်



စံငေါ်-ဒုံကောင်လမ်းခွဲအနီး မြင်တွေ့ခဲ့ရသော စိမ်းစိုလန်းဆန်းစရာ ရှုမျှော်ခင်း



ငွေစေတီသွန်းလောင်းစဉ်က စစ်ကိုင်း ရထောင်ရွာသို့ လိုက်ပါလုပ်အားပေးခဲ့ကြသော
ဒုံကောင်ရွာမှ ဘုရားဒကာ ဦးရှမ်းလောင်နှင့် ဦးရှင်ခိုင်း



ဒုံကောင်ကျောင်းတော်အတွင်း လှူဒါန်းထားသော ပိဋကတ်တော်များ

ပါသည်။ ထိုလမ်းကို တာဝန်ခံ လုပ်သည့်ပုဂ္ဂိုလ်မှာ လမ်းဗိုလ် မောင် ဖြစ်သည်။ ဦးတင်မောင်၏ ဖောက်လုပ်ငန်းခွင်သို့ သူ၏ အဂ္ဂိ ဆရာတစ်ဦးလိုက်ပါပြီး ဆရာ ဦးကုန္ဒာနှင့်အတူ ကမ္မဋ္ဌာန်းထိုင် တရားဆွေးနွေးရင်းဖြင့် ဆရာတော် တပည့်ဒါယကာတစ်ဦး ဖြစ်သွား သည်။ ဆရာတော် ဦးကုန္ဒာက ကျောင်းတွင် ရွှေတိဂုံပုံတော်စေတီ ဆူ ပူဇော်ချင်သည်ဟု မိန့်သော တပည့်ဒါယကာဖြစ်သူက ထိုအ မိမိဒါနပြုနိုင်ကြောင်း၊ စစ်ကိုင်း ရထောင်ရွာတွင် ဆရာတော်၏ အ ဆန္ဒအတိုင်း ငွေစင်ဖြင့် ရွှေတိဂုံပုံ စေတီသွန်းလောင်းနိုင်သော ပန်း များကို မိမိသိကြောင်း ပြောဆို၍ ဒါနခန်းကို အကောင်အထည်ဖေ တော့သည်။ အဆိုပါ ငွေစေတီတော် ဒါယကာမှာလည်း ဦးတင်မောင်ဟု ပြီး ကနီဇာတိသားဖြစ်၍ မိုးကုတ် ကျောက်ကုန်သည်လုပ်ငန်းဖြင့် ကြီး လာသူ ဖြစ်သည်။ ဘာသာတရား ကိုင်းရှိုင်းသူဖြစ်ပြီး အင်္ဂလိပ်ပညာ တွင် ဝါသနာထုံသူတစ်ဦးဖြစ်ရာ အ ရတ်ဝါသနာအိုး လမ်းဗိုလ် ဦးတင်မော ၏ ဆရာတစ်ဆူဖြစ်လာပြီး ဒုံကော ကျောင်းဆရာတော်နှင့် ရေးစေ ကြောင့် ဆုံစည်းကြရပါတော့သည်။

ဦးတင်မောင်တွင် စစ်ကိုင်း ရထောင်ရွာ၌ အိမ်တစ်လုံးရှိရာ ရထော မှ ငွေပန်းထိမ်များကို တာဝန်ပေး ဉာဏ်တော်(၁၃)ပေမြင့်သော ငွေစေ တော်ကို မိမိအိမ်တွင်ပင် သွန်းလောင်း စေခဲ့ပါသည်။ ၁၃၃၄ ခု၊ ကဆုန်လ ငွေစေတီအား ဆရာတော် ဦးကုန္ဒာ ကျောင်းသို့ ပင့်ဆောင်၍ အနေ တင်တော်မူနိုင်ခဲ့ပါသည်။ ယခုအခါ အဆိုပါ ရွှေတိဂုံပုံတော် ငွေစေတီ ဒုံကောင်ကျောင်းသစ် ကျောင်းမကြီး ဘုရားဆောင်တွင် ပူဇော်ထားပါသည်။

ငွေစေတီ၏ ဒါယိကာ ဦး မောင်သည် ၁၉၉၃ ခု၊ နှစ်ဆန်းတ နေ့တွင် ကွယ်လွန်ခဲ့ပြီး ဖြစ်သော် လမ်းဗိုလ် ဦးတင်မောင်မှာ ယနေ့ သက်ရှိထင်ရှား ရှိနေပါသေးသည်။ ပြောပြသဖြင့် စေတီဒါယကာ၏ ဖြစ်သူ ဒေါ်ခင်မိုးသူဇာက သူမအာ ဒါနခန်းကို သိရှိခဲ့ပြီး ‌ေ တာင်ကြီး ပြည်နယ်ကျန်းမာရေးတွင် တွဲဖက် တာ ထမ်းဆောင်နေစဉ် ဒုံကောင်ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ဒုံကောင်ကျောင်း၏လက်ရှိဆရာတော်
ဦးသောမိန္ဒ


ကြီးသို့ ရောက်ရှိလာခြင်း ဖြစ်ပါတော့သည်။ ဘိုးဘွားအမွေအနှစ်ကို ဖူးမြော်စေလိုသော သူမ၏ စေတနာအဟုန်တို့ကြောင့် ဤဆောင်းပါးကို ရေးသားပြုစုရန် မောင်ဒေါ်န လိုက်ပါလာရခြင်း ဖြစ်ပါတော့သည်။

ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ကွင်းဆင်းဘဏ္ဍာရေးမှူး ဒေါ်ခင်မိုးသူဇာ နတ်သမီးညွှန်သဖြင့် စက်တော်နှင့်ငွေစေတီကို ဖူးမြော်လိုသော ဒေါက်တာစိုင်းခမ်းလှိုင်၊ ဒေါက်တာမြင့်အောင်နှင့်ဇနီး၊ နန်းနွတ်၊ ပြည်နယ်ကျန်းမာရေးရုံး ၄ကျဖျားဌာနမှ မနုနုလင်း၊ မစန်းစန်းအေး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့စာရင်းအင်း လ/ထ ဒေါ်ညွှန့်ညွှန့်စန်း၊ ဦးတင်အောင်ထွန်းနှင့် ဓာတ်ပုံဆရာ စိုင်းဘုန်းမြတ်တို့ လိုက်ပါလာကြသည်။ ဒေသခံတစ်ဦးဖြစ်သော ခွန်ထွန်းအောင်ကျော်က သူ၏ကားငယ်ဖြင့် ဒေါ်ခင်မိုးသူဇာတို့အဖွဲ့ကိုတင်ပြီး ရှေ့မှလမ်းပြသည်။ ကျွန်ုပ်တို့အဖွဲ့က ဒေါက်တာဦးမြင့်အောင်၏ကားငယ်ဖြင့် နောက်မှ စမ်းတဝါးဝါးဖြင့်လိုက်ရသည်။ ပေငါးထောင်တောင်တက်ခရီးဖြစ်သည် သာမက ရွာလမ်းကလေးများမှာ ကျဉ်းမြောင်းပြီး မိုးတွင်းချိန်ခါဖြစ်၍ ရွှံ့ဗွက်တို့နှင့် ပြည့်နေပါတော့သည်။ ချိုင့်များ၊ ကျင်းများ၊ ရွှံ့ဗွက်များကို ရှန်းကန်၍ အစ်လိုမ့်ချင်းတက်ရသောလမ်းဖြစ်ပြီး စက်တော်နှင့် ငွေစေတီကို ဖူးမြော်လိုသော စေတနာဇောကြောင့်သာ ဒုံကောင်ကျောင်းသို့ ခက်ခက်ခဲခဲနှင့် ရောက်ရှိသွားခြင်း ဖြစ်ပါတော့သည်။


ဦးခွန်ထွန်းအောင်ကျော် သွား




ဘုရားကိုးဆူရင်ပြင်တော်သို့တက်လှမ်းရာ စောင်းတန်း



စောင်းတန်းခြေရင်းရှိ ဥပုသ်ဇရပ်



သာစည်ကျောင်းအဝင်ဝတွင် တည်ရှိသော ဥပုသ်ဇရပ်



ဘုရားကိုးဆူစေတီရင်ပြင်တော်ရှိ နတ်စင်




www.burmeseclassic.com

www.burmeseclassic.com




ဆွမ်းစားကျောင်းဆောင်၏ရှေ့မျက်နှာစာ



မြူခြေဆိုင်းနေသည့် လွယ်မိုင်းတောင်မကြီးကို နောက်ခံ၍ မြင်တွေ့ခဲ့ရသော ဆွမ်းစားကျောင်းဆောင်



ကျောင်းပုတ်အရှေ့ဘက် လှိုင်မောက်ခွန်တောင်ခြေတွင် တည်ဆောက်ထားသော သိမ်ကျောင်းတော်



မြန်မာနှစ် ၁၃၃၇ ခုနှစ်က ဒုတိယဆရာတော် အရှင်ဦးဉာဏိက လှူဒါန်းထားသော ပိတ်တံ



ငွေစေတီဒါယကာ ဦးတင်မောင်၏မြေး ဒေါ်ခင်မိုးသူဇာအား စာရေးသူမှမေးမြန်းနေစဉ်

ရောက်အကြောင်းကြားသဖြင့် ဒုံကော
ရွာမှ ဦးထွန်းသာ၊ ဦးချမ်းသာနှ
ဦးအောင်ခမ်းတို့ အမှူးပြုသော ဂေါပ
များ ရောက်လာပြီး မိမိတို့အဖွဲ့ သိ
သည်များကို ဖြေကြားပေးပြီး ကျော
တော်ကြီးအနှံ့ လိုက်လံပြသပါသည်။

ဒုံကောင်ကျောင်း၏ လက်
ကျောင်းထိုင်ဆရာတော်မှာ ဦးဍ
ဦးသောဘိတ္တဖြစ်ပြီး ရဟန်းငါးဝါသ
သေးသော ငယ်ဖြူတစ်ပါး ဖြစ်ပါသည်
ကျောင်းပုတ်ကျောင်းကို ဆရာတေ
ဦးကုက္ကုဋ္ဌာထံမှ ဆက်ခံသော ဒုတိ
ကျောင်းထိုင်ဆရာတော် အရှင်ဉာဏိ
ကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘော
သို့တက်လာသူဖြစ်သည်။ဒုံကောင်ဇာတိ
သား ခမည်းတော် ဦးတိ၊ မယ်တော
ဒေါ်ကောတို့၏ သားသမီး (၄)ဦးအနက်
ဒုတိယသားတော် ဖြစ်ပါသည်။

မိမိတို့အဖွဲ့ကျောင်းပေါ်သို့ရော
လျှင်ရောက်ချင်း ဦးပဍင်းဦးသောဘိန္ဒ
ကျက်သရေတိုက်တွင် သော့ခတ်သိ
ဆည်းထားသော စက်တော်ကို ဖွင့်ပြ
သည်။ ဒကာခွန်ထွန်းအောင်ကျော
စက်တော်ကို အောက်ခံကတ္တီပါဖုံတော
နှင့်တကွ ဘုရားဆောင်သို့ပင့်ဆောင်လာ
ပါသည်။ စက်တော်ကိုရွှေအပြည့်ချထာ
သဖြင့် ဖဝါးတော်တွင် စက်လက္ခဏာ
များကို မဖူးတွေ့ရတော့ပါ။ အရှည်တစ
တောင့်တစ်ထွာနှင့် ထုတစ်လက်မခွဲခန့်
သဖြင့် လူတစ်ဦးတည်းဖြင့် ပင့်ဆောင်နိ
ပါသည်။ ဒုံကောင်ကျောင်းတွင် ကျေ
ထိုင်ဆရာတော် ဦးသောဘိန္ဒအ
ဦးပဍင်း ဦးပညာဝံသ၊ ဦးမိုးရင်ပညာ




www.burmeseclassic.com


www.burmeseclassic.com




ခြေတော်ရာဘုရားဖူးအဖွဲ့ နံ့ကောင်ရွာသားနှင့် ကျောင်းမှသံဃာတော်များ အမှတ်တရ



ကျောင်းပုတ်တက်ရာ ရှံ့လမ်း။ ဗွက်လမ်းတွင် ချွေးပြန်နေကြသော ယာဉ်မောင်းနှင့် ခရီးသည်များ



မှတ်တမ်းဓာတ်ပုံများကို မေတ္တာဖြင့် ကူညီသော ဓာတ်ပုံဆရာ စိုင်းဘုန်းမြတ်



စာရေးသူ သိလိုသမျှကို စိတ်ရှည်လက်ရှည် ရှင်းလင်းတင်ပြနေကြသော
နံ့ကောင်ရွာသား ဦးထွန်းသာနှင့် ဦးချမ်းသာ

ဘောဂတို့ သုံးပါး သီတင်းသုံး နေထိုင်ကြပါသည်။ [illegible] (၈၀) ခန့်ရှိသော [illegible] ကွမ်းအတွက်သာ ဒကာမများက [illegible] ကျ လာရောက် လှူဒါန်းသည့်စနစ်ကို ကျင့်သုံးလျက်ရှိပါသည်။

မိမိတို့အဖွဲ့ ထိုနေ့က နေ့လယ်စာကို မွန်းလွဲ (၁) နာရီကျော်မှ စားရပါသည်။ ဟိုပုံးရေထွက် ဖွားကောင်းစံဆိုင်မှ တိုဟူးသုပ်ခြောက်ပွဲဝယ်ခဲ့ရာ ထမင်းဝိုင်းပြီးသောအခါ တိုဟူးဖတ်တစ်ဖတ်မှ မကျန်သည်အထိ စားကောင်းခဲ့ပါသည်။ ခက်ခဲပင်ပန်းသောတောင်တက်လမ်းကို လှမ်းခဲ့ရပြီး ရွှံ့လမ်းဗွက်လမ်းတွင် မမောနိုင်မပန်းနိုင်ရုန်းကန်ခဲ့ရသော်လည်း စက်တော်နှင့် ငွေစေတီကို ဖူးမြော်လိုက်ရသောအခါ အမောအပန်းများပြေပျောက်၍ ပီတိသဒ္ဒါတို့ ထွန်းပေါက်ခဲ့ရပါသည်။ ဗုဒ္ဓဘာသာဝင် ပါရမီရှင်တို့ အပင်ပန်းခံ၍ သွားရောက် ဖူးမြော်သင့်လှပါကြောင်းစေတနာကောင်းဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။

ဒေါက်တာဒေါ်နု (တောင်ကြီး)

စာကြွင်း -

မဲနယ်တောင်တန်းကြီးပေါ်တွင် မှီတင်းနေထိုင်ကြသော ပအိုဝ့်တိုင်းရင်းသားတို့အတွက် ရှေးအတိတ်က တဘောင်ကောင်းတစ်ခု ရှိခဲ့သည်ဟု ခွန်ထွန်းအောင်ကျော်က ပြောပြပါသည်။

မဲနယ်တောင်တန်းကြီးပေါ်တွင် မှီတင်း နေထိုင်ကြသူများအချင်းချင်း မေတ္တာရှေ့ထား၍ ဗြဟ္မစိုရ်တရားများနှင့်အညီ အေးအတူပူအမျှ တရားမျှတ နေထိုင်နိုင်ကြပါလျှင် ဤမဲနယ်တောင်တန်းကြီးက ပအိုဝ့်ပြည်သူများကို အသီးအရွက်နှင့် မြေကြီးအတွင်းမှ သယံဇာတပစ္စည်းများဖြင့် စောင်မ ကြည့်ရှုလိမ့်မည်ဟူသော အတိတ်ကောင်းတဘောင်ကောင်းပင် ဖြစ်ပါတော့သည်။

ထိုတဘောင်အရ မဲနယ်သီးနှင့် သနပ်ဖက်ရွက်များကို ပအိုဝ့်လူထုက ခံစားရပြီးဖြစ်ကြောင်းနှင့် ယခုအခါတွင် တွင်းထွက်သတ္တုသယံဇာတများကို စတင်တူးဖော်နေပြီ ဖြစ်ကြောင်းကိုလည်း ခွန်ထွန်းအောင်ကျော်မှ ဆက်လက်ပြောပြခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်

## ဆရာဒလမင်းဒေါင်

Chaldean Numerology

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 |
|---|---|---|---|---|---|---|---|
| A | B | C | D | E | U | O | F |
| I | K | G | M | H | V | Z | P |
| J | R | L | T | N | W | | |
| O | | S | | X | | | |
| Y | | | | | | | |

နံပါတ် (၂၄) ဂဏန်း - မိသားစု အချစ်လှိုင်းထဲရှိနေသည်။ အမြဲတမ်း မိသားစုအရေးများဖြစ်နေမည်။ အိမ်ရှိ မိသားစုကျန်းမာရေးမကောင်းဖြစ်တတ်သည်။ ဆန့်ကျင်ဘက်လိင်များနှင့် ချစ်ကြိုက်ရတတ်သည်။ အနာဂတ်အကြံအစည်များ မိမိအတွက် အခွင့်အရေးရမည်။

နံပါတ် (၂၅) ဂဏန်း - အမှုရင်ဆိုင်ရတတ်သည်။ အသေးအဖွဲ့များက စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ ကျန်းမာရေးအတွက် သောကဖြစ်တတ်ပြီး အသက်ကြီးသူများ သေဆုံးရဲတတ်သည်။

နံပါတ် (၂၆) ဂဏန်း - စီးပွားရေးအတွက် ကောင်းသောဂဏန်းဖြစ်သည်။ အဆုံးအဖြတ်မကောင်းပါ။သင်ပိုင်သော အရာများ စွန့်ပစ်ရမည်။ (၂၆) ဂဏန်းကာလများမှာ လူအများ လေဖြတ်၍ သေဆုံးရသည်။ အိမ်ထောင်ဖက်နှင့် ရင်းနှီးမြုပ်နှံမှုများကို စောင့်ကြည့်ပါ။ စဉ်းစားဆင်ခြင်မှုနည်းတတ်သည်။ ဂရုစိုက်ဖို့သတိပေးပါ။

နံပါတ် (၂၇) ဂဏန်း - (၁၈) ဂဏန်းနှင့်ဆင်သည်။ ဒုက္ခနှင့် ကံဆိုးမိုးမှောင်ကျတတ်သည်။ ဘာလုပ်ငန်းမှ စတင်မလုပ်သင့်ပါ။

နံပါတ် (၂၈) ဂဏန်း - ဆန့်ကျင်ဘက်များတွေ့ရသည်။ အခြားသူများ ယုံကြည်၍မရပါ။အတိုက်အခံများ၊ ယှဉ်ပြိုင်ဘက်များနှင့် တွေ့ရသည်။ ကံဆိုး၊ ကံကောင်းတွဲနေသည်။

နံပါတ်(၂၉)ဂဏန်း - မမျှော်လင့်ဘဲ အန္တရာယ်ကြုံတွေ့ရတတ်သည်။ အနာဂတ်အတွက် သတိထားနေပါ။ မရေရာခြင်း၊ အလိမ်ခံရခြင်း၊ သစ္စာဖောက်ခံရခြင်းများ ကြုံတွေ့ရသည်။

နံပါတ်(၃၀)ဂဏန်း - ကံဆိုးခြင်း၊ ကောင်းခြင်းမရှိ။ သုံးသပ်တွေးတောခြင်း၊ နောက်ကြောင်းပြန်စဉ်းစားခြင်းနှင့် နာမ်ပိုင်းဆိုင်ရာမှာ အခြားသူများထက် မြင့်သည်။ ပါဝါစွမ်းအင်အပြည့်ရှိနေသည်။

နံပါတ်(၃၁)ဂဏန်း - ၎င်းဂဏန်းသည် မိတ်ဆွေများ ဝိုင်းပယ်ခံရခြင်း၊ တစ်ဦးတည်းနေခြင်း၊ ကိုယ်တိုင်ပါဝင်ခြင်းမှလွဲ၍ နံပါတ် (၃၀) ဂဏန်းနှင့် တူသည်။ လောကကြီး ကံမကောင်းသည့် ကာလ ဖြစ်သည်။ လှုပ်ယမ်းနေရသည့် ကာလ ဖြစ်သည်။

နံပါတ် (၃၂) ဂဏန်း - (၅)၊ (၁၄)၊ (၂၃) ကဲ့သို့ ထူးဆန်းသော ပါဝါစွမ်းအားရသောကာလ ဖြစ်သည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် လုပ်ကိုင်ပါက ကံကောင်းသည်။ အနာဂတ်အတွက် အခွင့်အရေးပေးမည့်ကာလ ဖြစ်သည်။

နံပါတ် (၃၃) ဂဏန်းသည် နံပါတ် (၂၄) သို့မဟုတ် (၁၅) နှင့် တူသည်။

နံပါတ် (၃၄) ဂဏန်းသည် နံပါတ် (၂၅) ကဲ့သို့ပင် ဖြစ်သည်။

နံပါတ် (၃၅) ဂဏန်းသည် (၁၇) သို့မဟုတ် (၂၆) နှင့်တူသည်။

နံပါတ် (၃၆) ဂဏန်းသည် (၂၇) နှင့်တူသည်။

နံပါတ် (၃၇) ဂဏန်းသည် မိတ်ဆွေ၊ အချစ်နှင့် အိမ်ထောင်ဖက်များ ကံကောင်းသောကာလ ဖြစ်သည်။

နံပါတ် (၃၈) ဂဏန်းသည် (၂၉) နှင့်တူသည်။

နံပါတ် (၃၉) ဂဏန်းသည် (၃၀) နှင့်တူသည်။

နံပါတ် (၄၀) ဂဏန်းသည် (၃၁) နှင့်တူသည်။

နံပါတ် (၄၁) ဂဏန်းသည် (၃၂) နှင့်တူသည်။

နံပါတ် (၄၂) ဂဏန်းသည် (၃၃) နှင့်တူသည်။

နံပါတ် (၄၃) ဂဏန်းသည် ကံမကောင်းသောဂဏန်း။ အတော်လှန်ခံရခြင်း။

နံပါတ် (၄၄) သည် (၂၆) နှင့်တူသည်။

နံပါတ် (၄၅) သည် (၂၇) နှင့်တူသည်။

နံပါတ် (၄၆) သည် (၃၇) နှင့်တူသည်။

နံပါတ် (၄၇) သည် (၂၉) နှင့်တူသည်။

နံပါတ် (၄၈) သည် (၃၀) နှင့်တူသည်။

နံပါတ် (၄၉) သည် (၁၃) သို့မဟုတ် (၂၂) နှင့် တူသည်။

ဂဏန်းတွဲများအဓိပ္ပာယ်ဖော်ညွှန်းချက်သည် အောက်ပါအတိုင်း ဖြစ်သည်။ ၎င်းသည် ကိုယ်ပိုင်ဟန်အနေအထား (Overtone)ဂဏန်းကို သိလိုသောအချိန်ကာလအပိုင်းအခြားထဲက ပြဿနာတစ်ရပ်၏ ဂဏန်းကို ပေါင်းထားခြင်းကို ညွှန်းသည်။ ဆက်လက်တွက်ချက်ကြည့်သောအခါ ဂဏန်းအသစ်အတွဲများက မှန်ကန်ကြောင်း သက်သေပြနိုင်သည်။ ဤသို့ဖြင့် အဟောများကို မှန်အောင်ဟောနိုင်သည်။

**သတ်မှတ်ကာလထဲက ဂဏန်းတွဲများနှင့် ဟန်အနေအထား(Overtone) တို့၏ ဖွင့်ဆိုချက်**

၁၅-၁၈ (၁၅) နောက်က (၁၈) တွဲက များသောအားဖြင့် အိမ်ထောင်ရေးပြိုကွဲခြင်း၊ နှစ်ယောက်စလုံးကွဲခြင်း ကံဆိုးတတ်ခြင်း။

၁၅-၂၀ အလုပ်အကိုင်၊ အိမ်၊ ခရီးသွားခြင်း၊ ကျန်းမာရေး စသည့်ကိစ္စများ ကောင်းသောပြောင်းလဲခြင်း။

၁၅-၂၂ ပုဂ္ဂိုလ်ရေးအဆုံးအဖြတ်ကိုယ့်ဆုံးဖြတ်ကိုမယုံနှင့်။ များများအနားယူ။

၁၅-၂၃ ကျန်းမာရေးဂရုစိုက်ပါ။ အာရုံထွေပြားတတ်။ ထို့ကြောင့် အနားယူပါ။ စိုးရိမ်မှုများတတ်သည်။

၁၅-၁၆ အန္တရာယ်ကျရောက်ခြင်း မတော်တဆဖြစ်ရပ်များ မမျှော်လင့်ဘဲကြုံရခြင်း။

၁၅-၁၇ ပုဂ္ဂိုလ်ရေးရာပျော်ရွှင်မှု၏သော့ချက်။

၁၅-၁၉ အချစ်ရေးနိုးကြားသောကာလ။

၁၅-၂၁ ပေါက်ကွဲ၍သေခြင်း သို့မဟုတ် တိုးတက်မှု၏အဆုံး။

၁၅-၂၄ ကြီးမားသော ပျော်ရွှင်မှု သို့မဟုတ် ဝမ်းနည်းမှုဖြစ်တတ်သည်။

၁၆-၁၆ ခရီးတိုသွားရခြင်း၊ အထူးဂရုစိုက်ပါ။

၁၆-၁၇ မမျှော်လင့်ဘဲ ငွေတိုး



www.burmeseclassic.com

www.burmeseclassic.com

လာခြင်း သို့မဟုတ် အစုရှယ်ယာများ ပြန်ရခြင်း။ အိမ်ရာမြေများ ရောင်းရန် ကောင်းသောကာလ။ သို့ရာတွင် စာရင်း မရှိ။

**၁၆-၁၈** ပြန်လည် တည်ဆောက် သောကာလ။ မတော်တဆ ထိခိုက်မှု အန္တရာယ်၊ အိမ်ထောင်ရေးကွဲခြင်း၊ ရန်သူများခြင်းဆိုသော ဘေးဒုက္ခအပေါ်ကို ဖော်ပြသည်။

**၁၆-၂၀** ကောင်းသော ပြောင်းလဲခြင်းနှင့် အခွင့်အရေးကောင်းရခြင်း။

**၁၆-၂၁** အကြံအစည်၊ အလုပ်အကိုင်ကောင်းသောကာလ။ မတော်တဆ ထိခိုက်ဖြစ်တတ်၊ သတိထား။

**၁၆-၂၃** အိမ်ထောင်ရေးနှင့် ပတ်သက်၍ အဆင်ခြင်မဲ့စွာ ကွဲပြားခြားနားမှု ကိုသိထားရမည်။ သို့မဟုတ် အချစ်ရေးကိစ္စများ ပေါက်ဖွားမည်။ စီးပွားရေး အခွင့်အရေးသစ်များ ပေါ်ပေါက်မည်။ ခရီးသွားရမည်။

**၁၇-၁၈** စီးပွားရေးအခက်အခဲ တွေ့ရသောကာလ ဖြစ်သည်။

**၁၇-၁၉** ငွေကြေးရေး ကောင်းသောနှစ် ဖြစ်သည်။ လာမည့်နှစ်တွင် အကြံအစည်ကောင်းများပေါ်မည်။ မိမိကိုယ်ကိုယ်မိမိ သတ်သေနိုင်သည်။

**၁၇-၂၀** အလိမ်ခံရသော အရင်းအနှီး ပစ္စည်းပြန်ရမည်။

**၁၇-၂၂** စီးပွားရေးနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချရသောနှစ် ဖြစ်သည်။

**၁၇-၂၀** နှင့် **၂၁** သည် အကောင်းဆုံးသောကာလ ဖြစ်သည်။

**၁၈-၂၂** နှင့် **၂၄** သည် မကျွမ်းကျင်လေလေ ပို၍ကြိုးစားသည်ကို ဖော်ပြသည်။

**၁၈-၁၄** အခွင့်မသာ ဆင်းရဲဒုက္ခ ရောက်ရသောကာလ ဖြစ်သည်။

**၁၈-၁၅** မကောင်းသောကာလ ဖြစ် သည်။

**၁၈-၁၈** သတိထားပါ၊ အကြံအစည်များ ပြုလုပ်ပါ။

**၁၈-၂၄** ဒုက္ခဖြစ်နိုင်အောင် ကျန်းမာရေးညံ့တတ်သည်။ တစ်ခါတစ်ရံ အိမ်ထောင်ရေးကွဲနိုင်သော အစပိုင်းကာလ ဖြစ်သည်။

**၁၈-၁၆** ပြန်လည် တည်ဆောက်နိုင်သောကာလ ဖြစ်သည်။ အမြဲတမ်း ကောင်းသည်။ အသက်ကြီးသူများ မကောင်းသေးပါ။ ၎င်းကာလအတွင်း ဒုက္ခရောက်တတ်သည်။

**၁၉-၁၅** အချစ်စိတ်ပြင်းထန်မှုကို ဖော်ပြသည်။

**၁၉-၁၉** မလိုအပ်လျှင် ဘာမှမှတ် မသားသောကာလ ဖြစ်သည်။

**၁၉-၂၁** အသက်အရွယ်အရမကြော ခဏ ပြည့်စုံသည်။

**၁၉-၂၂** ပုဂ္ဂိုလ်ရေးကိစ္စများ ဆုံးဖြတ်သင့်သည်။ လက်ထပ်ခြင်းနှင့်ပတ်သက်သည်။

**၁၉-၂၃** နှစ်ကောင်းများ၏ အစ ထူးဆန်းသော အပြောင်းအလဲအချို့ ဖြစ်တတ်သည်။ ဥပဒေနှင့် ပတ်သက်သောကိစ္စများ ဖြစ်သည်။

**၂၀-၁၈** ပြောင်းလဲမှုနှောင့်နှေးတတ်၊ မကျေနပ်မှုဖြစ်မည်။ ယာယီဖြစ်တတ်သည်။

**၂၀-၁၆** အပြောင်းအလဲကောင်းများ မကြာခဏဖြစ်မည်။ သို့မဟုတ် မမျှော်လင့်သော အခွင့်အရေးရတတ်။

**၂၀-၁၉** လက်ထပ်ရန် ကောင်းသောနှစ် ဖြစ်သည်။ ခရီးသွားရတတ်သည်။ လက်ထပ်ပြီးက နေရာပြောင်းရမည်။ စီးပွားတက်ခြင်း သို့မဟုတ် အခြေအနေကောင်းမည်။

**၂၀-၁၄** အပြောင်းအလဲခက်ခက်ခဲခဲလုပ်ရမည်။ သို့ရာတွင် ကောင်းလိမ့်မည်။

**၂၀-၂၁** စွန့်စားမှုအသစ် သေချာအောင်မြင်မည်။ခရီးသွား၍ကောင်းမည်။ သို့မဟုတ် အကြံအစည်များ ဆောင်ရွက်ရမည်။

**၂၀-၂၄** မိသားစုကိစ္စ ပေါ်မည်။ အပြောင်းအလဲပိုကောင်းမည်။ ငွေကြေးကောင်း၍အိမ်မွမ်းမံခြင်း၊ အနေအထားပြောင်းလဲမှုများလုပ်မည်။

**၂၀-၂၃** ထူးခြားသော နေရာအပြောင်းအရွှေ့ရှိမည်။ ခရီးသွားရမည်။ သို့မဟုတ် အိမ်ပြောင်းရတတ်သည်။

**၂၁-၁၉** ချစ်ရေးဆိုခြင်း၊ စေ့စပ်ခြင်း သို့မဟုတ် လက်ထပ်နိုင်သည်။ လက်ထပ်ပါက ကိုယ်ဝန်ရှိမည်။ သို့မဟုတ် ကလေးမွေးမည်။ အိမ်ဝယ်ရန် ကောင်းသောကာလ ဖြစ်သည်။

**၂၁-၂၃** ဥပဒေနှင့်ပတ်သက်သော ကိစ္စ၊ ကျန်းမာရေး၊ ခရီးသွားခြင်းနှင့် စိတ်ဝင်စားမှုအသစ်များ ပေါ်ပေါက်တတ်သည်။

**၂၁-၂၄** အိမ်နှင့် မိသားစုကိစ္စ သေချာအောင်မြင်မည်။

**၂၂-၂၁** ဆုံးဖြတ်ချက် ကောင်းကောင်းချ။ အကြံအစည်များ အကျိုးရှိအောင်ဆောင်ရွက်။

**၂၂-၂၂** ဆုံးဖြတ်ချက်ချရာ အထူး သတိထား ဆောင်ရွက်ပါ။

**၂၂-၂၃** ဥပဒေနှင့်ပတ်သက်သော ကိစ္စများ၊ ခရီးသွားခြင်း၊ ကျန်းမာရေး ကိစ္စများ ဆုံးဖြတ်ချက်ချရမည်။ အချစ်ရေးကိစ္စမှာ မိုက်မဲတတ်သည်။

**၂၂-၂၄** မိသားစုကိစ္စ၊ ကလေး ခွဲစိတ်ခံရခြင်း၊ အိမ်အဆောင်အယောင် နှင့် ပတ်သက်၍ အဆုံးအဖြတ်ချရမည်။

**၂၃-၁၇** ကျန်းမာရေးထိန်းပါ။ စီးပွားရေးအပြောင်းအလဲကောင်းဖြစ်မည်။ ခွဲစိတ်ကုသရပါက သတိထားပါ။

**အနာဂတ်တွက်ချက်ဟောနည်း**
**(How to work out Prediction)**

မွေးနေ့ရောက်တိုင်း တွက်ချက်ကြည့်ပါက လက်ရှိနှစ်နှင့် ထပ်တူမကျပါ။ တစ်နည်းဖြင့် ၁၉၇၁၊ မတ်လမှာ တွက်က မွေးလ ဇူလိုင်လမရောက်သေးသဖြင့် အသက်မှာ (၂၁) နှစ်ရှိပြီ ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်ဖြင့် တွက်ထားခြင်း ဖြစ်သည်။ ဇူလိုင်လနောက်တွက်ပါက အသက် (၂၂) နှစ်ရှိသည်။ ၁၉၇၁ ခုကို အခြေခံတွက် ထားခြင်း ဖြစ်သည်။ အခြားနည်းဖြင့် ရှင်းပြရပါက ပြက္ခဒိန်က ၁၉၇၁ ခုနှစ်၊ မတ်လဟု ဖော်ပြထားသော်လည်း ဇူလိုင်မတိုင်မီအထိ ၁၉၇၀ ပြည့်နှစ်ကို ထည့်စဉ်းစားရမည်။

ဟောပြောခြင်းအတွက် တွက်ချက်ပုံအဆင့်များကို အောက်ဖော်ပြပါ အချက်များက အထောက်အကူပြုသည်။

အဆင့် (၁) တစ်နှစ်လုံးအတွက် ဟန်အနေအထား (Overtone) ကို ရှာ၍ မွေးနှစ်အတွက် အတိုချုံးဂဏန်းကို ပေါင်းရမည်။

အဆင့် (၂) ပထမ (၄) လပိုင်း ကာလအတွက် လက်ရှိနှစ်အတွက် လက်ရှိအသက်တို လက်ရှိနှစ်ကို ပေါင်း၍ ဂဏန်းကို အတိုချုံးကို ရှာပါ။

အဆင့် (၃) ဒုတိယ (၄) လပိုင်း ကာလအတွက် ဘဝလမ်းကြောင်း စုစုပေါင်းကို လက်ရှိနှစ်ကိုပေါင်း၍ အတိုချုံးပေါင်းခြင်းပြုပါ။

အဆင့် (၄) တတိယ (၄) လပိုင်း ကာလအတွက် အကျင့်စရိုက်သော့ချက်ဂဏန်း (Character key) (ဇယားမှာကြည့်) ကို လက်ရှိနှစ်ကိုပေါင်း၍ အတိုချုံးဂဏန်းပြုပါ။

ဟောပြောနည်းဇယားကို အောက်ပါအတိုင်း တည်ဆောက်ထားသည်။

ဥပမာ - ၁၉၄၆ ခု၊ ဖေဖော်ဝါရီ



www.burmeseclassic.com

www.burmeseclassic.com

(၂) ရက်မွေးသူ၏ ဇယား-

**ဟန်ပန်လေသံ (Overtone)**

**နှစ်အတွက် (For you)**

၁၉၇၂
၂၀
၁၉၉၂ (၂၁)

**ပထမ(၄)ကာလ**

(ဖေဖော်ဝါရီ ၂၇ မှ ဇွန်၂၇)

၁၉၇၂
၂၆
၁၉၉၈ (၂၇)

**ဒုတိယ(၄)ကာလ**

(ဇွန် ၂၇ မှ အောက်တိုဘာ ၂၇)

၁၉၇၂
၁၃
၁၉၈၅ (၂၃)

**တတိယ(၄)ကာလ**

(အောက်တိုဘာ ၂၇ မှ ဖေဖော် ဝါရီ ၂၇)

၁၉၇၂
၇
၁၉၇၉ (၂၆)

ဟန်ပန်လေသံ (Overtone)(၂၁)၊ ပထမ (၄) လကာလ (၂၇)၊ ဒုတိယ (၄) လကာလ (၂၃)၊ တတိယ (၄) လ ကာလ(၂၆)။

တစ်နှစ်လုံးအတွက် ၁၉၇၂ ခု၊ ဖေဖော်ဝါရီမှ ၁၉၇၃ဖေဖော်ဝါရီလအထိ ဟန်ပန်လေသံ (Overtone) သည် (၂၁) ရသည်။ (၁၉၄၆= ၂၀) မွေးနှစ် (၂၀) ကို ယခုနှစ် ၁၉၇၂ ပေါင်းပြီးပါက (၂၁) ရသည်။ (၁+၉+၇+၂=၂၁) (၂၁) ဟန်ပန်လေသံ(Overtone)ဂဏန်းသည် အကောင်းဆုံးဖြစ်နိုင်ဖွယ်သော ဂဏန်း ဖြစ်သည်။ ၎င်းဟန်ပန်လေသံ (Overtone) ဂဏန်း (၂၁) သည် အကြံအစည် ပြုခြင်း၊ ခရီးထွက်ခြင်းဖြင့် အောင်မြင်မှုအားလုံးရမည်။

သို့ရာတွင် တစ်နှစ်တာလအပိုင်းခွဲများကိုလည်း ကြည့်ရမည်။ ဖေဖော်ဝါရီ (၂၇) ရက်မှ ဇွန် (၂၇) အထိတွင် (၂၇) ဂဏန်းရသည်။ ၎င်း (၂၇) ဂဏန်းသည် လက်ရှိနှစ် ၁၉၇၂ ကို လက်ရှိ အသက်(၂၆)နှစ်ပေါင်းရခြင်း ဖြစ်သည်။ လက်ရှိ မွေးသက္ကရာဇ် ၁၉၇၂ မှ မွေးသက္ကရာဇ် ၁၉၄၆ နုတ်ခြင်းဖြင့် ယခုအသက်ကိုရသည်။ အသက်မှာ (၂၇) နှစ် ဖြစ်သည်။ ၎င်းနှစ်တွင် အတိတ်နိမိတ်များအခွင့်မသာသောအခြေအနေမှာ ရှိသည်။ အနာဂတ်အတွင်းပြန်လည်တည်ဆောက်နိုင်သော အနေအထား၊ လမ်းခင်းပေးပြီး လက်ရှိမလုပ်နိုင်သေးသော (၁၈) ဂဏန်းနှင့် တူညီသည်။

နောက်ဒုတိယ(၄)လပိုင်းကို (၂၃) စိုးမိုးသည်။ ၎င်းကာလသည် ဇွန် (၂၇)မှ အောက်တိုဘာ (၂၇) အထိ ဖြစ်သည်။ ၎င်းကို ဘဝလမ်းကြောင်း (၂+၉+၂၀= ၃၁ အတိုချုံးဂဏန်း) ဂဏန်း ကို ယခုနှစ် ၁၉၇၂ ပေါင်းခြင်းဖြင့် ရသည်။ ပေါင်းရကိန်းမှာ ၁၉၈၅ ဖြစ်ပြီး အတိုးချုံးဂဏန်း (၂၃) ရသည်။ ဟန်ပန်လေသံ (Overtone) ဂဏန်း (၂၁) နှင့်အတူ ၎င်း (၂၃) (၂၁-၂၃) သည် ဥပဒေနှင့် ပင သောကိစ္စများ၊ ကျန်းမာရေး၊ ခရီးသွားလာခြင်း၊ အရင်းအနှီးသစ်ကို ဖော်ပြသည်။ (၂၃)သည် ထူးဆန်းတုန်ခါရိုက်ခတ်မှုရှိပြီး ကာကွယ်ကုသမှုထူးချွန်သော ဆရာဝန်တစ်ယောက် အထူးလိုအပ်သည်။ အာရုံကြောနှင့်ပတ်သက်၍ ဖြစ်တတ်သည်။ အနားမနေရသောကာလများ ဖြစ်သည်။ ဤကာလမှာ အဆက်အသွယ်သစ်များရတတ်သလို ခရီးဝေးသွား ရတတ်သည်။

နောက်ဆုံးပိုင်း တတိယ (၄) လပိုင်းကာလကို အောက်တိုဘာ (၂၇) မှ ဖေဖော်ဝါရီ (၂၇)အထိ ဖြစ်သည်။ ၎င်း တတိယအပိုင်းကာလကို ဂဏန်းနံပါတ် (၂၆) က စိုးမိုးသည်။ ၎င်းဂဏန်းကို လက်ရှိနှစ် ၁၉၇၂ နှစ်ကို အကျင့်စရိုက် (Character) ဂဏန်း (၇) ကို ထပ်ပေါင်းခြင်းဖြင့်ရသည်။ ၁၉၇၂= ၁၉+၇=ကို (၇) ဂဏန်းထပ်ပေါင်းရသည်။ (၂၆)ဂဏန်းသည် အလွန်ကောင်းသော တုန်ခါလှိုင်းများရှိသည့်ဂဏန်း ဖြစ်သည်။ သို့ရာတွင် အဆုံးအဖြတ်ကောင်းကောင်းမချနိုင်ပါက အချည်းနှီးဖြစ်ပြီး ကံကောင်းခြင်းများ ပျောက်ကွယ်တတ်သည်။

ဟန်ပန်လေသံ(Overtone)ဂဏန်း (၂၁) နှင့်အတူ စီးပွားရှာနိုင်သာကာလ သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် အိမ်ထောင်ဖက်အတွက် စောင့်ကြည့်ရမည်။ အချို့သောသူများ (၂၆) ဂဏန်းရသော ဤကာလမှာ လေဖြတ်သေတတ်သည်။

ဆက်လက်ပြီး အခြားသောအမြင်မတူသောဇယားကိုချကြည့်ပါ။

ဥပမာ - မွေးနေ့သည် -
ဩဂုတ်လ ၆ ၁၉၄၆
၈ ၆ ၂၀= ၁၆

၎င်းကို ၁၉၇၁၊ မတ်လမှာ တွက်ချက်သည်။ ၁၉၇၁ ခုနှစ်၊ ဩဂုတ်လ မတိုင်မီမှာတွက်သည့်အတွက် ၁၉၇၀ ပြည့်နှစ်ကို အခြေပြုတွက်ရသည်။ အကယ်၍ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလမှာတွက်ပါက ၁၉၇၁ ခုနှစ်ကို အခြေပြုတွက်ရမည်။ တွက်နည်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

**ဟန်ပန်လေသံ (Overtone)**

၁၉၇၀အတွက်-

၁၉၇၀
၂၀
၁၉၉၀ = ၁၉

**ပထမပိုင်းကာလ**

(ဩဂုတ် ၆ မှ ဒီဇင်ဘာ ၆)

၁၉၇၀
၂၄
၁၉၉၄ = ၂၃

**ဒုတိယပိုင်းကာလ**

(ဒီဇင်ဘာ ၆ ဧပြီ ၆)

၁၉၇၀
၁၆
၁၉၈၆ = ၂၄

**တတိယပိုင်းကာလ**

(ဧပြီ ၆ ဩဂုတ် ၆)

၁၉၇၀
၆ (သော့ချက်)
၁၉၇၆ = ၇

ဟန်ပန်လေသံ(Overtone)ဂဏန်း (၁၉)၊ ပထမပိုင်းဂဏန်း (၂၃)၊ ဒုတိယပိုင်းကာလ (၂၄)၊ တတိယပိုင်း ကာလ (၂၃)။

၁၉၇၀၊ ဩဂုတ်မှ ၁၉၇၁၊ ဩဂုတ်လအထိ တစ်နှစ်လုံးအတွက် ဟန်ပန်လေသံ (Overtone) ဂဏန်း (၁၉)သည် ကံကောင်းသောဂဏန်းဖြစ်သည်။ ဩဂုတ်လ ၆ ရက်မှ ဒီဇင်ဘာ ၆ ရက် (၁၉-၃၃) ပထမပိုင်းဂဏန်း (၂၃)သည် ထူးဆန်းသောအဖြစ်အပျက် အပြောင်းအလဲ စတင်သော ကာလကောင်း စတင်သည်။ ဤကာလမှာ ဥပဒေနှင့် ပတ်သက်သောကိစ္စများ သက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

သည်။ (၁၅) ဂဏန်းက တစ်ဦးသာလျှင် ဆိုင်ပြီး (၁၉) ဂဏန်းသည် နှစ်ယောက် ဆက်ပိုသောပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ဤကာလမှာ အချစ်ရေးစန်းပွင့်သော ကာလ ဖြစ်သည်။ (၂၃) ဂဏန်းသည် ထူးဆန်းသောတုံ့ပြန်မှုရှိပြီး ကျန်းမာရေး ညံ့တတ်သည်။ သို့ရာတွင် ဟန်ပန်လေသံ (Overtone) ဂဏန်းသည် ဤကာလ အတွင်း အဆက်အသွယ်သစ်များတွေ့ ရတတ်သည်။ များသောအားဖြင့် အာရုံ ကြောနှင့်ပတ်သက်၍ ဖြစ်တတ်သည်။

ဒုတိယပိုင်းကာလကို ၁၉၇၀၊ ဒီဇင်ဘာ ၆မှ ၁၉၇၁၊ ဧပြီ ၆ အထိဖြစ် ပြီး (၂၄)ဂဏန်းက စိုးမိုးသည်။ ၎င်း(၂၄) ဂဏန်းသည် အိမ်ကိုဗဟိုပြု၍ မိသားစု နှင့်ပတ်သက်၍ဖြစ်တတ်သည်။ ကလေး နှင့်သက်ကြီးရွယ်အိုများပြုစုစောင့်ရှောက် ရတတ်သည်။

နောက်ဆုံးနှင့်တတိယပိုင်းကာလ သည် ဧပြီ ၆ မှ ဩဂုတ်အထိဖြစ်ပြီး (၂၃) ဂဏန်း စိုးမိုးသည်။ ၎င်းသည် ဒုတိယအပိုင်းနှင့်အတူတူ ဖြစ်သည်။ အထူးထားဟောပြော၍ရသည်။ အကျင့် စရိုက် (Character) ဂဏန်း (၆) သည် တစ်ယူသန်ခြင်း၊ ခေါင်းမာခြင်းရှိသည့် အတွက် ငြင်းခုံခြင်းကို ရှောင်ပါ။

**နောက်ထပ်ပုံစံ**

တိုက်ပွဲဆုရ ဆူဂါရေးရော်ဘင်ဆန် (Suger Ray Robinson)၏ မွေးနာမည် မှာ ဝေါ်ကာစမစ် (Waker Smith) ဖြစ် သည်။ သူ့ကို ၁၉၂၁၊ မေ ၃ ရက်မှာ မွေးဖွားသည်။ ၁၉၇၂ မတ်လအတွက် တွက်ချက်သည်။ မွေးနေ့မတိုင်မီကာလ မှာ တိုတောင်းသည်။ နောက်ဆုံးအပိုင်း ကာလမှာ ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်မှ မေလ ၃ ရက်အထိ ရှိသည်။ ၁၉၇၂ ခုနှစ် သူ့မွေးလမရောက်သေးပါ။

မေလ ၃ ၁၉၂၁
၅ ၃ ၁၃= (၅+၃+၄=၁၂=၃)

ဟန်ပန်လေသံဂဏန်း (Overtone) နှင့် နောက်ဆုံးတတိယပိုင်းမှာ ရောက်နေသောကြောင့်၊ အကျင့်စရိုက် ၏ လေ့လာချက်ဂဏန်း (Character's Key) ကို ရှာရမည်။

| | |
|---|---|
| ၁၉၇၁ | ၁၉၇၁ |
| ၁၃ | ၈ (Key) |
| ၁၉၈၄ = ၂၂ | ၁၉၇၉ = ၂၆ |

မွေးလမတိုင်မီ (ဇန်နဝါရီမှ မေ အထိ) နောက်ဆုံး တတိယပိုင်း၏ ဂဏန်းတွဲများမှာ ၂၂-၂၆ ဖြစ်သည်။

ဟန်ပန်လေသံ (Overtone) ဂဏန်းက မသေချာပါ။ များ၍ ဆုံးဖြတ်နိုင်သော ကြောင့် သူ့ကို စောင့်ကြည့်ရန် အချိန် လိုသည်။ သူ့ဆုံးဖြတ်ချက် (၂၂) ဂဏန်း ကို မယုံကြည်ရပါ။ ပို၍ကောင်းသော အကြံဉာဏ်ကို ရယူရမည်။ (၂၆) ဂဏန်း (၂၂-၂၆) သည် အရာရာဆုံးရှုံးမှုမရှိ အောင် သတိထားရမည်ကို ဆိုလိုသည်။

ဆက်လက်၍ ၁၉၇၂ ခုကို ဆက် တွက်မည်။ ပြီးခဲ့သောနှစ်ကို ကောင်းစွာ ဟောနိုင်ရန်အတွက် တစ်ပိုင်းတစ်စ ဟောမည့်အစား တစ်နှစ်စာ အမှန် တကယ် တွက်ချက်ရမည်။ ထိုမှလက်ရှိ အခြေအနေကိုရမည် ဖြစ်သည်။

၁၉၇၂ ခုနှစ် အဟောများတွက်ပါ။

**ဟန်ပန်လေသံ (Overtone)**

၁၉၇၂အတွက်-

၁၉၇၂
၁၃
၁၉၈၆ = ၂၃

**ပထမပိုင်းကာလ**

(မေ ၃ မှ စက်တင်ဘာ ၃)

၁၉၇၂
၅၁
၂၀၂၃ = ၂၃

**ဒုတိယပိုင်းကာလ**

(စက်တင်ဘာ ၃ မှ ဇန်နဝါရီ ၃)

၁၉၇၂
၁၂
၁၉၈၄ = ၂၄

**တတိယပိုင်းကာလ**

(ဇန်နဝါရီ ၃ မှ မေ ၃)

၁၉၇၂
၈ (သော့ချက်)
၁၉၈၀ = ၁၈

ဟန်ပန်လေသံ (Overtone) ဂဏန်း (၂၃)၊ ပထမပိုင်းကာလ (၂၅)၊ ဒုတိယပိုင်းကာလ (၂၂)၊ တတိယပိုင်း ကာလ (၁၈) တို့ ဖြစ်သည်။

အကျင့်စရိုက် (Charactor) ၏ သော့ချက်ဂဏန်း (၈) ဖြစ်သောကြောင့် ဆူဂါရေးရော်ဘင်ဆန်သည် အဆိုးဆုံးအနေ ချည်းရှိနေသောကြောင့် အစစ်အမှန် လိုအပ်ချက် သူမသိရှာ။ ၎င်းသော့ချက် ဂဏန်းကောင်းသောကြောင့် ငွေရှာတော် သော ဂဏန်းဖြစ်သည်။ ဟန်ပန်ဂဏန်း (Overtone) ဂဏန်းသည် ၁၉၇၂ အတွက် (၂၃) ဖြစ်ပြီး ၎င်းဂဏန်းသည် လှည့်ဖြားတတ်သောဂဏန်းတစ်ခု ဖြစ် သည်။

၎င်းဂဏန်းသည် အပြောင်းအလဲ များခြင်းနှင့် ခရီးသွားခြင်းများပြီး သို့ရာ တွင် အမြဲတမ်းဆုံးဖြတ်ချက် ချရမည်။ ပထမပိုင်းကာလဖြစ်သော မေ ၃ မှ စက် တင်ဘာ တုန်ခါလှိုင်းဂဏန်းသည် (၂၅)၊ (၂၃-၂၅) အတွဲဂဏန်းကောင်းမဟုတ် ပါ။ ထို့ကြောင့် အခက်အခဲများ၊ အမှု များ၊ ရုပ်ပိုင်းဆိုင်ရာအဖြစ် ဆေးကုသ ရန် လိုအပ်နေသည်။ ကျန်းမာရေး ဂရု စိုက်ရမည့်ကာလ ဖြစ်သည်။

ဒုတိယပိုင်းကာလကို ၁၉၇၂၊ စက်တင်ဘာမှ ၁၉၇၃၊ ဇန်နဝါရီအထိ ဖြစ်ပြီး (၂၂) စိုးမိုးသည်။ ဟန်ပန်ဂဏန်း (Overtone) ၂၃ (၂၃-၂၂) သည် အမှု ကိစ္စနှင့်ပတ်သက်လျှင်ပတ်သက်၊ မပတ် သက်က ကျန်းမာရေးနှင့် ပတ်သက် သည်။ (၂၂) ဂဏန်းသည် သတိထား၍ အေးအေးဆေးဆေးသတိထား၍ပြောင်း ရမည့်ကာလ ဖြစ်၏။ အကြောင်းမှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ယုံကြည်စိတ် မချ၍ ဖြစ်သည်။

တတိယပိုင်းကာလ ဇန်နဝါရီလ ၃ ရက်မှ မေလ ၃ ရက်အထိ တုန်ခါ လှိုင်းဂဏန်းက (၁၈) ဖြစ်သည်။ ၎င်း ဂဏန်းက ဂဏန်းကောင်း မဟုတ်ပါ။ ဘေးဒုက္ခများ တွေ့ရတတ်၍ သတိထား ရမည်။ ဟန်ပန်ဂဏန်း (Overtone) သည် (၂၃) ဖြစ်ပြီး ကျန်းမာရေးကို ခြိမ်း ခြောက်ပြီး ဒုက္ခပေးတတ်သောဂဏန်း ဖြစ်သည်။ တစ်ခါတစ်ရံမှာ ဂဏန်းအတွဲ များသည် အိမ်ထောင်ကွဲသည်အထိ ဖြစ်တတ်သည်။

အနာဂတ်ကိုဟောသည့်အတွက် အခြားသောသူများ အနာဂတ်အဟော များ မတူပါ။ ယခုအဟောများကို အစစ် အမှန် ကိန်းဂဏန်းများကို အခြေခံထား သည်။ ထို့ကြောင့် အချို့ဂဏန်းဗေဒင် ဇာတာကိုတွက်ရာတွင် လဂဏန်းများ အနည်းငယ်လွဲသည်မှလွဲ၍ ပေးထား သော လမ်းညွှန်ချက်အတိုင်း ဟောပါက ဟောချက်အမျိုးမျိုး မဖြစ်နိုင်ပါ။

(ဆက်ရန်)

[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ပုံ-မောင်မောင်အေး

## ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့်လိုက်ပါသွားမိသူ



ကျွန်တော်တို့ငယ်စဉ်က ရှင်ပြုတော့မည်ဆိုလျှင် ရှင်ပြုမင်္ဂလာ အလှူပွဲမတိုင်မီ သုံးလခန့်မှကြိုတင်၍ ရှင်သာမဏေအဖြစ် သွတ်သွင်းပေးမည့် ရွာဦးဆရာတော်၏ကျောင်းသို့ သွားရောက်ကာ ဆရာတော် သင်ကြားပေးသည့်ပုတီးနှင့် ရှင်ကျင့်ဝတ်တို့ကို သင်ကြားရပါသည်။ အထူးသဖြင့် 'ပဋိသင်္ခါယောနိသော' အစချီသည့် ပုတီးစိပ်ဂါထာတော်ကို မရမချင်း ကျက်မှတ်ရပါသည်။ ရလျှင် ဆရာတော်ရှေ့၌ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီမိုးကာ အာဂုံပြန်ဆိုပြရပါသည်။

အထူးအားဖြင့် သရဏဂုံသုံးပါးကို ဌာန်၊ ကရိုဏ်းကျအောင် ရွတ်ဆိုရသည်မှာ မလွယ်ပါ။ အသံနေအသံထား၊ လျှာလိပ်သံများ မှန်ကန်အောင် အခါခါ ဆိုရပါသည်။ ပုတီးစိပ် ရှင်ကျင့်ဝတ်များသင်ကြားရင်း ရွာတွင်းသို့ ဆွမ်းခံဝင်ချိန်ရောက်လျှင် ဌာနေဘုန်းကြီး ကျောင်းသားများနှင့်အတူ ဆွမ်းခံလိုက်ရသည်။

ဆရာတော်ကြီး ဦးလာဘသည် ထွက်ရပ်ပေါက်လမ်းသို့ လိုက်နေသော ဘုန်းတော်ကြီး ဖြစ်ပါသည်။ ဆရာတော်ကြီး၏ထွက်ရပ်ပေါက်ကျင့်စဉ်သည် အင်းဝိဇ္ဇာလား၊ ပြဒါးဝိဇ္ဇာလား၊ သံဝိဇ္ဇာလားဟု ကျွန်တော် နားမလည်သော်လည်း ကျွန်တော် ရှင်ပြုပြီး၍ ကိုရင်ဥတ္တမ ဖြစ်လာသောအခါ ဆရာတော်ကြီး၏ အင်္ဂရတ်မာတ်လုံးထိုးရာဖိုရုံသို့ လိုက်ပါလျက် လက်ညောင်းသည်အထိ ဖိုဆွဲပေးရပါသည်။

ဆရာတော်ကြီးဦးလာဘ၏ ကျောင်းဝင်းအခြေအနေကို ကျွန်တော်ကိုရင်ဘဝက မှတ်မိသမျှ တင်ပြရသော် ကျောင်းခြံသည် နှစ်ဧကခန့်ကျယ်ဝန်း၍ စည်းရိုးပတ်လည်၌ ဝါးနက်ရုံများပတ်၍စိုက်ထားသလို အုန်းပင်၊ ထန်းပင်၊ ကံ့ကော်ပင်၊ သရက်ပင်တို့လည်း ဝေဝေဆာဆာဖြင့် အရိပ်ဝါသကောင်းလှ၏။ ကျောင်းဝန်းအဝင်ဝနားတွင် ဇရပ်တစ်ဆောင်ရှိ၏။ ဇရပ်နှင့် ပေနှစ်ဆယ်မျှအကွာတွင် ရေတွင်းတစ်တွင်းရှိရာ ထိုရေတွင်းမှ ရေသည် သန့်စင်ကြည်လင်သော ရေများထွက်သည့်အတွက် ကျောင်းအတွက်ရော၊ ကွမ်းခြံအတွက်ပါ အားထားရသည့် ရေတွင်း ဖြစ်၏။ ထိုတွင်း၏ မြောက်ဘက် ပေငါးဆယ်ခန့်အကွာတွင် သုံးရေ၊ ချိုးရေအဖြစ်သာ အသုံးပြုသော စမ်းတွင်းခေါ် သည့် ရေတွင်းရှိ၏။ အစဉ်သဖြင့် ဝါကြင်ကြင်အရောင်ရှိ၏။ ထိုမှ မြောက်ဘက်၌ တစ်တွင်းရှိသေး၏။ ထူးဆန်းသည်မှာ ရေတွင်းသုံးတွင်းစလုံး တောင်မြောက် တန်းနေသလို အကွာအဝေးလည်းတူ၏။

ကျောင်းဝင်း၏အလယ်ဗဟိုချက်တွင် ဘုရားဆောင် ဘုံခုနစ်ဆင့်ပါ သုံးထောင်တွဲတိုင်တစ်ရာကျောင်းကြီး ရှိသည်ဟူ၏။ ကျွန်တော်ကိုရင်ဘဝ ရောက်ချိန်တွင် အနံ့ပေနှစ်ဆယ်၊ အလျားပေ ခြောက်ဆယ်ခန့်ရှိ ဘုံခုနစ်ဆင့်ကျောင်းဆောင် သုံးဆောင်တွဲဘုရားခန်းသာ ကျန်တော့၏။ ကျောင်းဆောင်မကြီးမှာ ပြုပြင်ထိန်းသိမ်းနိုင်မည့် ဒကာမရှိ၍ ပျက်စီးကုန်ပြီဟု ဆိုပါသည်။ ကျန်ရှိနေသေးသော ဘုရားဆောင်ပင်လျှင် ဤမျှလောက်ကြီးမားနေသေးလျှင် မူလကျောင်းမကြီးနှင့်ဆိုလျှင် အလွန်ပင် ကြီးမားသော ကျောင်းဆောင်ကြီးဖြစ်ပေလိမ့်မည်ဟု ရမ်းရော်



www.burmeseclassic.com

www.burmeseclassic.com

မှန်းဆ မှုဒိတာပွားမိပါ၏။ ထိုကျောင်းမကြီးဘုရားဆောင်နှင့် ယှဉ်လျက် တောင်ဘက်ဘေးတွင် သိမ်တိုက်ကျောင်း ရှိ၏။

သိမ်တိုက်သည် ဘုံသုံးဆင့်ပါရှိသော သိမ်တိုက်ကြီး ဖြစ်၏။ အတွင်း၌ ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့၏ ရုပ်ပွားတော်ကြီးများရှိသည်။ တင်ပလ္လင်ခွေထိုင်နေတော်မူသော ဘုရားရုပ်ပွားတော်ကြီးများ၏ ဉာဏ်တော်အမြင့်သည် ကိုးပေခန့်ရှိသည်ဟု ခန့်မှန်းရပါသည်။ လပြည့်၊ လကွယ်၊ ဥပုသ်ရက်များတွင် ဥပုသ်သည်များနေ့လယ်ဘက်တွင် ထိုသိမ်တိုက်ထဲ၌ ပုတီးစိပ်ခြင်း၊ အာနာပါန ရှုမှတ်ခြင်းဖြင့် တရားဘာဝနာပွားများရာ နေရာဖြစ်၏။ ကျောင်းထိုင်ဆရာတော်ကြီး ဦးလာဘသည် သိမ်တိုက်နှင့်ကပ်လျက်ရှိသော နှစ်ထပ်တိုက်ကျောင်းကြီးပေါ်တွင် သီတင်းသုံးသလို ကိုရင်ကျောင်းသားများလည်း ထိုတိုက်ကျောင်း၌ပင် နေကြရပါသည်။

ဆရာတော်ကြီး ဦးလာဘသီတင်းသုံးရာ တိုက်ကျောင်း၏ မြောက်ဘက် ပေတစ်ရာခန့်အကွာတွင် အင်္ဂရိတ်ထိုးသော ဖိုရုံရှိပါသည်။ ကျွန်တော်သည်ကိုရင်ဥတ္တမဘဝဖြင့် ဆရာတော်ဦးလာဘအား ဖိုဆွဲပေးရင်း ဖိုရုံအတွင်းကို လေ့လာကြည့်ရှုရာ ဖိုရုံ၏ ခေါင်းရင်းဘက်တွင် ပန်းကန်စင်ကဲ့သို့ အဆင့်လေးများလုပ်ထားသောစင်ပေါ်၌ ဖန်ပုလင်းများဖြင့်ထည့်ကာ စာကပ်ထားသည့် ဓာတ်ဆေးမျိုးစုံနှင့် လုံးအရွယ်အစားအမျိုးမျိုး၊ မီးညှပ်ကြီး၊ အသေးများနှင့် ပေ၊ ပုရပိုက် စသည်တို့ကို မြင်ရပါသည်။ ဖိုရုံဘေးအပြင်ဘက်တွင် ပြောင်လက်နေသည့် ချောခဲနှင့် လုံးအကွဲများ မနည်းမနော။

ဆရာတော်ဦးလာဘ၏ ဓာတ်လုံးသည် မည်သည့်အဆင့်အထိ ရောက်ရှိနေသည်ကို ကျွန်တော်မသိသော်လည်း ကျောင်းဝင်းနှင့်လယ်တစ်ကွက်သာခြားသော ဆွေတော်မျိုးတော်သင်္ချိုင်းမှ မန်ကျည်းပင်၊ ပိတောက်ပင်တို့ကို အင်္ဂရိတ်ထိုးရန် မီးသွေးဖုတ်သောကြောင့် တစ္ဆေသရဲတို့ပင်နေစရာမရှိတော့သည့်ဘဝရောက်ရ၏။ ဆွေတော်မျိုးတော်သင်္ချိုင်းဆို၍ ဘုရင့်ဆွေတော်မျိုးတော်လားဟု မထင်ကြပါနှင့်။ ကျွန်တော်တို့ ကွမ်းခြံရွာမှ ကျောင်းဒကာကြီးတစ်ဦး ကွယ်လွန်သောအခါ ကျောင်းအရှေ့ဘက် သူပိုင်သော လယ်ကွက်ထဲတွင် ဂူသွင်းသင်္ဂြိုဟ်ရာမှ မိသားစုအစဉ်အဆက်ဖြစ်ကာ ဆွေတော်မျိုးတော်သင်္ချိုင်း ဖြစ်သွား၏။

ကျွန်တော်ဖိုဆွဲရင်း စိတ်မပါတော့သည်ကို အကဲခတ်မိလျှင် ပုဂံပြည်ကောင်းစားစဉ်က ထွက်ရပ်ပေါက်သွားသောရှင်အရှဂေါဏမထေရ်အကြောင်း၊ ထွက်ရပ်ပေါက်ဓာတ်လုံးအစွမ်းဖြင့် ကောင်းကင်ပျံနိုင်သော ပဋိက္ခရားမင်းသားတို့ အကြောင်းများ ပြောပြသဖြင့် ကျွန်တော်လည်း စိတ်ဝင်စားသွား၏။ အရှင်အရှဂေါဏတို့ အကြောင်း





www.burmeseclassic.com

www.burmeseclassic.com

သည် ဟိုး လွန်ခဲ့သော နှစ်ပေါင်းကိုးရာ တစ်ထောင့်ခန့်ကဖြစ်၍ သိပ်မဆန်းလှသော်လည်း ကျွန်တော်တို့၏ကျောင်းမှ ဆရာတော်ကြီးတစ်ပါးဖြစ်သော ဆရာတော်ဦးမေဓာကိုယ်တိုင် ဓာတ်လုံးဖြင့် ထွက်ရပ်ပေါက်ခဲ့ကြောင်းကြားသိရသော အခါ။

❑

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးရိုးမ အနောက်ခြမ်းတွင် ရှိသော ရန်ကုန်-ပြည် အဝေးပြေးကားလမ်းမကြီး၏ မိုင်တိုင်အမှတ် (၉၀) ၌ ကွမ်းခြံ ဆိုသည့် ရွာကြီးတစ်ရွာ ရှိ၏။ ကွမ်းခြံရွာကြီးတွင် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းရှိ၏။ ကားလမ်းမ၏ အရှေ့ဘက်တွင် တစ်ကျောင်း၊ ရွာ၏ အနောက်ဖျား တောင်ပိုင်းတွင် တစ်ကျောင်းရှိရာ ထိုကျောင်းအား တောင်ကျောင်းဟု ခေါ်ကြသည်။ တိုက်ကျောင်းဆရာတော်သည် ဦးမေဓာဟု ဘွဲ့အမည်ရှိသော်လည်း ရွာသားများ ကကွယ်ရာတွင် ဓာတ်လုံးဆရာတော်ဟု ခေါ်ကြ၏။

ဆရာတော်ဦးမေဓာသည် ဆွမ်းစားချိန်မှလွဲလျှင် ဖိုရုံထဲ၌သာ ရှိ၏။ တစ်ခါတစ်ရံ ညလုံးပေါက်ပင် ဖိုရုံထဲ၌ အဂ္ဂိရတ်ထိုးနေသည်ကို တိတ်တဆိတ်ချောင်းကြည့်သောဒကာတို့ တွေ့ရသည်ဟု ဆိုပါသည်။ ထို့ကြောင့်ပင် ဘွဲ့တော် ဦးမေဓာလို့မပြောကြဘဲ ဓာတ်လုံးဆရာတော်ဟုသာ ကွယ်ရာတွင် ခေါ်ကြခြင်းဖြစ်၏။ သို့ရာတွင် မည်သို့ဖြစ်သည်မသိရသော်လည်း အဂ္ဂိရတ်ဓာတ်လုံး မထိုးတော့ဘဲ ဖိုရုံတံခါးကိုပိတ်၍ သော့ပါခတ်ထား၏။ ရွာမှ ဒကာများလည်း မေးမြန်းလျှောက်ထားခြင်းမပြုဝံ့၍ ဆိတ်ဆိတ်သာ နေကြရ၏။

ထိုခေတ်က ကျေးလက်တောရွာတွင် နေကြသောသူတို့သည် မြို့ပြများသို့ အရောက်အပေါက် နည်းကြ၏။ တစ်ဦးတစ်ယောက်မြို့သို့ သွားလျှင် မိမိတို့အသုံးလိုသောအသေးအဖွဲ့ပစ္စည်းများကို လူကြုံဖြင့်မှာလေ့ရှိကြ၏။ ဤအထာကို သိစေသော စုံစီနဖာကုန်သေးရောင်းသူတို့က ကျေးရွာသူကျေးရွာသားတို့ အသုံးများသည့် ပစ္စည်းလေးများကို မှန်သေတ္တာအဖုံးပါရှိသော ယခုခေတ်အခေါ် ရှိုးကေ့စ်တွင်ထည့်ကာ ဆိုင်းထမ်းထမ်းပိုးဖြင့်ထမ်း၍ မျက်နှာချေ၊ ပေါင်ဒါ၊ ဆံညှပ်၊ ကလစ်၊ ဘီးကုပ်၊ မှန်၊ ပုလဲပုတီး၊ နှုတ်ခမ်းဆိုးဆေး၊ ဇာတ်စာအုပ်၊ ဇာဂနာ၊ မွှေးညှပ်၊ သွေးဆေး၊ လျက်ဆားမှအစ စုံစီနဖာဆိုသည့်အတိုင်း စုံအောင်ပါ၏။

ကုန်သေးရောင်းသူတို့သည် တစ်ဦးတစ်ယောက်တည်းမဟုတ်ဘဲ အုပ်စုဖွဲ့၍ နှစ်ယောက်၊ သုံးယောက်တစ်ဖွဲ့ အဖွဲ့လေးများဖွဲ့ကာ ရွာတကာ လှည့်လည် ရောင်းချရင်း မိုးချုပ်သည့်ရွာ၌ ဘုန်းတော်ကြီးကျောင်းသို့ဝင်ကာ ဆရာတော်ထံ ခွင့်ပန်၍ တစ်ညအိပ်ကြ၏။ အချို့ကလည်း မိမိတို့နှင့်အကျွမ်းဝင်ရာ ကျောင်းတွင် စုရပ်ထားကာ ပုံမှန်တည်းခို၍ ပတ်ဝန်းကျင်ကျေးရွာများတို့ လှည့်လည်ရောင်းချကြ၏။

ထိုကုန်သေးရောင်းသောအဖွဲ့တွင် မောင်ကံသာတို့လေးယောက်အဖွဲ့သည် ဆရာတော်ဦးမေဓာ၏ ကျောင်းတွင် ပုံမှန်တည်းခိုစခန်းချလေ့ရှိသည်။မောင်ကံသာသည် ဆရာတော် ဦးမေဓာ၏ ကျောင်းသို့ တည်းခိုရန် ရောက်ရှိတိုင်း ဆရာတော်အတွက် လက်ဖက်ခြောက်၊ ထန်းလျက်၊ ဖယောင်းတိုင် စသော လှူဖွယ်ဝတ္ထုများ ဦးစွာ ကပ်လှူသည်။ ပြီးလျှင် သိမ်တိုက်အတွင်း မိမိတို့ပစ္စည်းများ နေရာချထား၍ သန့်ရှင်းရေးလုပ်သည်။ ပြီးလျှင် တိုက်ရှေ့ရှိ ဆရာတော်ရေချိုးသော အုတ်ရေကန်ကို ရေဖြည့်သည်။ ဤသည်မှာ တည်းခိုရန် ရောက်လေတိုင်း မပျက်မကွက် ဆောင်ရွက်သော မောင်ကံသာ၏ အာစိဏ္ဏကံကုသိုလ်များ ဖြစ်၏။ မောင်ကံသာ၏ အပေါင်းအသင်းများက ဝတ်ကျေတန်းကျေမျှသာ လုပ်ကြသည်။

ပတ်ဝန်းကျင်ကျေးရွာများ ဖြစ်သော မာလကာကုန်းရွာ၊ တိုင်းတောစုရွာ၊ ဆင်တလင်းရွာ၊ ငါးကြီးအင်းရွာ၊ ထန်းပင်ချောင်ရွာများသို့ တစ်နေကုန် လှည့်လည် ရောင်းချပြီး တည်းခိုရာသိမ်တိုက်အတွင်း ပြန်ရောက်လျှင် မောမောပန်းပန်းဖြင့် ချက်ပြုတ်စားသောက်ကာ အိပ်ရာဝင်၍ အခြားသူများ ဟောက်သံပေးကာ အိပ်မောကျနေချိန် မောင်ကံသာတစ်ယောက် မအိပ်သေးဘဲ မိမိခေါင်းရင်းရှိ ဂေါတမရုပ်ပွားတော်မြတ်ကြီးရှေ့တွင် ဆီမီးတစ်တိုင် ပူဇော်၍ ပုတီးစိပ်နေဆဲ ဖြစ်သည်။ မည်မျှပင်ပန်းသည်ဖြစ်စေ ဤသို့ ဘုရားရှိခိုးကာ ပုတီးစိပ်ခြင်းမပြုဘဲ မည်သည့်အခါမျှ အိပ်လေ့မရှိသူဖြစ်သည်။

တစ်ညတွင် ပုတီးစိပ်ပြီး အမျှဝေကာ အိပ်မည့်ဆဲဆဲ ငြိမ်းလုလု ဆီမီးရောင်တွင် ဂေါတမ ရုပ်ပွားတော်မြတ်ကြီး ယိုင်ယိုင်လှုပ်ရှားလာကာ ကြွတက်လာသည်ကို မြင်ရသဖြင့် သရဲခြောက်သည်ဟု ထင်ကာ အံ့သြငေးကြည့်နေဆဲမှာပင် ပလ္လင်မှ ကြွတက်ပြီး အထက်မှ သိမ်တိုက်ဘုံအမိုးမှာ ဟင်းလင်းပွင့်၍ ကောင်းကင်သို့ တက်သွား၏။ မကြာမီပင် ဆီမီးတိုင်မီးစာကုန်၍ ငြိမ်းပြီး အမှောင်အတိကျသွားသဖြင့် မိမိအိပ်ငိုက်သောကြောင့် နိုးတစ်ဝက်အိပ်မက်ပေလားဟု တွေးရင်း အိပ်ပျော်သွား၏။

နောက်တစ်ညတွင် စောစောဘုရားရှိခိုးပြီး အဖော်များအိပ်ချိန်တွင် ယမန်နေ့ညက မိမိမြင်ရသည့်ကိစ္စသည် တကယ်လော၊ အိပ်မက်လောဟု သိရန် ဂေါတမဘုရားရုပ်ပွားတော်ကြီး၏ ပေါင်ပေါ် တက်ထိုင်နေ၏။ ဆီမီးတိုင်ငြိမ်း၍ အမှောင်ထုဖုံးလွှမ်းလာချိန်တွင် ရုပ်ပွားတော်ကြီးအမှန်ပင် လှုပ်ရှားလာသဖြင့် ဆင်းပြေးမည်ဟု ကြံမိသေး၏။ သို့သော် ဘာဆက်ဖြစ်မည်ကို သိလိုစိတ်ကပြင်းပြနေသောကြောင့် ဆင်းမပြေးတော့ဘဲ ဘုရားလက်မောင်းတော်ကို ဖက်ထားလိုက်၏။

ယိမ်းယိုင်လှုပ်ရှားရာမှ အပေါ်သို့ ကြွတက်လာချိန်တွင် သိမ်ဘုံအမိုးတလည်း ဘုရားတစ်ကိုယ်တော်စာ ဟင်းလင်းပွင့်သွား၏။ ပွင့်သွားသော အပေါက်မှ ကြွတက်ကာ သိမ်ဘုံထွတ်ကို ကျော်လွန်ပြီး အထက်ထန်းပင်ထိပ်ဖျားများ ဆယ်ပြန်မကမြင့်သော နေရာသို့ ရောက်ချိန်တွင် အရှေ့ပဲခူးရိုးမတောင်တန်းကြီးများရှိရာဘက်သို့ မျက်နှာမူကာ ကြွသွား၏။ ဤဒေသတစ်ခွင်သို့ မိမိ ကုန်သေးလှည့်လည်ရောင်းနေကျဖြစ်၍ ရွာများကို မှတ်မိနေရာ ငါးကြီးအင်း သရောင်းပြင်၊ မြေစေး၊ သဲတော ထောက်ကြံတွင်း၊ ရုံပင်တန်းဆိုသော ရွာများပေါ်မှ ဖြတ်ကျော်၍ ရိုးမဆီသို့ ကြွနေကြောင်း လဆန်းရက် လ၏ အလင်းရောင်ဖြင့် မြင်နေရ၏။

ပဲခူးရိုးမ၏ တောင်ထွတ်တစ်ခုဖြစ်သော အသန်းကြီးတောင်တန်းကို ဖြတ်ကျော်ပြီးချိန်တွင် မိမိမရောက်ဘူးသော နေရာဖြစ်၍ ဘာတောဘာတောင်ဟူ၍ မသိတော့ချေ။ ချောင်းဖျားနှစ်မြွာခွဆုံသော ဆင်ဦးကင်းပုံ တောင်စွယ်သေး တစ်ခု၏အပေါ် တည့်တည့်ရောက်သည့် အခါ ရှေ့ဆက်မကြွတော့ဘဲ တဖြည်းဖြည်း နိမ့်ဆင်းသွားပါသည်။ မြေပြင်နှင့် နီးလာသောအခါ လရောင်ဖြင့် တလက်လက်တောက်ပနေသည့်အရာ များ မြင်ရပါသည်။

ဘုရားရုပ်ပွားတော်ကြီးသည် လက်လက်တောက်ပနေသောအရာများ

www.burmeseclassic.com

အလယ်သို့ ဆင်းသက်ရပ်နားသွားသည်။ ဘုရားရုပ်ပွားတော်ကြီး ရပ်နားသွားချိန်မှာပင် ဘုရားနောက်ကျောဆီမှ ပြာလဲ့တောက်ပသော အလင်းရောင်ဖြင့် ငုံးဥအရွယ်ပမာဏရှိသည့် အလုံးလေးတစ်လုံးပျံဝဲထွက်ပေါ် လာ၏။ ထိုအလုံးလေးသည် လရောင်ဖြင့်လင်းလက်တောက်ပနေသောအရာများကြား ဟိုသည်လူးလာပြေးလွှား လှုပ်ရှားနေသည်ကို မှင်တက်မိ၊ ငေးမောနေမိရာမှ တောက်ပနေသည့် အရာများသည် ရွှေ၊ ငွေများဖြစ်လေမည်လားဟူသော အတွေးများဝင်လာ၏။ ထိုအတွေးကြောင့်ပင် စောစောက စိုးထိတ်ကြောက်ရွံ့စိတ်များပျောက်ကာ ဘုရားကြီးတင်ပျဉ်ခွေပေါ်မှ ဆင်းခဲ့၍ တောက်ပနေသောအရာလေးများကို ကောက်ယူကြည့်မိ၏။

လရောင်ဖြင့် လင်းလက်တောက်ပနေသည့် အရာလေးများမှာ ဆန်စေ့ခန့်၊ ပဲကြီးစေ့ခန့် အတုံးအခဲလေးများဖြစ်၍ သာမန်ကျောက်ခဲသလဲတို့ထက် အလေးစီးကြောင်း လက်ဖြင့် ချိန်ဆခြင်းဖြင့် သိရ၏။ သဘာဝတွင်းထွက်ရွှေကို မောင်ကံသာမမြင်တွေ့ဘူးပါသော်လည်း ဤအလေးစီးအခဲလေးများသည် ရွှေခဲလေးများသာ ဖြစ်ရမည်ဟု တွေးတောကာ ရသမျှ လိုက်ကောက်ပြီး ပုဆိုးခါးပိုက်ထောင်တွင် ထည့်၏။ ဆန်ခြင်သည့်နှုဆိဘူးသုံးဘူးတမျှ ရရှိချိန်တွင် သတိရ၍ ဘုရားရုပ်ပွားတော်ကြီးကို ကြည့်လိုက်ရာ မရှိတော့ချေ။ ထိုအချိန်၌ပင် တောတွင်းမှ ချေဟောက်သံ ထွက်ပေါ်လာသဖြင့် ချေသာမက တောကောင်ကြီး(ကျား)ပါ ရောက်လာနိုင်သည်ဟု စဉ်းစားမိသဖြင့် နီးရာသစ်ပင်ပေါ် တက်၍ သစ်ကိုင်းခွဆုံတွင် မိုးစင်စင်လင်းသည့်တိုင် နေရ၏။

နေ့ဘက်ရောက်သော်လည်း လူသူမနီးသည့် ရိုးမကြီးအလယ်ရောက်နေ၍ သစ်တောဝါးတောကြီးများ ထူထပ်ရုံမျှမက သားရဲတိရစ္ဆာန်များ၏ အန္တရာယ်လည်းရှိသေးသဖြင့် ဘယ်ကိုမှမသွားဝံ့ချေ။ ချောင်းရိုးလေးကမ်းပါးတွင် ပေါက်နေသောကတွတ်ပင်မှ ကတွတ်သီးမှည့်များကို စားရသဖြင့် ထမင်းအငတ်အဆင်ပြေသွား၏။ ရွှေအဖတ်အစအနလေးများ၊ အတုံးအခဲလေးများကိုလည်း ရသမျှကောက်၏။ နေမဝင်သေးသော်လည်း တောရိပ်တောင်ရိပ်များကြောင့် အလင်းရောင်များကွယ်ပျောက်ချိန်တွင် တောကောင်တို့၏အော်သံ၊ ခွေးအတစ်အုပ်၏ အု၊ အု ဟူသော အချက်ပေးသံတို့ကြောင့် ယမန်နေ့ညဉ့်က တက်ထိုင်နေရသောသစ်ပင်ခွဆုံသို့တက်၍ ဘုရားကြွလာမည့်အချိန်ကိုသာ မျှော်ရတော့သည်။

တစ်ညတစ်နေ့ မအိပ်ရသဖြင့် သစ်ပင်ခွကြားတွင် ထိုင်ရင်း အိပ်ငိုက်ချင်လာသော်လည်း မအိပ်မိစေရန် သရဏဂုံသုံးပါးကို အဆက်မပြတ် ရွတ်ဆိုနေရသည်။ လဝန်းကြီး အတော်မြင့်လာမှ ကောင်းကင်ထက်တွင် မည်းမည်းသဏ္ဍာန် ရွေ့လျားလာသည်ကို မြင်ရသောကြောင့် ဝမ်းသာသွားသည်။ ဗုဒ္ဓရုပ်ပွားတော်ကြီး မြေပေါ်တွင် ရပ်နားသွားချိန်၌ သစ်ပင်ထက်မှ အမြန်ဆင်းကာ တင်ပျဉ်ခွေပေါ်သို့ တက်ထိုင်နေလိုက်တော့၏။ ပြာလဲ့သော အလုံးလေး၏ လှုပ်ရှားမှုကိုလည်း မကြည့်တော့ဘဲ မျက်စိမှိတ်ရင်း သရဏဂုံသုံးပါး အာရုံသွင်းနေရာမှ အိပ်ပျော်ခြင်းသို့ ရောက်သွား၏။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ အုန်းမောင်းခေါက်သံကြား၍ လန့်နိုးသဖြင့် မျက်စိဖွင့်ကြည့်ရာ ဆရာတော် ဦးမေဓာကျောင်းမှ သိမ်တိုက်အတွင်း ပြန်ရောက်နေကြောင်း တွေ့ရ၏။ ဘုရားရုပ်ပွားတော်ကြီး ပေါ်မှ အမြန်ဆင်းကာ မိမိအပေါင်းအသင်းများကိုကြည့်ရာ မည်သူ့ကိုမျှ မတွေ့ရတော့ချေ။ သို့ဖြင့် ဆရာတော် အရုဏ်ဆွမ်းဘုဉ်းပေးပြီးချိန်လောက်တွင် ဝင်ရောက် ကန်တော့ရာ -

“မောင်ကံသာ၊ မင်းဘယ်တွေသွားနေသလဲ။ မင်းသူငယ်ချင်းတွေလည်း မစောင့်နိုင်တော့လို့ မင်းပစ္စည်းတွေ ငါ့ကျောင်းမှာအပ်ပြီး ပြန်သွားကြပြီ”

ဟု မိန့်တော်မူသဖြင့် မောင်ကံသာလည်း အကြောင်းစုံကို ပြန်လည်လျှောက်ထားရင်း မိမိရခဲ့သော ရွှေတစ်ဝက်အား ဆရာတော်ဦးမေဓာသို့ ကပ်လှူ၏။ ဆရာတော်ဦးမေဓာသည် လျှောက်ထားသော စကားအလုံးစုံကို သေချာစွာ နားထောင်ရင်း -

“မင်းရွှေတွေ ငါမယူပါဘူး။ ဒီနေ့မနက်စောစောပဲ မင်းဇာတိရပ်မြေ ဒိုက်ဦးကို ပြန်ပေတော့။ ဒါတွေနဲ့ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စား။ ရတနာသုံးပါးမမေ့နဲ့။ အလှူဒါနတွေပြု။ ဒီအကြောင်းတွေ ဘယ်သူ့မှမသိစေနဲ့။ ကဲကဲ - ငါ့တပည့် သွားပေတော့”

ဟု မိန့်တော်မူ၏။

မောင်ကံသာ ဇာတိမြေ ဒိုက်ဦးသို့ပြန်သွားပြီး နောက်တစ်နေ့တွင် တိုက်ကျောင်းဆရာတော် ဦးမေဓာ ပျောက်ဆုံးသွားသည့်သတင်းသည် ပတ်ဝန်းကျင်ကျေးရွာများသို့ ပျံ့နှံ့သွားသလို ပို၍ထူးဆန်းသည်မှာ သိမ်တိုက်အတွင်းမှ ဘုရားလေးဆူအနက် ဉာဏ်တော်ကိုးပေခန့်ရှိသော ဂေါတမဗုဒ္ဓ၏ ရုပ်ပွားတော်မြတ်ကြီးပါ ကွယ်ပျောက်သွားခြင်းပင်ဖြစ်၏။ သူခိုးသူဝှက်တို့လက်ချက်ဖြစ်ရအောင်လည်း ဤမျှကြီးမားသော အုတ်အင်္ဂတေရုပ်ပွားတော်ကြီးကို ခိုးယူခြင်းငှာ မတတ်ကောင်းချေ။

အချို့ကလည်း ဆရာတော်ဦးမေဓာဓာတ်လုံးအောင်၍ ထွက်ရပ်ပေါက်သွားခြင်းဟု ဆိုသူရှိသလို -

ဂေါတမ ဗုဒ္ဓရုပ်ပွားတော်ကြီးကဘာကြောင့် ပျောက်ဆုံးသွားရသလဲ ဆိုသော မေးခွန်းကို မည်သူမျှ အဖြေမပေးနိုင်ကြချေ။

ထူးဆန်းသောဖြစ်ရပ်များ မေ့မေ့ပျောက်ပျောက်ရှိချိန်တွင် ဒိုက်ဦးဘက်မှ သူဌေးတစ်ဦးရောက်ရှိလာပြီး သိမ်တိုက်အတွင်းမှ ပျောက်ဆုံးသွားသော ဗုဒ္ဓရုပ်ပွားတော်ကြီးနေရာ၌ မူလဉာဏ်တော်အတိုင်းအသစ်ထပ်မံတည်ဆောက်ခြင်း၊ ဆရာတော်ဦးမေဓာ သီတင်းသုံးခဲ့သော ကျောင်းဟောင်းကိုဖျက်၍ ခမ်းနား လှပကြီးကျယ်သော တိုက်ကျောင်းကြီး ဆောက်လုပ် လှူဒါန်းသွားသော်လည်း သူဌေး၏ အမည်နာမ အတိအကျကို ထုတ်ဖော် ပြောကြားခြင်းမရှိဟု ဆိုပါကြောင်း။

စာကြွင်း။ ။ ဆရာတော်၏ ခန့်မှန်းချက်မှာ ဓာတ်လုံးအောင်မြင်ပေါက်မြောက်နေသည်ကို မသိဘဲ စိတ်ပျက်အားလျော့ကာ သိမ်တိုက်ထဲရှိ ဘုရားတစ်ဆူ၏ကျောဘက်တွင်ရှိသော ဌာပနာပေါက်ထဲသို့ ပစ်ထားလိုက်ကာ ဖို့ရုံပါသော့ပိတ်ထားလိုက်ချိန် ပေါက်မြောက်အောင်မြင်နေသော ဓာတ်လုံးက သူ့အစွမ်းဖြင့် ပဲခူးရိုးမတောအတွင်း ရွှေသွားစားရာမှ မောင်ကံသာ တွေ့ရှိသွားခြင်းဟု ဆိုပါသည်။

ဆရာတော် ဦးလာဘသည် (၁၉၅၄ - ၅၅)ခန့်တွင် ပျံလွန်တော်မူပါသည်။

ခေတ်ပုံ-မောင်ခေါင်အေး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ၁၉၇၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘာသာရပ်ဖြင့် ဘွဲ့ရသည်။ ကျောင်းပြီးသည်နှင့် အလုပ်မလုပ်သေး။ တက္ကသိုလ်ကျောင်းသားဘဝက ပညာဒါန (အသုံးလုံးလုပ်အားပေး) ဖြန့်ဝေခဲ့သော ကျောက်ဆည်မြို့နယ် နန္ဒီရွာ၊ အမရပူရမြို့နယ် ရှမ်းရွာကြီး၊ မုံရွာခရိုင် ဘုတလင်မြို့နယ် ထူးကြီး၊ မုံထူးရွာများသို့ လှည့်ပတ်၍ လည်



www.burmeseclassic.com

www.burmeseclassic.com

သည်။ (၃) လခန့်ကြာမှ ရန်ကုန်ပြန်ဖြစ် သည်။ အညာသားလုံးလုံးဖြစ်ရတော့ သည်။ အထက်အညာစကားပြောလေ သံကို ကျွန်တော် အလွန်သဘောကျ သည်။

ကျွန်တော် ရန်ကုန်အိမ်ပြန်ရောက် တော့ မိဘများက ဘာမှမပြောသော် လည်း ကျွန်တော်တို့၏ အုပ်ထိန်းသူ မိဘ အရာထားရသော အစ်ကိုကြီးက -

"ကဲ-ညီလေး၊ မင်းလည်း ကျောင်း ပြီးလို့ စိတ်ကြိုက်လည်ပတ်ပြီးပြီ၊ အခု ဘာလုပ်မလဲ။ အလုပ်ဝင်မလား၊ ဒီပလို မာ တစ်ခုခုတက်ဦးမလား။ HGP/RA အဲဒါတွေကိုပြောတာ"

"ဥပဒေဘာသာရပ်တွေ၊ စာရင်း အင်းဘာသာတွေ ကျွန်တော် ဝါသနာ မပါဘူး အစ်ကိုကြီးရာ။ ကျွန်တော်က စစ်မှုထမ်းပြီး အရာရှိလုပ်ချင်တာ။ ယူနီ ဖောင်းဝတ်ပြီး သပ်သပ်ရပ်ရပ်နေတာ သဘောကျတယ်"

"အေး- စစ်ထဲဝင်တာကို အမေက ခွင့်မပြုဘူး။ နောက်ပြီး ဝေးဝေးမှာသွား ပြီး တာဝန်ထမ်းတာကိုလည်း မကြိုက် ဘူး။ ယူနီဖောင်းဝတ်ချင်ရင်တော့ ရဲအုပ် တို့၊ ထောင်မှူးတို့လုပ်ပေါ့ ညီလေးရာ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ကျွန်တော်တို့ ညီအစ်ကို ညှိနှိုင်း ထားသော်လည်း အမေက ရဲလုပ်မှာကို သဘောမတူ။ ကန့်ကွက်ပြန်သည်။ စာ ရေးစာချီသာ အစ်ကိုကြီးလိုလုပ်ရန် တိုက် တွန်းပြန်သည်။ အဖေက တက်လမ်း မြန်တဲ့အလုပ်လုပ်ရန် ပြောသည်။

ထို့ကြောင့် ကျွန်တော်ရှာဖွေဆဲ ကာလတွင် နိုင်ငံခြားကပါ သိပ္ပံမှ သင် တန်းသား ခေါ်ယူသဖြင့် ကျွန်တော် လျှောက်ထားရာ ရေး/ဖြေစာမေးပွဲ အောင်မြင်သည်။ ကျွန်တော်က SUMMER COURSE တက်ရောက်ဖူးသဖြင့် အတွေ့အကြုံ ရပြီးဖြစ်သဖြင့် အောင် မြင်ခြင်းလည်းဖြစ်ပါလိမ့်မည်။

၁၉၇၃ ခုနှစ်တွင် ဇန်နဝါရီလထဲ ၌ နိုင်ငံခြားဘာသာသိပ္ပံ (IFL) တွင် ပထမနှစ်သင်တန်းကို (ဂျပန်ဘာသာ) တက်ရောက်ရသည်။ ထိုအချိန်က ရေ ပန်းစားသဖြင့် ဂျပန်ဘာသာနှင့် ပြင်သစ် ဘာသာ သင်တန်းဆောင်များတွင် သင် တန်းသား (၇၀)ကျော်လောက်စီ ရှိကြ သည်။ ကျွန်တော်တို့ ဂျပန်ဘာသာ သင်တန်း၌ အသက်ကြီးသူများလည်း ပါသည်။ ကျွန်တော် မှတ်မိသမျှ ဒါရိုက် တာ ဦးတင်ယုနှင့် အဆိုတော် ကေဂျာနူး (မာဂရက်)တို့လည်း ပါသည်။ တရုတ် ကပြား အများစုလည်း ပါသည်။ သူတို့ က တရုတ်စာအရေးအသားတတ်ကျွမ်း ပြီးဖြစ်သဖြင့် တစ်ပန်းသာသည်။ ပထမ တစ်လအခေါ်အဝေါ်များအား အင်္ဂလိပ် စာဖြင့် အသံဖလှယ်ထားရာ MEANING ကျက်ရုံဖြင့်အဆင်ပြေသည်။ ဂျပန် စာဝါကျဖွဲ့စည်းပုံမှာ မြန်မာစာဝါကျ

# ထောင်မှူးကြီးသိန်းဝင်း

## အိပ်မက်ချင်းဆက်သွယ်ကြသူများ



ဖွဲ့စည်းပုံနှင့် တူသဖြင့် လွယ်ကူပါသည်။ သို့သော် ဂျပန်ဆရာများမှာ အင်္ဂလိပ်စာ အားနည်းသောကြောင့် DIRECT METHOD ဖြင့် သင်ပေးရာ အခက်တွေ့ရ သည်။ နားမလည်၍ မေးမှုပုံဆွဲပြသ၏။ မရှင်းသောကိစ္စများကို ညနေပိုင်း မြန်မာ ဆရာများဖြစ်ကြသော ဆရာဦးအေးချို၊ ဆရာမဒေါ်စီစီရှိန်၊ ဆရာမဒေါ်စိန်စိန် အောင် (DIAMONG SENSEI) တို့က ပြန်လည် ရှင်းလင်းပြကြသဖြင့် တော်ပါ သေးသည်။

ထိုအချိန်က ဂျပန်ဆရာများက တော့ နရိုင်းအိ၊ မစ္စတာယာမခချိနှင့် မစ္စစ်နီရှိဒဲတို့ ဖြစ်ကြသည်။ ကျွန်တော် တို့ကျောင်းသားများက မြန်မာသံပြန် မစ္စတာနရိုင်းအိအား ဆရာ နဂါးကြီး မစ္စတာယာမခချိအား မစ္စတာထောင် ပေါက်၊ မစ္စစ်နီရှိဒဲအား အနောက်တိုင်း သူဟု NICK NAME ပေးထားကြသည်။ မစ္စတာနဂါးအိက ကျောင်းသူကျောင်း သားများနှင့် ပါတီပွဲလုပ်၍ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကို လွန်စွာ ဝါသနာပါသည်။ သူပင် အကုန်အကျခံ၍ ပြည်လမ်းရှိ သူ့အိမ် တွင်လုပ်ခြင်း ဖြစ်သည်။ ဆရာမ မစ္စစ် နီရှိဒ်ကတော့ မြန်မာမုန့်အမျိုးမျိုးလုပ်၍ စုပေါင်းကာစားခြင်းကို ဝါသနာပါသည်။ ဆရာ မစ္စတာယာမခုချိကတော့ ခရီး ထွက်ခြင်း၊ ရှေးဟောင်းပစ္စည်းများအား လေ့လာဓာတ်ပုံရိုက်ခြင်း၊ စုဆောင်းဝယ် ယူခြင်း စသည်ဖြင့် ဝါသနာမတူကြပါ။

ဒုတိယလတွင် ဂျပန်ဘာသာ(ခန်း ဂျီး) စာလုံးများကို စတင်၍သင်ရသည်။ ခန်ဂျီးဆိုသည်မှာ တရုတ်စာလုံးများအား (STOKE) ဖြုတ်(လျှော့)၍ တီထွင်ထား ခြင်း ဖြစ်သည်။ ပုံစံတူသဖြင့် တရုတ် ကျောင်းသားများအတွက် အခက်အခဲ ကြုံရသည်။ရှေးလူကြီးများပြောကြသော ဘူးသီးငါးပေါင်းကြော်စာမျိုးပင်။ ကျွန် တော်က ဝါသနာပါသဖြင့် အထပ်ထပ် လေ့ကျင့်သောကြောင့်စာလိုက်နိုင်သည်။ ဒုတိယလထဲ၌ပင် ဟီရာဂန ဟူသော ဂျပန်စာရိုးရိုးအပြင် ခန်းဂျီးနှင့် ခတ္တဂန အက္ခရာများပါ ရောဝင်လာသည်။ ခတ္တ ဂနဆိုသည်မှာ ဘာသာခြားစာ (အင်္ဂ လိပ်) အခေါ်အဝေါ်များအား ဂျပန် ဘာသာဖြင့် အသံဖလှယ်ထားခြင်း ဖြစ် သည်။

တတိယလရောက်သော် မြန်မာ ကျောင်းသားများ စာမလိုက်နိုင်သဖြင့် ထွက်ကုန်ကြရာ သင်တန်းသား (၇၀) ကျော်မှ (၄၀) လောက်ခန့်သာ ကျန် တော့သည်။ ကျန်သူများမှာ စာကြိုးစား ကြသဖြင့် ဆရာများနှင့် ဂျပန်စကားကို ပြောရဲဆိုရဲရှိလာကြပါပြီ။ ဆရာများ အထဲမှ မစ္စတာယာမခုချိမှာ ကျွန်တော် နှင့်အလွန်ခင်သည်။ သူက အင်္ဂလိပ်စာ အား အတော်အတန် ပြောတတ်သလို မြန်မာဘာသာစကားကိုလည်း အတော် အသင့်ပြောနိုင်သည်။ နားမလည်ပါက ကျွန်တော့်အား ကပ်မေးသည်။ ထို့ ကြောင့် ကျွန်တော်နှင့် သူက ကျောင်း တွင် အတွဲဆုံး၊ သူငယ်ချင်းပေါင်းပေါင်း ကြသည်။

❑

ကျွန်တော်က ငယ်စဉ်ကပင် တော ပစ် ဝါသနာပါသည်။ သစ်တော၊ သစ် ပင်များကိုချစ်သည်။ ဆေးပင်ဝါးပင်များ ကို စိတ်ဝင်စားသည်။ လေးခွတစ်ချောင်း နှင့် လောက်စာလုံးအိတ်ကို လွယ်ကာ အုတ်ကျင်းကန်ကြီးအတွင်းလှည့်ပတ်၍ ငှက်ပစ်ရာမှ တက္ကသိုလ်ကျောင်းသား ဘဝတွင် တိုက်ကြီးမြို့မှ ကရင်ကျောင်း သားသူငယ်ချင်း ကိုစောဂျော့လေဖြင့် တွဲမိပြီး သူ့ရည်းစားရှိရာ ချိုးဖြူကန်သို့ အလည်အပတ်ရောက်ခဲ့သည်။ ထိုနေ ရာတွင်ရောက်မှ နက်ရှိုင်းသော တော သဘာဝကို ပထမဆုံး တွေ့ထိခံစားရ ခြင်း ဖြစ်ပါသည်။

လေသေနတ်၊ လောက်လေးခွတို့ ဖြင့်ငှက်ပစ်ရသည်သာမက ကိုစောဂျော့ လေ၏ ယောက္ခမလောင်း ကန်ပိုင်ကြီး ဦးဂျော့၏ စီစဉ်ပေးမှုဖြင့် တောလိုက် မုဆိုးကြီးများဖြင့် တွေ့ဆုံကာ တကယ့် သေနတ်ကြီးများကိုင်၍ အမဲလည်ခဲ့ရ သည်။ တောပျော်ကျွန်တော်အတွက် အမဲလိုက်မုဆိုးအတွေ့အကြုံ အစပထမ ဖြစ်ချေသည်။

ဘွဲ့ရတော့ ကိုစောဂျော့လေက ကန်ပိုင်ကြီးဦးဂျော့၏သမီး ဆရာမ ဒေါ်နော်အားဆာနှင့်အိမ်ထောင်ကျသည်။ ချိုးဖြူရေစစ်ကန် ကန်ပိုင်ကြီး ဦးဂျော့ အိမ်တွင်ပင် စုပေါင်းနေကြသည်။ သူတို့ က ခရစ်ယာန်ဘာသာဝင်များလည်းဖြစ် ကြသည်။ ကျွန်တော်ကတော့ တစ်လ တစ်ခေါက် ပုံမှန်ရောက်သည်။ ရောက် သည်နှင့် ကန်ပိုင်ကြီးဦးဂျော့နှင့် မုဆိုး အဖွဲ့က တောကောင်ပစ်၍ကျွေးသည်။ ချိုးဖြူကန်အလည်သွားမှ ကျွန်တော် မျောက်သား၊ ချေသား၊ တောဝက်သား၊ ဖြူသား၊ သင်းခွေချပ်သားများအား တဝ စားဖူးခြင်း ဖြစ်သည်။ ချိုးဖြူကန်ပေါ် တွင် ရှောက်သီး၊ ရှောက်ရွက်၊ ငှက်ပျော သီးမျိုးစုံ၊ သကြားသြဇာသီး၊ ကွဲကော သီး၊ သရက်သီးလည်း အလွန်ပေါသည်။ ထို့ကြောင့် ချိုးဖြူကန်တွင် ကျွန်တော် အလွန် ပျော်သည်။ တစ်လတစ်ခါ ပိတ် ရက်တိုင်း ညအိပ်သွားလည်တတ်သည်။ ထို့ကြောင့် ကျွန်တော့်အား ချိုးဖြူကန် ဝန်ထမ်းမိသားစုကပါ သိကျွမ်းရင်းနှီး ခင်မင်ကြပါသည်။

တစ်နေ့သော ကျောင်း(၃)ရက် ဆက်၍ ပိတ်သောအပတ်တွင် ဆရာ ယာမခုချိက ကျွန်တော့်အား -

"ဝင်းစံ၊ ဒီအပတ်ကျောင်းရက်ရှည် ပိတ်ရက်ဘယ်သွားမလဲ"

ကျွန်တော်က သူ့အား ဆန်ဆေး (ဆရာ) ဟုပင် ခေါ်သည်။

"ဟိုက်-ဆန်ဆေး၊ ကျွန်တော်သွား နေကျ ချိုးဖြူကန်ကို ညအိပ်သွားလည် မယ်။ ဟိုမှာ အမဲပစ်မယ်၊ တောကောင် သားစားရင်း အနားယူမယ်"

"ဝင်းစံ၊ မင်းခဏခဏပြောဖူးလို့ ငါလည်းလိုက်ချင်တယ်။ လိုက်လေ့လာ လို့ ရလား"

"ရပေါ့ ဆန်ဆေး။ ဒါပေမယ့် ဆန် ဆေးတို့အဖွဲ့က ခွင့်ပြုပါ့မလား။ မြန်မာ အစိုးရကလည်း ခွင့်ပြုမယ် မထင်ဘူး။ တော်ကြာ ကျွန်တော်ပါ ပြဿနာတက် နေမယ်"

"ပြဿနာမတက်စေရပါဘူး။ ငါ ပုဆိုးဝတ်မယ်။ လိုင်းကားနဲ့ သွားနိုင်ပါ တယ်"

"ဆန်ဆေး - လိုင်းကားရယ်လို့ မဟုတ်ဘူး၊ ကြုံရာကားစီးရမှာ။ အလွန် ကျပ်တယ်။ အချိန်ကုန်တယ်။ ဆန်ဆေး ကို အားနာတယ်။ ဒါပေမယ့် ခေါ်ချင်ပါ တယ်"

"အေးပါ၊ အဲဒီနေ့ ငါမင်းအိမ်ကို TAXI နဲ့ လာခဲ့မယ်။ ငါ့ကားကို ထားခဲ့ မယ်၊ ဖြစ်တယ်မဟုတ်လား"

"ဟိုက် - ဆန်ဆေး"

ထို့ကြောင့် ကျွန်တော်တို့ ထိုနေ့ ညနေ လက်ဆောင်ပစ္စည်းများ ဝယ်ခြမ်း ပြီး နောက်တစ်နေ့မနက် ကျွန်တော့် အိမ်တွင်ဆုံကြရန် ချိန်းလိုက်ကြသည်။ ကျွန်တော်လည်း အိမ်ပြန်၍ ဆရာစောင့် မနေရစေရန် လိုအပ်သော ပစ္စည်းများ အား အသင့်ပြင်ဆင်ထုပ်ပိုးထားပါ သည်။

❑

နောက်တစ်နေ့မနက် (၇) နာရီ တိတိတွင် ဆရာ ရောက်ရှိလာသည်။ TAXI ပေါ်က ဆင်းသည်နှင့် ပုဆိုးဝတ် ထားသဖြင့် ကျွန်တော် အလွန်သဘော ကျသွားသဖြင့် -

"တိုင်းဟန်းအီးအီးဘိရှမာဂျင်း ဒက်နဲ့"

"ဟိုက် - ဒိုးမိုး ဝင်းစံ"

ကျွန်တော်တို့ ကော်ဖီသောက်ကြ ပြီး ကားဂိတ်ဆင်းခဲ့သည်။ ဥက္ကံသွားမည့် ကုန်ကားကြီးတစ်စင်း၏ ခေါင်းခန်း၌ နှစ်ယောက်စာနေရာရသဖြင့် အလွန် အဆင်ပြေသည်။ ကုန်ကားကြီးမှာ ဒုတိယ ကမ္ဘာစစ်လက်ကျန် လော်ရီကားကြီး အား ပြင်ဆင်ထားခြင်း ဖြစ်သည်။ အနောက်ဘက်ကုန်ခန်း၌ ကြက်သွန် အိတ်များ တင်ထားပြီး စပယ်ယာက အစောင့်လိုက်လာသည်။

ကျွန်တော်က ဆရာအား ဒညင်း ကုန်း၊ ခရေပင်လမ်းခွဲ၊ မင်္ဂလာဒုံ၊ ရွှေ ညောင်ပင်၊ ထောက်ကြန့်၊ မှော်ဘီမြို့တို့ အား ညွှန်ပြရှင်းလင်းသွားရသည်။ ရန် ကုန်နှင့် တိုက်ကြီးမြို့မှာ မိုင် (၆၀) သာ ဝေးသော်လည်း ကားကြီးက အလွန်နှေး သဖြင့် (၃) နာရီခန့် မောင်းရရာ မနက် (၁၀း၃၀) နာရီခန့်မှ တိုက်ကြီးမြို့သို့ ရောက်သည်။ ဈေးအနီး ချိုးဖြူကန်ကား

www.burmeseclassic.com

www.burmeseclassic.com

ဂိတ်သို့သွားကြရာ ပထမချိုးဖြူကန် တောင်ပေါ်က မနက် (၁၀) နာရီ ဆင်းလာပြီး မနက် (၉)နာရီ ပြန်ထွက်သော ဘတ်စ်ကားကြီးကို မမီလိုက်။ နေ့လယ် (၁၂)နာရီမှ ပြန်ထွက်မည့် ကားကြီးကိုသာ စောင့်စီးရလေတော့မည်။ အချိန်စောသေးသဖြင့် ထမင်းမစားချင်သေး။ ထို့ကြောင့် မုန့်ဟင်းခါးစားရန် ဆရာနှင့် တိုင်ပင်ရသည်။

"ဆန်ဆေး၊ မုန့်ဟင်းခါးအိုတာကဲ မတ်စ်ခ"

"ဟိုက် - ဒိုးဆို"

ကျွန်တော်တို့ မုန့်ဟင်းခါးစားပြီး လက်ဖက်ရည်သောက်နေကြစဉ် ကျွန်တော်နှင့် ရင်းနှီးနေသော ကားစပယ်ယာက -

"ဆရာလေး၊ ချိုးဖြူကန်ပေါ်တက်မှာ မဟုတ်လား။ ကားပေါ်တက်တော့ ဆရာ၊ ဒီနေ့အသွားအပြန် အော်ဒါရလို့ အခုပဲထွက်တော့မှာ"

"ဩော် -အေး အေး၊ ကျေးဇူးပဲ"

ကျွန်တော်နှင့်ဆရာ ကုန်ကားကြီးပေါ်တက်ကြသည်။ စောင့်နေကြသော ခရီးသည်အချို့လည်း တက်ကြသည်။ အော်ဒါသမားက ကြက်ခြင်းများနှင့် ကြက်စာများတင်ရာခေါင်မိုးဝက်ခြံပေါ်တွင် ထိုင်စရာနေရာရပြီး ကားစောစောထွက်သဖြင့် တော်ပါသေးသည်။ တိုက်ကြီးနှင့် ချိုးဖြူကန်မှာ မဝေးလှပါ။ (၁၀) မိုင်ကျော်ခရီးသာ ကျွန်တော်တို့ ကားမရသဖြင့် ကုန်းကြောင်းလျှောက်ဖူးသည်။ စက်ဘီးဖြင့်လည်း သွားဖူးသည်။ တောင်တက်ခရီးဖြစ်သဖြင့် အတန်ငယ်လှမ်းသယောင်သာ ဖြစ်သည်။

ကန်အဝင်လမ်းမီးရထားတံခါးကို ကျော်၊ ရပ်ကွက်ကိုဖြတ်ပြီး ချိုးဖြူပိုက်လုံးကြီးအနီးမှ ကားလမ်းအတိုင်းသွားရာ တိုင်းဗဟိုကြက်ခြံကိုကျော်တော့ တောင်ပေါ်စတက်သည်။ ဆရာက VIEW ကောင်းသဖြင့် သူ့တွင် ပါလာသည့် CANNON CAMERA လေးဖြင့် ဓာတ်ပုံတဖျပ်ဖျပ်ရိုက်နေသည်။ လူကျပ်သော်လည်း သူပျော်နေပုံရသဖြင့် ကျွန်တော် စိတ်ချမ်းသာရပါသည်။

လေးအိမ်စု၊ ငါးအိမ်စုများကျော်တော့ အဘိုးဆရာတော်ကျောင်း၊ ကွေ့ပြီးရပ်တော့ ချိုးဖြူကန်အဝင်ဂိတ်ဝ၊ ကားဂိတ်၊ ကျွန်တော်တို့ဆင်းကြသည်။ ဈေးသည်များ၏ရွှေနှံ့ကမ္ဘက်ထူနေသည်။ တောသူတောင်သားများ ဖြစ်ကြ၍ သဘာဝအတိုင်း အမွှေးနံ့သာခြယ်လိမ်းထားခြင်း မရှိ။ ထိုဒေသတွင် မြန်မာလူမျိုးကလူနည်းစု၊ ဝန်ထမ်း၊ ဌာနေများက ရှမ်းနှင့် ကရင်တိုင်းရင်းသား၊ တရုတ်၊ ကုလားအပြင် အခြားလူမျိုးစုများလည်း ရှိသေးသည်။ တောတွင်းတောင်ပေါ် နေလူမျိုးစုများ ဖြစ်ကြသည်။

ကျွန်တော်တို့ ကန်အဝင်တံခါးဝမှ အစောင့်ဝန်ထမ်းကို ခွင့်တောင်းပြီး ကန်ပိုင်ကြီး ဦးဂျော့အိမ်သို့ တက်ခဲ့ကြသည်။ ချိုးဖြူပိုက်လုံးကြီးဖြင့်ယှဉ်လျက် ကတ္တရာလမ်း ဖောက်ထားသော်လည်း တောင်တက်လမ်းဖြစ်ကြသည်။ ဂိတ်ဝင်းတံခါးဝမှ ကန်ပိုင်ကြီးအိမ်အထိ တစ်မိုင်ခန့်လမ်းလျှောက်ရသည်။ ရေစစ်ကန်ပေါ်သို့ စရောက်သည်နှင့် ပိတောက်ပင်အုပ်အုပ်အတွင်းမှ ကန်ပိုင်ကြီးအိမ်ကို လှမ်းတွေ့ရသည်။ ရေစစ်ကန်ရပ်ကွက်မှာ ချိုးဖြူကန်ဝန်ထမ်းများ စုပေါင်းနေထိုင်ကြသော တိုက်ခန်းတွဲများ ဖြစ်သည်။ မျက်နှာချင်းဆိုင် တောင်ကုန်းပေါ်၌ ကန်ဝန်ထောက်ကြီးအိမ်နှင့် ဧည့်ဂေဟာရှိသည်။ ကန်ဝန်ထောက်ကြီးမှာ အမြဲမရှိတတ်။ ရန်ကုန်သို့ ပြန်နေသဖြင့် ကန်ပိုင်းကြီး ဦးဂျော့ကသာ အမြဲတမ်းတာဝန်ခံ ဖြစ်ချေသည်။ ရေစစ်ကန်ပေါ်၌ ကန်ပိုင်၏ တစ်စီးတည်းသော ISUZU ပက်လက်ကားကြီးရှိသည်။ ယာဉ်မောင်းက ဦးသိန်းထွန်း။ တောမုဆိုးလည်း ဖြစ်ချေသည်။

ကန်ပိုင်ကြီးအိမ်က တံခါးပိတ်ထားသည်။ ထိုစဉ် ဦးသိန်းထွန်းမိန်းမ ထွက်လာပြီး -

"ဟော - ကိုသိန်းဝင်းတို့ပါလား။ ဧည့်သည်လည်းပါသကိုး အတော်ပဲ"

"ဘာတော်တာလဲ မအေးစိန်"

"ညက ကိုသိန်းထွန်းနဲ့ကန်ပိုင်ကြီးတို့ မုဆိုးအဖွဲ့ အမဲလည်ကြတာ ချေတောဝက်၊ မျောက်၊ ဖွတ်၊ သင်းခွေချပ်၊ ဖြူ စုံအောင်ရလို့ နောက်ဖေးကွက်လပ်မှာကိုင်နေကြတယ်။ အဲဒါ ကိုသိန်းဝင်းတို့လာတော့ တောကောင်သားစုံအောင် စားရမှာမို့ အတော်ပဲလို့ပြောတာ"

"ဒါနဲ့ စောဂျော့လေးကော"

"ရှင်သူငယ်ချင်း ဖျားနေတယ်။ ငှက်ဖျားပေါ့"

"အဲဒါလည်း အတော်ပါပဲ"

"ဘာဖြစ်လို့လဲရှင့်"

"ကျွန်တော်တို့မှာ ဆေးဝါးအစုံပါတယ်လေ"

"ဩော်"

မအေးစိန်က တံခါးခေါက်ပြီးခေါ်လာသဖြင့် ကန်ပိုင်ကြီးအိမ်တံခါးပွင့်သွားပြီး ကန်ပိုင်ကြီး၏သမီး ကျွန်တော့်သူငယ်ချင်း စောဂျော့လေး၏မိန်း ဆရာမနော်အားဆာထွက်လာပါသည်။

"ဟယ် - ကိုသိန်းဝင်းတို့ပဲ။ ဒီမှာ တောကောင်မျိုးစုံရထားလို့ အဖေက ငါ့တူကြီးလာရင် ကောင်းမှာပဲလို့ ထနေတာ အတော်ပဲ"

"အင်း - အတော်ပါပဲ မမ။ ဒါနဲ့ ဟိုကောင်ကြီးဖျားနေတယ်ဆို။ ကျွန်တော်တို့မှာ ဆေးဝါးအစုံပါတယ်"

"ဟုတ်တယ်၊ သူကတိုက်ကြီးသား။ တောထဲလာနေတော့ ဖျားတာပေါ့။ မမတို့ကတော့ ဒီမှာမွေး၊ ဒီမှာကြီးတော့ ခံနိုင်ရည်ရှိသွားပြီ။ ကဲ -လာပါ၊ အိမ်ထဲဝင်"

"ဟုတ်ကဲ့ မမ"

ကျွန်တော်တို့အိမ်ထဲဝင်၍ ဧည့်ခန်းတွင် ထိုင်နားနေကြစဉ် ဖထီးဦးဂျော့ထွက်လာသည်။ ချွေးတစ်ရွှဲရွှဲ၊ လက်တွင်သွေးတွေနှင့်။

"ငါ့တူ၊ လာဟေ့။ တောကောင်မျိုးစုံရထားတယ်။ နေ့လယ်စာမစားရသေးဘူး မဟုတ်လား။ ချေဝမ်းတွင်းသား၊ မျောက်ချေးခါးဟင်း၊ ဖွတ်သားဆီပြန်၊ ဝက်ခေါင်းသုပ်၊ ဝက်ခြေထောက်စွပ်ပြုတ်တပျော်ကြီးပဲ။ ထမင်းမြိန်မြိန်စားရအောင်။ ဩော် - ဧည့်သည်လည်း ပါလာတာကိုး"

ကျွန်တော်က မိတ်ဆက်ပေးတော့ သူတို့နှစ်ဦး လက်ဆွဲနှုတ်ဆက်ကြသည်။

ထိုစဉ် ဦးဂျော့က -

"ငါ့တူ၊ ဧည့်သည်နိုင်ငံခြားသားပါတယ်ဆိုတော့ ဦးအိမ်က ကျဉ်းတယ်။ ဧည့်ဂေဟာပေါ်မှာ စီစဉ်ပေးမယ်။ အခုတော့ တောကောင်တွေကိုမြင်ဖူးအောင် လိုက်ကြည့်ကြဦး"

"ဟုတ်ကဲ့၊ ဖထီး"

ကျွန်တော်တို့လိုက်ကြည့်ပြီး တောကောင်တစ်ကောင်ချင်းပြသည်။ ဆရာယာမခချိုကအရေခွံများဝယ်ချင်ကြောင်း ပြောတော့ ဖထီးက ဝယ်ရန်မလို၊ လက်ဆောင်ပေးမည်ဟု ပြောသည်။ ကျွန်တော် ကိုစောဂျော့လေးအား ဝင်တွေ့ပြီး ငှက်ဖျားပျောက်ဆေးတိုက်ရာ စောဂျော့လေမှာ ကျွန်တော်တို့လာမှ သူဖျားနေသဖြင့် စိတ်မကောင်းဖြစ်နေ သည်။

ထိုစဉ် ဆရာမ ဒေါ်နော်အဲစာက -

"ကိုသိန်းဝင်းတို့ လာကြ၊ ကျွန်မ ဧည့်ဂေဟာလိုက်ပို့ပေးမယ်။ ခဏနားပြီးမှ ဒီအိမ်မှာ နေ့လယ်စာစားဖို့ ကြွခဲ့ကြပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့၊ မမ"

ကျွန်တော်တို့ ဧည့်ဂေဟာပေါ်တွင် လွတ်လပ်စွာ နားကြသည်။ ဧည့်ဂေဟာမှာ တောင်ကုန်းကလေးပေါ်ရှိ တစ်ထပ်တိုက်ကလေး။ မှန်တံခါးများ ကာရံထားသည်။ ဧည့်ခန်းကျယ်ကြီးနှင့် အိပ်ခန်းနှစ်ခန်း၊ ရေချိုးခမ်းအိမ်သာ၊ မီးဖိုချောင်၊ ထမင်းစားခန်း အတော်စနစ်ကျသည်။ အင်္ဂလိပ်လက်ရာပုံစံဖြစ်သဖြင့် ကျယ်ဝန်းသည်။ နှစ်ပေါင်း (၁၀၀)ကျော်သော်လည်း အပျက်အစီးမရှိ။ မျက်နှာကြက်ကျောက်ပြားများ၌ GEC ရှေးဟောင်းပန်ကာကြီးများ ချိတ်ဆွဲထားသည်။ ဖွင့်ကြည့်တော့ ကောင်းစွာလည်သည်။ ပတ်လည်မှန်တံခါးများတပ်ထားသဖြင့် အလင်းရောင်ရသည်။ ခြင်မဝင်စေရန် တံခါးကိုတော့ မဖွင့်ပါ။ အခန်းတွင်းလေသန့်စေရန် ပန်ကာများကိုတော့ လိုက်ဖွင့်ထားလိုက်သည်။ ကျွန်တော်တို့ ရေချိုး၊ အဝတ်အစားလဲပြီးချိန်တွင် ဆရာမပင် လာခေါ်ပြန်သည်။

"ကိုသိန်းဝင်းတို့ နေ့လယ်စာစားဖို့ ကြွပါ"

"ဟုတ်ကဲ့ မမ"

□

ကျွန်တော်တို့ ကန်ပိုင်ကြီးအိမ်ရောက်တော့ နေ့လယ်စာအတွက် ပြင်ဆင်ထားသည်မှာ ဧည့်ခန်းစာပွဲအပြည့်။ သောက်ရန်လည်း ဒေသထွက် အရက်အပြင် ARMY RUM လည်း ပါသေးသည်။ ဂျပန်ဆရာက သူယူလာသော ဂျပန်ဆာကေးအရက် (၂) ပုလင်းကို ဦးဂျော့အား လက်ဆောင်ပေးသည့်အပြင် ဆရာမအား ကီမိုနိုပိတ်စများနှင့် သစ်သီးခြောက်များကို လက်ဆောင်ပေးသည်။ ဦးဂျော့နှင့် မဆိုးအဖွဲ့က ဂျပန်ဆာကေးအရက်ကို မြည်းစမ်းကြသည်။ ဂျပန်ဆရာနှင့် ကျွန်တော်က ARMY RUM ကို မြည်းကြမည်။ တောကောင်သားနှင့် အရက်မှာ အတော်လိုက်ဖက်သည်။

နေ့လယ်စာစားတော့ ဂျပန်ဆရာမှာ အစပ်မစားနိုင်၍ ဝက်ခေါင်းသုပ်ကို မစားသော်လည်း ဖွတ်သားဟင်း၊ သင်းခွေချပ်ဟင်းနှင့်ဝက်ခြေထောက်စွပ်ပြုတ်ကို အတော်ခံတွင်းတွေ့ဟန် တူသည်။ ဟက်ဟက်ပက်ပက်စားသည်။ သူတို့လူမျိုးများက မြန်မာလို ထမင်းများများ မစား။ ဟင်းကိုသာ များများစားသည်။ ဂျပန်ဆရာနှင့် ဦးဂျော့တို့ စကားပြောရာတွင် ကျွန်တော်က စကားပြန်။ မြို့စကားနှင့်တောစကားအတန်ငယ်ကွဲပြားသဖြင့် မြန်မာစကား အနည်းငယ်သာတတ်သော ဂျပန်ဆရာ နားမလည်ရှာပါ။ ထို့ကြောင့် ကျွန်တော်က ကြားဝင်၍စကားပြန်ပေးရသည်။

နေ့လယ်စာစားပြီး ခေတ္တဧည့်ဂေဟာပြန်အနားယူသည်။ ညနေစောင်းတွင် ဦးဂျော့ကိုယ်တိုင် ကျွန်တော်တို့အား လာခေါ်၍ လက်ဖက်ရည်ချိုတိုက်သည်။ ကန်ပေါ်ထွက် အသီးအနှံများအားကျွေးပြီးနောက် ရေစစ်ကန်ပေါ်သို့ တက်၍ရှင်းလင်းပြသည်။ ရေစစ်ကန်မှာ ချိုးဖြူကန်မကြီးမှ ပိုက်လုံးကြီးအတိုင်း စီးဆင်းလာသောရေများကို ဒလက်ဘီးကြီးများဖြင့် အမှိုက်များကို ဖယ်ရှားသန့်စင်ပြီး ရေများကို ပိုက်လုံးကြီးအတိုင်း ရန်ကုန်မြို့သို့ ရေပေးဝေခြင်း ဖြစ်သည်။ မိုင်(၇၀)ကျော်ခရီးကို စက်ဖြင့်မှုတ်တွန်းခြင်းမဟုတ်ဘဲ တောင်ဆင်း၊တောင်တက် ရေစီးအရှိန်ဖြင့် ဖြန့်ဝေခြင်း ဖြစ်သည်။ နှစ်ပေါင်း (၁၀၀)ကျော် ယခုအချိန်အထိ ရန်ကုန်မြို့သူမြို့သားများ ချိုးဖြူရေပိုက်ကြီးအား မှီခိုရဆဲ။ ဂျပန်ဆရာကတော့ အင်္ဂလိပ်အင်ဂျင်နီယာကို အလွန်ချီးကျူးပါသည်။

ရေစစ်ကန်ပေါ်မှ အဆင်းဖြတ်လမ်းဖြင့် ကန်မကြီးသို့ လမ်းလျှောက်ကြသည်။ တောင်ကြားလမ်း ဖြစ်သည်။ ဘေးနှစ်ဖက်က တောကြီးအုပ်ဆိုင်းနေသည်။ ချိုးဖြူပိုက်ကြီးက နှစ်ဘီးသွားကားလမ်းဖြင့်ယှဉ်၍ ကန်မကြီးမှ သွယ်ဆင်းလာသည်။ ရေတွန်းစက်ရုံအနောက်တွင် ပေ (၂၀၀) ကျော် မြင့်မည့် တာပေါင်ရိုးကြီး ရေတွန်းစက်ရုံမှ လိုဏ်ခေါင်းလမ်းအတိုင်း မြေအောက်ရေအောက်ထဲမှဝင်ခဲ့ရာ အပေါ်သို့ သံလှေကားဖြင့်ပြန်တက်တော့ ချိုးဖြူကန်မကြီး၏ ရေလယ်ကောင် အဆောက်အအုံသို့ ရောက်သည်။ ထိုအဆောက်အအုံသည် နွေ၊ ဆောင်း၊ မိုး ရေဝင်ပေါက်ကြီး (၃)ခု ဖြင့် ကန်ရေကိုစုပ်ယူကာ ရေစစ်ကန်သို့ ရေပို့ခြင်း ဖြစ်သည်။ ထိုရေစီးအရှိန်ကိုလည်း အလကားမထား နွေရာသီ ရေနည်းချိန်တွင် ရေစစ်ကန်ပေါ်သို့ ရေတင်ပေးရန်အတွက် ရေတွန်းတာဘိုင်စက်ကြီးများလည်းပတ်ရာတွင် အသုံးပြုသေးသည်။

ကန်မကြီးမှာ အလွန်သာယာသည်။ ရိုးမပေါ်ရှိ မြစ်၊ ချောင်းများအား ပိတ်ဆို့၍ ဆည်တာကြီးပြုလုပ်ထားခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်လေယာဉ်များက ဗုံးကြဲဖျက်ဆီးခဲ့သော်လည်း ကန်ပေါင်ရိုးကြီးမကျိုးခဲ့ပါ။

ကျွန်တော်တို့ ကန်ပေါင်ဘေးမှ ကားလမ်းအတိုင်း လျှောက်ပြန်ခဲ့ရာ ဂျပန်ဆရာကား ဦးဂျော့ထံ ခွင့်တောင်းပြီး ဓာတ်ပုံများရိုက်သည်။ ညက ဦးဂျော့တို့ မဆိုးအဖွဲ့ တောလည်ခြင်းမှာ ဤကန်လမ်းကြီးအတွင်းရှိ ကျွန်းများသို့ လှေနှင့်လည်၍ မီးထိုးပစ်ခြင်း ဖြစ်ပေသည်။

နေဝင်တော့မည်ဖြစ်သဖြင့် တောရိပ်တောင်ရိပ်ကြောင့် အပြန်လမ်းမှာ မှောင်စပြုပြီး ပုစဉ်းရင်ကွဲသံ၊ တောကြက်တောငှက်ကလေးများ အိပ်တန်းတက်သံနှင့် အဝေးဆီမှ ချေဟောက်သံများကို ကြားနေရသည်။ ကျွန်တော်တို့ ရေစစ်ကန်ပေါ်ပြန်ရောက်တော့ လုံးဝမှောင်ပြီ။ ဦးဂျော့က အသင့်ဆောင်ယူလာသည့် လက်နှိပ်မီးကလေးဖြင့် လမ်းပြသည်။ ဧည့်ဂေဟာပြန်နားပြီး ရေချိုး၊ အဝတ်အစားလဲ၍ ဦးဂျော့အိမ်ပြန်၊ ညစာစား အိပ်ရာဝင်ခဲ့ကြရာ လမ်းလျှောက်ရသဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သည်။

နောက်တစ်နေ့မနက်တွင် BREAK FAST စားရန် နေကောင်းသွားပြီဖြစ် သော သူငယ်ချင်း စောဂျော့လေ ကိုယ် တိုင်လာခေါ်သည်။

"စောကြီး၊ နေကောင်းသွားပြီလား"

"အေး-ကောင်းသွားပြီ။ မင်းဂျပန်ဆရာကို ကျေးဇူးတင်ကြောင်းပြောပေးပါ။ မင်းတို့ဒီနေ့ဘယ်သွားချင်ကြသလဲ ငါလိုက်ပို့မယ်"

"သွားချင်တာတော့မြစ်မိးတောင်၊ ဒါပေမယ့် ခရီးဝေးလွန်းတယ်။ ကားမပါလာတော့ လမ်းလျှောက်သွားရမှာမလွယ်ဘူး။ ဂျပန်ဆရာက သူ့အိပ်မက်ထဲမှာ ဖူးခဲ့ရတဲ့ ဆရာတော်ကို တွေ့ချင်နေတာ။ ဒီနားက အဘိုးဆရာတော်လည်း နာမည်ကြီးပဲ။ အဲဒီအဘိုးကျောင်းကို သွားဖူးချင်တယ်"

"အဲဒီလောက်တော့ ငါလိုက်ပို့နိုင်ပါတယ်။ မြစ်မိးတောင်က အတော်လှမ်းတယ်။ တောင်ပေါ်တက်ရမှာဆိုတော့ ငါ့ကျန်းမာရေးနဲ့ မဖြစ်သေးဘူး"

ကျွန်တော်တို့ BREAK FAST စားပြီး ရေစစ်ကန်တောင်ပေါ်မှ ဆင်းခဲ့ကြသည်။ ဂိတ်ဝလွန်သည်နှင့် ကတ္တရာလမ်းအတိုင်းလျှောက်၍ ညာဘက်ရှိအဘိုးကျောင်းတောင်ကုန်းပေါ်သို့ တက်ခဲ့ကြသည်။ အဘိုးကျောင်းအား ဖန်ထည်မှန်ထည်များဖြင့် တွဲရစ်ပြင်ဆင်မွမ်းမံထားသည်။

ထိုစဉ် ဂျပန်ဆရာက -

"ဝင်းစံ၊ အိပ်မက်ထဲက ဒီကျောင်း



www.burmeseclassic.com

www.burmeseclassic.com





နှလုံးရောဂါ ကင်းဝေးအောင်

မိုးရွာဆရာမိုး

အမှတ်တံဆိပ်

အမောလုံ

နှလုံးအားဆေးကိုဆောင်

မှတ်ပုံတင် - ဝ၁၁၄y ဝ၁၀ရ၃၆ လိုင်စင် ၇၊၂၀၁၁၊ တအထလတိုး (၁၃၁၂)

နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်၌စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဈ-၃၅၆၊ မဲဇာဝီလမ်းမကြီး၊ ဈ-ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ/ဥက္ကလာပ

ဖုန်း-၀၁-၉၆၉၀၅၈၇၊ ၀၁-၆၉၁၀၇၉၊ ၀၁-၆၉၁၅၉၁


ဟုတ်တယ်။ ဖန်ထည်တွေချိတ်ထားတာတွေ့လား။ ဆရာတော်ဘယ်မလဲ။ ဖူးချင်တယ်။ ဟိုဘက်ခန်းမှာ ဘုရားဟောင်းတွေရှိလိမ့်မယ်။ ဆရာတော်က အသားဖြူဝင်းနေပြီး ညာဘက်နားရွက်ဖျားမှာ မှဲ့နက်ကြီးတစ်လုံးရှိတယ်။ အရပ်က အနေတော်။ ဝတယ်။ အလွန်ကြည်ညို စရာကောင်းတယ်"

ကျွန်တော်တို့ကျောင်းပေါ်ရောက်တော့ ရှမ်းတိုင်းရင်းသား ကပ္ပိယကြီးက ဆီးကြိုသည်။

"ဆရာတော် မရှိဘူး။ လိမ္မော်ခြံဘက် ဆွမ်းခံကြွသွားတယ်။ ဆယ်နာရီကျော်မှ ပြန်ကြွလာလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့စောင့်ပါမယ်။ ဒီကဆရာက ဂျပန်လူမျိုးပါ။ အိပ်မက်ထဲမှာ ဆရာတော်ဘုရားနဲ့ ဆုံဖူးလို့ ဖူးချင်လို့ ရန်ကုန်ကနေလာတာပါ"

"ထိုင်စောင့်ကြပါ။ အခါးရည်နဲ့ လက်ဖက်သုပ် ကျွပ်လုပ်ပေးပါ့မယ်"

မနက်(၁၀း၃၀)နာရီခန့်တွင် အဘိုးဆရာတော် နောက်ပါ ရဟန်း(၅)ပါးနှင့် ပြန်ကြွလာသည်။ ကျောင်းပေါ်ရောက်သည်နှင့် ဂျပန်ဆရာက -

"ဟိုက် - အိုဘိုးစံ"

ဟု နှုတ်ဆက်ပြီး ကန်တော့သလို ဆရာတော်ကလည်း ဂျပန်ဆရာကို မြင်သည်နှင့် -

"သြော် - အိပ်မက်ထဲက ဂျပန်ကျောင်းဆရာ မဟုတ်လား။ ထူးဆန်းလိုက်တဲ့ အိပ်မက်နော်။ ထပ်ခါတလဲလဲ မက်တယ်။ အခုတော့ တကယ်ရောက်လာပြီပေါ့နော်"

ကျွန်တော်က ဘာသာပြန်ပေးရသည်။ ဆရာတော်မှာ အသားဖြူဝင်းနေပြီး ဂျပန်ဆရာပြောသလို ညာဘက်နားရွက်ဖျား၌ မှဲ့နက်ကြီးတစ်လုံးက ထင်းနေသည်။ ဂျပန်ဆရာက ဝတ္ထုငွေများ လှူဒါန်းသလို ဆရာတော်က ရွှေရောင်ပင် မကျန်တော့ဘဲ စစ်ဆေးရောင်ပင် ပျက်ပြယ်နေသော တစ်ပေခန့် ဉာဏ်တော်မြင့်သည့် အဘယလာဘမုဒ်ရုပ်ပွားတော်တစ်ဆူအား စွန့်ကြသည်။

ဆရာတော်က -

"ဂျပန်ဆရာ၊ မင်းတာဝန်တွေရှိသေးတယ်နော်"

"ဟိုက် (ဟုတ်ကဲ့)"

သူတို့အိပ်မက်ထဲ၌ ဘယ်လိုကတိထားကြသည်မသိ။ ပြီးနောက် ဆရာတော်က အခန်းတစ်ခန်းကို ဖွင့်၍ပြသည်။ ရှေးဟောင်းရုပ်ပွားတော်အဆူဆူအား ဖူးတွေ့ရသည်။ ထို့နောက် ကျွန်တော်တို့ တောင်ပေါ်ပြန်တက်၍ နေ့လယ်စာစားကြပြီး ဂျပန်ဆရာ ပြန်မည်ဆိုသဖြင့် ဦးဂျော့ကိုယ်တိုင်က ISUZU ကားကြီးဖြင့် လိုက်ပို့သည်။ ဂျပန်ဆရာက ရုပ်ပွားတော်အား လက်ကမချတော့။ တိုက်ကြီးမြို့ရောက်မှ ကျွန်တော်တို့ ကားတားပြီး ပြန်ခဲ့ကြသည်။ ဂျပန်ဆရာ ပင့်လာသော ရုပ်ပွားတော်အား ရွှေပြန်းချရန် ကျွန်တော်ပင် စီစဉ်ပေးရသည်။ ဂျပန်လူမျိုးများမှာ 'ရှင်တို' ဘာသာကိုးကွယ်သဖြင့် ဗုဒ္ဓဘာသာဖြင့် နီးစပ်သည်။ မကြာမီ ဟော့ကိုင်းဒိုးကျွန်းမှ ကားကုမ္ပဏီကို အမွေရသဖြင့် ဂျပန်ဆရာနှင့် ကျွန်တော် သူ၏တိုရိုတာကားဖြင့် ချိုးဖြူသို့သွားပြီး အဘိုးကျောင်းမှ ရှေးဟောင်းဆင်းတုတော်များအား ရွှေချပေးသည်။ ဂျပန်ဆရာ ဂျပန်ပြည်ပြန်ပြီး တစ်လခန့်အကြာတွင် ကျွန်တော့်ထံသို့ စာတစ်စောင်ရောက်သည်။ အဆင်ပြေကြောင်းနှင့် မကြာမီ ရန်ကုန်လာပြီး အဘိုးဆရာတော်အား ပူဇော်ကန်တော့ အလှူကြီးပေးမည်ဖြစ်ကြောင်း။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာပါစေဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး ၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသီဟတို့က နှစ်(၃၀)ကျော် ကုသ အောင်မြင်ခဲ့သောဆေးများကို ရောဂါဝေဒနာရှင်များ တောင်းဆိုချက်အရ ထုတ်လုပ် ဖြန့်ချိလိုက်ခြင်းဖြစ်ပါကြောင်း



သီး ၊ ဝမ်း ၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အကြောပြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)

အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊မျက်စိရောဂါ၊အတွင်းတိမ်၊ အပြင်တိမ်၊စအိုနာ၊သီးဝမ်းလေချုပ်ရောဂါများအတွက်၊ဝမ်းတွင်းရှိအပူအပုပ် အညစ်ကို ယူထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါးကျန်းမာစေပါသည်။



နေပူ ၊ မီးပူ ၊ ရင်တွင်းသောကအပူ မှန်သမျှ ငြိမ်းစေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အပူငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောပန်းခြင်း၊မူးဝေခြင်း၊အိပ်မပျော်ခြင်း၊မီးယပ်သွေးမမှန်ခြင်း၊ သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက် ကင်းစေပါသည်။



ကိုယ်ခန္ဓာအတွင်း ငုပ်လျှောင်နေသည့် အခိုးအကင်းမှန်သမျှ ပွင့်စေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အခိုးပွင့်ဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)

ကိုယ်၊လက်၊ခြေကိုက်ခဲခြင်း၊ချွေးငုပ်ခြင်း၊ခေါင်းကိုက်ခြင်း၊ခေါင်းအုံ့ခြင်း၊ အနာရောဂါအမျိုးမျိုးတို့အတွက် ငန်းမန်းတို့ကို သက်သာပျောက်ကင်းစေခြင်းနှင့် အဖျားရောဂါများကို သက်သာပျောက်ကင်းစေပါသည်။



ထုံကျဉ်ကိုက်ခဲလေးဖက်နာ နှင့် လေငန်းလေဖြတ်ရောဂါရှင်များအားထားရတဲ့

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အကြောလိမ်းဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011826(1215)

အကြောတင်ခြင်း၊အကြောကပ်ခြင်း၊အကြောထုံခြင်း၊အကြောရောင်ခြင်း၊ အဆစ်အမြစ်ရောင်ခြင်း၊ထုံကျဉ်ကိုက်ခဲ၍လေးဖက်နာဖြစ်ခြင်း၊မေးရွဲ့ပါးရွဲ့ခြင်း၊ ခြေကပ်လက်ကပ်ခြင်းနှင့် လေငန်းရောဂါ တို့ကို သက်သာပျောက်ကင်းစေပါသည်။

## ကျန်းမာပါစေ

**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆေးကုဌာန**

အမှတ်(၈၂)ဖေယျာလမ်း၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၀၈၅၄၄၀ ၊ ၀၉ ၇၃၀၂၉၉၃၀ ၊ ၀၉ ၄၂၀၀၆၆၃၉၈

www.burmeseclassic.com

www.burmeseclassic.com

# အန္တရာယ်ကင်းဝေး သန်ချဆေး

ကျွန်တော်နဲ့ မောင်မြတ်ထွန်းတို့ဟာ နေပြည်တော်ဇမ္ဗူသီရိမြို့ရဲ့ အောင်ဇမ္ဗူရပ်ကွက်ရှိ သူတို့အိမ်မှာ စကားပြောနေတာပါ။ မောင်မြတ်ထွန်းရဲ့ဇနီးကလည်း ထိုင်ပြီးစကားပြောနေတာပါ။ အဲဒီမှာ မောင်မြတ်ထွန်းနဲ့ မရီရီဝင်းတို့ရဲ့ တစ်ဦးတည်းသောသား မောင်ချမ်းသာဟာ ခြေသလုံးစွပ်နဲ့ အိမ်ပေါ် ရောက်လာပါတယ်။

"မောင်ချမ်းသာ၊ ပြန်ခဲ့ပြီလား"

"ဟုတ်ကဲ့ အဘ၊ ခုပဲရောက်တာပါ"

"မင်းရဲ့ကားကလည်း အိမ်ဝိုင်းထဲ ဝင်လာတာတောင် ဘာသံမှမကြားရပါလားကွ"

"ဖြည်းဖြည်းဝင်ခဲ့တာ ဘဘ"

"အေးကွာ၊ ဖြည်းဖြည်းမောင်းတော့ အန္တရာယ်ကင်းတာပေါ့"

လို့ ပြောပြီး ကျွန်တော်တို့စကားဆက်ပြောနေကြပါတယ်။ ပြောနေတာက အိမ်ချင်းကပ်လျက် နှစ်ရှည်လများနေသွားတဲ့ ကျွန်တော့်အဘိုး ဦးရွှေမင်းအကြောင်းပါ။ မောင်ချမ်းသာကတော့ ဗွီဒီယိုကို တိုးတိုးလေးဖွင့်ပြီး တစ်ဦးတည်း ကြည့်နေပါတယ်။

"အစ်ကိုလေးက မိုးကုတ်မှာ နေနေတော့ အဘိုးဦးရွှေမင်းနဲ့ အတူတူမနေရဘူး။ ကျွန်တော့်အမေနဲ့ကျွန်တော်တို့မိသားစုက နီးနီးကပ်ကပ်နေနေရတာ။ ရောဂါဝေဒနာတစ်ခုခုဖြစ်ရင် အမေက ဘိုးဘိုးကို အိမ်ကို ရေနွေးသောက်ဖိတ်ခေါ်ပြီး ဒီဝေဒနာဘာနဲ့ကုရင် ပျောက်သလဲဆိုတာ မေးလေ့ရှိတယ်။ အဘိုးက ဘယ်လိုကုရတယ်ဆိုရင် အမေကကုပေးတာပဲ။ အဲဒီဆေးနည်းတွေ အမေက အတော်လေးရလိုက်တယ်။

ငန်းစပ်ရွာက တူမလေးတစ်ယောက် ကျွန်တော်တို့အိမ်မှာနေပြီး ကျောင်းတက်ရင်း နဖူးမှာ သမင်ဖြူစွဲလာတယ်။ သမင်ဖြူစွဲတဲ့နေရာမှာ ဆံပင်တွေပါ ဖြူကုန်တာ၊ အဲဒါ အမေက အဘိုးကို ဆေးနည်းမေးပြီး လိမ်းဆေးလိမ်းတော့ မကြာခင်ပျောက်သွားတယ်။ ဒါက ကျွန်တော့်မျက်စိရှေ့မှာပါ။ ခက်တာက အဲဒီဆေးနည်းကို ကျွန်တော့်အမေဆီက ယူထားရကောင်းမှန်း မသိခဲ့ဘူး"

"နာလိုက်တာ မောင်မြတ်ထွန်းရာ။ ဒီလောက်ရှားပါးတဲ့ ဆေးနည်းကို မေးရတယ်ကွ။ သမင်ဖြူ ဆိုတာ သိပ္ပံနည်းမှာ ဆေးထုတ်ပေးမယ့် အဆင့်မရောက်ဘူးကွ။ သမင်ဖြူဖြစ်ရင် လူတောတိုးဖို့ အလွန်ခက်တာကွ။ သူက ကူးစက်ရောဂါ မဟုတ်ပေမယ့် လူတွေက ရွံကြတယ်"

"အေးဗျာ၊ ဆေးနည်းတွေတန်ဖိုးရှိမှန်း ငယ်ငယ်ကမသိခဲ့ဘူးလေ။ အစ်ကိုလေးရဲ့တူကို ကြည့်စမ်း၊ ဝလို့လှလို့ မဟုတ်လား။ သူငယ်ငယ်လေးတုန်းက အစ်ကိုလေးလာမြင်စေချင်တယ်"

အဲဒီမှာ မရီရီဝင်းက ဝင်ပြောပါတယ်။

"ချမ်းသာများ အစ်ကိုလေးရယ်။ ကလေးတုန်းက ဒီလို ဝဝဖြိုးဖြိုး ဘယ်ဟုတ်မှာလဲ။ ဗိုက်ပူနံ့ကားနဲ့ သန်ကောင်တွေရဲ့ နှိပ်စက်ခံနေရတာလေ။ စားသမျှအားမဖြစ်ဘဲ သန်ကောင်တွေအတွက် ဖြစ်နေတာ။ ကျွန်မတို့မှာလည်း စီးပွားရေးကတစ်ဖက်ဆိုတော့ သူ့အဘွားနဲ့ ပစ်ထားရတာကိုး။ အဲဒီမှာ သူ့အဘွား ဒေါ်ကြွယ်က အဘိုးဦးရွှေမင်းဆီက ရထားတဲ့ဆေးနည်းနဲ့ သန်ချပေးလိုက်မှ ကျန်းမာလာတာ။

"သန်ချဆေးနည်းကော မရလိုက်ဘူးလား"

"ရတယ် အစ်ကိုလေးရဲ့၊ အဲဒီဆေးနည်းကို ကျွန်မကိုယ်တိုင်လုပ်ရတာမို့ မှတ်မိနေပါတယ်"

မောင်ချမ်းသာက သူ့ပြောနေမှန်း သိတော့ ပြုံးပြီး လှမ်းကြည့်ပါတယ်။

"ပြောပြစမ်းပါဦး"

"အစ်ကိုလေး နာနတ်ပင်သိတယ်မဟုတ်လား"

"မြန်မာနိုင်ငံအနှံ့မှာရှိတာပဲကွ။ သိတာပေါ့"

"အဲဒီ နာနတ်ပင်က နာနတ်ရွက်ကို မနုမရင့်ငါးထွေရည်ပေါ့ အစ်ကိုလေးရယ်။ အဲဒီနာနတ်ရွက်ကို လက်ပြန်ဆွဲနုတ်ပြီးခူးရတယ်။ ရလာပြီဆိုရင် အထုံးခုနစ်ထုံးထုံးရတယ်။ အဲဒီအထုံးခုနစ်ထုံးထုံးပြီးတဲ့ နာနတ်ရွက်ကို တောက်တောက်စဉ်းပြီး အမဲသားနဲ့ ချက်ကျွေးရတာပဲ အစ်ကိုလေး"

"အမဲသားက ဘယ်လောက်လဲ"

"အစိတ်သားလောက်ဆိုရတယ်။ အဲဒီနာနတ်ရွက်နဲ့ချက်တဲ့ အမဲသားဟင်းကိုအဝသာကျွေးလိုက်၊ သန်တွေအထွေးလိုက်ကျလာပြီး ကောင်းသွားခဲ့တာ ခုလိုလူပျိုကြီးဖားဖားဖြစ်တဲ့အထိပဲ အစ်ကိုလေးရေ"

အဲဒီမှာ မောင်မြတ်ထွန်းက ဝင်ပြောပြန်ပါတယ်။

"အစ်ကိုလေးရေ၊ သန်ကောင်တွေကျပုံများ အထွေးလိုက်ကြီးဗျ၊ အိတ်နဲ့ ထည့်ထားသလားမှတ်ရတယ်။ ခုထိ မျက်စိထဲက မထွက်သေးဘူး။ ခုတော့ အစ်ကိုလေးတူ မြင်တဲ့အတိုင်းပဲ ထွားလဲထွား၊ ဝလည်းဝပေါ့ဗျာ"

လို့ ပြောပြပါတယ်။

တစ်ယောက်ဆိုတစ်ယောက်ဆိုတာလိုပါပဲ။ မောင်ချမ်းသာကလည်း ခြောက်ပြစ်ကင်း လိမ္မာရေးခြားရှိတဲ့ လူပျိုလေးပါ။ ကားလေးတစ်စင်းနဲ့ မိဘကိုလုပ်ကျွေးနေသူပါ။ တူလိမ္မာကို မြင်ရတော့ စိတ်ချမ်းသာရတာ အမှန်ပါပဲ။

ဆေးဆိုင်တွေမှာ ပဋိဇီဝသန်ချဆေးတွေ အချိန်မရွေးဝယ်လို့ရတဲ့ခေတ်ကြီးပါ။ တစ်ရာတန်၊ ငါးရာတန်၊ တစ်ထောင်တန်ဆိုပြီးတော့ သုံးမျိုးရှိပါတယ်။ အစွမ်းလည်းထက်ကြပါတယ်။ ဒါပေမယ့် သန်ချဆေးဆိုတာ အခြေအနေအချိန်အခါဆိုတာ ရှိပါတယ်။ တိုက်ချင်တိုင်းတိုက်လို့ရတာ မဟုတ်ပါဘူး။ ဆရာဝန်ရဲ့ညွှန်ကြားချက် သို့မဟုတ် နားလည်တဲ့ ဆေးရောင်းသူရဲ့ ညွှန်ကြားချက်နဲ့ သောက်ကြရတာပါ။ ပြီးတော့ အတိုင်းအတာလည်းရှိပါသေးတယ်။ တစ်လုံး သို့မဟုတ် တစ်ခြမ်းတိုက်ရတာပါ။

အထက်ပါ မောင်မြတ်ထွန်းတို့ရဲ့ ဆေးနည်းကျတော့ အစားအစာနဲ့ခုတ်စာကုထုံးနဲ့ ကုတာဆိုတော့ ဘေးထွက်ဆိုးကျိုးဆိုတာလည်း ရှိနိုင်မယ်မထင်ပါဘူး။ အန္တရာယ်လည်းကင်းပါတယ်။ ကလေးတွေလည်း ကြိုက်ကြပါတယ်။ အလွယ်တကူရှာဖွေပြီး ချက်ကျွေးနိုင်ကြပါတယ်။ ပိုက်ဆံကုန်လည်းသက်သာပါတယ်။ လူတိုင်းလက်လှမ်းမီတဲ့ ဆေးနည်းပါ။

သန်ချဆေး ဆိုတာ မြန်မာ့ရိုးရာဆေးမြီးတိုလောကမှာ များစွာရှိပါတယ်။ သူလည်း ကြွက်နို့သတ်နည်းလိုပါပဲ၊ အများကြီးရှိပါတယ်။ အဲဒီနည်းတွေထဲမှာ နာနတ်ရွက်နဲ့ အမဲသားချက်စားတဲ့နည်းလေးပါ ထည့်သွင်းလိုက်ပါရစေ။

(မောင်မြတ်ထွန်း-မရီရီဝင်း၊ သား မောင်ချမ်းသာသို့ ကျေးဇူးတင်လျက်)

ချမ်းမြေ့ပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

ခေါ် သင့်လျော်သော ထောင်တွင်းလုပ်ငန်းများ၌ တာဝန်ခွဲဝေ ချထားရလေသည်။

ထိုအခါတွင် ထောင်ပိုင်သည် ထောင်ပုံစံ (၃၂) ပါ အလုပ်အကိုင်စာတိုင်၌ ဖော်ပြထားချက်ကို ကြည့်ရှုကာ အကျဉ်းသားအား သင့်တော်ရာ အလုပ်ဌာနတွင် တာဝန်ချထား ပေးလေသည်။ အကယ်၍ အကျဉ်းသား၏ အလုပ်အကိုင်နှင့် ထောင်တွင်းလုပ်ငန်းတို့ အဆင်မပြေပါက အိပ်ဆောင်သန့်ရှင်းရေး၊ ရေထမ်း၊ မိလ္လာ စသောဟာဏ်ရ လုပ်ငန်းများ၌ တာဝန်ချထားပေးတတ်၏။

အကျဉ်းထောင်များတွင် များသောအား



[stamp]

တရားရုံးများမှ ပြစ်မှုထင်ရှားစီရင်ခံရသော အချုပ်တရားခံများသည် အကျဉ်းသားအဖြစ် သက်ဆိုင်ရာ အကျဉ်းထောင်အသီးသီးသို့ ရောက်ရှိလာကြသည်။ ထိုသူတို့အား ထောင်ပုံစံ (၃၂) ခေါ် အကျဉ်းသား မှတ်ပုံတင်စာအုပ်ကြီးတွင် စာရင်းသွင်း ရေးမှတ်၍ မှတ်တမ်းတင်ထားရ၏။ ယင်းစာအုပ်ကြီးမှာ အကျဉ်းသား၏ကိုယ်ရေးရာဇဝင်ဖြစ်ကာ ထောင်ဝင်နံပါတ်၊ အကျဉ်းသားအမည်၊ အဘအမည်၊ အသက်၊ လူမျိုး၊ ဘာသာ၊ ဇနီး၊ ခင်ပွန်း၊ အလုပ်အကိုင်၊ ပြစ်မှု၊ ပြစ်ဒဏ်၊ အပြစ်ပေးပုဒ်မ၊ တရားရုံး စသဖြင့် စာကိုင်များဖွဲ့ကာ ပြည့်စုံစွာ မှတ်တမ်းပြုထားရသည်။

အကျဉ်းထောင်များတွင် အလုပ်ဘက်ခေါ် ထောင်တွင်းစက်မှု လက်မှု လုပ်ငန်းဌာနများရှိလေရာ ထိုအကျဉ်းသားများအား တာဝန်ခံ အရာရှိ (ထောင်ပိုင်) ကိုယ်တိုင် 'လေဘာ'



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် စက်ချုပ်၊ လက်သမား၊ ရက်ကန်း၊ ခနပ်ချုပ်၊ ဆပ်ပြာချက်၊ စာအုပ်ချုပ် လုပ်ငန်းများရှိတတ်ပေရာ အကျဉ်းသား တို့၏ ကျွမ်းကျင်ရာ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများနှင့် အံဝင်ခွင်ကျ ဖြစ်သည့်တိုင်အောင် အနီးစပ်ဆုံး အ လုပ်ဌာနများတွင် အဆင်ပြေသွားတတ် ကြသည်သာ ဖြစ်၏။

သို့တစေ တစ်ခါတစ်ရံ၌ အကျဉ်း သားအချို့၏ ကျွမ်းကျင်လိမ္မာရာ လုပ် ငန်းများမှာ သမားရိုးကျမဟုတ်ဘဲ ထူး ထူးခြားခြားဖြစ်နေတတ်လေရာ လုပ်ငန်း တာဝန်ချထားရာ၌ ထောင်တွင်းလုပ်ငန်း များနှင့် သဟဇာတမဖြစ်ဘဲ အတော်ပင် တသိကအောက်ဖြစ်ကာ ခက်ခက်ခဲခဲ ဆောင်ရွက်ရတတ်၏။

ဤဖြစ်ရပ်မှာ အားကောင်းမောင်း သန် ယောကျ်ားရင့်မာကြီး ဖြစ်နေပါ လျက် အားနွဲ့သော မိန်းမသားများသာ လုပ်လေ့ရှိသောလုပ်ငန်းကို ကျွမ်းကျင် နိုင်နင်းစွာ ဆောင်ရွက်ရင်း ဆန်းကြယ် သော သမုဒယသံယောဇဉ်ကြောင့် လူ သတ်တရားခံဖြစ်ရရှာသည့် အကျဉ်း သား ကျော်ကျော်ဆိုသူ၏ ရင်နာစဖွယ် ဇာတ်လမ်း ဖြစ်၏။

ယင်းဖြစ်ရပ်၏ အစနိဒါန်းသည် ကား-

❑

အကျဉ်းထောင်တာဝန်ခံအရာရှိ ၏ များပြားလှသော တာဝန်ဝတ္တရား များအနက် 'လူသစ်ကြည့်ခြင်း' သည် မပျက်မကွက် ဆောင်ရွက်ရမည့်တာဝန် ဖြစ်၏။ ထောင်ပိုင်တစ်ယောက်အနေနှင့် မိမိတာဝန်ယူ အုပ်ချုပ်နေသော အကျဉ်း ထောင်အတွင်း မည်သို့သော မှုခင်းကျူး လွန်ခဲ့သူများ၊ မည်သို့သောလုပ်ငန်းကျွမ်း ကျင်သူများ၊ မည်သည့်အဆင့်အတန်းရှိ လူတန်းစားများ ရောက်ရှိနေသည်ကို အစဉ်အမြဲ သိရှိနေရန် အထူးလိုအပ်လှ သည်။

အဘယ်ကြောင့်ဆိုသော် အဆိုပါ အချက်အလက်များသည် အကျဉ်း ထောင်ကို စီမံအုပ်ချုပ်ရာ၌ များစွာ အ ထောက်အကူပြု၍ဖြစ်၏။ ထို့ကြောင့် လည်း ထောင်ပိုင်များသည် အချုပ်သား နှင့် အကျဉ်းသားလူသစ်များရောက်လာ တိုင်း ၎င်းတို့၏ ကိုယ်ရေးရာဇဝင်၊ အမှု ဖြစ်စဉ်နှင့် ဥပမိရုပ်များကို စစ်ဆေး လေ့လာနိုင်ရန် သီးသန့်အချိန်ပေး၍ ကိုယ်တိုင် လူသစ်ကြည့်ကြခြင်း ဖြစ်၏။

"ဆရာ၊ ဒီနေ့ လူသစ်ကြည့်ဖို့ရှိ တယ်နော်"

ကျွန်ုပ်သည် တစ်နေ့နံနက်ပိုင်း၌ အကျဉ်းထောင်မှ လွတ်မြောက်မည့် အကျဉ်းသားများအား စိစစ်လွှတ်ပေး ပြီးချိန်ဝယ် ထောင်မှူးကြီးဦးစိုးလှိုင် လာ ရောက် အသိပေးသတင်းပို့လိုက်ခြင်းဖြစ် ၏။ ယင်းသို့အသိပေးရခြင်းမှာ တစ်ခါ တစ်ရံ အစည်းအဝေးများ၊ အရေးပေါ် ကိစ္စများကြောင့် လူသစ်ကြည့်ရန်ပျက် ကွက်တတ်သောကြောင့်ဖြစ်၏။ ထိုအခါ မျိုးတွင် ကျွန်ုပ်ကိုယ်စား ထောင်မှူးကြီး ဦးစိုးလှိုင်အား လူသစ်ကြည့်ရန် တာဝန် ပေးခြင်းမျိုးများပင် ရှိတတ်၍ဖြစ်၏။ ကျွန်ုပ်မှာမူ လူသစ်ကြည့်ခြင်းကို အရေး ကြီးကိစ္စတစ်ခုအဖြစ် သတ်မှတ် မပျက် မကွက်ကြည့်တတ်သည်သာ ဖြစ်၏။

"အင်း"

ကျွန်ုပ်က သိရှိကြောင်း ခေါင်း တစ်ချက်ဆတ်ပြကာ လွှတ်လူလွှတ်ခြင်း ကို လက်စသတ်လိုက်၏။ ထို့နောက် ထိုနေ့ ရုံးချုပ်သို့ ပေးပို့ရမည့် အရေး



## အကျဉ်းထောင်လောကမှဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ

# ပီတာမြဦး

## ထာဝရအိပ်ဖော်



www.burmeseclassic.com

www.burmeseclassic.com

ကြီးရုံးစာများကို ဖတ်ရှုကာ လက်မှတ်ရေးထိုးပေးလိုက်၏။ အားလုံးပြီးမှ ထောင်မှူးကြီးဦးစိုးလှိုင်နှင့်အတူ ထောင်တွင်းသို့ ဝင်ကာ ထောင်ကျရုံးခန်းသို့ ထွက်လာခဲ့ ၏။

လူသစ်ကြည့်ခြင်းမှာ ရက်သတ္တတစ်ပတ်အတွင်း ရောက်ရှိလာသော အကျဉ်းသားများအား အသင့်ရေးသွင်းထားသော ထောင်ပုံစံ(၃၂)ခေါ် အကျဉ်းသား မှတ်ပုံတင်စာအုပ်ကြီးပါ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဖြစ်၏။

ထိုနေ့က ကြည့်ရှုရသော လူသစ်အရေအတွက်မှာ ယခင်အပတ်များခန့် ပင်ဖြစ်ပြီး အကျဉ်းသားတို့၏ ကိုယ်ရေးရာဇဝင်၊ အမှုဖြစ်စဉ်တို့မှာလည်း အပ်ကြောင်းထပ်နေသော ဓာတ်ပြားဟောင်းကြီးသဖွယ် အကြိမ်ကြိမ်ကြားရ၍ ရိုးအီနေသည့်ဖြစ်ရပ်များသာ ဖြစ်လေသည်။

သို့တစေ ကျော်ဇေယျာလင်း(ခ) ကျော်ကျော်အမည်ရှိ အကျဉ်းသား၏ အလှည့်တွင်ကား ကျွန်ုပ်အား ထူးထူးခြားခြား အံ့အားသင့်စေခဲ့လေသည်။ အထူးသဖြင့် မှတ်ပုံတင်စာအုပ်ပါအလုပ်အကိုင်စာတိုင်တွင် ဖော်ပြထားချက်ကြောင့် ဖြစ်ပါသည်။

"ဒါနဲ့ မောင်ရင်က အပြင်မှာ ဘာအလုပ်လုပ်ကိုင်ခဲ့လဲကွယ့်"

ကျွန်ုပ်က အကျဉ်းသား ကျော်ကျော်၏ မျက်လုံးများအတွင်း စူးစိုက်ကြည့်၍ မေးလိုက်သည်။

"အိမ်ဖော်ပါ ဆရာ"

"ဟေ"

ကျွန်ုပ်မှ အကျဉ်းသားမှတ်ပုံတင်စာတိုင်တွင် 'အိမ်ဖော်' ဟု ဖော်ပြထားသည်ကို ကြိုတင်သိရှိနေပါလျက် အကျဉ်းသား၏ နှုတ်မှဖြေလိုက်ချိန်တွင်လည်း အံ့သြရိပ်ကမပြေနိုင်သေး။

"နေပါဦးကွယ့်။ အိမ်ဖော်ဆိုတာ ထမင်းဟင်းချက်၊ အိုးတိုက်ပန်းကန်ဆေး၊ အဝတ်လျှော်၊ ရေခပ် စတဲ့ အောက်ခြေသိမ်းလုပ်ကိုင်ရတဲ့ အိမ်မှုကိစ္စတွေကို ပြောတာမဟုတ်လားကွယ်"

"မှန်ပါတယ်ဆရာ"

"ပြီးတော့ ဒါက အားနွဲ့တဲ့ မိန်းမသားတွေပဲ အိမ်မှာနေရင်း ပေါ့ပေါ့ပါးပါး လုပ်ကိုင်သွားရတာမျိုး မဟုတ်လားကွယ့်"

"ဟုတ်ကဲ့၊ ဒါလည်းမှန်ပါတယ် ခင်ဗျာ"

"ခုတော့ မောင်ရင့်ပညာအရည်အချင်း ကြည့်တော့လည်း ဆယ်တန်းအောင်၊ အသက်ကလည်း (၂၆) နှစ်၊ လူကလည်း ကျန်းမာသန်စွမ်းနေပါရက်နဲ့ ဒီလိုမိန်းမသားတွေနဲ့ပဲ သင့်တော်တဲ့ အိမ်ဖော်အလုပ်ကို ယောက်ျားတန်မဲ့ ဘာလို့လုပ်ရတာလဲကွယ့်"

ကျွန်ုပ်၏ အပြစ်တင်လေသံပါသယောင်ရှိသော မေးခွန်းကြောင့် ကျော်ကျော် ရုတ်တရက် ပြန်မဖြေနိုင်သေးဘဲ သက်ပြင်းတစ်ချက် ရှိုက်ထုတ်လိုက်သည်ကို တွေ့ရ၏။ ပြီးမှ မျက်တောင်တဖျတ်ဖျတ်ခတ်ကာ ရီဝေသော မျက်လုံးများဖြင့် -

"ဒါက ဒီလိုပါ ဆရာ။ ကျွန်တော် မူလအလုပ်အကိုင်က ယောက်ျားသူနာပြု(MALE NURSE)ဖြစ်ပါတယ်။ ကျန်းမာရေးလက်ထောက်လက်မှတ်ရပြီးသားပါ။ နယ်ဘက်က ပြည်သူ့ဆေးရုံတွေမှာ ဆယ့်ငါးနှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီးမှ အငြိမ်းစားယူပြီး အပြင်ပုဂ္ဂလိကဆေးခန်းတွေမှာ ဆက်လုပ်နေခဲ့တာပါ။ အမှန်တော့ ကျွန်တော်အိမ်ဖော်ဖြစ်လာတာဟာ အမေ့ကြောင့်လို့ ဆိုရမှာပါ ဆရာ"

"ဟုတ်လားကွယ့်။ ဒါနဲ့ မောင်ရင် အိမ်ဖော်လုပ်တာနဲ့ မောင်ရင့်အမေနဲ့ ဘယ်လိုများပတ်သက်နေလို့လဲ"

ကျော်ကျော်က တစ်စုံတစ်ရာကို တမ်းတမိဟန် သူ၏ မျက်လုံးများကို တဒင်္ဂ မှေးမှိတ်လိုက်ပြီးမှ -

"ကျွန်တော်ကိုးနှစ်သားအရွယ်မှာ အဖေဆုံးပါတယ်။ အမေက ပညာမတတ်တော့ ပထမတစ်နှစ်လောက် အိမ်တကာလှည့် အဝတ်လျှော်ပြီး ကျွန်တော့်ကို ကျောင်းဆက်ထားပါတယ်။ အဲဒီမှာ ပိုက်ဆံအတော်အသင့်ချမ်းသာတဲ့မုဆိုးမ သားအမိက အမေ့ကိုသနားပြီး သူတို့အိမ်မှာခေါ်ထားပါတယ်။ အမေက အဲဒီသားအမိရဲ့အိမ်မှာ အိမ်သားတစ်ယောက်လိုနေပြီး အိမ်မှုကိစ္စတွေလုပ်ပေးရတယ်။ ကျွန်တော့်ကိုတော့ မြို့ကျောင်းပို့ပြီး ကျောင်းအိပ်၊ ကျောင်းစား နေစေတယ်။ အဲဒီအချိန်မှာ ကျွန်တော်က အလယ်တန်းကျောင်းသားဖြစ်နေပြီလေ။အဲဒါကြောင့် တစ်လတစ်လ ကျွန်တော့်အတွက် ကုန်ကျစရိတ်က အမေ့လုပ်ခလစာနဲ့ အလျဉ်မမီနိုင်ဘူးဖြစ်လာတယ်။ ဒီတော့ အမေက မုဆိုးမသားအမိအိမ်အပြင် တခြားနှစ်အိမ်၊ သုံးအိမ်မှာပါ အချိန်ပိုင်းဝင်လုပ်ရရှာတယ် ဆရာ"

"အင်း"

"ကျွန်တော်ကတော့ ကျောင်းပိတ်ရက်ကျမှ အမေအလုပ်လုပ်တဲ့ မုဆိုးမဒေါ်ကြည်ရဲ့အိမ်မှာ ခဏလာနေရတာပေါ့။ ဒေါ်ကြည်မှာ ကျွန်တော့်ထက်နှစ်နှစ်လောက်ငယ်တဲ့ သမီးတစ်ယောက်ရှိတယ်။ တင်တင်ကြည်တဲ့။ ငါးတန်းကျောင်းသူပါ။ ဒေါ်ကြည်က သဘောထားပြည့်တော့ အမေ့အပေါ် အိမ်သားတစ်ယောက်လို တန်းတူဆက်ဆံတယ်။ သူ့သမီး တင်တင်ကြည်ကတော့ ငယ်သေးလို့ ထင်ပါရဲ့။ အမေ့ကို အိမ်ဖော်လိုမြင်နေပုံရတယ်။ ကျွန်တော့်ကိုလည်း မြို့ပေါ်မှာ နေပေမယ့် အိမ်ဖော်သားဆိုတဲ့အစွဲနဲ့ ခပ်တန်းတန်းပဲဆက်ဆံတယ်"

"ဒါနဲ့ ကျော်ကျော်က ဘယ်လိုကြောင့် ယောက်ျားသူနာပြုဖြစ်သွားတာလဲကွယ့်"

"ကျွန်တော် ဆယ်တန်းကို (ခ) စာရင်းနဲ့ အောင်တဲ့နှစ်မှာ အမေ့ကျန်းမာရေးလည်း ချူချာစပြုလာပြီ ဆရာ။ အဲဒါကြောင့် ကျွန်တော် ဝါသနာပါတဲ့ သူနာပြုသင်တန်းတက်ခဲ့တယ်။ သင်တန်းဆင်းတော့ အနယ်နယ်အရပ်ရပ်က ပြည်သူ့ဆေးရုံတွေ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတယ်။ အမေကတော့ ကျွန်တော်နဲ့ လိုက်မနေဘဲ သူနေနေကျ ရွာက အိမ်တွေမှာပဲ အလုပ်ဆက်လုပ်ရင်း နေခဲ့တယ်။ ကျွန်တော် ပြည်သူ့ဆေးရုံက ပင်စင်ယူပြီး ပုဂ္ဂလိကဆေးခန်းတစ်ခုမှာ အလုပ်ဝင်လို့ တစ်နှစ်လောက်အကြာမှာ အမေ လူကြီးရောဂါနဲ့အိပ်ရာထဲလဲတယ်။ အမေက သူ့ရောဂါထက် သူ့အိမ်ဖော်အလုပ်ကို ပိုပြီး သံယောဇဉ်ကြီးတယ်။ သူမရှိတော့ရင် သူအလုပ်လုပ်တဲ့အိမ်က မိသားစုတွေ စားဝတ်နေရေးအဆင်မပြေမှာကိုစိတ်ပူတယ်။ အဲဒါကြောင့် သူမရှိတော့ရင် အဲဒီအိမ်တွေမှာ ကျွန်တော့်ကို တတ်နိုင်သမျှကိစ္စတွေ ကူညီလုပ်ကိုင်ပေးဖို့မှာတယ်။ ကျွန်တော်က အမေစိတ်ချမ်းသာအောင်ဆိုပြီး ကတိပေးလိုက်မိပေမယ့် တကယ်တမ်း အမေဆုံးပြီး လက်တွေ့ဝင်လုပ်ကြည့်တော့မှ တော်တော်အခက်အခဲတွေ တွေ့လာရတယ် ဆရာ"

"ဟုတ်လား၊ ဘယ်လိုအခက်အခဲတွေလဲကွယ့်"

"အမှန်တော့ ဒီအလုပ်က ကြည့်တော့သာ အိမ်ထဲတင်လုပ်ရလို့ ပေါ့ပေါ့ပါးပါးလေးထင်ရတယ်။ တကယ်ဝင်လုပ်ကြည့်တော့မှ ညညဆိုတစ်ကိုယ်လုံးကိုက်ခဲပြီး အိပ်မပျော်နိုင်လောက်အောင်

www.burmeseclassic.com

နာကျင်ခံစားရတာ တွေ့ရတယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ထဲမှာ တစ်နေ့တစ်နေ့ ခေါက်တုံ့ခေါက်ပြန်လျှောက်ရတဲ့ အခေါက်ပေါင်းက နည်းမှမနည်းဘဲ။ သေချာတိုင်းတာပြီး ဆွဲဆန့်ကြည့်ရင် ခရီးမိုင်အတော်ရှည်မှာဗျ။ ဒေါ်ကြည်တို့အိမ်က တစ်ထပ်တိုက်ပုလေးမို့ တော်သေးတယ်။ ရှာလယ်က ပွဲစားကြီး ဦးမြိုင်တို့လို နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးမျိုးဆို မလွယ်ဘူး။ အလုပ်လုပ်ရတာထက် အိမ်ပေါ်တက်လိုက်၊ ဆင်းလိုက်ရတာနဲ့တင် ဖတ်ဖတ်ကိုမောရော ဆရာ"

"ဩော်"

"ပြီးတော့ လူတစ်ကိုယ် အကြိုက်တစ်မျိုး ဆိုသလို ဟင်းချက်ကျွေးရတာလည်း အတော့်ကို လက်ဝင်သဗျ။ တချို့အပေါ့ကြိုက်ပေမယ့်၊ တချို့က ဆားငန်ငန်လေးမှဗျ။ တချို့ကျ ချိုတိုတိုလေးကြိုက်ပေမယ့်၊ တချို့ကတော့ ချဉ်ဖြုံးဖြုံးလေးမှတဲ့ ဆရာ။ ကျွန်တော် ဆေးရုံတွေမှာ တာဝန်ထမ်းဆောင်တုန်းက လူပျိုလူလွတ် တစ်ယောက်တည်း ဖြစ်သလိုချက်ပြုတ်စားသောက်ခဲ့တာ ဆိုတော့ အဲဒီအိမ်တွေမှာ လုပ်ရတော့မှပဲ ချို၊ ချဉ်၊ ငန်၊ စပ် ရသကိုးပါးတည့်အောင် အတော်လေ့လာသင်ယူခဲ့ရတာ ဆရာ"

"ဒါဆို ပုဂ္ဂလိကဆေးခန်းမှာ ယောကျ်ားသူနာပြု မလုပ်နိုင်တော့ဘူးပေါ့နော်"

"ဟုတ်ကဲ့ ဆရာ။ [illegible]မ တာဝန်ယူခဲ့တဲ့ ဒေါ်ကြည့်အိမ်နဲ့ တခြားနှစ်အိမ်မှာပါ အချိန်ပိုင်းလုပ်ပေးရတာဆိုတော့ သူနာပြုအလုပ်ကလည်း ထွက်လိုက်ရတယ်။ ဒါပေမယ့် တကယ်လက်တွေ့မှာတော့ ကျွန်တော်က အိမ်ဖော်တစ်ပိုင်း၊ သူနာပြုတစ်ပိုင်းဖြစ်နေတာလေ"

"ဒါနဲ့ မောင်ရင်က ဘယ်သူ့ကို ဘယ်လိုရိုက်မှုဖြစ်လာတာလဲကွယ့်"

ကျွန်ုပ်၏ မေးခွန်းကြောင့် ကျော်ကျော် သက်ပြင်းတစ်ချက် ရှိုက်ထုတ်လိုက်ပြန်သည်။

"အဲဒါက အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးထွန်းကျော်အိမ်မှာ သူနာပြုလုပ်မိရာက စတင်ခဲ့တာပါ"

"ဩော်"

"ဆရာကြီးမှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ်။ နှစ်ယောက်စလုံး အိမ်ထောင်ကျသွားတော့ မြို့ပေါ်မှာ အိမ်ခွဲနေကြတယ်။ ဆရာကြီးက တပည့်တစ်ယောက်နဲ့ ရွာက အိမ်မှာ ကျန်ခဲ့တယ်။ ဆရာကြီး အငြိမ်းစားယူပြီးလို့ နှစ်နှစ်လောက်အကြာမှာ အအေးပတ်ပြီး ကိုယ်တစ်ခြမ်းလေဖြန်းသွားတယ်။ ပထမတော့ သမီးတစ်လှည့်၊ ချွေးမတစ်လှည့်လာပြီး ပြုစုကြသေးတယ်။ ရေရှည်ကျတော့ လူ့သဘာဝအတိုင်း အန့်အတာမခံနိုင်ကြတော့ဘူးလေ။ ဒါကြောင့် အကြောင်းအမျိုးမျိုးပြပြီး ပျက်ကွက်လာကြတယ်။ ဒီတော့ ဆရာကြီးနဲ့ အတူတူနေတဲ့ တပည့်ကပဲ ဒိုင်ခံပြုစုရတော့တာပေါ့။ တကယ်တော့ နာတာရှည် လူမမာတစ်ယောက်ကို ပြုစုရတယ်ဆိုတာ ထင်သလောက် မလွယ်ဘူးလေ။ ကြာတော့ သူ့တပည့်လည်း တစ်ယောက်တည်းဆိုတော့ ကြာကြာဒဏ်မခံနိုင်တော့ဘူး။ အဲဒီမှာ ရပ်ရွာက လူကြီးသူမတွေက ကျွန်တော့်ကို အကူအညီတောင်းကြတယ်။ ကျွန်တော် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဆရာကြီးအိမ်သွားပြီး ဆေးဝါးကုသပြုစုပေးတယ်။ စိတ်ဓာတ်ကျပြီး အိပ်ရာထဲ လဲခွေနေတဲ့ ဆရာကြီးဟာ တစ်နေ့တခြား ကျန်းမာလာတယ်။ ညနေပိုင်း ဘီးတပ်ကုလားထိုင်နဲ့ လေညင်းထွက်ခံရင်း လမ်းလျှောက်လေ့ကျင့်ခန်းလုပ်တာပါ။ တဖြည်းဖြည်းတိုးတက်လာတယ်။ အဲဒီမှာ ဆရာကြီးက သူ့ဘဝကို ရင်ဖွင့်လာတယ်။ တစ်ချိန်တုန်းက တပည့်တပန်းတွေနဲ့ တရှန်းရှန်းစည်ကားနေခဲ့တဲ့ သူ့အိမ်ကြီးဟာ ခုတော့ သားသမီးတောင် တစ်ယောက်မှမရှိတော့အောင် ခြောက်သွေ့ဆိတ်သုဉ်းပြီး အထီးကျန်ဘဝရောက်ခဲ့ရပုံတွေကိုပေါ့ ဆရာ"

"အင်း - သံဝေဂရစရာတွေပေါ့ကွယ်"

"အဲလို ကျွန်တော်နဲ့ ညနေတိုင်း လမ်းလျှောက်ထွက်ရင်း အမြဲအိမ်ထဲပိတ်လှောင်ခံနေရတဲ့ ဆရာကြီးရဲ့ စိတ်ဟာ ထွက်ပေါက်ရလာသလိုဖြစ်ပြီး လွတ်လပ်ပျော်ရွှင်လာပါတော့တယ်။ ကံခေချင်တော့ နဂိုက နှလုံးရောဂါအခံရှိတဲ့အပြင် အသက်တလည်း ခုနစ်ဆယ်ကျော်လာတော့ သူ့နှလုံးက ပျော်ရွှင်မှုဒဏ်မခံနိုင်ဘဲ ရုတ်တရက်တိုက်ခိုက်ခံရလို့ မမျှော်လင့်ဘဲ ကွယ်လွန်ခဲ့ပါတော့တယ်။ ရပ်ရွာလူကြီးတွေက သူ့သားနဲ့သမီးရှိတဲ့မြို့ပေါ်အရောက် ချက်ချင်း လူလွှတ်ပြီး အကြောင်းကြားခဲ့ပေမယ့် နောက်တစ်နေ့ညနေအထိ ဘယ်သူမှ ရောက်မလာနိုင်သေးပါဘူး။ ဒါကြောင့် ကျွန်တော်ကပဲ အသုဘရှင်အဖြစ်ဦးစီးပြီး သက်ပျောက်ဆွမ်းကပ်တာကအစ နာရေးကိစ္စမှန်သမျှ ဆောင်ရွက်ရပါတော့တယ်။ သုံးရက်မြောက်တဲ့ နေ့လယ်အသုဘချခါနီး သံဃာတွေပင့်ပြီး ရုပ်ကလာပ်ကို သရဏဂုံတင်နေတဲ့အချိန်ကျမှ ဆရာကြီးရဲ့ သားနဲ့သမီး ဖြန်းခနဲရောက်လာပြီး သီလယူနေတဲ့ကျွန်တော့်ကို အတင်းဆွဲထုတ်ပြီး အိမ်ပေါ်ကမောင်းချပါတော့တယ် ဆရာ"

"ဟေ - ဟုတ်လား"

"သူတို့ပြောတာတွေကလည်း ရင့်သီးလိုက်တာ။ ဘာတဲ့- သူများအိမ်တွေမှာ ယောကျ်ားတန်မဲ့နဲ့ အိမ်ဖော်လုပ်နေတဲ့ကောင်ကများ ရာရာစစ ငါ့အဖေရဲ့ အသုဘရှင် လာလုပ်ရတယ်လို့ကွာတဲ့။ ဆရာပဲ စဉ်းစားကြည့်ပါ။ အသုဘရှင်ဆိုတာ ကျွန်တော်လုပ်ချင်လို့လုပ်နေတာ မဟုတ်ပါဘူး။ ဆရာကြီးရဲ့ သားသမီးတွေ အချိန်မီရောက်မလာနိုင်ဘဲ သေတာတောင် အထီးကျန်ဖြစ်နေတဲ့ ဆရာကြီးရဲ့ဘဝကို သနားကရုဏာသက်ပြီး စေတနာသံယောဇဉ်နဲ့ လုပ်ခဲ့ရတာပါ။ ဒါကို အသုဘချခါနီးမှ ရောက်လာပြီး ကျွန်တော့်အလုပ်အကိုင်ကို စော်ကားတဲ့အပြင် ရင်ထဲက ယောကျ်ားမာနကိုပါ ထိခိုက်လာပါတော့တယ်။ ကျွန်တော်လည်း လူပုံအလယ်မှာ မောင်းချခံရတာဆိုတော့ ရှက်လည်းရှက်၊ ဒေါသလည်းထွက်လို့ စိတ်မထိန်းနိုင်ဘဲ တွေ့ရာတုတ်တစ်ချောင်းနဲ့ ကောက်ရိုက်ပစ်လိုက်မိပါတယ်။ ဒဏ်ရာက အတော်လေးပြင်းသွားတယ်ထင်ပါရဲ့။ခေါင်းပေါ်က သွေးတွေဖြာခနဲယိုစီးကျလာပြီး ဆေးရုံရောက်တော့ ခုနစ်ချက်ချုပ်လိုက်ရသတဲ့။ အဲဒီအမှုနဲ့ ကျွန်တော် ထောင်နှစ်နှစ်ကျလာခဲ့တာပါ ဆရာ"

"ဩော် - အေး အေး၊ ဒါနဲ့ အခုထောင်ထဲမှာ မောင်ရင် ဘယ်လိုအလုပ်မျိုးလုပ်ဖို့ စိတ်ကူးထားလဲကွယ့်"

"ဒါကတော့ ထောင်ပိုင်ကြီးတို့ သင့်တော်လို့ တာဝန်ပေးတဲ့ အလုပ်လုပ်ရမှာပေါ့ ခင်ဗျာ"

နောက်တစ်ပတ် ထောင်ကျလူသစ်များအား အလုပ်လေဘာချသောနေ့တွင် အကျဉ်းသားကျော်ကျော်အား မကြာခင်လွတ်မြောက်တော့မည့် အကျဉ်းသားဖိုကြီးမှ စားဖိုမှူးနေရာတွင် တာဝန်ချထားလိုက်သည်။ ထို့နောက်ပိုင်းတွင်ကား ကျွန်ုပ်မှာ အကျဉ်းသားကျော်ကျော်နှင့် အဆက်ပြတ်သွားပါတော့၏။

"ဆရာ့ကိုထူးထူးဆန်းဆန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

သတင်းပို့ရဦးမယ်"

ထိုနေ့မှ ခြောက်လခန့်အကြာ တစ်နေ့ ညနေပိုင်း ထောင်ပိတ်ချိန်ဝယ် ထောင်မှူးကြီး ဦးစိုးလှိုင်က သတင်းပို့ လိုက်ခြင်း ဖြစ်၏။

"ဘာများလဲဗျ ကိုစိုးလှိုင်"

ဦးစိုးလှိုင်က ပြုံးတုံ့တုံ့အမူအရာဖြင့် -

"ဒီနေ့ ညနေစောင်းမှ ထောင်ဝင်စာမှာ အကျီဖြူ ထဘီနီ သူနာပြုဝတ်စုံနဲ့ အမျိုးသမီးတစ်ယောက် တန်းစီဝင်လာတာ တွေ့လိုက်ရတယ်။ ဒီလိုဝတ်စုံနဲ့လာခဲတာကြောင့် ဘယ်သူ့ကို လာတွေ့တာများလဲလို့ , ထောင်ဝင်စာအခန်းထဲဝင် လိုက်ကြည့်တော့ ကျွန်တော်တို့ ဖိုဝိုင်းက စားဖိုမှူးကြီးကျော်ကျော်ကိုလာတွေ့တာကိုး ဆရာ။ ဒါနဲ့ ဘယ်သူများလဲလို့ နာမည်စာရင်းကို စစ်ကြည့်တော့ မတင်တင်ကြည်တဲ့။ ကျော်ကျော်တို့ရွာကပဲ"

"ဟုတ်လား။ ဒါဆို တင်တင်ကြည်ဆိုတာ ကျော်ကျော် အိမ်ဖော်လုပ်ခဲ့တဲ့ အိမ်က ဒေါ်ကြည့်သမီးထင်ပါရဲ့။ ဒါနဲ့ ဘာတွေလာပြောသွားသတဲ့လဲဗျ"

"ဩော် - တင်တင်ကြည်က ရန်ကုန်မှာ သူနာပြုတစ်နှစ်သင်တန်းလာတက်နေတဲ့အကြောင်းနဲ့ ကျော်ကျော် ထောင်ကလွတ်ရင် သူတို့အိမ်မှာ အရင်ကလို အိမ်ဖော်လာလုပ်ပေးမယ့် အကြောင်းတွေ လာပြောသွားတာတဲ့ ဆရာ"

"အင်း - ကြည့်ရတာ မကြာခင် မင်္ဂလာသတင်းတစ်ပုဒ်ကြားရတော့မယ် ထင်ပါရဲ့ဗျာ"

ကျွန်ုပ်၏ ကြိုတင် ခန့်မှန်းချက်ကား မလွဲချေ။

တင်တင်ကြည်မှာ သင်တန်းမှနေ မကြာခဏ ထောင်ဝင်စာလာတွေ့သည်ကို တွေ့ရှိရပြီး သူနာပြုသင်တန်း ဆင်းချိန်နှင့် ကျော်ကျော်ထောင်မှ လွတ်ချိန်တို့ တိုက်ဆိုင်နေပေရာ သူတို့စုံတွဲ အတူတကွ ပြန်သွားကြောင်း သိရှိရ၏။

ထို့နောက် မကြာမြင့်သောအချိန်ဝယ် သူတို့နှစ်ယောက် ရွာဦးကျောင်းတွင် မင်္ဂလာဆွမ်းကျွေး၍ လက်ထပ်လိုက်ကြကာ ကျော်ကျော်မှာ ထိုအချိန်မှစ၍ တခြားမည်သည့်အိမ်တွင်မျှ အလုပ်မလုပ်တော့ဘဲ တင်တင်ကြည့်ထံတွင်သာ ထာဝရအိမ်ဖော်ဖြစ်သွားကြောင်း ကြားသိလိုက်ရပါတော့သတည်း။

ပီတာမြဦး

# ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၂၉၉ ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

ချမ်းသာခြင်းများစွာကို သယ်ဆောင်လာတော့မည့် ဂဏန်းလေးများအား ပုံဖော်လိုက်ရပြန်မည်ရှိသော် -

**တနင်္ဂနွေသားသမီးများ**

နိုဝင်ဘာလ- ၁၂၊ ၁၃၊ ၁၆၊ ၂၆ ရက်များမှာ ထီထိုးပါ။

လဆန်းမှစ၍ သွားရင်းလာရင်း ဒိဝါတပတိဂါထာကို နေ့စဉ် (၃၀၀) မှ (၅၀၀) ကြား ရွတ်နေပါ။ တော်တော်လေး ရွတ်ဖတ်အား များလာပြီဆိုလျှင် နိမိတ်ထူးများတွေ့လာပါလိမ့်မည်။ တွေ့လျှင် သောကြာနံထီဆိုင်တစ်ဆိုင်မှာ ထီထိုးလိုက်ပါ။

ဒီဇင်ဘာလမှာ ၂၊ ၉၊ ၅၊ ၁၊ ၇ ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

နိုဝင်ဘာလ ၁၀၊ ၁၃၊ ၁၄၊ ၁၇ ရက်များမှာ ထီထိုးပါ။

ဓမ္မစကြာကို အဓိဋ္ဌာန်နှင့်ရွတ်ဖတ်ပူဇော်ပါ။ ဥပမာ (၉) ရက်ပူဇော်ချင်လျှင် (၉) ရက် ပူဇော်ပါ။ ပြည့်ပြီးလျှင် ဘုရားဖူးသွားပါ။ ဘုရားမှာ ဓမ္မစကြာရွတ်ဆိုပူဇော်ပြီးမှ အပြန်မှာ ထီထိုးပါ။

ဒီဇင်ဘာလမှာ ၇၊ ၂၊ ၉၊ ၃ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

နိုဝင်ဘာလ ၁၁၊ ၁၅၊ ၁၈၊ ၂၉ ရက်များမှာ ထီထိုးပါ။

ယခုလ ဘုရား (၉) ဆူပြည့်အောင် သွားရောက် ဖူးမြော်ပါ။ (၉)ဆူပြည့်ပြီးပြီဆိုလျှင် မင်္ဂလာနိမိတ်တစ်ခုခုနှင့်ကြုံပါလိမ့်မည်။ ကြုံပြီဆိုလျှင် ထီထိုးလိုက်ပါ။

ဒီဇင်ဘာလမှာ ၁၊ ၇၊ ၅၊ ၉ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

နိုဝင်ဘာလ ၁၂၊ ၁၅၊ ၁၆၊ ၂၂ ရက်များမှာ ထီထိုးပါ။

ယခုလ ဘုရား(၃)ဆူပြည့်အောင် လှည့်လည်သွားလာ၍ ပုတီးစိပ်ပါ။ တစ်ဆူမှာ တစ်ရက်စီ စိပ်သွားလျှင် (၃)ရက်ပြည့်ပါက (၃) ဆူပြီးပါမည်။ ဘုရား (၃) ဆူပြည့်ပြီးသောနေ့တွင် အလှူတစ်ခုခု အသံကြားရပါလိမ့်မည်။ ကြားရပြီဆိုသည်နှင့် ထီထိုးလိုက်ပါ။

ဒီဇင်ဘာလမှာ ၂၊ ၉၊ ၇၊ ၃ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

နိုဝင်ဘာလ ၁၀၊ ၁၃၊ ၁၆၊ ၁၇၊ ၂၇ ရက်များမှာ ထီထိုးပါ။

ယခုလ မိတ်ဆွေတစ်ဦးဦးနှင့် ဗုဒ္ဓဂယာဘုရားဖူးသွားသောစကား (သို့) ပြည်တွင်းတွင် တန်ခိုးကြီးဘုရားကြီးများကို သွားရောက် ဖူးမြော်သောစကား ကြားပြီဆိုလျှင် ကိုယ်တိုင် တန်ခိုးကြီး ဘုရားတစ်ဆူဆူ သွားရောက် ဖူးမြော်ပြီး အပြန်မှာ ထီထိုးပါ။

ဒီဇင်ဘာလမှာ ၇၊ ၁၊ ၂၊ ၃ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

နိုဝင်ဘာလ ၁၀၊ ၁၁၊ ၁၄၊ ၁၈၊ ၂၈ ရက်များမှာ ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူတွင် ရုပ်ပွားတော်တစ်ဆူဆူမှာ ရွှေပြားရွှေသက်နန်း ကပ်လှူ ပူဇော်လိုက်ပါ။ အပြန်မှာ ငှက်ကလေးများကို အစာဝအောင်ကျွေးပြီးသည်နှင့် ထီထိုးပါ။

ဒီဇင်ဘာလမှာ ၂၊ ၇၊ ၆၊ ၅ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**စနေသားသမီးများ**

နိုဝင်ဘာလ ၁၁၊ ၁၂၊ ၁၅၊ ၁၈၊ ၂၉ ရက်များမှာ ထီထိုးပါ။

တစ်နေ့တည်းဖြစ်စေ၊ တစ်နေ့လျှင် (၃) ဆူစီနှင့် ဖြစ်စေ၊ ဘုရား (၉) ဆူပြည့်အောင် ဘုရားသွားဖူးပါ။ ဘုရားဖူးပြီးသည်နှင့် ငှက်လေးများကို ဘေးမဲ့လွှတ်ပေးပြီး ထီထိုးပါ။

ဒီဇင်ဘာလမှာ ၇၊ ၃၊ ၄၊ ၈ ဂဏန်းများနှင့် ကံစပ်နေပါသည်။

၂၁-၁၁-၂၀၁၃ ကြာသပတေးနေ့မှာ မည်သည့် ခုနစ်ရက်သားသမီးမဆို အဖြူရောင်များသော အကျီဝတ်ဆင်၍ ရတနာမြတ် (၃) ပါးကို ဦးထိပ်ထားပြီး ထီထိုးကြစေချင်ပါသည်။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကျိုးပေးဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံချို (B.Sc)



**ဒီဇင်ဘာလ ၁ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၃)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အပြာရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ အောင်ပြီ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၂ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်၊ နီညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၃ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောဗုဒ္ဓဿ' (၉) ခါ ရွတ်ပါ။

**ဒီဇင်ဘာလ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၂)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အညို၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသ ဒမ္မသာရထိ' (၉)ခါရွတ်ပါ။

**ဒီဇင်ဘာလ ၅ ရက်၊ ကြာသပတေး-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝ မနုဿာနံ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၆ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၄)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင် အစိမ်းရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဓမ္မံ ပူဇေမိ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၇ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏ သမ္ပန္နော' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၈ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ အောင်ပြီ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၉ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၇)၊ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၁၀ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဝါရောင်၊ နှံ့သာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောဗုဒ္ဓဿ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က အတောင်။ လာဘ်အရောင်က အနက်ရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၁၂ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အနီရောင်၊ အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝ မနုဿာနံ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၁၃ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင်က အပြာရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါရွတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**ဒီဇင်ဘာလ ၁၄ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က လိမ္မော်ရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၁၅ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါ၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ အောင်ပြီ' (၉) ခါ ရွတ်ပါ။

**ဒီဇင်ဘာလ ၁၆ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၁၇ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၃)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အပြာ၊ အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောဗုဒ္ဓာယ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၆)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အဝါ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသ ဒမ္မသာရထိ' (၉) ခါ ရွတ်ပါ။

**ဒီဇင်ဘာလ ၁၉ ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အနီရောင်၊ နီညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝ မနုဿာနံ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၂၀ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သားက တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ပါ။

**ဒီဇင်ဘာလ ၂၁ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်၊ နီညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၂၂ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ အောင်ပြီ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၂၃ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အနက်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၂၄ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဖြူ၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောဗုဒ္ဓာယ' ဟု (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၆)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က ဗေဒါရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၂၆ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အဖြူ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၂၇ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အညို၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၂၈ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ဗေဒါရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၂၉ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်၊ နို့နှစ်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ အောင်ပြီ' ဟု (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ (၃၀) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၁)၊ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က လိမ္မော်ရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါရွတ်ပါ။

**ဒီဇင်ဘာလ ၃၁ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အနီ၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောဗုဒ္ဓာယ' (၉) ခါရွတ်ပါ။

ဒေါ်ခင်စံသ (B.Sc)



www.burmeseclassic.com

www.burmeseclassic.com



# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ



တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စား လိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေ ကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာ နဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေး တယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုး တိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင် တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စား သောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အား ကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆို တာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေ မယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာ ပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှ တော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတို့ ကတွန်းလို့ အုန်းနို့ခေါက်ဆွဲ ကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကို**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင် လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါ ဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်း တက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ် ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ် ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေ အတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့ တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံး ဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုး ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်း ချမ်းသာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင် နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေးတော့** ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း

မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁

www.burmeseclassic.com

www.burmeseclassic.com

# ဖြတ်သောအသံဖြင့်ပူဇော်ခြင်း

# သူရဋ္ဌလက်ဆောင်

(ရင်ကိုအေးမြစေသား)

ဆရာဦးမောင်မောင်သန်း

လွန်ခဲ့တဲ့ နှစ်ပေါင်းရှစ်နှစ်လောက်က -

လူတစ်ယောက်ရောက်လာတယ်။

သူကဘာပြောလဲဆိုတော့ -

"ဆရာ၊ ကျွန်တော် ဆရာ့ကို အကြောင်းအရာလေးတစ်ခုပြောပြမလို့"

ဆိုပြီး ပြောတယ်။

ပထမတော့ ပရိသတ်ကများများ၊ စာရေးရတဲ့အလုပ်က များများမို့ သူ့အတွက် ဘယ်လိုအချိန်ပေးရပါ့မလဲ စဉ်းစားရင်း -

"အဲဒါဆိုလည်းပြောလေ။ လူလည်း နည်းနည်းရှင်းတုန်း"

"ကျွန်တော်ဆရာ့စာတွေတောက်လျှောက်ဖတ်လာတဲ့သူပါ"

"ဟုတ်ကဲ့"

"မမြင်ရတဲ့ပုဂ္ဂိုလ်တွေနဲ့ပတ်သက်ပြီး ဆရာမေတ္တာထားပုံလေးတွေသဘောကျလို့ပါ"

"ဟုတ်ကဲ့"

"ကျွန်တော်ပထမနေတဲ့အိမ်လေးကိုရောင်းပြီးအိမ်တစ်လုံးဝယ်လိုက်တယ်။ ကျွန်တော်တို့မြို့နယ်မှာ အတော်စည်တဲ့နား"

"ဟုတ်ကဲ့"

"လမ်းကျဉ်းပေမယ့် အိမ်ရှေ့က ဖြတ်ပြီး ဈေးသွားဈေးလာများတော့ အိမ်မှာတောင် အိမ်ဆိုင်လေးတည်ထားဖြစ်တယ်"

"ဩော် - ကောင်းတာပေါ့"

"အဲဒီအိမ်အကြောင်းကို ပြောပြချင်လို့ပါ။ အဲဒီအိမ်ဟာ တော်တော်လေးလှတယ်။ ခိုင်ခံ့တယ်။ ဆောက်ထားတာလည်း သပ်သပ်ရပ်ရပ်လေး၊ တစ်ထပ်တိုက်လေးပါပဲ။ ရှေးပုံပေါ့"

ခုချိန်ထိ ဘာမှတော့ မထူးခြားသေးပါဘူး။ ဒါပေမယ့် ထူးခြားတဲ့အကြောင်းတွေ ပါလာတော့မယ်ဆိုတာ မသိစိတ်က သိနေသလိုရှိလို့ ဆက်ပြီးနားထောင်နေလိုက်ပါတယ်။ ဧည့်သည်ဟာ သူ့ရဲ့ လည်ကတုံးအင်္ကျီလည်ပင်းကြယ်သီးလေးကိုဖြုတ်လိုက်ပြီး -

"အဲဒီအိမ်ရောက်လို့ ညဘက်လည်းကျရော အဲဒီတော့မှ လာတာဆရာရေ့"

"ဘာလာတာလဲ"

"ဩော် - စကြားတာ။ ဘာကြားတာလဲဆိုတော့ ကျွန်တော်တို့မိသားစုတွေ အိပ်ခန်းထဲဝင်လို့ အိပ်မယ်လည်းကြံရော ကလေးချော့သံလိုလို စုတ်တသပ်သပ်အသံလေး ကြားရတော့တာပဲ၊ အားလုံးကြားတာနော်။ ကျွန်တော့်အမျိုးသမီးပါကြားတာ။သူကိုယ်တိုင်က ခေါင်းထောင်ပြီး ဟဲ့ - ဘယ်သူလဲ၊ ဘယ်သူလဲနဲ့ထမေးတာ။ ကျွန်တော်လည်း ခြင်ထောင်ထဲက အသာထွက်ပြီး အိမ်ရှေ့ခန်းဆီ သွားကြည့်လိုက်တော့ အသံကနောက်ဖေးခန်းထဲကလိုလို ဖြစ်နေပြန်





www.burmeseclassic.com

www.burmeseclassic.com

ရော။ ဒါနဲ့ နောက်ဖေးတံခါးနားမှာများ တစ်ယောက်ရပ်နေသလားဆိုပြီး တဖြည်းဖြည်းကပ်သွားကြည့်တော့ အသံကအိပ်ခန်းအလယ်လောက်ကဖြစ်လာပြန်ရော။ 'အင်း အေး ကျွတ် ကျွတ် ကျွတ်' ဆိုပြီး အသံတွေတောင်ပိုထွက်လာတယ်။

အဲဒီမှာ ကျွန်တော်က မသက်ာတော့ဘူး။ လူလည်း နည်းနည်းခေါင်းနားပန်းကြီးလာသလိုပဲ။ အဲဒီအချိန်မှာ အသံပျောက်သွားပြီး ကျွန်တော့်အမျိုးသမီး စူးစူးဝါးဝါးထအော်တယ်၊ 'မီးနေနံ့ကြီး၊ မီးနေနံ့ကြီးနဲ့'။ ကျွန်တော်လည်း အိပ်ခန်းထဲဝင်ပြေးပြီး ခြင်ထောင်လှန်လိုက်တော့ ဟင်း - နနွင်းစော်ကြီးလိုမျိုး မွှန်နေတာပဲ"

"ဟာ"

အမျိုးသမီးက ငိုတော့မလိုလို မျက်နှာနှင့် ငုတ်တုတ်ထိုင်ပြီး သမီးလေးလက်ကို ကိုင်ထားတယ်။ ချွေးတွေပြန်လို့။ ကလေးကတော့ဘာမှမသိဘူး၊ အိပ်နေတာပေါ့လေ။ ကျွန်တော်လည်း မင်းဖယ်၊မင်းဖယ် ကလေးကိုပါနိုးဆိုပြီး သမီးကိုပါနိုးလိုက်ပြီး ခြင်ထောင်အကုန်လှန်တင်လိုက်၊ ယပ်တောင်တွေနဲ့ ခတ်ထုတ်လိုက်ပေါ့၊ ကြောင်တောင်တောင်နဲ့ ဘာလုပ်မိမှန်းတောင်မသိဘူး၊ ပါးစပ်ကလည်း ဒါငါ့အိမ်၊ လာမနှောင့်ယှက်နဲ့ ဒါချည်းပဲအော်နေမိတယ်။ တော်တော်လေးကြာတော့ အလိုလိုပျောက်သွားတယ်။ ကျွန်တော်တို့ မိသားစုလည်း အိပ်ခန်းထဲကနေ အပြင်မထွက်ရဲတော့ဘဲ အိပ်ရာထဲပြန်ဝင်ပြီး ငြိမ်နေကြရတာပေါ့။ အနံ့တော့မရတော့ဘူး။ ခြေသံတွေတော့ တဖျတ်ဖျတ်နဲ့ကို ကြားနေရတာ တစ်ညလုံး။ ဒါပထမနေ့။

ဟော - နောက်နေ့ကျ ညဦးပိုင်းဘာမှမဖြစ်ဘူးဆရာ။ အိပ်မယ်လုပ်ရင်ဖြစ်ပြီ။ မီးလည်းပိတ်ရော အိမ်ရှေ့ခန်း [illegible] သလိုမျိုး"


"ဘယ်လိုလဲ၊ မြင်တာလား"

"ဟိုဒင်းလေ ဆရာ။ လူတစ်ယောက် ကိုယ့်ရှေ့မှာရပ်ပြီး ကိုယ့်ကိုရယ်ပြရင် သွားပါးစပ်ဖြဲလိုက်တာနဲ့ ဟဲဟဲဆိုတာမျိုး လေသံလောက်ဖြစ်တတ်တယ်မို့လား"

"ဪ - အင်း"

"အဲ-အဲလိုကြုံတာ။ ဒါကယောကျ်ားကြီးအသံ"

"ဟင်"





www.burmeseclassic.com

www.burmeseclassic.com

"ဟော - ညကျတော့ အိမ်ဧည့်ခန်းထဲမှာ မနေ့ညကလို ကလေးချော့သံကြားရပြန်ရော။ အနံ့တွေဘာတွေမနံတော့ ထွက်တော့မကြည့်တော့ဘဲ အိပ်လိုက်ကြတယ်။ မိုးလင်းတော့ မိန်းမကတော့ပြောတာပေါ့ ဆရာရယ်။ မနေချင်တော့ဘူး။ ပြန်ရောင်းပစ်မယ်တို့ဘာတို့။ ကျွန်တော်ကလည်း အို - တို့ကိုဒုက္ခပေးတာမဟုတ်ပါဘူး။ သူတို့ဟာသူတို့နေကြတာပါဆိုပြီး ကိုယ်ကကြောက်ပေမယ့် မကြောက်တဲ့ပုံနဲ့ နှစ်သိမ့်လိုက်ရတယ်။

တတိယညလည်းကျရော တိတ်ဆိတ်ပြီး ဘာသံမှမကြားလို့ အိပ်ကြမယ်ဆိုပြီး အိပ်ကြရော။ မှေးခနဲပျော်တုန်းရှိသေး၊ ဟာ - ဆရာရေ ရန်ဖြစ်နေလိုက်ကြတာမှ ဆူညံနေတာပဲ။ အသံတွေဟာလုံးနေတယ်။ မိန်းမသံကလည်း နှစ်သံလောက်၊ ယောကျ်ားသံကလည်း သုံးသံလောက်ရှိမလားဘဲ"

"ဘယ်မှာလဲ"

"ကျွန်တော်တို့ ဧည့်ခန်းထဲမှာ"

"ဟင်"

"ဟုတ်တယ်ဆရာ။ ဆူညံနေတာပဲ။ ဒါပေမယ့် ကျွန်တော့်အမျိုးသမီးကတော့ အိပ်မောကျလို့ သူဘာမှမသိဘူး။ ကျွန်တော်တစ်ယောက်တည်းကြားနေတာမို့ ကျွန်တော်လည်းမကြည့်ရဲဘူးဆရာ။ ရိုးရိုးသားသားဝန်ခံတာပါ။ လိပ်ပြာလန့်နေသလိုပဲ"

"အေးပေါ့"

"ဒါနဲ့ အိပ်ပလိုက်တော့တယ်"

"တံခါးလာခေါက်တာတို့၊ လာတွန်းတာတို့တော့ မရှိတော့ဘူးနော်"

"ဟင့်အင်း - အဲလိုမရှိဘူး။ အိပ်လိုက်တော့လည်း တစ်ချိုးတည်းအိပ်ပျော်သွားတယ်။ အိပ်မက်တောင်မမက်ဘူး။ ကျွန်တော် နောက်နေ့ကျ ကျွန်တော်နဲ့အရမ်းခင်တဲ့ ဘကြီးတစ်ယောက်ဆီသွားပြီး အကျိုးအကြောင်းလေး ပြောပြတာပေါ့။ သူကတော့ ဗဟုသုတများတယ်။ သူကဘာပြောလဲဆိုတော့ ငါဒါမျိုး နှစ်ဦး၊ သုံးဦး ကြုံဖူးတယ်။ ငါကတော့ မေတ္တာများများပို့၊ အမျှများများဝေခိုင်းပြီး ဆရာတော်ဘုရားကြီးတွေ ရွတ်ဖတ် သရဇ္ဈာယ်တော်မူတဲ့ မဟာသမယသုတ်တော်အခွေကို နေ့တိုင်းဖွင့်ပူဇော်ခိုင်းတယ်။ မင်းလည်း အဲဒါဖွင့်ဆိုပြီး အခွေတစ်ခွေပေးလိုက်တယ်။ မဟာသမယသုတ်တော်ဟာ နတ်တွေကြည်ညိုကြတယ်ကွ။ မဟာသမယသုတ်တော် ရွတ်ဖတ်ပူဇော်ရာကို ဘေးအန္တရာယ်ကာကွယ်နိုင်တဲ့ တန်ခိုးကြီးနတ်တို့ လာရောက် နာကြားကြတယ်လို့ အဆိုရှိတယ်။ ဒီတော့ တန်ခိုးကြီးနတ်ကြီးတွေကြွရောက်လာပြီး နာကြားတယ်ဆိုမှတော့ တော်ရုံအန္တရာယ်တွေကတော့ ဝေးသွားပြီပေါ့ကွာ။ ယုံကြည်ဖို့တော့လိုတယ်ဟေ့၊ ကျန်တာတော့ ငါလည်းမသိဘူး။ မင်းဖွင့်ကြည့်လေ၊ မင်းအိမ်သစ်တက်ပြီးပြီလားလို့ မေးတော့ ဟုတ်ကဲ့ - အခု အိမ်သစ်စရောက်တာ (၄) ရက်မြောက်ပါ။ အိမ်တက်တွေဘာတွေတော့ မလုပ်ရသေးပါဘူး။ ဒီသင်္ကြန်ပြီးမှ လုပ်မလို့ရည်ရွယ်ထားပါတယ်လို့ ပြောလိုက်ပါတယ်။ ကဲ - နေရာကျပြီ။ အိမ်သစ်မှာ မဟာသမယသုတ်တော်နေ့တိုင်းဖွင့်ပူဇော်ကွာ။ ပါးစပ်ကလည်း လိုက်ရွတ်ဆိုပြီး ပေးလိုက်ပါတယ်။ အဲဒါနဲ့ ကျွန်တော်လည်း နောက်နေ့ကစပြီး နေ့တိုင်းဖွင့်တာ။ နောက်ရက်တွေမှာ အသံတော့ နည်းနည်းလေးကြားပေမယ့် မကြမ်းတော့ဘူး"

"ဩော်"

"ကျွန်တော်လည်း ဆက်ဖွင့်ဆက်ဖွင့်နဲ့ အမှတ်တမဲ့ပဲနေလိုက်တယ်။ ညညဆို တိတ်ဆိတ်လွန်းလို့ ကိုယ့်စိတ်ကကိုယ့်ဟာကိုယ် ချောက်ချားတာကလွဲပြီး ဘာသံမှမကြားတော့ဘူးဆရာ။ တစ်လလောက်နီးပါးကြာတော့ ကျွန်တော့်မိန်းမက တစ်ရေးနိုးလာပြီး ဟိုလူတွေကော ပြန်သွားကြပြီလားတဲ့။ ကျွန်တော်လည်း ဖျတ်ခနဲ လန့်နိုးလာပြီး ဟဲ့ - ဘယ်သူတွေလဲဆိုတော့ ဟယ် - ယောကျ်ားသုံးယောက်နဲ့မိန်းမနှစ်ယောက်။ တစ်ယောက်က မွေးကင်းစ ကလေးလေးချီလို့။ သူတို့တွေက အထုပ်အပိုးတွေနဲ့ အိမ်ရှေ့ဧည့်ခန်းမှာ ထိုင်နေကြတယ်။ ကျွန်မက ဈေးကပြန်လာလို့ အိမ်ဝလည်းရောက်ရော သူတို့တွေ ကျွန်မကို မတ်တတ်လေးတွေရပ်ပြီး နှုတ်ဆက်ကြတယ်။ ခင်ခင်မင်မင်ပဲ။ အိပ်မက်ထဲမှာ ကျွန်မနဲ့ သူတို့ ရင်းနှီးနေသလိုပဲ။ မမ၊ ကျွန်တော်တို့ပြန်တော့မယ်။ ကျွန်တော်တို့ဘဘကြီးက မင်းတို့လာခဲ့ကြ၊ ဒီကလူတွေပြောင်းကြပြီ။ မင်းတို့ အဆင်သင့်ဆက်နေရုံပဲဆိုပြီး ချောင်းစပ်မှာ ခေါင်တစ်ဆက်တည်းဖြစ်နေတဲ့ တဲလေးတွေကိုပြတယ်တဲ့။ အခန်းလေးတွေ ငါးခန်းလောက် ကန့်ထားပေမယ့် ခေါင်က တစ်ဆက်တည်းပဲတဲ့။ ကျွန်တော်တို့ ဝမ်းသာလို့ နှုတ်ဆက်တာပါဆိုပြီး ရယ်ရယ်မောမောနဲ့ နှုတ်ဆက်ကြတယ်။ ပြန်ဖို့အထုပ်ဆွဲတဲ့လူကဆွဲပေါ့။ ကျွန်မ အခု လန့်နိုးလာတာ ကျွန်မလုံးလုံးအိပ်ပျော်တာ မဟုတ်ဘူးနော်။ အိပ်ပျော်နဲ့အိပ်မပျော်ကြားလိုဖြစ်နေတုန်းတွေ့တာဆိုပြီး သူ့ရင်ဘတ်လေးသူဖိထားပါတယ်။ ပြီးတော့ အိပ်ရာဘေးနားဆင်းပြီး ရေတစ်ခွက်ငှဲ့သောက်ပါတယ်။ လာ - အစ်ကို၊ ဧည့်ခန်းဘက်သွားကြည့်ရအောင်ဆိုပြီး သူခေါ်လို့ မီးတွေဖွင့်လိုက်ရင်း နှစ်ယောက်ထွက်ကြည့်တော့ ဘာဆိုဘာမှတောင်မကြားပါဘူး။ မိန်းမဟာ ဧည့်ခန်းနေရာကို ငေးကြည့်နေပြီး မျက်ရည်လေးစမ်းစမ်းစမ်းစမ်းနဲ့ အေးအေး-သွားကြတော့နော်၊ ကောင်းရာမွန်ရာရောက်သွားတာ ဝမ်းသာပါတယ်ဆိုပြီး အမျှဝေ၊ မေတ္တာပို့နေလိုက်တာ မပြီးတော့ဘူး။ အစ်ကိုရယ်၊ သူတို့ဒီလိုနှုတ်ဆက်သွားကြပြီဆိုတော့လည်း ဝမ်းနည်းသလိုကြီးပဲတဲ့။ မင်းကွာ၊ ငါဘာနားလည်ရမှန်းမသိတော့ဘူးဆိုပြီး ကျွန်တော် သူ့ကို ပြန်အိပ်ခိုင်းလိုက်ရပါတယ်။ ကျွန်တော်လည်း အမျှတွေဝေ၊ မေတ္တာတွေပို့ရင်း အိပ်ပျော်သွားပါတော့တယ်။ ခုဆို အိမ်မှာ အပ်ကျသံတောင်မကြားရတာ နှစ်ပေါင်းမနည်းတော့ဘူးဆရာ။ အဲဒါဆရာ့ကိုပြောပြချင်လို့ပါ"

"ဩော် - ကျေးဇူးတင်လိုက်တာဗျာ။ ကျွန်တော်လည်း ဗဟုသုတတွေရတာပေါ့။ မသိသေးတာတွေ သိရတာပေါ့"

လို့ ပြောရင်း သူလက်ဆောင်ပေးတဲ့ မဟာသမယသုတ်တော်အခွေကို လေးလေးစားစားယူထားလိုက်ပါတယ်။

ဒါ -

မဟာသမယသုတ်တော်ကြီးရဲ့ တန်ခိုးတော်ကို စတင်ကြားခဲ့ရတာပါပဲ။ ဒီနောက်မှာတော့ အင်မတန်မှ အခက်အခဲဖြစ်ကြတဲ့ မိတ်ဆွေတော်တော်များများကို မဟာသမယသုတ်တော်အခွေ ရှာဖွေဝယ်ခိုင်းပြီး အိမ်မှာဖွင့်ပူဇော်ခိုင်းတော့တာပါပဲ။

❑

"ကျေးဇူးတင်ပါတယ်ဦး"

"အေး"

"ဦးဖွင့်ခိုင်းတဲ့ မဟာသမယသုတ်အခွေကို သမီးတို့ နေ့စဉ်ဖွင့်ပူဇော်ပါတယ်။ ဦးတူတောင် လိုက်ဆိုရင်း တော်တော်သွက်နေပါပြီ။ သူ့သူငယ်ချင်းက အစတုန်းက သူများစကားတွေ နားယောင်ပြီး ဦးတူကို စကားတောင်မပြောချင်လေ။ ရာထူးလည်းတက်မပေးဘူး။ သူ



www.burmeseclassic.com

www.burmeseclassic.com

လောက်လုပ်လိုက်ရတာလည်း သူပဲရှိတယ်။ ဘယ်လိုဖြစ်နေမှန်းကို မသိဘူး။ အလိုလိုနေရင်း သူများအထင်သေး အမြင်သေးခံနေရတာ။ အတိုက်အခိုက်ခံနေရတာနဲ့တင် စိတ်ဆင်းရဲရ၊ စိတ်သောကရောက်ရနဲ့ အလုပ်ကိုလုပ်ချင်စိတ်ကိုမရှိတော့ဘူးဖြစ်နေချိန်မှာ ဆရာ့ဆီ ရောက်လာတော့ ဆရာက ရွတ်ဖတ်ခိုင်းတယ်လေ။ အမျိုးသားကိုယ်စား သမီးရွတ်လို့ရလားဆိုတော့ သမီးရွတ်ရင် သမီးပဲ ရမှာပေါ့လို့ ဆရာပြောခဲ့တယ်လေ"

"အေး"

"အမျိုးသားက အလုပ်အရမ်းများပြီး မနက်မိုးလင်းတာနဲ့ထွက်၊ ညဆို (၉) နာရီလောက်မှရောက်၊ လူက ပင်ပန်းဖြစ်နေတော့ ရွတ်အားဖတ်အားကို မရှိသလောက်ဖြစ်နေပြီ။ ဘုရား၊ တရားကို ကြည်ညိုပါရက်နဲ့ ဦး (၃) ကြိမ် ကပျာကယာပြုပြီး အလုပ်ကိုပြေးရတာ ဆရာ့ကို ရှင်းပြတော့ ဆရာ မဟာသမယသုတ်တော်ကို အိမ်မှာနေ့တိုင်းဖွင့်ပူဇော်ခိုင်းခဲ့တာလေ။ သမီးဖြစ်ဖြစ်၊ အမျိုးသားဖြစ်ဖြစ် အားချိန်နဲ့ကြုံရင် ပါးစပ်ကပါလိုက်ရွတ်၊ စာအုပ်ကြည့်ရွတ်ဆိုပြီး ဆရာပြောခဲ့တဲ့အတိုင်း အမျိုးသားကလည်း လိုက်ဆိုရင်း တော်တော်သွက်နေပြီ။ ခုရာထူးပါတက်သွားပြီ။ တော်တော့်ကို အဆင်ပြေတာ။မဟာသမယသုတ်တော်ဖွင့်ပြီး တစ်လ၊ နှစ်လလောက်ကတည်းက ထူးထူးခြားခြားတွေ ဖြစ်လာတာ။ ခုဆို သမီးတို့ အရမ်းအဆင်ပြေတာပဲ"

ကလေးမလေးရဲ့ လက်ကောက်ဝတ်မှာ ဝင်းလက်နေတဲ့ရွှေလက်ကောက် (၅) ကွင်းကို အကဲခတ်ရုံနဲ့ သူတို့အဆင်ပြေနေကြပြီ ဆိုတာ သိနေပါပြီ။ ကြည့်ရတာလည်း ရွှင်ရွှင်လန်းလန်းနဲ့။

"အဲဒါ သမီးတို့ ဆက်ဖွင့်ရမလား ဦး"

"အင်မတန်မှ ကောင်းမြတ်တဲ့ ပူဇော်ခြင်းပဲ သမီးရယ်။ အိမ်မှာရော၊ ပတ်ဝန်းကျင်မှာရော သမီးတို့ပါ ဘယ်လောက် ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံလိုက်လဲ ကြည့်စမ်း"

"ဒါဆို သမီးဆက်ဖွင့်မယ်။ ဆက်ရွတ်တော့မယ်"

"အကောင်းဆုံးပေါ့"

❑

"ကျွန်တော့်တော့ ဆရာမှတ်မိမယ် ထင်ပါတယ်"

"မှတ်မိတာပေါ့"

"ဆရာ့ကို လာလာပြီး အပူတင်ရတာများနေတော့"

"ကျွန်တော့်ဆီလာလာပြီးအအေး တောင်းတယ်လုပ်ပါ"

"အဲ-အဲ အဲလိုတောင်းနေရတော့ ဆရာမှတ်မိနေမှာပေါ့"

"ဟုတ်ပါတယ်"

"ဟို - မဟာသမယသုတ်တော် အခွေကို ဆက်ဖွင့်ရင်ရလား ဆရာ"

"ဩော် - ဖွင့်ခိုင်းထားလို့လား"

"ဖွင့်ခိုင်းထားတယ်လေ ဆရာ။ သုံးလတောင် လုံးဝ မပျက်မကွက်ဖွင့်ရမယ်ဆိုပြီး ဆက်တိုက်ဖွင့်ခိုင်းထားတာလေ"

"အားတဲ့အခါနဲ့ဆုံရင် လိုက်ကောဆိုရဲ့လား"

"ဆိုတယ်ဆရာ၊အမြဲတော့မဟုတ်ဘူး။ ဒါပေမယ့် ပါဠိတွေ ခပ်သွက်သွက်ဆိုလို့ရလာပြီ။ ပါးစပ်ထဲမှာ လွယ်ကူချောမောလာပြီ"

"မဆိုးဘူးဘဲ"

"ကျွန်တော် အဲဒီမဟာသမယသုတ်တော်ကြီးကို ကြည်ညိုစိတ်အပြည့်နဲ့ဖွင့်၊ ဆရာပြောထားတဲ့အတိုင်း ရွတ်ဖတ်သရဇ္ဈာယ်တော်မူတဲ့ ဆရာတော်ဘုရားကြီးကိုလည်း ရိုရိုသေသေ ကန်တော့၊ ရွတ်ဖတ်တဲ့ ကျေးဇူးတော်ကို ဦးထိပ်ထားကန်တော့၊ ဆရာတော်ကြီးရဲ့ မေတ္တာဓာတ်ကို ခံယူပြီးမှ ဖွင့်ပါတယ် ဆရာ"

"ကောင်းတယ်"

"ကျွန်တော် ကားဂိတ်လုပ်ငန်း၊ ဆရာမှတ်မိပါတယ်နော်"

"ဩော်-သိပြီ၊ ကားတွေ တစ်စီးပြီးတစ်စီးပျက်ပျက်နေလွန်းလို့၊ ကားကောင်းပြန်ရင် ယာဉ်မောင်းတွေရှာမရလို့၊ ယာဉ်မောင်းမမြဲလို့"

"ဟုတ်တယ် ဆရာ ဟုတ်တယ်။ ခုဆရာခိုင်းတဲ့အတိုင်း မဟာသမယသုတ်တော်ကို နေ့တိုင်း ဂိတ်မှာဖွင့်ပူဇော်ပြီးနောက်ပိုင်း တစ်လလည်းကျော်လာရော တော်တော့်ကို အဆင်ပြေလိုက်တာ ဆရာ။ တကယ်ပါ ကျွန်တော် ဆရာ့ကို ဘယ်လိုကျေးဇူးတင်မှန်းမသိဘူး"

လက်နှစ်ဖက်ကို ရင်ညွှန့်တင်ယှက်၍ ပြုံးရင်းပြောနေသူ၏ မျက်လုံးများမှာ စိုသလားဟု ထင်ရ၏။ မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့်။

"ဝမ်းသာတယ်ဗျာ၊ တကယ်ပါ ဆက်ဖွင့်ပါ"

"အဲ - ကျွန်တော် အဲဒါလာမေးတာဆရာ။ ဆက်ဖွင့်ရမလား မဖွင့်ရဘူးလားဆိုတာ"

"ဘယ့်နှယ် ဒါလောက်အကျိုးပေးနေမှတော့ ဒါလောက်ကျေးဇူးပြုပြီးတော့ ဆက်ပြီးပူဇော်ပါဗျာ"

"ပူဇော်မယ်ဆရာ၊ ကျွန်တော်ဝမ်းသာသွားပြီ။ ဆရာက ရပ်ခိုင်းရင်တောင် ကျွန်တော်တော့ ဆက်ပူဇော်တော့မယ် ဆရာလို့ ဆရာ့ကိုပြောမလို့"

"ဘယ်ရပ်ခိုင်းပါ့မလဲ၊ မဟာသမယသုတ်တော်ဖွင့်ပြီး ဘုရားကို ကြည်ညိုပူဇော်တာ ရပ်ခိုင်းစရာ အကြောင်း ဘာမှမရှိဘူး၊ ဆက်ပူဇော်။ ခင်ဗျား ဒီရွေ့ကို ဆက်ဆက်ပြီးအောင်မြင်နေလိမ့်မယ်"

"ဟာ - ဝမ်းသာလိုက်တာဆရာ"

❑

"လာ - အစ်မကြီးလာ"

"ဆရာ၊ နေကောင်းတယ်နော်"

"ဟုတ်ကဲ့"

"ကျွန်မလည်း နေကောင်းပြီ ပြောရတော့မယ်"

"ထိုင်ပါခင်ဗျ"

"ဆရာ မဟာသမယသုတ်တော် အခွေလေးပေးလိုက်တာ ခြောက်လကျော်ပြီလေ"

"ဟုတ်ကဲ့"

"အဲ-ပြောရဦးမယ်၊ တဖြည်းဖြည်းနဲ့ ဟုတ်လာကြပြီ ဆရာရေ့"

"ဩော်"

"သားနဲ့သမီးနှစ်ယောက်ကလည်း ပုံစံတွေပြောင်းလာပြီ။ အမယ်-ဟုတ်တ်နေတာပဲ။ အရင်ကလို မိုက်မိုက်ရိုင်းရိုင်းတွေမရှိသလောက်ဘဲ။ တော်တော့်ကို ပြောင်းလာတာ၊ သူတို့ဟာသူတို့နော်။ ကျွန်မဘာမှပြောတာမဟုတ်ဘူး။ ညညဆို အိပ်ခါနီးရင် ကန်တော့တဲ့သူကကန်တော့လို့။ ပြီးတော့ အငယ်မရဲ့ကလေးနှစ်ယောက်လည်း သိပ်မပြောရတော့သလိုဘဲ။ ဟိုဒင်း-ဘယ်လိုပြောရမလဲ၊ ထင်မထားသလိုတွေဖြစ်ဖြစ်လာနေသလိုပဲ"

"အိမ်အေးမလာဘူးလား"

"ဟာ - အဲဒါတို့ ကျွန်မပြောတာ ကျွန်မ စကားကဝေ့သလိုဖြစ်နေတာ။ ဟုတ်တယ်၊ အိမ်အေးလာတယ်။ ဒါပေးမယ့် ခုမှာနော်၊ ဆရာပြောတဲ့ မဟာသမယသုတ်တော်ကို ဖွင့်ပြီး ပူဇော်တော



www.burmeseclassic.com

www.burmeseclassic.com

တောင် ဒီလိုမပြောင်းလဲသေးဘူး။ ခုမှ တဖြည်းဖြည်းနဲ့ကို ပြောင်းလာတာ။ နည်းနည်းတော့ အံ့သြမိ. . ."

"များများအံ့သြရမှာ၊ အများကြီး အံ့သြရမှာ"

"ဟုတ်ကဲ့"

"ကျွန်တော့်ဆီလာတုန်းက အစ်မကြီး ပြောတယ်လေ။ အိမ်က မီးတွေ တောက်နေသလိုပဲဆို၊ မိုးလင်းတာနဲ့ ဆူဆူပူပူနဲ့စတာဆို"

"ဟုတ်တယ်၊ ဟုတ်တယ်"

"ဒါဆို အများကြီးကို အံ့သြလောက်အောင်ဖြစ်နေပြီ"

"ဟုတ်ပါတယ်၊ အဲဒါလည်းပြောရင်း ပြီးတော့ ဆက်ဖွင့်ရဦးမလား ဆိုတာလည်း သိချင်လို့ရယ်"

"ဆက်ဖွင့်ပါ။ အင်မတန်မှ အိမ်အေးသွားတာပဲ၊ ဆက်ဖွင့်ပါ"

"ဒါဆို ဟုတ်ပြီ ဆရာ၊ ကျွန်မဝမ်းသာပြီ"

❑

"ဆရာ"

"ဟေ"

"ကျွန်တော် မြေကွက်ကိစ္စ နိုင်သွားပြီ ဆရာ"

"ဘယ်လို"

"မြေကိစ္စလေ။ ကျွန်တော်မှန်ရက်သားနဲ့ ကျွန်တော့်ဦးလေးတစ်ယောက်နဲ့ အမှုဖြစ်တာလေ။ သူကလည်း သူ့အစ်ကိုပိုင်တာ၊ ကျွန်တော်ကလည်း ကျွန်တော့်အဖေမြေဖို့ ပေလေးဆယ်ခြောက်ဆယ်အကွက်ကိုစကားပြောပြီး အမှုဆိုင်ခဲ့ကြရတာလေ။ ဟိုတုန်းကတည်းက မြေ"

"ဩော်-အေး ငါလည်းမေ့နေပြီ"

"ဆရာ၊ အဲဒါ ကျွန်တော့်ကို မဟာသမယသုတ်တော်တရားခွေ နေ့တိုင်းဖွင့်ခိုင်းတာလေ"

"ဩော်"

"အရမ်းကို ထူးတာပဲ ဆရာရယ်။ မြေပေါ်မှာ ဂိုဒေါင်ဆောက်ထားတာလေ၊ ဟိုးလွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်ကတည်းကလေ။ ခုမှ ဈေးတွေကောင်းလာတော့ ဦးလေးက သူလည်း ညီအစ်ကိုတော်တယ်။ အတူနေလာတာ တစ်ဝက်ပိုင်တယ်ဆိုပြီး လာလုပ်တာလေ"

"ငါ ဇဝေဇဝါနဲ့"

"အင်းလေ - ဆရာက လူများတော့ ဒီကိစ္စကိုမှတ်မိချင်မှမှတ်မိမယ်။ ဆရာမမှတ်မိလည်း ဆရာပီတိဖြစ်ပြီး ဝမ်းသာရအောင် ကျွန်တော်လာပြောပြတာပါ။ မဟာသမယသုတ်တော်ဖွင့်လိုက်ရတာ (၁)နှစ်လောက်ကြာမလားဘဲ"

"ဩော် - အေး၊ အေး"

"ကျွန်တော်တို့က ဘာသာတရားကို ကိုင်းရှိုင်းတာနည်းတယ်ဆိုပြီး ဆရာပြောခဲ့တယ်လေ။ မရွတ်မဖတ်လို့ဆိုပြီး။ နားတော့မလည်ဘူး၊ ဒါပေမယ့် ဆရာပြောသလို မနက်တိုင်းဖွင့်ရင်း နားရည်ဝနေတာတော့ အမှန်ပဲ။ ကျွန်တော် ဒီလိုလည်း အောင်မြင်လာရော မဟာသမယသုတ်တော်အခွေတွေ(၁၀)ခွေလောက် သူငယ်ချင်းတွေကို လက်ဆောင်ဝယ်ပေးလိုက်တယ်။ ဖွင့်ခိုင်းလိုက်တယ်။ သူတို့လည်း ကျွန်တော့်ကိစ္စကြီးကို သိနေကြတယ်လေ။ သူတို့အံ့သြနေတာပေါ့။ ခုသူတို့လည်းဖွင့်နေကြပြီ။ တစ်ယောက်ဆို စာအုပ်ဝယ်ပြီး လိုက်ကြည့်ဆိုတယ်တောင်ပြောတယ်"

"အေး - ဝမ်းသာလိုက်တာ"

❑

ကျေးဇူးတွေကြီးလွန်းပါတယ်။

နတ်တို့ချစ်ရာဒေသနာတော်ဆိုပြီး နာမည်ကြီးလွန်းလှတဲ့ -

ကံတွေအဆင့်ဆင့်မြင့်တက်လာစေတဲ့ မဟာသမယသုတ်တော်ကြီးကို သီလဆောက်တည် -

နတ်ဒေဝါများ ပင့်ဖိတ် -

မဟာသမယသုတ်တော်ကို ရွတ်ဖတ်ပူဇော် -

သစ္စာတွေပြု -

အမျှဝေဆိုပြီး -

ပညာရှိများ မိန့်ဆိုသလို ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ကြသူများကို တွေ့ဖူးပါတယ်။

သူတို့တွေဟာ အင်မတန်မှ ဘုန်းကံကြီးမားပြီး စီးပွားဥစ္စာ မပူမပင်ရသူတွေပါ။

သူတို့တွေ ကံတွေအဆင့်ဆင့်မြင့်တက်ပြီး ဘုန်းကြီးတာ မပြောပါနဲ့။ မဟာသမယသုတ်တော်ကို နေ့တိုင်း ဝတ်မပျက် ပူဇော်နေကြတာကိုး။ တကယ့်ကို လေးစားမိပါတယ်။

ကိုယ်တိုင် မကြာခဏ ရွတ်ဖတ်ပူဇော်ပါတယ်။

မရွတ်တတ်တော့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများ ရွတ်ထားတဲ့ မဟာသမယသုတ်တော်အခွေကို ဖွင့်၊ ဘေးမှာ စာအုပ်ကို ဖွင့်ပြီး လိုက်ရွတ် လိုက်ဆို ပြုရပါတယ်။

ဒီလို မရွတ်တတ်ရွတ်တတ် ဖတ်ပူဇော်ရုံလေးနဲ့တောင်မှ ထူးခြားမှုတွေက အံ့သြလောက်ပါရဲ့။

စိတ်ထဲက တွေးမိပါတယ်။

ကြည့်ရွတ်တာတောင် မနည်းရွတ်ဖတ်နေရတဲ့ မဟာသမယသုတ်တော်ကြီးကို အာဂုံဆောင်ပြီး ပူဇော်နေကြသူများဆိုရင် ဘယ်လောက်များ ဘုန်းတွေကံတွေ ကြီးမားလိုက်မလဲလို့ တကယ်တဲ့အားကျပါတယ်။ ခုလည်း ကြိုးစားပြီး ရွတ်ဖတ်နေတုန်းပါပဲ။

ဒီလို ရွတ်ဖတ်ပူဇော်နေရင်းနဲ့ လွန်ခဲ့တဲ့ (၇) နှစ်၊ (၈) နှစ်လောက်က အဖြစ်လေးကို သတိတရဖြစ်ပြီးပြန်တွေးမိတာရယ်။ အဲဒီတုန်းက မိတ်ဆွေကြီးနဲ့ လာရောက်ပြောပြတဲ့ ကျေးဇူးကြောင့် နောက်ပိုင်း မဟာသမယသုတ်တော်ကြီးကို အသံဖွင့်ပူဇော်စေခဲ့ရာကအောင်မြင်မှုရခဲ့ကြတာတွေကို စဉ်းစားရင်း -

ဒီသူရဇ္ဇလက်ဆောင် ဖြစ်လာခဲ့ရပါတယ်။

မှန်ပါတယ်။

နေ့စဉ်နဲ့အမျှ မိသားစုရေး၊ စားရေး၊ ဝတ်ရေး၊ ကြိုးစားနေကြရသူတွေဖြစ်တာနဲ့အညီ -

တချို့ဘာသာတရားကိုင်းရှိုင်းပါရဲ့။ အချိန်မပေးနိုင်ဘူး။ ရတနာမြတ်(၃)ပါးကို ကြည်ညိုလိုက်တာ။ သူတို့ခမျာ အချိန်ကို မပေးနိုင်တာ။

တချို့ ဘာသာတရား ကိုင်းရှိုင်းပြီး ရွတ်ဖတ်ပူဇော်တာတော့ နည်းပါရဲ့၊ ဒါပေမယ့် မိဘတွေကို ပြုစုလုပ်ကျွေးနေကြသူတွေ -

တချို့ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဆိုတာ မရှိကြဘူး။ အိမ်မှာတော့ ဘုရားပူဇော်ထားပါရဲ့။ ဘုရားပန်းကပ်လှူတာ၊ ဆွမ်းတော်ကပ်လှူဖို့ဆိုတာ အားလုံးကို သေချာမှာပြီး ကိုယ်က အလုပ်များလွန်းလို့ ဦး (၃) ကြိမ်တောင် အနိုင်နိုင်ရှိခိုးပြီး အလုပ်ကို ပြေးရသူတွေ -

တချို့ သမ္မာဒိဋ္ဌိထားတောင် အလွတ်မရ၊ ဒိဝါတပတီဆို ကြားတောင်မကြားဘူး။ ဒါပေမယ့် သူတို့စိတ်ထဲမှာ ကုသိုလ်ပြုချင်နေကြသူတွေ အများကြီး အများကြီးရှိပါတယ်။

ဒီလိုပုဂ္ဂိုလ်တွေကိုသွားပြီး ခင်ဗျာ၊ ပရိတ် မနက်တိုင်း ရွတ်ပါ ခေါင်းသာညိတ်သွားမယ်။ နောက်နိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး။ သူ့ရဲ့အားလပ်မှုကို သူတွေးပြီ။

ခင်ဗျား သမ္ဗုဒ္ဓေဂါထာတော်ကို ပုတီးစိပ်ပါဆိုရင်လည်း သူ့အတွက်လုပ်ဖြစ်ဖို့မလွယ်။ သူ့အားချိန်နဲ့ သမ္ဗုဒ္ဓေဂါထာပုတီးစိပ်ရမယ့်အချိန် သူတွက်ပြီ။

ထို့အတူပါပဲ -

ဘယ်သုတ်ဟာ ဘယ်လိုနတ်တွေချစ်တာ၊ ရွတ်ဖတ်တဲ့နေရာကို နတ်တွေကလိုက်ရှာပြီး တရားနာယူကြတာ။ တစ်နေ့တစ်ခေါက်လောက် ရွတ်ပေးဆိုရင်လည်း သူ့ခမျာ ရွတ်ချင်ရှာမှာပဲ ပီတိတွေဖြစ်ပြီး ရွတ်ချင်ရှာမှာပဲ။ သူ့အလုပ်သွားရချိန်နဲ့ သူ့နားချိန်ကို ချိန်ထိုးပြီး သူ့ခမျာ စဉ်းစားရင်း၊ စဉ်းစားရင်း စာအုပ်သာဖယ်ထားပြီး ကိုင်ဖြစ်မှာ မဟုတ်တော့ဘူး။ ရွတ်ဖို့ဆိုဝေးစွ။

ဒါကြောင့် -

ရတနာမြတ်(၃)ပါး ဂုဏ်ကျေးဇူးတော်ကို ကြည်ညိုကြသူတွေ -

ဘယ်လိုမှ အချိန်မပေးနိုင်လောက်အောင် အလုပ်များလွန်းတဲ့သူတွေ -

ရွတ်ဖတ်ပူဇော်ချင်ပါသော်လည်း ရွတ်ဖတ်ချိန်နဲ့ အလုပ်ချိန် ချိန်ဆနေရသူတွေအတွက် -

မဟာသမယ သုတ်တော်ကြီးကို အိမ်မှာ ဖွင့်ကြည့်ဖို့ အကြံပြုလိုက်ရတာဖြစ်ပါတယ်။

ရွတ်ချင်ပါသော်လည်း မရွတ်အားတာ၊ စဉ်းစားနေတာ၊ တွေဝေနေတာထက်စာရင် အခုချက်ချင်းဖွင့်၊ အခုချက်ချင်း ကုသိုလ်ထူးတွေနဲ့ တဖြည်းဖြည်းစပြီး ထူးခြားအောင်မြင်လာရင် မကောင်းဘူးလား။

အချိန်များ ပေးနိုင်လို့ကတော့ ဘေးနားမှာ စာအုပ်ကိုင်ပြီး လိုက်ရွတ်လေ အကျိုးများလေပါပဲ။

အိမ်သစ်တက် မင်္ဂလာတွေမှာ မဟာသမယသုတ်တော်ကြီးကို ကြည်ညိုပူဇော်ပါ။

ဆိုင်သစ်ဖွင့်ပွဲတွေမှာ မဟာသမယသုတ်တော်ကြီးကို ကြည်ညိုပူဇော်ပါ။

အောင်မြင်မှုဆိုတာ ပြောမယ့်ကြုံမှသိဆိုတာမျိုး လက်တွေ့က ပိုကောင်းပါတယ်။

မဟာသမယ သုတ်တော်ကြီးကို နေ့စဉ် ဌာန် ကရိုဏ်းကျကျ ရွတ်ဖတ်ပူဇော်ပါလို့ ပြောလိုက်ရင် တော်ရုံနဲ့ ပူဇော်ဖြစ်မှာ မဟုတ်ပါဘူး။

အချိန်နဲ့ဆိုင်တဲ့အကြောင်းအမျိုးမျိုးကို စဉ်းစားကြမှာပါပဲ။

ဒါကြောင့် -

ဟိုရွှေ့ဒီရွှေ့၊ ဟိုဆိုင်းဒီဆိုင်းလုပ်နေမယ့်အစား အလွယ်ကူဆုံးနဲ့ အမြန်ဆုံး ကြည်ညိုဖြစ်ဖို့ကတော့ ဆရာတော်ဘုရားကြီးများ ချီးမြှင့်ဟောကြားတော်မူထားတဲ့ မဟာသမယသုတ်တော်အခွေကို ဖွင့်ပြီး နာယူပူဇော်ခြင်းပါပဲ။

မဟာသမယသုတ်တော်နဲ့ ပတ်သက်ပြီး စာအုပ်တွေ ထွက်ရှိထားပါတယ်။ ဝယ်ယူပူဇော်လို့လည်းရပါတယ်။

အချိန်ကိုရအောင်ယူပြီး မဟာသမယသုတ်တော်နဲ့ ပတ်သက်တာ မှန်သမျှကိုတော့ ကြည်ညိုစိတ်နဲ့ဖတ်ရှုထားစေချင်ပါတယ်။

ဒါမှလည်း မဟာသမယသုတ်တော်ကြီးကို အခွေဖွင့်နာယူကြည်ညိုတဲ့အခါ ပိုပြီးတော့ ကြည်ညိုစိတ်တွေ တဖွားဖွားဖြစ်နေမှာ ဖြစ်ပါတယ်။

ပြည့်ပြည့်စုံစုံ သိထားလေ ပိုပြီးကြည်ညိုလေ ဖြစ်လာပါလိမ့်မယ်။

ပညာရှိများ ပြုစုရေးသားထားတာကို ဖတ်ရှုလိုက်တာနဲ့ -

မဟာသမယသုတ်တော်(၇)သုတ်ရှိတာကအစ ကြည်ညိုဖွယ် သိရပါလိမ့်မယ်။

မဟာသမယ သုတ်တော်ကြီးရဲ့ ကျေးဇူးကြီးမားပုံကို လက်တွေ့ထင်သိလာရတဲ့အခါ -

နေရာအနှံ့အပြားမှာ မဟာသမယသုတ်တော်ကြီးကို ရွတ်ဖတ်ပူဇော်နိုင်ကြရင် ပြောစရာမလိုလောက်အောင်ကောင်းမှာပဲလို့ အချိန်ရတိုင်း တွေးနေမိပါတယ်။

ဒါပေမယ့် ခုနရှင်းပြခဲ့သလို မဟာသမယသုတ်တော်ကြီးကို ကြားဖူးလို့ ကျေးဇူးတော်ကိုသိလို့ ကြည်ညိုခြင်းတော့ ဖြစ်ရပါတယ်။

ဘယ်လိုမှ အချိန်မပေးနိုင်တဲ့အပြင် ဘယ်လိုပူဇော်ရမှန်းမသိပါဘူးဆိုတဲ့ ဓမ္မမိတ်ဆွေများအတွက် ဆရာတော်ဘုရားကြီးများ ရွတ်ဖတ်သရဇ္ဈာယ်တော်မူထားတဲ့ မဟာသမယသုတ်တော်အခွေများကို အိမ်မှာဖွင့်ပြီး မင်္ဂလာယူပါ၊ ကြည်ညိုပါလို့ အကြံပြုတဲ့ သူရဇ္ဇလက်ဆောင်ကို ဒီလအတွက် လက်ဆောင်ပေးလိုက်ပါတယ်။

ကံမြင့်ကံပွင့်ခြင်း၊ ဘဝအဆင့်ဆင့်မြင့်တက်ခြင်းအတွက် ကောင်းခြင်းများစွာ ပြည့်စုံလာစေနိုင်စွမ်းတဲ့ ကုသိုလ်ကြီးတွေကိုပြုတဲ့အခါ မဖြစ်နိုင်ဘူးဆိုတာမရှိဘဲ မဖြစ်ရင် ဖြစ်အောင် မရရင်ရအောင်ပြုယူတဲ့ကုသိုလ်လို့မှတ်ပါ။

မရွတ်မဖတ်နိုင်လို့ အခွေဖွင့်ပြီး နာယူတာ၊ မေတ္တာပို့ အမျှဝေတာလည်း ကုသိုလ်ပြုခြင်းပါပဲ။

မင်္ဂလာကျက်သရေကင်းမဲ့တဲ့အသံတွေ ဖွင့်နေတာမှ မဟုတ်တာ။

တကယ့်ကို ကြည်ညိုဖွယ်ကောင်းလွန်းလှတဲ့ မဟာသမယသုတ်တော်ကြီးကို မင်္ဂလာရှိရှိဖွင့်ပြီး ပူဇော်တာပဲ။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများ ကိုယ်တိုင်ရွတ်ဖတ်သရဇ္ဈာယ်တော်မူ ပေးထားတဲ့အတွက် တကယ့်ကို မင်္ဂလာရှိလွန်းပါတယ်။ ကြည်ညိုရလွန်းပါတယ်။ အကျိုးများလွန်းပါတယ်။ တန်ဖိုးအနဂ္ဃပါပဲ။

ဒါကြောင့် -

မဟာသမယ သုတ်တော်ကြီးကို အာဂုံဆောင်ပြီး ရွတ်ဖတ်သရဇ္ဈာယ်ခြင်းမပြုနိုင်သေးခင်မှာ -

စာအုပ်ကိုဖတ်ပြီး ရွတ်ဖတ်ကြည်ညိုခြင်းမပြုနိုင်သေးခင်မှာ -

မဟာသမယသုတ်တော်အခွေကို ဖွင့်ပြီး အောင်မြင်ပြည့်စုံမှုများတဖြည်းဖြည်းရယူပါလို့ မေတ္တာနဲ့ အကြံပြုလိုက်ပါတယ်။

အခွေကိုဖွင့်ပြီး အသံနဲ့ ပူဇော်ရာမှာလည်း ဖွင့်ရင်ပြီးရော သဘောမျိုးမဟုတ်ဘဲ သေချာရိုရိုသေသေကြည်ညိုတဲ့စိတ်နဲ့ အာရုံပြုရှိခိုးပြီးမှဖွင့်ပါ။ ရွတ်ဖတ် သရဇ္ဈာယ်တော်မူပေးတဲ့အတွက် ဖွင့်ပြီးပူဇော်ရတာမို့ တော်တော့်ကို ကျေးဇူးကြီးမားလွန်းပါတယ်။ ဒီဂုဏ်ကျေးဇူးတွေကို ကန်တော့ပါ။

တစ်ဦးချင်း အောင်မြင်မှုကနေ တစ်အိမ်လုံး -

တစ်အိမ်လုံးကနေ တစ်လမ်းလုံး၊ တစ်ရပ်ကွက်လုံး -

တစ်မြို့နယ်လုံး၊ တစ်နိုင်ငံလုံး၊ အောင်မြင်မှုများစွာ ပုံ့နှံ့ပြည့်ဝစေချင်တဲ့ မေတ္တာနဲ့ ဒီသူရဇ္ဇလက်ဆောင်ဖြစ်ပေါ်ခဲ့ရပါတယ်လို့ မေတ္တာစကား ပြောကြားရင်း -

*ကျန်းမာခြင်း၊ ချမ်းသာခြင်းများစွာ ပြည့်စုံနိုင်ကြပါစေ။*

ဆရာဦးမောင်မောင်သန်း
(ငဲကိုအေးမြစေသား)




www.burmeseclassic.com

www.burmeseclassic.com

ပြည်စိုးမောင်

# ကံပြောင်းကံပွင့် အဓိဋ္ဌာန်



တနင်္ဂနွေ

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစလလုံး တနလာန အသး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - ဘုရား (၅) ဆူလှည့်၍ အဓိဋ္ဌာန်ပုတီးများ စိပ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို အရှေ့အရပ်က အကျိုးဆောင်နှင့်စပ်၍ ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင် အကျိုးဆောင်နှင့်စပ်၍ ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်'ဘွဲ့ အမည်ပါရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် 'အရဟံ' ဂုဏ်တော်ကို မညောင်းမချင်း စိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ တန်ဆောင်း၊ ဇရပ်၊ ရင်ပြင်တော်များတွင် တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင် မဝတ်ပါနှင့်။

**ကျန်းမာရေး** - ပရိမိတ္တဇာလသုတ်တော်ကို နေ့စဉ် (၇) ခေါက် ရွတ်ဖတ်ပူဇော်ပါ။

**ထီကံကောင်းလိုသူများ** - ကားနှင့်လှည့်ရောင်းသော ထီကားများတွင် (၂) ဂဏန်းများစွာ ပါအောင် ရွေးချယ် ကံစမ်းထားလိုက်ပါ။

တနင်္လာ

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးသုံးပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟီး တဟီး အစရှိသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ရှေ့ ခြေရင်းဘက်တွင် ဆီးခက် (၃) ခက် ချည်ထားပါ။

**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှိသူနှင့် စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါ' နံဘွဲ့အမည်ရှိသော ဘုရားစေတီများသို့ သွား၍ ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များတွင် အသုံးပြုရန် သန့်ရှင်းရေးပစ္စည်း (တံမြက်စည်း စသည်) တို့ကို တတ်အားသရွေ့ လှူပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုလေးများကို အစာကျွေးပါ။

**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ မာတ်စာ၊ အာဟာရ တတ်အားသရွေ့ လှူပါ။

**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်လေးများထံတွင် (၇)ဂဏန်း များစွာပါသော မင်္ဂလာစုံတွဲလေးများကို နိုင်သလောက်ထိုးထားပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ဟပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင် ဆရာကြီးများကို ဆေးဝါးများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ သွား၍ တနင်္ဂနွေထောင့်တွင် 'အရဟံ' ဂုဏ်တော်ကို ပုတီး (၇)ပတ်စိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ သံတိုသံစအဟောင်းများကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈)ခေါက် နေ့စဉ် ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း 'ဖုဿ' ဂါထာကို ရွတ်မန်းပြီးမှ စားပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသော ထီသည်ထံတွင် (၁)ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

BURMESE CLASSIC .com

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တိုင်း ခွေးကျွေးပြီးမှ ကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို ဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနံနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္လာ' နံဘွဲ့အမည်ရှိ ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်း နံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်း လက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ကျန်းမာရေးမကောင်းသော နွမ်းပါးသူများကို ဆေးဝါး၊ မာတ်စာ၊ ငွေကြေးတစ်နိုင် လှူပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်ထံတွင် (၂)ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံဝေဝေဆာဆာ ပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်း လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို စနေနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ရှိသော ဘုရားစေတီများသို့ သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် မေတ္တာသုတ်... 

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စိတ်ဆိုးစိတ်ကောက်အောင် မကျီစားပါနှင့်။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း မာရဇာပရိတ်ရွတ်ရင်း လမ်းအနည်းငယ်လျှောက်ပါ။
**ထီကံကောင်းလိုသူများ** - စနေနံ့ထီဆိုင်တွင် (၇)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ့ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင် ဆရာကြီးများကို ဆွမ်းဆန်စိမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္လာနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား(၅)ဆူလှည့်၍ ပန်းပေါင်းစုံ၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင် မဝတ်ရ။
**ကျန်းမာရေး** - လေရောဂါဝေဒနာရှင်များကို ဆေး၊ အာဟာရ၊ ငွေ ကြဲ့သလိုလှူပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသော ထီသည်ထံတွင် (၂၊ ၅၊ ၁)ဂဏန်းများ ပါအောင်ရွေးချယ် ကံစမ်းထားပါ။

BURMESE CLASSIC .com

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅)မျိုးနှင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးသုံးပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှည့်နံ့လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင် အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - မွေးနံ့မှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်လည်ပြီး ရေသပ္ပာယ်ပါ။ ပြီးလျှင် တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမလိုတော့သည့် ပလတ်စတစ်ပစ္စည်းအဟောင်းများ၊ ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်းကန်၊ ဇရပ်များသို့ရောက်တိုင်း တံမြက်စည်းလှည်း၊ အမှိုက်ကောက်၊ ပန်းခြောက်များ စွန့်ပစ်ပေးခဲ့ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် ဆုံရန်သွားတိုင်း အဆင်ပြေအောင် စကားပြောပါ။ ဆန့်ကျင်ဘက်မဖြစ်ပါစေနှင့်။
**ကျန်းမာရေး** - စိတ်ရောဂါဝေဒနာရှင်များကို အာဟာရဒါနပြုပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်ထံတွင် (၇၊ ၀၊ ၃၊ ၄) ဂဏန်းများ ပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင်-

တနင်္လာအစ၊ စနေပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်သရဇ္ဈာယ်ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများစွာ ရယူပါ။

ဥပမာ - ကျော်နွဲ့၊ ကြည်ထူး၊ ချောနှင်း

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲ ပြည့်ပါစေ*

ပြည်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com



# ခုနစ်ရက်သားသမီး ဟောစာတမ်း

## ဆက်ဒိုးမောင်မောင်သန်း

### တနင်္ဂနွေသားသမီးများ

အလုပ်တစ်ခုကိုလုပ်တိုင်း တစ်ကြိမ်တည်းနှင့်မအောင်မြင်ဘဲ နောက်တစ်ကြိမ်ဆောင်ရွက်ပြီးမှ အောင်မြင်တတ်ပါသည်။ လုပ်ငန်းတာဝန်နှစ်ခုယူရခြင်း၊ အခြားတစ်ယောက်နှင့်အတူ တွဲလုပ်ရခြင်းတို့ ရှိတတ်သည်။ အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများအတွက် တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများရယူပါ။ (၆) ဂဏန်း ရှောင်ပြီး အလုပ်လုပ်ပါ။ သူများအတွက် အာမခံပေးခြင်းမျိုး သတိထားပါ။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သည့်အစားအသောက်များ သတိထားရှောင်ပါ။ ပရိမိတ္တဇာလသုတ်တော်ကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ် ပူဇော်ပါ။ ပရိတ်မရွတ်တတ်သူများ ဖုဋ္ဌသဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အပြောက်ပြောက်၊ ပုလဲပေါက်အင်္ကျီမဝတ်ပါနှင့်။ အိမ်ထောင်ရေးစိတ်ချမ်းသာမှုရှိစေရန် စကားပြောဆင်ခြင်ရပါမည်။ စကားတစ်ခွန်းကို အပ်ကြောင်းထပ်အောင်မပြောပါနှင့်။ လူငယ်များ၏နှလုံးသားရေးရာကိစ္စများ အဆင်ပြေနေပါလိမ့်မည်။ တန်ဖိုးမရှိသောကျောက်မဝင်ပါစေနှင့်။ စက်ပစ္စည်းအကျိုးမပေးသောကာလ ဖြစ်ပါသည်။ အိမ်ရှိ စက်ပစ္စည်းများလည်း မကြာခဏပျက်တတ်ပါသည်။ ပညာရေးနှင့်ဆိုင်သောကံများကောင်းမည်။ လူမှုရေးအတိုက်အခံများရှိပါက သမ္ဗုဒ္ဓေဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ထီထိုးရန်အတွက် ကားနှင့်ရောင်းသော ထီကားများနှင့်ဆုံပါက (၂) ဂဏန်း များစွာပါအောင် ရွေးချယ် ကံစမ်းထားပါ။

*ယတြာ ။ ။ ဘုရားစေတီတစ်ဆူဆူတွင် မွေးနံထောင့်ရှိ ရုပ်ပွားတော်အား ပန်းပေါင်းစုံ (၆) မျိုးနှင့် ပူဇော်ပါ။*





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို စနေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၄) ဂဏန်း၊ (၈) ဂဏန်း ရှောင်ပြီး အလုပ်လုပ်ပါ။ ယခုလ ဝင်ငွေအားကောင်းနေပါသည်။ မင်္ဂလာနှင့်ဆိုင်သောကိစ္စများတွင် ပါဝင်ဆောင်ရွက်ပေး နေရတတ်သည်။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အစိမ်းရောင်၊ ရွှေအိုရောင်အင်္ကျီများ ဝတ်မသွားပါနှင့်။ အိပ်ရေးလွန်စွာ အပျက်မခံပါနှင့်။ လေမချုပ်အောင်နေပါ။ အပူအစပ်များ လွန်ကဲစွာ မစားပါနှင့်။ လူမှုရေးအတိုက်အခံများရှိပါက ရေသတ္တဝါ လေးများကို မကြာမကြာအစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။ လက်ဝတ်ရတနာပစ္စည်းအတွက် စကားစမြည်ပြောရတတ်သည်။ အိုးအိမ်ကိစ္စ ပြဿနာရှိတတ်သည်။ လုပ်ငန်းခွင်အတွင်း စိတ်ကသိကအောက်ဖြစ်စရာကြုံရတတ်သည်။ မင်္ဂလာကိစ္စ၊ အချစ် ရေးကိစ္စများ အဆင်ပြေနေမည်။ ချစ်သူကို စရင်းနောက်ရင်း လမ်းခွဲစကားများ မပြောမိပါစေနှင့်။ အမှုအခင်းဖြစ်နေသူများကို အာမခံပေးခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သူများကို ကူညီမှုများပေးခြင်း မပြုလုပ်ရန် အထူးရှောင်ပါ။ ပညာရေးနှင့်ဆိုင်သောကံ များ ကောင်းလာမည်။ နိုင်ငံရပ်ခြားခရီးကံများ အကျိုးပေးမည်။ နိုင်ငံရပ်ခြားနှင့် ကုန်သွယ်ဆောင်ရွက်မှုများ အကျိုးအမြတ် များရရှိမည်။ အလှူကြီးတွေလှူရပါလိမ့်မည်။ ရာထူးနှင့်ဆိုင်သောကိစ္စများအတွက် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို အဓိဋ္ဌာန် ဖြင့် ရွတ်ဖတ် ပူဇော်ပါ။ အာနာပါနကမ္မဋ္ဌာန်းကို အချိန်ရတိုင်း အချိန်ယူပြီး စီးဖြန်းပါ။ ထီထိုးရန်အတွက် (၇၊ ၃၊ ၆၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ် ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဘုရားစေတီတစ်ဆူဆူတွင် မွေးနံ့ထောင့်ရှိ ရုပ်ပွားတော်အား ဖယောင်းတိုင်အကြီး (၇) တိုင် ထွန်းညှိ ပူဇော်ပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မကြာခဏပြဿနာဖြစ်တတ်သူများကို အာမခံပေးခြင်း ရှောင်ပါ။ တရားဥပဒေကို ဆန့်ကျင်သောကိစ္စမှန် သမျှ ရှောင်ပါ။ ကျန်းမာရေးကောင်းပါမည်။ လွန်ကဲစွာ အဆာခံခြင်း၊ အိပ်ရေးပျက်ခံခြင်း၊ အပူအစပ်များလွန်ကဲစွာစားခြင်း တို့ ရှောင်ရပါမည်။ ပညာရေးနှင့်ဆိုင်သောကံများကောင်းမည်။ လူငယ်တို့သဘာဝ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိ စေရန် တစ်ဦးနှင့်တစ်ဦး နားလည်မှုတွေရှိဖို့လိုပါသည်။ လူမှုရေးအတိုက်အခံများရှိပါက သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။ လာဘ်လာဘအတွက်လည်း ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါက အောင်မြင်ပါလိမ့်မည်။ အကြံအစည်ပြုရန် ကိစ္စရှိတိုင်း အပြောက်အပြောက် ပုလဲပေါက်အင်္ကျီဒီဇိုင်းများ ဝတ်မသွားပါနှင့်။ အလုပ်ရှာနေသူများ၊ အင်တာဗျူးဖြေဆိုထား သူများ၊ ရာထူးတိုးစာမေးပွဲဖြေဆိုထားသူများ အောင်မြင်မှုရရှိမည်။ လုပ်ငန်းခွင်အတွင်း စိတ်ချမ်းသာမှုရှိမည်။ မသင်ရသေး သေးသောပညာရပ်များအတွက်လည်း သင်ကြားခွင့်ရလာမည်။ မူလနေရာက တခြားနေရာသို့ ပြောင်းရွှေ့ တာဝန်ထမ်း ဆောင်ရပြီး မူလနေရာသို့ ပြန်ရောက်ချင်နေသူများအတွက် ဆန္ဒများပြည့်လာပါတော့မည်။ အမှုအခင်းဖြစ်ထားသောသူများ နှင့် ခရီးရှည်အတူမသွားပါနှင့်။ ထီထိုးရန်အတွက် ကြာသပတေးနံထီဆိုင်တွင် (၇၊ ၂၊ ၉၊ ၁၊ ၅) ဂဏန်းများ ဝေဆာမြိုင်ဆိုင် နေအောင် ရွေးချယ် ကံစမ်းထားပါ။

ယတြာ ။ ။ *'အောင်' ဘွဲ့အမည်ရှိ ဘုရားတစ်ဆူဆူတွင် ဖယောင်းတိုင်အကြီး (၁၀) တိုင် ထွန်းညှိ ပူဇော်ပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္လာနာမည်ရှင်များနှင့် တိုင်ပင် ဆောင်ရွက်ပါ။ အကြံဉာဏ်များတောင်းပါ။ အကောင်းဆုံးကူညီပါလိမ့်မည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အောင်မြင်မှုအတွက် အကြောင်းကြီး ငယ်ရှိတိုင်း ဘုရားစေတီတစ်ဆူဆူကိုသွားပြီး ဘုရားရုပ်ပွားတော်တစ်ဆူရှေ့တွင် ဖယောင်းတိုင် (၇) တိုင် ထွန်းညှိ ပူဇော်ပြီးမှ သွားပါ။ ဘုရားစေတီကို မကြာခဏသွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။ ရေသတ္တဝါလေးများ ကို အစာကျွေးခြင်းများ ဆောင်ရွက်ပါ။ လူမှုရေးအတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။ ပညာရေး နှင့်ဆိုင်သောကံများကောင်းနေပါသည်။ ဖွဲ၊ လှံ့လ၊ ဝီရိယမလျှော့ပါနှင့်။ ချစ်သူတို့သဘာဝ တစ်ယောက်နှင့်တစ်ယောက်ဆုံ တိုင်း ကျန်ခဲ့သော အတိတ်ကဇာတ်ကြောင်းတွေ ပြန်ပြောပြီး စိတ်ကသိကအောက်မဖြစ်ကြပါစေနှင့်။ ထီထိုးဖြစ်အောင်ထိုး ပါ။ (၂၊ ၉၊ ၇၊ ၅) ဂဏန်းများပြည့်နေအောင် ရွေးချယ်ပါ။ နည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ ငွေဝင်လာပါလိမ့်မည်။ တရားဥပဒေကို ဆန့်ကျင်သောကိစ္စမှန်သမျှ ရှောင်ပါ။ သူတစ်ပါးအတွက် အိမ်ပေါင်ပေးခြင်းမျိုး၊ အရှုပ်အရှင်းရှိသော အိမ်၊ လက်ဝတ်ရတနာဝယ်ယူခြင်းမျိုးများ ရှောင်ပါ။ ရပ်ဝေးမှာရှိသော အင်္ဂါနာမည်ရှင်များ၊ အင်္ဂါလုပ်ငန်းများ အကျိုးပေးမည်။ ငွေဝင်ပြီး အကုန်အကျများနေတတ်၍ မလိုအပ်ဘဲ ကုန်ကျမှုမျိုးမရှိစေရန် ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

ယတြာ ။ ။ *ဘုရားစေတီတစ်ဆူဆူမှ ရုပ်ပွားတော်တစ်ဆူဆူအား ပန်းပေါင်းစုံ (၉) မျိုးနှင့် ပူဇော်ပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသောကိစ္စများ သို့မဟုတ် အခက်အခဲရှိသောကိစ္စများ၊ ကောင်းသောအကြံဉာဏ်များအတွက် စနေနံ ရှင်များနှင့် တိုင်ပင်ပါ။ ယခုလတွင် (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ နံနက် နေထွက်ချိန်မှစ၍ ဂုဏ်တော်ကွန်ချာကို နုတ်ကမပြတ် အမြဲရွတ်နေပါ။ အရေးကြီးသောကိစ္စများရှိပါက တန်ခိုးကြီးဘုရားစေတီတစ်ဆူဆူကိုသွားပြီး ဖယောင်းတိုင် (၇) တိုင် ထွန်းညှိ ပူဇော်ပြီးမှ လိုရာကိစ္စကိုပြုပါ။ အောင်မြင်ပါမည်။ လာဘ်လာဘအတွက် ဒိဝါတပတီဂါထာကို အဓိဋ္ဌာန် ပုတီးများစိပ်ပါ။ နတ်ချစ်ဂါထာများကိုရွတ်ပါ။ နတ်ကောင်းနတ်မြတ်များကို မေတ္တာပို့ အမျှဝေပါ။ လူမှုရေးအတိုက်အခံများ သျှင် ၂၄-ပစ္စည်းကို နေ့စဉ် မပျက်မကွက် (၂၄) ခေါက် ရွတ်ဖတ် သရဇ္ဈာယ်ပါ။ လုပ်ငန်းခွင်စာမေးပွဲများ အောင်မည်။ ပညာရေးကံများကောင်းနေသော်လည်း အပျော်အပါးများနေမှုကိုလျှော့ပါ။ ဒွဲ၊ လုံ့လဖြင့် စာကြိုးစားလိုက်ပါ။ လူငယ်တို့ အတွက် အချစ်ရေးကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခို၊ ကျီး၊ ခွေးလေးများကို မကြာခဏ အစာကျွေးပါ။ စကားပြောဆင်ခြင် ရမည့်ကာလ ဖြစ်ပါသည်။ မိတ်ဆွေများ ကိုယ့်အပေါ် ဆက်ဆံရေးကို တစ်မျိုးမြင်ပြီး မကျေမနပ်ဖြင့် စကားပြောကြမ်းတတ် များတတ်ပါသည်။ ဘာမဆိုသည်းခံပါ။ စိတ်ရှည်ပါ။ နားထောင်တတ်အောင်ကျင့်ပါ။ အောင်မြင်နေပါလိမ့်မည်။ မွေးနေ့တွင် အသားစားရှောင်ပြီး သီလဆောက်တည်နေထိုင်ပါ။ အညံ့များ တဖြည်းဖြည်း လျော့နည်းသွားပြီး ဆန္ဒများပြည့်လာပါလိမ့် မည်။ ထီထိုးရန်အတွက် စနေနံထီဆိုင်တွင် (၉၊ ၇၊ ၀၊ ၁) ဂဏန်းများ ဝေဝေဆာဆာပါအောင် ရွေးချယ် ကံစမ်းထားလိုက် ပါ။ ထီကံကောင်းနေပါသည်။

ယတြာ ။ ။ *မိုးချုပ်ပြီဆိုသည်နှင့် သရဏဂုံ-၃၀ ကို ပါးစပ်က တတွတ်တွတ်ရွတ်နေပါ။*

BURMESE CLASSIC .com

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် အကျိုးအပေးဆုံးသောနံသင့်ပုဂ္ဂိုလ် မှာ တနင်္လာနံမည်ရှင်များ ဖြစ်ပါသည်။ တိုင်ပင်ခြင်း၊ အကူအညီတောင်းခြင်း၊ အကြံဉာဏ်များရယူခြင်းဖြင့် အောင်မြင်လာ ပါလိမ့်မည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရပ်ဝေးမှာ အရှုပ်အရှင်းဖြစ်နေသော စက်၊ စက်ရုံများ မဝယ်ပါနှင့်။ ဆိုင် ကယ်စီး လုံးဝမကြမ်းပါစေနှင့်။ ကျန်းမာရေး၊ စီးပွားရေးကိစ္စများ အကြောင်းကြီးငယ်ရှိပါက ဘုရားစေတီတစ်ဆူဆူသို့ အရင် သွားပြီး ဖယောင်းတိုင် (၇) တိုင် ထွန်းညှိ ပူဇော်ပြီးမှ လိုရာခရီးသွားပါ။ စာကလေးများကို မကြာခဏဘောမုံ့လွှတ်ပေးပါ။ ရေသတ္တဝါလေးများ၊ စာကလေးများကို အစာကျွေးပါ။ လေရောဂါဝေဒနာရှင်တွေကို ကြုံသလို ဆေး၊ ငွေ၊ အာဟာရလှူပါ။ သံဃာတော်အရှင်သူမြတ်များကို လိုအပ်တဲ့ ထီး၊ ဖိနပ်၊ စာအုပ်၊ သင်္ကန်း၊ ဝတ္ထုငွေများ တတ်အားသရွေ့ လှူပါ။ ပညာရေး ကောင်းမည်။ ချစ်သူမရှိသေးသူများ စန်းပွင့်နေမည်။ ချစ်သူစုံတွဲများအနေဖြင့် တစ်ယောက်နှင့်တစ်ယောက် အကျီစားသန်၊ စကားပြောများတတ်ပြီး လမ်းခွဲစရာကိစ္စများကြုံတတ်သဖြင့် သတိထားရပါလိမ့်မည်။ ငွေနံကောင်းသောကာလ ဖြစ်ပါသည်။ တန်ဖိုးမရှိသောကျောက်ဝင်လာလျှင် လာဘ်များပိတ်သွားတတ်သဖြင့် သတိထားရှောင်ပါ။ ထီကံကောင်းသောကာလဖြစ် ပါသည်။ ထီလည်း ထိုးဖြစ်အောင်ထိုးထားပါ။ (၂၊ ၉၊ ၇၊ ၅) ဂဏန်းတွေပါအောင် ထိုးထားပါ။

ယတြာ ။ ။ *မိမိမွေးနံထောင့်မှစ၍ ကြိုဟ် (၈) ခွင်လုံးရှိ ရုပ်ပွားတော်များအား ရေသက်စေ့သပ္ပာယ်၍ လောင်းလှူ ပူဇော်ပါ။ (လက်ယာရစ်လှည့်ရမည်။)*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကို အကောင်းဆုံးအကြံပေး နိုင်သူ၊ ကူညီနိုင်သူများမှာ စနေနံမည်ရှင်များ၊ စနေသားသမီးများ ဖြစ်ပါသည်။ လူမျိုးကွဲနှင့် အကျိုးပေးပါသည်။ ရပ်ဝေး မှာရှိသော အင်္ဂါနံလုပ်ငန်းများ၊ စက်ရုံများ၊ စက်ပစ္စည်းများ ပြန်လည် ဦးမော့လာမည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အကျီအနီရဲရဲမဝတ်ပါနှင့်။ ဦးခေါင်းမကောင်းသော ဝေဒနာရှင်များကို ငွေကြေး၊ ဆေး၊ အာ ဟာရလှူပေးပါ။ ထီးတော်၊ စိန်ဖူးတော်အတွက် လျှပ်စစ်မီးများလှူပေးပါ။ ရတနာ (၃) ပါး ဂုဏ်ကျေးဇူးတော်ကြောင့် အောင် မြင်မည့်ကာလဖြစ်၍ ဘုရားရှင်ကို ပူဇော်လှူဒါန်းခြင်း၊ တရားတော်မြတ်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ သံဃာတော်အရှင် သူမြတ်များကို လိုအပ်သမျှ လှူဒါန်းခြင်းများ ပြုပါ။ ပညာရေးကံများကောင်းနေပါသည်။ ခေါင်းမူးစေသော အုန်းနို့ခေါက်ဆွဲ၊ ဒံပေါက် စသော တက်စာများကို အလွန်အကျွံမစားဖို့လိုပါသည်။ အိပ်ရေးပျက်လုံးဝမခံပါနှင့်၊ ကျန်းမာရေးအတွက် လိုအပ် ပါက ဓာရဏပရိတ်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပြီး လမ်းများများလျှောက်ပေးပါ။ အချစ်ရေးကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာ အစာကျွေးပါ။ မင်္ဂလာရှိသော ဘုရားဆောင်၊ ဧည့်ခန်းများတွင် ဖုန်များရှင်းလင်းပြီး မဆိုင်သောပစ္စည်းများ ရှင်းလင်းဖယ်ရှားပါ။ မင်္ဂလာမရှိသော၊ ကျက်သရေမရှိသော စကားအသုံးအနှုန်းများ ရှောင်ပါ။ ထီထိုး ရန်အတွက် (၂၊ ၉၊ ၇၊ ၃) ဂဏန်း များစွာပါအောင် ရွေးချယ် ကံစမ်းထားပါ။ ထီကံကောင်းနေပါသည်။

ယတြာ ။ ။ *ယခုလ တန်ခိုးကြီးဘုရားစေတီ (၇) ဆူပြည့်အောင်သွား၍ တစ်ဆူတိုင်းတွင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်တစ်ခေါက် ရွတ်၍ ပူဇော်ပါ။*

ရ င် ကို ေ အ း မြ ေ စ သ ၁ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ၊ ကုန်းဘောင်(၁၀)လမ်း ၊ (၆)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် -

ဆရာကတော်နှင့်ဆရာ့သားလေးများခူးပေးကြသော မျှစ်နုအဖြူရောင်ကြီးများကို အားရပါးရကြည့်နေလိုက်၏။

"ဟဲ့ - တော်ပလား၊ ယူသွားနော်"

" ဟုတ်ကဲ့ အစ်မ၊ ဒါလောက်ဆို အများကြီးပဲ"

ဆရာကတော်အား ငယ်စဉ်ကတည်းက အစ်မဟု နှုတ်ကျိုးနေခြင်း ဖြစ်၏။ ကျွန်ုပ်၏စားဝတ်နေရေးကျပ်တည်းမှုကို တစ်ဖက်တစ်လမ်းမှကူညီခြင်း ဖြစ်သောကြောင့် ဆရာကတော်နှင့် ဆရာ့သားလေးများကို ကျေးဇူးတင်၍မဆုံး။

ဘဝ၏ ခက်ခဲကြမ်းတမ်းလှသော လမ်းကြမ်းကြီးများကို နောက်မတွန့် စတမ်းလျှောက်နေရဲသော ကျွန်ုပ်အတွက် ဆရာ၏အိမ်ခြေရင်းမှ ဝါးရုံပင်ကြီးသည် အများကြီး အထောက်အကူဖြစ်ခဲ့ရ၏။

ဆရာကတော်သည် တစ်ပတ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ် ခူးခူးပေး၏။ အသားမစားသော ကျွန်ုပ်အတွက် ထိုမျှစ်နုကြီးများနှင့် ငရုတ်သီးမှုန့်ဖျော်ထားသော ဆားရည်သည် အကောင်းဆုံးဟု ဆိုရမည့် ဟိုတယ်ကြီးများမှ ဟင်းလျာများထက် ပိုမိုကောင်းလွန်းလှပါ၏။ အနည်းဆုံး ထမင်းနှစ်ဇလုံခန့်ကုန်၏။

သားလေး မင်းပြည့်သည်လည်း ထိုမျှစ်နုကြီးများပါလာလျှင် ဝမ်းသာ၍မဆုံး။ သူလည်း ကြိုက်မှကြိုက်။ မျှစ်စို့ကြီးများကိုမြင်လျှင် ကလေးမှာ ပျော်လွန်း၍ ခုန်ပေါက်နေ၏။

ကျွန်ုပ်က ကြိုးနှင့်ချည်ပတ်ထားသော မျှစ်စို့ကြီးများကို ကိုင်၍ အားရဝမ်းသာ ခြေလှမ်းကြဲကြီးများနှင့် ဝင်လာသောအခါ ပျော်ရွှင်စွာ ခုန်ပေါက်ကာ မျှစ်ကြီးများအနားသို့ ရောက်လာသော သားလေးကိုကြည့်ရင်း အမေ့မျက်နှာ အမူအရာ အမျိုးမျိုးပြောင်းသွားတတ်လေ့ရှိ၏။

ပထမ ဝမ်းသာစွာနှင့် 'ဟယ်- ဟိုမှာ ဖေဖေကြီး ပြန်လာပြီ' ဟု ကလေးကို လှမ်းပြောရင်း ရယ်နေရာမှ မျက်နှာ တဖြည်းဖြည်းရှုံ့လာပြီး ချုံးပွဲချငိုသွားသည်ချည်း ဖြစ်၏။

'ဩော်- ငါ့သားလေး ရှာဖွေစားသောက်ရတာ ခက်ခဲလွန်းလှပါလား၊ ငါ မြေးလေးခမျာလည်း မသိရှာဘူး။ ပျော် လို့' ဟူသော ခံစားချက်နှင့် သားအ နှစ်ယောက်ကိုကြည့်ရင်း အမေ့နှလုံး သားထဲမှ အသံတိုတ်ပြောနေပုံရ၏။

ဆရာ၏အိမ်ခြေရင်း ဝါးရုံပင်ကြီး များဆီမှ မျှစ်နုကြီးများနှင့် ဖြတ်သန်းနေ ရသော နှစ်များမှာ -

ကျွန်ုပ်အတွက် ပညာအရဆုံးနှစ် များ ဖြစ်ခဲ့ရ၏။

အဆုံခံ၊ အဆဲခံ၊ အရိုက်ခံ၍ သွား ရောက် သင်ကြားနေရသော စိန်ပန်းမြိုင် ရပ်ကွက်ကြီးသည် ကျွန်ုပ်အတွက် အ ဝိဇ္ဇာသင်တန်းကျောင်းကြီး ဖြစ်နေလေ

သူရဋ္ဌမဂ္ဂဇင်းကြီး
(၁၃)နှစ်ပြည့်အမှတ်တရဂါရဝ
(ရှင်ကိုအေးမြဲစေသား)
ဆရာဦးမောင်မောင်သိန်း





www.burmeseclassic.com

www.burmeseclassic.com

တော့၏။

ဆရာထံသွားရလျှင် အလွန်ပျော်၏။

ဆရာဆဲလျှင် ဝမ်းသာ၍မဆုံး။ ဆရာသည် ငါ့ကို အလွန်ချစ်သောကြောင့် လူရင်းသဖွယ်သဘောနှင့် ရင်းရင်းနှီးနှီးဆဲခြင်းဖြစ်သည်ဟု တွေးရင်း ပီတိဖြစ်၍မဆုံး။

ဆရာ နားရင်းအုပ်လျှင် ပို၍ဝမ်းသာရ၏။

ဆရာသည် ကျွန်ုပ်အား ကရာတေးပညာများကိုပါ သင်ကြားပြသပေးခဲ့သောဆရာဖြစ်၍ ကျွန်ုပ်မှာ အတော်ကြောက်ရခြင်း ဖြစ်ပါသည်။

ဆရာများ ရိုက်လျှင် ဘေးနားရှိ ဆရာ့တပည့်များဆီသို့ မျက်လုံးအမြဲတမ်း ဝေ့ကြည့်ဖြစ်၏။

'တွေ့လား၊ မင်းတို့ ငါ့လို နာနာအဖွပ်ခံရတဲ့ ဆန်ရင်းဖြစ်ရဲ့လား' ဟု စိတ်ထဲမှ ခပ်တည်တည်နှင့် အသံတိတ်မေးရင်း ဂုဏ်ယူမဆုံးဖြစ်ရ၏။

မည်သည့်အခါမျှ မျက်နှာမပျက်သောအခါ တစ်ခါတစ်ခါ ကျွန်ုပ်ကိုကြည့်သောဆရာ့အကြည့်တွင် ကျေနပ်ခြင်း၊ သဘောကျခြင်း၊ ကရုဏာသက်ခြင်းများနှင့် ပြည့်နှက်နေလေ့ရှိ၏။

တစ်နေ့ -

အလွန်မှ နွမ်းပါးလှသော ဇနီးမောင်နှံနှစ်ဦး ဆရာ့ထံ ရောက်လာ၏။ ကျွန်ုပ် မှတ်မိနေပါသည်။

သူတို့သည် အလွန်သဘောဖြူကြပြီး ရိုးရိုးသားသား လုပ်ကိုင်ရှာဖွေစားသောက်ကြသူများဖြစ်ရာ တစ်ကြိမ်၊ နှစ်ကြိမ် သုံးကြိမ်ခန့် ဆရာ့ထံ ရောက်လာကြပြီးနောက်ပိုင်း -

'မင်းတို့ [illegible] သားကြတဲ့သူတွေဖြစ်တယ်။ [illegible] မင်းတို့ကိုငါခိုင်းတော့မယ်။ [illegible] တာကို မင်းတို့ စလုပ်တဲ့[illegible] မင်းတို့ဘဝကို ပြက္ခဒိန်မှာ မှတ်ထား ဘယ်လောက်အထိ မြင့်တက်သွားပြီလဲဆိုတာ မှတ်ထား။ ငါ့ဆီ [illegible] နဲ့။ တစ်နှစ်ပြည့်မှလာ။

ငါခိုင်းမှာကတော့ မင်းတို့ ဆီမီးခွက် (၂၄) ခွက်လိုမယ်၊ ဂွမ်းလိုမယ်၊ ဆီလိုမယ် ဒါပဲ။

မင်းတို့တွေ နှစ်ယောက်လုံးသွား။ ဘုရားစေတီတွေ မီးထွန်းပူဇော်ရမယ်။ ထွန်းရမှာ ပဋ္ဌာန်းဆီမီးပဲ။ ရွတ်ရမှာ ပဋ္ဌာန်းတရားတော်ပဲ။ ပြက္ခဒိန်မှာ မှတ်ထား။ ဒီတစ်နှစ်အတွင်း ဘုရား (၉)ဆူစီ





www.burmeseclassic.com

www.burmeseclassic.com

(၃)ကြိမ်ပြည့်အောင် ပူဇော်ရမယ်။ တစ်နှစ်ပြည့်ပြီးတာနဲ့ မင်းတို့ဟာ ပဋ္ဌာန်းဆီမီးကို (၂၇) ကြိမ် ပူဇော်ပြီးသားဖြစ်သွားပြီ။ အဲဒီအခါကျမှ ငါ့ဆီပြန်လာခဲ့။ ဒီကြားထဲမလာနဲ့"

ကျွန်ုပ်နားမလည်သောအကြောင်းတရားများနှင့် ပြည့်နေ၏။

သို့သော် -

နားသာထောင်နေပြီး မစပ်စုရဲ။

ထိုဇနီးမောင်နှံကို ပြောပြီး တစ်ပတ်ခန့်အကြာတွင် ကျွန်ုပ်မှာ မနေနိုင်မထိုင်နိုင်ဖြစ်လာ၏။

တစ်ချိန်လုံး ဆရာ့မျက်နှာကိုသာ အကဲခတ်နေပြီး ဆရာပြုံးပြုံးရယ်ရယ်ပြုသည့်အချိန်လေးတွင် ငါဘယ်လိုချဉ်းကပ်ပြီး ဘယ်လိုမေးကြည့်လိုက်မည်ဟု တွေးရင်း နေ့ရက်များကို ကျော်ဖြတ်လာခဲ့၏။

"ဟိုနှစ်ယောက်တော့ ခုလောက်ဆို တော်တော်လေး ဟုတ်လောက်ပြီ"

"ဟေ - ဘာကိုလဲ"

"ဟိုလင်မယားလေဆရာ။ ဆရာပဋ္ဌာန်းဆီမီးပူဇော်ခိုင်းမှတော့ သူတို့နည်းတဲ့ ကုသိုလ်လား။ တော်တော်ထူးဆန်းတယ်။ သူတို့ကုသိုလ် ကျွန်တော်တို့များ ကြားတောင်မကြားဖူးဘူး"

ဆရာ၏ စူးရှတောက်ပြောင်လှသောမျက်လုံးတို့ ကျွန်ုပ်ဆီ ရောက်လာ၏။ ကျွန်ုပ်မှာ ဆရာ့အကြည့်ကို မခံနိုင်၍ ခေါင်းကိုငုံ့ထားလိုက်ပါသည်။ ရင်ထဲတွင် အမြန်ရထားကြီး ခုတ်မောင်းနေသလားထင်ရသည်။ ဆရာဘာများပြောမလဲမသိဟု တွေးရင်း ခေါင်းငုံ့နေလိုက်၏။ ဆရာ့ထံမှ အသံထွက်မလာပါ။ ကျွန်ုပ်လည်း ဆက်မပြောရဲတော့။

ဤရက်များကို လွန်မြောက်၍ တစ်လနီးပါးခန့်ကြာသော် -

"ဟိုနှစ်ယောက်တော့ အဆင်ပြေလောက်ပြီ"

"ဟေ - ဘာကိုလဲကွ။ ဘယ်နှစ်ယောက်လဲ"

"ဩော် - ပြီးခဲ့တဲ့လက ဆရာ့ဆီလာတော့ ဆရာပဋ္ဌာန်းဆီမီးပူဇော်ခိုင်းတဲ့နှစ်ယောက်"

ဆရာဘာမှမပြော။ ခပ်လှမ်းလှမ်းကို လှမ်းကြည့်နေလိုက်၊ မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ဖြစ်နေသောကြောင့် သူတို့ကို သတိရအောင်တွေးနေမှန်း သိလိုက်၏။

မနက်က ပဋ္ဌာန်းဒေသနာတော်ကြီးရဲ့ အံ့မခန်း တန်ခိုးတော်တွေနဲ့ ပတ်သက်တဲ့အကြောင်းတွေ၊ ပဋ္ဌာန်းတရားတော်ကြီးရဲ့ ကြည်ညိုဖွယ်တွေဖတ်ခဲ့ရလို့ သူတို့လင်မယားနှစ်ယောက်ကို ချက်ချင်း သတိရလိုက်ပါရဲ့။ ဆရာ့ကျေးဇူးကြောင့် သူတို့တွေ ပဋ္ဌာန်းဆီမီးထွန်းနိုင်ပြီး ပဋ္ဌာန်းတရားတော်ကြီးကို ပူဇော်ခွင့်ရကြပြီလို့။

ဆရာသည် မြင်ရခဲလှသော အပြုံးနှင့်ပြုံးရင်း ကျွန်ုပ်ကိုလှည့်ကြည့်နေ၏။

"တော်တော်စိတ်ဝင်စားနေတယ် ဟုတ်လား"

"စိတ်ဝင်စားတာမှ ကျွန်တော် . . ."

"တော်ပြီလေ၊ စိတ်ဝင်စားပါတယ်ဆို ပြီးပြီလေ"

"ဟုတ်ကဲ့"

"အေး - မင်းစိတ်ဝင်စားတာ ကောင်းပါတယ်။ ကောင်းတာကို စိတ်ဝင်စားတာပဲ။ လူသတ်တာကို မင်းစိတ်ဝင်စားတာမှမဟုတ်တာ"

"ဟုတ်ကဲ့"

"ပဋ္ဌာန်းဒေသနာတော်ကြီးရဲ့ဂုဏ်ကျေးဇူးတော်တွေကို မင်းဖတ်ခဲ့ပြီးပြီဆိုတော့ တို့တွေကြည်ညိုပူဇော်ကြတဲ့ ဘုရားရှင်ဟာ ဘုရားအဖြစ်ကို ရောက်တော်မူပြီးတဲ့နောက်ပိုင်း 'ရတနဃရသတ္တာဟ' မည်တဲ့ စတုတ္ထသတ္တာဟမှာ စံနေတော်မူတဲ့အခါ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက် ဆိုတဲ့ ကျမ်းကြီး(၆)ဆူကို သုံးသပ်ဆင်ခြင်တော်မူတဲ့အခါ ထူးခြားအံ့ဖွယ်တွေ ဘာမှမဖြစ်လာသေးဘူး။ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တော်မူတဲ့အခါကျတော့မှ အရပ် (၈) မျက်နှာ၊ အရပ် (၁၀) မျက်နှာ ထက်အောက်ဖီလာ ထုတ်ချင်းပေါက်အနှံ့ ရောင်ခြည်တော် (၆) ပါး ကွန့်မြူးတော်မူတာတွေ မင်းသိပြီးပြီပေါ့"

"ဟုတ်ကဲ့၊ ဖတ်ခဲ့လို့ သိပြီပါပြီ ဆရာ"

"အေး - ဒါဆို ပဋ္ဌာန်းဒေသနာတော်ကြီးရဲ့ အံ့ဖွယ်တန်ခိုးတော်တွေကို မင်းစဉ်းစားသာကြည့်တော့"

"ဟုတ်ကဲ့"

"မင်းပြောတဲ့ ဟိုလင်မယားက ရိုးသားတယ်။ အေးတယ်။ ကြိုးစားကြတယ်။ ဒီလိုရိုးရိုးသားသားကြိုးစားနေကြတဲ့ ကြားထဲက သူတို့ခမျာ အခက်အခဲတွေချည်းပဲ။ တစ်နှစ်လာလည်း ငွေနံတွေကပျက်၊ နောက်တစ်ခါလာလည်း ငွေနံတွေကပျက်နဲ့။ သူတို့ခမျာ ငွေနံ[illegible] ကောင်းတယ်ကို မရှိရှာဘူး။ ဒါကြောင်[illegible] ဘုရားစေတီတွေမှာ ပဋ္ဌာန်းဆီမီးပူဇော်[illegible] ပြီး ပဋ္ဌာန်းရွတ်ပူဇော်ခိုင်းလိုက်တာ[illegible] ကွာ။ ဒါဟာ စိတ်ထားဖြူပြီး ရိုးသားကြိုး[illegible] စားကြသူတွေအတွက် အကောင်းဆုံး[illegible] ငါပြောတာရှင်းလား"

"ဟုတ်ကဲ့"

"ဖဲသမား၊ အရက်သမား၊ [illegible] ကောင်ဂျင်သမားတော့ ဒီလိုပူဇော်ချင်[illegible] အကြောင်းထူးချင်မှ ထူးမယ်လေကွာ။ ငွေတိုးချေးစားသူဆိုရင်လည်း အကြောင်[illegible] ထူးမှာမဟုတ်ဘူး။ သူများအသက်[illegible] စီးပွားရှာတဲ့သူဆိုရင်လည်း အကျိုး[illegible] မှာ မဟုတ်ဘူး"

"ဩော် - ဟုတ်ကဲ့၊ လူတိုင်းမရဘူး[illegible] ပေါ့နော်"

"မင်းကလည်း၊ နည်းနည်းပါး[illegible] ဉာဏ်လွှာသုံးလေကွာ။ လူတိုင်းရမှတော့ လူတိုင်းကို ငါဒီအစီအရင်ပေးတော့မှာ ပေါ့။ ငါ့ဆီလာတဲ့လူတိုင်း ငါပေးတာ မင်းမြင်လား"

"မမြင်ပါဘူး ဆရာ"

"အေး - လူတိုင်းတော့ ဘယ်[illegible] မလဲ"

"မင်း၊ မင်းအမေနဲ့မင်း တကျ[illegible] ကျက်ဖြစ်လား"

"မဖြစ်ပါဘူးဆရာ။ အမေဆုံး[illegible] ပြန်မပြောရဲပါဘူး"

"အေး - ဒါဆို ပဋ္ဌာန်းဆီမီးပူဇော်[illegible] လို့ရတယ်။ မိဘကိုပြန်ခံပြောရင်တော့ သွားမထွန်းလေနဲ့။ အကြောင်းလည်းထူး[illegible] မှာ မဟုတ်ဘူး။ ကုသိုလ်တော့ ရမယ်။ အမေမကောင်းကြောင်း၊အဖေမကောင်း[illegible] ကြောင်း သူများကိုပြောတတ်တဲ့လူမျိုး[illegible] မင်းနားလည်အောင်ပြောရရင် မိဘအ[illegible] တင်းကိုပြောတတ်တဲ့လူမျိုး သွားမထွန်း[illegible] ထူးမှာမဟုတ်ဘူး"

"ဩော်"

"အနန္တောအနန္တငါးပါးကို ပြစ်မှား[illegible] မှတော့၊ ခင်ပွန်းကြီး (၁၀)ပါးကို ပြစ်မှား[illegible] မှတော့ ထွန်းနေလို့ အပိုပဲလေ။ [illegible] မဖြူစင်တော့ဘဲ"

"ဒါဆို ပဋ္ဌာန်းဆီမီးကို ပူဇော်ချင်[illegible] လှပါတယ်ဆိုရင်"

"ကိုယ့်ကိုယ်ကိုယ် အရင်[illegible] အောင် ဆေးကြောရမယ်။ ကိုယ့်စိတ်[illegible] ဦးဆုံးဆေးကြောရမယ်။ ရေကြောင့်[illegible] တဲ့ ရွှံ့နွံကို ရေနဲ့ပဲဆေးကြောလို့ရသ[illegible] စိတ်ကြောင့်ဖြစ်တဲ့ အညစ်အကြေး[illegible] လည်း စိတ်နဲ့ပဲ ဆေးကြောရမယ် [illegible]



www.burmeseclassic.com

www.burmeseclassic.com

စယ်ကြယ်လာပြီဆိုမှ ပဋ္ဌာန်းဆီမီးကို ပူဇော်ရင် အကြောင်းတရားတို့ရဲ့ အားတွေဖြစ်လာပြီပေါ့"

"ခင်ပွန်းကြီး(၁၀)ပါးကို ပြစ်မှားမိတဲ့သူက ဟာ-ငါဒီလိုတော့ပြစ်မှားမိပြီ။ နောက်နေ့ကစပြီး ငါဆင်ခြင်တော့မယ်လို့ နောင်တရပြီဆိုတာနဲ့ ထွန်းလို့ရပြီပေါ့နော် ဆရာ"

"နေရာတကာ နှံ့နဲ့တဲ့ဉာဏ်နဲ့ မတွေးရဘူး။ မင်းပြောသလို နောက်နေ့ကစပြီး ဆင်ခြင်တော့မယ်ဆိုတာ ရောဂါငုပ်သွားတာနဲ့အတူတူပဲ။ရှင်းရှင်းပျောက်သွားတာ မဟုတ်ဘူး။ သူများကောင်းတယ်ဆိုလို့ လိုက်ကောင်းချင်တာနဲ့ ကိုယ့်ကိုယ်ကိုယ်ဟန်ဆောင်ဖုံးလိုက်တာလို့ ခေါ်တယ်။ အဲဒီ ငုပ်သွားတဲ့ရောဂါ အမြစ်ပြတ်သွားရင်တော့ ရပြီ"

ကျွန်ုပ် အနည်းငယ် တွေဝေသွား၏။

"ငါပြောမယ်။ တစ်ယောက်က ပြောပြီဆိုပါတော့။ ဟာ - ပဋ္ဌာန်းဆီမီး ပူဇော်တာ ဘယ်နှလအတွင်း ဘယ်လိုအောင်မြင်လာတာဆိုပြီး။ ဒါကိုကြားတဲ့သူတစ်ယောက်၊ သူလည်း ဟိုလူလိုဖြစ်ချင်ပြီ။ ဒါပေမယ့် သူ့မှာ မိဘ၊ ဆရာ သမား ကျေးဇူးရှင်တွေကို ပခုံးချင်းယှဉ်နေတာတို့၊ စော်ကားနေတာတို့ရှိနေရင် သူလုပ်လို့မရဘူး။ ဒါကို သူက ဆီမီးထွန်းချင်ဇောနဲ့ ဒီနေ့ကစပြီး အပြစ်မှားတော့ပါဘူးလို့ လွယ်လွယ်ပြောပြီး နောက်နေ့ ဆီမီးထွန်းရော။ ဟော - မကြာခင်မှာ စိတ်နဲ့ အခန့်မသင့်ရင် ကျေးဇူးရှင်တွေကို ပြောမိဆိုမိစော်ကားမိပြန်ရောဆိုရင် မဖြစ်ဘူးလေ။ တန်ဖိုးကိုသိမှ တန်ဖိုးရှိနိုင်တာ။ မိဘရဲ့တန်ဖိုး၊ ဆရာရဲ့တန်ဖိုး၊ ခင်ပွန်းကြီး (၁၀) ပါးရဲ့ တန်ဖိုးတွေကို သိနေရမယ်။ ရိုသေရမယ်။ ဂါရဝရှိနေရမယ်။ ဒါရင်ထဲအသည်းနှလုံးထဲသွေးကြောထဲကကို ဖြစ်နေရမယ်။ ဒါမှ မပြစ်မှားတော့မှာလေ"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော့် နှလုံးသားထဲမှာစွဲနေအောင်ကို မှတ်သားထားမိပါပြီ ဆရာ"

"အေး - အဲလိုဖြစ်နေမှ၊ အတွင်းစိတ်ဖြူနေမှ။ မင်းနားလည်အောင် ငါသင်ပေးတဲ့အတိုင်းပြောရရင် ရောဂါရှင်းနေမှ ပူဇော်ပေတော့။ ဘယ်လိုမှ မမြင်နိုင်တဲ့စွမ်းအားတွေ ဖြစ်လာတော့တာပဲ"

"ကျွန်တော် တော်တော့်ကို သဘောပေါက်ပါပြီ ဆရာ"

ပဋ္ဌာန်းဆီမီးအကြောင်းကို စတင်သိရှိခဲ့ရပြီးနောက်ပိုင်း ကျွန်ုပ် သတိထားကြည့်မိ၏။

ဆရာသည် သူ့ထံလာသူတိုင်းကို မပေး။ တစ်နှစ်လုံးနေမှ (၃) ယောက်၊ (၄) ယောက်ခန့်ကိုသာ ပေးကြောင်းတွေ့ရ၏။ ဘာကြောင့်မှန်းတော့ ကျွန်ုပ် မစပ်စုတော့။ ကျွန်ုပ်ကို ဆရာရှင်းပြခဲ့ပြီးပြီ၊ သင်ပြခဲ့ပြီးပြီဖြစ်၍ ထို (၃)၊ (၄)ဦးသည် အနန္တောအနန္တငါးပါးနှင့် ခင်ပွန်းကြီး (၁၀) ပါးကို မပြစ်မှားသူများ၊ စိတ်မနောဖြူစင်ကြသူများဟုသာ ကျွန်ုပ်သိထားလိုက်တော့၏။

ထိုသူတို့ကို ဆရာထပ်မံလာခိုင်းလျှင် တစ်နှစ်ကွာလေ့ရှိ၏။

ထိုသူတို့သည် ကျွန်ုပ်၏မျက်စိရှေ့တွင်ပင် အရောင်အသွေးများပြောင်းလဲကုန်ကြသည်ချည်း ဖြစ်၏။ အသားအရေကောင်းခြင်း၊ အင်္ကျီရုပ်များမှာ ချောမောလှပလာကြသလိုမြင်ရခြင်း၊ အဝတ်အစားမှာ အရောင်ထွက်လာခြင်းမျိုးများ အံ့သြဖွယ်ရာတွေ့နေရ၏။ အချို့ လေးဘီးကားပင် ဝယ်နိုင်လာကြ၏။ အချို့ဆို ကျွန်ုပ်မခေါ်တတ်သောအမည်ရှိသည့် ကိုယ်ပိုင်ကားလေးနှင့်။

တစ်နှစ်၊ နှစ်နှစ်အကြာတွင် ပြောင်းလဲလာကြသူများကို မှတ်ဝါးထင်ထင်တွေ့လာရသည့်အခါ ကျွန်ုပ်မှာ အံ့သြ၍မဆုံး။

သူတို့သည်လည်း ဆရာ့ကို သိတတ်ကြပါ၏။ ထိုက်ထိုက်တန်တန်ပင် ကန်တော့ကြ၏။ မင်းတို့ဘယ်လိုဖြစ်လာလျှင် ငါ့ကိုကန်တော့ရမည်ဟု မည်သူ့ကိုမှ ဆရာမပြောခဲ့ပါ။ သို့သော် သိတတ်စွာနှင့် ကန်တော့လျှင် လက်ခံပါသည်။

ကျွန်ုပ်သည် ပဋ္ဌာန်းဆီမီးများပူဇော်ခြင်းကို အလွန်ကြည်ညိုလွန်းလှ၍ တစ်နေ့ ပရိသတ်ဝိုင်းဝိုင်းလည်သော ဆရာတစ်ဆူဖြစ်လာလျှင် ကျွန်ုပ်ထံလာသူများအား ပဋ္ဌာန်းဆီမီးပူဇော်ရန် တိုက်တွန်းမည်ဟု အားခဲထားခဲ့၏။

ထိုနှစ်များမှစ၍ ရေတွက်သော် - နှစ်ပေါင်း (၃၀)ခန့် ကြာမြင့်လာသည့်အခါ ဆရာခွင့်ပြုခဲ့၏။ ကျွန်ုပ်ထံလာရောက်ကြသူများထဲမှ ပဋ္ဌာန်းဆီမီးပူဇော်သင့်သူကို ပဋ္ဌာန်းဆီမီးပူဇော်ဖို့ တိုက်တွန်းရန်အတွက် ခွင့်ပြုခဲ့၏။

ထိုသို့ ဆရာခွင့်ပြုချက်ရသည့် နှစ်မှစတင်ပြီး ပဋ္ဌာန်းဆီမီးပူဇော်ရန်ကြည့်လေရာ တစ်နှစ်လုံးနေမှ နှစ်ဦး၊ သုံးဦးခန့်သာ တွေ့ရပါသည်။ နေ့စဉ် လူနှစ်ဆယ်၊ သုံးဆယ်လာနေကြသည့်ကြားမှ ပဋ္ဌာန်းဆီမီးပူဇော်ရန် မတွေ့ခဲ့။

ပူဇော်ရန်အကြံပြုလျှင် ပူဇော်ကြပါလိမ့်မည်။ တသိုက်ကြီးများ ... သေချာ၏။ ကောင်းတာများတည်... ပြီးသားဖြစ်လာမှာ သေချာ၏။ ... တွေ့ အံ့သြလောက်အောင် ထူးခြားမှုကတော့ စိတ်ရှည်ရှည်စောင့်ရပါလိမ့်မည်။

ပဋ္ဌာန်းဆီမီးပူဇော်သင့်သောသူကား ဆရာ့သြဝါဒများနှင့် ပြည့်စုံသူဖြစ်နေပြီ ဆိုလျှင် ပူဇော်ပြီးတစ်နှစ်အတွင်းမှာပင် ထင်မထားလောက်သော ထူးခြားအံ့ဖွယ် ကောင်းကျိုးချမ်းသာ မင်္ဂလာများနှင့် ပြည့်စုံလာလေတော့၏။

(ဆရာ့သြဝါဒများနှင့်ကိုက်ညီနေသူဟု ဆိုသည်မှာ ရှေ့ရှေ့ကပြဆိုခဲ့သော ထိန်းချုပ်မှုများပင် ဖြစ်ပါသည်။)

ဆရာ့ကျေးဇူးကြီးလှပါသည်ဟု လာရောက် ဂါရဝပြုကြလျှင် ကျွန်ုပ်က

"ဒါရတနာမြတ်(၃)ပါး ဂုဏ်ကျေးဇူးတော်ကြောင့်ဖြစ်တာ။ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို ကြည်ညိုလို့ဖြစ်တာ။ ပဋ္ဌာန်းတရားတော်ကြီးရဲ့ ကျေးဇူးကြောင့်ဖြစ်တာ။ ဒီလို ပူဇော်တတ်လာအောင် ညွှန်ကြားခဲ့တဲ့ ကျွန်တော့်ဆရာရဲ့ ကျေးဇူးကြောင့်ဖြစ်တာ။ ပြီးတော့ ခင်ဗျားတို့ကိုယ်တိုင် ဖြူစင်စွာနဲ့ ကြိုးစားကြလို့၊ ကြည်ညိုကြလို့ဖြစ်တာ။ ကျွန်တော်က အကြံပေးရုံပဲရှိပါတယ်"

ဟု ပြောလေ့ရှိ၏။

သူတို့တွေ၏ ချမ်းသာကြွယ်ဝလာမှုကိုမြင်ရတိုင်း ကျွန်ုပ်မှာပီတိဖြစ်ရလွန်းပါ၏။

ဩော် - ငါ့ကြောင့် လူတစ်ယောက်တော့ အဆင့်ဆင့်မြင့်တက်သွားပြီဟူသောပီတိများ ပြည့်လျှံပြီး ဝမ်းသာ၍မဆုံး။

ဆရာ၏ အဆိုအမိန့်အရ မရှိသူကို ရှိအောင်လုပ်ပြနိုင်မှသာ တကယ့်အရည်အချင်းအဖြစ် သတ်မှတ်မည် ဟူသောကြောင့် ကျွန်ုပ်မှာ အတော်လေး လူရွေးရ၏။

မရှိပြန်သော်လည်း အသောက်အစား၊ လောင်းကစားဖက်နေသူ ဖြစ်နေလျှင် လုပ်၍မရ။

မရှိပြန်သော်လည်း မိဘကို မိဘမှန်း မသိလျှင်၊ ဆရာကို ဆရာမှန်း မသိပြန်လျှင် လုပ်၍မရ။

မရှိပြန်သော်လည်း ရတနာမြတ် (၃) ပါးကို မကြည်ညိုပြန်လျှင်၊ အနန္တောအနန္တ (၅) ပါးကို မကြည်ညိုပြန်လျှင်



www.burmeseclassic.com

www.burmeseclassic.com

လုပ်၍မရ။

ရှောင်ရန်တွေရှိနေသောကြောင့် အတော်လေး လူရွေးရ၏။

ဘုရားရှင်ကိုပူဇော်ရခြင်းဖြစ်၍ -

စိတ်ထားဖြူစင်ခြင်း၊ တစ်ဖက်သားအပေါ် ဣဿာမစ္ဆရိယမရှိခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်းတို့နှင့် ပြည့်စုံနေသင့်ပါသည်။

ဤ ပဋ္ဌာန်းဆီမီး ပူဇော်ခြင်းကို ပူဇော်ပြီးသည်မှစ၍ ပူဇော်ကြသူများမှာ ဦးဆုံး ရောဂါကင်းလာကြ၏။ ထူးခြားလှပါသည်။ ကျန်းမာခြင်းမှသည် ချမ်းသာခြင်းဆီသို့ တဖြည်းဖြည်း ရောက်ရှိသွားကြ၏။

BURMESE CLASSIC .com

ကျွန်ုပ်သည် -

ဘာကြောင့်မှန်းမသိ ကျွန်ုပ်ထံလာသူအချို့ကိုသာ ပဋ္ဌာန်းဆီမီး ပူဇော်ရန် အကြံပြုပြီး ကျွန်ုပ်မှာ မပူဇော်ဖြစ်ခဲ့။

ပူဇော်ရန်စီစဉ်တိုင်း ပျက်ပျက်သွားသည်က များ၏။

သို့သော် နေ့စဉ် နဝင်္ဂသီလကို တစ်ထိုင်ဆောက်တည်၍ ဘုရားကျောင်းဆောင် ရှေ့တွင် ပုဆစ်တုပ်ထိုင် လက်အုပ်ချီပြီး ရိုသေစွာဖြင့် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကြီးကို ရွတ်ဖတ်ပူဇော်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ နှစ်ပေါင်း (၃၀) မကတော့။

ပဋ္ဌာန်းဆီမီး ပူဇော်ခြင်းများဖြင့် ဓမ္မမိတ်ဆွေများကို အကြံပြုလာနိုင်ခဲ့သည့်အခါ တန်ခိုးကြီး ဘုရားစေတီများသို့ ရောက်လျှင် တစ်ခါတစ်ခါ ပဋ္ဌာန်းဆီမီးပူဇော်ထားကြသည်ကို တွေ့ဖူး၏။

သို့သော် -

ဆရာအရှင် ပူဇော်ခိုင်းပုံနှင့်မတူ။

စေတီပုံ၊ ထီးတော်ပုံများနှင့်ပါ ပုံဖော်၍ ပူဇော်ထားကြသည်ကို တွေ့ဖူး၏။ ကျွန်ုပ်မမြင်ဘူးပါ။ ကြည့်ရင်းကြည့်ရင်း ကျွန်ုပ်ပါ ကြည်ညို၍ ပဋ္ဌာန်းရွတ်ပူဇော်ဖြစ်ခဲ့၏။

အချို့ ပဋ္ဌာန်းဆီမီးပူဇော်ထားပုံမှာ တစ်မျိုး။

မည်သည့်ပုံစံနှင့် ပူဇော်ပူဇော် ကြည့်လိုက်ရသည်နှင့် ပဋ္ဌာန်းတရားတော်မြတ်ကြီးကို ချက်ချင်းရွတ်၍ ဘုရားရှင်အား ချက်ချင်း ပူဇော်လိုစိတ်ဖြစ်ရ၏။

စေတီပုံဖော်၍ပူဇော်ကြပုံများမှာ အလွန်မှ ကြည်ညိုဖွယ်၊ ပီတိဖြစ်ဖွယ် တွေ့ရ၏။ မကြာခဏလည်း တွေ့နေရပါသည်။

ကျွန်ုပ်ပူဇော်ခိုင်းသူတစ်ဦးပြောပြသည်မှာ သူသည် ပဋ္ဌာန်းဆီမီး ပူဇော်ရန် တန်ခိုးကြီးဘုရားတစ်ဆူသို့ မနက်အရုဏ်တက် (၄) နာရီတွင် အရောက်သွား၏။ ဘုရားသို့ရောက်သည်နှင့် တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းဆီမီးပူဇော်ထားသည်ကို သူတအံ့တသြနှင့်တွေ့လိုက်ရပြီး ကြက်သီးများတဖြန်းဖြန်းထ၍ ခေါင်းနားပန်းများပင်ကြီးသွားသည်ဟု ဆို၏။ အနီးအနားတွင် လူတစ်ယောက်မှလည်းမရှိ။ တိတ်ဆိတ်လျက်။ ဆီမီးပူဇော်ထားသည်မှာလည်း ယခုပူဇော်ကြသလို ဖယောင်းတိုင်နှင့်မဟုတ်။ ဆီနှင့်၊ ဝါဂွမ်းများနှင့် ပူဇော်ထားကြခြင်းဖြစ်ရ၏။ တစ်အောင့်လောက် ကြက်သေသေကြည့်နေစဉ် သူ့အနားတစ်ဝိုက်တွင် ထူးဆန်းသောရနံ့လေးများ ရလာသည်ဟု ဆို၏။ (သူ၏ အပြောအရ တောပန်းတောင်ပန်းရနံ့များဟု ဆိုပါသည်။)

ဆက်ပြီးကြက်သေသေ၍ ကြည့်နေစဉ်မှာပင် သူ၏နောက်ကျောနားမှ လေတိုးသွားသလို၊ တစ်ခုခုတိုးဝှေ့သွားသလို ခံစားလိုက်ရသောကြောင့် ဘုရားမုခ်ပေါက်ဝဆီသို့ခပ်သုတ်သုတ်ပြန်လျှောက်သွားမိသည်ဟု ဆို၏။ နာရီဝက်ကျော်ကျော်လောက်ကြာမှ ဘုရားဖူးတစ်ဦး တလေလာမှသာ သူပဋ္ဌာန်းဆီမီးပူဇော်မည့်နေရာသို့ သွားရောက် ပူဇော်ဖြစ်တော့သည်ဟု ဆိုပါသည်။

တစ်ဦးပြောပြသည်မှာ -

သူသည် တန်ခိုးကြီးမားလှသည့် စေတီတော်ကြီးတစ်ဆူမှ ရုပ်ပွားတော်တစ်ဆူရှေ့တွင် ပဋ္ဌာန်းဆီမီးပူဇော်နေစဉ် -

ပတ်ဝန်းကျင်မှ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်သံများ သဲ့သဲ့ကြားနေရသည်ဟု ဆို၏။ ထူးဆန်းသည်မှာ သူရွတ်ဖတ်ပူဇော်နေသည့်အတိုင်း တစ်ထပ်တည်းပုံစံဖြစ်နေ၏။ ပဋ္ဌာန်းရွတ်သံများမှာ သူ့ရှေ့လည်း မရောက်။ သူ့နောက်သို့လည်းမကျ။ သူရွတ်သလို ဌာန်၊ ကရိုဏ်းကျကျ အေးဆေးစွာရွတ်ဖတ်နေသံဟု ဆို၏။ ရွတ်ပြီးတော့လည်း အတူတူဖြစ်နေ၏။

ထိုသူသည် သူကိုယ်တိုင်ပင် ထင်မထားလောက်အောင် စီးပွားဥစ္စာများ တိုးတက်ပွားများလာလေရာ ယခုဆိုလျှင် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကြီးကို နှစ်စဉ်ပူဇော်လာခဲ့သည်မှာ ငါးနှစ်ကျော်၍ ခြောက်နှစ်ထဲတောင် ရောက်လာချေပြီ။

တစ်ဦးမှာ -

အတော့်ကို ဒုက္ခရောက်လွန်းသူဖြစ်၏။

သူသည် ရိုးသား ကြိုးစားကာ မိဘကို လုပ်ကျွေးပြုစုနေရှာသော လူပျိုကြီးဖြစ်၍ သူ့အား ပဋ္ဌာန်းဆီမီးပူဇော်ရန် ကျွန်ုပ်က အကြံပေးလိုက်၏။

သူသည် တန်ခိုးကြီးဘုရားစေတီတစ်ဆူတွင် ပဋ္ဌာန်းပူဇော်နေစဉ် သူ၏ ဘေးနားမှ အသံကြား၍ အသာစောင်းငဲ့ကြည့်လိုက်၏။ သူ၏ ဘေးတွင် လက်အုပ်ချီ၍ ပဋ္ဌာန်းရွတ်ပူဇော်နေသော သူကို ထူးထူးဆန်းဆန်းတွေ့လိုက်ရ၏။ ထိုသူတွင် မျက်စိမရှိပါ။ နှစ်ဖက်လုံး ချိုင့်ဝင်နေသော မျက်မမြင်ဖြစ်၏။ သူသည် မြင်သောသူများ ရွတ်နေသလိုပင် အေးဆေးစွာရွတ်နေ၏။ အားလုံးပြီး၍ အမှုဝေသည့်အခါ ထိုမျက်မမြင်ပုဂ္ဂိုလ်မှာ သာဓု မတိုးမကျယ် (၃) ကြိမ်ခေါ်ပြီး ဘုရားဝတ်ပြုလိုက်၏။ ပြီးသည်နှင့် ချာခနဲလှည့်ထသွားပြီး တနင်္ဂနွေထောင့်ဘက်ဆီသို့ တန်းတန်းမတ်မတ် လမ်းလျှောက်သွားသည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ရပြီး ကြက်သီးများပင်တဖြန်းဖြန်းထသည်ဟု ဆိုပါသည်။

ထိုလူပျိုကြီးသည် ပဋ္ဌာန်းဆီမီး (၃)ကြိမ်ပူဇော်ပြီးချိန်၌ သူ၏အိမ်ရှေ့ချုံပုတ်ထဲမှ ပုလင်းနှင့်ထည့်သော အင်းလိပ်များ ကြက်ယက်၍ ထွက်လာသည်ဟု ဆို၏။ ထိုအင်းလိပ်များထွက်လာပြီးနောက်ပိုင်းတွင် သူတို့မိသားစုလည်း မချူချာတော့။ စီးပွားရေးမှာ အတော့်ကို အဆင်ပြေလာသည်ဟု ပြောပြ၏။ ယခု ကိုယ်ပိုင်ကုန်စုံဆိုင်ကြီးနှင့်ပင် ဖြစ်နေပါပြီ။

ကျန်းမာရေးကောင်းခြင်းနှင့် ပြည့်စုံလာကြသည်ဟု ဆိုလိုက်သည့်နောက်ပိုင်း စကားကျန်ပါလိမ့်မည်။

ငါတော့ ပဋ္ဌာန်းဆီမီးပူဇော်နေတာပဲဟုဆိုပြီး အေးလွန်းချိန် ခေါင်းပေါ်က ရေလောင်းချိုးလျှင်၊ အအေးအလွန်ခံလျှင်၊ ပန်ကာဖွင့်၍ အိပ်လျှင် သွေးတိုးရှိမှန်းသိသိနှင့် အုန်းနို့ခေါက်ဆွဲစားလျှင် -

အန္တရာယ်ကင်းခြင်းနှင့် ပြည့်စုံလာကြသည်ဟု ဆိုရမည့် နောက်ဆက်တွဲစကားမှာ -

ငါတော့ ပဋ္ဌာန်းဆီမီးပူဇော်နေတာပဲဟု ဆိုပြီး မူးရူး အပျော်ကြူး အန္တရာယ်များသောနေရာမျိုး သွားမိ[...]ကားကိုအလွန်ပြင်းထန်သော[...]



www.burmeseclassic.com

www.burmeseclassic.com

မောင်းမိလျှင်၊ တုတ်၊ ဓားတဝင့်ဝင့်နှင့် ရန်လိုစိတ်များနေလျှင် -

စီးပွားဥစ္စာများ ဒီရေအလား တိုးတက်လာသည်ဟူသော နောက်ဆက်တွဲပြောစရာမှာ -

ပဌာန်းဆီမီးပူဇော်ပြီး ကဲ-လာစမ်းငွေ။ ဘယ်ကဝင်လာမလဲ။ ထီပေါက်မလား ဟူ၍ အတွေးလွဲနေလျှင် -

ကိုယ်လုပ်နေသောအလုပ်အပေါ် စိတ်မဝင်စားဘဲ လျှံတံတံဖြစ်နေလျှင်-

အသက်ကို ဉာဏ်စောင့်သည်ဟူသော ရှေးစကားသည် အလွန် မှန်ကန်လှ၏။ကျန်းမာရေးကောင်းချင်၍ ပဌာန်းဆီမီးပူဇော်ပါသည် ဆိုလျှင် ကျန်းမာရေးကောင်းအောင်နေပါမှ ဖြစ်ပါလိမ့်မည်။

အန္တရာယ်ကင်းချင်၍ ပဌာန်းဆီမီးပူဇော်လျှင်လည်း အန္တရာယ်ကင်းအောင်နေပါမှ အန္တရာယ်ကင်းပါမည်။

စီးပွာတက်ချင်၍ ပဌာန်းဆီမီးပူဇော်ပါသည်ဆိုလျှင်လည်း စီးပွားတက်အောင် ရိုးသားကြိုးစားမှ၊ လုံ့လဝီရိယရှိမှဖြစ်ပါမည်။

စီးပွားတက်စေသော လုံ့လဝီရိယများနှင့် ကြိုးစားနေရင်းမှသည် -

ပဌာန်းဆီမီးပူဇော်ခြင်းဖြင့် ကောင်းကံများတည်ဆောက်ပြီးသား ဖြစ်သွားပြီး ကံများ ဆက်ကာဆက်ကာပွင့်သွားမည်သာ ဖြစ်၏။

မိမိ၏ ဇွဲ လုံ့လ၊ ဝီရိယနှင့် ရိုးသားစွာကြိုးစားခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်းတို့သည် မရှိမဖြစ် လိုအပ်သော အင်အားများ ဖြစ်၏။

သို့မှသာ ပဌာန်းဆီမီးပူဇော်ခြင်းသည် အကျိုးပေးမည် ဖြစ်၏။

အချို့ ကျန်းမာရေးများ တဖြည်းဖြည်းကောင်းလာပါ၏။

ကုသနေရင်း ဆေးတဖြည်းဖြည်းတိုးလာ၏။

ရောဂါရှာမရဖြစ်နေရာမှ ရောဂါအမှန်တွေ့လာ၏။

အချို့ မကြုံဘူးလောက်အောင် ဘုန်းကံများတက်လာပါ၏။

စီးပွားဥစ္စာ ဒီရေအလားတိုးခြင်းဟူသည် ပဌာန်းဆီမီးပူဇော်ကြသူတို့အတွက် စာမဖွဲ့လောက်ပါ။

ပဌာန်းဆီမီးပူဇော်ရခြင်းကြောင့် လက်တွေ့အလွန်ထူးခြားအောင်မြင်လာကြသူများကို မြင်ရလေတိုင်း၊ လာလာပြောကြလေတိုင်း ကျွန်ုပ်အလွန်သံယောဇဉ်ကြီးရသည့် သူရဇ္ဇပရိသတ်ကြီးကို သတိရ၏။ ဩော် - မအားမလပ်ကြလို့ ငါ့ဆီကို ရောက်အောင်မလာနိုင်ကြတဲ့ သူရဇ္ဇပရိသတ်ကြီးကို ငါ ဒီလို အောင်မြင်စေချင်လိုက်တာ ဟူသော စိတ်အမြဖြစ်၏။

ယခု -

သူရဇ္ဇမဂ္ဂဇင်းကြီး (၁၃) နှစ်ပြည့် အောင်ပွဲနှင့်အတူ -

သူရဇ္ဇပရိသတ်ကြီးအား ပဌာန်းဆီမီး ပူဇော်နည်းဖြင့် အမှတ်တရ ဂါရဝပြုလိုက်ပါပြီ။

ပဌာန်းဆီမီး ထွန်းညှိ၍ ပူဇော်တော့မည်ဆိုလျှင် -

မပူဇော်ခင် ပထမရက်မှာ ခေါင်းလျှော်ပါ။ ဖြစ်နိုင်လျှင် တရော်တင်ပွန်းနှင့် ခေါင်းလျှော်ပါ။ ခေါင်းလျှော်ပြီးနောက်နေ့မှာ ပူဇော်ပါ။

နေ့မရွေးပါနှင့်၊ အခါမရွေးပါနှင့်။

(ဤပဌာန်းဆီမီးပူဇော်ခြင်းသည် ဆီမီးခွက် (၂၄) ခွက်ဖြင့် ပူဇော်ရသောကြောင့် မီးအရှိန်များလွန်းသည်။ တန်ခိုးကြီးဘုရားစေတီများတွင်သာ ပူဇော်ရန် ဆရာညွှန်ကြားခဲ့၏။ ကျွန်ုပ်လည်း ထိုသို့ပင် ဘုရားစေတီများတွင်သာ ပူဇော်ရန် အကြံပြုခဲ့၏။)

အချို့ ကွပ်ပျစ်ခုံများပေါ်တင်၍ ပူဇော်ကြသလို အချို့စေတီရင်ပြင်တော်ပေါ်မှလည်း ပူဇော်ကြပါသည်။ ရပါသည်။ အဆင်ပြေသလို ပူဇော်၍ရပါသည်။ စေတီတော်၏ ရင်ပြင်သည်ပင်လျှင် မြတ်သောနေရာ ဖြစ်နေပါသည်။

ဆီမီးခွက်(၂၄)ခွက်တွင် ဆီ(စတီးဇွန်းတစ်ဇွန်းစာ)ထည့်၍ ဂွမ်းကို လက်နှစ်ဆစ်ကျော်ကျော်ခန့် အလိပ်လေးလိပ်လိုက်ပြီး ဆီးမီးခွက်နှုတ်ခမ်းတွင်တင်၍ မီးစာအဖြစ် ပူဇော်ပါ။ မီးညှိမည့် ဂွမ်းစထိပ်လေးကိုလည်း ဆီဆွတ်ထားပါ။ ဒါမှသာ မီးတောက်မှ အားကောင်းသွားပါမည်။


ဂွမ်းများထည့်ပြီးလျှင် ထိပ်ဆုံးဆီမီးခွက်မှ စတင်၍ မီးညှိပါ။ တစ်ခွက်ထွန်းတိုင်း (၂၄) ပစ္စည်း စတင် ရွတ်ပါ။ ဥပမာ စထွန်းသည်နှင့် 'ဟေတုပစ္စယော' ဟု စတင်ရွတ်ပါ။ ဒုတိယခွက်ထွန်းလျှင် 'အာရမ္မဏပစ္စယော' ဖြစ်ပါမည်။

အားလုံးပြီးသွားပြီ ဆိုလျှင် -

သီလခံယူပါ။

(၈)ပါးသီလ၊ (၉)ပါးသီလယူလျှင် တစ်ထိုင်ဆောက်တည်ပါ။

ပဌာန်းဆီမီးနှင့် ပဌာန်းရွတ်ပူဇော်နေစဉ် တစ်ထိုင်ဆောက်တည်ပါ။



ရင်ပြင်တော်ပေါ်တွင် ဆီမီးထွန်းညှိပူဇော်ပုံ (ပုံစံ-၁)



www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ ဘုရားပင့်မှစပြီး -

ပဋ္ဌာန်းဥဒ္ဒေသတော်ကြီးကို ရွတ်ဖတ်ပူဇော်ပါ။

ရွတ်ဖတ်ပြီးလျှင် အမျှဝေ၊ မေတ္တာပို့ပါ။

ဆီမီးများငြိမ်းသွားပြီဆိုလျှင် ပြီးသွားပါပြီ။

ရင်ပြင်တော်ပေါ်တွင် ဆီမီးထွန်းညှိပူဇော်ပုံမှာ- ပုံ (၁) တွင်ဖော်ပြထားသည့် ပုံစံအတိုင်း ဖြစ်ပါသည်။


ဘုရားစေတီ / ရုပ်ပွားတော်မြတ်ဘက်သို့ ဦးတည်၍ ပူဇော်ထားသောပုံ ဖြစ်ပါသည်။

ဆီမီးခွက်လေးများတွင် ဆီတစ်ဝွန်းစီထည့်ပြီး ဂွမ်းလေးများကို ခွက်နှုတ်ခမ်းတွင်တင်၍ ပူဇော်ထားပုံဖြစ်ပါသည်။



ရှေးယခင်ကတည်းက ယခုအချိန်ထိ ပူဇော်နေသောပုံစံ ဖြစ်ပါသည်။

ပဋ္ဌာန်းဆီမီးမကြာမကြာပူဇော်၍ ဘဝအဆင့်ဆင့်မြင့်တက်ပြီး အောင်မြင်သွားကြသူများလို ပူဇော်စေလျှင်လည်း ဤပုံစံအတိုင်းပင် ပူဇော်စေပါသည်။



တန်ခိုးကြီး ဘုရားစေတီများသို့ ရောက်လျှင် တစ်ခါတစ်ခါ တွေ့ရတတ်သောပုံစံကိုလည်း ဗဟုသုတအလို့ငှာ ပြသလိုက်ပါသည်။

ဤပုံစံမျိုး ဖြစ်ပါသည်။

ကျွန်ုပ် မမြင်ဘူးခဲ့၍ ဤပုံစံနှင့် ပဋ္ဌာန်းဆီမီး ပူဇော်ထားသည်ကို တွေ့ရသောအခါ ကျွန်ုပ်လည်း ပီတိများဖြစ်လွန်းပြီး ဘုရားရှင်ကို ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးနှင့် ရွတ်ဖတ်ပူဇော်ခဲ့ဖူးပါသည်။

ဤသို့ ပူဇော်ကြသူနှစ်ဦး၊သုံးဦးကို တွေ့ဖူးပါသည်။ အတော်လေး ငွေကြေးချမ်းသာကြွယ်ဝသူများ ဖြစ်ဟန်ရှိ၏။ တချို့များ အသားရောင်မှာ ဝင်းပြီးဝါနေသောကြောင့် ပဋ္ဌာန်းတန်ခိုးတော်ကြောင့်လေလားဟုပင် တွေ့နေမိပါသည်။

သည့်နောက်ပိုင်းတွင် ပဋ္ဌာန်းဆီမီးပူဇော်သည်ကို တစ်ခါတစ်ခါ တွေ့ရသောလည်း အလွန် နည်းပါးလွန်းနေပါသေးသည်။

စေတီပုံစံအမျိုးမျိုးနှင့် ပူဇော်ကြသည်ကို တွေ့၍ သတိထားမိတိုင်း ပူဇော်ကြသူများ၏။ ဘုန်းကံကို မှန်းဆကြည့်မိသည်ချည်း ဖြစ်၏။ သူတို့၏နေပုံထိုင်ပုံ၊ နူးညံ့ပုံ၊ ဘုရားကိုကြည်ညိုကြပုံတို့မှာ မျက်လုံးထဲမှ မထွက်ပါ။

ဤမျှ ကောင်းကျိုးချမ်းသာ မင်္ဂလာများစွာနှင့် ပြည့်စုံလွန်းလှသော ပဋ္ဌာန်းဆီမီးပူဇော်ပုံအား -

သူရဇ္ဇမဂ္ဂဇင်းကြီး (၁၃) နှစ်ပြည့် အောင်ပွဲအဖြစ် အမှတ်တရ ဂါရဝပြု လိုက်ပါသည်။

ချမ်းသာချင်သောစိတ်နှင့်မပူဇော်ပါနှင့်။

နာမည်ကြီးချင်သော၊ ကျော်ကြားချင်သောစိတ်နှင့် မပူဇော်ပါနှင့်။

ဘုန်းကြီးချင်သောစိတ်နှင့်မပူဇော်ပါနှင့်။

ကုသိုလ်စိတ်ဖြင့်သာ ကြည်ညိုသဒ္ဒါပွားများ၍ ပူဇော်ပါ။

ပူဇော်ရင်းနှင့်ပင် ဖြစ်ချင်သောဆန္ဒများအားလုံးဖြစ်လာပါလိမ့်မည်ဟု -

မင်္ဂလာအတိတ်ကောင်း နိမိတ်ကောင်းစကားကို ဆိုလိုက်ရင်း -

ဆရာဦးမောင်မောင်သ...
(ရင်ကိုအေးမြစေသော)

www.burmeseclassic.com